စိတ်ကူးချိုချိုအနုပညာ

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ပတ္တနားမြို့
မဂဓတက္ကသိုလ်၊ ဒဿနိကဗေဒဌာန
**အငြိမ်းစားပါမောက္ခ ဒေါက်တာ ဝိုင်. မဆစ်**
၏

# ကမ္ဘာ့ဘာသာ ယုံကြည်ကိုးကွယ်မှုများအား နှိုင်းယှဉ်လေ့လာချက်

# A Comparative Study of Religions

အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး
ဘာသာပြန်ဆိုသည်။

အမှတ် ၂၈၆၇၈
ရက်စွဲ ၂၈ ၁ ၁၄
သုတေသနစာကြည့်တိုက်

ထုတ်ဝေသူ - ဒေါ်မျိုးမျိုးလတ်၊ ရွှေခေတ်စာပေ၊ ၂၁၊ ဒါနလမ်း၊ သာယာကုန်းရပ်၊ မင်္ဂလာတောင်ညွန့်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကုန်။
အဖုံးအဆင် - အမ်အက်စ်အို
၂၀၁၄၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၉ ၀ ၀ ၀ ကျပ်

[redacted] ၂၉၄ း ၃
ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများအားနှိုင်းယှဉ်လေ့လာချက်
အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၈၆၄ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများအားနှိုင်းယှဉ်လေ့လာချက်

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ကမ္ဘာ့ဘာသာ ယုံကြည်ကိုးကွယ်မှုများအား နှိုင်းယှဉ်လေ့လာချက်

# A Comparative Study of Religions

**by**

**DR. Y . MASIH**

အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး

မြန်မာပြန်

ပထမအကြိမ်

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ပတ္တနားမြို့

မဂဓတက္ကသိုလ်၊ ဒဿနိကဗေဒဌာန

အငြိမ်းစားပါမောက္ခ ဒေါက်တာ ဝိုင်. မဆစ်

၏

# ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများအား နှိုင်းယှဉ်လေ့လာချက်

# A Comparative Study of Religions

## by

## DR. Y . MASIH

အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး ဘာသာပြန်ဆိုသည်။

၂၀၁၃ ခုနှစ်

## တမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများအား နှိုင်းယှဉ်လေ့လာချက်
## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


မိတ်ဆက်နှင့်အတိုချုပ်ရှင်းလင်းချက် က

**အခန်း(၁) – Chapter I**

**နိဒါန်း (Introduction)**

**တမ္ဘာ့ဘာသာကြီးများအားလေ့လာခြင်း၏ သဘာဝနှင့်လုပ်ဆောင်ချက်**
**(The Natural and Function of a Study of Living Religions of the World)**

၁။ နှိုင်းယှဉ်လေ့လာရန်လိုအပ်မှု
(The Necessity og a Comparative study) ၁

၂။ ဦးထိပ်ပန်ဆင်သင့်သော ဘာသာယုံကြည်မှု
(The Doctrine of Region A Priori) ၃

၃။ နှိုင်းယှဉ်အပ်သော ဘာသာယုံကြည်မှုများအားလေ့လာခြင်း၌ တွေ့ရှိနိုင်သောအန္တရာယ်ရန်စွယ်များ(Dangers in the study of Comparative Religions) ၁၆

၄။ ဘာသာယုံကြည်ကိုးကွယ်မှုများအားနှိုင်းယှဉ်လေ့လာခြင်း၏ ဦးတည်ချက်နှင့်ရည်ညွှန်းချက်
(Aims and Purpose of Comparative of Relligions) ၂၂

၅။ ကျမ်းညွှန်းအထောက်အထားများ ၃၂

၆။ စာရေးဆရာ ၃၃

၇။ မြန်မာဘာသာစကားအဖြစ်ပြန်ဆိုသူ ၃၄

စဉ် အကြောင်းအရာ စာမျက်နှာ

## အခန်း(၂) Chapter II
## ဇိုရိုအာသတြီးယားဘာသာ( ဝါ )ပါ်ဆီဘာသာ
## ZOROASTRIANISM or PARSIISM


၁။ ဇိုရိုအာသတြီးယားဘာသာ၏သမိုင်းကြောင်းဆိုင်ရာအရေးပါမှု ၃၅

၂။ ဇိုရိုအာသတြီးယားဘာသာနှင့်တမန်တော်ယုံကြည်သည့်ဘာသာများ ၃၈

၃။ အီရန်လူမျိုးများနှင့်အင်ဒို-အာရိယန်များ
(The Iranians and Indo-Aryans) ၄၄

၄။ ပါ်ဆီဘာသာ၏ထူးခြားထင်ရှားသည့်အခြေခံအချက်များ
(Basic Features of Parsiism) ၅၁

၅။ ဇိုရိုအာသတြီးယားဘာသာ၏တစ်ဆူတည်းသော ထာဝရဘုရား
သခင်ဝါဒ(ဝါ)ထာဝရဘုရားသခင်ဟူသောဟောကြားချက်
(THE DOCTRINE OF GOD OR THE MONOTHEISM OF
ZOROASTRENISM) ၆၃

၆။ စပင်တာမိန်းယု(Spenta Mainyu) ၆၇

၇။ အဟူရာမာဇဒါ၏ စေတမန်နတ်သားများ
(Ahuramazda's Angels) ၆၈

၈။ အာရိမန်၏အင်ဂရာမိန်းယု(Angra Mainyu of Ahriman) ၇၁

၉။ ကမ္ဘာလောက(The World) ၇၄

၁၀။ မကောင်းဆိုးဝါး(ဝါ)ဒုစရိုက်ကောင်(Evil) ၇၆

၁၁။ လူသား၏အကြောင်း ပါ်ဆီဘာသာကဟောကြားထားသည့်
တရားတော်(Doctrine of Man) ၈၀

၁၂။ သေဆုံးပြီးနောက်ဘဝဖြစ်စဉ်း(Life after Death) ၈၅

၁၃။ တရားစီရင်ဆုံးဖြတ်သည့်နေ့(The Day of Judgment) ၈၇

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၁၄။ | ပါရှီဘာသာနှင့်အခြားဘာသာယုံကြည်မှုများ (Parsi and other Religions) | ၉၁ |
| ၁၅။ | ပြည်နှင်ဒဏ်မခံရမီ ဂျူးဘာသာ(Pre-Exilic Judaism) | ၉၂ |
| ၁၆။ | ပြည်နှင်ဒဏ်ခံရပြီးနောက် ဂျူးလူမျိုးတို့၏ယုံကြည်ချက် (Post- Exillic Belief of The Jews) | ၉၃ |
| ၁၇။ | ကွဲလွဲခြားနားချက်(Difference) | ၉၄ |
| ၁၈။ | ဇိုရိုအာဆရီးယားဘာသာနှင့်ခရစ်ယာန်ဘာသာ (Zoroastrainism and Christianity) | ၉၆ |
| ၁၉။ | ဇိုရိုအာဆရီးယားဘာသာနှင့်အစ္စလာမ်ဘာသာ (Zoroastrianism and Islam) | ၁၀၂ |
| ၂၀။ | ပါရှီဘာသာနှင့်ဝေဒလူမျိုး၏ အင်ဒို-အာရိယန်ဘာသာ ယုံကြည်ကိုးကွယ်မှု(Parsiism and the Indo-Aryan Religion of Rgveda) | ၁၀၅ |
| ၂၁။ | ပါရှီဘာသာနှင့်ခေတ်သစ်ဟိန္ဒူဘာသာ(Parsiism and Modern Hinduism)(Sanatana Hinduism) | ၁၀၈ |
| ၂၂။ | ကျမ်းကိုးစာရင်း | ၁၁၂ |


## အခန်း(၃) Chapter III
## ဂျူးဘာသာ (JUDAISM)


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၁၁၃ |
| ၂။ | ဂျူးဘာသာ၏ထူးခြားထင်ရှားသည့်အချက်များ (Distinctive Features of Judism) | ၁၂၃ |
| ၃။ | ထာဝရဘုရားသခင်ဟူသောသဘောတရား (The Doctrine of God) | ၁၂၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၄။ လူသားအကြောင်းဟောကြားချက်(The Teaching about Man) ၁၃၅

၅။ ကမ္ဘာလောက(The World) ၁၄၆

၆။ မကောင်းမှုဒုစရိုက်နှင့်ဒုက္ခခံစားရခြင်း(Evil and Suffering) ၁၅၂

၇။ သေဆုံးပြီးနောက်ဖြစ်ရာဘဝ(Life after Death) ၁၆၁

၈။ အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်(The Ultimate Destiny) ၁၆၆

၉။ ဝတ်ပြုဆုတောင်းခြင်းများ(Prayers) ၁၆၇

၁၀။ ပွဲလမ်းသဘင်များ(Festivals) ၁၆၈

၁၁။ ဂျူးလူမျိုးတို့၏အဘိဓမ္မာသဘောတရား(Jewish Philosophy) ၁၇၁

၁၂။ ကျမ်းကိုးစာရင်း ၁၇၄


## အခန်း(၄) Chapter IV
## ခရစ်ယာန်ဘာသာ(CHRISTIANITY)


၁။ နိဒါန်း ၁၇၅

၂။ ဂျူးဘာသာနှင့်ယေရှု၏ဟောကြားချက်ဒေသနာ
(Judasim and the Gospel of Jesus) ၁၇၈

၃။ ခရစ်ယာန်ဘာသာ၏ထူးခြားလေးနက်မှုများ
(Special Features of Christianity) ၁၈၆

၄။ ထာဝရဘုရားသခင်အကြောင်းဟောကြားသည့်တရားဒေသနာ
(The Doctrine about God) ၁၉၁

၅။ ထာဝရဘုရားသခင်သည် ချစ်ခင်ကြင်နာပွားခြင်းဖြစ်၏
(God is Love) ၁၉၆

၆။ ထာဝရဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ဒုက္ခဝဋ်ကြွေးပြန်လည်
ပေးဆပ်ခြင်းဖြစ်သည်(God's Love is Redemptive) ၂၀၀

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | သုံးပါးပုံသွင် တစ်ဆူတည်းသောထာဝရဘုရားသခင်(Trinity) | ၂၀၃ |
| ၈။ | ကမ္ဘာလောက(The World) | ၂၀၆ |
| ၉။ | လူသားအကြောင်း သင်ပြဟောကြားချက်(The Teaching about Man) | ၂၁၄ |
| ၁၀။ | လူသားအားကယ်တင်မှု(Salvation of Man) | ၂၁၇ |
| ၁၁။ | မကောင်းမှုဒုစရိုက်နှင့်ဒုက္ခခံစားရခြင်းပြဿနာ (Evil and Suffering) | ၂၂၂ |
| ၁၂။ | အမြဲထာဝရတည်တံ့နေသောဝိညာဉ်များအကြောင်း ဟောကြသည့်တရားဒေသနာ(The Doctrine of Immortality of Soul) | ၂၂၇ |
| ၁၃။ | အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်(The Final Destiny) | ၂၃၀ |
| ၁၄။ | တရားစီရင်သောနေ့၊ ထက်ကောင်းကင်ဘုံနှင့်ငရဲခန်းကို ဟောကြားချက်ဒေသနာ(The Day of Judgement, Doctrine of Heaven and Hell) | ၂၃၉ |
| ၁၅။ | ထာဝရဘုရားသခင်၏အမိန့်တော်အား ကျယ်ပြန့်စွာဟောကြားနိုင်ရန် သခင်ယေရှုက ရွေးချယ်ထားသူ တစ်ဆယ့်နှစ်ဦးအနက်မှ တစ်ဦးသောပုဂ္ဂိုလ်၏ ဘာသာရေးဆိုင်ရာဟောပြောပို့ချသည့် ယုံကြည်ချက်ဆိုင်ရာစနစ်(The Apostle's Creed) | ၂၄၂ |
| ၁၆။ | ခရစ်ယာန်ပွဲလမ်းသဘင်များ(Christian Festivals) | ၂၄၃ |
| ၁၇။ | ကောင်းသော သောကြာနေ့နှင့်အီစတာပွဲတော် (Good Friday and Easter) | ၂၄၄ |
| ၁၈။ | ခရစ်ယာန်ဘာသာ၏ ဂိုဏ်းဂဏများ(Branches of Church) | ၂၄၅ |
| ၁၉။ | ရိုမန်ကက်သလစ်အသင်းတော်(Roman Catholic Church) | ၂၄၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀။ | ပရိုတက်စတင့်အသင်းတော်(Protestant Churches) | ၂၄၆ |
| ၂၁။ | ကယ်တင်ခြင်းတပ်မတော် ဝတ်အသင်း(The Salvation Army) | ၂၄၇ |
| ၂၂။ | ခရစ်ယာန်နှင့်ဂျူးဘာသာ(Christianity and Judaism) | ၂၄၈ |
| ၂၃။ | ရည်ညွှန်းချက်များ | ၂၅၃ |


**အခန်း(၅) Chapter V**

**အစ္စလာမ်ဘာသာ(ISLAM)**


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၂၅၅ |
| ၂။ | အစ္စလာမ်ဘာသာရေးယုံကြည်ချက်အရ မဏ္ဍိုင်ကြီးငါးရပ် (Five Pillars of Islamic Faith) | ၂၅၇ |
| ၃။ | မူဆလင်ယုံကြည်မှုတည်ဆောက်ပုံ(Muslim Creed) | ၂၆၇ |
| ၄။ | ကျမ်းမြတ်ကိုရမ်နှင့်ထာဝရဘုရားသခင်၏ မြင့်မြတ်သောလျှို့ဝှက်ချက်ကို သိနားလည်ခြင်း(The Quoran and Revelations) | ၂၅၃ |
| ၅။ | တမန်တော်များအားယုံကြည်မှု(Belief in Prophets) | ၂၄၇ |
| ၆။ | တရားစစ်ဆေးဆုံးဖြတ်သောနေ့(The Day of Judgement) | ၂၄၈ |
| ၇။ | တကဒီးရ်(Traqdir)ခေါ် လူသားတစ်ရပ်လုံး၏ ရှေ့အလားအလာဖြစ်ပေါ်မည့်ကံကြမ္မာအတွက် ကြိုတင်ဆုံးဖြတ်ခံရခြင်း (Pre-destination) | ၂၇၁ |
| ၈။ | အစ္စလာမ်ဘာသာ၏လူသားဘဝ(Man is Islam) | ၂၇၄ |
| ၉။ | ကမ္ဘာလောက(World) | ၂၈၁ |
| ၁၀။ | ဒုက္ခခံစားရခြင်းနှင့်မကောင်းဆိုးဝါးပြဿနာ (Problem of Evil and Suffering) | ၂၈၄ |
| ၁၁။ | အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်(Final Destiny) | ၂၈၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၂။ အစ္စလာမ်ဘာသာ၏ကိုယ်ကျင့်တရား(Ethics of Islam) ၃၀၁

၁၃။ အစ္စလာမ်သူတော်မြတ်လမ်းစဉ်(Sufi sm) ၃၀၅

၁၄။ အစ္စလာမ်ဘာသာဂိုဏ်းခွဲများ(Sects of Islam) ၃၁၇

၁၅။ အစ္စလာမ်ဘာသာ၏ ခေတ်သစ်ကာလတိုးတက်မှု (Modern Development in Islam) ၃၁၉

၁၆။ အစ္စလာမ်ဘာသာနှင့်ခရစ်ယာန်ဘာသာ(Islam and Christianity) ၃၂၀

၁၇။ အစ္စလာမ်ဘာသာနှင့်ဂျူးဘာသာ(Islam and Judaism) ၃၂၃

၁၈။ ကျမ်းညွှန်းစာရင်း(References) ၃၂၅


## အခန်း(၆) Chapter VI

## ဟိန္ဒူဘာသာ(HINDUISM)


၁။ အမှာစကား ၃၁၇

၂။ နိဒါန်း ၃၃၀

၃။ ဟိန္ဒူဘာသာနှင့်တမန်တော်ကိုးကွယ်သည့်ဘာသာများ (Hinduism and Prophetic Religions) ၃၃၄

၄။ ဟိန္ဒူလူမျိုးတို့၏ဘာသာရေးအမြင် သမိုင်းအကျဉ်း (A Short History of Hindu Religious Thoughts) ၃၃၇

၅။ ဟိန္ဒူဘာသာအယူဝါဒ၏ အဓိကအချက်အလက်များ (Disti nctive Feature of Hinduism) ၃၄၃

၆။ အစဉ်ထာဝရ တည်တံ့ခိုင်မြဲစွာရှိနေသည့်ဝိညာဉ် (The Immortality of Soul) ၃၄၈

၇။ ဝဏ္ဏာရှရာမဓမ္မ(Varnashrma Dharmas)၏လူ့ဆောင်လူ့လောက လူနေမှုဘဝအသင်းအဖွဲ့များသို့ မှာကြားသည့်ဩဝါဒ ၃၅၂

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၈။ ထာဝရဘုရားသခင်ဟူသောအတွေးအခေါ်
(The Notion of God) ၃၅၆

၉။ ကမ္ဘာလောကအား ဟိန္ဒူဘာသာကရှုမြင်ပုံ
(The World in Hinduism) ၃၅၇

၁၀။ ဒုက္ခခံစားရခြင်းပြဿနာ(The Problem of Suffering) ၃၈၂

၁၁။ သံသရာဝဋ်ကျွတ်ကင်းလွတ်မှု လွတ်မြောက်ခြင်း Liberation
(Mukti) ၃၈၇

၁၂။ ရာမနုဂျာအယူဝါဒ (Remanuja) ၃၉၉

၁၃။ ဘာခ်တိနှင့်ပရာပတိ(Bhakti and Prapti) ၄၀၄

၁၄။ လူသား၏အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်(Human Destiny) ၄၀၈

၁၅။ ဘာသာယုံကြည်ကိုးကွယ်မှုလမ်းကြောင်းများနှင့်အထုံအလာ
(Religious Pathways and practices) ၄၁၀

၁၆။ ကိုယ်ကျင့်တရားထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာဝတ္တရား
များ(Ethics) ၄၁၉

၁၇။ ဟိန္ဒူဘာသာယုံကြည်ကိုးကွယ်မှု ဂိုဏ်းဂဏများ
(Branches of Hinduism) ၄၂၂

၁၈။ ဟိန္ဒူဘာသာရေးခေါင်းဆောင်များ(Leaders of Hinduism) ၄၂၄

၁၉။ နိဂုံးချုပ်(Conclusion) ၄၅၁


## အခန်း(၇) Chapter VII
## ဗုဒ္ဓဘာသာ (BUDDHISM)


၁။ နိဒါန်း ၄၅၃

၂။ ရှင်တော်ဗုဒ္ဓ(ဘီစီ ၅၆၀-၄၈၀)(Lord Buddha,C-560BC-C-480BC) ၄၅၅

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃။ | ဗုဒ္ဓဘာသာ၏ထူးခြားထင်ရှားပေါ်လွင်သည့်အချက်များ (The Distinctive Features of Buddhism) | ၄၅၀ |
| ၄။ | ကွင်းဆက် ၁၂ ခုဖြင့် အကြောင်းအကျိုးဆက်တရား (ဝါ) ပဋိစ္စသမုပ္ပါဒ်တရားတော် | ၄၆၉ |
| ၅။ | သမာဓိ | |
| ၆။ | ဗုဒ္ဓဘာသာ၏ပညာဟုခေါ်ဆိုသောအကြောင်းတရား | ၄၇၀ |
| ၇။ | ဗုဒ္ဓဘာသာနှင့်နတ်ဘုရား(ဝါ)ထာဝရဘုရား ဘယ်လိုဆက်စပ်မှုရှိလဲ | ၄၇၄ |
| ၈။ | ဓမ္မ(Dhamma) | ၄၇၅ |
| ၉။ | ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓ(Lord Buddha) | ၄၇၆ |
| ၁၀။ | ဗုဒ္ဓဘာသာ၏ထူးခြားထင်ရှားသည့်အချက်များ | ၄၈၀ |
| ၁၁။ | ဗုဒ္ဓဘာသာ၏ထူးခြားလေးနက်မှုများ (The Distinctive Features of Buddhism) | ၄၈၇ |


## အခန်း(၈) Chapter VIII
## ဂျိန်းဘာသာ(JAINISM)


| | | |
| --- | --- | --- |
| ၁။ | နိဒါန်း | ၅၂၁ |
| ၂။ | ဂျိန်းဘာသာ၏အထူးအရေးပါသော အခြေခံအချက်များ | ၅၂၃ |
| ၃။ | ဂျိန်းဘာသာ၏ စာပေကျမ်းဂန်များ | ၅၂၆ |
| ၄။ | ဂျိန်းလူမျိုးတို့၏ လောကအမြင်နှင့်ဘာသာတရား | ၅၂၈ |
| ၅။ | ဂျိန်းဘာသာ၏ နတ်ဘုရား(ဝါ)ထာဝရဘုရားအပေါ် ရှုမြင်ပုံ | ၅၃၂ |
| ၆။ | ဂျိန်းဘာသာ၏ လူသားအခန်းကဏ္ဍ | ၅၃၅ |
| ၇။ | ဂတိယကမ္မများနှင့် ၎င်းတို့၏အမျိုးအစားများ | ၅၃၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | ဂျိန်းဘာသာဝင်များအတွက် အဆုံးစွန်ရည်မှန်းချက် | ၅၃၉ |
| ၉။ | ဂုဏသနနှင့်ဒယာန(စ်)(Guna Thana and Dhyanas) | ၅၄၄ |
| ၁၀။ | ကမ္ဘာလောက(World) | ၅၄၆ |
| ၁၁။ | ဒုက္ခခံစားရမှု သို့မဟုတ် ကံမကောင်း အကြောင်းမလှဖြစ်နေရသည့်ပြဿနာ | ၅၄၉ |
| ၁၂။ | တမလွန်ဘဝ(Life after Death) | ၅၅၃ |
| ၁၃။ | အနေကန္တဝါဒနှင့်သပ္တဘင်္ဂီညာယ(Anekantavada and Saptabhangi Naya) | ၅၅၄ |
| ၁၄။ | ရဟန်းတော်နှင့်ဥပါသကာ(The monk and The Laity) | ၅၅၇ |
| ၁၅။ | ဂျိန်းဘာသာ၏ ဂိုဏ်းဂဏများ(SECTS) | ၅၅၉ |


## အခန်း(၉) Chapter IX
## ဆစ်ခ်ဘာသာ(SIKHISM)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၅၆၁ |
| ၂။ | ဆစ်ခ်ဘာသာ၏အခြေခံကျသည့် အဓိကအချက်များ | ၅၆၃ |
| ၃။ | ဆစ်ခ်ဘာသာ၏နတ်ဘုရား(God in Sikhism) | ၅၆၈ |
| ၄။ | ဆစ်ခ်ဘာသာ၏ လူနှင့်စပ်လျဉ်းသည့်ယုံကြည်ချက် (The Concept of Man in Sikhism) | ၅၇၆ |
| ၅။ | ကမ္ဘာလောက(The World) | ၅၈၀ |
| ၆။ | သံသရာဝဋ်ကြွေး ဒုက္ခဖြင့်ပေးဆပ်ရခြင်းကိစ္စ (The Problem of Suffering) | ၅၈၅ |
| ၇။ | ထာဝရဘုရားသခင်အား ကောင်းစွာသိနားလည်ရန် နည်းလမ်းများ (Pathways to God-Realiztion) | ၅၈၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | နောက်ဆုံးရည်မှန်းချက်ပန်းတိုင်(Final Destiny) | ၅၉၆ |
| ၉။ | နောက်ဘဝနှင့်ပတ်သက်၍ ဆစ်ခ်ဘာသာ၏ခံယူချက် (Life after Death) | ၆၀၀ |
| ၁၀။ | ဆစ်ခ်ဘာသာနှင့်ဟိန္ဒူဘာသာ(Sikhism and Hinduism) | ၆၀၂ |

## အခန်း (၁၀) ၊ကမ္ဘာ့ဘာသာကြီးများ၏အဓိကကျသော ခံယူချက်များနှင့်စပ်လျဉ်း၍ ဆန်းစစ် လေ့လာသုံးသပ်ချက်

| | | |
|---|---|---|
| ၁။ | အိန္ဒိယပြည်ဖွားဘာသာရေးအမြင်ရှုထောင့်များ | ၆၀၇ |
| ၂။ | နတ်ဘုရား(ဝါ)ထာဝရဘုရား(God) | ၆၁၃ |
| ၃။ | နတ်ဘုရား(ဝါ)ထာဝရဘုရားသခင်ဖြစ်ထွန်းပေါ်ပေါက်တော်မူခြင်း | ၆၁၄ |
| ၄။ | တစ်ဆူတည်းသော ထာဝရဘုရား | ၆၁၉ |
| ၅။ | ဖန်ဆင်းရှင်နှင့်ထာဝရဘုရားသခင် | ၆၂၁ |
| ၆။ | ထာဝရဘုရားသခင်(ဝါ)နတ်ဘုရား၏ဘုန်းတန်ခိုး အာနုဘော်နှင့်ဂုဏ်ကျေးဇူး | ၆၂၄ |
| ၇။ | နိကာယ၌ဂုဏ်ကျေးဇူးမဲ့ခြင်းနှင့်သဂ္ဂါယ၌ ဂုဏ်ကျေးဇူးရှိခြင်း | ၆၃၁ |
| ၈။ | The concept of man လူသတ္တဝါနှင့်စပ်လျဉ်းသည့်သဘောထားခံယူချက် | ၆၃၄ |
| ၉။ | The concept of world ကမ္ဘာလောကနှင့် ပတ်သက်၍ယုံကြည်ချက် | ၆၄၃ |
| ၁၀။ | The evils and suffering မကောင်းမှုဒုစရိုက်နှင့် ဒုက္ခခံစားရခြင်းပြဿနာ | ၆၅၁ |

၁၁။ ဂျူးဘာသာအရ ဒုက္ခခံစားရခြင်း
Judaie Suffering ၆၅၇

၁၂။ အိန္ဒိယနွယ်ဖွား ဘာသာယုံကြည်ချက်များ၏ဒုက္ခခံစားရခြင်း
Suffering in Sndiam Tradition ၆၅၈

၁၃။ လူသား၏ရည်မှန်းချက်ပန်းတိုင်
Human Destiny ၆၆၃

၁၄။ ကယ်တင်ခြင်းနှင့်လွတ်မြောက်ခြင်း ၆၆၉

၁၅။ ရှန်ကာရအယူဝါဒ(Shankara) ၆၇၃

၁၆။ အပြစ်အနာအဆာ (Sin) ၆၇၇

၁၇။ ဝေဒအယူဝါဒ၏အပြစ်အနာအဆာနှင့်စပ်လျဉ်းသည့် ယုံကြည်ယူဆချက် ၆၈၃

၁၈။ ရာမနုဂျာအယူဝါဒ၏အပြစ်အနာအဆာနှင့်စပ်လျဉ်းသည့်ယုံကြည်ယူဆချက် ၆၈၄

၁၉။ မှားယွင်းမှုအတွက်ခံစားရသောအပြစ်ဒဏ်နှင့်
ပြန်လည်ပေးဆပ်ရသောဝဋ်ကြွေး ၆၈၆

၂၀။ ဝတ်ပြုပူဇော်မှုနှင့်ဆုတောင်းခြင်း ၆၉၃

၂၁။ ဆုတောင်းခြင်း(ဝါ)အသနားခံတောင်းပန်ခြင်း ၆၉၈

၂၂။ ဝတ်ပြုဆုတောင်းခြင်းနှင့်သမာဓိတည်ခြင်း ၇၀၁

၂၃။ အိန္ဒိယဘာသာရေးယုံကြည်ချက်များနှိုင်းယှဉ်ချက် ၇၀၂

၂၄။ ဂျိန်းဘာသာနှင့်ဗုဒ္ဓဘာသာနှိုင်းယှဉ်ချက် ၇၀၅

၂၅။ ဟိန္ဒူဘာသာနှင့်ဗုဒ္ဓဘာသာနှိုင်းယှဉ်ချက် ၇၀၈

၂၆။ စာရေးသူကိုးကားသည့်ကျမ်းညွှန်းများ ၇၁၂

## အခန်း (၁၁) ။ ဘာသာယုံကြည်ကိုးကွယ်မှုများ၏ ပင်္ခပကွ


၁။ နိဒါန်း ၅၁၃

၂။ ဘာသာယုံကြည်မှုအလေးထားခြင်းအတွက်
အခြေအနေကို အထူးဖော်ပြချက် ၅၁၂

၃။ လူသားနှင့်၎င်းစိတ်ပိုင်းဆိုင်ရာခန္ဓာတည်ဆောက်မှုသဘောတရား ၅၂၁

၄။ ဘာသာယုံကြည်ကိုးကွယ်မှုအချင်းချင်းဆက်စပ်မှု ၅၂၅

၅။ ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာရေးသားဖော်ပြချက်
များ၏ဘာသာစကားနှင့်ဆိုင်သော ခွဲခြမ်းစိတ်ဖြာမှု ၅၃၁

၆။ ဘာသာယုံကြည်ကိုးကွယ်မှုများညီညွတ်မှုအတွက် လုံး၀
ပြီးပြည့်စုံသည့်စည်းမျဉ်း ၅၄၄

၇။ ရာဒါခရစ်ရှံ့ရှနန်၏သုံးသပ်ချက် ၅၅၆

၈။ ရာမခရစ်ရှနား၏ဘာသာယုံကြည်မှုများပေါင်းစည်းညီညွတ်ခြင်း ၅၆၀

၉။ ဘာသာယုံကြည်ကိုးကွယ်မှုကူးပြောင်းခြင်း ၅၅၈

၁၀။ ဘာသာယုံကြည်ချက်ပြောင်းလဲခြင်းအား ရာမခရစ်ရှံ့နန်၏ရှုမြင်မှု ၅၈၄

၁၁။ ကိုယ်ကျင့်တရားနှင့်အသိဉာဏ်ပညာသည်
ဘာသာယုံကြည်ကိုးကွယ်မှုအပေါ်အခြေမခံဟူသောအယူအဆ ၅၉၅

၁၂။ ဘာသာယုံကြည်ကိုးကွယ်မှုနှင့်နိုင်ငံရေး ၆၁၃

၁၃။ ဘာသာယုံကြည်ကိုးကွယ်မှုများအား နှိုင်းယှဉ်လေ့လာချက်
အကျဉ်းချုပ်ဖော်ပြချက်နှင့်နိဂုံးချုပ် ၆၂၉

– ဘာသာပြန်ဆိုသူ၏နှုတ်ခွန်းဆက် ၆၅၀


●

## မိတ်ဆက်နှင့်အတိုချုပ်ရှင်းလင်းချက်

ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများအား နှိုင်းယှဉ်လေ့လာချက်စာအုပ်ကို အိန္ဒိယနိုင်ငံ ၊ ဘီဟာပြည်နယ် ၊ ပတ္တနားမြို့ ၊ မဂဓတက္ကသိုလ် ၊ ဒဿနိကဗေဒဌာန ၊ အငြိမ်းစားပါမောက္ခ ဒေါက်တာဝိုင်မဆစ်ခ် (DR.Y. MASIH, Ph .D . Edinburgh), D. Litt (Patna)ရေးသားခဲ့ပါသည်။ စာရေးသူသည် ဘာသာတရားကို အလေးအနက်ရှိသေကိုင်းညွတ်သူဖြစ်ပြီး ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများအား နှစ်ပေါင်း၄၀ဆယ်ခန့် စိတ်ပါဝင်စားစွာဖြင့် လေ့လာခဲ့ပြီးနောက် ရေးသားထားခြင်းဖြစ်ပါသည်။ ဒေါက်တာဝိုင်မဆစ်ခ်သည် ဤစာအုပ်ကို အိန္ဒိယနိုင်ငံအတွင်း ယုံကြည်ကိုးကွယ်မှုပြုနေကြသည့် ဘာသာကြီးများအကြား၌ မကြာခဏ ထိပ်တိုက်ရင်ဆိုင်ရသည့် ပဋိပက္ခများ ချုပ်ငြိမ်းပပျောက်သွားစေလိုသည့်ဆန္ဒဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုချင်း၏ စတင်ဖြစ်ထွန်းပေါ်ပေါက်လာပုံနှင့် အနှစ်သာရများအား စနစ်တကျလေ့လာရေးသားထားခြင်းဖြစ်၍ ဘာသာရေးဗဟုသုတရှာမှီးသူများအတွက် ကျမ်းကိုးအထောက်အထားနှင့်တကွ အသေးစိတ်ရေးသားထားခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

ဘာသာပြန်ဆိုရေးသားသူသည် ဤစာအုပ်ကို ၂၀၀၃ ခုနှစ်တွင် မိတ္ထူကူးထားသည့်စာအုပ် စတင်တွေ့ရှိ၍ငှားရမ်းဖတ်ရှုခဲ့ပြီး စာအုပ်ပိုင်ရှင်ထံ ၂၀၀၅ ခုနှစ်တွင်ပြန်ပေးခဲ့ရပါသည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကျောင်းသူ ဗီယက်နမ်ဆရာလေးက အမေရိကမှဝယ်ပေးလာသဖြင့် စာအုပ်မူရင်းကို မြန်မာပြန်ဆိုရေးသားခဲ့ရာ ၂၀၀၈ ခုနှစ်က ပြီးစီးခဲ့ပါသည်။

ဒေါက်တာဝိုင်မဆစ်(Y. MASIH)သည်၎င်း၏ A Comparative Study of Religions စာအုပ်ကို အခန်း(၁၁)ခန်းဖြင့်ပိုင်းခြား၍ ရေးသားတင်ပြထားရာ အောက်တွင်ဖော်ပြပါ အတိုင်းဖြစ်ပါသည် –

၁။ စကားဦး

၂။ အမည်နာမများ သင်္ကေတများ

၃။ အခန်းတစ် – နိဒါန်း – ခေါင်းစဉ်သေးအောက်တွင် ခေါင်းစဉ်ငယ်ကလေးများအဖြစ်–

(က) * နိုင်းယှဉ်လေ့လာရန်လိုအပ်ပုံ ၊

( ခ ) * ဘာသာရေးအားအလေးအနက်ထားမှုပေါ်ပေါက်လာပုံ ၊

( ဂ ) * နိုင်းယှဉ်လေ့လာမှုပြုလုပ်ခြင်းမှ ဖြစ်လာနိုင်သည့်အန္တရာယ်များ ၊

(ဃ) * ဘာသာရေးယုံကြည်ကိုးကွယ်မှုများအား နိုင်းယှဉ်လေ့လာရသည့် ရည်ရွယ်ချက်များနှင့် အကြောင်းချင်းရာဟူ၍လည်းကောင်း ၊

၄။ အခန်းနှစ် – ဇိုရိုစထရာဘာသာ(ဝါ)ပါစီဘာသာ ခေါင်းစဉ်သေးအောက်တွင် ခေါင်းစဉ်ငယ်ကလေးများအဖြစ် –

(က) * ဇိုရိုစထရာဘာသာ၏ သမိုင်းကြောင်းဆိုင်ရာ အရေးပါပုံ

( ခ ) * ဇိုရိုစထရာဘာသာနှင့် တမန်တော်ကိုးကွယ်သည့်ဘာသာရေးယုံကြည်မှုများ ၊

( ဂ ) * အီရန်လူမျိုးမားနှင့် ပါရှားနှင့်အိန္ဒိယသွေးနှောသည့် အင်ဒို–အာရိယမ်လူမျိုးများ ၊

(ဃ) * ပါစီဘာသာ၏ အဓိကကျသောအခြေခံအချက်များ ၊

( င ) * ဇိုရိုစထရာဘာသာ၏ တစ်ဆူတည်းသောဘုရားသခင်(ဝါ)ထာဝရဘုရားသခင်ရှိသည်ဟူသောအယူအဆ ၊

( စ ) * စပင်တာမိန်းယု( Spenta Mainya )

(ဆ) * အဟူရာမတ်ဇဒါ၏ နတ်သမီးများ ၊

( ဇ ) * အင်ဂရာမိန်းယု(ဝါ)အရိမန် ( Angra Mainyu or Ahriman )

( ဈ ) * ကမ္ဘာလောကအား ပါစီဘာသာ၏ရှုမြင်ပုံ ၊

(ည) * မကောင်းဆိုးဝါး

( ဋ ) * လူ၏ သဘောတရား ၊

( ဌ ) * ပါစီဘာသာနှင့် အခြားသောယုံကြည်ကိုးကွယ်မှုများ ၊

( ဎ ) * ပြည်နှင်ခြင်းခံရပြီးချိန်က ဂျူးလူမျိုးများ၏ ယုံကြည်မှု ၊

(ဏ) * ကွဲပြားခြားနားချက်များ ၊

(တ) * ဗိုရိုစထရာဘာသာနှင့် ခရစ်ယာန်ဘာသာ ၊

(ထ) * ဗိုရိုစထရာဘာသာနှင့် အစ္စလမ်ဘာသာ ၊

(ဒ) * ပါစီဘာသာနှင့် အင်ဒို–အာရိယမ်လူမျိုးများ၏ ဝေဒယုံကြည်မှု ၊

(ဓ) * ပါစီဘာသာနှင့် ခေတ်သစ်ဟိန္ဒူဘာသာဟူ၍လည်းကောင်း ၊

၅။ အခန်းသုံး – ဂျူးဘာသာခေါင်းစဉ်သေးအောက်တွင် ခေါင်းစဉ်ငယ်ကလေးများအဖြစ်–

(က) * နိဒါန်း

(ခ) * ဂျူးဘာသာ၏ ပေါ်လွင်ထင်ရှားသည့် အချက်များ ၊

(ဂ) * ထာဝရဘုရားသခင် အကြောင်းဟောကြားချက် ၊

(ဃ) * လူသား၏ အကြောင်းအရာ ဟောပေါ်သင်ကြားချက် ၊

(င) * ကမ္ဘာလောကအား ဂျူးဘာသာ၏ ရှုမြင်မှု ၊

(စ) * မကောင်းဆိုးဝါးနှင့် ဒုက္ခအဖြာဖြာ ၊

(ဆ) * သေဆုံးပြီးနောက် ဖြစ်ရာဘဝ ၊

(ဇ) * အဆုံးစွန်ရည်မှန်းချက်ပန်းတိုင် ၊

(ဈ) * ဝတ်ပြုဆုတောင်းမှုများ ၊

(ည) * ပွဲလမ်းသဘင်များ ၊

(ဋ) * ဂျူးလူမျိုးတို့၏ ဒဿနအမြင်ဟူ၍လည်းကောင်း ၊

၆။ အခန်းလေး–ခရစ်ယာန်ဘာသာခေါင်းစဉ်သေးအောက်တွင်ခေါင်းစဉ်ငယ်ကလေးများအဖြစ်–

(က) * နိဒါန်း

(ခ) * ဂျူးဘာသာနှင့် သာဝကသခင်ယေရှု ၊

(ဂ) * ခရစ်ယာန်ဘာသာ၏ အထူးထင်ရှားသည့်အချက်များ ၊

(ဃ) * ထာဝရဘုရားသခင်အကြောင်း ဟောကြားသည့်တရား ၊

(င) * သုံးပါးပုံသခင်တစ်ဆူတည်းသော ဘုရားသခင်(Trinity) ၊

(စ) * ကမ္ဘာလောကအား ခရစ်ယာန်ဘာသာ၏ရှုမြင်မှု ၊

(ဆ) * လူသား၏အကြောင်းဟောကြားချက် ၊

( ၈ ) * မကောင်းဆိုးဝါးနှင့် ဒုက္ခ ၊

( ၉ ) * ဝိညာဉ်များ၏ အမြဲတစေတည်နေမှုတရား ဟောကြားချက် ၊

(ည) * နောက်ဆုံးရည်မှန်းချက်ပန်းတိုင် ၊

( ၄ ) * တရားစီရင်သည့်နေ့ ၊ ကောင်းကင်ဘုံနန်းနှင့် ငရဲခန်းအကြောင်း ဟောကြားသည့်တရားတော် ၊

( ၅ ) * သာသနာပြုပုဂ္ဂိုလ် ၁၂– ဦးအနက် တစ်ဦးသောပုဂ္ဂိုလ်၏ ခရစ်ယာန် တရားဒေသနာ ၊

( ၃ ) * ခရစ်ယာန်ဘာသာပွဲလမ်းသဘင်များ ၊

( ၁ ) * ကောင်းသော သောကြာနေ့ နှင့် အီစတာပွဲ ၊

(ဏ) * ခရစ်ယာန်ဘာသာ ဂိုဏ်းဂဏများ ၊

(တ) * ရှိမန်ကာသလစ်အသင်းတော် ၊

(ထ) * ပရိုတက်စတင် အသင်းတော်၊

( ဒ ) * ခရစ်ယာန်ဘာသာနှင့် ဂျူးဘာသာဟူ၍လည်းကောင်း ၊

၇။ အခန်း၀၆–အစ္စလမ်ဘာသာခေါင်းစဉ်သေးအောက်တွင်ခေါင်းစဉ်ငယ်ကလေးများအဖြစ်–

(က) * နိဒါန်း

( ခ ) * အစ္စလမ်ဘာသာယုံကြည်ကိုးကွယ်မဏ္ဍိုင်(၅)ရပ် ၊

( ဂ ) * အစ္စလမ်ဘာသာ၏ လူသားအပေါ်ရှုမြင်မှု ၊

(ဃ) * ကမ္ဘာလောကအား အစ္စလမ်ဘာသာ၏ ရှုမြင်မှု ၊

( င ) * နောက်ဆုံးရည်မှန်းချက်ပန်းတိုင် ၊

( စ ) * အစ္စလမ်ဘာသာ၏ ကိုယ်ကျင့်သိက္ခာစောင့်စည်းထိန်းသိမ်းမှု ၊

(ဆ) * ဥပုဒ်သီတင်းကျင့်သုံးခြင်း ၊

( ၈ ) * အစ္စလမ်ဘာသာဂိုဏ်းဂဏများ ၊

( ၉ ) * အစ္စလမ်ဘာသာ၏ ခေတ်သစ်ကာလတိုးတက်ပြောင်းလဲမှု ၊

(ည) * အစ္စလမ်ဘာသာနှင့် ခရစ်ယာန်ဘာသာ ၊

( ၄ ) * အစ္စလမ်ဘာသာနှင့် ဂျူးဘာသာဟူ၍လည်းကောင်း ၊

၈။ အခန်းခြောက် –ဟိန္ဒူဘာသာခေါင်းစဉ်သေးအောက်၌ ခေါင်းစဉ်ငယ်ကလေးများအဖြစ်–

(က) * နိဒါန်း

( ခ ) * ဟိန္ဒူဘာသာနှင့် တမန်တော်ယုံကြည်ကိုးကွယ်မှု ၊

( ဂ ) * ဘာသာရေးဆိုင်ရာ ဟိန္ဒူစဉ်းစားတွေးခေါ်ပုံသမိုင်းအကျဉ်း ၊

(ဃ) * ဟိန္ဒူများ၏ ဘာသာရေးအကွာရာစာပေ ၊

( င ) * ဘာသာရေးဆိုင်ရာအဘိဓမ္မာ (ဝါ) ဒဿနိကဗေဒ ၊

( စ ) * ဟိန္ဒူဘာသာ၏ ထူးခြားစွာထင်ရှားပေါ်လွင်သည့်အချက်များ ၊

(ဆ) * နတ်ဘုရားဟူသော စိတ်ကူးကြံစည်မှု ၊

( ဇ ) * ဟိန္ဒူဘာသာ၏ လူ့အကြောင်းသိကောင်းစရာ ၊

(ဈ) * ဟိန္ဒူဘာသာ၏ ကမ္ဘာလောကအားရှုမြင်ပုံ ၊

(ည) * ဒုက္ခခံစားရခြင်း ပြဿနာ ၊

( ဋ ) * သံသရာမှ လွတ်မြောက်ခြင်း ၊

( ဌ ) * ရာမနုဂျာ ( Ramanuja )

( ဍ ) * ဘာခ်တိနှင့် ပရပတ္တိ( Bhakti Prapatti )

( ဎ ) * ဟိန္ဒူ၏ အဆုံးစွန်ရည်မှန်းချက် ၊

(ဏ) * ဘာသာရေးဆိုင်ရာလမ်းကြောင်းများနှင့် ကျင့်ကြံမှုများ ၊

(တ) * ဟိန္ဒူဘာသာ၏ ဂိုဏ်းဂဏများ ၊

(ထ) * ဟိန္ဒူဘာသာရေးခေါင်းဆောင်များ ၊

( ဒ ) * အဒီဗရာမိုဆမာ့ဂျ်( Adi Brahmo Samj )

( ဓ ) * ရာမခရစ်ရှနာ( Ramakrishna )

( န ) * ဆွာမီဗိဗ္ဗိကနန္ဒ( Swami Vivekananda )

( ပ ) * ဒါယနန္ဒ ဆာရပ်စ်ဗတိ()ဟူ၍ လည်းကောင်း ၊

၉။ အခန်းခုနစ်– ဗုဒ္ဓဘာသာခေါင်းစဉ်သေးအောက်တွင် ခေါင်းစဉ်ငယ်ကလေးများအဖြစ်–

(က) * နိဒါန်း

(ခ) * ရှင်တော်မြတ်ဗုဒ္ဓ ၊

(ဂ) * ဗုဒ္ဓဘာသာ၏ထူးခြားထင်ရှားပေါ်လွင်အချက်များ ၊

(ဃ) * ဗုဒ္ဓဘာသာဝင်များ၏ မြင့်မြတ်သောစာအုပ်များ ၊

(င) * ဗုဒ္ဓ၏ အဆုံးအမ ဒေသနာတော်များ ၊

(စ) * ပညာ ၊

(ဆ) * ဗုဒ္ဓဘာသာ၏ နတ်ဘုရားအပေါ်သဘောထား ၊

(ဇ) * ဗုဒ္ဓဘာသာ၏ ကမ္ဘာလောကအားရှုမြင်မှု ၊

(ဈ) * လူသားနှင့် အသက်ဝိညာဉ်ကင်းမဲ့မှု ၊

(ည) * လူသား၏ အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်သည် နိဗ္ဗာန် ၊

(ဋ) * သေဆုံးပြီးနောက် ဖြစ်ရာဘဝ ၊

(ဌ) * ဗုဒ္ဓဘာသာ၏ ဂိုဏ်းဂဏများ ဟူ၍လည်းကောင်း ၊

၁၀။ အခန်းရှစ် – ဂျိန်းဘာသာခေါင်းစဉ်သေးအောက်တွင် ခေါင်းစဉ်ငယ်ကလေးများ အဖြစ် –

(က) * နိဒါန်း

(ခ) * ဂျိန်းဘာသာ၏ အခြေခံ သို့မဟုတ် အထူးတစ်လည်ပေါ်ပြချက်များ၊

(ဂ) * ဂျိန်းဘာသာရေးဆိုင်ရာ အက္ခရာစာပေ ၊

(ဃ) * ဂျိန်းအဘိဓမ္မာ (ဝါ) ဒဿနဗေဒနှင့် ဘာသာယုံကြည်မှု ၊

(င) * ဂျိန်းဘာသာ၏ နတ်ဘုရားအပေါ်ရှုမြင်မှု ၊

(စ) * ဂျိန်းဘာသာ၏ လူသားအပေါ်ရှုမြင်ပုံ ၊

(ဆ) * ဂတိယကမ္မများနှင့် ၎င်းတို့၏ အမျိုးအစားများ ၊

(ဇ) * လုံးဝဉဿုံ အဆုံးစွန်ရည်မှန်းချက်(ဝါ)သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ခြင်း ၊

(စ၂) * ဂုဏာသနနှင့်ဒိုင်ယန( Gunasthana and Dhyanes )

(ည) * ကမ္ဘာလောကအား ဂျိန်းဘာသာဖြင့် ရှုမြင်ပုံ ၊

( ဋ ) * မကောင်းဆိုးဝါး (သို့မဟုတ်) ဒုက္ခခံစားရခြင်းပြဿနာ ၊

( ဌ ) * သေဆုံးပြီးဖြစ်ရာဘဝ ၊

( ဍ ) * အနေကန္တဝါဒနှင့်အဗ္ဗတ ဗမ္ဂိညာယ (Ane Kan tavada and Saptabhangi Naya )

( ဎ ) * ရဟန်းတော်နှင့်လူ့ဥပသကာ ၊

(ဏ) * ပိုဏ်းဂဏများ ၊

၁၁။ အခန်းကိုး – ဆစ်ခ်ဘာသာခေါင်းစဉ်သေးအောက်တွင် ခေါင်းစဉ်ငယ်ကလေးများအဖြစ်–

(က) * နိဒါန်း

( ခ ) * ဂုရုကြီး(၁၀)ပါး ၊

( ဂ ) * ဂုရုဂရန့်ဆာဟစ် (Guru Granth Sahib )

(ဃ) * ဆစ်ခ်ဘာသာ၏ အခြေခံကျသည့်အဓိကအချက်များ ၊

( င ) * ဆစ်ခ်ဘာသာ၏ နတ်ဘုရားအပေါ်သဘောထား ၊

( စ ) * လူသားနှင့်ပါတ်သက်၍ ဆစ်ခ်ဘာသာ၏ ခံယူချက် ၊

(ဆ) * ကမ္ဘာလောကအား ဆစ်ခ်ဘာသာ၏ ရှုမြင်ပုံ ၊

( ဇ ) * ဒုက္ခခံစားရခြင်းပြဿနာ ၊

(စ၂) * ဘုရားသွင်အား ကောင်းစွာနားလည်ရန်နည်းလမ်း ၊

(ည) * နောက်ဆုံးရည်မှန်းချက်ပန်းတိုင် ၊

( ဋ ) * သေဆုံးပြီးနောက် ဖြစ်ရာဘဝ ၊

( ဌ ) * ဆစ်ခ်ဘာသာနှင့် ဟိန္ဒူဘာသာဟူ၍လည်းကောင်း ၊

၁၂။ အခန်းတစ်ဆယ် – ကမ္ဘာ့ဘာသာရေးယုံကြည်ချက်ကိုးကွယ်မှုများ၏ အဓိကသော့ချက်ကျသည့် ယူဆချက်များနှင့်စပ်လျဉ်း၍ လေ့လာဆန်းစစ်ချက်ခေါင်းစဉ်သေးအောက်တွင် ခေါင်းစဉ်ငယ်ကလေးများအဖြစ် –

(က) * အိန္ဒိယအနွယ်ဖွါး ဘာသာယုံကြည်ချက်များအပေါ်ဆန်းစစ်ချက် ၊

(ခ) * အသက်ဝိဉာဉ်များအား အသက်သွင်းပြုလုပ်ဆောင်ရွက်ခြင်းမှာ ဘာသာရေးယုံကြည်ချက်များ၏ အလုပ်ဖြစ်ပုံဝေဖန်ချက် ၊

(ဂ) * ထာဝရဘုရားသခင် သို့မဟုတ် နတ်ဘုရား(ဝါ) God နှင့်စပ်လျဉ်း၍၊

(ဃ) * ဘုရားသခင်ဖြစ်ထွန်းပေါ်ပေါက်ခြင်းနှင့် စပ်လျဉ်းသည့်သုံးသပ်ချက် ၊

(င) * ထာဝရဘုရားသခင်ဖန်ဆင်းရှင်နှင့် စပ်လျဉ်း၍ သုံးသပ်ချက် ၊

(စ) * ထာဝရဘုရားသခင်(ဝါ) နတ်ဘုရား၏ဘုန်းတံခိုးအာနုဘော်နှင့် ဂုဏ်ကျေးဇူးတော်တို့အပေါ် ရှုမြင်သုံးသပ်ချက် ၊

(ဆ) * နိရာကာရ( Nirakara ) ခေါ် ဂုဏ်ကျေးဇူးကင်းမဲ့ခြင်းနှင့် သက္ကာရ(Sakara) ခေါ်ဂုဏ်ကျေးဇူးရှိခြင်းတို့အပေါ် ရှုမြင်သုံးသပ်ပုံ ၊

(ဇ) * လူသတ္တဝါနှင့်စပ်လျဉ်းသည့် သဘောထားခံယူချက်နှင့်စပ်လျဉ်း၍ ဆန်းစစ်ဝေဖန်ချက် ၊

(ဈ) * ကမ္ဘာလောကကြီးနှင့်စပ်လျဉ်းသည့် ခံယူချက် ၊ ယုံကြည်ချက်များ အပေါ် ဆန်းစစ်ဝေဖန်ချက် ၊

(ည) * မကောင်းဆိုးဝါးနှင့် ဒုက္ခခံစားရခြင်းပြဿနာနှင့် စပ်လျဉ်းသည့် ဆန်းစစ်ဝေဖန်ချက် ၊

(ဋ) * ဂျူးဘာသာအရ ဒုက္ခခံစားရမှုနှင့် စပ်လျဉ်းသည့် ဆန်းစစ်ချက် ၊

(ဌ) * အိန္ဒိယနွယ်ဖွါးဘာသာရေးယုံကြည်ချက်များ၏ ဒုက္ခခံစားရမှုနှင့် စပ်လျဉ်းသည့် ဆန်းစစ်ချက် ၊

(ဍ) * လူသား၏ အဆုံးစွန်ရည်မှန်းချက်နှင့် စပ်လျဉ်းသည့် ဆန်းစစ်ချက်၊

(ဎ) * ကယ်တင်ခြင်း ၊ လွတ်မြောက်ခြင်းနှင့် စပ်လျဉ်းသည့်ဆန်းစစ်ချက်၊

(ဏ) * ရှန်ကာရ( Shankara )နှင့်စပ်လျဉ်းသည် ဆန်းစစ်ချက် ၊

(တ) * ရာမနုဂျာ( Ramanujia) နှင့်စပ်လျဉ်းသည့်ဆန်းစစ်ချက် ၊

(ထ) * အပြစ်အနာအဆာနှင့် စပ်လျဉ်းသည့် ဆန်းစစ်ချက် ၊

(ဒ) * များယွင်းစွာ ဆောင်ရွက်မိခြင်းအတွက် အပြစ်ကိုဝန်ခံခြင်းနှင့် ဝင့်ကြွေ ပြန်လည်ပေးဆပ်ခြင်းနှင့် စပ်လျဉ်းသည့်ဆန်းစစ်ချက် ၊

(ဓ) * ဝတ်ပြုခြင်းနှင့် ဆုတောင်းခြင်းနှင့်စပ်လျဉ်းသည့် ဆန်းစစ်ချက် ၊

(န) * ဆုတောင်းခြင်းနှင့် မှော်အတတ်ပညာနှင့်စပ်လျဉ်းသည် ဆန်းစစ်ချက်၊

(ပ) * ဆုတောင်းခြင်းနှင့် အာရုံစူးစိုက်ခြင်းနှင့် စပ်လျဉ်းသည့်ဆန်းစစ်ချက်၊

(ဖ) * အိန္ဒိယနွယ်ဖွါးဘာသာရေးယုံကြည်ချက်များအတွင်း နှိုင်းယှဉ်မှုနှင့် စပ်လျဉ်းသည့် ဆန်းစစ်ချက် ၊

(ဗ) * ဂျိန်းဘာသာနှင့် ဟိန္ဒူဘာသာတို့ နှိုင်းယှဉ်ချက်အားဆန်းစစ်ချက် ၊

(ဘ) * ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့ နှိုင်းယှဉ်ချက်အားဆန်းစစ်ချက် ၊

(မ) * ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာတို့ နှိုင်းယှဉ်ချက်အားဆန်းစစ်ချက် ၊

၁၃။ အခန်းတစ်ဆယ့်တစ် – ဘာသာယုံကြည်ချက်များအချင်းချင်း မမျှော်လင့်ပဲအန္တရယ်ဖြစ်နိုင်သောရင်ဆိုင်မှု ခေါင်းစဉ်သေးအောက်တွင် ခေါင်းစဉ်ငယ်ကလေးများအဖြစ်–

(က) * နိဒါန်း

(ခ) * ဘာသာရေးယုံကြည်ချက်၏ အမြင့်ဆုံးစဉ်းစားဆုံးဖြတ်ချက်အတွက် ဖုံးအုပ်ကွယ်ကာမှု ၊

(ဂ) * လူသားနှင့်ဘုရားသခင်၏ ဝိဉာဉ်တို့၏ တစ်ခုနှင့်တစ်ခုအမှီသဟဲပြုခြင်း သဘောတရား ၊

(ဃ) * ဘာသာယုံကြည်မှုများ၏ အာကာသနှင့် အချိန်ကာလသဘော ၊

(င) * ဘာသာယုံကြည်မှုများ၏ လုံးဝပေါင်းစည်းညီညွှန်ရေး အခြေခံစည်းမျဉ်း၊

(စ) * ရာဒခရစ်ရှနန်၏ ရှုမြင်ချက် ၊

(ဆ) * ရာဒခရစ်ရှနာ၏ ဘာသာယုံကြည်မှုများစုစည်းညီညွတ်ရေးသဘော

(ဇ) * စံတန်ဘိုးတစ်ခု ၊

(ဈ) * ဘာသာယုံကြည်ချက် ပြောင်းလဲခြင်း သို့မဟုတ် အယူဝါဒပြောင်းလဲခြင်း၊

(ည) * ရာဒခရစ်ရှနန်၏ ယုံကြည်ပြောင်းလဲမှုအပေါ် ရှုမြင်ချက် ၊

( ၄ ) ＊ ကိုယ်ကျင့်တရားနှင့်ပညာအရည်အချင်းသည် ဘာသာရေးနှင့်မဆိုင် ၊

( ၅ ) ＊ ဘာသာယုံကြည်ချက်လွတ်လပ်မှု ၊

( ၃ ) ＊ ဘာသာယုံကြည်မှုနှင့် နိုင်ငံရေး ၊

၁၄။ အကျဉ်းချုပ်ဖော်ပြချက်နှင့် နိဂုံးဟူ၍ အခန်းအလိုက်ခေါင်းစဉ်၊ ခေါင်းစဉ်သေး၊ခေါင်းစဉ်ငယ်လေးဟူ၍ သင်းလဲသီးလို အကန့်အကန့်ခြား၍ ရေးသားထားရာ စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်များစွာပါဝင်သည်ကို တွေ့ရပါသည်။ ဥပမာ–ကမ္ဘာလေကကြီးအား ရှုမြင်ပုံ ၊ လူသတ္တဝါ အားရှုမြင်ပုံ ၊ လူသား၏ အဆုံးစွန်ရည်မှန်းချက်ပန်းတိုင် ၊ သေဆုံးပြီးနောက်ဖြစ်ရာဘဝ၊ သေဆုံးပြီးနောက်ဝိညာဉ်၏အခန်းကဏ္ဍ ၊ အမြဲတည်ရှိနေသည်ဟုယုံကြည်မှု ၊ အမြဲမရှိဖြစ်ပြီးချုပ်ပျက်သွားသည်ဟူသော ယူဆချက် ၊ သံသရာလည်နေသည်ဟူသော ယူဆချက် ၊ သံသရာပြတ်သည်ဟူသော ယူဆချက် ၊ ဒဿနအမြင် ၊ ယုတ္တိဗေဒ ၊ ဘဝကူးပြောင်းခြင်း၊ ပြန်လည်မွေးဖွားခြင်း ၊ ပြန်လည်ဝင်စားမွေးဖွါးခြင်းစသည်ယုံကြည်မှုအမျိုးမျိုး ၊ ကိုးကွယ်မှုအဖုံဖုံတို့အပြင် သိပ္ပံနည်းကျကျစဉ်းစားတွေးခေါ်မြော်မြင်မှု ၊ သိပ္ပံနည်းကျလေ့လာမှုထက်ပိုမိုလက်တွေ့ဖြစ်သောဖြစ်စဉ်ဖြစ်ရပ် ၊ အကြောင်းနှင့်အကျိုးကွင်းဆက်ဖြစ်ပေါ်ပျက်စီးမှု ၊ ခေတ်သစ်သိပ္ပံပညာရပ်နှင့်နှိုင်းယှဉ်မှု စသည်( Food for thought )များပါဝင်သည့်ကိုတွေ့ရသည့်အပြင် ကျင့်စဉ်များ ၊ အလွန်အားနည်းလျော့ရဲရဲကျင့်ကြံမှုများ ၊ အလယ်အလတ်ကျင့်စဉ်များ ဟူ၍ Religion ခေါ်ယုံကြည်မှုအသီးသီးတို့ ကိုးကွယ်မှုများကိုတွေ့ရသည်။ ဗုဒ္ဓ၏စကားအရ မိမိကိုယ်ကိုပင်ပန်းဆင်းရဲစွာကျင့်မှ စိတ်အညစ်အကြေးကင်းစင်မည်ဟူ၍ယူဆသော အတ္တကိလမထနုယောဂ ၊ မိမိကိုယ်ကို ဆင်းရဲပင်ပန်းမှုမရှိစေရအောင်နှင့် ကာမဂုဏ် အာရုံများကိုရှာဖွေရယူသိမ်းပိုက် ကျေနပ်နှစ်သိမ့်မှုနှင့် အသက်ရှင်နေထိုင်မှုခေါ် ကာမသုခလ္လိက နုယောဂနှင့် ဒုက္ခဖြစ်ခြင်း ၊ ဒုက္ခဖြစ်ကြောင်း ၊ ဒုက္ခချုပ်ငြိမ်းကြောင်းနှင့် ဒုက္ခချုပ် ငြိမ်းရာလမ်းကြောင်းဟူသော အမှန်(၄)ချက်သဘောနက်နှင့် မဂ္ဂင်ရှစ်ဖြာလမ်းမှန်စွာကို ကျင့်ကြံခြင်းသာ သံသရာမှထွက်ရာလမ်းကြောင်း အကျင့်ကောင်းဟူ၍လည်းကောင်း၊ နိကာယ် ငါးရပ် ပိဋကပ်သုံးပုံကိုအကျဉ်းချုံ့အနှစ်ထုတ်ယူလျှင် အနိစ္စ ၊ ဒုက္ခ ၊ အနတ္တဟူသော သဘောတရားမျှသာရှိပုံကိုလည်းကောင်း ၊ ဘာသာယုံကြည်မှုများအား(၂)မျိုး ၊ (၂)စားခွဲခြားလိုက်လျှင် ယခုခေတ်အခေါ်

အရှေ့အလယ်ပိုင်းဒေသ ( ရှေးခေတ်အခေါ်မက်ဆိုပို တေးမီးယား )ဖွား တမန်တော်မှတဆင့် ထာဝရဘုရားသခင်အားကိုးကွယ်သည့်ဘာသာများ နှင့် အိန္ဒိယပြည်ဖွား ဘာသာယုံကြည်မှုများ ဟူ၍ တွေ့ရသည်။

*Mikhail Nesturkh အမည်ရှိ ရုပ်ဝါဒီက ၎င်းရေးသားသည့် The origin of Man ဟူသော စာအုပ်တွင် ''လူသားအစ ဘယ်ကဖြစ်ပေါ်လာသနည်းဆိုသည့် ပြဿနာမှာ နှစ်ပေါင်း ထောင်ချီကြာမြင့်သည့်တိုင် တွေးတောကြံဆအဖြေရှာမရသေးသည့် ကိစ္စတစ်ရပ် ဖြစ်သည်'' ဟူ၍လည်းကောင်း၊ ''ဘာသာတရား၏ တားဆီးပိတ်ပင်မှုကြောင့် လူသားများ မတွေးတော မကြံဆဝံ့သော အကြောင်းအရာအဖြစ် တည်ရှိနေခဲ့သည်''ဟူ၍လည်းကောင်း၊ ''စိတ်ကူးယဉ်ဝါဒ သမားများ ဖန်ဆင်းယူသည့်အချက်သည် သဘာဝတရားနှင့် လားလားမျှ မကိုက်ညီသည့်ပြင် ယုတ္တိသာဓကမရှိသည့် ယူဆချက်ဖြစ်၍ ရုပ်ဝါဒီတို့၏ ဇစ်မြစ်မူလလူသားဘာဝ အယူအဆနှင့် လုံးဝဆန့်ကျင်ဖက်ဖြစ်သည်ဟူ၍လည်းကောင်း'' ရေးသားခဲ့သည်။

ဂရိစ်(စ်)နိုင်ငံသား မဟာစာရေးဆရာကြီး Epicurus (BC . 342 - 270) ကငင်း၏ တွေးခေါ်ယူဆချက်ကို ဤသို့ရေးသားဖေါ်ပြခဲ့သည် ''ကမ္ဘာမြေပေါ်ရှိလူသားများသည် သဘာဝ တရားနှင့် သဘာဝတရား၏ပုံဖေါ်ဖန်တီးသည့်အတိုင်းသာ ဖြစ်ပေါ်လာရပြီး ထာဝရဘုရားသခင်၏ ထူးဆန်းအံ့ဩဖွယ်ရာ ဖန်ဆင်းမှုမဟုတ်ကြောင်း''ဟူ၍လည်းကောင်း၊ ခရစ်ယမ်သာသနာ ပုတ်ရဟန်းမင်းကြီး (Pope John Paul,the 2nd) သည် ၂၀၀၀ ခုနှစ်အတွင်း Straight Time သတင်းစာတွင်''လူသားအား ထာဝရဘုရားသွင်ဖန်ဆင်းခဲ့သည်ဆိုသည်မှာ မဖြစ်နိုင်ကြောင်းနှင့် တစ်ရွေ့ရွေ့ဖြစ်ပေါ်ပြောင်းလဲမှုကြောင့် လူသည်မျောက်ကဖြစ်လာသည် ဆိုခြင်းကို သံသယ မရှိကြောင်းဟူ၍ ရေးသားခဲ့သည်ဟူ၍ ၁၂.၈.၂၀၀၃ နေ့ မလေးရှားနိုင်ငံ ဆာဟားကျွန်းတွင် သီရိလင်္ကာနိုင်ငံသား၊ ဘုန်းတော်ကြီး Dr Dharmanda ၏ Power of the Mind တရားတော်၌ ထည့်သွင်းဟောကြားခဲ့သည်။

''Science without Religion is blind and Religion without science is cripple'' ဟူ၍ ရူပဗေဒပညာရှင်ကြီး အိန်းစတိုင်းက ပြောဆိုခဲ့သည်။

---

*မနုဿဗေဒပညာရှင်နှင့် ရုပ်ဝါဒီ

စာရေးဆရာ အိန္ဒိယနိုင်ငံ ၊ မာဂဓတက္ကသိုလ်ပါမောက္ခ(အငြိမ်းစား) Dr. Y Masih ကလည်း ယနေ့ခေတ်သိပ္ပံပညာနှင့် နှိုင်းယှဉ်လေ့လာပြီး ၎င်း၏ A Comparative Study of Religions စာအုပ်တွင် ကမ္ဘာ့ဘာသာရေးယုံကြည်ချက်များအား စနစ်တကျ နှစ်ပေါင်းငါးဆယ်ခန့် လေ့လာရေးသားထားရာ စကားဦးတွင် ယင်းဘာသာယုံကြည်ချက်များအား နှိုင်းယှဉ်လေ့လာချက် စာအုပ်ရေးသူ ၎င်းကိုယ်တိုင်မှာ ပညာရှင်အဆင့်ရှိသူဖြစ်၍ ဘာသာရေးနယ်ပယ်အတွင်း ၎င်းကိုယ်တိုင် နှစ်ပေါင်းငါးဆယ်ကျော် ပါဝင်ပါတ်သက်အတွင်းကျကျလေ့လာခဲ့ပါသော်လည်း ဘာသာယုံကြည်မှု၏ ခရီးလမ်းဆုံးပန်းတိုင်သို့ မရောက်ရှိ မရနိုင်သေးပါ။ အဘယ်ကြောင့်ဆိုသော် ဘာသာယုံကြည်မှုဟူသောအရာသည် လူသားများဖြစ်လိုသည့် (ဝါ) ဖြစ်ခြင်သည့် (ဝါ) အလိုဆန္ဒ၏ လောဘတဏှာ၏ စေ့ဆော်တိုက်တွန်းချက်ကြောင့် မိမိတို့လူသားဘဝအား အကောင်းဆုံး အဆင့်သို့ ရောက်ရှိစေလိုသောကြောင့်ဖြစ်ပေသည်ဟူ၍လည်းကောင်း၊ Aurobindo ၏ ပြောစကားအရ လူသားတို့အနာဂတ်ကာလ၌ ဖြစ်စေခြင်သည့်၊ ရလိုခြင်သည့် သဘာဝလွန် စိတ်စွမ်းအင်(Super mind) ဖြစ်သည်ဆိုခြင်းမှာ ရိုးသားစွာပြောဆိုနိုင်သည့် အဓိပ္ပါယ်ဖြစ် သည်ဟူ၍ရေးသားထားသည်။ အမှန်အားဖြင့်လည်း လူသားသည် ဒုက္ခများ အားလုံးမှ လွတ် မြောက်ကျော်လွန်လိုမှု ၊ ရိုးပြပြင်းထန်သည့် ချစ်ခင်စွဲလမ်းမှုမှ လွတ်မြောက် ကျော်လွှားလိုခြင်းနှင့် ပဟေဠိဆန်သော ရှုတ်ထွေးပွေလီ ကြံစည်တတ်သော အသိတရားတို့မှ ကျော်လွန်သောအခြေ အနေသို့ လိုလားတောင်းတခဲသည်အားလျှော်စွာ ကြောင့်ကျစိုက်ထုတ်ခြင်းမှာ ဗုဒ္ဓဘာသာ၏ စကားအရ အဝိဇ္ဇာ ၊ တဏှာဟူသောတရားဆိုး နှစ်ပါးကြောင့် ကြောင်းကျိုးဆက်စပ် ဖြစ်ပေါ်ခြင်း အား ရပ်စဲချုပ်ငြိမ်းစေနိုင်သည့် မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ချမ်းသာမြတ်ကို ခံစားရရှိသည့် ဉာဏ်ဟူ၍လည်းကောင်း ၊ ဂျိန်းဘာသာ၏ အလိုအရ ယင်းလူမှုဒုက္ခအဝဝမှ လွတ်မြောက်သည့် သဗ္ဗညုတ ၏ Sarvajnata (human intellect ) ဟူ၍လည်းကောင်း၊ သို့သော် ဟိန္ဒူဘာသာတွင် ဗြဟ္မာဖြစ်လာရေး (futuristic end as becomming Brahman)နှင့် ဂျိန်းဘာသာ၌ မူလအစက ပင်ရှိသော ဂုဏ်ကျေးဇူး (Pristine glory) ကိုထိန်းသိမ်းထားရန်အတွက်လည်းကောင်း ၊ အခြားသော တမန်တော်ကိုးကွယ်သည့် ဘာသာများတွင် as Becomming Gold fit for haven ၏ ကောင်းကင်ဘုံ ရွှေပြည်နန်းသို့ တက်လှမ်းလိုမှုဟူ၍လည်းကောင်း ရေးသားထားသည်။

သို့သော်ခေါ် fit for Heaven သကြား၊ ဖြဟ္မာ ၊ နတ်ဒေဝါဖြစ်ဖို့နှင့် Supermind ခေါ် သဘာဝစိတ်စွမ်းအင်ရရှိဖို့ကတော့ အလွန့်အလွန် ခက်ခဲလှပေသည်ဟူ၍ ရေးသားထားပေသည်။ Dr . Y. Masih သည် အိန္ဒိယပြည်၌ ယုံကြည်ချက်မတူ ကွဲပြားမှုကြောင့်ဖြစ်ပေါ်နေသည့် ဘာသာရေးပဋိပက္ခများအား ချုပ်ငြိမ်း စေလိုသည့် ရည်ရွယ်ချက်ဖြင့်ရေးသားရာ၌ ကမ္ဘာ့ဘာသာ ကိုးကွယ်မှုများ၏တူညီသော အဓိကအချက်များနှင့် ကွဲပြားခြားနားသည့်အချက်များကို အသေးစိတ်ဖော်ပြလျက် ဘာသာယုံကြည်ကိုးကွယ်မှုပြုကြသော ကျွန်ုပ်တို့အားလုံးသည် Spirit ခေါ် အလျားတစ်လံ အနံ တစ်ထွာမျှရှိသည့် ကိုယ်ခန္ဓာနှင့် မရောနှောမစပ်ယှက်သည့် အသက် ဝိညာဉ် ၊သိမှု ၊ ခံစားမှု ၊ မှတ်သားမှု ၊ တွေးတော ၊ စဉ်းစား ၊ ကြံစည်မှုစသည့် စိတ်တည်းဟူသော အရာဖက်သို့ တူညီသောဦးတည်ချက်ဖြင့် ခရီးအတူသွားနေကြသူများဖြစ်၍ ဟိန္ဒူ ၊ အစ္စလာမ်၊ ခရစ်ယာမ်နှင့် အခြားဘာသာယုံကြည်မှုအားလုံးသည် A new Man ခေါ် တိုးတက်ကောင်းမွန်သည့် အနာဂါတ်လူသားများဖြစ်ပေါ်လာရေးအတွက် မျှော်မှန်းကြသူများဖြစ်သည်ဟူ၍ ရေးသား ထားသည်။ ထို့ပြင် ကျွန်ုပ်တို့မျှော်မှန်းသည့် လူ့ယုံကြည်ကိုးကွယ်မှုဆိုသည်မှာအတိတ်ကာလ၌ များစွာမဖြစ်ပေါ်ခဲ့သေးပေဟူ၍လည်းကောင်း ၊ အမှန်စင်စစ်အားဖြင့် ကျွန်ုပ်တို့သည် အစပြု၍မလှမ်းရသေးသည့် ဝေးကွာလှစွာသော ခရီးပန်းတိုင်သို့ သွားနေကြဦးမည်သာဖြစ်၏ ဟူ၍လည်းကောင်း ရေးသားထားသည့်အပြင် ကျွန်ုပ်တို့အားလုံးသည် ခိုလှုံပုန်းအောင်း လဲလျောင်းမှီခိုရန်အတွက် တောင်းရမ်းနေကြသူများဖြစ်၍ ကျွန်ုပ်တို့၏ အတ္တ ၊ ဆန္ဒခေါ် Atman ၏ အသက်ရှင်သန်နေထိုင်ခွင့်နှင့် အစားအစာရိက္ခာပေါ်များရေးအတွက် တံခါးပေါက်စေ သွားရောက်တောင်းရမ်းကြပါစို့ ဟူ၍ရေးသားထားသည်။

ယခုခေတ်ကာလတွင် ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများအကြား၌ မကြာခဏ ထိတ်တိုက်ရင်ဆိုင်မှုနှင့် ပဋိပက္ခများဖြစ်ပေါ်လျက်ရှိရာ ယင်းသို့ လူသားအချင်းချင်း ယုံကြည် ကိုးကွယ်မှုမတူညီ၍ ပဋိပက္ခများဖြစ်ပွါးလျက်ရှိခြင်းသည် လှေတစ်စီးတည်းဖြင့် တစ်ခရီးတည်း အတူသွားနေရသူခြင်း လှေပေါ်တွင် ဒုတ် ၊ ဓါး ဆွဲ၍ခုတ်ကြ၊ ထစ်ကြ၊ ရန်ဖြစ်ကြသည်နှင့်တူပြီး လှေနစ်မြုပ်၍ အကုန်လုံးသေကျေပျက်စီးမည့်သဘောကို နားမလည်သူ ခရီးသည်နှင့်တူနေ ပေသည်။ အမှန်စင်စစ်အားဖြင့်လူသားများသည် စကြာဝဠာခရီးရှည်ကြီးကို ခုတ်မောင်းသွား

နေသည့် ကမ္ဘာ့ရထားကြီးပေါ်တွင် အတူစီးနှင်းလိုက်ပါခရီးသွားသူ ခရီးသည်များသာ ဖြစ်ကြသည်ကို နားလည်သင့်ပေသည်။

ဘာသာပြန်ဆိုသူသည် ဤကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများအား နှိုင်းယှဉ်လေ့လာချက်စာအုပ်ကို အစအဆုံးမြန်မာစာဖြင့် ပြန်ဆိုရေးသားထားပြီးဖြစ်သော်လည်း ထုတ်ဝေခြင်းမပြုနိုင်ပဲ အချိန်အတော်ကြာ စောင့်ဆိုင်းနေခဲ့ရသည်မှာ စာမျက်နှာများလွန်းပြီး စာဖတ်သူအနေဖြင့် ငြီးငွေ့ဖွယ်ဖြစ်မည် စိုးရိမ်မှုကြောင့်လည်းကောင်း ၊ ကုန်ကျစရိတ်များပြားမည်ကို စိုးရိမ်မှုကြောင့် စောင့်ဆိုင်းနေခဲ့ခြင်းဖြစ်ပါသည်။

ယခုအခါ ရန်ကုန်မြို့မှစာပေဝါသနာရှင် ဦးဇော်လင်း၏ ဆက်သွယ်ပေးချက်အရ ရန်ကုန်မြို့ '' စိတ်ကူးချိုချို '' အနုပညာစာပေနှင့် ချိတ်ဆက်မိခြင်းကြောင့် မြန်မာစာသို့ပြန်ဆိုရေးသားချက်အပြည့်အစုံကို ထုတ်ဝေခြင်းအားဖြင့် ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှု (၈)ခုကို အသေးစိတ် ခရေစေ့တွင်းကျ သေချာကျနစွာ လေ့လာထားသည့် စာရေးသူ၏ အာဘော်အတိုင်း ထုတ်ဝေသွားနိုင်လိမ့်မည်ဟု ယုံကြည် မိပါသည်။ သို့သော်စာဖတ်သူ မပျင်းရိ ၊ မငြီးငွေ့စေရန် <u>အုပ်တွဲ(၂) နစ်ခုခွဲ၍</u> ထုတ်ဝေသင့်သည်ဟူ၍ ယူဆပါသဖြင့် ဤစာအုပ်တွင် တမန်တော်ကိုးကွယ်သည့် ဘာသာလေးခု ဖြစ်သော အခန်း(၁) မှ အခန်း(၅)အထိ (၁)နိဒါန်း ၊ (၂)ဇိုရိုအာဆရီးယားစ (ခေါ်) ပါစီဘာသာ ၊ (၃)ဂျူးဘာသာ ၊ (၄) ခရစ်ယာန်ဘာသာ ၊ (၅)အစ္စလာမ်ဘာသာတို့ကိုသာ ပထမအုပ်တွဲအဖြစ် ထုတ်ဝေနိုင်ပါရန် စိတ်ကူးချိုချိုအနုပညာစာပေအား မေတ္တာရပ်ခံလျက်ပေးပို့အပ်ပါသည်။

စာရေးဆရာ၏ဆန္ဒကို အားပြည့်သောအားဖြင့် စာအုပ်၏ ကျန်အခန်းကဏ္ဍများဖြစ်သော အခန်း(၆)မှ အခန်း(၁၁)အပြင် အကျဉ်းချုပ်နှင့် နိဂုံးအပါအဝင် (၆)ဟိန္ဒူဘာသာ ၊ (၇)ဗုဒ္ဓ ဘာသာ၊ (၈)ဂျိန်းဘာသာ ၊ (၉) ဆစ်ခ်ဘာသာ ၊ (၁၀)ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများ၏ အဓိကသော့ချက်ကျသည့် ယူဆချက်များနှင့်စပ်လျဉ်း၍ ဝေဖန်စမ်းစစ်ချက် ၊ (၁၁)ဘာသာ ယုံကြည်ချက်များ အချင်းချင်း မပျော်လင့်ဘဲ အန္တရာယ်ဖြစ်နိုင်သောရင်ဆိုင်မှု စသည့်အခန်းများပါဝင်သည့် ဒုတိယတွဲအား ''စိတ်ကူးချိုချို''အနုပညာစာပေတိုက်သို့ ဆက်လက်ပေးပို့သွားမည် ဖြစ်ပါကြောင်း သတင်းပါးအပ်ပါသည်။

ဘာသာပြန်သူ

## အခန်း(၁) – Chapter 1

## နိဒါန်း – Introduction

### ကမ္ဘာ့ဘာသာကြီးများအားလေ့လာခြင်း၏ သဘာဝနှင့်လုပ်ဆောင်ချက်

### (The Nature and function of a Study of Living Religions of the World)

**နှိုင်းယှဉ်လေ့လာရန်လိုအပ်မှု (The Necessity of a comparative study)**

ကမ္ဘာတစ်ဝှမ်းလုံးမှ စဉ်းစားတွေးခေါ် ကြံစည်စိတ်ကူးသူအားလုံးတို့သည်လူသား၏ အကြောင်းအရာကို မိမိကိုယ်တိုင်နားလည်ရန် ပထမဦးစွာစဉ်းစားလုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ လူသားများသည် ၎င်းတို့၏ ဖြစ်စဉ်သမိုင်းကို ၎င်းတို့ကိုယ်တိုင် သိရှိနားလည်လိုကြသည်။ ယင်းဖြစ်စဉ်သမိုင်း၏ မီးမောင်းထိုးပြချက်ဖြင့် သူ၏အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်အတွက် ဆုံးဖြတ်ချက်ချမှတ်လိုသည်။ အာနိုးတွိုင်ဘီး( Arnoldtoybee )က အုပ်တွဲ(၁၀)တွဲဖြင့် လူသား၏ ခေတ်အစဉ်အဆက် ၊ ကမ္ဘာ့သမိုင်းနှင့်စပ်လျဉ်း၍ မှတ်တိုင်အဖြစ်စာအုပ်ရေးသားခဲ့သည်။

''ကျွန်ုပ်သည် ဘာသာယုံကြည်ကိုးကွယ်မှုအား အဓိကကျသော လျို့ဝှက်ဆန်းကျယ်မှုဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာသည်ဟူ၍ နားလည်ယုံကြည်ခဲ့ရသည်။'' ထို့ပြင် ၎င်းက ဆက်လက်ရေးသားဖော်ပြရာတွင် –

''ကစ်သိုလစ်ဘာသာ ယုံကြည်ကိုးကွယ်သည့် အိန္ဒိယလူမျိုး၏စိတ်ဓါတ်မှာ ခေတ်တစ်ခေတ်၏ တစ်ခုတည်းသောမိသားစုကဲ့သို့ ကျွန်ုပ်တို့ကိုယ်တိုင် သိက်သိက်ဝန်းဝန်းဖြင့် မပျက်ဆီးစေဘဲ ဘာသာယုံကြည်ကိုးကွယ်မှုများအားလုံးကို ကယ်တင်လွတ်မြောက်နိုင်သည့် နည်းလမ်းဖြစ်သည်။ ဤနည်းအားဖြင့် လူသားမျိုးနွယ်စုအချင်းချင်းတို့၏ ပဋိပက္ခများ ၊ ဘာသာရေးစစ်ပွဲများနှင့် လူ့ဘောင်လူ့အဖွဲ့အစည်း၏ တင်းမာမှုများအား ဆန့်ကျင်သည့် စိတ်ဆန္ဒသည် စဉ်းစားတွေးခေါ်မှု ပုံစံတစ်ရပ်အဖြစ်သို့ နှိုင်းယှဉ်လေ့လာရန်လိုအပ်ပုံသည် လျော်ကန်သင့်မြတ်သော အကြောင်းပြချက်တစ်ခုဖြစ်လာသည်။ ယခုခေတ်လူသားများ၏ စိတ်ထဲမှ ဤစစ်မှန်သော စိုးရိမ်ပူပန်မှုမှာ အများဆုံးဖြစ်နိုင်ဖွယ်ရာရှိသော အချက်ဖြစ်သည်။

( ဟိန္ဒူဘာသာ ၊ ဇိုရိုစထာရာဘာသာ ၊ အစ္စလမ်ဘာသာ ၊ ဂျူးဘာသာ နှင့် ခရစ်ယာန် ဘာသာ)အစရှိသည့်ဘာသာများအား နှိုင်းယှဉ်လေ့လာမှုအား နားလည်ရမည့်အချက်မှာ

အိန္ဒိယလူမျိုးတစ်ဦး၏ ဂုဏ်ယူဝင့်ကြွားစွာ ခံစားမိသောအချက်ဖြစ်သည်ဆိုခြင်းကို အေဒီ ၁၅၇၅ ခုနှစ်ခန့်က အက္ကဘာဘုရင်ကြီး(Akbar) လက်ထက်ကစတင်ခဲ့သည်။ အင်ဒီလာဟီ (Din Ilahi)ဘာသာယုံကြည်ကိုးကွယ်မှုဟုခေါ်ဆိုသည့် ဘာသာယုံကြည်မှုအမျိုးမျိုးတို့မှ ကောင်းသောအချက်များအား စုစည်း၍ ၎င်းဘာသာ၏အခြေခံအဖြစ် ဘာသာယုံကြည်ကိုးကွယ်မှု တစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့သည်။ ဆူဖီ ခေါ် မူစလင်သူတော်စင်တစ်ဦး (a Sufi Saint )က ယင်းဘာသာယုံကြည်ကိုးကွယ်ရခြင်း စပ်လျဉ်းသည့်ဆွေးနွေးမှုကို အခြေအတင်ပြောဆိုပြီး ဒင်အီလာဟီဘာသာကို ယုံကြည်ကြောင်း ယင်းဆွေးနွေးပွဲ၌ပင် ထုတ်ဖော်ကြေညာခဲ့လေသည်။

''အသင်ယုံကြည်ကိုးကွယ်သည့်ဘာသာသည် မည်သည့်ဘာသာပင်ဖြစ်စေ၊ အသင်နှင့် ယုံကြည်မှု ကွဲပြားခြားနားမှုများနှင့်လည်း ပေါင်းသင်းဆက်ဆံပါ။ အကယ်၍ သင်သည် ထိုသူများနှင့် လွတ်လပ်စွာပေါင်းသင်းနေထိုင်ပါက သူတို့၏ ဘာသာယုံကြည်ကိုးကွယ်မှုအရ ဆွေးနွေးပြောဆိုချက်များအား စိတ်တိုခြင်း ၊ စိတ်ဆိုးခြင်းမဖြစ်စေပဲ နားစိုက်ထောင်နေခဲ့လျှင် သင်သည် ငြိမ်းအေးမှုကိုရရှိပြီး ဖန်ဆင်းတီထွင်မှုအတတ်တွင် ဆရာတစ်ဆူဖြစ်လာပေလိမ့်မည်။''

ကမ္ဘာက ယုံကြည်ကိုးကွယ်သည့်ဘာသာကြီးများအား ဤသို့ဆိုကြပါစို့ .....

''ကျွန်ုပ်တို့၏ ကိုယ်ချင်းစာနာမှုတရားတွင် ကျွန်ုပ်တို့အား ပို၍မဖြိုမပျင်းပဒါကျ စေရန် ပိုပြီးတရားလမ်းမှန်ရစေ၍ မြင့်မြတ်သည့်စိတ်ထား ၊ သဘောထားဖြင့် မိမိယုံကြည် ကိုးကွယ်သည့်ဘာသာအပြင် အခြား အခြားသောယုံကြည်မှုများ၏ စိတ်ထား၊ သဘောထားနှင့် ခေတ်နောက်တွင်ကျန်ရစ်နေသည့်လူများအား ကိုယ်ချင်းစာနာမှုထားရှိခြင်းကို ပို၍ပြသသွားရန် အတွက် ...........''

ရှေးယခင်လွန်လေပြီးသော အစောဆုံးအချိန်ကာလတွင် ဖြစ်ပျက်ခဲ့သော နေ့ရက်များမှစတင်၍ ယနေ့အချိန်ထိ လူသားအား နားလည်သဘောပေါက်ရန် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သည် အနုပညာရပ်များ ၊ ဗိသုကာအတတ်ပညာရပ်များ ၊ ရုပ်ကြွင်းများ၊ စာပေနှင့် ယုံကြည်ကိုးကွယ်မှုများအား လေ့လာရန်လိုအပ်ပါသည်။ ယုံကြည်ကိုးကွယ်သည့် ဘာသာများသည် လူသားကဖန်တီးထားသည့် အနုပညာလက်ရာများ ၊ စာပေယဉ်ကျေးမှုနှင့်

လုပ်ရှားမှုအမျိုးမျိုးတွင် အတိတ်၏အရိပ်ပမာဖြစ်သည့် ရှေးဟောင်းယဉ်ကျေးမှုများက ပို၍ထင်ရှားပေါ်လွင်စွာပေါ်ပြနေသည့် အသွင်အပြင်လက္ခဏာများကိုတွေ့ရသည်။ ထို့ကြောင့် လူဆိုသောသတ္တဝါ၏ အကြောင်းအရာကို ပိုမိုနားလည်မှုရရှိနိုင်ရေးအတွက် လေ့လာသူ တစ်ဦးသည် ဘုရားဝတ်ပြုရာကျောင်းတော်များ၊ အနုပညာနှင့်ဗိသုကာလက်ရာများ ၊ ရုပ်ထုများ၊ ဘုရားသခင်အား ချီးကျူးရွတ်ဆိုသည့်ကဗျာလင်္ကာများ ၊ တေးသီးချင်းများ ၊ ဘာသာရေး ဆိုင်ရာ တေးကဗျာများနှင့်ဂါထာများ ( Gathas, Zandavesta , Rgveda,Biblethe Quoran, Adigraths )စသည်များကို လေ့လာရန်လိုအပ်ပါသည်။ ရှေးဟောင်းယဉ်ကျေးမှု လုပ်ငန်းများအား ခက်ခဲစွာလုပ်ကိုင်ဆောင်ရွက်နေကြသော်လည်း ဘာသာရေးဆိုင်ရာ မြင့်မြတ်သောဘာသာရေး ဆောင်ရွက်နေသည်ဟု နားမလည်ဘဲ လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ ကမ္ဘာပေါ်တွင် ငြိမ့်ညောင်းပြေပြစ်မှုအရှိဆုံးသော ကဗျာလင်္ကာများ အနည်းငယ်မျှသာရှိပါသည်။ ရာမယန (Ramayana) ၊ မဟာဗရတ (Mahabharata) ၊ ဒိန်းတီး၏ပျော်ရွှင်ဖွယ်ရာအစုံ နတ်ရွှေဘုံ (Dante`s Divine Comedy) ၊ မီလ်တန်၏ပျောက်ဆုံးနေသော သုခဘုံနှင့် ပြန်လည်ရရှိသော သုခဘုံ (Milton`s Paradise Lost and the Paradise Regianed)တို့သည် ထင်ရှားဆုံးသော ဂုဏ်ရောင်ပြောင်သည့် ဘာသာရေးဆိုင်ရာ စံနမူနာယူဖွယ်ရာ ကဗျာလင်္ကာများဖြစ်သည်။

ထို့ကြောင့် လူသားဘဝကို လေ့လာမှုပြုရာတွင် လူပုဂ္ဂိုလ်တစ်ယောက်အနေဖြင့် ဘာသာယုံကြည်ကိုးကွယ်မှု အလေးအနက်ခံယူရမည့်အချက်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဤအချက်နှင့်စပ်လျဉ်း၍ အမေးပုစ္ဆာတစ်ခု ပေါ်ထွက်လာဖွယ်ရာရှိနေဆဲဖြစ်သည်။

**ဦးထိပ်ပန်ဆင်သင့်သော ဘာသာယုံကြည်မှု(The Doctrine of Religion A Priori)**

အတိတ်ကာလ၏ ရှေးရိုးစဉ်လာအလေ့အထမှာ လူသားသည် ဘာသာယုံကြည် မှုအား ဦးထိပ်ပန်ဆင် အလေးအမြတ်ပြုသောအချက်ဖြစ်ကြောင်း ထင်ရှားသည်။ ပလေတို (Plato)က အားလုံးသော မှန်ကန်သည့်အသိပညာဆိုသည်မှာ အတွေ့အကြုံကို ပြန်လည်စုဆောင်း ထားခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ထိုအရာမှာ လူသားအား မည်သို့သောအလုပ်မှာ ကောင်းမွန်သင့်မြတ်၍ ဤမည်သောကိစ္စမှာ မှန်ကန်သင့်မြတ်လှပေ၏ဟူ၍ ဆောင်သင့် ၊ ရှောင်သင့်သည့် လမ်းညွှန်မှုကိုပေးသည့် စိတ်ဝိဉာဉ်၏ မပြောင်းမလဲတည်ရှိသော

အလွန်မြင့်မြတ်သည့် ဂုဏ်ရှိန်တန်ခိုးကြီးစိုးသောအရာဖြစ်ပေ၏။ ပလေတို၏အဆိုအမိန့်ကို ဆက်လက်၍ စိန့်ဩဂတ်စ်စတိန်း (Sl.Augastine) ''အို ထာဝရဘုရားသခင် ၊ ဖဘုရားရှင်သည် ကျွန်ုပ်တို့အား ဖဘုရားရှင်ကိုယ်တိုင်အတွက် ကျွန်ုပ်တို့၏ နှလုံးသားအား ဖဘုရားထံ ခိုနားဝင်ရောက်မှု မပြုနိုင်သေးမီအတွင်း အတည်တကျ မရပ်မနားသွားလာလှုပ်ရှားနေရန် ပြုလုပ်ခဲ့ပါသည် ဖဘုရားသခင်''ဟူ၍ ရေးသားထားခဲ့ပေသည်။

အစ္စလမ်ဘာသာကလည်း ဘာသာယုံကြည်မှုအား ဦးထိပ်ပန်ဆင်အပ်သောအရာ ဖြစ်သည်ဟူ၍လက်ခံသည်။ မာမွဒ်ရှယ်တာ(Mahmud Shaltour)၏အဆိုအရ လူသားများသည် အထူးသဖြင့် ၎င်းတို့၏ လိုအင်ဆန္ဒမပြည့်ဝသောအချိန် (ဝါ) ကံမကောင်း အကြောင်းမလှခြင်း (ဝါ) အခက်အခဲနှင့် တွေ့ကြုံရင်ဆိုင်ရသောအချိန်၌ ထာဝရဘုရားသခင်အား တမ်းတ၍ ဘုရားသခင်တည်ရှိခြင်းကို ဝန်ခံလျက် လူ့ဆိုသောသတ္တဝါမှာ စိတ်ပိုင်းဆိုင်ရာကို အထူးပြု၍ သေချာစွာ ဖွဲ့စည်းတည်ဆောက်ထားသူဖြစ်ကြောင်း ရေးသားထားသည်။

''သို့ဖြစ်၍ တမန်တော်(မူဟာမ်မက်)က အသင်တို့အား ကောင်းကင်ဘုံနှင့်ကမ္ဘာမြေကြီးအား မည်သည့်ပုဂ္ဂိုလ်က ဖန်ဆင်းခဲ့သနည်းဟူ၍ မေးမြန်းခဲ့သည်ရှိသော် သူတို့သေချာပေါက်ပြေဆိုမှာကတော့ စွမ်းအားကြီးမားတော်မူ၍ အလုံးစုံကိုသိမြင်တော်မူသော ပုဂ္ဂိုလ်က သူတို့အားဖန်ဆင်းခဲ့သည်''ဟူ၍ ဖြစ်သည်။ (Surah 50 . 9 . 48 . 9)

ရှေးလွန်လေပြီးသောအတိတ်က လူသားသည် ဘာသာယုံကြည်ကိုးကွယ်မှုရှိခဲ့ သည်ဟု သဘောတူညီဖွယ်ရာဖြစ်သော်လည်း သိပ္ပံနှင့်နည်းပညာရပ်များထွန်းကားနေသည့် ယနေ့ခေတ်တွင် ဘာသာယုံကြည်ကိုးကွယ်မှုသည် ယုတ္တိမတန် ကြောင်းကျိုးဆီလျော်မှု မရှိသည့်အယူအဆ ဖြစ်လာသည်။ ခေတ်သစ်လူသားတစ်ဦးသည် ကောင်းကင်ဘုံနှင့်ငရဲခန်း (haven-hell)၊ အပျိုစင်စစ်က အမျိုးသားနှင့် သံဝါသမပြုဘဲ (ဝါ) ကာမဆက်ဆံမှုမပြုဘဲ မွေးဖွားခြင်း(virgin birth )နှင့် ဒဏ္ဍာရီပုံပြင်စသည့် ယုံတမ်းစကားတို့အား ယုံကြည်မှုမရှိတော့ပေ။ သို့ဖြစ်ရာ ဘာသာယုံကြည်ချက်အား ဘေးချိတ်ထားသည့်အမြင် ရှုဒေါင့်အားဖြင့် ကြည့်လျှင် ဘာသာယုံကြည်မှုသည် လူသား၏ အချိန်ကန့်သတ်ချက်ဘောင်အတွင်း ကျရောက်နေသည့် သဘောတရားအယူအဆတစ်ခုဖြစ်၍ လူသား၏ သိပ္ပံနည်းကျစွာ တွေးခေါ်တတ်သော

စိတ်ဓါတ်၏ လေးနက်ကျယ်ပြန့်သော သဘောသဘာဝအရ ဘာသာယုံကြည်ကိုးကွယ်မှု (religion)သည် ပျောက်ကွယ်သွားပေလိမ့်မည်။ ခေတ်သစ်စနစ်သစ်လူသားတို့၏ ယေဘူယျ သဘောဆန်သော လေ့လာစာရင်းပြုစုရယူခြင်း၏ အပြီးသတ်အဖြေရလဒ်မှာ ယနေ့ခေတ်လူသား တို့အနက် များသောအားဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုနှင့် ကင်းကွာလျက်ရှိနေသည်ကို တွေ့ရှိရလေသည်။ ဤအကြောင်းအရာမှာ ကွန်မြူနစ်စနစ်ဖြင့်ချီတက်နေသော တိုင်းပြည် များ၌သာ အမှန်တကယ်ဖြစ်ပေါ်နေခြင်းမဟုတ် ၊ ဗြိတိန်နိုင်ငံအစရှိသော ဥရောပတိုက် တိုင်းပြည်များ၌ပင်လျှင် အမှန်တကယ်ဖြစ်နေသည်ကို တွေ့ရသည်။ သို့ရာတွင် ယဉ်ကျေးမှု သက်တမ်းသည် ကုန်ဆုံးတတ်သောသဘောတရားအရဖြစ်စေ ၊ ကမ္ဘာ၏ တိုးတက်လျက်ရှိသော သိပ္ပံနည်းကျရှုမြင်မှုအရဖြစ်စေ၊ ဘာသာယုံကြည်ကိုးကွယ်မှုသည် အနေး၊ သို့မဟုတ် အမြန် ချုပ်ငြိမ်းကွယ်ပျောက်ခြင်းသို့ မလွှဲမသွေရောက်ရှိသွားပါမည်လား? မည်သို့ပင်ဆိုစေကာမူ ခေတ်သစ်လူသား၏ ရှုမြင်သုံးသပ်မှု မည်သို့ပင်ရှိလင့်ကစား ဘာသာယုံကြည်ကိုးကွယ်မှုအမြင် အရ ပျောက်ကွယ်ချုပ်ငြိမ်းသည်အထိ ဆက်လက်ဖြစ်ပေါ်ခြင်းကိုမူ မမှန်ကန်သောအမြင် ဖြစ်၍ မလိုလားအပ်ပါပေ။ မာတ်(စ်)ဝါဒ(Marxism) ၊ ဖရောက်ဒီယမ်ဝါဒ (Freudianism)နှင့် ဒါဝေ၏ လူသားနှင့်ဆိုင်သောဝါဒ(Dewey`s Type of humanism)တို့သည် ဘာသာယုံကြည် ကိုးကွယ်မှု အား စနစ်တကျအောက်ခြေမှစ၍ ဖျက်ဆီးပစ်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ သို့သော် ၎င်းတို့အပို့ရာ၌ ယင်းအလှည့်အပြောင်းမှာ ၎င်းတို့ကိုယ်တိုင် ယုံကြည်ကိုးကွယ်ရာ အဖြစ်သို့ အစားထိုးဝင်ရောက်ခြင်းဖြစ်၏။ ဥပမာသာဓကအဖြစ် ရုရှားနိုင်ငံ၏ ကွန်မြူနစ် ဝါဒ(Communism in Russia)နှင့် အရှေ့ဥရောပတိုက်တို့၌ တစ်ချိန်သောအခါက ခရစ်ယာန်ဘာသာ ယုံကြည်မှုအား လေ့လာသကဲ့သို့ ကွန်မြူနစ်ဝါဒအား အပြင်းအထန်လေ့လာခဲ့ကြသည်။ မူကြိုအတန်းငယ်ကလေး များမှအစပြု၍ တက္ကသိုလ်ပညာသင်ကြားရေးအထိ ကွန်မြူနစ်ဝါဒကို သင်ကြားရိုက်သွင်း ပေးခဲ့သည်။ ထို့နောက် တစ်ဖန်ကွန်မြူနစ်ဝါဒအား တစ်ကမ္ဘာလုံးသို့တိုင် ထိုးဖေါက်ဝင်ရောက်၍ ခရစ်ယာန်ဘာသာဝင်တစ်ဦးက မိမိကိုယ်တိုင် ဘုရားရှိခိုးဝတ်ပြု ကိုးကွယ်သကဲ့သို့ အလားတူစွာ ကွန်မြူနစ်ဝါဒသည်လည်း ဆည်းကပ်ကိုးကွယ်ခြင်းခံခဲ့ရသည်။ ထိုနည်းနှင်နှင် အီရစ်ဖရောင်း(Erich Fromm)ကလည်း ဖရောက်ဒီယမ်ဝါဒသည် ညီအစ်ကို လူသားဖြစ်ကြောင်း ယုံကြည်ကိုးကွယ်မှု

တစ်ခုအား စိတ်နှင့်ရုပ် ပေါင်းစပ်ရောနှောမှုမှ ခွဲထုတ်၍လည်းကောင်း၊ လူသား၏ဒုက္ခအဝဝကို သက်သာမှုရရှိစေရေးအလို့ငှါလည်းကောင်း မြင့်မြတ်သောယုံကြည်ချက်အဖြစ် အသက်ဝင်လှုပ်ရှားအောင် ပြသခဲ့ပေသည်။

အလုံးစုံခြုံငုံကြည့်လျှင် ဖရောက်ဒီယမ်ဝါဒသည်(Freudianism)က ဘာသာကိုးကွယ်မှုတစ်ခုအား မလွှဲမရှောင်သာ ယုံကြည်လျော့နည်းသွားစေရန် သင်ကြားပေးသည့်တာသာ ဖြစ်သည်။ ယုံကြည်အားနည်းသွားစေသော ဘာသာအယူဝါဒသည် အစ္စလမ်ဘာသာကိုးကွယ်မှုနှင့် ငြင်းဆိုမရအောင် မလွှဲမရှောင်သာဆည်းကပ်ကိုးကွယ်နေရသော အိန္ဒိယလူမျိုးတို့၏ သင်ကြားပြသမှုများနှင့် မည်ကဲ့သို့ကွဲပြားခြားနားပါသနည်း။ အစ္စလာမ်ဘာသာက ငြင်းဆိုချက်မပြုခြင်းကို အလ္လာအရှင်မြတ်(Allah)၏ အမြင့်မားဆုံးသော စိတ်ဆန္ဒအရဖြစ်သည်ဟူ၍ သင်ကြားသကဲ့သို့ အိန္ဒိယလူမျိုး၏ ဘာသာယုံကြည်ကိုးကွယ်မှုမှာလည်း ဘဝတစ်ခုနှင့်တစ်ခု ဆက်စပ်မှုပြုလျက် အတိတ်ဘဝကံဖြစ်ပွါးခဲ့သော လူတစ်ဦး၏အတိတ်ကံ(Past Karma)၏ရှေ့မှောက်တွင် မလွှဲမရှောင် ခေါင်းငုံ၍ လည်စင်းခံယူခြင်းဖြစ်သည်ဟူ၍ သင်ကြားထားသည်။ ဤသို့အားဖြင့် ဖရောက်ဒီယမ်၏ လူသားညီအစ်ကိုဖြစ်မှု အကြောင်းအရာကို သင်ကြားရာ၌လည်းကောင်း၊ အတွင်း၏တွန်းကန်အားမှ လွတ်ကင်းစေရန်အတွက်နှင့် မလွှဲမသွေငြင်းပယ်မှုမပြုခြင်းသို့ ပေးအပ်ခဲ့ခြင်းမှာ အခြားသော ရှေးရိုးစဉ်လာ ဘာသာယုံကြည်ကိုးကွယ်မှုပုံစံများဖြင့်လည်းကောင်း သို့မဟုတ် အခြားသော ရှေးရိုးစဉ်လာဘာသာယုံကြည်မှု သင်ကြားမှုများနှင့်လည်းကောင်း၊ ကျစ်လစ်သိပ်သည်းသော ကွဲလွဲချက်မ[illegible]ပါ။ နောက်ဆုံးအနေအားဖြင့် ဒီဝေ(Dewey)၏ လူသားဝါဒသင်ကြားပြသမှုမှာ ကောင်းစွာသိရှိနားလည်ပြီးသော အမေရိကန်ပုံစံ ဒီမိုကရေစီဝါဒကို အထောက်အကူပြုနေသော ဘာသာယုံကြည်ချက် ပုံစံတစ်ခုဖြစ်သည်။ အဘယ်ကြောင့် ရုရှားနိုင်ငံ ကွန်မြူနစ်ပါတီ၏ ဒီမိုကရေစီစနစ်ကို အခြားသောပုံစံဖြင့် ကျင့်သုံးခဲ့ခြင်းအား ဒီမိုကရေစီမဟုတ် ဟူ၍ ဆိုနိုင်ပါမည်နည်း။ ဂျွန်ဒီဝေ(John dewey)က ၎င်း၏ အရှိကိုအရှိအတိုင်း ရှုမြင်သည့် သဘာဝတရားဝါဒ (Naturalism) အား အောက်ပါစကားရပ်ကိုဖော်ပြထားပေ၏-

''ယနေ့အချိန်ကာလတွင် အသက်ရှင်နေထိုင်လျက်ရှိကြသော ကျွန်ုပ်တို့သည် ကြာမြင့်စွာသော အတိတ်ကာလ၌ သဘာဝတရားနှင့် ပဋိပက္ခဖြစ်လျက် ဒွန်တွဲပြီးလွန်ဆွဲမှု

အတွင်း ပါဝင်ကျရောက်ခဲ့သော လူသားမျိုးနွယ်စုမှ ကြီးထွားကျယ်ပြန့်လာသော လူသားမျိုးနွယ်စုများဖြစ်ကြသည်။ ဖွံ့ဖြိုးတိုးတက်လာသည့်လူနေမှုစနစ် ယဉ်ကျေးမှုသမိုင်းသင်ခန်းစာများအနက် အကျွန်ုပ်တို့တန်ဖိုးထားအပ်ဆုံးသောအရာမှာ အကျွန်ုပ်တို့ကိုယ်တိုင်မဟုတ်ပါ။ ၎င်းတို့မှာ အကျွန်ုပ်တို့နှင့်ဆက်စပ်နေသည့် လူ့ဘုံလူ့လောကအဖွဲ့အစည်း၏ ရှန်းကန်လှုပ်ရှားနေမှုများနှင့် ဒုက္ခအဖုံဖုံတွေကြုံခံစားနေရသည့်ကျေးဇူးကြောင့် ၎င်းတို့ဖြစ်ပေါ်နေရသည်။ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အလုပ်မှာ ကျွန်ုပ်တို့လက်ခံရရှိပြီးဖြစ်သော တန်ဖိုးကြီးမားလှသည့် ယဉ်ကျေးမှုအမွေအနှစ်တို့ကို မပျောက်ပျက်အောင်ထိန်းသိမ်းခြင်း ၊ ထပ်ဆင့်ဖြန့်ဖြူးဝေငှခြင်း၊ အမှားကိုထုတ်ပယ်၍ အမှန်ကိုထည့်သွင်းခြင်းနှင့် ကျယ်ပြန့်စွာထုတ်ဖော်ခြင်းနှင့် ကျွန်ုပ်၏နောင်လာနောက်သားများအနေဖြင့် ပိုမိုသိပ်သည်းကျစ်လစ်၍ လုံခြုံဘေးကင်းပြီး ပိုမိုကျယ်ပြန့်လာသောနည်းလမ်းနှင့် ကျွန်ုပ်တို့လက်ခံရရှိသည်ထက် ပိုမိုပြင်းပြတ်ကောင်းမွန်သည့် စိတ်သဘောထား မွေးမြူမျှဝေခံစားနိုင်ရန် ဖော်ဆောင်အကောင်အထည်ဖော်ရမည့် တာဝန်ဖြစ်သည်။ တင်းကြပ်သောစည်းကမ်းဖြင့် အမြင်ကျဉ်းမြောင်းသည့်ဂိုဏ်းခွဲမှု၊ အဆင့်အတန်း ခွဲခြားမှု (သို့မဟုတ်) လူမျိုးခွဲခြားမှုမဖြစ်နိုင်စေရန် ဘာသာရေးယုံကြည်ချက်အတွက် ဤနေရာ၌ အခြေခံအချက်အလက်များရှိပေ၏။ ဤသို့သော ယုံကြည်ချက်တစ်ခုတွင် လူသားမျိုးနွယ်စုတစ်ခုလုံး၏ တူညီသောယုံကြည်ချက်မှာ တိကျသေချာစွာ ဖော်ပြခြင်းမရှိသော်လည်း အကြံပြုချက်တစ်ခု အမြဲတမ်းရှိနေသည်။ တိကျသေချာစွာ ရှင်းလင်းဖော်ပြရန်နှင့် ငြင်းခုံခိုက်ရန် ဖြစ်ပွါးရန်ရှိနေ၏"

ဤသို့အားဖြင့် ဂျွန်ဒီဝေ(John Dewey)ကလည်း ၎င်း၏ အရှိကိုအရှိအတိုင်းရှုမြင်သည့် သဘာဝတရားဝါဒ(Naturalism)ကို လူသားမျိုးနွယ်စုအားလုံး၏ တိကျသေချာမှုမရှိသော်လည်း အကြံပြုထားသည့် ယုံကြည်ချက်အဖြစ် ရေးသားထားသည်။ ထိုအကြောင်းခြင်းအရာသည် ထိုးနက်တိုက်ခိုက်သော ဘာသာရေးပုံစံတစ်မျိုးဖြစ်သည်။ ဤနည်းအားဖြင့် ဘာသာယုံကြည်မှုသည် လူသားများ၏ ရင်ထဲနှလုံးထဲမှ ထုတ်ပါယ်ဖျက်သိမ်း၍မရနိုင်သော ကိစ္စဖြစ်သည်။ ဤကဲ့သို့သော အကြောင်းချင်းအရာရှိနေသောကြောင့် ဘာသာယုံကြည်မှုသည် လူ၏နှလုံးသားတွင် စိုက်ပျိုး ရှင်သန်နေသည့်အရာ ဖြစ်သည့်အားလျော်စွာ ၊ ၎င်း၏သဘာဝအား ဒေါသတရားတစ်စုံတစ်ရာ မပြုလုပ်ရဘဲ မပါယ်ဖျက်နိုင်ပေ။ ဘာသာယုံကြည်မှုအား တင်းတင်းရင်းရင်း

မာမာကျောကျော ထိန်းချုပ်ထားသည့် ရုရှားနိုင်ငံမှာပင်လျှင် ဘာသာရေးဆိုင်ရာ တားမြစ်သည့် ထုတ်ပြန်ချက် ခိုင်မြဲနေကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ ဘာသာယုံကြည်မှုသည် လူသား၏ ခန္ဓာကိုယ်ထဲ၌ တွေးတောကြံစည်စိတ်ကူးနှင့် ဝင်လေ၊ ထွက်လေကဲ့သို့ဖြစ်ပေသည်။ တံခါးပေါက်မှတစ်ဆင့် အဝေးသို့ သယ်ယူပါယ်ရှားလွှင့်ပစ်လိုက်သည့် ဘာသာယုံကြည်မှုသည် သင့်ထံသို့ ပြူတင်းပေါက်မှ ပြန်လည်ဝင်ရောက်လာသည်။ ဘာသာယုံကြည်မှုတစ်ခုသည် အခြားသောဘာသာ ယုံကြည်ကိုးကွယ်မှုပုံစံတစ်မျိုးဖြင့် လမ်းဖွင့်ပေး၏။ ထို့ကြောင့် လူသည် ဘာသာယုံကြည်မှု မရှိဘဲ ရပ်တည်နေထိုင်ခြင်းမပြုနိုင်ပေ။ ရှိုးဦးတင် ထိပ်မှာပန်ဆင်သင့်သော တရားဒေသနာ (The doctrine of religion a priori )သည် ဖြူစင်မြင့်မြတ်ခြင်းဝါဒ(Holism)မှ ဆင်းသက်လာကြောင်း၊ အဆင့်အတန်းအားဖြင့် အနိမ့်ဆုံးမှ အမြင့်ဆုံးသော သက်ရှိထင်ရှားလူသားများအတွင်း တွေ့ရှိရသည်။

ကြက်မကြီးဝပ်၍ပေးလိုက်သော ကိုယ်ငွေ့အနွေးဓါတ်ကြောင့် တဖြည်းဖြည်းရင့်မာလာသော ကြက်ဥတစ်လုံးမှ ကြက်ကလေးတစ်ကောင် ပေါက်ဖွားလာသောကိစ္စတွင် ကြက်မကြီး၏ ကြက်ကလေးတစ်ကောင် ပေါက်ဖွားလာစေလိုသည့် စေတနာဆန္ဒ (Tendency) ကြောင့်ဖြစ်ကြောင်း အရစ္စတိုတယ်က(Aristotle)က ၎င်း၏တွေးခေါ်ယူဆချက်ကို လက်တွေ့ဖြင့်ယှဉ်၍ ပြသခဲ့သည်။ အလွန့်အလွန်ကြာမြင့်ပြီးသည့် နောက်ကာလတွင် ဟင်း(စ်)ဒရစ်ချ်(Hans Driesch 1867 - 1940 )က မိခင်၏ဝမ်းတွင်း ကလလရေကြည် သန္ဓေတည်စ ကာလ၌ပင်လျှင် ၎င်း၏ ဇာတိဖြစ်စမှသည် အလိုလျောက်ပြည့်စုံသော သန္ဓေသားအဖြစ် ရောက်ရှိလာရေးအတွက် ၎င်း၏ သိနားလည်နိုင်သည့် စိတ်စွမ်းအင်နှင့် စရိုက်သဘာဝလက္ခဏာကို ရှင်းလင်းစွာဖော်ပြသည့် ခန္ဓာကိုယ်တစ်ခုလုံးနှင့် အတွင်းပိုင်းတို့ထိစပ်မှုကြောင့် ပြည့်စုံခဲ့သည် (holistic tendency within it to become a whole and complete animal of the species to which embryo under study belongs )ဟူ၍ တွေ့ရှိရေးသားခဲ့သည်။ အကယ်၍ ကလလရေကြည် သန္ဓေတည်စ (Embryo)အား ဒဏ်ရာအနာတရတစ်ခုခုကို ဖြစ်စေခဲ့လျှင် ယင်းကလလရေကြည် သန္ဓေသားအတွက် အင်္ဂါအစိတ်အပိုင်းများအားလုံးက ဒဏ်ရာပျောက်ကင်းကောင်းမွန်စေရန် ဒဏ်ရာရရှိသည့်ကာလရေကြည် သန္ဓေတည်စသို့ ပေါင်းစပ်ပေးခြင်းဖြင့် သန္ဓေသားအတွက် အင်္ဂါအစိတ်

အပိုင်းများပြီးပြည့်စုံအောင် အလိုအလျောက် ဆောင်ရွက်ပေးသည်။ ဟင်း(စ်)ဒရစ်၏နောက် အချိန်ကာလများစွာကြာမြင့်မှ လက်ရှလေ (Lashley)က ဦးနှောက်၏ လေ့လာစူးစမ်းမှတ်သားခြင်း ဥပဒေများနှင့်စပ်လျဉ်း၍ ဦးနှောက်၏ လုပ်ငန်းဆောင်ရွက်ပုံကို သုတေသနပြုသည့်လုပ်ငန်းသည် ဦးနှောက်ကိုအစွမ်းသတ္တိဖြစ်စေသည့် အချက်ကိုတွေ့ရပြီး(equipot- entiality) ၎င်း၏ သုတေသနပြုမှုလုပ်ငန်းကို အဆုံးသပ်ခဲ့သည်။ တစ်နည်းအားဖြင့် ဦးနှောက်သည် ခန္ဓာကိုယ် တစ်ခုလုံးအတွက် အလုပ်လုပ်ပေးမှုကို သူတွေ့ရှိခဲ့ခြင်းဖြစ်သည်။ အကယ်၍ဦးနှောက်၏ အစိတ်အပိုင်းတစ်နေရာ၌ လုပ်ကိုင်ဆောင်ရွက်မှု မှားယွင်းနေလျှင် ဦးနှောက်၏ကျန်အစိတ်ပိုင်း များက ယင်းသို့မှားယွင်းမှုကို ကြိုးစား၍ပြုပြင် ဆောင်ရွက်ပေးသည်။ ထိုရေးသားပြောဆိုချက် အတိုင်းပင်လျှင် စီ–ဂျီဂျုံး(C.G.Jung)ကလည်း သူ့အလိုအလျောက်အားဖြင့် ပြည့်စုံသောခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု ဖြစ်လာစေရန်အတွက် လည်းကောင်း ၊ လူ့ခန္ဓာကိုယ်တစ်ခုလုံးအတွက် လည်းကောင်း၊ လူ့စိတ်က ဆောင်ရွက်ပေးသည် ဟူ၍ရေးသားခဲ့သည်။ ထို့ပြင် ရှေ့သို့တက် လှမ်းလှုပ်ရှားဖြစ်ပေါ်ခြင်းသဘောကြောင့် လူတစ်ဦးအား ပြည့်စုံ၍ ခန္ဓာကိုယ်တစ်ခုလုံးသို့ အင်အား ဖြစ်စေသည်။ မှတ်သားမှု ၊ သိမှု စသောနာနာမှုကွ ခန္ဓာများသည် holisyic tendency ခေါ် သတ္တဝါတစ်ဦး၌ နီးကပ်စွာချိတ်ဆက်မှုဖြင့် ကိုယ်တွင်း စွမ်းအားဆက်သွယ်မှုသည် ခန္ဓာကိုယ် တစ်ခုလုံး၏ ညွှန်းဆိုမှုကို စိတ်ခွန်အားဖြစ်စေရန် စိတ်၏နားလည်မှုစွမ်းအားကြောင့်ဖြစ်ကြောင်း W.Kholer, K.K.Koffka နှင့် အခြားအခြားသော ရုပ်နမ်အပေါင်းအစု(ခန္ဓာ)နှင့်စပ်လျဉ်းသည့် သဘောသဘာဝကို လေ့လာသူများက ၎င်းနည်းလမ်းကို သရုပ်ပြသခဲ့ကြသည်။ မည်သို့ပင်ဆို စေကာမူ လူသတ္တဝါတစ်ဦး၏ စရိုက်လက္ခဏာကိုဖြစ်ပေါ်စေသည့် အရည်အသွေးတိုးတက်ရန် လုပ်ကိုင်ပေးမှုနှင့်စပ်လျဉ်းသည့် လေ့လာမှုများစွာတို့၌ စိတ်နှင့်ပတ်သက်သည့် စိတ်ဝင်စား ဖွယ်ရာ အကောင်းဆုံးအချက်ကိုတွေ့ရ သည်။ Kurt Goldstein, Andras Angyal, Abraham, Maslow, Prescott Lecky, Carl Roders နှင့် များစွာသောသုတေသီတို့သည် လူသတ္တဝါတစ်ဦး အား ၎င်း၏အချိုးအစားညီညွတ်မျှတသော စိတ်နှင့်ကိုယ်ခန္ဓာတစ်ခု ဖြစ်လာစေရန် စိတ်၏စွမ်း ဆောင်မှုက စေ့ဆော်ပေးကြောင်းတွေ့ရှိခဲ့ကြသည်။ လူတိုင်းကိုယ်စီ၌ စရိုက်လက္ခဏာကို မြင့်တင် ပေးသည်၊ မှေးမှိန်စွာဖြစ်စေ၊ မိမိဖြစ်စေလိုသည့် ကိုယ်ပိုင်စိတ်ကူးယဉ်မှုဖြင့် တွေးတော ကြံစည်

ပုံရိပ်ဖော်မှုတစ်ခုရှိ၏။ လူတိုင်းကိုယ်စီသည် ၎င်း၏ပြင်းပြသောဆန္ဒ၏ စေ့ဆော်ချက်ကြောင့် ဝတ်ပြုကိုးကွယ်မှုဖြင့် ၎င်း၏အလိုဆန္ဒသည် သူ့အလိုအလျောက် ပြီးပြည့်စုံလာလိမ့်မည်ဟူ၍ မှတ်ထင်ပြီး မိမိကိုယ်တိုင် စိတ်ကူးယဉ်ပုံဖော်မှုဖြင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ(ဝါ) ထာဝရဘုရား သခင်ထံ ကူညီစောင့်ရှောက်ရန် တစာစာမြည်ကြွေးလျက် ရော်ရန်းမှန်းဆကာ မျှော်မှန်းတမ်းတ နေကြပေ၏။ ဤနည်းအားဖြင့် ဘာသာယုံကြည်မှုသည် အရေးပါသည့်အခန်း၌ မိမိစိတ်ကူးယဉ် ကိုယ်ကျိုးကို ရှေးရှုလျက် လွန်ကဲသောအယူအဆကို ကိုင်ဆွဲလျက် ပင်ပန်းကြီးစွာ အားစိုက်နေကြ သည်။ ထို့ကြောင့်လူတိုင်းကိုယ်စီတွင် ကိုယ်ရေးကိုယ်သွေးဖြစ်ပေါ်လာရန် စေတသိတ်ခေါ် နာမ္မခန္ဓာတရား ရှိနေဦးမည်ဖြစ်သည်။ အဘယ်ကြောင့်နည်းဆိုသော် လူတိုင်းကိုယ်စီသည် မိမိ၏စိတ်ကူးဘဝမှ တကယ်လက်တွေ့ကျသည့်ဘဝသို့ ရောက်ရှိခြင်းနှင့် ကောင်းစွာသိ နားလည်ခြင်းမှာ ဆည်းကပ် ဝတ်ပြုကိုးကွယ်မှုဖြင့် စိတ်အားတက်ကြွ နှစ်သိမ့်အားရမှု ရရှိခြင်းတို့ကြောင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့၏ စောင့်ရှောက်ကူညီမှုကြောင့်ဖြစ် သည်ဟူ၍ ယူဆခြင်းသည် နတ်ကိုးကွယ်မှု၏ အကြောင်းဖြစ်သည်။ ဤနည်းအားဖြင့် ဘာသာ ယုံမှုသည် လူတိုင်းအဖို့သိလျက်နှင့်ဖြစ်စေ မသိပဲဖြစ်စေ ၎င်း၏မြင့်မြတ်မှန်ကန်သောဘဝသို့ ရောက်ရှိလိုသူသည် ဘဝနိဂုံးအပိုင်း၌ မလွှဲမသွေလိုအပ်သောအရာဖြစ်သည်။ ထို့ကြောင့် ဘာသာ ယုံကြည်မှုသည် ဝင်လေထွက်လေကဲ့သို့ သဘာဝကျသည်ဟူ၍ ထင်မြင်ယူဆမှု ဖြစ်လာတော့ သည်။ ဘာသာယုံကြည်မှုတွင် အရေးကြီးဆုံးအချက်မှာ သိနားလည်မှုရှိရန် အတွက်သာ မဟုတ်ဘဲ၊ ၎င်းဘဝအတွက် အဓိကအရေးကြီးဆုံးဖြစ်သည့် အဆုံးစွန် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးနှင့်သက်ဆိုင်သည်။ ဘာသာယုံကြည်မှု ဒဿနဆိုင်ရာ နယ်ပယ်တွင် ပလေတို(Plato)၊ စိန်ဩဂုတ်(စ်)စတင်း (St.Augustine)နှင့် ပေါလ်တီလိချ်(Paul Tllich)တို့သည် အခန်းကျဉ်း လေးများအတွင်း ကြွက်နို့ပေါ်ပေါက်သကဲ့သို့ စွဲမြဲစွာနေထိုင်လျက် တွေးခေါ်ကြံစည်စဉ်းစားသူများ (the stalwart thinkers)ဖြစ်ပြီးလျှင် ဦးထိပ်ပန်ဆင် ရှိခိုးဦးတင်သင့်သော ဘာသာယုံကြည်မှုဟူ၍ ဟောကြားသင်ပြချက်ကို ရေးသားခဲ့ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏သဘောထားမှတ်ချက်မှာ မည်သည့်ပုံစံဖြင့် ယုံကြည်ကိုးကွယ်သော ဘာသာယုံကြည်မှုပင်ဖြစ်စေ၊ ဘာသာရေးဆိုသည်မှာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်ဟူ၍ သေချာစွာပြောနိုင်သည်။ သို့သော် ဘာသာယုံကြည်မှုသည်

ယေဘူယျအားဖြင့် လူသားတစ်ဦးအတွက် သဘာဝကျသည့်အပြင် မကြာမီသောအနာဂတ်ကာလအတွင်း၌သော်လည်းကောင်း ၊ ချုပ်ငြိမ်းကွယ်ပျောက်သွားမည့်အရိပ်အရောင် မတွေ့ရပေဟူ၍ဖြစ်သည်။

ဦးထိပ်ပန်ဆင်ရှိရိုးဦးတင်သင့်သော ဘာသာယုံကြည်မှုနှင့်စပ်လျဉ်းသည့် ကျမ်းဂန်ဒေသနာသည် (Bergson)၏ ဝှတ်လှိုးတိမ်မြုပ်နေမှုမှ ပေါ်ထွက်လာသူများ၏ အဆင့်ဆင့်ဖြစ်ပေါ်ပြောင်းလဲ တိုးတက်သည်ဟူသော ဒဿနိကဗေဒများ(The evolutionary philosophies of emergentists)''ဖန်ဆင်းနိုင်သည့် အဆင့်ဆင့်ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုဝါဒ''(Creative evolutionism)နှင့် အေအင်ဝိုက်ဟက်(A.N. white head)''ဝင်ရောက်လာခြင်းဟူသော ဒဿနိကဗေဒ''(ingressive pholosophy)တို့မှ လူသားနှင့် အဆက်အစပ်ရှိသောသင်ခန်းစာတစ်ရပ်ရရှိသည်။ အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်တိုးတက်မှု ဒဿနိကဗေဒ၏အလိုအရ ယေဘုယျအားဖြင့် မအောင်မြင်မှုများ၊ နောက်ကြောင်းပြန်လှည့်ရခြင်းများ၊ နောက်ပြန်လျှောဆင်းသလိုဆုတ်ဆိုင်းမှုများရှိငြားသော်လည်း သတ္တလောက၏ အသစ်အသစ်ဖြစ်ပေါ်မှုများနှင့် သဘာဝတရား၏ ပုံဖော်ဖန်ဆင်းမှုလမ်းကြောင်းမှ လွဲချော်ဖြစ်ပေါ်ရသော အကြောင်းအရာများရှိကြောင်း သတိပြုမှတ်သားခဲ့ပေသည်။ တစ်မျိုးထက်ပိုသော ရောနှောဓါတ်ငွေ့များသည် တစ်ဖြေးဖြေးဖြင့် အချိန်ကာအတိုင်းအတာတစ်ခုသို့ ရောက်ရှိလာသည့်အခါ ရုပ်ဝတ္ထုအဖြစ်သို့ပြောင်းလဲဖြစ်ပေါ်လာ၏။ ထိုမှတစ်ဖန် အချိန်ကာလအတိုင်းအတာတစ်ခုသို့ ရောက်ရှိလာပြန်သည့်အခါ အသက်ဝိဉာဉ်ရှိသောသတ္တလောကသို့ သတ္တဝါအဖြစ် ပြောင်းလဲဖြစ်ပေါ်လာသည်။ ထိုမှတစ်ဖန် သတ္တလောကသို့ရောက်ရှိလာသည့် သတ္တဝါသည် တစ်ဆင့်မြင့်တက်၍ လူသတ္တဝါအဖြစ် ဖြစ်ပေါ်လာခဲ့သည်။ လူသတ္တဝါ၏ ရှေးဦးသမိုင်းပုံပြင်များသည် ဘာပဲဖြစ်နေနေ သေချာရေရာသည့် အကြောင်းအရာတစ်ခုရှိသည့်အပြင် စိတ်ကူးယဉ်မဟုတ်သော ကိုယ်တိုင်သိရှိနားလည်နိုင်သည့် လူသတ္တဝါသည် တစ်ဖြေးဖြေး တစ်စတစ်စဖြင့် ဖြစ်ပေါ်ခဲ့ပြီးလျှင် ကောင်းမွန်စွာ တည်တံ့လာခဲ့ပြီးနောက်စမ်းတဝါးဝါးဖြစ်ခဲ့သည့်အခြေအနေမှ ဆက်လက်စွန့်စားလျှောက်လှမ်းခဲ့ရာ ယနေ့အချိန်ကာလ၌ အလုံးစုံအဆင့် ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာခဲ့ကြသည့် အရာအားလုံးတို့တွင် သရဖူဆောင်းရသည့် အမြင့်ဆုံးသောဘဝအခြေအနေ ဖြစ်နေပေပြီ။ လူသတ္တဝါသည် ဤသို့အလုံးစုံသော

စိတ်ကူးစိတ်သန်းအကြံအစည်များ၊ စဉ်းစားတွေးခေါ်မှုများ၊ လိုအင်ဆန္ဒများ၊ ရည်မှန်းချက်များ၊ ခံစားမှုများနှင့် ပြန်လည်စဉ်းစားသုံးသပ်မှုများဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရာ ၎င်းသည် အလွန်လွဲမှားခဲ့မှုများ ၊ အလွန်အားနည်းမှုများ၊ အားသာမှုများအားသိနားလည်ခဲ့သည့်အပြင် နူးညံ့ပျော့ပြောင်းခဲ့ရခြင်းများနှင့် မတိကျမသေချာ မှုများ အတွေ့အကြုံခံစားရပြီး တစ်ဖြေးဖြေး ရင့်ကျက်လာခဲ့သည်။ သူသည်ရှေ့သို့ဆက်လက်၍ အလွန့်အလွန်ဝေးကွာလှသည့် ခရီးရှည်ကြီးကို လျှောက်လှမ်းနေရဦးမည်သာဖြစ်သည်။ရှေ့သို့ဆက်လက်ချီတက်နေရသည့် ဤကမ္ဘာလောကကြီးတွင် လူသတ္တဝါသည် ပို၍မြင့်မြတ်သော သတ္တဝါဘဝသို့ ရောက်ရှိနိုင်ရန်အရေး(ဝါ)မြင့်မြတ်သော ဘဝ ရရှိရေးကြိုးပမ်းမှု၌ ရှုံးနိမ့်ခြင်းဖြင့် မိမိရရှိထားသောအခွင့်အလမ်းကိုသာ ရွေးချယ်မည်ဆိုသည်ကို သူ့တွင်ပြည့်ဝသော အခွင့်အလမ်းရှိသည်။ (*ကွယ်လွန်သူ စာရေးဆရာဒါရိုက်တာဦးသုခ၏ ဘဝသံသရာ ဇာတ်ကားကို သတိရမိသည်။ ဘာသာပြန်သူ*) နတ်ဘဝတစ်ခု(ဝါ) သတ္တဝါတစ်ဦး၏ ဘဝရှေ့ရေးအတွက် လူသတ္တဝါသည် လမ်းဆုံလမ်းခွတွင် သောင်မတင်ရေမကျ ဗိအားပေးမှု ညီတူညီမျှတွေ့ကြုံနေရသည်။ လမ်းဆုံလမ်းခွ၌ သောင်မတင်ရေမကျ တူညီသော ဖိအားပေးမှုကို လူတစ်ဦးတည်းသာမဟုတ် လူသားတစ်ရပ်လုံး တွေ့ကြုံနေရခြင်းဖြစ်၏ ။

အရာဝတ္ထုများ အဆင့်ဆင့်ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု အစဉ်အလာကို ပြန်ပြောင်းစောင်းငဲ့ကြည့်လျှင် တိုးတက်မှုနှင့် တဖြေးဖြေး မှန်မှန်ဆုတ်ယုတ်ကျဆင်းနေသည့် ပြဿနာများကို သေချာကျနစွာ တွေ့မြင်ခဲ့ကြရလေပြီ။ စကြာဝဠာကမ္ဘာလောကဓါတ်အတွင်း အချို့သောအရာဝတ္ထုများသည် တစ်ဆင့်တိုးတက်ရန် တာစူနေကြသည်။ ဆင်မြူရယ် အလက်ဇန္ဒား(Samuel Alexzander)၏ (nisus)ဟူသော ဝေါဟာရစကားအရ ပို၍ပို၍မြင့်သော အခြေအနေ ဖြစ်ထွန်းပေါ်ပေါက်လာရန်အတွက် ယင်းအရာဝတ္ထုများသည် တစ်ခုနှင့်တစ်ခု တွန်းကန်မှုပြုသလို ဆွဲငင်မှုများလည်းရှိနေကြသည်။ တစ်ဖန် အလက်ဇန္ဒားကပင် (Conatus)ဟူသော စကားလုံးကိုသုံး၍ သက်ရှိသတ္တဝါတိုင်း၌ ၎င်းလက်တွေ့မြင်နေရသည့် အဆင့်မှ မနိမ့်ကျဘဲ တည်မြဲနေစေလိုသည့် လိုအင်ဆန္ဒစိတ်ကိုင်းညွတ်မှုရှိကြောင်း ရေးသားဖော်ပြထားသည်။ လူတိုင်းကိုယ်စီကိုယ်၌ ရှိနေကြသည့် (Conatus)ဟူသော ကောင်းမြတ်ဖြူစင်သော စရိုက်လက္ခဏာအားဖြင့် လူသတ္တဝါသည် သူကိုယ်တိုင် လူသားအဖြစ်မှ မယုတ်လျော့မပျက်စီးစေရန် စောင့်ထိန်းသည်။ သို့ရာတွင်

လူတိုင်းကိုယ်စီကိုယ်၌ လက်ရှိအခြေအနေထက်ပို၍ မြင့်မြတ်သောအခြေအနေသို့ ရောက်ရှိရန် မောင်းနှင်တံဟု အဓိပ္ပါယ်ရသည့် nisus တစ်ခုစီရှိသည်။ လူတစ်ယောက်အား ၎င်း၏ယုံကြည်ကိုးကွယ် ဆည်းကပ်ရာ ဘာသာတရား၌ ၎င်းသည် အမြင့်မားဆုံးသောပုဂ္ဂိုလ်အဖြစ် အလေးပေး စဉ်းစားမိသည့်စိတ်ကူးယဉ်မှုကို အများသိနားလည်နိုင်စေရန် လူပုဂ္ဂိုလ်တစ်ယောက်အား မောင်းနှင်ပို့သည့် nisus မှာ ၎င်းခန္ဓာအတွင်း တည်ရှိနေမှုကြောင့်ဖြစ်သည်။ ၎င်း၏ ယုံကြည်ကိုးကွယ်မှုဘာသာအား ဝတ်ပြုပူဇော်ခြင်း ချီးကျူးထောပနာကိုရွတ်ဆိုခြင်းနှင့် ဘာဝနာပွားများအားထုတ်ခြင်းအားဖြင့် သူသည် ပြည့်စုံ၍လူဖြစ်ရကျိုးနပ်ပေပြီဟူ၍ ဝမ်းသာ၏ပီတိကိုရရှိသည်။

သို့သော် လူတစ်ယောက်သည် ၎င်းတစ်ဦးတစ်ယောက်တည်း၏ ပြည့်စုံသောဘဝရရှိယုံမျှဖြင့် မလုံလောက်သေးပါ။ လူ့ဘောင်လူ့လောက၏ အခြားအခြားသော ပုဂ္ဂိုလ်များနှင့် ဘာသာယုံကြည်မှုများ၏ ယှဉ်ပြိုင်မှုများကို သူနားလည်သဘောပေါက်သည်။ လူသူတော်စင်အဖြစ်သို့ရောက်ရှိရေးမှာ ပဋိပက္ခအသွင်ဖြင့် အစဉ်အမြဲတံခါးဖွင့်ပေးလျက်ရှိနေပေသည်။ တရားထိုင်ခြင်း(ဝါ) သမာဓိရရှိပြီး သူတော်စင်အဖြစ် ရောက်ရှိနေသောအချိန်ကာလမှာ အလွန်တိုတောင်းလှပေသည်။ လွန်လေပြီးသော အတိတ်ကာလ၌ အိန္ဒိယသူတော်စင်ကြီးများက လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သံသရာမှလွတ်မြောက်မှုသည် ပြည့်စုံလုံလောက်ခြင်း မရှိသေးကြောင်း ရှင်းလင်းစွာဖော်ပြပြောဆိုခဲ့ကြ၏။ ရဟန္တာတစ်ပါး(an arhat)သည် ဘုရားအလောင်းတော်တစ်ပါး(abodhisatva)ဖြစ်အောင် ကျင့်ကြံ၍ လူသားတစ်ရပ်လုံးအား ကယ်တင်မှု (for the salvation)ကို လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်သေးသည်။ထိုရေးသားပြောဆိုချက်အတိုင်းပင်လျှင် အဝိဇ္ဇာဝါဒီပုဂ္ဂိုလ်များ(the Avaitins)ကလည်း အလုံးစုံသောသတ္တဝါများ၏လွတ်မြောက်မှု(Sarvamukti)ဆိုလိုသည်မှ လူ့လောကတစ်ခုလုံးအား ကယ်တင်မှုပန်းတိုင်ရောက်ရှိနိုင်ရန် ဝတ်ပြုဆုတောင်းခဲ့ကြဘူးလေ၏။ ခရစ်ယာန်သာသနာ အစောဆုံးအချိန်၌ စိန့်ပေါလ်(St. Paul)က စကြာဝဠာတိုက်တစ်ခုလုံးကို ဂျေရုစလမ်မြို့ အသစ်တစ်ခုအဖြစ်လည်းကောင်း၊ လူသားအားလည်း သတ္တဝါအသစ်တစ်မျိုး(a new Being)အဖြစ်သို့ ပြောင်းလဲပစ်ရေး အောင်မြင်စေရန်ရေးသားဖော်ပြခဲ့ပေ၏။ (COL .1.20,Ephesians 1.20)

ကြီးကျယ်မြင့်မြတ်သော ဘာသာယုံကြည်မှုများသည် လူသားအားလုံးကို ပို၍ကြီးကျယ်မြင့်မြတ်သော သတ္တဝါများအဖြစ်သို့ ပြောင်းလဲသွားနိုင်ရန် ကြံစည်စိတ်ကူးခြင်း အိပ်မက်အား သိနားလည်မည်ဟုယူဆနိုင်သော နိုးဆော်တိုက်တွန်းမှုကို ဆောင်ရွက်ခဲ့ဘူးသည်။ ခရစ်ယာန်ဘာသာသာသနာသည် ဤအိပ်မက်ကို ကောင်းစွာသဘောပေါက်နားလည်ခဲ့သည်ဟု ထင်မြင်ရပေ၏။ အတိတ်ကာလ တစ်ချိန်သောအခါ၌ ဥပနိရှတ် သင်ပြဟောပြောချက်များသည် ဗြဟ္မာဖြစ်ကြောင်း သက်သေသာဓကအဖြစ် အနီးအဝေးအရပ်ဒေသများသို့ ပျံ့နှံ့စေခဲ့သည်။ ထိုဟောပြောရေးသားချက်များအတိုင်းသာလျှင် သိဒ္ဓတ်များ(Siddhas)ကလည်း တန္တရအကျင့်(tantra)ကို ကျင့်ကြံကြိုးကုတ်အားထုတ်မှုဖြင့် မသေရာသို့ရောက်ရှိကြလိမ့်မည်ဟု ယုံကြည်ခဲ့ကြလေ၏။ အော်ရိုဘင်ဒို(Aurobindo)ကလည်း သဘာဝလွန် စိတ်စွမ်းအင်ရရှိနိုင်ရန်အကြောင်း တရားဓမ္မဟောကြားပြသခဲ့ဘူးလေပြီ။ နောက်တစ်ဖန် ကျွန်ုပ်တို့သည် အစ္စလာမ်ဘာသာ၏ ယဉ်ကျေးသော ကမ္ဘာလောကကြီးတစ်ခုလုံးအား ရွှေဘုံရွှေနန်းအထက်ကောင်းကင်စခန်းသို့ စံမြန်းရောက်ရှိစိမ့်သောငှာ တစ်ချိန်သောအခါက ဟောကြားပြသခဲ့ဘူးသည်ကို မသိကျိုးကျွန်ပြု၍ မရပေ။ သို့သော်စိတ်မကောင်းစွာဖြင့် ဝမ်းနည်းဖွယ်ကြွေး ရတက်မအေးစရာ ကြုံရပုံကတော့ လူသားဟူသောသတ္တဝါသည် အလွန်အလွန် ဝေးကွာလှစွာသော ရှည်လျားသောခရီးကို လျှောက်လှမ်းနေရပေဦးတော့မည်။ ဆိုအပ်ခဲ့ပြီးသော တစ်ဆင့်မြင့်သည်ထက်မြင့်အောင် အပတ်တကုတ်ကြံဆောင်အားထုတ်မှု(ဝါ) အဆင့်ဆင့်ဖြစ်ပေါ် ပြောင်းလဲခြင်း သဘာဝ(evolutionary scheme)ဖန်တီးမှုဟူသော စကားအရ လူသား၏ ခန္ဓာကိုယ်အတွင်းရှိ ဝိရိ(ဝါ) ဝိရိယစွမ်းအားတည်းဟူသော(the nisus in man) ဂျေရုစလမ် မြို့တော်အသစ်တစ်ခု(a new Jerusalem)နှင့် လူသားအသစ်တစ်မျိုးဖော်ဆောင်ရန် အလွန်နီးကပ် လာပြီဖြစ်ကြောင်း အဆိုရှိသည်။ ယခုခေတ်ကာလအခါသမယ၌ မတူကွဲပြား အမျိုးမျိုးသော ဘာသာယုံကြည်မှုများသည် စကြာဝဠာကမ္ဘာလောကဓါတ်ကြီးတစ်ခုလုံးကို ပြောင်းလဲပစ်ရန် ဘာသာယုံကြည်မှုအသီးသီးတို့အတွင်း သဘောတရားအရာတွင် ပေါင်းဆုံရမည့်အစား၊ ရှေးရိုးစဉ်လာ ဘာသာယုံကြည်မှုများအပေါ်တွင် စဉ်းစားတွေးခေါ်တတ်သူ အများအပြားတို့က အနာဂါတ်ဘာသာ ယုံကြည်ကိုးကွယ်မှုအတွက်များစွာစိုးရိမ်ကြောင့်ကြဖြစ်ခဲ့ကြရသည်။ ဘာသာယုံကြည်ချက်များအရ နိုင်းယှဉ်လေ့လာခြင်း၏

နိဂုံးပိုင်းသည် လူသားသက်ရှိ သတ္တဝါအသစ်အသစ်များ ဖြစ်ထွန်းပေါ်ပေါက်လာရန်ဟူသော ရည်ရွယ်ချက်ဖြင့် လူသား၏ နှလုံးသားအတွင်းရှိ the nisus ခေါ် သဒ္ဓါတရားလှုစွမ်းအားကို အလင်းရောင်ထွန်းပြောင်မည့် မီးစကို ထွန်းညှိပေးခြင်းဖြစ်သည်။ ဟင်နရီဘာဂ်ဆွန်(Henri Bergson)က ၎င်း၏“ကိုယ်ကျင့်တရားနှင့် ဘာသာယုံကြည်မှုအကြောင်းနှစ်ရပ်” (The two sources of morality and religion)စာအုပ်တွင် ၎င်း၏အမြင်ကို ရေးသားဖော်ပြခဲ့သည်။ ဘာဂ်ဆွန် Bergson ၏အဆိုအရ တည်ရှိနေဆဲ ကြီးမားသောစွမ်းအင်က လူသတ္တဝါအားဖန်ဆင်းခဲ့သည်။ သို့သော် စကြာဝဠာကမ္ဘာလောကဓါတ်ကြီးသည် လူသတ္တဝါတစ်မျိုးတည်းကိုသာ ဖန်ဆင်းမှုဖြင့် ရပ်တံ့နေမည်မဟုတ်ပေ။ လူသတ္တဝါသည် ပို၍မြင့်မြတ်သော လူသား(higher beings) မွေးထုတ်ပေးရန်ရှိသေးသည်ဆို၏။ ၎င်း၏အဆိုအရ စကြာဝဠာကမ္ဘာလောက၏ အဓိကကျသောအလုပ်ကို နတ်များပြုလုပ်ပေးရန်(the making oof gods)ဖြစ်သည်ဆို၏။ ဖန်ဆင်းခြင်းခံရသောလူသားများအား ဖန်ဆင်းရှင်များအဖြစ် ပြောင်းလဲပစ်ရန်ရှိသည်ဆို၏။ အကယ်၍ လူသားမျိုးနွယ်စုတစ်ရပ်လုံးအား နတ်တစ်ပါး(ဝါ) ဖန်ဆင်းရှင်တစ်ဦးအဖြစ်သို့ ပြောင်းလဲခြင်းလုပ်ငန်းအတွင်း စိတ်ကူးစိတ်သန်းဝင်ရောက်ခဲ့လျှင် ဤအဆိုအတိုင်းဖြစ်နိုင်ဖွယ်ရာရှိမည်ဟူ၍ဖြစ်သည်။ ထို့ကြောင့်ကမ္ဘာ့ဘာသာယုံကြည်မှုများအား လေ့လာမှုတစ်ခုသည် ကျွန်ုပ်တို့ထံ ပို၍မြင့်မြတ်သော သတ္တဝါများ၏ အမြင်တစ်ခုအား ပါယ်ထုတ်ပြစ်ကောင်း ပါယ်ထုတ်ပြီးလျှင် ကျွန်ုပ်တို့အား ယင်းဦးတည်ချက်ဖြင့် မျက်ခြေမပြတ်လုံ့လစိုက်၍ဆွဲငင်ရန် ကူညီပေးကောင်းပေးလိမ့်မည်။ အဘယ်ကြောင့် ယခုအချိန်အထိ ကျွန်ုပ်တို့မအောင်မြင်သည့် ဘာသာယုံကြည်မှုများသာ ရရှိနေကြပါသနည်း။

## နှိုင်းယှဉ်အပ်သော ဘာသာယုံကြည်မှုများအားလေ့လာခြင်း၌ တွေ့ရှိနိုင်သော အန္တရာယ်ရန်စွယ်များ

**(Dangers in the study of Comparative Religions)**

သိပ္ပံနည်းကျ ကမ္ဘာ့ရှုမြင်သုံးသပ်ချက် ပေါ်ပေါက်လာသည်နှင့်အမျှ ဒဿနိက ဗေဒပညာရှင်များ၊ မနုဿဗေဒပညာရှင်များနှင့် စိတ်ပညာရှင်များ ၊ လေ့လာစူးစမ်းသူများသည် ဘာသာရေးယုံကြည်မှုများ၏ အနှစ်သာရများကို သိရှိနားလည်ရန် သိပ္ပံနည်းကျနည်းနာနိသျကို အကိုးအကားပြုကြသည်။ လူ့အဖွဲ့အစည်း ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာမှုဆိုင်ရာ ကျွမ်းကျင်သူများက ဘာသာယုံကြည်ကိုးကွယ်မှုများအား အစုအဖွဲ့အသင်းအပင်းနှင့် နေထိုင်သူများ တွေ့ထိခံစားနိုင်သော အရာတစ်ခုအဖြစ် သဘောထားသည်။ ၎င်းတို့အဖို့ရာ၌ ဘာသာယုံကြည်ကိုးကွယ်မှုမှာ ယဉ်ကျေးသောလူ့ဘောင်လောကကို ဖော်ဆောင်ပေးသည့် အမှန်တကယ် လိုအပ်သော လူ့အဖွဲ့အစည်းနှင့်ဆိုင်သည့် လှုပ်ရှားမှုဖြစ်သည်ဟူ၍ သဘောထားသည်။ ဒပ်ခ်ဟိုစင်(Durk heisn)က ဤကဲ့သို့သော ဆည်းကပ်ကိုးကွယ်နိုင်ရန် စိတ်ကူးယဉ်ပုံဖော်ထားသည့် ပန်းချီကားချပ်(god figure)အားယှဉ်တွဲ၍ အတူတကွနေထိုင်သည့် ယဉ်ကျေးသော လူ့အဖွဲ့အစည်း၏ စံပြလူ့အသိုက်အမြုံဖြစ်ကြောင်း ပြသနိုင်ရန် လူမှုရေးဆိုင်ရာအမှန်တရား အဖြစ်နှင့် လိုအပ်သောအရာဖြစ်သည်ဟူ၍ ရေးသားဖော်ပြခဲ့သည်။ မနုဿဗေဒဆိုင်ရာ ပညာရှင်များအတွက်လည်း ဘာသာယုံကြည်ကိုးကွယ်မှုသည် လူနေမှုအသိုက်အမြုံတစ်ခုအတွင်း ယုံကြည်ချက်၊ ကျင့်သုံးမှုတို့နှင့် သက်ဆိုင်မှုရှိသည်။ သမိုင်းပညာရှင်များက ဘာသာယုံကြည် ကိုးကွယ်မှုဆိုင်ရာ ယုံကြည်ချက်များသည် သမိုင်းကြောင်းဆိုင်ရာ ဖြစ်ပျက်မှုများ၌ အရှိန်အဝါ ဩဇာလွှမ်းမိုးသက်ရောက်ကြောင်းကို လေ့လာတွေ့ရှိသည်။ ဥပမာအားဖြင့် ခရစ်ယာန်သာသနာ၊ အစ္စလမ်ဘာသာ၊ ဗုဒ္ဓဘာသာသာသနာ ၊ နာဇီဝါဒတို့သည် လူ့ဘောင်သမိုင်း၏လူမှုအဖွဲ့အစည်း နိုင်ငံရေးနယ်ပယ်၏ အဖြစ်အပျက်များတွင် ကြီးစွာသောအရှိန်ဩဇာ သက်ရောက်မှုဖြစ်စေသည်။ ဖရောက်( Freud )နှင့် ဖျူးယားဗက် ( Feuer 1804 - 1872 )တို့က ဘာသာယုံကြည် ကိုးကွယ်မှုအား လူသား၏ အာရုံခံစားမှုစိတ်နှင့်ဆိုင်သော အစီအမံဖြစ်သည်ဟူ၍ ထုတ်ဖော်ခဲ့သည်။ ထို့ကြောင့် ထာဝရဘုရားသခင်၏အကြောင်းအရာ ဖော်ပြရေးသားပြောဆိုချက်များသည်

အမှန်စင်စစ် လူသား၏အကြောင်းအရာအား ရေးသားပြောဆိုဖော်ပြချက်များသာဖြစ်သည်။ ထို့နောက်တစ်ဖန် များစွာသောစဉ်းစားကြံစည်သူများ(ဥပမာ –sD ., I.tufzf D, Jvf- G .W F. Hegel; 1770 - 1831 )၊ အီး ဘီ – တေလာ(EB Tylor) ၊ ဂျေဂျီဖရေဆာ(JG. Frazer) ရောဘတ်စတန်ဆမစ်(Roberdton Smith)တို့သည် ၎င်းတို့၏ စိတ်ခံစားမှုများကို ဘာသာယုံကြည်ကိုးကွယ်မှုများ၏ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာခြင်းအား လေ့လာမှုအပေါ် မှီငြမ်းထားသည်။

သို့ရာတွင် ရိုးသားမှုအရှိဆုံးသော ဘာသာယုံကြည်ကိုးကွယ်မှုပုံစံဖြင့် စတင်ရန်ဆောင်ရွက်မှုမှာ သဘာဝကျလှပေသည်။ အဘယ်ကြောင့်ဆိုသော် အဆင့်မြင့်သော ဘာသာယုံကြည်ကိုးကွယ်မှုများအား လေ့လာရာ၌အစပိုင်းတွင် အရောရောအနှောနှောဖြင့် စိတ်ပါဝင်စားမှု အလွန်နည်းပါးသည်။ ထို့ကြောင့်ဂျေဂျီဖရေဆာ(JG. Frazer)ကဲ့သို့သော များစွာသော မနုဿဗေဒဆိုင်ရာပညာရှင်တို့သည် တိုတင်အယူဝါဒ(Totemism of J.G Frazer)၊ အနင်မ်အယူဝါဒ(Animism of E. B. Tylor)၊ မန်နာအယူဝါဒ(Manaism of Marrett)၊ ဖက်တစ်ရှ်အယူဝါဒ(Fetishism)အစရှိသော ကမ္ဘာဦးအစ ဘာသာယုံကြည်ကိုးကွယ်မှုများအား စတင်လေ့လာခဲ့ကြသည်။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ ဂျေဂျီဖရေဆာ ရေးသားပြုစုသော အုပ်တွဲတစ်ဆယ်အထိရှိသော " ရွှေရောင်ပြောင်ပြောင် ပင်မအကိုင်းအတက်"စာအုပ်များသည် သမိုင်းမှတ်တိုင်ဖြစ်သည်။ သို့သော် ဘာသာယုံကြည်ကိုးကွယ်မှုနှင့်စပ်လျဉ်း၍ အလုံးစုံခြုံငုံ၍ နိဂုံးကမှတ်အဆုံးသတ်ထားသော ၎င်း၏ရေးသားချက်မှာ မည်သည့်အရာဖြစ်ပါသနည်း။ ဖရေဆာ၏လေ့လာတွေ့ရှိချက်များ(the findings of Frazer)မှာ No မဟုတ်ပါ"ဟူ၍ ဖြစ်သည်။ ဆဒ်ဂ်မွန်ဖရောက်၏ကြိုးစားဆောင်ရွက်မှုနောက်တစ်ခုမှာ ပို၍ကြီးမားသောကြောက်မက်ဖွယ်ရာ ဖြစ်ပေါ်မှုဟူသောစကားလုံးကိုသုံးနှုန်းခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဘာသာယုံကြည် ကိုးကွယ်မှုနှင့်စပ်လျဉ်း၍ လူ့အတွင်းစိတ်သဘောအထိ တွေ့ရှိခံစားရန် ၎င်း၏လေ့လာမှုက ဟန်ပြလုပ်ကိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ဖရောက်(Freud)က ဘာသာယုံကြည်ကိုးကွယ်မှုကို တစ်ဆူတည်းသောထာဝရဘုရားပေါ်၌ အားကိုးသည့်ပုံစံနှင့်အတူ ၎င်းကောင်းစွာကြိုးစားအားထုတ်မှု ကြိုတင်ပြုလုပ်ပြီးနောက်ဘာသာယုံကြည်ကိုးကွယ်မှုအား လူသားမျိုးနွယ်စုတစ်ခုလုံး၏ အာရုံကြောစနစ်တစ်ခုလုံးကို ကမောက်ကမဖြစ်စေခြင်းနှင့် နို့စို့အရွယ်ကလေးသူငယ်တစ်ယောက်၏ အသိဉာဏ်အဆင့်သို့

လုံးလုံးလျားလျား ရောက်ရှိသွားစေသည်ဟု ကြေငြာခဲ့သည်။ (The feture of an illusion , 1927) ဘာသာယုံကြည်ကိုးကွယ်မှုမျိုးစုံ အယူဝါဒအဖုံဖုံတို့တွင် ဖရောက်(Freud) ၏အဆိုမှာ–

''မတည်မမြဲ သေပွဲဝင်ရ ဆင်းရဲလှဟု ဒုက္ခဓါးဆို ကြီးစွာသောစိတ်၏အလိုနှင့် ညှိုးငယ်ပူပန် ဗိစီးမှုခံယူသူတစ်ဦး၏ ကမ္ဘာ့လူသားတစ်ရပ်လုံးအား ကြီးမားသောမေတ္တာထားစေကာမူ လူ့ဘဝ၏အမြင်ထက် ကျော်လွန်ခြင်းငှာမစွမ်းသာဘူး။ နို့စို့အရွယ် ကလေးငယ်၏ စရိုက်သဘာဝ ထင်ရှားစွာတွေ့ရသည်။ တကယ့်အရှိ ပကတိနှင့် ကွာဘိများစွာခြားနားပါ၏''

ဘာသာယုံကြည်ကိုးကွယ်မှုများအား သိပ္ပံနည်းကျလေ့လာမှုသည် အဘယ်ကြောင့် မအောင်မြင်ခဲ့ရပါသနည်း။ အကြောင်းအကျိုး ရိုးရိုးရှင်းရှင်းတင်ပြရပါလျှင် ဘာသာယုံကြည်ကိုးကွယ်မှုသည် လူသားအားလုံးနှင့်သက်ဆိုင်၍ သိပ္ပံပညာသည် လူသားအချို့နှင့်သာ သက်ဆိုင်လျက် လူတစ်စုသာပါဝင်လုပ်ဆောင်ခြင်းကြောင့်ဖြစ်သည်။ သိပ္ပံပညာရပ်၏ လမ်းညွှန်ချက်သည် အချက်အလက်နှင့်သက်ဆိုင်သော ရေးသားဖော်ပြချက်ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် ဘာသာယုံကြည်ကိုးကွယ်မှု၏ အဆုံးအမမှာ ကျင့်ကြံအားထုတ်သူ၏ ရှုမြင်သုံးသပ်ချက်ကို လုံးဝပြောင်းလဲပစ်ခြင်းအားဖြင့် အရှိတရား အမှန်တရားအား မှန်းမျှော်ရေးရှုမှု အသစ်အသစ်ဆီသို့ မိမိ၏ကိုယ်ပိုင်အတွေးအခေါ်နှင့် မျှော်မှန်းချက်ကို ပယ်နှုတ်သုတ်သင်ခြင်း၊ ကိုယ်ဟန်အမူအယာဖြင့် အချက်ပြခေါ်ယူခြင်းများဖြစ်စေသည်။ ဘာသာယုံကြည်ကိုးကွယ်မှုအား နှိုင်းယှဉ်လေ့လာသူအဖို့ရာ၌ အခြားတစ်ပါးသော ယုံကြည်မှုရှိသူ၏ ခံစားချက်ကို သိရှိနားလည်ရန်နှင့် မည်သည့်အချက်သည် အခြားဘာသာများအား မိမိယုံကြည်သည့်အချက်က လေးနက်စွာစူးစိုက်စေသည်ဆိုခြင်းသည် အကြီးဆုံးသော ကိုယ်ချင်းစာနာမှုရှိရန် လိုအပ်သည်။ ဘာသာကိုးကွယ်မှု၌ ယုံကြည်မှုမရှိသူတစ်ဦးအဖို့ရာ၌ ကိုယ်ချင်းစာတရား အမြောက်အများတိုးပွားလာရန် ဘာသာကိုးကွယ်မှုတွင် သက်ဝင်ယုံကြည်သူများ၏ ခံစားချက်နှင့် သာမန်အချိန်ထက်ခက်ခဲနက်နဲမှုကြောင့် အသက်ရှူမြန်သည့်အနေအထားသို့ ဝင်ရောက်သွားရန် ရှိကောင်းရှိမည်ဖြစ်သည်။ ဘာသာကိုးကွယ်ဆည်းကပ်မှုအား မယုံကြည်သူများက ဘာသာယုံကြည်ကိုးကွယ်မှုအား မျက်ကန်းများဖြစ်ကြသည်ဟူ၍ဆိုထားသည်။ လူပုဂ္ဂိုလ်တစ်ယောက်သည် ဘာသာယုံကြည်ကိုးကွယ်မှုရှိသူ

တစ်ဦးက အရာဝတ္ထုများကို ၎င်းကိုယ်တိုင်ကြည့်မြင်သကဲ့သို့ အရာဝတ္ထုများအားကြည့်မြင်ရန် စိတ်ပါဝင်စားမှုထားရှိရန်လိုအပ်သည်။ ဆန့်ကျင်ဘက်အားဖြင့် သိပ္ပံပညာရှင်တစ်ယောက်သည် ၎င်းလေ့လာတွေ့ရှိချက်များမှ တစ်ဘာသာယုံကြည်မှု၌ ၎င်း၏အကြီးဆုံးသော စိတ်မဝင်စားသည့် သဘောထားကို ပြုစုပျိုးထောင်မွေးမြူရန်လိုအပ်သည်။ ကျွန်ုပ်တို့ဆိုလိုသည့် စကားအဓိပ္ပါယ်မှာ ဘာသာယုံကြည်ကိုးကွယ်မှုအား သိပ္ပံနည်းကျလေ့လာသူတစ်ဦးသည် ဘာသာယုံကြည်သူ တစ်ဦး၏(Conatus)ခေါ် ရည်ရွယ်ချက်ထားရှိသော မရပ်မနားကြိုးစားအားထုတ်မှု၊ သို့သော်(Nisus)ခေါ် စိတ်ကိုင်းညွတ်မှုဆန္ဒ မပါရှိဘဲဖြင့်သာလျှင် သိနားလည်နိုင်သည်။ ထို့ကြောင့် ဘာသာကိုးကွယ်မှု၌ ယုံကြည်မှုမရှိသောသိပ္ပံပညာရှင်သည် ဘာသာယုံကြည်ကိုးကွယ်မှုကို မမှန်မကန်ဟူ၍ ယူဆခြင်းအား မကူညီနိုင်ချေ။ ဘာသာယုံကြည်ကိုးကွယ်မှု၏ မရှိမပဒိုပဒ် လမ်းသည် လှည့်ဖြားညာဝါးမှုကို ခိုင်မြဲစွာရှောင်ရှားနိုင်၏။ မှန်ပေ၏ ။ ဘာသာယုံကြည်ကိုးကွယ်မှု တစ်ခုအပေါ်၌ ကြည်ညိုမှုထားရှိသူတစ်ဦးသည် မယုံကြည်မကိုးကွယ်သူတစ်ဦးထက် သာလွန်၍ မိမိယုံကြည်ကိုးကွယ်သောဘာသာအား မတူကွဲပြားသည့် အခြားဘာသာတရားများအား ချဉ်းကပ်ရန် ပို၍သင့်တော်လှပေ၏။ သို့ရာတွင် ဘာသာကိုးကွယ်မှုကိုသက်ဝင် ယုံကြည်သူ တစ်ဦးဖြစ်စေကာမူ ကိုယ်တိုင်ကာကွယ်စောင့်ရှောက်ရန်ရှိသော တာဝန်များအားဆန့်ကျင်သည့် ကြီးကျယ်သော မထင်မှတ်နိုင်သည့် အန္တရာယ်များဖြစ်ပေါ်တတ်သေးသည်။ သိပ္ပံပညာရှင်တစ်ဦး အတွက် ဘာသာယုံကြည်ကိုးကွယ်မှုမှာ အသီးအနှံမဟုတ်သော အခွံကိုသာလျှင် ရယူ ဆုံးဖြတ်ချက်ကိုပေးအပ်ထားသည်။ သို့ရာတွင် ဘာသာကိုးကွယ်မှုအပေါ် ယုံကြည်မှုရှိသူတစ်ဦး ပင်လျှင်သတိထားဖို့လိုအပ်သေး၏။ ထိုသို့သတိမပြုမိလျှင် ၎င်းသည် စပါးကိုလေဖြင့်လှေ့၍ သန့်စင်သကဲ့သို့ ဘာသာယုံကြည်ကိုးကွယ်မှုကိုလည်း သန့်ရှင်းမှုပြုလုပ်ရန်လိုအပ်သေးသည်။ စပါးကိုလေဖြင့်လှေ့၍မသန့်စင်လျှင် အနာအဆာအပုပ်အသိုးဖြင့် ရောနှောနေသည့်သီးနှံကိုသာ ရရှိနိုင်သကဲ့သို့ ဘာသာယုံကြည်ကိုးကွယ်မှုများ၌လည်း အုတ်ရောရောရော ကျောက်ရောရောဖြင့် မဟုတ်သည့်အချက်ရော၊ ဟုတ်မှန်သည့်အချက်ပါရောနှော၍ ယုံကြည်မှုပြုရာ ရောက်ပေသည်။ ထာဝရဘုရားသခင်၏ သဘောသဘာဝနှင့် ဘာသာယုံကြည်ကိုးကွယ်ခြင်း စတင်ဖြစ်ပေါ် လာသည့်အခြေခံအချက်များအား သိပ္ပံနည်းကျလေ့လာသူပညာရှင်တစ်စုတို့သည် အချိန်ကြာမြင့်

စွာ လေ့လာသုတေသနပြုခဲ့ကြပြီး ၎င်းတို့၏နိဂုံးချုပ်သဘောထားမှတ်ချက်ပြုသည်မှာ လူတစ်ယောက်သည် မိမိမူလကယုံကြည်ကိုးကွယ်သော ဘာသာတရားသည်သာလျှင် အကောင်းဆုံးဖြစ်ကြောင်း ရေးသားခဲ့သည်။ ဤအကြောင်းအရာနှင့်စပ်လျဉ်းသည့် ဖြစ်စဉ်ဖြစ်ရပ်များမှာ သာသနာပြုအဖွဲ့များ အထူးသဖြင့်တွေကြုံခဲ့ရသော မတူကွဲပြားခြားနားသည့် ယုံကြည်မှုအမျိုးမျိုးမှရရှိခဲ့သော သင်ခန်းစာဖြစ်သည်။ ဥပမာအားဖြင့် ခရစ်ယာန်သာသနာပြုများသည် အခြားဘာသာယုံကြည်ကိုးကွယ်မှုများဖြစ်ကြသော အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ဂျိန်းဘာသာနှင့် ပြောင်းလဲမှုမပြုနိုင်ခြင်းဖြင့် ခရစ်ယာန်အဆုံးအမသာသနာသည် အကောင်းဆုံးဘာသာယုံကြည်မှုများအဖြစ် ပြသခဲ့သောကြောင့်ဖြစ်သည်။ ၁၈၃၉ ခုနှစ်တွင် ဂျွန်မူဝါဆိုသူရေးသားခဲ့သော မတာပါရိခ်ရှား(mata - pariksha) ခေါ် ဘာသာယုံကြည်ကိုးကွယ်မှုများအား စမ်းသပ်ချက်(test of religions. 1839) စာအုပ်ငယ်ကလေးသည် အလွန်တရာ ပိပိပြင်ပြင်နှင့် ပေါ်လွင်အောင်ရေးသားချက်ဖြစ်သည်။ ဂျွန်မူဝါး(John Muir)က ၎င်း၏(mata - pariksha)စာအုပ်တွင် ခရစ်ယာန်ဘာသာယုံကြည်ကိုးကွယ်မှုသာလျှင် တစ်ခုတည်းသော စစ်မှန်သည့် ဘာသာယုံကြည်မှုဖြစ်ကြောင်းပြသရန် ကြိုးစားခဲ့သည်။ အဆိုပါ ဂျွန်မူဝါး(John Muir)ဆိုသူ ရေးသားခြင်း၏အကျိုးရလဒ်မှာ ဟိန္ဒူဘုန်းတော်ကြီးများ(Hindu Pundist)၏ ဟိန္ဒူဘာသာအား ကာကွယ်ရေးသားယုံမျှသာမကပဲ ခရစ်ယာန်ဘာသာအား ထိုးနှက်တိုက်ခိုက်သည့် ခက်ထန်သောသဘောထားမှတ်ချက်များ ထွက်ပေါ်လာခြင်းသာဖြစ်တော့၏။ ဤနှိုင်းယှဉ်လေ့လာမှုပုံသဏ္ဌာန်သည် ဘာသာယုံကြည်ကိုးကွယ်မှုတွင် အခြေခံစည်းမျဉ်းသဘောတရားနှင့် ဘာသာယုံကြည်မှုများအကြား၌ တင်းမာမှုပဋိပက္ခများအား လမ်းခင်းပေးရန် အားပေးအားမြှောက်ပြုရာရောက်စေသည်။ ဒေါက်တာ အေဆွစ်ဇာ(Dr. A. Schewitzer)၏ ၁၉၃၅ ခုနှစ်တွင်ရေးသားထုတ်ဝေသည့် ဟိန္ဒူဘာသာအားထိုးနှက်တိုက်ခတ်သော ''အိန္ဒိယအတွေးအခေါ်နှင့် ၎င်း၏တိုးတက်မှု''(Indian Thought and Its Development)ဟူသော စာအုပ်နှင့်စပ်လျဉ်း၍ ရာဒါခရစ်ရှနန်(Radhkrishnsn )၏ တုံ့ပြန်ရေးသားချက်ဖြစ်သည့် ၁၉၃၉ ခုနှစ်ထုတ် ''အရှေ့တိုင်းဘာသာယုံကြည်ကိုးကွယ်မှုနှင့် အနောက်တိုင်းအတွေးအခေါ်(Eastern Religion and Western Thoughts)ဟူသောစာအုပ်၌ အလားတူစွာတွေ့ရှိရ၏။ ဘာသာ

ယုံကြည်ကိုးကွယ်မှုများ နိုင်းယှဉ်လေ့လာမှုပြုသောအခါ၌ ဆက်စပ်ဖြစ်ပေါ်တတ်သော အခြားအန္တရာယ်မှာ အားလုံးသော ဘာသာယုံကြည်ကိုးကွယ်မှုများအား ထင်မြင်ယူဆချက် တစ်ခုကို ထောက်ပြရန် အမည်နာမတပ်၍ ရေးသားပြောဆိုသည့် တိကျစွာဖော်ပြသော ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုသည် အခြားအခြားသော ဘာသာယုံကြည်ကိုးကွယ်မှု အားလုံးအား နောက်ဆုံးပြည့်စွက်ဆောင်ရွက်ကြောင်း ကိုယ်တိုင်တာဝန်ခံခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဂျေ၊ အင် – ဖာကျူဟာ(J.N Farquhar)၏ ၁၉၁၃ ခုနှစ်တွင် ရေးသားသော "ဟိန္ဒူဘာသာ၏သရဖူဆောင်းခြင်း"(The Crown of Hinduism)စာအုပ်တွင် ခရစ်ယာန် ဘာသာသည် ဟိန္ဒူဘာသာ၏ပြည့်စွက်ချက်ဖြစ်ကြောင်း ပြသခဲ့သည်ဟူ၍ဖြစ်သည်။ ဤသို့ ရေးသားချက်သည် ခရစ်ယာန်ဘာသာဝင် စဉ်းစားတွေးခေါ်သူများအားလည်းကောင်း၊ ဟိန္ဒူဘာသာဝင်များအားလည်းကောင်း၊ နှစ်သိမ့်ကျေနပ်မှုမရစေခဲ့ပေ။ ဤကဲ့သို့ ရေးသားချက် သည် ဘာသာရေးကို အဆင့်အတန်းမြင့်မားစွာလေ့လာသူများက ဘာသာယုံကြည်ကိုးကွယ် သူများ၏ စိတ်ပိုင်းဆိုင်ရာနှင့်ပတ်သက်သည့် မသိနားမလည်မှုအပေါ် အခြေခံထားသည်။ ဘာသာ ယုံကြည်ကိုးကွယ်မှုအား ယုံကြည်သက်ဝင်သူတိုင်း ၎င်း၏ဘဝပြည်စုံမှုရရှိလာစေလိုသည့် လိုအင်ဆန္ဒအား ၎င်း၏သဒ္ဒါတရားစေ့ဆော်ချက်က ၎င်းထံသေချာပေါက်ရောက်မည်ဟူသော အဓိပ္ပါယ်ဖြင့် ခံစားကြည့်ခြင်းဖြစ်သည်။ ဘာသာယုံကြည်ဆည်းကပ်ကိုးကွယ်မှု၌ မည်သည့် ဘာသာတစ်ခုခုမဆို ၎င်း၏အကြောင်းအကျိုးဆီလျော်မှုမရှိကြောင်းကိုဖြစ်စေ၊ အားနည်းချက် တစ်ခုခုကိုဖြစ်စေ မပြည့်မစုံသည့်အချက်တစ်ခုခုကို ထောက်ပြရန်ကြိုးစားခြင်းမှာ တင်းမာမှုနှင့် ပဋိပက္ခကို ဖြစ်ပေါ်စေလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့ဘာသာယုံကြည်ကိုးကွယ်မှုအား နိုင်းယှဉ်လေ့လာရာတွင် အန္တရာယ်များကို ရှောင်ရှားခြင်းဖြင့်သာလျှင် လေ့လာမှုလုပ်ငန်းများနှင့် ရည်မှန်းချက်ပေါက် မြောက်အောင်မြင် ပြည့်စုံနိုင်မည်ဖြစ်တော့၏။

## ဘာသာယုံကြည်ကိုးကွယ်မှုများအားနှိုင်းယှဉ်လေ့လာခြင်း၏ ဦးတည်ချက်များနှင့် ရည်ရွယ်ချက်

**(Aims and Purpose of Comparative of Religions)**

ဘာသာယုံကြည်ကိုးကွယ်မှုတွင် သက်ဝင်ယုံကြည်မှုရှိသူတစ်ဦးသည် ပထမဦးစွာ အသက်အရွယ်အားဖြင့် မတူကွဲပြားသည့် လူအများတို့ယုံကြည်ကိုးကွယ်ရာ ဘာသာတရားများအား လေ့လာမှုအလုပ်ပြုလုပ်သင့်သည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်ဘာသာယုံကြည်ကိုးကွယ်ခြင်း၏ သမိုင်းကြောင်းဆိုင်ရာဖြစ်ထွန်းမှုသည်ပင်လျှင် လေ့လာမှုပြုသင့်သောမှတ်တမ်းမှတ်ရာဖြစ်သည်။ ဥပမာအားဖြင့် ရူဒေါ့ဖ်ဘူလ်မမ်း(Rudolf Bultmann)သည် ခရစ်ယာန်ဘာသာသာသနာ စတင်ဖြစ်ပေါ်လာသည့်မှစ၍ သူကိုယ်တိုင်အတွက်တည်ထောင်ခဲ့ပြီး မိမိကဲ့သို့သော ခရစ်ယာန်ဘာသာဝင် အပေါင်းအဖော်များအတွက်ကိုလည်း ခရစ်ယာန်ဘာသာအား ရှေးခေတ်ဟောင်းက အစဉ်အဆက်လက်ဆင့်ကမ်း၍ ယုံကြည်လာသည့်အယူအဆများကို ပြန်လည်အဓိပ္ပါယ်ဖွင့်ဆိုသည့်လုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ရပေသည်။ ခရစ်ယာန်ဘာသာအား ပြန်လည်အဓိပ္ပါယ်ဖွင့်ဆိုခြင်းကို ခေတ်သစ်ခရစ်ယာန်ဘာသာ(သာသနာ)အားအထောက်အပံ့ပြုသူများအတွက် ခရစ်ယာန်ဘာသာ၏ စစ်မှန်သောတရားတော်အဖြစ် လူတစ်ယောက်အနေဖြင့် သိနားလည်ပေလိမ့်မည်။ ထို့နောက်တဖန် တမန်တော်ကိုးကွယ်သည့် ဘာသာယုံကြည်ချက်များ နှိုင်းယှဉ်လေ့လာခြင်းနှင့် သမိုင်းကြောင်းဆိုင်ရာအချက်အလက်များ နှိုင်းယှဉ်လေ့လာမှုတို့သည် ၎င်းတို့အချင်းချင်းပို၍ရင်းနှီးချစ်ခင်၍ ယင်းတမာန်တော်ကိုးကွယ်ယုံကြည်သည့် ဘာသာဝင်များအတွင်း အပြန်အလှန်နားလည်မှုကို မြှင့်တင်စေပေလိမ့်မည်။ ထိုနည်းတိုင်းပင်လျှင် ကမ္ဘာ့လူသားများ အသီးသီးယုံကြည်ကိုးကွယ်သည့် ဘာသာကြီးများအား မြှုပ်ကွယ်နေသည့် တူညီသည့်အချက်များကို နှိုင်းယှဉ်လေ့လာခြင်းသည် ယင်းကမ္ဘာ့လူသားအသီးသီးတို့၏အကြား သဘောထားခံယူချက်မတူညီမှုများအား ထောက်ပြပြီးလျှင် သဘောထားခံယူချက်ကွဲပြားမှုများ နည်းနိုင်သမျှလျော့နည်းသွားစေလိမ့်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် အမြဲတမ်းတည်ရှိနိုင်သည့် ရဲဘုံဟူသောဟောကြားချက်တရားနှင့် မရေတွက်နိုင်သော ဘဝများစွာ မဆုံးနိုင်သည့်သံသရာတွင် ကျင်လည်နေရခြင်းဟူ၍ ဟောကြားသည့်

တရားဒေသနာတို့သည် တစ်ခုနှင့်တစ်ခု မကွာခြားလှကြောင်း လူအများတို့ကစဉ်းစားကြသည်ဟူ၍ ယူဆရသည်။ ထို့အပြင် ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများ၏ အခြားသော အဓိကကျသည့် သဘောတရားများတွင်အလားတူအချက်များရှိနေသည်ဆိုခြင်းမှာ မှန်ကန်လှပေ၏။

''မတူကွဲပြားခြားနားသည့် ဘာသာယုံကြည်ကိုးကွယ်သူများအချင်းချင်း အပြန်အလှန်နားလည်မှုရှိခြင်း''(mutual understading of different religious belivers) ဟူသောစာပိုဒ်အား ပိုမိုရှင်းလင်းသွားစေရန် ရှင်းပြသည့်စကားလုံးတစ်လုံး လိုအပ်ကောင်း လိုအပ်မည်ဖြစ်သည်။ လူတို့၏ အချင်းချင်းအပြန်အလှန် နားလည်မှုရှိခြင်းဆိုသည်မှာ ''မတူကွဲပြားခြားနားသော ယုံကြည်ချက်များသည် အပြည့်အဝသိနားလည်မှု၊ အသည်းနှလုံးထဲတွင် စွဲမြဲစွာမှတ်သားမှုနှင့် ၎င်းတို့၏ယုံကြည်ချက်များနှင့် ကျင့်ကြံအားထုတ်မှုတွင် ကိုယ်ရောစိတ်ပါ အားတက်သရောပါဝင်ခြင်းဟူ၍ အဓိပ္ပါယ်ရပါသည်။ ဤနားလည်မှုအမျိုးအစားအဖြစ်သို့ ရောက်ရှိလာရေးအတွက် လူတစ်ယောက်သည် ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းကြောင့် ကိုယ်ချင်းစာတရား ရရှိလာခြင်းနှင့်အတူ အခြားသောသူများအားလည်း သူတို့ကိုယ်တိုင် အတွင်းကျကျသိမြင်နိုင်ရန် အဆင့်မြင့်သည့် စည်းကမ်းရှိသော စိတ်ကူးယဉ်အိပ်မက်ရှိရန် လိုအပ်သည်။ မတူကွဲပြားခြားနားသော ယုံကြည်ချက်များအတွင်းသို့ နေရာယူရန် တစ်ဦးတည်း ကိုယ်တိုင်ကိုယ်ကျဖြင့် ကသင်နိုနတ်ဘုရား တစ်ဆူတည်းကဲ့သို့လည်းကောင်း၊ သို့မဟုတ် ဟေနိုနတ်ဘုရား တစ်ဦးတည်းကဲ့သို့လည်းကောင်း ၊ ကျင့်ကြံကြိုးကုတ်အားထုတ်မှုပုံစံဖြင့် ဆောင်ရွက်နိုင်ပါသည်။

ဤယုံကြည်မှုက ကျွန်ုပ်တို့အားဖြစ်စေချင်သည်မှာ –

''ကျွန်ုပ်တို့ကိုယ်တိုင်သည် အခြားသောအပေါင်းအသင်းရောင်းရင်းများ၏ ကြံစည်စိတ်ကူးခံစားချက်အတွင်းသို့လည်းကောင်း၊ ထို့အပြင် နောက်တစ်ကြိမ်ထပ်မံ၍ လူတိုင်းသိနားလည်ထားသကဲ့သို့လည်းကောင်း၊ ထို့ပြင်လည်း ပထမဦးစွာ မိမိကိုယ်ပိုင် ကြံစည်စိတ်ကူးခံစားမှုအား ထုတ်ပယ်ပစ်ရမည်ဟူ၍ မပြောသော်လည်း ပြောဘိသကဲ့သို့ ဖြစ်၏။ ''

ဤအကြောင်းအရာသည် ရာမခရစ်ရှ်နား(Ramakrishna)၏ အောင်မြင်မှုရှိသော ကျင့်ကြံကြိုးကုတ်အားထုတ်မှုဖြစ်သည်။ ၎င်းကိုယ်ပိုင်သက်သေခံထောက်ပြချက်မှာ -

" ကျွန်ုပ်တွင် ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာတို့၏ ဟောကြားဆုံးမမှုများနှင့်အညီ ၎င်းဘာသာကြီးများ၏ကျင့်စဉ်များအတိုင်း အချိန်ခွဲခြားသတ်မှတ်၍ ကျင့်ကြံအားထုတ်မည့်အစီအစဉ်ထားရှိသည်။ ထို့နောက်ဆက်လက်၍လည်း ကျွန်ုပ်တို့သည် ရှတ်က်တာစ့်(shaktas)၊ ဗိုက်နာဗတ်စ်(Vaishnavas)နှင့် ဝေဒဆရာကြီးများ(Veda ntist )တို့၏ လမ်းစဉ်အတိုင်း လျှောက်လှမ်းသွားမည်ဖြစ်သည်။ "

ကမ္ဘာ့လူသားများ အသီးသီးယုံကြည်ကိုးကွယ်ကြသည့် ဘာသာတရားများအား လေ့လာခြင်းသည် ကျွန်ုပ်တို့အား ယင်းကမ္ဘာ့ဘာသာကြီးများ၏ သဘောသဘာဝကို ပို၍ နီးးကပ်သွားရန် ခေါ်ဆောင်သွားပေလိမ့်မည်။ ဥပမာအားဖြင့် ဒါ်ခီအယူဝါဒ(Durkheism)က ဘာသာယုံကြည်ကိုးကွယ်မှုသည် လူတို့၏လူမှုရေးကိစ္စဖြစ်သည်ဟူ၍ ရေးသားခဲ့သည်။ ဤအဆိုအား ဆန့်ကျင်ဘက်ပြုသောအားဖြင့် အေ. အင်. ဝှိုက် ဟက်(A. N . Whithead)က ဘာသာယုံကြည်ကိုးကွယ်မှုသည် လူတစ်ယောက်၏ စိတ်ငြိမ်းချမ်းမှုကိုပြုလုပ်ခြင်းဖြစ်သည်ဟူ၍ ဖော်ပြရေးသားခဲ့သည်။ ဘာသာယုံကြည်ကိုးကွယ်မှုပြုခြင်းသည် သမိုင်းမစတင်မီ ရှေးခေတ် လူသားမျိုးနွယ်စုများအတွက်ကိုသော်လည်းကောင်း၊ ရှေးခေတ်ဂျူးဘာသာနှင့်ဝေဒဟိန္ဒူ ဘာသာအတွက် လူမှုပေါင်းသင်းဆက်ဆံမှုဆိုင်ရာ ကိစ္စတစ်ရပ်ဖြစ်သည်ဆိုခြင်းမှာမှန်ကန်ပါသည်။ သို့သော်ဤအဆိုအမိန့်ကိုဆန့်ကျင်လျက် ခရစ်ယာန်ဘာသာ၊ နောက်ပိုင်းကာလဂျူးဘာသာနှင့် အစ္စလာမ်ဘာသာ၊ ဟိနာယနဗုဒ္ဓဘာသာ(Hinayana Buddhism)အဖို့ရာ၌ ကယ်တင်တင်ခြင်း ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ၎င်းတို့၏ ကိုယ်ကျင့်တရားနှင့် လူ့ဘောင်အဖွဲ့အစည်းသို့ ဘာသာရေးနှင့်ဆိုင်သော ကတိကဝတ်ပြုခြင်းဖြစ်သည်။ အကယ်၍ မာ်စ်ဝါဒ(Marxism)အား ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုအဖြစ် သဘောထားခဲ့လျှင် ၎င်း၏လူမှုရေးပုံစံပြောင်းလဲမှုများ၊ လူတိုင်းကိုယ်စီ၏ စားဝတ်နေမှုပြည့်စုံရေးအတွက် လူတိုင်းသည် မိမိ၏ကာယ၊ ဉာဏ စွမ်းအားရှိသမျှ ထုတ်လုပ်ခြင်းဖြင့် လူတိုင်းအတွက်မျှော်လင့်ချက်ထားရှိနိုင်၍ ပျော်ရွှင်ချမ်းမြေ့မှု အပြည့်အဝရှိမည့် အနာဂါတ်လူနေမှုဘဝရောက်ရှိရန် အကြောင်းခံသည့် နိုင်ငံတော်သို့

ဦးတည်လျက်ရှိပေမည်။ အိုက်ဇက်(Isaiah)သည်ပင်လျှင် ပျော်ရွှင်ချမ်းမြေ့မှုအပြည့်အဝရရှိမည့် အနာဂါတ်ကာလအတွက်မျှော်မှန်းချက် “ ဝံပုလွေနှင့် သိုးငယ်များ အတူတကွအစာစားကြလိမ့်မည်ဟူ၍လည်းကောင်း၊ ခြင်္သေ့များသည် နွားများကဲ့သို့ မြက်ခြောက်စားကြလိမ့်မည်.....”(65-25)ဟူ၍လည်းကောင်း ရေးသားခဲ့သည်။ လူ့ဘုံလောက လူ့ဘဝနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီတို့အား နှစ်မျိုးစလုံးပါရီပတ်ဆု(pari passu)သို့ ပြောင်းလဲပစ်ရမည်။ ဆဗိုဒါယ(Sarvodaya)နှင့် သဗ္ဗမုတ္တိ(Sarvamukti)တို့သည် ပေါင်းစည်းသွားသည်။ ဤနည်းအားဖြင့် မတူကွဲပြားခြားနားသော ဘာသာယုံကြည်ကိုးကွယ်မှုများအား ဘာသာယုံကြည်ကိုးကွယ်မှုဆိုတာဘာလဲ ဟူသော ပြဿနာကို လေးနက်စွာအတွင်းသဘောအမြင်ဖြင့် ချဉ်းကပ်လေ့လာခြင်းဖြစ်သည်။

မတူကွဲပြားခြားနားသောယုံကြည်မှုများအား လေ့လာခြင်းသည် ကျွန်ုပ်တို့အား ယင်းသို့မတူကွဲပြားခြားနားသည့် ယုံကြည်မှုများအတွင်းမှတွေ့ရှိရသော လက်ခံနိုင်ပြီးတူညီသော အချက်များကို ပြသပေးလိမ့်မည်ဖြစ်သည်။ သို့သော်ယခုအချိန်တွင်မူ မထင်မရှားဝိုးတဝါးသော သတိပြုမိသောအချက်များ ဖြစ်ကောင်းဖြစ်နေပေလိမ့်မည်။ ဥပမာအားဖြင့် အဲလ်ဖရက်. ဒဗလျူမာတင်(Alfred . W . Martin)သည် ၁၉၂၆ ခုနှစ်တွင် “ နှိုင်းယှဉ်ဘွယ်ရာ ဘာသာယုံကြည်ကိုးကွယ်မှု” (Comparative Religion - 1926)စာအုပ်ကိုလည်းကောင်း၊ ဒေါက်တာဘဂဝမ်ဒပ်စ်(Dr..Bhagavanက အားလုံးသော ဘာသာယုံကြည်ကိုးကွယ်မှုများသည် အနည်းနှင့်အများ ဘာသာတိုင်းက ကိုယ်ကျင့်တရားနှင့်စပ်လျဉ်း၍ တူညီသောအဆုံးအမ သြဝါဒများ ထားရှိကြသည်ဟူ၍ ရေးသားထားသည်။ အလားတူစွာပင်လျှင် ရုဒေါ့ဖ်အိုတို(Rudolfotto)ကလည်း ဘာသာယုံကြည်ကိုးကွယ်မှုတိုင်းသည် တူညီသော ပြင်းထန်သည့် ဘာသာရေးအရည်အချင်းအပေါ်ထားသော ခံစားချက်ဖြင့် ကြောက်ချစ်ရိုသေမှုအပြင် အံ့ဩခြင်း၊ ကြောက်လန့်ခြင်းရှိကြစမြဲဖြစ်သည်။ (ဂျာမန်ဘာသာဖြင့်–mysterisum fascimans)ဟူသော စာအုပ်တွင် ရေးသားထား၏။ မိုးဆက်(Moses)အား ထာဝရဘုရားသခင်ကပေးအပ်ခဲ့သော အမိန့်တော်(၅)ချက်ပါ သြဝါဒများမှလွဲ၍ အိန္ဒိယလူမျိုးများ ယုံကြည်ကိုးကွယ်သည့် ဘာသာတရားက အတူတကွ ညီတူညီမျှပိုင်ဆိုင်သော ဂျိန်းဘာသာ၏ ပဥ္စမဟာဗာရတ(panca mahavrata)ကျင့်စဉ်၌ အားလုံးပါဝင်သည်။ အလွန်အရေးပါသော ကိုယ်ကျင့်အဘိဓမ္မာ ၊

သိက္ခာဝိနည်းအသီးသီးသည် ကမ္ဘာ့လူသားများယုံကြည်ကိုးကွယ်သည့် ဘာသာကြီးများတွင် ထင်ဟပ်နေကြ၏။

ဇိုရိုစထရာဘာသာနှင့် ခရစ်ယာန်ဘာသာတို့ " အသင့်ကိုယ်နှင့် နှိုင်းစာ၍ပြုမူဆောင်ရွက်ပါ"ဟူ၍လည်းကောင်း ၊ ဗုဒ္ဓဘာသာက " ကိုယ်ချင်းစာနာမှုတရားရှေ့မှာထား၍ အများအကျိုး(ဝါ)အများစိတ်ချမ်းသာပျော်ရွှင်မှုကို ရှာကြံသင့်၏" ဟူ၍လည်းကောင်းရေးသားဖော်ပြထားပေ၏။

*(စစ်ကိုင်းမြို့ ရွှေဟင်္သာတိုက်ဆရာတော်(ပျံလွန်တော်မူပြီး)က " အများအကျိုး၊ ရှက်သည်ပိုးက၊ ခနီးခနဲ့ဆိုက်ကဲ့ရဲ့လည်း၊ မဖဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို ၊ စိတ်ကောင်းနှင့်ယှဉ် ၊ ရှေးရှုနှင့်လော့ " ဟူ၍ဆုံးမခဲ့သည်။ – ဘာသာပြန်သူ)*

ဘာသာယုံကြည်ကိုးကွယ်မှုများအားလုံးက မျှဝေခံစားနိုင်၍ တူညီသော အဆုံးအမ ဩဝါဒတရားတော်များဖြစ်သည့် ဤသို့သော ဗဟုသုတအသိဉာဏ်ပညာရှိမှုသည် မိမိယုံကြည်ကိုးကွယ်သည့် ဘာသာအပြင် လေးစားကြည်ညိုဖွယ် ဘာသာတရားများနှင့် လွတ်လပ်စွာ ဝတ်ပြုကိုးကွယ်နိုင်သည့် အတွေးအခေါ်အယူအဆအား မြှင့်တင်ပေးခြင်းသည် ဘာသာရေးဆိုင်ရာတန်ဘိုးများနှင့် ယုံကြည်ချက်များအား သဘောတူကျေနပ်မှုရှိသော လူအများ၏တူညီသည့် အယူအဆတစ်ခုသည် ကျွန်ုပ်တို့အားပူးပေါင်းပါဝင်ရန် အကူအညီရရှိနိုင်ဖွယ်ရာ အကြောင်းရှိသည်။ ဤအချက်က အက္ကဘာဘုရင်တည်ထောင်ခဲ့သော ဒင်အီလာဟီဘာသာအယူဝါဒ(Din Ilahi of Akbar)အား ထင်ဟပ်စေခဲ့သည်။

ယုံကြည်ကိုးကွယ်မှုဘာသာအမျိုးမျိုးကိုလေ့လာခြင်းသည် လူတစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်ယုံကြည်ကိုးကွယ်မှုအား ပြည့်စုံကြွယ်ဝစေပြီး ၎င်း၏ခံယူထားသည့် အတွင်းစိတ်သဘောကိုနက်ရှိုင်းစေသည်။ ဥပမာ – ဟိန္ဒူဘာသာအားလေ့လာခြင်းသည် အိုတို(Otto)အား အတွင်းသဘောအား ရှုမြင်မှုအသစ်ကိုဖန်တီးပေးခဲ့သည်။ ထို့နောက် ၎င်းသည် "မြင့်မြတ်သောအကြံအစည်" ခေါ်(The Idea of the Holly)ဟူသော စာအုပ်ကိုရေးသားခဲ့သည်။ ထိုနည်းလည်းကောင်းပင် "အဒွိဌာဝါဒ"(advaitism)အား လေ့လာမှုပြုလုပ်ခြင်းက ပေါလ်တီလိချ် (PaulTillch)အား ဘာသာယုံကြည်ကိုးကွယ်မှုအတွင်း ပြည့်စုံကြွယ်ဝသော " အကြံအစည်

စဉ်းစားတွေးခေါ်ချက်များအား တင်ပြချက်''ခေါ် (fruitful theory of symbolism)အား တည်ထောင်နိုင်ခဲ့သည်။ ထို့ကြောင့် ရာဒါခရစ်ရှ်နန်(Radha Krishnan)ရေးသားထားသည်မှာ–

'' ကျွန်ုပ်တို့ရည်မှန်းချက်သည် ယုံကြည်ယူဆချက်အား ပြောင်းလဲပစ်ရန်မဟုတ်၊ ခရစ်ယာန်ဘာသာဝင်များအား ဗုဒ္ဓဘာသာဝင်များအဖြစ်သို့လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်များအား ခရစ်ယာန်ဘာသာဝင်များအဖြစ်သို့ လည်းကောင်း ၊ ၎င်းတို့ယုံကြည်ရာဘာသာအား ပြောင်းလဲပစ်ရန်မဟုတ်ပါ။ သို့သော် ဗုဒ္ဓဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များသည် ၎င်းတို့၏ကိုယ်ပိုင်ဘာသာယုံကြည်ကိုးကွယ်ခြင်း၏ အခြေခံစည်းမျဉ်းစည်းကမ်းဥပဒေများအား ပြန်လည်ရှာဖွေဖော်ထုတ်ရန် ၎င်းတို့အား စဉ်းစားတွေးခေါ်မှုကို မြှင့်တင်ပေးနိုင်ရန်ဖြစ်သည်။''

ဤသို့အားဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုများအား နိုင်းယှဉ်လေ့လာခြင်းသည် ကျွန်ုပ်တို့အား မတူညီကွဲပြားခြားနားသော အတွင်းသဘောရှုမြင်ခြင်းအယူအဆများ၏ တန်ဘိုးအား နားလည်ရန်နှင့် ၎င်း၏ကိုယ်ပိုင်အယူအဆဖြစ်ပေါ်ရန် ကျေးဇူးပြုခြင်းမျှသာဖြစ်ပေသည်။

ဘာသာယုံကြည်ကိုးကွယ်မှုများအား လေ့လာခြင်းသည် အယူအဆများအား ကိုင်းဆက်ပေါင်းကူးခြင်းအားဖြင့် ပိုမိုထွားကြိုင်းရှုမြိန်သော သစ်သီးအရသာကဲ့သို့ ပို၍သဘာဝကျ၍ အဓိပ္ပါယ်လေးနက်သည့် ဘာသာယုံကြည်ကိုးကွယ်မှုများ ဖြစ်ထွန်းပေါ်ပေါက်စေပြီး ဘာသာရေးဆိုင်ရာ အတွင်းစိတ်နေစိတ်ထားကို ဖော်ပြသည့် ဘာသာယုံကြည်မှုအနှစ်သာရတို့၏ ပေါင်းစပ်မှု ဦးတည်ပေါ်ပေါက်စေသည်။ သို့မဟုတ် ပုံသဏ္ဌာန်အသစ်များဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုအသစ်အဆန်းများ ထွက်ပေါ်ကောင်းထွက်ပေါ်စေလိမ့်မည်ဖြစ်သည်။ ဒါရာရှိကို့ ခေါ် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ(Dara shikoh)နှင့် မူဆလင်ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ (Sufi which means Muslim ascetic and mystic) - ( *Muslimascetic ဆိုသူမှာ သာမာန်လောကီချမ်းသာ ပျော်ရွှင်မှုကိုပယ်သတ်၍ မိမိကိုယ်မိမိ သနားညှာတာမှုမရှိပဲ၊ ပြင်းထန်စွာကျင့်ကြံပြီး ရိုးသားမှုရှိသော အသက်ရှင်ရပ်တည်နေထိုင်မှုဘဝကို ပိုင်ဆိုင်သူဟူ၍လည်းကောင်း၊ mystic ဆိုသူမှာ ဖုံးကွယ်ထားသော စိတ်စွမ်းအားကို ရယူပိုင်ဆိုင်သူဟူ၍လည်းကောင်း ၊ အဘိဓါန်စာအုပ်တွင် အဓိပ္ပါယ်ဖွင့်ဆိုချက်ပါရှိသည်။ – ဘာသာပြန်သူ)*

တွင် ဟိန္ဒူဘာသာနှင့် အစ္စလာမ်ဘာသာနှစ်ခုတို့၏ ပေါင်းစပ်ရောနှောမှုတစ်ခုရှိသည်ဆိုခြင်းအား အနည်းငယ်သံသယဖြစ်ဖွယ်ရာရှိသည်။ ၄င်းပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ၏ အသိဉာဏ်ပညာတွင် ဟိန္ဒူဘာသာ ဥပနိရှတ်အယူဝါဒရှိပြီးနှလုံးသား၌မူ အစ္စလာမ်အယူအဆရှိခဲ့သည်။

ခရစ်ယာန်ဘာသာနှင့် ဟိန္ဒူဘာသာမှ ဥပနိရှတ်အယူအဆတို့ကို လေ့လာခြင်းက ဘရာမိုဆမတ်ချ်သည်(Bramo Samaj)ခေါ်သော ဟိန္ဒူဘာသာပုံစံအသစ်တစ်ခုပေါ် ပေါက်စေခဲ့သည်။ ဘရာမိုဆမတ်ချ်သည် Sati ခေါ် ဟိန္ဒူဘာသာ၏ အစဉ်အလာကိုလည်းကောင်း၊ ရုပ်ထုကိုးကွယ်မှုအား အယူဝါဒများယွင်းမှုအဖြစ် အပြစ်တင်ရှုံ့ချပြောဆိုခြင်းကိုလည်းကောင်း၊ ဇတ်နိမ့် ဇာတ်မြင့်ခွဲခြားမှုအယူဝါဒအား ဆန့်ကျင်မှုစသော ဟိန္ဒူဘာသာဆိုင်ရာယုံကြည်ချက်ကို အကာအကွယ်ပြုရန်အတွက် အကျိုးကျေးဇူးများစွာဖြစ်စေသည့် ဟိန္ဒူဘာသာပုံစံအသစ်ကို ဖြစ်ပေါ်စေခဲ့သည်။ ထိုနည်းတူစွာပင်လျှင် ရာမာခရစ်ရှ်နား အက်ရှ် ရမ ဟိန္ဒူဘာသာ(Rama Krishna Ashrama Hindusm)၏ ကြိုးပမ်းဆောင်ရွက်မှုတွင်လည်း ဟိန္ဒူဘာသာအား စကြဝဠာကမ္ဘာလောကဓါတ်တစ်ခုလုံး၏ ယုံကြည်ကိုးကွယ်ရာဘာသာဖြစ်ရေး ဆောင်ရွက်ခဲ့ကြသေး၏။

[ဤစာအုပ်ရေးသားသူ ဒေါက်တာဝိုင်- မဆစ်(Dr . Y . Masih)၏အယူအဆမှာ ကမ္ဘာ့လူသားများယုံကြည်ကိုးကွယ်သည့်ဘာသာများအား နှိုင်းယှဉ်လေ့လာမှုပြုလုပ်ခြင်း၏ အရေးကြီးသောလုပ်ငန်းမှာ စိုးရိမ်ကြောက်ရွံ့စွာဖြင့် တစ်ဦးနှင့်တစ်ဦးသတိထားစောင့်ကြည့်သည့် ပေါင်းစည်းညီညွတ်နေခြင်းမှထွက်ပေါ်လာသည့် အဆိုတင်ပြချက်များနှင့် အပြန်အလှန် အဆိုပြုတင်ပြချက်များအား ပြေပြစ်ချောမောစွာဖြင့် သဘောတူညီချက်နှင့် ချိန်ခွင်လျှာညီမျှမှု ရှိစေနိုင်မည့် စုစည်းညီညွတ်မှုအတွက် အခြေခံစည်းမျဉ်းတစ်ခုပေါ်ပေါက်လာရန်ဖြစ်သည်။ ပေါင်းစည်းညီညွတ်မှုဆိုသောစကားသည် ဘာသာကိုးကွယ်မှုဆိုင်ရာယုံကြည်ချက်များနှင့် အလေ့အထဓလေ့ထုံးစံများအားလုံး တစ်ပုံစံတည်းဖြစ်ရမည်ဟုမဆိုလိုပါ။ သို့ရာတွင် ဘာသာကိုးကွယ်ခြင်းနှင့်စပ်လျဉ်းသည့် ယုံကြည်ချက်အမျိုးမျိုးအဖုံဖုံတို့ကို ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုအသွင်နှင့် ဖြစ်ထွန်းပေါ်ပေါက်လာရန်ကြိုးစားမှုအဖြစ် ချောမွေ့ပြေပြစ်စေရန်ဖြစ်သည်။ စာရေးဆရာ၏သဘောထားအမြင်တွင် ဤကဲ့သို့သော လုံးဝဥဿုံပြည့်စုံသည့် အခြေခံစည်းမျဉ်းနှင့်

စည်းကမ်းများအား ရှန်ကာရအယူဝါဒ၏ ကွဲပြားခြားနားမှုမရှိသော တပြေးညီဗြဟ္မဏဟူ၍ ဟောကြားချက်အားတွေ့ရှိရပြီး ယင်းလူတန်းစားခွဲခြားမှုမရှိသော တပြေးညီဗြဟ္မဏဝါဒသည် မည်သည့်ဘာသာဝင်မဆိုလက်ခံနိုင်သော ပုံစံဖြစ်၍ လူတစ်ယောက်၏ယုံကြည်ချက်အား အပြင်းအထန် ငြင်းခုံမှုခိုက်ရန်ဒေါသမရှိဘဲ လက်ခံနိုင်သည်ကိုတွေ့ရသည်။ ကဘီးရ်(Kabir)၏ ပူရဏာဗြဟ္မဏ(Purma Brahma)အကြောင်း သင်ကြားပို့ချချက်နှင့် ရာမခရစ်ရှ်နာ(Rama Krishns)၏ ပုရဏာဗြဟ္မဏအကြောင်း ဟောပြောပို့ချချက်များသည် အလားတူအချက်များဖြစ်၍ မှန်ကန် လိမ့်မည်ဟု ထင်ရသည်။ ယုံကြည်ကိုးကွယ်မှုဘာသာတိုင်း၌ သံသယဖြစ်ပွားဖွယ်ရာ မရှိသော တူညီသည့်ခေါင်းစဉ်များ ရယူထားပြီးဖြစ်ရာ ၎င်းမှာ ကမ္ဘာ့ဘာသာကြီးများအတွင်းသို့ စိတ်ဓွမ်းအား ရရှိရေးအတွက်ဖြစ်သည်။ ထို့ပြင် ဆက်စပ်မှုရှိသည့် နှိုင်းယှဉ်မှုပြုလုပ်ရန်အတွက်ဖြစ်သည်။ ထိုခေါင်းစဉ်များမှာ ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုခြင်းစီ၏ ထာဝရဘုရားသခင်၊ ကမ္ဘာလောက၊ အသက်ဝိဉာဉ်၊ ကောင်းကင်ဘုံနန်း– ငရဲခန်း ၊ စီရင်ဆုံးဖြတ်သောနေ့၊ အသက်ဝိဉာဉ် တစ်ခုချင်းစီ၏ အဆုံးအစွန်ရည်မှန်းချက်ပန်းတိုင်နှင့်စပ်လျဉ်း၍ ဟောကြားသည့်တရားတော်များ ဖြစ်သည်။ အချို့သောဘာသာယုံကြည်ကိုးကွယ်မှုများတွင် ထူးခြားစွာဖော်ပြထားသည့် ခေါင်းစဉ် များ ဥပမာ – ခရစ်ယာန်ဘာသာတွင် ဖြစ်မှားကျူးလွန်မှုအတွက် ဝင့်ကြွေးပြန်လည်ပေးဆပ်ခြင်း ဟူသောတရားဒေသနာ၊ ဟိန္ဒူဘာသာတွင် လူ့ဘဝသို့ ပြန်လည်ရရှိခြင်းဟူသော တရားဒေသနာ၊ ဝတ်ပြုဆုတောင်းခြင်းနှင့် တရားကျင့်ကြံအားထုတ်မှုများဟူသော ခေါင်းစဉ်များအား ရယူထား ပြီးဖြစ်သည်။ များပြားစွာသော ဘာသာယုံကြည်ကိုးကွယ်မှုများ၏ သမိုင်းကြောင်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ အိန္ဒိယလူမျိုးများ၏ ယုံကြည် ကိုးကွယ်သည့် ဘာသာအယူဝါဒနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကြိုးစားဆောင်ရွက်မှုတစ်ခု ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ဤရည်ရွယ်ချက်သည် နောက်တစ်ကြိမ်အနေဖြင့် ယခုထက်တိုင် မူလဇစ်မြစ်နှင့် သဘောသဘာဝ နှင့်သက်ဆိုင်သည့် အတူတကွဖြစ်သော ဘာသာယုံကြည်ကိုးကွယ်မှုများအား သယ်ယူလာသည်။

ကမ္ဘာ့လူသားများယုံကြည်ကိုးကွယ်သည့် ဘာသာကြီးများတွင် ထာဝရဘုရား သခင်သည် ကြီးကျယ်သော ဖြစ်ထွန်းပေါ်ပေါက်မှုနှင့် လူသား၏စိတ်ကိုပြည့်စွမ်းပေးသည် ဆိုခြင်းကို အနည်းငယ်သံသယဖြစ်၏။ ထာဝရဘုရားသခင်ဆိုသည်မှာ သက်သေထင်ရှားပြ

နိုင်သည့်အရာမဟုတ်သကဲ့သို့ သက်သေထင်ရှားမပြနိုင်သောအရာလည်းမဟုတ်ပါပေ။ ဤသည်မှာ ထာဝရဘုရားသခင်အကြောင်း ဟောပြောချက်လား၊ သို့ဖြစ်လျှင် ဘာမျှအဓိပ္ပါယ်မရှိဘူးလား။ သို့မဟုတ်ပါကလည်း စကြဝဠာကမ္ဘာလောကဓါတ်၏ကြီးကျယ်မြင့်မြတ်သာ လူသားမျိုးနွယ်စုအား မီးရှူးသန့်စင်ဖွားမြင်ပေးခဲ့ရာ၌ နာကျင်ခံခက်၊ ဒဏ်ရာဒဏ်ချက်လား၊ သို့မဟုတ် ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံးကျွေးမွေးပြုစုယုယခြင်းဘဲလား၊ ထာဝရဘုရားသခင်ဆိုတာရှိပြီး သူကစကြဝဠာကမ္ဘာလောကဓါတ်အား ပြုလုပ်ပေးခဲ့ပြီးဖြစ်သည်။ ထို့အပြင် လူ့သမိုင်းကို ရှင်းလင်းထင်ရှားစွာဖြင့်လည်းကောင်း၊ လူသတ္တဝါတစ်ဦးချင်းစီ၏ဘဝများအတွင်း၌လည်းကောင်း၊ သက်ဝင်ယုံကြည်မှုပြုရာအမှတ်ဖြင့် တည်ရှိနေမည်ဖြစ်၍ ဤထာဝရဘုရားသခင်ဟူသော ယုံကြည်မှု ရပ်တည်ချက်ထက်ကျော်လွန်ပြီး အခြားမည်သည့်အရာမျှ မည်သည့်အချိန်တွင်မျှ ပြုနိုင်ဘွယ်ရာ မရှိပေ။ လူသားနှင့် ၎င်း၏အလိုလားဆုံးသော လိုအင်ဆန္ဒနှင့်မျှော်လင့်ချက်များသည် ပျက်စီးကုန်ဆုံး သွားမှာမဟုတ်ကြောင်း အလွန်ရှည်ကြာသည့်အချိန်ကာလအထိရှိနေဦးမည့်မျှော်လင့်ချက် တစ်ခုဖြစ်သည်၊ လူသား၏ အမြင့်မားဆုံးရည်မှန်းချက်ဟူ၍ သိနားလည်နိုင်သော '' လူသား၏ နှလုံးသားတွင်းမှ ထာဝရဘုရားသခင်'' (God within man)ဟူသော အသိတရားရောင်ခြည်ဦး ထွက်ပေါ်လာပြီဖြစ်သည်။ လူတစ်ဦးတစ်ယောက်၏နှလုံးသားအတွင်း သိရှိမှတ်သားနားလည်ထားခြင်းသည် စာပေကျမ်းဂန်များအားလုံးထက်သော်လည်းကောင်း၊ ယုံကြည်ခံယူချက်များအားလုံးနှင့် မတူကွဲပြားခြားနားသော ဘာသာယုံကြည်ကိုးကွယ်မှုများအားလုံးနှင့်မတူ ဘာသာယုံကြည်ကိုးကွယ်မှုများ၏ တရားမျှတသောကောင်းဆိုချက်များထက်သော်လည်းကောင်း၊ ဘာသာရေးစာပေကျမ်းဂန်များနှင့် ဘာသာရေးဆရာ(ဓါ) ဓမ္မကထိကများထက်သော်လည်းကောင်း၊ လူသား၏အသိတရားထားမှု၌ ထာဝရဘုရားသခင်အား ဦးထိပ်ထားမှုနိုးကြားလာရန် လိုအပ်လှပေသည်။ ဤစာအုပ်သည်'' လူသား၏နှလုံးသားအတွင်းမှ ထာဝရဘုရားသခင်''အား သိနားလည်သဘောပေါက်ခြင်းအနည်းငယ်မျှကို ရရှိနိုင်ပါစေဟူ၍ ဆုတောင်းပါရစေ။

'' လူသား၏နှလုံးသားအတွင်းမှ ထာဝရဘုရားသခင်''သို့မဟုတ်'' နှလုံးသား အတွင်း ကြာပန်းပွင့်တစ်ခု''(a lotus in the heart)သည် ဥပနိရှတ်နှင့်ဝေဒဆိုင်ရာ(Upanishadic and

Vedantic)အပြင် ရာမနုဂျာ၊ ကဘီး(ရ်)နှင့် ဂုရုနာနတ်နှင့်ရာမခရစ်ရှနား(Ramanuja, Kbir, and Guru Nanak andRamakrishna)တို့က ထပ်ခါတလဲလဲ အလေးအနက်ထား ရေးသား ပြောဆိုခဲ့ပြီးဖြစ်သည်။ "လူသား၏နှလုံးသားအတွင်းမှ ထာဝရဘုရားသခင်"ဟူသော ဒေသနာအား ( ဗြဟ္မာဝိ၊ ဗြဟ္မာဝ၊ ဘဝတိ)Brahmavid Brahmaaiva Bhavati ဟူသော ပညာရှိ သူတော်ကောင်းနှင့်ထာဝရဘုရားသခင်၏ သဘောသဘာဝအား မှန်ကန်စွာသိမြင်သော ပုဂ္ဂိုလ်ဖြစ်လာမည့် အကြီးဆုံးသောလုပ်ငန်းရပ်ကို အထောက်အပံ့ဖြစ်နိုင်မည့် သိမှုသဘော (Knowing)အဖြစ် အလေးအနက်ပြုရေးသားဖော်ပြရပေသည်။ တစ်နည်းအားဖြင့် ထာဝရ ဘုရားသခင်အား သိနားလည်သည်ဆိုခြင်းမှာ အစ္စလာမ်ဘာသာဝင်များအတွက် " ရွှေဘုံရွှေနန်း အထက်ကောင်းကင်စခန်း"(gold fit for the heaven)၊သို့မဟုတ် တန်ဖိုးကြီးမားလှစွာသော ပုလဲရတနာတစ်လုံး(ဝါ) တန်ဘိုးရှိသောအရာတစ်ခုဖြစ်လာခြင်းကို ကျွန်ုပ်တို့ထောက်ပြခဲ့ပေသည်။ ဗုဒ္ဓအားသိနားလည်သူတစ်ဦးသည် နောက်ဆုံး၌ ဗုဒ္ဓတစ်ဆူဖြစ်တော်မူရန်ရှိသည်။ ဤသည်မှာ "အပ္ပဒီပိုဘဝ" (Appo Dipo Bhava) ( Be a light unto yourself and seek your salvation with diligence)စကား၏ စစ်မှန်သောအဓိပ္ပါယ်ဖြစ်သည်။ သခင်ယေရှုကလည်း "သင်၏ ဘုရားသခင် ကောင်းကင်ဘုံတွင်ရှိသကဲ့သို့ အသင်လည်းရှိပါစေ"ဟူ၍မိန့်ဆိုခဲ့သည်။ ဤကမ္ဘာမြေကြီးသည် အသက်ဝိဉာဉ်ပြုလုပ်ရာ စစ်မှန်သောနေရာ(Keats )ဖြစ်သည်၊ (ဝါ) ဘာခ်ဆွန်(Bergson)က ကမ္ဘာလောကသည် ဖန်ဆင်းခံသတ္တဝါများအတွင်းမှ နတ်များ (gods)အား ဖန်ဆင်းခြင်းအလုပ်ကို လွှဲပြောင်းရယူခဲ့သည်ဟူ၍ ဆိုခဲ့သည်။

●

## ကျမ်းညွှန်းအထောက်အထားများ


၁။ ၁၉၅၄ ခုနှစ် အောက်တိုဘာလ(၂၄)ရက်The Observerနေ့ထုတ်သတင်းစာ စာမျက်နှာ ၆ ကော်လံ ၄ - ၅ ။

၂။ Ibid , col 5)

၃။ A.W Martin , Comparative Religion , P.P2 - 3)

၄။ A.W Martin, I bid . p .3)

၅။ Dr Y . Masih , Shan Karas Universal Philasophy of Religion PP 19- 22

၆။ Jshan , , ed Kenneth W. Morgan, PP 45-6

၇။ John Dewey . A common Faith , Yale 1960 , p -87 )

၈။ Two sources of Morality and Religion , London 1935, P 375 . videf 201 , 202)

၉။ S. Freud ,civilization snd its , Discontents, London 1930,p23)

၁၀။ Richard Fox Young , Resistant Hinduism Vienna , 1981)

၁၁။ Robin Boyd , Jndian Christian Theology , Madras , 1969 , PP, 89 - 90)

၁၂။ R.J Zwi worblowsky , on the role of comparative Religion in promoting mutual understanding, Hzbbert Journal , Vol - 58 P . 33)

၁၃။ The Gospel of Ramakrishma , Madras 1989 , p .129)

၁၄။ Fragments of a conferrion in ' The Philosophy of Sarvepalli Radhakrish man ' P . 74)

၁၅။ Brhadaranyaka Upanishad, 5 - 1

## စာရေးဆရာ

ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများအား နှိုင်းယှဉ်လေ့လာချက်ရေးသားသူ ဒေါက်တာဝိုင်-မဆစ်ခ် (ပီအိပ်ချ်ဒီ- အီဒင်ဘာ)(ဒီ လစ် - တ် - ပတ္တနား)သည် ၁၉၁၆ ခုနှစ် ဖွားသူဖြစ်ပါသည်။ ၎င်းသည် ၁၉၇၈ ခုနှစ်တွင် မဂဓတက္ကသိုလ်ပါမောက္ခအဖြစ်မှ အငြိမ်းစားယူခဲ့ပြီးနောက် အဆိုပါတက္ကသိုလ်၌ပင်လျှင် တက္ကသိုလ်များအထွေထွေကွန်ရက်မှ တာဝန်ပေးအပ်ချက်အရ ဒဿနိဗေဒဆရာတစ်ယောက်အဖြစ် ၁၉၇၈ ခုနှစ်မှ ၁၉၈၃ ခုနှစ် ထိဆောင်ရွက်ခဲ့ပါသည်။

ဒေါက်တာဝိုင်မဆစ်ခ်သည် ဒဿနိကဘာသာရပ်ကွက် စူးစမ်းလေ့လာမှု အထုံဗိဇ ဝါသနာပါသဖြင့် သုတေသနပြုမှုနှင့် ဘာသာတရားလေ့လာလိုက်စားမှုပြုခဲ့သူဖြစ်ပါသည်။ ၎င်းရေးသားပြုစုခဲ့သော အရေးပါသည့်စာအုပ်များမှာ - ကံကြွေးချစနစ်ဘာသာယုံကြည်ကိုးကွယ်မှု၊ ဟိန္ဒူဘာသာဆိုင်ရာဒဿန၊ ဟိန္ဒူဘာသာယုံကြည်ကိုးကွယ်မှု၏ ဂန္ထဝင်မြောက်ဒဿန၊ ရှန်ကာရအယူဝါဒ၏ဘာသာရေးဆိုင်ရာတူညီသော ယုံကြည်ကိုးကွယ်မှု ၊ Sant Kabir Ka Dharma Darshan ၊ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများအား နှိုင်းယှဉ်လေ့လာချက်နှင့် အနောက်တိုင်း ဒဿနအပေါ် ဆန်းစစ်ဝေဖန်ချက် အစရှိသည်များဖြစ်ပါသည်။

## မြန်မာဘာသာစကားအဖြစ်ပြန်ဆိုသူ

ဘာသာပြန်ဆိုသူ ဦးမှုံ (လဝက – ၁၂၈၈)သည် ၁၉၃၆ ခုနှစ်၌ မွေးဖွားပြီး ၁၉၅၆ ခုနှစ်တွင် (၁၀)တန်းအောင်၊ ၁၉၅၇ မှ ၁၉၉၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး ဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး( ခရိုင်ဦးစီးဌာနမှူး)အထိ တာဝန်ထမ်းဆောင်ခဲ့စဉ်၊ မြို့နယ်သာသနာရေးမှူးအဖြစ် (၁၀)နှစ်ကျော်ဆောင်ရွက်ခဲ့ရာ မွေးရာပါ ဗုဒ္ဓဘာသာဓိဇ ဝါသနာအလျောက် ဗုဒ္ဓစာပေအနည်းငယ်မျှ လေ့လာလိုက်စားမှုနှင့် ဝိပဿနာဘာဝနာကို ထိုက်သင့်သလောက်ပွားများခဲ့ပါသည်။

ဒေါက်တာဝိုင်– မဆစ်ခ် ရေးသားသည့် A comparative Study of Religions စာအုပ်ကို ၂၀၀၆–၂၀၀၈ ခုနှစ်တွင် ပြန်ဆိုရေးသားခြင်းမှတစ်ပါး စာပေလောကနှင့် အဆက်အစပ် မရှိခဲ့ဘူးပါ။

ဘာသာပြန်ဆိုမှုများယွင်းမှုရှိလျှင် မိမိတာဝန်သာဖြစ်ပါကြောင်းတာဝန်ယူပါသည်။

## အခန်း(၂) Chapter II

## ဇိုရိုအာဆရီးယားဘာသာ (ဝါ) ပါစီဘာသာ

## ZOROASTRIANISM or PARSIISM

**ဇိုရိုအာဆရီးယားဘာသာ၏ သမိုင်းကြောင်းဆိုင်ရာအရေးပါမှု**

ဝေဒဟိန္ဒူဘာသာသည် အိန္ဒိယလူမျိုး၏ရှေးအကျဆုံးဘာသာ ယုံကြည်ကိုးကွယ်မှုပုံစံဖြစ်သည်ဟူ၍ သိပ်ပြီးမကြာမြင့်သေးသည့် အချိန်ကာလအထိလက်ခံထားခဲ့သည်။ သို့သော်လည်း ယနေ့မျက်မှောက်ခေတ်ကာလ၌ ဤကဲ့သို့သောထင်မြင်ယူဆချက်အား မှန်ကန်သည်ဟု မယူဆနိုင်တော့ပေ။ ဝေဒခေတ်(time of Rgveda)အချိန်ကာလအထိ အနည်းဆုံး အာရိယန်လူမျိုး(Aryans)နှင့် လူမျိုးချင်းမတူ ကွဲပြားခြားနားသည့် ဒါ့စ်ဆာဆ်/ ဒါ့စ်ယုစ်လူမျိုး(Dasas/Dasyus)တည်ရှိခဲ့သည်။ ထို့ပြင် ၎င်းတို့၏ဘာသာ ယုံကြည်ကိုးကွယ်မှု ဆိုင်ရာ အတွေးအခေါ်အယူအဆများနှင့်ကျင့်စဉ်များ ပို၍လေးနက်စွာ ကွဲပြားခြားနားမှုရှိခဲ့ကြသည်။ Dasas/ Dasyuလူမျိုးများသည် အိန္ဒရ(Indra)အမည်ရှိသော နတ်ဘုရားနှင့်မတူသော လိင်(Linga)ဟူသည့်နတ်ဘုရားအား ကိုးကွယ်သူများဖြစ်ကြသည်။ ၎င်းတို့သည် တိရစ္ဆာန်အား ယစ်ပူဇော်မှုမပြုပဲ ဝေဒအာရိယန်စ် (Vedic Aryans)တို့နှင့် လုံးဝဆန့်ကျင်ကွဲပြားခြားနားသည့် အယူအဆများရှိကြသည်။ မိုဟင်ဂျိုဒါရိုခေတ်၏ သျှီဝဘုရား(Shiva of Mohenijo-daro)သည် ၎င်းတို့ ယုံကြည်ကိုးကွယ်သည့် နတ်ဘုရားများအနက်မှ နတ်ဘုရားတစ်ပါးဖြစ်ရန် အကြောင်းရှိသည်။

Dasas/Dasyus လူမျိုးများအကြောင်းနှင့်ပတ်သက်၍ ယခုခေတ်ကာလတွင် သိနားလည်ရန် မဖြစ်နိုင်တော့ပေ။ သို့သော် အဇီဝ(Ajivikism)ဘာသာယုံကြည်မှု၊ ဇိနဘာသာယုံကြည်ကိုးကွယ်မှု(Jainism)နှင့် ဗုဒ္ဓဘာသာယုံကြည်မှု(Buddhism)တို့သည် ဝေဒစာပေ(Vedas)အား တစ်ခုတည်းသောယုံကြည်ကိုးကွယ်မှုဆိုင်ရာ စာပေကျမ်းဂန်အဖြစ် လက်ခံကျင့်သုံးသည့် ဗြဟ္မဏဝါဒ(Brahminism)ဟုခေါ်သည့် ဝေဒအာရိယန်(Vedic Aryan)ဘာသာနှင့်သော်လည်းကောင်း၊ အားလုံးသာတိုင်းသူပြည်သားလူအများနှင့် ဇာတ်ခွဲခြားမှုစနစ်အတွင်း ဗြဟ္မဏလူမျိုး (Brahmins)များသည် အကောင်းဆုံးနှင့် သာလွန်မြင့်မြတ်ဆုံးသောလူမျိုး

ဖြစ်သည်ဟူ၍လည်းကောင်း စွဲကိုင်ကျင့်သုံးသည့် အဆိုပါဝေဒ အာရိယန်ဘာသာနှင့် အယူအဆ မတူကြသော ဘာသာယုံကြည်မှုသုံးခုဟူ၍ ကျွန်ုပ်တို့ အသေအချာတွေ့ရှိကြရသည်။ ဝေဒအယူအဆမဟုတ်သည့် ဘာသာများ(the non-Vedic)ဖြစ်သည့် အဇီဝဘာသာ (Ajivikism)*၊ ဇိနဘာသာ(Jainism)နှင့် ဗုဒ္ဓဘာသာ(Buddhism)များသည် ဝေဒစာပေ (Vedas)အား ကျမ်းဂန်များအဖြစ် လက်မခံသည့်အပြင် ဇာတ်ခွဲခြားမှုစနစ်(Caste)ကိုလည်း လက်မခံကြချေ။


နောက်ပိုင်းအချိန်ကာလ၌ အရှေ့အာရှအလယ်ပိုင်းဒေသနှင့် အိန္ဒိယလူမျိုးတို့၏ ယုံကြည် ကိုးကွယ်မှုမြင်ကွင်းတို့တွင် ဗြဟ္မဏဝါဒ(Brahminism)နှင့် ဗုဒ္ဓဘာသာ(Buddhism)တို့၏နောက်မှ အစ္စလာမ်(Islam)ဘာသာ ပေါ်ထွန်းလာခဲ့သည်ဟု ဆိုနိုင်သည်။ အစ္စလာမ်ဘာသာ မပွင့်ထွန်း မပေါ်ပေါက်သေးမီအချိန်များအတွင်း အာရိယန်လူမျိုးများအပြင် များပြားစွာသော အခြားလူမျိုး များလည်း အိန္ဒိယပြည်အတွင်းဝင်ရောက်ခဲ့ကြသည်။ ပါသျှားလူမျိုးများ(Persians)၊ တူရကီ လူမျိုးများ(Turks)နှင့် ဗုဒ္ဓဘာသာဝင်များ(Buddhists)တို့၏ အစ္စလာမ်ဘာသာအတွင်းသို့ ကူးပြောင်းဝင်ရောက်မှုနှင့်အတူ အဇီဝဘာသာယုံကြည်မှုသည် နောက်ပိုင်းတွင် ဇိနဘာသာသို့ ပေါင်းစည်းခဲ့သည်။

အထူးသဖြင့် ဗုဒ္ဓဘာသာဝင်များအတွက် တမူထူးခြားကွဲပြားသည့်အခြေအနေ ဖြစ်ပေါ် ခဲ့၏။ ၎င်းတို့သည် ဟိန္ဒူဘာသာသို့ ပြန်လည်ကူးပြောင်းလိုသည့်အချိန်အခါ၌ ၎င်းတို့အား (ယခင်ဗုဒ္ဓဘာသာဝင်များ) အချိန်ကာလများစွာကြာမြင့်မှ ဇာတ်ခွဲခြားမှုမရှိသူများအဖြစ် သော်လည်းကောင်း၊ သုဒ္ဒရများ(Shudras)အဖြစ်နှင့် ပြန်လည်ကူးပြောင်းဝင်ရောက်ခြင်းကို လက်ခံခဲ့သည်။ သုဒ္ဒရနှင့် ဇာတ်မရှိသူများဟူ၍ ခေါ်ဆိုသောလူများသည် ဇာတ်ခွဲခြားမှုမရှိသည့် တကယ့်စစ်မှန်သည့် အာရိယန်မဟုတ်သော ဘာသာယုံကြည်ကိုးကွယ်မှု**အား သိုက်အယူဝါဒ(Shaivism)နှင့် ဝိုက်ရှနပ်အယူဝါဒ (Vaisnav- ism)များ ယူဆောင်ပေးခဲ့ကြသည်။ ဝေဒယစ်ပူဇော်မှုများ၊ ဝေဒယုံကြည်ကိုးကွယ်မှုများ(Vedic sacrifices, Vedic deities)နှင့်

* *အဇီဝဘာသာယုံကြည်မှုသည် နောက်ပိုင်းတွင် ဇိနဘာသာသို့ ပေါင်းစည်းခဲ့သည်။*

** *Sir Jakunath Sircar, India Threrigh the Ages, Culucutta. 1928 P.P 56-57*

ဇာတ်ခွဲခြားမှုများအကြောင်းကို ဇိနဘာသာ(ဂျိန်းဘာသာ)နှင့် ဗုဒ္ဓဘာသာတို့သည် အမြဲတစေ အားဖြင့် ယုံကြည်နိုင်မည်ဟူ၍ သက်သေအထောက်အထားပြရန် မရှိပါပေ။ ၎င်းဘာသာ ယုံကြည်မှုနှစ်ခုတို့သည် ရင်ဘောင်တန်း၍ ပေါ်ထွန်းလာခဲ့ကြပြီး အိန္ဒိယနိုင်ငံအတွင်း စတင် ပေါ်ပေါက်လာခဲ့ကြသည့်အပြင် ဟိန္ဒူဘာသာ(Hinduism)အား ပိုမို၍ စာပေယဉ်ကျေးမှုအရာတွင် ယခုမျက်မှောက်ကာလအထိ ရှင်သန်တိုးတက်မှုဖြစ်စေခဲ့ပေသည်။ ယနေ့အချိန်အခါ၌ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုနယ်ပယ်အတွင်း မကြာခဏပြောဆိုလေ့ရှိသည့် ခေတ်သစ်ဗုဒ္ဓဘာသာဝင် (neo-buddh ist)ဟူသော အစိတ်အပိုင်းတစ်ခုအနေဖြင့် ကျန်ရှိနေသေးသည်။ သို့သော် များသောအားဖြင့် ဗုဒ္ဓဘာသာဝင်များသည် ကဘီးရ်ပမ့်၊ နပ်သာဆမ္ပရာဒါယ (Kabirapanth, Nathassam-pradaya)နှင့် အခြားသော အလားတူပုဂ္ဂိုလ်များထံမှ ရယူခဲ့ကြသည်။ အမှန်စင်စစ် အားဖြင့် ဆစ်ခ်လူမျိုး(Sikhs)တွင် နိုင်ငံခြားလူမျိုးနွယ်စု၏ အရည်အသွေး ဂုဏ်အင်္ဂါရပ်များရှိပြီး ယနေ့ချိန်၌ ၎င်းတို့သည် မိမိကိုယ်မိမိ ဟိန္ဒူလူမျိုးဟူ၍ခေါ်ဆိုခြင်း မပြုကြတော့ပေ။ ထိုနည်းအတိုင်းသာလျှင်(nonetheless) ၎င်းတို့၏ယုံကြည်ချက်ကိုလည်း ကျယ်ဝန်းသော ဟိန္ဒူဘာသာ၏အနက်အဓိပ္ပါယ်မှ ပြောင်းလဲပြင်ဆင်ခြင်း မပြုနိုင်ကြပေ။ အထင်ရှား အပေါ်လွင် ဆုံးသော သာဓကမှာ ကမ္မ၊ သံသရာ၊ ဉာဏ၊ မုတ္တိတည်းဟူသော မဏ္ဍိုင်ကြီးလေးရပ် (the four pillars of Karma-Samsara - Jnana-Muki)အား ယုံကြည်လက်ခံသူသည် ဟိန္ဒူ တစ်ယောက်ဟူ၍ နားလည်နိုင်ခြင်းဖြစ်၏။ ထိုအကြောင်းအရာသည် တမန်တော်ကိုးကွယ်သော ဘာသာယုံကြည်မှုများဖြစ်ကြသည့် ဇိုရိုအာဆရီးယားဘာသာ၊ ဂျူးဘာသာ၊ ခရစ်ဘာသာနှင့် အစ္စလာမ်ဘာသာ ကိုးကွယ်မှုများနှင့် အမျိုးအစားမတူသည့် ဘာသာယုံကြည်မှုဟူ၍ ဟိန္ဒူဘာသာကို သီးခြားအဓိပ္ပါယ်ဖွင့်ထားခြင်းဖြစ်သည်။



ဇိုရိုအာဆရီးယားဘာသာယုံကြည်မှုသည် အရေးပါဆုံးသော ဘာသာယုံကြည်မှုဖြစ်၍ (Prophetic Religions)နှင့် ဗြဟ္မဏဘာသာ(Brahminism)တို့အား မွေးဖွားသန့်စင် ထူထောင်ပေးခဲ့သည်။

## ဇိုရိုအာဆရီးယားဘာသာနှင့် တမန်တော်ယုံကြည်သည့်ဘာသာများ

ခရစ်ယာန်သာသနာသည် ကမ္ဘာလောကထဲသို့ ဂျူးဘာသာအား ပုံစံပြောင်းလဲဖော်ဆောင်ခြင်းအားဖြင့် ပွင့်ထွန်းပေါ်ပေါက် ရောက်ရှိလာခဲ့သည်။ ထိုနည်းတူစွာပင်လျှင် အစ္စလာမ်သာသနာသည်လည်း ဂျူးဘာသာနှင့်ခရစ်ယာန်ဘာသာတို့အား ပုံစံတစ်မျိုးပြောင်းလဲကိုးကွယ်ယုံကြည်ခြင်းမှ စတင်ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။ သို့သော် ဂျူးဘာသာသာသနာသည် တမန်တော်အားယုံကြည်ကိုးကွယ်သည့် ဇိုရိုအာဆရီးယားဘာသာ (Zoroastrianism)မှစတင်၍ ပြန့်ပွားတိုးတက်လာသည့်ဘာသာဖြစ်ကြောင်း အထောက်အထား အများအပြားရှိသည်။ ဂျူးဘာသာအား အကြမ်းအားဖြင့် နှစ်ပိုင်းတွေ့ရသည်။ ပထမဦးစွာ အနှစ်သာရအားဖြင့် မိုးကြိုးပစ်ခြင်း၊ လေမုန်တိုင်းကျရောက်ခြင်းအား ဖန်တီးသူဟူ၍ ယုံကြည်ယူဆသည့် သဘာဝတရား–နတ်ဘုရားယဟွေး(Yahwe)အား ရိုးသားစွာဖြင့် ယုံကြည်ကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါယဟွေးအား နတ်ဘုရား God အဖြစ်သာမက နတ်တစ်ပါးအဖြစ်ပါ ကိုးကွယ်ခဲ့သည်။

၎င်းသည် ကျွဲနွားတိရစ္ဆာန်နှင့် သိုး၊ ဆိတ်တို့ယစ်ပူဇော်ခြင်းကို သဘောကျနှစ်သက်သူလူမျိုးနွယ်စုတစ်စု၏ နတ်ဖြစ်သည်။ ထို့ပြင် ဂျူးလူမျိုးသည် မည်သည့်မိုးဇက်* စည်းမျဉ်းဥပဒေတစ်ခုခုအား ချိုးဖောက်ခြင်းသည် လူမျိုးစုအတွင်း စောင့်စည်းထိန်းသိမ်းရမည့် ကိုယ်ကျင့်သီလဆိုင်ရာစည်းမျဉ်းဥပဒေကို ချိုးဖောက်ခြင်းဟူ၍ ယုံကြည်သည်။ ၎င်းတို့၌ သေပြီးနောက် ဝိညာဉ်ဖြစ်မှုနှင့်ပတ်သက်၍ အလွန်မထင်မရှား မှုန်ဝါးသောအတွေးအခေါ်တစ်ရပ်လည်းရှိသည်။ ၎င်းတို့၏ အယူအဆအရ သေဆုံးသွားသူ၏ဝိညာဉ်သည် ရှီလော့(Shiloh)ခေါ်

* မိုးဇက်(Mosaic)ဆိုသည်မှာ မောရှေ(Moses)၏ ဥပဒေသများအနက် ပထမ(၅)အုပ်ကို ဆိုလိုသည်။

–ဘာသာပြန်သူ

အရိပ်အယောင်ပုံသဏ္ဍာန် အမျိုးအစားတစ်ခုဖြစ်သွားသည်။ ဂျူးလူမျိုးများသည် ဘေဘီလုံမြို့ (Babylonia)သို့ ပြည်နှင်ဒဏ် ပေးခြင်းခံရသောအချိန်၌ ၎င်းတို့အတွင်း ဤကဲ့သို့သောယုံကြည်မှုကို အောင်မြင်စွာရရှိခဲ့ကြသည်။ သို့သော်လည်း ၎င်းတို့အားပြည်နှင်ဒဏ်ပေးထားစဉ်အတွင်း ဘေဘီလုံတိုင်းသူပြည်သားများ ထိန်းသိမ်းစောင့်ရှောက်ထားသည့် အယူဝါဒဖြစ်သော ဇိုရိုအာဆရိုးယားဘာသာအား ကြီးမားသောအထောက်အပံ့ပြုလုပ်ခဲ့သည်။ ဂျူးလူမျိုးများ ပြည်နှင်ဒဏ်ခံရပြီးနောက် ဇိုရိုအာဆရိုးယားဘာသာ၏ အရှိန်သြဇာလွှမ်းမိုးခြင်းအောက်မှ ကြီးစွာသောပြောင်းလဲမှု(Sea-change) ဖြစ်ခဲ့သည်။

ပြည်နှင်ဒဏ်ခံရပြီးနောက် ဂျူးလူမျိုးများသည် တစ်ဆူတည်းသော ဘုရားသခင်ဝါဒ (Monotheism) ပြန်လည်ရှင်သန်ထမြောက်ခြင်းတရား(the doctrine of resurrection)နှင့် တရားစီရင်ဆုံးဖြတ်သောနေ့(the day of Judgement)၊ တမန်တော်နတ်သားများ(angles) အကြောင်းဟောကြားချက်၊ ကောင်းကင်ဘုံနှင့် ငရဲအကြောင်းဟောကြားချက် (heaven and hell)၊ ရုပ်ထုကိုးကွယ်မှုအား မုန်းတီးခြင်း(hatred of idolatry)နှင့် ၎င်းအစား တိရစ္ဆာန်ယစ်ပူဇော်မှုဖြင့် အစားထိုးခြင်းအကြောင်း ဟောပြောချက်ဖြင့် ယုံကြည်ကိုးကွယ်မှုကို တိုးတက်ပြန့်ပွားစေခဲ့သည်။ ထို့ပြင် ဂျူးဘာသာရေးဆရာများက တိုင်းသူပြည်သားများအား ချစ်ခြင်းမေတ္တာနှင့် ၎င်းတို့၏အပြစ်အနာအဆာများနှင့် အမှတ်မထင် ထာဝန်မဲ့ခြင်းများအပေါ် ကြီးစွာသော နောင်တတရားရရှိကြရန် ဟောပြောပို့ချခဲ့ကြသည်။ ထို့ပြင် လူမျိုးနွယ်စု၏ ကိုယ်ကျင့်သီလတရားစောင့်ထိန်းခြင်းအစား လူတစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားအနေဖြင့် သိမြင်သဘောပေါက်မှု စတင်ရရှိကြလေသည်။

ဇိုရိုအာဆရိုးယားဘာသာ(Zoroastrianism) ပေါ်ထွန်းလာသည့် အချိန်ကာလကို သိရှိရန် အခက်အခဲရှိသော်လည်း ၎င်းဘာသာယုံကြည်မှုသည် ဘီစီ ၂၀၀၀ ခန့်တွင် ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်ဟူ၍ ခန့်မှန်းရပါသည်။ ဂျူးလူမျိုးများသည် ဘီစီ ၇၁၂-၆၀၀ အတွင်း ဘေဘီလုံသို့ ပြည်နှင်ဒဏ်ပေးထားခြင်းခံနေရသည့်အချိန်ဖြစ်သည်။ သို့သော် ဂျူးလူမျိုးများသည် ၎င်းတို့ကိုယ်တိုင် သူတို့၏မူလအစကို မက်ဆိုပိုတေးမီးယားဒေသ အတွင်း(Mesopotamia)*

* *မက်ဆိုပိုတေးမီးယားဒေသသည် အရှေ့အလယ်ပိုင်းဒေသကို ခေါ်သည်။*

၎င်းတို့၏ ဘိုးဘွားဘီဘင် အစဉ်အဆက်ကိုးကွယ်ခဲ့သော ရုပ်ထု ကိုးကွယ်မှုအားစွန့်ပစ်၍ ကနန်နန်း(Canaan)အရပ်ဒေသသို့ ဦးတည်ရွှေ့ပြောင်းလျက် အေဗရာဟမ် (Abraham)အား ဆည်းကပ်ကိုးကွယ်ရင်း စုံစမ်းရှာဖွေဖော်ထုတ်ခဲ့ကြသည်။ ဘာသာယုံကြည် ကိုးကွယ်မှုကို အကြောင်းပြု၍ မူဆလင်များထွက်ပြေးလွတ်မြောက်ခဲ့ခြင်းဖြစ်ရန် အကြောင်း များစွာရှိသည်။ အချိန်အနည်းငယ် ကြာညောင်းလာသည့်အခါ ဇိုရိုအာဆရီးယန်း(Zoroastrian) ဘုန်းကြီးများက အေဗရာဟမ်နှင့်အတူ ၎င်းတို့၏အကြီးအကဲ တမန်တော်ဇာရာသူစထရာ (Zarathustra)အား အမှူးထား၍ ထုတ်ဖော်ခဲ့ကြသည်။ ဤအကြောင်းအရာသည် မှားယွင်းသည်။ သို့ရာတွင် နောက်ပိုင်း၌ ကျွန်ုပ်တို့ ပြန်လည်ရေးသားတင်ပြမည်ဖြစ်သည့် စည်းမျဉ်းစည်းကမ်း တင်းကြပ်လွန်းသည့် တစ်ဆူတည်းသောဘုရားသခင်အယူဝါဒအကြောင်း ဟောကြားခြင်းမှာ ဇိုရိုအာဆရိယန်သည်(Zoroastrian) သေချာတိကျစွာ သတ်မှတ်နိုင်ခဲ့ပါသည်။ သို့သော် ဘေဘီလုံ မြို့သူမြို့သားများအတွင်း တစ်ဆူတည်းသောဘုရားအား ယုံကြည်သည့်အယူဝါဒက မက်ဆိုပိုတေးမီးယားလူမျိုး အေဗရာဟမ်အပေါ် အရှိန်ဩဇာလွှမ်းမိုးချယ်လှယ်ခဲ့ကြောင်း ခန့်မှန်းတွက်ဆကောင်း တွက်ဆနိုင်ပေသည်။ ဤကဲ့သို့သောအကြောင်းကြောင့် ဂျူးလူမျိုးများ သည် ဘေဘီလုံမြို့၌ ပြည်နှင်ဒဏ်ခံရသောအခါ ၎င်းနေရာဒေသ၌ ရုပ်ထုကိုးကွယ်မှုနှင့် တိရစ္ဆာန် ယစ်ပူဇော်ခွင့် မရတော့သည့်အလျောက် ၎င်းတို့၏ ဖြူစင်သန့်ရှင်းသော တစ်ဆူတည်းသော ဘုရားသခင်ဟူသည့်အယူအဆကို ရိုးရှင်းစွာဖြင့် ပြန်လည်စည်းရုံး ကိုးကွယ်ဆည်းကပ်ခွင့်ရရှိခဲ့ ကြသည်။

ဤနေရာတွင် အနည်းငယ်မျှ သံသယဖြစ်ဖွယ်ရှိသည်မှာ ခရစ်ယာန်သာသနာသည် ဂျူးလူမျိုးများအတွင်း ယုံကြည်ယူဆချက်အား ပြုပြင်ပြောင်းလဲလိုသူများ၏ လှုပ်ရှား ဆောင်ရွက်ချက်အရ ပေါ်ပေါက်လာသည်ဆိုခြင်းဖြစ်သည်။ ယခင် ယေရှုခေတ်ကာလအချိန်အခါ သမယ၌ ဂျူးလူမျိုးများသည် ဘာသာရေးဆိုင်ရာအခမ်းအနား ကျင်းပပြုလုပ်ပုံများအား များစွာအာရုံစိုက်နေခဲ့ကြသည်။ Sabbath ခေါ် စနေနေ့၌ ဥပုသ်စောင့်ထိန်း အနားယူခြင်း အလုပ်ကို တိရစ္ဆာန်နှင့်လူ့အသက်ဖြင့် ရင်းနှီးသည်ဟူ၍ခန့်မှန်းရသည်။ ထို့ပြင် ၎င်းတို့က ယခုအချိန်ထိ ထာဝရဘုရားသခင်သည် ဘုရားကျောင်းများအတွင်း ကိန်းဝပ်စံပျော်တည်နေ တော်မူလျက်

အနှစ်သာရအားဖြင့် ဝိညာဉ်တစ်ခုမဟုတ်မူ၍ အပြစ်အနာအဆာရှိသူတစ်ဦး အနေဖြင့် ဘုရားသခင်ထံသို့ မိမိ၏အမှားကို သိနားလည်သဖြင့် စိတ်မကောင်းစွာဖြင့် ပြန်လည်နားခိုသူတစ်ဦးသည် မည်သည့်နေရာ၊ မည်သည့်အချိန်၌မဆို ဘုရားသခင်အား ဖူးတွေ့နိုင်သည်ဟူ၍ ယုံကြည်နေကြဆဲဖြစ်သည်။ သခင်ယေရှုအတွက်မှာမူ ထာဝရဘုရားသခင်သည် ဖခမည်းတော်ဖြစ်၍ ချစ်ခြင်းမေတ္တာနှင့် ယုံကြည်မှုသဒ္ဓါအတွက် ကမ္ဘာ့ဌာနအာရုံတစ်ခုဖြစ်သည်။ သခင်ယေရှုက ထာဝရဘုရားခင်အား အသဲနှလုံးထဲတွင် စွဲမြဲသောချစ်ခင်မြတ်နိုးမှုဖြင့် ဝတ်ပြုကိုးကွယ်သည့်အချိန်၊ လူတစ်ဦး၏ ရင်းနှီးသူမိတ်ဆွေများသို့ ကူညီသည့်အချိန်တို့တွင် ဖူးတွေ့နိုင်သည်ဟု ဟောကြားခဲ့သည်။ သခင်ယေရှုက ထာဝရဘုရားသခင်သည် သတ္တဝါဝေနေယျတို့အား အပြစ်အနာအဆာရှိနေသူတစ်ဦးကို မိမိ(ထာဝရဘုရား)ထံ ပြန်လည်ရောက်ရှိလာစေရန် ယင်းဝေနေယျသတ္တဝါအား ဘုရားသခင်၏ကျောင်းတော်သို့ ယူဆောင်သည့်အနေဖြင့် သေဆုံးစေခြင်းသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာဖြင့် ကယ်တင်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ တရားဓမ္မအားလုံးထက် အရေးကြီးသည်ဟူ၍လည်းကောင်း ဟောကြားတော်မူခဲ့သည်။ *(ဘုရားခေါ်သည်ဟူသော ခရစ်ယာန်ဘာသာဝင်များ သုံးနှုန်းပြောဆိုသည့်စကားမှာ အမှန်တကယ်အားဖြင့် သေဆုံးသူအား ဘုရားသခင်က ကယ်တင်ခေါ်ဆောင်သွားသည်ဟူ၍ ဆိုလိုခြင်းဖြစ်သည်။ ဘာသာပြန်သူ)*

ဤအကြောင်းခြင်းရာအားလုံးသည် ဂျူးဘာသာအဖို့ရာ၌ အမှန်တကယ်ပင် အထူးအဆန်းမဟုတ်ပါပေ။ သို့ရာတွင် အချို့အနည်းငယ်မျှသော အကြောင်းခြင်းရာတို့သည် ဂျူးလူမျိုးများအား အပြစ်ကျူးလွန်စေခဲ့သည်။ သခင်ယေရှုအား ထာဝရဘုရားသခင်ကဲ့သို့လည်းကောင်း(as God)၊ ထာဝရဘုရားသခင်၏သားတော်အဖြစ်လည်းကောင်း (as the Son of God) ယုံကြည်ကြသည်။ ဤသို့ဟောကြားချက်သည် တစ်ဆူတည်းသော ဘုရားသခင်ရှိသည်ဟူသော အယူအဆကို ဆန့်ကျင်နေသည်။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသည် ဘုရားသခင်တစ်ဆူဖြစ်၍ ၎င်းသည်သခင်ယေရှုအား လူ့လောကသို့ပို့ဆောင်ခဲ့ခြင်းမဟုတ်သလို ကိုယ်စားတော်အဖြစ် လူ့ပြည်သို့ရောက်ရှိလာခြင်း မဟုတ်သောကြောင့်ဖြစ်သည်။ ထို့ပြင် လူသားတစ်ဦးတစ်ယောက်မျှ ထာဝရဘုရားသခင်နှင့် တူညီမှုမရှိသောကြောင့်

ဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်များသည် ဂျူးလူမျိုးများသို့ တရားဥပဒေပေးအပ်ခဲ့သူ မိုးဇက်(Moses)၏ ဂုဏ်သိက္ခာအဆင့်အတန်း မှေးမှိန်သေးသိမ်သွားစေရန် ဇွဲကောင်းစွာဖြင့် စောင့်ကြည့်နေခဲ့ကြသည်။ ခရစ်ယာန်များသည် ဂျူးလူမျိုးများနှင့်မူဆလင်များ၏ သားယောက်ျား လေးများ အသက်(၁၂)နှစ်ပြည့်သောအချိန်တွင် ၎င်းတို့၏ ကျားအင်္ဂါထိပ်အရေပြားကို လှီးဖြတ်ခြင်း(Circumcision) ဘာသာရေးအစဉ်အလာနှင့် ဂျူးလူမျိုးများ အီဂျစ်လက်အောက် ကျေးကျွန်ဘဝမှ လွတ်မြောက်မှုအထိမ်းအမှတ်အဖြစ် ကျင်းပသည့် Passover ခေါ် ကျွေးမွေး ညှော်ခံပွဲတော်များ၌ တိရစ္ဆာန်များ၏အသက်မြောက်များစွာကို သတ်ဖြတ်၍ ယစ်ပူဇော်သည့် အလေ့အထအစဉ်အလာများကိုလည်း မယုံကြည်ကြပေ။ ထိုအကြောင်းများကြောင့် ဂျူးလူမျိုးများ အတွက် မိုးဇက်ကလွှဲပြောင်းပေးအပ်ခဲ့ပြီး စည်းမျဉ်းစည်းကမ်း တင်းကြပ်လွန်းသည့် တစ်ဆူ တည်းသော ထာဝရဘုရားအယူအဆအား လက်ခံကျင့်သုံးသည့် ဗိုရိအာဆရီးယန်းလူမျိုးများ၏ အရှိန်ဩဇာအာဏာလွှမ်းမိုးမှု ကြီးစွာခံခဲ့ရသော အီဇရာ(Ezra)က သန့်စင်၍ပေးခဲ့သော ယင်းစည်းကမ်းစည်းမျဉ်းတင်းကြပ်သည့် တစ်ဆူတည်းသောဘုရားသခင်ဝါဒအား မလိုက်နာ မကျင့်သုံးကြပေ။

တမန်တော်မူဟမ်မဒ် အာရပ်ဗီယလက်ထက်အချိန်ကာလသည် ပါးသျှားလူမျိုးများ၏ အုပ်စိုးမှုအောက်တွင် ကျရောက်နေခဲ့ပြီး ဗိုရိအာဆရီးယားဘာသာ၊ ဂျူးဘာသာနှင့် ခရစ်ယာန် ဘာသာတို့မှာ စည်းမျဉ်းစည်းကမ်းတင်းကြပ်လွန်းသော တစ်ဆူတည်းသောဘုရားသခင် အယူ ဝါဒ၏ ကြီးစွာသောဘာသာရေးအရှိန်ဩဇာလွှမ်းမိုးခြင်း ခံခဲ့ရသည်။ တမန်တော်မူဟမ်မဒ်က ဂျူးလူမျိုးများသည် ရုပ်ထုကိုးကွယ်မှုအယူအဆသို့ မကြာခဏ ပြန်လည်ကျရောက်ကျင့်သုံးလျက် ရှိနေကြသည့်အားလျော်စွာ ၎င်းတို့သည် စည်းမျဉ်းစည်းကမ်းတင်းကြပ်လွန်းသည့် တစ်ဆူ တည်းသော ဘုရားသခင်ဝါဒအား ယုံကြည်လက်ခံသူများမဟုတ်ဟူ၍ ထင်မှတ်ခဲ့သည်။ ထို့ပြင် ၎င်းတို့သည် မိုးဇက်နှင့်အီဇရာတို့အား ထာဝရဘုရားသခင်ထက်ပင်လျှင် ပို၍အလေးအနက်ပြု လေးစားကြည်ညိုကြသည်။ တမန်တော်မူဟမ်မဒ်က ထိုနည်းအတိုင်း ခရစ်ယာန်များအား ဘုရားသခင်၏ဂုဏ်ကျေးဇူးကို မရိုမသေထိပါးပုတ်ခတ်ပြောဆိုသူများအဖြစ် သဘောထားခဲ့၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် သခင်ယေရှုအား ထာဝရဘုရားသခင်၏သားတော်အဖြစ်

လူ့ဘဝသို့ ပို့ပေးခဲ့သူဟူ၍ ယုံကြည်ကြသောကြောင့်ဖြစ်သည်။ ယင်းတမန်တော်သည် စည်းမျဉ်းစည်းကမ်းတင်းကြပ်သည့် ဂိုရိုအာဆရီးယားဘာသာ၏ တစ်ဆူတည်းသော ဘုရားရှင်အယူဝါဒ၏ အရှိန်ဩဇာလွှမ်းမိုးခြင်းကို အကြီးအကျယ်ခံခဲ့ရသည်။ အာရေဗျနိုင်ငံအတွင်း ဂိုရိုအာဆရီးယားလူမျိုးများ သေချာစွာအမှန်တကယ်နေထိုင်ခဲ့ကြပြီး တမန်တော်၏အဆိုအရ ပထမဦးစွာ၊ အေဗရာဟမ်(Abraham)၏ ပူဇော်ခြင်းကိုခံရသူ၊ စစ်မှန်သော တစ်ဆူတည်းသောဘုရားသခင် အယူအဆကို ကျင့်သုံးသည့် ဟာနစ်(Hanif)၏အမည်နာမကို ဖော်ပြထားသည်။

ဤသို့အားဖြင့် အစ္စလာမ်ဘာသာသည် ထာဝရဘုရားသခင်က ဝေနေယျသတ္တဝါအများကို တရားဟောကြားဆုံးမရန် တမန်တော်(၂၈)ပါးအား လူ့ဘဝသို့ပို့ဆောင်ခဲ့သည်ဟု ယုံကြည်မှုရှိသည်ဖြစ်ရာ ၎င်းတမန်တော်(၂၈)ပါးအနက်မှ (၁၉)ပါးတို့၏အကြောင်းအရာများကို ကျမ်းစာဟောင်း(Old Testament)၌လည်းကောင်း၊ (သခင်ယေရှု၊ နှစ်ခြင်းခံယုသူ ဂျွန်နှင့် ဇာခရာရိယ)သုံးပါးသောတမန်တော်များ၏ အကြောင်းအရာကို ကျမ်းစာသစ်(New Testament)၌ ဖော်ပြရေးသားခဲ့ပြီးဖြစ်သည်။ သို့သော် တမန်တော်မူဟာမ်မဒ်သည် သူ၏ တစ်ဦးတည်းသောသား အိုက်ဇက်(Issac)၏အသက်ကိုစတေး၍ ထာဝရဘုရားသခင်အပေါ် သူ၏သစ္စာစောင့်သိရိုသေမှု ရှိကြောင်း သက်သေပြရန် ကြိုတင်ပြင်ဆင်ထားသည့်အတွက် အေဗရာဟမ်အားသတိရသည့် အထိမ်းအမှတ်အဖြစ် မူဆလင်များက အစ်–အူလ်–ဇူဟာ(Id-ul-Zuha)ပွဲတော်ကို တိရစ္ဆာန်များ၏ အသက်များစတေးလျက် ယစ်ပူဇော်ခြင်းကို အေဗရာဟမ်က စစ်မှန်သည့် တစ်ဆူတည်းသော ဘုရားအား ဝတ်ပြုဆုတောင်းပူဇော်ရန်လမ်းစဖြင့် ရှာဖွေဖော်ထုတ်ခဲ့သည်။ ထို့ပြင် တမန်တော် အေဗရာဟမ်သည် ဂိုရိုအာဆရီးယားဘာသာဝင်များ လိုလားနှစ်သက်မှုရှိသည့်အတိုင်း ဂျူးလူမျိုးများ၏ တစ်နေ့(၃)ကြိမ် ဝတ်ပြုဆုတောင်းသည့်စနစ်အစား* ၎င်းက တစ်နေ့လျှင်(၅)ကြိမ် ဝတ်ပြုဆုတောင်းသည့်စနစ်ဖြင့် အစားထိုးခဲ့သည်။

အစ္စလာမ်ဘာသာအယူအဆအတွင်းသို့ တလ်မူဒစ်ဂျူးဘာသာ(Talmudic Judaism)မှ တဆင့် ကြီးကျယ်များပြားစွာသော ပါစီအတွေးအခေါ်များ ရောက်ရှိသွားခဲ့သည်။ ပြန်လည်ရှင်သန်

---

*ပါစီလူမျိုးများသည် တစ်နေ့လျှင် အပိုင်း(၅)ပိုင်းခွဲခြားသတ်မှတ်၍ ဝတ်ပြုဆုတောင်းကြပြီး တစ်ပိုင်းလျှင် (၅)ကြိမ် ဝတ်ပြုဆုတောင်းသည်။ (Yes.XKIV.8) အပိုင်း(၅)ပိုင်းမှာ– နံနက်(၆)နာရီမှ (၁၀)နာရီအတွင်း။ နံနက်(၁၀)နာရီမှ ညနေ(၃)နာရီအတွင်း။ ညနေ(၃) နာရီမှ ညနေ(၆)နာရီအတွင်း။ ညနေ(၆)နာရီမှ ညဉ့်(၁၂)နာရီအတွင်း။ ညဉ့်(၁၂)နာရီမှ နံနက်(၆)နာရီအတွင်း။

ထမြောက်ခြင်း၊ တရားစစ်ဆေးခံ ဆုံးဖြတ်ချက်ချသောနေ့၊ ကောင်းကင်ဘုံနန်းနှင့်ငရဲခန်း ဟောကြားချက်၊ နတ်သမီးများနှင့် ရက်စက်ကြမ်းကျုတ်သော မကောင်းဆိုးဝါးပညာ၊ တရားစစ်ဆေးမှုကို သေဆုံးပြီးသူတစ်ဦးစီ၏ ဝိညာဉ်များအား Sirat ခေါ် တံတားကို ဖြတ်ကျော်စေခြင်းဖြစ်သည်။ ဂိုရိုအာဆရီးယားဘာသာနှင့် အစ္စလာမ်ဘာသာတို့၏ တူညီသောထူးခြားထင်ရှားသည့်အချက်များတွင် Iconoclasm ခေါ် ၈ ရာစုနှင့် ၉ ရာစုများအတွင်း ဥရောပတိုက်အရှေ့ပိုင်းနိုင်ငံများတွင် ဘုရားရှိခိုးကျောင်းများ၌ ရုပ်ထုများဝတ်ပြုကိုးကွယ်မှုအား ဆန့်ကျင်သည့်သဘောတရားနှင့် စစ်သွေးစစ်မာန်ပြင်းထန်စေရန် ဟောပြောချက်များလည်း ပါဝင်သည်။

ထို့အကြောင်းကြောင့် တမန်တော်ကိုးကွယ်သည့်ဘာသာသည် အဟူရာမာဇဒါ(Ahura Mazada)အမည်ရှိသော ထာဝရဘုရားသခင်တစ်ပါးအား တမန်တော်ဇာရာသူစထရာ(Zarathustra) ဝတ်ပြုဆုတောင်းသည့် သတင်းစကားဖြင့် ပါစီလူမျိုးများ(Parsis) ပထမဦးဆုံးစတင်ဖော်ထုတ်ပြသခဲ့သည်။ သို့သော် ၎င်းအဟူရာမာဇဒါ(Ahura Mazada)သည် အာရိယန်(Aryans)များ၏ အဆူရာမေဒ(Asura Medha) တကယ့်အစစ်အမှန်ဖြစ်သည်။ ဆိုလိုသည်မှာယခုတိုင်တည်တံ့လျက်ရှိနေသော ပညာရှိထာဝရဘုရားသခင်ဖြစ်သည်။ ဂိုရိုအာဆရီးယားဘာသာနှင့် အီရန်လူမျိုးများသည် ဆီမက်တစ်တမန်တော်ကိုးကွယ်သည့် ဘာသာများနှင့်ပြည်သူပြည်သားများ(Semitic Prophetic religions and people)နှင့်စာလျှင် အင်ဒို–အာရိယန်(Indo-Aryans)(*အိန္ဒိယလူမျိုးကို ဆိုလိုသည်–ဘာသာပြန်သူ*)နှင့် ပိုဝေးသောဆွေမျိုးတော်စပ်မှုရှိသည်။

## အီရန်လူမျိုးများနှင့် အင်ဒို–အာရိယန်များ

**The Iranians and Indo-Aryans**

ရှေးအကျဆုံးပါစီစာပေအက္ခရာသည် ဂါထာ(Gatha)ဖြစ်ကြောင်း သိရှိရသည်။ အချိန်ကာလ ရွေ့လျောကြာမြင့်လာသောအခါ ဇင်(Zend) ခေါ် ဝေဖန်ရေးစာပေနှင့် အာဗက်စ်တ(Avesta)ခေါ် နောက်ပိုင်းကာလ၌ အသုံးပြုရေးသားခဲ့သောစာတို့ကို ရေးသားအသုံးပြုခဲ့သည်။ ထို့ကြောင့် ယခုအခါ ဇင်ဒါဗက်စ်တ(Zendavesta)ဟူ၍ သိရှိကြသည်။

ဇင်ဒါဗက်စ်တ ဘာသာစကားကို နှစ်ပိုင်း ပိုင်းထားသည်။

၁။ ပထမပိုင်းတွင် ဗင်ဒီဒက်(Vendidad)၊ ဗိုက်စ်စပါရတ်(Visperad)နှင့် ယတ်စ်နာ (Yasna) တို့ပါဝင်သည်။ ဗင်ဒီဒက်ဆိုသည်မှာ ဘာသာယုံကြည်မှုဆိုင်ရာ ကျင့်သုံးလိုက်နာရမည့် စည်းကမ်း ဥပဒေများနှင့် အဖြစ်သနစ်အကြောင်းခြင်းရာ(ဝါ) ဖြစ်စဉ်များ (Laws and Stories) ဗက်စပါရတ်တွင် ယစ်ပူဇော်ခြင်းနှင့်သက်ဆိုင်သော ပြုလုပ်ရမည့်အဆောင်အယောင်တွင် ပါရှိရမည့် အသွင်သဏ္ဌာန် နမူနာပုံစံများပါရှိသည်။ ထို့ပြင် ယတ်စ်နာတွင်လည်း အထူးတလည်ရေးဖွဲ့ထားသော စကားရပ်များ ပါဝင်သည့် ဂါထာ(၅)ပုဒ်(five hymns of Gathas) ပါရှိသည်။

၂။ ဒုတိယပိုင်း၌ ခိုဒါအဗက်စ်စတ(Khorda Avesta) ခေါ် ဝတ်ပြုဆုတောင်းပွဲ အငယ်စား(Small Avesta) ပြုလုပ်ပုံများ ပါဝင်သည်။

ဇင်ဒါဗက်စ်စတဘာသာစကားအသုံးအနှုန်းကို တိုင်းသူပြည်သားလူပုဂ္ဂိုလ်များအနေဖြင့် သဘောအဓိပ္ပါယ်အား နားမလည်သည့်အခါ၌ ပါစီဘာသာဘုန်းတော်ကြီးများက ရှေးဟောင်း ပါသျှားလူမျိုးတို့၏ ဘာသာစကားဖြစ်သော ပါလ်ဗီ(Pahlavi)ဘာသာစကားသို့ ပြန်ဆိုပေးခဲ့ ကြသည်။ ပြင်သစ်၊ ဂျာမဏီနှင့် ဗြိတိသျှပညာရှင်များသည် ဂါထာနှင့် ဇင်ဒါဗက်စ်စတဘာသာ စကားအား ကြိုးစား၍အဓိပ္ပါယ်ဖော်ဆောင်ခဲ့သည်။ တဖြည်းဖြည်း တစတစနှင့် ဇင်ဒါဗက်စ်စတနှင့် ဂါထာဘာသာစကားတို့သည် သက္ကတဘာသာစကား(Sanskrta)နှင့် အလွန့်အလွန်နီးစပ် ဆက်နွယ်မှုရှိသည်ကို တွေ့ရှိခဲ့ကြသည်။ ပနိနိ(Panini) ၊ ကတ်ယာယန(Katyayana)နှင့် ပတန်ဂျလိ(Patanjali)ဘာသာစကားများ၏ စာရေးသားမှုပုံစံ(Gramma)နှင့်ဆက်စပ်၍ အဓိပ္ပါယ် ဖော်ဆောင်ကြည့်သောအခါ ဂါထာနှင့် ဇင်ဒါဗက်စ်စတဘာသာစကားအား အနောက်တိုင်းသားများ နားလည်သဘောပေါက်ခဲ့ကြသည်။

ဤထူးဆန်းအံ့ဩဖွယ်ကောင်းသည့်အချက်အလက်များမှ ရရှိခဲ့သောသင်ခန်းစာမှာ တစ်ချိန်က ဂါထာနှင့် ဇင်ဒါဗက်စတ စကားပြောကြားသည့် အီရန်မျိုးနွယ်စုနှင့် ဝေဒဘာသာစကား ပြောဆိုသော အင်ဒို-အာရိယန်မျိုးနွယ်စုတို့သည် သက္ကတဘာသာစကားနှင့် နီးစပ်စွာအသွင်တူသော ဘာသာစကားပြောဆိုသည့် လူမျိုးတစ်မျိုးတည်းအဖြစ်သို့ ပေါင်းစပ်သွားခဲ့သည်ဆိုသည့် အချက်မှာ ထင်ရှားလှပေ၏။ အမှန်စင်စစ်အားဖြင့် အီဂျစ်နိုင်ငံ တယ်-အာလ်-အာမာနာ(Tell-El-Amarna in Egypt)နှင့် အာရှ-မိုင်းနား ဒေသ၊ ဘိုဂတ်စ်ကွီ(Boghaz Keui in Asia

Minors)တို့၌ တွေ့ရှိရသော ရွှံ့စေးစာလုံးများအား လေ့လာခြင်းဖြင့် ရှင်းလင်းစွာတွေမြင်ရသည်။ ယင်းရွှံ့စေးစာလုံးများပေါ်တွင် ဟစ်တစ်ပြည့်ရှင် ဘုရင်ဆူဗလုလျူမား(King Subiluluim of the Hitties)နှင့် မိတန်ပြည့်ရှင်ဘုရင် မတ္တိဝါဇာ(Mitanni King Mattiwaz)တို့ ချုပ်ဆိုခဲ့သော စာချုပ်ပါ ရွှံ့စေးစာလုံးများတွင် ဖော်ပြထားချက်များအရ အိန္ဒရာ(Indra)၊ ဝါရုဏာ(Varuna)၊ မိထရာ(Mitra)နှင့် နာဆတ္တယ(Nasatya)တို့ကို သက်သေများအဖြစ် တွေ့ရှိရသည်။ ဤရွှံ့စေးစာလုံးများ၏ သက်တမ်းကို ဖော်ပြသည့်ရက်စွဲမှာ ဘီစီ-၁၆၀၀ ခန့်က ဖြစ်သည်။ ဘီစီ-၁၆၀၀ ခန့်က ယင်းဒေသရှိ လူအများယုံကြည်ကိုးကွယ်ကြသည့်နတ်များမှာ ဝေဒနတ်များ (Vedic Gods)နှင့် အလွန်တူညီနေကြောင်း အဆိုပါရွှံ့စေးစာလုံးများက ရှင်းလင်းစွာညွှန်ပြ နေသည်။ ထို့ပြင် ယင်းဒေသအတွင်းနေထိုင်ကြသော ပြည်သူပြည်သားလူအများသည် အနည်းနှင့်အများ တူညီသောဘာသာရေးယုံကြည်ချက်ရှိသူများ ဖြစ်ကြသည်။ ဒေဝ(Deva)နှင့် အဆူရ/ အဟူရ(Asura/Ahura)၊ ယဉ်ဂျနာနှင့် ယပ်စ်နာ(Yajna and Yasna)၊ ရတနှင့် အရှ(Rta and Asha)၊ ဂါလ်တာ(Galta)တို့သည် တစ်ခုတည်းနှင့် အလားတူညီသော ဘာသာရေးဆိုင်ရာ အသုံးအနှုန်းဖြစ်ကြသည်။ စကားလုံးနှင့် စာရေးသားမှုတွင် အခြားအခြားသော ဘာသာစကားပြော ကြားမှုကို လေ့လာသည့်အတတ်ပညာ၏ တူညီသောအချက်များစွာတွေ့ရပြီး ၎င်းအချက်သည် အီရန်လူမျိုးတို့၏ ဇင်ဒါဗက်စ်စတာဘာသာစကားနှင့် အင်ဒို-အာရိယန်လူမျိုး တို့အား တစ်မျိုးတည်းနှင့်အလားတူ တူညီသော လူမျိုးတစ်မျိုးအဖြစ်သို့ ဖြစ်ပေါ်စေခဲ့သည်မှာ သံသယဖြစ်ရန် မရှိပေ။ ၎င်းတို့သည် အတူတကွနေထိုင်ခဲ့ပြီးဖြစ်ပါလျက် မည်သည့် အကြောင်းကြောင့် ခွဲခွာသွားခဲ့ကြပါသနည်း။

ဤမျှရှည်လျားသော အမေးပုစ္ဆာ၏အဖြေကို တိတိကျကျဖြေကြားနိုင်မည် မဟုတ်ပါ။ မည်သို့ပင်ဖြစ်စေကာမူ ဤနေရာ၌ ပညာရှင်များအနေဖြင့် သက်သေအထောက်အထားမရှိသည့် အသံအချို့ကို ဖော်ပြသွားရန်ရှိ၏။ မာတင် ဟောက်(Martin Hauug)က အာရိယန်လူမျိုးများ၏ အစိတ်အပိုင်းတစ်ခုသည် စိုက်ပျိုးလုပ်ကိုင်သူများအဖြစ် အတည်တကျအခြေချနေထိုင်ခဲ့သည်။ သို့သော် ယင်းအာရိယန်လူမျိုးများ၏ အခြားအစိတ်အပိုင်းတစ်ခုမှာမူ ရွှေ့ပြောင်းသွားလာ၍ နွားမွေးမြူကာ အသက်မွေးဝမ်းကျောင်းသူများအဖြစ် ကျန်နေခဲ့သည်။ ဤသို့ တစ်နေရာမှ

တစ်နေရာသို့ ရွှေ့ပြောင်းသွားလာနေထိုင်လျက် နွားကျောင်း၊ နွားမွေးသောလူအုပ်စုသည် နောက်ကြာမြင့်လာသောအခါ၌ အင်ဒို–အာရိယန် လူမျိုးဖြစ်လာပြီး အခြေတကျစိုက်ပျိုးလုပ်ကိုင်သူ အာရိယန်များအတွင်း မကြာခဏအတင်းအဓမ္မဝင်ရောက်လျက် ကျွဲ၊ နွား၊ တိရစ္ဆာန်နှင့် ဥစ္စာဓန၊ ပစ္စည်းပစ္စ လယ်ယာထွက်ကုန်တို့ကို လုယူဖျက်ဆီးကြသည်။ ထိုသို့ အကြိမ်ကြိမ် ဝင်ရောက်တိုက်ခိုက်သည့်စစ်ပွဲများ၌ အင်ဒို–အာရိယန်က အသာစီးရအောင်နိုင်ကြလေသည်။ ထို့ကြောင့် စိုက်ပျိုးရေးဖြင့် အတည်တကျနေထိုင်သူ အာရိယန်လူမျိုးများသည် အင်ဒို–အာရိယန်များအပေါ် မုန်းတီးမှုများ ဖြစ်လာကြသည်။ ၎င်းလူမျိုးစုနှစ်ခုအတွင်း ဘာသာယုံကြည်မှု ကွဲပြားခြားနားချက်များ နက်ရှိုင်းစွာဖြစ်ပေါ်ခဲ့ကြသည်။ ထိုအချိန်ကာလကို အာရိယန်ဘာသာယုံကြည်ကိုးကွယ်မှုအတွင်း ပြုပြင်ပြောင်းလဲခြင်း၏ အခြေခံအကြောင်းရင်းအချို့ စတင်ဖြစ်ပေါ်ခဲ့သည်ဟူ၍ ပြောဆိုရန်စက်ခဲပါသည်။

သို့ရာတွင် ဘီစီ–၂၀၀၀ ခန့် တစ်ခုအချိန်ကာလ၌ အာရိယန်မျိုးနွယ်စုတွင်ပါဝင်သော စိုက်ပျိုးရေးသမား အီရန်လူမျိုးများသည် ကိုယ်တွင်းစိတ်နေသဘောထား ဖြူစင်စေသောအားဖြင့် စည်းမျဉ်းစည်းကမ်းတင်းကြသော တစ်ဆူတည်းသောဘုရားသခင်ဝါဒ သဘောတရားအယူအဆဖြင့် ကောင်းစွာအားထုတ်သည့်အဆင့်သို့ ရောက်ရှိကြလေ၏။ ဆန့်ကျင်ဘက်ပြုသည့်သဘော နေရာဒေသတစ်ခုမှတစ်ခုသို့ ကွဲနွားအုပ်စုဖြင့် ပြောင်းရွှေ့နေထိုင်ကြသော အင်ဒို–အာရိယန်လူမျိုးများသည် တစ်ပါးမက များပြားလှသောနတ်များကို ယုံကြည်ကိုးကွယ်ကြသူများအဖြစ်လည်းကောင်း၊ ဘာသာရေးအစဉ်အလာ ပွဲလမ်းသဘင်များကို ပြုလုပ်သူများအဖြစ်လည်းကောင်း၊ မိမိတို့လိုအင်ဆန္ဒအဝဝကို ကျွဲ၊ နွား၊ တိရစ္ဆာန်အား ယစ်ပူဇော်ခြင်းဖြင့် ရရှိနိုင်သည်ဟူ၍ ယုံကြည်သူများ ဖြစ်လာကြသည်။ အမှန်အတိုင်းဝန်ခံ ရေးသားတင်ပြရလျှင် စောစောပိုင်းအချိန်ကာလ ဂျူးလူမျိုးများအတွင်း ကျွန်ုပ်တို့တွေ့ရှိသည့်အတိုင်း ရွှေ့ပြောင်းသွားလာ၍ ကျွဲ၊ နွား မွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းသောလူများအတွက် တိရစ္ဆာန်ယစ်ပူဇော်ခြင်းသည် ၎င်းတို့ ယုံကြည်သောနတ်များကို ချစ်မြတ်နိုးကြောင်းနှင့် ပူဇော်ပသခြင်းဖြစ်ကြောင်းပြသလိုသဘောဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ အသွင်သဏ္ဌာန်ပြုပြင်ပြောင်းလဲခဲ့သော အီရန်လူမျိုးများသည် ရုပ်ထုကိုးကွယ်မှုနှင့် တိရစ္ဆာန်ယစ်ပူဇော်ခြင်းကို အလေးမပေးပါ။

ဤနည်းအားဖြင့် ပါသျှန်နွယ်ဖွား အာရိယန်လူမျိုးများ(Persian Aryan)၊ အင်ဒို–အာရိယန်လူမျိုးများ(Indo-Aryan)*အကြား အယူအဆနက်ရှိုင်းစွာကွဲလွဲခဲ့သည်။ ဝရုဏ(Varuna)** နတ်ဘုရားသည် အိန္ဒရာ(Indra)နတ်ဘုရားထက် အီရန်လူမျိုးများနှင့် ပိုမိုရင်းနှီးသိကျွမ်းသည့်အချက်မှာ ထင်ရှားလှပါသည်။ ဇိုရိုအာဆရီးယားဘာသာတွင် အဟူရာမာဇဒါနတ်ဘုရား(Ahura Mazda in Zoroastrianism) သည် ဝရုဏနတ်ဘုရား၏ပုံရိပ်ကို အသွင်ကူးပြောင်းစေခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အင်ဒရာနတ်ဘုရားသည် ဒေဝါနမ်ဒေဝ(Devanam Devah)အမည်ရသော စစ်ရေးစစ်ရာနှင့်ပတ်သက်သောနတ်ဘုရား(War Lord)အဖြစ် ကျန်နေခဲ့သည်။

အသိပညာရှင် မာတင်ဟောက်(Martin Haug)၏အဆိုအရ ဇင်ဒါဗက်စ်တာဘာသာ ယုံကြည်ကိုးကွယ်မှု(Zendavesta)၌ အလွန်ကြာမြင့်ခဲ့ပြီဖြစ်သော အချိန်ကာလ၏အစကပင်လျှင် ဒေဝ(Deva)နတ်ဟူသော အမည်နာမသည် ယေဘုယျအားဖြင့် မကောင်းဆိုးဝါးဝိညာဉ်ကိုခေါ်သည့်အမည် ဖြစ်ခဲ့သော်လည်း ဇိုရိုအာဆရီးယားဘာသာ၌မူ ဒေဝ(စ်)ဗီဒေဝို (Devas-vi-daevo)အား ဆန့်ကျင်သည့်အယူအဆရှိသည်။ ဒေဝ(စ်)(Devas)များအား ဆန့်ကျင်လျက် ဇိုရိုအာဆရီးယားဘာသာသည် အဆူရာ(အဟူရာ) သို့မဟုတ် အဟူရာမဇဒါအား ယုံကြည်ကိုးကွယ်သည့်ဘာသာ ဖြစ်သည်။ ''မာဇဒါ''ဟူသော စကားအသုံးအနှုန်းသည် ''မေဒ'' (Medha)နှင့်အဓိပ္ပါယ်အတူတူဖြစ်၍ (သက္ကတဘာသာစကားအရ ပညာရှိခြင်းကိုခေါ်သည်) ဝေဒ(Rgveda)၏ပိုရှေးကျသော အသုံးအနှုန်းစကား၏အပိုင်းများတွင် အသူရာ(Asura)ကို ကောင်းသောအမြင်ဟူ၍ သုံးစွဲခေါ်ဆိုသည်။

အင်ဒါရာ ခေါ် အသူရာ နတ်ဘုရားတစ်ပါး(Asura God.1.54-3)၊ ဝရုဏနတ်ဘုရား (Varuna)(R.V. 1.24-14)၊ အဂ္ဂိနိနတ်ဘုရား(Agni) (IV.2.5:VII.2.3)၊ ဆာဗိထရီ နတ်ဘုရား (Savitri) (R.V.1.35-7)နှင့် ရုဒြရနတ်ဘုရား(Rudra) (R.V.5.42-V)တို့သည် အသက်ရှင်သန်မှုဟုအဓိပ္ပါယ်ရသည့် အသူရာ(Asura)ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသု(asu)၏အဓိပ္ပါယ်

* *ဤအင်ဒို–အာရိယန်နှင့် အီရန်တို့ ပဋိပက္ခခန့်မှန်းယူဆချက်အား ဂျိမ်း(စ်)ဒါမက်စ်စတီးတား(James Darmesteta)ဆိုသူ အသိပညာရှင်က အလွန်မထင်မရှားမှုသာ ငြင်းဆိုခဲ့လေသည်။ (နိဒါန်း– SBE Vol.IV.41-42) ဂျိမ်း(စ်)ဒါမက်စတီးတားသည် အီရန်လူမျိုးတို့၏ တန်ခိုးအကြီးဆုံးနတ်ဘုရား၊ အဟူရာမာဇဒါနှင့် ရှေးဦးဝေဒခေတ် တန်ခိုးအကြီးဆုံးနတ်ဘုရားဝရုဏတို့ကို နှိုင်းယှဉ် ထောက်ပြ ဝေဖန်ရေးသားထားသည်။ (SBE.Vol.IV နိဒါန်း XXIX)*

** *ဝရုဏနတ်ဘုရား၏အမည်သည် ယနေ့ဗုဒ္ဓဘာသာတပေကျမ်းဂန်များတွင် ပါရှိကောင်းပါရှိနေလိမ့်မည်။ (ဘာသာပြန်သူ)*

မှာ အသက်ရှုခြင်းကို ဆိုလိုသောကြောင့်ဖြစ်သည်။ သို့သော် အချိန်ကာလ ရွေ့လျောကြာမြင့်လာသောအခါ ရှေးယခင်ဝေဒစာပေကျမ်းဂန်၌ ဒေဝ(စ်)(Devas)တို့ကို အသူရာနှင့်အတူ စစ်မြေပြင်၌ပါဝင်သော သတ္တဝါတို့၏အလင်းရောင်ဟူ၍ ခေါ်ဆိုသုံးနှုန်းခဲ့လေသည်။

ဤနည်းအားဖြင့် အချိန်ကာလကြာမြင့်လာသောအခါ ဗြဟ္မဏစာပေကျမ်းဂန်တွင် အသူရာနတ်ဘုရား(Asuras)သည် မကောင်းဆိုးဝါး သဘာဝလွန်နတ်ဘုရားဟူ၍ ယူဆလာကြသည်။ သို့သော် တစ်ချိန်တည်းမှာပင် ဇိုရိုအာဆရိယန်းစာပေကျမ်းဂန်၌မူ အသူရာနတ်ဘုရားအား ရိုသေလေးမြတ်စွာ ပူဇော်ဦးခိုက်အပ်သော ယုံကြည်ဆည်းကပ်ကိုးကွယ်ရာအဖြစ် ကျန်ရှိခဲ့သည်။ ထိုအကြောင်းခြင်းရာများကို ကြည့်ခြင်းအားဖြင့် အင်ဒို-အာရိယန်များသည် အင်ဒရာ(Indra)နှင့်အတူ အသူရာ(Asura)အား စစ်အောင်နိုင်ရေးအတွက် တန်ခိုးအာဏာအကြီးမားဆုံးသော နတ်ဘုရားဖြစ်လာသည့်အချိန်တွင် အီရန်လူမျိုးများမှာမူ အသူရာအား အဟူရာမာဇဒါ(Ahura Mazada)ဟူသောနတ်ဘုရား (ဝါ) ထာဝရဘုရားသခင်(God)အဖြစ် ယုံကြည်မှုထားရှိကြလျက် ၎င်းနတ်ဘုရားအား ဖခင်အဖြစ်လည်းကောင်း၊ သူငယ်ချင်းအဖြစ်လည်းကောင်း ချစ်ကြည်လေးစားကြသည်။ အမှန်တကယ်အားဖြင့်လည်း(Devas)ခေါ် နတ်ဒေဝါများအား ယုံကြည်ကိုးကွယ်သူများနှင့် အဟူရာမာဇဒါနတ်ဘုရားအား ယုံကြည်ကိုးကွယ်သူများအကြား ကောင်းသော ခြားနားကွဲပြားမှုဖြစ်ခဲ့ပါ၏။ အာရိယန်လူမျိုးများ၏များစွာသော နတ်ဘုရားများသည် နတ်သား၊ နတ်သမီးများအဖြစ်သို့ လျှော့ချယုံကြည်မှုပြု၍ အချို့သောနတ်ဒေဝါများ(some of Devas)မှာမူ ဇိုရိုအာဆရီးယားဘာသာ၌ မကောင်းဆိုးဝါး သဘာဝလွန်တန်ခိုးရှင်များဟူ၍ ယုံကြည်မှုကျန်ရစ်ခဲ့သည်။ နတ်ကိုးကွယ်သူများသည်(Deva Worshipers) တိရစ္ဆာန်ယဇ်ပူဇော်မှုနှင့် နတ်ရုပ်ကိုးကွယ်မှုတို့မှာ လိုအင်ဆန္ဒပြည့်ဝနိုင်စေသည်ဟု ယုံကြည်နေကြဆဲဖြစ်သည်။ ဇိုရိုအာဆရီးယားဘာသာဝင်များသည် နတ်ကိုးကွယ်မှုအားဆန့်ကျင်လျက် ဘာသာရေးဆိုင်ရာရုပ်ပုံကားချပ်၊ ရုပ်ထုကိုးကွယ်မှု မပြုကြသည့်အပြင် တိရစ္ဆာန်အသက်သတ်ဖြတ်၍ ယဇ်ပူဇော်ခြင်းကိုလည်း အာမပေးယုံမှုသာမက လူမှုရေးအကျင့်သိက္ခာ၊ ကိုယ်ကျင့်သီလနှင့်ဖိလာဆန့်ကျင်မှုဟူ၍ အလေးပေးဟောပြောရေးသားကြသည်။ ဤနည်းအားဖြင့် ဗြဟ္မဏစာပေကျမ်းဂန် (Brahminical books)များတွင် အသူရာ(Asuras)များသည် နတ်ဒေဝါများအားရည်စူးသည့် ယဇ်ပူဇော်မှု

များကို အနောက်အယှက်ပြုသူ၊ နတ်ဒေဝါများ၏ရန်သူဟူ၍ သဘောထားရေးသားကြသည်။

အင်ဒို-အာရိယန်များသည် ၎င်းတို့နှင့်သွေးနီးစပ်သော အီရန်လူမျိုးများ(ဝါ) ဇိုရိုအာဆရီးယားဘာသာကိုးကွယ်သူများနှင့် အတူတကွနေထိုင်ခြင်း မပြုတော့ကြောင်း အထက် ဖော်ပြပါအချက်အလက်များက ခိုင်လုံမှုမရှိပဲ ခန့်မှန်းပြောဆိုရေးသားခဲ့သည်။ ဝေဒဘာသာ ယုံကြည်ကိုးကွယ်မှုသည် ဗြဟ္မဏလူမျိုးများအတွက်ဖြစ်သကဲ့သို့ ပါစီဘာသာယုံကြည်မှုသည် တမန်တော်ကိုးကွယ်သည့် ဆီမိုက်လူမျိုးတို့၏ဘာသာယုံကြည်မှု(Religion of Semites) ဖြစ်သည်။ ဒါလ်လ(Dhalla)၏အဆိုအရ အာရိယန်လူမျိုးတို့၏ စောစောပိုင်းအချိန်ကာလနေ့ရက် များအတွင်း ၎င်းလူမျိုးကွဲ အုပ်စုနှစ်စုတို့သည် တူညီသောနတ်ဘုရားများအား လူသားဘဝအတွက် တူညီသော စိတ်ကူးစိတ်သန်းတို့ဖြင့် ယစ်ပူဇော်မှုကိုပြုကြသည်။ ၎င်းတို့သည် ဘီစီ-၂၀၀၀ ခန့်တွင် တစ်စုနှင့်တစ်စု ကွဲကွာခဲ့ကြသည်။

"ဤအကြောင်းအရာအား ဂျွန်ဒါမက်စ်စတီးတာ(Darmesteter)က ရေးသားခဲ့ရာတွင်-

... အချိန်ကာလကြာညောင်းစွာ မေ့ပျောက်နေခဲ့သော အတိတ်၏အရိပ်နှင့် ပါစီဘာသာအား ဝတ်ပြုပူဇော်မှုများကို ၎င်းနတ်ဘုရားများသည် မည်သူမည်ဝါဖြစ်သည် ကိုလည်းကောင်း၊ မည်သည့်အရပ်ဒေသမှ လာခဲ့ကြကြောင်းကိုလည်းကောင်း သိနားလည်ခြင်း မရှိပဲ ဦးထိပ်ပန်ဆင်ချီးကျူးပူဇော်ကြခြင်းများအား ဝေဒဘာသာစာပေများ(Vedas)က ရတ်တရက်ထုတ်ဖော်ရေးသားခဲ့သည်။

ထပ်မံ၍ ရေးသားသည်မှာ -

အဗက်စတ(Avesta)အတွက် အဓိအရေးအကြီးဆုံးသော ဘာသာစာပေမှာ ပါလာဗီ စာပေမဟုတ်ပဲ ဝေဒစာပေ(Vedas)သာဖြစ်သည်။ အဗက်စ်စတာနှင့် ဝေဒဘာသာစကားတို့သည် တစ်ခုတည်းနှင့် တူညီသောအသံနေအသံထား၏ ပွဲတင်သံနှစ်ခုဖြစ်သည်။ တစ်မျိုးတည်းသော အတွေးအခေါ်၏ ရောင်ပြန်ဟပ်သော ဆောင်ရွက်ချက်ဖြစ်သည်။ ထို့ကြောင့် ဝေဒစာပေသည် အဗက်စ်စတာစာပေအတွက် အကောင်းဆုံးအဘိဓာန်ဖြစ်သည်။"

## ပါစီဘာသာ၏ ထူးခြားထင်ရှားသည့်အခြေခံအချက်များ
## Basic Features of Parsiism

ဇိုရိုအာဆရီးယားဘာသာအကြောင်းနှင့်ပတ်သက်၍ ရှေးသမိုင်းပညာရှင်များက မှတ်စုမှတ်ရာများ ရေးသားခဲ့ကြဖူးလေသည်။ ဇိုရိုအာဆရီးယား၏ အတ္ထုပ္ပတ္တိနှင့်စပ်လျဉ်းသည့် အစောဆုံးသောညွှန်းဆိုရေးသားချက်ကို ပလေတိုက အယ်စီဘိုက်(ဒ်)(စ်)(Plato in Alcibiades) စာအုပ်တွင် ဖော်ပြခဲ့သည်။ ဇိုရိုအာဆရီးယားသည် နတ်ဘုရားအဟူရာမာဇဒါ(Ahura Mazada) ၏သားတော်ဖြစ်သည်ဟု ရေးသားခဲ့သည်။ ထို့နောက်ပိုင်းကာလ ဘီစီ–၄၅၀၌ သမိုင်းဆရာများ၏ ဖခင်ကြီးဟုခေါ်နိုင်သူ ဟီရိုဒိုးတပ်(စ်) (Herodo Tus)က ပါသျှားလူမျိုးများတွင် ဘုရားကျောင်းအဆောက်အဦများနှင့် ရုပ်ထုများလည်း မရှိသေးကြောင်း ရေးသားဖော်ပြသည်။ ထို့ပြင် သူက ကျွန်ုပ်တို့အား ဆက်လက်အသိဉာဏ်ပေးထားသည်မှာ ပါးသျှားလူမျိုးများသည် မီး(Fire)ကို နတ်ဘုရားတစ်ပါးအဖြစ် ယုံကြည်ထားကြသည်။ ဘီစီ–၆၀ တွင် ပထဝီဝင်ဆရာ စထရာဘို(Strabo-B.C 60)က ပါးသျှားလူမျိုးများသည် ၎င်းတို့ယုံကြည်ကိုးကွယ်ရာ နတ်ဘုရားတစ်ပါးအား ပူဇော်မှုမပြုမီ ပထမဆုံး မီးကိုအကူအညီတောင်းကြသည်။ ပလူတပ်ချ်က (Plutarch-46.AD, 120-AD)ပါးသျှားလူမျိုးများ၏အဆိုအရ ကောင်းမှုနှင့်မကောင်းမှု တို့သည် အစဉ်အမြဲဒွန်နေကြသည်။ ကောင်းမြတ်သောနတ်ဘုရားသည် မကောင်းဆိုးဝါး နတ်မိစ္ဆာ များနှင့် စဉ်ဆက်မပြတ် အမြဲတစေ စစ်ခင်းလျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ နောက်ဆုံး၌ မကောင်းဆိုးဝါးနတ်ဘုရားအာရိမာန်(Ahriman)သည် ပျက်စီး၍ပျောက်ကွယ်သွားမည်ဖြစ်ရာ လူသားများအားလုံးတို့သည် ပျော်ရွှင်သောဘဝ ရကြလိမ့်မည်ဟူ၍ ယုံကြည်ကြသည်။

အထက်၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း အသိဉာဏ်အလင်းရောင်ကို ထွန်းညှိပေးခဲ့သည့်အလျောက် ဇိုရိုအာဆရီးယားဘာသာ၏ အခြေခံကျသော ခံယူယုံကြည်ချက်အချို့ကို ကျွန်ုပ်တို့ဖော်ပြရေးသားနိုင်ပါသည်။ အဆိုပါ ဇိုရိုအာဆရီးယားဘာသာ၏ ထူးခြားပေါ်လွင်ထင်ရှားသောအချက်များသည် ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာတို့အပေါ်၌ ဩဇာလွှမ်းမိုးလျက်ရှိကြောင်းကို မည်သူမဆို အလွယ်တကူတွေ့မြင်သိရှိနိုင်မည်ဖြစ်ပါသည်။ မီးပုံမှတဆင့် ဝတ်ပြုပူဇော်မှုသာလျှင် အဂ္ဂိအမည်ရှိသော နတ်ဘုရားတစ်ပါးပါးအား ဝတ်ပြုပူဇော်

ခြင်းဖြစ်သည်။

ဇာရာသူစထရာ(Zarathustra)ဘာသာသည် ဂါထာခေတ်(the age of Gathas)တွင် အကျုံးဝင်သော ပါစီဘာသာရှေ့ပြေးယုံကြည်ချက် (Pre-existing Parsiism)ကို ရှိးစင်းစွာ ပုံစံပြောင်းလဲပေးခဲ့သည်ဟု ထင်မြင်ယူဆရပေသည်။ မာတင်ဟောက်(Martin Haug)၏ အဆိုအရ ဇာရာသူစထရာဘာသာသည် စည်းမျဉ်းစည်းကမ်း တင်းကြပ်လွန်းသည့် တစ်ဆူတည်းသော ဘုရားသခင်သာရှိသည်ဟု ယုံကြည်ချက်ရှိသောဘာသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နတ်ဘုရားများစွာမရှိသော်လည်း ထာဝရဘုရားတစ်ပါးတည်းသာ ရှိသည်ဟု ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ ဇိုရိုအာဆရီးယားဘာသာသည် တစ်ဆူတည်းသော ထာဝရဘုရားသခင်ရှိသည်ဟု ယုံကြည်ကိုင်းရှိုင်းမှုဖြစ်ပေါ်လာခြင်းနှင့်အတူ ဒွိစုံယုံကြည်ချက် (Dualism)ဖြစ်လာပြီး အဓိကအင်အားစုကြီး၏အကြားတွင် ပဋိပက္ခအသွင်ဆောင်လာသည်။ ပြန်လည်ပြင်ဆင် ယုံကြည်သည့် ပါစီဘာသာ(Reformed Parsiism)၌ အောက်ဖော်ပြပါ ထူးခြားထင်ရှားသည့် အချက်များ တွေ့ရသည်-

(၁) အဟူရာမာဇဒါသည် တစ်ဆူတည်းနှင့် တစ်ပါးတည်းသော ပါစီဘုရားသခင် ဖြစ်သည်။ ဤမည်သော ဇိုရိုအာဆရီးယားဘုရားသည် အဓိကအရေးပါလှသော တစ်ဆူတည်းသာရှိသည်ဟူ၍ ယုံကြည်အပ်သော ဘုရားဖြစ်ပါ၏။

(၂) ထာဝရဘုရားသခင်သည် သူကိုယ်တော်တိုင် ဖန်ဆင်းထားသောသတ္တဝါများထက် အလွန်တရာအဆပေါင်းများစွာ ပို၍မြင့်မြတ်ခြင်းနှင့် အဆပေါင်းများစွာ သာလွန်ကောင်းမြတ်တော်မူခြင်းကြောင့် စာဖြင့်ရေးသားပြမှု၊ နှုတ်ဖြင့်ပြောဆိုမှုများထက် သာလွန်မြင့်မြတ်သောဂုဏ်ကျေးဇူးတော်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်ဖြစ်ပါပေ၏။ ၎င်းအား မျက်မြင်ကိုယ်တွေ့ မဖူးမျှော်နိုင်ရသော်ငြားလည်း ရင်ထဲ၌ ထာဝရဆည်းကပ်ကိုးကွယ်နိုင်သည့် ထာဝရဘုရားဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသခင်အား ယုံကြည်ဆည်းကပ်ကိုးကွယ်သူများသည် ကိုယ်တော်မြတ်အားချဉ်းကပ်၍ ဝတ်ပြုကိုးကွယ်မှုပြုလုပ်နိုင်သောကြောင့်ဖြစ်သည်။ ထာဝရဘုရားသခင်သည် မိမိအား ဝတ်ပြုကိုးကွယ်

သူများ၏ အစ္ဆုတ္တအတွင်းစိတ်၌ ဖခင်ကဲ့သို့လည်းကောင်း၊ အစ်ကိုကဲ့သို့ လည်းကောင်း၊ သူငယ်ချင်းကဲ့သို့လည်းကောင်း မနောဓာတ်သို့ ဝင်ရောက် ကိန်းဝပ်၍ သွင်ပြင်လက္ခဏာတူစွာပြုလျက် ဂုဏ်သတင်းရနံ့ ကျော်ဇောပျံ့နှံ့ စေခဲ့သည်။

(၃) ထာဝရဘုရားသခင်သည် မိမိဖန်ဆင်းတော်မူခဲ့သည့် သတ္တဝါများစွာတို့အပေါ်တွင် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ နှိုင်းယှဉ်မရသည့် ဂုဏ်ကျေးဇူးရှိတော်မူသည်။ တမန်တော်နတ်သားများနှင့် ဘုရားသခင်ယုံကြည်ကိုးကွယ်သူများအကြား ပေါင်းကူးတံတားအဖြစ် ဖန်တီးထားသူများအနက် အမြင့်ဆုံးပုဂ္ဂိုလ်မှာ တမန်တော် ဇာရာသူစထရာ(Prophet Zarathustra)ဖြစ်သည်။ ၎င်းမှတဆင့် သာလျှင် ဘုရားသခင်အားဖူးတွေ့နိုင်သည်။ ဇာရာသူစထရာသည် ထာဝရဘုရား သခင်အား ကမ္ဘာဖန်းအာရုံအဖြစ်ထားလျက် မည်သည့်အဖော်အပေါင်းအသင်း ရောင်းရင်းကိုမှ သံယောဇဉ်မထားပဲ တစ်ကိုယ်တည်း ဆိတ်ငြိမ်စွာဖြင့် အချိန်ကြာ မြင့်စွာ တရားထိုင်ခဲ့ရာ နောက်ဆုံး၌ ပညာရှိသောဘုရားသခင်(ဝါ) အဟူရာမာဇဒ် အဖြစ် အသိဉာဏ်ပညာရရှိခဲ့လေသည်။ နောက်ဆုံး၌ ဇာရာသူစထရာသည် လူသားအားလုံးအတွက် ထာဝရဘုရားသခင်၏အကြောင်းခြင်းရာ သတင်းစကား အဖြာဖြာကို ထုတ်ဖော်ဟောကြားနိုင်ရန်အတွက် အမိန့်ရရှိခဲ့လေသည်။ သူ၏ ဟောကြားပြသသင်ကြားပို့ချချက်သည် တမလွန်လောကဝိညာဉ်ဘဝ (Spiritual life)ထက် ပိုမိုမြင့်မြတ်သောအဆင့်ရှိသည့် ဘာသာယုံကြည်ကိုးကွယ်မှု ဖြစ်သည်။ အဟူရာမာဇဒ် (ခေါ်) နတ်ဘုရားသခင် (ဝါ) ထာဝရဘုရားသခင်သည် နတ်များအားလုံး၏အထက်တွင် တည်ရှိတော်မူပြီး တိရစ္ဆာန်အသက်ကို သတ်ဖြတ်၍ ယစ်ပူဇော်ခြင်းအား ဦးစားမပေးပါ။ *(ထေရဝါဒ ဗုဒ္ဓဘာသာလောက၊ ဟိန္ဒူအယူဝါဒနှင့် ဇိုရိအာဆရီးယားဘာသာများအတွင်း အဟူရာမာဇဒ်၊ ဝရုဏ၊ အသူရာ(စ်)၊ သိကြားမင်း ဟူသော အမည်နာမများသည် နတ်ဘုရား(God) တစ်ပါးတည်းသာ ဖြစ်နိုင်ဖွယ်ရာရှိသည်–ဘာသာပြန်သူ)* သို့သော်လည်း ဟူမတ

(Humata)ခေါ် ကောင်းသောအကြံအစည်(Good Thought)၊ ဟုခ်တ (Hukhta) ခေါ် ကောင်းသောစကား(Good Word)၊ ဟာဗာရှတ(Hvar -shta)ခေါ် ကောင်းသောအပြုအမူ(Good Deed)တို့ ဖြစ်ပေါ်လာစေရန် စစ်မှန်သော ကြည်ညိုသဒ္ဓါပွားမှုကို သူအလိုရှိသည်။ (ဗုဒ္ဓဘာသာတွင်လည်း *ကာယကံ၊ ဝစီကံ၊ မနောကံ ကောင်းမွန်စေရေးအတွက် ဗုဒ္ဓကိုယ်တော်တိုင် ဆုံးမ ဟောကြားချက်ကို ဗုဒ္ဓဘာသာဝင်များ လိုက်နာကျင့်သုံးကြရန် သိကြားမင်းက ဗုဒ္ဓ၏ဓမ္မသတ်ကို ရာဇသတ်ဖြင့် ဗုဒ္ဓဘာသာဝင်များအား ကြောက်လန့်စေရန် ထိန်းကွပ်ထားသည့်သဘော ပြောဆိုနေကြသည့် ပါးစပ်ရာဇဝင်ကြောင့် ဗုဒ္ဓဘာသာဝင်များသည် သိကြားမင်းအား အစိုးရအဖွဲ့တစ်ခု၏ အကြီးအကဲတစ်ဦးကို ကြောက်ရွံ့ရိုသေသကဲ့သို့ဖြစ်သည်- ဘာသာပြန်သူ)*

တစ်နည်းအားဖြင့် အဟူရာ မာဇဒါမည်သော ပညာအရာကြီးမြတ်တော်မူသည့် နတ်ဘုရား(ဝါ) ထာဝရဘုရားသခင်က ကိုယ်အမူအရာနှင့် စိတ်အမူအရာတွင် သန့်ရှင်းဖြူစင်မှုကို လိုလားခြင်းဖြစ်သည်။

(၄) ဇိုရိုအာဆရီးယားဘာသာသည် သေဆုံးသူများပြန်လည်ရှင်သန်ထမြောက်ခြင်းနှင့် ဘုရားသခင် တရားစီရင်ဆုံးဖြတ်မည့်နေ့ကို ယုံကြည်သက်ဝင်မှုထားရှိသည်။

(၅) ထာဝရဘုရားသခင် တရားစီရင်ဆုံးဖြတ်တော်မူသည့်နေ့တွင် လူတိုင်းသည် ချင်းဗတ်တံတား(the bridge of Chinvat)ပေါ်မှ ဖြတ်သန်းသွားကြလိမ့်မည်။ လူ့ဘဝတွင် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးကောင်းမွန်သည့် ဝိညာဉ်များသည် အဆိုပါချင်းဗက်တံတားကိုကျော်ဖြတ်ပြီး ကောင်းကင်ဘုံသို့ သွားကြရမည်ဖြစ်၍ လူ့ဘဝတွင် မကောင်းမှုဒုစရိုက်ကျူးလွန်ခဲ့သူများမှာမူ ချင်းဗက်တံတားကို ဖြတ်သန်း လွန်မြောက်နိုင်ခြင်းမရှိပဲ ငရဲသို့သာသက်ဆင်းကြရလိမ့်မည်။ ဤနေရာ၌ အစ္စလာမ်ဘာသာကိုရမ်ကျမ်းမြတ်(Quoran)တွင် သေဆုံးသူများ၏ဝိညာဉ်တိုင်းသည် အလ်ရှိရတ်(Al-sirat)တံတားပေါ်မှ ဖြတ်သန်းစေ၍ အလ္လာအရှင်မြတ်၏ တရားစီရင်စစ်ဆေးမှုကို ခံယူရမည်ဖြစ်ပြီး အောင်မြင်စွာ

ဖြတ်သန်းနိုင်သူသည် ကောင်းကင်ဘုံနန်း စံမြန်းရမည်ဖြစ်ပြီး ကျဆုံးသူသည် ငရဲဘုံသို့ ကျရောက်မည်ဖြစ်ကြောင်း မူဆလင်များအား သတိပေးနှိုးဆော်ထားသည်။

(၆) မည်သို့ပင်ဆိုစေကာမူ ပါစီဘာသာဝင်များသည် ပြန်လည်ကောင်းမွန်စေခြင်း (Restoration)ဟူသော အယူအဆကို လက်ခံယုံကြည်သည်။ စကြဝဠာ ကမ္ဘာလောကဓာတ်ကြီးတစ်ခုလုံး အပြီးတိုင်ဖြူစင်သန့်ရှင်းမြင့်မြတ်ခြင်း (Purity)* သို့ရောက်ရှိသွားသောအချိန်၌ သေဆုံးပြီးသူတစ်ဦး၏ဝိညာဉ်သည်လည်း ဖြူစင်သန့်ရှင်းမြင့်မြတ်ခြင်းသို့ ရောက်ရှိမည်ဟူ၍ ယုံကြည်သည်။ ငရဲဘုံ၌ ကိုယ်ရောစိတ်ပါ ကြီးစွာသောဒုက္ခခံစားရခြင်းမှာ အမြဲထာဝရမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ငရဲဘုံသို့ ကျရောက်သူလူသားသည် နောက်ဆုံးတွင် ငရဲဘုံ၏ သွန်သင်ဆုံးမပြုပြင်မှုကိုခံရပြီး ငရဲမီး၏အရှိန်ကြောင့် ပြန်လည်ဖြူစင်သန့်ရှင်းမြင့်မြတ်ခြင်းသို့ရောက်ရှိပြီး ပျော်ရွှင်ချမ်းမြေ့သည့်ဘဝသို့ ပြန်လည်ရရှိခံစားရလိမ့်မည်။

(၇) အချိန်ကာလရွေ့လျောကြာမြင့်လာသည့်အခါ နှစ်မျိုးနှစ်စားယုံကြည်ချက်ထားရှိမှုသည် ဇိုရိုအာဆရီးယားဘာသာအတွင်းသို့ ဒုတိယယုံကြည်မှုအဖြစ်ဝင်ရောက်လာခဲ့သည်။ ဒုတိယနေရာထားရှိသော ယုံကြည်မှုအဆင့်မှ အချိန်ကာလ ကြာမြင့်လာသည့်အခါ ပါစီဘာသာအတွင်း ဖြည်းဖြည်းချင်းနှင့်ငြင်သာစွာဖြင့် ဝင်ရောက်လာခဲ့ပြီး ''ပြန်လည်ကောင်းမွန်လာစေခြင်း'' (Restoration)** ဟူသော ယုံကြည်ယူဆချက် ထွန်းကားလာသည့်အခါ ပါစီဘာသာမြင်ကွင်းမှ လုံးဝပျောက်ကွယ်ခဲ့သည်။

* ဤအချက်မှာ စိန့်ပေါလ်သည် ''ထာဝရဘုရားသခင်က စကြဝဠာကမ္ဘာလောကဓါတ်တစ်ခုလုံးအား သားတော်မှတဆင့် ပြန်လည်သိမ်းပိုက်ရန် ဆုံးဖြတ်ချက်ချမှတ်သည်''ဟူ၍ အလားတူစွာ သံယောင်လိုက်၍ရေးသားခဲ့သည်။ ထာဝရဘုရားသခင်သည် ၎င်း၏သားတော် လက်ဝါးကပ်တိုင်ပေါ်၌ သေဆုံးခြင်းမှတစ်ဆင့် ကမ္ဘာမြေပေါ်နှင့်ကောင်းကင်ဘုံထဲရှိ အရာခပ်သိမ်းတို့ကို မိမိထံသို့ပြန်လည်ရောက်ရှိစေ၍ ငြိမ်းချမ်းမှုကို ပြုတော်မူ၏။ *(Colossiana 1.20; Ephessians 1.10)*

** မကောင်းဆိုးဝါးသည် ထာဝရဘုရားသခင်နှင့်ပေါင်းသင်း၍ ပြုလုပ်အားထုတ်စေကာမူ လွတ်လပ်စွာဖြင့် ၎င်းပြုလုပ် လိုသည်ကို လုပ်ကိုင်၍မရပေ။ အဟူရာမာဇဒါနှင့် တူညီမျှသောစိတ်တန်ခိုးအာဏာ သီးခြားရှိ၍ ၎င်းအား အမြဲတမ်း ဆန့်ကျင်ခဲ့သည်ဆိုခြင်းမှာ ဇာရာသုစထရာ၏ သဘောတရားအယူအဆနှင့် လုံးဝခြားနားသောအယူဖြစ်သည်။ *(M.Haug.Ibid.P-103)*

(၈) ဇိုရိုအာဆရိုးယားဘာသာအတွင်းသို့ နှစ်မျိုးနှစ်ဘာသာ ယုံကြည်သည့်အယူအဆ (Dualism)သည် ဒုတိယအဆင့် ယုံကြည်ချက်အဖြစ် ဝင်ရောက်လာစေကာမူ ၎င်းတွင် ကောင်းသောအရေးပါအရာရောက်မှုတစ်ခုရှိသည်။ လူသား၏ အသိစိတ်အတွင်း မကောင်းဆိုးဝါးနတ်သား အာရိမာန်(Ahriman)* ၏ လက်ရုံးတပ်ဖွဲ့များအားလုံးတို့ ဝင်ရောက်လျက် ယခုအချိန်ထိ လူသားလုပ်ကိုင် ဆောင်ရွက်သမျှ အခြားသောအကြောင်းအကျိုးဟူသမျှတို့တွင် ဖန်တီးချုပ်ကိုင် ထားလေ၏။ ဤကဲ့သို့ အဟူရာမာဇဒါ(Ahura Mazada)ခေါ် နတ်ဘုရားသည် ၎င်း၏ကိုယ်စားလှယ် စပင်တာ မိန်းယု(Spenta Mainyu)** နှင့် အခြားသော နတ်ကောင်းစေတမန်တို့အား မကောင်းဆိုးဝါး အာရိမာရ်နတ်သား၏ တပ်ဖွဲ့ဝင် များနှင့် ဆန့်ကျင်တိုက်ခိုက် အောင်ပွဲရလိုက်သည့်အခါ "ပြန်လည်ကောင်းမွန်လာ စေသည့်နေ့ရက်"(the day of restoration)သို့ နီးကပ်လာစေရန် ဆောင်ကျဉ်း နိုင်ခဲ့သည်။

(၉) ဇိုရိုအာဆရိုးယားဘာသာ၏ သင်ကြားညွှန်ပြမှုသည် လူသားအား ကောင်းမြတ် သောအပြုအမူ၊ အလေ့အကျင့်ရရှိစေရန်ဖြစ်သည်။ ၎င်း၏လုပ်ကိုင်ဆောင်ရွက် ချက်ဖြင့် ဒုစရိုက်မှုအပေါ်အောင်မြင်စေရန် အဟူရာမာဇဒါနှင့်အတူ ပါဝင် ဆောင်ရွက်ရန်ဖြစ်သည်။ ဇိုရိုအာဆရိုးယားဘာသာသည် စေတမန်နတ်များ အကြောင်းနှင့် သဘာဝလွန်စွမ်းအားရှင် မကောင်းဆိုးဝါးနတ်များ၏အကြောင်းကို သင်ကြားပေးသည်။ ဤအဓိပ္ပါယ်မှာ မကောင်းဆိုးဝါးနတ်များအား ဆန့်ကျင် တိုက်ခိုက်သည့် နတ်ကောင်းနတ်မြတ်များအား အင်အားပြည့်ဝစေရန်နှင့် ၎င်းတို့ကို ချီးကျူးမှုပြုသော အားဖြင့် ပူဇော်ပသခြင်းဖြစ်သည်။ ဝီလျံဂျိမ်း(စ်) (William James)၏စာအုပ်တွင် အချိန်ကာလကြာမြင့်လာသောအခါ၌ ထာဝရ ဘုရားသခင်နှင့် လူသားတို့ပူးပေါင်း၍ မကောင်းဆိုးဝါးနတ်များအပေါ်တွင်

---

* အာရိမာန်သည် မြန်မာစာပေလောက၊ မြန်မာမှုနယ်ပယ်တွင် မာရ်နတ်နှင့် ဥပမာစကား နှိုင်းယှဉ်ပြောကြားလို့ရမည် ထင်ပါသည်။

** မှာလည်း စေတမန်နတ်သားနှင့် နှိုင်းယှဉ်ပြောကြား စကားဥပမာဆိုရမည် ထင်မိပါ၏။

အောင်မြင်ခဲ့သည်ဟု ရေးသားထားသည်။ ထာဝရဘုရားသခင်၏ ဤမျှကြီးကျယ်ခမ်းနားလှသော အကြံတော်အစီအမံများအား ခေတ္တထား၍ ကြားညှပ်စကားရေးသားဖော်ပြရလျှင် လူသားသည် ၎င်း၏ကောင်းသောအကြံ၊ မှန်သောစကားနှင့် ဟုတ်မှန်သောအပြုအမူတို့ဖြင့် ထာဝရဘုရားသခင်အား ပူဇော်ရမည့်အပြင် လူသားနှင့်ခြေလေးချောင်းပါသတ္တဝါတို့၏ ကောင်းကျိုးချမ်းသာအတွက်လည်း ရုပ်ဝတ္ထုပစ္စည်းအားဖြင့် ထောက်ပံ့ပေးကမ်းရသည်။ ထို့ကြောင့် ဇိုရိအာဆရီးယားဘာသာသည် အဇ္ဈတ္တအတွင်းစိတ် ဖြူစင်သန့်ရှင်းမြင့်မြတ်ခြင်းနှင့် ကောင်းမြတ်မှန်ကန်သော လူသားဝါဒ ယုံကြည်မှုဘာသာတစ်ခုဖြစ်သည်။

ဤနေရာတွင် အစ္စလာမ်ဘာသာ၏အဆိုအရ မူဆလင်တစ်ဦးသည် နေ့စဉ်တစ်နေ့လျှင် (၅)ကြိမ် ဆုတောင်းဝတ်ပြုခြင်းနှင့် မက္ကာသို့သွား၍ ဟာ့ဂျ်ပြု၍ ဝတ်ပြုဆုတောင်းခြင်း၊ ဇကတ်(Zakat)နှင့် ဆာဒကာ(Sadaqa) အချိန်များ၌ ငွေကြေးပေးကမ်းစွန့်ကြဲခြင်းဖြင့် ၎င်း၏စိတ်ကို ဖြူစင်အေးမြစေသည်ကို မည်သူမဆို အလွယ်တကူသတိပြုမိပေလိမ့်မည်။ ခရစ်ယာန်ဘာသာဝင်များသည်လည်း အများကောင်းကျိုး ရှက်သယ်ပိုးသည့် ပေးကမ်းလှူဒါန်းခြင်းကို ယုံကြည်သက်ဝင်သည်။

(၁၀) ဇိုရိအာဆရီးယားဘာသာသည် ရုပ်ထုကိုးကွယ်မှုအား မလျော်ကန်သည့်အယူအဆအဖြစ် သဘောထားသည်။ ထို့ကြောင့် တစ်ဆူတည်းသော ထာဝရဘုရားသခင်အား ယုံကြည်သည့်ဝါဒ(Monotheism)နှင့်ပတ်သက်၍ အလွန်ဖွဲလို့လရှိစွာဖြင့် အားထုတ်ခဲ့ကြသည်။ ဤသည်မှာ အစ္စလာမ်ဘာသာမှ ရုပ်ထုကိုးကွယ်မှုအား ဆန့်ကျင်သည့်အချိန်နှင့် ဂျူးလူမျိုးများ ပြည်နှင်ဒဏ်ခံရပြီးနောက်ပိုင်းကာလဖြစ်ဟန်ရှိပေသည်။

(၁၁) (Zarathustra)ဇာရာသူစထရာသည် ၎င်းမဟောကြားမီအချိန် ယင်းတိရစ္ဆာန်ယစ်ပူဇော်ခြင်းများ ပြုလုပ်နေပြီဖြစ်သော်လည်း ယင်းအချိန်မတိုင်ကပင်လျှင် တိရစ္ဆာန်ယစ်ပူဇော်မှုကို ခွင့်ပြုထားခြင်းမရှိကြောင်း သိရသည်။

(၁၂) သို့ရာတွင် ပါဠိဘာသာတွင် မီးသည် ကျွန်ုပ်တို့အား ရှေးဦးဘာသာရေးဆိုင်ရာ ဝတ်ပြုကိုးကွယ်မှုတွင် မီးနတ်များ(the gods of the fire) (ဝါ) အဂ္ဂနိ(Agni) မှတဆင့် ပူဇော်ပသမှုပြုကြသည်ကို သတိရစေပြီး ယင်းပါဠိဘာသာ၏ အမှတ်သင်္ကေတတစ်ခု ဖြစ်လာတော့သည်။ ၎င်းသည် အလင်းရောင်နှင့် ဖြူစင်သန့်ရှင်းမှု၏ အမှတ်သင်္ကေတဖြစ်သည်။

သမ္မာကျမ်းစာတွင် ထာဝရဘုရားသခင်အား ကမ္ဘာ၏အလင်းရောင်ဟူ၍ လည်းကောင်း၊ မူဆလင်များအတွက် အလ္လာအရှင်မြတ်အား 'နာ'(Nur)ဟူ၍ ချီးကျူးပြောဆိုသကဲ့သို့ လည်းကောင်း၊ နှိုင်းယှဉ်စကား ပြောကြားသကဲ့သို့ပင်။

မီးအား ရိုသေလေးစားသမှုပြုရာတွင် တစ်ခုသောဆက်စပ်မှုရှိသည့် အချက်မှာ ပါဠိဘာသာသည် လူသေရုပ်ကြွင်းအား မီးတင်ရှို့ခြင်းမပြုသည့် အချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပါဠိဘာသာဝင်များအဖို့ရာ၌ မီး၊ ရေနှင့်မြေသည် မြင့်မြတ်၍ဖြူစင်သည်ဟူ၍ မှတ်ယူသောကြောင့်ဖြစ်သည်။

*"(ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ရာတွင် မီး၊ ရေ၊ လေ၊ မြေဟူသော သဘော တရားအားဖြင့် မပျက်စီးမပြိုကွဲပဲ ပြောင်းလဲလှုပ်ရှားနေသည့် သဘာဝဖြစ်ကြောင်း ယုံကြည်ခံယူချက်မှာ အလွန်သဘာဝကျလှပေသည်။ ထို့ကြောင့် မဟာဘုတ်(၄)ပါးဟူ၍ လည်းကောင်း၊ ပရမတ္ထ(Reality)အားဖြင့် စကြဝဠာကမ္ဘာလောကဓါတ်ကြီးတစ်ခုလုံးတွင် တကယ့်အရှိတရား (၄)ပါးအနက် ရုပ်တရားတွင်ပါဝင်သည့် ယင်းမဟာဘူတ(Origin the world)သည် ရုပ်တရားဖြစ်၍ ရုပ်ဆိုသည်မှာ ဖောက်ပြန်ပြောင်းလဲနေသည့်သဘော (ရုပ္ပတီတိရူပံ) ဖြစ်သည်။ ပရမတ္ထတရား ခေါ် တကယ့်အစစ်အမှန်ရှိသည့် သဘောသဘာဝမှာ စိတ်၊ စေသိတ်၊ ရုပ်၊ နိဗ္ဗာန်ဟူ၍ဖြစ်သည်။ ပရမတ္ထတရား(၄)ပါးတို့၏ တစ်ခုချင်းနှင့် ယင်းတို့၏ သဘာဝမှာ –*

*စိတ်(ပရမတ္ထတရား)သည် အကြောင်းတိုက်ဆိုင်မှုရှိတိုင်း၊ သိမှုသဘော၊ ခံစားမှုသဘော၊ ကြံစည်မှုသဘော၊ မှတ်သားမှုသဘောကို တစ်နည်းအားဖြင့် စိတ်ကို နာမ်ဟူ၍ ခေါ်ပြီး ခံစားမှု၊ မှတ်သားမှု၊ ပြုပြင်မှု ခေါ် ကြံစည်တွေးတောမှု၊ သိမှုသည် နာမ်တရားဖြစ်၍ ရုပ်နှင့်တွဲပြီး ဖြစ်ပျက်ပြောင်းလဲနေသည့်သဘာဝရှိရာ ဗုဒ္ဓကိုယ်တော်တိုင် တစ်ပါးတည်းသာလျှင် ဉာဏ်ပညာ*

အရာအားဖြင့်သိမြင်တော်မူသည်မှာ လက်ဖျစ်တစ်တွက်၊ မျက်စိတစ်မှိတ်ဟူသော အချိန်အတိုင်း အတာအတွင်း (ယနေ့ခေတ်စကား– အချိန်ကာလ timingအရ) one second သို့မဟုတ် တစ်၊ နှစ် ဟူ၍ ပါးစပ်ဖြင့်ရွတ်ဆိုသည့် အချိန်ကာလအတွင်း စိတ်ဆိုသောအရာက အကြိမ် ပေါင်းကုဋေတစ်သိန်း ချုပ်ပျက်သည်ဟူ၍ ယင်းကို အနိစ္စ(Momentariness) ဟူ၍လည်း ကောင်း၊ သိပ္ပံပညာရှင်များ၏ စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲမှု(Flux) ဟူ၍ လည်းကောင်း၊ မငြင်းနိုင်သောမှန်ကန်မှုဖြစ်သည်။) ထို့ပြင် ဗုဒ္ဓက သိပ္ပံပညာရှင်များထက် နှစ် ၂၅၀၀ ကျော်စော၍ ရုပ်သည် တစ်စက္ကန့် (ဝါ) မျက်စိတစ်မှိတ် လျှပ်တစ်ပြက်၌ ကုဋေငါးထောင် ချုပ်ပျက်သည့် အနိစ္စသဘောကို ဟောခဲ့သည်။

**စေတသိတ်(ပရမတ္ထတရား)** စေ့ဆော်မှု(Tendency)သည်လည်း ထာဝရ မပျက်စီးသည့် အမြဲတည်ရှိနေသည့် သဘာဝတစ်ခုဖြစ်သည်ဟု ဗုဒ္ဓက နှစ်ပေါင်း ၂၅၀၀အထက်က ကိုယ်တော်တိုင် ဆရာမကူသယမ္ဘူဉာဏ်ဖြင့် တွေ့ရှိတော်မူသည့် တကယ့်စစ်မှန်သော သဘာဝ တရားတစ်ခုဖြစ်သည်။

**ရုပ် (ပရမတ္ထတရား)**သည် အထက်၌ဖော်ပြသည့် မဟာဘူတ(origin of the world) ရေ၊ မြေ၊ လေ၊ မီးတို့မှာ သူ့သဘာဝနှင့်သူ တစ်ပါးနှင့်တစ်ပါး ရောနှောပေါင်းစီးသွားခြင်းမရှိပဲ အစဉ်အမြဲဖောက်ပြန်လှုပ်ရှားနေသည့် သဘာဝတရားဖြစ်၍ ဖွဲ့စည်းမှု၊ သို့မဟုတ် ယိုစီးမှု သဘောဖြင့် လည်ပတ်လျက် ဖြစ်ပျက်ပြောင်းလဲမှုအတွင်း ပါဝင်နေပေ၏။

- **မြေ** သည် မာကျောသည့်သဘော(သို့မဟုတ်) ပျော့ပြမှုသဘောဖြင့် ရေနှင့်တွေ့လျှင် စွတ်စို၍ ပျော့ပြမှုနှင့် မီးအပူနှင့်တွေ့လျှင် ခြောက်သွေ့၍ မာကျောခြင်းစသည်ဖြင့် လည်ပတ်ပြောင်းလဲဖြစ်ပျက်နေမှု သဘောသဘာဝရှိသည်။
- **လေ** သည် တွန်းကန်မှု၊ ထောက်ခံမှု၊ လှုပ်ရှားမှု၊ ငြိမ်သက်မှု စသည်ဖြင့် အအေးဓာတ် နှင့်တွေ့လျှင် အေးမြ၍ အပူနှင့်တွေ့လျှင် နွေးပူသည့်သဘာဝကို ဖြစ်ပေါ်စေလျက် အမြဲတစေဖြစ်ပျက်ပြောင်းလဲနေသည့် သဘာဝသဘာဝအတွင်း ပါဝင်နေသည်။
- **မီး** ဆိုသည့်သဘောမှာ အေးသည့်သဘော၊ နွေးသည့်သဘောနှင့် ပူသည့်သဘော၊ ပူမှုတွင်လည်း အဆင့်ဆင့်သော အေးမှုရှသည်ဖြစ်၍ ၎င်းဓာတ်သဘောမှာလည်း

*တည်ငြိမ်၍မနေပဲ အမြဲလှုပ်ရှားပြောင်းလဲနေပေသည်။ ဖြစ်ပျက်သည့် သဘောလက္ခဏာမှ မလွဲမရှောင်ပါဝင်နေရပေ၏။*

*နိဗ္ဗာန်(ပရမတ္ထ)ဆိုသော ပရမတ္ထတရားသည် (အမြဲထာဝရတည်နေသည့်သဘာဝ) အလွန်ကျယ်ပြန့် နူးညံ့သိမ်မွေ့ ရှုပ်ထွေးသော်လည်း လူတိုင်းသိနားလည်နိုင်သော တကယ့်အရှိ သဘာဝတရားဖြစ်သည်။ တစ်နည်းအားဖြင့် ဤချုပ်ငြိမ်းမှု ခေါ် နိဗ္ဗာန်သည် လက်ရှိလူ့ဘဝ၌ပင် စိတ်အစဉ်၌ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဟူသော ကာမဂုဏ်အာရုံတို့အား အစွဲပြုဖြစ်ပေါ်သည့် လိုချင်စွဲလမ်းမှု၊ မလိုချင်သဖြင့် မကျေနပ်မှု၊ အမှန်ကို အမှားထင်၊ အမှားကို အမှန်ထင်၊ သစ္စာလေးပါးကို မသိမြင်၍ (၈)ပါးမဂ္ဂင် ဗုဒ္ဓ၏လမ်းစဉ်နှင့် ဖီလာဆန့်ကျင်သည့် ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ထွေးလုံးရစ်ပတ် ကိလေသာစိတ်ဓာတ် အညစ်အကြေးကို သီလ၊ သမာဓိ၊ ပညာဖြင့် ဆေးကြောသုတ်သင်နိုင်လျှင် ရရှိမည့်ငြိမ်းအေးမှု နိဗ္ဗာန်ဓာတ်သည် သဘာဝ ဓမ္မဖြစ်၍ မည်သူတစ်ဦးတစ်ယောက်၏ ပြုပြင်ဖန်တီးမှု လုံးဝမပါသည့် အသင်္ခတဓာတ်ကို ကိလေသာနိဗ္ဗာန်ဟုခေါ် သည်။ အဆိုပါ ကိလေသာနိဗ္ဗာန်(နိ=မရှိခြင်း၊ ဗာန=အညစ်အကြေး)အား သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဟူသော အိန္ဒြေ(၅)ချက်၊ ဗိုလ်ငါးပါးတို့ဖြင့် ဉာဏ်ချိန်ခွင်၌ အပိုအလိုမရှိ ကိုက်ညီအောင် ကျင့်ကြံကြိုးစားက ရနိုင်သည့်သဘာဝဖြစ်သည်။ ဤသဘာဝကို ယခုဘဝ၌ပင်လျှင်ရရှိနိုင်၍ အဆင့်(၄)ဆင့်တွင် အနိမ့်ဆုံး အဆင့်ဖြစ်သည့် သောတာပတ္တိမဂ်ဉာဏ်မှသည် အမြင့်ဆုံးဉာဏ်အဆင့် အရဟတ္တမဂ်ဉာဏ်အထိ ရရှိအောင် ကြိုးစားနိုင်လျှင် နောက်ဘဝ တစ်ဖန် မဖြစ်တော့သည်ကို ခန္ဓပရိနိဗ္ဗာန်ဟူ၍ ခေါ်ဆိုနိုင်ပါသည်။ ဤသဘာဝတရားသည် ရော်ရမ်းမှန်းဆချက်(Hypothesis)မဟုတ်၊ တကယ့်အစစ်အမှန်အရှိတရားဖြစ်သည်။ (Reality which is non-existence of any life of any being) –ဘာသာပြန်သူ )"*

တစ်နည်းအားဖြင့်ဆိုလျှင် လူသေကောင်ရုပ်သည် မစင်ကျယ်မသန့်ရှင်းမှုများတွင် အဆိုးဆုံးမစင်ကျယ်မှု ဖြစ်သည်။ ထို့ကြောင့် မသန့်ရှင်းသော လူသေကောင်ရုပ် အလောင်းကောင်အား မီးကို လေထုအတွင်းညစ်ညမ်းမှု မဖြစ်စေရန်(မီးရှို့ခြင်းကြောင့်)လည်းကောင်း၊ လူသေအလောင်းကောင်ကို မြေကြီးအတွင်း(မြှုပ်နှံသင်္ဂြိုဟ်ခြင်းအားဖြင့်)လည်းကောင်း၊ ကမ္ဘာမြေကြီးအား ညစ်ညမ်းမှု

ဖြစ်စေသည့်အတွက် ပင်လယ်ထဲသို့ဖြစ်စေ၊ မြစ်အတွင်းသို့ဖြစ်စေ စွန့်ပစ်သည့် အလေ့အထဖြစ်စေခဲ့သည်။ မီးသည် အင်ဒို–အာရိယန်လူမျိုးများ အတွက် နတ်ဖြစ်၍ ယစ်ပူဇော်မှုအားသုံးဆောင်ရန် နတ်များ၏ ပါးစပ်ပေါက် ဖြစ်သည် ဟူ၍လည်း ယုံကြည်ကြသည်။ ထို့ကြောင့် အင်ဒို–အာရိယန်လူမျိုးများ အတွက် မီးသည် အမြင့်မြတ်ဆုံးသောအရာဖြစ်ခဲ့သည်။

(၁၃) ဇိုရိုအာဆရီးယားဘာသာက လူသားအားလုံးသည် ညီအစ်ကိုများဖြစ်၍ အဆင့်အတန်း ညီတူညီမျှရှိကြောင်း ဟောကြားထားသော်လည်း ဂါထာနှင့် အဝစ္စတ (Gatha and Avesta)များတွင် ဖော်ပြထားသည့် ဗြဟ္မဏ၊ ခတ္တိယနှင့် ဝိတ်ရှယ (Brahmins, Kshatriyas and Vaishyas)ဟူ၍ပါရှိသော ဇာတ်ကွဲပြား သူ လူမျိုး(၃)မျိုးတို့ပင်လျှင် မီးကို မြင့်မြတ်သည်ဟု ယုံကြည်ကြသည်။ ခရစ်ယာန် နှင့် အစ္စလာမ်တို့ကလည်း ဤအချက်ပေါ်မူတည်၍ ထာဝရဘုရားသခင်၏ ပထမ ဦးဆုံးသောတမန်တော်ဖြစ်သည့် ဇရာသူစထရာ(Zarathustra)၏ သံယောင်ကို လိုက်ခဲ့ကြောင်း ယူဆရသည်။ ထို့ပြင် ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားမှုစနစ်တွင် ခတ္တိယလူမျိုးသည် ဗြဟ္မဏနှင့်ဝိတ်ရှယတို့ထက်ပို၍ မြင့်မြတ်သောအမျိုးဖြစ်သည် ဟူ၍ ဗုဒ္ဓမြတ်စွာဘုရားသည် ယင်းအမျိုး(၄)ပါးတွင် အမြင့်မြတ်ဆုံးဖြစ်သော ခတ္တိယနွယ်ဘွားဖြစ်ကြောင်း သိရှိကြသည်။ အမှန်အားဖြင့် သုဒ္ဒမျိုးနွယ် (Shudras)များအား ဇာတ်နိမ့် ဇာတ်မြင့်ခွဲခြားသည့်စနစ်တွင် ဖော်ပြထားခြင်း မရှိပေ။ ထို့ပြင် အမျိုး(၄)ပါး၌ စတုတ္ထအမျိုးသည် အိန္ဒိယနိုင်ငံ၏ လူမှုမြင်ကွင်း၌ သေးသိမ်ဖျင်းနတ်သည့် လူတန်းစားအဖြစ် ကျယ်ပြန့်စွာဆက်ဆံခြင်း ခံနေရသူ များဖြစ်သည်။

သို့သော် ဝေဒစာပေကျမ်းဂန်၌ ဖော်ပြထားသကဲ့သို့ ဘုန်းကြီး၊ ရဟန်း ဘဝဖြင့် နေထိုင်ကြခြင်းကိုလည်း မိဘမျိုးရိုးစဉ်ဆက် တောင်းရမ်းစားသောက် သူများအဖြစ် သဘောထားသောအမြင်တစ်ရပ်ရှိသည်။ ဒတ်စ်တာ(Dastur)ဟု အများသိကြသော ဘုန်းကြီးရဟန်းတော်များသည် ၎င်းဒတ်စ်တာမိသားစုမှ

ဆင်းသက်လာရသဖြင့်လည်းကောင်း၊ ဒတ်စ်တာတစ်ဦးဖြစ်လာရေးအတွက် ဒတ်စ်တာတစ်ဦး၏သားသည် တောင်းခံခြင်းမပြုစေကာမူ ဒတ်စ်တာဖြစ်လာသည်။

(၁၄) ဆက်လက်ရေးသားဖော်ပြသည်မှာ ဇိုရိုအာဆရီးယားဘာသာသည် လူ့ဘဝတွင် ဆင်းရဲပင်ပန်းစွာဖြင့် ရိုးသားစွာ ကျင့်ကြံနေထိုင်လျက် ဘဝ၏သာယာချမ်းမြေ့မှုအားစွန့်လွှတ်ခြင်းကို အားမပေးဘဲ အိမ်ယာတည်ထောင် လူ့ဘောင်ဘဝ အိမ်ထောင်တစ်ခုကို ဦးဆောင်သူဖြစ်ရန် ပြဌာန်းသတ်မှတ်သည်။ ဝေဒဗြဟ္မဏများသည် ၎င်းတို့၏ ဂရပ်စ်သာအက်ရှ်ရာမ(Grahsatha Ashrama) ခေါ် လူ့ကျင့်ဝတ်များအပေါ် ကြီးစွာသောအလေးပြုမှုထားရှိသည်ကို မှတ်သားသင့်ပေ၏။ ဝေဒဗြဟ္မဏဘာသာသည် ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့နှင့် ဆန့်ကျင်လျက် အိမ်ထောင်ဦးစီးတစ်ယောက်၏ဘဝကို ကျော်ဖြတ်ခြင်းမရှိပဲ Sannyasa ခေါ် ရသေ့ရဟန်းပြုခြင်းကို အားမပေးပါ။

(၁၅) တဖန် ဂါထာ၊ သို့မဟုတ် ဇင်ဒါဗက်စ်တာ(Gatha or Zendavesta)များအတွင်း ဗြဟ္မာ၊ ဗိဿနိုးနှင့် မဟာပိန္ဒဲ (Brahma, Vishnu and Mashesha)တို့၏ တစ်ဦးနှင့်တစ်ဦး အချင်းချင်းရင်းနှီးမှုမရှိကြောင်းကို ဖော်ပြချက်မရှိပါ။ ထို့ပြင်လည်းပဲ သုံးဦးသုံးဖလှယ် အချင်းချင်းရင်းနှီးစွာပေါင်းဖော်သည့် ဤစနစ်(Triad)အား ရှေးဦးကာလဝေဒစာပေတွင်လည်း ရေးသားဖော်ပြခြင်း မပြုခဲ့ပေ။ ဤအဓိပ္ပါယ်မှာ အဆိုပါသုံးဦး သုံးဖလှယ် အချင်းချင်းချစ်ခင်ရင်းနှီးစွာ ပေါင်းဖော်နေထိုင်ခြင်း ဟူသော ဟောပြောရေးသားချက်နှင့် မဟာဘရတနှင့် ရာမယန (Maha Bharata and Rama yana)တို့၏ ရှေးဦးလွန်လေပြီးသော အတိတ်သမိုင်းသည် ဟိန္ဒူဘာသာတွင် နောက်မှတိုးတက်လာသော ဖြစ်စဉ်ဖြစ်ရပ်များဟူ၍သော် လည်းကောင်း၊ သို့မဟုတ် အာရိယန်မဟုတ်သောလူမျိုး(non-Aryan)တို့၏ မူလအရင်းအမြစ် ဖြစ်စဉ်ဖြစ်ရပ်များဟူ၍သော်လည်းကောင်း မဆိုနိုင်ပေ။

## ဇိုရိုအာဆရီးယားဘာသာ၏ တစ်ဆူတည်းသော ထာဝရဘုရားသခင်ဝါဒ (ဝါ) ထာဝရဘုရားသခင်တူသော ဟောကြားချက်

## THE DOCTRINE OF GOD OR THE MONOTHEISM OF ZOROASTRENISM

ဇိုရိုအာဆရီးယားဘာသာယုံကြည်ကိုးကွယ်မှု၏ ထာဝရဘုရားသခင်ကို အဟူရာမာဇဒါ (Ahura Maza da)ဟူ၍သိရှိရပါသည်။ "အဟူရာ"၏အဓိပ္ပါယ်မှာ "အရှင်ကိုယ်တော်မြတ်ကြီး" ဖြစ်၍"မာဇဒါ"၏အဓိပ္ပါယ်မှာ "ပညာရှိသော"ဟူ၍ ဖြစ်သည်။ ထို့ကြောင့် "အဟူရာမာဇဒါ ဟူသောအဓိပ္ပါယ်သည် "ပညာအရာမြင့်မြတ်စွာသော ထာဝရဘုရား"ဖြစ်သည်။ ယင်း"အဟူရာ" "မာဇဒါ"ဟူသောစကားလုံးများကို တစ်လုံးစီ ခေါ်ဝေါ်သုံးစွဲစဉ် အချိန်အခါများတွင်လည်း "အဟူရာ" သို့မဟုတ် "မာဇဒါ"ဟူသော စကားလုံး၏အဓိပ္ပါယ်အား စည်းမျဉ်းစည်းကမ်း တင်းကြပ်သော တစ်ဆူတည်းသော ထာဝရဘုရားသာရှိသည်ဟူသော ယုံကြည်မှုအတွက် မဟူရာမာဇဒါသည်"ဉာဏ်ပညာအရာ ကြီးမြတ်သောအရှင်မြတ်"ဟူသော အဓိပ္ပါယ်နှင့်အတူတကွ ထပ်တူထပ်မျှ ဖော်ပြပါရှိသည်။ ဂါထာအတွင်း အစောဆုံးသော အချိန်ကာလဖော်ပြချက်မှာ-

"အရှင်မြတ်အား တစ်ပါးတည်းသောအကြီးဆုံး၊ အမြတ်ဆုံးဟူ၍ ကျွန်ုပ်နားလည်ပါ၏ဘုရား၊" (ဂါထာ ၄၄-၁၁)

"အခြား အခြားသော ထာဝရဘုရားဟူသော ယုံကြည်မှုများကို ကျွန်ုပ်၏စိတ်ဟုခေါ်ခြား နှလုံးသားမှ ဖယ်ရှားပါ၏ဘုရား"

"အရှင်ကိုယ်တော်မြတ်ဘုရားအား အခြားအခြားသော လူ၊ နတ်(ဝါ) ခြေလေးချောင်း သတ္တဝါအပေါင်းတို့တွင် အကြီးဆုံးဖြစ်ပါသည်ဘုရား" (ဂါထာ ၃၄-၇)

"အရှင်မြတ်မှတပါး တပည့်တော်အား ကာကွယ်ပေးသူအခြားထာဝရဘုရား မရှိပါ ဘုရား"(ဂါထာ ၂၉-၁)

၁၈၄၃ ခုနှစ်အတွင်း ပညာရှိပါစီဘုန်းတော်ကြီးအဲဒယ်ဒါရု(Parsi Priest Edal Daru)က အဟူရာမာဇဒါအကြောင်း ရေးသားဖော်ပြခဲ့ရာ အောက်ပါအတိုင်းဖြစ်၏။

"ကမ္ဘာနှစ်ခုကို ဖန်ဆင်းတော်မူသော အရှင်သခင်နှင့် ကမ္ဘာနှစ်ခုတို့၏ ဖန်ဆင်းရှင်၊

မြင့်မြတ်၍ ဘုန်းတော်တန်ခိုးကြီးစိုးတော်မူသော ထာဝရဘုရားသခင်တစ်ပါးအား ကျွန်ုပ်ယုံကြည် ဆည်းကပ်ပါ၏။

ထာဝရဘုရားသခင်သည် ပုံသဏ္ဌာန်အရိပ်နမိတ်လက္ခဏာမရှိပါ၍ တူပြိုင်စရာ မရှိပါပဲ အရာခပ်သိမ်းအား ဖန်ဆင်းခြင်းနှင့် ထောက်ပံ့ကူညီမှုပြုသောအရှင် ဖြစ်ပေ၏။"

ထို့နောက်တဖန်–

''ထာဝရဘုရားရှင်အား သုတမယဉာဏ်ကိုရှာမိး၍ သိနားလည်ခြင်းတည်းဟူသော ဝိဇ္ဇာအလင်းရောင်ဖြင့် ကျွန်ုပ်တို့သိရှိ သဘောပေါက်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အမိန့်တော်အာဏာစက်ကို မကြာခဏသတိရ အောက်မေ့ဆင်ခြင်၍ ၎င်း၏အံ့မခန်းသည့် ထူးဆန်းထွေပြားတန်ခိုးတော်အား ဝပ်တွားခယဦးညွှတ်ရမည်။ ဤသို့ ဝတ်ပြုကိုးကွယ်ခြင်းမှာ ဘုရားသခင်ကိုယ်တော်မြတ်အား ဝတ်ပြုသူကိုယ်တိုင် ဖူးမြင်ရသည့်အလား တူမျှသောသဘော တရားဖြစ်ပေ၏။"

အချိန်ကာလရွေ့လျောကြာမြင့်လာသောအခါ အမ်အင်န်ဒါးလာလ်က(M.N. Dhalla)က ထာဝရဘုရား အဟူရာမာဇဒါအား ဒဿနိကနိကရှုဒေါင့်အမြင် မဟုတ်မူ၍ ဘာသာယုံကြည် ကိုးကွယ်မှုအမြင်ဖြင့် သုံးသပ်အမွှန်းတင်လျက် လွန်ကဲစွာသောဘုန်းတန်ခိုးနှင့် ဖန်ဆင်းခံရသူ သတ္တဝါများထက် ထူးကဲကြီးမြတ်သည့်အပြင်၊ ထာဝရတည်မြဲနေသည့် အကြီးဆုံးသော ပုဂ္ဂိုလ်ကြီးအဖြစ် ရေးသားဖော်ပြခဲ့သည်။ ထို့နောက်တဖန် ၎င်းက ထာဝရဘုရားသခင်အား အရစ္စတိုတယ်(Aristotle)၏ ရှုမြင်သုံးသပ်ချက်ထက် ပိုမိုသောအမြင်၊ သို့မဟုတ် လျော့နည်းသော အမြင်အရ ထာဝရဘုရားသခင်သည် လွန်ကဲကြီးမြတ်သူ ဥက္ကဋ္ဌတစ်ဆူဖြစ်တော်မူ၏ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုရေးသားသည်။

''ထာဝရဘုရားသခင်သည် မည်သူတစ်ဦးတစ်ယောက်၏ အကူအညီလုံးလပယောဂ တစ်စုံတစ်ရာမပါရှိပဲ နေရာတကာအခါခပ်သိမ်း ထူးကဲကြီးမြတ်သည့်တန်ခိုးတော်ဖြင့် အတိတ်ကာလည်း ရပ်တန့်တည်နေခဲ့ပြီး ယခုပစ္စုပ္ပန်ကာလတွင်လည်း တည်တံ့ နေသကဲ့သို့ အနာဂါတ်၌လည်း တည်ရှိတော်မူမည်ဖြစ်ပါ၏။"

ထိုအချိန်ကာလ၌ ဘုရားသခင်အား ''ဘာသာရေးဆိုင်ရာအယူအဆတွင် လူသားသည်

ဖခင်ကဲ့သို့လည်း ကောင်း၊ ညီအစ်ကိုကဲ့သို့လည်းကောင်း၊ သူငယ်ချင်းကဲ့သို့လည်းကောင်း ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံလျက် အနီးကပ်၍ ဖူးတွေ့မြင်နိုင်သည်''ဟူ၍ ရေးသား ဖော်ပြခဲ့သည်။ ဒဿနိကရှုဒေါင့်အမြင်၌ စိန့်သောမက်စ်အကွီနပ်စ် (St.Thomas Aquinas)က နောက်ပိုင်းအချိန်ကာလတွင် လက်ခံယုံကြည်သည့်အချက်မှာ ''ဘုန်းတန်ခိုးတော်'' (Transcendence) အရာတွင် ဟိန္ဒူဘာသာ၏ ဥပနိရှတ်(စ်)ကျမ်းတွင် ရေးသားဖော်ပြသကဲ့သို့ပင် ထာဝရဘုရားသခင်(God)သည် လူသား၏စကားဖြင့်ဖော်ပြခြင်းငှာ မစွမ်းနိုင်ဟူ၍ဖြစ်သည်။ ဤအမြင်ရှုဒေါင့်၌ ထာဝရဘုရားသခင်၏ အကြောင်းအရာကို တစ်ချိန်တည်းပြိုင်တူဖြစ်ရပ်များ အတွင်း ကြောင်းကျိုးဆီလျော်မှုဖြစ်စဉ်မှတဆင့်သာလျှင် ရေးသားဖော်ပြနိုင်ပြီး ထာဝရဘုရား သခင်၏ သဘောသဘာဝအား စကားလုံးဖြင့်ရေးသားရန်၊ အလွန်ကြီးကြီးကျယ်ကျယ် အံ့မခန်းဖွယ် ဖော်ပြခြင်းထက် ပိုးကွယ်လျှို့ဝှက်ထားခြင်းသာ ဖြစ်ကောင်းဖြစ်နိုင်ဖွယ်ရာများစွာ ရှိနေပါသည်။ ''ဘုန်းတန်ခိုးတော်''ဟူသောအဓိပ္ပါယ်အား သိမ်းပိုက်မှတ်ယူထားလျက် ဘုရားသခင်နှင့်အတူ ၎င်း၏နောက်လိုက်သာဝကအဖြစ်သွတ်သွင်းခြင်း ခံယူရရှိရေးအတွက် ယင်းနောက်လိုက်နောက်ပါ သာဝကအရာဖြစ်ရခြင်းမှာ ဝတ်ပြုကိုးကွယ်သူများ အစစ်အမှန်ကျေနပ်ခြင်းကြောင့် ဘာသာ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အကြောင်းကိစ္စ၌သာလျှင် ထာဝရဘုရားသခင် ကိုယ်စားအထိမ်း အမှတ်အဖြစ် အသိအမှတ်ပြုသောအားဖြင့် ရုပ်ထုတော်ကိုးကွယ်ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ရေးသား ဖော်ပြနိုင်ပါသည်။ စိတ်ထဲ၌ အကြောင်းအရာနှစ်ခုကို မှတ်သားထားရန်လိုပါ၏။

ပထမအချက်မှာ ထာဝရဘုရားသခင်၏ ဂုဏ်တော်ကိုဖော်ပြရာတွင် အဆုံးအပိုင်းအခြား မရှိသော ဂုဏ်တော်အနန္တကို အကန့်အသတ်အပိုင်းအခြားထားရှိ၍ တစ်ချိန်တည်း၌ ပြိုင်တူဖြစ်ရပ် များအတွင်း အကြောင်းအကျိုး ဆီလျော်သည့်ဖြစ်စဉ်အား တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်မှုပြုခြင်း အားဖြင့်သာလျှင် အကန့်အသတ်အပိုင်းအခြားကို ကျွန်ုပ်တို့ စိတ်၌မှတ်သားလျက် ရေးသား ဖော်ပြနိုင်သည်။* ဒုတိယအချက်မှာ ဇိုရိုအာဆရီးယားဘာသာသည် အဟူရာမာဇဒါ(Ahura Mazada)ခေါ် ထာဝရဘုရားနှင့် လူသားတို့၏အကြား ဆက်သွယ်ရာ၌ လူသားက တိုက်ရိုက်

*M.N.Dhalla* ရေးသားသည့် *Ibid* စာအုပ်၊ စာမျက်နှာ-၃၂ မှ ထုတ်နုတ်တင်ပြသည်။

မဟုတ်သောနည်း(ဝါ) သွယ်ဝိုက်သောနည်းဖြင့်သာလျှင် ထာဝရဘုရား၏ ကြားခံဆက်သွယ်ပေါင်းကူးပေးနိုင်သူများ၏ အကူအညီဖြင့်သော်လည်းကောင်း၊ နောက်ဆုံးအဆင့်အားဖြင့် ၎င်း၏တမန်တော် ဇာရာသူစထရာ(Zarathustra)မှသော်လည်းကောင်း ဆက်သွယ်နိုင်ကြောင်း ပြသနိုင်ရန် ဇိုရိအာဆရီးယားဘာသာက ကြိုးပမ်းလျက် ကြားခံဆက်သွယ်ပေါင်းကူးနိုင်သူများအဖြစ် နေရာပေးထားသည်။ ဤနေရာတွင် Emanations of the Absolute ခေါ် မလွဲမသွေဖြစ်ပေါ်လာမည့် သဘာဝတရားများအကြောင်းဖော်ပြရာတွင် လူသားနှင့် Theology of Ultimate Reality ခေါ် ပရမတ္ထသဘာဝကို စနစ်တကျ လေ့လာသည့်ပညာ (ဝါ) ထာဝရဘုရား၏ သဘောသဘာဝကို သိပ္ပံနည်းကျလေ့လာမှုနှင့် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အခြေခံယုံကြည်ချက်များရေးသားသူ ပလိုတီနပ်စ်(Plotinus)က လူသားနှင့် မလွဲမသွေဖြစ်ပေါ်လာမည့် သဘာဝတရားအကြား၌ ကြီးမားသည့်အကွာအဝေးတစ်ခုကို ထည့်သွင်းခဲ့သည်ကို ကျွန်ုပ်တို့ အမှတ်ရမိသည်။ အလားတူစွာ စိမ်ဆောင်ရှက် စည်းကမ်းသတ်မှတ်ချက်ကို ပဥ္စရတ္တရ (Pancaratra)ကျမ်း၌ တွေ့မြင်နိုင်ပြီး ယင်းကျမ်းတွင် ဗြဟ္မာကြီးအား အနိမ့်ဆုံးအားဖြင့် ၎င်းတို့၏ဂိုဏ်းဝင် အဝတာရ(Avatara)မှတဆင့်သာလျှင် ချဉ်းကပ်နိုင်ကြောင်း တွေ့ရှိနိုင်ပါသည်။ ဤသို့သော စိတ်ထဲတွင်နာကျင်ခံစားမှုနှစ်ခုတို့အား ရင်ထဲသိမ်းဆည်းထားလျက် အဟူရာမာဇဒါ (AhuraMazada)၏ မေတ္တာ၊ စေတနာကို ဤနည်းနှင်နှင် ရေးသားဖော်ပြထားသည်။

အဟူရာမာဇဒါသည် ကမ္ဘာလောကတွင် ပထဦးဆုံးပေါ်ပေါက်လာသော အကြီးဆုံးသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ အင်န်ဆယ်မ်နှင့် ဒက်စ်ကာတက်စ်(Anselm and Descartes)တို့ ခေါ်ဆိုသမုတ်သည့် ထာဝရဘုရားသခင်ဖြစ်သည်။ သို့ရာတွင် ထိုဒဿနိကဆိုင်ရာသဘောနှင့် သက်ဆိုင်သည့် သဘာဝအလျောက်ဖြစ်ပေါ်လာသည့် ဘုန်းတန်ခိုးတော်များမှ အဟူရာမာဇဒါအား ချစ်ခင်မြတ်နိုးသည့် ဖခင်အဖြစ်၊ အစ်ကိုအဖြစ်၊ သူငယ်ချင်းအဖြစ်စသည်ဖြင့် ဖော်ပြရေးသားထားသည်။ သူသည် သူ၏ဝတ်ပြုကိုးကွယ်သူများ၏ ဆုတောင်းမှုကို တုံ့ပြန်ပေးနိုင်ရန် တာဝန်ရှိသည်။ အဟူရာမာဇဒါသည် စကြဝဠာကမ္ဘာလောကဓါတ်ကြီးတစ်ခုလုံး နတ်သား၊ နတ်သမီးများ၊ တိရစ္ဆာန်များနှင့် လူသတ္တဝါတို့အား ဖန်ဆင်းသူအဖြစ်လည်း သိရှိသဘောပေါက်ခြင်းခံရသူဖြစ်သည်။ ဤဖန်ဆင်းမှုသည် ထာဝရဘုရားသခင်၏ တစ်ချိန်တည်းတစ်ပြိုင်တည်း

လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် ဖန်ဆင်းနိုင်ခြင်းဟူသောအပိုင်း၌ မပါဝင်ပေ။

"သူသည် လူသားများနှင့် ၎င်းတို့၏ အသက်ဝိညာဉ်များကို ဖန်ဆင်းပေးခဲ့သည့် သူတို့၏ ကိုယ်ခန္ဓာအတွင်းသို့ မှုတ်သွင်းပေးခဲ့သည့်အပြင် စိတ်ဆန္ဒ၏လွတ်လပ်မှုနှင့်အတူ သဘာဝတရားကို ပေးအပ်ခဲ့သည်။ "

ဤဇိုရိုအာဆရီးယန်ထာဝရဘုရားသခင်၏ ရှုမြင်သုံးသပ်ချက်သည် ဂျူး၊ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာများ၌လည်း ထိန်းသိမ်းကျင့်သုံးမှုများတွေ့ရှိရသည်။ အဟူရာမာဇဒါသည် လူ့လောကအတွက် နောက်ဆုံးထိ လူသား၏ကောင်းမှုနှင့် မကောင်းမှုကို ခွဲခြားသိမြင်နားလည်စေနိုင်မည့် လမ်းကြောင်းအမှန်နှင့် အကူအညီဖြစ်စေသည့် လမ်းညွှန်ပြသမှုအနေဖြင့် လူသားတစ်ရပ်လုံး၏ ဥပဒေစည်းကမ်းချက်များပေးသူဟူ၍လည်း သိရှိရပါသည်။ အဟူရာမာဇဒါသည် ရတ(ဝရုဏ)ဆေးစပ်ပေးသူဖြစ်၍ အာရှ(Asha)ဟူ၍လည်း မကြာမကြာ ခေါ်ဆိုခြင်းခံရသူဖြစ်သည်။ ရတ(Rta)နှင့် အာရှ(Asha)သည် ဒဏ္ဍာရီပုံပြင်ဖြစ်၍ သဘာဝကျမှုနှင့် ဘာသာရေးဆိုင်ရာ ဥပဒေသဖြစ်တော့၏။ သူသည် ဥပဒေပြဌာန်းသူဖြစ်သည့်အားလျော်စွာ သူ၏ဥပဒေသများအား ချိုးဖောက်ခြင်းများနှင့် ဥပဒေကိုကိုင်တွယ်ကျင့်သုံးခြင်းများအားလည်း တရားစီရင်စစ်ဆေးသည့်နေ့ရက်နှင့် အပြစ်ကိုရေတွက်သည့်နေ့ရက်တွင် ၎င်းက စစ်ဆေးစီရင်ဆုံးဖြတ်ပေးလိမ့်မည်။

## စပင်တာမိန်းယု (Spenta Mainyu)

အဟူရာမာဇဒါအား တန်ခိုးအရာတွင် အကြီးဆုံးဖြစ်သည်ဟူ၍လည်းကောင်း၊ မပြောင်းမလဲ ထာဝရတည်မြဲနေသူဟူ၍လည်းကောင်း၊ လုံးဝဥဿုံညီညွတ်ခြင်းဟူ၍လည်းကောင်း၊ ကျွန်ုပ်တို့ သိမြင်သဘောပေါက်ခဲ့ကြပြီးဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာလောကသည် မတည်မမြဲပြောင်းလဲနေ၏။ ဤဆန့်ကျင်ဘက်အရာနှစ်ခုသည် မည်ကဲ့သို့ပေါင်းစပ်၍ ရနိုင်မည်နည်း။ ဤနေရာတွင် ဇိုရိုအာဆရီးယားဘာသာက ဤဆန့်ကျင်ဘက်အရာနှစ်ခုအကြား အမှန်တရားတစ်ခုခုကို ချထားလိုက်သည်။ ဤနေရာတွင် အဟူရာမာဇဒါ၏ စဉ်းစားတွေးခေါ်မှုနှင့် ဖန်ဆင်းလိုသည့် လိုအင်ဆန္ဒ၌ စပင်တာမိန်းယု(Spenta Mainyu)ဟူသော ရှင်းလင်းပြတ်သားစေခြင်းနှင့် စီမံဆောင်ရွက်ခြင်းသည် ခံယူယုံကြည်ယူဆချက်

ရှိသည်။ ဤအကြောင်းအချက်နှစ်ခုတို့သည် အတူတကွပေါင်းသင်းနေကြသည့် မကောင်းသည့် သဘာဝနှင့် အစအဆုံးဟူ၍ မရှိသောအရာဖြစ်၏။ တစ်ခုသည် မရှင်းလင်းမပြတ်သားမှု၍ စပင်တာမိန်းယုကမူ ရှင်းလင်းပြတ်သားသည့် ပုံသဏ္ဌာန်ဖြစ်သည်။ ဤနေရာတွင် ဗြဟ္မာကြီး၏ နိဂုဏနှင့် သဂုဏဟူသော ပုံသဏ္ဌာန်နှစ်ခု(Two forms of Brahma, Nirguna and Saguna)ကို အလွယ်တကူထင်ရှားစွာ တွေ့မြင်နိုင်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် အဟူရာ မာဇဒါသည် ရှန်ကာရဝါဒ၏ နိဂုဏဗြဟ္မာကြီးနှင့်အသွင်တူညီပြီး စပင်တာမိန်းယုက ရှန်ကာရ အဝိဇ္ဇာဝါဒ၏ ဣသရေလဟူသောအယူအဆ၏ တူညီသောလက္ခဏာဖြစ်စေသည်။ စပင်တာ မိန်းယုသည် ကောင်းသောအကြံအစည်၊ အတွေးအခေါ်တို့အား ကိုယ်စားပြု၍ အဟူရာမာဇဒါ၏ ဟူမာတ(ကောင်းသောအကြံ)၊ ဟုက္ခထ(ကောင်းသောစကား)နှင့် ဟာဗတ်ရှိတ(ကောင်းသော အပြုအမူ)ဖြစ်သည့် စေတနာဆန္ဒနှင့် ဖန်ဆင်းလိုမှုတို့အား ကိုယ်စားပြုပြောဆိုသောစကား ဖြစ်သည်။

အဟူရာမာဇဒါအား ထာဝရဘုရားသခင်၏ Vicegerent ခေါ် ဒုတိယထာဝရဘုရားဟူ၍ ဆိုနိုင်သော စပင်တာမိန်းယုမှတဆင့်သာလျှင် ဝတ်ပြုကိုးကွယ်နိုင်၏။ ဇာရာသူစထရာ (Zarathustra)ကလည်း ၎င်းအား စပင်တာမိန်းယု(Spenta Mainyu)မှတဆင့် ဝတ်ပြု ကိုးကွယ်သူများနှင့် ဘာသာရေးဆိုင်ရာလုပ်ငန်းများတွင် တဆင့်ဝတ်ပြုကိုးကွယ်သူများ၊ ဘာသာရေးဆိုင်ရာလုပ်ငန်းခွင်တွင် ခွန်အားစိုက်မှုနှင့် အချိန်ပေးထားသူများသို့ သူ၏ကောင်းချီး မင်္ဂလာအမြောက်အမြားကို ပေးအပ်သည်။ စပင်တာမိန်းယုသည် စကြဝဠာကမ္ဘာလောကဓါတ် တစ်ခုလုံးကို ဖန်ဆင်းနိုင်၍ အောက်သို့ ဇောက်ထိုးမိုးမျှော် ထိုးကျသွားခြင်း၊ ရေထဲသို့နစ်မြုပ် သွားခြင်းမရှိစေရန် ထိန်းသိမ်းထားခြင်းနှင့် အုပ်ထိန်းချုပ်ကိုင်ထားသည့် စိတ်ဝိညာဉ်(Spirit) ဖြစ်သည်။

## အဟူရာမာဇဒါ၏ စေတမန်နတ်သားများ

## Ahuramazda's Angels

**အဟူရာမာဇဒါတွင် ဗိုဟူမန္န**(Vohu Manah or Good Mind)၊ **အာရှ**(Asha or righteousness)၊ **ခတ်ရှတရ**(Khshathra or God's Kingdom)၊ **အာမိုက်တိ**(Armaiti or Shraddha

or Devotion)၊ ဟောက်ရ် ဝတတ်(Haurvarat or Perfection) နှင့် အမ္မာရိတတ် (Ameretat or Immortality)ဟူသော အရေးအကြီးဆုံးဖြစ်သည့် ကောင်းမြတ်သည့် စိတ်သဘောထား၊ မှန်ကန်၍တရားမျှတမှု၊ ဘုရားသခင်၏တိုင်းပြည်၊ လေးနက်သော ချစ်ခြင်းမေတ္တာ၊ အတုယူဖွယ်ရာစံနမူနာနှင့် အမြဲထာဝရတည်ရှိခြင်းစသည့် ဂုဏ်အင်္ဂါ(၆)ပါးရှိသည်။ အဟူရာမာဇဒါ၏ အဆိုပါကောင်းခြင်း(၆)ဖြာ ဂုဏ်အင်္ဂါရပ်များနှင့် စိတ်တန်ခိုးတော်များသည် မကြာမီ လူပုဂ္ဂိုလ်တစ်ဦးအဖြစ်ရောက်ရှိလာပြီး ၎င်းတို့သည် ထာဝရဘုရားသခင်၏ မြင့်မြတ်သော စေတမန်နတ်သားများဖြစ်လာသည်၊ (ဝါ)ဘုရားသခင်အား ပူးပေါင်းဆောင်ရွက်သူများဖြစ်လာကြ၏။ ကောင်းမြတ်သော စိတ်သဘောထား၊ မှန်ကန်၍ တရားမျှတမှုနှင့် ဘုရားသခင်၏ တိုင်းပြည်တို့သည် အမျိုးသားအဖွဲ့ဝင်များဖြစ်၍ နတ်ဒေဝါ များနှင့်မခြား အလားတူစွာ အနိမ့်ဆုံးမှ အမြင့်ဆုံးသို့ တိုင်အောင် ပါဝင်ဆောင်ရွက်ပေးကြပြီး လေးနက်သောချစ်ခြင်းမေတ္တာ၊ အတုယူဘွယ်ရာစံမူနာနှင့် အမြဲထာဝရတည်ရှိမှုတို့မှာ အမျိုးသမီးများ၏ အမည်နာမများဖြစ်ကြသည်။

ဗိုဟူမန္န ခေါ် ကောင်းမြတ်သည့်စိတ်ဓါတ်သည် ဗိုဟူမိန်းယု ခေါ် ကောင်းမြတ်သည့် ဝိညာဉ်အတွင်းသို့ ဝင်ရောက်ကိန်းအောင်းသွား၏။ သို့ရာတွင် ဗိုဟူမိန်းယုသည် အဟူရာမာဇဒါ၏ တန်ခိုးအာဏာအရာ အထင်ရှားဆုံးဖြစ်သူ စပင်တာမိန်းယုနှင့် ရောထွေးမသွားစေရန် သတိပြုဖို့တော့ လိုအပ်ပေသည်။ ဗိုဟူမိန်းယုသည် ဆက်လက်ပြီး ဘုရားသခင်ဖြစ်သွား၏။

အာရှ(Asha)သည် လူသားတို့၏ နောက်မျိုးဆက်အသစ်များ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စေမည့် စည်းမျဉ်းအတွက် ထားရှိခြင်းဖြစ်၍ သဘာဝတရား၏ စနစ်ကျနစွာဖြင့် လုပ်ဆောင်ချက်များအတွက် တူညီစေသည့်သင်္ကေတ ဖြစ်သည်။ ဘုရားသခင်၏ တိုင်းပြည်(ဝါ) ဘုရားသခင်၏အုပ်စိုးမှုသည် ထာဝရဘုရားသခင်၏ ခွန်အားနှင့်အာဏာကို အချက်ပြသည်။ လေးနက်သောချစ်ခြင်းမေတ္တာဟူသည်မှာ အဟူရာမာဇဒါသို့ လေးနက်ခိုင်မာသော မေတ္တာတော် အဖြစ် အမှတ်သင်္ကေတပြုခြင်းဖြစ်သည်။ အတုယူစရာစံနမူနာနှင့် အမြဲထာဝရတည်တံ့ခြင်း ဆိုသည်မှာ အဟူရာမာဇဒါ၏ ထင်ရှားသည့်ဘုန်းတန်ခိုးတော်လည်း မည်ပါ၏။

အာလုံးသော ဘုန်းတန်ခိုးတော်များ၏အနက်တွင် ကောင်းမြတ်သောစိတ်ထားနှင့် ဘုရားသခင်၏ တိုင်းပြည် (ဝါ) အုပ်စိုးမှုသည် အရေးအကြီးဆုံးဖြစ်သည်။ ကောင်းမြတ်သောစိတ်

(ဝါ) စိတ်ရင်းစေတနာ ကောင်းမွန်စွာထားရှိခြင်းဟူသော ဘုရားသခင်၏ စွမ်းအားကြီးမားသည့် ခွန်အားသည် လူသားများအားလုံး ချင်းဘတ်တံတားကို ကျော်ဖြတ်သည့်အခါ အထင်ရှား အပေါ်လွင်ဆုံး ဖြစ်လာပေလိမ့်မည်။ စိတ်ရင်းစေတနာ ကောင်းမွန်စွာထားရှိခြင်း(Vohu Manah)သည် မှန်ကန်၍ တရားမျှတမှု၏ အထောက်အကူဖြစ်သလို၊ မကောင်းမှုပြုလုပ်သူများ အားလည်း အပြစ်ပေးလိမ့်မည်။ မှန်ကန်၍ တရားမျှတမှုသည် မီးမှတဆင့်ဖြစ်ပေါ်လာလိမ့်မည်။ သို့သော် ကောက်ကျစ်စဉ်းလဲသူများသည် ဥပဒ်အန္တရာယ် (ဘေးဥပဒ်အန္တရာယ်)ကို ရရှိခံစားရန် အလို့ငှာ မီးရှိရာသို့ အလည်အပတ်ရောက်ရှိသွားပေလိမ့်မည်။

မှန်ကန်တရားမှု(Asha)သည် မှန်ကန်တရားမျှတမှု(Righteousness)အတွက် ဝိညာဉ်ကို ဗဟိုပြု၍ ရပ်တည်ပေးသကဲ့သို့ ဇာရာသူစထရာ၏ ကိုယ်ကျင့်တရားဆိုင်ရာ ကျင့်စဉ် စည်းကမ်း(ဝိနည်းသိက္ခာ)ဆိုင်ရာ ဝိဉာဉ်သည် ပြီးဆုံးခြင်းသို့ ရောက်ရှိသည်။ ဤသည်မှာ ဇာရာသူစထရာ ရှာဖွေကြံဆ၍ သင်ကြားပြသခဲ့သည့် အမှန်တရား၊ မျှတသည့် လမ်းစဉ်ဖြစ်သည်။

## အာရိမန်၏အင်ဂရာမိန်းယု (ANGRA MAINYU OF AHRIMAN)

### (ကမ္ဘာလောကသို့ မကောင်းမှုဒုစရိုက်မွေးထုတ်ပေးသူ)

ဖန်ဆင်းတော်မူခြင်းဟူသော အဓိပ္ပါယ်သည် ကန့်သတ်ချက်မရှိခြင်း(ဝါ) အထိန်း အကွပ်မဲ့ခြင်းအား ထိန်းကွပ်မှု(ဝါ) ကန့်သတ်ထိန်းချုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် မတိကျမမှန်ကန်မှု ဖြစ်ခြင်းသည် ဖန်ဆင်းတော်မူရခြင်း၏ မလွဲမရှောင်သာသော အကြောင်းရင်းဖြစ်၏။ စပင်တာ မိန်းယုသည် ကောင်းမွန်သာယာသော ကမ္ဘာလောကအား မကောင်းဆိုးဝါး ဒုစရိုက်တရားကို စတင်မွေးထုတ်ပေးသူ အာရိမန်(ဝါ)အင်ဂရာမိန်းယု(Ahriman or Angra Mainyu)နှင့် ထိပ်တိုက်ရင်ဆိုင်သည့် အကြောင်းဖြစ်လာသည်။ မိုးခေါင်ရေရှားမှုဖြစ်ခြင်း၊ ဒုက္ခန္တရာယ် ဆိုက်ရောက်ခြင်း၊ အသက်ပေါင်းများစွာကို ဖျက်ဆီးချေမှုန်းမှုခံရခြင်း၊ ကမ္ဘာလောကကို မကောင်းဆိုးဝါး အမျိုးအစားများစွာတို့အား ဖြစ်ပေါ်စေရန် အာရိမန်နှင့် သူ၏အပေါင်းအသင်း များက ပြုလုပ်ပေးခဲ့သည်။

အလွန်စောစီးစွာသောအချိန်မှစ၍ ဒေဝ(Devas)ခေါ် နတ်ဒေဝါများအား မကောင်း

ဆိုးဝါးအဖြစ် စိတ်ကူးကြံစည်ခဲ့ကြပြီး ရေရှည်ကာလများတွင် အင်ဒို-အာရိယန်လူမျိုးများက အင်ဒရာ(Indra) ခေါ် စစ်နှင့်ဆိုင်သော မကောင်းဆိုးဝါးတို့ထိပ်ခေါင်(Arch-Devil)နတ်ဘုရားအဖြစ် သတ်မှတ်ခဲ့သည်။ အရှင်ဂေါတမမြတ်ဗုဒ္ဓနှင့် ယေရှုခရစ်တော်ကဲ့သို့ပင်လျှင် ဇိုရိုအာဆတီးယားဘာသာမှ ပထမဆုံးသောတမန်တော်ဖြစ်သည့် ဇာရာသူစထရာသည်လည်း အာရိမန်(Ahriman)ဟုခေါ်သည့် မကောင်းဆိုးဝါးကောင်၏ ဖျားယောင်းသွေးဆောင်မှုကို ခံခဲ့ရဖူးကြောင်း သိရှိရသည်။

*(အာရိမန် ခေါ် မကောင်းဆိုးဝါးခေါင်းဆောင်သည် ဗုဒ္ဓဘာသာသမိုင်းတွင် မာရ်နတ်ဟု သိကြသည့် ပုဂ္ဂိုလ်ကြီးဖြစ်နိုင်သည်။ - ဘာသာပြန်သူ)*

နောက်တဖန်ဖော်ပြရလျှင် ဇာရာသူစထရာသည် အာရိမန်၏ ဖျားယောင်းသွေးဆောင်လှည့်ပတ်မှုများကို အောင်မြင်နိုင်ခဲ့သည်ဆိုသောအချက်ဖြစ်သည်။ ကောင်းမှု မကောင်းမှု ဤနှစ်ခုဟူသောအယူဝါဒအား ဘာပဲဖြစ်ဖြစ် ဇိုရိုအာဆတီးယားဘာသာအနေဖြင့် ယုံကြည် ကိုးကွယ်မှုအဖြစ်အပြည့်အဝသဘောထားသည်။ အိန္ဒိယပြည်တွင် စတင်ထွန်းပေါ်သည့် ဘာသာတရားများဖြစ်ကြသည့် ဂျိန်းဘာသာ၊ ဗုဒ္ဓဘာသာနှင့် ဗြဟ္မဏဘာသာအယူဝါဒများနှင့် မတူညီပဲ ဇိုရိုအာဆတီးယားဘာသာသည် အဝိဇ္ဇာ(Avidya)၊ အညာဏ(Ajnana) (ဝါ) မာယာ(Maya) ဟူသောအဘိဓမ္မာဆိုင်ရာ အသုံးအနှုန်းစကားလုံးများ တီထွင်ကြံဆောင်ပြောဆို ရေးသားခြင်း မရှိခဲ့ပေ။ မကောင်းမှုအား ဘဝ၏အကြောင်းအချက်အလက်တစ်ခုအဖြစ် လက်ခံယုံကြည်သည်။ မကောင်းမှုဟူသောအမည်နာမကို ဘယ်မျှပင်ပြောဆိုရေးသားစေကာမူ အာရိမန်(Ahriman)သည် ဇိုရိုအာဆတီးယားဘာသာ၏အလိုအရ ထာဝရဘုရားသခင် ဖန်ဆင်းတော်မူခြင်းအား ညစ်နွမ်းစေသည့်အပြင် အမှားနှင့်အမှန်ကြား ဗျာများနေရသည့် လူသားတို့အား ကြိုက်ရာရွေး အတွေးနှင့်အကြံစဉ်းစားမှု အတန်တန်၊ ခံစားမှုအထွေထွေ၊ လိုအင်ဆန္ဒအဝဝ၊ ရည်ရွယ်ချက်အစားစားနှင့် အတွေ့အကြုံများစွာတို့ကို မနောကံ၊ ဝစီကံ၊ ကာယကံမြောက် ပြစ်မှားကျူးလွန်မိသည့်မကောင်းမှုအားပြန်လည်စဉ်းစား၊ စိတ်ကိုယ်ဉ်ပါးအောင် ထိန်းကျောင်းပြုပြင်၍ နောက်နောင်တွင် ပြစ်မှားကျူးလွန်မှုလျော့နည်းစေခဲ့ပေသည်။ ဤနည်းအားဖြင့် အာရိမန်(Ahriman)ခေါ် မာရ်နတ်မင်းသည် လူသား၏ခန္ဓာကိုယ်အတွင်း မကောင်းဆိုးဝါး စိတ်ဝိညာဉ်တစ်ခုကို ဖန်ဆင်းထည့်သွင်းခဲ့သည့်အတွက် လူသား၏ သဘောသဘာဝ အစစ်အမှန်ကို နည်းမျိုးစုံဖြင့် အပြည့်အဝလှည့်ဖျားသွေးဆောင်ခဲ့လေ

သည်။ လူသားများ၏ ထိုမကောင်းဆိုးဝါး စရိုက်လက္ခဏာအား ဝတ်ပြုဆုတောင်းခြင်းများနှင့် ဘာသာရေးထုံးတမ်းစဉ်လာများဖြင့် သန့်ရှင်းစေရမည်။

မကောင်းမှုဒုစရိုက်အား ဆန့်ကျင်တိုက်ထုတ် ဖယ်ရှားရသည့်အလုပ်မှာ ခက်ခဲသည့် အလုပ်တစ်ခုဖြစ်ပါ၏။ ဇာရာသူစထရာ၏အဆိုအရ မကောင်းမှုဒုစရိုက်သည် လူသား၏ တကယ့်စစ်မှန်သော အကြောင်းတရားတစ်ခုဖြစ်သည်။ သူက မကောင်းဆိုးဝါး (ဝါ) ဒုစရိုက် သမား ဆန့်ကျင်တိုက်ခိုက်ရန်အတွက် စစ်သားတစ်ယောက် ဖြစ်လာရေးအတွက် သူ၏ နောက်လိုက်နောက်ပါများအား အကြံပေးထားသည်။ မကောင်းဆိုးဝါး(ဝါ) ဒုစရိုက်မှုပြုခြင်းသည် ဘာမျှမရှိသကဲ့သို့ လူ့ခန္ဓာအတွင်း များပြားစွာရှိပါ၏။ လူသား၏စိတ်ထဲတွင် မကောင်းမှုနှင့် ကောင်းမှုပြုလိုသည့်ဆန္ဒအကြား တိုက်ပွဲတစ်ခုဖြစ်ပွားရသည်အထိ သွေးဆောင်လှည့်ဖျားခြင်းကို ခံထားရသည်။ ထာဝရဘုရားသခင် အဟူရာမာဇဒါက လူသား၏ခန္ဓာကိုယ်တွင်း–ကိုယ်ပ နှစ်ဌာန(အဈ္ဈတ္တနှင့် ဗဟိဒ္ဓ)ရှိ အာရိမန်(Ahriman)၏ မကောင်းဆိုးဝါးစိတ်ဓါတ်များနှင့် အာရိမန် ကိုယ်တိုင်အား ဆန့်ကျင်တိုက်ခိုက်သွားရန် တောင်းဆိုဟောကြားထားသည်။ ထို့ကြောင့် လူသားနှင့် အမျိုးစုံထွေပြား သဘာဝဘေးဒုက္ခများအကြား ရုန်းကန်လှုပ်ရှားတိုက်ပွဲများသည် အဟူရာ မာဇဒါကိုယ်တိုင် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည့် ဥပဒေသဖြစ်သည်။ မကောင်းဆိုးဝါးအား ဆန့်ကျင်တိုက်ခိုက်ရသော တိုက်ပွဲများကြောင့် လူသားသည် ထာဝရဘုရား အဟူရာမာဇဒါ ကိုယ်တိုင်၏ သွက်လက်ဖျတ်လတ်သောလှုပ်ရှားသူ လုပ်ဖော်ကိုင်ဘက်များနှင့် မျှဝေခံစားသူများ ဖြစ်လာသည်။ လူသားသည် ယစ်ပူဇော်မှုများဖြင့် မကောင်းဆိုးဝါးနှင့် ပဋိပက္ခများအတွင်း လှုပ်ရှားလာခဲ့သည်။ ယစ်ပူဇော်ခြင်းသည် ဝတ်ပြုပူဇော်မှုကို ပိုမိုများပြားစေသည်။ ထိုသို့ ယစ်ပူဇော်ခြင်းသည် ထာဝရဘုရားသခင်အား မကောင်းဆိုးဝါးနှင့် တိုက်ခိုက်ရာ၌ ၎င်းတို့၏ အကူအညီပေးသည့် ပုံစံတစ်ခုဖြစ်သည်။ ထာဝရဘုရားသခင်သည် လူများနှင့် အလားတူစွာ သောက်စားမှုပြုရန်လိုလားသည့်အပြင် အစာအာဟာရကိုလည်း သုံးဆောင်မှီဝဲလိုသည်။ ထို့ပြင် လူသားတို့၏ ချီးကျူးမှုများကြောင့် အားတက်ပျော်ရွှင်မှုကို ရရှိစေသည်။ မကောင်းဆိုးဝါးအား ဆန့်ကျင်တိုက်ပွဲဝင်ရန် ဤနှိုးဆော်ချက်ကို နောက်ပိုင်းတွင် ဝီလျံဂျိမ်းစ်(William James)က ရေးသားခဲ့သည်။

မကောင်းမှုအား(ဝါ) ဒုစရိုက်ပြုမှုအား မကောင်းဆိုးဝါးဖြစ်သည်ဆိုခြင်းကို ဘာမျှသံသယ ရှိရန် မလိုပါ။ သို့ရာတွင် လူသားအဖို့ရာ၌ မကောင်းမှုအား ကျော်လွှားနိုင်ခြင်းဖြင့် ကောင်းကင် ဘုံနန်းသို့ တက်ရောက်စံမြန်းနိုင်ကောင်း စံမြန်းနိုင်မည်ဟူသော စိန်ခေါ်ချက်မှာ လူသားအတွက် ဖြစ်သည်။ အဆိုပါ မကောင်းဆိုးဝါးသဘာဝတရားသည် လူသားအတွက် စမ်းသပ်စစ်ဆေးမှု အဖြစ် လိုအပ်သောအရာတစ်ခုဖြစ်သည်။ ထိုအကြောင်းအရာ မကောင်းဆိုးဝါး ဟူသောပြဿနာ ကို ထာဝရဘုရားကိုယ်တိုင်က ပြဌာန်းပေးခြင်းအားဖြင့် လူသားသည် စေတမန်နတ်သားအဖြစ် သို့တိုင်အောင် တိုးတက်မြင့်မားလာရန်ဖြစ်သည်။ ဒေါက်တာအစ်ဘလ်(Dr.Iqbal)က အစ္စလာမ်ဘာသာအတွင်းသို့ တင်သွင်းယူဆောင်လာသည့် ယုံကြည်ချက်တစ်ခုဖြစ်သည်။ လူသား အား ထာဝရဘုရားက မကောင်းမှု၊ သို့မဟုတ် ကောင်းမှုကို ကြိုက်နှစ်သက်ရာ ရွေးချယ်နိုင်ရန် လွတ်လပ်သည့်စိတ်ဆန္ဒကို ပေးအပ်ထားခဲ့ပြီးဖြစ်သည်။ အကယ်၍ လူသားသည် ၎င်း၏လွတ်လပ် သောစိတ်ဖြင့် ကောင်းမှုကောင်းရာကိုသာ ရွေးချယ်မှုပြုလုပ်မှုဆိုလျှင် ကောင်းကင်ဘုံ၏ စေတမန် နတ်သားထက်ပို၍ မြင့်မြတ်နိုင်မည်ဖြစ်သည်။ အကယ်၍ ကောင်းမှု ကောင်းစေတနာဖြင့် မရွေးချယ်မဆောင်ရွက်ခဲ့ပါလျှင်လူသားသည် ငရဲဘုံသို့ရောက်ရှိပြီး ကိုယ်ရောစိတ်ပါ ပြင်းထန်စွာ သောဒုက္ခခံစားရမည်ဖြစ်၏။

ဇိုရိုအာဆရီးယံက အကြောင်းအချက်နှစ်ခုကို အလွန်ရှင်းလင်းပြတ်သားစွာ ဖော်ပြခဲ့ပြီး ဖြစ်၏။ ၎င်းတို့မှာ– လူသား၏ အဇ္ဈတ္တကိုယ်တွင်းရှိသော မကောင်းသောစိတ်သည် ကိုယ်ခန္ဓာ အပြင်တွင်ရှိသော မကောင်းမှုဒုစရိုက်ထက် ပို၍ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ လူသား သည် ၎င်း၏ကောင်းသောအကြံအစည်(Hunta)၊ ကောင်းသောစကား (Hukta)နှင့် မြင့်မြတ်သော အပြုအမူ(Hvarshta)တို့ဖြင့် မကောင်းဆိုးဝါးအား တိုက်ထုတ်နိုင်၏။ ဒုတိယအချက်မှာ မကောင်းမှုဒုစရိုက်တရားသည် အဆုံးသတ်အပြီးတိုင်သော အကြောင်းမဟုတ် ဟူ၍ လူတစ် ယောက် မိမိ၏အသည်းနှလုံးထဲတွင် စွဲမှတ်ရန်လိုအပ်သည်။ အပြီးသတ်အဆုံးတိုင် ကာလ၌ အာရိမန်(Ahriman)နှင့် ၎င်း၏ အပေါင်းအဖော်များအားလုံးသည် ရှုံးနိမ့်ကျဆုံးကြရမည်ဖြစ်ပြီး ဖျက်ဆီးခြင်းခံကြ၍ ကြီးကျယ်မြင့်မြတ်ခြင်းသို့ ပြန်လည်ရောက်ရှိလာပြီးလျှင် နောက်ဆုံး၌ ထည့်သွင်းစဉ်းစားရမည့်အရာများ ဖြစ်လာပေလိမ့်မည်။ ဤအဓိပ္ပာယ်မှာ မကောင်းမှုစရိုက်သည်

ယာယီ အခိုက်အတန့်မျှသာဖြစ်သော သဘာဝတရားတစ်ခုဖြစ်၍ ကောင်းမွန်ခြင်း တစ်ခုတည်းသာ နောက်ဆုံးအရာဖြစ်သည်။ ဤသို့အားဖြင့် ဇိုရိုအာဆရီးယားဘာသာ၏ ဒွိစုံယုံကြည်ချက်တစ်ခုတည်းသာလျှင် အဟူရာမာဇဒါနှင့် ဆက်သွယ်နေသည့် တစ်ခုတည်း ပရမတ္ထတရား (ဝါ) တကယ့်အရှိအမှန်ဖြစ်သည်။ ဤနည်းအားဖြင့် ဒွိစုံယုံကြည်ချက်သည် ဇိုရိုအာဆရီးယားဘာသာ၏ လုံးဝဥဿုံတစ်ဆူတည်းသော ထာဝရဘုရားသခင် ရှိတော်မူသည် ဟူသော အယူဝါဒ၏ ဝါးမျိုသိမ်းပိုက်ခြင်းကို ခံရသည်။

## ကမ္ဘာလောက The World

''ဖန်ဆင်းတော်မူခြင်း''(Creation)ဟူသော စကားလုံးတစ်လုံး၏အဓိပ္ပါယ်မှာ ကမ္ဘာလောကကြီးအား ပညာအရှိဆုံးနှင့် အကောင်းဆုံးသော ဖန်ဆင်းရှင်အဟူရာမာဇဒါက ဖန်ဆင်းတော်မူခဲ့၏ဟူ၍ဖြစ်သည်။ အဟူရာမာဇဒါသည် သူ၏သတ္တဝါများ ပျော်ရွှင်ချမ်းမြေ့မှုအတွက် ဤကမ္ဘာလောကကြီးအား ဖန်ဆင်းတော်မူခဲ့သည်။ အကယ်၍လူသားသည် ထာဝရဘုရား၏ တမန်တော်ဇရာသူစထရာက သူ့အားပေးလိုက်သော ဥပဒေသများအတိုင်း နေထိုင်သွားရန် အဆင်သင့်ဖြစ်နေခဲ့မည်ဆိုပါလျှင် သဘာဝတရားသည် သူ့၏အထွေထွေအပြားပြား များစွာသော အောင်မြင်တိုးတက်သည့် မျက်နှာစာများက လူသားအား ဝမ်းမြောက်ဝမ်းသာဖြစ်စေ၍ အနန္တပျော်ရွှင်ချမ်းမြေ့မှုကို ပေးစွမ်းနိုင်ပေလိမ့်မည်။

အဟူရာမာဇဒါသည် စကြဝဠာကမ္ဘာလောကအတွင်း အစီအစဉ်ကို ခိုင်မာတည်ငြိမ်စေရန် ဖန်တီးထူထောင်ပေးခဲ့သည်။ နေနှင့်လအပါအဝင် စကြဝဠာကမ္ဘာလောကအတွင်း အရာခပ်သိမ်းကို အာရှ(Asha)ဟုခေါ်သော ဥပဒေသအတိုင်း လုပ်ကိုင်ဆောင်ရွက်သည်။ ဖန်ဆင်းခံသတ္တဝါများနှင့် ဖန်ဆင်းခြင်းအတွက် ဤဥပဒေသများက အဟူရာမာဇဒါ၏ စည်းမျဉ်းစည်းကမ်းများအား အလေးဂရုပြုရန် သတိပေးထားသည်။ ကြယ်တာရာနက္ခတ်များသည် လမ်းကြောင်းပြောင်းလဲ၍ လမ်းလွဲချော်စရာမရှိ၊ ငွေစန္ဒာလမင်းကြီးသည် သူ၏ အလင်းရောင်ထွက်သည့် မျက်နှာပြင် ပိုမိုကျယ်ဝန်းလာပြီးနောက် ပြည့်ဝသည့်နေအထားမှ ပို၍ပို၍ ဆုတ်ယုတ်လျော့နည်းပျောက်ကွယ်သွားခြင်းမှာ သူ၏စနစ်နှင့် ဥပဒေသအတိုင်း လှည့်ပတ်သွားလာနေခြင်းကြောင့်ဖြစ်

သည်။ စကြဝဠာတစ်ခုလုံးက ဘုရားသခင်၏အာရှ (Asha)ဟူသော အမှတ်သင်္ကေတများအား သစ္စာဖောက်ခဲ့သည်။ ဤသို့အားဖြင့် ကမ္ဘာလောကကြီးသည် ကောင်းမွန်သည်။ ဤစကြဝဠာကြီး၏ အကြောင်းအရာကို သယ်ယူခဲ့သူမှာ စပင်တာမိန်းယု(Angra Mainyu)တစ်ယောက်တည်း မဟုတ်သကဲ့သို့ အာရိမန် (Ahriman) (ဝါ) အင်ဂရာမိန်းယု(Angra Mainyu)သည်လည်း ကမောက်ကမ စည်းစနစ်မကျအောင် ဖော်ဆောင်ဖန်တီးခဲ့လေသည်။ သတ္တဝါတို့၏အသက်ပေါင်းများစွာ သေဆုံးစေခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ လျှော့လှုပ်ခြင်း စသည်တို့ကို ယူဆောင်လာသူမှာ အာရိမန်(Ahriman) ဖြစ်သည်။

ဤနည်းအားဖြင့် လူသားသည် သူ၏ဘဝ အသက်ရှင်သန်နေစဉ်ကာလ၌ သူ့ကို လမ်းညွှန်ပြသရန် သဘာဝတရား၏ဥပဒေကို နားလည်ခဲ့ရသည်။ သူသည် မကောင်းဆိုးဝါး သဘာဝတရားကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ရသည်။ မကောင်းဆိုးဝါးအား ဆန့်ကျင်တိုက်ပွဲဝင်ခြင်းအားဖြင့် သူသည် ထာဝရဘုရားသခင်နှင့် ကောင်းတူဆိုးဘက် လုပ်ဖော်ကိုင်ဘက်ဖြစ်လာခဲ့သည်။ သူသည် သဘာဝတရားပြဌာန်းထားသည့် ဥပဒေသအဝဝအား ချိုးဖောက်ခြင်းအားဖြင့်သော်လည်းကောင်း၊ မကောင်းဆိုးဝါးနှင့် ယှဉ်တွဲနေထိုင်ခြင်းဖြင့်သော်လည်းကောင်း အပြစ်ပေးခြင်းခံရမည်ကို နားလည်ရမည်ဖြစ်၏။ ထို့ကြောင့် လူသားတို့အား ဆုလာဘ်ချီးမြှင့်ခြင်းသော်လည်းကောင်း၊ အပြစ်ဒဏ်ခတ်ခြင်းသော်လည်းကောင်း ကမ္ဘာလောကကြီး ဖြစ်ပေါ်လာရခြင်း မဟုတ်ပေ။

အားလုံးအပေါ်ခြုံကြည့်လျှင် ဇိုရိုအာဆရီးယားဘာသာသည် လူ့ဘဝကို ပျော်ရွှင်ချမ်းမြေ့ဘွယ်ရာတစ်ခုအဖြစ် ရှုမြင်သည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာမြေကြီးပေါ်က လူ့ဘဝသည် ဝေဒခေတ်ကာလ အင်ဒို-အာရိယန်လူမျိုးများကဲ့သို့ပင် ကောင်းချီးမင်္ဂလာတစ်ခုဖြစ်၍ ပါစီလူမျိုးတစ်ယောက်သည် ပျော်ရွှင်မှုအတွက်ဖြစ်စေ၊ ကျန်းမာရေးအတွက် ဖြစ်စေ၊ ဤကမ္ဘာမြေပေါ်တွင် အသက်ရှည်ကြာစွာနေနိုင်ရန် ဆုတောင်းသည်။ မာဇဒါအားငင်း၏နောက်လိုက်သာဝကများ၏ ပျော်ရွှင်မှုနှင့် အသက်ရှည်ကြာ ပျော်ရွှင်စွာနေထိုင်နိုင်သည့်ဘဝတစ်ခုဖြစ်ရေးအတွက် ဆုတော်လာဘ်တော် ပေးသနားတော်မူရန် တောင်းခံခဲ့ကြလေ၏။ အစဦးပိုင်း၌ သိရှိမှတ်သားခဲ့ကြပြီးသည့်အတိုင်း အကောင်းဆုံးနှင့် သတ္တဝါအများတို့အား

သနားကြင်နာယုယစွာဖြင့် ကူညီပေးတတ်သော ထာဝရဘုရားသခင်၏ ဖန်ဆင်းတော်မူခြင်းနှင့် အတူ ရှိနေသမျှကာလပတ်လုံး မကောင်းဆိုးဝါးသည်လည်း ကမ္ဘာလောကတွင် ရှိနေပေ၏။ မကောင်းဆိုးဝါးသည် ဆန့်ကျင်တိုက်ထုတ်ရမည့်အရာ ဖြစ်သည်ဟူ၍ မှတ်ယူကြရမည်ဖြစ်ပါ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယင်းမကောင်းဆိုးဝါးဟူသောအရာကို ယခုပဲ လေ့လာကြည့်ကြပါစို့။

## မကောင်းဆိုးဝါး (ဝါ) ဒုစရိုက်ကောင် (Evil)

အဟူရာမဇဒါနှင့်တကွ ခွဲခြားမရသော ၎င်း၏ဖွားဘက်တော်ပမာ(co-evil)တန်ခိုး အရာတွင် စပင်တာမိန်းယုနှင့်အတူရှိနေသူမှာ အင်ဂရာမိန်းယု(အာရိမန်) ဖြစ်သည်။ ပါစီဘာသာ ယုံကြည်ကိုးကွယ်မှု၏ စောစောပိုင်းကာလတွင်ရှိသော စာပေကျမ်းဂန်တွင် မကောင်းဆိုးဝါး(ဝါ) ဒုစရိုက်မှုကို စကြဝဠာကမ္ဘာလောကအား အကန့်အသတ်ထား၍ ထာဝရဘုရားက ဖန်ဆင်းရာ၌ လိုအပ်သောကွင်းဆက်တစ်ခုအဖြစ် သဘောထားသည်။ အဘယ်ကြောင့်ဆိုသော် ဖန်ဆင်းခြင်း ဟူသောအဓိပ္ပါယ်မှာ အချိန်ကာလအကန့်အသတ် အပိုင်းအခြားမရှိခြင်း(Infinite)အား အကန့်အသတ် အပိုင်းအခြားပြုလုပ်ခြင်း(finitizing) ဖြစ်သည်။ ထို့ကြောင့် M.N.Dhalla က ရေးသားဖော်ပြသည်မှာ–

> ''ဖန်ဆင်းမှု၌ ဘုရားသခင်၏ စဉ်းစားကြံစည်ခြင်းနှင့် ခွဲခြားမရ အတူတကွဖြစ်ခြင်း ဟူသော သဘောအဓိပ္ပါယ်က မတိမကျမသေချာခြင်းအဖြစ် ရေးသားဖော်ပြပြီး စပင်တာမိန်းယုအား သူ၏ခွဲခြားမရသော ဆန့်ကျင်ဘက်သဘောအဖြစ် ပုံဖော်ရေးသား သည်။ အမ္ဘာညီအစ်ကိုဟူ၍ ပြောစမှတ်ပြုရသော ကမ္ဘာ့သမိုင်းတွင် အစောဆုံး မှတ်တမ်းတင်ခံရသော အဆိုပါဝိညာဉ်နှစ်ခုတို့သည် အတွေးအကြံ၊ စကားအသံနှင့် ကိုယ်ဟန်အပြု(*ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးဖြင့်– ဘာသာပြန်သူ*)တို့ဖြင့် ၎င်းတို့၏ ကောင်းမှုနှင့် မကောင်းမှု ပြုလုပ်အားထုတ်မှုသည် ဘုရားသခင်အပေါ် ရင်တွင်းနှလုံးတွင်းမှ မွေးရာပါယုံကြည်ချက်ဖြစ်ပေါ်လာ၏။''

အမှန်စင်စစ်အားဖြင့် နောက်ပိုင်းကာလတွင် အာရိမန်အား သီးခြားလွတ်လပ်သော မကောင်းဆိုးဝါးဝိဉာဉ်တစ်ခုအဖြစ် သတ်မှတ်ခံရသည်။ အဘယ်ကြောင့်ဆိုသော် အဟူရာ

မာဇဒါအား လုံးဝကောင်းမြတ်၍ ၎င်းထံမှ မကောင်းမှု (ဝါ) ဒုစရိုက်မှုသည် ဘယ်သောအခါကမျှ မဖြစ်ပေါ်ခဲ့သောကြောင့်ဖြစ်၏။ စောစောပိုင်းအချိန်ကာလ၊ သို့မဟုတ် နောက်ပိုင်း အချိန်ကာလများ၏ ရှုမြင်သုံးသပ်ချက်တို့ကို ထည့်သွင်းဖော်ပြရသည့်အကြောင်းမှာ ပါစီလူမျိုးများအဖို့ရာ၌ မကောင်းမှုသည် မကောင်းဆိုးဝါးသာဖြစ်ပြီး ပကတိတည်ရှိသည့်အရာဖြစ်၍ မာယာ (Maya)အား ဖယ်ရှားပစ်သကဲ့သို့ (ဝါ) အရာဝတ္ထုပစ္စည်းများအတွင်းရှိသော အသွင်သဏ္ဌာန် (သဏ္ဌာနပညတ်)အား ကန့်သတ်ထားသည့် အမြင်တစ်ခုအား ရှင်းထုတ်ဖယ်ရှား ရေးသားရန် မသင့်ပေ။ ဘရက်ဒလေ(Bradley)က အကယ်၍သာ မကောင်းဆိုးဝါးအား ကျယ်ပြန့်၍ လေးနက်သော အမြင်ရှုဒေါင့်မှကြည့်၍ အမြင်ကြည်လင်ပြတ်သားလျှင် အမှန်တကယ်ကောင်းသော အမြင် ဖြစ်ပေလိမ့်မည်ဟူ၍ ရေးသားထားသည်။ ဥပမာအားဖြင့် နွားချေးသည် အဝတ်အထည်ကို စွန်းပေသောအခါ မကောင်းသော်လည်း အိမ်ယာအဆောက်အဦကို သပ်ယပ်သန့်ရှင်းမှု ဖြစ်စေသကဲ့သို့ (သို့မဟုတ်) မြေဩဇာအဖြစ် အသုံးဝင်သကဲ့သို့ သူနေရာနှင့်သူ အံဝင်ခွင်ကျအောင် အသုံးပြုလျှင် ကောင်းသောအရာဖြစ်သည်။ လိုက်ဗနစ်(Leibnitz)က ရေးသားထားသည့် နည်းတူ ပါစီလူမျိုးတစ်ဦးအဖို့ရာ မကောင်းဆိုးဝါး(ဝါ) ဒုစရိုက်မှုသည် ကောင်းမှု (ဝါ) သုစရိုက်မှုဖြစ်ရန် တစ်ခုတည်းသာမဟုတ်ဘဲ ၎င်းကို ဆန့်ကျင်တိုက်ထုတ်၍ စပင်တာမိန်းယုက ခွင့်ပြုပေးသနားထားသည့် အသိဉာဏ်ပညာဖြင့် အပြည့်အဝထိန်းချုပ်ထားလျက်ရှိသည်။

မကောင်းဆိုးဝါး (ဝါ) ဒုစရိုက်မှုသည် တကယ့်အစစ်အမှန်ရှိသောတရားဖြစ်ကြောင်း အလွန်ထင်ရှားပါ၏။ သဘာဝအလျောက် ဖြစ်ပေါ်လာတတ်သော ကပ်ဘေးအန္တရာယ်များတွင်းမှ အပျက်အစီးအဆုံးအရှုံးများသည် အလွန်သိသာထင်ရှားစွာ တွေ့ထိခံစားကြရမည်။ လူသားသည် မကောင်းဆိုးဝါးရှေ့မှောက်တွင် ဒူးထောက်ခေါင်းငုံ့ရမှာလား ? မဟုတ်ပါခင်ဗျား၊ ပါစီဘာသာက မကောင်းဆိုးဝါးအား လူသားအတွက် စိန်ခေါ်ချက်တစ်ခုဟူ၍သာ ဟောကြားသည့်အပြင် လူသားက မကောင်းဆိုးဝါးအား တိုက်ထုတ်ရမည်ဟုလည်း ဟောကြားပါသည်၊ သူ(လူသား)အား စစ်မြေပြင်၌ အနိုင်မခံအရှုံးမပေးသောစိတ်ဓါတ်ရှိသော စစ်သားတစ်ယောက်အလား ရှုမြင်လျက် ၎င်းသည် မကောင်းဆိုးဝါး သဘောတရားအပေါ် စိုးမိုးစေရမည်ဖြစ်သည်။ မကောင်းဆိုးဝါးအား တိုက်ထုတ်ရန် တစ်ဦးတစ်ယောက်၏ အင်အားဖြစ်စေရန်အလို့ငှာ ပါစီလူမျိုးတစ်ယောက်သည်

မကောင်းဆိုးဝါးကို အင်ဂရာမိန်းယု (ဝါ) အာရိမန်၏ လုပ်ဆောင်ချက်အဖြစ် သဘောထားအမြင် ရှိရန် လိုအပ်သည်။ အင်ဂရာမိန်းယုသည် လူသားများနှင့်တိရစ္ဆာန်များတွက် သဘာဝဘေး အန္တရာယ်များကို ဖန်တီးပေးယုံမျှသာမကပဲ ၎င်းသည် လူသား၏စိတ်ကိုလည်း လှည့်ဖျား သွေးဆောင်သည်။ ပိတ်လှောင်ထားရာမှ လွတ်လိုက်သဖြင့် ကောင်းကင်တွင် ဝဲပျံနေသော သိန်းငှက်အား နိရဲတောက်ပြောင်သော ငှက်မွေးဖြင့်ပြုလုပ်ထားသော အသားတုကိုပြ၍ မိမိထံသို့ ပြန်လာရန် လှည့်ဖျားသွေးဆောင် ခေါ်ယူသည့်မုဆိုးကဲ့သို့ အာရိမန်(Ahriman) ခေါ် မကောင်းဆိုးဝါးတို့၏ဘုရင် မာရ်နတ်မင်းသည် လူသားအား မကောင်းမှုပြုလုပ်ရန် တိုက်တွန်း သွေးဆောင်သဖြင့် လူသား၏ အမှားနှင့်အမှန် ဝေဖန်ခွဲခြား သိစွမ်းနိုင်သည့်စိတ်ကို ထုံထိုင်းစေလျက် မကောင်းမှုကို ကောင်းမှုကဲ့သို့ ထင်မြင်လာစေ၏။ ထို့ကြောင့် လူသားသည် ၎င်းကိုယ်တိုင် ထိန်းကွပ်မှုပြု၍ မိမိစိတ် အတွေးအကြံနှင့် အပြုအမူကို စည်းကမ်းရှိစေရမည် ဖြစ်၏။ သူသည် ဘုရားသခင်အား ချစ်ခင်မြတ်နိုး လေးစားကြည်ညိုမှု အပြည့်အဝထား၍ ဆုတောင်းခြင်းအားဖြင့် မကောင်းမှုဒုစရိုက်ကို အောင်မြင်စေရပါမည်။

ထို့ကြောင့် ပါစီလူမျိုးတစ်ဦးအဖို့ရာ လူသားဘဝသည် မကောင်းမှုနှင့် အချိန်ပြည့် လုံးပန်းနေရခြင်းတစ်ခု ဖြစ်တော့၏။ လူသားသည် သဘာဝတရား၏ မကောင်းဆိုးဝါး ဘေးအန္တရာယ်များကိုဖြစ်စေ၊ သူ၏စိတ်ထဲမှ မကောင်းဆိုးဝါးအားဖြစ်စေ၊ သူ၏ပတ်ဝန်းကျင် လူနေမှုအသိုင်းအဝန်းထဲမှာဖြစ်စေ၊ မကောင်းမှုကို တော်လှန်ဆန့်ကျင်ရမည်ဖြစ်သည်။ အတိတ် ကာလ ပါစီလူမျိုးတစ်ဦးသည် ဇိုရိုအာဆရီးယားဘာသာနှင့်ပတ်သက်လာလျှင် နိုင်ငံတော်နှင့်သော် လည်းကောင်း၊ အခြားသော ဘာသာယုံကြည်ကိုးကွယ်မှုနှင့်သော်လည်းကောင်း၊ ပဋိပက္ခအတွင်း အမြဲတမ်းပါဝင် ပတ်သက်နေခဲ့သည်။ ပါသျှားဒေသအတွင်း၌ ခရစ်ယာန်များနှင့် ပါစီများသည် နှစ်ပေါင်းများစွာကြာအောင် စစ်တိုက်ခဲ့ကြပြီး ဝတ်ပြုကိုးကွယ်သည့် ဘာသာရေးဆိုင်ရာ မြင့်မြတ် သည့်နေရာများစွာတို့ကို အပြန်အလှန်ဖျက်ဆီးပစ်ခဲ့ကြသည်။ တမန်တော်ကိုးကွယ်သည့် ဘာသာယုံကြည်မှုအမျိုးမျိုးတို့တွင် ပါစီလူမျိုးသည် အဓိပ္ပါယ်ကင်းမဲ့သည့် လုံ့လပယောဂ မျိုးစေ့ (ဝါ) ဒေါသတရားမျိုးစေ့များကို စိုက်ပျိုးကြဲချထားခြင်းဖြစ်သည်။

နောက်ပိုင်းကာလ အတွေးအခေါ်အယူအဆများ၌ ပါစီလူမျိုးများသည် အာရိမန်

(Ahriman) ခေါ် မာရ်နတ်အား အဟူရာမာဇဒါ(Ahura Mazada) ခေါ် နတ်ဘုရား(God)၏ လွတ်လပ်သော ဆက်စပ်နိုးနွယ်သည့် ဘုန်းတန်ခိုးအာဏာတစ်ရပ်အဖြစ် သတ်မှတ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ကောင်းမွန်ဖြောင့်မြတ်သော နတ်ဘုရားတစ်ပါး(A good God)က ၎င်း၏ ဖန်ဆင်းခံသတ္တဝါတို့အား ဒုက္ခရာအနာတရဖြစ်အောင် မကောင်းဆိုးဝါး တန်ခိုးတော်အာဏာ တစ်ခုကို ဖန်ဆင်းခဲ့မည်ဟူ၍ မစဉ်းစား၊ မတွေးကြံ၊ စိတ်ကူးရန် မဖြစ်နိုင်သောကြောင့်ဖြစ်၏။ သို့သော် မကောင်းဆိုးဝါးဟူသော စောစောပိုင်းကာလ အမြင်ဖြစ်စေ၊ နောက်ပိုင်းကာလအမြင် ဖြစ်စေ ယင်းရှုမြင်သုံးသပ်ချက်သည် လုံးဝမှန်လိမ့်မည်ဟူ၍ ကျွန်ုပ်တို့(စာရေးသူတို့)က ဘယ်သော အခါကမျှ မယူဆခဲ့ပါ။ ယင်းယူဆချက်အား အမြဲထာဝရမဟုတ်(non-eternal) ဟူ၍ ခံယူထားပါသည်။ ရေရှည်ကာလ၌ အဟူရာမာဇဒါသည် ၎င်းအား ဝတ်ပြုကိုးကွယ်သူ များကို အာရိမန်၏ မကောင်းဆိုးဝါးလုပ်ရပ်များအပေါ်တွင် အောင်ပွဲခံရန် အကြောင်းဖြစ် လာလိမ့်မည်ဟု ယုံကြည်သည်။ လူသားအားလုံးသည် ဥပဒေစည်းမျဉ်းစည်းကမ်း လိုက်နာ သူများဖြစ်လာကြ၍ ၎င်းတို့က (Ahriman)ခေါ် မာရ်နတ်အား စကြဝဠာကမ္ဘာမြေမှ ဝေးကွာသော အရပ်သို့ မောင်းထုတ်ပျောက်ကွယ်သွားစေလိမ့်မည်။ အာရိမန်အား ဖျက်ဆီးပစ်ခြင်းနှင့်အတူ ကောင်းမှု သုစရိုက်တရားက မကောင်းမှုဒုစရိုက်အပေါ်တွင် အဆုံးသတ်အောင်မြင်မှုကို ရရှိလိမ့်မည်။ သို့ဖြစ်ခြင်းကြောင့် အာရိမန် ခေါ် မာရ်နတ်သည် ထာဝရတည်ရှိသောအရာ မဟုတ်သလို အနန္တ အဆုံးအပိုင်းအခြား အကန့်အသတ်မရှိသော အသိပညာ(Omniscient)မဟုတ်သည့်အပြင် အနန္တအဆုံးအပိုင်းအခြား အကန့်အသတ်မရှိသော တန်ခိုးအာဏာ မဟုတ်ပါပေ။ ဤဒုတိယတန်း အဆင့်ဖြစ်သော မကောင်းမှု(ဝါ) မကောင်းဆိုးဝါးဒုစရိုက်သမားသည် ကောင်းမှု(ဝါ)သုစရိုက်သမား အဟူရာမာဇဒါနတ်ဘုရား(Ahura Mazada)တစ်ပါးတည်းသာ အမြဲထာဝရတည်ရှိသော လုံးဝမှန်ကန်သည့်အရာ(Absolute Reality) ဝါ ပရမတ္ထတရားဖြစ်သည်။ ဤနည်းအားဖြင့် ပါစီဘာသာ၏ ခိုင်စိုးယုံကြည်မှုသည် နောက်ဆုံးတွင် စည်းမျဉ်းစည်းကမ်းတင်းကြပ်သော တစ်ဆူတည်းသော ဘုရားသခင်ကို ယုံကြည်သည့်အယူဝါဒအား နေရာပေးလိမ့်မည်။ အဆုံးစွန် ရည်မှန်းချက်အနေဖြင့် လူသားသည် ကောင်းသောအကြံ၊ မှန်မြတ်သောစကား၊ မှန်မြတ်သော အလုပ်(Humta or Good Thought, Hukhta or Good Word and and Hvarshta or Good

Deed)တို့က လူသား၏နှလုံးသားဗိမ္ဗာန်၊ နေရာမှန်၌ ရွှင်ပျော်စံမြန်း တကယ့်စစ်သည့် ပရမတ္တတရား ဖြစ်လာလိမ့်မည်မှာ မလွဲကေန်အမှန်တရား ဖြစ်ပါပေ၏။

## လူသား၏အကြောင်း ပါရှီဘာသာက ဟောကြားထားသည့် တရားကောင်း

**Doctrine of Man**

အဟူရာမာဇဒါသည် ဤကမ္ဘာလောကအား ဖန်ဆင်းတော်မူခဲ့ပြီး မိုးကောင်းကင်များနှင့် ကြယ်တာရာများ၊ ကာလဒေသပယောဂနှင့် ဆီလျော်သင့်တော်မည့် သစ်ပင်ပန်းမာလာများ၊ ကာလဒေသပယောဂနှင့် ဆီလျော်သင့်တော်မည့် တိရစ္ဆာန်များအား သဘာဝတရားနှင့် လျော်ညီစွာ ရှင်သန်မွေးဖွားလာအောင်နှင့် လူသားတို့စားသုံးဖွယ်ရာအဖြစ် အလုံးစုံပြည့်ဝ စုံလင်အောင် ကမ္ဘာလောက၏နိယာမအတွင်း သဘာဝတရားကို သွတ်သွင်းပေးတော်မူခဲ့၏။ သဘာဝ၏ နိယာမတရားအား ပိုင်းခြား၍ နားလည်ထားခြင်းအားဖြင့် လူသားတစ်ဦးသည် အနာဂတ်ကို ကြိုတင်ခန့်မှန်းနိုင်ပြီး ၎င်း၏အသက်ရှင်နေထိုင်မှုအတွက် ၎င်းက သဘာဝတရားကို မည်သို့မည်ပုံကိုင်တွယ်၍ ကမ္ဘာလောကအား မည်သို့သို့မည်ပုံ ဆက်ဆံနေထိုင်ရမည်ကို လမ်းပြနိုင်သည်။ ကောင်းမွန်သော ဤကမ္ဘာလောကအတွင်း၌ အဟူရာမာဇဒါသည် လူသား၏ခန္ဓာကိုယ်အတွင်းသို့ ၎င်း၏ ဝိညာဉ်၊ အသက်နှင့် စိတ်ဆန္ဒ၏ လွတ်လပ်မှုအား သဘာဝအတိုင်း ရယူထားနိုင်ရန် လူသားကို ပြုလုပ်ပေးခဲ့သည်။ အဘယ်ကြောင့် စိတ်ဆန္ဒအား လွတ်လပ်စေခဲ့ပါသနည်း?။ အဘယ်ကြောင့်ဆိုသော် အာရိမန်(Ahriman)ခေါ် မာရ်နတ်နှင့် ၎င်း၏ အပေါင်းအသင်းရောင်းရင်းများက မကောင်းဆိုးဝါး (ဝါ) ဒုစရိုက်မျိုးစေ့များကို ကမ္ဘာလောက အတွင်း စိုက်ပျိုးကြဲချခဲ့သဖြင့် ရုပ်ပိုင်းဆိုင်ရာ မကောင်းဆိုးဝါးဖြစ်သည့် ရေလွှမ်းခြင်းနှင့် မိုးခေါင်ရေရှား မြေသားခြောက်သွေ့ခြင်း၊ မြေလျှောင်တုန်လှုပ်ခြင်းနှင့် အခြားသော ကပ်ဘေးအန္တရာယ်များဖြစ်စေခဲ့သည်။ မကောင်းဆိုးဝါး (ဝါ) ဝိညာဉ်သည် လူသားစိတ်ကို ဗိတ်ပင်တားဆီး ယုံမှားမက ၎င်း၏ဆန္ဒကိုလည်း အလွဲသုံးစား မမှန်မကန်ပြုထားသည်။ ဤအကြောင်းကြောင့် အဟူရာမာဇဒါက လူသားအား လွတ်လပ်သည့် စိတ်ဆန္ဒကို ခွင့်ပြုပေးခဲ့ရာ သူသည် ၎င်း၏ ကယ်တင်လွတ်မြောက်မှုနှင့် နောက်ဆုံးအပြီးတိုင် ပျော်ရွှင်မှုအတွက် ကောင်းချီးမင်္ဂလာ ဖြစ်ရန် ကုသိုလ်ကောင်းမှုကို လွတ်လပ်စွာရွေးချယ်နိုင်သည်။

သို့မဟုတ် ရုပ်နာမ်နှစ်ပါး စောင့်ထိန်းရမည့် တရားများအား ဆန့်ကျင်ချိုးဖောက်လျက် မကောင်းမှုဒုစရိုက်ပြုလုပ်ခြင်းဖြင့် သေဆုံးပြီးနောက် စစ်တမ်းကောက်သည့်နေ့တွင် မိမိခံယူရမည့် အပြစ်ဒဏ်ကို မိမိရွေးချယ်နိုင်သည်။ အဟူရာမာဇဒါသည် လူသားအား အမြဲတမ်းကောင်းမြတ်ရာကိုသာရွေးချယ်ပြီး မကောင်းမှုကိုဖယ်ရှောင်ရန် မတတ်နိုင်ဟူသော သုံးသပ်ချက်မှာ အမှန်တရား၌ ပါဝင်ပတ်သက် အကျုံးဝင်လျက်ရှိပါ၏။ အစ္စလာမ်ဘာသာက ဤကိစ္စကို ထင်လင်းပြတ်သားစေခဲ့သည်။ အစ္စလာမ်ဘာသာအဆိုအရ အမြဲတစေ ကောင်းမှုကိုသာရွေးချယ်လျက် မကောင်းမှုကို ရှောင်ရှားနိုင်သည့် စေတမန်နတ်သားများအား ဖန်တီးထားခဲ့သည်။ လွတ်လပ်သောစိတ်ဆန္ဒကို အဘယ်ကြောင့် ခွင့်ပြုပေးထားရပါသနည်း။ အဘယ်ကြောင့်ဆိုသော် လူသားသည် ခြေလေးချောင်းပါသတ္တဝါထက် များစွာနိမ့်ကျသွားနိုင်သောကြောင့် ဖြစ်ပါသည်။ သို့သော် ၎င်း၌မြင့်မြတ်သောစိတ်ဆန္ဒ ဖြစ်ပေါ်လာသောစွမ်းအားနှင့် အစွမ်းသတ္တိရှိပြီး ထိုသို့ဖြစ်ရန် ပဋိညာဉ်ပြုထားသောကြောင့်လည်း ဖြစ်ပါသည်။ မြင့်မြတ်သော စိတ်ဆန္ဒအနေဖြင့် လူသားသည် စေတမန်နတ်သားများထက် ပိုမိုမြင့်မြတ်လာပြီး ထာဝရဘုရားသခင် အလိုရှိတော်မူသည့်အတိုင်း ပါဝင်ထမ်းဆောင်ခဲ့သည်။ အစ္စလာမ်ဘာသာ၏ ဤရှုမြင်သုံးသပ်ချက်ကို ခရစ်ယာန်များကလည်း လက်ခံသည်။ မည်သို့ပင်ဆိုစေကာမူ ပါစီဘာသာယုံကြည်ကိုးကွယ်မှု၌ လူသားသည် သူ၏ကောင်းမှု၊ မကောင်းမှု ပြုလုပ်ခြင်းအတွက် ၎င်း၌သာတာဝန်ရှိသည်ဟု ယုံကြည်သည်။

အကယ်၍ လူတစ်ယောက်သည် သဘာဝတရား၏ဥပဒေသများကို နားလည်သဘောပေါက်ရန် ရွေးချယ်၍ ဇာရာသူစထရာမှတဆင့် လူသားတို့သိရှိရန် ဖော်ပြထားပြီးဖြစ်သော အဟူရာမာဇဒါ၏ ဆောင်ရန်နှင့်ရှောင်ရန် ပြဋ္ဌာန်းထားသည့် အခြေခံစည်းမျဉ်းများကို လေးစားလိုက်နာလျှင် ၎င်းသည် မိမိ၏ကယ်တင်လွတ်မြောက်မှုအတွက် လုပ်နေသည့်လုပ်ရပ်များမှာ ထာဝရဘုရားသခင်နှင့်အတူ ကောင်းတူဆိုးဘက် မျှဝေခံစားသူတစ်ယောက်နှင့် လုပ်ဖော်ကိုင်ဘက်ဖြစ်လာသည်။ အဟူရာမှာ ကောင်းပါသည်၊ ထို့ပြင် သူ၏ဖန်ဆင်းမှုကိုလည်း ကောင်းသောရောင်ပြန်ဟပ်ခြင်းကို လိုလားပါ၏။ ထို့ကြောင့် မကောင်းဆိုးဝါးသဘာဝတရားအပေါ် အနိုင်ယူခြင်းဖြင့် ကောင်းမြတ်သည့် ၎င်း၏ရွေးချယ်မှု၌ လူနေမှုအသိုင်းအဝိုင်းနှင့် နိုင်ငံရေးဆိုင်ရာ အုပ်စိုးတော်မူရာတွင် လူသားသည် အဟူရာနှင့်အတူ ဘေးခြင်းယှဉ်လျက် ရှိနေရသည်။

စပင်တာမိန်းယုနှင့် သူ၏ကောင်းမွန်သော စေတမန်နတ်သားများအား ၎င်း၏ချီးမွမ်းထောပနာပြုခြင်းများနှင့်တကွ အဟူရာနှင့် လူသား၏ရန်သူများကို တိုက်ခိုက်ရန် သူကအားပေးတိုက်တွန်းသည်။ ဤသို့ဆုတောင်းခြင်းအားဖြင့် အဟူရာသည် မိမိအား ချီးကျူးပူဇော်မှုများ၊ လေးနက်စွာ ယုံကြည်သော ဝတ်ပြုကိုးကွယ်မှုနှင့် ဆုတောင်းခြင်းများပြုလုပ်ရန် အလိုရှိတော်မူသည်။

လူသားအား ကောင်းမြတ်သောအရာ မင်္ဂလာတရားကို ရွေးချယ်ပြုလုပ်မိရန်နှင့် မကောင်းသောအရာ အမင်္ဂလာတရားကို မပြုလုပ်မိရန်အတွက် လူသားအားထိန်းကျောင်းအထောက်အကူပြုလုပ်ပေးသူ စေတမန်နတ်သားနှင့်တကွ အဟူရာက လူသားသို့ပေးအပ်ထားသည်။ သို့ရာတွင် မကောင်းမှု(ဝါ) အမင်္ဂလာတရားကို သူ့ဘဝ၏ဘက်ပေါင်းစုံမှ ဆန့်ကျင်တိုက်ထုတ်ပစ်နိုင်ရန်အတွက် စစ်သွေးစစ်မာန်၊ စစ်သွေးကြွနေသည့် စည်းကမ်းသေဝပ်စွာလေ့ကျင့်ထားသော စစ်သားတစ်ယောက်ပမာ လူသားအား အဟူရာက ဖန်ဆင်းထားခဲ့သည်။ လူသား၌ ကောင်းသောအရာ မင်္ဂလာကိုရွေးချယ်ရန်နှင့် လူ့အဖွဲ့အစည်းများအတွင်း၌ဖြစ်စေ၊ ၎င်းကိုယ်တိုင်၏ စိတ်ထဲ၌ဖြစ်စေ၊ မကောင်းမှုဒုစရိုက်တရား၏ သဘောသဘာဝလက္ခဏာအဝဝကို တော်လှန်တိုက်ထုတ်ရန်အတွက်သာ မဟုတ်မူ၍ သူ၏အပေါင်းအသင်း ရောင်းရင်းမိတ်ဆွေများအားလည်း အလားတူရည်ရွယ်လုပ်ဆောင်ချက်ကို ကူညီရန်လိုအပ်ပေသည်။ ဤနည်းအားဖြင့် လူသားအား ၎င်းကိုယ်တိုင်၏ ကယ်တင်လွတ်မြောက်ခြင်းမျှသာ မဟုတ်သေးပဲ သူ၏ အပေါင်းအသင်း ရောင်းရင်းမိတ်ဆွေများ၏ ကယ်တင်လွတ်မြောက်မှုအတွက်ကိုပါ ထာဝရဘုရားသခင်က ဖန်ဆင်းထားပါသည်။ ဤသို့အားဖြင့် ပါစီဘာသာ(Parsi) ယုံကြည်ကိုးကွယ်မှုဘာသာရေးအယူအဆသည် အဝိဇ္ဇာဝါဒ၏ သဗ္ဗမုတ္တိ(Sarvamukti of Avaitism) ခေါ် လူသားအားလုံး လွတ်မြောက်ရေးအယူအဆနှင့် ဗုဒ္ဓဘာသာများ၏ ဗောဓိသတ္တများ (Boddhisattvas of Buddists) ခေါ် ဗောဓိဉာဏ်ရရှိပြီး ဘုရားဖြစ်ပြီးရန်ဟောကြားချက်၏ သဘောတရားထက် အရင်စော၍ဖြစ်ထွန်းခဲ့သည်။

ပါစီပါဘာသာဝင်တစ်ဦး အောင်မြင်သော အိမ်ယာတည်ထောင် လူ့ဘောင်လူ့ဘဝဖြစ်ပေါ်လာရမည်ဟူ၍ မျှော်လင့်ယုံကြည်ပြီး တစ်ကိုယ်တော်ဘဝ၊ အိမ်ယာတည်ထောင်မှု မပြုသည့်

လူ့ဘဝသည် ငြိမ်းအေးမှုကိုမရနိုင်ဟူ၍ ယုံကြည်သည်။ အိမ်ထောင်ရှင်တစ်ဦး အနေဖြင့် သူ၏ကျန်းမာရေးအတွက်ကိုလည်းကောင်း၊ ကိုယ်ရောစိတ်ပါ ကျန်းမာသန်စွမ်းစေရန် အတွက်လည်းကောင်း၊ ဤကမ္ဘာမြေပေါ်၌ မိမိ၏သားစဉ်မြေးဆက် ရှင်သန်တိုးတက်စေရေး အတွက်ကိုလည်းကောင်း သူဝတ်ပြုဆုတောင်းသည်။ အသက်အရွယ်ကြီးရင့်၊ ဉာဏ်ပညာ အမျှော်အမြင် မြင့်မားလာသည့် အချိန်အရွယ်၌ နှလုံးသားစိတ်ထားဖြူစင်စေရန် ဆုတောင်းသည်။ ဤနည်းအားဖြင့် ပါဠိတစ်ဦးအဖို့ရာ၌ သူနှင့်လူ့သဘာဝ စရိုက်လက္ခဏာနီးစပ်တူညီသော ဟိန္ဒူဘာသာဝေဒ အယူအဆရှိသူ အင်ဒိုအာရိယန်တို့၏ ဝတ်ပြုဆုတောင်းပုံနှင့် အလားတူစွာ ဘဝ၏နိဂုံးအပိုင်းတွင် လွတ်မြောက်ရာကို ရှာကြံသည်။

ပါဠိဘာသာယုံကြည်ကိုးကွယ်မှုသည် တမန်တော်ကိုးကွယ်သည့် ဘာသာယုံကြည်မှု များတွင် ယခုဘဝ၏အရေးပါမှုကို အလေးအနက်ပြုဖော်ပြသည့် ပထမဦးဆုံးသော ဘာသာ ယုံကြည်ကိုးကွယ်မှုဖြစ်သည်။ ကမ္ဘာမြေပေါ်တွင် လက်ရှိပိုင်ဆိုင်သည့် ဘဝသည်သာလျှင် လူသားတစ်ဦးအတွက် ဆုလာဘ်၊ သို့မဟုတ် အပြစ်ဒဏ်ကိုရယူနိုင်သည်။ ဟိန္ဒူဘာသာဝေဒခေတ် အယူအဆ၌ မပါဝင်သော လူ့ဘဝပြန်လည်မွေးဖွားလာရခြင်း(The Doctrine of Rebirth)ကို ဟောပြောသင်ကြားခြင်းမရှိပေ။ ဤအချက်က တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းခြင်းအယူ အဆ (The Doctrine of Transmigration)သည် အာရိယန်လူမျိုးမဟုတ်သူ(Non-Aryan)နှင့် ဝေဒဝါဒီမဟုတ်သူတို့၏ လက်ခံယုံကြည်မှု (Accepted byf Non-Vedic)နှင့် အာရိယန်လူမျိုးတို့၏ ဘာသာရေးယုံကြည်မှု ဖြစ်ဘွယ်ရာရှိသော အဇီဝိတအယူအဆ(Non-Aryan Cults of Ajivikism)နှင့် ဂျိန်းဘာသာ၊ ဗုဒ္ဓဘာသာ၏အယူအဆ(Non-Aryan Cults of Ajivikism)နှင့် ဂျိမ်းဘာသာ၊ ဗုဒ္ဓဘာသာ၏အယူအဆဖြစ်သည့် အကြောင်းအကျိုးမဆီလျော်သည့် စိတ်ကူး ကြံစည်မှုအား အတည်ပြုသည့်သဘောဖြစ်သည်။

*(တစ်ဘဝမှ နောက်ဘဝသို့ ကူးပြောင်းသွားသည်ဟူသော အယူအဆမှာ ဗုဒ္ဓဘာသာဝင် တို့၏ အယူအဆမဟုတ်ပဲ ဟိန္ဒူဘာသာ၏အယူအဆသာ ဖြစ်ဘွယ်ရာရှိသည်။ ဗုဒ္ဓ၏ဝါဒမှာ အနတ္တဝါဒသာဖြစ်၍ အလုံးစုံသောတရားတို့သည် စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေသည့် အစဉ်အတန်းတွင်ပါဝင်သဖြင့် ဖြစ်ပျက်လောကအတွင်း မလွဲမသွေ သက်ဆင်းကျရောက်ရမည်*

*ဟူ၍သာ ယုံကြည်မှုထားရှိ၏။ –ဘာသာပြန်သူ)*

အင်ဒို–အာရိယန် လူမျိုးများသည် အိန္ဒိယပြည်သို့ ရောက်ရှိလာပြီးနောက် အိန္ဒိယအနွယ်ဖွား စစ်စစ်မဟုတ်သူ အမြဲထာဝစဉ်နေထိုင်သူ အိန္ဒိယနိုင်ငံသားတို့နှင့် ထိတွေ့ဆက်စပ်နေထိုင်လျက်ရှိရာမှ ပြန်လည်မွေးဖွားခြင်းဟူသော အကြောင်းအကျိုးမခိုင်လုံသည့် ဤယုံကြည်ချက်(Theory of Rebirth)အား တစ်ဆင့်ကူးယူ ယုံကြည်ခဲ့ကြသည်။ အတိအကျအသေအချာအားဖြင့် ဂျိန်းဘာသာ၊ ဗုဒ္ဓဘာသာနှင့် နောက်ပိုင်းကာလ နှစ်ပေါင်းများစွာ ကြာမြင့်လာသောအခါ ဆစ်ခ်လူမျိုးများနှင့် ကဘီးရ်ပမ်သစ်စ်(Kabir-panthis)၊ ဂေါ်ရပ်နာသစ်စ်(Gorakhanathis) ကဲ့သို့သော ဝေဒအယူအဆမရှိသူဟိန္ဒူများသည် ပြန်လည်မွေးဖွားခြင်းဟူသော ဟောပြောရေးသားမှု(The Doctrine of Rebirth)အား ၎င်းတို့၏ ယုံကြည်မှုတွင် သီးခြားသတ်မှတ်သည့် ယုံကြည်ချက်တစ်ခု(ဝါ) မိမိတို့အလိုလားဆုံး ဖြစ်စေလိုသည့်ဆန္ဒအဖြစ် အစဉ်တစိုက် လက်ခံခဲ့ကြသည်။ အမှန်စင်စစ်အားဖြင့် ယနေ့ခေတ်ဟိန္ဒူဘာသာသည်(ဝေဒအယူအဆရှိသူနှင့် ဝေဒအယူအဆမရှိသူနှစ်မျိုးလုံး) တစ်ဘဝမှ နောက်ဘဝသို့ လှည့်လည်ကူးပြောင်းနေသည်ဟူသော ယုံကြည်ယူဆချက်ကို ၎င်းတို့၏ ဘာသာရေးယုံကြည်ချက်၏ အရေးအကြီးဆုံးသော အခြေခံစည်းမျဉ်းအဖြစ် လက်ခံထားကြသည်။

Yas ခေါ် ဟိန္ဒူကျမ်းစာ၌ အခန်း XIX ၊ အပိုဒ်–၁၇ တွင် ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားသတ်မှတ်ချက်ပြုရခြင်းအကြောင်း ဖော်ပြချက်ကိုတွေ့ရသည်။ သို့ရာတွင် ၎င်းတို့၏ နေထိုင်ပုံအရ အတန်းအစားခွဲခြားမှုပြုကြောင်း ပြောစေကာမူ အထက်၌ဖော်ပြထားသည့် Yas ကျမ်းစာပါ လမ်းညွှန်မှုအတိုင်းသာ ဆောင်ရွက်ခြင်းဖြစ်သည်ကို တွေ့ရသည်။

> ''အဆင့်အတန်းများ မည်သို့ပင်ကွဲပြားခြားနားနေပါစေ အချို့က ဘုန်းကြီး၊ အချို့က စစ်သူကြီး၊ အချို့က လယ်သမား၊ အချို့က ကချေသည် မည်သို့ပင် လူတန်းစားကွဲပြားလင့်ကစား၊ စိတ်ရင်းစေတနာ မှန်ကန်စွာထားရှိတတ်မှုကို ပဓာနထား၍ ကောင်းသောအကြံ၊ မှန်သောစကား၊ သဒ္ဓါတရားက လမ်းပြထား၏။ ဘာသာရေးအရ မိမိလုပ်ဆောင်ရန်ကိစ္စများ၊ အမှန်တရားကို ဦးထိပ်ထားလျက် ကမ္ဘာ့လူသားအားလုံး ငြိမ်းချမ်းစေရန် မေတ္တာထားလော့'' (Yasna XIX-17)

Dastur ခေါ် ပါစီလူမျိုးတို့၏ ဘုန်းကြီးရဟန်းဘဝဖြင့် နေထိုင်ရသည့် မိသားစုဝင်သည် သာလျှင် ပါစီဘုန်းကြီးတစ်ဦးဖြစ်သည့် အကြောင်းကိုလည်း အသေအချာမှတ်သားမိပါ၏။ Dastur ခေါ် ပါစီဘုန်းကြီးတစ်ဦး၏သားသည် ရဟန်းဖြစ်ရေးအတွက် မည်သည့်ခံဝန်ကတိမျှ ပြုလုပ်ရန် မလိုပဲ ရဟန်းတစ်ဦးဖြစ်လာသည်။ အိန္ဒိယပြည်၌ ရှေးယခင် ဝေဒခေတ်၏ စောစောပိုင်းအချိန် ကာလမှစ၍ ဇာတ်မြင့်မျိုးနွယ်ဝင်ဗြဟ္မဏအား ဘုန်းကြီးရဟန်းများအဖြစ်ကိုလည်း သိရှိမှတ်သား ရပါသည်။ သို့သော်လည်း ဝိဝ်ဝါမိတ္တရ(Visva-mittra)အဖို့ရာ၌ ဗြဟ္မဏအနွယ်ဝင်အဖြစ် မည်သည့် အချိန်တွင်မျှ ကြေညာခြင်းမပြုလုပ်ပဲ တစ်စုံတစ်ဦးမျှ အခြားဇာတ်ခွဲခြားမှုစနစ်တွင် ပါဝင်မှုမရှိခဲ့ပေ။ သိရှိမှတ်သားထားရန်လိုအပ်သည့် အခြား အချက်တစ်ခုမှာ ပါစီဘာသာယုံကြည် ကိုးကွယ်မှုတွင် တစ်ခုတည်းသောလုပ်ငန်းဆောင်တာမှာ သုဒ္ဒရအမျိုး လူတန်းစား(Shudra Class)မရှိဟူ၍ ဖြစ်ပါ သည်။ ဗြဟ္မဏအယူဝါဒအလိုအားဖြင့် ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားသတ်မှတ်ထားသည့် လူတန်းစား အားလုံးအတွက် ကျေးကျွန်သဖွယ် အလုပ်အကျွေးပြုရမည့်တာဝန်မှာ သုဒ္ဒရ လူတန်းစား၏ တာဝန်ဖြစ်သည်ဟုဆိုသည်။ ထို့မှတပါး မှတ်သားထားရန်အချက်မှာ "လူတန်းစား" (Class)မှာ လုပ်ငန်းဆောင်ရွက်ခြင်းဟူသော သဘောအဓိပ္ပါယ်ဖြစ်သည်။ သို့ရာတွင် ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားသည့်စနစ်မှာမူ မျိုးရိုးစဉ်ဆက် ဆင်းသက်လာသော အမွေအနှစ်အနိမ့်ဆုံး လူတန်းစားဖြစ်၏။

## သေဆုံးပြီးနောက် ဘဝဖြစ်ခြင်း Life after Death

ဝေဒခေတ် အင်ဒို-အာရိယန်လူအများတို့ကဲ့သို့ပင်လျှင် ပါစီလူမျိုးသည် သေဆုံးပြီးနောက် ဘဝတစ်ဖန်ဖြစ်သည်ဟူ၍ ယုံကြည်မှုရှိ၏။ ပါစီဘာသာယုံကြည်ကိုးကွယ်မှု၏အဆိုအရ လူသားသည် ကိုယ်ခန္ဓာနှင့် အသက်ဝိညာဉ်ရောစပ်မှု ဓါတ်ပေါင်းတစ်ခုဖြစ်သည်။ လူသေဆုံးသည့် အခါ ကိုယ်ခန္ဓာမှာ အဆုံးသတ်ပြီးပြတ်သွား၏။ သို့ရာတွင် သူ၏ ဝိညာဉ်(Soul)သည် သေဆုံးခြင်း မရှိပါ။ (His soul survives death)။ သို့ဖြစ်လျှင် မည်သည့်ပုံစံအားဖြင့် မသေဆုံးပါသနည်း။

ပါဇီ(Parsi)ဆိုသည်မှာ ဘာသာတရားအား ယုံကြည်ဆည်းကပ်သူတစ်ဦးဖြစ်၍ ၎င်းအား ဝိညာဉ်၏လွတ်မြောက်မှုနှင့် သက်ဆိုင်သည့် ယုံကြည်မှုမရှိဟူ၍ ထင်ရသည်။ ဟီဗရူး*

*Hebrews*

လူမျိုးများသည် သေဆုံးသည့်အခါ ၎င်း၏ ဝိညာဉ်သည် ရှီအိုလ်(Sheol) ဘုရားသခင်၏ နိုင်ငံသို့ ရောက်ရှိနိုနားပြီး ငြိမ်းအေးစွာ အနားယူသွားသည်ဟူ၍ ယုံကြည်ကြသည်။ သေဆုံးပြီး နောက်ဘဝတစ်ခုသို့ ပြောင်းရွှေ့ရောက်ရှိသွားသည့် (Transmigration)ဟူသော ယုံကြည် ချက်ကို အိန္ဒိယပြည် ဝေဒလူမျိုးများ လက်ခံယုံကြည်ကြသည့် နောက်ကာလ၌ သုခသမသရိရ (Suksama Sharira)ဟုခေါ်သော နူးညံ့သိမ်မွေ့သည့် ဝိညာဉ်သည် ဘဝများစွာ(Rebirths)ကို ကျော်ဖြတ်ရသည်ဟူ၍ ယုံကြည်မှုဖြစ်လာသည်။ ပါစီဘာသာဝင်တစ်ဦးအဖို့ရာ၌ လက်ရှိလူ့ဘဝ ကိုယ်ခန္ဓာ သေဆုံးသွားသော်လည်း မသေပဲရှင်ကျန်နေဦးမည့် ဝိညာဉ်လေးသည်သာလျှင် နောက်တစ်ဘဝ၌ ဆုလာဘ်ပေးခြင်း၊ သို့မဟုတ် အပြစ်ဒဏ်ပေးခြင်းခံရမည်ဟု ထင်မြင်ယူဆ စရာဖြစ်သည်။

ကျွန်ုပ်တို့ စဉ်းစားမျှော်မြင် သေချာပေါက်ဆင်ခြင်နိုင်သည့်အချက်တစ်ခုမှာ ပါစီ ဘာသာဝင်တစ်ဦးအဖို့ရာ၌ ဤကမ္ဘာလောကသို့ ရောက်ရှိနေသည့် လက်ရှိဘဝသည် နောက်ဖြစ် လာလတ္တံ့သောဘဝအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရမည့်နေရာဖြစ်သည်ဟူ၍ ဖြစ်၏။ ကောင်းသောနောက်ဘဝဖြစ်ပေါ်လာရန် သူမျှော်လင့်ထားခြင်းသည် သဘာဝကျပေ၏။ အကယ်၍ သူသည် သူ၏လက်ရှိဘဝကို ကောင်းစွာပြုစုပျိုးထောင်ခြင်းမပြုလျှင် မကောင်းမှုဒုစရိုက်အတွက် အပြစ်ဒဏ်ပေးခြင်း ခံရပေလိမ့်မည်။ ဒုတိယအချက်မှာ ဤကမ္ဘာလောကသည် အမှန်တကယ် ရှိသည့် ကမ္ဘာလောကမဟုတ်သေးဟူ၍ ပါစီတစ်ယောက်အနေဖြင့် ယုံကြည်ထားသည်။ အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာနေရာများစွာတို့တွင် မကောင်းသူများက ကောင်းသူများအပေါ် အကြိမ်များစွာအနိုင်ယူပြီး ၎င်းတို့၏ လှုံ့လပယောဂကြောင့် ဖြစ်ပေါ်လာသည်ကို ဒုက္ခခံစားရ သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ပါစီဘာသာဝင်တစ်ယောက်သည် မကောင်းသူများကို ပြစ်ဒဏ်ပေး၍ ကောင်းသူများကိုသာ ဆုလာဘ်ပေးမည့် နောက်တစ်ဘဝသည် ကေန်ရှိရမည်ဟု ယုံကြည်သည်။ ၂၀ ရာစု၏ ထင်ရှားကျော်ကြားသော ဒဿနိကပညာရှင်ကန့်(Kant)က ဒဿနရှုဒေါင့်မှကြည့်မြင်ပြီး ပါစီဘာသာဝင်တစ်ဦးသည် အလားတူ အထောက်အထားအပေါ် အခြေခံ၍ သဘောတရားအရ အထောက်အကူပြုထားသည်။ ပါစီဘာသာဝင်တစ်ယောက် အဖို့ရာ၌ ဤကမ္ဘာကြီးပေါ်တွင် အသက်ရှင်သန်နေရခြင်းသည် ကိစ္စများမြောက်ဤလူ့

ဘောင်၏ ကြီးမားကျယ်ပြော အတောမသတ် ဒုက္ခမျိုးစုံအပုံပုံကို နောက်ဘဝတွင် ဆက်လက်ခံယူရန် နိဒါန်းပျိုးနေခြင်းမျှသာဖြစ်သည်။ ဇိုရိုအာဆရီးယားဘာသာ၏အလိုအရ လူသားသည် ၎င်းကိုယ်တိုင်၏ ခရီးပန်းတိုင်သို့ရောက်ရှိရန် သဘော်ရေယာဉ်ကို ကိုယ်တိုင်လုပ်ဆောင်၍ ကိုယ်တိုင်လှော်ခတ်ရပေလိမ့်မည်။ ၎င်းသည် အဟူရာမာဇဒါ၏အကူအညီကို ယူရမည်ဖြစ်သည်။ ပါစီဘာသာဝင်များသည် ဇာရာသူစထရာမည်သော တမန်တော် ဟောကြားဆုံးမထားသည့်အတိုင်း ဘဝတစ်ခု၏ ကောင်းမှု၊ ကောင်းရာ မင်္ဂလာတရားနှင့်အညီ လျှောက်လှမ်းရမည်။ တဆင့်တက်လှမ်း၍ မကောင်းဆိုးဝါးဒုစရိုက်တရားအား ဖယ်ရှားပစ်ရန် စပင်တာမိန်းယုနှင့် ၎င်း၏ အပေါင်းအသင်းရောင်းရင်းတို့ထံ ဆုတောင်း၍ စိတ်ဓါတ်ခွန်အားကို ရယူဆောင်ရွက်နိုင်ပေ၏။ ပါစီဘာသာဝင်သည် သက်ရှိသက်မဲ့ အရာခပ်သိမ်းကို နောက်ဆုံးအပြီးသတ်စာရင်းချုပ်၍ စစ်တမ်းယူသည့်အခါ မကောင်းဆိုးဝါး ဒုစရိုက်တရားသည် လုံးဝကျဆုံးချေမှုန်းဖျက်ဆီးခြင်းခံရမည်။ အဘယ်ကြောင့်ဆိုသော် အာရိမန် ခေါ် မာရ်နတ်သည် အမြဲထာဝရတည်နေနိုင်သောအရာ မဟုတ်သလို အတိုင်းမသိသောအသိဉာဏ်ပညာ သူ့မှာမရှိသောကြောင့် ဆုတ်ယုတ်ကျဆုံးရမည်ဖြစ်ကြောင်းကိုလည်း ပါစီဘာသာက ယုံကြည်သည်။ ပါစီဘာသာသည် ထိုကဲ့သို့ မကောင်းမှုအား ကောင်းမှုက အောင်မြင်နိုင်ရမည်ဟူ၍ စိတ်ဓါတ်ခွန်အား သန်မာကြံ့ခိုင်သည့် ယုံကြည်ချက်ဖြစ်သည်။ လူသားသည် မကောင်းဆိုးဝါး ဒုစရိုက်တရားနှင့် တိုက်ပွဲဆင်နွှဲရာတွင် မိမိကိုယ်တိုင်၏ ခရီးလမ်းဆုံး ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိလှမ်းကိုင်နိုင်ရန်အတွက် မိမိကိုယ်တိုင်သည်သာလျှင် ဦးစီးပဲ့ကိုင်၊ စီမံခန့်ခွဲနိုင်သည့် ဗိသုကာအကျော်တစ်ကိုယ်တော်ဖြစ်သည့်အပြင် ထာဝရဘုရားသခင်နှင့်အတူတကွ မျှဝေခံစားသူ ခရီးသွားဖော်အဖြစ် လူရည်မွန် လူချွန်တစ်ဦးဖြစ်သည်။

## တရားစီရင်ဆုံးဖြတ်သောနေ့ The Day of Judgment

ဇိုရိုအာဆရီးယားဘာသာက လူသား၏ကောင်းသောအပြုအမူများအတွက် ဆုလာဘ်ပေး၍ မကောင်းသောအပြုအမူများအတွက် အပြစ်ဒဏ်ပေးမည့် နောက်ဆုံးစစ်တမ်းထုတ်သောနေ့(A final day of reckoning)သို့ ရောက်ရှိလာလိမ့်မည်ဟူ၍ ယုံကြည်ယူဆ သည်။

၎င်းဘာသာသည် ချင်းဗတ်(Chinvat)အမည်ရှိသော တံတားတစ်စင်းကိုလည်း စိတ်ကူးကြံစည်ပုံဖော်ထားလေသည်။ တရားလမ်းမှန် ကျင့်ကြံနေထိုင်သော ပုဂ္ဂိုလ်သည် ဤကျဉ်းမြောင်းသောတံတားမှ ခြေချော်လိမ့်ကျခြင်းမရှိပဲ အောင်မြင်စွာဖြတ်ကျော်နိုင်ပေလိမ့်မည်။ သို့ရာတွင် မကောင်းမှုဒုစရိုက်တရားနှင့် မွေ့လျော်ပျော်ပိုက် မကောင်းမှုကျူးလွန်သူများမှာမူကား ယင်းတံတားပေါ်မှ ခြေချော်၍ အောက်သို့လိမ့်ကျပြီး ကိုယ်ရောစိတ်ပါ အလွန်စိတ်ဆင်းရဲစွာ နာကျင်ခံခက်နှိပ်စက်မည့် ငရဲအိုးအတွင်း စုံးစုံးမြုပ်သွားရပေလိမ့်မည်။ တစ်ချိန်တစ်ခါက လူသားတစ်ဦးစီအား ၎င်းတို့၏ အပြုအမူလုပ်ဆောင်ချက်များကို မီး(Fire)က စမ်းသပ်စစ်ဆေးပေးလိမ့်မည်ဟူ၍အဆိုရှိ၏။ တရားလမ်းမှန်အတိုင်း ကျင့်ကြံပြုမူလုပ်ကိုင်နေထိုင်သူသည် ယင်းသို့ မီးဖြင့်စစ်ဆေးခြင်းခံရာ၌ သက်တောင့်သက်သာ အေးဆေးစွာဖြင့် နပျိုလန်းဆန်း ရေထိပန်းသို့ ရွှင်လန်းကြည်သာ ရှိမည်သာတည်း။ ဆန့်ကျင်ဘက်အားဖြင့် ကောက်ကျစ်ယုတ်မာ လူမသမာသည် ငရဲမီးလောင်ပူပြင်းသည့်ဒဏ် မခံနိုင်ရှာ။ ဟစ်အော်ငိုကြွေး၍သို့သော ဒုက္ခဘေးကို ပြေးမလွတ်သာ ခံရမှာတည်း။ သို့ရာတွင် နောက်ဆုံးအပြီးသတ် စီရင်ဆုံးဖြတ်မည့် နေ့ရက်သည် ရှေ့တွင်ရှိနေသေး၏။ လူတစ်ယောက်သည် ၎င်းသေဆုံးပြီးလျှင် သေဆုံးပြီး ချက်ခြင်းလက်ငင်း ဘာဖြစ်သနည်း?။

လူတစ်ဦးတစ်ယောက်သည် သေဆုံးပြီးနောက် ၎င်း၏ မကောင်းမှုလုပ်ရပ်များအတွက် ပြစ်ဒဏ်ခံစားလျက် အပြည့်အဝ ပြုပြင်ပြီးစီးသည်အထိ နားခိုစောင့်ဆိုင်းနေထိုင်ရန် ကြားခံနေရာ(Purgatory)ခေါ် စိတ်ကူးယဉ်ပုံဖော်မှုတစ်ခုကို အရိပ်အမြွက် ရေးသားထားသည်။ သို့ရာတွင် စိတ်ရင်းကောင်းဖြင့် တရားလမ်းမှန်ပေါ်၌ လျှောက်လှမ်းနေသူတစ်ဦးသည် အဟူရာမာဇဒါ၏ နိုင်ငံတော်သို့ ဝင်ရောက်ပြီး ဝမ်းနည်းပူဆွေးမှု မရှိတော့သည့် ဤဘုရားသခင်နိုင်ငံ၌ ငြိမ်းအေးချမ်းသာ ပျော်ရွှင်စရာကောင်းသောဘဝ၌ အမြင့်ဆုံးသောပျော်ရွှင်မှုကို ရရှိခံစားရလိမ့်မည်။ သို့သော် တရားစီရင်သောနေ့၏ နောက်တွင် ဘာဖြစ်ပေါ်လာပါသနည်း?။

ငရဲပြည်၌ ဆင်းရဲဒုက္ခခံစားရခြင်းသည် အစအဆုံးမရှိ အမြဲထာဝရ ခံစားနေရမည်ဖြစ်ကြောင်း အကြိမ်ပေါင်းများစွာ အကြံပြုတင်ပြထားသည်။ မည်သို့ပင်ဆိုစေကာမူ ဇိုရိုအာဆရီးယားဘာသာ၏ အရေးအကြီးဆုံးနှင့် ဩဇာအရှိန်အဝါ အသက်ရောက်ဆုံး

တွေးတောကြံစည်မှုမှာ မိမိကိုယ်ကို ပြန်လည်ကောင်းမွန်လာစေရေးနှင့် အခြေအနေမှန်သို့ ပြန်လည်ရောက်ရှိလာစေမည့် ကြီးကျယ်သည့် စာရိတ္တပြုပြင်ရေး ဘုံဌာနကြီးတင်ခု ရှိလိမ့်မည် ဟူသော အယူအဆနှင့် ယင်းဘုံဌာနသို့ရောက်သွားလျှင် ကောက်ကျစ်ယုတ်မာဆိုးဝါးစွာ ကျင့်ကြံခဲ့သူများပင်လျှင် အပြည့်အစုံစိတ်ရင်းစေတနာများ ပြန်လည်ကောင်းမွန်ကုန်ကြမည်ဟူ၍ ဖြစ်သည်။ အာရိမန်(Ahriman) ခေါ် မာရ်နတ်နှင့် ၎င်း၏အပေါင်းအဖော်နောက်လိုက်တို့သည် လုံးဝပျက်စီး ချုပ်ငြိမ်းသွားကြရမည်ဖြစ်၍ ထိုအခါ အဟူရာမာဇဒါ၏ တိုင်းပြည်နိုင်ငံ(Kingdom of Ahura Mazada)၌ ဖြူစင်သန့်ရှင်းမြင့်မြတ်ခြင်း၊ ငြိမ်းချမ်းပျော်ရွှင်ခြင်းတို့ နေထိုင်နိုင်သော ဘဝသို့ ရောက်ရှိသွားကြမည်ဖြစ်သည်။ ဤနည်းအားဖြင့် စာရိတ္တပြန်လည်ပြုပြင်ရေး အချိန်ကာလက ငရဲဘုံဌာန၏ဒုက္ခဆင်းရဲခြင်းကို အဆုံးအပိုင်းအခြား မရှိသည်အထိ ကန့်သတ်လိုက်သည်။

ဤနေရာတွင် အနည်းငယ်သံသယဖြစ်ပွားဘွယ်ရာရှိသည်မှာကား ဂျူးဘာသာ (ဝါ) ရဟူဒီဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာတို့အပေါ် ဇိုရိအာဆရီးယားဘာသာ၏ အရှိန်ဩဇာကြီးစွာ လွှမ်းမိုးထားသည်ဆိုခြင်းနှင့် အထူးသဖြင့် တရားစီရင်ဆုံးဖြတ်သည့်နေ့ ဆိုခြင်းကို ၎င်းဘာသာတရားများက လက်ခံရာ၌ ကောင်းကင်ဘုံရွှေပြည်နန်းနှင့် ငရဲဘုံ ဆိုသောအခန်း(Heaven and Hell)တို့အကြောင်း သဘောထားအယူအဆအား ပို၍ အလေးထားအာရုံစိုက်မှု ပြုသည်ဆိုခြင်းတို့ဖြစ်သည်။ အနည်းငယ်မျှသော စဉ်းစားတွေးခေါ် တတ်သူများက အကျင့်စာရိတ္တခိုင်မြဲအောင် ပြန်လည်ပြုစုပျိုးထောင်ခြင်း အယူအဆကို ထည့်သွင်း ဖြည့်စွက်ခဲ့သည်မှာ အံ့ဩဘွယ်ရာတစ်ခုဖြစ်တော့၏။ မည်သို့ပင်ဆိုစေကာမူ ဒေါက်တာမိုဟာမက် အစ်ခ်ဘားလ် (Dr.Mohamad Iqbal)က ထက်ကောင်းကင်ရွှေပြည်နန်းနှင့် ငရဲခန်းဆိုသော နေရာတွင် ဘဝတစ်ခု၏ မည်သည့်အခါမှ ဆုံးခန်းတိုင်မရောက်ရှိနိုင်သည့် အကြောင်းအရာကို ဖြည့်စွက်ရေးသားထားခဲ့လေသည်။

အလုံးစုံခြုံကြည့်လျှင် ပါစီဘာသာဝင်များသည် တရားထိုင်ခြင်းအပါအဝင် ရော်ရမ်းမှန်း ဆချက်အပေါ်တွင် စိတ်ဝင်စားမှုလျော့၍ ဘာသာရေးယုံကြည်ချက်အရ လက်တွေ့ကျသည့် လုပ်ရပ်အပေါ် ပို၍အလေးထားသည်။ သို့သော် အိန္ဒိယလူမျိုးတစ်ယောက်အနေဖြင့် ပါစီလူမျိုး

များ၏ အမြဲထာဝရဖန်ဆင်းခံ သက်ရှိသတ္တဝါတစ်ဦး၏သက်တမ်းကို အစဉ်အမြဲမေးခွန်း ထုတ်လျက်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ဖန်ဆင်းခံအရာဝတ္ထုတစ်ခုခု၊ သို့မဟုတ် လူတို့ဖန်တီး ပြုလုပ်သော အရာဝတ္ထုတစ်ခုခုသည် မည်သည့်အခါမှ အမြဲထာဝရတည်ရှိမည် မဟုတ်သော ကြောင့်ဖြစ်၏။ တဖန် ထပ်မံ၍ဆိုရသော် လူတစ်ဦးတစ်ယောက်၏ဒုစရိုက်မှု မကောင်းသောပြုမှုများ မိခြင်းသည် ဝိညာဉ်(Soul) ခေါ် နာမ်တရားဟုခေါ်ကြား သိစိတ်ဟူသော တရားတစ်ခုအပေါ်၌ မှီတည်နေခြင်း မဟုတ်ပေ။ အလျားတစ်လံ အနံတစ်ထွာမျှသာရှိသည့် ဤကိုယ်ခန္ဓာ တည်ဆောက် ထားမှုသည် တဖြည်းဖြည်းယုတ်လျော့ကျဆင်းနေ၏။ ပြောင်းလဲနေ၏။ ထို့ပြင် လိုအင်ဆန္ဒများစွာနှင့် တကွ ရောဂါဘယဖြစ်ပွားစေ၏။ အလျားတစ်လံ အနံတစ်ထွာမျှသာရှိသည့် ဤကိုယ်ခန္ဓာနှင့်အတူ မကောင်းသောစိတ်၏ စေ့ဆော်ချက်(Tendencies)များအပေါ်မူတည်လျက် ဖြစ်ပေါ်လာသည့် ဝိညာဉ်(Soul) ခေါ် အသက်လိပ်ပြာကောင်လေးအား အဘယ်ကြောင့် အပြစ်ပေးအရေးယူခြင်း၊ သို့မဟုတ် ချီးမြှင့်မြှောက်စားခြင်း ပြုသင့်ပါသနည်း?။ နောက်ဆုံးတွင် ထာဝရဘုရားသခင် (God)က အလျားတစ်လံ အနံတစ်ထွာမျှသာရှိသည့် ဤကိုယ်ခန္ဓာအား မတိကျမသေချာမှုဖြင့် ဖန်ဆင်းတော်မူခဲ့ခြင်းကြောင့် ဖြစ်သည်။ ထာဝရဘုရားသခင်သည် လူသားများ၏ မကောင်းမှု ဒုစရိုက်မှုများအတွက် သူ့မှာတာဝန်ရှိမလာနိုင်ဘူးလား?။

အမှန်စင်စစ်အားဖြင့် ပိုမိုသာလွန် ကောင်းမြတ်လှစွာသော ထာဝရဘုရားသခင်သည် သူ့အနေဖြင့် အမြဲတစေ ဖြေရှင်းပေးနိုင်သည်ဆိုသောစကားနှင့် စပ်လျဉ်း၍ ပြဿနာမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ပိုမိုသာလွန် ကောင်းမွန်မြင့်မြတ်သူဆိုသည်မှာ လူသာမန်ပုဂ္ဂိုလ်များ မသိနားမလည် မမြင်တွေ့နိုင်သောကြောင့်ဖြစ်သည်။ ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်နေခြင်းသည် လေးစားထိုက်သော သင့်လျော်မှန်ကန် အကြောင်းခံဖြစ်တန်ရာ၏။ တိတ်ဆိတ်ငြိမ်သက်စွာ နေထိုင်မှုအတွက် မိမိကိုယ်ကို ပြုပြင်ထိန်းသိမ်းထားခြင်းအတွက် အကြောင်းအကျိုး ဆက်စပ်မိရန်အထိ လိုအပ်သည်။ အမလေးဗျာ! မသိ နားမလည်နိုင်သည့်အရာကို လူသားသည် သိရမည့်အချက်ကို မသိရကောင်းလားဟူ၍ ကြိမ်းမောင်းခြင်း ခံခဲ့ရသည့်အပြင် လူသားသည် အသိဉာဏ်ပညာပင်မှ သစ်သီးကိုစားသုံးမိခြင်းအတွက် ၎င်းသည် များစွာဒုက္ခတွေ ခံစားရမှာ တဲ့လားဗျာ။ သူ၏ထူးဆန်းသည့် အတွေ့အကြုံအပေါ် အံ့ဩနေမှုကို ကျေနပ်နှစ်သိမ့်ရန်

လူသားသည် စဉ်းစားတွေးခေါ်မှု စနစ်တစ်ခုကို တည်ဆောက်ကြရမည်ဖြစ်သည်။ သို့ရာတွင် နဂါဂျုနာနှင့် ဘရက်လေတို့၏ကိစ္စတွင် ဖြစ်ပေါ်ခဲ့ဖူးသလို (Nagarjuna and Bradley) ဦးနှောက်ထဲမှာ ထည့်သွင်းစဉ်းစားပြီးလျှင်ပြီးချင်း ယင်းတွေးစိတ်ကို ဦးနှောက်အတွင်းမှ ဆွဲထုတ်ပစ်ရန်လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် နောက်အတွေးက ဖယ်ရှားပစ်မည် ဖြစ်တော့၏။ မည်သည့်အခါမှ မပြီးဆုံးနိုင်သော စိစိဖြူ(စ်)လုပ်ငန်း(Task of SiSiphus)နှင့် အသီးကင်းမဲ့ခြင်းနှင့်တူညီစွာ၊ ဤ စဉ်းစားတွေးခေါ်ခြင်းအလုပ်နှင့် ၎င်း၏နောက်ဆက်တွဲဖြစ်ပေါ်မှု၏ ငြင်းဆိုချက်သည် ဆက်လက်ဖြစ်နေဦးမလား၊ သို့မဟုတ် ကျွန်ုပ်တို့ ဘောင်သတ်မှတ်ချက် မထားသည့် ကျွန်ုပ်တို့၏ မေးခွန်းများနှင့်လုပ်ငန်းများသည် မှန်ကန်သောဦးတည်ချက်အတိုင်း သွားနေသည်ဟု ညွှန်ပြနေပါသလား?၊

ပါစီဘာသာနှင့် အခြားဘာသာယုံကြည်မှုများ **Parsi and other Religions**

ပါစီဘာသည် ပထမဦးဆုံးသော တမန်တော်ကိုးကွယ်သည့် ဘာသာယုံကြည်မှုဖြစ်၍ ဂျူးဘာသာနှင့် အစ္စလာမ်ဘာသာတို့သည် ၎င်းအား တိုက်ရိုက်ဆက်စပ် ယှက်နွယ်နေသည်။ ဂျူးမျိုးနွယ်စု၏ဖခင် အေဗရာဟမ်(Abraham)သည် ပါစီဘာသာနှင့် အမှန်တကယ် ဆက်စပ်ယှက်နွယ်နေသည်ဟူသော နောက်ခံသမိုင်းရေးသားပြောဆိုချက်မှာ တိကျခိုင်လုံမှုရှိသည်ဟူ၍ မဆိုနိုင်ပါ။ သို့သော် အေဗရာဟမ်သည်လည်း ပါစီဘာသာနှင့် ဆက်စပ်ယှက်နွယ်ခဲ့သည်ဆိုသော ခိုင်လုံသည့် သက်သေအထောက်အထား မရှိသော်လည်း တူညီချက်တစ်ခုရှိသည်။ သို့သော် အေဗရာဟမ်ဟူသော နာမည်တူ သီးခြားဂျူးလူမျိုးတစ်စုတို့သည် ဘေဘီလုံမြို့၌ အကျဉ်းသားများအဖြစ် ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ပြည်နှင်ဒဏ်ခံနေရစဉ်အတောအတွင်း ဂျူးလူမျိုးများသည် တစ်ဦးချင်းစီ မိမိတို့၏အပြုအမူများနှင့် မိမိတို့ လွန်ကဲစွာကြိုးစားအားထုတ်မှုဖြင့် ဝတ်ပြုကိုးကွယ်ရာတွင် ရုပ်ထုကိုးကွယ်မှုများအား ဆန့်ကျင်သည်။ စည်းကမ်းတင်းကြပ်သော တစ်ဆူတည်းသော ဘုရားသခင်အား ယုံကြည်ကိုးကွယ်မှု၊ ကိုယ်ကျင့်တရားကောင်းစွာ စောင့်ထိန်းမှုများကို တိုးတက်ကျင့်ကြံနေထိုင်ခဲ့ကြသည်။ အရှိန်အဟုန်ကြီးမားဆုံးသော ဖာရိဆီး(စ်) (Pharisees)ခေါ် ဂိုဏ်းဝင်များသည် ဇိုရိုအာဆရီးယားဘာသာ၏ လွှမ်းမိုးကြိုးကိုင်မှုများစွာ ခံရပြီး

ဆုပေးဒဏ်ပေးစနစ်ဖြစ်သည့် ကောင်းကင်ဘုံစခန်းနှင့် ကြောက်မက်ဘွယ်ရာအစုံ ငရဲဘုံဟူ၍လည်းကောင်း၊ ထာဝရဘုရားသခင်က တရားစီရင်စစ်ဆေးမည့်နေ့ရက်နှင့် အမြဲထာဝရ ခံစားရရှိမည့် (ငရဲဘုံနှင့်ခြောက်၍ ကောင်းကင်ဘုံနှင့်မြှောက်သည့်)နေရာဌာနများကို စိတ်ကူးပုံဖော်၍လည်းကောင်း ဟောကြားဆုံးမချက်များရှိခဲ့သည်။ မကောင်းဆိုးဝါးဒုစရိုက်တရား စတင်ပေါ်ပေါက်လာခြင်း၊ လူသားအား ၎င်း၏ပျက်စီးခြင်းသို့ ရှေးရှုအောင် သွေးဆောင်ဖျားယောင်း ခဲ့ခြင်းများသည် အာရိမန်(Ahriman) ခေါ် မာရ်နတ်၏ ရုပ်ပုံကားချပ် အစစ်အမှန်ဖြစ်သည်။ စေတမန်နတ်သားများ စတင်ဖြစ်ပေါ်လာမှု (The Existence of Angels)အား ဂျူးလူမျိုး များအား ယုံကြည်မှုရှိကြောင်း အများဆုံးဖြစ်နိုင်ဖွယ်ရာ ရှိပါသည်။ သို့ရာဝှင် ဂျူးလူမျိုးများသည် ၎င်းတို့အား ပြည်နှင်ဒဏ်ပေးထားသည့် အချိန်ကာလအတွင်း သူတို့၏ယုံကြည်ချက်ကို များစွာအင်အား ဖြစ်ပွားစေခဲ့သည်။

## ပြည်နှင်ဒဏ်မခံရမီ ဂျူးဘာသာ Pre-Exilic Judaism

၁။ ပြည်နှင်ဒဏ်မခံရမီ ဂျူးလူမျိုးများသည် သန့်ရှင်းသော တစ်ဆူတည်းသောဘုရားသခင်အား ယုံကြည်ကိုးကွယ်မှု မရှိသေးပါ။ သူတို့၏ ထာဝရဘုရား၊ ယဟွေး(Yahwe)သည် လူမျိုးနွယ်စုတစ်ခုသာ ယုံကြည်ကိုးကွယ်သည့် ဘုရားသခင်ဖြစ်ပြီး အဆိုပါဘုရားသခင်သည် အခြားသောထာဝရဘုရားသခင်များအနက် ဘုရားတစ်ဆူဖြစ်သည်။

၂။ ပြည်နှင်ဒဏ်မခံရမီအချိန်ထိ ယဟွေး(Yahwe)သည် မိုးကြိုးပစ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်းနှင့် လျှပ်စီးလက်ခြင်းတို့၏ သဘာဝဘေးအန္တရာယ်မှ ကာကွယ်မှုရရှိရန် အားကိုးအားထားမှုအတွက် အထူးအားဖြင့် ယုံကြည်သည့်ဘုရားသခင်ဖြစ်သည်။

၃။ ယဟွေး(Yahwe)သည် တိရစ္ဆာန်များ၏အသားမီးဖုတ်၍ ချိုမြိန်သောအရသာဖြင့် ပူဇော်ခြင်းကို လိုလားနှစ်သက်၏။

၄။ ဂျူးလူမျိုးများသည် သေဆုံးပြီးနောက် ဘုရားသခင်တိုင်းပြည် ရှီအိုလ်(Sheol)သို့ ရောက်ရှိစံမြန်းရသည် ဆိုခြင်းအပေါ် ရှင်းလင်းကြည်လင်ပြတ်သားသည့် အတွေးအခေါ်အယူအဆ မရှိပေ။

## ပြည်နှင်ခြင်းခံရပြီးနောက် ဂျူးလူမျိုးတို့၏ယုံကြည်ချက်

**Post-Exilic Belief of The Jews**

၁။ ဂျူးလူမျိုးတို့သည် မြင့်မြတ်၍ စိတ်ရင်းစေတနာကောင်းလှစွာသော တရားသူကြီးတစ်ဦး ဖြစ်သော တစ်ပါးတည်းနှင့် တစ်ဆူတည်းသော ထာဝရဘုရားသခင်ကိုသာ ယုံကြည်မြတ်နိုး၏။

၂။ ထာဝရဘုရားသခင်သည် အမှားနှင့်အမှန်ကို ဝေဖန်ခွဲခြားနားလည်နိုင်သည့် အခြေခံကျသောအရာနှင့် ကောင်းမြတ်ခြင်းဖြစ်သည်။

၃။ လူပုဂ္ဂိုလ်တိုင်းသည် မိမိ၏ကောင်းမှု၊ မကောင်းမှုပြုမှုလုပ်ကိုင်မှုအတွက် ကောင်းကံ၊ မကောင်းကံသည် မိမိထံသို့ ဆိုက်ရောက်လာမည်ဖြစ်ရာ ယင်းကောင်းကံ၊ မကောင်းကံကို မိမိတစ်ဦးတည်းကသာ ခံစားရမည်ဖြစ်သည်။ (မည်သူမပြု မိမိမှု– ဘာသာပြန်သူ) ဂျူးလူမျိုးများသည် ပြည်နှင်ဒဏ်မခံရမီအချိန်က လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သော ဘုရားသခင်၏ပညတ်တော်ကို ကျူးလွန်ဖောက်ဖျက်လျှင် လူမျိုးစုအဖွဲ့ဝင် တစ်မျိုးသားလုံး ခံစားရသည်ဟူ၍ ယုံကြည်ကြသည်။

၄။ ဂျူးလူမျိုးများသည် ယခုဘဝ၏နောက်တွင် ဘဝတစ်ခုရှိလိမ့်မည်ဟု လည်းကောင်း၊ ရှင်သန်ထမြောက်သော နေ့လည်းရှိသည်ဟူ၍လည်းကောင်း၊ ထို့နောက် ထာဝရဘုရားသခင်က တရားစီရင်သည့်နေ့သို့ ရောက်မည်ဟူ၍လည်းကောင်း ယုံကြည်ကြသည်။

၅။ ထာဝရဘုရား တရားစီရင်ဆုံးဖြတ်ချက်၏ ရလာဒ်အဖြစ် စိတ်ရင်းသဘောထားကောင်းမွန်မှန်ကန်သူများသည် ထက်ကောင်းကင်ဘွေဘုံနန်းတွင် အမြဲတမ်းစံမြန်းရမည့် ဆုလာဘ်တော်ကို ရရှိမည်ဖြစ်၍ မကောင်းမှု ဒုစရိုက်ကျူးလွန်သူများမှုကား မျက်ရည်များနှင့် သွားများကြိတ်ကာ ငရဲမီးများ၏ပူလောင်ခြင်းကို ခံရမှာတည်း။ သို့သော် ဂျူးလူမျိုး (ဝါ) ဂျူးဘာသာသည် ပြန်လည်ပြုပြင်ကောင်းမွန်ခြင်းအယူအဆ(Renovation)ကို လက်မခံပေ။

၆။ ပါစီလူမျိုး (ဝါ) ပါစီဘာသာက အနူးအညွတ်ဝန်ချတောင်းပန်ခြင်း(Intercession or entreaty) ယုံကြည်သကဲ့သို့ ဂျူးလူမျိုး(ဝါ) ဂျူးဘာသာကလည်း ပျောက်ဆုံးသွားသော ဒေးဗစ်ဘုရင်၏တိုင်းပြည်အား ၎င်းတို့ကို ပြန်လည်လမ်းပြ ပို့ဆောင်ပေးမည့်သူ မက်ဆေး (Messiah)အား မျှော်လင့်စောင့်စားမှုကို အစပြုခဲ့သည်။

၇။ ဂျူးလူမျိုး (ဝါ) ဂျူးဘာသာသည် ပြန်လည်ပြုပြင်ထိန်းကျောင်း ကောင်းမွန်စေခြင်း(The Doctrine of Restoration)ကို လက်ခံမှုမပြုသော်လည်း၊ ခြင်္သေ့ငယ်နှင့် သိုးငယ်လေးတို့ အတူတကွရေသောက်ကြမည့် နေ့တစ်နေ့အား မျှော်လင့်ချက်ထား၍ ညွှန်ပြကွဲးမွေး အလျှုပေးကြသည်။

## ကွဲလွဲခြားနားချက် Difference

၁။ ဂျူးဘာသာနှင့် ပါစီဘာသာတို့သည် ၎င်းတို့၏နောက်ခံသမိုင်းကြောင်း ဖွံ့ဖြိုးတိုးတက်မှုခြင်းမတူ ကွဲပြားခြားနားသည်။ ဂျူးလူမျိုးတို့၏ယဟွေး(Yahwe) ခေါ် ဘုရားသခင်သည် လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းဟူသော သဘာဝတရား၏နှောက်ယှက်ဖျက်ဆီးခြင်းမှ အကာအကွယ်ရရှိရေးအတွက် ပထမဦးဆုံးသော မျှော်လင့်တောင့်တချက်(အတ္တ) (Personification)ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် ဇိုရိုအာဆရီးယားဘာသာ၏ အဟူရာမာဇဒါ (Ahura Mazada) ခေါ် ဘုရားသခင်မှာမူကား သဘာဝတရား၏ ဖျက်ဆီးနှောက်ယှက်သည့်ဘေးမှ ကယ်တင်ပေးသူ မည်သည့်အခါမှမဟုတ်ပေ။

၂။ ထိုမှတပါး ယဟွေး(Yahwe)သည် ရှေးဦးကာလ ဂျူးဘာသာ၏ များပြားလှစွာသော လူမျိုးစုဆိုင်ရာ ဘုရားသခင်များ(Gods)အနက်မှ တစ်ပါးတည်းသော လူမျိုးစုဆိုင်ရာနတ်တစ်ပါး(God)၊ ဘုရားသခင်တစ်ပါး(God)တစ်ပါး ဖြစ်၏။ ဆန့်ကျင်ဘက်အားဖြင့် ပါစီဘာသာ၌မူ အလွန်ရှေးကျသော အချိန်ကာလမှစ၍ စည်းကမ်းတင်းကျပ်၍ သန့်ရှင်းသော တစ်ဆူတည်းသောဘုရားသခင် အယူအဆရှိသည်။

၃။ ဂျူးဘာသာ၊ ပါစီဘာသာတို့ပါ ယင်းနှစ်မျိုးသော ယုံကြည်ကိုးကွယ်မှုတို့သည် ထာဝရဘုရားသခင်၏ ဘုန်းတန်ခိုးတော်ကို အတုမရှိ အားလုံးတို့ထက်သာလွန်၏ဟု ယုံကြည်ကြ၏။ ဤကဲ့သို့သော တန်ခိုးတော်နှင့်ပြည့်စုံတော်မူသော ဘုရားသခင်သည် လူသားတို့အား ကိုယ်တိုင်ဆက်ဆံရန်ရှိသော် တမန်တော်ဟုခေါ်သည့် သူ၏ ကြားခံပုဂ္ဂိုလ်များမှတဆင့် ဆက်သွယ်မှုကို ပြုတော်မူ၏။ ထာဝရဘုရားသခင်၏ သဘောသဘာဝအတိုင်း ဇိုရိုအာဆရီးယားဘာသာကမူ စပင်တာမိန်းယု(Spenta Mainyu)အား ထာဝရဘုရားသခင် အဟူရာမာဇဒါ (Ahura Mazada)၏ လျှို့ဝှက်ဆန်းကြယ်မှုကို သိသာထင်ရှားစေရန် နေရာ

ပေးထားသည်။ ဤမည်သော စပင်တာမိန်းယုသည် အဟူရာမာဇဒါနှင့် ယုံကြည်ကိုးကွယ်သူများ အကြား တိုက်ရိုက်ဆက်သွယ်မှုဖြစ်သည်။ ယင်းအယူဝါဒနှင့် ဆန့်ကျင်ဘက်အားဖြင့် ဘုန်းတန်ခိုးကြီးမြတ်သော ထာဝရဘုရားသခင်နှင့် သူယုံကြည်ကိုးကွယ်သူများအကြား အကြီးဆုံးသော ကြားခံဆက်သွယ်ပေးသူများအဖြစ်၊ တမန်တော်များကိစ္စနှင့်စပ်လျဉ်း၍ ဂျူးဘာသာက သန့်ရှင်းသော တစ်ဆူတည်းသောဘုရားအယူအဆကို တင်းကျပ်စွာဆုပ်ကိုင်ထားသည်။ မိုးဇက်(Moses)နှင့် အီဇရာ(Ezra)တို့သည် အကြီးဆုံးတမန်တော်များဖြစ်သည်ဟူ၍ စဉ်းစားဆုံးဖြတ်ကြသည်။ ဇိုရိုအာဆရီးယားဘာသာအဖို့ရာ၌ ဇာရာသူစထရာ(Zarathustra) သည် တစ်ပါးတည်းသော တမန်တော်ဖြစ်သည်။

၄။ အချိန်ကာလကြာညောင်း ခေတ်တွေပြောင်းလဲသည်နှင့်အမျှ ပါစီဘာသာကို ယုံကြည်ကိုးကွယ်သူသည် အကောင်းနှင့်အဆိုး ဒွန်တွဲလျက် လွန်ဆွဲနေသည်မှာ အလွန်မှန်ကန်ကြောင်း တွေ့ရှိခဲ့ရာ သူ့အဖို့ရာ၌ ဒွိစုံဝါဒ(Dualism)ကို တကယ့်အရှိအမှန်တရားအဖြစ် ပေါ်ပေါက်လာခဲ့သည်။ ဆန့်ကျင်သောအားဖြင့် တစ်ချိန်က ဂျူးလူမျိုးများ လက်ခံကျင့်သုံးခဲ့သည့် တစ်ဆူတည်းသော ထာဝရဘုရားသခင်ရှိသည်ဟူသော ၎င်းတို့၏ ယုံကြည်ယူဆချက်အပြင် မကောင်းဆိုးဝါးတို့၏ ခေါင်းဆောင်(Devil)ရှိသည်ဆိုခြင်းအား လက်ခံသည်အထိ ၎င်းတို့သည် မိမိတို့ယုံကြည်ချက်ကို မစွန့်လွှတ်ခဲ့ကြချေ။

၅။ မှန်ပါသည်။ ဂျူးဘာသာနှင့် ပါစီဘာသာနှစ်ခုလုံးသည် ထက်ကောင်းကင်ဘုံနန်းနှင့် ငရဲခန်း(Heaven and Hell)ဟူသောအယူအဆနှင့်အတူ တရားစီရင်သည့်နေ့(The Day of Judgement)ဟူသော ယုံကြည်မှုပါ တွဲလျက်လာသည့်အယူကို တူညီစွာလက်ခံကြသည်။ သို့သော် ဇိုရိုအာဆရီးယားဘာသာအဖို့ရာ ငရဲဘုံပေါ်ပေါက်လာခြင်းသည် အစလည်းမရှိ၊ အဆုံးလည်းမရှိသည့်အပြင် မကောင်းဆိုးဝါး ဒုစရိုက်တရားများအား ပြန်လည်ကောင်းမွန်စေရန် ပြန်လည်ပြုပြင်ရေးကာလပြီးဆုံးပြီးနောက် မကောင်းဆိုးဝါးတို့၏ထိပ်ခေါင် အာရိမာရ်(Ahrimna) ခေါ် မာရ်နတ်နှင့်အတူ နောက်ဆုံး၌ ပျောက်ကွယ်သွားလိမ့်မည်။

ဂျူးဘာသာသည် သန့်ရှင်းသည့် တစ်ဆူတည်းသော ထာဝရဘုရားသခင်ကို ယုံကြည်မှုနှင့် သန့်ရှင်းသောကိုယ်ကျင့်တရားကို လက်ခံယုံကြည်ခဲ့ရခြင်းနှင့်စပ်လျဉ်း၍ ပါစီ ဘာသာအပေါ်

ကျေးဇူးတရားရှိကြောင်းကို ဝန်ခံရမည်ဖြစ်သည်။ သို့ရာတွင် တမန်တော် ကိုးကွယ်သည့် ဘာသာယုံကြည်မှုများအား အလုံးစုံခြုံကြည့်လျှင် လိုသည်ထက်ပို၍ အားသွန်ခွန်စိုက် ကိုးကွယ်ထိုက်သည်ဟူသောသဘော မသက်ရောက်ပါပေ။ အဘယ့်ကြောင့် ဆိုသော် တမန်တော်များက ထာဝရဘုရားသခင်၏ လျှို့ဝှက်ဆန်းကြယ်မှု ထုတ်ဖော်ဟောကြား ချက်များအပေါ် မမှားမယွင်း တကယ့်အစစ်အမှန်ဖြစ်သည်ဟု ၎င်းတို့ ယုံကြည်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဂျူးလူမျိုးနှင့်ပါစီလူမျိုးတို့သည် ဘာသာယုံကြည်ကိုးကွယ်ခြင်းကို လိုသည်ထက်ပိုသူများ (ဝါ) သဒ္ဓါလွန်ကဲသူများ (ဝါ) အယူသည်းသူများ (Fanatic) တကယ့်အမှန် ဖြစ်သည်။

## ဇိုရိုအာဆရီးယားဘာသာနှင့် ခရစ်ယာန်ဘာသာ

**Zoroastrainism and Christianity**

ဇိုရိုအာဆရီးယားဘာသာသည် ဂျူးဘာသာမှတဆင့် ခရစ်ယာန်ဘာသာအပေါ်တွင် သွယ်ဝိုက်သောနည်းဖြင့် ဩဇာအရှိန်အဝါ လွှမ်းမိုးခဲ့သည်။ ပါသျှားဒေသ(Persia)သို့ ခရစ်ယာန် သာသနာတော် ရောက်ရှိလာသောအခါ ယင်းပါစီဘာသာနှင့် ဂျူးဘာသာနှစ်ခုလုံးသည် အစွဲအလမ်းအယူအဆပြင်းထန်သော သာဘာများဖြစ်ကြပြီး တစ်ဘာသာနှင့်တစ်ဘာသာ တိုက်ခိုက်နေကြသည့်အပြင် ဘာသာရေးဆိုင်ရာ မြင့်မြတ်သောနေရာများကို အပြန်အလှန် ဖျက်ဆီးပစ်နေကြသည်။ အချိန်ကြာမြင့်လာသည့်အခါ အိန္ဒိယပြည်အတွင်း ဂျွန်ဝီလ်ဆင်(John Wilson)နှင့် ပါစီဘာသာဝင်များ အလွန်ခါးသီးပြင်းထန်စွာဖြင့် သိမ်မွေ့နူးညံ့သောကိစ္စများတွင် ပါဝင်ပတ်သက်ရှုပ်ယှက်ခတ်လာခဲ့ကြသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ "ဂျွန်ဝီလ်ဆင်၏ ပါစီဘာသာယုံကြည်ကိုးကွယ်မှုစာအုပ်(၁၈၄၃)" (John Wilson's book - The Parsi Religion-1843)တွင် ရေးသားချက်ကို ကြည့်ခြင်းအားဖြင့် ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ သို့သော် သိမ်မွေ့နူးညံ့သော ကိစ္စရပ်များမှတပါး ဇိုရိုအာဆရီးယားဘာသာနှင့် ခရစ်ယာန်ဘာသာ အကြား တူညီသောအချက်များစွာရှိ၏-

(၁) ပါစီဘာသာနှင့် ခရစ်ယာန်ဘာသာ နှစ်ခုလုံးတို့သည် တစ်ဆူတည်းသော ထာဝရဘုရား

သခင်ကို တိတိကျကျ ယုံကြည်ကိုးကွယ်ကြသည်။

(၂) ၎င်းဘာသာနှစ်ခုလုံးသည် တရားစီရင်ဆုံးဖြတ်သောနေ့၊ ပြန်လည်ရှင်သန် ထမြောက်သော နေ့နှင့် ထက်ကောင်းကင်ဘုံနန်းနှင့် ငရဲခန်းကို ယုံကြည်လက်ခံသည်။

(၃) ၎င်းဘာသာနှစ်ခုလုံးသည် တိကျစွာလိုက်နာရသော ကိုယ်ကျင့်တရား၊ လူသားတို့ခံစား နေရသောဒုက္ခကို သက်သာမှုရရှိရေးနှင့် လူသားဘဝ တိုးတက်ကောင်းမွန်ရေး လက်ခံ ကျင့်သုံးသည်။

(၄) ၎င်းဘာသာနှစ်ခုလုံးက လူသားသည် ၎င်းကိုယ်တိုင်အားဖြင့် သူ့ကိုယ်၌ရှိသော အပြစ် အနာအဆာ၊ ဒုက္ခဆိုသော အရာတို့ကို ဖယ်ရှားသုတ်သင်နိုင်လိမ့်မည်ဟု မထင်ကြပေ။ ထို့ကြောင့် ၎င်းတို့သည် ဆုတောင်းရန်လိုအပ်သည်ဟု ထင်မြင်ယူဆကြသည်။ ဤအယူ အဆအား ပါစီဘာသာထက် ခရစ်ယာန်ဘာသာတွင် ပို၍ထင်ရှားစွာ အလွယ်တကူတွေ့မြင် နိုင်သည်။ ယင်းဘာသာနှစ်ခုလုံးသည် တမန်တော်ကိုးကွယ်သည့် ဘာသာယုံကြည်မှုများ ဖြစ်သည်။

ဇိုရိုအာဆရီးယားဘာသာနှင့် ခရစ်ယာန်ဘာသာတို့သည် အခြေခံအယူအဆ သဘောတရား တူညီချက်များရှိသော်လည်း အရေးကြီးသော မတူညီမှု ကွဲပြားခြားနားချက်များ ရှိနေသည်။ ၎င်းတို့မှာ -

၁။ ၎င်းဘာသာနှစ်ခုလုံးသည် ထာဝရဘုရားသခင်တစ်ပါးတည်းကိုသာ ယုံကြည်ကိုးကွယ် မှုပြုကြ၏။ သို့သော် ဇိုရိုအာဆရီးယားဘာသာတွင် ဒွိစုံယုံကြည်မှု(Dualism)(ဒွိစုံယုံကြည်မှု ဆိုသည်မှာ မကောင်းမှုရော ကောင်းမှုပါ အရာရာတွင် ဒွန်တွဲ၍ လွှမ်းဆွဲနေသည်ဟူသော ယုံကြည်ချက်ကို ဆိုလိုသည်-ဘာသာပြန်သူ)ရှိပြီး ၎င်းက တစ်ပါးတည်းသော ထာဝရဘုရားသခင် ယုံကြည်မှုကို လုံးဝဥဿုံလမ်းပြပေးသည်။ ခရစ်ယာန်ဘာသာတွင် ဖခမည်းတော် ထာဝရဘုရား သခင်၊ သားတော် ယေရှုခရစ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်(Father, Son and Holy Ghost)ဟူ၍ သုံးပါးပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်(Trinity)ဟူသော အယူအဆ ဆိုးမဟောကြားချက်ရှိသည်။ ဤအယူအဆသည် အခြားသော ဘာသာယုံကြည်မှုများအနေဖြင့် လက်ခံနိုင်ရန် အလွန်ခက်ခဲသောအယူအဆဖြစ်သည်။ သုံးပါးပုံသွင် တစ်ဆူတည်းသော

ဘုရားသခင်အယူအဆ(Trinity)ကို လက်ခံထားသည်နှင့်အမျှ နိမ္မိတရုပ်ပွား(Incarnation) (နိမ္မိတရုပ်ပွားဆိုသည်မှာ အချို့သောဗုဒ္ဓဘာသာဝင်များ ယုံကြည်ကြသော ဗုဒ္ဓ၏အဆုံးအမ သာသနာသက်တမ်း ၅၀၀၀ နှစ် ရှိပြီဖြစ်ပြီး ဗုဒ္ဓကိုယ်တိုင် ပြဋ္ဌာန်းသတ်မှတ်ခဲ့သည့် သာသနာတော် ၅၀၀၀ ပြည့်သည့်အချိန်တွင် ကမ္ဘာအရပ်ရပ် ဒေသအသီးသီးတို့၌ ကိန်းဝပ်တော်မူလျက်ရှိနေကြသော ဗုဒ္ဓ၏အရဟာဓာတ် ခေါ် ဥတုဇရုပ်ကလာပ်အား မီးသင်္ဂြိုဟ်ရာ၌ ကြွင်းကျန်ရစ်ခဲ့သော ဓါတ်တော်များ(Buddha's Sacred Relic)တို့သည် တစ်စုတစ်စည်းတည်း ပြန်လည်ပေါင်းစည်းမိလိမ့်မည်။ ထိုအခါ ဗုဒ္ဓကိုယ်တော်တိုင်၏ ဥပမိပုံအသွင်ဖြစ်၍ အသက်ဝင်ကာ နောက်ဆုံးဖြစ်သော တရားဓမ္မဟောကြားရာတွင် လူ၊ နတ်၊ ဗြဟ္မာအများအပြားကျွတ်တမ်းဝင်၊ နိဗ္ဗာန်အငြိမ်းဓါတ်ရရှိကြပြီးနောက် ယင်းနိမ္မိတရုပ်ပွား ဗုဒ္ဓဘုရားရှင်သည် အပြီးသတ်နိဗ္ဗာန် စံဝင်ခြင်း ခေါ် ဓာတုပရိနိဗ္ဗာန်စံဝင်သွားပြီး ဗုဒ္ဓ၏အဆုံးအမသာသနာ ကင်းမဲ့သည့်အခါတွင် ကမ္ဘာလောကကြီးသည် အသိဉာဏ်အလင်းရောင် ကင်းပကွယ်ပျောက်၊ အဝိဇ္ဇာတည်းဟူသော အမှောင်ထုဖုံးအုပ်လျက် လောဘ၊ ဒေါသ၊ မောဟ(ဝါ) တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော မတရားမှုများလွှမ်းမိုးလျက် သတ္တဝါအပေါင်းတို့ သံသရာဝဋ်ဒုက္ခအပေါင်းမှ လွတ်မြောက်နိုင် ကြတော့မည် မဟုတ်တော့ပေဟူ၍ ယူဆသည်။ *(ဘာသာပြန်သူအနေဖြင့် ဗုဒ္ဓသာသနာ ကုန်ဆုံးပျောက်ကွယ်လျက် ကိုယ်ကျင့်တရား မထားရှိနိုင်ကြတော့ပဲ ဆင်းရဲတွင်းနစ်မြုပ်ကြရမည်ဟု ယုံကြည်လက်ခံသော် လည်း ခရစ်ယာန်ဘာသာ ယူဆသည်နှင့်မခြား အလားတူသည့် နိမ္မိတရုပ်ပွားတော်(Incarnation Buddha) အယူအဆကိုမူ လက်မခံနိုင်ပေ။ -ဘာသာပြန်သူ)*

၂။ ခရစ်ယာန်ဘာသာ၌ လေးနက်စွာ သက်ဝင်ယုံကြည်ရမည့်အချက်မှာ ထာဝရဘုရားသခင်၏ လမ်းစဉ်နှင့်အညီ လူသတ္တဝါအပေါင်းတို့၏ ပြစ်မှားကျူးလွန်ခဲ့သော သံသရာဝဋ်ကြွေးတို့ကို အသက်ခန္ဓာကို စတေး၍ ပြန်လည်ပေးဆပ်ရေး (Redemption)အတွက် ကိုယ်ကျိုးစွန့်အနစ်နာခံသွားသည့်ပုဂ္ဂိုလ်(Redeemer or Jesus Christ)တစ်ပါးဖြစ်သူအား ချစ်ကြည်လေးစားရင်တွင်း၌ အမြဲအမှတ်ရနေရန်ဖြစ်သည်။ ထို့ကြောင့် ခရစ်ယာန်ဘာသာက ယေရှုခရစ် တော်သည် ထာဝရဘုရားသခင်ကိုယ်တော်တိုင် လူ့လောကအတွင်းသို့ လူသားစင်စစ်အဖြစ် သက်ဆင်းဝင်ရောက်၍ နိမ္မိတရုပ်ပွားတော်အဖြစ်နှင့် သတ္တဝါအများတို့အား ကယ်တင်လွတ်မြောက်စေ

ခဲ့သည်ဟူသော အယူအဆအား လက်ခံယုံကြည်ထားကြသည်။ ထာဝရဘုရားသခင်သည် လူသတ္တဝါတို့အား ဘုရားသခင်တိုင်းပြည်(Kingdom of Heven)ခေါ် ထက်ကောင်း ကင်ရွှေဘုံ နန်း၌ စံမြန်းကြရန် လမ်းမတော်ကို ပြသပေးခဲ့လေပြီ။ ထို့ကြောင့် ခရစ်ယာန်ဘာသာ ဝင်များက "ခရစ်တော်ပုံတူ" (Imitation of Christ)ဟူ၍ ဟောပြောနေကြသည်။ မည်သို့ပင်ဖြစ် စေကာမူ ပါစီဘာသာဝင်များက ထာဝရဘုရားသခင်သည် လူသားဖြစ်လာနိုင်သည်ဟု ဝန်မခံ ကြချေ။ ဂျူးလူမျိုးများ၊ မူဆလင်များနှင့် ပါစီလူမျိုးတို့က ဤ "ထာဝရဘုရားသခင်"၊ လူ့ပြည်တွင် ဝင်စားမွေးဖွား၍ "နိမ္မိတရုပ်ပွားအသွင်"ဟူသော အယူအဆအပေါ် အထင်အမြင်သေးကြသည်။

၃။ ပါစီဘာသာဝင်တစ်ဦးသည် ကိုယ်ကျင့်တရားနှင့်သက်ဆိုင်သည့် အပြုအမူများနှင့် သိလျက် မမှန်မကန်ပြုမူ ဆောင်ရွက်ခြင်းများအတွက် နောင်တရမိကြောင်းပြသရန် မိမိ၏အပြစ်ကို မိမိကိုယ်တိုင်ဝန်ခံခြင်းအားဖြင့် သူသည် မကောင်းမှုဒုစရိုက်အပေါ် အနိုင်ရယူပြီး ကောင်းမှု သုစရိုက်က အောင်ပွဲခံနိုင်မည်ဟုယုံကြည်ကြသည်။ မည်သို့ပင်ဖြစ်စေကာမူ လူသားသည် မိမိ၏ကြိုးစားအားထုတ်မှုဖြင့် သူ၏ပြစ်မှားကျူးလွန်မှုမှ ထိုက်တန်သည့်ကယ်တင်မှု ပြုလုပ်နိုင်မည် မဟုတ်ဟူ၍ ခရစ်ယာန်တစ်ဦးအနေဖြင့် ယုံကြည်လျက်ရှိ၏။ ယေရှုခရစ်တော်သည် လူသား၏ ပြစ်မှားကျူးလွန်ထားသည့် အပြစ်အနာအဆာများမှ ကင်းလွတ်ခွင့်ရရေးအတွက် လက်ဝါးကပ် တိုင်ပေါ်တွင် မိမိအသက်ကို စတေးခံလျက် လူသားအား ကယ်တင်ပေးခဲ့သည်ဆိုခြင်းကို လူသားသည် ခွဲခွဲမြဲမြဲ အသည်းနှလုံးထဲတွင် ယုံကြည်ထားရန် လိုအပ်ပါသည်။ သခင်ယေရှုက မိမိ၏အသက်သွေးဖြင့် စတေးခံသေဆုံးသွားခြင်းသည် လူသား၏အတိတ်ကာလမှ အပြစ် အားလုံးကို ဆေးကြောသုတ်သင်လျက် မကောင်းဆိုးဝါးဒုစရိုက်တရားအား ဖယ်ရှားပစ်ရေး ယုံကြည်မှုသဒ္ဓါတရားကို ယခုပေးလိုက်ခြင်းဖြစ်ရာ ထာဝရဘုရားသခင်ရှေ့မှောက်တွင် သဘာဝ တရားနှင့် လူ့လောကအတွင်း လိုက်လျောညီထွေ နေထိုင်တတ်စေရေးအတွက်ဖြစ်ကြောင်း ခိုင်မာသော ယုံကြည်ချက်ထားရှိရန်လိုပါသည်။ လူသားများ ပြစ်မှားကျူးလွန်ခဲ့သည့် သံသရာ ဝဋ်ကြွေးကို ခရစ်တော်က လူသားအားလုံး၏ကိုယ်စား ပြန်လည်ပေးဆပ်သွားသည်ဆိုသော ယူဆချက်(The Doctrine of Atonement)အား အခြားသောကမ္ဘာ့ဘာသာကြီးများက လက်ခံရန် ခက်ခဲပါသည်။ ထို့ကြောင့် ပါစီဘာသာဝင်များက ယင်းအယူအဆကို လက်မခံသည့် အချက်အား

အံ့ဩစရာမရှိပါပေ။

၄။ ပါစီဘာသာနှင့် ခရစ်ယာန်ဘာသာနှစ်ခုလုံးသည် ထက်ကောင်းကင်ရွှေဘုံနန်းနှင့် ငရဲခန်းဟူသော အယူအဆကို လက်ခံကြကုန်၏။ သို့ရာတွင် ခရစ်ယာန်ဘာသာဝင် အများစုကတော့ ငရဲဘုံသို့ တစ်ကြိမ်တစ်ခါကျရောက်သွားလျှင် ငရဲမီးတွင် အစအဆုံးမရှိသော ငရဲမီး၏ ပူလောင်ခြင်းဒုက္ခကို ခံစားနေရမည်ဖြစ်ပြီး ပြန်လည်ကယ်တင်လွတ်မြောက်ခြင်းကို မရရှိနိုင်တော့ဟူ၍ ယုံကြည်ကြသည်။ ဆန့်ကျင်ဘက်သဘောဖြင့် ပါစီဘာသာဝင်တစ်ယောက်မှာမူကား ငရဲဘုံသို့ကျရောက်၍ ပြစ်မှားကျူးလွန်မိသောပြစ်ဒဏ်ကို ခံစားနေရသူတစ်ဦးသည် ဆုံးစမထင်သော ငရဲသားဘဝဖြင့် ငရဲခံရမည်မဟုတ်ဟု ယုံကြည်သည်။

*(ဗုဒ္ဓဘာသာတွင်လည်း အလားတူ မကောင်းမှုကျူးလွန်သူများအတွက် ၎င်းတို့၏အပြစ်အကြီးအသေးအလိုက်၊ ရှစ်ထပ် သို့မဟုတ် ရှစ်ဆင့်ရှိသော ငရဲပြည်များကို ဖန်တီးပုံဖော်ထား၏။ ၎င်းငရဲပြည် ၈ ထပ်မှာ အောက်သို့ တစ်ထပ်ပြီး တစ်ထပ်နိမ့်သွားပြီး ၎င်းတို့၏အမည်မှာ သိဥ္စိုးငရဲ၊ ကာလသုတ်ငရဲ၊ သင်္ဃာတငရဲ၊ ရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲနှင့် အဝီစိငရဲတို့ဖြစ်သည်။ ယင်းငရဲပြည်ကြီးတစ်ခုလျှင် ငရဲငယ်(၁၆)ဆင့်ရှိသေးရာ စုစုပေါင်း ငရဲပြည်ငယ် ၁၂၈ ခုရှိသည်ဟုဆိုပြီး ၎င်းကို ဥဿဒရက်ဟု စုပေါင်းပြီးခေါ်ကြောင်း သိရှိရသည့်အပြင် စာပေကျမ်းဂန်၏အဆိုအရ ဆူပွက်နေသော ငရဲအိုးကြီးများရှိရာ ငရဲအိုးတစ်လုံးလျှင် အဝန်းယူဇနာ(၅၀)၊ အနက် ယူဇနာ(၂၅၀)ရှိသည်ဟု ဆိုသည်။ ကိုယ်ခန္ဓာသုံးဂါဝုဒ်မျှရှိသော ငရဲသားတစ်ယောက်သည် ငရဲအိုး၏ အထက်နှုတ်ခမ်းထိပ်မှ အောက်သို့ပစ်ချလိုက်လျှင် နှစ်ပေါင်း ၂၀၀၀ ကြာမြင့်မှ ငရဲအိုး၏ အောက်ခြေကြမ်းပြင်သို့ ရောက်ရှိသည်ဟုလည်း အဆိုရှိ၏။ သို့ဖြစ်ရာ ဤသဘာဝယုတ္တိကင်းမဲ့လှသော အယူအဆသည် စိတ်ကူးယဉ်ပုံဖော်ချက်မျှသာဖြစ်ကြောင်း ထင်ရှားလှပေ၏။ -ဘာသာပြန်သူ)*

ဆန့်ကျင်ဘက်အားဖြင့် ပါစီဘာသာဝင်တစ်ဦးအနေဖြင့် အပြစ်ကျူးလွန်သူအဖြစ် ငရဲဘုံသို့ကျရောက်၍ ငရဲခံနေရသူတစ်ဦးသည် ဆုံးစမထင်သော ငရဲပြည်တွင် နေရမည် မဟုတ်ကြောင်း ယုံကြည်၏။ ငရဲသားတစ်ဦးသည် ကိုယ်ကျင့်တရား ပြန်လည်ကောင်းမွန်လာသောအခါ ထက်ကောင်းကင်ရွှေဘုံနန်း၌ နှစ်ပေါင်း ၁၀၀၀ ပျော်ရွှင်စံမြန်းနိုင်ရန် လမ်းဖွင့်

ပေးထား၏။

*(ဗုဒ္ဓဘာသာအယူအဆ၌လည်း သဘောအားဖြင့် တူညီသည့် ရေသားတစ်ဦး သက်တမ်းစေ့လျှင် ရေမှလွတ်မြောက်ရန် လမ်းစပြထားသည့်အချက်ရှိပါ၏။ သို့သော် ရေသားသက်တမ်းမှာ ပါဠိဘာသာက လမ်းဖွင့်ထားသည့် ရေသားတစ်ဦးသက်တမ်းထက် အဆပေါင်းများစွာ သာလွန်ပြီးမှ ကောင်းရာသုဂတိဘုံတစ်ခုခုသို့ရောက်ရန် လမ်းဖွင့်ပေး ထားခြင်းဖြစ်သည်။ ဥပမာ–လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ဟူ၍ဖြစ်သည်။–ဘာသာပြန်သူ)*

၅။ ခရစ်ယာန်ဘာသာ၌ ဘာသာဝင်တစ်ဦးတွင် ရှိသင့်ရှိထိုက်သော ကောင်းခြင်းမင်္ဂလာကို ယုံကြည်စွဲမြဲစွာ လက်ကိုင်ထားလျက် သာမန်ပျော်ရွှင်ကြည်နူးစရာကိစ္စများအား စွန့်လွှတ်ထားပြီး ရိုးသားအေးဆေးစွာ နေထိုင်ခြင်းသည် ဘုရားသခင်ချီးမွမ်းတော်မူသော လူ့ဘဝဖြစ်သည်။ သို့သော် ပါဠိဘာသာကမူ လူ့လောက၏ ချမ်းမြေ့ဘွယ်ရာများကိုစွန့်လွှတ်၍ ရိုးသားစွာ နေထိုင်သည့် အယူအဆနှင့် ဘုန်းကြီးရဟန်းဘဝ ရယူကျင့်သုံးမှုအယူအဆကို ဦးစားမပေးပါ။ ဗိုရိအာဆရီးယား ဘာသာအဖို့ရာတွင် အိမ်ယာတည်ထောင် လူ့လောက၊ အိမ်ထောင်သည်ဘဝသည် လူသား၏ အတွင်းစိတ်၌ ကိန်းအောင်းနေသော မကောင်းမှုဒုစရိုက်ဖယ်ရှားပစ်ရန်နှင့် လူ့ဘုံလူ့လောက အတွက် အကောင်းဆုံးနှင့် အသင့်တော်ဆုံးဖြစ်သည်။

၆။ ပါဠိဘာသာ၏အဆိုအရ အဟူရာမာဇဒါသည် လူသားအား တကယ့်ကောင်းမွန်သော သတ္တဝါအဖြစ် ဖန်ဆင်းတော်မူခဲ့ခြင်းဖြစ်သော်လည်း အာရိမန်၏သွေးဆောင်ဖျားယောင်းမှုခံရပြီး နောက်ပိုင်းမှသာလျှင် မကောင်းမှု ဒုစရိုက်နယ်အတွင်း သက်ဆင်းခဲ့ရခြင်းဖြစ်သည်။ ခရစ်ယာန် ဘာသာ၏အဆိုအရ ထာဝရဘုရားသခင်က မိမိ၏ပုံရိပ်လွှာအတိုင်း ကိုယ်ကျင့်တရားအရာတွင် အကောင်းဆုံးဖြစ်ရန် ဖန်ဆင်းတော်မူခဲ့သည်။ သို့သော် သူကိုယ်တိုင်ဖန်ဆင်းခဲ့သော လူသား အာဒမ်သည် ထာဝရဘုရားသခင်၏အမိန့်တော်ကိုမနာခံပဲ အလွဲသုံးစားပြုကာ အသိဉာဏ်ပညာ ပင်၏အသီးကို စားသုံးမိခြင်းအပြစ်ကြောင့် နောက်နှောင်းကာလလူသားဘဝ အမျိုးအနွယ်ဝင်များ အားလုံး ဤအပြစ်အနာအဆာမူရင်းဖြစ်သည့် ဒုက္ခအဖြာဖြာကို ခံစားနေရကြောင်း တွေ့ရှိရသည်။

## ဇိုရိုအာဆရီးယားဘာသာနှင့်အစ္စလာမ်ဘာသာ Zoroastrianism and Islam

၁။ သမိုင်းအထောက်အထားများ၏ ပြောကြားထားသောစကားအရ အစ္စလာမ်ဘာသာ အပေါ်တွင် ပါစီဘာသာ၏အရှိန်သြဇာ ကြီးမားစွာလွှမ်းမိုးခဲ့သည်ဟုထင်ရ၏။ ဤအချက်မှာ အံ့သြစရာမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဘေဘီလုံမြို့သားများ(Babylonians)သည် အာရေဗျ(Arabia)အပေါ် အုပ်ချုပ်ခဲ့သောကြောင့်ဖြစ်သည်။ ထို့ပြင် ဘေဘီလုံမြို့၌ ဇိုရို အာဆရီးယားဘာသာသည် အရှိန်သြဇာနှင့် ၎င်း၏ အကျိုးသက်ရောက်သည့် အခြေအနေကောင်း တစ်ရပ်ရှိခဲ့သည်။ အစ္စလာမ်ဘာသာသည် ဂျူးဘာသာထက် အေဗရာဟမ်(Abraham)၏ သန့်ရှင်းဖြူစင်သည့် တစ်ဆူတည်းသော ထာဝရဘုရားသခင်အား ယုံကြည်မှုက ပို၍သိသာထင်ရှား လူကြိုက်များ၏။ ထိုမှတပါး အခြားထင်ရှားသောအချက်မှာ ဘေဘီလုံမြို့သားဖြစ်နိုင်သော ဟာနစ်ဖ်(Harnif)ဆိုသူသည် တစ်ဆူတည်းသော ထာဝရဘုရားသခင်အား ကိုးကွယ်မှုအပေါ် မှန်ကန်သောယုံကြည်မှုထားရှိသူအဖြစ် သဘောထားသည့်အတွက်ဖြစ်သည်။ အစ္စလာမ် ဘာသာနှင့်ပါစီဘာသာ နှစ်ခုလုံးသည် ရုပ်ထုကိုးကွယ်မှုကို ဆန့်ကျင်ပြီး ကိုယ်စားရုပ်ပွားကိုးကွယ် ခြင်းအား ဆန့်ကျင်သည့်လှုပ်ရှားမှုကို အားပေးသည်။

၂။ ဇိုရိုအာဆရီးယားဘာသာနှင့် အစ္စလာမ်ဘာသာနှစ်ခုလုံးသည် တမန်တော် ကိုးကွယ် သည့် ဘာသာယုံကြည်ချက်များဖြစ်၍ တစ်ဆူတည်းသော ထာဝရဘုရားသာရှိသည် ဟူသော အယူအဆကို လက်ခံကျင့်သုံးပြီးလျှင် ပြန်လည်ရှင်သန်ထမြောက်သောနေ့၊ တရား စစ်ဆေးစီရင် ဆုံးဖြတ်သောနေ့နှင့် ထက်ကောင်းကင်ရွှေဘုံနန်းနှင့် ငရဲခန်းရှိသည်ဟူသော အယူဝါဒကို စွဲကိုင်ထားကြသည်။

၃။ တဖန် အစ္စလာမ်ဘာသာနှင့် ပါစီဘာသာနှစ်ခုလုံးသည် နေ့စဉ်(၅)ကြိမ် ဝတ်ပြု ဆုတောင်းကြ၏။ ဤနေရာတွင် အစ္စလာမ်ဘာသာသည် ဂျူးဘာသာကို ဆန့်ကျင်လျက် နေ့စဉ် (၃)ကြိမ် ဝတ်ပြုဆုတောင်းခြင်းအစား ပါစီဘာသာကဲ့သို့ (၅)ကြိမ်ဝတ်ပြုဆုတောင်းသည့် လမ်းစဉ်ကိုသာ လိုက်နာသည်။

၄။ ပါစီဘာသာနှင့် အစ္စလာမ်ဘာသာနှစ်ခုလုံးသည် မကောင်းဆိုးဝါးကောင် အမှန်တကယ် ရှိသည်ဆိုခြင်းကို လည်းကောင်း၊ စေတမန်နတ်သားများရှိသည်ဆိုခြင်းကိုလည်းကောင်း၊

ဂျိန်းဘာသာဝင်များကဲ့သို့ပင် အခြားသော ဝိညာဉ်ကောင်များရှိသည် ဆိုခြင်းကိုလည်းကောင်း လက်ခံယုံကြည်ကြသည်။

သို့သော်လည်း ဇိုရိုအာဆရိုးယားဘာသာနှင့် အစ္စလာမ်ဘာသာတို့သည် တူညီသော အချက်များ ရှိနေလင့်ကစား ထူးခြားသည့် အဓိပ္ပါယ်ဆောင်သော ကွဲပြားခြားနားချက်များရှိသည်-

(၁) ဇိုရိုအာဆရိုးယားဘာသာနှင့် အစ္စလာမ်ဘာသာတို့သည် လူသား၌ လွတ်လပ်သောဆန္ဒ ရှိကြောင်း တူညီသည့်ခံယူချက် ရှိလင့်ကစား အချို့သောအသေးစိတ် ရှင်းလင်းဖော်ပြချက်တွင်မူ မတူညီကွဲပြားခြားနားချက်များစွာရှိသည်။ ပါစီဘာသာ၏အဆိုအရ လူသားသည် သူ၏အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်ကို ၎င်းကိုယ်တိုင် တည်ဆောက်သူဗိသုကာဖြစ်၍ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိသူဖြစ်၏။ သူသည် ထာဝရဘုရားသခင်နှင့် ကောင်းတူဆိုးဘက် မျှဝေခံစားသူအဖြစ် မကောင်းမှုဒုစရိုက်အား ဆန့်ကျင်တိုက်ခိုက်ရန် ဤကမ္ဘာမြေပေါ်သို့ ရောက်ရှိလာ၏။ ဤအချက်ကိုဆန့်ကျင်လျက် မူဆလင်တစ်ဦးအနေဖြင့်မူ ၎င်း၏ လူအဖြစ် ပေါ်ပေါက်၍ ကမ္ဘာမြေပေါ်သို့ ရောက်ရှိလာရခြင်းမှာ အလ္လာဟ်ရှင်မြတ်၏ အမိန့်ဒီဂရီချမှတ်ချက်အရဖြစ်ပြီး ၎င်းကိုယ်တိုင် မိမိကိုယ်မိမိ သက်ဦးဆံပိုင် ကြိုက်သလိုစီရင်ဆုံးဖြတ်နိုင်သည့် အလ္လာအရှင်မြတ်ထံ ခြွင်းချက်မရှိအပ်နှံရန်ဖြစ်သည်။ တစ်နည်းအားဖြင့် မူဆလင်တစ်ဦးသည် ကံ၊ ကံ၏အကျိုးကို လွတ်လပ်သောလူသား၏ စိတ်ဆန္ဒအရ လုပ်ကိုင်ခွင့်ရှိကြောင်းကိုလည်း လက်ခံယုံကြည်သည်။

(၂) ဇိုရိုအာဆရိုးယားဘာသာသည် သန့်ရှင်းဖြူစင်သော တစ်ဆူတည်းသော ထာဝရဘုရား သခင်ကိုသာ ယုံကြည်သည့်အယူအဆဖြင့် စတင်ခဲ့၏။ သို့သော် အချိန်ကာလရွေ့လျောမှုနှင့် အတူ ဒွိစုံယုံကြည်ချက် အယူဝါဒကိုလည်း လက်ခံကျင့်သုံးလာ၏။ ကောင်းမှုကုသိုလ်တရား မြတ်သည် မကောင်းမှုဟုဆိုသော တရားဆိုး၊ တရားယုတ်တို့အပေါ်၌ လုံးဝ အောင်ပွဲခံရမည်ဟု ယုံကြည်သည် ဆိုခြင်းအားလည်း သံသယမရှိပေ။ သို့သော် လောကီရေးရာနှင့်သာ သက်ဆိုင်သည့် ဤဖြစ်ထွန်းပေါ်ပေါက်မှုသည် ပါစီဘာသာအတွက် မကောင်းဆိုးဝါးဒုစရိုက်မှု ဟူ၍ ခေါ်ဆိုနိုင်သော မမှန်ကန်သည့်တရားကိုလည်း ထင်ရှားစွာတွေ့ရှိရသောအချက် တစ်ခုဖြစ်ကြောင်း ထုတ်ဖော်ရှင်းပြခဲ့သည်။ ဤယူဆချက်နှင့် ဆန့်ကျင်လျက် အစ္စလာမ်

ဘာသာကမူ တိကျသည့် တစ်ဆူတည်းသော ထာဝရဘုရားသခင် ယုံကြည်သည့်ဝါဒကို ကိုင်စွဲထားသည်။ အစ္စလာမ်ဘာသာအဖို့ရာ မကောင်းဆိုးဝါး ဒုစရိုက်တရားသည် ငရဲဘုံသို့ အပြင်းအထန် တွန်းလှန်ပစ်ချရမည်ဖြစ်ပြီး ထာဝရဘုရားသခင်အား ပုန်ကန်သူအစစ်အမှန် တစ်ဦးဖြစ်၏။

(၃) ပါစီဘာသာနှင့် အစ္စလာမ်ဘာသာနှစ်ခုလုံးသည် ကိုယ်ကျင့်တရား ကောင်းမွန်မှန်ကန်ပါမှ အထက်ကောင်းကင် ရွှေဘုံနန်း၌ စံမြန်းရမည်ဖြစ်၍ အကုသိုလ်ဒုစရိုက်မှု ကျူးလွန်သူအဖို့ ငရဲအိုးသို့ ဇောက်ထိုးဆင်းရမည်ဟူသော ယုံကြည်ချက်ထားရှိသည်။ သို့ရာတွင် ပါစီဘာသာအနေဖြင့်မူကား အပါယ်ငရဲသည် အမြဲမဟုတ်သောအရာဖြစ်၍သာလျှင် အများကို အမှန်ဖြင့် အစားထိုးပြင်ဆင်၍ ကိုယ်ကျင့်တရား ပြန်လည်ကောင်းမွန်လာသည့်နေ့(The Day of Renovation)တွင် ငရဲမီးသည်ပင်လျှင် ချုပ်ငြိမ်းရပ်စဲသွားလိမ့်မည်ဟု ယုံကြည်၏။

(၄) ဂျူးအာဆရိုးယားဘာသာနှင့် အစ္စလာမ်ဘာသာနှစ်ခုလုံးသည် တမန်တော်ယုံကြည်ကိုးကွယ်သည့်ဘာသာများ ဖြစ်ကြ၏။ သို့ရာတွင် ဂျူးအာဆရိုးယားဘာသာ၏ တစ်ပါးတည်းနှင့် အကြီးဆုံးသော တမန်တော်မှာ ဇာရာသူစထရာ ဖြစ်သည်။ အစ္စလာမ်ဘာသာမှာမူ ဂျူးအာဆရိုးယားဘာသာနှင့်မတူ ဆန့်ကျင်ဘက်သို့ မျက်နှာမူလျက် တမန်တော် (၂၈)ပါးရှိ၍ မူဟာမက်(Muhammad)သည် ဘုရားသခင်အလ္လာအရှင်၏ နောက်ဆုံးတမန်တော်ဖြစ်သည်ဟူ၍ ယုံကြည်လက်ခံ၏။

(၅) ဝေဒကိုးကွယ်မှုတွင် အဂ္ဂနိ(Agni)ခေါ် မီးကို ဦးညွတ်ပူဇော်သကဲ့သို့ပင် ဂျူးအာဆရိုးယားဘာသာ၌ အနည်း၊ သို့မဟုတ် အများသည် မီးအား ပူဇော်ရာ၌အသုံးပြုသည်။ သို့သော် အစ္စလာမ်ဘာသာ၌မူ မီးသည် မြင့်မြတ်သောအရာမဟုတ် (ဝါ) မီး၌ မြင့်မြတ်မှု တစ်စုံတစ်ရာမရှိဟု ယုံကြည်၏။ မည်သို့ပင်ဆိုစေကာမူ အစ္စလာမ်ဘာသာ သည်လည်း ထာဝရဘုရားသခင်အား အလင်းရောင်(Nur)ဟူ၍ စွဲယူထား၏။

(၆) မူဆလင်များသည် ၎င်းတို့၏ လူသေကောင် ရုပ်အလောင်းများသည် ပြန်လည်ရှင်သန်ထမြောက်သောနေ့ (The Day of Resurrection)တွင် မြေမြှုပ်ထားသော ရုပ်အလောင်း

ကောင်များ သုသာန်များမှ ထလာမည်ဟူသော မျှော်လင့်ချက်ဖြင့် မြှပ်နှံကြ၏။ ဤအယူအဆနှင့် ဆန့်ကျင်လျက် ပါစီဘာသာဝင်တစ်ဦးသည် လူသေကောင် ရုပ်အလောင်းကို လင်းတ(Vultures)များနှင့် အခြားငှက်များ အစားအစာဖြစ်စေရန် စင်မြင့်ပေါ်၊ သို့မဟုတ် တောင်ကုန်းတစ်ခုပေါ်တွင် စွန့်ပစ်သည်။

## ပါစီဘာသာနှင့် ဝေဒလူမျိုး၏ အင်ဒို-အာရိယန်ဘာသာယုံကြည်ကိုးကွယ်မှု

**Parsiism and the Indo-Aryan Religion of Rgveda**

နောက်ခံသမိုင်းကြောင်း၌ပါရှိသော အချက်အလက်များကို စဉ်းစားကြည့်ခြင်းအားဖြင့် တစ်ခုသောအချိန်ကာလ၌ အီရန်လူမျိုးများ(Iranians) နှင့် အင်ဒိုအာရိယန်လူမျိုးများ(Indo-Aryans)သည် အတူတကွနေထိုင်လျက် ဘာသာစကားတစ်မျိုးတည်းကို ပြောဆိုခဲ့ကြပြီး ဂါထာ(Gatha)၊ ဇင်ဒါဗက်စတာ(Zendavesta)နှင့် ဝေဒ(Regveda)တို့နှင့်တကွ အဓိပ္ပါယ်တူညီမှုရှိသော အကြောင်းအချက်ရှိသည်ဟူ၍ သိရှိနားလည်ရပေသည်။

၁။ စောစောပိုင်းက သိရှိမှတ်သားခဲ့ကြပြီးသည့်အတိုင်း အင်ဒို-အာရိယန်လူမျိုးနှင့် အီရန်လူမျိုးတို့သည် အိန္ဒြာ(Indra)၊ ဝရုဏ(Varuna)၊ မိတ္တရ(Mitra)၊ အက်စ်ဝင်စ်(Asvins) တို့အား အတူတကွဝတ်ပြုကိုးကွယ်ခဲ့ကြသည်။ ထို့ကြောင့် အားလုံးခြုံကြည့်လျှင် ၎င်းတို့သည် ဘာသာယုံကြည်ချက် တစ်မျိုးတည်းကို ကိုးကွယ်ဆည်းကပ်ခဲ့ကြသည်။

၂။ ပါစီဘာသာနှင့် ဝေဒဘာသာယုံကြည်ကိုးကွယ်မှုနှစ်ခုလုံးသည် သဘာဂရပ္ပတိ (Svarga Prapti)အား အမြင့်ဆုံးဘုံဌာနအဖြစ် သတ်မှတ်ထားရှိပြီး ယင်းဘုံဌာနသို့ ရောက်ရှိစံမြန်းနိုင်ရေး အဆုံးစွန်ရည်မှန်းချက်(Sum Mum Bonum) ထားရှိသည်။

၃။ ယင်းဘာသာယုံကြည်ကိုးကွယ်မှုနှစ်ခုလုံးတို့သည် အိမ်ယာတည်ထောင်လူ့ဘဝကို အလွန်အရေးကြီးသည်ဟု မှတ်ယူကြပြီး Sannyasa ခေါ် ရဟန်းပြုခြင်းကို အားမပေးချေ။

၄။ ယင်းဘာသာယုံကြည်ကိုးကွယ်မှုနှစ်ခုလုံးက လူ့ဘဝနှင့်ကမ္ဘာလောကသည် လေးနက်ခိုင်မြဲသော ကြေညာချက်ရှိလိမ့်မည်ဟု ယုံကြည်၏။ ထိုဘာသာယုံကြည်ကိုးကွယ်မှုနှစ်ခုလုံးတွင် ကမ္ဘာတစ်ဝှမ်းလုံး၌ ပျော်ရွှင်ချမ်းမြေ့မှု ရရှိရေး၊ ကမ္ဘာမြေတစ်လွှား ကောင်းကျိုးချမ်းသာရရှိရေး၊

ချစ်ခြင်းမေတ္တာနှင့် သနားဂရုဏာထားရှိနိုင်ရေးနှင့် မွေးဖွားပေါ်ပေါက်လာမည့် နောင်လာနောက်သားများ သားသမီးမြေးမြစ်တို့ရရေးနှင့် ၎င်းတို့၏ ရန်သူများအပေါ် အောင်မြင်မှုရရှိရေး အလေးထားကြသည်။

အချိန်ကာလ ရွေ့လျောကြမြင့်လာသောအခါ ယင်းဘာသာယုံကြည်မှုနှစ်ခုတို့သည် ၎င်းတို့၏ အယူအဆများ ကွဲလွဲလာကြသည်။

(၁) ပါစီဘာသာက လူ့ဘဝတွင် ကိုယ်ကျင့်တရားကို အလေးထားရန် အဓိကထားသည်။ ဝေဒဘာသာကမူ ဆန့်ကျင်သောအမြင်ရှိ၍ ၎င်းက တိရစ္ဆာန်အမျိုးအစားခွဲခြားပြီး ယစ်ပူဇော်မှုကို ယုံကြည်သည်။

(၂) ဇိုရိအာဆရီးယားဘာသာက ဘာသာရေးနှင့်ဆိုင်သော အစားအစာမပါသည့် ပူဇော်ခြင်းကို တစ်ဆူတည်းသော ထာဝရဘုရားအား ယုံကြည်မှုဖြင့် ပြုလုပ်သည်။ ဆန့်ကျင်ဘက်အားဖြင့် ဝေဒဘာသာယုံကြည်မှုသည် တစ်ဆူထက်ပိုမိုသော၊ သို့မဟုတ် များပြားသော နတ်ဘုရားတို့(Poly Thes)အား ပူဇော်သည်။ ထို့ပြင် Henotheism ခေါ် ရေ မြေ တော တောင်စသည့် သဘာဝတရားကို ဘုရားအမှတ်ဖြင့် ယုံကြည်ကိုးကွယ်ခြင်းအထိ ရောက်ရှိသွားနိုင်သည်။ ပေဒခေတ်ကုန်ဆုံးချိန်သို့ ရောက်လာသောအခါ တစ်ခုတည်းသော ယုံကြည်ကိုးကွယ်မှုကို ရွေးချယ်ခဲ့သည်။

(၃) ဝေဒဘာသာယုံကြည်ကိုးကွယ်မှု၏ စောစောပိုင်းကာလအား သိရှိမှတ်သားရခြင်းမှာ အထူးတလည် အဓိပ္ပါယ်ပြည့်ဝမှုကို ရရှိသည်။ ထို့ပြင် ကိုးကွယ်ခြင်း၏ ယေဘုယျသဘောမှာ သဘာဝတရား၏ စွမ်းအင်များဖြစ်သော ရေကြီးခြင်း၊ လေမုန်တိုင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်းစသည်တို့၏အန္တရာယ်ကို ကြောက်ရွံ့သောကြောင့် အားကိုးအားထားပြုရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဤအချက်မှာ ဝရုဏ(Varuna)၊ မရုဋ(Maruta)၊ ဒါဝန်(Dawn) စသည်တို့၏ အထူး မှန်ကန်သောအချက်ဖြစ်သည်။ ဤသဘောကို ဆန့်ကျင်သောအားဖြင့် ဇိုရိအာဆရီးယားဘာသာတွင် အဟူရမာဇဒါ၏ ဟောကြားဆုံးမမှုများကို အသက်ဝိညာဉ်လိပ်ပြာကောင်လေးများရှိသည်ဟု ယုံကြည်သောဘာသာနှင့် အသက်ဝိညာဉ် လိပ်ပြာကောင်ဆိုတာ ရှိသည်ဟူ၍ယုံကြည်သော တစ်မျိုးတည်းသော ဆည်းကပ်ကိုးကွယ်မှုဖြစ်၏။

(၄) ရှေးလွန်လေပြီးပြီးသော အချိန်ကာလမှစ၍ ပါစီဘာသာယုံကြည်ကိုးကွယ်မှု၌ နတ်များ (Devas)အား မကောင်းဆိုးဝါးမိစ္ဆာအဖွဲ့သားဟူ၍ သတ်မှတ်ထားသည့်အားလျော်စွာ ရှေးယခင်ကတည်းကပင် ဝတ်ပြုပူဇော်ခြင်း မရှိပါ။ မတူညီကွဲပြား ဆန့်ကျင်သောအားဖြင့် အင်ဒို-အာရိယန်များကမူ နတ်ဒေဝါများ(Deavs)နှင့် အင်ဒရာ(In...)အား နဝ...ကို့၏ ဘုရားဟု သတ်မှတ်ကိုးကွယ် ဝတ်ပြုပူဇော်ကြသည်။ ပါစီဘာသာယုံ... ...ကိုးကွယ်မှုတွင် အဟူရာ(Ahura)ဟူသောစကားမှ ဆင်းသက်လာသည်ဟု ယူဆ... အဆူရာ(Asura) အားဝတ်ပြု ကိုးကွယ်ခဲ့ကြ၏။ သို့ရာတွင် အင်ဒို-အာရိယန်များကမူ ...ဆူရာ(Asura)အား နတ်ဒေဝါများ(Devas)၏ ရန်သူများဟု သတ်မှတ်ထားသည်။

(၅) ဇိုရိုအာဆရီးယားဘာသာကမူ ရုပ်ထုကိုးကွယ်ခြင်း(Idoltary)ကို ... ...ကျင်၍ ရုပ်ပုံကားချပ် ကိုးကွယ်မှု ဆန့်ကျင်သူများ၏ လှုပ်ရှားမှု(Icononclasm)ကိုအားပေးသည့် တရား ကိုသာ ဟောကြား၏။ သို့သော် ဝေဒဘာသာယုံကြည်ကိုးကွယ်မှု(Rgvedic Religion)သည် ရုပ်ပုံကားချပ်ကိုးကွယ်မှု(Image Warship)အား မဆန့်ကျင်ပေ။ သို့ရာတွင် ရုပ်ပုံကားချပ် ကိုးကွယ်မှု၏ သက်သေအထောက်အထားအဖြစ် ဝေဒဘာသာယုံကြည်ကိုးကွယ်မှု၌ များစွာမတွေ့ရပေ။ မည်သို့ပင်ဖြစ်စေကာမူ ရုပ်ပုံကားချပ်ကိုးကွယ်သူများကို ဆန့်ကျင်သည့် လှုပ်ရှားမှုအား အလေးထားခြင်းမရှိဟု ယူဆကောင်း ယူဆနိုင်ဖွယ်ရာ ရှိပါသည်။

(၆) မှန်ပါ၏။ ဘုန်းကြီး ရဟန်းလူတန်းစား၊ မှူးကြီးမတ်ရာ၊ စစ်သူကြီးများ လူတန်းစားနှင့် ကုန်သည်ပွဲစားလူတန်စား၊ အနုပညာသည် လူတန်းစားတို့အား ဇင်ဒါဗက်စတာလူမျိုး (Zendavesta)ထဲတွင် တွေ့ရှိနိုင်ပါ၏။ ဘုန်းကြီးရဟန်း လူတန်းစားမှလွဲ၍ အခြားသော အသက်မွေးဝမ်းကြောင်းမှုပြုသူများသည် ဆင့်ကဲဆင့်ကဲမျိုးရိုးကိုစွဲ၍ ဘုန်းကြီးရဟန်း ဖြစ်လာနိုင်ခြင်း မရှိပါ။ ၎င်းတို့မှာ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းအလိုက်ခွဲခြား၍ ခေါ်ဆိုသုံးစွဲသည့် အမည်နာမများ ဖြစ်ကြပါသည်။ ၎င်းတို့အတွင်းတွင် သုဒ္ဒရလူမျိုး (Shudras)ဟူ၍ မရှိပေ။ မည်သို့ပင်ဆိုစေကာမူ အင်ဒို-အာရိယန် လူမျိုးများသည် ဇာတ်နိမ့်၊ ဇာတ်မြင့် ခွဲခြားသည့်စနစ်အား တင်းကျပ်စွာစောင့်စည်းထိန်းသိမ်း၍ ဗြဟ္မဏ လူမျိုးမဟုတ်သူတစ်ဦးက ဗြဟ္မဏဖြစ်လာရန် မည်သည့်အခါမျှ ခွင့်မပြုပေ။ ယင်းသတ်မှတ်

ချက်ထဲတွင် ဝိစ္စဝမ်မိတ္တရ(Visvamitra)၏ ဥပမာသာဓကကတော့ မပါဝင်ပေ။

သို့သော် ဥပမာသာဓကအနေဖြင့် ဆန်နာတာနာဟိန္ဒူဘာသာ (Sanatana Hinduism)နှင့် ဇိုရိုအာဆရီးယားဘာသာ(Zoroastrianism)တို့သည် သိသာထင်ရှားစွာ ကွဲပြားခြားနား၏။

## ပါစီဘာသာနှင့် ခေတ်သစ်ဟိန္ဒူဘာသာ

**Parsiism and Modern Hinduism (Sanatana Hinduism)**

ဝေဒဟိန္ဒူဘာသာယုံကြည်မှု(Rgvedic Hinduism)သည် ဆန်တာနာဟိန္ဒူဓမ္မ (Sanatana Hindu Dharma)ဟု ပို၍လူသိများသော ၎င်း၏ ယနေ့ခေတ်ပုံစံသို့ ကျယ်ပြန့်စွာ ပြောင်းလဲလာခဲ့၏။ ဤဂန္ထဝင်မြောက်ပြောင်းလဲလာသော ဟိန္ဒူဘာသာသည် ပါစီဘာသာမှ ကွဲလွဲခြားနားချက်များစွာတို့ကို ဖြစ်ပေါ်လျက် သမိုင်းမှတ်တိုင် စိုက်ထူခဲ့သည်။

၁။ ပါစီဘာသာ၌ လူတန်းစားခွဲခြားမှု ရှိပါ၏။ သို့သော် ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားသည့် စနစ်မရှိပါ။ ဘုန်းကြီး ရဟန်းလူမျိုး၊ စစ်သူကြီးမျိုး၊ ကုန်သည်မျိုးရိုးနှင့် အနုပညာသဘင်သည်မျိုးရိုး တို့ကို ဖော်ပြသည့်တိုင်အောင် သုဒ္ဒရ(Shudra)ဟု ဖော်ပြခြင်းမပြုပါ။ သုဒ္ဒရလူမျိုးသည် အမှန်အားဖြင့် အနုပညာသဘင်သည်များ မဟုတ်ပါ။ သူတို့၏ တစ်ခုတည်းသော ဓမ္မ (Dhamma)မှာ အခြားသောဇာတ်မျိုးဝင်များအား အလုပ်အကျွေးပြုရန် ဖြစ်ပါသည်။ ဤမျိုးရိုးမှာ ပါစီဘာသာတွင်မူ မိတ်ဖက်လူမျိုးတစ်ခုသာဖြစ်ပါ၏။ ဒုတိယအချက်အနေဖြင့် အဆင့်အတန်း ခွဲခြားထားသည့် (၄)မျိုးတို့တွင် စစ်သူကြီးမျိုးရိုး(Warriers)သည် ဘုန်းကြီးရဟန်းမျိုးရိုးထက် တန်ခိုးသြဇာအာဏာ ပို၍ကြီးမားသည်ဟု မှတ်ယူထားကြပါသည်။ ဗုဒ္ဓ၏တရားတော်တွင်လည်း ထိုနည်းအတိုင်း ဟောကြားထားပါသည်။

၂။ ထို့ပြင် ပါစီဘာသာယုံကြည်ကိုးကွယ်မှုတွင် ဆဘာဂ–ပရပ္ပတိ(Svarga Prapti)သည် ဘဝ၏ဆွမ်မွမ် ဘွန်နမ်(Sum Mum Bonum)တွင် တည်ရှိနေ၏။ ဂန္ထဝင်မြောက် ဟိန္ဒူဘာသာ၏ လွတ်မြောက်မှု(Moksa)၌ အဆုံးမရှိသော မွေးဖွားမှုသံသရာမှ လွတ်မြောက်မှုကို လူသားတို့ အစွမ်းကုန် ကြိုးစားရယူရမည့် အမြင့်ဆုံးပန်းတိုင်ဖြစ်သည်ဟု ယုံကြည်ဆုံးဖြတ်ထားသည်။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်စသည့် သုဂတိဘုံဘဝ(Abode)သည် ရည်မှန်းချက်ပန်းတိုင် (Moksa)မရောက်သေးမီ ယာယီအားဖြင့် ခေတ္တနေထိုင်လိုသည့် ဘုံဌာနများဖြစ်ကြသည်။

ဟိန္ဒူဘာသာသည် သဘာဝကျလှသည့် ကမ္မ၊ သံသရာ၊ ဉာဏ၊ မုတ္တိ(Karma, Samsara, Jnana, Mukti)တည်းဟူသော မဏ္ဍိုင်ကြီး(၄)ရပ်၌ အခိုင်အမာရပ်တည်နေ၏။

၃။ အဘယ်ကြောင့် ပါဠိဘာသာယုံကြည်ကိုးကွယ်မှုဟူသော ထာဝရဘုရားသခင် ဖန်ဆင်းတော်မူသည်ဟူသော သဘောတရားအား လက်ခံကျင့်သုံးရပါသနည်းဆိုလျှင် ၎င်း၏အဆိုအရ ကမ္ဘာလောကသည် ကောင်းမွန်သင့်မြတ်ပြီး တစ်စုံတစ်ယောက်သည် မိမိသုံးဆောင်ခံစားလိုသည့် ချမ်းမြေ့ပျော်ရွှင်မှုကို အများဆုံး သုံးဆောင်ခံစားနိုင်သည့် လူ့ဘဝ၏ အနာဂတ်ကာလအတွက် မျှော်လင့်ချက်ထားရှိနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ပါဠိဘာသာအား အနာဂတ်ကာလတွင် ပို၍ချမ်းသာသုခ ခံစားရခြင်းအယူအဆ(Ameliorism)ကို သင်ကြားထား ခဲ့ခြင်းကြောင့်ဖြစ်သည်။

ဟိန္ဒူဘာသာသည် ကမ္ဘာလောကကြီးအား ထာဝရဘုရားဖန်ဆင်းသည်ဟူသော အယူအဆကို မယုံကြည်ပါ။ ၎င်းအစား ယေဘုယျအားဖြင့် (မိမိသမှလွဲ၍ Excepting Miammas) ဟိန္ဒူဘာသာသည် ကမ္ဘာလောကကြီးမှာ အချိန်ကာလအပိုင်းအခြားဖြင့်သာ ဖန်ဆင်းထားခြင်းဖြစ်၍ ပျက်စီးခြင်းသို့ ရောက်ရမည်ဟု ယုံကြည်ထား၏။ ထို့ကြောင့် ကမ္ဘာလောကသည် ဖန်ဆင်းဖြစ်ပေါ်ခြင်းနှင့် ဆုတ်ယုတ်ပျက်စီးခြင်းသံသရာတွင် တစ်လှည့်စီသွားနေသည်ဟူ၍ ယုံကြည်သည်။ အားလုံးကို ခြုံငုံသုံးသပ်လျှင် ဤကမ္ဘာလောကအတွင်း သက်ဆင်းကျရောက် လူ့ဘဝသို့ရောက်ရှိခြင်းမှာ ကောင်းသည်ဟု မပြောနိုင်ပေ။ ရာမခရစ်ရှ်နာ-ပရမာဟမ်ဆာ(Rama Khrishna-Pramahansa)သည်ပင်လျှင် အနာဂတ်ကာလ၌ ပြီးပြည့်စုံသော ချမ်းသာသုခရရှိခံစားရမည်ဟူသော အယူအဆ(Ameliorism)ကို မယုံကြည်ပါ။ ရာမခရစ်ရှ်နာ အာရှရမ်(Rama Krishna Asharam)သည် လူပေါင်းများစွာအား တွေ့ဆုံမေးမြန်းရာ၌ပင်လျှင် ယင်းအယူအဆကို သဘောမတူကြပါ။

၄။ ပါဠိဘာသာက လောကလူ့ဘောင်တွင် အိမ်ယာတည်ထောင်လျက် အိမ်တစ်ဆောင်၊ မီးတစ်ပြောင်ဖြင့် အသက်ရှင်နေထိုင်ခြင်းကို အားပေးသည်။ အဘယ်ကြောင့်ဆိုသော်

အိမ်ယာတည်ထောင် လူ့ဘဝဖြင့်နေထိုင်ရခြင်းသည် လူ့ဘောင်အသိုင်းအဝိုင်း၏ အကြီးဆုံးသောမဏ္ဍိုင်တရား(Mainstay) ဖြစ်သည်။ ဟိန္ဒူဘာသာကမူ ဆန့်ကျင်ဘက် သဘောအမြင်ဖြင့် အိမ်ယာတည်ထောင်လူ့ဘဝကို အရေးပါသောနေရာတွင် ထားရှိသော်လည်း လောကီဘုံဝဋ်ဒုက္ခမှ လွတ်မြောက်အောင် ရုန်းကန်ကြိုးစားအားထုတ်ရာတွင် ဆမ်းယာစ(Sannyasa)ခေါ် ရဟန်းသံဃာအဖြစ် လူ့လောကကိုစွန့်လွှတ်ခြင်း(Renunciation)သည် လူ့ဘဝ၏ အမြင့်မြတ်ဆုံးသောဘူတာရုံဖြစ်သည်ဟူ၍ ယုံကြည်သည်။

၅။ တမန်တော် ဇာရာသူစထရာ၏ဩဝါဒခံ ပါစီဘာသာသည် ရုပ်ပုံကားချပ် ဆည်းကပ်ကိုးကွယ်မှုကို ဆန့်ကျင်သူများအား ထောက်ပံ့၍ ယင်းသို့ယုံကြည်ကိုးကွယ်မှုမပြုရန် အဆုံးအမတရား ဟောကြားခဲ့သည်။ ဟိန္ဒူဘာသာကမူ ပါစီဘာသာယုံကြည်မှုနှင့်မတူပဲ ရုပ်ပုံကားချပ်ကိုးကွယ်ဆည်းကပ်မှုပြုတတ်၏။ သို့ရာတွင် ဟိန္ဒူဘာသာ၏ ရုပ်ပုံကားချပ် ဆည်းကပ်ခြင်းမှာ အာရုံယူမှုကို အထောက်အကူပြုရန်အတွက်သာဖြစ်၍ ပူဇော်ဝတ်ပြုခြင်း၏ အဓိကအကြောင်းရင်းမဟုတ်ပါ။

၆။ ဇိုရိုအာဆရီးယားဘာသာတွင် တိရစ္ဆာန်ယစ်ပူဇော်ခြင်းကို မပြုလုပ်ပါ။ ဟိန္ဒူဘာသာတွင်လည်း တိရစ္ဆာန်ယစ်ပူဇော်မှုပြုခြင်းသည် ပေါ်လွင်ထင်ရှား လူသိများသော ယုံကြည်ကိုးကွယ်မှုမဟုတ်ပေ။ ကာလိပူဇာ(Kali Puja)ခေါ် ဗလိနတ်စာကျွေးမွေးခြင်း၊ သို့မဟုတ် ရှပ်တိနတ်(Shakti)အား ပူဇော်မှု၌သာလျှင် ယနေ့တိုင်ကျင့်သုံးနေကြသည်ကို တွေ့ရသည်။

၇။ ဇိုရိုအာဆရီးယားဘာသာသည် သာသနာပြုလုပ်ငန်းဖြင့် ကျားကန်ရပ်တည်နေသော သဒ္ဓါတရားလွှမ်းကဲ၍ အစွဲအလမ်းကြီးသော ဘာသာယုံကြည်မှုတစ်ခုဖြစ်သည်။ ဤအချက်သည် ပါစီဘာသာ၏ မှန်ကန်သည့်အယူအဆ မဟုတ်ပေ။ ဟိန္ဒူဘာသာသည် ဘာသာယုံကြည်ကိုးကွယ်မှုအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ အတူတကွယှဉ်တွဲနေထိုင်မှုကို အစဉ်အမြဲယုံကြည်သည်။ မကြာမြင့်မီအချိန်အတွင်း စတင်ဖြစ်ထွန်းပေါ်ပေါက်လာသည့် အာရိယဆမက်ချ်(Arya Samaj)ကိုသာလျှင် သုဒ္ဒရ(Shudras)၊ သို့မဟုတ် အခြားယုံကြည်မှုများမှ ဟိန္ဒူဘာသာသို့ ကူးပြောင်းလာသူများက ယုံကြည်ကြသည်။

၈။ ဇိုရိုအာဆရီးယားဘာသာတွင် အရေးကြီးသောအချက်တစ်ခုရှိရာ ၎င်းမှာ ကမ္ဘာဝါဒ

(Karmavada)အား မယုံကြည်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤဘာသာ၌ လူပြန်ဖြစ်ခြင်း(Rebirth)ဟူသော အယူအဆမရှိခြင်းမှာ ရိုးရှင်းသော အကြောင်းပြချက်ဖြစ်သောကြောင့်ဖြစ်သည်။ မည်သို့ဖြစ်စေကာမူ ဟိန္ဒူဘာသာသည် အာရိယန်မဟုတ်သူ (Non-Aryan)၏အယူဝါဒဖြစ်သော လူပြန်ဖြစ်သည်ဟူသော အယူအဆကို လက်ခံထားသည်။ ဆိုလိုသည်မှာ ကမ္မဝါဒ (Karmavada)ကို လက်ခံသည်။ ထိုအချိန်မှစ၍ ဟိန္ဒူဘာသာသည် အတိတ်ကံနှင့် ယင်းကံ၏ အကျိုးဆက်ကြောင့် ယခုပစ္စုပ္ပန်ဘဝတွင် ကောင်းသောဘဝ၊ မကောင်းသောဘဝစသည်ဖြင့် ရရှိနေခြင်းဖြစ်သည်ဟု ယုံကြည်သည်။ သို့သော် ကိုယ်နှုတ်အမူအရာ တစ်စုံတစ်ခုလွဲချော်၍ အနည်းငယ်မျှ အဆင်မပြေဖြစ်ယုံမျှဖြင့် (ဝါ) မတော်တဆခလုတ်တိုက်မိခြင်းကို ကံမကောင်းအကြောင်းမလှ၍ ဖြစ်ရသည်ဟူသော အယူအဆ (fatalism)ထားရှိရန် မလိုပါ။ အဘယ့်ကြောင့်ဆိုသော် လူသားသည် ထာဝရဘုရားသခင်၏ ကျေးဇူးတော်ကြောင့်(by the Grace of God)သော်လည်းကောင်း၊ သို့မဟုတ် မိမိပြစ်မှားကျူးလွန်မိသောအပြစ်ကို မိမိကိုယ်တိုင် ဝန်ခံတောင်းပန်ပြီးဖြစ်၍လည်းကောင်း၊ သို့မဟုတ် မိမိပြစ်မှားကျူးလွန်မိသောအပြစ်ကို မိမိကိုယ်တိုင် ဝန်ခံတောင်းပန်ပြီးဖြစ်၍လည်းကောင်း၊ သို့မဟုတ် ယောဂအကျင့်နှင့်ဉာဏ်ပညာ ချင့်ချိန်မျှော်မြင်၍ လည်းကောင်း၊ လူသားသည် မိမိ၏အတိတ်ကံကို ချေဖျက်နှိမ်နင်းနိုင်သည်ဟုလည်း ယုံကြည်လက်ခံခြင်းကြောင့်ဖြစ်သည်။

●

## ကျမ်းကိုးစာရင်း

၁။ မာတင်ဟောက်၏ ၁၈၃၃ခုနှစ်၊ လန်ဒန်မြို့ထုတ် ပါစီဘာသာနှင့် ၎င်း၏ ကျမ်းစာများ ပါဝင်သည့် မြင့်မြတ်သော ဘာသာစကားဟူသော ရေးသားချက်များနှင့် ၎င်း၏စာအုပ်စာပေများ။

၂။ ဂျေအမ်ချက္ကာရီး၏ ဂါထာအများအပြားပါရှိသော စာအုပ်စာပေများ။

၃။ ဟမ်ဖရေမိလ်ဖို့ဒ် စာအုပ်တိုက်၏ ၁၉၂၃ ခုနှစ်၊ အိပ် ဒီ ဂရေစဂိုး ရေးသားထားသော ဝေဒဘာသာယုံကြည် ကိုးကွယ်မှုနှင့် အခြားစာအုပ်များ။

၄။ အမ်အင်န်ဒါးလ်၏ ၁၉၃၈ ခုနှစ်၊ နယူးယောက်မြို့ထုတ် ဇိုရိုအာဆရီးယားဘာသာဟူသော စာအုပ်အပါအဝင် ၎င်း၏ စာအုပ်စာပေများ။

၅။ ဂျေ-ဒါမက်စတာရာ၏ အီရန်လူမျိုးများနှင့် အင်ဒို-အာရိယန်လူမျိုးများ၏ နီးကပ်စွာ ဆက်စပ်မှုအချို့အား နှိုင်းယှဉ်လေ့လာချက်ဟူသော စာအုပ်အပါအဝင် ၎င်း၏ အခြားသောရေးသားချက်များ။

၆။ ဂျွန်ဝိလ်ဆင်၏ ၁၈၄၃ ခုနှစ် ဘုံဘေမြို့ထုတ် ပါစီဘာသာယုံကြည်ကိုးကွယ်မှု အမည်ရှိသောစာအုပ်။

၇။ ဒေါက်တာဝိုင်မဆစ်၏ ကမ္ဘာ့ဘာသာပေါင်းစုံအား နှိုင်းယှဉ်လေ့လာချက်စာအုပ်စာမျက်နှာ-၄၉ပါ ရည်ညွှန်းချက်ပါ စာအုပ်စာပေများ။

## အခန်း(၃) CHAPTER III

## ဂျူးဘာသာ JUDAISM

**နိဒါန်း**

ဂျူးလူမျိုးများ ယုံကြည်ကိုးကွယ်သည့်ဘာသာကို ဂျူးဘာသာဟူ၍ သိကြရသည်။ ဂျူးလူမျိုးဦးရေမှာ အလွန်နည်းပါသည်။ သို့သော် ၎င်းတို့၏တည်ရှိနေထိုင်မှုမှာ နေရာဒေသ အနှံ့အပြားသွားရောက်၍ ရောက်ရှိသည့်နေရာ၌ အခြေစိုက်နေထိုင်လျက်ရှိသည်။ ယနေ့အချိန် အခါတွင် နိုင်ငံများစွာတို့၌ နေထိုင်လျက်ရှိသော ဂျူးလူမျိုးအရေအတွက်မှာ အတော်များပြား လာနေသည့်အပြင် ၎င်းတို့သည် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးပေါ်လစီကို များစွာချုပ်ကိုင် ထားနိုင်သော စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများဖြစ်ကြသည်။

ခရစ်ယာန်ဘာသာသည် ဂျူးဘာသာမှထွက်ပေါ်လာခြင်းဖြစ်ပြီး ထာဝရဘုရားသခင်၏ အဆုံးအမ တရားဒေသနာများကို ကျယ်ပြန့်စွာဟောကြားပို့ချနိုင်ရန် သခင်ယေရှုက ရွေးချယ် ထားခဲ့သူ(၁၂)ဦးတို့မှာ ဂျူးလူမျိုးများအားလုံး ဖြစ်သည်ဆိုခြင်းကို အနည်းငယ် သံသယဖြစ်ဖွယ်ရာ ရှိသည်။ ခရစ်ယာန်ဘာသာသည် အစပထမပိုင်းကာလ၌ ဂျူးလူမျိုးများသာ ယုံကြည်ကိုးကွယ် သည့်ဘာသာဖြစ်ခဲ့ပြီး ကာလရွေ့လျော ကြာမြင့်လာသောအချိန်၌ စိန့်ပေါ(St. Paul)က နိုင်ငံများ အားလုံးအတွက် ခရစ်ယာန်ဘာသာကို လမ်းဖွင့်ပေးခဲ့သည်။ သခင်ယေရှုကိုယ်တိုင် သည်ပင်လျှင် မိမိအား ဂျူးလူမျိုးများအဖို့မျှသာလျှင် ထာဝရဘုရားသခင်က ပို့လွှတ်စေခဲ့ခြင်း ဖြစ်သည်ဟု ထင်မှတ်ခဲ့သည်။ သို့ရာတွင် ခရစ်ယာန်ဘာသာမှ သီးခြားလွတ်လပ်စွာဖြင့် ဂျူးဘာသာသည် အစ္စလာမ်ဘာသာအပေါ် အထင်အရှားဆုံးအနေအထားဖြင့် တန်ခိုးအာဏာ အရှိန်ဩဇာ လွှမ်းမိုးခဲ့သည်။ ဤနည်းအားဖြင့် ဂျူးဘာသာသည် ခရစ်ယာန်ဘာသာရော၊ အစ္စလာမ်ဘာသာပါ ယင်းဘာသာ ယုံကြည်ကိုးကွယ်မှုနှစ်ခုလုံး၏ မိဘအရာဖြစ်ခဲ့ပါ၏။

ဂျူးယုံကြည်ကိုးကွယ်သည့်ဘာသာကို ပထမဦးစွာ မိုးဇက်(Moses)က လူအများသို့ သိရှိနားလည်စေ၍ ယုံကြည်ကိုးကွယ်စေခဲ့ပြီးနောက် အချိန်ကာလကြာမြင့်လာသည့်အခါမှ အီဇရာ(Ezra)က ရှင်းလင်းစွာသိနားလည်စေ၍ ယုံကြည်ကိုးကွယ်မှု ပိုမိုကျယ်ပြန့်လာစေ ခဲ့သည်။ နောက်ထပ်အချိန်ကာလကြာမြင့်လာမှ ဤယုံကြည်မှုအား လုံး၀ဥဿုံ အာဏာပိုင်စိုး သည်ဟူ၍

ယူဆနိုင်သော Maimonides ဟူသော ခေါင်းစဉ်(၁၃)ခုဖြင့် ရေးသားဖော်ပြခဲ့ကြသည်။

ဂျူးဘာသာသည် ဥပဒေသများအား စည်းကမ်းတိတိကျကျ လေးစားလိုက်နာရန် သင်ကြားပြသခြင်း၊ ဥပဒေပြုစု ညွှန်ကြားရန်တာဝန်ရှိသူများ၊ သို့မဟုတ် ပါလီမန်ကဲ့သို့သော ဥပဒေပြုအဖွဲ့အစည်းမှ ထုတ်ပြန်သည့်စည်းမျဉ်း ဥပဒေများကို တိကျစွာလိုက်နာခြင်းနှင့် ထာဝရဘုရားသခင်က သွတ်သွင်းချီးမြှင့်သည့် မြင့်မြတ်သောရဟန်းဘဝအဖြစ် တိကျစွာလိုက်နာခြင်းပြုရန် ဟောကြားပြသသည့် ကြိုးစားအားထုတ်လုပ်ကိုင် ပြုကျင့်လေ့ရှိသော ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုဖြစ်သည်။ အစ္စရေးတို့၏ အရှင်သခင်ထာဝရဘုရားသည် တော်သင့်မှန်ကန်၍ မြင့်မြတ်သော ထာဝရဘုရားသခင်ဖြစ်သည်။ ထို့ပြင် ဂျူးဘာသာက ယဟွီးကဲ့သို့ ဖြစ်နိုင်သမျှ သတိဝိရိယရှိကြောင်း ပြသခြင်းဖြင့် လိုက်ပါနိုင်ရေးအတွက် အများပြည်သူသိရှိအောင် နှိုးဆော်သည်။ ဂျူးဘာသာသည် လူအများတို့အား ကောင်းကျိုးရလဒ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် မှန်ကန်တရားမျှတမှု၊ ဥပဒေလေးစားလိုက်နာမှုနှင့် ဘဝဖြူစင်သန့်ရှင်းမှု၊ ကိုယ်ကျင့်တရားစောင့်ထိန်းရန်နည်းလမ်းများ ဟောကြားပြသ ဆိုဆုံးမ၏။ ဖြူစင်သန့်ရှင်းမြင့်မြတ်မှုအတွက် စံနမူနာပြသခြင်းသည် ဘဝတစ်ခု၏ စည်းကမ်းတိကျသော ကိုယ်ကျင့်တရား၌ မပါဝင်ပေ။ သို့သော် လူသားဘဝ၏ ဖြူစင်မြင့်မြတ်ခြင်းသည်လည်း ကိုယ်ကျင့်သီလ ပြည့်စုံမှုအတွက် လိုအပ်ချက်ဖြစ်သည်။ လူသားအား ထာဝရဘုရားသခင်၏ ပုံရိပ်လွှာအတိုင်း ဖန်ဆင်းထားခဲ့ခြင်းဖြစ်သည်ဟူ၍ ယုံကြည်ရသည့်အားလျော်စွာ ထာဝရဘုရားသခင်၏ ဥပဒေသများ၊ ပါလီမန်ကဲ့သို့သော ဥပဒေပြုစုရေးအဖွဲ့များမှ အတည်ပြုပြဋ္ဌာန်းထားသည့် စည်းမျဉ်းဥပဒေများ၊ မိုးဇက်က ပေးအပ်ခဲ့သော အမိန့်အာဏာများအတိုင်း လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ထာဝရဘုရားသခင်၏ သဟာဇာတဖြစ်သူနှင့် သူ(ထာဝရဘုရားသခင်)၏ နောက်လိုက်ကောင်းတစ်ယောက် ဖြစ်လာနိုင်၏။

ဂျူးလူမျိုးများက ၎င်းတို့၏ ဘိုးဘွားဘီဘင်အစဉ်အဆက်တို့လက်ထက်က ၎င်းတို့သည် ဘီစီ ၂၂၀၀ ခုနှစ်ခန့် အာ(Ur)အရပ်ဒေသမှ ဆူမားရီးယား(Sumeria)ဒေသအတွင်းသို့ ရောက်ရှိလာခဲ့ကြသည်ဟု ယုံကြည်ကြ၏။ ထို့ကြောင့် ဂျူးဘာသာသည် အလွန်ရှေးကျသော ဘာသာယုံကြည်မှုဖြစ်သည်မှာ အမှန်ပင်ဖြစ်တော့၏။ သမ္မာကျမ်း(the Bible)၏ ဓမ္မဟောင်းကျမ်း (the

old Testament)ကိုလည်း ရေးသားဖော်ပြထားပြီး *(၎င်းကျမ်းအား ဂျူးလူမျိုးများက လက်ခံသည်)* ၎င်းတို့၏ ပထမဦးဆုံးသော ဘိုးဘွားဘိဘင်တို့က အေဗရာဟမ်အား ရပ်ထုကိုးကွယ်သူ လူအများတို့အနက်မှ ထာဝရဘုရားသခင်ခေါ်မည့်သူဟူ၍ ဖော်ပြထားသည်။ ထာဝရဘုရားသခင်က အေဗရာဟမ်အား သူ၏နောက်မှ မွေးဖွားဆင်းသက်လာမည့် မျိုးဆက်များမှာ သမုဒ္ဒရာရေထဲမှ သဲများ၏ထုထည်ပမာဏသို့ ရေတွက်ခြင်းငှာမတတ်နိုင်အောင် တိုးပွားများပြားလာကြမည်ဖြစ်ပြီး ကမ္ဘာမြေအား စိုးမိုးအုပ်ချုပ်ကြလိမ့်မည်ဟူ၍ ကတိပေး မိန့်ကြားခဲ့သည်။

*(ဗုဒ္ဓဘာသာ၌မူ မည်သည့်ဒေသ၌ မည်သည့်အချိန်ကာလအတွင်း ဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပမည်ကို ကြိုတင်၍ မိန့်ကြားခဲ့ခြင်းများရှိရာ ယင်းသို့ ဗုဒ္ဓကိုယ်တော်တိုင် ပြောကြားခဲ့ခြင်းကို ဗျာဒိတ်ပေးသည်ဟုခေါ်သည်။–ဘာသာပြန်သူ)*

အေဗရာဟမ်သည် အိုက်ဇက်(Issac)၏ ဖခင်အဖြစ် ထွက်ပေါ်ခဲ့သည်။ ထို့နောက် အိုက်ဇက်သည် ဂျက်ကော့ (Jacob)၏ ဖခင်အဖြစ် ထွက်ပေါ်ခဲ့သည်။ ထို့ကြောင့် ဂျူးလူမျိုးများအား အေဗရာဟမ်၊ အိုက်ဇက်နှင့် ဂျက်ကော့တို့မှ အစဉ်အဆက် ပေါက်ဖွားလာကြသူများ ဖြစ်သည်ဟု သိနားလည်ထားကြသည်။ ထိုမျှသာမကသေးပါ။ ဂျူးလူမျိုးများသည် ထာဝရဘုရားသခင်၏ ရွေးချယ်ခြင်းခံရသော လူများအဖြစ် ကမ္ဘာပေါ်သို့ရောက်ရှိလာသည်။ ၎င်းတို့၏ ခံစားနေရသည့် ဒုက္ခအဝဝတို့နှင့် အောင်မြင်မှုများစွာအတွက် ရွေးချယ်ခြင်းခံခဲ့ရသည်ဟု ရွေးချယ်ထားခြင်းခံရသူများက သဘောပိုက်ထားကြသည်။ ကမ္ဘာမြေပြင်ပေါ်ရှိ လူမျိုးစုများစွာတို့၏အနက်မှ ထာဝရဘုရားသခင်က အဘယ်ကြောင့် ရွေးချယ်ခဲ့ရပါသနည်း။

ဂျူးလူမျိုးများအဖို့ရာ၌ ထာဝရဘုရားသခင်က ၎င်းတို့အား ရွေးချယ်ခဲ့သည်ဆိုခြင်းမှာ လျှို့ဝှက်ထားသော အကြောင်းအရာတစ်ခုဖြစ်၍ နားလည်ရန်ခက်ခဲကြသည်။ ဂျူးလူမျိုးများက ၎င်းတို့အတွင်း၌ မည်သည့်ကိစ္စကိုမျှ အထူးတလည် သာလွန်မြင့်မြတ်သည်ဟူ၍ သဘောမထားကြသည်မှာ ယုံမှားစရာမရှိ၊ ပကတိအမှန်တရားဖြစ်၏။ သို့သော်၎င်းတို့က ယင်းကိစ္စအား သိနားလည်နိုင်စွမ်းမရှိသော ထာဝရဘုရားသခင်၏ စိတ်ဆန္ဒတော်အဖြစ် ယုံကြည်မှတ်ယူထားကြသည်။ ထာဝရဘုရားသခင်၏ ရွေးချယ်ထားသော လူမျိုးဖြစ်သည်ဆိုခြင်းအား ဂျူးလူမျိုး

မဟုတ်သည့် အခြားသောလူမျိုးတို့၏စိတ်ထဲတွင် မနာလိုသဝန်တို၍ ဣသာမစ္ဆရိယပွားမှု ဖြစ်လာစရာရှိပေ၏။ သို့သော် ထာဝရဘုရားသခင်ကရွေးချယ်ထားသော လူမျိုးဖြစ်ရခြင်းမှာ လူသားတစ်ရပ်လုံးအတွက် ကြီးကျယ်ခမ်းနားသော သာသနာပြုအလုပ်တာဝန်တစ်ခုအဖြစ် သာမက ဂျူးလူမျိုးများအဖို့ရာတွင် ဒုက္ခများစွာ တွေ့ကြုံခံစားရသည်အထိ ကြီးကျယ်များပြားသော တာဝန်ခံမှုများကိုလည်း ရယူထမ်းဆောင်ရသည်။ ပထမဦးဆုံးအချက်မှာ "ရွေးချယ်ထားခြင်းခံရသောလူမျိုး" (the chosen people of the God)ဆိုသောအဓိပ္ပါယ်မှာ အစ္စရေးသည် ကမ္ဘာပေါ်ရှိ နိုင်ငံများနှင့် လူမျိုးများအားလုံးသို့ အလင်းရောင်သဖွယ် အသိဉာဏ်ပညာကြွယ်ဝအောင် ထမ်းဆောင်ပေးရမည်ဟူသော အဓိပ္ပါယ်ဖြစ်သည်။ အစ္စရေးသည် ထာဝရဘုရားသခင်၏ ဂုဏ်တော်အား သက်သေခံရန်တာဝန်ရှိယုံမျှမက ထာဝရဘုရားသခင်၏ ပညတ်တော်များအား တစ်သဝေမတိမ်း အတိကျဆုံးလိုက်နာနေထိုင်ရန် တာဝန်ရှိ၏။

ဂျူးလူမျိုးအား ရွေးချယ်ခဲ့သည်ဆိုရာတွင် –

> "လူသားတစ်ရပ်လုံး၏ လွတ်မြောက်ရေးအလို့ငှာ ဝင့်ကြွေးကို ပေးဆပ်ရေးအတွက်သော်လည်းကောင်း၊ ထာဝရဘုရားသခင်ကိုယ်တော်တိုင်သည် ဆရာတစ်ဆူအဖြစ်ကို ခံယူပြီး လူသားတို့၏မာနကို ဖယ်ကွာကြစေဖို့သော်လည်းကောင်း၊ ကိုယ်တော်၏ ရွေးချယ်ခြင်းခံရသည့် ဂျူးလူမျိုးများအား အပြင်းထန်ဆုံးသော စစ်ဆေးစီရင်ဆုံးဖြတ်ချက်ချသည်ထိုးကို နှလုံးမူလျက် ထာဝရဘုရားသခင်၏လက်ဝယ် အသင်တို့အား အပြစ်ပေးရန် လက်နက်သဖွယ်ရှိနေသည်ဆိုခြင်းကို အသင်တို့နားလည်ကြပြီးလျှင် ထာဝရဘုရားသခင်၏ စိတ်ဆန္ဒတော်နှင့်အညီ အတိကျဆုံးသောလိုက်နာကျင့်ကြံဖွယ်ကို မမေ့မလျော့ မပေါ့ဆသောသတိတရား လက်ကိုင်ထားကြပါလော့။"[1] (Judaism, edited by Arthur Hertzberg. N.Y. 1966. XVI; see also XXI,XXII. P.26)

ဂျူးလူမျိုးများသည် ထာဝရဘုရား၏ ရွေးချယ်ခံထားရသော လူများဖြစ်ခြင်းကြောင့် ၎င်းတို့သည် မြင့်မြတ်ခြင်းရှိစေရမည်၊ မှန်ကန်တရားမျှတမှုနှင့် ဖြောင့်မတ်တည်ကြည်စေရမည်။ ထာဝရဘုရားသခင်၏စိတ်ဆန္ဒအား မရိုသေမလေးစားပြုသူများသည် အနည်းဆုံးအားဖြင့် အပြစ်ဒဏ်ပေးခြင်းခံရမည်ဖြစ်သည်ဟူ၍ တိုရပ်ကျမ်းစာ(Torah)နှင့် တမန်တော်များ၏ ရေးသား

ဖော်ပြခဲ့သည့်စာအုပ်များတွင် ထည့်သွင်းဖော်ပြထားသည်။ ဤကဲ့သို့သော အကြောင်းတရားများကြောင့် ဂျူးလူမျိုးများသည် ခေတ်အဆက်ဆက်တို့၌ ဒုက္ခခံစားရမှုများ တွေကြုံရင်ဆိုင်ခဲ့ကြရသည်။ သူတို့အား ၎င်းတို့၏ဆရာ တမန်တော်အိုက်ဇက်(Issac)က ဟောကြားထားခဲ့သည့်အတိုင်း ၎င်းတို့သည် မိမိကိုယ်မိမိ ထာဝရဘုရားသခင်၏ "ဒုက္ခခံစားကျေးကျွန်များ" (the suffering servants)အဖြစ်ယူဆခဲ့ကြသည်။ ဂျေရုစလင်မြို့တော်ရှိ၎င်းတို့၏ ဘုရားရှိခိုးကျောင်းတော်(Temple)ကို နိဘူချိန်နက်ဇာ(Nebu chanezzar)က ဘီစီ-၅၈၀တွင် ပထမဆုံးအကြိမ် ဖျက်ဆီးခဲ့ပြီး ၎င်းတို့အားလည်း ဘေဘီလုံမြို့(Babylon)သို့ ပြည်နှင်ဒဏ် ခတ်ခဲ့သည်။

ဒုတိယအကြိမ်မြောက် ၎င်းတို့၏ဘုရားဝတ်ကျောင်းတော်(Temple)သည် အေဒီ-၇၀တွင် ရောမတို့၏ ဖျက်ဆီးခြင်းခံရပြန်သည်။ ဂျူးလူမျိုးများက ၎င်းတို့၏ အပြစ်အနာအဆာများကြောင့်သာလျှင် ကြီးစွာသောပြိုပျက်ဆိုးကြမ္မာ ဘေးအန္တရာယ်များစွာကို တွေကြုံခံစားခဲ့ကြရသည်ဟူ၍ ဆုံးဖြတ်မှတ်ယူခဲ့ကြ၏။

ဒုတိယအချက်အနေဖြင့် ဂျူးလူမျိုးများသည် ထာဝရဘုရားသခင်က ရွေးချယ်ထားသောလူမျိုးများဖြစ်ကြသည့်အတွက် လူသားတစ်ရပ်လုံးကို ကယ်တင်နိုင်ရန်အလို့ငှာ ၎င်းတို့လူမျိုးတစ်မျိုးတည်းသာလျှင် ပြင်းထန်သည့်စွန့်လွှတ်စွန့်စားမှု ယဇ်ပူဇော်ခြင်းဟူသောအလုပ်ကိုလုပ်ရမည်ဟူ၍ ယုံကြည်ထားသည်။ ထာဝရဘုရားသခင်က ရွေးချယ်ထားခြင်းခံရသူ လူအများ၏အလုပ်မှာ ၎င်းတို့သည် မိမိကိုယ်မိမိ လူသား၏အပြစ်ကြွေးများကို ဒုက္ခခံ၍ပြန်လည်ပေးဆပ်ရမည့်အပြင် လူသားတစ်ရပ်လုံးကိုလည်း ၎င်း၏အပြစ်ကြွေး ပေးဆပ်ရေးကိစ္စတွင် ဦးဆောင်မှုပြုရမည်ဟူ၍ ယုံကြည်သည်။

"ဟစ်တလာ၏ အဆိပ်ဓါတ်ငွေ့ဖြင့် သတ်ဖြတ်ခံရခြင်း" (Hitler's Gas Chamber) သည် ဂျူးလူမျိုးများ မည်သို့မည်ပုံ ကြီးစွာသောဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်များ တွေကြုံရပုံကို ဤအချက်က ရှင်းလင်းတင်ပြထားသည်။ *(မှတ်ချက်-ဟစ်တလာ၏ အဆိပ်ဓါတ်ငွေ့ဖြင့် သတ်ဖြတ်ခြင်းခံခဲ့ရသော ဂျူးလူမျိုးခြောက်သန်းနှင့်စပ်လျဉ်းပြီး အစ္စရေးလူမျိုးတစ်ဦး၏ ခံစားချက်နှင့် ၎င်း၏ယုံကြည်ချက်ကို ၆-၃-၁၉၉၈ နေ့က ကလောမြို့သို့ရောက်ရှိလာစဉ် ထုတ်ဖော် ပြောဆိုခဲ့သည်ကို သတိရမိ၏။ ၎င်း၏အမည်မှာ ARI KA GAN ဖြစ်သည်။ ၎င်း၏*

*ဝန်ခံပြောဆိုချက်မှာ- ထို့နေ့၌ ကလောမြို့မှ ပတ်ဝန်းကျင်ပလောင်ရွာများသို့ လမ်းပြပို့ဆောင်သည့် ကလောမြို့ Charles Trekking Guide မှ အစ္စလာမ်ဘာသာဝင်တစ်ဦးနှင့် ဘာသာယုံကြည်ကိုးကွယ်မှုအကြောင်း စကားစပ်လျှင်း၍ ဆွေးနွေးကြရာတွင် အသက် ၇၀ အရွယ် အစ္စရေးလူမျိုးက ၎င်းမှာ မည်သည့်ဘာသာကိုမျှ မယုံကြည်မကိုးကွယ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဂျာမနီနိုင်ငံ နာဇီဝါဒီအာဏာရှင်ဟစ်တလာက ဂျူးလူမျိုးခြောက်သန်းခန့်အား သတ်ဖြတ်စဉ်က အကယ်၍သာ ကယ်တင်ရှင်ထာဝရဘုရားသခင် ရှိသည်ဆိုလျှင် အဆိုပါ ဂျူးခြောက်သန်းအနက်မှ ထာဝရဘုရားသခင်၏ အမိန့်တော်ပညတ်ချက်ကို ရိုသေစွာ လိုက်နာသူများအား အသက်မသေအောင် ကယ်တင်ပေးမည်ဖြစ်သည်။ သို့သော် တစ်ဦးတစ်ယောက်မျှ အသက်မသေပဲ ကျန်ရစ်သူမရှိခဲ့ခြင်းမှာ ကယ်တင်ရှင်ထာဝရဘုရားသခင် မရှိ၍သာလျှင်ဖြစ်သည်ဟူ၍ ၎င်းအနေဖြင့် ယုံကြည်ကြောင်း၊ ထို့ကြောင့် သူသည် ထာဝရဘုရားသခင်ရှိသည်ဆိုခြင်းကို မယုံကြည်ကြောင်းနှင့် ထာဝရဘုရားသခင်ဆိုသည်မှာ မိမိ၏အသိဉာဏ်ပညာနှင့် မိမိ၏လုပ်ဆောင်ချက်သာဖြစ်သည်ဟူ၍ ပြောကြားခဲ့သည်ကို သိရှိမှတ်သားခဲ့ရသည်။ ယနေ့ကာလ အစ္စရေးနိုင်ငံ၌ ထာဝရဘုရားသခင်ရှိသည်ဟူ၍ ယုံကြည်သူနှင့် ထာဝရဘုရားသခင် ရှိသည်ဆိုခြင်းကို မယုံကြည်သူဟူ၍ နှစ်ပိုင်းရှိနေကြောင်း လေ့လာသိရှိရသည်။ - ဘာသာပြန်သူ)*

ဤသို့အားဖြင့် ရွေးချယ်ခြင်းခံရသူလူများသည် ထာဝရဘုရားသခင်က ချီးမြှင့်ပေးသနားတော်မူသည့် ကောင်းချီးမင်္ဂလာအပြားပြားကို ခံယူရရှိသည်သာမက ထာဝရဘုရားသခင်က ပေးသည့်ပြစ်ဒဏ်ကိုလည်း ခံရသည်။ ဤပြစ်ဒဏ်မှာ မသိနားမလည်သေးသောအရွယ် ကလေးသူငယ်အား ဖခင်က မေတ္တာထား၍ ပြုပြင်ဆုံးမသည့်အလား ထာဝရဘုရားသခင်ကလည်း အပြစ်ရှိသူလူသားအား ဆုံးမစကားဟောကြားထား၏။ ဤနည်းအားဖြင့် ဂျူးလူမျိုးများသည် ၎င်းတို့၏ ရှည်လျားလှသည့် နောက်ခံသမိုင်းတစ်လျှောက်လုံး၌ သူတို့၏ဖခင် ထာဝရဘုရားသခင်က မလိမ္မာလျှင် ကြိမ်တံပြာနှင့် ဆုံးမခဲ့သည့် ပြင်းထန်လှစွာသော သဘာဝဘေးအန္တရာယ်များအား ရင်ဆိုင်ခဲ့ရသည်။

မြင့်မြတ်သည့်ကျမ်းစာအုပ် (The Holy Book) သမ္မာကျမ်းစာ၏ စာမျက်နှာများတွင်

ပါဝင်သော ဓမ္မဟောင်းကျမ်းသည် ဂျူးလူမျိုးများ၏ ကျမ်းစာအုပ်အမှန်ဖြစ်သည်။ ယင်းဓမ္မဟောင်းကျမ်း၌ ထာဝရဘုရားသခင်က သူ၏ရွေးချယ်ထားခြင်းခံရသူ လူများအား သူ၏လမ်းစဉ်များကို ဖော်ပြထားသည်။ ဤကျမ်းစာအုပ်တွင် ဥပဒေသ၊ တမန်တော်များနှင့် ရေးသားချက်များ(Law, Prophets and Writing)ပါဝင်သည့် ဥပဒေသအပိုင်း၌ သမ္မာကျမ်းစာ၏ ပထမငါးအုပ်ဖြစ်သည့် Genesis ခေါ် အစပထမပိုင်းဟူသောစာအုပ်၊ Exodus ခေါ် အီဂျစ်ပြည်မှလာသော အစ္စရေးများအကြောင်း ရေးသားထားသောစာအုပ်၊ Leviticus ခေါ် အချိန်ကိုအလဟသကုန်ဆုံးစေသောနည်းလမ်း၏ မကောင်းကျိုးကို ပြဆိုသည့်စာအုပ်၊ Numbers ခေါ် ဂဏန်းသင်္ချာအားဖြင့် အရေအတွက်ကို ပြဆိုသည့်စာအုပ်။ Deuteromony ခေါ် ပဥ္စမမြောက် ဓမ္မဟောင်းကျမ်းစာအုပ်များဖြစ်၍ ၎င်းတို့ကိုပေါင်းစုပြီး သမ္မာကျမ်းစာ၏ ပထမဆုံး ငါးအုပ်(Pentateuch)ဟူ၍ခေါ်သည်။ ဂျူးလူမျိုးအား ဥပဒေစည်းမျဉ်းကို ၎င်းတို့၏ မဟာတမန်တော်ကြီး မိုးဇက်(Moses)က သတ်မှတ်ပေးခဲ့သည်။ အဆိုပါ ဥပဒေစည်းကမ်းများထဲတွင် အများက သိရှိနားလည်ထားသည့် ထိုရပ်(Torah)သည် အခြေခံဖြစ်သည်။ ဂျူးဘာသာအဖို့ရာ၌ ဤနေရာတွင် ထင်ရှားကျော်ကြားသည့်အချက်အဖြစ် သိရှိမှတ်သားထားရန် လိုအပ်သည်မှာ ထာဝရဘုရားရှင်ကိုယ်တော်တိုင်က သူ၏လူများတို့အား ထုတ်ဖော်ခဲ့သည်ဆိုသောအချက်ဖြစ်သည်။ ဤနည်းအားဖြင့် ထိုရပ်(Torah)သည် ဆိုင်းနိုင်းတောင်ထိပ်(Mt. Sinai)တွင် ထာဝရဘုရားသခင်က သူ၏တပည့်မိုးဇက်မှတဆင့် ဘုရားသခင်နှင့်စပ်လျဉ်းသည့် သိအပ်ဖွယ်ရာအကြောင်းအရာကို သိနားလည်စေခဲ့သည်။

ထိုရပ်ကျမ်းစာ၌ လူသားတစ်ယောက်၏ ပုခက်တွင်းမှ သုသာန်ထိ အသက်ရှင်နေထိုင်စဉ်ကာလ ဘဝတစ်လျှောက်လုံးနှင့် အကျုံးဝင်သက်ဆိုင်သည့်ကျင့်စဉ် ၆၁၃ ရပ်သော ထိုရပ်(Torah)များစွာရှိသည်။ ထိုရပ်(Torah)သည် အေဗရာဟမ်မှ ဆင်းသက်လာသော လူအများတို့အား ထာဝရဘုရားသခင်၏ ကတိကဝတ်ကို သက်သေခံချက်ဖြစ်သည်။ ဂျူးလူမျိုးများသည် ဤကမ္ဘာလောကတွင် ၎င်းတို့၏ ကိုယ်ပိုင်ကောင်းကျိုးချမ်းသာ အလို့ငှာလည်းကောင်း၊ နောက်ဖြစ်ပေါ်လာမည့် အနာဂတ်ဘဝအတွက်သော်လည်းကောင်း၊ ထာဝရဘုရားသခင်၏ အမိန့်အာဏာများအား လိုက်နာရန်လိုအပ်သည်။

တမန်တော်များက သမိုင်းဆိုင်ရာစာအုပ်များဖြစ်သည့် Joshua, Judges and King (တရားသူကြီးနှင့် ဘုရင်ကြီး) နှင့် မဟာတမန်တော်ကြီးများဖြစ်သည့် Issiah, Jeremiah, Ezekiel နှင့် ဓမ္မဟောင်းကျမ်း၌ ဖော်ပြပါရှိသော စူဠတမန်တော်များဖြစ်ကြသည့် အခြား(၁၂)ပါး တို့အမည်များကို ထည့်သွင်းရေးသားခဲ့ကြသည်။ ဓမ္မဟောင်းကျမ်းထဲ၌ Job, Psalms, Proverbs စသည်ဖြင့် ကျန်သောရေးသားထားချက်များလည်း ထည့်သွင်းထားသည်။

သို့သော် မြင့်မြတ်သည့်ထိုရေးသားချက်များအပြင် ဂျူးလူမျိုးတို့အား စုစည်းထားသည့် ကြီးမားသော သံကြိုးကဲ့သို့အလွန်ခိုင်မာသော ရှေးထုံးစဉ်လာ Talmud ဟူသော ဥပဒေသလည်း ရှိသေးသည်။ စည်းမျဉ်းဥပဒေသများသည် Joshua သို့ လွှဲပြောင်းပေးအပ်ခြင်းခံခဲ့ရပြီး Joshua မှတဆင့် ထေရ်စဉ်ဇါလိုက် အစဉ်အတိုင်းလွှဲပြောင်းပေးအပ်ခြင်း ခံရပြီးနောက် တမန်တော်များသို့ လည်းကောင်း၊ တမန်တော်များမှတဆင့် မဟာဆိုင်နာဂိုခေါင်းဆောင်များ(to the leaders of the Great Synagogue)*သို့လည်းကောင်း အဆင့်ဆင့်ပေးအပ်ခဲ့လေသည်။

Talmud စည်းမျဉ်းဥပဒေသထဲတွင် ဂျူးလူမျိုးတို့ လိုက်နာကျင့်ဆောင်ရမည့် စည်းမျဉ်းဥပဒေသများကို သင်ကြားပေးသည့် ဂျူးဘုန်းတော်ကြီးများ Rabbi နှင့် Mismah တို့၏ ဟောပြောသင်ကြားချက်များပါဝင်သည်။ ယင်း ဂျူးဘုန်းတော်ကြီးများ၏ စုပေါင်းရေးသား ချက်များအား ဂျူဒါမင်းသား(Judah the Prince)က စုဆောင်းပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဥပဒေစည်းကမ်းများတွင် Talmuds နှစ်ခုပါရှိပြီး ပါလက်စတိုင်းလူမျိုး(Palestinian) (၄-ရာစုနှစ်အတွင်း ရေးသား)နှင့် ဘေဘီလိုနီယမ်(Babylonian) (၅-၈ ရာစု အတွင်းခန့်က ရေးသား)ဟူ၍ သိကြရသည့် ရေးသားချက်များဖြစ်သည်။ ယင်းနှစ်မျိုးလုံးသော Talmuds များသည် တူညီသောပြဿနာများအတွက် ရှေးထုံးစဉ်လာနှင့်အညီ ဖြေရှင်းပေးကြသော်လည်း ၎င်းတို့၏ များပြားသော အဆုံးသတ်နိဂုံးချုပ်ဆုံးဖြတ်ရာတွင် ၎င်းတို့အတွင်း မတူညီကွဲပြားမှုများ ရှိသည်။

သမ္မာကျမ်း (The Bible)၌ ပထမငါးအုပ်(Pentateuch)များထဲတွင် ကျင့်စဉ် သိက္ခာပုဒ် ၆၁၃ ခု ပါဝင်ပြီး ၎င်းတို့သည် ထာဝရဘုရားသခင်၏ ပညတ်တော်များကို အဆီအနှစ် ထုတ်၍

*Synagogue- means building for assembly of jews for religious teaching and worship.

အကျဉ်းချုပ်ရေးသားချက်ဖြစ်သည့် ''မှန်ကန် တရားမျှတစွာ ဆောင်ရွက်ရန်၊ သနားညှာတာ မေတ္တာထားရန်၊ ထာဝရဘုရားသခင်နှင့်အတူ နိမ့်ချစွာလျှောက်လှမ်းကာ တရားထားရန်'' တို့ကို ရေးသားထားသည့်စာအုပ်များဖြစ်သည်။ ''မှန်ကန်သော ကိုယ်ကျင့်သီလကို အားကိုးသည့် ယုံကြည်ချက်ဖြင့် ကျင့်သုံးရမည်''ဟူ၍ အဆိုပါသုံးချက်အတွင်း အဆီအနှစ်ထုတ် ရေးသားထား သည်။ ယုံကြည်မှုဟူသောအဓိပ္ပါယ်မှာ ထာဝရဘုရားသခင်အား ယုံကြည်မှုရှိရန် တိုက်တွန်းသော အသိဉာဏ် ရရှိခြင်းဖြစ်သည်။

ထိုရပ်(Torah)အား မိုးဇက်မှတဆင့် ထာဝရဘုရားသခင်က ဂျူးလူမျိုးများသို့ တိုက်ရိုက်ပေးအပ်ခဲ့သည်ဟု ဆိုနိုင်သည်။ ထိုရပ်(Torah)သည် မြင့်မြတ်၍ ဝန်ခံချက်ပြုလိုသော ရည်ရွယ်ချက်နှင့် ဂျူးလူမျိုး၏ ကြိုးစားအားထုတ်မှုကို သိမ်းဆည်းထားသောအရာဖြစ်သည်ဟူ၍ ဆိုနိုင်၏။ ထို့ကြောင့် ဤသို့ရှုမြင်သုံးသပ်ခြင်းဖြင့် ထိုရပ်(Torah)နှင့် အစ္စရေးဟူသောစကားသည် တစ်ခုတည်းအဖြစ် ဆုံးဖြတ်ချက်ချ၍ရ၏။ ထိုရပ်(Torah)သည် အဆုံးဟူ၍မရှိသော အရာဖြစ်ပြီး ထိုရပ်(Torah)ကျမ်းစာအား သင်ကြားလေ့လာခြင်းသည် ဘုရားဝတ်ကျောင်းတော် အဆောက် အဦထက် ပို၍အရေးကြီး၏။ လူတစ်ယောက်သည် ထိုရပ်ကျမ်းစာ(Torah)ကို လေ့လာနေသမျှ ကာလပတ်လုံး ၎င်းအား မည်သည့်မကောင်းသော အတွေးအခေါ်အယူအဆမျှ ဝင်ရောက်၍ ဆိုးရွားစွာ အနှောက်အယှက်မပြုနိုင်ပေ။ ထိုရပ်(Torah)ကျမ်းထဲ၌ ထက်ကောင်းကင်ရွှေဘုံ နန်း၏ ပွဲတင်သံများသည် ဆိုင်နိုင်းရှိ (Sinai) ဟိုရဗ်တောင်ထိပ်(Horeb)၌ ကြားနေရသည်။ ထိုအရာသည် မကောင်းမှုဒုစရိုက်များအား ဆေးကြောသုတ်သင်ဖြူစင်စေရန်အလို့ငှာ လူသား များသို့ ထာဝရဘုရားသခင်က ပေးသည့်နည်းလမ်းမှ လမ်းပြမီးအိမ်တစ်ခု'' ဖြစ်သည်။

ဥပဒေသ(Law)နှင့်မတူသော တမန်တော်များနှင့် ရေးသားချက်များကိုလည်း ဂျူးလူမျိုးများ ရှေးအစဉ်အလာထုံးတမ်းဓလေ့နှင့် ကြောင်းကျိုးဆီလျော်စွာ ရေးသားပြောဆိုချက် များကိုလည်း အလေးဂရုပြုသည်။ အေဒီ ၈၈၂-၉၄၂ ထိ အသက်ရှင်ရပ်တည်ခဲ့သူ ဆာဒီယာ (Saadia, 882-942 AD)၏အဆိုအရ ဂျူးလူမျိုးများသည် ထာဝရဘုရားသခင်အား ယုံကြည်မှုနှင့် ရှေးအစဉ်အလာတို့ကို ကြောင်းကျိုးဆီလျော်စွာ သိနားလည်ကြသည်ဟူ၍ ပြောဆိုခဲ့ကြသည်။

ဂျူးလူမျိုးများသည် အေဗရာဟမ်(Abraham)၏ ပဏာမအနေဖြင့် ချီးမြှင့်သော

ဆုလာဘ်အဖြစ် ထာဝရဘုရားသခင်က ၎င်းတို့အားရွေးချယ်ခဲ့ရာ ထာဝရဘုရားသခင်အပေါ် ယုံကြည်နေထိုင်ခဲ့ကြသည်။ ထို့နောက် ၎င်းတို့၏ ရှေးအစဉ်အဆက် ဘိုးဘွားဘီဘင်တို့၏ ရဲရင့်သတ္တိရှိသော အသက်ရှင်ရပ်တည်လျက် ၎င်းတို့၏ထာဝရဘုရားသခင်အပေါ် ယုံကြည်ချက်ကို မဆုတ်မနစ် ဆက်လက်ယုံကြည်ခဲ့ကြရာ ၎င်းတို့၏သမိုင်းတစ်ခုလုံး၌ ကံဆိုးမိုးမှောင်ကျမှုများနှင့် ဝမ်းသာပျော်ရွှင်မှုများအား နှစ်သိမ့်ကျေနပ်မှုမရှိပေ။ ဂျူးလူမျိုးတစ်ယောက်သည် အဘယ့်ကြောင့် ဂျူးလူမျိုးတစ်ယောက် ဖြစ်ရသည့်အကြောင်းကို ဤနည်းအားဖြင့်ဖော်ပြခဲ့သည်။ ဂျူးလူမျိုးတစ်ယောက် ဖြစ်ရခြင်းအကြောင်းကို အက်ဒ်မွန်ဖလက် (Edmond Fleg)က အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့သည် –

"ငါသည် အစ္စရေးနိုင်ငံတွင် မွေးဖွားခဲ့ခြင်းကြောင့် ဂျူးလူမျိုးတစ်ယောက်ဖြစ်သည်"

"ငါ၏နှလုံးသား၌ အစ္စရေးအား ယုံကြည်ချက်ထားရှိခြင်းက ငါ့အား သိမ်းကျုံးဆွဲငင်ထားခြင်းက ငါ့အား ဂျူးလူမျိုးတစ်ယောက်ဖြစ်စေ၏။"

"နေရာတိုင်းမှာ ဒုက္ခရောက်၍ ငိုကြွေးနေကြရှာ၊ ဂျူးလူမျိုးများသာ၊ ထို့ကြောင့် ငါသည် ဂျူးလူမျိုးတစ်ယောက် ဖြစ်ပေတာ။"

"အချိန်ကာလတိုင်းမှာ စိတ်ပျက်လက်ပျက် အော်မြည်တမ်းတ ငိုယိုကြလျက်၊ ဂျူးများက ပျော်ရွှင်ချမ်းမြေ့သည့်အချိန်ကို မျှော်လင့်ကြ၏။ ထို့ကြောင့် ငါသည် ဂျူးလူမျိုးတစ်ယောက် ဖြစ်ပါ၏။"

"အစ္စရေးသည် အကြာမြင့်ဆုံးနှင့် အသစ်လွင်ဆုံးစကားလုံးဖြစ်လို့၊ ငါသည် ဂျူးလူမျိုးတစ်ဦး ဖြစ်ပါသည်"

"အစ္စရေး၏ ကတိကဝတ်သည် ကမ္ဘာပေါ်၌ တူညီသောကတိကဝတ်ဖြစ်၏။ ထို့ကြောင့် ငါသည် ဂျူးလူမျိုး တစ်ယောက်ဖြစ်ပါ၏။"

"လူမျိုးများအားလုံး၏ အထက်၌ အစ္စရေးရှိ၏။ အစ္စရေးသည် လူနှင့် သူ၏ညီညွတ်မှုကိုဖြစ်စေ၏။ ထို့ကြောင့် ငါသည် ဂျူးလူမျိုးတစ်ယောက်ဖြစ်၏။" (Arthur Hertzberg, Ibid P.P. 23-24)

ဂျူးလူမျိုးတစ်ယောက်သည် ဂျူးလူမျိုးတစ်ယောက်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော်

အစ္စရေးလူမျိုးများသည် ဆိုင်းနိုင်းတောင်ထိပ်(Mt. Sinai) ရှေ့မှောက်တွင် မဝ်တပ်ရပ်လျက် နေစဉ် တောင်တန်းပေါ်၌ တုန်ခါလှုပ်ရမ်းလျက် လျှပ်စီးတွေလင်းလက်၊ မိုးကြိုးတွေပစ်သည်ကို တွေမြင်ခဲ့ရပြီး ခရာမှုတ်သည့်အသံနှင့် ထာဝရဘုရားသခင်၏ စကားသံကို ကြားခဲ့ရခြင်းကြောင့် ဖြစ်သည်။ အစ္စရေးနှင့် ယဟွေး(Israel and Yahwe)တို့အကြား၌ထားရှိသော တည်ကြည်သည့် ကတိစကားဖြင့် ချုပ်ဆိုထား၏။

## ဂျူးဘာသာ၏ ထူးခြားထင်ရှားသည့်အချက်များ

**Distinctive Features of Judism**

၁။ ဂျူးဘာသာသည် ဒဿနိကဗေဒဆိုင်ရာအယူအဆဖြင့် ဖွဲ့စည်းထားသောစနစ်တစ်ခု မဟုတ်ကြောင်း စောစောပိုင်း ရေးသားချက်များ၌ မှတ်သားခဲ့ရပြီးဖြစ်သည်။ ဂျူးဘာသာ ယုံကြည်ကိုးကွယ်မှုသည် ထာဝရဘုရားသခင်နှင့်အတူ ရှင်သန်ရပ်တည်လျက်ရှိပြီး ထာဝရ ဘုရားသခင်၏အကြောင်း သိနားလည်သည်မှာ ယင်းဘာသာတွင် ထာဝရဘုရားသခင်နှင့် ပဋိပက္ခဖြစ်ခဲ့သည် ဆိုခြင်းဖြစ်သည်။ ဂျူးလူမျိုးတစ်ဦးသည် သူ၏နှလုံးသားအတွင်း လျှို့ဝှက်သောနေရာသို့ အလေးနက်ဆုံးသော ထိုရပ်(Torah)၏ပဲ့တင်သံနှင့် ထာဝရဘုရားသခင်၏ စိတ်သဘောထားအလျောက် ခေါ်သည့်အသံကို တုန့်ပြန်သည့်အနေဖြင့်(ကျွန်ုပ်–အသင်)နှင့် ဆက်ဆံမှုရှိပြီး (သူ)၏စကားလုံးများ ကြားရသည်ဟူ၍ ဖော်ထုတ်တွေ့ရှိသည်။ ထို့ကြောင့် ဂျူးဘာသာအဖို့ရာတွင် ထာဝရဘုရားသခင်အား သူနှင့် ထာဝရဘုရားသခင်နှင့်မမျှော်လင့်ပဲ ရုတ်တရက်တွေ့ဆုံစဉ် တွေ့ရှိခဲ့ရသည်။

၂။ ထို့ကြောင့် ထာဝရဘုရားသခင်သည် သက်သေပြချက်ကိစ္စတစ်ရပ် မဟုတ်သလို သက်သေပြချက်ကိစ္စတစ်ရပ်ဟူ၍လည်း မပြောနိုင်ပေ။ ထာဝရဘုရားသခင်အကြောင်း ပြောကြား ခြင်းသည် အဓိပ္ပါယ်မရှိသောပြောကြားခြင်း မဟုတ်သလို၊ အဓိပ္ပါယ်ရှိသော ပြောကြားခြင်းလည်း မဟုတ်ပါပေ။ ထာဝရဘုရားသခင်၏ အကြောင်းအရာ၊ တမန်တော်များနှင့် ရေးသားထားသည့် ကျမ်းစာများသည် ထိုရပ်ကျမ်းစာ(Torah)ထဲတွင် ထည့်သွင်းဖော်ပြခြင်းခံရသည်။ အဆိုပါ အကြောင်းအရာများသည် ဂျူးလူမျိုးတို့၏ သမိုင်းစာမျက်နှာအားလုံးကို လွှမ်းမိုးထားသည်။

ဘုရားသခင်သည် ထာဝရတည်ရှိနေယုံမျှသာ မဟုတ်သေးပဲ သူ(ထာဝရဘုရားသခင်)၏ ရွေးချယ်ထားခြင်းခံရသော လူအများတို့၏ဘဝကို ဆောင်ကျဉ်းသယ်ပိုးနေသော ယဟွိုး (Yahwe)လည်းဖြစ်သည်။ ဂျူးလူမျိုးများစွာတို့ အီဂျစ်မှထွက်ခွာကြခြင်း၊ ကနန်နယ်မြေ(Land of Canaan)ကို အောင်မြင်ခြင်း၊ ဒေးဗစ်ဘုရင်၏နိုင်ငံတော်(Kingdom of David)ကို စတင်ထူထောင်ခြင်းများသည် ယဟွိုး(Yahwe)၏ ဆောင်ရွက်ချက်များဖြစ်သည်။ ဂျူးလူမျိုးများအား ဘေဘီလုံမြို့(Babylon)သို့ ပြည်နှင်ဒဏ်ပေးခံရခြင်း၊ ဘီစီ-၅၉၀ နှင့် အေဒီ-၇၀ တွင် ဘုရားဝတ်ကျောင်းတော် ဖျက်ဆီးခြင်းတို့သည် ထာဝရဘုရားသခင်အား ဆန့်ကျင်မှုကြောင့် ယဟွိုး၏ အပြစ်ပေးခဲ့ခြင်းများဖြစ်သည်ဟူ၍ ယုံကြည်သည်။ ဂျူးလူမျိုးများအဖို့ရာတွင် ဤသို့အားဖြင့် ''ထာဝရဘုရားသခင်သည် ထာဝရဘုရားသခင်သာလျှင်ဖြစ်၏''ဟူ၍လည်းကောင်း၊ သမိုင်းကြောင်းတစ်လျှောက် ထာဝရဘုရားသခင်သည် တိုးတက်မှုရှိစွာဖြင့် ဂျူးလူမျိုးများနှင့် အခြားသော လူမျိုးများနှင့် သူကိုယ်တိုင်တို့၏ ဆက်စပ်မှုကို ဖော်ပြတော်မူခဲ့၏။ ဤထင်ရှားစွာပြဆိုချက်၏ သမိုင်းဝင်အမှတ်ရမှုများမှာ ဂျူးလူမျိုးများ၏ ကိုယ်ကျင့်သီလနှင့် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘဝဖြစ်ပေါ်မှုကို ပုံဖော်ပေးခဲ့သည်။ ထို့အပြင် အနာဂတ်ကာလတွင် ပိုကြီးကျယ်သော ထာဝရဘုရားသခင်၏ လျှို့ဝှက်ချက်ကို သိနားလည်ရန်အတွက် ကြိုတင်စီမံပေးခဲ့သည်။ မတ်ဆီးယပ်(Messiah)ခေါ် ဟီးဘရူးဘာသာစကား ရေးသားသည့်သမ္မာကျမ်း၌ ဂျူးလူမျိုးများအား စတင်ထူထောင်သူဖြစ်ရမည်ဟူသော ဗျာဒိတ်ပေးခဲ့ခြင်း (Promised to deliver of the Jewish nation prophesied in Hebrew Bible)သည် ၎င်းတို့အတွက် ပေါ်ပေါက်လာရမည်။ ဤထင်ရှားစွာပြဆိုချက်က ၎င်းတို့အား အခြားသောလူမျိုးများတို့အပေါ်တွင် ဘာသာကိုးကွယ်မှု ဆိုင်ရာ ကိုယ်စားလှယ်စေလွှတ်ခြင်းနှင့်အတူ ၎င်းတို့အား ပို၍မြင့်သောနေရာယူရန် စိတ်ကူးဉာဏ် ရရှိခဲ့သည်။ ဤအချက်သည် ထာဝရဘုရားသခင်၏ ရွေးချယ်ခြင်းခံရသောလူမျိုးဖြစ်ကြောင်း အဓိပ္ပါယ်ဖြစ်သည်။

၃။ ဂျူးဘာသည် အစွရေးဟူသော ထာဝရဘုရားသခင်က ရွေးချယ်ထားသောလူအများနှင့် တည်ကြည်စွာ သဘောတူညီမှုရယူထားသောအချက်အား ယုံကြည်ကိုးကွယ်မှုဟူ၍ ဖြစ်လာသည်။ ထိုအကြောင်းအရာသည် ထာဝရဘုရားသခင်နှင့် အေဗရာဟမ်တို့ ပထမဦးဆုံးသော တည်ငြိမ်စွာသဘောတူညီခဲ့သောအချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရား

သခင်က အေဗရာဟမ်၏ အစဉ်အဆက်ပေါ်ထွန်းလာမည့် မျိုးဆက်သစ်များကို များပြားစွာ မွေးထုတ် ထိန်းသိမ်းပြုပြင်ပေးလိမ့်မည်၊ တည်ငြိမ်စွာ ခေါင်းညိတ်ကတိပြုခဲ့သောကြောင့်ဖြစ်သည်။ လူသားများ အပြစ်ကျူးလွန်သောအခါ၌ ယဟွီး(Yahwe)တွင် လူ့လောကတစ်ခုလုံးအား ရေကြီးစေ၍ ဖျက်ဆီးပစ်ရန်မှတပါး ရွေးချယ်ရန် အခြားနည်းလမ်းမရှိတော့ပေ။ အဘယ်ကြောင့် နည်းဟူမူ ထာဝရဘုရားသခင်၏ တည်ကြည်စွာပြုလုပ်ထားသော ကတိကဝတ်အတိုင်း Naoh ၏ ဘဝကို မပျက်စီးမဆုံးရှုံးစေရန် ပြုပြင်ထိန်းသိမ်းလျက် ယဟွီးသည် လူသားအား နောက်တစ်ကြိမ် မဖျက်ဆီးနိုင်စေရန် ကောင်းကင်တွင် သက်တန့်ရောင်အမှတ်အသားပြုပြီး တည်ကြည်သော ကတိကဝတ်ပြုထားသောကြောင့် ဖြစ်သည်။ ယဟွီးက အစ္စရေး(Isreal)နှင့် လက်ထပ်ခဲ့ပြီးနောက် အစ္စရေးက ထာဝရဘုရားသခင်ထံပါးမှ စွန့်ခွာလျက် လမ်းမှားပေါ် လျှောက်လှမ်းသွားသောအခါတွင်လည်း ယဟွီးက အစ္စရေးအား ပစ်ခွာမသွားနိုင်ခဲ့ပေ။ ဤနည်း အားဖြင့် ဂျူးဘာသာသည် ထာဝရဘုရားသခင်က သူကိုယ်တော်တိုင်နှင့် အစ္စရေးတို့ကြားတွင် တူညီသော သဘောတူညီချက်တစ်ခု ပြုလုပ်တော်မူခဲ့ပြီး "ကြားသိပါစေလော့၊ အို အစ္စရေး (Hear, Oh, Isreal)ဟူ၍ ၎င်းတို့အား နှုတ်ခွန်းဆက်သလိုက်သည်။

၄။ ဂျူးဘာသာသည် သန့်ရှင်း၍ တစ်ဆူတည်းသော ထာဝရဘုရားသခင်ဝါဒကို ယုံကြည်လက်ခံသော ဘာသာယုံကြည်ကိုးကွယ်မှုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အရှင်သခင် (Lord)၊ ဘုရားသခင်(God)သည် တစ်ပါးတည်းဖြစ်သောကြောင့်တည်း။ ထို့အပြင် သူ(Him) မှတပါး အခြားမရှိသောကြောင့်ဖြစ်သည်။ သူ(He)တစ်ပါးတည်း ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုအရာသည် တစ်ပါးတည်းသော အရှင်သခင်ဖြစ်၍ သူ(He)၏ တသားတည်းရှိခြင်းသဘော ဖြစ်သည့်အပြင် အစ္စရေးလူမျိုးများသည် ထာဝရဘုရားသခင်နှင့် မြင့်မြတ်သည့် ထိတွေ့မှုရှိခြင်းမှာ မပျက်စီး မပြိုကွဲနိုင်သော ထာဝရဘုရားသခင်မှတပါး အခြားဘုရားသခင် မရှိသောကြောင့် ဖြစ်သည်။

၅။ ထာဝရဘုရားသခင်သည် ဖန်ဆင်းခံသတ္တဝါများအား ကိုယ်ထင်ပြလျက်သိစေခဲ့ယုံ မျှသာ မကသေးပဲ၊ သူ(He)သည် အားလုံးသော သူ(He)၏ ဖန်ဆင်းခံသတ္တဝါကို ကျော်လွန် မြင့်မြတ် အကောင်းဆုံးသောသူဖြစ်ပေ၏။ သူ(He)သည် လူသား၏ သိရှိနားလည်သည်ထက်

မြင့်မြတ်၏။ အဘယ်ကြောင့်ဆိုသော် သူသည် ထာဝရဘုရားသခင်ဖြစ်သည် ဟူ၍သာ အများသိထားကြသော်လည်း သူ(He) ဆိုလိုသည့်အဓိပ္ပါယ်ကို မသိနားမလည်ကြခြင်းကြောင့် ဖြစ်၏။ သူ(He) ဘာလည်း ဆိုသည်ကို သိနားလည်ရန် အကန့်အသတ်အတားအဆီးမရှိပေ။ ထို့ပြင် သူ၏(His)အောင်မြင်တိုးတက်သည့်လျှို့ဝှက်မှုကို အစွရေးအား သိနားလည်စေခြင်း မှတဆင့် သူဘာဆိုသည်ကို သိနားလည်နိုင်၏။

၆။ ထာဝရဘုရားသခင်သည် လူသားအသိဉာဏ်တရား၏ အထက်တွင်ရှိသည်ဆိုခြင်းမှာ သံသယပွားစရာ မရှိပါ။ သို့သော်နေရာတိုင်းတွင်ရှိနေပြီး သူ၏(His) စကြဝဠာနှင့် ဖန်ဆင်းခံ သတ္တဝါတို့အား စောင့်ရှောက်လျက်ရှိနေသည်။ သူသည် ကြီးမြတ်တော်မူ၍ လူသားများနှင့် သူ၏ဖန်ဆင်းထားရှိသောအရာများအားလုံး စောင့်ရှောက်ပေးသူနှင့် ဝဋ်ဆင်းရဲတွင်းမှ လွတ်မြောက်စေသူဖြစ်သည်။ အရာခပ်သိမ်းသည် ထာဝရဘုရားသခင်အပေါ်၌ မှီတည်နေ၏။ သို့သော် သူ(He)က သူဖန်ဆင်းထားသည့်အရာများအပေါ်၌ မှီတည်နေခြင်း မရှိပေ။

၇။ ဂျူးလူမျိုးတို့၏ ထာဝရဘုရားသခင်သည် မြင့်မြတ်၍ မည်သည့်စကားလုံးဖြင့် သုံးနှုန်းသည်ဖြစ်စေ၊ ထာဝရဘုရားသခင်သည် ကိုယ်ကျင့်သီလနှင့် ကတိကဝတ်ပြုချက်နှင့် ဖန်ဆင်းခဲ့သောအရာများ မပြောင်းမလဲနိုင်မြဲစွာ ရပ်တည်လျက်ရှိသည်။ ထို့အပြင် သူသည် ဖြူစင်သန့်ရှင်း၍ ကိုယ်ကျင့်သီလနှင့်ပြည့်စုံသည်။ ထို့ပြင် သေခြင်းတရားက သူ့အား(Him) ဒုက္ခပေးရန် မြင်နိုင်စွမ်းမရှိပေ။ သူ(He)သည် ချစ်ခင်မြတ်နိုးအပ်သော ဖခင်ထာဝရဘုရား သခင်(Loving Father) တစ်ပါးအဖြစ်သာမက၊ လူသားအား တရားစီရင်စစ်ဆေးမည့် တရားသူကြီးတစ်ဦးလည်းဖြစ်၏။ အပြစ်အနာဆာရှိသော သူတစ်ဦးတစ်ယောက်မျှ သူ၏(His) အပြစ်ပေးခြင်းအား ရှောင်လွှဲလွတ်မြောက်နိုင်မည် မဟုတ်ချေ။ ကြောက်ရွံ့မှုနှင့် စိုးရိမ်ကြောင့်ကျ မှုတို့ဖြင့် ထာဝရဘုရားသခင်အား ကြောက်လန့်ရန် လိုအပ်သော်လည်း ယင်းသို့သော စိုးရိမ် ကြောင့်ကျမှုများမှ လွတ်ကင်းစေရန် ဘုရားသခင်အား ချစ်ကြောက်ရိုသေရမည်ဖြစ်၏။ သူသည် လူသားက ၎င်း၏အမည်နာမတော် (His name)အား အချည်းနှီးအလဟဿ အသုံးပြုရန် မတတ်သာအောင်ပင် အထူးမြင့်မြတ်တော်မူပါပေ၏။

၈။ ထာဝရဘုရားသခင်သည် အရာအားလုံးတို့ထက် သာလွန်ကြီးမြတ်တော်မူသောကြောင့်

သူ(He)ဖန်ဆင်းထားသော သူ၏(He)လူများအား လျှို့ဝှက်ချက်ကို သိနားလည်စေခြင်းမှတဆင့် သူ(He)နှင့် တွေ့နိုင်၏။ လျှို့ဝှက်ချက်အား သိနားလည်စေခြင်းကို ခေတ်ကာလအသီးသီးတို့၌ ပေါ်ထွန်းလာကြသော သူ၏(His)တမန်တော်များမှတဆင့် အောင်မြင်ပေါက်မြောက်စွာဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။ ရှုမြင်သုံးသပ်ချက်တစ်ခု၌ ဂျူးဘာသာသည် ဘာသာယုံကြည်ကိုးကွယ်မှုအားလုံးတို့တွင် တမန်တော်အား ယုံကြည်မှုအရှိဆုံးသော ဘာသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်များသည် ယဟွေး(Yahwe)၏ သတင်းစကားကို ဂျူးလူမျိုးတို့၏ သမိုင်းတစ်လျှောက်လုံး၌ သယ်ဆောင်ထုတ်ဖော် ပြောဆိုခဲ့ခြင်းကြောင့်ဖြစ်သည်။ မိုးဇက်(Moses)မှာ ဂျူးလူမျိုးတို့၏ အကြီးမြတ်ဆုံးသော တရားဥပဒေ စည်းမျဉ်းစည်းကမ်းများ ပေးအပ်နှင်းသူ(Law-giver)ဖြစ်၏။ ထို့ပြင် အီဇရာ(Ezra)သည် ဂျူးလူမျိုးတို့၏ အကြီးမြတ်ဆုံးသော ပြုပြင်မွမ်းမံပေးခဲ့သူနှင့် ထိုရပ်(Torah)၏အဓိပ္ပါယ်ကို ဖွင့်ဆိုဖော်ထုတ်ပေးခဲ့သူဖြစ်၏။ အိုက်ဇက်(Isaih)၊ ဂျိုရိမိယ(Jere maih)နှင့် အက်ဇ်ကီးလ်(Ezekiel)တို့က တစ်ဦးတစ်ယောက်ချင်းစီ လူပုဂ္ဂိုလ်အသီးသီးတို့က မို၍တင်းကြပ်သော ကိုယ်ကျင့်တရား၊ ထာဝရဘုရားသခင်၏ မြင့်မြတ်မှုနှင့် မက်ဆီရပ်(Messiah) ခေါ် ဟီဘရူးဘာသာစကားဖြင့် ရေးသားထားသည့် သမ္မာကျမ်းစာ၌ ဖော်ပြလမ်းညွှန်ထားချက်အရ ဂျူးနိုင်ငံတော်ကို စတင်တည်ထောင်သူအဖြစ် ကတိကဝတ်အား ယူဆောင်ခဲ့ကြသည်။

၉။ ဂျူးဘာသာက ဤကမ္ဘာလောကအား ဘာမှမရှိသော(Out of nothing)အခြေအနေမှ ထာဝရဘုရားသခင်က ဖန်ဆင်းတော်မူခဲ့၏။ ဤအချက်သည် ထာဝရဘုရားသခင်အား အကြီးမြတ်ဆုံးသော အရာဖြစ်စေခဲ့သည်။ ထို့ပြင် ထိုအချက်က စကြဝဠာကမ္ဘာလောကဓါတ်ကြီး၏ အမှန်တရားကို ၎င်း၏အစဉ်အတိုင်း မလွဲမမှား အချိန်အားလျော်စွာ မှန်ကန်စွာ လည်ပတ်သွားနေစေရန် ဖန်ဆင်းတော်မူခဲ့သည်။ ထာဝရဘုရားသခင်က ကမ္ဘာလောကအား ဖန်ဆင်းတော်မူခဲ့သည့်အပြင် လူသားအားလည်း ကမ္ဘာပေါ်တွင် အုပ်စိုးလွှမ်းမိုးနိုင်ရန် သူ(He)က ဖန်ဆင်းတော်မူခဲ့သည်။ ထို့ကြောင့် ထိုအချက်သည် လူသားအားဗဟိုပြုသော ကမ္ဘာလောကအဖြစ်သော် လည်းကောင်း၊ သို့မဟုတ် ထိုအချက်က ထာဝရဘုရားသခင်အား စကြဝဠာကမ္ဘာလောကဓါတ်က တည်မှီနေသည်ဟူ၍လည်းကောင်း ယူဆနိုင်သည်။

ဤကမ္ဘာလောကသည် လူသား၏ ပျော်ရွှင်ချမ်းမြေ့မှုအတွက်ဖြစ်သည်။

၁၀။ ဂျူးဘာသာသည် အခြားတမန်တော်အား ယုံကြည်ကိုးကွယ်သည့် ဘာသာများနှင့်အတူ စေတမန်နတ်များနှင့် မကောင်းဆိုးဝါးတည်ရှိမှုကို ယုံကြည်သည်။ မကောင်းဆိုးဝါးသည် ထာဝရဘုရားသခင်၏ စေတမန်နတ်များထဲမှ ပုန်ကန်ခွဲထွက်သွားသူဖြစ်သည်။ သို့ရာတွင် ၎င်း၏တည်ရှိမှုသည် အမြဲထာဝရမဖြစ်နိုင်ပေ။ သူ(မကောင်းဆိုးဝါး)အား မြင့်မြတ်သောလူများက ဂျူးလူမျိုးများအတွင်းက လူမျိုးအားဖြင့် ခွဲခြားနိုင်၏။

၁၁။ အသက်ဝိညာဉ်၏ အမြဲထာဝရတည်ရှိ၏ဟူသော တွေးခေါ်ကြံစည်စိတ်ကူးမှုက ဂျူးလူမျိုးများအား စုစည်းထားသည့်အပြင် ယခုအခါ ဂျူးလူမျိုးများက သေဆုံးသွားသော လူများ၏ အသက်လိပ်ပြာသည် မသေပဲတည်ရှိနေသည်ဟု ယုံကြည်ကြ၏။

၁၂။ သို့သော် လူ၏ကိုယ်ခန္ဓာ သေဆုံးပြီးနောက် ၎င်း၏အသက်ဝိညာဉ်သည် မသေပဲ အမြဲတည်နေသည်ဟုဆိုသော်လည်း ဂျူးလူမျိုးများသည် တရားစစ်ဆေးသည့်နေ့ကိုမူ ယုံကြည်ကြသည်။ ထို့ပြင် ကွင်းဆက်သဖွယ် ဆက်တိုက်ဖြစ်ပေါ် လာသည့် အယူအဆဖြစ်သော ထက်ကောင်းကင်ရွှေဘုံနန်းနှင့် ငရဲခန်း(Heaven and Hell)တို့ကိုလည်း ယုံကြည်ကြ၏။ ဤယုံကြည်ချက်သည် ဇိုရိုအာဆရီးယားဘာသာ(Zoroastrianism)မှ ဂျူးလူမျိုးများက နည်းနာနိသယ ခံယူခဲ့သည်ဟူ၍ အများဆုံးယူဆဖွယ်ရာဖြစ်သည်။

၁၃။ ဂျူးဘာသာက တစ်နေ့လျှင် သုံးကြိမ်ဝတ်ပြုပြီး ဥပုသ်စောင့်ခြင်း(Sabbath)၊ ကျော်လွန်လွတ်မြောက်ခြင်း (Passover) (ကျော်လွန်လွတ်မြောက်ခြင်းဆိုသည်မှာ ဂျူးလူမျိုးများ အီဂျစ်နိုင်ငံမှ ဘေဘီလုံသို့ ထွက်ခွာသွားကြခြင်း အထိမ်းအမှတ်နေ့)၊ လဆန်းရက်(New Moon Day)နှင့် ကောက်ရိတ်သိမ်းပွဲတော်များ(Harvest festivals)သည် သမိုင်း တစ်လျှောက်လုံး ရှင်သန်လျက်ရှိနေသည်။

၁၄။ ပါစီဘာသာမှ ဒတ်စ်တာများ(Dasturs)၊ ဟိန္ဒူဘာသာမှ ဗြဟ္မဏများ(Brahmins) ကဲ့သို့ပင် ဂျူးဘာသာတွင်လည်း လီဗိုက်စ်(Levites) ခေါ် သူ၏(His)လူများအတွက် (Yahwe) ၏ ဘုန်းတော်ကြီးများအဖြစ် ဆောင်ကျဉ်းပေးသူများ ရှိကြပါသည်။ ထို့ကြောင့် ဘုန်းတော်ကြီး အဖြစ် ခံယူခြင်းသည် အမွေခံခြင်းဖြစ်သည်။

## ထာဝရဘုရားသခင်ဟူသောသဘောတရား The Doctrine of God

ဂျူးဘာသာသည် ''ထာဝရဘုရားသည် တစ်ပါးဖြစ်၏''(God is one)ဟူသော ဒဲယူအဆကို အလွန်ရင်းရင်းနှီးနှီးယူဆထား၏။ ထို့ပြင် မရေမတွက်နိုင်သော ဂျူးလူမျိုးများစွာ တို့သည် ၎င်းတို့၏အသက်သွေးများကို ယင်းအယူအဆအား ကာကွယ်ရေး၌ မြှုပ်နှံထားခဲ့ကြရ၏။ မိုးဇက်၏ ပထမဦးဆုံးသော ပညတ်တော်မှာ -

''အို အစ္စရေး ကြားသိစေလော့၊ အရှင်သခင် ကျွန်ုပ်တို့၏ ဘုရားသခင်၊ ထာဝရဘုရား သခင်သည် တစ်ပါးတည်းဖြစ်၏။ အသင်လူသားတွင် ငါဘုရားသခင်၏ ရှေ့မှောက်တွင် နတ်များ မရှိစေရ။ သင့်ကိုယ်သင် အလွန်ချစ်ခင်၍ အထူးဂရုစိုက် နေထိုင် စောင့်ရှောက်သော ပုံရိပ်မဖြစ်ပါစေနှင့်။ တစ်နည်း၊ ထက်ကောင်းကင် ရှေ့ပြည်နန်း ထက်က အရာတစ်ခုခုနှင့် တူညီမှုရှိသူအဖြစ်လည်း မထင်လေနဲ့၊ သို့မဟုတ် မြေကြီးရဲ့အောက် ရောက်နေပြီဟူ၍လည်း မထင်လေနဲ့၊ သို့မဟုတ် မြေကြီးရဲ့အောက် ရေထဲသို့ ရောက်နေပြီဟူ၍လည်း မထင်နဲ့။ သူအား အသင်ခေါင်းငုံ့ မခံနဲ့၊ သူတို့အား အသင် အလုပ်ကျွေးပြုမပေးနဲ့...။ (Exodus .20:3-4)

ထာဝရဘုရားသခင်သည် စကြဝဠာကမ္ဘာလောကဓါတ်၏ ဖန်ဆင်းရှင်နှင့် စိုးမိုးအုပ်ချုပ် သူဖြစ်သည်။ သူ၏(His) ဖန်ဆင်းမှုမှ လွတ်ကင်း၍ မည်သည့်အရာမျှ မရှိပေ။ သူ(He)သည် အဆုံးအပိုင်းအခြားမရှိသော သိမြင်နိုင်သော အနန္တဉာဏ်ကိုပိုင်ဆိုင်ထားသူ(Omnipotent) ဖြစ်သည့်အပြင် အဆုံးအပိုင်းအခြားမရှိ အနန္တတန်ခိုးတော်ပိုင်ရှင်(Omniscience)ဖြစ်၍ သူ(He)က အရာခပ်သိမ်းကို ဖန်ဆင်းခဲ့ယုံမျှသာမဟုတ်သေးပဲ သူဖန်ဆင်းထားသည့် အရာ ခပ်သိမ်း တို့အားလည်း စောင့်ရှောက်ပေး၏။ သူ(He)က သူ၏(He) လွတ်လပ်သောစိတ်ဆန္ဒ အလျောက် ဖန်ဆင်းတော်မူခဲ့ပြီး သူ၏(He)စိတ်၌ အကန့်အသတ်မရှိပေ။

ထာဝရဘုရားသခင်သည် တစ်ဆူတည်းဖြစ်၍ ဤအမြင်ရှုဒေါင့်မှကြည့်လျှင် ထာဝရ ဘုရားအဆူဆူ အများအပြားဟူ၍ မပွင့်ထွန်းမပေါ်ပေါက်ချေ။ တစ်နည်းဆိုရသော် နှစ်ဆူသော ဘုရားဟူ၍ပင် မပြောကြားနိုင်ချေ။

*(ဗုဒ္ဓဘာသာအယူအဆ၌မူ ဂင်္ဂါဝါဠုသဲစုမက ဘုရားအများအပြား မရေမတွက်နိုင်သောအားဖြင့်*

*ပွင့်ထွန်းတော်မူခဲ့ကြပြီးလေပြီ။ သို့သော် သမ္မာသမ္ဗုဒ္ဓမြတ်ဗုဒ္ဓများမှာ နှစ်ကျိပ်ရှစ်ဆူရှိတော်မူကြပြီး ယခုတည်ရှိဆဲ ဘဒ္ဒကမ္ဘာတွင်မူ ဘုရားငါးဆူပွင့်ထွန်းမည်ဟု ဗုဒ္ဓဘာသာဝင်များက ယုံကြည် ယူဆထားပြီး ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် စတုတ္ထမြောက် ပွင့်တော်မူခြင်းဖြစ်၍ သူ၏အဆုံးအမ သာသနာတော်သည် နှစ်ပေါင်း(၅၀၀၀)အထိသာ တည်တံ့မည်ဖြစ်သည်ဟု အဆိုရှိပါသည်။ ဤဘဒ္ဒကမ္ဘာ၏ နောက်ဆုံးနှင့် ပဉ္စမမြောက်ပွင့်တော်မူမည့်ဘုရားမှာ အရိမေတ္တေယျမြတ်စွာဘုရား ဖြစ်လိမ့်မည်ဟူ၍လည်း ယုံကြည်ကြသည်။ ဘုရားတိုင်း၊ ဘုရားတိုင်းသည် သူ၏အဆုံးအမ သာသနာတည်တံ့ရာ အချိန်ကာလအတွင်း မည်သူတစ်ဦးတစ်ယောက်နှင့်မျှ နှိုင်းယှဉ်မရသော ပါရမီတော်အနန္တ၊ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ ရှိတော်မူကြသဖြင့် သူ့ကို တုနှိုင်းမရှိ သမ္မသမ္ဗောဓိ(Unrival)ဟူ၍ ပြောဆိုကြ၏။ ဘာသာပြန်သူ)*

သူ(He)သည် တစ်ပါးတည်းသောဘုရားသခင်ဖြစ်၍ သူ(He)နှင့်တူညီသော အခြားတစ်ပါးသောသူဟူ၍ မရှိပေ။ တစ်ဆူတည်းသော(One) ဟူသောအဓိပ္ပါယ်သည် ဂဏန်းသင်္ချာအရေအတွက်အားဖြင့် ပေါင်းစုမှုဟူ၍ မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် လူသား ပြောဆိုသည့် ဘာသာစကားတစ်ခုခုဖြင့် သူ့အား(Him) ပြည့်စုံစွာမဖော်ပြနိုင် သောကြောင့်ဖြစ်သည်။ အရှင်သခင်ထာဝရဘုရားသည် အသာလွန်အမြင့်မြတ်ဆုံးဖြစ်သည် ဟူသောအဓိပ္ပါယ်မှာ–

(၁) သူ(He)သည် မမြင်နိုင်သော ထာဝရဘုရားသခင်ဖြစ်၏။

(၂) သူ(He)သည် လူသား၏ စဉ်းစားတွေးခေါ်မှုထက် ကျော်လွန်၏။

(၃) သူ(He)သည် သူ၏(His) ဖန်ဆင်းခံများပေါ်တွင် တည်ရှိ၏။

သို့သော်တစ်ချိန်တည်းမှာ ထာဝရဘုရားသခင်(God)ဟူသောအဓိပ္ပါယ်မှာ မြင့်မြတ်သောဆန္ဒနှင့် အသိဉာဏ်၏ အကြောင်းရင်းခံတရားဟူ၍ ဆုံးဖြတ်ခြင်းခံခဲ့ရသည်။ သူ(He)သည် တရားမျှတမှုနှင့် သနားကြင်နာမှုရှိသောအဓိပ္ပါယ်အဖြစ် ဖော်ပြခြင်းခံရသည်။ အားလုံးသောအရာ တို့ထက် သူ(He)က မြင့်မြတ်သည်ဟူသောအဓိပ္ပါယ်မှာ စိတ်ပိုင်းဆိုင်ရာ ဖြူစင်မြင့်မြတ်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ၊ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာတို့၌ မသန့်ရှင်းသောအရာခပ်သိမ်းနှင့် ဝေးစွာတည်ရှိ၍ ယင်းသို့ မသန့်ရှင်းသော စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာတို့၏ အထက်တွင်ရှိသည်ဟူသော အဓိပ္ပါယ်

ဖြစ်သည်။ ရေးသားဖော်ပြသည့်စကားရပ်ပေါ်တွင် အခြေခံလျက် မူလအခြေခံအကြောင်းတရားကို ရည်ညွှန်းပြောဆိုသည့် သဘောဖြင့် သူ့ကို(to Him) အကျိုးရလဒ်ဟူ၍ မစဉ်းစားမဆုံးဖြတ်နိုင်ချေ။ စကားလုံးအသုံးအနှုန်းများမှာ ကျွန်ုပ်၏ လေးစားကြည်ညိုမှုအား သူ့ကို(to Him)ပြသရန် ရည်ရွယ်လျက် ထာဝရဘုရားသခင်(God)ဟူ၍ ရေးသားဖော်ပြလေ့ရှိသည်။ ဥပမာအားဖြင့် သူ၏(His) အလိုဆန္ဒသည် အမြဲပြည့်ဝလျက်ရှိခြင်းနှင့် လိုက်နာကျင့်သုံးရမည့် အမိန့်ကဲ့သို့ဖြစ်ခြင်းကြောင့် သူ(He) အား''ဘုရင်''ဟူ၍ဖော်ပြခဲ့ခြင်းဖြစ်သည်။ သက္ကရာဇ် အေဒီ ၈၈၂-၉၄၂ အတွင်း ဆဒီယား(Saadia, 882-942) က ၎င်း၏စာအုပ် "Book of Beliefs and Opinions"တွင်လည်းကောင်း၊ သက္ကရာဇ် ၁၁၃၅-၁၂၀၆တွင် မိုင်မိုနိုက်ဒ်(Maimonides, 1135-1206)က ၎င်း၏စာအုပ် "The Guide of the Perplexed" ခေါ် ''ပို၍ရှုပ်ထွေးစေသော လမ်းညွှန်ချက်'' ဟူသောစာအုပ်တို့၌ ထာဝရဘုရားသခင်(God)သည် အရာခပ်သိမ်းတို့ အမျိုးအစားခွဲခြားမှုကို ပြန်လည်ပြောပြစရာ အကြောင်းအရာတို့ထက် မြင့်မားသည်။ အဘယ်ကြောင့်ဆိုသော် ''သူ(He) သည် မည်သည့်အရာမျှ မရှိခြင်း၌ပင်လျှင် တည်ရှိနေသောကြောင့်ဖြစ်၏''ဟူ၍ ရေးသားထားသောကြောင့်ဖြစ်သည်။ သူ(He)သည် အချိန်ကာလနှင့် အာကာသ(time and space)တို့၏ အထက်၌လည်း တည်ရှိတော်မူ၏။ အဘယ်ကြောင့်ဆိုသော် သူ(He)က အချိန်ကာလနှင့် အာကာသတို့အား ဖန်ဆင်းထားခြင်း ကြောင့်ဖြစ်သည့်အပြင် အချိန်ကာလ-အာကာသနှင့် ဘာမျှမရှိသော အချိန်ထိပင်လျှင် သူ(He) တည်ရှိနေခြင်းကြောင့် ဖြစ်သည်။ ''စကားနောက်က တရားပါ''ဆိုသည့်အတိုင်း ''ဖန်းဆင်းတော် မူခြင်း''ဟူသောအဓိပ္ပါယ်မှာ ဘာတစ်ခုမျှမရှိသည့် အခြေအနေမှ အရာဝတ္ထုများအား ဖန်ဆင်း ထားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ထာဝရဘုရားသခင်သည် ဖန်ဆင်းရှင်တစ်ပါးအနေအားဖြင့် မည်သည့်အရာဝတ္ထုတစ်ခုမျှမရှိသော အခြေအနေတွင် တည်ရှိ၏။ ထို့ကြောင့် သူ(He)က ကမ္ဘာလောကနှင့်စပ်လျဉ်း၍ ဆက်ဆံမှုတစ်စုံတစ်ရာ သူ့(He)မှာ မရှိနိုင်ချေ။

ဂျူးလူမျိုးမဟာပညာကျော်လည်းဖြစ်၍ ထာဝရဘုရားသခင်၏ သဘောသဘာဝအား သိပ္ပံနည်းကျ လေ့လာသုတေသနပြုခဲ့သူ မိုင်မိုနိုက်ဒ်(စ်)(Maimonides)က ထာဝရဘုရားသခင်နှင့်စပ်လျဉ်းသည့် လိုအပ်သလိုဆွဲယူတွေးထင်နိုင်သည့် သဘောတရားကို အသေးစိတ်

ရေးသားဖော်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသခင်အား ချီးကျူးဖွင့်ဆိုသည့် မည်သည့်ရေးသားချက်များသည် သူ့ကို(Him)သာလျှင် အဆုံးသတ်ရည်မှတ်ထားသောကြောင့် ဖြစ်၏။ ဥပမာအားဖြင့် အကယ်၍ ထာဝရဘုရားသခင်(God)သည် ကောင်းမွန်ခြင်းဟူ၍ ဆိုသည်ဖြစ်လျှင် သူ(He)သည် မကောင်းဟူ၍ အဓိပ္ပါယ်မသက်ရောက်နိုင်ပေ။ စပင်နိုဇာ (Spinoza, 1632-1677)၏စာအုပ်ထဲတွင် မိုင်မိုနိုက်ဒ်(စ်) (Maimonides) ရေးသားဖော်ပြခဲ့သောအချက်များ၏ ပဲ့တင်ထပ်မှုအား ကျွန်ုပ်တို့ တွေ့ရှိခဲ့ရပြီးဖြစ်သည်။ ဤနေရာတွင် ထင်ရှားကျော်ကြားသော ဂျူးလူမျိုးဒဿနပညာရှင် ဝိတ်ဂင်းစတိန်း(Wittgenstein) ရေးသားချက်၏ ပဲ့တင်ထပ်သည့် ထင်ဟပ်မှုကိုလည်း တွေ့ရပြန်သေးသည်။ ထာဝရဘုရားသခင်၏ အကြောင်း ရေးသားဖော်ပြသည့် စကားလုံးများမှာ မိုင်နိုမိုက်ဒ်(စ်)၏အဆိုအရ အားလုံးတို့မှာ မူလဘူတ သဘာဝကို တိကျစွာညွှန်းဆိုချက်နှင့် မဆီလျော်၍ ဥပမာနှင့်ဥပမေယျ ထင်ဟပ်မှု မရှိသော စကားလုံးများဖြစ်သည်။

မိုးဇက်က ထာဝရဘုရားသခင်အား သိရှိနားလည်လို၏၊ ထို့ကြောင့် ထာဝရဘုရားသခင်အား သူက မည်သည့်အမည်နာမကိုပေး၍ မည်သို့ခေါ်ဆိုရပါမည်နည်း၊ ထာဝရဘုရားသခင် အရှင်မြတ်က မိန့်ကြားသည်မှာ "ငါသည် ငါသာလျှင်ဖြစ်၏။" ဤအချက်၏ ရိုးရှင်းသော အဓိပ္ပါယ်မှာ၊ သူ(He)သည် သူသာလျှင်ဖြစ်၍ သူသည်(He) မည်သည့်အရာဖြစ်သည်ကို နားလည်ရန်မဟုတ်ပေဟူ၍ ဆိုသည့်စကားမှာ လူသားများအတွက် ပြည့်စုံလုံလောက်၏။ တစ်နည်းဆိုရသော် တင်းကြပ်စွာ ချုပ်ချယ်ထားသော စည်းစနစ်ဖြင့် ချီးကျူးကော်ရော်ထုတ်ဖော်၍ ဝတ်ပြုပူဇော်ခြင်းသည် ထာဝရဘုရားသခင်အား အာရုံပြု၍မရပေ။ စိန်သောမက်စ် အက်ကွင်းနပ်စ် (St.Thomas Aqcuinas)က အန္ဓလောကီယ အင်းတစ်(စ်)(analogiaentis)ခေါ် "တစ်ချိန်တည်း၌ တစ်ပြိုင်တည်းဖြစ်ပေါ်သည့် အကျိုးသက်ရောက်မှုအား ၎င်းတို့သဘောတရားကို ဖွံ့ဖြိုးတိုးတက်ရန် အားထုတ်ခဲ့သည်၊ ထို့နောက် ကာလရွေ့လျော တစ်ချိန်သောအခါ၌ ပေါ်လ်တီလီချ် (Paul Tillich)က "ငါသည် ငါသာလျှင်ဖြစ်၏"(I am that I am)မှ ပေါ်ထွက်လာသော ထာဝရဘုရားသခင်ပြောစကား(God-Talk)နှင့်ဆက်နွယ်၍ ၎င်း၏အမှတ်အသားသင်္ကေတ သဘောတရားအားဖော်ပြချက်ကို ရှေ့သို့တက်လှမ်း ဆန်းသစ်စေခဲ့သည်။ တစ်နည်းအားဖြင့်

ထာဝရဘုရားသခင်အား မသေချာသည့်ပုံးတွေ့မြင်ရခြင်း၊ သို့မဟုတ် တည်ကြည်သော စိတ်ကြောင့် အာရုံ၌ပူးတွေ့ရခြင်း၊ သို့မဟုတ် သမာဓိစွမ်းအားဖြင့် ပူးတွေ့ရခြင်းအဆင့် ရရှိခြင်းဟူသော ရှုမြင်သုံးသပ်ချက်သဘောအရ ထာဝရဘုရားသခင်ပြောစကား(God-Talk)ကို ဖေါ်ပြရန် ကျွန်ုပ်တို့ပြုလုပ်နိုင်ကောင်း ပြုလုပ်နိုင်မည်ဖြစ်၏။ အိန္ဒိယလူမျိုးများ၏ အတွေးအခေါ် အယူအဆအတွင်း၌ ဝိဝါဒကွဲသောနည်းလမ်းဖြင့် ရေးသားဖေါ်ပြချက်များသည် စနစ်တကျနှင့် အနုပဋိလောမ နည်းကျစွာဖြင့် ရေးသားဖေါ်ပြရန် ကျွန်ုပ်တို့ပြုလုပ်နိုင်ကောင်း ပြုလုပ်နိုင်မည်ဖြစ်၏။ အိန္ဒိယလူမျိုး၏ အတွေးအခေါ်အယူအဆအတွင်း၌ ဝိဝါဒမကွဲသောနည်းလမ်းဖြင့် ရေးသားဖေါ်ပြချက်များသည် စနစ်တကျနှင့် အနုပဋိလောမနည်းကျစွာဖြင့် ဗုဒ္ဓဘာသာ၌ နာဂါဇုန(Nagarjuna)နှင့် နာဂသေန (Nagasena)တို့တွင် လည်းကောင်း၊ အဒွိဝါဒ (Advaitism)၌ ရှန်ကာရ(Shankara) တွင်လည်းကောင်း ရှေ့တန်းတင်ရေးသားထားသည်။ ကဗီးရ်(Kabir)၏ ဟောပြောချက်များက လည်း အရေးကြီးပါသည်။

ထာဝရဘုရားသခင်(God) ဟူသောစကားသည် အနှစ်သာရအားဖြင့် ကုသိုလ်ကောင်းမှုဟူသော အဓိပ္ပါယ်ဖြစ်သည်။ ကောင်းမြတ်ခြင်းသည် ထာဝရဘုရားသခင်၏ဆန္ဒ၌ မူတည်နေပါသလား? သို့မဟုတ် ထာဝရဘုရားသခင်က ဆန္ဒပြုပါသလား? အဘယ့်ကြောင့်ဆိုသော် သူ(He) သည် ကောင်းမြတ်ခြင်း ဖြစ်နေသောကြောင့်ပါလား?။ ဂျူးလူမျိုးတို့သည် ဤအချက်နှင့် ပတ်သက်၍ မည်သည့်အခါကမှ ၎င်းတို့၏စိတ်ကို ဒုက္ခမပေးခဲ့ကြပေ။ သူ(ဂျူးလူမျိုး)က ထာဝရ ဘုရားသခင်သည် ကောင်းမြတ်၍ လူသားထံမှ ကောင်းမြတ်ခြင်းနှင့် သူ(He)က ကောင်းမွန် မြင့်မြတ်စွာဆောင်ရွက်မှုနှင့် မှန်ကန်သော ကိုယ်ကျင့်တရားကိုသာ လူသားတို့ထံမှ အလိုရှိသည်ဟု ခံယူထားသည်။ အသင်၏ထံမှ အရှင်သခင်မြတ်က ဘာကိုအလိုရှိပါသနည်း?။ နှိမ့်ချရိုကျိုးစွာဖြင့် လျှောက်လှမ်းပါ။ တရားမျှတ မှန်ကန်သောကိစ္စကို ဆောင်ရွက်ပြီး သနားဂရုဏာထားခြင်းကို မြတ်နိုးပါ။ အရှင်သခင်မြတ်ကိုယ်တိုင်က သနားညှာတာ ဂရုဏာနှင့် ပြည့်စုံ၍ ကြည်လင်ရွှင်လန်း ငြိမ်းချမ်းတော်မူပြီးလျှင် ဒေါသထွက်ရန် ဖင့်နှေးသည့်အပြင် ကြီးကျယ်များမြတ်သော ဂုဏ်တော် အပေါင်း ခညောင်း၏။ ထို့ကြောင့် အရှင်သခင်မြတ်ကြီးက လူသားအား အမှန်တရား၌သာ မွေ့လျော်ရန်နှင့် မုဆိုးမများနှင့် မိဘမဲ့ကလေးများအား ဂရုစိုက်စောင့်ရှောက်ပြီး ချိုးနှိမ်နှိပ်ကွပ်ခြင်း

ကင်းစေရမည်။

အကယ်၍သာ ထာဝရဘုရားသခင်သည် မှန်ကန်ခြင်းတစ်ခုတည်းသာလျှင် ဖြစ်ပါမူကား ကမ္ဘာလောကကြီးသည် တည်တံ့နေလိမ့်မည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် လူသားမှာ အပြစ်အနာအဆာများရှိကြပြီး အပြစ်ပေးခြင်း ခံရမည်သာဖြစ်သည်။ ထို့ကြောင့် သူ၏(His) တရားမျှတမှန်ကန်ခြင်းသည် သနားခြင်း၊ ဂရုဏာနှင့် ခွင့်လွှတ်ခြင်း၊ မေတ္တာတို့နှင့် ရောပြွန်းလျက်၊ မြေအိုးပြုလုပ်သူက မြေအိုးကိုရိုက်သကဲ့သို့ ကောင်းစေလိုသည့်ဆန္ဒဖြင့် ရိုက်နှက်သကဲ့သို့ဖြစ်၏။

အားလုံးသောအရာတို့ထက် ထာဝရဘုရားသခင်က မြင့်မြတ်တော်မူ၏။ ထို့ကြောင့် သူ့(Him)အား လူသားက သူ၏ သာမန်မျက်လုံးများဖြင့် မတွေ့မြင်ပေ။ အဘယ့်ကြောင့်ဆိုသော် သူသည် မုချမသေ့သေရလိမ့်ဦးမည်။ လူသားသည် အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလတို့တွင် အပြစ်အနာအဆာ မကင်းစင်ကြသောကြောင့်ဖြစ်၏။(Issiah 6.5)

''အရှင်သခင်ထာဝရဘုရား၊ အရှင်သခင်၏ကျောင်းတော်သို့ မည်သူဝင်ရောက်လာမည်နည်း?''...

ထာဝရဘုရားသခင်၏ အမိန့်တော်ပညတ်ချက်တိုင်းကို လေးစားလိုက်နာ၍ မှန်ကန်ရာကို အမြဲတစေလုပ်ဆောင်ပြီး မှန်ကန်၍ရိုးသားဖြူစင်စွာဖြင့် အခြားသူများ အပြစ်ရစေရန် မဟုတ်မမှန်လိမ်လည်ပြောကြားခြင်းမပြုသူ လူတစ်ယောက်သည် ...။(Psalm. 15)

အမိန့်တော်ကို ရိုသေလေးစားလိုက်နာခြင်းဖြင့်သာလျှင်၊ ထို့ပြင် ဝတ်ပြုဆုတောင်းမှုဖြင့်သာလျှင် လူတစ်ယောက်သည် မိမိကိုယ်မိမိမြင့်မြတ်အောင် ဆောင်ရွက်နိုင်၏။ ထို့အပြင် အထူးသဖြင့် ဥပုသ်ဆောက်တည်ခြင်းဖြင့်လည်းကောင်း၊ မိမိဝင်ငွေ၏ ၁၀%ကို ပေးကမ်းလှူဒါန်းရန် သူ(He)၏ အမိန့်တော်ပညတ်ချက်အား လိုက်နာခြင်းဖြင့်သော်လည်းကောင်း၊ မိမိကိုယ်မိမိ ဖြူစင်မြင့်မြတ်အောင်ပြုလုပ်နိုင်သည်။ ထာဝရဘုရားသခင်(God)သည် ထာဝရဘုရားသခင်ကဲ့သို့ ကျင့်ကြံမှုနှင့်နီးကပ်ပြီး ထာဝရဘုရားသခင်ကဲ့သို့ မဟုတ်သော ကြံစည်စိတ်ကူးမှုမှ ဝေးကွာစွာ ရှောင်ကျဉ်နေထိုင်ပါ၏။ ကျွန်ုပ်တို့ မည်ကဲ့သို့ထက်သန်သောသဒ္ဓါတရားဖြင့် ထာဝရဘုရားသခင် အပေါ်တွင် ခိုင်မြဲသောယုံကြည်ချက်ထားရှိနိုင်မည်နည်း?။

ကောင်းပြီ၊ အကယ်၍ ယုံကြည်သူတစ်ဦးကြောင့် တစ်စုံတစ်ယောက်သည် လူကောင်း

သူကောင်းဖြစ်ခဲ့သည်ရှိသော် သူ၏ယုံကြည်ချက်သည် မယိမ်းမယိုင် ခိုင်မြဲသွားပါပြီလော?။ သို့သော် ဤယုံကြည်ချက်မှာ အကြောင်းအကျိုး အကောင်းအဆိုး သိရှိနားလည်ခြင်းဟူသော အကူအညီမပါပဲနှင့် မယိမ်းမယိုင် တည်တံ့၍နေနိုင်သော်လည်း ခိုင်မာသည့် ယုံကြည်ချက်တော့ မဟုတ်ပေ။ ကျွန်ုပ်တို့သည် အကြောင်းအကျိုး အကောင်းအဆိုးကို သိရှိနားလည်မှုတစ်ခုတည်း ဖြင့်လည်း အကူအညီရရှိရေးအတွက် လက်ခံသင့်ပါသလား?။ လက်မခံသင့်ပါ။ အဘယ်ကြောင့် ဆိုသော် ထိုအကြောင်းချင်းရာတွင် ဝိရောဓိရှိနေသောကြောင့်ဖြစ်ပါသည်။ ဤအချက်သည် ဟိန္ဒူဘာသာတွင် ရာမနုဂျာ(Ramanuja) ခံယူကျင့်သုံးခဲ့သော အယူအဆအတိုင်း အတိအကျ ဖြစ်သည်။ ထို့ကြောင့် ဂျူးလူမျိုးတစ်ဦးအဟွက် အကောင်းဆုံးအချက်မှာ ကျွန်ုပ်တို့၏ ထာဝရဘုရားသခင်အပေါ် ယုံကြည်မှုကို ရိုးရာအစဉ်အလာနှင့် အကြောင်းအကျိုး အကောင်း အဆိုးကို ဝေဖန်ဆန်းစစ်မှု နှစ်မျိုးလုံးအား အခြေခံထားရန်ဖြစ်သည်။

## လူသားအကြောင်းဟောကြားချက် The Teaching about Man

လူသားအား ဖန်ဆင်းမှုအကြောင်းလှပသော စာပန်းချီဖြင့်ရေးသီထားသော အကြောင်း အရာရှိပါသည်။ [3] (The same kind of anecdote is found in Islam) လူသားအား ဖန်ဆင်းခြင်းမပြုမီ ထာဝရဘုရားသခင်သည် ဒိဗ္ဗစက္ခု(divine wisdom)ဟူ၍ဆိုနိုင်သည့် ထိုရပ် (Torah)နှင့် ညှိနှိုင်းတိုင်ပင်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် မကောင်းမှု အပြစ်အနာအဆာ အပြည့်အဝဖြစ်လာနိုင်သည့်အရေး မျှော်တွေးမိခြင်းကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ အရှင်သခင်ထာဝရဘုရားက လူသား၏ မကောင်းမှုအပြစ်အနာ အပြည့်အဝဖြစ်လာနိုင်သည့် အရေးကို မယုံရခက် ယုံရခက်နှင့်၊ သို့လော သို့လော တွေးတောကြံစည်လျက် ငြိမ်သက်စွာနေ တော်မူခဲ့၏။ မှန်ပါ၏။ လူသားအား မကောင်းမှုဒုစရိုက် ချောက်ကမ်းပါးသို့ ကျွမ်းထိုးကျမည့်အရေး တွေ့မြင်ရပေ၏။ သို့သော် ကုစားနိုင်ရန်ဆေးဝါးကိုလည်း ဖန်တီးထားခဲ့၏။

(၁) ပထမအချက်မှာ လူသားအား မှားယွင်းသော(ဝါ) မမှန်ကန်သော လုပ်ဆောင်ချက် အတွက် ကုဋ္ဌာစ္စ ခေါ် မိုက်ပြစ်နောင်တ အတိုင်းအတာပမာဏကို ပေးခဲ့ပြီးဖြစ်သည်။ အကယ်၍ လူသားက ကုဋ္ဌာစ္စ ခေါ် မိုက်ပြစ်နောင်တ ရရှိသွားပါက ထာဝရဘုရားသခင်က

နှလုံးမသာမယာဖြစ်သော ခံစားချက်အား တားဆီးထားနိုင်လိမ့်မည် မဟုတ်ချေ။

(၂) ထို့မှတပါး ကောင်းသောအမှု ဆောင်ရွက်ခြင်းနှင့် ကိုယ်ကျင့်သီလ ကောင်းမြတ်မှန်ကန်သော လုပ်ဆောင်မှုများက သူ၏အပြစ်အနာများအတွက် ပြန်လည်ပေးဆပ်သကဲ့သို့ ဖြစ်ရသည်။

(၃) တတိယအချက်မှာ ငရဲသို့ကျရောက်မည့်အရေးတွေး၍ ကြောက်လန့်ခြင်းနှင့် ထက်ကောင်းကင်ရွှေဘုံနန်းသို့ ရောက်ရှိစံမြန်းရန် မျှော်လင့်ခြင်းသည် လူသားအား မကောင်းမှုဒုစရိုက်ကို ရှောင်ရှားရန် အကူအညီပေးလိမ့်မည်။

(၄) နောက်ဆုံးအနေဖြင့် လူသားများအားလုံး ကယ်တင်လွတ်မြောက်စေခြင်းနှင့် မက်ဆီးယပ် (Messiah)ခေါ် ဂျူးလူမျိုးများက ၎င်းတို့အား လွတ်လပ်ရေးကို ဆောင်ကျဉ်းပေးမည့် ကယ်တင်ရှင် ဖြစ်လာလိမ့်မည်။

(၅) ထို့မှတပါး အခြားတစ်ချက်မှာ လူသားများသည် ဝတ်ပြုဆုတောင်းရန် သင်ကြားခြင်းခံရသည်။ ထာဝရဘုရားသခင်နှင့် လူသား၏အကြားရှိ ပင်လယ်ကွေ့အား ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးသူသည် မျက်ရည်ကျရသော ဝတ်ပြုဆုတောင်းသူဖြစ်သည်။

လူသားအား ဖန်ဆင်းခြင်းနှင့်စပ်လျဉ်း၍ ဂျူးဘာသာ၏ ရေးသားဖော်ပြချက်က လူသားသည် အပြစ်အနာအဆာ အပြည့်အဝရှိသည့်အခြေအနေသို့ ကျဆင်းဖွယ်ရာ တွေ့ကြုံရမည်ဟူ၍ သဘောတူညီသည်။ သို့သော် ထာဝရဘုရားသခင်က သူ၏(His)ဖန်ဆင်းမှု တစ်ခုလုံးအပေါ် လူသားအား သူ၏ကိုယ်ပိုင်ပုံရိပ်လွှာအတွင်း ဖန်ဆင်းတော်မူခဲ့၏။ [4] (The book of Genisis 1.27; 5.1.9.6)။ ဤနည်းအားဖြင့် လူသားသည် ထာဝရဘုရားသခင်၏ သဘောသဘာဝနှင့်တူညီသော ဘက်တော်သားတစ်ဦးဖြစ်၍ အချို့သောတိုးပွားလာသည့် ယုံကြည်သူများအား ထာဝရဘုရားသခင်၏ ဂုဏ်တော်ကို သိနားလည်စေသည်။ ဤအချက်ကို အောက်တွင်ဖော်ပြပါ Psalm 8 ခေါ် သမ္မာကျမ်းစာထဲမှ မြင့်မြတ်သော ဓမ္မတေး၌ တွေ့ရပါသည်။

''အရှင်သခင်ဖန်တီးထားသော မိုးကောင်းကင်မှ ကြယ်တာရာများနှင့် လစန္ဒာအား အရှင်သခင် ချိတ်ဆွဲထားသည့် ၎င်းတို့တည်ရှိရာနေရာများစွာသို့ ကျွန်ုပ်မော်ကြည့်၍ နေမိ၏။ ...အရှင်က သူ့အား စဉ်းစားကြည့်ပါလား၊ သူကား လူသားမဟုတ်ပါလား၊ သူ့အတွက် စောင့်ရှောက်မှုများ အရှင်သခင်က ပြုပေးပါလား၊ သူကား လူသားမျှသာ

ပါတကား! ။ အရှင်သခင်ကိုယ်တော်တိုင်အဖို့ သူသည် သိမ်ငယ်သောသတ္တဝါမျှသာ ဖြစ်စေဖို့ သူ့ကို အရှင်သခင်က ဖန်ဆင်းထားလို့။ အရှင်သခင်က သူ့အား ဂုဏ်သိက္ခာနှင့် ဂုဏ်ပြုခြင်းဖြင့် မြှင့်တင်ချီးမြှောက်ပေးပါလို့။ အရှင်သခင်ကပင် ခန့်အပ်ထားကြီး ဖန်ဆင်းထားလို့ပင်။ အရှင်သခင်က သူ့အား ဖန်ဆင်းမှုအားလုံး၏ အပေါ်တွင် နေရာပေးထားခဲ့သည်ပင်။" (Psalm 8.3-6)

လူသားသည် ဂုဏ်သိက္ခာရှိစွာဖြင့် ချီးကျူးဂုဏ်ပြု မြှင့်တင်ထားခြင်းခံရသောအခါ၌ သူ၏အစွမ်းကုန် အင်အားဖြင့်လည်းကောင်း၊ သူ၏အစွမ်းကုန်ဉာဏ်အားဖြင့်လည်းကောင်း၊ သူ၏အစွမ်းကုန် သဒ္ဓါအားဖြင့်လည်းကောင်း၊ သူ၏ အမြင့်မားဆုံးသော ဝန်ချတောင်းပန်ခြင်းနှင့် ထာဝရဘုရားသခင်အား ချစ်မြတ်နိုးရန်မှာ သူ၏တာဝန်ဖြစ်သည်။ ထာဝရဘုရားသခင်အား ချစ်မြတ်နိုးရမည်ဟူသောအဓိပ္ပါယ်မှာ သူ၏(His)ပညတ်တော်များကို လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။ ယင်းပညတ်တော်များကို သူ၏ (His)တပည့်ကြီး မိုးဇက်(Moses)မှတဆင့် ဆိုင်းနိုင်း(Sainai)တောင်ထိပ်တွင် အရှင်သခင်ထာဝရဘုရားက ဂျူးလူမျိုးများသို့ ပေးအပ်ခဲ့သည်။ အဆိုပါ ပညတ်တော်(၁၀)ချက်အား ဤကဲ့သို့ အစဉ်အလိုက် ပြဌာန်းထားခဲ့၏။ (Exodus 20-3-17)

(၁) ငါ ထာဝရဘုရားသခင်၏ရှေ့မှောက်၌ အသင်သည် အခြားဘုရားသခင်တို့အား ကိုးကွယ်ဆည်းကပ်ခြင်းမပြုရ။
(၂) အသင်သည် အသင့်အား ဖြတ်တောက်ထွင်းထုထားသည့် ရုပ်ထုမဖြစ်စေရ။
(၃) အသင်သည် အရှင်သခင်ထာဝရဘုရားသခင်၏ အမည်နာမတော်အား အချည်းနှီးမဖြစ်စေရ။
(၄) ဥပုသ်နေ့ကို မြင့်မြတ်သောနေ့အဖြစ် မမေ့ရ။
(၅) အသင့်အား အရှင်သခင်ထာဝရဘုရားသခင်က ပေးသည့်မြေကြီးပေါ်တွင် အသင်၏ဖခင်နှင့် မိခင်တို့အား နေ့ရက်များစွာ အသက်ရှည်ကြာနေနိုင်အောင် ဂုဏ်ပြုပါ။
(၆) အသင်သည် သူတစ်ပါး၏အသက်ကို သတ်ဖြတ်မှုမှ ရှောင်ကျဉ်ပါ။ (Ahimsa- in Jainism which means non-injury)
(၇) အသင်သည် လက်ထပ်ထိမ်းမြားထားသည့် ကာမပိုင်လင်ယောကျ်ားရှိသူ အမျိုးသမီး

တစ်ဦးအား ကာမဆက်ဆံမှု မပြုပါနှင့်။ (Brahmacarya in Jainism)

(၈) အသင်သည် သူတစ်ပါးက မပေးသောပစ္စည်းကို ခိုးယူခြင်းမပြုနှင့်။ (Asteya in Jainism)

(၉) အသင်သည် မမှန်ကန်သောစကားကို မပြောကြားပါနှင့်။ (Satya in Jainism) သင်၏ အိမ်နီးချင်းအတွက် မမှန်ကန်သည့်အချက်ကို မှန်ကန်သည်ဟူ၍ သက်သေမခံပါနှင့်။

၁၀။ အသင်သည် သူတစ်ပါးပိုင်ဆိုင်သည့်ပစ္စည်းကို အလွန်လိုလားနှစ်သက်မှု မထားပါနှင့်။ (Aparigraha in Jainism*)

** ဤနည်းအားဖြင့် ပညတ်တော်ငါးပါး (အမှတ်စဉ်–၆ မှ ၁၀ ထိ)မှာ ဂျိန်းဘာသာ၏ ပဉ္စမဟာဗရတ(Pancha maharvrata)နှင့်အလားတူအဓိပ္ပါယ်ဖြစ်၍ ယင်းပဉ္စမဟာဗရတအား အိန္ဒိယနိုင်ငံ ဘာသာယုံကြည်ကိုးကွယ်မှုများ လက်ခံသည့်သီလဖြစ်သည်။*

*(မှတ်ချက်– ဘာသာယုံကြည်ကိုးကွယ်မှုတိုင်းသည် လူ့လောကကြီးပွားတိုးတက်ရေးအတွက် ၎င်းတို့ယုံကြည်ကိုးကွယ်သည့် ဘာသာအလျောက် ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စိတ်ထားမြင့်မြတ်ရေး၊ တရားမျှတမှန်ကန်မှုရှိရေးတို့ကို တပြေးညီ ဟောကြားပြသလမ်းညွှန်မှု ပြုကြပါသည်။ လူ့ဘဝ၏ အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန်နည်းလမ်းရှာကြံ၊ ကျင့်ကြံကြိုးစားကြရာ၌ ဘာသာယုံကြည်ကိုးကွယ်မှု တစ်ခုနှင့်တစ်ခု မတူညီပဲ ယူဆချက်အမျိုးမျိုး ကွဲလွဲလျက်ရှိနေကြသည်ကိုတွေ့ရပါသည်။*

*အထက်ပါ ဂျူးဘာသာ၏ကိုယ်ကျင့်တရား စောင့်ထိန်းမှုစည်းမျဉ်းနှင့် ကျင့်စဉ်များပါဝင်သည့် ပညတ်တော် (၁၀)ပါးတွင် ပါဝင်သည့်အချက်များနှင့် နှိုင်းယှဉ်လေ့လာနိုင်ရန် သီလ၊ သမာဓိ၊ ပညာဟူသောအပိုင်းမှ အခြေခံအကျဆုံးဖြစ်သော ငါးပါးသီလ၊ ရှစ်ပါးသီလ၊ နဝင်္ဂသီလ ခေါ် ကိုးပါးသီလတို့ကို အောက်တွင်ဖော်ပြလိုက်ပါသည်–*

*ငါးပါးသီလ*

*၁။ ပါဏာတိပါတာ၊ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။*

*သူတစ်ပါး၏ အသက်ကို သတ်ဖြတ်ငြင်းဆဲခြင်းမှ ရှောင်ကျဉ်ပါ၏။*

*၂။ အဒိန္နာ ဒါနာ၊ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။*

*မပေးသော သူတစ်ပါး၏ ဥစ္စာပစ္စည်းကို မယူဆောင်မသုံးစွဲ ရှောင်ကျဉ်ပါ၏။*

၃။ ကာမေသုမိစ္ဆာစာရာ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ကာမပိုင်လင်ယောကျာ်း/ဇနီးမယား ရှိသူတစ်ဦးနှင့်လိင်ဆက်ဆံခြင်းမှ ရှောင်ကျဉ်ပါ၏။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

သူတစ်ပါးအား နစ်နာမှုဖြစ်စေလိုသည့်စေတနာဆန္ဒဖြင့် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကျဉ်ပါ၏။

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ကောင်းသောအမှုပြုလုပ်ရန် မေ့လျော့စေနိုင်သည့် ယစ်သေရည်ငါးမျိုးအားမှီဝဲခြင်းမှ ရှောင်ကျဉ်ပါ၏။

**ရှစ်ပါးသီလ**

၁။ ပါဏာတိပါတာ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာ ဒါနာ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

မမြတ်သောအကျင့်(ကာမဆက်ဆံမှု)မှ ရှောင်ကျဉ်ပါ၏။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

နေ့လွဲညစာ သုံးဆောင်ခြင်းမှ ရှောင်ကျဉ်ပါ၏။

၇။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ ဓရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ကခုန်ခြင်း၊ သီချင်းသီဆိုခြင်း၊ သီချင်းနားဆင်ခြင်းစသည်တို့မှ ...။

၈။ ဥစ္စာသယန၊ မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ရွှေငွေဥစ္စာပစ္စည်းတို့ကို ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မြင့်သော၊ မြတ်သောနေရာတွင် နေထိုင်ခြင်းမှ ရှောင်ကျဉ်ပါ၏။

**ကိုးပါးသီလ (ဝါ) နဝင်္ဂသီလ**

အမှတ်စဉ် (၁)မှ (၈) အထိ ရှစ်ပါးသီလနှင့် အတူတူဖြစ်ပြီး နောက်ဆုံး(၉)ပါး မြောက်သီလမှာ–

*(၉)မေတ္တာသဟဂတေန၊ စေတသာ၊ သဗ္ဗပါဏ ဘူတေသု ဖရိတွာ၊ ဝိဟာရန် သမာဒိ ယာမိ။ အားလုံးသော သတ္တဝါများတို့အပေါ်တွင် မေတ္တာစိတ်အညီအမျှ ဖြန့်ကျက်နေထိုင်ခြင်းကို ကျင့်သုံးနေထိုင်ပါမည်။*

*ရဟန်းသံဃာတော်များ ကျင့်သုံးလိုက်နာရမည့်စည်းကမ်း(Conduct rules for the monks)များမှာ ၂၂၇–သွယ်သော သိက္ခာပုဒ်များဖြစ်ပါသည်။*

*သာမဏေကိုရင်များ(Novices)များမှာလည်း လိင်ဆယ်ပါး၊ ဒါဏ်ဆယ်ပါးတို့ဖြင့် ပြစ်ဒါဏ်မထမ်းဆောင်ရစေရန် ဆယ်ပါးသီလကို စောင့်ထိန်းရပါသည်။*

*သီလရှင်များမှာမူကား ရှစ်ပါးသီလကိုသာ မကျိုးမပေါက်စေရန် စောင့်ထိန်းရပါ၏။*

*မည်သူပင်ဖြစ်စေ သီလဆောက်တည်တော့မည်ဟု ဆုံးဖြတ်ပြီး သီလတစ်မျိုးမျိုးကို တောင်းခံသည့်အခါ၌*

*ဩကာသကန်တော့ချီး ဆိုရပါသည်။ (ခွင့်ပြုပေးပါရန်ဟူ၍ ဖြစ်သည်။) ရတနာသုံးပါးကို ကန်တော့ရသည်။ ထို့နောက် အဟံဘန္တေမှစ၍ ရွတ်ဆိုပန်ကြားပြီး မိမိခံယူလိုသည့်သီလ အမျိုးအစားကိုလိုက်၍ –*

*အဟံဘန္တေတိသဏေနသဟ၊ ပဉ္စသီလံ (ငါးပါးသီလ)*

*" " အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ (ရှစ်ပါးသီလ)*

*" " နဝင်္ဂသမန္နာဂတံ (ကိုးပါးသီလ)*

*...အဟံဝန္ဒာမိ– ဟူ၍ဆိုလျှင် သီလချီးမြှင့်ပေးမည့် ရဟန်းသံဃာက ရှေ့မှချပေးသည့် အတိုင်းဖြစ်စေ၊ မိမိ ဘာသာမိမိ အိမ်၌သီလဆောက်တည်လိုပါလျှင် မိမိကိုယ်တိုင် ဘုရား၊ တရား၊ သံဃာတို့၏ ဂုဏ်ကျေးဇူးတော်တို့ကို အောက်မေ့ကန်တော့ရှိခိုး၍ ခံယူဆောက်တည် နိုင်ပါသည်။ – ဘာသာပြန်သူ)*

ဖန်ဆင်းတော်မူရခြင်း၏ ရည်ရွယ်ချက်အပြည့်အစုံမှာ ကိုးကွယ်မှုယုံကြည်မှု ဆိုင်ရာ အစီအစဉ်တကျဖြစ်စေရန်နှင့် ကမ္ဘာမြေပေါ်တွင် ထာဝရဘုရားသခင်၏နိုင်ငံတော် (Kingdom of God)ကို တည်ထောင်သွားရန်ဖြစ်သည်။ ထို့ကြောင့် ထိုအချက်၏ ဆိုလိုသည့် အဓိပ္ပါယ်မှာ ယုံကြည်ကိုးကွယ်မှုဆိုင်ရာရှုမြင်ပုံနှင့် ကမ္ဘာမြေပေါ်မှ ဘာသာယုံကြည်ကိုးကွယ်ခြင်း

နှင့်ဆိုင်သည့် ရည်ရွယ်ချက်များကို လူသားက မျှဝေခံယူခြင်းကိုဆိုလိုသည်။ ထာဝရဘုရားသခင်က တိုးပွားများပြားရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်ပြောကြားလျက် လူသားအားဖန်ဆင်းခဲ့သည့်အပြင် ၎င်းအားကောင်းချီးမင်္ဂလာ ဖြစ်စေခဲ့၏။

"ငါသည် အသင့်ကို ငါးများ၏အကြီးအကဲအဖြစ်လည်းကောင်း၊ ငှက်များ၏အကြီးအမှူးအဖြစ်လည်းကောင်း၊ အားလုံးသောတောရိုင်းတိရစ္ဆာန်များ၏ အရှင်သခင်အဖြစ်လည်းကောင်း၊ ထိုအကြီးအကဲနေရာ၌ ထားရှိပေးနေ၏။ ငါက သင်စားသုံးရန်သီးနှံအမျိုးအစားအားလုံးကို လည်းကောင်း၊ သစ်သီးဝလံအားလုံးကိုလည်းကောင်း ဖန်ဆင်းထားခဲ့ပြီးပြီ။" ...(Gensis 1; 28-29)

ထို့ကြောင့် ဂျူးလူမျိုးတစ်ယောက်သည် သာမန်ဝမ်းသာပျော်ရွှင်မှုမပါသည့် ရိုးသားဖြူစင်သည့်ဘဝအား ပြင်းထန်စွာကြိုးစားမှုပြုရသည့် လူတစ်ဦးဖြစ်လာရန် မလိုအပ်သည့်အပြင် ကမ္ဘာလောကအား ဝမ်းနည်းမှုများ ပြည့်နှက်နေသည့်လောကအဖြစ် ကြည့်မြင်ရန်မလိုအပ်ပေ။ ဂျူးလူမျိုးများအဖို့ရာတွင် ဘဝသည်မြင့်မြတ်၏။ အဘယ့်ကြောင့်ဆိုသော် သူ(He)က ဖန်ဆင်းတော်မူခဲ့ပြီး၊ ကမ္ဘာမြေကြီးပေါ်၌ အရာဝတ္ထုများအားလုံးကို ဖန်ဆင်းထားခဲ့ပြီးဖြစ်သောကြောင့်ဟူလို။ ဖြောင့်မတ်မှန်ကန်မှုနှင့် သနားကြင်နာမှုကို ချစ်မြတ်နိုးလျက် ထာဝရဘုရားသခင်နှင့်အတူ လူတစ်ဦး၏ နိဗ္ဗာနမင်္ဂလာဖြင့် (မိမိကိုယ်မိမိ နှိမ့်ချလျက်)ဘဝကို တည်ဆောက်ခြင်းအားဖြင့် ဤကမ္ဘာမြေ၏ ရုပ်ပိုင်းဆိုင်ရာ အခြေအနေများနှင့် လူမှုဆက်ဆံရေးကို လူတစ်ယောက်အနေဖြင့် ဖန်တီးနိုင်မှသာလျှင် ဤကမ္ဘာမြေကြီးနှင့်စပ်လျဉ်းသည့် ဘာသာယုံကြည်မှုဆိုင်ရာရည်မှန်းချက်ပြည့်ဝမည်ဖြစ်သည်။ ထို့ကြောင့် လူသားသည် Shekhinah (which means the presence of God)ခေါ် ဤစကြဝဠာကမ္ဘာလောကဇါတ်၏ လျှို့ဝှက်ချက်ကို နားလည်နိုင်ရန် သေတ္တာထဲမှပစ္စည်းကို သော့နှင့်ဖွင့်ပြီး သေတ္တာလှပ်ကြည့်ရန် သော့သည် အရေးကြီးသကဲ့သို့ လူသားသည် စကြဝဠာ၏လျှို့ဝှက်ချက်အတွက် အရေးကြီးလှပေ၏။ ဤနည်းအားဖြင့် ပညတ်တော်ဆယ်ပါးနှင့် အခြားသောလူ့ကျင့်ဝတ်ဆိုင်ရာ ဥပဒေစည်းကမ်းများအား လိုက်နာခြင်းသည် ထာဝရဘုရားသခင်၏ ကျေးကျွန်သဖွယ်ဖြစ်လာခြင်း မဟုတ်သည့်အပြင် ထာဝရဘုရားသခင်၏ အပေါင်းအသင်းရောင်းရင်းမိတ်ဆွေအဖြစ်ခံယူလျက် ဘဝနေထိုင်ကျင့်ကြံနည်းဖြစ်၍ ကျွန်ုပ်–အသင် ဆက်ဆံမှု

(I-Thou)ဖြစ်သည်။

ဂျူးလူမျိုးတစ်ယောက်မှာ မြင့်မြတ်ခြင်းဖြင့် နေထိုင်ရန်လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူ့တွင်မြင့်မြတ်တော်မူသော အရှင်သခင်၏လမ်းစဉ်အတိုင်း လျှောက်လှမ်းသွားရန်လည်း တာဝန်ရှိသောကြောင့်ဖြစ်၏။ လူမှုရေး တရားမျှတမှုမရှိခြင်းနှင့် ဖိနှိပ်ချုပ်ချယ်ခြင်းကို ဆန့်ကျင်သည်ဟူ၍ အဓိပ္ပါယ်ရသော မှန်ကန်တရားသောလမ်းမှန်အတိုင်း ကျင့်သုံးရန် သူ့မှာတာဝန်ရှိသည်။ ပညတ်တော်အမှတ်(၅)မှ (၁၀)အထိတို့မှာ မိသားစုအပေါ်သစ္စာရှိခြင်းနှင့် လူမှုရေးတည်ငြိမ်မှုနှင့် တကွ စည်းမျဉ်းစည်းကမ်း ထိန်းကျောင်းပေးထားသည်။ "မသတ်ဖြတ်ရ"ဟူသည်မှာ အများအားဖြင့် လူများကဲ့သို့သော သက်ရှိသတ္တဝါတို့အား အသက်ကိုရန်ရှာခြင်း မပြုရန်ဖြစ်သည်။ မှန်၏၊ ဂျူးလူမျိုးတစ်ယောက်သည် သူ၏ထာဝရဘုရားသခင်အား သူ၏အသဲနှလုံးထဲမှလည်းကောင်း၊ သူ၏အသက်ဝိညာဉ်အားဖြင့်လည်းကောင်း၊ သူ၏ ခွန်အားရှိသမျှဖြင့်လည်းကောင်း၊ ချစ်မြတ်နိုးတန်ဘိုးထားရန်မျှသာမကပဲ ပညတ်တော်၏အရေးကြီးသော နောက်တစ်ချက်မှာ "သင်၏ အိမ်နီးနားချင်းများအပေါ်တွင် ကိုယ်တိုင်ကဲ့သို့ ချစ်ခင်မြတ်နိုးတန်ဖိုးထားပါ" ဟူ၍ ဖြစ်၏။ (Leviticus 19.18)

ဘဝတစ်လျှောက်လုံးတွင် အရေးကြီးဆုံးသော စည်းမျဉ်းဥပဒေသမှာ "Imitaion Dei" ခေါ် "ထာဝရဘုရားသခင် အတုအယောင်" Imitation of God" ဖြစ်သည်။ စည်းမျဉ်းစည်းကမ်းတင်းကြပ်ထားသော ကိုယ်ကျင့်တရား စောင့်ထိန်းနေထိုင်ရသော ပုဂ္ဂလိက လူ့ဘဝ၌ ဂျူးလူမျိုးတစ်ဦးတွင် တရားမျှတမှုရှိရန်အတွက်သော်လည်းကောင်း၊ သနားကြင်နာမှုကို ချစ်မြတ်နိုးခြင်းနှင့် ထာဝရဘုရားသခင်နှင့်အတူ မိမိကိုယ်မိမိနှိမ့်ချခြင်းဖြင့်သော်လည်းကောင်း၊ သူ၏ ထာဝရဘုရားသခင်အား တစ်နေ့လျှင် သုံးကြိမ်ဝတ်ပြုဆုတောင်းရာတွင် သူ၏မိုက်မဲစွာ ပြုလုပ်ခဲ့သော အပြစ်များအတွက် နောင်တရရှိ၍ သံဝေဂတရားပွားများပြီးလျှင် သူ၏အပြစ်ကင်းစင်စေရန် ခွင့်ပြုပေးသနားမှု တောင်းခံရန်တာဝန်ရှိသည်။ ဤနည်းအတိုင်း ဂျူးလူမျိုးတစ်ဦးသည် မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်နေထိုင်ခြင်း၊ အခြားသူများအတွက်ကိုလည်း စောင့်ရှောက်မှုပြုခြင်းနှင့် နောက်လာမည့်ဘဝအတွက် ကျင့်ကြံနေထိုင်ရန်ဖြစ်သည်။ ထို့ကြောင့် ရိုးသားမှုရှိသော ဂျူးလူမျိုးတစ်ဦးအဖို့ရာတွင် ကမ္ဘာလောကထဲ၌ ယခုဘဝတွင်သော်

လည်းကောင်း၊ နောက်တစ်ဘဝတွင်သော်လည်းကေင်း၊ ထာဝရဘုရားသခင်အား သူတွေ့မြင်ရသည်အထိ ကြိုးစားရုန်းကန်လှုပ်ရှားမှုများဖြင့် နားနေရန်အချိန် မရှိပါပေ။ သူ၏လူမှုရေးနယ်ပယ်၌ သူ့အား သာမန်မျှသာဖြစ်သော ကြည်နူးသာယာမှုမပါသော ရိုးသားဖြူစင်သည့် ပြင်းထန်စွာကျင့်ကြံအားထုတ်သည့်ဘဝအဖြစ် မတောင်းဆိုပဲ များစွာသောပျော်ရွှင်ချမ်းမြေ့မှုကိုသာ ထပ်လောင်းတောင်းဆိုရန် လိုအပ်ပေ၏။ သူသည် သူ၏ထာဝရဘုရားသခင် မတွေ့မြင် မသိရှိနိုင်သော ပုန်းလျိုးကွယ်လျိုး လုပ်ကိုင်ဆောင်ရွက်နိုင်မည့်နေရာဟူ၍ တစ်စိုးတစ်စိမျှမရှိ ထာဝရဘုရားသခင်သည် နေရာတိုင်း၌ရှိနေသည်ဆိုခြင်းကို အပြည့်အဝသိနားလည်စွာဖြင့် အရာရာကိုဆောင်ရွက်ရသည်။

လူသားသည် ထာဝရဘုရားသခင်၏အမိန့်တော်ကို လိုက်နာလိုက လိုက်နာနိုင်ပြီး မလိုက်နာလိုကလည်း မလိုက်နာပဲနေထိုင်နိုင်ရန် လွတ်လပ်မှုအား ဖန်ဆင်းပေးထားပြီးဖြစ်သည်။ ထို့ပြင် ထာဝရဘုရားသခင်က လူသားတစ်ယောက်သည် အချုပ်အနှောင်မပြုပဲ လွတ်လပ်မှုပေးအပ်ထားသည့်စိတ်ကို အလွဲသုံးစားမှုပြုတတ်သည်ကို သိနားလည်ထားသည်။ အကယ်၍ ထာဝရဘုရားသခင်က အရာခပ်သိမ်းကို သိမြင်နားလည်သည်ဆိုပါက လူသားအား အဘယ်ကြောင့် လွတ်လပ်သောစိတ်နှင့်အတူတကွ ထာဝရဘုရားသခင်က ဖန်ဆင်းခဲ့ရပါသနည်း?။ ဤမေးခွန်းမှာ အစ္စလာမ်ဘာသာနှင့်အတူ ခရစ်ယာန်ဘာသာပါ ဖြေဆိုရမည့်မေးခွန်းဖြစ်သည်။ ထိုမေးခွန်း၏ အဖြေကို ကျွန်ုပ်တို့ အမှန်တကယ်ရှာကြည့်ရန်လိုအပ်နေသည်။ ဖြစ်ပေါ်လာသော စိတ်ထားမြင့်မြတ်မှုနှင့် မှားယွင်းသောစိတ်ဝိညာဉ်(အညာဏ-Ajnana)ကြောင့် ဖြစ်ပေါ်လာသော ပင်လယ်ကြီးလောက်ပင် များပြားလှသည့် အပြစ်အနာအဆာများနှင့် ချိန်ခွင်တွင်တင်၍ ချိန်ထိုးကြည့်လျှင် အပြစ်အနာထည့်သည့်ဘက်မှ အလေးသာကောင်း အလေးသာလိမ့်မည်ဖြစ်သည်။ ကောင်းမြတ်ခြင်းသည် များစွာသောအပြစ်အနာအဆာများအတွက် တန်ဘိုးပေးဆပ်ခြင်းမရှိပဲ မဖြစ်ပေါ်လာနိုင်ပေ။ သို့သော် အငြင်းပွားဖွယ်ရာအကြောင်းရှိသော ဤမေးခွန်းမှာ မည်သည့်နည်းဖြင့်မဆို တစ်ဆူတည်းသော ထာဝရဘုရားသခင်ရှိသည်ဟူ၍ ယုံကြည်သည့် ဘာသာတစ်ခုခု၏ မေးခွန်းထုတ်မှုကို ရင်ဆိုင်ရမည်ဖြစ်သည်။ အဘယ့်ကြောင့် ဂျူးဘာသာတစ်ခုတည်းသာလျှင် လုံးဝနီးပါး အဖြေရှာမရသော ပြဿနာကို ကြီးလေးသောတာဝန်အဖြစ် မှတ်ယူနေရပါသနည်း? ။

သင့်တင့်လျောက်ပတ်သောအချိန်တွင် သင့်တော်သည့် စကားပြောကြားခြင်းသည် မင်္ဂလာစကားနှစ်ခုဖြစ်သည်။ ပထမခေါင်းစဉ်မှာ အသက်(၁၂)နှစ်ရှိသော ယောကျ်ားလေးများ၏ လိင်တန်ဆာထိပ်ဖျားအား ဖုံးအုပ်နေသည့်အရေပြားကို ဖြတ်တောက်ခြင်းမင်္ဂလာဖြစ်သည်* (Circumcision) ဒုတိယမင်္ဂလာစကားမှာ အိမ်ယာတည်ထောင် မင်္ဂလာဆောင်ခြင်းတွင် တစ်ပိုင်းပါဝင်သည့်စကားနှင့် မိသားစုစီမံကိန်း ချမှတ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ပထမမင်္ဂလာစကားကို ပထမဦးဆုံး စဉ်းစားဝေဖန်ကြပါစို့။ ဂျူးဘာသာသည် အေဗရာဟမ်(Abraham)နှင့် ၎င်း၏ မျိုးဆက်သစ်များ(ဝါ) ကြဲချထားသော ပင်္ဂသန္ဓေမျိုးစေ့များ(his seeds)အကြား၌ တည်ကြည်လေးနက်သော ကတိစကားပြောကြားထားသည်ကို ထာဝရဘုရားသခင်၏ မွက်ကြားချက်ရှိသည့် ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုဖြစ်ကြောင်း ကျွန်ုပ်တို့တွေမြင် နားလည်ခဲ့ကြပြီးဖြစ်ပါ၏။ အသက်တစ်ဆယ့်နှစ်အရွယ်ရောက်ရှိလာသော ယောကျ်ားလေးများ၏ လိင်တန်ဆာထိပ်ဖျားအား ဖုံးအုပ်ထားသည့်အရေပြားကို ဖြတ်တောက်ခြင်းဟူသော ဓလေ့ထုံးစံအား မလွဲမသွေပြုလုပ်ပါမည်ဟု ထားရှိသောကတိစကား(Covenant)သည် စိတ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းရမည့်အချက်ဖြစ်သည်။

ထာဝရဘုရားသခင်က အေဗရာဒဟမ်အား မွက်ကြားတော်မူသည်မှာ –

"အသင်နှင့် အသင်မှပေါက်ဖွားဆင်းသက်လာသူများအားလုံးတို့သည် အသက်အရွယ် (၁၂)နှစ်ရောက်ရှိလာသည့် ယောကျ်ားလေးတိုင်း၏ လိင်ထိပ်ဖျားအား ဖုံးအုပ်ထားသည့် အရေပြားကိုဖြတ်တောက်၍ ရှင်ပြုခြင်း ပြုလုပ်ဆောင်ရွက်ရမည်။ ယခုအချိန်မှစ၍ ရှေ့အဖို့ရာ၌ သင်တို့၏ နေအိမ်များရှိ အခိုင်းအစေများနှင့် ပြည်ပမှခေါ်ယူထားသော ကျေးကျွန်များအပါအဝင် ယောကျ်ားလေးတိုင်းအား ရှစ်ရက်မြောက်သည့်နေ့တွင် ကလေး၏လိင်တန်ထိပ်ဖျားဖုံးအုပ်ထားသည့် အရေပြားဖြတ်တောက်ခြင်း မင်္ဂလာ ပြုလုပ်ရမည်။ ဤအချက်သည် အသင်နှင့် ငါဘုရားသခင်အကြား ထားရှိသောကတိစကားက ထင်ရှားအောင်ပြပေလိမ့်မည်။" (Genesis 17.10-12)

* အရေပြားဖြတ်တောက်ခြင်းမင်္ဂလာ ခေါ် (Cirumcision)အား ဗုဒ္ဓဘာသာလူငယ်များ ရှင်ပြုမင်္ဂလာ ဆင်ယင်ကျင်းပပြီးနောက် ကိုရင်ဝတ်သည့်ထုံးစံနှင့် နှိုင်းယှဉ်ကြည့်ရန် သင့်ပါသည်။ (ဘာသာပြန်သူ)

ယောကျ်ားလေးများ၏ လိင်ထပ်ဖျားအရေပြားဖြတ်တောက်ခြင်းအခမ်းအနားဟူသော ဤမင်္ဂလာသည် အလွန်မြင့်မြတ်၍ အလွန်ကြီးကျယ်ခမ်းနားသည်။ ဤမင်္ဂလာ အခမ်းအနားမပြုလုပ်ဘဲ ထာဝရဘုရားသခင်က အေဗြာဟမ်နှင့်ထားရှိသော သူ(His)၏ ကတိကဝတ်စကားထားရှိနိုင်လိမ့်မည်မဟုတ်ပေ။

တဖန် ဂျူးလူမျိုးတစ်ယောက်သည် လူ့ဘောင်လောကအသိုင်းအဝန်းအတွင်း နေထိုင်ရမည်ဖြစ်သည်။ ထို့ပြင် မိမိ၏မိသားစုသည် ၎င်း၏စစ်မှန်သော လူ့ဘောင်လောကဖြစ်သည်။ ထို့ကြောင့် ထာဝရဘုရားသခင်က လူသားအား ဖန်ဆင်းတော်မူပြီးနောက် လူသားသည် တစ်ဦးတစ်ယောက်တည်း နေထိုင်ရပ်တည်သွားရန် မသင့်လျော်ဟူ၍ စဉ်းစားခဲ့သည်။ ထိုသို့သော အကြောင်းများကြောင့် လူသားအတွက် ထာဝရဘုရားသခင်က သူ၏နံရိုးအကြားမှ ''မိန်းမတစ်ယောက်''ဟူသောအပေါင်းအသင်းမိတ်ဆွေတစ်ဦးကို ဖန်ဆင်းပေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါမိန်းမအား လူယောကျ်ား၏အတွင်းမှ ထုတ်ယူဖန်ဆင်းတော်မူခဲ့ခြင်းကြောင့်ဖြစ်၏။ သူမသည် လူသား၏အရိုးနှင့် အသားစိုင်ဖြစ်ခဲ့သည်'' (Genesis 2.22-23)

''ဤသည်မှာ လူတစ်ယောက်သည် သူ၏ဖခင်နှင့်မိခင်တို့အား စွန့်ခွာသွားပြီးနောက် သူ၏မိန်းမနှင့်ပေါင်းစည်းမိပြီး သူတို့သည် လူနှစ်ကိုယ်နှင့် စိတ်တစ်စိတ်တည်း ဖြစ်သွားရခြင်းအကြောင်းရင်းဖြစ်သည်။(Genesis 2.24)

ဂျူးတစ်ယောက်အဖို့ရာ၌ လက်ထပ်ထိမ်းမြားခြင်းသည် ထာဝရဘုရားသခင်က ပညတ်ထားသော တည်ကြည်ခန့်ငြားသော ဘာသာရေးဆိုင်ရာအခမ်းအနားတစ်ခုဖြစ်သည့်အပြင် ထိုသို့ ထိမ်းမြားလက်ထပ်ခြင်းသည် လင်နှင့်မယား တစ်ဦးနှင့်တစ်ဦးဆက်ဆံ ပေါင်းသင်းနေထိုင်မှုသက်သက်မျှသာ မဟုတ်ပါပေ။ ထိုအကြောင်းအရာသည် ထုံးတမ်းစဉ်လာအရဖြစ်စေ၊ သို့မဟုတ် တရားဥပဒေအရဖြစ်စေ၊ လူ့ကျင့်ဝတ်စည်းကမ်းအရဖြစ်စေ၊ လက်ထပ်ထိမ်းမြားပြီးသော ဇနီးမောင်နှံတို့သည် ''သားသမီးများမွေးဖွားကြပြီး လူဦးရေတိုးပွားများပြားလာစေရန်ဖြစ်သည်'' (to be fruitful and multiply)။ ဇနီးမောင်နှံနှစ်ဦးတို့သည် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော ဖိအားပေးမှုရှိလာသည့်အခါ၌သာလျှင် ခံယူချက်ကို အကာအကွယ်ပြုခြင်းအား အသုံးပြုခွင့်ရှိသည်။

ဂျူးဘာသာသည် ယုံကြည်ကိုးကွယ်မှု ကူးပြောင်းခြင်းများကို ခွင့်ပြုသည်။ ၎င်းတို့သည် ထာဝရဘုရားသခင်ကို အဖိုးထိုက်တန်လှစွာသောအရာဟူ၍ သဘောထားကြသည်။ မွေးသည့်အချိန်မှစ၍ ဂျူးဖြစ်လာသူတစ်ဦးသည် ဂျူးလူမျိုး တစ်မျိုးဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် အီဂျစ်နိုင်ငံအတွင်း၌ ထာဝရဘုရားသခင်၏ အံ့ဩဖွယ်ရာ ရှည်လျားစွာသော အစဉ်အလာနှင့် ဆိုင်းနိုင်းတောင်ထိပ်(Mt. Sinai)၌ သူ၏အမိန့်တော်(His Ordinances)များကို ထုတ်ပြန်ခြင်းကြောင့် ဖြစ်သည်။ သို့သော် ရှေးအစဉ်အလာ ယုံကြည်ခဲ့သောကိုးကွယ်မှုအတွင်း သယ်ဆောင်သိမ်းသွင်းခြင်းမပြုပဲ မြင့်မြတ်သော ထာဝရဘုရားတစ်ပါးအား ပြောင်းလဲသူသည် အရှင်သခင်၏ ရှေ့မှောက်၌ သုံးကြိမ်တိုင် ချီးမြှောက်ထားခြင်းခံရ၏။ များစွာသော အလွန်တရာ နက်ရှိုင်းစွာသော ရေဲအိုးထဲမှ ရေဲသားများ(Abyssinians)တို့အား "ဂျူးနက်များ"(Black Jews) ဟူ၍ ဆိုကြ၏။

## ကမ္ဘာလောက The World

တမန်တော်ကိုးကွယ်သည့် ဘာသာယုံကြည်ကိုးကွယ်မှုဖြစ်ကြသည့် ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာတို့သည် ဤကမ္ဘာလောကကြီးအား ဖန်ဆင်းထားသော အရာဖြစ်သည်ဟူ၍ ယုံကြည်ကြ၏။ ဖန်ဆင်းခြင်းဟူသောအဓိပ္ပါယ်မှာ ဤကမ္ဘာလောကကြီးအား ထာဝရဘုရားသခင်က ဘာတစ်ခုမျှမရှိသောအရာထဲမှ သူ၏(His) စိတ်ဆန္ဒတစ်ခုတည်းဖြင့် ဖန်ဆင်းခဲ့ခြင်းဟူ၍ဖြစ်သည်။ ဤကမ္ဘာလောကကို ပုံသွင်းယူရန် ထာဝရဘုရားသခင်က မည်သည့် အရာဝတ္ထုပစ္စည်းမျှ မလိုအပ်ပေ။ ဤသို့အားဖြင့် ဤကမ္ဘာလောကသည် ထာဝရဘုရားသခင် အပေါ်၌ လုံးဝဥဿုံ မှီတည်နေပြီးလျှင် ထာဝရဘုရားသခင်က ကမ္ဘာလောကကြီးတွင် မှီခိုရန် အကြောင်းမရှိပေ။ ဤကမ္ဘာလောကသည် ထာဝရဘုရားသခင် မပိုင်ဆိုင်သည့် အဆုံးအပိုင်း အခြားမရှိသော အချိန်ကာလမှ ပေါ်ထွက်လာခြင်းမပြုပေ။

အမှန်စင်စစ်အားဖြင့် ကာလ(Time)နှင့် အာကာသ(Space)တို့၌ မပါဝင်ပါပေ။ အဘယ့်ကြောင့်ဆိုသော် ထာဝရဘုရားသခင်က ယင်းကာလနှင့် အာကာသတို့အား ဖန်ဆင်းထားသောကြောင့်ဖြစ်သည်။ ထို့ပြင် အချိန်ကာလနှင့် အာကာသတို့မရှိသောအချိန်ကာလည်း ထာဝရဘုရားသခင်ရှိနေခဲ့သည်။ ဤအချက်ကလည်း ကမ္ဘာလောကသည် ၎င်းအား ထာဝရဘုရား

သခင်က ပျက်စီးစေလိုသည့်စိတ်ဆန္ဒ ဖြစ်ပေါ်လျှင်ဖြစ်ပေါ်ခြင်း ကမ္ဘာလောကသည် ပျောက်ကွယ်သွားလိမ့်မည်ဖြစ်သည်။ ဖန်ဆင်းခြင်းဆိုသော ဂျူးဘာသာဆိုင်ရာရှုမြင်ချက်သည် အိန္ဒိယလူမျိုးတို့ ကမ္ဘာလောကနှင့်သက်ဆိုင်သော ရှုမြင်ချက်နှင့် ဆန့်ကျင်လျက်ရှိသည်။

မိမံစက(စ်) (Mimamsakas)နှင့် ဂျိန်း(Jains)တို့က ကမ္ဘာလောကကြီးသည် အမြဲထာဝရတည်ရှိသည် ဟူ၍လည်းကောင်း၊ ယင်းကမ္ဘာလောကသည် အစဟူ၍လည်း မရှိကြောင်း ယုံကြည်ကြသည်။ တစ်နည်းအားဖြင့် ဗုဒ္ဓဘာသာဝင်များမှလွဲ၍ အခြားအိန္ဒိယနိုင်ငံရှိ ဘာသာရေး ကျောင်းများကမူ ဤကမ္ဘာလောကကြီး အစီအစဉ်တကျ လှည့်ပတ်ဖြစ်ပေါ် ပြောင်းလဲနေသည်ဟု ယူဆသည်။ ထိုအယူအဆများက ဖန်ဆင်းသောအချိန်ကာလအပိုင်းနှင့် ပျက်စီးသောအချိန် ကာလအပိုင်းဟူ၍ နှစ်ပိုင်းရှိသည်ဟု ယုံကြည်သည်။ ဤလှည့်ပတ်ဖြစ်ပေါ် ပြောင်းလဲမှုက ကမ္ဘာ လောကအား အမြဲထာဝရတည်တံ့နေစေသည်။ ထို့နောက်တဖန် ညာယဗိုက်ဆီစိက(Nyaya- Vaisesika)ဒဿနိကဗေဒဆိုင်ရာ ပညာရှင်များက တိကျသေချာစွာ ဖြစ်ပေါ်လာသည့်ဓါတ်များ (certain elements)များသည် အမြဲထာဝရတည်ရှိနေကြသည်ဟု ယုံကြည်ကြ၏။ ထို့ကြောင့် ထာဝရဘုရားသခင်သည် အချိန်ကာလအပိုင်းအခြားအားလျော်စွာ ဤကမ္ဘာလောကအား မပျက်မစီး အမြဲတည်ရှိသောဓါတ်သဘာဝများနှင့် သက်ရှိဘဝကမ္မံများ (Karman of Living Beings)၏ အကူအညီဖြင့် ဖန်ဆင်းသူ ဗိသုကာတစ်ဦးမျှသာဖြစ်သည်။ အဝိဋ္ဌာဝါဒ၏ဣသရေလ(Advaitism Isvara)၌ ဤကမ္ဘာလောကကို သူကိုယ်တိုင်မပါဝင်ပဲ ဖန်ဆင်းခဲ့သည်။ ထို့ကြောင့် သူ(He)သည် ကမ္ဘာလောကအတွင်းက အရာဝတ္ထုပစ္စည်းနှင့် အစီအစဉ်တကျဖြစ်စေမှုနှစ်မျိုး လုံးတို့အား ဖန်ဆင်းရှင်ဖြစ်သည်။ ဤနည်းအားဖြင့် ဖန်ဆင်းမှုဟူသော အဝိဋ္ဌာဝါဒအမြင်(advaitic view of creation) သည် ဂျူးဘာသာတပေ၏ ဖန်ဆင်းမှုဟူသော အဝိပ္ပါယ်သက်ရောက်မှုအပေါ် ရှုမြင်ပုံနှင့် အခြားသောဆီမစ်တစ် (Semitic) ခေါ် ဟီဘရူးဘာသာစကား၊ သို့မဟုတ် အာရပ်လူမျိုး၊ သို့မဟုတ် ဖိုနီးရှင်လူမျိုး (Phoenicians) သို့မဟုတ် အာဆီရီးယားလူမျိုး(Assyrians)တို့၏ ရှုမြင်ချက်များအရ ဘာသာယုံကြည်ကိုးကွယ်မှုများ၏ တစ်ဆူတည်းသော ထာဝရဘုရားသခင်ပုံစံနှင့် အလွန်တူညီသောရှုမြင်မှုဖြစ်သည်။ သို့သော်လည်း ကောင်းသောဆောင်ရွက်မှုကျင့်စဉ်များ ဖြစ်စေကာမူ

ကွဲပြားခြားနားသော အကျိုးတရားများရှိသည်။

ဖန်ဆင်းရှင်ဖြစ်သော ဣဿရလ(Ishvara)ဖြစ်၍ သူကိုယ်တိုင်သည်ပင် မေယစ် (Mayic)ဖြစ်၍ ၎င်း၏ မာယာထဲ(out of his maya)မှ ကမ္ဘာလောကအားဖန်ဆင်းခဲ့သည်။ ထို့ကဲ့သို့ဖြစ်လာသည့် ကမ္ဘာလောကသည် တကယ့်အစစ်အမှန်ဖြစ်သည်ဟူ၍ ခံယူထားသည်။ ကမ္ဘာလောကအား လူသားနှင့် အခြားသောသက်ရှိသတ္တဝါအများ၏ ကောင်းကျိုးချမ်းသာနှင့် ပျော်ရွှင်ချမ်းမြေ့မှုအတွက် ကောင်းမြတ်တော်မူသော ထာဝရဘုရားတစ်ပါးက ဖန်ဆင်းတော်မူခဲ့၏။ ထာဝရဘုရားသခင်က အဒမ်(Adam)သို့ ပြောကြားခဲ့သည်မှာ -

> "အသင်လူသား စားသုံးနိုင်ရန်သီးနှံပင်အမျိုးအစားများအားလုံးနှင့် သစ်သီးဝလံပင်များအားလုံးတို့အား ငါ ဖန်ဆင်းထားခဲ့ပြီးပြီ၊ ထို့အပြင် တောရိုင်းတိရစ္ဆာန်များနှင့် ငှက်များအားလုံး တို့အတွက်ကိုလည်း သူတို့အစားအစာရိက္ခာအဖြစ် မြက်ပင်နှင့်အရွက် စားသုံးရသည့်အပင်များအား ငါ ဖန်ဆင်းထား၏။" (Genesis 1.30)

ထာဝရဘုရားသခင်က ကမ္ဘာမြေကြီး၏ ခိုင်ခံ့သောအခြေခံအုတ်မြစ်များဖြစ်သည့် နေ၊ လနှင့် ကြယ်တာရာများအား ကောင်းကင်ပြင်၌ နေရာချထား၍ ထူထောင်ပေးခဲ့သည်။ သူ(He)က ရာသီအပိုင်းအခြားများအားလုံးနှင့် မိုးရွာချိန်နှင့် နေသာချိန်တို့ကို သတ်မှတ်တာဝန်ပေးအပ်ထားခဲ့ပြီးဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္ဘာလောကသည် အစီအစဉ်တကျသွားလာလှည့်ပတ်ခြင်းမှာ ထာဝရဘုရားသခင်က ယင်းကိစ္စအတွက် ဥပဒေသများအား ထူထောင်ချမှတ်ထားခဲ့သောကြောင့်ဖြစ်သည်။ ထာဝရဘုရားသခင်က ကမ္ဘာလောကကြီးစနစ်တကျ ဖန်တီးထားယုံမျှသာမဟုတ်ဘဲ၊ လူသားအားလည်း စနစ်တကျ ဖန်ဆင်းထားသော ကမ္ဘာလောကအား သိနားလည်စေလိုသည်။ သို့မှသာလျှင် အစာရေစာ၊ ရိက္ခာ၊ မျိုးစေ့များအား မည်သည့်အချိန်တွင် စိုက်ပျိုးကြဲချ၍ မည်သည့်အချိန်တွင် ရိတ်သိမ်းရမည်ကို ကောင်းစွာသိနားလည်စေနိုင်မည်ဖြစ်သည်။ *(ဃာရာဝါသ၊ သမ္ဘရဟု ကိစ္စများပြောင် ဤလူ့ဘောင်၌ အိမ်ထောင်သက်မွေး၊ ခြနယ် မြေသား၊ လူရေးကျယ်စွာ အပြာပြာကို လိမ္မာအတတ် ချားရဟတ်သို့ နှံ့စပ်သိမြင် ကျမ်းစာသင်လော့၊ ကြောင် ပုဇွန်စား ကြွပ်ကြွပ်ဝါးသို့ ဟူသော အရှင်မဟာသီလဝံသ၏ ဆုံးမစာကဲ့သို့ ။ ဘာသာပြန်သူ)* ထာဝရဘုရားသခင်က လူသားအား လက်ထပ်ချိန်တွင် လက်ထပ်ပေါင်းသင်း၍

သားသမီးများ မွေးဖွားလျက် လူဦးရေတိုးပွားစေရန်မှာကြားခဲ့၏။ ထို့ကြောင့် လူသားသည် သဘာဝတရား၏ ဥပဒေသများကို သိနားလည်အောင်လေ့လာ၍ သူ၏မွေးဖွားလာမည့် မျိုးဆက်သစ်များအတွက် လောကအား ပျိုးထောင်ရမည်။ ဆိုလိုသည့်အဓိပ္ပါယ်မှာ ထာဝရဘုရားသခင်က လူသားအား ကမ္ဘာလောကအတွင်း ယုံကြည်မှုရည်မှန်းချက်ပြည့်ဝရေးနှင့် ကမ္ဘာလောကအတွင်း ကောင်းကျိုးချမ်းသာဖြစ်ပေါ်၍လာအောင် ကြံဆောင်ရမည်ဟူ၍ ဖြစ်သည်။ လူသားသည် ကမ္ဘာလောက၏ လူမှုရေးအဆောက်အဦကို မုဆိုးမများနှင့် မိဘမဲ့ကလေးများအား ကောင်းစွာ စောင့်ရှောက်သော နည်းလမ်းဖြင့်လည်းကောင်း၊ Levites ခေါ် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခများကို ပူဇော်ပသရန် တိရစ္ဆာန်များဖြင့်လည်းကောင်း၊ အရှင်သခင်အတွက် ပူဇော်ရန် ဂျုံ၊ ဝိုင်အရက်နှင့် ဆီများဖြင့်လည်းကောင်း၊ ထာဝရဘုရားသခင်၏ ဘုန်းတော်ကြီးများအား ထောက်ပံ့ရန်အတွက်လည်းကောင်း ထာဝရဘုရားသခင်က ကောင်းစွာစီမံ ဆောင်ရွက်ထား ခဲ့သည်။

ဂျူးဘာသာ၏အဆိုအရ မိမိကိုယ်ကိုမိမိ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် လူမှုရေးအကျိုး သယ်ပိုးဆောင်ရွက်မှု နှစ်မျိုးလုံးတို့အတွက် ကမ္ဘာလောကသည် ကောင်းမွန်လှပနေပြီး ၎င်း၏ နိယာမသဘာဝတရား ဥပဒေသများအား ကောင်းစွာနားလည်သဘောပေါက်ရန် အပြည့်အဝ ပြဋ္ဌာန်းထားသည်ဟုဆို၏။ ထို့ကြောင့် ကမ္ဘာလောကကြီးသည် ဒုက္ခပင်လယ်တစ်ခု မဟုတ်ပေ။ အမှန်စင်စစ်အားဖြင့် ထာဝရဘုရားသခင်က အပြစ်ပေးသည့်အနေဖြင့် အခါအားလျော်စွာ ရေကြီးခြင်းနှင့် မိုးခေါင်ရေရှားရခြင်းတို့ ဖြစ်ပေါ်ရသည်။ သဘာဝကပ်ဘေးများသည် ထာဝရဘုရား သခင်၏အမိန့်တော်ကို မနာခံသည့်အတွက်ဖြစ်ပေါ်လာရပြီး အစ္စရေး လိုက်များ(Israelites)အား ၎င်းတို့၏ မကောင်းမှုဒုစရိုက်များကို စွန့်လွှတ်လာနိုင်စေပေလိမ့်မည်။ ဂျူးလူမျိုးများက ထာဝရဘုရားသခင်အား တစ်ခုတည်းသော အနန္တတန်ခိုးရှင်အဖြစ် ကမ္ဘာလောကကို စိုးမိုးအုပ် ထားသည်ဖြစ်ရာ ယင်းကောင်တစ်ကောင်၏ ကမ္ဘာတစ်ဝှမ်းလုံး ပျံသန်းသွားလာခြင်းအထိကို ပင်လျှင် ထာဝရဘုရားသခင်က ထိန်းချုပ်ထားသည်။ (Isaiah.7.18)

ထို့ကြောင့် သဘာဝကပ်ဘေးများ ဖြစ်ပေါ်လာရခြင်းမှာလည်း မှန်ကန်ပေသည်။

"မြို့တစ်မြို့အား မကောင်းဆိုးဝါး ကျရောက်လာပါမည်လား?။ ထိုအရာအား

ထာဝရဘုရားသခင်က ပြုလုပ်တာ မဟုတ်ပါလား"။ (Amos.3.6)

ထိုနည်းအတိုင်းသာလျှင် အစ္စရေးနိုင်ငံတွင် လူအများက ရုပ်ထုကိုးကွယ်မှုကြောင့် (၃)နှစ်တိုင်မိုးမရွာပဲ ခြောက်သွေ့မှု ဖြစ်ခဲ့ပူးသည်။ (King 17.1-7)

ထို့ကြောင့် ဂျူးလူမျိုးများက ထာဝရဘုရားသခင် ဖန်ဆင်းပေးထားသော သဘာဝတရား(Nature)သည် ထာဝရဘုရားသခင်၏ စိတ်ဆန္ဒအရ ထိန်းချုပ်မှုအောက်တွင် ဥပဒေသများနှင့်အညီ ဖြစ်ပေါ်လျက်ရှိသည်။ ထိုအကြောင်းကြောင့် ကမ္ဘာလောကအတွင်း ဖြစ်ပျက်သမျှကိစ္စအဝဝတို့သည် ထာဝရဘုရားအား ဗဟိုပြု၍ဖြစ်ပေါ်နေသည်။ တမန်တော်ကိုးကွယ်သည့် ဘာသာယုံကြည်ကိုးကွယ်မှုများအတွင်း ကြိုတင်ဟောကိန်းထုတ်ခြင်းနှင့် အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် အဖြစ်အပျက်များအတွက် သဘာဝတရား၏ဥပဒေသများကို ရှာဖွေရန်ကိစ္စမှာ နောက်ပိုင်းကာလရောက်ချိန်မှ တိုးတက်လာခဲ့သည်။ သို့သော်လည်း သဘာဝတရားအား သိနားလည်ရန် အားပေးမြှင့်တင်ခြင်းမှာ ကမ္ဘာလောကသည် ကောင်း၏။ ထို့ပြင် လူသားနှင့် အခြားသက်ရှိသတ္တဝါတို့၏ အစားအစာ၊ ရိက္ခာနှင့် အဝတ်အထည်များ စီမံဖန်တီးရေးအတွက် ဖန်ဆင်းတော်မူခဲ့သည်ဟူသောအချက်၏ နောက်ဆက်တွဲဖြစ်ပေါ်လာ၏။

ဖန်ဆင်းခြင်းဟူသော သဘောတရားတွင် ဂျူးလူမျိုးများအဖို့ရာ အရေးကြီးသည့် တိကျသောရည်မှန်းချက်ရှိသည်။ ကမ္ဘာလောကသည် ထာဝရဘုရားသခင်၏ ဖန်ဆင်းမှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်၍ သူ(He)အလိုရှိသည့်အချိန်ထိ အရှည်ခန့်၍တည်တံ့နေလိမ့်မည်။ လူသားသည် သူ၏အပြုအမူ အပြောအဆို အနေအထားအပြားပြားတို့၌ တာဝန်ရှိကြောင်း သိနားလည်ရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် တရားစစ်ဆေးစီရင်သောနေ့၌ ထာဝရဘုရား သခင်၏ ပလ္လင်ရှေ့တွင်သွားရောက်၍ သူပြုလုပ်ခဲ့သော ကောင်းမှု၊ မကောင်းမှုအတွက် စစ်ဆေးခြင်းခံရမည်ဖြစ်၍ဟူလို၊ ကောင်းသောအကြံ၊ မှန်ကန်သောစကား၊ မှန်ကန်သောအလုပ် ပြုလုပ်သူသည် ထက်ကောင်းကင် ရွှေဘုံနန်းမှာ အဆုံးအပိုင်းအခြားမရှိ နေထိုင်စံမြန်းခွင့်ပြုခြင်းဟူသော ဆုလာဘ်ကိုရရှိမည်ဖြစ်၍ မကောင်းသောအကြံ၊ မမှန်သောစကား၊ မမှန်သောအလုပ်ကို ပြုလုပ်သူ၊ မကောင်းမှုပြုလုပ်သူဟူသမျှ သွားရာလမ်းဆုံးတွင် ငရဲမီးများ ဝိုင်းအုံလောင်မြိုက်မှုကိုကြုံရမှာ မလွဲအမှန်ကေန်ဖြစ်သည်။ ကမ္ဘာမြေကြီးပေါ် အသက်ရှင်သန်နေရသော

ဘဝသည်သာလျှင် အများဆုံး လူသား၏ကောင်းကျိုးလုပ်နိုင်သော ဘဝဖြစ်သည်။ ဂျူးဘာသာ၏ အဆိုအရ လူသားသည် သေဆုံးပြီးနောက် Sheol ခေါ် သေဆုံးသူ၏ဝိညာဉ်တို့ တရားစီရင် စစ်ဆေးသည့်နေ့မတိုင်မီ ခေတ္တခိုနားရာဒေသတစ်ခုသို့ ဆင်းသက်ရမည်မှာ သံသယရှိရန်မလိုပါ။ Sheol ဟုခေါ်သော အဆိုပါနေရာသို့ရောက်ပြီးနောက် သူသည် ထာဝရဘုရားသခင်အား ချီးကျူးပူဇော်ခြင်းလည်း မပြုနိုင်သလို ဘာတစ်ခုမျှမလုပ်ကိုင်နိုင်သည်အထိ အလွန်အားယုတ် နေ၏။ သူသည် ဤနေရာ၌ တရားစစ်ဆေးစီရင်သည့်နေ့အထိ စောင့်ဆိုင်းနေရမည်ဖြစ်ပြီး သူ၏အပြုအမူများအတွက် ထာဝရဘုရားသခင်၏ စစ်ဆေးခြင်းခံရမည်ဖြစ်၏။ ဆော်လမွန် ဘုရင်ကြီး(King Solomon)က ပြောကြားခဲ့သည်မှာ–

''Sheol၌ အလုပ်အကိုင်လည်းမရှိ၊ စဉ်းစားတွေးတောနိုင်မှုလည်းမရှိ၊ အသိဉာဏ် လည်းမရှိ၊ ဉာဏ်ပညာလည်းမရှိ၊ အသင်၏အင်အားရှိသမျှ ဘယ်လိုပင် လှုပ်ရှားသော်လည်း လက်များမှာ မ လို့ မရ၊ အသင် ဘယ်ကိုသွားမလဲ?။ (Ecclesiastes 9-10)

Sheol သို့မဟုတ် သေဆုံးခဲ့သူများ၏ မည်သည့်အရာကိုမျှ မမှတ်မိတော့ပဲ ငြိမ်သက်စွာနေရသည့် နေရာတစ်ခုအဖြစ်(Psalm 88.12.94.17)နှင့်သော်လည်းကောင်း၊ အင်အားမရှိသော နေရာအဖြစ်လည်းကောင်း(Isaiah.14.9-10)ဖြစ်သည်။ ထို့ကြောင့် ယခုလက်ရှိဘဝ နေထိုင်ရာ ဤကမ္ဘာလောကသည် အလွန်အမင်းအလေးအနက်ပြုရန် လိုအပ်လှ ပေသည်။ ဤနေရာတွင် အိန္ဒိယပြည်မှ အတွေးအခေါ်ပညာရှင်များသည် မတူကွဲပြားခြားနားသော နည်းလမ်းတစ်ခုဖြင့် လူ့ဘဝဖြစ်ပေါ်ရမှုသည် လူတစ်ယောက်၏ အလွန်တရာအဖိုးထိုက်တန် လှစွာသောဘဝဖြစ်၍ အဖန်ဖန် အထပ်ထပ် မွေးဖွားဖြစ်ပေါ်ပြီး ဒုက္ခပင်လယ်သံသရာ ရေယာဉ် ကျောတွင် မြှုပ်ချီ ပေါ်ချီ စုံတစ်ခါ ဆန်တစ်လှည့်ဖြင့် တမျောတည်း မျောနေရခြင်းမှထွက်မြောက်ရာ နောက်ဆုံးနေ့ဖြစ်ကြောင်း သိမြင်နားလည်ရန် လိုအပ်သည် ဟုဆိုသည်။ သို့သော် ဂျူးလူမျိုးများ အဖို့ရာတွင်မူ ဟကမ္ဘာလောကသည် ကောင်းမွန်သင့်မြတ်၍ ကမ္ဘာလောကနှင့် လူ့ဘဝအပေါ် ခိုင်မြဲသောယုံကြည်မှုရှိသည်။

*(ဗုဒ္ဓဘာသာတွင်လည်း အလားတူလူ့ဘဝသည် အလွန်တရာရခဲလှစွာသော ဘဝဖြစ်ကြောင်း၊ ပင်လယ်အတွင်း နှစ်ပေါင်းတစ်ရာကြာမှ တစ်ခါသာ ပင်လယ်ရေပြင်ထက်ပေါ်တတ်သည့် လိပ်ကန်း*

*တစ်ကောင်(မျက်စိမမြင်သောလိပ်)နှင့် ပင်လယ်ထဲ၌ မျောနေသောနွားတံပိုးတုံး၏ အပေါက်တွင် ယင်းလိပ်ကန်း၏ခေါင်းသာ စွပ်မိဖွယ်ရာရှိပြီး လူ့ဘဝ တစ်ခါရရှိဖို့က ပို၍ ခဲယဉ်းကြောင်း ဥပမာပြ၍ လူ့ဘဝကို တန်ဘိုးထားရန်နှင့် အလွဲသုံးစားမလုပ်မိစေရန် ဆုံးမထားသကဲ့သို့ အခြားရရှိရန် ခက်ခဲမှု(၅)မျိုးကိုလည်း အောက်ပါအတိုင်း ဖော်ပြထားသည်-*

*(၁) သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်ကို ရခဲခြင်း၊*

*(၂) လူ့ဘဝ ရခဲခြင်း၊*

*(၃) ရဟန်းသံဃာတော်အဖြစ်ကို ရခဲခြင်း၊*

*(၄) ဘုရားသာသနာနှင့် ကြုံကြိုက်ရန် ခက်ခဲခြင်း၊*

*(၅) သဒ္ဓါတရားနှင့် ပြည့်စုံမှုရှိရန် ခက်ခဲခြင်း ဟူ၍ဖြစ်သည်။*

*သို့ရာတွင် လိပ်ကန်းတစ်ကောင်နှင့် တံပိုးတုံးဥပမာသည် ဥပမာဥပမေယျထင်ဟပ်မှုကို ပြနိုင်သော်လည်း သဘာဝယုတ္တိမတန် လက်တွေ့တွင် ဖြစ်နိုင်ဖွယ်ရာမရှိသောဥပမာဟု ထင်မြင်ယူဆမိပါ၏။ -ဘာသာပြန်သူ)*

## မကောင်းမှုဒုစရိုက်နှင့် ဒုက္ခခံစားရခြင်း Evil and Suffering

ဂျူးလူမျိုးများသည် အစပထမပိုင်း၌ အဘိဓမ္မာသဘောမဆန် အပြောမသန်သူများ ဖြစ်ခဲ့ကြ၏။ ၎င်းတို့သည် ဘာသာယုံကြည်မှုဆိုင်ရာ တရားကျင့်စဉ်၏ စိတ်တစ်ခုတွင် ဖြစ်ပေါ်လာသည့် မကောင်းမှုဟူသောမေးခွန်းအပေါ် ဝေဖန်စဉ်းစားမိခဲ့ကြ၏။ ဂျူးလူမျိုးများ၏ သမိုင်းသည် ဝမ်းနည်းပူဆွေးဖွယ်ရာ ဖြစ်စဉ်များနှင့်စတင်ခဲ့သည်။ အဒမ်နှင့် ဧဝ(Adam and Eve)တို့သည် အပြစ်ကျူးလွန်ခဲ့ကြပြီး အပြစ်ပေးသည့်အနေဖြင့် ဒေင်ဥယျာဉ်အတွင်းမှ နှင်ထုတ်ခြင်းကို ခံခဲ့ကြရသည်။ အဒမ်၏သားဦး ကိန်း(Cain)က သူ၏ညီအရင်း အေဘယ်လ်အား သတ်ဖြတ်ခဲ့သည်။ ၎င်းတို့အား ဝန်ခံကတိပြုထားသည့်အတိုင်း ကနန်(Caanan)အား ပေးအပ်ပြီးသည့်အချိန်ထိ ပင်လျှင် ဂျူးလူမျိုးများသည် အလွန်တိုတောင်းလှသည့် အချိန်ကာလအတောအတွင်းမျှသာ ငြိမ်းချမ်းမှုကို ရရှိခံစားခဲ့ကြရသည်။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ကြသူ ဘုရင်ကြီးများ တစ်ပါးပြီး တစ်ပါးတို့သည် ထာဝရဘုရားသခင်၏အမိန့်တော်ကိုမနာခံ ဖောက်ဖျက်ခဲ့ကြသည့်အတွက်

ဝတ်မွတ်ခေါင်းပါးခြင်းဘေးဒုက္ခ၊ ရောဂါဘယကူးစက်မှုဒုက္ခများနှင့် မယဉ်ကျေးသေးသည့် ပတ်ဝန်းကျင်တိုင်းပြည်များ၏ ထိုးနှက်တိုက်ခိုက်မှုကြောင့် ရှုံးနိမ့်ရခြင်းများဖြင့် အပြစ်ပေးခံခဲ့ရသည်။ ၎င်းတို့၏ ဘုရားဝတ်ကျောင်းတော်အား နှစ်ကြိမ်တိုင်တိုင် ဖျက်ဆီးခြင်းခံခဲ့ရသည်။ ပထမ ဘီစီ-၅၉၀ ၌ များစွာသောဂျူးလူမျိုးတို့သည် ဘေဘီလုံတိုင်းပြည်အတွင်းသို့ နှင်ပို့ခြင်းခံရသောအချိန်၌ ယင်းဒေသတွင် နှစ်ပေါင်း-၁၅၀ ကျော် နေထိုင်ခဲ့ရ၏။ ၎င်းတို့၏ဝတ်ကျောင်းတော်သည် အေဒီ-၇၀ ခုနှစ်တွင် ဒုတိယအကြိမ် ဖျက်ဆီးခြင်းခံခဲ့ရသည်။ ပြည်နှင်ဒဏ်ပို့ခြင်းခံရသည့် အချိန်မှစ၍ ၎င်းတို့သည် နိုင်ငံခြားတိုင်းပြည်၏မြေပေါ်တွင် ရက်စက်ကြမ်းကြုတ်စွာ ဆက်ဆံမှုအောက်၌ အမြဲတစေနေထိုင်ခဲ့ကြရသည်။ နောက်ဆုံးတွင် ဟစ်တလာ(Hitler)က ဂျူးလူမျိုးအမြောက်အမြား ကလေးမွေးဖွားခြင်းမပြုနိုင်ရန် သင်းကွပ်ခြင်းခံခဲ့ရသည်။ သို့သော် ကျန်သောအစိတ်အပိုင်းမှ အနည်းငယ်သာလျှင်"Lord God Almighty" (ဘုန်းတန်ခိုးအာနုဘော်ကြီးမြတ်တော်မူသော အရှင်သခင်ထာဝရဘုရားသခင်)အား ချီးကျူးရန် ကယ်တင်ခြင်းခံခဲ့ရသည်။ ထို့ကြောင့် ဒုက္ခခံစားရခြင်းပြဿနာသည် ၎င်းတို့၏အတွေးအထင်၌ အများစုတွင် ဗဟိုပြု၍ နေရာယူခဲ့သည်။

ဂျူးများက မည်သည့်အချိန်အခါကမျှ ထာဝရဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့် သူ၏(His) ဘုန်းတန်ခိုးတော်အကြောင်း အမေးပုစ္ဆာမပြုခဲ့ကြပေ။ အကယ်၍ ထာဝရဘုရားသခင်က ကောင်းမြတ်၍ သနားကြင်နာမှုများစွာ ထားရှိခဲ့ပါမူကား၊ အဘယ်ကြောင့် ဤဒုက္ခခံစားရခြင်းပြဿနာ ဖြစ်ရပါသနည်း? ။ ထို့ပြင် အကယ်၍ သူ(He)သည် အနန္တတန်ခိုးတော်ရှိသည် ဆိုလျှင် အဘယ်ကြောင့် သူ(He)သည် မကောင်းဆိုးဝါး ဒုက္ခတရားကို မကာကွယ်ပေးခဲ့ပါသနည်း?။ ဘာသာရေးကြည်ညိုလေးစားသူ ဂျူးလူမျိုးတို့သည် ယောဘ(Job)က ၎င်း၏ကြီးမြတ်သော ပုဂ္ဂိုလ်ရေးဆိုင်ရာ တည်ကြည်ငြိမ်သက်မှု ပေးဝေသည့်အချိန်၌ ဖြေကြားခဲ့သော အဖြေနှင့်တကွ အမြဲတမ်းနှစ်သိမ့်ကြည်နူး နေထိုင်ခဲ့ကြသည်။

> "ငါသည် ဘာတစ်ခုမျှမပါ ဗလာလက်ချည်း မွေးဖွားခဲ့ပြီး ဘာတစ်ခုမျှမပါပဲ သေပွဲဝင်ရမည်။ အရှင်သခင်က ပေးအပ်ခဲ့ပြီး ယခုအခါ သူယူဆောင်သွားခဲ့လေပြီ။ သူ၏အမည်နာမကို ချီးကျူးထောပနာပြုကြပါစို့။"(Job 1.21)

ဂျူးလူမျိုးများသည် ထာဝရဘုရားသခင်အား တစ်ဆူတည်းသော အနန္တတန်ခိုး ပိုင်စိုးတော်မူသော ကမ္ဘာလောကကို စိုးမိုးအုပ်ချုပ်သူဖြစ်၍ သူ၏(His) လိုအင်ဆန္ဒမပါပဲ မည်သည့်အရာမျှမဖြစ်နိုင်ဟူ၍ ယုံကြည်လက်ခံ၏။ (Exodus 8.12.28; Isaiah 7.18; 45.7.68. 306)

''မြို့တစ်မြို့တွင် မကောင်းဆိုးဝါးရှိနေ၏။ ဤအရာကို အရှင်သခင်ဖန်တီးခဲ့ခြင်း မဟုတ်ပါလား?။ (Amos)

ယင်ကလေးတစ်ကောင်၏ ကမ္ဘာမြေကြီး၏ အဝေးဆုံးသောအပိုင်း ပျံသန်းရွေ့လျားမှုအထိ ထာဝရဘုရားသခင်၏ ဆန္ဒပါရှိ၏။ ဒုက္ခတရားရင်ဆိုင်နေရသော ဂျူးလူမျိုးတို့သည် ဘာသာယုံကြည်စွဲလန်းခြင်း ဖြစ်နိုင်ပါဦးမည်လော?။ စကြဝဠာကမ္ဘာလောကဓါတ်အား အကြီးမားဆုံးသောတန်ခိုးအာဏာ ဖြန့်ကျက်ထားတော်မူသော ထာဝရဘုရားသခင်အား သူ၏ဦးခေါင်းညွှတ်ကျိုးရှိခိုးရန် သူ့တွင်တာဝန်ရှိပြီး သူကိုယ်တိုင်သည် ကံအပေါ် မှီခိုအားထားသည့်လမ်းစဉ်ကို စွန့်လွှတ်ရန်သာ ရှိပေတော့၏။ ဤအကြောင်းချင်းရာသည် ဒုက္ခခံစားရသော ပြဿနာအား ဖြေရှင်းကောင်းဖြေရှင်းပေးနိုင်မည့် တစ်ခုတည်းသောအဖြေအဖြစ် ဂျူးလူမျိုးတစ်ဦးအတွက် အဖြစ်နိုင်ဆုံးသောအခြေအနေ ဖြစ်နိုင်ရာရှိပေတော့၏။

တစ်ချိန်သောအခါ အချို့သော ဂျူးလူမျိုးတို့က လူသားသည် လွတ်လပ်သောစိတ်ဖြင့် ဖန်ဆင်းထားခြင်းခံရပြီး ထာဝရဘုရားသခင်၏ အမိန့်တော်အား မနာခံမလိုက်နာခြင်းကြောင့် ဒုက္ခခံစားနေရခြင်းဖြစ်သည်ဟူ၍ ယုံကြည်ထားခဲ့၏။ သို့သော် Ecclesiastes* ကျမ်းစာအုပ်က ယင်းသဘောတရား မှားယွင်းကြောင်းကို သက်သေပြခဲ့၏။

ပြဿနာများအားလုံး တူညီသော ကိစ္စအရာဖြစ်လာကြရာမှာ –
တစ်ခုသော အကြောင်းချင်းရာသာ အမှားအမှန် ဝေဖန်ခွဲခြား၍၊
မှန်မကန် ဆိုးသွမ်းယုတ်မာစွာ ကောင်းသူအား၊ သို့မဟုတ်
သန့်စင်ကြည်လင်သူအား၊ သို့မဟုတ် မသန့်စင်မကြည်လင်သူအား ...၊
ကောင်းသောလူတစ်ယောက်သည် အပြစ်ကျူးလွန်သူထက်ပို၍ မကောင်းသေးပါ။
ကျမ်းသစ္စာတစ်ခု ကျိန်ဆိုပြသူလူတစ်ယောက်မှာ ကျမ်းသစ္စာမပြုသူ လူတစ်ယောက်

* *Ecclesiastes- a book of old testament in the Bible.*

လောက်မကောင်းပါ။ ကံကြမ္မာတစ်ခုက အားလုံးထံ တူညီစွာရောက်လာရာမှာ

ထိုအရာဟာ ဤကမ္ဘာမှာ တစ်စုံတစ်ခုဖြစ်ပေါ်လာ၊

အဲဒီအရာဟာ မှားယွင်းသောအမှုမှာ အတူတူပင်ဖြစ်တော့တာ ။(Eccl.9-2-3)

ယေဘုယျအားဖြင့်မျှသာဖြစ်သော ဤခန့်မှန်းတွက်ဆမှုသည် မမှန်ကန်ပါ။ သို့သော် တိကျမှုအရှိဆုံးဖြစ်သောကိစ္စမှာ အမှားအမှန်ကို ဝေဖန်ထောက်ပြတတ်သူ ဂျော့(Job)၏ ရေးသားချက်ဖြစ်သည်။ ဂျော့၏မိတ်ဆွေက ဂျော့သည် သူ၏အပြစ်ကြောင့် ဒုက္ခခံစားရကြောင်း အကြံပြုထားသည်။ သူက မေးမြန်းသည်မှာ -

မှတ်မိပါ၏လော၊ မည်သည့်အခါမျှ မသေဆုံးသူဖြစ်၍ အပြစ်ကင်းစင်သော အရှင်သခင်အား ကျွန်ုပ်ဝပ်တွား အစဉ်လေးစားခဲ့သည် မဟုတ်ပါလား?။ သို့မဟုတ် အဘယ်မှာ သာလျှင် ကောင်းမွန်စွာဖြင့် ဖြတ်တောက်ခြင်း ဖြစ်ပါမည်နည်း? ။ (Job.4.7)

Job သည် သူ၏ ကောင်းမြတ်မှန်ကန်မှုအား အပြည့်အဝအတိအကျ ခံစားကြည့်ခဲ့သည့် အပြင် သူ၏ဒုက္ခခံစားမှုကို ရှင်းပြခြင်းမပြုပဲ ဘေးဖယ်ထားခဲ့သည်။ သို့ဖြစ်လျှင် ရိုင်းပြခြင်းဆိုသည်မှာ အဘယ်နည်း?။ အဘယ်အကြောင်းကြောင့် ရိုင်းစိုင်းမှု တည်ရှိနေပါသနည်း?။ ဟုတ်ပါသည်၊ တန်ခိုးအာဏာကြီးမားပါရဲ့လား? ။ ၎င်းတို့၏ မျိုးစေ့သည် ၎င်းတို့၏ မြင်ကွင်း၌ ၎င်းတို့နှင့်အတူ ခိုင်မာစွာအခြေခံအုတ်မြစ် ဖြစ်ပါ၏လား?။ ထို့ပြင် သူတို့၏သားသမီးများကော သူတို့၏ မျက်စိအောက်၌ ရှိကြပါရဲ့လား?။ ၎င်းတို့၏ နေအိမ်များသည် ကြောက်ရွံ့ခြင်းမှ ကင်းဝေး ပါရဲ့လား? ။ သူတို့၏အပေါ်တွင် ထာဝရဘုရားသခင်၏ အပြစ်ပေးမည့်တုတ်ချောင်း တစ်ချောင်းမျှ မပါပေ။ (Job .21.7. 9)

Ecclesiastes စာအုပ်က ပို၍ခါးသီးသော မှတ်ချက်ကို ပေးခဲ့သည်မှာ -

နောက်ဆုံး၌ တူညီသောကံကြမ္မာက လူနှင့် တိရစ္ဆာန်တို့အား စောင့်ကြည့်နေ၏။ တစ်စုံတစ်ယောက်သည် အခြားသောသတ္တဝါနည်းတူ သေဆုံးသွား၏။ လူရော တိရိစ္ဆာန်ပါ ၎င်းတို့နှစ်ဦးလုံးသည် တူညီသောသတ္တဝါဖြစ်ကြ၏။ လူသားတစ်ဦးသည် တိရစ္ဆာန်တစ်ကောင် ထက်ပို၍ မကောင်းမွန်ပေ။ (Eccl.3.19)

သို့သော် Psalmist ၏ သမ္မာကျမ်းစာဒုံထဲမှ ဓမ္မဂီတများကို ကြည့်ညိုဖွယ်ရာ

သိဆိုသူက ဤကမ္ဘာလောကတွင် ရိုင်းပြမှုသည် အစွမ်းကုန်ပျော်ရွှင်မှုဖြစ်သည်ဟူ၍ စဉ်းစားဆုံးဖြတ်နိုင်ရန် အကြံပြုသည်။ ရိုင်းပြမှုပြုလုပ်သူတစ်ယောက် မသိနားမလည်နိုင်သော အကြောင်းအရာတစ်ခုရှိသည်။

မမှန်သောတရား အများကိုသာ ပိုမိုအားထုတ် ပြုလုပ်သူမှာ၊

မြက်ပင်ရိုင်းပမာ ရိုင်းပြမှုများ တိုးပွားဖြစ်လာ၊

သို့သော် သူတို့ဟာ လုံးဝဥဿုံ ပျက်သုန်းရမှာ။ (Psalm 92.7)

တစ်စုံတစ်ယောက်က လူသားတစ်ယောက်၏ ဝိညာဉ်သည် အထက်သို့တက်နေသောအချိန်၌ တိရစ္ဆာန်တစ်ကောင်၏ဝိညာဉ်သည် မြေကြီးအောက်သို့ ထိုးကျနေကြောင်း အဘယ်မျှလောက် သေချာစွာပြောနိုင်ပါမည်နည်း? (Eccl. 3.21)။

"ကျွန်ုပ်တို့ သေဆုံးပြီးနောက် ဘယ်ဘဝရောက်၍ ဘာဖြစ်မည်ကို ကျွန်ုပ်တို့အတွက် နားလည်နိုင်ရန်နည်းလမ်းဟူ၍ မရှိပေ။" (Eccl. 3.22)

သို့ရာတွင် Ecclesiates စာအုပ် ခေါ် ခရစ်ယာန်ဘုရားဝတ်ပြုကျောင်းများနှင့် သက်ဆိုင်သောစာအုပ်က ကျွန်ုပ်တို့အား ထာဝရဘုရားသခင်၏ လျှို့ဝှက်နက်နဲပြီး နားမလည်နိုင်သောစိတ်ဆန္ဒနှင့် မလွဲမရှောင်သာသောစိတ်ဆန္ဒ ရှေ့မှောက်တွင် ဦးညွှတ်ရန်အထိပင် သင်ပြခဲ့ပေသည်။

"အရာခပ်သိမ်း ထာဝရတည်မြဲနေစေရန် ထာဝရဘုရားသခင် ဖန်ဆင်းထားသည် ဆိုခြင်းကို ကျွန်ုပ် နားလည်ပါ၏။ အသင်သည် ထိုအရာအား တစ်စုံတစ်ခု ရောနှောမှု ပြုရန်သော်လည်းကောင်း၊ သို့မဟုတ် ထိုအရာမှ တစ်စုံတစ်ခု နှုတ်ယူရန်သော်လည်းကောင်း အသင်မပြုလုပ်နိုင်ပေ။ ထို့ပြင် ထာဝရဘုရားသခင်က ကျွန်ုပ်တို့အား သူ့ကို ကြောက်ရွံ့သွားရန် ပြုလုပ်ထား၏"(Eccl. 3.14)

အဘယ်ကြောင့် ဘာသာတရားကြည်ညိုလေးစားသော ဂျူးတစ်ယောက်သည် ဘုရားသခင်၏စိတ်ဆန္ဒအား စေ့ငှကမတက်ပဲ လက်ခံ၍နှံ့အကြံဉာဏ်ကို ကျော်လွန်၍ မစဉ်းစားနိုင်ပါသနည်း?။ အကြောင်းပြချက်တစ်ခုမှာ ဂျူးလူမျိုးတစ်ယောက်တွင် လွတ်လပ်မှုမရှိသောဘဝရောက်နေရသောကြောင့်ဖြစ်၏။ သူသည် လူမျိုးစုအလိုက် ယုံကြည်ချက်ထားရှိရမည့် ပျော်ရွှင်

မှုများ၊ ဝမ်းနည်းပူဆွေးမှုများနှင့် နှောင်ဖွဲ့ထိန်းချုပ်မှုများ ခံနေရခြင်းကြောင့်ဖြစ်၏။ ဂျူးလူမျိုး အတွင်း လူတစ်ယောက်၏ အပြစ်အနာအဆာသည် သူ၏သားနောက် ခုနစ်ဆက်မြောက်မျိုးဆက် အထိ ကူးစက်သွား၏။ သို့သော် ပြည်နှင်ခြင်းခံရပြီးနောက်ပိုင်းကာလ ဂျူးလူမျိုးတို့သည် မိမိတစ်ဦးချင်းစီပြုလုပ်ခဲ့သော လုပ်ဆောင်ချက်အတိုင်းသာ ကိုယ်စီကိုယ်ငှ ဆုံးဖြတ်ခြင်းခံရမည် ဟူ၍ ခံစားမိကြ၏။

> ''အပြစ်ကျူးလွန်သော ထိုဝိညာဉ်သည်ရှိ၏။ ထိုဝိညာဉ်သည် သေဆုံးရမည်အမှန်ဖြစ်၏'' (Ezekiel 18.20)
>
> ''ယခုအခါ တန်ခိုးအကြီးဆုံးဖြစ်သော ဒါဘုရားသခင်သည် အသင်အစ္စရေးလိုက်(စ်) (Israelites)များအား အသင်တို့တစ်ဦးချင်း၏ ပြုလုပ်ဆောင်ရွက်မှုအားလျော်စွာ ဒါဘုရားသခင်က စစ်ဆေးသွားမည်ဟူ၍ ဒါမိန့်ကြား၏'' (Ez. 18.30)

ဂျူးလူမျိုးတစ်ယောက်အဖို့ရာ၌ ဒုက္ခခံစားရခြင်းမှာ မကောင်းမှုဒုစရိုက်တစ်ခု မဟုတ်ပါ လေ။ ထိုသို့ ဒုက္ခခံစားရမှုပြဿနာမှာ လမ်းကြောင်းမှန်ပေါ် ရောက်ရှိအောင် လမ်းပြခြင်းဖြစ်၏။ ပြုပြင်ထိန်းသိမ်းပေးမှုဖြစ်၏။ ထို့ပြင် သန့်စင်သွားအောင် ဆောင်ရွက်ပေးခြင်းဖြစ်၏။

> ''သတိပြုပါ။ ထာဝရဘုရားသခင်က လမ်းမှန်ရောက်အောင် ပဲ့ပြင်လမ်းကြောင်းပေးခြင်း ခံရသူ လူတစ်ယောက်သည် ပျော်ရွှင်ချမ်းမြေ့၏။ ထို့ကြောင့် အသင်သည် တန်ခိုးရှင် (Almighty)၏နောက် တကောက်ကောက်လိုက်ပါမှုပြုနေခြင်းသည် အချည်းနှီး အလဟဿဖြစ်၏။'' (Job 5.17; also Deut 8.5; 2 chronicles 32.36)
>
> တဖန် ''မာနထောင်လွှား တစ်ယောက်သောသားအား ဖခင်တစ်ဦးက လမ်းမှန် ရောက်အောင် ပဲ့ပြင်ဆုံးမဩဝါဒပေးသကဲ့သို့ ထာဝရဘုရားသခင်အရှင်မြတ်ကလည်း သူချစ်ခင်သနား ဂရုဏာထားသူအား လမ်းကြောင်းမှန်ပေါ် အရောက်တွန်းပို့ရာ ရောက်၏။'' (Proverbs.3.12)

ထို့နောက်တဖန် ဒုက္ခခံစားရခြင်းသည် လူတစ်ယောက်အား သန့်စင်ပေး၏ဟူသော အယူအဆဖြစ်၏။ အထူးသဖြင့် ကိုယ်ကျင့်တရားမှန်ကန်အောင်ထား၍ ထာဝရဘုရားသခင်၏ ဩဝါဒအတိုင်း လိုက်ပါသွားသူများဖြစ်၏။ ဤအချက်က အေဗရာဒဟမ်(Abraham)နှင့်

ဂျိုးဆက်(Joseph)တို့ အမှုကိစ္စများနှင့် ဂျော့(Job)နှင့် အထက်အမှုကိစ္စများ အားလုံးတို့၏ အရေးမှာ အထူးမှန်ကန်လှပေ၏။

ဒုက္ခခံစားရခြင်း၏ အခြားရှုမြင်သုံးသပ်မှုတစ်ခုမှာ ကိုယ်ကျင့်တရားမှန်ကန်စွာကျင့်သုံးသူ လူတစ်ယောက်သည် အဆိုပါရှုမြင်သုံးသပ်ချက်အရ အလေးအနက်ထားသော သဒ္ဓါတရားဖြင့် ဝတ်ပြုဆုတောင်းခြင်းနှင့် ဝဋ်ကြွေးကို ပြန်လည်ပေးဆပ်ခြင်းဖြစ်သည်။ ဒုက္ခခံစားရခြင်းအတွက် ထိုရှုမြင်သုံးသပ်ချက်သည် ခရစ်ယာန်ဘာသာတွင် ကြီးမားလှစွာ နိုင်မြဲလာသည့်အယူအဆ ဖြစ်၍လာတော့၏။

အစ္စရေးလိုက်(စ်)(Israelites)များသည် ၎င်းတို့အား အီဂျစ်နိုင်ငံမှ နှင်ထုတ်ခြင်းခံရသည် အထိ ရုပ်ထုကိုးကွယ်ပြုမိသည့် အနည်းငယ်မျှသောအမှားကြောင့် ထာဝရဘုရားသခင်က အစ္စရေး လိုက်(စ်) (Israelites)အား ဖျက်ဆီးပစ်လိုစိတ်ဖြစ်ပေါ်၍ စိတ်ဆိုးခြင်းခံခဲ့ကြရသည်။ သို့သော် မိုးဇက်(Moses)သည် အစ္စရေးလိုက်(စ်)များအား သက်သာမှုရစေရေးအတွက် ထာဝရဘုရား သခင်၏ရှေ့မှောက်တွင် အလေးအနက်ထားသော သဒ္ဓါတရားဖြင့် ဝတ်ပြု ဆုတောင်းမှုနှင့် ဒုက္ခဝဋ်ကြွေး ပြန်လည်ပေးဆပ်သည့် ဝတ်ပြုဆုတောင်းမှုကိုပြုခဲ့သည်။ မိုးဇက်က အစ္စရေး လိုက်(စ်)များအား ၎င်းတို့၏ ရုပ်ထုကိုးကွယ်မှုအပြစ်အား ခွင့်လွှတ်ပေးသနားခြင်းကို ထာဝရ ဘုရားသခင်ထံမှရရှိရေးအတွက် သူသွားရလိမ့်မည်ဟူ၍ ပြောကြားခဲ့သည်။

မိုးဇက်သည် ထာဝရဘုရားသခင်သို့ဦးတည်၍ ပြောကြားသည်မှာ –

> "ထိုလူများသည် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ပြစ်မှားမှုတစ်ခုကို ကျူးလွန်ခဲ့ကြသည်။ ၎င်းတို့သည် ရွှေသားဖြင့် နတ်ရုပ်တစ်ခုကိုပြုလုပ်ပြီး ထိုအရာကို ဝတ်ပြုကိုးကွယ်ခဲ့ ကြသည်။ သူတို့၏အပြစ်ကို ခွင့်လွှတ်ပေးသနားပါ။ သို့သော် အကယ်၍ခွင့်လွှတ် ပေးသနားမှုမပြုနိုင်ပါက အရှင်သခင်ရေးမှတ်ထားသော အရှင်သခင်၏ လူအမည်နာမ များမှတ်တမ်းစာအုပ်ထဲမှ ဖယ်ရှားပေးပါ" (Exodus 32.31-32)

သို့သော် အိုက်ဇက်စာအုပ် အခန်း(၅၃) (in the book of Isaiah .chap-53)တွင် ရေးသားဖော်ပြထားသည့် "the suffering servant" ၌ "ဒုက္ခခံစားနေရသော ထာဝရဘုရား သခင်၏ကျေးကျွန်"နှင့်စပ်လျဉ်း၍ ဒုက္ခဝဋ်ကြွေးကို အသက်ခန္ဓာဖြင့် ပြန်လည်ပေးဆပ်ရခြင်း

ဟူသော ပုံဏ္ဏာန်ကို အထင်ရှားဆုံးမြင်နိုင်ရန်ဖြစ်သည်ဟု ရေးသား ထားသည်။

> "ကျွန်ုပ်တို့ တွေကြုံခံစားရမည့်နာကျင်မှုကို သေဆုံးခြင်းသို့တိုင် သူခံယူသွားသည့် ဒုက္ခကို ကျွန်ုပ်တို့ အသဲနှလုံးထဲတွင် စွဲမြဲစွာမှတ်သားထားသင့်ပေသည်။....
> အဘယ်ကြောင့်ဆိုသော် သူသည် ကျွန်ုပ်တို့အပြစ်အနာအဆာများ၏ဒါဏ်ချက်ကို သူခံစားရ၏။
>
> အဘယ်ကြောင့်ဆိုသော် သူသည် ကျွန်ုပ်တို့၏ အပြစ်အနာအဆာများ၏ ရိုက်နှက်မှုကို သူခံစားရ၏။ သူခံစားခဲ့ရသော ပြစ်ဒါဏ်များက ကျွန်ုပ်တို့အား အနာကျက်စေခဲ့၏။" (Isaiah 53.4-5)

Messiah ခေါ် ဂျူးလူမျိုးများက ၎င်းတို့အား ကယ်တင်လွတ်မြောက်စေမည့် ကယ်တင်ရှင်ပုဂ္ဂိုလ်အဖြစ် မျှော်လင့်ထားခဲ့သူက သူ၏လူအများအတွက် ဒုက္ခခံစားနေရသောရုပ်ပုံကားချပ်အား ခရစ်တော်ကိုယ်တိုင် အလွန်နှစ်သက်သဘောကျခဲ့သည်ဆိုသောအချက်မှာ အနည်းငယ် သံသယဖြစ်ပွားဖွယ်ရာဖြစ်သည်။ သို့သော် ဂျူးလူမျိုးများသည် ၎င်းတို့လူမျိုးများ ခံစားနေရသည့်ဒုက္ခကို အခြားသောလူမျိုးများအားလုံးတို့အတွက် အပြစ်အနာဆာများ ပြေပျောက်စေရေးအတွက် အစားထိုး၍ ခံစားနေကြရသောဒုက္ခဖြစ်သည်ဟူ၍ မှတ်ယူထားကြသည်။ ဤအချက်သည် ထာဝရဘုရားသခင်က ရွေးချယ်ခဲ့သော လူသားများအဖြစ် ယုံကြည်ထားသည့် လေးနက်မှုအရှိဆုံးသောအဓိပ္ပါယ်ဖြစ်သည်။

သို့သော် ထာဝရဘုရားသခင်က ဂျူးလူမျိုးများကို ဒုက္ခဝင့်ကြွေးပေးဆပ်စေ၍ ကမ္ဘာလောကအား လွတ်မြောက်စေရေးအတွက် ရွေးချယ်ခဲ့သည်ဆိုခြင်းမှာ ပဟေဠိတစ်ခု ဖြစ်နေ၏။ ထာဝရဘုရားသခင်၏ ဥပဒေအား လေးစားလိုက်နာသူတစ်ဦးသည် ၎င်း၏ ဒုက္ခဝင့်ကြွေးပေးဆပ်ခြင်းမှတဆင့် ထာဝရဘုရားသခင်ထံ သက်သေခံချက်ပေးသည်။ သေခြင်းတရားကို မလွဲမသွေရင်ဆိုင်ရမည့် လူသားတစ်ဦးသည် သူ၏ထာဝရဘုရားသခင်ထက်ပို၍ ကိုယ်ကျင့်သီလ ပြည့်စုံမှု ရှိနိုင်ပါမည်လော?။ သို့မဟုတ် သူ၏ ဖန်ဆင်းရှင်ရှေ့မှောက်တွင် ဖြူစင်သန့်ရှင်းနိုင်ပါမည်လော?။ (Job 4.17) ဂျော့က ထာဝရဘုရားသခင်သည် အားလုံး သိနားလည်ပြီး၊ သူ(He) သည် အာလုံးသောစေတမန်နတ်များထက် အဆင့်သာလွန်၍ သနားကြင်နာပြီး

ကူညီပေးတတ်သူဖြစ် သည်ဟူ၍ ယုံကြည်သည်။ ထို့ကြောင့် သူ၏ဦးခေါင်းကို ရိုသေလေးစားစွာ ထာဝရဘုရားသခင်၏ ရှေ့မှောက်တွင် ဦးညွတ်ဂါရဝပြုပြီး နောက်ဆုံးပြောကြား ခဲ့သည်မှာ –

''အရှင်မြတ်ဘုရား၊ ကိုယ်တော်အရှင်မြတ်သည် အားလုံးတို့ထက် တန်ခိုးအာဏာ သာလွန်သည်ကို ကျွန်ုပ်သိရှိပါ၏။ ကိုယ်တော်အရှင်မြတ်သည် အရာခပ်သိမ်း အလိုရှိသည့်အတိုင်း ပြုနိုင်စွမ်းရှိပါ၏။ ကိုယ်တော်အရှင်မြတ်၏ ဉာဏ်ပညာအစွမ်း မည်မျှခမ်းနားသည်ကို ကျွန်ုပ် မေးမြန်းဝံ့ကြောင်း၊ အရှင်ကိုယ်တော်မြတ်က တောင်းဆိုစဉ်ဝယ် ကျွန်ုပ်မှာ အလွန်တရာဉာဏ်ပညာချို့တဲ့၍ မသိနားမလည် အဝိဇ္ဇာဖုံးကွယ်နေခဲ့ပါသည်။ ကျွန်ုပ်နားမလည်သော အကြောင်းအရာကို ကျွန်ုပ်ပြော ဆိုမိခဲ့သည်မှာ ကျွန်ုပ်အဖို့ရာ ကြီးစွာသောအံ့ဩဘွယ်ရာဖြစ်ခဲ့ရပါသည်။'' (Job. 42.23)

Job သည် မည်သည့်ဥပဒေပြဋ္ဌာန်းချက်ကိုမျှ မကျူးလွန် အပြစ်မရှိကြောင်း ကြေညာခြင်းခံရသည်။ သို့သော် လူသားသည် ထာဝရဘုရားသခင်၏ အချုပ်အချာ အတွယ်အတာ မရှိသော ကောင်းမွန်မြင့်မြတ်မှုနှင့် ကြီးကျယ်မြင့်မြတ်မှုရှေ့မှောက်တွင် လူသား၏ အကောင်း ဆုံးသော ကိုယ်ကျင့်တရားဟူ၍ ဘာတစ်ခုမျှမရှိခြင်းကို ဝန်ခံရမည်ဖြစ်ပေသည်။ ထိုအကြောင်း များကြောင့် ဘာသာတရားကြည်ညိုလေးစားသော ဂျူးတစ်ယောက်က –

''အဘယ်ကြောင့် အကျွန်ုပ်ဒုက္ခခံစားရခြင်းကို ထာဝရဘုရားသခင်က ကျွန်ုပ်အား မပြောကြားသနည်း?။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် အဘယ်ကြောင့် ဒုက္ခခံစားရသည်ဆိုခြင်းအား နားလည်ရန် ကျွန်ုပ် မထိုက်မတန်သောကြောင့်ဖြစ်၏။ သို့သော် သင်၏ အပြုအမူကြောင့် ကျွန်ုပ် ဒုက္ခခံစားရသည်ဆိုခြင်းကို သိနားလည်ရန် ကျွန်ုပ်အား အကူအညီပေးသည်။''

အရေးကြီးသောအချက်မှာ စောဒကမတက် မညည်းမငြူဆက်လက်ပြီး ဒုက္ခခံစားရန် ဖြစ်သည်။ ဤနည်းအားဖြင့် ဖရောက်(Freud)က ကျွန်ုပ်တို့အား စောဒကမတက် မညည်းမငြူပဲ မလွဲမရှောင်သာ သေချာပေါက် ဒုက္ခခံစားရမည်ကိုလည်းကောင်း၊ မည်သည့်မျှော်လင့်ချက် တစ်စုံတစ်ရာမျှ မထားရန်ကိုလည်းကောင်း၊ ကျွန်ုပ်တို့ကိုယ်တိုင် ဒုက္ခအဖုံဖုံကို ခံယူရန်အဆင်

ဖြစ်နေရန် ဟောကြားဆုံးမခဲ့သည်။ ယနေ့တိုင် မေးခွန်းတစ်ခု မေးရန်ကျန်နေသေး၏။ ထိုမေးခွန်းမှာ အပြစ်အနာအဆာဟူသော ပြဿနာဖြစ်၏။

ဂျူးဘာသာ၏အဆိုအရ Sin* ခေါ် အပြစ်အနာအဆာဟူသည်မှာ ထာဝရဘုရားသခင်၏ ပညတ်တော်များအား မလိုက်နာခြင်းဖြစ်၏။ ထို့ကြောင့် အပြစ်အနာအဆာဆိုသော အဓိပ္ပါယ်မှာ ထာဝရဘုရားသခင်နှင့် မပူးပေါင်းခြင်းဖြစ်သည်။ ထို့ပြင် မှန်ကန်ဖြောင့်မတ်သည့် လမ်းပေါ်မှ ခွဲထွက်သွားခြင်းကို ဆိုလိုသည်။ အပြစ်အနာအဆာဟူသောအဓိပ္ပါယ်၏ နောက်ဆုံးအချက်မှာ ထာဝရဘုရားသခင်နှင့် အပြစ်ရှိသူတို့၏အကြား အလှမ်းကွာဝေးမှုဖြစ်စေခြင်းကို ဆိုလိုသည်။ တဖန် အပြစ်ကျူးလွန်မိုက်မဲခြင်းသည် သေခြင်းဖြစ်သည်ဟူ၍ ဆိုရိုးစကား (the wages of sin are death)ရှိသည်။ အပြစ်ကျူးလွန်ခြင်းကို ထာဝရဘုရားသခင် ရှုံမုန်းသည်။ သို့သော် အပြစ်အနာအဆာရှိသူကိုမူ ထာဝရဘုရားသခင်က သနား၏။ အပြစ်အနာအဆာ ရှိသူအား ထာဝရဘုရားသခင်ထံသို့ ပြန်လာရန်သာ သူ(He)က အလိုရှိတော်မူ၏။ အပြစ် ရှိသူသည် မည်ကဲ့သို့ ထာဝရဘုရားသခင်ထံ ပြန်လာနိုင်ပါမည်နည်း (ဝါ) နည်းလမ်းက အဘယ်ကဲ့သို့နည်း?။

ဝတ်ပြုဆုတောင်းသူများအား ထက်ကောင်းကင်ရွှေဘုံနန်း အဝင်ဝတံခါးသည်ပင်လျှင် ပိတ်ထား၏။ သူတို့အတွက် မျက်ရည်စက်များ၏တံခါးသာလျှင် ဖွင့်ထား၏ဟူ၍ဆိုကြ၏။ မည်သည့် အရာ လိုအပ်ပါသနည်းဆိုလျှင် ရင်ထဲနှလုံးထဲမှ ဖြစ်ပေါ်လာသည့်နောင်တနှင့် ဝမ်းနည်းပူဆွေး ငိုကြွေးခြင်းသာ ဖြစ်လေရာ၏။

## သေဆုံးပြီးနောက် ဖြစ်ရာဘဝ Life after Death

ဂျူးလူမျိုးများသည် အီဂျစ်လူမျိုးများ ကင်နနိုက်(canaanite)လူမျိုးများ၏ အရှိန်ဩဇာ လွှမ်းမိုးခြင်းကို ခံခဲ့ကြရပြီး နောက်ပိုင်းအချိန်ကာလ၌ ဂျူးလူမျိုးများသည် ပြည်နှင်ဒဏ်ခံနေရစဉ် ဘေဘီလုံမြို့သားများ၏ ဩဇာလွှမ်းမိုးခြင်းကို ခံခဲ့ရသည်။ နောက်ဆုံးအပြီးသတ်အချိန်တွင်

---

* *Sin [sin] n . 1. [U] breaking of Gods Laws; behaviour that is against the principles of morality (of crime); [C] instance of this ; immoral act such as telling a lie, stealing, adultery: original sin, proneness to commit sin which, christian believe, is part of our inheritance. Live in sin (esp. of a man and woman who are not husband and wife) live together as if married. The seven deadly sins, pride, convetousness lust, anger, gluttony, envy, sloth.*

၎င်းတို့သည် ဂရိခ်(Greek)လူမျိုးများ၏ ဩဇာလွှမ်းမိုးခြင်း ခံခဲ့ရဖွယ်ရာရှိသည်။ ဝိညာဉ်၏ အကြောင်း ရှုမြင်မှုနှင့်ပတ်သက်၍ ဟီဗရူး(Hebrew)နှင့် ဂရိခ်(Greek)တို့အကြား၌ အထူး အားဖြင့် အကြံပြုချက်အသီးသီးနှင့်အတူ ကွဲလွဲချက်ရှိသည်။ ဟီးဗရူး(Hebrew)တို့အဖို့ရာ၌ ဝိညာဉ်သည် အမြဲအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လျက်ရှိသည်။ ထိုအကြောင်းပြချက်အတွက် အီနို့ခ်(Enoch)နှင့် အီလိဂျ(Elijah)တို့သည် ၎င်းတို့၏ လက်ရှိရုပ်ခန္ဓာနှင့်တကွ ထက်ကောင်းကင် ရွှေဘုံနန်းသို့ တက်လှမ်းဝင်ရောက်သွားခဲ့ကြသည်ဟု ပြောဆိုခြင်းခံခဲ့ရသည်။ ဤအချက်နှင့် ဆန့်ကျင်လျက် ဂရိခ်လူမျိုးများက ဝိညာဉ်နှင့် လူ့ကိုယ်ကာယတို့အကြား ထူးခြားထင်ရှားသည့် အချက်ကို ဖော်ပြခဲ့ကြသည်။ သူက ဝိညာဉ်သည် ကိုယ်ကာယအတွင်း လွတ်လပ်စွာနေနိုင်သည် ဟူ၍ ထင်မြင်ခဲ့သည်။ ဤအချက်သည် အိန္ဒိယနိုင်ငံအတွင်းရှိ ဂျိန်းဘာသာဝင်များ(Jainas)နှင့် ဆမ်ခယဘာသာဝင်များ (Samkhya)တို့၏ ယုံကြည်ချက်နှင့် ထပ်တူထပ်မျှ တူညီလျက်ရှိသည်။

ပထမဦးစွာ ဂျူးလူမျိုးများက လူ၏ဝိဉာဉ်သည် ဝင်လေထွက်လေသာလျှင်ဖြစ်ပြီး ဘာတစ်ခုမျှမရှိပေ။ ဤအယူအဆသည် အချို့သော ဥပါနိရှတ်စ်(Upanishads)၏ အယူအဆ လည်းဖြစ်သည်။ ထို့ပြင် သမ္မာကျမ်းစာ၏ရေးသား ဖော်ပြချက်မှာ –

> ''အရှင်သခင်ထာဝရဘုရားရှင်က လူသားအား မြေကြီးပေါ်ရှိဖုန်မှုန့်များကို ပုံစံ ထုလုပ်ပြီး သူ၏နှာဝအတွင်းသို့ ဝင်သက်ထွက်သက်ကို မှုတ်သွင်းပေးခဲ့သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် လူသားသက်ရှိ ဝိညာဉ်တစ်ခုဖြစ်လာခဲ့ရသည်။''(Ginesis 2.7)

ဤနည်းအားဖြင့် သေဆုံးခြင်းဆိုသည်မှာ ဝင်လေထွက်လေသည် ကိုယ်ခန္ဓာအတွင်းမှ ထွက်ခွာသွားခဲ့ခြင်းဖြစ်ကြောင်း ရိုးရှင်းစွာအဓိပ္ပါယ်ဆောင်သည်။ ထို့ပြင် ''လူသား၏နှာသီးဝတွင် ရှိသော ထာဝရဘုရားသခင်၏ ဝင်လေထွက်လေသည် ဝိညာဉ်''ဟူ၍ ရိုးရှင်းစွာအဓိပ္ပါယ်ဆောင်၏။ လူသားသည် နာမ်ရုပ်နှစ်ပါး ဒွန်တွဲနေမှုဖြစ်သည့်အားလျော်စွာ ကိုယ်ကာယသည် ပျက်စီးကုန်ဆုံး ခြင်းနှင့်အတူ ဝိညာဉ်သည်လည်း ကွယ်ပျောက်ခြင်းအဖြစ်သို့ ထာဝရဘုရားသခင်က ယူဆောင် သွားသည်။ ထို့ကြောင့် ဂျူးလူမျိုးသည် လူသေဆုံးပြီးနောက်ဖြစ်တည်ခြင်း အကြောင်းအရာအား သံသယပွားသူသာဖြစ်သည်။

'' ... အဘယ်ကြောင့်ဆိုသော် သူသေပြီးနောက် ဘာဖြစ်မည်သိရန်အတွက်

သူ့ကိုဘယ်သူ သယ်ယူခဲ့ပါလိမ့်?" (Eccl 3.22)

မည်သို့ပင်ဖြစ်စေကာမူ လူသားသည် ယခုဘဝသေဆုံး နောက်ဖြစ်ပေါ်မှုရုပ်ဆိုင်းသွား လိမ့်မည်ဟူ၍ စဉ်းစားတွေးခေါ်ရန်မှာ ကိုယ်စိတ်နှစ်ပါး အလွန်အမင်းဆင်းရဲရသည့် အကြောင်းရင်း ဖြစ်သည်။ အလုံးစုံခြုံငုံသုံးသပ်ရလျှင် ဂျူးလူမျိုးများ၌ အီဂျစ်လူမျိုးများသည် သေဆုံးသွားသူ များ၏ ရုပ်အလောင်းကို ဂူသင်္ချိုင်း၌ သိမ်းဆည်းသည့်အနေဖြင့် မြှုပ်နှံထားသည့် နည်းလမ်းအတိုင်း ကျင့်သုံးခြင်းမှာ အီဂျစ်လူမျိုးတို့ယုံကြည်ချက်အား ဆက်ခံရယူထားကြောင်း ရှင်းလင်းထင်ရှားစွာ ပြသနေသည်။ ထို့ကြောင့် သေဆုံးခြင်းသည် ဂျူးလူမျိုးများအား အလုပ်ရှုပ်စေသည်။ ဂျူးလူမျိုး များသည် သေဆုံးသွားသူ၏ ဝိညာဉ်နှင့်ဆက်သွယ်၍ ၎င်းမည်သည့်ဘုံဘဝ ရောက်ရှိနေသည်ဆို ခြင်းကို စုံစမ်းမှုပြုလုပ်သည့်အလုပ်ကို မကြာခဏပြုလုပ်လေ့ရှိကြသည်။ စုန်းအတတ်ပညာ(ဝါ) အောက်လမ်းပညာဖြင့်ဖြစ်စေ၊ ကိုယ်ခန္ဓာမှ ထွက်ခွာသွားပြီးဖြစ်သည့် အသက်ဝိဉာဉ်များနှင့် ဆက်သွယ်မှုပြုလုပ်တည်ထောင်ထားသည့် အိပ်ငွေ့ချတတ်သူများမှတဆင့် အသက်ဝိညာဉ် များအားမေးမြန်းမှု မကြာခဏပြုလုပ်ကြ၏။ (I Sam. 28-3-25) အမှန်စင်စစ်အားဖြင့် တမန်တော်များက စုန်းအတတ်ပညာနှင့် သေဆုံးခဲ့သူများနှင့်ဆက်သွယ်၍ မေးမြန်းစုံစမ်းခြင်းကို အားပေးခြင်းမပြုသည့်အပြင် ယင်းအလေ့အထကို ဆန့်ကျင်ပြောဆိုမှု ပြုလုပ်ခဲ့ကြသည်။ (Isaiah. 8.19-20) ဟုတ်ပါသည်။ ဂရိခ်များ၏ဟာဒီစ်ကျမ်း(Hades)အား ရည်ညွှန်းမှုပြုလျက် သေဆုံး သူများ၏ဝိညာဉ်များ ရှီအိုးလ်(Sheol)၌ သွားရောက်နေထိုင်ရသည်ကိုလည်း ယုံကြည်သည်။

ဟီးဘရူးစ်များ(Hebrews)က စကြဝဠာတိုက်၏ ထက်ကောင်းကင်ရွှေဘုံနန်း (the abode of God)၊ ကမ္ဘာမြေကြီး(the abode of man)နှင့် ရှီအိုးလ်(Sheol) သို့မဟုတ် (the abode of dead)ဟူ၍ ဘုံသုံးဆင့်ရှိကြောင်း ယုံကြည်ကြ၏။ Sheol သည် ထာဝရဘုရား သခင်နှင့် အနည်းငယ်မျှသာသက်ဆိုင်မှုရှိသည်။ Sheolသည် မေ့လျော့မှုအပြည့်ရှိသောနေရာသာ ဖြစ်၏။

အသင်သည် အမိုက်မှောင်ထုအောက်မှာ လှည့်လည်သွားလာနေချင်သလား?။ သို့မဟုတ် အသင်သည် ခွင့်လွှတ်မှုအပြည့်အဝရှိသော မြေပေါ်၌ ကောင်းမြတ်မှု(Rightiousness သို့မဟုတ် သူတော်ကောင်းတရား)ဖြင့် နေထိုင်လိုပါသလား?။ (Psalm.88.12)

*(ဗုဒ္ဓဘာသာ၌လည်း သူတော်ကောင်းတရားကို ကျင့်သုံးသူများရှိရာ သူတော်ကောင်းတရား (၇)ပါးရှိ၏။ ၎င်းတို့မှာ - (၁) သဒ္ဓါ= ကောင်းမှုပြုရန်လှုံ့ဆော်သည့်စေတနာ (၂) သီလ= ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ စသည်ဖြင့် ကျင့်သုံးဆောက်တည်ရသည့် အကျင့်သိက္ခာ (၃) သုတ= ဘာသာရေးနှင့်ပတ်သက်၍ အခြေခံမှစ၍ အဆင့်မြင့်သော အကြားအမြင် ဗဟုသုတရှာမှီးခြင်း (၄) စာဂ= ပေးကမ်းစွန့်ကြဲလှူဒါန်းမှုများ မကြာခဏပြုလုပ်ခြင်း (၅) ပညာ= အကောင်းအဆိုးအကြောင်းအကျိုးကို ခွဲခြားဝေဖန် မှန်ကန်စွာသိနားလည်မှုရှိခြင်း (၆) ဟိရီ = မကောင်းမှုပြုလုပ်ရမည်ကို ရှက်တတ်ခြင်း (၇) ဩတပ္ပ = မကောင်းမှု ပြုလုပ်ရမည်ကိုကြောက်ရွံ့ခြင်း ။ ဘာသာပြန်သူ)*

Sheol သည် တိတ်ဆိတ်ငြိမ်သက်သော နေရာလည်းဖြစ်၏။ (Psa.94.17)။ ထိုအတူ အားအင်မရှိသော နေရာတစ်ခုလည်းဖြစ်သည်။(Isaiah 14.9.10)။ သေဆုံးခဲ့သူများ၏ လောကသည် ဘေဘီလုံတိုင်းနိုင်ငံ၏ဘုရင်ကြီး (King of Babylonia)အား ကြိုဆိုရန် အဆင်သင့်အနေအထား ဖြစ်နေကြသည်။ ကမ္ဘာမြေပေါ်၌ ဘုန်းတန်ခိုးအာဏာ ကြီးမားသူများ၏ အသက်လိပ်ပြာကောင်များ(the ghosts)သည် ဟိုဟိုသည်သည် ရွေ့လျားသွားလာနေကြသည်။ ရှင်ဘုရင်များ၏ အသက်လိပ်ပြာကောင်များသည် ၎င်းတို့၏ ရာဇပလ္လင်များအောက်မှ ထွက်ပေါ်လာကြ၏။ ''အသင်သည် ယခုအခါ ငါတို့ကဲ့သို့ အားနည်းလျက်ရှိ၏''ဟူ၍ ၎င်းတို့အားလုံး သူ့ကိုအော်၍ခေါ်ကြ၏။

မည်သို့ပင်ဖြစ်စေကာမူ ဂျူးလူမျိုးတို့သည် ဘေဘီလုံနီယားတိုင်းပြည်အတွင်း ပါစီဘာသာယုံကြည်မှုနှင့် တွေ့ထိပေါင်းဆုံမိသောအခါ ၎င်းတို့၏ ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အမြင်မှာ အကြီးအကျယ်ပြောင်းလဲသွားခဲ့သည်။ ပထမဦးစွာ ထာဝရဘုရားသခင်ကိုလည်း (Sheol)၏ အရှင်သခင်အဖြစ် ယုံကြည်လာခဲ့၏။

> '' အကယ်၍ ကျွန်ုပ်သည် ထက်ကောင်းကင်ရွှေဘုံနန်းသို့ တက်ရောက်စံမြန်းသည့်အခါ အသင်လည်း ထိုနေရာသို့ ရောက်၏။ အကယ်၍ ကျွန်ုပ်သည်ငရဲဘုံနှင့် ကျွန်ုပ်၏ အိပ်ယာပြင်က အသင်လည်း ထိုနေရာသို့ရောက်ရမည် ဆိုသည်ကို သတိထားပါ''
> (Psalm 139.8)

တဖန် ဘေဘီလုံမြို့ရှိ ဘုရားဝတ်ကျောင်းတော်သည် ပျက်စီးသွားခဲ့ရပြီး စုပေါင်းဝတ်ပြုဆုတောင်းခြင်းများ ပျက်စီးဆုံးရှုံးသွားခဲ့ရသည်။ ဂျူးလူမျိုးသည် ထာဝရဘုရားသခင်ရှေ့မှောက်တွင် တစ်ဦးတည်းရပ်တည်ခဲ့ရသည်။ ထို့ပြင် သူ၏မျက်နှာကို ဂျေရုစလင်မြို့ဘက်သို့ တူရူရှေးရှုလျက် ယဟွိုး(Yahwe)အား ဝတ်ပြုခဲ့ရသည်။ သူသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအားဖြင့် သော်လည်းကောင်း၊ ပုဂ္ဂိုလ်ရေးလေးစားယုံကြည်မှုအရလည်းကောင်း၊ ဘဝတစ်ခုကဲ့သို့ နိုးထလာခဲ့သည်။ ဒယ်နီယယ်(Daniel)တစ်ယောက်၊ သို့မဟုတ် အိုက်ဇက်(Isaiah)တစ်ယောက်၊ သို့မဟုတ် အီဇရာ(Ezra)၊ သို့မဟုတ် နီဟီမိယ(Nehemiah)တစ်ယောက်အား အဆုံးသတ်စေသင့်ပါသလား?။ သို့မဟုတ် ရှိအိုးလ်၌ အင်အားချိနဲ့လျက် နေထိုင်ခွင့်ပြုသင့်ပါသလား။။ ခွင့်မပြုသင့်ပါ။ သေဆုံးသွားသူများ တဖန်ရှင်သန်ထမြောက်လာလိမ့်မည်။

"သေဆုံးသွားသော ကျွန်ုပ်တို့၏လူအများ တဖန်ရှင်သန်လာလိမ့်မည်။ ၎င်းတို့၏ကိုယ်ကာယအတွင်းသို့ အသက်ပြန်ဝင်ရောက်လာမည်။ ၎င်းတို့၏သင်္ချိုင်းဂူများ၌ အိပ်ပျော်နေသောသူများသည် ပျော်ရွှင်ချမ်းမြေ့မှုအတွက် နိုးထလာကြ၍ သီချင်းများဆိုကြလိမ့်မည်။ ........

ထို့ကြောင့် အရှင်ကိုယ်တော်မြတ်က ကြာရှည်စွာသောကာလမှ သေပြီးသူများအား အသိတရား ပြန်လည်ထည့်သွင်းပေးလိမ့်မည်။" (Isaih . 26.19)

ဘေဘီလိုနီးယားတိုင်းပြည်မှ ပါစီလူမျိုး(the Parsi of Babylonia)သည် ပြန်လည်ရှင်သန်ထမြောက်ခြင်းနှင့် တရားစီရင်ဆုံးဖြတ်သည့်အယူအဆကို ယုံကြည်မှုရှိသည်ဆိုခြင်းအား သံသယဖြစ်ရန်မလိုပါ။ ထို့ကြောင့် ဘေဘီလိုနီယားနိုင်ငံအတွင်းနေထိုင်သော ဂျူးလူမျိုးသည် ဤယုံကြည်ချက်အား ပါစီလူမျိုးနှင့်အတူ မျှဝေခံယူခဲ့သည်ဟူ၍လည်း ဆိုနိုင်သည်။

"များစွာသောသေဆုံးခဲ့ပြီးသူတို့သည် တဖန်ပြန်လည်၍ အသက်ရှင်နေထိုင်ကြလိမ့်မည်၊ ၎င်းတို့အထဲမှ အချို့သည် အမြဲထာဝရပျော်ရွှင်သောဘဝဖြင့် နေထိုင်သွားကြရမည်ဖြစ်သည်။ ၎င်းတို့အထဲမှ အချို့သောသူတို့သည် အမြဲထာဝရ ဒုက္ခခံစားရသော ငြီးငွေ့ ရွံရှာဖွယ်ရာဘဝသို့ ကျရောက်ရလိမ့်မည်။" (Daniel12.12)

ဤအချက်သည် ဂျူးလူမျိုးတစ်ယောက် ယနေ့တိုင်ယုံကြည်သည့် ထက်ကောင်းကင်

ရွှေဘုံနန်းနှင့်ငရဲခန်း အယူအဆဖြစ်သည်။

ဂျူးလူမျိုးသည် ပြန်လည်သစ်လွင်စေခြင်းဟူသော အယူအဆကြောင့် ၎င်း၏ယုံကြည်ချက်သည် လေးနက်စွာပြောင်းလဲလာရသည်ဆိုခြင်းမှာ အနည်းငယ်သံသယဖြစ်ဖွယ်ရာရှိသည်။ ထိုယုံကြည်ချက်အရ သူက သစ္စာတရားလက်ကိုင်ထားသူ ဂျူးလူမျိုးများအားလုံးထံသို့ ကယ်တင်လွတ်မြောက်စေမှုနှင့် သတ္တဝါအားလုံး တစ်ပြေးညီ ငြိမ်းချမ်းမှုဖြစ်စေမည့် ခြင်္သေ့နှင့် သိုးငယ်တို့သည် တူညီသည့် တစ်ခုသောစမ်းရေကို အတူတကွသောက်သုံးကြ၍ စိုးရိမ်ကြောက်ရွံ့မှုကင်းစွာ ချစ်ကြည်ခြင်းဖြင့် နေထိုင်နိုင်သည့်ကမ္ဘာ(Kingdom of Universal Peace)ကို တည်ဆောက်ပေးမည့် မက်ဆီယက်(Messiah)၏ လာရောက်ချိန်အယူအဆကို ကြိုဆိုသောအားဖြင့် ပျော်ပွဲရွှင်ပွဲကျင်းပခြင်းကို စတင်ခဲ့သည်။ (Isaiah. 65-25)

ဂျူးလူမျိုး ရှေးလူကြီးသူမတို့၏ ယုံကြည်ချက်ကို အကျဉ်းချုပ်ဖော်ပြရလျှင် လူတစ်ယောက်သည် သေဆုံးပြီးနောက် ရှီအိုးလ်(Sheol)ဘုံဘဝသို့ရောက်သွားပြီး ထိုဘုံဘဝမှ ခက်ခဲစွာဖြင့် လွတ်မြောက်နိုင်၏။ ဂျူးလူမျိုးဂိုဏ်းခွဲတစ်ခုဖြစ်သော ဆဒူဆစ်(Sadducess) ကဲ့သို့သော ဂျူးလူမျိုးများကမူ လူသေပြီးနောက် သင်္ချိုင်းဂူမှ ပြန်လည်ရှင်သန်ထမြောက်ခြင်း မရှိနိုင်ဟု ယုံကြည်၏။ မည်သို့ပင်ဖြစ်စေကာမူ အီဂျစ်နိုင်ငံမှ ဘေဘီလိုနီးယားနိုင်ငံသို့ နှင်ပို့ခြင်းခံခဲ့ရပြီး နောက်ပိုင်းအချိန်ကာလ၌ ဂျူးလူမျိုးများသည် ဇိုရိုအာဆရီးယားဘာသာ (Zoroastrianism)၏ ဩဇာလွှမ်းမိုးခြင်းအောက်တွင် သေဆုံးသူ၏ ပြန်လည်ရှင်သန်ထမြောက်မှုနှင့် တရားစစ်ဆေးစီရင်သောနေ့တွင် ဘာသာတရားကြည်ညိုလေးစားသူသည် ထက်ကောင်းကင် ရွှေဘုံနန်းသို့ ခိုဝင်စံမြန်းနိုင်မည်ဖြစ်ပြီး မမှန်မကန်မရိုးမသားအမှားများကို ကျူးလွန်သူများမှာမူကား ငရဲဘုံသို့ သက်ဆင်းကျရောက်ရမည်ဖြစ်ကြောင်း ယုံကြည်ခဲ့သည်။

## အဆုံးစွန်ရည်မှန်းချက်ပန်းတိုင် The Ultimate Destiny

ထက်ကောင်းကင်ရွှေဘုံနန်းထက် စံမြန်းနေကြသော သူတော်စင်များ၏ အဆုံးစွန်ရည်မှန်းချက် ပန်းတိုင်အကြောင်း များပြားစွာမပြောထားပေ။ သူတို့သည် ထာဝရဘုရားသခင်၏ နောက်လိုက်နောက်ပါသာဝကအရာဖြင့် ကောင်းချီးမင်္ဂလာကိုခံစားလျက် သူ၏ဘဝကို မြင့်မြတ်

မှုနှင့် စိတ်ချမ်းသာပျော်ရွှင်မှုအား မျှဝေခံစားပြီး ထာဝရဘုရားသခင်၏ဂုဏ်တော်ကို ချီးကျူးပူဇော်သည့်ဓမ္မတေး သီကျွေးနေကြ၏။ သူတို့သည် စေတမန်နတ်များအလား စိတ်ဝိညာဉ်အားဖြင့် ရာဂအမိုက်လောကီအာရုံ ကာမဂုဏ်ချမ်းသာနှင့် စားသောက်ဖွယ်ရာ အပျော်ယမကာတို့မပါပဲ အမြဲနေထိုင်ကြရပေလိမ့်မည်။ ထို့ကြောင့် သူတို့၏ဘဝသည် အမြဲထာဝရတည်နေရသည့် ဟာလီဂျ(Hallelujah)၌ နွေးထွေးစွာ ပျော်ပိုက်နေကြရတော့သည်။

ယခုလူ့ဘဝရောက်ရှိနေခိုက် စည်းကမ်းဘောင်အတွင်းနေထိုင်ခြင်းနှင့် ထာဝရဘုရားသခင်၏ အမိန့်တော်အား လိုက်နာခြင်းမပြုပဲ နေထိုင်သွားသူများသည် အမြဲထာဝရပျက်စီးမှုနှင့် တွေ့ကြုံရမည်သာဖြစ်၍ အနည်းငယ်မျှသောအစိတ်အပိုင်းနှင့် အခြားသူများတို့သာလျှင် ကယ်တင်ခြင်းကို ခံရလိမ့်မည်ဟူ၍လည်း မိုင်မိုနိုက်(စ်) (Maimonides)များက ယုံကြည်ကြ၏။

## ဝတ်ပြုဆုတောင်းခြင်းများ Prayers

ဘုရားဝတ်ကျောင်းတော်သည် ဝတ်ပြုဆုတောင်းမှုပြုရန်အတွက် နေရာဖြစ်၏။ သို့သော် ဘုရားဝတ်ကျောင်းတော်အပြင် ဂျူးတစ်ယောက်သည် နံနက်ပိုင်း၊ နေ့လည်ပိုင်းနှင့် ညနေပိုင်းဟူ၍ အချိန်ခွဲခြားကာ တစ်နေ့လျှင်သုံးကြိမ် ဝတ်ပြုဆုတောင်း၏။ ဂျူးလူမျိုးတစ်ဦးသည် ၎င်း၏နေ့စဉ်ဘဝ လိုအပ်သောအရာခပ်သိမ်း ပြည့်စုံမှုရှိစေရန် ထာဝရဘုရားသခင်ထံ နားပူနားဆာပြုလုပ်သော အနေဖြင့် ဝတ်ပြုဆုတောင်းသည်။ သူ့အား ထာဝရဘုရားသခင်က ခွင့်လွှတ်သနားရန် အသဲနှလုံးထဲမှ သိနားလည်ခြင်းနှင့် အမှားကျူးလွန်မိခြင်းအတွက် နှစ်နှစ်ကာကာဖြစ်ပေါ် လာသော ပူဆွေးသောက ကင်းစင်ပအောင် ဝတ်ပြုဆုတောင်းရသည်။ ဆုတောင်းခြင်းများဖြင့် ဝတ်ပြုကိုးကွယ် ခြင်းမှာ ဂျူးလူမျိုးများအတွက် ဘာသာရေးဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်ရမည့်အချက်ဖြစ်သည်။ သို့ရာတွင် လူတစ်ယောက်သည် စစ်မှန်သောရင်တွင်းခံစားမှုနှင့်တကွ သူ၏လန်းဆန်းသော ယုံကြည်ချက်နှင့် အချိန်မှန်မှန်ဝတ်ပြုဆုတောင်းရသည်။ ဝတ်ပြုဆုတောင်းရာ၌ ရှင်းလင်းသောစကားလုံးများ သုံးနှုန်းရွတ်ဆိုဝတ်ပြုရန် ဂျူးလူမျိုးတစ်ဦးက အောက်ပါအတိုင်း ပြုလုပ်ရပါသည်။

''ကျွန်ုပ်၏ပါးစပ်မှဖွင့်ဟဆိုပါ၏။ အိုအရှင်သခင် ကျွန်ုပ်သည် အရှင်သခင်၏ဂုဏ်တော်ကို

ချီးကျူးဖော်ပြပါမည်။

ကျွန်ုပ်တို့ဖခင် ထာဝရဘုရားသခင်၊ ကျွန်ုပ်တို့အား ခွင့်လွှတ်သနားတော်မူပါ။ ကျွန်ုပ်တို့ အပြစ်ကျူးလွန်မိခြင်းကို ခွင့်လွှတ်ပါ။

အိုအရှင်သခင်၊ ကျွန်ုပ်တို့၏ ထာဝရဘုရားသခင် ကျွန်ုပ်တို့၏ ငိုယိုမြည်တမ်း ပူဆွေးသောအသံကို ကြားသိပါစေသတည်း။"

ဝတ်ပြုဆုတောင်းမှုသည် လူသားနှင့် သူ၏ဖန်ဆင်းရှင်ထာဝရဘုရားသခင်၏အကြား ပင်လယ်ကွေ့ခြားနေခြင်းကို ဆက်သွယ်ပေးသည့် တံတားတစ်ခုဖြစ်ကြောင်း အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ ဝမ်းနည်းပူဆွေး စိတ်မအေးရသော နှလုံးသားခံစားချက် ဖော်ပြခြင်းကို မျက်ရည်စိုရွှဲငိုပွဲဝင်ရပုံ စကားလုံးအသုံးအနှုန်းများဖြင့် လူတစ်ယောက်က မိမိ၏အပြစ်များကို သနားသောအားဖြင့် ခွင့်လွှတ်ပေးသနားရန် ဝန်ချတောင်းပန်သည့်ပုံစံဖြစ်သည်။

## ပွဲလမ်းသဘင်များ Festivals

ဂျူးတစ်ယောက်သည် မြင့်မြတ်သောစနေနေ့တွင် ဥပုသ်ဆောက်တည်ရပါမည်။ ဤအချက်မှာ စတုတ္ထမြောက် ပညတ်တော်ဖြစ်ပြီး ဂျူးလူမျိုးများ အလွန်ပြင်းပျစွာခံယူထားသည့် ကျင့်စဉ်ဖြစ်ပါသည်။ စနေနေ့သည် ၎င်းတို့၏ဥပုသ်နေ့ဖြစ်သည်ကို ဂျူးလူမျိုးများ မှတ်သားထားရန် လိုအပ်ပါသည်။ ဂျူးလူမျိုးများသည် သခင်ယေရှုအပေါ် အမျက်ဒေါသထွက်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုက များစွာသောလူအပေါင်းတို့ကို ဥပုသ်နေ့အား မကြာခဏ မေ့ပျောက်စေခဲ့သည့်အတွက်ဖြစ်သည်။

ဥပုသ်နေ့အပြင် ဂျူးအမျိုးသားအားလုံးတို့သည် အရှင်သခင်ရှေ့မှောက်သို့ တစ်နှစ်လျှင် သုံးကြိမ် စုဝေးရောက်ရှိကြရသည်။

"ငါ့အား ဂုဏ်ပြုရန် တစ်နှစ်လျှင်သုံးကြိမ် ပွဲလမ်းသဘင်များဆင်ယင်ကျင်းပရမည်။ Abib လအတွင်း၌ အသင် အီဂျစ်မှထွက်ခွာခဲ့ရစဉ် လမ်းခရီး၌ တဆေးမပါသော ပေါင်မုန့်ပွဲတော်(Festival of Unleavened Bread)ကျင်းပရန် အသင့်အား ငါ

ထာဝရဘုရားသခင် အမိန့်ပေးခဲ့၏။ ခုနစ်ရက်တာပွဲတော်အချိန်ကာလအတွင်း တဆေးဖြင့်ပြုလုပ်ထားသော ပေါင်မုန့်မစားရန်အမိန့်ပေးခဲ့၏။ လျှဒါန်းမှုတစ်ခုမျှမယူလာဘဲ ဝတ်ပြုပူဇော်ရန် ငါ့ဘုရားသခင်ထံ မည်သည့်အခါမျှ မလာရ။

အသင်၏ ကောက်ပဲသီးနှံများ ရိတ်သိမ်းစပြုသောအခါ ကောက်ရိတ်သိမ်းပွဲတော်ကျင်းပပါ။ အသင်၏ စပျစ်ခြံများအတွင်းနှင့် သစ်သီးဝလံပင်များ စိုက်ပျိုးထားသည့်ခြံငယ်ကလေးများအတွင်းမှ သစ်သီးဝလံများ အသင်ဆွတ်ယူ စုပေါင်းမိသောအချိန်အခါ နွေဦးရာသီမှာ အိမ်သစ်တက်မင်္ဂလာပွဲတော်များ (Festivals of shelters) ကျင်းပပြုလုပ်ပါ" (Exodus 23.14-17A)

အလားတူညွှန်ကြားချက်များကို Exo 34.18-26 နှင့် Deut 16.1-17 တို့၌လည်းပေးအပ်ထားသည်။ ပထမဦးဆုံးသောပွဲတော်မှာ Passover ခေါ် အီဂျစ်နိုင်ငံအတွင်း ဂျူးလူမျိုးများကျေးကျွန်ဘဝမှလွတ်မြောက်ခြင်း အထိမ်းအမှတ်အဖြစ် ဘာသာရေးဆိုင်ရာဂျူးပွဲတော်ဟုသိရှိကြသည်။ ဂျူးလူမျိုးများအား အီဂျစ်လက်အောက်ခံ ကျေးကျွန်ဘဝမှ လွတ်မြောက်မှုရရှိခြင်းမှာ ထာဝရဘုရားသခင်၏ ထူးဆန်းအံ့သြဖွယ်ရာဆောင်ရွက်ပေးခဲ့ခြင်း အထိမ်းအမှတ်အဖြစ်ပြုလုပ်ကျင်းပခဲ့သည်။

နှစ်သစ်ကူးပွဲတော်ကိုလည်း ဂျူးလူမျိုးဆိုင်ရာ နောက်ခံသမိုင်းဖြစ်ရပ်မှန်နှင့် လူအများတို့အား ထာဝရဘုရားသခင်၏ ဖန်ဆင်းမှုကို အမှတ်ရစေရန် ကျင်းပခြင်းဖြစ်သည်။ တဖန်အရေးကြီးသောနေ့အဖြစ် ဒုက္ခဝဋ်ကြွေးကို ပြန်လည်ပေးဆပ်သည့်နေ့ကို အမှတ်ရစေခြင်းငှာ ကျင်းပခြင်းဖြစ်သည်။ ဒုက္ခဝဋ်ကြွေးကို ပြန်လည်ပေးဆပ်ခြင်းဟူသောအဓိပ္ပါယ်မှာ ''အတွင်းစိတ် သဘောသန့်ရှင်းစေခြင်း''(Wiping out)၊ သို့မဟုတ် လူတစ်ယောက်သည် အပြစ်အနာအဆာပြေပျောက်သွားစေရန် ကိုယ်တိုင်အားထုတ်မှုဖြစ်သည်။ ဂျူးလူမျိုးများသည် အခြားသောနေ့ရက်များတွင် ဘာသာရေးဆိုင်ရာ သင်ကြားပို့ချခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းပြုလုပ်ရာ အဆောက်အဦအတွင်း ဆုတောင်းပွဲသို့ မတက်ရောက်ကြပေ။ သို့သော် သူက ဂျူးများစုဝေးရန်ဆောက်လုပ်ထားသည့် အဆောက်အဦအတွင်းပြုလုပ်သည့် ဒုက္ခဝဋ်ကြွေးပေးဆပ်ခြင်း အထိမ်းအမှတ်နေ့ ဝတ်ပြုဆုတောင်းပွဲသို့မူ တက်ရောက်သည်။ ထိုအချိန်အခါသမယသည် အပြစ်အနာ

အဆာများအတွက် ဝမ်းနည်းပူဆွေး စိတ်သောကဖြစ်ခဲ့ကြရသည့်အရေးကို ပြန်လည်တွေးပြီး အများအကျိုးအတွက် လုပ်ဆောင်မှုနှင့် လုပ်ကိုင်ဆောင်ရွက်ရန် ငြင်းပယ်မှု၊ တစ်ဦးချင်းလုပ်ဆောင်မှုနှင့် စုပေါင်းလုပ်ဆောင်မှု၊ သိလျက်ဖြစ်စေ မသိဘဲဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းများအတွက် ပြန်လည်စမ်းစစ် စဉ်းစားကြည့်ရမည့် အချိန်အခါကောင်းဖြစ်သည်။ လွန်လေပြီးခဲ့သော အတိတ်ကာလက တိရစ္ဆာန်ယစ်ပူဇော်မှုများတွင် ဂျူးတစ်ယောက်သည် သူ၏လုပ်ဆောင်ချက်ကို ပြန်လည်သတိရ ဆင်ခြင်အောက်မေ့ခြင်းပြုလုပ်သည်။ သို့သော် ကာလရွေ့လျော အချိန်ကာလကြာမြင့်လာသည့်အချိန်၌ ဥပုသ်သီတင်းဆောက်တည်ခြင်းနှင့် ပြန်လည်အောက်မေ့ခြင်း ပွဲလမ်းသဘင်များကို ပကာသနဂုဏ်တုဂုဏ်ပြိုင်မှုကို အလေးပေး၍တိရစ္ဆာန်အမျိုးအစားနှင့် တန်ဘိုးငွေကိုသာ ဦးစားပေးခဲ့ကြသည်။

*( ဗုဒ္ဓဘာသာတရားတော်များ၌လည်း အလားတူပြန်လည်စဉ်းစားပြီး ပြုခဲ့သောမကောင်းမှုအကုသိုလ်တရားတို့အား မေ့ပျောက်ပြီး ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်တရားတို့ကို တိုးပွားအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဟောကြားထားရာ အခြားသော ဘာသာတရားများထက် ပိုမိုပြည့်စုံသဘာဝကျကြောင်း အောက်ဖော်ပြပါ သမ္မပ္ပဓာန် တရား(၄)ပါးကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်–*

*သမ္မပ္ပဓာန်တရား(၄)ပါး –*

*(၁) မိမိသန္တာန်၌ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော အကုသိုလ်တရားတို့အား ပြန်လည်သတိရ နောင်တတဖန် မပူပန်မိစေရန် မေ့ပျောက်ပစ်ရေး ကုသိုလ်ပြုလုပ်မှုဖြင့် အစားထိုးဆောင်ရွက်ခြင်း။*

*(၂) မိမိသန္တာန်၌ နောင်ဖြစ်လတ္တံ့သော အကုသိုလ်တရားတို့အား မဖြစ်ခင်ကြိုတင်တားဆီးကာကွယ်ရေးအတွက် ကုသိုလ်တရားများတိုးပွားအောင် အားထုတ်ခြင်း။*

*(၃) မိမိသန္တာန်၌ မဖြစ်ဖူးသေးသောကုသိုလ်တရားတို့ ဖြစ်ပေါ်လာစေရန် ကြိုးစွာသော အားထုတ်မှုဖြင့် ဒါန၊ သီလ၊ ဘာဝနာမှ သီလ၊ သမာဓိ၊ ပညာသို့တိုင် မယိမ်းမယိုင် ခိုင်ကျည်သောသဒ္ဓါတရားဖြင့် ကြိုးစားအားထုတ်ခြင်း။*

*(၄) မိမိသန္တာန်၌ ဖြစ်ပြီး၊ ဖြစ်ဆဲဖြစ်ကုန်သော ကုသိုလ်တရားတို့အား ဆထက်*

*တိုးပွားလာစေရန် သတိအမြဲ လက်ကိုင်စွဲ၍ အားခဲကြိုးကုတ်အားထုတ်ခြင်း။ -ဘာသာပြန်သူ)*

## ဂျူးလူမျိုးတို့၏အဘိဓမ္မာသဘောတရား Jewish Philosophy

ဂျူးဘာသာသည် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အတွေ့အကြုံအား အခြေခံသော ကိစ္စရပ်တစ်ခုဖြစ်၍ ကျေနပ်အားရလောက်သော လေးနက်သည့်အဓိပ္ပါယ်မပါဝင်ချေ။ သို့သော် ၎င်း၏ရှည်လျားသောသမိုင်းကြောင်းတစ်လျှောက်၌ ထာဝရဘုရားသခင်၏ အရေးကြီးသော သဘောသဘာဝကို သိပ္ပံနည်းကျ ဆန်းစစ်ချက်များပါဝင်၏။ ဂျူးလူမျိုးဒဿနိကပညာရှင် ဆာဒီယဂုန်(Saadiah Goan; 882-942 A.D)သည် ယုံကြည်မှုနှင့် အသိဉာဏ်ပညာ ပြဿနာ(the problem of faith and knowledge)ကို ထုတ်ဖော်ရေးသားခဲ့၏။

*(ဗုဒ္ဓဘာသာ၌လည်း အဆိုပါ the problem of faith and knowledge ဟု ဆိုနိုင်သော သဒ္ဓါနှင့်ပညာ သည် ညီမျှရန်လိုအပ်ကြောင်း ဟောကြားဆုံးမထားသောအချက် ရှိသလို သမာဓိနှင့်ဝီရိယညီမျှရန် လိုအပ်သည့်ပြင် သတိဆိုသောတရားမှာ အစဉ်တစိုက်ဦးဆောင်မှု ပေးနေရမည့်အချက်ဖြစ်သည်။ ယင်းအချက်(၅)ချက်ကို ဣန္ဒြေ(၅)ပါး၊ ဗိုလ်(၅)ပါးဟူ၍လည်း ခေါ်သည်။ ၎င်းအချက်(၅)ချက်အား သဘာဝကျစွာဇယားချကြည့်ပါက အောက်ပါအတိုင်း တွေ့ရမည် ဖြစ်သည်။*

*(၁) သဒ္ဓါ - Tendency*

*(၂) ဝီရိယ - Effort*

*(၃) သတိ - Consciousness*

*(၄) သမာဓိ - Concentration*

*(၅) ပညာ - Wisdom*

*ထိုကဲ့သို့ညီမျှစွာထားရှိရမည့်တရားကို အညီအမျှမထားပါက အစွန်းတစ်ဘက် ရောက်နိုင်ပြီး မှန်ကန်သော အကျိုးရလဒ်ကို မရတော့ချေ။ ထို့ပြင် သတိဆိုသည့်တရားမှာ အကောင်းအဆိုးနှစ်မျိုးလုံးတွင် လိုအပ်သောအချက်ဖြစ်သည်။ သတိနှင့် ပညာတွဲမှသာ နိဗ္ဗာန်*

*ဆိုသောအရာကို လှမ်းကိုင်ရရှိနိုင်သည်။ သတိနှင့် သမာဓိတွဲလျှင် သမထအရာ ရှာန်သမာပတ္တိသာ ရနိုင်သည်။ ဘာသာပြန်သူ)*

သူက ထာဝရဘုရားသခင်၏တည်ရှိမှုကို သက်သေသာဓကနှင့်တကွ တင်ပြထားသည်။ ချီးကျူးဂုဏ်ပြုမှု အခံရဆုံး ဒဿနိကပညာရှင်မှာ မိုရှေဘင်မိုက်မွန် (Moshe Ben Maimon also known as Maimonides; 1135-1204 .A.D) ဖြစ်သည်။ သူက "The Guide for the Perplexed" ခေါ် ''သိမ်မွေ့နက်နဲသော အသိဉာဏ်လမ်းညွှန်'' ဟူသောစာအုပ်ကို သူစောစောပိုင်းက ဖော်ပြခဲ့သည့်အတိုင်း ရေးသားခဲ့သည်။ ဤစာအုပ်တွင် ဂျူးဘာသာ၏ အခြေခံအုတ်မြစ်(၁၃)ချက်ကို အောက်ပါအတိုင်း ဖော်ပြထားသည်။

(၁) ထာဝရဘုရားသခင်၏ ဖန်ဆင်းမှုနှင့် သူဖန်ဆင်းထားသော လူသားအတွက် ထာဝရဘုရားသခင်၏ စောင့်ရှောက်မှုကို ယုံကြည်ခြင်း။

(၂) သူ၏(ထာဝရဘုရားသခင်) တစ်ဆူတည်းဖြစ်မှု (ဝါ) ညီညွတ်မှုကို ယုံကြည်ခြင်း။

(၃) ထာဝရဘုရားသခင်၏ ရူပကာယကို ယုံကြည်ခြင်း။

(၄) ထာဝရဘုရားသခင်၏ အမြဲထာဝရတည်နေမှုကို ယုံကြည်ခြင်း။

(၅) ထာဝရဘုရားသခင်၏ အနန္တဉာဏ်တော်ကို ယုံကြည်ခြင်း။

(၆) ထာဝရဘုရားသခင်အား ပြင်ပဋ္ဌဝတ်ပြုဆုတောင်းမှုကို ယုံကြည်ခြင်း။

(၇) တမန်တော်က ထာဝရဘုရားသခင်၏ မြင့်မြတ်သောလျှို့ဝှက်ချက်အား ထုတ်ဖော်ဟောကြားချက်ကို ယုံကြည်ခြင်း။

(၈) မိုးဇက်၏ တစ်ခုတည်းသော အမိန့်အာဏာကို ယုံကြည်ခြင်း။

(၉) ဆိုင်းနိုင်းတောင်ထိပ်ပေါ်၌ မိုးဇက်အား ထာဝရဘုရားသခင်က တိုရပ်(Torah) ပေးအပ်မှုကို လက်ခံရယူသည်ဟူသော ယုံကြည်ချက်။

(၁၀) တိုရပ်(Torah)တွင်ပါသော ညွှန်ကြားချက်များနှင့်ဥပဒေသများ နောက်ဆုံးဖော်ထုတ်တွေ့ရှိချက်ဟူ၍ ယုံကြည်ခြင်း။

(၁၁) လူတစ်ဦး၏ အကုသိုလ်ကံအကျိုးပေးသည့် ယခုလက်ရှိဘဝ၌သော်လည်းကောင်း၊ နောက်တစ်ဘဝတွင်သော်လည်းကောင်း၊ နှစ်ဘဝစလုံးတွင်သော်

လည်းကောင်း ကြုံတွေ့ရနိုင်သည်ဟူသော ယုံကြည်ချက်။
(၁၂) မက်ဆီယက်(Messiah)ရောက်ရှိလာမည့်အချိန်ကို ယုံကြည်ခြင်း။
(၁၃) ပြန်လည်ရှင်သန်ထမြောက်သည့်နေ့နှင့် တရားစီရင်စစ်ဆေးသည့်နေ့ရက်ကို ယုံကြည်ခြင်း။

သင့်တင့်လျောက်ပတ်သော ကာလ၊ ဒေသ၊ ပယောဂနှင့်ကိုက်ညီစွာဖြင့် ဂျူးလူမျိုးများသည် ဘာသာကိုးကွယ်မှုဆိုင်ရာ ယုံကြည်မှုတစ်ခုဖြစ်သော ထာဝရဘုရားသခင်၏ ဉာဏ်ပညာနှင့် သစ္စာတရားကို တရားထိုင်ခြင်းအားဖြင့် ရရှိနိုင်ကြောင်း ဟောကြားသင်ပြချက်များအား စပင်နိုဇာ(Spinoza)၊ ဟင်နရီဘာ့ဆွန်(Henri Bergson)နှင့် မာတင်ဘူဘာ (Martin Buber)တို့က ဆက်လက်ရှင်သန်တိုးတက်စေရန် ဆောင်ရွက်ခဲ့ရာ ယနေ့တိုင် တွေ့ရှိနေရသည်။

ထာဝရဘုရားသခင်၏ ဉာဏ်ပညာနှင့် သစ္စာတရားကိုရရှိနိုင်ရန် တရားထိုင်ရမည်ဟူသော အယူအဆကို ထာဝရဘုရားသခင်အား တိုက်ရိုက်တွေ့မြင်ရခြင်းအပေါ်၌ အခြေခံသည်။ ဤနေရာတွင် နှစ်ခြိုက်စွာအိပ်ပျော်ခြင်းမဟုတ်သောအချိန် သမာဓိတည်နေခိုက် အာရုံတွင်ထင်ဟပ်လာသည့် အရာဝတ္ထုပစ္စည်းများနှင့် အကြောင်းအရာများသည် အမှန်စင်စစ်အားဖြင့် လက်ဆုပ်လက်ကိုင် ပိုင်ပိုင်မိမိ မရရှိနိုင်ချေ။ Jewish Mysticism ခေါ် ဂျူးလူမျိုးတို့ တရားထိုင်ခြင်းအားဖြင့် ရရှိနိုင်သည့် ရှေးအစဉ်အလာသမာဓိအား ကဗ္ဗလ(Kabbalah)ဟူ၍ လူအများကသိထားကြခြင်းမှာ ကိုင်စမ်းဖမ်းမိခြင်းမပြုနိုင်သော အမြင်အာရုံဟူ၍ ယုံကြည်သော အယူအဆအား အများဆုံးပြောဆိုခဲ့ကြ၏။ အိန္ဒိယလူမျိုးတို့၏ ဘာသာယုံကြည် ကိုးကွယ်မှုဆိုင်ရာဒဿနဟူ၍လည်းကောင်း၊ တရားထိုင်နေစဉ် သမာဓိတည်နေခိုက်တွင် ကိုင်စမ်း ဖမ်းကြည့်၍မရနိုင်သော အမြင်အာရုံဟူသော သဘာဝတရားဟူ၍လည်းကောင်း၊ ပဉ္စရတ္တရ(Pancaratra)၌ ထင်ရှားစွာ သိနားလည်နိုင်သောစကားများသာ အများဆုံးထည့်သွင်းရေးသားထားသည်။ ကဗ္ဗလမ်(in Kabbalan)၌ တိုရပ် (Torah)ဟူသော စကားလုံးအား ပစ်ပယ်ထားခြင်းမပြုပေ။ သို့သော် ၎င်း၏လျှို့ဝှက်ချက်နှင့် မြုပ်ကွယ်ထားသော အဓိပ္ပါယ်အား သိနားလည်ခဲ့ပြီး ရှင်းလင်းဖော်ပြထား၏။

●

# ကျမ်းကိုးစာရင်း

၁။ Edited by Arthur Hertzberg, Judaism, N.Y. 1996, XVI; See also XXI, XXII, P.26.

၂။ Aurthur Hertzberg, Ibid .p.p.23-24.

၃။ The same kind of anecdot e is found in Islam.

၄။ The book of Genesis 1.27; 5.1; 9.6

# အခန်း(၄) CHAPTER IV
# ခရစ်ယာန်ဘာသာ
# CHRISTIANITY

## နိဒါန်း

ခရစ်ယာန်ဘာသာသည် ယေရှုခရစ်တော်၏အမည်နာမကို အစွဲပြု၍ခေါ်သောအမည် ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ခရစ်ယာန်ဘာသာကို ယေရှုခရစ်တော်၏ဘဝ၊ ယေရှုခရစ်တော်၏ သေဆုံးခြင်း၊ ယေရှုခရစ်တော်ဟောကြားချက်များအား မဏ္ဍိုင်ပြု၍ ပုံဖော်တည်ထောင်ထားခြင်း ဖြစ်သည်။ ယေရှုခရစ်တော်သည် ဩဂတ်စတတ်ဆီဇာဘုရင်လက်ထက် ဘီစီ–၄ ရာစုတွင် ဘက်သလီဟမ်အမည်ရှိသော မြို့ငယ်တစ်ခု၌ မိႈရှုးသန့်စင်ဖွားမြင်တော်မူသည်ဟု မှတ်ယူထား ကြသည်။ သူသည် တရားဝင်လက်ထပ်ထိမ်းမြားမှုမရှိသောမိခင်မှ မြင့်မြတ်စွာဖွားမြင်တော်မူ ခဲ့သည်။ သို့ရာတွင် ဂျိုးဆက်ဆိုသူ မွေးစားဖခင်က ဂျူးလူမျိုးများ၏ အရှင်သခင်ဘုရင်ဟူ၍ ထင်မြင်ယူဆယုံကြည်ကြသည့် ဒေးဗစ်ဘုရင်ကြီးထံသို့ ဆက်သအပ်နှံခြင်းခံရသည်။ ဤနည်း အားဖြင့် ယေရှုသည် ဂျူးဖြစ်သွားပြီး ဂျူးလူမျိုးဘာသာယုံကြည်ချက်အားလျော်စွာ ၎င်းတို့၏ မျှော်လင့်တောင့်တနေကြသော နောင်ဖြစ်ပေါ်လာမည့် ဂျူးလူမျိုးများလွတ်မြောက်စေရန် ကယ်တင် ပေးမည့် ပုဂ္ဂိုလ်(Messiah) ဖြစ်လာခဲ့သည်။ ဤကယ်တင်ရှင်သည် ကွယ်ပျောက်သွားသော ဂျူးလူမျိုးတို့၏ ဒေးဗစ်ဘုရင်အုပ်စိုးသည့် တိုင်းပြည်နိုင်ငံတော်ကို ပြန်လည်ဖော်ဆောင်လျက် ယခင်ဘုရင်များထက် ဘုန်းတန်ခိုးအာဏာ ပိုမိုကြီးမြတ်တော်မူမည်ဟူ၍လည်းကောင်း၊ အမျိုးမျိုး အစားစားအနေအားဖြင့် လက်ခံယုံကြည်ခဲ့ကြလေသည်။ သို့သော် သခင်ယေရှုမှာ ဂျူးလူမျိုး များအား လွတ်မြောက်စေမည့်ပုဂ္ဂိုလ်တစ်ဦးဟူသော အယူအဆနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်မှုရှိ

ခဲ့သည်။ "ဒုက္ခဝင့်ကြွေးပေးဆပ်ရသော ထာဝရဘုရားသခင်၏သားတပည့်တစ်ဦးအဖြစ် ဤသို့ စိတ်ကူးပုံဖော်မှုကို အခန်း(၅၃) တွင် တမန်တော်အိုက်ဇက်က ရေးသားစိကုံးချယ်မှုန်းထားခဲ့သည်။ ယေရှုသည် ကျမ်းစာဟောင်း၌သာ ထည့်သွင်းဖော်ပြခြင်းခံရသည်မဟုတ်၊ သမ္မာကျမ်းစာသစ် တွင်လည်း ဘုန်းတော်ဘွဲ့သီချင်းများ အထူးရေးသားဖော်ပြခြင်းခံရသည်။ သို့သော် အီနော့ခ်ျ(Enoch)နှင့် ဒင်းနီယယ်(Daniel)တို့ရေးသားသည့် ကျမ်းပြုစုရေးသားသူ မည်သူ မည်ဝါဟု တိတိကျကျမရှိသော (apocryphal)ကျမ်းစာများ၌လည်း ထည့်သွင်းရေးသား ထားသည်ဟူ၍သိရသည်။ ၎င်းစာအုပ်သည် ယေရှုက မိမိကိုယ်မိမိ "လူ့သား"(Son of man)ဟူ၍ များစွာသုံးနှုန်း ရည်ညွှန်းဖော်ပြသည့် အဓိကကျသော သဘောထားမှတ်ချက်ကို ရေးသား ထားခြင်းဖြစ်သည်။

အမှန်စင်စစ်အားဖြင့် ခရစ်ယာန်ဘာသာဝင်များသည် အရေအတွက်အားဖြင့် (၃၉)အုပ် ရှိသော ဓမ္မဟောင်းကျမ်းစာ၌ပါဝင်သော ဟောပြောရေးသားချက်များအား အခြေခံလျက် ကူးပြောင်း ရယူထားခြင်းဖြစ်သော်လည်း သမ္မာကျမ်းစာသစ် စာအုပ်ပေါင်း(၂၇)အုပ်တို့၏ ဟောပြောရေးသား ချက်များ ပိုမိုရယူထားခြင်းဖြစ်သည်။ သမ္မာကျမ်းစာ(the Bible)၏ အဓိပ္ပါယ်သည်ပင်လျှင် စာအုပ်များစွာမှ ထုတ်နှုတ်ရယူခြင်းဟူ၍ဖြစ်သည်။ ဤကျမ်းစာသစ်တွင် ယေရှုခရစ်တော်၏ ဘဝနှင့်ဟောကြားချက်များတွင် (၄)မျိုးသောဒေသနာများ၊ (ထာဝရဘုရားသခင် ထံချဉ်းကပ်၍ မှတ်သားနာယူခြင်း၊ ထာဝရဘုရားသခင်၏ကျေးဇူးသစ္စာ စောင့်သိရှိသေခြင်း၊ ထာဝရဘုရား သခင်၏မှန်ကန်မှုကို ယုံကြည်ခြင်းနှင့် ထာဝရဘုရားသခင်အပေါ် သစ္စာခိုင်မြဲခြင်း)၌ ဘဝအကြောင်း ဟောကြားချက်များအကြောင်း၊ သေဆုံးခြင်းအကြောင်းနှင့် ပြန်လည်ရှင်သန်ထမြောက်ကြောင်း များအား ဖော်ပြထားသည်။ ပထမဒေသနာသုံးရပ်တွင် အနည်းငယ်၊ သို့မဟုတ် အများဆုံးတူညီမှု ရှိသောဟောကြားချက်များနှင့် စတုတ္ထဒေသနာသည် ဂျိုဟန်နိုင်း(Johannine)ဖြစ်၍ စိန့်ဂျွန်း (St.John)က ၎င်း၏ ကျေးဇူးတော်အရှင်သခင်အား ကယ်တင်ရှင်အဖြစ်သော်လည်းကောင်း၊ ထာဝရဘုရားသခင်၏ သားတော်အဖြစ်သော်လည်းကောင်း၊ အလွန်အကျွမ်းဝင် ရင်းနှီးစွာဖြင့် ရေးသားဖော်ပြထားသည်။ သို့သော် "လူ့သား" (Son of man)၊ သို့မဟုတ် "ဘုရား သားတော်"(Son of God)တို့နှင့် အလားတူဝေါဟာရအသုံးအနှုန်းနှင့် ရိုးရှင်းသောစကားလုံး

များမှာ ခေတ်ကာလအချိန်အခါသမယတို့၌ ဘိုးဘွားစဉ်ဆက်တို့မှ သင်ကြားမှတ်သားခဲ့ရသော ပုံဝတ္ထုများအားလေ့လာခြင်းဆိုင်ရာ အတတ်ပညာအရ ရေးသားထားခြင်းဖြစ်သည်။ ကာယ၊ စိတ္တ ဒုက္ခများစွာ တွေ့ကြုံကြရခြင်းမှာ မကောင်းဆိုးဝါး စိတ်ဝိညာဉ်များ၏ လုပ်ဆောင်ချက်ကြောင့်ဖြစ်သည်ဟူ၍ ယူဆဘွယ်ရာဖြစ်ပေ၏။ စကြဝဠာ ကမ္ဘာလောကဓါတ်ကြီးသည်ပင်လျှင် ကောင်းကင်ဘုံများ၊ မြေကြီးနှင့် ရှီအောလ်(Sheol)ဟုခေါ်သော ငရဲဘုံ(Nether)တို့ ပါဝင်သော သုံးထပ်အိမ်ကြီး ဖြစ်ခဲ့ပေသည်။ ထိုနည်းတူစွာ "ကညာပျိုစင်စစ်မှ မွေးဖွားခြင်း" (the virgin birth) "ဘုရား၏သားတော်"(the son of God)၊ ပြန်လည်ရှင်သန်ထမြောက်ခြင်းနှင့် ယေရှုသည် ရှင်သန်ထမြောက်ပြီးနောက် ရက်ပေါင်းလေးဆယ်ရောက်သောနေ့တွင် ကမ္ဘာမြေကြီးပေါ်မှ ထွက်ခွာသွားရောက်ခြင်း(Ascension)နှင့် ယေရှု ဒုတိယအကြိမ် ပြန်လည်ဆိုက်ရောက်လာခြင်း(Second Advent of Jesus)တို့အား ဘိုးဘွားဘိဘင်တို့ထံမှ အဆင့်ဆင့်သယ်ဆောင်လာသော ပုံဝတ္ထုများအဖြစ် စကားလုံးများအား လေ့လာပုံနည်းစနစ်အရ နားလည်ရသည်။ လူတစ်ယောက်အနေဖြင့် ဒေသနာတရားက အမှန်စင်စစ်အားဖြင့် ဘာတွေကိုသင်ကြားသည်ဆိုခြင်းကို နားလည်သဘောပေါက်ရန်အတွက် ရှေးခေတ်ဟောင်းကရေးသားချက်များ၏ သဘောအဓိပ္ပါယ် နားလည်ရန်လိုအပ်သည်။ လူအများအား ယုံကြည်မှုပြောင်းလဲစေရန် ဟောပြောပို့ချမှုနှင့်စပ်လျဉ်း၍ ဤစကားလုံးအသုံးအနှုန်းများကို လက်နက်သဖွယ် အသုံးပြုခဲ့ကြသည်။*(ဗုဒ္ဓဘာသာ၌လည်း တရားဟောဓမ္မကထိကများသည် ဗုဒ္ဓဟောကြားထားသည့် ပါဠိစာပေများကို ကြားညှပ်ရွတ်ဆို အဓိပ္ပါယ်ဖွင့်ဆိုကြသည်။ -ဘာသာပြန်သူ)*

> "ဤစာအုပ်ထဲတွင် ရေးသားဖော်ပြခြင်းမရှိသည့် များပြားလှစွာသော အခြားအခြားသော ဒဏ္ဍာရီပုံပြင်များအား နောက်ပါသာဝကများ၏တင်ပြချက်၌ ယေရှုက ဆောင်ရွက်ခဲ့သည်။ သို့သော် အဆိုပါရေးသားဖော်ပြချက်များမှာ ယေရှုအပေါ် အသင်၏ ယုံကြည်မှုမှတဆင့် အသင်၏အသက်စန္ဓာ ရရှိစေခြင်းအကျိုးငှာ ယေရှုသည် ကယ်တင်ရှင် ထာဝရဘုရားသခင်၏သားတော် ဖြစ်သည်ဆိုခြင်းကို အသင်ယုံကြည်စေရန်အတွက် ရေးသားထားခြင်းဖြစ်ပါသည်"။ (St.John . 20.30-31)

ဤနည်းအားဖြင့် ခရစ်ယာန်ဘာသာသည် ဘာသာယုံကြည်ကိုးကွယ်မှုပြောင်းလဲရာ၌

အောင်မြင်ရေးအတွက် သာသနာပြုလုပ်နေးဖြစ်သည်။ သူ ကမ္ဘာမြေပေါ်မှ ထွက်ခွာသွားသည့် အချိန်တွင် မိန့်မြွက်ဟောကြားတော်မူသည့် နောက်ဆုံးစကားတော်များမှာ -

> ''လူသတ္တဝါများအားလုံးတို့ထံ သွားပါလော့၊ နေရာဒေသအနှံ့သွားရောက်ပြီး ငါ၏သာဝကဖြစ်အောင် ပြုလုပ်ကြ''။ (Mt. 28.19)

*(ဗုဒ္ဓ၏နောက်ဆုံးစကားမှာ–အနိစ္စဝတသင်္ခါရာ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံ ဝူပသမော သုခေါ် - အလုံးစုံသော ဖြစ်ခြင်းသဘောတို့သည် ပျက်ခြင်းသဘော၌သာ အဆုံးဖြစ်ပေစွတကား၊ ထိုဖြစ်ပျက်ဟူသော သဘောတရား၏ ချုပ်ငြိမ်းရာအမှန် နိဗ္ဗာန်သည် တကယ့်အစစ်အမှန် ချမ်းသာသုခဖြစ်ပေစွတကား ဟူသောစကား၏ အဓိပ္ပါယ်ကို ဆန်းစစ်ဝေဖန် ကြည့်ပါက ဗုဒ္ဓသည် ပြန်လည်မွေးဖွားခြင်းမရှိသော(no rebirth)အခြေအနေသို့ ဆိုက်ရောက်၍ သံသရာကျင်လည်ရသော ဝဋ်ဒုက္ခမှ လုံးဝကျွတ်လွတ်ခဲ့သည်ကို နားလည်နိုင်သည်။ - ဘာသာပြန်သူ)*

## ဂျူးဘာသာနှင့် ယေရှု၏ဟောကြားချက်ဒေသနာ
## Judasim and the Gospel of Jesus

ယေရှုသည် ဂျူးလူမျိုးဖြစ်သည်ဆိုခြင်းကို သံသယဖြစ်ဖွယ်ရာမရှိပေ။ သို့သော် သူသည် အခြားအခြားသော ဂျူးလူမျိုးများနှင့် များစွာကွဲပြားခြားနား၍ ၎င်း၏ဟောကြား ပို့ချချက်များမှာ ဂျူးဘာသာအတွက် တော်လှန်ပုန်ကန်သောလုပ်ရပ်ဖြစ်သည်။

ပထမဦးဆုံးအချိန်၌ ဂျူးလူမျိုးများသည် ၎င်းတို့ကိုယ်တိုင်က ''ထာဝရဘုရားသခင်၏ ရွေးချယ်ထားခြင်းခံရသောလူမျိုး၊ ''အေဗရာဟမ်၊ အိုက်ဇက်နှင့် ဂျက်ကော့တို့မှ ဆင်းသက်ပေါက် ဖွားလာသူများ''ဟူ၍လည်းကောင်း ပြောဆိုကြပြီး အခြားအခြားသောလူမျိုးများကိုမူ ''ဘာသာ ယုံကြည်မှုမရှိသူ လူရိုင်းများ''ဟူ၍လည်းကောင်း၊ ''နတ် ယုံကြည်ကိုးကွယ်မှုပြုသူများ''ဟူ၍ လည်းကောင်း ခေါ်ဆိုကြသည်။ ထို့ပြင် ဂျူးလူမျိုးများသည် ၎င်းတို့အား တမန်တော်များက ကျယ်ကျယ်ပြန့်ပြန့် တူညီသောဘာသာယုံကြည်ကိုးကွယ်မှုနှင့် မနောကံထိန်းသိမ်းစောင့်စည်းရန် လမ်းညွှန်ဟောကြားထားလင့်ကစား၊ ဥပုသ်နေ့ ကုသိုလ်ကောင်းမှုကို အယူသီးစွာပြုလုပ်ခြင်း၊

အသက် ၁၂ နှစ်ပြည့်လာသော ယောကျ်ားလေးများ၏ လိင်အင်္ဂါထိပ်ဖျားရှိ အရေပြားကို ဖြတ်တောက်သည့် ရှင်ပြုခြင်းအပေါ် အယူသီးခြင်းနှင့် ပြင်ပကိုယ်ကာယအပြုအမူများကို စွဲလန်းအယူသီးစွာ ကျင့်သုံးခြင်းများဖြင့် ဂျူးလူမျိုးများသည် စိတ်သဘောထားကျဉ်းမြောင်းသော လူမျိုးဖြစ်သည်။

"တည်ကြည်ခန့်ညားသော သဘောတူညီချက်ဖြင့် လူများအားလုံး သဘောတူညီမှု ရအောင် အသင်မှတဆင့် ငါကြံဆောင်အံ့"

"နိုင်ငံများအားလုံး အလင်းဆောင်ရန် အသင်မှတဆင့် ငါယူဆောင်လာအံ့" (Isaiah 42.6)

တဖန်ထပ်မံ၍-

"ထာဝရဘုရားသခင်အရှင်ကိုယ်တော်မြတ်က ငါ့အား ပြောကြားသည်မှာ ငါကိုယ်တော်မြတ်၏ တပည့်သား၊ သင့်အား ပို၍ကြီးမားသော အလုပ်တာဝန်ပေးရန် ငါကိုယ်တော်တွင်ရှိ၏။ အသင့်အား ကြီးစွာသောအကျိုးရလဒ် ပြန်လည်၍ရမည် သာမက အသက်ရှင်သန်ကျန်ရှိသော အစ္စရေးလူမျိုးတို့သည်လည်း ပြန်လည်၍ တန်ခိုး အာဏာကြီးစိုးရာ၏။ ထို့ပြင် နိုင်ငံအများ အလင်းရောင်ဆောင်နိုင်ရေး၊ အသင်မှတဆင့် ငါဆောင်ရွက်ပေအံ့။" (Isaiah .49.6)

ထိုနည်းတူစွာ တမန်တော်များသည် ယစ်ပူဇော်မှုအားဆန့်ကျင်သည့် ကျင့်ဝတ်ဆိုင်ရာ များကိုသာ ဟောပြောခဲ့ကြပါ၏။

"ထာဝရဘုရားသခင် အရှင်ကိုယ်တော်က ပြောသည်၊ "အသင်၏ ဘာသာရေးဆိုင်ရာ ပွဲလမ်းသဘင်များကို ငါမုန်းတီး၏။ သူတို့အတွက် ငါတာဝန် မယူပေးနိုင်ပေ၊... ဝပြိုးအောင် အစာကျွေး၍ ငါ့အား ယစ်ပူဇော်ရန် အသင်ယူဆောင်လာသော တိရစ္ဆာန်အား ငါလက်ခံလိမ့်မည်မဟုတ်"။ ဤသို့လုပ်ဆောင်မည့်အစား တရားမျှတ မှုအား ချောင်းရေသို့အလား စီးဆင်းသွားပါစေလော့၊ အမှန်တရားကို မြစ်တစ်စင်း အလား စီးဆင်းစေလျက် ဘယ်သောအခါမျှ မခြောက်သွေ့ပါစေနှင့်။"(Amos 5.21. 24)

ထိုနည်းအတိုင်း တူညီသောလေသံဖြင့် ထာဝရဘုရားသခင်သည် တိရစ္ဆာန်ယစ်ပူဇော်မှုအား အလိုမရှိကြောင်း မိက(Micah)မှ ရေးသားထားသည်။

ကျွန်ုပ်တို့အတွက် သူဖြစ်စေလိုသောအချက်မှာ '' တရားမျှတမှုဖြစ်စေရန် လုပ်ဆောင်ခြင်း၊ ချစ်ခြင်းမေတ္တာတုန့်ပြန်ခြင်း၊ ဘုရားသခင်၏ အလိုတော်အရ၊ မိမိကိုယ်ကို နှိမ့်ချသောစိတ်မွေးမြူခြင်း'' ဖြစ်ပါ၏။ (Micah. 58)

သခင်ယေရှုက လူသားများ၏ ချစ်လှစွာသော တစ်ဦးတည်းသောဖခင် ထာဝရဘုရားသခင်ကဲ့သို့ပင် စကြဝဠာ ကမ္ဘာလောက၏ လူသားညီအစ်ကိုတော်များအား တရားဟောကြားပြသခဲ့သည်။ ထာဝရဘုရားသခင်သည် လူသတ္တဝါများကို တရားစီရင်ဆုံးဖြတ်ခြင်း မပြုသည့်အတွက် သခင်ယေရှုက ထာဝရဘုရားသခင်၏ ရှေ့မှောက်တွင် ညီညီမျှမျှရရှိကြသည့် လူ့အခွင့်အရေးအကြောင်းတရားကို ဟောကြားတော်မူ၏။

စိန့်ပီတာ(St.Peter)နှင့် စိန့်ပေါလ်(St.Paul)တို့မှာ ဂျူးလူမျိုးများ ဖြစ်ကြသည်။ သို့သော် ၎င်းတို့နှစ်ဦးလုံးသည် ဂျူးဘာသာ၏အမြင်ကျဉ်း၍ မှန်ဝါးသောရှုမြင်မှုကို ကျော်လွန်ကြသူများဖြစ်သည်။ ၎င်းတို့အဖို့ရာ၌ ခရစ်ယာန်ဘာသာယုံကြည်ကိုးကွယ်မှုသည် အားလုံးနှင့်သက်ဆိုင်သော ဘာသာတရားဖြစ်၍ နိုင်ငံအားလုံးသို့ တံခါးဖွင့်ထားပေးသည်။

စိန့်ပီတာက ထာဝရဘုရားသခင်သည် လူမျိုးအားလုံးတို့၏ ဖခင်ဖြစ်သည်ဟုမြင်၏။ စိန့်ပီတာက စတင်စကားဆိုခဲ့သည်မှာ ''ထာဝရဘုရားသခင်သည် လူတိုင်းလူတိုင်းကို ညီတူညီမျှသဘောထားကြောင်း ကျွန်ုပ် ယခုနားလည်ပြီ'' ဟူ၍ဖြစ်၏။ မည်သူမဆို ဝတ်ပြုကိုးကွယ်သူသည် မည်သည့်လူမျိုးပင်ဖြစ်စေကာမူ ပြဿနာမရှိပဲ အမှန်တရားကို လက်ခံနိုင်သူဖြစ်သည်။ (Acts 10.34-35)

ထိုနည်းတူပင် စိန့်ပီတာက သူကိုယ်သူ ထာဝရဘုရားသခင်၏ တရားဓမ္မဟောကြားနိုင်ရန် ဂျူးလူမျိုးမဟုတ်သူ ပုဂ္ဂိုလ်တစ်ဦး(Gentile)အဖြစ် သခင်ယေရှုရွေးချယ်ထားသည့် တစ်ဆယ့်နှစ်ယောက်သောလူများထဲမှ တစ်ယောက်ဖြစ်ကြောင်း(Apostle)ရေးသားရာတွင်

''ပထမဦးဆုံး ဂျူးလူမျိုးများနှင့် ယုံကြည်သူများအားလုံးနှင့် ဂျူးလူမျိုးမဟုတ်သူများအား ကယ်တင်ရန် ထာဝရဘုရားသခင်၏ အမိန့်အာဏာဖြစ်ကြောင်း၊ ကျမ်းစာအသစ်

ပထမ(၄)အုပ်တွင်ပါရှိသည်ကို ကျွန်ုပ် အပြည့်အဝယုံကြည်မှုရှိပါသည်။" (Romans 1.16)

ယေရှုအဖို့ရာ၌ ထာဝရဘုရားသခင်အား မှန်ကန်သောနည်းလမ်းဖြင့် ဝတ်ပြုဆုတောင်းသူများအားလုံးအတွက် ထာဝရဘုရားသခင်သည် ထာဝရဘုရားသခင်သာ ဖြစ်ပေသည်။

"ထာဝရဘုရားသခင်သည် ဝိဉာဉ်ဖြစ်၍ သူ၏ဝိညာဉ်တန်ခိုးဖြင့် လူအများသည် တကယ့်စစ်မှန်သော ဝိညာဉ်အဖြစ် ဝတ်ပြုနိုင်ကြပါ၏။ (St.John. 4.24)

ဤအကြောင်းအရာသည် အိန္ဒိယပြည်၏အလယ်ခေတ်(AD.1100-1500) သူတော်စင်သူတော်မြတ်များ "ဟယ်ရီသည် ယုံကြည်ဝတ်ပြုသူထံသို့ ကြွရောက်ချီးမြှင့်တော်မူ၏" ရေးသားချက်အား အတိအကျဖော်ပြချက်ဖြစ်သည်။

တဖန်မိမိကိုယ်မိမိ သူတော်ကောင်းဖြစ်သည်ဟူ၍ လိမ်ညာလှည့်ဖြားသောစကားနှင့် ပတ်ဝန်းကျင်ကို အံဝင်ဂွင်ကျမရှိသော ကိုယ်အမူအရာများကို ဆန့်ကျင်လျက် ယေရှုခရစ်က ဘာသာယုံကြည်ကိုးကွယ်မှု၏ အတွင်းသဘော အနှစ်သာရနှင့် ကိုယ်ကျင့်သိက္ခာ ကျင့်ဝတ်ဆိုင်ရာများကို ဟောကြားထားခဲ့၏။ ယေရှုသခင်က လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အသဲနှလုံးကို သိမ်းကျုံးယူငင်ပြီး အတွင်းသဘော၏ လေးနက်သောစိတ်အစဉ်ကိုထင်ဟပ်သည့် ဘာသာယုံကြည်ကိုးကွယ်မှုကို ဟောကြားခဲ့သည်။ "အသင်၏ဖခင်ထာဝရဘုရားသခင်သည် ပုဂ္ဂလိကဆိုင်ရာ အသင် မည်သည့်အရာကို ဆောင်ရွက်ချက်အတွက် ဆုလာဘ်များစွာ ပေးသနားမှာပါ" (Mt. 6.18)။ သူက ထာဝရဘုရားသခင်၏ နိုင်ငံတော်သည် လူသား၏ကိုယ်တွင်း၌သာရှိ၏ဟူ၍ ဟောကြားခဲ့သည်။(Luke 17-21)။ မိမိကိုယ်မိမိ နှိမ့်ချလျက် သည်းခံခွင့်လွှတ်တတ်သူအတွက်သာလျှင် အမွေခံအဖြစ်ရရှိလိမ့်မည်ဖြစ်သော ကမ္ဘာမြေပြင်၌မရှိသည့် တိုင်းပြည်ဖြစ်သည်။ (Mt.5.5)

မြင့်မြတ်သောဘဝ ရောက်ရှိရေးအတွက် ပြဋ္ဌာန်းသတ်မှတ်ချက်ပါ တင်းကြပ်သည့် ဥပဒေသများကို ရှိသေလေးစားလိုက်နာသူ ရှေးခေတ်ဂျူးဘာသာရေး ဂိုဏ်းဝင်ဆိုသူများ (Pharisees)၏ မှားယွင်းစွာယုံကြည်သော ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းဖြင့် မိမိတို့၏အပြစ်ကို မေ့ပျောက်လျက် သူတစ်ပါး၏အပြစ်ကို ဖော်ထုတ်ရန်ကြိုးစားခြင်းအား ယေရှုက ဆန့်ကျင်

ကန့်ကွက်သည်။

''အသင်၏ မျက်လုံးအိမ်အတွင်းရှိ သစ်တုံးကိုမူ သတိမပြုမိပဲ အသင့်ညီနောင်များ၏ မျက်လုံးထဲမှ အမည်းစက်ကို အသင် ဘာကြောင့်ကြည့်မြင်ပါသနည်း?။

*(ကိုယ့်အပြစ်ကို ကိုယ်မမြင်ပဲ သူများအမြင်ကိုသာမြင်သည်။ (ဝါ) သူများ၏မျက်ချေး ကိုသာမြင်ပြီး ကိုယ့်မျက်ချေး ကိုယ်မမြင်သူ - ဘာသာပြန်သူ)*

''အပြစ်ရှိသူ အသင်လူသား! ပထမဦးစွာ သင်၏မျက်လုံးထဲမှသစ်တုံးကို ဖယ်ရှား လိုက်ပါလော့! အဲဒီနောက်တွင် သင်၏ညီတော်နောင်တော်များ၏ မျက်လုံးထဲမှ အစက်အပျောက်ကို ဖယ်ရှားပေးရန်အတွက် ကြည်လင်ပြတ်သားစွာတွေ့ရမည်'' (Luke. 6.4-42)

***ဝိစစ်သုံးသပ်ချက်***

*(ဗုဒ္ဓဘာသာတွင်လည်း အလားတူ အရေးအကြီးဆုံးအလုပ်ကို ဦးစွာပြုလုပ်ရန်အတွက် ဗုဒ္ဓကိုယ်တော်တိုင် အောက်ပါအတိုင်း ဟောကြားဆုံးမတော်မူခဲ့သည် -*

*ပါဠိ - သတ္တိယာ ဝိယဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။*
*သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတောဘိက္ခု ပရိဗ္ဗဇေ။*

*မြန်မာ - ရင်ဝလှံစူး၊ ထိပ်ဦးမီးလောင်၊ သက္ကာယဒိဋ္ဌိ (ဝါ) ငါစွဲ သူစွဲ ပုဂ္ဂိုလ်စွဲနှင့်လွဲမှားအယူ ငါ သူတစ်ပါး ယောကျာ်း မိန်းမ သက္ကာယကို ဦးစွာပထမ ဖယ်ခွာချလော့။*
*(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ သတ္တိဝဂ္ဂ၊ ဆဌသဂါယနာတင်မူ)*

*တစ်နည်း -*

*ပထမဦးစွာ ဖယ်ခွာရမည့် တရားနှစ်ပါးကိုလည်း ဗုဒ္ဓရှင်တော်မြတ်က အောက်ပါအတိုင်း ဟောတော်မူ၏။*

*ပါဠိ - တယော ပေဘိက္ခဝေ မမ္မေအပ္ပဟာယ*
*အဘဗ္ဗော် ရာဂံပဟာတုံ၊ ဒေါသံ ပဟာတုံ မောဟံ ပဟာတုံ ။*
*ကတမေ တယောသက္ကာယဒိဋ္ဌိ အပ္ပဟာယ၊ ဝိစိကိစ္ဆံ အပ္ပဟာယ။*

*ဣမေ ခေါ် ဘိက္ခဝေ တယော ဓမ္မေ အပ္ပဟာယ။*

မြန်မာ - *ဘိက္ခဝေ၊ သံသရာဝဋ်ကျော့ကွင်းညွှတ်မှ ကင်းလွတ်လိုကြား အိုချစ်သားတို့! တယော၊ နှစ်ပါးဖြစ်သော ပြဆိုလတ္တံ့သော တရားနှစ်ပါးအား၊ မပယ်ခွာမူ၍ တဏှာရာဂ(Craving to sensual pleasure)၊ မောဟ(Ignorance or niscience)နှင့် ဒေါသ(Violence or Anger)တို့ကို ဖယ်ရှားခွာချခြင်းမပြုမှီ - အလျင်ဦးစွာ ဖယ်ခွာရမည့်တရားနှစ်ပါးတို့မှာ သက္ကာယဒိဋ္ဌိ(Egoity)၊ ဝိစိကိစ္ဆာ (Septical doubt)တို့ဖြစ်သည်။ - ဘာသာပြန်သူ )*

သဘောအဓိပ္ပါယ်တူညီစွာဖြင့် ဖော်ပြခဲ့သည့်အတိုင်း အမျိုးသမီးတစ်ယောက်သည် တရားဝင်ဇနီးရှိသော ယောကျ်ားတစ်ယောက်နှင့် လိင်ဆက်ဆံမှုဖြင့် ဖမ်းဆီးခြင်းခံရသည်။ သူမသည် မိုးဇက်(Moses)၏ တရားဥပဒေသနှင့်အညီ လူအများဝိုင်းဝန်း၍ ကျောက်ခဲဖြင့် ပစ်ပေါက်သတ်ဖြတ်မှုကို ခံရသည်။ ဖာရာဆီများသည် သခင်ယေရှုက မည်သို့ပြောဆိုမည်ကို နာကြားရန် ဝိုင်းအုံရပ်စောင့်နေကြသည်။ သခင်ယေရှုက ပြောသည်မှာ -

"အသင်တို့အထဲမှ ဘာအပြစ်တစ်စုံတစ်ရာမျှမရှိသောသူက ထိုအမျိုးသမီးအား ပထမဆုံး ကျောက်ခဲဖြင့်ပစ်နိုင်၏။" (St.John 8.7)

ဤသို့ဆိုလျှင် တစ်ယောက်မျှ ပထမဆုံး ကျောက်ခဲဖြင့်ပစ်ပေါက်ခြင်းမပြုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အားလုံးသည် သူတို့ကိုယ်တိုင် အပြစ်အနာအဆာရှိနေကြောင်း သိမြင်သောကြောင့်ဖြစ်သည်။ သခင်ယေရှုသည် ဂျူးလူမျိုး ဗိသုကာတစ်ဦးဖြစ်သည်။ ၎င်း၏ စိတ်ထဲတွင် ဂျူးဘာသာတရားရှိသည်ဆိုခြင်းကို သံသယမဖြစ်ပါ။ မည်သူပင်ဖြစ်စေကာမူ သူ၏ ဟောကြားချက်နှင့် ဝတ်ရွတ်စဉ်သည် မိုးဇက်၏ဥပဒေသများထက် များစွာကျော်လွန်သည်။ သခင်ယေရှုက မိုးဇက်၏ဥပဒေသများကို ဘေးဖယ်ထားရန် စိတ်ဆန္ဒမရှိကြောင်းကို ရှင်းလင်း ပြတ်သားစွာနှင့် ပြည့်စုံစွာပြောဆိုခဲ့ပြီးဖြစ်သည်။ သို့သော် ဖြည့်စွက်ရန်လိုလာခဲ့သည်။ မည်ကဲ့သို့ ဖြည့်စွက်လိုပါသနည်း? ။ အဆိုပါ မိုးဇက်၏ဥပဒေသများကို ကျော်လွန်စေခြင်းဖြင့် လူသာမန်တို့၏ သိမြင်နားလည်မှုထက် ပိုမိုကြီးကျယ်သည်သာမက ပို၍သစ္စာထိုက်သော နည်းလမ်းအရ ထိန်းသိမ်းခဲ့ပေသည်။ သခင်ယေရှုက မိမိဟောကြားခဲ့သောအကြောင်းအရာများကို ကောင်းစွာ

သတိပြုမိခဲ့ပေ၏။

(၁) မိုးဇက်၏ပညတ်တော်မှာ ''သူတစ်ပါး၏အသက်ကို မသတ်ဖြတ်ပါနှင့်'' ဟူ၍ ဖြစ်၏။ သခင်ယေရှုပြောသည်မှာ ''ငါသည်သင်တို့အား ငါပြောကြား၏။ မည်သူမဆို ၎င်း၏ညီနောင်နှင့် ဒေါသမာန်ပွား၍ ခိုက်ရန်ဖြစ်ပွားသူသည် ထာဝရဘုရားသခင်၏ တရားစီရင်စစ်ဆေးမှုခံရန် ဒေါ်ဆောင်ခြင်းခံရမည်'' (Mt. 5.22)။ အကယ်၍ သူ၏အသဲနှလုံးအတွင်းမှာ ဒေါသမာန်မာနမထားလျှင် မည်သူက သူတစ်ပါး၏ အသက်ကို သတ်ဖြတ်သုဉ်းဆဲဦးမည်နည်း? ။

(၂) အသင်ကြားသိခဲ့ပြီးသည်မှာ''ကာမပိုင်ရှိသော သူတစ်ပါး၏ဇနီးမယား၊ လင်ယောကျာ်းနှင့် လိင်ဆက်ဆံမှုမပြုပါနှင့်''၊ သို့သော် အသင့်အား ငါပြောကြားသည်မှာ မည်သူတစ်ဦးတစ်ယောက်မဆို သူ၏စိတ်ထဲတွင် မတရား လိင်ဆက်ဆံမှုပြုရန်အကြံဖြင့် အမျိုးသမီးတစ်ယောက်အား ကြည့်ယုံမျှဖြင့်ပင်လျှင် သူသည် အပြစ်ကျူးလွန်ရာရောက်သည်။ (Mt. 5.27-28)

(၃) သခင်ယေရှုက ဤသို့လည်း ပြောထား၏။ ''မည်သူမဆို ၎င်း၏ဇနီးအား ကွာရှင်းပြတ်စဲလိုပါက သူ၏ဇနီးထံသို့ တရားဝင်စာရေးသား၍ ကွာရှင်းလိုကြောင်း အသိပေးရမည်။'' အသင့်အား ငါ ယခုပြောကြားပါ၏။ ''ယောကျာ်း တစ်ယောက်သည် မိမိဇနီးက မိမိအပေါ်သစ္စာဖောက်၍ အခြားနောက်ယောကျာ်း တစ်ယောက်နှင့် နောက်အိမ်ထောင်ပြုသွားပြီးနောက် သူမအား အလိုမတူပဲ ကာမဆက်ဆံမှုပြုလျှင် အပြစ်ရှိသကဲ့သို့ သူမကို နောက်အိမ်ထောင်ပြုခဲ့သူ အမျိုးသားသည်လည်း အလိုမတူပဲ ကာမဆက်ဆံမှုပြုသည်မည်၏။

(၄) ဂျူးလူမျိုးများအား သခင်ယေရှုမှ အတိတ်ကာလက ပြောကြားခဲ့သည်မှာ ထာဝရဘုရားသခင်၏ နာမတော်ကို ရိုသေလေးစားမှု ကတိသစ္စာကိုမချိုး ဖောက်မိ ရန်ဖြစ်သည်။ ''အသင့်အား ငါ ယခုမှာကြားပါ၏။ အသင်က ကတိ တစ်ခုပေးထားခဲ့လျှင် အခြားသူတစ်ဦးအား ကတိစကားတစ်ခုခု ထပ်မံ၍မပြုပါ နှင့်'' (Mt. 5.34)

(၅) သခင်ယေရှုသည် လက်ဝါးကပ်တိုင်မှ ကြိုးစင်တင်၍ အသက်ခံရလုဆဲအချိန်အထိ လက်တွေ့ကျင့်သုံးခဲ့သည့် အလွန်မှတ်သားဖွယ်ရာကောင်းသော ဟောကြားချက်မှာ– ''အသင် ကြားနာသိရှိမှတ်သားဖူးသည်မှာ ''အသင့်၏ မိတ်ဆွေများကိုချစ်ပါ၊ အသင်၏ရန်သူများကို မုန်းတီးပါ'' ဟူ၍ဖြစ်၏။ သို့သော် ငါ ယခုမှာကြားသည်မှာ ''အသင်၏ရန်သူများကိုချစ်ခင်သနားပါ။ ထို့အပြင် အသင့်ကိုရက်စက်ကြမ်းကြုတ်စွာပြုသူများအတွက် ဆုတောင်းပေးလိုက်ပါ'' ဟူ၍ဖြစ်သည်။ (Mt. 5.43-44)

ဤသို့အားဖြင့် သခင်ယေရှုက မေတ္တာတရား၏အောင်နိုင်မှု၊ ဖြူစင်သန့်ရှင်းသော နှလုံးသားနှင့် အမှန်အမှားဝေဖန်ခွဲခြား သိနားလည်စွာဖြင့် ဆုံးဖြတ်ရွေးချယ်မှု၊ ထာဝရဘုရားသခင်၏ မျက်စိအောက်တွင် လူသားများကို ကျောသား ရင်သားမခွဲခြားပဲ အညီအမျှချစ်ခင်သနားမှုနှင့် ကိုယ်ကျင့်တရားမြင့်မားလာစေမည့်ဥပဒေသ ဖြစ်ထွန်းပေါ်ပေါက်လာစေမည့်တရားကို ဟောကြားတော်မူခဲ့၏။ ထိုသို့အားဖြင့် သခင်ယေရှုက မေတ္တာတရားထွန်းကားရေး၊ အသဲနှလုံးတွင် ပန်းအလှဆင်၍ ကြည်လင်အေးမြ လူ့ဘဝနှင့်အတူတကွ လူသားများအားလုံး၏ကောင်းကျိုးသယ်ပိုးထမ်းဆောင်ရေး... အများသူငှာ လူသတ္တဝါအားလုံးနှင့်သက်ဆိုင်၍ စစ်မှန်သောလူ့ဘဝဖြစ်ပေါ်ရေးနည်းလမ်းကို ဟောကြားတော်မူခဲ့ပြီး ယင်းသို့ သခင်ယေရှု၏ဟောကြားချက်နှင့် အပြည့်အဝအမိပ္ပါယ်တူညီသော ဟိန္ဒူဘာသာသာရေးဆိုင်ရာယုံကြည်ချက်လည်း ရှိပါ၏။

''အဘယ်ကြောင့်နည်းဆိုသော် ထာဝရဘုရားသခင်က အယုတ်အလတ်အမြတ်မဟူ အားလုံးသောလူများ (ဝါ) ကောင်းသောအကျင့်စရိုက်ရှိသူနှင့် မကောင်းသောအကျင့်စရိုက်ရှိသူတို့အပေါ် အလွန်ချမ်းအေး အိပ်ယာပေါ် နွေးထွေးသောရောင်ခြည်ပေးသလို မိုးရေလည်းပေး၏။ (Mt. 5.44-45)

ယေရှုက သူ၏ဟောကြားဆုံးမသြဝါဒများ၌ မည်သည့်အကြောင်း ပြောခဲ့ပါသနည်း ဆိုသော်"Imitation Dei" ကို ပြောကြားခဲ့၏။ အသင်၏အဖဘုရားသခင် ထက်ကောင်းကင်ရွှေဘုံနန်းတွင် စံမြန်းသကဲ့သို့ အသေအချာစံမြန်းပါလော့'' (Mt. 5.48; Luke 6.36) ။ သခင်ယေရှုက သူသည် ထာဝရဘုရား၏ကိုယ်ပွားဖြစ်သည့်အလျောက် သူကောင်းစွာဟောကြားခဲ့သည်မှာ ''ဖခင်ထာဝရဘုရားသခင်နှင့် ငါသည် တစ်ပါးတည်းဖြစ်၏။ (John.10.30) ထို့နောက်

"မည်သူတစ်ဦးတစ်ယောက်ဖြစ်စေ ငါ့အားဖူးတွေ့သူသည် အဖထာဝရဘုရားသခင်အား ဖူးတွေ့ရလေပြီ"(John14.9)

## ခရစ်ယာန်ဘာသာ၏ထူးခြားလေးနက်မှုများ
## Special Features of Christianity

၁။ ခရစ်ယာန်ဘာသာ၏ တစ်ဆူတည်းသောဘုရားသခင်ကိုသာ ကိုးကွယ်သည်ဆိုသည့် အဓိပ္ပါယ်မှာ ကမ္ဘာလောကနှင့်လူသားအား ဖန်ဆင်းတော်မူသော ထာဝရဘုရားသခင် ဖြစ်တော်မူသည် ဆိုသည့်သဘောဖြစ်ပါသည်။ အချို့သော ခရစ်ယာန်ဘာသာဝင်များကမူ ထာဝရဘုရားသခင်သည် တန်ခိုးတော်အားဖြင့် မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သူ့ထံ၌ဖြစ်စေ အစဉ်အမြဲရှိနေသည့်အပြင် သဘာဝတရားထက်ကျော်လွန်ပြီး ပြုစွမ်းနိုင်သော အားတော် ရှိသည်ဟု ယုံကြည်လက်ခံထားကြသည်။ သို့ရာတွင် ထိုသို့ယုံကြည်သူများက ထာဝရဘုရားသခင်သည် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တန်ခိုးတော်အနန္တရှိသည်ဟူ၍ လက်ခံကြသော်လည်း ပီပီပြင်ပြင်နှင့် ရှင်းရှင်းလင်းလင်းဖော်ပြခြင်း မရှိခဲ့ပေ။ ထာဝရဘုရားသခင်၏ တန်ခိုးတော်တည်းဟူသော တရားဒေသနာကို အင်နာလော်ဂီယာအင်းတစ်(Analogia Entis)နှင့် ပေါလ်တီလိချ်(Paul Tilliah)တို့၏ ရေးသားတင်ပြချက်များ၏ အမှတ်သင်္ကေတသဘောတရားအပေါ် အခြေခံ၍ ရေးသားခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ သဘာဝတရားထက်ကျော်လွန်ခြင်းတည်းဟူသော ထာဝရဘုရားသခင်၏ တန်ခိုးတော်ဆိုသောအဓိပ္ပါယ်မှာ ကမ္ဘာလောကတွင် မည်သည့်အရာမျှ ထာဝရဘုရားသခင်နှင့် နှိုင်းယှဉ်စရာမရှိသောကြောင့်ဖြစ်သည်။ ဖန်ဆင်းခြင်းကိုခံရသော အလုံးစုံသော အရာခပ်သိမ်းသည် မည်သည့်အရာမျှ ထာဝရဘုရားသခင်၏ ဂုဏ်တော်ကို တုပမိုးပြိုင်နိုင်ခြင်းမရှိပေ။ ဘုရားသခင်နှင့် လူသား၏အကြား ဆက်သွယ်ဆောင်ရွက်ပေးနိုင်ခွင့်ရှိသူများအဖြစ် တမန်တော်များနှင့် သခင်ယေရှုသာလျှင်ရှိပြီး ထာဝရဘုရားသခင်နှင့် လူသား၏အကြား ပေါင်းကူးဆက်သွယ်ပေးခွင့် ရှိကြသည်။

၂။ ထာဝရဘုရားသခင်သည် သူ၏အတ္တုပတ္တိအကြောင်းခြင်းရာ မဟာဝင်ကို သူ၏တမန်တော်များမှတဆင့်သာလျှင် သိကြားနားလည်စေနိုင်သည့်အပြင် တမန်တော်သခင်ယေရှုသည်

ထာဝရဘုရားသခင်နှင့် အချိန်ပြည့်ဆက်သွယ်၍ ထာဝရဘုရားသခင်၏အတွေ့ပတ္တိကို ဖွင့်ထုတ်ဖော်ပြပြောဆိုခွင့်ပြုခြင်းခံရသူ ဖြစ်သည့်အလျောက် သူသည် ထာဝရဘုရားသခင်၏စိတ်နေသဘောထားကို သိရှိနားလည်သူ တပည့်သာဝကအရင်းဖြစ်သည်။(Hebrew 1.1-3) သို့ဖြစ်၍ ''ယေရှုသည် ထာဝရဘုရားသခင်ဖြစ်သည်'' ဟူ၍ ပြောစမှတ်ပြုကြသည်။ အဘယ်ကြောင့်ဆိုသော် မမြင်နိုင်သော ထာဝရဘုရားသခင်၏ ပုံရိပ်လွှာဖြစ်သည်။ *(၁၉၅၉-၆၀ ခုနှစ်အချိန်ခန့်တွင် ဘာသာပြန်သူနှင့် လည်ပင်းဖက်၍ ကြီးပြင်းလာကြသော ခရစ်ယာန်ဘာသာဝင် သူငယ်ချင်းများနှင့် သူ့ဘာသာ၊ ငါ့ဘာသာ စသည်ဖြင့် လူငယ်တို့၏သဘာဝအတိုင်း စကားအနိုင်ယူ ပြောဆိုခဲ့ကြဖူးသည်။ ဘာသာပြန်သူ၏သူငယ်ချင်း ခရစ်ယာန်ဘာသာဝင်က ''မင်းတို့ရဲ့ဘုရား ဗုဒ္ဓဂေါတမဆိုတာ သိဒ္ဓတ္ထမင်းသားဘဝမှာ သူ့ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်သိဒ္ဓတ္ထအိမ်ရှေ့မင်းကို တောမထွက်ချင်အောင် နန်းမသုံးဆောင်မှာ မောင်းမမိဿံလေးသောင်းနှင့် ဖိမ်ခံနေစေသည်ဟူ၍ စာထဲမှာပါတယ်မဟုတ်လား၊ ဒါဖြင့် အဲဒီအချိန်က ဒီလောက်ခေတ်မမှီသေးတဲ့ နိုင်ငံငယ်လေးတစ်ခုမှာ လူပေါင်း လေးသောင်းမပြောနဲ့ လူပေါင်းလေးရာ နေထိုင်နိုင်လောက်တဲ့ အဆောက်အဦ တကယ်ရှိမယ်လို့ မင်းယုံသလား''ဟု မေးခဲ့ပါသည်။ ဘာသာပြန်သူကလည်း စကားအနိုင်ရလိုစိတ်ဖြင့် ''အေး၊ လူလေးရာလောက်ဆံ့မည့် အဆောက်အဦရှိတယ်ပဲ ထားပါတော့ကွာ၊ ဒါပေမယ့် ငါတို့ ဗုဒ္ဓဘုရားက မျိုးရိုးစဉ်ဆက်ဇယားရှိတယ်ကွ၊ မင်းတို့ခရစ်တော်က ဘယ်မိဘ၊ ဘယ်မျိုးရိုးက ဆင်းသက်လာတယ်ဆိုတာတောင် သေသေချာချာတိတိကျကျမရှိဘူး မဟုတ်လားဟူ၍ ငြင်းခုံခဲ့ကြသည်ကို သတိရမိပါ၏။ အမှန်ကတော့ မိမိ သူငယ်ချင်းနှစ်ဦးလုံး မငြင်းခုံသင့်သည့် ဘာသာရေးကိစ္စကို ငြင်းခုံမိခဲ့ကြခြင်းဖြစ်၍ မည်သူမျှ အနိုင်မရရှိခဲ့ကြပါ။ ထိုသူငယ်ချင်းမှာ လွန်ခဲ့သော(၁၀)နှစ်ခန့်က သေဆုံးခဲ့ရှာလေပြီ။ ဘာသာပြန်သူ)* ခရစ်ယာန်ဘာသာသည် ထာဝရဘုရားသခင်အား ကြင်နာသနားမှုနှင့် ချစ်ခင်မှုကို ပေးသနားတော်မူသော ဖခင်အဖြစ် အလွန်အမင်းကြည်ညိုသည်။ ထာဝရဘုရားသခင်သည် လူသားများက သူ့အား ဖူးတွေ့လိုသည်ထက်ပို၍ လူသားအပေါ် ချစ်ခင်သနားတော်မူသည်။

၃။ ခရစ်ယာန်ဘာသာတွင် စောဒကတက်ရန်မလိုအပ်သော လက်ခံယုံကြည်ရမည့် အယူအဆမှာ အဖဘုရားသခင်၊ သားတော်ယေရှုခရစ်တော်နှင့် မြင့်မြတ်သောဝိညာဉ် (ခေါ်)

Holy Ghost သည် သုံးဦးသုံးဖလှယ်ဖြစ်သော်လည်း၊ ဘုရားသခင်သည် တစ်ပါးတည်း ဖြစ်သည်။ အဆိုပါ သုံးပါးပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်ဟူသော အယူအဆကို အနောက်တိုင်း ခရစ်ယာန်ဘာသာပုံစံတွင် စဉ်းစားတွေးတောရန် အရာဖြစ်သည်။ သို့ရာတွင် (ဟိန္ဒူဘာသာ၌ အဆီဒါနန္ဒာကဲ့သို့) နားလည်ရန်အခက်အခဲ မရှိပါ။ သို့သော်လည်း ယင်းသုံးပါး ပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်တည်းဟူသောအယူအဆနှင့် လုံးဝကွဲပြား ခြားနားသည်။ အဘယ်ကြောင့်ဆိုသော် ဟိန္ဒူဘာသာတွင် တစ်ဆူတည်းသော အယူအဆသည် ဟိန္ဒူဘာသာ၏ ဗြဟ္မာ၊ ဗိဿနိုး၊ မဟာဒေဝဟူသောအယူအဆနှင့် လုံးဝကွဲပြားခြားနားသည်။ အဘယ်ကြောင့်ဆိုသော် ဟိန္ဒူဘာသာမှ သုံးပါးပုံသွင် တစ်ဆူတည်းသော ဘုရားသခင်ဆိုသည်မှာ အဆိုပါဘုရားတစ်ပါးစီတို့တွင် ထင်သာမြင်သာသည့် သီးခြားဂုဏ်ဒြပ်များ ရှိသောကြောင့်ဖြစ် သည်။

၄။ ခရစ်ယာန်ဘာသာတွင် အပြစ်အားလုံးအတွက် မိမိ၏အသက်အသေခံသွားသော ယေရှုခရစ်တော်၏သေဆုံးခြင်းသည် အလွန်ထူးခြား စိတ်ဝင်စားဖွယ်ကောင်းသော ဒေသနာ ဖြစ်သည်။ တစ်နည်းအားဖြင့် ယေရှုခရစ်တော်သည် ကမ္ဘာ့လူသားများအားလုံး၏ အပြစ်အနာ အဆာများအတွက် စတေးခံသေဆုံးခဲ့ခြင်း ဖြစ်သည်။

၅။ ထို့ကြောင့် ခရစ်ယာန်တစ်ဦးသည် ၎င်း၏အပြစ်အနာအဆာများအတွက် ယေရှု ခရစ်တော်က သေခြင်းတရားကို ခံယူသွားခဲ့ကြောင်း ယုံကြည်မှုရှိရန်လိုအပ်သည်။ ထိုသို့ ယုံကြည်ချက်ရှိခြင်းအားဖြင့် ထာဝရဘုရားသခင်၏ သာဝကတစ်ဦးဖြစ်လာသည်ဟု ယုံကြည်ရန် ဖြစ်သည်။ ဤသို့အားဖြင့် ပညာရှိပုဂ္ဂိုလ်၏အဆိုအမိန့်သည် စကားအဖြစ် သက်သက်မဟုတ်မူ၍ မိုးဇက်ကချမှတ်ထားခဲ့သော စည်းမျဉ်းဥပဒေသကို လိုက်နာရာရောက်သည်။ သို့သော် ဤယုံကြည်ချက်ထားရှိယုံမျှဖြင့် အပြစ်ရှိသူတစ်ဦးသည် ငရဲမီးပုံအတွင်းမှ လွတ်မြောက်နိုင်ခြင်း မရှိပေ။ နောက်တဖန် ဤယုံကြည်ချက်သည် လူမျိုးနှင့် အသားရောင်ကွဲပြားသော လူသားအားလုံး အတွက် လွတ်လပ်ပွင့်လင်းစွာ ထာဝရဘုရားသခင်၏ ချီးမြှောက်သော ဆုတော်လာဘ်တော် ဖြစ်သည်။ ဤသို့ယုံကြည်ယူဆသည့် အဆိုအမိန့်တရားဒေသနာသည် အချိန်ကြာမြင့်စွာကပင် ထာဝရဘုရားသခင်က ပေးအပ်ထားသော ဆုလာဘ်ရတနာအဖြစ်ရှိနေရာမှ ထာဝရဘုရား

သခင်က ရွေးချယ်သတ်မှတ်ပေးသည့် ကံကြမ္မာနှင့်သက်ဆိုင်သည့် အတွေးအခေါ်အယူအဆ၏ သဘောတရားဖြစ်၍လာသည်။

၆။ ထာဝရဘုရားသခင်က စိစစ်ရွေးချယ်ပေးသော ဤအဆိုးအမဒေသနာ၏အဓိပ္ပါယ်မှာ ထာဝရဘုရားသခင်သည် ကမ္ဘာဦးအစကပင်လျှင် အချို့သောပုဂ္ဂိုလ်များအား ကယ်တင်ပေးခဲ့ပြီး၊ အချို့သောပုဂ္ဂိုလ်များကိုမူ မည်သည့်အချိန်မှ ပေးဆပ်၍ကျေလည်မည်မဟုတ်သော ထာဝရ ပြစ်ဒဏ်ကိုပေးခဲ့ခြင်းဟူ၍ ဆိုလိုသည်။ ဤကဲ့သို့ မျက်နှာလိုက်၍ ချီးမြှောက်ရွေးချယ်ခြင်းအား ဟိန္ဒူဘာသာရာမနုဂျာအယူအဆ ဘုရားသခင်၏ စိစစ်ရွေးချယ်သည်ဆိုသော ၎င်း၏အမြင် မှန်ကန်ကြောင်း ဥပနိရှတ်ကျမ်းကို ကိုးကားဖော်ပြထားသည်။

ပညာအရာ အတ္တတည်းဟူသော (The Prajna Ataman)က မည်သူ့အား "ငါ့ခွဲ"က မည်သူ့အား ရွေးချယ်သည်ကို -

> "ကောင်းသောအမှု ပြုရန်ကိစ္စဖြစ်ပေါ်ရအောင် သူက လိုလား၊ ဤကမ္ဘာလောကထဲမှ အထက်ဘုံဌာနသို့ တက်လှမ်းနိုင်ရေး အဓိကဖြစ်စေရေး ဤအကြောင်းတစ်ခုက တကယ်အစစ်အမှန် ဖန်တီးပေး၏။ မကောင်းသောအမှုပြုရန် ကိစ္စဖြစ်ပေါ်ရ အောင်လည်း သူက လိုလား၊ အောက်အရပ်ဌာနသို့ ဂျွမ်းထိုးချရန် သူကြိုးစား၊ ဤတကယ့် အစစ်အမှန် အဓိကကျသည့် အကြောင်းတရားလည်း ဖြစ်နေပြန်၏"
>
> (Kaushitaki up 3.8; also see Katha 2.23; Mundaka 3-2.3)

၇။ ခရစ်ယာန်ဘာသာအလိုအားဖြင့် ထာဝရဘုရားသခင်သည် လူသားအား သူ၏ပုံရိပ်လွှာ အတိုင်း ဖန်ဆင်းတော်မူသည်။ သို့သော် ဘုရားသခင်၏ ဆုံးမညွှန်ကြားစကားအား အဒမ်(Adam)၏ မနာခံမလိုက်နာသည့် မိုက်မှားမှုသည် ထာဝရဘုရားသခင်၏ ပုံရိပ်လွှာအား အလွဲသုံးစားလုပ်ခဲ့ သဖြင့် ကမ္ဘာလောကသို့ အပြစ်အနာအဆာဖြစ်ပေါ်ခဲ့ရပေသည်။ ထို့ကြောင့် လူသားသည် ထာဝရဘုရားသခင်နှင့် အတူတကွနေထိုင်သွားရဦးမည်သာ ဖြစ်တော့၏။ ထို့ကြောင့် လူသားသည် ထာဝရဘုရားသခင် ပြန်လည်ပေါင်းဆုံနေထိုင်ခွင့်ကို သခင်ယေရှုသည် လူသားများ၏ မှားယွင်းစွာ ပြုမူဆောင်ရွက်ချက်များကြောင့် တင်ရှိနေသောအပြစ်ကြွေးကို ပေးဆပ်ရေးအတွက် မိမိ၏ အသက်ကိုပေး၍ စတေးခံခဲ့သည်ဟူ၍ ယုံကြည်ခြင်း ရှိနိုင်သည်။

၈။ ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာတို့က ပြန်လည်ရှင်သန်ထမြောက်သောနေ့၊ တရားစီရင်စစ်ဆေးခံရမည့်နေ့နှင့် ထက်ကောင်းကင်ဘုံနှင့် ကြောက်ရွံ့ဘွယ်ရာငရဲဘုံတို့အား ဟောကြားထားသည့်ဒေသနာကို ယုံကြည်ကြသည်။

၉။ ခရစ်ယာန်ဘာသာဝင်အများစုသည် အသက်ဝိညာဉ် (ဝါ) အသက်လိပ်ပြာကလေးသည် အစဉ်အမြဲတည်ရှိနေသည်ဟူ၍ ယုံကြည်ကြ၏။ သို့သော်ထာဝရဘုရား သခင်ဖန်ဆင်းပေးထားသည့် အသက်ဝိညာဉ်သည် မည်သည့်နည်းဖြင့် အစဉ်အမြဲတည်တံ့နေပါသနည်း?။ ဖန်ဆင်းထားခြင်းခံရသော မည်သည့်အရာမျှ တည်မြဲနေသည်ဟူ၍မရှိနိုင်ပေ။ သခင်ယေရှု ကိုယ်တော်တိုင်က "သခင်၏ကိုယ်ခန္ဓာကို သတ်ဖြတ်သူကို မကြောက်ပါနဲ့ အသက်ဝိညာဉ်ကိုပါ ဖျက်ဆီးပစ်နိုင်သည့် ထာဝရဘုရားသခင်ကိုတော့ ကြောက်ရွံ့ပါ။" (Matt. 10.28) သို့သော် ခရစ်ယာန်ဘာသာတွင် အစဉ်အမြဲတည်တံ့နေသည်ဟူသော တရားဒေသနာကို သိပ်ပြီးရှင်းလင်းအောင် မဟောကြားခဲ့ပေ။

၁၀။ ထာဝရဘုရားသခင်၏ ဖန်ဆင်းနိုင်သည့် တန်ခိုးအာဏာဖြင့် ကမ္ဘာလောကကို ဘာမျှမရှိသောအခြေအနေမှ ဖန်ဆင်းတော်မူသည်ဆိုသော တရားဒေသနာကို ခရစ်ယာန်ဘာသာက လက်ခံယုံကြည်သည်။ ဖန်ဆင်းခြင်းခံရသည်ဆိုသော ဤသဘောတရားသည် ဟိန္ဒူဘာသာ၏ အတ္တကောင်ကလေးအား တစ်ဘဝမှ နောက်တစ်ဘဝသို့ လည်ပတ်အောင် ပို့ဆောင်ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးပစ်ခြင်းတည်းဟူသော ဟိန္ဒူဘာသာ၏ ဟောကြားချက်နှင့် မတူသော ခရစ်ယာန်ဘာသာ၏ ထူးခြားချက်ဖြစ်သည်။

၁၁။ ဂျူးဘာသာနှင့် အစ္စလာမ်ဘာသာများကဲ့သို့ပင် ခရစ်ယာန်ဘာသာသည်လည်း စိတ်သက်သာမှုရရှိစေခြင်း တရားသဘောကို လက်ခံယုံကြည်သည်။ ဤအချက်က ကမ္ဘာလောကတစ်ခုလုံးကို တိုးတက်ကောင်းမွန်စေသင့်သည်ဟူသော အဓိပ္ပါယ်ဆောင်နေသည်။ ထို့ကြောင့် ခရစ်ယာန်ဘာသာသည် စိတ်ဓါတ်မြင့်မြတ်ရေးနှင့် လူသား၏ခံစားနေရသော ဒုက္ခခံစားရခြင်းကို လျော့ပါးသက်သာစေရန် လူ၏ဝတ်ပြုဆုတောင်းမှုကို လက်ခံသည်။ ထို့ကြောင့် ခရစ်ယာန်ဘာသာက ကမ္ဘာလောကနှင့်လူ့ဘဝ တည်ကြည်ဖြောင့်မတ်ရိုးသားစွာ ကျင့်ကြံနေထိုင်မှု(The World and Life Affirmation)ကို ယုံကြည်လက်ခံသည်။

၁၂။ ခေတ်နှင့်အညီ ပြောင်းလဲလာသော ခရစ်ယာန်ဘာသာ(in popular Christianity)၌ တမန်တော်နတ်သားများ၊ ဝိညာဉ်ကောင်များနှင့် မကောင်းဆိုးဝါး တစ္ဆေသရဲရှိသည်ဆိုခြင်းကို လက်ခံသည်။ သို့သော် ယနေ့ခေတ်ကာလ ခရစ်ယာန်ဘာသာဝင်များကမူ ဖော်ပြပါ တမန်တော် နတ်သားများ၊ ဝိညာဉ်ကောင်များနှင့် မကောင်းဆိုးဝါးတစ္ဆေရှိသည်ဆိုခြင်းကို မယုံကြည်ကြတော့ချေ။

## ထာဝရဘုရားသခင်အကြောင်းဟောကြားသည့်တရားဒေသနာ
## The Doctrine about God

"ထာဝရဘုရားသည် သခင်ယေရှုဖြစ်သည်"။ ခရစ်ယာန်ဘာသာသည် စကြဝဠာကမ္ဘာလောကဓါတ်ကို ဖန်ဆင်းတော်မူသည့် တစ်ဆူတည်းသော ဘုရားသခင်ဖြစ်သည်ဆိုခြင်းကို လက်ခံယုံကြည်သော ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုဖြစ်၍ ထာဝရဘုရားသခင်သည် ၎င်း၏ အရေးကြီးသော အယူအဆဖြစ်သည်။ သို့သော် ထာဝရဘုရားသခင်အား ခရစ်ယာန်ဘာသာအရ တစ်ဆူတည်းသောဘုရားသခင်၊ သို့မဟုတ် ဖန်ဆင်းရှင်၊ သို့မဟုတ် ကယ်တင်ရှင်၊ သို့မဟုတ် တရားရှင်၊ သို့မဟုတ် ချစ်ခင်သနားကြင်နာပွားသူဖခင် စသည်ဖြင့် ခေါ်ဆိုသမှု ချိုးကျူးထောပနာပြုသည့် စကားလုံးများအစား "ထာဝရဘုရားသခင်သည် ယေရှုဖြစ်သည်"(God is Jesus) ဟူ၍ ပြောဆိုကြသည်။ ဤစကား၏အဓိပ္ပါယ်မှာ သခင်ယေရှု၏ဘဝ၊ သခင်ယေရှု၏ဩဝါဒ၊ သခင်ယေရှု၏ ပြန်လည်ရှင်သန်ထမြောက်ခြင်းဟူသော အချက်များမှအပ အခြားထာဝရဘုရားသခင်၏အကြောင်းကို ခရစ်ယာန်များမသိ နားမလည်ကြတော့ပေဟူ၍ဖြစ်သည်။ စိန့်ဂျွန်း၏ အဆိုအရ သခင်ယေရှု၏နှုတ်တော်မှ ထုတ်ဖော်ပြောဆိုချက်မှာ "မည်သူမဆို ငါ့အား ဖူးမြင်ဖူးသူသည် အဖဘုရားသခင်အား ဖူးမြင်ရပေပြီ" (John.14.9)။ ထို့နောက်တဖန် "ဖခင်ဘုရားသခင်နှင့် ငါသည် တစ်ပါးတည်းဖြစ်သည်" (John. 10.30)

စိန့်ဂျွန်းက သူ၏ကျမ်းစာအုပ်တွင် သူကိုယ်တိုင်ရေးသားချက်မှာ –

"တစ်စုံတစ်ယောက်သော မည်သူတစ်ဦးမျှ ထာဝရဘုရားသခင်အား မဖူးမြင်ခဲ့ကြဖူးချေ။ တစ်ပါးတည်းသော သားတော်သည်သာလျှင် ထာဝရဘုရားသခင်နှင့် ဖခင်

ဘုရားသခင်ရှိကြောင်း သူ့အား သိနားလည်ကြစေရန် သူ လုပ်ဆောင်ခဲ့သည်။" (St. John. 1.18)

စိန့်ပေါလ်ကလည်း အလားတူအမြင်ရှိသည် -

"သူ(ယေရှု)သည် နှစ်မြှုပ်ပျောက်ကွယ်နေသော ထာဝရဘုရားသခင်၏ ဉာဏ်ပညာ ရတနာသိုက်နှင့် အသိဉာဏ်ပညာ ဖွင့်လှစ်ပေးသနားတော်မူသော သော့ဖြစ်သည်။ (Colossians .2.3)

စိန့်ပေါလ်က ခရစ်တော်သည် တကယ့်အစစ်အမှန် ထာဝရဘုရားသခင်နှင့် တူညီမှု ဖြစ်သည်ဟူ၍လည်း ရေးသားထားခဲ့သေး၏။ (2. Corinthians 4.4; also see Hebrew 1.3)။ ဤအချက်သည်လည်း သခင်ယေရှုကိုယ်တော်တိုင် ရေးသားခဲ့သည်ဟု အချစ်ဆုံးသာဝက ဖြစ်သူ စိန့်ဂျွန်း၏အဆိုရှိသည်။

"အကျွန်ုပ်မှတပါး မည်သူတစ်ဦးမျှ ဖခင်ဘုရားထံ မသွားခဲ့ကြပေ။ ကျွန်ုပ်သည် နည်းလမ်းဖြစ်သည်။ ကျွန်ုပ်သည် အမှန်တရားဖြစ်သည်။ ကျွန်ုပ်သည် အသက် ဖြစ်သည်။" (St. John 14.6)

သို့သော် ခရစ်ယာန်ဘာသာဝင်များက ဘယ်လိုပင် သခင်ယေရှုအကြောင်းကို ပြောဆိုနေကြစေကာမူ သခင်ယေရှုကမူ သူသည် ထာဝရဘုရားသခင်ဖြစ်ကြောင်း တစ်ကြိမ် တစ်ခါမျှ မပြောကြားခဲ့ပေ။ တစ်နည်းအားဖြင့် သခင်ယေရှုက ထာဝရဘုရားသခင်သည် သူ့ထက်ပို၍ ကြီးမြတ်သူဖြစ်သည်ဟူ၍ ရှင်းလင်းပြတ်သားစွာ ကြေညာခဲ့သည်။ (St. John. 14.28) ထို့ပြင် ထာဝရဘုရားသခင် တစ်ပါးတည်းသာလျှင် ကမ္ဘာလောက၏ နောက်ဆုံး နေ့ရက်ကိုသိ၏ ဟူ၍ပြောခဲ့သည်။ (Mt. 24-36; Mk. 13.32)။ ထို့ပြင် ထာဝရဘုရားသခင် တစ်ပါးတည်းသာလျှင် လူများ၏တရားရှင်ဖြစ်သည်။ အခါတပါး၌ သခင်ယေရှုက ထာဝရ ဘုရားသခင်နှင့် နှိုင်းယှဉ်စရာ ကောင်းခြင်းမင်္ဂလာနှင့်ပြည့်စုံသူမရှိပါဟု ပြောခဲ့ဖူး၏။ ဤအမြင် ရှုဒေါင့်မှကြည့်လျှင် သခင်ယေရှုသည်ပင်လျှင် အဆုံးစွန်ကောင်းမွန်သူဖြစ်မည့်ပုံ မပေါ်ပေ။

ထို့ကြောင့် ကျွန်ုပ်တို့ပြောနေကျစကားဖြစ်သော ဂျာဒူး(Jadu)သည် ကျား၊ သို့မဟုတ် ခြင်္သေ့ဖြစ်သည် ဆိုဘိသကဲ့သို့ ခရစ်ယာန်ဘာသာဝင်များက ထာဝရဘုရားသည် သခင်ယေရှု

ဖြစ်သည်ဟုဆိုရာတွင် ထာဝရဘုရားသခင်နှင့် ယေရှုတို့သည် မတူကွဲပြားခြားနားခြင်း (Metaphorical) နှင့် သခင်ယေရှုအား ကြည်ညိုလေးစားမှုပြုလိုခြင်း (Honorific)တို့၏သဘောကို ပေါ်လွင်စေရန် ဖော်ခြင်းသာဖြစ်သည်။ သို့သော် "ထာဝရဘုရားသခင်သည် ယေရှုဖြစ်သည်" ဟူသော စကားစု၏အဓိပ္ပါယ်မှာ မတူကွဲပြားခြားနားသည်ဆိုသည့် အဓိပ္ပါယ်ထက် ပို၍ သာလွန်ကောင်း သာလွန်လိမ့်မည်။ ထိုစကားရပ်၏အဓိပ္ပါယ်မှာ သခင်ယေရှုက ထာဝရဘုရားသခင်သည် ချစ်ခြင်း မေတ္တာတရားနှင့်တူသည်ဟူ၍ သခင်ယေရှု၏ ဩဝါဒနှင့် ဘဝ၊ သူ၏အသက် အသေခံခြင်းတို့အား ဂုဏ်ပြုဖော်ပြသည့် အမှတ်အသားဖြစ်သည်။ သခင်ယေရှုအား လက်ဝါးကပ်တိုင်မှ ဆွဲကြိုးချ၍ သတ်ဖြတ်ခံရနီးအချိန်တွင် သူပြောခဲ့သည့် နောက်ဆုံးစကားလုံး(၇)ခွန်းမှာ မှတ်သားဖွယ်ရာကောင်းလှပါ၏။ ပထမဆုံးစကားလုံးမှာ -

"သူတို့အား ခွင့်လွှတ်ပေးသနားပါ။ အဖဘုရားသခင်! သူတို့ဘာပြုလုပ်နေကြသည်ကိုပင် သူတို့မသိကြပါ အဖဘုရားသခင်"။ (Luke 23.24)

ထိုအချက်သည် ချစ်ခင်ရသောသူတစ်ဦး၏ ရန်သူများထက် များစွာပိုမိုသာလွန်သော စကားဖြစ်ပါ၏။ သူ့အား ရက်စက်ယုတ်မာသူများအတွက် ဆုတောင်းမေတ္တာပို့သခြင်းသည် ၎င်းတို့အား ကောင်းသောဘဝတစ်ခု ဖြစ်လာစေမှုအတွက် ၎င်းတို့အပေါ် အောင်မြင်စေလိုသော ဆန္ဒဖြင့် ခွင့်လွှတ်ခြင်းနှင့် သံသရာဝဋ်ကြွေး ပြန်လည်ပေးဆပ်ခြင်းဖြစ်သည်။ လက်ဝါးကပ်တိုင် အောက်ခြေတွင် မတ်တပ်ရပ်လျက် အချိန်ပြည့်ရှုတ်ဆိုပြီး သခင်ယေရှုကို စောင့်မျှော်နေသည့် ရောမစစ်သည်တော်တစ်ဦးက "သူသည် ထာဝရဘုရားသခင်၏သားတော် အမှန်အစစ် ဖြစ်တော်မူပါပေ၏" ဟူသောစကား မှတ်တမ်းတင်ထား၏။ (Mt. 15.39; Lk 23.47) ဤသက်သေခံချက်မှာ သခင်ယေရှု၏ဘဝဖြစ်စဉ် ဟောကြားဆုံးမခဲ့သည့်ဩဝါဒနှင့် အများအတွက် အသက်စတေးခံ၍ သေဆုံးခဲ့ခြင်းများကို သိရှိနားလည်သူတိုင်း၏ သက်သေခံချက်ကို တင်းကြပ်စွာ ရှောင်တိမ်းဖယ်ရှားပစ်နိုင်ခဲ့သည်။ ထို့ကြောင့် ခရစ်ယာန်ဘာသာဝင်အတွက် ထာဝရဘုရားသခင်သည် ဖခင်ဖြစ်သည်။ ထာဝရဘုရားသခင်သည် ဝဋ်ကြွေးကို ပြန်လည်ပေး ဆပ်ခြင်းနှင့် ထာဝရဘုရားသခင်၏အမိန့်ကို ချိုးဖောက်သူများအား ပြန်လည်ပြုပြင်ပေးခြင်း ဖြစ်သည်။ ထို့ပြင် ထာဝရဘုရားသခင်၏ ပုံရိပ်လွှာသည် သခင်ယေရှုထံမှ တိုက်ရိုက်ဆင်းသက် လာခြင်းဖြစ်သည်။

ဤနည်းအားဖြင့် ခရစ်ယာန်ဘာသာသည် တမန်တော်အားယုံကြည်သည့် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အသုံးအနှုန်းအရ တမန်တော်မှတဆင့် ပြောဟောခဲ့သော ထာဝရဘုရားသခင်သည် သခင်ယေရှုမှတဆင့် သူ၏သာဝက(His Person)ကို ဖော်ထုတ် ပြသခဲ့သည်။ တိကျသေချာစွာပြောနိုင်သည်မှာ သခင်ယေရှုသည် ထာဝရဘုရားသခင် မဟုတ်ပါ။ သို့သော် သူသည် ထာဝရဘုရားသခင်သာဝက (Person of God)၏ နှစ်သက်ပျော်ရွှင်မှုကို ဖော်ဆောင်ပေးသူ ဖြစ်သည်။ သခင်ယေရှုသည် ဘုရင်ဒေးဗစ်(King David)၏တိုင်းပြည်အတွင်း၌ မွေးဖွားသူ တစ်ယောက်ဖြစ်သည်။ သူသည် ထာဝရဘုရားသခင်၏ဆန္ဒကို ရိုသေလေးစားစွာ အပြည့်အဝ လိုက်နာသဖြင့် ထာဝရဘုရားသခင်၏ သဘောသဘာဝကို သိနားလည်နိုင်ခဲ့သည်။ သူ၏ဘဝကို ကောင်းသော အသက်မွေးဝမ်းကျောင်းမှု(သမ္မာအာဇီဝ)ဖြင့် ရိုးသားစွာနေထိုင်ခြင်းဖြင့် ယုံတမ်း စကားကဲ့သို့သော အဖြစ်မှန်များနှင့် အမျိုးသားနှင့် အမျိုးသမီးတို့၏ အပြစ်အနာအဆာတို့ကို ခွင့်လွှတ်ခြင်းဖြင့် သူ၏နှလုံးတွင်းခံစားမှု၌ ထာဝရဘုရားသခင်သည် ခွင့်လွှတ်ခြင်းနှင့် ချစ်ခြင်းမေတ္တာကို ပြန်လည်ပေးဆပ်ခြင်းဟု သူကပြောဆိုခဲ့သည်။ ဤနည်းအားဖြင့် သခင်ယေရှု၏အကြောင်းကို စိန့်ပေါလ်၏ စကားလုံးများအရ –

> "သူသည် လူသားမျိုးနွယ်ဝင်ဖြစ်၍ ဒေးဗစ်တိုင်းပြည်အတွင်း မွေးဖွားလာခြင်းဖြစ်သည်။ သူ၏မြူစင် မြင့်မြတ်သည့်ဘဝ၊ ထာဝရဘုရားသခင်၏သားတော်ဖြစ်၍ ကြီးမြတ်သော တန်ခိုးဖြင့် သေခြင်းတရားအား ရင်ဆိုင်သွားနိုင်၏။" (Romans 1.35)

ထာဝရဘုရားသခင်သည် ဖခင်ဖြစ်သည်။ ကေန္တ့ သခင်ယေရှုသည် ဂျူးလူမျိုးတစ်ယောက်ဖြစ်၍ ထာဝရဘုရားသခင်သည် သူ့အတွက် တစ်ပါးတည်းသောဘုရားသခင်ဖြစ်၏။ ထာဝရဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်သည်။ ထာဝရဘုရားသခင်သည် ကယ်တင်ရှင်ဖြစ်သည်။ ထာဝရဘုရားသခင်သည် အရာခပ်သိမ်းကို အပြီးသတ်အဆုံးအဖြတ်ပေးသူ ဖြစ်သည်။ သို့သော် သခင်ယေရှုအဖို့ရာ၌ ထာဝရဘုရားသခင်သည် လေးနက်သောသဘောအရ ဖခင်တစ်ဦး ဖြစ်၍ လောကပညတ်အားဖြင့် မိမိ၏မွေးသဖခင်ထက် များစွာပိုမို၍ ကျေးဇူးကြီးမားလှသော ဖခင်ဖြစ်ပါ၏။ သခင်ယေရှုက ဖခင်ထာဝရဘုရားသခင်သည် လူအများအား ၎င်းတို့လိုအပ်သော အရာကိုပေးသည်ဟု သေချာတိကျစွာ ကတိပေးပြောဆိုသည်။ ထာဝရဘုရားအား ဖူးတွေ့လိုသူ

များသည် တွေ့ရှိဖူးမြင်နိုင်ပြီးလျှင် အကယ်၍ ငှင်းတို့က(Heaven) ခေါ် ထက်ကောင်းကင် ရွှေဘုံနန်း၏ တံခါးပေါက်ကို ဖွင့်လှစ်ပွင့်နိုင်ပါ၏။ အရာဝတ္ထုအားလုံးတွင် ထာဝရဘုရားသခင် ရှိသည်ဟု ယုံကြည်ရန် သခင်ယေရှုကဟောကြားခဲ့သည်။ သူ(သခင်ယေရှု)က ကျွန်ုပ်တို့၏ မွေးသဖခင်အား အကယ်၍ သူ့ကလေးများက ပေါင်မုန့်တောင်းခံလျှင် ကျောက်ခဲကို ပေးနိုင်လိမ့် မည်မဟုတ်ပေ။ ထိုနည်းတူ ကလေးများက ငါး တောင်းလျှင် မြွေကို ပေးလိမ့်မည်မဟုတ်ပေ။

"သို့ဖြစ်လျှင် အသင်၏အဖဘုရားသခင်က သူ့ထံတောင်းခံလာသူအား ထက်ကောင်းကင် ရွှေဘုံနန်းတွင် ကောင်းမြတ်သောအရာဝတ္ထုများကို မည်မျှလောက် ပိုမိုများများပေးနိုင် ပါအံ့နည်း။"(Mt.7.11. also Luke.11.9-13)

သခင်ယေရှုက ထာဝရဘုရားသခင်နှင့် သူ၏စောင့်ရှောက်မှုကို အကြွင်းမဲ့ယုံကြည်၏။ သူ(သခင်ယေရှု)က ထာဝရဘုရားသခင်သည် ကမ္ဘာလောကအတွင်းရှိကြကုန်သော အရာအားလုံးကို ချစ်ခင်သနားပြီးလျှင် ကြည့်ရှုစောင့်မတော်မူ၏ဟု ဟောကြားခဲ့၏။ သခင်ယေရှုက လူတစ်ယောက်စီ၏ ခေါင်းပေါ်မှဆံပင်များကို ရေတွက်နိုင်သည်ဟူ၍ ဟောကြားခဲ့သည်။ အကယ်၍ ထာဝရဘုရားသခင်က ယနေ့ပေးကမ်းနေသည့် ရောင်စုံပန်းပွင့်များသည် မနက်ဖြန်တွင် အမှိုက်ပုံးထဲလွှင့်ပစ်သည်။ ထို့ပြင်အကယ်၍ သူ(ထာဝရဘုရားသခင်)က စာကလေးငှက် တစ်ကောင်ကိုပင်လျှင် မြေကြီးပေါ်သို့ကျရောက်စေရန် အခွင့်မပြုဟုဆိုလျှင် လူတိုင်းကိုယ်စီအား မည်မျှကြင်နာသနားမှု မည်မျှကြီးမားများပြားရှာပါမည်နည်း။ ( Matt.6.25-34;Luke 12.22.27)

ဤနည်းအားဖြင့် ထာဝရဘုရားသခင်သည် လူသတ္တဝါအားဖန်ဆင်းရှင်ဟု ဆိုခြင်းထက် များစွာပို၏။ သူ(ထာဝရ ဘုရားသခင်)က လူသတ္တဝါတို့အားကြင်နာသနားတော်မူ၍ သခင်ယေရှုက လူအများတို့အား ထာဝရဘုရားသခင်အပေါ် အလုံးစုံယုံကြည်မှုထားသင့်ပြီး ထာဝရဘုရားသခင်၏ တိုင်းပြည်နှင့် သူ၏သမ္မာသက်ပွ ခေါ် ကောင်းစွာပြုမှု ကိုယ်ကျင့်သိက္ခာကိုရှာဖွေရန် ဟောကြား တော်မူ၏။ ထို့ကြောင့် ဂျူးလူမျိုးတို့က "ထာဝရဘုရားသခင်ကို သင်၏အသက်အပ်နှင်း၍ ချစ်မြတ်နိုးပါ၊ အသင်၏အသည်းနှလုံးနှင့်အမျှ ချစ်မြတ်နိုးပါ၊ အသင်၏ရှိသမျှ ခွန်အားထက်မက ချစ်မြတ်နိုးပါ"ဟူ၍ ဟောကြားခြင်းမှ ကောက်နုတ်ချက်ထက်ပို၍ ထာဝရဘုရားသခင်အား

ဖခင်အရာ၌ထား၍ ယုံကြည်၏။ ခံစားမှု၏ ပို၍မြင့်မြတ် နွေးထွေးမှုနှင့် ကိုယ်တိုင်ပါဝင်ပါတ်သက်မှုနှင့် ချစ်ကြည်လေးစားသည့် စိတ်ဓါတ်နှင့်အတူ ဂျူးလူမျိုး၏ဟောကြားသင်ပြချက်အား မြင့်တင်ပေးခဲ့သည်။ သို့သော် ခရစ်ယာန်ဘာသာ၏ ပေါ်လွင်ထင်ရှားမှုအဖြစ်ဆုံး ဖော်ပြချက်ဖြစ်သည့် ထာဝရဘုရားသခင်သည် ကြင်နာသနားမှုဆိုသောအဓိပ္ပါယ်မှာ မည်သည့်အရာဖြစ်ပါသနည်း။

## ထာဝရဘုရားသခင်သည် ချစ်ခင်သနားကြင်နာပွားခြင်းဖြစ်၏

## God is Love

ပထမဦးစွာ ထာဝရဘုရားသခင်၏ ကြင်နာသနားခြင်းဆိုသည့်အဓိပ္ပါယ်မှာ မကောင်းမှုအပေါ်တွင် ကောင်းမှု၏ အောင်ပွဲခံခြင်းဖြစ်သည်။ မကောင်းမှုနှစရိုက်တရားကို အထောက်အကူမပြုခြင်းဖြင့် ၎င်းကို မုန်းတီးပါ။

"တစ်ဦးတစ်ယောက်က အကယ်၍ အသင်၏ညာဖက်ပါးကို လက်ဝါးနှင့်ရိုက်ခဲ့သည်ရှိသော် အသင်၏ ဘယ်ဖက်ပါးကို သူ့လက်ဝါးနှင့်ရိုက်နိုင်စေရန် သည်းခံပြီးလှည့်ပေးလိုက်ပါ"။ (Matt.5.39)

တဖန် -

"သင်၏ရန်သူများအား ကြင်နာသနားလျက် အသင်အား ရက်စက်ကြမ်းကြုတ်ယုတ်မာစွာပြုလုပ်သူအား မေတ္တာထားပါ။"

ခရစ်ယာန်ဘာသာဝင်တစ်ဦး၏ ကိုယ်နှုတ်အမူအရာနှင့် အကျင့်သိက္ခာသည် ထာဝရဘုရားသခင်နှင့်တူညီရန် ကြိုးစားရမည်။ ထို့ပြင် အဖထာဝရဘုရားသခင် ရှေ့ဘုံနန်းစံမြန်းသလို တိကျမှန်ကန်မှုရှိရန် ကြိုးစားရမည်။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသခင်က မိုးရွာချမှုနှင့် နေ၏အလင်းရောင်ပေးမှုသည် ကောင်းသူနှင့်မကောင်းသူများအပေါ် တပြေးညီဖြစ်သကဲ့သို့ ထာဝရဘုရားသခင်သည် သတ္တဝါအားလုံးအပေါ် တူညီသောကြင်နာသနားမှုပြုသောကြောင့်ဖြစ်သည်။ ထာဝရဘုရားသခင်က လူတို့အား အပြစ်အနာအဆာ မဖြစ်စေလိုပေ။ အပြစ်အနာအဆာများကို စင်စစ်ကေန် အမှန်ပင်ရှုမုန်းပေ၏။ ထို့ကြောင့် သူ၏ချစ်ခြင်းမေတ္တာသနားကြင်နာမှုဖြင့် လူတို့အား အဆိုးဆုံးသောအမုန်းတရားကိုပင်လျှင် ကျော်လွှန်ပြောက်သွားရန် ကြိုးစားဖို့ရာ

ထာဝရဘုရားက ဟောကြားရာ၏။

အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာ သနားခြင်းဂရုဏာတို့သည် မကောင်းမှုပြုသူများအပေါ် ကျော်လွှားတော်မူခြင်းမှာ သည်းခံခွင့်လွှတ်တော်မူခြင်းကြောင့် ထာဝရဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်၏။ God is love ဟုဆိုနိုင်၏။

ပီတာက သခင်ယေရှုအား မေးမြန်းချက်မှာ "လူတစ်ဦးတစ်ယောက်သည် သူ၏ခရစ်ယာန်ညီအစ်ကိုများအား (၇)ကြိမ် ခွင့်လွှတ်ရပါမည်လား?"။

သခင်ယေရှုက ပြန်ပြောဆိုသည်မှာ "အကြိမ်ပေါင်း(၇၀) ခွင့်လွှတ်လိုက်ပါ" ဟူ၍ဖြစ်၏။ (Matt. 18.21-22)

*(ဗုဒ္ဓ၏အဆုံးအမ တရားဒေသနာများတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရား ၄ ပါးလည်း ပါရှိ၏။ မိဘနှစ်ပါး၏ သားသမီးများအပေါ်ထားရှိသည့် ဖြူစင်သော စိတ်စေတနာသည် မေတ္တာဟူသော အညီအမျှချစ်ခင်ကြင်နာခြင်း၊ ကရုဏာဟူသော အညီအမျှ သနားကြင်နာခြင်း၊ မုဒိတာဟူသော သားသမီးတို့၏ ကြီးပွားချမ်းသာမှုကို ဝမ်းမြောက်ခြင်း၊ ဥပက္ခာဟူသော အတိတ်ကံနှင့် ပစ္စုပ္ပန်ကံအလျောက် ပစ္စည်းဥစ္စာအသက်ခန္ဓာ စသည်ဖြင့် သားသမီးများ၏ အကျိုးစီးပွားဆုံးရှုံးပျက်စီးမှုရှိလာလျှင်လည်း တရားသဘောနှင့်ယှဉ်၍ မိမိ၏ စိတ်ဆင်းရဲမှုကို ဖြေဖျောက်ခြင်းဖြစ်သည်။ မိဘနှစ်ပါးကို ဗြဟ္မာကြီးများနှင့်နှိုင်းယှဉ်၍ ဗြဟ္မစိုရ်တရား ဟူ၍ခေါ်သည်။ သူတော်စင်များအဖို့ရာ၌မူ သတ္တဝါတိုင်းအပေါ်၌ ဥပက္ခောတရားဖြင့် ရှုမြင်နိုင်ပြီး ဥပေက္ခာသည် မြင့်မြတ်သောတရားဟု သတ်မှတ်၏။ လူသားတို့၏ ခံစားမှု၌ သုခချမ်းသာမှုနှင့် တွေ့လျှင် သောမနဿဝေဒနာ (ပမ်းသာပျော်ရွှင်သောခံစားမှု)နှင့် ဒုက္ခဆင်းရဲမှုနှင့် ကြုံတွေ့ရလျှင် ဒေါမနဿဝေဒနာ(နာကျင်ခံခက် ဒေါသအမျက် စိတ်ဆိုးစိတ်ပျက်သောခံစားမှု)နှင့် ဝမ်းသာ ပျော်ရွှင်မှုလည်းမဟုတ်၊ အမျက်ဒေါသထွက်မှု မဟုတ်သောခံစားမှု(ဥပေက္ခာဝေဒနာ)တည်း ဟူသော ခံစားမှု(၃)မျိုးအနက် တစ်မျိုးမျိုးခံစားမှု ရှိနေကြသည်။ ထိုသို့ မိမိ၏စိတ်ထဲတွင် မည်သည့် ဝေဒနာကို ခံစားရသည်ဖြစ်စေ၊ မိမိ၏စိတ်၌ ဖြစ်ပေါ်လာသောဝေဒနာကို သတိဖြင့်စောင့်ကြည့် ခြင်းကို ကာယ၊ စိတ္တ၊ ဝေဒနာ၊ ဓမ္မာဟူသော သတိပဋ္ဌာန်တရားလေးပါး အနက် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ရှုပွားသည်မည်၏။ အဆိုပါ သတိပဋ္ဌာန်တရားများ အနက် မိမိ၏ဉာဏ်နှင့်*

*ကိုက်ညီမှုရှိသော သတိပဋ္ဌာန်ကို ရှုပွားလျှင် သူ့ခွဲ၊ ငါ့ခွဲ၊ ပုဂ္ဂိုလ်ခွဲ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ အခွဲများ တဖြည်းဖြည်းလျော့နည်း၍ နောက်ဆုံးတွင် လောဘ၊ ဒေါသ၊ မောဟဆိုသော မကောင်းမှုဒုစရိုက်တရားများ လုံးဝ ကင်းစင်သွားလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြု နိုင်၏။ ထိုသို့ အနိမ့်ဆုံးအဆင့်ဖြစ်သည့် သောတာပန် ခေါ် သောတပတ္တိမဂ်ဖိုလ်ကိုရရှိပြီး ငြိမ်းအေး သော စိတ်၏ခံစားမှုသည် ကျင့်ကြံအားထုတ်မှုအပေါ် မူတည်လျက် ဉာဏ်အရာ၌ တစ်ဆင့်ပြီး တစ်ဆင့်မြင့်တက်လာပြီးလျှင် အာသဝေါတရား လေးပါးလုံး ကုန်ခမ်းသည့်ရဟန္တာအဖြစ် ရောက်ရှိ ပြီးနောက် သေဆုံးပြီးလျှင် ဘဝသစ်တဖန် ပြန်မဖြစ်ခြင်း(No rebirth)ကို ဗုဒ္ဓဘာသာတို့၏ အဆုံးစွန် ရည်မှန်းချက်ပန်းတိုင် (Final Goal or Nirvana)ဟူ၍ခေါ်သည်။ဘာသာပြန်သူ)*

သခင်ယေရှုကိုယ်တိုင်က သူ့အား မတရားသဖြင့် လိင်ဆက်ဆံမှုပြုသည် (ကာမေသုမိစ္ဆာ စာရကံ ကျူးလွန်မှု)ဟူ၍ စွပ်စွဲသူအမျိုးသမီးကို သည်းခံခွင့်လွှတ်ခဲ့ပြီး သခင်ယေရှုက ပြောကြား သည်မှာ "သွားတော့၊ ဒါပေမယ့် နောက်တဖန် ထပ်မံ၍ မပြစ်မှားနဲ့တော့"ဟူ၍ဖြစ်သည်။ (St. John 8.11)

*(ဗုဒ္ဓဘာသာတွင်လည်း အလားတူ ဗုဒ္ဓကိုယ်တော်အား စိဉ္စမာနဆိုသူအမျိုးသမီးက လူပုံအလယ်တွင် သူမလွယ်ထားသောပဋိသန္ဓေသည် ဂေါတမဗုဒ္ဓနှင့်ရသည့် သန္ဓေသားဖြစ်သည် ဟူ၍ ဗိုက်ကိုပျဉ်ချပ်ဖုံးပြီး အထင်အမြင်လွဲမှားအောင် ပြောဆိုစွပ်စွဲခဲ့၏။ ထိုပြောဆိုချက်ကို ဗုဒ္ဓရှင်တော်မြတ်က မိန့်ကြားသည်မှာ "ဇိဉ္စမာန၊ ဤကိစ္စသည် အသင်နှင့်ငါသာ သိသောကိစ္စ ဖြစ်၏"ဟု ပြောဆိုခွင့်လွှတ်ခဲ့သော်လည်း ချက်ချင်းလက်ငင်းပင်လျှင် ဖုံးအုပ်ထားသောပျဉ်ချပ်များ ပြုတ်ကျ၍ သူမ၏အလိမ်ပေါ်ခဲ့၏။ သူမ၏အပြစ်ကို သူမသာလျှင် "မြေမျိုခြင်း" ခံရသည်ဟု ဆိုသည်။ ဘာသာပြန်သူ)*

ထာဝရဘုရားသခင်၏ ချစ်ခင်ကြင်နာ၊ သနား၊ မေတ္တာ၊ သည်းခံ၊ ခွင့်လွှတ်ခြင်းဆိုသည့် အရာမှာ အချိန်ကို အချည်းနှီးဖြုန်းသည့်သားတော်(Prodigal Son)၏ အကောင်းဆုံးဖော်ပြ ခဲ့သည့် စံနမူနာဖြစ်သော သင်ခန်းစာတစ်ခုကို သင်ကြားပြသခြင်းဖြစ်သည်။ စံနမူနာပြသင်ခန်းစာ၏ အဆိုအရ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသော သူဌေးတစ်ဦးတွင် သားနှစ်ယောက်ရှိ၏။ တစ်နေ့သော အခါ၌ သားအငယ်က သူ့ဖခင်ထံ အမွေတောင်းခံလေ၏။ သူ၏ရထိုက်သော အမွေပစ္စည်းကို

ခွဲဝေရရှိပြီးနောက် သူရရှိသော အမွေပစ္စည်းများကို မကောင်းမှုဒုစရိုက် အမှုများတွင် သုံးဖြုန်း လိုက်ရာ နောက်ဆုံးတွင် အလွန်ဆင်းရဲပြီး ထမင်းငတ်စပြုလေတော့၏။ သူ၏သူငယ်ချင်းများက သူ့အား ကန်ကြောက်ပြီး အစာရေစာမကျွေးပဲ သူ၏စိတ်ရောကိုယ်ပါ ဆင်းရဲမှု ကိုသာ ပြုကြသဖြင့် သူ၏ဖခင်အိမ်သို့သွား၍ သူ့ဖခင်၏ ကြင်နာသနားမှုနှင့် ချစ်ခြင်းမေတ္တာကို ပြန်လည်တောင်းခံလေ၏။ ထို့ကြောင့် ပစ္စည်းဥစ္စာများကို အလဟဿ ဖြုန်းတီးပစ်ခဲ့သူ သားမိုက်သည် မိမိမိုက်ခဲ့သည့်ပြစ်မှုအတွက် ၎င်း၏ ဖခင်ရှေ့မှောက် ဒူးထောက်လျက် သူ့ဖခင်ကို ပြောသည်မှာ

"မွေးသဖခင်ကျေးဇူးရှင်၊ ကျွန်တော်ဟာ ထာဝရဘုရားသခင်နှင့် ဖခင်တို့ကို ဆန့်ကျင်၍ အပြစ်ကျူးလွန်မိခဲ့ပါ၏။ ကျွန်တော်ဟာ အဖေရဲ့သားဟု ခေါ်ရန်မသင့်တော့ပါ" (Luke 15.18)

တစ်နည်းပြောရလျှင် ဖခင်သည် သူ၏သားမိုက်ပြန်လာရေးအတွက် မျှော်လင့်နေခဲ့ပေသည်။ တစ်နေ့၌ ဖခင်သည် သူ၏သားမိုက်အား အဝေးမှတွေ့မြင်ခဲ့ရပြီး ပြေး၍ သူ့လက်နှစ်ဖက်ဖြင့် သားအားသိုင်းဖက်လျက် နမ်းရှုတ်ပြီး ပြောကြားသည်မှာ –

"ငါ့သား ဒီကောင်ကလေးသေသွားခဲ့ပြီး ယခုသူအသက်ရှင်လျက်ရှိ၏။"

"သူပျောက်ဆုံးသွားခဲ့သည်၊ သို့သော် ယခုအခါ သူ့ကိုပြန်တွေ့ရှိပြီ" (Luke 15.24)

သခင်ယေရှုက ထာဝရဘုရားသခင်သည် အလားတူစွာ မှားယွင်းသောဆောင်ရွက်မှုကို ပြုခဲ့၍ အပြစ်အနာအဆာရှိကြသူများ အဖဘုရားထံ ပြန်လာမည့်အရေးကို မျှော်တွေးနေခဲ့၏။ သည်းခံခွင့်လွှတ်ခြင်းမပြုနိုင်သည့် အပြစ်ဟူ၍မရှိပါ။ ထာဝရဘုရားသခင်၏ ဤသို့သောချစ်ခင်သနားသည့်မေတ္တာဓါတ်အား ငြင်းဆိုခြင်းငှာမတတ်နိုင်ပေ။ ပြင်းထန်စွာ ပြောဆိုမှု၊ ပြန်လည်သက်သေပြမှု မရှိခြင်းနှင့် သနားဂရုဏာကင်းမဲ့ခြင်း မရှိနိုင်ချေ။ လူသွားရာ အရိပ်ပါသည့်အလား ချစ်ခြင်းမေတ္တာတရားသည် လိုက်ပါ၍သွားလေသည်။

## ထာဝရဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ဒုက္ခဝင်ကြွေးပြန်လည်ပေးဆပ်ခြင်းဖြစ်သည်
## God's Love is Redemptive

ဒုက္ခဝင်ကြွေး ပြန်လည်ပေးဆပ်ခြင်းဆိုသည်မှာ ကတိကဝတ်ပြုထားသော အပြည့်အဝ ပြန်လည်ပေးဆပ်ရမည့်အကြွေးကို ပြေလည်ကျေအေးသည်အထိ ပေးဆပ်ခြင်းဖြစ်သည်။ ဒုက္ခဝင်ကြွေး ပြန်လည်ပေးဆပ်ခြင်းဆိုသည့် အဓိပ္ပါယ်အပြည့်အစုံကို သခင်ယေရှု ခံစားနေရသည့် ဒုက္ခနှင့် သေဆုံးခြင်း(Atonement)ကဏ္ဍ၌ ရှင်းလင်းဖော်ပြပါမည်။ ဤနေရာတွင် ထာဝရဘုရား သခင်က တစ်ဦးတစ်ယောက်၏ အပြစ်အနာအဆာများကို သူ၏ကာကွယ်စောင့်ရှောက်မှုသို့ ပြန်သိမ်းယူရေးကို ထိခိုက်မှုမဖြစ်စေပါချေ။ Redemption ခေါ် ဒုက္ခဝင်ကြွေးပြန်လည်ပေးဆပ် ခြင်း၏ အမှတ်အသားမှာ အပြစ်အနာအဆာရှိသူအား သူတော်စင်သူတော်မြတ်အဖြစ်သို့ ပြောင်းလဲ ပစ်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် စိန့်ပီတာက သူ၏အရှင်သခင်အား သုံးကြိမ် ငြင်းဆန်ခဲ့သည်။ သို့သော် သခင်ယေရှုက ခွင့်လွှတ်သည်းခံခဲ့ပြီး ၎င်းအား သူ၏နောက်လိုက် နောက်ပါသာဝက များ၏ ခေါင်းဆောင်အဖြစ် ပြုလုပ်ပေးခဲ့ပေသည်။ အကျိုးရလာဒ်မှာ ပီတာသည် မိမိ၏ပြစ်မှားကျူး လွန်မှုများ ယုံတမ်းစကားပုံဝတ္ထုများနှင့် ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၏အကြောင်း ကောင်းသတင်းကို အရှင်သခင်၏ ဘဝဖြစ်စဉ်မဟာဝင်၊ ဟောကြားပြသသည့် တရားဓမ္မ၊ သေဆုံးမှု နှင့် ပြန်လည်ရှင်သန်ထမြောက်ခြင်းတို့ကို ဖော်ပြပြောဆိုခြင်းအားဖြင့် သက်သေခံခဲ့သည်။ နောက်ဆုံး တွင် လက်ဝါးကပ်တိုင်၌ သတ္တိပြောင်သော စစ်သားတစ်ဦးအဖြစ်နှင့် သေဆုံးခဲ့လေသည်။

စိန့်ပေါလ်၏ ဘဝဖြစ်စဉ်တွင်လည်း အလားတူ ချစ်ခြင်းမေတ္တာ၏ ပြောင်းလဲခြင်းကို တွေမြင်နိုင်သည်။ စိန့်ပေါလ်က ခရစ်ယာန်ဂိုဏ်းတော်ကို ရက်စက်ကြမ်းတမ်းစွာ ပြုမူဆက်ဆံ၍ ထိုဂိုဏ်းတော်ကို အမိန့်အာဏာသုံး ပြင်းထန်စွာဖြင့် ရွေ့လျောစေခဲ့၏။ သို့သော် သူက သခင်ယေရှု၏ ရှုမြင်သုံးသပ်ချက်ကို တွေမြင်ခဲ့သည်။ ထိုမှတပါး အခြားအကြောင်းတရစ်ရပ်မှာလည်း လက်ဝါးကပ်တိုင်ပေါ်တွင် သခင်ယေရှုအား သတ္တိပြောင်မြောက်လှစွာသော စစ်သားအဖြစ်ဟူသော အကြောင်းကြောင့် သူ့နောက်သို့လိုက်ပါခဲ့သည်။ စိန့်ပေါလ်၏ ထောက်ခံချက်မှာ –

"ကျွန်ုပ်တို့သည် သူတို့၏ ရှာဖွေခြင်းခံခဲ့ရသည်၊ သို့သော် ထာဝရဘုရားသခင်က ကျွန်ုပ်တို့အား ဘယ်သောအခါမှ စွန့်လွှတ်ပစ်ခွာမသွားခဲ့ပါ။ ကျွန်ုပ်တို့ ရှုံးနိမ့်ခဲ့ရပါ၏။

သို့သော် ကျွန်ုပ်တို့ တဖန်ပြန်ထ၍ ဆက်လက်သွားနေ၏”(II . Corinthian 4.8-9)

တဖန်လည်း –

“အဘယ်ကြောင့်ဆိုသော် သခင်ယေရှု၏ချစ်မေတ္တာမှ မည်သည့်အရာမှ ခွဲခြားမရသည်ကို ကျွန်ုပ်သေချာစွာသိပါ၏။ အသက်ရှင်ရပ်တည်နေသည့် ကာလပတ်လုံးဖြစ်သော်လည်းကောင်း၊ သေခြင်းတရား တွေ့ဆုံသည်အထိသော်လည်းကောင်း၊ ယခုပစ္စုပ္ပန်ကာလတွင်သော်လည်းကောင်း၊ အနာဂတ်ကာလတွင်သော်လည်းကောင်း၊ အပေါ်ထပ်အလွှာ ဤကမ္ဘာ၌သော်လည်းကောင်း၊ အောက်ထပ်အလွှာဤကမ္ဘာတွင်သော်လည်းကောင်း ဖန်ဆင်းထားသည့်အရာ အပြာပြာသည် မည်သည့်အခါကာလ မည်သူတစ်ဦးတစ်ယောက်မျှ ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာအား ခွဲခြား၍ရမည်မဟုတ်ပေ။” (Romans 8.38)

နောက်ဆုံးအနေဖြင့် ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာဆိုသည်မှာ လူသားထုအတွင်း အများအကျိုးဆောင်ရွက်ခြင်း(Service in humanity) ဖြစ်သည်။ သခင်ယေရှုက ဤအကြောင်းအရာကို လူဆိုးသူခိုးများလက်ဝယ် ကျရောက်သွားရရှာသော ဂျူးလူမျိုးတစ်ယောက်၏အကြောင်းကို ပေါ်လွင်အောင်ဖော်ဆောင်ခဲ့သည်။ Levi တစ်ဦးနှင့် ဘုန်းတော်ကြီးတစ်ပါးမဟုတ်သည်ဖြစ်စေကာမူ သူ၏ဒါဏ်ရာကို မည်သူတစ်ဦးတစ်ယောက်မျှ ပတ်တီးစည်းပေးမည်မဟုတ်ပေ။ သို့သော် ဂျူးလူမျိုးများ၏ မုန်းတီးမှုခံရသော ဆမာရီတန်(Samaritan)လူမျိုးများ၏ ပြင်းထန်စွာထိုးကြိတ်ခံရသော ဂျူးအပေါ်တွင် ကြင်နာသနားစိတ်ဝင်လာ၏။ ထိုဆမာရီတန်က သူ၏ဒါဏ်ရာများအပေါ်သို့ ဆီလောင်း၍ ထိုဒါဏ်ရာ ဒါဏ်ချက်များကို ပတ်တီးစီးပေးလိုက်သည်။ ထို့နောက် ထိုဂျူးအား ၎င်း၏မြည်းပေါ်တွင်တင်ဆောင်လျက် တည်းခိုခန်းတစ်ခုသို့ခေါ်သွားပြီး ကုသမှုပေးခဲ့၏။ သခင်ယေရှုက ဒုက္ခရောက်နေသူ လူတစ်ယောက်အား စေတနာ့ဝန်ထမ်းဆောင်ရွက်ပေးသည့် ချစ်ခင်ကြင်နာမှုကို ချီးကျူးထောပနာပြုခဲ့လေသည်။

တဖန်ထပ်မံ၍ နောက်ဆုံးနံနက်စာသုံးဆောင်ရာ၌ သခင်ယေရှုက သူ၏တပည့်သာဝက၏ခြေထောက်ကို ဆေးကြောသုတ်သင်ပေး၍ ပြောကြားရာတွင် “သင့်အတွက် ဥပမာတစ်ခုကို

ပြောပြမည်၊ အကယ်၍ ဆရာသခင်တစ်ယောက်နှင့် သင်၏ဆရာသခင်က သင့်ကိုပြုစုစောင့် ရှောက်၏။ အဘယ်ကြောင့်ဆိုသော် သင့်အတွက် သူ၏ချစ်ခြင်းမေတ္တာကြောင့်ဖြစ်သည်၊ ထိုနည်းတူ သင်ကလည်း ပြုလုပ်ဆောင်ရွက်သင့်သည်။ လူသားအားလုံးအား လုပ်ကျွေးပြုစုသူ သင်သည် သင်၏စိတ်သဘောထဲတွင် အကြီးမြတ်ဆုံးသော စိတ်သဘောဖြစ်တော့၏။" (Luke 22.26)

ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာဟူသည်မှာ စွန့်လွှတ်အနစ်နာခံသည့် ဘဝတစ်ခု ဖြစ်သည်။ "အဘယ့်ကြောင့်ဆိုသော် သူတို့ကို အလွန့်အလွန် ချစ်ခင်သနားသောကြောင့် ကမ္ဘာလောကကြီး၏ အပြစ်အနာအဆာများအတွက် လျော်ကြေးအဖြစ် လက်ဝါးကပ်တိုင်ပေါ်တွင် ယစ်ပူဇော်ရန်အလို့ငှာ သူ၏တစ်ဦးတည်းသော သားတော်အား ပေးအပ်ခဲ့သည်။ " ထို့နောက် သခင်ယေရှုက သူ၏နောက်ဆုံးပညတ်တော်ကို သူ၏တပည့်သာဝကများသို့ ချန်ထားခဲ့၏။ "ကျွန်ုပ်၏ပညတ်ချက်မှာ ဤသို့ဖြစ်သည်– တစ်ဦးနှင့် တစ်ဦးချစ်ခင်ကြင်နာပါ။ သူ၏ သူငယ်ချင်း မိတ်ဆွေသင်္ဂဟများအတွက် သူ၏အသက်ကို စွန့်လွှတ်ခြင်းမှာ လူတစ်ဦးတွင် ရှိနိုင်သော အကြီးဆုံး ချစ်ခြင်းမေတ္တာဖြစ်ပါ၏။" (Jn.15.13)

ထို့နောက်သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် သေဆုံးခဲ့သည်မှာ သူတို့အတွက် ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာဆိုသည်ကို လူသားအများ သိရှိနားလည်ကြစေရန် ဖြစ်သည်။

ဤသို့ဖြင့် ခရစ်ယာန်ဘာသာအတွက် ထာဝရဘုရားသခင်ဆိုသောအဓိပ္ပါယ်မှာ သခင်ယေရှုသည် ထာဝရဘုရားသခင်၏ လျှို့ဝှက်ချက်အပြည့်အစုံ သိစေသကဲ့သို့ ထာဝရဘုရား သခင်သည် ဖခင်အဖြစ်သော်လည်းကောင်း၊ သည်းခံခွင့်လွှတ်ခြင်းသည် ထာဝရဘုရားသခင် ဖြစ်သည်ဆိုသည့် သဘောအဖြစ်လည်းကောင်း၊ အပြစ်အနာအဆာရှိသူအား သူ၏ ဝမ်းနည်း ပူဆွေး၍ သူ့ထံလှည့်ပြန်လာသောအချိန်တွင် သူ့အတွက်ပေးလျော်ရမည့်အကြွေးကို အကျေ ပေးဆပ်၍ ပြန်ရွေးယူခြင်း၊ အပြစ်အနာအဆာရှိသူများ၏ အပြစ်ဒါဏ်အလျောက် ဒုက္ခခံစားလျက် သော်လည်းကောင်း၊ သူတို့အား ပြန်ရွေးယူရေးအတွက် အမြင့်ဆုံးသောစွန့်လွှတ်မှုပေးဆပ်ရန် စိတ်ဆန္ဒရှိခြင်းဟူသော အဓိပ္ပါယ်ဖြစ်သည်။

## သုံးပါးပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်

## TRINITY

စွဲလမ်းယုံကြည်မှုပြင်းထန်သည့် ခရစ်ယာန်ဘာသာဝင်တစ်ဦးအနေဖြင့် ထာဝရဘုရားသခင်သည် ယေရှုဖြစ်သည်၊ ထာဝရဘုရားသခင်သည် ဖခင်ဖြစ်သည်၊ ထာဝရဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်ဟူ၍ ဖော်ပြချက်များထက်ကျော်လွန်၍ သိရှိရန်မလိုအပ်ကြောင်း ပြောဆိုလာဖွယ်ရာ အများဆုံးဖြစ်နိုင်သည်။ သို့ရာတွင် သခင်ယေရှုနှင့် ထာဝရဘုရားသခင် တို့အကြား ဆက်ဆံပေါင်းကူးခြင်းအနေအထားကို သိလိုသူများစွာရှိပေ၏။ ထိုအချက်ထက်ပို၍ သခင်ယေရှုက သူတို့ထံသို့ "မြင့်မြတ်သောဝိညာဉ်" (the Holy Spirit)ကို ပို့ဆောင်ပေး မည်ဖြစ်၍ ၎င်းမြင့်မြတ်သောဝိညာဉ်က သူတို့ကို သခင်ယေရှုနှင့် ထာဝရဘုရားသခင်အကြောင်း သိကောင်းစရာများကို ထပ်လောင်း၍ ပြောကြားလိမ့်မည်ဟူ၍ သခင်ယေရှုမသေမီအချိန်လေးတွင် ကတိပြုခဲ့ကြသည်။ ဤသို့အားဖြင့် "အဖထာဝရဘုရားသခင်"(God the Father)၊ "သားတော်ထာဝရဘုရားသခင်"(God the Son) နှင့် "မြင့်မြတ်သောဝိညာဉ် ထာဝရဘုရားသခင်" (God the Holy Ghost)ဟူ၍ နာမတော်သုံးမျိုးသုံးစားရှိသည်။ အနောက်တိုင်းခရစ်ယာန်ဘာသာဝင်တို့၏ ထာဝရဘုရားသခင်၏ သဘောသဘာဝနှင့် ဘာသာယုံကြည်ကိုးကွယ်မှု အခြေခံယုံကြည်ချက်ကိုလေ့လာသူများ(Theologians)က ထို "ပုဂ္ဂိုလ်သုံးပါးသည် တစ်ဆူတည်းသော ထာဝရဘုရားသခင်"ဟုဆိုကြသည်။ ၎င်းတို့က "သုံးပါးပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်"ဟူသော အယူအဆကို ဗြဟ္မာ(Brahman)၊ ဗိဿနိုး(Vishnu)နှင့် မဟာပိန္နဲ(Mahesh)ဟူသော နတ်ဘုရားသုံးမျိုးတို့၏ နမူနာ(Triad)ကို ယူလျက် ပေါ်လွင်ထင်ရှားစေခဲ့သည်။ သို့သော် ထာဝရဘုရားသခင် (ဝါ) နတ်ဘုရားသုံးပါးမှာ ပုဂ္ဂိုလ်တစ်ဦးတည်း မဖြစ်နိုင်သည့်အလျောက် သူတို့သည် မည်မျှပင်နီးစပ်ကြစေကာမူ အဓိကအကြောင်းမဟုတ်ဆိုသည်မှာ သိပ်ပြီးထင်ရှားပါ၏။ ထို့ကြောင့် ထာဝရဘုရားသခင်၏ သဘောသဘာဝကို စူးစမ်းလေ့လာကြသူများအနေဖြင့် "သုံးပါးပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်" (Trinity)ကို လျှို့ဝှက်ဆန်းကျယ်သော အကြောင်းရင်းကို နားလည်ရန်ခက်ခဲသည်ဟူ၍ ယူဆကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ဒဿနိကပညာရှင်များအနေဖြင့်

စဉ်းစားဆင်ခြင်ဉာဏ်မပါသော မည်သည့်လျှို့ဝှက်ဆန်းကျယ်မှုကိုမျှ လက်မခံကြပေ။ အကယ်၍ ယေရှုနှင့်ထာဝရဘုရားသခင်တို့အား ခွဲခြား၍ရမည်ဆိုလျှင် ယေရှုသည် လူသားစင်စစ် မဖြစ်နိုင်ပေ။ ထို့ကြောင့် ယေရှုပုံစံတူပါသော လက်ဝါးကပ်တိုင်သည် အစစ်အမှန်ဟူ၍ထင်ရသော်လည်း အစစ်အမှန်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသခင် ဟူသည်မှာ(သေရိုးထုံးစံမရှိ) မသေနိုင်သောကြောင့်ဖြစ်သည်။ ထို့ပြင် အကယ်၍ ထာဝရဘုရားသခင်နှင့် ယေရှုတို့ကို ခွဲခြားသိရှိနားလည်နိုင်ပါမူ ယေရှုသည် သူ၏ဘဝတစ်သက်တာလုံးတွင် မည်သူ့ကိုဝတ်ပြု ကိုးကွယ်နေခဲ့ပါသနည်း။ မှန်ပါသည်။ ယေရှုက "မမြင်နိုင်သော ထာဝရဘုရား သခင်၏ မြင်နိုင်သောတူညီချက်" ဖြစ်သည်ဟူ၍ ခေါ်ဆိုခဲ့ပေ၏။ (Col. 1.15)"မြင်နိုင်သော"နှင့် "မမြင်နိုင်သော"ပုဂ္ဂိုလ်သတ္တဝါကို မည်သို့နှိုင်းယှဉ်နိုင်ပါမည်နည်း?။ သိပ်ပြီးရှင်းလင်းစွာသိနိုင်သည့် အချက်မှာ ထာဝရဘုရားသခင်အား ယုံကြည်စွဲလမ်းသူများက ထာဝရဘုရားသခင်သည် သခင်ယေရှုနှင့် တူနိုင်မည်ဟု စိတ်ထဲတွင် ရေးဆွဲချယ်မှုန်းခဲ့သော ရုပ်ပုံကားချပ်တစ်ခုမျှသာ ဖြစ်သည်။ ပေါလ်တီလိချ်(Paul Tillich)၏ ယနေ့ခေတ်စကားဖြင့် ပြောကြားချက်မှာ သခင်ယေရှုသည် ထာဝရဘုရားသခင်၏ အမှတ်သင်္ကေတဖြစ်သည် ဟူ၍ဖြစ်၏။

သို့သော် အခြားအခက်အခဲတစ်ခုလည်း ရှိပေသေး၏။ ယေရှုသည် လူသားစင်စစ် တစ်ယောက် ဟုတ်ပါရဲ့လား?။ အဆိုပါကိစ္စ၌ လူသားအားလုံးကိုဖန်ဆင်းတော်မူသော ထာဝရဘုရားသခင်၏နေရာတွင် ဖန်ဆင်းထားခြင်းခံရသည့် လူတစ်ယောက်မျှသာဖြစ်သော ယေရှုအား များစွာအလေးထား၍ ဝတ်ပြုကိုးကွယ်ခြင်းမှာ ခရစ်ယာန်ဘာသာဝင်များအား ရုပ်ထုကိုးကွယ် သူများအဖြစ် အခြားအမည်တစ်မျိုးဖြင့် ခေါ်ဆိုခြင်းဖြစ်ပေလိမ့်မည်။ သူ့ကို ကျွန်ုပ်တို့က ထာဝရဘုရားသခင်နှင့် လူသားဟူ၍ နှစ်မျိုးလုံးပြောဆိုနိုင်ပါရဲ့လား? ၊ တိကျသေချာသော ထာဝရဘုရားသခင်တစ်ပါး အဖြစ်သော်လည်းကောင်း၊ မှန်ကန်သော လူသားတစ်ယောက် အဖြစ်သော်လည်းကောင်း ကျွန်ုပ်တို့ ပြောဆိုနိုင်ကြပါရဲ့လား?။ ဤအချက်မှာ သတ္တဝါတစ်ဦး တစ်ယောက်သည် သံသရာစရီးလမ်း ဆုံးခန်းတိုင်ရှိပြီး သံသရာစရီးလမ်း ဆုံးခန်းတိုင်မရှိဟူ၍ အမြင်နှစ်ခုဖြင့် ပြောဆိုသောစကားကဲ့သို့ သဘောအဓိပ္ပါယ် တစ်ထပ်တည်း တူညီနေသည့် ကိုယ်တိုင်ကိုယ်ကျ ဉာဏ်နှစ်ခုဖြင့်စဉ်းစားရမည့် ဆန့်ကျင်ဘက်တရားနှစ်ခု၏ အားပြိုင်မှုသာ

အများဆုံးဖြစ်နိုင်ပေလိမ့်မည်။ ရမ် မိုဟမ် ရွိုင် (Ram Mohan Roy)သည် ''သုံးပါးပုံသွင် တစ်ပါးတည်းသော ထာဝရဘုရားသခင်''(Trinity)ဟူသော တရားဓမ္မကို ဝေဖန်ပြောကြားရန် တာဝန်ကျရောက်လာသောအခါ ''မြင့်မြတ်သောဝိညာဉ်တော်''သည် လူပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်ဆိုခြင်းကို ငြင်းဆိုပြီး ပြဟ္မာ၏အသွင်သဏ္ဍာန်ရှိသော ထာဝရ ဘုရားသခင်သည် လူမဟုတ်ဟူ၍ဆိုထား၏။ သူ့အဖို့ရာတွင် မြင့်မြတ်သောဝိဉာဉ်တော်ဆိုသည်မှာ အကောင်းနှင့် အဆိုး၊ အမှားနှင့်အမှန် ခွဲဝေဖန်လျက် အကြောင်းနှင့်အကျိုး ဖြစ်ရိုးဓမ္မတာ သဘာဝဥပဒေသကို ရှေးရှုလမ်းပြသူ လူများနေထိုင်ရာကမ္ဘာလောကထဲမှ ထာဝရဘုရားသခင်၏ တန်ခိုးအာဏာ ဖြစ်သည်။ ထို့ပြင် ''ယေရှု''ဆိုသူမှာ ထာဝရဘုရားသခင်၏ဆန္ဒအား လူအများသို့ ရှင်းလင်းပြသသူ သတင်းဖြန့်ချိရေးသမားတစ်ဦးဖြစ်သည်။ ကာလရွေ့လျော အချိန်ကြာမြင့် လာသည့်အခါတွင် ကီရှပ်ချန္ဒရာဆင်း (Keshab Chandra Sen)က ရေးသားဖော်ပြရာတွင် ဖခမည်းတော်(Sat)၊ သားတော်(Cit)နှင့် မြင့်မြတ်သောဝိညာဉ်တော် (Annanda)ဟူ၍ဖြစ်သည်။ တဖန်ထပ်မံ၍ ပြဟ္မာ့ဗန္ဓတန်ဥပါဒယားယ(Brahmabandhab Upadhyaya)ဆိုသူ ခရစ်ယာန်ဘာသာဝင် အတွေးအခေါ်ပညာရှင်က ''သုံးပါးပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်''ကို ဆတ်ဆိဒ်နန္ဒ(Saccidananda)ကဲ့သို့ လုပသောကဗျာတစ်ပုဒ်ဖြင့် ရေးသားသီကုံးခဲ့သည်။ ကျွန်ုပ်၏ အယူအဆသဘောထားမှာ ''ဆတ်ဆိဒ်နန္ဒ(Saccidananda)'' ကဲ့သို့သော''သုံးပါးပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်ဟူသော အဆိုအမိန့်အား အိန္ဒိယလူမျိုးများ နားလည် သဘောပေါက်ခြင်းမှာ အနောက်တိုင်းသားက ထိုကိစ္စတွင် ပုံသေ တွက်ဆထားသည်ထက် လျော့နည်း၍ ကန့်ကွက်နိုင်ဖွယ်ရာ ဖြစ်သည်။

ဤသို့ဆိုခြင်းအားဖြင့် ယေရှုသည် ပြဟ္မာမဟုတ်သကဲ့သို့ ထာဝရဘုရားသခင်(ဝါ) နတ်ဘုရား(God)လည်း မဟုတ်သည့်အပြင် တကယ့်အရှိအမှန်တရား(Absolute Reality)လည်း မဟုတ်ပါလေ။ ယေရှု၏ နောက်ဆုံးစကားဖြစ်သည့် ''ကျွန်ုပ်နှင့် ကျွန်ုပ်၏ ဖခမည်းတော် ထာဝရဘုရားသခင်သည် တစ်ပါးတည်းဖြစ်၏'' သို့မဟုတ် ''ကျွန်ုပ်အား တွေ့မြင်သူတစ်ဦးသည် ဖခင်ထာဝရဘုရားသခင်အား ဖူးတွေ့မြင်သည်မည်၏။''ဟူသော စကားရပ်တို့သည် ထာဝရဘုရားသခင်၏ မြုပ်ကွယ်နေသော ''ဖခင် ထာဝရဘုရားသခင်''

ဟူ၍လည်းကောင်း၊ "ချစ်ခြင်းမေတ္တာပိုင်ရှင် ထာဝရဘုရားသခင်" ဟူ၍လည်းကောင်း ပို၍တိကျသေချာသည့် အဓိပ္ပါယ်ကို အတိတ်ကာလကထက်ပို၍ သူသေဆုံးပြီးနောက်ပိုင်းအထိ ကောင်းစွာနားလည်သဘောပေါက်နိုင်ခဲ့ကြသည်။ သူသည် သမိုင်းတွင် တိမ်မြုပ်ပျောက်ကွယ်နေသည့်အရာကို ဖော်ထုတ်ခဲ့သော ဖြစ်ရပ်တစ်ခုဖြစ်သည်။

## ကမ္ဘာလောက The World

ပထမဦးသော ဖန်ဆင်းမှုအကြောင်းဟောကြားချက်မှာ အခက်အခဲများနှင့် အကျပ်အတည်းများစွာရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သက်သေမရှိသည့်အပြင် ပထမဦးဆုံးသော ဖန်ဆင်းသည့်အရိပ်လက္ခဏာ သက်သေရှိနိုင်ဘွယ်ရာလည်း မမြင်ပေ။ ဥပမာ- နဆဒိယ ချီးကျူးသြဘာ ထောပနာပြုထားသည့် ဓမ္မတေးသီချင်း(Nasadiya hymn) ရာဂ်ဒေဝ X 129 က ဤအရာကို ဖော်ပြသည်။

(၁) သို့ဖြစ်လျှင် ကမ္ဘာလောကသည် အစစ်အမှန်မဟုတ်ဆိုတာ မဟုတ်ပါလား။ သို့မဟုတ် စစ်မှန်သောအရာဟုတ်ပါရဲ့လား။ လေထုရပ်ဝန်းဒေသ မဟုတ်ပါလား၊ သို့မဟုတ် သူ့ရဲ့နောက်တွင် မိုးကောင်းကင်ရှိပါသလား။

(၂) မည်သူအမှန်တကယ်နားလည်နိုင်ပါသနည်း၊ ထို့ပြင် ထိုအရာအား မည်သူကများ ဒီနေရာမှာ ကြေညာနိုင်ပါသလဲ၊ မည်သည့်နေရာ၌ မွေးဖွားဖြစ်ထွန်းပေါ်ပေါက်လာ၍ ဤဖန်ဆင်းမှုသည် မည်သည့်နေရာတွင် ဖြစ်ပေါ်ခဲ့သနည်း။ ထာဝရဘုရားသခင်(ဝါ) နတ်ဘုရားသည် ဤကမ္ဘာလောက၏ ဖြစ်ထွန်းပေါ်ပေါက်လာခြင်း(this world's production)ထက် နောက်ကျ၏။ ထိုသို့ဆိုလျှင် ထာဝရဘုရားသခင် (ဝါ) နတ်ဘုရားနှင့် ကမ္ဘာလောက မည်သည့်အရာက ပထမဦးစွာပေါ်ပေါက်၍ လာပါသနည်း?။

ထို့နောက်တဖန် ထာဝရဘုရားသခင်က ကမ္ဘာလေတိုက်ခတ်မှုလမ်းကြောင်းကို မိုးကြိုးထစ်ချုန်း၍ ဖန်ဆင်းသည့်နေရာသို့ တိုက်ခတ်စေသည်ကို ကျွန်ုပ်တို့တွေ့ရသည် -

''ကမ္ဘာလောကကို ငါဖန်ဆင်းနေသောအခါ သင်ရောက်လာပါမည်လော? ၊ အကယ်၍ အသင်ကောင်းစွာ နားလည်ပါက ထိုအကြောင်းအရာအပြာပြာကို ငါ့အား မကြာ ပြောကြားပါလော့။
မည်မျှကြီးမားသော ကမ္ဘာဖြစ်မည်ကို ဘယ်သူလာ၍ ဆုံးဖြတ်ခဲ့ပါသနည်း။ ချိန်ခါသမယ တိုင်းတာရသည့် ထိုကာလကို ကျော်လွန်ရအောင် ဘယ်သူတိုးချဲ့ခဲ့ပါလိမ့်?။''(Job. 38. 4.5)

သို့ဖြစ်ပါလျှင် လူသားက ဘာလုပ်နိုင်သနည်း။။ သူ(လူသား)က လူသားမျိုးနွယ်စု တစ်ခု၏ ဘိုးဘွားဘီဘင် ရှေးအစဉ်အဆက်မှ ဆင်းသက်လာသောယုံကြည်မှုကို ရည်ရွယ်ချက် တစ်ခု အောင်မြင်ရေးအတွက် အသုံးပြုခဲ့သည်။ ဂျင်နက်ဆစ်(Genesis)ခေါ် ပထမဦးဆုံးသော သမ္မာကျမ်းစာ(The Bible)အရ ထာဝရဘုရားသခင်က (၆)ရက်အတွင်း သူ၏ဆန္ဒတော်အမိန့် အာဏာဖြင့် ကမ္ဘာလောကကို ဖန်ဆင်းခဲ့လေသည်။ သို့သော် နေ့နှင့်ညဆိုသောအဓိပ္ပါယ်က ဘာလဲ?။ ဖန်ဆင်းခြင်း၏ ပထမသုံးရက်အတွင်း နေနှင့်လ မဖြစ်ပေါ်ခဲ့သေးပေ။ ''နေ့နှင့် ည'' သို့မဟုတ် ''နံနက်ပိုင်းနှင့် ညနေပိုင်း''တို့သည် ကမ္ဘာလုံး(Earth)၏ လှည့်ပတ်သွားသည့် လမ်းကြောင်းပေါ်တွင် ရွေ့လျားမှုအားတွက်ချက်သော တိုင်းတာမှုဆိုင်ရာစကားအရ ကျွန်ုပ်တို့ ခေါ်ဆိုသော နေ့နှင့်ညကို မဆိုလိုကြောင်း ထင်ရှားလှသည်။ ထို့ကြောင့် ''နေ့နှင့်ည''များသည် ရှေးအစဉ်အဆက် ဘိုးဘွားဘီဘင်တို့လက်ထက်မှ ဆင်းသက်လာသော လူမျိုးစုတစ်စု၏ယုံကြည် ချက်ကို ဖော်ပြခြင်းဖြစ်သည်။

ဒုတိယအချက်အနေဖြင့် ဖန်ဆင်းခြင်းဟူသောအကြောင်းအရာ သမိုင်းကြောင်းဆိုင်ရာ ကိစ္စသည် လူသားအား ဖန်ဆင်းခြင်းနှင့်အတူ စတင်ခဲ့သည်ဟူ၍ ဖော်ပြချက်သည် ဗဟုဝုစ်ကိန်း ဂဏန်းဖြစ်သည်။

''ထို့နောက် ထာဝရဘုရားသခင်က ပြောသည်မှာ ''ယခုအခါ ငါတို့သည် လူသား၊ သတ္တဝါများကို ဖန်ဆင်းကြတော့မည်။ သူတို့သည် ငါတို့ကဲ့သို့ဖြစ်ကြလိမ့်မည်'' (Genesis 1.26)

ထို့နောက် ဂျင်နက်ဆစ်(Genesis)၏ အခန်း(၂)၊ အဒမ်နှင့်ဧဝ(Adam and

Eve)တို့အား ဖန်ဆင်းတော်မူခြင်းအကြောင်း ဖော်ပြထား၏။ သို့ရာတွင် အဒမ်နှင့် ဧဝတို့အပြင် အခြားလူသတ္တဝါများရှိကြောင်း အလွန်ထင်ရှားစွာ နားလည်ရသည်။ ကိန်း(Cain)အဖို့ရာ ထာဝရဘုရားသခင်က ပြစ်ဒဏ်အတွက် အမိန့်ချမှတ်ပြီးနောက် အေဘယ်(Abel)အား သတ်ဖြတ်ရန်အလို့ငှာ အီဒင်မြို့(Eden)၏ အရှေ့ဘက်သို့သွားရောက်ခဲ့ပြီး ၎င်းအရပ်ဒေသတွင် လက်ထပ်ခဲ့သည်။ (Genesis) 4.16) ဤသို့အားဖြင့် အဒမ်နှင့်ဧဝတို့သည် ပထမဦးဆုံးဖန်ဆင်း ခံရသော လူသားလင်မယားမဟုတ်ကြပေ။ ရှေးအစဉ်အဆက် ဘိုးဘွားဘီဘင်များလက်ထက်မှ ဆင်းသက်လာသော လူမျိုးစုတစ်စု၏ ''ဖန်ဆင်းခြင်း''ဟူသော ယုံကြည်မှုအရ ''ဘာမျှမရှိခြင်း'' ဟူသောသဘောမှ စကြဝဠာကမ္ဘာလောကဓါတ်နှင့် လူသားအား ထာဝရဘုရားသခင်က ဖန်ဆင်းတော်မူခဲ့သည်။ ဤအချက်သည် ထာဝရဘုရားသခင်မှတပါး ထာဝရဘုရားသခင်နှင့် အတူယှဉ်တွဲနေထိုင်နိုင်သူမရှိကြောင်း ပြသရန်ဖြစ်သည်။ သို့ရာတွင် သမ္မာကျမ်းစာထဲ၌ ''သမုဒ္ဒရာ၏ ရေလွှာအပေါ် မျောပါနေသောအရာအားလုံးသည် လေမုန်တိုင်းကြောင့် ပြင်းထန်စွာ လှုပ်ခတ်နေသော ရေလှိုင်းများနှင့်အတူ အလွန်မှောင်မဲနေသော အမှောင်ထုအတွင်း ထာဝရ ဘုရားသခင်က ရေထုအပေါ်ကျော်လွှန်စေ၍ ကမ်းစပ်သို့တွန်းပို့ခဲ့သည်။ (Genesis 1.2) ။ ထို့ကြောင့် ထာဝရဘုရားသခင်ဖန်ဆင်းခဲ့သော အလင်းရောင်၊ ကမ္ဘာမြေကြီးနှင့် အခြားသော အရာအားလုံးတို့အပြင် တစ်ခုရှိသေး၏။ ရှေးအစဉ်အဆက် ဆင်းသက်လာသော ဘိုးဘွား ဘီဘင်တို့လက်ထက်မှ ဆင်းသက်လာခဲ့သောလူမျိုးတစ်မျိုး၏ ယုံကြည်ယူဆချက်အရ မလိုလားအပ်သော များပြားလှစွာသော မေးခွန်းများသည် ရှိုးရှင်းစွာဖြင့် ပေါ်ပေါက်လာခဲ့သည်။ ဥပမာအားဖြင့် –

(၁) ဘာကြောင့် ထာဝရဘုရားသခင်က အရာအားလုံးကို ဖန်ဆင်းခဲ့သနည်း?။

(၂) ထာဝရဘုရားသခင်သည် အရာခပ်သိမ်း သိရှိတော်မူသည့်အလျောက် လူသားသည် အမိန့်မနာခံမည်ကို ကိုယ်တော်တိုင် ကောင်းစွာသိပါလျက်ဖြင့် သော်လည်းကောင်း၊ အပြစ်ကျူးလွန်မည့်အရေးကို ကိုယ်တော်တိုင်ကောင်းစွာ သိပါလျက်ဖြင့်သော်လည်းကောင်း၊ လွတ်လပ်သောစိတ်နှင့်တကွ ထိုပြင်တာဝ ကောင်းမှုနှင့် မကောင်းမှုကို ခွဲခြားသိနားလည်မှုနှင့်တကွ အဘယ်ကြောင့်

ထာဝရဘုရားသခင်က ဖန်ဆင်းတော်မူခဲ့ရပါသနည်း?။

(၃) အဘယ်ကြောင့် ထာဝရဘုရားသခင်က ကမ္ဘာလောကအားဖန်ဆင်းမှု၌ သေချာတိကျသောနေရာနှင့်အချိန်ကို ရွေးချယ်ခဲ့ရပါသနည်း?။

ပဟေဠိပမာ မေးခွန်းအမှတ်(၂)၏ပြဿနာသည် ထာဝရဘုရားသခင်၏ သဘောသဘာဝကို လေ့လာစူးစမ်းကြသူများ Theologians ၏စိတ်ကို ရိုက်ခတ်လှုပ်ရှားစေယုံမျှမက နောက်နောင်ကာလသို့အထိ သူတို့၏စိတ်ဓါတ်ကို ရိုက်ခတ်နေပေလိမ့်မည်။ မည်သို့ပင်ဆိုစေကာမူ လူမျိုးတစ်ခု၏ ရှေးအစဉ်အဆက်ဘိုးဘွားများလက်ထက်မှ ဆင်းသက်လာသောဖန်းဆင်းမှုကိုမူ လူတစ်ယောက်သည် ဒဿနဆန်သော မေးခွန်းများ လုံးဝမေးမြန်းနိုင်ခွင့်ရှိမည် မဟုတ်ပေ။ လူတစ်ယောက်၏ ဘာသာယုံကြည်ကိုးကွယ်မှုနှင့်ဆိုင်သော မေးခွန်းများကို ဖြေကြားရန်အလို့ငှာ ကမ္ဘာလောကထဲသို့ အပြစ်အနာအဆာမည်သို့ရောက်ရှိလာပုံနှင့် ကမ္ဘာလောကအနေဖြင့် မည်သို့မည်ပုံ ဖြေရှင်းနိုင်မည်ကို လူမျိုးတစ်မျိုး၏ ရှေးအစဉ်အဆက် ဆင်းသက်လာသော ယုံကြည်ချက်က ရိုးရှင်းစွာပြသနေပေသည်။ နောက်ဆုံးတွင် "ဖန်ဆင်းရှင် ထာဝရဘုရားသခင်"(A Creator God)သည်ပင်လျှင် လူမျိုးတစ်မျိုး၏ ရှေးအစဉ်အဆက်ဘိုးဘွားဘိဘင်များလက်ထက်မှ ဆင်းသက်လာသော ယုံကြည်ချက်တစ်ခုသာဖြစ်သည်။

လူမျိုးတစ်မျိုး၏ ရှေးအစဉ်အဆက် ဘိုးဘွားဘိဘင်များလက်ထက်မှ ဆင်းသက်လာသည့် ဖန်ဆင်းမှုသည် "အရေအတွက်အားဖြင့် အတိုင်းအတာတစ်ခုအထိ ရှိသောအရာသည် မည်သည့်နည်းဖြင့် အတိုင်းအတာပမာဏ လုံးဝမရှိသောအရာမှ ပေါ်ပေါက်လာ၍ရပါသနည်း?" ဟူသော (How can something out of nothing?) မေးခွန်းကို ရှင်းလင်းစွာဖြေကြားရန် ဒဿနနှင့်ဆိုင်သော သဘောတရား တစ်ခုမဟုတ်ပါ။ သို့သော် သမ္မာကျမ်းစာပါ လူမျိုးစုတစ်စု၏ အစဉ်အဆက် ဘိုဘွားဘိဘင်များလက်ထက်မှ ဆင်းသက်လာသော ဖန်ဆင်းမှုဟူသည့် ယုံကြည်ချက်(the creation myth of the Bible)က ကမ္ဘာလောကသည် ထာဝရဘုရားသခင်၏ ဖန်ဆင်းမှုကြောင့်ဖြစ်ပေါ်လာရပြီး ထာဝရဘုရားသခင်က သူဖန်ဆင်းတော်မူခဲ့သော ကမ္ဘာလောကကို စောင့်ရှောက်တော်မူခဲ့၏ဟူ၍ ဖော်ပြထားသည်။ စာငှက်လေးတစ်ကောင်သည်ပင်လျှင် အဖဘုရားသခင်၏ဆန္ဒမပါပဲ မြေပြင်ပေါ်သို့ ကျဆင်းမလာနိုင်ပေ။ (Matt. 5.2; Luke 12.25)။

ထာဝရဘုရားသခင်သည် သူ၏ဖန်ဆင်းမှုကို နှစ်သက်သဘောကျတော်မူ၏။(Genesis 1.31)

ဖန်တီး၍ဖြစ်ပေါ်လာသော မည်သည့်အရာဝတ္ထုတစ်ခုမျှ အမြဲထာဝရတည်ရှိနေသည်ဟူ၍ မဆိုနိုင်ချေ။ မဟုတ်ပါလေ။ ကမ္ဘာလောကသည် ထာဝရဘုရားသခင်၏ဆန္ဒတော်၌ လုံးဝတည်မှီနေသည်။ ထို့ပြင် အကယ်၍ လူသားသည် ထာဝရဘုရားသခင်၏ အမိန့်တော်အား ငြင်းဆန်လျှင် အပြစ်ပေးရန် ရေလွှမ်းမိုးခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းတို့ကို ထာဝရဘုရားသခင်က ပြုလုပ်သည်။ သမ္မာကျမ်းစာထဲတွင် နိုအာ(Noah)မှလွဲ၍ ကျန်အိမ်သူအိမ်သားများနှင့် အခြားလူများအားလုံး ရေလွှမ်းမိုးဖျက်ဆီးခြင်းခံခဲ့ရသည်မှာ ၎င်းတို့သည် ထာဝရဘုရားသခင်၏အမိန့်တော်ကို ငြင်းဆန်ခဲ့သောအပြစ်ကြောင့်ဖြစ်ကြောင်း အတိအကျဖော်ပြခဲ့သည်။ ထိုအချက်က ကမ္ဘာလောက၊ အာကာသနှင့် အချိန်ကာလ၊ လူသားနှင့် ၎င်း၏ခရီးလမ်းဆုံးဟူသော ဖန်ဆင်းတော်မူခြင်းအကြောင်းအရာပါ မေးခွန်းများကိုဖြေကြားရန် ကြိုးစားထားသည်။

တမန်တော်ယုံကြည်ကိုးကွယ်သည့် ဘာသာများနှင့်မတူပဲ ဂျိန်းဘာသာဝင်များ(Jains)၊ ဗုဒ္ဓဘာသာဝင်များနှင့် မိမံသက ရှေးဦးအယူဝါဒ(Early Mimamsaka)တို့ကမူ ထာဝရဘုရားသခင် ဖန်ဆင်းသည်ဟူသော လူမျိုးတစ်မျိုး၏ ရှေးရိုးစဉ်ဆက် မိဘဘိုးဘွားများလက်ထက်မှ အဆင့်ဆင့်လက်ဆင့်ကမ်းလာခဲ့သော ယုံကြည်မှုကို ရှေ့တန်းမတင်ခဲ့ကြပေ။ ထာဝရဘုရားသခင်ဖန်ဆင်းရှင်ဟူသော အယူအဆ(Myth of a Creator God)၊ သို့မဟုတ် ထိုအရာမရှိခြင်းအား အရေးမပါ အရာမရောက်ဟူ၍ သဘောထားလျက် ''လူသည် အဘယ်ကြောင့် အားလုံးကို ဝတ်ပြုကိုးကွယ်သင့်သနည်း?။ လူသည် အဘယ်ကြောင့် ထာဝရဘုရားသခင်ကို မကိုးကွယ်ဘဲ၊ သို့မဟုတ် ဘာသာယုံကြည်ကိုးကွယ်မှု တစ်ခုခု လုံးဝမရှိဘဲနေထိုင်ခြင်း မပြုနိုင်ပါသနည်း? ဟူသော မေးခွန်းရှိနေဆဲဖြစ်သည်။ ဤကဲ့သို့သော ငတ်မွတ်ခေါင်းပါးခြင်းနှင့် မိုးခေါင်ရေရှားဖြစ်ခြင်းများနှင့်တကွ ဖြစ်သောပြဿနာသည်လည်း ဘာလ်(Baal)အား ဝတ်ပြုကိုးကွယ်မှုကို စတင်ခဲ့သော ထာဝရဘုရားသခင်အား တော်လှန်ပုန်ကန်သည့် ဣသရေလ(Israelites) လူမျိုးများအားအပြစ်ပေးနိုင်ရန် အဲလီဂျာ(Elijah)က ယူဆောင်လာခြင်းဖြစ်သည်။ ဒဿနိကဗေဒဆိုင်ရာဝေါဟာရ၌ ကမ္ဘာလောကသည် ထာဝရဘုရားသခင်၏အပေါ်မှီတည်နေပြီး ဖြစ်ထွန်းပေါ်ပေါက်လာရန် ၎င်း၏ ကိုယ်ပိုင်အခြေခံသဘောမရှိခြင်းကြောင့် မသေချာမရေရာသော

အရာဟုပြောနိုင်သည်။ သို့သော် ကမ္ဘာလောကသည် ၎င်း၏ နောက်ဆုံးနေ့မတိုင်မီ ရှန်ကာရ (ဟိန္ဒူဘာသာ)၏ သဘောတရားအရမျှသာမကဘဲ လက်တွေ့အားဖြင့်တွေ့ရှိရသော ကမ္ဘာလောကအကြောင်း ဖော်ပြထားသကဲ့သို့ပင် စစ်မှန်သောအရာဖြစ်သည်။ ဗဝဟာရိက ကမ္ဘာ (Vyavaharika World)(ဟိန္ဒူဘာသာ)သည် ကျင့်ကြံကြိုးကုတ်အားထုတ်သူ ဗြဟ္မာဉာဏ်စဉ် (Brahma-jnana) (ဟိန္ဒူဘာသာ)မရရှိသေးသမျှကာလပတ်လုံး မကုန်ဆုံးသေးချေ။ သမ္မာကျမ်းစာအလိုအရ ထာဝရဘုရားသခင်သည်သာလျှင် ကမ္ဘာဖြစ်ထွန်းပေါ်ပေါက် လာရေးအတွက် လိုအပ်သောအခြေခံအကြောင်းပင်ဖြစ်သည်။

သို့သော် ကမ္ဘာလောကတွင် ရည်ရွယ်ချက်ရှိ၏။ ပထမဦးဆုံးအနေဖြင့် သက်ရှိသက်မဲ့ အရာအားလုံးအပေါ်၌ လွှမ်းမိုးအုပ်စိုးခဲ့သော လူသားအတွက် သက်ရှိသတ္တဝါများနှင့် အထက် ပုဂ္ဂိုလ်အားလုံး၏ အကျိုးကျေးဇူးပြုစေရေးအလို့ငှာ ဖြစ်ပေါ်နေရသည်။ (Genesis 1.26)။ သို့သော်လည်း လူသား၌ ကမ္ဘာလောကအကြောင်း သိနားလည်နိုင်စေရန်နှင့် ထိုသို့ ကမ္ဘာလောက၏အကြောင်းကို သိရှိနားလည်ခြင်းဖြင့် လူသားတစ်ယောက်သည် ပို၍ကြီးမားသော စွမ်းဆောင်မှုနှင့် အကျိုးကျေးဇူးဖြစ်လာစေရေးအတွက် အခြားလုပ်ငန်းရှိ၏။ (Genesis 1.28)။ ဒုတိယအချက်အနေဖြင့် ကမ္ဘာလောကသည် ထာဝရဘုရားသခင်၏ ဂုဏ်ဒြပ်ကို ထင်ဟပ်စေ၏။ ထို့ကြောင့် ထာဝရဘုရားသခင်၏ တန်ခိုးအာဏာနှင့် မဟာဝင်ကိုသိနားလည်ခြင်းအားဖြင့် လူသားသည် ထာဝရဘုရားသခင်အား ဝတ်ပြုကိုးကွယ်သင့်သည်၊ ထာဝရဘုရားသခင်၏ ဆန္ဒတော်ကိုနားလည်၍ အရာအားလုံးအတွက် ထာဝရဘုရားသခင်၏အမိန့်တော်ကို နာယူပါလော့။

> ''ထာဝရဘုရားသခင်သည် ကမ္ဘာလောကအား ဖန်ဆင်းတော်မူခဲ့သည့်အချိန်မှစ၍ သူ၏ မမြင်စေနိုင်အပ်သော ဘုန်းတန်ခိုးတော်၊ သူ၏ ထာဝရအမြဲတည်ရှိနေသော အာဏာစက်နှင့် ထာဝရဘုရားသခင်၏ သဘောသဘာဝသည် အမြဲတစေ၊ ထင်ရှားစွာ တွေ့မြင်ခဲ့ရသည်။ ၎င်းတို့သည် ထာဝရဘုရားသခင် ဖန်ဆင်းတော်မူခဲ့သောအရာများအား စိတ်ဖြင့်သိရှိနိုင်ခဲ့၏''

ထို့နောက်တဖန် ထပ်မံ၍ မြင့်မြတ်သည့်ဓမ္မတေးက ဆိုသည် ''ထာဝရဘုရားသခင်

၏ဂုဏ် တော်ကို မိုးကောင်းကင်က ထင်ရှားစွာဖော်ပြနေသည်။" (Ps. 19.1)

အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသခင်သည် စဉ်ဆက်မပြတ်ရှိတော်မူသည့်အပြင် သူ၏ဥပဒေသများသည်လည်း မည်သည့်အခါမျှ ပျောက်ကွယ်သွားမည် မဟုတ်ပေ။ ထို့ကြောင့် လူသားအနေဖြင့် သဘာဝတရား၏ လျှို့ဝှက်ချက်များအတွင်း အလေးအနက်သုတေသနပြုနိုင်ပေသည်။ သဘာဝတရား၏ လျှို့ဝှက်ချက်များဆိုသည့် အဓိပ္ပါယ်မှာ ထာဝရဘုရားသခင်၏ စိတ်ဆန္ဒနှင့် ပညတ်ချက်ကို သိနားလည်ခြင်းဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာ၏ မြင့်မြတ်တော်မူသည့်ဖော်ပြချက်ဖြင့် သိပ္ပံနည်းကျလုပ်ကိုင်ဆောင်ရွက်မှုတို့ကို ခွင့်ပြုခဲ့သည်။ သဘာဝတရားသည် ထာဝရဘုရားသခင်၏ ဖန်ဆင်းမှုဖြစ်သည်။ လူသားအား အသက်ရှင်နေထိုင်နိုင်ရန်နှင့် လူသား၏စွမ်းဆောင်ချက်အား ကူညီရန်အတွက် ထာဝရဘုရားသခင်၏ ဂုဏ်တော်နှင့် သဘောသဘာဝကို ဖော်ပြခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ဥရောပခရစ်ယာန်လောကသည် သိပ္ပံနည်းကျလုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် မြင့်မြတ်သည်ဟု သဘောထားခဲ့သည်။ မဟုတ်ပါ။ လူသားအတွက် ဖန်ဆင်းရှင်၏ ရည်ရွယ်ချက်အစစ်မှာ "အဖဘုရားသခင် ထက်ကောင်းကင်ရွှေဘုံနန်းတွင် ပျော်စံရှင်ဘိသကဲ့သို့ ပညာရှိပါစေ။"

ထို့ကြောင့် သမ္မာကျမ်းစာ၏ ဖန်ဆင်းတော်မူခြင်းဟူသော ရှေးအစဉ်အဆက် ဘိုးဘွားဘီဘင်များလက်ထက်မှစ၍ လက်ဆင့်ကမ်းသယ်ဆောင်ခဲ့သော ယုံကြည်ချက်တွင် သိပ္ပံပညာ၏ ပါဝင်မှုကို လူသား၏ အနာဂတ်ကာလအတွက် ဦးဆောင်လမ်းပြအဖြစ် ကြိုတင်ဟောကိန်းထုတ်ရန် အားပေးခဲ့ပေသည်။ သို့ရာတွင် ၎င်း၏မြင့်မြတ်မှုအတွက် ကမ္ဘာလောကသည် နိဂုံးကမ္ပတ်အဆုံးသတ်သည့် ဖြစ်ရပ်မဟုတ်ပေ။ ကမ္ဘာလောကသည် ဒုတိယအဆင့်တန်ဖိုးအမြင့်ဆုံးမျှသာ ဖြစ်သည်။ လူသားအတွက် အရေးကြီးသောအချက် (the most important thing for man) မှာ ထာဝရဘုရားသခင်အားသိနားလည်ရန်နှင့် သူ၏ကောင်းမြတ်မှန်ကန်မှုနှင့် ဘုရားသခင်၏ တိုင်းပြည်ကို ရှာဖွေရန်ဖြစ်သည်။ သခင်ယေရှုက ၎င်း၏တရားနာကြားကြသူများအား ဟောကြားသည်မှာ –

"အနည်းငယ်မျှ ယုံကြည်ကြသည့် အိုလူအများတို့! အဘယ်ကြောင့် အသင်သည် စားရေးဝတ်ရေးကို စိတ်မအေးရပါလိမ့်။ ငှက်ကလေးများမူကား စိုက်ပျိုးခြင်းမရှိ

သော်လည်း သူတို့မှာဝမ်းစာအတွက် ရိတ်သိမ်းနေကြဆဲ။ ထာဝရဘုရားသခင်ကလည်း သူတို့အားစောင့်ရှောက်နေလျက်ပဲ။ အဘယ်ကြောင့် ဝတ်ရေးခြုံရေး ထိုအရေးကိုတွေး၍ စိတ်မအေးနေရပါသလဲ?။ ကွင်းပြင်ထဲမှ ပန်းအလှတွေကို အာရုံပြု၍ကြည့်ရှုစေလို။ ဆော်လမွန်(Solomon)သည်ပင်လျှင် သူ၏စည်းစိမ်ဥစ္စာ ပြည့်စုံပါလျက် ထိုအရိုင်းပန်းပွင့်များလို မလှပခဲ့။ ပထမဦးစွာ ထာဝရဘုရားသခင်၏ တိုင်းပြည်ကို ရှာဖွေပါ။ သူ၏ကောင်းမြတ်မှန်ကန်မှုကိုလည်း ရှာဖွေပါ။ ထိုသို့ ရှာဖွေသောအခါ အသင်လိုသော အရာဝတ္ထုအားလုံး ပြည့်ဝလာမည်သာ။" (Matt. 6.12-24-34)

ထို့နောက်တဖန် သမ္မာကျမ်းစာက ထောက်ပြပြန်သည်မှာ ကမ္ဘာလောက၏ တစ်ခုတည်းသော အနက်အဓိပ္ပါယ်မှာ ကမ္ဘာလောကအတွင်း နေထိုင်ရန်အတွက် ဖြစ်ပေသည်။ သို့သော် ထိုလူသား၏ ကမ္ဘာလောကအတွင်း ရုန်းကန်လှုပ်ရှား ကြိုးစားလျက်ရှိခြင်းမှာ အပြီးသတ်ကုန်ဆုံးခြင်း (not the final end of human striving)တော့ မဟုတ်ပါပေ။

"သင်၏ကိုယ်တိုင်အတွက် သင်၏စည်းစိမ်ဥစ္စာများကို ဟောဒီနေရာ၊ ဟောဒီမြေကြီးရဲ့အပေါ်မှာ၊ သိုလှောင်သိမ်းဆည်းမထားပါနဲ့လား၊ ဘာဠ်အချိန်မှာ ပျံသွားတတ်သည့် ပိုးမွှားတိရစ္ဆာန်များ ပျက်စီးစေမှာလား၊ ခိုးသားဓားပြများ ခိုးယူဖျက်ဆီးနိုင်သည်ကိုများ စဉ်းစားကြည့်ပါလား။ အဲဒီလိုများ သိုလှောင်သိမ်းဆည်းထားမည့်အစား၊ စည်းစိမ်ဥစ္စာများကို သင်ကိုယ်တိုင်အဖို့ဖြစ်စေလျှင် ညဥ့်ငှက် ပိုးမွှားတိရစ္ဆာန်များနှင့် မပျက်စီးနိုင်သည့်နေရာ ထက်ကောင်းကင်ရွှေဘုံနန်းမှာ ပို့ထားစေချင်။" (Matt. 6.19)

ဤသို့ဖြင့် ကမ္ဘာလောကသည် လူသားကို ဗဟိုမဏ္ဍိုင်ပြုနေသည်။ သို့သော် လူသားကိုယ်တိုင်က ဖန်ဆင်းမှုတစ်ခုလုံး၏ အထွဋ်အထိပ်နှင့် အမြင့်ဆုံးနေရာတွင် ထာဝရဘုရားသခင်အား ဗဟိုမဏ္ဍိုင်နှင့် နောက်ဆုံးရည်မှန်းချက်ပန်းတိုင်အဖြစ်ထား၏။ ခရစ်ယာန်ဘာသာ၏ အဆိုအရ လူသားနှင့်ပတ်သက်သည့် ဟောကြားထားသည့်တရားဘက်သို့ ကျွန်ုပ်တို့ မျက်နှာမူ၍ စဉ်းစားသုံးသပ်ကြပါဦးစို့။

## လူသားအကြောင်း သင်ပြပေါ်ကြားချက် The Teaching about Man

သမ္မာကျမ်းစာ၏အဆိုအရ ထာဝရဘုရားသခင်က လူသားအား သူ၏ပုံရိပ်လွှာအတိုင်း ဖန်ဆင်းတော်မူခဲ့ခြင်းအားဖြင့် လူသားက သူ(ထာဝရဘုရားသခင်)၏ပုံပန်းသဏ္ဌာန်လို ဖြစ်စေနိုင်သည်။ ထာဝရဘုရားသခင်က လူသားအား အရာအားလုံးအပေါ် လွှမ်းမိုးနိုင်စေရန် ပေးအပ်ခဲ့သည်။ တစ်နည်းအားဖြင့် အစပိုင်းအချိန်ကာလတွင် လူသားသည် အဓိကကျစွာဖြင့် အရာဝတ္ထုအားလုံးတို့အပေါ် အုပ်စိုးထားခဲ့သည်။ (Genesis 1.26) ။ ''ထို့ကြောင့် ထာဝရဘုရားသခင်က လူသားများအား သူ(ထာဝရဘုရားသခင်)နှင့်တူညီစေလျက် ဖန်ဆင်းခဲ့သည်။'' (Genesis 1.27)

ယခုအခါ ထာဝရဘုရားသခင်က လူသားအား သူ(ထာဝရဘုရားသခင်)၏ ပုံရိပ်လွှာအတိုင်း၊ သို့မဟုတ် သူကိုယ်တိုင်နှင့်အလားတူစွာ ဖန်ဆင်းခဲ့သည်ဆိုခြင်းမှာ မည်သို့အဓိပ္ပါယ်သက်ရောက်ပါသနည်း?။ အလွန်ရှင်းလင်းစွာ နားလည်နိုင်သည်မှာ ထာဝရဘုရားသခင်၌ ပုံသဏ္ဌာန်၊ သို့မဟုတ် ပုံစံ (ဝါ) သခင်ယေရှု၏ ပြောစကားအရ ''ထာဝရဘုရားသခင်သည် စိတ်ဝိညာဉ်ဖြစ်သည်။'' သို့ဖြစ်လျှင် ''ထာဝရဘုရားသခင်၏ ဖြင့်ပသွင်ပြင်လက္ခဏာတူညီမှု'' ဆိုသောအဓိပ္ပါယ်မှာ အဘယ်နည်း။။ အဒမ်(Adam)နှင့် ဧဝ(Eve)တို့သည် ထာဝရဘုရားသခင်၏ အမိန့်ပညတ်ချက်ကို မနာခံဘဲ အသိဉာဏ်ပညာအပင်မှ သစ်သီးကိုစားမိသဖြင့် ၎င်းတို့မှာ အဝတ်အစားမပါ ကိုယ်လုံးတီးအဖြစ် တွေ့ရှိလာရပြီး အပြစ်ကျူးလွန်ခဲ့ခြင်းကို ထာဝရဘုရားသခင် တွေ့မြင်ခဲ့သည်။ ထို့ကြောင့် အဒမ်နှင့်ဧဝတို့ အဓိကကျသည့် ကောင်းခြင်းလက္ခဏာတို့သည် ပျက်စီးသွားခဲ့ရသည်။ အမိန့်တော်ကို မနာခံခြင်းဟူသော မကောင်းမှုအားဖြင့် ၎င်းတို့က ဒုစရိုက်တရားကို စတင်ဖော်ထုတ် မကောင်းမှုပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် ''ထာဝရဘုရား သခင်၏ ပြင်ပသွင်ပြင်လက္ခဏာနှင့်တူညီမှု'' ဟူသောအဓိပ္ပါယ်မှာ ကောင်းမှု၊ သို့မဟုတ် မကောင်းမှု ကြိုက်နှစ်သက်ရာ ရွေးချယ်ခွင့်ရှိခြင်းကို နားလည်နိုင်စေရန် လွတ်လပ်သော စိတ်ဆန္ဒရရှိရန်ဟူ၍ ဖြစ်ပေသည်။

''ထိုအခါ ထာဝရဘုရားသခင်အရှင်မြတ်က မိန့်ကြားသည်မှာ ''ယခုအခါ လူသားသည် ငါတို့နှင့် အလားတူစွာ မည်သည့်အရာသည် ကောင်းသောအမှုဖြစ်၍ မည်သည့်အရာသည် မကောင်းမှုဖြစ်သည်ကို ခွဲခြားဝေဖန် အသိဉာဏ်တစ်ခု ရရှိခဲ့လေပြီ။'' (Genesis 3.22)

သို့ဖြစ်သောကြောင့် ထာဝရဘုရားသခင်၏ ပုံရိပ်လွှာဟူသောအဓိပ္ပါယ်မှာ မြင့်မြတ်ခြင်းနှင့် ကောင်းမြတ်ခြင်းတို့ကို ယုံကြည်ချက်အတွင်း ပါဝင်စေခြင်းဖြစ်သည်။ အဒမ်၏ကျဆုံးပျက်စီးရခြင်းမှာ သူ၏ကိုယ်ခန္ဓာအတွင်းမှ ထာဝရဘုရားသခင်၏ ပုံရိပ်လွှာအား မဟုတ်မမှန်ပြုလုပ်ခြင်းဖြစ်ကြောင်း ရိုးရှင်းစွာဖော်ပြနေသည်။ ယခုအချိန်အခါတွင် ယေဘုယျအားဖြင့် လူမျိုးတို့သည် သိလျက်နှင့် မကောင်းမှုဒုစရိုက် ရွေးချယ်ဆုံးဖြတ်ခွင့် ရရှိခဲ့လေ၏။ မကောင်းမှုဒုစရိုက်နှင့် ယင်းမကောင်းမှုဒုစရိုက်အား ရွေးချယ်ရန် ဆုံးဖြတ်ချက်ချသော ဤအသိတရားသည် လူသား၏ အပြစ်ကင်းစင်မှုနှင့် ကောင်းမြတ်မှု အရင်းမူလအဓိကကျသောအချက်ကို မဟုတ်မမှန် ဖောက်ပြန်စွာပြုလုပ်ခဲ့ခြင်း အဓိပ္ပါယ်ဆောင်ပါသည်။ ဤသို့ဖြစ်ခြင်းကြောင့် ယခုအခါ လူသားသည် ကောင်းမှုသုစရိုက်ကို ရွေးချယ်မလား၊ မကောင်းမှုဒုစရိုက်ကို ရွေးချယ်မလားဟူသော စိတ်ဆန္ဒ၏လွတ်လပ်မှုဖြင့် မကောင်းမှုဒုစရိုက်ကိုသာ ရွေးချယ်ခဲ့ခြင်းသည် လူသား၏အဓိကကျသည့် အပြစ်အနာအဆာ ဖြစ်၏။ တစ်နည်းအားဖြင့် လူသား၏စိတ်ထဲတွင် ခိုင်မြဲစွာနှင့် နက်ရှိုင်းစွာအမြစ်တွယ်လျက်ရှိသော ထာဝရဘုရားသခင်၏ ပညတ်ချက်များအား မနာခံခြင်းနှင့် မည်သည့်အတိုင်းအတာထိ မကောင်းမှုကိုရွေးချယ်ရန် ဆုံးဖြတ်ခြင်းသည် မကောင်းမှုဒုစရိုက်၏ မူလဇစ်မြစ် မိုက်မဲသောအပြစ်ဖြစ်စေသည့် အကြောင်းအရာ၏ အရေးကြီးသောအစိတ်အပိုင်းဖြစ်၏။ မကောင်းမှုဒုစရိုက်ပြုခြင်း၏မူလဇစ်မြစ် မိုက်မဲသောပြစ်ချက်ရှိနေစေကာမူ လူသား၏ စိတ်ထဲ၌ သူ၏ဆန္ဒအဝဝကို ထာဝရဘုရားသခင်၏ဆန္ဒသို့ အပ်နှံခြင်းအားဖြင့် သူ၏မိုက်ပြစ်မူလဇစ်မြစ်ကို ကျော်လွှားနိုင်ရန်လည်း အတိုင်းအတာတစ်ခုနှင့် ဖွံ့ဖြိုးတိုးတက်လိုမှုရှိသည်။ ဤအကြောင်းပြချက်အတွက် လူသားက ယုံကြည်ကိုးကွယ်မှု ကောင်းမြတ်ခြင်းအလို့ငှာ မျှဝေခဲ့သည်။ ဤအကြောင်းပြချက်အတွက် လူသား၏အကျိုးကျေးဇူးအလို့ငှာ ထာဝရဘုရားသခင်က စောင့်ရှောက်တော်မူပါသည်။

> ''မိုးကောင်းကင်ထက်သို့ ကျွန်ုပ်မျှော်ကြည့်သောအခါ ထာဝရဘုရားသခင် ဖန်ဆင်းတော်မူသည့် ကြယ်တာရာများနှင့် စန္ဒာ ခေါ် လရထားကိုမြင်၊ ထိုအရာများကို ထာဝရဘုရားသခင်က သတ်မှတ်ထားခြင်းပင်၊ လူသားဆိုတာဘာလဲ၊ ထာဝရဘုရားသခင်က သူ့ကို စဉ်းစားဆင်ခြင်၊ လူသားသက်သက်အဖြစ် ထာဝရဘုရားသခင်က

သူ့အတွက် စောင့်ရှောက်လျက်ပင်" (Psalm 8. 2-3)

ဤနည်းအားဖြင့် လူသားသည် သူ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်ချက်အတွင်း၌ ဂုဏ်သိက္ခာ တက်စေသည်။ သူသည် အပြစ်အနာအဆာ(Sin)*အတွင်း ကျရောက်စေနိုင်သည်။ သို့သော် သူသည် စေတမန်နတ်သားများထက် ပို၍လည်းမြင့်မားလာနိုင်သည်။ စေတမန်နတ်သား တစ်ဦးသည် အစဉ်အမြဲအမှန်တရားကို လုပ်ဆောင်နိုင်သည်။ သူ၌ မကောင်းမှုပြုလုပ်ရန် ရွေးချယ်ခွင့်မရှိပေ။ သူသည် အစဉ်အမြဲကောင်းမွန်နေသည်။ ဆန့်ကျင်ဘက်အားဖြင့် လူသားမှာမူကား မကောင်းမှု၊ သို့မဟုတ် ကောင်းမှု ပြုလုပ်နိုင် ရွေးချယ်နိုင်ခွင့်ရှိသည်။ သို့သော် သူ၏စိတ်ဆန္ဒကို မြင့်မြတ်ကောင်းမွန်စေခြင်း၊ ထာဝရဘုရားသခင်၏ ဆန္ဒတော်သို့ အပ်နှံခြင်းတို့ဖြင့် သူသည် စေတမန်နတ်သားတို့ထက် ပို၍မြင့်မြတ်သောရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်သည်။ ရာမနူဂျာ(Ramanuja) (ဟိန္ဒူဘာသာ၏အယူဝါဒတစ်ခု) သည်လည်း အလားတူပြဿနာကို ရင်ဆိုင်ခဲ့ရပြီး ၎င်းက ထိုပြဿနာကို ဘတ်တိ(Bhakti)နှင့် ထာဝရ ဘုရားသခင် (ဝါ) နတ်ဘုရား၏ ဂုဏ်ကျေးဇူးတော်တို့၏ သဘောတရားမှတဆင့် ဖြေရှင်းခဲ့ရသည်။ ခရစ်ယာန်ဘာသာ၏ ယင်းကဲ့သို့သော ပြဿနာကိုဖြေရှင်းခြင်းမှာ ရာမနူဂျာနှင့် အလွန်နီးစပ် တူညီမှုရှိပေသည်။ ''လူကောင်းဖြစ်လာရန် မည်ကဲ့သို့ ပြုမူရပါမည်နည်း?။ သို့မဟုတ် လူသားက ထာဝရဘုရားသခင်၏ အမိန့်တော်ကိုမနာခံခြင်းဖြင့် ချိုးဖောက်ဖျက်ဆီးပစ်ခဲ့သော ထာဝရဘုရားသခင်၏ မူလရင်းမြစ် ပုံရိပ်လွှာအစစ်ကို မည်သို့ရယူမည်နည်း? ဟူသော အမေးပုစ္ဆာနှစ်ခုသည် ပြဿနာဖြစ်၏။

လူသားအား ထာဝရဘုရားသခင်၏ ပုံရိပ်လွှာအတိုင်း ဖန်ဆင်းခဲ့ပေသည်။ သို့သော် လူသားသည် အမိန့်မနာခံခြင်းဖြင့် ကမ္ဘာလောကအတွင်းသို့ အပြစ်အနာအဆာရောက်ရှိလာရသည့်အပြင် အပြစ်အနာအဆာသည် လူသားအား ထာဝရဘုရားသခင်နှင့် ခြားနားထား၏။ ယခုမေးခွန်းထုတ်ရမည့်ပြဿနာမှာ ''လူသားသည် ထာဝရဘုရားသခင်နှင့် ပေါင်းစည်းနိုင်သည့် သာဝကအဖြစ် မည်ကဲ့သို့ပြန်လည်ရယူနိုင်မည်နည်း''ဟူ၍ဖြစ်သည်။ ဤအကြောင်းအရာသည် အပြစ်အနာအဆာနှင့်ကယ်တင်ခြင်း၏ပြဿနာဖြစ်သည်။ ဤနေရာတွင် ခရစ်ယာန်ဘာသာ၏ အရေးအကြီးဆုံးသော ထင်ရှားသည့်အချက်ဖြစ်ပေါ်လာပြီး ၎င်းကို လူအများတို့အခြေခံကျနစွာ သတိမပြုခဲ့ကြပေ။

* "Sin" means breaking of God's Laws.

## လူသားအား ကယ်တင်မှု Salvation of Man

ခရစ်ယာန်ဘာသာ၏အဆိုအရ ကမ္ဘာလောက၏ အပြစ်အနာအဆာများအတွက် ပြန်လည်ရွေးယူရန် ပေးဆပ်ရသောငွေကြေးအဖြစ် သခင်ယေရှုသေဆုံးခဲ့သည်။ သတင်းစာတွင် ကျွန်ပ်တို့ မကြာခဏတွေ့ရှိနေရသော ပြန်ပေးဆွဲထားခြင်းခံရသူ လူတစ်ယောက်၊ သို့မဟုတ် လူအများအတွက် တောင်းခံသောငွေကြေးကို ၎င်းတို့၏ လွတ်မြောက်ရေးအတွက် ငွေပေး၍ ပြန်ရွေးယူရသကဲ့သို့ဖြစ်သည်။ ထို့ကြောင့် ပြန်ရွေးရကြေးပေးငွေသည် လူတစ်ယောက် လွတ်မြောက်ရန် အတိုင်းအတာပမာဏဖြစ်သည်။ ထိုနည်းတူစွာ လူသားများသည် လွတ်လပ်ခြင်း မရှိသောဘဝဖြင့် မိုက်မှားသောပြစ်မှုကို ကျေအေးနိုင်ရန် ဒုက္ခဝဋ်ကြွေးကို ပြန်လည်ပေးဆပ်နေရသဖြင့် သခင်ယေရှုသည် ကမ္ဘာလောကတစ်ခုလုံးခံစားနေရသော ဒုက္ခဝဋ်ကြွေးမှ လွတ်မြောက်ရေးအတွက် မိမိကိုယ်တိုင်၏ဆန္ဒဖြင့် အသက်စတေးခံခဲ့သည်။ သခင်ယေရှု၏ လက်ဝါးကပ်တိုင်ပေါ်တွင် အသက်ကိုစတေးခံ၍ အသေခံခြင်းသည် ဂျူးလူမျိုးတို့၏တိရစ္ဆာန်ယစ်ပူဇော်မှု ထုံးတမ်းစဉ်လာနှင့် ဆက်စပ်မှုရှိ၏။

သိုးတစ်ကောင်၊ သို့မဟုတ် ဆိတ်တစ်ကောင်၊ သို့မဟုတ် နွားတစ်ကောင်ကို ဂျူးလူမျိုးတစ်ဦးက ၎င်း၏ သတိလစ်၍ဖြစ်သောမိုက်ပြစ်အတွက် ယစ်ပူဇော်နိုင်သည်။ ယစ်ပူဇော်သောတိရစ္ဆာန်သည် မည်သည့်ချို့ယွင်းချက် တစ်စုံတစ်ရာမရှိသော တိရစ္ဆာန်ဖြစ်ရပါမည်။

> "ယစ်ပူဇော်လိုသည့်လူသည် ၎င်း၏လက်ကို ထိုယစ်ပူဇော်သည့်တိရစ္ဆာန်၏ ဦးခေါင်းပေါ်တင်လျက် သူ၏မိုက်ပြစ် (ဝါ) အပြစ်အနာအဆာများကို ယူဆောင်သွားစေရန် အဆိုပါ ယစ်ပူဇော်မည့်တိရစ္ဆာန်ကလက်ခံရယူပေလိမ့်မည်။"(Leviticus 1.3-5; also 3.5)

တိရစ္ဆာန်ဖြင့် ယစ်ပူဇော်ပြီးနောက် ယစ်ပူဇော်မှုပြုလုပ်သူ၏ မိုက်ပြစ် (ဝါ) အပြစ်အနာအဆာများအား တိရစ္ဆာန်ကယူသွားခဲ့လေပြီဟူ၍ မှတ်ယူထား၏။ သို့သော် ခရစ်ယာန်ဘာသာဝင်အနေဖြင့် တိရစ္ဆာန်ဖြင့်ယစ်ပူဇော်မှုသည် ပြီးပြည့်စုံခြင်း မရှိသေးပေ။ ယစ်ပူဇော်ပွဲ ပြီးဆုံးသွားပြီးနောက် ယစ်ပူဇော်မှုပြုသူသည် သူကိုယ်တိုင်ထပ်မံ၍ အပြစ်အနာအဆာဖြစ်နေပြန်သည်ကို တွေ့ရှိခဲ့ရသည်။ ဘာကြောင့်လဲ? ။ မိုးဇက်၏ ဥပဒေသများ(The Laws of Moses)မှာ

လိုက်နာကျင့်သုံးရန် မလွယ်ကူကြောင်းနှင့် လူများသည် ယင်းဥပဒေသများအား အစဉ်အမြဲ ဖောက်ဖျက်လျက်ရှိသည်ကို တွေ့ရသည်။ သူတို့သည် မကြာခဏ မလွယ်ကူသော အမှန်အမှား ဝေဖန်ပိုင်းခြားနိုင်သည့် အသိတရားကို သူတို့ကိုယ်တိုင် တွေ့ရှိခဲ့ရပေသည်။

''ထာဝရဘုရားသခင်၏အမြင်မှာ ဥပဒေသအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် တစ်ဦးတစ်ယောက်မျှ မှန်မှန်ကန်ကန် မရှိခြင်းကြောင့်ဖြစ်သည်။ ဥပဒေသ၏ ပြဋ္ဌာန်းသတ်မှတ်ချက်မှာ လူသားအား သူ့တွင်အပြစ်ရှိနေကြောင်း သိနားလည်ရန် ရေးသားထားခြင်းကြောင့်ဖြစ်သည်။ (Romans 3.20)

ထို့ကြောင့် စိန့်ပေါလ်(St.Paul)နှင့် စိန့်ပီတာ(St.Peter)တို့က အပြစ်ကင်းစင်သော၊ မိုက်မဲမှုကင်းစင်သော လူသားတစ်ယောက်ဖြစ်၍ မြင့်မြတ်မှုဖြစ်စေလျက် ထာဝရဘုရားသခင် တစ်ပါးတည်းကလက်ခံသော လူသား၏အပြစ်အနာအဆာအတွက် ပြန်လည်ပေးဆပ်နိုင်သော သူအဖြစ် စောဒကတက်ခဲ့ကြသည်။ ဤအပြစ်ကင်းစင်သော ထာဝရဘုရားသခင်၏ သိုးငယ်မှာ လူသားသခင်ယေရှုဖြစ်သည်။

''နောက်တစ်နေ့၌ ဂျွန်(John the Baptist)က သခင်ယေရှု သူ့ထံကြွရောက်လာသည်ကို တွေ့မြင်ခဲ့ရပြီး ပြောကြားသည်မှာ ''ကမ္ဘာလောက၏ အပြစ်အနာအဆာကို ဝေးကွာရာအရပ်ဒေသသို့ သယ်ယူသွားသူ၊ ထာဝရဘုရားသခင်၏ သိုးငယ်ရှိ၏။'' (St. John 1.29)

သခင်ယေရှုကလည်း မိုက်မဲမှုမရှိကြောင်း ပြောဆိုခဲ့သည်။

''သင်တို့ထဲမှ မည်သူတစ်ဦးတစ်ယောက်က ငါ့အား မိုက်မဲမှုကြောင့် အပြစ်ရှိသည်ဟူ၍ သက်သေပြနိုင်သနည်း?။''(St.John 8.46)

စိန့်ပီတာကလည်း သခင်ယေရှုကို ထာဝရဘုရားသခင်၏ အပြစ်မရှိသောသိုးငယ်ဟူ၍ ခေါ်ဆိုခဲ့၏။

''ခြောက်ပြစ်ကင်းသဲလဲစင်၍ ချို့ယွင်းချက် တစ်စုံတစ်ရာမရှိသည့် သိုးငယ်တစ်ကောင်နှင့်တူသော ခရစ်တော်၏ တန်ဖိုးကြီးလှစွာသော ယစ်ပူဇော်မှုဖြစ်၏။'' (1.Peter 1.19 also see 2.22)

ဒုတိယအချက်မှာ သခင်ယေရှုကိုယ်တိုင်က ကမ္ဘာလောက၏ သတိမေ့လျော့မှုကြောင့် ဖြစ်ရသော အပြစ်အနာအဆာအတွက် ကိုယ်ကျိုးစွန့်လွှတ်အနစ်နာခံ၍ ယစ်ပူဇော်ခြင်းခံယူရန် စိတ်အားထက်သန်သည့်အချက်ဖြစ်၏။ (John 10.18)

''ငါ၏ဘဝအား မည်သူတစ်ဦးတစ်ယောက်မျှ ငါ့ဆီက အဝေးသို့ယူဆောင်၍မသွား။ ငါ၏ကိုယ်ပိုင်လွတ်လပ်သောဆန္ဒမှန်ဖြင့် ငါပေးအပ်လိုက်ပါ၏။ အဘယ်ကြောင့်ဆိုသော် ငါ၏ဘဝကို ပြန်လည်ယူဆောင်လာရန် အခွင့်အရေးရှိ၍ဖြစ်၏။'' (St. John 10-18)

ထို့ကြောင့်စိန့်ပီတာက ဤသို့ရေးသားသည် -

''ကျွန်ုပ်တို့၏အပြစ်အနာအဆာများ(ငါ)မိုက်မဲသည့်အပြစ်များကို ခရစ်တော်ကိုယ်တိုင် သူ၏ကိုယ်ခန္ဓာအတွင်းထည့်ယူ၍ လက်ဝါးကပ်တိုင်သို့ သယ်ဆောင်သွားခဲ့၏။ ထိုသို့ ဖြစ်လျှင် ကျွန်ုပ်တို့က အပြစ်အနာအဆာမရှိစေပဲ ကောင်းမွန်စွာ ဖြောင့်မြောက်မှုအတွက် ကျွန်ုပ်နေထိုင်သင့်၏။'' (1.Peter 2.24)

စိန့်ပီတာ၏ အဆိုအမိန့်မှာ -

''ထာဝရဘုရားသခင်က လူအများအား ယေရှုခရစ်တော်အပေါ် သူတို့၏ယုံကြည်ချက် ဖြစ်ပေါ်စေခဲ့၏။ ...ထာဝရဘုရားသခင်က သူ့(ယေရှု)အား ပေးလှူထား၏။ ထိုသို့ဖြစ်လျှင် လူအများ၏ အပြစ်အနာအဆာများ ယေရှုအပေါ် သူတို့၏ယုံကြည်ချက်အရ ခွင့်လွှတ် ပေးသနားခြင်း ခံခဲ့ရပြီးဖြစ်၍ ယေရှု၏သေဆုံးမှုသည် ထိုသို့သဘော သူပြောကြား သင့်၏'' (Romans 3.22-25)

ထိုသို့ဖြစ်သောကြောင့် စိန့်ပေါလ်က ခရစ်တော်ခမျာမှာ အများအကျွက် တစ်ဦးတည်း ခေါင်းခံလျက် အခြားသူအများ၏ မှားယွင်းသည့်ပြစ်ချက်ကို ရှေ့သွားခေါင်းဆောင် သူကိုယ်တိုင် အသေခံခြင်းဖြင့် အနစ်နာခံပြီး ယုံကြည်ကြသူ ခရစ်ယာန်ဘာသာဝင်အများအား ကယ်တင်သွားရန် မေတ္တာထား၍ လက်ဝါးကပ်တိုင်တွင် အသတ်ခံခဲ့ရရှာလေသည်ဟု ဟောကြားခဲ့၏။ ဥပဒေသကို လိုက်နာခြင်းမဟုတ်မူ၍ သူတို့၏ ယုံကြည်မှုတစ်ခုတည်းဖြင့် လူသား၏ အပြစ်အနာအဆာများအား ခွင့်လွှတ်ခြင်းနှင့် သူ၏မူလရင်းမြစ် ထာဝရဘုရားသခင်၏ပုံရိပ်လွှာအစစ်ကို သူ၏စိတ်တွင် ပြန်လည်

ရယူနိုင်ပေ၏။

ဤနည်းဖြင့် ဥပဒေသကို လိုက်နာမှုပြုခြင်းဖြင့် ကယ်တင်ခြင်းသည် မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မည်သည့်လူသားကမျှ ဥပဒေသများအား မသိနားမလည်နိုင်ချေ။ လူသားသည် အားနည်းချက်ရှိ၍ အပြစ်အနာအဆာများကို ကျူးလွန်၏။ မိုက်မဲသည့်အပြစ်ဝင့်ကြွေးနှင့် ပြစ်ဒဏ်ကိုခံယူသည့် သခင်ယေရှု၏သေဆုံးခြင်းကို ယုံကြည်မှုထားရှိခြင်းအားဖြင့် အပြစ်အနာအဆာရှိသူတစ်ယောက်သည် ၎င်း၏အပြစ်များ ခွင့်လွှတ်ခြင်းခံရပြီး ထာဝရဘုရားသခင်နှင့် ပေါင်းစည်းမှုကိုရရှိသည်။

ရာမနုဂျာ (Ramnuja)နှင့် ခရစ်ယာန်ဘာသာနှစ်မျိုးလုံးက ယုံကြည်ချက်(Faith) ဟူသော အယူအဆကိုဟောကြားကြ၏။ ရာမနုဂျာအယူဝါဒတွင် ယုံကြည်ချက်(Faith)ကို ဘာခ်တိ(Bhakti)ဟုခေါ်၏။ ယင်းဘာသာနှစ်ခုလုံးက ယုံကြည်ချက်ဆိုသည်မှာ ထာဝရဘုရားသခင်က ချီးမြှင့်ပေးအပ်သော အပိုးအခပြန်ပေးရန်မလိုသော အခဲမဲ့လက်ဆောင်ဖြစ်သည်။ *(နတ်ဘုရား၏ အဆိုပါအခမဲ့ပေးသောလက်ဆောင်ကို ဟိန္ဒူဘာသာစကားအရ အနုဂါရဟ (Anugraha)ဟု၍ခေါ်သည်- ဘာသာပြန်သူ)*။ သို့ရာတွင် ခရစ်ယာန်ဘာသာအဖို့ရာတွင် ဤယုံကြည်မှုသည် ကမ္ဘာလောက၏ သတိမေ့လျော့မှုကြောင့် ကျူးလွန်မိခဲ့သောအပြစ်အနာအဆာ ပြေပျောက်စေရေးအတွက် ထာဝရဘုရားသခင်၏ သိုးငယ်တစ်ကောင်အလား ခရစ်ယာန်ဘာသာဝင်များအတွက် မိမိ၏အသက်ကို လျော်ကြေးအဖြစ်ပေးသည့်သဘော၊ စတေးခံ၍ သတ်ဖြတ်ခြင်းခံယူခဲ့သည့် သခင်ယေရှုအပေါ်တွင် မူတည်သည်။ လက်တွေ့လုပ်ပြရန်မလိုပဲ(Not by works) ယုံကြည်ချက်(By Faith)အားဖြင့် ကယ်တင်ခြင်း၏ တစ်ခုတည်းသောမြင်ကွင်းတွင် ဂျူးဘာသာဝင်များ၏ မေ့လျော့သဖြင့် ပြစ်မှားမိသော အပြစ်အနာအဆာကို ကုစားနိုင်ရေး တိရစ္ဆာန်ယစ်ပူဇော်မှုပြုလုပ်ခြင်းကို စိန်မှုနာယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ခရစ်ယာန်ဘာသာအဖို့ရာတွင် လူသားသည် ထာဝရဘုရားသခင်၏ ဖန်ဆင်းမှုကြောင့် ဖြစ်ရသည့်အားလျော်စွာ သူ၏ဘဝတစ်လျှောက်လုံးတွင် မရိုးမသားမမှန်ကန်မှုကင်းစင်သောဘဝအဖြစ် သူ၏ရင်ထဲတွင် ထာဝရဘုရားသခင်၏ပုံရိပ်လွှာ ကိန်းအောင်းဝင်ရောက်နေ၏။ ဂျူးဘာသာက တရားဥပဒေသအယူအဆ(Legalism)ကို ကယ်တင်ခြင်းအဓိပ္ပါယ်ဟု

ယူဆသည်။ ထို့ကြောင့် ခရစ်ယာန်ဘာသာကလည်း မှားယွင်းမှုကျူးလွန်ထားသည့် မိုက်ပြစ်ရှိသူ လူတစ်ယောက်အား ကယ်တင်ရေးအတွက် သခင်ယေရှု၏ ဝင့်ကြွေးပြန်လည်ပေးဆပ်ခြင်း သဘောအရ သေဆုံးရမှုအား မမေ့မလျော့မပေါ့ဆပဲဟူ၍ အဓိပ္ပါယ်ယူသည်။

ခရစ်ယာန်သာသနာပပုဂ္ဂိုလ်(any one outside the pail of Christianity) တစ်ဦးတစ်ယောက်အနေဖြင့် လက်ဝါးကပ်တိုင်ပေါ်တွင် သခင်ယေရှုက ခရစ်ယာန်ဘာသာ ဝင်များအားလုံး၏ကိုယ်စား ၎င်းတို့၏မေ့လျော့ပေါ့ဆမှုကြောင့် ဖြစ်ပေါ်ရသည့် မိုက်ပြစ်များ အတွက်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့၏မှားယွင်းခဲ့သောပြစ်မှုအတွက် အပြစ်အားလုံးကိုခံယူ သည့်အနေဖြင့် သေဆုံးခဲ့သည်ဟူသော သဘောတရားအယူအဆကို လက်ခံနိုင်ရန် ခဲယဉ်း ပေလိမ့်မည်။ သူ၏ယုံကြည်ချက်က အရေးကြီးသောပြဿနာတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့၏။ မည်သို့ပင်ဆိုစေကာမူ ခရစ်ယာန်ဘာသာဝင်များအဖို့ရာ ယေရှုသေဆုံးခဲ့သည်ဆိုဦးတော့၊ ယင်းသေဆုံးမှုအား မကောင်းဆိုးဝါးတစ်ဦးကြောင့် ဖြစ်ရသည်ဟူ၍တော့ မဆိုလိုကြပေ။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသခင် ကိုယ်တိုင်ကပင်လျှင် ယေရှု၏သေဆုံးမှုကို ကမ္ဘာလောက၏ အပြစ်အနာအဆာမှ ကယ်တင်ခြင်းဟူ၍ ဆုံးဖြတ်တော်မူခဲ့ခြင်းကြောင့် ဖြစ်သည်။ တကယ့်အစစ်အမှန်အားဖြင့်လည်း လူသားတစ်ရပ်လုံး၏ ခံစားရသောဒုက္ခနှင့် မကောင်းဆိုးဝါးဒုစရိုက်တရားကို ညွှန်းဆိုလိုသည့် အမေးပုစ္ဆာပြဿနာသည် ထာဝရဘုရား တစ်ပါးတည်းသာရှိသည်ဟူ၍ ယုံကြည်သူ မည်သူတစ်ဦး တစ်ယောက်အတွက်ဖြစ်စေ၊ အလွန်အရေးကြီးသောပြဿနာဖြစ်သည်။ ခရစ်ယာန်ဘာသာက ဤအမေးပုစ္ဆာကို မည်သို့ ဖြေရှင်းသည်ကို ကျွန်ုပ်တို့လေ့လာကြည့်ကြပါစို့။

## မကောင်းမှုဒုစရိုက်နှင့် ဒုက္ခခံစားရခြင်းပြဿနာ Evil and Suffering

ဓမ္မဟောင်းကျမ်းက ထာဝရဘုရားသခင်သည် တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူ၏ဟူ၍ ရေးသားကြေငြာထားသည်။ ကမ္ဘာလောက၌ ထာဝရဘုရားသခင်၏ ဆန္ဒတော်မပါပဲ မည်သည့်အရာမျှမဖြစ်နိုင်ပေ။

> ''သဘာဝကပ်ဘေးသည် ထာဝရဘုရားသခင်ပို့ဆောင်ခြင်းမရှိလျှင် မြို့တစ်မြို့အပေါ် ကျရောက်ဖျက်ဆီးနိုင်ပါသလား?။'' (Amos. 3.6)

ဤနေရာတွင် ထာဝရဘုရားသခင်၏ ပညတ်တော်များနောက်တွင် အကြံဉာဏ်လိုက်ပါလာ၏။ ဒုက္ခခံစားရခြင်းမှာ မိုက်မဲသည့်ပြစ်ချက်အတွက် ခံစားရခြင်းဖြစ်သည်။ မကောင်းမှုဒုစရိုက်သမား ငမိုက်များသည် မလွဲမသွေ ယခုကမ္ဘာတွင် ပြစ်ဒဏ်စီရင်မခံရလျှင်တောင် နောက်ကမ္ဘာတွင်သေချာစွာ ခံရမည်သာ။ ဤနည်းအားဖြင့် သဘာဝကပ်ဘေး မကျရောက်စေရေးအတွက်သော်လည်းကောင်း၊ ထာဝရဘုရားသခင်အား အရာခပ်သိမ်းအတွက် ချီးကျူးပူဇော်ဝတ်ပြုကိုးကွယ်ရပေမည်။

မည်သို့ပင်ဖြစ်စေကာမူ ဂျော့ဘ်(Job)*က ၎င်းသည် ကာယကံမြောက်မဟုတ်သောဒုက္ခခံစားချက်သည် သူ့ထံရောက်ရှိခဲ့သော်လည်း ၎င်းက အပြစ်ကျူးလွန်ခဲ့ခြင်းမရှိပါဟုကောင်းစွာခံစားရ၏။ နောက်ဆုံးခွဲခြမ်းစိပ်ဖြာသုံးသပ်မှုတွင် ဂျော့ဘ်(Job)*သည် ရှောင်လွှဲ၍မရသောတရားကို လက်ခံရန်စိတ်ကူးရခဲ့သည်။ ထာဝရဘုရားသခင်သည် ကောင်းမွန်မြင့်မြတ်၍တန်ခိုးတော်အနန္တရှိပါ၏။ သို့ရာတွင် သဘာဝကပ်ဘေးသည် ကိုယ်ကျင့်တရားကောင်းသူများ၊ ဥပဒေသလေးစားသူ လူပုဂ္ဂိုလ်ထံသို့သာ ရောက်လာ၏။

> ''သေခြင်းတရားကို မလွဲမမှားရင်ဆိုင်ရမည့်လူသားက ထာဝရဘုရားထက်ပို၍မှန်ကန်နိုင်ပါရဲ့လား?။'' (Job 4.17)

ဂျော့ဘ်(Job)က မိမိကိုယ်တိုင်စဉ်းစားဉာဏ်ဖြင့် ခံစားနေရသောဒုက္ခဆင်းရဲမှုမှကင်းလွတ်စေခဲ့သည်။

---

* *(Job)(n) (from job in the book of job in the O.T) person of great patience.*ဟူ၍ အဘိဓာန်တွင်တွေ့ရသည်။

"ထာဝရဘုရားသခင် ပေးသနားတော်မူခဲ့၏။ ယခုအခါ သူ့အားခေါ်ဆောင်သွားခဲ့လေပြီ။
သူ၏အမည်နာမအား ချီးကျူးပါ၏။" (Job 1.21)

ထာဝရဘုရားသခင်၏ အထက်မြက်ဆုံးသော အာဏာစက်ဆန္ဒတော်အား မငြီးတွားပဲ ကြည်ညိုလေးစားမှုကို ပြသ၏။ သို့ရာတွင် ဒုစရိုက်သမား၏ တရားမျှတခြင်းကား မရှိပါလေ။ ဂျောဘ့်ကျမ်းစာအုပ်(the book of Job)က ရေးသားထားခဲ့သည့် မှတ်ဖွယ်ရာအချက်တစ်ခုမှာ လူသား၏ခံစားချက်မှာ လူကောင်းသူကောင်းများထံသို့ ကိုယ်တော်အရှင်မြတ်က ကစားစရာ သဖွယ် သဘာဝကပ်ဘေးအန္တရာယ်ကို အကြိမ်များစွာပို့လွှတ်ခဲ့ခြင်းကို လူသားက ထာဝရဘုရား သခင်ထက်ပို၍ အတွေ့အကြုံ ခံစားချက်အပုံပုံကို ရရှိနိုင်ခဲ့၏။ ဓမ္မသစ်ကျမ်းက ခရစ်ယာန်ဘာသာ ဝင်များ၏ လေးစားကြည်ညိုမှုရှုဒေါင့်မှ ဒုက္ခခံစားရခြင်းပြဿနာကို ဖော်ပြခဲ့သည်ဆိုသည့် အချက်မှာ ခိုင်လုံသောအချက်ဖြစ်သည်။ ထို့ကြောင့် ယင်းပြဿနာအရှုပ်အထွေးသည် ဒဿနဆိုင် ရာပြဿနာ၊ သို့မဟုတ် ထာဝရဘုရားသခင်၏ သဘောသဘာဝဆိုင်ရာကို စနစ်တကျစူးစမ်း လေ့လာမှုသဘောမျှပင် မဟုတ်ပါချေ။ ဒုက္ခခံစားရခြင်းနှင့်စပ်လျဉ်း၍ သေချာသောအမြင် ရှုဒေါင့်များကို တင်ပြခဲ့ပြီး ၎င်းတို့ကို ဤသို့ရေးသားဖော်ပြနိုင်၏။

ယေဘုယျအားဖြင့် ဒုက္ခခံစားရခြင်းက လူတစ်ယောက်အား အိပ်ပျော်နေခြင်းမှ နိုးထစေ သည့်အပြင် ထိုသူအား ထာဝရဘုရားသခင်အကြောင်းအရာကို နှလုံးသွင်းဆင်ခြင်ရန် တွန်းအား ပေးနေသည်။ ဤအချက်က အချိန်ကို အချည်းနှီးအလဟဿ ကုန်ဆုံးစေခဲ့သော သားတော် (Prodigal Son)အကြောင်းမှ သင်ခန်းစာသည် ထင်ရှားစေသောအချက်ဖြစ်သည်။ ကမ္ဘာမြေကြီးပေါ်တွင် အစားအစာရိက္ခာပြတ်တောက် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်လာသောအခါ သားတော်က အစားအစာသုံးဆောင်မှု ရပ်စဲခဲ့သည်။ ထို့နောက် သူ၏အာရုံကို အဖထာဝဘုရား သခင်ထံသို့ ပို့လွှတ်လိုက်သည်။ သူ၏အပြစ်အနာအဆာများအတွက် ဝမ်းနည်းပူဆွေး နောင်တ တရားရရှိပြီး နောက်ဆုံး၌ သူ၏အဖထာဝရဘုရားသခင်နှင့် ပေါင်းစည်းမိခဲ့သည်။ ဤအချက်သည် ရာမနူဂျာ(Ramanuja)၏ ရှုမြင်သုံးသပ်ချက်နှင့်လည်း တူညီနေသည်။

တဖန် ဒုက္ခခံစားရခြင်းမှာ အမှားကို အမှန်ဖြစ်ရန် ပြုပြင်ရေးအတွက်ဖြစ်သည်ဟူ၍ ဆိုသည်။

"လူတစ်ယောက်၏မှားယွင်းမှုအား ထာဝရဘုရားသခင်က ပြုပြင်ထိန်းသိမ်းပေးသောအခါ ထိုလူပုဂ္ဂိုလ်သည် ပျော်ရွှင်စွာနေရပါ၏။" သူက အသင့်အား အပြင်းအထန်ပြောကြားလာသောအခါ အသင်က ခါးခါးသီးသီးမခံစားပါနဲ့" (Job 5.17)

"ဖခင်တစ်ဦးက မာနထောင်လွှားနေသော သူ၏သားကို လမ်းမှန်ရောက်အောင်ပို့ဆောင်ပေးသကဲ့သို့ ထာဝရဘုရားသခင်ကလည်း သူချစ်ခင်သူများအား လမ်းမှန်ကိုညွှန်ပြ၏။" (Prov, 3.12)

ဆက်လက်၍လည်း -

"ကျွန်ုပ်တို့၏မွေးသဖခင်ကျေးဇူးရှင်များက ကျွန်ုပ်တို့အား အပြစ်ဒဏ်ပေးသော်လည်း ကျွန်ုပ်တို့ကား မွေးသဖခင်အား လေးစားကြ၏။ ထိုသို့ဖြစ်လျှင် အဘယ်မျှလောက်ပင် ထာဝရဘုရားသခင်က ကျွန်ုပ်တို့အား အပြစ်ဒဏ်တွေပေးငြားသော်လည်း ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာသည် အဖထာဝရဘုရားသခင်အပေါ်တွင် လျော့နည်းခြင်းမရှိ ပို၍ပင်ကြည်ညိုမိ၏။" (Hebrew 12.9)

ရိုသေလေးစား အားထားကြည်ညိုသူ လူတစ်ယောက်မှာ အခြားပုဂ္ဂိုလ်များတို့ကြောင့် အကြိမ်ပေါင်းများစွာ ဒုက္ခခံစားခဲ့ရရှာ၏။ ဤဒုက္ခခံစားရသည့်ပြဿနာမှာ မိုးဇက်(Moses) ကြောင့်သာဖြစ်ခဲ့ရပါ၏။ အစ္စရေးလူမျိုးများ(Israelites)တို့သည် ပြန်လည်၍ ရုပ်ထုကိုးကွယ်မှုပြုခဲ့ကြသဖြင့် ထာဝရဘုရားသခင်က လူအများကို ဒေါသပွားခဲ့ရ၏။ ထို့ကြောင့် မိုးဇက်သည် သူတို့၏ကိုယ်စား ဝန်ခံတောင်းပန်လျက် ဝတ်ပြုရမည်ဖြစ်၏။

"သူတို့၏မိုက်ပြစ်များကို ခွင့်လွှတ်ပေးသနားတော်မူပါ!၊ သို့သော် အကယ်၍ ခွင့်လွှတ်ခြင်း မပြုနိုင်ပါက စာအုပ်ထဲတွင် အရှင်သခင်ရေးခဲ့သော ပြည်သူပြည်သားလူအများတို့၏ အမည်စာရင်းများထဲမှ ကျွန်ုပ်၏အမည်နာမကို ဖယ်ရှားပေးတော်မူပါ အရှင်ဘုရား။" (Exodus 32.32)

အကြိမ်ပေါင်းများစွာ ဒုက္ခဆင်းရဲခံစားနေရခြင်းပြဿနာသည် ဝန်ချတောင်းပန်မှုတစ်မျိုးတည်းသာမဟုတ်မူ၍ ဒုက္ခဝဋ်ကြွေးမှ ကျွတ်လွတ်ရေးအတွက် ပြန်လည်ပေးဆပ်မှုပြုနေခြင်းလည်းဖြစ်သည်။ ဤအချက်သည် လက်ဝါးကပ်တိုင်ပေါ်၌ သခင်ယေရှု၏ ဒုက္ခဆင်းရဲခံစားရခြင်း

အကြောင်းဟူ၍ဆိုလျှင် အထူးသဖြင့် ပိုမိုမှန်ကန်သည်။ ဤအကြောင်းရာကို ခရစ်တော်ကိုမမွေးဖွားမီ နှစ်ပေါင်း ၆၀၀ကျော်ကာလက အိုက်ဇက်(Issiah)က ဖော်ပြထားခဲ့ပြီးဖြစ်သည်။

"...ဒုက္ခဆင်းရဲနှင့် နာကျင်မှုကို သူခံစားခဲ့ရပြီးဖြစ်၏...။ သို့သော် ကျွန်ုပ်တို့ခံစားရမည့် ဒုက္ခဆင်းရဲကို သူခံစားခဲ့ပြီးလေပြီ။ ကျွန်ုပ်တို့ ခံစားရမည့်နာကျင်မှုကို သူခံစားခဲ့ပြီးလေပြီ။"(Issiah 53.3-5)

လက်ငင်းကပ်တိုင်ပေါ်တွင် သခင်ယေရှု၏ ဒုက္ခဝင်္ကြွေး ပြန်လည်ပေးဆပ်ရေးအတွက် သေရခြင်းဖြင့် ဒုက္ခဆင်းရဲခံခဲ့ရခြင်းကို ကျွန်ုပ်တို့ သိရှိမှတ်သားခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် အကြိမ်ပေါင်းများစွာ နာကျင်စွာခံစားရမှုသည် ထာဝရဘုရားသခင်၏ဂုဏ်တော်ကို ပေါ်လွင်ထင်ရှားစေရန်ဖြစ်သည်။ ဤအချက်မှာ သခင်ယေရှု၏မေတ္တာဖြင့် ပြန်လည်ကောင်းမွန်စေ၍ မျက်စိနှစ်ကွင်းအလင်းရရှိခဲ့သည့် မွေးရာပါမျက်စိကန်းသူ၏ဖြစ်ရပ်က ထင်ရှားစေ၏။ သခင်ယေရှု၏သာဝကများမေးမြန်းကြ၏။ "အဘယ်ကြောင့် ဒီလူဟာ မွေးရာပါမျက်ကန်း ဖြစ်ရပါသနည်း?။" "သူ သို့မဟုတ် သူ့မိဘများ၏ မိုက်ပြစ်ကြောင့် မွေးရာပါမျက်ကန်း ဖြစ်လာရပါသလား?။"

သခင်ယေရှုက ဖြေကြားသည်မှာ"သူကိုယ်၌သော်လည်းကောင်း၊ သူ၏မိဘများ၌သော်လည်းကောင်း၊ မိုက်မဲသည့်ပြစ်ချက် မကျူးလွန်ခဲ့ကြပါ။" သို့သော် ထာဝရဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကို ထင်ပေါ်စွာသိစေလို၍ မျက်စိအကန်းအဖြစ်မွေးဖွားရန် ထာဝရဘုရားသခင်က ပြုလုပ်ခဲ့ပါသည်ဟူ၍ဖြစ်၏။ သခင်ယေရှု၏ ဒုက္ခဆင်းရဲခံစားရခြင်းအား ထာဝရဘုရားသခင်၏ ဂုဏ်ကျေးဇူးဟူ၍ ဆုံးဖြတ်ခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှု၏ ဒုက္ခဝင်္ကြွေးပြန်လည်ပေးဆပ်သည့်သေခြင်းအား ယုံကြည်မှုရှိမှသာလျှင် အပြစ်ရှိသောသူအနေဖြင့် ထာဝရဘုရားသခင်နှင့် ပေါင်းဆုံမည်ဖြစ်သောကြောင့်ဟူလို။

ဒုက္ခဆင်းရဲခံစားရခြင်းကို မြူစင်မြင့်မြတ်သန့်ရှင်းသော ကိစ္စရပ်ဟူ၍လည်း စဉ်းစားဆုံးဖြတ်နိုင်ပါ၏။ အဘယ်ကြောင့်ဆိုသော် အေဗရာဟမ်(Abraham)၊ ဂျိုးဆက်(Joseph)၊ ဂျော့ဘ်(Job)နှင့် ယေရှုတို့သည် ဒုက္ခဆင်းရဲခံစားရခြင်းမှတဆင့် ၎င်းတို့၏ သူတော်စင်ဘဝသို့ ရောက်ရှိခဲ့ကြခြင်းကြောင့်ဖြစ်၏။ ထို့ကြောင့် ခရစ်ယာန်ဘာသာဝင်တစ်ယောက်သည် လက်ငင်းကပ်တိုင်တွင် ယေရှု၏သေဆုံးမှုတွင် အကျုံးဝင်နိုင်ရန် ဆင်းရဲဒုက္ခကို မလွဲမသွေခံစားရမည်။

သို့မှသာလျှင် ကိုယ်တိုင်သူတော်စင်ဖြစ်သည်။ သူ၏ဆင်းရဲဒုက္ခခံစားရမှုမှတဆင့် ယေရှုက ရိုသေကျိုးနွံရန် နားလည်ခဲ့ပြီး သူတော်စင်ဖြစ်ခဲ့သည်။ (Hebrew 5.8)

"ကျွန်ုပ်၏ချစ်လှစွာသော အိုမိတ်ဆွေ၊ နာကျင်စွာခံစားရခြင်းအပေါ် မအံ့သြပါနဲ့၊ အသင် ဒုက္ခခံစားနေရပါ ကလားဟု သတိပြုကြည့်ပါ။"

"အသင်သည် ခရစ်တော်၏ဒုက္ခဆင်းရဲခံစားရခြင်းကို မျှဝေယူခြင်းဖြစ်သည် ...။ (1. Peter 4:13:15)

ထိုနည်းတူစွာ စိန့်ပေါလ်က ရေးသားခဲ့သည်မှာ –

"သူ့အား ယုံကြည်အားထားယုံမျှသာမကပဲ သူ့အတွက် သူ၏ဒုက္ခကိုမျှဝေခံစားရန် အတွက်လည်း ခရစ်တော်ကို ပြုစုလုပ်ကျွေးမှုဖြင့်ရယူနိုင်ရန် အခွင့်အလမ်း သင့်ကိုပေး အပ်ခဲ့ပြီးပြီပဲ။" (Philipians 1.29)

ဒုက္ခဆင်းရဲခံစားရခြင်းသည် ခရစ်ယာန်ဘာသာဝင်တစ်ဦး၏ စိတ်ထဲတွင် လွန်စွာစွဲမြဲ၏။ ထာဝရဘုရားသခင်ကိုယ်တော်တိုင်က ဤအချက်ကို သိမြင်ပါ၏။

သူ၏နောက်လိုက် တပည့်သာဝကများအား သခင်ယေရှုက ပြောကြားခဲ့သည်မှာ–

"အကယ်၍ လူတစ်ယောက်အနေဖြင့် ငါနှင့်အတူလိုက်ပါလိုက သူ့ကိုယ်သူ ငါဟူ၍ ထင်နေသည့် အယူကိုမေ့လိုက်ပါ။ သူကိုယ်တိုင် လက်ဝါးကပ်တိုင်ကိုထမ်းပါ။ ပြီးလျှင် ငါ့နောက်လိုက်ခဲ့ပါ။" (Matt.16.24; Mk 8.34-35; Luke 9.23-24)

ဤနည်းအားဖြင့် ဒုက္ခဆင်းရဲခံစားရခြင်းသည် ခရစ်ယာန်ဘာသာဝင်တစ်ဦးအတွက် ဒုစရိုက်တစ်ခု မဟုတ်ပေ။ ဤအဓိပ္ပါယ်မှာ လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှုခံစားရသည့်ဒုက္ခကို မျှဝေခံစားခြင်းအားဖြင့် ထာဝရဘုရား၏တိုင်းပြည်၌ သူပါဝင်ဆင်နွှဲခြင်းဟူသော အဓိပ္ပါယ် ဖြစ်ပါသည်။ ထို့ကြောင့် ဒုက္ခဆင်းရဲခံစားရခြင်းပြဿနာမှာ ခရစ်ယာန်သာသနာအတွက် ဒဿနကိစ္စမဟုတ်ပါ။ မည်သို့ပင်ဖြစ်စေကာမူ ထိုအကြောင်းအရာမှာ ထာဝရဘုရားသခင်၏ သဘောသဘာဝကို စူးစမ်းလေ့လာမှုနှင့် ခရစ်ယာန်ဘာသာရေးဆိုင်ရာ အဘိဓမ္မာဖြစ်တော့သည်။

## အမြဲထာဝရတည်တံ့နေသောဝိညာဉ်များအကြောင်း ဟောကြသည့်တရားဒေသနာ
## The Doctrine of Immortality of Soul

ဟီးဘရူးဘာသာက ဝိညာဉ်ကို သီးခြားလွတ်လပ်စွာတည်ရှိသော ကိုယ်ခန္ဓာ၏ အရှိအမှန်တရားဟူ၍ မယူဆပေ။ ဤအချက်မှာ အလျားတစ်လံ၊ အနံတစ်ထွာရှိသော ခန္ဓာကိုယ်အတွင်း သီးခြားပါဝင်သောဝိညာဉ်၊ သို့မဟုတ် အသက်လိပ်ပြာဟူသော အိန္ဒိယလူမျိုးနှင့်ဂရိလူမျိုးတို့၏ စိတ်ကူးစိတ်သန်း အကြံအစည်တစ်ခုဖြစ်သည်။

> "အစပထမတွင် ဤအသက်ဝိညာဉ်ကို အသက်ရှူမှု ရှိက်မှုအဖြစ် စဉ်းစားတွေးခေါ်ခဲ့ကြသည်။" (ကျမ်းညွှန်းအမှတ်စဉ် -၅)
>
> "ထာဝရဘုရားသခင် အရှင်ကိုယ်တော်မြတ်သည် မြေကြီးမှ နူးညံ့သောမြေသားအချို့ကိုယူ၍ လူတစ်ယောက်၏ ပုံသဏ္ဌာန်ပြုလုပ်ပြီး ၎င်းလူရုပ်၏ နှာခေါင်းပေါက်အတွင်းသို့ အသက်ပြုလုပ်ပေးသည့်အနေဖြင့် လေကိုမှုတ်သွင်းခဲ့သည့်အချိန်မှစ၍ အသက်ရှင်နေထိုင်သည့်လူ့ဘဝကို ဖြစ်စေခဲ့၏။" (Genesis 2.7)

လူသေသည့်အချိန်တွင် ဤဝင်လေထွက်လေမှာ ထာဝရဘုရားသခင်ထံသို့ ပြန်လည်ရောက်ရှိသွားသည်ဟု ယူဆရသည်။ သို့သော် အားလုံးကိုခြုံကြည့်ပါက ဟီးဘရူးဘာသာက အသက်ဝိညာဉ်သည် လူ၏ပုံရိပ်ကို ဖော်ဆောင်ပေးသည်ဟူ၍ အစဉ်အမြဲစိတ်ကူးပုံဖော်ပေးလျက်ရှိသည်။ ဤအချက်ကိုအစွဲပြု၍ အီနော့ခ်(Enoch)၊ အီလိဂျ(Eligah)နှင့် ခရစ်တော်(Christ)တို့က ၎င်းတို့၏ကိုယ်ခန္ဓာများနှင့်တကွ ထက်ကောင်းကင်ဗွေဘုံနန်းသို့ တက်လှမ်းရောက်ရှိသွားကြသည်ဟူ၍ယူဆကြလေသည်။ ပြန်လည်ရှင်သန်ထမြောက်ခြင်းကို အရိုးသားဆုံးယုံကြည်ခဲ့သော စိန့်ပေါလ်(St. Paul)သည်ပင်လျှင် ခန္ဓာကိုယ်မရှိပဲ အသက်ဝိညာဉ်မဖြစ်နိုင်ဟူ၍မျှော်လင့်ထားခဲ့၏။ (2. Corinthians 5.3)။ မည်သို့ပင်ဖြစ်စေ သေဆုံးသူတို့၏ ကိုယ်ကျင့်တရားကောင်းမွန်သည့် ကိုယ်ခန္ဓာအတွင်းရောက်ရှိမည်ဟု ယုံကြည်ကြသည်။

> "ပထမဦးစွာဖြစ်ပေါ်လာသည်မှာ နာမ်တရားမဟုတ် ရုပ်တရားဖြစ်၏။ ရုပ်တရားဖြစ်ပေါ်ပြီးမှသာလျှင် နာမ်တရား ဖြစ်လာရသည်။" (1.Corithians 15.46) ။

စောစောပိုင်းအချိန်က ခရစ်ယာန်ဘာသာဝင်များသည် သေဆုံးသွားသူများ ပြန်လည်

ရှင်သန်ထမြောက်ခြင်းကို ယုံကြည်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုဟောကြား ခဲ့သော ကျမ်းစာသစ်၏ ပထမလေးအုပ်(Gospels)က သခင်ယေရှုသည် သေဆုံးသွားပြီးသူ နိမ်(Nain)အမည်ရှိရွာမှ မုဆိုးမ၏တစ်ဦးတည်းသောသား(Luke 7.11.17) လာဇရုစ် (Lazarus)၏ရုပ်အလောင်းကို ပြန်လည်ရှင်သန်ထမြောက်စေခြင်း(St. John 11.43-44) တို့ကြောင့်ဖြစ်သည်။ ယေရှုကလည်း ထာဝရပျော်ရွှင်ချမ်းမြေ့စွာနေနိုင်သည့် ထက်ကောင်းကင် ရွှေဘုံနန်း(Paradise) ရှိသည်ဆိုခြင်းကို ယုံကြည်၏။ (Luke. 23-43; Lk16-19-31)။ လက်ဝါးကပ်တိုင်ပေါ်တွင် သတ်ဖြတ်ခံရပြီးနောက် (၃)ရက်မြောက်နေ့တွင် သေဆုံးခဲ့သော သူ၏ရုပ်အလောင်းမှ ထာဝရဘုရားရှင်ကိုယ်တော်တိုင် ထွက်ပေါ်လာလိမ့်မည်ဟူ၍လည်း သခင် ယေရှုက ပြောခဲ့သည်။ (Mk. 8-31; 10-34; Math 12.40; 26: 60-61; John 2.10)။ ဤအချက်သည် Messiahship ခေါ် ယေရှုခရစ်တော် (ဝါ) ကယ်တင်သူ (ဝါ) ဂျူးလူမျိုးတို့အား လွတ်မြောက်စေသော သူ၏ခိုင်လုံသော သက်သေနှင့် တံဆိပ်ခပ်နှိပ်ချက်ဖြစ်သည်။ ထို့ကြောင့် နောင်လာနောင်သားခရစ်ယာန်များအတွက် သခင်ယေရှုသည် သေဆုံးပြီးနောက် (၃)ရက်မြောက် နေ့တွင် လက်ဝါးကပ်တိုင်မှ အသက်ရှင်ပြီး ပြန်ထမြောက်ခဲ့သည်ဆိုခြင်းမှာ အရေးအကြီးဆုံးသော အချက်ဖြစ်သည်။ (Acts 13:33; 17:3; 31.23.6) ။ စိန့်ပေါလ်က ဤသို့ရေးသားဖော်ပြခဲ့၏-

> "စာပေကျမ်းဂန်များတွင် ရေးသားထားသည့်အတိုင်း၊ သခင်ယေရှုသည် ကျွန်ုပ်တို့၏ အပြစ်များကြောင့် သေဆုံးခဲ့ရသည်။ စာပေကျမ်းဂန်များတွင် ရေးသားထားသည့် အတိုင်း သခင်ယေရှု၏ရုပ်ကလာပ်ကို မြှုပ်နှံခဲ့ပြီးနောက် သုံးရက်အကြာတွင် ထမြောက် ပြီး အသက်ပြန်လည်ရှင်သန်ခဲ့သည်။ ထို့နောက် သူသည် ပီတာနှင့် တစ်ဆယ့်နှစ်ဦး ဖြစ်သည့် သခင်ယေရှုက ထာဝရဘုရားသခင်၏ အဆုံးအမဩဝါဒကို ကျယ်ပြန့်စွာ ဟောကြားနိုင်ရန် ရွေးချယ်ထားသောပုဂ္ဂိုလ်များ(Apostles)အနက် တစ်ဦးထံသို့ ရောက်ရှိလာသည်။ ထို့နောက်သူက ၎င်း၏ နောက်ပါသာဝက ငါးရာကျော်တို့ထံသို့ ချက်ချင်းရောက်ရှိသွား၏။ အဆိုပါ ငါးရာကျော်မျှရှိ သာဝကအများစုသည် အသက်ရှင် နေကြသော်လည်း အချို့မှာသေဆုံးခဲ့ကြလေပြီ။ ထို့နောက်သူသည် ဂျိမ်းစ်(James) ထံသို့ ရောက်ရှိခဲ့ပြီး ထို့နောက်သူသည် ထာဝရဘုရားသခင်၏ အဆုံးအမဩဝါဒကို

ကျယ်ပြန့်စွာဟောကြားနိုင်ရန် ရွေးချယ်ထားသည့် ပုဂ္ဂိုလ်များအားလုံးထံသို့ ရောက်ရှိသွားခဲ့သည်။ နောက်ဆုံးတွင် သူသည် ကျွန်ုပ်ထံသို့လည်းရောက်ရှိလာခဲ့၏။ (1. Cor 15.3-8)

အကယ်၍သာ ခရစ်တော်သည် သေရာမှပြန်၍မထခဲ့လျှင် သူသည် သေဆုံးခြင်းမှ ပြန်လည်ရှင်သန်ထမြောက်ခဲ့မည် မဟုတ်ပေ။ အကယ်၍ ထိုသို့သာဖြစ်ခဲ့လျှင် ခရစ်ယာန်ဘာသာဝင်၏ယုံကြည်မှုနှင့်ဘဝသည် မှားယွင်းသော ယုံကြည်ချက်တစ်ခုသာဖြစ်လိမ့်မည်။ (1. Cor 15-19)။ သို့သော် စိန့်ပေါလ်အတွက်မှာမူကား -

''တကယ့်အဖြစ်မှန်တရားမှာ သေဆုံးသူများအားလုံးတို့သည်လည်း သေရာမှ ပြန်လည်ထမြောက်လာကြလိမ့်မည်ဟူ၍ တာဝန်ခံထားသည့်အတိုင်း ခရစ်တော်သည် သေရာမှ ပြန်လည်ထမြောက်ခဲ့သည်။'' (1.Cor. 15-20)

မည်သူမဆို သခင်ယေရှု ပြန်လည်ရှင်သန်ထမြောက်ခြင်းကို ယုံကြည်ရန်ကိစ္စတစ်ခုရှိပြီး အစဉ်ထာဝရ တည်မြဲနေမည်ဟူသော မျှော်လင့်ချက်သည် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ယုံကြည်ချက်တစ်ခုမျှသာဖြစ်သည်။ အခြားသော သေးငယ်သည့်အချက်နှစ်ချက်မှာ စဉ်းစားဆုံးဖြတ်ချက်များသာဖြစ်သင့်သော အချက်များဖြစ်ကြပါသည်။

ပြန်လည်ရှင်သန်ထမြောက်ခြင်း ဆိုသောအဓိပ္ပါယ်မှာ မြှုပ်နှံထားသောရုပ်အလောင်းသည် သင်္ချိုင်းမှထလာခြင်းဟူသောအဓိပ္ပါယ်ဖြစ်၍ ခရစ်ယာန်သည် ဤကိုယ်ခန္ဓာအား မြင့်မြတ်သည်ထက် မြင့်မြတ်လာစေရန် မပြောင်းလဲနိုင်သောရည်ရွယ်ချက်အဖြစ် ကြွေးကြော်ကြေငြာခဲ့သည်။ သူသည် ယခုဘဝ ဤကိုယ်ခန္ဓာအား ထာဝရဘုရားသခင်၏ ကျောင်းတော်အဖြစ် သဘောထားရန်ဖြစ်သည်။ ထို့ကြောင့် မိမိ၏လူ့ဘဝကို မြင့်မြတ်စေရန် မြှင့်တင်သူများအားလုံးသည် ထက်ကောင်းကင်ရွှေဘုံနန်း၌ စေတမန်နတ်သားများနှင့် တူညီသည်။ အမှန်စင်စစ်အားဖြင့် ပြန်လည်ရှင်သန်ထမြောက်ခြင်းကို ၎င်းတို့၏ကိုယ်ခန္ဓာအား ဖြူစင်မြင့်မြတ်သောသူများအတွက်သာလျှင် လျာထားခဲ့ပေသည်။

သခင်ယေရှုက သူတို့အားပြောကြားခဲ့သည်မှာ ''အသက်အရွယ်ငယ်သေးသည့် အမျိုးသား အမျိုးသမီးတို့သည် အချိန်အခါနှင့်လျော်စွာ လက်ထပ်ထိမ်းမြား လူ့ဘဝတွင်နေထိုင်

သွားကြ၏။ သို့သော် သက်ရှယ်အိုမင်း ဇရာတွင်းချဉ်းနင်းဝင်ရောက်ချိန်ရောက်လျှင် သေမင်း၏ ရွာသို့ လိုက်ပါရမှ ရှင်သန်ထလျက် အိမ်ယာထောင်မှုမပြုကြဘဲ တမန်တော်နတ်သားပမာလားသို့ အမြဲနေထိုင် မသေနိုင်တော့ပါသတည်း။" (Luke 20:34-36)

ထိုနည်းအတိုင်းပင်လျှင် စိန့်ပေါလ်(St. Paul)က ယုံကြည်သူခရစ်ယာန်များသာလျှင် ထာဝရဘုရားသခင် အရှင်ကိုယ်တော်မြတ်နှင့် တွေ့ဆုံမိရန် ရှင်သန်ထမြောက်လိမ့်မည်ဟူ၍ ဟောကြားတော်မူခဲ့သည်။

> "သခင်ယေရှုသည် သေပြီးနောက် ပြန်လည်ထမြောက်လာခဲ့သည်ဟူ၍ ကျွန်ုပ်တို့ ယုံကြည်ကြပါ၏။ ထို့ကြောင့် သူ့ကို ယုံကြည်သူတစ်ယောက်အနေဖြင့် ၎င်းသေဆုံးပြီးနောက် သခင်ယေရှုနှင့်အတူ ထာဝရဘုရားသခင်က ယူဆောင်သွားလိမ့်မည်။ ... ခရစ်တော်ကို ယုံကြည်သူများ သေဆုံးသွားပြီးနောက် ပထမဦးဆုံး အသက်ရှင်လာလိမ့်မည်။ ထိုအချိန်၌ နေထိုင်ကြကုန်သော ကျွန်ုပ်တို့သည် သူတို့နှင့်ပေါင်းစည်းမိကြလိမ့်မည်။ ...
>
> (1. Thessalonians 4.14.17)

ထို့ကြောင့် ဘဝတန်ဘိုးဖြစ်သည့် ဖြူစင်မြင့်မြတ်မှုနှင့် မှန်ကန်မြင့်မြတ်မှုသာလျှင် နောက်ဆုံးအချိန်ထိ ထိန်းသိမ်းစောင့်ရှောက်သွားပေလိမ့်မည်။

လုခစ်ဓမ္မကျမ်းစာ ၂၀-၃၅(Luke 20-35)၏အဆိုအရ အစဉ်အမြဲတည်ရှိနေခြင်း အကြောင်းအရာကို မှတ်သားထားရန် လိုအပ်သည်မှာ ထိုက်ထိုက်တန်တန် မှန်ကန်မြင့်မြတ်သော အမျိုးသားနှင့် အမျိုးသမီးတို့သာလျှင် အချိန်ကျရောက်သောအခါ သေရာမှ ထမြောက်ကြလိမ့်မည်။ ဒုတိယအချက်မှာ မွေးဖွားခြင်းမရှိသောအရာသည် အစအဆုံးမရှိသော အခြေအနေသို့ ရောက်ရှိပေလိမ့်မည်။ *(ဇာတိဟူသော မွေးဖွားခြင်းမရှိလျှင် ဇရာ မရဏဟူသော အိုခြင်းသေခြင်းအဖြစ်မှ နိရောဓေါ် ချုပ်ငြိမ်းခြင်းဆိုသည့် အဓိပ္ပါယ်တော့ ဟုတ်မည်မထင်ပါ။ ဘာသာပြန်သူ)* သခင်ယေရှု ကိုယ်တိုင်က အကယ်၍ လူများသည် ၎င်းတို့၏မကောင်းမှုဒုစရိုက်ပြုသော လမ်းစဉ်ကိုလိုက်လျှင် ၎င်း၏ဝိညာဉ်ကို ထာဝရဘုရားသခင်က ဖျက်ဆီးပစ်နိုင်ကြောင်း ကျွန်ုပ်တို့အားဟောကြားသည်။

"ကိုယ်ခန္ဓာအား သတ်ဖြတ်ညှင်းဆဲသူအား မကြောက်ပါလင့်။ သူက ဝိညာဉ်ကိုမူ

မသတ်ဖြတ်နိုင်ပါ။ ငရဲဘုံတွင် ခန္ဓာကိုယ်ရောဝိညာဉ်နှစ်မျိုးလုံးအား ဖျက်ဆီးပစ်နိုင်သူ ထာဝရဘုရားသခင်ကိုသာ ကြောက်ရွံ့ပါ။" (Mathew 1018)

## အဆုံးစွန်ရည်မှန်းချက်ပန်းတိုင် The Final Destiny

သမ္မာကျမ်းစာအဆိုအရ လူသားအား ထာဝရဘုရားသခင်၏ပုံရိပ်လွှာအတိုင်း ဖန်ဆင်းထားခဲ့သည်။ ဆိုလိုသည်မှာ ကောင်းသောအမှုကိစ္စကိုဖြစ်စေ၊ မကောင်းသော အမှုကိစ္စကိုဖြစ်စေ၊ လွတ်လပ်သောစိတ်ဖြင့် ကြိုက်နှစ်သက်ရာကို ရွေးချယ်နိုင်ရန် အသိဉာဏ်ကိုပေးထားခဲ့ပြီး ဖြစ်သည်ဟု ဆိုလိုသည်။ လူသားအတွက် အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်ဆိုသည်မှာ သူ၏ စိတ်ဆန္ဒကို ထာဝရဘုရားသခင်ထံသို့ သင့်တင့်လျောက်ပတ်သောအချိန်တွင် အပ်နှံရန်ဖြစ်သည်။ သို့သော် ဤကိစ္စမှာခက်ခဲသောအရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူသားသည် သဘာဝတရားနှစ်ခု၏အကြားတွင် ရပ်တည်နေရခြင်းကြောင့်ဖြစ်သည်။ လူသည် ပျော့ပြောင်းသောအသားစုများဖြင့် တည်ဆောက်ထားသည့် ကိုယ်ခန္ဓာနှင့်[ကြမ်းတမ်း၍ အမြဲတစေ ဖြစ်ပျက်ပြောင်းလဲနေသည့် သဘာဝတရားတို့၏ အကြား၌လည်းကောင်း၊]ထို့ပြင် သဘာဝတရားနှင့် ခံစားသိနားလည်တတ်သော သဘာဝတရားဖြင့်တည်ဆောက်ထားသော အရာဖြစ်ခြင်းကြောင့် လူ့ဘဝသည် ခက်ခဲသည့်ရပ်တည်ချက်ပေါ်တွင် တည်နေရသည်။ ထို့ကြောင့် အရိုးစုနှင့်အသားစုဖြင့် ဖွဲ့စည်းထားသည့် လူနှင့်ခံစားနားလည်မှု သဘာဝတရား [ရုပ် နာမ် = အခိုင်းအစေခံအလုပ်သမားနှင့် အမိန့်ပေးခိုင်းစေသူ]တို့၏ အကြားတွင် လူသည် မကြာခဏ ပဋိပက္ခဖြစ်ပေါ်လျက်ရှိသည်။ ( *[ကွင်းပိတ်] အတွင်း ဖော်ပြရေးသားချက်မှာ ဘာသာပြန်သူ၏ အမြင်မျှသာဖြစ်ပါ၏။)*

"အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ လူသားသဘာဝတရား၏ လိုလားချက်များသည် ထာဝရဘုရားသခင်(Spirit)၏ဆန္ဒနှင့် ဆန့်ကျင်ဘက်ဖြစ်၍ ထာဝရဘုရားသခင်၏ ဆန္ဒ(what the spirit wants)သည် ကျွန်ုပ်တို့ လူသားသဘာဝတရား၏ လိုလားချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဤသဘောတရားနှစ်ခုသည် ရန်ဘက်များဖြစ်ကြ၏။" (Gal 5.17)

ဤအကျိုးတရားရလဒ်ကား ဘာဖြစ်မည်နည်း?။

"လူသားသည် သူပြုလုပ်ဆောင်ရွက်လိုသည်ကို သူမပြုလုပ်နိုင်ပေ။ သူ မပြုလုပ်ချင်သည်ကို သူ ပြုလုပ်ဆောင်ရွက်ရသည်။"

"ကောင်းမြတ်မှုသည် ငါ၏ကိုယ်တွင်း၌မရှိကြောင်း ငါသိ၏။ ထိုအရာသည် ငါ၏လူ့သဘာဝဖြစ်၏။ အဘယ်ကြောင့် ထိုသို့ဖြစ်ရပါသနည်းဆိုသော် ကောင်းမြတ်သောအမှုကိစ္စကို ပြုလုပ်လိုသောဆန္ဒသည် ငါ၏ထံတွင်ရှိသည် ဆိုစေဦးတော့၊ ထိုကောင်းသောအမှုကို ငါမပြုလုပ်နိုင်ခဲ့ပေ။" (Romans 5.17)

အကြောင်းပြချက်မှာ လူသား၌ ကျော်လွှားလွတ်မြောက်နိုင်ခြင်းမရှိသော အပြစ်အနာအဆာ ရှိနေသောကြောင့် ဖြစ်၏။ လူတစ်ယောက်အနေဖြင့် မည်ကဲ့သို့ ထိုသံယောဇဉ်ညွတ်ကွင်းမှ လွတ်ကင်းအောင်ရုန်းထွက်နိုင်ပါအံ့နည်း။။

"ယေရှုခရစ်တော်၏အဆုံးအမ ရရှိခံယူထားကြကုန်သော လူအပေါင်းတို့သည် ၎င်းတို့၏လူ့သဘောသဘာဝနှင့် လိုချင်မှုတဏှာ သံယောဇဉ်ဟူသမျှတို့ကို ဖယ်ရှားသုတ်သင်ကုန်စင်စေရမည်။" (Gal. 5.24)

"ငါတို့တွေ အကူအညီမရ ဆင်းရဲဒုက္ခရောက်နေကြသောအခါ ခရစ်တော်သည် ထိုယုတ်မာလှစွာ ဒုက္ခဝင်ဆင်းရဲမှုအတွက် သေဆုံးခဲ့သည်။ ထိုအချိန်မှာ ငါတို့တွေအပြစ်အနာအဆာတွေနဲ့ ရှိနေကြရာ ခရစ်တော်ခမျာ ငါတို့အတွက်သာ သူသေခဲ့ရရှာသည်။" (Romans 5.6-8)

*(တဏှာဆိုသော စကားလုံးသည် ဟိန္ဒူဘာသာ သက္ကတရေးစာပေမှလာသော စကားဖြစ်ပြီး ဗုဒ္ဓဘာသာမှ တိုက်ရိုက်ကူးယူသုံးစွဲသော စကားဖြစ်၍ မြန်မာအဓိပ္ပါယ်မှာ ရှေးအခါကအိန္ဒိယပြည်၌ နွားကျောင်းသားတို့သည် အလွန်ပူပြင်းသောနေပူထဲတွင် အလွန်အမင်းရေဆာလောင်မွတ်သိပ်နေစဉ် ပြောဆိုသည့်စကားဖြစ်သည်ဟု ဆိုသည်။ ဘာသာပြန်သူ)*

ခရစ်ယာန်တစ်ယောက်သည် သခင်ယေရှုသေဆုံးမှုကို ကျွန်ုပ်တို့အတွက် အပြစ်အနာအဆာ၏တန်ကြေးကို ပေးဆပ်ခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အပြစ်အနာအဆာအား ဖယ်ရှားခြင်းမပြုနိုင်သေးပေ။ သို့ရာတွင် သခင်ယေရှု၏ ဒုက္ခဝင်ကြွေးပေး

ဆပ်ခြင်းဖြင့် သေဆုံးရမှုတွင် ယုံကြည်ချက်ဖြင့် ကျွန်ုပ်တို့၏ ရင်တွင်းမှဒါဏ်ရာကို ကျက်စေပြီး ထာဝရဘုရားသခင်၏သားသမီးများ ဖြစ်လာစေရမည့်အပြင် ကျွန်ုပ်တို့၏စိတ်ဆန္ဒကို ထာဝရဘုရားသခင်ထံအပ်နှံပြီး ထာဝရဘုရားသခင်နှင့် ပေါင်းစည်းနေရမည်။

> ''အသင်တို့အားလုံးသည် ထာဝရဘုရားသခင်၏ သားတော်များဖြစ်ကြသည်ဟူသော ယုံကြည်ချက်ဖြင့် သခင်ယေရှုနှင့်အတူတကွ ပေါင်းစည်းမှုရှိရမည်။ အသင်းသည် ခရစ်တော်နှင့် ပေါင်းစည်းမှုအတွင်း ရေဖျန်းမင်္ဂလာခံယူလျက် ခရစ်ယာန်အသင်းတော်၏ အသင်းဝင်အဖြစ် ငယ်နာမည်အပြင် ခရစ်ယာန်ဘာသာဆိုင်ရာ အမည်နာမတစ်ခုခုကို ခံယူရမည်။ ထိုသို့ခံယူခြင်းသည် ခရစ်တော်နှင့်အတူ အဝတ်တူဆင်မြန်း စကားပြောဆိုရခြင်းမည်၏။'' (Gal 3.26-27)

ထို့ကြောင့် လက်ဝါးကပ်တိုင်၏ ဂုဏ်ရောင်ကိုဖော်ဆောင်သည့် ဝိသေသလက္ခဏာသည် လူသားထုတစ်ရပ်လုံးအတွက် ထာဝရဘုရားသခင်က ပေးသနားတော်မူသည့် အခမဲ့လက်ဆောင်ဖြစ်သည်။

> ''အဘယ်ကြောင့်နည်းဟူမူ အသင်၏ယုံကြည်ချက်အလျောက် အသင့်အား ကယ်တင်တော်မူသော ထာဝရဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ဖြစ်သည်။ ထိုလက်ဝါးကပ်တိုင်သည် အသင်၏ဝွမ်းဆောင်ချက်ကြောင့် ဖြစ်ပေါ်လာရခြင်း မဟုတ်ဘဲ ထာဝရဘုရားသခင်၏လက်ဆောင်ဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ထိုအကြောင်းအရာကို မာန်မာနထားပြီး ဝင့်ကြွားနေရန် မဟုတ်ပေ။''(Ephesians 2.8-9)

ဤအချက်သည် ရာမနူဂျာ(Ramanuja)၏ တိကျသောအယူအဆ ရပ်တည်ချက် ပုံစံဖြစ်၍ ၎င်းက လူသား၏လွတ်မြောက်မှုအတွက် ဘာခ်တိ(Bhakti)အပေါ် အလေးအနက်ထားရှိသောမှုကို ချမှတ်ခဲ့သည်။ အမှန်စင်စစ်အားဖြင့် ခရစ်ယာန်ဘာခ်တိ(Christian Bhakti)က သခင်ယေရှုသည် ဒုက္ခဝင်ငွေကြွေးပေးဆပ်ရေးအတွက် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ခရစ်ယာန်ဘာသာနှင့်ရာမနူဂျာ နှစ်ဘာသာလုံးက ထာဝရဘုရားသခင်အား အလုပ်အကျွေးပြုစု ခြင်းသည် ကျွန်ုပ်တို့၏ အကြီးဆုံးသောလွတ်မြောက်ခြင်းဟူသော

အချက်ဖြစ်သည်။

''ကျွန်ုပ်တို့၏ဆန္ဒများသည် ကျွန်ုပ်တို့၏စိတ်များ ဖြစ်ကြသည်။ ထို့ကြောင့် အသင်တို့ကို သူတို့အား ကျွန်ုပ်တို့ဆောင်ရွက်ပေးနိုင်ပေလိမ့်မည်။ ထို့ကြောင့် လူသား၏ အဆုံးစွန် ရည်မှန်းချက်မှာ လူတစ်ယောက်သည် သူ၏ရုပ်ပိုင်းဆိုင်ရာ ချစ်ခင်စွဲလန်းမှုများနှင့် အလိုဆန္ဒများကို သူ ကျော်လွှားစေပြီးနောက်(Gal 5.24) သူ၏ဆန္ဒကို ထာဝရဘုရား သခင်၏ဆန္ဒအဖြစ် ပြုလုပ်ရမည်။ ကျွန်ုပ်တို့အား ထာဝရဘုရားသခင်က ပိုင်ဆိုင် ကြောင်း မည်ကဲ့သို့ ကျွန်ုပ်တို့သိနားလည် နိုင်ပါမည်နည်း''။

ကျွန်ုပ်တို့သည် လိုချင်မှုတဏှာသံယောဇဉ်ဖြင့် ဖွဲ့စည်းချည်နှောင်ထားသည့် လူ့အဖြစ်ကို မရယူပဲ စိတ်ဝိညာဉ်မှပေါ်ပေါက်လာသော အသိဉာဏ်ဖြင့် ဖွဲ့စည်းသည့်လူအဖြစ်သာ အလိုရှိရမည်။

''စိတ်ဝိညာဉ်မှ ဖြစ်ပေါ်လာသော ဉာဏ်ပညာ(Spriit)က ချစ်ခြင်းမေတ္တာ၊ ပျော်ရွှင် ချမ်းမြေ့မှု၊ သည်းခံခွင့်လွှတ်မှု၊ သနားညှာတာမှု၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်သိ ရိုသေခြင်း၊ မိမိကိုယ်ကိုနှိမ့်ချခြင်းနှင့် ကိုယ့်ကိုကိုယ် စိတ်ထိန်းချုပ်ခြင်းတို့ ဖော်ဆောင် ပေးသည်။'' (Gal .5.23)

ဒုတိယအနေဖြင့် ကယ်တင်ခြင်းခံရသူတစ်ယောက်က လူတစ်ယောက်နှင့် အခြားတစ် ယောက်တို့အကြားတွင် ခွဲခြားမှုမပြုလုပ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် သူတို့အားလုံးသည် ခရစ်တော် သခင်ယေရှုအပေါ် တစ်မျိုးတည်းနှင့် တူညီသောယုံကြည်ချက် ရှိသောကြောင့်ဖြစ်၏။ (Gal 3.38; Ephesians 2.11.18)။ ဆက်လက်၍လည်း ကိုယ်တိုင်ကိုယ်ကျ ဝတ်ပြုဆု တောင်းမှုမပါသော ယုံကြည်မှုသည် သေခြင်းနှင့်တူသည်။ သို့ဖြစ်လျှင် ဒုက္ခဝင်ကြွေး ပေးဆပ်ခဲ့ ပြီးသောလူသည် မည်သည့်ကာယကံမြောက် ဝတ်ပြုဆုတောင်းမှုကို မျှော်လင့်ပါသနည်း?။ ထာဝရဘုရားသခင်သည် ဒုက္ခဝင်ကြွေး ပေးဆပ်ပြီးသောသူများအား တရားစီရင်သည့်နေ့တွင် ရှင်းလင်းမိန့်ကြားတော်မူလိမ့်မည်။

''ကျွန်ုပ် ဆာလောင်မွတ်သိပ်မှုဖြစ်သည်ကို အသင်က ကျွေးမွေးခဲ့ပေသည်။ ကျွန်ုပ် ရေငတ်နေမှုကို ကျွန်ုပ်အား အသင်က သောက်ရေတစ်ခွက်ပေးခဲ့သည်။ ကျွန်ုပ်သည် လူစိမ်းတစ်ယောက်ဖြစ်သော်လည်း အသင့်အိမ်တွင် ကျွန်ုပ်အားဧည့်ခံခဲ့သည်။

ကျွန်ုပ်တွင် အဝတ်အစားမရှိသည်ကို သင်က ကျွန်ုပ်အား အဝတ်ဆင်ပေးခဲ့သည်။ ကျွန်ုပ်ဖျားနာသောအခါ ကျွန်ုပ်အား ဆေးဝါးကုသမှုပြုခဲ့သည်။ ကျွန်ုပ် ထောင်သွင်းအကျဉ်းချထားခြင်း ခံရသောအခါ ကျွန်ုပ်ထံ အသင်လာရောက်ခဲ့သည်။" (Matt. 25-35-36)

မည်ကဲ့သို့ ပြုမူဆောင်ရွက်ပေးခဲ့ပါသနည်း?။ ထာဝရဘုရားသခင်က ရှင်းလင်းမိန့်ကြားတော်မူလိမ့်မည်။

"အသင့်ကို ကျွန်ုပ်ပြောပါ၏။ မည်သည့်အချိန်အခါ၌ပင်ဖြစ်စေ၊ အရေးပါသော ကျွန်ုပ်၏ညီနောင်များထဲမှ အနည်းဆုံး တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အားလုံးအတွက်ကိုဖြစ်စေ အသင်ကူညီပေးရာ ရောက်ပါ၏။" (Matt 25:40)

ထို့ကြောင့် လူသားများအားလုံး၏ အပြစ်အနာအဆာများအတွက် ဝင့်ကြွေးကို ပေးဆပ်ခြင်းအနေဖြင့် သခင်ယေရှု၏ သေဆုံးခဲ့ရခြင်းအပေါ် ယုံကြည်ချက်ထားခြင်းက ရှေ့အဖို့ရာတွင် လူသားခံစားနေရသည့်ဒုက္ခမှ အနည်းငယ်မျှသာ သက်သာမှုကိုဖြစ်စေခဲ့ပြီး ဘဝတူခရစ်ယာန် ညီနောင်များအား အလုပ်အကျွေးပြုခြင်းများ ဖြစ်စေခဲ့သည်။

စိတ်ထဲတွင် ပို၍မှတ်သားထားရန် အချက်တစ်ခုမှာ လူသားအားလုံး သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်စေရေး ဗောဓိသတ္တများ(Bodhisattvas)၊ သဗ္ဗမုတ္တိ(Sarvamukti)ကဲ့သို့သော အဆုံးအမဩဝါဒ တရားတော်များကို ခရစ်ယာန်ဘာသာကလည်း ဟောကြားခဲ့သည်။ ထာဝရဘုရားအတွက် စကြဝဠာကမ္ဘာလောကဓါတ်တစ်ခုလုံး အောင်မြင်နိုင်ရပေမည်။

"အချိန်အခါကျရောက်လာလျှင် ထာဝရဘုရားသခင်သည် (လွတ်မြောက်ရေးအတွက်) ဤအစီအစဉ်ကို ပြည့်စုံအောင် ဆောင်ရွက်ပေးတော်မူလိမ့်မည်ဟု ဆိုခြင်းမှာ ခရစ်တော်၏ ဦးဆောင်မှုနှင့်အတူ ကမ္ဘာမြေပေါ်တွင်ရော ထက်ကောင်းကင် ရွှေဘုံနန်းတွင်ပါ ဖန်ဆင်းမှုအားလုံး အရာခပ်သိမ်းတို့သည် ထာဝရဘုရားသခင်မှ အတူတကွခေါ်ယူခြင်းခံရမည့် အရာများဖြစ်သည်။" (Ephesians 1-10)

နောက်တဖန် –

"စကြဝဠာကမ္ဘာလောကဓါတ်ကြီးတစ်ခုလုံးကို ထာဝရဘုရားသခင်ထံသို့ သားတော်

သခင်ယေရှုနှင့်အတူ ပြန်လည်ယူဆောင်ရန် ထာဝရဘုရားသခင်က ဆုံးဖြတ်ထားသည်"
(Colossians 1.20)

သို့ပါသော်လည်း "လွတ်မြောက်ခြင်း"(Redemption)နှင့် "ကယ်တင်ခြင်း" (Salvation) ဟူသော စကားနှစ်ရပ်ကို အချို့သောစကားလုံးများဖြင့် ရှင်းလင်းဖော်ပြရန် လိုအပ်လာသည်။

"ကယ်တင်ခြင်း"ဟူသောအဓိပ္ပါယ်မှာ "မကြာမီကျရောက်လာမည့် ငရဲမီးမှ ကယ်တင်ခြင်း" သို့မဟုတ် "ထာဝရဘုရားသခင်၏ အမျက်ဒေါသမှ ကယ်တင်ခြင်း"ဖြစ်သည်။ အလားတူစွာ "လွတ်မြောက်ခြင်း"၏ အဓိပ္ပါယ်မှာလည်း မိုက်မဲစွာပြုလုပ်မိသော အပြစ်အတွက် ကျေးကျွန်အဖြစ်ဖြင့် ပြန်လည်ပေးဆပ်နေရခြင်းမှ လွတ်မြောက်သည်ကို ဆိုလိုသည်။ သို့သော် နှစ်မျိုးလုံးသည် အပြစ်အနာအဆာရှိသူတစ်ဦးအား "သတ္တဝါအသစ်"(New Creature) အဖြစ်သို့ ထာဝရဘုရားသခင်ကိုယုံကြည်သူ သတ္တဝါအသစ်တစ်ခု(A New Being in God) ပြောင်းလဲဝင်ရောက်သွား၏။ သူသည် ထာဝရဘုရားသခင်၏ သားတော်ဘဝ ပြန်လည်ရရှိပြီး အပြစ်အနာအဆာရှိသူသည် ထာဝရဘုရားသခင်ထံမှ အပြစ်အနာအဆာကို သီးခြားခွဲထုတ်ပြီးနောက် ထာဝရဘုရားသခင်နှင့် ပြန်လည်ပေါင်းစည်းမိခြင်းအဖြစ်သို့ ရောက်ရှိသည်။

> "ဤအရာသည် ဖန်ဆင်းရှင်ထာဝရဘုရားသခင်၏ သတ္တဝါအသစ်ဖြစ်၍ ၎င်းသည် ထာဝရဘုရားသခင်၏ ကိုယ်ပိုင်ပုံရိပ်လွှာအတွင်း တစ်ဆက်တည်း ပြန်လည်ဖြစ်ထွန်းဆန်းသစ်လာခဲ့သည့်အပြင် သူကိုယ်တိုင်၏ အသိဉာဏ်ပညာပြည့်ဝခြင်းကို အသင့်အား ခေါ်ယူသွားနိုင်ရန်ဖြစ်သည်။ ယင်းသို့ပြုလုပ်ရသော အကျိုးရလာဒ်မှာ ဂျင်းတိုင်းလ်လူမျိုးများနှင့် ဂျူးလူမျိုးယောကျ်ားတန်ဆာ၏ ထိပ်ဖျားအရေခွံအားဖြတ်ခြင်းဖြင့် ရှင်ပြုမင်္ဂလာပြုလုပ်သည့် အယူဝါဒနှင့် မပြုလုပ်သည့်အယူဝါဒနှစ်ခုအတွင်း ယဉ်ကျေးသိမ်မွေ့ခြင်း မရှိသေးသူများ၊ ရက်စက်ကြမ်းကြုတ်သူများ၊ ကျေးကျွန်များနှင့် လွတ်လပ်သူများတို့အကြား မည်သည့်ထူးခြားမှုမျှမရှိတော့ပဲ ခရစ်တော်သည် လူမျိုးအားလုံးထဲမှ လူအားလုံး၌ တည်ရှိသည်။" (Col 3.10-11)

ဤအချက်သည် ပီတာ၊ ပေါလ်နှင့် ဇက်ကူယပ်စ်(Peter, Paul and Zacchueus)နှင့်

လူပေါင်းများစွာတို့၏ ဘဝများအတွင်း၌ မည်ကဲ့သို့ဖြစ်ပျက်ခဲ့သည်ဆိုသည့် အချက်ဖြစ်သည်။ သခင်ယေရှုအား တရားစစ်ဆေးစဉ် သူ၏ဆရာသခင်အား သုံးကြိမ်ငြင်းဆိုခဲ့သော စိန့်ပီတာသည် ခရစ်ယာန်အသင်းတော်၏ အခြေခံအုတ်မြစ်ဖြစ်လာခဲ့သည်။ ဆရာသခင်က ပီတာသို့ပြောကြားသည်မှာ "မစိုးရိမ်လင့်၊ ယခုမှစ၍ ရှေ့အဖို့ရာတွင် အသင်သည် လူများ၏စိတ်ခံစားချက်နှင့် အသိဉာဏ်ပညာတိုးပွားအောင် ဆောင်ရွက်နိုင်လိမ့်မည်" (Luke 5-10)။ အသင်းတော်အား ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆောင်ရွက်သူ စိန့်ပေါလ်က ခရစ်ယာန်ဘာသာ၏ အရေးအပါဆုံးသော တရားဟောသူဖြစ်လာသည်။ အမြတ်ခွန်စည်းကြပ်ကောက်ခံသူ ဇက်ကူယပ်စ်သည် သခင်ယေရှုနှင့် ဆက်သွယ်မှုရရှိလာခြင်းအားဖြင့် လူအသစ်တစ်ဦးဖြစ်လာခဲ့သည်။ သခင်ယေရှု ဘက်မှရပ်တည်ပြီး မိန့်ကြားသည်မှာ -

"ဟုတ်ကဲ့ပါခင်ဗျာ၊ ယခုအချိန်မှစ၍ ရှေ့အဖို့ရာတွင် ကျွန်ုပ်၏ ဥစ္စာဓနချမ်းသာကြွယ်ဝမှုတစ်ဝက်ကို ဆင်းရဲသူများအတွက် ပေးကမ်းလှူဒါန်းပါမည်ခင်ဗျာ၊ အကယ်၍ တစ်ဦးတစ်ယောက်အပေါ်၌ လွန်ကျူးသော အမြတ်တော်ကြေးကို စည်းကြပ်မိခဲ့ပါက ထိုသူအား လေးဆမက များပြားသောငွေကြေးကို ပြန်အမ်းပေးခြင်းဖြင့် ကျွန်ုပ်ကိုယ်တိုင် အပြစ်ခံယူသွားပါမည်။"(Luke .19.8)

ဤအချက်သည် ဘာသာယုံကြည်ကိုးကွယ်မှု ပြောင်းလဲပစ်ခြင်း၏ စစ်မှန်သောအဓိပ္ပါယ်ဖြစ်သည်။ ဆိုလိုသည်မှာ လူသစ်စိတ်သစ်ဘဝသစ်သို့ ပြောင်းလဲရောက်ရှိစေခြင်းဖြစ်သည်။ ဤအချက်သည်[ဟိန္ဒူဘာသာဝင်]တူလ်ဆီဒါစ် (Tulsidas)နှင့် ဘာလ်မီကီ(Balmiki)လူမျိုးစုတို့၏ဖြစ်စဉ်ကို ပေါ်လွင်ထင်ရှားစေသော သာဓကဖြစ်သည်။

[*တူလ်ဆီဒါစ် နှင့် ဘာမီကီလူမျိုးများမှာ ယခင်က ဟိန္ဒူဘာသာဝင် ဇာတ်နိမ့်လူမျိုးဖြစ်၍ ဒေါက်တာအေအင်ဘေကာ အမည်ရှိသော အိန္ဒိယနိုင်ငံ အောက်လွှတ်တော်အမတ်နှင့် တရားရေးဝန်ကြီးက ဦးဆောင်၍ ၎င်းတို့ယခင်ကိုးကွယ်သည့် ဟိန္ဒူဘာသာကို စွန့်လွှတ်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူများဖြစ်သည်။ ခရစ်ယာန်နှင့်အစ္စလာမ်ဘာသာများသို့လည်း ဇာတ်နိမ့်လူမျိုးများစွာတို့ ကူးပြောင်းခဲ့ကြသည်။ ဘာသာပြန်သူ* ]

ထို့ကြောင့် "ကာယ်တင်ခြင်း၊ သို့မဟုတ် လွတ်မြောက်ခြင်း" ဆိုသောစကားရပ်နှစ်ခု၏

အဓိပ္ပါယ်မှာ ပြိုလဲပျက်စီးသွားသောဘဝနှင့် နိုပ်စက်ညှင်းပမ်းခြင်းခံနေရသောဘဝမှ လူသစ်အသစ် (လူသစ်စိတ်သစ်ဘဝ) A New Being အဖြစ်သို့ ပြောင်းလဲပစ်ခြင်းကို ဆိုလိုသည်။

ယေရှုခရစ်တော်၏ စိတ်သစ်လူသစ်ဖြစ်ခြင်းဆိုသော အဓိပ္ပါယ်မှာ မကောင်းမှုကို ဆန့်ကျင်သည့် နေ့စဉ်ကြိုးပမ်းမှုတစ်ခုဖြစ်သည်။ ခန္တီ(သည်းခံခြင်း)နှလုံးသားနှင့် ရိုးသားဖြူစင်သော သဒ္ဓါတရား(ယုံကြည်ချက်)ဖြင့် ထာဝရဘုရားသခင်ထံသို့ ခရစ်တော်၏ အမည်နာမကို ဦးထိပ်ထားလျက် ဝတ်ပြုဆုတောင်းမှု၏အဓိပ္ပါယ်မှာ ဖျားယောင်းသွေးဆောင်မှု (ကိလေသာတဏှာ) များနှင့် ဂြိုဟ်ဆိုးကြမ္မာဖိစီးလာ၍ နိမ့်ကျသောဘဝ ကျရောက်သူအပေါ် အပြစ်ခွင့်လွှတ်မှုဖြင့် ကျော်လွှန်ခြင်းကိုဆိုလိုသည်။ သခင်ယေရှုကိုယ်တိုင်တိုင် နေ့စဉ်ဘဝ ဝတ်ပြုဆုတောင်းမှုပြုရန် အောက်ပါအတိုင်း နည်းလမ်းပြသခဲ့သည်။

အရှင်သခင်၏ ဝတ်ပြုဆုတောင်းမှု -

"ထက်ကောင်းကင်ဘုံနန်းထက် စံမြန်းလျက်ရှိသော ကျွန်ုပ်တို့၏ အဖဘုရားသခင်၊ အရှင်သခင်၏ နာမတော်ဖြင့် မြင့်မြတ်မှုကို ပေးသနားတော်မူပါ။ အရှင်သခင်၏ တိုင်းပြည်နိုင်ငံတော်မှ လာတော်မူပါ။ ထက်ကောင်းကင်ဘုံနန်း အထက်မှာကဲ့သို့ ကမ္ဘာမြေပေါ်တွင် အရှင်သခင်က မ စ တော်မူလိမ့်မည်။ ဤနေ့တွင် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ နေ့စဉ်စားသုံးနေကြပေါင်မုန့်ကို ပေးသနားတော်မူပါ။

အရှင်သခင်တစ်ပါးတည်းသာ ပိုင်ဆိုင်သည့်မြေပေါ်သို့ ကျွန်ုပ်တို့က ခွင့်ပြုချက်မပါရှိပဲ ဝင်ရောက်လာခြင်းအား အခွင့်ပေးသနားတော်မူပါ။ ကျွန်ုပ်တို့ကလည်း ကျွန်ုပ်တို့နှင့် ဆန့်ကျင်သူများအား ခွင့်လွှတ်ပါ၏။ ကျွန်ုပ်တို့အား ဖျားယောင်းသွေးဆောင် မခေါ် ဆောင်ပဲ၊ မကောင်းမှုဒုစရိုက်မှ ဆွဲထုတ်ကယ်တင်ပေးပါ။

အဘယ်ကြောင့်ဆိုသော် အရှင်သခင်သည် တိုင်းနိုင်ငံဖြစ်ပြီး တန်ခိုးတော်လည်းဖြစ်ပါ၏။ ဂုဏ်ကျေးဇူးတော်လည်းဖြစ်ပါ၏။ ထာဝရလည်းဖြစ်ပါ၏။ (အာမင်) *

ဤနေရာတွင် ကျွန်ုပ်တို့အပေါ် သူတို့က မှားယွင်းစွာပြုလုပ်မှုတွင် အခြားသူများအား ကျွန်ုပ်တို့က ခွင့်မလွှတ်ဘဲထားပါက ကျွန်ုပ်တို့၏အပြစ်အနာအဆာများကိုလည်း ထက်ကောင်း

* အာမင် = *Amen which means "May it be so"*

ကင်းဘုံနန်းထက် အဖဘုရားသခင်က ခွင့်လွှတ်ပေးသနားမည်မဟုတ်ပါ။ (Matt. 6.14)

## တရားစီရင်သောနေ့၊ ထက်ကောင်းကင်ဘုံနန်းနှင့် ငရဲခန်းကို ဟောကြားချက်ဒေသနာ

## The Day of Judgement, Doctrine of Heaven and Hell

သခင်ယေရှုက ထာဝရဘုရားသခင် တရားစီရင်မည့်နေ့ကိုယုံကြည်လျက် ထက်ကောင်းကင်ဘုံနန်းနှင့် ငရဲခန်းရှိသည်ဆိုခြင်းကို ယုံကြည်ပါသည်ဟူသော ဟောကြားချက်အပေါ် ဧဝံဂေလိကျမ်းစာများ(Gospels)၏အဆိုအရ အနည်းငယ်သိသာယမြင်မိပါ၏။

> ''တရားစီရင်ဆုံးဖြတ်မည့်နေ့ ရောက်လာသောအခါ ကျွန်ုပ်အား ''အရှင်သခင်၊ အရှင်သခင်''ဟူ၍ များစွာသောလူများက ကျွန်ုပ်အားပန်ကြားလိမ့်မည်။ ထာဝရဘုရားသခင်၏ သတင်းစကားကို အရှင်သခင်၏နာမတော်အတွင်း ကျွန်ုပ်တို့ပြောဆိုဆုတောင်းခဲ့ကြသည်။ ထို့အပြင်လည်း အရှင်သခင်၏နာမတော်ဖြင့် များစွာသော မကောင်းဆိုးဝါးများကို ကျွန်ုပ်တို့မောင်းထုတ်၍ များစွာသော မယုံနိုင်ဖွယ်ကိစ္စများကို ကျွန်ုပ်တို့ တင်ပြခဲ့ကြသည်။ (Matt. 7.22)

ထာဝရဘုရားသခင်အား မယုံကြည်သော ကက်ပါနွမ်မြို့(City of Capernaum) အကြောင်း သခင်ယေရှုကမိန့်ကြားခဲ့သည်မှာ-

> ''ထာဝရဘုရားသခင် တရားစီရင်သည့်နေ့တွင် အသင့်အားထားရှိသော ကြင်နာမှုထက်ပို၍ ဆိုဒုံမြို့(Sodom)ကို သနားကြင်နာမှုပြမည့်အကြောင်း အသင် သေချာစွာတွေ့မြင်ရလိမ့်မည်''(Matt. 11.24)။

အလားတူပင်လျှင် ဧဝံဂေလိကျမ်းစာများထဲမှ နေရာပေါင်းများစွာတွင် သခင်ယေရှုအား ထက်ကောင်းကင်ဘုံနန်းထက်တွင် အလွန်ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာဘဝနှင့် ငရဲဘုံတွင် ကြောက်မက်ဘွယ်ရာ နာကျင်စွာခံစားရမည့် ဘဝအကြောင်းများကို သူ၏ယုံကြည်ချက် ဖော်ပြရမည်ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့သည်။ ဤအကြောင်းအရာကို ကြွယ်ဝချမ်းသာသူတစ်ယောက်နှင့် တောင်းရမ်းစားသောက်ရသူ လာဇရုပ်စ်(Lazarus)အကြောင်းဇာတ်လမ်းတွင် ရေးသားထားသည်မှာ သူတောင်းစား လာဇရုပ်စ်(Lazarus)က သူဌေး၏လှေကားရင်းတွင်

ထိုင်နေပုံကိုလည်းကောင်း၊ ဆင်းရဲသားသေဆုံးသွားသောအခါ အေဗရာဟမ်(Abraham)၏ နံဘေးတွင်ထိုင်နိုင်ရန် တမန်တော်နတ်သားများကလည်းကောင်း၊ ထက်ကောင်းကင်ဘုံ နန်းထက် ထာဝရဘုရားသခင်၏ကျွေးမွေးပွဲခံပွဲသို့ ခေါ်ယူသွားခဲ့ပုံကိုလည်းကောင်း၊ သူဌေး သေဆုံးသောအခါတွင်မူ မြေကြီးထဲသို့မြှပ်နှံခြင်းခံရပြီး ဟာဒိစ်(Hades)၌ ကြီးစွာသောနာကျင်မှု ခံစားရပုံကိုလည်းကောင်း၊ အဝေးမှနေ၍ လာဇရုပ်စ်အား အေဗရာဟမ်၏နံဘေးတွင် ရှိနေ သည်ကို မျှော်ကြည့်နေခဲ့သည်။ ထို့ကြောင့် ၎င်းက–

"အဖဘုရားသခင် အေဗရာဟမ်"(Father Abraham)ဟု ခေါ်လိုက်မိသည်။

"ကျွန်တော့်ကိုသနားပါ၊ လာဇရုပ်စ်ကို ၎င်း၏လက်ညိုးကို ရေထဲစိမ်ပြီး ကျွန်ုပ်၏ လျှာကိုအေးမြစေရန် ကျွန်တော့်ထံပို့ပေးပါ။ အဘယ်ကြောင့်ဆိုသော် မီးပုံအတွင်း ကြီးစွာသောနာကျင်မှု ခံစားနေရပါသည်။" (Luke 16-22-24)

သခင်ယေရှုက အပြစ်ရှိသူများသည် အော်ဟစ်ငိုယိုမြည်တမ်းကြလိမ့်မည်ဟူ၍ လည်းကောင်း၊ အံသွားကိုကြိတ်၍ နာကျင်မှုခံစားရမည့် ငရဲမီးရှိသည်ဟူ၍လည်းကောင်း ယုံကြည်သည်။ (Matt 8-12; 5:29-30; Luke 10-14; 18;9; 23:15, 33)။ သို့သော် အောက်တွင်ဖော်ပြပါ ကိုးကားချက်များက ဤအချက်ကိုထင်ရှားစေလိမ့်မည်–

"အကယ်၍ သင်၏လက်သည် အမှန်တကယ်အသင့်အား အသင်၏ယုံကြည်မှုကို လျော့နည်းစေခဲ့လျှင် ထိုလက်ကို ဖြတ်ထုတ်ပစ်လိုက်ပါ! ။ အသင်သည် လက်မပါဘဲ ငရဲသို့မရောက်ရန် ရှန်းကန်မှုထက် လက်နှစ်ဘက်ဖြင့် လူ့ဘဝထဲသို့ဝင်ရောက်ခြင်းက သင့်အတွက် ပို၍ကောင်းသည်။ အကယ်၍ သင်၏မျက်စိက အသင်အား အသင်၏ ယုံကြည်ချက်ကို လျော့နည်းစေခဲ့လျှင် ထိုမျက်စိကို ထုတ်ပစ်လိုက်ပါ။ အသင်သည် မျက်စိနှစ်လုံးပါသော်လည်း ငရဲသို့ပစ်ချခြင်းခံရမှုထက် မျက်စိတစ်လုံးတည်းဖြင့် ထာဝရဘုရားသခင်၏ တိုင်းပြည်အတွင်းသို့ ဝင်ရောက်သွားရခြင်းက ပို၍ကောင်း၏။ သူတို့အားစားသောက်သည့် တီကောင်များသည် ထာဝရရှိနေပြီး သူတို့အား လောင်ကျွမ်းစေသည့်မီးမှာ မည်သည့်အခါမှ ငြိမ်းသတ်၍မရပေ။ (Matt. 18.8-10; Mark 9:43-48)

သခင်ယေရှုက ဘေးချင်းယှဉ်လျက်ရှိသော အခြားလက်ဝါးကပ်တိုင်မှ မိမိ၏မှားယွင်းမှုအတွက် နောင်တကြီးစွာရနေသောသူခိုးအား တိကျသေချာစွာ ပျော်ရွှင်ချမ်းမြေ့မှုရှိမည့်နေရာသို့ အသင်ရောက်လိမ့်ဟူ၍ မှာကြားခဲ့၏။

> "အသင့်ကို ငါကတိပြုပါသည်။ ယနေ့အသင်သည် ငါနှင့်အတူ အမှန်တကယ်ပျော်ရွှင်ချမ်းမြေ့မှုရှိသောတိုင်းပြည်(Paradise)သို့ ရောက်ရှိလိမ့်မည်။" (Luke 23;43)

ဤနေရာတွင် "အမှန်တကယ် ပျော်ရွှင်ချမ်းမြေ့မှုရှိသောတိုင်းပြည်"ဆိုခြင်း၏ အဓိပ္ပါယ်မှာ စေတမန်နတ်သားနှင့်တူသော ဘဝတစ်ခုဖြစ်မှုကိုဆိုလိုသည်။ အဆိုပါတိုင်းပြည်တွင် အိမ်ယာတည်ထောင်မှုမပြုဘဲ နေထိုင်ကြ၍ အမြဲထာဝရ ပျော်ရွှင်မှုအပြည့်အဝရှိသောဘဝ ဖြစ်သည်။ (Luke 20: 34-36)

သခင်ယေရှုက သေဆုံးခဲ့သော လာဇာရုပ်စ်၏နှမဖြစ်သူ မာသာ(Martha)အား မိန့်ကြားသည်မှာ -

> "ငါသည် ပြန်လည်ရှင်သန်ထမြောက်လာခဲ့ပြီ။ ငါ့အား ယုံကြည်သူ မည်သူမဆို သေဆုံးသွားသော်လည်း အသက်ရှင်နေထိုင်ရမည်၊ မည်သူမဆို အသက်ရှင်နေထိုင်လျက် ငါ့အား ယုံကြည်သူသည် မည်သည့်အခါမျှ သေမည်မဟုတ်။"
> (St.John 11:25-26)

ဤနည်းအားဖြင့် ထာဝရဘုရားသခင်အား ယုံကြည်မှုရှိ၍ ဝတ်ပြုဆုတောင်းသူသည် အဆုံးအပိုင်းအခြားမရှိ ပကတိပျော်ရွှင်ချမ်းမြေ့သောနေရာဌာန၏ တစ်ခုသော ထက်ကောင်းကင်ရွှေဘုံနန်းကဲ့သို့ အေးချမ်းသည့်ဘဝဖြစ်၏။ ဤအချက်သည် ရာမနူဂျာ(Ramanuja)ကလည်း တင်ပြခဲ့သောအချက်ဖြစ်သည်။ ကောင်းမြတ်မှန်ကန်မှုရှိသူ လူတစ်ယောက်ချင်း၏ နောက်ဆုံးအချိန်၌ ရောက်ရှိမည့်နေရာဖြစ်သည်။

ထို့ကြောင့် ခရစ်ယာန်ဘာသာတွင် ထက်ကောင်းကင်ရွှေဘုံနန်းနှင့် ငရဲခန်း(Heaven and Hell)သည် တရားစီရင်စစ်ဆေးသည့်နေ့(The day of Judgement)နှင့်တကွ ဖန်ဆင်းတော်မူခြင်း၏ ပထမဦးဆုံးသော စိတ်ကူးစိတ်သန်း မှန်းဆချက်ဖြစ်သည်။

## ထာဝဘုရားသခင်၏အမိန့်တော်များ ကျယ်ပြန့်စွာဟောကြားနိုင်ရန် သခင်ယေရှုက ရွေးချယ်ထားသူ တစ်ဆယ့်နှစ်ဦးအနက်မှ တစ်ဦးသောပုဂ္ဂိုလ်၏ ဘာသာရေးဆိုင်ရာဟောပြောပို့ချသည့် ယုံကြည်ချက်ဆိုင်ရာစနစ်

## The Apostle's Creed

အရှင်သခင်ထာဝရဘုရားနှင့် နေ့စဉ်နှင့်အမျှ အတူတကွနေထိုင်ရခြင်းသည် အချက်တစ်ခုဖြစ်၍ ယုံကြည်ချက်ဆိုင်ရာစနစ်ကို ထင်လင်းစွာမြင်နိုင်သော ပြောင်းလဲရန်အကြောင်းမှာ အခြားသောအချက်တစ်ခုဖြစ်သည်။ ထာဝရဘုရားသခင်အရှင်သူမြတ်နှင့် အတူတကွနေထိုင်ရခြင်းသည် အတွေ့အကြုံကောင်းရရှိသော နေထိုင်မှုဖြစ်၍ ယုံကြည်သူများအတွက် တစ်ခုတည်းသော ပြောကြားချက်ဖြစ်သည်။ ဉာဏ်ပညာတိုးပွားမှုဆိုင်ရာ အတွေ့အကြုံကို ရှင်းလင်းပြသနိုင်ရန်အလို့ငှာ အချိန်ကာလအားလျော်စွာ လက်ရှိသုံးနှုန်းပြောဆိုလျက်ရှိသော ဘာသာစကားဖြင့် ယုံကြည်မှုဆိုင်ရာစနစ်သည် ဓမ္မသတ်တစ်ခုအတွင်း ထည့်သွင်းဖော်ပြခြင်းဖြစ်သည်။ ပထမရာစုနှစ် ၅ ခုအတွင်း သခင်ယေရှု၏ ရုပ်တည်ချက်နှင့် သဘောသဘာဝသည် အပြင်းအထန်ဝေဖန်ပြောဆိုခြင်းခံရသည်။ အကယ်၍ သခင်ယေရှုသည် လူသားစင်စစ်ဖြစ်ခဲ့ပါမူ သူ့အား ဝတ်ပြုကိုးကွယ်ခြင်းသည် ရုပ်ထုကိုးကွယ်မှုအဖြစ်လည်းကောင်း၊ အကယ်၍ သူသည် ထာဝရဘုရားသခင်ဖြစ်ပါမူကား သူ၏လက်ဝါးကပ်တိုင်ပေါ်တွင် သေဒဏ်ပေးခြင်းခံရမှုမှာ အစစ်အမှန်မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသခင်သည် မသေနိုင်သောကြောင့်ဖြစ်သည်။) အခက်အခဲကို ရေလှိုင်းဖြင့်ပုတ်တင်၍ ဖယ်ရှားပစ်ရန်အလို့ငှာ သခင်ယေရှုနှင့် ထာဝရဘုရားသခင်တို့အား လူသားတစ်ဝက် ထာဝရဘုရားသခင်တစ်ဝက်စီအဖြစ် ယုံကြည်၏။ ထို့ကြောင့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာစနစ်ကို ယနေ့ခရစ်ယာန်အသင်းတော်က ဝတ်ပြုကိုးကွယ်မှုအစဉ်အလာအတိုင်း ချမှတ်ထားခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ အတိတ်ကာလက သခင်ယေရှုသည် ထာဝရဘုရားသခင်အဖြစ် မှတ်ယူခဲ့ကြသော်လည်း ယခုခေတ်သစ်အချိန်ကာလတွင်မူ သူသည် လူသားစင်စစ်ဖြစ်ခြင်းအား ပို၍ပို၍ အလေးအနက်ပြုခဲ့ကြသည်။ အိန္ဒိယခရစ်ယာန်အများစုတို့က သခင်ယေရှုအား ထာဝရဘုရားသခင်အဖြစ် ရှေးဟောင်းယုံကြည်ချက်ကိုသာ တင်းကြပ်စွာကိုင်စွဲနေကြဆဲဖြစ်၏။ ထာဝရဘုရားသခင်၏ အမိန့်တော်များ ကျယ်ပြန့်စွာဟောကြားနိုင်ရန်

သခင်ယေရှုကရွေးချယ်ထားသူ တစ်ဆယ့်နှစ်ယောက်အနက်မှ တစ်ဦးသောပုဂ္ဂိုလ်၏ ယုံကြည်ချက်ဆိုင်ရာစနစ်သည် အောက်ပါအတိုင်းဖြစ်၏-

''ဘုန်းတန်ခိုးကြီးမားတော်မူသော အဖထာဝရဘုရားသခင်၊ ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်အား ပြုလုပ်ဖန်ဆင်းတော်မူထသော တစ်ဦးတည်းဖြစ်သောသားတော် ကျွန်တော်တို့၏အရှင်သခင် ယေရှုခရစ်တော်ဖြစ်၍ သန့်ရှင်းသော ဝိညာဉ်တော် အပျိုစင်မယ်တော်မာရိမှ ဖွားမြင်တော်မူသော၊ ပွန်တီးယတ်စ်ပိုင်လိတ်(Pontius Pilate)ခေါ် တောင်ကုန်းပေါ်တွင် ဒုက္ခခံစားတော်မူခဲ့ရသော၊ လက်ဝါးကပ်တိုင်ပေါ်တွင် လက်ဖဝါးအား သံဖြင့်ရိုက်နှက်၍ သတ်ဖြတ်ခြင်းကိုခံရရှာပြီး မြှပ်နှံသင်္ဂြိုလ်ပြီးသော၊ ငရဲဘုံသို့ဆင်းသက်ပြီးနောက် တတိယမြောက်သောနေ့တွင် သေရာမှပြန်လည်၍ ရှင်သန်ထမြောက်လာပြီး ထက်ကောင်းကင်ရွှေဘုံနန်းသို့ တက်လှမ်းတော်မူသော၊ ဘုန်းတန်ခိုးတော် အလွန်ကြီးမားတော်မူသော ထာဝရဘုရားသခင်၏ ညာလက်ရုံး သဖွယ် ထိုင်တော်မူ၍ ထိုအချိန်မှစ၍ လျင်မြန်စွာသေဆုံးသူအား စစ်ဆေးမေးမြန်း တော်မူမည့်သူဖြစ်လာမည့် သခင်ယေရှုအား ကျွန်ုပ်ယုံကြည်ပါ၏။ သန့်ရှင်းသော ဝိညာဉ်တော်၊ သန့်ရှင်းသော ကာသိုလစ်အသင်းတော်၊ သူတော်စင်များအစည်းအရုံး၊ အပြစ်အနာအဆာများအားခွင့်လွှတ်မှု၊ ကိုယ်ကာယ၏ ပြန်လည်ရှင်သန်ထမြောက်မှုနှင့် မဒိုမသေ အမြဲနေသည့် ယေရှုခရစ်တော်အား ကျွန်ုပ်ယုံကြည်ပါ၏။''

## ခရစ်ယာန်ပွဲလမ်းသဘင်များ Christian Festivals

နှစ်စဉ် ဒီဇင်ဘာလ ၂၅ ရက်နေ့ကို ကမ္ဘာ့ခရစ်ယာန်ဘာသာဝင်များအားလုံး အလေးအနက်ပြု၍ ကျင်းပသည့် ခရစ်စမတ်ပွဲတော်အဖြစ် သတ်မှတ်ထားသည်။ အဆိုပါ နေ့ရက်သည် သခင်ယေရှုဖွားမြင်သည့်နေ့အဖြစ် ယခင်က အစဉ်အလာအတိုင်း အသိအမှတ်ပြု လက်ခံကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ယေရှုခရစ်တော်ဖွားမြင်သည့်နေ့ရက်(အတိအကျ)ကို မသိရှိရပေ။ ထာဝရဘုရားသခင်ကိုယ်တော်တိုင်က လူသားတစ်ရပ်လုံးသို့ ကြီးစွာသောလက် ဆောင်ကို သခင်ယေရှုမှတဆင့် ပေးအပ်ခဲ့သောနေ့ကိုအစွဲပြု၍ ပျော်ရွှင်သောနေ့အဖြစ် ဤနေ့

ရက်ကို ခရစ်စမတ်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းအချက်သည် ခရစ်ယာန်များအနေဖြင့် လက်ဆောင်ပစ္စည်းများ လဲလှယ်ရေး၊ အထူးသဖြင့် ၎င်းတို့က အားနည်းချက်နှင့် လိုအပ်ချက်အား သတိရသည့်အချက်မှာ လျော်ကန်သင့်မြတ်မှန်ကန်ပါသည်။

## ကောင်းသောသောကြာနေ့နှင့် အီစတာပွဲတော် Good Friday and Easter

ကောင်းသော သောကြာနေ့နှင့် အီစတာပွဲတော်၏အကြောင်းကို ခရစ်ယာန်ဘာသာဝင် မဟုတ်သူများ ကောင်းစွာသိရှိနားလည်ကြမည် မဟုတ်ပေ။ ကောင်းသော သောကြာနေ့ ဆိုသည်မှာ တစ်နှစ်တာကာလအတွင်း နေသည် အီကွေတာမျဉ်းပေါ် ဖြတ်ကျော်သွားနေစဉ် နေ့နှင့်ည အချိန်ညီမျှသော လတစ်လ၏ နောက်ဆုံးသောကြာနေ့ကိုခေါ်သည်။ ဤကဲ့သို့သော သောကြာနေ့တွင် ခရစ်တော်သည် ယုံကြည်သူများ၏ မေ့လျော့ပေါ့ဆမှုအရ ဖြစ်လာရသည့် အပြစ်အနာအဆာများအတွက် ဝင့်ကြွေးကို မိမိ၏အသက်ဖြင့်စတေးခံပြီး ပေးဆပ်ရေးအတွက် သတ်ဖြတ်ခြင်းကို ခံယူခဲ့သည့်နေ့ဟူ၍ သိရှိကြသည်။ ထို့ကြောင့် ဤကိစ္စကို"ကောင်းမြတ်ခြင်း" (Good)ဟူ၍ခေါ်သည်။ အဘယ်ကြောင့်ဆိုသော် ယုံကြည်သူများအတွက် လွတ်မြောက်ခြင်း၏ တံခါးပေါက်(the door of Salvation)ဟူ၍ အဓိပ္ပါယ်ဖြစ်သည်။

ကောင်းသော သောကြာနေ့ကို ကာလအပိုင်းအခြားအားဖြင့် ရက်ပေါင်း ၄၀ အထိ သတ်မှတ်ပြီး အဆိုပါနေ့ရက်များတွင် ယုံကြည်သူများသည် အသားစားသုံးခြင်းနှင့် အရက် သောက်ခြင်းများ ရှောင်ကျဉ်ကြသည်။ ကျေးဇူးတော်အား ပေးလှူခြင်း(Thanks-Offering) အနေဖြင့်လည်း သူတို့ကလှူဒါန်းမှုပြု၏။ အချို့သော ယုံကြည်မှုသဒ္ဓါတရား အားကောင်းသည့် ခရစ်ယာန်များအနေဖြင့် အချိန်ပြည့်ဥပုသ်သီလ ကျင့်သုံးဆောက်တည်ကြသည်။

အီစတာပွဲတော်(Easter)ဆိုသည်မှာ ကောင်းသောသောကြာနေ့၏နောက် တနင်္ဂနွေနေ့ ဖြစ်၍ အဆိုပါတနင်္ဂနွေနေ့တွင် ခရစ်တော်သည် သင်္ချိုင်းမြေမှ ထမြောက်သောနေ့ဖြစ်သည်ဟု ယူဆကြသည်။

အိန္ဒိယပြည်မှ ခရစ်ယာန်ဘာသာဝင်များကမူ ဂျူးဘာသာ၏ ရှယ်လတာပွဲတော်(the Judaic Festival of Shelters)ကို စံနမူနာယူ၍ ဘုရားရှိခိုးကျောင်းသွားကြရာတွင်

၎င်းတို့၏လယ်ယာမြေထွက်သီးနှံများကို ယူဆောင်သွားကြသည်။ နှစ်စဉ် ထိုပွဲတော်နေ့ရက်တွင် ဘုရားရှိခိုးကျောင်းသို့ ၎င်းတို့ ဈေးမှဝယ်ယူခဲ့ကြသော ပစ္စည်းများကို ယူဆောင်သွားကြသည်။ ဤပွဲတော်သည် ပျော်ရွှင်ဖွယ်ရာကောင်းသော်လည်း ကမ္ဘာတစ်ဝှမ်းလုံးရှိ ခရစ်ယာန်များအနေဖြင့် အမြဲတမ်းသတ်မှတ်ချက်တော့မရှိပေ။

## ခရစ်ယာန်ဘာသာ၏ ဂိုဏ်းဂဏများ Branches of Church

ခရစ်ယာန်အသင်းတော်သည် နှစ်ပေါင်းတစ်ထောင်ကျော်အထိ ဂိုဏ်းခွဲမရှိပဲ တည်တံ့ခဲ့သည်။ ထို့နောက် ၁၀၅၄ ခုနှစ်ရောက်သောအခါ အသင်းတော်သည် "အရှေ့တိုင်း ရှေးရိုးစွဲအယူရှိသောအသင်းတော်"(The Eastern Orthodox Church)နှင့် "ရိုမန်ကာသိုလစ်အသင်းတော်" (The Roman Catholic Church)အဖြစ် ဂိုဏ်းကွဲခဲ့သည်။ အသင်းတော်နှစ်ခြမ်းကွဲရန် ဖြစ်ပေါ်လာရသည့်အကြောင်းမှာ ရောမမြို့ဂိုဏ်းချုပ်၏အမိန့်အာဏာ လွှမ်းကဲလာခြင်းကြောင့်ဖြစ်သည်ဟူ၍ ဆိုသည်။ အရှေ့တိုင်းဂရိအသင်းတော်(The Eastern Greek Church)က ဤအဆိုကိုပယ်ချခဲ့ပြီး ရိုမန်ကာတ်သိုလစ်အသင်းတော်သည် လွတ်လပ်စွာကျင့်သုံးဆောင်ရွက်လာခဲ့သည်။ အရှေ့တိုင်းရှေးရိုးစွဲအယူအဆရှိသော အသင်း တော်များက ဂရိနှင့်ရုရှားအသင်းတော်များကို အသင်းတော်၏ အစိတ်အပိုင်းများအဖြစ် မှတ်ယူပြီး အရှေ့တိုင်းဥရောပတိုက်အသင်းတော်များနှင့် တစ်ချိန်က ဘိုင်ဇန်တိုင်းအင်ပါယာ (Byzantime Empire)၏ အစိတ်အပိုင်းဖြစ်ခဲ့သော မြေထဲပင်လယ်ဒေသနိုင်ငံများမှ အသင်းတော်များကိုလည်း အသင်းတော်၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်ခဲ့သည်။ "မြင့်မြတ်သော အစဉ်အလာ"(The Holy Tradition)ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုချက်လုပ်ငန်းနှင့်အတူ တာဝန်ယူသည့် တစ်ခုတည်းသော အမြင့်ဆုံးသော ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အာဏာ ပိုင်စိုးသူ Ecumenical Council အား နည်းလမ်းမှန်စွာ အခွင့်အရေးပေးခဲ့သည်။

## ရိုမန်ကတ်သိုလစ်အသင်းတော် Roman Catholic Church

ရိုမန်ကတ်သိုလစ်အသင်းတော်သည် အကြီးဆုံးနှင့် တစ်ခုတည်းသောဂိုဏ်းတော်ဖြစ်၍ ပုပ်ရဟန်းမင်းကြီး(The Pope)၏လက်ထောက် အမြင့်ဆုံးအာဏာပိုင်အဖွဲ့အဖြစ် လက်ခံဆောင်ရွက်သည်။ မည်သို့ပင်ဖြစ်စေကာမူ ၁၉၆၂-၁၉၆၅ ခုနှစ်အတွင်းက ဒုတိယအကြိမ်မြောက် ဗက်တီကင်ကောင်စီ(Second Vatican Council)က ပုပ်ရဟန်းမင်းကြီး၏ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအား တူညီသောရည်ရွယ်ချက်ဖြင့် စုပေါင်းအုပ်ချုပ်ရေးအဖွဲ့အဖြစ် အသိအမှတ်ပြုချက်ကို တရားဝင်သတ်မှတ်ပေးခဲ့သည်။

## ပရိုတက်စတင့်အသင်းတော် Protestant Churches

ရိုမန်ကတ်သိုလစ်အသင်းတော်သည် နောက်ပိုင်းကာလ ၁၅၁၇ ခုနှစ်သို့ရောက်သော အခါ မာတင်လူသာ (Martin Luther)၏မဟာစိမံကိန်း ဦးဆောင်ချက်အရ ရိုမန်ကတ်သိုလစ်ဂိုဏ်းနှင့် ပရိုတက်စတင့်ဂိုဏ်းဟူ၍ နှစ်ဂိုဏ်းခွဲထွက်ခဲ့သည်။ လူသား၏ ပြုပြင်ပြောင်းလဲချက် ဆောင်ရွက်ခြင်းရလဒ်အဖြစ် ပရိုတက်စတင့်ဂိုဏ်းအသင်း မြောက်များစွာပေါ်ထွန်းလာခဲ့သည်။

အင်္ဂလီကန်အသင်း(The Anglican Church)သည် ရိုမန်ကတ်သိုလစ်အသင်းတော်၏ မူဝါဒနှင့် တူညီစွာထားရှိကျင့်သုံး ဆောင်ရွက်ခဲ့သည်။ ယင်းဂိုဏ်းက ပုပ်ရဟန်းမင်းကြီး၏ အမိန့်အာဏာနှင့် သဘောတရားမိန့်ကြားချက် Mass ခေါ် ရိုမန်ကတ်သိုလစ်ဂိုဏ်း၏ အခမ်းအနားများကို မကျင့်သုံးတော့ဘဲ ပယ်ချခဲ့သည်။ ထိုအချက်က ဂိုဏ်းတော်များကို ဦးဆောင်မှုပြုသည့် ကင်တာဗာရီအသင်း၏ လက်ထောက်ဂိုဏ်းချုပ်(Arch Bishop of Canterbury)အား တူညီချက်များအတွင်း ပထမဦးဆုံးသော သဘောတူညီချက်(The First)အဖြစ် ဂိုဏ်းတော်၏ အသင်းအားလုံးတို့၏အဖွဲ့ဝင်များက သဘောတူကျေနပ်ခဲ့ကြသည်။

လူသာရန်အသင်း(Lutheran Church)သည် ဂျာမနီနိုင်ငံနှင့် စကင်ဒီနေဗီယားနိုင်ငံတို့၏ ပရိုတက်စတင့်အသင်းတော်၏ အကြီးအကဲဖြစ်သည်။ ဘုရားရှိခိုးကျောင်း ဆုတောင်းပွဲများတွင် အများပြည်သူ ဝတ်ပြုဆုတောင်းခြင်းလည်းပါဝင်သည်။ သို့သော် ဘာသာယုံကြည်

ကိုးကွယ်ခြင်းဆိုင်ရာ ဆုတောင်းမှု(သမ္မာကျမ်းစာတွင် ပါရှိသည့်အတိုင်း)ကို ဘုရားရှိခိုးကျောင်း ဝတ်ပြုမှု၏ အဓိကနှင့်ဗဟိုဌာနအဖြစ် ပေးအပ်ခဲ့သည်။ လူသာရာ ဝတ်အသင်းသားများသည် ရမ်ချီဒေသအတွင်း အမြောက်အများရှိနေကြသည်။

ဘုရားရှိခိုးကျောင်းအရေးပိုင်းမှ အုပ်ချုပ်မှုဆိုင်ရာအသင်းတော်(The Presbyterian Churches)အား ဂျွန်ကယ်ဗင် (John Calvin)က ဥရောပတိုက်အလယ်ပိုင်းနှင့် စကော့တလန် တို့တွင် အုတ်မြစ်ချခဲ့သည်။ လူသာရန်(Lutherians)များနှင့် ရင်ဘောင်တန်းလျက် ၎င်းတို့က သမ္မာကျမ်းစာရွတ်ဖတ်ခြင်းနှင့် လေ့လာဆည်းပူးခြင်းများကို အလေးအနက်ထားခဲ့သည်။

တစ်သီးပုဂ္ဂလတစ်ဦးချင်းဆိုင်ရာ ဘုရားဝတ်ကျောင်း(Congregational Church)မှာ ဒေသဆိုင်ရာ နေရာအချို့တွင်ရှိသော ဘုရားဝတ်ပြုကျောင်းများ၏ သီးခြားလွတ်လပ်ခွင့်ကို အလေးအနက်ပြုသည်။

ခရစ်ယာန်များအတွင်းမှ ဝတ်ပြုဆုတောင်းပွဲ အခမ်းအနားပြုလုပ်ခြင်း၏အဓိပ္ပါယ်ကို သိနားလည်နိုင်သောအရွယ်ရောက်သည့်အခါ ကိုယ်ခန္ဓာတစ်ခုလုံးရေနှစ်၍ ယုံကြည်ချက်ကို ပြသစေခြင်းဖြင့် ကလေးသူငယ်အရွယ်ကိုမူ ထိုသို့မပြုသင့်ကြောင်းဟူသော သဘောတရားကို စွဲကိုင်သည့် ခရစ်ယာန်အသင်းတော်များတွင် အသက်ပြည့်သူ နှစ်ခြင်းအသင်းတော်(Baptist Churches)၏ အသင်းဝင်များအပါအဝင်ဖြစ်သည်။ တစ်ချိန်သောအခါက ပတ္တနားမြို့ မိုင်းဂျာမြို့နှင့် ဂယာမြို့(*အိန္ဒိယပြည် ဘီဟာပြည်နယ်ရှိ မြို့အမည်များဖြစ်သည်– ဘာသာပြန်သူ*) (Patna, Monghyr and Gaya)ရှိ နှစ်ခြင်းအသင်းတော်များသည် အင်အားအလွန်တောင့်တင်းခဲ့သည်။ ၎င်းတို့သည် သခင်ယေရှု၏ကျမ်းစာများအနက် ပထမလေးကျမ်း(Mathew, Mark, Luke or John)များအတိုင်း နေရာရွေ့ပြောင်းပြီး အသင်းသားများ စုပေါင်းဝတ်ပြုဆုတောင်းခြင်းကို ယုံကြည်ကြ၏။

ဂျွန်ဝက်စလေ(John Wesley) စတင်ထူထောင်ခဲ့သော မက်သောဒစ်ဘုရားဝတ် ကျောင်းအသင်း(Methodist Churches) ခေါ် သီးခြားအမည်နာမ ပေးထားသည့်အသင်း ဖြစ်သည်။ ယနေ့မျက်မှောက်ခေတ်ကာလတွင် အဆိုပါ မက်သောဒစ်ဝတ်အသင်းတော်များသည် အမေရိကန်တွင် အင်အားအလွန်ကောင်းနေသည်။ အိန္ဒိယပြည်တွင်လည်း "အာရှတိုက်၏

မက်သောဒစ်ဝတ်ကျောင်းတော်"(Methodist Church of Asia) ရှိသည်။

ဂျူးလူမျိုးတို့၏ ကောက်ရိတ်သိမ်းပွဲတော်ဆိုင်ရာ ဝတ်ကျောင်းတော်များအသင်းတော် (Pentecostal Churches)များသည် အမေရိကန်တွင် အင်အားကောင်းမွန်နေဆဲဖြစ်၍ အိန္ဒိယပြည်တွင်လည်း အဆိုပါအသင်းများရှိသည်။ ၎င်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်(The Holy Spirit)၏ လမ်းညွှန်ချက်အတိုင်း ဘုရားရှိကျောင်းဆိုင်ရာ လှုပ်ရှားမှုပြုလုပ်ကြသည်။ ဘုရားရှိခိုးကျောင်းအတွင်း ဝတ်ပြုကိုးကွယ်မှုတွင် အသင်းဝင်များသည် သန့်ရှင်းသော ဝိညာဉ်တော်၏လက်ဆောင်အဖြစ် နိုင်ငံခြားဘာသာစကားဖြင့် ဝတ်ပြုဆုတောင်းကြရန် ခွင့်ပြုထား၏။

## ကယ်တင်ခြင်းတပ်မတော် ဝတ်အသင်း The Salvation Army

ကယ်တင်ခြင်းတပ်မတော်ဝတ်အသင်း The Salvation Army သည် Sacrament ခေါ် ခရစ်ယာန်ဘာသာ ဘုရားဝတ်ပြုကျောင်းတော်အတွင်း လေးနက်တည်ကြည်စွာဖြင့် အခမ်းအနားပြုလုပ်ခြင်းကို သဘောမတူသည့်ပြင်(The Holy Communion)ခေါ် သန့်ရှင်းစွာစုရုံးမှုကိုပါ ကန့်ကွက်လျက် Gospel ခေါ် သခင်ယေရှု၏ ဟောကြားချက်များအနက်မှ လူမှုရေးလုပ်ငန်းဆောင်ရွက်ချက်ကို အလေးထားမှုဖြင့် ဝတ်ပြုသည့်အသင်းဖြစ်သည်။ ဘုရားရှိခိုးကျောင်းအတွင်း စုရုံး၍ တိတ်ဆိတ်ငြိမ်သက်စွာ ဝတ်ပြုဆုတောင်းခြင်းနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်သည့် The Quakers ခရစ်ယာန်များဖြစ်သည်။

Christian Brethren ခေါ် ခရစ်ယာန်ညီနောင်များက သမ္မာကျမ်းစာ၏ အနှစ်သာရအပြည့်ဝဆုံးအပိုင်းနှင့် သခင်ယေရှုက လူသား၏အပြစ်ကြွေးကို မိမိ၏အသက်ခန္ဓာဖြင့် ပေးဆပ်သည့်အနေဖြင့် သေဆုံးခြင်းအပေါ် ယုံကြည်မှုထားရှိခြင်းဖြင့်သာ ဝိညာဉ်လွတ်မြောက်နိုင်သည်ဟူ၍ ပရိုတက်စတင့်ဂိုဏ်းဝင်များ၏ ယုံကြည်ချက်နှင့် ဟောကြားချက်ကိုသာ ကျင့်သုံးသည်။

၁၉၄၈ ခုနှစ်မှ စတင်တည်ထောင်သည့် အသင်းတော်များ၏ ကမ္ဘာလုံးဆိုင်ရာကောင်စီ (The World Council of Churches)သည် ယေရှုခရစ်တော်အား ထာဝရဘုရားသခင်ကဲ့သို့လည်းကောင်း၊ ကယ်တင်ရှင်ကဲ့သို့လည်းကောင်း သစ္စာတည်မြဲမှုအပေါ် အလေးအနက်ထားသည်။

အိန္ဒိယနိုင်ငံအတွင်း အသင်းတော်များညီညွတ်ရေးအဖွဲ့သည် အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင်ရှိသည်။ ထိုအသင်းတော်များညီညွတ်ရေးအဖွဲ့သည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ခရိုင်အလိုက် ရွေးချယ်တင်မြှောက်ထားခြင်းခံရသော ရဟန်းမင်းကြီးများပါဝင်သော သဘာပတိအဖွဲ့မှတဆင့် အုပ်ချုပ်သည်။ ရဟန်းမင်းတစ်ယောက်တွင် လုပ်ငန်းကောင်းမွန်စွာလည်ပတ်နိုင်ရန် အခွင့်အာဏာများပေးထားသည်။ သို့သော် မလိုအပ်ဘဲ လူတစ်ယောက်အား သူတော်စင်အဖြစ် မပြုပေးနိုင်ပေ။

## ခရစ်ယာန်နှင့် ဂျူးဘာသာ Christianity and Judaism

ခရစ်ယာန်ဘာသာသည် ဂျူးဘာသာမှ ခွဲထွက်ဖြစ်ပေါ်လာသည့် ဂိုဏ်းခွဲတစ်ခုဖြစ်သည်။ သို့သော် ခရစ်ယာန်ဘာသာသည် နောက်ပိုင်းကာလတွင် ဂျူးဘာသာနှင့်မတူ ထူးခြားသည့်ဂုဏ်သတင်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဂျူးဘာသာသည် မိုးဇက်ဥပဒေသ(Mosaic Laws)အပေါ် အခြေခံလျက် တိုရ(Torah) ခေါ် မိုးဇက်ဥပဒေသတွင် ဖော်ပြထားသော ထာဝရဘုရားသခင်၏ ဥပဒေသဖြစ်၍ ဟီးဘရူးစာပေ(Hebrew Scriptures)၏ ပထမ ၅ အုပ်ထဲတွင် မှတ်တမ်းတင်ထားသောကျမ်းအား မှီငြမ်းထားသည်။ ဂျူးဘာသာအား ဆန့်ကျင်သောအားဖြင့် ခရစ်ယာန်ဘာသာက လူသားတစ်ရပ်လုံး၏ အပြစ်အနာအဆာအတွက် လျော်ကြေးပေးဆပ်သည့်အနေဖြင့် ခရစ်တော်၏အသက်ကို စတေးခံ သေဆုံးခဲ့ရမှုအပေါ် ယုံကြည်မှုရှိခြင်းအား အလေးထားသည်။ သခင်ယေရှုကိုယ်တိုင်သည်ပင်လျှင် ဖရာစီဘာသာဝင် (Pharisee)တစ်ယောက်ဖြစ်ခဲ့သည်။ ထို့ပြင် ဖရာစီတစ်ယောက်သည် မိုးဇက်ဥပဒေသအား ယုံကြည်ချက်အဖြစ်ထားသည့်ပြင် အထူးသဖြင့် Sabbath ခေါ် ဥပုသ်သီလဆောက်တည်မှုကို ယုံကြည်၏။ သခင်ယေရှုကမူ မည်သို့ပင်ဖြစ်စေ၊ ၎င်း၏ သဘောထားရပ်တည်ချက်ကို လူတစ်ယောက်၏ အတွေ့အကြုံနှင့် အသိဉာဏ်က သူ့အဖို့ရာတွင်

အမြင့်မားဆုံး ဘာသာယုံကြည်ကိုးကွယ်မှု အခွင့်အရေးဖြစ်ပြီး လတ်တလောဖြစ်ပေါ်သည့် ထာဝရဘုရားသခင်၏ အသိဉာဏ်ဖြစ်သည်ဟူ၍ ယုံကြည်သည်။

(၂) ဂျူးဘာသာအဖို့ရာတွင် ထာဝရဘုရားသခင်သည် သနားကြင်နာသည့် တရားသူကြီးတစ်ဦးဖြစ်သည်။ ဤအဆိုအမိန့်ကို ဆန့်ကျင်လျက် ခရစ်ယာန်ဘာသာဝင်တစ်ဦးအဖို့ရာတွင် ထာဝရဘုရားသခင်မှာ ခွင့်လွှတ်ပေးသနားခြင်းဖြင့် ချစ်ခြင်းမေတ္တာထားရှိသူဖြစ်၍ အပြစ်ရှိသူတစ်ဦးအား ကယ်တင်ပေးသူဖြစ်သည်။ ထို့ကြောင့် တရားသူကြီးကဲ့သို့သော ထာဝရဘုရားသခင်၊ ဒုက္ခဝင့်ကြွေးကျေအေးခြင်းအားဖြင့် သနားဂရုဏာချစ်ခြင်းကိုပေးသနားသည့် ထာဝရဘုရားသခင် ဖြစ်သည်။

(၃) ဂျူးလူမျိုးများအနေဖြင့် သခင်ယေရှု၏ Messiah ခေါ် ဂျူးလူမျိုးများအား လွတ်မြောက်ရေးအတွက် ကယ်တင်ပေးမည့်သူဟူ၍ လက်ခံခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ထံ Messiah လာရန် ရှိသောကြောင့် ဖြစ်ပါသည်။

(၄) ဂျူးလူမျိုးများသည် စေတမန်နတ်သားများနှင့် တမန်တော်များအား ယုံကြည်၏။ သို့သော် ထာဝရဘုရားသခင်သည် လူဝင်စားမဖြစ်နိုင်ဟူ၍ ယုံကြည်သည်။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုသည် ဂျူးလူမျိုးများအတွက် တမန်တော်တစ်ဦးပင်လျှင် မဟုတ်သောကြောင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုသည် ထာဝရဘုရားသခင်၏ အကျိုးမဲ့ရာမဲ့ကြောင်း ပြောဆိုဝေဖန်ခြင်းကို လိုလားနှစ်သက်သူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူက ထာဝရဘုရားသခင်နှင့်သူသည် တစ်ပါးတည်းဖြစ်သည်ဟူ၍ ပြောဆိုခြင်းကြောင့်ဖြစ်၏။ ခရစ်ယာန်များအဖို့ရာတွင် သခင်ယေရှုသည် ထာဝရဘုရားသခင် ဝင်စားသူဖြစ်သည့်အပြင် ယခင်အခါပေါ်ထွန်းခဲ့သော တမန်တော်များထက် များစွာပို၍မြင့်မြတ်သည်ဟု ယုံကြည်သည်။

(၅) ဂျူးများအဖို့ရာ ထာဝရဘုရားသခင်သည် အနှစ်သာရအားဖြင့် အားလုံးတို့ထက်သာလွန်မြင့်မြတ်တော်မူသည်။ ခရစ်ယာန်များအဖို့ရာတွင်မူ ထာဝရဘုရား

သခင်သည် အတုမရှိ ကောင်းမြတ်သာလွန်သည်။ သို့ရာတွင် ထာဝရဘုရားသခင် ကိုယ်တော်တိုင် ဘဝအတွင်း ဖွင့်ထုတ်ဖော်ပြခဲ့၏။ သခင်ယေရှု၏ ဟောကြားမှုနှင့် သေဆုံးမှုကို ဖွင့်ထုတ်ဖော်ပြခဲ့သည်။

(၆) ဂျူးလူမျိုးတို့အဖို့ရာတွင် အေဗရာဟမ်(Abraham)နှင့် မိုးဇက်(Moses)တို့သည် အကြီးမြတ်ဆုံးသော တမန်တော်များဖြစ်ကြသည်။ အထူးသဖြင့် ထာဝရဘုရားသခင်နှင့် မျက်နှာချင်းဆိုင် စကားပြောခဲ့ရသော မိုးဇက်(Moses)သည် မဟာတမန်တော်ဖြစ်၏။ မည်သို့ပင်ဖြစ်စေကာမူ ခရစ်ယာန်များကမူ ခရစ်တော်သည် မိုးဇက်ထက်ပို၍မြင့်မြတ်သူဖြစ်သည်ဟူ၍ ခံယူသည်။

(၇) ဂျူးများက လူ့ဘဝသို့ပြန်လည်ဝင်စားသည်ဟုဆိုသော သခင်ယေရှုအား ထာဝရဘုရားသခင်၏သားတော်အဖြစ် လက်မခံပေ။ ထို့ကြောင့် ၎င်းတို့က သုံးပါးပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်(Trinity)ဟူသောအယူအဆ သဘောတရားအပေါ် အခြားသူများကဲ့သို့ပင် ရှုမြင်သည်။

(၈) ဂျူးများက အိမ်ထောင်ရှင်ဘဝကို အလေးအနက်ပြု၍ သဘောထားသည်။ ဤအချက်ကို ဆန့်ကျင်လျက် ခရစ်ယာန်ဘာသာဝင်များကမူ မိမိ၏လူ့ဘဝကို အပျော်အပါး လုံးဝစွန့်လွှတ်၍ ပြင်းထန်စွာခြိုးခြံမှုဖြင့် ကိုယ်ကျင့်တရား စောင့်ထိန်းမှုအား အရေးကြီးသည်ဟုခံယူသည်။ သခင်ယေရှု ကိုယ်တိုင်သည် ပင်လျှင် အိမ်ထောင်ရှင်မဟုတ်သည့်ဘဝဖြင့် ခြိုးခြံစောင့်ထိန်းသူဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ဂျူးဘာသာနှင့် ခရစ်ယာန်ဘာသာတို့တွင် ကစ်ဆူတည်းသော ထာဝရဘုရားသခင်ဟူသော အယူအဆ၊ တရားစီရင်သောနေ့၊ ထက်ကောင်းကင်ဘုံနန်းနှင့် ငရဲခန်းဟူသောအယူအဆ၊ ထာဝရဘုရားသခင်၏ ဖန်ဆင်းရှင်အဖြစ် တူညီသောယုံကြည်ချက်များရှိကြသည်။ အဆိုပါ ဘာသာနှစ်ရပ်လုံးက ထာဝရဘုရားသခင်သည် တမန်တော်များမှတဆင့် ကိုယ်တော်တိုင်အား ပူးမြင်နိုင်စေခြင်းကို တိုးတက်အောင်မြင်မှုရှိစွာဖြင့် ဖော်ထုတ်ခဲ့သည်။ ထို့ပြင် ထာဝရဘုရားသခင်က လူသားအား ဖုန်မှုန့်အတွင်းမှဖန်ဆင်းခဲ့ပြီး ၎င်းအား ကောင်းသော

ကံကိုသော်လည်းကောင်း၊ မကောင်းသော ကံကိုလည်းကောင်း မိမိ၏ဆန္ဒအလျောက် မိမိပြုလုပ်နိုင်သောအခွင့်အရေးကို ပေးထားခဲ့သည်။

●

## ရည်ညွှန်းချက်များ

၁။ ဤနာမဝိသေသနပြုချက်လောက် ထူးဆန်းသော အခြားနာမဝိသေသနပြုချက် မရှိပေ။ တိကျသေချာသောအားဖြင့် ဟိန္ဒူနတ်ဘုရား၏ များစွာသောအမည်နာမများ၌ "နတ်ဘုရားသခင်ရာမ်ဖြစ်သည်"(God is Ram) ဟူ၍လည်းကောင်း၊ "နတ်ဘုရား ခရစ်ရှနားဖြစ်သည်"(God is Krishna) ဟူ၍လည်းကောင်း နာမဝိသေနပြုခြင်းခံရ၏။ သူတို့က နာမဝိသေသနကို ဝိဘတ်ပြောင်းလဲ၍ "ခရစ်ရှနားသည် နတ်ဘုရားဖြစ်သည်"(Krishna is God)ဟူ၍ ပြောနိုင်သည်။ ခေတ်သစ်ခရစ်ယာန်ဘာသာ၏ ထာဝရဘုရားသခင်၏ သဘောသဘာဝကို စနစ်တကျလေ့လာချက်တွင် "သခင်ယေရှုသည် ထာဝရဘုရားသခင်ဖြစ်သည်"(Jesus is God)ဟူ၍ပြောပါက မှားယွင်းမည်ဖြစ်သည်။

၂။ ရိုဘင်ဘွိုက်(Robin Boyd) ရေးသားသည့် အိန္ဒိယလူမျိုး ခရစ်ယာန်ဘာသာဝင်များ၏ ထာဝရဘုရားသခင်၏ သဘောသဘာဝကို စနစ်တကျလေ့လာချက်စာအုပ် စာမျက်နှာ-၇၀။

၃။ အပြစ်ရှိသောလူတစ်ယောက် ပြစ်ဒဏ်ကျခံစေရမည်ဆိုသော အယူအဆအစားရှေးရိုးစွဲ အယူအဆရှိသူ ခရစ်ယာန်များက လူသားတစ်ရပ်လုံး ခံစားရမည့်ဝဋ်ကြွေးကို ပေးဆပ်သည့် အနေဖြင့် ခရစ်တော်က မိမိ၏အသက်ကိုစတေး၍ အသေခံသွားခြင်းအား ထာဝရဘုရားသခင်က လက်ခံလိမ့်မည်ဟူ၍ ယုံကြည်ကြသည်။

၄။ သူတော်စင်တစ်ဦးသည် အခြားလူတစ်ဦးအတွက် ဒုက္ခခံစားရခြင်းကို ခံယူနိုင်သည်ဟူ၍ အိန္ဒိယနိုင်ငံအတွင်း တူညီသောယုံကြည်မှုရှိသည်။ ရာမခရစ်ရှနား(Ramakrishna)သည် အခြားလူတစ်ဦးအတွက် သူ အကျိုးဆောင်ခဲ့ခြင်းဖြင့် သူ၏လည်ချောင်းတွင် ကင်ဆာရောဂါခံစားခဲ့ရသည်ဟု သာဓကအဖြစ်ရေးသားထားသည်။ ဤနည်းလမ်းအတိုင်း ထည့်သွင်းစဉ်းစားလျှင် သူတစ်ပါးအတွက် အသေခံသွားသော သခင်ယေရှု၏ဒုက္ခကို ရှင်းပြနိုင်ပေလိမ့်မည်။ သခင်ယေရှုသည် ကမ္ဘာတစ်ဝှမ်းလုံးအတွက် အပြစ်ကို သူကိုယ်တိုင်ခံယူသွားခဲ့သည်။

၅။ ဘဝအဖြစ်သော်လည်းကောင်း၊ ဗြဟ္မာအဖြစ်သော်လည်းကောင်း၊ ဝင်လေထွက်လေ၏ အရေးပါပုံကို ဥပါနိရှတ်(စ်)ကျမ်းအထိပင် ရေးသားဖော်ပြခဲ့သည်။ (Chh. Up. 7.15;

Kaushitaki 2.1; 3-2)။ ''ဘုရားသခင်ကိုယ်တိုင်သည်ပင်လျှင် ထိုအရာသည် ဝင်လေထွက်လေ အသက်ဝိညာဉ်ဖြစ်ကြောင်း ဉာဏ်ပညာဖြင့် သေချာစွာစဉ်းစား၍ ပြောကြားခဲ့သည်'' (Kaush 3.2)

# အခန်း(၅) CHAPTER - V

# အစ္စလာမ်ဘာသာ ISLAM

**နိဒါန်း**

အစ္စလာမ်ဘာသာသည် တမန်တော်များအား ယုံကြည်ကိုးကွယ်သည့် ဂျူးဘာသာနှင့် ခရစ်ယာန်ဘာသာတို့မှ ခွဲထွက်ပေါ်ထွန်းလာသော ဘာသာယုံကြည်ကိုးကွယ်မှုဖြစ်သည်။ ဂျူးဘာသာနှင့် ခရစ်ယာန်ဘာသာနှစ်ခုလုံးတို့တွင် ပြင်းပြသောဆန္ဒဖြင့် မိမိကိုယ်မိမိ တင်းကြပ်သောစည်းမျဉ်းများရေးဆွဲပြီး ကျင့်သုံးသည့်ယုံကြည်ချက်များရှိကြသည်။ သို့ရာတွင် ဆန့်ကျင်ဘက်အနေဖြင့် အစ္စလာမ်ဘာသာကမူ အလယ်အလတ်လမ်းစဉ်ကို ကျင့်သုံးသည်။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်ဘာသာက လောကီကိစ္စများအား မျက်ကွယ်မပြုပဲ အခြားသောလောကီကိစ္စအဝဝ၏တန်ဖိုးကို အလေးအနက်ထားသောကြောင့်ဖြစ်သည်။ အစ္စလာမ်ဘာသာက ဓမ္မဟောင်းကျမ်းစာ၏ တမန်တော်(၂၅)ဦးကိုလည်းကောင်း၊ ဓမ္မသစ်ကျမ်းစာမှ တမန်တော်(၃)ဦးကိုလည်းကောင်း ယုံကြည်လက်ခံသည်။ မည်သို့ပင်ဖြစ်စေ အစ္စလာမ်ဘာသာသည် တမန်တော်မူဟမ်မဒ်(Prophet Muhammad)အား လူ့လောက တစ်ခုလုံးအတွက် ထာဝရဘုရားသခင်၏ စစ်မှန်ဆုံးသောသတင်းစကားကို တံဆိပ်ခတ်နှိပ်ပေးခဲ့သူ အပြီးသတ်နှင့် နောက်ဆုံးပိတ်တမန်တော် ဖြစ်ကြောင်းလက်ခံသည်။

အစ္စလာမ်ဘာသာကို တမန်တော်မူဟမ်မဒ်(Prophet Muhammad, AD.570-AD.632)စတင်ထူထောင်ခဲ့သည်။ တမန်တော်သည် အသက်အရွယ်(၄၀)နှစ်တွင် ဟီရာတောင်ဂူတစ်ခုအတွင်း တရားကျင့်နေစဉ် တမန်တော် နတ်သားဂျိဘရယ်(Jibrail/Gabriel)မှတဆင့် ပထမဦးဆုံးသော တစ်ဦးတစ်ယောက်မျှ မသိရှိကြသေးသည့် ထာဝရဘုရားသခင်၏ အကြောင်းအရာလျှို့ဝှက်ချက်ကို သိနားလည်ခွင့်ရရှိခဲ့သည်။ အစ္စလာမ်ဘာသာအား ဝတ်ပြုဆုတောင်းမှုပြုသည့် အစောပိုင်းတွင် တမန်တော်သည် အတိုက်အခိုက်များစွာကို ၎င်း၏အသက်အန္တရာယ်ပြုလာသည်အထိ တွေကြုံရင်ဆိုင်ခဲ့ရသည်။ မဆုတ်မနစ်သော ဇွဲသတ္တိဖြင့် အလ္လာအရှင်မြတ်(Allah)အပေါ် ယုံကြည်မှုက ၎င်းအား အခက်အခဲများအားလုံးအပေါ် အောင်မြင်ကျော်လွှားနိုင်ရန်ကူညီခဲ့ပြီး နောက်ဆုံးတွင် သူ၏သာသနာပြုခရီး မပြီးဆုံးသေးမီ လမ်းခုလတ်၌

သူကွယ်လွန်ခဲ့ရှာလေသည်။

"အစ္စလာမ်"ဆိုသည့်အဓိပ္ပါယ်မှာ တစ်ဦးတစ်ယောက်သည် မိမိ၏ဘဝတစ်လျှောက်လုံး (ဝါ)အသက်ရှင်သန်နေသည့် ကာလပတ်လုံး မိမိ၏စိတ်ဆန္ဒအား ထာဝရဘုရားသခင်၏စိတ်ဆန္ဒသို့ အပ်နှံခြင်းဖြစ်သည်။ ဆိုလိုသည့်သဘောမှာ ထာဝရဘုရားသခင်ဥပဒေသများကို ကိုရမ်ကျမ်း (Quoran)၊ ဟာဒိကျမ်း(Hadith)နှင့် နောက်ပိုင်းကာလတွင် ရှာရီရ(Shariah or Sharia) ကျမ်းများ၌ ဖော်ပြထားသည့်အတိုင်း အပြည့်အဝရိုသေကျိုးနွံစွာ လိုက်နာကျင့်သုံးမှုကို ဆိုလိုသည်။ အစ္စလာမ်ဘာသာတွင် လူသားအတွက် ဘာသာကိုးကွယ်ခြင်း၏ အဆုံးတိုင် သတ်မှတ်ချက်တွင် ယုံကြည်ချက်၊ ကိုယ်ကျင့်တရားနှင့် အမှန်အတိုင်းသိနားလည်ခြင်းတည်း ဟူသောအချက်များပါဝင်၏။

ယုံကြည်ချက်ဆိုသည့်အဓိပ္ပါယ်မှာ အလ္လာအရှင်မြတ်တစ်ပါးတည်း(Allah who is one)ဟူ၍ ယုံကြည်ခြင်း၊ အနန္တဉာဏ်ပညာတော်(Omniscient)ဟူ၍ယုံကြည်ခြင်းနှင့် အနန္တ ဘုန်းတန်ခိုးတော်(Omnipotent)ဟူ၍ယုံကြည်ခြင်းတည်းဟူသော သဘောဖြစ်၏။ သူသည် သားတော်လည်းမဟုတ်သလို သူ၏သားတော်လည်း မဟုတ်ပေ။* မူဆလင်တစ်ယောက်က တကယ့်အစစ်အမှန်တရားသည် ထာဝရဘုရားတစ်ပါးတည်းရှိ၏ဟု ယုံကြည်သည်။ လူသားနှင့် ဖန်ဆင်းထားသောအရာအားလုံး ဖြစ်ပေါ်လာရခြင်းမှာ ထာဝရဘုရားသခင်၏ ဆန္ဒအတိုင်းသာ ဖြစ်ပေါ်နေရခြင်းဖြစ်သည်။ ဖြစ်ပေါ်နေသော အရာခပ်သိမ်းတို့၏ တစ်ဦးတည်းသောဖန်ဆင်းရှင်မှာ ထာဝရဘုရားသခင်သာလျှင်ဖြစ်သည်။ ထို့ပြင် ထာဝရဘုရားသခင်၏ ဂုဏ်တော်၊ တန်ခိုးတော်၊ လက္ခဏာရသတို့ကို ထင်ရှားစွာသိနားလည်စေနိုင်၏။ လူသားအား ၎င်း၏လွတ်လပ်သောစိတ် ဆန္ဒနှင့်တကွ ထာဝရဘုရားထံ သူ၏လွတ်လပ်သောစိတ်ဆန္ဒအတိုင်း အပ်နှံခြင်းဖြင့် ထာဝရဘုရား သခင်၏ ထိုက်တန်မှန်ကန်သော တပည့်သာဝကဖြစ်လာစေရန် ဖန်ဆင်းတော်မူခဲ့သည်။ (Sura 51.56)။ တမန်တော်မူဟာမ်မဒ်(Prophet Muhummad)မှတဆင့် အလ္လာအရှင်မြတ်၏ တရားတော်ဒေသနာအား တုံ့ပြန်ခြင်းအားဖြင့် ထာဝရဘုရားသခင်အပေါ်ယုံကြည်ချက်ကို သိရှိ

* သခင်ယေရှုမှာ ထာဝရဘုရားသခင်၏သားတော်ဖြစ်သည်ဆိုသော ခရစ်ယာန်ဘာသာဝင်တစ်ဦး၏ ယုံကြည်ချက်နှင့် အလွန်ဆန့်ကျင်လျက်ရှိသည်။ အမှန်စင်စစ်အားဖြင့် ယခုအချိန်အခါတွင် ခရစ်ယာန်ဘာသာဝင်များက လက်မခံနိုင်သော ရှေးရိုးစဉ်လာဘိုးဘွားဘိဘင်တို့၏ ထင်မြင်ချက်ဖြင့် ယုံကြည်လာခဲ့ကြသော ဒဏ္ဍာရီဖြစ်သည်။

မှတ်သားရသည်။ ဓမ္မသစ်ကျမ်းစာကပြောထားသကဲ့သို့ ကျင့်ကြံအားထုတ်မှု မပါသော ယုံကြည်မှုသက်သက်သည် သေသူနှင့်တူ၏။ မူဆလင်တစ်ဦး၏ဘဝတွင် ကျင့်ကြံနေထိုင်မှုကို အပြည့်အဝ စံနမူနာပြထားသည့်အပြင် တမန်တော်၏ ဟောကြားချက်နှင့် "အစ္စလာမ်ဘာသာ၏ မဏ္ဍိုင် ငါးရပ်" (Five Pillars of Islam)က သွန်သင်ဆုံးမထားသည်။ ၎င်းတို့မှာ-

(၁) နေ့စဉ်ငါးကြိမ်ဝတ်ပြုခြင်း၊

(၂) ရာမာဒန်ဥပုသ်သီတင်းဆောက်တည်ခြင်း၊

(၃) မက္ကာသို့သွားရောက်ပြီး ဟာဂျီပွဲခံယူခြင်း၊

(၄) ဇကတ် ခေါ် ပေးကမ်းစွန့်ကြဲခြင်းနှင့်

(၅) ဝစီကံမြောက်နှုတ်ဖြင့်ပြောဆို၍ ခလီမာအား တမ်းတခြင်း

"လာ အီလာဟာ အီလီလာဟူ မူဟာမ်မဒ် အာ-ရာလာဆူလ် အလ္လာ"

"ထက်ကောင်းကင်ရွှေဘုံနန်းနှင့် ကမ္ဘာမြေတစ်ဝှမ်းလုံးကို ဖန်ဆင်းတော်မူသော ထာဝရဘုရားသခင်သည် တစ်ဆူတည်းသာ ဤလောကမှာရှိပါ၏။ ထို့ပြင်တာဝ မူဟာမ်မဒ်သည် သူ၏တမန်တော်ဖြစ်ပါ၏။" (Sura 2:21-22)

အလ္လာအရှင်၏ တရားစစ်ဆေးမည့် ပလ္လင်ရှေ့မှောက်တွင် လူသားသည် မိမိပြုခဲ့မိသော အမှုကိစ္စအားလုံးအတွက် ကိုယ်တိုင်ကိုယ်ကျ ပါဝင်စစ်ဆေးခံရမည်။ ဆိုလိုသည်မှာ တရားစစ်ဆေးသည့်နေ့တွင် ထက်ကောင်းကင်ရွှေဘုံနန်း(Heaven)နှင့် ငရဲခန်း(Hell)သည် ဘဝ၏ အနာဂတ်ကာလတွင် မူတည်လျက်ရှိ၏ ဟူ၍ဖြစ်သည်။ (Surah 6.160; 17: 34-34)။ သို့ဖြစ်၍ လူသားသည် ကောင်းသောအမှုနှင့် မကောင်းသောအမှုကို ကြိုက်သလိုရွေးချယ်ရန် လွတ်လပ်သောဆန္ဒဖြင့် ပေးအပ်ထားခြင်းခံရသည်ဟု ယူဆရသည်။

ထို့ကြောင့် ရှရီရာ(Sharia)လောကနီတိကျမ်းစာက မူဆလင်တစ်ယောက်အား ၎င်း၏လူသားဘဝ လိုက်နာရမည့် စည်းကမ်းနည်းလမ်းများကို အသေးစိတ်ဖော်ပြလျက် သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။

အမှန်တရားကို နားလည်သိရှိမှတ်သားခြင်း(Realization)၊ ခလီမာတွင် လူတစ်ယောက်၏ ယုံကြည်ချက်နှင့် မဏ္ဍိုင်ငါးရပ်အား လိုက်နာသည့်အပိုင်းကို ဖော်ပြခြင်းအားဖြင့်

မူဆလင်တစ်ယောက်သည် ၎င်း၏ နောက်ဆုံးခရီးပန်းတိုင်(Final Destiny)ကို သိရှိ၏။ အမှန်တရားကို သိရှိနားလည်ခြင်းဆိုသည့်အဓိပ္ပါယ်မှာ လူတစ်ဦးတစ်ယောက်သည် မိမိ၏ စိတ်ဆန္ဒကို ထာဝရဘုရား၏ဆန္ဒအတွင်းသို့ အပ်နှံသောနည်းလမ်းဖြင့် ဘာသာရေးကြည်ညို လေးစားမှု တိုးတက်လာသည်။ ထာဝရဘုရားသခင်က သူ့အားမြင်တွေ့နေသည်ဟူသော သိရှိသဘောပေါက်မှု အပြည့်အဝဖြင့် သူကလည်း ဘုရားသခင်ရှေ့တော်မှောက်ရောက်ရှိခြင်းကို သိမြင်သဘောပေါက်ခြင်းနှင့်အတူ ကိုယ်နှုတ်အမူအရာများကို စောင့်ထိန်းခြင်းအားဖြင့် ဤကိစ္စကို လုပ်ဆောင်နိုင်၏။

ယခုကျွန်ုပ်တို့သည် အသိဉာဏ်ပညာဖြင့် နှလုံးသားမှဖြစ်လာသည့် ယုံကြည်မှုနှင့် ကိုယ်နှုတ်အမူအရာ လိမ္မာယဉ်ကျေးလာခြင်းနှင့်တကွ အစ္စလာမ်ဘာသာ၏မဏ္ဍိုင်ငါးရပ်သို့ ခရီးဆက် လေ့လာကြည့်ကြပါစို့။

## အစ္စလာမ်ဘာသာရေးယုံကြည်ချက်အရ မဏ္ဍိုင်ကြီးငါးရပ်
## Five Pillars of Islamic Faith

ကိုရမ်ကျမ်းစာ(Quoran)၊ ဟာဒီကျမ်းစာ(Hadith)၊ ရှရီရ(Sharia)ကျမ်းစာများကို သိရှိနားလည်ယုံသက်သက်မျှဖြင့် လူတစ်ယောက်သည် မူဆလင်တစ်ယောက် ဖြစ်မလာနိုင်ပေ။ မူဆလင်တစ်ဦးသည် ကိုရမ်ကျမ်းကို ယုံကြည်ရမည်။ ထို့ပြင် ၎င်း၏စိတ်၊ အသက်ခန္ဓာနှင့်ခွန်အား များအားလုံးသည် တမန်တော်နှင့်အတူတကွရှိနေရမည်။ သဒ္ဓါတရားထက်သန်သော ယုံကြည်မှု တစ်ခုဖြစ်ကြောင်း ၎င်း၏ကိုယ်နှုတ်အမူအရာတွင် ပြသနေသည်။ ယုံကြည်ချက်ဆိုသောအဓိပ္ပါယ်ကို ခလီမားတွင် ဖော်ပြခဲ့ပြီးဖြစ်ရာ ၎င်း၏ဆိုလိုရင်းမှာ – "လာ အီ လာ ဟာ အီလီလာဟု မူဟမ်မဒ် အာ–ရာဆူလ်အလ္လာ" ဖြစ်သည်။

**အဒ္ဒမ်နှင့် ဝတ်ပြုဆုတောင်းမှု(Adam and Prayers)။** အဒ္ဒမ်ဟူသောအဓိပ္ပါယ် မှာ "ကြေညာချက်"(Announcement) ဖြစ်သည်။ သို့သော် တကယ့်စစ်မှန်သောအဓိပ္ပါယ်မှာ မြူဇင်(Muezzin)က ဝတ်ပြုဆုတောင်းမည့် မူဆလင်တစ်ဦးအား နိဗ္ဗာန်ဆော်အသိပေး ဖိတ်ခေါ်ခြင်းဖြစ်သည်။ ဤသို့ဖိတ်ခေါ်ချက်ကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်–

''ထာဝရဘုရားသခင်သည် အမြင့်မားဆုံးနေရာတွင်ရှိသည်။ နတ်ဆိုသောအရာ မရှိပါ။ ထာဝရဘုရားသခင်သာရှိပါသည်။ ထို့ပြင် မူဟမ်မဒ်ဆိုသူ ထာဝရဘုရားသခင်၏ တမန်တော်ရှိပါ၏''ဟူ၍ဖြစ်သည်။ အဒ္ဒမ်သည် အလွန်အရေးပါသောကိစ္စဖြစ်ပြီး မွေးဖွားလာသည့်ကလေး၏ နားထဲဝင်အောင် ပြောကြားရမည်။

မူဆလင်တစ်ယောက်သည် တစ်နေ့တာကာလအတွင်း ၎င်း၏ဝတ်ပြုဆုတောင်းမှုကို (၅)ကြိမ် ပြုလုပ်ရမည်။ ဤအဓိပ္ပါယ်မှာ မူဆလင်တစ်ယောက်သည် တစ်နေ့တာအဖို့ရာ နံနက်အရုဏ်တက်အချိန်မှ ညအိပ်ယာဝင်သည့်အချိန်ထိ အစ္စလာမ်ဘာသာရေးယုံကြည်ချက်ကို သူကိုယ်တိုင် ချစ်မြတ်နိုးမှုရှိသည်ဟူသော အဓိပ္ပါယ်ဖြစ်သည်။ သဘာဝကျစွာဖြင့်ပင် မူဆလင်တစ်ယောက်သည် ၎င်း၏ဝတ်ပြုဆုတောင်းမှုများကြောင့် တားမြစ်ထားသော ဘာသာရေးစည်းကမ်းဥပဒေများကို လိုက်နာခြင်းဖြင့် လုပ်ဆောင်ရန် ၎င်း၏ဆုံးဖြတ်ချက်သည် ၎င်းအားစိတ်ချမ်းသာမှုကိုပေးသည်။ ဘာသာရေးကျင့်ဝတ်သိက္ခာများကို လစ်လျူရှုလျက် လောကီရေးရာရုပ်ဝတ္ထုကမ္ဘာလောကအတွင်း လှည့်လည်ကျက်စားနေသော စိတ်ထဲမှစဉ်းစားမှုများအား ဝတ်ပြုဆုတောင်းမှုများက ထိန်းကျောင်းပေးရန် ရည်ရွယ်ပါသည်။

အဝတ်အစားများကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်၍လည်းကောင်း၊ ကိုယ်နှင့် စိတ်ကိုဖြူစင်သန့်ရှင်းအောင် ပြုလုပ်၍လည်းကောင်း ဝတ်ပြုဆုတောင်းမှုများ ပြုလုပ်ရမည်။ မူဆလင်တစ်ဦးသည် ဝူဒူး(Wudu)ဟုခေါ်သည့် သာမန်အားဖြင့် ပြင်ပအစိတ်အပိုင်းများကို ဆေးကြောသုတ်သင်သန့်ရှင်းရန် လိုအပ်ပါသည်။ ထို့နောက် အလ္လာအရှင်မြတ်၏နာမတော်အား ထုတ်ဖော်ပြောကြား၍ ချစ်ခြင်းမေတ္တာနှင့် သနားခြင်းဂရုဏာကို ပေးသနားရန်တောင်းခံရမည်။ သူသည် အလ္လာအရှင်မြတ်၏ ပလ္လင်ရှေ့မှောက်တွင်ရပ်နေသကဲ့သို့ မတ်တပ်ရပ်ပြီး သူ၏ကျူးလွန်မှုနှင့် အမိန့်မနာခံသည့် အပြုအမူများအတွက် ခွင့်လွှတ်ပေးသနားရန် တောင်းပန်ခြင်းနှင့် အစ္စလာမ်ဘာသာအရ ထာဝရဘုရားသခင်အားသိနိုင်ရေး ဘုရားသခင်က ကူညီပေးရန်တောင်းခံရမည်။ ဝတ်ပြုဆုတောင်းခြင်းကို ''ဘစ်စ်မီလာ''(Bismillah)*ဟူသော စကားရပ်ဖြင့် စတင်ရသည်။

---

* *Bismillah -ဟူသောအဓိပ္ပါယ်မှာ အင်္ဂလိပ်လို(Good, the most meciful and compassionate)ဖြစ်ပြီး မြန်မာလို ''သနားကြင်နာဂရုဏာနှင့် ချစ်ခြင်းမေတ္တာထားရှိသောထာဝရဘုရားသခင်''ဟူ၍ဖြစ်သည်။*

တစ်နေ့တာအဖို့ရာ ဝတ်ပြုဆုတောင်းမှုပြုရသည့်အကြိမ်တိုင်း ကိုရမ်ကျမ်းစာ ပထမဆုရဉ္စ်ပါရှိသော အာလ်ဖာသီဟာ(the al-fathiha, the first sura of Quoran) ဖြစ်ပြီး ထက်ကောင်းကင်ဘုံ နန်း(Heaven)နှင့် ကမ္ဘာတစ်ဝှမ်း(Earth)နှင့် စိတ်ဓါတ်ခွန်အား(Strength)ကို ဖန်ဆင်း ပေးတော်မူသော ထာဝရဘုရားသခင်ဟူ၍ ချီးမွမ်းသောစကားရပ်ဖြစ်သည်။ ထိုစကားရပ်အား အစ္စလာမ်ဘာသာလမ်းမှန်ပေါ်လျှောက်လှမ်း နိုင်ရန်အလို့ငှာ ထာဝရဘုရားသခင်ထံမှ နာကြား မှတ်သားထားခြင်းဖြစ်သည်။

မူဆလင်တစ်ယောက်သည် မိမိ၏ဝတ်ပြုဆုတောင်းမှုပြုရာ၌ ထာဝရဘုရားသခင်ထံ အပ်နှံသည့်အမှတ်သင်္ကေတအဖြစ် ပုံစံအမျိုးမျိုးဖြင့် ဝတ်ပြုရမည်၊ ၎င်းပုံစံအမျိုးမျိုး အနေအထားကို ရက္ကာ(Raka)ဟုခေါ်သည်။ မူဆလင်တစ်ဦး ဝတ်ပြုဆုတောင်းခြင်း၏ ပုံစံအနေအထားအမျိုးမျိုး (တ္တရိယာပတ္ထ=ဗုဒ္ဓဘာသာ)သည် ယောဂကျင့်စဉ်(ဟိန္ဒူဘာသာ)မှ အာသန(asana)တ္တရိယာ ပတ္ထကို နမူနာယူထားခြင်းဖြစ်သော်လည်း ၎င်းတို့၏ရည်ရွယ်ချက်မှာမူ ကွဲပြားခြားနားပါသည်။ နေ့စဉ်(၅)ကြိမ် ဝတ်ပြုဆုတောင်းရပါသည်။ ပထမဆုံးသောဆုတောင်းမှုကို နံနက်နေအရုဏ်တက် ချိန်တွင် ပြုလုပ်ရပါမည်။ အဆိုပါတစ်နေ့တာ၏ ပထမဆုံးသောဝတ်ပြုခြင်း၌ ဒူးကို နှစ်ကြိမ် ထောက်ရန်နှင့် ပြီးဆုံးသည့်အခါ ထိုင်ချပြီး ထာဝရဘုရားသခင်ကို အလေးပြုသည့်ပုံစံဖြင့် ယာဘက်လက်ကို နဖူးတွင်ကပ်ထားလိုက်ရသည်။ တစ်နေ့တာ၏ ဒုတိယအကြိမ်ဝတ်ပြုရသည့် အချိန်မှာ နေမွန်းတိမ်းချိန် (နေ့ ၁၂ နာရီ ထိုးပြီးနောက် ညနေ ၂ နာရီ မထိုးမီအချိန်) ဖြစ်သည်။

တစ်နေ့တာ၏ တတိယအကြိမ်နှင့် စတုတ္ထအကြိမ်ဝတ်ပြုခြင်းကိုမူ ညနေပိုင်း နေမဝင်မီ အချိန်အတွင်း ပြုလုပ်ရသည်။ ယင်းညနေပိုင်း ဝတ်ပြုရာတွင် ဒူးကိုလေးကြိမ်ထောက်၍ ဝတ်ပြုရသည်။ နံနက်စောစောအချိန်ဝတ်ပြုခြင်းတွင် ဒူးကို သုံးကြိမ်ထောက်၍ ဝတ်ပြုရသည်။ ညနေပိုင်းနောက်ဆုံးအကြိမ် ဝတ်ပြုခြင်းကို မှိတ်တုတ်မှိတ်တုတ်ကြယ်ကလေးများ ပျောက်ကွယ် သွားချိန် အိပ်ယာမဝင်မီပြုလုပ်ရသည်။ ယင်းဝတ်ပြုရာတွင် ဒူးကို လေးကြိမ်ထောက်၍ ဝတ်ပြု ရသည်။

တစ်နေ့လျှင် ငါးကြိမ်ဝတ်ပြုဆုတောင်းခြင်းက ဝတ်ပြုဆုတောင်းသူအား ထက်ကောင်း ကင်ဘုံနန်းသို့ တက်လှမ်းနိုင်သည့်သော့အဖြစ် အထောက်အကူပြုသည်။ မူဆလင်တစ်ယောက်

သည် ဘာသာရေးကြည်ညိုလေးစားသဖြင့် အခြားစည်းကမ်းသတ်မှတ်ချက်များအား လိုက်နာယုံမျှဖြင့် ဝတ်ပြုဆုတောင်းခြင်းမပြုပါက သူသည် ထက်ကောင်းကင်ရွှေဘုံနန်းသို့ တက်လှမ်းရမည်မဟုတ်ပေ။ ထို့ကြောင့် နှုတ်တက်ရွရွ ရွတ်ဆိုဆုတောင်း ဝတ်ပြုခြင်းကသာလျှင် အစ္စလာမ်ဘာသာယုံကြည်မှု၏ အနှစ်သာရဖြစ်တော့၏။

ဒေါက်တာအစ်ခ်ဘားလ်(Dr. Iqbal)၏ အဆိုအရ ဝတ်ပြုဆုတောင်းသူတစ်ယောက်သည် ရုပ်ထွေးပူလောင် လောကလူ့ဘောင်၏ ကျဉ်းမြောင်းကြပ်တည်း ပါဝင်ပတ်သက်မှုအသီးသီးကို ခဏတာမျှပယ်ခွာချပြီး ကျယ်ဝန်းသော အမြင်၊ မြင့်မားသောအသိဖြင့် သူ၏ဘဝအား ထိန်းကျောင်းထား၏။ ဘဝ၏ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုအပေါ် သာယာနေမှုအားရှောင်ရှားလျက် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ မြင့်မားလာသောဘဝသို့ ဝင်ရောက်လာ၏။ သီးခြား ပုဂ္ဂလိကအနေဖြင့် ဝတ်ပြုဆုတောင်းခြင်းများအတွက် ထပ်ဆင့်တင်ပြရာတွင် သောကြာနေ့ဝတ်ပြုဆုတောင်းခြင်း၊ အစ်ဒ် အယ်ဖာတာ(Eid-al-Fitr)နှင့် အစ်ဒ်-အယ်လ်-အက်ဒ်ဟာ(Eid-al-adha)ပွဲတော်များတွင် ပို၍ကြီးကျယ်များပြားသော ဘာသာဝင်များစုပေါင်း၍ ဝတ်ပြုဆုတောင်းခြင်းသို့ အထူးတလည် ပါဝင်၍ ကောင်းမှုပြုရာရောက်၏။ ဘာသာရေးအလို့ငှာ စုဝေးနေကြသော လူတစ်စုအတွင်း ပေါင်းစုသောစိတ်ဓါတ်ဖြင့် ပါဝင်ဆင်နွဲဆောင်ရွက်ခြင်းအားဖြင့် ဘဝ၏လိုအပ်သော အချက်တစ်ခု ဖြစ်သည်။ ထို့ကြောင့် ဝတ်ပြုကိုးကွယ်နေသူ၏ ဖြစ်ပေါ်လာသောစိတ်စွမ်းအင်က ကုသိုလ်ကောင်းမှု ပြုလိုသောဘဝတစ်ခု၏ လိုအင်ဆန္ဒကိုထပ်လောင်း၍ လျင်မြန်စွာရရှိသည်။

သီးခြားပုဂ္ဂလိက အနေအားဖြင့်သော်လည်းကောင်း၊ ဗလီအတွင်း စုပေါင်း၍သော်လည်းကောင်း၊ ဝတ်ပြုဆုတောင်းသူ မူဆလင်တိုင်းသည် ၎င်း၏မျက်နှာကို ကဘာ(Kaba)သို့ ရှေးရှုထားရ၏။ ဤအချက်က မူဆလင်များအချင်းချင်း ပေါင်းစည်းညီညွတ်ခြင်းကို ပို၍သေချာကျနစွာဖြစ်ပေါ်စေ၏။ ထိုနည်းအတိုင်းပင်လျှင် စကားလုံးအသုံးအနှုန်းများ၊ ၎င်းတို့အသံ အနေအထားနှင့် ဝတ်ပြုသည့်ပုံစံအနေအထားတူညီမှုဖြင့် အလ္လာအရှင်မြတ်၏သစ္စာကို စောင့်သိရိုသေစွာဖြင့် အစ္စလာမ်ဘာသာဝင် ညီအစ်ကိုများအားလုံးတို့၏အတွင်း၌ အဆင့်အတန်း တူညီမှုရှိခြင်းကို ညွှန်ပြပေးထားသည်။ ဤနည်းအားဖြင့် အစ္စလာမ်ဘာသာသည် ဇာတ်ခွဲခြားသည့်စနစ်ကို ဦးစားမပေးသည့်အပြင် ဘုန်းတော်ကြီးလူတန်းစားအားလည်း ခွင့်ပြုချက်

မပေးထားပေ။ (Surah 2:179-183)

**ရာမာဒမ်ဥပုသ်သီလစောင့်ထိန်းခြင်း(Observance of Ramadan Fast)**။ အများအားဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုများသည် ကာယအားဖြင့် နှစ်သက်စွဲလမ်းမှုများနှင့် လှုပ်ရှားပြေးလွှားနေတတ်သော စိတ်မငြိမ်သက်မှုများကို ထိန်းချုပ်ရန်အလို့ငှာ ဥပုသ်သီလစောင့်ထိန်းခြင်းကို ပြဋ္ဌာန်းသတ်မှတ်ထားသည်။ အစ္စလာမ်ဘာသာတရားတော်အရ ရာမာဒ်မ် ဥပုသ်လအတွင်း စိတ်ကိုဖြူစင်သန့်ရှင်းစေရန်နှင့် တစ်ဦးတစ်ယောက်၏ အပြစ်အနာအဆာများကို ပြေပျောက်စေရန် ဥပုသ်သီလစောင့်ထိန်းမှုက ကူညီပေးသည်။ (Surah 2: 179-183)။ ရာမာဒမ်ဥပုသ်လကို မူဆလင်ပြက္ခဒိန်အရ ကိုးလပိုင်းတွင် ပြုလုပ်ရသည်။ အသက်အရွယ် အလွန်ကြီးရင့်သူများ၊ ကျန်းမာရေးချို့တဲ့သူများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် ကလေးသူငယ်များမှလွဲ၍ မူဆလင်တိုင်း ဥပုသ်သီလစောင့်ထိန်းရသည်။ ရာမဒမ်ဥပုသ်လအတွင်း မူဆလင်တစ်ဦးသည် နေ့စဉ်အရုဏ်တက်ချိန်မှစ၍ နေဝင်သည့်အချိန်ထိ အစားအစာစားသုံးခြင်းနှင့် ရေသောက်ခြင်းကို ရှောင်ကျဉ်ရပါသည်။ သူသည် ဥပုသ်ပြုနေစဉ်အတွင်း လိင်ဆက်ဆံခြင်းနှင့် ဆေးလိပ်သောက်ခြင်းကိုလည်း ရပ်နားထားရပါသည်။

> ''ရာမာဒမ်ဥပုသ်လအတွင်း ထက်ကောင်းကင်ရွှေဘုံနန်း၏ တံခါးပေါက်များပွင့်၍ ငရဲဘုံတံခါးပေါက်များ ပိတ်ထား၏။ ထို့အပြင် မကောင်းဆိုးဝါးဒုစရိုက်တရားများ၏ စွမ်းအားများလျော့နည်း၏။''

ဥပုသ်သီလဆောက်တည်ခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်းတွင် အလွန်အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်၏။ ဥပုသ်သီလစောင့်ထိန်းသူသည် အနည်းဆုံးအားဖြင့် အလွန့်အလွန် အရေးကြီးသော ရောင့်ရဲတင်းတိမ်မှုနှစ်ခု ရရှိသည်။ ပထမဆုံးအနေဖြင့် ဥပုသ်လ၏နောက်ဆုံးရက်တွင် ၎င်း၏ တိုးပွားများပြားလျက်ရှိသော စားသောက်လိုသည့်ဆန္ဒ ပြင်းပျလျက်ရှိသောကြောင့် အစားအစာနှင့် အစာရေစာသုံးဆောင်မှုကို အပြည့်အဝကျေနပ်မှုရရှိစေသည်။ ဒုတိယအချက်မှာ သူ၏ဘဝ ဘာသာယုံကြည်ချက် တိုးတက်လာခြင်းအပေါ် အားရပျော်ရွှင်မှု ဖြစ်ပေါ်လာစေ၏။ သူသည် မိမိအား ဥပုသ်သီလကို အောင်မြင်စွာဆောက်တည်နေရေး

စိတ်ဓါတ်ခွန်အား ပေးသနားတော်မူသော ထာဝရဘုရားသခင်နှင့် နီးကပ်လာပြီဟူသောခံစားချက် ရရှိသည်။ သူသည် စွဲငြိတွယ်တာနေသည့် အနိမ့်စားသံယောဇဉ်တရားကို ထိန်းချုပ်ထားခြင်း အားဖြင့် အစားအသောက်အပေါ် အာရုံမပြုပဲ မိမိကိုယ်မိမိ ထိန်းချုပ်နိုင်သည့် အတွေ့အကြုံကို ရရှိသည်။ နေ့စဉ်ငါးကြိမ် ဝတ်ပြုဆုတောင်းခြင်းများက ၎င်း၏နေ့စဉ်ဘဝ အလုပ်ကိစ္စအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စိတ်ဓါတ်ခွန်အားကိုပေးသည်။

ရာမာဒမ်ဥပုသ်လတစ်လလုံး အပြည့်အဝ ဥပုသ်သီလစောင့်ထိန်းသော မူဆလင် တစ်ယောက်အား ၎င်း၏ကိုယ်ကာယ ကျန်းမာသွက်လက်ဖျတ်လတ်မှု ရရှိစေယုံမျှသာမက စိတ်ဓါတ်ခွန်အားကိုလည်း ရရှိစေသည်။ တစ်လအတွင်း မိမိ၏အာရုံများကို ထိန်းချုပ်ထားနိုင်သူ တစ်ယောက်သည် ကျန်သည့်တစ်နှစ်တာမျှကာလကိုလည်း အလားတူထိန်းချုပ်နိုင်ရန် အလားအလာရှိသည်။ ဥပုသ်လအတွင်း အစ္စလာမ်ဘာသာ ယုံကြည်ကိုးကွယ်သူတစ်ဦးသည် ဇကတ်နှင့် ဆဒ္ဒက(Zakat and Sadaqa)ခေါ် ပေးကမ်းစွန့်ကြဲခြင်း ပြုလုပ်ရမည်။

ရာမာဒမ်က မူဆလင်များအား ၎င်းတို့၏ဘဝ ရှင်သန်ရပ်တည်နေသည့်ကာလများ အတွင်း ယစ်ပူဇော်ခြင်းနှင့် မိမိစိတ်ကို ထိန်းချုပ်ခြင်းအားဖြင့် နူးညံ့သိမ်မွေ့စေသည့်အပြင် စည်းကမ်းထိန်းတတ်သူ ဖြစ်စေသည်။ နောက်ဆုံးအနေဖြင့် မူဆလင်တစ်ယောက်သည် သူ၏စိတ်ဆန္ဒကို ထာဝရဘုရားသခင်ထံအပ်နှံခြင်းဖြင့် ထာဝရဘုရားသခင်က သူ့ထံသို့ ကြွရောက်တော်မူလာ၏။ ထိုအကြောင်းကြောင့် ဆက်လက်ဖြစ်ပေါ်လာရသည့် အကျိုးဆက်မှာ မူဆလင်တစ်ယောက်သည် သူ၏စိတ်ဆန္ဒကို ဘုရားသခင်ထံအပ်နှံခြင်းဖြင့် ထာဝရဘုရားသခင်က သူ့ထံသို့ ကြွရောက်တော်မူလာ၏။ ထိုအကြောင်းကြောင့် ဆက်လက်ဖြစ်ပေါ်လာရသည့် အကျိုး ဆက်မှာ မူဆလင်တစ်ယောက်သည် ရာမာဒမ်ဥပုသ်လ ကုန်ဆုံးချိန်ရောက်သောအခါ အစ်-အယ်-ဖာတာ ပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲရသည်။

**ဇကတ်(Zakat)**။ အစ္စလာမ်ဘာသာက ၎င်း၏ယုံကြည်ကိုးကွယ်သူများအား ဘဝ၏ ကောင်းမြတ်ချမ်းသာမှုများဖြင့် ထာဝရဘုရားသခင်ထံ ဝတ်ပြုဆုတောင်းမှုများနှင့် ရာမာဒမ်လ ဥပုသ်သီတင်းဆောက်တည်ခြင်းတို့ကို ခွင့်ပြုထားပါ၏။ သို့သော် စီးပွားရေးအောင်မြင် သောမူဆလင်များသည် ၎င်းတို့ကျင်လည်ရသောပတ်ဝန်းကျင်သို့ အပြန်အလှန် အကျိုးကျေးဇူး

ဖြစ်ပါစေသည်။ ဝတ်ပြုဆုတောင်းမှုတွင် မူဆလင်တစ်ယောက်က ၎င်း၏တာဝန်ကို ထာဝရဘုရားသခင်ထံ တဖန်ပြန်လည်၍ တင်ပြအတည်ပြုချက်ယူရမည်။ သို့သော် ၎င်း၏တာဝန်ကို သူ၏ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းသို့ မျှတစွာခွဲဝေပေးရသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် အမှန်တကယ်လိုအပ်သူများသို့ ခွဲဝေပေးရမည်။ ဂျူးဘာသာ၏ ဝလေ့ထုံးစံအစဉ်အလာမှာ ဂျူးလူမျိုးတစ်ယောက်သည် သူ၏ကြွယ်ချမ်းသာမှု၏ ဆယ်ပုံတစ်ပုံ၊ ၁၀% ကို ငွေကြေးဖြင့်ဖြစ်စေ၊ ပစ္စည်းဥစ္စာဖြင့်ဖြစ်စေ မျှဝေပေးကမ်းရမည်။ ဇကတ်၏အဆိုအရ မူဆလင်တစ်ယောက်သည် ဆင်းရဲနွမ်းပါးသူနှင့် အမှန်တကယ်လိုအပ်သူများအတွက် ၎င်း၏ဝင်ငွေထဲမှ ၂.၅ မှ ၅ အထိ ပေးဆောင်ရပါမည်။ ဤပေးဆောင်မှုကို ဆင်းရဲသူများအတွက် ဘာသာရေးဆိုင်ရာတာဝန်အနေဖြင့် အမြတ်တော်ကြေးပေးဆောင်မှုဟူ၍ ခေါ်ဆိုနိုင်ပါသည်။ ဇကတ်သည် နေ့တိုင်းတစ်နေ့ငါးကြိမ် ဝတ်ပြုဆုတောင်းမှုများ အရေးကြီးသကဲ့သို့ပင် အရေးကြီးပါသည်။ ဤပေးကမ်းစွန့်ကြဲမှုသည် ချမ်းသာကြွယ်ဝသူပေးထားရသည့် ဘာသာရေးဆိုင်ရာ ကတိသစ္စာတစ်ခုဖြစ်သည့်အပြင် တစ်ချိန်တည်း၌ပင် ချမ်းသာကြွယ်ဝသူများထံ ဆင်းရဲချို့တဲ့သူများ၏ အသနားခံတောင်းပန်မှုများလည်းရှိသည်။ အာရပ်လူမျိုးများမှာ များသောအားဖြင့် သိုးထိန်းသူနှင့် နွားကျောင်းသူများ ဖြစ်ကြသည့်အားလျော်စွာ ၎င်းတို့က ဇကတ်ပေးကမ်းမှုကို သိုး၊ ဆိတ်သို့မဟုတ် နွားဖြင့် ပေးကမ်းကြသည်။

ဇကတ်ပေးကမ်းစွန့်ကြဲမှုအပြင် အခြားနည်းဖြင့် ပေးကမ်းစွန့်ကြဲမှုမှာ ဆဒါကာ (Sadaqa)ဖြစ်ပြီး ဇကတ်မှာ ရာမာဒမ်ဥပုသ်လအတွင်း၌သာ ပြုလုပ်ခွင့်ရှိပါသည်။ အဆိုပါပေးကမ်းစွန့်ကြဲမှုနှစ်ခုအကြား ကွဲပြားသည့်အဓိပ္ပါယ်မှာ ဇကတ်သည် ဘာသာရေးဆိုင်ရာပေးကမ်းမှုဖြစ်၍ ဆာဒါကာမှာ စေတနာဝန်ထမ်းအဖြစ် လိုအပ်သလိုဆောင်ရွက်ခြင်း ဖြစ်သည်။

ဟပ်ဂျ် (ဝါ) တာဂျီအဖြစ်ခံယူခြင်း-(Hajj) ။ "ဟပ်ဂျ်"ဟူသော အစ္စလာမ်ဘာသာ စကားရပ်၏အဓိပ္ပါယ်မှာ မက္ကာသို့ ဘုရားဖူးသွားရောက်ခြင်းဖြစ်သည်။ မူဆလင်တစ်ဦးဘုရားဖူးခရီးသွားနေစဉ်အတွင်း ယာယီအားဖြင့် ၎င်း၏ လောကီစီးပွားရေးကိစ္စများအားလုံးကိုခေတ္တရပ်ဆိုင်းထားရသည်။ ထိုအချိန်အတောအတွင်း မကောင်းမှုဒုစရိုက် ဝါသနာများကိုကျော်လွှားစေလျက် မိမိကိုယ်ကိုလည်း အလှအပပြုပြင်မွမ်းမံခြင်း မပြုလုပ်ရပေ။ သူသည်

သတ်မှတ်ပြဌာန်းထားသည့် အလွန်ရိုးသားသောအဝတ်အစားကိုသာ ဝတ်ဆင်ရမည်။ ဘုရားဖူး သွားရောက်သူ မူဆလင်တစ်ဦးသည် ကိုယ်ခန္ဓာ၏လိုလားတောင့်တမှုများကို ထိန်းချုပ်ထားပြီး မိမိကိုယ်မိမိ အိမ်ထောင်ပြုခဲ့ခြင်းကိုလည်း မေ့ပျောက်ထားရမည်။

ဝတ်ပြုဆုတောင်းမှုတွင် မူဆလင်တစ်ဦးသည် တစ်ဦးတည်းဝတ်ပြုဆုတောင်း သည်ဖြစ်စေ၊ အတူတကွ စုပေါင်းဝတ်ပြုဆုတောင်းသည်ဖြစ်စေ၊ မက္ကာသို့ ရှေးရှုမျက်နှာမူ ထားရမည်။ တမန်တော်မူဟမ်မဒ်သည် အစပထမစောစောပိုင်းအချိန်ကာလတွင် ဝတ်ပြု ဆုတောင်းရာ၌ ဂျေရုစလင်မြို့တော်သို့ မျက်နှာမူခဲ့သည်။ သို့ရာတွင် ဂျူးလူမျိုးများက တမန်တော်သည် သခင်ယေရှုအား တမန်တော်အဖြစ်ဖြင့်လည်းကောင်း၊ ထို့ပြင် ကိုရမ်ကျမ်း စာတွင် သခင်ယေရှု၏အမည် နှစ်ဆယ့်ငါးကြိမ်ထက်မနည်း ဖော်ပြခဲ့သည်ဟုပြောဆိုပြီး ဤကိစ္စကိုကန့်ကွက်ခဲ့သည်။ ထို့ကြောင့် ရှေ့အဖို့ရာတွင် ကဘာ(Kaba)နှင့်တကွ မက္ကာ (Mecca)အား မျက်နှာမူ၍ ဝတ်ပြုဆုတောင်းခြင်းများအားလုံး၏ ဦးတည်ချက်များကို မက္ကာဘက်သို့ မျက်နှာမူခဲ့ကြသည်။

ကဘာ(Kaba)နှင့်အတူ မက္ကာ(Mecca)မည်သောဒေသသည် မူဆလင်များ အထွတ်အမြတ်ပြုရာ နေရာဖြစ်ခဲ့သည်။ ဤနေရာသည် တမန်တော် အေဗရာဟမ်(Abraham) (Ibrahim in Arabic)၏ အမည်နာမနှင့် ဆက်စပ်လျက်ရှိသောကြောင့်ဖြစ်သည်။ အစ္စလာမ် ဘာသာ၏အဆိုအရ တမန်တော်အေဗရာဟမ်သည် သန့်ရှင်းသော တစ်ဆူတည်းသော ထာဝရဘုရားသခင်အယူအဆကို ပထမဆုံးလက်ခံခဲ့သူဖြစ်သည်။ ဤတစ်ဆူတည်းသော ထာဝရဘုရားသခင်ဝါဒသည် ဂျူးဘာသာကြောင့် အဆင့်အတန်းနိမ့်လျောကျခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ရုပ်ထုကိုးကွယ်မှုနှင့်အတူ ရောစပ်ခဲ့သောကြောင့်ဖြစ်သည်။ ကာလ ရွေ့လျောကြာမြင့်သောအခါတွင် ခရစ်ယာန်ဘာသာက သုံးပါးပုံသွင်တစ်ဆူတည်းသော ထာဝရဘုရားသခင်နှင့် သခင်ယေရှုသည် သားတော်ဖြစ်သည်ဟူသော အယူအဆကို ပေါင်းထည့် ထားသည်။ ထို့ကြောင့် တမန်တော်သည် တမန်တော်အေဗရာဟမ်အဖြစ် နောက်ကြောင်းပြန် မှတ်ယူခြင်းဖြင့် တစ်ဆူတည်းသော ထာဝရဘုရားသခင်ဝါဒ အောင်မြင်မည်ဖြစ်သည်။

အေဗရာဟမ်၏ဘဝသည် ထာဝရဘုရားသခင်၏ဆန္ဒကို သူ၏တစ်ခုတည်းသော

လိုက်နာမှုအတွက် အမှတ်ရစေသည်။ ထာဝရဘုရားသခင်၏အသံကို နားစွင့်လျက် သူသည် သူ၏ဘိုးဘွားဘိဘင်များအား စွန့်ခွာသွားခဲ့ပြီး ထူးဆန်းသောဒေသတစ်ခုသို့ သွားရောက်နေထိုင်ခဲ့သည်။ သူသည် မိမိ၏တစ်ဦးတည်းသောသား အိုက်ဇက်(Issac)အား ယစ်ပူဇော်လိုသောဆန္ဒ ပြင်းပျစွာပေါ်ပေါက်လာရသည်အထိ ထာဝရဘုရားသခင်အပေါ် သစ္စာရှိခဲ့သည်။ (Sura 37.81) ထို့ကြောင့် တမန်တော်အေဗရာဟမ်သည် အထိမ်းအမှတ်အဖြစ် စဉ်းစားခြင်းခံရသည်။ ထို့ကြောင့် မက္ကာသည် တမန်တော်အေဗရာဟမ်အား သတိရစေသည့်အထိမ်းအမှတ်အဖြစ် လေးစားကြည်ညိုခြင်းခံရသည်။ မက္ကာသို့သွားရာလမ်းခရီးတွင် တည်ရှိသော (Kaba)အား အေဗရာဟမ်နှင့် ၎င်း၏သား အစ်ရှမဲလ်(Ishamael)တို့က တည်ဆောက်ခဲ့ကြသည်ဟု အဆိုရှိသည်။ မက္ကာသည် တမန်တော်မူဟမ်မဒ်၏ မွေးရပ်ဇာတိလည်းဖြစ်ပြီး ယင်းမြို့တွင် ဇမ်ဇမ်(Zamzam)မည်သော မြင့်မြတ်သည့်ရေတွင်းရှိသည်။ ထို့ကြောင့် ယင်းဒေသသည် ကမ္ဘာတစ်ဝှမ်းလုံးရှိ မူဆလင်များအားလုံး၏ ဘာသာရေးဆိုင်ရာ စိတ်ဓါတ်စုစည်းသည့် ဗဟိုဌာနဖြစ်သည်။ ထို့ပြင် တစ်ဆူတည်းသော ထာဝရဘုရားသခင်(One God)အား ဝတ်ပြုကိုးကွယ်ရာ သက်တမ်းအရှည်ဆုံးသော ဝတ်ကျောင်းတော်ရှိသည်။

ဟာဂျီ(Hajj)ခေါ် ဘုရားဖူးခရီးစဉ်များကို အစ္စလာမ်ဘာသာရေး ပြက္ခဒိန်(၁၂)လပိုင်း၏ ဒုတိယပါတ်အတွင်း ကျင်းပပြုလုပ်သည်။ အေဗရာဟမ်က အိုက်ဇက်အား ယစ်ပူဇော်ရန် ရည်ရွယ်ချက်ကို အသိအမှတ်ပြုသည့် အမှတ်တရအထိမ်းအမှတ်အဖြစ် အစ်-အယ်-အဒ္ဒဟ(Eid-al-Adha)ပွဲတော်ကို ကျင်းပသည်။ ဤပွဲတော်သည် လူသားအား ယဇ်ပူဇော်မှုပြုလုပ်ခြင်းကို တိရစ္ဆာန်ဖြင့်အစားထိုး၍ ယစ်ပူဇော်သည့်နေ့အဖြစ် အဓိပ္ပါယ်ဖော်ဆောင်သည်။

ဟာဂျီ(Hajj)ပွဲတော်သို့ မူဆလင်တိုင်း သွားရောက်ဆင်နွှဲရန် မလိုအပ်ပါ။ သို့သော် မူဆလင်တစ်ဦးသည် ၎င်း၏ လောကီရေး၊ လူမှုစီးပွားရေး အောင်မြင်မှုရှိခြင်း၊ ၎င်းကိုယ်တိုင် ကျန်းမာရေးချို့တဲ့မှုမရှိလျှင် ၎င်း၏မိသားစုကလည်း ကုန်ကျစရိတ်ကို ထောက်ပံ့ပေးနိုင်မည်ဆိုလျှင် ဟာဂျီပွဲတော်သို့ သွားရောက်ဆင်နွှဲနိုင်ပါသည်။ ဘုရားဖူးခရီးစဉ် မစမီ ဘုရားဖူးခရီးသည်သည် ၎င်း၏အပြစ်အနာအဆာများအား ခွင့်လွှတ်ပေးသနားရန် ထာဝရဘုရားသခင်ထံ တောင်းခံရမည်ဖြစ်ပြီး ၎င်း၏ဝတ်ပြုဆုတောင်းခြင်းကို ဘစ်စ်မီလာ့(Bismillah)ဟူ၍ ရွတ်ဖတ်ပြီးလျှင်

ဘုရားဖူးခရီးစဉ် အသင့်ဖြစ်နေရပါမည်။

ဟာဂျီ(Hajj)သည် ကမ္ဘာ့မူဆလင်များအားလုံးကို ဖိတ်ခေါ်လိုက်သော အသံဖြစ်သည်။ မက္ကာတွင် ဟာဂျီဘုရားဖူးခရီးစဉ်တွင် ပါဝင်ဆင်နွှဲခြင်းအားဖြင့် မူဆလင်ညီနောင်များသည် တပြေးညီတူညီမှုရှိကြောင်း ခံစားသိရှိနိုင်သော သရုပ်သဏ္ဌာန် ဖြစ်နိုင်ဖွယ်ရာများစွာရှိသည်။ ဤအချက်သည် ချမ်းသာသောလူများနှင့် ဆင်းရဲသောလူများအကြားတွင်သော်လည်းကောင်း၊ အသားရောင်အဖြူအမည်း ကွဲပြားမှုအကြားတွင်လည်းကောင်း၊ မည်သည့်လူမျိုးဟု မခွဲခြားပဲ အစ္စလာမ်ဘာသာယုံကြည်မှု၏ တူညီချက်အဖြစ်လည်း သာဓကပြလျက်ရှိသည်။ အစ္စလာမ် ဘာသာအရ ဘာသာယုံကြည်ကိုးကွယ်မှုသည် လူအပေါင်းတို့၏ အမျိုးသားရေးကိစ္စကို ဆုံးဖြတ်သည်ဟုဆိုသည်။ အမျိုးသားရေးကိစ္စဟုဆိုသော ဤကိစ္စသည် ဂျူးလူမျိုးများအတွက် အနှစ်သာရရှိပြီး အဓိကတန်ဖိုးထားသည်။ အစ္စလာမ်ဘာသာသည် ဤခံယူချက်ကို ဂျူးဘာသာမှရယူပြီး အစ္စလာမ်ဘာသာအမှု*ပြုထားသည်။ ထို့နောက် ဆစ်ခ်ဘာသာ(Sikh) ကလည်း အဆိုပါ အမျိုးသားရေးကိစ္စဖြစ်သည်ဟူသော ခံယူချက်ကို မိမိ၏ယုံကြည်ချက်၊ ခံယူချက်အဖြစ် သွတ်သွင်းခဲ့ပြန်သည်။ ဤအချက်သည် အိန္ဒိယနိုင်ငံအား နိုင်ငံရေးနှင့် ဘာသာယုံကြည်ကိုးကွယ်မှုများအကြား ရှုပ်ထွေးမှုများကို အထူးသဖြင့် ဖြစ်ပေါ်စေခဲ့သည်။

ဂျိဟတ်(Jihad)ဆိုသည့်အချက်တစ်ခုကို အစ္စလာမ်ဘာသာ၏ ယုံကြည်မှုမဏ္ဍိုင် ငါးရပ်သို့ ထပ်မံပေါင်းထည့်ပြီး ဂျိဟတ်အဖြစ် ယုံကြည်ချက်ခြောက်ရပ်ဟု ခေါ်နိုင်၏။ ဂျိဟတ်ဆိုသော အဓိပ္ပါယ်မှာ ထာဝရဘုရားသခင်အား ကောင်းစွာ သိနားလည်ခြင်းအလို့ငှာ(in the path of God-realization) ကျင့်ကြံကြိုးစားအားထုတ်မှုဖြစ်သည်။ ထို့ကြောင့် အလ္လာအရှင်မြတ်နှင့် သူ၏အဆုံးအမတရားဒေသနာတော်အတွက် မူဆလင်တစ်ယောက်သည် မိမိ၏အသက်ကို စွန့်လွှတ်ရန် အသင့်ရှိနေရမည်ဟူသောအဓိပ္ပါယ်ဖြစ်သည်။ ထို့ကြောင့် ဤအဓိပ္ပါယ်၏သဘောမှာ ဘာသာရေးစစ်ပွဲတစ်ခုကို ဆင်နွှဲရန်အသင့်ရှိနေခြင်းဖြစ်သည်။ ဆူရပ် ၅.၅(Surah 5.5)က ခရစ်ယာန်ဘာသာဝင်များနှင့် ဂျူးဘာသာဝင်များအပေါ် ဘာသာရေးစစ်ပွဲတစ်ရပ် ဆင်နွှဲရမည်ဟု မူဆလင်များအား နှိုးဆော်ထားသည်။ အလားတူပင်လျှင် ဆူရပ် ၅.၉(Surah 5.9) ကလည်း

*အစ္စလာမ်ဘာသာအမှုပြုသည်ဆိုခြင်းမှာ ပွေးမြှုခြင်း(adaptation)ဟု ဆိုလိုသည်။

အစ္စလာမ်ဘာသာကိုလက်မခံပဲ ထာဝရဘုရားသခင်မရှိဟု ယူဆသူအားလုံးအပေါ် ဂျီဟတ် (Jihad) ခေါ် ဘာသာရေးစစ်ပွဲကြေညာရန် ခွင့်ပြုသည်။ တဖန် ဆူရပ် 2.190 ကလည်း မူဆလင်များသည် မိမိကိုယ်ကိုမိမိ ကာကွယ်သည့်ဂျီဟတ်ကို ကြေညာနိုင်ကြောင်း ရေးသား ထားသည်။ ဘာသာရေးစစ်ပွဲများအတွင်း သေသွားသော မူဆလင်များအားလုံးသည် ထက်ကောင်းကင်ရွှေဘုံနန်းသို့ အလျှင်အမြန်ရောက်ရှိမည့်အပြင် ၎င်းတို့အား သူရဲကောင်းများ အဖြစ် မှတ်တမ်းတင်ခံရမည်ဖြစ်သည်။ (Surah 2.154; 3:169, 195)

## မူဆလင်ယုံကြည်မှုတည်ဆောက်ပုံ Muslim Creed

ယုံကြည်မှုတည်ဆောက်ပုံဆိုသည့်အဓိပ္ပါယ်မှာ (၁)ထာဝရဘုရားသခင်အပေါ် ယုံကြည်ချက် (၂)မြင့်မြတ်သော စေတမန်နတ်များအပေါ် ယုံကြည်ချက် (၃)မြင့်မြတ်သောကျမ်းဂန်များအပေါ် ယုံကြည်ချက် (၄)တမန်တော်များအား ယုံကြည်ချက် (၅)ပြန်လည်ရှင်သန်ထမြောက်ခြင်းနှင့် တရားစီရင်စစ်ဆေးသည့်နေ့နှင့် (၆)အရာဝတ္ထုများအား ဖျက်သိမ်းနိုင်သည်ဟူသော ယုံကြည်ချက်များဖြစ်သည်။

ထာဝရဘုရားသခင်Godသည် အစ္စလာမ်ဘာသာ၏ဒုတိယအရေးကြီးသော ယုံကြည်ချက်ဖြစ်သည်။"နတ်ဆိုသော အရာမရှိ၊ သို့သော် ထာဝရဘုရားသခင်နှင့် သူ၏တမန်တော် မူဟာမ်မဒ်သာရှိသည်"ဟူသော ကလီမ(Kalima)သာရှိသည်။ ထိုထာဝရဘုရားသခင်မှာ တာဝှစ်ဒ်(Tawhid)ဟုအများက သိနားလည်ကြသော တစ်ပါးတည်းသော ထာဝရဘုရားသခင် ဖြစ်သည်။ သူသည် ထာဝရတည်တံ့နေပြီး အစမရှိ၊ အဆုံးမရှိသော(အနန္တ)အရာဖြစ်သည်။ သူသည် အဖဘုရားသခင်အဖြစ်သော်လည်းကောင်း၊ သို့မဟုတ် အေဗရာဟမ်နှင့် သားတော် အိုက်ဇက်အဖြစ်သော်လည်းကောင်း တည်ရှိတော်မူသည်။ ထာဝရဘုရားသခင်၌ ရုပ်ကာယသော် လည်းကောင်း၊ ပုံစံအရိပ်နိမိတ်သင်္ကေတအားဖြင့်သော်လည်းကောင်း မရှိပါပေ။ သို့သော် ထာဝရဘုရားသခင်သည် ထက်ကောင်းကင်ရွှေဘုံနန်းနှင့် ကမ္ဘာမြေတစ်ဝှမ်းနှင့် ယင်းကမ္ဘာ တစ်ဝှမ်းပေါ်ရှိ အရာများအားလုံးကို ဖန်ဆင်းတော်မူသော ဘုရားသခင်ဖြစ်တော်မူ၏။ ထာဝရ ဘုရားသခင်သည် ဖြစ်ပေါ်နေသည့် အရာခပ်သိမ်းအပေါ် တန်ခိုးအာဏာဖြန့်ကျက်တော်မူ၏။ ထာဝရဘုရားသခင်သည်

အရာခပ်သိမ်းတို့၏အထက်တွင် အနန္တတန်ခိုးတော်အားဖြင့် အားလုံးသောအရာတို့ထက် မြင့်မြတ်သော ပလ္လင်အထက်တွင် တည်တံ့တော်မူ၏။သို့သော် ထာဝရဘုရားသခင်သည် ဖြစ်ပေါ်နေသည့် အရာခပ်သိမ်းတို့၏ တွေးခေါ်ယူဆပုံထက် လူသား၏တွေးခေါ်ယူဆပုံသို့ ပိုမိုနီးကပ်ကြောင်း သက်သေအထောက်အထားလည်းဖြစ်သည်။ ထာဝရဘုရားသခင်သည် အလွန်ပင်မြင့်မြတ်တော်မူ၍ အလွန်ပင်သန့်ရှင်းတော်မူပါပေ၏။

ထာဝရဘုရားသခင်သည် ရှင်သန်လျက်ရှိတော်မူ၏။ တွေးတောကြံဆမရနိုင်သော ခွန်အားတော်ရှိပါပေ၏။ အနန္တဉာဏ်ပညာလည်း ရှိတော်မူပေ၏။ မည်သည့်အချိန်မှ အိပ်စက်ခြင်း မရှိပါပေ။ ထာဝရဘုရားသခင်၏ သိရှိနားလည်နိုင်သော ဉာဏ်ပညာအရာမှသော်လည်းကောင်း၊ မည်သည့်အန္တရာယ် ရန်စွယ်တစ်ခုခုမှသော်လည်းကောင်း လွတ်ကင်းထွက်မြောက်နိုင်သောသူ ဟူ၍ တစ်စုံတစ်ယောက်မျှ မရှိနိုင်ပေ။ ထာဝရဘုရားသခင်သည် လူသားအားလုံးနှင့် ကျူးလွန်သော ကံအမှုကိစ္စများ၏ တရားသူကြီးဖြစ်သည်။ သို့သော်လည်း အလ္လာအရှင်မြတ်သည် ချစ်ခင်ကြင်နာမှုနှင့် သနားဂရုဏာ အကြီးမားဆုံးသူဖြစ်ပါပေ၏။ ထာဝရဘုရားသခင်၏ သနားကြင်နာ ဂရုဏာတော်သည် ကိုရမ်ကျမ်းမြတ်၏ အခန့်ညားဆုံးသော ဂုဏ်သိက္ခာဖော်ပြချက်များအနက် တစ်ခုဖြစ်သည်။ ဆူရကျမ်းအမှတ်(၉)မှလွဲ၍ ကျန်ဆူရများအားလုံးတွင် ''ဘစ်စ်မိလ–အယ်လ်–ရာမနီ၊ အယ်လ်ဝရာဟင်''(bismillah al-rahman, al-rahim)ဟူသော အသုံးအနှုန်းဖြင့် ဖွင့်ဆိုသည်။ ဆိုလိုသည့်အဓိပ္ပါယ်မှာ ထာဝရဘုရားသခင်၏နာမတော်သည် သနားကြင်နာဂရုဏာ ထားတော်မူသောဟူ၍ လည်းကောင်း၊ ချစ်ခြင်းမေတ္တာရှိပါပေထသောဟူ၍ လည်းကောင်း ဖော်ပြခြင်းဖြစ်သည်။ ထာဝရဘုရားသခင်သည် မိခင်ငှက်မကြီးက သူ့ကလေးများ အပေါ် ထားရှိသော ချစ်ခြင်းမေတ္တာထက်ပို၍ လူသားများအတွက် သူ၏ချစ်ခြင်းမေတ္တာနှင့် သနား ကြင်နာမှုဖြင့် ခွင့်လွှတ်ခြင်းသနားဂရုဏာက ပို၍ကြီးမားလှပါပေ၏။ (Surah III.31) ထာဝရဘုရားသခင်၏ ခွင့်လွှတ်သနားတော်မူခြင်းကို ဆူရ 27.11 နှင့် 33.73 တို့တွင်လည်း ဖော်ပြထားသည်။

ထာဝရဘုရားသခင်သည် အနှစ်သာရအားဖြင့် သိစွမ်းနိုင်ခြင်း မတတ်နိုင်သော အရာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူသည် ပုံဟန်နိမိတ်အရိပ်သဏ္ဌာန်မရှိသည့်အပြင်

ရုပကာယတော် မရှိခြင်းကြောင့်ဖြစ်သည်။ *(ဗုဒ္ဓဘာသာစာပေ အသုံးအနှုန်းတွင်မူ without form and body ဆိုသောအဓိပ္ပါယ်သည် သဏ္ဌာန ပညတ်မဟုတ်မူ၍ ပရမတ္ထ(ဝါ)တကယ့်အရှိအမှန်တရားအနေဖြင့် ဗုဒ္ဓဘာသာတွင် "စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်" သာရှိသည်။ စိတ်ဆိုသည်မှာ သိခြင်းသဘော၊ စေတသိတ်ဆိုသည်မှာ စေ့ဆော်တွန်းအားပေးမှုသဘော၊ ရုပ်ဆိုသည်မှာ ဖောက်ပြန်ပျက်စီးမှုသဘောနှင့် နိဗ္ဗာန်ဆိုသည်မှာ ဖြုပြင်စီရင်မှုအလျဉ်းမရှိပဲ ဖြစ်ခြင်းပျက်ခြင်း ကင်းရာ၊ သဘာဝအလျောက် အမြဲထာဝရရှိနေသည့် ငြိမ်းအေးနေသည့်သဘော ဖြစ်သည်။ ဖောက်ပြန်ပျက်စီးမှုအား ရုပ်တရားဟုဆိုသည်။ မာမှု-ပျော့မှု ဓါတ်သဘာဝ (သို့မဟုတ်) မြေကြီးဓါတ်၊ ပူမှု-အေးမှု ဓါတ်သဘာဝ(သို့မဟုတ်) မီးဓါတ်၊ တွန်းကန်လှုပ်ရှားမှု-တည်ငြိမ်မှု သဘာဝ(သို့မဟုတ်) လေဓါတ်နှင့် ယိုစီးမှု-ဖွဲ့စေးမှု သဘာဝ(သို့မဟုတ်) ရေဓါတ်တို့အား ဓါတ်ကြီးလေးပါးဟုခေါ်သည်။ ၎င်းဓါတ်ကြီးလေးပါးသည် အစဉ်အမြဲ ဖောက်ပြန်ပျက်စီးနေသည့် အစဉ်အတန်း(Process of Flux)၌ ယင်းဓါတ်ကြီး လေးပါးသည် တည်မြဲလျက် ရုပ်နှင့်စိတ်ပေါင်းစပ်ထားသည့် လူဆိုသောအရာ (Substantial existence of four elements and phyco-physical complex)သည် အဘယ်မှာလျှင် တည်တံ့နေနိုင်ပါအံ့နည်း။ ထိုသဘောကို ဗုဒ္ဓက အနိစ္စ(Momentariness)၊ ဒုက္ခ(Universal Suffering)၊ အနတ္တ(Soullessness)ဟူ၍ ဟောကြားထားခဲ့ရာ ယနေ့ခေတ်နှင့်အညီ အတိုဆုံးအရှင်းဆုံးဖြင့် ပိဋကတ်သုံးပုံအား ချုံ့လိုက်ပါက "ဖြစ်ဒုက္ခနှင့် ပျက်ဒုက္ခ"မှလွဲ၍ ဘာမှမရှိပါတကားဟူ၍ မိုးကုတ်ဆရာတော်ဘုရားက ဟောကြားဆုံးမတော်မူခဲ့၏။ (it is said that he became into Arahatship in his lifetime, and after his death there would be nofrebirth. When he died his remained body was burned and many scared relics were found. Both of his eyes and bones were not totally burned out and it was known by many people. He taught his followers for ways and means of liberation. Translater)*

သို့သော် ထာဝရဘုရားသခင်အား သူ၏ဂုဏ်ကျေးဇူးတော်မှတဆင့်သာလျှင် သိရှိနားလည်နိုင်သည်။ ထက်ကောင်းကင်ဗြဲဘုံနန်း စံမြန်းတော်မူလျက်ရှိသော ထာဝရဘုရား

သခင်အား ဖူးမျှော်နိုင်ရေး ဖြစ်နိုင်ဖွယ်ရာအခြေအနေမှာ မူဆလင်တစ်ဦးအတွက် ၎င်း၏ သစ္စာရှိသောဝတ်ပြုကိုးကွယ်ခြင်းဖြင့် တိကျသေချာသည့် ယုံကြည်မှုဖြစ်သည်။

အစ္စလာမ်ဘာသာက သခင်ယေရှုသည် သားတော်ဖြစ်သည်ဟူသောအချက်ကို လက်မခံသည့်အပြင်(Surah .17) ခရစ်ယာန်ဘာသာ၏ သုံးပါးပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်ဟူသော အယူအဆကိုလည်းလက်မခံပေ။ ထို့ကြောင့် အစ္စလာမ်ဘာသာသည် ရုပ်ထုကိုးကွယ်ခြင်းကို ဆန့်ကျင်ယုံမျှမကပဲ လူဝင်စားခြင်းဟူသော သဘောတရားကိုလည်း ဆန့်ကျင်သည်။ အစ္စလာမ်ဘာသာသည်(Pantheism)ခေါ် ထာဝရဘုရားသခင်သည် အရာ ခပ်သိမ်း၏အတွင်း၌ရှိပြီး အရာခပ်သိမ်းသည် ထာဝရဘုရားသခင်ဖြစ်သည်ဟူသော ယုံကြည်ချက်နှင့် ယဉ်ကျေးမှု ခေတ်နောက်ကျသောလူမျိုးစုငယ်တို့၏ နတ်ကိုးကွယ်မှုကိုလည်း ဆန့်ကျင်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာအရှင်မြတ်သည် အထွဋ်မြတ်ဆုံး အသာလွန်ဆုံး ဖြစ်သောကြောင့် ဖြစ်၏။ အစ္စလာမ်ဘာသာက ထာဝရဘုရားသခင်နှင့် လူသားသည် ထပ်တူထပ်မျှ တူညီမှုရှိသည်ဟု သိမ်ဖျင်းသည့်အမဏာပစကား ပြောဆိုခြင်းအား အထူးသတိထား၍ ရှောင်ကျဉ်သည်။ ထာဝရဘုရားသခင်သည် အရာခပ်သိမ်းသိမြင်တော်မူပြီး အရာခပ်သိမ်း၌ တည်ရှိတော်မူသည်ဆိုခြင်းကို သံသယဖြစ်ရန်မရှိပါ။ သို့သော် အရာဝတ္ထုပစ္စည်းတိုင်း၏ အတွင်း၌သော်လည်းကောင်း၊ လူ၏အတွင်း၌သော်လည်းကောင်း မတည်ရှိပေ။

ဤနည်းအားဖြင့် အစ္စလာမ်ဘာသာက စည်းကမ်းတင်းကြပ်သည့် တစ်ဆူတည်းသော ထာဝရဘုရားသခင် ရှိသည်ဟူသောအယူအဆနှင့် တန်ခိုးတော်အနန္တရှိသည်ဟူသောအယူအဆကို လက်ခံသည့်ပြင် နေရာခပ်သိမ်း၊ အခါခပ်သိမ်းတွင် ထာဝရဘုရားသခင်ရှိသည်ဟူသော အယူအဆကို ယုံကြည်သည်။

**စေတမန်နတ်များ–Angles**–ထာဝရဘုရားသခင်သည် အနန္တတန်ခိုးရှင်ဖြစ်သည့် အားလျော်စွာ လူသားများအဖို့ရာ ထာဝရဘုရားသခင်သည် အလွန့်အလွန် သာလွန်မြင့်မြတ်တော်မူသောအရာဖြစ်ပြီး ထာဝရဘုရားသခင်နှင့် လူ၏အကြား၌ ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးမည့်သူများ လိုအပ်လာသည်။ တမန်တော်မူဟမ်မဒ်သည် ထာဝရဘုရားသခင်နှင့် တိုက်ရိုက်ဆက်သွယ်မှု ရရှိနိုင်ယုံမျှသာမကသေးပဲ၊ တမန်တော်သည် ထက်ကောင်းကင်

ရွှေဘုံနန်းကို မိရာချ်(Miraj AD.620)အဆင့်တွင် တွေမြင်ရောက်ရှိခံစားနိုင်သည်ဟု ယုံကြည်၏။ အစ္စလာမ်ဘာသာက ထာဝရဘုရားသခင်နှင့်လူသားအကြား ပေါင်းကူးတံတား သဖွယ်ဆက်သွယ်ပေးသည့် စေတမန်နတ်များတည်ရှိခြင်းကိုလက်ခံသည်။ စေတမန်နတ်များအား အလင်းရောင်မရှိပဲ ဖန်ဆင်းတော်မူခဲ့၏။ ၎င်းတို့တွင် ဖို မ ဟူ၍မရှိပေ။ ၎င်းတို့သည် အစားအစာ သုံးဆောင်ခြင်း မရှိပေ။ ၎င်းတို့တွင် လွတ်လပ်သောစိတ်ဆန္ဒမရှိပေ။ ၎င်းတို့၏ တစ်ခုတည်းသော လုပ်ငန်းတာဝန်မှာ ထာဝရဘုရားသခင်၏ဂုဏ်တော်များကို ချီးကျူးသည့် ဓမ္မတေးများသီဆိုရန်နှင့် ထာဝရဘုရားသခင်၏အမိန့်တော်များကို နေ့ရောညဉ့်ပါ သယ်ဆောင်ပေးရန်ဖြစ်ပါသည်။ သူတို့ သည် အစဉ်အမြဲ အမှန်တရားကိုသာ လုပ်ကိုင်ဆောင်ရွက်နေကြ သည့်အားလျော်စွာ ၎င်းတို့သည် တရားစစ်ဆေးသောနေ့တွင် ထာဝရဘုရားသခင်၏ တရားခွင်သို့ သွားရောက်ရန် မလိုအပ်ပေ။ အရေးပါသော စေတမန်နတ်သားအချို့တို့ကို အောက်ပါအတိုင်း ဖော်ပြထားသည်။ ၎င်းတို့မှာ–

(၁) ဂျီဗရေလ်(ဂေဗရီယယ်)[၁] Jibrail (Gabriel) ခေါ် ထာဝရဘုရားသခင်၏ တိမ်မြုပ်နေသော မြင့်မြတ်သည့်လျှို့ဝှက်ချက်ကို တမန်တော်မူဟမ်မဒ်သို့ သိစေသော စေတမန်နတ်။

(၂) မိခေးလ်(မိုက်ကယ်)[၂] Mikail (Michael) ခေါ် ထာဝရဘုရားသခင်အပေါ်တွင် ယုံကြည်ချက်ထားရှိမှုတွင် အတော်ဆုံးနှင့် ဂျူးလူမျိုးတို့အား ကာကွယ်စောင့် ရှောက်သူ စေတမန်နတ်။

(၃) အက်ဇ်ရေးလ် [၃](Azrael) ခေါ် သေဆုံးသူ၏ခန္ဓာကိုယ်မှ အသက်ဝိညာဉ်ကို သိမ်းခြားခွဲထုတ်ပေးသူ စေတမန်နတ်။

(၄) အစ်စ်ရာဖီးလ် [၄] (Israfil) ခေါ် ထာဝရဘုရားသခင် တရားစီရင်သည့်နေ့တွင် ခရာမှုတ်အချက်ပေးသည့် စေတမန်နတ်။

စေတမန်နတ်များဖြစ်ပေါ်တည်ရှိနေသည်ဟူ၍ ယုံကြည်သည့်အယူအဆအပြင် အစ္စလာမ်ဘာသာ အဒမ်(Adam)၏ရှေ့မှောက်တွင် ထာဝရဘုရားသခင်အား ဦးညွှတ်အရိုအသေ

၁။ Jibrail(Gabriel) ၂။ Mikail(Michael)
၃။ Azrael ၄။ Israfil

ပြုရန်ငြင်းဆန်သည့် မကောင်းဆိုးဝါးဖြစ်သူ အီဗလစ်ဇ်(Iblis)[၁]၏ အမှန်တကယ်တည်ရှိသည် ဆိုခြင်းကိုလည်း ယုံကြည်၏။ ထိုသို့ထာဝရဘုရားသခင်၏ အမိန့်တော်ကိုမနာခံသည့် အကျိုး ရလဒ်မှာ သူသည် ထက်ကောင်းကင်ဘုံနန်းထက်မှ လည်ပြတ်ပြီး အောက်သို့ကန်ချခြင်း ခံရမည်ဖြစ်သည်။

အစ္စလာမ်ဘာသာကလည်း ဂျင်းစ်(Jinns)[၂] ခေါ် အာရပ်လူမျိုးတို့၏ ပုံပြင်ဝတ္ထုထဲမှ ထူးခြားဆန်းကျယ်သည့် တန်ခိုးရှိသောစိတ်ဝိဉာဉ်၊ သို့မဟုတ် မကောင်းဆိုးဝါး၊ သို့မဟုတ် အသွင်သဏ္ဌာန်မလှသည့် မကောင်းဆိုးဝါးရှိသည်ဟူ၍ ယုံကြည်သည်။ ( Jinns နှင့်စပ်လျဉ်းပြီး အောက်ခြေမှတ်ချက်တွင် ကြည့်ရှုပါရန်)

စေတမန်နတ်များအကြောင်းနှင့် အီဗလစ်(Iblis)အကြောင်း အယူအဆသဘော တရားကို ဂျူးလူမျိုးတို့ အယူအဆနှင့် ခရစ်ယာန်တို့၏အယူအဆ၊ ယုံကြည်ချက်များမှ ရယူထားသည်ဆိုခြင်းမှာ ထင်ရှားလှပါ၏။

## ကျမ်းမြတ်ကိုရမ်နှင့် ထာဝရဘုရားသခင်၏မြင့်မြတ်သောလျို့ဝှက်ချက်ကို သိနားလည်ခြင်း

## The Quoran and Revelations

ကျမ်းမြတ်ကိုရမ်တွင် အလ္လာအရှင်မြတ်၏ မိန့်ကြားခဲ့သောစကားရပ်များပါဝင်၏။ ကျမ်းမြတ်ကိုရမ်တွင် အတုအပ ဆင်တူယိုးမှားမဟုတ်သော အကောင်းဆုံးဖြစ်သည့် ထာဝရဘုရားသခင်၏စကားများကို အာရပ်ဘာသာစကားဖြင့် ရေးသားဖော်ပြထားသည်။ ထိုကျမ်းစာတွင် အစီအစဉ်ကျနစွာ စီစဉ်ရေးသားထားခြင်းမဟုတ်သည့် အခန်း ၁၁၄ ခန်း(ဆူရ) (114. chapters or Suras)ပါဝင်သည်။ တမန်တော်၏ ကြားညှပ်စကားရပ်များဖြင့် ၎င်းခေတ်

၁။ Iblis

၂။ Jinns နှင့်စပ်လျဉ်းပြီး ဘာသာပြန်သူသည် အဘိဓါန်စာအုပ်တစ်ခုတွင် အောက်ပါအတိုင်းတွေ့ရှိရပါသည်–

(၁) Jinn[*dzin*]n = genie[*dzi:ni*]n(pl. genies or genit [*dzi:nial*] in Arabic stories)spirit or gooblin with strange power.

(၂) Jinn- ဂျိန်းဘာသာတွင်မှ အောက်ပါအတိုင်းအဓိပ္ပါယ်ဖွင့်ဆို၏–

Jainism has come from the world "Jin" which means one who has conquered his passion.

အချိန်ကာလ၏ပုံစံကို ခါလစ်ဥသမန်(Caliph Uthman 645-656)အစီအစဉ်အရ ရေးသားချက်များအား စီစဉ်ထည့်သွင်းထားသည့် မတူညီကွဲပြားသည့် အသံထွက်များဖြင့် ရေးသားထားခဲ့သည်။ တမန်တော်သည် စာရေးသားခြင်းမပြုသူတစ်ဦးအဖြစ် မှတ်သားဖွယ်ရာ ပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် ကိုရမ်ကျမ်းမြတ်တွင် ရေးသားချက်များသည် ထာဝရဘုရားသခင်ကိုယ်တိုင် မိန့်ကြားပြောဆိုခဲ့သည့် စကားအစစ်အမှန်များဖြစ်သည်ဟု သတ်မှတ်နိုင်သည်။ ကိုရမ်ကျမ်းမြတ်သည် မူဆလင်များ၏ အမြင့်မြတ်ဆုံးသော ကျမ်းတစ်စောင်ဖြစ်ပြီး ထာဝရဘုရားသခင်အလ္လာအရှင်မြတ်၏ အတ္တုပတ္တိနှင့် စေတမန်နတ်များ၏ အကြောင်းအရာများ၊ တမန်တော်များ၏အတ္တုပတ္တိအကြောင်းအရာများ၊ ပြန်လည်ရှင်သန်ထမြောက်ခြင်းနှင့် မူဆလင်တစ်ဦးချင်း၏ တစ်ဘဝတစ်သက်တာနှင့် တစ်သာသနာအတွင်း ပြုလုပ်ခဲ့သည့်ကောင်းမှု မကောင်းမှုတို့ကို စိစစ်မှတ်တမ်းယူသည့်နေ့နှင့် ထက်ကောင်းကင်ဘုံနန်းနှင့် ငရဲဘုံတို့၏အကြောင်းအရာများအား ရေးသားထားသည့် ကျမ်းစာအုပ်ဖြစ်သည်။ ကျမ်းမြတ်ကိုရမ်တွင် လူသားအတွက် ရှေ့ဆောင်လမ်းပြ မီးရှူးတန်ဆောင် ပညာအလင်းရောင်ကိုပေးသည့် ထာဝရဘုရားသခင်၏ မြင့်မြတ်သောလျှို့ဝှက်ဆန္ဒတော်အား မူဆလင်များ တိတိကျကျ နားလည်သဘောပေါက်ရန် နောက်ဆုံးကျမ်းစာဖြစ်သည်။ ကိုရမ်ကျမ်းတွင် အစ္စလာမ်ဘာသာတစ်ခုလုံးအတွက် ဖွဲ့စည်းတည်ဆောက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည်။

အစ္စလာမ်ဘာသာက အတိတ်ကာလ၌ တမန်တော်မြောက်များစွာ ပေါ်ထွန်းခဲ့ခြင်းကို ဝန်ခံထားသော်လည်း လူအများတို့သည် သန့်စင်သည့် တစ်ဆူတည်းသော ထာဝရဘုရားသခင်ဖြစ်သည်ဟူသော သဘောဝတရား၏ စစ်မှန်သည့် ဟောကြားသင်ကြားချက်အပေါ် မရိုးမသားပြုလုပ်ခဲ့သည်။ ထို့ကြောင့် ကျမ်းမြတ်ကိုရမ်သည် အလ္လာအရှင်မြတ်၏ သန့်ရှင်း၍ နောက်ဆုံးဟောကြားချက်များကို လူအားလုံးသို့ဝေငှခြင်းဖြစ်၍ တမန်တော်မူဟာမ်မဒ်သည် လွန်လေပြီးသော အတိတ်ကာလမှ တမန်တော်များ၏ မိန့်ဆိုချက်များအားလုံး၏ နောက်ဆုံးပိတ် တံဆိပ်ခပ်နှိပ်လိုက်သူဖြစ်သည်။

ဂျူးလူမျိုးများသည် တောင်ရိတ်(Tourait)နှင့် တိုရပ်(Torah) ခေါ် ဂျူးဘာသာတွင် ခေါ်ဆိုသုံးနှုန်းသည့် ထာဝရဘုရားသခင်၏ ဥပဒေသကို မိုးဇက်(Moses)သို့ဖော်ပြခဲ့ပြီး

ဟီးဘရူးစာပေကျမ်းဂန်များ၏ ပထမငါးအုပ်ကို လက်ခံခဲ့သည်ဆိုခြင်းကို သံသယဖြစ်ရန် မလိုပေ။ သို့သော် တမန်တော်အေဗရာဟမ်(Abraham)ကပေးအပ်ခဲ့သည့် စစ်မှန်သော တစ်ဆူတည်းသောထာဝရဘုရားသခင်အား ယုံကြည်ကိုးကွယ်မှုအပေါ် မတော်မလျော်သည့် လုပ်ရပ်၊ အဂတိတရား လိုက်စားလျက် ရုပ်ထုကိုးကွယ်မှုကို ပြုလုပ်ခဲ့ကြသည်ဟု အဆိုရှိ၏။ ခရစ်ယာန်ဘာသာဝင်များကလည်း ထာဝရဘုရားသခင်၏ မြင့်မြတ်သောလျှို့ဝှက်ချက်ကို အင်ဂျီလ်(Injil)၌ လက်ခံရရှိခဲ့သည်။ သို့သော် ၎င်းတို့က ၎င်းတို့၏ သခင်ယေရှုသည် ထာဝရဘုရားသခင်၏ သားတော်ဖြစ်သည်ဟူသော အယူအဆနှင့် သုံးပါးပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်ဟူသော အယူအဆတို့အား ဟောကြားချက်ဖြင့် တစ်ဆူတည်းသော ထာဝရဘုရားသခင်သာလျှင် ရှိတော်မူ၏ဟူသည့် သန့်ရှင်းသောယုံကြည်ချက်ဟူ၍ မဟုတ်မတရား အဂတိလိုက်စား၍ ဟောကြားခဲ့ကြသည်။

ကိုရမ်ကျမ်းအပြင် တမန်တော်မူဟမ်မဒ်၏ အဆိုအမိန့်များနှင့် ဟောကြားချက်များ ပါဝင်သည့် ဟာဒိကျမ်းစာ(Hadith)ကိုလည်း မူဆလင်များက လက်ခံကြသည်။ အစ္စလာမ်ဘာသာတွင် ပြည့်စုံသောဘဝနေရေးလမ်းစဉ် ပါဝင်သည်ဟု မူဆလင်များက ယုံကြည်ကြသည့်အားလျော်စွာ မူဆလင်ဥပဒေသ(Muslim Law)ကို မြင့်မြတ်သောဥပဒေအဖြစ် လက်ခံယူဆသည်။ ဤဥပဒေသကို ရှရီရ(Sharia)ဟူ၍ သိရှိကြသည်။

ရှရီရ(Sharia)ဟူသောအဓိပ္ပါယ်မှာ ထာဝရဘုရားသခင်၏ ပညတ်တော်များသို့ ဦးတည်သောလမ်းဖြစ်သည်။ ထိုဥပဒေသကို အချက်(၄)ချက်အပေါ် အခြေခံ၍ ထာဝရဘုရား၏ အနှစ်သာရကို သိနားလည်ရန် ဖော်ပြခြင်းဖြစ်ရာ အချက်(၄)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ကိုရမ်ကျမ်းစာသည် ထာဝရဘုရားသခင်၏ အရေးအကြီးဆုံးသော ပညတ်ချက်များ၏ ရေသောက်မြစ်ဖြစ်သည်။ ထိုကျမ်းသည် အာရေဗီစာပေတွင် ထက်ကောင်းကင်ရွှေဘုံနန်း၏ပြင်ပ၌ ဖြစ်ပေါ်လာခြင်းဟူ၍ ယုံကြည်ချက်ဖြစ်သည်။

(၂) ဟာဒိကျမ်း(Hadith)၏ ဆွန်န(Sunna)သည် ဤအကြောင်းအရာ၏ ဒုတိယနေရာတွင်ရှိပြီး ၎င်းတွင် မိန့်ခွန်းတော်၊ စကားသံနှင့် တမန်တော်၏ကျင့်စဉ်များ

ပါဝင်သည်။ ထိုကျမ်းတွင် တမန်တော်က မည်သည့်အကြောင်းအရာကို ပြောကြားခဲ့သည် ပြုလုပ်ခဲ့သည်၊ သို့မဟုတ် ခွင့်ပြုခဲ့သည် စသည်ဖြင့်ပါဝင်သည်ဟု ယုံကြည်ရသော မူဆလင်ယဉ်ကျေးမှု အစဉ်အလာအစစ်ဖြစ်သည်။

(၃) အစ်ဂျ်မာ(Ijma)သည် မူဆလင်လူအဖွဲ့၏ သဘောတူညီချက်၊ သို့မဟုတ် ပညာရှင်တစ်ဦးအဖြစ်သို့ ရောက်ရှိရန် ဦးတည်သောရည်မှန်းချက်ဖြစ်သည်ဟူ၍ ရိုးရှင်းသော အဓိပ္ပါယ်ဖော်ဆောင်သည်။

(၄) ကွိယစ်(Qiyas)ဆိုသည့်အဓိပ္ပါယ်မှာ တစ်ချိန်တည်းတွင်ဖြစ်ပေါ်လာသည့် ကိစ္စရပ်နှစ်ခုအကြားတွင် ကြောင်းကျိုးဆီလျော်စွာဆုံးဖြတ် အဆုံးသတ်ခြင်း ဆိုသည့် ရိုးရှင်းသောအဓိပ္ပါယ်ဖြစ်သည်။

ရှရီရ(Sharia)ဥပဒေသ အား အောက်ပါအတိုင်း ခေါင်းစဉ်(၅)ခု ခွဲခြားသတ်မှတ်ထား၏။

(၁) ထာဝရဘုရားသခင်၏ ပညတ်ချက်။

(၂) ထာဝရဘုရားသခင်၏ မိန့်ကြားချက်။

(၃) ထာဝရဘုရားသခင်က တိတိကျကျမသတ်မှတ်သော ကွဲပြားခြားနားသည့် အချက်များ။

(၄) ထာဝရဘုရားသခင်၏ တားမြစ်ချက်မဟုတ်သော်လည်း ကိုယ်ကျင့်သိက္ခာ လျော့ကျစေသည့်အချက်များ။

(၅) ထာဝရဘုရားသခင်မှာကြားသည့် ဆောင်ရန်ရှောင်ရန်အဆုံးအမများ။

ရှရီရ(Sharia)က အစိုးရနှင့်သက်ဆိုင်သော၊ သို့မဟုတ် ဘုန်းတော်ကြီးများနှင့် သက်ဆိုင်၍ နှစ်ပေါင်းများစွာ ကြာမြင့်စွာကပင် ပြဋ္ဌာန်းသတ်မှတ်ထားခဲ့သည့်ဥပဒေသများနှင့် မသက်ဆိုင်ပေ။ ပြဋ္ဌာန်းသတ်မှတ်ထားသည့် စည်းမျဉ်းများနှင့် ဥပဒေများက ၎င်းတို့၏ လုပ်ဆောင်ချက်များအတွက် ထာဝရဘုရားသခင်၏ရှေ့မှောက်တွင် ငြင်းဆန်မရအောင် တစ်ဦးချင်းကို တာဝန်ရှိစေခဲ့သည်။ ထာဝရဘုရားသခင်၏ သဘောသဘာဝကို ကောင်းစွာတတ်သိနားလည်သူ မူဆလင်ပညာရှင်များသည် လူပုဂ္ဂိုလ်ရေးဆိုင်ရာ မူဆလင်ဥပဒေကို များစွာခွဲခြား

ထားပြီး နောက်ပိုင်း၌ အနောက်တိုင်းလူ့ကျင့်ဝတ် စည်းကမ်းဥပဒေသကို ပြုပြင်အသုံးချခဲ့လေသည်။

ထာဝရဘုရားသခင်၏ မြင့်မြတ်သောလျှို့ဝှက်ချက်ကို သိနားလည်ခြင်း(Revelation) မှာ လူသား၏သဘောသဘာဝအလျောက် ထာဝရဘုရားသခင်အား ကြောင်းကျိုးဆီလျော်စွာဖြင့် သိနားလည်နိုင်ခြင်းမရှိသည့်အတွက် လူသားများအား လမ်းညွှန်သပ္ပယ်ဆောင်ရွက်ပေးရန် လိုအပ်လာပေသည်။ ကိုရမ်ကျမ်းစာ၏အဆိုအရ ထာဝရဘုရားသခင်သည် သူကိုယ်တော်တိုင် အလွန်စောစောအချိန်၌ နိုင်ငံများအားလုံး (ဝါ) လူမျိုးများအားလုံး(all nations)သို့ ဟောကြားတော်မူခဲ့သည်မှာ–

"လူမျိုးတစ်မျိုးစီ (ဝါ) နိုင်ငံတစ်ခုချင်းစီသို့ ဆုတောင်းဝတ်ပြုပွဲများတွင် ပါဝင်ဆင်နွှဲနိုင်ရန် မြင့်မြတ်သည့် ဝတ်ရွတ်စဉ်များကို ငါတို့ပေးအပ်ခဲ့ပြီးလေပြီ၊ ထို့ကြောင့် သူတို့အား ထိုသို့သောအကြောင်းကိစ္စဖြင့် စကားများ ရန်မပွားကြစေပဲ၊ အသင်သည် ရှင်တော်ထာဝရဘုရားသခင်ထံသို့ ဆုတောင်းခံပါလော့!" (Sura 22.67)

တဖန် –

"ထာဝရဘုရားသခင် တရားစီရင်သောနေ့သို့ရောက်သောအခါ အသင်နှင့်ငါ မတူကွဲပြားခြားနားနေကြသည့် သဘောထားကို အလ္လာအရှင်မြတ်က စစ်ဆေးစီရင်ပေလိမ့်မည်။"(Sura 22.67)

ထို့ပြင် ကိုရမ်ကျမ်းစာသည် ပြီးပြည့်စုံသော ထာဝရဘုရားသခင်၏စကားတော်(The word of God)ပုံစံအဖြစ် လက်ခံရရှိသည်ဟုဆိုသည်။ ထာဝရဘုရားသခင်၏ ကြီးမြတ်တော်မူသည့် လျှို့ဝှက်ချက်အား သိနားလည်စေသည့်အပြုအမူမှာ –

(၁) စေတမန်နတ်သားသည် တရားကျင့်ကြံအားထုတ်အချိန်တွင် ခေါင်းလောင်းသံတစ်ခုကို သေချာတိကျစွာဖြင့် ဂေဗရီယယ်(Gabriel)က ဆက်သွယ်ဆောင်ရွက်၏။

(၂) စေတမန်နတ်တစ်ပါးသည် တရားကျင့်ကြံအားထုတ်သည့်အချိန်၌ လူသားပုံသဏ္ဍာန်ဖြင့် ဆက်သွယ်၏။

(၃) တမန်တော်၏နှလုံးသားအတွင်းသို့ သတင်းစကားကို တိုက်ရိုက်ထည့်သွင်းပေးခြင်းဖြင့် ဆက်သွယ်၏။

(၄) တမန်တော်အိပ်ပျော်နေခိုက် စေတမန်နတ်တစ်ပါး၏ပုံကို တွေ့မြင်စေခြင်းအားဖြင့် ဆက်သွယ်၏။

(၅) တမန်တော်အား အိပ်ပျော်နေစဉ်၌လည်းကောင်း၊ နိုးနေစဉ်အချိန်တွင်သော်လည်းကောင်း ထာဝရဘုရားသခင်ကိုယ်တိုင် တိုက်ရိုက်ဆက်သွယ်ခြင်းပြု၏။

ကိုရမ်ကျမ်းစာသည် တမန်တော်၏ နှစ်ဆယ့်သုံးနှစ်တာမျှသော အချိန်ကာလအတွင်း တမန်တော်အား ဖွင့်ဟထုတ်ဖော်ဟောကြားခဲ့သော တရားတော်များဖြင့် အမြဲထာဝရရှိနေမည့် ကျမ်းစာဖြစ်သည်။ ထာဝရဘုရားသခင်သည် အလွန်မြင့်မြတ်တော်မူခြင်း၊ အလွန်သန့်ရှင်းဖြူစင်ခြင်းနှင့် အလွန့်အလွန် သာလွန်မြင့်မြတ်ခြင်းရှိတော်မူသည့်အလျောက် ထာဝရဘုရားသခင်က လူသားများသိရှိနိုင်ရန် တမန်တော်များမှတဆင့်သာလျှင် ဆက်သွယ်သည်။

## တမန်တော်များအား ယုံကြည်မှု
## Belief in Prophets

ထာဝရဘုရားသခင်အား အလွန့်အလွန်သာလွန်မြင့်မြတ်တော်မူသော သက်ရှိပုဂ္ဂိုလ်တစ်ဦးအဖြစ် မှတ်ယူထားသည့်အလျောက် သူသည် ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ထားသူများမှတဆင့်သာလျှင် သိနားလည်နိုင်သည်။ တမန်တော်မူဟမ္မဒ်က လူအမျိုးမျိုးတို့ထံသို့ အချိန်ကာလ ခွဲခြားသတ်မှတ်၍ ပို့လွှတ်ထားသည့် တမန်တော်ပေါင်းမှာ ၁၂၄၀၀၀ ရှိသည်ဟု သိရှိထားခဲ့သည်။ ကိုရမ်ကျမ်းကမူ ဂျူးလူမျိုးများထံသို့ ပို့လွှတ်ခဲ့သူ တမန်တော် ၂၅ ပါးရှိသည်ဟု အမည်နာမတပ်လျက် ဆိုထား၏။(Surah 6:83-86) ထို့ပြင် အချိန်ကာလ ကြာမြင့်လာသည့်အခါ ဓမ္မသစ်ကျမ်းကစာမှ တမန်တော်သုံးပါးကို ထည့်သွင်းပေါင်းယူထားသည်။ အေဗရာဟမ်နှင့် မိုးဇက်(Abraham and Moses)တို့မှာ အထင်ရှားဆုံးဖော်ပြခံရသူများဖြစ်ပြီး သခင်ယေရှုသည် ကိုရမ်ကျမ်းတွင် အနည်းဆုံး နှစ်ဆယ့်ငါးကြိမ်ဖော်ပြခြင်းခံရသည်။ သို့သော် တမန်တော်မူဟမ္မဒ်(Prophet Muhammad)မှာမူကား လူသားအားလုံးထံသို့ နောက်ဆုံးနှင့်

အပြီးသတ်တမန်တော်အဖြစ် ခေါ်ဆိုခြင်းခံရသည်။

တမန်တော်ဆိုသည်မှာ စစ်မှန်သန့်စင်သည့် တစ်ပါးတည်းသော ထာဝရဘုရားသခင် အကြောင်းနှင့် လူများအားလမ်းညွှန်ပေးနိုင်သည့် ဥပဒေသကို သင်ကြားဟောပြနိုင်ရန် ထာဝရဘုရားသခင်၏ ကိုယ်စားလှယ်တော်တစ်ပါးဖြစ်သည်။(Sura 10:48; Sura 14.4)။ တမန်တော်များသည် လူသားများအား ထာဝရဘုရားသခင်၏ ဟောကြားချက်များနှင့် လူမှုရေး စည်းကမ်းဥပဒေများအား လိုက်နာရေးအတွက် ပျက်ကွက်မှုမရှိအောင် သတိပေးရန်နှင့် ပြုပြင်ပေးရန် ဘာသာရေးရည်မှန်းချက်အောင်မြင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ကြရသည်။ အစဉ်အဆက်အားဖြင့် တမန်တော်များမှာ တမန်တော်ဒေဗစ်(David)နှင့် တမန်တော်မူဟမ္မဒ် (Muhammad)ရွတ်ဆိုခဲ့သည့်လင်္ကာများကို ၎င်းတို့၏ နှလုံးသားခံစားမှုဖြင့် ကဗျာလင်္ကာ များကို နှုတ်မှရေရွတ်လျက် ထာဝရဘုရားသခင်ကို အားကျအရူးထနေသူများဖြစ်သည်။ ရေရွတ်သံများမှာ ထာဝရဘုရားသခင်၏ အကြောင်းအရာများဖြစ်ကြပြီး လူမှုရေးတရားမျှတမှု မရှိခြင်းကိုဆန့်ကျင်လျက် သတိပေးသည့်အသံများဖြစ်သည်။ အတိအကျအသေအချာအားဖြင့် ၎င်းတို့သည် ကိုယ်တိုင်ပါဝင်ပတ်သက်မှုဖြင့် ကြီးစွာသောလှုံ့လဝိရိယစိုက်ထုတ်၍ ထာဝရဘုရား သခင်၏ကျေးဇူးကို တာဝန်သိသိဖြင့်ကြိုးစားနေကြသူများဖြစ်သည်။

## တရားစစ်ဆေးဆုံးဖြတ်သောနေ့
## The Day of Judgement

အစ္စလာမ်ဘာသာက လူသားသည် အမှန်၊ သို့မဟုတ် အမှားကို မိမိစိတ်ကြိုက် နှစ်သက်ရာကို ရွေးချယ်နိုင်သော လွတ်လပ်သည့်စိတ်ဆန္ဒကို ပေးအပ်ထားသည်ဟု ခံယူ ထားသည်။ လူတစ်ဦးချင်းအား ၎င်းက သူတစ်ပါးအတွက်ဆောင်ရွက်ခြင်းနှင့် လုပ်သင့်သည်ကို မလုပ်ခြင်း၊ ကာယကံမြောက်ပြုမှုခြင်း အားလုံးအတွက် တရားစီရင်သည့်နေ့တွင် စစ်ဆေးခြင်းခံရ နိုင်သည်။ တရားစစ်ဆေးဆုံးဖြတ်သည့်နေ့တွင် လူတိုင်းလူတိုင်းသည် ပုန်းကွယ်ခိုအောင်းနေခြင်း မပြုနိုင်ပဲ ထာဝရဘုရားသခင်၏ ရှေ့မှောက်ရောက်ရှိလိမ့်မည်။ (Surah 34and 39 : 67-73)။ မိမိကိုယ်တိုင် စည်းကမ်းရှိစွာဖြင့် အစ္စလာမ်ဘာသာရေးယုံကြည်မှုနှင့် အပြုအမူများရှိသော

လူတစ်ယောက်သည် ထက်ကောင်းကင်ရွှေဘုံနန်းသို့ ပို့ဆောင်ခြင်းခံရသော ဆုတော်လာဘ်တော်ကိုရရှိ ခံစားရမည်ဖြစ်သည်။ သို့မဟုတ် ဆန့်ကျင်သော အပြုအမူများရှိပါမူကား သူသည် အပူရှိန်မစဲ အမြဲတောက်လောင်နေသောငရဲသို့ ပို့ဆောင်ခြင်းခံရမည်။ ထက်ကောင်းကင်ရွှေဘုံနန်းနှင့် ငရဲခန်းကိုယုံကြည်သည့် ဤအယူအဆကို ဂျူးဘာသာနှင့် ခရစ်ယာန်ဘာသာများတွင်လည်း တွေ့ရှိရသည်။ သို့သော် အစ္စလာမ်ဘာသာရေးခံယူချက်တွင် အသေးစိတ်အချက်အလက် ကွဲပြားချက်များစွာရှိသည်။

တဖန် အစ္စလာမ်ဘာသာသည် ဂျူးဘာသာကဲ့သို့ပင် တရားစီရင်စစ်ဆေးသည့်နေ့တွင် သေဆုံးသွားခဲ့သောကိုယ်ခန္ဓာ ပြန်လည်ဖြစ်ပေါ်လာပြီး ကိုယ်တိုင်တရားစီရင်စစ်ဆေးခြင်းခံရသည်ဟူသော အယူအဆရှိသည်။ ဤအယူအဆသည် ပလေတို၏အတွေးအခေါ်(Platonic Tradition)၊ ဆမ်းကျအယူဝါဒ(Sam Khya)၊ ဂျိန်းဘာသာ(Jainism)နှင့် ဂီတအယူဝါဒ(Gita)များ၏ ဟောကြားချက်ဖြစ်သည့် သန့်စင်သည့် ရုပ်ခန္ဓာမပါရှိသော သန့်ရှင်းသော စိတ်ဝိညာဉ်(ဝါ) အသက်လိပ်ပြာကောင်ကလေးဟူသောအယူအဆနှင့် အလွန်ကွဲပြားခြားနားသည်။

အစ္စလာမ်ဘာသာက တရားစစ်ဆေးစီရင်သောနေ့တွင် အစ္စရာဖီးလ်(Israfil)ဆိုသူ စေတမန်နတ်က ခရာမှုတ်ပြီး အချက်ပေးမည်ဖြစ်၍ ထိုအခါ သချိုင်းမြေအောက်တွင် မြှုပ်နှံထားသည့် သေပြီးသူများသည် ထမြောက်လာကြပြီးလျှင် တရားစစ်ဆေးစီရင်မည့် ထာဝရဘုရားသခင်၏ ပလ္လင်ရှေ့တွင် မတ်တပ်ရပ်လျက် ရောက်လာကြရမည်။ ထာဝရဘုရားသခင်က တရားစစ်ဆေးသောအခါ မိုးဇက်(Moses)နှင့် ယေရှုတို့၏ နောက်လိုက်နောက်ပါများအတွက် ရှေ့နေလိုက်၍ ထာဝရဘုရားသခင်၏ သနားညှာတာမှုကို တောင်းခံပေးကြလိမ့်မည်။ သို့သော် မူဆလင်များအတွက်ကား ထာဝရဘုရားသခင်၏ တမန်တော်မူဟမ္မဒ်၏ အသနားခံလျှောက်ထားချက်ကို နာကြားတော်မူလိမ့်မည်။

## တကဒီးရ် (Taqdir) ခေါ် လူသားတစ်ရပ်လုံး၏ ရှေ့အလားအလာဖြစ်ပေါ်မည့်ကံကြမ္မာအတွက် ကြိုတင်ဆုံးဖြတ်ခံရခြင်း Pre-destination

များသောအားဖြင့် မူဆလင်များသည် ထာဝရဘုရားသခင်က မိမိတို့၏ကံကြမ္မာအတွက် အမိန့်တော် ကြိုတင်ချမှတ်ခြင်းနှင့် ကောင်းမှု မကောင်းမှုနှစ်ခုလုံးအတွက် မိမိတို့သည် နောင်လာမည့် အနာဂတ်ကာလတွင် ကောင်းကျိုးကို ခံစားရမည်ဟု ယုံကြည်ကြ၏။ (Sura၅ 3.145)က "အလ္လာအရှင်မြတ် ခွင့်မပြုလျှင် မည်သူတစ်ဦးတစ်ယောက်မျှ မသေဆုံးရ။ လူတိုင်း၏သက်တမ်းကို သတ်မှတ်ထားပြီးဖြစ်သည်"ဟု တွက်ဆထား၏။ သို့သော် ဤအခန်း (Surah)ကပင်လျှင် ထာဝရဘုရားသခင်သည် အနန္တတန်ခိုးရှင်ဖြစ်တော်မူသည့်အားလျော်စွာ လူသားအား မိမိကြိုက်နှစ်သက်ရာကို ရွေးချယ်နိုင်ရန် လွတ်လပ်သောဆန္ဒနှင့်အတူတကွ ပေးအပ်ခဲ့ပြီးဖြစ်ပါ၏။ အဓိပ္ပါယ်မှာ သူသည် အလ္လာအရှင်မြတ်၏ ထက်ကောင်းကင်ရွှေဘုံနန်းတွင် စံမြန်းရန်အတွက် ယုံကြည်ချက်ထားရှိရမည် ဟူသောသဘောဖြစ်သည်။

လူအများတို့က လူသားတစ်ရပ်လုံး၏ ရှေ့အလားအလာဖြစ်ပေါ်မည့် ကံကြမ္မာအတွက် ကြိုတင်ဆုံးဖြတ်ထားခြင်း(Pre-destination)အယူအဆကို လက်မခံ ကန့်ကွက်ခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ဤ Pre-destination ဟူသောသဘောတရားသည် ထာဝရဘုရား သခင်၏ သနားကြင်နာမှုနှင့် အကြီးမားဆုံးသောမေတ္တာဖြင့် လူသားအား ကယ်တင်တော်မူခြင်းကို ကျေးဇူးတုန့်ပြန်သောအားဖြင့် ဖော်ကျူးထားခြင်းဖြစ်သည်။ ထို့ကြောင့် ထာဝရဘုရားသခင်၏ သနားကြင်နာမှုအား အခန်း(၃) (Sura)တွင် ဖော်ပြထားသည်မှာ-

> "ထာဝရဘုရားသခင်က သူတို့ကိုခွင့်လွှတ်သည်ဖြစ်စေ၊ အပြစ်ပေးသည်ဖြစ်စေ၊ ဤသည်မှာ သင်၏ကိစ္စမဟုတ်ပေ။ သူတို့သည် မှားယွင်းသောအမှုကို ပြုခဲ့ကြသူများဖြစ်သည်။ ထာဝရဘုရားသခင်၏တာဝန်မှာ ထက်ကောင်းကင်ရွှေဘုံနန်းနှင့် ကမ္ဘာမြေတည်ရှိသော စကြဝဠာတစ်ဝှမ်းလုံး ဖန်ဆင်းရန်ဖြစ်သည်။ ထာဝရဘုရားသခင်က သူအပြစ်ဒဏ်ပေးရမည့်သူအား သူနှစ်သက်သဘောတူလျှင် သူခွင့်လွှတ်တော်မူလိမ့်မည်။ အလ္လာအရှင်မြတ်သည် သနားကြင်နာ၍ ခွင့်လွှတ်ပေးတတ်သူဖြစ်သည်။ (Surah III.26)

တဖန်-

ဆိုကြပါစို့ "အိုအလ္လာရှင်မြတ် ! အရာခပ်သိမ်းကို စိုးမိုးအုပ်ချုပ်တော်မူခြင်း၏ပိုင်ရှင် အရှင်သခင်!။ အရှင်သခင်က စိုးမိုးအုပ်ချုပ်မှုတွင် အရှင်သခင်က လိုလားသူအား ပေးသနားတော်မူခဲ့ပါ၏။ အရှင်သခင်က မလိုလားသူထံမှ စိုးမိုးအုပ်ချုပ်မှုကို အရှင်သခင်က ပြန်လည်ရုပ်သိမ်းတော်မူခဲ့ပါ၏။ အရှင်သခင်က လိုလားသူအား မြင့်သောနေရာသို့ အရှင်သခင် တင်ပေးတော်မူ၍ အရှင်သခင် မလိုလားသူအား နိမ့်သောနေရာသို့ လျှောချပေးပါ၏။" (Surah III.26)

စိန့်ပေါလ်(St.Paul)နှင့် နောက်ပိုင်းတွင် ကာလ်ဗင်(Calvin)တို့ကလည်း Pre-destination ခေါ် လူသားတစ်ရပ်လုံး၏ ရှေ့အလားအလာကံကြမ္မာကို ကြိုတင်တွက်ဆ ဆုံးဖြတ်ချက်ချထားခြင်းတည်းဟူသော ဤသဘောတရားကို များစွာအထောက်အကူ ပြုခဲ့ကြပေ၏။ (ဟိန္ဒူဘာသာ)မှ ကသိုပနိရှတ်(Katho -panishad)နှင့် မုန္ဒက (Mundaka) တို့ကလည်း အလားတူ Pre-destination ဟူသော သဘောထားအယူအဆနှင့် ထာဝရဘုရားသခင်၏ ဂုဏ်ကျေးဇူးကို ထပ်ခါထပ်ခါ ဆိုမြည်ကျူးရင့်ကြပါ၏။

"ဤအတွေ့အကြုံဖြင့်သိနိုင်သော အသိဉာဏ်(This Soul)ကို လမ်းညွှန်ချက် ၊ သို့မဟုတ် ညွှန်ပြချက်ဖြင့် လူတစ်ယောက်သည် ကိုယ်တိုင်မရရှိနိုင်ချေ၊ သို့မဟုတ် ဉာဏ်ပညာထက်မြက်ယုံမျှဖြင့်လည်း မရရှိနိုင်ချေ၊ သို့မဟုတ် သင်အံလေ့ကျက်ခြင်း အားဖြင့်လည်း မရနိုင်ပေ။ သူရွေးချယ်ထားသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အကူအညီ ဖြင့်သာလျှင် သူရရှိနိုင်၏။ ထိုသို့သောလူတစ်ယောက်သည် မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် ဖော်ထုတ်ရမည်ဖြစ်သည်။" (Kath 2.23; Mundaka 3.2,3)

ဤအကြောင်းအရာကို ထာဝရဘုရားသခင်က အထူးဂရုစိုက်၍ပေးအပ်သည့် လက်ဆောင်အဖြစ် ခွင့်ပြုပေးတော်မူသည့် လွတ်လပ်သောစိတ်ဆိုသည့်အခန်းတွင် ဆက်လက် ဖော်ပြသွားပါမည်။ ကိုရမ်ကျမ်း၏အဆိုအရ လူသားသည် စေတမန်နတ်များနှင့် ကွဲပြားခြား နားသည်။ အဘယ်ကြောင့်ဆိုသော် ရိုးရှင်းသည့်အကြောင်းမှာ လူသားသည် ကောင်းတာကို ဖြစ်စေ၊ မကောင်းတာကိုဖြစ်စေ လွတ်လပ်စွာရွေးချယ်နိုင်ခွင့် ရှိသောကြောင့်ဖြစ်သည်။

ဆန့်ကျင်ဘက်အားဖြင့် စေတမန်နတ်များတွင် လွတ်လပ်သောစိတ်မရှိပဲ ၎င်းတို့သည် ထာဝရဘုရားသခင်၏စိတ်ဆန္ဒကို အမြဲတစေ သယ်ပိုးပေးလျက်ရှိသည်။ အဆိုပါ Pre-destination ဟူသောသဘောတရားမှာ ယုံကြည်ချက်ကို ဖော်ပြခြင်းနှင့် ယုံကြည်စိတ်ချခြင်းအပြင် ထာဝရဘုရားသခင်၏စိတ်ဆန္ဒသို့ လုံးဝအပ်နှံခြင်းဖြစ်သည်။ မူဆလင်တစ်ဦးသည် မိမိ၏ဆန္ဒအား ထာဝရဘုရားသခင်၏ စိတ်ဆန္ဒသို့ လုံးဝအပ်နှံခြင်းဖြစ်သည်။ မူဆလင်တစ်ဦးသည် မိမိ၏ဆန္ဒအား ထာဝရဘုရားသခင်၏စိတ်ဆန္ဒသို့ အပ်နှံခြင်းဆိုသည်မှာ အစ္စလာမ်ဘာသာ၏ အဓိပ္ပါယ်ဖြစ်ပြီး မူဆလင်တစ်ယောက်အား ငရဲဘုံ၏နှုတ်ခမ်းဝသို့ တွန်းပို့ခြင်းခံရသည့်တိုင် ထာဝရဘုရားသခင်၏ သစ္စာကို စောင့်သိရမည်ဖြစ်သည်။

"ထာဝရဘုရားသခင်၏ကျေးကျွန် ဖြစ်ရခြင်းသည် မူဆလင်၏ ဂုဏ်ယူဝင့်ကြွားစရာ အကောင်းဆုံးအချက်ဖြစ်၏"

(Pacthall, M ရေးသားသည့် "ဂုဏ်ယူဖွယ်ရာ ကိုရမ်ကျမ်းစာ"ကို ၁၉၄၈ ခုနှစ်တွင် ထုတ်ဝေသည့်စာအုပ်။ ကိုရမ်ကျမ်း၏ ဘာသာပြန်ဆိုရေးသားချက်သည် အဆိုပါ စာအုပ်မှ အထောက်အထားရယူ ရေးသားခဲ့ခြင်းဖြစ်သည်)

ခရစ်ယာန်ဘာသာဝင်တစ်ဦးကလည်း သီချင်းသီဆိုကျူးရင့်ရာ၌ -

"ကျွန်ုပ်တို့၏စိတ်ဆန္ဒသည် သူတို့အား အရှင်သခင်အဖြစ်လုပ်ပေးနိုင်ရန်ဖြစ်သည်"

ဟိန္ဒူဘာသာဝင် ရာမနုဂျာအယူအဆရှိသူ(Ramanuji)တစ်ယောက် ပြောကြားရာ၌လည်း-

"ထာဝရဘုရားသခင်၏ဆန္ဒသို့ လုံးဝဥဿုံ အကုန်အစင်အပ်နှံရန်အရေးသည် လူတစ်ယောက်၏ အတိအကျဆုံး လွတ်လပ်မှုဖြစ်သည်။"

ထို့ကြောင့် (the doctrine of pre-destination)ခေါ် လူသားတစ်ရပ်လုံး၏ ရှေ့အလားအလာ ဖြစ်ပေါ်လာမည့်ကံကြမ္မာအတွက် ကြိုတင်ဆုံးဖြတ်ခြင်းဟူသော အယူအဆသည် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဒဿနမဟုတ်ပါ။ သို့သော် ယင်းအယူအဆသည် ဘာသာတရားကြည်ညိုလေးစားခြင်း၏ ထုတ်ဖော်ပြသချက်ဖြစ်သည်။ အကယ်၍ သူသည် ဆူရ ၃ ကျမ်းစာအုပ်ကို တစ်ဆက်တည်းဖတ်မည်ဆိုလျှင် မည်သူတစ်ဦးတစ်ယောက်မျှ ဤမှတ်စုကို

လွှဲချော်နိုင်မည် မဟုတ်ပေ။

## အစ္စလာမ်ဘာသာ၏ လူသားဘဝ

## Man in Islam

ကိုရမ်ကျမ်းစာ၏အဆိုအရ လူသားအား ဖုန်မှုန့်အတွင်းမှ ဖန်ဆင်းခဲ့ခြင်းဖြစ်၏။ လူသားအားဖန်ဆင်းသည်ဆိုသော ရှုမြင်သုံးသပ်ချက်နှင့်စပ်လျဉ်း၍ အထောက်အထား အကိုးအကားများစွာရှိသည်။

"အလ္လာအရှင်မြတ်က အသင့်ကို ဖုန်မှုန့်အတွင်းမှ ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် အသင့်အား အဆီရည်လေးအဖြစ်သို့လည်းကောင်း၊ ထို့နောက်အသင့်အား စုံတွဲအဖြစ်(ယောက်ျားနှင့် မိန်းမ) ထာဝရဘုရားသခင်က ဖန်ဆင်းခဲ့၏။" (Surah .xxx .11)

တဖန်-

"အမှန်စင်စစ်အားဖြင့် ငါအရှင်မြတ်တို့(We)က လူသားအား စွတ်စိုသောမြေသားထဲမှ ထွက်ပေါ်လာသောပစ္စည်းကို ဖန်ဆင်းခဲ့၏။ ထို့နောက် သူ့ကို အရေစက်လေးတစ်ခုအဖြစ်(မျိုးစေ့) လုံခြုံသောအခန်းအတွင်း ထည့်သွင်းပေးခဲ့၏။ ထို့နောက် ကိုက်ညီလိုက်ဖက်မှုရှိရန်စီစဉ်ပြီး ငါအရှင်မြတ်တို့က အရည်စက်ကို ပုံသဏ္ဍာန်မမှန်သေးသည့် အရေတစ်ဝက် အစိုင်အခဲတစ်ဝက်အဖြစ် ဖန်ဆင်း၏။ ကိုက်ညီလိုက်ဖက်မှုရှိရန် စီစဉ်ပြီးနောက် ငါအရှင်မြတ်တို့က သေးငယ်သည့်အရည်နှင့် အစိုင်အခဲ တစ်ဝက်စီဖန်ဆင်း၏။ ထို့နောက် စနစ်တကျလိုက်ဘက်ညီ၍ မျှတအောင် သေးငယ်သည့်အရိုးများကို ဖန်ဆင်း၏။ ထို့နောက် အရိုးများအပေါ်တွင် အသွေးနှင့်အသားရောစပ်လျက် ဖြစ်ပေါ်စေသည်။ ထို့နောက် လူသားအဖြစ် မွေးထုတ်မှုသို့ ဖန်ဆင်းခြင်းကို ငါအရှင်မြတ်တို့ ပြုတော်မူသည်။"(Surah XXXIII.12-14)

ထာဝရဘုရားသခင်က လူသားအား စေတမန်နတ်တို့ထက် မြင့်သောနေရာသို့ပင်

ဖန်ဆင်းတော်မူခဲ့၏။ အဘယ်ကြောင့်ဆိုသော် အဒမ်(Adam)ရှေ့မှောက်တွင် ဒူးထောက်၍ စေတမန်နတ်များက ဦးညွှတ်ရန်မှာကြားထားခဲ့သောကြောင့်ဖြစ်သည်။

> ''အရှင်မြတ်တို့(We)က အသင်အား ဖန်ဆင်းခဲ့ကြ၏။ ထို့နောက် အသင့်အား လိုက်ဖက်ညီရန် ဖန်ဆင်းခဲ့၏။ ထို့နောက် စေတမန်နတ်များအား ပြောကြားခဲ့၏။ သင်တို့သည် အဒမ်၏ရှေ့မှောက်တွင် သင်တို့၏မျက်နှာကို မြေကြီးနှင့်ထိ၍ အလေးအမြတ်ပြု ဦးခိုက်ပါလော့!။ ထိုပြင် သူတို့အားလုံး မျက်နှာနှင့်မြေကြီး ထိကပ်လျက် အရိုအသေပြုလိုက်ပါ။ မျက်နှာကို မြေကြီးနှင့်ထိလျက် အလေးပြုခဲ့ခြင်းမရှိသော အီဗလစ်ဇ်(Iblis)အား အားလုံးကယ်တင်လိုက်ပါ'' (Surah VII.11)

အလားတူ စေတမန်နတ်များအပေါ် တန်ခိုးအာဏာကြီးမားသူဖြစ်ကြောင်းကို (ဆူရ.အမှတ် ၃၈းရ၃–ရ၄၊ အမှတ် ၂၀.၁၁၆)တွင် ဖော်ပြထားသည်။ လူသားအား ဖုန်မှုန့်အတွင်းမှလည်းကောင်း၊ စေတမန်နတ်သမီးများအား မီးတောက်အတွင်းမှလည်းကောင်း ဖန်ဆင်းတော်မူသောအချိန်ထိ အဘယ်ကြောင့် ဤတန်ခိုးအာဏာရှိကြပါသနည်း။ ပထမအချက်မှာ အဒမ်သည် မှတ်ဉာဏ်နှင့် စဉ်းစားဉာဏ်အပါအဝင် ဉာဏ်ပညာအသီးအပွင့်များ ပေးအပ်ခြင်းခံထားရသောကြောင့်ဖြစ်သည်။

> ''ထာဝရဘုရားသခင်က အဒမ်အား အမည်နာမများအားလုံးကို သင်ကြားပေးခဲ့သည်။ ထို့နောက် ၎င်းတို့အား စေတမန်နတ်များသို့ ပြသခဲ့သည်။ ဤသို့လည်းပြောခဲ့၏။ အကယ်၍ အသင်တို့သည် မှန်မှန်ကန်ကန်ဖြစ်ကြပါလျှင် ငါ့အား ထိုအမည်နာမများကို ပြောကြားပါလော့။''
>
> ''သူတို့က ပြောကြားသည်မှာ ဂုဏ်သိက္ခာရှိကြပါစေ! ကျွန်ုပ်တို့အား အရှင်သခင် သင်ကြားပေးသည့်အသိပညာမှတပါး ကျွန်ုပ်တို့တွင် အခြားဉာဏ်ပညာမရှိပါ။ သူ(ထာဝရဘုရားသခင်)က ပြောကြားသည်မှာ ''အို– အဒမ်! သူတို့အား သူတို့၏ [illegible]များကို ပြောကြားပါလော့၊ သူက သူတို့အား သူတို့၏အမည်နာမကို ပြောကြားသည့်အခါ ထာဝရဘုရားသခင်က ပြန်လည်ပြောကြားရာတွင်– ထက်ကောင်းကင်ရှေ့ဘုံနန်းနှင့် ကမ္ဘာမြေတစ်ဝှမ်း၏ လျှို့ဝှက်ချက်ကို အသင့်အား ငါပြောကြားခဲ့ပြီးပြီ

မဟုတ်ပါလား။" (Surah .11.32-33)

ဒုတိယအချက်မှာ လူသားတွင် လွတ်လပ်စွာတွေးခေါ်နိုင်ခြင်းရှိသော်လည်း စေတမန်နတ်များတွင်မူ လွတ်လပ်စွာတွေးခေါ်နိုင်စွမ်း မရှိကြရာပေ။

> "ထာဝရဘုရားသခင်က စေတမန်နတ်များသို့ ပြောကြားသည့်အခါ ကြည့်ရှုပါလော့! ငါသည် လက်ထောက်တစ်ယောက်ကို မြေကြီးထဲသို့ ပို့ထားရလိမ့်မည်။ ၎င်းတို့က ပြောကြ၏။ "ထာဝရဘုရားခင် အိုအရှင်၊ ဘေးဥပါဒ်အန္တရာယ်ပြုမည့်သူနှင့် သွေးအိုင်ထွန်းစေမည့်သူအား အရှင်ဘုရားက မြေကြီးအတွင်းသို့ ပို့ထားပါလော့၊ တပည့်တော်များက အရှင်သခင်၏မြင့်မြတ်မှုအား ချီးကျူးပူဇော်သောအားဖြင့် အရှင်သခင်၏ဂုဏ်ကျေးဇူးကို ထုတ်ဖော်သည့်သီချင်းသံများ တပည့်တော်တို့ သီဆိုရပါမည်လား? ။ ထာဝရဘုရားသခင်က ပြော၏- အသင်တို့ မသိလေသမျှ ငါအရှင် သေချာမှုချ သိနိုင်ပါ၏။" (Surah 11.30)

အဓိပ္ပါယ်မှာ လူသားအား လွတ်လပ်သည့်စိတ်ဆန္ဒကို ပေးထားခဲ့ပြီးဖြစ်၏။ အကယ်၍သာ သူသည် ထာဝရဘုရားသခင်၏ ပညတ်တော်များအား လိုက်နာပါက သူသည် ထက်ကောင်းကင်ဘုံနန်းတွင် ချမ်းသာသုခ အပြည့်အဝခံစားရမည့် လူသားနှင့် ထာဝရဘုရားသခင်၏ ဖန်ဆင်းတော်မူခြင်းအတွက် အကြီးမြတ်ဆုံးဖြစ်သည်။ သို့သော် လူသားသည် ကောင်းသောအမှုကိစ္စတွင်ဖြစ်စေ၊ မကောင်းသောအမှုကိစ္စတွင်ဖြစ်စေ၊ မိမိကြိုက်နှစ်သက်ရာ ရွေးချယ်နိုင်သည့် အခွင့်အရေးရှိသည်။

> "အကယ်၍ သင်သည် ကောင်းတာကိုလုပ်လျှင် သင်၏ ကိုယ်ပိုင်ကောင်းခြင်းကို လုပ်သည်မည်၏။ အကယ်၍ အသင်သည် မကောင်းမှုကိုလုပ်လျှင်လည်း ထိုအရာသည် သင်တို့အတွက် တူညီသည့် တုန့်ပြန်ချက်ဖြစ်သည်။ (Surah . XVII.7)
>
> တဖန် -
>
> "စဉ်းစားပါလော့! အရှင်ထာဝရဘုရားသခင်ထံ သွားရာလမ်းသို့ ဘယ်လောက်ပင် ရွေးချယ်စေကာမူ တိကျနိုင်မာလိမ့်မည်ဟုမဆိုနိုင်ပေ။" (Surah . 76-29)
>
> ထာဝရဘုရားသခင်က သူ၏ပညတ်တော်များအား ယုံကြည်လိုက ယုံကြည်ရန်ဖြစ်၍

မယုံကြည်လိုကလည်း မယုံကြည်ပဲနေနိုင်ရန် လူ့လောကနှင့်လူသားအား လွတ်လပ်သော စိတ်ဆန္ဒကို ပေးအပ်ထားသည်။

''သို့ဖြစ်လျှင် မည်သူမဆို သူယုံကြည်ပါက သူ့စိတ်သဘောအတိုင်းဖြစ်ပါစေ။ မယုံကြည်ကလည်း သူ့စိတ်သဘောအတိုင်းဖြစ်ပါစေ။ စဉ်းစားပါလော့! မယုံကြည်သူများအတွက်ကား ငရဲမီးကို ငါတို့စီစဉ်ထား ... ကြည့်ရှုပါလော့! ယုံကြည်၍ ကောင်းသောအမှုကိစ္စ ပြုသူများအတွက်မှာကား၊ စဉ်းစားပါလော့! တစ်ဦးတစ်ယောက်က ကောင်းသောအမှုကိစ္စ သူလုပ်ဆောင်သမျှကို ပျောက်ဆုံး ပျက်စီးရန် ငါတို့က ဆုမချပေ။ ထိုကောင်းသော အမှုကိစ္စအတွက် သူတို့ရောက်ရှိမည့် နေရာမှာ ဒေင်နန်းတော်ဖြစ်လတ္တံ့။ (Surah XVII . 30-32)

စကြဝဠာကမ္ဘာလောကဓါတ်၏ ဖန်ဆင်းခံသတ္တဝါအားလုံးတို့တွင် လူသားတစ်မျိုးတည်းသာလျှင် ထာဝရဘုရားသခင်၏ ယုံကြည်စိတ်ချရမှုကို သယ်ပိုးဆောင်ရွက်နိုင်သူအဖြစ် အသင့်တော်ဆုံးဖြစ်ခဲ့ရပေသည်။

''ရှမျှော်စမ်းပါလော့! ထက်ကောင်းကင်ရွှေဘုံနန်း၊ ရွှေကြငန်းနှင့် နန်းပြသာဒ်ပါ၊ ဤမြေကမ္ဘာမှာ ငါတို့တွေ ပေးလှူကြတာ၊ ထက်ကောင်းကင်အဇ္ဈာစခန်းသို့ လှမ်းတက်ဖို့သာ၊

သို့ပါသော် တောင်ကုန်းတွေခမျာ ကြောက်ရွံ့နေကြရှာ၊ ရှုံ့တွန့်သောတောင်သေလာ။ လူတွေက ထိုအရာကို မှန်တယ်ထင် ယူဆကြအမှား ။ (Surah XXXIII.72)

လူသားသည် ကိုရမ်ကျမ်းတွင် မြင့်မားသောအဆင့်သို့ ဂုဏ်သိက္ခာ မြှင့်တင်ပေးခြင်းခံရပြီးလျှင် အရေးကြီးသော ရေးသားဖော်ပြချက်(၃)ချက်က လူ၏အကြောင်းအရာကို ဖော်ပြထားသည်။ ''သေချာခိုင်လုံစွာဖြင့် ကျွန်ုပ်တို့က လူသားအား အကောင်းဆုံးနှင့် အမြင့်ဆုံးနေရာတွင် ဖန်ဆင်းထားသည်။'' (Surah 95.4) ။ ပထမအချက်မှာ ထာဝရဘုရားသခင်က သူ့ကို မိမိအတွက်(ထာဝရဘုရားသခင်)ဖြစ်၍ ၎င်းအား လမ်းညွှန်ချက်ပေးနေသည်။

''ထို့နောက် သူ(အဒမ်)၏အရှင်သခင်က သူ့အားရွေးချယ်ပေးခဲ့သည်။ ထို့အပြင် ပြင်းထန်သည့်တင်းကြပ်မှုကိုလျော့ချလျက် သူ့ကိုလမ်းညွှန်ခဲ့သည်။''(Surah XX.122)

ထာဝရဘုရားသခင်က ဘာကြောင့် ဤကိစ္စအား ဆောင်ရွက်ခဲ့ပါသနည်းဆိုသော် ထာဝရဘုရားသခင်၏အမိန့်တော်ကို မနာခံသည့် အဒမ်အပေါ် သနားညှာတာမှုနှင့်ချစ်ခြင်း မေတ္တာကြောင့်ဖြစ်သည်။

ကြီးကျယ်သော အခြားအရာတစ်ခုမှာကား လူသားအား အကျိုးအကြောင်းပြ ပြောကြားခဲ့ခြင်းဖြစ်သည်။ ထာဝရဘုရားသခင်က လူသားအား ကမ္ဘာမြေပေါ်ရှိအုပ်ချုပ်မှုကို ပေးအပ်ခြင်းခံရသည့် ငယ်ရွယ်သူ လက်ထောက်ဖြစ်သည်။

''အသင့်အား ကမ္ဘာမြေတလွှား၊ လက်ထောက်အုပ်ချုပ်ရေးသမားများအဖြစ် တာဝန်ပေးအပ်သူမှာ ထာဝရဘုရားသခင်ဖြစ်၍ အသင်တို့အနက်မှ အချို့ကို အခြားသူများ၏ အထက် ရာထူးမြင့်သည့်နေရာတွင် ခန့်အပ်ခဲ့သည်။ ထာဝရဘုရားသခင်က အသင့်အား ပေးအပ်ထားသည့်အပေါ် စမ်းသပ်မှုဖြင့် အသင့်အား စောင့်ကြည့်၏။'' (Surah VI .166)

''အစ္စလာမ်ဘာသာအတွင်း ဘာသာရေးဆိုင်ရာတွေးခေါ်မှုကို ပြန်လည်တည်ဆောက်ခြင်း''စာအုပ်ရေးသားသူ ဒေါက်တာအက်စ်၊ အမ်၊ အစ်ခ်ဘာလ်(Dr.S.M.Iqbal)က ထပ်ခါထပ်ခါဖော်ပြခဲ့သော ဆူရ ၃၃း၇၂ တွင် ထာဝရဘုရားသခင်က လူသားကို ထာဝရဘုရားသခင်၏ ယုံကြည်ချက်နှင့်တကွ ပေးအပ်ထားသည်ဟူ၍ ဖော်ပြထားသည်။ ဤနည်းအားဖြင့် ဒေါက်တာအစ်ခ်ဘားလ်၏အလိုအရ လူသားသည် ဖန်တီးနိုင်သောစိတ်ဆန္ဒနှင့် ကမ္ဘာလောကအား ဖန်ဆင်းရာတွင် လူသားသည် မျှဝေခံစားသူတစ်ယောက်အဖြစ်ဖြင့် ထာဝရဘုရားသခင်က တာဝန်ပေးအပ်ခဲ့သည်ဟူ၍ ပါရှိသည်။

ဒေါက်တာအစ်ခ်ဘာလ်၏ ရေးသားချက်အချို့မှာ -

"Khudi ko kar buland itna kihar taqdir se pahle, khuda bande se klud puchhe, bata teri raza kyahai?"

''ထာဝရဘုရားသခင်၏ ချီးမြှောက်မှုကိုပေးအပ်ခြင်းမပြုမီ အသင်၏ကိုယ်နှင့်စိတ်မြင့်မြတ်အောင် မွေးမြူထားပါက အသင် ဘာကိုအလိုရှိလဲ? ဟု ထာဝရဘုရားသခင်က မေးလိမ့်မည်။''

ထို့ကြောင့် လူသားအတွက် ဘာသာယုံကြည်မှုဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုတွင် အကန့်အသတ်မရှိပေ။ သို့သော် စေတမန်နတ်များသည် နတ်ဖြစ်ကြစေကာမူ ၎င်းတို့အထဲမှ အနည်းငယ်မျှဖြစ်စေ၊ အများဖြစ်စေ၊ ၎င်းတို့တွင် တွေးခေါ်ဆင်ခြင်နိုင်သည့် လွတ်လပ်မှုမရှိကြပေ။ သို့ဖြစ်လျှင် စိတ်ဆန္ဒ၏ လွတ်လပ်မှုနှင့်ဆန့်ကျင်လျက် Pre-destination ခေါ် လူသားတစ်ရပ်လုံး၏ ရှေ့အလားအလာ ဖြစ်ပေါ်မည့်ကံကြမ္မာအတွက် ကြိုတင်ဆုံးဖြတ်ခံရခြင်းဟူသော သဘောတရားဆိုတာ မရှိနိုင်ဘူးလား။။ ဟုတ်ပါ၏။ ကိုရမ်ကျမ်း၏ အခန်းကဏ္ဍပေါင်းများစွာက (many surahs)taqdir ခေါ် Pre-destination၏ အယူအဆကို အထောက်အကူပြုလျက် ရေးသားထား၏။

> "အသက်ဝိညာဉ်တစ်ခု၏ သက်တမ်းကို သတ်မှတ်ထားပြီးဖြစ်၍ အလ္လာအရှင်မြတ်၏ သဘောတူညီမှုမရှိဘဲ မည်သည့်အသက်ဝိညာဉ်မျှ မသေဆုံးနိုင်ပေ။"(Surah III.145)

သို့ရာတွင် ထိုသို့ရေးသားသည့်အချက်များမှာ အလ္လာအရှင်မြတ်၏(လောကကြီးတစ်ခုလုံးအား) ကြီးစိုးတော်မူသော အရှိန်ဩဇာတန်ခိုးတော်အာဏာကို လိုက်နာခြင်းဟူသော အယူအဆကဲ့သို့ ကံ၊ ကံ၏အကြောင်းတရားကြောင့် အကျိုးတရားကို မုချမသွေခံရပေမည်ဟူသော သဘောတရားကို များစွာအလေးသာ၍ ဟောကြားခြင်းမဟုတ်ဟူသော အဓိပ္ပါယ်ဖြစ်သည်။ ကမ္ဘာလောကကြီး၏ အဖြစ်အပျက်အားလုံးအပေါ်မှာ သစ္စာစောင့်သိသူ မူဆလင်များအားလုံးက ထာဝရဘုရားသခင်၏ အမိန့်တော်ရှေ့မှောက်တွင် ဒူးထောက်၍ အရှိအသေပြုရလိမ့်မည်ဖြစ်သည်။

ကောင်းပါပြီ၊ မေးခွန်းတစ်ခုကိုတော့ မေးမြန်းခွင့်ပြုပါ။ မကောင်းမှု ပြုလုပ်နိုင်ရန်အထိ ထာဝရဘုရားသခင်ကိုယ်တိုင်က လူသားအား ဖန်ဆင်းတော်မူခဲ့ခြင်းအား ထာဝရဘုရားသခင်က ကန့်သတ်ပေးခဲ့သည် မဟုတ်ပါလား?။ ဒေါက်တာအစ်ခ်ဘားလ်က ထာဝရဘုရားသခင်သည် ကိုယ်တိုင်ကန့်သတ်ခြင်းကို လက်ခံသည်။ သို့သော် အဘယ်ကြောင့် ထာဝရဘုရားသခင်က လူသားကို မကောင်းမှုပြုလုပ်ရန် ခွင့်ပြုခဲ့ပါသနည်း?။ အနည်းဆုံးအားဖြင့် လူအချို့တို့အား စေတမန်နတ်များ၏အထက်တွင် ကောင်းမှုကောင်းရာများတွင် ထာဝရဘုရားသခင်၏ ပညတ်တော်များကို သူတို့ကိုယ်တိုင် လိုက်နာခြင်းအားဖြင့် လွတ်လပ်သောစိတ်သည် အစီအစဉ်တကျ

လိုအပ်ပါသည်။ သို့သော် မိမိ၏သဘာဝအတိုင်းသာလျှင် လွတ်လပ်သောစိတ်သည် ဧရှိမီးသို့ ဦးတည်လျက်ရှိသော အမိန့်ကိုနာခံမှုမရှိဟူသော ဖြစ်နိုင်ဘွယ်ရာ အခြေအနေမပါရှိပဲ ဖြစ်ပေါ် လာလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ထာဝရဘုရားသခင်က မကောင်းမှုကိုပြုလုပ်လိုက ပြုလုပ်နိုင်ရန် ခွင့်ပြုထားသည်။ သို့သော် ထိုအရာကိုပြုလုပ်ရန် အားပေးတိုက်တွန်းခြင်း မရှိခဲ့ပေ။ တရားစီရင်စစ်ဆေးသည့်နေ့အထိ အီဗလစ်(Iblis)အား သူကိုယ်တိုင်စောဒက တက်နိုင်ရန် ထာဝရဘုရားသခင်၏ ခွင့်ပြုချက်ရရှိခဲ့သည်။

လူသားအကြောင်းအရာနှင့်ပတ်သက်သည့် နောက်ဆုံးအချက်မှာ ထာဝရဘုရား သခင်က လူသားထံသို့ ထာဝရဘုရားသခင်၏ ကိုယ်ပိုင်ဝိညာဉ်ကို ပေးအပ်ခဲ့သည့်အပြင် လူသားသေဆုံးသည့်အချိန်တွင် အဆိုပါဝိညာဉ်သည် ထာဝရဘုရားသခင်ထံ ပြန်လာ၏။ ပြန်လည် ရှင်သန်ထမြောက်သည့်နေ့သို့ ရောက်လာသောအခါ လူသားသည် ၎င်း၏မြေသ်ချိုင်း ဂူအတွင်းမှ ထလာရမည်ဖြစ်၍ ထာဝရဘုရားသခင်ကသိမ်းယူခဲ့သော ယင်းဝိညာဉ်ကိုပင် ပြန်လည်ပေး အပ်ခြင်းခံရလျက် မိမိ၏အပြုအမူများအတွက် တရားစစ်ဆေးစီရင်ခြင်းကို ခံရမည်ဖြစ်သည်။ ဤသို့အားဖြင့် လူသားသည် လုံးဝလွတ်လပ်စွာရှိနေမည်။ အဘယ်ကြောင့် ဆိုသော် သူတစ်ပါးအတွက် သူ၏အကျိုးဆောင်မှုနှင့် အကျိုးဆောင်ရန် ပျက်ကွက်မှုတို့အတွက် တရားစီရင်စစ်ဆေး သည့်နေ့တွင် ဖန်ဆင်းရှင်ထာဝရဘုရားသခင်၏ရှေ့မှောက်တွင် စိစစ် ရေတွက်နိုင်ရမည်ဖြစ်သည်။

လူသား၏အကြောင်းအရာ အချက်သုံးချက်ကို မှတ်သားနိုင်သည်။ လူသားသည် ထာဝရဘုရားသခင်၏ ဖန်ဆင်းခြင်းမရှိမီ(ကမ္ဘာလောက)တွင် လူအဖြစ်မပေါ်ခဲ့သေးပေ။ ဒုတိယအချက်မှာ လူသားသည် အချို့သော တိတိကျကျသတ်မှတ်ထားသည့်အချိန်တွင် ဖန်ဆင်းခံခဲ့ရသည်။ တတိယအချက်မှာ လူသားသည် မသေစေပဲ အမြဲနေရမည်ဖြစ်သည်။ ကျွန်ုပ်တို့က လူသားသည် တရားစီရင်စစ်ဆေးမည့် မတိုင်မီအထိ ကမ္ဘာလောကအတွင်းသို့ နောက်ထပ် တစ်ကြိမ် ပို့ဆောင်ခြင်းခံရမည်မဟုတ်ပေ။

## ကမ္ဘာလောက World

ကမ္ဘာလောကကို ထာဝရဘုရားသခင် ဖန်ဆင်းခဲ့သည်။ ဤကဲ့သို့ကမ္ဘာလောကအား ဖန်ဆင်းထားခဲ့သည့် အားလျော်စွာ လူသားသည် မိမိအတွက်လမ်းညွှန်ချက်များကို မိမိကိုယ်တိုင် သိနားလည်ခွင့်ရရှိမည်။ ထို့ပြင် တဖန်ဆက်ရပြန်လျှင် ထာဝရဘုရားသခင်၏ တန်ခိုးတော် ဂုဏ်ရှိန်နှင့် စွမ်းအားတော်၏ပမာဏကို သိနားလည်ခွင့်ရရှိမည်။ နေနှင့်လ၏ အစဉ်အတိုင်း စနစ်တကျသွားလာလှုပ်ရှားနေမှု၏သဘာဝကို သိနားလည်လာပြီး ၎င်းတို့၏ဥပဒေသများ၊ အကြောင်းအရာများကို ကမ္ဘာလောကထဲတွင် စိုက်ပျိုးကျဲချပေလိမ့်မည်။ ထို့ပြင် ထာဝရဘုရား သခင်က လူသား၏အကျိုးကျေးဇူးဖြစ်ရန်အလို့ငှာ သီးနှံပြောင်းပင်များနှင့် သစ်သီးဝလံများ ရှင်သန်သီးပွင့် အစားအစာဖြစ်စေဖို့အတွက် မိုးတိမ်တိုက်များနှင့် မိုးရေများကို ထာဝရဘုရားသခင် ဖန်ဆင်းတော်မူခဲ့သည်။ အသေအချာအားဖြင့် ဤကမ္ဘာလောကအား ထာဝရဘုရားသခင်က အပျော်အပါးကစားရန်အတွက်မျှသာ ဖန်ဆင်းထားခြင်းမဟုတ်ပါ။

> "မိုးကောင်းကင်ဝတီများက ဗိမ္ဗာန်များနှင့် ကမ္ဘာမြေသားတို့၏အကြားက အားလုံးသောအရာများအား ကစားပျော်ပါးရန် ငါဖန်ဆင်းခဲ့ပေသည်။" (Surah 44.38)

နေနှင့်လတို့ ရွေ့လျားပြောင်းရွှေ့သွားလာမှုများအား လူသားက သိနားလည်ခြင်းအားဖြင့် သူ၏ခြေလှမ်း ရှေ့သို့ တဆင့်လှမ်းရန် ဖန်ဆင်းထားခဲ့ခြင်းဖြစ်၏။

> "နေကို အရောင်တောက်ပခြင်းဖြင့်လည်းကောင်း၊ လကို အလင်းရောင်ထွန်းပေးခြင်း ဖြင့်လည်းကောင်း၊ တာဝန်ကိုယ်စီပေးအပ်ခဲ့သောသူမှာ ထာဝရဘုရားသခင်ဖြစ်သည်။ ထို့ပြင် လ၏စကြံန်လမ်းအတွက် နေရာပေးထားခဲ့၏။ ထိုအချက်က အသင့်အား နှစ်ပေါင်းများစွာ၏ အရေအတွက်ကို သိရှိနိုင်စေသား၊ ထို့ပြင် ရေတွက်၍ မှတ်သားမှု ဖြစ်စေသား ... ကြည့်ရှုပါလော့! နေ့နှင့်ည၏ကွာခြားချက်နှင့် အားလုံးကို အလ္လာ အရှင်က ဖန်ဆင်းထားသည့် ကမ္ဘာမြေတလွှားနှင့် ထက်ကောင်းကင်ထိပ်များက အံ့ဩဖွယ်ရာ တွေမြင်ရမည့်အရာများ ဖြစ်ကြပါ၏တကား၊ ကေန်စင်စစ် တောရပ်ဒေသ နေထိုင်ကြသည့် အဝေးရပ်မြေက မကောင်းဆိုးဝါး။" (Surah X.6,7)

Surahs II.22 နှင့် XII 2.3 တို့တွင်လည်း ပုံစံတူအတွေးအခေါ်များ ထည့်သွင်းထားသည်။ ထိုမှတပါးလည်း ဖန်ဆင်းမှုများတွင် ထာဝရဘုရားသခင်၏ ဘုန်းတန်ခိုးတော်နှင့် စွမ်းအားတော်၊ လူသားအတွက် ထာဝရဘုရားသခင်က ပေးအပ်ထားသည့် ပညတ်တော်များနှင့် ဤကမ္ဘာမြေပေါ်တွင် လူသားအတွက် လမ်းညွှန်ချက်ဖြစ်ရန် သင်ခန်းစာများပေးအပ်ရန် ရည်ရွယ်ချက်များပါရှိသည်။

''ထာဝရဘုရားသခင်၏သင်္ကေတမှာ ဤသို့တည်း– ''အသင်လိုလား အကူအညီများကို ထာဝရဘုရားက ဖန်တီးထား၏။ နားခိုနေထိုင်ရန် အသင်ရှာကြံက အသင်ကိုယ်တိုင်မှ လုံ့လစိုက်ရှိရ၏။ ထို့ပြင်တဝ ထာဝရဘုရားသခင်က အသင်နှင့် သူ့အကြား မေတ္တာနှင့်ဂရုဏာကိုထား၏။ ကြည့်ရှုပါလေ – အမှန်တကယ် အံ့သြဖွယ်လျှင် သင်တွေမြင်လိမ့်''

''ထို့ပြင်တဝ ထာဝရဘုရားသခင်၏ သင်္ကေတမှာ ဤမြေကမ္ဘာနှင့် ထက်ကောင်းကင်ဘုံဌာနတွေ ဖန်ဆင်းလေ၏။ ထိုအရာတွေဟာ သင်၏လူ့ပြေ(ပြည်)ရှာက အဆင်းသဏ္ဌာန်၊ စကားပြောဟန်နှင့် ခြားနားနေပြန်၏။ ရှုပါလေ – အမှန်စင်စစ် လူသား၏ အသိဉာဏ်အတွက် ဤအချက်သည် အလွန်တရာအံ့သြဖွယ်ရာ မဟုတ်ပါလား။''
(Surah XXX. 21-22)

ထို့နောက်တဖန် ဆက်လက်ရေးသားသည်မှာ –

''နေ့နှင့်ည ပြောင်းလဲဖြစ်ပေါ်နေရသည့်အကြောင်းမှာ ထာဝရဘုရားသခင် အလ္လာအရှင်မြတ်၏ လုပ်ဆောင်မှုကြောင့်ဖြစ်ရသည်။ ရှုပါလေလော့! ဤနေရာမှာ ကြည့်မြင်တတ်သူသာ သင်ခန်းစာကို ရကြမှာပါ။ အလ္လာအရှင်မြတ်က တိရစ္ဆာန်နှင့် ရေအား ဖန်တီးထား၏။ ၎င်းတို့အထဲမှ တစ်မျိုးတည်းသော သတ္တဝါအား အစားအစာ မျိုချစရာ ဝမ်းဗိုက်လည်းပါ၏။ ခြေနှစ်ချောင်းနှင့် ခြေလေးချောင်းသတ္တဝါများလည်းပါ၏။ အားလုံးသောသတ္တဝါကို အလ္လာအရှင်မြတ်က သူဖြစ်စေချင်သလို ဖန်ဆင်းတော်မူခဲ့၏''
(Surah 24.44.45)

ဤပုံဤနည်းအားဖြင့် ဤကမ္ဘာလောကကို ထာဝရဘုရားသခင်အား ဗဟိုပြုထား၍

သော်လည်းကောင်း၊ လူသားအား ဗဟိုထား၍သော်လည်းကောင်း ဖန်ဆင်းထား၏။ ထာဝရဘုရားသခင်က ဤကမ္ဘာလောကကြီးတွင် လူသားများစားသုံးရန်နှင့် တိုးပွားများပြားလာရန် အလို့ငှာ အစားအစာရိက္ခာမျိုးများစွာတို့ကို ဖန်ဆင်းတော်မူခဲ့၏။ ဒေါက်တာ အစ်ခ်ဘားလ်၏ အဆိုအရ ထာဝရဘုရားသခင်က ကမ္ဘာလောကအား လွတ်လပ်သောစိတ်ဆန္ဒ တစ်စုံတစ်ရာ မပါဝင်ပဲ ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ သို့သော် ထာဝရဘုရားသခင်က ဤသို့ပြုလုပ် ဖန်ဆင်းခဲ့ရသည့် အကြောင်းမှာ ပို၍ကောင်းသော၊ ပို၍မြင့်မားသော ကမ္ဘာမြေဖြစ်လာရေးအတွက် သူပါဝင်ဆောင်ရွက်ရန်အတွက်ဖြစ်ကြောင်း ကိုးကားချက်များ ရေးသားခဲ့သည်။ ''ထာဝရဘုရားသခင်က သူ၏ လုပ်ဆောင်ချက် အမြောက်အမြား ဖန်ဆင်းထားခဲ့သည်'' (Surah 35.1)

သို့သော် ကမ္ဘာလောကအတွင်းက အရာခပ်သိမ်းနှင့် လူသားစိတ်ထဲတွင် များစွာသော စဉ်းစားဆုံးဖြတ်ထားချက်များမှာ ထာဝရဘုရားသခင်၏ ဖန်ဆင်းမှုကြောင့်ဖြစ်သည်။

> ''ထာဝရဘုရားသခင်၏ အသိဉာဏ်ပညာအား အမျိုးသမီးများက ကောင်းစွာနားလည် ကျင့်သုံးခြင်း မပြုနိုင်စေရ။ အသက်အရွယ်ကြီးရင့်လာသူတစ်ဦးသည်လည်း အသက်အရွယ်ကြီးရင့်မှုကြောင့် ဉာဏ်ပညာအရာတွင် မသိနားမလည်ခြင်း မရှိစေရ၊ မဖြစ်စေရ၊ သို့မဟုတ် ၎င်း၏ ဘဝတစ်လျှောက်လုံးတွင် သိရှိမှတ်သား သင်ခန်းစာများ ရရှိစေမည်။ သို့သော် ကိုရမ်ကျမ်းစာအုပ်တစ်ခု၏ အကူအညီဖြင့် အသိဉာဏ်ပညာ တိုးပွားစေရမည်။'' (Surah 35-11)

> တဖန်လည်း –

> ''ထာဝရဘုရားသခင်က ဉာဏ်အမှောင်ကို နေ့အလင်းရောင်အတွင်း ဖြတ်သန်းသွားစေရန်အတွက်လည်းကောင်း၊ နေ့အလင်းရောင်ကို ဉာဏ်အမှောင်အတွင်းသို့ ဖြတ်သန်းသွားရန်အတွက်လည်းကောင်း အကျိုးဆောင်လျက်ရှိသည်။ နေနှင့်လ တို့အား ၎င်းတို့အလုပ်ဝတ္တရား ကျေပွန်စွာထမ်းဆောင်သွားရန် ထာဝရဘုရားသခင်မှ ကောင်းစွာထိန်းချုပ်ထား၏။ နေနှင့်လ တို့သည် တစ်ခုချင်းကို ၎င်းတို့အား သတ်မှတ်ထားသည့်အတိုင်း ပြေးလွှားသွားကြရ၏။ ထိုသို့ နေနှင့်လ တို့အချိန်မှန်ကန်စွာ ပြေးလွှားသွားလာနေကြသည်မှာ အသင်၏အရှင်သခင် အလ္လာအရှင်မြတ်၏

အလွန်ကြီးမားသော တန်ခိုးတော်အာဏာတော်ကြောင့်ဖြစ်သည်။ (Surah XXXV.13. see also Surah 13.2)

## ဒုက္ခခံစားရခြင်းနှင့် မကောင်းဆိုးဝါးပြဿနာ

## Problem of Evil and Suffering

ဒုက္ခခံစားရခြင်းနှင့် မကောင်းဆိုးဝါးပြဿနာအား ကိုရမ်ကျမ်းစာတွင် အကျဉ်းချုပ်၍ အကြမ်းအားဖြင့် ဖော်ပြထားသည်။ ပထမဦးစွာ ကိုရမ်ကျမ်းတွင် ဖော်ပြထားသည်မှာ ထာဝရဘုရားသခင်သည် အရာခပ်သိမ်းတို့အား ဖန်ဆင်းခဲ့သည့် ဖန်ဆင်းရှင်ဖြစ်သည်။ Surah III အပိုဒ် ၁၄၅ တွင် ရေးသားထားရာတွင် လူသားနှင့် ၎င်း၏ဘဝ ဆက်သွယ်မှုကို တိုက်ရိုက်ဆက်သွယ်နိုင်ရန် ထာဝရဘုရားသခင်က သတ်မှတ်ထားသည်။ တဖန်ထပ်မံ၍ Surah III အပိုဒ် ၂၆ တွင် ဖော်ပြထားသည်မှာ ထာဝရဘုရားသခင်က အချုပ်အခြာစိုးမိုးထားသည့်အာဏာကို အချို့သောသူများအားလည်းကောင်း၊ အခြားသောလူအချို့တို့အားလည်းကောင်း တဆင့်လျော့ချ၍ပေးအပ်သည်။ လူသားတို့၏မွေးဖွားခြင်းများအား အောင်မြင်သည်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။(Surah 35.11) သို့ရာတွင် ဤရေးသားချက်၏ အဓိပ္ပါယ်သည် မကောင်းဆိုးဝါး ဒုစရိုက်တရားတို့၏ အရင်းခံအကြောင်းတရားဖြစ်ပါသလား?။ မဟုတ်ပါ။

(၁) ပထမဆုံးအချက်မှာ များစွာသော မကောင်းမှုဒုစရိုက်များသည် လူသားအချင်းချင်း လှည့်ပတ်ခြင်း၊ လူအချင်းချင်း လိမ်လည်လှည့်ဖျားခြင်းတို့ ပြုလုပ်ခြင်းဖြင့် ထာဝရဘုရားသခင်၏ အမိန့်မနာခံမှု အကြောင်းကြောင့်ဖြစ်ရသည်။

(၂) ဒုတိယအချက်မှာ အီဗလစ်ဇ်(Iblis)က လူသားများအား ဖျားယောင်းသွေးဆောင်နိုင်ရန် သူ့ကို(မကောင်း ဆိုးဝါး) ထာဝရဘုရားသခင်က သူ၏မေတ္တာနှင့် ဂရုဏာအား ခွင့်ပြုပေးခဲ့သည်။

(၃) လူသားများသည် ၎င်းတို့ တွေကြုံရင်ဆိုင်ခံစားနေရသော လူမှုဒုက္ခအဝဝမှ အနည်းငယ်သက်သာရာရစေရန် ဖြစ်သည်။ *(ပျောက်သည်အထိမဟုတ်ဟု*

*ဆိုလိုသည့် သဘောဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် Forgetting their suffering redressed ဟု ရေးသားထားခြင်းကြောင့်ဖြစ်ပါသည်။*

*(ဗုဒ္ဓဘာသာအဖို့ရာတွင် ဒုက္ခမှလွတ်ကင်းရန်ဟူသော အဓိပ္ပါယ်မှာ ၃၁ ဘုံဟူ၍ အမည်နာမတပ်ပြီး ခေါ်ဆိုထားသည့် မြင့်မြတ်သည့်ဘုံဌာနဟုဆိုအပ်သော ဗြဟ္မာပြည် ၂၀၊ နတ်ပြည် ၆ ထပ်၊ အလယ်အလတ်ဘုံဖြစ်သည့် လူ့ဘုံနှင့် အောက်အဆင့်ဖြစ်သည့် အပယ်ငရဲဘုံ ၄ ဘုံ၊ စုစုပေါင်း ၃၁ ဘုံတွင် မည်သည့်ဘုံဘ၀၌ ရသည်ဖြစ်စေ အိုမှု၊ နာမှု၊ သေမှုတို့မှ မလွတ်ကင်းနိုင်သမျှ ဒုက္ခမှမလွတ်ကြဟု ခံယူသည်။ နိဗ္ဗာန်သည် ၃၁ ဘုံမှ လွတ်မြောက်ပြီး ဒုက္ခချုပ်ငြိမ်းရာဖြစ်သည်။ ဘာသာပြန်သူ)*

ထာ၀ရဘုရားသခင်၏အမိန့်တော်ကို မနာခံသောလူသားသည် ယခုလက်ရှိဘ၀တွင်လည်း အပြစ်ပေးခြင်းကို ခံယူရမည်ဖြစ်ပြီး အနာဂတ်ကာလ တရားစစ်ဆေးစီရင်သည့်နေ့သို့ ရောက်လျှင်လည်း အပြစ်ပေးခြင်းခံယူရမည်ဖြစ်သည်။

"အလ္လာအရှင်မြတ်၏လမ်းစဉ်ကို စွန့်ခွာပြီး မျက်လှည့်ဆရာလူလိမ်လူညာ၏ လှည့်ဖျားရာသို့ လိုက်ပါသွား၏။ သူ့အဖို့ရာ ဤကမ္ဘာလောကအတွင်း ကျရောက်သက်ဆင်းလာရခြင်းသည် ရှက်ဖွယ်ရာအတိဖြစ်ဘိ၏။ ထို့ကြောင့် ပြန်လည်ရှင်သန်ထမြောက်သောနေ့တွင် ငါတို့ သူ့ကို မီးတောက်မီးလျှံလောင်ကျွမ်းခံဖို့ မြည်းကြည့်ကြစေဖို့။" (Surah 11.9)

အမိန့်တော်အားမနာခံသော အပြစ်အနာအဆာများတွင် "ရုပ်တုကိုးကွယ်မှုအားပြင်းထန်စွာ စိတ်မသက်မသာမှုကို ခံစားရခြင်းနှင့် လိမ်လည်ခြင်း"ပါဝင်၏။ (Surah III.30) ကိုရမ်ကျမ်းစာက အလ္လာအရှင်မြတ်၏ ပြောကြားသင်ပြချက် နာခံမှတ်သားရန် သင်ကြားကြ၏။ ကိုရမ်ကျမ်း၏သင်ပြမှုကို လိုက်နာခြင်းမပြုလျှင် ငရဲဘုံတွင် မီးလောင်နေသော အင်္ကျီကိုသာ ဝတ်ထားပေတော့။

"ကြည့်ကြစမ်းပါ! အလ္လာအရှင်မြတ်၏လမ်းစဉ်ကို သွေဖီပိတ်ဆို့ ယုံကြည်မှုမရှိကြကုန်သောသူအပေါင်းတို့သည် ဟိုဟိုသည်သည် အဝေးဆီသို့ ယောင်လည်လည်လမ်းမှားပြီး ဆက်လက်သွားနေကြ၏။ ကြည့်စမ်းပါ! အမှားနယ်ပယ် အလွန်ကျယ်၍

ယောင်လည်လည်လမ်းမှား စမ်းတဝါးဝါးနှင့် ယုံကြည်မှုမထား ပြုမှားနေကြသူများအား အလ္လာအရှင်က လမ်းမှန်ပေါ်ရောက်ရန် ညွှန်ပြသော်လည်း လမ်းမှားကိုသာဆက်လျှောက်ပါက အလ္လာအရှင် ဘယ်အခါတွင်မျှ ခွင့်လွှတ်မည်မဟုတ်။ ငရဲပြည်လမ်းမှတပါး အခြားသွားရန်လမ်းမရှိ၊ ငရဲမီးထဲမှာသာ အမြဲထာဝရခံစားနေဖို့သာရှိ၏'' (Surah IV.167-169)

မကောင်းမှုအကုသိုလ်များသည် အီဗလစ်ဇ်(Iblis)ခေါ် ကြမ်းကြုတ်ယုတ်မာသော မကောင်းဆိုးဝါးကောင်၏ အစီအစဉ်များကြောင့်ဖြစ်ကြသည်။ အီဗလစ်ဇ်သည် အလ္လာအရှင်မြတ်အား တော်လှန်ပုန်ကန်၍ အလ္လာအရှင်မြတ်၏စကားကို မနာခံသော စေတမန်နတ်ဖြစ်သည်။ သို့သော် ထာရာဘုရားသခင်က သူ၏မေတ္တာနှင့်ဂရုဏာအားဖြင့် အီဗလစ်ဇ်အား တရားစီရင်စစ်ဆေးသည့်နေ့အထိ နေထိုင်ခွင့်ပြုထား၏။ သို့သော် အီဗလစ်ဇ်က လူအများအား အဒမ်(Adam)ဖြစ်ခဲ့သည့် ပြဿနာနည်းတူ ထာဝရဘုရားသခင်ထံမှ ပို့သသည့်မေတ္တာဂရုဏာအား ရပ်ဆိုင်းစေခဲ့သည်။(Surah 11.36)။ လူသားများအဖို့ရာ ထာဝရဘုရားသခင်အပေါ်ထားရှိသော မှန်ကန်သည့်အမြင်ကို လမ်းတစ်ဝက်မှကြားဖြတ်၍ ပိတ်ပင်ပုံးအုပ်ထားခဲ့သည်။(Surah 11.36)။ ထို့ပြင် အဒမ်ကို မျက်စိလှည့်ဖျား အသိမှားအောင် ပြုလုပ်ခဲ့သည်။ (Surah 7-22-24)

လူသားများအပေါ် ကျရောက်ဖြစ်ပေါ်ခဲ့သည့် မကောင်းဆိုးဝါးပင်ဖြစ်စေကာမူ ပြဿနာမရှိပေ။ သစ္စာစောင့်သိရှိသေသူများသည် ၎င်းတို့၏ ယုံကြည်ချက်ကို ခိုင်မြဲစေရန် တောင်းဆိုခြင်းနှင့် မျှော်လင့်ခြင်းရရှိစေခဲ့သည်။ သစ္စာစောင့်သိရှိသေမှုကို စမ်းသပ်မည့် မကောင်းဆိုးဝါးများရှိသည်ဆိုခြင်းအား သံသယမရှိပါ။

ဂျော့ဗ်(Job)သည် ဤကိစ္စနှင့်စပ်လျဉ်းသည့်ထင်ရှားသောအချက်ဖြစ်သည်။ (Job means peroson of great patience)

''အို(မှုဟမ္မဒ်) အရှင်သည် ကျွန်ုပ်တို့ ကြည်ညိုလေးစားအပ်သော ခရ္စ်ပ္ပါရမီကို အတတ်နိုင်ဆုံး ဖြည့်ကျင့်၊ ကျေးကျွန်အဖြစ်၊ သည်းခံခွင့်လွှတ်တတ်သော Job၊ သူသည် သူ၏အရှင်သခင်သို့ အော်ငိုမြည်တမ်း၏။ ကြည့်ရှုတော်မူပါ။ မကောင်းဆိုးဝါး ဒုစရိုက်တရားသည် ကျွန်ုပ်အား စိတ်ရောကိုယ်ပါလွန်စွာဆင်းရဲအောင်၊ နာကျင်

ခံစက်အမျက်ထွက်အောင် ပြုလုပ်ဆောင်ရွက်ပါ၏....။ ငါတို့တစ်တွေ သူ၏ အိမ်ထောင်စုနှင့်တကွ ထိုပြင်တဝ ငါတို့ထံမှ အလားတူစွာ သနားဂရုဏာကို သူ့အပေါ်တွင် ဝေဖြာစေတနာ မျှဝေလို၏။ လူအများအတွက် သိနားလည်ခြင်း၏ အမှတ်တရဖြစ်စေဖို့...။ ငါတို့တစ်တွေ သူ့ကို မပြောင်းမလဲ ခိုင်မြဲစွာဖြင့် အကောင်းဆုံးသော ကျေးကျွန်တစ်ဦးအဖြစ် တွေ့မြင်ရ၏။ ကြည့်ရှုပါ။ သူသည် များယွင်းစွာပြုလုပ်မှုအတွက် စိတ်မကောင်းဖြစ်ရခြင်းဘက်သို့ အမြဲထာဝရ ရင်ဆိုင်ရမှာဖြစ်၏။ (Surah 38. 42-45)

ကံဆိုးမိုးမှောင်ကျမှုများနှင့် ဆင်းရဲဒုက္ခခံစားနေရမှုများအား လူသားက ထာဝရဘုရား သခင်ထံမှ ယူဆောင်ခဲ့သည်မှာ အမှန်ဖြစ်သည်။

"ငါတို့က လူသားအပေါ် အခွင့်အရေးပေးသောအခါ၌၊ သူက ရုတ်သိမ်းလိုက်ပြီးလျှင် ဘေးဖယ်ထားခဲ့၏။ သို့သော် သူစိတ်မချမ်းသာသည့်အခါ သူက ဝတ်ပြုဆုတောင်းခြင်း ကို ပြု၏။"(Surah XL 1.51)

တဖန်ဆက်လက်၍-

"အကယ်၍ ရေလှိုင်းကြီးတစ်ခုက သူတို့အား မည်သည့်အရာကိုမျှ မမြင်ရအောင် ဖုံးကွယ်သွားပါက အလ္လာအရှင်မြတ်အား တမ်းတအော်ငို ဆုတောင်းလို၏။" (Surah XXX 1.32)

ဤနည်းအားဖြင့် အစ္စလာမ်ဘာသာဝင်များအတွက် ဒုက္ခခံစားရခြင်းဆိုသော အဓိပ္ပါယ် ဆိုလိုသည့်သဘောမှာ မိမိ၏မှားယွင်းစွာလုပ်ဆောင်မှုအတွက် ထာဝရဘုရားသခင်ထံ အကူအညီတောင်းခံလျက် စိတ်မကောင်းဖြစ်ရသည့်သဘောဖြစ်၏။

## အဆုံးစွန်ရည်မှန်းချက်ပန်းတိုင် Final Destiny

အစ္စလာမ်ဘာသာက လူသားအား ဖန်ဆင်းမှုနှင့်အတူ စတင်ခဲ့ပြီး၊ တရားစစ်ဆေးစီရင် သည့်နေ့တွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာခဲ့သည်။ သစ္စာစောင့်သိရှိသေမှုနှင့် အမိန့်နာခံ မှုရှိသူများအဖြစ် တရားစစ်ဆေးခြင်းခံရပြီး မကုန်ဆုံးနိုင်သည့် ပျော်ရွှင်ချမ်းမြေ့မှုနှင့်အတူတကွ

အလ္လာအရှင်မြတ်က ချီးမြှင့်သောဘဝတစ်ခုကို ဆုအဖြစ်ရရှိလိမ့်မည်ဖြစ်သည်။ ကံမကောင်းရှာသော မကောင်းမှုဒုစရိုက်ပြုမှားမိသူများနှင့် မယုံကြည်သောသူများမှာမူ ကျယ်လောင်စွာအော်ဟစ်ငိုယိုပြီး အံကြိတ်ခံလျက် လည်ပြတ်ခြင်းကိုခံယူ၍ ငရဲမီးထဲသို့ ရောက်ရှိသွားလိမ့်မည်။

''အကယ်၍ သင်သည် ကောင်းသောအမှုကို ပြုသည်ဖြစ်ငြားအံ့၊ သင်၏ ကိုယ်ပိုင်အသက်ဝိညာဉ်အတွက် သင်သည် ကောင်းသောအပြုအမူကို ပြုကျင့်ပါလော့။ သို့မဟုတ် မကောင်းသောအမှုကိုသာ ပြုကျင့်သည်ရှိသော် ထိုသူများအတွက် တူညီသော မကောင်းသည့်ရလဒ်ကိုသာ ရရှိလိမ့်မည်။ (တူညီသောအမှုအရာ) (Surah 17.7)

ယုံကြည်မှုရှိသူများအဖို့ရာတွင် ၎င်းတို့အတွက် စံမြန်းနိုင်ရန် ထက်ကောင်းကင်ဗြဟ္မာ့ဘုံနန်း၌ ဘုံဗိမ္မာန် ၇ ခုတို့(Seven Heavens)ကို ထာဝရဘုရားသခင်က အဆင်သင့် ဖန်ဆင်းထား၏။ ထို့ပြင် မယုံကြည်သူများအတွက်မှာမူကား ငရဲဘုံကို သတ်မှတ်ထား၏။ (Surah 17.7)

တဖန် -

''သူသည် ခွင့်လွှတ်တတ်သော တန်ခိုးရှင်ဖြစ်၍ ၇ ခန်းသော ထက်ကောင်းကင်ဗြဟ္မာ့ဘုံနန်းများကို လှပသာယာစွာ ဖန်ဆင်းထားတော်မူ၏။ .........ငါတို့သည် ကမ္ဘာလောက၏ ဘုံဗိမ္မာန်ကိုလည်း နေနှင့်လ အလင်းရောင်တို့ဖြင့် ထွန်းညှိပေးလျက် သာယာလှပစေ၏။ မကောင်းဆိုးဝါးများအတွက် အဝေးမှ ပစ်လွှတ်ဖျက်ဆီးနိုင်သောလက်နက် (Missiles) များအား ဖန်ဆင်းထား၏။ ထို့ပြင်လည်း ၎င်းတို့အတွက် မီးတောက်မီးလျှံတံခါးပေါက်များ ဖန်ဆင်းထား၏။ ထို့ပြင်လည်း သူတို့၏ ထာဝရဘုရားသခင်အပေါ် မယုံကြည်သူများမှာမူကား အကူအညီကင်းမဲ့သည်။ ၎င်းတို့ခရီးလမ်းဆုံးတွင် ငရဲဘုံ၏ တံခါးပေါက်သို့ ဆိုက်ရောက်သွားရမည်သာဖြစ်ပေ၏။ ၎င်းတို့အား ငရဲအိုးထဲသို့ ပစ်ချလိုက်သောအခါ ၎င်းတို့မှာ ဆူပွက်နေသည့် ရေနွေးအိုးကြီးမြည်ဟီးနေသည့် အသံကဲ့သို့ ကြောက်မက်ဖွယ်ရာ အသံကိုကြားနေရမည်သာ။ (Surah 67.3, 5.7) ထက်ကောင်းကင်ဗြဟ္မာ့ဘုံနန်းနှင့် ငရဲခန်း(Heaven and Hell)အကြောင်းများမှာ

ကိုရမ်ကျမ်း(Quoran) စာအုပ်တစ်ခုလုံး အစမှအဆုံးထိ အကြိမ်များစွာဖော်ပြပါရှိသည်။ အခန်း(၇၆) တစ်ခုလုံးသည် ထက်ကောင်းကင်ရွှေဘုံနန်း၏ အသေးစိတ်အကြောင်းအရာများအား တိတိကျကျဖော်ပြထား၏။ သို့သော်လည်း ကျွန်ုပ်တို့အနေဖြင့် အခန်း ၃၇-၄၀-၅၀ မှ အချက်အလက် အနည်းငယ်မျှကို ချပြရေးသားကြည့်ကြပါစို့ -

''အလ္လာအရှင်မြတ်၏ စိတ်တစ်မျိုးတည်းသာထားရှိသော ကျေးကျွန်များအား ကယ်တင်ပေးပါ။ သူတို့အဖို့ရာတွင် ထင်ရှားကျော်ကြားသော သစ်သီးများဟူသည့် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ခုရှိသည်။ ၎င်းတို့အား ပျော်ရွှင်ချမ်းမြေ့ဘွယ်ရာအတိရှိသော ပန်းဥယျာဉ်များအတွင်း ဂုဏ်ပြုကြလိမ့်မည်။ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင် နေရာယူထား၏။ သူတို့အတွက် ပန်းထွက်နေသော ရေခွက်တစ်ခွက် ပတ်ချာလှည့် ဖြစ်ပေါ်လာ၏...။ ချစ်ခင်မြတ်နိုးစွာသော မျက်လုံးများနှင့်အတူ ယဉ်ကျေးလိမ္မာ ငြင်သာစွာငေးမောလျက် သူတို့အားတွေ့ရ၏။ ၎င်းတို့အနက် အချို့မှာ အချင်းချင်း လက်တွဲလျက် အပြန်အလှန်ကြည့်နေခြင်းဖြင့် ချစ်ခြင်းမေတ္တာကို ပြကြ၏။''

အလားတူပင်လျှင် ကိုရမ်ကျမ်းစာတစ်ခုလုံးတွင် ငရဲဘုံ၏စိတ်မချမ်းသာဖွယ်ရာ အနိဋ္ဌာရုံကို အသေးစိတ် ရှင်းလင်းဖော်ပြချက်ပါရှိ၏။ ဥပမာအနည်းငယ်မျှ ဖော်ပြရေးသားခြင်းဖြင့် လုံလောက်ပါ၏။

''တရားစစ်ဆေးမည့် (ထိုနေ့ရက်တွင်) ကံမကောင်းအကြောင်းမလှသူများမှာ ငရဲမီး အတွင်းသို့ ကျရောက်သက်ဆင်းကြရမှာ၊ ထိုအခါမှာ သူတို့၏ရင်ထဲနှလုံးထဲမှာ ပြင်းထန်စွာခံစားလျက် ကျယ်လောင်စွာငိုကြွေးမြည်တမ်းကာ မောဟိုက် နွမ်းလျပင်ပန်းကြရှာ။ ထက်ကောင်းကင်ရွှေဘုံနန်း၊ ကြယ်နန်းများနှင့် ကမ္ဘာမြေ တစ်လွှားမှာ ထာဝရဘုရားက စိတ်ဆန္ဒအရ ဒုက္ခမခံစားရအောင် ကယ်တင်ထားပြီး ဖြစ်သည့်အားလျော်စွာ အချိန်ကြာမြင့်စွာ ထာဝရဘုရားသခင်အား သစ္စာစောင့်သိနေ ကြမှာ။'' (Surah XI 106-107)

တဖန်ထပ်မံ၍ -

ထိုမျှသာမက၊ သူတို့ကျောက်တင် ငြင်းဆန်လျှင်လည်း ၎င်းတို့အတွက် ထာဝရဘုရား

သခင် သတ်မှတ်ထားသည့် အချိန်နာရီရောက်လျှင် ငါတို့က အလျှံပြောင်ပြောင် တောက်လောင်နေသည့် မီးပုံကြီးတစ်ခုပြုလုပ်ထား၏။

ထိုမီးတောက်မီးလျှံကြီး၏ ကြောက်မက်ဖွယ်ရာ တဖျတ်ဖျတ်လောင်ကျွမ်းနေသည့် မီးအော်သံကို အဝေးမှပင်ကြားရ မြင်တွေ့နေရမှာ။ ထိုအချိန်မှာ သူတို့အားလုံးဟာ ကျဉ်းမြောင်းသည့်ဖြစ်နေရာက အားလုံးအတူတကွ ကြိုးနဲ့တုပ်နှောင်လျက် မီးပုံကြီး ထဲသို့ တအားလွှဲ၍ ပစ်ချခြင်းကိုခံရမှာ။ (Surah .XXV 11.13)

နောက်ဆုံး၌ -

မကောင်းမှုဒုစရိုက်ပြုလုပ်သူတစ်ဦး၏ နားနေရာအရပ်မှာ မီးလောင်ကျွမ်းခံရမည့် ရေဲဘုံဖြစ်သည်။ ဒီနေရာတွင် ပူလောင်ဆူပွက်နေသော ရေဲအိုးတစ်လုံးနှင့် ခိုက်ခိုက် တုန်အေးစက် ခြောက်သွေ့လျက်ရှိသည်။ ထိုအရသာကို သူတို့မြည်းကြည့်ကြစမ်းပါစေ။ (Surah .38.57-58)

သို့သော်လည်း အတိအကျ အသေအချာအားဖြင့် လူသားမှာ အကောင်းဆုံးသော သတ္တဝါအဖြစ် ဖန်ဆင်းခံခဲ့ရပြီး(Surah 95.4) ၎င်းသည် နောက်ဆုံးအချိန်ထိ ထာဝရဘုရား သခင်၏ သစ္စာစောင့်သိသူအဖြစ် တည်ရှိနေလိမ့်မည်ဟု မျှော်လင့်ထားခြင်းခံရသူဖြစ်သည်။

ဒေါက်တာအက်စ်အမ်အစ်ခ်ဘားလ်(Dr.S.M.Iqbal)က လူသား၏ နောက်ဆုံး ရည်မှန်းချက်ပန်းတိုင်နှင့်စပ်လျဉ်းပြီး အလွန်အရေးကြီးသော အချက်သုံးခုကို ရေးသားဖော် ပြထား၏။ ပထမအချက်မှာ လူသားသည် တိကျသေချာစွာသတ်မှတ်ထားသောအချိန်တွင် ဖန် ဆင်းခြင်းကို ခံခဲ့ရခြင်းဖြစ်သဖြင့် ထာဝရဘုရားသခင်က ထိုသို့ဖန်ဆင်းမှု မပြုမီအချိန်တွင် မိမိ ကိုယ်ပိုင်ဖြစ်ပေါ်လာသည့် သက်ရှိသတ္တဝါဟူ၍မရှိသေးဟူသော အချက်တစ်ချက်ဖြစ်သည်။ ထို့ကြောင့် လူသား၏အသက်ဝိညာဉ်သည် ဟိန္ဒူဘာသာဂီတာကျမ်းက သင်ကြားချက်နှင့် ဆန့်ကျင် ဘက်အားဖြင့် အမြဲထာဝရ တည်တံ့နေသည်ဟုမရှိပေ။ ဒုတိယအချက်မှာ လူသားသည် ပြန်လည် ရှင်သန်ထမြောက်သည့်အချိန်တွင် ၎င်း၏အသက်ဝိညာဉ်အား အသက်ရှင်သန်မှုကို စေတ္တရပ်ဆိုင်း ထားခြင်းခံရသည်ဟူသောအချက်တစ်ချက်ဖြစ်သည်။ ကိုရမ်ကျမ်းစာက ''ငါတို့က သင်၏ ရုပ ကာယအားအသွင်ပြောင်းပေးနိုင်ပြီး အသင်မသိနိုင်အောင် ငါတို့လုပ်ဆောင်ခဲ့၏'' (Surah 56-59)

ထို့ကြောင့် လူသား၏အကြောင်းအရာဖော်ပြချက်တွင် လူသားအား ၎င်းသေဆုံးပြီးနောက် ဘာဖြစ်မည်ဆိုခြင်းကို ဖော်ပြခြင်းမပြုပေ။ တတိယနှင့် နောက်ဆုံးအချက်မှာ လူသားအား ၎င်း၏ပြုမူဆောင်ရွက် ဖြစ်ပျက်သမျှကို စိစစ်မှတ်တမ်းတင်သောနေ့(on the day of reckoning) တွင် ရေတွက်မှတ်တမ်းတင်ခြင်းခံရမည်။ သို့သော်လည်း ဒေါက်တာ အစ်ခ်ဘားလ်က ၎င်း၏ခန့်မှန်းချက်ကိုလည်း အရဲစွန့်၍ရေးသားဖော်ပြထားသည်မှာ အတည်မကျ ဘဝတစ်ပါးပြောင်းလဲသွားရသည်ဟူသော မမြဲသောတရား၊ ကျွန်ုပ်တို့၏ရပိုင်ခွင့်မျိုးမဟုတ်ပေ။ အဆိုပါ မတည်မမြဲ ပြောင်းလဲနေသည့်တရားကို ကျော်လွန်ရန်မှာ ပုဂ္ဂလိကဆိုင်ရာ ကြိုးစားအားထုတ်မှုဖြစ်သည်။

ထိုနည်းအတိုင်းပင်လျှင် ပုဂ္ဂလိကဆိုင်ရာ ဖြစ်ပျက်ပြောင်းလဲမှု သဘောတရားအား ကြိုးစွာသောအထောက်အကူပြုသူ ဒေါက်တာအစ်ခ်ဘားလ်သည် ထက်ကောင်းကင်ဘုံနန်းနှင့် ငရဲခန်း(Heaven-and-Hell)အား လူသား၏တိုးတက်ဖြစ်ပေါ်မှုနှင့် တပြည်းပြည်းမှန်မှန် အင်အားယုတ်လျော့မှုအဆင့်များကဲ့သို့ဖြစ်သည်။

## အစ္စလာမ်ဘာသာ၏ကိုယ်ကျင့်တရား

## Ethics of Islam

အစ္စလာမ်ဘာသာ ယုံကြည်ကိုးကွယ်ခြင်း၏ အနက်အဓိပ္ပါယ်သည် မနောကံ၊ ဝစီကံ၊ ကာယကံတို့ဖြင့် ဖြစ်မှားကျူးလွန်မိသောအပြစ်တို့ကို ပျောက်ပျက်ပါစေခြင်းအကျိုးငှာ အမှားကိုဝန်ခံလျက် ဝန်ချတောင်းပန်ခြင်းအားဖြင့် မိမိ၏ပြစ်မှားမှုအား နောင်တတရားဖြင့် နှလုံးသားထဲတွင် ယုံကြည်ချက်ထားရှိပြီး အသိဉာဏ်နှင့် လုပ်နည်းလုပ်ဟန် ကိုက်ညီမှန်ကန်ခိုင်မြဲသောအဓိဋ္ဌာန်ဖြင့် ဘဝရှေ့ရေးဦးစားပေးသောနည်းလမ်းဖြစ်သည်။ စိတ်အာရုံတွင် တွေကြုံမှတ်သားထားသော သမထတရားကို Sufism ခေါ် အစ္စလာမ်ဘာသာသူတော်စင် လမ်းစဉ်ဖြစ်သည့် မိမိ၏စိတ်ကို လောကီအာရုံဆီသို့ လုံးဝမရောက်စေပဲ အပြင်းအထန်ခြိုးခြံသည့်အကျင့်၌ တွေ့ရှိခံစားနိုင်သည်။ သို့သော် အစ္စလာမ်ဘာသာက ကမ္ဘာလောက၏ တကယ့်အရှိအမှန် တရားနှင့် ဖြစ်ပေါ်လာဦးမည့် ကမ္ဘာလောက၏ တကယ့်အရှိအမှန်တရား နှစ်ပါးလုံးကို ယုံကြည် လက်ခံ

ထားသည်။ သဘာဝတရားနှင့် အချိတ်အဆက်ထိမိစွာပင်လျှင် (သဟဇာတ၊ အညမည ပစ္စည်း အရ) ရှရီရကျမ်းစာ(Sharia)တွင် မူဆလင်တစ်ဦးအား ဤအစ္စလာမ် ဘာသာရေးဥပဒေသများ က မွေးဖွားသည့်အချိန်မှစ၍ သေဆုံးသည့်အချိန် မြှုပ်နှံသဂြိုဟ်ပြီးသည့်တိုင် ဘဝတစ်ခုလုံး ကို ကာကွယ်ထိန်းချုပ်ထားသည်။ ယောကျ်ားလေးတစ်ဦး မွေးဖွားလာသောအခါ ကလိမ (Kalima)ကျမ်းကို သူ၏နားတွင်ကပ်၍ ရွတ်ဖတ်ရမည်။ သူ သေဆုံးမြှုပ်နှံသည့်အခါ ကိုရမ် ကျမ်း(Quoran)မှ ဝတ်ရွတ်စဉ်အတိုင်း သူ၏အသုဘတွင် ဖတ်ကြားရမည်။ ၎င်းတို့ အသက်ရှင် နေထိုင်သည့် ကာလတစ်လျှောက် မူဆလင်များသည် ကိုရမ်ကျမ်း၊ ဟာဒိကျမ်းနှင့် ရှရီရကျမ်းတို့ ညွှန်ပြသည့်အတိုင်း လိုက်နာကျင့်သုံးရသည်။ ၎င်းတို့၏ရည်ရွယ်ချက်မှာ တမန်တော်၏ ဥပမာကို လိုက်၍ ပုံစံတူပြုလုပ်နေထိုင်ခြင်းဖြစ်သည်။

မူဆလင်တစ်ယောက်သည် ဝုဒူ(Wudu)အကျင့် ကျင့်သုံးရသည်။ ဆိုလိုသည်မှာ လက်များကို ဆေးကြောသုတ်သင်ခြင်း၊ ခြေကျင်းဝတ်မှ ခြေဖျားကို ဆေးကြောသန့်စင်ခြင်း၊ မျက်နှာနှင့် ဦးခေါင်းပိုင်းကို သန့်စင်ခြင်းများ ပြုလုပ်ရသည်။ တစ်နေ့လျှင် ငါးကြိမ်ဝတ်ပြု ဆုတောင်းရသည်။ အလားတူစွာ မူဆလင်များသည် သောကြာနေ့တွင် ဗလီ၌စုပေါင်း၍ ဝတ်ပြုဆုတောင်းရသည်။ ဖတာအစ်(Id.al.fitr)နှင့် အလ်–အဒ္ဒါ အစ်(Id.al.ddha)တို့ကို ပြုကျင့်ရမည့်အပြင် ဖြစ်နိုင်လျှင် မက္ကာသို့ဘုရားဖူးခရီးစဉ်ကို တစ်သက်တွင် အနည်းဆုံး တစ်ကြိမ် သွားရောက်ရမည်။

မူဆလင်တစ်ယောက်အား အိမ်ယာတည်ထောင် လူတို့ဘောင်မှာ ပျော်ရွှင်အောင်နေထိုင် ခွင့်ပြု၍ ဇနီးမယား သားသမီးကို မင်္ဂလာတရားတော်နှင့်အညီ ထောက်ပံ့ကျွေးမွေး လူမှု ဝတ္တရားကို ကျေပွန်အောင် ထမ်းဆောင်ခွင့်ပြုစေ၏။ ယောကျ်ားနှင့် မိန်းမနှစ်ဦးလုံးတို့သည် မိမိ၏ဇနီးနှင့် သားသမီးအား ထောက်ပံ့ပေးရမည်။ တရားဝင်ကွာရှင်းပြတ်စဲခွင့်ပြုသည်။ သို့ရာတွင် ကွာရှင်းပြတ်စဲရန် စိတ်မကူးရ။ ကွာရှင်းပြတ်စဲရန် စိတ်အကြံဖြစ်ပေါ်လာလျှင် တရားဝင်ကွာရှင်းမှု မပြုမီ အကြိမ်ကြိမ်အဖန်ဖန် ပြန်လှန်စဉ်းစားပြီးမှ နောက်ဆုံးမှသာ ဆုံးဖြတ်ချက် ချရမည်။ လင်ယောကျ်ားနှင့် တရားဝင်ကွာရှင်းပြီးသော အမျိုးသမီးတစ်ယောက်သည် အခြားယောကျ်ား တစ်ဦးနှင့် လက်ထပ်ခြင်းမပြုသေးသည့်ကာလအတောအတွင်း ယခင်လင်ဟောင်းနှင့် ပြန်လည်၍

လက်ထပ်ပေါင်းသင်းနေခြင်းကို ခွင့်မပြုသည့်အပြင် အချိန်ကာလ အတိုင်းအတာတစ်ခုအတွက် မည်သူတစ်ဦးတစ်ယောက်မျှလည်း လက်ထပ်ခြင်း မပြုရပေ။ မူဆလင်ယောကျ်ားတစ်ယောက်သည် တစ်ချိန်တည်းတွင် ဇနီးမယားတစ်ဦးထက်ပို၍ ပေါင်းသင်းနေထိုင်ခြင်းကို မတားမြစ်သော်လည်း ထိုသို့မယားတစ်ယောက်ထက်ပို၍ လက်ထပ် ပေါင်းသင်းရန် မလိုအပ်ပါပေ။ သို့သော် သေချာသောအကြောင်းခြင်းရာများမှာ ပထမဆုံးလက်ထပ် ပေါင်းသင်းနေထိုင်သည့် မယားကြီးတွင် အထူးအားဖြင့် သားယောကျ်ားမထွန်းကားပါက နောက်ထပ်အိမ်ထောင်ပြုခြင်းကို အစ္စလာမ် ဘာသာတရားတော်က ခွင့်ပြုပါသည်။ ဇနီးမယားသည် ၎င်း၏ လင်ယောကျ်ားထံမှဖြစ်စေ၊ သို့မဟုတ် သူမ၏မိဘများထံမှဖြစ်စေ အမွေဆက်ခံခွင့်ရှိသည်။ အဖျော်ရည်နှင့် သောက်ရေ အမျိုးအစားအားလုံးကို သောက်သုံးခွင့်ပေးသော်လည်း စဗျစ်ရည်ကို မသောက်သုံးရန် တင်းကျပ်စွာတားမြစ်ထားသည်။ အစားအစာနှင့်ပတ်သက်၍ မူဆလင်တစ်ယောက်သည် ရှင်းလင်းစွာနှင့် အပြည့်အစုံရည်ညွှန်း၍ တားမြစ်ထားသည့် အစားအစာ မဟုတ်လျှင် အမျိုးစုံစားသောက်နိုင်သည်။ မူဆလင်များအား သွေး၊ ဝက်သား၊ အသက်ရှုကျပ် သေသည့်တိရစ္ဆာန် သို့မဟုတ် ငှက်များအား စားသုံးခြင်းနှင့် ရုပ်ထုများရှေ့တွင် ယစ်ပူဇော်ခြင်းကို တားမြစ်သည်။ အလားတူစွာပင် ဖားများ၊ မိချောင်းများ၊ လိပ်များကိုအစားအစာအဖြစ် မစားသုံးရန် တားမြစ်သည်။ သို့သော် ကုလားအုပ်များ၊ နွားမများ၊ သိုးများ၊ မြင်းများ၏အသား စားသုံးခြင်းကိုမူ ခွင့်ပြုထားသည်။ ခြေသည်းလက်သည်းရှိသောငှက်နှင့် တိရစ္ဆာန်များ၏အသား စားသုံးခြင်းကိုလည်း တားမြစ်ထားသည်။ ဥပမာအားဖြင့် ကျား၊ ခြင်္သေ့၊ ဝံပုလွေ၊ ဝက်ဝံ၊ သိန်းငှက်၊ စွန် အစရှိသည့် တိရိစ္ဆာန်တို့ဖြစ်သည်။ (Surah V 3,5)

အလ္လာအရှင်မြတ်က လိမ်ညာသူများနှင့် မယုံကြည်သူများအား ရေဲဘုံသို့ပို့ဆောင်ခြင်းအားဖြင့် အပြစ်ပေးသည်ဆိုလျှင် မူဆလင်များအား သဘာဝယုတ္တိရှိစွာဖြင့်ပင်လျှင် ရာဇဝတ်မှုကျူးလွန်ခြင်းကိုလည်း အပြစ်ပေးခြင်းဖြင့် တင်းကျပ်စွာတားမြစ်ပိတ်ပင်ရမည်။ ဥပမာအားဖြင့် ဖမ်းဆီးရမိသောသူခိုးအား လက်ဖြတ်၍အပြစ်ပေးခြင်းကိုဆိုလိုသည်။ အလားတူစွာပင် ပျော်ရွှင်မြူးထူးစေရန်သဘောဖြင့် ပြက်ရယ်ပြုသူများအား ရိုက်နှက်ခြင်း၊ သို့မဟုတ် ကြိမ်ဒဏ်ပေးခြင်းများ ပြုလုပ်နေကြသည်။ ထို့ကြောင့် ပြစ်ဒဏ်ပေးခြင်းသည် စိနမူနာပြဖြစ်ရန်နှင့် နောင်တွင် မပြုလုပ်မိ

စေရန် ကြိုတင်ကာကွယ်မှုဖြစ်သည်။

တစ်ဆက်တည်းဖော်ပြရာတွင် မူစလင်များသည် အစ္စလာမ်ဘာသာရေးအသင်းအဖွဲ့တွင်ပါဝင်ရန် တာဝန်ရှိပါသည်။ ထို့ကြောင့် ၎င်းတို့သည် ဇကတ်နှင့် ဆဒက(Zakat and Sadaqa)များ၌ ပေးကမ်းစွန့်ကြဲရမည်ဖြစ်သည်။ ထိုပေးကမ်းစွန့်ကြဲခြင်းများမှာ ဆင်းရဲနွမ်းပါးသူများနှင့် လိုအပ်မှုရှိသူများအတွက် ကူညီစောင့်ရှောက်ခြင်းဖြစ်ပါသည်။ ဆင်းရဲမှုသည် ရှက်စရာ၊ ဂုဏ်သိက္ခာကျဆင်းစေမည့် အကြောင်းအရာမဟုတ်ပေ။

Sufism ခေါ် အစ္စလာမ်ဘာသာ သူတော်ကောင်းကျင့်စဉ် ဟူသောအဓိပ္ပါယ်မှာ မူဆလင်တို့၏ အခြေခံမူလ ပထမဆုံးသော လူမှုရေးစည်းမျဉ်းဖြစ်၍ လောကီလူ့ဘောင်အတွင်းမှ ထွက်ခွာခြင်းဖြစ်သည်။ ထို့ကြောင့် အစ္စလာမ် သူတော်ကောင်းကျင့်စဉ်ကို ရှေးရိုးစွဲအယူအဆရှိသူ မူဆလင်များအတွက် အာလ်–ဂါဇာလီ(၁၁၁၁–ခုနှစ်ကွယ်လွန်) မကွယ်လွန်မီအချိန်ထိ လက်မခံနိုင်သော အကြောင်းအရာဖြစ်ခဲ့သည်။ ဆူဖီ(Sufi)က လူမှုရေးဆိုင်ရာကိုယ်ကျင့်တရားထိန်းသိမ်းစောင့်ရှောက်မှုထက် အတွင်းအင်အားကိုယ်ကျင့်တရားကို အကောင်းဆုံးဖြစ်ရန်ပို၍အလေးအနက်ပြု ကျင့်သုံးသည်။ ဆူဖီတစ်ယောက်သည် မိမိ၏လောကီကိစ္စများကို စွန့်လွှတ်ခြင်းနှင့် မိမိ၏ အရိုးကျေကျေ အရေခမ်းခမ်း ပြင်းထန်သောဝီရိယဖြင့် ကိုယ့်ကိုယ်ကို ပင်ပန်းဆင်းရဲအောင် ညှင်းဆဲသည့်သဘော ကျင့်ကြံအားထုတ်မှုကို ထောက်ခံသည်။ ၎င်း၏ အဖို့ရာ တကယ့်အစစ်အမှန် ဂျီဟတ်(Jihad)မှာ စွဲလန်းပြင်းထန် ဥပါဒန်နှင့် အရိုးနှင့်အရေကြားက အသားဆိုင်တို့ခမ်းခြောက်သည်အထိ ကျင့်ကြံအားထုတ်ခြင်းဖြစ်သည်။

နောက်ဆုံးမေးခွန်းတစ်ခု မေးမြန်းလာနိုင်သည်။ ကိုယ်ကျင့်တရားကောင်းမွန်ခြင်းဆိုသည်မှာ ကိုယ်ကာယ၏ တာဝန်ဝတ္တရားများနှင့် အခွင့်အရေးများ ကိုယ်တိုင်စီရင်ဆုံးဖြတ်ခြင်းကို ဆိုလိုပါသလား၊ သို့မဟုတ် ထာဝရဘုရားသခင်၏ အမိန့်တော်ကြောင့် ကိုယ်ကျင့်တရားကောင်းမွန်ခြင်း ဖြစ်ရပါသလား? ။ ဒဿနပညာရှင် ကန့်(Kant)၏ ခေတ်ကာလ အချိန်အခါမှစ၍ ဒဿနအတွင်း၌ ကိုယ်ကျင့်တရားက မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်မှုသဘောတရားကို ကျွန်ုပ်တို့လက်ခံသည်။ ကိုယ်ကျင့်တရားသည် လူတစ်ဦးအား ထင်ရာစိုင်း၍ ရိုင်းစိုင်းမသွားစေရန် ချုပ်ချယ်သည့်သဘောဖြစ်ကြောင်း ထာဝရဘုရားသခင်ကပင် လက်ခံ

ရမည်ဖြစ်သည်။ သို့သော် အစ္စလာမ်ဘာသာက ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ သို့မဟုတ် ကိုယ်ကျင့်တရား မကောင်းမွန်ခြင်းတို့အားလုံးသည် ထာဝရဘုရားသခင်၏ စီရင်မှုများ ဖြစ်သည်ဟူ၍ လက်ခံသည်။ ထို့ကြောင့် မူဆလင်တစ်ဦးအဖို့ရာတွင် ထာဝရဘုရားသခင်၏ ဆန္ဒအတိုင်း ကောင်းမွန်ခြင်း၊ သို့မဟုတ် ဆိုးသွမ်းခြင်းဟူသော ကိုယ်အမူအရာတစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းဆိုသည်မှာ ထာဝရဘုရားသခင်၏ဆန္ဒနှင့် အရှင်သခင်၏ ကြေညာချက်အပေါ်တွင် တည်နေပါသည်။ အကြောင်းအရာတစ်ခုသည် ကောင်းမြတ်၏။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသခင် အလိုဆန္ဒပြုသောကြောင့် ဖြစ်သည်။ ထို့ပြင် ထာဝရဘုရားသခင်က အတည်ပြုခြင်းမရှိလျှင် ဆိုးသွမ်းယုတ်မာခြင်း သာဖြစ်၏။ ကိစ္စရပ်တစ်ခု၏အကြောင်းခြင်းရာကို ဖော်ပြထားသည်မှာ ဟိန္ဒူဘာသာ၏ လီလာအယူအဆ(the lila doctrine)သည် အစ္စလာမ်ဘာသာနှင့် အလွန်နီးစပ်သည်ကို တွေ့ရပါသည်။

## အစ္စလာမ်သူတော်မြတ်လမ်းစဉ်
## Sufism

အိန္ဒိယနိုင်ငံ၊ ဟိန္ဒူဘာသာအယူအဆ၏ ကျင့်စဉ်တစ်ရပ်ဖြစ်သော ဘဝလမ်းပြ အဝိဇ္ဇာဝါဒ(avaitic way of life)အပေါ် အခြေခံထားသည့် အစ္စလာမ်သူတော်မြတ်လမ်းစဉ် ခေါ် Sufism သည် အစ္စလာမ်ဘာသာ၏ အကြီးကျယ်အခမ်းနားဆုံးသော တိုးတက်မှုဖြစ်သည်။ အမှန်စင်စစ်အားဖြင့် Sufism ခေါ် အစ္စလာမ်သူတော်မြတ်လမ်းစဉ်သည် Mysticismခေါ် ခန္ဓာကိုယ်ကို ဖြောင့်မတ်စွာအနေအထားဖြင့် ကြာမြင့်စွာထိုင်လျက် စိတ်ကိုမလွင့်ပါးအောင် တရားရှုမှတ်သည့်နည်းဖြင့် ကျင့်ကြံအားထုတ်မှုပုံစံဖြစ်ပြီး ယင်းကျင့်စဉ်သည် ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာနှင့် အဝိဇ္ဇာဝါဒ(ဟိန္ဒူဘာသာ)တို့မှ စုပေါင်းစပ်ပေါင်းရောမွှေ ကျိုချက်ရရှိသော ဟင်းလျာ၏အရသာကဲ့သို့ ဖြစ်ထွန်းပေါ်ပေါက်မှုတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ဂရိခ်လူမျိုး၏ စနစ်သစ်ပလေတိုဝါဒ(Greek neo-Platonism)အား မေ့ပျောက်ထား၍ မရပေ။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်ဘာသာသည် ဂရိခ်အတွေးအခေါ်၏ ကြီးစွာသော

အရှိန်ဩဇာလွှမ်းမိုးခြင်း ခံခဲ့ရသောကြောင့်ဖြစ်သည်။ သို့သော် အစ္စလာမ်သူတော်မြတ်ကျင့်စဉ်သည် အစ္စလာမ်ဘာသာရေးဆိုင်ရာ လွတ်လွတ်လပ်လပ်ဖြင့် အခြေအမြစ်မှစ၍ ဆန့်ကျင်ကန့်ကွက်ရမည့်အစား အစ္စလာမ်ဘာသာရေးရာ စရိုက်လက္ခဏာအတွင်း အရှိန်ဩဇာလွှမ်းမိုးစွာဖြင့် ရပ်တည်နေခဲ့ရသည်။

ပထမဦးစွာ ကျွန်ုပ်တို့မမေ့မလျော့သတိပြုဖို့ရာမှာ တမန်တော်ကိုယ်တိုင်သည်ပင်လျှင် အလေးအနက်စဉ်းစားခဲ့သည်ဆိုသည့် အချက်ဖြစ်သည်။ ထို့ပြင် သက္ကရာဇ်–၆၁၀ အေဒီတွင် ဟီရာတောင်ထိပ်၏ဂူများအတွင်း ၎င်း၏လေးနက်စွာစဉ်းစားမှုတွင် နစ်မြုပ်နေစဉ်အတွင်း တမန်တော်တစ်ဦးဖြစ်လာရေး ထာဝရဘုရားသခင်၏ အမိန့်ပေးချက်ကို ပထမဆုံးအကြိမ် လက်ခံရရှိခဲ့သည်။ ထို့နောက်တဖန် ဆူရ–၅၃(Surah 53)က တမန်တော်အား ထက်ကောင်းကင်ရွှေဘုံနန်းထက် စံမြန်းနေပုံကို ဖော်ပြထားသည်။

> ''သူ၏အရှင် ထာဝဘုရားသခင်၏ ပို၍ကြီးကျယ်မြင့်မြတ်သည့်လျှို့ဝှက်ချက်ကို အတိအကျ တွေ့မြင်သိရှိရသည်'' (Surah 53.18)

တဖန်ထပ်မံ၍ ကိုရမ်ကျမ်းစာ၌ဖော်ပြရာတွင် လူတစ်ယောက်၏ လက်ချောင်းများနှင့် ခြေထောက်များထက် ထာဝရဘုရားက ပို၍နီးကပ်သည်ဟူ၍ဖြစ်၏။

> ''လူသားအား ငါတို့ အတိအကျဖန်ဆင်းခဲ့သည်။ ထို့ပြင် သူ၏အသက်ဝိညာဉ်က သူအား ဘာအကြောင်း တီးတိုးပြောသည်ဆိုခြင်းကို ငါတို့သိသည်၊ ထို့ပြင် သူ၏ လည်ပင်းထဲက သွေးပြန်ကြောထက် ငါတို့က သူနှင့် ပို၍နီး၏။'' (Surah 50.16)

ကိုရမ်ကျမ်းက ဆက်လက်၍ ရေးသားထားသည်မှာ –

> ''စဉ်းစားပါလော့! အလ္လာအရှင်မြတ်သည် အသင်ဘာပြုလုပ်သည်ကို ရှုကြည့်နေသူဖြစ်သည်။''(Surah 2.110)

> ''အသင် မည်သည့်ဘက်သို့ မျက်နှာမူကြည့်ရှုသည်ဖြစ်စေ၊ ထောက်ပံ့ကူညီမှုကို အလ္လာအရှင်မြတ် ပြုလုပ်တော်မူ၏။ (Surah 11.115)

မည်သို့ပင်ဆိုစေကာမူ အစ္စလာမ်ဘာသာတွင် ထာဝရဘုရားသခင်၏ စစ်မှန်သော တကယ့်အရှိအမှန်တရားအား ကိုယ်ကာယ၏အထက်ပိုင်းကို ဖြောင့်မတ်စွာထား၊ တင်ပလ္လင်

ခွေကာ ကြာမြင့်စွာထိုင်လျက် တရားရှုမှတ်ခြင်းအားဖြင့်သာ သိနားလည်နိုင်သည်ဟူသော ယုံကြည်ချက်သည် တစ်ဆူတည်းသော ထာဝရဘုရားသခင်သာရှိသည်ဟူ၍ ပြဌာန်းသတ်မှတ်ချက်အတွင်း ကျယ်ပြန့်စွာတည်ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းယုံကြည်ချက်အတွင်း အရေးကြီးသော အခြေခံအချက်(၂)ချက်ရှိသောကြောင့်ဖြစ်၏။ ပထမအချက်မှာ အလ္လာအရှင်မြတ်သည် ပုဂ္ဂိုလ်တစ်ပါးဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ အလ္လာအရှင်မြတ်နှင့် တစ်ပါးတည်းသောပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိသွားရန် မတတ်နိုင်ပေ။ ဒုတိယအချက်မှာ အစ္စလာမ်ဘာသာက ထာဝရဘုရားသခင်၏ အလုံးစုံသော အတုမရှိသည့် ထူးချွန်သာလွန်မှုကို သင်ကြားပြသထားခြင်းအား ဖန်ဆင်းခံသတ္တဝါတစ်ဦးတစ်ယောက်က သူ့ကိုယ်သူ ထာဝရဘုရားသခင်နှင့် ဂုဏ်ရည်တူသည်ဟူ၍ မယှဉ်ပြိုင်ရဲပါပေ။ ထို့ကြောင့် Sufism ခေါ် အစ္စလာမ်သူတော်မြတ်ကျင့်စဉ်သည် ဟိန္ဒူဘာသာ၏ အဝိဇ္ဇာအယူအဆတွင် ''ငါသည် ဗြဟ္မာဖြစ်၏''ဟူ၍ ထုတ်ဖော်ပြောကြားနိုင်သည့် ဟိန္ဒူသူတော်မြတ်ကျင့်စဉ်ကဲ့သို့ ထာဝရဘုရားသခင်၏ လျှို့ဝှက်သောတန်ခိုးအာဏာတော်နှင့် ထပ်တူထပ်မျှ တူညီမှုရှိသည်ဟု ဟောပြောခြင်း မပြုပေ။ အမှန်စင်စစ်အားဖြင့် အစ္စလာမ်သူတော်စင်များ တရားထိုင်ရာတွင် များစွာသော ဆူဖိ(Sufis)များသည် ၎င်းတို့၏စိတ်သည် ရှင်လန်းတက်ကြွလျက် ကြီးစွာသောဝမ်းသာပျော်ရွှင်မှုသည် ဟိန္ဒူဘာသာအဝိဇ္ဇာကျင့်စဉ်ကဲ့သို့ ''ငါသည် ဗြဟ္မာဖြစ်၏''ဟူ၍ အလွန်ထပ်တူနီးပါး စိတ်တွင်ခံစားရ၏။ ခရစ်သက္ကရာဇ်-၉၂၂ ခုနှစ်၌ အလ်-ဟာလ်ဂျ်(Ell Hallaj)သည်လည်းကောင်း၊ ၁၁၉၁-ခုနှစ်တွင် အီလ်ဖူတု(Abu El Futuh)သည်လည်းကောင်း ဤသို့ အလ္လာအရှင်မြတ်နှင့်နှိုင်းယှဉ်၍ ထပ်တူထပ်မျှတူညီမှုရှိကြောင်း ထုတ်ဖော်ကြေညာခဲ့ခြင်းကြောင့် အပြစ်ပေးသတ်ဖြတ်ခြင်းခံကြရသည်။ မန်ဆူအာလ် ဟာဂျ်က ၎င်း၏ ကြီးစွာသော ဝမ်းသာပျော်ရွှင်မှုဖြင့် နှုတ်မှရှုရှုထုတ်ဖော်ပြသသည်မှာ အန်ဟတ်က်(Anal Haqq)ဟူသော စကားရပ်(ငါသည် ထာဝရဘုရားသခင်ဖြစ်သည်)ဟု ဖြစ်သည်။ သူသည် ၎င်း၏ ထာဝရဘုရားသခင်နှင့် ထပ်တူထပ်မျှ တူညီစွာခံစားရမှုကို အောက်ပါစကားရပ်များဖြင့် ကိုးကားခဲ့သည်-

> ''ငါချစ်သောသူသည် ငါသာလျှင်ဖြစ်၏။ ထို့ပြင် ငါ့ကိုချစ်သောသူမှာလည်း ငါသာပင်လျှင်ဖြစ်၏။ ငါတို့သည် ကိုယ်ခန္ဓာတစ်ခုတည်း၏ အတွင်း၌နေထိုင်သော

ဝိညာဉ်နှစ်ခုဖြစ်ကြ၏။ ထို့အတူအကာယ်၏ အလွှာအရှင်ကိုလည်း အသင်တွေ့မြင်၏။ ထို့ပြင် အကာယ်၏ အလွှာရှင်ကို အသင်တွေ့မြင်လျှင် ငါတို့နှစ်ဦးလုံးကို အသင်တွေ့မြင်၏"

ဤအချက်သည် သခင်ယေရှုပြောသည့်စကားဖြစ်သော "ဖခင်ထာဝရဘုရားသခင်နှင့် ငါသည် တစ်ဦးတည်းဖြစ်သည်။ ငါ့အား မြင်တွေ့သောသူသည် ထာဝရဘုရားသခင်အား ဖူးတွေ့ရသည်မည်၏"ဟူသောစကားကို ပြန်လည်၍ အမှတ်ရစေ၏။ သို့သော် ခရစ်တော်က ထာဝရဘုရားသခင်၏ မြင့်မြတ်သောအခြေအနေနှင့် တန်ခိုးအာဏာအရှိန်အဝါသည် အကြီးမားဆုံး ဖြစ်တော်မူသည်ဟု ဟောကြားခဲ့သည်။ များစွာသော အစ္စလာမ်သူတော်မြတ်အပေါင်းတို့သည် စိတ်စွမ်းအင်၏ တိမ်မြုပ်နေသောလျှို့ဝှက်ချက်အား ထာဝရဘုရားသခင်နှင့် နီးကပ်မှုရှိလာစေပြီး ထာဝရဘုရားသခင်နှင့် ပေါင်းစည်းနိုင်လိမ့်မည်ဆိုခြင်းကို လက်ခံကြသည်။ ဆက်လက်ရေးသားထားသည်မှာ ထောက်ပံ့ကူညီမှုကိုရရှိထားသော အစ္စလာမ်သူတော်စင်တစ်ဦးသည် ထာဝရဘုရားသခင်၏ များပြားလှသည့်တန်ခိုးတော်နှင့် အထင်ကြီးခံရသော အရည်အချင်းမှာ သဘာဝကျစွာ လက်ခံထားသည့်(Sifat)ဖြစ်သည်ဟု ဆိုသည်။ သို့သော် ထာဝရဘုရားသခင်၏ အနှစ်သာရ(Zat)ပါဝင်ခြင်း မရှိနိုင်ပေ။ ဤအယူအဆအတွက် ရှုမြင်မှုမှာ ဗြဟ္မာကြီး၏တန်ခိုးတော်များကို bhaktas က ရရှိခံစားသည်ဟူ၍ဟောကြားသူ ဟိန္ဒူဘာသာဝင် ရာမနူဂျာ(Ramanuja)၏အမြင်နှင့် အလွန်နီးစပ်သည်။ သို့သော် ထာဝရဘုရားသခင်သည် သူ၏ကမ္ဘာလောကအား ဖန်ဆင်းနိုင်သောစွမ်းအင်နှင့် ဖျက်ဆီးချေမှုန်းပစ်နိုင်သောစွမ်းအားကိုမူ မျှဝေပေးသနားတော်မူခြင်း မရှိပေ။

Sufi ခေါ် သူတော်စင်ဆိုသောစကားသည် ဝါဂွမ်း(Wool)ဟူ၍ အဓိပ္ပါယ်ရသည့်၊ ဖြူစင်သန့်ရှင်းစွာ ကျင့်သုံးနေထိုင်ခြင်း(Purity)နှင့် တးဝတ်နေရေးကို ခြိုးချုန်စွာကျင့်သုံးခြင်းဟူသော Suf မှ တိုက်ရိုက်ဆင်းသက်လာသည်။

*[ဤကဲ့သို့သောအကျင့်မြတ်ကို တကယ့်တိဟိတ်ပုဂ္ဂိုလ် သူတော်ကောင်းများကသာလျှင် ကျင့်သုံးနိုင်သော်လည်း ဗုဒ္ဓမြတ်စွာဘုရားကမူ ယင်းကဲ့သို့မျှမက ထို့ထက်အဆပေါင်းများစွာ ကွာသည့် ဒုက္ကရစရိယအကျင့်(ဝါ) အခြားသူများအနေဖြင့် လုံးဝကျင့်နိုင်ဖွယ်မရှိသည့်အကျင့်ကို*

*ကပိလဝတ်တိုင်းပြည်၏ အိမ်ရှေ့မင်းသားစည်းစိမ်၊ ကြင်ယာတော်(ချစ်ဇနီး)နှင့် သားတော်ကလေးတို့ကို စွန့်လွှတ်၍ နန်းတော်ထဲမှ ဉာဉ့်နက်သန်းခေါင်ယံတွင် တိတ်တဆိတ်ထွက်ခွာ၍ မိုင်ပေါင်းများစွာ ကွာဝေးသည့်အရပ်ဒေသ (ယခုခေတ်သစ်အိန္ဒိယနိုင်ငံနှင့် နီပေါလ်နိုင်ငံနယ်စပ် Uttar Pradesh ပြည်နယ် ပဒိမဝန္တာတောင်ခြေရှိ Bihar ပြည်နယ် Gaya အရပ်ဒေသရှိ) ဥရုဝေလတောင်ရှိ ဂူတစ်ခုတွင် (၆)နှစ်တိုင်တိုင်(BC 531-525)ထိုင်ရာမှမထပဲ အစားအသောက်၊ အနေအထိုင်၊ အိပ်စက်မှု စသည်တို့ကို အပြင်းထန်ဆုံးသောနည်းဖြင့် ခြိုးချန်သောအကျင့်ကိုကျင့်၍ တရားရှာကြံခဲ့သော်လည်း လောကသံသရာမှ ထွက်မြောက်နိုင်မည့်လမ်းမတွေ့ရှိပဲ နည်းလမ်းမမှန်ကန်သေးကြောင်း တွေ့ရှိလာရသဖြင့် သင့်တင့်မျှတယုံ နေထိုင်၊ စားသုံး၊ ကျင့်ကြံသည့်အကျင့်သို့ ပြန်ပြောင်းကျင့်သုံးသည့်(မဇ္ဈိမပဋိပဒါနည်း)ဖြင့် လောကကြီး၏ အမြဲတည်တံ့ခြင်းမရှိပဲ စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေမှု(Flux and fleeting)၊ ထိုသို့မတည်မမြဲပြောင်းလဲရခြင်းနှင့်အတူ သက်ရှိသတ္တဝါတို့၏လောက(သတ္တလောက)အပါအဝင် လောကသုံးပါးတွင် ဖြစ်ပေါ်သမျှသောအရာတို့သည် မတည်မြဲသဖြင့် ဆင်းရဲခြင်းဟု ဆိုရသောတရား၊ ''ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ စသည်ဖြင့် ပိုင်ဆိုင်ခြင်းအလျဉ်းမရှိခြင်းတည်းဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ (Momentariness, Universal suffering and soulessness) တရားသာလျှင်ရှိကြောင်း စသည်ဖြင့် သတ္တဝါတိုင်းသည် အစအဆုံးမမြင်သော သံသရာတွင် ကျင်လည်နေရသည်။ ပဋိသန္ဓေနေရခြင်း ဆင်းရဲဒုက္ခ(ဇာတိ)၊ အိုမင်းရင့်ရော်ခြင်း ဆင်းရဲဒုက္ခ(ဇရာ)၊ နာကျင်ခံခက် စိတ်ရောကိုယ်ပါ ခံစားရသည့် ဆင်းရဲဒုက္ခ(ဗျာဓိ)နှင့် သေရခြင်းဆင်းရဲဒုက္ခ(မရဏ) စသည့်သံသရာဝဋ်ဒုက္ခအပေါင်းမှ လွတ်မြောက်ရန်နည်းအမှန်တို့ကို မည်သည့်ဆရာတစ်ဦးတစ်ယောက် (ဝါ)မည်သည့်သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါတို့၏ အကူအညီမျှမပါပဲ မိမိကိုယ်တော်တိုင် ကျင့်ကြံစဉ်းစားမြော်မြင်တွေးခေါ် ဆင်ခြင်သည့်ဉာဏ်များဖြင့် (သဗ္ဗညုတဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်)တို့ကို သိနားလည်လာပြီး လူ့လောက၊ နတ်လောက၊ ဗြဟ္မလောကဟု ဆိုအပ်သော လောကသုံးခွင် ဘုံအပြင်၌ သတ္တဝါတို့အား သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်သည့် နည်းလမ်းအမှန်နှင့် သိစရာရှိသမျှကို အကြွင်းအကျန်မရှိ အလုံးစုံကို သိမြင်နိုင်သည့် ဉာဏ်အားလုံးကို သိသောပုဂ္ဂိုလ်(ဘုရား)အဖြစ် ခံယူခဲ့သည်။ ထို့ကြောင့် အလွန်ခြိုးခြံစွာကျင့်သုံး*

*ခြင်းဖြင့် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော ကိလေသာရေသောက်မြစ်များ သေအောင်မသတ်နိုင်ကြောင်း တွေ့မြင်သိရှိရသည့်အတွက် ဗုဒ္ဓမြတ်စွာက ယင်းသို့ ခြိုးခြံစွာကျင့်သုံးခြင်း(Stoic)ကို ချီးမွမ်းထောက်ခံခြင်းမပြုသလို ကဲ့ရဲ့ရှုတ်ချခြင်းလည်း မပြုပါပေ။ အမှန်စင်စစ်အားဖြင့် ဗုဒ္ဓမြတ်စွာဘုရားမှာ သတ္တဝါအများကို သံသရာကျင်လည်နေရသည့်ဒုက္ခမှ လွတ်မြောက်နိုင်သည့် နည်းလမ်းကို မှန်ကန်စွာပေးနိုင်သည့် ဆရာတစ်ဆူသာလျှင်ဖြစ်သည်။ လူ့လောကတွင် အသက်ရှင်နေထိုင်စဉ်ကာလအတွင်း လိုက်နာကျင့်သုံးသင့်သော အဆုံးအမတရားများကို သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာစသည့် ပိဋကတ်(၃)ပုံဖြင့် ပြည့်စုံအောင် နည်းလမ်းများချထားခဲ့သူဖြစ်သည်။ ဘာသာပြန်သူ]*

ဆူဖီးစ်များသည် လူ့ဘဝနှင့် ပြုမူနေထိုင်ကျင့်သုံးမှုများကို အစ္စလာမ်ဘာသာ၏ မဏ္ဍိုင်ငါးရပ်ဟုခေါ်သော နေ့စဉ်ငါးကြိမ် ဝတ်ပြုဆုတောင်းခြင်း (Five Prayers)၊ ရမာဒမ်ဥပုသ်သီလ ကျင့်သုံးမှုစသည်ဖြင့် ကိုယ်ကျင့်တရားစောင့်ထိန်းခြင်းများ ပါဝင်သည်။ အဆိုပါအကြောင်းအရာများသည် စကားလုံးအသုံးအနှုန်းများနှင့် အသွင်သဏ္ဌာန်များသာဖြစ်၍ သူတော်စင်သူတော်မြတ်တို့အဖို့ရာတွင် ဘာတစ်ခုမျှ အနှစ်သာရရှာမရသော အမှန်တကယ်ရှိသည့် အစစ်အမှန်တရားများမဟုတ်ပေ။ ၎င်းတို့က မေးခွန်းထုတ်သည်မှာ–

"ငါတို့သည် ထာဝရဘုရားသခင်အား ဝတ်ပြုကိုးကွယ်သင့်ပါသလား?"၊ သို့မဟုတ်

"ငါတို့သည် ထာဝရဘုရားသခင်အား ချစ်မြတ်နိုးကိုးကွယ်သင့်ပါသလား?"

ဝတ်ပြုကိုးကွယ်မှုသည် ဗဟိဒ္ဓ(ပြင်ပအာရုံ)အမြင် သွင်ပြင်လက္ခဏာဖြစ်ပါ၏။ သို့ရာတွင် ချစ်ခင်မြတ်နိုး ကိုးကွယ်ခြင်းတစ်ခုတည်းသာလျှင် ငါတို့အား ဟကီက(haqiqa)ခေါ် တကယ့်အရှိအမှန်တရားဆီသို့ ပြင်ပသွင်ပြင်လက္ခဏာကိုကျော်လွန်၍ ကျင့်သုံးမှုမည်၏။ အသဲနှလုံးထဲမှ စွဲလမ်းယုံကြည်မှုသည် ထာဝရဘုရားသခင်၏ အမိန့်တော်များကို ရိုသေလေးစား လိုက်နာခြင်းထက်ပို၍အဆင့်မြင့်သော ကိုးကွယ်မှုဖြစ်၏။

*(ဗုဒ္ဓဘာသာတွင်လည်း တစ်ချိန်သောအခါ၌ ရဟန်းတစ်ပါးအား ဗုဒ္ဓကိုယ်တော်တိုင်မိန့်ကြားသည်မှာ– အသင်ရဟန်း၊ ငါ၏ကိုယ်ရုပ်အကောင်ပုတ်ဖြစ်သော ဤခန္ဓာကြီးအား သာယာလှပသည်ထင်ပြီး ကြည့်ရှုငေးမောနေခြင်းမှာ အချည်းနှီးအလဟဿ ဘာမျှအသုံး*

*မကျသည့် အသိဖြစ်၏။ အသင်ရဟန်းသည် ငါ၏သက်နိုးစကိုဆွဲကိုင်၍ အမြဲနေထိုင်ငြားစေကာမူ ငါဘုရား သင်ပြဆိုးမထားသည့်တရားများကို မသိမမြင် ဉာဏ်ဖြင့်မဆင်ခြင်နိုင်လျှင် ငါနှင့်အသင် အတူတကွ နေထိုင်ရသည် မမည်ဘူး၊ ငါနှင့် ယူဇနာတစ်ရာဝေးကွာသည့်အရပ်မှာ သင်နေထိုင် စေကာမူ ၊ ငါဘုရား၏ ဟောကြားဆိုးမ တရားဓမ္မကို နားလည်သိမြင် နှလုံးသွင်းဆင်ခြင် လိုက်နာ ပါလျှင်၊ ငါနှင့်အသင် အတူတကွနေထိုင်သည်မည်၏ ဟု မိန့်ကြားခဲ့ပူး၏။ ထို့ကြောင့် ခေတ်သစ်ဗုဒ္ဓ ဘာသာ အသိဉာဏ်အရာတွင် ထင်ရှားခဲ့သည့်ဆရာတော်ကြီးများက "ဘုရားနှင့် မတွေ့ခဲ့ရတာ အရေးမကြီးပါ၊ တရားနှင့်တွေ့ဖို့သာ ပို၍အရေးကြီးပါ၏" ဟူ၍လည်းကောင်း၊ "သစ္စာမမြင်၊ မဂ္ဂင်မပါ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊ ယုံကြည်ဆိုးဖြတ်၊ ယူဆမှတ်ကာ၊ သီလဗ္ဗတပရာမသ" ဟူ၍ ဟောကြားခဲ့သည်။ ဘာသာပြန်သူ)*

စစ်မှန်သည့် အစ္စလာမ်ဘာသာဟောကြားဆိုးမချက်မှာ နှလုံးသားထဲတွင် စွဲမြဲစွာသိရှိ မှတ်သားထားသော အသိဉာဏ်အရာတွင် ရင့်သန်တိုးပွားလာစေခြင်းဖြစ်၏။ အချို့သော ဖုံးကွယ်တိမ်မြုပ်လျက်ရှိသော အဓိပ္ပါယ်သဘောတရားများသည် အချို့သော ဝတ်ပြုဆုတောင်းမှု အပြုအမူများနှင့် တန်ဘိုးအနည်းငယ်မျှသာရှိသည်ဟုဖြစ်သည်။ ဥပမာသာဓကအားဖြင့် ခရစ်သက္ကရာဇ် ၁၀၄၉ အေဒီတွင် အဘူဆာယစ်(Abu Said)က ၎င်း၏နောက်လိုက်နောက်ပါ သာဝကများအား မက္ကာ(Mecca)သို့ ဘုရားဖူးသွားခွင့်ပြုမည် မဟုတ်သည့်အပြင် မြူဇင်(muezzin)က အသံဆို(နိဗ္ဗာန်ဆော်)သည့်အချိန်တွင် သီဆိုကခုန်နေသူများ အနောက် အယုက်ပြုခြင်းကို ခွင့်ပြုနိုင်မည် မဟုတ်ပေ။ သို့သော် ဤအချက်သည် အစွန်းရောက်မှု အခြားတစ်ခုဖြစ်သည်။ ထိုအကြောင်းပြချက်များဖြင့် အစ္စလာမ်သူတော်စင်များသည် မူဆလင်အများစု၏ လေးစားကြည်ညိုခြင်းကို ခံရသည်။ မည်သို့ပင်ဖြစ်စေ ခရစ်သက္ကရာဇ် ၁၀၅၉-၁၁၁၁ အေဒီ အချိန်ထိ အသက်ရှင်နေထိုင်ခဲ့သူ အဘူဟာမစ်အာလ်ဂါဇာလီ(Abu Hamid al-Ghazzali)သည် ဝတ်ပြုဆုတောင်းမှုနှင့် ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ပြန်လည်ညှိနှိုင်းမှုပြုရန်ကြိုးစားခဲ့ရာ ကျူရှေရီ(Qushayri AD.1072)၏ တောင်းဆိုချက်နှင့် အညီ အစ္စလာမ်သူတော်မြတ်ကျင့်စဉ်ကို ရှရီရကျမ်း(Sharia)နှင့်အညီ ညှိနှိုင်းပေါင်းစပ် ပေးခဲ့သည်။ ကျူရှေရီက ဟကီက(haqiqa)ခေါ် တကယ့်အရှိအမှန်တရား(reality)သည်

ရှရီရကျမ်း၏ ထိန်းချုပ်မှုအောက်တွင် ကိုယ်ကျင့်တရား စည်းကမ်းတင်းကြပ်သော မူဆလင် ဥပဒေသနှင့်အညီ ကျင့်သုံးနေထိုင်ခဲ့သည်။ သို့ရာတွင် သူက မူဆလင်ဥပဒေ၏ တစ်ကယ့် စစ်မှန်သောအဓိပ္ပါယ်မှာ ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဆူဖီ(Sufi) ခေါ် အစ္စလာမ် သူတော်စင်၏ ဘာသာရေးတရားအတွေ့အကြုံအရ ရင့်ကျက်သော အသိဉာဏ်မှတဆင့်သာလျှင် သိနားလည်နိုင်သည်ဟူ၍ ယူဆသည်။

ဆူဖီ ခေါ် အစ္စလာမ်သူတော်စင်သည် ကမ္ဘာလောကနှင့် ၎င်း၏ စဉ်ဆက်မပြတ် ရွေ့လျောပြောင်းလဲနေသည့် အရာဝတ္ထုများအတွက် ချန်လှပ်ထားသောနေရာမရှိဟူ၍ ၎င်း၏ ချစ်လှစွာသော ထာဝရဘုရားသခင်နှင့်တကွ များစွာသောယုံကြည်မှုထားခဲ့သည်။ သူသည် အလ္လာအရှင်မြတ်၏ ပုံရိပ်လွှာအား ထင်ထင်ရှားရှား တွေ့မြင်ရခြင်းအားဖြင့် မိမိကိုယ်ကို ထိန်းသိမ်းမှုမပြုနိုင်တော့ပဲ သတိလွတ်ကင်းသည့် အခြေအနေဖြစ်ခဲ့ခြင်းမှာ ဘုရားသခင် ခရစ်ရှနာ(Lord Krishna)၏ ဝိရတ်ရူပ(Virat-rupa)ခေါ် ပုံရိပ်လွှာအား တွေ့မြင်လိုက်သော အခါ ကြောက်ရွံ့ထိတ်လန့်မှုနှင့် လေးစားကြည်မှုကို စိတ်တွင်ခံစားရသည့် အာဂျူးနား(Arjuna) နည်းတူ ဆူဖီ ခေါ် အစ္စလာမ်သူတော်စင်မှာလည်း အလားတူခံစားမှုကို ရရှိခြင်းဖြစ်သည်။ ချစ်ခြင်းမေတ္တာဟူသောအဓိပ္ပါယ်မှာ အိန္ဒိယနိုင်ငံရှိ အယ်လ်ဗာစ်(Alvars)နှင့် နောက်ပိုင်းကာလ ကဘီးရ် (Kabir)နှင့် ရာမခရစ်ရှနား(Ramakrishna)တို့ စွဲမှတ်ယူသကဲ့သို့ အလ္လာအရှင်မြတ် ကြွရောက်လာခြင်းဟူသော အဓိပ္ပါယ်ဖြစ်သည်။

> ''ချစ်ခြင်းမေတ္တာဟူသောအဓိပ္ပါယ်မှာ ကြည်ညိုမြတ်နိုးသူ(ဆူဖီ)၏ အရည်အသွေးသည် သူ့နဂိုအတိုင်းတွေ့မြင်နေရာမှ ချစ်ကြည်လေးစားခြင်းခံရသူများထံသို့ ပြောင်းလဲသွားခဲ့၏။ ယခုအခါ သူသည် ထာဝရဘုရားသခင်၏ ပြောနေကြစကား ''သူ့ကို ငါချစ်ခင် လေးစားသောအခါ ငါသည် သူကြည့်နိုင်ရန် သူ၏မျက်လုံးဖြစ်၍ သူကြားနိုင်ရန် သူ၏ နားနှင့် သူလှမ်းကိုင်နိုင်ရန် သူ၏လက်ချောင်းများဖြစ်၏။''

တဖန်ထပ်မံ၍ –

> ''ချစ်ခြင်းမေတ္တာသည် မျက်နှာကို ဖုံးအုပ်ထားသည့်ပုဝါကို နှစ်ဘက်ခွဲ၍ ဖယ်ရှားခြင်း ဖြစ်ပြီး လူများ၏ရင်တွင်း၌ ဖုံးကွယ်ထားသောခံစားချက်ကို မျက်လုံးများတွင် တွေ့မြင်

ရ၏။ တစ်နေ့သ၌ အလင်းရောင်အောက်၌ ငါကြည့်လိုက်၍ ငါသည် အလင်းရောင်ဖြစ်လာသည့်အချိန်ထိအောင် ငါ၏ကြည့်မြင်နေခြင်း မရပ်စဲပါ။"

ထင်ရှားကျော်ကြားသော စာပိုဒ်တစ်ပုံမှာ -

Lali ere lalki, jit dekhaon til lal,

Lali de khan main gayi, main bhi ho gayilal.

အမှန်တကယ်အားဖြင့် "သူကိုယ်တိုင်ကိုယ်ကျ ဗြဟ္မာကို သိနားလည်လျှင် သူကိုယ်တိုင်ဗြဟ္မာဖြစ်လာ၏"(Brahmavid Brahmaiva bhavati meaning the knower of brahma himself becomes Brahma)

ရာမခရစ်ရှနားသည် အလားတူပင်ဖြစ်ကြောင်းသိရ၏။

ဤနေရာတွင် အသဲနှလုံး(ချစ်ခင်စွဲလမ်းခြင်း)နှင့် တရားဥပဒေ၏ပဋိပက္ခသည် ခရစ်ယာန်ဘာသာတွင် အလားတူဖြစ်ပေါ်လျက်ရှိသည်။ ထို့နောက်တဖန် ထပ်မံ၍ဆိုရပြန်လျှင် အဒွိဋ္ဌဝါဒ၏ အခြေခံသော ဉာဏနှင့် ကမ္မအကြားတွင်လည်း ထိုနည်းပင်ဖြစ်၏။ (between advaitic jnana and Karma.)။ ဆန့်ကျင်ဘက်အားဖြင့် ရှန်ကာရ၏ ဉာဏအပေါ် ကမ္မဆန္ဒ၏ဆန့်ကျင် မှုအား အလေးထားဖော်ပြချက် (Shankara's emphasis on jnana against karma-kanda)အား ရာမနုဂျာ(Ramanuja)က သမ္မုဉာဏသမုဒယဝါဒ၏ သဘောတရား(the doctrine of karmajnana-samuc cayavada)တွင် ရှေ့ဆိုးမှ ဖော်ပြထားသည်။

ဆုတောင်းဝတ်ပြုခြင်းနှင့် ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှစ်ခုလုံးကို အသေအချာ စောင့်ကြည့်သူ အစ္စလာမ်သူတော်စင်များသည် မှန်ကန်သောသစ္စာတရား၏ အမှတ်သင်္ကေတမျှသာလျှင် ကာယကံမြောက် ကြည်ညိုလေးစားမှု(ဗဟိဒ္ဓအသွင်သဏ္ဌာန်) ပြုလုပ်ခြင်းဖြစ်၏။ ဥပမာအားဖြင့် ဝတ်ပြုဆုတောင်းမှုများတွင် နှုတ်ထက်စကားတစ်လုံးအားဖြင့်ဖြစ်စေ၊ ကိုယ်နေကိုယ်ဟန်ပုံစံ(ဣရိယာပထ)အားဖြင့်ဖြစ်စေ မပြုလုပ်တော့ပေ။ သို့ရာတွင် လူသားနှင့် ဖန်ဆင်းရှင် ထာဝရဘုရား၏အကြားတွင် ဘာသာရေးဆိုင်ရာ စစ်မှန်သောအဓိပ္ပါယ်ဖြင့် တရားဒေသနာကို ဖော်ဆောင်သည်။ ထို့ကြောင့် စစ်မှန်သည့်အဓိပ္ပါယ်မှာ ထာဝရဘုရားသခင်နှင့် စကားပြောဆိုခြင်းဖြစ်သည်။ ထိုနည်းတူစွာပင်လျှင် ကာဘာ(kaba)ဒေသတဝိုက်တွင် လှည့်လည်၍ ကျောက်တုံးနက်

အစရှိသည်ကို(Black stone etc.) နမ်းရှုတ်ခြင်းပါဝင်သော ပြင်ပထွက်၍လေ့လာခြင်းအပါအဝင် ဘုရားပူးခရီးစဉ်သည် တကယ့်စစ်မှန်စွာဖြင့် အသဲနှလုံးတွင် ထာဝရဘုရားသခင် အတွေ့အကြုံဗဟု သုတရရှိရေးအတွက် လုပ်ရှားဆောင်ရွက်မှုဖြစ်သည်။ အစ္စလာမ်သူတော်စင်များသည် dhikr ခေါ် Allah အရှင်မြတ်၏ များစွာသောအမည်နာမကို ထပ်ခါထပ်ခါအကြိမ်များစွာ နှုတ်မှရွတ် ဆိုလျက်(ဟိန္ဒူဘာသာ ကဘီးရ်အယူဝါဒသမားတို့၏ ၎င်းတို့ဘုရား ရာမဆူမိရန(Rama-Sumirana in Kabir)နှင့် ဆစ်ဘာသာတွင် ရာမခရစ် ရှနားဟူ၍ အကြိမ်ကြိမ်ထပ်ခါထပ်ခါ ရွတ်ဖတ်သုံးစွဲသကဲ့သို့) ဝတ်ပြုဆုတောင်းကြ၏။ သို့သော် အမှန်အားဖြင့် ၎င်းအဓိပ္ပါယ်မှာ ချစ်သောသူအား သူ၏အချစ်ဆုံးသောပုဂ္ဂိုလ်၏ အလေးဂရုပြုမှုကို အလေးအနက်စဉ်းစားနေခြင်း ဖြစ်သည်။ အစ္စလာမ်သူတော်စင်တစ်ဦးသည် ထာဝရဘုရားသခင်အား ဖန်ဆင်းရှင်(Creator) အဖြစ်လည်းကောင်း၊ ပြုလုပ်ပေးသူ(Doer)အဖြစ်လည်းကောင်း၊ ကမ္ဘာပေါ်ရှိ အရာခပ်သိမ်း အတွက် ဆုံးဖြတ်ပေးသူ(Determiner)အဖြစ်လည်းကောင်း၊ ယုံကြည်မှုရှိသည်ဆိုခြင်းကို သံသယမရှိပေ။ သို့သော် ထာဝရဘုရားသခင်သည် သူ၏သူတော်စင်အား ယုံကြည်သူအဖြစ် အတွေ့အကြုံအရှိဆုံးပုဂ္ဂိုလ်အဖြစ်ကိုလည်း သံသယဖြစ်စရာမရှိပါ။

ရာဘီယာ(Rabiad,AD-801)ဆိုသူ တိမ်မြုပ်နေသော ဘာသာရေးစွမ်းအားရှင် တစ်ဦးက သုခဘုံကို ရှုံရှာစက်ဆုပ်စွာကန့်ကွက်ပြီး ငရဲဘုံကို ကြောက်ရွံ့သူဖြစ်သည်။ သို့သော် သူ၏ကံအကျိုးပေးအတွက် ထာဝရဘုရားသခင်အား ချစ်မြတ်နိုးစွာနေထိုင်ခဲ့သည်။

> "အို ထာဝရဘုရားသခင်! ငရဲဘုံအား ကြောက်ရွံ့သောအားဖြင့် အရှင်သခင်အား ကျွန်ုပ်ဝတ်ပြုပါ၏။ ငရဲဘုံမှာ မီးလောင်ကျွမ်းခြင်းခံရသူ ကျွန်ုပ်သည် အရှင်သခင်၏ သုခဘုံ(Paradise)သို့ ရောက်ရှိလိုသည့်အတွက် အရှင်သခင်အား အကျွန်ုပ်ညွှတ်တွား ပါ၏။ အရှင်သခင်၏ သုခဘုံ(Paradise)မှာ အမြဲနေနိုင်ရန် စောင့်ရှောက်ပေးပါ။ သို့သော် အရှင်သခင်၏ ကိုယ်ကျိုးအတွက် အကျွန်ုပ်သည် အရှင်သခင်အား ဝတ်ပြု ညွှတ်တွားပါ၏။ အမြဲလှပမှုကို အရှင်သခင်က မဖျက်ဆီးပါနဲ့။"

အယ်လ်ဗားစ်(Alavars)နှင့် ပါရပတိ(Parapatti)အား တင်းကြပ်စွာဖက်တွယ် ထားသူ များစွာသော ဘာခ် တာစ်( Bhaktas)တို့သည် ထပ်တူထပ်မျှ တူညီကြပါသလား?။

သူတို့သည် ထာဝရဘုရားသခင်၏ လေးနက်စွာစဉ်းစားဆင်ခြင်နိုင်သော တည်ငြိမ်သည့် ငေးမောခြင်းကိုကျော်လွန်၍ မစဉ်းစားမတွေးတောနိုင်ကြပေ။ မည်သို့ပင်ဖြစ်စေ မူဟီ အာလ်-ဒင်အီဘင် အာရဗီ (Muhy al-Din Ibn-Arabic) ရေးသားတီထွင်ခဲ့သော နှုတ်တက်ရွရွ လေးနက်သည့်အဓိပ္ပါယ်ကို ဖော်ပြပြောဆိုခြင်းများသည် အိန္ဒိယမူဆလင်များအတွက် ပိဋကတ်စာများဖြစ်ကြသည်။

Ibin Arabicစာပေသည် အစ္စလာမ်ဘာသာ၏ အကြီးမြတ်ဆုံးသော ဘာသာရေးဆိုင်ရာ အစွမ်းရှိသောအရာဖြစ်သည်ဟူ၍ ယူဆရသည်။ ၎င်းက အလ္လာအရှင်မြတ်သည် ရေးသားဖော်ပြခြင်းငှာလည်းကောင်း၊ ဂုဏ်တော် ကျေးဇူးတော်များအား ရေးသားဖော်ပြခြင်း မစွမ်းနိုင်သော တစ်ခုတည်းသောမှန်ကန်မှုဖြစ်သည်။ El-Arabi က ရေးသားရာတွင်-

"ထာဝရဘုရားသခင်သည် တကယ့်အစစ်အမှန်ရှိသော ပရမတ္ထသစ္စာဖြစ်ပါ၏။ သူသည် အရည်အချင်းပြည့်ဝသော ဘုန်းတန်ခိုးတော်များထက် မြင့်မြတ်တော်မူ၍ ကမ္ဘာလောကသည် တကယ်အစစ်အမှန်မဟုတ်သော သမုတိသစ္စာမျှသာဖြစ်ပါ၏"

ဆက်လက်၍ ရေးသားဖော်ပြရာတွင် သူက "အရာအားလုံးကို ဖန်ဆင်းတော်မူသော၊ ထာဝရဘုရားသခင်၏ ဂုဏ်တော်အား၊ သူကိုယ်တော်တိုင်ပင်လျှင် သူတို့၏အနှစ်သာရ အမှန်ပင်ဖြစ်၏။ ဤသဘောအဓိပ္ပါယ်သည် -

"ထာဝရဘုရားသခင်သည် မူဆလင်တို့၏ထာဝရဘုရားသခင်အဖြစ်သော်လည်းကောင်း၊ ခရစ်ယာန်တို့၏ ထာဝရဘုရားသခင်အဖြစ်သော်လည်းကောင်း၊ သို့မဟုတ် အခြားသော ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုခု၏ သစ္စာကိုစောင့်သိသောအားဖြင့် တည်ရှိသောအရာအဖြစ် နေရာတိုင်းတွင်တွေ့ရှိရသော အမျိုးအစားတစ်ပါးတည်းသော ထာဝရဘုရားသခင်ဖြစ်ပေ၏။ ထို့ပြင် သူသည် အရာခပ်သိမ်းတို့၏ ဝတ်ပြုကိုးကွယ်ရသည့် အနှစ်သာရအစစ်အမှန်(Essence) ဖြစ်ပါပေ၏။"

ဤအချက်မှာ ဟိန္ဒူဘာသာဂီတ(Gita)ဟူသော အယူအဆတွင်လည်း အလားတူရှိပေ၏။

"လူများက ငါ့အနားသို့ချဉ်းကပ်လာသည့်အားလျော်စွာ ငါကလည်း သူတို့အား

လက်ခံ၏။ အိုပါသာ(O Partha) လူအများက ငါ့အား ဝိုင်းရံ ငါသွားရာလမ်းကို လိုက်ပါကြ၏။" (IV:11; vide VII .21)

တစ်နည်းအားဖြင့် အလ္လာ(Allah)သည် တိတိကျကျ သတ်မှတ်ဖော်ပြခြင်းမပြု ထားသော်လည်း အရာဝတ္ထုတိုင်း၌ တည်ရှိ၏။

"ထာဝရဘုရားသခင်အား ဖက်တွယ်ထားရန် တိကျသေချာ တစ်ခုသောအသွင် သဏ္ဌာန်အားလုံးကို ရှောင်ကျဉ်ဖယ်ထုတ်ထားခြင်းသည် ထာဝရဘုရားသခင်အပေါ် မယုံကြည်ခြင်းဖြစ်၍ အားလုံးသော အသွင်သဏ္ဌာန်ပုံစံများအား ဝတ်ပြုကိုးကွယ်မှုသည် ဘာသာယုံကြည်ကိုးကွယ်မှု၏ စစ်မှန်သောစိတ်ဓာတ်ဖြစ်သည်။"

ရာမခရစ်ရှ်နားပြောကြားသောစကားတွင် ဘာသာတရား မပါဝင်ပေဘူးလား?။

"ယခုအခါ ငါ့အား သဲကန္တာရအတွင်း ဆိတ်ကျောင်းသမားဟုခေါ်ကြသည်။"

"ယခုအခါ ငါ့အား ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးအဖြစ်လည်းကောင်း၊"

"ယခုအခါ ငါ့အား ဇိုရိုအာဆရီးယားဘာသာဝင်တစ်ဦးအဖြစ်လည်းကောင်း၊"

"အချစ်ဆုံးသုံးယောက်သည် ဖြစ်၏။ သို့သော် တစ်ပါးတည်းဖြစ်၏။"

"သုံးပါးပုံသွင် ထင်မြင်သော်လည်း အစစ်အမှန်မှာတော့ တစ်ပါးတည်း။"

ထို့နောက် အီဘင်အာရဗီ(Ibn Arabic)စာပေပိဋကတ်သည် တန်ဘိုးအကြီးဆုံးသော ဘာသာရေးဆိုင်ရာ ပုလဲရတနာနှင့် ဘာသာယုံကြည်ကိုးကွယ်မှု၏ စစ်မှန်သော တစ်ကမ္ဘာလုံး တူညီသည့် စိတ်ဓါတ်ဖြစ်သည်။

"ငါ၏နှလုံးအိမ် စံရိပ်ငြိမ်သည် အကြောင်းအရာမျိုးစုံ အဖုံဖုံကို လုံခြုံစိတ်ချ အဝေးနေရာသို့ သယ်ယူပို့ဆောင်သည့် ဖောင်ကူးတို့သဖွယ် ဖြစ်လာခဲ့ပါ၏ အမှန်တကယ်"

'ထိုနေရာသည် ဆိတ်များအဖို့ရာ စိမ်းလန်းစိုပြေသည့် မြက်ခင်းပါ။

ထိုနေရာသည် ခရစ်ယာန်ရဟန်းတော်များအတွက် စံကျောင်းတော်ပါ။

ထိုနေရာသည် ဂျူးဘာသာအရ ထာဝရဘုရားသခင်က မိုးဇက်သို့ပေးအပ် ခဲ့သော Tables ခေါ်သည့် ဥပဒေသနှင့်

ထိုနေရာသည် အစ္စလာမ်ဘာသာ၏ ကိုရမ်ကျမ်းစာအုပ်ဖြစ်ပါ၏။
မည်သည့်ကိစ္စက မည်မျှပင်ရှိပါစေ၊ မည်သည့်ကိစ္စ မည်သို့ပင်ဖြစ်ပါစေ၊
ထိုကိစ္စက ထိုသူတို့အား ကုလားအုပ်များ သယ်ဆောင်သွား၏။
အဘယ်ကြောင့်ဆိုသော် ထိုကိစ္စများမှာ ငါ၏ယုံကြည်ရာဘာသာတရားပါ။

အစ္စလာမ်ဘာသာကျင့်စဉ်ကို လေ့လာလိုက်စားခဲ့သူလည်းဖြစ်သည့်အပြင် ခရစ်ယာန်ဘာသာ၊ ရှတ်ခ်တီဘာသာ(Shaktiism)နှင့် ဗိုက်စ်နာဘာသာ(Vaisnavism)စသည့် ဘာသာယုံကြည်ကိုးကွယ်မှုများအား ယုံကြည်ပြီးကြိုးစား၍ကျင့်ကြံခဲ့သူ ရာမခရစ်ရှ်နာ (Ramakrishna)က ကိစ္စတစ်ခုအားနှိုးဆော်ထား၏။ ၎င်း၏အဆိုအရလည်းပဲ တူညီသော ဦးတည်ချက်သို့ ခရီးဆက်သွားနေကြသူများအားလုံး၏ တစ်ဆူတည်းသော ထာဝရဘုရား သခင်သာ ရှိသည်ဟူ၍ဖြစ်သည်။

## အစ္စလာမ်ဘာသာဂိုဏ်းခွဲများ
## Sects of Islam

အစ္စလာမ်ဘာသာ၏ ဂိုဏ်းခွဲများ(ဝါ)ဂိုဏ်းဂဏများ များစွာရှိသော်လည်း ကျွန်ုပ်တို့ နေထိုင်ရာ အိန္ဒိယနိုင်ငံအတွင်းတွင်မူ ဆွန်နီ(Sunni)ဂိုဏ်းနှင့် ရှိယာဂိုဏ်း(Shia)ဟူ၍ နှစ်မျိုး သာလျှင်ရှိပါသည်။ အမှန်တကယ်အားဖြင့် အစ္စလာမ်ဘာသာတွင် ယုံကြည်စွာလိုက်နာဆောင်ရွက် ချက်များ၊ သို့မဟုတ် အစ္စလာမ်ဘာသာမဏ္ဍိုင်ငါးရပ်(the five pillars of Islam)ထဲတွင် အယူအဆကွဲလွဲသော အချက်များမရှိပါ။ အစ္စလာမ်ဘာသာအတွင်း ကွဲလွဲရခြင်း၏တကယ့် စစ်မှန်သည့် အခြေခံအကြောင်းတရားမှာ တမန်တော်၏သမက်တော်သူ အလီ(Ali)၏ ရပ်တည်မှု ဖြစ်ပါသည်။

အလီသည် တမန်တော်မူဟမ္မဒ်(Muhammad)၏သမီးနှင့် လက်ထပ်ခဲ့သည်။ သို့သော် သူသည် အချစ်ကို ဘေးချိတ်ပြီးလျှင် တမန်တော်၏ သစ္စာစောင့်သိရှိသေသော နောက်လိုက် ကောင်းတစ်ယောက်ဖြစ်ရန်နှင့် သူသည် တမန်တော်အတွက် ရဲရင့်သတ္တိရှိသူတစ်ဦးဖြစ်ရန်အတွက် သူ၏ဘဝ စွန့်စားခန်းသို့ဝင်ခဲ့သည်။ သူ့ကို လူတိုင်းက ကြောက်ရွံ့လေးစားကြသည်။ တမန်တော်

သည့်ပင်လျှင် အလီကို ချစ်ခင်ယုံမှုသာမက သူ၏စဉ်းစားတွေးခေါ်ပုံနှင့် စိတ်ထားမြင့်မြတ်မှုအတွက် အထင်ကြီး၍ လေးစားကြည်ညိုခဲ့သည်။ တမန်တော်သည် ပွဲလမ်းသဘင်အခမ်းအနားသုံးလေးခုတွင် "အို ထာဝရဘုရားသခင်၊ အလီ၏မိတ်ဆွေသည် မိတ်ဆွေအဖြစ် ဆက်လက်တည်ရှိပါစေ၊ အလီ၏ ရန်သူသည်လည်း ရန်သူသာဖြစ်ပါစေ။" သူသည် အစ္စလာမ်ဘာသာ၏ ပထမဦးဆုံးသော ခါလစ်(Caliph) ခေါ် အရပ်ဘက်အုပ်ချုပ်ရေးနှင့် ဘာသာရေးတွဲလျက်အုပ်ချုပ်သူဖြစ်မည်ဟု ယုံကြည်ကြသည်မှာ သဘာဝကျပေသည်။ ကံမကောင်း အကြောင်းမလှဖြစ်ရသည်မှာ တမန်တော်ကွယ်လွန်ပြီးနောက် ခါလစ်(Caliph)အဖြစ် အလီ(Ali)က ဖြစ်မလာပဲ၊ အဘူဘာကာ(Abu Bakr)သည် ပထမဦးဆုံးသော ခါလစ်(Caliph)ဖြစ်လာပြီး ၎င်းကိုဆက်ခံသူအဖြစ်လည်း အူမာ(Umar)ကို ရွေးချယ်ခဲ့ပြန်သည်။ အူမာ(Umar)၏ နောက်တွင်အူသ်မန်(Uthman)သည် တတိယခါလစ်ဖြစ်လာခဲ့ပြီး ၎င်းသည် ကူဖ(Kufa) အမည်ရှိသောဗလီအတွင်း ဝတ်ပြုဆုတောင်းနေစဉ် အသတ်ခံခဲ့ရသည်။ ထို့နောက် အလီ၏သားနှစ်ယောက်ဖြစ်သော ဟတ်ဆန် (Hasan)နှင့် ဟူစိန်(Hussain)တို့နှစ်ဦးသည် အင်အားခြင်းမမျှသည့်စစ်ပွဲတွင် သေဆုံးခဲ့ကြရသည်။ အမှန်တကယ် အတိအကျဆိုရလျှင် ဟတ်ဆန်နှင့် ဟူစိန်တို့သတ်ဖြတ်ခံရမှုနှင့်စပ်လျဉ်း၍ အလီ(Ali)၏ နောက်လိုက်နောက်ပါ တပည့်များအားလုံးသည်ကြီးစွာသော စိတ်မကောင်းဖြစ်မှုကို ခံစားနေခဲ့ရပြီး ယခုအခါ ရှီယာ(Shia)ဟုခေါ်သောအစ္စလာမ်ဂိုဏ်း ဖြစ်ပေါ်လာခဲ့သည်။

ရှီယာမူစလင်နှင့် ဆွန်နီမူဆလင်(Shias and Sunnis)တို့အတွင်း တကယ့်အစစ်မတူကွဲပြားခြားနားချက်မှာ အီမန်(Imam) ခေါ် မူစလင်ဥပဒေစည်းမျဉ်း(Muslim Law)ကိုလိုက်နာကျင့်သုံးရာတွင် မတူညီကြခြင်းဖြစ်သည်။ ရှီယာမူဆလင်က တမန်တော်မူဟမ္မဒ်သည်အီမန် ခေါ် မူဆလင်လူ့အဖွဲ့အစည်းအား ခေါင်းဆောင်မှုပြုရာတွင် စဉ်ဆက်မပြတ် အလှည့်ကျလမ်းညွှန်ထိန်းကျောင်းမှု စနစ်တစ်ခုထားရှိခဲ့သည်ဟု ယုံကြည်ကြသည်။ Imam ခေါ် ဘာသာရေးခေါင်းဆောင်ကို အရည်အချင်းပြည့်ဝသည့် ကြိုးစားမှုရှိသူအား စိစစ်ရွေးချယ်ထားသည့်ပုဂ္ဂိုလ်ဖြစ်၍ ကိုရမ်ကျမ်းကို အဓိပ္ပါယ်ပြန်ဆိုရေးသားရာတွင် အမှားအယွင်းများ မပါနိုင်တော့ချေ။ ပထမဦးဆုံးသော အီမန်မှာ အလီဖြစ်ပြီး တမန်တော်၏မိသားစုဝင်ဖြစ်၍ အစ္စလာမ်ဘာသာရေး

ဆိုင်ရာ စွမ်းဆောင်ချက်များကို တမန်တော်ထံမှ အမွေခံရရှိခဲ့သည်။ ဤကဲ့သို့သော အကြောင်းများကြောင့် သူသည် ကိုရမ်ကျမ်းစာကို အမှားအယွင်းမပါပဲ အဓိပ္ပါယ်ပြန်ဆိုရေးသားနိုင်သူ ခေါင်းဆောင်အမှန်ဖြစ်သည်။ ယနေ့တိုင်အလိမှ ဆင်းသက်ပေါက်ဖွားလာသူများက ဘာသာရေးဆိုင်ရာအမွေကိုဆက်ခံလျက် ဆက်လက်ရှင်သန်နေဆဲဖြစ်သည်။

## အစ္စလာမ်ဘာသာ၏ ခေတ်သစ်ကာလတိုးတက်မှုများ

## Modern Development in Islam

ဤနည်းအားဖြင့် ကိုရမ်ကျမ်းကိုသာမဟုတ်ပဲ ခေတ်သစ်စနစ်သစ် ဝေဖန်ဆန်းစစ်မှုများအား တမန်တော် မူဟမ္မဒ်၏တပည့်က စမ်းသပ်ဆောင်ရွက်ခဲ့၏။ နိုင်းယှဉ်လေ့လာကြည့်ရာတွင် ခရစ်ယာန်သမ္မာကျမ်း၏ အဓိကကျသောအခန်းကဏ္ဍကို ဆန်းစစ်ချက်က ၎င်းသည် ဘိုးဘွားဘီဘင်ရှေးအစဉ်အဆက်လက်ထက်မှစ၍ လက်ဆင့်ကမ်း၍ ယုံကြည်လာသည့်အချက်များကို သိပ္ပံနည်းကျလေ့လာချက်များနှင့် သမ္မာကျမ်း(the bible)၏ ပထမစာအုပ်(၅)အုပ်သည်ပင်လျှင် မိုးဇက်(Moses)၏ ရေးသားခဲ့သည့် ကျမ်းစာများမဟုတ်ကြောင်း အပြည့်အဝဖော်ပြလျက်ရှိသည်။ ကိုရမ်ကျမ်း၏ အဓိကအခန်းကဏ္ဍအပေါ် ဝေဖန်ဆန်းစစ်ချက်ပြုလုပ်ခြင်း မရှိခဲ့ပေ။ ထို့ပြင်လည်း တမန်တော်၏လူသည် မှားယွင်းမှုထောက်ပြစုံစမ်းရန်အတွက် အလွန့်အလွန်မြင့်မြတ်သည်ဟူ၍ ခံယူစေခဲ့သည်။ ၁၉၈၈ ခုနှစ်အတွင်း ဆလိုမန် ရုရှ်ဒီး(Saloman Rushdie) ရေးသားခဲ့သော ''မကောင်းဆိုးဝါးလက်ာများ''(The Satantic Verses)သည် စာပေတန်ဘိုးတစ်ခု ရှိကောင်းရှိနိုင်၏။ အကယ်၍ တစ်စုံတစ်ရာအကျိုးပြုမှုရှိခဲ့လျှင်လည်း ထိုစာအုပ်သည် တမန်တော်အား ဝေဖန်ဆန်းစစ်ခြင်း မဟုတ်ပါပေ။ ''မကောင်းဆိုးဝါးလက်ာများ''ဟူသော ထိုစာအုပ်အား ရန်စသည့်အပြုအမူဖြစ်၍ ခွင့်မလွှတ်နိုင်ဟူ၍လည်းကောင်း၊ အပြစ်ဆိုဖွယ်ရာမရှိသော အပြုအမူဖြစ်၍ ခွင့်မလွှတ်နိုင်ဟူ၍လည်းကောင်း၊ ကြေညာခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ယခုအချိန်မှာမူ အစ္စလာမ်ဘာသာသည် ခေတ်သစ်အချိန်ကာလ ဖွံ့ဖြိုးတိုးတက်မှုများအား မစဉ်းစားမဆောင်ရွက်ပဲ မနေနိုင်တော့ချေ။

ကိုရမ်ကျမ်းကို ဒေသအတွင်းရှိ လူအများသိနားလည်နိုင်ရန် ယင်းဒေသဘာသာ

စကားသို့ ပြန်ဆိုရေးသားထားခဲ့ပြီဖြစ်ရာ တိုးတက်သောတိုင်းပြည်များတွင် အမျိုးသမီးများ၏ မျက်နှာကို ဖုံးအုပ်ထားခြင်းများ တဖြည်းဖြည်းပျောက်ကွယ်သွားခဲ့လေပြီ။ ဇနီးမယားနှစ်ယောက် ထားခြင်းအစား တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးလာကြပြီးလျှင် အမျိုးသမီးများအား နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များ ခွင့်ပြုခဲ့ကြရလေပြီ။ လင်မယားကွာရှင်းမှုစနစ်သည်ပင်လျှင် ပို၍ ခက်ခဲလာသည်အထိဖြစ်ခဲ့သည်။ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင် "အစ္စလာမ်နိုင်ငံ" အဖြစ် စမ်းသပ်လေ့ကျင့်မှုများကို ပို၍အလေးပေးပြုလုပ်ခဲ့ကြသော်လည်း ပညာရေး၊ စက်မှုဖွံ့ဖြိုး တိုးတက်ရေးနှင့် အသိဉာဏ်နှင့် ကိုယ်ကျင့်သိက္ခာသည် ဘာသာယုံကြည်ကိုးကွယ်မှုတွင် အခြေမခံဟူသော သဘောတရားဆီသို့ ခြေလှမ်းနေကြဆဲဖြစ်သည်။

## အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာ
## Islam and Christianity

အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာတို့၏အကြားတွင် တူညီသည့်အချက် အတန်အသင့်ရှိသည်။ ဓမ္မဟောင်း(Old Testament)သည် အစ္စလာမ်ဘာသာနှင့် ခရစ်ယာန် ဘာသာနှစ်ခုလုံးတွင် တူညီသော အစဉ်အဆက်ခံယူခဲ့သည့် အမွေအနှစ်ဖြစ်သည်။ ထို့မှ တပါးလည်း ၎င်းတို့သည် တစ်ပါးတည်းသော ထာဝရဘုရားသခင်သာရှိ၏ဟူသော အယူအဆ (Monotheism)ကို တူညီမျှတစွာ ခွဲဝေရယူယုံကြည်ကြသည်။ ထို့ပြင် ထာဝရဘုရားသခင်အား လောကတွင် အကြီးမြတ်ဆုံး၊ အသာဆုံး(Transcendence of God)ဟူ၍လည်းကောင်း၊ ထက်ကောင်းကင်ဘုံနန်းနှင့် ငရဲခန်း(Heaven and Hell)ဟူသော သဘောတရားအယူအဆ ကိုလည်းကောင်း၊ တရားစစ်ဆေးစီရင်သည့်နေ့(The day of judgement) အစရှိသည့်ယုံကြည် ချက်များ တူညီကြသည်။ သို့ရာတွင် အရေးကြီးသည့် မတူကွဲပြားခြားနားသည့်အချက်များ အထူးသဖြင့် သခင်ယေရှုအကြောင်းအရာနှင့်စပ်လျဉ်း၍ ကွဲလွဲကြသည်။

(၁) အစ္စလာမ်ဘာသာက ယေရှုခရစ်တော်အား တမန်တော်တစ်ပါးအဖြစ်ဖြင့် သာလျှင် လက်ခံသည်။ ဒုတိယအချက်အနေဖြင့် အစ္စလာမ်ဘာသာက သခင် ယေရှု၏ ဒုတိယအကြိမ်ပြန်လာခြင်းဟူသော အယူအဆကိုလည်း လက်ခံ

ယုံကြည်၏။

(၂) သို့သော် အစ္စလာမ်ဘာသာက ယေရှုခရစ်တော်အား သားတော်ဖြစ်သည် (Sonship of Jesus)ဆိုခြင်းအား လက်မခံပေ။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်ဘာသာက "သားတော်"(Sonship)ဆိုသည့်စကားရပ်၏အဓိပ္ပါယ်ကို ရုပ်ကာယဆိုင်ရာအမြင်မှာ မည်သည့်နည်းနှင့်မျှ ထာဝရဘုရားသခင်သည် သားဖြစ်စေ၊ သို့မဟုတ် သမီးဖြစ်စေရန် အကြောင်းမရှိပေ။ ခရစ်ယာန်ဘာသာ၏ အဆိုအရ ထာဝရဘုရားသခင်သည် ဝိညာဉ်ဖြစ်၍ မည်သူတစ်ဦးတစ်ယောက်မျှ မည်သည့် အချိန်တွင်မျှ ဘုရားသခင်အား မတွေ့မြင်ရဟူ၍ ဆိုထားသည်။ စကားနောက်မှာ တရားပါဆိုသည့် ဥပမာကဲ့သို့လည်းကောင်း၊ အဓိပ္ပါယ်ထင်ဟပ်ပေါ်လွင်စေရန်အတွက် သခင်ယေရှုသည် ထာဝရဘုရားသခင်၏ သားတော်ဖြစ်သည်ဟု တင်စားပြောဆိုခြင်းဖြစ်သည်။

*(ဗုဒ္ဓဘာသာတွင်လည်း ဝါဝါဆင်မြန်း ဝတ်သက်န်းဖြင့် ခြုံလွှမ်းလျက် ဝိနည်းနှင့်အညီ ၂၂၇ သွယ်သော သိက္ခာပုဒ်များကို ထိန်းသိမ်းနေသူ မည်သည့်ရဟန်းကိုဖြစ်စေ၊ ဗုဒ္ဓ၏သားတော်အဖြစ် တင်စားခေါ်ဆိုနိုင်သကဲ့သို့ ဖြစ်မည်ဟုထင်ပါ၏။ ဘာသာပြန်သူ)*

(၃) အစ္စလာမ်ဘာသာသည် ယေရှုအား လက်ဝါးကပ်တိုင်ပေါ်တွင် သတ်ဖြတ်ခံခဲ့ရသည်ဆိုခြင်းကို မယုံကြည်ပေ။ ၎င်း၏ကိုယ်စား အစားထိုးထားသည့် လူတစ်ဦးကသာ အသတ်ခံခဲ့ရသည်ဟု ယုံကြည်၏။ သို့ရာတွင် အစ္စလာမ်ဘာသာက ယေရှုသည် ထက်ကောင်းကင်ဘုံနန်းသို့ ကိုယ်တိုင်တက်လှမ်းရောက်ရှိသွားပြီး ထက်ကောင်းကင်ဘုံနန်း(Heaven)တွင် သူ၏ပုံရိပ်လွှာကို တမန်တော်က တွေ့မြင်ခဲ့ရသည်ဟူ၍ ယုံကြည်၏။

(၄) ထာဝရဘုရားသခင်နှင့်စပ်လျဉ်း၍ အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာနှစ်ခု အကြားတွင် နူးညံ့သိမ်မွေ့ ခက်ခဲနက်နဲသော ကွဲပြားခြားနားချက်တစ်ခုရှိသည်။ အစ္စလာမ်ဘာသာက သုံးပါးပုံသွင်တစ်ဆူတည်းသော ထာဝရဘုရားသခင်

ဟူသော အယူအဆအားကန့်ကွက်သည်။ အစ္စလာမ်ဘာသာ၏အဆိုအရ အဆိုပါသုံးပါးပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်ဟူသော အယူအဆသည် တမန်တော်အေဗရာဟမ်(Abraham)ဟောကြားချက်ကို မေးမှိန်စေသောကြောင့်ဖြစ်သည်။ ဒုတိယအချက်မှာ အစ္စလာမ်ဘာသာက ထာဝရဘုရားသခင်အား တရားသူကြီးကဲ့သို့လည်းကောင်း၊ သနားခြင်း ဂရုဏာနှင့် ချစ်ခြင်းမေတ္တာရှိတော်မူသည်ဟူ၍လည်းကောင်း ယုံကြည်၏။ ခရစ်ယာန်ဘာသာအဖို့မှာ ထာဝရဘုရားသခင်ဆိုသည်မှာ အနှစ်သာရအားဖြင့် ချစ်ခြင်းမေတ္တာဖြင့် အပြစ်အနာအဆာရှိသူများအား ၎င်းတို့၏ အပြစ်ကြွေးကို ပေးဆပ်၍ ကယ်တင်ပေးခြင်းဖြစ်သည်။

(၅) ၎င်းဘာသာနှစ်ခုလုံးသည် သာသနာထွန်းကားပြန့်ပွားနိုင်ရေး ဆောင်ရွက်နေကြသော ဘာသာယုံကြည်ကိုးကွယ်မှုများဖြစ်ကြပြီး သာသနာပြုကြရာ၌ ခိုက်ရန်ဖြစ်ပွားမှုများ အချိန်အတော်ကြာရှိခဲ့ကြဘူး၏။

(၆) နောက်ဆုံးကြိုးစားအားထုတ်မှုအနေဖြင့် ခရစ်ယာန်ဘာသာဝင်များသည် တမန်တော်မူဟမ္မဒ်ကို ထာဝရဘုရားသခင်၏ တမန်တော်အဖြစ် သဘောမထားခဲ့ကြတော့ပေ။ သို့သော် ၎င်း၏ ဘာသာရေးဆိုင်ရာစိတ်စွမ်းအင်(စေတောပရိယဉာဏ်=အခြားသူတစ်ပါး၏စိတ်ကို သိနားလည်ခြင်း)နှင့် သိမြင်နိုင်သော ဉာဏ်သည် မည်သည့် ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုခု၏ မည်သည့် ဘာသာရေး ခေါင်းဆောင်တစ်ဦးတစ်ယောက်နှင့်မဆို အလားတူနှိုင်းယှဉ်နိုင်သည့် ကောင်းမြတ်သော ဂုဏ်အင်္ဂါရပ်ရှိသည်။

(၇) ခရစ်ယာန်ဘာသာ၏အဆိုအရ ယေရှု၏လက်ဝါးကပ်တိုင်ပေါ်တွင် သတ်ဖြတ်ခံရခြင်းအား ငြင်းဆိုချက်ပြုလုပ်ခြင်းသည် အပြစ်အနာအဆာရှိသူများ၏ အပြစ်အနာအဆာများကို အသိအမှတ်မပြုပဲ ငြင်းပယ်ခြင်းဖြစ်သည်။ ဤအချက်က ခရစ်ယာန်ဘာသာ၏ ကယ်တင်ခြင်းဟူသောသဘောတရားကို ငြင်းပယ်ခြင်း ဖြစ်သည်။

## အစ္စလာမ်ဘာသာနှင့် ဂျူးဘာသာ

## Islam and Judaism

အစ္စလာမ်ဘာသာ၏ သန့်ရှင်းစင်ကြယ်သည့် တစ်ပါးတည်းသော ထာဝရဘုရားသခင်သာရှိ၏ဟူသော ယုံကြည်ချက်သည် ပါစီဘာသာ(Parsiism)နှင့် ဂျူးဘာသာ (Judaism)တို့၏ အရှိန်ဩဇာလွှမ်းမိုးခြင်းခံရသည်ဆိုခြင်းမှာ အနည်းငယ်သံသယဖြစ်စရာရှိပါ၏။ ဂျူးဘာသာနှင့် အစ္စလာမ်ဘာသာနှစ်ခုလုံးက ထာဝရဘုရားသခင်ဝင်စားသည်ဆိုခြင်းနှင့် ယေရှုသည် သားတော်ဖြစ်သည်ဆိုခြင်းကို မယုံကြည်ကြပေ။ ထို့ကြောင့် ဂျူးဘာသာရော အစ္စလာမ်ဘာသာပါ ၎င်းတို့နှစ်ခုလုံးသည် သုံးပါးပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်ဟူသော ခရစ်ယာန်ဘာသာ၏ ဟောကြားချက်အား လက်မခံချေ။ အဆိုပါဘာသာနှစ်ခုလုံးက ဖန်ဆင်းတော်မူခြင်း၊ တရားစီရင်စစ်ဆေးသည့်နေ့နှင့် သေသူက ပြန်လည်ရှင်သန်ထမြောက်ခြင်း၊ ထက်ကောင်းကင်ရွှေဘုံနန်းနှင့် ငရဲခန်း(ဘုံ)ရှိသည်ဆိုခြင်းများအားလည်းကောင်း၊ ထာဝရဘုရားသခင်၏ လျှို့ဝှက်ချက်အား သိနားလည်နိုင်သည်ဆိုခြင်းနှင့် ထာဝရဘုရားသခင်သည် အသာလွန်အမြင့်မြတ်ဆုံးဟူသော အချက်ကိုလည်းကောင်း လက်ခံယုံကြည်ကြ၏။ မည်သို့ပင်ဖြစ်စေကာမူ အစ္စလာမ်ဘာသာနှင့် ဂျူးဘာသာနှစ်ခုအကြားတွင် အရေးကြီးသော ကွဲပြားခြားနားချက်များရှိ၏။ ၎င်းတို့မှာ–

(၁) ဂျူးလူမျိုးများက ယေရှုကို တမန်တော်အဖြစ် မယူဆကြပေ။ သို့သော် အစ္စလာမ်ဘာသာကမူ ယေရှုအား တမန်တော်အဖြစ်လက်ခံသည်။

(၂) ဂျူးလူမျိုးများက ယေရှုသည် သေဆုံးသွားပြီးနောက် ပြန်လည်အသက်ရှင်လာသည်ဆိုခြင်းကို မယုံကြည်ကြသော်လည်း အစ္စလာမ်များကမူ ယုံကြည်လက်ခံကြသည်။

(၃) ဂျူးလူမျိုးများက မိုးဇက်နှင့် အီဇရာ(Moses and Ezra)တို့အား အထူးသဖြင့် လေးစားကြည်ညိုကြ၏။ သို့သော် အစ္စလာမ်ဘာသာကမူ အီဇရာအား ကြည်ညိုလေးစားခြင်းမရှိ၊ ကန့်ကွက်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်အေဗရာဟမ်(Abraham)အား ၎င်း၏တစ်ပါးတည်းသော ထာဝရဘုရားသခင်

သာရှိသည်ဟူသော ဟောကြားချက်များကိုသာ လေ့လာသိနိုင်ခြင်းကြောင့် ဖြစ်သည်။ တဖန် ဂျူးလူမျိုးများက မိုးဇက်(Moses)အား အကြီးမြတ်ဆုံးသော တမန်တော်အဖြစ် သဘောထားကြပြီး ဂျူးများက အီဇရာ(Ezra)အား ထာဝရဘုရားသခင်၏ သားတော်ဟုခေါ်ကြသည်။ ဤအဲချက်အား ဆန့်ကျင်လျက် အစ္စလာမ်ဘာသာက တမန်တော်မူဟမ္မဒ်(Muhammad)အား အကြီးမြတ်ဆုံးသော တမန်တော်အဖြစ်နှင့် နောက်ဆုံးအပြီးသတ် ပို့ဆောင်ခြင်းခံရသည့် တမန်တော်ဖြစ်ကြောင်းခံယူသည်။

(၄) အစ္စလာမ်ဘာသာက ဂျူးလူမျိုးများသည် များစွာသောအခြားနတ်များအား ယုံကြည်ခြင်းနှင့် ရုပ်ထုကိုးကွယ်မှုပြုလုပ်ခြင်းနှင့် အီဇရာ Ezra အား များစွာသော ကြည်ညိုလေးစားမှု ပြသခြင်းအားဖြင့် သန့်ရှင်းစင်ကြယ်သည့် တစ်ဆူတည်းသော ထာဝရဘုရားသခင်ရှိသည်ဟူသော အယူအဆအကြောင်းဟောကြားချက်ကို ဖေါက်ဖျက်ခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ယင်းဘာသာယုံကြည်ကိုးကွယ်မှုနှစ်ခုတို့သည် အချို့သော အနောက်တိုင်းပညာရှင်များက အစ္စလာမ်ဘာသာအား "Talmudic* Judaism"၏ "ဂျူးလူမျိုးရေးဆိုင်ရာ အရပ်ဘက်နှင့် အခမ်းအနားကျင်းပရေးဆိုင်ရာဥပဒေ၏ အဓိကအခန်းကဏ္ဍပါ ဂျူးဘာသာ"အဖြစ် အာရေဗျဒေသသို့ပျံ့နှံ့စေရန် ဖြန့်ဖြူးဝေငှစေခဲ့သည့်အပြင် တမန်တော်မူဟမ္မဒ်နှင့် ထာဝရဘုရားသခင်၏ ဟောကြားချက်များ ကျယ်ပြန့်စွာရောက်ရှိသွားစေရေးအတွက် သခင်ယေရှုရွေးချယ်ခဲ့သော ပုဂ္ဂိုလ်(၁၂)ဦးအနက်မှ တစ်ဦးအဖြစ် အစ္စလာမ်ဘာသာနှင့် ဂျူးဘာသာတို့သည် အယူအဆချင်း နီးစပ်မှုရှိကြပါသည်။

●

---

* *Talmudic* နှင့်ပတ်သက်၍ *OXFORD'S ESSENTIAL DICTIONARIY OF DIFFCULT WORDS* တွင် အောက်ပါအတိုင်း တွေ့ရသည်-

***Talmud (n) the body of Jewish civil and ceremonial law, commentaries, and legend comprising the Mishnah (the Oral Law) and the Germara. There are two versions of the Talmud; the Babylonian Talmud (which dates from 5th century AD but includes earlier material) and the earlier Palestinian or Jerusalem Talmud.*** (ဘာသာပြန်သူ)

## ကျမ်းညွှန်းစာရင်း References


1. R.S.Bhatnagar. Dimensions of classical sufi thought, Dehli 1984, p.p 137-138.
2. Glimpes of te world Religions, Jaico, Bombay 1962, p.213.
3. Pitchall,M., "The Golorious Koran", London .1984 Translation from Quoran have been taken form this book.
4. S.M.Iqbal, The Reconstruction of Religious Thought in Islam, p.113.
5. S.M.Iqbal, Ibid, p 116-117.
6. Afred Quillaume, Islam, p.146.
7. Smith, M, Readings from the Mystics of Islam, no.31,p.35; K.W.Morgan, Islam, Dehli 1987 pp171-172
8. Smith, M.,Ibid, 28,p.33.
9. Kenneth W.Morgan, ed.Islam, pp.175-176.
10. K.W.Morgan, Ibid, p177.
11. K.W.Morgan, Ibid, p177 vide AJ. Arberry, Doctrine of the Sufis, Camb.1977,p140.
12. K.W.Morgan, Ibid, p178, Radhakrishnan commenting on Gita IV.II. observes, "The same God is worshiped by all. The differences of conception and approach are determined by local colouring and social adaptations." (Gita. p.159)
14. Idries Shah, The way of the Sufi, p.80.

15. Kenneth .W.Morgan, Ibid, P178; also see. 'My heart can take on any apperance " in Indries Shah, Ibid, P.80. It is the same thought of oneness of every religion.
16. The Gospel of Ramakrishna, p.128.
17. Kenneht W.Morgan , Ibid, p 187.

# အခန်း(၆)၊ Chapter VI
# ဟိန္ဒူဘာသာ HINDUISM

**အမှာစကား**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြကုန်သော ပြည်ထောင်စုမြန်မာနိုင်ငံသားများသည် မိမိတို့ယုံကြည်သက်ဝင်ရာ ဘာသာအယူဝါဒကို လွတ်လပ်စွာယုံကြည်ဆည်းကပ် ကိုးကွယ်လျက်ရှိကြပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)၌ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဟူ၍ ပြဋ္ဌာန်းထားရာ ပုဒ်မ-၃၆၁ တွင် ''နိုင်ငံတော်သည် ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံးကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်''ဟူ၍လည်းကောင်း၊ ပုဒ်မ-၃၆၂ တွင် ''နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သောဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်'' ဟူ၍ ဖော်ပြထားပါသည်။

ဘာသာဆိုသည်မှာ ယုံကြည်ကိုးကွယ်မှုဖြစ်၍ သာသနာဆိုသည်မှာ ယင်းဘာသာ၏ နည်းလမ်းညွှန်ပြသည့် အဆုံးအမဖြစ်ပါသည်။ ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများ အသီးသီးရှိကြသည့်အနက် ဟိန္ဒူဘာသာသည် ဒုတိယဝါအရင့်ဆုံးဟု ဆိုရပါမည်။ အဘယ်ကြောင့် ဆိုသော် ဘီစီ ၅၀၀၀ ခန့်က ပေါ်ထွန်းခဲ့သည် စဘာအီယာန်ဘာသာပြီးလျှင် ဘီစီ-၂၀၀၀ ခန့်က စတင်ပေါ်ထွန်းခဲ့သည့် ဟိန္ဒူဘာသာသည် ဒုတိယသက်တမ်းအရှည်ဆုံးသော ဘာသာ သာသနာဖြစ်သည်ဟူ၍ မှတ်တမ်းမှတ်ရာများ တွေ့ရှိရသောကြောင့်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ အိန္ဒိယနိုင်ငံအတွင်း၌ ဇိန(ဇေ)ဂျိန်းဘာသာကို ထူထောင်ခဲ့သူ ရှင်တော်မြတ်မဟာဝီရ (ဘီစီ ၅၉၉-၅၂၇)နှင့် ဗုဒ္ဓဘာသာသာနနာတော်ကို ထူထောင်ခဲ့သူ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ(ဘီစီ ၅၆၀-၄၈၀)တို့သည် ဒေသတစ်ခုအတွင်း ယှဉ်တွဲနေထိုင်လျက် ရင်ဘောင်တန်းသာသနာပြုခဲ့ရာတွင် ဟိန္ဒူဘာသာသည် အများစုဖြစ်သည့်အားလျော်စွာ

ဖော်ပြပါဘာသာသာသာသနာနှစ်ခုအပေါ်တွင် ဩဇာသက်ရောက်မှုရှိခဲ့မည်ဖြစ်သော်လည်း ဩဇာလွှမ်းမိုးခြင်းခံရသည်အထိတော့ မဖြစ်ပေါ်ခဲ့ကြောင်း သမိုင်းကြောင်းက သက်သေထူထားပြီး ဖြစ်ပါသည်။

ဟိန္ဒူဘာသာသည် အယူအဆအများအပြားကို လက်ခံယုံကြည်သည့် အယူဝါဒဖြစ်၍ အလွန်ကျယ်ပြန့်နက်နဲရှုပ်ထွေးသည့် အတွေးအခေါ်များဖြင့် စုစည်းထားသည့်ဘာသာဖြစ်သည်ကို တွေ့မြင်နိုင်ပေသည်။ ဟိန္ဒူဘာသာသည် အစောဆုံးအချိန်ကာလမှစတင်၍ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာသည့် ဘာသာယုံကြည်ကိုးကွယ်မှုဖြစ်၍ ဘာသာကိုစတင်ထူထောင်သူဟူ၍မရှိပဲ ရှေးခေတ်ကာလ အချိန်အခါတို့တွင် ပညာရှိသူတော်ကောင်းကြီးများသည် မိမိတို့ကျင့်သုံးလိုက်နာသည့် အတွေ့အကြုံများအပေါ်မူတည်၍ ပြန်လည်လက်ဆင့်ကမ်းချမှတ်သွားခဲ့သော ကျင့်စဉ်များနှင့် အဆိုအမိန့်များသည် နှစ်ပဋိစ္ဆေဒကြာမြင့်လာသောအခါ ဟိန္ဒူဘာသာအဖြစ် နှစ်ပေါင်းများစွာတည်ရှိလာခဲ့သော ဘာသာကြီးဖြစ်သည်။

ဟိန္ဒူဘာသာတွင် ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာတို့နှင့် မတူညီသောသဘောတရား အယူအဆများနှင့် ဆင်တူယိုးမှားအချက်များစွာပါဝင်နေသည်ကို တွေ့ရသည်။ နှိုင်းယှဉ်လေ့လာခြင်းသည် ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုခုကို မိရိုးဖလာအစဉ်အဆက် ယုံကြည်ကိုးကွယ်ခဲ့ခြင်းကြောင့်ဖြစ်စေ၊ မိမိအသိဉာဏ်အရ ယင်းဘာသာအပေါ် အနှစ်သာရနှင့်ပြည့်စုံသောကြောင့် သဒ္ဓါယုံကြည်ချက်ဖြင့် ကိုးကွယ်သည်ဖြစ်စေ လက်လှမ်းမီသမျှ နှိုင်းယှဉ်လေ့လာရန် လိုအပ်သော အရာဖြစ်ပါသည်။ ယနေ့ကမ္ဘာ့လူဦးရေသန်းခုနစ်ထောင်ကျော်ရှိသော မိမိတို့ကမ္ဘာတွင် ဘာသာယုံကြည် ကိုးကွယ်မှုပေါင်း(၁၀)ခုရှိသည်ကို တွေ့ရှိရပါသည်။ ၎င်းတို့မှာ စဘာအီယာန်ဘာသာ (ဘီစီ ၅၀၀၀ ခန့်ကစတင်)၊ ဟိန္ဒူဘာသာ (ဘီစီ ၂၀၀၀ ခန့်)၊ ဂျူးဘာသာ(ဘီစီ ၁၃၃၀ခန့်)၊ ဇိုရိုအာဆရိယာန်ဘာသာ(ဘီစီ ၁၀၀၀ ခန့်)၊ ဂျိန်းဘာသာ (ဘီစီ ၅၅၀ ခန့်)၊ ဗုဒ္ဓဘာသာ(ဘီစီ ၅၂၅ ခန့်)၊ ခရစ်ယာန်ဘာသာ(အေဒီ ၁ စတင်)၊ အစ္စလာမ်ဘာသာ(အေဒီ ၆၂၂ ခန့်)၊ ဆစ်ခ်ဘာသာ(အေဒီ ၁၅ ရာစု)နှင့် မဟာအီဘာသာ (အေဒီ ၁၈ ရာစု)တို့ဖြစ်ကြပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်မူ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဘာသာ(၅)မျိုးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတစ်ဦးသည် မိမိကြိုက်နှစ်သက်ရာဘာသာကို လွတ်လပ်စွာ

ယုံကြည်ကိုးကွယ်ခွင့်ပြုထားသည်ကို တွေ့ရပါသည်။

ယခုအချိန်အခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)တွင် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များတွင် နိုင်ငံသားများသည် မိမိတို့ယုံကြည်ရာ ဘာသာအယူဝါဒကို လွတ်လပ်စွာကိုးကွယ်နိုင်ကြောင်း ခွင့်ပြုထားခြင်းမှာ ကမ္ဘာပေါ်ရှိနိုင်ငံ အများအပြားတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များထက် ထူးခြားသည့်အချက်ဖြစ်သည်ကို တွေ့ရပါသည်။ ဟိန္ဒူဘာသာဝင်မြန်မာနိုင်ငံသားများအနေဖြင့် ဟိန္ဒူဘာသာရေးဆိုင်ရာ ဗဟုသုတ ပိုမိုပြည့်စုံစွာ သိနားလည်ကြစေလိုသည့်ဆန္ဒဖြင့် ဒေါက်တာဝိုင်မဆစ်(Dr. Y.Masih) ရေးသားသည့် ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများအား နှိုင်းယှဉ်လေ့လာချက်စာအုပ်မှ ဟိန္ဒူဘာသာ(Hinduism)ကို မြန်မာပြန်ဆိုရေးသားလိုက်ပါသည်။

အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး

## နိဒါန်း

ဟိန္ဒူဆိုသော ဝေါဟာရအသုံးအနှုန်း၊ ယင်းစကားလုံး၏အဓိပ္ပါယ်သည် မည်သည့် ဘာသာယုံကြည်ကိုးကွယ်မှုကိုမျှ ကိုယ်စားပြုရည်ညွှန်းပြောဆိုခြင်း မဟုတ်ကြောင်း ပမာဏ အားဖြင့် ဖော်ပြလိုသည်။ ထိုအမည်နာမသည် အိန္ဒုမြစ်ဝှမ်းနှင့် ၎င်း၏အထက်ပိုင်းကို ကျော်လွန်သည့် နေရာဒေသအနှံ့အပြားတွင် နေထိုင်ကြသည့်လူအများကိုခေါ်ဆိုသည့် ပါရှန်စကား (Persian Word)ဖြစ်သည်။ သို့ရာတွင် ယခုအချိန်၌ အိန္ဒိယနိုင်ငံအတွင်းမှ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာမှတပါး အိန္ဒိယလူမျိုးများအားလုံး ယုံကြည်ကိုးကွယ်သည့်ဘာသာကို ဟိန္ဒူ ဘာသာဟူ၍ လူအများသိရှိနားလည်ကြသည်။ ဤအသုံးအနှုန်း ဝေါဟာရစကားလုံးသည် ဗြဟ္မဏဘာသာ(Brahminism)၊ ဗုဒ္ဓဘာသာ(Buddhism)နှင့် ဂျိန်းဘာသာ(Jainism)တို့အပြင် အိန္ဒိယနိုင်ငံရှိ မထင်ရှားသော ယုံကြည်ကိုးကွယ်သည့်ဘာသာများဖြစ်သည့် ကဘီးပန်သစ်စ် (Kabir panthis)၊ နပ်သားစ်(Nathas)နှင့် ဆစ်ခ်(Sikhs) ဘာသာများအားလုံးကို လွှမ်းခြုံခေါ် ဆိုသည့် စကားဖြစ်သော်လည်း အဆိုပါဘာသာများကမူ ၎င်းတို့ကို ဟိန္ဒူ(Hindu)ဟူ၍ သတ်မှတ်ယူခြင်း မပြုကြစေကာမူ ဟိန္ဒူဘာသာနှင့် အသွင်သဏ္ဌာန်တူသည်ဟု ဆို၏။ ရာမခရစ်ရှနား အာရှာရမ်(Ramakhrishna Ashram)နှင့် နောက်လိုက်နောက်ပါများသည် ပင်လျှင် လွဲမှားသောအယူအဆဖြင့် ဟိန္ဒူဟူ၍အခေါ်မခံချင်ကြပေ။ ဟိန္ဒူဘာသာ၏ ဂိုဏ်းခွဲငယ် တစ်ခုဖြစ်သည့် အရိယာဆမတ်ချ်ဂိုဏ်းဝင်(Arya Samajists)များအပါအဝင် ဂိုဏ်းဂဏငယ်များ သည်လည်း ဟိန္ဒူဘာသာဝင်ဟူ၍ မခံယူလိုကြ။ ထိုသို့ဖြစ်လျှင် ဟိန္ဒူဘာသာဟူ၍ ဝိသေသ ပြုခေါ်ဆိုကြသော ယုံကြည်ကိုးကွယ်မှုနှင့် အသွင်အပြင်ပုံသဏ္ဌာန် များစွာကွဲပြားသည့် တမန်တော် ကိုးကွယ်သည့် ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခု ဖြစ်လေရော့သလား?။

မှန်ပါသည်၊ ယနေ့ကာလတွင် "ကမ္မ၊ သံသရာ၊ ဉာဏ၊ မုတ္တိ"(Karma, Samsara, Jnana,Mukti)တည်းဟူသော မဏ္ဍိုင်လေးရပ်(Four Pillars) လက်ခံယုံကြည် သည့်ဘာသာများအား ဟိန္ဒူဘာသာဟူ၍ ခေါ်ဆိုနိုင်ပေလိမ့်မည်။

*(ကာမဟူသော သဘောတရားသည် သမုဒယသစ္စာနှင့်အလားတူ၍ သံသရာဟူသော*

*သဘောတရားသည် ဒုက္ခသစ္စာနှင့်တူပြီး ဉာဏသည် မဂ္ဂသစ္စာနှင့်လည်းကောင်း၊ မုတ္တိဆိုသော စကားလုံး၏အဓိပ္ပါယ်သည် နိရောဓသစ္စာနှင့်လည်းကောင်း တူညီလိမ့်မည်ဟု ယူဆစရာဖြစ်ပါသည်။ ဘာသာပြန်သူ)*

ဤအယူအဆရှုဒေါင့်မှကြည့်လျှင် ဆစ်ခ်ဘာသာ၊ အာရိယာဆမတ်ချ်ဂိုဏ်းဝင်များ၊ ကဘီးအယူအဆနှင့် နပ်သားစ်အယူအဆရှိသည့် ဂိုဏ်းဂဏတို့အား ဟိန္ဒူဘာသာဟူ၍ ခေါ်ဆိုနိုင်ပေလိမ့်မည်။ ဤမျှကျယ်ပြန့်သည့်အယူအဆ ရှုဒေါင့်မှကြည့်လျှင် ဟိန္ဒူဘာသာဆိုသည့် ဝေါဟာရ၌ ဘာသာတရားကို စတင်ထူထောင်သူဟူ၍ မရှိသော်လည်း ဂုဏ်သိက္ခာမြင့်မြတ်သူများ၏ အဆုံးအမ၊ သင်ကြားပြသမှုများ၊ လေ့ကျင့်ပျိုးထောင်မှုများ တိတိပပရှိခဲ့သည့်မှာ ထင်ရှားပြီး မတူကွဲပြားသော ယုံကြည်မှုအမျိုးမျိုး အယူအဆအဖုံဖုံတို့ကို စနစ်တကျစုပေါင်း၍ ခေါ်ဆိုသော အမည်နာမဖြစ်သည်။ ကာမ၊ သံသရာ၊ ဉာဏ၊ မုတ္တိ ဟူသောအဆိုအမိန့်အဆုံးအမသည် အဇိဝိတဝါဒ(Ajivikism)၊ ဂျိန်းဘာသာ(Jainism) နှင့် ဗုဒ္ဓဘာသာတို့၌ ပထမဆုံး ရှင်းလင်းစွာတွေမြင်နိုင်သော သဘောတရားဟူ၍ ကျွန်ုပ်တို့တွေ့ရှိခဲ့ရသည်။ ဤအယူအဆ သဘောသဘာဝကို ရှေးရိုးစွဲအယူအဆရှိသော ဗြဟ္မဏဂိုဏ်းဝင်များပင်လျှင် လက်ခံကြသည်ကို တွေ့ရသည်။ ဤအယူအဆသဘောတရားကို ရစ်ဝေဒ(Rgveda) ယုံကြည်မှု၌ စကားလုံးအသုံးအနှုန်း မတွေ့ရသည့်အပြင် ရှေးဟောင်းအကျဆုံးသော ချန်ဒိုဂျာ (Chandogya)နှင့် ဘရာဒါဗန်ကာယ(Brhadaramkaya)ဟူ၍ခေါ်ဆိုကြသည့် ဥပနိရှတ်စ် (Upanishads)ကျမ်း၏ အပိုင်းကဏ္ဍများတွင်လည်း မပါဝင်ချေ။

ဤသို့ ကျယ်ဝန်းသည့် အမြင်ရှုဒေါင့်မှရှုမြင်ပြီး "ဟိန္ဒူဘာသာ"ကို ဘာသာစတင်ထူထောင်သူမရှိသော်လည်း ဤအဆုံးအမသာသနာကို ထင်ရှားကျော်ကြားသည့် အာစရိယများ အမှန်တကယ်ရှိခဲ့ကြောင်း သိသာပါသည်။ မဟာဗီရ(Lord Maharvira)နှင့် ရှင်တော်မြတ်ဗုဒ္ဓ (Lord Buddha)တို့၏အမည်နာမများအား မည်သူတစ်ဦးတစ်ယောက်မျှ မသိကျိုးကျွန်ပြုခြင်းငှာ တတ်စွမ်းနိုင်မည် မဟုတ်ပါ။ ထိုနည်းတူစွာပင်လျှင် ယတ်ဂ်ဂျနာဗာလ်ကျ(Yajnavalkya)၊ မန်နူး(Manu)၊ ကဘီးရ်(Kabir)၊ ရာမခရစ်ရှနားပရာမဟမ်ဆ(Ramakhrishna Panramahansa)၊ ချိုင်တန်ယ(Chaitanya)နှင့် ဆစ်ခ်ဂုရု(Sikh Guru)စသည်ဖြင့် များစွာ

သောပညာရှိ သူတော်ကောင်းများရှိသေး၏။ မြောက်မြားလှစွာသော ပညာရှိသူတော်ကောင်းတို့သည် ဟိန္ဒူဘာသာအား ယုံကြည်ကြလျက် ယင်းသူတော်စင်များ မြိုးမြိုစွာကျင့်သုံးသည့် ကျင့်စဉ်နှင့် အဆိုအမိန့်များသည် ဟိန္ဒူဘာသာအတွင်း ပြည့်နှက်ကြွယ်ဝလျက်ရှိသည်။ ဤကဲ့သို့သော ယုတ္တိသာဓကများကြောင့် ဟိန္ဒူဘာသာသည် အမှန်အားဖြင့် ဘာသာရေးစွယ်စုံကျမ်းကြီးပမာ တည်ရှိနေပြီး၊ ယင်းဟိန္ဒူဘာသာတွင် ထာဝရဘုရားမရှိဟု ယုံကြည်သော ဘုရားမဲ့ဝါဒ(Atheism)၊ ဘုရားတစ်ပါးတည်းသာရှိသည်ဟူသော အယူဝါဒ(Theism)၊ ယောဂကျင့်စဉ်နှင့်သက်ဆိုင်သော အယူဝါဒ(Yogic Spiritualism)၊ ပုံစံအမျိုးမျိုးဖြင့် ယုံကြည်ကိုးကွယ်မှုများ၊ ဇာတ်နိမ့် ဇာတ်မြင့်ခွဲခြားသော သက်ဝါဒ(Casteism)၊ မခွဲခြားသည့်ဝါဒ(non-Casteism)နှင့် များပြားလှစွာသော အယူအစွဲများပါဝင်သည်ကို တွေ့ရသည်။ ဤကဲ့သို့ ကျယ်ဝန်းသော အမြင်ရှုဒေါင့်မှကြည့်လျှင် ဟိန္ဒူဘာသာ၏အနက်အဓိပ္ပါယ်သည် လွန်ခဲ့သော နှစ်ပေါင်း-၅၀၀၀ ခန့်မှစ၍ အိန္ဒိယနိုင်ငံအတွင်း အမြစ်တွယ်ရှင်သန်ကြီးထွားလျက်ရှိသော ပြည့်စုံကြွယ်ဝသည့် လူ့ယဉ်ကျေးမှု၊ ဘာသာယုံကြည်ကိုးကွယ်ခြင်းတန်ဘိုး၊ လူနေမှုဘဝပြည့်စုံကောင်းမွန်ရေးအတွက် ထိန်းကျောင်းပေးသည့် ဝါဒကြီးဖြစ်သည်။ ဟိန္ဒူလူမျိုးများသည် ပင်ကိုယ်သဘာဝအားဖြင့် ငြိမ်းချမ်းစွာ အသက်မွေးဝမ်းကျောင်းမှုနှင့် နေထိုင်လုပ်ကိုင်တတ်ကြပြီး ရှေးရိုးစွဲအယူအဆရှိသူများနှင့် ရှေးရိုးစွဲအယူအဆ မရှိသူများသည် ၎င်းတို့၏ လူနေမှုအသိုင်းအဝိုင်းအတွင်း၌ နှစ်ပေါင်းများစွာ အတူတကွယှဉ်တွဲ နေထိုင်လာခဲ့ကြသည်။ ဟိန္ဒူဘာသာအတွင်း အယူအဆမတူညီ ကွဲပြားမှုကြောင့် ပုံစံအမျိုးမျိုးဖြင့်ဖြစ်ပေါ်သော ယုံကြည်ကိုးကွယ်မှုများသည် အငြင်းအခုံနှင့် ရန်လိုအမုန်းပွားမှုမရှိပဲ နေထိုင်လျက်ရှိကြသည်ကို တမန်တော်ကိုးကွယ်သည့် ဘာသာဝင်များနှင့် အတူတကွရောနှောနေထိုင်ကြသည့် သာဓကကိုကြည့်ခြင်းအားဖြင့် နားလည်နိုင်သည်။

အမှန်စင်စစ်အားအားဖြင့် ဟိန္ဒူဘာသာသည် ၎င်း၏လေးနက်မှုနှင့် တင်းကြပ်သည့် ကျင့်ဝတ်စည်းမျဉ်း စည်းကမ်းများကြောင့် ရှန်ကာရဝါဒ(ShanKara)၊ ရှေးရိုးစွဲအယူပြင်းပြသော ဗြဟ္မဏဝါဒ(the most celebrated orthodox Brahmin)နှင့် သုဒ္ဒကာဘီးရ်၏ အယူဝါဒ(Kabir a Shudra)နှင့် မျိုးနွယ်ဇာတ်ကွဲပြားသူများပင်လျှင် တစ်လုံးတစ်စည်းတည်း

ယုံကြည်ဆည်းကပ်ကိုးကွယ်သော ဘာသာကြီးအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်နိုင်ခဲ့ပေသည်။ ထိုနည်းတူစွာ ပုံသဏ္ဍာန်အားဖြင့် မတူညီသည့် ဘက်တိပုဂ္ဂိုလ်စွဲအယူဝါဒ(Bhakti cult)ဖြစ်သည့် ရာမနုဇ(Ramanuja)နှင့် အယ်လ်ဗားစ်(Alvars) အယူဝါဒရှိသူများသည် များစွာအရေးပါသော ပုံစံဖြင့် ပါဝင်နေကြောင်း လူ့ဘုံဘဝ လူ့လောကတခွင် ထင်ရှားလျက်ရှိသည်ကို မြင်တွေ့နေရသည်။

## ဟိန္ဒူဘာသာနှင့် တမန်တော်ကိုးကွယ်သည့်ဘာသာများ
## Hinduism and Prophetic Religions

ကျယ်ပြန့်သော အယူအဆသဘောတရားဖြစ်သည့် ဟိန္ဒူဘာသာနှင့် တမန်တော် ကိုးကွယ်သည့် ဘာသာကြီးများတွင် အရေးကြီးသောကွဲပြားခြားနားမှုများကို ကျယ်လောင်စွာ ပြောဆိုဝေဖန်သည့်အသံများအား အလွယ်တကူမျက်ကွယ်ပြုရန် မဖြစ်နိုင်ပေ။ အောက်တွင် ဖော်ပြပါ ကွဲပြားခြားနားချက်များကို တွေ့ရှိရသည်-

**ပြဟ္မဏနှင့်ပြဟ္မဏမဟုတ်သည့် အယူဝါဒများအပါအဝင် ဟိန္ဒူဘာသာ၏ အဓိကအကြောင်းအချက်များ**

၁။ လူအများသိရှိနားလည်ထားကြသော ပြဟ္မာကြီးသည်(ရာမနုဂျာ) ပရမတ္ထသစ္စာ၊ သို့မဟုတ် သမုတိသစ္စာဖြစ်သည်ဟုဆိုစေကာမူ တစ်ခုတည်းသောအမှန်တရား(ဝါ) သစ္စာတရားဖြစ်သည်။

၂။ ပဥ္စရတ္တရနှင့်ဘဂဝါပူရမ်ကျမ်းများတွင် လူသတ္တဝါဟူ၍ ဖြစ်ပေါ်လာရခြင်း၏အကြောင်းရင်းသည် အကောင်းဆုံးသောအကြောင်းရင်းအဖြစ်ဟောထားသည်။

**ဇိုရိုစထရာဘာသာ၊ ရဟူဒီဘာသာ၊ ခရစ်ယာန်ဘာသာနှင့်အစ္စလာမ်ဘာသာဝင်များအပါအဝင် ဖြစ်သည့် တမန်တော်ကိုးကွယ်သည့် ဘာသာများ၏ အဓိကအချက်များ**

၁။ ကမ္ဘာလောကသည် ပရမတ္ထသစ္စာဖြစ်၍ ဘုရားသခင်၏စိတ်ဆန္ဒအလျောက် ၎င်း၏အမိန့်တော်ဖြင့် ဖန်ဆင်းထားခြင်းဖြစ်သည်။

၂။ တမန်တော်ကိုးကွယ်သည့်ဘာသာများကို ပြဇာတ်များ၊ ဇာတ်လမ်းများတွင် တင်ဆက်ကပြခဲ့သည့် အတိုင်းဖြစ်သည်။ ပထမဆုံးတွေ့မြင်သည့် မြင်ကွင်းမှာ လူသားအား ဘုရားသခင်ကဖန်ဆင်းထားသည်မှစ၍ နောက်ဆုံးမြင်ကွင်းမှာ ဘုရားသခင်၏ တရားစီရင်ဆုံးဖြတ်ချက်ဖြင့် ကောင်းကင်ဘုံသို့ ရောက်ရှိခြင်း၊ သို့မဟုတ် ငရဲဘုံသို့ကျရောက်ခြင်း ဖြစ်သည်။ ဘုရားသခင်၏ နောက်ဆုံးဖန်ဆင်းမှုသည် ပထမဆုံးဖန်ဆင်းခြင်းအား မကောင်းမွန်ဟူ၍ စဉ်းစားမှုပြုရန်မလိုအပ်ပေ၊ အမှန်စင်စစ်အားဖြင့် ရှေးဦးစွာ ပေါ်ထွန်းကြသော တမန်တော်များ၏ သွန်သင်ညွှန်ပြ ဆုံးမဩဝါဒများထက် နောက်ပိုင်းတွင်ပေါ်ထွန်းကြသည့်တမန်တော်တို့၏ သွန်သင်ဆုံးမသည့်ဩဝါဒများက ပိုမိုကောင်းမွန်သည်။ ''ကကိဂတ်''ဆိုသူပုဂ္ဂိုလ်က သခင်ယေရှု၏ဟောကြားချက်များထက် ၎င်း၏နောက် ဒုတိယအကြိမ်ထပ်မံရေးသားသည့် ကျင့်ဝတ်စည်းကမ်းများက ပိုမိုကောင်းမွန်ကြောင်းရေးသားခဲ့သည်။

၃။ ဟိန္ဒူဘာသာသည် သတ္တဝါများအား သဘာဝအတိုင်း မဆုံးနိုင်သောသံသရာ၌ ဖြစ်လိုက် ပျက်လိုက်သဘောဖြင့် ကျင်လည်နေရကြောင်း ဟောကြားဆုံးမသည်။ သာဓကပြရလျှင် ဇိနဝါဒ(ဇေ်)ဂျိန်း ဘာသာဝင်များနှင့် ဗိမန်ဆကဘာသာဝင်တို့သည် ကမ္ဘာကြီးကို ဆုံးစမထင်ဟူ၍ဟောကြားသည်။

၄။ အကြောင်းရင်းခံတရားနှင့် စပ်လျဉ်း၍ ဗိတ်(နာမ်)သည် ထိန်းချုပ်၍မရနိုင်သောအရာဟူ၍ ဟောကြားသည်။

၅။ ထေဝရဘုရားသခင်နှင့် နတ်ဘုရားများသည် တစ်ခုတည်းသော ပရမတ္ထသစ္စာဖြစ်သည့် ဗြဟ္မာကြီး၏ ပုံဖော်ဖန်တီးမှုသာဖြစ်သည်။ ထို့ကြောင့်"အဝတရ"ဝါဒသည် မုန်းတီးမှုဒေါသတရားကို အရင်းခံခြင်းမှာ သဘာဝကျသည်။ အရာခပ်သိမ်းသည် ဗြဟ္မာကြီး၏ ပုံဖော်ဖန်တီးချက်များသာဖြစ်သည်။ ထို့ကြောင့် အသက်ဇီဝတစ်ခုသည် တစ်ဘဝမှတစ်ဘဝသို့ ပြောင်း၍ ၎င်း၏ဖြစ်တည်မှုရှိနေခြင်းဖြစ်သည်။ "ရှန်ကာရ"၏ Avaitism (ဝါ) "အဝိဇ္ဇာဝါဒ" ဗြဟ္မာကြီးနှင့် လုံးဝ မထိတွေ့သော ကမ္ဘာကြီးဆိုသည်မှာ ပညတ်ချက်မျှ ဖြစ်သည်ဟူ၍ မှတ်ယူသည်။

၆။ ဟိန္ဒူဘာသာသည် သဘာဝနှင့်ကိုက်ညီစွာဖြင့် လူသတ္တဝါတို့ သံသရာကျင်လည်ရခြင်း။ ဇာတိ ဇရာ မရဏ နှင့် ဥပါယာသ ဒေါမနဿတရားတို့၏ အကြောင်းအရင်းမှာ အဝိဇ္ဇာသည် အကြောင်းအရင်းအမှန် ဧကန်ဖြစ်သည်ဟူ၍ ဟောကြားဆုံးမသည်။

၇။ ဤကိုယ်ကာယတစ်လုံးသည် ကမ္မကြောင့်ဖြစ်လာရပြီး ထိုကိုယ်ကာယသည် သာယာလှပမှုကို အကျည်းတန် အရုပ်ဆိုးစေသည်။ ယင်းကိုယ်ကာယ အား မသိမှုအဝိဇ္ဇာမှုထုတ်လုပ်လိုက်ခြင်းဖြစ်ပြီး ဉာဏ ခေါ် ဉာဏ်ပညာအားဖြင့်သာလျှင် ချေဖျက်နိုင်၏။

၃။ စောစောပိုင်းအချိန်က ပေါ်ပေါက်ခဲ့သော တမန်တော်ကိုးကွယ်သည့်ဘာသာများမှာ ဘုရားသခင်ဖန်ဆင်းမှုတစ်ခုတည်းသာရှိခဲ့ပြီး ယင်းဖန်ဆင်းမှုမှာ တစ်စုံတစ်ခုသော နောက်ဆုံးတရားသို့ ဦးတည်ဖြစ်ပေါ် တိုးတက်လာခြင်းဖြစ်သည်။

၄။ ဤနေရာ၌ ကမ္ဘာလောကသည်နောက်ဆုံးတွင် ပျက်ဆီးဆုံးခန်းတိုင်ခြင်းသို့ ရောက်ရှိသွားရန်သာရှိပြီး နောက်တစ်ဖန်ပြန်လည် ဖြစ်ပေါ်နိုင်ခြင်း မရှိတော့ပေ။

၅။ ထေဝရဘုရားသခင်၏ တန်ခိုးတော်သည် မည်သည့်နေရာ၌မဆို တည်ရှိနေသည်ဆိုခြင်းမှာ ထင်မှတ်ထားသည်ထက် ပို၍ကြီးမြတ်သည်။ ဘုရားသခင်သည် မိမိဖန်ဆင်းထားသည့် သတ္တဝါများအား တမန်တော်များမှတစ်ဆင့်သာ တွေ့ဆုံနိုင်သည်။ တမန်တော်များသည် ဘုရားသခင်နှင့် နီးစပ်မှုဖြစ်စေလိုသည်။ သို့ရာတွင် ဘုရားသခင်နှင့် ဘုရားသခင်၏ပုံတော်အား ထုတ်ဖော်ပြောဆိုခြင်း မလုပ်ပါကြပေ။ ဤကိစ္စနှင့် စပ်လျဉ်း၍ ရဟူဒီဘာသာနှင့်အစ္စလာမ်ဘာသာတို့သည် အထင်အရှားဖြစ်သည်။ အချို့ အချို့သော အိန္ဒိယလူမျိုး ခရစ်ယာန်ဘာသာဝင်များသည် သခင်ယေရှုအား ဟိန္ဒူဘာသာ "အဗတရ" အယူအဆကဲ့သို့ ဘုရားသခင်ဝင်စား သူဟူ၍ ထင်မြင်ယူဆကြသည်။

၆။ လူသတ္တဝါသည် မိမိ၏ဘဝအတွင်း အပြစ်အနာအဆာများနှင့် တွေ့ကြုံခံစားရန် ကံပစ်ချခြင်းခံရသည်ဖြစ်ရာ ယင်းအပြစ်အနာအဆာများမှ ကယ်တင်ထုတ်ဆောင်ပေးနိုင်မည့် တမန်တော်၊ သို့မဟုတ် ကယ်တင်ရှင်တစ်ဦး လိုအပ်ပေသည်။

၇။ ထို့ကြောင့် ဤကိုယ်ကာယတစ်လုံးကို ဖြူစင်ပြည့်မြတ်ရန်အတွက်လည်းကောင်း။ ကမ္ဘာလောက နှင့် လူသားသည် တစ်ကယ့်အစစ်အမှန်တရားအဖြစ် လည်းကောင်း ဘုရားသခင်၏အလုပ်အကျွေးအဖြစ် ဝတ်ပြုကိုးကွယ်မှု ပြုလုပ်ဆောင်ရွက်ရသည်။

၈။ လူသည် ဘုရားသခင်၏ အမြင့်ဆုံးဖန်ဆင်းခံသတ္တဝါဖြစ်သည်။ သို့ဖြစ်၍ လူသတ္တဝါသည် ထာဝရ ဘုရားသခင်နှင့် ၎င်း၏ နောက်ပါသာဝကများအား ဝတ်ပြုကိုးကွယ်ရန်တာဝန်သည် အမြင့်မြတ်ဆုံးဖြစ်သည်။ လူသားထက် အဆင့်နိမ့်ကျသည့် တိရစ္ဆာန်နှင့် သစ်ပင်များအား လူသတ္တဝါအတွက် ဖန်ဆင်းထားခြင်း ဖြစ်သည်။

၈။ မိုးမွှားတိရစ္ဆာန်နှင့် သစ်ပင်ပန်းမာလာများသည်ပင်လျှင် ဗြဟ္မာကြီး၏ဖန်ဆင်းမှုကြောင့် ဖြစ်သည်။ သို့ဖြစ်၍ ၎င်းအရာဝတ္ထုများအား ကျွန်ုပ်တို့၏ "အဟင်္သာ" ခေါ် ပါဏာတိပါတ ပြုလုပ်ခြင်း(ဝါ)သတ် ဖြတ်ခြင်းမှ ကောင်းစွာရှောင်ကျဉ်ရမည်။

ဟိန္ဒူဘာသာသည် ဘာသာများအားလုံး၏ လွတ်လပ်စွာဆည်းကပ်ကိုးကွယ်ခြင်းဆိုင်ရာ အဖွဲ့အစည်းသဖွယ် ဖြစ်နေသည့်အလျောက် အထက်ဖော်ပြပါ ကွဲပြားခြားနားချက်များသည် သတ်မှတ်သည့်ဘောင်များအတွင်း တရားဝင်ဖြစ်နေသည်။ အကြောင်းအထောက်အပံ့ပြုခြင်း အဆုံးအမဒေသနာသည်"ပဥ္စရတ္တရ"ကျင့်စဉ်နှင့် "ယုဂ" (၄)ခု သဘောတရားတွင် ရှင်းလင်းပြတ်သားစွာ ပုံဖော်ထားသည်။ ထို့နောက်တဖန် "ရာမနုဂျာ"အတွက် မဟုတ်စေကာမူ ကမ္ဘာကြီးသည်(Avaitism)အဝိဇ္ဇာဝါဒအတွက် ပညတ်သဘောမျှသာဖြစ်သည်။

နောက်တဖန် "ကယ်တင်ခြင်း"ဆိုသောစကား၏အဓိပ္ပါယ်မှာ ဟိန္ဒူများအတွက် ငရဲမီးမှ ကယ်တင်ခြင်းကို ဆိုလိုသည့်အပြင် ဆုံးခန်းတိုင်မရှိသော မွေးဖွားခြင်းနှင့် သေဆုံးခြင်းတို့၏ လှည့်ပတ်နေခြင်းမှ လွတ်မြောက်ခြင်းကို ဆိုလိုပေသည်။ ဤနည်းအားဖြင့် ငရဲမီးဆိုသောစကားနှင့် မွေးဖွားမှုနှင့် သေဆုံးမှုသံသရာဆိုသော စကား၏အဓိပ္ပါယ်မှာ အတူတူပင်ဖြစ်သည်။ အဘယ်ကြောင့် မွေးခြင်းသေခြင်းတို့ လှည့်ပတ်နေခြင်းတရားသည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ ဖြစ်ပါသနည်း?။

အဘယ်ကြောင့်နည်းဆိုလျှင် လူ့ဘဝသည် နာကျင်ခံစက်မှုများဖြင့် မလွဲမရှောင်သာ တွေ့ကြုံရသည်ဟူ၍ ခံယူသောကြောင့်ဖြစ်ပါသည်။ ထိုမှတပါး မဟာယာနဗုဒ္ဓဘာသာဝင်များ ထင်မှတ်ယူဆသကဲ့သို့ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ အသက်ကြီးရင့်သည့်အပိုင်းတွင် ဟောကြားတော်မူချက်များသည် စောစောပိုင်းကာလ ဟောကြားချက်များထက် ပိုမိုအောင်မြင်တိုးတက်မှု ရှိလာခဲ့သည်။ ထို့ကြောင့် ဟိန္ဒူဘာသာ၌လည်း ဟောကြားညွှန်ပြချက်များအား ခေတ်နောက်ပြန်ဆွဲသောအမြင်၊ မတိုးတက်သော အယူအဆများသာဖြစ်သည်ဟူ၍ မယူဆနိုင်ပါ။

ဆက်လက်၍ အဝိဇ္ဇာဆိုသော အဓိပ္ပါယ်အား မှားယွင်းမှုဟူ၍ ဘာသာပြန်ဆိုမှုပြုခြင်းအား

တင်ပြလိုပါသည်။ မည်သို့ပင်ဖြစ်စေကာမူ အဝိဇ္ဇာဆိုသောစကား၏ အဓိပ္ပါယ်သည် လူသတ္တဝါ၏ အသိဉာဏ်ပညာအား ပြောင်းပြန် တစ်မျိုးတစ်ဖုံဖြစ်ပေါ်စေမှုနှင့် အမှန်ရှိသည့်သဘာဝကို မသိမမြင်နိုင်စေမှုတို့ကို လွဲမှားစွာနားလည်မှုဖြစ်သည်။ ဤအဓိပ္ပါယ်မှာ တမန်တော်ကိုးကွယ်သည့် ဘာသာများ၏ အပြစ်ကျူးလွန်မှုနှင့် ငရဲကျခြင်းဆိုသည့်အဓိပ္ပါယ် အစစ်အမှန်ဖြစ်ပေသည်။

ဤကဲ့သို့ ရိုးရာအစဉ်အလာမတူညီသော ဘာသာအယူဝါဒနှစ်မျိုးတို့၏အကြား၌ ယေဘုယျသဘော ကွဲပြားခြားနားမှုများကို တွေ့မြင်ရသည်။

## ဟိန္ဒူလူမျိုးတို့၏ ဘာသာရေးအမြင်သမိုင်းအကျဉ်း

## A Short History of Hindu Religious Thoughts

အိန္ဒိယန်လူမျိုးနှင့် အာရိယန်လူမျိုးတို့သည် လူမျိုးစုအနွယ်တစ်ခုတည်းမှ ဆင်းသက်လာကြကြောင်း ကျွန်ုပ်တို့သိမြင်နားလည်ခဲ့ကြပြီးဖြစ်ပါသည်။ အာရိယန်လူမျိုးများသည် အာရှတိုက်အနောက်မြောက်ဒေသမှ အိန္ဒိယနိုင်ငံအတွင်း ဝင်ရောက်ခဲ့သည်ဆိုခြင်းမှာလည်း အမှန်ပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံနယ်နမိတ်၏ အပြင်ဘက်ဒေသများသို့ အာရိယန်လူမျိုးများ သွားရောက်အခြေချနေထိုင်ခဲ့ဖူးသည်ဆိုသော သက်သေသာဓကအထောက်အထား တစ်စုံတစ်ရာမရှိပေ။ သမိုင်းသုတေသီ Pliny က "ကမ္ဘာပေါ်ရှိလူမျိုးများအတွင်း အိန္ဒိယန်လူမျိုးတစ်မျိုးတည်းသာ မိမိတို့နေထိုင်ရာဒေသမှ နယ်ခြားဖြတ်ကျော် ပြောင်းရွှေ့နေထိုင်းခြင်းမရှိခဲ့ပေ"ဟူ၍ ခန့်မှန်းယူဆခဲ့သည်။ (ဂျေဒဗလျူ မက်ခရင်းဒယ်၏ ရှေးဟောင်း အိန္ဒိယဟူသောစာအုပ်စာမျက်နှာ-၁၀၈ တွင် ဖော်ပြထားသည်။)

အာရိယန်လူမျိုးများ အိန္ဒိယပြည်ထဲသို့ ဝင်ရောက်လာသည့်အချိန်၌ ၎င်းတို့ထက်စော၍ရောက်ရှိနေထိုင်သူများအားလုံးတို့သည် ယုံကြည်ကိုးကွယ်သည့်ဘာသာ မရှိသေးသူဟူ၍ မတွေ့ရပေ။ ဒေသခံလူများ၏ ဘာသာရေးယုံကြည်ကိုးကွယ်မှုသည် အင်ဒိုအာရိယန်(Indo-Ariyan)လူမျိုးများ ကိုးကွယ်သည့် နတ်ဒေဝါ(Deva)များအားကိုးကွယ်မှုနှင့် သိသာထင်ရှားစွာ ကွဲပြားခြားနားမှုရှိသည်။ ဒေသခံလူမျိုးများသည် နှာခေါင်းပြား၊ အသားရောင် မဲမှောင်သည့် ဘာသာစကားမတူပဲ အသံမာကျောသူများ (မတ်ဒရာဗတ်ခ်)ဖြစ်၍ လူမွဲပြောင်များဟူ၍ခေါ်သည်။

အဆိုပါ ''ဒပ်ဆားစ်'' သို့မဟုတ် ''ဒပ်စ်ယုစ်''တို့အား ''အားနယား''(Deva ခေါ် နတ်များအား ယစ်ပူဇော်မှုမပြုသူ)၊ ''အာဒေဝယ'' (နတ် မကိုးကွယ်သူ)၊ ''အန်ယာဘာရတ'' (ဗာရတ ခေါ် အခမ်းအနားများပြုလုပ်ရာတွင် မတူညီကွဲပြားသူ)နှင့် အာမန်နု(အမနုဿ)ဟူ၍ဖြစ်သည်။ ၎င်းတို့၏ ''ဆစ်စ်နာဒေဝ''အပေါ် ဝတ်ပြုကိုးကွယ်ခြင်းအား အထင်အမြင်သေးကြသည်။ အိန္ဒိယပြည် တိုင်းရင်းသားလူမျိုးများ၊ အထူးသဖြင့် အိန္ဒုမြစ်ဝှမ်း၌ နေထိုင်သူလူမျိုးတို့၏ ဓလေ့စရိုက်လက္ခဏာ များအား ''မိုဟင်ဂျာ ဒါရိုယဉ်ကျေးမှု'' ထွန်းကားခဲ့ရာဒေသများတွင် တူးဖော်တွေ့ရှိချက်များအရ သိရှိခဲ့ကြရသည်။

တူးဖော်တွေ့ရှိချက်များအရ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုအတွင်းပါဝင်သည့် ''ဟာရပ္ပ'' လူမျိုးများ၏ ယုံကြည်ဆည်း ကပ်ကိုးကွယ်မှုနှင့် ဆက်စပ်သော''ရှိဝ'' (ဒါယာနိနတ်ဘုရားကဲ့သို့ ၎င်း၏မျက်လုံးများသည် နှာခေါင်းထိပ်အပေါ်တည့်တည့်၌ရှိ) ''လင်ဂမ်၊ ယာကစ်၊ နဂါစ်'' နတ်ဘုရား၏မယ်ကော်၊ နွား၊ မြွေ၊ သစ်ပင်စသည်ဖြင့် တွေ့ရှိရ၏။ BC.2500 ပတ်ဝန်းကျင်တွင် ယင်းဒေသ၌နေထိုင်သူတို့၏ ယဉ်ကျေးမှုတိုးတက်လာခြင်း ဖြစ်နိုင်ချေများစွာရှိပြီး ၎င်းတို့၏ ခံယူယုံကြည်မှု မဏ္ဍိုင်(၄)ရပ်မှာ''(Karma, Samsara, Jnana, Mukti)(ကာမ၊ သံသရာ၊ ဉာဏ၊ မုတ္တိ)ဖြစ်သည်။

ဤရှုမြင်သုံးသပ်ချက်များတွင် တစိုက်မတ်မတ် ဆည်းကပ်ကိုးကွယ်မှုပြုကြ၍ ''အာရိယန်''မဟုတ်သေးသော ''ဂျိန်းဘာသာနှင့်ဗုဒ္ဓဘာသာ''တို့၌ အထူးထင်ရှားလေးနက်စွာ ဖော်ပြထားသည်။ ယင်းနှင့်ဆန့်ကျင်လျက် ''ဝေဒ''အယူဝါဒ၏ ဟောပြောကြားချက်များ၌ ''ဆဘာဂပရာတိ'' (နတ်ပြည် ဘုံဌာနသို့ ရောက်ရှိလိုသောဆန္ဒ)ဟူ၍ ဖော်ပြပါရှိသည်။ သစ်ပင်ပုံ၊ နွားမပုံ၊ နတ်ဘုရားမ ပုံ၊ ရှိဝနတ်ဘုရား၏ ရုပ်ထုပုံစသည့် ကားချပ်များအား ကိုးကွယ်သည့် ''ဟာရပ္ပာန်လူမျိုး''တို့သည် သက်သေဖြစ်သည်။

ဟာရပ္ပန်လူမျိုးအများစုတို့သည် ဟိန္ဒူဘာသာအယူဝါဒကို စိတ်အားထက်သန်စွာဖြင့် ပိုစံတကျ ဆည်းကပ်ကိုးကွယ်သူများဖြစ်ခြင်းကြောင့်လည်းကောင်း၊ သို့မဟုတ် တွန်းထုတ် မောင်းနှင်မှုခံရခြင်းကြောင့်သော်လည်းကောင်း အိန္ဒိယပြည်တောင်ပိုင်း တောင်တန်းဒေသများသို့ သွားရောက်နေထိုင်ကြရသည်။ အာရိယန်လူမျိုးများနှင့် အာရိယန်မဟုတ်သော လူမျိုးများအတွင်း

အပြင်းထန်ဆုံးသော ပဋိပက္ခများသည် BC. ၇ ရာစု သို့မဟုတ် ၆ ရာစုအတွင်းက ဖြစ်ပေါ်ခဲ့သည်ဟူ၍ ခန့်မှန်းရသည်။ ထိုအချိန်အခါ၌ ကာသိတိုင်း၊ ဝိဒေဟရစ်တိုင်း၊ ဝေသာလီပြည်၊ ကောသလတိုင်း၊ မဂဓတိုင်းတို့၌ ဇိနဘာသာနှင့် ဗုဒ္ဓဘာသာတို့သည် အပြည့်အဝ ထွန်းတောက်ပလျက်ရှိနေပေပြီ။ ဝေဒဘာသာ ယုံကြည်ဆည်းကပ်ကိုးကွယ်သူတို့မှာမူ ရှေ့တန်းမျက်နှာစာများ၌ အောင်မြင်မှုမရရှိကြပေ။ ထို့ကြောင့် အင်ဒို-အာရိယန်တို့ ယုံကြည်ဆည်းကပ်သည့် ကာမ၊ သံသရာ၊ ဉာဏ၊ မုတ္တိနှင့် ယောဂကျင့်စဉ်သည်လည်းကောင်း၊ သူ့အသက်သတ်ခြင်းမှရှောင်ကျဉ်သည့် ''ပဥ္စမဟာဘာရတ'' ပါဝင်သော ဇိနဘာသာက ပို၍သာလွန်ထင်ရှားခဲ့သည်။ ဗုဒ္ဓဘာသာ၏ နိဗ္ဗာန်နှင့် တဏှာလောဘရုပ်သိမ်းမှုတရားနှင့်ဆင်တူသော ကောင်းမြတ်သည့် ကျင့်စဉ်များပါသည့် ''ဥပါနိရှတ်ကျမ်း''ကို လက်ခံယုံကြည်မှုက ၎င်းတို့အား အောင်မြင်မှုသရဖူဆောင်းစေခဲ့ပေသည်။ အားလုံးသော''အာရိယန် မဟုတ်သူများ''အနေဖြင့် ''အာရိယန်လူမျိုး'' ဖြစ်နိုင်ပါ၏လော?။ ဂင်္ဂါနှင့်ယမုံနာမြစ်နှစ်သွယ်ပေါင်းဆုံ၍ မြစ်ကြောင်းတစ်ခုတည်းအဖြစ် စီးဆင်းသကဲ့သို့ တစ်သီးတစ်ခြားဖြစ်နေသည့်အယူဝါဒများ ပျောက်ကွယ်၍ ဟိန္ဒူအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာသည်။ သို့သော် ဗြဟ္မဏဝါဒကဲ့သို့မဟုတ်မူ၍ ဘာသာတစ်ခုနှင့်တစ်ခု ညီမျှစေရန် စည်းမျဉ်းဥပဒေသနှစ်ချက်အား အောက်ပါအတိုင်းသတ်မှတ်ခဲ့သည်-

(၁) ဝေဒစာပေအား တစ်ခုတည်းသော ဘာသာရေးစာပေအဖြစ် သတ်မှတ်ရန်။

(၂) ဇာတ်ခွဲခြားမှုအား ဗြဟ္မဏလူနေမှုအသိုင်းအဝိုင်း၌ အမိန့်၊ ညွှန်ကြားချက်၊ ရာထူးနှင့် နေရာသတ်မှတ်ချက်တို့တွင် လက်ခံကျင့်သုံးရန်၊ ဗြဟ္မဏသည် အမြင့်ဆုံးသော ဇာတ်အဆင့်အတန်းအဖြစ်လည်းကောင်း၊ ဝေဒစာပေအား မူလပိုင်ရှင်အဖြစ်လည်းကောင်း၊ ယင်းစာပေကို သင်ကြားပေးသူအဖြစ်လည်းကောင်း မှတ်ယူရမည်။

''ဝေဒ''ဟူသောဝေါဟာရသည်အမှန်အားဖြင့် ''မူရင်းဝေဒ''ဆိုသည့်စကားအဓိပ္ပါယ်မှာ များစွာပိုမိုလေးနက်မှုရှိသည်။ သို့ရာတွင် ဗုဒ္ဓဘာသာနှင့်ဂျိန်းဘာသာတို့ကမူ ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားသည့်ဝါဒကို လက်မခံကြမူ၍ ၎င်းတို့၏ ကိုယ်ပိုင်စာပေအသီးသီးဖြင့် ရင်ဘောင်တန်း၍ တစ်ချိန်တည်းတစ်ပြိုင်တည်း ရှင်သန်တိုးတက်လာခဲ့သည်။ ဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံ မဇ္ဈိမ

ဒေသအတွင်း အရှိန်အဝါဖြင့် ထွန်းလင်းတောက်ပနေစဉ် ၎င်းဒေသ၏ အနောက်မြောက်ဘက် အရပ်ဒေသ၌ အစ္စလာမ်ဘာသာ ပေါ်ပေါက်လာသည်။ သို့ရာတွင် အစ္စလာမ်ဘာသာ သာသနာ ကျယ်ပြန့်လာခြင်းနှင့်အတူ အချို့သောဗုဒ္ဓဘာသာဝင်များသည် အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြသည်။ ၎င်းတို့သည် ဟိန္ဒူဘာသာ၏ အဓိကလမ်းညွှန်ဩဝါဒများအတွင်း စိတ်အားထက်သန်စွာ မလိုက်နာမလုပ်ဆောင်ခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မြတ်ဗုဒ္ဓဩဝါဒလမ်းစဉ် စည်းကမ်းသတ်မှတ်ချက်များကို လက်မခံသောကြောင့်ဖြစ်သည်။ ဤနည်းအားဖြင့် ၎င်းတို့သည် နတ်ဘုရားများစွာတို့အား ပူဇော်ဝတ်ပြုရသည့် အာရိယန်လူမျိုးမဟုတ်သူများ အနေဖြင့် သျှိဝနတ်ဘုရားနှင့် ဗိဿနိုးနတ်ဘုရား ကိုးကွယ်မှုတို့ကို မလွဲမရှောင်သာ ဆည်းကပ်ဝတ်ပြုကြရသည်။ ၎င်းတို့တွင် ကိုယ်ပိုင်စာပေယဉ်ကျေးမှုရှိပြီး ဇာတ်ခွဲခြားမှုကို လက်မခံကြပေ။ ၎င်းတို့၏နတ်ဘုရားအား တိုင်တည်ချက်စကားရပ်မှာ ''ဟယ်ရိအား ဝတ်ပြုကိုးကွယ်သူအား ဟယ်ရိတစ်ဦးတည်းကသာ စိုးပိုင်သည်''ဟူ၍ဖြစ်သည်။

မိုဟင်ဂျိဒါရိုယဉ်ကျေးမှု ထွန်းကားစဉ်ကာလမှစ၍ သျှိဝနတ်ဘုရားကိုးကွယ်ခြင်း ဖြစ်နိုင်ကြောင်း ရည်လျှားသည့် ယောဂကျင့်စဉ်သမိုင်းရှိသည်။ ဗိဿနိုးနတ်ဘုရားကိုးကွယ်ခြင်းမှ ''ဂီတ သို့မဟုတ် အယ်ဗာလ်'' ခေါ် တရားဒေသနာ(၂)ခုတို့မှတဆင့် ''ဘာခ်တိ'' ခေါ် လေးလေးနက်နက် နားလည်သဘောပေါက်ခြင်းနှင့် ''မုတ္တိ'' ခေါ် လွတ်မြောက်ခြင်းဆိုသည့် အနှစ်သာရသဘောအဓိပ္ပါယ် တိုးတက်ရောက်ရှိလာသည်။ ၎င်းတို့၏ ဇာတ်အနိမ့်အမြင့်နှင့် ကျား မ ခွဲခြားမှုအလျောက် ဝတ်ပြုကိုးကွယ်သူများအား ''ဂီတ''တရားဒေသနာက ခွင့်ပြုသည်။ ''ဘိုင်ရှ်ယာနှင့် ရှုဒရာ''ကဲ့သို့ ယုံကြည်မှုထားရှိသူသည် ဇာတ်နိမ့်သူအမျိုးသမီးဖြစ်စေကာမူ ငါဘုရားအား ယုံကြည်ဆည်းကပ်သူအားလုံးသည် နောက်ဆုံး၌ အမြင့်ဆုံးနေရာသို့ ရောက်ရှိမည်'' (IX-32)

ထိုနည်းလမ်းအတိုင်းအလားတူစွာ ''အယ်လ်ဗာ''များစွာတို့သည်လည်း ၎င်းတို့၏ ဘဝအား ယုံကြည်မှုအသစ်ဖြင့်တည်ဆောက်ပြီး ဟိန္ဒူဘာသာအပေါ် တစ်သက်လုံးယုံကြည်ဆည်းကပ်သူ ''ရှုဒရာ''များ ဖြစ်လာခဲ့ကြသည်။

အမှန်စင်စစ်အားဖြင့် အဆိုပါ ''ဗုဒ္ဓဘာသာဝင် ရှုဒရာ''(Buddhist Shudras)

များသည် သူတော်စင်များ၊ ဂိုရတ်ခ်ပဏ္ဍိတ်များ၊ ကဗီးရ်ပဏ္ဍိတ်များနှင့် အခြားသော သူတော်စင်များ ပေါ်ထွန်းစေခဲ့သည်။ ဆစ်ခ်ဘာသာဝင်များမှာ ဗုဒ္ဓဘာသာရှုဒရာများ မဖြစ်ကြသော်လည်း ၎င်းတို့သည် သူတော်စင်၊ သူတော်ကောင်းတို့အား များစွာကြည်ညိုလေးစားကြသည့်အပြင် ဗြဟ္မဏမဟုတ်သည့် အခြားသူတော်စင်များအားလည်းကောင်း၊ မိမိကိုယ်ကိုမိမိ ဘယ်အဆင့်အတန်းရှိသူဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခြင်းမပြုသည့် ဇာတ်ရှိသူ သူတော်စင်များအားလည်းကောင်း၊ ဗြဟ္မဏစာပေယဉ်ကျေးမှုကိုလည်းကောင်း လိုလားနှစ်သက်ကြသည်။ အိန္ဒိယပြည် နိုင်ငံတော်အစိုးရ တရားရေးဝန်ကြီး ဒေါက်တာ ဘီ အာရ်အမ်ဘေကာသည် ၎င်းနှင့်အတူ ဇာတ်နိမ့်အနွယ်ဝင်လူဦးရေ(၅)သိန်းခန့်နှင့်အတူ ဗုဒ္ဓဘာသာဝင်အဖြစ် ပြောင်းလဲခံယူသွားခြင်းမှာ အံ့သြစရာကိစ္စမဟုတ်သလို ၎င်းအဖို့ရာတွင်လည်း အခြားရွေးချယ်စရာ ဘာသာမရှိတော့သည့်အတွက် နောက်ဆုံးတွင် ဗုဒ္ဓဘာသာသို့ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့သောအကြောင်းများကြောင့် ဇိန(ဇော်) ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့သည် ဗြဟ္မဏဝါဒမှ ပေါက်ဖွားလာခြင်းဖြစ်၍ ဝေဒဘာသာ၏ တိရစ္ဆာန်ယဇ်ပူဇော်မှုအား ဆန့်ကျင်ကန့်ကွက်သည်ဆိုသည့် ထင်မြင်ယူဆချက်အားလုံးပင် မှားယွင်းသည့် အယူအဆဖြစ်သည်။ ၎င်းဘာသာများသည် သီးခြားလွတ်လပ်စွာ မိမိတို့အလိုအလျောက် ဟိန္ဒူဘာသာနှင့် ရင်ဘောင်တန်း၍ ဖြစ်ထွန်းပေါ်ပေါက်လာသည့် ဘာသာရေးယုံကြည်မှုများ ဖြစ်ကြသည်။ ယနေ့အချိန်ထိ အိန္ဒိယပြည်တွင် ဗြဟ္မဏဝါဒလည်းမဟုတ်၊ ဝေဒအယူအဆလည်းမဟုတ်သည့် အခြားသော ဘာသာရေးလှုပ်ရှားမှုများ ပေါ်ပေါက်နေဆဲဖြစ်သည်။

အဓိကအားဖြင့် ''ကဗီးရ်'' နှင့် ''တူလ်ဆီဒပ်စ်''တို့၏ ကျမ်းဂန်ဒေသနာနှင့် မကိုက်ညီသောသင်ကြားမှုများ အောင်မြင်နေသောကြောင့်ဖြစ်သည်။

ထိုအကြောင်းများကြောင့် ဟိန္ဒူဘာသာအတွင်း လုပ်နည်းလုပ်ဟန်ပုံစံတိုင်းသည် အာရိယန်အယူအဆသဘောတရားမဟုတ်သကဲ့သို့ ဝေဒအယူအဆလည်း မဟုတ်ပေ။ သို့ရာတွင် ယနေ့ကာလ၌ကျင့်သုံးနေသော ဘာသာရေးလုပ်ထုံးလုပ်နည်းများသည် ဗြဟ္မဏဝါဒနှင့် ဝေဒဝါဒတို့၏ ကျယ်ပြန့်သော သဘောတရားရေးရာဘောင်အတွင်း၌ ပါရှိသည့် အဓိပ္ပါယ်ဆောင်နေသေး၏။ သို့ရာတွင် အကယ်၍ ''ရပ်ဝေဒ''အယူအဆ၊ ခေတ်သစ်ဟိန္ဒူဘာသာနှင့် ရှေးရိုးစွဲအယူအဆ


တို့အား ကျွန်ုပ်တို့ နှိုင်းယှဉ်လေ့လာကြည့်မည်ဆိုလျှင် အောက်တွင်ဖော်ပြထားသည့် အခြေခံအချက်များကို ''ရာဂျာခ်ဝေဒ'' အယူအဆတွင် ပါဝင်လျက်ရှိသည်ကို တွေ့ရသည်။

(၁) ယခုအခါ''ဝေဒ''ဟူသော ဝေါဟာရအဓိပ္ပါယ်မှာ ဖြတ္တဇာနှင့် ''ဝေဒန္တ''အပြင် ''ဆမာတစ်စ်''သည်ပင်လျှင် ပါဝင်ကောင်း ပါဝင်နိုင်ပေသည်။

(၂) ဟိန္ဒူဘာသာသည် ''ကာမ၊ သံသရာ၊ ဉာဏ၊ မုတ္တိ''တည်းဟူသော မဏ္ဍိုင် (၄)ရပ်အား ကျယ်ပြန့်စွာ လက်ခံကျင့်သုံးလျက်ရှိပေသည်။ ''ဆဘာပရပ္ပတိ'' (Svarga-prapti)ဟူသော နတ်ပြည်ဘုံစဉ်စံ အယူအဆသည် အချိန်ကြာမြင့်စွာပင် ''ရာမနုဂျာ နှင့် ဗိုက်(စ်)နဗ်'' အယူအဆများ၌ တည်တံ့နေခြင်းဖြစ်သည်။

(၃) ''မစ်ရှ်မန္ဒန''တင်ပြသည့် ရှေးရိုးစွဲအယူအဆနှင့် တခြားဖြစ်နေသော ရဟန်းပြုခြင်းကိစ္စကို အိမ်ထောင်ဦးစီးဘဝ ရောက်ရှိပြီးမှသာလျှင် ကိစ္စများပြောင်းလူ့ဘောင်ကိုစွန့်ခွာလျက် ရဟန်းအဖြစ်သို့ ကူးပြောင်းခံယူသည့် သဘောတရားအယူအဆကို ကျယ်ပြန့်စွာလက်ခံကျင့်သုံးခဲ့ကြသည်။ သို့ရာတွင် ဇိန(ခေါ်)ဂျိန်းဘာသာကဲ့သို့ ''ရှန်ကာရ'' အယူအဆသည်လည်းကောင်း၊ ''စမ်းယာစ'' (Samyasa)ရဟန်းဘောင်သို့ ကူးပြောင်းခြင်းအား အိမ်ထောင်ဦးစီးဘဝ ရောက်မှဖြစ်စေ၊ သို့မဟုတ် မည်သည့်အသက်အရွယ်၌မဆို ကူးပြောင်းနိုင်ရန် အခွင့်အရေးပေးထားသည်။

(၄) ''ဝေဒ''ဘာသာ၏ ဓလေ့ထုံးစံအစဉ်အလာအားဖြင့် လူ့ဘဝစည်းစိမ်ကို ပြည့်ဝစွာ ခံစားပြီးနောက်မှသာ ဝဋ်ဘဝမှလွတ်မြောက်မှုကို ရရှိရန်နိုင်ရန် မလုပ်မဖြစ်လုပ်ရမည့်ကိစ္စမှာ ဉာဏ(ဝါ) အသိဉာဏ်ပညာဖြင့် နေထိုင်ရန်ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် လူ့ဘဝ၏အဆုံးသို့ ရောက်ရှိရေးအတွက် ''ရာမနုဂျာ'' ဝါဒ၌လည်း ဖော်ပြပါရှိသည်။




ဤအယူဝါဒစနစ်သည် တစ်ခုနှင့်တစ်ခု အချင်းချင်းပေါင်းကူးဆက်ဆံမှုရှိ၍ ၄င်းတို့အတွင်း အပေးအယူသဘောဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ဤအတွင်းသဘော ဆက်ဆံပေါင်းကူးမှုသည် အလွန်ကြီးမားလျက်ရှိပြီး ''ရှန်ကာရ''ဝါဒ၏ ''အဝိဇ္ဇာ''အယူအဆ သဘောတရားအား ''ရပ်ဖျက်ထားသော ဗုဒ္ဓဘာသာ''ဟူ၍ ထင်မြင်လျက်ရှိသည်။ (ပန်ချန္ဒာဗုဒ္ဓ)

## ဟိန္ဒူဘာသာအယူဝါဒ၏ အဓိကအချက်အလက်များ

## (Distintive Feature of Hinduism)

ဟိန္ဒူဘာသာသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးဘာသာဖြစ်၍ အိန္ဒိယနိုင်ငံအတွင်း အာရိယန်မဟုတ်သည့် အယူဝါဒနှင့် ဝေဒမဟုတ်သောအယူဝါဒများသည် တစ်ခုနှင့်တစ်ခု ထိတွေ့ဆက်စပ်လျက်ရှိကြသည်။ ထိုအကြောင်းများကြောင့် အချို့သောယုံကြည်ချက်များ၏ အရောင်အသွေးပြောင်းလဲမှုများ ရှိလာတော့၏။ ထိုမှတပါး ဟိန္ဒူလူမျိုးတို့၏ ဟိန္ဒူဘာသာ၌ ပြင်းပျစွာ စွဲယူမှုနှင့် ကျင့်ကြံပွားများလိုစိတ်သည် ယနေ့ကာလ ဘာသာရေးဝေါဟာရအား ပုံသဏ္ဌာန်အမျိုးမျိုး တွေ့ရှိရသည်အထိ ဖြစ်ပေါ်စေခဲ့သည်။ ဤစဉ်းစားသုံးသပ်ချက်များအပေါ်မူတည်၍ ဟိန္ဒူဘာသာ၏ ထူးခြားချက်များကို ဗုဒ္ဓဘာသာ၊ ဂျိန်းဘာသာနှင့်လည်းကောင်း၊ တမန်တော်ကိုးကွယ်သည့်ဘာသာများနှင့်လည်းကောင်း ကွဲပြားစွာဖြင့် အောက်ပါအတိုင်း တွေ့မြင်နိုင်သည်။

ဟိန္ဒူဘာသာ၏ ထူးခြားလေးနက်သည့် ဝိသေသစရိုက်လက္ခဏာများအား မဏ္ဍိုင်ကြီး (၄)ရပ်ဟူ၍ ခေါ်ဆိုနိုင်၍ ၄င်းမှာ ''ကာမ၊ သံသရာ၊ ဉာဏ၊ ဗုတ္တိ'' ဟူ၍ဖြစ်သည်။ သို့သော် အဆိုပါဝေါဟာရတစ်ခုချင်း၏ အဓိပ္ပါယ်ကို အမျိုးမျိုးကောက်ယူနိုင်သည်။

ကာမ- ကာမဆိုသော ယေဘုယျသဘောအဓိပ္ပါယ်မှာ ပုဂ္ဂိုလ်သတ္တဝါတို့အား သံသရာတွင်နစ်မွန်းစေရန် အမှန်အမှားကို ဝေဖန်ပိုင်းခြား၍မရအောင် ကျူးလွန်သည့်အဆင့် ဖြစ်သည်။ များသောအားဖြင့် ချစ်ခင်တွယ်တာမှုတဏှာ၏ လွှမ်းမိုးထားမှုကြောင့် မလိုလား အပ်သည့် စိတ်လှုပ်ရှားမှုဖြင့် ပြုမူဆောင်ရွက်ခြင်းဟူသော အဓိပ္ပါယ်ရသည်။ ကာမဟူသော သဘာဝသည် ပုဂ္ဂိုလ်သတ္တဝါတစ်ဦးအား မဆုံးနိုင်သော ဇာတိပဋိသန္ဓေကို ထပ်ခါတလဲလဲ ဖြစ်ပေါ်စေ၏။ ဇာတိပဋိသန္ဓေနေ၍ မွေးဖွားရခြင်းသံသရာသည် နာကျင်ဆင်းရဲခြင်းဖြစ်၏။

ကာမတည်းဟူသောသဘော၏ ထူးခြားချက်မှာ "အဝိဇ္ဇာဝါဒ"က ကာမကို အဝိဇ္ဇာ (ဝါ)အညာဏဟူ၍ ခေါ်ဆိုလျက် သံသရာဝဋ်ဆင်းရဲ၏ မူလအစ အစစ်အမှန်ဖြစ်၏ဟူ၍ဆိုသည်။ ရာမနုဂျာဝါဒ၏ခေါင်းဆောင် "ရာမနုဂျာ"က မာယာ ခေါ် လှည့်ဖျားမှု (ဝါ) ဖျားယောင်းသွေး ဆောင်မှုဟူ၍လည်းကောင်း၊ ရှန်ကာရဝါဒဘာသာရေးခေါင်းဆောင် "ရှန်ကာရ"ကမူ ကာမမှစတင်၍ အဝိဇ္ဇာဖြစ်သည်ဟူ၍လည်းကောင်း ဝေဖန်ပြောဆိုကြသည်။ မည်သို့ပင် ဖြစ်စေကာမူ ဤသို့ပြောဆိုခြင်းသည် နှုတ်ဖြင့်သာ ထူးခြားမှုဖြစ်စေသည်။ ဆမ်ကျအယူဝါဒကမူ ကာမဆိုသော ထိုသဘောသည် စိတ်၏သဘောမျှသာ သန့်ရှင်းဖြူစင်စွာရှိ၍ သဘာဝအားလျော်စွာ ကျူးလွန်မှုမရှိနိုင်ပေ။ သို့သော်ကာမသည် မိမိကိုယ်မိမိ လိမ်လည်လှည့်ဖျားခြင်းဖြင့် ကျူးလွန်မှု "ပရာခ်တိ"နှင့် မှားယွင်းစွာတွေးခေါ်လျက် ပြုမူလုပ်ဆောင်သူအဖြစ်နှင့် ထိုသို့ပြုလုပ် ဆောင်ရွက်မှုအပေါ် စိတ်ပျော်ရွှင်သူဖြစ်သည်ဟုဆို၏။

သို့ရာတွင် ကာယကံမြောက် ကျူးလွန်ပြုလုပ်ခြင်းမှာ စိတ်ကြောင့်မဟုတ်ဘဲ "ပရာခ်တိ"ကြောင့်ဖြစ်သည်။ ဤသို့အားဖြင့် ကာမ ခေါ် ကာယကံမြောက် ကျူးလွန်မှုသည် မသိမှုအဝိဇ္ဇာ၊ တဏှာ၏ဆွဲဆောင်မှုကြောင့် ရာဂအမိုက်မှောင်အတွင်း သက်ဆင်းကျရောက် နေရခြင်းသာဖြစ်တော့၏။ ဤသို့ဆိုသည့်အတိုင်း အဝိဇ္ဇာနှင့်ကာမသည် ဒင်္ဂါးပြားတစ်ခု၏ ခေါင်းနှင့်ပန်းကဲ့သို့ ခွဲခြားမရနိုင်ဘဲ စိတ်လှုပ်ရှားမှုကြောင့်ဖြစ်ရသည်။ ကာမနှင့် အဝိဇ္ဇာဆိုသော သဘောတရားမှာ သိပ်ပြီးရှည်ရှည်ဝေးဝေးစဉ်းစားရန် မလိုအပ်သည့် တူညီသောသဘာဝတရား (၂)ခု ဖြစ်တော့သည်။

"နိစ်ကာမ" ဟုဆိုသော အနက်သဘောသည်လည်း "ကာမ" ဆိုသည့်ဝေါဟာရ၏

အနှစ်သာရကို ထူးခြားထင်ရှားစေသည်။ ၎င်းတို့ ပြောဆိုဟောကြားသည့်အတိုင်း တင်ပြရလျှင် ''ကာမ''သည် ''ဆကာမ'' ဟူသော အာရုံပေါ်မှသာလျှင် လူသတ္တဝါတစ်ဦးတစ်ယောက်အား ဇာတိပဋိသန္ဓေ အဖန်ဖန်ဖြစ်ပေါ်စေနိုင်သည်။ သို့ရာတွင် လူ့ဘဝ တစ်ခဏရောက်ရှိနေစဉ် စေတနာမပါသော ဝတ်ကျေတန်းကျေ ဘာသာတရားဆည်းကပ်ကိုးကွယ်မှုသည် (ဝါနယှရမ ဝမ္မ) လူပုဂ္ဂိုလ်အား အကျိုးမပြုပါ။ အမှန်စစ်စစ်အားဖြင့် ''နိစ်ကာမ၊ ကာမ''သည် ''ဘာခ်တိ'' ကြောင့်သာလျှင် ဖြစ်ရပေသည်။ ဤအယူအဆသည် ၁၈ ရာစု ဒဿနိကပညာရှင်တစ်ဦးဖြစ်သည့် ကန့်(Kant)ရေးသားခဲ့သော ''ဘုရားသခင်၏အမိန့်ကို လိုက်နာဆောင်ရွက်ရာ၌ တစ်ဆင့်ထက် တစ်ဆင့် မြင့်သထက်မြင့်အောင် ဆောင်ရွက်နည်း'' ဆိုသော သဘောတရားနှင့် ဆင်တူသကဲ့သို့ ဖြစ်တော့၏။

သံသရာ – သံသရာဆိုသောစကားသည် စဉ်ဆက်မပြတ် အဆုံးမသတ်သော လှည့်ပတ်နေရခြင်းကိုခေါ်သည်။ (ဒုက္ခဝဋ်အတွင်းက ကျွတ်ကင်းလျှောက်သည့်ပမာ သံသရာ)။ လူသတ္တဝါသည် သတ္တလောက(ဝါ) သက်ရှိလောကတွင် တန်ဖိုးအရှိဆုံး၊ အသိဉာဏ်အမြင့်မားဆုံး သတ္တဝါဖြစ်သော်လည်း ဘဝတစ်ခုဟူ၍ ဇာတိပဋိသန္ဓေယူမွေးဖွားလာရခြင်းသည် ဆင်းရဲဒုက္ခ အပြည့်အဝရရှိခြင်းဖြစ်၏။ ဤအဓိပ္ပါယ်ကို ဘဝဆိုသည်မှာ ဒုက္ခခံစားရမှုသက်သက်မျှသာဖြစ် သည်ဟု မဆိုလိုပါ။ ဘဝတစ်ခု အမှန်တကယ်ဖြစ်ပေါ်မှုတွင် ပျော်ရွှင်ချမ်းမြေ့မှုခဏပေါင်းများစွာဖြင့် နာကျင်ခံခက်ဒုက္ခခံစားရမှု ခဏပေါင်းများစွာ နှစ်မျိုးလုံးရောပြွမ်းပါရှိ၏ ဟူ၍ဆိုခြင်းကို မည်သူ တစ်ဦးတစ်ယောက်မျှ ငြင်းဆိုနိုင်မည်မဟုတ်ပေ။ သို့ရာတွင် လောကသဘာဝ ပျော်ရွှင်ချမ်းမြေ့မှု သည်ပင်လျှင် မတည်မြဲသော အနိစ္စတစ်ခဏနှင့် ဖြစ်ပျက်ပြောင်းလဲမှုသဘော ဒုက္ခသာလျှင် ရှိချေ၏။ ထိုသို့ဖြစ်လျှင် ပြောင်းလဲနေခြင်းကို အမှန်တရားဟူ၍လည်းကောင်း၊ ခိုင်ခံ့တည်မြဲသော ပျော်ရွှင်မှုဟူ၍လည်းကောင်း ဘယ်သောအခါမျှ မမှတ်ယူနိုင်ပေ။

ဆက်လက်၍ ဤဘဝတစ်ခုဖြစ်ပေါ်မှုအတွင်း အသက်အရွယ် အိုမင်းရင့်ရော် ပြောင်းလဲ လာသည်နှင့်အမျှ ဇီဝဟုခေါ်သည့် စိတ်စေတသိတ်တို့သည် ကြီးစွာသောပြောင်းလဲမှုဖြစ်လာပြီး အဆိုးဆုံးအခြေအနေသို့ ရောက်ရှိလာသည်။

*[ပြောင်းလဲမှုဆိုရာတွင် စိတ်၏စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲမှု၊ ရုပ်၏ စဉ်ဆက်*

*မပြတ် ဖြစ်ပျက်ပြောင်းလဲမှုနှင့် အခြေအနေအရပ်ရပ်၏ စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲမှု၊ စကြဝဠာကမ္ဘာမြေလောကဓါတ်အတွင်းရှိ ရေ၊ မြေ၊ လေ၊ မီး ဓါတ်ကြီး(၄)ပါး (ရုပ်တရား)တို့၏ စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲမှု (ဝါ) ရထရေအနုမြူ အနုမြူ ပရမာအနုမြူစသည့် ရုပ်တရား၏ အသေးငယ်ဆုံးသောအပိုင်းများမှစ၍ ဂြိုဟ်၊ နက္ခတ်၊ တာရာများအပါအဝင် သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံး အစဉ်မပြတ် အမြဲလှုပ်ရှားပြောင်းလဲနေမှုများသည်လည်း အပါအဝင်ဖြစ်၏။ ဤသို့ဆိုလျှင် ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာမြေကြီးနှင့်တကွ ကမ္ဘာပေါ်ရှိ သက်ရှိသက်မဲ့ အရာဝတ္ထုများအားလုံး ဖြစ်ပျက်ပြောင်းလဲမှုအစဉ်အတန်း၌ ပါဝင်နေကြသည်ဖြစ်ရာ အချိန်မရွေး ပျက်စီးကွယ်ပျောက်ခြင်း ခံရနိုင်ခြေရှိသည်ဆိုခြင်းကို မည်သူမျှ မငြင်းဆိုနိုင်ပေ။ ဤသို့ဖြစ်လျှင် အဘယ်ကြောင့်များ ကျွန်ုပ်တို့နေထိုင်ရာ ဤကမ္ဘာမြေတွင် လူအချင်းချင်း ညှင်းပန်းနှိပ်စက် အနိုင်အထက်ပြုကျင့်မှုများ ရှိနေပါသနည်း။ အဖြေမှာ အလွန်ရှင်းနေပါ၏။ ၎င်းတို့သည် "ငါသည် အချိန်မရွေး၊ လူ့ဘဝမှ သေဆုံးပျောက်ကွယ်သွားနိုင်သည်"ဆိုခြင်းကို တစ်စိုးတစ်စိ နည်းနည်းမျှ မရိပ်မိအောင် ၎င်း၏စိတ်၌ အမြဲတမ်းဖုံးအုပ် ကာကွယ်ထားသည့် အဝိဇ္ဇာနှင့် တဏှာ၊ မာန၊ ဒိဋ္ဌိ သို့ဖြစ်ရာ ဤ(၃)ပါးကို ဘုရားကဲ့သို့ ကိုးကွယ်နေကြခြင်းကြောင့်ပင် မဟုတ်ပါလား?။ ဘာသာပြန်သူ]*

သတ္တဝါတိုင်းသည် မိမိရောက်ရှိနေသည့် အသက်အရွယ်အထိ မရေမတွက်နိုင်သည့် အဖန်ဖန် မွေးသေမှုများရရှိနေမှု(စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲမှု)သည် အစိုင်အခဲကြီးမား လာသော"ကာမ"ကြောင့် ဖြစ်ရသည်။ ၎င်းကို "ကာမ္မသင်္ခါရ"ဟူ၍လည်းခေါ်သည်။ ပုဂ္ဂိုလ် သတ္တဝါတစ်ဦးသည် "ကာမ္မ-သင်္ခါရ"မှ ကျွတ်လွတ်ရန် မည်မျှခက်ခဲသည်ကို စဉ်းစားကြည့် နိုင်ပါသည်။

ဥာဏ... သို့ရာတွင် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် မိမိဘဝ၏ ဒုက္ခ၊ ဒေါမနဿ၊ စိတ်၊ စေတ... တို့ ဖြစ်ရသည့်အကြောင်းအရင်းကို စိစစ်ရှာဖွေပြီးနောက် အကျိုးရှိစွာ ဆက်ဆံနိုင်ပေ...သည်။ "အဉာဏ"ဟုခေါ်သော "အမှန်မသိမှု"အား ဆင်းရဲဒုက္ခဝဋ်ဘဝအတွင်း သက်ဆင်းလာ...ရခြင်း၏ အကြောင်းအရင်းမှန်ကို သိမြင်တွေ့ရှိလာသူသည် ၎င်း၏ဝဋ်ဒုက္ခကို ချုပ်ငြိမ်းရပ်သိမ်းစေရန် "ဉာဏ"ဟူသော "အမှန်သိမှု"ဖြင့် "အဉာဏ" ခေါ် "မသိမှု"ကို

ဖယ်ရှားပစ်ရမည်။ မဆုံးနိုင်သော လည်ပတ်မှုသံသရာတွင် အဖန်ဖန်အထပ်ထပ် မွေးဖွားခြင်းကို ဆုံးခန်းတိုင်သို့ ရောက်ရှိစေရေးအတွက် အချို့သောပုဂ္ဂိုလ်များသည် ဝေဒအယူဝါဒ၏ ဘာသာရေး ပွဲလမ်းသဘင် ဆင်ယင်ကျင်းပရေး အစဉ်အလာများအရ "နိစ်ကမ္မကာမ" ပြုလုပ်ကြသည်။ ရာမနုအယူဝါဒသည် "ကာမ၊ ဉာဏ၊ သမုဒယ"သဘောတရားဖြင့် ရှေ့ဆောင်လမ်းပြပြုလုပ်ကြသည်။ အချို့သောပုဂ္ဂိုလ်များကမူ အဆုံးမရှိသော အဖန်ဖန်အထပ်ထပ် ဇာတိပဋိသန္ဓေတည် မွေးဖွားခြင်းကွင်းဆက်အား ဆုံးခန်းတိုင်ရောက်ရှိရေးအတွက် နည်းလမ်း(၃)ခုအနက်မှ တစ်ခုကိုသာ ပို၍လိုလားပြုလုပ်ကြသည်။ ၎င်းနည်းလမ်း(၃)ခုဆိုသည်မှာ "ဉာဏမဂ္ဂ" ခေါ် ဉာဏ်လမ်းမှ ဉာဏ်စခန်းသို့လျှောက်လှမ်းခြင်း။ "ကာမမဂ္ဂ" ခေါ် အဝိဇ္ဇာ မသိမှုလမ်းပေါ်မှ သိမှုစခန်းသို့ လျှောက်လှမ်းခြင်းနှင့် "ဘာခ်တိမဂ္ဂ"(Bhakti-Margga) ခေါ် ကျွံကြိုးအားထုတ်မှု လမ်းပေါ် လျှောက်လှမ်းခြင်းတို့ဖြစ်သည်။ "အဝိဇ္ဇာဝါဒသမား" (Avaitism)က "ဉာဏမဂ္ဂ" (Jnana Margga)ကိုထောက်ခံ၍ သူတော်စင်များနှင့် အရှိန်ဩဇာ လွှမ်းမိုးခြင်းအောက်မှ လွတ်ကင်းရာကို ရှာသူများအနေဖြင့် ကျင့်ကြံပွားများကြောင်း အယူအဆလမ်းပေါ်မှ လျှောက်လှမ်းခြင်း ခေါ် "ဘာခ်တိ–မဂ္ဂ" ကို ရှေ့ဆောင်မှုပြုကြသည်။ B.G.Tilaka မှာ "ကာမ" ခေါ် မသိမှုလမ်းကိုသာ ထင်ပေါ်ကျော်ကြား လူသိများခဲ့သည်။

မုတ္တိ–ဤဝေါဟာရစကား၏အဓိပ္ပါယ်မှာ အဖန်ဖန်အထပ်ထပ် ဇာတိပဋိသန္ဓေယူ မွေးဖွားခြင်းမှ ကျွတ်လွတ်ခြင်းဖြစ်သည်။ ထိုသဘောတရားအား ယုံကြည်သည့်ခံယူချက်မှာ သံသရာဝဋ် ကျော့ကွင်းညွှတ်မှလွတ်မြောက်ရန် မုချသေချာသည့်သဘောနှင့် မသေချာ မရေရာသည့်သဘောဖြစ်သည်။ "ကာမ"၏ ကျေးကျွန်သဖွယ် အခိုင်းစေခံနေရသည့် အဓိက အကြောင်းတရားမှာ "အဟံကာရ" ခေါ် သက္ကာယဒိဋ္ဌိအစွဲဖြစ်သည်။ ထိုအကြောင်းကြောင့် "မုတ္တိ"ခေါ် လွတ်မြောက်ခြင်းဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အတ္တစွဲပျောက်ကွယ်ရေးမှာ သတ္တဝါအားလုံးအပေါ် တစ်ပြေးညီ မေတ္တာထားရှိခြင်းဟူသော ဗြဟ္မဏဝါဒ၏ စရိုက်လက္ခဏာ ဖြစ်သည်။ ဤအယူဝါဒကို "လျဝါဒ"(Layavada)'ဟူ၍လည်း သိရှိနားလည်ထားကြသည်။ ၎င်းသဘောတရားကို "ရှန်ကာရ"ဝါဒက ရှေ့ဆောင်သင်ကြားပြသခဲ့သည်။ "ဗိုင်ကွန်သာ" (Baikuntha)ခေါ် ကောင်းကင်ဘုံ၌ "အစ်ရှ်ဗာရာ"(Ishavara)နှင့် အတူတကွပျော်စံရာနေရာ

ဌာနအား အပြီးအပိုင်ပေါင်းစည်းမှုနှင့် ဆန့်ကျင်လျက် "မုတ္တိ" ခေါ် လွတ်မြောက်ခြင်းဖြင့် သိရှိနားလည်နိုင်သည်။ မိမိ၏ကိုယ်တော့်နတ်(Personal God)က တိုက်တွန်းနှိုးဆော် လမ်းပြမှုရှိသည်ဟု စွဲလမ်းယုံကြည်သူများအားလုံးက လက်ခံကြမည်ဖြစ်သည်။

## အစဉ်ထာဝရတည်တံ့ခိုင်မြဲစွာ ရှိနေသည့်ဝိညာဉ်

## The Immortality of Soul

ရှေးရိုးအစဉ်အလာကို စွဲမြဲစွာယုံကြည်သည့် ဟိန္ဒူဘာသာသည် အစဉ်ထာဝရတည်တံ့ခိုင်မြဲသည့် ဝိညာဉ်ရှိသည်ဟူသော အယူအဆကိုလက်ခံသည်။ ဇီဝ(jiva) ခေါ် အသက်ဝိညာဉ်တစ်ခုသည် ဗြဟ္မာကြီးနှင့် အတူတည်ရှိနေခြင်းကို အမှန်တကယ် သက်သေသာဓကပြနိုင်ကြောင်း "ရှန်ကာရ"က ဟောကြားခဲ့သည်။ (Jivobrahmaiva)။ ရာမနုဂျာ၏အဆိုအားဖြင့် ဇီဝ ခေါ် အသက်ဝိညာဉ်တစ်ခုသည် ဗြဟ္မာကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး သံသရာဝဋ်ကျော့ကွင်းညွှတ်က မကျွတ်လွတ်သူ၊ သို့မဟုတ် ပေးဆပ်ရန်ဝဋ်ကြွေး မကျေသေးသူမဟုတ်လျှင် ဗြဟ္မာကြီးနှင့်အတူ မပျက်စီး အဆုံးတိုင်ရှိနေသည်။ ဤအယူအဆသည်လည်း ကိုယ်တော့်နတ်၏ လမ်းပြနှိုးဆော်တိုက်တွန်းမှုရှိသည်ဟူ၍ လက်ခံယုံကြည်သူအားလုံး ဆက်လက်ထိန်းသိမ်းလိုက်နာဆောင်ရွက်နေကြသည့် အယူဝါဒတစ်ရပ်ဖြစ်သည်။

ဤနေရာတွင် အသက်ဝိညာဉ်ကို စိတ်(သို့) နာမ်တရားဟူ၍ ပြောနိုင်သည့်အပြင် ၎င်းအသက်ဝိညာဉ်သည် လူတစ်ယောက်၏ ကိုယ်ခန္ဓာအတွင်းသို့ လွတ်လပ်စွာဝင်ရောက်ဖြစ်ပေါ်စေနိုင်သည်။ လူအများသိရှိ နားလည်ထားသည့် Gita ဂီတ(၂.၂၀.၂၅)ကဗျာတွင် အသက်ဝိညာဉ် (ခေါ်) နာမ်တရားသည် မွေးဖွားခြင်းလည်းမရှိ၊ သေဆုံးခြင်းလည်း မရှိ ထာဝရအမြဲတည်တံ့နေပြီးလျှင် လူ့ကိုယ်ခန္ဓာ သေဆုံးပျက်စီးသော်လည်း ၎င်း၏ဝိညာဉ်မှာ သေဆုံးပျောက်ကွယ်ခြင်း မရှိဟူ၍ ဖော်ပြပါရှိသည်။ အသက်ဝိညာဉ် (ဝါ) နာမ်တရား၏ ရှင်းလင်းလွယ်ကူစွာ ပုံစံအမျိုးမျိုးဖြင့် ပြောင်းလဲနေခြင်းကို လူတစ်ဦး၏ ၎င်းဝတ်ဆင်ထားသော ဟောင်းနွမ်း သည့်အဝတ်ကို ချွတ်ပစ်စွန့်လွှတ်၍ အဝတ်အစားအသစ်ကို ဝတ်ဆင်သွားသကဲ့သို့ လူက ပြောင်းလဲမှုရှိသော်လည်း ဝိညာဉ်သည် ပြောင်းလဲမှုမရှိပဲ နဂိုမူလအတိုင်းပင်ရှိသည်။

ဤကဲ့သို့ ဟိန္ဒူဘာသာ၏ ပေါ်လွင်ထင်ရှားသည့်အမြင်သည် ဂရိခ်လူမျိုး၏ဝိညာဉ်ဝါဒနှင့်တူညီပြီး တမန်တော်ကိုးကွယ်သည့် ဘာသာများနှင့် ကွဲပြားခြားနားသည်။

ဟိန္ဒူဘာသာသည် ဤမျက်မြင်တွေ့ရှိနေရသော ကမ္ဘာလောကကြီးထက် ပို၍နားလည်ရန်ခက်ခဲသော သဘာဝတရားကို ကျော်လွန်သည့်အယူအဆအား ခိုင်မြဲစွာလက်ခံယုံကြည်သည်။ သို့သော်လည်း "အက်ရှ်ရာမဓမ္မ"(Ashrama Dharmas)ကို ပို၍ခိုင်မြဲစွာလက်ခံထားခြင်းအားဖြင့် ဃာရာဝါသ၊ သမ္ဘာရဟု ကိစ္စများမြှောင် လူ့ဘောင်လောက လူ့ဘဝ၏တာဝန်ဝတ္တရားသည် စိတ်အစဉ်၌ မထင်မမြင်တော့ပေ။ သို့သော် ဟိန္ဒူဘာသာသည် ရှေ့သို့တက်လှမ်းသာသနာပြုလုပ်ငန်း အောင်မြင်ရေးထက် ယင်းဘာသာအား ပျောက်ပျက်မသွားစေရန် ထိန်းသိမ်းရေးဟူသော ခံယူချက်ကို လက်ခံယုံကြည်သည်ဆိုခြင်းကို ဝန်ခံရမည်ဖြစ်သည်။

ရှေ့ဆက်၍တင်ပြလိုသည်မှာ ဟိန္ဒူဘာသာယုံကြည်ကိုးကွယ်မှုအရ ခေတ်ကြီးလေးခေတ် ပြောင်းလဲပုံအကြောင်းနှင့် ၎င်းခေတ်ကြီးတစ်ခုအတွင်း၌ မွေးဖွားလျက် လူ့ဘဝတွင်အသက်ရှင်နေထိုင်ကြသူများ၏ ဘာသာယုံကြည်ကိုးကွယ်မှုများသည် တဖြည်းဖြည်းနှင့်လျော့နည်းလာပုံတို့ဖြစ်ပါသည်။ ခေတ်ကြီးလေးခေတ်(four Yogas)မှာ Satya Yuga, Treta Yuga, Dvapara Yuga နှင့် Kali Yuga ဟူ၍ဖြစ်ပြီး ၎င်းခေတ်ကြီးများအား မဟာဗြဟ္မာကြီးက ဖန်ဆင်းပေါ်ပေါက်ခဲ့သည့်အချိန်မှစ၍ ပြောင်းလဲနေသည်ဟူ၍ဖြစ်ပါသည်။ Satya Yuga ခေတ်သည် အမှန်တရားကို အလေးထား၍ ယုံကြည်ကိုးကွယ်မှုပြုသောခေတ်ဖြစ်၍ Treta Yuga ခေတ်သို့ရောက်လာသောအခါ လူ့ဘောင်လူ့လောက၏ ဘာသာယုံကြည်ကိုးကွယ်ဆည်းကပ်မှုတွင် အမှန်တရားတစ်ဝက်နှင့် မမှန်မကန်ကိုးကွယ်မှုတစ်ဝက်စီ ရောပြွန်းသည့်ခေတ်ဖြစ်သည်။ Dvapara Yuga ခေတ်သို့ရောက်လာသောအခါတွင်မူ အဓမ္မ(Adharma) ခေါ် မဟုတ်မတရားမှုများသည် စစ်မှန်သောဘာသာယုံကြည်ကိုးကွယ်မှုအား လွှမ်းမိုးဖုံးအုပ်လာခဲ့သည်။ (Kali Yuga) ခေတ်သို့ရောက်ရှိလာသောအခါ၌မူ မည်သည့်အမှန်တရားမျှမရှိတော့ပဲ အဓမ္မ(adharma) သက်သက်မျှသာ လွှမ်းမိုးသွားလိမ့်မည်။ ထို့ကြောင့် ခေတ်လေးခေတ်လွန်ခဲ့ပြီးသော ရှေးအတိတ် ကာလယုံကြည်ကိုးကွယ်မှုသည် တဖြည်းဖြည်းနှင့် မသန့်ရှင်းမှု မမှန်ကန်မှုများဘက်သို့ ဦးတည်ဆိုက်ရောက်သွားပြီး စစ်မှန်သန့်ရှင်းသည့်ယုံကြည်မှု ပျောက်ကွယ်သွားမည်

ဖြစ်သည်။ ထို့ကြောင့် ဟိန္ဒူဘာသာသည် ယုံကြည်ကိုးကွယ်မှု လုံးဝပျောက်ကွယ်သွားခြင်း မရှိစေရန် ထိန်းသိမ်းစောင့်ရှောက်နေခြင်းဖြစ်သည်။

တမန်တော်ယုံကြည်ကိုးကွယ်မှုဖြစ်သည့် ဘာသာများကမူ ကမ္ဘာလောကသည် ထာဝရဘုရားသခင်၏ဖန်ဆင်းမှုဖြင့် ရုတ်တရက်ချက်ခြင်းဖြစ်ပေါ်လာပြီး တရားစီရင်စစ်ဆေးသည့်နေ့တွင် ဆုံးခန်းတိုင်သို့ ရောက်ရှိသွားလိမ့်မည်ဟူ၍ ယုံကြည်ကြသည်။ အဆိုပါ ဘာသာယုံကြည်ကိုးကွယ်မှုများသည် လူသားအား ထာဝရဘုရားသခင်၏ ဦးဆောင်လမ်းပြမှုကြောင့် ကမ္ဘာလောကသည် ကြီးပွားတိုးတက်လာခဲ့ရသည်ဟူ၍လည်း လက်ခံယူဆထားကြသည်။

**ဇာတ်ခွဲခြားသည့်စနစ်(Caste)**-ယနေ့ခေတ်ကာလ၌ ဟိန္ဒူဘာသာအတွင်း ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားမှုစနစ်သည် လူမှုရေးနယ်ပယ်အတွင်း အလွန်အလွန်ရှုပ်ထွေးသည့် ပြဿနာရပ်ဖြစ်သည်။ သို့ရာတွင် ဟိန္ဒူဘာသာက ပါစီဘာသာ(Persiiam)တွင် လူတန်းစားလေးမျိုးလေးစား ကွဲပြားသည်ဟူသောအချက်ကိုမူ အနည်းငယ်သံသယဖြစ်စရာရှိသည်။ မည်သို့ပင်ဖြစ်စေကာမူ ဇာတ်အားဖြင့်မြင့်မြတ်သည်ဟူ၍ လက်ခံယုံကြည်ထားသူများဖြစ်သည့် ဗြာဟ္မဏ(Brahmins)နှင့် ခတ္တိယ(Kshatriyas)၊ ဝဿ(Vaishyas)လူမျိုးများက သုဒ္ဒရ(Shudras)လူမျိုးနွယ်ဝင်တို့အား လူမှုရေးအရနိမ့်ချလျက် ဘုံကျွန်များဟူ၍ ယူဆနေကြသည် ဟိန္ဒူဘာသာဝေဒကျမ်း(Rgveda)၏ ၁၀း၉၀ တွင်လည်းကောင်း၊ ဆန္ဒတာဗြဟ္မဏကျမ်း(Taittiriya Brahman) ၁.၂.၆.ရ၊ ၃.၂၊ ၃.၉ စသည့် မနုစာရီကျမ်း(Manu Smrti) က သုဒ္ဒရလူမျိုးသည် အထက်၌ဖော်ပြခဲ့သည့် ဇာတ်မြင့်လူ့အဖွဲ့အစည်းများအတွက် အမှုထမ်းဆောင်ပေးရမည့်သူဖြစ်ကြောင်း အကြိမ်ကြိမ်အခါခါ ရေးသားဖော်ပြခြင်းအားဖြင့် ဘုံကျွန်အဖြစ် ဘိဆိပ်ခပ်နှိပ်ထားခဲ့သည်။

ဂန္ဒီကြီး(Grandhiji) ကလည်း ဇာတ်ခွဲခြားသည့်စနစ်ကို လက်ခံယုံကြည်ခဲ့သေးသည်။ ၎င်း၏အယူအဆမှာ သုဒ္ဒရလူမျိုးများသည် သခင်များက သားများသို့ အဆင့်ဆင့်အားဖြင့် ၎င်းတို့၏အတွေ့အကြုံအရ ဝန်ဆောင်မှုပေးနိုင်သည့် ပြည့်ဝသောစွမ်းအားကို လက်ခံသည့်အတွက်ဖြစ်သည်။ ဤသို့အားဖြင့် မွေးရာပါအခွင့်အရေးအဖြစ် သဘောထားသည့် ဇာတ်ခွဲခြားမှုဆိုင်ရာအယူအဆသည် ယင်းသုဒ္ဒရလူမျိုးတို့၏ အသက်မွေးဝမ်းကြောင်းပညာဖြစ်လာခဲ့သည်။

သို့ရာတွင် ၁၉၄၅ ခုနှစ် ဧပြီလအတွင်း၌ ဂန္ဒီကြီးသည် စိတ်မချမ်းမသာခံစားရပြီးနောက် နေရာဒေသအနှံ့အပြားတွင် စိတ်မကောင်းစွာ တွေ့မြင်နေရသော ဇာတ်ခွဲခြားမှုစနစ်ကို ပယ်ဖျက်ရန် ရှေ့ဆောင်ရှေ့ရွက် အားကြိုးမာန်တက် ဆောင်ရွက်ပေးခဲ့သည်။

အမှန်စင်စစ်အားဖြင့် ဆနာတနီဟိန္ဒူမဟုတ်သူများ(non-Sanatani Hindus)ကမူ ယင်းဇာတ်ခွဲခြားမှုစနစ်ကို လက်မခံကြပေ။ အဆိုပါဇာတ်ခွဲခြားမှုစနစ်အား လက်မခံသည့်ဟိန္ဒူများမှာ ဆန်တာ(Sants) နာသပ်စ်(Nathas) ကဘီးရ်(Kabirs) နှင့် ဆစ်ခ်(Sikh) လူမျိုးတို့ ဖြစ်သည်။ အရိယာဆမတ်(Arya Smaj)၊ ဗြဟ္မာဆမတ်(Brahma Samaj) နှင့် ရာမာ ခရစ်ရှုနာအက်ရှ်ရာမိုက်(Rama Krishna Ashramite)များမှာ ရှေးရိုးစွဲအယူအဆ သင်ပြပေးသည့် နေရာဌာနများစွာတို့မှ သက်ဆင်းသူများဖြစ်၍ အများကြည်ညိုလေးစားခြင်း ခံရသူများဟူ၍ ဂုဏ်သတင်းရှိသူများဖြစ်၏။

ဟိန္ဒူဘာသာ ယုံကြည်ကိုးကွယ်မှုတွင် အလွန့်အလွန်အရေးပါသည့်အခန်းကဏ္ဍမှ ပေါ်လွင်ထင်ရှားသည့် လူပုဂ္ဂိုလ်များစာရင်း၌ ဇာတ်မြင့်လူတန်းစားများထဲမှ တစ်စုံတစ်ယောက်မျှ ပါဝင်ခြင်းမရှိပေဟူသောအချက်သည် သတိပြုဖွယ်ရာကောင်းသောအချက်ဖြစ်သည်။ ဝိဒူရ (Vidura)သည် သုဒ္ဒရမျိုးနွယ်စုဝင် ပြည့်တန်ဆာမတစ်ဦးမှ မွေးဖွားသူဖြစ်သည်။ ဝါစိတ္တရ(Vasistha)သည် သုဒ္ဒရမျိုးနွယ်စုဝင် တံငါသည်မတစ်ဦးမှ မွေးဖွားခဲ့သူဖြစ်သည်။ ထို့ပြင် သူတော်စင် ရှင်ရသေ့ စကြာကမ္မဂျာဘလာ(Satyakama Jabala)သည်လည်း သုဒ္ဒရမျိုးနွယ် စုဝင် ချန္ဒလာ(Chandala) အမည်ရှိသောအမျိုးသမီးက မွေးဖွားခဲ့သူဖြစ်သည်။

**ဝါဏာရှရာမဓမ္မ(Varnashrama Dharma)**- ဝေဒလူမျိုး(Vedic People)သည် မျိုးရိုးစဉ်ဆက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် မိသားစုအတွင်းမှ သက်ကြီးရွယ်အိုတို့အား ပူဇော်ဝတ်ပြုသည့် အစဉ်အလာရှိသည်။ အကယ်၍ မိသားစုတွင် သားယောကျ်ား မမွေးဖွားပါက ယင်းအစဉ်အလာရပ်ဆိုင်းသွားသည်။ ထို့ကြောင့် ဝေဒဘာသာဝင်များသည် ရှေးယခင်အင်ဒိုအာရိယန်လူမျိုးများနှင့် အီရန်လူမျိုးများတို့ အတူတကွရောနှော နေထိုင်စဉ်မှစ၍ အိမ်ယာတည်ထောင်လူတို့ဘောင်မှာ အိမ်ထောင်ဦးစီးဘဝဖြင့် နေထိုင်ရသည့် အစဉ်အလာရှိခဲ့ပါ၏။ သို့ဖြစ်ရာ ယင်းအစဉ်အလာကို မပျက်ယွင်းစေရန်အလို့ငှာ လောက

လူ့ဘောင်၏ပူလောင်ရှုပ်ထွေးသည့် ဝဋ်အတွင်းမှလွတ်ကင်းရာအမှန် နည်းလမ်းကို ရှာကြံရာ၌ လွတ်မြောက်ခြင်း(Mukti)၏ အကြောင်းတရားသည် သိရှိနားလည်ခြင်း(Jnana) (ဝါ) ဉာဏဟူသော သဘောတရားကို လက်ခံယုံကြည်သော်လည်း အိမ်ယာတည်ထောင်ခြင်းဖြင့် နေထိုင်မှုကို မစွန့်လွှတ်ပေ။ ဤနည်းအားဖြင့် လူ့ဘောင်ကို စွာရှောင်လျက် ရဟန်းဝတ်ခြင်း (Sannyasa or Renunciation)ဟူသော သဘောတရားအတွင်း ရှုပ်ထွေးစေသဖြင့် ဗြဟ္မစရိယ အကျင့်(Brahma-Charya) ဂဲရာဝါသအကျင့်(Grhastha) ဝါဏပရာသ(Vanaprastha) နှင့် ရဟန်းပြုခြင်း(Sannyasa) ကျင့်စဉ်လေးရပ်ကို ချမှတ်ကျင့်သုံးလာခဲ့ကြသည်။ အိမ်ယာ တည်ထောင်လူ့ဘောင်လောက အိမ်ထောင်သည်ဘဝဖြင့် လူ့လောက၏တာဝန်ဝတ္တရားများ ကျေပွန်စွာဆောင်ရွက်ပြီးနောက် ဘဝကို ရဟန်းဘဝဖြင့် အဆုံးသတ်ရသောအစဉ်အလာသည် ဗြဟ္မဏအယူအဆဝါဒဖြစ်သည်။

ဤနည်းအားဖြင့် သင်ကြားပြောပြချက်များသည် ဟိန္ဒူဘာသာအတွင်း အမျိုးလေးပါး မည်သည့်ဇာတ်ဟူ၍ မခွဲခြားပဲ လူ့ဘဝ၏အဆင့်ဆင့်အား ဖြတ်သန်းရမည့်သဘောတရားဖြစ်သည်။ ဤနေရာတွင် ဂီတာကျမ်း(XVIII:40-48) က အလေးအနက်ထား၍ ဟောကြားထား၏။

''မိမိ၏အမျိုးအနွယ် ဇာတ်ခွဲခြားခြင်းအစဉ်အလာကို မထိန်းသိမ်းမစောင့်ရှောက်ပဲ နေထိုင်ခြင်းထက် ကွဲပြားသော အခြားဇာတ်မျိုးနွယ်က ၎င်း၏လူမှုရေးတာဝန်ကို တိကျမှန်ကန် ကျေပွန်စွာထမ်းဆောင်လျှင် ၎င်းက ပို၍မြတ်၏။'' (ဂီတာကျမ်း-၁၈း၄၇)

## ဝါဏရှရာဓမ္မ(Varnashrma Dharmas)၏

## လူ့ဘောင်လူ့လောက လူနေမှုဘဝအသင်းအဖွဲ့များသို့ မှာကြားသည့်ဩဝါဒ

ကမ္မဝါဒနှင့် ပုထုဇဉ်လောက(ကံ၏အကျိုးတရား)(Karmavada and Purusakara) သည် ကမ္မနှင့် ကံ၏အကြောင်းတရားကို ဆက်စပ်ပေးသည်။ ယေဘုယျအားဖြင့် ကမ္မဝါဒသည် ရိုးရှင်းစွာဖြင့်ပင်လျှင် ''အသင်စိုက်ပျိုးသည့်သီးနှံကို အသင်သာလျှင်ရိတ်သိမ်းရမည်''ဟူ၍ ဟောကြားထားသည်။ လူသားများသည် မိမိကိုယ်တိုင် အတိတ်ဘဝများစွာက ပြုလုပ်ခဲ့သော အကြောင်းတရားအတိုင်း ယခုလက်ရှိဘဝ၌ အကျိုးတရားကို ရရှိခံစားနေရခြင်းဖြစ်သည်။

ဤသဘောတရားသည် ဇာတ်နိမ့်လူမျိုးနွယ်စုတို့၏ ဖိနှိပ်စိုးမိုးခံဘဝအား ပြေလည်အေးငြိမ်း သွားစေရန် ပြန်လည်ရင်ကြားစေ့ပေးသော လုပ်ဆောင်ချက်ဖြစ်သည်။ သို့ရာတွင် ထိုသဘော တရားနှင့် လုပ်ဆောင်ချက်များသည် ကံသာလျှင်အမိ ကံသာလျှင်အဖ သဘောဖြင့် အရာရာ တိုင်းကို ကံကသာလျှင် အဆုံးအဖြတ်ပေးသည်ဟူသော အယူအဆဖြစ်ပါသလား?။ မှန်ပါသည်၊ အချို့သော အဇီဝိက(Ajivikas)များက ယင်းသဘောတရားသည် လူ့လောကလူ့ဘဝတွင် အမှန်ရှိသော ပကတိအမှန်တရား(anti-nominalism)ဟူ၍ ယူဆကြပါသည်။ (*ဤအယူအဆ သဘောတရားသည် ဗုဒ္ဓဟောကြားခဲ့သည့် သမ္ဗသကတာသမ္မာဒိဋ္ဌိဟူသော သဘောတရားနှင့် လုံးဝမတူ ကွဲပြားခြားနားပါသည်။ ဘာသာပြန်သူ*) ဤသဘောတရား၏လိုရင်းအချက်မှာ ယခုပစ္စုပ္ပန်လူ့ဘဝ၌ တွေ့ကြုံရသော ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောအဖြစ်အပျက်များမှာ ယခင် အတိတ်ဘဝပေါင်းများစွာမှ မိမိပြုခဲ့ဖူးသော ကံကြွေးဝင့်ကြွေးတို့သည် တစ်ပေါင်းတည်း တစ်စည်းတည်းဖြစ်ပေါ်လျက် ဘယ်သူမပြုမိမိမှုအနေဖြင့် တန်ပြန်အကျိုးသက်ရောက်ခြင်းဖြစ်ပြီး မလွှဲမရှောင်သာ ရင်ဆိုင်ရမည်ဟူ၍ဆိုလိုသည်။

ရှင်တော်ဗိနမဟာဗီရ(Lord Maharvira)ကမူ မည်သို့ပင်ဖြစ်စေ ယခုပစ္စုပ္ပန်လူ့ဘဝ၌ တွေ့ကြုံနေရသည့် အဖြစ်အပျက် အကောင်းအဆိုးအားလုံးသည် အတိတ်ဘဝများစွာက ဝင့်ကြွေးကံကြွေးကို ပြန်လည်ပေးဆပ်ရခြင်းဖြစ်သည်ဟူသော အယူအဆမှာ မှားသည်ဟူ၍ ဆိုသည်။ အကယ်၍သာ အတိတ်ဘဝများစွာက ဝင့်ကြွေး ဝင့်ကြွေးများသည် ယခုဘဝတွင် ဖြစ်ထွန်းတိုးပွား များပြားလာစေကာမူ ၎င်း၏အကျိုးသက်ရောက်မှုနှင့် ယခုဘဝ၌ အသစ်အသစ် ပြန်လည်ပေါက်ဖွားလာခြင်းမရှိစေရန် ကာကွယ်ပေးနိုင်သည်ဟူ၍ဖြစ်သည်။ ထို့ကြောင့် ပုထုဇဉ်လောက လူ့ဘဝ(Purusakara) (ကံ၏အကျိုးတရားခံစားရသည် ဟူသောအယူအဆ) ရှိသည်ဟူသော အယူအဆဖြစ်ပေါ်လာရသည်။

ပုထုဇဉ်လောက လူ့ဘဝ၏သဘောမှာ ပစ္စုပ္ပန်လက်ရှိလူ့ဘဝရခိုက် အချိန်အတော အတွင်း၌ အနာဂတ်ဘဝများစွာတို့၌ ကောင်းရာသုဂတိဘုံဘဝရရှိရန်အတွက် ဘာခ်တီ(Bakti) ခေါ် အကျင့်မြတ်ဖြစ်စေရန်အလို့ငှာ အသစ်အသစ်ဖြစ်သည့်ကမ္မအမှု(Refresh Karma) များနှင့် ဉာဏ(Jnana)တို့ဖြင့် ကြိုးပမ်းအားထုတ်ပြုလုပ်ရမည်။

ကမ္မဝါဒ(Karmavada)သည်လည်း ပုထုဇဉ်လောကလူ့ဘဝသည် ပုခိုးနှစ်ဘက် အကြား ခေါင်းပေါက်မှုခြင်းတူသော်လည်း အခြေအနေခြင်းကွဲပြား ဘဝချင်းမတူသည့် ကွဲပြားခြားနားချက်ဖြစ်စေရခြင်းမှာ ဣသရေလ(Ishavara) ခေါ် ဖန်ဆင်းရှင်၏တာဝန် မဟုတ်ပဲ ပုထုဇဉ်လောက လူ့ဘဝ၌တာဝန်ရှိသည်ဟူ၍ဆိုသည်။ ထို့ကြောင့် ဤကမ္ဘာ လောကသည် မကောင်းမှုနှင့်ကောင်းမှုတို့ ရောထွေးယှက်တင်ဖြစ်ပေါ်နေရခြင်းမှာ တန်ခိုးရှင်၏ ဖန်တီးမှုကြောင့်ဟူသောအမြင်နှင့် ခြားနားချက်ဖြစ်သည်။

**ရုပ်ထုကိုးကွယ်မှု(Idolatry)** - အာရိယန်လူမျိုးများ(the Aryans)သည် ၎င်းတို့ကိုယ်တိုင်မှာ ရုပ်ပုံကားချပ်ကို ဆည်းကပ်ကိုးကွယ်သူများမဟုတ်ကြပေ။ သို့ရာတွင် ဒေသခံတိုင်းရင်းသားလူမျိုးများနှင့် ရောနှောပေါင်းစပ်နေထိုင်လာသည့်အချိန် ယနေ့ကာလ၌ ဟိန္ဒူများသည် မြင့်မြတ်သူပုဂ္ဂိုလ်များ၏ ရုပ်ပုံကားချပ်ဆည်းကပ်ကိုးကွယ်သူများဖြစ်လာကြသည်။ ထိုအရာသည် ရုပ်တုကိုးကွယ်မှု ဟုတ်ပါသလား။

ရုပ်ထုကိုးကွယ်ခြင်းအားဖြင့် ဘဝတစ်သက်တာ ခဏကြာမျှ ယုံကြည်ကိုးကွယ်ရာ သာသနာကို မဆုံးရှုံးကြာ ကိုးကွယ်ရာအဖြစ် ပြောင်းလဲပစ်ရန်အတွက် စိတ်ကူးကြံစည် ခြင်းဖြစ်သည်။ အချို့သော တစ်ခဏတာမျှအချိန်ကာလများတွင်မှအပ ရိုးရိုးကျင့် မြင့်မြင့်ကြံ စိတ်ရှည်သည်းခံမှုဖြင့် ချစ်ခင်လေးစား အမြတ်တနိုးတန်ဘိုးထားခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ ရုပ်ထုကိုးကွယ်ခြင်း၏အဓိပ္ပါယ်သည် ယင်းပုဂ္ဂိုလ်အပေါ် အာရုံညွတ်ရေးအတွက် ဦးတည်ချက်ဖြစ်သော်လည်း ပကတိမှန်ကန်သည့်အာရုံမှာ ဗြဟ္မာ(Braham)ဟူသော တကယ့် တန်ခိုးရှင်ဖြစ်သည်။

ဘုန်းတန်ခိုးအာဏာအရာတွင် အကန့်အသတ်မရှိသော ဗြဟ္မာ(Braham)အား ၎င်း၏ မိန့်ကြားသည့်ဝေဒတရားတော်များမှတဆင့် သိနားလည်နိုင်ခွင့်ရှိကြောင်းကို ဖော်ပြပါ ချဉ်းကပ်ပုံ နည်းလမ်းအရ ပြောဆိုနိုင်ကောင်းပြောဆိုနိုင်မည်ဖြစ်သည်။ ယေဘုယျသဘော ရှုမြင်သုံးသပ်သည့် ရှုဒေါင့်မှကြည့်လျှင် ရှန်ကာရအယူဝါဒ(Shankara)၌ ဣသရေလ(Ishvara)သည်ပင်လျှင် တကယ့်တကယ်အားဖြင့် အစစ်အမှန်ဟူ၍ မဆိုနိုင်ပေ။ သို့ဖြစ်သောကြောင့် ဟိန္ဒူဘာသာအဖို့ရာ၌ ရုပ်ပွားဆင်းတုတစ်ဆူသည် တရားထိုင်သောအချိန်တွင် အာရာမနိကဖြစ်ရေးအလို့ငှာ အာရုံကို

အထောက်အကူပြုခြင်း(alambana) သက်သက်မျှသာဖြစ်သည်။

**နိမ္မိတရုပ်ပွားဖြစ်ပေါ်လာမည်တူ၍ ယုံကြည်မှု(Avatarvada)-** အထူးသဖြင့် ရာမနှင့် ခရစ်ရှ်နာတို့ပုံရိပ်လွှာ(Form of Rama and Krishnba)တို့သည် ရုပ်ထုကိုးကွယ်မှုနှင့် နီးနီးကပ်ကပ် ဆက်စပ်လျက်ရှိသော နိမ္မိတရုပ်ပွား(Avatara)ဟူသော အယူဝါဒဖြစ်သည်။ ဤအယူအဆသည် ဟိန္ဒူဘာသာအဖို့ရာတွင် ထူးထူးဆန်းဆန်းဖြစ်စေကာမူ ခရစ်ယာန်များ လက်ခံယုံကြည်သော "ပြန်လည်မွမ်းမံထားသည့် ယုံကြည်ကိုးကွယ်မှု" (The Apostle's Creed) ဖြစ်သည်။

ထို့ပြင် "ဟိုရုပ်ပွားသည် ဒီရုပ်ပွားထက်မြင့်မြတ်သည်၊ သည်ဘုရားဝတ်ကျောင်း တော်သည် ဟိုဘုရားဝတ်ကျောင်းတော်ထက် မြင့်မြတ်သည်"ဟူသောအယူအဆ(Arcavatara) များလည်းရှိပေသည်။ ဤအယူအဆသည် "ရာမနုဇာဝါဒ"(Ramnuja) မှ ဆင်းသက်လာသည့် "ပဉ္စရတ္တရ"(Pancaratra) ချဲ့ထွင်ရေးသားချက်အစစ်အမှန်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ ဟိန္ဒူဘာသာ၌ အရေးအပါဆုံးသော အဘိဓမ္မာသဘော တရားမှာ "အဝိဇ္ဇာ"(Avaitism) ဖြစ်သည်။ ယင်းအဝိဇ္ဇာဝါဒ၏အလိုအရ "avataravada နှင့် arcavatara" တို့သည် အပြီးသတ်နိဂုံးကမ္ပတ် အဆုံးသတ်တရားသဘောဖြစ်ကြောင်းကို "အပ္ပယာဒစ်ဇစ်" (Appaya Dixit) က အောက်ပါအတိုင်း ရေးသားထားသည်-

> "အိုအရှင်သခင်. ကံသုံးပါးဖြင့် အကျွန်ုပ်ပြစ်မှားကျူးလွန်မိခဲ့သော အပြစ်အနာ အဆာအား ခွင့်လွှတ်ပေးသနားပါလော့၊ တရားအားထုတ်နိုင်ရန်အတွက် အမှန်စင်စစ် အားဖြင့် အရိပ်အရောင် ပုံဟန်နမိတ်ကင်းဆိပ်သော အမြင့်မြတ်ဆုံး(the Highest) ဖြစ်သူ အရှင်သခင်အား အကျွန်ုပ်က ပုံဟန်နမိတ်အရိပ်ပြုလျက် ဝတ်ပြုရာတွင် တန်ဆာဆင်သည့်ဝတ်ရုံနှင့် Stotras ပေါင်းစပ်မှု၏ လေးနက်သောအဓိပ္ပါယ်ကို ဖော်ဆောင်နိုင်စွမ်းမရှိသော အကျွန်ုပ်သည် အဓိပ္ပါယ်သိရှိရန် ကြိုးစားမိခဲ့ပါ၏။ နောက်ဆုံးမှာ အကျွန်ုပ်သည် နှိုင်းယှဉ်မရအောင် ဘုန်းတန်ခိုးကြီးမားလှသော အရှင်သခင်၏ အမှန်တကယ်ရှိမည့်နေရာများကို မှန်းဆတမ်းတ၍ ပူဇော်သမှု

ဝတ်ပြုပါ၏။"

ဟိန္ဒူဘာသာဝင်တစ်ဦးသည် ဤနည်းအားဖြင့် တန်ခိုးတော်ရှင် ထာဝရဘုရားသခင်အား ဝတ်ပြုဆည်းကပ်ကိုးကွယ်ခြင်းကို အားအင်ချိနဲ့ ယိမ်းယိုင်ခွေနွဲ့နေသည့်တိုင်အောင် မပျက်မကွက် လက်နှစ်ဖက်ကို မြှောက်ရန်ကြိုးစားပြီး လေးစားကြည်ညိုစွာဖြင့် ရှိခိုးကန်တော့ရမည်ဟူသော အသိအလိမ္မာ အပြည့်အဝထားရှိသည်။

## ထာဝရဘုရားသခင်ဟူသော အတွေးအခေါ်
## (The Notion of God)

ဝေဒဘာသာ(Rgvedic)သည် ရှေးဦးအစပထမကာလ၌ စကြဝဠာကြီးအား တန်ခိုးတော်အရှင် ထာဝရဘုရားသခင်များစွာတို့ စိုးမိုးအုပ်ချုပ်ခဲ့ကြသည်ဟူ၍ ယုံကြည်ကြပြီးလျှင် အမျိုးမျိုးအပြားပြားသောနတ်များကို ဓမ္မတေးမျိုးစုံတို့ဖြင့် ချီးကျူးပူဇော်ကြသည်။ ၎င်းတန်ခိုးရှင်များထဲမှ အချို့သောနတ်များသည် ၎င်းတို့၏စွမ်းအားကြီးမားကြောင်း ပြသသောအားဖြင့် သဘာဝတရားများဖြစ်ကြသည့် နေ၊ ကမ္ဘာမြေနှင့် လေစသည်တို့၏ ပူလောင်လှုပ်ရှားတွန်းကန်သောအားကို တွေ့မြင်နေရခြင်းဖြစ်သည်ဟူ၍ ယူဆသည်။ သို့ရာတွင် အဆိုပါတန်ခိုးရှင်များအနက်မှ ရှေးခေတ်ဟောင်းအချိန်ကာလ ဘုန်းတန်ခိုးအရာ၌ အမြင့်ဆုံးဆိုရမည့် ဝရုဏနတ်မင်း(Varuna)အား ချီးကျူးပူဇော်သည့်ဓမ္မတေးများ ရေးသားထားသည်ကို ကျွန်ုပ်တို့တွေ့ရှိရသည်။ (*ဝရုဏ ဟူသောအမည်နာမသည် ထေရဝါဒဗုဒ္ဓဘာသာ၏ ပါဠိစာပေများနှင့် ဇိုရိုအာဆရီးယာန်ဘာသာမှ အဟူရာမာဇဒါ(Ahura Mazda)နှင့် နှိုင်းယှဉ်ရေးသားချက်များကိုလည်း တွေ့ရှိရပါသည်။ ဘာသာပြန်သူ*) မည်သို့ပင်ဆိုစေကာမူ ဝရုဏနတ်ဘုရားသည် သီးသန့်သတ်မှတ်၍လည်း အဆင့်နိမ့်သောနတ်ဘုရားနေရာ၌ထား၍ ပူဇော်ခြင်းပြုကြသည်။ ကာလရွေ့လျော အချိန်ကြာမြင့်လာသောအခါ ဟိရန်ဂါဘ(Hirangyagarbha) ဝိဿကာမ (Visvakarma) နှင့် ပဇာပတိ (Prajapati)စသော နတ်မင်းကြီးများသည် တစ်ဆူတည်းသော တန်ခိုးကြီးထွားနတ်ကြီးများဖြစ်ကြောင်း ဟိန္ဒူလူမျိုးအများစုက တွေ့မြင်ကြရသည်။ မည်သို့ပင်ဖြစ်စေ အာရိယန်လူမျိုးတို့၏ ရှေ့သို့တက်လှမ်းခဲ့သည့်လမ်းကြောင်းမှာ တစ်ချိန်

တည်းတွင် စိတ်(၂)ခုမဖြစ်နိုင်(ဝါ)ဒွိစုံဖြစ်ပေါ်မှု မရှိနိုင်ဟူသော သဘောတရား(monoism) ဖြစ်သည်။ ယင်းအယူဝါဒ၏အဆိုမှာ အဆိုပါအမှန်တရား၏အတွင်းသဘော သရုပ်သဏ္ဌာန်အား အလေးအနက်ဖော်ပြခြင်းမရှိပဲ သဘောတရားတစ်ခုအတွင်း အမှန်တရားနှစ်ခုမရှိနိုင်ပေ (non-dual reality)ဟူ၍ဖြစ်သည်။ ပထမဦးဆုံးအနေဖြင့် နတ်များအား ချီးကျူးကော်ရော် ပူဇော်ရာ၌ စုံတွဲအလိုက်ပူဇော်မှုပြုကြသည်။ ဥပမာအားဖြင့် ဝရုဏနှင့်မိတ္တရ(e.g . Varuna - Mitra)၊ ဒျော့ရ–ပရိသိဗ္ဗိ(Dyava-Prilhivi)၊ ဝရုဏ–အဒိတိ(Varuna-Aditi) နှင့် အိန္ဒရ–ဝရုဏ(Indra-Varuna)စသည်ဖြင့် စုံတွဲအလိုက်ဖြစ်ကြသည်။ ထို့နောက် ဝိဿဒေဝ(Visve Devah)၏ စကားပြောစပ်မြင့်ဖြစ်လာခဲ့၏။ ဤဝတ်ပြုပူဇော်ပုံမှာ ယေဘုယျအားဖြင့် နတ်များအား စုပေါင်း၍ဝတ်ပြုခြင်းကို ရေးရှုသည်။

"တစ်ဆူတည်းသောနတ်ဘုရား တစ်ပါးတည်းသောဗြဟ္မာသခင်၊
ပညာရှင်အများက အမည်နာမအမျိုးမျိုးဖြင့်ပူဇော်ခြင်း၊
ထိုအရာကိုပင် အဂ္ဂနိ(Agni) မီးသခင်ဟူ၍ခေါ်တွင်သည်။ ထို့ပြင်တဝ ယာမ(Yama) ဟူ၍လည်းခေါ်ခြင်းတို့တွင်မက ၎င်းကိုပင် မက်ရှရိဗန်(Matrisvan) ဟူ၍ပူဇော်ခြင်း"၊
(RV.1.169-46)

တိကျသေချာစွာရည်ညွှန်း၍ ပူဇော်သည့်နေရာတွင် ဝေဒဘုန်းတော်ကြီးများသည် ညီတူညီမျှ တစ်ချိန်စီရွေးချယ်ပြီး နတ်တစ်ပါးပါးထံ ဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် ထိုအချိန် ကာလအဖို့ရာ၌ ရည်မှန်းဦးတည်ချက်ပြုသည့်နတ်သည် အကြီးမြတ်ဆုံးဟူ၍မှတ်ယူသည်။ ဤသို့ပူဇော်သမှုပြုခြင်းကို များစွာသောနတ်ဒေဝါအပေါင်းတွေထဲမှ ရည်ရွယ်သည့်နတ်တစ်ပါး ကိုသာ ရွေးချယ်ပူဇော်မှု(Henotheism)ဟူ၍ဆိုသည်။ ဤသို့ပူဇော်ပသခြင်းမျိုးကို ယင်းသို့ ပူဇော်ပသသည့်အချိန်၌ အဆိုပါနတ်အား အမြင့်မြတ်ဆုံးဟူ၍ သဘောထားသော်လည်း ကျန်ရှိသော အခြားအခြားသော နတ်များကိုလည်း တန်ခိုးဣဒ္ဓိပတ်အပေါ် နိမ့်ကျသည်ဟူ၍ သဘောမထားပေ။ ထိုအကြောင်းချင်းရာကို monolatry ဟူ၍ဆိုသည်။ (*ဗုဒ္ဓဘာသာအမည်ခံ ထားကြသော မြန်မာနိုင်ငံသားအချို့တို့သည် အလားတူ နတ်များပူဇော်ပသပွဲများပြုလုပ်ကြသည်။ ဥပမာ–ဦးမင်းကျော်နတ်ပွဲ၊ တောင်ပြုံးနတ်ပွဲ၊ ရတနာဂူနတ်ပွဲစသည်–ဘာသာပြန်သူ*)

**ထာဝရဘုရားသခင်မရှိဟူ၍ ယုံကြည်မှု(Astheistic Trend)**။ ဘီစီ ၆၀၀(B.C 600) ခန့်အချိန်ကာလများအတွင်း အံ့အားသင့်ဖွယ်ရာကောင်းသည့် ဘာသာရေးယုံကြည်ကိုးကွယ်မှုအတွင်း တိုးတက်လာမှုတစ်ရပ်မှာ ဇိနဘာသာ(Jainism)နှင့် ဗုဒ္ဓဘာသာ(Buddhism)များ ပွင့်ထွန်းပေါ်ပေါက်လာခဲ့သည်။ ပို၍ထူးဆန်းအံ့ဖွယ်ကောင်းသည့်အချက်မှာ အိန္ဒိယနိုင်ငံ၏ စောစီးစွာပေါ်ထွန်းခဲ့သောဒဿနသည် သုတ္တန်(Sutra)ပုံသဏ္ဍာန်အားဖြင့် ထာဝရဘုရားသခင်ဆိုသောအရာ မရှိပါဟူသော ဒဿနပညာဖြစ်သည်။ မိမံသ(Mimamsa)ဝါဒအရ စောစောကာလကပင် ပေါ်ထွန်းခဲ့သော ဝေဒစာပေ(Vedas)မှာလည်း ထာဝရဘုရားသခင်မရှိဟူ၍ လုံးဝယုံကြည်သောအယူအဆဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မန္တန်(ဝါ)မန္တရား(Mantras)များ၏ ဌာန်ကရိုဏ်းကျသော၊ သို့မဟုတ် ရွတ်ဆိုမှုမှန်ကန်သော အသုံးအနှုန်းဖြင့် လူသား၏ အဆုံးစွန် ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးအတွက် လိုအပ်သောကြောင့်ဖြစ်သည်။

ဝေဒအယူဝါဒ(the Vedanta)မှာ အနည်းငယ်ပိုမိုတိုးတက်လာခဲ့သည်ဆိုခြင်းကို ဖြစ်နိုင်ဖွယ်ရာအများဆုံးဟူ၍ ယူဆရသည်။ တစ်ဆူတည်းသော ထာဝရဘုရားသခင်ရှိသည်ဟူ၍ ယုံကြည်သော ညာယသုတ္တန်ဒေသနာ(Sutras of Nyaya (IV.I.19-21)သည်ပင်လျှင် ထာဝရဘုရားသခင်ဟူ၍ မရှိဟူသောကျမ်းစာများမှ ရေးသားချက်များအား အဓိပ္ပါယ်ပြန်ပြောင်းရေးသားမှုများ ဖြစ်နေရော့သလား?။ ဤကဲ့သို့ ထာဝရဘုရားသခင်မရှိဟူသော အယူအဆ၏ အကြောင်းအရင်းသည် မည်သည့်အရာဖြစ်မည်နည်း?။

တစ်ခုတည်းသောအကြောင်းပြချက်အဖြစ် ခန့်မှန်းကြည့်မိသည်။ အချိန်ကာလစောစောပိုင်းကပင်လျှင် ယောဂအကျင့်၏ကြီးပွားတိုးတက်မှုက အတ္တာဟိအတ္တနောနာထော မိမိကိုယ်သာ ကိုးကွယ်ရာအဖြစ် ပြုလုပ်ပေးခဲ့သည်။ သူ၏ ကိုယ်တိုင်ကြိုးစားအားထုတ်မှုမှာ သူ့အတွက် အမြင့်ဆုံးသောပန်းတိုင်သို့ ရောက်ရှိရေးအလို့ငှာ ဖြစ်နိုင်ဖွယ်ရာရှိသည်ဟူ၍ သူမျှော်လင့်သည်။ ဆာန္တရအယူဝါဒ(the tantra) အစပြုထွန်းကားလာသည့်အချိန်ကာလ(AD.900-1200) နှင့် နှစ်ပေါင်းများစွာကြာမြင့်လာပြီး နောက်ပိုင်းကာလအထိ ရှည်လျားသောငြင်းခုန်မှုများ ဖြစ်ပေါ်ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ လူသားသည် သဘာဝလွန်စွမ်းအားရှင်၏အကူအညီမပါပဲ မိမိ၏ဝီရိယစွမ်းအားတစ်မျိုးတည်းဖြင့် မအောင်မြင်နိုင်ကြောင်း တွေ့မြင်ခံစားသိရှိလာကြ

ရသည်။ ထို့ကြောင့် ယောဂအကျင့်သည် ဣသရေလ–ပရမ်နိဒ်န(Ishvara-pranidhana) ကဲ့သို့သော တန်ခိုးရှင်ထာဝရဘုရားသခင်၏ လျှို့ဝှက်စွာ တရားမဝင်သောနည်းလမ်းဖြင့် သိမ်းသွင်းခြင်းခံရသည်။ ဥပမာသာဓကအားဖြင့် လူတစ်ယောက်သည် ယောဂအကျင့်ကို အောင်မြင်စွာကျင့်ကြံလိုလျှင် မိမိကိုယ်မိမိ တန်ခိုးရှင်ထာဝရဘုရားသခင်ထံအပ်နှံရသည်။ (ပတန်ဂျာလီရေးသားသည့် ယောဂကျင့်စဉ်သုတ္တန်ဒေသနာ–၁း၂၃၊ ၂.၁၊ ၃၂ နှင့် ၂း၄၅)။ အမှန်စင်စစ်အားဖြင့် ဘုန်းတန်ခိုးရှင် ထာဝရဘုရားသခင်အား ဤကဲ့သို့သောကျင့်စဉ် တစ်မျိုးတည်းအတွက်သာလျှင် ဤနေရာတွင် ကမ္ဘာဌာန်းအာရုံအဖြစ် မမျှော်လင့်ဘဲရရှိနိုင်သည့် အကျိုးတရားများအားလုံးကို ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်ဟူ၍ ခံယူထားရမည်။ ဤအချက်တွင် ဖန်ဆင်းရှင်၊ သို့မဟုတ် ကမ္မ–ဖလ–ဒါတ(karma-phala-data) (အကျိုးရလဒ်များကိုပေးစွမ်းနိုင်သူ)အဖြစ်ကိုပင်လျှင် ဖော်ပြပြောဆိုခြင်းမရှိပါပေ။ (PP.50-52; classicacl Religious Philosophy of the Hindus, PP 42-45)။ သို့ရာတွင် ထိုစဉ်အချိန်က တစ်ဆူတည်းသောထာဝရဘုရားသခင်ရှိသည်ဟူသော အယူအဆရှိသူများ၏ တိုက်တွန်းမှုဖြစ်ကြောင့်ဖြစ်စေ၊ သို့မဟုတ် ယောဂကျင့်စဉ်၏ သမာဓိစွမ်းအင်ကြောင့်ဖြစ်စေ၊ ဟိန္ဒူဘာသာဝင်များ၏ နောက်ပိုင်းကာလဖြစ်ပေါ်လာသော အတွေးအခေါ်အယူ အဆအတွင်းသို့ ထာဝရဘုရားသခင်က ကြီးမားစွာသော သတိပေးနှိုးဆော်ချက် စတင်ဖြစ်ပေါ်စေခဲ့သည်။ ဘာခ်တီနှင့် နိစ္စကာမကမ္မ (bhakti and niskama karma) တည်းဟူသော ဓါတ်နှစ်ပါးသည် ဂီတကျမ်းစာ (Gita)အား အပြည့်အဝအားဖြင့် အရေးပါအရာရောက်စေခဲ့သည်။ ထို့ပြင် ဥပတ်နိစ်ရှ် (Upanishads)ကျမ်းစာအတွင်းသို့ ဝင်ရောက်သည်အထိဖြစ်လာသော ဗြဟ္မာဟူ၍ ခေါ်ဆိုရမည့် အမြင့်ဆုံးပကတိအရှိအမှန်တရားသည် သဘာဝတရားအပေါ် ရှုမြင်တတ်ခြင်းတည်းဟူသော ဆဂုဏ(Saguna)နှင့် သဘာဝတရားအပေါ် မရှုမြင်တတ်ခြင်း(ဝါ)သဘာဝတရားကို နားမလည်ခြင်းဟူသော နိဂုဏ(Niguna)တို့သည်ပင်လျှင် အသုံးဝင်လာပေသည်။ နိဂုဏ(Niguna)မျှော်မှန်းချက်အား ဖြတ်သန်းကျော်လွန်ပြီးဖြစ်သည့် အကျိုးအပြစ်များကို အထူးပြုဖော်ပြချက်များရှိသည်။ ဆိုလိုသည်မှာ (Mund 2.2.11; chh:u.III,14.1, kena IV;6;Mand.VII-12)တို့ဖြစ်သည်။ တစ်ဆူတည်းသော ထာဝရဘုရားသခင်သာရှိသည်ဟူ၍ ယုံကြည်သောအယူအဆ

(Theism)အား အထောက်အကူပြုရေး(သို့မဟုတ်) ဆဂုဏာဗြဟ္မာကြီးအား မျှော်မှန်းတမ်းတခြင်း ဟူသော ဖြတ်သန်းကျော်လွန်ခဲ့ပြီးသော အကျိုးအပြစ်အများအပြားကို အသိဉာဏ်ပါသော လိုအင်ဆန္ဒနှင့်အတူမျှော်လင့်လျက် ဗြဟ္မာကြီးသည် ဖန်ဆင်းပေးသူအဖြစ်ယူဆသည်။

> "သူပြုသည့်ကိစ္စ သူကိုယ်တိုင် သိနိုင်ပါစေ၊ "တန်ခိုးရှင်သိရှိသော အကြောင်းအရာများအား ငါမြင်နိုင်ပါ့မလား၊ ငါသည် ငါကိုယ်တိုင် ကြိုတင်သိမြင်နိုင်ပါရစေ၊ သူက အပူငွေ့ကို ထုတ်ပေးသည်၊ သူထုတ်ပေးသည့်အပူငွေ့ကို သူကိုယ်တိုင်သိပါစေ၊ တန်ခိုးရှင်သိရှိသောအကြောင်းအရာများအား ငါသိနိုင်ပါ့မလား၊ ငါသည် ငါကိုယ်တိုင် ကြိုတင်သိမြင်နိုင်ပါရစေသား"။

(Chh.u.VI:2:3:4; vide Taitt, 266, Ait.1.1.1)

ဤနည်းအားဖြင့် ရှန်ကာရအယူဝါဒ(Shankara)နှင့် ရာမနူဂျာ(Ramanuja) အယူဝါဒ နှစ်ခုလုံးက ဣဿရေလ(Ishvara)ရှိသည်ဟုဆိုခြင်းကို လက်ခံယုံကြည်ကြသည်။ ထာဝရဘုရားသခင် တစ်ပါးတည်းသာရှိသည်ဟူသော အယူအဆသည် ရှန်ကာရအယူဝါဒက ဗြဟ္မဟူသော အမှန်တရားသိမြင်နားလည်ခြင်းထက် ပို၍အရေးကြီးသည်။ တစ်ဆူတည်းသောထာဝရဘုရားအား ဝတ်ပြုဆုတောင်းမှုသည် အခြေခံအကျဆုံးကျင့်စဉ်ဖြစ်၍ ပိုမိုတန်ဘိုးထားပြီးလျှင် ဗြဟ္မာဟူသော အသိဉာဏ်ပညာဖြင့် အဆင့်မြင့်မြင့်ဝတ်ပြုပူဇော်ခြင်းမှာ အယူဝါဒနှစ်မျိုးလုံးအတွက် အရေးအကြီးဆုံးသော ဘာသာရေးတာဝန်ဖြစ်သည်။

> "ယုံကြည်စွဲလမ်းမှုဖြင့် ဆည်းကပ်ကိုးကွယ်ခြင်းနှင့် ထာဝရဘုရားသခင်အပေါ်တွင် တသမတ်တည်းထား၍ ဆင်းရဲပင်ပန်းစွာဖြင့် ဘာဝနာပွားခြင်းအားဖြင့် ဆန့်ကျင်လျက် ကျွန်ုပ်တို့လိုလားနှစ်သက်ပါ၏။ ဤသို့ပြုလုပ်အားထုတ်ခြင်းကို ရှရှိနှင့် သတိ(Shruii and smrti)တို့နှစ်ပါးက သဘောကျထောက်ခံကြပါ၏။"(Vendantasutra Bhasya-II;2.42)

ကာမဝဋ်မှ ကျွတ်လွတ်ရေးအတွက် (Leads karma-mukti) ဣဿရေလအား ဝတ်ပြုဆုတောင်းသည့်အကျင့်ကို ရှန်ကာရအယူဝါဒကလည်း ခွင့်ပြုသည်။(Liberation by successive steps vs.III.3.1, vs.1.1.11; vs.1.1.24.III2.21) သို့ရာတွင် ရှန်ကာရဣဿရေလ

ဝတ်ပြုဆုတောင်းမှုဖြင့် ဗြဟ္မဏသို့ဦးတည်ချက်သည် အစဉ်အမြဲရှိနေသည်ဟူ၍ မှတ်ယူနေရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဝတ်ပြုဆုတောင်းမှုပြုလုပ်ခြင်းသည် ပရဗတိဗြဟ္မာကြီးအပြင် အခြားသောပူဇော်ထိုက်သူအားလုံးအတွက် ပူဇော်ခြင်းဖြစ်၍ ယင်းပြုလုပ်မှုများသည် တန်ခိုးတော်ရှင် ဘုရားသခင်ထံဦးတည်ခြင်းကြောင့်ဖြစ်သည်။ ဆိုလိုသည်မှာ သပ္ပဘာဂပရဗတိ (svarga-prapti) ထံဦးတည်ခြင်းကို ဆိုလိုရင်းဖြစ်သည်။(vs.IV.3.14) တဖြည်းဖြည်းဖြင့် လွတ်မြောက်ခြင်းသို့(vs.111.2.21) ကမ္ဘာမြေတလွှား ကြီးပွားတိုးတက်ရေးနှင့် ဘုန်းတန်ခိုးရှိန်စော် အာနုဘော်(IV.1.12)နှင့် ချုပ်ချယ်မှုကင်းသည့် ငြိမ်သက်ခြင်းသို့ ဦးတည်ပါသည်။ (vs.111.2.21) ထိုမှတပါးလည်း ၎င်းတို့၏အယူဝါဒကိုယ်၌ကပင်လျှင် ဒွိစုံယုံကြည်မှုဖြင့် ဝတ်ပြုကြသည်။ သို့သော် ဗြဟ္မာအယူဝါဒမှာမူ ဒွိစုံယုံကြည်မှုမဟုတ်ပါချေ။ ထို့ကြောင့် ရှန်ကာရအယူဝါဒတစ်ခုတည်းသာလျှင် ဉာဏ(Jnana) ခေါ် အသိဉာဏ်က ဗြဟ္မာအားသိမြင်နိုင်သည်။

ရာမနုဂျာအယူဝါဒသည် ရှန်ကာရအယူဝါဒ၏ သဘာဝတရားအပေါ် သိနားလည်မှုမရှိခြင်းနှင့် ဒွိစုံယုံကြည်မှုမရှိသော ဗြဟ္မာ အယူဝါဒကျမ်းစာအုပ်များအား အပြင်းအထန်ဝေဖန်သည်။ ရာမနုဂျာအယူဝါဒ၏အလိုအရ ဗြဟ္မာသည် ပုဂ္ဂိုလ်ရေးဆိုင်ရာယုံကြည်ချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသိဉာဏ်နှင့်စိတ်ဆန္ဒသည် လူသားအား သဘာဝကပေးအပ်ထားသည့် အရာဖြစ်သောကြောင့်ဟူလို။

တန်ခိုးအရှင်ဗြဟ္မာသည် မိမိကိုယ်တိုင် စဉ်းစားဆင်ခြင်ပါလျှင်
''အကျွန်ုပ်သည် ဗြဟ္မာပေါင်းများစွာ ဖြစ်သောအရာ၊
မိမိကိုယ်မိမိကြိုတင်ဖန်ဆင်းနိုင်ခြင်းရှိပါစေ။'' (Chh;u.VI.2.3.4)

ထို့အပြင်လည်း ရှန်ကာရအယူဝါဒ၏ ယူဆချက်ကဲ့သို့ပင်လျှင် ကမ္ဘာတစ်ခုလုံးသည် တကယ့်အစစ်အမှန်ဖြစ်၍ ပုံဟန်သဏ္ဍာန်အရိပ်မျှသာမဟုတ်ပါချေ။ အရာခပ်သိမ်းသည် ဗြဟ္မာ ကိုယ်တိုင် ဖန်ဆင်းထားသောအရာများဖြစ်သည်။

''ပင့်ကူတစ်ကောင်သည် ၎င်း၏ပင့်ကူမျှင် ကွန်ယက်အတွင်းမှ ပေါ်ထွက်လာသကဲ့သို့ပင်၊ မီးပွားလေးများသည် မီးပုံကြီးမှ လွင့်စင်လာသကဲ့သို့ပင်လျှင် ကြီးမားသော

ခွန်အားများ၊ အားလုံးသော ကမ္ဘာလောကများ၊ အားလုံးသောနတ်များနှင့် အားလုံးသောသတ္တဝါများပင်လျှင် ဤဝိညာဉ်ကြီး(Soul) သို့မဟုတ် ဗြဟ္မာကြီး(Brahman) ဆင်းသက်လာခြင်းဖြစ်၏။" (Brdhadaryaka 3.1.20)

ဗြဟ္မာကြီး(Brahman)သည် ဣဿရေလ(Ishvara) အားလုံးပါဝင်ပြီး cit ခေါ် သက်ရှိသတ္တဝါများအားလုံးနှင့် acit ခေါ် သက်မဲ့ဝတ္ထုပစ္စည်းများဟုခေါ်ဆိုရမည့် ရုပ်လောကတစ်ခုလုံးသည် ဗြဟ္မာကြီးမှစ၍ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သို့ဖြစ်သောကြောင့် ဤဣဿရေလ(Ishvara)သည် ဤကမ္ဘာလောကကြီးနှင့်စပ်လျဉ်း၍လည်းကောင်း၊ အသက်ဝိညာဉ်(Jiva) သည် ဣဿရေလ၏ ကိုယ်ခန္ဓာအဖြစ်လည်းကောင်း ပြီးပြည့်စုံစွာ ဖန်ဆင်းထားသည့်အပြင် အသက်ဇီဝ(Jiva)သည် ဣဿရေလ(Ishvara)ကိုယ်ခန္ဓာပြီးလျှင် သူ(He)သည် ဤခန္ဓာတွင် တွယ်ကပ်နေသည့်ဝိညာဉ်(Indwelling Soul) ဖြစ်သည်။

ရာမနုဂျာ၏အဆိုအရ အဆိုပါဗြဟ္မာသည် ကိုယ်စောင့်နတ်ကဲ့သို့လည်း ဘဂဝါ(bhagavan)ဟူ၍ခေါ်ဆိုရမည်ဖြစ်သည်။ သူသည်(aisvarya) ခေါ် စွမ်းအင်(၆)ရပ် ဂုဏ်ဒြပ်ဟုဆိုထိုက်သော ခွန်အားပြည့်ဝခြင်း(strength) ဂုဏ်ထူးဝိသေသရှိခြင်း(glory) ခမ်းနားကြီးကျယ်မှု(splendour) ၊ ဉာဏ်ပညာ(wisdom)နှင့် ချစ်ခင်မြတ်နိုးမှုမထားခြင်း(Sribhasya 1.11)။ ထိုမျှသာမက နောက်အကြောင်းတစ်ခုမှာ သဘာဝတရားအပေါ် ဥပနိရှတ်စ် ရှုမြင်သည့်အချက်များ(Upanishadic attributes) ဖြစ်သည့် မိမိ၏အလင်းရောင်ခြည် (Self-Luminousness) ၊ အနန္ဒ(ananda) ခေါ် bliss ၊ အနန္တ(ananta) ၊ ဆတ္တယ(Satya) နှင့် အမ္ဗလတ်ဝ(amalatava) များအား ဗြဟ္မာတွင်တွေ့ရှိရသည်။ ဤမျှသာမဟုတ်သေး နောက်အကြောင်းမှာလည်း သူ့(His)ထံတွင် အဆုံးအပိုင်းအခြားမရှိသော ခမ်းနားကြီးကျယ်တင့်တယ်လှပသော အရည်အချင်းအထူးသဖြင့် သူ့(His)အားယုံကြည်ဆည်းကပ် ကိုးကွယ်သောသူများအတွက် အကျိုးကျေးဇူး(Saulabhya)ကို လွယ်ကူစွာခံစားစေရန်အတွက် ၎င်းအား အတိုင်းအဆပြောပြ၍ မရနိုင်လောက်သော ချစ်ခင်သနားသည့်မေတ္တာ(comparison or karuna)ကိုလည်း ဖော်ပြထားသည်။

သတ္တဝါတစ်ဦးတစ်ယောက်(a jiva)၏ သဘာဝတရားအပေါ် သိနားလည်မှုအတွက် ထာဝရဘုရားသခင်အား(on god) ဆရာတစ်ဆူနှင့် မှီခိုလဲလျောင်းရာအဖြစ် တည်ရှိနေရေးသည်

လိုအပ်သောအရာဖြစ်သည်။ သို့ဖြစ်ရာ ထာဝရဘုရားသခင်(god)ထံ ဘာခ်တီ(bhakti) ခေါ် လေးနက်စွဲလန်းစွာ ယုံကြည်ကိုးကွယ်ခြင်းအားဖြင့် ဆည်းကပ်နိုင်ပါသည်။ ဥပမာအားဖြင့် ဆီမီးခွက်တစ်ခု၏အလင်းရောင်သည် အဆက်မပြတ်ထွန်းလင်းနေစေရန်အတွက် အနှောင့်အယှက် ကင်းမဲ့သော ဆီစီးဆင်းနေခြင်းကဲ့သို့ တန်ခိုးရှင်ဘုရားသခင်(the Lord)အား ဖြည်းဖြည်းနှင့် မှန်မှန် အဆက်မပြတ်ဝတ်ပြုရန်လိုအပ်သည်။ (Sirbhasya 1.1.1)။ မည်သို့ဆိုစေကာမူ ရာမနုဂျာ အယူဝါဒအတွက် အဆိုပါ ဘာခ်တီ(bhakti)ကျင့်စဉ်၌ အသိပညာနှင့် ကာမ(Karma) လည်းပါရှိပေသည်။(Vedartha - Samgraha, padas 127, 129, 136)။ ရာမနုဂျာအယူဝါဒ၏ ဖြည်းဖြည်းမှန်မှန် အဆက်မပြတ်ဝတ်ပြုရန်(Steady rememberance) ဆိုသည်မှာ ဥပသန (Upasana) ခေါ် ဘာဝနာပွားခြင်းနှင့် အလားတူဖြစ်သည်။

ထပ်မံ၍ ပြန်လည်တင်ပြလိုသည်မှာ -

ဝိဒိယ(Vidya)ဟူသော စကားအသုံးအနှုန်း၏အဓိပ္ပါယ်မှာ ဘာခ်တီကျင့်စဉ်ကို ဖွံ့ဖြိုး တိုးတက်စေခြင်းဟူ၍ အဓိပ္ပါယ်ရသည်။ အလားတူကိစ္စရပ်များအားလုံးနှင့် အကျုံးဝင်သည့် စကားရပ်မှာ ဝေဒနာ(Vedana) ခေါ် အသိပညာ(knowledge)မှာ အများက ဘာဝနာပွားများ ခြင်း(dhyana)ကို သိစေခြင်းဖြစ်သည်။

မည်သို့ဆိုစေကာမူ တစ်ဆူတည်းသော ထာဝရဘုရားသခင်သာရှိသည်ဆိုသော အလွန့်လွန် လူသိများထင်ရှားကျော်ကြားသည့်အယူဝါဒသည် ခရစ်ရှနား(Krishna)နှင့် ရာမ(Rama)တို့၏ အဝတာဝရ(Avataras) အယူအဆအတွင်း၌လည်းတွေ့ရပေသည်။ (Lord Krishna) ခရစ်ရှ်နားသည် မဟာဗြဟ္မာအစစ်အဖြစ် (to the status of the Absolute Brahma) အဖြစ် ပုဂ္ဂိုလ်ရေးဆိုင်ရာ အရည်အချင်းနှင့်တကွ ဂုဏ်တင်ချီးမြှောက်ထောက်ပံ့ခြင်းခံရသည်။ ဘာသာရေးဆိုင်ရာ ဝတ်ပြုကိုးကွယ်မှုပုံစံအရ အရှင်သခင်သည် ခရစ်ရှ်နားအား ၎င်း၏ဘာသာ သာသနာဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များအရ ဘဂဝါပူရဏ(Bhagavata Purana) အဖြစ် ချီးကျူးပူဇော်ကြသည်။ ဤအချက်သည် ဟိန္ဒူသူတော်စင်များ(Alvars and the saints)၏ ဓမ္မတေးများ၊ ရတုအလင်္ကာများ ပေါ်ပေါက်စေခဲ့သောအချက်ဖြစ်သည်။ ဘာသာရေးဆိုင်ရာ ထူးထူးကဲကဲဖြစ်သော အဘိဓမ္မာသဘောတရားဖြင့် ကျေးဇူးတော်ရှင်(Lord Krishna)အား

ပူဇော်သည့်ပုံစံကို ဂီတကျမ်းစာထဲတွင်လည်း တွေ့ရသည်။ ဤနေရာ၌ ဝင်ဆင်းရဲအတွင်းမှ ကျွတ်လွတ်ရာလမ်းကြောင်း(ဉာဏမဂ္ဂ-Jnana marga) နှင့် (ဘာခ်တီမဂ္ဂ-Bhakti marga) သုံးခုဟူသော ဟောကြားချက်ကို ကျေးဇူးတော်ရှင် ထိုသခင်၏ ဇာတ်ခွဲခြားမှုမရှိပဲ ရိုးသားပွင့်လင်းမှုရှိခြင်းဟူသော(niskama karma - တစ်ဦးတစ်ယောက်၏ ထူးကဲသာလွန်မှုမရှိသော ဟောကြားချက်ပြုရန်တာဝန်ကို မပေးပါနှင့်) အချက်များသည် အလွန်အရေးကြီးသောအချက်များဖြစ်သည်။

ရာမအား ဝတ်ပြုပူဇော်မှုသည် အရေးကြီးသော လိုက်နာဆောင်ရွက်ရမည့်တာဝန်တစ်ခုဖြစ်သည်။ ဥပမာသာဓကတစ်ခုကို ပြရမည်ဆိုပါက အိန္ဒိယနိုင်ငံမြောက်ပိုင်းအရပ်ဒေသများအားလုံးတွင် ပြဇာတ်ပုံစံဖြင့် ကပြဖျော်ဖြေရသည့် ရာမယနဇာတ်တော်ကြီး (Ramayana in the form of a drama)သည် အလွန်ထင်ရှား ကျော်ကြားသည်။ သချိုင်းဂူပူဇော်ပွဲ ပြုလုပ်ရသည့်အချိန်(at the time of Durga Puja) ရာမဇာတ်တော်ကြီး ကပြရန်ဥပဒေပြဋ္ဌာန်းလျက် ဘင်္ဂလားပြည်နယ်၊ ဘီဟာပြည်နယ်နှင့် ဗာရာဏသီပြည်နယ်တို့၌ ကပြဖျော်ဖြေကြရသည်။

ဗြဟ္မာ၊ ဗိဿနိုး၊ မဟာပိန္နဲအမည်ရသော တစ်ပါးနှင့်တစ်ပါး အလွန်ရင်းရင်းနှီးနှီးရှိကြသည့် နတ်မင်းကြီးသုံးပါးတို့ ဟောကြားချက်များနှင့်တကွ ပုရာဏကျမ်းများသည် အလွန်ထင်ရှားသည်။ ဗြဟ္မာသည် ဖန်ဆင်းပေးသူဖြစ်၍ ဗိဿနိုးနတ်မင်းကြီးသည် သတ္တဝါတို့၏အစကို ဖန်ဆင်းပေးနိုင်သော အလွန်ထင်ရှားသောနတ်မင်းကြီးဖြစ်သည်။ သူသည် လူသားများ၏ ကိုယ်ကျင့်တရားကောင်းမွန်စေရန် ထိန်းသိမ်းတည့်မတ်ပေးရန် Sattva အတွင်းမှ မိမိကိုယ်တိုင်ဖန်ဆင်း၍ ဖြစ်ပေါ်လာသည်။

> "ကမ္ဘာလောကတွင် သူတော်ကောင်းတရား ဆုတ်ယုတ်ပျက်ပြားသည့်အချိန်၊ မသူတော်တရား ထွန်းကားလာသည့်အချိန်တွင် ငါသည် မကောင်းသူပယ် ကောင်းသူကယ်ရန်အတွက် အချိန်အခါအားလျော်စွာ လူ့လောကသို့ မိမိကိုယ်တိုင် ဖန်ဆင်းရောက်ရှိလာရ၏။" (Gita .IV.7.8)

ခရစ်ရှနာနှင့်ရာမတို့သည် သတ္တဝါများအပေါ် အလွန်ချစ်ခင်ကြင်နာသနားတော်မူကြသော avalaras များဖြစ်၍ ၎င်းတို့သည် ဘာဝနာတရားပွားများရန် တိုက်တွန်းမှုဖြင့် ကယ်တင်တော် မူကြသည်။ ရာမနူဂျာသည် တကယ့်စစ်မှန်သော(Vaisanava) တစ်ပါးဖြစ်၍

ဘာဝနာတရား ပွားများရေးအတွက် အရေးပါအရာအရောက်ဆုံးသော အဘိဓမ္မာဆရာကြီး ဖြစ်သည်။

ရာမခရစ်ရှ်နာသည် နိဂုဏ(nirguna)နှင့် ဆဂုန(saguna) ဟူသော ဗြဟ္မာ၏အသွင်သဏ္ဌာန် အရိပ်(၂)ခုလုံးကို တစ်ခုတည်းသို့ ပေါင်းစပ်ခဲ့သည်။ ၎င်း၏အဆိုအရ ဗြဟ္မာဆိုသည်မှာ အသွင်သဏ္ဌာန်အရိပ်(၂)ခုလုံးကို သူနှင့်အတူရှိနေသည်ဟူ၍လည်းကောင်း၊ သူနှင့်အတူမရှိဟူ၍လည်းကောင်း မှတ်ယူနိုင်သည်ဟူ၍ဖြစ်သည်။ ဗြဟ္မာ၏အသွင်သဏ္ဌာန်အရိပ်များသည် သူနှင့်အတူရှိနေ၏ဟူသောသဘောကို ဝတ်ပြုပူဇော်ခြင်း(bhakti)မှတဆင့်ဖြစ်စေ၊ ဗြဟ္မာ၏အသွင်သဏ္ဌာန်အရိပ်သည် သူနှင့် အတူမရှိဟူသောသဘောကို ဉာဏ်ပညာ(jnana)မှတဆင့်ဖြစ်စေ သိနားလည်စေနိုင်သည်။

ဤနေရာ၌ အချက်တစ်ခုကိုထောက်ပြလိုသည်မှာ ကုန်လွန်ခဲ့သော အချိန်ကာလများ၌ ညာယဗိုက်ဆိက အယူဝါဒ(Nyaya-Vaisesika)သည် ထာဝရဘုရားသခင်ရှိသည်ဆိုခြင်းနှင့် ပတ်သက်၍ အလွန့်အလွန်ရှုပ်နေသော အချိန်အခါဖြစ်သည်ဆိုခြင်းပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဤအယူအဆသဘောတရားတွင် (In this philosophy) ထာဝရဘုရားသခင်(God) ဟူ၍ အဓိပ္ပါယ်ကောက်ယူခြင်းမှာ ပြည့်စုံလုံလောက်သော ဖန်ဆင်းရှင်(Creator) ကိုဆိုလိုသည်။ ပြည့်စုံလုံလောက်မှုရှိသော အကြောင်းတရားဟူသော ယင်းသဘောထားကို ထော်လော်ကန့်လန့် ဆန့်ကျင်ဘက်ပြုလုပ်ဘိသကဲ့သို့ ရှန်ကာရအယူဝါဒ(Shankara) သည် ဣသရေလ(Ishvara) ဟူသော သဘောတရားအရ ကမ္ဘာလောက၏ ရုပ်ပိုင်းဆိုင်ရာအကြောင်းတရားနှင့် ပြည့်စုံလုံလောက်မှုရှိခြင်း နှစ်မျိုးလုံးကိုလက်ခံသည်။

မိမံသအယူဝါဒ(Mimamsa)မှတပါး အခြားအခြားသော အယူဝါဒများသည် ကမ္ဘာလောကကြီးသည် အချိန်ကာလအပိုင်းအခြားအလိုက်ဖြစ်ပေါ်ပြီး ပျက်စီးသွားသည်ဟူ၍ အတ်စတီက အဘိဓမ္မာသင်ကြားပြသသည့်ဌာန(astika schools of philosophy) ဆိုသည်။ ဤအဆိုအမိန့်သည် ညာယဗိုက်ဆီဆိက(Nyaya-Vaisesika)ကဲ့သို့သော အဒွိဋ္ဌာအယူဝါဒ (advaitism) အဘိဓမ္မာများကဆိုသည်ဟုပြောလျှင် ပို၍မှန်ကန်သည်။

ဆက်လက်၍တင်ပြလိုသည်မှာ ဝေဒအယူဝါဒသည် လူတစ်ဦးတစ်ယောက်ကိုသာ

အတိအကျ ရည်ညွှန်းပြဌာန်းထားခြင်းမဟုတ်(apauruseya or impersonal) ဖြစ်သည့်အပြင် အဆုံးအပိုင်းအခြားမရှိ ဟောကြားထားသည်။ ညာယအယူဝါဒ(the Nyaya) ကတော့ ဝေဒအယူဝါဒအား ထာဝရဘုရားသခင်တစ်ဆူတည်းအတွက်သာလျှင်(pauruseya or pesonal) ပြဌာန်းထားပါသည်။ ထို့ပြင်လည်း လုံးဝဥဿုံယုံကြည်ရမည်ဖြစ်သည်။

**တိန္ဒူဘာသာ၏လူသားအပေါ် ရှုမြင်ချက်(Man in Hinduism)။** လူသားသည် အသက်ဝိညာဉ် (သို့မဟုတ်) အသက်လိပ်ပြာမပါသော မရှိမဖြစ်လိုအပ်သော အလျားတစ်လံ အနံတစ်ထွာ ကိုယ်ခန္ဓာဖြစ်သည်။ ဤအကြောင်းအရာကို ဂီတကျမ်းအုပ်တွဲ(၂) စာမျက်နှာ ၂၀-၂၅(Gita II.20-25)တွင် ရှင်းလင်းတိကျပြတ်သားစွာ ဖော်ပြထားသည်။ ဆမ်းကျမ်း-ယောဂ၊ ညာယ-ဗိုက်ဆိဆိက(Samkya-Yoga, Nyaya-Vaisesika)က အသက်ဝိညာဉ်များအတွက် ဗဟုဝစ်ကိန်း အဖြစ်မှတ်ယူသည်။ ရှန်ကာရအယူဝါဒအရ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည်(a jiva) ဗြဟ္မာကြီး အတွက် မရှိမဖြစ်သောလိုအပ်သောအချက်ဖြစ်သည်။ ဥပမာအားဖြင့် ဖန်ပေါင်းချောင်အတွင်း၌ ရှိသော အရောင်အဆင်းကင်းသည့် အရက်ပုံအငွေ့အသက်သည် အငွေ့အသက်မျှသာဖြစ်သည်ဟု ဆိုသော စကားကဲ့သို့ဖြစ်သည်။ ရာမနုဂျာအယူဝါဒကလည်း အလားတူယူဆချက်ရှိပြီး လူသား သည် ဗြဟ္မာကြီး၏အစိတ်အပိုင်းတစ်ခုဖြစ်၍ အလွန့်အလွန်အရေးပါသော ဖြူစင်သန့်ရှင်းသော ကြံစည်တွေးခေါ်မှုဖြစ်သည်။

ဤအချက်သည် ဖြစ်နိုင်ကောင်းပါ၏။ သို့သော် လူသားအား မည်သည့်ရည်ရွယ် ချက်ဖြင့် ဗြဟ္မာကြီးက ပေါက်ဖွားရှင်သန်စေရပါသလဲ? ။

ဇီဝ(Jiva)သည် အလျားတစ်လံအနံတစ်ထွာဖြင့် ကိုယ်ခန္ဓာရှိသော လူဖြစ်ပါသည်။ ၎င်းအလျားတစ်လံ အနံတစ်ထွာ ဤကိုယ်ခန္ဓာမှာ သူကိုယ်အဖို့ရာ၌ ဘာမျှအသုံးမဝင်သော အရာဖြစ်ပါ၏။ ထိုကိုယ်ခန္ဓာသည် ဒုက္ခဝဋ်ကြွေးပြန်လည်ပေးဆပ်ရသည့် အသက်လိပ်ပြာနှင့် ဗြဟ္မာတို့၏အကြား ပေါင်းကူးတံတားသဖွယ် ဆက်နွယ်မှုသာလျှင်ဖြစ်သည်။ ဤကိုယ်ကာယ တစ်လံမျှသည် မည်သည့်အတွက် ဘဝဝဋ်ကြွေးပေးဆပ်ရန် ဖြစ်ပေါ်၍လာခဲ့ရသနည်း။ အိန္ဒိယ ပြည်သားအများစုတို့၏အယူအစွဲမှာ ဤကဲ့သို့ ဒုက္ခဝဋ်ကြွေးပေးဆပ်ရေးအလို့ငှာ ဖြစ်ပေါ်လာ ရသည်။ အလျားတစ်လံအနံတစ်ထွာကိုယ်ခန္ဓာမှာ မသိမှုအဝိဇ္ဇာနှင့် နားမလည်မှု(avidya or

ajnana)တို့၏ အစွမ်းသတ္တိဖြစ်သည်ဟူ၍ဖြစ်၏။ မည်သို့ပင်ဖြစ်စေ ရာမနုဂျာအယူဝါဒ၏ အဆိုအရတင်ပြရလျှင် လူတစ်ယောက်သည် သူပြုမိမှားသောကံကြွေး(Karman)ကို ပြန်လည်ပေးဆပ်ရခြင်းဖြစ်သည်။ သို့သော် အဆိုပါ ကံကြွေးဝဋ်ကြွေးသည် ဖြူစင်သန့်ရှင်းသောလိပ်ပြာလေးအဖြစ် မည်သို့မည်ပုံ ကျရောက်လာရပါသည်နည်း?။ ဤအချက်ကို ရာမနုဂျာက ရှင်းလင်းဖော်ပြခြင်းမပြုပေ။ သို့ရာတွင် ၎င်းကံကြွေးဝဋ်ကြွေးသည် မသိမှုအဝိဇ္ဇာ(nescience) မပါလျှင် မဖြစ်ထွန်းမပေါ်ပေါက်နိုင်ကြောင်း ရှင်းလင်းပြတ်သားစွာ နားလည်နိုင်ပေ၏။ ရာမနုဂျာအယူဝါဒကမူ ထိုသို့မယုံကြည်ပေ၊ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ပထမဦးစွာ ပန်ဆင်းမှုဟူ၍ မယူဆသောကြောင့်ဖြစ်သည်။ ကမ္ဘာလောက၏ ပန်ဆင်းမှုနှင့်ပျက်ဆီးမှု လည်ပတ်နေသည့်သံသရာတွင် လူသားတစ်ဦးတစ်ယောက်သည် ၎င်း၏ အတိတ်ကပြုမှားမိသော အကြောင်းတရားကြောင့် ဆင်းရဲချမ်းသာဟူသော အကျိုးတရားကို ရရှိခံစားနေခြင်းဖြစ်သည်ဟူ၍ ယုံကြည်သည်။ ၎င်း၏ ယခုဘဝတွင်တွေ့ကြုံရသည့် လူမှုရေးမညီမှုနှင့် စားဝတ်နေရေးကွာခြားမှုများသည် အတိတ်ဘဝက အကြောင်းခံခဲ့သော ကောင်းကံဆိုးကံပေါ်၌ မူတည်သည်။ ဤနေရာတွင် ရာမနုဂျာအယူ ဝါဒက အလေးအနက်ထောက်ခံထားသည်။

သို့ရာတွင် ဖန်တီးဖြစ်ပေါ်မှုဟူသောစကားသည် အားလုံးအတွက် အမှန်ဖြစ်သည်ဟူ၍ မယူဆသင့်ပေ။ လူတစ်ဦးချင်း၏ အကြောင်းချင်းရာကို ကျွန်ုပ်တို့ကြည့်ကြစို့။ သံသရာဝဋ်ကြွေး ဒုက္ခဘေးသည် အဘယ်ကြောင့်ဖြစ်ပေါ်ရသနည်း။ ဤနေရာ၌ ကံ၊ ကံ၏အကြောင်းတရားဟူသော ကမ္မဝါဒ(Karman)သည် များစွာအရေးပါအရာရောက်မည်ဟူ၍ မထင်ပါ။ အဘယ်ကြောင့်ဆိုသော် မသိနားမလည်မှု(nescience)၏ အကျိုးရလဒ်က ဦးစီးနေခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ရှန်ကာရအယူဝါဒ(Shankara)၊ သန်းကျအယူဝါဒ(Samkhya) နှင့် ညာယ(Nyaya)တို့က သံသရာဝဋ်ကြွေးဒုက္ခဘေး(bondage)၏ အကြောင်းတရား အစစ်အမှန်သည် အဝိဇ္ဇာ ခေါ် မသိနားမလည်မှု(nascience) ဖြစ်သည်ဟူ၍ ဖြစ်ပါသည်။ လူသတ္တဝါတိုင်းသည် တစ်ဦးချင်းအနေဖြင့် ဝမ်းနည်းပူဆွေးဖွယ်ရာ ဆင်းရဲဒုက္ခအဖြာဖြာနှင့် ယှဉ်တွဲလျက် သံသရာရေယဉ်ကြောတွင် မြုပ်ချီ ပေါ်ချီနှင့် စုံဆန်ကာမျောပါနေရခြင်းမှာ မသိမှုဟူသော အကြောင်းတရားကြောင့်ဖြစ်သည်။ ဤကဲ့သို့ လူသတ္တဝါတစ်ဦးချင်း၏

သံသရာဝဋ်ကြွေးဒုက္ခဘေးတွင် ကြုံတွေ့ခံစားနေကြရခြင်းကို ဂီတကျမ်း(By the Gita)က ညွှန်းဆိုပြသည့်အတိုင်း ဆန်းကျအယူဝါဒ ရှေးဦးစွာအချိန်ကာလကပင် လက်ခံထားသည့် သဘောတရားဖြစ်ကြောင်း ရှင်းလင်းဖော်ပြထားသည်။

အလျားတစ်လံ အနံတစ်ထွာ ကိုယ်ခန္ဓာ၏ မူလဘူတဓါတ်သဘာဝ(Prakrti)အားဖြင့် ဓါတ်သဘောသုံးမျိုးဖြစ်သည့် သတ္တဝ(sattva)၊ ရာဂျတ်စ်(rajas) တမ့်စ်(tamas) တို့ အဓိကအား ဖြင့်ပါဝင်သည်။ အဆိုပါ ဓါတ်သဘော(၃)မျိုးသည် သဘာဝတရားအတွင်း၌ ရုပ်နာမ်အားဖြင့် (psycho-physical in nature)လည်းကောင်း၊ ကျွန်ုပ်တို့၏ စိတ်ဓါတ်အသိဉာဏ်အားဖြင့် လည်းကောင်း၊ (prakrtic) ဓါတ်သဘောအရ ပါဝင်သော်လည်း အသက်လိပ်ပြာအနေအားဖြင့် မပါဝင်ချေ။ Sattva သည် tamas နှင့်မတူပဲ အလွန်ပေါ့ပါးစွာပါဝင်သည်။ tamas ဓါတ်သဘာဝမှာ အလွန်လေးလံသည်။ တဖန် Sattva သည် ထွန်းလင်းတောက်ပသည်။ Rajas ဓါတ်သဘာဝသည် စွမ်းအားကြီးမားသော ရုပ်သဘောဖြစ်ပြီး စိတ်ဓါတ်ခွန်အားလည်းဖြစ်စေသည်။ Tamas ဓါတ် သဘာဝမှာ ထုံထိုင်းလေးလံယုံမျှသာမဟုတ်မူ၍ အမှောင်ထုအတွင်းကျရောက်နေသော အရာ ဝတ္ထုများကဲ့သို့ ဖုံးအုပ်ထားခြင်းလည်းခံရသည်။ အဆိုပါဓါတ်သဘာဝ(၃)မျိုး၏ အတွင်းအားသည် ရောနှောလျက် ခွဲခြား၍မရသောအရာများဖြစ်သည်။ Prakrti ၏ဓါတ်သဘောကြောင့် Sattva ဓါတ်၏ အစွမ်းသတ္တိအားဖြင့် Prakrti နှင့် အတူတကွသန့်ရှင်းဖြူစင်မှုဖြစ်စေသည်။ Samkhya အယူဝါဒ၏အလိုအားဖြင့် အသက်လိပ်ပြာ(spirit)သည် ထိရောက်အရေးပါခြင်းမရှိသော လှုပ်ရှားမှု မျှသာ(miskriya)ဖြစ်သည်။ ထိုသဘောတရားကို ဆန့်ကျင်သောအားဖြင့် Prakrti သည် အစဉ် အမြဲပြောင်းလဲလျက်(parinami-nitya or flux)ရှိသည်။ မဟုတ်မမှန် မှားယွင်းစွာတွေး ကြံလျက် လူသားသည် Praktri နှင့် အတူတကွ သံသရာဝဋ်ကြွေးကို ဆင်းရဲမှုနှင့်ချမ်းသာမှု ရောပြွန်းလျက် ဆုံးစမထင် သံသရာတစ်ခွင်မှာ မရပ်မနား ကျင်လည်ကျက်စား ပြေးလွှားနေ ရခြင်းဖြစ်သည်ဟု မှတ်ချက်ချခြင်းဖြစ်သည်။

Prakrti နှင့်အတူတကွဖြစ်သော အသက်လိပ်ပြာများသည် Prakrti အား ယဉ်ကျေးသိမ် မွေ့အောင် ပဲ့ပြင်ထိန်းသိမ်းမှုမပြုရသေးသည့် အကြမ်းစားစိတ်များနှင့် ခွဲခြားစိတ်ဖြာရန် ခက်ခဲသည့် သိမ်မွေ့နက်နဲသည့်စိတ်နှင့် ခွဲခြားမှုကို လုပ်ဆောင်ပေးသည့် အတွင်းဓါတ်သဘာဝ

ဖြစ်နိုင်ဘွယ် အများဆုံးဖြစ်နိုင်ပေသည်။ ယဉ်ကျေးသိမ်မွေ့ခြင်းမရှိသေးသည့် စိတ်ဓါတ်သဘော သဘာဝကို tanmatras ဟူ၍လည်းကောင်း၊ အာကာသ(akasha) သို့မဟုတ် အငွေ့ဓါတ် ဟူ၍လည်းကောင်း၊ ဝါယော(Vayu or air)၊ အဂ္ဂိ(Agni or fire)၊ အာပေါ်(Apah or water) နှင့် ပထဝီ (Prithivi or earth) ဟူ၍လည်းကောင်း လူပေါင်းများစွာ အသိအမှတ်ပြုထားကြသည်။ အလျားတစ်လံ အနံတစ်ထွာလူ့ခန္ဓာသည် ခက်ထန်ကြမ်းတမ်းသည့် ဓါတ်ကြီးငါးပြောစုဝေးရာ ဌာနဖြစ်သည်။ မည်သို့ပင်ဆိုစေ ယခု လူ့ဘဝရောက်လာကြသည်အထိ တစ်ဘဝမှတစ်ဘဝသို့ ပြောင်းရွှေ့သွားလာ ကျင်လည်ကျက်စားခဲ့ကြစေကာမူ ယခုလူ့ဘဝ၏ အလျားတစ်လံ အနံတစ်ထွာ ဤကိုယ်ခန္ဓာ ကြီးသည် ပြုပြင်စီရင်ဖန်တီးသူမဟုတ်၊ သို့မဟုတ် ယခင်ဘဝများက ပြုလုပ်ခဲ့သော ကောင်းသောကံ၏ အသီးအပွင့်ကို အကျိုးရလဒ်အဖြစ် ရရှိခံစားနေရခြင်း မဟုတ်ဟူ၍ အသိဉာဏ်အာရုံး အစမှာပင် မှားယွင်းစွာထိုးပြခဲ့သည်။ အထူးအရေးပါအရာရောက် သည့်အချက်မှာ Prakrti သည် ပြုလုပ်ဆောင်ရွက်ပေးသူဖြစ်သည်။ သီးခြားစီဖြစ်တည်နေကြသော လူသား(jiva) ဟူသော အရာသည် မည်သည့်လုပ်ရှားမှုမျှမပါရှိသော ဖြူစင်သန့်ရှင်းသည့်အရာ ဖြစ်သည်။

ရာမနုဂျာအယူဝါဒအား တစ်ခုတည်းသောခြွင်းချက်အဖြစ်ထား၍ အကောင်းအဆိုး အကြောင်းအကျိုးကို ခွဲခြားဝေဖန် ဆန်းစစ်ဉာဏ်မရှိခြင်း အဝိဇ္ဇာ(ဝါ) nescience သည် ဝဋ်ဒုက္ခ သံသရာရေယဉ်ကျောမှာ မြုပ်ချီတစ်ခါ ပေါ်ချီတစ်လှည့် မရပ်မနားကျင်လည်ကာ ပြေးလွှားနေရ သည့် အကြောင်းရင်းဖြစ်သည်ဟူ၍ ဟိန္ဒူဘာသာက ယေဘုယျအားဖြင့် လက်ခံယုံကြည်သည်။ အထက်၌ဖော်ပြခဲ့သည့်အတိုင်း ရာမနုဂျာက သံသရာတွင်ကျင်လည် နေရခြင်းအကြောင်းမှာ မသိနားမလည်မှု ခေါ် အဝိဇ္ဇာအကြောင်းတရားကြောင့်မဟုတ်ပဲ ကံ၊ ကံ၏ ကောင်းကျိုးဆိုးပြစ် (karman)ကြောင့်ဖြစ်သည်ဟူ၍ ယုံကြည်ယူဆသည်။ ကံ၊ ကံ၏ ကောင်းကျိုးဆိုးပြစ်များ ဆုံးခန်းတိုင်ရောက်၍ သံသရာဝဋ်မှ ကျွတ်လွတ်ရေးမှာ ဉာဏ်ပညာနှင့် ဝတ်ပြုပူဇော်မှုပေါ် မူတည်နေသည်ဟူ၍ သျှတ္တရကျမ်း(Shastric injuctions)တွင် မိန့်မှာ ရေးသားထားသည်။ ထို့ကြောင့် သက်ဝင်လှုပ်ရှားမှုနှင့်အတူတကွဖြစ်သော အသက်လိပ်ပြာ ကလေးအား သူ(ဗြဟ္မာ)က သဘာဝတရားမှ မွေးထုတ်ခြင်းဖြစ်သည်။

အစဟူ၍မရှိသော ကမ္ဘာလောကသည် anadi (beginningless)ဟူ၍ ဆိုနိုင်ပြီးလျှင် လူသားသတ္တဝါများအနေဖြင့် ရှည်လျားလှစွာသံသရာတွင် ဒုက္ခဝဋ်ကြွေးပေးဆပ်နေရခြင်းဖြစ်သည်။ ဤမျှရှည်လျားထွေပြားလှသော ရှုတ်ထွေးပူလောင် လူ့ဘောင်မှဒုက္ခဝဋ်ကြွေးသည် တစ်နေ့နေ့ တစ်ချိန်ချိန် ဆုံးခန်းတိုင်ရောက်ရမည်(santa)ဟုဆိုသည်။ ဟိန္ဒူဘာသာ ယုံကြည်ကိုးကွယ်မှု များသည် ဤစကြဝဠာ ကမ္ဘာလောကဓါတ်နှင့်အမျှ ဆင်းရဲဒုက္ခ ဝဋ်ဘဝအထွေထွေ တွေ့ကြုံခံစား နေကြရသည့် အကြောင်းအကျိုးကို ဆီလျော်သည့်ရှင်းလင်းချက် မပြုလုပ်ခဲ့ပေ။

ပထမဆုံးမှာ ဖန်ဆင်းခြင်းဟူသောအယူအဆကို လက်မခံပေ။ ဖြစ်တည်ခြင်းနှင့် ဆုတ်ယုတ်ပျက်စီးခြင်းများဖြင့်သာ အဆုံးအပိုင်းအခြားမရှိပဲ အမြဲမပြတ်လည်ပတ်နေရသည့် ကမ္ဘာများအတွင်း၌ စကြဝဠာနှင့်အမျှ ခံစားနေရကြရသော သံသရာဝဋ်ကြွေး၏အစဟူသော အမေးပုစ္ဆာသည် ဘာမျှအဓိပ္ပါယ်မရှိပေ။ ဒုတိယအချက်မှာ လူသားတိုင်း ကိုယ်စီကိုယ်ငှ မိမိတို့၏ လွတ်မြောက်ရာလမ်းစကို ကြိုးစားနေကြရသည်။ ဤသို့သောအကြောင်းကြောင့် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်သည် မည်သည့်အချိန်အခါတုန်းကမျှ မဖော်ထုတ်နိုင်ခဲ့သော သံသရာ၏အစကို မည်သည့်အကျိုးရလဒ် တစ်စုံတစ်ရာမျှမရရှိနိုင်သည့် ကြိုးစားအားထုတ်မှု၊ ကြိုတင်မှန်းဆ တောကြောစုံစမ်းကြခြင်းအားဖြင့် အချိန်ကုန်ခံ၍မနေသင့်ကြပေ။ ဤကမ္ဘာလောကအတွင်း သက်ဆင်းကျရောက် လူ့ဘဝသို့ရောက်ရှိနေကြရခြင်းမှာ ဆင်းရဲဒုက္ခ သက်သက်မျှသာဖြစ်သည်။ ဆန်းကျအယူဝါဒ(Samkhya)တွင် ဒုက္ခသုံးမျိုးကို ဖော်ပြထားသည်။ ၎င်းဒုက္ခ(၃)မျိုးမှာ ကိုယ်စိတ်နှစ်ပါးခံစားရသောဒုက္ခ(adhytmika) (သဘာဝတရားအလျောက် ပြင်ပမှ ရိုက်ခတ် တွေ့ကြုံ ရင်ဆိုင်ရသည့်ဒုက္ခ(adhibhautika)နှင့် သဘာဝလွန်စွမ်းအားရှင်တို့၏ အရှိန်သြဇာ လွှမ်းမိုးခြင်းကိုခံရသည့်ဒုက္ခ(adhidaivika)တို့ဖြစ်သည်။ ဤနာကျင်ခံခက် ဆင်းရဲမှုသက်သက် ဖြစ်သော ဆိုးဝါးပြင်းထန်စွာခံစားရသည့် ဒုက္ခဖြစ်ရခြင်း၏အကြောင်းရင်းမှာ မသိမှုအဝိဇ္ဇာ(avidya or nescience) ကြောင့်ဖြစ်သည်။ အဝိဇ္ဇာ(avidya)ဟူသော ဝေါဟာရအသုံး အနှုန်း၏ စစ်မှန်သော အဓိပ္ပါယ်မှာ အသက်ဝိညာဉ်(Soul)ကိုဖြစ်ပေါ်စေ၍ စိတ်စေတသိတ်တွင် အမှားအမှန်ခွဲခြားဝေဖန်မှု မပြုနိုင်ခြင်းနှင့် အပြုသဘောကိုလမ်းမပြပဲ အဖျက်သဘောသို့သာ မှားယွင်းစွာလမ်းပြပို့ဆောင် သည်။ ''မသိနားမလည်မှု''(ignorance)ဟူသောစကားသည် မပြည့်စုံမလုံလောက်သော

အဓိပ္ပါယ်ဖြစ်သည်။ အဝိဇ္ဇာ(avidya)၏ စစ်မှန်သောအနက်အဓိပ္ပါယ်မှာ စိတ်စေတသိတ်ကို အထင်အမြင်မှားယွင်းစေရန်ဦးဆောင်ခြင်း၊ အသိဉာဏ်ကို အဖြေရှာမရ ဦးနှောက်ခြောက်စေခြင်းနှင့် လူသားအား အဆိုးဆုံးသော မှားယွင်းမှုဖြစ်စေသည့်အထိ ၎င်း၏ အသိဉာဏ်(Soul)အား တွန်းပို့ခြင်းဟူ၍ဖြစ်သည်။ ကာယိကဒုက္ခခံစားရခြင်းမှာ ဆိုးဝါးသော မကောင်းမှုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စိတ်ဓါတ်ကို အားပျော့ချိနဲ့စေသည့်အပြင် ကောင်းမှုကောင်းရာတိုးပွားစေကြောင်း အားထုတ်လုပ်ကိုင်ခြင်းမပြုနိုင်ရန် တားဆီးပိတ်ပင်သောကြောင့်ဖြစ်သည်။ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှုမရှိလျှင် ယောဂကျင့်စဉ်လ(Yoga Exercise)ကို မပြုလုပ်နိုင်ချေ။ လူသားတို့၏ ခုခံကာကွယ်နိုင်စွမ်းထက်ကျော်လွန်သည့် လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မြေလျှောင်လှုပ်ခြင်း အစရှိသော သဘာဝလွန်စွမ်းအားရှင်တို့ကပေးသည့်ဒုက္ခသည်လည်း ဆိုးဝါးပြင်းထန်လှပါ၏။ ဗုဒ္ဓဘာသာ တရားတော်၌ နာကျင်ခံခက်ဒုက္ခဖြစ် ခြင်းဟူသော စကားရပ်၏အနက်အဓိပ္ပါယ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ဆိုရေးသားရာ၌ နာကျင်ခံခက်ဒုက္ခဖြစ်ခြင်းမှာ ဖြစ်ပျက်သဘောမျှသာ၏ (transitoriness)ဟူ၍ဖော်ပြပါသည်။ Spirit ခေါ် လိပ်ပြာကလေး၏ လှုပ်ရှားမှုမရှိသော ငြိမ်သက်မှုသည်သာလျှင် အစစ်အမှန် အားဖြင့်ရှိပေ၏။ သို့သော်လည်း ပျော်ရွှင်ချမ်းမြေ့မှုသည် နာကျင်ခံခက် ဒုက္ခဖြစ်မှုတွဲလျက်ဖြစ်ပေါ် နေသည်ဟူသောအချက်ကို မည်သူကငြင်းဆိုနိုင်ပါမည်နည်း။ ဥပမာ သာဓကတစ်ခုအနေအားဖြင့် ပျော်ရွှင်ချမ်းမြေ့မှုသည် မွေးဖွားခြင်းများနှင့် ဆုံးစမထင်သေဆုံးမှုများ၏အဓိကကျသော အကြောင်းရင်းဖြစ်သည်ဟူ၍ တစ်လွဲဆံပင်ကောင်းစွာဖြင့် ထုတ်ဖော်ပြောဆိုနေကြသည်။ ထို့ကြောင့် နာကျင်ခံခက်ဒုက္ခဖြစ်ခြင်း၏သဘောတရားသည် စိစီပ့ါစ်ပုံပြင်(story of sispus)ထဲမှာ ဖော်ပြ ထားသကဲ့သို့ တစ်ခါဖြစ်ပြီးနောက် တစ်ပြန်ဖြစ်သည့်သဘော လှည့်ပတ်လျက်ရှိသည်ဆိုခြင်းမှာ အဓိပ္ပါယ်မရှိသော အဆိုအမိန့်ဖြစ်သည်။ ရှန်ကာရအယူဝါဒက ဤအဓိပ္ပါယ်ကင်းမဲ့သော ဘဝသံသရာရေအလျင် ဘုံတစ်ခွင်မှာ မွေးလိုက်သေလိုက် မရပ်မနားလှည့်ပတ်သွားနေရသည် ဆိုခြင်းအပေါ် အောက်ပါကဗျာဖြင့် ဖော်ပြထားသည်-

> "ဘဝအိုးအိမ် အကြိမ်ကြိမ်ခံစား သတ္တဝါများတို့ - ယခုတစ်ဖန် မွေးဖွားပြန်၍ သေမင်းတမာန် သူ့နိုင်ငံသို့ မငြင်းသာပဲ လိုက်ပါရမြဲတည့်။ ငါးပါးခန္ဓာ ရုပ်နာမ်မှာလည်း အမိဝမ်းတွင်း မိုတင်းခိုအောင်း ဖြစ်မြဲအကြောင်းတည့်။ နောက်ထပ်တဖန် လူ့နိုင်ငံသို့

ရောက်လာပြန် ဆင်းရဲတဖန်ပင်ပန်းပြန်၏။ အိုအရှင်သျှိဝနတ်ဘုရားသခင် ကျွန်ုပ်အား ကယ်မပါဘုရား။ အလားတူစွ နေ့ရက်လတို့ ချိန်ကာလအတွင်း ယိုစီးဆင်းလျက်၊ မဆုံးနိုင်ရာနှစ်များစွာအား အကျိုးမဲ့စွာဖြတ်သန်းခါဖြင့် နောက်ထပ်တစ်ဖန် ဆင်းသက်ပြန်လည်း မရပ်စဲလို ငါသည် အမှန်မွေးဖွားလိုပြန်၏။(Charpatpanjaruka storm)

*ထို့ကြောင့် ဆုံးစမထင်ဘုံတစ်ခွင်မှာ အဖန်ဖန်အထပ်ထပ် ချားရဟတ်ပမာ လှည့်ပတ်ကာဖြင့် အနှစ်အရသာကင်းမဲ့စွာဖြင့် မွေးဖွားလာရ လူ့ဘဝ၏ နာကျင်ခံခက် ဒုက္ခဟုဆိုသော အချက်မှာ ငြီးငွေ့ဖွယ်ရာနိုင်ငံသာတည်း။ (*ခရစ်ယာန်ဘာသာ"Book of Ecclesiastes"၌ အလားတူ အနှစ်သာရကင်းမဲ့စွာဖြင့် အကြိမ်ကြိမ်အခါခါ ဘဝများဖြစ်ရခြင်းအကြောင်းကို ဖော်ပြပါရှိသည်။)

(လူသားမျိုးနွယ်အစဉ်အဆက် ဖြစ်လည်းဖြစ် ပျက်လည်းပျက်၏။ သို့သော် ကမ္ဘာကြီးမှာတော့ တည်တန့်လျက်ရှိ၏။)

မည်သို့ပင်ဖြစ်စေကာမူ လူသားသည် အရေးပါအရာရောက်သောအားဖြင့် ၎င်းသည် လွတ်လပ်မှုရှိ၍ သံသရာဝဋ်ကြွေးပေးဆပ်နေရသည်ဖြစ်စေ၊ သို့မဟုတ် လွတ်မြောက်သွားသည် ဖြစ်စေ ၎င်းအား ခွင့်ပြုထားလျက်ရှိသည်။ လူသားတစ်ယောက် ယခုပစ္စုပ္ပန် ဘဝမျက်မှောက်ကာလ၌ အတိတ်ဘဝကပြုခဲ့သော ကောင်းဆိုးနှစ်တန်၏အကျိုးအပြစ်ကို မုချခံစားနေရသည်ဟု ဆိုခြင်းအပေါ် လုံးဝသံသယဖြစ်စရာ မလိုပေ။ သို့ရာတွင် ယခုပစ္စုပ္ပန်ဘဝ မျက်မှောက်ကာလသည် အတိတ်ဘဝကပြုခဲ့သော ကံများ(Karman)အား အပြီးသတ်ဆေးကျောသုတ်သင်ပစ်ရန် ဌာနဖြစ်သည်။ သို့ဖြစ်လျှင် အချို့သော အတိတ်ဘဝကပြုမှားမိသည့် မကောင်းသောကံများကို သုတ်သင်ဖယ်ရှား ဖျက်ဆီးပစ်ခြင်းနှင့် အချို့သောမကောင်းသည့်ကံများအား အားနည်းသွားစေပြီးနောက် ကံအသစ်ကို စိုက်ပျိုးကဲ့ချမြေတောင်မြှောက်ပေးရမည်။ ဤသဘောတရားသည် ပုရိသကာရ(Purusakara) အယူအဆဖြစ်သည်။ ပုရိသကာရအယူဝါဒမှာ လူသားသည် အတိတ်ဘဝက ပြုမှားမိခဲ့သော မကောင်းမှုအကုသိုလ်ကံများကို ယခုမျက်မှောက်ဘဝ၏ အမျိုးမျိုးသော ကောင်းမှုကုသိုလ်ကံအသစ်များဖြင့် ကာကွယ်ချေဖျက်ရှင်းလင်းပစ်နိုင်သည်ဟူ၍ ယုံကြည်သည်။

လွတ်မြောက်ခြင်းအယူအဆနှင့် ဆုံးဖြတ်ချက်ပိုင်ပိုင်နိုင်နိုင်ချမှတ်နိုင်ခြင်းဟူသော အယူအဆသည် ရာမနုဂျာ(Visistadvaita)ဟူသော အတွေးအခေါ်ယူဆချက်အား အရေးကြီးသောအမှန်တရား ဟူ၍ ခံယူသည်။ ရာမနုဂျာ၏အလိုအရ တင်ပြရပါမူကား လူသားတစ်ဦးချင်းစီ၏ အသိဉာဏ် (Soul)သည် ထာဝရဘုရား(God)၏ကိုယ်ခန္ဓာဖြစ်သည်။ အလျားတစ်လံ အနံတစ်ထွာ လူသား၏ကိုယ်ခန္ဓာအား ထာဝရဘုရားသခင်က လုံးဝဥဿုံ အပြည့်အစုံထိန်းချုပ်ထားပြီး သူ၏ လိုရာ အသုံးပြုနိုင်ရန်ရည်ရွယ်ချက်ဖြင့် သူ၏ကိုယ်ပိုင်အဖြစ် လွတ်လပ်ရေးပေးထားခြင်း ဖြစ်သည်။ (Sribhasya : II : 1.9)။ လူသားတစ်ဦးသည် ၎င်းအား ထာဝရဘုရားသခင်(God)က လုံးဝဥဿုံ အပြည့်အဝထိန်းချုပ်ထားပြီး ထာဝရဘုရားသခင်အပေါ် လုံးဝဥဿုံမှီခိုနေရသည့် အတွက် အစစ်အမှန်လွတ်လပ်မှုရှိပါ၏လော။

ရာမာနုဂျာအယူဝါဒ၏အလိုအရ ဆက်လက်တင်ပြရပါမူ (ဟိန္ဒူ)ဘာသာယုံကြည် ကိုးကွယ်မှုဆိုင်ရာ အယူအဆများတွင် ဝေဒအယူဝါဒ(the Vedas) တစ်ခုတည်းသော အကြီးအမှူး အရှိန်သြဇာအာဏာရှိသော အယူဝါဒဖြစ်သည်။ ဝေဒအယူဝါဒသည် "ဖြစ်သင့်၏"ဟုခေါ်ဆိုရမည့် "ought"ဟူသောစကားသည် လူသားအား ၎င်းကျင့်ကြံအားထုတ်ရမည့်တာဝန်ကို လိုက်နာလိုက လိုက်နာကျင့်ကြံနိုင်ပြီး မလိုက်နာဘဲ ငြင်းဆန်လိုက ငြင်းဆန်နိုင်ကြောင်း ပြဌာန်းထားသည်။

> "လူသားသည် ၎င်းတို့၏စိတ်ဆန္ဒနှင့်အညီ ဘာသာရေးဆိုင်ရာ နည်းနိသ္သယများကို လိုက်နာဆောင်ရွက်ရန် အခွင့်အရေးပေးထားသည့် တစ်ချိန်တည်းမှာ စည်းမျဉ်း ဘောင်ကို ရှောင်ကွင်းလိုက ရှောင်ကွင်းနိုင်ရန် လမ်းဖွင့်ပေးသည်။" (Sribhasya .II . 3.40)

ထို့ကြောင့် ဝေဒဥပနိသျှ(Vedic Commands)များသည် လူသားအား လိုက်နာကျင့်ကြံ လိုက လိုက်နာကျင့်ကြံနိုင်၍ မကျင့်ကြံလိုက မကျင့်ကြံဘဲနေနိုင်ကြောင်း ပြဌာန်းထားသည်။ သို့ရာတွင် လူသားသည် ပြီးပြည့်စုံသောလွတ်လပ်မှုနှင့် ဖြဟ္မာ၏ကျေးကျွန်သဖွယ် မှီတွယ်နေရခြင်း မည်ကဲ့သို့ ညှိနှိုင်းပေါင်းစည်း နီးကပ်ရန်နည်းလမ်း ရှိပါမည်နည်း။

ကောင်းပါပြီ၊ အားထားမှီခိုရခြင်းမှာ ကန့်သတ်ချက်နှင့် မတိကျ မသေချာမှုအပေါ်တွင် ရပ်တည်နေရခြင်းမှာ မလိုလားအပ်သောအရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့မှီခို

အားထားနေရခြင်းသည် လူ့ဂုဏ်သိက္ခာကို ဆန့်ကျင်သောကြောင့်ဖြစ်သည်။ သို့သော်လည်းပဲ ထာဝရဘုရားသခင်(God)အပေါ်တွင် မှီခိုအားထားခြင်းမှာ လူသားဘဝ၏အမြင့်မားဆုံးသော အဆုံးစွန်ရည်မှန်းချက်နှင့် အကြီးဆုံးသောပန်းတိုင်သည် အမြင့်ဆုံးနှင့် အကြီးဆုံးသော ကုသိုလ်အရေးဖြစ်သည်။

> ''သဘာဝတရား၏အခြေခံသဘောကို အရှိအရှိအတိုင်း ဉာဏ်ပညာအလင်းရောင်ဖြင့် ထိုးပြပေးသူအားလုံး၏ ပူဇော်ဦးခိုက်အလေးပြုခြင်းကို ခံယူထိုက်သူ တစ်ပါးတည်းသော ပုဂ္ဂိုလ်ယောက်ျားမြတ်(Purusa...) သူသည် အားလုံး၏ ပူဇော်ဦးခိုက်အလေးအမြတ်ပြုခြင်းကို ခံယူထိုက်၏။''(Vedartha-samgraha, pada 250)

ထို့ကြောင့် ဟိန္ဒူဘာသာယုံကြည်ကိုးကွယ်မှုတွင် လူသားသည် ၎င်း၏လွတ်မြောက်မှုအတွက် ရုန်းကန်လှုပ်ရှားရာတွင် အောင်ပွဲရရေးအတွက်ဖြစ်စေ၊ ပြန်လည်မွေးဖွားမှုများ၏ မရပ်မနားလည်ပတ်မှုတွင် ဆက်လက်မျှောပါလိုပါသလား၊ မိမိကြိုက်နှစ်သက်ရာကို ရွေးချယ်ရန် လွတ်လပ်သောအခွင့်အရေးရှိပေသည်။ လူသားသည် သူ၏ခန္ဓာကိုယ်ဖွဲ့စည်းမှုနှင့် လိုက်လျောညီထွေဖြစ်သော စဉ်းစားတွေးခေါ်မြော်မြင်မှုသဘောအရ ၎င်းသည် ဘာဝ်တီယောဂကျင့်စဉ်၊ သို့မဟုတ် ကာမယောဂကျင့်စဉ်၊ သို့မဟုတ် ဉာဏယောဂကျင့်စဉ် ရွေးချယ်ကျင့်ကြံအားထုတ်နိုင်ရန် လွတ်လပ်မှုကိုရရှိထားသည်။ အကယ်၍ လူသားတစ်ယောက်သည် သံသရာဝဋ်ဒုက္ခ ညွှတ်မှ လွတ်မြောက်ရန်နည်းလမ်းကို မရွေးချယ်ပါက ၎င်းသည် စိုးရိမ်ပူဆွေး သောကဗျာပါဒတရားဆိုးများ(ဝါ) ဝမ်းနည်းပွယ်ရာအဖုံဖုံကို စိတ်မကောင်းစွာဖြင့် တွေ့ကြုံရမည်ဖြစ်သည်။ ယင်းသို့တွေ့ကြုံရမည့် ဝမ်းနည်းဖွယ်အဖုံဖုံ စိတ်မကောင်းစရာအတွေ့အကြုံများသည် ထာဝရဘုရားသခင်(God)၏ တာဝန်မဟုတ်ပဲ လူသား(jiva)၏ တာဝန်သာဖြစ်သည်။ ဤခေါင်းစဉ်နှင့်စပ်လျဉ်း၍ လွတ်မြောက်ခြင်း(Mukti)ဟူသော အခန်းကဏ္ဍတွင် ပြန်လည်ဖော်ပြ ရေးသားမည်ဖြစ်ပါသည်။

## ကမ္ဘာလောကအား ဟိန္ဒူဘာသာကရှုမြင်ပုံ
## (The World in Hinduism)

ဝေဒအယူဝါဒ(Regveda)၏ ထာဝရဘုရားသခင်အား ချီးကျူးပူဇော်သည့် အချို့သော ဓမ္မတေးများတွင် ရသေ့သူတော်စင်များသည် သာမန်လူအများနားမလည်နိုင်သော ပထမဦးဆုံး ဖန်ဆင်းခြင်းဟူသောလျှို့ဝှက်ချက်ကို တွေ့ရှိခဲ့ကြသည်ဟု ဖော်ပြထားသည်။

''မွေးဖွားခြင်းမရှိတော်မူသည့် တစ်ဆူတည်းသော ကျေးဇူးတော်အရှင် ထာဝရဘုရား သခင်၏ပုံရိပ်လွှာက ကမ္ဘာလောကကြီး၏ အရပ်ဒေသကြီး(၆)ရပ်ကို ခိုင်မြဲစွာ ထူထောင်ပေးခဲ့သည်။ (RVI. 164)

ဖန်ဆင်းတော်မူပြီးကာစ ပထမ၌ ရွှေသီးမျိုးစေ့(golden seed)ခေါ် (Hiranyagarbha) ဖြစ်ပေါ်လာခဲ့၏။

တစ်ဆူတည်းသော ထာဝရဘုရားသခင်က သတ္တဝါများအားလုံးကို ဖန်ဆင်းပေးခဲ့၏။ ထာဝရဘုရားသခင်သည် သူ၏ မြေကမ္ဘာနှင့် ထက်ကောင်းကင်ရွှေဘုံနန်းကို ဖန်ဆင်း ခဲ့သည်။ (RV. X 121.10)

ထို့နောက်တဖန်–

''အို ပဇာပတိ(prajapati)အရှင်သခင် အသင်တစ်ပါးတည်းသာလျှင် ထိုအရာဝတ္ထုများ အားလုံးကို ဖန်ဆင်းရန် အပြည့်အစုံတတ်သိနားလည်ပါ၏။ အသင်မှလွဲ၍ အခြား တစ်ပါးသောသူသည် အသင်ကဲ့သို့ တတ်သိနားမလည်ပါ။ (RV.X. 121.10)

ထိုမှ တစ်ဖြာပြောပြချင်သည်မှာ–

''ထိုသို့ဖန်ဆင်းရာတွင် အတိအကျမဟုတ်(သို့မဟုတ်)တိတိကျကျပြုလုပ်ခြင်းမရှိပါ''

''ထိုသို့ပြုလုပ်ဖန်ဆင်းရာတွင် မည်သည့်နေရာမှစ၍ လေတိုက်လာသည်။ မည်သည့် နေရာမှစ၍ မိုးကောင်းကင်ဖြစ်ပေါ်လာသည်ဟူ၍ မရှိပေ။ (RV.X. 129.1)

ထာဝရဘုရားသခင် ကမ္ဘာလောကအားဖန်ဆင်းစဉ်ဝယ် ကမ္ဘာမြေတစ်ခွင်မှာ မှောင်တိုက်ဖုံးအုပ်လျက် ထိုအရာကို ထာဝရဘုရားသခင်ဖယ်ရှားတာ(RV. 129.1)။ အကယ် ၍သာ ထိုစကားဟာအမှန်ဖြစ်ပါလျှင် ဤကမ္ဘာလောက မူလအစ၏အကြောင်းအရာကို မည်သူက

တိကျသေချာစွာ ပြောကြားနိုင်ပါအံ့။ ထာဝရဘုရားသခင်အပါအဝင် နတ်များတို့ဟာ နောက်မှ ဖန်တီးဖြစ်ပေါ်လာကြသော သတ္တဝါများဖြစ်မည်သာ။

"ထို့အရာအားလုံးကို သူက ဖန်ဆင်းပုံဖော်ခဲ့သည်ဖြစ်စေ၊ သို့မဟုတ် သူက ပုံဖော် ဖန်ဆင်းမှု မပြုခဲ့သည်ဖြစ်စေ၊ ထိုဖန်ဆင်းမှု၏မူလအစ ပထမသည် သူဖြစ်သည်" (RV.X.129.7)

ကာလရွေ့လျောအချိန်ကြာမြင့်လာသောအခါ၌ ထာဝရဘုရားသခင်၏ ပထမဦးဆုံး ဖန်ဆင်းခြင်းဟူသော အကြောင်းအရာများအား မတွေ့ရှိရတော့သည့် အခြေအနေဖြစ်လာ ခဲ့သည်။ မိမံဆက(Mimamsaka)အယူဝါဒ၏ အထောက်အထား အချက်အလက်တစ်စုံတစ်ရာ မပါသော ကမ္ဘာလောက၏ ဖန်ဆင်းဖြစ်ပေါ်လာခြင်းနှင့် ပျက်စီးပြုန်းတီးသွားခြင်းဖြင့် အမြဲမပြတ် လည်ပတ်လျက်ရှိသည်ဟူသော သဘောတရားတစ်ရပ်ကို ချမှတ်ထားခဲ့သည်။ အဆုံးမရှိသော ကမ္ဘာလောက၏ ဖန်ဆင်းဖြစ်ပေါ်ခြင်းနှင့် ပျက်စီးပျက်ပြုန်း ကုန်ဆုံးသွားရခြင်းဟူသော ဟောကြား သင်ပြသခြင်း၏အဓိပ္ပါယ်သည် ကမ္ဘာတစ်ခုလုံး၏အစနှင့် အဆုံးဟူ၍ မရှိဟုဆိုလိုပါသလား။ မည်သို့ပင်ဆိုစေကာမူ ကမ္ဘာလောကဖြတ်သန်းလျက်ရှိသော အချိန်ကာလ၏အစိတ်အပိုင်း တစ်ခုခုသည် မသေချာမရေရာသောအခြေအနေနှင့် အလားတူ မသေမချာမရေမရာဖြင့် ကျော်ဖြတ်လွန်မြောက်သွားနိုင်သည့် အခြေအနေဖြစ်ပေသည်။ ကမ္ဘာကြီး၏ သက်တမ်းတစ် လျှောက်ဖြစ်သည့် ခေတ်ကာလကြီး(၄)ခုဖြစ်သည့် ဆတ္တယယုဂ(Satya yuga) ၊ ဒွါပရယုဂ (dvapara yuga) ၊ ထရေတယုဂ(treta yuga)နှင့် ကလိယုဂ(kali yuga)ခေတ်တို့သည် ကမ္ဘာပျက်ပြုန်း ကုန်ဆုံးသည်အထိ ထပ်ခါထပ်ခါလည်ပတ်လျက်ရှိသည်။ ရှေ့သို့တသမတ်တည်း သွားလာလျက်ရှိသော ကမ္ဘာ၏လည်ပတ်မှုများအနက် ကမ္ဘာသည် ဓါတ်သတ္တု ရုပ်ဝတ္ထုပစ္စည်းများ စုခဲဖြစ်ပေါ်ခြင်း(စုခဲဖြစ်ပေါ်သည့် ဓါတ်သတ္တုများမှာ မြေသားထု၏ အနုမြူ ရေ၊ မီး အစရှိသည့်)နှင့် ကမ္မ(Karman) ခေါ် ကံအကြောင်းတရားအတွင်းမှ ထာဝရဘုရားသခင်(God)က ဖန်ဆင်းဖြစ် တည်လာခြင်းဖြစ်သည်။ ထာဝရဘုရားသခင်(God)အား အရာခပ်သိမ်းအတွက် ပြီးပြည့်စုံသော အကြောင်းတရားအဖြစ် ယုံကြည်ခံယူလျက် စဉ်းစားဆုံးဖြတ်ချက်သည် ညာယဗိုက်ဆိဆိက (Nyaya-Vaisesika)အယူဝါဒ၏ ရှုမြင်သုံးသပ်ချက်ဖြစ်နိုင်သည်။ အဆိုပါယူဆချက်ကို

ဆန့်ကျင်လျက် ရှန်ကာရအယူဝါဒ(Shankara)သည် ဣသရေလ(Ishvara)နှင့် ကမ္ဘာမြေထု အတွင်းရှိသော ဓါတ်သတ္တုများသည် ပြည့်စုံလုံလောက်သည့် အကြောင်းတရားဟူ၍ ယုံကြည်သည်။ ရှန်ကာရအယူဝါဒအဖို့ရာ၌ ကမ္ဘာလောကသည် မာယာ(Maya) ဖြစ်၍ ဣသရေလ(Ishvara) သည် မာယာ၏အရှင်သခင်ဖြစ်သည်။ ဤအချက်သည် ဂီတကျမ်း(Gita)နှင့်လည်း လိုက်လျော ညီထွေဖြစ်မှုရှိသည်။ ကျေးဇူးတော်ရှင် ခရစ်ရှနာသခင်(Lord Krishna)၏ လမ်းညွှန်မှု အောက်တွင် ကမ္ဘာတစ်ခုလုံးသည် ရှေ့သို့အမြန်တက်လှမ်းလျက်ရှိသည်။(Gita IX:10) ဤအယူ ဝါဒ နှစ်ခုအနက် တစ်ခုချင်းစီ၌ ကမ္ဘာကြီးသည် စနစ်တကျဖြစ်ပေါ်မှုနှင့် ပျက်ပြုန်းကုန်ဆုံးခြင်း သဘောတရားဖြင့် ယုံကြည်ချက်များရှိကြသည်။

ကမ္ဘာလောကသည် ဗြဟ္မာကြီးမှ ဖြစ်ပွားပေါ်ပေါက်လာခြင်းလား? ၊ သို့မဟုတ် ဖန်ဆင်းထားခြင်းလား? ။ ပဥ္စရတ္တရကျမ်း(Pancaratra)၌ ဤကမ္ဘာလောကသည် ဆန်ကာသန(Samkarasana) ၊ ပရတ်ယုမ္မန(Pradyuna)နှင့် အနိရုဒ္ဓ(Anirudha)ဟူသော စနစ်များနှင့်အညီ ဝသုဒေဝ(Vosudeva)မှတဆင့် ဖြစ်ပွားပေါ်ပေါက်လာ၏။ ရာမနုဂျာအယူ ဝါဒသည် ပရတတိ(Prakrti)ဟူသော ကမ္ဘာကြီးတစ်ခုလုံးသည် ဗြဟ္မာကြီး၏ ကိုယ်ခန္ဓာအဖြစ် မှတပါး အခြားမဟုတ်ဟူ၍ ယုံကြည်သည်။ ကမ္ဘာလောကအား ဖွံ့ဖြိုးတိုးတက်လာသောပုံစံဖြင့် ကျွန်ုပ်တို့တွေမြင်နိုင်၍ ပရာလျ(Pralaya)အတွင်း ဤအချက်သည် ထပ်မံ၍ ဗြဟ္မာကြီးအတွင်း သိမ်မွေ့နက်နဲပြီး သိနားလည်ရန်ခက်ခဲသည့်အရာအဖြစ် ပါဝင်နေသည်။

မည်သို့ဆိုစေကာမူ ကမ္ဘာလောကသည် ဣသရေလ(Ishvara) ၏ဖန်ဆင်းမှုအားဖြင့် အချိန်ကာလအပိုင်းအခြားအလိုက် ဖြစ်ပေါ်နေ၏။ ညာယမိုက်ဆီဆိက(Nyaya-vaisisika)၏ အဆိုအရ ထာဝရဘုရားသခင်(God)သည် ကမ္ဘာလောက ဖြစ်ထွန်းပေါ်ပေါက်လာရခြင်းအတွက် ပြီးပြည့်စုံသည့် တစ်ခုတည်းသော အကြောင်းတရားဖြစ်သည်။ ၎င်းအဆိုအမိန့်ကို ဆန့်ကျင်သော အားဖြင့် ရှန်ကာရအယူဝါဒ(Shankara)ကမူ ကမ္ဘာလောက၏ ပြည့်စုံလုံလောက်သော အကြောင်း တရားနှင့် သဘာဝရုပ်ဝတ္ထုဟူသော အကြောင်းတရား (၂)ပါးလုံးအတွက် ဣသရေလ(Ishvara) ဖြစ်သည်ဟူ၍ ယုံကြည်လက်ခံထားသည်။ ဤအယူဝါဒနှစ်ခုလုံးတွင် ကမ္ဘာလောကသည် ထာဝရဘုရားသခင်(God)အပေါ်၌ မှီတည်လျက် ဆက်လက်တည်ရှိနေကြသည်ဟူ၍

မတူညီသော စနစ်တကျတွေးခေါ်မှုဖြင့် ယုံကြည်ကြသည်။ ထိုကဲ့သို့ အမှတ်မထင် တိုက်ဆိုင်စွာဖြင့် သဘောထားအယူအဆဖြစ်ပေါ်လာကြသည်။

တဖန် ထာဝရဘုရားသခင်(God)သည် သာလွန်အမြင့်မြတ်ဆုံးသောပုဂ္ဂိုလ်၊ သို့မဟုတ် တစ်ချိန်တည်းမှာ နေရာအနှံ့အပြားတွင် တွေမြင်ရသောပုဂ္ဂိုလ်ဖြစ်ပါသလား? ။ ဝေဒအယူဝါဒ (Rgveda)က ထာဝရဘုရားသခင်အား တစ်ချိန်တည်းမှာ နေရာအနှံ့အပြား၌ သာလွန်မြင့်မြတ်ဆုံးပုဂ္ဂိုလ်ကြီးဟူ၍ ယုံကြည်လက်ခံသည်။

ပုရိသယောကျ်ားမြတ်(Purusa)တွင် ဦးခေါင်းတစ်ထောင်ရှိသည်။
ပုရိသယောကျ်ားမြတ်တွင် မျက်လုံးတစ်ထောင်ရှိသည်။
ပုရိသယောကျ်ားမြတ်တွင် ခြေထောက်တစ်ထောင်ရှိသည်။
ပုရိသယောကျ်ားမြတ်သည် ကမ္ဘာမြေပေါ်တွင် ခြေရာအနှံ့ ဖြန့်ကျက်ချထားသည်။
ပုရိသယောကျ်ားမြတ်သည် လက်ချောင်းတစ်ဆယ် ဖြစ်လိုသောအရာကို လွယ်ကူစွာ လှမ်းကိုင်နိုင်၏။ RV.X.90-1)

မှန်ပါ၏။ ဗြဟ္မာကြီးသည် ဒေါက်တိုင်အများပါရှိသော လှည်းဘီး၏ဝင်ရိုးလျှပေါက်ကို ဆုပ်ကိုင်ထားလျှင် လှည်းဘီး၏ဒေါက်တိုင်များကိုလည်း ဆုပ်ကိုင်ထားနိုင်သည့်အလား အားလုံးသောအရာများကိုလည်း ဆုပ်ကိုင်ထားနိုင်သည်ဟု ဥပါနိရှတ်ဘရာဒါရမ်ယာက(Upanishad Brhadaranyaka)ကဆိုသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဗြဟ္မာကြီးသည် အရာဝတ္ထုအားလုံး၏ ဖြစ်ပေါ်မှုအတွက် သာလွန်မြင့်မြတ်ဆုံးသောပုဂ္ဂိုလ်ဖြစ်သည်။(B.U.11.5.15)။ ထပ်မံ၍ တစ်ဖန် တင်ပြရလျှင် ဘရာဒါရမ်ယာက(Brhadaranyaka)ဗြဟ္မာကြီးသည် အရာအားလုံးကို သိမ်းကျုံး ထိန်းချုပ်ထားနိုင်သော အတွင်းစွမ်းအားဖြစ်သည်ဟူ၍ ယုံကြည်ယူဆပြန်၏။ ဤအဆိုအမိန့်ကို အကြိမ်ပေါင်း(၂၃)ခါ ပြောဆိုထား၏။(B.U.3.7.1.23)။ ရာမနုဂျာ၏အလိုအရ ပြောရလျှင် ထို့နောက်တဖန်ဗြဟ္မာကြီးသည် အသက်ဝိညာဉ်(Soul)လည်းဖြစ်သကဲ့သို့ ဓါတ်သတ္တုရုပ်ဝတ္ထု (material things, the world) ကိုယ်ခန္ဓာဖြစ်သည့်အပြင် ကိုယ်ခန္ဓာဖြစ်သည့်အပြင် ကိုယ်ခန္ဓာ အတွင်း ခိုအောင်းနေထိုင်သောအတ္တ(atman)ဖြစ်သည်။ ဤအယူအဆဖြစ်သော ရှရီရာနှင့် ရှရီရင်ဆက်သွယ်မှု(sharira-sharirin) အတွင်းကိုယ်ခန္ဓာအတွင်းနေ အတ္တ(Atman)သည်

ကမ္ဘာလောကအတွင်း၌ သာလွန်မြင့်မြတ်မှုအနေ တည်နေ၏။ ကိုယ်ခန္ဓာအတွင်းမှ ကျော်လွန်လျက် ထင်သည်ထက်ပို၍ များစွာရှင်သန်နေနိုင်သောအရာလည်းဖြစ်သလို ကမ္ဘာ လောက၏ အသာလွန်ဆုံးသောအရာလည်းဖြစ်သည်။

ကမ္ဘာလောကကြီးသည် တကယ့်စစ်မှန်သောအရာ ဟုတ်ပါသလား၊ သို့မဟုတ် စိတ်မှာသာလျှင် အရှိထင်၍ အမှန်တကယ်မရှိသောအရာဖြစ်ပါသလား? ။ ဆန်းကျယောဂ (Sankhya-yoga)နှင့် ညာယဗိုက်ဆီစိက(Nyaya-Vaisesika)အဆိုအရ ကမ္ဘာ လောကသည် တကယ့်အထင်အရှားအစစ်အမှန်ရှိသောအရာဖြစ်သည်။ ဆန်းကျအယူဝါဒ၏ ထိုအဆိုအမိန့်က ပရာကတိ(Prakrti)သည် အသက်ဝိညာဉ်များကဲ့သို့ပင် တကယ့်အစစ်အမှန် ဖြစ်သည်။ ညာယဗိုက်ဆီစိက(Nyaya-vaisesika) အယူဝါဒ၏အဆိုအရ ကမ္ဘာလောကသည် တကယ့်အမှန်ဖြစ်၍ အမြဲထာဝစဉ်ရှင်သန်နေသည့် အနုမြူမှုန်များနှင့် ဖွဲ့စည်းတည်ဆောက် ထားသည့်အရာဖြစ်သည်။ ထို့ကြောင့် ဤအမြင်ရှုထောင့်မှကြည့်လျှင် ကမ္ဘာလောကသည် တကယ့်အရှိ ပကတိအစစ်အမှန်ဖြစ်သည်။ သို့သော် ထာဝရဘုရားသခင်က ဖန်ဆင်းထား သည်ဟူ၍ ဆိုခြင်းအားဖြင့် ကမ္ဘာလောကသည် တကယ့်အရှိအမှန်တရား လုံးဝမဟုတ်ပေ။ ကမ္ဘာလောကဟုဆိုသော ထိုအရာသည် ထာဝရဘုရားသခင်(God)၏ စိတ်အစဉ်၌ မှီတည် နေသောအရာမျှသာဖြစ်သည်။

ရှန်ကာရအယူဝါဒ၏ယုံကြည်ချက်မှာ ကမ္ဘာလောကသည် ပကတိအရှိအမှန်တရား ဖြစ်သည်ဟု ယုံကြသည်။ ကမ္ဘာလောကသည် အနိရာဗာရကန္နယ၊ သို့မဟုတ် ဆဒ္ဒါဒန္ဒ- ဗီလဆဏ(anirvacaniya or sadasad-velaksana)ဖြစ်သည်။ ကမ္ဘာလောကသည် အလိက(alika) ခေါ် အာကာသ(akasha)၊ ကြာပန်း(lotus) သို့မဟုတ် အိမ်မက်ကဲ့သို့သော အရာကဲ့သို့ အစစ်အမှန်မဟုတ်သောအရာ မဖြစ်နိုင်ပါ။ လက်တွေ့ကျသော ရည်မှန်းချက်များ အတွက် ကမ္ဘာလောက၌ သဘောတရားအရာမျှသာမဟုတ်သော တကယ့်လက်တွေ့ကျသည့် ပကတိအရှိအမှန် တရားဖြစ်သည်၊ သို့မဟုတ် ဝယဝဟာရိကသတ္တ(Vyavakarika Satva) မဟုတ်ပါ။ ကမ္ဘာလောကသည် ဗြဟ္မာ-ဉာဏ(Brahma-jnana)အလင်းရောင်သည် လွတ်မြောက်မှုရှာကြံသူအပေါ် မကျရောက်မချင်း တည်ရှိနေမည်ဖြစ်ပေသည်။ ဂျီဗန်မုတ္တ

(jivanmukta) မဟုတ်သူများ အားလုံးအတွက် ကမ္ဘာလောကသည် လူတစ်ဦး၏သံသရာဝဋ်မှ လွတ်မြောက်မှု ရာကြံကြိုးကုတ် အားထုတ်ဆောင်ရွက်ရန် စစ်မှန်သောနေရာဖြစ်သည်။ ဆွာမိဗီဗီကန်နန္ဒာ(Swami Vivekanada)က အကြံပြုထားသည်မှာ -

နိုးကြားထကြွကြလော့! အိပ်ယာမှ နိုးထကြလော့!၊

အကောင်းဆုံးအရာကိုရယူပြီး အဲဒီအကောင်းဆုံးဟာ ဘာလဲဆိုတာနားလည်ပါ။

(Kath 3:14)

သို့ဖြစ်လျှင် ကမ္ဘာလောကထဲသို့ဝင်ရောက်ပြီး ကမ္ဘာလောကအတွင်းမှာ နေထိုင်ပါ။ အသင်၏ကြွက်သားများ သံခဲလိုမာကြော၍ အကြောအချင်များအား သံမဏိလိုခိုင်ခံ့ပါစေ။ ထို့ကြောင့် ဟိန္ဒူဘာသာဝင်များအဖို့ရာ၌ ကမ္ဘာလောကသည် လူတစ်ဦးတစ်ယောက် သံသရာဝဋ် ကျော့ကွင်းညွှတ်မှ ထွက်မြောက်နိုင်ရေး နည်းလမ်းရှာကြံ ကြိုးပမ်းလုပ်ကိုင်ရန်နေရာဖြစ်သည်။ ကမ္ဘာလောကအား တကယ့်အစစ်အမှန်မဟုတ်ဟူ၍ ပြောနိုင်ပါမည်လား?။ သို့သော် မေးခွန်း တစ်ခု ပေါ်ပေါက်နိုင်ပေ၏။ ဤကမ္ဘာလောကကို ဖန်ဆင်းခြင်း၏ရည်ရွယ်ချက်မှာ အဘယ်နည်း? ဟူ၍ဖြစ်သည်။

ရှန်ကာရအယူဝါဒနှင့် ရာမနုဂျာအယူဝါဒနှစ်လုံးတို့သည် ထာဝရဘုရားသခင်(God) က ကမ္ဘာလောကအား အသက်သွင်းပေးခြင်းအားဖြင့် ရှင်သန်လှုပ်ရှားစေခဲ့သည်ဟူ၍ ထင်မြင် ယူဆသည်။ ထာဝရဘုရားသခင်မှာ သူကိုယ်တိုင်သို့ ပြီးပြည့်စုံသော ပြည့်ဝဖူလုံမှုရှိပြီးဖြစ်သည်။ ထို့ကြောင့် ဤကမ္ဘာလောကသည် ထာဝရဘုရားသခင်၏ပါရမီကို ဖြည့်ခြင်းငှာမတတ်နိုင်ပါ၊ သို့မဟုတ် မပြည့်စုံသေးသည့်အရာကို ဖြည့်စွက်ခြင်း မပြုခဲ့ရပါ။

သို့ဖြစ်ရာ ကမ္ဘာလောကသည် လီလာ(Lila)၊ သို့မဟုတ် ဣသရေလ၏ အပြင်းအထန် အားစိုက်ဖန်ဆင်းပေးခဲ့ရသောအရာ မဟုတ်ဟူ၍ ပြောဆိုကြသည်။ ရာမနုဂျာအယူဝါဒအဖို့ရာတွင် ဤကမ္ဘာလောကသည် ဣသရေလအား မည်သည့်ကွဲလွဲချက်မျှ မဖြစ်စေပေ။ ဣသရေလသည် ကမ္ဘာလောကအတွင်း တစ်စုံတစ်ရာကိုမျှမထိမစပ်ပဲ တည်ရှိနေသည်။ (Gitabhasya 7:12:9.4)။ သို့ရာတွင် အခြားရှုဒေါင့်တစ်ခုမှကြည့်လျှင် ဤကမ္ဘာလောကသည် အသက်ဝိညာဉ်များ ပြုလုပ် ပေးသည့် တောင်ကြားဒေသတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသခင်အား

စွဲလန်းယုံကြည်သဖြင့် သဒ္ဓါတရားများစွာသော၍ ဆည်းကပ်ကိုးကွယ်သူ၏ဝိညာဉ်သည် သံသရာဝဋ်ကြွေး ဒုက္ခဘေးမှ လွတ်မြောက်နိုင်သောကြောင့်ဖြစ်သည်။ (Gitabhasya . 3:10:4:7)

ရှန်ကာရအယူဝါဒနှင့် ရာမနူဂျာအယူဝါဒတို့မှလွဲ၍ အယ်လ်ဗားစ်(Alvars) နှင့် ဘဂဝါတပူရနာ(Bhagavata Purana) အယူဝါဒတို့သည် ရှေ့ဘုန်းတော်သခင် အရှင်ခရစ်ရှနား (Lord Khrishna)၏ လီလာ(Lila)အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာသည် အပျော်သဘောထားရှိသောအချစ်(in the form of dalliance)ဟူ၍ ဖော်ပြကြသည်။ ''အပျော်သဘောထားရှိသောအချစ်''ဟူသောစကားလုံးက မည်သည့်အဓိပ္ပါယ်ဆောင်သည်ဖြစ်စေ ဘာခ်တာ့(bhatas)ကမူ အရှင်သခင်သည် သူ၏သာဝကများအတွက် နိဝါတမဂ်လာ(မိမိကိုယ်ကိုနှိမ့်ချလျက်)အားဖြင့် ဆက်ဆံခြင်းဟူ၍အဓိပ္ပါယ်ပြန်ဆိုကြသည်။ မည်သို့ပင်ဆိုစေကာမူ(Bhagavatar Purana) (X.33:31-32)က သာမန်လူအများတို့၏ စကာစကားအသုံးအနှုန်းအပေါ်ရှုမြင်ချက်တွင် အပျော်သဘောအရ ထားရှိသောအချစ်ဟူ၍ အဓိပ္ပါယ်နှင့် ၎င်း၏အတုအယောင်ပြုလုပ်မှုအား ခွင့်မပြုပါပေ။ ဘာသာတရားရှုထောင့်မှကြည့်ခြင်းအားဖြင့် ဂိုပီခရစ်ရှနား(Gopi-Krishna)၏ လီလာ(Lila) ဟူသော ရိုးရှင်းသည့်အဓိပ္ပါယ်မှာ သူ၏(God)သာဝကများမရှိပဲ ထာဝရဘုရား (God) သည်လည်း ပဲထိန်းသဖွယ် ထိန်းကြောင်းထားခြင်းမပြုနိုင်ပေဟူ၍ဖြစ်သည်။ (ရာမနူဂျာ၏ဂီတ ဘာဆယ - 7.18 နှင့် 8.14 )

လူသတ္တဝါအများ(Souls)တို့အား ၎င်းတို့ တွေ့ကြုံရင်ဆိုင် ခံစားနေကြရသော သံသရာဝဋ်ကြွေး ဒုက္ခဘေးမှလွတ်မြောက်ရေးနှင့် ၎င်းတို့ရည်မှန်းထားသည့် အမြင့်ဆုံးသော အဆင့်သို့ ရောက်ရှိစေလိုသော ရည်ရွယ်ချက်မှာ လီလာ(Lila)ထားရှိသော ရည်ရွယ်ချက် ဖြစ်သည်။ လူသား(jiva)၏ လက်လှမ်းဆုပ်ကိုင်ရရှိသောအချက်သည် ထာဝရဘုရားသခင်(the Lord)အား သူ၏ အနန္ဒ(His ananda) အတွေ့အကြုံဖြစ်စေသည်။

## ဒုက္ခခံစားရခြင်းပြဿနာ

**(The Problem of Suffering)**

ဒုက္ခခံစားရခြင်းအပေါ် ဝေဒဘာသာအယူဝါဒ(The Rgvedic)၏ သဘောထားအမြင်သည် ဆန်နတာနဟိန္ဒူအယူဝါဒနှင့် သိသာထင်ရှားစွာဖြင့် ကွဲပြားခြားနားသည်။ ဝေဒဘာသာအယူအဆနှင့် အိရန်နီယမ်အာရိယန်(Rgvedic and Iranian Aryans)တို့၏ ဂါသာခေတ်ကာလ(Gatha times) ဒုက္ခခံစားမှုနှင့်စပ်လျဉ်း၍ တူညီသောအမြင်ကို ကျွန်ုပ်မျက်ကွယ်ပြု၍ ရနိုင်မည်မဟုတ်ပေ။ ဒုက္ခခံစားရခြင်းသည် ဝရုဏနတ်မင်း(Varuna) နှင့် မိတ္တရနတ်မင်း(Mitra) တို့၏ ရတ(rta) ခေါ် အပြစ်အနာအဆာအတွက် ချမှတ်ထားသည့် စည်းမျဉ်းဥပဒေသအရ ခံစားရခြင်းဖြစ်သည်။

အရှင်သခင်၏ စည်းမျဉ်းဥပဒေသများ မည်သို့ပင်ရှိစေကာမူ

အို ထာဝရဘုရားသခင်နှင့် အိုဝရုဏနတ်မင်း၊ ကျွန်ုပ်တို့မှာ လူသားများသာဖြစ်ကြပါ၍ နေစဉ်နှင့်အမျှ စည်းမျဉ်းဥပဒေသများကို ချိုးဖောက်ကြပါ၏။ ကျွန်ုပ်တို့အား ငဲ့ညှာသနားလျက် အရှင်သခင် ဒေါသယမ်းအိုးအတွင်းသို့ ပစ်သွင်းကာ သေခြင်းကဲ့သို့သော နေရာသို့ မပို့ဆောင်ပါလင့်၊

အရှင်သခင်၏စိတ်မပျော်ရွှင်သည့်အချိန် အရှင်သခင်၏ ခက်ထန်လှသောဒေါသတရားကို ကြောက်ရွံ့ပါ၏။

အရှင်သခင်၏သနားညှာတာမှု ရရှိရေးအတွက် ဝရုဏနတ်ဘုရားကို ကျွန်ုပ်တို့၏ အသည်းနှလုံးထဲကပါသော ဓမ္မတေးဖြင့် ပူဇော်ပါသရှင့်။ (Rg. 1:25:1:3)

ကျွန်ုပ်မှားယွင်းမိပါ၏။ ထို့ပြင် လမ်းမှားကိုလိုက်မိပါ၏။

သနားသောအားဖြင့် ကျွန်ုပ်အား ချမ်းသာပေးပါ ကြီးမြတ်သောသခင်၊ ကျွန်ုပ်တို့၏ စိတ်တွင် လောဘပင်လျှင် အရှင်တို့စည်းမျဉ်းကို ချိုးဖောက်မိပါ၏သခင်၊ အပြစ်မပေးပါနှင့်သခင်၊ အိုထာဝရဘုရားသခင် တရားမျှတမှုမရှိခြင်း ဖြစ်ပါသတဲ့ရှင်။ (Rg. V.VII 89.3.5)

သို့ဖြစ်ရာ ခွင့်လွှတ်ခြင်းနှင့် ချီးကျူးပူဇော်သော ဓမ္မတေးသီချင်းများကြောင့် ဝေဒ

အာရိယာန်များ(Rgvedic Aryans) ၎င်းတို့ခံစားရသောဒုက္ခများကို ပေါ့လျော့သွားစေမည့် နည်းလမ်းကို ရှာကြံကြသည်။ အချိန်ကာလ ရွေ့လျောကြာမြင့်လာသောအခါတွင် ဝေဒအယူ ဝါဒအရ ပူဇော်ပုံပူဇော်နည်းအရ ယဇ်ပူဇော်ခြင်းနှင့် မန္တာန်များရွတ်ဖတ်ပူဇော်ခြင်းများမှာ တပြည်းပြည်းနှင့် ဒုက္ခခံစားရခြင်းများ သက်သာပျောက်ကင်းစေရန် ကျင့်စဉ်များဖြစ်လာသည်။ သို့ရာတွင် ဝေဒအယူဝါဒရှိသူများ၏ ရတ(rta) စည်းမျဉ်းဥပဒေသချိုးဖောက်ခြင်းကြောင့် ခံစား ရသောဒုက္ခသည် တစ်ခါတည်း ကင်းစင်လွင့်ပျောက်ခြင်းသို့ ရောက်သည်ဟူ၍ အကြောင်းပြသည်။ ဤသို့အားဖြင့် ကမ္မဝါဒ(the Law of Karman)သံသရာ လည်ပတ်ခြင်းဟူသော သဘောတရား (the doctrine of samsara)နေရာတွင် အစားထိုးခဲ့သည်။

သံသရာဘိုတစ်ခွင်မှာ စုံဆန်ကာကျင်လည်ရခြင်း(the worldly existence)သည် ဆင်းရဲဒုက္ခ အပြည့်အဝရရှိခြင်းဟူ၍ အယူအဆရှိသည်။ ဟိန္ဒူများသည် အတိတ်ကာလများ၌ သော်လည်းကောင်း၊ ပစ္စုပ္ပန်ကာလ၌လည်းကောင်း ဘဝ၏ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ တစ်ခဏတာ အချိန်ကလေးအား သိမြင်နားမလည်ကြဘူးဟူ၍ မထင်မှတ်သင့်ပေ။

သို့သော် သံသရာ(Samsara)ဟူသော ထင်ရှားသည့် ဝေါဟာရစကားလုံးအဓိပ္ပါယ်မှာ ညင်သာစွာစီးဆင်းနေသော ရေအလျဉ်ကဲ့သို့ ရွေ့လျောပြောင်းလဲနေခြင်းကို မမြင်ရသော်လည်း အမှန်တကယ်တွင် အဖြစ်အပျက်များသည် ဆက်တိုက်ဖြစ်ပျက်သာရှိသည်။ ယခုအခါ၌ တသွင်သွင် ရွေ့လျောပြောင်းလဲနေခြင်းသည် အစဉ်ထာဝရပျော်ရွှင်ချမ်းမြေ့သည့် ရလဒ်ကို မပေးနိုင်တော့ပေ။ သို့ဖြစ်ရာ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ အကြောင်းအရာတစ်ခုခုသည် မှတ်ဉာဏ်မှ လျင်စွာပျောက်ကွယ်ခြင်းသို့သာလျှင် ဆိုက်ရောက်ရလေသည်။ သို့ဖြစ်ရာ ကမ္ဘာပေါ်မှ ပျော်ရွှင် ချမ်းမြေ့ဖွယ်ရာများသည် ရေလှိုင်းများ၏ ခဏတာကာလကလေးအတွင်းမှာ ပျောက်ကွယ် သွားကြသကဲ့သို့ ဘယ်သောအခါမျှ ကြာရှည်စွာတည်နေကြမည်မဟုတ်ပါ။ ထိုမှတပါး ဤကမ္ဘာလောကသည် အချိန်ကာလအပိုင်းအခြားအလျောက် ဖန်ဆင်းဖြစ်တည်ခြင်းနှင့် ပျက်စီး ပျောက်ကွယ်ခြင်းဖြင့် လည်ပတ်နေသည်ဟူသော ကျွန်ုပ်တို့ရှုမြင်သကဲ့သို့ ဒုက္ခခံစားခြင်းအား အပြည့်အဝ ထပ်ကာထပ်ကာ ကြုံတွေ့နေကြရသည်။ ကမ္ဘာလောကသည် ကြီးစွာသော လှိုင်းဂယက်ရိုက်ခတ်မှုနှင့် အဓိပ္ပါယ်ကင်းမဲ့မှုတို့ဖြင့် ဖန်ဆင်းဖြစ်တည်ခြင်း မဖြစ်နိုင်ပေ။ ထို့ကြောင့်

စဉ်ဆက်မပြတ်ဖြစ်ပေါ်ခြင်းနှင့် ထပ်ကာထပ်ကာဖြစ်ပေါ်ခြင်းတို့မှာ အဓိပ္ပါယ်ကင်းမဲ့စွာဖြင့် ဖြစ်တည်လျက်ရှိသော ကမ္ဘာလောကသည် ဒုက္ခခံစားရခြင်းဟူသော ရှုမြင်မှုနှင့် ဆက်စပ်ပတ်သက်နေသည်။

ဤအယူအဆကိုဆန့်ကျင်လျက် လူသားသည် ဆုံးစမထင် အစဉ်အမြဲလောကထဲတွင် မရှိမဖြစ်လိုအပ်မှုအနေဖြင့်လည်းကောင်း ပြောင်းလဲခြင်းမရှိ၊ မလှုပ်ရှားသည့်ဝိညာဉ် ချမ်းမြေ့ပျော်ရွှင်၍ ဖြူစင်သည့်နှလုံးသား စိတ်ဓါတ်ခွန်အားပိုင်ရှင်အဖြစ်လည်းကောင်း တွေ့မြင်ရပေသည်။ ဤမျှကြီးမြတ်ဂုဏ်ခြင်နှင့် ရှေးနှစ်ပေါင်းထောင်သောင်းမက ရှည်ကြာလှသောကာလကို ဖြတ်သန်းကျော်လွှား လူသားသည် ရုပ်ထွေးပူလောင် ဒုက္ခများမြောင်ဤလူ့ဘောင်သို့ မည်ကဲ့သို့ပေါ်ပေါက်ရောက်ရှိလာခဲ့ပါသနည်း?။ အထက်၌ ရေးသားဖော်ပြပြီးဖြစ်သည့်အတိုင်း ဖြူစင်သန့်ရှင်းသော ဝိညာဉ်သည် အညာဏ(ajnana) ခေါ် မသိမှု၏ဖျားယောင်းသွေးဆောင်မှုကြောင့် လွတ်လပ်စွာ ပျံသန်းနေသည့် သိန်းငှက်တစ်ကောင်အား ရောင်စုံဖြင့်စုစည်းထားသော ငှက်ဖမ်းသမား၏ လက်တွင်းမှ ငှက်မွေးကို သားကောင်ထင်၍သုတ်သကဲ့သို့ အမြဲတစေ ရွှေ့လျောစီးဆင်းနေသည့် လောကထဲသို့ သက်ဆင်းရောက်ရှိလာရသည်။ ၎င်းကို ပရာခ်တိ(Prakti)၏ ပရိဏာမင်နိတ်ယ (Parinamintya)ဟူ၍ ဟိန္ဒူဘာသာကဆိုသည်။ အညာဏ(ajnana) ခေါ် မသိမှုအားဖြင့်ဖြစ်စေ သို့မဟုတ် ကမ္မဝါဒ(Karman)အားဖြင့်ဖြစ်စေ၊ အဝိဇ္ဇာ(avidya) ခေါ် အမှားအမှန်ခွဲခြားဝေဖန်မှု မပြုနိုင်သော ဒုက္ခဘုံသို့ ကျရောက်နေရခြင်းဖြစ်သည်။ အဆုံးမရှိလှည့်ပတ်လျက်ရှိသည့် ကမ္ဘာလောက၏ ဖြစ်တည်ခြင်းနှင့်ပျက်စီးခြင်းတို့အောက်မှ ဒုက္ခဘုံတွင် ခံစားနေရခြင်းမှာ အချိန်ကာလအားဖြင့်သော်လည်းကောင်း၊ ကြိုတင်ကြံစည်ဖန်တီးပြုလုပ်နိုင်သည့် စာချုပ်ဟူ၍လည်း မရှိပါချေ။ သို့ဖြစ်ရာ ဒုက္ခခံစားရခြင်းဟူသောပြဿနာသည် အနာဒိ(anadi) ခေါ် အဆုံးမရှိပါပေ။ သို့ရာတွင် လွတ်မြောက်ရာလမ်းစကို ရှာကြံနေသူ လူတစ်ယောက်အနေဖြင့် ထိုသို့သော ဒုက္ခခံစားနေရသည့် ပြဿနာသည် အရုဏ်မိုးသောက် အလင်းရောက်သည်နှင့်တပြိုင်နက် အမှောင်ထုကင်းပျောက်သကဲ့သို့ ဉာဏ(jnana) ဖြစ်လာသောအခါ အဆုံးသတ်ရမည်ဖြစ်ကြောင်း မုတ္တ(Mukta) ခေါ် လွတ်မြောက်ခြင်းသို့ ရောက်ပြီးသူများက ထောက်ပြကြသည်။ သူ၊ သို့မဟုတ် မုတ္တ(Mukta)က ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာနှင့် ဝမ်းနည်းဖွယ်ရာအစုံ လောက၏ ဖြစ်ပျက်ပုံ(ကောင်းသောလောကခံနှင့်

ဆိုးသောလောကဓံ– ဘာသာပြန်သူ)တို့သည် သူ့ထံသို့ မရောက်ရှိ မထိခိုက်ကြောင်း သိနားလည်သည်။ ဥပမာသာဓကအနေအားဖြင့် လောကီဇာတ်ခုံ လူတို့ဘုံက တွေ့ကြုံခံစား အဖြစ်နှင့် အပျက်ဟူသော လောကဓံတရား(Worldly events) တို့သည် မည်သည့်အခါမျှ သူ့ထံသို့ မရောက်ရှိပေ။ ဤဆန်းကျမ်းအယူဝါဒ၏ရှုမြင်မှုသည် ဟိန္ဒူဘာသာယုံကြည်ကိုးကွယ်မှု၏ကြီးမြတ်သော ဘာသာရေးခေါင်းဆောင်(၂)ဦးဖြစ်သည့် ရာမနုဂျာနှင့် ရှန်ကာရတို့သည် လောကခံစစ်မြေပြင်မှာ ကိလေသာရန်သူကို အောင်မြင်ကြသူ ဖြစ်သည်။

အကယ်၍ လူတစ်ယောက်(a jiva)သည် သူ၏ကိုယ်ပိုင်အဆုံးအဖြတ်ကို သူကိုယ်တိုင်ရွေးချယ်၍ အညာဏ(a jnana) ခေါ် မသိနားမလည်မှုနှင့်အတူ ဒုက္ခခံစားမှုကို သယ်ဆောင်လာလျှင်မူ သူ့အပေါ်ကျရောက်လာသည့် ဆင်းရဲဒုက္ခအား မည်သူတစ်ဦးတစ်ယောက်တွင်မျှ တာဝန်မရှိပါ။ ထို့ကြောင့် လူသားသည် သူကိုယ်တိုင်က သူ့ဘဝ၏ အမြဲမပြတ်သိသာထင်ရှားစွာ ပြောင်းနေသည့်ဖြစ်စဉ်များနှင့် ကမ္ဘာလောကဟုဆိုအပ်သော အနတ္တသဘောတရားအရ မည်သည့်အရာမျှ မတည်မြဲသောပြောင်းလဲနေသည့် သဘာဝအပေါ် ဉာဏ်သက်ဝင်၍ သူကိုယ်တိုင်၏ လွတ်မြောက်မှုအတွက် သူကိုယ်တိုင်ကြိုးစားအားထုတ်ရန်လိုအပ်လှပေသည်။ လူသားသည် သူ၏အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးအတွက် သူကိုယ်တိုင်သည်သာလျှင် ပဓာနကျသောဗိသုကာဖြစ်သည်။ ဤသဘောတရားကို ရှင်တော်ဂေါတမမြတ်ဗုဒ္ဓနှင့် ရှင်တော်မဟာဝီရ(Lord Mahavira of Jainism)တို့က ဟောကြားဆုံးမတော်မူခဲ့သည်။ ထို့နောက် ရှန်ကာရအယူဝါဒကလည်း ဤဟောကြားချက်အား သူ၏ဒဿနဖြစ်သော အသိဉာဏ်ပါသည့် ကာမယောဂ(jnana with Karmayoga)နှင့် ဘာခ်တိ(bhakti)တို့အား ပေါင်းစပ်၍ ထပ်ဆင့်မွေးစားခဲ့သည်။ သို့ရာတွင် Karma-yoga နှင့် bhakti တို့သည် ဉာဏအား အလွန်လေးစားချစ်ကြည်သော သဘောထားရှိသည်။ ရှန်ကာရသည် သူ ဉာဏဒဿနသို့ အဘယ်ကြောင့် ကာမယောဂနှင့် Bhakti တို့အား မိတ်ဆက်ပွဲထုတ်ခဲ့ပါသနည်း? ။

ဗုဒ္ဓဘာသာနှင့်ဂျိန်းဘာသာတို့၏ ရှင်သန်တည်ရှိနေသော ယောဂကျင့်စဉ်တို့သည် အလိုရှိသောအကျိုးရလဒ် မရရှိခဲ့ကြဟူ၍ ထင်မြင်ယူဆခဲ့ကြသည်။ ဒုက္ခခံစားရခြင်းပြဿနာ ဆုံးခန်းတိုင်သို့ရောက်ရှိရေးအလို့ငှာ သဘာဝလွန်စွမ်းအားရှင်တို့၏ အကူအညီနှင့် စောင့်ရှောက်မှု

လိုအပ်သည်ဟူ၍ ယူဆခဲ့ကြသည်။ သို့ဖြစ်သောကြောင့် ဘတန်ဂျာလိ(Patanjali) ခေါ် ဟိန္ဒူအတွေးအခေါ်ပညာရှင်တစ်ဦးက ယောဂကျင့်စဉ်အောင်မြင်ရေးအတွက် ဣသရေလပရန်နိဓါန(Ishvara-pranidana)ကို မိတ်ဆက်ပွဲထုတ်ပေးခဲ့ရသည်။

နောက်ပိုင်းအချိန်ကာလသို့ ရောက်လာသည့်အခါ၌ ရှန်ကာရအယူဝါဒသည်လည်း ဝေဒဆိုင်ရာကာမကန္ဒ(Vedic-Karma Kanda) အားမိမိကိုယ်ကိုမိမိ ထိန်းချုပ်နိုင်ရေးအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်လေ့ကျင့်မှုအနေဖြင့် ကျင့်သုံးဆောင်ရွက်ခဲ့သည်။ ဣသရေလ(Ishvara)အား ကြည်ညိုဆည်းကပ်ခြင်းသည် ရှုပ်ထွေးပူလောင် လောကလူ့ဘောင်သို့ သက်ဆင်းကျရောက် ဆင်းရဲခြင်းဒုက္ခခံစားရခြင်းမှ ဆုံးခန်းတိုင်ရောက်စေရန် တစ်ခုတည်းသောလက်နက်အဖြစ်အသုံးပြုနေသော ဗြဟ္မညာဏ(Brahma-jnana)အား ရရှိရေးသည်လည်း အရေးကြီးသော လိုအပ်ချက်ဖြစ်သည်ဟူ၍ သူကခွင့်ပြုခဲ့သည်။ သို့သော် ယနေ့မျက်မှောက်ခေတ်ကာလ၌ ဟိန္ဒူဘာသာယုံကြည်ကိုးကွယ်မှုအတွင်း ဣသရေလ(Ishvara)သည် ရာမနုဂျာ၏ရှုမြင်ချက်အားစွန့်လွှတ်ရန် အလွန်အရေးကြီးသည်ဟူ၍ စဉ်းစားဆုံးဖြတ်ခဲ့သည်။

ရာမနုဂျာ၏အဆိုအရ ဣသရေလသည် အရေးကြီး၍ မရှိမဖြစ် ရှိသင့်သော ကမ္မဖလဓါတ(Karmaphaladata)ဖြစ်သည်။ သူက လူတစ်ယောက်အား ၎င်း၏ကံတရား (Karman) အားလျော်စွာ ကိုယ်ကာယများကိုဖြစ်စေသည်။ သူသည် လူသားများအား ဤကမ္ဘာ လောကအတွင်းမှ ၎င်းတို့၏လွတ်မြောက်ရေး လုပ်ကိုင်ဆောင်ရွက်ကြရန် ထာဝရဘုရားသခင်၏ ကရုဏာ(Karuna or compassion)အားဖြင့် ခွင့်ပြုတော်မူသည်။

ဆိုအပ်ခဲ့ပြီးသော အမြဲမသေအစဉ်ထာဝရတည်ရှိနေသည့် အတ္တမန်(atmans)များသည် အစဟူ၍မရှိသော ကံတရား(beginnningless Karman)ကြောင့်ဖြစ်ပြီးလျှင် ၎င်းတို့၏ အမျိုးမျိုးအဖုံဖုံ ကောင်းဆိုးစုံလင်သော ကံတရားများက အဆုံးအဖြတ်ပေး၍ ပစ်ချလိုက်သောကြောင့် ကိုယ်ကာယအစိပ်များသည် အချိုးကျန မျှတစွာဖြစ်ပေါ်လာကြသည်။

မည်သို့ပင်ဆိုစေကာမူ အမေးပုစ္ဆာပြဿနာတစ်ရပ်ပေါ်လာနိုင်သည့်ကိစ္စမှာ- အကယ်၍ သာဣသရေလသည် သနားမေတ္တာ ကရုဏာအမှန်ရှိသည်ဆိုပါက လူ့ဘုံလောက ဒုက္ခခံစား

ရသည့်ကံစွက်ကို အဘယ်ကြောင့်ခွင့်ပြုပေးခဲ့ပါသနည်း? ။ သူက လူ့ဘုံလောကခံစားရသည့်ဒုက္ခများမှ မကာကွယ်နိုင်ဘူးလား? ။

လူသားများသည် ၎င်းတို့ခံစားရသည့်ဒုက္ခများအား ဖယ်ရှားရှင်းလင်းပစ်ရန်တာဝန်မှာ ၎င်းတို့အပေါ်၌သာ လုံးဝမှီတည်သည်။ ၎င်းတို့ခံစားနေရသော ဒုက္ခများကြောင့် ဣသရေလအား ရက်စက်ကြမ်းကြုတ်သည်ဟု မဆိုသာပါ။

အဘယ်ကြောင့်ဆိုသော် လူတစ်ယောက်သည် နာကျင်စွာခံစားနေရသည့် ဒုက္ခဝေဒနာအား ကြင်နာသနားသောအားဖြင့် အခြားသူများက မျှဝေခံစား၍မရနိုင်ကြောင်းကို ကျွန်ုပ်တို့ နားလည်ပါ၏။ သူကိုယ်တိုင် အကူအညီပေးမှုအား အလေးမထားပဲလျက် လက်တွဲရန် မဖြစ်နိုင်။ သနားဖွယ်ရာကောင်းလှစွာသော လူတစ်ဦးအပေါ် သူ၏ မိုက်မဲစွာမှားယွင်းမှု၏ အပြစ်ကို ခွင့်လွှတ်ခြင်းမှာ သူတစ်ပါးအား သူ၏သနားညှာတာမှုရှိခြင်းအပေါ်၌လည်း မှုတည်သည်ဟူ၍ ကျွန်ုပ်တို့ နားလည်ပါ၏။ သူ၏ယုံကြည်မှုမရှိခြင်းက သူ့အားဝင့်တို့ ဝင့်လှည့်အားဖြင့် ဒုက္ခခံစားရခြင်းမှာ သူ၏စေတနာသဒ္ဓါတရား နည်းပါးခြင်းအပေါ် ရောင်ပြန်ဟပ်ခြင်းဟူ၍ပေ၏။ (Sribhasya-11.2:3)

တန်ခိုးတော်အရှင်ဣသရေလသည် မကောင်းမှုပြုသူအား မိုက်မဲမှုအတွက် မလွှဲမသွေ အပြစ်ပေးလိမ့်မည်။ သို့ရာတွင် မိုက်ပြစ်ကျူးလွန်ထားသည့် ငမိုက်သားအား အကယ်၍ သူကိုယ်သူ လူကောင်းသူကောင်းတစ်ယောက် ပြန်လည်ဖြစ်လာရန် အချိန်မီပြုပြင်၍ ဘာသာတရား ရှိသေလေးစားသူဖြစ်ရန် ကြိုးစားပါက တန်ခိုးအရှင်ဣသရေလက ကယ်တင်ရန် ခွင့်ပြုပေးပေလိမ့်မည်။

## သံသရာဝဋ်ကျော့ကွင်းညွှတ်မှ လွတ်မြောက်ခြင်း
## Liberation (Mukti)

ဝေဒအယူဝါဒ(Rgveda)၌ အဉာဏ(ajnana)နှင့် မုက္ခ(Muksa)ဟူသော ပြဿနာ မပေါ်ပေါက်ပါ။ ယင်းအယူဝါဒရှိသူ လူအပေါင်းတို့သည် Rta ခေါ် ဥပဒေသကို ချိုးဖောက်ခြင်း ဖြစ်ကြောင်း သိရှိနားလည်နေကြသည့်အပြင် ဝေဒအရိယာန်လူမျိုးတို့သည် Rta ဥပဒေသအား ၎င်းတို့ချိုးဖောက်ခြင်းအတွက် ခွင့်လွှတ်ပေးသနားမှုရရှိမည့်နည်းလမ်းကို ရှာကြံနေကြသည်။

၎င်းလူမျိုးတို့သည် နတ်များနှင့်အတူတကွ ပေါင်းသင်းနေခြင်းအားဖြင့် ၎င်းတို့၏အသဲနှလုံးအတွင်းမှ လိုလားတောင့်တချက်များ ဖြည့်ဆည်းနိုင်ပြီးလျှင် ဆဘာဂ(Svarga) ခေါ် နောက်ဆုံးခရီး ပန်းတိုင်ကို လှမ်းကိုင်ရရှိနိုင်ကြလိမ့်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ယနေ့တိုင် မိရိုးဖလာ အယူဝါဒအဖြစ် ဟိန္ဒူဘာသာကို ယုံကြည်ကိုးကွယ်သူသည် အဆုံးမရှိသောမွေးဖွားခြင်းနှင့် နောက်ထပ်တစ်ဖန် အပြန်ပြန်အထပ်ထပ် ပြန်လည်မွေးဖွားရခြင်းဟူသော နှောင်ကြိုးမှ လွတ်မြောက်၍ သံသရာ၏နိဂုံးကမ္ပတ်အဆုံးသတ်စေမည့် အမြင့်မြတ်ဆုံးသော အန္တိမရည်မှန်း ချက်အား အစီစဉ်တကျ တစ်ဆင့်ပြီးမှတစ်ဆင့် ရရှိလိုကြသည်။ ထို့ကြောင့် သံ်္သရိက (Samsarika) ဟုဆိုအပ်သော သံသရာဝဋ်ကြွေး ဒုက္ခဘေးဆိုး ကြိုးတစ်ချောင်းက မြဲမြံစွာ တုတ်နှောင်ထားလေသည်။ လောကီသိုက်မြုံ လူ့တို့ဘုံမှာ ဆုံလည်နွားကဲ့သို့ တစ်ပတ်ပြီးတစ်ပတ် လှည့်ပတ်လျက် ဝဋ်ကြွေးကို ဒုက္ခဖြင့်ပေးဆပ်နေရခြင်းမှာ မသိမှု(အညာဏ ခေါ် ajnana)ကြောင့် ဖြစ်ရသည့်အားလျော်စွာ ယင်းမသိမှု(ajnana)အား ဖယ်ရှားပစ်ရန် တစ်ခုတည်းသော နည်းလမ်း ဖြစ်သည့် သိမှု(jnana) ဖြင့်သာ ဆောင်ရွက်နိုင်ရာ၏။ နားလည်သဘောပေါက်၍ မှတ်သားထားရန် အချက်မှာ မသိမှု(ajnana)၏ ရှင်းလင်းသောအဓိပ္ပါယ်မှာ နားမလည်မှု(ignorance) ရိုးရိုးမဟုတ်ပဲ ကျွန်ုပ်တို့ ဆိုလိုသည့်အဓိပ္ပါယ်မှာ ရိုးရိုးသားသား မသိနားမလည်ခြင်းထက်ကျော်လွန်၍ စိတ်ထဲ၌ပင် မခံစားတတ်သော(lack of cognition) မသိနားမလည်ခြင်းဖြစ်ပါ၏။ မသိမှု(ajnana)၏ စစ်မှန်သော အဓိပ္ပါယ်မှာ စိတ်ကိုလှည့်စား ဖျားယောင်းသွေးဆောင်ခြင်းနှင့် အသိဉာဏ်ကို မှားယွင်းစေခြင်း ဖြစ်သည်။ သဘာဝကျကျစဉ်းစားကြည့်ပါက အသိဉာဏ်သည် စိတ်ကို ဖြူစင်သန့်ရှင်းစေပြီး လမ်းမှန်ပေါ်ရောက်အောင် ပို့ဆောင်ပေးသည်ဟုဆိုရမည်။ စိတ်ရော အသိဉာဏ်ပါ အတ္တ ခေါ် (ahamkara or ego-feeling)၏ မှားယွင်းသည့်လမ်းပြမှုအောက်၌ အဟမ်ကာရ(ahamkara)သည် အရည်ပျော်၍သွားရမည်သာဖြစ်၏။ ထို့ကြောင့် သစ္စာထိုက်သော စစ်မှန်မှု(ultimate reality) ဒဿနဆိုင်ရာ အသိဉာဏ်ပညာက ပျော်ရွှင်ဖွယ်ရာခံစားချက်၊ သို့မဟုတ် ဝမ်းသာပီတိဖြစ်စေသည့် ပြင်းထန်သည့်စွဲလမ်းမှု(passion - ဥပဒါန်)ကို လွှန်မြောက်စေ နိုင်ပေလိမ့်မည်။ ဗြဟ္မညာဏ(Brahma-jnana) ခေါ် စိတ်နှင့်အသိဉာဏ်ကို ပြုစုပျိုးထောင် မွေးမြူသွားခြင်းဖြင့်သာလျှင် ဉာဏ်အလင်းရောင်ကို ရရှိနိုင်ပေလိမ့်မည်။ ထို့ကြောင့်

သိနားလည်မှု(jnana)ရရှိစေခြင်းဟူသော စစ်မှန်သည့်အမိပ္ပါယ်မှာ ဝိဉာဉ်(soul)ကို ပြုစုမွေးမြူခြင်းဖြစ်၏။ နီးသောအကြောင်းတရားနှစ်ခုကို အောက်ပါအတိုင်းတွေ့မြင်နိုင်သည်။

အဟမ်ကာရ(ahamkara) ခေါ် အတ္တကွယ်ပျောက်သွားခြင်းသည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး မခွဲခြားသည့် သစ္စာလမ်းပေါ်သို့ စတင်လျှောက်လှမ်းရာ ဝင်ရောက်သည့်တံခါးပေါက်ဖြစ်သည်။ ဤအချက်သည် ငါ သူတစ်ပါး ယောကျာ်း မိန်းမ မခွဲခြားသည့် ကွဲပြားမှုကင်းရှင်းဓါတ်သဘောအရတူညီခြင်းဟူသော သစ္စာတရားကို လက်ခံခြင်းဖြစ်၍ မိခင်ကိုလည်း မိခင်တစ်ယောက်ဟူ၍မမြင်ပဲ လူလူချင်း တစ်သားတည်းဟူ၍လည်းကောင်း၊ ဖခင်ကိုလည်း ဖခင်တစ်ယောက်ဟူ၍မရှုမြင်ပဲ လူသားအချင်းချင်းတူညီမှုရှိခြင်းစသည် စသည်ဖြင့် မတူညီကွဲပြားခြင်း အလျဉ်းမရှိတော့ပေ။ ဤအချက်သည် ရှန်ကာရအယူဝါဒက လက်ခံသည့် လူသား၏ အဆုံးစွန်ရည်မှန်းချက်ဖြစ်သည်။ ဒုတိယအချက်မှာ စိတ်နှင့်အသိဉာဏ်သည် ဖြူစင်သန့်ရှင်းလာသောအခါ အစဉ်အမြဲ ထာဝရတည်ရှိခြင်းဟူသောမေးခွန်းလည်း ပေါ်ပေါက်လာမည်မဟုတ်ပေ။ ထို့ကြောင့် ဗြဟ္မာညာဏီ(Brahmajnani) တစ်ဦးအဖို့ရာတွင် ကောင်းခြင်း ဆိုးခြင်းကို လွန်မြောက်ခဲ့ပြီဟူ၍ ပြောဆိုနိုင်ပေသည်။ ယနေ့ဖြစ်နေသည့် ပြဿနာမှာ လူသားသည် သံသရာရေယဉ်ကျောတွင် မြုပ်ချီပေါ်ချီတစ်လှည့်စီ ကယ်သူမဲ့၍ လက်ပစ်ကူးခတ်လျက် ကမ္ဘာလောကအတွင်းသက်ဆင်း ကျင်လည်နေရခြင်းမှာ သူကိုယ်တိုင်၏တာဝန်သာဖြစ်၍ သူ၏လွတ်မြောက်မှုကိုဆောင်ကျဉ်းနိုင်ပါသလားဟူသော မေးခွန်းဖြစ်သည်။ သကြားဗူးအတွင်း ကျရောက်နေသည့် ယင်ကောင်သည် သူ၏ကိုယ်တိုင်ကြိုးပမ်းမှုဖြင့် သကြားဗူးအတွင်းမှ ထွက်မြောက်နိုင်ပါမည်လော?။ ရှေးနှစ်ပေါင်းများစွာမှစ၍ ယနေ့တိုင်ကာလအချိန်ထိ ဂျိန်းဘာသာ ယုံကြည်ကိုးကွယ်မှု (Jainism)နှင့် ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှု(Buddhism) တို့တွင် သဘာဝလွန်စွမ်းအားရှင်တစ်စုံတစ်ရာရှိသည်ဆိုခြင်းအား လက်မခံ မယုံကြည်ပါ။ ၎င်းတို့၏ အဆိုအရ လူသားသည် သံသရာဝဋ်မှ ကျွတ်လွတ်ရေးအတွက် မည်သည့်စွမ်းအားရှင်တို့၏ အကူအညီမျှ မလိုအပ်ဟူ၍ဖြစ်သည်။ ရှန်ကာရနှင့် ရာမနုဂျာအယူဝါဒတို့၌ ဤကိစ္စသည် အကြောင်းမဟုတ်ပေ။ ရှန်ကာရအယူဝါဒ၏ခံယူချက်ကို ကျွန်ုပ်တို့ လေ့လာကြည့်ကြပါစို့။

ရှန်ကာရအယူဝါဒ၏အလိုအားဖြင့် လောကီသိုက်မြုံ လူတို့ဘုံမှာ တွေ့ကြုံခံစား ဒုက္ခများ

နေကြခြင်းသည် အညာဏ(ajnana)ဟူသော မသိနားမလည်မှုကြောင့် ဖြစ်ပေါ်သည်ဟူ၍ ဆိုထားရာ ဒုက္ခခံစားရခြင်းမှ လွတ်မြောက်ရေးသည် သိနားလည်မှု(jnana)တည်းဟူသော တစ်ခုတည်းသော အကြောင်းတရားမှတဆင့်သာလျှင် ဖြစ်နိုင်ဖွယ်ရာရှိသည်။ သို့ပါသော်လည်း ကာမကန္ဒ(Karmakanda)နှင့် ဘာခ်တိ(Bahkti)ဟူသော သီးခြားကျင့်စဉ်များဖြင့် သိနားလည်မှု (jnana)ကို ရရှိနိုင်ပါမည်လား? ။ ရှန်ကာရအယူဝါဒ၏အဆိုအရ ကာမကန္ဒ(Karmakanda)နှင့် ဘာခ်တိ(Bahkti) ကျင့်စဉ်နှစ်မျိုးလုံးသည် လွတ်မြောက်မှု(Mukti) ရရှိရေးအတွက် အခြေခံ အကြောင်းတရားများ ကြိုတင်ပြင်ဆင်ထားရှိရန်လိုအပ်သည်။

ကျွန်ုပ်တို့အား ရှန်ကာရအယူဝါဒသင်ကြားပေးသည်မှာ လူသားများအတွက် ပရာဘတိ မဂ္ဂ(Pravarti marga) ကျင့်စဉ်နှင့် နိဗ္ဗတိမဂ္ဂ(Nivrtti marga)ကျင့်စဉ်ဟူသော လမ်းနှစ်သွယ်ရှိပြီး ၎င်းလမ်းနှစ်သွယ်အနက် မိမိကြိုက်နှစ်သက်ရာလမ်းမှတဆင့် ရဟန်းဘဝသို့ ကူးပြောင်းခြင်း (Renunciation of action)ဟူသော (karma-sannyasa)ကျင့်စဉ်ဖြစ်သည်။ ခတ္တိယလူမျိုးများ အဖို့ရာ ပရာဘတိမဂ္ဂကျင့်စဉ်(Pravrti marga)အတွက် သတ်မှတ်ပြဌာန်းထားရာ၌ ဘုရင်(Rajas) များသည် ထီးနန်းစည်းစိမ်ကို ခံစားပြီးမှသာ ကူးပြောင်းရန်ဖြစ်သည်။ ဤလမ်းစဉ်သည် စိတ် (soul)ဖြူစင်ရေးအတွက် ကောင်းသောအကျင့်ဖြစ်၍ ညာဏယောဂ(Jnanayoga)ဟူသော နိဗ္ဗတိမဂ္ဂ(Nirvrti marga)သို့ ဆိုက်ရောက်ရန်မှာ ဖြူစင်သောစိတ်ဖြင့်သာ ကျင့်ကြံနိုင်သည်။ အဆိုပါကျင့်စဉ်၏ ယေဘုယျသဘောမှာ သဗ္ဗညုတဉာဏ်ရရှိရေးအတွက်မဟုတ်သော ကျင့်စဉ်ဖြစ် သည်။ ထို့ပြင် ကာမကန္ဒကျင့်စဉ်၏ အခြားတစ်ပါးသောနည်းမှာ ပြုလုပ်သူနှင့်ပြုလုပ်ခြင်း(doer and deed)ဟူသော ဒွိစုံဝါဒကို လမ်းညွှန်ထားသည်။ သို့သော် ဗြဟ္မာသည် ဒွိစုံဝါဒမဟုတ်သော ကျင့်စဉ်တစ်ခုဖြစ်သည်။

နောက်တစ်ဖန်တင်ပြရန်မှာ ကာမ(Karmas)များအားလုံးသည် အဝိဇ္ဇာ(avidya)မှ မွေးထုတ်ပေးခြင်းဖြစ်သည်။ တစ်ဆက်တည်းမှာပင် ဘာမျှမွေးထုတ်ပေးခြင်းမရှိခြင်းသည် အစ အဆုံးမရှိခြင်းဖြစ်သည်။ ထို့ကြောင့် ကာမကန္ဒသည် လွတ်မြောက်မှု(Mukti)၏ ပြင်ပ ပယောဂအခြေအနေကို မဖန်တီးနိုင်ပေ။ ထို့ပြင်လည်း လိပ်ပြာ(Spirit)သည် မလှုပ်မရှားပဲ ပရာခ်တိ(Prakti)သာလျှင် လှုပ်ရှားမှုရှိသည်ဆိုလျှင် ကာမကန္ဒ(karmakanda)သည် မလှုပ်

ရှားသည့် စိတ်ဝိညာဉ်၏လွတ်မြောက်မှုကို မည်ကဲ့သို့ဖြစ်စေနိုင်မည်နည်း?။ နောက်ဆုံးတွင် ဝေဒကျင့်စဉ်များသည် နောင်လာနောက်သားပေါက်ဖွားလာရန် စိမံဆောင်ရွက်ထားခြင်းဖြင့်လည်းကောင်း၊ လောကီကောင်းကျိုးချမ်းသာမှု ဖြစ်စေရေးအတွက်လည်းကောင်း၊ နတ်ပြည်ရောက်ခြင်းအားဖြင့် ယာယီပျော်ရွှင်မှုအတွက်လည်းကောင်း၊ ယုံကြည်ကိုးကွယ်မှုအဖြစ် ဖန်တီးထားခြင်းဖြစ်သည်။ (Bhagvadgita-bhasya 11:42; VII:20; Vedanta Sutra 1:1-4; III.4.12)။ ထို့ကြောင့် ရှန်ကာရအာယူဝါဒသည် သံသရာဝဋ်ကျော့ကွင်း၌ အဝိဇ္ဇာအမှောင်ထု၏ ဖုံးအုပ်တားဆီးကာကွယ်ထားသည့် မဆုံးသည့်သံသရာ(perpetuates the avidyaic exitence of samsara)၌ ကျင်လည်ရာအတွက်သာဖြစ်သည်။ (BGB.XV.1) ။ အကယ်၍သာ ကာမ(Karma)သည် လွတ်မြောက်မှု(Mukti)ဟူသောအပင် မရှင်သန်မကြီးထွားလျှင် ဘာခ်တိ(bhankti)၏ အကျိုးသက်ရောက်မှုအဖြစ် သံသရာမှကျွတ်လွတ်ခြင်းရှိနိုင်ပါမည်လား? ။

ဘာခ်တိ(bhakti)၏အဓိပ္ပါယ်သည် ဤနေရာ၌ ဝတ်ပြုကိုးကွယ်ခြင်း(Upasana) ဖြစ်သည်။ ဝတ်ပြုကိုးကွယ်ခြင်း၏အဓိပ္ပါယ်ဟူသော စကားအရ သျှတ္တရကျမ်း(Shastras)၌ လာသော သမာဓိအားကောင်းလာခြင်း၏ အမှတ်လက္ခဏာ အလမ်ဘာန(alambana)ကိုဆိုလိုသည်။ စိတ်သည် အလမ်ဘာ(alambans)ဟူသော အမှတ်လက္ခဏာအတွင်း တဖြည်းဖြည်းနှင့် မှန်မှန်ဖြင့် သူ့လမ်းကြောင်းအတိုင်း စီးဆင်းသွားခြင်းအားဖြင့် အခြားသောအတွေးအမြင်အနှောက်အယှက်များသည် လွင့်ပျောက်သွားလိမ့်မည်။ ဤသန့်ရှင်းစင်ကြယ်ခြင်းနှင့် အသိဉာဏ်ဖြင့် ပြည့်စုံသောစိတ်သည် ဗောဓိဉာဏ်(Bodhi) သို့မဟုတ် သဗ္ဗညုတဉာဏ်(the enlightenment of the spirit)သို့ ဦးတည်သွားပြီးလျှင် သံသရာမှလွတ်မြောက်ခြင်း၊ သို့မဟုတ် သံသရာဝဋ် ကျော့ကွင်းညွတ်မှ ကျွတ်လွတ်သည်ဟူ၍လည်းကောင်း အခေါ်အဝေါ်အမျိုးမျိုးဖြင့် ခေါ်ဆိုကြသော စိတ်၏ငြိမ်းချမ်းခြင်းအရသာကို ရရှိခံစားခြင်းမည်၏။

ဗြဟ္မာ့ပတိ(Brahma-prapti) သို့မဟုတ် သံသရာဝဋ်မှ ကျွတ်လွတ်မှုကိုရရှိရေး အကူအညီ အထောက်အပံ့ဖြစ်စေရန်နည်းလမ်းအတွက် ဘာခ်တိ(Bhakti)ကျင့်စဉ်သည် အလွန်အရေးကြီးသည်။ သို့သော် ဘာခ်တိ(Bhakti)ကျင့်စဉ်သည် မုတ္တိ(Mukti) အဆင့်သို့ ရောက်ရှိရန်မလိုအပ်ပါ။ အဘယ်ကြောင့်ဆိုသော် ဘာခ်တိသည် မုတ္တိအပြင် အခြားသောနည်းလမ်း

များကို ပြုပြင်ထိန်းကျောင်းထားကောင်း ထားနိုင်သောကြောင့်ဖြစ်သည်။ ဂီတကျမ်းအမှတ်စဉ် III.16 က ဘာခ်တ(four kinds of bhaktas)ကို ဖော်ပြထားသည်။ ၎င်း(၄)မျိုးမှာ (၁)အလွန်တရာ နာကျင်စွာခံစားနေရသူများ (၂)ချမ်းသာကြွယ်ဝသည့်စည်းစိမ်ခံစားပြီးနောက် လွတ်မြောက်လမ်း ရှာကြံသူများ၊ (၃)ကမ္ဘာလောက၏အကြောင်း ကောင်းစွာနားလည်၍ ထွက်မြောက်လမ်းရှာကြံ သူများနှင့် (၄)အသိဉာဏ်ပညာရှိသူများတို့ဖြစ်သည်။ ဤနည်းအားဖြင့် ဘာခ်တများ(bhaktas)က စိတ်ငြိမ်းအေးမှုကို ကာကွယ်စောင့်ရှောက်ရန်အတွက်လည်းကောင်း၊ ကမ္ဘာမြေကြီး၏ ကောင်းကျိုးချမ်းသာဖြစ်စေရေးနှင့် နတ်စည်းစိမ်ချမ်းသာကို ခံစားရရှိနိုင်သည်အထိလည်းကောင်း၊ အချို့သောဆုကြီးပန်များအတွက်သော်လည်းကောင်း(IV.3.14) ထာဝရဘုရားသခင်အား ဝတ်ပြု ဆုတောင်းမှုပြုသည်ဟူ၍ ယူဆထားရှိသည်။ မည်သို့ပင်ဖြစ်စေ ဗြဟ္မာ့ဉာဏ(Brahma-jnana) ရရှိရေးအတွက် ထာဝရဘုရားသခင်အား ဝတ်ပြုဆုတောင်းကြသည်။ ထို့ကြောင့် ဆုတောင်းကြ သူများအတွက် ထာဝရဘုရားသခင်က သူ၏မေတ္တာဓါတ်ကို စေလွှတ်ပေးသနားသည်။ ထာဝရ ဘုရားသခင်၏ ဆုတော်လာဘ်တော်(၃)ခုကို ဗိဗ္ဗိကစူဒါမဏိ(Vivekacudamani) က လက်ာ(၃) ကြောင်းကို အောက်ပါအတိုင်းရေးသားခဲ့သည်။

(၁) လူသားတစ်ဦးအဖြစ် မွေးဖွားလာစေရန်၊

(၂) သံသရာဒုက္ခဘေးမှ လွတ်မြောက်လိုသည့်ဆန္ဒရှိစေရန်၊

(၃) ဂျီဗန်မုတ္တ(jwan mukta) တစ်ဦးနှင့် ဆုံတွေ့လာစေရန်။

အမှတ်(၂)နှင့်(၃)တို့သည် ဗြဟ္မာဉာဏသို့ ဦးတည်သွားရန် အရေးကြီးသောအချက်များ အမှန်ဖြစ်ပါသည်။ ထပ်လောင်းတင်ပြရလျှင် ထာဝရဘုရားသခင်ထံ ဝတ်ပြုဆုတောင်းမှုသည် ကာမမုတ္တိ(Karma-mukti or liberation in succesive stages; vs . iv.3.10; vs iv.4.22) အတွက်ကိုလည်း ခွင့်ပြုပေးသည်။

ယေဘုယျသဘောအရ ရှန်ကာရက သံသရာမှလွတ်မြောက်မှုအတွက် ဘာခ်တိ ကျင့်စဉ်ကို အလေးအနက်ပြုသည့် သဘောထားမရှိပါ။ အဘယ်ကြောင့်ဆိုသော် ဝတ်ပြုဆုတောင်း သူနှင့် ငြိမ်းချမ်းရေးနှင့်တရားမျှတမှု လိုလားသူတို့၏ ဒွိစိုဝါဒကြောင့် အရည်အသွေးကို နိမ့်ကျ စေသောကြောင့်ဖြစ်သည်။ သူက ဉာဏယောဂကျင့်စဉ်ကို မုတ္တိ(mukti)ကို လှမ်းကိုင်ရရှိနိုင်

စေရန် အားကိုးအားထားပြုထိုက်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း ထောက်ခံသည်။ ဒီနေရာတွင် သူက ဗြဟ္မာညာဏရရှိရန်အတွက် သင့်တော်သူဖြစ်ရေး(adhikari) အချက်(၄)ချက်ကို ဖော်ပြထားသည်-

(၁) နိယံနိယ-ဝတ္ထု-ဗိုက်ဗီက(Nityanitya-Bastu-Viveka)၏ ဆိုလိုသည့်သဘောမှာ လူတစ်ဦးတစ်ယောက်သည် အမြဲတည်နေခြင်းမရှိဟူသောအမြင်ကို ပြန်လည်ရုတ်သိမ်းခြင်း(anitya)နှင့်တကွ အမြဲတည်ရှိသည်ဟူသော သဘောတရားနှစ်ခုတို့အား သိနားလည်ရန်နှင့် ၎င်းတို့ကို ကွဲပြားစွာသိမြင်သဘောပေါက်ရန် လိုအပ်သည်။

(၂) အိဟာမူထရာသ-ဘောဂ-ဝိရာဂ(iha-mutrartha-viraga)၏ ဆိုလိုသည့် အဓိပ္ပါယ်မှာ သံသရာဝဋ်မှကျွတ်လွတ်ရေး နည်းလမ်းရှာကြံသူတစ်ဦးသည် ခေတ္တခဏသာ ပျော်ရွှင်မှုပေးနိုင်သောအရာဝတ္ထုများနှင့် လောကီကိစ္စရပ်များတို့အား ဝမ်းသာကြည်နူးမှုရရှိခြင်းတို့ကို မခွဲခြားတတ်ခြင်းဖြစ်သည်။

(၃) ရှန်မ-ဓမ-ဆမ္ပတ်(Shama-dama-sadhana-sampat)၏ ဆိုလိုသည်မှာ လူတစ်ဦးတစ်ယောက်သည် ရှန်မ-ဓမ ဟူသော မိမိကိုယ်တိုင် စိတ်ရှည်သည်းခံမှု၊ ပြုံစုပျိုးထောင်ခြင်း(quiescence)စသည်ဖြင့် ၎င်းနှင့်ဝေဒန္တ(Vedanta)၏ အဆုံးအမအပေါ် ယုံကြည်မှုရှိခြင်း။

(၄) မူမုတ်သုတ်ဝ(mumksutva)၏ ဆိုလိုသည့်အဓိပ္ပါယ်မှာ သံသရာဝဋ်မှ ကျွတ်လွတ်နိုင်မည့်အချိန်ကို သိနားလည်ခြင်းဖြစ်သည်။

အထက်ဖော်ပြပါ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပြီးနောက် သံသရာဘေးမှ ထွက်မြောက်လိုသူတစ်ဦးသည် ဂုရု(ji-vanmukta Guru)တစ်ပါးထံ သီလခံယူလျက် နောက်ဆုံးလမ်းညွှန်ချက်ကို တောင်းခံရမည်။ သူနှင့်သက်ဆိုင်သူဆရာသမားက ယင်းပုဂ္ဂိုလ်(adhilcari) အား အပြီးသတ်လမ်းညွှန်ချက်ကို ပေးသည်။ သံသရာဘေးမှ ပြေးထွက်ရန်ရှာကြံသူကလည်း ဂုရုဆရာကြီး၏အဆုံးအမကို စိတ်တွင်အလေးအနက်ထားလျက် နာယူမှတ်သားရမည်။ ဤအရာကို ရှရာဗာန(shravana)ဟူ၍ သိရှိကြသည်။ ထို့နောက် ၎င်းသည် ဂုရုဆရာကြီး

ပြောဆိုဆုံးမသည့် သစ္စာတရား(on truth)အပေါ် ကျင့်ကြံအားထုတ်ရာတွင် အပိုင်း(၂)ပိုင်းခွဲ၍ သင့်တင့်မျှတသော အချိန်အတိုင်းအတာ သတ်မှတ်ဆောင်ရွက်ရမည်။ ဤအရာကို မနာမ (Manama)ဟူ၍ သိရှိရသည်။ ဂုရုဆရာ၏ဟောကြားချက်အပြည့်အစုံကို ကြားနာပြီးနောက် ယင်းသို့ ဟောကြားဆုံးမ သင်ကြားပြသသည့်အချက်များ ဖြစ်နိုင်၏၊ မဖြစ်၏ဟူ၍ စောဒကတက် ငြင်းခုန်ခြင်းပြု၍ စိတ်ထဲတွင် ဘဝင်ကျသွားသည့်အခါ သံသရာမှထွက်လမ်း ရှာကြံသူအား ၎င်း၏ တရားထိုင်၍ ရှာကြံရရှိသောအမှန်တရားအရ ၎င်း၏အာရုံကို မိခင်အား မိခင်အဖြစ် မမြင်တော့ခြင်း၊ ဖခင်အား ဖခင်အဖြစ်မမြင်တော့ခြင်းနှင့် စဏ္ဍာလ(candala) ခေါ် သူတောင်းစား တစ်ဦးကိုလည်း သူတောင်းစားဟု မမြင်တော့ခြင်းဟူသော ပညတ်အားဖြင့် အဆင့်အတန်းခွဲခြားမှု မရှိပဲ အားလုံးအပေါ် ပရမတ္ထအမြင်ဖြင့်သာ ကျင့်ကြံအားထုတ်နိုင်ရန်အတွက် ရှန်တိဗျကျရှစ်ပါး (eight shanti-vakyas)တို့ကို ဂုရုဆရာကြီးက လမ်းညွှန်သည့်အတိုင်း အားထုတ်ရန်လိုအပ်သည်။ (Brahadanyaka.IV.3:22)

မုတ္တိ(လွတ်မြောက်ခြင်း) Mukti ဟူသော အဓိပ္ပါယ်မှာ ရှန်ကာရအယူဝါဒအဖို့ရာတွင် ဗြဟ္မာညာဏရရှိခြင်းကို ဆိုလိုသည်။ ဥပနိရှတ်ကျမ်းလာ(Upanishadic) ပညာရှင်များ၏ စကားမှာ Brahmavid Brahmaiva bhavati ဖြစ်၍(မြန်မာအဓိပ္ပါယ်မှာ – ဗြဟ္မာကို သိမြင်သော သူသည် ဗြဟ္မာဖြစ်လာသည်ဟူ၍ ဖြစ်သည်။) ထို့ကြောင့် ဗြဟ္မာညာဏအဓိပ္ပါယ်သည် ဗြဟ္မာနှင့်တကွဖြစ်လာသည်ဟူ၍ ဖြစ်သည်။ နှိုင်းယှဉ်ပြောဆိုသည့်အဓိပ္ပါယ်မှာ ဗြဟ္မာလောကသို့ ရောက်ရှိသည်ဟု ညွှန်ပြနေကြသည်။ မြစ်ချောင်းအများအပြားမှ စီးဆင်းလာသောရေများသည် ပင်လယ်သမုဒ္ဒရာအတွင်း ပေါင်းစည်းမိသကဲ့သို့လည်းကောင်း၊ ရေအိုးတစ်လုံးအတွင်းမှရေသည် အခြားရေအိုးတစ်လုံးမှရေနှင့်ပေါင်း၍ လောင်းထည့်သောအခါ ရေတစ်မျိုးတစ်စားတည်း ဖြစ်သွား သကဲ့သို့လည်းကောင်း၊ ပုလင်းဖူး တစ်ခုအတွင်းရှိ ဓါတ်သတ္တုတစ်မျိုးမျိုးမှ ထုတ်ယူပိတ်လှောင် ထားသည့် အခိုးအငွေ့တစ်ခုသည် အဆိုပါ ဓါတ်ငွေ့ထည့်သွင်းထားသည့်ပုလင်း ကွဲသွားသည်နှင့် တစ်ပြိုင်နက် ပုလင်း၏အနီးပတ်ဝန်းကျင် လေထုအတွင်းသို့ ရောနှောပေါင်းစပ်သွားသကဲ့သို့ လည်းကောင်း၊ ထိုနည်းတူ ခန္ဓာကိုယ်အတွင်းအကျဉ်းကျနေသော အသက်လိပ်ပြာ(the spirit)သည် ၎င်းကိုယ်ခန္ဓာ၏အသက်ဇီဝ(jiva)နှင့် အိုးစားကွဲလျက် အသက်ရှုသွင်းမှုနှင့်

ရှုထုတ်မှုတို့ ရပ်စဲသွားသည့်အခါ ဗြဟ္မာ(Brahman)နှင့်ပေါင်းစည်းသွားမည်ဖြစ်သည်။ ဗြဟ္မာလောကသို့ရောက်ရှိလာခြင်းသည် ဗြဟ္မာအဖြစ် ကြီးပွားတိုးတက် အဆင့်မြင့်လာသည် ဟူသောအဓိပ္ပါယ်ဖြစ်သလား? သို့မဟုတ် အသက်ဝိညာဉ်၏ ဖြူစင်သန့်ရှင်း မြင့်မြတ်ခြင်းကို တဖန်ပြန်လည်ရရှိသည်ဟူသော အဓိပ္ပါယ်ဖြစ်ပါသလား? ။ ဤနေရာတွင် ကဘီးရ်(kabir) ၏ ထိုက်တန်စွာ ရွေးချယ်စီကုံး လှပသောစကားလုံးများကို ဖော်ပြလိုပါသည်။

စန္ဒကူးနံ့သာပင်အနီးအနားၡ ပေါက်ရောက်နေသောသစ်ပင်အား စန္ဒကူးနံ့သာအနံ့ ကူး၍ စန္ဒကူးနံ့သာပင်ဟု ထင်ရသကဲ့သို့လည်းကောင်း၊ Prasa ခေါ် ဓါတ်လုံး(philosopher's stone)* နှင့်ထိစပ်ထားသော သံသည် ရွှေအဖြစ်သို့ပြောင်းလဲရောက်လာသကဲ့သို့လည်းကောင်း၊ ဂင်္ဂါမြစ်အတွင်းသို့ စီးဝင်သွားသောရေဆိုးသည် ဂင်္ဂါမြစ်ရေ(ganga jala)ကဲ့သို့ ရေးကောင်းအဖြစ် ပြောင်းလဲသွားသကဲ့သို့ဖြစ်သည်။ [the Gangetic water ဟူသော ကဘီးရ်(Kabir Branthavali, pada . 274)] ။ သစ်ပင်၊ သံနှင့် ရေဆိုး ၎င်းတို့၏အခြေခံများ ပျောက်ဆုံးသွားလျက်၊ သို့မဟုတ် အကောင်းပကတိသို့ ရောက်ရှိသွားပါသလား? ။ မှန်ပါသည်။ အဟမ်ကာရ(ahamkara or egoity) ခေါ် အတ္တစွဲပျောက်ကွယ်သွားပြီးနောက် အသက်ဇီဝ(ဝါ) လူသားသည် စိတ်တွင် ဖန်ဆင်းထားသော ဗြဟ္မာဖြစ်လာရသည်။ လူ သို့မဟုတ် အသက်ဇီဝသည် ၎င်း၏ သတ္တဝါဟူသောအစွဲ ပျောက်ကွယ်သွားပြီးနောက် အရာအားလုံးကို ဗြဟ္မာကဖန်ဆင်း သည်ဆိုသည့်အထဲတွင် သူလည်းအပါအဝင် ဖြစ်သွား၏။ သူသည် သာမန်လူသားအဖြစ်မှ အလိုအလျောက် ဗြဟ္မာ၏ဖန်ဆင်းမှုစွမ်းအားအောက်၌ ပြောင်းလဲသွားပေတော့သည်။** ရာမနုဇာအယူဝါဒသည် ဗြဟ္မာလောကသို့ ဝင်ရောက်ပေါင်းစည်းသွားသည်ဟူသော သဘောတရားကို လက်ခံနိုင်ခြင်းမရှိခဲ့ပေ။ သို့ရာတွင် ရှန်ကာရ အယူဝါဒ၏ မုတ္တိ(Mukti) ခေါ် လွတ်မြောက်ခြင်းဟူသော အယူအဆအား အရေးပါသောအချက် အဖြစ်မှတ်ယူသည်။

မုတ္တိ(Mukti) ခေါ် လွတ်မြောက်ခြင်း(၂)မျိုးရှိကြောင်း သိရပါသည်။ ၎င်းတို့မှာ ဂျီဗန်မုတ္တိ

---

* *A material (philosopher's ........) touch transforms an iron-piece into gold.*

** *According to Ramakrishna, mergence means becoming mortal "what is needed is absorption in God-loving him intensely. The 'Nectar lake' is the lake of immortality, A man sinking in it does not die but becomes immortal." (The Gospel, P.108)*

(jivanmukti) ခေါ် ယခုဘဝမျက်မှောက်ဘဝ၌ပင် လွတ်မြောက်ခြင်းနှင့် ဗိဒိဟမုတ္တိ (vedehamukti) ယခုဘဝမှ လွတ်မြောက်ခြင်းဟူ၍ဖြစ်သည်။ ဗြဟ္မာဏာဉာဏ(Brahma-jnana) ခေါ် မြင့်မြတ်သော အသိဉာဏ်ပညာကို ရရှိပြီးနောက် ကိုယ်ခန္ဓာသည် ကြွင်းကျန်ရစ်ခြင်းမရှိပါ။ ထိုကိုယ်ခန္ဓာသည် ဆက်လက်ရှင်သန်နေသည်။ သို့ရာတွင် ကမ္ဘာလောကနှင့် ခန္ဓာကိုယ်ရုပ် အကောင်ပုတ်အပေါ် သံယောဇဉ်ငြိတွယ်ခြင်း ကင်းပျောက်သွားသည်။ ရှေ့သို့ ရွေ့လျားလှုပ်ရှား ပြောင်းလဲသွားလာလျက် ရှိသော ကမ္ဘာလောကကြီးသည် မြွေတစ်ကောင်က ၎င်း၏အရေခွံ ဟောင်းကို သူကိုယ်တိုင် စွန့်ထားခြင်းကြောင့် အဝေးတစ်နေရာတွင် ကျန်နေရစ်သကဲ့သို့ ဖြစ်ပျက်လွန်မြောက်ခဲ့ပြီးသော လောကရေးရာ အပြာပြာတို့သည်လည်း နောက်တွင်ကျန်ရစ်နေခဲ့ ပေသည်။ ရေဆိုးရေညစ်များသည် ဂင်္ဂါမြစ်အတွင်း စီးဆင်းခြင်းမပြုရသေးမီ စက်အားဖြင့် သန့်စင်စေနိုင်သကဲ့သို့ဖြစ်သည်။ ကိုယ်ခန္ဓာ၊ အသိဉာဏ်ပညာ၊ စိတ်နှင့် အဟမ်ကာရ (Ahamkara)ခေါ် အတ္တအစွဲများသည် ထာဝရဘုရားသခင်(god)အား ယုံကြည်ဆည်းကပ်ခြင်းနှင့် ဝေဒဆိုင်ရာ ကာမကန္ဒနည်းအရ ပူဇော်ပသခြင်း(Vedic performance of Karmakanda)အားဖြင့် အညာဏီ(ajnani)ခေါ် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောစိတ်ခံစားမှုများ ကျော်လွှား လွန်မြောက်ပြီးလျှင် ဂျီဗန်မုတ္တ(jivanmukta) သည် ယခုမျက်မှောက်ဘဝမှာပင် လွတ်မြောက် ခြင်းသို့ ရောက်ရှိလေတော့၏။ သို့သော် မတည်မြဲသော ဆင်းရဲဒုက္ခနယ်ထဲ၌ကျရောက်နေသည့် ဤကိုယ်ခန္ဓာသည် ဗြဟ္မဏ-ဉာဏ(Brahman-jnana) လက်ကိုင်ရရှိပြီးနောက် မည်သို့မည်ပုံ ဆက်လက်လျှောက်လှမ်းနေပါသနည်း? ။

ဟုတ်ပါ၏။ သုတမယဉာဏ်အားဖြင့် အားလုံးသော အတိတ်ကံများ(past karmas) ခေါ် (sancita karman)တို့အား ဖျက်ဆီးပစ်ပြီးနောက် လက်ရှိအချိန်၌ ဖြစ်ပျက်နေသော အကျိုးရလဒ်များ(kriyamana karman)တို့ကို ပယ်ဖျက်လိုက်ပြီဖြစ်သည်။ သို့သော် ပါရဗ္ဗ (praabdha)ခေါ် ရှင်သန်အားကောင်းလာသော ကာမံ(karman)သည် ၎င်းတို့အား စိတ်အညစ် အကြေးများ ကုန်ခမ်းသွားသည်အထိ ဆက်လက်ဆောင်ရွက်ပေးလိမ့်မည်။

..... ပစ္စုပ္ပါန်မျက်မှောက်ဘဝရရှိသည့်ကိုယ်ကာယအား အခြေခံ၍ ထွက်ပေါ်လာသည့် အကျိုးကျေးဇူးအဖြစ် တိကျသေချာသည့်ရလဒ်မှာ ဝဇီကံ၊ မနောကံနှင့် ကာယကံ

တို့သည် အမြင့်ဆုံးသောဉာဏ်အဆင့်ရရှိပြီး နောက်ပိုင်းကာလအချိန်ထိ အလုပ်အကျွေးပြုရန် တာဝန်ရှိသည်။ အဘယ်ကြောင့်ဆိုသော် အသီးအပွင့်ရရှိရန် ကြိုးပမ်းအားထုတ်မှုသည် သုတမယဉာဏ်ထက် ပိုမိုပြင်းထန်သည့် လုံ့လဝီရိယစိုက်ရမည်။ ဥပမာအားဖြင့် ချိန်ရွယ်၍ပစ်လွှတ်လိုက်သောမြားသည် လေထဲ၌ အရှိန်အဟုန်ဖြင့် ပျံသွားသည့် အချိန်ကာလအတိုင်းအတာအထိ လိုက်ကြည့်ရသကဲ့သို့ဖြစ်သည်။

အလျားတစ်လံ အနံတစ်ထွာ အတိုင်းအတာ သူ့ကိုယ်မှာရှိသည်။ သို့သော် သူ၏ ကိုယ်ဟန်ပုံသဏ္ဌာန် ပျောက်ကွယ်သွား၏။ မီးလောင်ထားပြီးသော ကြိုးတစ်ချောင်းသည် တုတ်နှောင်၍မရသကဲ့သို့ဖြစ်သည်။ ထို့ကြောင့် သူ့အား ကာမဂုဏ်တရား(Karma)က ချီနှောင်မထားတော့ပေ။ သူသည် ကမ္ဘာလောကအတွင်း၌ ရပ်တည်နေရသော်လည်း သူ၏စိတ်သည် လောကီအာရုံများအတွင်း နစ်မွန်း၍မနေတော့ပေ။ အဘယ်ကြောင့်ဆိုသော် လောကဓံလှိုင်းလေမုန်တိုင်းကြောင့် အခက်အခဲအကြပ်အတည်းကြားတွင် အမှားကိုအမှန်ထင်သည့် စွဲလန်းမှုများ ပျောက်ကွယ်သွားသောကြောင့်ဖြစ်သည်။ သူသည် ယာယီအားဖြင့် ရွှေလျားပျက်စီးနေသည့်ဒုက္ခမှ လွတ်မြောက်ခဲ့ပြီး အနာဂတ်ကာလတွင် အချိန်ကာလအပိုင်းအခြားမရှိသောအရာဖြစ်လာခဲ့သည်။

ပရာဒကာမမ်(Praradha karman)သည် ရှင်သန်ဖွံ့ဖြိုး တိုးတက်လာပြီးနောက် အလျားတစ်လံ အနံတစ်ထွာ သူ၏ကိုယ်ခန္ဓာမှာ ဗြဟ္မလောကအတွင်း သက်ဆင်းကျရောက်သွား၏။ မည်သို့ပင်ဖြစ်စေကာမူ သံသရာညွှတ် ဒုက္ခဝဋ်လွတ်မြောက်ရေးအတွက် အားထုတ်ကြိုးပမ်းသူ အဓိကာရီ(adhikari)တစ်ဦးဖြစ်ရန် သင့်လျော်သူဖြစ်လာစေပြီး ဂျီဗန်မုတ္တ (jwanmukta)တစ်ဦးသည်လျှင် အဒွိဌာ(advaitism)ဝါဒ၏ စစ်မှန်သောဆရာသမားအဖြစ် ဆောင်ကျဉ်းပေးနိုင်သည်။ ထို့ကြောင့် အဒွိဌာဝါဒအတွက် ဂျီဗန်မုတ္တိသည် လိုအပ်သောအရာဖြစ်သည်။

အဆိုပါအကြောင်းအရာနှင့်စပ်လျဉ်း၍ ဂျီဗန်မုတ္တိလေးမျိုး(four kinds of jivanmukti) ကို ဖော်ပြထားရာ ၎င်းတို့မှာ ဗြဟ္မာဝိဒ(Brahmavid)၊ ဗြဟ္မာဝိဗာဒရ(Brahmaivdvara)၊ ဗြဟ္မာဝိဗာရိယန(Brahmavidvariyana)နှင့် ဗြဟ္မာဝါဒီရစ်ရှ်သာ(Brahmavidvaristha)တို့ ဖြစ်သည်။ ဗြဟ္မာတစ်ပါးတည်းသည် ဤကမ္ဘာလောကအား စစ်မှန်သောအရာဖြစ်ခြင်းနှင့် စစ်မှန်သော

အရာမဟုတ်ခြင်း ဖြစ်သည်ဟူ၍ ဗြဟ္မာဝိဒ(Brahmavid)က ကောင်းစွာသိနား လည်သည်။ ဗြဟ္မာဝိဗာဒရသည် သူ၏သဘောဆန္ဒအလျောက် သူ၏သမာဓိစခန်း(samadhi)မှ ထသည်။ ဗြဟ္မာဝိဗာရိနယမှာ သူ၏သမာဓိစခန်းမှ အိပ်ယာနိုးသကဲ့သို့ ထလာဖို့သာရှိသည်။ ဗြဟ္မာဝိဒ်ဂျစ်သာမှာ အလွန်အားကောင်းသော သမာဓိဖြစ်၍ အခြားတစ်ပါးသောသူများသည် ပင်လျှင် သမာဓိမှ ပြန်ထလာအောင်မတတ်နိုင်ပေ။ ရာမခရစ်ရှ်နား(Ramakrishna)သည် နံပါတ်(၄)အဆင့် ဗြဟ္မဉာဏ(Brahmajnana)ကို ရရှိသူဖြစ်သည်။

ရှန်ကာရအယူဝါဒအဖို့ရာ၌ မုတ္တိ(Mukti) ခေါ် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းသည် လူသားတစ်ဦး၏ အမွန်မြတ်ဆုံးနှင့် အကောင်းဆုံးသောတရားဖြစ်သည်။ မုတ္တ(Mukta)ခေါ် ကိလေသာတဏှာတောမှ ထွက်မြောက်ပြီးသူဖြစ်၍ ဖြစ်ပျက်သမျှ သင်္ခါရတရားတို့အပေါ် အချိန်ပြည့်ရှုမှတ်နေသူတစ်ဦးဖြစ်သည်။ သူသည် ဤလောကီလူ့ဘုံအသိုက်အမြုံကို လိုလားတောင့်တခြင်းမရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာသည် ထာဝရဘုရားသခင်(God)၏ ကမ္ဘာဖြစ်သောကြောင့် ၎င်းထာဝဘုရားသခင်က ကြည့်ရှုစောင့်ရှောက်ပေးသောကြောင့်ဟူသတည်း။ လူတစ်ဦးတစ်ယောက်သည် ဗြဟ္မာပရတ္တိ(Brahma-prapti)၏ လုပ်ရှားဆောင်ရွက်မှုတစ်ခုခု ပြုလုပ်အားထုတ်ခြင်းအားဖြင့် ဖြစ်ပေါ်လာသောအရာဟူ၍ မယူဆသင့်ပေ။ သတိချို့ယွင်းမေ့လျော့တတ်သော အမျိုးသမီးကြီးတစ်ဦးသည် မိမိ၏လည်ဂုတ်တွင် ဝတ်ဆင်ထားသည့်ပန်းကုန်းကို ပျောက်ဆုံးနေသည်ဟူ၍ ထင်မှတ်မှားလျက် နေရာအနှံ့ပြန့်ကျက်၍ ရှာဖွေသော်လည်း နောက်ဆုံးတွင် မိမိလည်ဂုတ်၌သာ ပြန်တွေ့ရှိသကဲ့သို့ လူတစ်ယောက်(ajiva)သည် ၎င်း၏အစအဆုံးဟူ၍မရှိသော ကိုယ်ရောစိတ်ပါ အခြေအနေသည် ကမ္ဘာလောကအတွင်း သူကိုယ်တိုင်ပျောက်ဆုံးနေခဲ့သည်။ သို့သော် သူ့ကိုယ်သူ သတိပြုမိသောအခါမှသာလျှင် သူကိုယ်တိုင် ဗြဟ္မာအဖြစ် အထင်အရှားသိမြင် နားလည်နိုင်ပေလိမ့်မည်။ မွေးကာစကလေးအရွယ် ဘုရင့်ရင်သွေးတော်သည် ကံအားလျော်စွာ တောထဲ၌ပျောက်ဆုံးသွားခဲ့ပြီး သိုးကျောင်းသားအဖြစ် ဘဝကိုကျင်လည်ကြီးပြင်းခဲ့ရာ၌ မိမိကိုယ်ကို သိုးကျောင်းသားဟူ၍ ထင်မှတ်နေခဲ့ပြီး သူ၏ဘဝအစစ်အမှန်သည် မင်းသားဖြစ်ကြောင်းကို ဇာတ်ပေါင်းခန်းရောက်မှ သိရသကဲ့သို့ လူတစ်ယောက်သည်လည်း မုတ္တိ(mukti)ဟူသော ဉာဏ်အလင်းရောင်ရသည့်အခါမှ ဗြဟ္မာ၏

လက္ခဏာကို သိမြင်ရသည်။ အမှန်စင်စစ်အားဖြင့် အဒွိတ္တာအယူဝါဒ(advaitsm)အဖို့ရာ၌ ဉာဏ(jnana)သည် ကျင့်ကြံကြိုးကုတ် အားထုတ်လုပ်ကိုင်ရသောအရာမဟုတ်ပါပေ။

ရှန်ကာရအတွေးအခေါ်အယူအဆ(the doctrine of shankara)အား ပညာတတ်လူတန်းစား ဟိန္ဒူဘာသာဝင်များနှင့် နိဂုဏကဗျာဆရာများ(nirguna poets) လူအများစုက လက်ခံကြသော်လည်း ရာမနုဂျာအယူဝါဒဂိုဏ်း(Ramanujar)နှင့် သူ၏နောက်လိုက်ဂိုဏ်းခွဲအစွယ်အပါးတို့အတွင်း ထင်ရှားစွာပျံ့နှံ့ယုံကြည်မှု မထားကြပေ။

## ရာမနုဂျာအယူဝါဒ(Ramanuja)

ရာမနုဂျာအယူဝါဒက ဗြဟ္မာသည် နိဂုဏဖြစ်သည်ဟူသော အယူအဆကို လက်မခံသကဲ့သို့ လူ့လောကီဘုံဌာနနှင့် လူ့ဘဝတို့သည် အနှစ်သာရမဆောင်သည့် အတုအယောင်လောက၊ သို့မဟုတ် ဉာဏ်ပညာအလင်းရောင်(ajnana)အားဖြင့်သာလျှင် လူတစ်ယောက်သည် သံသရာမှလွတ်မြောက်နိုင်သည်ဟူသော အတွေးအခေါ်အယူအဆအားလည်းကောင်း၊ သို့မဟုတ် ဂျီဗန်မုတ္တိဖြစ်နိုင်သည်ဟူသော ယူဆချက်အားလည်းကောင်း လက်မခံပေ။ ရာမနုဂျာ၏အလိုအားဖြင့် ဗြဟ္မာသည် သူ၏ရူပကာယ(his body)နှင့် ရည်ရွယ်ချက်ပြင်းပြသော သံသရာမှလွတ်မြောက်မှုအတွက် ရှာကြံအားထုတ်မှုရှိပြီးလျှင် သူ၏ရူပကာယသည် ကမ္ဘာလောက၏အစိတ်အပိုင်းတစ်ခုအနေဖြင့်လည်းကောင်း၊ အသက်ဇီဝများ(jivas)အနေဖြင့်လည်းကောင်း၊ သူ၏ရူပကာယအတွင်း မှီတင်းနေသော အသက်လိပ်ပြာ(indwelling spirit) အနေဖြင့် လည်းကောင်းတည်ရှိနေသည်။ ရူပကာယသည် အသက်လိပ်ပြာအား မှီခိုအားထားလျက် တည်နေခြင်းဖြစ်သည်။ *(ဗုဒ္ဓ၏အလိုအားဖြင့် တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသက အောက်ပါအတိုင်း လက်ဖြင့်စပ်ဆိုထားသည်-*

*ဤကိုယ်ကာယတစ်လံမျှ၌ နှစ်ဝနာမ်ရုပ် ဖြစ်၍ချုပ်၏။ နာမ်ရုပ်နှစ်ပါး အလွတ်ထား၍ ဤကားလိပ်ပြာ၊ ဤကားဇါတည့်၊ ဤမှာဇီဝ၊ ဤအတ္တဟု ညွှန်ပြဖွယ်ရာ မရှိပါသည်။ ခန္ဓာနာမ်ရုပ်မျှသာတကား။ နာမ်ရုပ်နှစ်ပါး ဤတရားလည်း ရှည်လျားကာလ၊ မတည်ကြပဲ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ*

*နှစ်မပါဘူး၊ ပညာစကျွမ်းကျင်ရော်တောက်ရှု၍ သူ့သဘာဝ၊ အနိစ္စနှင့် ဒုက္ခ၊ အနတ္တမှန်လှစွာ၏။ ငါ၊ ငါ့ဥစ္စာနှင့် ငါ့လိပ်ပြာတို့ ဘာတစ်ခုမျှ မဟုတ်ကြသည်၊ ဓမ္မသက်သက်ပါတကား။ သာသာပြန်သူ)*

လူတစ်ယောက်သည် သံသရာ(Samsara)ဝဋ်ဆင်းရဲအတွင်း သက်ဆင်းကျရောက်နေရသည့်အကြောင်းမှာ သူ၏ကမ္မ(karma)ကြောင့်ဖြစ်၏။ ကာမ(karma) ခေါ် တဏှာရာဂ (passion)နှင့် အဝိဇ္ဇာ(avidya)တို့ကြောင့်ဖြစ်သည်။ ထို့ပြင် မရေမတွက်နိုင်သော အသက်အရွယ်အစားစားအတွင်း သံသာရိက(samsarika)ခေါ် တိုက်တွန်းစေ့ဆော်မှုတရားတို့၏ အစွမ်းကြောင့် လူသားသည် ဗြဟ္မာနှင့် ဝေးစွာကင်းကွာ၍နေခဲ့ရသည်။ သူသည် ဗြဟ္မာနှင့် ပို၍ဝေးကွာစွာနေထိုင်လျက်ရှိ၏။ သူသည် ပို၍များမြောင် လောကလူ့ဘောင်၏ ဆင်းရဲဒုက္ခများကို ခံစားရ၏။ မည်သို့ပင်ဖြစ်စေကာမူ သံသရာဝဋ်ကြွေးဒုက္ခဘေးမှ လွတ်မြောက်သည်ဖြစ်စေ၊ မလွတ်မြောက်သေးဘဲ ရှိနေသည်ဖြစ်စေ၊ ဖန်ဆင်းထားသည့်ကမ္ဘာလောကအတွင်း ကျရောက်နေသည်ဖြစ်စေ၊ ပရာလယ(pralaya) ခေတ်ကာလ၌ သိမ်မွေ့နက်နဲ၍ ခက်ခဲသောအခြေအနေတွင်ဖြစ်စေ၊ လူသား (Jiva)သည် စစ်မှန်သောအရာဖြစ်သည်။ ရာမနုဂျာသည် ပေါင်းစုခြင်းသဘောကို ပျော်ရွှင်ဖွယ်ရာ ဟာသနှော၍ရေးသားခဲ့သည်။ ပေါင်းစုခြင်းသဘောတရားအဆင့်၌ မည်သူတစ်ဦးတစ်ယောက်မျှ ဆက်လက်၍တည်ရှိနိုင်ပါအံ့နည်း? ။ အကယ်၍သာ သူဆက်လက်တည်ရှိမနေဘူးဆိုလျှင် မည်သူတစ်ဦးတစ်ယောက်မျှ သံသရာဝဋ်ကြွေးဒုက္ခဘေးမှ လွတ်မြောက်ပါအံ့နည်း။ ရာမနုဂျာက ပြောပြသည်မှာ အကယ်၍ ဆက်လက်တည်ရှိနေခြင်း၊ သို့မဟုတ် ချုပ်ငြိမ်းကွယ်ပျောက်ခြင်းသည် မုတ္တိ(mukti)ဟူသော သဘာဝတရားဖြစ်ခဲ့သော် လူတိုင်းလူတိုင်းသည် အဆိုပါ မုတ္တိ(mukti) လွတ်မြောက်ခြင်းအဆင့်မှ နောက်ပြန်လှျောကျ၍ သေးငယ်သောဘဝသို့ ပြန်ရောက်ရှိသွားလိမ့်မည်။ ထို့ကြောင့် ရာမနုဂျာက လူသား(jiva)အား ထာဝရဘုရား၏ ဂုဏ်ထူးဝိသေသပြုထားသကဲ့သို့သောအရာဟု မှတ်ယူထားသည်။

ရာမနုဂျာ၏အဆိုအရ ဣသရေလ(Ishvara)သည် ပုဂ္ဂိုလ်ရေးဆိုင်ရာဖြစ်၍ ဂုဏ်ထူးဝိသေသနှင့်ပြည့်ဝသည့် သဘာဝတရားကို သိမြင်နိုင်စွမ်းရှိသည့် အဆုံးမရှိသော တန်ခိုးအရာများစွာနှင့်ပြည့်စုံပေ၏။ အထက်၌ရေးသားထုတ်ဖော် ပြောဆိုခဲ့ပြီးသည့်အတိုင်း လူတစ်ဦးချင်းစီ

တို့မှာ မိမိတို့၏အတိတ်ဘဝကံ အကြောင်းတရား(karman)အားလျော်စွာ ရှုပ်ထွေးပူလောင်ဤလူ့ဘောင်သို့ ပစ်ချလိုက်သည့်အတိုင်း ကိုယ်ခန္ဓာရရှိ မွေးဖွားလာကြရ၏။ ကိုယ်ခန္ဓာသည် ဘဝတစ်ခုစီတို့၌ မွေးဖွားလာတိုင်း ပြောင်းလဲမှုဖြစ်ကြရသော်လည်း သူ၏အတ္တ(atman) ခေါ် ဝိညာဉ်ကလေးမှာ ထာဝရတည်မြဲစွာတည်ရှိ၏။ ထိုအရာသည် ဗြဟ္မာ၏အစိတ်အပိုင်းဖြစ်သည်။ လူသားသည် သံသရာဝဋ်အတွင်း ကျရောက်သက်ဆင်းဖြစ်ပေါ်နေရခြင်းမှ မည်သည့်နည်းဖြင့် သူ၏လွတ်မြောက်ခြင်းကို ရရှိနိုင်မည်နည်းဟူသောမေးခွန်း ပေါ်ပေါက်လာ၏။ လွတ်မြောက်ခြင်း ဆိုသော ဤအရာကို ဘာခ်တိ(bhakti) ခေါ် ကြိုးပမ်းအားထုတ်ရသသည့် ကျင့်စဉ်မှ တဆင့်သာလျှင်ရနိုင်သည်။

ဘာခ်တိ ခေါ် ကျင့်စဉ်သည် မီးတောက်လောင်နေသည့် ဆီမီးခွက်အတွင်းသို့ စီးဝင်သော ဆီကို အတားအဆီး အနှောက်အယှက် မရှိစေရသကဲ့သို့ ထာဝရတန်ခိုးရှင် ဘုရား သခင်ကို စဉ်ဆက်မပြတ် ပြည်းပြည်းမှန်မှန် သတိရအောင်နေခြင်းဖြစ်သည်။ ဘာခ်တိကျင့်စဉ်သည် အာရုံ စူးစိုက်သော ကြည်ညိုမှုမှ မကွေ့မကောက်ဖြောင့်မတ်သော ယုံကြည်ချက်နှင့် မြတ်နိုးသဒ္ဓါဖြင့် အားထုတ်ရသောကျင့်စဉ်ဖြစ်သည်။ ဤဘာခ်တိအကျင့်မြတ်သည် အသိဉာဏ်ပညာလည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဥပသနာ(upsana)နှင့် ဒိုင်ယာန (dhyana) ခေါ် တရား ထိုင်ခြင်းလည်းဖြစ်သည်။

> ဝိဇ္ဇာ(vidya)ဆိုသော ဝေါဟာရစကား ဘာခ်တိအတွင်းသို့ တိုးတက်ဖွံ့ဖြိုးလာသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထား၏။ အဆိုပါကျင့်စဉ်များအားလုံးနှင့်တူညီသော "အသိဉာဏ်ပညာ" (knowledge)ခေါ် ဝေဒနာတရား(vedana)က ဒိုင်ယာန(dhyana)ခေါ် တရား အားထုတ်မှုကို ညွှန်ပြထား၏။

အမှန်စင်စစ်အားဖြင့် ဤဘာခ်တိကျင့်စဉ်သည် ဉာဏနိစ်သာ(jnananistha) ဆိုသည့် အကျင့်များထက် များစွာပို၍အစွမ်းထက်သည်။ ဘာခ်တာအကျင့် ကျင့်ကြံအားထုတ်သူ တစ်ယောက်အတွက် သိနားလည်ရန်အချက်မှာ ထာဝရဘုရားသခင်(God)ထံပါးသို့ ဆုတောင်း ဝတ်ပြုရန်လိုသည်။ ခန္ဓာကိုယ်အား လဲလျောင်းကာ သက်သာမှုဖြင့်ဝတ်ပြုထား၏။ ဆုတောင်း သူသည် သူ၏အမြင့်ဆုံးသော စိတ်ချမ်းမြေ့ပျော်ရွှင်မှုထားလျက် ဝတ်ပြုကိုးကွယ်ရမည်။ သို့ရာတွင်

ကာမကန္ဒ(karmakanda)အတွက် နေရာပေးမထားဘူးလား?။

ရာမနုဂျာက မုတ္တိ(mukti) ခေါ် လွတ်မြောက်မှုကို လက်ဝယ်ပိုင်ဆိုင်ရရှိနိုင်ရေးအတွက် ဉာဏ–ကာမ–ဘာခ်တိ–သမုဒယ(jnana-karma-bhaki-sammmuccaya)ကို ထောက်ခံပေးထားသည်။ သူက အောက်ပါအချက်များကို မုတ္တိ(mukti) ခေါ် လွတ်မြောက်မှုလမ်းကြောင်းကို ဖော်ပြပေးထားသည်–

(၁) လူတစ်ယောက်သည် သူ၏ဗာနရှရာမဓမ္မ(varnashrama dharma) အားလျော်စွာ ဝေဒဆိုင်ရာ ဝတ်ပြုပူဇော်သည့်နည်းလမ်းအတိုင်း ကိုယ်ကျင့်တရား မြင့်မားတိုးပွားလာအောင်ဆောင်ရွက်ခြင်း။

(၂) ဘုန်းတန်ခိုးအရာ အလွန်တရာကြီးမြတ်တော်မူသော ဘုရားသခင်(supreme person)၏ ခြေဖဝါးအောက် ပြားပြားမှောက်၍ခိုလှုံခြင်း။

(၃) ထို့ပြင် စာပေကျမ်းဂန်လေ့လာမှုများနှင့် ဆရာသခင်အရှင်မြတ်တို့၏ သွန်သင်ညွှန်ပြ ဆိုဆုံးမမှုတို့အား နာခံမှတ်သားခြင်းမှတဆင့် ဗဟုသုတပြည့်ဝစေရမည်။

(၄) ဤသို့လေ့လာမှတ်သားဗဟုသုတများခြင်းသည် အသိဉာဏ်(soul)ကို အင်အားပြည့်ဝ ကြည်လင်ရှင်ပျစေသည်။ သူ၏နိတ္တယ(nitya) ခေါ် ကြည်ညိုလေးစားစွာဖြင့် ပြုမြဲကိစ္စကို ဆောင်ရွက်ခြင်းနှင့် နိမ္မိသိက(naimithika) ခေါ် ကျင့်ဝတ်စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ရမည့် ကိစ္စအဝဝတို့ကို ဆောင်ရွက်ခြင်းနှင့် တားမြစ်ချက်များအား မကျူးလွန်မိစေရန် စောင့်ထိန်းခြင်း။

(၅) ကာမကန္ဒ(karma kanda)နှင့်အတူ ဗဟုသုတအသိဉာဏ်နှင့်တကွဖြစ်သော ဤဝတ်ပြုဆုတောင်းခြင်းသည် ဘုန်းတန်ခိုးရှင်ဘုရားသခင်အား ပူဇော်နည်းဖြစ်သည်။

(၆) ဤဝတ်ပြုပူဇော်မှုသည်(upasana)သည် ဘာခ်တိဝတ်ပြုပူဇော်မှုသို့ ဦးတည်သွားသည်။

(၇) နောက်ဆုံးတွင် ဘာခ်တ(bhakta) ခေါ် သံသရာဝဋ်မှ လွတ်လမ်းရှာကြံသူသည် မိမိကိုယ်မိမိ ဣသရေလ(Ishvara)ထံ အပြည့်အဝအပ်နှံခြင်းဖြစ်သော ပရာ့ပတိ

(prapati)အဆင့်ရှိသည့် ကျင့်စဉ်ဖြစ်သည့်အပြင် ဂုရုသရေလက ၎င်းအား သူ့ထံဆည်းကပ်ခိုလှုံသူအနေဖြင့် လက်ခံခွင့်ပြုတော်မူသည်။ ထိုကဲ့သို့ သဒ္ဓါကြည်ညို လေးစားမှုပိုသူသည် ထာဝရဘုရားသခင်၏(God's) တပည့်သားအဖြစ်လည်းကောင်း၊ အရေအတွက်အားဖြင့်လည်းကောင်း၊ အပြုအမူအားဖြင့်လည်းကောင်း၊ စိုးမိုးအုပ်ချုပ်မှုအတွက်လည်းကောင်း၊ ထာဝရဘုရားသခင်နှင့် ကွဲပြားမှုမရှိတော့သည့်အပြင် ထာဝရဘုရားသခင်ကိုယ်တိုင်ကလည်း သူ၏ တပည့်သားမရှိပဲ ရပ်တည်မနေနိုင်တော့ပေ။

နောက်ဆုံးအချိန်၌ ကာမ–ဉာဏ–သမုဒယ(karma-jnana-sammuccaya) ဟူသော အဓိပ္ပါယ်သည် သံသရာဝဋ်မှကျွတ်လွတ်လိုသူ(bhakta)သည် အဝိဇ္ဇာ(avidya) နှင့် ကာမတဏှာ (karman)တို့၏ ပူးပေါင်းသည့်မကောင်းမှုကြောင့် ကွယ်ပျောက်သွားခဲ့ရသော ဆိဆက်ဗ (sesatva) ခေါ် ယခင်ကရှိခဲ့ဖူးသည့် ထာဝရဘုရားသခင်အပေါ် မှီခိုအားထားလိုသောဆန္ဒ ပြန်လည်ရရှိခဲ့သည်။

**မုတ္တိ(mukti)**။ ရာမနုဂျာက မုတ္တိ(၂)မျိုးအား ခွင့်ပြုထားသည်။

(၁) ရွှေဘုန်းတော်သခင် ထာဝရဘုရားသခင်အား လေးစားကြည်ညို သဒ္ဓါပိုလျက်ရှိသေမြတ်နိုးရှိုခိုးခြင်းမှတဆင့် ကိုင်ဗာလျ(kaivalya) ဟူသည့်အဆင့်၌ ဇီဝ(jiva) ခေါ် လူသားသည် လုံးလုံးလျားလျားလွတ်လပ်မှုရရှိခြင်း။

(၂) ထာဝရဘုရားသခင်အလိုရှိလျှင် မည်သို့သော အလုပ်အကြွေးပြုမှုမဆို ထာဝရဘုရားသခင်၏အမိန့်ကို နာခံသောအားဖြင့် ကိန်ကာယဗန(kainkarya-bhana) ခေါ် လွတ်မြောက်ပြီးသောဝိညာဉ်(the free soul) ထာဝရဘုရားသခင်အပေါ် အပြည့်အဝမှီခို၍ အလုပ်အကျွေးပြုခြင်း။ ပါရီပူရဏဆီဆဗတ္တိ(paripurna sesa-virtti) ဟူသော ဤအဆင့်တွင် လုံးဝဥဿုံပြီးပြည့်စုံမှုရရှိခြင်း။

လွတ်မြောက်ပြီးသောဝိညာဉ်သည် ဗိုက်ကွန်သာ(vaikuntha)ဟူသော အသိအမြင် မှန်ကန်ခြင်းရှိသည့်ဘဝကို လိုလားနှစ်သက်သည်။ ပထမဦးစွာအားဖြင့် မုတ္တ(mukta)က ဆိုလိုကျ(solokya)အဆင့်ကို ရရှိသည်။ ဆိုလိုသည့်သဘောမှာ ထာဝရဘုရားသခင်၏

ထိုက်တန်စွာ သီတင်းသုံးနေထိုင်ရာ ကျောင်းတော်ဝိဟာဖြစ်သည်သာ။ သို့ဖြစ်လျှင် သူသည် ထာဝရဘုရားသခင်အား အလုပ်ကျွေးပြုစုနေရခြင်းအပေါ် များစွာနှစ်ထောင်းအားရပျော်ရွှင် ကျေနပ်ရသည်ကို ကိန်ကာယ(kain karya) ဟူ၍ခေါ်ဆိုရတော့၏။ ရှေ့သို့ဆက်လက်၍ ထာဝရဘုရားသခင်၏ရှေ့မှောက်သို့ ရောက်ရှိသွားခြင်းကိုမူ ဆန္နိဒယ(sannidhya) ဟူ၍ခေါ်ရပြန်၏။ ထိုမှတပါး သူသည် ထာဝရဘုရားသခင်နှင့်အလားသဏ္ဍာန်တူသည်ကို ဆရူပျ(sarupya) ဟုဆိုပြီး နောက်ဆုံးတွင် ထာဝရဘုရားသခင်၏ နောက်လိုက်နောက်ပါအဖြစ် အတူတကွ ပျော်ရွှင်စွာသီတင်းသုံးနေထိုင်ခြင်းအား ဆယုဂျ(Sayujya)ဟု ခေါ်ဆိုရလေတော့သည်။

သံသရာဝဋ်ကျော့ကွင်းညွှတ်မှ လွတ်မြောက်လာသောအဆင့်၌ မုတ္တ(mukta)သည် ထာဝရဘုရားသခင်၏တန်ခိုးတော်များကို ရရှိပြီဖြစ်ကြောင်း သတိပြုမိလာခဲ့သည်။ သူသည် လိုအင်ဆန္ဒအဝဝနှင့် လိုလားတောင့်တမှုဟူသမျှတို့ကို ပြည့်ဝစုံလင်စွာရရှိခဲ့လေပြီ။ သူသည် ကမ္ဘာလောကကို ဖန်တီးခြင်းနှင့် ဖျက်ဆီးပစ်နိုင်သော ဘုန်းတန်ခိုးတေဇော်အာနုဘော်မှတပါး အခြားသောအရာများအားလုံးကို ဝမ်းမြောက်ပျော်ရွှင်စွာ ခံစားရရှိလေတော့သတည်း။

## ဘာခ်တီနှင့် ပရာပတီ(bhakti and Prapti)

ဘာခ်တီနည်းလမ်းအရ လေ့ကျင့်ရာတွင် ထွက်မြောက်လမ်းကို ရှာကြံသူ၏အပိုင်းမှ ပိုမိုပြင်းထန်သည့် အားထုတ်မှုပြုလုပ်ရန်လိုအပ်သည်။ ဤနည်းလမ်းသည် ဇာတ်မြင့်ပုဂ္ဂိုလ်များအတွက် လမ်းဖွင့်ပေးထားသောအရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဝေဒဆိုင်ရာကမ္မ (Vedic karman)သည် ဘာခ်တီ၏ ရှေ့သို့တိုးတက်ရာလမ်းကို မျှော်မှန်းလျက် ကြိုတင်ပြင်ဆင်ရမည့် မလုပ်မဖြစ် လိုအပ်သည့်လုပ်ငန်းဖြစ်သောကြောင့်တည်း။ ဤနေရာတွင် သံသရာဝဋ်မှ ကျွတ်လွတ်ရာလမ်း ရှာကြံသူက သတိပြုရမည့်ခန့်မှန်းတွက်ဆမှုနှင့် ထာဝရဘုရားသခင် မရွေးချယ်ခဲ့သည့်လမ်းစဉ်ကို အရဲစွန့်၍ လျှောက်လှမ်းနေခြင်းဖြစ်သည်ကို မမေ့ရန်ဖြစ်သည်။ ဤနည်းလမ်းမှာ ပရာ့ပတီ(prapatti)ကျင့်စဉ် သိသာစွာကွဲလွဲနေသောကြောင့်ဖြစ်သည်။

ပရာ့ပတီ(prapatti) ကျင့်စဉ်ဆိုသည်မှာ ပညာဉာဏ်အရည်အချင်း ချို့ယွင်းသူများနှင့် မိမိကိုယ်ကို ထာဝရဘုရားသခင်ထံအပ်နှံလျက် ထာဝရဘုရားသခင်သည်သာလျှင် တစ်ပါး

တည်းသော မှီခိုလဲလျောင်းပုန်းအောင်းရာ အစစ်ဖြစ်သည်ဟူ၍ လုံးဝခံယူထားသူများအတွက် ဖြစ်သည်။ ဤနေရာ၌ လွတ်မြောက်မှုရှာကြံသူသည် ထာဝရဘုရားသခင်အပေါ် လုံးဝဥဿုံ ယုံကြည်မှုရှိရန် လိုအပ်သည်။ ရာမနုဂျာက ဂီတကျမ်း အခန်း–၁၈ စာပျက်နှာ ၆၆(Gita XVIII-66)ကို ကိုးကားလျက်ရေးသားထားသည်မှာ –

> ကာမယောဂ(Karma Yoga) ၊ ဉာဏယောဂ(jnana yoga)နှင့် ဘာခ်တီယောဂ (bhakti yoga)များပါဝင်သည့် ဓမ္မများအားလုံး(all dharma)တို့ဖြင့် ပေါင်းစပ်လျက် ရွတ်ဖတ်သီဆို ပူဇော်ခြင်းအား စွန့်လွှာဖယ်ရှားလျက်ဟူသော အဓိပ္ပါယ်မှာ အဆင့် အမြင့်ဆုံး ကောင်းမြတ်မှုနှင့် ကြီးလှစွာသော ချစ်ခြင်းမေတ္တာဖြင့် ပူဇော်ခြင်းမှာ ငါကိုယ်တော်မြတ်၏ ပူဇော်နည်းဖြစ်သည်။

ရှေ့ဘုန်းတော်သခင် ထာဝရဘုရားရှင်ထံ အပြည့်အစုံ ကောင်းမှုကုသိုလ်အရှိန်အဟုန် အားဖြင့်လည်းကောင်း၊ မိမိကိုယ်ကို လုံးဝဥဿုံအပ်နှံခြင်းဖြင့်လည်းကောင်း၊ ထာဝရဘုရား သခင်ကလည်း သူ၏ဗတ္တာဆာလ်ယ(Vatasalya)မှအပ သဒ္ဓါကြည်လင် ယုံကြည်သက်ဝင် သူများက လုပ်ကိုင်ဆောင်ရွက်သင့်သည့်ကိစ္စအားလုံးကို မလုပ်ဆောင်ပဲနေခြင်းနှင့် လုပ်ကိုင် ဆောင်ရွက်ခြင်းတို့ကို မသိကျိုးကျွန်ပြုလျက် သူ၏တားဆီးကာကွယ်ပေးမှုအား ခွင့်ပြုသည်။ ပရပ္ပတိ(parpatti)အတွင်း အဓိကအလေးအနက်ဖော်ပြချက်ဖြစ်သည့် ရှရာနာဂါတိ (sharanagati) ခေါ် သူခံစားနေရသော သံသရာဝဋ်ကြွေးဒုက္ခမှ ဘုရားသခင်ကယ်တင်မှုဟူသော အချက်ဖြစ်သည်။ ဤအချက်၏ ဆိုလိုသောအဓိပ္ပါယ်မှာ သဒ္ဓါကြည်လင်ယုံကြည်သက်ဝင်သူက မိမိ၏ကိုယ်ကို ထာဝရဘုရားသခင်၏ခြေတော်အစုံကို ဦးနိုက်ခိုလှုံလျက် ထာဝရဘုရားသခင်၏ မေတ္တာကို ယုံကြည်စွာဖြင့် သူ၏ပြုမူပြောဆိုဆောင်ရွက်သည့် အကျိုးရလဒ်များအား အပ်နှံခြင်းဖြစ်သည်။ ပရပ္ပန္န(the prapanna) က(ဘာခ်တ–bhakta ၏ ထာဝရဘုရားသခင်ထံ ခိုလှုံခြင်းကိုသဘော တူသည်။) ဘုရားသခင်အပေါ် မှီခိုလျက်ရှိခြင်း၊ ထာဝရဘုရားသခင်၏ လုံးဝဥဿုံ ထိန်းချုပ်မှု အောက်မှ လမ်းညွှန်မှုတို့သည် အခြားသောတန်ခိုးရှင်များ၏ လုပ်ဆောင် ချက်ကြောင့်မဟုတ်ပဲ ထာဝရဘုရားသခင်၏ စိတ်ဆန္ဒတစ်ခုတည်းကြောင့်သာလျှင် ဖြစ်သည်ဟု မှတ်ယူခံစားသည်။ သူ၏ သံသရာဝဋ်မှကျွတ်လွတ်ရေးအတွက် ထာဝရဘုရားသခင်ထံ(to god

himself) လုံးလုံးအပ်နှံလျက် ငြိမ်းချမ်းသောဘဝတစ်ခုတွင်နေထိုင်ပြီး ထာဝရဘုရားသခင်အား အလုပ် အကျွေးပြုခြင်းဖြင့် မိမိ၏ဘဝကိုမြင့်မြတ်အောင် ကြံဆောင်နေသည်။ သဘာဝကျကျ စဉ်းစား ကြည့်လျှင် ပရာပန္နတစ်ဦး(a prapanna)၏ ဘာသာရေးအသိစိတ်ဓါတ် တိုးတက်မှုသည် အမျိုးအစားမညီမျှသည့် အခြေခံအရင်းအမြစ်များပေါ်တွင် မူမတည်ပဲ ထာဝရဘုရားသခင်၏ အနန္တတန်ခိုးတော်အပေါ်တွင် တည်ပေသည်။

ရာမနုဂျာသည် ဤအချက်ကို ထင်ရှားပေါ်လွင်စေရန် မဆောင်ရွက်ခဲ့ပေ။ သို့သော် အင်ဒါလ်(Andal)အမည်ရှိသော သုဒ္ဒရ အမျိုးသမီးအပြင် သုဒ္ဒရ(Shudras) ခေါ် ဇာတ်နိမ့်လူမျိုး အမြောက်အမြားပါဝင်သော ဘာခ်တီကျင့်စဉ်ကို ယုံကြည်စွဲလမ်းလျက်ရှိကြသည့် အယ်လ်ဗားစ် (Alvars)တို့အား သူက ရိုးသားစွာဖြင့် ဒဿနသဘောအရရှုမြင်ခဲ့သည်။ အဆိုပါ ဇာတ်နိမ့်လူမျိုး ဖြစ်သော သုဒ္ဒရလူမျိုးတို့သည် ဘာခ်တီကျင့်စဉ် ကျင့်ကြံသူများ၏အိမ်တံခါးပေါက်သို့ ဝင်ခွင့် မရှိကြပေ။ သို့ရာတွင် ၎င်းတို့မှာ ထာဝရဘုရားသခင်၏ အချိန်အခါအားလျော်စွာ နောက်လိုက် နောက်ပါများဖြစ်ကြသည်။ သဘာဝကျစွာပင်လျှင် ရာမနုဂျာအနေဖြင့် ၎င်းတို့အား သံသရာဝဋ်မှ လွတ်မြောက်ရေးအတွက် ဘာခ်တီမှတဆင့် ဆောင်ရွက်ပေးနိုင်လိမ့်မည်မဟုတ်ပေ။ အယ်လ်ဗားစ် များ၏ကိစ္စ၌ ထာဝရဘုရားသခင်ကိုယ်တိုင်ပင် ၎င်းတို့အား ကယ်တင်ပေးလိုသောဆန္ဒရှိသည်။ (katt.II; 23; Mund.111.2.3) ဤအချက်သည် ထာဝရဘုရားသခင်၏ ပီတိသောမနဿ(grace) ဖြစ်မှုကို လိုလားပြီးလျှင် ထာဝရဘုရားသခင်၏ နောက်ပါသာဝကဖြစ်လိုခြင်းနှင့် ထာဝရဘုရား သခင်အပေါ်တွင် လေးနက်ယုံကြည်သက်ဝင်မှုဖြင့် အဆုံးစွန်ထားရှိသော ချစ်ခြင်းမေတ္တာ ပွားများ လျက်ရှိသူများအားလုံးတို့အား လမ်းဖွင့်ပေးထားသည့် ပရပ္ပတိ(prapatti)အရခေါ်သော ဘာခ်တီ၏ သဘောသဘာဝဒိဋ္ဌိဝါဒ(doctrine of universal bhakti) ဖြစ်သည်။

> သူတို့၏နှလုံးသားအတွင်း နေရာယူကိန်းအောင်းနေသူ ထာဝရဘုရားသခင် ငါအရှင်သည် သနားခြင်း ကရုဏာတရားကြောင့်သော်လည်းကောင်း၊ ၎င်းတို့မှာ မသိနားမလည်မှု အမှောင်ထုအောက်တွင် မွေးဖွားလာကြသူများဖြစ်၍ ၎င်းတို့၏ အသိဉာဏ်ပညာ မီးအိမ်ကို ထွန်းညှိလျက် မသိမှုအဝိဇ္ဇာအမှောင်ထုကို ဖျက်ဆီးခြင်းအားဖြင့်သော် လည်းကောင်း၊ သူတို့အား သူတော်ကောင်းဖြစ်စေမည့် အကြောင်းတရားသည်

၏အရှင်မြတ်ဖြစ်သည်။

ပရပ္ပ(prapatti) အဘိဓမ္မာဒေသနာအရ ရာမနုဂျာ ကျင့်သုံးလိုက်နာဆောင်ရွက်သော်လည်း ၎င်းသည် စာပေကျမ်းဂန်တို့အား ထပ်ဆင့်အဓိပ္ပါယ် ရှင်းလင်းရေးသားခြင်းမပြုခဲ့ပေ။ သို့သော် ပရပတ္တိဟူသော သဘောတရား၏အနှစ်သာရကို စိစစ်ရွေးချယ်မှုနှင့် အမှန်တရားပေါ်ထွန်းရေးအတွက် သူ၏ဂီတာဘတ်စ်ယ(Gitabhasya IX.32) တွင် ထည့်သွင်းဟောကြားခဲ့သည်။ သဘာဝကျစွာဖြင့်ပင် နောက်ပိုင်းကာလထွက်ပေါ်လာသည့်မာဂျရကစ်ရှိုးနယ(marjara kishora-naya)ဟူသော ပရပ္ပတိဒေသနာ၌ ထာဝရဘုရားသခင်ကိုယ်တိုင် ဦးဆောင်မှုပြု၍ ဟောကြားသည့်နေရာနှင့် မာကတ–ကစ်ရှိုးရ–ညာယ(Markata-kishora-nyaya) ခေါ် ဘာခ်တီကျမ်းဒေသနာတို့သည် ရာမနုဂျာအယူဝါဒအတွက် မပေါ်ပေါက်ခဲ့ပါပေ။ သို့သော် သုဒ္ဒရ ခေါ်ဇာတ်နိမ့်သူများအား ၎င်းတို့၏ မာဂျရကစ်ရှိုးရနယကျမ်းစာ တစ်မျိုးတည်းသာလျှင် ပရပ္ပတိကျင့်စဉ်အဖြစ် လမ်းဖွင့်ပေးထားခြင်းမှာ အသေအချာဖြစ်သည်။ ဤနေရာ၌ ကြောင်မကြီးသည် သူမ၏ကြောင်ကလေးအား ဂရုတစိုက်စောင့်ရှောက်သူဖြစ်သည်။ ထိုနည်းတူစွာ ထာဝရဘုရားသခင်ကိုယ်တိုင်(the lord himself)က သူ၏ပရာပန္န(prapanna)အား အလေးထားစောင့်ထိန်းထားသည်။ မည်သို့ပင်ဖြစ်စေ မာကတ–ကစ်ရှိုးရ–ညာယ(Markata-kishora-nyaya)ကျမ်းစာအုပ်အတွင်း မိခင်မျောက်မသည် သူ၏ကလေးငယ်မျောက်ကလေးအား ကျောပေါ်၌သယ်ပိုးလျက် သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ ကူးသန်းသွားလာသောအခါ၌သာလျှင် သတိထားဂရုစိုက်သကဲ့သို့ဖြစ်ကြောင်း ရေးသားထားသည်။ ဤအချက်က ဘာခ်တီကျင့်စဉ်အား သံသရာဘေးမှ လွတ်မြောက်အေးငြိမ်းမှုရှာကြံသူသည် ထာဝရဘုရားသခင်၏ ကြည်နူးဝမ်းသာဖြစ်မှုအတွက် ကြိုးစားအားထုတ်ရန်လိုအပ်သည်။ သို့ရာတွင် ထာဝရဘုရားသခင်သည် လူအချင်းချင်း ကွဲပြားခြားနားမှုမရှိအောင် ဖန်တီးဆောင်ရွက်ထားသည့်အလျောက် ဘာခ်တီကျင့်စဉ်သည် ပထမဦးစွာ ရှေးကာလကပင်တည်ရှိလာခဲ့သော ယုံကြည်မှုဖြစ်ပြီး ပရပ္ပတိကျင့်စဉ်သည် နောက်ဆုံးအဆင့် ကျင့်စဉ်ဖြစ်သည်။

## လူသား၏ အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်
## Human Destiny

လူသား၏ မလွတ်မြောက်နိုင်သေးသည့် ကျေးကျွန်ဘဝနှင့် သံသရာဝဋ်ကြွေး ဒုက္ခဘေးခံစားရခြင်းမှ ကျွတ်လွတ်ရာ အဆုံးစွန်ရည်မှန်းချက်ထားသည့် ပန်းတိုင်သည် လွတ်မြောက်မှုဟူသော အဓိပ္ပါယ်နှင့်များစွာကွာခြားသည်။ လူသား၏ အမိဝမ်းခေါင်းတစ်ခုမှ နောက်အမိဝမ်းခေါင်းတစ်ခုသို့ ကူးပြောင်းနေရခြင်းသည် မလွတ်မြောက်သည့်သဘောဖြစ်သည်။ ဓါတ်ကြီး(၄)ပါး၏ အကြမ်းသဘောဖြစ်သော ရုပ်တရားအစုအဝေးကိုယ်ခန္ဓာ သေဆုံးသော်လည်း နူးညံ့သိမ်မွေ့သည့် သဘောတရားဓါတ်(၁၈)ပါး နာမ်တရား(subtle)* မှာ ယင်းလူသားသည် မဆုံးနိုင်သော မွေးဖွားခြင်းနှင့်သေဆုံးခြင်းတို့ အစဉ်မပြတ်ဆက်စပ်လည်ပတ်နေရာ၌ တည်ရှိနေသည်။ အာရိယန်လူမျိုးမဟုတ်သူများ၏ အယူအဆဖြစ်သည့် ဘဝကူးပြောင်းခြင်း သဘောတရားသည် ယနေ့အချိန်ကာလ၌ ဟိန္ဒူဘာသာ၏ အထင်ရှားဆုံးသောအယူအဆဖြစ်သည်။

အကယ်၍လူတစ်ယောက်သည် ကောင်းသောကမ္မ(good karmas)ကို အကြောင်းခံသည်ရှိသော် သူသည် နောက်ဘဝ၌ မိကောင်းဖခင်၏ဝမ်းတွင် ကိန်းအောင်းပြီး အမျိုးဇာတ်ကောင်းသော လူတစ်ယောက်ဖြစ်လိမ့်မည်။ မကောင်းမှုပြုလုပ်သူများသည် နိမ့်ကျသောဘဝ ခွေးမတစ်ကောင်၏ ဝမ်းတွင်းပဋိသန္ဓေတည်ခြင်းသော်လည်းကောင်း၊ သို့မဟုတ်ပါကလည်း ဇာတ်နိမ့်သည့် မျိုးရိုး၌သော်လည်းကောင်း ဖြစ်လာပေလိမ့်မည်။ (Chh: U.5.10.7)

မလွတ်မြောက်ရသေးသော ကျေးကျွန်ဘဝနှင့် သံသရာဝဋ်ကြွေး ဒုက္ခဘေးခံစားရခြင်းအား အနာဒိ(anadi)ဟုခေါ်ပြီး ဆန္တ(santa) ခေါ် အဆုံးအပိုင်းအခြားတစ်ခုရှိသည်။ ဆမ်းကျမ်းနှင့် ရှန်ကာရဝိုအလိုအရ ဉာဏ(jnana)မှ တဆင့်ဖြင့်သော်လည်း၊ သို့မဟုတ် ရာမာနူဂျာဝါဒ၏ အဆိုအရ ကာမဉာဏဘာခ်တိသမုဒယ(karma-jnana-bhakti-samuceaya) မှတဆင့်အားဖြင့် သော်လည်းကောင်း လွတ်မြောက်မှု(Mukti or liberation)သည်

* (Subtle) ခေါ် နူးညံ့သိမ်မွေ့သည့် သဘောတရားဓါတ်(၁၈)ပါး နာမ်တရားဆိုသည်မှာ ဆမ်းကျမ်း–ကာရိကလင်္ကာစပိုဒ်များ ၃၉-၄၀(Samkhya-karika, verses 39-40)အရ နူးညံ့သိမ့်မွေ့သောခန္ဓာကို ဖြစ်ပေါ်စေသော ဓါတ်(၁၈)ပါးရှိရာ ၎င်းတို့မှာ ဗုဒ္ဓိ ခေါ် အသိဉာဏ်(Buddhi-Intellect) ၊ အဟမ်ကာရ(Ahamkara) ခေါ် ငါ့ကိုယ် ငါ့ဟာဟူသော အတ္တ ၊ အိန္ဒြိယဆယ့်တစ်ပါး (the eleven indriyas)နှင့် နူးညံ့သိမ်မွေ့သောကိုယ်ခန္ဓာ ခေါ် တမ္မထရာ့ငါးပါး(five tanmatras)တို့ဖြစ်သည်။ (ဉာဏိန္ဒြိယငါး+မန+ကာမိန္ဒြိယ)

ဖြစ်နိုင်ဖွယ်ရာရှိသည်။ ဤ အချက်နှင့်စပ်လျဉ်း၍ အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်ပါ၏။

ရှန်ကာရအယူဝါဒ၏အလိုအရ ဤကမ္ဘာမြေလွှာပေါ်၌ ဂျီဗန်မုတ္တိ(jivan-mukti) ဟုခေါ်ဆိုသည့် လွတ်မြောက်မှု(mukti) ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ ကမ္မ(karmas)သည် ပင်ပန်းနွမ်းလျမောဟိုက်လာသောအခါ ဗြဟ္မာဉာဏ(Brahma-jnana) ၎င်း၏ကိုယ်ခန္ဓာလဲကျပြီးနောက် ဝိဒေဟ–မုတ္တိ(videha-mukti)ကို ရရှိသည်။ ထိုအဆင့်၌ ဉာဏီ(the jnani) ခေါ် ဉာဏ်အဆင့်ရရှိပြီးသူသည် ဗြဟ္မာလောကသို့ ရောက်ရှိသွားသည်။

ရာမနုဂျာအယူဝါဒအဖို့ရာ၌ အတ္တမာန်(atman) ခေါ် သတ္တဝါတစ်ဦးချင်းစီတွင် တည်ရှိသော ဇီဝစွဲ၊ သူစွဲ၊ ပုဂ္ဂိုလ်စွဲသည် ၎င်း၏ကိုယ်ခန္ဓာဖြစ်စေသည့် ဗြဟ္မာ၏အစိတ်အပိုင်း တစ်ခုဖြစ်သည်။ ဗြဟ္မာကြီးသည် လူသတ္တဝါအား ဖန်ဆင်းဖြစ်ပေါ်စေမှုနှင့် လူသတ္တဝါ၏ သိမ်မွေ့နူးညံ့သောအသိဉာဏ်(subtle)အား ဆုတ်ယုတ်ပျက်ပြားမှုမရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သံသရာဝဋ်ကြွေးပေးဆပ်ရေးနှင့် သံသရာဝဋ်မှ လွတ်မြောက်မှုနှစ်မျိုးလုံးကို ကမ္ဘာပျက်ပြုန်း ကုန်ဆုံးသည့်အချိန်ထိ ထိန်းသိမ်းထားသည်။ သင်္ခါရိယ(samkarika) ခေါ် ပြုပြင်ဆောင်ရွက် နေရခြင်းမှ လွတ်မြောက်လာပြီးနောက် ဗိုက်ကွန်သာ(Vai Kunktha) ခေါ် ဗိဿနိုး(Visnu)၏ ဘုံဌာနသို့ ဝင်ရောက်သွားပြီး သူ၏ဘာသာရေးစိတ်ဓါတ်ရေးရာ စွမ်းအား တိုးတက်လာပြီး အရှင် ကိုယ်တော်မြတ်အား အလုပ်အကျွေးပြုခြင်း၊ ခေါ် ကိန်ကာယ(Kain-karya)မှ အောင်မြင်စွာ ကျော်ဖြတ်ပြီးမြောက်လျက် မိမိလိုလားတောင်းတသောဆုကို လှမ်းကိုင်ရရှိရန် လက်တစ်ကမ်းသာလိုတော့သည့် အခြေအနေ၊ ခေါ် ဆန်နိတ်ယ(sanidhya)သို့ ရောက်လာ၏။ ထို့နောက်တဖန် ၎င်းသည် အရှင်ကိုယ်တော်မြတ်အလားတူ ခေါ် ဆရူပျ(sarupya) အဆင့်မှ ဆယီး(Saye....) ခေါ် အရှင်သခင်၏အပေါင်းအဖော်အဆင့်သို့ ရောက်ရှိသည်။ လွတ်မြောက်မှုရရှိပြီးသော ဝိညာဉ် (released soul)သည် ကမ္ဘာလောကအား ဖန်တီးနိုင်ခြင်း စွမ်းအင်နှင့် ဖျက်ဆီးပစ်နိုင်သည့် စွမ်းအင်များမှအပ အခြားဘုန်းတန်ခိုးအာနိသင်များအားလုံးကို အပ်နှင်းခြင်းခံရသည်။ လိုအင်ဆန္ဒအဝဝကို သူရရှိသည်။ သူသည် မှီခိုခွင့်သာရရှိသူ(sest)ဖြစ်၍ အရှင်သခင်၏ အလုပ်အကျွေး ပြုမှုကိုသာ လိုအင်ဆန္ဒအပြင်းပြဆုံးဖြစ်သည်။

## ဘာသာယုံကြည်ကိုးကွယ်မှုလမ်းကြောင်းများနှင့်အစဉ်အလာများ

**(Religious pathways and practices)**

လူသားတို့သည် သင်္ခါရများ(Samskaras)နှင့် ဂုဏ်ကျေးဇူးများ(gunas) ကွဲပြားခြားနားမှုတို့ဖြင့် မွေးဖွားလာကြသည်။ အချို့သောပုဂ္ဂိုလ်များမှာ ခပ်သိမ်းအလုံးစုံတို့အပေါ် အရှိန်ဩဇာကြီးစိုးလျက်(dominance of sattva) လည်းကောင်း၊ အချို့သောပုဂ္ဂိုလ်များမှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရမည့်သူများ(Rajas) အဖြစ်လည်းကောင်း၊ အချို့သောသူများမှာ တာမာစ့်(Tamas) များအဖြစ်လည်းကောင်း မွေးဖွားလာကြသည်။ ထိုထိုပုဂ္ဂိုလ်များလူမိုလ်တို့သည် ၎င်းတို့၏ယုံကြည်ကိုးကွယ်မှုနှင့် ကျင့်စဉ်များအားလျော်စွာ မွေးဖွားလာကြသည်။

ခပ်သိမ်းဉာဏ် အလုံးစုံသောလူများ(Sattvika-men) တို့သည် နတ်များ(gods) တို့အား ဝတ်ပြုပူဇော်ကြပြီး ရာဇာဇိက ခေါ် မင်းမျိုးမင်းနွယ်လူများ(Rajasika)သည် ယာခ်ဆ (Yaksa)နှင့် ရာခ်ဆဆ(Raksasas)များကို ဝတ်ပြုပူဇော်လျက် တာမာစ်ဆိက (Tamasika)လူမျိုးများသည် သဘာဝဝိညာဉ်များ(nature spirit)နှင့် အစိမ်းသရဲများ(ghost) ကို ကိုးကွယ်ကြသည်။ (B.G.XVII.4)

အလားတူစွာ ရှန်ကာရအယူဝါဒကလည်း စစ်သူကြီးလူတန်းစားနှင့် ဃာရာဝါသ သမ္ဘာရဟု ကိစ္စများမြောင်လူတို့ဘောင်မှ ရှောင်ခွာထွက်၍ ရဟန်းဘဝသို့ ကူးပြောင်းလိုသူ ဆတ်ဗွိကစ်(Sattivikas)*များအတွက် ကာမယောဂကျင့်စဉ်(Karma Yoga)က ယင်းသို့ အဓိပ္ပါယ်သက်ရောက်စေ၏ဟူ၍ မှတ်ယူရေးသားထားသည်။

နောက်တဖန်တင်ပြရန်မှာ လူတစ်ယောက်သည် ၎င်း၏ ယုံကြည်မြတ်နိုးတန်ဘိုးထားသည့် ကိုးကွယ်မှုပေါ်တွင် အလေးအနက်ရှိမှုအတိုင်းအတာနှင့် ဝတ်ပြုပုံဝတ်ပြုနည်းအရ ၎င်းရရှိမည့် အလိုဆန္ဒရလဒ်ဖြစ်လာပေမည်။

ယုံကြည်မှုနှင့် ဆုတောင်းသူမည်သူ့ကိုမဆို ဘုရားသခင်ထံမှ ရယူလိုသောဆုကို လိုလိုလားလားတောင်းတသောအားဖြင့် အချိန်မှန်မှန်ဝတ်ပြုတောင်းရန် ဇိုက်တွန်းသည်။ (B.G.VII.21)

---

* Shankara's Bhasya of Gita XVIII.30

ထို့ကြောင့် လူများသည် ၎င်းတို့၏ ယုံကြည်သက်ဝင်ရာ နတ်များအားကိုးကွယ်သူများ ဖြစ်ကြသည်။ ထို့ကြောင့် ယုံကြည်ကိုးကွယ်ရာ နတ်များဖြစ်ကြသည့်အားလျော်စွာ ၎င်းနတ်များထံ ဆုတောင်းခြင်းဖြင့် မိမိတို့ လိုအင်ဆန္ဒများရရှိကြသည်။ သို့ဖြစ်ရာ ကာမယောဂ(Karma Yoga)၊ ဘာ်တိယောဂ(Bhakti Yoga)နှင့် ဉာဏယောဂ(Jnana Yoga)တည်းဟူသော ကျင့်စဉ်(၃)ရပ်တို့အား လူအများကအလေးထားကြသည်။ ယနေ့အချိန်ကာလ၌ အဆိုပါကျင့်စဉ်များသည် တစ်ခုနှင့် တစ်ခု အမှန်တစ်ကယ် ရောနှောပေါင်းစပ်မိခဲ့ကြပြီ။ ထိုသို့ ကျင့်စဉ် ၃ ရပ်တို့သည် တစ်ခုမှတစ်ခုသို့ ပေါင်းစပ်သွားခြင်းမှာ လူသားတို့သည် ၎င်းတို့မလွတ်မြောက်သေးသည့် သံသရာဝဋ်ကြွေးကြောင့် သော်လည်းကောင်း၊ မသိမှုအဝိဇ္ဇာ(avidya)၏ သဘော သဘာဝအားဖြင့်လည်းကောင်း အမှန်တကယ်တွေ့ကြုံရခြင်းဖြစ်သည်။ အဝိဇ္ဇာ(ခေါ်) Avidya ဟူသော စကားလုံး၏ အနက် အဓိပ္ပါယ်သည် သာမန်သဘောတရားအမြင်အား မသိရှိခြင်း မဟုတ်ပေ။ ၎င်းစကားလုံး၏အဓိပ္ပါယ်မှာ ဘာသာယုံကြည်ကိုးကွယ်မှုနှင့်စပ်လျဉ်းသည့် အမြင်အာရုံတစ်ခုအပေါ် ခံစားချက်ပါသော ယုံကြည်မှု အားနည်းခြင်းကိုဆိုလိုသည်။ *(ဗုဒ္ဓဘာသာတွင် အဝိဇ္ဇာ Avidya ဟူသော ပါဠိစကားလုံး၏အဓိပ္ပါယ်မှာ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုတစ်ခုခု သို့မဟုတ် ကိုယ်စိတ်နှစ်ပြာ ဆင်းရဲပင်ပန်းမှုကို မသိမြင် နားမလည်ခြင်းဟူသော* ***ဒုက္ခသစ္စာကို မသိမှု*** *၊ ယင်းသို့ ဆင်းရဲ ဒုက္ခဖြစ်ရခြင်း၏ အကြောင်းရင်းမှန်ကို မသိခြင်းဟူသော* ***သမုဒယသစ္စာကို မသိမှု****၊ ယင်းသို့ ဆင်းရဲဒုက္ခမရှိခြင်း (ဝါ) ဆင်းရဲဒုက္ခမှ လွတ်မြောက်ခြင်းအမှန်ဟူသော* ***နိရောဓသစ္စာကို မသိမှု****၊ ယင်းသို့ဆင်းရဲခြင်းကင်းရာ(ဝါ) ဆင်းရဲခြင်းတရားများ၏ ချုပ်ငြိမ်းစေနိုင်သည့် နည်းကောင်း လမ်းမှန်ဟုဆိုအပ်သော* ***မဂ္ဂသစ္စာကိုမသိမှု*** *၊ အဆိုပါ သစ္စာလေးပါးကိုမသိမြင် နားမလည်ခြင်း ကို အဝိဇ္ဇာဟူ၍ခေါ်သည်။ ဘာသာပြန်သူ)* ထို''အဝိဇ္ဇာ''အမည်ရသော စကားလုံး၏အဓိပ္ပါယ်သည် ခံစားချက်ပါဝင်လျက် စိတ်လှုပ်ရှားမှု မပါဝင်သော ကောင်းစွာ သိနားလည်ခြင်းကို အသွင်သဏ္ဌာန် တစ်မျိုးဖြင့် လွဲမှားစွာသိနားလည် ခြင်းဖြစ်သည်။ *(အမှန်ကို အမှားထင်၊ အမှားကို အမှန်ထင်သော အမြင်ဖြစ်သည်။ ဘာသာပြန်သူ)* ''အဝိဇ္ဇာ'' အမည်ရသော ဤသဘောတရားက အာရုံဝတ္ထုတစ်ခု အပေါ်၌ အရှိအမှန်ကို အသိဉာဏ်ဖြင့် နားလည်သဘောပေါက်မှုအပေါ်တွင် ဖုံးအုပ်ကွယ်ကာယုံမျှ သာမကဘဲ ၎င်းအာရုံ ဝတ္ထုအား တစ်လွဲတစ်ခြား အစွဲမှား သောအမြင်တစ်ခုဖြင့် အစားထိုးလျက်

ဥပမာသာဓကအားဖြင့် ဆာပါရာဂျူ-ဗြဟ္မာ(Sarpa-rajju-Brahma) ခေါ် မြွေနှင့်တူသောကြိုးကို မြွေအစစ်တစ်ကောင်အဖြစ် ယုံမှားခြင်းပေတည်း။

ကိလေသာစရိုက်နှင့် အမိုက်မှောင်ထု၏အောက်တွင် ကျရောက်နေသူ လူတစ်ယောက်သည် ကြိုးတစ်ချောင်းကို ကြိုးတစ်ချောင်းအဖြစ်မမြင်နိုင်ဘဲ ကြိုးတစ်ချောင်းမှ မြွေတစ်ကောင်ဖြစ်သွားသည်။ ''အဝိဇ္ဇာ''ဟူသော ဆိုးဆိုးဝါးဝါးကျုံတရားသည် အရည်အသွေးနိမ့်ကျအားအင်ကုန်ခမ်းမှုကိုပြသော စိတ်ဖြစ်သည်။ ကြိုးတစ်ခွေကို မြွေအဖြစ်ထင်မှတ်သောနေရာ၌ အေးဆေးတည်ငြိမ်စွာ ဝေဖန်ဆုံးဖြတ်ရမည့်အစား ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အဝေးသို့ ထွက်ပြေးသူနှင့်တူသည်။ ဤအချက်က လူတစ်ဦးတစ်ယောက်သည် ''အဝိဇ္ဇာ'၏ အရှိန်ဩဇာလွှမ်းမိုးခြင်းအောက်သို့ ရောက်ရှိသွားသောအခါ ခေတ္တခဏမျှပျော်ရွှင်မှုရရှိသော်လည်း ချက်ချင်းပျောက်ကွယ်ပျက်ဆီးသွားမည့်သဘာဝကို အဝိဇ္ဇာမောဟ၏အစွမ်းသတ္တိကြောင့် အမြဲတစေတည်နေမည်ဟု အထင်မှားမှုကိုပြသနေခြင်းဖြစ်သည်။ ခေတ်သစ်စိတ္တဗေဒဆိုင်ရာ စကားအသုံးအနှုန်းအရ ကျွန်ုပ်တို့က အဝိဇ္ဇာသည် အာရုံကိုခံစားစေခြင်း၊ စိတ်ဆန္ဒပြည့်စုံစေခြင်းနှင့် သနားချစ်ခင်ခြင်းဟူသော စိတ်(၃)မျိုးတို့၏ ခွဲခြားမရသောစိတ်တန်ခိုးဖြစ်သည်ဟု ဆိုနိုင်ပေသည်။ သို့ဖြစ်သောကြောင့် အဆိုပါစိတ်တန်ခိုး(၃)မျိုးတို့သည် လူသားတစ်ဦး မဆောင်ကျဉ်း မပြုလုပ်နိုင်သောအရာအားလုံးအတွက် ဆောင်ကျဉ်းပေးနိုင်သောဆေးဝါးဖြစ်သော်လည်း ၎င်းတို့မှာ ခွဲခြားမရသောအရာအဖြစ် အားလုံးကသဘောတူကြသည်။ ကာမယောဂကျင့်စဉ်တွင် ဉာဏ်အရာလည်းပါဝင်သည်-

(၁) ကာမတစ်ခုသည် အမျိုးမျိုးအပြားပြားသော အကျိုးတရားများဖြစ်ပေါ်စေနိုင်၏။

(၂) ယင်းသို့ဖြစ်ပေါ်လာရသော အကျိုးတရားများသည် သဘာဝအလျောက်ဖြစ်ပေါ်ခြင်း မဟုတ်မူ၍ ပရပ်ခ်ပတီ၏အကြောင်းကြောင့် ဖြစ်ပေါ်ရ၏။

(၃) နောက်ဆုံးအချက်မှာ တန်ခိုးတော်ရှင်တစ်ဦးတည်းကသာလျှင် လူနှင့် ၎င်းတွေ့ကြုံရသောပြဿနာများ(jiva and prakrti) အား ထိန်းကျောင်းလမ်းပြပေးသည်။

ထိုနည်းတူစွာ ကာမယောဂ(karma Yoga)အဆင့် သန့်ရှင်းဖြူစင်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းအားဖြင့် ဘာခ်တီယောဂ(Bhakti Yoga) နှင့် ဉာဏယောဂ(jnana yoga) တို့ကို

ပထမပိုင်း၌ ယင်းကျင့်စဉ်(၂)မျိုးလုံး မဖြစ်မနေ ကျင့်ကြံအားထုတ်ရမည်ဖြစ်သည်။ တစ်ဖန် ထပ်မံတင်ပြရန်မှာ ရှန်ကာရသည် ဝေဒဆိုင်ရာကာမများ(Vedic Karmas) နှင့် ဘာခ်တီတို့သည် အသိဉာဏ်ကြည်လင်သန့်ရှင်းစေရန် အလိုရှိသည့်အပြင် သန့်ရှင်းကြည်လင်သော အသိဉာဏ်နှင့်သာလျှင် သံသရာထွက်လမ်းရှာကြံသူအား ဗြဟ္မာအသိဉာဏ် ဖွံ့ဖြိုးတိုးတက်စေနိုင်ခြင်း(Brahman-realization) သို့မဟုတ် ဉာဏ်ပညာကိုရရှိစေနိုင်ကြောင်း အသိအမှတ်ပြုထားသည်။ ဘာခ်တီကျင့်စဉ်သည် ထာဝရဘုရားသခင်အား ကျေနပ်နှစ်ခြိုက်သဘောကျမှုက ဂုရုကြီး(the Guru)အား ဗြဟ္မာ့ဉာဏ(Brahma-Jnana) ရရှိပိုင်ဆိုင်စေရန် သံသရာဒုက္ခဘေးမှ လွတ်မြောက်ရေးအတွက် ရှာကြံသူအဖြစ် ကိုယ်ပိုင်ကျင့်စဉ်အဖြစ် အသုံးပြုနိုင်သည့်နည်းလမ်း ဖြစ်သည်။

ဆက်လက်၍တင်ပြလိုသည်မှာ ကာမယောဂကျင့်စဉ်(Karma Yoga)သည် ဉာဏ (Jnana) ရရှိစေမှုအတွက်မျှသာမဟုတ်သေးပဲ ဘာခ်တီယောဂကျင့်စဉ်(Bhakati Yoga) အတွက်ပါ ရရှိစေနိုင်သည်။

လူအများသိရှိနားလည်ပြီးဖြစ်သည့်အတိုင်း ဟိန္ဒူဘာသာယုံကြည်ကိုးကွယ်မှု၌ ကာမ (၄)မျိုးရှိသည်။ ၎င်းတို့မှာ နိတ္တယ(Nitya) (ဂင်္ဂါမြစ်ရေအတွင်း ရေဆင်းချိုးခြင်း..စသည်ဖြင့်)၊ နိုင်မိတ္တက(Naimittika) (မကောင်းဆိုးဝါးများအား နှင်ထုတ်ခြင်းနှင့်စပ်လျဉ်းသည့် အထူးပြုလုပ်သည့်အခမ်းအနားများ) ၊ ကမ်ယ(Kamya) (လိုအင်ဆန္ဒတစ်ခုပြည့်ဝစေမှုအတွက်) နှင့် နိသိဒ္ဓ(Nisiddha) (ဘာသာအယူဝါဒက တားမြစ်ချက်များနှင့် ဥပဒေအရတားမြစ်ချက်များ) ဖြစ်သည်။ သို့သော် ကျင့်သုံးလိုက်နာမှုသည် နိစ်ကာမ(Niskarma) ပါရှိရန်လိုအပ်သည်။ ဤအချက်သည် ကျင့်သုံးလိုက်နာမှုများ၏ အကျိုးရလဒ်များသည် တန်ခိုးတော်ရှင် ထာဝရဘုရားသခင်အားပူဇော်မှု ဖြစ်ကောင်းဖြစ်နိုင်ဖွယ်ရာရှိပါသည်။ ထို့ပြင် ဤအချက်သည် ထာဝရဘုရားသခင်ထံ အကြွင်းမဲ့ဉသုံအလုံးစုံအား အပ်နှံခြင်းမပြုလျှင် ဖြစ်နိုင်ဖွယ်ရာမရှိပါချေ။ ထို့ကြောင့် တန်ခိုးတော်ရှင် ထာဝရဘုရားသခင်အပေါ် လေးစားကြည်ညိုမှုနှင့် သက်ဝင်ယုံကြည်မှုရှိရန် လိုအပ်ပါသည်။

တဖန်ထပ်မံဖော်ပြရန်မှာ ဂုရုကြီးမရှိပဲ ဉာဏမရရှိနိုင်သကဲ့သို့ ထာဝရဘုရားသခင်၏

ဝမ်းသာပီတိဖြစ်မှုမရှိဘဲ ဂုရုကြီးလည်း မဖြစ်ပေါ်နိုင်ပေ။

**ကျင့်ကြံပွားများမှု(Practices)။** ကိစ္စများမြောင် လူတို့ဘောင်၏ ဖွဲ့နှောင်မှုများမှ ရုန်းထွက်လျက် အာရုံကိုပြောင်း စိတ်ကောင်းကိုအရင်းတည် ထာဝရဘုရားသခင်ဘက်ဆီသို့ အသိဉာဏ်ဖြင့်ဦးတည်မှ စစ်မှန်သည့်လမ်းကြောင်းနှင့် လိုက်ဘက်ညီမည်ဖြစ်သည်။

ဆန္ဒျာစ်(Sandhyas)နှင့် ပရတ္တကရိက(Pratahkriya) ကဲ့သို့သော ဆုတောင်းဝတ်ပြုပွဲများ ကျင်းပရေးသည် နေ့စဉ်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်သည်။ သို့သော် သူတစ်ပါးမကြားနိုင်လောက်သည့် မိမိ၏နှုတ်ဖျားမှ တီးတိုးစွာဖြင့် ဂယထရိ(gaytri)*အား ရွတ်ဆိုခြင်းသည် မကောင်းဆိုးဝါးဘေးအန္တရာယ်များ ဖယ်ရှားပပျောက်ရေးနှင့် မိမိလိုအင်ဆန္ဒပြည့်စုံနိုင်ရေးအတွက် အလွန်တရာကြီးမားစွာသော အကျိုးရလဒ်ကိုရရှိနိုင်ရေး အထောက်အကူပြုပေးသည်။**

ဝေဒကျမ်းစာအုပ်များမှ(from the vedas)ထုတ်၍ အသံနေအသံထားမှန်ကန်ဌာန်ကရိုဏ်းကျသည့်အသံထွက်နှင့် ဝေဒသုတ္တများ(the vedic sutras)များ ရွတ်ဆိုခြင်းသည် အလွန်ကောင်းမြတ်သည့် အကျိုးရလဒ်များဖြစ်ပေါ်စေခဲ့သည်။ အသံနေအသံထား မမှန်မကန်ဖြင့် ရွတ်ဆိုခြင်းသည် အလွန်တရာကြောက်မက်ဖွယ်ကောင်းသည့် အတိတ်ဆိုးနိမိတ်ဆိုးဖြစ်စေသည်။ ဤစကားရပ်သည် မိမံစကာစ်(Mimamsakas)အယူဝါဒက အလေးအနက်ပြုစေရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သို့ရာတွင် အမှန်စင်စစ်အားဖြင့် ဂျပ်(japa) ခေါ် စဉ်ဆက်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်သူများအတွက် အတိုချုပ်ကျက်မှတ်နိုင်စေရန် ထုတ်နှုတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဥပါနိရှတ်စ်အဆင့်(at the stage of Upanishads)၌ တာ့ဂျ်လာဏ(Tajjlana) ကဲ့သို့သော အများသူငှာမသိနားမလည်စေရန် အထူးလျှို့ဝှက်ထားသည်ဟု ယူဆနိုင်သည့်မန္တရားများ(mantras) ခေါ်

---

* Gayatri mantra (R.V.III.62-10) is as follow:-

Om, bhur-bhuvah-svah, Tat Savitur-Verenyam bhargo-devasya dhimahi dhiyo yo nah prachodyat(om).

In English - "Let us adore the supramacy of divins sun, the god-head who illuminates all - whom we invoke to fire our understanding right in our progress towards this holy seat."

(Wilson)

or

"We meditate upon the adorable effulgence of the resplendent vivifier, savitar; may he stimulate or intellects". (V.Raghavan)

** ''လေးစားချစ်ခင်အပ်သော ကြည်လင်သန့်ရှင်းထင်ရှားခြင်းရှိတော်မူသော ဆဗ္ဗိတာအား ပျော်ရွှင်သောမြတ်နိုးမှုဖြင့် ကျွန်ုပ်တို့က ဝတ်ပြုကြပါ၏။ ကျွန်ုပ်တို့၏ ကြောင်းကျိုးမြင်စွာအသိဉာဏ်ပညာကို လျင်မြန်စွာ သုခံတားနားလည်နိုင်ပါစေသတည်း။''

"Sve-Sve Karmanyabhiratoch samsmiddhim labhte narah" (Gita XVIII-45)

မြင့်မြတ်သော ဂါထာအတိုချုပ်များရှိသည်။ ၎င်းဂါထာမန္တရားအတိုချုပ်များအား ဂုရုဆရာသမားက တပည့်အား သင်ကြားပြသပေးခဲ့သည်။ အမှန်စင်စစ်အားဖြင့် မန္တရား–ယာန(mantras-yana) ခေါ် ရွတ်ဖတ်သရဇ္ဈာယ်သူအား များစွာသော လိုအင်ဆန္ဒအဝဝတို့ကို မန္တရားလမ်းကြောင်းမှတဆင့် ရရှိပြည့်စုံနိုင်စေခြင်းဖြင့် ဗုဒ္ဓဘာသာဝင်များက ချဲ့ထွင်သတ်မှတ်ပေးခဲ့သည်။

(မိမိတို့ကိုယ်တိုင်အမိဋ္ဌာန်လျက် သတ်မှတ်ပြဋ္ဌာန်းထားရှိသော ကမ္မ(Karma)၊သို့မဟုတ် ဝတ္တရားအား စွဲမြဲစွာလိုက်နာဆောင်ရွက်သူများသည် ၎င်းတို့၏ရည်မှန်းချက်ပန်းတိုင်ကို လှမ်းကိုင်ရရှိကြသည်။) သို့ရာတွင် အတိတ်ကာလ၌သော်လည်းကောင်း၊ ယခုပစ္စုပ္ပန်ကာလ၌ သော်လည်းကောင်း ဤကမ္မအကြောင်းတရားကို ပြုလုပ်ခဲ့ကြပြီးဖြစ်သည်။ လွန်ခဲ့ပြီးသော အတိတ်ကာလတွင် ဒရွန်နာချာရ်ယ(Dronacharya) ကဲ့သို့သောဗြဟ္မဏများ(Brahmins) တို့သည် စစ်ဘုရင်များ(WarLords)ဖြစ်ခဲ့ကြဖူးပြီး ခတ္တိယများ(Kshatriyas)ကဲ့သို့သော ဘိစ်မာပိတမ (Bhisma Pitamah)တို့သည် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဉပဒေသများအား ပြဋ္ဌာန်းခဲ့ကြ ဖူးလေပြီ။ ယနေ့အချိန်ကာလသမယတွင် များသောအားဖြင့် သိသာထင်ရှားသော နိုင်ငံရေး ခေါင်းဆောင်များသည် ဗြဟ္မဏဖြစ်ကြသေည်။ အသက်(၈၀)ကျော်အရွယ် ကမ္မလာပတိတရိပါသိ ကဲ့သို့သော ဗြဟ္မဏသည် နိုင်ငံရေးလောကတွင် ဆက်လက်ရှင်သန်လှုပ်ရှားဆောင်ရွက်နေသည် အထိဖြစ်သည်။ ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားသည့်စနစ် ရှင်သန်နေရခြင်းမှာ အမှန်စင်စစ်အားဖြင့် နိုင်ငံရေးသမားများသည် ရွေးကောက်ပွဲအချိန်ကာလတွင် အရေးကြီးသောမဲဆန္ဒနယ်များတွင် ဆန္ဒမဲအနိုင်ရရှိရေးအတွက် ဆောင်ရွက်ထားခြင်းဖြစ်သည်။ အချို့သော ရှန်ကာရချာယ (Shakaracharyas)များနည်းတူပင်လျှင် ဗာရှရာမဓမ္မများ(Varnashrama dharmas)သည် ၎င်းတို့၏ ဘာသာယုံကြည်ကိုးကွယ်မှု ရည်ရွယ်ချက်ပင် ဆုံးရှုံးပျောက်ကွယ်သွားခဲ့ရလေပြီ။

ဟိန္ဒူဘာသာဝင်တစ်ဦးသည် ဘာသာရေးဆိုင်ရာ အစဉ်အလာများအားလုံးကို ကျင့်သုံး လိုက်နာဆောင်ရွက်ခြင်းအားဖြင့် လူမှုရေး၊ စီးပွားရေးဆိုင်ရာ မည်သည့်အခြားကိစ္စကိုမျှ ဆောင်ရွက်ရန်အချိန်မရနိုင်လောက်အောင် ပူဇော်မှု(Pujas) အရေအတွက်များပြားလှပေသည်။ သို့သော် အချို့သောပူဇော်ဝတ်ပြုသည့် အစဉ်အလာများကို များစွာသောဟိန္ဒူဘာသာဝင်များက ကျင့်သုံးဆောင်ရွက်ကြသည်။ လဆန်းရက်များ(New Mondays) ၊ ပုဏ္ဏမီ(Purnimas) ခေါ်

လပြည့်နေ့(full moon day)များနှင့် ရက်သတ္တပတ်တစ်ပတ်လျှင် အနည်းဆုံး တစ်ရက်ကို အစားမစားသောနေ့အဖြစ် သတ်မှတ်လျက် (injunctions)နှင့် အစားလုံးဝမစားသည့်နေ့ရက် (Fast)အဖြစ် ဟိန္ဒူများကသတ်မှတ်ထားသည်။ ထိုနည်းတူစွာ လကြတ်ခြင်းနှင့် နေကြတ်ခြင်း ဖြစ်သည့်နေ့ရက်များတွင် ရေချိုးခြင်းနှင့် အထူးသဖြင့် မြင့်မြတ်သောမြစ်များတွင် ရေချိုးခြင်းတို့ကို ဟိန္ဒူများပြုလုပ်ကြသည်။ အချို့သော ပွဲလမ်းသဘင်အခမ်းအနားများမှာ အရေးကြီးသည်။ ဥပမာအားဖြင့် နမ္မကာရဏ(namakarana) ခေါ် ကင်ပွန်းတပ်(အမည်ပေးခြင်း)၊ မွန္ဒဏ(mundana) ခေါ် မိခင်ဝမ်းတွင်းပါ မွေးခါစကလေးငယ်၏ဆံပင်ကိုရိတ်ခြင်း၊ ဥပ္ပနယဏ(Upanayana) ခေါ် မြင့်မြတ်သောအခမ်းအနား ကျင်းပခြင်းများဖြစ်ကြပြီး ဇာတ်မြင့်လူတန်းစား(၃)လွှာအတွက် ဝိဝါဟမင်္ဂလာ(vivaha) ခေါ် လက်ထပ်ထိမ်းမြားခြင်းနှင့် သရဒ္ဓ(sraddha) ခေါ် အကျွေးအမွေးဖြင့် ဧည့်ခံမှုပါသော ရျပနကိစ္စဖြစ်သည်။ ပရာယဂနှင့်ဟာဝိဝါး(Prayaya and Hariwar) အချိန်အခါ သမယများတွင် ပြုလုပ်ကျင်းပလေ့ရှိသော ကုမ္ဘမိလ(Kumbha mela)ခေါ် အခမ်းအနားများနှင့် အထူးသဖြင့် ဟိန္ဒူဘာသာဝင်အမြောက်အမြားတက်ရောက်သည့် (၂၅)နှစ်ပြည့်သည့်နေ့တိုင်း ကျင်းပပြုလုပ်သည့်ပွဲတော်များ ဟိန္ဒူဘာသာဝင်တို့၏ ပွဲလမ်းသဘင်များဖြစ်သည်။

ဟိန္ဒူဘာသာရေးပွဲလမ်းသဘင် အမြောက်အမြားရှိသည့်အနက် အနည်းအကျဉ်းမျှသာ ဖော်ပြနိုင်မည်ဖြစ်ရာ အဘယ်ကြောင့်အနည်းငယ်ကိုသာ ဖော်ပြရပါသနည်းဆိုလျှင် အလယ်ခေတ် များမတိုင်မီ(before middleage) ခေတ်ကာလ ခေါ် ရှေးခေတ်ဟောင်းအချိန်က စတင်ခဲ့သော အစဉ်အလာများဖြစ်သည့်အတွက်ဟူလို။ ဟိုလီ(Holi) ခေါ် နပူးတွင် ဆေးရောင်ချယ် လိမ်းကျံ ခြင်း(colour sprinkling)၊ ချတ်ထ်(chhath) ခေါ် မြစ်များကျူးလွန်မှုအတွက် နောင်တရခြင်းကို ထုတ်ဖော်ပြသသောအားဖြင့် ကာယကံမြောက် သူရိယနေမင်းထံတောင်းပန်ခြင်းနှင့် ဖြူစင်သန့်ရှင်း မှုဖြစ်စေခြင်း၊ ဒိပဝါလီပူဇာ(Dipawali-Puja) ခေါ် မီးထွန်းပွဲတော်ကျင်းပခြင်း စသည်တို့ဖြစ်သည်။ ဟိုလီပွဲကို ချိုက်ထရာလ(month of chaitra)၏ ပထမဆုံးနေရက်တွင် ပြုလုပ်သည်။ ပွဲတော် အခမ်းအနားများအား သစ်သားတုံးများကို မီးရှို့ခြင်းဖြင့်စတင်ပြီး အနည်းဆုံးနှစ်ရက်ကျင်းပ ပြုလုပ်ရသည်။ ဤပွဲတော်သည် အမှန်စင်စစ်အားဖြင့် ရေပန်းပွဲဖြစ်၍ မတ်လ-ဧပြီလအတွင်း ကျင်းပလေ့ရှိသည်။

Chaitra (March-April)လ၏ လဆန်းပက္ခ ရက်သတ္တပါတ်(၂)ပတ်ကာလအတွင်း ပါဝင်လျက်(၉)ရက်မြောက်နေ့တွင် ကျရောက်သည့် ရာမနဗာမိ(Ramanavami) ပွဲတော်တစ်ခုဖြစ်သည်။

ရက်ကျာဘန်ဒ်နာ(Raksha bandhana) ခေါ် အစ်မနှင့်ညီမများက ၎င်းတို့၏အစ်ကိုနှင့် မောင်များ၏လက်ကောက်ဝတ် ထိခိုက်ဒဏ်ရာမရနိုင်စေရန်ကာကွယ်ပေးသည့် လက်ဝတ်ရတနာ ဝတ်ဆင်ပေးသည့်ပွဲတော်ဖြစ်သည်။ ဤပွဲတော်အား ရှေးအစဉ်အဆက် လက်ဆင့်ကမ်းသယ် ဆောင်လာသည့် ယုံကြည်ရန်သံသယဖြစ်ဖွယ်ရှိသော ဗိဿနိုးနတ်(Visnu)၏ပုံဝတ္ထုကို အခြေခံ ပြုလျက် လူပုကလေးက လူဝင်စားဖြစ်လာသည့်ပုံစံဖြင့် ၎င်းသည် နတ်များ၏အကြီးဆုံး ရန်သူဖြစ်သည့် ဘာလိ(Bali)အပေါ် လုံးဝဥဿုံ အောင်ပွဲခံအနိုင်ရရှိပုံကို ရည်မှန်းပြုလုပ်သည့် ပွဲဖြစ်သည်။ ရှရာဗန္န(Shravana) လပြည့်နေ့ (ဇူလိုင်-ဩဂုတ်)တွင် ပွဲတော်ကျင်းပသည့်နေ့ရက် ကျရောက်သည်။

တန်ခိုးတော်အရှင် ရာမခရစ်ရှ်နားသခင်(Lord Khrishna)၏ မွေးနေ့အထိမ်းအမှတ်ပြု၍ ကျင်းပသည့်ပွဲတော်မှာ ခရစ်ရှ်သန္တာမိ(Krishnasthami)ဖြစ်သည်။ ဤပွဲတော်သည် ဘရာဒ်လ (the month of bhadra) (ဩဂုတ်-စက်တင်ဘာ)၏ လဆုတ်(၈)ရက်နေ့တွင် ကျရောက်သည်။ အဆိုပါပွဲတော်ရက် အထူးသဖြင့် ဘရိန်ဒါဗာဏာမြို့ရှိ ရာမခရစ်ရှ်နားဘုရားကျောင်းများ၌ ဆီမီးအလင်းရောင်များထွန်းညှိလျက် ပူဇော်ကြသည်။

ဝိဇယဒတ်ဆာမိ(Vijaya Dasami)ပွဲတော်သည် အက်စ်ဗိနာ(Asvina)လ (စက်တင် ဘာ-အောက်တိုဘာ)၁၀ရက်နေ့ လသာသာအချိန်တွင်ကျင်းပသည်။ ပွဲတော်ကို ၁၀ ရက် တိတိကျင်းပပြီး ပွဲတော်၏အမည်မှာ ဒတ်စ်ဆာဟာရ(Dasahara)ဟုခေါ်သည်။ ပွဲတော်ရက်များ အတွင်း ဘင်္ဂလားနယ်၊ ဘီဟာနယ်၊ ဗာရာဏာသီနှင့်အခြားနေရာများစွာတို့တွင် ရာမသီတာ(Rama Lila)ဇာတ်တော်ကြီး စင်တင်ကပြဖျော်ဖြေကြသည်။ ဤပွဲတော်အား ရာမမင်းသား(Rama)က ရာဗန္န(Ravana)အပေါ် အောင်မြင်သည့်အထိမ်းအမှတ်အဖြစ်ပါ ကျင်းပခြင်းဖြစ်သည်။

ဘီဟာပြည်နယ်နှင့် ဥတရာပရာဒေးရှ်ပြည်နယ် အရှေ့ပိုင်းဒေသများတွင် ချသာ (Chhatha) ခေါ် သူရိယနေမင်းအား ပူဇော်သည့်ပွဲတော်(Sun-worship)ဖြစ်၍ ကောင်းသော

ရည်ရွယ်ချက်အစစ်အမှန်ဖြင့် အဆင့်အတန်းရှိသော ပွဲတော်များဖြစ်ကြသည်။ ဤပွဲတော်အား ကာတိကာလ(Kartika) (အောက်တိုဘာ-နိုဝင်ဘာ)လပြည့်ကျော်(၆)ရက်နေ့တွင် ကျင်းပသည်။

သူရဿတီမယ်တော်(Saraswati)၊ ကာလီမယ်တော်(Kali) အခြားသောနတ်များနှင့် နတ်သမီးများ အမှန်တကယ်ရှိသည်ဆိုခြင်းအား လူသူအများတို့က ယုံကြည်ကြပါရဲ့လား?။ ယနေ့အချိန်အခါကာလတွင် ဟိန္ဒူဘာသာဝင်အများစုတို့မှာ ၎င်းနတ်သမီးများအား ထာဝရဘုရားသခင်(God)၏ ကိုယ်ပွားတော်များဟူ၍ အသိအမှတ်ပြုထားကြသည်။ ၎င်းတို့က RV.I.164-46 အား ကိုးကားပြောဆိုကြပေလိမ့်မည်။

"၎င်းတို့က သူ့ကို(ထာဝရဘုရားတစ်ပါး-one God) ဟုခေါ်ကြသည်။ အိန္ဒရာ(Indra)၊ မိထရာ(Mitra)၊ အဂ္ဂိ(Agni) ဟူ၍ဖြစ်စေ သူသည် ဂုရုတ်မန်(Garuman)အား ထက်ကောင်းကင်ရွှေဘုံနန်းသို့ ပျံသန်းရန် တောင်ပံတပ်ပေးနိုင်သူဖြစ်သည်ဟူ၍လည်းကောင်း ခေါ်သည်။ ရာမ၊ ခရစ်ရှနား၊ သျှိဝနှင့် ဗိဿနိုး (၄)မျိုးသောအမည်နာမများသည် ဘုရားသခင်တစ်ပါးတည်းအား ခေါ်ဆိုခြင်းလား?။ ထိုသို့ အမည်နာမအမျိုးမျိုး ခေါ်ဆိုခြင်းမှာ အဝိဇ္ဇာဝါဒီများ(advaitins)အတွက် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။"

အဝိဇ္ဇာဝါဒီများအတွက်မှာမူကား ဗြဟ္မာ(Brahman)သည် အမည်နာမသော်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ ကွဲပြားခြားနားမှု အလျဉ်းမရှိသော သစ္စာတရား(the ultimate reality)ဖြစ်သည်။ ထိုအရာသည် ပုဂ္ဂိုလ်သတ္တဝါဆိုင်ရာမဟုတ်မူ၍ နိဂုဏ(nirguna) ဟူ၍အမြဲတစေခေါ်ဆိုသောအချက်ဖြစ်သည်။ မည်သို့ဆိုစေကာမူ ရာမခရစ်ရှနာ ခေတ်ကာလ၌ များစွာသောသူတော်စင်များ(many Saints)၊ အချို့သော ကဘီးရ်ပန်သိစ်(Some KabirPanthis)တို့က နိဂုဏကို ဆဂုဏ(Saguna) မှတဆင့်အားဖြင့်သာလျှင် ရရှိနိုင်ကြောင်း၊ (ဆဂုဏဗြဟ္မာဆိုသည်မှာ အသွင်သဏ္ဌာန်ဖြင့်ဖြစ်စေ၊ သို့မဟုတ် ဂုဏ်အင်္ဂါအရည်အသွေးဖြင့်ဖြစ်စေ) မှတ်ယူထားကြသည်။ ထို့ကြောင့် ဗြဟ္မာ၊ ဗိဿနိုးနှင့် မဟာဗိန္ဓဲ(Mahesha)ပင်ဖြစ်စေကာမူ ဗြဟ္မာအသွင်(forms Brahman)သည် ဆဂုဏ အစစ်အမှန်ဖြစ်သည်။ ဆဂုဏအား ပူဇော်ဝတ်ပြုခြင်းမှာ နိဂုဏဗြဟ္မာဟုခေါ်သည့် အဆင့်အမြင့်ဆုံးသော အမှန်တရားသို့ရောက်ရှိသည်ဟူသော အဓိပ္ပါယ်ဖြစ်သည်။ ရာမနှင့် ကရစ်ရှနားတို့၏ ဝတ်ပြုပူဇော်ခြင်းမှာ ဗြဟ္မာအသိဉာဏ်(Brahma

realization)လမ်းဆီသို့ ဦးတည်လျက် ဆဂုဏဗြဟ္မ(Saguna Brahman)အား အထက်မြက်ဆုံးသောနည်းလမ်းဖြင့် ပူဇော်ခြင်းဖြစ်သည်။

ရာမ(Rama) နှင့် ခရစ်ရှနား(Krishna)တို့ အမည်နာမများသည် ဟိန္ဒူဘာသာဝင်တို့၏ အရေးပါအရာရောက်ဆုံးနှင့် ဂုဏ်သတင်းကျော်ကြားမှုအရှိဆုံးသော ယုံကြည်ကိုးကွယ်ရာများဖြစ်သည်။ ၎င်းတို့မှာ ဆယ်ပါးသောဗြဟ္မာကြီးများအနက်မှ ဗိဿနိုးဗြဟ္မာမှ အရေးကြီးသည့် ပြန်လည်မွေးဖွားလာသူနှစ်ဦးဖြစ်သည်ဟူ၍ ယုံကြည်ခြင်းခံရသူများဖြစ်သည်။ အရှင်သခင် ခရစ်ရှနား(lord Krishna)သည် အယ်လ်ဗားရားစ်(Alvaras) နှင့် ဂီတ(Gita)ကျမ်းတို့၌ အထူးကြည်ညိုလေးစားစွာ ထုတ်ဖော်ရေးသားခြင်းခံရသူဖြစ်သည်။ ထိုနည်းတူစွာ ရာမ(Rama)သည် အချို့သောသူတော်စင်ကြီးများက အထင်ရှားဆုံးသောပုဂ္ဂိုလ်အဖြစ် လေးစားကြည်ညိုမှုခံယူရသူဖြစ်သည်။ ထို့ပြင် ရာမယဏ(Ramayana)ဇာတ်တော်၏ ဇာတ်ကွက်အများအပြား၌ ချစ်ခင်နှစ်သက်ဖွယ်အကောင်းဆုံး ဇာတ်ကောင်အဖြစ်တွေ့မြင်ရသည်။

## ကိုယ်ကျင့်တရားထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာဝတ္တရားများ Ethics

သံသရာဝဋ် ကျော့ကွင်းညွှတ်မှလွတ်မြောက်ရေးနှင့် စပ်လျဉ်းသည့် မည်သည့်ကျင့်စဉ်၌မဆို ခက်ခဲပင်ပန်းစွာ လိုက်နာရမည့်အချက်ဟူ၍ သတ်မှတ်ထားခြင်းမရှိပေ။ သို့ရာတွင် ဟိန္ဒူဘာသာဝင်တို့၏ ကျင့်ဝတ်သိက္ခာ ကိုယ်ကျင့်တရားဆိုင်ရာ ယဉ်ကျေးမှုအစဉ်အလာသည် အနောက်တိုင်းနိုင်ငံများ၏ ကိုယ်ကျင့်သိက္ခာဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့် သိသိသာသာ ကွဲပြားမှုရှိသည်ကို တွေ့ရသည်။ ဤအချက်ကို ကိုယ်ကျင့်သိက္ခာနိမ့်ကျသည်ဟူ၍ ဆိုနိုင်သည်။ လောကီသိုက်မြုံလူတို့ဘုံ၌ တွေကြုံခံစား ဒုက္ခသစ္စာဟူသော စစ်မှန်သည့်အကြောင်းတရားမှာ အဝိဇ္ဇာ(avidya)ခေါ် အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြား နားလည်မှုမရှိအောင် ကိလေသာ အမှောင်ထု၏ ရစ်ပတ်ဖွဲ့နှောင်မှုကြောင့် အသိဉာဏ်အလင်း ကင်းမဲ့ခြင်းဖြစ်သည်။ ထိုထိုများစွာ အကြောင်းခြင်းရာတို့ကို ယနေ့ခေတ်ကာလ စိတ်ပညာသဘောအရတင်ပြရလျှင် "မောင်းနှင်ခြင်း" (drive) သို့မဟုတ် "တောင်းဆိုခြင်း"(urge)ဟူသော စကားလုံးဖြင့် သုံးနှုန်းပြောဆိုရမည်ဖြစ်သည်။ ယောဂကျင့်စဉ်မှာ ပြင်ပလောကရှိ အရာဝတ္ထုမျိုးစုံ အမြင်အာရုံများသည် အတိုက်ဓါတ်

အပြစ်သို့ပြောင်းလျက် ကိုယ်ခန္ဓာ၏အတွင်းဓါတ်အခံနှင့် ထိခိုက်မိသောအခါ လိုက်လျောညီထွေ ဖြစ်စေသည်။ ဤအချက်သည် ဟတ္တယောဂ(Hatayoga) သို့မဟုတ် ကုန္ဒလိနီဂျတ်ဂရာန (Kundalini jagrana) ခေါ် နတ်သုဒ္ဓိ သုံးဆောင်ခံစားရရှိရန်အတွက် ဗြဟ္မာ့လောက(Brahman-loka)သို့ ဆိုက်ရောက်နိုင်ရေး မလှုပ်မယှက် ငြိမ်သက်လျက်ရှိသော်လည်း စိတ်တန်ခိုးများ တိုးပွားသည့်အဆင့်သို့ ဆိုက်ရောက်စေနိုင်သည့် ဦးနှောက်နှင့်အာရုံကြောများ၏ အရေးအကြီး ဆုံးသောထူးခြားချက်ဖြစ်သည်။ လူ့ခန္ဓာအတွင်း၌ စကြဝဠာကမ္ဘာ လောကဓါတ်တစ်ခုလုံး ပါဝင်တည်ရှိနေခြင်းမှာ လူတစ်ဦးချင်းစီ၏ အသက်ဝိညာဉ်တွင် ဗြဟ္မာကိန်းအောင်းလျက် ရှိနေခြင်းကြောင့်ဖြစ်သည်ဟူသော ရှေးလူကြီးသူမတို့၏ ဆိုရိုးစကားအပေါ် အခြေခံလျက်ရေးသား ထားခြင်းဖြစ်သည်။ ထို့ကြောင့် ဟိန္ဒူဘာသာဝင်တို့၏ ကိုယ်ကျင့်သိက္ခာစောင့်စည်းရေးဆိုင်ရာ နည်းစနစ်သည် ကိုယ်တိုင်ကိုယ်ကျ ကျင့်သုံးရသော ယဉ်ကျေးမှုအစဉ်အလာဖြစ်သည်။ အမြင့်ဆုံး သောသစ္စာတရား(the highest reality)သည် ပြင်ပလောကတွင်မရှိမူ၍ ခန္ဓာကိုယ် အတွင်း၌ သာလျှင်ရှိသည်။ သို့ဖြစ်သောကြောင့် မနောကံနှင့် ကာယကံမြောက်ကျူးလွန်မှု (Sublimation of all the urges)သည် လူ့ကိုယ်ခန္ဓာအတွင်းမှ ကိလေသာတဏှာ၏ လှုံ့ဆော်မှု ကြောင့်ဖြစ်သည်ဆိုသော တစ်ဘက်သတ်တစ်ယူသန်အစွဲ ပြင်းထန်သည့်ယုံကြည်ချက်သည် အိန္ဒိယလူမျိုးတို့၏ ကျင့်ဝတ်သိက္ခာ စောင့်စည်းရေးဆိုင်ရာ ယဉ်ကျေးမှုအစဉ်အလာသစ္စာတရား၏ အသက်သွေးကြောဖြစ်သည်။ ဟိန္ဒူတစ်ယောက်အနေဖြင့် ဉာဏမဂ္ဂ(jnana-marga)မှတဆင့် ဗြဟ္မာ့ဉာဏ(Brahma-realization)ရရှိရန်အလို့ငှာ ကျင့်စဉ်အတိုင်းလိုက်နာခြင်းသည် အသင့်တော်ဆုံးဖြစ်သည်ကို အလွယ်တကူမှတ်ယူထားနိုင်သည်။

ဘာခ်တီယောဂကျင့်စဉ်(Bahktiyoga)၌ပင်လျှင် အလိုဆန္ဒ၊ အမုန်းတရား၊ ဒေါသ စသည်များအား ထိန်းချုပ်ထားခြင်းဖြင့် ဖြည်းဖြည်းနှင့်မှန်မှန် ဆည်းကပ်ကြည်ညိုကြစေရန် လိုအပ်သည်။ သို့ရာတွင် ကာမယောဂ(Karmayoga)ကျင့်စဉ်မှာ ယေဘုယျအားဖြင့် လူ့ဘောင် လောကအသိုင်းအဝန်းအတွင်း၌ ကာယကံမြောက် ပါဝင်လုပ်ရှားဆောင်ရွက်ရန်ဖြစ်သည်။ ဤကာမယောဂကျင့်စဉ်သည် ဝေဒအယူအဆဆန်လွန်းသည်။ ဤနေရာတွင် မနု(Manu) ကျမ်းက အောက်ပါသုစရိုက်တရား(၁၀)ပါးကို ထောက်ခံညွှန်ပြထားသည်-

| | | |
|---|---|---|
| (၁) ဒိဋ္ဌိ | - Dhrti | (steadfastness) |
| (၂) ကပ်စ်မ | - Ksama | (forgiveness) |
| (၃) ဓမ | - Dama | (application) |
| (၄) အက်စ်တိယ | - Asteya | (non-stealing) |
| (၅) ရှောက်စ | - Shauca | (purity) |
| (၆) အိန္ဒြိယ-နိဂရာဟ | - Indriya-nigraha | (sense-control) |
| (၇) ဒိ | - Dhi | (wisdom) |
| (၈) ဗိဒ္ဒယ | - Vidya | (learning) |
| (၉) ဆတ္တယ | - Satya | (truth) |
| (၁၀) အကြောဓ | - Akrodha | (absence of anger) |

ယေဘုယျအားဖြင့် ဂိုန်းလူမျိုးတို့၏ ပဉ္စမဟာဘာရတ(Pancamahavrata)က လူမှုရေး ကျင့်ဝတ်သိက္ခာ စောင့်စည်းမှုတရားဒေသနာတွင် ထည့်သွင်းဖော်ပြထားသည်။ ၎င်းတို့မှာ အဟိံသ (ahimsa) or (non-violence) ၊ ဆတ္တယ(satya) or (truth) ၊ အတ်စ်တေယ(asteya) or (non-stealing)၊ ဗြဟ္မာစရိယ(brahmacarya) or (celibacy) နှင့် အပရိဂရာဟ(aparigraha) or (non-greed) တို့ဖြစ်သည်။

ဗာနရှရမ္မ ဓမ္မ(Barnashrama Dharmas)သည် အစစ်အမှန်ရည်ရွယ်သည်မှာ လောကဆံဂရာဟ(Lokasamgraha)ဟု လူအများတို့ သိရှိထားကြသော လူမှုရေးတည်ငြိမ်မှု ဖြစ်သည်။ ထို့ကြောင့် ဟိန္ဒူကိုယ်ကျင့်တရားအား လူ့ဘဝနှင့် ကမ္ဘာလောကကို ငြင်းပယ်သည့် တရားဟူ၍ မခေါ်နိုင်ပေ။ သို့သော် ယနေ့ကာလဟိန္ဒူလူမျိုးတို့၏ ကျင့်ဝတ်သိက္ခာဆိုင်ရာ စည်းမျဉ်းများသည် တိုးတက်မှုထက် ထိန်းသိမ်းစောင့်ရှောက်ခြင်းက ပိုမိုသည်။

## ဟိန္ဒူဘာသာယုံကြည်ကိုးကွယ်မှု ဂိုဏ်းဂဏများ

## (Branches of Hinduism)

ဟိန္ဒူဘာသာသည် ဝေဒဆိုင်ရာ(Vedic) သို့မဟုတ် ဝေဒဆိုင်ရာမဟုတ်သော(non-vedic) ဘာသာယုံကြည်ကိုးကွယ်မှု တစ်ခုခု၏ အမည်နာမဟုတ်ပေ။ ယနေ့ခေတ်အချိန်ကာလ၌ ယုံကြည်မှု တစ်စုံတစ်ရာမပါသည့် ဘဝနေနည်းတစ်ခုအဖြစ် ခေါ်ဆိုကြသည်။ မည်သို့ပင်ဖြစ်စေကာမူ တကယ့်စစ်မှန်သောအဓိပ္ပါယ်မှာ ဟိန္ဒူဘာသာတွင် ဆန္ဒတန္ဒဟိန္ဒူဘာသာ(SanaTana Hinduism)ဟူ၍ဆိုသည့် ဝေဒဆိုင်ရာနှင့် ဝေဒဆိုင်ရာမဟုတ်သော အယူအဆနှစ်ခု ရောယှက်ပါဝင်လျက် နှစ်ထောင်ပေါင်းများစွာ ကြာမြင့်လာသည်ထိ ယှဉ်တွဲတည်ရှိလခဲ့ပေ၏။ အဆိုပါ ဆန္ဒတန္ဒဟိန္ဒူဘာသာက ဝေဒဘာသာစာပေ(vedas)အား ၎င်း၏ ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ စာပေအဖြစ်လည်းကောင်း၊ ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားသည့်စနစ်အားလည်းကောင်း၊ ကာမ၊ သံသရာ၊ ဉာဏ၊ မုတ္တိ (kama, samsara, jnana, mukti)အား ယုံကြည်မှုဆိုင်ရာ မဏ္ဍိုင်လေးရပ်အဖြစ်လည်းကောင်း လက်ခံသည်။ ဆန္ဒတန္ဒဟိန္ဒူဘာသာတွင် အယူအဆကွဲပြားသော ဂိုဏ်းဂဏများရှိသည်ဟူ၍ ပြောနိုင်သည်။ ဟိန္ဒူဘာသာ၏ ဂိုဏ်းခွဲများစွာတို့က ဝေဒဘာသာစာပေအား ၎င်းတို့၏ဘာသာရေးဆိုင်ရာစာပေအဖြစ် အသုံးပြုရန်ငြင်းပယ်သည့်အပြင် ဇာတ်ခွဲခြားမှုစနစ်ကိုလည်း လက်မခံပေ။ ဗိုင်နာဗီဇီယင် (Bainavism) နှင့် ရှိုင်ဗီဇီယင်(Shaivism)တို့သည် ဟိန္ဒူဘာသာ၏ အရေးပါအရာရောက်သည့် ဂိုဏ်းခွဲများဖြစ်ကြပြီး ၎င်းတို့က ဇာတ်ခွဲခြားမှုစနစ်ကို ဆန့်ကျင်ကြသည်။ အဆိုပါ ဟိန္ဒူဘာသာ ဂိုဏ်းခွဲနှစ်ခုတို့သည် ယနေ့တိုင် ဆန္ဒတန္ဒဟိန္ဒူဂိုဏ်း၏ အောက်တွင် တည်ရှိနေကြသည်။ အဘယ်ကြောင့်ဆိုသော် ဇာတ်ခွဲခြားခြင်းခံရသူ ဟိန္ဒူများစွာတို့သည် ဗိုင်နာဗီဇီယင်(Vainavism)နှင့် ရှိုင်ဗီဇီယင်(Shaivism)တို့အပေါ် ကြည်ညိုလေးစားကြခြင်းကြောင့်ဖြစ်သည်။ ရာမနှင့်ခရစ်ရှနား တို့သည် ဗိဿနိုးပြန်လည်ဝင်စားသည့်ပုဂ္ဂိုလ်များ (avataras)ဆိုခြင်းမှာ တကယ့်အစစ်အမှန် ဖြစ်ကြောင်း ယုံကြည်စွဲလန်းနေကြသည်။

ဤနေရာတွင် ဖော်ပြရန်အချက်မှာ ဆန္ဒတန္ဒဟိန္ဒူဘာသာဂိုဏ်းသည် အခြားဂိုဏ်းတစ်ခု၏ဝတ်ပြုပုံကို လိုက်ပါကျင့်သုံးနေခြင်းနှင့် အထူးသဖြင့် ရာမနှင့်ခရစ်ရှနားတို့အား ပုဂ္ဂိုလ်ရေးဆည်းကပ်မှုရှိသည့်အပြင် အတိအကျတင်ပြရသော် အတိတ်ကာလ၌ ကာမ၊ သံသရာ၊ ဉာဏ၊

မုတ္တိဟူသော မဏ္ဍိုင်(၄)ရပ်ကို ဝတ်ပြုခဲ့ကြသည်ဆိုခြင်းဖြစ်သည်။ သို့သော် ဤအချက်မှာ အခြားသော ဟိန္ဒူဘာသာယုံကြည်ကိုးကွယ်မှုဂိုဏ်းခွဲများနှင့် မသက်ဆိုင်ပေ။

ဂျိန်းဘာသာ(Jainism)နှင့် ဗုဒ္ဓဘာသာ(Buddhism)တို့သည် ဆနာတနဟိန္ဒူဘာသာ၏ ဂိုဏ်းခွဲများ မဟုတ်ကြပေ။ ၎င်းတို့သည် ဝေဒဆိုင်ရာယုံကြည်မှုမဟုတ်သော ဘာသာအယူဝါဒ များဖြစ်၍(non-vedic) အာရိယန်ဆိုင်ရာယုံကြည်မှု(non-Aryan)လည်းမဟုတ်ကြပေ။ အဆိုပါ ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့သည် မည်သည့်အချိန်ကမှ ဇာတ်ခွဲခြားမှုစနစ်ကို လက်မခံခဲ့ကြ သကဲ့သို့ ဝေဒဘာသာယုံကြည်မှု(Vedism)နှင့်လည်း မည်သည့်အခါမျှ မဟာမိတ်မပြုခဲ့ကြပေ။ မည်သည့်ရှုဒေါင့်မှကြည့်သည်ဖြစ်စေ ၎င်းဘာသာများအား ဟိန္ဒူဘာသာခွဲ(sect of Hinduism) အဖြစ် မခေါ်ဆိုနိုင်သည့်အကြောင်းမှာ ၎င်းတို့သည် ဝေဒဘာသာယုံကြည်မှု(Vedism)၏ တိရစ္ဆာန်အား ယဇ်ပူဇော်ရန်သတ်ဖြတ်ခြင်းကို ကန့်ကွက်မှုဖြစ်သည်။ ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာ နှစ်ခုတို့သည် ဟိန္ဒူဘာသာယုံကြည်မှုအား ဆန့်ကျင်ကန့်ကွက်မှုမရှိသော်လည်း သီးခြား လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုပြုကြသော ဘာသာများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်အယူဝါဒ များဖြင့် ယှဉ်ပြိုင်တိုးတက်လာခဲ့ကြသည်။ ထူးထူးခြားခြားဖြစ်ပွားလာသည့် အချက်တစ်ခုမှာ ဝေဒဘာသာယုံကြည်ကိုးကွယ်မှုသည် ဗုဒ္ဓဘာသာနှင့်ဂျိန်းဘာသာတို့ဖြင့် မသင့်မမြတ်ဖြစ်ခဲ့ သည်မှာ မှန်ကန်ပြီး နှစ်ပေါင်းများစွာ ရှည်ကြာလာသည့်အခါ၌ ၎င်းတို့၏အရေးကြီးသော အခြေခံအဖွဲ့အစည်းများသည် သူတို့၏အခြေခံအဖွဲ့များနှင့် အပြန်အလှန်ပေါင်းစပ်သွားခဲ့ပြီး ၎င်းတို့ထံတွင် ဗလာနတ္ထိ ဘာတစ်ခုမျှမကျန်တော့ပေ။ ကာမ၊ သံသရာ၊ ဉာဏ၊ မုတ္တိဟူသော ယုံကြည်ချက်ဆိုင်ရာ မဏ္ဍိုင်လေးရပ်နှင့် ယောဂကျင့်စဉ်တို့မှာ ဝေဒဆိုင်ရာကျင့်စဉ်မဟုတ်(non-vedic)ကြောင်းနှင့် ဗုဒ္ဓဘာသာနှင့်ဂျိန်းဘာသာသည် ဖော်ပြပါမဏ္ဍိုင်လေးရပ်ကို သိသိသာသာ ကျင့်သုံးလိုက်နာလျက်ရှိကြသည်။ သို့သော် နှစ်ပေါင်းများစွာ အချိန်ကြာညောင်းသည့်အခါတွင် ၎င်းဘာသာယုံကြည်မှုနှစ်ခုလုံးသည် ဆနာတနဟိန္ဒူဘာသာနှင့် ဝတ်ပြုပုံခြင်း အပြည့်အဝတူညီ လာကြသည်။ ထူးခြားဖြစ်စဉ်တစ်ခုအနေဖြင့်တင်ပြရလျှင် ဂျိန်းဘာသာသည် ဗုဒ္ဓဘာသာထက်ပို၍ ဆနာတနဟိန္ဒူဘာသာအား ဆက်ဆံမှုရှိခဲ့သည်။ ဂျိန်းဘာသာ၏ပဉ္စမဟာဘာရတကျမ်း(Panca-Mahavarata)၌ အဟိံသ၊ အတ်စ်တေယ၊ ဗြဟ္မစရနှင့် အပ္ပရိဂရာဟ တရားတို့ကို ဆနာတနဟိန္ဒူ

ဘာသာအတွင်းမွေးစားပြီး မဟာတ္တမဂန္ဒီ(Mahatama Gandi)က အပြည့်အဝ အသုံးတည့်အောင် စဉ်းစားပြုပြင်ပေးခဲ့သည်။ ဟိန္ဒူလူမျိုးများနှင့် ဂျိန်းလူမျိုးများအကြား ထိမ်းမြားလက်ထပ်မှုများ ရှိလာခဲ့သည်။

အိန္ဒိယလူမျိုး ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှု၏ ဇာတ်ခွဲခြားသည့်စနစ် ထွန်းကားလာသည့်အချိန်အတွင်းက ဝေဒနှင့်ထာဝရဘုရားသခင်တစ်ပါးသာလျှင်ရှိသည်ဟူသော အယူဝါဒဆိုင်ရာ ဆုတောင်းဝတ်ပြုပွဲများမှာ ငြင်းပယ်ခြင်းခံခဲ့ရသည်။ ထို့ပြင် ရှင်တော်မြတ်ဗုဒ္ဓအား ဗိဿနိုးနတ်မင်းကြီး ပြန်လည်ဝင်စားသူဖြစ်သည်ဟု အသိမှတ်ပြုခြင်းများရှိသည့်တိုင်အောင် ဗုဒ္ဓဘာသာအား ဆန္တတန္တဟိန္ဒူဘာသာ၏ ဝတ်ပြုကိုးကွယ်မှုသို့ ပြောင်းလဲဝင်ရောက်သည်အထိ အပြည့်အဝဆွဲဆောင်သိမ်းသွင်းမှု မပြုနိုင်ခဲ့ပါချေ။ ယနေ့ပစ္စုပ္ပါန် မျက်မှောက်ကာလတွင် အနည်းဆုံးအားဖြင့် အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၂၅ တွင် ပြဌာန်းချက်ပါအရ ကဘီးရ်ပန္ထ်အယူဝါဒ(Kabir-Panth)နှင့် ဆစ်ခ်အယူဝါဒ(Sikhism)တို့သည် ဆန္တတန္တဟိန္ဒူဘာသာသို့ ဆွဲဆောင်သိမ်းသွင်းရန် ဝတ်ပြုမှုနည်းကောင်း ရှာကြံအားထုတ်နေကြသည်။ သို့သော် အဆိုပါဘာသာယုံကြည်ကိုးကွယ်မှုနှစ်ခုတို့သည် ၎င်းတို့၏နောက်ပါသာဝကများက ဟိန္ဒူအမည်မခံလိုမှုနှင့် ကိုယ်ပိုင်ဘာသာရေးလက္ခဏာကို ထိန်းသိမ်းကာကွယ်ရန် နည်းလမ်းရှာကြံနေကြသည်။

## ဟိန္ဒူဘာသာရေး ခေါင်းဆောင်များ

**(Leaders of Hinduism)**

ဟိန္ဒူဘာသာယုံကြည်ကိုးကွယ်မှုကို စတင်တည်ထောင်ခဲ့သူဟူ၍ တိကျစွာဖော်ပြရန် မရှိပါဆိုသောစကားမှာ သိပ်ကိုမှန်ကန်ပါသည်။ ဤဘာသာအယူဝါဒသည် ၎င်းကို ကြည့်ရှုစောင့်ရှောက်သူများနှင့် ရသေ့သူတော်စင်ကြီးများက တိုးတက်ကြီးပွားလာစေရန် နှစ်ပေါင်းများစွာ ပြုစုပျိုးထောင်ခဲ့ကြသဖြင့် တိုးတက်ကြီးပွားလာခဲ့သည်။ သို့သော်ဤသို့ဆိုခြင်းကြောင့် အမြဲတစေ အစဉ်တစိုက်ဂရုစိုက်၍ ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းခဲ့သည်ဟူ၍တော့ အဓိပ္ပါယ်မဆောင်ပေ။ ဘာသာရေးခေါင်းဆောင်များက အများပြည်သူယုံကြည်သူများအား သင်ကြားပြသမှုနှင့်

မြေတောင်မြှောက်ပေးမှုမရှိသည့် အချိန်ကာလတစ်ခုကို ခက်ခဲစွာဖြတ်သန်းခဲ့ရဖူးသည်။

ဝေဒအယူဝါဒကိုးကွယ်ခဲ့ကြသော အချိန်ကာလတွင် မနူ(Manu)၊ ဗေဝဿဝတ (Vaivasvata)၊ ဘရိဂူး(Bhrgu)၊ အက်ထရိ(Atri)၊ ကတ်စ်ယပ္ပ(Kasyapa)၊ ဗားဆစ်ဆ်သ (Vasistha)နှင့် ၎င်းတို့မှ ဆင်းသက်မွေးဖွားခဲ့ကြသူများသည် ဤဘာသာ၏ မဟာခေါင်းဆောင်ကြီးများဖြစ်ကြသည်။ ထိုနည်းတူစွာ ဥပါနိရှတ်စ်ခေတ်ကာလ(in the age of upanishads) အချိန်ကာလ၌ အဂျတရှတ်ထရု(Ajatashatru)၊ ပရာဗဟာနဂျိုင်ဗာလိ(Pravahana Jaivali)၊ ဆနတ်ကုမာရ(Sanat Kumara)နှင့် ကြီးကျယ်ခမ်းနားထင်ရှားသူ ယတ်ဂျနာဗာလ်ကျ (Yajnavalkya)ကဲ့သို့သော မဟာခေါင်းဆောင်ကြီးများရှိခဲ့ကြသည်။ အလယ်ခေတ်ကာလ အတွင်း၌ ထူးချွန်သောခေါင်းဆောင်များသည် ၎င်းတို့၏ရေးသားတင်ပြသည့်စာပေများမှာ အလွန်အမင်း အဆင့်အတန်းမြင့်သောအရေးသားဖြစ်ပြီး ယနေ့ခေတ်ကာလအထိ ရည်ညွှန်းရသည် အထိဖြစ်သည်။ ရှန်ကာရ (Shankara 788-820)၊ ရာမနူဂျာ(Ramanuja 1017-1137)၊ မဒ်ဟ်ဗာ (Madhva or Anandatirtha-1198-1270)၊ ဆာယန(Sayana-1315-1387)တို့သည် ယှဉ်ပြိုင် ရင်ဘောင်တန်းမည့်သူမရှိသည့် ဉာဏ်ပညာအရာ၌ အတုမရှိသော ဟိန္ဒူအတွေးအခေါ် ပညာရှင်များဖြစ်ကြသည်။ ၎င်းတို့အထဲမှ (၁၄ - ၁၅ ရာစုအတွင်း) အတွေးအခေါ်ပညာရှင်ကြီးများ၊ မဟာခေါင်းဆောင်ကြီးများနှင့် ပြန်လည်ပြင်ဆင်ရေးသမားများမှာ ရာမာနန္ဒ(Ramananda) ဖြစ်၍ ၎င်းနှင့်အတူ ဆီနာ(ဆံပင်ရိတ်သမား) (Sena) ကဲ့သို့သော ဆန်တာကဗျာဆရာများ(Santa Poets)တို့သည် သူ၏နောက်ပါသာဝကများဖြစ်ကြသည်။ ရာဗီဒတ်စ်(Ravidas)က ကဘီးရ် (Kabir, a muslim waver, about 1398-1495)နှင့် ဂုရုနာနတ်ခ်(Guru Nanak 1469-1538) တို့အား ချီးကျူးဂုဏ်ပြုခဲ့လေသည်။ အထက်ဖော်ပြပါပုဂ္ဂိုလ်ကြီးများအနက် အချို့သော ခေါင်းဆောင်ကြီး များသည် မိမိတို့အား ဟိန္ဒူဟူသောအသုံးအနှုန်းဖြင့်ခေါ်ဆိုခြင်းကို မနှစ်သက် မလိုလားကြပေ။ သို့သော် ၎င်းတို့သည် ဟိန္ဒူယဉ်ကျေးမှုအစဉ်အလာအတွင်း နေထိုင်ကြသူများဖြစ်ကြသည်။ မီရာ(Mira)၊ ဆူရာဒါဆာ(Suradasa)နှင့် တူလ်ဆီဒါဆာ(Tulsidasa)ဟူသော အမည်နာမများ သည်လည်း ဟိန္ဒူဟူ၍ခေါ်ဆိုမှုအား လက်မခံကြောင်းပြောကြားရန် ပျက်ကွက်ကြလိမ့်မည် မဟုတ်ပေ။ ဒို့ရာတွင် ၁၉ ရာစုနှင့် ၂၀ ရာစုနှစ်များအတွင်း အနည်းငယ်မျှ တစ်ဦးစ နှစ်ဦးစ

အရေအတွက်ရှိသော မဟာခေါင်းဆောင်တို့အား ကျွန်ုပ်တို့ ပို၍စိတ်ဝင်စားပါသည်။ ၎င်းတို့အား တစ်ခုခုတစ်စုံတစ်ရာကို ထုတ်ဖော်ရေးသားပြောင်းလဲစေခြင်း ပြုလုပ်ခဲ့ကြလိမ့်မည် မဟုတ်ပါ။ သို့သော် ၎င်းတို့မှာ ဘာသာရေးဆိုင်ရာ အရိပ်ထိုးထားမှု(religious stature)နှင့် ၎င်းတို့၏ သိမြင်နားလည်မှုအဆင့်သည် လူ့လောကမှ ထွက်ခွာမသွားသင့်ကြပေ။[ ရမ်မိုဟမ်ရွိုင်း (Rammohan Roy) ၊ ကေဆစ်ချန္ဒရာဆင်း(Keshab Chandrasen) ၊ ရာမခရစ်ရှ်နာ (Ramakhrishna)၊ ဗီဗိကနန္ဒ(Vivekananda)နှင့် ထိတ်လန့်ဖွယ်ရာကောင်းလှစွာသော ဆွာမိ ဒါယာဒါနန္ဒဆာရာဇာတိ][၁] [Swamisen, Ramakrishna and Vivekananda and the redoubtable Swami Dayananda Sarasvati.][၂]

ရမ်မိုဟမ်ရွိုင်း(Rammohan Roy)၊ ဒီဗင်ဒရာနတ်တာဂိုး(Devendranath Tagore) နှင့် ရာဘင်ဒရာနတ်တာဂိုး(Rabindranath Tagore)တို့သည် ဗြာဟ္မဏ(Brahmin) ဇာတ်မိသားစုမှ ဆင်းသက်လာသူများဖြစ်၍ ၎င်းတို့သည် မူဆလင်ဘုရင်များ(Muslim rulers)နှင့် အပေးအယူ ပြုလုပ်၍ ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။ ဖော်ပြပါထိုပုဂ္ဂိုလ်များသည် ဘင်္ဂါလီဗြာဟ္မဏ(Bangli Brahmins)များနှင့် အလွန်ပေါ်လွင်ထင်ရှားသည့် ဆက်ခံမှုမရှိပေ။ ဤအကြောင်းတရားကြောင့် ပထမပိုင်းအချိန်ကာလ၌ ၎င်းတို့၏ ရေးသားတင်ပြသည့်စာပေများသည် နယ်ပယ်များစွာတို့၌ အထက်တန်းလွှာလူတန်းစားအဖြစ်သာ တည်ရှိနေခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ၎င်းတို့အား စိတ်ဓါတ်ရေးအားဖြင့် အကြီးအကျယ်တပ်လှန့်ပေးခဲ့ပေသည်။ ၎င်းတို့သည် ချက်ချင်း ဗြိတိသျှအစိုးရ အာဏာပိုင်များသို့ သစ္စာစောင့်သိမှုပြောင်းလဲလိုက်ကြသည်နှင့်တပြိုင်နက် အမြန်ဆုံးဖြစ်ပေါ် လာမည့် နိုင်ငံရေးအာဏာကို မျက်ဝါးထင်ထင် ၎င်းတို့တွေ့မြင်လာခဲ့ကြသည်။ ရာမမိုဟမ်ရွိုင် (Ramamohan Roy 1774-1833)မှာ မကြာသေးမီအချိန်တွင်း၌ "ခေတ်သစ်အိန္ဒိယနိုင်ငံ၏ဖခင်" (the father of Modern Inidia)ဟူ၍ ခေါ်ဆိုခြင်းခံရသည်။ လူပေါင်းများစွာတို့က ရမ်မိုဟမ်ရွိုင်းအား တိုက်ရိုက်ထောက်ခံမှုပြုကြလိမ့်မည် မဟုတ်သော်လည်း သူ၏အရှိန်အဟုန်နှင့် ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုများသည် ယနေ့တိုင်အရေးပါအရာရောက်နေဆဲဖြစ်သည်။ သူသည် ဘာသာရေး ဆိုင်ရာနှင့်လူမှုရေးဆိုင်ရာ နှစ်မျိုးစလုံးကို ပြုပြင်ပြောင်းလဲစေသူ တစ်ဦးဖြစ်သည်။ သူက

၁ သည် ၂ ပါရေးသားချက်အတိုင်းပြန်ဆိုရေးသားခြင်းဖြစ်ရာ ကြိုယာမပါသည့်စာကြောင်းဖြစ်နေပါသည်။(ဘာသာပြန်သူ)

ရုပ်ထုကိုးကွယ်မှု(idolatry)၊ ဆတီ(Sati) ခေါ် သတို့သမီးက သတို့သားအားဝယ်ယူ မင်္ဂလာဆောင် နေထိုင်ပေါင်းသင်းရသည့်အစဉ်အလာ၊ ခင်ပွန်းသေဆုံးပြီးနောက် နောက်ထပ် အိမ်ထောင်ပြုခွင့်မရှိသော မုဆိုးမဘဝဖြင့် အတင်းအဓမ္မလိုက်နာရမည့်အစဉ်အလာ၊ မွေးဖွားကာစ သမီးမိန်းကလေးအား သတ်ဖြတ်ကျူးလွန်သော ရာဇဝတ်မှု(Infanticide)၊ ဇာတ်အနိမ့်ဆုံး လူတန်းစားအဖြစ် ခွဲခြားဆက်ဆံသည့်စနစ်(untouchability)နှင့် တချိန်တည်း၌ ဇနီးမယား တစ်ယောက်ထက်ပို၍ နေထိုင်ပေါင်းသင်းသည့်စနစ်(polygamy)တို့ကို ဆန့်ကျင်ခဲ့သည်။ သူသည် ပညာကို တန်ဘိုးထားလိုလားသူတစ်ယောက်ဖြစ်သည့်အားလျော်စွာ သိပ္ပံပညာနှင့် နည်းပညာ ရပ်များဖြင့်သာလျှင် အိန္ဒိယနိုင်ငံ၏တိုးတက်မှုကို ဆောင်ကျဉ်းနိုင်ကြောင်း သူရှုမြင်ခဲ့သည်။ ဤအကြောင်းပြချက်အရ သူသည် ဗြိတိသျှအစိုးရအာဏာပိုင်များထံ သူက အိန္ဒိယလူမျိုးများအား အင်္ဂလိပ်စာသင်ကြားပေးရန် တောင်းဆိုခဲ့သည်။ ၎င်းကိုယ်တိုင်မှာလည်း ပညာတော်သင်တစ်ဦးနှင့် ဘာသာစကားကျွမ်းကျင်သူဖြစ်သည်။ သူသည် ပါသျှားဘာသာစကား(Persian)၊ အာရေဗျ (Arabic)၊ သက္ကတ (Sanskrit)၊ အင်္ဂလိပ်(English)၊ ဂရိ(Greek) နှင့် ဟီးဘရူး(Hebrew) ဘာသာစကားကို မဟာဝိဇ္ဇာအဆင့်ထိ သင်ကြားတတ်မြောက်သူဖြစ်သည်။ သူ၏ တိုတောင်း လှသောဘဝ အသက်ရှင်နေထိုင်စဉ်အတွင်း သူသည် အရှေ့တိုင်းနိုင်ငံများနှင့် အနောက်တိုင်း နိုင်ငံများသို့ သူ၏အကောင်းဆုံးသော အတွေးအခေါ်အယူအဆများ ဖြန့်ဝေပေးနိုင်ခဲ့သည်။

**အဒိဘရာမိုဆမတ်၏ (Adi Brahmo Samat)**

ဗြိတိသျှအုပ်ချုပ်မှုအောက်တွင် ခရစ်ယာန်သာသနာပြုအဖွဲ့များက ၎င်းတို့ သာသနာပြု လုပ်ငန်းစဉ်အရ ဘင်္ဂါလီများအား ခရစ်ယာန်ဘာသာသို့ စည်းရုံးသိမ်းသွင်းမှုပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် ရာမန်မိုဟမ်ရွိုင်း(Ramamohan Roy)သည် ခရစ်ယာန်ဘာသာ သာသနာပြုခြင်း အကြောင်းကို လေ့လာမှတ်သားခဲ့သည်။ ၎င်းသည် ခရစ်တော်၏လူပြန်ဝင်စားခြင်းနှင့် သုံးပါးပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်ဟူသော အယူအဆဒဿနကို ငြင်းပယ်ပယ်ခဲ့သည်။ ၎င်းက ကိုယ်ခန္ဓာတစ်ခုတည်းတွင် ခေါင်းသုံးလုံးရှိသည်(triune Godhead i.e three in one) ဟူသော အယူအဆဒဿနကို တစ်ဆူမကများပြားလှသည့် ယုံကြည်ချက်အား သဘောတူသည့် အနေဖြင့် လက်ခံခဲ့သည်။ သူကိုယ်တိုင်လည်း ဥပါနိရှတ်စ်ကျမ်း(Upanishads)ကို လေ့လာခဲ့ပြီး

အချို့သောကျမ်းစာအုပ်များကို ဘင်္ဂါလီဘာသာသို့ ပြန်ဆိုရေးသားခဲ့သည်။ သူသည် ဥပါနိရှတ်စ် ကျမ်း၌ပါသည့် ဦးခေါင်းသုံးလုံးနှင့် ကိုယ်အင်္ဂါတစ်ခုသာရှိသည်ဟူသော ဘုရားသခင်အကြောင်း ဟောကြားသင်ပြမှုကို အနီးကပ်ဂရုတစိုက် လေ့လာမှတ်သားခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ၎င်းလေ့လာမှတ်သားခဲ့သည့် ဥပါနိရှတ်စ်ကျမ်းပါ ဦးခေါင်းသုံးလုံးနှင့် ကိုယ်အင်္ဂါတစ်ခုတည်းသာ ရှိသည့် ဟိန္ဒူဘုရားသခင်အယူဝါဒသည် အစ္စလာမ်ဘာသာ၏ တစ်ဆူတည်းသော ထာဝရဘုရား သခင်အယူဝါဒနှင့်သော်လည်းကောင်း၊ ခရစ်ယာန်ဘာသာ၏ ကိုယ်ကျင့်ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ခြင်းဆိုင်ရာ လက်တွေ့ကျင့်စဉ်နှင့် ဟောကြားချက်များနှင့်သော်လည်းကောင်း ရောနှောလျက်ရေးသားခဲ့သည်။ ၎င်းရေးသားတင်ပြသည့် ဘာသာရေးဆိုင်ရာ စာပေကျမ်းဂန် များမှာ အယူအဆအမျိုးမျိုးတို့ထုတ်နှုတ်ပြီး တစ်ပေါင်းတည်းဖြစ်အောင် ရေးသားထားသည်ဟု ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါစာပေများသည် သဘာဝယုတ္တိမပါရှိသည့် အမျိုးမျိုးသောအယူအဆ အစိတ်အပိုင်းအချို့မျှကိုသာ စုပေါင်းရေးသားထားခြင်းကြောင့် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ အသွင်သဏ္ဌာန်ပုံဟန်နမိတ်မရှိသော ထာဝရဘုရားသခင်အား ဥပနိရှတ်စ်နည်းနိဿယကို ဗဟိုရ်ပြုဝန်းရံလျက် ဟိန္ဒူဘာသာဝင်များအားလုံး တပြေးညီတူ ညီသည့် ဆုတောင်းဝတ်ပြုသည့်စနစ် ဖြစ်ပေါ်လာစေရန် ကြိုးစားခဲ့သည်။

၁၈၂၈ ခုနှစ်တွင် ရမ်မိုဟမ်ရွိုင်းသည် အောက်ပါဆုတောင်းဂါထာ စကားရပ်များပါသည့် အဒိဘရာမိုဆမတ်ဂျ်အသင်း(Adi Brahmo Samaj)ကို ထူထောင်ခဲ့သည်–

စကြဝဠာကို ဖန်ဆင်းတော်မူ၍ မပျက်စီးအောင်၊
ထိန်းသိမ်းစောင့်ရှောက် ပေးတော်မူသော၊
စူးစမ်းလေ့လာခြင်းငှာ မစွမ်းနိုင်ပေထသော၊
ညစ်ကြေးမတင် ပြစ်ကင်းစင်သော အရှင်ကိုယ်တော်မြတ်ဘုရား၊
အစနှင့်အဆုံး လုံးဝမမြင် လေးစားစွာဖြင့် ချစ်ခင်အပ်သော၊
ထာဝရဘုရားသခင်ကို ကြည်ညိုသဒ္ဓါ ဝတ်ပြုပါ၏။ ။

ရမ်မိုဟမ်ရွိုင်းသည် သူ၏ထာဝရဘုရားသခင်အား စကြဝဠာကို ဖန်ဆင်းလျက် မပျက်စီးရန် ထိန်းကျောင်းပေးသူအဖြစ် အရည်အချင်းဂုဏ်သတင်းအား သဘာဝကျစွာ

မည်သည့်အသွင်သဏ္ဌာန်မျှမပါသည့် အာရုံအဖြစ် သူကမည်သည့်အခါမျှ မဖူးမြင်ခဲ့ရဘူးချေ။ များမကြာမီအချိန်၌ ရာမခရစ်ရှနား(Ramakrishna)က ဤအချက်သည် အမှန်စင်စစ်အားဖြင့် ရုပ်ထုကိုးကွယ်မှုစနစ်၏သဘောအဓိပ္ပါယ်ကို သိနားလည်ရန်ခက်ခဲသည့် ပူဇော်ပုံ ပူဇော်နည်း ဖြစ်သည်ဟူ၍ မှတ်ချက်ချခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ သဘာဝကျစွာ အာရုံယူရာတွင် ထာဝရဘုရားသခင်၏ တန်ခိုးအရှိန်အဝါကြောင့် စဉ်းစား၍မရနိုင်သဖြင့် ခက်ခဲလှစွာသော အရာမျှသာဖြစ်သည့်အတွက်ဟူလို။ မည်သို့ပင်ဖြစ်စေကာမူ ဤဆမတ်ဂျ်(Samaj) ခေါ် ဝတ်ပြုအဖွဲ့သည် ရာထူးဂုဏ်ထူးအားဖြင့်သော်လည်းကောင်း၊ အသွေးအရောင်အားဖြင့်သော်လည်းကောင်း၊ ဇာတ်နိမ့်ဇာတ်မြင့်အရသော်လည်းကောင်း၊ ယုံကြည်မှုအယူဝါဒအရသော်လည်းကောင်း၊ လူမျိုးဘာသာအရသော်လည်းကောင်း မခွဲခြားဘဲ လူများအားလုံးကို ခွင့်ပြုခဲ့သည်။ ဆမတ်ဂျ်ဝတ်ပြုအဖွဲ့(the Samaj)၏ အကြီးမားဆုံးသောရည်ရွယ်ချက်မှာ စကြဝဠာအား ဖန်ဆင်းသူနှင့် ပြုပြင်ထိန်းကျောင်းပေးသည့် ထာဝရဘုရားသခင်အား ဝတ်ပြုဆုတောင်းရာတွင် အလေးအနက်စဉ်းစားနိုင်ရေးနှင့် အရေအတွက် တိုးတက်များပြားလာရေး၊ ချစ်ခင်သနားသော အားဖြင့် ပေးကမ်းစွန့်ကြဲခြင်း၊ ကိုယ်ကျင့်ဝတ်ကောင်းမွန်ခြင်း၊ ဘာသာတရားအလေးထားခြင်း၊ ကောင်းကျိုးလိုလား ကောင်းမှုများအား တိုးပွားကြံဆောင်ခြင်း၊ လူများနှင့်ဘာသာရေးဆိုင်ရာ ယုံကြည်မှုများအကြား စုစည်းရန် သဘောတူညီမှုခိုင်မြဲရေးအတွက် ကောင်းမြတ်သောအမြင်နှင့် ဘာသာရေးဆိုင်ရာယုံကြည်ချက်များ တိုးပွားလာရန်အတွက်ဖြစ်ပါသည်။ နတ်ဘုရားတစ်ပါး ထက်ပို၍ အခြားများပြားသော နတ်ဘုရားများအား ယုံကြည်မှုနှင့်ဆန့်ကျင်လျက် ဟိန္ဒူဘာသာကို အခြေခံသော တပြေးညီ ဘာသာယုံကြည်ကိုးကွယ်မှု ဖြစ်ပေါ်ရေးအတွက် စတင်ထူထောင်သူ လိုလားခဲ့သည်။

ကျွန်ုပ်တို့သည် ရာမမိုဟမ်ရွိုင်းလိုလားခဲ့သော များစွာသော လူမှုရေးပြုပြင်ပြောင်းလဲမှုများကို ဗြိတိသျှအစိုးရ၏အကူအညီဖြင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ပုံကို ရည်ညွှန်းလျက် ကျွန်ုပ်တို့ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သူက ကမ္ဘာတစ်ဝှမ်းလုံး ဟိန္ဒူဘာသာဆိုင်ရာ အသိပညာအလင်းရောင် ထွန်းလင်းပြောင်စေရေးနှင့်တကွ လွတ်လပ်သည့် အိန္ဒိယနိုင်ငံဖြစ်ပေါ်လာရန် အမှန်တကယ်လိုလားခဲ့သည်။ အကယ်၍ အိန္ဒိယနိုင်ငံသည် သိပ္ပံပညာနှင့် နည်းပညာရပ်

များ၏ အကူအညီအထောက်အပံ့ဖြင့် အနောက်တိုင်း၏လူမှုရေးပုံစံသို့ပြောင်းလဲမည်ဆိုပါက ဖြစ်နိုင်ဖွယ်ရာ အခြေနေရှိခဲ့ပါ၏။

ယူနိုက်တက်ကင်းဒမ်း(United Kingdom) ဘရစ်စတိုလ်မြို့(Bristo)တွင် ၁၈၃၃ ခုနှစ်၌ ရမ်မိုဟမ်ရွိုင်းကွယ်လွန်ပြီးနောက် ရာဘင်ဒရာနတ်တာဂိုးရ်(Rabindranath Tagore)၏ဖခင် ဒီဘင်ဒရာနတ်တာဂိုးရ်(Debendranath Tagore 1817-1905)က ဆမတ်ဂျ်(Samaj)အသင်းကို စတင်ထူထောင်၍ ယုံကြည်မှုအချက်(၄)ရပ်ကို အောက်ပါအတိုင်းချမှတ်လမ်းပြခဲ့သည်-

(၁) ကမ္ဘာဦးအစတွင် မည်သည့်အရာတစ်စုံတစ်ခုမျှ မရှိခဲ့ပေ။ အကြီးမြတ်ဆုံးသော ပုဂ္ဂိုလ်ကြီး(the one Supreme Being) တစ်ပါးတည်းသာလျှင် ဤကမ္ဘာပေါ်တွင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာခဲ့ပေ၏။ သူက စကြဝဠာကမ္ဘာလောကဓါတ်ကြီးအား ဖန်ဆင်းတော်မူခဲ့ပေ၏။ (ဝေဒယုံကြည်မှု၊ ဥပါနိရှတ်စ် ကျမ်းလာ စာစကားနှင့် ခရစ်ယာန်ဘာသာ မိရိုးဖလာအစဉ်အလာများအားလုံး စုပေါင်းထားသည်။)

(၂) အရှင်ကိုယ်တော်မြတ်ကြီးတစ်ဦးတည်းသာလျှင် အမှန်တရား၏အရှင်သခင် ထာဝရဘုရားရှင်၊ အနန္တပညာ၊ ကောင်းမြတ်မင်္ဂလာနှင့် ဘုန်းတန်ခိုးအာဏာ ဖြစ်သည်။ ထာဝရဘုရားသခင်အရှင်ကိုယ်တော်မြတ်သည် အမြဲထာဝရ တည်ရှိနေသောအရာဖြစ်ပါ၏။ အနန္တတန်ခိုးတော်လည်းရှိပါ၏။ ဒုတိယပုဂ္ဂိုလ်ဟူ၍ မရှိသော တစ်ပါးတည်းသာရှိတော်မူပါ၏။ (အစ္စလာမ်နှင့် အဝိဇ္ဇာဘာသာ ရောယှက်လျက်ရှိသည်။)

(၃) သံသရာဝဋ် ကျော့ကွင်းညွတ်မှ ကျွန်ုပ်တို့လွတ်မြောက်နိုင်ရေးမှာ ထာဝရဘုရားသခင်အား ကျွန်ုပ်တို့၏ယုံကြည်ချက်အပေါ်တွင် မူတည်ပါသည်။ ထို့ပြင် ဤကမ္ဘာနှင့် နောင်လာမည့်ကမ္ဘာ၌ပါ ထာဝရဘုရာသခင်အား ယုံကြည်မှုရှိရန် လိုအပ်ပါသည်။

(၄) ထာဝရဘုရားသခင်အား ချစ်ခင်လေးစားမှုနှင့် သူ၏စိတ်ဆန္ဒအတိုင်း နေထိုင်ခြင်းများသည် ယုံကြည်မှုနှင့်လိုက်လျောညီထွေဖြစ်စေလေသည်။

(အမှတ်စဉ်-၃နှင့် ၄သည် အစ္စလာန်၊ ခရစ်ယာန်၊ ဟိန္ဒူ ပုဂ္ဂိုလ်ရေးဆည်းကပ်ကိုးကွယ်မှု အထူးသဖြင့် ရာမနုဂျာအား ဆည်းကပ်မှုဖြစ်သည်။)

ဘရာမိုဆမတ်ဂျ် ရုပ်ထုကိုးကွယ်မှု၌ ထာဝရဘုရားသခင်အများအပြားတို့အား ယုံကြည်မှုနှင့် ရှန်ကာရအယူဝါဒ၏ တစ်ဆူတည်းသောဘုရားသခင်သာရှိသည် ဟူသောယူဆချက်ကိုပင်လျှင် ငြင်းပယ်ထားသည်။ ဘုရားသခင်တစ်ပါးတည်းသာလျှင်ရှိသည်ဟူသော ဤယုံကြည်ယူဆချက်သည် တိကျသေချာသောနှစ်ခုစုံအယူအဆ(dualistic)ဖြစ်သည်။ ဆိုလိုသည်မှာ ထာဝရဘုရားသခင်နှင့် သူ၏ဝတ်ပြုကိုးကွယ်သူများ(God and His Worshipers)ဟူသော အယူအဆကို လက်ခံသည်။ သို့သော် စာပေကျမ်းဂန်များအား အကြောင်းအကျိုးဆီလျော်စွာ အဓိပ္ပါယ် ပြန်ဆိုသည့်ဝါဒကို အပြည့်အဝလက်ခံသည်။

ကာလရွေ့လျားနေ့ရက်များစွာ လွန်မြောက်လာသောအခါ ဘရာမိုဆမတ်ဂျ်ဝတ်အသင်း(Brahmo Samaj)သည် အဒိဘရာမိုဆမတ်ဂျ်(Adi Brahmo Samaj) ရေးသားခဲ့သည့် စာပေကျမ်းဂန်များ၏ ယေဘုယျသဘောအဓိပ္ပါယ်အားလုံးနှင့် မူရင်းစာသားများအားလုံးကို ပြောင်းလဲခဲ့သူ ကေဆပ်ချန္ဒရာဆင်း(Keshab Chandra Sen)၏ လက်ထဲသို့ရောက်ရှိသွားခဲ့သည်။ သူသည် ၁၈၆၆ ခုနှစ်အတွင်း အဒိဘရာမိုဆမတ်ဂျ်ဝတ်အသင်းမှ လုံးဝခွဲထွက်လိုက်ရသော အကျိုးရလဒ်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ၎င်းကခရစ်ယာန်ဆန်သော ဟိန္ဒူအယူဝါဒနှင့် ဟိန္ဒူဆန်သော ခရစ်ယာန်အယူဝါဒများဖြစ်ပေါ်လာရန် ကြိုးပမ်းခဲ့သည်။ (Christianize Hinduism and Hinduize Christianity)။ ကေဆပ်(Keshab)သည် ၁၈၇၉ ခုနှစ်တွင် သူရေးသား ခဲ့သည့် အီစတာမက်ဆိတ်ချ်(Easter Massage) ခေါ် ခရစ်တော်ပြန်လည်ရှင်သန်ထမြောက်သည့် အထိမ်းအမှတ်နေ့အဖြစ်ပြုလုပ်သည့် ပထမတနင်္ဂနွေအသင်းတော်မှထွက်ခွာပြီး ခရစ်တော်အား လက်ခံယုံကြည်ခဲ့သည်။

> "ကျွန်ုပ်၏ခရစ်တော် ငြိမ်းချမ်းသာယာသော ကျွန်ုပ်၏ခရစ်တော်သည် ကျွန်ုပ်၏ အကြီးဆုံးသော အဖိုးတန်ရတနာဖြစ်ပါ၏။ ကျွန်ုပ်၏အသည်းနှလုံးထဲမှ လည်ဆွဲရတနာဖြစ်ပါ၏။ နှစ်ပေါင်းနှစ်ဆယ့်လေးနှစ်တာမျှ သူ့အား ကျွန်ုပ်၏ပူပန်သောကရောက်နေခဲ့သော နှလုံးသားအတွင်း ငြင်သာစွာဖြင့် သိုဝှက်ထားခဲ့ပါ၏။"

သို့သော်ငြားလည်း သူ(Keshab)သည် အိန္ဒိယလူမျိုးတို့၏ ဘာသာတရားဆိုင်ရာ ယဉ်ကျေးမှုအစဉ်အလာကို မျက်ကွယ်မပြုခဲ့ပါ။ သူ့အား ခရစ်ယာန်ဟူ၍ခေါ်ဆိုခြင်းကို သူငြင်းပယ်ခဲ့ပါသည်။ သူသည် ခရစ်ယာန်ဘာသာသာသနာ၏ အပြစ်မှခွင့်လွှတ်ခြင်းဟူသော အခြေခံကျသည့် အဆုံးအမနှင့် မိမိကိုယ်ကျိုးကိုစွန့်လွှတ်၍ စတေးခံလိုသောစိတ်ဓါတ်ဟူသည့် အခြေခံတရား(၂)ပါးကိုသာလျှင် စေတ္တငှားရမ်းထားပါ၏။

သူကဆက်လက်၍ ချိုင်တမ်ယ(Chaitanya) က သူ၏ဘာခ်တီကာလ်(Bhakticult) ယုံကြည်မှုသို့ ပေါင်းလိုက်ပြီးလျှင် သူ၏ဝတ်ပြုပူဇော်မှုသို့ ကရီတန်(Kirtan)နှင့် မိတ်ဆက်ပေးခဲ့သည်။

စောစာပိုင်းအချိန်က ရုပ်ထုကိုးကွယ်မှု ကေဆပ်(Keshab)ကို ကန့်ကွက်ခဲ့သည်။ သို့ရာတွင် ရာမခရစ်ရှ်နာ၏ဩဇာအာဏာအောက်တွင် သူသည် ဟိန္ဒူဘာသာ၏ယုံကြည်မှုအများအပြားကို လူမှုရေးအဖွဲ့၏အစိတ်အပိုင်းတစ်ခု ဖြစ်လာစေခဲ့သည်။ ရာမခရစ်ရှ်နာအဖို့ရာ၌ ဟိန္ဒူဘာသာသာ၏ ရုပ်ထုကိုးကွယ်မှုသည် နတ်များအား ရုပ်ဝတ္ထုဖြင့်ပူဇော်ပသခြင်းမှတစ်ပါး အခြားမည်သည့်ရည်ရွယ်ချက်မျှမရှိပေ။ သို့ရာတွင် ဘုရားတစ်ဆူတည်းသာ ရှိသည်ဟူသော ရှန်ကာရအယူဝါဒမှ သူရှောင်ရှားခဲ့လေသည်။ ကေဆပ်သည် ရာမခရစ်ရှ်နား၏ ခိုင်မာသော အရှိန်ဩဇာအောက်တွင် သူ၏ဘာသာရေးဆိုင်ရာနာဗာဝဒါန်(Nava Vidhan) ခေါ် သာသနာဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်ဆိုင်ရာစည်းကမ်းအသစ်(New Dispensation)ကို ၁၈၈၀ ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်နေ့တွင် အပြီးသတ်ရေးသားခဲ့သည်။ ရာမခရစ်ရှ်နား၏ ဘဝပုံရိပ်များ (the life of Ramakrishna)စာအုပ်ကို ပုံနှိပ်ထုတ်ဝေသူ ရိုမင်ရိုလန်(Roman Rolland)၏အဆိုအရ အချက်(၂)ချက်ကို အဆိုပါသာသနာ့ဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်ဆိုင်ရာ စည်းကမ်းချက်အသစ်များက အချက်(၃)ချက်ကို အောက်ပါအတိုင်း အလေးအနက်ထောက်ပြခဲ့သည်–

(၁) ထာဝရဘုရားသခင်အား မိခင်ကဲ့သို့ ဝတ်ပြုပူဇော်ခြင်း။ ရှေးအကျဆုံးသော အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုအစဉ်အလာ(Indus Valley Civilization) အရ မယ်တော်နတ်ဘုရား(mother of Goddness) အား ပူဇော်သည့်အလား အိန္ဒိယလူမျိုးတို့၏ ရိုးရာအစဉ်အလာအဖြစ် သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သည်ဆို ခြင်းအား

သံသယမရှိပါ။ ထိုအရာသည် ရာမခရစ်ရှ်နား၏ဘဝ၌ အမှန်တရားကို ကောင်းစွာသဘောပေါက်လက်ခံထားသည့် ရှင်သန်နေဆဲဖြစ်သောအယူအဆ ဖြစ်သည်။ သဘာဝကျစွာဖြင့် ကေဆပ်(Keshab)သည် ရာမခရစ်ရှ်နား၏ဩဇာ အောက်တွင် အဆိုပါမွေးရပ်ဌာနီ အိန္ဒိယပြည်၏ ဘာသာရေးဆိုင်ရာအစဉ် အလာကို မီးရှူးသန့်စင်ဖွားမြင်ပေးခဲ့သည်။

(၂) **ဘာသာယုံကြည်ကိုးကွယ်မှုများအားလုံးနှင့် တမန်တော်များအား အစစ်အမှန်အဖြစ် အသိအမှတ်ပြုခြင်း။** ဤအချက်သည် ကေဆပ် (Keshab)၏ ဘာသာရေးဆိုင်ရာရှုမြင်မှု၏ အချက်အချာဖြစ်သည်။ သို့ရာတွင် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဤသစ္စာတရားသည်လည်း ဝေဒအယူဝါဒ (Rgveda)ကဲ့သို့ပင် ရှေးကျသောအယူအဆဖြစ်သည်။(1.164.46)။ ထို့ပြင် တစ်ကြိမ်ထပ်မံ၍ တင်ပြရလျှင် ရာမခရစ်ရှ်နား၏အရှိန်ဩဇာသည် အပြည့်အစုံ ကုံလုံပြည့်ဝသော ယုံကြည်ချက်အား ပုံကြီးချဲ့ အပိုအမိုထည့်ရန် ခွင့်ပြုလိမ့်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ရာမခရစ်ရှ်နားသည်လည်း ဘာသာယုံ ကြည်မှုဆိုင်ရာ လိုက်ဖက်ညီညာရှိမှုနှင့် ပေါင်းစည်းညီညွတ်မှုအကြောင်း သင်ကြားပို့ချခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် သာသနာ့ဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်ဆိုင်ရာ စည်းကမ်းအသစ် စကားလုံးအသုံးအနှုန်းများမှ အောက်ပါတို့ သည် မှတ်သားဖွယ်ရာဖြစ်သည်-

ကြီးကျယ်မြင့်မြတ်သော ပုဂ္ဂိုလ်တိုင်းတို့၏ စစ်မှန်မှုနှင့် အကောင်း တကာ့ အကောင်းဆုံးဖြစ်သည့် ထူးခြားသောဓါတ်သဘာဝအချို့တို့မှာ စံပြစရိုက်လက္ခဏာဖြစ်သည်။ ထက်ကောင်းကင်ရွှေဘုံနန်း တက်လှမ်းရန် ကြံရွယ်၊ အားလုံးသောသူတော်စင်(all heavenly messengers)တို့၏ ခြေရင်းမှာ ထိုင်ပါကွယ်..... သူတို့၏သွေးများအား အသင်၏သွေးများသဖွယ် သူတို့၏အသားတစ်များအား အသင်၏အသားတစ်သဖွယ်၊ ...... သူတို့နှင့်ထပ်တူထပ်မျှနေပါကွယ်၊ သူတို့သည်လည်း အသင်နဲ့အတူ

အမြဲထာဝရရှိနေမယ်။

(၃) နတ်အများအပြားအား ယုံကြည်ကိုးကွယ်သည့်ဟိန္ဒူများ၏အယူအစွဲများသည် ဘရာမိုဇီယမ်(Brahmoism) အယူအဆစွဲလမ်းဖြစ်လာသည်။

ဤအစွဲအလန်းအယူအဆများသည် ထာဝရဘုရားသခင်အား အသွင်သဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ အသွင်သဏ္ဌာန်ကင်းမဲ့ခြင်းအားဖြင့်သော်လည်းကောင်း ဝတ်ပြုပူဇော်ရမည်ဟူ၍ယုံကြည်သူ ရာမခရစ်ရှ်နာ၏ သမာဓိစွမ်းအားအပေါ် တိုက်ရိုက်အခြေခံထားသည်။ ထာဝရဘုရားသခင်၏ အရိပ်လက္ခဏာ သင်္ကေတတစ်ခုခုသည် အမှန်တကယ်ရှိသောအချက်ဖြစ်သည်။

ကေဆပ်၏ ဘရာမိုဆမတ်ဂျ်ဝတ်အသင်း၏ အဖွဲ့ဝင်သာဝကများစွာတို့သည် ကေဆပ်အား ၎င်း၏ကျမ်းစာ သာသနာ့ဝန်ထမ်းများ လိုက်နာရမည့်ကျင့်ဝတ်ဆိုင်ရာ စည်းကမ်းသစ်များထွက်ပေါ်လာပြီးနောက် ၎င်းအား စွန့်ခွာသွားခဲ့ကြသည်။ သူသည် ရုပ်တုကိုးကွယ်မှုဆိုင်ရာရုပ်တည်ချက် ပျော့ပျောင်းခဲ့ခြင်းကြောင့်သော်လည်းကောင်း၊ နတ်အများအပြားယုံကြည်မှုအရသော်လည်းကောင်း၊ ထိုသို့စွန့်ခွာသွားခဲ့ကြခြင်းဖြစ်သည်။ သို့သော် ကေဆပ်၏ ဘုံဘေမြို့ရှိ ဘရာမိုဆမတ်ဂျ်ဂိုဏ်းခွဲသည် ကေဆပ်နှင့် လက်တွဲမဖြုတ်ပဲ ပရာသန္နာဆမတ်ဂျ်(Pranthana Samaj)အနေဖြင့် ဆက်လက်လှုပ်ရှားဆောင်ရွက်နေခဲ့သည်။ အဆိုပါ ပရာသန္နဆမတ်ဂျ်၌ ဂုဏ်သိက္ခာအားဖြင့် ကြီးကျယ်မြင့်မြတ်သူ ထိုပုဂ္ဂိုလ်အစုတို့တွင် မဟာဒေဝ ဂိုဗင်ရာနာဒီး (Mahadeva Govind Ranade)ကဲ့သို့သော ပုဂ္ဂိုလ်များနှင့် ဆာ၊ အာရ်ဂျီ၊ ဘန္ဒာကာ(Sir R.G. Bandakar)ကဲ့သို့သော ပုဂ္ဂိုလ်များပါဝင်ခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ပန္နာသာဆမတ်ဂျ်ဝတ်အသင်းသည် ခရစ်ယာန်ဘာသာနှင့် မည်သို့မျှ ပတ်သက်ရန်မရှိခဲ့ပါပေ။ သို့သော် ဘာသာရေးဆိုင်ရာ အကြီးကျယ်ဆုံးသောပါရမီရှင်သည် ရာမခရစ်ရှ်နား(RamaKrishna 1836-1886) ဖြစ်သည်ကို အသေအချာမှတ်ယူနိုင်ပေ၏။

## ရာမခရစ်ရှ်နား – Ramakrishna

ရာမခရစ်ရှ်နားအဖြစ် ထင်ပေါ်ကျော်ကြားလူသိများလှသူ ဂဒါးဒါး(Gadadhar) သည် ကာလကတ္တားမြို့နှင့် မိုင်အနည်းငယ်သာကွာဝေးသည့် ကမ္မာပုရကာရွာ(Kamarpukur)တွင်

၁၈၆၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့၌မွေးဖွားခဲ့ပြီး ၎င်းသည် ၁၈၈၆ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် အစနှင့်အဆုံးဟူ၍မရှိသော ဗြဟ္မာပြည်သို့ ပြန်လည်ကြွမြန်းစံဝင်ခဲ့သည်။ သူသည် စာရေးစာဖတ် လုံးဝမတတ်မြောက်သူတစ်ဦးဖြစ်သည်။ သို့သော် သူ၏ခေတ်ကာလ အချိန်အခါက အလွန်အလွန်ပညာရှိပုဂ္ဂိုလ်ကြီးများက ၎င်းထံသို့ လာရောက်တွေ့ဆုံပြီး ၎င်းအား ရိုသေလေးစားသမှု ပြုခဲ့ကြသည်။ သူ၏ဘဝသည် အလွန်အလွန်ရိုးသားဖြူစင်သော ဘဝအဖြစ် ရပ်တည်ခဲ့သော်လည်း ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာနယ်ပယ်တွင် တော်လှန်ရေးဆန်သော အတွေးအခေါ်တစ်ရပ်ကို ဖန်တီးအသက်သွင်းပေးခဲ့ရာ ယနေ့တိုင်ဆက်လက်ရှင်သန်နေဆဲဖြစ်သည်။

ရာမခရစ်ရှ်နားသည် ငယ်စဉ်ကလေးဘဝမှစ၍ သမာဓိအားကောင်းသူဖြစ်ခဲ့သည်။ သူ၏ဘဝတစ်လျှောက်လုံးတွင် နတ်ကိုးကွယ်မှုဆိုင်ရာယုံကြည်ချက် အများအပြား၌ သက်ဝင်ခံစားလျက်သူ၏အရှင်သခင်သည် အသွင်ပုံသဏ္ဌာန်ပုံစံအားလုံးဖြင့် ၎င်းအား စောင့်ရှောက်လျက်ရှိသည်ဟု ယုံကြည်နေထိုင်ခဲ့သည်။ ဗိဿနိုးနတ်မင်းကြီး၏ တပည့်သာဝကတစ်ဦးဖြစ်သူ ဗိုင်ရာဗီဗရာမင်(Bhairavi Brahman)တစ်ဦး၏ ထိန်းကျောင်းပဲ့ပြင်သွန်သင်မှုဖြင့် သမာဓိ(Samadhi)ထူထောင်မှုကို ပြုလုပ်ခဲ့သည်။ ၎င်းအား မိခင်မေတ္တာထားရှိကာဖြင့် ပဲ့ပြင်ဆုံးမပြဆိုဆုံးမခဲ့သူသည် (၆)နှစ်တာမျှ သူမနှင့်အတူနေထိုင်လျက် တန္တရာစ့်(tantras) နည်းအပါအဝင် အဆင့်ပေါင်းများစွာကို ကျော်ဖြတ်ပြီးနောက် ဉာဏ်လမ်း(Path of Jnana)ကို သင်ကြားပြသပေးခဲ့သည်။ မိခင်မေတ္တာဖြင့် ဘာသာရေးဆိုင်ရာအသိပညာပေးခဲ့သူ ဗိုင်ရာဗီဗရာမင်၏ သွင်သင်ပဲ့ပြင်မှုအောက်တွင် ကိုယ်ရောင်ထင်ပြ ထိတွေ့နိုင်သည့်အနေအထားအရလည်းကောင်း၊ ၎င်း၏နားထဲတွင် ထင်ထင်ရှားရှား ကြားသိနိုင်သောအသံဖြင့်တန်ခိုးပြသူ ကာလီမယ်တော်(Mother Kali) အား ယုံကြည်ကိုးကွယ်သူတစ်ဦးဖြစ်လာခဲ့သည်။ ထို့အကြောင်းများကြောင့် ဤမျှအဆင့်မြင့်မားလှသော ဘာသာရေးဆိုင်ရာအသိဉာဏ်ပညာကို သေချာပိုင်နိုင်စွာလှမ်းကိုင်ရယူနိုင်ခဲ့သည်။

၁၈၆၄ ခုနှစ်တွင် ရှန်ကာရအယူဝါဒကို သင်တန်းတက်ရောက်လေ့လာထားသူ အဒွိုက်ဝါဒီဝင်(advaitism) လောကီသိုက်မြုံ လူ့ဘုံ၏သံယောဇဉ်ကို စွန့်ခွာလွတ်မြောက်ပြီးသူ (jivan mukta)တစ်ယောက် သူ့ထံသို့ရောက်လာခဲ့သည်။ သူ၏အမည်မှာ တိုတာပူရီ(Tota

Puri)ဖြစ်သည်။ အဆိုပါဘာသာရေးဆိုင်ရာဂုရုကြီး(Guru)က သူ့အား ကာလီမယ်တော်ကို ချစ်ခင်ကြည်ညိုသည့်အချိန် ကုန်ဆုံးလွန်မြောက်စေလျက် နိဂုဏဗြဟ္မာ(Nirguna Brahman)အဖြစ် ကိုယ်တိုင်ရယူရန် အချိန်သင့်ပြီဖြစ်ကြောင်း ညွှန်ပြမိန့်ကြားခဲ့သည်။ ရာမခရစ်ရှ်နားသည် ကာလီမယ်တော်၏ ခွင့်ပြုချက်ရရှိရန် နည်းလမ်းရှာကြံခဲ့ရာ ကာလီမယ်တော်က ခွင့်ပြုခဲ့သည်။ ရာမခရစ်ရှ်နားသည် အချိန်မဆိုင်းပဲ ချက်ချင်း ဆာဗိကာလ်ပကသမာဓိမှ(from Savikalpaka samadhi) နိဗ္ဗိကာလ်ပက သာမာဓိသို့(into nirvikalpaka samadhi) အချိန်အတိုင်းအတာတစ်ခု အထိဝင်စားနေခဲ့ရာ ယင်းသမာဓိအတွင်း လုံးဝလှုပ်ရှားမှုမရှိတော့ပဲ နှလုံးခုန်ခြင်းရပ်တန့်လျက် ရှာန်ဝင်စားနေခဲ့သည်။ သူ၏နိဗ္ဗိကာလ်ပကသမာဓိအဆင့်အား အောက်ပါအတိုင်းဖော်ပြထားသည်-

> စကြဝဠာကမ္ဘာလောလကဓါတ်တစ်ခုလုံး ချုပ်ငြိမ်းသွားခဲ့၏။ အာကာသမရှိတော့ပေ။ အစပထမတွင် တွေးတောကြံစည်စိတ်ကူးမှုသည် ပျံ့လွင့်မျောပါနေခဲ့ပြီး ဘာတစ်ခုမျှ ထင်ထင်ရှားရှားမရှိတော့ပဲ ပကတိမှောင်မဲလျက်ရှိနေသည်။ မလှုပ်မယှက် မပြောင်းမလဲ ဖျော့တော့မှုန်ဝါးအားနည်းလျက်ရှိသော ဇီဝွဲ(Ego) အတ္တအသိစိတ်ကလေးသည် နာရီ၏စက္ကန့်သံပမာ အချိန်မှန်ကန်စွာ ငြင်သာသောအသံကြားနေရသည်။ ထိုအသံသည် ရပ်ဆိုင်းငြိမ်သက်သွားခဲ့သည်။ ဘာတစ်ခုမျှမတည်ရှိတော့သည့် အခြေအနေဖြစ်သည်။ သို့သော်တစ်ခုတည်းသာကျန်နေသည်။ ဝိညာဉ်လည်း သူ့အလိုအလျောက် ချုပ်ပျောက်သွားခဲ့ပြီ။ ဒွိစုံယုံကြည်ချက်လည်း မရှိတော့ပေ။ ပြောပြ၍မရနိုင်သော အခြေအနေ၊ တွေးတောကြံဆ၍မရသောအခြေအနေ သူသည် ဗြဟ္မာအဖြစ်ရောက်ရှိခဲ့လေပြီ။

အမြင့်မြတ်အကြီးမားဆုံးသော အသိဉာဏ်၏အကျိုးရလဒ်အဖြစ် ကမ္ဘာ့လူသားတစ်ရပ်လုံးအတွက် ကြီးကျယ်သည့်အကျိုးကျေးဇူးဖြစ်စေသည့် သင်ခန်းစာကို သင်ပြခဲ့ပေသည်။

(၁) ဗြဟ္မာသည် အသွင်သဏ္ဌာန်ပုံစံအားဖြင့်လည်းကောင်း၊ အသွင်သဏ္ဌာန်ပုံစံမရှိပဲလည်း သူတွေ့မြင်ခဲ့ရသည်။ သျှိဝ(Shiva)နှင့် ရှတ်ခ်တိ(Shakti)သည် နှစ်ပါးလည်းဖြစ်သကဲ့သို့ တစ်ပါးတည်းလည်းဖြစ်သည်။ နတ်ကိုးကွယ်မှုဆိုင်ရာ

နတ်သားနှင့် နတ်သမီးသည် များစွာသောအသွင်သဏ္ဍာန်အားဖြင့် ရှိနေကြသကဲ့သို့ တစ်ချိန်တည်း၌ မလှုပ်မရှားသောပုံသဏ္ဍာန်ဖြင့်လည်းရှိသည်။ ကာလီမယ်တော်(Mother Kali)သည် များပြားလှစွာသော အသွင်သဏ္ဍာန်ကင်းလျက်ရှိသောဗြဟ္မာ(Formless Brahman) ဖြစ်သည်။

(၂) ရာမခရစ်ရှ်နားအဖို့ရာ၌ ကမ္ဘာလောကသည် အစစ်အမှန်ဖြစ်သည်။ ဤအချက်သည် အလွန်ပင်သဘာဝကျလှပါ၏။ ၎င်း၏အဆိုအရ ကမ္ဘာလောကသည် အစစ်အမှန်မဟုတ်သောအရာဟူ၍ စဉ်းစားရန်ကိစ္စမှာ အကြောင်းအကျိုးဆီလျော်ခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာလောကအစိတ်အပိုင်းတစ်ခုသည် မိမိတို့ပုံဖော်ဖန်တီးထားသောအရာ ဖြစ်စေသောကြောင့်ဟူလို။ သမာဓိမှထွက်ပေါ်လာသော သိဒ္ဓတစ်ဦးသည်ပင်လျှင် (even a siddha rising from samadhi) ဤမာယာလောကကမ္ဘာ(world of Maya)အတွင်းသို့ ပြန်လည်သက်ဆင်းလာရ၏။ အနည်းဆုံးအားဖြင့် ၎င်း၏အတ္တ(ego)သည် သူနှင့်ဆက်စပ်လျက် အမှန်တကယ်တည်ရှိနေ၏။ ထို့ပြင် ၎င်းအားရည်ညွှန်း ဖော်ပြပါအရာဝတ္ထုများသည် ဤအတ္တမှတဆင့် အရင်းမူလသို့ ပြန်လည်ကျရောက်ရသည်။

(၃) ရာမခရစ်ရှ်နားသည် အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အိန္ဒိယနိုင်ငံအတွင်းရှိ အခြားသောဘာသာယုံကြည်မှုများအား လက်တွေ့ကျကျလေ့လာဆန်းစစ်ခဲ့သည်။ ဘာသာကိုးကွယ်မှုတစ်ခုချင်းစီ၏ နည်းနိဿယနှင့်အညီဝတ်ပြုပူဇော်မှုအား သူ၏ထင်မြင်ယူဆချက်ကို သူသုံးသပ်နိုင်ခဲ့သည်။ ပထမစတင်သည့်အချိန်၌ ဘာသာယုံကြည်ကိုးကွယ်မှုပုံစံ တစ်ခုခြင်းစီတွင် အသွင်သဏ္ဍာန်အားဖြင့် သူတွေ့ရှိလာခဲ့ရပြီး တဖြည်းဖြည်းနှင့် သူ့ကိုယ်ခန္ဓာမှမှေးမှိန်ပျောက်ကွယ်သွားပြီး နောက်ဆုံးတွင် မူဆလင်တစ်ဦးကဲ့သို့လည်းကောင်း၊ ခရစ်ယာန်တစ်ယောက်ကဲ့သို့လည်းကောင်း၊ ဗိုက်ရှ်နာဗ(Vaisnava)၊ ရှိုက်ဗိတ်(Shaivite)စသည်ဖြင့် ၎င်းရည်မှတ်သောဘာသာဝင်တစ်ဦးပမာ ခံစားရရှိလာ

ခဲ့သည်။ ဤကဲ့သို့သော အသိဉာဏ်တစ်ခုတည်း(unique realization)ဖြင့် ၎င်း၏ရပ်တည်ချက်ကို အကျဉ်းချုပ်၍ အောက်ပါအတိုင်းဖော်ပြခဲ့သည်–

ကျွန်ုပ်သည် ဟိန္ဒူ အစ္စလာမ်၊ ခရစ်ယာန်နှင့် ဟိန္ဒူဘာသာဂိုဏ်းခွဲတစ်ခုစီတို့၏ ကျင့်စဉ်နည်းနိဿယများကိုလည်း လက်တွေ့လိုက်နာ ကျင့်သုံးဆောင်ရွက်ခဲ့ရာ၌ ကွဲပြားခြားနားမှုမရှိသည့် တစ်ပါးတည်းသော ထာဝရဘုရားသခင်၏ရှေ့မှောက်တွင် မတူညီသောလမ်းကြောင်းတို့မှတဆင့် ဦးတည်ချက်တစ်ခုတည်းသို့ ၎င်းတို့၏ရည်မှန်းထားသည့်အဆင့်ဆင့်ကို တွေ့ရှိခဲ့ရသည်။

(၄) သမာဓိရရှိခံစားမှုသည် ဘာသာရေးဆိုင်ရာ အမြင့်မားဆုံးသော အတွေ့အကြုံမှတဆင့် ရရှိစေကာမူ သမာဓိရရှိခံစားမှုဘဝ(the life of samadhi)သည် အားလုံးမပါဝင်ကြောင်း ၎င်းက ထက်မြက်သည့်ဉာဏ်ပညာဖြင့် သိနားလည်ရန်အကြောင်းဖြစ်လိမ့်မည်ဟု သူက အတိအကျအပြည့်အဝယုံကြည်သည်။ တစ်ခြားနည်းလမ်းမှာ သမာဓိတည်ခြင်း(Samadhi)သည် လူ့ဘဝ၏ကိစ္စအဝဝတွင် သွက်လက်ဖျက်လက်မှုသို့ ဦးတည်စေရမည်ဖြစ်သည်။ ဤနည်းအားဖြင့် ရာမခရစ်ရှ်နားက ဘုရားလောင်းဗောဓိသတ္တ၏သဘောထားပမာ(the notion of Bodhisattvas) ခေတ်သစ်နှင့်လျော်ညီသည့် ဂျီဗန်မုတ္တ(Jivan Mukta)ကို နောက်တစ်ဖန် ပြန်လည်အသက်သွင်းပေးခဲ့သည်။ ၎င်းချမှတ်ပေးသည့် လုပ်ငန်းစဉ်အရ ကမ္ဘာသို့ ဘာသာရေးဆိုင်ရာ ဉာဏ်ပညာအလင်းရောင် ထွန်းပြောင်စေရန်နှင့် သူ၏နောက်ပါသာဝကများအား လူမှုဒုက္ခခံစားနေရခြင်းမှ လျော့နည်းသက်သာစေရန် တပည့်သာဝကများအားရွေးချယ်ခဲ့ရာ အထူးသဖြင့် ဗိဗိကန်နန္ဒ (Vive Kananda)အား တာဝန်ပေးအပ်ခဲ့သည်။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ အောက်ပါမှာကြားချက်ကို ရေးသားထားရစ်ခဲ့သည်–

ဇီဝ(jiva)သည် သျှိဝ(Shiva)ဖြစ်သည်။ ဤသို့ဖြစ်သည်ဆိုခြင်းကို သနားကြင်နာမှုပြသပြီး မည်သူက ရဲရဲတင်းတင်းငြင်းဆိုနိုင်ပါမည်နည်း?။ သနားကြင်နာမှုကို မပြပါ။ ဤသည်မှာ ထာဝရဘုရားသခင်အဖြစ် လူသားအတွက်

ဆောင်ရွက်ရန် လိုက်နာရမည့်အချက်ဖြစ်သည်။

တဖန်တင်ပြရန်မှာ -

အသင်သည် ထာဝရဘုရားသခင်အား ရှာဖွေနေပါသလား?။ ယင်းသို့ဖြစ်လျှင် ထာဝရဘုရားသခင်အား လူထဲမှာသာ ရှာဖွေပါ။ လူထဲမှာ ထာဝရဘုရားကဲ့သို့လည်းကောင်း၊ နတ်တစ်ပါးကဲ့သို့လည်းကောင်း ကြည်ညိုလေးစားဖွယ်ပုဂ္ဂိုလ်အား အထင်အရှားတွေ့နိုင် ပေလိမ့်မည်။ သူသည် အခြားကြည်ညိုဖွယ်ရာများထက်ပို၍ ကြည်ညိုလေးစားဖွယ်ရာ ဖြစ်ပါလိမ့်မည်။

ဤသို့အားဖြင့် ရာမခရစ်ရှ်နာသည် ဘာသာယုံကြည်ကိုးကွယ်မှုများအား လုံးညီညွတ်မှုနှင့် ၎င်းတို့၏ဝတ်ပြုကိုးကွယ်မှုအပြင် လူသားတစ်ရပ်လုံးအား အလုပ်အကျွေးပြုခြင်းကို ယုံကြည်၏။ လူသားတစ်ရပ်လုံးအား အလုပ်အကျွေးပြုရေးအတွက် သူချမှတ်ပေးသည့်အမွေကို သူကွယ်လွန်သည့်အခါ လွှဲပေးခဲ့ရန်အစီအစဉ်ကို အထူးသဖြင့် သူ၏ချစ်လှစွာသော တပည့်သာဝက ဗိဗိကန်နန္ဒ(Vivekananda)အား တာဝန်ပေးအပ်ရန် ဦးစားပေးအဆင့်(၁)အဖြစ် သူကောင်းစွာသတိပြုမိခဲ့သည်။

**ဆွာမိဗိဗိကန်နန္ဒ(Swami Vivekananda 1863-1902)**

နာရင်ဒရာဒတ္တား(Narendra Dutta)သည် ဇာတိအားဖြင့် ကယတ်စသလူမျိုး (Kayastha)ဖြစ်သည်။ သူသည် အယူဝါဒအပေါ်၌ သံသယဖြစ်မှုဖြင့် အိပ်ပျော်နေခြင်းမှ မဟာသူတော်စင် ရာမခရစ်ရှ်နားအရှင်သူမြတ်၏ နိုးထရန်လှုံ့ဆော်မှုကြောင့် နိုးထလာခဲ့ပေသည်။ သဘာဝအားဖြင့် နရင်ဒါသည် ကာမယောဂိ(Karma Yogin) တစ်ယောက်ဖြစ်ခဲ့သည်။ သို့သော် ရာမခရစ်ရှ်နား၏ ယုံကြည်မှုအသွင်ကူးပြောင်းခြင်းကြောင့် သူသည် ဉာဏယောဂိ(jnanin) တစ်ဦးလည်းဖြစ်လာခဲ့သည်။ သူသည် အသိဉာဏ်ပညာပွင့်လန်းလာသဖြင့် ဗိဗိကန်နန္ဒအမည်ဖြင့် ၎င်း၏သာသနာပြုလုပ်ငန်းကို လူသားများအား အထောက်အကူပြုခြင်းနှင့် ဉာဏ်ပညာ အလင်းရောင် တွန်းညှိပေးခြင်းတို့အပေါ် အလေးအနက်စဉ်းစားတွေးခေါ်လျက် ကမ္ဘာလောကသို့ ပျံ့နှံ့စေခဲ့သည်။ သူသည် ရာမခရစ်ရှ်နား၏ တပည့်သာဝကဖြစ်လာပြီးနောက် သူ၏ဆရာသခင် ကျေးဇူးရှင်က ဘဝတစ်သက်လုံး လိုက်နာမှတ်သားထားရန် အောက်ဖော်ပြပါ အဆုံးအမကို ပေးခဲ့သည်-

အသင်သည် လူအများထံသို့ ဘဝနိမ့်ကျမှုနှင့် ဆင်းရဲမှုကြောင့် ဝမ်းနည်းပူဆွေးခြင်းများ လျော့နည်းသွားစေရန် ဘာသာရေးဆိုင်ရာ သတိသံဝေဂတရားကို ဆောင်ကျဉ်းပေးနိုင်လိမ့်မည်။

ဆင်းရဲနွမ်းပါး၍ စိတ်မချမ်းသာစရာဖြစ်နေကြကုန်သော အိန္ဒိယနိုင်ငံ၏ ဆင်းရဲသားလူတန်းစားအများအပြားတို့အား ဤသာသနာပြုလုပ်ငန်းစဉ်က မည်သို့များဖြည့်ဆည်းပေးနိုင်ပါမည်နည်း? ။

ဗိဗိကာနန္ဒသည် ဘာသာသာသနာရေးဆိုင်ရာ အစိုးရအာဏာပိုင်တစ်ဦးတစ်ယောက်၏ ဖိတ်ကြားမှုမရှိဘဲဖြင့်သော်လည်းကောင်း၊ တစ်စုံတစ်ရာက ခန့်အပ်အာဏာပေးအပ်ခြင်း မရှိဘဲဖြင့်သော်လည်းကောင်း၊ ၁၈၉၃ ခုနှစ်တွင် ဘာသာယုံကြည်ကိုးကွယ်မှုနှင့်ဆိုင်သည့် ကမ္ဘာလုံးဆိုင်ရာ ပါလီမန်(World Parliment of Religions)ကို ခေါ်ယူကျင်းပပြုလုပ်ခဲ့သည်။ ဗိဗိကာနန္ဒသည် ဩဂုတ်လ ပါလီမန်အထိမ်းအမှတ်နေ့မိန့်ခွန်း ပြောကြားရန်အခွင့်အရေးတစ်ခုရရှိခဲ့သည်။ ၎င်းက လူထုပရိတ်သတ်ကြီးသို့ မိန့်ခွန်းကြိုတင်ရေးသားပြင်ဆင်ထားခြင်းမရှိပဲ လျှပ်စစ်ဓါတ်ဖြင့် ထိခတ်ပေးသကဲ့သို့ အံ့အားသင့်စေခဲ့သည်။ ၁၈၉၃ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် မိန့်ခွန်းပြောကြားခွင့်သာမက စက်တင်ဘာလ ၁၉ ရက်နေ့၌ ထပ်မံပြောကြားခွင့်ရရှိခဲ့သည်။ ယင်းလူထုအစည်းအဝေးကြီးတွင် စာကြောင်းအချို့ကို ကိုးကားပြောဆိုခဲ့သည်။ ၎င်းမှာ–

ဟိန္ဒူအယူဝါဒက အသင့်အား အပြစ်ရှိသူဟူ၍ ခေါ်ဆိုရန်ငြင်းဆန်ပါသည်။ အသင်သည် ထာဝရဘုရားသခင်၏သားတော် သမီးတော်များဖြစ်ပါ၏။ အစဉ်ထာဝရ တည်ရှိနေရသည့် ဆုလာဘ်တော်ကြောင့် အသင်သည် အမှားအယွင်းမရှိ ပကတိမှန်ကန်သူ ဖြစ်ပါ၏။

သူ၏မိန့်ခွန်းကို ဤကဲ့သို့ နိဂုံးကမ္ပါတ်အဆုံးသတ်ခဲ့သည်။

ဟိန္ဒူတို့၏ ဗြဟ္မာဖြစ်သူ အကြင်သူကလည်းကောင်း၊ ဗုဒ္ဓဘာသာဝင်တို့၏ ဗုဒ္ဓရှင်တော်မြတ်ဘုရားကလည်းကောင်း၊ ခရစ်ယာန်တို့အဖ ဘုရားသခင်ကလည်းကောင်း အသင်တို့အား အင်အားများပေးသနားပါစေသား။

သူသည် အမေရိက၊ ဗြိတိန်နှင့်အခြားဒေသများတွင် ဌာနခွဲများတည်ထောင်ဖွင့်လှစ်

ခဲ့သည်။ အိန္ဒိယနိုင်ငံသို့ ၁၈၉၇ ခုနှစ်အစပိုင်းတွင် ပြန်လာခဲ့သည်။ ဟိန္ဒူဘာသာအတွက် ကောင်းသောရည်ရွယ်ချက်ဖြင့် ထောက်ပံ့ကူညီဆောင်ရွက်ပေးကြမည့် အိန္ဒိယနိုင်ငံနှင့် သီဟိုဠ်(ယခုသီရိလင်္ကာ)နိုင်ငံတို့မှ လူငယ်များက ကြိုဆိုခဲ့ကြသည်။ သူသည် ယခုအချိန်အခါ ဆင်းရဲဒုက္ခရောက်နေကြရသည့် လူတန်းစားများနှင့် ဆင်းရဲနွမ်းပါးသူများအတွက် ဌာနခွဲရုံးများကို ဖွင့်လှစ်ခဲ့သည်။ ယခုအခါ သူကသူ၏သတင်းစကားကို ''ဆင်းရဲသူများ၊ ရောဂါစွဲကပ်သူများနှင့် အသိဉာဏ်ပညာအားနည်းချို့တဲ့သူများအတွင်းမှာ သျှိဝ(Shiva)အား ဝတ်ပြုဆုတောင်းကြပါ''။

ကျွန်ုပ်တို့နိုင်ငံတော်သည် ယခုအခါ သံကဲ့သို့မာကျောသည့်ကြွက်သားများ၊ သံမဏိကဲ့သို့ ခိုင်မာသည့်အကြောများနှင့် ကြီးမားသည့်စိတ်ဆန္ဒများအလိုရှိနေပါ၏။ ၎င်းလိုအင်ဆန္ဒများကို အဒွိတ္တ(advaita)၏ စိတ်ကူးကြံစည်မှု၊ တနည်းအားဖြင့် အားလုံးပါဝင်သည့် တစ်စုတစ်စည်းတည်းသောအဖွဲ့သာလျှင် ဖန်တီးပုံဖော်နိုင်မည်ဖြစ်ပါသည်။ နောက်ထပ်တစ်ဖန်တင်ပြရန်မှာ –

''တစ်စုံတစ်ယောက်၏ထိန်းချုပ်မှုအောက်၌ အားအင်ချိနဲ့စွာ အိပ်ပျော်နေသည့်ဘဝမှ နိုးထ၍ နိုးကြားတက်ကြွပါလော့။ မတ်တပ်ရပ်လိုက်ပါ။ အသင်၏ကိုယ်ခန္ဓာအတွင်း ရှိသော ထာဝရဘုရား(God within you)အား တိုင်တည်ပြောကြားလိုက်ပါ။ သူပြောသမျှကို မငြင်းဆန်ပါနဲ့။''

၁၈၉၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ဗိဗိကာနန္ဒသည် ရာမခရစ်ရှ်နား သာသနာပြုအသင်းကို အောက်ဖော်ပြပါအချက်များနှင့်အညီ တည်ထောင်ခဲ့သည်–

(၁) ဤအသင်းအဖွဲ့၏အမည်နာမသည် ''ရာမခရစ်ရှ်နား သာသနာပြုလုပ်ငန်း'' ဟူ၍ခေါ်တွင်သည်။

(၂) ဤအသင်း၏လုပ်ငန်းရည်ရွယ်ချက်မှာ လူသား၏ကောင်းကျိုးများ ပွားတိုးလာစေရန်အလို့ငှာ ရာမခရစ်ရှ်နား၏ သဘောတရားများအား သင်ကြားပို့ချရန်ဖြစ်သည်။

(၃) အစဉ်ထာဝရ ပျောက်ကွယ်နိုင်သော ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခု၏ များစွာသောအသွင်သဏ္ဍာန်ဖြင့် ဆည်းကပ်ကိုးကွယ်မှုတစ်ခုတည်းသာ ဖြစ်သည်

ဟူသောအသိဖြင့် မတူညီကွဲပြားသည့် ရာမခရစ်ရှ်နား၏ နောက်လိုက်တပည့်သာဝကများအကြား မတူကွဲပြားသည့် ယုံကြည်ချက်ရှိသူများအား စုစည်းသွားရန်အတွက် ရာမခရစ်ရှ်နားဦးဆောင်ခဲ့သည့် လှုပ်ရှားမှုများ၏ဆောင်ရွက်ချက်များကို လမ်းညွှန်သင်ပြရန်တာဝန်။

(၄) ဤအသင်းအဖွဲ့၏လုပ်ဆောင်ရန်နည်းလမ်းများမှာ -

(က) လူများအား တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်သောဆရာများအဖြစ် သင်တန်းပေးသွားရန်၊

(ခ) အသိပညာရပ်များနှင့် အတတ်ပညာဆိုင်ရာစက်ရုံ၊ အလုပ်ရုံများ တိုးချဲ့မြှင့်တင်ရေးအတွက် အားပေးဆောင်ရွက်ရန်၊

(ဂ) ဝေဒဆိုင်ရာယုံကြည်ချက်နှင့် အခြားဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ သဘောတရားများအား ရာမခရစ်ရှ်နားဘဝအတွင်းသို့ မိးမောင်းထိုးပြသည့်အစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာစေရန်၊

(၅) ရာမခရစ်ရှ်နားသာသနာပြုလုပ်ငန်းတွင် ဌာနခွဲ(၂)ခုရှိသည်-

(က) ပထမဌာနခွဲမှာ အိန္ဒိယနိုင်ငံသားများပါဝင်နိုင်စေရန် အိန္ဒိယနိုင်ငံအတွင်း ဒေသအများအပြားတွင်မတ်စ်(Maths) ခေါ် ဘုန်းကြီးကျောင်းများနှင့် အက်ရှ်ရာမတ်စ်(Ashramas) ခေါ် အပြန်အလှန်သဘောထားဖလှယ်ရန် ဆွေးနွေးပွဲပြုလုပ်သည့်နေရာများ ပါဝင်သည့်ဌာနခွဲဖြစ်သည်။

(ခ) ဒုတိယဌာနခွဲမှာ အနောက်တိုင်းနိုင်ငံများတွင် ဟိန္ဒူဘာသာရေးဆိုင်ရာ ဌာနခွဲရုံးများအား နိုင်ငံခြားသားများအတွက် သက်ဆိုင်ရာနိုင်ငံများတွင် တည်ထောင်ဖွင့်လှစ်ရန်။

(၆) ရာမခရစ်ရှ်နား သာသနာပြုလုပ်ငန်း၏ရည်ရွယ်ချက်နှင့် စိတ်ကူးယဉ်ဆန်သည့်လုပ်ငန်းစဉ်များသည် ဘာသာရေးနှင့်လူမှုရေးဆိုင်ရာ အထောက်အကူပြုလုပ်ငန်းသက်သက်ကိုသာ ပြုစင်သန့်ရှင်းစွာဆောင်ရွက်သွားမည်ဖြစ်၍ နိုင်ငံရေးအဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိမည်မဟုတ်ပေ။

ဗိဗိကာနန္ဒသည် မိမိကိုယ်ကို ဝေါ်မွတ်ခေါင်းပါးမှုကယ်တင်ရေး၊ မိဘမဲ့ကလေးများ ထိန်းသိမ်းစောင့်ရှောက်မှု၊ သင်တန်းကျောင်းများဖွင့်လှစ်ရေး၊ ပညာသင်ကြားဌာနများ၊ ဆေးပေးခန်းများစသည့် လူမှုရေးဆိုင်ရာလုပ်ရှားမှု၌ ကိုယ်ရောစိတ်ပါ နက်နက်ရှိုင်းရှိုင်း မြှုပ်နှံလုပ်ကိုင်လျက်ရှိသော်လည်း ၎င်းသည် အဝိတ္တဝေဒန္တ(Avaita Vendanta)အယူအဆကို လက်ခံခဲ့သည်။ သူ၏ကျေးဇူးတော်ရှင် ဆရာသခင်၏လမ်းညွှန်ချက်ဖြစ်သော "ဇီဝသည် သျှိဝဖြစ်သည်" (Jiva is Shiva)ကိုလိုက်နာပြီး လူထုလှုပ်ရှားမှုတွင်ပါဝင်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။

ထာဝရဘုရားသခင်အား ဘယ်ကိုသွားပြီး အသင်ရှာမှာလဲ?။ လူတွေအားလုံး ဆင်းရဲနေကြတယ်မဟုတ်လား?။ စိတ်ဆင်းရဲစရာတွေ အားနည်းချက်တွေ ဒီလိုဖြစ်တာ ကောင်းသလား? ။ အဘယ်ကြောင့် သူတို့အား ပထမဆုံးဝတ်မပြုလိုကြသလဲ?။ထိုသို့ ဆင်းရဲဒုက္ခခံစားနေကြသူများကို အသင်၏ထာဝရဘုရားသခင်လို သဘောထား လိုက်ပါ။

ဇာတ်နိမ့်လူတန်းစားများအား မိတ်ဆွေဟန်ဆောင်၍ဆက်ဆံသည့် ဇာတ်ခွဲခြားမှုစနစ်အား ဆန့်ကျင်သည့်လှုပ်ရှားမှုများအားတွင် သူပါဝင်ခဲ့သည်။ သူက လူထုလူတန်းစားအလွှာအသီးသီးတို့အား ဇာတ်နိမ့်ဇာတ်မြင့်မခွဲခြားပဲ အိမ်ထောင်ပြုကြရန် အကြံပြုတိုက်တွန်းခဲ့သည်။

ဗိဗိကာနန္ဒသည် ဘာသာယုံကြည်ကိုးကွယ်မှု ခွဲခြားခြင်းမပြုကြရန် အောက်ပါအတိုင်း တောင်းဆိုခဲ့သည်-

ကျွန်ုပ်သည် ဘာသာယုံကြည်ကိုးကွယ်မှုများအားလုံးကို လက်ခံပါသည်။ အတိတ်ကာလ၌လည်း ဘာသာတရားများအားလုံးကို ဝတ်ပြုခဲ့ပါ၏။ ထာဝရဘုရားသခင်အား လူမျိုးစွဲများနှင့်အတူ ငါဝတ်ပြုခဲ့ပါ၏။ .....သမ္မာကျမ်းစာ၊ ဝေဒကျမ်းစာ၊ ကိုရမ်ကျမ်းစာနှင့် မြင့်မြတ်သော ကျမ်းစာအုပ်များအားလုံးတို့ကို စာမျက်နှာပေါင်းမြောက်များစွာအား ငါဖတ်ရှုလေ့လာခဲ့ပါ၏။ သို့သော် မရေမတွက်နိုင်သောကျမ်းစာအုပ်ပေါင်းများစွာတို့မှာ ငါလက်လှမ်းမမှီနိုင်သောအရာများအဖြစ် ကျန်နေရစ်သေး၏။

ဆရာသခင် ကျေးဇူးရှင်ရာမခရစ်ရှ်နားနှင့် သူ၏တပည့်သာဝက ဗိဗိကာနန္ဒတို့နှစ်ဦး

စလုံးသည် ဘာသာယုံကြည်ကိုးကွယ်မှုအားလုံး ပေါင်းစည်းညီညွတ်မှုကို ရှိုးသားစွာ အသိဉာဏ် အမြော်အမြင်ရှိစွာဖြင့် သေချာတိကျသောခံစားချက်မပါရှိပဲ စတင်ခဲ့သော်လည်း ၎င်းတို့သည် မှုဆိုးစိုင်သင်ဆိုသောစကားကဲ့သို့လုပ်ကိုင်ရင်း အတွေ့အကြုံများစွာရရှိခဲ့ကြသည်။

ယခုကျွန်ုပ်တို့သည် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ပြန်လည်ပြုပြင်ရေးသမား တစ်ယောက်အကြောင်း ကြည့်ကြပါစို့။ ၎င်းမှာ ဘင်္ဂလားပြည်နယ်အတွင်း ဟိန္ဒူလူ့အဖွဲ့အစည်းတွင် ပိုမိုများပြားသည့် လှိုင်းဂယက်များထစေသည့် ပြန်လည်ပြင်ဆင်ရေး ပြောင်းလဲမှုများကို ဦးဆောင် ဖန်တီးခဲ့သူများဖြစ်သည်။ အဆိုပါ သံတိုင်တစ်ခုပမာ ခိုင်မာသောအကျင့်စရိုက် လက္ခဏာရှိသူမှာ ဒါယာနန္ဒဆရာဗာစ်တီ(Dayananda Saravasti) ဖြစ်သည်။

**ဒါယာနန္ဒဆရာဗာစ်တီ(Dayananda Saravasti 1824-1883)**

ဒါယာနန္ဒဆာရာဗာစ်တီ၏အမည်ရင်းမှာ မူလာရှန်ကာရ(Mulashankara) ဖြစ်သည်။ ၎င်းသည် မဟတ္တမဂန္ဒီ(Mahatama Gandhi)ပေါ်ထွန်းလာခဲ့သောပြည်နယ်ဖြစ်သည့် ဂူဂျာရတ် ပြည်နယ်(Gujarat)မှလွင့်ထူလာသော အလံတစ်ခုပမာထင်ရှားလာသူဖြစ်သည်။ ဒါယာနန္ဒသည် အလွန်ချမ်းသာကြွယ်ဝသော ရှေးရိုးရာစွဲ ဗြဟ္မဏအယူဝါဒရှိသူ မိဘများမှမွေးဖွားလာခဲ့သည်။ သူငယ်စဉ်ကလေးဘဝတွင် သျှိဝရုပ်ထု(Deity of Shiva)၏ကိုယ်လုံးအပေါ်၌ လျှောက်ပြေးလွှား နေသော ကြွက်ကလေးတစ်ကောင်သည် သျှိဝထံ လှူဒါန်းပူဇော်ထားသော စားသောက်ဖွယ်ရာ များအား စားသောက်နေသည်ကို တွေ့မြင်ခဲ့လေသည်။

ရုပ်ထုကိုးကွယ်မှု(Idol-worship)သည် လူငယ်ကလေးဘဝ ဒါယာနန္ဒအား ယင်းသို့ ယုံကြည်မှုက အကြီးအကျယ် တုန်လှုပ်ချောက်ခြားသွားစေခဲ့သည်။ သူသည် အိမ်ထောင် မပြုလိုသည့်အတွက် နေအိမ်မှထွက်ခွာခဲ့ပြီးနောက် မသူရ(Mathura)သို့သွားရောက်ပြီး အက်ရှ်တာဒါယီ(Ashatadhyi) ၊ မဟာဘာရတ(Mahabharata) နှင့် ဝေဒန္တ(Vedanta) ကျမ်းစာများကို မျက်စိမမြင်သူ ဆွာမိဗိရိဂျန်နန်ဂျီး(Virirjanandhi)ထံ၌ လေ့လာသင်ကြား ခဲ့သည်။ သုံးနှစ်သုံးမိုး လေ့လာသင်ကြားပြီးနောက် ၎င်း၏ဆရာဂုရုကြီးထံမှ ထွက်ခွာလာ ခဲ့သည်။ ၎င်းထွက်ခွာလာရခြင်း၏ ရည်ရွယ်ချက်မှာ ဝေဒန္တ(Vendanta) ၊ တန္တရ(Tantra) ၊ သျှတ္တရ(Shastra)နှင့် ပူရာဏ(Puranas)ကျမ်းများမပါပဲ ဝေဒကျမ်းစစ်စစ်ကို လေ့လာ

သင်ကြားလို၍ဖြစ်သည်။ သူ့အဖို့ရာ ဝေဒ(Veda)သည် အဓိပ္ပါယ်ရှိသည်ဆိုစေကာမူ ဗြဟ္မဏ (Brahman)နှင့် ဥပါနိရှတ်စ်(Upanishads)ကျမ်းများမပါလျှင် မပြည့်စုံဟုယုံကြည်သည်။

ဒါယာဒါနန္ဒဆာရာဂစ်တစ်တီသည် စစ်မှန်သော ဟိန္ဒူပြန်လည်ပြင်ဆင်ရေးသမား တစ်ယောက် မဟုတ်သော်လည်း ၎င်းသည်ကြီးကျယ်သော လူမှုရေးပြုပြင်ပြောင်းလဲရေးသမားနှင့် တန်းတူညီမျှရေးအတွက် အမျိုးသားခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။ အစပထမပိုင်းတွင် သူသည် သက္ကဋ္ဌစာပေ(Sanskrit)ကိုသာ သင်ကြားပို့ချပေးခဲ့သော်လည်း ကေဆပ်ချန်းရာဆင်း (Keshab Chandra Sen)နှင့် ရာမခရစ်ရှ်နား(Rama Khrishna)တို့နှင့် ပေါင်းစည်းမိပြီးနောက် ၎င်းအားအကြံပြုကြသည့်အတိုင်း ဟိန္ဒူစာပေ(Hindi) ဒေသခံဘာသာစကားဖြင့်လည်း ပို့ချခဲ့ လေသည်။ ဟိန္ဒူအမျိုးသားရေးဝါဒီဖြစ်သည့်အလျောက် ဒါယာနန္ဒဆာရာစ်ဗာစ်တီသည် ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာများအား အပြင်းအထန်ဆန့်ကျင်ခဲ့သည်။ ၎င်းသည် မည်သည့်တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းကိုမျှ လက်မခံဘဲ ဆန့်ကျင်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ခြင်းမှာ သူ့အဖို့ရာ၌ မျှော်လင့်ချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် အင်္ဂလိပ်စာမသင်ကြားခဲ့ရသဖြင့် အင်္ဂလိပ်စာနားမလည်၍ အနောက်နိုင်ငံများ၏ အကြောင်းအရာ ဗဟုသုတများကို နားလည်ရန်နှင့် ယင်းတို့၏လူမှုရေးဆိုင်ရာ အကြောင်းအရာများကို ဆက်စပ် နိုင်ခြင်း မရှိသောကြောင့်ဖြစ်သည်။ သူသည် ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာကိုလည်းဆန့်ကျင်သည်။ အနောက်တိုင်းယဉ်ကျေးမှုအား ဆန့်ကျင်သော်လည်း ဆွာမိဂျီးသည် ၁၉ ရာစု၏ ဘာသာယုံကြည် မှုများအတွင်း သဘာဝယုတ္တိရှိ/မရှိကို ကြောင်းကျိုးဆီလျော်မှုရှိ/မရှိ ဆန်းစစ်ဝေဖန်သည့် အလေ့အထအား အတုယူ၍ သိပ္ပံပညာရပ်နှင့်နည်းပညာများအား အလေးအနက်ထား ဟောကြား ခဲ့သည်။

၎င်း၏နိုးဆော်ချက်တွင် "ဝေဒဘာသာယုံကြည်မှုအား နောက်ခံပြုပါ" (Back to the Veda)ဟူသော ခေါင်းစဉ်ဖြင့် ဒါယာနန္ဒသည် နတ်ဘုရားအများအပြားယုံကြည်မှု(polytheism)၊ ရုပ်ထုကိုးကွယ်မှု(Idolatry)နှင့် ဇာတ်ခွဲခြားသည့်စနစ်(Caste)တို့ ဆန့်ကျင်ဟောကြားခဲ့သည်။ ဆွာမိဂျီး၏အဆိုအရ ဝေဒအယူဝါဒသည် ဗြဟ္မဏ(Brahmins)၊ ခတ္တိယ(Kshatriyas)၊ ဝဿ (Vaisyas)နှင့် သုဒ္ဒရ(Shudras)ဟူ၍ အမျိုးလေးပါးခွဲခြားရေးတရားကို ၄က်ပျောပင်စိုက်

အမျိုးလိုက်သကဲ့သို့ မြင့်မြတ်သည့်အမျိုးဟူ၍ မြောက်ပင့်၍လည်းကောင်း၊ ယုတ်ညံ့သည့်အမျိုးဟူ၍ နှိမ့်ချ၍လည်းကောင်း၊ မိဘမှ သားသမီးသို့ လိုက်ပါမြဲဖြစ်သည်ဆိုခြင်းကို ဆန့်ကျင်လျက် ထိုသို့အမျိုးလိုက်ခြင်းမရှိရန်အကြောင်း ဟောကြားခဲ့သည်။ အဆင့်အတန်း ကွဲပြားခြားနားခြင်းမှာ လူမှုရေးဆောင်ရွက်ချက်အပေါ်၌သာ မူတည်ပြီး မျိုးရိုးတွင်မူတည်ခြင်းမရှိချေ။ တစ်ဆူတည်းသော ထာဝရဘုရားသခင်အား ဖြူစင်သန့်ရှင်းသည့်ပူဇော်ခြင်း(monotheism)နှင့် ဇာတ်ခွဲခြားမှု ဆန့်ကျင်ရေး ကြွေးကြော်သံများသည် ပြင်းထန်သောဆန့်ကျင်ကန့်ကွက်မှုနှင့် လှုံ့ဆော်တိုက်တွန်းမှုမပါဘဲ သွားနိုင်ပါသလား?။ သို့သော် ဆွာမိကျိုးနှင့်အတူ ၎င်း၏ မအောင်မြင်နိုင်သောသတ္တိရှိမှုနှင့် သူ၏ဟောပြောချက်များက ရှေ့သို့ဆက်လက်သွားစေသည်။ သူသည် ၁၈၉၆ ခုနှစ်တွင် ဆန်နတာဓမ္မ(Sanatana Dharma)အဖွဲ့ဝင်များအား ခိုလှုံခွင့်ပေးရာအရပ်ဒေသဖြစ်သည့် ဗာရာဏသီမြို့ (Banaras)တွင် ဗြဟ္မဏပဏ္ဍိတ(၃၀၀)တို့စုဝေးလျက် ကြီးကျယ်ခမ်းနားသော ဉာဏ်ပညာစွမ်းရည်ပြိုင်ပွဲသို့ သွားရောက်ခဲ့ပြီး အောင်ပွဲရရှိခဲ့လေသည်။ ၁၈၇၅ ခုနှစ်တွင် ဒါယာနန္ဒဆာရာဗတ်စ်တိက ဘုံဘေမြို့(Bombay)၌ အာရိယဆမတ်ချ်(Arya Samaj)ဝတ် အသင်းကို စတင်တည်ထောင်ခဲ့ပြီး များမကြာမီအချိန်၌ ၎င်း၏ဌာနချုပ်ကို လာဟိုးမြို့ (*ယခုပါကစ္စတန်နိုင်ငံဖြစ်၍ ထိုစဉ်က ဗြိတိသျှလက်အောက်ခံ အိန္ဒိယနိုင်ငံအတွင်းပါဝင်သော မြို့ဖြစ်သည်။ ဘာသာပြန်သူ*)၊ နောက်ပိုင်းကာလရောက်လာသည့်အခါ အာရိယဆမတ်ချ်၏ ဌာနခွဲပေါင်းများစွာတို့ကို အိန္ဒိယတစ်နိုင်ငံလုံးတွင် တည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည်။ လာဟိုးမြို့တွင်ရှိနေစဉ် ၎င်း၏မဟာကျမ်းစာ(Great Gospel which means that may be believed with confidence)၏ အမည် ဆတ်ယာသပရတ်ခ်ကရှာ(Satyartha Prakasha) or ( the torchlight of truth) ခေါ် အမှန်တရား၏အလင်းရောင်စာအုပ်ကို ရေးသားခဲ့ရာ ၎င်းစာအုပ်ထဲတွင် သမ္မာကျမ်းအား အပြင်းအထန်ဝေဖန်ထား၏။ ဆရာမိုဆမတ်ချ်(Brahmo Samaj)နှင့် အတိုက်အခံ ဖြစ်နိုင်သော ဒါယာနန္ဒဆာရာစ်ဗတ်စ်တိ(Dayananda Saravasti)၏ လှုပ်ရှားမှုသည် အောက်ခြေသိမ်းပြောင်းလဲပစ်လိုက်သည့် ဟောပြောချက်ဖြစ်ခဲ့သည်။ ယခုဖော်ပြခဲ့ပြီးဖြစ်သော ဝတ်အသင်းသည် ပညာတတ်အနည်းငယ်သာလျှင် မွေးဖွားပေးနိုင်ခဲ့သည်။ သူ၏ဘာသာ ယုံကြည်ကိုးကွယ်မှုသည် ဝေဒဘာသာ(Veda)ဖြစ်၍ ၎င်းဘာသာမှာ အမျိုးသားရေးစိတ်ဓါတ်ရှိသူများ၏ ဘာသာ

ယုံကြည်မှုဖြစ်သည်။ ဝေဒဘာသာသည် ထာဝရတည်မြဲနေသည့်အပြင် a-pauruseya ခေါ် ပုဂ္ဂိုလ်ရေးဆိုင်ရာ (non-personal) ကိုးကွယ်မှုမဟုတ်သကဲ့သို့ အမှားအယွင်းတစ်စုံတစ်ရာမျှ ပြုလုပ်၍မရသည့် လူအများက အထူးကြည်ညိုလေးစားခြင်းခံရသော ဘာသာဖြစ်သည်။ ဆွာမိဂျီး(Swamiji)အဖို့ရာ ဝေဒဘာသာတွင် အမှန်တရားများအားလုံး ပြည့်နှက်ပါဝင်နေသည်။ သိပ္ပံပညာသည်လည်း အမှန်တရားတစ်ခုအဖြစ်ပါဝင်သည်။ ယင်းဘာသာအပူဝါဒအား ကျယ်ပြန့်စွာယုံကြည်ကိုးကွယ်နေရခြင်းမှာ အလွန့်အလွန် ကျေနပ်ဖွယ်ရာကောင်းလှပါ၏။ ထို့ကြောင့် ဒါယာနန္ဒဆာရာဗတ်စ်တီ (Dayananda Saravasti)က ဝေဒဘာသာကို ဟန္ဒီစာပေ (Hindi)သို့ ဘာသာပြန်ဆိုရေးသားပြီး လူအများတို့အား လွယ်လင့်တကူသိနားလည်စေခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ဆွာမိဂျီးသည် ကာမ၊ သံသရာနှင့် မုတ္တ(Karma, Samsara and Moksa)ဟူသော သဘောတရားကိုမူ ဆက်လက်စောင့်ထိန်းထားခဲ့သည်။ ယင်းသဘော တရားသည် ဝေဒဘာသာ၏အယူအဆတစ်ခုမဟုတ်ပေ။ မည်သို့ပင်ဖြစ်စေကာမူ ဒါယာနန္ဒ၏ ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားမှုစနစ်အား ကန့်ကွက်ခြင်းမှာ သဘောတရားအပေါ် အခြေခံခြင်းမဟုတ်ပဲ လက်တွေ့ဘဝအပေါ် အခြေခံခြင်းဖြစ်သည်။ ထိုအချက်သည် မကြာမီသောအချိန်အတွင်း ဒိဋ္ဌဓမ္မလက်တွေ့ကျသော အကျိုးသက်ရောက်မှုဖြစ်စေခဲ့သည်။ သူသည် လူ့လောကတွင် အပါယ်ခံဘဝရောက်ရှိနေကြသူများ(untouchables)၏ ကယ်တင်ရှင်အဖြစ် သတ်မှတ်ခြင်းခံခဲ့ ရသည်။ သူ့အဖို့ရာ လူ့လောကအပြင်ဘက် အပါယ်ခံဘဝရောက်နေသူမည်သူမဆို မည်သည့် မြင့်မြတ်သော ဟိန္ဒူဘုရားကျောင်းမဆို ဝင်ရောက်ခွင့်ရရှိစေလိုသည်။ဆွာမိ အဂ္ဂနိဗက်ရှ(Swami Agnivesha)နှင့်ပူရီ(Puri)တို့၏ ရှန်ကာရချာယ(Shanmkarachaya) အပေါ် ဆန့်ကျင်တိုက်ပွဲဝင် နေမှုနှင့်ပတ်သက်၍ လူ့လောကအပြင်ဘက် တွန်းပို့ခြင်းခံနေကြရရှာသော အပယ်ခံဘဝ ရောက်နေကြသူများအား နီးစပ်ရာဘုရားကျောင်းများသို့ ဝင်ရောက်ဝတ်ပြုကိုးကွယ်ခွင့်ရရှိရေး အတွက် ဒါယာနန္ဒ၏ဟောပြောချက်များအား ကျောထောက်နောက်ခံပြုနေသည်။ အောက်ဖော်ပြပါ အချက်များသည် အာရိယဆမတ်ချ်(Arya Samaj) ယုံကြည်ကိုးကွယ်မှုဖြစ်သည်-

(၁) ထာဝရဘုရားသခင်(God) သည် တကယ့်စစ်မှန်သောအသိပညာ(True knowledge) နှင့် အသိပညာမှတဆင့်သိပြီးသော အရာခပ်သိမ်းတို့၏ အခြေခံအကြောင်း

တရားဖြစ်သည်။

(၂) ထာဝရဘုရားသခင်သည် Sat-cit-anand စစ်မှန်စွာပါဝင်သော အသိဉာဏ်ရှိသော စစ်မှန်သောပျော်ရွှင်မှုရှိသောအရာဖြစ်သည်။ ထာဝရဘုရားသခင်သည် အသွင်ပုံသဏ္ဌာန် ပုံဟန်နမိတ်ကင်းဆိတ်သည့်(formless)၊ အနန္တတန်ခိုးရှင် (Omnipotent)၊ အနန္တဉာဏ်ပညာ(Omniscient)၊ အရာခပ်သိမ်းတည်နေမှု (Omnipresent)၊ ဇာတိပဋိသန္ဓေမတည်ရှိ(unborn)၊ အခါခပ်သိမ်း အစဉ်အမြဲတည်နေမှု(endless)၊ ပြောင်းလဲမှုမရှိခြင်း(unchanged)၊ အားလုံးကို ထောက်ပံ့မှုပြုခြင်း(Support of all)၊ အားလုံးတို့၏ဆရာသခင်ကျေးဇူးရှင်(the master of all)၊ အဇရာ(ဝါ) မအိုမင်းခြင်း၊ (unaging)၊ မသေဆုံးခြင်း(ဝါ) နိစ္စဖြစ်ခြင်း၊ ကြောက်ရွံ့မှုမရှိခြင်း(fearless)၊ အစမရှိအဆုံးမရှိသောအရာဖြစ်ခြင်း(eternal) နှင့် စကြဝဠာ၏အကြောင်းတရားဖြစ်ခြင်း(the cause of the universe)တို့ဖြစ်သည်။ ၎င်းတစ်ပါးတည်းသာလျှင် ဝတ်ပြုကိုးကွယ်ရန်ရှိသည်။

(၃) ဝေဒသည် အလွန်စစ်မှန်သော အသိပညာစာအုပ်များဖြစ်သည်။ ဝေဒကျမ်းစာပါအချက်များသည် အရိယ(Arya)တိုင်း ပထမဦးစွာဖတ်ရှုလေ့လာရမည်။ ထပ်ဆင့် သင်ကြားသင်ပို့ချပေးရမည့် ကိုးကားရမည့် သူတစ်ပါးဖတ်ကြားခြင်းကို နာခံမှတ်သားရမည့်အချက်များဖြစ်သည်။

(၄) လူတစ်ယောက်သည် အမှန်တရားကို လက်ခံနိုင်ရန်နှင့် မှားယွင်းသည့်တရားကို စွန့်လွှတ်နိုင်ရန် အမြဲအဆင်သင့် ရှိနေသင့်သည်။ [ဤအချက်အား ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာတို့က လက်ခံထားသည်။ သို့သော် အရိယာဆမတ်ချ်(Arya Samaj) က ငြင်းပယ်သည်။]

(၅) အရာခပ်သိမ်းတို့အား တရားဓမ္မ(Dharma)ရေးသားဖော်ပြချက် (ဝါ) ဟောကြားညွှန်ပြချက်နှင့်အညီပြုလုပ်သင့်သည်။ ဆိုလိုသည်မှာ အမှားနှင့်အမှန် ခွဲခြားဝေဖန်ပြီးမှသာလျှင် ဆောင်ရွက်ရမည်။

(၆) အာရိယဆမတ်ချ်၏ အခြေခံစည်းမျဉ်းမှာ လူသားများ၏ လူမှုရေးအခြေအနေ၊

ဘာသာယုံကြည်မှုနှင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေး တိုးတက်ကြီးပွားလာစေခြင်းအားဖြင့် ကမ္ဘာလောက၏ကောင်းကျိုးကို သယ်ပိုးထမ်းဆောင်ရန်ဖြစ်သည်။

(၇) လူတစ်ဦးတစ်ယောက်၏ အခြားပုဂ္ဂိုလ်များနှင့်ဆက်ဆံရေးတွင် တရားဓမ္မ၏ ဟောဖော်ညွှန်ပြ သွန်သင်ဆုံးမချက်များနှင့်အညီ ချစ်ခြင်းမေတ္တာနှင့် တရားမျှတခြင်းရှိစေရမည်။

(၈) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မိမိ၏အသိဉာဏ်ပညာကို တိုးတက်စေရန် လေ့လာမှတ်သားနေရမည့်အပြင် မသိမှု၊ သို့မဟုတ် အဝိဇ္ဇာ(avidya)ကို နှင်ထုတ်ပစ်ရမည်။

(၉) မည်သူတစ်ဦးတစ်ယောက်မျှ မိမိကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာ မကြည့်သင့်ပဲ အများကောင်းကျိုး သယ်ပိုးထမ်းဆောင်ခြင်းအားဖြင့် ပုဂ္ဂလိက အကျိုးလည်း ပါဝင်စေရမည်။

(၁၀) လူ့အသိုင်းအဝိုင်းတစ်ခုလုံး၏ လူမှုကောင်းကျိုးအတွက် ရည်ရွယ်ဆောင်ရွက်သည့် ကိစ္စရပ်များအားလုံးတွင် လုပ်ရှားဆောင်ရွက်သူတစ်ဦးသည် ကွဲပြားခြားနားမှုများအားလုံး ဘေးချိတ်ထားရမည့်အပြင် အနှောက်အယှက် ဖြစ်စေမည့် တစ်ဦးချင်း၏သဘောဆန္ဒကိုလည်း ခွင့်မပြုရပေ။ သို့သော် လူတိုင်းသည် မိမိ၏မလွှဲမရှောင်သာသော ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စတွင် လွတ်လပ်စွာဆောင်ရွက်ခွင့် ရှိစေရမည်။

အာရိယဆမတ်ချသည် လေ့လာသင့်ကြားထားသူ လူတိုင်းလူတိုင်းအား ဘာသာရေးဆိုင်ရာ အခမ်းအနားပြုလုပ်ကျင်းပရာတွင် ဦးဆောင်သူ(as priest)အဖြစ် တူညီသောအခွင့်အရေး ပေးထားသည်။ သို့သော် ဗြဟ္မဏဇာတ်ဝင်တစ်မျိုးတည်းကိုမူ စည်းကမ်းကန့်သတ်မှုမထားရှိပေ။ ထို့ပြင် ဆမတ်ချ်(Samaj)သည် ကျားမ မခွဲခြားပဲ တပြေးညီတူညီသည့်အခွင့်အရေးဖြင့် ဝေဒဘာသာစာပေ သင်ယူခွင့်ပြုသည်။

အာဆရိယဆမတ်ချ်ဂိုဏ်းသည် မုဆိုးမအား ပြန်လည်အိမ်ထောင်ပြုရန် ခွင့်ပြုသော်လည်း အရွယ်မရောက်သေးသူ လက်ထပ်ခွင့်ကိုမူ ဆန့်ကျင်သည်။ တိုင်းပြည်တိုးတက်ရန်

အကြောင်းဖြစ်သော ပညာသင်ကြားရေးဆိုင်ရာ အဆင့်မြင့်ပညာဌာနများ၊ သိပ္ပံပညာရပ်ဆိုင်ရာ နည်းပညာသင်ကြားရေးကျောင်းများ ထူထောင်ရာတွင် ဆမတ်ချ်ဂိုဏ်းဝင်များသည် အမြဲတန်း လုပ်အားပေးခဲ့သည်။ အလွန်စောစီးစွာသောအချိန်က လာဟိုး(Lahore)မြို့၌ ဒါယာနန္ဒ အင်္ဂလိပ်–ဝေဒကောလိပ်(Dayanada Anglo-Vedic College)ကိုဖွင့်လှစ်နိုင်ခဲ့ပြီး ဂျူလွန်ဒါမြို့(Jullundar)တွင် ကန်ယမဟာဝိဇ္ဇာလယကျောင်းတော်(Kanya Maha Vidyalaya)ကို ဖွင့်လှစ်ပေးခဲ့သည်။ ထင်ရှားကျော်ကြားသည့် ဂုရုကာလ်(Gurukul)ကျောင်းကို ကန်ကရီမြို့နှင့်ဟာဒီဝါ (Kangri and Hardiwa)မြို့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ဆမတ်ချ်ဂိုဏ်းသည် ဟိန္ဒူစာပေ(Hindi)၏ အကြီးကျယ်ဆုံးသော လက်တွေ့ဖြစ်ရပ်သာဓကဖြစ်သည်။

ဆမတ်ချ်ဂိုဏ်းသည် အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာတို့အား ဆန့်ကျင်တိုက်ပွဲဝင်ရုံမျှမက မူဆလင်ဘာသာအတွင်းသို့ ကူးပြောင်းဝင်ရောက်သွားသော သုဒ္ဓိ(Shudhi)များနှင့် ခရစ်ယာန်ဘာသာအတွင်းသို့ ကူးပြောင်းဝင်ရောက်သွားသူ ဟိန္ဒူဘာသာကိုယုံကြည်သူများအား ဟိန္ဒူဘာသာသို့ ပြန်လည်ကူးပြောင်း ဝင်ရောက်လာစေလိုသည့်ဆန္ဒဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်လွတ်မြောက်ရေး အမျိုးသားရေးလှုပ်ရှားမှုကို စိတ်ဓာတ်ရေးရာမြှင့်တင်အားပေးသည့် လူထုလှုပ်ရှားမှုဖြင့် အာရိယဆမတ်ချ်(Arya Samaj)ဂိုဏ်းအနေဖြင့် မသင့်လျော်သည့်စိတ်ဖြင့် စတင်ခဲ့သည့်အတွက် ယနေ့ခေတ်တွင် အောင်မြင်တိုးတက်မှုများစွာမရှိခဲ့ပေ။

## နိဂုံးချုပ် (Conclusion)

၁၉ ရာစုများအတွင်းနှင့် ၂၀ ရာစုများအတွင်း များပြားလှစွာသော အခြားအခြားသော ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ပြန်လည်ပြင်ဆင်ရေးသမားတို့၏ အလွန်ကြီးကျယ်သော ပုံရိပ်များ ထွက်ပေါ်လာခဲ့သည်။ ကျွန်ုပ်တို့သည် ပြန်လည်ပြုပြင်ရေးအတွက် တစ်စိုက်မတ်မတ် လုပ်ရှားဆောင်ရွက်ခဲ့ကြသူများအနက် ရာဘင်ဒရာနတ်တာဂိုး(Rabindranath Tagore)၊ အော်ရိုဘင်ဒိုဂို့စ်(Aurobindo Ghose)၊ မဟတ္တမဂန္ဒီ(Mahantma Gandhi)၊ ရာဒါခရစ်ရှ်နန် (Radha Krishnan)၊ ရာမန္နမဟာရှိ(Ramana Mahashi) နှင့် အခြားသောပုဂ္ဂိုလ်များစွာတို့၏ အမည်နာမများ ချန်လှပ်ထား၍ရမည်မဟုတ်ပေ။ အားလုံးကို ခြုံငုံသုံးသပ်ရေးသားရလျှင် ၎င်းတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများသည် ရုပ်ထုကိုးကွယ်မှုဆန့်ကျင်ရေး(anti-idoltry)နှင့် ဇာတ်ခွဲခြားသည့်စနစ် ဆန့်ကျင်ရေး(anti-casteism)တို့ဖြစ်သည်။ ဗြဟ္မဏဉာဏရရှိရေး(Brahma-realization)ကို အလေးပေးသည့် ဘင်္ဂလားလှုပ်ရှားမှု(Bengal movement)သည် အခြားသော လှုပ်ရှားမှုများထက်ပို၍ အများပြည်သူတို့၏အသဲနှလုံးထဲသို့ ဝင်ရောက်ခဲ့သည်။ ဘာသာယုံကြည်ကိုးကွယ်မှုများအားလုံးတို့၏ လိုက်လျောညီထွေဖြစ်စေမှုနှင့် ပေါင်းစည်းညီညွတ်မှုသည် အခြားခေါင်းစဉ်တစ်ခုဖြစ်သည်။ ယနေ့ ဖြစ်ပျက်ပြောင်းလဲနေဆဲ အချိန်ကာလတွင် ခေတ်သစ်ဟိန္ဒူဘာသာ အယူဝါဒတို့၏အနှစ်သာရအား သင်ကြားပြသ ဟောဖော်ညွှန်ပြခြင်း၏ အကျိုးသက်ရောက်မှုကို စာဖတ်သူသာလျှင် အဆုံးအဖြတ်ပေးနိုင်ပေလိမ့်မည်။ အောက်တွင်ဖော်ပြပါ "အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အမျိုးသားရေးဝါဒီများ၏ တွေ့ဆုံဆွေးနွေးမှု"(All India Nationalist Forum) မှ ကောက်နုတ်ချက်စာသားများက ဟာရီဂျမ်းလူမျိုး(Harijans)တို့၏ ဘုရားဝတ်ပြုကျောင်းဝင်ရောက်ခွင့်ကို ဆန့်ကျင်သည့် ရှန်ကာရချာယ(Shankarachaya)၏လုပ်ဆောင်ချက်ကို ဖြစ်တင်ရှုတ်ချထားသည်–

> "ဇာတ်ခွဲခြားမှုစနစ်ကင်းမဲ့၍ နိုင်ငံရေးနှင့်လူမှုရေး တန်းတူညီမျှမှုရှိသော ဟိန္ဒူ လူ့အဖွဲ့အစည်း ပန်တီးဖြစ်ပေါ်လာရေးကို ကျွန်ုပ်တို့ရည်ရွယ်ပါသည်။ လူအချင်းချင်း အဆင့်အတန်းခွဲခြားခြင်း၊ လူအချင်းချင်းနှိပ်စက်ခြင်းနှင့် လူအချင်းချင်း အယူသီးမှု

ကျင့်သုံးခြင်းတို့မှ ကင်းရှင်းကြပါစေ...။"

(The Times of India, July, 16, 1988)

(အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်၊ ပတ္တနားမြို့ မဂဓတက္ကသိုလ်၊ အငြိမ်းစားပါမောက္ခ ဒေါက်တာဝိုင်မဆင်ခ် ရေးသားသည့် A Comparative Study of Religions စာအုပ်မှ ပြန်ဆို ရေးသားထားပါသည်။)

●

# အခန်း(၇) CHAPTER VII

## ဗုဒ္ဓဘာသာ Buddhism

**နိဒါန်း**

ဗုဒ္ဓဘာသာသည် အိန္ဒိယမြစ်ဝှမ်းယဉ်ကျေးမှုမှ စတင်ပေါ်ထွန်းလာသော အိန္ဒိယနိုင်ငံ၏ ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခု ကေန်အမှန်ဖြစ်သည်။ ဗုဒ္ဓဘာသာသည် အနှစ်သာရအားဖြင့် ဝေဒအယူအဆမဟုတ်(non-Vedic)သည့်ပြင် အိန္ဒိယနိုင်ငံ၏ အာရိယန်ခေတ်မတိုင်မီ(Pre-Aryan world-view of India) ကမ္ဘာလုံးဆိုင်ရာ ရှုမြင်သုံးသပ်ချက် ဖြစ်နိုင်ဘွယ်ရာရှိသည်။ ဗုဒ္ဓဘာသာ အတွင်း၌ ကာမ–သံသရာ–ဉာဏ–မုတ္တ(Karma-Samsara-Jnana-Mukti) သဘောတရား အယူအဆကို ရှင်းလင်းစွာဖြင့် အဓိပ္ပါယ်ပေါ်လွင်ရှင်သန်အောင် မွေးဖွားယူခဲ့သည်။ (clearly defined and adopted)။ ဗုဒ္ဓဘာသာသည် ဗြဟ္မာ့ဇာလသုတ္တန်(Brahmajala-Sutta)၌ ဖော်ပြထားသော မိစ္ဆာဒိဋ္ဌိ(heretical views) ၆၂–၆၃ ပါး၏ အရှိန်ဩဇာလွှမ်းမိုးခြင်းကို ခံယူထားရသည်ဟူ၍ ယူဆရသည်။ မည်သို့ပင်ဖြစ်စေကာမူ တပသီအကျင့်(tapas-austerities)နှင့် တကွဖြစ်သော ရသေ့ရဟန်းပြု၍(sannyasa-renunciation) လောကီလူ့ဘုံကို စွန့်လွှတ်တောထွက်ခြင်းဖြစ်သည့် အာရိယယောဂမဟုတ်သော(non-Aryan Yoga) မြင့်မြတ်သည့်ဘဝ ခံယူခြင်းဟူသော နည်းလမ်းသည် ဗုဒ္ဓဘာသာအတွင်း ကိန်းအောင်းရောက်ရှိခဲ့သည်။ ဗြဟ္မာ့ဇာလသုတ္တန်ပါ မိစ္ဆာဒိဋ္ဌိအယူများသည် ဗြဟ္မဏဝါဒ(Brahminism)တွင် ရေးသားဖော်ပြချက်များနှင့် ဆက်စပ်မှု တစ်စုံတစ်ရာမျှမပါဝင်ပေ။ ထို့မှတပါးလည်း ဝေဒအယူဝါဒီမဟုတ်သော ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် လက်ဦးဆရာများဖြစ်ကြသော အာလာရ ကာလာမ(Alara Kalama) ရသေ့ကြီးမှ ကမ္ဘာဦးဆမ်းကျမ်း(Early Samkhya)ကို အနက်အဓိပ္ပါယ် ဖွင့်ဆိုရေးသားခဲ့သည့် ရသေ့ကြီးအာရာ(Arada)တို့ထံမှ ဆမ်းကျမ်း(Samkhya)ကို သင်ယူခဲ့သည်ဟူ၍ ယူဆဘွယ်ရာ ဖြစ်ပါသည်။ ဗုဒ္ဓဟူသော ဝေါဟာရအသုံးအနှုန်းကိုပင်လျှင် ဆမ်းကျမ်းထဲမှ ဗုဒ္ဓိ(Buddhi)ဆိုသည့် စကားရပ်မှ တိုက်ရိုက်ရယူခဲ့သည်ဟု အဆိုရှိပေသည်။ ထို့ပြင် ကပ္ပိလဝတ္ထု(Kapilavastu) ဆိုသည့်စကားသည်လည်း ဆန်းကျမ်းအာဘိဓမ္မာကို အစပျိုးထူထောင်ခဲ့သည့် အရပ်ဒေသ ကပ္ပိ(Kapil)ဟူသော အသုံးအနှုန်းမှ ပြုပြင်သုံးစွဲထားကြောင်း သိရပါသည်။

ဥပနိရှတ်စ်ကျမ်းအား သင်ကြားပြသပေးသူ အာစရိယဂိုဏ်းဝင် ပုဂ္ဂိုလ်ပေါင်းများစွာတို့ကဲ့သို့ပင် ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓနှင့် ရှင်တော်မြတ်မဟာဝီရ(Lord Buddha and Lord Mahavira)တို့သည် ခတ္တိယအနွယ်ဝင် သူတော်စင်များ(Kshatriyas) ဖြစ်ကြသည်။

အဆိုပါ ခတ္တိယအနွယ်ဝင်သူတော်စင်များမှာ အမျိုးအနွယ်အားဖြင့် မထင်မရှား တောင်တန်းဒေသသားများ ဖြစ်ကြသည်။(Munu.X-22) ၎င်းတို့သည် အာရိယန်မျိုးနွယ်စု(Aryan Tribes)များအတွင်း မပါဝင်သည့် မထင်မရှား တောင်တန်းသားများဖြစ်ကြသည်။ ဤသို့သော အကြောင်းရင်းများကြောင့် ဗုဒ္ဓဘာသာနှင့်ဂျိန်းဘာသာ(Jainism)တို့ကို ဝေဒဘာသာ ယုံကြည်ကိုးကွယ်မှု(Vedic Religion)မှ ပေါက်ဖွားလာသော မျိုးဆက်အနွယ် ဂိုဏ်းခွဲများ(off-shoots) ဟူ၍ မပြောနိုင်ပေ။ အဆိုပါ ဗုဒ္ဓဘာသာနှင့်ဂျိန်းဘာသာတို့မှာ သီးခြားလွတ်လပ်စွာဖြင့် ရင်ဘောင်တန်း ဖွံ့ဖြိုးတိုးတက်လာသော အယူအဆယုံကြည်ကိုးကွယ်မှုများဖြစ်ကြသည်။ အမှန်စင်စစ်အားဖြင့် ၎င်းတို့သည် ဝေဒဘာသာယုံကြည်ကိုးကွယ်မှုအား အခြေအနေနှင့် အချိန်ကာလအားလျော်စွာ ဆန့်ကျင်ဘက်သဘောဆောင်လာခဲ့ကြသည်။ ထိုသို့သောဖြစ်ရပ်အကြောင်းခြင်းရာများကြောင့် ဗုဒ္ဓဘာသာနှင့် ဗြဟ္မဏဘာသာယုံကြည်မှုအတွင်း အဘိဓမ္မာဆိုင်ရာ တရားဘာဝနာပွားများအားထုတ်မှုနှင့်စပ်လျဉ်း၍ လေးနက်သည့် စဉ်းစားတွေးခေါ်မှုသည် ထက်ထက်မြက်မြက်အားဖြင့် ကောင်းသောယှဉ်ပြိုင်လှုပ်ရှားမှုတစ်ခု ဖြစ်လာစေခဲ့သည်။ ဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံအတွင်းမှ ပျောက်ကွယ်သွားခဲ့သည့်တိုင်အောင် ဟိန္ဒူဘာသာအတွင်း ယနေ့အထိ ဗုဒ္ဓဘာသာ၏ မပြစ်မနေ လိုက်နာကျင့်သုံးရသည့် သတ်မှတ်ချက်များသည် အပြည့်အစုံ ခြွင်းချက်မရှိ တည်တံ့နေခဲ့သည်။

အိန္ဒိယနိုင်ငံအတွင်း ဟိန္ဒူဘာသာ၏ ဝါးမျိုးမှုကြောင့် ကွယ်ပျောက်လုနီးပါး အခြေအနေသို့ ရောက်ရှိခဲ့သည်။ ဗုဒ္ဓဘာသာ၏ မှတ်သားဖွယ်ရာ ပေါ်လွင်ထင်ရှားသည့်ကျင့်စဉ်များ ကျန်နေခဲ့သည်ဆိုခြင်းမှာ မငြင်းနိုင်သောအရာဖြစ်တော့သည်။ ဗုဒ္ဓဘာသာသည် ၎င်း၏ကိုယ်ပိုင်စာပေယဉ်ကျေးမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ စာပေယဉ်ကျေးမှုအား အရှိန်ဩဇာတိက္ကမအဖြစ် အလေးအနက်ထား ခံယူချက်ထားရှိရမည့်အစား (အဝိဇ္ဇာအယူဝါဒ-Avaitism နှင့် ရာမနုဂျာဝါဒ Ramanuja တို့ကဲ့သို့) ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် မည်သည့်ဘာသာအယူအဆ၏ နည်းနာ

နိဿယ အရှိန်ဩဇာတိက္ကမကိုမျှ အလေးဂရုမပြုပဲ သီးခြားလွတ်လပ်စွာ စဉ်းစားတွေးခေါ်မှုကို တိုက်တွန်းအားပေးခဲ့သည်။ ဗုဒ္ဓဘာသာသည် မည်သည့်အခါမျှ ဇာတ်ခွဲခြားသည့်စနစ်ပါသော ဘာသာရေးဆိုင်ရာ အတွေးအခေါ်အယူအဆကို လက်မခံခဲ့သည့်အပြင် လက်တွေ့မကျ အနှစ်သာရမပါသည့် သဘောတရားရေးဝါဒကို အခြေမခံခဲ့ပေ။ ၎င်းသည် နတ်ဘုရား(ဝါ) ထာဝရဘုရားသခင်ရှိသည်ဟူသော အယူအဆကို လက်မခံ၊ မယုံကြည်ဘဲ လူပုဂ္ဂိုလ်တစ်ဦးသည် မိမိကိုယ်ကို ဒုက္ခနယ်ပယ်မှလွတ်မြောက်ရန် ကယ်တင်လိုပါက သဘာဝလွန်စွမ်းအားရှင်ကို အားကိုးအားထားမပြုပဲ မိမိကိုယ်ကိုသာလျှင် အားကိုးလျက်(Nirishvaravada)ခေါ် ဥပုသ် သီတင်းဆောက်တည်ခြင်းပြုသည့်ဝါဒဖြစ်သည်။

ဗုဒ္ဓဘာသာသာသနာသည် ဟိန္ဒူဘာသာနှင့်မတူညီပဲ ဗုဒ္ဓဘာသာကို စတင်တည်ထောင်ခဲ့သူ ဂေါတမမြတ်ဗုဒ္ဓ သွန်သင်ညွှန်ပြခဲ့သည့်အတိုင်း သံသရာလည်ပတ်နေသည်ဟူသော သဘော တရားကို အခြေခံထားသည်။ ထို့ပြင်လည်း ဗုဒ္ဓဘာသာသည် နိုင်ငံတကာနှင့် ဆက်စပ်မှုရရှိစေရန်၊ တစ်နည်းအားဖြင့် အဆိုးအမသာသနာ ကမ္ဘာသို့ပျံ့နှံ့စေရန် သာသနာပြုလုပ်ငန်းကိုလည်း တစ်ချိန်တည်းမှာ ဆောင်ရွက်ခဲ့သည်။ ဗုဒ္ဓဘာသာသည် ၎င်း၏အဆိုးအမသာသနာကို ကျယ်ပြန့် တိုးပွားလာစေရန်အတွက် ဘာသာစကားတစ်မျိုးတည်းကို တီထွင်ချမှတ်ခဲ့သည်။ ဤအချက်က ဗုဒ္ဓဘာသာသည် သက္ကတဘာသာစကားကိုအခြေခံ၍ ရေးသားပြောဆိုသုံးနှုန်းခဲ့သော ဝေဒဘာသာ(Vedism)နှင့် များစွာကွဲပြားခြားနားကြောင်း သိရှိနိုင်သည်။

## ရှင်တော်ဗုဒ္ဓ (ဘီစီ ၅၆၀–၄၈၀)

**Lord Buddha (C-560 B.C - C-480 B.C)**

ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ဖခမည်းတော်သုဒ္ဓေါဒန(Shuddho dana) နှင့် မယ်တော် မာယာ(Maya)တို့မှ မိးရှူးသန့်စင်ဖွားမြင်တော်မူခဲ့သည်။ သုဒ္ဓေါဒနမင်းကြီးသည် ကောသလတိုင်း အိက်စ်ဝါကု(Iksvaku of Kosala)နှင့် ဆက်ဆံရေးမကောင်းသည့် အုပ်ချုပ်ခံနယ်မြေအတွင်း ကျရောက်သော သကျသာကီယမျိုးနွယ်စု(Shakya clan)တို့၏ အကြီးအကဲ ဘုရင်ငယ်တစ်ပါး ဖြစ်သည်။ ရှင်တော်မြတ်ဗုဒ္ဓသည် သဗ္ဗညုတရွှေဉာဏ်တော်ရသဖြင့် လူသားစင်စစ် ဗုဒ္ဓ(Buddha)

ဟူ၍မဖြစ်သေးမီ ဂေါတမ၊ သို့မဟုတ် သိဒ္ဓတ္ထ(Gotama or Siddartha)ဟူ၍ ထင်ပေါ်ကျော်ကြား လူသိများလာခဲ့သည်။ သိဒ္ဓတ္ထဂေါတမသည် ယသော်ဓရာ(Yashodhara) နှင့် စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ခဲ့ရာ ရာဟုလာအမည်ရှိသော သားတော်တစ်ပါးဖွားမြင်ခဲ့သည်။

ထိုအတောအတွင်း သိဒ္ဓတ္ထဂေါတမသည် နန်းတော်အတွင်းမှ အပြင်သို့ (ဥယျာဉ်တော် အတွင်း)သုံးကြိမ်မျှသွားရောက်စဉ် ဖျားနာနေသူတစ်ယောက်(A sick man) ၊ အိုမင်းသူ တစ်ယောက်(An old man)နှင့် သူသေတစ်ဦး (A dead man)တို့ကို တွေ့မြင်ခဲ့လေသည်။ ဤသို့ သူအို သူနာ သူသေ သုံးဦးကိုတွေ့ရှိရသောမြင်ကွင်းသည် သိဒ္ဓတ္ထမင်းသားအား လူ့ဘဝဆိုတာ စိတ်ဆင်းရဲဖွယ်ရာပါတကား၊ ဒီလိုဒုက္ခခံစားရသောဘဝမှ လွတ်မြောက်အောင် ငါရှာကြံတော့မည်ဟူ၍ သံဝေဂတရားရရှိခဲ့သည်။ ထိုသို့ စဉ်းစားတွေးတောနေစဉ် အခိုက်အတံ့ မှာပင် ငြိမ်းအေးချမ်းသာ တည်ငြိမ်စွာသော(Serene Recluse)အသွင်ရှိ ပုဂ္ဂိုလ်တစ်ဦးကို တွေ့မြင်ပြီး ငါသည် ထိုငြိမ်းချမ်းသောဘဝဖြင့် နေထိုင်နိုင်သူကဲ့သို့ ငြိမ်းအေးမှုရရှိအောင် လုပ်ရမည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

တစ်နေ့သ၌ ဉာဉ့်သန်းခေါင်ယံအခါ အိပ်ယာသလွန် ညောင်စောင်းတွင် စက်တော်ခေါ် အိပ်ပျော်နေကြသည့် ယသော်ဓရာမိဖုရားနှင့် သားတော်ငယ်ကလေးရာဟုလာတို့အား နောက်ဆုံး အနေဖြင့် ကြည့်ရှုတော်မူပြီး(ပန်းချီကားတွင်ရေးသားသည့်စကားမှာ ကြာချိလှပ်သည်ဟု ဆို၏) ဇနီးမယားနှင့် တစ်ဦးတည်းသောသားကို စွန့်လွှတ်ထွက်ခွာလာပြီးနောက် တောတွင်းလှည့်လည် သွားလာနေထိုင်သူ ရဟန်းတစ်ပါးဖြစ်သွားလေ၏။ သိဒ္ဓတ္ထမင်းသားသည် ဒုက္ခမှလွတ်ကင်းရာ နည်းလမ်းရှာကြံရန် မိမိကိုယ်မိမိ အာဠာရကာလာမနှင့် ဥဒကရာမပုတ္တ(Alara Kalama and Uddaka Rama Puta) ဆရာနှစ်ဦးထံ အပ်နှံခဲ့လေသည်။ အာဠာရကာလာမက သိဒ္ဓတ္ထ မင်းသားအား ဆမ်းကျမ်းအဘိဓမ္မာနှင့်လျော်ညီစွာ သဗ္ဗညုတဉာဏ်ရရှိပြီး ဘုရားဖြစ်နိုင်သည့် နည်းလမ်းကို သင်ကြားပြသပေးခဲ့သည်။ သို့ပါသော်လည်း အသိဉာဏ်ပညာ ထက်မြက်စေရန် သင်ကြားပြသသည့် သဘောတရားသည် သိဒ္ဓတ္ထမင်းသားအား သဗ္ဗညုတဉာဏ် မရစေနိုင်ခဲ့ပေ။ ထို့ကြောင့် သိဒ္ဓတ္ထဂေါတမမင်းသားသည် နောက်ဆရာတစ်ဦးဖြစ်သည့် ဥဒကရာမပုတ္တထံ ချဉ်းကပ်ခဲ့ရာ ၎င်းဆရာက တပအကျင့်(Tapas)နှင့် မိမိကိုယ်ကို ညှင်းပန်းနှိပ်စက်ခြင်းဖြင့်

အသိဉာဏ်ပညာအလင်းရောင် ရရှိစေနိုင်စေကြောင်း သင်ကြားပို့ချခဲ့သည်။ မြတ်ဗုဒ္ဓအလောင်းတော် မင်းသားသိဒ္ဓတ္ထသည် အတ္တကိလမထာနုယောဂ(bodily mortification) ခေါ် မိမိကိုယ်ကို အလွန်အမင်း ဆင်းရဲပင်ပန်းအောင် နှိပ်စက်ညှင်းပန်းသည့်ကျင့်စဉ်ကိုကျင့်ရာ အင်အားအလွန် ချိနဲ့ပြီး လမ်းမလျှောက်နိုင်သည့် အခြေအနေသို့ရောက်ရှိခဲ့လေ၏။ နောက်ဆုံးတွင် ဗုဒ္ဓဂယာ(Bodh Gaya) ညောင်ပင်အောက်၌တရားထိုင်လျက် (မိမိကိုယ်ခန္ဓာ၏ အတွင်းသဘောများကို လည်းကောင်း၊ သတ္တလောကကြီးတစ်ခုလုံး၏ အတွင်းသဘောကိုလည်းကောင်း၊ အကြောင်း ကြောင့်အကျိုးတရား စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲလျက် မည်သည့်အရာမျှ မတည်မြဲခြင်း သဘော၊ ဖြစ်ပျက်ပြုပြင်ပြောင်းလဲခြင်းကို မလွန်ဆန်နိုင်သည့်အတွက် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းသဘော၊ သူ့သဘောနှင့် သူဖြစ်၍ သူ့သဘောနှင့်သူ ပျက်ပြီးလျှင် တစ်ဖန်ပြန်ဖြစ်လိုက် ပျက်လိုက်အားဖြင့် ချားရဟတ်ပမာ သံသရာလည်ပတ်နေပုံကို အပြန်ပြန်အလှန်လှန် အလွန်တရာ နက်နဲစွာ စဉ်းစားရာမှ သစ္စာလေးပါးတရားတော်(Four Noble Truth)ကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်တော်မူပြီးနောက်) သိဒ္ဓတ္ထ ဂေါတမသည် တဖြည်းဖြည်းနှင့် ဒုက္ခခံစားရခြင်းသဘောကို မျက်စိအောက်တွင် ဖွင့်ပြသကဲ့သို့ မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရလေသည်။ အလောင်းတော်မင်းသား ၏ အတွေးနယ်ပယ်သည် ကြည်လင်ပြတ်သားမှု မရှိသေးသည်ကိုတွေ့ရှိရသဖြင့် ငြွမလျှော့ဘဲ ဆက်လက်၍အားထုတ်လိုက်ရာ သဗ္ဗညုတဉာဏ်တော်ရပြီး ဘုရားအဖြစ်သို့ ရောက်ရှိခဲ့လေ သည်။

(သစ္စာလေးပါးကို ကိုယ်တိုင်တွေ့မြင်သိရှိသဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး နောက်) သိဒ္ဓတ္ထဂေါတမ၏ အတွေးနယ်ပယ်ထဲတွင် လွန်ဆွဲနေသည့် အခြေအနေတစ်ရပ်မှာ(A struggle remained within him) (သူ၏ သဗ္ဗညုတဉာဏ်ဖြင့်တွေ့ရှိရသည့် သစ္စာလေးပါး မြတ်တရား) သူ၏ယုံကြည်ယူဆချက်(Gospel)ကို အများသူငါသိနားလည်နိုင်အောင် ဖွင့်ဟ ထုတ်ဖော်ပြောပြရန် သင့် မသင့်ဟူသောအချက်ဖြစ်သည်။ နောက်ဆုံးတွင် ဤယုံကြည် ယူဆချက်(Gospel)အား ကမ္ဘာတစ်ဝှမ်းလုံးသိရှိနိုင်ရန် အသိပေးကြေညာရန် ဆုံးဖြတ်ခဲ့သည်။ ဤယုံကြည်ယူဆချက်(Gospel)သည် ယခုအချိန်ကာလ၌ ဗုဒ္ဓဘာသာ(Buddhism)ဟူ၍ ကမ္ဘာတစ်လွှား ထင်ပေါ်ကျော်ကြားလူသိများနေကြသည်။ အဆိုပါ ဗုဒ္ဓဘာသာ၏ထူးခြားထင်ရှား

ပေါ်လွင်သည့်အချက်များကို အောက်ပါအတိုင်း အကျဉ်းချုပ်အားဖြင့် ရေးသားလိုက်ပါသည်။

## ဗုဒ္ဓဘာသာ၏ ထူးခြားတင်ရှားပေါ်လွင်သောအချက်များ

**(The Distinctive Features of Buddhism)**

ဗုဒ္ဓသာသနာသည် အိန္ဒိယပြည်အတွင်း၌ စတင်ပွင့်ထွန်း ပေါ်ပေါက်လာသည့်အချိန်မှ စ၍ နှစ်ပေါင်း ၁၅၀၀ ခန့် ၎င်း၏အဆုံးအမဒေသနာနှင့် ကျင့်သုံးလိုက်နာမှုများ တည်ရှိနေခဲ့သည်။ ဗုဒ္ဓဘာသာသည် ဂေါတမဗုဒ္ဓ ပွင့်ထွန်းတော်မူခဲ့သည့် အချိန်မှစ၍ A.D 1200 ခုနှစ်ခန့်အထိ အလွန်အဓိပ္ပါယ်ပြည့်ဝစွာဖြင့် အရေးပါအရာရောက်သည့် ဘာသာတရားဖြစ်ခဲ့သည်။ အမှန်စင်စစ် အားဖြင့် ဗုဒ္ဓဘာသာသည် သဘောတရားအယူအဆပေါင်းများစွာကို စုစည်းပေါင်းစပ် ဖွဲ့စည်းသည့် စနစ်ဖြင့် ကျယ်ပြန့်စွာဖြစ်ပေါ်လာသော ဘာသာတစ်ခုဖြစ်သည်။ လူတစ်ဦးတစ်ယောက်သည် ဗုဒ္ဓဘာသာ၏ သဘာဝယုတ္တိနိုင်ခန့်မှုကို သိမြင်နားလည်နိုင်ပါသည်။ ဗုဒ္ဓဘာသာ၏ အခြေခံ သဘောတရားများတွင် အောက်၌ဖော်ပြသည့် သဘောတရား(၃)ချက်မှာ ဗုဒ္ဓအဘိဓမ္မာ၏ အနှစ်သာရဖြစ်သည်။

(၁) အရာခပ်သိမ်းတို့၏ စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေမှု(Flux of Momentariness) ခေါ် အနိစ္စ

(၂) သတ္တလောကတစ်ခုလုံး ပျော်ရွှင်ချမ်းမြေ့ကြည်နူးဘွယ်ရာဟူ၍မရှိ ဆင်းရဲဒုက္ခမျှသာဖြစ်ခြင်းဟူသောသဘော(ဒုက္ခ) (Universal Suffering of Psycho Physical Complex of Human Beings) ခေါ် ဒုက္ခ

(၃) အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိဉာဉ်ကောင်ဟူ၍ မရှိခြင်း (Soullessness in Existence of Life) ခေါ် အနတ္တ

ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဟူ၍မရှိ၊ အသက်လိပ်ပြာ၊ အတ္တဇီဝ(Atta, Jiva)ဟူ၍ မရှိ၊ အရာခပ်သိမ်း စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေသော ရုပ်နာမ်သဘောမျှသာဖြစ်သည်ဟူ၍ လက်ခံယုံကြည်မှုသည် ဗုဒ္ဓဘာသာ၏အခြေခံအကျဆုံး သဘောတရားများဖြစ်၏။ အရာခပ်သိမ်းသည် တည်တန့်ခိုင်မြဲနေသည့် သဘောမရှိ၊ အစဉ်အမြဲ

ရွေ့လျောပြောင်းလဲနေခြင်းသဘောသာရှိ၏။ ဤသို့သော အခြင်းအရာကြောင့် တည်ဆဲခဏတွင် သာယာကြည်နူးမှုသည် ချက်ခြင်းပင်ပျက်စီးပျောက်ဆုံးမှုသို့ ဆိုက်ရောက်သွား၏။ အရာခပ်သိမ်း တို့သည် ဖြစ်ပြီးကာစ မူလအခြေအနေမှ မပြောင်းမလဲ တည်မြဲနေအောင် မည်သူတစ်ဦး တစ်ယောက်မျှ လုပ်ဆောင်နိုင်စွမ်းမရှိသဖြင့် အားကိုးအားထားဘွယ်ရာ တစ်စုံတစ်ခုမျှမရှိ။ ဤသို့သောအကြောင်းကြောင့် အကယ်၍ ကျွန်ုပ်တို့သည် သင့်တင့်သော နှလုံးသွင်းမှု (ယောနိသော မနသိကာယ) သို့မဟုတ် မှန်ကန်သော သတိတရားဖြင့် စောင့်ကြည့်နေပါက မလွဲမသွေတွေ့ကြုံ ခံစားရသည့် နာကျင်ကိုက်ခဲမှုဝေဒနာသည် အလျင်အမြန် ဖြတ်သန်းစီးဆင်း သွားသည့်သဘောကို အသေအချာတွေ့မြင်ရမည် ဖြစ်သည်။ အသက်ဇီဝဟူ၍ ထင်မှတ်နေကြသည့် ဝိဉာဏ် ခေါ် သိမှုသဘောကလေးသည် တည်တံ့၍မနေဘဲ စိတ်အစဉ်၌ ချောင်းရေစီးဆင်းသွား သကဲ့သို့ အလျင်မပြတ် စီးဆင်းနေသည့်သဘောဖြစ်၏။

ပဋိပတ္တိလက်တွေ့ကျင့်စဉ်အတိုင်း မဆုတ်မနစ်သောလုံ့လစိုက်၍ ကျင့်ကြံအားထုတ် ခဲ့လျှင် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် အဓိကအကြောင်းရင်း ဖြစ်သည့် ရတနာသုံးပါးတည်းဟူသော သီလ၊ သမာဓိ၊ ပညာကို ရရှိနိုင်ပေလိမ့်မည်။ နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင် ရန် ဗုဒ္ဓဘာသာဝင်တစ်ဦးသည် သီလတည်းဟူသော ကိုယ်ကျင့်တရားကို လုံခြုံစွာထိန်း သိမ်းခြင်းမှစ၍ တစ်ဆင့်တက်လှမ်းရမည့်ကျင့်စဉ်မှာ စိတ်ကို မိမိလိုရာသို့ စူးစိုက်ရှုမှတ်လျက် တစ်နေရာတည်း၌ ခိုင်မြဲစွာထားရှိနိုင်ရန် သမာဓိအဆင့်သို့ရောက်အောင် အားထုတ်ရမည်။ သို့ဖြစ်စေကာမူ သမာဓိ ခေါ် စိတ်ကို မိမိအလိုရှိရာ၌ ခိုင်မြဲစွာထားရှိနိုင်စေကာမူ ယာယီအခိုက် အတန့်အားဖြင့်သာလျှင် ကိလေသာအညစ်အကြေးကို ဖယ်ထားနိုင်ပေလိမ့်မည်။ မဂ်ဖိုလ်စခန်းမှ တဆင့် နိဗ္ဗာန်သို့တက်လှမ်းလိုသူ ယောဂီ (ဝါ) ကျင့်ကြံအားထုတ်လိုသူ တစ်ဦးသည် သမာဓိရရှိလျှင် အထိုက်အလျောက် စိတ်အေးချမ်းတည်ငြိမ်မှုရရှိစေကာမူ လောကီနယ်အတွင်း ပြန်လည် သက်ဆင်းကျရောက်နိုင်၍ ဒုက္ခဝဋ်အတွင်း မလွတ်မြောက်နိုင်သေးပေ။ သီလသမာဓိနှင့် ပြည့်စုံ သူတစ်ဦးသည် ပညာအဆင့်သို့ မြဲမြံစွာရောက်ရှိမှသာလျှင် စိုးရိမ်ပူဆွေးသောက ကင်းပျောက် မည်ဖြစ်၏။ သို့သော် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းတော့ မဟုတ်သေး။ သို့သော် လောကီနယ် အတွင်း၌သာ ရှိနေသေး၏။

ဗုဒ္ဓသာသနာတစ်ရပ်လုံးတွင် သစ္စာ(၄)ပါးတရားတော်သည် ပါဝင်လျက်ရှိ၏။ ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည့် သစ္စာ(၄)ပါးတရားတော်မှာ အောက်ပါအတိုင်းဖြစ်၏-

(၁) ဆင်းရဲခြင်းအမှန်ဟူ၍ အဓိပ္ပါယ်ရသည့် ဒုက္ခသစ္စာသည်ရှိ၏။

(၂) ဆင်းရဲမှုကို ဖြစ်ပေါ်စေသည့် အကြောင်းတရားအမှန်ဟူ၍ အဓိပ္ပါယ်ရသည့် သမုဒယသစ္စာသည်ရှိ၏။

(၃) ဆင်းရဲမှုချုပ်ငြိမ်းရာအမှန်ဟူ၍ အဓိပ္ပါယ်ရသည့် နိရောဓသစ္စာသည်ရှိ၏။

(၄) ဆင်းရဲမှုချုပ်ငြိမ်းရာသို့ ဦးတည်သွားရာလမ်းအမှန်ဟူ၍ အဓိပ္ပါယ်ရသည့် မဂ္ဂသစ္စာသည်ရှိ၏။

သစ္စာတစ်ပါးလျှင် အနက်အဓိပ္ပါယ်(၄)မျိုးစီ ရှိသည်။ ၎င်းတို့မှာ -

(၁) ဒုက္ခသစ္စာအနက်(၄)ချက်

(က) ပီဠနဋ္ဌ - အမြဲတစေ နှိပ်စက်ခြင်းသဘောရှိ၏။

(ခ) သင်္ခတဋ္ဌ - အမြဲတစေ ပြုပြင်နေရခြင်းသဘောရှိ၏။

(ဂ) သန္တာပနဋ္ဌ - အမြဲတစေ ပူလောင်ခံနေရခြင်းသဘောရှိ၏။

(ဃ) ဝိပရိဏာမဋ္ဌ - အမြဲတစေ ဖောက်ပြန်ပြောင်းလဲခြင်းသဘောရှိ၏။

(၂) သမုဒယသစ္စာအနက်(၄)ချက်

(က) အာယူဟနဋ္ဌ - အမြဲတစေလိုချင်မှုဖြင့် အားထုတ်ခြင်းသဘော အမှန်ရှိ၏။

(ခ) နိဒနဋ္ဌ - အမြဲတစေဖြစ်ချင်မှု၊ ရချင်မှုသဘော အမှန်ရှိ၏။

(ဂ) သံယောဂဋ္ဌ - အမြဲတစေ နစ်မွန်းစေတတ်သောသဘော အမှန်ရှိ၏။

(ဃ) ဗလိဗောဓဋ္ဌ - အမြဲတစေ ဖွဲ့စည်းရစ်ပတ်ခြင်းသဘော အမှန်ရှိ၏။

(၃) နိရောဓသစ္စာအနက်(၄)ချက်

(က) နိဿရဏဋ္ဌ - လွတ်ငြိမ်းချမ်းသာမှုရရှိခြင်းသဘော အမှန်ရှိ၏။

(ခ) ဝိဝေကဋ္ဌ - ဆိတ်ငြိမ်ရာဖြစ်ခြင်းသဘော အမှန်ရှိ၏။

(ဂ) အသင်္ခတဋ္ဌ - မပြုပြင်ရခြင်း၊ မစီမံရခြင်း၊ ဘာတစ်ခုမှ စိုးရိမ်ကြောင့်ကြ

ဗျာပါဒစိုက်ထုတ်ရန် မလိုအပ်ခြင်းသဘော အမှန်ရှိ၏။

(ဃ) အမတတ္တ – မဒို၊ မနာ၊ မသေရာတို့ အမြဲထာဝရတည်ရှိနေခြင်းသဘော အမှန်ရှိ၏။

(၄) မဂ္ဂသစ္စာအနက်(၄)ချက်

(က) နိယျာနတ္တ – ပို့ဆောင်ကယ်တင်ခြင်းသဘော အမှန်ရှိ၏။

(ခ) ဟေတုတ္တ – ခိုလှုံသက်ဝင်ခြင်းသဘော အမှန်ရှိ၏။

(ဂ) ဒဿနတ္တ – နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသဘော အမှန်ရှိ၏။

(ဃ) အဓိပတေယျတ္တ – အကြီးအမှူးဖြစ်ခြင်းသဘော အမှန်ရှိ၏။

*(အထက်ဖော်ပြပါ သစ္စာအနက် ၁၆ ချက်သည် ဗုဒ္ဓဘာသာတွင်အရေးအကြီးဆုံးနှင့် အလေးနက်ဆုံး သဘောတရားဖြစ်ကြောင်း ရဟန်းရှင်လူ ပညာရှိပုဂ္ဂိုလ်အဆူဆူတို့က ဆိုစမှတ်ပြုကြပေသည်။ ဘာသာပြန်ဆိုသူ)*

ဒုက္ခသစ္စာဆိုသော ဝေါဟာရအသုံးအနှုန်းနှင့်စပ်လျဉ်း၍ အိန္ဒိယပြည်၏ ဘာသာရေးစနစ်နယ်ပယ်တွင်(Soteriology)*ဆိုသော ဝေါဟာရရှိသည်။ အမှန်စင်စစ်အားဖြင့် ယုံကြည်ကိုးကွယ်သည့် ဘာသာများသည် သံသရာဝဋ်နှောင် လူ့ဘဝဒုက္ခဘောင်မှ လွတ်အောင်ရုန်းထွက်နိုင်သည့် လက်တွေ့ကျသောအဖြေကို ရရှိလိုကြသည်။ အိန္ဒိယပြည်၏ ဘာသာရေးအယူအဆမှာ လူ့ဘုံလူ့လောက၌ ဖြစ်တည်နေရခြင်းသည် ဒုက္ခဝဋ်အတွင်း သက်ဆင်းနေရသည်ဆိုခြင်းကို မငြင်းပယ်သည့်အပြင် ယင်းဝဋ်ဒုက္ခမှ လွတ်ကင်းစေမည့် နည်းလမ်းကိုသာ အလိုရှိကြသည်။ ဗုဒ္ဓဘာသာသည် စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲခြင်းတရားကို အနိစ္စဟူ၍ ပြောဆိုသုံးနှုန်းသည့်အပြင် အဆိုပါ စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲခြင်းမှာ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိသောအခြင်းအရာဖြစ်သည်ဟူ၍ အကျိုးအကြောင်း ဆီလျော်သည့် ခံယူချက်ထားရှိသည်။

ဗုဒ္ဓဘာသာသည် ယင်းဝဋ်ဒုက္ခကို ဖယ်ရှားစွန့်ပစ်နိုင်ရန် ကျင့်ကြံကြိုးစားရသည့် ကျင့်စဉ်ကို အခြေခံထား၏။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် ဘာသာဝင်များအား ဆင်းရဲခြင်းဖြစ်စေ

*Soteriology – ဆိုသည်မှာ ကယ်တင်လွတ်မြောက်ခြင်းဟူသော သဘောတရားအယူအဆဖြစ်သည်။

နိုင်သည့် မူလအစ ပထမဆုံးသော မကောင်းမှု(ဝါ) အပြစ်အနာအဆာကို စဉ်းစားတွေးခေါ်ရန် နည်းလမ်းညွှန်ပြမှု မရှိပေ။ ဗုဒ္ဓဘာသာဝင်များအဖို့ ဒုက္ခဆင်းရဲခြင်း၏ မူလအစ အကြောင်းတရားအားသိရှိရန် အားထုတ်ကြိုးပမ်းမှုသည် သတ္တဝါတို့၏အစကို စဉ်းစားခြင်းဖြစ်၍ အကျိုးမရှိ အချည်းနှီးသာဖြစ်သည်ဟူ၍ ခံယူသည်။ ဤကဲ့သို့သော ဗုဒ္ဓဘာသာ၏ အဆုံးအမသြဝါဒသည် အိန္ဒိယပြည်၏ အခြားဘာသာများမှ ဆင်းသက်လာသော သဘောတရားဖြစ်သည်ဆိုခြင်းအား ငြင်းဆိုခြင်းမပြုကြောင်း တိတ်ဆိတ်စွာနေခြင်းက ဝန်ခံရာရောက်၏။ ဤဒုက္ခဆင်းရဲခြင်းကို "ဇရာ-မရဏ"ဟူ၍လည်းကောင်း၊ အသက်ကြီးရင့်အိုမင်းခြင်းနှင့် သေဆုံးခြင်းဟူ၍လည်းကောင်း အကျဉ်းချုံး၍ ဆိုသည်။

**ကွင်းဆက်(၁၂)ခုဖြင့် အကြောင်းအကျိုးဆက်တရား(ဝါ)ပဋိစ္စသမုပ္ပါဒ်တရားတော်**

သမုဒယသစ္စာအမည်ရသော ရချင်၊ ဖြစ်ချင်၊ လိုချင်သည့် ပြင်းထန်သည့်ဆန္ဒကြောင့် ဒုက္ခသစ္စာမည်သော ကိုယ် စိတ်နှစ်ပါး ဆင်းရဲခြင်း အကျိုးရလဒ်ကို ဖြစ်စေ၏။ အဘယ်ကြောင့်ဆိုသော် အကြောင်းတရားကင်း၍ ဖြစ်ပေါ်လာသော အကျိုးတရားဟူ၍ မရှိနိုင်သောကြောင့်ဖြစ်၏။ ဤဒေသနာကို ပဋိစ္စသမုပ္ပါဒ်တရား (Doctrine of Pratiya-Samut Pada)ဟူ၍ သိရှိမှတ်သားနားလည်ထားကြ၏။ ဆိုလိုသည်မှာ ဤအကြောင်းကြောင့် ဤအကျိုးဖြစ်ရသည်ဟူ၍ ဖြစ်၏။ လူ့ဘဝ၏ ဆင်းရဲဒုက္ခဖြစ်ပေါ်ရခြင်းကို ကြောင်းကျိုးဆက်စပ် ကွင်းဆက်(၁၂)ရပ်ဖြင့် ရှင်းလင်းဖော်ပြထားသည်။

(၁) အသိဉာဏ်မရှိခြင်း - အဝိဇ္ဇာ (Avidya)

(၂) အတိတ်ဘဝများစွာမှ ပြုလုပ်အားထုတ်မှုဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ယခုဘဝ၌ လူဖြစ်လာခြင်း - သင်္ခါရ (Samskara)

(၃) သိမှုဝိဉာဏ် (Vijnana)

(၄) နာမ်ရုပ် (Nama-rupa)

(၅) အာရုံ(၆)ပါး၊ တံခါး(၆)ပေါက်၊ ဆအာယတန (Sadayatana) သံသရာနယ်ချဲ့တရား(၆)ပါး

(၆) အာရုံထိတွေ့မှု - သံဖဿ(ဝါ) ဖဿ (Indriya-Vastu Sampark)

(၇) ကောင်းမကောင်း၊ ကြိုက်မကြိုက်စသည်ဖြင့် အာရုံခံမှုဝေဒနာ (Vedana)

(၈) လိုချင်မှု၊ တပ်မက်စွဲငြိမှု - တဏှာ (Trsna)

*(၎င်းတဏှာဆိုသည့် စကားအသုံးအနှုန်းမှာ အိန္ဒိယပြည်ရှေးခေတ်ကာလ၊ နွားကျောင်းသားများသည် အလွန်ပူပြင်းသည့်နေပူထဲမှ သစ်ပင်အရိပ်အောက်၌ ထားရှိသောရေအိုးမှ ရေကို အလုအယက်အငမ်းမရ ရေဆာလောင် မွတ်သိပ်ခြင်းကို သုံးနှုန်းပြောဆိုရာမှ စသည်ဟူ၍သိရ၏။ ဘာသာပြန်သူ)*

(၉) တဏှာဖြစ်ခြင်းကြောင့် ၎င်း၏စွဲငြိနေမှုကို မရမနေ အမိအရ ဖက်တွယ်ထားခြင်း (ဝါ) အပြင်းအထန်စွဲလန်းမှု ဥပါဒါန် (Upadan)

(၁၀) အပြင်းအထန် စွဲလန်းမှုကြောင့်ဖြစ်ပေါ်လာသည့်လုပ်ဆောင်ချက် - ဘဝ (ခေါ်) ကမ္မဘဝ (Bhava)

(၁၁) ပဋိသန္ဓေတည်ခြင်း - ဇာတိ (Jati)

(၁၂) ပဋိသန္ဓေမှ ရင့်ရော်အိုမင်းမှု၊ သေဆုံးပျက်စီးမှု - ဇရာ-မရဏ (Jara-Marana)

ကျွန်ုပ်တို့ ယခု လူ့ဘဝသို့ရောက်ရှိနေရခြင်းမှာ ဘဝဖြစ်ရန်လိုလားတောင့်တခြင်းသည် အဖေနှင့် အလားသဏ္ဍာန်တူပြီး တဏှာ(ဝါ)လိုချင်မှု၊ တွယ်တာကပ်ငြိမှုသည် အမေနှင့် အလားသဏ္ဍာန်တူသည်ဟူ၍ ပြောစမှတ်ပြုကြ၏။ အကယ်၍ တဏှာမရှိခဲ့လျှင် ဘဝဆိုသည်မှာလည်း ရှိတော့မည်မဟုတ်ပေ။ ဤသို့သောအားဖြင့် ဟိန္ဒူဘာသာ၏ ဥပါဒ်တ် နိရုတ်စ်ကျမ်းဂန်၌လာသော အဆိုအမိန့်နှင့် ဗုဒ္ဓဘာသာတို့သည် တဏှာနိရောဓ(ဝါ) လိုချင်မှုလောဘ ချုပ်ငြိမ်းမှုကို မျက်မှောက်ပြုရန် ရည်ရွယ်ချက်ထားရှိသည်။

ခရစ်ယာန်ဘာသာသမ္မာကျမ်း ကျမ်းစာအုပ်(Ecclesiastes)တွင်လည်း လူ့ဘဝရရှိခြင်း ဒုက္ခနှင့်ပတ်သက်၍ အောက်ပါအတိုင်းတွေ့ရှိရသည်-

''လူ့ဘဝရောက်ရှိလာပြီး သေဆုံးခြင်းသို့ ရောက်ရှိသွားသူအား ငါမလိုလားပေ၊ ၎င်းတို့အား သေဆုံးခြင်းတရားမရှိဘဲ၊ အသက်ရှင်လျက်ရှိနေခြင်းကိုသာ ငါတွေ့လိုပါ၏။ သို့သော်လည်း သေခြင်းတရားမရှိမှုသည်လည်းကောင်း၊ သို့မဟုတ် ဘယ်သောအခါမှ

မွေးဖွားမှုမရှိခြင်းသည်လည်းကောင်း ပို၍ကောင်းမြတ်သေး၏။" (ခရစ်ယာန်ဘာသာ သမ္မာကျမ်းစာ -၄-၂-၃)

အလားတူပင် ဂရိစ်နိုင်ငံတော်ပြည့်ရှင်ဘုရင် မိဒပ်စ်မာကြူရီကလည်း ၎င်း၏စိတ်ကို မထိန်းချုပ်နိုင်ပဲ စိတ်မကောင်းစွာဖြင့် ရုတ်တရက်ပြောဆိုသည်မှာ -

"ကံမကောင်း အကြောင်းမလှရှာသူ၊ အခွင့်အလမ်းကင်းမဲ့ရှာသူ - အိုသားတော်၊ သမီးတော်အပေါင်းတို့ အသင်တို့အား ငါပြောကြားလိုသည်မှာ အသင်တို့သည် ဘဝမဖြစ်ခြင်း၊ လူ့ဘဝလူ့လောကသို့ မသက်ဆင်းရန်နှင့် ဇာတိပဋိသန္ဓေ မနေရခြင်းသည် အသင်တို့အဖို့ အကောင်းဆုံးဖြစ်ပေလိမ့်မည်။"

ဂိုသီကလည်း အောက်ပါအတိုင်း မှတ်ချက်ပြုထားသည်-

"ဒုက္ခ၊ သုခများလှစွာသော လူ့ဘဝကို ဘာကြောင့်ရရှိနေကြပါလိမ့်၊ အကယ်၍ လူ့ဘဝသို့ မဆင်းသက်ရလျှင် ကောင်းပေစွ။"

ကံအားလျော်စွာဖြင့် ရှင်တော်ဗုဒ္ဓသည် လူ့ဘဝလောကီဘုံသို့ ယခုရောက်ရှိပြီး ဒုက္ခဝဋ်ဆင်းရဲအတွင်း ကျရောက်နေရခြင်းမှ လွတ်ကင်းနိုင်သည့်အကြောင်းကို အလေးအနက် ဟောကြားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဒုက္ခချုပ်ငြိမ်းခြင်း အမှန်တရားရှိနေခြင်းကြောင့် ဖြစ်ပေသည်။

နိဗ္ဗာန်ဆိုသော သဘောသည်ရှိ၏။ နိဗ္ဗာန်သည်အမှန်ရှိသော ပရမတ္ထတရားဖြစ်သည်။ "နိဗ္ဗာန"ဟူသော ပါဠိစကားလုံး၏အဓိပ္ပါယ်မှာ "လွင့်တက်ပျောက်ကွယ်ခြင်း"ဟူ၍ မီးတောက်မီးလျှံတစ်ခု ချုပ်ငြိမ်းပျောက်ကွယ်သွားသည့် ဥပမာနှင့်နှိုင်းယှဉ်၍ တပေကဖွင့်ဆိုသည်။ ဤအချက်သည် လူ့ဘဝ၏ နောက်ဆုံးရည်မှန်းချက်ထား၍ အစွမ်းကုန်ကြိုးစားရမည့်အချက် ဖြစ်သည်။ နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်းကင်းငြိမ်းရာအမှန်၊ လိုချင်တပ်မက်မှု လောဘတဏှာချုပ်ငြိမ်း အေးငြိမ်းရာအမှန်၊ ဘဝအသစ် တစ်ဖန်ပြန်ဖြစ်ခြင်းမရှိရာ ဧကန်ဖြစ်၏။ ထိုနိဗ္ဗာန်သည် သန္တိသုခ အမြဲရှိနေသည့် ဓါတ်သဘောဟူ၍ ဖော်ပြနိုင်သည်။ ဤအမတ မြတ်နိဗ္ဗာန်သည် နေရာဌာနဖော်ပြခြင်းငှာ မစွမ်းနိုင်သည့် အေးငြိမ်းချမ်းသာမှုအားလုံးတို့ထက်ပို၍ အေးငြိမ်းချမ်းသာမှု အပြည့်အဝရှိသောသဘောဖြစ်သည်။ နိဗ္ဗာန်၏ သဘောသဘာဝသည်

အလွန့်အလွန် သိမ်မွေ့နက်နဲ၍ ဗုဒ္ဓဘာသာလောကအတွင်း အငြင်းပွားနေသည့် ကိစ္စတစ်ခုဖြစ်သည်။ ဤနိဗ္ဗာန်နှင့် ပတ်သက်သည့် "ဗုဒ္ဓဘာသာဝင်များ၏ နောက်ဆုံးခရီးပန်းတိုင်" (Final Destiny or Moksa) ခေါင်းစဉ်အောက်၌ ပြန်လည်တင်ပြပါဦးမည်။

*မှတ်ချက်။ ။ ဘာသာပြန်သူသည် နိဗ္ဗာန်ဆိုသည့် သဘောသဘာဝကို ကိုယ်တိုင်ကိုယ်ကျတွေ့မြင်ခံစားရမှု မပြုနိုင်သေးသော်လည်း ဤသို့နားလည်ထား၏။ နိဗ္ဗာန်ဟူသော မည်သူတစ်ဦးတစ်ယောက်၏ ပြုပြင်ဖန်တီးထားခြင်း မဟုတ်သည့် တကယ့်အရှိတရားတစ်ခုအဖြစ် စကြဝဠာကမ္ဘာလောကဓါတ် စဝင်ဖြစ်ထွန်းချိန်မှစ၍ အခြားအခြားသော သဘာဝတရားများနှင့် အတူတကွဖြစ်ထွန်း ပေါ်ပေါက်လာသည့် တကယ့်အရှိအမှန်တရား (ပရမတ္ထဓါတ်သဘောတရား) ဖြစ်သည်။ မပြောင်းမလဲ အမြဲတည်ရှိနေသည့် သဘောတရားဖြစ်၍ ၎င်း၏ အရင်းခံသဘောမှာ ကိုယ်စိတ်နှစ်ပါး ရရှိခံစားနိုင်သည့် ငြိမ်းချမ်းမှုအားလုံးတို့ထက် နှိုင်းယှဉ်မရသော အဆပေါင်းများစွာ သာလွန်ငြိမ်းအေးသည့် သဘောဖြစ်သည်ကို လက်တွေ့အားဖြင့် ရရှိနိုင်သောအရာဖြစ်သည်။*

စကြဝဠာကမ္ဘာလောကဓါတ်ကြီးအတွင်း သဘာဝတရားသည် ဆန့်ကျင်ဘက် သဘောတရားနှစ်ခုတို့၏ ယှဉ်တွဲ လွှမ်းဆွဲတည်ရှိနေသည့် အနေအထားဖြင့် စုံတွဲအလိုက်ဖြစ်ပေါ် လည်ပတ်တည်တံ့နေခြင်းဖြစ်၍ ဖြစ်မှု၊ ပျက်မှု နယ်ပယ်အတွင်း မလွတ်ကင်းနိုင်ကြပေ။ နိဗ္ဗာန်ဟူသောသဘာဝမှာ ဖြစ်မှု ပျက်မှု အလျဉ်းမရှိသော အမြဲထာဝရ တည်တံ့နေသောအရာဖြစ်သည်ဟု ယုံကြည်ပါသည်။

နိဗ္ဗာန်အကြောင်းအရာနှင့်စပ်လျဉ်း၍ ဗုဒ္ဓစာပေဆုရသူ စာရေးဆရာချစ်ငယ်(ဒဿန)နှင့် ဦးကျော်နိုင်(ပထမကျော်၊ အဂ္ဂမဟာအကျော်၊ ဝင်္ဂသကာဘွဲ့ရ)တို့က ၂၀၀၃ ခုနှစ်အတွင်း မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးများရေးသားခဲ့သည်ကို ဖတ်ရှုခဲ့ရသည်။ ဦးကျော်နိုင်က "နိဗ္ဗာန်သည် ဗုဒ္ဓသာသနာတွင် အရေးကြီးသောပြဿနာဖြစ်၍ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာ၏ နေလိုလလိုထင်ရှားသည့် ဆရာတော်ကြီးများအကြား၌ပင် အယူအဆမတူညီကြသည်ကို တွေ့ရသည်" ဟူ၍ ရေးသားထားပါသည်။

နိုင်ငံတော်ဦးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၂) လူသေလူဖြစ်ဝါဒီနဝါဒ ဝိနိစ္ဆယဆုံးဖြတ်ချက် တအုပ် စာမျက်နှာ(၉၈၈)၌ ဝိနည်းဓိုရ်ဆရာတော်များ၏ ဝေဖန်စိစစ်ချက်မှာ -

''နိဗ္ဗာန (နိ+ဝါန)ဟူသော စကားအနက်အဓိပ္ပါယ် အမှန်ကိုပြရသော် အတိတ်ဘဝ ဟူသော ရုပ် နာမ် ခန္ဓာနှင့် ပစ္စုပ္ပန်ဘဝ ရုပ် နာမ် ခန္ဓာကိုလည်းကောင်း၊ အနာဂတ်ဘဝ ရုပ် နာမ် ခန္ဓာကိုလည်းကောင်း အကျိုး ရုပ်နာမ်တရားနှင့် အကြောင်းကုသိုလ်၊ အကုသိုလ်ကံကိုလည်းကောင်း၊ အဆက်မပြတ်အောင် ဖွဲ့စပ်တတ်သောတဏှာကို ဝါနဟုခေါ်၏။ ထိုဝါနဟုခေါ်အပ်သော တဏှာ၏ တောင့်တရာအာရုံ နယ်နမိတ်နှင့် လုံးဝမဆက်စပ် အလွတ်သက်သက်ဖြစ်သော ပရမတ်တရားကို နိဝါန = နိဗ္ဗာန = နိဗ္ဗာန်ဟု ခေါ်သည်။''

ဝါန = တဏှာ မှ

နိ = ထွက်ခွာသောတရား၊ ကင်းရှင်းသောတရား

နိဗ္ဗာန = တဏှာနှင့် မဆက်စပ် အလွတ်သက်သက်ဖြစ်သောတရား။

(ပါရာဇိကဏ်အဋ္ဌကထာ၊ ဒု ၁၈၄။ သုတ်မဟာဝါအဋ္ဌကထာဟူ၍ ရေးသားထားသည်ကို လေ့လာတွေ့ရှိရသည်။)

ကမ္ဘာက နားလည်ထားသည့် နိဗ္ဗာန်ဟူသော စကားရပ်မှာ -

Nirvana - a transcendent state in which there is neither suffering, desire, nor scense of self, and the subject is released from the effect of karma and samsara/ It represents the final goal of Buddhism. But in Hinduism Liberation of the soul from effects of Karma and bodily existence. And also a state of perfect happiness; and ideal or idylic place ဟူ၍လည်းကောင်း၊

a state in which individuality becomes extinct by being obsorbed into the supreme spirit ဟူ၍ လည်းကောင်း၊

Nirvana means extinction of any and even of the idle curiosity for metaphysical knowledge ဟူ၍လည်းကောင်း ရေးသားဖော်ပြကြသည်ကို တွေ့ရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လူသားအများစုတို့ ယုံကြည်ကြသည့် ဟိန္ဒူ၊ ဗုဒ္ဓ၊ ဂျိန်း၊ ဆစ်ခ်ဘာသာကြီးများ မွေးဖွားရာဒေသကြီးဖြစ်၍ အိန္ဒိယနိုင်ငံမှ ယုံကြည်ကိုးကွယ်မှုများနှင့် ဒဿနိကပညာရှင်များ၏ သုတေသနပြုရေးသားချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်ဟု ထင်ပါသည်။ အိန္ဒိယနိုင်ငံမှ ပညာရှင်တချို့၏ ရေးသားတင်ပြချက်မှာ သစ္စာ(၄)ပါးအနက်မှ နိရောဓသစ္စာသည် ကမ္ဘာ့လူသားတို့ခံစားနေရသည့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းကို ဆိုလိုသည်။ နိရောဓသစ္စာဟူသောသဘောမှာ ဆင်းရဲမှလွတ်မြောက်ခြင်းကို ဆိုလိုသည်။ နိရောဓသစ္စာဟူသော သဘောမှာ ဒုက္ခစပ်သိမ်းချုပ်ငြိမ်းပြတ်ရာ အမှန်၊ ဇာတိတပန်ပြန်မဖြစ်ခြင်းကို နိဗ္ဗာန်ဟုခေါ်သည်။ ခန္ဓာချုပ်ငြိမ်းမှုကို ယခုမျက်မှောက်ဘဝ၌ပင် ရရှိခံစားနိုင်သည်။ ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်မှုကို နိဗ္ဗာန်ဟုခေါ်သည်။ လောကဓံတရားနှင့် ပြင်ပအာရုံများ၏ ရိုက်ခတ်ခြင်းဖြင့် တဏှာအကြောင်းခံ၍ လောဘမဖြစ်ပေါ်သလို၊ မာနအကြောင်းခံကြောင့်လည်း ဒေါသ မဖြစ်ပေါ်နိုင်၊ ဒိဋ္ဌိ အကြောင်းခံ၍လည်း မောဟမဖြစ်တော့ပဲ ဖြူစင်မြင့်မြတ်သည့် စိတ်အစဉ်ကို မည်သည့်အရာမှ နှောက်ယှက်ဟန့်တားခြင်းငှာ မစွမ်းနိုင်သောအခြေအနေကို နိဗ္ဗာန်ဟုခေါ်သည်။

( *မည်သို့ဖြစ်စေ၊ နိဗ္ဗာန်၏အဓိပ္ပါယ်ဖွင့်ဆိုချက်များအနက် ဘုရင်မိလိန္ဒမင်းကြီးက မေးသမျှကို ရဟန္တာအရှင်မြတ် နာဂသေနက ဖြေကြားချက်၌ ဖော်ပြသည့်အဓိပ္ပါယ်သည် အရှင်းလင်းဆုံး အပြတ်သားဆုံး ဖြစ်သည်ကို တွေ့ရသည်။ – ဘာသာပြန်သူ* )

သံသရာဝဋ်ဒုက္ခညွှတ်မှ လွတ်မြောက်ရန် နည်းလမ်းအမှန်(ဒုက္ခ နိရောဓ မဂ္ဂ) Path to the cessation of suffering (Dukha Niroda Marga)နိဗ္ဗာန်သည် ပရမတ္တတရားအဖြစ် အသခ်တဓါတ်ဖြစ်သည်။ ယင်းနိဗ္ဗာန်သို့ ဗုဒ္ဓရှင်တော်မြတ်စွာဘုရားကိုယ်တိုင် စံဝင်တော်မူခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် လူသားတစ်ဦး၏ နောက်ဆုံးဆိုက်ရောက်ရမည့် ပန်းတိုင်ဖြစ်သော နိဗ္ဗာန်သို့ ဦးတည်သွားရာလမ်းသည် အမှန်မုချရှိမည်သာဖြစ်တော့၏။ မဂ္ဂင်လမ်းပေါ်သို့မရောက်မီ နိဗ္ဗာန်ကို ရှာကြံအားထုတ်သူသည် စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေသည့် အနိစ္စလက္ခဏာသဘောကို အသေအချာနားလည်ထားရမည့်အပြင် အကြောင်းအကျိုးဆက်စပ်သည့် ပဋိစ္စသမုပ္ပါဒ်တရားသဘောကိုလည်းကောင်း၊ အသက်လိပ်ပြာကောင်ဟူ၍မရှိ၊ ရုပ်နာမ် ဖြစ်ပျက်မျှသာရှိ၏ ဟူသော အနတ္တကိုလည်းကောင်း ကောင်းစွာသဘောပေါက်နားလည်ရပါမည်။ အကြောင်း

တရားကြောင့် အကျိုးတရားဖြစ်၍ ယင်းအကျိုးတရားသည်ပင်လျှင် အကြောင်းတရားဖြစ်ပြီး နောက် အကျိုးတရားအဖြစ် လှည့်ပတ်ဖြစ်ပျက်နေသည့် ခန္ဓပဋိစ္စသမုပ္ပါဒ်ကို ပညာသိမြင့် ဖောက်ထွင်း သိမြင်ပြီးနောက် ကျင့်ကြံအားထုတ်သူသည် အောက်တွင်ဖော်ပြပါ အကျင့်လမ်းစဉ် မဂ္ဂင်(၈)ပါးကို လက်ကိုင်ပြုရပါမည်-

| | | |
|---|---|---|
| (၁) မှန်ကန်သောအမြင် | ( သမ္မာဒိဋ္ဌိ | - Samyakdrsti ) |
| (၂) မှန်ကန်သောအကြံ | ( သမ္မာသင်္ကပ္ပ | - Samyak-samkalapa ) |
| (၃) မှန်ကန်သောအပြောအဆို | ( သမ္မာဝါစာ | - Samyakvak ) |
| (၄) မှန်ကန်သောအလုပ် | ( သမ္မာကမ္မန္တ | - Samyak- karmanta ) |
| (၅) မှန်ကန်သောအသက်မွေးမှု | ( သမ္မာအာဇီဝ | - Samyakgajiva ) |
| (၆) မှန်ကန်သောအားထုတ်မှု | ( သမ္မာဝါယာမ | - Samyakvyama ) |
| (၇) မှန်ကန်သောသတိ | ( သမ္မာသတိ | - Samyak-smrti ) |
| (၈) မှန်ကန်သောတည်ကြည်မှု | ( သမ္မာသမာဓိ | - Samyaksamadhi ) |

အထက်ပါမဂ္ဂင်(၈)ပါးအား သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်နှင့် ပညာမဂ္ဂင်ဟု အုပ်စု(၃)စုခွဲ၍ အဆင့်(၃)ဆင့် ခွဲခြားသတ်မှတ်ထားရာ-

သမ္မာဝါစာ၊ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝမဂ္ဂင်များကို သီလမဂ္ဂင်ဟူ၍လည်းကောင်း၊ သမ္မာဝါယာမ၊ သမ္မာသတိနှင့် သမ္မာသမာဓိကို သမာဓိမဂ္ဂင်ဟူ၍လည်းကောင်း၊ သမ္မဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပကို ပညာမဂ္ဂင်ဟူ၍လည်းကောင်း ခေါ်ဆို၏။

ကျွန်ုပ်တို့သည် အဝိဇ္ဇာ(Avidya) ခေါ် သစ္စာမသိမှုကို အထက်၌ဖော်ပြခဲ့ပြီးဖြစ်ရာ ၎င်းအဝိဇ္ဇာဆိုသောသဘောမှာ လူပုဂ္ဂိုလ်တစ်ဦး၏စိတ်သည် ယင်းပုဂ္ဂိုလ်အား မှန်ကန်သည့်ဘက်သို့ ရှေးရှုဦးတည်မှုမပြုပဲ မမှန်ကန်ရာသို့သာ ရှေးရှုဦးတည်မှုပြုစေသည့်အလျောက် လူသတ္တဝါတို့အား များသောအားဖြင့် မှားယွင်းစွာဖြင့် မကောင်းမှု အကုသိုလ်ဒုစရိုက်သို့သာ ဆွဲဆောင်နေသည်။ *(ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားချက်မှာ- ဒုက္ခေအညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ အညာဏံ၊ အယံပုစ္စတိ အဝိဇ္ဇာဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထား၏။ မြန်မာအဓိပ္ပါယ်မှာ ဒုက္ခဖြစ်မှုကို မသိ၊ မမြင်၊ နားမလည်ခြင်း၊ ဒုက္ခဖြစ်ရခြင်း အကြောင်းတရားကို*

*မသိ၊ မမြင်၊ နားမလည်ခြင်း၊ ဒုက္ခချုပ်ငြိမ်းမှုကို မသိ၊ မမြင်၊ နားမလည်ခြင်း၊ ဒုက္ခချုပ်ငြိမ်းရာလမ်း အမှန်ကို မသိ၊ မမြင်၊ နားမလည်ခြင်း။ ၎င်းသစ္စာလေးချက်ကို မသိ၊ မမြင်၊ နားမလည်ခြင်းကို အဝိဇ္ဇာဟူ၍ ပါဠိစကားဖြင့် ခေါ်ဆို၏။ ၎င်းကို အင်္ဂလိပ်စကားလုံးဖြင့် (Ignorance or Niscience) ဟုခေါ်သည်။ အချို့သောပညာရှိများကမူ အဝိဇ္ဇာဆိုသည့်သဘောသည် သိသင့် သိထိုက်တာကို မသိပဲ၊ မသိသင့် မသိထိုက်တာကို သိရှိနားလည်သဘောပေါက်ခြင်းကိုဆိုလို၏ဟူ၍ ဖော်ပြကြသည်။ –ဘာသာပြန်သူ)*

ဤသို့အားဖြင့် သံသရာထွက်လမ်းရှာကြံသူ လူပုဂ္ဂိုလ်သည် စိတ်ထားဖြူစင်စွာ ထားရှိရမည့်အပြင် မိမိအား နည်းလမ်းမှန်ကန်စွာ သွင်သင်ညွှန်ပြနိုင်မည့်ပုဂ္ဂိုလ် (ဝါ) ဆရာကောင်း ရှာမှီးရပါမည်။ (တိကျသေချာစွာ ရှင်းလင်းပြောပြနိုင်သည့် ဆရာရှိရပါမည်။) (ဝါ) သမာဓိ စွမ်းအားရရှိရေးသို့ လမ်းညွှန်ပေးနိုင်သည့်အပြင် နောက်ဆုံးတွင် အဟံကာရ(Ahamkara) ခေါ် သက္ကာယဒိဋ္ဌိကို ဖျက်ဆီးလျက် ပညာစခန်း(the state of Prajna)သို့ တက်လှမ်းရရှိနိုင်စေရန် လမ်းညွှန်ကောင်းလိုအပ်ပါသည်။

## သမာဓိ

သမာဓိဆိုသော သဘောအဓိပ္ပါယ်မှာ မိမိ၏စိတ်ကို မိမိထားလိုသည့်အာရုံပေါ်၌ မိမိထားလိုသလောက်ထားရှိပြီး ဗုဒ္ဓဟောကြားဆုံးမခဲ့သည့် ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး ဆက်စပ်မှုကိုလည်းကောင်း၊ သီလနှင့်ပညာစသော သဘာဝဓမ္မတရားစုတို့အပေါ်တွင် လည်းကောင်း၊ လေးနက်တည်ငြိမ်စွာ ထားရှိနိုင်စေရန် စိတ်အလေ့အကျင့်ပြုလုပ်ခြင်းကို ဆိုလိုပါသည်။ သမာဓိဆိုသည့် စကားလုံးအား ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ကိုယ်–စိတ်–စေတသိတ်(Sam-a-dhi)တို့အား တစ်စုတစ်စည်းတည်း ညီညွတ်မျှတစွာပေါင်းစု၍ အားထည့် ထားခြင်းကို ဆိုလိုပါသည်။ သမာဓိရရှိအောင် ကြိုးစားအားထုတ်ခြင်း၏ ရည်ရွယ်ချက်မှာ သက္ကာယဒိဋ္ဌိကို ဖယ်ရှားရန်ဖြစ်ပါသည်။ ဤသို့လေ့ကျင့်အားထုတ်ရာတွင် အောက်ပါအတိုင်း အဆင့်ဆင့် လေ့ကျင့်ရသည်–

(၁) သမာဓိ ပထမအဆင့်၌ လိုချင်မှု၊ စွဲလန်းမှုတဏှာဖြင့် ငြိတွယ်ကပ်နေသည့်

စိတ်ကို ဖြူစင်စေခြင်း၊ စိတ်လှုပ်ရှားမှုကို တည်ငြိမ်စေခြင်း၊ လောကီအာရုံကာမဂုဏ်တို့၏ ဆွဲငင်သိမ်းသွင်း ဖမ်းစားခြင်းခံနေရသည့် ကိလေသာသံယောဇဉ်သုတ်သင်ဖယ်ရှားခြင်း၊ ဗုဒ္ဓဟောကြားတော်မူသည့် အကြောင်းအကျိုးဆက်တရားကို ဆင်ခြင်နှလုံးသွင်းမှု အကျင့်ကောင်းကို အားထုတ်ခြင်းဖြစ်သည်။

(၂) သမာဓိဒုတိယအဆင့်၌ အကြောင်းအကျိုးဆက်တရား ဆင်ခြင်နှလုံးသွင်းမှု ရပ်ဆိုင်းသွား၏။ ထို့နောက် ဗုဒ္ဓမြတ်စွာ ဟောကြားထားသည့်အဆုံးအမ ဒေသနာအား လေးလေးနက်နက် ခိုင်ခိုင်မာမာယုံကြည်လာ၏။ ဤနေရာတွင် တစ်ကိုယ်လုံး၌ မပြောပြနိုင်သည့် နူးညံ့လှစွာသောဝေဒနာ ဖြစ်ပေါ်လာ၏။

(၃) သမာဓိတတိယအဆင့်၌ အိပ်ပျော်ခြင်းမဟုတ်သည့် အိပ်ပျော်သလိုဖြစ်သွားပြီး အချို့သောပုဂ္ဂိုလ်များတွင် ထူးဆန်းသည့်အရာများကို တွေ့မြင်ရပြီး စိတ်ပျော်ရွှင်မှုနှင့် ငြိမ်းချမ်းမှုရသည်။

(၄) သမာဓိနောက်ဆုံးအဆင့်၌ ပျော်ရွှင်မှုခံစားနေရခြင်း မဟုတ်သလို နာကျင်မှုခံစားနေရခြင်းလည်း မဟုတ်တော့ချေ။ ထိုစဉ်အချိန်မျိုး၌ ''ဥပေက္ခာဘဝ'' (Upakshabhava)သို့ ရောက်ရှိနေတော့၏။ ဆိုလိုသည်မှာ ထိုအချိန်၌ လုံးဝဉဿုံ ကွဲပြားခြားနားမှုမရှိတော့ပဲ အေးငြိမ်းချမ်းသာမှုကိုရရှိ၏။

ဗုဒ္ဓဘာသာ၏နောက်ပိုင်း ဆက်လက်တိုးတက်မှုများတွင် အဆင့်(၈)ဆင့်ရှိသော ရှားလမ်းကြောင်းကို ရရှိခဲ့သည်။ ဟိန္ဒူကျင့်စဉ် ''တန္တရ''တွင် (၈)ပါးသော လုပ်ငန်းကို ခြင်း (Raddhis-saddhis)ဟူ၍ ခေါ်ပါသည်။

## ဗုဒ္ဓဘာသာ၏ ပညာတုခေါ်ဆိုသော အကြောင်းအရာ

တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် သမာဓိအဆင့်သို့ရောက်ရှိပြီးနောက် နောက်ဆုံးအဆင့်အနေဖြင့် သင်္ခါရဒိဋ္ဌိအစွဲပျောက်ကွယ်သွား၏။ အားရကျေနပ် ပျော်ရွှင်မှုနှင့် နာကျင်ကိုက်ခဲမှုအပေါ် ကျရောက်နေသည့် စိတ်သည် ''ဥပေက္ခာဘဝ''(Upekshabhava)သို့ ရောက်သောအခါ ချုပ်ငြိမ်းပြတ်စဲသွားတော့၏။ သို့သော် ဤသို့ကွဲပြားခြားနားမှု လုံးဝ

ချုပ်ငြိမ်းခြင်းသည် သမာဓိစွမ်းအားတက်နေသည့်အချိန်ကြာလျှင် ကြာသလောက် တည်ရှိနေ၏။ သံသရာမှ ထွက်လမ်းရှာကြံ အားထုတ်နေသူတစ်ဦးသည် ၎င်း၏ စွဲမြဲနေသည့်သမာဓိကို ချလိုက်ပြီး သာမန်လောကီဘုံ သားဘဝသို့ ပြန်လည်ဝင်ရောက်လာသည့်အခါ၌မူ လောကီဘုံ သံယောဇဉ်အငွေ့တို့သည် ၎င်း၏စိတ်သို့ ဝင်ရောက်လာပြန်တော့၏။ လောက လူ့ဘောင်မှ ပုန်းရှောင်ကာ ဝဋ်နှောင်ကို လွတ်အောင်ရုန်းလိုသူများ အဖို့မှာတော့ သခါရုပေက္ခာ ဉာဏ်ရအောင် အားထုတ်ရပေမည်။ ဤသို့သော ပညာဉာဏ်အဆင့်သို့ ရောက်သူသည် မိမိကိုယ်ခန္ဓာသည် မည်သည့်နေရာ၌မဆို နာကျင်ကိုက်ခဲမှုကို ခံစားရသော်လည်း ယင်းနာကျင် ကိုက်ခဲမှုသည် ကိုယ်ပိုင် ကိုယ်ဆိုင်မဟုတ်ကြောင်း တွေ့ရှိလာတော့သည်။

## ဗုဒ္ဓဘာသာနှင့် နတ်ဘုရား (ဝါ) ထာဝရဘုရားဘယ်လိုဆက်စပ်မှုရှိသလဲ ?

ဗုဒ္ဓသာသနာ၏ စောစောပိုင်းကာလနှင့် သီဟိုဠ်၊ မြန်မာ၊ ထိုင်းနိုင်ငံများ ထောက်ပြထားသော ယနေ့ကာလတိုင် တည်ရှိနေကြသော ဟိနာယနဘုန်းတော်ကြီးကျောင်းများတွင် နတ်ဘုရား(ဝါ) ထာဝရဘုရား၏ အခန်းကဏ္ဍ မပါရှိပေ။ နတ်ဘုရား(ဝါ) ထာဝရဘုရားနှင့် ဗုဒ္ဓ၏သစ္စာ(၄)ပါး တရားတော်သည် သမုဒယသစ္စာအကြောင်းကြောင့် ဒုက္ခသစ္စာအကျိုး ခံစားနေရခြင်းသည်လည်းကောင်း၊ သို့မဟုတ် နိဗ္ဗာန်သို့ မျက်မှောက်ပြုရန် လမ်းကြောင်းအမှန်ကို ဟောကြားပြသမှုတွင်လည်းကောင်း၊ နတ်ဘုရား(ဝါ) ထာဝရဘုရားနှင့် မည်သို့မျှ မသက်ဆိုင်၊ ပါဝင်ပတ်သက်ခြင်းလည်းမရှိပါ။ သို့သော် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် နတ်ဘုရား(ဝါ) ထာဝရဘုရား သခင်(God)နှင့်စပ်လျဉ်း၍ ရေငုံနှုတ်ပိတ် တိတ်ဆိတ်စွာနေသည်ဟုဆိုခြင်းမှာ မဟုတ်မမှန်ပါ။ ဗုဒ္ဓဘုရားအဖို့ရာ၌ နတ်ဘုရား(ဝါ) ထာဝရဘုရားနှင့်စပ်လျဉ်း၍ စဉ်းစားမြော်မြင်ရန် ဘာမျှ မရှိသဖြင့် ထိုသို့စဉ်းစားမြော်မြင်ခြင်းသည် အချည်းနှီးသာဖြစ်သည့်အတွက် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဦးနှောက်ထဲ၌ ထည့်သွင်းစဉ်းစားခြင်းမပြုပေ။ နတ်ဘုရား(ဝါ) ထာဝရဘုရားနှင့်စပ်လျဉ်းသည့် တာဝန်ခံစွန့်စား၍ စဉ်းစားမြော်မြင်ခြင်းသည် လူပေါင်းများစွာတို့ ယုံကြည်မှုမရှိသော၊ သတ္တဝါတို့၏မူလအစကို လေ့လာစူးစမ်းခြင်းဖြင့် ဗုဒ္ဓဘာသာ၏ ရည်စူးဦးတည်ချက် ပြောင်းလဲသွား

ရောက်လာပြန် ဆင်းရဲတဖန်ပင်ပန်းပြန်၏။ အိုအရှင်သို့ဝနတ်ဘုရားသခင် ကျွန်ုပ်အား ကယ်မပါဘုရား။ အလားတူဝ နေ့ရက်လတို့ ချိန်ကာလအတွင်း ယိုစီးဆင်းလျက်၊ မဆုံးနိုင်ရာနှစ်များစွာအား အကျိုးမဲ့စွာဖြတ်သန်းခါဖြင့် နောက်ထပ်တစ်ဖန် ဆင်းသက်ပြန်လည်း မရပ်စဲလို ငါသည် အမှန်မွေးဖွားလိုပြန်၏။(Charpatpanjaruka storm)

*ထို့ကြောင့် ဆုံးစမထင်သံသရာတစ်ခွင်မှာ အဖန်ဖန်အထပ်ထပ် ချားရဟတ်ပမာ လှည့်ပတ်ကာဖြင့် အနှစ်အရသာကင်းမဲ့စွာဖြင့် မွေးဖွားလာရ လူ့ဘဝ၏ နာကျင်ခံခက် ဒုက္ခဟုဆိုသော အချက်မှာ ငြိုးငွေ့ဖွယ်ရာနိုင်ငံသာတည်း။ (*ခရစ်ယာန်ဘာသာ"Book of Ecclesiastes"၌ အလားတူ အနှစ်သာရကင်းမဲ့စွာဖြင့် အကြိမ်ကြိမ်အခါခါ ဘဝများဖြစ်ရခြင်းအကြောင်းကို ဖော်ပြပါရှိသည်။)

(လူသားမျိုးနွယ်အစဉ်အဆက် ဖြစ်လည်းဖြစ် ပျက်လည်းပျက်၏။ သို့သော် ကမ္ဘာကြီးမှာတော့ တည်တန့်လျက်ရှိ၏။)

မည်သို့ပင်ဖြစ်စေကာမူ လူသားသည် အရေးပါအရာရောက်သောအားဖြင့် ၎င်းသည် လွတ်လပ်မှုရှိ၍ သံသရာဝဋ်ကြွေးပေးဆပ်နေရသည်ဖြစ်စေ၊ သို့မဟုတ် လွတ်မြောက်သွားသည် ဖြစ်စေ ၎င်းအား ခွင့်ပြုထားလျက်ရှိသည်။ လူသားတစ်ယောက် ယခုပစ္စုပ္ပန် ဘဝမျက်မှောက် ကာလ၌ အတိတ်ဘဝကပြုခဲ့သော ကောင်းဆိုးနှစ်တန်၏အကျိုးအပြစ်ကို မုချခံစားနေရသည်ဟု ဆိုခြင်းအပေါ် လုံးဝသံသယဖြစ်စရာ မလိုပေ။ သို့ရာတွင် ယခုပစ္စုပ္ပန်ဘဝ မျက်မှောက်ကာလသည် အတိတ်ဘဝကပြုခဲ့သော ကံများ(Karman)အား အပြီးသတ်ဆေးကျောသုတ်သင်ပစ်ရန် ဌာနဖြစ်သည်။ သို့ဖြစ်လျှင် အချို့သော အတိတ်ဘဝကပြုမှားမိသည့် မကောင်းသောကံများကို သုတ်သင်ဖယ်ရှား ဖျက်ဆီးပစ်ခြင်းနှင့် အချို့သောမကောင်းသည့်ကံများအား အားနည်းသွားစေပြီးနောက် ကံအသစ်ကို စိုက်ပျိုးကျဲချမြေတောင်မြှောက်ပေးရမည်။ ဤသဘောတရားသည် ပုရုဆက္ကရ(Purusakara) အယူအဆဖြစ်သည်။ ပုရုဆက္ကရအယူဝါဒမှာ လူသားသည် အတိတ်ဘဝက ပြုမှားမိခဲ့သော မကောင်းမှုအကုသိုလ်ကံများကို ယခုမျက်မှောက်ဘဝ၏ အမျိုးမျိုးသော ကောင်းမှုကုသိုလ်ကံအသစ်များဖြင့် ကာကွယ်ချေဖျက်ရှင်းလင်းပစ်နိုင်သည်ဟူ၍ ယုံကြည်သည်။

သေဆုံးခြင်းမရှိ၊ ဤအရာသည် အမြဲထာဝရတည်မြဲ၏။ (Kath II.18) (ဟိန္ဒူဘာသာ- ဘဂဝါဂီတကျမ်း၌ ဖော်ပြထားသည်။) သို့ရာတွင် နတ်ဘုရား(ဝါ) ထာဝရဘုရားရှိသည်ဟု ယူဆသော ယုံကြည်ချက်ကို အထောက်အကူပြုရန်အတွက် သေးသိမ်၍ယေဘုယျဆန်သော အယူအဆဖြစ်သည်။ မှန်ပါ၏။ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကာလတွင် ဗုဒ္ဓသည် သဗ္ဗညုတ ဉာဏ်တော်ရရှိပြီး အရာရာကိုသိမြင်နိုင်စွမ်း ရှိတော်မူ၏။

သို့သော် ဗုဒ္ဓဂေါတမသည် သဗ္ဗညုတဉာဏ်ရရှိယုံမျှဖြင့် ပုဂ္ဂိုလ်တစ်စုံတစ်ယောက်သည် နတ်ဘုရား(ဝါ) ထာဝရဘုရား၏ သဘောသဘာဝကို အပြီးသတ်မဆုံးဖြတ်နိုင်ဟူ၍ သုံးသပ် မှတ်ချက်ပြုခဲ့သည်။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် မိမိ၏သဗ္ဗညုတဉာဏ်တော်ကို မသုံးမဖြစ် လိုအပ်သည့်နေရာမျိုး၌သာ အလွန်တိကျသော ကန့်သတ်ချက်ဖြင့်သာ သုံးတော်မူ၏။ (ဗုဒ္ဓသည် *တန်ခိုးတော်ကိုလည်း မပြသလျှင် မဖြစ်သည့်နေရာ၌သာ သံဃာ၏လျှောက်ထားချက် အရသာလျှင် အသုံးပြုတော်မူခဲ့၏။ ဘာသာပြန်သူ)*

(၁) ဗုဒ္ဓသည် အတိတ်ဘဝများစွာကို သိမြင်တော်မူ၏။

(၂) ဗုဒ္ဓသည် သတ္တဝါတို့၏ ကမ္မဘဝအားလျော်စွာ ၎င်းတို့၏လားရာဂတိကို (ဝါ) သတ္တဝါတို့၏ နောင်ဖြစ်လတ္တံ့သောဘဝများစွာကို သိမြင်တော်မူ၏။

(၃) ဗုဒ္ဓသည် သတ္တဝါတို့၏ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ မဂ္ဂင်လမ်းမှန်ကိုသိတော်မူ၏။

သို့သော် ဗောဓိသတ္တ(Bodhisattva)ဟူသော အယူအဆနှင့် ဟောကြားချက်များသည် မဟာယာန ဗုဒ္ဓဘာသာတွင် အသေအချာပေါ်ပေါက်လာခဲ့၏။ ဤဗောဓိသတ္တဟူသော အယူဝါဒသည် နတ်ဘုရား(ဝါ) ထာဝရဘုရားအယူအဆ ဖြစ်ပါ၏လော? ။

''ဗောဓိသတ္တ'' ဆိုသော စကားအဓိပ္ပါယ်မှာ ''ဗောဓိ=သိမြင်နားလည်ခြင်းအကြောင်း၊ သတ္တ=အနှစ်သာရရှိသောတရား''ဟူ၍ဖြစ်ရာ(to cause to understanding of essence) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဗုဒ္ဓဘာသာအပေါ် အနှစ်သာရပြည့်ဝစွာ နားလည်သဘောပေါက်မှု ဟူ၍ ဆိုနိုင်သည်။ ဟိနာယနဗုဒ္ဓဘာသာတွင် ဗောဓိသတ္တဟူသည် ရဟန္တာ၊ ပစ္စေကဗုဒ္ဓနှင့်မတူ ထူးခြားသောစကားဖြစ်၏။ ဗောဓိသတ္တတစ်ဦးသည် အနှစ်သာရပြည့်ဝသော ဗုဒ္ဓဘုရားဟောဖော် ကြားသည့် တရားတော်များအား သိမြင်နားလည်ထားပြီးဖြစ်၍ နိဗ္ဗာန်ရွှေပြည်သို့ စံဝင်ရန်

ထပ်ခါထပ်ခါ ကြိုးစားအားထုတ်ရန် လိုအပ်သည့်အပြင် မိမိ၏ပရိနိဗ္ဗာန်(Parinirvana)အတွက်ရော ဝေနေယျသတ္တဝါများအားလုံးအတွက်ပါ နိဗ္ဗာန်ရရှိကြစေဖို့ ကြိုးစားအားထုတ်ခြင်းသည် ပို၍ကောင်းမြတ်လှပါပေ၏။ ဗောဓိသတ္တ ခေါ် ဘုရားအလောင်းတော်သည် သတ္တဝါတို့အပေါ် ငဲ့ညှာတော်မူခြင်း၊ ရင်ဝယ်သားကဲ့သို့ ချစ်ခင်ကြင်နာ၍ကူညီစောင့်ရှောက်လိုခြင်းနှင့် စိတ်ငြိမ်းချမ်းမှုကို ခံစားရရှိစေလိုခြင်းတို့ကြောင့် သံသရာကျင်လည်ခဲ့ရသည့် ဘဝကြီးငယ်အသွယ်သွယ်တို့၌ ပါရမီ(၁၀)ပါး၊ အပြား(၃၀)တို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူပြီးနောက် သဗ္ဗညုတဉာဏ်တော် ရတော်မူသည်။ နှစ်ပရိစ္ဆေဒများစွာတွင် ဟိန္ဒူဘာသာအလိုအားဖြင့် ''မန်ဂျူစ်ရှရီ'' ခေါ် ပညာပါရမီကို ဖြည့်ကျင့်ခြင်း၊ ''အပါလ်လိုကီတီးစ်'' ခေါ် ဂရုဏာပါရမီကို ဖြည့်ကျင့်ခြင်းတို့ဖြင့် ''ဘက္ခ်တိ''(Bhakti) ခေါ် သဗ္ဗညုတဉာဏ် ရတော်မူသည်။ သို့သော် ဗောဓိသတ္တ ခေါ် ဘုရားအလောင်းတော်များသည် လူသတ္တဝါတို့အား ကူညီစောင့်ရှောက်သူများဖြစ်ခဲ့သည်။ ၎င်းတို့သည် ကမ္ဘာကိုဖန်ဆင်းသူများ မဟုတ်သကဲ့သို့ ကမ္ဘာကိုဖျက်ဆီးသူများလည်း မဟုတ်ကြပေ။ ဤသို့ဆိုလျှင် ဗောဓိသတ္တ ခေါ် ဘုရားအလောင်းတော်တို့သည် နတ်ဘုရား (ဝါ) ထာဝရဘုရား (God) မဖြစ်နိုင်ပေ။ ထို့အပြင် ဗုဒ္ဓဘာသာ၌ လူတစ်ဦးတစ်ယောက်သည် မိမိကိုယ်တိုင်ကြိုးစားအားထုတ်မှုဖြင့် နိဗ္ဗာန်ကိုရရှိနိုင်ပြီး သဘာဝလွန်စွမ်းအားရှင်တို့၏ အကူအညီဖြင့် မရရှိနိုင်ချေ။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် ဗုဒ္ဓဘာသာသည် နတ်ဘုရား(ဝါ) ထာဝရဘုရား(God) ရှိသည်ဆိုခြင်းကို နောက်တစ်ကြိမ်ထပ်မံ၍ ငြင်းပယ်လိုက်ရပေသည်။

မည်သို့ပင်ဆိုစေကာမူ ဗုဒ္ဓဘာသာ၏ နောက်ဆုံးအခြေအနေသို့ သွားရာလမ်းတွင် ''တြိကာယ''သုံးပါးတွင် တစ်ဆူတည်းသောဘုရားရှင်''ဆိုသည့် အယူအဆသည် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား သတ္တလောကအတွင်းသို့ ပြန်လည်ဝင်ရောက်လာစေလိုသည့်သဘော ဖြစ်နေ၏။ လူသတ္တဝါသည် နတ်ဘုရား(ဝါ) ထာဝရဘုရား(God)မရှိဘဲ ရပ်တည်နိုင်ခြင်း မရှိဆိုခြင်းကို မှတ်ယူနိုင်ပါ၏။ ဤသို့အားဖြင့် နတ်ဘုရား(ဝါ) ထာဝရဘုရားရှိသည်ဆိုခြင်းကို လက်မခံသော''ယောဂ''(Yoga)အကျင့်သည် စောစောပိုင်းကာလ၌ ''အစ်ရှ်ဝါဒ-ပရိနိုတန'' အယူအဆကို ဖော်ထုတ်ခဲ့သည်။ ထိုနည်းတူစွာ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ''တြိကာယ'' (Trikaya Buddha or Three Forms of Buddha)အယူအဆကို ၎င်းတို့၏ဝိဉာဉ်အား ကယ်တင်

ခြင်းအတွက် တိုးပွားအောင်ဆောင်ရွက်နိုင်ရေးမှာ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။

ဗုဒ္ဓဂေါတမ၏ရုပ်ပုံလွှာကို ပုံသဏ္ဍာန်(၃)မျိုးဖြစ်သည့် "ရူပကာယ"(Rupa Kaya) သို့မဟုတ် "နိဗ္ဗာနကာယ" (Nirvana-Kaya) နှင့် BC.560 ၌ ဖွားမြင်တော်မူ၍ BC.480 တွင် ပရိနိဗ္ဗာန်စံဝင်ခဲ့သည် "သမ္ဘောဂကာယ"(Sambhoga-Kaya)ဟူ၍ ယုံကြည်ဖော်ပြထားသည်။ ဗုဒ္ဓဂေါတမအား ဟိန္ဒူအယူအဆဖြစ်သည့် "အစ်ရှ်ဝါဒ"ရည်ညွှန်းလျက် နိဗ္ဗာန် စံဝင်ပြီးဖြစ်သည့်"ဓမ္မကာယဗုဒ္ဓ"ဟူ၍လည်း ဖော်ပြထားသည်။ ဤကဲ့သို့ ဖော်ပြခြင်းမှာ အရေးပါသော အဘိဓမ္မာသဘောတရားအရ "ဓမ္မနှင့် ဓမ္မကာယ"ဟူသော တရားဟောကြားပြသခြင်းအား အဓိပ္ပါယ်ပေါ်လွင်စေရန်ဖြစ်သည်။

## ဓမ္မ (Dhamma)

ဓမ္မဟူသော စကားဝေါဟာရ၏ အနက်အဓိပ္ပါယ်မှာ အိန္ဒိယနိုင်ငံ၏ ဒဿနိကဗေဒ အတွက် လေးနက်သော အဘိဓမ္မာဖြစ်သည်။ ဆိုလိုသည်မှာ –

(၁) လုံးဝဥဿုံ အလုံးစုံမှန်ကန်ခြင်း၊

(၂) စာပေယဉ်ကျေးမှုဟူ၍လည်းကောင်း၊ သဘောတရားဟူ၍လည်းကောင်း၊ ဘာသာတရားဟူ၍လည်းကောင်း၊

(၃) ကောင်းမြတ်မှန်ကန်ခြင်း၊ ကုသိုလ်ကောင်းမှု၊ လူသားတစ်ဦး၏ ကိုယ်ကျင့်သီလ အမှားအမှန်ကို လေ့လာဆန်းစစ်မှုဟူ၍လည်းကောင်း၊ ကာယကံ၊ ဝစီကံ၊ မနောကံတို့၏ အပြစ်အနာအဆာမရှိခြင်းဟူ၍လည်းကောင်း၊

(၄) ကိုယ်ကျင့်တရား(ဟိန္ဒူဘာသာ၏ ဓမ္မသျှတ္တရကျင့်စဉ်)ဟူ၍လည်းကောင်း၊

(၅) အာမိသဒါန(ဝါ) ပစ္စည်းဥစ္စာပေးကမ်းလှူဒါန်းခြင်း ဟူ၍လည်းကောင်း အဓိပ္ပါယ်သဘောတို့ဖြစ်သည်။

သို့ရာတွင် ဗုဒ္ဓဘာသာဝင်များ၏အမြင်တွင် "ဓမ္မကာယ"ဟူသော အဓိပ္ပါယ်မှာ အလုံးစုံ အဆုံးစွန်အမှန်တရား (ဝါ) ပရမတ္ထသစ္စာအား အထောက်အကူပြုမှု၊ သို့မဟုတ် လောကီနယ်ပယ် တွင် အောက်ခြေအဆင့်၌ မှန်ကန်မှုရှိသော်လည်း အချို့အချို့သော အကြောင်း

အကျိုးဆက်စပ်မှုအား ဆင်ခြင်သုံးသပ်ရာတွင် မှန်ကန်မှုမရှိသော အကြောင်းပြချက်ရှိသည်။ သာဓကတစ်ခုကို ပြရမည်ဆိုလျှင် ''ဓမ္မကာယ''၏ မှန်ကန်သောဝတ္ထုပစ္စည်းဆိုသည်မှာ ဖော်ပြရန်မဖြစ်နိုင်သော၊ မည်သည့်နေရာ၌မဆိုရှိသော စကြဝဠာကမ္ဘာလောကဓါတ်အားလုံး၌ ရှိသော မှန်ကန်ခြင်းဖြစ်သည်။ နောက်သာဓကတစ်ခုမှာ ''ဓမ္မကာယ''၏ သက်တော်ထင်ရှား လူသားဘုရား ဖြစ်ထွန်းပေါ်ပေါက်မှုဆိုသောအဓိပ္ပါယ်မှာ အန္တိမဘဝ (နောက်ဆုံးလူသားဖြစ်မှု)အဖြစ် သတ္တဝါများအပေါ် အလွန်ချစ်ခင်သနားကြင်နာပွားသည့် ဘုရားစင်စစ်ကေန်ဖြစ်ပေါ်ခြင်း ဟူ၍ဖြစ်၏။ ဤသို့အားဖြင့် ''ဓမ္မကာယ''သည် ဟိန္ဒူဘာသာ၏ ''ဝေဒန္တ'' အယူအဆဖြစ်သည့် ''နိဂ္ဂုန'' (Nirguna)နှင့် ''ဆဂူန''(Saguna Brahma)ဟူသော အဓိပ္ပါယ်နှင့် တူညီသည်။ ဤနည်းအားဖြင့် ''ဗုဒ္ဓံသရဏံဂစ္ဆာမိ''(Buddham Sharanam Gacchami)ဟု လေးနက်တည်ငြိမ်စွာ အရှိအသေ ပြုခြင်းမှာ ဟိန္ဒူဘာသာမှ''ဘာခ်တီ''(Bhakti)ဆိုသောစကားကို နမူနာယူ၍ ဗုဒ္ဓအားဆည်းကပ် ကိုးကွယ်ခြင်းဖြစ်တော့သည်။

အကယ်၍သာ ဟိန္ဒူဘာသာ၏ ''အစ်ရှာဝါဒ''ဟူသော အယူအဆရှိမည်ဆိုပါက ''ဓမ္မကာယဗုဒ္ဓ'' နှင့် သဘောအဓိပ္ပါယ် အတူတူပင်ဖြစ်၏။ မည်သို့ပင်ဆိုစေကာမူ ဗုဒ္ဓဘာသာ၏ အဘိဓမ္မာသဘောတရားသည် နတ်ဘုရား(ဝါ) ထာဝရဘုရားရှိသည်ဆိုခြင်းကို လက်မခံပဲ လက်တွေ့ကျင့်ကြံအားထုတ်ခြင်းသာလျှင် သဘောတရားအမှန်ဖြစ်တော့၏။

## ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ(Lord Buddha)

BC.560 မှ BC.480

ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် သုဒ္ဓေါဓနမင်းကြီးနှင့် မာယာဒေဝီမဟေသီတို့မှ ဖွားမြင် တော်မူသော ဂေါတမအနွယ်ဖွား သိဒ္ဓတ္ထအမည်ရသော အိမ်ရှေ့စံမင်းသားဘဝမှဖြစ်လာသော လူသားစင်စစ်ဘုရားဖြစ်သည်။ ဘုရင်သုဒ္ဓေါဓနသည် သကျသာကီဝင်မျိုးနွယ်စုမှ ဆင်းသက်လာသူ၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရသူ၊ နိုင်ငံတော်ကပိလဝတ်၏ သက်ဦးဆံပိုင် ဘုရင်တစ်ပါးဖြစ်၍ ကောသလတိုင်းပြည်၊ အစ်ဗာကူးနှင့် ဆွေတော်မျိုးတော်ဖြစ်၏။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓအား သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူ၍

ဘုရားအဖြစ်သို့ မရောက်မီအချိန်ထိ သိဒ္ဓတ္ထဂေါတမဟူ၍ နာမည်ကျော်ကြားလူသိများကြ၏။ ၎င်းသည် ယသော်ဓရာနှင့် စုလျားရစ်ပါတ် ထိမ်းမြားလက်ထပ်ပြီး (၁၃)နှစ်ကြာမျှ နန်းမသုံးဆောင်ဝယ် လောကီအာရုံ ကာမဂုဏ်ကို ခံစားစံစားတော်မူစဉ် သားတော်ရာဟုလာ(Rahula)အား မွေးဖွားခဲ့ကြသည်။

သိဒ္ဓတ္ထမင်းသားဘဝ ကြင်ယာတော်ယသော်ဓရာမင်းသမီးနှင့် အိမ်ရှေ့စံဘုရင်တစ်ဆူအဖြစ် စံမြန်းတော်မူနေစဉ် နန်းတော်မှ ဥယျာဉ်တော်သို့ သုံးကြိမ်တိုင်တိုင်ထွက်တော်မူသည့်အချိန်တွင် သူအို၊ သူနာ၊ သူသေမြင်ကွင်းတို့ကို စိတ်မသက်မသာတွေ့မြင်လေ၏။ ထိုသို့တွေ့မြင်တော်မူခဲ့ရသော မြင်ကွင်းများကြောင့် လူ့ဘဝဆိုသည်မှာ စိတ်ညစ်ညူးဖွယ်ကောင်းသော၊ ပျော်ရွှင်မှုကင်းမဲ့ရသော ဖြစ်လေစွတကား။ ဒီလူ့ဘဝ ဝဋ်နှောင်မှလွတ်အောင် ရှောင်နိုင်ရန် နည်းလမ်း ရှာကြံတော့အံ့ဟူ၍စဉ်းစားနေစဉ်ခဏ၌ပင် အိန္ဒြေရင့်ကျက် တည်ငြိမ်အေးချမ်းသည့် ရဟန်းအသွင်နိမိတ်များကို တွေ့မြင်ရပြီး ထိုအေးချမ်းတည်ငြိမ်သူ ရဟန်းကဲ့သို့ဖြစ်အောင် ငါကြိုးစားတော့အံ့ဟူ၍ စဉ်းစားမိလေသည်။ တစ်နေ့သောအခါ သိဒ္ဓတ္ထဂေါတမသည် ''ယသော်ဓရာနှင့် ရာဟုလာ ကလေးငယ်''တို့အား ၎င်းတို့စက်တော်ခေါ် အိပ်ပျော်နေစဉ် စွန့်လွှတ်ထွက်ခွာလာခဲ့ပြီးနောက် အဝါရောင်သင်္ကန်းကို ဝတ်ဆင်မြန်းလျက် ရဟန်းဘဝသို့ ကူးပြောင်းရောက်ရှိတော်မူ၍ လှည့်လည်သွားလာ နေထိုင်ခဲ့လေသည်။ ၎င်းသည် ဒုက္ခဝဋ်အတွင်းမှ လွတ်ကင်းရန်နည်းလမ်းရှာကြံနေစဉ် မိမိကိုယ်ကို အာဠာရဆာလာမနှင့် ဥဒက ရာမပုတြထံ တပည့်ခံ၍ကျင့်ကြံအားထုတ်ခဲ့သည်။ အာဠာရ ရသေ့က သိဒ္ဓတ္ထဂေါတမအား ဆန်းကျမ်းသဘောတရားနှင့်အညီ ဘုရားအဖြစ်ရရှိနိုင်ရန် သင်ပြပေးခဲ့သည်။ သို့ရာတွင် မည်သို့ပင် အာဠာရ ရသေ့ထံမှ ထက်မြက်သောအသိဉာဏ်ပညာများကို ရရှိသော်လည်း အဆိုပါအသိဉာဏ်ပညာသည် သိဒ္ဓတ္ထဂေါတမအား သစ္စာလေးပါး သိမြင်နိုင်သည့်အဆင့်သို့ မပေးပို့နိုင်ခဲ့ပေ။ ထို့ကြောင့် သိဒ္ဓတ္ထဂေါတမသည် တစ်ခြားတစ်ပါးသောဆရာရသေ့ ရာမပုတြထံ ချဉ်းကပ်၍ နည်းနာနိဿရခံယူကျင့်ကြံခဲ့ရာ ၎င်းရသေ့ကြီးက ''တပ'' ခေါ် အကျင့်နှင့် မိမိကိုယ်ကို ငြင်းဆဲနှိပ်ကွပ်သည့်နည်းလမ်းဖြင့် မိမိ၏စိတ်အညစ်အကြေးကို ဆေးကြောသုတ်သင်နိုင်မည်ဟူ၍ သင်ပြသောနည်းလမ်းအလေ့အကျင့်ရရှိခဲ့သည်။ ရှင်တော်ဂေါတမသည် ရာမပုတြရသေ့သင်ကြားပေးခဲ့သည့်

မိမိကိုယ်ကို ပင်ပန်းဆင်းရဲအောင် ကျင့်ကြံအားထုတ်မှုကြောင့် ကိလေသာအညစ်အကြေးများ မကုန်ခမ်းနိုင်ကြောင်း (၆)နှစ်တိုင်ကျင့်သော ဒုက္ကရစရိယအကျင့်ကြောင့် မိမိကိုယ်ခန္ဓာရှိ အင်အားများကုန်ခမ်း၍ လမ်းလျှောက်၍မရသော အခြေအနေသို့ ဆိုက်ရောက်ခဲ့လေသည်။ မိမိကိုယ်ကို အလွန်ဆင်းရဲပင်ပန်းအောင် ညှင်းပမ်း နှိပ်စက်သည့်နည်းလမ်းသည် သစ္စာသိမြင်ရန် အထောက်အကူမပြုသည့်အတွက် အဆိုပါဒုက္ကရ စရိယအကျင့်ကိုစွန့်လွှတ်၍ အစာအာဟာရကို ပြန်လည်မှီဝဲစားသုံးပြီး အင်အားပြန်လည်ပြည့်ဝလာသည့်အချိန်မှ မဇ္ဈိမပဋိပဒါကျင့်စဉ်(အစွန်း ရောက်သည့် တရားနှစ်မျိုးဖြစ်သော အတ္တ ကိလမထာနုယောဂနှင့် ကာမသုခလ္လိကာနုယောဂ ကျင့်ကြံမှုများကို ရှောင်သောနည်းလမ်း)ဖြင့် ကျင့်ကြံသည့်အခါမှသာလျှင် နောက်ဆုံး၌ဂေါတမ ဗုဒ္ဓသည် ဂယာအရပ်ဒေသ၊ ညောင်ပင်တစ်ပင် အောက်၌ ဆက်လက်ကျင့်ကြံသည့်အချိန်မှ တဖြည်းဖြည်း အရပ်သွားရာ အရိပ်ပါသကဲ့သို့ ဘဝတိုင်း ဘဝတိုင်းတို့၌ ဇာတိ၊ ဇရာ၊ မရဏဆိုသည့် ဆင်းရဲဒုက္ခများပါနေရခြင်း၏အပြေ၊ သို့မဟုတ် ဒုက္ခဖြစ်ခြင်းအကြောင်းတရားကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ သိဒ္ဓတ္ထဂေါတမသည် သစ္စာ(၄)ပါးတရားတော်ကို ကိုယ်တိုင်တွေ့မြင်တော်မူ၍ လူသားစင်စစ်မှ ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

*[ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားရာ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ သီဟိုဠ်တို့၌ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့ (BC.568)တွင် ဘုရားအဖြစ် ရောက်တော်မူကြောင်း ယုံကြည်လက်ခံကြသော်လည်း အိန္ဒိယပြည်၊ ဘီဟာပြည်၊ ပတ္တနားမြို့ မဂဓတက္ကသိုလ်၊ ပါမောက္ခ Y.Masih က ၎င်း၏ **Comparative Study of Religions** စာအုပ်တွင် ဗုဒ္ဓဖွားမြင်သည့် ခုနှစ်သက္ကရာဇ်ကို BC.560 ဟူ၍ ရေးသားဖော်ပြ ထားပေသည်။ အကယ်၍ ဗုဒ္ဓမွေးဖွားသည့် ခုနှစ်သက္ကရာဇ်သည် BC.560 ဖြစ်ခဲ့လျှင် ဘုရားအဖြစ်သို့ရောက်ရှိသည့် ခုနှစ်သည် BC.525 ဖြစ်ရပေမည်။ ထိုသို့ဆိုလျှင် ဘုရားဖြစ်သည့် ခုနှစ်သက္ကရာဇ်(၂)ခုတို့သည် BC.568 နှင့် BC.525 ဟူ၍ ကွဲလွဲမှုရှိမည်ဖြစ်သည်။ သီရိလင်္ကာ ကျွန်းနိုင်ငံ၏ ထင်ရှား ကျော်ကြားသော ရဟန်းတော် တစ်ပါးဖြစ်သည့် Maha thera Piyadassi (Dr.Piyadassi) ၁၉၉၁ ခုနှစ်အတွင်း ရေးသားထုတ်ဝေသည့် The Spectrum of Buddhism စာအုပ်တွင်လည်း ဗုဒ္ဓ၏မွေးနေ့သက္ကရာဇ်ကို ဖော်ပြရာတွင် BC.603 ဟူ၍တွေ့ရသည်။ နောက်တစ်ခုမှာ ဘာသာကြီး*

*လေးခု အနှစ်သာရများ တအုပ်၌လည်း တရေးဆရာညိုသောင်းက ၎င်း၏တအုပ်တမျက်နှာ ၁၇၆ တွင် ဗုဒ္ဓဂေါတမ၏ မွေးသက္ကရာဇ်မှာ မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့ဖြစ်သည်ဟူ၍ ဖော်ပြထားရာ သဗ္ဗညုတရွှေဉာဏ်တော်ရပြီး ဘုရားဖြစ်သည့်နေ့မှာ မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ BC.567 ဖြစ်နိုင်ပေလိမ့်မည်။ ပြန်ဆိုရေးသားသူ]*

*မှတ်ချက်။ သို့သော် ကမ္ဘာ့သမိုင်းဆိုင်ရာအချက်အလက်များအရ အနောက်တိုင်းနိုင်ငံများက သိရှိနားလည်ကြသည်မှာ ဂေါတမဗုဒ္ဓသည် BC.563 မှ BC.483 ထိ သက်တော်ထင်ရှား နေထိုင်သွားခဲ့ခြင်းဖြစ်ကြောင်း ဖြစ်နိုင်သည်ဟူ၍ ဖြစ်ပါသည်။ (A short* ***Histry of Buddhism) in the Book of Thailand and Burma Handbook published by a division of NTC Publishing Group.USA)***

*[သို့ဖြစ်ရာ ဘာသာပြန်သူအနေဖြင့် ဗုဒ္ဓ၏ဖွားမြင်တော်မူသည့် ခုနှစ်သက္ကရာဇ်(၃)မျိုး ကွဲလွဲနေခြင်းမှာ မဖြစ်သင့်သောကိစ္စဟူ၍ ထင်သည့်အပြင်၊ ဗုဒ္ဓဘာသာဆိုင်ရာပညာရှင်များ ညှိနှိုင်း၍ တစ်မျိုးတည်းဖြစ်အောင် ဆောင်ရွက်သင့်သည်ဟု ထင်မြင်မိပါသည်။*

*အခြားသော ဘာသာယုံကြည်ကိုးကွယ်မှုများ ဥပမာ– ခရစ်တော်ဖွားမြင်သည့် ခုနှစ်သက္ကရာဇ်ကို BC နှင့် AD ခွဲခြားသတ်မှတ်ထားခြင်းအားဖြင့် တသမတ်တည်း တစ်မျိုးတည်းဖြစ်သည့်အချက်မှာ သင့်မြတ်ကောင်းမွန်ပါသည်။ ဘာသာပြန်သူ]*

ရှင်တော်ဗုဒ္ဓမြတ်စွာဘုရား၏ စိတ်အကြံဖြစ်ပေါ်လာသည်မှာ ဗုဒ္ဓစင်စစ်ဘုရားဖြစ်ပြီ ဟူသော ကောင်းသတင်းကိုကြေငြာရန် သင့်မသင့်ဖြစ်သည်။ နောက်ဆုံးတွင် ဗုဒ္ဓမြတ်စွာ ဘဂဝါသည် ဤသတင်းကို ကမ္ဘာသို့အသိပေးကြေငြာရန် ဆုံးဖြတ်လိုက်သည်။ ဤသို့ဗုဒ္ဓစင်စစ် ဘုရားဖြစ်ပြီဟူ၍ကြေညာသော ဓမ္မစကြာသုတ်ဒေသနာတော်ကို ဟောကြားလိုက်ခြင်း (Dharma Sakya- The wheel of Dharma which is well known to every Buddhist)မှစ၍ ဗုဒ္ဓဘာသာဟူ၍ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။ ဓမ္မစကြာတရားတော်သည် ဗုဒ္ဓဘာသာ၏ အဓိကပေါ်လွင်ထင်ရှားသည့် တရားဒေသနာတော်ဖြစ်ပေသည်။ ဓမ္မစကြာဟောကြားပြီးနောက် (၅)ရက်အကြာ၌ ဗုဒ္ဓမြတ်စွာဘဂဝါသည် အနတ္တဝါဒ (Anattavada-which is also known to Buddhists)အား ကမ္ဘာသို့ကြွေးကြော်ကြေညာခဲ့သည်။

## ဗုဒ္ဓဘာသာ၏ ထူးခြားထင်ရှားသည့်အချက်များ

ဗုဒ္ဓဘာသာသည် အခြားသောကမ္ဘာ့ဘာသာကြီးများနှင့် မတူကွဲပြားခြားနားသည့် အချက်မှာ ၎င်း၏ တစ်ခုတည်းသောထူးခြားသည့်အဘိဓမ္မာနှင့် ၎င်း၏ တွေးခေါ်မြော်မြင်မှု သဘောတရားဖြစ်သည်။ သံသရာမှထွက်ကြောင်း နည်းလမ်းညွှန်ပြသည့်တရားသည် အခြား ဘာသာများနှင့်မတူပဲ သဘာဝယုတ္တိအပေါ်အခြေခံသည့် သဘာဝဓမ္မဖြစ်သည်။ အခြားသော ဘာသာကြီးများဖြစ်သည့် ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စလာမ်၊ ဇိုရိအာဆရီးယား၊ ဂျူးဒီဘာသာများတွင် အခြေခံဟောကြားသွန်သင်ညွှန်ပြချက်များမှာ နတ်ဘုရား၊ သို့မဟုတ် ထာဝရဘုရားသခင်အပေါ် ယုံကြည်မှုဖြင့် "ဘုရားသခင်အား ဦးညွှတ်ပါ၊ ဘုရားသခင်အား ကိုးကွယ်ပါ၊ သင့်ကိုယ်ကို ဘုရားသခင်အားအပ်နှံပါ၊ ဘုရားသခင်နှင့် နီးကပ်စွာချဉ်းကပ်ပါ" ဟူ၍သင်ပြမှုများသာဖြစ်သည်။ ဤဘာသာကြီးများအနေဖြင့် လူတစ်ယောက်သည် ထာဝရဘုရားသခင်အပေါ်၌ သက်ဝင် ယုံကြည်မှုမရှိသေးသမျှကာလပတ်လုံး ၎င်း၏ဘဝကို မှန်ကန်စွာဖြင့် လူတော်လူကောင်းဘဝကို မရရှိသေးပဲ အချည်းနှီးသောဘဝသာဖြစ်လိမ့်မည်။ ကျွန်ုပ်တို့ လေ့လာသိရှိသမျှမှာ ယင်းဘာသာ များအား ယုံကြည်ဆည်းကပ်သော ထောင်ပေါင်းများစွာသော လူအပေါင်းတို့သည် ပေးကမ်း လှူဒါန်းခြင်း၊ စိတ်ကို ဖြူစင်သန့်ရှင်းအောင်ကျင့်ကြံနေထိုင်ခြင်း၊ စိတ်ထားမြင့်မြတ်အောင် ကြိုးစား မှုဖြင့်သာ ၎င်းတို့ဘဝကို ကုန်ဆုံးကြရသည်။ ထူးဆန်းအံ့သြဖွယ်ရာကောင်းသည့်အချက်မှာ ဗုဒ္ဓဘာသာဝင် ထောင်ပေါင်းများစွာတို့သည်လည်း ထာဝရဘုရားသခင်အား ကယ်တင်ရှင်ဟူ၍ ယုံကြည်လက်ခံခြင်းမရှိစေကာမူ အခြားသောဘာသာဝင်များကဲ့သို့ပင် ဒါန၊ သီလ၊ ဘာဝနာဖြင့်သာ နှစ်သက်ကျေနပ်နေကြသည်ကို တွေ့ရှိရပေသည်။

အခြားသောဘာသာများနှင့်မတူ ကွဲပြားခြားနားသည့် သဘောတရားတစ်ခုမှာ ဗုဒ္ဓဘာသာတွင် ဤလောက၌ ဘာတစ်ခုမျှ ကိုယ်ဖြစ်ချင်သလိုမဖြစ်ပဲ သဘာဝဓမ္မတာအတိုင်း သွားသောအတိုင်းဖြစ်နေသည့် အနတ္တဝါဒ(Anatta Vada)ဖြစ်သည်။ ဂျူးဒီဘာသာ၏ အတွေးအမြင်ဒဿနပညာအရ လူ့ခန္ဓာကိုယ်အတွင်းရှိနေသော အတ္တဝိဉာဏ်(Entity)သည် လူတစ်ယောက်၏ ကိုယ်၊ နှုတ်၊ နှလုံး (၃)ပါးလုံးကို ထိန်းချုပ်လျက်ရှိ၏။ ထိုအရာသည် မပြောင်းမလဲတည်ရှိနေပြီး လူ၏ရုပ်ခန္ဓာကိုယ် သေဆုံးသွားသော်လည်း ၎င်းအရာ(ဝိဉာဉ်)မှာ

မသေဆုံးပဲ အခြားတစ်နေရာ၌တည်ရှိနေလျက် တရားစီရင်စစ်ဆေးသည့်နေ့(Day of Judgement) ရောက်သည့်တိုင်အောင်တည်ရှိနေပြီး တရားစီရင်စစ်ဆေးခံရပြီးနောက် ကောင်းကင်ဘုံ၊ သို့မဟုတ် ငရဲဘုံသို့ ရောက်ရှိသွားလိမ့်မည်။ ဟိန္ဒူဘာသာတွင် ''ဝေဒန္တ'' နည်းနိသယက ''တော် မ မ၊ သောဟ မ သ္မိ၊ သောမေ အတ္တ'' ဟူ၍ လက်ခံယုံကြည်ကြ၏။ အိန္ဒိယပြည် ဟိန္ဒူဘာသာရေးကျမ်းစာသင်ကျောင်းများတွင် အတ္တ(Atta or Atman)၊ သို့မဟုတ် မိမိ၏ အသက်လိပ်ပြာကောင်သည် အမြဲတည်ရှိနေသည်ဟူသော သဘောသည် မိမိတို့၏ကိုယ်ခန္ဓာ အတွင်း ကိန်းအောင်းတည်ရှိနေသည်ဟူ၍ လက်ခံယုံကြည်သည်။

မကြာမြင့်မီသောအချိန်ကာလအတွင်းမှသာလျှင် ဥရောပတိုက်နိုင်ငံများ၏ ဒဿနဗေဒ ပညာရှင်များနှင့် သိပ္ပံပညာရှင်များတို့သည် အရာခပ်သိမ်းတို့သည် မည်သည့်အရာမျှ မတည်မြဲဘဲ အစဉ်အမြဲ ရွေ့လျောပြောင်းလဲနေခြင်းသဘော ရှိကြကုန်၏ဟူ၍ အသိအမှတ်ပြုကြရပြီး ၎င်းတို့ထက် နှစ်ပေါင်း ၂၅၀၀ ခန့်စော၍ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ရုပ်နှင့်နာမ်တို့မှာလည်း စဉ်ဆက် မပြတ်ဖြစ်ပျက် ပြောင်းလဲနေသည်ဟူသော သဘောမှတစ်ပါး သမုဒ္ဒရာ ရေ မြေ တော တောင် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျာ်း မိန်းမဟူ၍မရှိကြောင်း ဟောကြား တော်မူခဲ့သည်။

''လူ'' ဟူ၍ ကျွန်ုပ်တို့ခေါ်ဆိုသမျှ ပညတ်ပြုထားသည့်အရာသည် စိတ်နှင့်ရုပ် ပေါင်းစုထားခြင်းသာ ဖြစ်၏။ ဗုဒ္ဓဘာသာ၏ ဟောကြားသင်ပြမှု၌ တည်မြဲသော အသက်ဝိဉာဉ်(ဝါ) အတ္တ(Immortal soul, Atta) ဟူ၍မရှိပဲ စိတ်နှင့်ရုပ်၊ သို့မဟုတ် နာမ်နှင့်ရုပ်(Mind and Matter or Nama-Rupa)ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ''လူ''ဟူ၍ ခေါ်ဆိုနေကြခြင်းသာ ဖြစ်သည်။ ရုပ် ခေါ် ရူပ(Rupa)သည် မြင်နိုင်စွမ်းမရှိသော အရည်အသွေး၏ တွေ့မြင်နိုင်သည့် လှုပ်ရှားသွားလာ နေထိုင်စားသောက်မှုအားလုံးသည် ပါဠိစကားဖြင့် မဟာဘူတ ခေါ် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော ဟူသော ဓါတ်သဘောမျှသာဖြစ်၏။ (Only the elementary compounded apperances).

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် စိတ်ဟုဆိုသောအရာတွင် စိတ်နှင့်သက်ဆိုင်သော အတူတကွ ယှဉ်တွဲဖြစ်ပေါ်သည့် တရား(၄)ပါးရှိ၏ဟူ၍ ရှင်းပြ၏။ ၎င်းတို့မှာ –

(၁) ဝေဒနာ (Vedana) = ခံစားမှု
(၂) သညာ (Sanna) = မှတ်သားမှု
(၃) သင်္ခါရ(Sankhara) = စေတနာ (ဝါ) စေ့ဆော်ချက်နှင့် အရေအတွက်အားဖြင့် (၅၀)မျှသောစေတသိတ်များ၊ စိတ်နှင့်သက်ဆိုင်သော ယှဉ်တွဲဖြစ်ပေါ်သည့်တရား
(၄) ဝိညာဏ (Vinnana) = သိမှုသဘောမှာ အထက်ဖော်ပြပါ စေတသိတ်တို့၏ အဓိကအခြေခံတရားဖြစ်၏။

ဤနည်းအားဖြင့် "သတ္တ" ခေါ် သက်ရှိသတ္တဝါဆိုသည်မှာ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးတို့ အတူယှဉ်တွဲဖြစ်ပေါ်မှု(Psycho-Physical Complex) ရုပ်နှင့်စိတ်တို့မှာ အခါမလပ် ပြောင်းလဲနေခြင်းသဘောရှိ၍ ၎င်းနှစ်မျိုးအနက် ခဏတိုင်း ခဏတိုင်းတို့၌ နှစ်မျိုးစလုံးအတူတကွ ချုပ်ပျက်ကြ၏။

ခန္ဓာငါးပါးတွင် "အတ္တ"(Atta) ခေါ် "ဝိညာဉ်"(Soul) ရှိပါ၏လော? ဗုဒ္ဓ၏ အဖြေကတော့ "မရှိ" ဟူ၍ ဖြစ်ပါသည်။ သို့ဖြစ်လျှင် "အတ္တ" ခေါ် "ဝိညာဉ်" ကို "ငါ" ဟူ၍ ဆိုနိုင်ပါမည်လော? အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ခန္ဓာငါးပါးမှလွဲ၍ အတ္တဟုခေါ်ဆိုရန် မရှိပေ။ ဤနေရာ၌ ကျွန်ုပ်တို့သည် လက္ခဏာ (၃)ပါးအနက် (အနိစ္စ- Momentariness) (ဒုက္ခ- Universal Suffering) (အနတ္တ- Soulessness) အနတ္တလက္ခဏာ၏ သဘောတရားကို အသက်ကောင်လိပ်ပြာကောင်ဟူ၍မရှိခြင်း၊ မပြောင်းမလဲ အမြဲတည်နေသောအရာဟူ၍ မရှိခြင်းဟူ၍ နားလည်နိုင်သည်။ ဤအနတ္တဟူသော အသက်ကောင်လိပ်ပြာဟူ၍ မရှိခြင်း သဘောမှာ ဗုဒ္ဓဘာသာသည် အခြားသောဘာသာများနှင့် မတူညီသည့်အချက်ဖြစ်သည်။ ဥပမာအားဖြင့် လှည်းတစ်စီးက ဘီး၊ ဗဒေါင်း၊ လှည်းအိမ်၊ အကာအရံနှင့် ဝင်ရိုးတို့ကို တစ်ခုချင်း ဖယ်ထုတ်ထားလျှင် ဘာကျန်ရှိနေဦးမည်နည်း။ အဖြေကတော့ လှည်းဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်သော စုပေါင်းစပ်ပေါင်း ပစ္စည်းများဟူ၍သာ ဆိုနိုင်မည်ဖြစ်၏။ အတိအကျရေးသားတင်ပြရလျှင် အလားတူစွာပင် ခန္ဓာ(၅)ပါးဖြင့် ဖွဲ့စည်းထားသော ပုံသဏ္ဍာန်အမျိုးအစားနှင့် စိတ်ပြောင်းလဲမှုအလိုက် အမည်နာမအလိုက် မှည့်ခေါ်ခြင်းအား လူဟူ၍ ခေါ်ဆိုနေကြခြင်းသာ

ဖြစ်သည်။ ဘဝစတင်ဖြစ်ပေါ်ခြင်း၏ နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်းသည့်ပြဿနာ၌ အဓိကရှုမြင်သုံးသပ်ချက် (၂)ခုရှိသည်။ တစ်ခုမှာ ခန့်မှန်းရေးသားခြင်း မပြုနိုင်သော အတိတ်ကာလ၌ ဘဝ၏အစတစ်ခု ရှိရမည်ဟူ၍လည်းကောင်း၊ အဆိုပါလူ့ဘဝ အစ၊ သို့မဟုတ် ပထမဆုံးအကြောင်းတရားသည် ဖန်ဆင်းရှင်ထာဝရဘုရားသခင်ဖြစ်သည်ဟူ၍ လည်းကောင်း၊ နောက်တစ်ချက်မှာ လူ့ဘဝသည် အစဟူ၍မရှိ၊ အဘယ်ကြောင့်ဆိုသော် အကြောင်းတရားနောက်သို့ အကျိုးတရား အမြဲလိုက်သောကြောင့်ဖြစ်သည်။ ထိုအကျိုးတရားသည် အကြောင်းတရားပြန်ဖြစ်ပြီး၊ ကြောင်းကျိုးလည်ပတ် ပဋိစ္စသမုပ္ပါဒ်ဖြစ်သောကြောင့် ပထမဆုံးသော အကြောင်းတရား၊ သို့မဟုတ် ဘဝ၏မူလအစကို စဉ်းစား၍မရနိုင်သောကြောင့် ဖြစ်၏။

ပထမအချက်ရှုမြင်သုံးသပ်မှု၌ ဘဝတစ်ခု၏ မူလအစဆိုတာရှိသည်၊ အဆိုပါလူ့ဘဝ၏ မူလအစဆိုသည်မှာ ဖန်ဆင်းရှင်ထာဝရဘုရားသခင်ဖြစ်သည်။ သို့ရာတွင် ဖန်ဆင်းရှင်ထာဝရဘုရားသခင်ကိုယ်တိုင်သည်ပင်လျှင် မည်သည့်နည်းဖြင့် လောကသို့ရောက်ရှိလာပြီး မည်သည့်တရားသဘောအရ ၎င်း၏ဘဝကို မည်သို့မည်ပုံ ထိန်းချုပ်ထားပါသနည်း။။ အကယ်၍ဖန်ဆင်းရှင် သို့မဟုတ် ရှေးဦးစွာဖြစ်သော အကြောင်းတရားမရှိပဲ သက်ရှိသတ္တဝါတစ်ဦး သက်ရှိလောကထဲသို့ ဝင်ရောက်လာနိုင်သည်ဆိုလျှင် လောကကြီးသည်လည်းကောင်း၊ သို့မဟုတ် ရှေးဦးစွာဖြစ်သော အကြောင်းတရားမရှိပဲ အဘယ်ကြောင့် ညီတူညီမျှ မဖြစ်ပေါ်နိုင်သနည်းဆိုသည်ကို အကြောင်းပြချက် တစ်စုံတစ်ရာဖော်ပြခြင်းမရှိ။

နောက်ရှုမြင်သုံးသပ်ချက်တစ်ခုမှာ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ရှုမြင်သုံးသပ်ချက်ဟူ၍ အမည်ရသော လူ့ဘဝဆိုသည်မှာ အစဟူ၍မရှိခြင်းဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်စွာဘုရားသည် တိကျခိုင်လုံစွာဖြင့် "ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော သတ္တဝါတို့၏ မူလအစသည် ကြံစည်စဉ်းစားခြင်းငှာ မစွမ်းနိုင်သောကိစ္စဖြစ်သည်။ သတ္တဝါတို့ စတင်ဖြစ်ပေါ်မှုကို မသိနားမလည်ခြင်း ဟူသော အဝိဇ္ဇာတရားက ပိတ်ဆို့ထားသည့်အပြင် တဏှာဆိုသောတရားကလည်း ကိလေသာ ညွှတ်ကွင်းက မလွတ်ကင်းအောင်တားဆီးထား၏။"(သံယုတ္တနိကာယ အတွဲ- ၂ ၊ စာမျက်နှာ - ၁၇၈)

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အကြောင်းအကျိုးဖြစ်စဉ် သဘာဝတရား၏ အောက်တွင် သတ္တလောကသည်လည်းကောင်း၊ စကြဝဠာကမ္ဘာလောကဓါတ်သည်လည်းကောင်း၊

တည်တံ့နေခြင်းသဘောရှိ၏။ အကြောင်းတရား၏နောက်သို့ အကျိုးတရားသည် အမြဲတမ်း လိုက်ပါလျက်ရှိသလို ဖြစ်ပေါ်လာသည့် အကျိုးတရားသည်လည်း အကြောင်းတရားအဖြစ်သို့ ရောက်ရှိသဖြင့် မွေးဖွားမှုသည် သေဆုံးခြင်းသို့သာ ရောက်မည်ဖြစ်၏။ မွေးဖွားခြင်းတရားနှင့် သေခြင်းတရားသည် ဘဝတစ်ခု၏အစနှင့်အဆုံးဟူသော ဘက်(၂)ဘက်ဖြစ်သည်။ ဤသို့ လည်ပတ်နေသော မွေးမှု သေမှု တရားနှစ်ခု၏ အကြောင်းအကျိုးဖြစ်စဉ်ကို ဗုဒ္ဓဘာသာက သံသရာဟူ၍ခေါ်ဆိုပြီး ပထမအစပိုင်းကို ရှာဖွေဖော်ထုတ်မှု မပြုပေ။ ပါဠိဝေါဟာရ သံသရာ ဆိုသည်မှာ စဉ်ဆက်မပြတ် အမြဲထာဝရလည်ပတ်ခြင်းနှင့် အဖန်ဖန်အထပ်ထပ် ပြန်လည် မွေးဖွားရခြင်းကို ဆိုလိုသည်။

*(မှတ်ချက်။ ။ ထို့ကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း ဒေသနာတရား၏ အတိုချုပ်လင်္ကာ၌ အဝိဇ္ဇာနှင့်တဏှာ အရင်းခံ ဥပါဒါန် ကံကြောင့် ရုပ်နာမ်ပေါ်၊ အပင်မှ မျိုး၊ မျိုးမှ အပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့် ဟန်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်၊ ပြဟ္မာ သိကြားစသည်များက၊ ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့် လူနတ်များစွာ သတ္တဝါတို့ ဖြစ်လာရမှုမဟုတ်ဟု ဉာဏ်မြင့်ရှု၍မြော်ဟူ၍ ရေးသားထားခြင်းမှာ ကြောင်းကျိုးစဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲ နေခြင်း၏ သဘာဝအမှန်ကို အတိအကျထင်ဟပ်စေပေသည်။ ဘာသာပြန်သူ)*

ဤမွေးမှု သေမှု အစဉ်အတန်းကို ဗုဒ္ဓ၏ပဋိစ္စသမုပ္ပါဒ်တရား၌ ဖော်ပြထားသည်။ အဆိုပါတရားဒေသနာသည် သတ္တဝါအများ သံသရာတစ်လျှောက်လုံး၌ တွေ့ကြုံခံစားနေကြ ရသော ဇာတိဒုက္ခနှင့် မရဏဒုက္ခတို့ဖြစ်စဉ်၊ သို့မဟုတ် မွေးမှု သေမှု အကြောင်းဖြစ်သည်။ ဤသို့ရေးသားဖော်ပြခြင်းမှာ သတ္တဝါတို့၏ ဘဝဖြစ်ပေါ်ခြင်းမူလအစကို ဖော်ထုတ်ရန်ကြိုးစားမှု မဟုတ်သလို သက်ရှိရုပ်လောက၏ တရွေ့ရွေ့ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်ဟု ဆိုနိုင်သော (Theory of Evolution of the world) သဘောတရားလည်းမဟုတ်ပါ။ ထိုပဋိစ္စသမုပ္ပါဒ် တရားဒေသနာ သည် ရှေးဖြစ်က နောက်ဖြစ်အား အထောက်အကူပြုလျက်၊ ကွင်းဆက် တစ်ဆယ့်နှစ်ခုတို့၏ အစဉ်အတန်းဖြစ်သည်။ *(မိုးကုတ်ဆရာတော်ကြီး ရေးဆွဲထားခဲ့သော ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကို ကြည့်ရှုပါရန်)*

ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တစ်ဆယ့်နှစ်ရပ်အနက်မှ အဝိဇ္ဇာနှင့် သင်္ခါရတည်းဟူသော အင်္ဂါ(၂)ပါးသည် မသိမှုအဝိဇ္ဇာ၏ဖုံးကွယ်မှုအောက်တွင် အတိတ်ကာလ၊ အတိတ်ဘဝက လိုလားတောင့်တမှုဖြင့် ပြုလုပ်အားထုတ်ခဲ့ခြင်း (ကမ္မဘဝ)၏အကျိုးရလဒ်ဖြစ်ကြောင်း သက်သေ ဖြစ်နေပေသည်။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တစ်ဆယ့်နှစ်ရပ်အနက် ဝိညာဏမှ ဝေဒနာအထိ ပါဝင်သော ပစ္စုပ္ပန်ကာလ၏ အင်္ဂါငါးပါးသည် အတိတ်ကာလ၏ ကမ္မဘဝကပေးလိုက်သည့် အကျိုးရလဒ် ဖြစ်သည်။ တဏှာတည်းဟူသော ပဋိစ္စသမုပ္ပါဒ်ကွင်းဆက်အထိ တိုးပွားများပြားလာသောအခါ လိုလားတောင့်တမှုဖြင့် ပြုလုပ်အားထုတ်ခြင်းကို ညွှန်ပြထားသည်။ ယခုပစ္စုပ္ပန်ဘဝ၌ ကျွန်ုပ်တို့ ဝါသနာဗီဇနှင့် စရိုက်လက္ခဏာအရ ပြုမူပြောဆိုချက်များသည် အတိတ်ဘဝမှပါလာသော ပြုမူဆောင်ရွက်ချက်များ၏ အကျိုးရလဒ်ဖြစ်၍ ယခုလက်ရှိဘဝ ကျွန်ုပ်တို့ပြုမူဆောင်ရွက်ချက် များ၏အပေါ်မူတည်၍ အနာဂတ်ဘဝ၌ ကျွန်ုပ်တို့ မည်ကဲ့သို့သော ဝါသနာဗီဇရှိသည်ကို လည်းကောင်း၊ ကျွန်ုပ်တို့၏ ကမ္မဝါစရ အရည်အသွေး(Karmic Force)ဖြင့် အတွင်းစိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲ ကျင့်ကြံမှုအလျောက် နောက်ဘဝတွင် အကျိုးပေးမည်ဆိုသည်ကိုလည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်တွင် ဖော်ပြထားခြင်းမရှိသော်လည်း အဓိပ္ပါယ်ပေါ်လွင်နေသော ကြိုးစားအားထုတ်မှု၏ အကျိုးရလဒ်အဖြစ် ဇာတိ၊ ဇရာ၊ မရဏ တွေကြုံ ခံစားနေရကြောင်း အကျဉ်းချုံး၍ ဖော်ပြထား သည်။ ဤနည်းအားဖြင့် အတိတ်၊ ပစ္စုပ္ပန် နှင့် အနာဂတ်ဘဝတို့သည် မရပ်မနားလည်ပတ်မှု (Endless Circulation of Births and Deaths)ဖြစ်ပေါ်၍ နေကြကုန်၏။

ဤသို့အားဖြင့် ပဋိစ္စသမုပ္ပါဒ်တရားတော်သည် အောက်ပါမေးခွန်းကြီး (၃)ခုကို ဖြေဆိုထားပေ၏-

ပထမမေးခွန်း - ကျွန်ုပ်တို့ ဘယ်ဘဝက လာခဲ့ကြပါသလဲ? ။

အဖြေ - အတိတ်အကြောင်းများကြောင့် အတိတ်ဘဝကကျွန်ုပ်ပြုမူဆောင်ရွက်ခဲ့ ကြသည့် အကြောင်းများကြောင့်၊ ကျွန်ုပ်တို့ ဆက်လက်ဆောင်ရွက်နေဆဲ အားထုတ်ဆောင်ရွက်မှုများ၊ ကုသိုလ် အကုသိုလ်များကြောင့်၊ ကျွန်ုပ်တို့ အပေါ် အဝိဇ္ဇာဖုံးအုပ်မှုကြောင့် ကျွန်ုပ်တို့၏ လိုချင်မှု၊ အပြင်းအထန် လိုချင်မှုဟု ဆိုရမည့်တဏှာနှင့် ဥပါဒါန်ကြောင့်ဖြစ်၏။ ဤနည်းအားဖြင့်

အတိတ်ဘဝကုသိုလ် အကုသိုလ်ကို သယ်ဆောင်ယူငင်လျက် ပစ္စုပ္ပန် ရောက်ရှိလာကြ၏။

ဒုတိယမေးခွန်း - ကျွန်ုပ်တို့ဘာကြောင့် လူ့ဘဝရနေကြပါသနည်း?။

အဖြေ - ကျွန်ုပ်တို့ လူ့ဘဝရနေကြရသည့် အကြောင်းတရားမှာ အတိတ်ဘဝက ပြုလုပ်ခဲ့သော အကြောင်းတရားကြောင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အတိတ်မှ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှ အနာဂတ်မွေးထုတ်ပေးသကဲ့သို့ ကျွန်ုပ်တို့၏ ဝမ်းသာပျော်ရွှင်မှုများ၊ ပူဆွေးဝမ်းနည်းမှုများ၊ အထူးသဖြင့် တဏှာနှင့် ဥပါဒါန်တို့၏ အကြောင်းများကြောင့်ဖြစ်ပေါ်မှုကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟူ၍ ပညတ်အပေါ်တွင် သက္ကာယဒိဋ္ဌိအစွဲကို အပြီးသတ် ချေမှုန်းမဖျက်ဆီးနိုင်သရွေ့ ကျွန်ုပ်တို့ ဒီသံသရာက လွတ်မြောက်ကြမည်မဟုတ်ပေ။ ပညာရှိသော ပုဂ္ဂိုလ်တစ်ယောက်အဖို့မှာ မူကား ၎င်း၏ဘဝ အသက်ရှင်နေထိုင်ခြင်းသည် အတိတ်ဘဝများစွာက တင်ရှိခဲ့သော ကိလေသာအညစ်အကြေးများ ဆေးကြောသုတ်သင်ရန် အခွင့်ကောင်းတစ်ရပ် ရရှိခြင်းအဖြစ်လည်းကောင်း၊ မိမိကျူးလွန်ခဲ့သော အကုသိုလ်ဒုစရိုက်များ မှားယွင်းသောအယူအစွဲမှ လွတ်ကင်းစေရန် အလို့ငှာလည်းကောင်း၊ ဘဝရရှိခြင်းနှင့်သေဆုံးခြင်းအပေါ် မှားယွင်းသော ခံယူချက်များကို စွန့်လွှတ်၍ မဇ္ဈိမပဋိပဒါလမ်းပေါ် ခြေချလျှောက်လှမ်း နိုင်ရန်ဖြစ်သည်။

တတိယမေးခွန်း - ကျွန်ုပ်တို့သည် မည်သည့်နေရာသို့ သွားနေကြပါသလဲ?။

အဖြေ - ကျွန်ုပ်တို့ပြုလုပ်ခဲ့သော အကြောင်းတရားများအားလျော်စွာ အကျိုး တရားကို ခံစားရရှိကြမှာဖြစ်ကြောင်း၊ ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်အားထုတ်ဆဲ၊ ပြုလတ္တံ့သောကုသိုလ်အမှုများသည် သံသရာ(Samsara)ခရီးကို အဝိုင်းပုံသဏ္ဌာန်ဖြင့် သွားနေကြပြီး မြုပ်မျော၊ ပေါ်မျော သံသရာ ရေယာဉ်ကျောမှာ တမျောတည်းမျောနေကြရခြင်းဖြစ်ကြောင်း။ မဇ္ဈိမ

ပဋိပဒါကျင့်စဉ်ဖြင့် ၎င်းတို့၏ ကြိုးစားအားထုတ်မှုကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သူများအဖို့ရာမှာမူကား ဒုက္ခခပ်သိမ်းချုပ်ပြတ်ငြိမ်း၍ ဘဝဇာတ်သိမ်းရမှာဖြစ်ကြောင်း၊ ပဋိစ္စသမုပ္ပါဒ်တရားတော်က ဖြေကြားထား ပေသည်။

ကြီးစွာသောအမိုက်မှောင်ထု ဖုံးအုပ်တားဆီးနေသဖြင့် မည်သည့်အရာကိုမျှ တစိုးတစိ မြင်နိုင်စွမ်းမရှိသကဲ့သို့ အဝိဇ္ဇာတည်းဟူသော မသိမှုကို ဖယ်ရှားရှင်းလင်းရန်မှာ ပဋိစ္စသမုပ္ပါဒ် တရားနှင့် အသင်လူသား၏တာဝန်သာဖြစ်၏။ ဗုဒ္ဓလမ်းစဉ်သည် ရှုပ်ထွေးပွေလီနေသော ကမ္ဘာလောက၏ များပြားလှသည့် ပြဿနာများအလယ်တွင် အပိုအလိုမရှိ ချိန်သားကိုက် ညီအောင် ညှိပေးသည့်ဝါဒဖြစ်သည်။ ဗုဒ္ဓ၏ဥပဒေသမှာ မိမိကိုယ်မိမိ ဝေဖန်ဆန်းစစ်ပြီး လောကလူ့ဘောင် ဤဝဋ်နှောင်က လွတ်အောင်ရုန်းထွက်ရေးဖြစ်သည်။ ဗုဒ္ဓ၏ အကြံပြုချက်မှာ မဂ်ဖိုလ်နိဗ္ဗာန်သို့ မျက်မှောက်မပြုနိုင်သေးမီ လူ့လောကီနယ်ပယ်တွင် နေ့စဉ်ဘဝ အသက်မွေးဝမ်း ကျောင်းမှုပြုရာတွင် ''မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ စိတ်ကိုဖြူအောင်ထား၊ ဆုဆု ဗုဒ္ဓ ဟောဖော်ပြ၊ ဆုံးမဆိုစကား'' ဟူ၍လည်းကောင်း၊ ''တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက် မြင့်အောင်၊ မလင့်ပုံသေ ကြိုးစားနိုင်စေသတည်း'' ဟူ၍လည်းကောင်း နှိုးဆော်ထားသည်။ ဗုဒ္ဓ၏ နေ့စဉ်ဘဝ နေထိုင်ရေးလမ်းစဉ်မှာ နောက်ဆုံးရည်မှန်းချက်ပန်းတိုင်အဖြစ် အမတ မြတ်နိဗ္ဗာန်အား မျက်မှောက်ပြုရန်သာ ဖြစ်ပေတော့သတည်း။

## ဗုဒ္ဓဘာသာ၏ထူးခြားလေးနက်မှုများ

The Distinctive Features of Buddhism

ဗုဒ္ဓဘာသာသည် အခြားသောယုံကြည်ကိုးကွယ်မှုများနှင့်မတူသော အဆုံးအမ တရားတော်များနှင့် ပြည့်စုံကြွယ်ဝသည့် သာသနာတော်ဖြစ်သည်ကို အောက်တွင်ဖော်ပြပါရှိသော အချက်အလက်များက ဖော်ပြနေပါသည်-

**ဝိမုတ္တိ (Vimukti)**

၁။ နိကာယ်ငါးရပ် (Five Discourses in which long Discourses, Medium sized

Discourses, Mixed Discourses, Graduated Discourses and Miscellaneous Discourses are written) ပဋိကတ်သုံးပုံ (Three Baskets in which Sutras, Vinaya and Abhidharma discourses are written) ဓမ္မခန္ဓာရှစ်သောင်းလေးထောင်ဟုဆိုအပ်သော မြတ်ဗုဒ္ဓ၏ အဆုံးအမသာသနာတော်သည် ဘဝသံသရာမှ လွတ်မြောက်ရေးတည်းဟူသော တစ်ခုတည်းသော ဝိမုတ္တိပန်းတိုင်(The only Final Goal in Buddhism)ကို ရည်မှန်းချက်ထားရှိပေသည်။ ယင်းလွတ်မြောက်ခြင်း "ဝိမုတ္တိ"ကိုပင် သာယာမြတ်နိုးအပ်သောသဘော၊ ပြည့်စုံစေရမည့် သဘောအဓိပ္ပါယ်အားဖြင့် ရသ ခေါ် အရသာဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပေသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်၏ တစ်ခုတည်းသောအရသာသည် "ဝိမုတ္တိရသ"(Essence of Vimukti)ပင်ဖြစ်ကြောင်း သိအပ်ပေ၏။ ဤအကြောင်းကို ဥဒါန်းပါဠိတော် ဥပေါသထသုတ်၌ အောက်ပါအတိုင်းဟောကြားတော်မူခဲ့သည်-

> "ဝေမေဝ ခေါဘိက္ခဝေ အယံ ဓမ္မ ဝိနယော ဧကရသော ဝိမုတ္တိရသော"
>
> "ရဟန်းတို့ ဤသမုဒ္ဒရာနည်းတူပင်လျှင် ဓမ္မဝိနယ ဟုဆိုသော အဆုံးအမသာသနာ (Buddha's Teaching)သည် ဝိမုတ္တိတည်းဟူသော တစ်ခုတည်းသော အရသာ ရှိပေသည်။"

၂။ "ဝိမုတ္တိ" ဟူသော လွတ်မြောက်မှုသည် အကျိုးတရားဖြစ်၏။ အကျိုးတရားဟူသည် အကြောင်းကင်းလျက် ဖြစ်ရိုးထုံးစံမရှိပေ။ သို့ဖြစ်သောကြောင့် ယင်းဝိမုတ္တိဟူသော အကျိုးတရား၏ အခြေခံဖြစ်သည့် အကြောင်းတရားကို ဗုဒ္ဓမြတ်စွာရှင်တော်ဘုရားက သတ္တဝါအားလုံး ချမ်းသာကြစေရန် ရည်ရွယ်တော်မူချက်ဖြင့် ညွှန်ပြခဲ့ပေသည်။ (ဖြစ်စေဟူ၍ ဖန်တီးခြင်း သော်လည်းကောင်း၊ အမိန့်ပေးခြင်းသော်လည်းကောင်း ပြုတော်မမူခဲ့ပေ။) ယင်းဝိမုတ္တိ၏ အကြောင်းတရားကို "ဝိမုတ္တိပါစနိယ"ဟူ၍ ခေါ်သည်၊ လွတ်မြောက်ခြင်းကို ဖြစ်ပေါ်စေတတ်သော တစ်နည်းအားဖြင့် အရဟတ္တဖိုလ်ကို ရင့်သန်စေတတ်သော အကြောင်းတရားဟု ဆိုလိုသည်။

**ဝိမုတ္တိပါစနိယ ခေါ် အကြောင်းတရားများ**

၃။ "ဝိမုတ္တိပါစနိယ" ခေါ်သော အကြောင်းတရားများကို ဒီဃနိကာယ်ပါထိကဝဂ် သင်္ဂီတိသုတ်ပါဠိတော်(၂၀၁)၌ သညာဟူသောခေါင်းစဉ်(Perception)ဖြင့် ငါးရပ်ပိုင်းခြား၍ ဗုဒ္ဓ

ဘုရား ဟောကြားထားသည်။ ၎င်းတို့မှာ -

(က) အနိစ္စသညာ - အရာဝတ္ထုတိုင်းသည် အမြဲမရှိဟု ဆုံးဖြတ်ချက်ချနိုင်သည်အထိ မှတ်သားထားခြင်း၊ နားလည်သဘောပေါက်မှုရှိခြင်း။

(ခ) အနိစ္စဒုက္ခသညာ - အမြဲမတည်ရှိနိုင်သည့် အရာဝတ္ထုတိုင်းသည် ဒုက္ခဟူ၍ ဆုံးဖြတ်ချက်ချနိုင်သည်အထိ နားလည်သိမှတ်ခြင်း။

(ဂ) ဒုက္ခေအနတ္တသညာ- ဒုက္ခဆင်းရဲခြင်းနှင့်အတူ မကျေနပ်သောစိတ်၊ ပူပန်ကြောင့်ကြသောစိတ်၊ ကျေနပ်နှစ်သက်ဖွယ်ရာ မရှိသောစိတ်သည် ကိုယ်ပိုင် ကိုယ်ဆိုင်သောသဘောမရှိ၊ ဇါ အတ္တမဟုတ်သော ဆုံးဖြတ်ချက်ချထားနိုင်သည်ထိ နားလည်သဘောပေါက်မှု၊ သိရှိမှတ်သားမှု။

(ဃ) ပဟာနသညာ - အနိစ္စ၊ ဒုက္ခ၊ အနတ္တ(Momentariness, Universal Suffering and Soullessness) တရားအားလုံးကို တွယ်တာမှုမရှိဘဲ ပယ်စွန့်ရမည်ဟု နားလည်သဘောပေါက်ခြင်း။

(င) ဝိရာဂသညာ - ယင်းအနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သော သဘောတရားတို့ကို ပယ်စွန့်နိုင်သည်အထိ တပ်မက်ခြင်းကင်းစေရမည်ဟူသော အမှတ်သညာထားခြင်း။

ပရိသမ္ဘိဒါမဂ်ပါဠိတော်၌လည်း "ဝိမုတ္တိပါစနိယ" ခေါ် (Cause of Liberation) လွတ်မြောက်ခြင်း အကြောင်းတရားတို့ကို အရေအတွက်အားဖြင့် (၁၅)ပါးရှိကြောင်းနှင့် ယင်းဝိမုတ္တိတရား(Doctrine of Vimukti)ကို အောက်ပါအတိုင်း ပြည့်စုံစွာဖွင့်ဆိုဟောကြားတော်မူခဲ့သည်-

(၁-၃) သဒ္ဓါတရားမရှိသူအား ရှောင်ကြဉ်ခြင်း၊ သဒ္ဓါတရားရှိသူနှင့် ပေါင်းသင်းဆက်ဆံခြင်း၊ ကြည်ညိုဖွယ်ရာ သုတ္တန်တရားတော်များ(Stories of the past and

present lives of Buddhas and enlightened ones)ကို ရွတ်ဖတ်နာကြား၍ အနက်အဓိပ္ပါယ်ကို စဉ်းစားဆင်ခြင်မှု (သဒ္ဓါ) (Tendency)

(၄-၆) ပျင်းရိသူအား ရှောင်ကြဉ်ခြင်း၊ လုံ့လဝီရိယရှိသူနှင့် ပေါင်းသင်းဆက် ဆံခြင်း၊ သမ္မပ္ပဓာန်တရားလေးပါးကို လိုက်နာအားထုတ်မှု၊ (ဝီရိယ) (Endeavour)၊

သမ္မပ္ပဓာန်တရားလေးပါးမှာ -

(က) မပြုလုပ်ရသေးသည့် ကုသိုလ်တရားကို ပြုလုပ်နိုင်ရန်အားထုတ်မှု။

(ခ) ပြုလုပ်ပြီးခဲ့သော ကုသိုလ်တရားကို မမေ့လျော့ရန် အားထုတ်မှု၊

(ဂ) အကုသိုလ်တရားများကို မပြုလုပ်မိစေရန် အားထုတ်မှု၊

(ဃ) ပြုမိသောအကုသိုလ်တရားတို့ကို မေ့ပျောက်နိုင်ရန် အားထုတ်မှု၊

(၇-၉) သတိကင်းမဲ့သူနှင့် မဆက်ဆံခြင်း၊ သတိရှိသူနှင့်ပေါင်းသင်းဆက်ဆံခြင်း၊ သတိပဋ္ဌာန်တရား(၄)ပါးအနက် မိမိဉာဏ်နှင့်ကိုက်ညီမည့် တစ်ပါးပါးကို ကျင့်ကြံခြင်း (သတိ)

သတိပဋ္ဌာန်တရားလေးပါးမှာ -

(က) ကာယာနုပဿနာသတိပဋ္ဌာန် - (Mindfulness in concentration of bodily action)

(ခ) ဝေဒနာနုပဿနာသတိပဋ္ဌာန် - (Mindfulness in concentration of sensational arising and disappearing)

(ဂ) စိတ္တာနုပဿနာသတိပဋ္ဌာန် - (Mindfulness in concentration of mental phenomenon)

(ဃ) ဓမ္မာနုပဿနာသတိပဋ္ဌာန် - (Mindfulness in concentration of that everthing is in fleeting flux)

ကာယာနုပဿနာသတိပဋ္ဌာန်

(၁) အာနာပါန (ဝင်လေထွက်လေကို သတိမလွတ်စေရန်ကျင့်ပုံ)

(၂) ဣရိယာပထ (သွား၊ ရပ်၊ ထိုင်၊ လျောင်း - ကိုယ်ဟန်လေးမျိုး၌

သတိမလွတ်ကင်းစေရန် ကျင့်ပုံ)

(၃) သမ္ပဇည (ကိုယ်ကာယ၏ လှုပ်ရှားမှုအသီးသီးတို့၌ သတိမလွတ်ကင်းစေရန် ကျင့်ပုံ)

(၄) ပဋိကူလမနသိကာရ(အလျား တစ်လံ၊ အနံ တစ်ထွာခန့်သာရှိသည့် မိမိကိုယ်ခန္ဓာ၊ သူတစ်ပါးကိုယ်ခန္ဓာတို့၌ အောက်ခြေဖဝါးမှ အထက်ဆံဖျားထိ ၃၂မျိုးသော အစိတ်အပိုင်းများ (ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ အရေထူ၊ အရေပါး၊ သွား၊ အရိုး၊ အကြော၊ သွေး၊ သည်းခြေ၊ ပြည်၊ သလိပ်၊ အစာသစ်၊ အစာဟောင်း စသည်ဖြင့် ၃၂ကောဋ္ဌာသ)ကို နှစ်သက်ခုံမင်စရာ အလျဉ်းမရှိ ရွံရှာဖွယ်ရာအတိဖြစ်သော ရုပ်တရားများသာ ဖြစ်ကြောင်း သတိစွဲမြဲစေရန်ကျင့်ပုံ)

(၅) ဓာတုမနသိကာယ (ဆံပင်အစကျင်ငယ်အဆုံးရှိသော-၃၂ ပါးသော ကိုယ်ခန္ဓာအစိတ်အပိုင်းတွင် အစိတ်အပိုင်း အမျိုး(၂၀)တို့မှာ ခက်မာမှု၊ ကြမ်းတမ်းမှု၊ နူးညံ့မှု၊ ချောညက်မှု၊ လေးမှု၊ ပေါ့မှု၊ ခံလင့်မှုရှိသော၊ ပထဝီ ခေါ် မြေဓါတ်သဘောနှင့် အခြား (၁၂)ခုသော အစိတ်အပိုင်းမှာ အရည်ပျော်ဝင်မှု၊ ယိုစီးကျမှု၊ စိုထိုင်းမှု၊ ပွယောင်းမှု၊ စေးကပ်မှု၊ ဖွဲ့စေးမှု၊ လုံးခဲမှုစသည်ဖြင့် အာပေါဓါတ် ခေါ် ရေဓါတ်သဘောဖြစ်၍ ယင်းဓါတ်သဘာဝအားလုံးကို ပရမတ်အစစ်(Reality)အရှိအမှန်တရားဟူ၍ သတိအမြဲရှိနေရန် ကျင့်ပုံ )

(၆) သိဝထိက (အပိုင်းအားဖြင့် ၉ ပိုင်းခွဲ၍ သုသာန်သင်္ချိုင်း၌ စွန့်ပစ်အပ်သော လူသေကောင်၏ ရုပ်အလောင်းသည်

(၃)ရက်သို့ လွန်မြောက်သောအချိန်၌ ပူးဖူးရောင်သိုမဲ၍ အတွင်းပိုင်းစ၍ ပုပ်ပွလာပြီး သွေးပုပ်၊ ပြည်ပုပ်တို့သည် စိမ့်ယိုသည်မှစ၍ ကျီး၊ လင်းတ၊ ခွေးအ စသော သတ္တဝါတို့ ကိုက်ခဲဝါးမျို စားသောက်ခံနေရသော သူ့သေကောင်၊ ထိုမှတဆင့်အထက်၌ ဖော်ပြခဲ့သည့် ကျီး၊ လင်းတ၊ ခွေးအ၊ ပိုးမွှားသတ္တဝါစသည်တို့၏ စားကြွင်းစားကျန်အကြောအမျှင်တို့သည် ဖွဲ့နှောင်လျက် အရိုးစုသူ့သေကောင်အဖြစ်လည်းကောင်း၊ ထိုမှတဆင့် အသား၊ အကြော၊ အမျှင်များ မရှိတော့ပဲ သွေးကြွင်း သွေးကျန်များသာ လူးကပ်လျက်အဆင့်၌လည်းကောင်း၊ ထိုမှတဆင့် အရိုးစုမျှသာဖြစ်သော လူ့သေကောင် အဖြစ်သို့လည်းကောင်း၊ ထိုမှတဆင့် အရိုးစုသည် ခေါင်းတခြား၊ ကိုယ်တခြား၊ လက်ဖျံရိုးတခြား၊ ခြေထောက်တခြားစီအဖြစ် အရိုးများစုပုံသည့်အဖြစ်ကို လည်းကောင်း၊ ထိုမှတဆင့် အချိန်ကာလရွေ့လျောမှုနှင့် အတူ ဆွေးမြေ့ခြင်း၊ အမှုန့်မှုန့်ဖြစ်၍မြေကြီးမှုန့်တို့နှင့် အတူရောနှောနေသည်ကိုလည်းကောင်း၊ ပထမအဆင့် မှ နဝမအဆင့်ထိ လူ့သေကောင်ရုပ်အလောင်းထဲသို့ မိမိခန္ဓာကိုယ်ကို ဉာဏ်မျက်စိတွင်မြင်ရပြီး စက်ဆုပ် ရွံရှာဖွယ်ငြီးငွေ့လာအောင် ရှုပွားခြင်းဖြင့် သံဝေဂဉာဏ် ပွားများရန်ကျင့်ပုံ)

ရှေးယခင်ကာလမှစ၍ ယခုခေတ်ကာလတိုင် မိမိတို့၏ ဘဝသက်တမ်း အတွင်း အသက်ရှင်နေဆဲကာလ အသိဉာဏ်ပညာရှိကြသော သူတော်ကောင်း တို့သည် အဆင့်ဆင့်သော ကာယနုပဿနာအပိုင်းများအလိုက် မိမိကိုယ်

အကောင်းပုပ်ကို သာယာခင်တွယ်မှု တဏှာ၊ လောဘကင်းစင်ပ၍ လောကမှ ထွက်မြောက်ရာ ကျင့်စဉ်များကို ကျင့်ကြံကြိုးကုတ်အားထုတ်ရန် ရည်ရွယ်၍ ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားခဲ့သည်။

**ဝေဒနာနုပဿနာသတိပဋ္ဌာန်**

သတ္တဝါတစ်ဦး၏ မြင်သိမှု၊ ကြားသိမှု၊ နံသိမှု၊ စားသိမှု၊ ထိသိမှု၊ ကြံတွေးမှုတို့မှတဆင့် ဖြစ်ပေါ်လာသော ဝေဒနာ(ဝါ) ခံစားချက် ၃ မျိုးအနက် တစ်မျိုးမျိုးသည် မလွဲမသွေဖြစ်ပေါ်လာရပေ၏။ ၎င်းခံစားချက် ၃ မျိုးမှာ မိမိ၏ အသိဉာဏ်အပေါ်မူတည်၍ ကောင်းသည်ဟု ဆုံးဖြတ်ချက်ချပြီး လိုလားနှစ်သက် လက်ခံသိမ်းပိုက်လိုသော မနသသဝေဒနာ (ဝါ) သုခဝေဒနာ သို့မဟုတ် မကောင်းဟူ၍ဆုံးဖြတ်လျက် မလိုလား၊ မနှစ်သက်၊ လက်မခံလိုသော ဒေါမနဿဝေဒနာ (ဝါ) ဒုက္ခဝေဒနာ၊ သို့မဟုတ် ကောင်းသည်လည်းမဟုတ် မကောင်းသည်လည်း မဟုတ်ဟူ၍ ဆုံးဖြတ်လျက် လိုလားနှစ်သက်မှုလည်းမပါ၊ မလိုလားမုန်းတီးမှုလည်း မပါသည့် ဥပေက္ခာဝေဒနာ (ဝါ) အဒုက္ခ၊ မသုခံဝေဒနာဟူ၍ ဖြစ်ပေါ်မှုကို သိနေစေရန် ကျင့်ပုံတို့ကို ဗုဒ္ဓကိုယ်တော်တိုင် အကျယ်ချဲ့ဥပမာဥပမေယျတို့ဖြင့် ဟောကြားတော်မူခဲ့သည်။

**စိတ္တာနုပဿနာသတိပဋ္ဌာန်**

ရဟန်းတော်တစ်ပါး သို့မဟုတ် ဗုဒ္ဓသာသနာတော်အတွင်း ကျင့်ကြံသူ ပုဂ္ဂိုလ်တစ်ဦးသည် တပ်မက်သာယာမှုနှင့်တကွဖြစ်သော စိတ်အကြံဖြစ်ပေါ် လာလျှင် တပ်မက်သာယာသည်ဟူ၍လည်းကောင်း၊ တပ်မက်သာယာမှု ကင်းစင်သော စိတ်အကြံဖြစ်ပေါ်လျှင်လည်း တပ်မက်သာယာမှုကင်းသည့်စိတ် ဟူ၍လည်းကောင်း၊ စိတ်ဆိုးမှုနှင့်တကွဖြစ်သော စိတ်ကိုမူလည်း စိတ်ဆိုးမှုနှင့် တကွဖြစ်နေသော စိတ်ဟူ၍လည်းကောင်း၊ စိတ်ဆိုးခြင်းမရှိသော စိတ်ကိုလည်း စိတ်ဆိုးမှုကင်းသော စိတ်ဟူ၍လည်းကောင်း၊ တွေဝေသိမှားမှုနှင့်တကွဖြစ်သော စိတ်ကိုလည်း တွေဝေသိမှားမှုနှင့်အတူတကွဖြစ်သော စိတ်ဟူ၍လည်းကောင်း၊

တွေဝေသိမှားမှုကင်းသောစိတ်ကိုလည်း တွေဝေသိမှားမှုကင်းသောစိတ်ဟူ၍လည်းကောင်း၊ ပျံ့လွင့်ပြေးသွားသော စိတ်ကိုမူလည်း ပျံ့လွင့်ပြေးသွားသောစိတ်ဟူ၍လည်းကောင်း၊ ရာန်စိတ်ကိုလည်း ရာန်စိတ်ဖြစ်နေသည်ဟူ၍လည်းကောင်း၊ ကာမစိတ်ကိုမူလည်း ကာမစိတ်ဟူ၍လည်းကောင်း၊ အောက်တန်းစား ယုတ်ညံ့သောစိတ်ကိုလည်း အောက်တန်းစား ယုတ်ညံ့သောစိတ်ဟူလည်းကောင်း၊ အထက်တန်းစား မြင့်မြတ်သောစိတ်ကိုမူလည်း အထက်တန်းစား မြင့်မြတ်သောစိတ်ဟူ၍လည်းကောင်း၊ တည်ကြည်သောစိတ်ကိုလည်း တည်ကြည်သောစိတ်ဟူ၍လည်းကောင်း၊ မတည်ကြည်သောစိတ်ကိုလည်း မတည်ကြည်သောစိတ်ဟူ၍ လည်းကောင်း၊ တစ်ခဏတာမျှသို့မဟုတ် ကြာမြင့်သည့်အချိန်ကာလအားဖြင့် ကိလေသာအညစ်အကြေးမှလွတ်သောစိတ်ကိုမူလည်း ကိလေသာစိတ်အညစ်အကြေးမှ လွတ်သောစိတ်ဟူ၍လည်းကောင်း၊ ကိလေသာအညစ်အကြေးမှ မလွတ်သောစိတ်ကိုမူလည်း ကိလေသာအညစ်အကြေးမှ မလွတ်ကင်းစိတ်ဟူ၍လည်းကောင်း၊ မိမိ၏စိတ်ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း ချက်ခြင်း၊ ချက်ခြင်းသိသိနေ၏။ ယင်းသို့ မိမိစိတ်အစဉ်ကို မိမိကိုယ်တိုင်သိနေခြင်းကို စိတ္တာနုပဿနာ(Concentrated mind of mental process or mindfulness in concentartion of mental phenomenon)ဟူ၍ ဆိုသည်။

ဤဆိုအပ်ပြီးသောနည်းဖြင့် မိမိ၏စိတ်ကိုမူလည်း ကြံသိစိတ်သဘောမျှသာဟူ၍ ရှုမြင်၏။ အပြင်ပဖြစ်သော သူတစ်ပါး၏ စိတ်၌မူလည်း ကြံသိစိတ်သဘောမျှသာဟူ၍ ရှုမြင်၏။ ရံခါမိမိစိတ်၌ ရံခါသူတစ်ပါးစိတ်၌မူလည်း ကြံသိမှုသဘောမျှဟူ၍ ရှုမြင်လျက်နေ၏။

ကြံသိမှုစိတ်၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်မှုသဘောကို ရှုမြင်လျက်မူလည်းနေ၏။ ကြံသိမှုစိတ်၌ ပျက်ကြောင်းတရားနှင့် ပျက်မှုသဘောကို ရှုမြင်လျက်မူလည်းနေ၏။ ကြံသိမှုစိတ်၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်မှု

ပျက်မှုသဘောကို ရှုမြင်လျက်မူလည်းနေ၏။

သတိထင်မြင်ပုံတစ်မျိုးကား ကြံသိမှုစိတ်မျှသာရှိသည်ဟု ထိုရဟန်း၏ အမှတ်ရမှု၊ သို့မဟုတ် ကျင့်ကြံသူပုဂ္ဂိုလ်၏ အမှတ်သတိရမှုသည် ရှေးရှုထင်၏။ ထိုသို့ထင်လာသောသတိသည် အဆင့်ဆင့်အားဖြင့် အသိဉာဏ်တိုးပွားယုံ အလို့ငှာသာတည်း။

ထိုသို့ မိမိ၏စိတ်အစဉ်ကို သိမြင်နေသောရဟန်း၊ သို့မဟုတ် အားထုတ်သော ပုဂ္ဂိုလ်သည် တဏှာဒိဋ္ဌိဖြင့် မမှီတွယ်မူ၍လည်း နေသည်မည်၏။ လောကေ၊ ဥပါဒါနက္ခန္ဓာ (စွဲလန်းမှုနှင့်တကွ ဖြစ်သောခန္ဓာ) ငါးပါးဟူသော လောကထဲ၌ တစ်စုံတစ်ခုသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိဉာဏ်(Five Gestalts of Skandha) သို့မဟုတ် (ခန္ဓာငါးပါး)ကိုမျှ ငါကောင်၊ ငါ့ဥစ္စာဟု တဏှာဒိဋ္ဌိတို့ဖြင့်(with view to crave in sensual pleasure) စွဲလန်းခြင်း မရှိတော့ပြီ။

ဘိက္ခဝေ၊ ရဟန်းတို့(ဗုဒ္ဓက သူ၏တပည့်သာဝကများသို့ ခေါ်ဆိုသည့် စကားလုံး)၊ ဘိက္ခု(ရဟန်းယောဂီး) ရဟန်းသည် ဤဆိုအပ်ခဲ့ပြီးသော နည်းလမ်းဖြင့်လည်း ကြံသိမှုစိတ်၌၊ ကြံသိမှုစိတ်သဘောမျှဟု ရှုမြင်လျက်နေ၏။

**ဓမ္မာနုပဿနာသတိပဋ္ဌာန်**

ဘိက္ခဝေ ရဟန်းတို့၊ ဘိက္ခုရဟန်းသည်၊ သတ္တဝါကောင်၊ အသက်ကောင် မဟုတ်သော နာမ်ရုပ် သဘောတရားတို့၌၊ အဘယ်သို့လျှင် သဘောတရားမျှဟု ရှုမြင်လျက်နေသနည်းဟူမူကား၊ ဘိက္ခဝေ ရဟန်းတို့၊ ဣဓဘိက္ခု၊ ဤသာသနာ တော်အတွင်း သိတင်းသုံးစံပျော် နေထိုင်တော်မူကြသော ရဟန်းသည် (ဝါ) ဤသာသနာတော်၌ ကျင့်ကြံအားထုတ်နေသောပုဂ္ဂိုလ်သည် ပဉ္စသုနီဝရဏေသု နီဝရဏငါးပါး (စိတ်ကို ကိလေသာတဏှာဖြင့် ရောထွေးညစ်ညူးစေသော) ဟူသော သဘောတရားတို့၌ သဘောတရားမျှဟု ရှုမြင်လျက်နေ၏။

ဘိက္ခဝေ၊ ရဟန်းတို့၊ ဘိက္ခုရဟန်းသည်၊ ပဉ္စသုနီဝရဏေသုဓမ္မေသု၊ ငါးပါးသော နီဝရဏတရားတို့၌ အားထုတ်ကျင့်ကြံနေသော ပုဂ္ဂိုလ်သည်၊ အဇ္ဈတ္တံ၊

မိမိ၏ကိုယ်တွင်းစိတ်သန္တာန်၌ သန္တံ ဝါကာမစ္ဆန္ဒ၊ ရှိသော ကာမဆန္ဒကိုလည်း၊ ဝါ၊ ကာမဆန္ဒရှိလျှင် သို့မဟုတ် ဖြစ်ပေါ်လာလျှင်၊ မေ၊ ငါ၏ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌၊ သန္တံဝါကာမကစ္ဆန္ဒော အတ္ထိတိ၊ ကာမစ္ဆန္ဒရှိသည်၊ သို့မဟုတ် ဖြစ်သည်ဟု၊ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသဏ္ဍာန်၌၊ အသန္တံ ဝါ ကာမစ္ဆန္ဒံ၊ မရှိသော ကာမစ္ဆန္ဒကိုလည်း၊ ဝါ၊ ကာမစ္ဆန္ဒမရှိလျှင်လည်း၊ မေ၊ ငါ၏၊ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌၊ ကာမစ္ဆန္ဒောနတ္ထိတိ၊ ကာမစ္ဆန္ဒမရှိဟူ၍၊ ပဇာနာတိ သိ၏။

စ၊ ထို့ပြင်လည်း အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ၊ မူလမဖြစ်သေးသော ကာမစ္ဆန္ဒ၏၊ ဥပ္ပါဒေါ၊ ယခုအသစ် ဖြစ်ပေါ်လာခြင်းသည်၊ ယထာ၊ အယောနိသော မနသိကာရ (မသင့်လျော်သည့်နှလုံးသွင်းမှု)ဟူသော အကြင် အကြောင်းကြောင့်၊ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ အယောနိသော မနသိကာယဟူသော ထိုအကြောင်း ကိုလည်း ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း၊ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ၊ ဖြစ်ပေါ်နေသော ကမစ္ဆန္ဒကို ပဟာနံ တဒင်္ဂ၊ ဝိက္ခမ္ဘနပဟာန်ဖြင့်ပယ်ခြင်းသည်၊ ယထာ၊ ယောနိသော မနသိကာရ (သင့်လျော်မှန်ကန်သော နှလုံးသွင်းမှု)ဟူသော အကြင်အကြောင်းကြောင့်၊ ဟောတိဖြစ်၏၊ တဥ္စ၊ ယောနိသော မနသိကာရဟူသော ထိုအကြောင်း ကိုလည်း၊ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း၊ ပဟီနဿ ကာမစ္ဆန္ဒဿ၊ တဒင်္ဂ၊ ဝိက္ခမ္ဘနပဟာန်ဖြင့် ပါယ်အပ်သော၊ ကာမစ္ဆန္ဒ၏ အာယတိံ အနုပ္ပါဒေါ၊ နောင်အခါ၌၊ တဖန်စင်စစ် မဖြစ်ပေါ်နိုင်ခြင်းသည်၊ ယထာ၊ အရိယမဂ္ဂင် (Path leads to Nirvana) ဟူသော အကြောင်းကြောင့်၊ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ အရိယာမဂ်ဟူသော အကြောင်းကိုလည်း၊ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌၊ သန္တံ ဝါ ဗျာပါဒံ၊ ရှိသောဗျာပါဒကိုလည်း၊ ဝါ၊ ဗျာပါဒရှိလျှင်၊ သို့မဟုတ် ဖြစ်လာလျှင်လည်း မေ ငါ၏၊ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌

ဖျာပါဒေါ် အတ္ထိတိ၊ ဖျာပါဒရှိသည်၊ သို့မဟုတ် ဖြစ်လာ သည်ဟု ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌၊ အသန္တံ ဝါ ဗျာပါဒံ၊ မရှိသောဗျာပါဒကိုလည်း၊ ဝါ ဗျာပါဒမရှိလျှင်လည်း၊ မေ၊ ငါ၏၊ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌၊ ဗျာပါဒေါ် နတ္ထိတိ၊ ဗျာပါဒမရှိဟူ၍၊ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း၊ အနုပ္ပန္နဿ၊ မူလကမဖြစ်သေးသောဗျာပါဒဿ ဥပ္ပါဒေါ၊ ယခုအသစ် ဖြစ်ပေါ်လာခြင်းသည်၊ ယထာ၊ အယောနိသော မနသိကာရဟူသော အကြင်အကြောင်းကြောင့်၊ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အယောနိသော မနသိကာရဟူသော ထိုအကြောင်းကိုလည်း၊ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း၊ ဥပ္ပန္နဿဗျာပါဒဿ၊ ဖြစ်ပေါ်နေသောဗျာဒါဒကို၊ ပဟာနံ၊ တဒင်္ဂ၊ ဝိက္ခမ္ဘ ပဟာန်အားဖြင့် ပယ်ခြင်းသည်၊ ယထာ၊ ယောနိသော မနသိကာရဟူသော အကြင်ကြောင်းကြောင့် ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ယောနိသော မနသိကာရဟူသော အကြောင်းကိုလည်း၊ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း၊ ပဟီနဿ ဗျာပါဒဿ၊ တဒင်္ဂ၊ ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်အပ်ပြီးသော ဗျာပါဒ၏၊ အာယတိံ အနုပ္ပါဒေါ၊ နောင်အခါ၌ တဖန်စင်စစ် မဖြစ်ပေါ်နိုင်ခြင်းသည်၊ ယထာ၊ အရိယာမဂ်ဟူသော အကြင်အကြောင်းကြောင့်၊ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရိယာမဂ်ဟူသော ထိုအကြောင်းကိုလည်း၊ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌၊ သန္တံ ဝါ ဥဒ္ဓစ္စကုက္ကုစ္စံ၊ ရှိသော ဥဒ္ဓစ္စကုက္ကုစ္စကို (မငြိမ်မသက် စိတ်ပျံ့လွင့်ခြင်း? ) ကိုလည်း၊ ဝါ၊ ဥဒ္ဓစ္စကုက္ကုစ္စရှိလျှင်သော်လည်းကောင်း၊ ဖြစ်လာလျှင်သော်လည်းကောင်း၊ မေ၊ ငါ၏၊ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌၊ ဥဒ္ဓစ္စကုက္ကုစ္စံ အတ္ထိတိ၊ ဥဒ္ဓစ္စကုက္ကုစ္စ ရှိသည် သို့မဟုတ် ဖြစ်သည်ဟု၊ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌၊ အသန္တံ ဝါ ဥဒ္ဓစ္စကုက္ကုစ္စံ မရှိသောဥဒ္ဓစ္စကုက္ကုစ္စကိုလည်း၊ ဝါ၊ ဥဒ္ဓစ္စကုက္ကုစ္စ မရှိလျှင်သော်လည်းကောင်း၊ မဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ မေ၊ ငါ၏၊ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌၊

ဥဒ္ဒစ္စကုက္ကုစ္စံနတ္ထိတိ၊ ဥဒ္ဒစ္စကုက္ကုစ္စမရှိဟူ၍ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း၊ အနုပ္ပန္နဿ ဥဒ္ဒစ္စကုက္ကုစ္စဿ၊ မူလကပင် မဖြစ်ပေါ်သေးသော ဥဒ္ဒစ္စကုက္ကုစ္စ၏၊ ဥပ္ပါဒေါ၊ ယခုအသစ်ဖြစ်ပေါ်လာခြင်းသည်၊ ယထာ၊ အယောနိသော မနသိကာရဟူသောအကြောင်းအကြောင်းကြောင့်၊ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အယောနိသော မနသိကာရဟူသော ထိုအကြောင်းကိုလည်း၊ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း၊ ဥပ္ပန္နဿ ဥဒ္ဒစ္စကုက္ကုစ္စဿ၊ ဖြစ်ပေါ်နေသော၊ ဥဒ္ဒစ္စကုက္ကုစ္စကို၊ ပဟာနံ၊ တဒင်္ဂ၊ ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ခြင်းသည်၊ ယထာ၊ ယောနိသောမနသိကာရဟူသောအကြောင်းကြောင့်၊ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရိယာမဂ်ဟူသော ထိုအကြောင်းကိုလည်း၊ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း၊ ပဟီနဿ ဥဒ္ဒစ္စကုက္ကုစ္စဿ၊ တဒင်္ဂ၊ ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပါယ်အပ်ပြီးသော ဥဒ္ဒစ္စကုက္ကုစ္စ၏ အာယတိံအနုပ္ပါဒေါ၊ နောင်အခါ၌ တဖန်စင်စစ်မဖြစ်ပေါ်နိုင်ခြင်းသည်၊ ယထာ၊ အရိယာမဂ်ဟူသော အကြောင်းအကြောင်းကြောင့်၊ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရိယာမဂ်ဟူသော ထိုအကြောင်းကိုလည်း၊ ပဇာနာတိ၊ ဖြစ်၏။

အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌၊ သန္တံ ဝါ ဝိစိကစ္ဆံ၊ ရှိသော ဝိစိကိစ္ဆာ ကိုလည်း၊ ဝါ၊ ဝိစိကိစ္ဆာရှိလျှင်သော်လည်းကောင်း၊ ဖြစ်ပေါ်လာလျှင်သော် လည်းကောင်း၊ မေ၊ ငါ၏၊ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌၊ ဝိစိကိစ္ဆာ အတ္ထိတိ၊ ဝိစိကိစ္ဆာရှိသည် သို့မဟုတ် ဖြစ်သည်ဟု ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း၊ အနုပ္ပန္နာယဝိစိကိစ္ဆာယ၊ မူလကမဖြစ်သေးသော ဝိစိကိစ္ဆာ၏၊ ဥပ္ပါဒေါ၊ ယခုအသစ် ဖြစ်ပေါ်လာခြင်းသည်၊ ယထာ၊ အယောနိသော မနသိကာရဟူသော အကြောင်းအကြောင်းကြောင့်၊ ဟောတိ၊ ဖြစ်၏။

စ၊ ထို့ပြင်လည်း၊ အနုပ္ပန္နာယ ဝိစိကိစ္ဆာယ၊ မူလကမဖြစ်သေးသော ဝိစိကိစ္ဆာ၏၊ ဥပ္ပါဒေါ၊ ယခုအသစ် ဖြစ်ပေါ်လာခြင်းသည်၊ ယထာ၊ အယောနိသော

မနသိကာရဟူသော အကြင်အကြောင်းကြောင့်၊ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ အယောနိသော မနသိကာရဟူသော ထိုအကြောင်းကိုလည်း၊ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း၊ ဥပ္ပန္နာယ ဝိစိကိစ္ဆာယ၊ ဖြစ်ပေါ်နေသောဝိစိကိစ္ဆာကို၊ ပဟာနံ၊ တဒင်္ဂ၊ ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်ခြင်းသည်၊ ယထာ၊ ယောနိသော မနသိကာရဟူသော အကြင်အကြောင်းကြောင့်၊ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ ယောနိသော မနသိကာရဟူသော ထိုအကြောင်းကိုလည်း၊ ပဇာနာတိ၊ သိ၏။

စ၊ ထို့ပြင်လည်း၊ ပဟီနာယ ဝိစိကိစ္ဆာယ၊ တဒင်္ဂ၊ ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်အပ်ပြီးသော ဝိစိကိစ္ဆာ၏၊ အာယတိံ အနုပ္ပါဒေါ၊ နောင်အခါ၌ တဖန်စင်စစ် မဖြစ်ပေါ်နိုင်ခြင်းသည်၊ ယထာ အရိယာမဂ်ဟူသော အကြင်အကြောင်းကြောင့်၊ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ အရိယာမဂ်ဟူသော ထိုအကြောင်းကိုလည်း၊ ပဇာနာတိ၊ သိ၏။

ဣတိ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်၊ အဇ္ဈတ္တံ ဝါ ဓမ္မေသု၊ မိမိ၏ နီဝရဏတို့၌မူလည်း၊ ဓမ္မာနုပဿီ ဝိဟရတိ၊ သဘောတရားမျှဟု ရှုမြင်လျက်နေ၏။ ဗဟိဒ္ဓါဝါဓမ္မေသု၊ အပြင်ပဖြစ်သော သူတစ်ပါး၏နီဝရဏတရားတို့၌မူလည်း၊ ဓမ္မာနုပဿီဝိဟာရတိ၊ သဘောတရားမျှဟု ရှုမြင်လျက်နေ၏။ အဇ္ဈတ္တဗဟိဒ္ဓဝါဓမ္မေသု၊ ရံခါမိမိ၏နီဝရဏတရားတို့၌၊ ရံခါသူတစ်ပါး၏နီဝရဏတရားတို့၌မူလည်း၊ ဓမ္မာနုပဿီဝိဟာရတိ၊ သဘောတရားမျှဟု ရှုမြင်လျက်နေ၏။

ဓမ္မေသု၊ နီဝရဏတရားတို့၌၊ သမုဒယဓမ္မာနုပဿီဝါ၊ ဖြစ်ကြောင်းတရားနှင့် ဖြစ်မှုသဘောကို ရှုမြင်လျက်မူလည်း၊ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ နီဝရဏတရားတို့၌၊ ဝယဓမ္မာနုပဿီဝါ၊ ပျက်ကြောင်းတရားနှင့် ပျက်မှုသဘောကို ရှုမြင်လျက်မူလည်း၊ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ နီဝရဏတရားတို့၌ သမုဒယဝယဓမ္မာ နုပဿီဝါ၊ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်မှု ပျက်မှုသဘောကို ရှုမြင်လျက်မူလည်း၊ ဝိဟရတိ၊ နေ၏။

ဝါပန်၊ သတိထင်ပုံကား၊ ဓမ္မာ၊ သတ္တဝါကောင် အသက်ကောင်မဟုတ်သော သဘောတရားမျှတို့သည်သာလျှင်၊ အတ္တိတိ၊ ရှိကြသည်ဟူ၍၊ အဿသတိ၊ ထိုရဟန်း၏ (ဝါ) ထိုကျင့်ကြံအားထုတ်သူပုဂ္ဂိုလ်၏ အမှတ်ရမှုသတိသည်၊ ပစ္စုပဋ္ဌိတာဟောတိ၊ ရှေးရှုထင်၏။ သာသတိ၊ ထိုသို့ထင်သောသတိသည်၊ ယာဝဒေဝ ဉာဏ မတ္တာယ၊ အဆင့်ဆင့်အားဖြင့် အသိဉာဏ်တိုးပွားယုံအလို့ငှာ သာတည်း၊ ယာဝဒေဝပဋိဿတိမတ္တာယ၊ အဆင့်ဆင့်အားဖြင့် တဖန်အမှတ်ရမှု တိုးပွားယုံ အလို့ငှာသာတည်း။

သောဘိက္ခု၊ ထိုသို့အမှတ်ရလျက် သိမြင်နေသော ရဟန်း (ဝါ) သိမြင်နေသောပုဂ္ဂိုလ်သည်၊ အနဿိ တောစ၊ တဏှာဒိဋ္ဌိဖြင့် မမှီမတွယ်မူ၍လည်း၊ ဝိဟရတိ၊ နေသည်မည်၏။ လောကေ ဥပါဒါနက္ခန္ဓာ ငါးပါးတည်း ဟူသော လောကထဲ၌၊ ကိဉ္စိ၊ တစ်စုံတစ်ခုသောရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိဉာဏ်(ခန္ဓာငါးပါး–Five Grestalts which aggregate a perception) ကိုမျှ နစဉပါဒိယတိ၊ ငါကောင်၊ ငါ့ဥစ္စာဟု ဒိဋ္ဌိတဏှာ(with a view to crave in sensual pleasure)တို့ဖြင့် စွဲလည်း မစွဲလမ်းတော့ပြီ။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဘိက္ခု၊ ရဟန်းသည် (ဝါ) ကျင့်ကြံသောပုဂ္ဂိုလ်သည်၊ ပဥ္စသုနီဝရဏေသု ဓမ္မေသု၊ ငါးပါးကုန်သော နီဝရမည်ကုန်သောတရားတို့၌၊ ပေမွိခေါ်၊ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်လည်း၊ ဓမ္မာနုပဿိ၊ သတ္တဝါကောင်၊ အသက်ကောင်မဟုတ်သော သဘောတရားမျှဟု ရှုမြင်လျက်၊ ဝိဟရတိ၊ နေ၏။

မှတ်ချက်။ ဤဖော်ပြပါ ဓမ္မာနုပဿနာသတိပဋ္ဌာန်အပိုင်းတွင်–

၁။ နီဝရဏအပိုင်းခွဲ၊

၂။ ခန္ဓာအပိုင်းခွဲ၊

၃။ အာယတနအပိုင်းခွဲ၊

၄။ ဗောဇ္ဈင်အပိုင်းခွဲ၊

၅။ သစ္စာအပိုင်းခွဲဟူ၍ အပိုင်း(၅)ပိုင်းပြု၍ ဖော်ပြထားရာ၊ သစ္စာအပိုင်းခွဲအောက်တွင်

ထပ်မံ၍ –

(က) ဒုက္ခသစ္စာအပိုင်းငယ်၊

( ခ) သမုဒယသစ္စာအပိုင်းငယ်၊

(ဂ ) နိရောဓသစ္စာအပိုင်းငယ်၊

(ဃ) မဂ္ဂသစ္စာအပိုင်းငယ် ဟူ၍ခွဲခြားပြီး ပြည့်စုံစွာစီရင်ရေးသားတော်မူခဲ့သော မဟာစည်ဆရာတော်ဘုရား၏“မဟာသတိပဋ္ဌာနသုတ်”ကျမ်းစာအုပ်သည် ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုယ်တိုင် ကုရုတိုင်း၊ ကမ္မာသ ဒမ္မနိဂုံးရွာကြီး (ယခုခေတ် အိန္ဒိယပြည်၊ ဒေလီမြို့တော်) အရပ်ဒေသ၌ ဟောကြားတော်မူခဲ့သည်။ ပါဠိစာပေ၊ ကျမ်းအထွေထွေမှ စိစစ်ရွေးထုတ်၍ မဟာစည်ဆရာတော်က ပြုစုရေးသားခဲ့ပါသည်။ မဟာစည်ဆရာတော် ဘုရား ရေးသားပြုစုတော်မူသော ဤမဟာသတိပဋ္ဌာနသုတ်၌ ပါဠိစကား တစ်လုံး၊ မြန်မာပြန်၊ မြန်မာစကားလုံးစီဖြင့် ပါဠိစကားလုံး အပြည့်အစုံကို ကျမ်းစာအုပ်၏ အောက်ခြေစကားပြေ(Foot Note)နှင့်တကွ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းမဟာသတိပဋ္ဌာနသုတ် ကျမ်းစာအုပ်ကို နိုင်ငံတော် အစိုးရ ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်မှတ်(၄၉၂၈)ဖြင့် ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟ ပဋိပတ္တိ သာသနာပြုအဖွဲ့၊ မင်္ဂလာဦးအောင်မြင့်က တာဝန်ခံ၍ (၂၃–၁၁–၁၉၅၁)ခုနှစ်က ထုတ်ဝေဖြန့်ချိခဲ့ခြင်းဖြစ်ပါသည်။

ဤစာပေကျမ်းဂန်စာအုပ်မှာ အလွန်တန်ဖိုးကြီးလှပြီး ဗုဒ္ဓ ဘာသာဝင်များအတွက် အလွန်အကျိုးရှိသော ကျမ်းတစ်ဆူဖြစ်ပါသည်။ ဆရာတော်ကြီး ရေးသားပြုစုတော်မူထားသည့် ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာအပိုင်းတို့၌ ကျွန်ုပ်တို့သည် ပါဠိစကားလုံး မပါသည့် မြန်မာပြန်သန့်သန့်ကိုသာ ဖော်ပြခဲ့ပြီး ဓမ္မာနုပဿနာအပိုင်း၌ နီဝရဏအပိုင်းခွဲ တစ်ခုတည်းကိုသာ ပါဠိ–မြန်မာတွဲ၍ ကူးယူဖော်ပြနိုင် သည့်အပြင် ဆက်လက်ရေးကူးဖော်ပြရန် မစွမ်းနိုင်တော့သည့်အတွက်၊

ခန္ဓာပိုင်း၊ အာယတနပိုင်း၊ ဗောဇ္ဈင်ပိုင်းနှင့် သစ္စာအပိုင်းတို့အား ချန်လှပ်ထား ခဲ့ရသည်ကို ခွင့်လွှတ်စေလိုပါသည်။

မဟာသတိပဋ္ဌာနသုတ်၏ ရည်ရွယ်ချက်နှင့် ဆိုလိုသည့်အဓိပ္ပါယ်ကို အကျဉ်းချုံ၍ဖော်ပြရလျှင် –

၁။ စိတ်အညစ်အကြေးကင်းဝေးစင်ကြယ်ရန်၊ အရိယာမဂ်ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ခုတည်းနှင့် တစ်ကြောင်းတည်းသော လမ်းအမှန် ဖြစ်ကြောင်း သိသာထင်ရှားခြင်း၊

၂။ စိတ်အညစ်အကြေးဖြစ်ပေါ်ရခြင်း၏ အခြေခံအကြောင်းရင်းများဖြစ်သည့် နီဝရဏတရား(၅)ပါး–

(က) ကာမစ္ဆန္ဒနီဝရဏ

( ခ ) ဗျာပါဒနီဝရဏ

( ဂ ) ထိနမိဒ္ဓနီဝရဏ

(ဃ) ကုက္ကုစ္စနီဝရဏ

( င ) ဝိစိကိစ္ဆာနီဝရဏ

၃။ သံသရာဝဋ်ဒုက္ခညွှတ်မှ ရုန်းမထွက်နိုင်အောင် ချည်နှောင်ရစ်ပတ်ထားသည့် သံယောဇဉ်ကြိုး(၁၀)မျိုး–

(က) အာရုံငါး၀၊ တပ်စွဲက၊ ကာမ၊ သံယောဇဉ်

( ခ ) သုံးပါးဘ၀၊ တပ်စွဲက၊ ဘ၀၊ သံယောဇဉ်

( ဂ ) အမျက်ဒေါသ၊ စိတ်ဆိုးက၊ ပဋိဃ၊ သံယောဇဉ်

(ဃ) ကိုယ်သာတော်လှထင်မှတ်က၊ မာန၊ သံယောဇဉ်

( င ) ရုပ်နာမ်ကိုပဲ ငါကောင်စွဲ၊ ယူလွဲ၊ ဒိဋ္ဌိ၊ သံယောဇဉ်

( စ ) တရားလမ်းမှန်တွင်၊ မယုံချင်၍ဆင်ခြင်နှိုင်းသို့၊ ဝေဖန်ကြည့်၊ ဝိစိကိစ္ဆာ၊ သံယောဇဉ်

(ဆ) သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊ ယုံကြည်ဆုံးဖြတ်၊

ယူဆမှတ်–သီလဗ္ဗတသံယောဉ်ဇဉ်

( ၈ ) ကိုယ့်ထက်သာကို၊ မနာလို–ခေါ်ဆို ဣဿာ၊ သံယောဉ်ဇဉ်

( ၉) ကိုယ်လိုသူများ၊ ကောင်းစားမည်ကို သဝန်တို၊ မစ္ဆရိယ၊ သံယောဉ်ဇဉ်

( ၁၀) သစ္စာလေးတန်၊ပြောင်းပြန်တင်ကာ၊ မသိတာ အဝိဇ္ဇာ၊ သံယောဉ်ဇဉ်ဟူ၍ ပြည့်စုံကြွယ်ဝ အဓိပ္ပါယ်လေးနက်လှသော သဘောတရားများကို ဗုဒ္ဓဘာသာတရားတော်၌ တွေ့ရှိပြီး အလားတူသိမ်မွေ့နက်နဲသည့် အဆုံးအမများအားလုံးကို စုစုပေါင်းလိုက်လျှင် ဓမ္မက္ခန္ဓာပေါင်း ၅၈ သောင်း လေးထောင် ရှိကြောင်း သိရပါသည်။

ဝိမုတ္တိတရား(၁၅)ပါးကို ပြန်ကောက်ဖော်ပြရလျှင် –

(၁၀–၁၂) သမာဓိအားနည်းသူကို ရှောင်ကျဉ်ခြင်း၊ သမာဓိအားကောင်းသူနှင့် ပေါင်းသင်းဆက်ဆံခြင်း၊ သမာဓိ ဈာန်ဝိမောက္ခကို ရရှိအောင်ကျင့်ကြံခြင်း (သမာဓိ)

(၁၃–၁၅) ပညာမရှိသူကို ရှောင်ကျဉ်ခြင်း၊ ပညာရှိသူနှင့် ပေါင်းသင်းဆက်ဆံခြင်း၊ နက်နဲသောဉာဏ်ဖြင့် သုံးသပ်ကျက်စားရမည့်သုတ္တန်တို့ကို စဉ်းစားခြင်း၊ ပွားများခြင်း (ပညာ)

အထက်ပါ သဒ္ဓါ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော အိန္ဒြေ(၅)ချက်၊ သို့မဟုတ်၊ ဗိုလ်(၅)ပါး သို့မဟုတ် တည်ငြိမ်ရင့်ကျက်မှု(၅)ဟူ၍ခေါ်နိုင်သည့်အချက်များ၌ တစ်ချက်ချင်း၏ သဘောသဘာဝနှင့် စွမ်းရည်သတ္တိများရှိရာ၊ ချိန်ခွင်ညီမျှသလို တည်ငြိမ်မှုရှိရန် ချိန်ညှိရမည့်အချက်(၂)ချက်မှာ (သဒ္ဓါ)နှင့် (ပညာ)ဖြစ်သည်။ ၎င်းအချက်(၂)ချက်သည် ချိန်ကိုက်မှုမရှိလျှင် လိုရာခရီးရောက်ဖို့ ခဲယဉ်းပေလိမ့်မည်။ ထို့ပြင် (ဝီရိယ) နှင့် (သမာဓိ)ဟူသော အချက်(၂)ချက်သည်လည်း ချိန်ကိုက်မှု ရှိရန်လိုအပ်ပါသည်။


ထို့ပြင် ယင်းအချက်(၅)ချက်အနက် တစ်ချက်နှင့် တစ်ချက်တွဲဖက်မှု မှန်ကန်ရန်လည်း လိုအပ်ပါသည်။ ဥပမာ– ကောင်းကောင်းဆိုးဆိုးအမျိုးမျိုးသော

ကြံစည်၊ စိတ်ကူး လုပ်ဆောင်ချက်များတွင် (သတိ)မည်သောအချက်မှာ မဏ္ဍိုင်ပြု ရမည့်အချက်ဖြစ်၍ အောက်ပါအတိုင်းတွဲဖက်ခြင်းဖြင့် လိုရာခရီး အပြီးဆိုက်ရောက် နိုင်ပေလိမ့်မည်။

သတိ+သမာဓိ= သမထရှာန်လမ်းသို့ တက်လှမ်းနိုင်မည်။

သတိ+ပညာ = ဝိပဿနာဉာဏ်လမ်း မဂ်ဖိုလ်စခန်းသို့ တက်လှမ်းနိုင်မည်။

ပုံကားချပ်အနေဖြင့် အောက်ပါအတိုင်းဖြစ်ပါသည်-




အထက်ပါ မမြင်နိုင်သောအချက်(၅)ချက်သည် သာမန်မျက်စိဖြင့် မမြင်နိုင် သော်လည်း၊ ဉာဏ်မျက်စိဖြင့်ကြည့်လျှင် သိမြင်နိုင်သည့် သဘာဝယုတ္တိရှိသော အတွေးအခေါ်ဖြစ်ပြီး၊ ယင်းအတွေးအခေါ်ကို ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ဉာဏ်တော်မှ ဆင်းသက်လက်သော သံသရာဝဋ်မှလွတ်မြောက်ရေးတွင် အခြေခံရမည့်အချက်များ ဖြစ်သည်။)

*(''သဒ္ဓါလွန်ကဲ ပညာနည်း လွဲမှားပြုတတ်သည်၊*
*ပညာလွန်ကဲ သဒ္ဓါနည်း ဧရာလားတတ်သည်၊*
*အလျှူဒါနပြုကြသူဌာ သဒ္ဓါ ပညာ ညီမျှဖို့ရာ၊*
*လျှူတတ်က ဝဋ်ဘဝပြတ်မည်သာ။'' ဘာသာပြန်သူ)*

အထက်ပါ ပါထိကဝဂ်သဂ်ီတိသုတ်နှင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်သုတ္တန် ဒေသနာနှစ်ရပ်တို့၏ အနှစ်ချုပ်ကိုကြည့်လျှင် ''ဝိမုတ္တိရသ'' ရရှိခံစားနိုင်ရေးအတွက် လိုအပ်သောအကြောင်းတရားဖြစ်သည့် ''ဝိမုတ္တိ ပရိပါ စနီယ'' တရားတို့မှာ သဒ္ဓါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာနှင့် ယထာဘူတဉာဏ်ဟုခေါ်သော ဝိပဿနာ

ဉာဏ်တို့ပင် ဖြစ်ကြောင်းတွေ့ရှိရပေသည်။

၄။ အထက်ဖော်ပြပါ ''ဝိမုတ္တိရသ''၏အကြောင်းဖြစ်သော တရားများကို သုံးသပ်ဆင်ခြင်သည်ရှိသော် ဤသို့တွေ့ရပေသည်။ ''သဒ္ဓါ''ယုံကြည်မှုပြည့်စုံအောင် ထူထောင်ရမည်ဖြစ်သည်။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်မှုရရှိရေးအတွက် လေ့လာပွားများရမည့်တရားများ မရှိသေးလျှင်ရှိအောင်၊ မပြည့်စုံသေးလျှင် ပြည့်စုံအောင် စူးစိုက်သောယုံကြည်မှုဖြင့် အားထုတ်ရမည်ဖြစ်သည်။ ယင်းသို့ မိမိကိုယ်တိုင်သဒ္ဓါတရား ရင့်သန်ပွားများအောင် ပြုလုပ်ရမည်ဖြစ်သောကြောင့် သဒ္ဓါယုံကြည်မှုပြည့်ဝသူမျိုးနှင့် ဆက်ဆံပေါင်းသင်းရန် လိုအပ်ပေသည်။ သာသနာ့ ဓမ္မအပေါ်၌ အယုံအကြည်မရှိသူ သဒ္ဓါတရားခေါင်းပါးသူမျိုးကိုလည်း ဝေးစွာရှောင်ကျဉ်ရမည် ဖြစ်ပေသည်။ ဤသို့သဒ္ဓါတရား ထူထောင်ရာ၌ ကြည်ညိုဘွယ်ဖြစ်သော ဘုရားဟောတရားများကို အချိန်အခါအခွင့်သင့်တိုင်း ရွတ်ဖတ်ခြင်း၊ နာကြားခြင်း၊ အနက်အဓိပ္ပါယ်စဉ်းစားဆင်ခြင်ခြင်းများကို မုချမသွေပြုလုပ်ရပေလိမ့်မည်။ ဤသို့သော သဒ္ဓါဓါတ်များကို ဗောဓိပက္ခိယတရားအနေဖြင့် သဒ္ဓိန္ဒြေဟူ၍လည်းကောင်း၊ သဒ္ဓါဗိုလ်ဟူ၍လည်းကောင်း ခေါ်ဆိုရလေသည်။

၅။ ဗောဓိပက္ခပက္ခိယတရားဟူသည်ကား – ဗောဓိ+ပက္ခ+ဣယ ဟူသောရင်းမြစ်အရ ''ဗောဓိ''သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်တိုင်အောင်သော အသိဉာဏ်ဖြစ်၍ ''ပက္ခ''သည် အစိတ်အပိုင်း၊ အကြောင်း၊ အင်္ဂါ၊ အဖို့အစုဟူသော အနက်ရှိ၏။ ''ဣယ''သည်ကား ဖြစ်သည်ဟူသော အနက်ကိုဖော်ပြပေသည်။ သို့ဖြစ်သောကြောင့် ဗောဓိပက္ခိယတရားဟူသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ မှန်ကန်သော အသိဉာဏ်ပညာကို ရရာရကြောင်းဖြစ်သော အကြောင်းအင်္ဂါအဖို့ အစုဖြစ်သော တရားဟု ဆိုလိုပေသည်။

ဗောဓိပက္ခယတရား(၃၇)ပါးမှာ –

(က) သတိပဋ္ဌာန်တရား – ၄ ပါး

( ခ) သမ္မပ္ပဓာန်တရား – ၄ ပါး

(ဂ) ဣန္ဒြေတရား – ၅ ပါး
(ဃ) ဗိုလ်တရား – ၅ ပါး
(င) ဣဒ္ဓိပါဒ်တရား – ၄ ပါး
(စ) ဗောဇ္ဈင်တရား – ၇ ပါး
(ဆ) မဂ္ဂင်တရား – ၈ ပါး

*(ဗောဓိပက္ခိယတရားတစ်ပါးစီ အမည်နာမနှင့် သဘောသဘာဝ၊ ဂုဏ်အင်္ဂါများကို သက်ဆိုင်ရာ ကျမ်းဂန်ဒေသနာများတွင် လေ့လာနိုင်ပါသည်။ အားလုံးခြုံငုံမိစေရန် အကျဉ်းချုပ်၍ ဖော်ပြရလျှင် သီလ၊ သမာဓိ၊ ပညာ (Morality, Concentration and wisdom)ဖြစ်ပါသည်။ ဘာသာပြန်သူ)*

၆။ ဝိမုတ္တိရသခံစားနိုင်ရေးအတွက် လုံ့လ၊ ဝီရိယစိုက်ထုတ်ရန်လည်း လိုအပ်ပေသည်။ ဘဝသံသရာမှ လွတ်မြောက်မှုရရှိရေးအတွက် ထိုင်ပြီးစဉ်းစားနေယုံမျှ၊ ဆင်ခြင်စိတ်ကူးနေယုံမျှဖြင့် ကိစ္စမပြီးနိုင်ချေ။ သမ္မပ္ပဓာန်နည်းလည်းမှန်အတိုင်း အမှန်တကယ်ကျင့်ကြံကျိုးကုတ်အားထုတ်ပါမှ ကိစ္စပြီးမည်ဖြစ်သည်။ အချို့သူတို့သည်ကား သီလရှိဖို့မလို၊ တရား အားထုတ်ဖို့မလို မိမိစိတ်အတွင်း အသိဉာဏ်ရလျှင် ကိစ္စပြီးသည်ဟု ထင်မှတ်ကြသည်။ အမှန်မှာ ထိုသို့မဟုတ်ပေ။ စစ်မှန်သော ဗောဓိဉာဏ်ရရှိရေး အတွက် သမ္မာဝါယာမလုံ့လဝီရိယသန်သန်ဖြင့် အားထုတ်ရန်လိုအပ်ပေသည်။ ဥပမာအားဖြင့် ဓားသည် သွေးမှထက်သည်။ ထက်မှ ခုတ်လိုရာ ခုတ်ဖြတ်နိုင်သကဲ့သို့ဖြစ်သည်။

၇။ ဝိမုတ္တိရသ၏အကြောင်းဖြစ်သော အသိဉာဏ်ဟူသည်ကား လူသာမန်၊ လူပြိန်းတို့၏ အသိဉာဏ်မျိုးမဟုတ်ပေ။ ရုပ်နာမ်ဓမ္မတို့၏ အတွင်းသဘောကို ထိုးဖောက်သိမြင်ခြင်း၊ မဂ်ဖိုလ်နှင့်လျော်အောင်သိမြင်ခြင်းဟု ဆိုအပ်သော ပဋိဝေဓဉာဏ် အနုလောမဉာဏ်မျိုးကို ဆိုလိုသည်။ ထိုဉာဏ်မျိုးကို ရရှိအောင် နည်းမှန်လမ်းမှန် ဖွဲသန်သန်ဖြင့် အားထုတ်ရန်အမှန် လိုအပ်ပေသည်။ ယင်းသို့အားထုတ်မှုမျိုးကို သမ္မပ္ပဓာန်လုံ့လဟုခေါ်သည်။

သမ္မပ္ပဓာန်ဆိုသည်မှာ မဖြစ်သေးသောအကုသိုလ်ကို မဖြစ်ရအောင် အကုသိုလ်ဖြစ်မိလျှင် အလားတူအကုသိုလ်မျိုး ထပ်မံ၍မဖြစ်ရအောင် ရှောင်ကျဉ်ဖယ်ရှားနိုင်ရန် ကြိုးစားခြင်း၊ မဖြစ်သေးသောကုသိုလ်ကို ဖြစ်အောင်၊ ဖြစ်ပြီးသောကုသိုလ်ကို အထုံရ၍ တိုးတက်အားရှိလာအောင် ကြိုးစားအားထုတ်ခြင်းမျိုးဖြစ်သည်။ ဤသမ္မပ္ပဓာန်လုံ့လကို ဖြစ်ပွားစေလိုသောသူသည် ပျင်းရိပေါ့ပျက်သူများနှင့် ပေါင်းသင်းမိပါလျှင် မိမိသည်လည်း အားထုတ်လိုစိတ်မရှိပဲ ပျက်စီးသွားတတ်သည်။ အခြားတစ်ဘက်၌လည်း ဇွဲ၊ လုံ့လ၊ ဝီရိယရှိသူမျိုးနှင့် ပေါင်းသင်းရန်လိုအပ်ပေသည်။ သို့မှသာ မိမိလည်း အားထုတ်လိုစိတ်အရှိန်အဟုန် တက်လာနိုင်ပေသည်။ ဤသို့သော သမ္မပ္ပဓာန် လုံ့လဝီရိယမျိုး၊ ဝီရိယိန္ဒြေ ဝီရိယဗိုလ်၊ ဝီရိယိဒ္ဓိပါဒ်၊ ဝီရိယ သမ္ဗောဇ္ဈင်၊ သမ္မာဝါယာမ မဂ္ဂင်အမည်ဖြင့် ဗောဓိပက္ခိယတရားစုတွင် ဘုရားရှင်ဟောကြားထားခဲ့သည်။

၈။ ဝိမုတ္တိရသ ရရှိရေးအတွက် အခြားလိုအပ်သော အကြောင်းတစ်ရပ်မှာ ဆင်းရဲဟူသမျှတို့မှ လွတ်မြောက်ရန် ရှေးကျသော အလွန်နိုင်မာသည့်သတိ မွေးမြူရန်ဖြစ်သည်။ သတိမြဲအောင် ထူထောင်ပေးရန် ဖြစ်ပေသည်။ သတိကို မိမိကိုယ်၌လည်းကောင်း၊ ခံစားမှုဝေဒနာ၌လည်းကောင်း၊ ဖြစ်ပေါ်နေသောစိတ်၌လည်းကောင်း၊ တွေ့ကြုံနေရသော တရားဓမ္မတို့၌လည်းကောင်း၊ တစ်ချက်မျှအလွတ်မပေးပဲ သတိချပ်၍ ပွားများရမည်ဟု ဘုရားရှင်ဟောတော်မူထားပေသည်။ ယင်းကဲ့သို့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့၌ သတိမြဲအောင်ပွားများအားထုတ်နေစဉ်အခါတွင် သတိကင်းသူ၊ မေ့လျော့ပေါ့ဆသူများကိုမမှီဝဲပဲရှောင်ကျဉ်ရမည်။ မိမိကဲ့သို့ သတိရှိသူ သတိမြဲသူမျိုးနှင့်သာ ပေါင်းသင်းဆက်ဆံရပေမည်။ ဤသို့သော သတိမျိုးကို သတိန္ဒြေ၊ သတိဗိုလ်၊ သတိသံဗောဇ္ဈင်၊ သမာသတိမဂ္ဂင်အမည်ဖြင့် ဗောဓိပက္ခိယတရားစုတွင် ဟောတော်မူခဲ့သည်။ ယခုအခါ မြန်မာပြည်အရပ်ရပ်၌ သတိပဋ္ဌာန်ရိပ်သာများနှင့် အခြားသောကမ္မဋ္ဌာန်းတိုက် ဝူချောင်တို့၌ သတိပဋ္ဌာန်လုပ်ငန်းကို အစဉ်တစိုက်အားထုတ်နေ

ကြခြင်းသည် ရုပ်ဝါဒီများ၏အမြင်တွင် အပိုအလုပ် ဟူ၍ ပြောင်လှောင်ပျက်ချော် သရော်ဖွယ်အလုပ်ဟု ထင်မြင်ဖွယ်ရှိသော်လည်း အမှန်စင်စစ် ဗုဒ္ဓရှင်တော်မြတ်စွာဘုရား၏ မဟာသတိပဋ္ဌာနသုတ် စသည်တို့၌ ဟောကြားထားတော်မူသည့် လမ်းစဉ်အတိုင်း ကျင့်ကြံပွားများ အားထုတ်နေကြခြင်းသာဖြစ်၍ "ဝိမုတ္တိပရိ စနိယ လမ်းစဉ်" အမှန်ပင်ဖြစ်ပေသည်။

၉။ ဝိမုတ္တိရသအတွက် အခြားလိုအပ်သော အကြောင်းတစ်ရပ်မှာ သမာဓိပင်ဖြစ်ပေသည်။ သမာဓိလုပ်ငန်းကို လုပ်သည်ဖြစ်စေ၊ ဝိပဿနာသက်သက်ကို ရှုမှတ်သည်ဖြစ်စေ၊ သမာဓိသည် မပါလျှင်မပြီးသော တရားဖြစ်သည်။ စိတ်မတည်ငြိမ်လျှင် ဉာဏ်မကြည်လင်၊ အမှန်သဘောကိုမမြင်၊ ထို့ကြောင့် ပညာဉာဏ် စူးရှထက်မြက်ရေးအတွက် သမာဓိတည်ရန် လွန်စွာလိုအပ်လှပေသည်။

ရှေးအခါက ဒေါနအမည်ရှိသော ဆရာကြီးသည် မိမိ၏တပည့်အင်္ဂုနအား လေးအတတ်ကို သင်ကြားပေးသောအခါ သစ်ပင်ခွကြား၌ တင်ထားသော ငှက်ရုပ်ကိုချိန်၍ မြှားဖြင့်ပစ်စေရာ၌ ဤသို့ဆိုလေဖူးသည်။ အခြားအခြားသော တပည့်တို့သည် ငှက်၏မျက်လုံးကို ထိမှန်အောင်ပစ်မည်ဟု ချိန်ရွယ်သောအခါ နှုတ်သီးကိုရော အခြားအမွေးအတောင်တို့ကိုပါ မြင်နေကြလေသည်။ ဤကဲ့သို့ မြင်နေသမျှ ငှက်ရုပ်၏မျက်လုံးကို ထိမှန်အောင် မပစ်နိုင်ကြပေကုန်။ သို့ဖြစ်၍ သင်သည် ငှက်ရုပ်၏မျက်လုံးမှတပါး အခြားဘာကိုမျှ မမြင်ရအောင် စူးစိုက်၍ ကြည့်ပါ။ ငှက်၏ မျက်လုံးတစ်ခုတည်းကိုသာမြင်အောင် စူးစိုက်ကြည့်ပြီးပစ်သောအခါ သင်၏မြှားသည် ငှက်ရုပ်၏မျက်လုံးကိုသာ ထွင်းဖေါက်၍ သွားလိမ့်မည်ဟု ဆုံးမဖူးလေသည်။ (မဟာဘာရတ ရှေးဟောင်းသက္ကတကျမ်း)

ဤဥပမာကဲ့သို့ပင် သမာဓိခိုင်ကျည်အောင် ပွားများအားထုတ်သောအခါ ရုပ်နာမ်ဓမ္မအာရုံ အဖို့အစုတစ်ခုတည်း၌သာ ဧကဂ္ဂတာကျအောင်ရှုမှတ်နိုင်ရန် လိုအပ်ပေသည်။ ဤကဲ့သို့ သမာဓိကို ထူထောင်နေစဉ်တွင် သမာဓိနည်းပါး

လျှပ်ပေါ်လော်လီသည့် လူစားမျိုးကို အထူးရှောင်ကြဉ်ရပေသည်။ သမာဓိ အလွန်ကောင်းသူ၊ လေးနက်တည်ငြိမ်သူများနှင့်သာ ဆက်ဆံပေါင်းသင်း ရမည်ဖြစ်သည်။ ဤသို့သောသမာဓိကို သမာဓိခြေ၊ သမာဓိဗိုလ်၊ သမာဓိ သမ္ဗောဇ္ဈင်၊ သမာသမာဓိမဂ္ဂင်ဟု ဗောဓိပက္ခိယတရားစုတွင် ဟောတော်မူထား ပေသည်။

၁၀။ဝိမုတ္တိရသရရှိရေးအတွက် အခြားလိုအပ်သော အကြောင်းတစ်ရပ်မှာ ပညာဉာဏ် ပင်ဖြစ်သည်။ ရုပ်နာမ် ဓမ္မ သင်္ခါရတို့ကို ဝိပဿနာတင်၍ ရှုမြင်ပွားများ သောသူ ရုပ်နာမ်တို့၏ သဘောသဘာဝကို သိမြင်ရန် လေ့လာလိုက်စားသူ မည်သူမဆို နက်နဲသောပညာရှိရန် လိုအပ်ပေသည်။ ဤသို့သောဉာဏ်ပညာမျိုး ရင့်သန်လာ စေရေးအတွက် မြတ်စွာဘုရား၏သုတ္တန်၊ အဘိဓမ္မာတရားတော်များ ကို မပြတ်ရွတ်ဖတ်ရမည်။ နာကြားမှတ်သားရမည်၊ အနက်အဓိပ္ပါယ် ဆင်ခြင် စဉ်းစားရမည်ဖြစ်ပေသည်။ ဤကဲ့သို့ ဉာဏ်ပညာကြီးမြင့်အောင် ကြိုးစားလုံးပမ်း နေသောအခါမျိုး၌ ပညာမဲ့သူ၊ ရုပ်နာမ်တရားတို့၌ အပါးမဝ မသိနားမလည်သူ မျိုးကို အထူးရှောင်ကြဉ်ရမည်။ ပညာရှိသူ ပရမတ္ထသဘောဝတို့ကို ယထာ ဘူတကျကျ ညွှန်ပြတတ်သူမျိုးနှင့်သာ ဆက်ဆံမှီဝဲရမည်ဖြစ်ပေသည်။ ဤသို့ သော ပညာမျိုးကို ဗောဓိပက္ခိယတရားစုတွင် ဝိမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် သမ္မာဒိဋ္ဌိမဂ္ဂင်ဟူသော အမည်အမျိုးမျိုးဖြင့် ဟောကြားတော် မူထားသည်။

၁၁။ အထက်တွင် ဆိုခဲ့သော သမာဓိနှင့်ပညာတည်းဟူသော သဘာဝနှစ်ရပ်သည် ဒွန်တွဲနေပေသည်။ သမာဓိနှင့်ပညာကို တွဲစပ်အသုံးပြုမှသာလျှင် အချင်းချင်း အကြောင်းပြု၍ စွမ်းရည်ထက်မြက်လာပေသည်။ သမာဓိရှိလေလေ အမြင်မှန် ရလေလေ ဖြစ်ပေသည်။ ဤအကြောင်းကို မြတ်စွာဘုရားက အောက်ပါအတိုင်း ဟောကြားတော်မူခဲ့သည်–

''သီလ ပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော၊

သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ၊ ပညာ ပရိဘာဝိတံ စိတ္တံသမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ''

အကျင့်သီလဖြင့် မွမ်းထုံအပ်သော စိတ်၏တည်ကြည်မှု သမာဓိသည် လွန်စွာ အကျိုးရင်း အကျိုးဆက် ကြီးမားလှ၏။ သမာဓိဖြင့် လွှမ်းခြုံစိမ့်ထုံအပ်သော ပညာဉာဏ်သည် အကျိုးရင်း အကျိုးဆက် အလွန်တရာကြီးမြတ်၏။ ထိုသို့သော ပညာဖြင့်လွှမ်းခြုံစိမ့်ထုံအပ်သော စိတ်သည် အာသဝေါတရားတို့မှ အမှန်အစစ် လွတ်မြောက်လေ၏။

*[အာသဝေါတရား ၄ ပါးရှိ၍ ၎င်းတို့၏အမည်နှင့် အဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်သည်–*

***An intoxicating or enslaving principle***

*(၁) ကာမာသဝ – မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်အာရုံခံစားမှုတွင် သာယာခြင်း၊*

*(၂) ဘဝါသဝ – တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့အသက်ရှင်မှုတွင် သာယာခြင်း၊*

*(၃) ဒိဋ္ဌာသဝ – အယူအဆအစွဲအလမ်းပေါ်တွင် သာယာခြင်း၊*

*(၄) အဝိဇ္ဇာသဝ – မသိနားမလည်မှုကြောင့် သာယာတင့်တယ်သည်ဟု ထင်မှတ်ခြင်း။ ဘာသာပြန်သူ]*

၁၂။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဤစကားအသုံးအနှုန်းသည် ဗုဒ္ဓဘာသာစာပေတစ်ခုတည်း၌သာရှိသော စကားဖြစ်သည့် ဗုဒ္ဓမြတ်စွာ ဘဂဝါတစ်ဆူ ဖြစ်လာတော်မူရန်၊ ဂေါတမဗုဒ္ဓသည် သိဒ္ဓတ္ထမင်းသားဘဝအထိ ဘဝပေါင်းလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီ (an accomplishment or virtue)ခေါ် ဒါန၊ သီလ၊ နိက္ခမ၊ ပညာ၊ ဝိရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာ ဟူသည့် ဆယ်ပါးအပြားရှိသော ပြည့်စုံရန်ဖြည့်ကျင့်မှုများကို ပြုလုပ်အားထုတ်ခဲ့ရသည်ဟု ဆိုပါသည်။ အသင်္ချေ(ဝါ)အသင်္ချေယျ ဆိုသည်မှာ

ဂဏာန်းသင်္ချာစာလုံးဖြစ်၍ ၎င်း၏အရေအတွက် တစ်ဂဏာန်း၏နောက်တွင် သုညပေါင်း အလုံး(၁၄၀)ရှိသည်ဟုဆိုရာ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဟုဆိုရာတွင် ကမ္ဘာပေါင်းတစ်သိန်း ဖြစ်ပျက်ပြောင်းလဲမှုနှစ်ပေါင်း လေးသင်္ချေကို ဆိုလိုသည့်စကားလား၊ သို့မဟုတ် ကမ္ဘာပေါင်း လေးသင်္ချေအပြင် ထပ်ပေါင်း ထည့်ရမည့် ကမ္ဘာတစ်သိန်းလားဆိုသည်မှာ ကွဲကွဲပြားပြား ထင်ထင်ရှားရှား ဖော်ပြခြင်း မဟုတ်ပါ။ ဤစကားလုံးမျိုးသည် ဘာသာရေးနယ်ပယ်၌သာ သုံးနှုန်းဖော်ပြကြပါသည်။ ဥပမာ– ဗုဒ္ဓဘာသာ၌ ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့ ကြပြီးသည့် ဘုရားအဆူဆူတို့၏ အရေအတွက်ကို ''ဂင်္ဂါဝါဠုသဲထုမက'' ဟူ၍ သုံးနှုန်းပြောဆိုကြသကဲ့သို့၊ ဂျူးဘာသာတွင်လည်း ထာဝရဘုရားသခင်က အဗြာဟမ်အား ၎င်း၏ နောင်လာနောက်သား သာဝကများသည် ''သမုဒ္ဒရာ သဲထုပမာ'' မရေမတွက်နိုင်အောင် များပြားလိမ့်မည်ဟူ၍ ဟောကြားခဲ့သည်။ (Old Testament of the Bible) ကြိုးစားအားထုတ်၍ ထူထောင်တော်မူခဲ့သော ဗုဒ္ဓမြတ်စွာသာသနာတော်၌ လူသားတို့အား နိဗ္ဗာန်တည်းဟူသော သံသရာ လမ်းဆုံးပန်းတိုင်သို့ အရောက်ပို့ဆောင်နိုင်သော တရားတစ်စုံရှိပေသည်။ ယင်းသည်ကား အခြားမဟုတ် အထက်၌ဆိုခဲ့သော သမာဓိနှင့်ပညာဖြစ်ပေသည်။ ယင်းသမာဓိနှင့်ပညာသည် သမထနှင့်ဝိပဿနာပင်ဖြစ်ပေသည်။ လောကုတ္တရာ စခန်းသို့ တက်လှမ်းကြရာ၌ သမာဓိသည် ပညာကို အခြေခံအနေဖြင့်ကျေးဇူး ပြုသကဲ့သို့ ပညာသည်လည်း သမာဓိကို ပြန်လည်ကျေးဇူးပြုပေသည်။

''ပညာ''နှင့်ပတ်သက်၍ အချို့သောဘာသာရေးဆိုင်ရာ ပညာရှင်များက ပညာ၏အဓိပ္ပါယ်နှင့် စွမ်းအားကို အောက်ပါအတိုင်းဖော်ပြကြသည် –

''ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂတစ်ဖြာလေးသစ္စာကို အကြောင်းနှင့် အကျိုးခွဲခြား၍ – သမုဒယ အကြောင်းကြောင့် ဒုက္ခအကျိုး ဖြစ်ရသကဲ့သို့ပင်၊ မဂ္ဂအကြောင်းကြောင့် နိရောဓအကျိုး ဖြစ်လာရသည်ဟူ၍ 1. Suffering, 2. Cause of suffering, 3. Cessation of suffering and 4. Path to cessation

**of suffering and realization this Four Noble Truth is the Prajnana** (Wisdom)ဟူ၍ဆိုကြ၏။ အချို့ပညာရှင်များကလည်း ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခ နိရောဓေ အညာဏံ၊ ဒုက္ခနိရောဓ ဂါမိနိပဋိပါဒ အညာဏံ ပုစ္စတိ အဝိဇ္ဇာဟူ၍ အဝိဇ္ဇာဟူသော မသိမှုသည် ပညာ၏ ဆန့်ကျင်ဘက်သဘောဖြစ်သည့်ပြင် ပညာသည်အမှားကို ဖယ်ရှားပစ်ခြင်းနှင့် ကိစ္စကြီးငယ် အသွယ်သွယ်ကို ပြီးစေတတ်သော စွမ်းအင်ကို ပညာဟုခေါ်သည်။ လောဘ၊ ဒေါသ၊ မောဟကို အမှန်အတိုင်းသိမြင်စေပြီး ၎င်းတို့ကို ပယ်နှုတ် ထုတ်ပစ်လိုက်နိုင်သည့်အချိန်သည် လူတစ်ယောက်၏သန္တာန်၌ ပညာဖြစ်ပေါ် လာသည်။ ပညာဖြစ်သည်နှင့်တပြိုင်နက် သက္ကာယ၊ သဿတ၊ ဥစ္ဆေဒနှင့် အဟေတုကဒိဋ္ဌိများ(Wrong Views)ကို ပယ်ပြီးသားဖြစ်တော့၏ ဟူ၍ လည်းကောင်း၊

*The only remedy for the cure of universal illness is Prajna (wisdom) which can be attained by means of Jnana(intellect).* ဘာသာပြန်သူ အကယ်၍ ဝိပဿနာသည် ကိလေသာထုထည်ကို ထုနှက်ဖြိုခွဲသည့်လက်နက် ဖြစ်သည်ဆိုလျှင် သမာဓိသည် ထိုလက်နက်ကို ပစ်မလွဲအောင် ထိန်းချုပ်တည့် မတ်ပေးသည့် ကိရိယာတန်ဆာသဖွယ်ဖြစ်ပေသည်။ ဝိပဿနာ ပညာသည် နီဝရဏအရှုပ်အထွေး (*နီဝရဏတရား ခေါ် စိတ်ကိုညစ်နွမ်းစေသော တရား ၄း ပါး ရှိရာ၊ ၎င်းတို့မှာ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စနီဝရဏနှင့် ဝိစိကိစ္ဆာနီဝရဏ တို့ဖြစ်သည်။ ဘာသာပြန်သူ*)တို့ကို ခုတ်ထွင် ပယ်ရှင်းသည့် ဓားလက်နက်ဖြစ်သည်ဆိုလျှင် သမာဓိသည် ထိုဓားလက်နက်ကို ထက်မြက်အောင် သွေးရမည့်ဓားသွေးကျောက်ပမာ ဖြစ်လေသည်။

၁၀။ သို့ဖြစ်သောကြောင့် ယခုခေတ်၌ သမာဓိထူထောင်ရန်မလို၊ ဝိပဿနာ ရှုလျှင် ကိစ္စပြီးသည်ဟု ပြောဆိုတတ်မှုမျိုးသည် အမှားစင်စစ်သာဖြစ်သည်။ သမာဓိ မပါလျှင် ဝိပဿနာသားမတက်ကြောင်း လက်တွေ့အားထုတ်ပူးသူတိုင်း

သိကြပေသည်။

သမာဓိနှင့်ပတ်သက်၍ ဘာသာရေးဆိုင်ရာ ပညာရှင်အချို့၏အယူအဆများကို အောက်ပါအတိုင်း ဖတ်ရှုလေ့လာဖူးပါ၏ -

''သမာဓိ(Sam-a-dhi)ဟူသောစကား၏အဓိပ္ပါယ်မှာ ကိုယ်၊ စိတ်၊ ရည်ရွယ်ချက်(၃)မျိုးကို ပေါင်းစည်းမိစေခြင်းနှင့် အတ္တဒိဋ္ဌိကို ဖယ်ရှားရန် ဖြစ်သည့်အပြင်၊ အဆင့်(၄)ဆင့် ဖြစ်နိုင်ဘွယ်ရာရှိသည်ဟုဆိုသည်။ ၎င်းအဆင့် (၄)ဆင့်မှာ-

(၁) ပထမအဆင့်တွင် စိတ်သည် လောက၏အဖြစ်သနစ်များ၌ သံယောဇဉ်ကပ်ညှိတွယ်တာမှု၊ စိတ်လှုပ်ရှားမှု၊ ပြင်းထန်စွာစွဲလန်းမှု ခေါ် ဥပါဒါန်တည်းဟူသော တရားဆိုးတို့ကို ခွာချဖယ်ရှားနိုင်ခြင်း၊ ဗုဒ္ဓရှင်တော် ဟောကြားတော်မူသည့် အဆုံးအမတရားဒေသနာများအကြောင်းနှင့် အကျိုးဆက်စပ် တွေးတောဆင်ခြင်သုံးသပ်ခြင်းများ၊

(၂) ဒုတိယအဆင့်တွင် ကြောင်းကျိုးဆက်စပ် ဆင်ခြင်စဉ်းစားမှုများ ပြီးဆုံးသွားပြီး ဗုဒ္ဓရှင်တော် ဟောကြားဆုံးမတော်မူသည့် တရားဒေသနာများအား အလေးအနက် ယုံကြည်သက်ဝင်မှု ဖြစ်ပေါ်လာသည်။ ထို့အပြင် တစ်ကိုယ်လုံး ပျံ့နှံ့လျက်ရှိသောဝေဒနာ နူးညံ့သိမ်မွေ့လာသည်။

(၃) တတိယအဆင့်တွင် အိပ်ပျော်သွားသည့်သဘောကဲ့သို့ ဘဝင်စိတ်ငြိမ်သက်အေးချမ်းမှုနှင့် စိတ်ပျော်ရွှင်မှုကို ခံစားရသည်။

(၄) နောက်ဆုံးတွင် ရရှိခံစားနေရသော စိတ်ပျော်မှုသော်လည်းကောင်း မရှိတော့ပေ။ ထိုအချိန်၌ ပြည့်စုံသော မခွဲမခြား လောကကြီးတစ်ခုလုံး ငြိမ်သက်အေးချမ်းမှု ခေါ် Upheksha-bhava အဆင့်သို့ ရောက်ရှိသည်။ (Buddhism in C.S.R)

အချို့သောပညာရှင်တို့က သမာဓိ(၂)မျိုး ဖော်ပြရေးသားကြရာ၌ -

(၁) သမထသမာဓိ = (သတိ+သမာဓိ)ဖြင့်ရရှိသော စူးစိုက်တည်ငြိမ်မှု၊

(၂) ဝိပဿနာသမာဓိ = (သတိ+ပညာ)ဖြင့်ရရှိသော စူးစိုက်တည်ငြိမ်မှု၊

သမထသမာဓိသည် ခိုင်မြဲမှု၌ စိတ်ချအားကိုးနိုင်ဘွယ်ရာမရှိပဲ အမြဲတစေ ပွတ်တိုက်နေရသော ကြေးအိုးကဲ့သို့ မပွတ်တိုက်ပဲထားလျှင် မှေးမှိန်လျော့နည်း ပျောက်ကွယ်သွားနိုင်သည်။ ဤအချက်ကို လေးလံသောအရာဝတ္ထုများကို မ တင်သည့်ကိရိယာ(Hydrolic Jet)နှင့် ဥပမာပြု၍ မြင့်တက်လွယ်ပြီး ကျဆင်း လွယ်သော သဘောရှိသည်ဟု မှတ်ချက်ပြုကြသည်။

ဝိပဿနာသမာဓိမှာ ခိုင်မြဲမှု၌ စိတ်ချအားထားနိုင်သော မပွတ်တိုက်သော်လည်း ပြောင်လက်မြဲ ပြောင်လက်နေသော ရွှေအိုးနှင့်တူကြောင်း ဥပမာပေးသည့်အပြင်၊ လေးလံသောအရာဝတ္ထုများကို မ တင်သည့်ကိရိယာ(Mechanical Jet) ပမာ၊ မြင့်တက်ရန်လည်းအချိန်ကြာ၍ ကျဆင်းရန်လည်း ခဲယဉ်းသည်ဟု ဆိုသည်။ ဥပမေယျအားဖြင့် ဘာဝနာလေးဆယ် (ဝါ) ကမ္မဋ္ဌာန်းလေးဆယ်မှ တစ်ပါးပါးကို ပွားများခြင်း၊ သို့မဟုတ် သမထနည်းတစ်ခုခုဖြင့် သမာဓိရရှိသော ယောဂီ ပုဂ္ဂိုလ်သည် အရှိန်အဟုန်မပျက် အားထုတ်နေနိုင်မှသာလျှင် သမာဓိ စွမ်းအား လည်းပြည့်နေမည်ဖြစ်၍ ပျက်ကွက်လျှင် သမာဓိစွမ်းအား ကျဆင်းလာမည်ဟု ဆို၏။

သို့သော် ဝိပဿနာသမာဓိဟု ဆိုအပ်သော ဗုဒ္ဓဟောကြားထားတော်မူခဲ့သော ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်အနက်၊ သံသရာဝဋ်မှ ကျွတ်လွတ်နိုင်ရေး ကျင့်ကြံအားထုတ်မှုနှင့်သက်ဆိုင်သော လောကုတ္တရာတရားဒေသနာ၏ အဆီအနှစ်ထုတ်ယူလိုက်ပါက ခန္ဓာ၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ်၊ ဓါတ်၊ သစ္စာတရားစုများ ပါဝင်သည့် ဗောဓိပက္ခိယတရား ၃၇ ပါးနှင့် (၂)ပါးစု၊ (၃)ပါးစု ပါဝင်သော အဆုံးအမများသည် ဆောင်ယူ ကျင့်သုံးရန် ရှောင်ရှားကျင့်သုံးရန်၊ ပွားများကျင့်ရမည့်အချက်များကို မှတ်သားနာယူထားခြင်းဖြင့် အကြောင်းတိုက်ဆိုင်သည့်အခါ အမှတ်ရမှုဖြစ် လာပြီး မိမိခန္ဓာနှင့် ကိုက်ညီမှုရှိခြင်း၊ သဘာဝတရားနှင့်အညီ ဖြစ်ပေါ်ပျောက်ကွယ်ခြင်း၊ မပျက်စီးမပျောက်ကွယ်ရအောင် ထိန်းသိမ်းထားနိုင်ခြင်း မရှိမှု ဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားအစစ်အမှန်သာ

ရှိပါလားဟူ၍ လည်းကောင်း၊ စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေသည့် သဘောတရားပါလား ဟူ၍လည်းကောင်း၊ လောကဟူ၍လည်းကောင်း၊ "လုစ္စတီတိလောကော၊ ပ လုစ္စတီတိလောကော"ဟူသော လောကသုတ္တန်တွင် ဗုဒ္ဓဟောကြားတော်မူ ခဲ့သည်။ လောကဆိုသည်မှာ ဖြစ်ပျက်နေသည့်သဘော၊ ပြုပြင်မှုနှင့် ပျက်စီးမှုကို လောကဟူ၍ အနတ္တဝါဒသည် တကယ့်သဘာဝကျသည့် ဟောကြားချက်ဖြစ် သည်ဟု နှစ်ခြိုက်စွာသိမြင်နားလည်ခြင်းသည် ဝိပဿနာသမာဓိဖြစ်သည်။ ထိုသို့ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှု၊ အနှစ်သာရ ဘာမျှရှာမရဟူ၍ တိုက်ဆိုင် မှုရှိတိုင်း သိနားလည်ခြင်းသည် ခိုင်မြဲသော သမာဓိဖြစ်သည်ကို နားလည်နိုင် ပေသည်။

*(သမထနှင့် ဝိပဿနာသည် သမာဓိခိုင်မြဲမှု၌ ကွာခြားချက်ရှိသလို ဦးတည် ရည်မှန်းချက်ခြင်းလည်း မတူညီကြပါပေ။ သမထသည် ရာန်လမ်း ဖြစ်၍ ဝိပဿနာသည် ဉာဏ်လမ်းဖြစ်သည်။ သမထနှင့် ဝိပဿနာ၏ ကွာခြားပုံ ဥပမာတစ်ခုမှာ ရပ်ရွာတစ်ခု၌နေထိုင်ကြသည့် သားတစ်ယောက် စီရှိသော လူနှစ်ယောက်သည် အိမ်နီးချင်းအဖြစ် နေထိုင်ကြသည်။ တစ်ယောက်သော ပုဂ္ဂိုလ်က မိမိ၏သားကို ယဉ်ကျေးလိမ္မာအောင် သွန်သင်ဆုံးမရာ၌ အေးအေး ဆေးဆေးဖြင့် အကြောင်းအကျိုး အကောင်းအဆိုးတို့ကို ပြောဆိုဆုံးမလေ့ရှိပြီး ရပ်ရွာထဲသို့ သွားခွင့်ပြုထား၏။ အခြားတစ်ယောက်မှာမူ သူ၏သားကို ရပ်ရွာ ထဲသွားလျှင် အခြားလူများနှင့်မသင့်မြတ်၊ ဆဲဆိုခိုက်ရန် ဖြစ်ပွားမှု ဖြစ်လေ့ရှိ သည့်အတွက် ရပ်ရွာထဲသို့ လုံးဝမသွားနိုင်စေရန် သားကို အိမ်ထဲ၌ပိတ်လှောင် ထားရာမှ ခေါင်မိုးကိုဖောက်၍ ရပ်ရွာထဲ သွားမြဲသွား၊ ခိုက်ရန်ဖြစ်ပွားမြဲဖြစ်ပွား လျက်ပင်ရှိ၏။ ပထမပုဂ္ဂိုလ်သည် ၎င်း၏သားအား အကျိုးပြု၍ ဆုံးမမှုကြောင့် လိမ္မာယဉ်ကျေးပြီး ရပ်ရွာထဲတွင် သင့်တင့်စွာ ဆက်ဆံပေါင်းသင်းတတ်သဖြင့် မည်သူနှင့်မျှ စကားများခိုက်ရန် ဖြစ်ပွားခြင်း မရှိပဲ သွားမြဲသွားလာခွင့်ကို ရရှိလေ၏။ ဤဥပမာကိုကြည့်လျှင် အသိဉာဏ်ကို ဖွင့်ပေးခြင်းနှင့် အသိဉာဏ်မပါ*

*သော အတင်းအဓမ္မပိတ်ပင် တားဆီးထားမှု ကွာခြားသကဲ့သို့ သမထနှင့် ဝိပဿနာကွာခြားကြောင်း ဖတ်ရှုမှတ်သားမိပါ၏။ ဘာသာပြန်သူ)*

မဂ္ဂသစ္စာတွင်ပါဝင်သော သမ္မာသမာဓိနှင့် သမ္မာဒိဋ္ဌိကို ချဲ့ကားဖန်တီးထားခြင်း မျှသာဖြစ်သည်ဟူသော အမြင်မျိုးသည်လည်း ဗုဒ္ဓသာသနာတော်ကို ဖျက်ဆီးသည့် အမြင်မျိုးသာဖြစ်ပေသည်။ ဝေနေယျသတ္တဝါတို့၏ ဘဝ ထွက်မြောက်လမ်းကို ပိတ်ဆီးကာကွယ်သော ဓမ္မအန္တရာယ်တစ်မျိုးပင် ဖြစ်လေသည်။

**တစ်ဆင့်ထက်တစ်ဆင့်မြင့်သောကျင့်စဉ်**

၁၄။ မဟာသမုဒ္ဒရာသည် ကမ်းစပ်၌ နက်ရှိုင်းသည်မဟုတ်ပေ။ ကမ်းစပ်မှ အတွင်းပိုင်းသို့ တဖြည်းဖြည်း နက်၍နက်၍ သွားလေသည်။ ဗုဒ္ဓသာသနာ့ ကျင့်စဉ်များသည်လည်း မဟာသမုဒ္ဒရာကဲ့သို့ပင် လွယ်ရာမှ ခက်၊ တိမ်ရာမှ နက်၍သာ သွားလေသည်။ သို့ဖြစ်သောကြောင့် စ၍ကျင့်လျှင် ကျင့်ခြင်း၊ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်သို့ရောက်သွားသည် မဟုတ်ပေ၊ ပထမဦးစွာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော သီလမဂ္ဂင်တို့ကို အမှန်တကယ် ပြည့်စုံအောင် ပွားများရမည်။ ထို့နောက် သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော သမာဓိမဂ္ဂင်ကို သတိပဋ္ဌာန်စသောကျင့်လမ်း ကြံ့လမ်းအမှန်တို့ဖြင့် ထူထောင်ရမည်။ ဤသို့ သီလနှင့် သမာဓိကို ခိုင်ခိုင်ကြီး အခြေခံပြီးမှ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟူသော ပညာမဂ္ဂင်ကို ဆွတ်လှမ်းရပေသည်။ ဤကဲ့သို့ သီလ၊ သမာဓိ၊ ပညာကို ပွားများရာတွင် ပုဂ္ဂိုလ်၏ ပါရမီအလိုက် အနှေးအမြန် ရှိလေသည်။ လက်တွေ့ကျင့်ကြံအားထုတ်၍ တရားထူးရသောအခါ ထိုသိက္ခာ သုံးပါးသည် ပြည့်ဝစုံလင်သွားကြောင်း ဥဒါန်းပါဠိတော် ဥပေါသထ သုတ်၌ ဟောကြားတော်မူထားပေသည်။

**ရတနာစုရာ ရတနာလှော**

၁၅။ ဘုရားရှင်၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးရာ၌ လူတို့၏အခြေခံပါရမီ

အနအရင့်အလိုက် စရိုက်ဝါသနာနှင့် နီးစပ်သင့်လျော်မှန်ကန်ပါမှ အကျိုးရရှိနိုင်ကြောင်း ထိုဥဒါန်းပါဠိတော်၌ပင် ဆက်လက်ဟောထားပေသည်။ လူ၏ သဘောသည် ဉာဏ်တိမ်သူ၊ ဉာဏ်နက်နဲသူ၊ ဉာဏ်အလယ်အလတ် ရှိသူဟူ၍ သုံးမျိုး သုံးစားရှိနိုင်သည်ဖြစ်ရာ မိမိပညာဉာဏ် အခြေခံပမာဏနှင့် သင့်မြတ်လိုက်ဖက်သော ကျင့်နည်းကြံနည်းတို့ကို ကျင့်သုံးမှသာလျှင် လိုအပ်သောအကျိုးပြီးစီးနိုင်ပေသည်။

၁၆။ ဤအကြောင်းနှင့်ပတ်သက်၍ မြတ်စွာဘုရား၏ သာသနာတော်မြတ်သည် ရတနာမျိုးစုံတည်ရှိသော မဟာသမုဒ္ဒရာနှင့် တူညီသည့်အကြောင်းကို ဥဒါန်းပါဠိတော်ကြီး၌ပင် တွေ့ရပေသည်။ သမုဒ္ဒရာတွင်း၌ ပုလဲ၊ သန္တာ၊ ကြောင်၊ မျက်ရွဲ၊ ခရုသင်း၊ ရွှေ၊ ငွေ၊ ပတ္တမြား၊ နီလာစသော ရတနာမျိုးစုံရှိ သကဲ့သို့ သာသနာတော်၌လည်း သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်–ရပါး၊ မဂ္ဂင်ရှစ်ပါးတည်း ဟူသော အကျင့်မြတ်ရတနာများ ရှိပေသည်။ ယင်းကျင့်စဉ်မှန်တို့ကို အထက်တွင် ဆိုခဲ့သည့်အတိုင်း ဗောဓိပက္ခိယတရားဟု ဆိုရပေသည်။

## ရတနာဟူသည် တစ်မျိုးတည်းမဟုတ်

၁၇။ လောက၌ ရတနာအမျိုးမျိုးရှိသည့်အနက် ရွှေကိုသာ ရတနာဟုလက်ခံ၍ စိန်၊ ကြောင်၊ နီလာ စသည်တို့ကို ရတနာမဟုတ်ဟု ငြင်းဆိုပါလျှင် ထိုလူမျိုးကို စိတ်မနှံ့သူဟု ဆိုကြရလိမ့်မည်ဖြစ်သည်။ ဤနည်းအတူ မဂ္ဂင်ရှစ်ပါးကိုသာ ကျင့်စဉ်တရားဟုဆိုပြီး အခြားသောသတိပဋ္ဌာန်၊ သမ္မပ္ပဓာန်စသော ကျင့်စဉ်တရားတို့ကိုမူ ဘုရားဟောတရားမဟုတ်ဟုဆိုလျှင် ထိုလူမျိုးကို စိတ်မမှန်သောသူ၊ သို့တည်းမဟုတ် ဗုဒ္ဓသာသနာတော်မြတ်ကို ထိပါးပုတ်ခတ်သူ ဟူ၍ ဆိုရလိမ့်မည်ဖြစ်ပေသည်။ အမှန်ကား အထက်တွင်ဆိုခဲ့ပြီးသော သဒ္ဓါ၊ ဝိရိယ စသည့် ''ဝိမုတ္တိ ပရိပါစိယ'' တရားများသည်ပင်လျှင် ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါးစသည် ဖြစ်သောကြောင့် ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏာ

သုတ်ကိုသာ ကွက်ယူပြီး ကျန်သောတရားတော်တို့ကို ငြင်းပယ်မည်ဆိုလျှင် သာသနာတော်၏ အန္တရာယ်သာဖြစ်ပေလိမ့်မည်။

ပါရမီနှင့် သိမြင်သဘောပေါက်မှု မည်သည့်အရာက အဓိကကျပါသနည်း?။ အထက်ပါမေးခွန်းသည် ဘာသာပြန်ဆိုရေးသားသူက အိန္ဒိယပြည်၊ ဘီဟာပြည်နယ်၊ ပတ္တနားမြို့ မဂဓ တက္ကသိုလ်၊ ဒဿနိကဗေဒဌာန၊ အငြိမ်းစားပါမောက္ခ ဒေါက်တာဝိုင်၊ မဆစ်ရေးသားသည့် ကမ္ဘာ့ဘာသာ ယုံကြည်ကိုးကွယ်မှုများအား နှိုင်းယှဉ်လေ့လာချက်စာအုပ်ကို အင်္ဂလိပ်ဘာသာမှ မြန်မာပြန်ဆိုရေးသားရာ၌ စကားညှပ်အဖြစ် "ဗုဒ္ဓဘာသာ၏ ထူးခြားလေးနက်မှုများ"ဟူသော ခေါင်းစဉ်ဖြင့် ထည့်သွင်းဖော်ပြနိုင်ရန်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံတော်၊ နိုင်ငံတော် ဝိနည်းဓိုရ်အဖွဲ့၊ အမှတ်(၂)၏ လူသေလူဖြစ် ဝါဒါနုဝါဒ ဝိနစ္ဆယ(ထေရဝါဒ စွယ်စုံကျမ်း)စာအုပ်၊ စာမျက်နှာ ၃၈၆ မှ ၃၉၄ ထိ၊ နိဒါန်းအပိုင်းကို ကူးယူရေးသားနေခိုက် ဖြစ်ပေါ်လာသော စိတ်ကူးစိတ်သန်းဖြစ်ပါသည်။

ဤစိတ်ကူးစိတ်သန်း ဖြစ်ပေါ်လာရခြင်းအကြောင်းမှာ မကြာသေးမီ အချိန်အတွင်း နာကြားမှတ်သားခဲ့ရသော အဂ္ဂမဟာပဏ္ဍိတ၊ မိုးကုတ်ဆရာတော် ဘုရားကြီး၏ ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းကျောင်းတိုက်၌ ဟောကြားတော်မူသော "ပါရမီပြည့်ပြီးသား ဖြစ်၍ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်းနေတုန်း၊ စိတ်အပြင်မထွက်ကြစေရန် ဆိပ်မိုးခွက် ဥပမာပြတရားတော်"နှင့် ၁၉၆၂ ခုနှစ်၊ ဂျူလိုင်လ ၉ ရက် နေ့တွင် ရန်ကုန်မြို့ ဦးသံဒိုင်တိုက်၌ဟောကြားတော်မူသော "သစ္စာလေးပါး တရား တော်"များ၌ ပါဝင်ဟောကြားထားသည့်အချက်များ ဖြစ်သည့် –

"ပါရမီပြည့်ပြီးသားဖြစ်၍သာလျှင်၊ ယခုလို ဝိပဿတရားသံများ ကြားသိနိုင်သည့်ခေတ်တွင် လူဖြစ်ရသည့်အပြင် ဟောကြားနိုင်သည့်ဆရာ၊ နာကြားနိုင်သည့်နားအပြင်၊ ဟောကြားနိုင်သည့်ဆရာ၊ နာကြားနိုင်သည့်နား၊ သဒ္ဓါတရားနှင့် ပြည့်စုံနေသောအချိန်သည် ပါရမီပြည့်နေပြီဖြစ်ရာ၊ ဝိပဿနာတရားကို

ကြိုးစားအားထုတ်ဖို့သာလိုကြောင်း” တိုက်တွန်း ဟောကြားချက်များ–

“မဟာဝဂ္ဂသံယုတ်လာတည့်အတိုင်း၊ အလုပ်နဲ့ဉာဏ်နဲ့တည့်ဖို့ ပေါ်လာတဲ့ ဝေဒနာပေါ်မှာ သုခဝေဒနာပေါ်လာရင်၊ ဒုက္ခဝေဒနာပေါ်လာရင်၊ ဥပက္ခာဝေဒနာ ပေါ်ရင်လည်း ဉာဏ်နဲ့တည့်အောင် သတိမလွတ်စေပဲ၊ ဖြစ်ပျက်နဲ့ဉာဏ်နဲ့ မခွဲပဲ အားထုတ်ရင်၊ မနက်အားထုတ်ရင် ညနေမဂ်ရမယ်”ဟူ၍ ဝေလပတ္တ သုတ်(ဆီးမီးခွက်ဥပမာပြ)ဖြင့် တိုက်တွန်းဟောကြားချက်များ–

“စိတ်ရှုတဲ့ ယောဂီများကလည်း ပေါ်လာတဲ့ စိတ်တစ်ဆယ့်သုံးမျိုးကို ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်နဲ့ ဉာဏ်နဲ့ မခွဲဘဲအားထုတ်ပါ။ ဝင်လေ ထွက်လေကို မှတ်ည်ပြီး၊ ပင့်ကူကောင်လို ယင်၊ ခြင်စတဲ့ပိုးမွှားကောင် တစ်ကောင် သူ့ရဲ့ကွန်ယက်ပင့်ကူအိမ်မှာ လာနားလိုက်တာနဲ့ ဖမ်းစားပြီး၊ အလယ်ကို ပြန်သွား၊ နောက်လာမယ့်အကောင်ကို စောင့်ကြည့်နေသလို၊ ပေါ်လာမယ့် စိတ်ကိုစောင့်ကြည့် ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်အောင်ကြည့်၊ ဖြစ်ပျက်ကို မြင်တယ် ဆိုတာ မဂ်ဉာဏ်ပဲ” ဟူသော ညွှန်ပြဟောကြားချက်များ–

“အနတ္တလက္ခဏာသုတ္တန်ဒေသနာတော်တွင် “အညာသိကောဏ္ဍညော” ကောဏ္ဍညသိသွားပြီဟူ၍ လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကသို့တိုင် အုတ်အော်သောင်းနင်း တမုဟုတ်ချင်း သတင်းပျံ့နှံ့သွားခဲ့ခြင်းမှာ “သောတာပန် ဖြစ်သွားပြီ” ဆိုခြင်းဖြစ်သည်။ ဗုဒ္ဓဂေါတမ၏ သာသနာတော်၌ ပထမဦးဆုံးသော သောတာပန်တည်သူဖြစ်ခြင်းကြောင့် ယင်းကဲ့သို့ အထူးအဆန်း အုတ်အော် သောင်းနင်းနှင့် ကြွေးကျော်ကြခြင်းဖြစ်သည်။ သို့ဖြစ်လျှင် ကောဏ္ဍညသည် ဘာကို သိသွားပါသနည်း?။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာလေးပါးကို သိသွားပြီဟူ၍ ဆိုလိုသည်။ ကောင်းပါပြီ၊ ဘယ်လိုသိသွားလိမ့်ဟူ၍ ထပ်ဆင့်မေးခဲ့သည်ရှိသော် ပွားသိ၊ သိသွားတာ ပဲဖြစ်သည်။ ဤနေရာ၌ စဉ်းစားရန်အချက်မှာ ဒါနပါရမီ၊ သီလပါရမီစသည့် အချက်တစ်ခုမျှမရှိ။ သိမှတ်ည်းဟူသော ဉာဏ်အလင်းရောင် ပေါ်လာခြင်းမျှသာ

ရှိခြင်းမျှသာ ရှိသည်ဆိုခြင်းဖြစ်သည်။ ဒါကြောင့် သိမှုတစ်လုံးနဲ့ ကိစ္စပြီး သွားတယ်ဆိုတာ နားလည်ကြပါ”ဟူ၍ ရှင်းလင်းပြတ်သားသည့် ဟောကြားချက်များအား (၉-၇-၆၂)ရက်စွဲပါ တိပ်ခွေတရား၌ ကြားနာမိခဲ့ခြင်းကြောင့် အထက်ပါ ‘‘ပါရမီနှင့် သိမြင်သဘောပေါက်မှုသည် မည်သည့်အချက်က အရေးကြီးသနည်း?’’ဟူသော မေးခွန်းကို မိမိစဉ်းစားမိခဲ့ပါသည်။

(ဘာသာပြန်သူ)

●

## အခန်း(၈) Chapter VIII

## ဂျိန်းဘာသာ JAINISM

### နိဒါန်း

ဂျိန်းဘာသာသည် အိန္ဒိယမြစ်ဝှမ်း ယဉ်ကျေးမှုခေတ်၏ အလွန်ရှေးကျသော ဝေဒအယူဝါဒ မဟုတ်သော non-vedic အယူဝါဒဖြစ်သည်။ ဟိန္ဒူဘာသာ၏ ဥပါတ်နိရှိတ်အယူဝါဒနှင့် ဗုဒ္ဓဘာသာ တို့ကဲ့သို့ ဂျိန်းဘာသာသည် ခတ္တိယမျိုးနွယ်စုဖြစ်စဉ် သမိုင်းရေစီးကြောင်း၌ အတူတကွပါဝင် ခဲ့သည်။ ၎င်းသည် ဟိန္ဒူဘာသာ၊ ဗြဟ္မဏအယူဝါဒအားယုံကြည်မှုနှင့် မသက်ဆိုင်သည့် ရောနှောထိစပ်မှုမရှိသော ဘာသာတရားတစ်ခု၏ စည်းကမ်းသတ်မှတ်ချက်များအတွင်း စွဲလန်းမှု ပြင်းထန်သော ဆည်းကပ်ကိုးကွယ်မှုတစ်ခုဖြစ်သည်။ ယနေ့ခေတ် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂင်္ဂါမြစ်၏အနောက်ဘက်၊ Kundalgiah မြို့၏ အရှေ့ဘက်(ရှေးခေတ်အခေါ် Sadanira)အရပ် ဒေသသည် အာရိယန်မျိုးနွယ်စုမဟုတ်သော(non-Aryan)လူမျိုးစုများ နေထိုင်ရာဒေသဖြစ် သည်။ ဂျိန်းဘာသာသည် အစပိုင်းကာလ၌ အဂျီဝစ္စင်(Ajvikism)ဘာသာအယူဝါဒနှင့်တူသော ဘာသာတစ်ခုဖြစ်သည်။ ဂျိန်းဘာသာကို(၂၄)ပါးသော တိတ္ထသန်ကရ(Tirthankara)အဆက်ဆက် တို့က တည်ထောင်ခဲ့ကြရာ ဝေသာလီတိုင်း၊ လစ္ဆဝီမျိုးနွယ်ဝင်(Licchavis cf Vaishali)ရှင်တော် မဟာဝီရ(Lord Mahavira- BC.599-527)သည် နောက်ဆုံးနှင့်အရေးပါဆုံးသော တိတ္ထသန်ကရ ဖြစ်သည်ဟူသော ဆိုစကားရှိသည်။ ဤဝေသာလီဆိုသော အရပ်ဒေသသည် လူဦးရေအနည်းငယ် မျှသာပါဝင်သော အုပ်ချုပ်ရေးဒေသတွင်ပါဝင်သည့် ဇနပုဒ်(janapada)တစ်ခုဖြစ်၍ နောက်ပိုင်းတွင် ရာဇဂြိုလ်ပြည့်ရှင်၊ ဘုရင်အဇာတသတ်(Ajatashatru)၏ တိုက်ခိုက်ဖျက်ဆီးခြင်းခံရသော တိုင်းပြည်ငယ်တစ်ခုဖြစ်သည်။

ဂျိန်းဘာသာသည် ဝေဒဗြဟ္မဏဘာသာမှ ဖြာထွက်လာသော ဂိုဏ်းခွဲဘာသာတစ်ခု မဟုတ်ပါ။ ဤဘာသာအား နွားထိန်း၊ နွားမများအား ချစ်ခင်မြတ်နိုး တန်ဘိုးထားကြသော တောင်သူလယ်သမားများက ကြည်ညိုကိုးကွယ်ကြသည်။ ၎င်းလူမျိုးတို့သည် ရိုးသားအေးချမ်းစွာ နေထိုင်၍ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုပြီး သူတစ်ပါး၏အသက် သတ်ဖြတ်ခြင်းမှရှောင်ကျဉ်၍ အလွန်ဖြူစင်သူများ ဖြစ်ကြသည်။ ၎င်းတို့နှင့်ဆန့်ကျင်ဘက်ဖြစ်သည့်

ဝေဒအာရိယန်လူမျိုးများကမူ ကျေးလက်တောရပ်ဒေသနေလူများဖြစ်ကြ၍ ကျွဲ၊ နွားတိရစ္ဆာန်များအား ယစ်ပူဇော်မှုပြုခြင်းကို ယုံကြည်သူများဖြစ်ကြသည်။ ဤကဲ့သို့ ဆန့်ကျင်ဘက်သဘောအယူဝါဒရှိကြသည့်အားလျော်စွာ အိန္ဒိယပြည် အာရိယန်လူမျိုးများနှင့် အာရိယန်မဟုတ်သူလူမျိုးနှစ်စုတို့အကြား အမြဲတစေပဋိပက္ခအသွင်ဆောင်ပြီး ယုံကြည်ကိုးကွယ်မှု၌လည်း မတူညီသောအမြင်ရှိကြသည်။ ဝေဒအယူဝါဒရှိသော အာရိယန်လူမျိုးများသည် နှစ်ပရိစ္ဆေဒကြာမြင့်လာသောအခါ ဂျိန်းဘာသာနှင့်ဗုဒ္ဓဘာသာတို့၏ အဓိကအရေးပါသော အယူအဆအားလုံးကိုလက်ခံခဲ့ကြသည်။ ယနေ့ခေတ် ဟိန္ဒူဘာသာသည် အာရိယန်နှင့် အာရိယန်မဟုတ်သူလူမျိုးတို့၏ယုံကြည်ဆည်းကပ်ခြင်းဆိုင်ရာ အစဉ်အလာများကို ပေါင်းစပ်ကိုးကွယ်မှုပြုကြသည်။ ဂျိန်းဘာသာ၏ ရင်ဘောင်တန်းတိုးတက်လာမှုများကိုမှတ်သားလျက်ကျွန်ုပ်တို့(စာရေးသူနှင့်စာဖတ်သူ) ရှေ့ဆက်လေ့လာကြည့်ကြပါစို့။

ဂျိန်းဘာသာမှာ တိရ်သန်ကရ(Tirthankara)တို့ အဓိကယုံကြည်သော ဘာသာတရားတစ်ခုဖြစ်၏။ ဂျင်း(Jin)ဆိုသောစကားလုံးမှ စတင်ဖြစ်ပေါ်လာသောဝါဟာရ(Jainism)သည် လူတစ်ယောက်သည် မိမိ၏အလွန်ပြင်းပျသောလိုချင်စွဲလန်းမှု ဥပါဒန်ကိုအောင်နိုင်ခြင်းဟူသော အဓိပ္ပါယ်ဖြစ်သည်။ ဤဝါဟာရ၏ အဓိကဆိုလိုသည့် လေးနက်သောအဓိပ္ပါယ်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ချုပ်ကိုင်ထားသည့် တဏှာ၏ကျေးကျွန်ဘဝမှ အောင်မြင်ခြင်းဖြစ်သည်။ တဖန် တိရ်သန်ကရတစ်ဦးဆိုသည်မှာ တဏှာကျေးကျွန် ဘဝဒုက္ခပင်လယ်ဝဲသြဃကို ကူးဖြတ်လွတ်မြောက်ရေးအတွက် မဂ္ဂင်ဖောင်ကို ကိုယ်တိုင်တည်ဆောက်လှော်ခတ်ရမည် ဖြစ်သည်။ တိရ်သန်ကရတစ်ဦးသည် သံသရာဝဲသြဃဝဋ်ဒုက္ခမှ မိမိကိုယ်တိုင် အောင်မြင်စွာကူးဖြတ်နိုင်ယုံမျှသာမက ဝေနေယျသတ္တဝါအများကိုလည်း သံသရာဝဲသြဃ ဝဋ်ဒုက္ခကူးဖြတ်နိုင်ရေး နည်းလမ်းပေး၍ သင်ကြားပြသပေးနိုင်သူဖြစ်သည်။ ဤ(၂၄)ပါးသော တိရ်သန်ကရများကို အစဉ်အလိုက်ဖော်ပြရလျှင် –

(၁) ရိသျှဘာဘ(Rishabha) (၂) အဇိတ (Ajita)

(၃) သမ္ဘာဝ(Sambhava) (၄) အာဘိနန္ဒန(Abhinandana)

(၅) သုမတိ(Sumati) (၆) ပဒ္မပရဗ္ဗ(Padamaprabha)

(၇) သိုင်ပါရဝ(Syparshva)
(၈) ချန္ဒရာပရဗ္ဘ(Chandraprabha)
(၉) ပွတ်ရှ်ပါဒန္တ (ဝါ) သုဝိဓိ (Pushpadanta or Suvidhi)
(၁၀) သိတလ (Shitala)
(၁၁) သိရိယမ်သ(Shreyamsa)
(၁၂) ဝသုပူဂျေယ (Vasupujya)
(၁၃) ဝိမလ(Vimala)
(၁၄) အနန္တ(Ananta)
(၁၅) ဓမ္မ(Damma)
(၁၆) သန္တိ (Shanti)
(၁၇) ကွန်သု(Kunthu)
(၁၈) အာရ(Ara)
(၁၉) မလိ(Mali)
(၂၀) မုနိသုဝရတ္တ(Munisuvrata)
(၂၁) နမ္မိ(Nami)
(၂၂) နေမိ (ဝါ) အရစ်ရှ်တာနေမိ (Nemi or Arishtanemi)
(၂၃) ပါရှ်နပ် (Parshmath)
(၂၄) ဝဓမ္မန (ဝါ) မဟာဝိရ (Vardhamana or Mahavira)

တို့ဖြစ်သည်။

ရစ်ရှ်ဘမုနိ(Rishabha Muni)သည် အိန္ဒိယမြစ်ဝှမ်းယဉ်ကျေးမှုခေတ်က စည်းစိမ်ချမ်းသာနှင့်ပျော်ရွှင်မှုကိုစွန့်လွှတ်ပြီး မိမိကိုယ်ကို ထိန်းချုပ်နိုင်သူနတ်ဘုရား၏ အမှတ်သင်္ကေတ ရုပ်ထုဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဤရုပ်တုပုံပါနတ်ဘုရားသည် လိင်္ဂပူဇော်မှု(Linga-worship)နှင့် ဆက်စပ်နေသဖြင့် ရစ်ရှဘမုနိမဖြစ်နိုင်ပေ။ ပါရှ်နပ်(Parshanath)၊ မဟာဝိရ (Mahavira)တို့မှလွဲ၍ အခြားသောတိရ်သန်ကရများသည် သမိုင်းဝင်ပုဂ္ဂိုလ်များအဖြစ် ပါးစပ်ပုံပြင်မျှသာ စာတင်ရေးသားခြင်းခံရသူများဖြစ်သည်။

## ဂျိန်းဘာသာ၏ အထူးအရေးပါသောအခြေခံအချက်များ

(၁) ဂျိန်းဘာသာသည် အဇီဝိတဝါဒနှင့်နီးကပ်စွာဆက်ဆံမှုရှိသော အိန္ဒိယနိုင်ငံ၏ရှေးအကျဆုံးနှင့်အာရိယန်လူမျိုးမဟုတ်သူများ ယုံကြည်သည့်ဘာသာဖြစ်သည်။

(၂) ဂျိန်းဘာသာသည် ဝေဒအယူဝါဒမဟုတ်သောအမြင်ဖြင့် ဝေဒဘာသာစာပေယဉ်ကျေး

မှုကို အသိအမှတ်မပြုသည့်အပြင် ဇာတ်ခွဲခြားမှုကိုခွင့်မပြုသော၊ ရာဂ်ဝေဒဘာသာ (Rgvedic religion)နှင့် ဆန့်ကျင်ဘက်အယူဝါဒဖြစ်သည်။ ၎င်းသည် မောစနတ္တာယ ခေါ် သံသရာမှလွတ်မြောက်ခြင်း(Moksa)အယူအဆကိုလက်ခံ၍ နတ်ပြည်(Heavenly abode)သည် လူ့ဘဝ၏အမြင့်ဆုံးပန်းတိုင်(ဝါ) ခရီးလမ်းဆုံးနေရာမဟုတ်ဟူ၍ ခံယူသည်။ ဂျိန်းဘာသာသည် ဝေဒကျင့်စဉ်မဟုတ်သော(non-vedic Yoga)နှင့် ရိုးသားဖြူစင်သည့်အသွင်အပြင်ကို သံသရာမှလွတ်မြောက်ရေးအတွက် အရေးကြီးသည်ဟု ယုံကြည်သည်။

(၃) ဂျိန်းဘာသာသည် မဏ္ဍိုင်ကြီးလေးရပ်(Four Pillars)ဖြစ်သည့် ကာမ(ကမ္မ)၊ သံသရာ၊ ဉာဏ၊ မုတ္တိ(Karmar, samsara, jnana, mukti)ကို ရာဂ်ဝေဒကျင့်သုံးသည့် အခြေခံ စည်းမျဉ်းနှင့်မတူဘဲ ၎င်း၏ယုံကြည်မှုအဖြစ် လက်ခံသည်။

(၄) ဂျိန်းဘာသာသည် နတ်ဘုရား(ဝါ) ထာဝရဘုရားသခင်အယူအဆကို လုံးဝလက်မခံပေ။ သို့သော် ၎င်း၏ယုံကြည်မှုသည် အလွန်ပြင်းထန်၍ ဝိဉာဉ်ရှိသည်ဟု စွဲလန်းသောဝါဒဖြစ်သည်။

(၅) ဂျိန်းဘာသာ၌ နတ်ဘုရား(ဝါ) ထာဝရဘုရားအတွက် နေရာမရှိသည့်အားလျော်စွာ ၎င်းသည် ကမ္ဘာလောကကို အစလည်းမရှိ အဆုံးဟူ၍လည်းမရှိဟု ယုံကြည်သည်။

(၆) ဗုဒ္ဓဘာသာသည် Ahimsa ခေါ် သူတစ်ပါး၏ အသက်သတ်ဖြတ်ခြင်းအား ရှောင်ကျဉ်မှုသည် အရေးကြီးသောကိုယ်ကျင့်သီလဖြစ်သည်ဟူ၍ လက်ခံသကဲ့သို့ ဂျိန်းဘာသာ၌လည်း Ahimsa parmo-dharmah ဟူ၍ ဆာဒူး(Sadus)အဖြစ်ကိုလည်းကောင်း၊ ပြင်းထန်သောကပ်ငြိစွဲလန်းမှုမှ လွတ်မြောက်ရေးကိုရှာကြံသူ(Jaina seeker)အဖြစ်ကို ရလိုသူသည် ၎င်း၏ကိုယ်ကျင့်သီလကို အခြေခံမဏ္ဍိုင်ပြုရန် ဟောကြားသည်။

(၇) အရေးပါသောအချက်ကို အခြေခံသောရှုဒေါင့်မှ ကြည့်ခြင်းအားဖြင့် ဂျိန်းဘာသာသည် လှေနံနှစ်ဖက်နင်းသောအယူဝါဒ(dualism)ဖြစ်သည်ဆိုခြင်းကို ၎င်း၏ Jiva နှင့် Ajiva ခေါ် ဇီဝနှင့်အဇီဝဟူသော အသက်ရှိနှင့် အသက်မဲ့သဘောကို အမှန်ရှိ တကယ်ရှိဟူ၍ ထူးခြားသော လက်ခံယုံကြည်မှုက ထင်ရှားစေသည်။ သို့သော် အရေးအတွက်မှ

အရည်အချင်းသို့ ပြောင်းလဲတိုးတက်စေသော ရှုဒေါင့်မှကြည့်လျှင် ဝိညာဉ်နှင့်အနုမြူမှုန် (spirits and atoms)များ ပေါင်းစပ်မှုဟူသော ဗဟုဝါဒကို ယုံကြည်သောဝါဒဖြစ်သည်။

(၈) ဂျိန်းဘာသာသည် အစီအစဉ်တကျ စနစ်တစ်ခုဖြစ်ပေါ်လာစေရန် ၎င်း၏ တစ်မျိုးထက်ပိုသော သက်ရှိသတ္တဝါများ၏ သဘောသဘာဝနှင့်စပ်လျဉ်းသည့် တိကျသောသဘောတရားသည်(Anekantavada)ခေါ် ဖြစ်ရန် မဖြစ်ရန် မသေချာသော အယူအဆ (Syadvada)သို့ ရှေးရှုသွားဖွယ်ရာရှိသည်။

(၉) ဂျိန်းဘာသာ၏ ဝိညာဉ်(Soul)ဆိုသောအဓိပ္ပါယ်မှာ အလွန်တိုတောင်းလှသည့် အချိန်အတိုင်းအတာကိုသာ ညွှန်းဆိုသည့်အတွက် သိသာထင်ရှားသည့်အချက်ဖြစ်သည်။ တဖန် ဂျိန်းဘာသာသည် ကာမ(ကမ္မ)များအား ခံစားကြည့်ရန်ခက်ခဲ၍ နားမလည်နိုင်သော ရုပ်ဝတ္ထုများဖြစ်၍ ဝိညာဉ်ကို ခိုင်မြဲစွာငြိတွယ်စေသည့်အရာဟူ၍ ယုံကြည်သည်။ ဤအရာသည် ဂျိန်းဘာသာအား ဝိညာဉ်နှင့်စပ်လျဉ်းသည့်အလွန်ရှေးကျသော ယုံကြည် ချက်ဖြစ်ကြောင်း ညွှန်ပြနေသည်။

(၁၀) သို့ရာတွင် ဂျိန်းဘာသာသည် အကြောင်းအကျိုးဆိလျော်၍ သဘာဝယုတ္တိရှိရှိဖြင့် ခေတ်သစ်ဆီသို့ဝင်ရောက်ရန် ကြိုးစွာသောအားထုတ်မှုပြုခဲ့သည်။ ဂျိန်းဘာသာဝင် တစ်ဦးဖြစ်သူ ရတနာရှိတ်ဟာရ(Ratana shekhara)သည်၎င်း၏စာအုပ် ဆမ်ဘန္ဓသတ္တာရိ(Sam badha sattari)၌ လူပုဂ္ဂိုလ်တစ်ဦးချင်းသည်လည်းကောင်း၊ ၎င်း၏ ဝိညာဉ်နှင့် ၎င်း၏ခန္ဓာကိုယ် ထပ်တူညီမျှတူညီကြောင်းကို မည်သည့်သဘာဝလွန် တန်ခိုးရှင်၏ အကူအညီမပါဘဲ မိမိကိုယ်တိုင်ကြိုးစားအားထုတ်မှုဖြင့် သိရှိနိုင်ကြောင်း ရေးသားထားသည်။

(၁၁) ဂျိန်းဘာသာသည် ဟိန္ဒူဘာသာနှင့်မတူဘဲ ဗုဒ္ဓဘာသာနှင့်အလွန်တူညီသည့် သမိုင်းကြောင်းဖြစ်စဉ်များရှိခဲ့ပြီးလျှင် ဂျိန်းဘာသာအား တည်ထောင်ခဲ့သူဖြစ်နိုင်ဘွယ်ရာရှိသည့် ရှင်တော်မဟာဝီရ(Lord Mahavira)က ယုံကြည်ကိုးကွယ်မှု၏ အဓိကအခြေခံအချက်များကို ချမှတ်ခဲ့သည်။

(၁၂) ဂျိန်းဘာသာသည် ဇာတ်ခွဲခြားမှုကိုလက်မခံသည့်အပြင် ဗုဒ္ဓဘာသာစာပေကို

လည်းကောင်း၊ ရာဂ်ဝေဒစာပေကျမ်းဂန်ကိုလည်းကောင်း လက်ခံခြင်းမပြုပါ။ ၎င်းတွင် ကိုယ်ပိုင်စာပေကျမ်းဂန်များရှိပါသည်။

## ဂျိန်းဘာသာစာပေကျမ်းဂန်များ

ဂျိန်းဘာသာ၏ မူလဇစ်မြစ်ဖြစ်သော စာပေကျမ်းဂန်များတွင် ပူရဗတ်စ်(Puravas) ကျမ်း–၁၄ကျမ်းနှင့် အန်ဂတ်စ်(Angas) ကျမ်း–၁၁ ကျမ်းရှိသည်။ ပူရဗတ်စ်ကျမ်းများကို နှုတ်တက်အာဂုံရာဖြင့်သာ ကျက်မှတ်သင်ကြားခဲ့ကြရာ ပျောက်ကွယ်သွားခဲ့ပြီးဖြစ်သည်။ ထိုအချိန်မှစ၍ အန်ဂတ်စ်–၁၁ ကျမ်းသာလျှင် ဂျိန်းဘာသာ၏ အဓိကစာပေကျမ်းဂန်များအဖြစ် ကျန်ရှိနေခဲ့တော့သည်။ ထို့ပြင် ဥပမ်ဂတ်စ်(Upangas)၂၂ ကျမ်း၊ ပကင်နကပ်စ်(Pakinnnakas) ၁၀ကျမ်း၊ ချီဒါဒတ်စ်(Chedas) ၆ ကျမ်း၊ မူလသုတ္တ(Other Sutras)၂ ကျမ်း လည်းရှိကြသေး၏။ အန်ဂတ်စ် ၁၁ ကျမ်းအနက်မှ အချာရမ်ဂ(Acharanga)ကျမ်းသည် ရဟန်းသံဃာများ လိုက်နာကျင့်သုံးရမည့် ဝိနည်းဒေသနာဖြစ်၍ သုတ္တာရစ်တန်ဂ(Sutraktanga)ကမူ ဂျိန်းဘာသာ၏ ထူးခြားထင်ရှားသည့်အချက်များထဲမှ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များပါဝင်သည်။

ဥဝါသဂဒသ(Uvasagadsao)သည် ဆမ်ဂတ်စ်ကျမ်းများအနက် သတ္တမမြောက်ကျမ်းဖြစ်၍ ၁၈၈၈ ခုနှစ်အတွင်း၌ A.F.R.Hoernle ဆိုသူက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့သည်။ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့သည့် အရှေ့တိုင်းဘာသာရေးစာအုပ်များ (Scared Books of the East) အတွဲ ၂၂ မှ ၄၅ အထိ ဂျိန်းဘာသာစာပေကျမ်းဂန်များ သည်လည်း အရေးပါသောစာပေကျမ်းဂန်များဖြစ်သည်။

ဂျိန်းဘာသာရေးစာပေကျမ်းဂန်များအား ရှေးယခင်အခါက အာဓမာဂဓိ(Ardha Maghadi)ဘာသာဖြင့် ရေးသားခြင်းဖြစ်သည်။ နောက်ပိုင်းကာလများတွင် ပို၍စနစ်ကျစွာဖြင့် ပရာကစ်နှင့်သက္ကတဘာသာစကားတို့ဖြင့် ရေးသားခဲ့သည်။ (Languge of Prakrit and Sanskrit)

ဂျိန်းလူမျိုးများသည် မဂ္ဂလိဃောသာလခေတ်(the time of Makkhali Gosala)တွင်

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုစွန့်လွှတ်၍ အဓိကစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်။ ၎င်းတို့သည် မြေယာများကိုတူးဆွခြင်းဖြင့် ပိုးမွှားများသေကျေပျက်စီးနိုင်ပြီး ယင်းသို့ပိုးမွှားများသေကျေပျက်စီးမှုသည် ပါဏာတိပါတကံ(Ahimsa)ကို ကျူးလွန်ရာရောက်သည်ဟုယုံကြည်သည်။ ၎င်းတို့သည် အိန္ဒိယနိုင်ငံ၏ဓနအင်အားကို ပိုင်ဆိုင်ကြသည်။ ထိုအချိန်ကာလ၌ ဂျိန်းဘာသာသည် ရှင်သန်လှုပ်ရှားမှုများစွာ ရှိနေခဲ့သော်လည်း၊ ဗုဒ္ဓဘာသာမှာမူ ၎င်း၏အဆုံးအမသာသနာသည် လုံးဝပျောက်ကွယ်လုနီးပါးအခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ ယင်းသို့ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် အကြောင်းအရင်းမှာ ဂျိန်းဘာသာသည် ဗြဟ္မဏအယူဝါဒကို ဆန့်ကျင်မှုမပြုခဲ့ခြင်းကြောင့်ဖြစ်ဟန်ရှိသည်။ ၎င်းတို့သည် ဇာတ်ခွဲခြားမှုမပြုကြသော်လည်း ဗြဟ္မဏရဟန်းများအား ၎င်းတို့၏ဘာသာရေးလုပ်ငန်းများတွင် နေရာပေး၍လက်ခံပူဇော်ဝတ်ပြုခဲ့ကြသည်။ ဒုတိယအချက်မှာ ဂျိန်းဘာသာသည် ဟိန္ဒူဘာသာမှ ထင်ရှားသည့်နတ်ဒေဝါများအား အစားထိုးကိုးကွယ်မှုပြုကြသည်။ ထို့ပြင် ဂျိန်းဘာသာသည် ၎င်း၏ကာမ(ကမ္မ)၊ သံသရာ၊ ဉာဏ၊ မုတ္တိ(Karma, Samsara, Jnana, Mukti)ဟူသော မဏ္ဍိုင်ကြီး(၄)ရပ်အား ဟိန္ဒူဘာသာ၏ မဏ္ဍိုင်ကြီး(၄)ရပ်နှင့် ပေါင်းစပ်ရောထွေးစေခဲ့သည်။ ဂျိန်းဘာသာ၏ ငါးပါးသီလဖြစ်သည့် ပဉ္စမဟာဘာရတ(Panca-mahabrata) (satya, asteya, brahmacharya, ahimsa and a-parigraha)အား ဟိန္ဒူဘာသာက အစားထိုးကျင့်သုံးမှု၌ ကျစ်လစ်သိပ်သည်းမှုမရှိစေကာမူ အပြည့်အဝမျှဝေပေးခဲ့သည်။ ယောဂကျင့်စဉ်(Yoga)ကျင့်စဉ်နှင့် ရိုးသားဖြူစင်မှုသည် ဂျိန်းဘာသာအတွက် များစွာအရေးကြီးသကဲ့သို့ ဟိန္ဒူဘာသာအတွက်လည်းအရေးကြီးပြီး နှစ်ပေါင်းများစွာ အတူတကွနေထိုင်လာခဲ့ကြသည်။ ဂျိန်းလူမျိုးများသည် ဗိုက်သနာဝါဒ(Vaisnavism)ကို မိမိတို့အယူဝါဒအဖြစ် အစားထိုးလက်ခံကျင့်သုံးသဖြင့် ဟိန္ဒူဘာသာသာဝင်များနှင့် များစွာတူညီလာခဲ့သည်။ သာဓကအဖြစ် ရေးသားဖော်ပြရလျှင် ဂျိန်းဘာသာဝင်အချို့သည် ဟိန္ဒူဘာသာဝင်သက်သတ်လွတ်စားသူများနှင့် အိမ်ထောင်ပြုခြင်းကိုပင်လျှင် ခွင့်ပြုခဲ့သည်။

## ဂျိန်းလူမျိုးတို့၏လောကအမြင်နှင့်ဘာသာတရား

ဂျိန်းလူမျိုးတို့၏ ဒဿန(ဝါ) လောကအမြင်(ဝါ) လောကအားရှုမြင်ပုံနှင့် ယုံကြည်ကိုးကွယ်သည့်ဘာသာတရားတို့သည် တစ်ခုနှင့်တစ်ခု အတွင်းသဘော၌ အလွန်လျှို့ဝှက်ဆန်းကျယ်စွာ ရောနှောရှုပ်ထွေးနေ၏။ ဤသို့အားဖြင့် ၎င်းတို့၏ လောကကိုရှုမြင်သည့်ဒဿနကို အကျဉ်းချုံး၍တင်ပြပါမည်။


ဂျိန်းဘာသာတရား၏အလိုအားဖြင့် ဇီဝ(Jiva)နှင့် အဇီဝ(Ajiva)ဟူ၍ သဘာဝတရားတွင် သက်ရှိနှင့်သက်မဲ့ အရာဝတ္ထု(၂)မျိုးရှိသည်ဟူ၍ အမြင်ရှိသည်။ ဇီဝ ခေါ် သက်ရှိအရာဝတ္ထုတစ်ခုသည် မတိကျမမှန်ကန်သောအရာဟူ၍ မဆိုနိုင်သကဲ့သို့ တိကျမှန်ကန်သောအရာဟူ၍လည်း မဆိုနိုင်ပေ။ ဇီဝ ခေါ် အသက်ရှိသောအရာ၌ ၎င်း၏ ရှေးဦးစွာရှိနေသော ဖြူစင်သန့်ရှင်းမှုသဘောတွင် မှန်းဆ၍မရနိုင်သော Jnana ခေါ် အသိဉာဏ်(infinite knowledge)၊ ananta darshna ခေါ် မခန့်မှန်းနိုင်သောအာရုံခံစားမှု(infinite perception) ၊ ananta carita ခေါ် မခန့်မှန်းနိုင်သောရိုးသားဖြူစင်မှု(Pure conduct)နှင့် annanta virya ခေါ် မခန့်မှန်းနိုင်သောကြိုးစားမှု(infinite power)တို့ ပါဝင်နေသည်။ အစဟူ၍ မရှိနိုင်သောဘဝများစွာသံသရာမှပြုလုပ်အားထုတ်ခဲ့ဘူးသော ကာမ(ကမ္မ)များသည် ၎င်း၏ဝိညာဉ်ကို ညစ်နွမ်းစေသည့်အပြင် ၎င်းဝိညာဉ်သည် ကာမ(ကမ္မ)အား ကပ်ငြိစေလျက် ၎င်း၏အမြင်နှင့်လုပ်ကိုင်ဆောင်ရွက်ချက်ကို တားမြစ်ထား၍ ၎င်း၏ထွက်ရပ်လမ်းတိုင်းကို ပိတ်ဆို့လျက် မသိနားမလည်မှုအဖြစ် အခြေအနေကို ဖန်တီးထားသည်။ အမှန်စင်စစ် ဝိညာဉ်၏အရင်းခံသဘာဝသည် ဖြူစင်သန့်ရှင်းမှုရှိသော စိတ်ဝိညာဉ်အား မတွယ်ကပ်နိုင်ပေ။ စိတ်ဝိညာဉ်အား ရုပ်မှုန်များစွာ၏ ပုံဖော်ပေးသည့်ကိုယ်ခန္ဓာဖြင့် ပုံစံအမျိုးမျိုး၏ ဘဝအစမှသည်အဆုံးအထိ တည်ရှိနေသည်ဟူ၍ ရှုမြင်သုံးသပ်နိုင်သည်။ ဥပမာအားဖြင့် ပုရွက်ဆိတ်တစ်ကောင်သည် ၎င်း၏ကိုယ်ခန္ဓာ သေးငယ်သည်နှင့်အမျှ ၎င်း၏ Jiva ခေါ် အသက်ဝိညာဉ်သည်လည်း သေးငယ်သကဲ့သို့ ဆင်တစ်ကောင်ကတော့ ၎င်း၏ကိုယ်ခန္ဓာ ကြီးမားသလောက် စိတ်ဝိညာဉ်မှာလည်း အရွယ်အစားအားဖြင့် ကြီးမားပေသည်။ ဤသို့အားဖြင့် Jiva ခေါ် အသက်ဝိညာဉ်မှာ ပေါ်လွင်ထင်ရှားသည့်အစိတ်အပိုင်းကဲ့သို့သော ဂုဏ်သတ္တိရှိပေသည်။ ဤအကြောင်းကြောင့် ဂျိန်းဘာသာသည် အကျိုးတရားတစ်ခု၏ မြစ်ဖျားခံရာအကြောင်း

တရားမှန်ကို ရှာဖွေရာတွင် ဗုဒ္ဓဘာသာထက်ပို၍ ရှေ့တစ်လှမ်းသာသည်ဟူ၍ ဝေဖန်မှုများရှိသည်။ အမှန်စင်စစ်အားဖြင့် ဂျိန်းဘာသာသည် သက်တမ်းရှည်သဘာရင့်နေပြီဖြစ်ကြောင်း သမိုင်း အထောက်အထားလည်းရှိပေသည်။

ထို့နောက်တဖန် ကာမ(ကမ္မ) ခေါ် ပြုလုပ်အားထုတ်ခြင်းသည် Jiva ခေါ် အသက်ဇီဝ၏ အာရုံခံစားခြင်းအား အာရုံဣန္ဒြေ(ဝါ) Sense-organs များ ထိန်းချုပ်ထားခြင်းဖြင့် ရပ်တုံ့စေသည်။ ဗဒ္ဓ–ဇီဝ(baddha-jiva) ခေါ် ဝဋ်ကြွေးမကင်း ဆင်းရဲတွင်းသို့ ကျရောက်နေကြသည့် သက်ရှိ အရာများ၏ တိုးတက်ဖြစ်ပေါ်မှု၌ တဆင့်ပြီးတဆင့် မြင့်မားတိုးတက်လာကြရသည်။ အာရုံ (တစ်)မျိုးသာ ခံစားနိုင်သောသက်ရှိအရာ၊ အာရုံ(နှစ်)မျိုးခံစားနိုင်သော သက်ရှိအရာ၊ အာရုံ(သုံး)မျိုး၊ (လေး)မျိုးခံစားနိုင်သော သက်ရှိအရာဟူ၍ရှိသည်။ အာရုံ(တစ်)မျိုးခံစားနိုင်သော သက်ရှိအရာ ဆိုသည်မှာ ရွေ့လျားသွားလာခြင်းမပြုနိုင်သော သစ်ပင်ပန်းပင်စသည့် မြေပြင်ပေါ်၌ပေါက်ထွက် နေသော သက်ရှိအရာများဖြစ်၍ လူသတ္တဝါမှာ အာရုံ(ငါး)မျိုးခံစားနိုင်သော သက်ရှိအရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတွင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ အရေပြားတည်းဟူသော အာရုံ (ငါး)ပါးခံစားနိုင်သည့် အာရုံခံဣန္ဒြေများ(Sense organs)ရှိနေသောကြောင့်ဖြစ်သည်။ သို့ရာတွင် အသက်ဇီဝ တစ်ခုခုသည် ၎င်း၏ကာမ(ကမ္မ)နှင့်သက်ဆိုင်သောကိစ္စများအား သစ်ပင်တစ်ပင်၏ သစ်ရွက်များအားလုံးကို ခြွေချသကဲ့သို့ ကာမ(ကမ္မ)အားပါယ်ချပစ်ခြင်းအားဖြင့် ဇီဝသည် ၎င်း၏ကယ်တင်ခြင်းလုပ်ငန်းကို အောင်မြင်နိုင်မည်ဖြစ်သည်။ ထိုသို့ပြုလုပ်နိုင်လျှင် ဇီဝသည် Siddha ခေါ် သူတော်စင်ဖြစ်လာမည်။ ဂျိန်းဘာသာ၌ တိရ်သန်ကရ(Tirthankara) သူတော်စင် ပုဂ္ဂိုလ်(Perfected person)အား ခေါ်ဆိုသောဝေါဟာရစကားလုံးဖြစ်၍ ၎င်းတို့သည် ကိုယ်ကျင့် သီလကောင်းမွန်ရေး စည်းမျဉ်းစည်းကမ်းများချမှတ်၍ တရားဟောကြား အဆုံးအမပေးသူများ ဖြစ်လျက် စုစုပေါင်း(၂၄)ပါးရှိပြီး ရှင်တော်မဟာဝီရ(Lord Mahavira)သည် နောက်ဆုံးနှင့် အထင်ရှားဆုံးပုဂ္ဂိုလ်ဖြစ်သည်။ သို့ရာတွင် nitya-siddha ခေါ် သူတော်စင်တစ်ဦးသည် အစအဆုံးမရှိသော ကမ္မမှလွတ်မြောက်ပြီးသူဖြစ်စေကာမူ သံသရာဝဋ်ဒုက္ခမှ လုံးဝမလွတ်သေး သူသာဖြစ်သည်။

အသချေ်အနန္တ ရေတွက်မရနိုင်သည့်ဇီဝ ခေါ် သက်ရှိအရာများနှင့်မတူ သီးခြား

ရုပ်တည်သော အသက်ဇီဝမရှိသည့် သဘောတရားများမှာ(၅)ပါးရှိသည်။ ၎င်းတို့မှာ ဓမ္မ (Dharma)၊ အဓမ္မ(Adharma)၊ အာကာသ(Akasa)၊ ကာလ(Kala or Time)နှင့် ပုဂ္ဂလ(Pugala or Matter)တို့ဖြစ်သည်။ ဓမ္မဟူသောဝေါဟာရသည် ရွေ့လျားသွားလာမှုစွမ်းအင်ကို ဖြစ်နိုင်သည့် နေရာဌာနများဖြစ်သည်။ ဥပမာ ငါးများအတွက် ရေထုဟူ၍လည်းကောင်း၊ ငှက်များအတွက် လေထုဟူ၍လည်းကောင်း လွဲမှားသောနားလည်သဘောပေါက်မှုကို ဖြစ်စေနိုင်၍ နားလည်ရန် ခက်ခဲသည့် အမှန်တကယ်ရှိသည့် သဘာဝရားဖြစ်သည်။ ရေထု၊ သို့မဟုတ် လေထုသည် သက်ရှိသတ္တဝါများ အသက်ရှင်နေထိုင် ရွေ့လျားသွားလာနိုင်သော ဘုံဌာနများဖြစ်သည်။ အဓမ္မသည် ဓမ္မနှင့်ဆန့်ကျင်ဖက်ဖြစ်၍ နားလည်ရန်ခက်ခဲသည့် သတ္တဝါများအတွက် စစ်မှန်သည့် ရုပ်သဘာဝကို ဖော်ပြချက်ဖြစ်သည်။ ပုဂ္ဂလဆိုသည်မှာ အနုမြူမှုန်နှင့် ကလပ်စည်းစသော ရုပ်ဝတ္ထုများဖြစ်သည်။ ကျွန်ုပ်တို့(စာရေးသူနှင့် စာဖတ်သူ)သည် ဇီဝနှင့်အဇီဝတို့ကို အလွယ်တကူ နားလည်သဘောပေါက်စေရန် အစဉ်အလိုက်ဖော်ပြသည့်ဇယားကို အောက်၌ရေးသားဖော်ပြအပ်ပါသည်။



ပဥ္စဒရိယဝိဉာဉ်များ

- နာရက(Naraka) (ငရဲဘုံသား)
- တိရိယန်သ(Tiryansa) (မရိုးဖြောင့်သူ)
- မနုဿ(Manusa) (အသက်ရှူခြင်း ကွဲပြားသောလူများ)
- ဒေဝ(Devas) (သူတော်ကောင်းတရား ၈ ပါးနှင့် ပြည့်စုံသော သူတော်ကောင်းများ)

Ascetics(လောကဓံတရားကိုခံနိုင်သူ)(ဝါ) (လောကစည်းစိမ်ကိုစွန့်လွှတ်၍ အလိုဆန္ဒအားလုံးကို ထိန်းချုပ်ထားသူ)

- အာရဟတ်(စ်)(Arhats) (နိဗ္ဗာန်သွားရန်စောင့်နေသူများ)
- (non-Arhats) အာရဟတ်(စ်)မဟုတ်သူများ
  - အာစရိယ(စ်)(Acaryas) (Head of acaryas groups)
  - ဥပဒယာ(စ်)(Upadhayas) (Teacher ascetics)
  - ဆာဒူးများ

သိဒ္ဓတ်(စ်)၊ အာရဟတ်(စ်)၊ အာစရိယ(စ်)၊ ဥပဒေယာ(စ်)နှင့်ဆာဒူးများ ပဥ္စပါရမီသင်း (Panca-paramesthin)ကို ဖွဲ့စည်းခဲ့သည်။ ၎င်းတို့မှာ တရားသူကြီးချုပ်နှင့် အကြံပေးအဖွဲ့ ဖြစ်သည်။

ဂျိန်းဘာသာရည်ရွယ်သော လက်တွေ့ဆောင်ရွက်ချက်များအားလုံးသည် ခန္ဓာဝန် ဝင်္ကြေး မလွတ်ကင်းသေးသည့် စိတ်ဝိဉာဉ်နှင့်သက်ဆိုင်၍ ဤခန္ဓာဝန်ဝင်္ကြေး ပေးဆပ်ရေး ကိစ္စမှာ ကာမ(ကမ္မ)(Karmic)ကြောင့်ဖြစ်ရပြီးလျှင် ၎င်းကာမ(ကမ္မ)သည် စိတ်ဝိဉာဉ်အား ဖုံးအုပ်ကာကွယ်လျက် ဘဝများစွာသံသရာတွင်လှည့်ပတ်၍ အခါမလပ်ဖြစ်ပေါ်ရန်အရေး တွန်းအားပေးသည့်အတွက် ခန္ဓာဝန်သည် ဝင်္ကြေးကို သေချာစွာပေးအပ်လျက်ရှိသည်။ ဤသို့သော ကာမ(ကမ္မ) Karma ၏ ပုံဖော်ရေးသားချက်အား အောက်တွင်ဖော်ပြမည့် "သံသရာ ဝင်္ကြေး ပေးဆပ်ရခြင်း"(Bondage)ခေါင်းစဉ်အောက်၌ ပြန်လည်ရေးသားတင်ပြပါမည်။ ပထမဦးစွာ ကျွန်ုပ်တို့(စာရေးသူနှင့်စာဖတ်သူ)သည် ဂျိန်းဘာသာနှင့် နတ်ဘုရား(ဝါ)ထာဝရဘုရား

မည်သို့ဆက်စပ်မှုရှိသနည်းဆိုသော အကြောင်းအရာကို စဉ်းစားကြည့်ကြပါဦးစို့။

## ဂျိန်းဘာသာ၏ နတ်ဘုရား(ဝါ)ထာဝရဘုရားအပေါ် ရှုမြင်ပုံ

ဂျိန်းဘာသာသည် ကမ္ဘာလောကကြီးအား အစမရှိအဆုံးမရှိသောအရာဟူ၍ ရှုမြင်သည်။ သဘာဝကျကျ စဉ်းစားတွေးခေါ်ကြည့်လျှင် သဘာဝထက်ကျော်လွန်၍ မည်သည့်စစ်မှန်သော အရာဟူ၍လည်းကောင်း၊ ဖန်ဆင်းနိုင်သူဟူ၍လည်းကောင်း၊ ထိန်းချုပ်ထားနိုင်သူ တစ်စုံတစ်ဦး ဟူ၍လည်းကောင်း၊ ဖျက်ဆီးပစ်နိုင်သူဟူ၍လည်းကောင်း မရှိပါချေ။ ထိုသို့သောအကြောင်းကြောင့် ဂျိန်းဘာသာတွင် နတ်ဘုရား(ဝါ)ထာဝရဘုရားမရှိပါ။ ထို့ပြင် ဂျိန်းဘာသာတရား၏ အလွန်ရှေးကျ သောအချိန်မှစ၍ လက်ခံယုံကြည်ခဲ့သည့် သဘာဝတရားတစ်ခုတည်းသာလျှင် သက်ရှိအရာနှင့် ဝိညာဉ်အသီးသီးတို့၏ တည်ရှိရာဖြစ်သည်။ သက်ရှိသတ္တဝါသည် အခြားတစ်ပါးသော မည်သည့် ဝိညာဉ်ထံကမျှ မည်သည့်အကူအညီကိုမျှ တောင်းခံရန်မလိုအပ်သလို မည်သူ့ကိုမျှလည်း မည်သည့်အကူအညီမျှ မပေးနိုင်ပေ။ သာဓက အနေဖြင့် အချက်အလက်အချို့ကို တင်ပြရလျှင် လွတ်မြောက်ပြီးသော nitya-Siddhas ခေါ် သူတော်စင်များ၏ဝိညာဉ်များမှာ တူညီသောအဆင့်၌ ရှိကြသည်။ ထို့ကြောင့် ဝတ်ပြုပူဇော်ရန် မလိုအပ်ပေ။ ဝိညာဉ်အသီးသီးတို့၏ သံသရာဝဋ်ကျော့ကွင်းမှ ကျွတ်လွတ်ထွက်မြောက် ရေးတာဝန်မှာ မိမိနေအိမ်ကို မိမိကိုယ်တိုင်တည်ဆောက်သူ ဗိသုကာတစ်ဦးသဖွယ် မိမိဝိညာဉ် အား ခိုင်းစေရမည်။ ဝိညာဉ်တစ်ခုသည် သံသရာဝဲဩဃမှ ကူးခတ်လွတ်မြောက်စေ၍ မိမိ၏ ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရေး၊ သို့မဟုတ် ဝဲဇလုတ်တွင် နစ်မြုပ်၍ ပိုမိုနက်ရှိုင်းသော ဆင်းရဲတွင်း နစ်မွန်းစေရေးမှာ မိမိအပေါ်၌သာ မူတည်ပေသည်။ ထို့ကြောင့် J.L.Jain ဆိုသူက သုံးသပ်ရေးသားထားသည်မှာ –

> "မိမိကိုယ်တိုင်ပြုလုပ်သောကောင်းမှုအတွက် မိမိတစ်ဦးတည်းသာလျှင် ကောင်းကျိုး ချမ်းသာအဖြာဖြာနှင့် နတ်တို့ရွာလားရာရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်သကဲ့သို့ မိမိ၏ကာမ(ကမ္မ)အား မိမိကိုယ်တိုင် ဖျက်ဆီးပစ်ခြင်းအားဖြင့် လွတ် မြောက်မှု ခေါ် Moksa ကို မိမိသည်သာလျှင် ရရှိပေ၏။" (Anupraksa 76)

''မိမိကိုယ်တိုင်ကိုယ်ကျ လက်တွေ့ပြုလုပ်ခြင်းသည် မိမိ၏အတွေ့အကြုံ အဆင့်အတန်းကို မြှင့်စေ၏'' (Amrikchandisuri-10)

တဖန် စီ-အာရ်-ဂျိန်းက ရေးသားတင်ပြရာ၌-

''ဇီဝအား ၎င်း၏ဒုက္ခများကို မည်သူတစ်ယောက်မျှ မကူညီနိုင်ပေ။ ၎င်းကိုယ်တိုင်သာ နာကျင်ခြင်း ဒုက္ခဆင်းရဲကို ခံရမည်ဖြစ်သည်။ ၎င်း၏ မိတ်ဆွေသူငယ်ချင်းများ၊ ဆွေမျိုးဉာတကာများ၊ ဇနီးနှင့်သားသမီးတို့မှာ သူ့အား ဒုက္ခမှကယ်ဆယ်ရန်မတတ်နိုင်ပေ။''

ဤသဘောကဲ့သို့ပင် မစ္စစ်အက်(စ်)စတီဗင်ဆမ်က ရေးသားထားသည်မှာ -

''ဝိညာဉ်သည် ပြုလုပ်ဆောင်ရွက်သူဖြစ်သလို မပြုလုပ်မဆောင်ရွက်သူလည်းဖြစ်သည်။ ၎င်းကိုယ်တိုင်သည်ပင်လျှင် ပျော်ရွှင်မှုပြုလုပ်ပေးသကဲ့သို့ ဝမ်းနည်းပူဆွေးမှုကိုလည်း ပြုလုပ်ပေးသည်။ မိမိကိုယ်တိုင်သည်ပင်လျှင် မိမိ၏မိတ်ဆွေဖြစ်သကဲ့သို့ မိမိ၏ရန်သူလည်းဖြစ်သည်။ မိမိကိုယ်တိုင်က မိမိအတွက် ကောင်းရာကောင်းကြောင်း၊ သို့မဟုတ် အဆိုးအမွေကို ပေးအပ်ဖြစ်ပေါ်စေရန် မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ချပေးသည်။ မိမိကိုယ်တိုင်သည်သာလျှင် ဗိုက်တာရာနိ(vaitarani) ခေါ် တသွင်သွင်စီးဆင်းနေသည့် မြစ်ရေသာလျှင်ဖြစ်သည်'' ဟူ၏။

ဂျိန်းဘာသာ၏ ယုံကြည်လက်ခံသည့် နည်းနိဿယများတွင် နတ်ဘုရား(ဝါ)ထာဝရဘုရားအတွက် နေရာမပေးထားယုံမျှမက ယင်းနတ်ဘုရား(သို့)ထာဝရဘုရားအယူအဆကိုလည်း ဆန့်ကျင်သည့် အလွန်ပြင်းထန်တိုးတက်သော အငြင်းပွားမှုများရှိခဲ့သည်။ သို့ရာတွင် နတ်ဘုရား(ဝါ)ထာဝရဘုရားအယူအဆကို ငြင်းပယ်သော်လည်း ဂျိန်းဘာသာဘုရားရှိခိုးကျောင်းများတွင် ရုပ်တုများစွာထားရှိသည်။ အထူးသဖြင့် ရှင်တော်မဟာဝီရ၏ ရုပ်ထုများဖြစ်သည်။ ကြည်ညိုကိုးကွယ်သူများ လွတ်မြောက်ရေးအတွက် ဆုတောင်းမေတ္တာပြုလုပ်ပေးရန် ဘုရားကျောင်း၌ တစ်ဦးတစ်ယောက်မရှိလျှင်ဖြစ်စေ၊ အထူးသဖြင့် တီရ်သန်ကရ မရှိသော အချိန်တွင် မည်ကဲ့သို့ရှင်းလင်းပြောပြပါမည်နည်း။။

ဂျိန်းဘာသာဝင်များပြောပြချက်အတိုင်းတင်ပြရလျှင် တီရ်သန်ကရရုပ်ထုအား ဖူးမျှော်

ခြင်းမှာ ၎င်းတို့၏ဘဝအား သံသရာမှလွတ်မြောက်ရေးနည်းလမ်း ရရှိရန်အလို့ငှာ မဟာဝိရုပ်ထု၏ ရှေ့၌ ဘာခ်တီ(Bhakti) ခေါ် ဝတ်ပြုဆုတောင်းမှုကို ဂျိန်းဘာသာဝင်တို့ ပြုလုပ်ကြခြင်းဖြစ်သည်။ အမှန်စစ်စစ်အားဖြင့် ဂျိန်းဘာသာဝင်တစ်ဦးစီ၏ရင်တွင်း၌ ကိန်းအောင်းနေသည့် သံသရာမှ လွတ်မြောက်လိုသောဆန္ဒသည် အိပ်ပျော်နေသကဲ့သို့ရှိ၍ ရုပ်ထုအားပူးမျှော်ကြည့်ရှုခြင်းဖြင့် သံသရာမှလွတ်မြောက်လိုမှုသည် ဂျိန်းဘာသာဝင်များအား အမှတ်သတိရ နှိုးထစေခဲ့သည်။ ဤသို့အားဖြင့် ရုပ်ထုတစ်ခုသည် တရားအားထုတ်မှုနှင့် ၎င်းအား အထောက်အကူပြုသည်။ အိပ်ဇင်မ်နာ(H.Zimner)က ကြီးမြတ်သော တရားဘာဝနာအားထုတ်မှုကို အောက်ပါအတိုင်း ဖော်ပြထားသည်။

အကယ်၍ လူတစ်ဦးတစ်ယောက်သည် နီမြန်းသောပန်းတစ်ပွင့်ကို ဖန်ခွက်တစ်ခု၏ ရှေ့တွင်ထားရှိလျှင် ယင်းဖန်ခွက်သည် နီမြန်းနေပေလိမ့်မည်။ ထိုသို့မဟုတ်ဘဲ နက်ပြာရောင်ရှိသော ပန်းကို ဖန်ခွက်ရှေ့တွင်ထားရှိပါမူ ယင်းဖန်ခွက်သည် နက်ပြာရောင်သန်းပေလိမ့်မည်။ ထိုနည်းတူစွာ စိတ်သည်လည်း ပစ္စက္ခအခြေအနေ၏ ပုံရိပ်လွှာပေါ်မူတည်၍ ပြောင်းလဲသည်။ ပုံတော်ကို ပူးမျှော်ခြင်းဖြင့် ဂုဏ်တော်ကိုပွားစေသည့်သဘောအရ ဂျိန်းဘုရားဝတ်ကျောင်းတော် များ အတွင်းထားရှိသော ဥပါဒါန်အစွဲအလန်းကင်းစင်သည့် အရှင်မြတ်၏ရုပ်ထုအား ပူးတွေ့ရ သူသည် မိမိ၏စိတ်၌ အလိုအလျောက် ကိလေသာအစွဲကို စွန့်လွှတ်ပြီးဖြစ်သွားသည်။ စိတ်ဖြူစင် သန့်ရှင်းသွားသည်။ ယင်းသို့ စိတ်ကြည်လင်သန့်ရှင်းသူသည် အတိုင်းအထက်အလွန် မိမိ၏ စိတ်ချမ်းသာမှုအခြေအနေ နောက်ဆုံးအဆင့်သို့ သွားရာလမ်းပေါ်သို့ ရောက်ရှိသွားလေသည်။

ဤသို့သောရည်ရွယ်ချက်ဖြင့် အိန္ဒိယနိုင်ငံ၊ ကနာတကာပြည်နယ်၊ ရှရာဘန်နာဘီလာ ဂိုလာမြို့တွင် အရှင်မြတ် ဗဟုဘာလီ၏ရုပ်ထုတစ်ခု တည်ထားကိုးကွယ်ခဲ့သည်။ အမြင့်ပေ–၅၀ ရှိသော ထိုရုပ်ထုတော်ကြီးအား မဟာဘိသေကမင်္ဂလာ(Mahabhiseka)ကျင်းပခဲ့ပြီး (၁၂)နှစ်လျှင်တစ်ကြိမ် ပွဲတော်ကျင်းပသည်။ ၎င်းပွဲတော်အခမ်းအနားသို့ ဂျိန်းဘာသာဝင်ပေါင်း များစွာတက်ရောက်ကြသည်။ *(အဆိုပါ အရှင်မြတ်ဗဟုဘာလီ၏ရုပ်ထုအား အဝတ်အစားမပါ ဗလာကိုယ်တည်း မိမွေးတိုင်းပုံစံဖြင့် ထုလုပ်ထားခြင်းဖြစ်သည်။ –ဘာသာပြန်သူ)*

ဤသို့အားဖြင့် နတ်ဘုရား(ဝါ)ထာဝရဘုရားသခင်နှင့်စပ်လျဉ်း၍ ဂျိန်းဘာသာဝင်

များသည် များသောအားဖြင့် ၎င်းတို့ဘာသာယုံကြည်ချက်အပေါ် အခြေခံထားကြသည်။ ဂုရုကြီးများနှင့် ဘာသာရေးစာပေကျမ်းဂန်များအား နိဗ္ဗာန်သို့ရှေးရှုသွားရာ လမ်းညွှန်များအဖြစ်သာ ကြည်ညိုဆည်းကပ်မှုပြုကြသည်။ သို့ရာတွင် ဂျိန်းဘာသာသည် အကျင့်စာရိတ္တဖြူစင်ကောင်းမွန်မှုနက်သောလူသာလျှင် ပဓာနအခန်းကဏ္ဍ၌ ထားရှိခြင်းသဘောမဟုတ်သည့်အကြောင်းမှာ စိတ်ဝိညာဉ်၏လွတ်မြောက်ရေးအတွက် ကြိုးပမ်းအားထုတ်ရမည် ဖြစ်သောကြောင့်ဖြစ်၏။

ထို့ပြင် တိုးတက်သော လူ့ဘောင်အဖွဲ့အစည်းကြောင့် ဤရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်မဟုတ်သကဲ့သို့ လူ့ဘောင်လောက ကောင်းကျိုးချမ်းသာအတွက် ပို၍တိုးတက်ကောင်းမွန်လာအောင် ပြုလုပ်ခြင်းဖြင့်လည်း မရောက်နိုင်ပါ။ ထို့ကြောင့် ဂျိန်းဘာသာအား ကွန်မြူနစ်သဘောတရား၏ ရုပ်ဝါဒအပေါ်အခြေခံသောလူသာလျှင် အဓိကအခန်းကဏ္ဍ၌ ပါဝင်သည်ဆိုသော အဆိုအမိန့်နှင့်သော်လည်းကောင်း၊ လူသာလျှင် အဓိကအခန်းကဏ္ဍ ဖြစ်သည်ဆိုသော အဆိုအမိန့်နှင့်သော်လည်းကောင်း၊ ဂွန်ဒါဝေ၏ သဘာဝတရားသာလျှင် အဓိကအခန်းကဏ္ဍဖြစ်သည်ဟူသော အယူအဆနှင့်သော်လည်းကောင်း၊ ကွဲပြားခြားနားစွာဖြင့် စိတ်ဝိညာဉ်ဦးဆောင်သော လူသား၏အခန်းကဏ္ဍသည်သာလျှင် အဓိကကျသည်ဟူ၍ လက်ခံယုံကြည်သည်။

## ဂျိန်းဘာသာ၏လူသားအခန်းကဏ္ဍ

လူ၏စိတ်ဝိညာဉ်သည် အစ၊ သို့မဟုတ် အဆုံးဟူ၍မရှိပဲ ထာဝရတည်မြဲနေ၏။ ဂျိန်းဘာသာ၏ လောကကိုရှုမြင်သုံးသပ်ပုံ ဒဿနိကဗေဒဆိုင်ရာ အခြေခံစည်းမျဉ်းဖြစ်သည့် (identity cum-difference)အရ ဝိညာဉ်သည် အစနှင့်အဆုံးဟူ၍မရှိသကဲ့သို့ အစ၊ သို့မဟုတ် အဆုံးရှိသည်ဟူ၍လည်း အယူအဆရှိသည်။ အရာဝတ္ထုပစ္စည်းတစ်ခု၏ ပရမတ္ထသဘာဝအားဖြင့် အစဟူ၍သော်လည်းကောင်း၊ အဆုံးဟူ၍သော်လည်းကောင်း ညွှန်ပြခြင်းငှာ မဖြစ်နိုင်သလို အချိန်ကာလအပိုင်းအခြားဖြင့်လည်း အစ၊ သို့မဟုတ် အဆုံးရှိသည်ဟူသော အယူအဆသည် ဂျိန်းဘာသာ၌ရှိသည်။ ထို့ပြင် အစနှင့်အဆုံးဟူ၍မရှိသော ကြာမြင့်စွာသောအချိန်ကာလ ကတည်းက လက်ခံခဲ့သည့်အယူအဆမှာ ဝိညာဉ်သည် နာကျင်မှုနှင့် ဝမ်းနည်းပူဆွေးမှုမရှိဟူသော အမြင်ဖြစ်သည်။ ဤသို့ဖြစ်သောကြောင့် လူသည် ဖြူစင်မြင့်မြတ်သော စိတ်ဝိညာဉ်ဖြစ်သည်။ သို့သော်

ယခုဘဝတွင် ရယူခံစားနေကြရသည့် သံသရာဝဋ်ကြွေးပေးဆပ်နေရခြင်းမှာ အတိတ်ဘဝများစွာက ပြုမှားမိခဲ့သော ကာမတဏှာ(Karman)များကြောင့်ဖြစ်သည်။ လူသည် ဖြူစင်မြင့်မြတ်မှုကြောင့် အကန့်အသတ်မရှိသော ဗဟုသုတကို သင်ကြားတတ်မြောက်နိုင်၍ ပွင့်လင်းသောဉာဏ်ပညာဖြင့် အရာခပ်သိမ်းကို သိမြင်နားလည်နိုင်ပြီး အကန့်အသတ်မရှိသော စွမ်းအားနှင့် အပြစ်ကင်းပြီး အမှားအမှန်ကို ဝေဖန်ခွဲခြား၍စွမ်းဆောင်နိုင်သော အားရှိသည်။ သို့ရာတွင် ကာမတဏှာ စည်းကပ်သောကော်ကဲ့သို့ဖြစ်၍ ၎င်း၏အသိဉာဏ်၊ အာရုံငါးပါး ခံစားမှု(အာရမ္မဏိက)နှင့် အမှားအမှန် ဝေဖန်ခွဲခြားသိမှုတို့အား ဖုံးကွယ်ထားသည်။ အဆိုးဆုံးမှာ ကာမ(ကမ္မ)နှင့်ဆိုင်သောအကြောင်းအရာ(Karmic-matter)နှင့် ဝိဉာဉ်သည် လူ့ခန္ဓာကိုယ်နှင့် ပေါင်းစပ်မိရန် ရုပ်ဝတ္ထုပစ္စည်းကဲ့သို့ အသွင်အပြင်လက္ခဏာဆောင်ပြီး များစွာရောနှောပေးသည်။ ခန္ဓာကိုယ်အကြီးအသေး အရွယ်အစားအလိုက် ဝိဉာဉ်သည် ၎င်း၏ခန္ဓာကိုယ်အတွင်း စိတ်ဝိဝိညာဉ်အဖြစ် ဝင်ရောက်ကိန်းအောင်းသည်။ ဇီဝကဲ့သို့သော ထိုအရာအား ဘက်ပေါင်းစုံမှ တားမြစ်ကန့်သတ်ထားသည်။ သို့ဖြစ်ခြင်းကြောင့် လူဟုခေါ်ဆိုသော ထိုအရာသည် ၎င်း၏ ခန္ဓာကိုယ်အတွင်း၌ စိတ်၊ စေတသိတ်နှင့် ကံကြောင့်ဖြစ်သောရုပ်တို့ ပေါင်းစုထားသည့် ရောနှောပေါင်းစပ်ပါဝင်သည့် ဓါတ်ပေါင်းသတ္တုတစ်ခုကဲ့သို့ သဘောပေါက်သင့်သည်။ ဤကဲ့သို့ ဖြစ်တည်နေရသော လူသတ္တဝါသည် အဆုံးမရှိသောမွေးခြင်း၊ သေခြင်းတို့ဖြင့် လှည့်ပတ်နေသော ချားရဟတ်ပမာ စက်ဝိုင်းတစ်ခုအတွင်း၌ ဘဝများစွာသံသရာတွင် ဒုက္ခဝဋ်ကြွေးမလွတ်သေးသည့် ပြစ်ဒါဏ်ပေးခြင်းခံနေရသူသာဖြစ်သည်။

ဤသံသရာဝဋ်ကြွေး ဒုက္ခဘေးသည် အစဟူ၍မသိနိုင်သောကာမ(ကမ္မ)၏ အကြောင်းကြောင့်ဖြစ်သည်ဟုဆို၏။ ဝိဉာဉ်အား အမှောင်တိုက်ဖုံးအုပ်ထားသည့်အရာမှာ ကာမ (ကမ္မ)တစ်မျိုးတည်းသာဖြစ်ပြီး ၎င်း၏အသိပညာကိုလည်း ချို့ယွင်းပျက်စီးစေလျက် ဘုန်းဘုန်းလဲပြို ခြင်းသို့ ဦးတည်နေသည်။

ဂျိန်းဘာသာအယူဝါဒ၌ ဤကဲ့သို့ လူ့ခန္ဓာအတွင်းစိတ် စေတသိတ်အား အမျိုးအစား (၂)ခုသာရှိသည်ဟူ၍ မှတ်ထားရန်လိုပေ၏။ ၎င်းတို့မှာ အလွန်ရှေးကျသော ဝေဒအယူဝါဒ မဟုတ်သည့် ဘာသာယုံကြည်မှု၏ ကာမတဏှာ ဘဝဟောင်းသို့စွန့်လွှတ်၍ ဘဝသစ်တစ်ဖန်

အပြန်ပြန်အထပ်ထပ်လှည့်ပတ်နေသည့် ဝိဉာဉ်သည်ရှိ၏ဟူ၍ဖြစ်သည်။ ဂျိန်းဘာသာသည် ကမ္မဝါဒ(Karmavada)အား လေးနက်စွာလက်ခံယုံကြည်၍ ဒုက္ခဝဋ်ကြွေးပေးဆပ်နေရမှုနှင့် လွတ်မြောက်ခြင်း အယူအဆသည် အဆိုပါဂျိန်းဘာသာ၌ ခိုင်မြဲစွာအမြစ်တွယ်လျက်ရှိသည်။ ကာမ(ကမ္မ)များသည် လူတစ်ဦးတစ်ယောက်အား ကိုယ်ခန္ဓာအတွင်းရှိစိတ်မှ ပြင်ပသို့ထွက်ခွာသွားရောက်စေ၍ ကျေးကျွန်ပြုကာ အလုပ်လုပ်ကိုင်စေသည်။ ထိုအခါ ယင်းလူသားသည် ရှေးယခင်က အပိုင်းအခြားအကန့်အသတ်မရှိသော အတွေ့အကြုံနှင့် ဖြူစင်သောစိတ်ထားနှင့် မိမိအားခတ်ထားသည့် သံခြေကျင်းကိုဖြုတ်ချပြီး ဖြူစင်သည့်သတိရှိမှုသို့ ရောက်ရှိသည်။ ထို့ပြင်လူသားသည် မိမိကိုယ်တိုင်ကြိုးစားအားထုတ်မှုဖြင့် အကျဉ်းကျခံနေရသော မိမိ၏စိတ်အသံကို တိုးတိုးငြင်သာစွာကြားနေရသည်အထိ ကာမ(ကမ္မ)၏ကြွင်းကျန်ခဲ့သော အမှတ်အသားကို ဖျက်ဆီးဖျောက်ဖျက် ဖယ်ရှားနိုင်၏။ ဤနည်းအားဖြင့် သံသရာဝဋ်ကြွေးဒုက္ခဘေးကို ကာမ(ကမ္မ)မှတဆင့်သော်လည်းကောင်း၊ သံသရာဝဋ်ကြွေး ဒုက္ခဘေးမှ ကျွတ်လွတ်ထွက်မြောက်ရန်အတွက် Nirjarna ခေါ် အိုမင်းရင့်ရော်မှုမရှိခြင်းမှတဆင့် ဒိုင်ယနပ်စ်(Dhyanas)ကဲ့သို့သော စိတ်တန်ခိုးထက်သန်စေမည့် အထူးတလည်လေ့ကျင့်မှုဖြင့်လည်းကောင်း ပြုလုပ်အားထုတ်ရမည်။

သိရှိနားလည်သဘောပေါက်ရန် အရေးကြီးသည့်အချက်မှာ ပုညဝတ္တု(Punya or virtuous act)ဟူသော ကောင်းသောကမ္မသည်ပင်လျှင် သံသရာဝဋ်လှောင်အိမ်၌ ပိတ်နှောင်ခံရခြင်း ဖြစ်ပေတော့၏။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား သံသရာဝဋ်ကြွေးဒုက္ခဘေးမှ လွတ်မြောက် ရေးအတွက် နိဗ္ဗာန်ကိုအောင်မြင်စွာရရှိနိုင်ရန် ကာမ(ကမ္မ)ဖြစ်ပေါ်စေမည့် သင်္ခါရအားလုံးကို အပြီးသတ်လုံးဝဥဿုံ သုတ်သင်ဖယ်ရှားပစ်ရမည်။ သဘာဝကျကျဝေဖန်ရလျှင် ရဟန်းတော်များ သည်သာလျှင် နိဗ္ဗာန်သို့တက်လှမ်းနိုင်ကြ၏။လူဝတ်ကြောင်သာဝက (Shravakas)များမှာ အနုဗြာရတ ခေါ် ငါးပါးသီလ(anuvrata which means following milder way of observing Panca-Mahavrata)ကို ကျင့်သုံးမှုဖြင့် နောက်ဘဝများတွင် ရဟန်းအဖြစ်ကို ရရှိနိုင်မည့် အခွင့်အလမ်းကို မျှော်လင့်နိုင်သည်။ လူဝတ်ကြောင်သာဝကများသည် မည်သို့ပင်ဖြစ်စေ မိရိုးဖလာအစဉ်အလာအရသော်လည်းကောင်း၊ အတတ်နိုင်ဆုံးသောအားဖြင့် ပါဏာတိပါတာကံကို ရှောင်ကျဉ်မှုဖြင့် ရှေ့လာမည့်ဘဝများ၌ ရဟန်းအဖြစ်ရောက်ရှိနိုင်ပေ၏။

အစားအစာအလို့ငှာ သစ်သီးဝလံ၊ သစ်ပင်များစိုက်ပျိုးခြင်း၊ စားသုံးခြင်းထက် တိရစ္ဆာန်များအား သတ်ဖြတ်စားသုံးခြင်းက ပို၍ဘေးအန္တရာယ်များ၏။ ပါဏာတိပါတာကံ ကျူးလွန်ခြင်းမှာ ခန္ဓာကိုယ်ဖွဲ့စည်း တည်ဆောက်ပုံအရ ကိုယ်ခန္ဓာအကြီးအသေးပေါ်၌ မူတည်ပါသည်။ ဆိတ်တစ်ကောင်သည် အာရုံ(၅)မျိုးခံစားနိုင်သော ခန္ဓာအိမ်ဖွဲ့စည်းပုံဖြစ်၍ သစ်သီးဝလံ အပင်တစ်ပင်မှာ အာရုံတစ်မျိုး တည်းသာခံစားနိုင်သော ခန္ဓာအိမ်ဖွဲ့စည်းမှုရှိသောအရာဖြစ်၍ သစ်သီးဝလံ တစ်ပင်၏ အသက်ကို သတ်ဖြတ်ခြင်းသည် ဆိတ်တစ်ကောင်၏အသက်ကို သတ်ဖြတ်သော အပြစ်ထက် သေးငယ်သော ပြစ်မှုဖြစ်သည်။

အသက်ဝိဉာဉ်တည်းဟူသော သဘာဝတရားကို အဓိပ္ပါယ်လွဲချော်စေရန် ကာမ(ကမ္မ)များက ဖုံးကွယ်ထားခြင်းအား နှစ်မျိုးနှစ်စားခွဲခြားသတ်မှတ်နိုင်၍ ၎င်းတို့တစ်ခုချင်း၏ အမည်နာမများကို အောက်၌ဖော်ပြထားပါသည်။ အောက်တွင် ဖော်ပြထားသောဇယားသည် ကာမ(ကမ္မ)၏ နောက်ဆက်တွဲဖြစ်ပေါ်ပုံထင်ရှားစေပေလိမ့်မည်-

ကာမန်(Karman) (ဝါ)ကာမတဏှာ

ဃတိယ
(အပြီးအပိုင်ဖျက်ဆီးပစ်ရန် ခက်ခဲသည့်ဝိဉာဉ်အား နားမလည်နိုင်သော ကာမ(ခေါ်)ကမ္မများ)

အဃတိယက
(ဝိဉာဉ်အား အရေးကြီးသည့်နည်းဖြင့် မဖျက်ဆီးသော ကာမ(ကမ္မ)များ)

## ဃတိယကမ္မများနှင့် ၎င်းတို့၏အမျိုးအစားများ

၁။ ဉာဏာဝေဒနိယ(jnana varaniya) ခေါ် အသိဉာဏ်(၅)မျိုး -

(က) မတိ(Mati) ခေါ် ပစ္စက္ခအရာဝတ္ထုများပေါ်၌ ခံစားသည့်အသိဉာဏ်

(ခ) ရှရုတိ(Shruti) ခေါ် စိတ်ဝိဉာဉ်နှင့်ပတ်သက်၍ ဗဟုသုတဆိုင်ရာအသိဉာဏ်

(ဂ) အဝဓိ(Avadi) ခေါ် အတိတ်၊ အနာဂတ်ဘဝနှင့် အနီးအဝေးဖြစ်ရပ်များကို သိမြင်နိုင်သောအသိဉာဏ်

(ဃ) မနပရာယာယ(Mana-prayaya) ခေါ် သူတစ်ပါး၏စိတ်၌ ဖြစ်ပေါ်နေသည့်

ခံစားမှု ကိုသိခြင်း

(င) ကေဝလဉာဏ(Kevala-jnana) ခေါ် လူပုဂ္ဂိုလ်တစ်ဦးချင်း၏အတွင်းစိတ် သဘောကိုသိမြင်မှု

၂။ ဒဿဝေဒနိယ(Darsana varaniya) ခေါ် မမှန်ကန်သည့် စိတ်နေသဘောထား ပြောင်းလဲမှုကို မှန်ကန်သည်ဟု ယုံကြည်မှု။

၃။ မိုဟနိနိယ(Monhaniya)ဆိုသည်မှာ မှန်ကန်သောယုံကြည်မှုအား ရှုပ်ထွေးစေသည်။

၄။ အန္တာရယ(Antaraya)ဆိုသည်မှာ အလှူဒါနပြုခြင်း၊ ပျော်ရွှင်မှုနှင့် အကျိုးကျေးဇူးရှိမည့် စွမ်းအားကို ရပ်တန့်စေသည်။

ဂတိယကာမ(ကမ္မ)သည်လည်း (၄)မျိုးရှိ၏။

(၁) နာမဝါနိယ(Nama varniya)သည် ၎င်း၏ခန္ဓာကိုယ်နှင့် အင်္ဂါကြီးငယ်အစိတ် အပိုင်းများဆက်စပ်နေမှု

(၂) အာယု(Ayuh)သည် သတ္တဝါတစ်ဦး၏ အသက်ဝိဉာဉ်ကို ဆက်စပ်ပေးသည်။

(၃) ဂိုတရာ(Gotra)သည် သတ္တဝါတစ်ဦးမွေးဖွားလာမည့်မိသားစုကို ဆုံးဖြတ်သည်။

(၄) ဝေဒနိယ(Vedaniya)သည် သတ္တဝါတစ်ဦး၏ ပျော်ရွှင်မှုနှင့် နာကျင်မှုကို ဆုံးဖြတ်ပေးသည်။

ဤနည်းအားဖြင့် လူသတ္တဝါသည် ကမ္မ၏စိမ်ပန်တီးခြင်း အရှိန်ဩဇာအောက်၌ သံသရာဝဋ်ကြွေး ဒုက္ခဘေးကိုလည်းကောင်း၊ အရည်အချင်းချို့ယွင်းချက်များအားလုံးကို လည်းကောင်း စုပြုံခံစားနေရသည်။ ကာမ(ကမ္မ)အား ဖျက်ဆီးခြင်းမပြုနိုင်သေးသမျှ ကာလပတ်လုံး လူသတ္တဝါများအား ဆက်လက်၍ဒုက္ခပင်လယ်ထဲသို့ ဆွဲချနေမည်သာဖြစ်၏။ ထို့ကြောင့် ကာမ(ကမ္မ)အားလုံးကို လုံးဝဥဿုံ အပြီးအပိုင်ဖျက်ဆီးပစ်ရမည်။

## ဂျိန်းဘာသာဝင်များအတွက် အဆုံးစွန်ရည်မှန်းချက်

ကာမ(ကမ္မ) ရောနှောပါဝင်နေခြင်းသည် စိတ်ဝိဉာဉ်အား ပျက်စီးစေသည်။ အမှန်အား ဖြင့် ယင်းကာမ(ကမ္မ)များမှာ ဖျက်ဆီးပစ်မည့်အရာများဖြစ်သည်။ သမ္ဘာရ(Samvara)ဟုခေါ်သည့်

ကာမ(ကမ္မ)အသစ်ဖြစ်ပေါ်စေခြင်း(ashravas)အား ရပ်ပစ်ရမည်။ နောက်ဆုံးအားဖြင့် အတိတ်ဘဝ၏ကမ္မများအား နိဇရာ(Nirjara)ခေါ် အိုခြင်းကင်းရာဟုခေါ်သည့် ဖြစ်စဉ်လမ်းကြောင်းအားလုံးကို မီးရှို့ဖျက်ဆီးပစ်ရမည်။ ကာမ(ကမ္မ)များ အသစ်ဖြစ်ပေါ်မှုအား ရပ်ဆိုင်းပစ်ရေးကြိုးပမ်းအားထုတ်မှုနှင့် အတိတ်ဘဝများမှ ကာမ(ကမ္မ)များအား ဖျက်ဆီးပစ်ရေးအတွက် ရုပ်နာမ်ကို စည်းကမ်းရှိစွာဖြင့် ကျင့်ကြံအားထုတ်ထုတ်ရမည်။ နောက်တဖန် ရိုးသားဖြူစင်သည့်ကိုယ်ကျင့်တရားလည်း ခိုင်မာစွာထားရှိရမည်။ အသစ်ဖြစ်ပေါ်လာမည့် ကာမ(ကမ္မ)များအားပိတ်ဆို့တားဆီးရေးအတွက် တပအကျင့်(tapas)ကို ကျင့်သုံးဆောက်တည်၍ အတိတ်ဘဝကကြီးထွားများပြားလာခဲ့သော ကာမ(ကမ္မ)များ၏ထုထည်ကို ဖျက်သိမ်းပစ်ရမည်။ ထိုနည်းတူစွာဆတ်ယာ(Satya)၊ အက်စတိယ(Asteya)၊ ဗြဟ္မစရိယ(Bramacarya)၊ အပရိဂရာဟ(Aparigraha)နှင့် အဟင်ဆ(Ahimsa)ဟူသော ပဉ္စမဟာဘာရတ(Pancamahavrata)ဟူ၍အများနားလည်ထားကြသည့် အကျင့်သီလကို ရဟန်းတော်များအနေဖြင့် တင်းကြပ်စွာစောင့်ထိန်းရမည်ဖြစ်၍ လူဝတ်ကြောင်များအနေဖြင့် အနည်းငယ်လျော့ပေါ့သော စည်းကမ်းသတ်မှတ်ချက်ဖြင့် စောင့်ထိန်းရမည်။ စိတ်ပိုင်းဆိုင်ရာထိန်းချုပ်နိုင်ရေး ကြိုးပမ်းအားထုတ်မှုအတွက် ရတနာသုံးပါးဟုဆိုအပ်သော(three jewel or Ratanas) မှန်ကန်သောအသိပညာ(Right knowledge)နှင့် မှန်ကန်သောကျင့်ကြံအားထုတ်မှု(Right conduct)တို့ဖြင့် စိတ်ကိုတည်ငြိမ်စွာထား၍ ကျင့်ကြံရမည်။ သို့သော် အထက်ဖော်ပြပါ ရှစ်ပါးသော dyyanas နှင့် (၁၄)ဆင့်သော gunasthanas တို့၏ နောက်ဆုံးပိတ်လွတ်မြောက်မှုအတွက် ကူညီပေးရန်ဖြစ်သည်။ သို့မဟုတ် …ရာစပ်သိမ်း အကြွင်းအကျန်မရှိ သိမြင်နိုင်သော(ommiscience)ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ (Kevali)ဟု …ဆိုနိုင်သော ပထမဦးစွာဆုံးသော ငြိမ်းအေးမှုအဆင့်သို့ ရောက်ရှိမည်ဖြစ်သည်။ တနည်းအားဖြင့် …ခုဘဝ၌ ပြုလုပ်အားထုတ်ဆဲဖြစ်သော ကောင်းမှုမကောင်းမှုကမ္မတို့ကိုလည်း တင်းကြပ်သောစည်းကမ်းဖြင့် ကာယ၊ ဝစီ၊ မနောကံ အလီလီကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

Ratna-Traya ခေါ် မှန်ကန်သည့် ဆည်းကပ်ကိုးကွယ်မှုဆိုသည်မှာ တိရ်သန်ကရ(Tirthankaras)များနှင့် တစ်ဦးတစ်ယောက်သောဂုရုအပြင် ဂုရုနှင့်စပ်လျဉ်းသော ကိစ္စများအားစွဲစွဲမြဲမြဲ ယုံကြည်အားကိုးမှုကိုဆိုလိုသည်။ ထို့အပြင် ဂျိန်းဘာသာအပေါ် ယုံကြည်မှုသဒ္ဓါ

ကောင်းစွာထားရှိ၍ အပြည့်အဝ နားလည်သဘောပေါက်ခြင်းလည်း အပါအဝင်ဖြစ်သည်။

ကြိုတင်ပြင်ဆင်သောအဆင့်၌ အသိဉာဏ်မှန်ကန်မှု(Right knowledge at the preparatory stage) ဆိုသည်မှာ Six Dravyas, Five Astikyas, Seven Tattvas နှင့် Nine Padarthas(catergories)တို့ကို နားလည်သဘောပေါက်ခြင်းကို ဆိုလိုသည်။ တစ်နည်းအားဖြင့် ဆိုလိုသည့်အဓိပ္ပါယ်မှာ ပဥ္စမဟာဘာရတ(Panca-mahavrata) ခေါ် ငါးပါးသီလ(five vows)အား စည်းကမ်းတင်းကြပ်စွာနှင့် ပြင်းထန်စွာကျင့်ကြံစောင့်ထိန်းမှုဖြစ်သည်။ ဂျိန်းဘာသာ၏ အဆိုအမိန့်များနှင့်အညီ ၎င်းဘာသာဝင်တစ်ဦး၏ အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးအတွက် တပအကျင့်နှင့် ပဥ္စမဟာဗရတသီလတို့နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့(စာရေးသူနှင့်စာဖတ်သူ)က ကြီးစွာသောသတိဖြင့် အနည်းငယ်ဆောင်ရွက်ကြည့်ကြပါဦးစို့။

ဂျိန်းဘာသာတွင် တပအကျင့်ဖြင့် ဖြစ်ဆဲကာမ(ကမ္မ)များကို ရပ်တံ့စေနိုင်သည့်အပြင် အတိတ်ကာလ၏ ကာမ(ကမ္မ)များကို ဖျက်ဆီးပယ်သတ်စေနိုင်၏။ ဤတပအကျင့်သည် ဝေဒအယူအဆမဟုတ်သော(non-vedic)အကျင့် လုံးဝဖြစ်၏။ ဤအကျင့်တရားမှာ အဓိက အားဖြင့် အတ္တကိလမထာနုယောဂ(the motification of the body)ဖြစ်သည်။ ထိုအကျင့်သည် ခန္ဓာကိုယ်အတွင်း အဇ္ဈတ္တအပိုင်း၊ သို့မဟုတ် အပြင်ဗဟိဒ္ဓအားဖြင့် ကျင့်နိုင်သည်။ အပြင်ဗဟိဒ္ဓ အကျင့်(bahya tapas)ဆိုသည်မှာ အစားအစာကို ခြိုးခြံစွာစားသုံးခြင်း(Fast)၊ အဓိဋ္ဌာန်ဖြင့် ဆွမ်းခံခြင်း(restricted begging of food)နှင့် အရသာမခံဘဲစားသုံးခြင်း(eating tasteless food)ကို ဆိုလိုသည်။ ၎င်းတပအကျင့်များတွင် နေမွန်းတည့်ချိန်၌ နေပူထဲတွင်မတ်တပ်ရပ်နေခြင်း၊ မိုးရွာနေစဉ် သစ်ပင်အောက်၌နေခြင်းများ ပါဝင်သည်။ အတွင်းအဇ္ဈတ္တအကျင့်(internal tapas)ဆိုသည်မှာ ကျူးလွန်သည့်အမှုကိစ္စများနှင့် မကျူးလွန်သောအမှုကိစ္စများအားလုံးကို အပြစ်အနာအဆာဟူ၍ သဘောထားလျက် ပြုမှားမိသည်ကို ဝမ်းနည်းစွာဖြင့် စိတ်ဒုက္ခခံစားခြင်းကို ဆိုလိုသည်။ တပအကျင့်တွင် မိမိထက်အသက်အရွယ်ကြီးသူများနှင့် သူတော်စင်များ၊ စာပေပိဋကတ်များအပေါ် ယုံကြည်ဆည်းကပ်ကိုးကွယ်မှုများလည်း ပါဝင်သည်။ သို့ရာတွင် ပဥ္စမဟာဗရတ၌ပါဝင်သော Five vows အား လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။

Ahimsa ခေါ် ပါဏာတိပါတကံ မကျူးလွန်မိအောင် စောင့်ထိန်းခြင်းသည်

ဂျိန်းဘာသာတွင် အထင်ရှားဆုံးသော ကိုယ်ကျင့်အဘိဓမ္မာဖြစ်သည်။ ဗုဒ္ဓဘာသာသည်ပင်လျှင် ပါဏာတိပါတကံစောင့်ထိန်းမှုကို ဂျိန်းဘာသာလောက် လိုက်နာစောင့်ထိန်းမှုမရှိပေ။ Ahimsa (Killing)ဆိုသည်မှာ နူးညံ့သိမ်မွေ့သော(ဝါ)ထုထည်ပမာဏမရှိသော ကိုယ်ခန္ဓာမှအစိတ်အပိုင်းများ တစ်ခြားစီဖြစ်စေရန်ပြုလုပ်မှုကို ဆိုလိုသည်။ ဤစကားအဓိပ္ပါယ်မှာ သတ္တဝါတစ်ဦး၏ကိုယ်ခန္ဓာ အစိတ်အပိုင်း တစ်နေရာရာတွင် နာကျင်စေရန်အကြံဖြင့် ပြုလုပ်မှုမှန်သဖြင့် သတ်ဖြတ်ခြင်းဟု ဆိုလိုပါသည်။ ဂျိန်းဘာသာဝင်များသည် သေးငယ်လှသည့် ရုပ်ဓါတ်များအားလုံး၌ပင်လျှင် ဝိဉာဉ်များပါဝင်လျက်ရှိသည်ဟု ယုံကြည်သောကြောင့် ရေ၊ လေ၊ မြေတို့ကို ဖျက်ဆီးခြင်း မပြုမိစေရန် ကြိုးစွာသတိထားသည်။ ၎င်းတို့သည် နေဝင်၍ အလင်းရောင်မရှိသောအချိန် မီးအလင်းရောင်အောက်၌ အစားအစာစားသောက်ခြင်းမှာ ပါဏတိပါတကံ ကျူးလွန်သလို ဖြစ်နိုင်သည်ဟု ယူဆသဖြင့် ညအချိန်တွင် အစားမစားကြပေ။ Ahimsa ခေါ် ပါဏာတိပါတကံကို ရှောင်ကျဉ်ရန်ကိစ္စမှာ မလွဲမသွေကျင့်သုံးလိုက်နာရမည့် ကိုယ်ကျင့်တရားဖြစ်ယုံမျှသာ မကသေးဘဲ ''သင်၏ကိုယ်အတွင်းမှသော်လည်းကောင်း၊ သက်ရှိသတ္တဝါများ၏ ကိုယ်အတွင်းမှ သော်လည်းကောင်း အသက်ဝိဉာဉ်အား အလေးထားရန်''ဟူ၍ အဓိပ္ပါယ်သက်ရောက်သည်။

မည်သို့ပင်ဖြစ်စေ၊ ဘုရင်များနှင့်အုပ်စိုးသူများအနေဖြင့် တိုင်းသူပြည်သားလူအများတို့ ကောင်းကျိုးချမ်းသာအလို့ငှာ အကယ်၍ ၎င်းတို့၏တိုင်းနိုင်ငံများအား ကာကွယ်ရေးအတွက် စစ်မြေပြင်၌ ပါဝင်တိုက်ပွဲဝင်ခြင်းကို မှားသည်ဟုမဆိုလိုပေ။ ဂန္ဒီကြီးက Ahimsa ခေါ် ပါဏာတိပါတကံကျူးလွန်ခြင်းမှ ရှောင်ကျဉ်မှုသည် လူညံ့လူဖျင်းတို့၏ လက်နက်မဟုတ်ပဲ လူစွမ်းကောင်းတို့သာ ကိုင်ဆောင်နိုင်သောလက်နက်ဖြစ်သည်ဟု ပြောဆိုခဲ့ဖူးသည်။

Satya တွင် များစွာကွဲပြားခြားနားမှုထားရှိရန်မလိုအပ်ပေ။ ဤနေရာတွင် အကောင်းဆုံးသော ကိုယ်ကျင့်သီလကို ဆိုလိုသည်။ ထိုကိုယ်ကျင့်အဘိဓမ္မာ၌ မနောကံ၊ ဝစီကံ၊ ကာယကံတို့အား နည်းလမ်းတကျ ကျင့်သုံးရန်ဖြစ်သည်။ တစ်စုံတစ်ယောက်သည် အမှန်တရားအပေါ် အခြေခံ၍ပြောဆိုသင့်သည်။ သူတစ်ပါး နားဝင်ချိုအောင်ပြောသင့်သည်။ သို့ရာတွင် မမှန်ကန်၍ မချိုသာသောစကားပြောဆိုခြင်းကို အတတ်နိုင်ဆုံးရှောင်ကျဉ်ရမည်။

Astey (non-stealing) ခေါ် အဒိန္နာဒါနာဆိုသည်မှာ မည်သူတစ်ဦးတစ်ယောက်မျှ

ပိုင်ဆိုင်မှုမရှိသောပစ္စည်းအား သုံးဆောင်ခြင်းမပြုရ။ ဆိုလိုသည်မှာ ရဟန်းတစ်ပါးသည် ၎င်းသီတင်းသုံးနေထိုင်ရာကျောင်း၏ သက်ဆိုင်ရာခွင့်ပြုချက်ပေးနိုင်သူ(ဝါ) ဦးစီးပဓာနပုဂ္ဂိုလ်၏ ခွင့်ပြုချက်မရှိဘဲ အများသံဃာ(Sangha)နှင့်ဆိုင်သော ထီးတစ်လက်ကိုဖြစ်စေ၊ ဆွမ်းခံသပိတ်တစ်လုံးကိုဖြစ်စေ သုံးဆောင်ခွင့်မရှိပေ။ တစ်နည်းအားဖြင့် မိမိနှင့်မသက်ဆိုင်သည့် ပစ္စည်းကို အသုံးပြုလိုလျှင် ၎င်းပစ္စည်းပိုင်ရှင်ကို အလေးထား၍ခွင့်တောင်းရမည်။

Aparigraha(non-possession) ဗလိဗောဓဖြတ်ခြင်း၊ သံသရာဝဋ်နှောင်ကို လွတ်အောင် ရုန်းလို၍ ရှုပ်ထွေးပူလောင် လောက၊ လူ့ဘောင်မှခွာရှောင်ကာ ရဟန်းဘောင်သို့တက်လှမ်းခဲ့ရသူ ရဟန်းတော်တစ်ပါးသည်လည်းကောင်း၊ ပိတုန်းရောင်ကေသာကို ကတုံးပြောင်အောင်ဖြတ်တောက်ပြီးခါပ၊ အရောင်မှိန်မှိန် အင်္ကျီနှင့်ထဘီကိုသာ ဝတ်ဆင်မြန်း၍မို့ ရဟန်းမိန်းမ(ဝါ) သီလရှင်တစ်ပါးသည်လည်းကောင်း၊ ၎င်း၏ပိုင်ဆိုင်မှုဟူ၍ ဘာတစ်ခုမျှစွဲလန်းမှု ကပ်ညိတွယ်တာမှုမထားရှိရပေ။ ဆိုလိုသည့်အဓိပ္ပါယ်မှာ လောကီဆိုင်ရာပစ္စည်းပစ္စယတို့အပေါ်၌ စွဲလန်းမှုတဏှာကင်းစေရမည်ဟု ဆိုလိုသည်။ အမှန်စင်စစ်အားဖြင့် လူဝတ်ကြောင်တစ်ယောက်သည် ၎င်းဘဝရှင်သန်ရပ်တည်ရမည့်နည်းလမ်းများ ရှိရမည်။ ဤနေရာတွင် ရှင်းလင်းသည့်အဓိပ္ပါယ်မှာ ရိုးသားစွာ အသက်မွေးဝမ်းကျောင်းမှုနှင့် ချမ်းသာလိုသည့် တဏှာလောဘကို ရှောင်ကျဉ်ခြင်းကိုဆိုလိုသည်။ ဂန္ဒီကြီး(Gandhiji)နှင့် ၎င်းထက်အရင်ပုဂ္ဂိုလ် ကဘီးရ်(Kabir)တို့က Trusteeship ခေါ် သေဆုံးသွားသူ၏ ဥစ္စာခနပစ္စည်းများအား သေဆုံးသွားသူ၏ဆန္ဒနှင့်အညီ အသုံးပြုနိုင်ရေးအတွက် ဦးစီးဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရေးအကြံအစည်ကို ရရှိပြီး တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ကြသည်။ တစ်နည်းအားဖြင့် ဂျိန်းဘာသာဝင်လူအများသည် ၎င်းတို့၏ ဥစ္စာခနချမ်းသာကြွယ်ဝခြင်းကို စီးပွားကူးသန်းရောင်းဝယ်မှုအတွက်ဟူ၍ သဘောထားပြီးလျှင် ဤဘဝအတွင်း၌သာ လုံခြုံအောင်ထိန်းသိမ်းစောင့်ရှောက်မှုပြုပြီး နောင်ဘဝအထိလိုက်ပါမည့် အစွဲအလန်းမထားဟူ၍ဖြစ်သည်။

Brahmacarya(ဗြဟ္မစရိယ) Brahamacarya or celibracy ဆိုသည်မှာ အိမ်ထောင်မပြု၊ လိင်ဆက်ဆံမှုမရှိခြင်းကို ဆိုလိုသည်။ ထိုနည်းအားဖြင့် ရဟန်းတော်တစ်ပါး၊ သို့မဟုတ် သီလရှင်တစ်ပါးသည် အိမ်ထောင်မပြုရသကဲ့သို့ လူဝတ်ကြောင်တစ်ဦးသည်ပင်လျှင် အကြင်

လင်မယားဘဝ၌ မိမိအိမ်ထောင်ရေးတွင် သစ္စာရှိရပါမည်။ ဆိုလိုသည်မှာ လက်ထပ်ထိမ်းမြား၍ အိမ်ထောင်မပြုပဲ ကာမဆက်ဆံမှုပြုလုပ်ခြင်းကို ရှောင်ကျဉ်ရမည့်အပြင် အကြင်လင်မယားဘဝ၌လည်း သစ္စာမဲ့ခြင်းမဖြစ်စေရပါ။ အဓိပ္ပါယ်မှာ သူတစ်ပါး၏ ဇနီး၊ သို့မဟုတ် လင်ယောကျ်ားနှင့် လိင်ဆက်ဆံခြင်း(ကာမေသုမိစ္ဆာစာရ)ကို တားမြစ်ထားပါသည်။ ဥပမာသာဓကအဖြစ် မဂ္ဂလိဃောသလသည် ချမ်းသာကြွယ်ဝသည့် အိုးကုန်သည်အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ထိမ်းမြားခြင်းမရှိဘဲ ပေါင်းသင်းနေထိုင်ခဲ့ခြင်းမျိုးကိုဆိုလိုသည်။ ရှင်တော် မဟာဝီရက ထိုသို့ ကာမဆက်ဆံမှုမျိုးသည် ဗြဟ္မစရိယအကျင့်ကို ချိုးဖောက်ကျူးလွန်မှုဖြစ်သည်ဟူ၍ စဉ်းစားဆုံးဖြတ် ခဲ့ဖူးသည်။

## ဂုနသနနှင့် ဒယာနှ(စ်) Gunathana and Dhyanas

(၁)မိစ္ဆာဒိဋ္ဌိ (Mithyadrsti) (၂)သဗ္ဗဒါနသမ္မာဒိဋ္ဌိ(Savadana Samyagdrsti which means slight foretaste of right belief (၃)သမ္မာ မိစ္ဆာဒိဋ္ဌိ (Samyag-mithya drsti which means mixed right and false belief (၄)အဝိရတာသမ္မာဒိဋ္ဌိ(Aviratasamyagdrsti which means sufficent insight into spiritual truth dawns) (၅)ဒေသဝိရတာသမ္မာဒိဋ္ဌိ(Desavirata samyagdrsti) (၆)ပရမတ္တသံယတ(Pramatta samyata which means much abstinence is achieved but negligence has to be avoided) (၇)အပရမတ္တသံဃတ(A pramatta samyata which means one who gets into the foretaste of Moksa) (၈)အပုဗ္ဗကရန(A purva karana which means sufficient disciple and right vision dawns) (၉)အနိဗ္ဗာတ္တိဘဒ္ဒါရသမ္ပရာယ(Anirtti-sampraya which means passions are subdued, but ones remain to be further controlled. (၁၀)သုသမ္မ-သမ္ပရာယ(Suksma sampraya which means uniconcious attachment for rebirth continues to be oprative. (၁၁)ဥပသန္တ-ကယာသ (Upasanta-kasaya which means all passions are subdued (၁၂)ကသိနကသာယ(Ksina Kasaya which means even subtle passions are anihilated but omniscience not attain at that time (၁၃)သံယောဂကေဝလိဂုနသန(Sayoga-kevali Gunasathana which means om-

niscience achieved and the stage corresponds to that of Jivamuikta (၁၄)အယောဂကေဝလိဂုနသန(Ayoga-kevalki-Guamsthana which means all vibration cease and the monk passes into ommiscience, immediately on attaining this stage.)

အဆင့်(၈)ဆင့်ရှိသော ဒိုင်ယနပ်(စ်)များ(dhyanas)ဆိုသည်မှာ (၁၄)ပါးအားဖြင့် အထက်၌ဖော်ပြခဲ့သော ဂုနသနပ်(စ်)ကို အကျဉ်းချုံး၍ ရေးသားချက်ဖြစ်သည်။ ဒိုင်ယနပ်(စ်)များသည် အမှန်စင်စစ်အားဖြင့် ဂျိန်းဘာသာ၏ ယောဂကျင့်စဉ်များဖြစ်သည်။ ဤနေရာတွင် အသိဉာဏ် တိုးတက်မြင့်မားလာခြင်းသည် အရာခပ်သိမ်း သိမြင်နိုင်ရေး (Omniscience) အတွက် ရှေးရှုသည့် အဆင့်(၆)ဆင့် ရှိသည်။ ၎င်းတို့မှာ -

(၁) မတိ(Mati) သိပ္ပံနည်းကျစွာ ရှာဖွေသုတေသနပြုချက်ထက်ပို၍ မှန်ကန်တိကျစွာ ကိုယ်တိုင်ကျင့်ကြံ၍ရသော အတွေ့အကြုံ၏အရသာကို တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ခံစားနေထိုင်ခြင်း။

(၂) ရှုရုတိ(Shruti) ဝိဉာဉ်ပိုင်းဆိုင်ရာ အတွေ့အကြုံ။

(၃) အဝဓိ(Avadi) အာရုံ(၅)ပါးခံစားမှုဖြင့် မသိနိုင်သော အလွန်နူးညံ့သေးငယ်သည့် အရာဝတ္ထုများအား သိသောဉာဏ်။

(၄) မနပါယာယ(Manapayaya)ဆိုသည်မှာ Telepathy ကဲ့သို့သော စိတ်၏ ထူးဆန်းသည့်စွမ်းအားဖြစ်သည့် သူတစ်ပါး၏စိတ်၌ဖြစ်ပေါ်မှုကို ပြောပြခြင်း မရှိဘဲ သိနားလည်သည့်ဉာဏ်။

(၅) ကေဝလိဉာဏ(Kevalijnana)ဆိုသည်မှာ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ကာလသုံးပါး၌ဖြစ်တည်ခဲ့သော အကြောင်းအရာများကို သိသောဉာဏ်။

(၆) နိဗ္ဗာန–အရာခပ်သိမ်းကို အကြွင်းအကျန်မရှိ ပြီးပြည့်စုံစွာသိသော သဗ္ဗညုတဉာဏ်ကဲ့သို့သော အသိဉာဏ်။

ဂုနသနအကျင့်၊ ကျင့်ကြံအားထုတ်မှု အထိုက်အလျောက် သိသိသာသာတိုးတက်မှုရရှိပြီးသည့်အခါမှသာ ဤဒိုင်ယနပ်(စ်)အကျင့်ကို စတင်အားထုတ်ရပါမည်။ သဘာဝအားဖြင့် ဂုရုတစ်ဦးအပေါ် ယုံကြည်ကိုးစားမှုနှင့် ၎င်း၏ လမ်းညွှန်သင်ပြမှုမပါရှိဘဲ ဂုနသနကျင့်စဉ်နှင့်

ဒိုင်ယနပ်(စ်)ကျင့်စဉ်တို့ကို မပွားများနိုင်ပါ။ ဤဒိုင်ယနပ်(စ်)များကို ဓမ္မဒိုင်ယနပ်(စ်)(Dharma Dhyanas)နှင့် သုခဒိုင်ယနပ်(စ်) ၄ ပါး(Four Shukha Dhyanas)အားဖြင့် ပိုင်းခြားအားထုတ်နိုင်ပါသည်။ ဂျိန်းဘာသာဝင်ရဟန်းတော်တစ်ပါးသည် ဂုနသနပ်(စ်)နှင့် ဒိုင်ယနပ်(စ်)တို့အား ကျင့်ကြံပွားများမှုဖြင့် နိဗ္ဗာန်ကိုရရှိနိုင်ပါသည်။ ထိုဉာဏ်အဆင့်သို့ တက်လှမ်းရောက်ရှိသူသည် နာကျင်ခံစက် အမျက်ဒေါသမထွက်တော့သည့်အခြေအနေသို့ သေချာကျနစွာရောက်ရှိပေတော့၏။ ၎င်းအခြေအနေဆင့်သို့ ရောက်ရှိသောပုဂ္ဂိုလ်သည် အမြဲထာဝရချမ်းသာသုခကို ရရှိတော့၏။ သို့သော် ထိုအဆင့်သို့ ရောက်ရှိရေးအလုပ်မှာ မလွယ်ကူသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ယင်းအဆင့်အတန်းသို့ တက်လှမ်းရောက်ရှိသောပုဂ္ဂိုလ်သည် သောကပရိဒေဝမီးအားလုံးရပ်စဲကာ သတ္တဝါအများကျင်လည်နေကြရသော အဆုံးမရှိသည့် သံသရာစက်မှထွက်မြောက်လမ်းဆုံးရာသို့ ရောက်ရှိသွားလေတော့သတည်း။

## ကမ္ဘာလောက (WORLD)

ဂျိန်းဘာသာအဆိုအမိန့်များအရ ကမ္ဘာလောကသည် အစနှင့်အဆုံးဟူ၍ မရှိသည့် အပြင် အမှန်တကယ် တည်ရှိသည်ဟူ၍ဖြစ်၏။ ဂျိန်းဒဿနိကအခြေခံသဘောတရားဖြစ်သည့် ကွဲပြား ခြားနားမှုအတွင်းမှ တူညီသောအချက်များရွေးချယ်ခြင်း(Identity-cum-difference)အရ ကမ္ဘာလောကသည် အစလည်းရှိ၍ အဆုံးလည်းရှိပြီးလျှင် အာကာသအတွင်း၌ ထုထည်ပမာဏ ရှိသောအရာဖြစ်သည်။ သို့သော် သဘောလက္ခဏာအားဖြင့် အချိန်ကာလအပိုင်းအခြားနှင့် အစအဆုံးဟူ၍ မရှိသောအရာဖြစ်သည်။ ကမ္ဘာလောကတွင် အာကာသ(Akarsa)၊ ဓမ္မ (Dhamma)၊ အဓမ္မ(Adharma)၊ ကာလ (Kala)နှင့် ပုဂ္ဂလ(Pudgala)တို့ပါဝင်သောအရာ ဖြစ်၏။ ဤသို့အားဖြင့် ပုဂ္ဂလဟူသောအရာသည် အနုမြူမှုန်များ(Atoms)များနှင့် ကလပ်စည်းများ (Molecules)ပါဝင်သော ရုပ်ဝတ္ထုဖြစ်သည်။ ဤနည်းအားဖြင့် အနုမြူနှင့်ရောနှောပေါင်းစုခြင်း နှစ်မျိုးပါဝင်သည်ကို တွေ့ရှိရသည်။

အနုမြူမှုန်တစ်ခုသည် အရာဝတ္ထုတစ်ခုဖြစ်၍ အရာဝတ္ထုတစ်ခုအား သီးခြားအစိတ်အပိုင်းနှင့်အတူ အမြဲတမ်းတွေ့ရှိရသည်။ ထိုသို့သောအကြောင်းများကြောင့် အနုမြူမှုန်များစွာဖြင့်

ဖွဲ့စည်းဖြစ်ပေါ်နေသော အရာဝတ္ထုများသည် ပြောင်းလဲခြင်းများမှတဆင့် တဖြေးဖြေးတရွေ့ရွေ့နှင့် ဖြစ်ထွန်းပေါ်ပေါက်လာသည်။ အရာဝတ္ထုတစ်ခုသည် ဥပ္ပါဒ(Upada or Origination)၊ ဝယ(Yyaya or going out of existence)နှင့် ဓရာဝယ(Dhrauvya or continuing in being)တို့ဟူ၍ အဆင့်ဆင့်ပြောင်းလဲရသည်။ ဥပ္ပါဒနှင့်ဝယတို့သည် အရာဝတ္ထုတစ်ခု၏ကွာခြားချက်၊ သို့မဟုတ် ပြောင်းလဲမှုကို ဖော်ပြသည်။ သို့ရာတွင် ဓရာဝယသည် ကံအားလျော်စွာ အရာဝတ္ထုတစ်ခုအဖြစ်သို့ တဖြေးဖြေးတရွေ့ရွေ့ပြောင်းလဲမှု မှန်ကန်ကြောင်းသက်သေသာဓကအဖြစ် ဖော်ပြသည်။

ဂျိန်းဘာသာက ဤကမ္ဘာလောကကြီးသည် အစီအစဉ်တကျ တိုးတက်လာသည် ဆိုခြင်းကို သဘောမတူပါ။ ရှင်တော်မဟာဝီရ၏ ဦးရီးတော်သည် ဝေသာလီပြည်ထောင်စု၏ နိုင်ငံတော်အကြီးအကဲဖြစ်သော်လည်း ရှင်တော်မဟာဝီရသည် တိုင်းပြည်တွင် ပြည်သူပြည်သား လူအများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်နေသည်ဟု မထင်မှတ်မခံယူခြင်းမှာ အံ့သြဘွယ်ရာ ဖြစ်သည်။ ပြောလိုသည့်အချက်မှာ သူကိုယ်တိုင်သည် လောကလူ့ဘောင်မှ ခွာရှောင်ကာ ရဟန်းဘောင်ဝင်ရောက်နေခဲ့ပြီးဖြစ်၍ ရှုပ်ထွေးပူလောင်သည့် လူ့ဘောင်လူ့စည်းစိမ်ကို မခံမင်မတွယ်တာတော့သည်မှာ သဘာဝကျလှပေ၏။ ထိုအချိန်အခါ ထိုနေရာ၌ အာဏာအပြည့် ရရှိ၍နေသော်လည်း ကမ္ဘာလောကကကို အောင်မြင်ခြင်းမဟုတ်၊ မိမိ၏ပြင်ပရန်သူကို အောင်နိုင်ခြင်းမှာ တကယ့်အောင်နိုင်ခြင်းမဟုတ်၊ မိမိ၏အတွင်းစိတ်ဓါတ်၏ ချစ်ခြင်းမုန်းခြင်းကြောင့် ဖြစ်လာသည့် လောဘ၊ ဒေါသတရားတို့ကို မွေးထုတ်ပေးနေသည့် မသိမှုမောဟတရားဆိုးကို သိမှုဉာဏ်ပညာဖြင့် အောင်မြင်သူကိုသာလျှင် တကယ့်အောင်မြင်သူအစစ် ဖြစ်ပေတော့၏။ လူပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏ထိုးထွင်းသိမြင်သည့် အသိဉာဏ်ပေါ်တွင် ပျော်ရွှင်စွာကျက်စား နေထိုင်မှုသည် မိမိဘဝအတွက် သံယောဇဉ်ကြိုးဖြင့်ချည်နှောင်လျက် အရိပ်မဲကြီးမမိုးစေရန် မိမိ၏အသိဉာဏ်အလင်းတံခါးကို ဟင်းလင်းဖွင့်ကာ ပညာကိုသာတန်ဖိုးထားပေတော့၏။ နောက်ဆုံးချုံ၍ အလုံးစုံကို အကုန်အစင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သဏ္ဍာန်တွင်ရှိသည့် ညစ်ညူးဖွယ်ရာကိလေသာကို ဖယ်ခွာခြင်းသည် သေးသိမ်သည့်အလုပ် မဟုတ်သလို ထိုက်ထိုက်တန်တန် လျော်ကန်သည့်အလုပ်ဖြစ်ပေတော့၏။ ဂျိန်းဘာသာဝင်တစ်ယောက်သည် တန်ဘိုးကြီးမားလှစွာသော သိပ္ပံပညာရှင်၊ သို့မဟုတ် လူမှုရေးပညာရှင်တစ်ဦးကဲ့သို့ လူ့

လောကတစ်ရပ်လုံးကို အကျိုးပြုသည်။ ဂျိန်းဘာသာသည် ယနေ့ချိန်ခါထိ ကမ္ဘာလောကကြီးအား လုံးလုံးလျားလျား သိပ္ပံနည်းကျစွာ စနစ်တကျသဘာဝအလျောက်ဖြစ်ပေါ်နေသည်ဟု သဘောပေါက်နားလည်ထားသည်။ ဂျိန်းဘာသာသည် အနုမြူ၏သဘောသဘာဝအယူအဆကို ကမ္ဘာ့အစောဆုံး ခံယူထားသောဝါဒဖြစ်သည်။ ဓမ္မဟူသော သဘောတရားအမြင်ကို ထူးဆန်းစွာသိသောအမြင်ဟူ၍ ခံယူခဲ့သည်။ ဆိုလိုသည်မှာ ရွေ့လျားခြင်း၊ ဖြစ်နိုင်သည့်အခြေအနေရှိခြင်းနှင့် အဓမ္မဟူသော သဘောတရားအမြင်ကိုမူ ကျန်သောသဘာဝတရားများဟူ၍ ဆိုလိုသည်။ အချိန်ကာလဟူသောသဘောမှာ ပြောင်းလဲမှု၏အဓိပ္ပါယ်ဖြစ်၍ အာကာသသည် အရာဝတ္ထုများအား သိုလှောင်ထိန်းသိမ်းရာအဖြစ် တည်တံ့နေခြင်းဖြစ်သည်။

မိမိကိုယ်ကို ထိန်းသိမ်းပြုပြင်ရေးနှင့် မိမိကိုယ်ကို အောင်မြင်ရေးဟူသော သဘောတရားလက်ကိုင်ထားလျက် ဂျိန်းဘာသာသည် ကမ္ဘာလောကအား ပျော်စရာအစုံနန်းရွှေဘုံဟူ၍ ခံယူသဘောထားရန် မည်သည့်အခါမျှ ဟောကြားခြင်းမပြုခဲ့ပါပေ။ ၎င်းသည် ဘဝကိုလေးစားတန်ဘိုးထားရန် လူသားဘဝအားတန်ဘိုးအရှိဆုံးဟူ၍ လေးစားမြတ်နိုးရန်နှင့် အမြင့်မြတ်ဆုံးသတ္တဝါဟူ၍ သင်ကြားဆုံးမခဲ့သည်။

ဇီဝဗေဒရှုဒေါင့်မှကြည့်လျှင် သက်ရှိရုပ်လောကတွင် အာရုံခံစားမှုသည် အလွန်တရာသိပ္ပံနည်းစနစ်ကျပါပေ၏။ သက်ရှိရုပ်လောကအား တဖြည်းဖြည်းတရွေ့ရွေ့ဖြစ်ပေါ်ပြောင်းလဲတိုးတက်ခြင်းသဘောတရားရှုဒေါင့်မှကြည့်လျှင် အလွန်နီးစပ်သောအမြင်ရှိသည်။ J.C.Bose ဆိုသူက သစ်ပင်၊ နွယ်ပင်၊ သစ်သီးဝလံအပင်စသည်တို့တွင် အသက်ရှိကြောင်း ကမ္ဘာသို့မတင်ပြနိုင်သေးမီ ရှေးယခင်လွန်လေပြီးသော နှစ်ပေါင်း ၂၅၀၀ ကျော်အချိန်မှစတင်၍ ဂျိန်းဘာသာက သစ်ပင်စသော မြေမှပေါက်သည့်အပင်များအားလုံး၌ အာရုံခံစားမှုတစ်မျိုးသာရှိသောအသက်ဇီဝ(one sensed Jiva)ဟူ၍ လက်ခံခဲ့ပြီးဖြစ်သည်။

ဂျိန်းဘာသာသည် ကမ္ဘာလောကအား သိပ္ပံနည်းကျရှုမြင်ယုံမျှသာမကသေးဘဲ အလျော့အတင်းဖြင့် ပေါင်းစပ်ညှိနှိုင်းမှုသဘောတရားနှင့် ဗုဒ္ဓဘာသာထက်ပို၍ ရေတစ်လှမ်းသာသော အာရုံတစ်မျိုးတည်းသာခံစားမှုရှိသည့် သစ်ပင်ပန်းမာလာစသော မြေမှပေါက်သည့်အပင်များ၌ အသက်ဇီဝရှိသည်ဟူသောယုံကြည်မှုကို ခံယူကျင့်သုံးသည်။ ဗုဒ္ဓဘာသာ

လက်ခံယုံကြည်သော အဘိဓမ္မာသဘောတရားအရ အရာခပ်သိမ်းတို့သည် မတည်မြဲသည့် အနိစ္စသဘောရှိ၍ ရုပ်တရားလည်းဖြစ်သည်။ သို့ရာတွင် ဂျိန်းဘာသာဝင်များသည် ၎င်းတို့၏ အနေကန္တဝါဒနှင့်ဆယတ်ဝါဒ(AneKantavada and Syadvada)သဘောတရား၏ အဆိုအရ အရာဝတ္ထုပစ္စည်းများသည် မမြဲသည့်အနိစ္စသဘောနှင့် ရုပ်တရားဖြစ်သည်ဟူ၍ လက်ခံယုံကြည်သည်။ လူသားဟူသော သတ္တဝါနှင့်စပ်လျဉ်း၍ ဂျိန်းဘာသာ၏ယုံကြည်ချက်မှာ လူ၏ဝိညာဉ်သည် ထာဝရတည်မြဲ၍ ရုပ်ဝတ္ထုပစ္စည်းလည်းဖြစ်သည်။ သို့သော် ကမ္မ၏ အကြောင်းကြောင့်ဖြစ်ပေါ်နေသည့် ကိုယ်ခန္ဓာမှာမူ ရုပ်တရားဖြစ်၍ ထာဝရမတည်မြဲသော တရားဖြစ်သည်။

သို့ရာတွင် ကမ္ဘာလောကသည် ထာဝရတည်မြဲ၍ အမှန်ရှိသောအရာဖြစ်သည်ဟူ၍ ယုံကြည်စေကာမူ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ယင်းကမ္ဘာလောကထဲ၌ မိမိဘဝကို အချည်းနှီးမဖြစ်စေရေးအတွက် ဂျိန်းဘာသာကအကြံပြုထားသည်။

### ဒုက္ခခံစားရမှု၊ သို့မဟုတ် ကံမကောင်း အကြောင်းမလှဖြစ်နေရသည့်ပြဿနာ

အသက်ဝိညာဉ်သည် ကိုယ်ခန္ဓာနှင့်သီးခြားစီဖြစ်၍ ခန္ဓာကိုယ်အတွင်း ထည့်သွင်းပိတ်လှောင်ခြင်းခံရပြီး အနန္တဉာဏ(ananta jnana)ခေါ် အတိုင်းမသိဉာဏ်ပညာ၊ အနန္တဒဿန(ananta darshna) ခေါ် အတိုင်းမသိသဒ္ဓါတရား၊ သို့မဟုတ် ပင်ကိုယ်ဉာဏ်နှင့် အနန္တစာရိတ္တ(ananta caritra) ခေါ် အတိုင်းမသိစွမ်းအင်တို့ကို ဖြစ်ပေါ်သည်ဟူ၍ ဂျိန်းဘာသာကယုံကြည်လက်ခံသည်။ သို့ရာတွင် လူသတ္တဝါသည် ပုံစံဖော်ထုတ်ပြုလုပ်ထားသော အသက်ဝိညာဉ်တစ်ခုဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် အသက်ဝိညာဉ်မှာ ၎င်း၏အသိဉာဏ်၊ အာရုံ ၅ ပါးခံစားခြင်းကို သိမှု၊ ကာယကံမှုနှင့် စွမ်းအားတို့အား သံခြေကျင်းခတ်ထားသကဲ့သို့ တားမြစ်ချုပ်ထားခြင်းခံရသည်။ ကံမကောင်း အကြောင်းမလှ ဒုက္ခခံစားနေရခြင်း(evil)၊ အတိုင်းမသိသော၊ အရာခပ်သိမ်းကို သိမြင်နိုင်စွမ်းသော၊ အလိုအလျောက် ကိုယ်တိုင်ဖြစ်တည်နေသော စိတ်ဝိညာဉ်သည် မည်သို့များပို၍ တတ်နိုင်ပါဦးမည်နည်း။ ကံမကောင်း အကြောင်းမလှ ဒုက္ခခံစားရခြင်း၏ အကြောင်းအရင်းသည် မည်သည့်အရာ ဖြစ်နိုင်ပါသနည်း။ ဂျိန်းဘာသာကတော့ မည်သည့်အဖြေကိုမျှ မပေးခဲ့ပါ။

ဗုဒ္ဓဘာသာ၏ရည်ရွယ်ချက်မှာ လူသားတစ်ရပ်လုံးသည် ထိုကဲ့သို့ ကံမကောင်း အကြောင်းမလှ ဒုက္ခခံစားနေရခြင်းအား ဖြူစင်သန့်ရှင်းသော ဆေးဝါးကုသနည်းဖြင့် ပျောက်ကင်းအောင်ကုသပေးရန်ဖြစ်သည်။ ဗုဒ္ဓဘာသာသည် ကံမကောင်း အကြောင်းမလှ ခံစားနေရသည့် ဒုက္ခနှင့် မရောမနှောသော ထိုဘဝမှလွတ်မြောက်ရေးအတွက် အောင်မြင်နိုင်သည့်နည်းလမ်းများနှင့် လက်တွေ့ကျင့်စဉ်များ ချမှတ်ပေးခဲ့သည်။ ဂျိန်းဘာသာအတွက် သေချာတိကျသော အရာတစ်ခုရှိသည်။ ကာမ(ကမ္မ)များက အသိဉာဏ်ကြည်လင်ပြတ်သားမှုမရှိအောင် ပြုလုပ်ထားပြီး ဝိဉာဉ်ကို အမှောင်ထုဖုံးအုပ်ထားသည်။ ကာမ(ကမ္မ)များက စည်းစိမ်ဥစ္စာ ရွှေငွေပစ္စည်းများအပေါ် တဏှာအစေးဖြင့်ကပ်ညှိစေသဖြင့် ဝိဉာဉ်အား လုံးဝဥဿုံဖုံးကွယ်ထားသည်။ အဆိုပါ ကာမ(ကမ္မ)များသည် အဆုံးမရှိသည့်ဘဝများစွာသံသရာကို အရှိန်အဟုန်ဖြင့် လှည့်ပတ်နေတော့သည်။ ဂျိန်းဘာသာယုံကြည်လက်ခံသော ကံမကောင်း အကြောင်းမလှ ဒုက္ခခံစားနေရသော ပြဿနာကို တစ်ဦးတစ်ယောက်က အချိန်ကြာမြင့်စွာယူ၍ အလေးအနက်စဉ်းစားခဲ့မည်ဆိုလျှင် အသက်ဝိညာဉ်လွတ်မြောက်ရေးဟူသော သဘောအဓိပ္ပါယ်ကို ပြေလည်အောင်ဖြေရှင်းနိုင်မည် မဟုတ်သည့်အပြင် စဉ်းစားလေလေ ရှုပ်ထွေးလေလေ ဖြစ်နိုင်ပေသည်။ သို့ရာတွင် ဂျိန်းဘာသာ၌ လက်တွေ့ကျကျ ဖြေရှင်းသည့်အဖြေ ရှိကောင်းရှိနိုင်ပေလိမ့်မည်။

တကယ့်အစစ်အမှန်တည်ရှိသော သဘောရှုဒေါင့်မှကြည့်လျှင် ကာမ(ကမ္မ)များသည် လူသတ္တဝါတစ်ဦးအား ကံမကောင်း အကြောင်းမလှ ဆင်းရဲတွင်းကျရောက်ရသည့် အကြောင်းအရင်း အစစ်အမှန်ဖြစ်၏။ လူသတ္တဝါသည် အသိဉာဏ်ပညာအား ကန့်သတ်ချုပ်ချယ်မှုခံနေရသည်။ ထို့ကြောင့် လူသားသည် အမှားပေါင်းများစွာ ပြုလုပ်အားထုတ်မိ၏။ အဘယ်ကြောင့်ဆိုသော် ဂျိန်းဘာသာဝင်များအနေဖြင့် တိရ်ဳသန်ကရများနှင့် ဂျိန်းဘာသာစာပေ ပိဋကတ်များအပေါ် ဂုရုကြီးများအပေါ် ယုံကြည်သက်ဝင်မှုအားနည်းပြီး မိမိလွတ်မြောက်ရေးအတွက် အောင်မြင်မှုရရှိရန် ကျင့်ကြံအားထုတ်ခြင်း မရှိကြသောကြောင့်ဖြစ်၏။ လူပုဂ္ဂိုလ်တစ်ယောက်သည် စည်းစိမ်ဥစ္စာခန ပြည့်စုံကြွယ်ဝ၍ ပျော်ပါးမော်ကြွားမှုဖြင့်သာ အချိန်ကုန်သွားလျှင် မိမိ၏ဘဝအား သံသာဝဋ်လှောင် အိမ်အတွင်းသို့ မိမိကိုယ်တိုင် ကျောက်တွင်းဖြင့်ပမ်းဆီးပို့ဆောင် ပိတ်လှောင်သည့်သဘော အဓိပ္ပါယ်သက်ရောက်၏။ တာဝတိံသာအထက်မိုးဖျားက နတ်ပြည်တွင် နတ်သားဖြစ်နေရသော်

ခြားလည်း စုတိပြတ်ကျွေသေလွန်သောအခါ မရေမရာမသေချာသည့် ဘဝထွေပြားရောက်နိုင်သော အလားအလာ များစွာပင်ရှိနေသေး၏။ အရေးအကြီးဆုံးသောအရာမှာ ကာမ(ကမ္မ)မျိုးစေ့ကို မပွားစီးနိုင်ရေးအတွက် ဖျက်ဆီးပစ်ရန်အရေးပင်ဖြစ်တော့၏။ ကံမကောင်းအကြောင်းမလှ ဝဋ်ဘဝသို့ရောက်ရှိရပြီး သံသရာဝဋ်ကြွေး ပေးဆပ်ရသည့်အရေး၌ ဂျိန်းဘာသာသည် ကာမ(ကမ္မ)သည် လူပုဂ္ဂိုလ်တစ်ဦး၏အသိဉာဏ်အား ပုကွကွေးလေး သေးသိမ်သွားစေ၍ မသိမှုအဝိဇ္ဇာကို လူတစ်ယောက်၏ ကံမကောင်းအကြောင်းမလှ၍ ဝဋ်ဒုက္ခခံစားရခြင်း၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟူ၍ ယူဆလျှင်မှားယွင်းမှုဖြစ်နိုင်သည်။ ဂျိန်းဘာသာမှတပါး သီးခြားဖြစ်သော ရာမနုဂျာအယူဝါဒ(Ramanuja)သည်သာလျှင် ကာမ(ကမ္မ)ကို လူသား၏ ကံမကောင်း အကြောင်းမလှခြင်းကိုဖြစ်စေသည့် အကြောင်းအရင်းဟူ၍ မှတ်ယူသည်။ သို့ရာတွင် ၎င်းသည် ကာမ(ကမ္မ)ကို မသိမှုအဝိဇ္ဇာနှင့်ယှဉ်တွဲပေါင်းဖက် ရောင်းရင်းများအဖြစ် ဇီဝအား သံသရာဝဋ်နှောင်အိမ်၌ ပိတ်လှောင်ခံရစေဖို့ ဦးဆောင်ရှေ့သွား အမိုက်တရားဖြစ်သည်ဟူ၍ ပြည့်စွက်ပြောဆိုခြင်းဖြစ်သည်။

များပြားလှစွာသော ဇီဝများရှိကြပါ၏။ ထို့ကြောင့် စဉ်ဆက်မပြတ် ဖြူစင်သန့်ရှင်းသည့် စိတ်ဝိဉာဉ်များသည် ၎င်းတို့၏ သံသရာဝဋ်ကြွေးပေးဆပ်ရေးအတွက် ကမ္ဘာလောကထဲသို့ စီးဆင်းဝင်ရောက်လျက် ဖြစ်ပျက်ပြောင်းလဲမှုများ ဖြစ်စေသည်။ နိတ္တယ–သိဒ္ဓတ်(စ်)(Nitya-siddhas)ကဲ့သို့သော ဖြူစင်သန့်ရှင်းသောစိတ်ဝိဉာဉ်(*သောတာပတ္တိမဂ်ရပြီးသောပုဂ္ဂိုလ်နှင့် အလားတူစွာ– ဘာသာပြန်သူ*)သည် အကြောင်းမဖြစ်တော့သလို သိဒ္ဓတ်(စ်)၊ သို့မဟုတ် ဂတိမြဲသောဝိညာဉ်(Siddhas or perfected soul) ကာမ(ကမ္မ)ဖြစ်ရန်အကြောင်း မရှိတော့ပေ။ ထိုသို့သော အကြောင်းများ၌ နတ်ဘုရား(ဝါ)ထာဝရဘုရား(God)မပါရှိပေ။ ဤသို့အားဖြင့် ဇီဝများသည်သာလျှင် ဖန်ဆင်းရှင်များဖြစ်၍ ကံမကောင်း အကြောင်းမလှ ဒုက္ခဝဋ်ကြွေး ပေးဆပ်ရသူများအဖြစ် ၎င်းတို့ကိုယ်တိုင် ပြုလုပ်ဖန်တီးခြင်းဖြစ်သည်။ ထိုနည်းအတိုင်း ဇီဝ များအား မကောင်းသောဝဋ်ကြွေးကံကြွေးများမှ ကယ်တင်ရာတွင် နတ်ဘုရား(ဝါ)ထာဝရ ဘုရားဟူ၍ မရှိပေ။ ထိုသို့သောအကြောင်းကြောင့် လူသားသည် မိမိ၏အဆုံးစွန်ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိရေးအတွက် မိမိကိုယ်တိုင်ဗိသုကာဖြစ်သည်။ လူသားသည် မိမိ၏

လွတ်မြောက်မှုအတွက် ကြိုးပမ်းဆောင်ရွက်မည်လော? သို့မဟုတ် ဝမ်းနည်းဖွယ်ရာ သံသရာဝဋ်ကြွေး ပေးဆပ်နေရသောဘဝမှာပဲ ဆက်လက်နေမည်လောဆိုသည့်အမေးကို မိမိကိုယ်တိုင် ဖြေကြားရပါမည်။ လူသား၏ အကြီးဆုံးမိတ်ဆွေသည် လူသားဖြစ်သည့် မိမိကိုယ်တိုင်ဖြစ်သကဲ့သို့ တစ်ချိန်တည်းမှာ လူသား၏အကြီးဆုံးရန်သူမှာလည်း လူသားဖြစ်သည့် မိမိကိုယ်တိုင်သာလျှင်ဖြစ်သည်။ ဤနည်းအားဖြင့် မိမိ၏မကောင်းမှုအတွက် မိမိသာလျှင် တာဝန်အရှိဆုံးဖြစ်သည်။

ထို့ကြောင့် ကမ္ဘာလောကအတွင်း လူသားဘဝသို့ ရောက်ရှိလာခြင်းမှာ မည်သို့သော အဆင့်အတန်း၌ပင်ရှိစေကာမူ ကံမကောင်းအကြောင်းမလှ ဝဋ်ဒုက္ခခံစားနေရခြင်းမျှသာဖြစ်သည်ဟူ၍ ဂျိန်းဘာသာနှင့်ဗုဒ္ဓဘာသာ၊ အဝိဇ္ဇာဝါဒနှင့် အထူးသဖြင့် စနစ်သစ်ဝေဒအယူအဆ (Shankarite advaitism)တို့က ယုံကြည်သည်။ ဗုဒ္ဓဘာသာ၊ အဝိဇ္ဇာဝါဒနှင့် အထူးသဖြင့် စနစ်သစ်ဝေဒအယူအဆ(Neo-Vedantism)တို့၌ ပို၍ပို၍ကောင်းမွန်လာအောင် ပြုပြင်ဆောင်ရွက်လိုသောဆန္ဒ ရှိကောင်းရှိကြမည်ဖြစ်သည်။ ကမ္ဘာလောကနှင့်စပ်လျဉ်း၍ ဂျိန်းဘာသာသည် လုံးဝပြောင်းလဲမှုမရှိသောအယူအဆကို စွဲကိုင်ထားသည်။ သို့သော် ဂျိန်းဘာသာဝင်များအား စိတ်ဓါတ်မြှင့်တင်အားပေးမှုကြောင့် အိန္ဒိယနိုင်ငံ၏စီးပွားရေးလောက၊ စက်မှုလုပ်ငန်း နယ်ပယ်၌ ဂျိန်းဘာသာဝင်များသည် ချမ်းသာကြွယ်ဝဆုံးဖြစ်သည်။ ဤနေရာ၌ သဘောတရားအယူအဆသည် လူနေမှုဘဝ၏ တကယ့်ဖြစ်ရပ်အမှန်ကို ထင်ဟပ်ခြင်းမရှိတော့ပေ။

ဂျိန်းဘာသာတရား၏ အဆုံးအမဒေသနာတစ်ရပ်ဖြစ်သော လူ့ဘုံလူ့ဘဝလူ့လောကသည် ကံမကောင်း အကြောင်းမလှ၊ သံသရာဝဋ်ကြွေး ပေးဆပ်နေရခြင်းသာဖြစ်သည်ဟူသော အယူအဆသည် အရာခပ်သိမ်းချုပ်ငြိမ်းသည်ဟူ၍ အများအားဖြင့်ယူဆနိုင်သော်လည်း ယင်းကံမကောင်း အကြောင်းမလှ၍ သံသရာဝဋ်ကြွေးဒုက္ခဘေးကို အဆုံးသတ်ရန်လမ်းစဉ် ချမှတ်ထားသည်မှာ ထင်ရှားလှပါသည်။ စဉ်ဆက်မပြတ် ဆက်တိုက်ဖြစ်ပွားနေသည့် ကာမ (ကမ္မ)များအားရပ်စဲစေ၍ အတိတ်ဘဝများစွာက အရှိန်အဟုန်ပြင်းစွာ ဖြစ်ပေါ်လာခဲ့သော ကာမ(ကမ္မ)များကိုလည်း လုံးဝဖျက်ဆီးပစ်ရပါမည်။ ကာမ(ကမ္မ)များ ထပ်မံမဖြစ်ပွားအောင် ပိတ်ဆို့တားဆီးကာကွယ်ခြင်းကို သံဝရ(Samvara)ဟုခေါ်ပြီး ဖျက်ဆီးပစ်ခြင်းကို နိဇရာ(nir-

jara)ဟူ၍ ခေါ်သည်။ ၎င်းသံ၀ရနှင့်နိဇရာသည် အတူတကွကျင့်ကြံအားထုတ်ရမည့် ကျင့်စဉ်များဖြစ်သည်။ ပထမအဆင့်တွင် ရတနာ ၃ ပါးဖြစ်သည့် မှန်ကန်သောယုံကြည်မှု၊ မှန်ကန်သော အသိဉာဏ်ပညာနှင့် မှန်ကန်သောကိုယ်ကျင့်အဘိဓမ္မာကို ပြုစုပျိုးထောင်ရာတွင် ပဉ္စမဟာ ဘာရတဝေဒနိယ(jnana vadaniya)နှင့် မောဟနိယ(mohaniya)တို့ကို ဖယ်ရှားပစ်ရန်(ဆိုလိုသည်မှာ ဉာဏ(jnana)နှင့် တဏှာ(passion)ကို ခြိုင်း၍ဆိုလို) ဂုနသနနှင့်ဒိုင်ယနပ်စ်တို့ကို ကျင့်ကြံရမည်။

ကာမ(ကမ္မ)များကို ဖယ်ရှားပစ်ရေးမှာ ခက်ခဲသောအရာဖြစ်သော်လည်း ကျွန်ုပ်တို့၏ ကြိုးစွာသော လုံ့လဝီရိယတို့ဖြင့် ပြုလုပ်ရပါမည်။

## တမလွန်ဘ၀ (LIFE AFTER DEATH)

ဂျိန်းဘာသာအယူဝါဒအရ လူတစ်ယောက်သည် ယခုဘ၀သေဆုံးခြင်း၏ နောက် ကာလ၌ ၂ ခုသောအကြောင်းချင်းရာကို ဖြစ်ပေါ်နိုင်ပါသည်။ အကယ်၍ လူပုဂ္ဂိုလ်တစ် ယောက်သည် တပ(Tapas or austeritics)ခေါ်သော အလေ့အကျင့်ဖြစ်သည့် ပဉ္စမဟာဘာရတ (Panca-maha-vrata)ခေါ်သည့် ဘုရားရှေ့တွင် ရွတ်ဆိုဝန်ခံသော ပဋိဉာဉ် ၅ ချက်(Five Vows)(*ငါးပါးသီလဟူ၍ခေါ်နိုင်သော–ဘာသာပြန်သူ*) ဂုရုတစ်ဦး၏ သွန်သင်ညွှန်ပြမှုကို လိုက်နာလျက် ဒိုင်ယနပ်(စ်)နှင့်ဂုနသနပ်(စ်)တို့ကို ကျင့်ကြံအားထုတ်သူဖြစ်လျှင် ၎င်းသည် the pristine glory of omniscience ခေါ် အရာခပ်သိမ်း အကြွင်းအကျန်မရှိသိမြင်နိုင်သော ဉာဏ်ရရှိမည်ဖြစ်သည်။ ၎င်းသည် ထာ၀ရတည်မြဲနေသောဘ၀သို့ရောက်ရှိပြီး လှည့်ပတ် သွားလာနေရသည့် ဘ၀များစွာသံသရာမှလွတ်မြောက်လျက် နောက်ထပ်တဖန် မကျဆင်းနိုင် တော့ပေ။ သို့ရာတွင် အလွန်ကြီးမားများပြားသော ဇီ၀တစ်ခုအဖြစ်နှင့် ကူးပြောင်းသွားပြီး မဒိုရာ၊ မနာရာ၊ မသေရာသို့ ရောက်ရှိသွား၏။ ဂျိန်းဘာသာ၀င်များသည် ကာမ၊ သံသရာ၊ ဉာဏ၊ မုတ္တိ(Karma-samsara-jnana-mukti)ဟူသော မဏ္ဍိုင်ကြီး ၄ ရပ်၏သဘောကို ပထမဦးဆုံး ကျင့်သုံးခဲ့ကြသည်။ ၎င်းတို့သည် ကာမ(ကမ္မ)များကို အမျိုးအစားအလိုက် ခွဲခြား၍ အထက်တန်းစားဘ၀များ၊ သို့မဟုတ် အောက်တန်းစားဘ၀များ၏ ဇီ၀များအဖြစ် အသေးစိတ်

ခွဲခြမ်းစိတ်ဖြာသတ်မှတ်ခဲ့သည်။ နောက်ဘဝများ၌ ကိုယ်လက်အင်္ဂါပြည့်စုံကျန်းမာမှု၊ အသက်အပိုင်းအခြားသတ်မှတ်ချက်၊ မိသားစုနှင့် ပျော်ရွှင်မှု၊ နာကျင်မှုစသည်တို့အတွက် စိမံအဆုံးအဖြတ်ပေးနိုင်သော ကာမ(ကမ္မ)များစွာရှိသည်။ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရေး လမ်းခွဲမှုလွဲ၍ တောင့်တင်းခိုင်မာသော ကမ္မဝါဒ(Karmavada)မှ လွတ်မြောက်နိုင်မည့် အခြားသော နည်းလမ်းမရှိပေ။ ဤလမ်းကို ကျွန်ုပ်တို့(စာရေးသူနှင့်စာဖတ်သူ) ညွှန်ပြခဲ့ပြီးလေပြီ။ အကြိမ်ကြိမ် အဖန်ဖန်ထပ်ခါတလဲလဲ အလေးအနက်ပြု၍ အရေးတကြီးတင်ပြလိုသည့်အချက်မှာ လူသားလျှင် ပဓာနဆိုသော စကားနှင့်အညီ မိမိ၏ဘဝကို သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရေးအတွက် မိမိကိုယ်တိုင်အားထုတ်မှုဖြင့်သာ လုပ်ဆောင်နိုင်သည်ဆိုသော အချက်ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်သော သံသရာဝဋ်ကျော့ကွင်းညွှတ်မှ လွတ်မြောက်မှုအတွက် သဘာဝလွန် စွမ်းအားရှင်ထံ ဆုတောင်းဝတ်ပြုမှုဖြင့် မည်သို့မျှမဖြစ်နိုင်ပါ။

## အနေကန္တဝါဒနှင့် သပ္တဘင်္ဂိဥာယ

**(Anekantavada and Saptabhangi Naya)**

ဗုဒ္ဓဘာသာသည် ၎င်း၏လမ်းစဉ်ဝါဒကို မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြင့် အစားထိုးခဲ့သည်။ *(မဂ္ဂင်ရှစ်ပါးသည် မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြစ်၍ အဆိုပါမဂ္ဂင်များအား ဗုဒ္ဓ၏တရားဦး ဓမ္မစကြာတရားတော်၌ ထည့်သွင်းဟောကြားခဲ့သည်ကိုထောက်ရှု၍ နောင်အခါမှ အစားထိုးပြောင်းလဲသည့်ကျင့်စဉ်မဟုတ်ကြောင်း ထင်ရှားပါသည် -ဘာသာပြန်သူ)*။ သို့သော် ဂျိန်းဘာသာသည် ဝိရောဓိအသွင်ဆောင်သည့်အမြင်အား ကမ္ဘာလောကအမြင်အားဖြင့် ဆက်သွယ်ပေါင်းစပ်ညှိနှိုင်း၍ ထွက်ပေါက်ရှာခဲ့သည်။ နောက်ဆုံး၌ ရှင်တော်မဟာဝီရလက်ထက်ကရှိသော ကမ္ဘာလောကအသက်ဝိဉာဉ်နှင့် ထာဝရဘုရားသခင်(ဝါ)နတ်ဘုရားတို့နှင့် စပ်လျဉ်းသည့်အနည်းဆုံး ၆၂ ပါး မျှရှိနေသည့် အယူဝါဒများအား အနေကန္တဝါဒနှင့်ဆယာဒ်ဝါဒ(Anekantavada and Syadvada) အဖြစ်သို့ ရွေးထုတ်သန့်စင်လျက် ညီညွတ်မျှတသော ပေါင်းစည်းမှုဖြင့် ဦးတည်ချက်ပြောင်းခဲ့သည်။

ဂျိန်းဘာသာ၏ အလိုသဘောအရ စစ်မှန်သောတရားတွင် ဘက်ပေါင်းစုံမှ အကြောင်းအချက်အလက်များပါရှိ၍(Anekantavada, many ends or adges, anekantas)၊ နယ

(Naya)ဆိုသည့် သဘောသဘာဝတို့၏ အနက်အဓိပ္ပါယ်ပြည့်စုံစွာပါဝင်သောစာပေ၊ ပဋိယတ္တိ အကြောင်းအရာသည် အခြားသောစာပေကျမ်းဂန်မှ အကြောင်းအရာနှင့် ထပ်တူညီမျှမှန်ကန်ရန် မလိုအပ်ပေ။ ဆယပ်(Syat)ဆိုသော ရှင်းလင်းသည့်အဓိပ္ပါယ်မှာ''တိကျသေချာသော အမြင်ရှုဒေါင့် တစ်ခုမှဟူ၍လည်းကောင်း၊ တိကျသောအာရုံတစ်ခုသို့လည်းကောင်း''ဟူ၍ဖြစ်သည်။ ဤဆယပ် (Sayat)တည်းဟူသော အဓိပ္ပါယ်အရ တစ်ခုနှင့်တစ်ခုဆက်နွယ်နေသော ကမ္ဘနှင့် ကဏ္ဍား ၇ ချက်တို့သည် ပြည့်စုံစွာဖြစ်သည်ဟုဆို၏။

(၁) ပုလင်းဗူးသည် သေချာတိကျသောအာရုံ အာရမ္မနိကတစ်ခုတွင် (Syadsti ghata) ဖြစ်သည်။

(၂) ပုလင်းဗူးသည် သေချာတိကျသောအာရုံတစ်ခု၌(Syannasti ghata) မဟုတ်ပေ။

(၃) ပုလင်းဗူးသည် သေချာတိကျသောအာရုံတစ်ခု၌ ပုလင်းဗူးလည်း ဟုတ်သည်၊ ဟုတ်လည်းမဟုတ်။

(၄) ပုလင်းဗူးသည် သေချာတိကျသောအာရုံတစ်ခု၌ ရေးသားဖော်ပြ၍ မရနိုင်ပေ။

(၅) ပုလင်းဗူးသည် သေချာတိကျသောအာရုံတစ်ခု၌ ဟုတ်မှန်၍ ရေးသားဖော်ပြ နိုင်သည်။

(၆) ပုလင်းဗူးသည် သေချာတိကျသောအာရုံတစ်ခု၌ ရေးသားဖော်ပြ၍ မရနိုင်ပေ။

(၇) ပုလင်းဗူးသည် သေချာတိကျသောအာရုံတစ်ခု၌ ပုလင်းဗူးဟုတ်ပြီး ရေးသား ဖော်ပြနိုင်၍ မရနိုင်၊ သို့သော် ရေးသားဖော်ပြ၍ရသည်။

ဥပမာအားဖြင့် အခန်းတွင်းရှိ စားပွဲတစ်လုံးပေါ်မှ နံနက် ၉း၃၀ နာရီအချိန်၌ တည်ရှိခဲ့သော ပုလင်းဗူးတစ်ခုသည် နံနက် ၁၀ နာရီအချိန်၌တွေ့ရှိရသော ပုလင်းဗူးမဖြစ်နိုင် တော့ပေ။ တဖန် နံနက် ၉ နာရီနှင့် နံနက် ၁၀ နာရီအတွင်း၌ ၎င်းပုလင်းဗူးပင် ဟုတ်မှန် စေကာမူ တနည်းအားဖြင့် ရှုမြင်သုံးသပ်လျှင် ထိုပုလင်းဗူးမဟုတ်တော့ပေ။ အကယ်၍ လူတစ်ဦး တစ်ယောက်အား ၎င်းပုလင်းဗူးသည် နံနက် ၉ နာရီနှင့် ၁၀ နာရီအကြား၌ တည်ရှိနေခဲ့သော ပုလင်းဗူးဖြစ်ပါသည်ဟု အတင်းအကြပ်ဝန်ခံပြောဆိုစေခဲ့သော် အဆိုပါ ဝန်ခံပြောစေရန်

အကြပ်ကိုင်ခံရသောသူသည် တိတ်ဆိတ်ငြိမ်သက်စွာနေပေလိမ့်မည်။ ထိုနည်း အတိုင်းပင် ဂျိန်းဘာသာဝင်များသည် ကမ္မနှင့်ကတ္တာ ရ ချက်ကို အဇီဝိကဓါ်စတုသကုတ္တိ (Catuskoti of the ajividas)တို့ထက် ကျော်လွန်ရာရောက်သည်ဟု သဘောပေါက်နားလည် ပေလိမ့်မည်။

အနေကန္တဝါဒနှင့် ''ကွဲပြားခြားနားမှုအတွင်းမှ တူညီသည့်အချက်များအား ရွေးထုတ်ခြင်း'' သဘောတရားအရ(identity-cum-difference)ကို ပေါင်းစည်းထားခြင်းအားဖြင့် ရှင်တော် မဟာဝီရသည် ၎င်းခေတ်ကာလ၏ပဋိယတ္တိ သင်ကြားရာဌာနများ၌ လူအများစု၏ သဘောထား ဆန္ဒနှင့် မကိုက်ညီသည့်အပြင် သဘောပေါက်နားလည်ရန်ခဲယဉ်းသော ၆၂ ပါးသော အယူအဆ (ဒိဋ္ဌိ)များအား ဆက်လက်၍ ရှင်သန်လှုပ်ရှား စခန်းသွားနိုင်ခဲ့ပေသည်။

ဥပမာအားဖြင့် –

(၁) ဇီဝ(jiva) ခေါ် အသက်ဝိညာဉ်အား ထာဝရတည်တံ့ခိုင်မြဲသောအရာ(ဝါ) အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင် (ဝါ) အကောင်ကလေးဟူ၍ စဉ်းစားတွေးခေါ် ဖန်တီးယူခဲ့ကြသည်။

(၂) ကာမ(ကမ္မ)ကြောင့်ဖြစ်ပေါ်သော ရုပ်တရားအား မမြဲသောအရာ(ဝါ)ကိုယ်ခန္ဓာ ဟူ၍ အသိအမှတ်ပြုပြောဆိုခဲ့ကြသည်။

(၃) အကယ်၍ ကျွန်ုပ်တို့(စာရေးသူနှင့်စာဖတ်သူ)က ခန္ဓာကိုယ်အတွင်း ခိုအောင်း နေသည့်ဇီဝ(embodied jiva)ဟူ၍ မှတ်ထင်ယူဆလျှင် ၎င်းသည် ထာဝရ သဘော၊ သို့မဟုတ် အနိစ္စသဘောဟူ၍ ၂ မျိုးလုံးယူဆနိုင်သည်။

(၄) အကယ်၍ ထာဝရသဘောဖြစ်သည်၊ သို့မဟုတ် အနိစ္စသဘောဖြစ်သည်ဟူ၍ ထုတ်ဖော်ပြောဆိုခဲ့သည်ရှိသော် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ မိန့်မှာတော်မူချက် ဖြစ်သည့် အဗျာကတ(avyakrta)ခေါ် ဖော်ပြခြင်းငှာမဖြစ်နိုင်သောအရာ ဖြစ်သည်ဟူ၍ ဖြေဆိုနိုင်သည်။

(၅) ဤသို့အားဖြင့် အသက်ဝိညာဉ်(Soul)သည် ဖော်ပြပြောဆိုခြင်းငှာ မဖြစ်နိုင်သော အရာဖြစ်သည်ဟူ၍ ဖြေဆိုနိုင်ပါသည်။

(၆) အကယ်၍ မုတ္တိ(mukti) ခေါ် သံသရာဝဋ်နှောင်မှ လွတ်မြောက်ပြီးသူတစ်ဦး၏

အမြင်တွင် အသက်ကောင်(ဇါ)ဝိညာဉ်ကောင်အား ထုတ်ဖော်ပြောဆိုခြင်းပြုလုပ်လိုလျှင် ပြုလုပ်နိုင်သည်။

(ဂ) အထက်ဖော်ပြပါ စာပိုဒ်(၄)၊ (၅)နှင့် (၆)တို့ကိုစုပေါင်း၍ အသက်ကောင်(ဇါ)ဝိညာဉ်ကောင်အားဖော်ပြခြင်း၊ သို့မဟုတ် မဖော်ပြ မပြောဆိုနိုင်ခြင်းများလည်း ရှိပေလိမ့်မည်။

### ရဟန်းတော်နှင့်ဥပသကာ(The monk and the laity)

မြောက်များလှစွာသောဗုဒ္ဓဘာသာဝင်များသည် ယနေ့အချိန်အထိ ဘာသာတရားအပေါ်၌ ယုံကြည်မှုသဒ္ဓါတရား အလွန်လျော့နည်းနိမ့်ကျသည့်အဆင့်၌သာ ရှိနေခြင်းနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာသည် လူပုဂ္ဂိုလ်ဥပသကာများအား လမ်းညွှန်သင်ကြားပြသပေးရန် သတိမရကြသေးပေ။ မည်သို့ပင်ဆိုစေကာမူ ဂျိန်းဘာသာသည် ဗုဒ္ဓဘာသာနှင့်မတူ။ ဥပသကာလူပုဂ္ဂိုလ်၊ ဒါယကာများအား နီးကပ်စွာနေထိုင်ဆက်ဆံစေ၍ တိကျသောဘာသာယဉ်ကျေးမှုကို လမ်းညွှန်သင်ပြပေးသည်။ ရဟန်းတော်များရော၊ ဥပသကာများပါ ရတနာမြတ်သုံးပါးတည်းဟူသော မှန်ကန်သောသဒ္ဓါ၊ မှန်ကန်သောဆည်းကပ်ကိုးကွယ်မှုနှင့် မှန်ကန်သော သီလစောင့်ထိန်းမှုပြုလုပ်သည်။ ရဟန်းတော်များရော လူပုဂ္ဂိုလ်ဥပသကာများပါ ငါးပါးသီလမည်သော ပဥ္စမဟာဘာရတ(Panca-mahavrata)ခေါ် Satya, Asteya (non-stealing), Ahimsa (non-violence), Brahmacarya(abstinence of sexual relation) and Aparigraha (non-attachment)တို့ကို ခံယူဆောက်တည်ကြသည်။ ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်သာဝကများအကြား ခြားနားမှုမှာ ရဟန်းတော်တစ်ပါးသည် အဆိုပါ ၅ ပါးသီလကို လူပုဂ္ဂိုလ်ထက် ပို၍ပြင်းထန်စွာနှင့် တိကျစွာစောင့်ထိန်းသည်။ ဥပမာအားဖြင့် ရဟန်းတော်တစ်ပါးသည် အဗြဟ္မစရိယ ခေါ် ကာမဂုဏ်စည်းစိမ်နှင့်ပတ်သက်၍ ကိုယ် နှုတ် စကားတို့အား ရှောင်ကျဉ်ရပါသည်။ လူပုဂ္ဂိုလ်ဥပသကာတစ်ဦးမှာ လက်ထပ်ထိမ်းမြားပြီးနောက် အိမ်ထောင်ရှင်တစ်ဦးဖြစ်နိုင်ပါသည်။ လူပုဂ္ဂိုလ်ဥပသကာသည် တရားမဝင်သောလိင်ဆက်ဆံမှုနှင့် တရားဝင်လက်ထပ်ထိမ်းမြားခြင်းမရှိပဲ အတူတကွပေါင်းသင်းနေထိုင်ခြင်းမှ ရှောင်ကျဉ်ရပါသည်။ ကိုယ်ကျင့်သီလစောင့်ထိန်းမှုတွင် ကာယိန္ဒြေ

စောင့်ထိန်းမှု အဆင့် အနည်းငယ်လျော့ချထားခြင်းအား အနုဗရတ(Anuvrata)ဟုခေါ်ပြီး ရဟန်းတော်တစ်ပါးစောင့်ထိန်းရသည့် မဟာဗရတ(Mahavrata)ထက်လျော့နည်းသည်။

သို့ရာတွင် ဥပသကာများပါ စောင့်ထိန်းရသည့် တိကျသေချာသောစည်းကမ်းများ လည်းရှိသေး၏။ ဥပမာအားဖြင့် လူပုဂ္ဂိုလ်ဥပသကာတစ်ဦးသည် ၎င်း၏လယ်ယာမြေကို ထွန်ယက်စိုက်ပျိုးရာ၌ လယ်ယာမြေများကို တူးဆွလုပ်ကိုင်ကြရခြင်းဖြစ်ရာ အသက်ပေါင်း များစွာကို ဖျက်ဆီးပစ်ရာကျသဖြင့် ထိုသို့မလုပ်ကိုင်ရေး တားမြစ်ချက်ရှိသည်။ ယနေ့ခေတ်သစ် အချိန်ကာလ၌ တောင်သူလယ်သမားတစ်ဦးသည် ၎င်း၏လယ်ယာမြေတွင် အစိမ်းရောင် တော်လှန်ရေးဟူသောစကားရပ်ဖြင့် အစိုးရစီမံသောစိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်ပျက်စီး စေသောပိုးမွှားများအား နှိမ်နင်းရေးအတွက် အခက်အခဲရှိသည်။ ထိုနည်းတူစွာပင်လျှင် အိမ်ထောင်သည်တစ်ဦးသည် တိကျသောကျင့်ဝတ်တစ်ခုကို ၎င်းကိုယ်တိုင်သတ်မှတ်သည့် စည်းကမ်းချက်နှင့်အညီ ဂျိန်းဘာသာ၏ဂုရုများ၊ တိရ်သန်ကရများ၏ သွန်သင်ညွှန်ပြချက် များအတိုင်း တစ်နေ့တာအတွက် တရားအားထုတ်ချိန်ထားရမည်။ ရက်သတ္တတစ်ပါတ်၊ သို့မဟုတ် တစ်လတာကာလအတွင်း မည်သည့်နေ့ရက်များ၌ ဝစီပိတ်အကျင့်ကို ကျင့်ကြံမည့်အချိန် ဇယားကိုလည်းရေးဆွဲပြီး ၎င်းသတ်မှတ်ချက်အတိုင်း ကျင့်ကြံအားထုတ်ရပါမည်။ ဥပသကာ တစ်ဦးသည် နေ့စဉ်နံနက်တိုင်း တရားထိုင်ရပါသည်။

လောကလူ့ဘောင်မှခွာရှောင်၍ ရဟန်းဘောင်သို့ ကူးပြောင်းရောက်ရှိလာသော ရဟန်းတော်တစ်ပါးသည် ရတနာမြတ်သုံးပါးအပေါ် ကြည်ညိုမှုသဒ္ဓါတရားဖြင့် မဟာဗရတ အကျင့်ကို သေချာစွာကျင့်သုံးရသည်။ နောက်ဆုံးတွင် ဒိုင်ယနပ်စ်အကျင့်ကို တိုးပွားစေပြီး ဂုနသနပ်(စ်) ၁၄ ချက်ပါ ကျင့်ဝတ်များကို ကျင့်ကြံအားထုတ်ရပါသည်။

## ဂျိန်းဘာသာ၏ဂိုဏ်းဂဏများ(SECTS)

ဂျိန်းဘာသာတွင် ဂိုဏ်းနှစ်ဂိုဏ်းရှိ၍ ၎င်းတို့မှာ ဒိဂမ္ဗာရပ်(စ်)ဂိုဏ်း (Digambaras)နှင့် ဆီဗတမ္ဗာရပ်(စ်)ဂိုဏ်း(Svetambaras)ဟူ၍ဖြစ်သည်။ ဒိဂမ္ဗာရပ်(စ်)ဂိုဏ်းသည် ရှင်တော်မဟာဝီရ ကဲ့သို့ပင် အဝတ်အစားတစ်စုံတစ်ရာ မဝတ်ဆင်ဘဲ သဘာဝအတိုင်း(မိမွေးတိုင်း)နေထိုင်သည်။ ၎င်းဂိုဏ်းနှစ်ခုတို့တွင် ဒိဂမ္ဗာရပ်(စ်)ဂိုဏ်းက ပို၍သက်တမ်းရှည်ခဲ့သည်ဟု ထင်ရပါသည်။ ဆီဗတမ္ဗာရပ်(စ်)ဂိုဏ်းသည် အဝတ်အစားဝတ်ဆင်ပြီး ၎င်းတို့၏ပါးစပ်ပေါက်ကို ပိုးမွှားများ ဝင်ရောက်၍ ရောဂါဖြစ်ပွားမှုမှကာကွယ်ရန် ပိတ်စတစ်ခုဖြင့် ဖုံးအုပ်ထားသည်။ ၎င်းဂိုဏ်းခွဲ နှစ်ခုတို့မှာ ယုံကြည်မှုအနှစ်သာရနှင့် ကျင့်ဝတ်ပဋိပတ္တိများ ကွဲပြားခြားနားခြင်းမရှိပါ။ ဒိဂမ္ဗာရပ်(စ်)ဂိုဏ်းသည် လက်တွေ့ကျသော အကြောင်းပြချက်ဖြင့် အမျိုးသမီးများအား သီလရှင်ဝတ်ခြင်းကို ခွင့်မပြုပါ။ သို့သော် ဆီဗတမ္ဗာရပ်(စ်)ဂိုဏ်းကမူ အမျိုးသမီးများ သီလရှင်ဝတ်ခြင်းအား ကန့်ကွက်ခြင်းမရှိ ခွင့်ပြုထားပါသည်။

ဂိုဏ်းခွဲနှစ်ခုတို့သည် ဘာသာရေးစာပေ၊ ပရိယတ္တိကျမ်းဂန်များတွင် ၎င်းတို့ယုံကြည်ချက်မတူညီကြပေ။ ဆီဗတမ္ဗာရပ်(စ်)ဂိုဏ်း၊ အန်ဂတ်(စ်)(Angas)၊ ဥပန်ဂတ်(စ်)(Upangas)နှင့် အခြားဘုရားကျောင်းကန်ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စာပေကျမ်းဂန်များသည် နဂိုမူရင်းအတိုင်းဖြစ်သည်ဟု ယုံကြည်သော်လည်း ဒိဂမ္ဗာရပ်(စ်)ဂိုဏ်းကမူ နဂိုမူရင်းကျမ်းများ ပျောက်ဆုံးပျက်စီးခဲ့ပြီးဖြစ်သည်ဟု ယုံကြည်သည်။ ဒိဂမ္ဗာရပ်(စ်)ဂိုဏ်းတွင် နိကယ် ၏ ကောက်နုတ်ချက်ကျမ်းဂန်စာပေများ စုဆောင်းထိန်းသိမ်းထားရှိပြီး အများပြည်သူများသို့ ဖတ်ရှုခွင့်မပြုပေ။ အလုံးစုံကို ခြုံငုံ၍ကြည့်လျှင် ဂျိန်းဘာသာဝင်များသည် အိန္ဒိယပြည်၏ စာပေတတ်မြောက်ရေးအခန်းကဏ္ဍတွင် ကောင်းသောလုပ်ငန်းအဖြစ် ပါဝင်ခဲ့သည်။

ဂျိန်းဘာသာသည် သဘာဝလွန်တန်ခိုးရှင်များအား ယုံကြည်မှုမရှိပါဘဲလျက် ရုပ်ထုကိုးကွယ်မှုသို့ ပြောင်းလဲခြင်းမှာ မယုံကြည်နိုင်လောက်သော ထူးခြားမှုဖြစ်သည်။ ၁၆ ရာစုနှစ်ခန့်အချိန်က "လောင်ကရှာဟ"(Lonkashaha)သည် ရုပ်ပွားတော်များ ထားရှိကိုးကွယ်ခြင်းကို ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ ၎င်း၏အဆိုအရ ရုပ်ထုတော်များ ကိုးကွယ်ဆည်းကပ်မှုသည် ဂျိန်းဘာသာနှင့်ဆန့်ကျင်သည်ဟု ဆို၏။ ၎င်းသည် "ဆသနန္တကာဝသီ"(Sthanankavsi)

အမည်ဖြင့် အိန္ဒိယအနောက်ပိုင်းဒေသ၌ ဂိုဏ်းခွဲတစ်ခုထူထောင်ခဲ့သည်။ ၁၈၁၇ ခုနှစ်ခန့်တွင် မဟာရာဇာအာချာယဘိကန်ဂျိ(Acharya Bhikanji Maha jara)သည် တေရပန်သ(Terapantha) ဟူသော ဆသန္ဒတ်ကာဝါသီသမ္ပရာဒယ(Sthankavasi Sampradaya)ဂိုဏ်းခွဲစင်စစ်တစ်ခုကို ဖွဲ့စည်းတည်ထောင်ခဲ့လေသည်။

●

## အခန်း(၉) Chapter IX

## ဆစ်ခ်ဘာသာ SIKHISM

**နိဒါန်း**

ဆစ်ခ်ဘာသာသည် အေဒီ-၁၅ ရာစုနှစ်အတွင်း အိန္ဒိယပြည်၊ ပန်ဂျပ်ပြည်နယ်၌ စတင်ပေါ်ထွန်းခဲ့ပြီး ယနေ့အချိန်ကာလတွင် အိန္ဒိယမြင်ကွင်း၌ ကြီးစွာသောအရေးပါအရာရောက်မှုဖြစ်သည်။ ဆစ်ခ်ဘာသာသည် ကာမ၊ သံသရာ၊ ဉာဏ၊ မုတ္တိ (Karma, Samsara, Jnana, Mukti)ဟူသော မဏ္ဍိုင်ကြီး(၄)ရပ်အား အခြားသောဘာသာကြီးများကဲ့သို့ ၎င်းဘာသာ၏ အခြေခံအချက်ကြီးများအဖြစ် လက်ခံကျင့်သုံးသည်။ ယင်းဆစ်ခ်ဘာသာမှာ ဟိန္ဒူယဉ်ကျေးမှုနေ့စဉ်ဘဝထဲမှ ကဗျာနှင့်ဂီတကို ပြုပြင်ကျင့်သုံးလာခဲ့သည်။

ဆစ်ခ်ဘာသာသည် အိန္ဒိယပြည်၏ နိုင်ငံရေးလှိုင်းဂယက်ပြင်းထန်နေချိန် အထွေထွေလူမှုရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်နေချိန်၊ ဘာသာဝတ်ပြုကိုးကွယ်မှုဆိုင်ရာ အစဉ်အလာများကြီးစိုးလွှမ်းမိုးနေချိန်၊ အသိဉာဏ်ဖွင့်ပေးခြင်းမရှိသော ပြင်ပသြဇာလွှမ်းမိုးခြင်းခံနေရချိန်၊ ဘာသာယုံကြည်ကိုးကွယ်မှုအတွေ့အကြုံ မရင့်ကျက်သေးချိန်၌ ပေါ်ထွက်လာခြင်းဖြစ်သည်။ နာနပ်ခ်အမည်ရှိ ဂုရုကြီး(first Guru, named Nanak)၏ နိုင်ငံရေးလှုပ်ရှားမှုများဖြစ်ပေါ်ပြီးကာစအချိန်တွင် ဆစ်ခ်ဘာသာကို ၎င်းဂုရုကြီးသာကျင့်သုံးနေခဲ့သည်။ ဇာတ်အနိမ့်အမြင့် ခွဲခြားသည့်ဝါဒကို ကန့်ကွက်မှုနှင့် (egalitarianism) ခေါ် လူလူချင်းအဆင့်အတန်းခွဲခြား၍ ဆက်ဆံမှုကိုမလိုလားသည့်ဝါဒအား အားပေးမြှင့်တင်ပေးသင့်သည်ဟု ယူဆသည့်ရှုဒေါင့်မှ ရှုမြင်သုံးသပ်ပြီး ဆစ်ခ်ဘာသာကို စတင်တွေ့ရှိလာရခြင်းဖြစ်သည်။ ကိုင်စမ်းဖမ်းယူ၍ တွေ့ထိခံစားနိုင်ခြင်းမရှိသောအယူဝါဒကို ဆစ်ခ်ဘာသာသည် သဘာဝကျစွာဖြင့် အထောက်အကူမပြုပါ။ ဆစ်ခ်ဘာသာ၏ခေါင်းဆောင် ဂုရုနာနပ်သည် ဘာသာရေးပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုကို အိန္ဒိယပြည်၏ သူတော်စင် ဂီတစာဆိုကြီးများ၏လမ်းညွှန်ချက်အတိုင်း လုပ်ဆောင် အကောင်အထည်ဖော်ပြပေးသည့် အလွန်အရေးပါအရာရောက်သူဖြစ်သည်။ ဆစ်ခ်ဘာသာ၏ ပိဋကတ်ကျမ်းစာအုပ် ဂုရုဂရန့်သ်ဆဟစ်၌ ထရီကိုချန်ကဗျာ ၄ ပုဒ်၊ နာမဒေဝ ၆၂ ပုဒ်၊ ဆာကီ ၂၄၀ ပုဒ်နှင့် ကတီပါဒစ် ၂၂၇ ပုဒ်တို့ပါဝင်သည်။ ဆစ်ခ်ဘာသာ၏ အဓိကအားဖြင့် ကိုယ်ကျင့်သီလပိုင်းဆိုင်ရာ

ဟောပြောသင်ကြားပို့ချချက်များတွင် တစ်ဆူတည်းသောဘုရားအား ယုံကြည်မှုရှိသောဘာသာနှင့် အလားတူစွာ ရုပ်တုကိုးကွယ်မှုကို ဆန့်ကျင့်ခြင်း၊ ဇာတ်ခွဲခြားမှုကို ဆန့်ကျင်ခြင်း၊ ဘရာချရား (bahyachara) ခေါ် ပြင်ပသြဇာလွှမ်းမိုးမှုဆန့်ကျင်လျက် ပုံစံကျ ဝတ်ပြုကိုးကွယ်မှုအစဉ်အလာ ကြီးစိုးခြင်းအား တိုက်ထုတ်ရန်ဟောကြားချက်များကို သူတော်စင် ဂီတစာဆိုများ အထူးသဖြင့် ကဘီ၏ကဗျာလင်္ကာများကို အလွယ်တကူတွေ့မြင်နိုင်ပါသည်။ သူတော်စင်ကဘီးရ်သည် သူတော်စင်ဂုရုနာနပ်နှင့် တစ်ချိန်တည်းတွင် ပေါ်ပေါက်လာသူဖြစ်သည်။ (×××××× *အမှတ် သင်္ကေတဖြင့် ပြသည့်စာကြောင်းများမှာ အနှစ်သာရမပါသဖြင့် ဘာသာပြန်ဆိုရေးသားခြင်း မပြုဘဲ ချန်လှပ်ထားခဲ့ပါကြောင်း မှတ်ယူစေလိုပါသည်။ ဘာသာပြန်သူ)*

## ဆစ်ခ်ဘာသာ၏အခြေခံကျသည့်အဓိကအချက်များ

ဆစ်ခ်ဘာသာကိုထူထောင်သူများမှာ အိန္ဒိယနိုင်ငံတိုင်းရင်းသား အိန္ဒိယလူမျိုးစစ်စစ်များဖြစ်၍ ၎င်းဘာသာမှာ လုံးဝဥဿုံအိန္ဒိယပြည်၏ ဘာသာတစ်ခုဖြစ်သည်။ ဒုတိယအနေဖြင့် ဆစ်ခ်ဘာသာရေးဆိုင်ရာ အသုံးပြုရေးသားသည့်စာပေနှင့် ပောကြားချက်များမှာ အများအားဖြင့် ဟိန္ဒူစာပေများဖြစ်၍ မူဆလင်ဘာသာစာပေ အနည်းငယ်ပါသည်ကိုတွေ့ရသည်။ ထိုရပ်တည်ချက်အပေါ်မှ အချက်အလက်များကိုအခြေခံ၍ ဆစ်ခ်ဘာသာ၏ ထင်ရှားပေါ်လွင်သည့်အဓိကအချက်များသည် တမန်တော်ကိုးကွယ်သည့်ဘာသာများနှင့် ကွဲပြားခြားနားကြောင်း ထင်ရှားစေသည်။

(၁) ဆစ်ခ်ဘာသာသည် ကာမ၊ သံသရာ၊ ဉာဏ၊ မုတ္တိဟူသော မဏ္ဍိုင် ၄ ရပ်၏ အခြေခံစည်းမျဉ်း၊ စည်းကမ်းများကို အပြည့်အဝအပြန်အလှန် အထောက်အကူပြုရမည်။

(၂) ဆစ်ခ်ဘာသာသည် ဂုရုအား ဘာသာရေးခေါင်းဆောင်အဖြစ် အသိအမှတ်ပြု၍ အကြီးအကဲနေရာတွင်ထားသည့် အိန္ဒိယပြည်၏ မည်သည့်ဘာသာယဉ်ကျေးမှုနှင့်မျှမတူသော ဘာသာဖြစ်သည်။ မှန်ပေ၏။ ဂုရု(Guru)သည် ဆစ်ခ်ဘာသာ၏ အလွန်အရေးကြီးသော ဉာယ(Nyaya)၊ အဒ်ဝိဇ္ဇမ် (Advaitism)၊ နပ်သစ်ဇမ်(Nathism)၊ ကဘီးရ်ပမ့်(Kabir panth)တို့၏ အမြင့်ဆုံးနှင့် အထွဋ်အမြတ်နေရာ၌ ထားရှိသည်။ ဆစ်ခ်ဘာသာ၏ဘုရားသခင်ကိုပင်လျှင် ဝါဟိဂုရု(Waheguru)ဟူ၍ခေါ်သည်။ ဂုရုများရေးသားသည့် ဂရမ့်ဆာဟစ်(Guru Granth Sahib) ခေါ် ကျမ်းစာအုပ်ကို ဂုရုမုခီး(Guru Mukhi)ဟူ၍ခေါ်၏။ အဘယ်ကြောင့်ဆိုသော် အတ္တလွန်ကဲမှု(မမ်မုခ) (manmukh)အဆင့်သို့ မရောက်ရှိစေရန်နှင့် ဘုရားသခင်၏ တပည့်သာဝကအရင်းဖြစ်စေရန် ရည်ရွယ်သောကြောင့်ဖြစ်၏။ ဆစ်ခ်ဘာသာအား နောက်ဆုံးသာသနာပြုခဲ့သည့် ဂရမ့်ဆာဟစ်အား ဂုရုဟူ၍ သိမြင်နားလည်ကြသည်။ ဆိုလိုသည်မှာ ဆစ်ခ်လူမျိုးတို့၏ လူမှုရေးနယ်ပယ်တွင် ဘာသာရေးဆိုင်ရာ

လမ်းညွှန်သူအဖြစ် အသိအမှတ်ပြုထားသည်။

(၃) ဆစ်ခ်ဘာသာ၌ ဘုရားသခင်အား ကျမ်းသစ္စာပြု၍ဦးညွှတ်သည့်အနေဖြင့် ကေငါးမျိုး(Five Ks)ထားရှိရာ ၎င်းတို့မှာ ဆံပင်မွေးညှင်းကိုမရိတ်ပဲ မိခင်ဝမ်းတွင်းမှပါလာသည့်အတိုင်းထားခြင်း၊ (ဦးခေါင်းနှင့်မျက်နှာပေါ်)၊ သံလက်ကောက်ဝတ်ဆင်ခြင်း၊ ကာရ(Kara)၊ အတွင်းခံဘောင်းဘီတိုဝတ်ထားခြင်း (ကတ်ချ်)(Kachh)၊ ခေါင်းဖီးဆောင်ခြင်း(ကန်ဂ)(Kangha)၊ ဓါးရှည်ကိုင်ဆောင်ခြင်း(ကရိပမ်)(Kripan)တို့ဖြစ်သည်။ ထို့ပြင်အခြားသော ရှဒေါ်င်အမြင်တစ်မျိုးဖြင့် ဆစ်ခ်လူမျိုးများသည် ပြင်ပပယောဂ၊ သို့မဟုတ် နိုင်ငံခြားသြဇာလွှမ်းမိုးခြင်းကို စောင့်ကြည့်နေရသူများဖြစ်၍ ရဲစွမ်းသတ္တိနှင့်ပြည့်စုံ၍ စစ်သွေးစစ်စိတ်ရှိသူများဖြစ်သည့်အပြင် ညီအစ်ကိုစိတ်ဓါတ်ဖြင့် တစ်သွေးတစ်သံ တစ်မိန့်ကို နာခံသူများဖြစ်သည်။ ထို့အပြင် ကေ-၅ မျိုး(Five Ks) ထားရှိခြင်းမှာ ဆစ်ခ်လူမျိုးများသည် ဟိန္ဒူလူမျိုးများနှင့် ကမ္ဘာပေါ်ရှိ မည်သည့်လူမျိုးများ နှင့်မျှမတူ ကွဲပြားခြားနားစွာ သိနိုင်ရန်ဖြစ်သည်။

(၄) ဆစ်ခ်ဘာသာသည် ဟိန္ဒူဘာသာနှင့်မတူဘဲ၊ လူမှုရေး၊ တရားမျှတမှုကို ကာကွယ်ရန်နှင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘာသာယုံကြည်မှုကို အကာအကွယ်ပြုရန်ဖြစ်သည်။ မူဆလင်တို့၏ အစ္စလာမ်ဘာသာအတွက် မိမိ၏ အသက်ကို စွန့်လွှတ်ရမည်ဆိုသောအယူအဆနှင့် အသွင်သဏ္ဌာန်အားဖြင့် တူညီမှုရှိသည်ဟုထင်ရသော်လည်း ဆစ်ခ်လူမျိုးတို့၏ ဘာသာရေးယုံကြည်ချက်အတွက် မိမိတို့လူမျိုးများအတွင်း တရားမျှတမှုဖြစ်ရေးနှင့် ရက်စက်ကြမ်းကြုတ်မှုများ မဖြစ်စေရေးအတွက် ဇမ်ဇယာ(jizya) ဟုခေါ်သော ဖွဲ့စည်းမှုပုံစံဖြင့် ပေါ်ပေါက်လာခဲ့သည်။ ပထမဆုံးဂုရုဖြစ်သူ နာနာမ်စ်ကိုယ်တိုင်ပင်လျှင် ၎င်း၏ နောက်လိုက်နောက်ပါ ဆစ်ခ်ဘာသာဝင်များအား လူမှုရေးမသမာကောင်များကို ဆန့်ကျင်တိုက်ခိုက်ရန် အကြံပေးခဲ့သည်။ ဂုရုဟာဂိုဘင်(Guru Hargobind)သည် မိရိနှင့်ပိရိ(Miri and Piri) ခေါ် ဓါးရှည်နှစ်လက်ကိုင်ဆောင်

ခဲ့သည်။ သို့ရာတွင် ဆစ်ခ်လူမျိုးတစ်ဦး၏ ယုံကြည်ချက်ကိုကာကွယ်ရန်အလို့ငှာ စစ်သူရဲကောင်းစိတ်ဓါတ်သွင်းပေးခဲ့သူမှာ ဂိုဘင်ဆင်း(Gobin Singh)ဖြစ်သည်။ ထိုအချိန်မှစ၍ ဆစ်ခ်ဘာသာ၌ ဘတ္တိ၊ ဆတ္တိနှင့်ခါလ်ဆ(Bhakti and Sakti, and Khalsa)တို့မှာ ဘာသာရေးစစ်သူရဲကောင်း သင်္ကေတဖြစ်၍ ရှေ့တန်းစစ်မျက်နှာ၌ အဓိကကျသောသံမဏိစိတ်ဓါတ်ဖြစ်ခဲ့သည်။

(၅) ဆစ်ခ်ဘာသာသည် တိကျတင်းကြပ်စွာဖြင့် တစ်ဆူတည်းသောဘုရားသခင်ကို ဆည်းကပ်ကိုးကွယ်ရန် ဟောကြားသည်။ အမြင့်ဆုံးသော စစ်မှန်သည့်တရား ဆိုသည်မှာ ဓမ္မဒိဌာန်နှင့် ထူးခြားပေါ်လွင်သည့် ဝိသေသလက္ခဏာ အကြောင်း အရာနှင့် ပုဂ္ဂလဒိဌာန်တို့ဖြစ်သည်။ ထူးခြားပေါ်လွင်သည့် ဝိသေသလက္ခဏာ မဟုတ်သောပုံစံကို နိရတ်ရှရ(nirkshara)၏ One-Omkara နှင့် ထူးခြား ပေါ်လွင်သည့်လက္ခဏာဖြစ်သော ဖန်ဆင်းရှင်ဖြစ်၍ ကမ္ဘာလောကကြီးအား ဆက်လက်ရှင်သန်နေစေရန် ကူညီပေးသူအဖြစ်နှင့်သော်လည်းကောင်း၊ ဖျက်ဆီးပစ်သူအဖြစ်လည်းကောင်း ခေါ်ဆိုသည်။ ဘုရားသခင်သည် ၎င်းအား ယုံကြည်သူများအတွက်(Dayalu) ခေါ် သနားကြင်နာမှုမေတ္တာတော်နှင့် (kripalu) ခေါ် သနားဂရုဏာတော်ဖြစ်၏။ ဘုရားသခင်အား ထင်ရှားစွာတွေ့မြင် နိုင်ခြင်းနှင့် မထင်မရှားသာတွေ့မြင်ရခြင်းမှာ အိန္ဒိယလူမျိုးတို့၏ ရှေးရိုးအစဉ် အလာ သဘောနှင့်အညီဖြစ်သည်။ သို့ရာတွင် အိန္ဒိယနိုင်ငံအလယ်ခေတ် သူတော်စင် ဓမ္မစာဆိုတော်ကြီးများဖြစ်ကြသော(Dadu)နှင့် Rai Dar တို့၏ ကဗျာလင်္ကာများ၌ အများဆုံးတွေ့ရသည်။ Namadeva က ပုံရိပ်ကျမ်းအား ယုံကြည်ကိုးကွယ်မှုကို ဝန်ခံထားသည်အထိ ထူးခြားသောလက္ခဏာ အနှစ်သာရမပါသော်လည်း ၎င်း၏ ယုံကြည်ကိုးကွယ်မှုကို ချဲ့ထွင်ထားသည်။

(၆) ဆစ်ခ်ဘာသာသည် Avataravada ခေါ် လူဝင်စားဝါဒနှင့် ဘုရားသခင်၏ ပထမဆုံးနှင့်နောက်ဆုံးတမန်တော် ရှိသည်ဆိုခြင်းကို မယုံကြည်သည့်အပြင် စည်းမျဉ်းတင်းကြပ်သည့် တစ်ဆူတည်းသောဘုရားသာ ရှိသည်ဟူသော

အယူဝါဒဖြင့်သာ ကျေနပ်နှစ်သိမ့်နေခဲ့သည်။ သို့ရာတွင် စိတ်အားထက်သန်သော၊ သံသရာမှလွတ်မြောက်ရေးရှာကြံနေသူ တစ်ဦးအတွက်အဖို့ရာ၌ ဘုရားသခင်၏ဉာဏ်တော်ကို ရရှိနိုင်၍ ယင်းဘုရားသခင်အား ကောင်းစွာသိမြင်နားလည်သူအဖြစ် ပြောနိုင်ပါသည်။ ထိုပုဂ္ဂိုလ်သည် ဂုရုကြီးတစ်ဆူဖြစ်နိုင်သော်လည်း ၎င်းသည် ရှိခိုးဝတ်ပြုရန်အတွက် ရည်စူးဦးတည်ချက်ထားရန် မဟုတ်စေကာမူ ကြည်ညိုလေးစားထိုက်သူအဖြစ် နားလည်သဘောပေါက်ရန် လိုပါသည်။ Avataravada ခေါ် လူဝင်စားခြင်းအယူအဆ မမှန်ကန်ကြောင်း အထောက်အထားအဖြစ် သက်သေပြသည့်အနေဖြင့် ကျယ်လောင်သော အသံကို တုန့်ပြန်သောသဘောဖြင့် ဂုရုနာနပ်(Guru Nanak)အား ဩဇာလွှမ်းခဲ့သူ ကာဘီးရ်(Kabir)၏ရေးသားချက်များတွင် တွေ့ရသည်။ ဤသို့ ရေးသားခြင်းဖြင့် Avataravada အပေါ် ဆန့်ကျင်ကန့်ကွက်ခြင်းဖြင့် ဆစ်ခ်ဘာသာသည် ခရစ်ယာန်ဘာသာနှင့် သဟဇာတ(ဝါ)ဆက်ဆံမှုမရှိကြောင်း ဖော်ပြနေသည့်အပြင် ဘုရားသခင်၏ မည်သို့သော အထူးတလည်သတ်မှတ်ထားသည့်တမန်တော်အား ကန့်ကွက်ခြင်းဖြင့် ဆစ်ခ်ဘာသာသည် အစ္စလာမ်ဘာသာနှင့် ကွဲပြားခြားနားကြောင်းကို ပြသနေသည်။

(ဂ) သို့ရာတွင် ဆစ်ခ်ဘာသာသည် ek-omkara ခေါ် ကိုယ်ရောင်ကိုယ်ဝါထင်ရှားစွာမပြသော ဘုရားသခင်နှင့် omkara ခေါ် ကိုယ်ရောင်ကိုယ်ဝါထင်ရှားစွာပြသသောဘုရားဟူ၍ မရေမတွက်နိုင်သည့် ဂုဏ်တော်ကျေးဇူးတော်နှင့် ပြည့်စုံသောဘုရားသခင် တစ်ဆူတည်းသာလျှင်ရှိကြောင်း သဘောတူညီမှုရှိပါသည်။ အဆိုပါ ဘုရားသခင်အား Waheguru၊ သို့မဟုတ် Katar ခေါ် ဖန်ဆင်းရှင်၊ သို့မဟုတ် Akal ခေါ် အမြဲထာဝရတည်ရှိသော၊ သို့မဟုတ် Satta-nama ခေါ် မြင့်မြတ်သော အမည်နာမတော်ဟူ၍ အမျိုးမျိုး အထင်အရှားခေါ်ဝေါ်ပညတ်နိုင်သည်။ ၎င်းဆစ်ခ်ဘာသာ ဘုရားသခင်အား Allah ဟူ၍လည်းကောင်း၊ Khuda ဟူ၍လည်းကောင်း၊ Sahib ခေါ် အရှင်သခင်

ဟူ၍လည်းကောင်း သိနားလည်ကြသည်။ ဤတစ်ဆူတည်းသော ဘုရားသခင်အား လူမျိုးအသီးသီး ဘာသာအသီးသီးတို့က အမည်နာမအမျိုးမျိုး ကင်ပွန်းတပ်လျက် ကိုးကွယ်ဆည်းကပ်ပူဇော်သက္ကာရ ပြုနေကြခြင်းဖြစ်နိုင်သည်။ ပြတ်သားခိုင်မာသော ဤကဲ့သို့ရေးသားဟောပြောချက်များသည် ကဘီးရ်(Kabir)၏ ထူးခြားမှတ်သားဖွယ်ရာ အဆိုးအမသြဝါဒများဖြစ်သည်။ ဤအခြေခံအချက်ပေါ်တွင်မူတည်၍ ကဘီးရ်သည် ဟိန္ဒူနှင့်မူဆလင်ဘာသာဝင်များအား ပေါင်းစည်းညီညွတ်မှုရရှိရန် အားထုတ်ကြိုးပမ်းခဲ့ပေသည်။

(၈) ဆစ်ခ်ဘာသာသည် ဇာတ်ခွဲခြားမှုစနစ်၊ ရုပ်တုကိုးကွယ်မှု၊ တစ်သတ်မတ်တည်း ဝတ်ပြုဆည်းကပ်ကိုးကွယ်မှုအစဉ်အလာနှင့် အခြားဘာသာများ၏ ဩဇာလွှမ်းမိုး ခြင်းကို ဆန့်ကျင်သည်။ ဆစ်ခ်ဘာသာ၏ ထူးခြားထင်ရှားသည့် အချက်များအား သူတော်စင် ခမ္ဘဂီတစာဆိုတော်ကြီးများ၏ စာပေများ၊ အထူးသဖြင့် ကဘီးရ် (Kabir)၏စာပေများတွင်တွေ့ရသည်။

(၉) ဆစ်ခ်ဘာသာတွင် မာယာ(Maya)အား ဘုရားသခင်၏ ထင်ရှားသောပုံရိပ် အသွင် ဖန်ဆင်းရှင်ဟူ၍ ဟောကြားထားသည်။ သို့ရာတွင် လူသတ္တဝါ၏ အစဉ်အလာမကောင်းမှု ဝါသနာ ဒုစရိုက်အမိုက်တရားများ ကာမ(Karma)ခေါ် စွဲလန်းမှုဥပါဒါန်တရား၊ ဒေါသ(Krodh) ခေါ် မုန်းတီးမှုဒေါသတရား၊ လောဘ (Lobha)ခေါ် လိုချင်မှုတဏှာ၊ မောဟ(Moha) ခေါ် မှန်ကန်စွာမဆုံးဖြတ်နိုင်ခြင်းနှင့် အဟံကာရ(Ahamkara)ခေါ် မိမိကိုယ်ကိုသာလျှင် အထင်ကြီးမှုမာနတရား ၅ ပါးတို့၏ မြစ်ဖျားခံရာဖြစ်သည်။ ဤသို့သော မကောင်းမှုများအား ဘုရားဝတ်ပြုခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် အများအကျိုးသယ်ပိုးဆောင်ရွက်ခြင်းတို့ဖြင့် ပယ်ရှားပစ်နိုင်သည်။ ကဘီးရ်(Kabir)ကလည်း မာယာသည် Ragunath ခေါ် လူသား၏စိတ်ဝိဉာဉ်အား မကောင်းမှုဘက်သို့ ရောက်ရှိရန် ကြီးစွာသောလှည့်ဖြားမှုဖြင့် နှစ်သက်စွဲလန်းစေမှုကို ရှေ့ဆောင်လမ်းပြဟူ၍ခေါ်သည့် ဘုရားသခင်၏စွမ်းအားတစ်ရပ်ဖြစ်သည်။

(၁၀) ဂုရုနာနပ်ခ်(Guru Nanak)က ဆစ်ခ်ဘာသာဝင်တစ်ဦးသည် မိမိကိုယ်ကို ဘုရားသခင်ထံ ခန္ဓာကိုယ်တစ်ခုလုံးကို လုံးဝဥဿုံယုံကြည်အပ်နှံ မာန်ကိုရိုက်ချိုး ဦးညွှတ်ကျိုးလျက် ရှိခိုးကန်တော့ပြီး ဘုရားသခင်၏နာမတော်အား nama-sumirana ခေါ် စဉ်ဆက်မပြတ် အသံမစဲရွတ်ဖတ်ပူဇော်ရန် အလေးအနက် အကြံပေးရေးသားခဲ့သည်။ ဤကဲ့သို့ ဘုရားသခင်၏ဂုဏ်တော်ကျေးဇူးတော်အား ကြီးမားသောအောင်မြင်ခြင်းဟူ၍ အဓိပ္ပါယ်ဖော်ဆောင်ရာရောက်သည်။ ကဘီးရ်(Kabir)ကိုယ်တိုင်ကလည်း nama-sumirana ဟူသော ဘုရားသခင်၏နာမတော်ကို အမြဲတမ်းရွတ်ဆိုလျက်ရှိသည်။ namadeva ကတော့ တရားအားထုတ်သည့်အချိန်၌သာ ဘုရားသခင်၏နာမတော် nama-samirana အား ရွတ်ဆိုလေ့ရှိသည်။ ကျွန်ုပ်တို့သည် ဆစ်ခ်ဘာသာအား sant-mat ဟူ၍ သိနားလည်ထားကြသည့်အချက်ကိုလည်း မေ့ပျောက်ထား၍ မရပေ။ ထို့ကြောင့် ဆစ်ခ်ဘာသာအား သူတော်စင်ဓမ္မဂီတစာဆိုတော်ကြီးများ၏ ဩဇာလွှမ်းမိုးမှုအရိပ်အောက်၌ရှိသည်ဆိုခြင်းမှာ သဘာဝကျပေ၏။

(၁၁) ဆစ်ခ်ဘာသာသည် သံသရာဝဋ်မှ ကျွတ်လွတ်ရေးအတွက် bhakti ခေါ် နည်းလမ်းကိုသတ်မှတ်ထားပြီး ၎င်းသတ်မှတ်ပြဌာန်းချက်မှာ သူတော်စင်ဓမ္မဂီတစာဆိုရှင်ကြီးများဖြစ်ကြသော Dadu, RaiDas နှင့် Kabir တို့က အခိုင်အမာနှင့် ထူးခြားစွာပျိုးထောင်ခဲ့ကြခြင်းဖြစ်သည်။

(၁၂) ဂုရုနာနပ်ခ်(Guru Nanak)က Sannyasa ခေါ် အိမ်ထောင်မပြုပဲ ရဟန်းအဖြစ်သို့ ကူးပြောင်းသူအား သံသရာမှကျွတ်လွတ်အောင်မြင်နိုင်ကြောင်း ဟောကြားချက်ကို မထောက်ခံပါ။ ၎င်းကိုယ်တိုင်သည်ပင်လျှင် အိမ်ထောင်ရှင်တစ်ဦးဖြစ်ခဲ့ပြီး အိမ်ထောင်ရှင်ဘဝသည် လူနေမှုအဆောက်အဦတွင် အလွန်အရေးကြီးသည်ဟု စဉ်းစားဆုံးဖြတ်ခဲ့သည်။

(၁၃) ကဘီးရ်(Kabir)ကဲ့သို့(ကဘီးရ်ကရမ်သဝါလီ၏ Sakhi 31-7-9 စာပိုဒ် ၁၀၃ ၌) ဆစ်ခ်ဘာသာသည် ဝေဒဟိန္ဒူဘာသာထက်လည်းကောင်း၊ အစ္စလာမ်ဘာသာ

ထက်လည်းကောင်း ပို၍သာလွန်သည်ဟူ၍ဆိုသည်။ ဆစ်ခ်ဘာသာသည် အိန္ဒိယနိုင်ငံ၏ ယုံကြည်ကိုးကွယ်သည့်ဘာသာကြီးတစ်ခုနှင့် ဟိန္ဒူယဉ်ကျေးမှုကိုအခြေခံထားသည့် လွတ်လပ်ပြီး ကမ္ဘာ့အတွေးအခေါ်အမြော်အမြင်ရှိသော ဘာသာကိုးကွယ်မှုတစ်ခုဖြစ်သည်ကို သံသယဖြစ်ရန်မလိုပေ။

(၁၄) သို့ရာတွင် ဆစ်ခ်ဘာသာသည် ဟိန္ဒူဘာသာကိုဖြစ်စေ၊ အစ္စလာမ်ဘာသာကိုဖြစ်စေ၊ မှားယွင်းသည်ဟူ၍ ဟောပြောရေးသားခြင်းမပြုပေ။ ၎င်းက ဟိန္ဒူဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များအား သူတို့၏ကိုယ်ပိုင်ယုံကြည်ချက်ဖြင့် တင်းကြပ်သောစည်းမျဉ်းစည်းကမ်း၊ တင်းကြပ်သော ကိုယ်ကျင့်တရား၊ တင်းကြပ်သော လူနေမှုဘဝနေထိုင်မှုအစဉ်အလာ၊ အများကောင်းကျိုး သယ်ပိုးဆောင်ရွက်မှု ဝတ်ပြုကိုးကွယ်မှုအစဉ်အလာနှင့် အသွင်သဏ္ဌာန်အားဖြင့်သာ တင်းတိမ်ရောင့်ရဲမနေပဲ၊ ၎င်းတို့၏ ဘာသာရေးယုံကြည်ကိုးကွယ်မှုအား အနှစ်သာရအပြည့်အဝရရှိရေးအတွက် ကျင့်ကြံအားထုတ်သင့်ကြောင်း တိုက်တွန်းထားသည်။

(၁၅) ဆစ်ခ်ဘာသာ(Sikhism)ကတော့ ဒေသဘာသာစကားနှင့် စာပေယဉ်ကျေးမှုကို အလေးထား၍ ဂုရုမုခီး(Guru Mukhi)ဖြစ်သည်ဆိုခြင်းမှာ ထူးခြားပေါ်လွင်သိသာထင်ရှားသည့်အချက်များဖြစ်သည်။

## ဆစ်ဘာသာ၏နတ်ဘုရား (God in Sikhism)

ဆစ်ခ်ဘာသာသည် ဂုရုကြီး(၁၀)ပါးတို့၏ အသည်းနှလုံးအတွင်းက လှိုက်လှဲစွာဝတ်ပြုပူဇော်ခြင်းမှပေါ်ထွန်းလာခြင်းဖြစ်သည်။ ၎င်းတို့မှာ ဒဿနိကပညာရှင်များ မဟုတ်ကြပါ။ ၎င်းဂုရုကြီးသည် မိမိတို့တွေ့ကြုံခဲ့ရသော "အမှန်ကန်ဆုံးသော အရှိတရား"(Supreme Reality) (ဝါ) ပရမတ္ထသစ္စာကို ထုတ်ဖော်ရေးသားဖော်ပြခဲ့သည်။ ၎င်းတို့ပြောပြလိုသည်များကို ဓမ္မဂီတ၊ ကဗျာလင်္ကာများနှင့် အလယ်ခေတ်၏ အဆန်းတကျယ် ပဥ္စလက်ဆိုင်ရာစကားလုံး (mystics)ဖြင့် ရေးသားခဲ့ကြသည်။

ဆစ်ခ်ဘာသာသည် တင်းကြပ်သောစည်းမျဉ်းသတ်မှတ်ချက်ဖြင့် တစ်ဆူတည်းသော ထာဝရဘုရားသခင်သာရှိသည်ဆိုခြင်းအား လက်ခံသောအယူဝါဒဖြစ်သည်။ တစ်ဆူတည်းသော ထာဝရဘုရားသာရှိ၏။ သို့ရာတွင် ယင်းတစ်ဆူတည်းသော ထာဝရဘုရားသခင်က ၎င်း၏ အစိတ်အပိုင်း၊ သို့မဟုတ် အစိတ်အပိုင်းဖြစ်သော ထူးခြားစွာဖန်ဆင်းထားသည့် ကိုယ်ပွားတော်နှစ်မျိုးလုံးကို ဖန်ဆင်းနိုင်၏။ အစိတ်အပိုင်းမဟုတ်သည့် ဖန်ဆင်းထားသည့်ကိုယ်ပွားကို (EK-omkara)ဟူ၍လည်းကောင်း၊ အစိတ်အပိုင်းဖြစ်သောကိုယ်ပွားကို(Omkara)ဟူ၍ လည်းကောင်း အမည်နာမမှည့်ခေါ်၏။ အဆိုပါ ထာဝရဘုရား(ဝါ)နတ်ဘုရား၏ ထူးခြားသည့် အနှစ်သာရများကို ဒဿနိကပညာရပ်ဆိုင်ရာအမြင်ဖြင့် စူးစမ်းရှာဖွေဖော်ထုတ်ခြင်းငှာ မစွမ်းနိုင်ပါ။

Nirguna our saguna ek.

Saguna Nirguna thapai nao

Duha mili ekai tino thao.

(Guru Nanak Sahib)

အမှန်စင်စစ်အားဖြင့် Niguna နှင့် Saguna(attributed) သို့မဟုတ် ဖန်ဆင်းထားသည့် အစိတ်အပိုင်းဖြစ်သော၊ ဖြဟ္မာဖြစ်၍ ၎င်းမှာ တစ်ပါးတည်းသာဖြစ်သည်။ ရုပ်ထုပုံတော် ကိုးကွယ်ဆည်းကပ်ခြင်း မပြုနိုင်စေရန်(Guru Nanak)က ထာဝရဘုရားကဲ့သို့ မှတ်ယူနိုင်သည့် (Niranjana) (Nirakshara)တို့ကို လူ့အသိဉာဏ်မမီသည့်စကားဖြင့်ပြောပြခဲ့သည်။ (*) ဟု Granth Sahib ခေါ် ဓမ္မဂီတကျမ်းဂန်က ထင်ရှားကျော်ကြားသည့်(Mulamantra) စာကြောင်းများဖြင့် စတင်သီကုန်းရေးသားခဲ့သည်။

''ထာဝရဘုရားတစ်ဆူတည်းသာရှိ၏။

၎င်း၏ အမည်နာမတော်သည် သစ္စာတရားမည်၏။

(*) ဂျပုဂျီ (Japuji)၏ ရှေးဦးအစပိုင်းကာလတွင် ဂုရုနာနပ်ခ်(Guru Nanak)က ထာဝရဘုရားတစ်ဆူ(One God)အား ထာဝရတည်မြဲသော မွေးဖွားခြင်းမရှိသော ၊ မိမိအလိုလို ကိုယ်တော်တိုင်သာ ပေါ်ထွန်းတော်မူလာသောဟူ၍ ရေးသားဖော်ပြထားသည်။ ဘုရားသခင်အား Japuji အတွင်း မည်သည့်ပုံရိပ်မျှမထင်သော ဝ-နဲ့ရုံး၏ဟူ၍လည်းရေးသားခဲ့သည်။ (XVI-XXI) ထို့နောက်တဖန် ထာဝရဘုရားသခင်သည် ဖြူစင်သန့်ရှင်းမှုအရှိဆုံးသော၊ အစဟူ၍မရှိသော၊ အက္ခရာစာပေဖြင့် ရေးသားဖော်ပြခြင်းငှာမစွမ်းနိုင်သော၊ အသက်အရွယ်အားဖြင့် မပြောင်းမလဲ အမြဲတမ်းနုပျိုလန်းဆန်း၍ ယခုတိုင်တည်ရှိနေသည်ဟုဆိုသည်။ (XXVII-XXXI)*(စာရေးဆရာမှ မှတ်ချက်ရေးသားထားခြင်းဖြစ်သည်– ဘာသာပြန်သူ)*

အရာခပ်သိမ်းကို ပြုလုပ်ပေးသူဖြစ်၏။

ကြောက်ရွံ့ခြင်း ကင်းတော်မူ၏။

အတုမရှိသော ဘုရားဖြစ်၏။

ဘုရားသခင်၏ ကိုယ်ပွားတော်သည် ထာဝရတည်တံ့နေပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြုပြင်ဖန်တီး၍မရဘဲ၊ မိမိကိုယ်တော်တိုင်သာလျှင် ဖန်တီးခြင်းဖြစ်၏။"

သမာဓိ - Samadhi - ထင်ပေါ်ကျော်ကြားသည့် "အဝိဇ္ဇာဝါဒ"(Avaitism)၏ ရတနာသုံးပါး(Three Jewels)ဖြစ်သော ရှရာဝန(Shravana)၊ မန္တန(Manana)နှင့် နိဒယဆန္ဒ (Nididhyasana)တို့၌ ဂုရုနာနပ်မ်သည် ၎င်း၏တပည့်များက Suniyai ခေါ် ထာဝရဘုရားသခင်နှင့် စပ်လျဉ်းသည့်စကားများကို နီးနှောဖလှယ်ဆွေးနွေးပြောဆိုခြင်း၊ Mannai ခေါ် သစ္စာတရားတို့အား နာကြားမှတ်သား၊ စိတ်ကူးကြံစည်ခြင်းများနှင့် Dhayana ခေါ် သစ္စာတရားပေါ်၌ ယုံကြည်ပွားများ တရားအားထုတ်ခြင်းတွင် ကျေနပ်နှစ်သိမ့်လျက်ရှိသည်။

သို့ရာတွင် "အမှန်တကာတို့ထက် အမှန်ဆုံးသောအရှိတရား" (Supreme Reality)အား ပြုလုပ်ပေးသူ၊ သို့မဟုတ် ဖန်ဆင်းရှင်ဟူ၍လည်းခေါ်၏။ ထို့ကြောင့် ထာဝရ ဘုရားသည် ကံတော်၊ ဉာဏ်တော်၊ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသည်။ ထို့ကြောင့် ပါရဗြဟ္မာ(Para-Brahman)အား Omkara ဟူ၍လည်းကောင်း၊ ဆဂုနဗြဟ္မာ(Saguna Brahman)ဟူ၍လည်းကောင်း၊ အစ်ရှ်ဝါရာ(Ishvara)ဟူ၍ လည်းကောင်းခေါ်ဆို၏။ ဤသို့အားဖြင့် "အမှန်တကာတို့ထက် မှန်ကန်သော အရှိတရား" ပုံသဏ္ဍာန် အရိပ်နိမိတ်ဟူ၍မရှိသော ပုံရိပ်တစ်ခုဖြစ်၏။ အစ်ရှ်ဝါရာ (Ishvara)ကဲ့သို့ ထာဝရဘုရားသည် ဆည်းကပ်ကိုးကွယ်၊ လှဲလျောင်း မှီခိုရာအစစ်ဖြစ်လာတော့၏။ ဤကဲ့သို့သော အနှစ်သာရနှင့်ပြည့်စုံသော ထာဝရဘုရား (ဝါ) နတ်ဘုရားသည် သတ္တဝါအများအပေါ်၌ ကြင်နာသနားတော်မူ၍ မှီခိုအားထားရာ လှဲလျောင်းမှီခိုရာဖြစ်ပါ၏။ Dayalu and Kripalu ပုံသဏ္ဍာန်အရိပ်နိမိတ်မရှိသော Satt-nama, Nirakshra, Akala (eternal) ခေါ် ထာဝရတည်မြဲလျက်ရှိတော်မူ၏။

အရှင်မြတ်သည် ကိုးကွယ်ဆည်းကပ်ပူဇော်ရာအဖြစ်၊ မာယာ(Maya)အား ချပ်ဝတ်တန်ဆာဝတ်ဆင်စေ၍ ၎င်းသည် ထာဝရဘုရား၏ ဖန်ဆင်းနိုင်သောတန်ခိုးတော်ကို

ထင်ရှားစွာပြသတော်မူ၏။ ဤသည်မှာ ကဘီးရ်(Kabir)က မာယာ(Maya)၏သဘောသဘာဝကို အတိအကျနားလည်ထားသည့်အချက်ဖြစ်သည်။ သို့ရာတွင် ဂုရုနာနပ်ခ်(Guru Nanak) အဖို့ရာမှာမူကား မာယာသည် ထာဝရဘုရားသခင်၏ သဘောသဘာဝအား လျှို့ဝှက်ထားသည့်အချက် ဖြစ်သည်ဟူ၍လည်းကောင်း၊ လူသားသည် မာယာ၏လှည့်ပတ်ဖျားယောင်း သွေးဆောင်မှုကြောင့် Kama ခေါ် ပြင်းထန်စွာစွဲလန်း၊ အငမ်းမရလိုချင်မှု၊ Krodha ခေါ် ဒေါသအမျက်ချောင်းချောင်းထွက်၍ စိတ်ဆိုးမှု၊ Loba ခေါ် အလိုဆန္ဒ၊ လောဘရမက် ငမ်းငမ်းတက်သည့်စိတ်၏ ဆာလောင် မွတ်သိပ်မှု၊ Moha ခေါ် ကာမဂုဏ်အာရုံတို့အပေါ်၌ ကပ်ငြိတွယ်တာမှုသံယောဇဉ်နှင့် Ahamkara ခေါ် မိမိကိုယ်ကို စွဲလန်းခင်မင်မှုဖြင့် မိမိအကျိုးတစ်ခုတည်းကိုသာ နားလည်မှုဟူသော မကောင်းဆိုးဝါး ဒုစရိုက်တရား ၅ ပါးဟူ၍ အိန္ဒိယလူမျိုးတို့၏ ယုံကြည်ချက်ဖြစ်သည်။ ဤသည်ကား လူသားတို့၏ ရှုပ်ထွေးပူလောင်၊ လောက၏လှူဘောင်၊ ဤဝဋ်နှောင်က လွတ်အောင်ရှောင်ရေး၊ ရုန်းထွက်ရမည့်အရေးသည် ကိုယ့်ရေးကိုယ့်အရာ၊ ကိုယ့်အတွက်သာမို့ အတ္တဝါဒပါဒါန်တကယ်မှန်၏။ ဤသို့မဟုတ် ရုန်းထွက်ဖို့ရန် အလုပ်ကိုကြိုးစား၍ အားမထုတ်ခဲ့လျှင်ဖြင့် သံသရာရေယာဉ်ကျောမှာ တမျှောတည်းမျော၍ အတောမသပ်၊ မွေးသေမှု အထပ်ထပ်ဖြင့် မရပ်မနားလှည့်ပတ်သွားနေရဦးမည်သာ သေချာပါ၏။ ဆက်လက်၍ အသေးစိတ်ဖော်ပြမည့်အခန်း၌ လူသားသည် မိမိ၏လွတ်မြောက်ရေးအတွက် မိမိကိုယ်တိုင်သည်သာလျှင် ထာဝရသခင်ဘုရားရှင်၏ ကောင်းချီးပေးမှုနှင့်အတူ သူကိုယ်တိုင်ဝတ်ပြုဆုတောင်းမှုနှင့် ကျင့်ကြံအားထုတ်ခြင်းအပြင် ကိုယ်ကျိုးရှာတရားစွန့်လွှတ်၍ လူ့လောက၏ကောင်းကျိုးအတွက် တတ်နိုင်သမျှ သယ်ပိုးပါဝင်ထမ်းဆောင်ရမည့်တာဝန်ရှိပေ၏။

ထာဝရဘုရားသခင်(ဝါ)နတ်ဘုရားနှင့်ပတ်သက်၍ ဤသဘောတရားပါ အဆိုအမိန့်အား ထောက်ရှုခြင်းဖြင့် ထာဝရဘုရားသခင်(ဝါ)နတ်ဘုရားအယူအဆအား လုံးဝငြင်းပယ်ထားသည်။ ထာဝရဘုရားသခင်သည် ဖန်ဆင်းရှင်နှင့် ကောင်းကျိုးချမ်းသာအဖြာဖြာတို့နှင့် ကြင်နာသနားမှုထားရှိတော်မူသည်မှာ မှန်သော်လည်း၊ Avatara ခေါ် ၎င်းကိုယ်တိုင် ပြန်လည်၍ လူ့ပြည်သို့ ဆင်းသက်ပြီး အမိဝမ်းတွင်းဝင်စားခြင်းမရှိ(ဝါ) လူဝင်စားမဟုတ်ပါပေ။ ဤသဘောတရားအယူအဆကို ကဘီးရ်(Kabir)က အထူးတလည် ကြံစည်တွေးတော၍ ရေးသားခဲ့ခြင်းဖြစ်သည်။

(Bijak, Shabda 8, 45)* ထိုနည်းတူစွာပင် ဆစ်ခ်ဘာသာအယူဝါဒသည် အထူးတလည်အားဖြင့်သော်လည်းကောင်း၊ သီးခြားတစ်ခန်းကဏ္ဍအားဖြင့်သော်လည်းကောင်း၊ ထာဝရဘုရားသခင်၏ ကိုယ်စား ပရောဖက်(Prophet)ဆိုသူများအား မည်သည့်တန်ခိုးအာဏာမျှ အပ်နှင်းခြင်း မပြုခဲ့ပါပေ။ ထိုသို့သော အကြောင်းခြင်းရာများကြောင့် ဆစ်ခ်ဘာသာသည် ပူရမ်နည်းက ဟိန္ဒူအယူဝါဒ (Purantic Hinduism)၊ ခရစ်ယာန်ဘာသာတို့အား တိုက်ရိုက်သဘောအားဖြင့်လည်းကောင်း၊ အစ္စလာမ်ဘာသာအား သွယ်ဝိုက်သောနည်းဖြင့်လည်းကောင်း၊ ဝေဖန်တိုက်ခိုက်ခြင်းဖြင့် ဆစ်ခ်ဘာသာသည် တစ်ဆူတည်းသော ဘုရားအယူအဆကို ငြင်းပါယ်ထားသည်။

ဂုရုနာနပ်ခ်(Guru Nanak)က ဝတ်ပြုကိုးကွယ်မှုဆိုင်ရာ အကြောင်းအရာဖြစ်သည့် ဆဂုနဗြဟ္မာ(Saguna Brahman)နှင့် အခြားသောယုံကြည်ကိုးကွယ်မှုပြုရာ အမည်နာမဖြစ်ကြသော Kartar ခေါ် ဖန်ဆင်းရှင် Akal ခေါ် ထာဝရတည်နေသော ပုဂ္ဂိုလ်၊ Satt-nama ခေါ် မြင့်မြတ်သော အမည်နာမတော်ဟူ၍ ခေါ်ဆိုသည်။ ဝါဟီဂုရု(Waheguru)သည်လည်း နာနပ်ခ်(Nanak)၏ နောက်စာပေအဖြစ် အသုံးပြုခဲ့သေးသည်။ ဂုရုနာနပ်ခ်သည် အလ္လာအရှင်မြတ်နာမတော်(the name of Allah)ကိုလည်းကောင်း၊ ခုဒ်(Khuda)၏ အမည်နာမကိုလည်းကောင်း၊ ကျက်မှတ်ရွတ်ဆိုပူဇော်ရန် ပါရဝါဒီဂါ(Paravadigar)ကိုလည်းကောင်း၊ အရှင်မြတ်ဟုခေါ်ရာတွင် (Sahib) ဟူ၍လည်းကောင်း ရေးသားပြောဆိုအသုံးပြုခဲ့သည်။ ၎င်းသည် ရာမ(Rama)၊ ဂိုပါလ(Gopala)၊ မူရာရီ(Murari)၊ နာရာယန(Narayana)၊ မဒ္ဒဝ(Madava)ကဲ့သို့သော နတ်ဘုရားများစွာတို့၏ အမည်နာမများကိုလည်း ပူရမ်ကျမ်းနှင့်ဆိုင်သော ဘာခ်တိ(Bhakti) ခေါ် ဝတ်ရွတ်စဉ်ကျမ်းတွင် ထည့်သွင်းရေးသားခဲ့သည်။ ဂုရုနာနပ်ခ်(Guru Nanak)သည် အဘယ်ကြောင့် နတ်ဘုရားများစွာတို့၏ အမည်နာမများအား ရေးသားသီကုံးအသုံးပြုခဲ့ရပါသနည်း။။

အဓိပ္ပါယ်ဖော်ပြချက်မှာ ရှင်းနေပါ၏။ ဆစ်ခ်ဘာသာသည် ကွဲပြားခြားနားသည့် ဘာသာယုံကြည်ကိုးကွယ်မှုအားလုံးမှ အသီးသီးသော ယုံကြည်ဆည်းကပ်သူများအား ကွဲလွဲနေသည့်သဘောထားကို ရင်ကြားစေ့ပေါင်းစည်းရေး အမြင်ဖြင့်လည်းကောင်း၊ ဘာသာ

* ဂုရုနာနပ်ခ်(Guru Nanak)သည် Avataravada ခေါ် လူဝင်စားဆိုခြင်းကိစ္စတွင် အခြားသောအယူဝါဒများအား ဆန့်ကျင်ရေးသားပြောဆိုရာ၌သော်လည်းကောင်း၊ ဘာသာရေးဆိုင်ရာအစဉ်အလာများနှင့် ပြဒ်ပယောဂ၊ ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားမှုနှင့် ရုပ်တုကိုးကွယ်သည့် အယူအဆများအား စိတ်ဆိုးမာန်ဆိုး ပြောဆိုရာတွင်လည်းကောင်း၊ ကဘီးရ်(Kabir)၏ ဩဇာလွှမ်းမိုးမှုခံရသည်။

အသီးသီး၏ ယုံကြည်ကိုးကွယ်သူများသည် ကိုယ်ကျင့်သီလ တင်းကြပ်စွာစောင့်ထိန်းမှုဖြင့် ရှိုးသားဖြောင့်မတ်သော အသက်မွေးဝမ်းကျောင်းမှုနှင့် လူသားအားလုံးအား အလုပ်အကျွေးပြုရေး အမြင်ဖြင့် ဆစ်ခ်ဘာသာကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေရန်လိုလားသောကြောင့်ဖြစ်သည်။ ကေသဝကရင်(Keshava Karim)၊ အလ္လာ အစ်ရှ်ဝါရ(Allah Ishvara)၊ ရာမရာဟင်(Rama-Rahim)ဟူသော ကွဲပြားခြားနားသည့် အမည်နာမတော်များဖြစ်သော်လည်း ထပ်တူညီမျှသော အရှိတရား၊ အမှန်တရားဖြစ်၍ ၎င်းတို့သည် ပုံသဏ္ဌာန်၊ အရိပ် နိမိတ်လက္ခဏာကင်းမဲ့သလို တစ်ချိန်တည်း၌ ပုံသဏ္ဌာန်အရိပ်၊ နိမိတ်လက္ခဏာလည်းရှိသည်။

ဂုရုကြီးများကိုယ်စား ယနေ့တွင် အသက်ရှိထင်ရှားရှိနေသော ဂုရုကြီးသည်လည်း ဂုဏ်ရည်အတူတူပင်ဖြစ်၍ ၎င်းမှာ ပုံသဏ္ဌာန်အရိပ် နိမိတ်လက္ခဏာ အတူတူပင်ဖြစ်၍ ၎င်းတို့သည် ပုံသဏ္ဌာန်၊ အရိပ် နိမိတ်လက္ခဏာအမျိုးမျိုးရှိ၏။ ထို့ကြောင့်"ဂုရုသည် သျှိဝဖြစ်၏။ ဂုရုသည် ဗိဿနိုးနှင့်ဗြဟ္မာဖြစ်၏။ ဂုရုသည် ပါဝါတီဖြစ်၏။ ဂုရုသည် လက်ချ်မီးဖြစ်၏။ ထိုနည်းအတူ သူရဿတီလည်းဖြစ်သည်။"

ဤသို့အားဖြင့် ဘာသာတရားအားလုံးတို့သည် ပို၍အခြေအမြစ်ရှိစွာဖြင့် ပို၍ လေးနက်သော သမုတိသစ္စာ(Underlying reality)၏အနက်သဘောကို ကွဲပြားခြားနားမှုများက အဓိပ္ပါယ်လေးနက်မှုကို လျော့နည်းစေသည်။ အဘယ်ကြောင့် ကျွန်ုပ်တို့သည် အမှန်တကယ် မရှိသည့် သမုတိသစ္စာ အမည်နာမတို့အပေါ်၌သာ စဉ်းစားကာဖြင့် ကျွန်ုပ်တို့အချင်းချင်း ငြင်းခုန်ခိုက်ရန် ဖြိုးမာန်ပွားနေကြပါလိမ့် ?။

ခိုင်ခိုင်မြဲမြဲယုံကြည်သောအစွဲ(Under girds)တို့ဖြင့် ဘာသာတရားများအားလုံး တို့၏ သမုတိသစ္စာမျှသာဖြစ်သည့် အမည်နာမများနှင့် ဝတ်ပြုကိုးကွယ်ပုံသဏ္ဌာန်များအား ထောက်ပြလျက် ဂုရုနာနပ်ခ်က လူတစ်ဦးနှင့်တစ်ဦးအကြား ခွဲခြားနေသည့် ဝတ်ပြုကိုးကွယ်မှု ဆိုင်ရာ ဝတ်ရွတ်စဉ်နှင့် ပြင်ပမှတွေ့မြင်ရသော အသွင်သဏ္ဌာန်များအား ဆန့်ကျင်သည့်အချက် တစ်ချက်ကို တင်ပြခဲ့သည်။ ဂုရုနာနပ်ခ်က နတ်ဘုရား၏နောက်ကွယ်တွင် ပရမတ္ထသစ္စာ ကြိုးစားရှာကြံသူ၏ အတွင်းသဘောအဓိပ္ပါယ်ဖြစ်သည့် ဟိန္ဒူဘာသာမှ ရာမ(Rama)နှင့် အစ္စလာမ်သာဘာမှ ရာဟင်(Rahim)သည် သဘာဝအားဖြင့် ထပ်တူညီမျှဖြစ်သည့် တစ်မျိုး

တည်းသော ပရမတ္ထသစ္စာဖြစ်သည်ဟူ၍ ချေပပြောဆိုမှုပြုထားသည်။

ဂုရုနာနပ်ခ်သည် Sunnyasa ခေါ် လူ့ဘောင်ကိုစွန့်ခွာရှောင်၍ ရဟန်းဘောင်သို့ ကူးပြောင်းခြင်းကို အားမပေးကြောင်း နောက်တစ်ကြိမ်ထပ်မံရေးသားခဲ့သည်။ ၎င်းက မိမိကိုယ်ကို မိမိချီးကျူး၍ သူ၏အိမ်ထောင်ဦးဘဝတွင် ရိုးရိုးသားသားနှင့် ကြိုးစားလုပ်ကိုင်နေထိုင်ခဲ့ပုံနှင့် လိုအပ်သည့်နေရာတွင်ပါဝင်၍ ကိုယ်ကျိုးစွန့်လွှတ်ခဲ့ပုံများ ရေးသားထားသည်။

ဤနည်းအားဖြင့် ဆစ်ခ်ဘာသာဝင် အိမ်ထောင်ဦးစီးတစ်ယောက်သည်"Kirt Karma, Wanchakna, nam japna"ဟူသော ဘုရားသခင်၏ ဂုဏ်တော်အား သတိရစွာထုတ်ဖော်သည့် အနေဖြင့် ရိုးသားကြိုးစား၍ မိမိ၏ဥစ္စာနေအား မျှဝေပေးကမ်းမှုပြုလုပ်ရန် မျှော်လင့်ထားသည်။ ပါမောက္ခဂုရုချမ်ရမ်ဆင်းတာလစ်(Prof. Guru Charan Singh Talib)က ဂုရုနာနပ်ခ်၏ကျမ်းစာများမှထုတ်နှုတ်၍ အောက်ပါအတိုင်း ရေးသားထားသည်။

> "လူပုဂ္ဂိုလ်တစ်ယောက်သည် ကြိုးစားလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းမှုပြုလျက် အလှူဒါန ပရိစ္စာဂကို အားထုတ်ပြုကျင့်၏။ ထိုသူသည် ဘုရားသခင်၏လမ်းစဉ်ကို သိသောသူ ကေန်အမှန်ဖြစ်၏။"

ဆစ်ခ်ဘာသာဝင်တိုင်းသည် ဂုရုနာနပ်ခ် စတင်ထုတ်ဖော်ရေးသားခဲ့သည့် Langar ဆိုသည့် အစားအစာ ပေးကမ်းလှူဒါန်းခြင်းကို သိရှိနားလည်ထားကြပြီးနောက်မှစ၍ ယနေ့တိုင် ဆစ်ခ်ဘာသာဝင်များ လိုက်နာကျင့်သုံးကြသည်။ ယခုအခါ ဆစ်ခ်လူမျိုးများသည် အကောင်းဆုံးသော တပ်မတော်သားများအဖြစ်သာမက၊ အကောင်းဆုံးသော တောင်သူလယ်သမားများ၊ အအောင်မြင်ဆုံးသော စီးပွားရေးလုပ်ငန်းရှင်များနှင့် စက်မှုလက်မှုလုပ်ငန်းပိုင်ရှင်များလည်း ဖြစ်နေကြသည်မှာ အံ့ဩစရာမဟုတ်ပါလား။

နောက်ဆုံးအနေဖြင့် ကိုယ်စောင့်နတ်(Personal God)သည် သူ၏ကျင့်ကြံအားထုတ်သူများအတွက် ကယ်တင်ရှင်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် ရိုးသားစွာဖြင့် ကိုယ်စောင့်နတ်အားရှာဖွေလျှင် ဘုရားသခင်သည် မိမိအားယုံကြည်ကိုးကွယ်သူများအား မဟာဂရုဏာ၊ ချစ်ခြင်းမေတ္တာဖြင့် မာယာ၏ပြားယောင်းသွေးဆောင် ချုပ်နှောင်ထားသည့် လူ့ဘဝ၏ဒုက္ခဘောင်မှ ကယ်တင်ဆောင်ယူ စောင့်ရှောက်တော်မူ၏။ လူသား၏ အမြင့်ဆုံးသော နောက်ဆုံး

ပန်းတိုင်သည် သမာဓိ(Samadhi)မှတဆင့်ဖြစ်စေ၊ သို့မဟုတ် ဘာ့ခ်တိ(Bhakti) ခေါ် ကျင့်ဝတ် ပဋိပတ်မှုဖြစ်စေ၊ ''ဘုရားသခင်မှတပါး အခြားကိုးကွယ်ရာမရှိပါ''(God-realization)ဟူ၍ ယုံကြည်ကိုးကွယ်ခြင်းဖြစ်သည်။

## ဆစ်ခ်ဘာသာ၏ လူနှင့်စပ်လျဉ်းသည့်ယုံကြည်ချက်

## THE CONCEPT OF MAN IN SIKHISM

လူဆိုသည်မှာ သံသယဖြစ်ရန်မလိုပါ။ ဝိဉာဉ်မှ ကိုယ်ခန္ဓာဖြစ်ပေါ်၍လာပေတာ၊ ကိုယ်ခန္ဓာလည်း မဟုတ်ပါ၊ သို့သော် ကိုယ်ခန္ဓာလည်းဖြစ်သည်သာ၊ သို့သော် အသက်ဝိဉာဉ် ဆိုတာ အစဉ်ထာဝရတည်မြဲသည့်အရာဖြစ်သည်မှာ သေချာ။

''သိနေသည့် ဤဝိဉာဉ် ထာဝရတည်မြဲ အမြဲအသက်ရှင်
အဖိုးထိုက်တန်သော ရတနာအတွက် လူအများဘုရားဖူးထွက်။ ဤဝိဉာဉ်ဟူသော
အရာသည် လူ၏နှလုံးသားတွင် ကိန်းဝပ်လျက်ပင်။''

လူ့ခန္ဓာကိုယ်အားစွန့်ခွာလျက် တခြားစီဖြစ်နေသည့် အသက်ဝိဉာဉ်သည် ဘုရားသခင်၏ မီးတောက်၊ မီးလျှံအလင်းရောင်တို့မှ ဖြာထွက်ပေါ်နေသည့် မီးဖွားစကလေးတစ်ခုဖြစ်သည်ဟု ဆို၏။ ကုန်လွန်ခဲ့ပြီးသော အတိတ်ကာလများတွင် ခန္ဓာကိုယ်နှင့်အသက်ဝိဉာဉ်အား လူဟူ၍ ခေါ်ဆိုခြင်းမှာ အနည်းငယ်မျှသောသမုဒ္ဒရာရေကို ဖန်ခွက်ထဲတွင်ထည့်ထားခြင်းနှင့် ဥပမာတူ၏။ ဖန်ခွက်သည် အနည်းငယ်မျှသော သမုဒ္ဒရာရေထိန်းသိမ်းထားခြင်းဖြစ်သည်။ ဤသဘောတရား အယူအဆ''ဝေဒန္တစကား ပရိယာယ်နည်းနာနိဿယ''(Vedantic metaphor of ghatakasha) ခေါ် ''ဂါတကာရှ''၏ သတိပေးနိုးဆော်ချက်တစ်ခုဖြစ်နိုင်ပါ၏။ (ဖန်ဘူးအတွင်းထည့်ထားသည့် ရေမွှေးနံ့ကဲ့သို့ပင်)။ သမုဒ္ဒရာရေထုသည် မပေါင်းစပ်နိုင်သကဲ့သို့ လူ၏ကိုယ်ခန္ဓာသည်လည်း ထိုနည်းတူ နှိုင်းယှဉ်ရှုမြင်ရမည်ဖြစ်သည်။ ကံမကောင်း အကြောင်းမလှသဖြင့် လူဆိုသော သတ္တဝါသည် ၎င်း၏ခန္ဓာကိုယ်အား လူ့ဘုံဘဝ လူ့လောကတွင် ဆက်လက်တည်ရှိနိုင်မည် ဖြစ်သည့် ကိစ္စမှန်သမျှကို ဆက်လက်လုပ်ဆောင်နေခြင်းဖြင့် မရေမတွက်နိုင်သောဒုက္ခများစွာကို ခံစားလျက် မဆုံးနိုင်သော မွေးမှု၊ သေမှုများအတွက် ဘဝကူးပြောင်းခြင်းအလုပ်ကို လုပ်ဆောင်

နေရပေဦးမည်။ ဤနေရာ၌ ဆစ်ခ်ဘာသာသည် လူ့ဘဝမှမလွတ်မြောက်သေးသမျှ ကာလ ပတ်လုံး ဒုက္ခအဖုံဖုံနှင့်နပမ်းလုံးနေရခြင်း၊ မဆုံးသံသရာ၌ ဇာတိပဋိသန္ဓေ ထပ်ခါထပ်ခါ ရယူခြင်းအတွက် လူသတ္တဝါသည် ဘဝကူးပြောင်းခြင်းရယူနေရ၏ဟုဆိုသည့် အိန္ဒိယလူမျိုးတို့၏ အယူအဆကို မှတ်ယူဆောင်ထားသည်။ သို့ရာတွင် လူသတ္တဝါသည် မရေမတွက်နိုင်သော လူ့ဘဝကို ဘာကြောင့်ကျရောက်သနည်းဆိုသည့် မေးခွန်းဖြစ်ပေါ်လာ၏။

ရှုမြင်သုံးသပ်မှုတစ်ခုတွင် လီလာ(Lila)သည် ဘုရားသခင်ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် မာယာ(Maya)ဟုခေါ်သော ဘုရားသခင်၏ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖန်ဆင်း နိုင်သည့်စွမ်းအားသည် ကမ္ဘာလောကအား ရှင်သန်စေသောကြောင့်ဖြစ်၏။ သို့ရာတွင် ဤမည်သော မာယာသည် ဘုရားသခင်၏တကယ့်အရှိသဘာဝကို မသိမြင်နိုင်အောင် ဖုံးကွယ် ထားပေသည်။ ဤသို့မာယာ၏ ဖုံးကွယ်ထားမှုအားဖြင့် လူသတ္တဝါသည် ကာမ(Karma)၊ ဒေါသ(Krodha)၊ လောဘ(Loba)၊ မောဟ(Moha)နှင့် အဟမ်ကာရ(Ahamkara) ခေါ် ထောင်လွှားမော်ကြွားမှု၊ မောက်မာသည့် မာန်မာနတည်းဟူသော ဒုစရိုက်တရား ၅ ပါးဖြင့် ချောက်ကမ်းပါးသို့ ကျရှုံးတော့၏။ ဤဒုစရိုက်တရား ၅ ပါးကို ဖယ်ရှားပစ်ခြင်းမပြုနိုင်သမျှ ကာလပတ်လုံး လူသတ္တဝါသည် ရေတွက်ခြင်းငှာမစွမ်းနိုင်သော ဘဝများစွာသံသရာမှာ ချားရဟတ်ပမာ လှည့်ပတ်ကာဖြင့် ဒုက္ခဘုံတစ်လွှား ဆုံလည်နွားပမာ မရပ်မနားသွားနေရမည် ဖြစ်တော့၏။

ဤသို့အားဖြင့် လူသတ္တဝါတွင် ခိုင်မြဲစွာစွဲကိုင်ထားမှု ၂ ခုရှိ၏။ အဘယ်ကြောင့်ဆိုသော် ဂုရုမုခ်(Guru Mukh) ခေါ် ဘုရားသခင်ရှေ့တော်မှောက်သို့ ရောက်ရန်အရေး ၎င်း၏နှလုံးသားက တိမ်းညွတ်ပေးလျက်ရှိသည်။ သို့သော် လောကလူ့ဘုံ အသိုက်မြုံတွင် ပျော်စရာအစုံကာမဂုဏ် အာရုံများသို့လည်း သူ၏နှလုံးသားတိမ်းညွှတ်သွားပြန်သည်။ ဤသို့သောအချင်းအရာကို တဏှာ(Trsna)နှင့် ဘဝ(Bhava)ဟူ၍ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏နှုတ်မှ မြွက်ဖော်ပြ ဟောမိန့်တော်မူခဲ့သည့်အချက်က သတိပေးနှိုးဆော်ထားပေ၏။ ဤသို့ ပျော်စရာအစုံ ကာမဂုဏ် အာရုံထွေပြား လိုလားမှုကို ဆစ်ခ်ဘာသာ(Sikhism)က မနမုခ်(Mana Mukh)ဟူ၍ ဆိုလိုသည့် အချက်ကို တစ်စုံတစ်ယောက်၏စိတ်အား တစ်ကိုယ်ကောင်းဆန်သော အလိုဆန္ဒနှင့်ပျော်ရွှင်မှု

ဖြစ်ကြောင်း လွှဲပြောင်း၍ပြောထားပြန်သည်။ ဤသို့သော အနာရောဂါအား ကုသပျောက်ကင်းစေနိုင်မည့်ဆေးဝါးသည် အဘယ်အရာဖြစ်သနည်း။ လူသတ္တဝါတစ်ဦးတစ်ယောက်၏ ကိလေသာတဏှာ ထိုရောဂါကို ပျောက်ကင်းရာဆေးနည်းတစ်ခုတည်းမှာ မိမိ၏နှလုံးအတွင်းသို့ ဘုရားသခင်၏စိတ်ဝိညာဉ်ဝင်ရောက်ခြင်းဖြင့် ဖြူစင်မြင့်မြတ်သော စိတ်နှလုံးထားရှိနိုင်မှု အပေါ်၌သာ တည်ပေ၏။ သို့သော် ဤဒုစရိုက်တရားငါးပါး(Five evils of lust, greed, attachment, anger and egoist)ဟူသော မကောင်းဆိုးဝါး အမိုက်တရားကို မည်သူကပြုလုပ်ပေး၍ လူသတ္တဝါသည် ဤဝဋ်ကြွေးကို ပေးဆပ်နေရပါသနည်း။

မှန်ပါသည်။ အလွန်တရာစိတ်ဝင်စားဘွယ်ကောင်းသော မာယာ(Maya)သည် ဘုရားသခင်၏သဘောသဘာဝ အရှိအမှန်အသိဉာဏ်ဖြင့် မမြင်နိုင်ရန်ဖုံးကွယ်ထားခြင်းဖြင့် လူသားက ဘုရားသခင်အား အဓိကထား၍ဦးတည်လိုက်နာရမည့် စစ်မှန်သောတာဝန်ကို ပျက်ကွက်စေခဲ့သည်။ သို့ရာတွင် လူသတ္တဝါက ဘုရားသခင်အား စိတ်ထဲမှာထား၍ ကြည်ညိုကိုင်းညွှတ်မှုရှိပါသည်ဟူ၍သာ ဆင်ခြေဆင်လက်ပေးနေကြသော်လည်း ဘုရားသခင်၏ ဆုံးမစကားကိုတော့ မေ့ကာ၊ လျော့ကာ၊ ပေါ့ဆစွာဖြင့် အချိန်ကုန်နေကြသည်။ အကယ်၍ လူသတ္တဝါသည် အဆုံးစွန်အားဖြင့် ဘုရားသခင်အား ကောင်းစွာသိနားလည်ရေးအတွက် ဆင်ခြေဆင်လက်တွေမပေးဘဲ မေ့လျော့မထားပါဘူးဆိုလျှင် သူ၏ရှေ့ဆက်လျှောက်လှမ်းရမည့် ကုန်ဆုံးနိုင်ဘွယ်ရာမမြင်၊ မွေးမှု သေမှု သံသရာတခွင်တွင် ပူပန်သောက ဗျာပါဒတွေ ကြုံတွေ့ရမည့်အရေးအတွက် ၎င်း၏ တာဝန်သာဖြစ်ပေလိမ့်မည်။ ဤသို့အားဖြင့် ဟောင်မိုင်(Haumai) သည် ဘုရားသခင်ပွင့်ထွန်းပေါ်ပေါက်နေခြင်းအား မသိကျိုးကျွန်ပြုနေခြင်းမှာ ဘုရားသခင်အား ဆန့်ကျင်ပုန်ကန်တော်လှန်သည့်သဘော ဖြစ်ပေတော့၏။ ဤအဓိပ္ပါယ်မှာ ဘုရားသခင်အားကျောခိုင်း၍အခြားဘက်သို့ တူရှုမျက်နှာမူနေခြင်းမှာ တိရစ္ဆာန်ဘဝသို့ ရောက်ရှိစေမည့် ကြီးစွာသောအထောက်အပံ့ကို ရယူနေခြင်းဖြစ်ပေတော့၏။ သို့ရာတွင် ယခုအချိန်အခါသမယ၊ လူ့ဘဝသို့ရောက်ရှိနေခြင်းမှာ ဘုရားသခင်နှင့် ကြုံတွေ့ဆုံဆည်းခွင့် ရနေပါလျက်နှင့်ပင် မရေမတွက်နိုင်သောမွေးဖွားသေဆုံးရသည့် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းပြတ်စေသည့် သံသရာမှလွတ်မြောက်ရေးအတွက် အဖိုးထိုက်တန်လှသော အခွင့်အခါကောင်းဖြစ်ပေသည်။ လူသားတစ်ဦး၏အဖို့ရာ၌ ၎င်း၏

လက်ရှိဘဝသည်သာလျှင် မုတ္တိ(Mukti) ခေါ် သံသရာဝဲဩဃမှ ရှက်စုံဖွင့်၍ အားသွန်ခွန်စိုက် လျော်ခတ်ဖြတ်ကူး လွတ်မြောက်နိုင်မည့်အခွင့်အရေးကို ရရှိနေခြင်းဖြစ်တော့၏။ လူ့ဘဝတစ်ခဏ ရရှိနေခြင်းမှာ အတည်တကျမရှိ စုတေကြွေကျ နောက်ဘဝသို့ မရပ်မနား လှည့်ပတ်သွားနေရပြီး နောက်ဘဝတစ်ဖန် လူ့ဘဝပြန်ရရှိမည့်အရေးသည် အလွန့်အလွန်ခက်ခဲစွာဖြင့် ကံကောင်း ထောက်မ၍ ရရှိနေခြင်းဖြစ်သည်။

မှန်ပေ၏။ အလျားတစ်လန်၊ အနံတစ်ထွာ၊ ဤကိုယ်ခန္ဓာကြီးအား လစ်လျူမရှု ဥပက္ခာမပြုပဲ လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်မှုရှိရပါမည်။ ၎င်းကိုယ်ခန္ဓာကြီးကို ဝအောင်လည်းကျွေးမွေးပြုစုလျက် လူ့လောကကောင်းကျိုးချမ်းသာမှုနှင့် ဘုရားသခင်၏ ဝေယျာဝစ္စအမှုတို့ကိုလည်း ပြုလုပ်ရာ၏။ ဤခန္ဓာအိမ်သည် ဘုရားကျောင်းတော်တစ်ခုအဖြစ် သဘောထား၍ ၎င်းအား ဖြူစင်မြင့်မြတ်သောဘဝဖြစ်စေလျက် ဘုရားသခင်၏အကြောင်း သိကောင်းစရာနှင့် လူ့ဘောင်လောကအတွက် အကျိုးပြုထမ်းဆောင်ရမည့်တာဝန်ကို အတတ်နိုင်ဆုံး ထမ်းဆောင်သင့်ပေ၏။

"ဤကိုယ်ကာယ တစ်လန်မျှ၌ ဘုရားသခင်ကိန်းပျော်ရှင်ဖို့
ဝတ်ကျောင်းတော်အသွင်ဖြစ်စေချင်၏။
အလျားတစ်လန်၊ အနံတစ်ထွာ ဤကိုယ်ခန္ဓာသည်
ဘုရားဖူးနေရာသာတည့်၊
ငါသည် ဘုရားဖူးလာသူဖြစ်၏ ဟူသို့"

ဤသဘောထားသည် ခရစ်ယာန်ဘာသာဝင်တစ်ဦးက ၎င်း၏ခန္ဓာကိုယ်အား ထာဝရ ဘုရားသခင်၏ မြင့်မြတ်သောဝတ်ပြုရာကျောင်းတော်အဖြစ် သတ်မှတ်အပ်နှံရန်လိုအပ်ကြောင်း သမ္မာကျမ်းစာမှ သွန်သင်ညွှန်ပြမှုကို အမှတ်ရစေလိမ့်မည်ဖြစ်သည်။ ဆစ်ခ်ဘာသာဝင်တစ်ဦးက ၎င်း၏ခန္ဓာအိမ်ကို ဘုရားဝတ်ကျောင်းတော်ကဲ့သို့ အသိအမှတ်ပြု မှတ်ယူပေးပါရန် မိမိ ကိုယ်တိုင်အပ်နှံခြင်းမှာ အိန္ဒိယလူမျိုးတို့၏ ဘာသာရေးယူဆချက်တွင် အသစ်တစ်ခုထွက်ပေါ်လာ မှုဖြစ်၍ မဖြစ်မနေကြေငြာခဲ့ခြင်းဖြစ်သည်။ ထို့ပြင်တဝ လူမှုရေးကိစ္စတွင်လည်း ဘာသာရေးအစဉ် အလာ ခိုင်မာစေလျက် ကျန်းမာသန်စွမ်းသည့်လူ့ဘဝဖြင့် ပါဝင်ဆောင်ရွက်ရန် မဖြစ်မနေ

အတင်းအဓမ္မ ကြေညာခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းအချင်းရာမှာ ဟိန္ဒူဘာသာ ဝေဒန္တအယူ ဝါဒနှင့် ဗုဒ္ဓဘာသာ၏ ဗောဓိသတ္တအယူအဆများတို့၏ သဗ္ဗမုတ္တိ(Sarvamukti)ခေါ် သတ္တဝါဝေနေယျ အားလုံး လွတ်မြောက်စေရေးဟူသောအယူအဆကို လက်ကိုင်ပြုလက်ခံထားခြင်းဖြစ်သည်။ ဤအကြောင်းအရာကို ရာမခရစ်ရှနား၏ ကိုယ်ခန္ဓာအား ဘုရားသခင်ဝတ်ကျောင်းတော်အဖြစ် ရည်မှတ်၍ ဆစ်ခ်ဘာသာဝင်တစ်ဦးတွင် ဘုရားရှိခိုးခြင်းအဖြစ်ပြောင်းလဲခြင်း၊ ဘုရားသခင်အား ဦးတည်၍ တရားထိုင်ခြင်းနှင့် သမာဓိထူထောင်ခြင်းများအပြင် အထူးတလည်အားဖြင့်သော် လည်းကောင်း၊ သို့မဟုတ် အဆုံးအစွန်ဝတ်ပြုပူဇော်ခြင်းအားဖြင့်သော်လည်း ယင်းသို့ နှစ်မျိုးစလုံး အတွက် ဦးတည်ချက်ပြောင်းလဲ သတ်မှတ်ပေးခဲ့သည်။

ဆစ်ခ်ဘာသာသည် ဆက်လက်၍ လူအချင်းချင်း တန်းတူညီမျှမှု ဆစ်ခ်လူမျိုးများ အတွင်း အချင်းချင်းကို ညီအစ်ကိုသဖွယ်သဘောထား၍ ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားမှုအား ဆန့်ကျင်ကန့်ကွက်ခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်သည်။

## ကမ္ဘာလောက

## THE WORLD

M.A. Macau Lifte ဆိုသူက ဂုရုနာနပ်ခ်၏ ရပ်ဝေဒ(the Rgvedic)[X-90,121,129]နှင့်သက်ဆိုင်သော ဂုဏ်တော်နှင့် ဓမ္မဂီတ၊ ကဗျာတေးလင်္ကာများအား ခိုင်မာစွာ ဂုဏ်သတင်းပျံ့သင်း မွေးကြိုင်စေခြင်းအားဖြင့် ရှုမြင်သုံးသပ်ချက်များကို ရေးသားတင်ပြခဲ့သည်။ ဂုရုနာနပ်ခ်၏ ဘုရားသခင်ဖန်ဆင်းတော်မူခြင်းဟူသော အကြောင်းအရာ ဇာတ်လမ်းအစုံအလင်ကို မူဆလင်ဘာသာ၏ ကျမ်းမြတ်ကိုရမ်၌ဖော်ပြရေးသားထားသည့် ကမ္ဘာလောကဟူသော အကြောင်းအရာနှင့် တစ်စုံတစ်ရာတူညီကြောင်း နှိုင်းယှဉ်ရေးသားခဲ့သည်။

> ''ထာဝရဘုရားသခင်ဟာ တစ်ခုတည်းသော အမိန့်တော်အားဖြင့်သာ၊ ဒေါက်တိုင်၊ ဒိုင်းမျှားလားလားမျှ မပါ။ ကောင်းကင်ဘုံနန်းကို ပြဋ္ဌာန်းတော်မူခဲ့တာ။

နေနှင့်လကို ဖန်ဆင်းတော်မူပါ။ ယင်းတို့၏ အလင်းရောင်ကို ထွန်းညှိ၍၊
ကမ္ဘာတစ်ခွင်လုံး ထိန်လင်းစေခဲ့တာ။
ထာဝရဘုရားသခင်မှာ မိဘနှစ်ပါးဟူ၍မရှိတာ၊
၎င်းအား မည်သူက မွေးဖွားခဲ့ပါသနည်းဟူ၍မေးချင်တာ။
ထာဝရဘုရားသခင်မှာ ပုံသဏ္ဌာန်အရိပ်၊ နိမိတ်လက္ခဏာ လုံးဝမပါတာ၊
ကျွမ်းကျင်လိမ္မာစွာဖြင့်သာ၊ ပုံသဏ္ဌာန်အားလုံးကို နှိုင်းယှဉ်မှုမပြုနိုင်ရန်၊
ပယ်ရှားတော်မူခဲ့တာ။
ဇာတ်နိမ့်ဇာတ်မြင့် လူ့အတန်းအစားခွဲခြားမှုဆိုတာ လုံးဝရှိမည်မဟုတ်ပါ"

ဤအဆိုအမိန့်အရ ကမ္ဘာလောကကြီးတစ်ခုလုံးသည် မူလအစပထမ၌ အမှောင်ထု လုံးဝပိတ်ဖုံး၍ အလင်းရောင်ဆိတ်သုန်းနေခဲ့၏။ ထိုအချိန်ကာလ ကမ္ဘာဦး၏အစ၌ ပထဝီမြေထု၊ မိုးကောင်းကင်ဟု ခေါ်ဆိုစရာသည်လည်းကောင်း၊ အချိန်ကာလ နေ့နှင့်ညဟူ၍လည်းကောင်း ခေါ်ဆိုစရာ မရှိပါပေ။ ထာဝရဘုရားသခင်က ကမ္ဘာလောကအားဖန်ဆင်းတော်မူ၍ ကမ္ဘာလောက ထဲသို့ ဝင်ရောက်ခဲ့သည်ဆိုခြင်းမှာ ဟိန္ဒူဘာသာ ဥပနိရှတ်ကျမ်း(Upanishads of Hinduism)တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။ ထာဝရဘုရားသခင်၏အမိန့်တော်အတိုင်း ကမ္ဘာလောက ကြီးသည် ရှင်သန်အသက်ဝင်ခဲ့သည်။

အကယ်၍ ကျွန်ုပ်တို့အလေးအနက် ထပ်ဆင့်ရေးသားတင်ပြရလျှင် "ထို့နောက် ထာဝရဘုရားသခင်က မိန့်တော်မူသည်မှာ ထိုနေရာ၌ ကမ္ဘာလောကသည်ရှိခဲ့၏။" ထို့နောက် ထာဝရဘုရားသခင်၏စကားဖြစ်သည့် ကမ္ဘာလောကအား ဘာတစ်ခုမျှမရှိခြင်းမှ ဖန်ဆင်းခဲ့သည် ဆိုခြင်းကို နားလည်သဘောပေါက်ရမည်ဖြစ်သည်။ သို့ရာတွင် အခြားတစ်နေရာတွင်မူ ဂုရု နာနပ်ခ်က ထာဝရဘုရားသခင်သည် ကမ္ဘာလောကကြီးအား ဓါတ်ကြီး ၄ ပါးထဲမှဖန်ဆင်းခြင်း မဟုတ်၊ ဓါတ်ကြီး ၅ ပါးမှ ဖန်ဆင်းခဲ့ခြင်းဖြစ်၏ဟူ၍ ဖော်ပြခဲ့သည်။ ကမ္ဘာလောကကြီး တစ်ခုလုံးအား ထာဝရဘုရားသခင်က ၎င်း၏တန်ခိုးတော်ကိုပြသလို၍ အံ့ဩဘွယ်ရာဖြစ်အောင် ဖန်ဆင်းတော်မူခဲ့၏။ ဤစကားသည် ပဆမ်အမှတ်–၁၉(Pslam 19)အနက်မှ ဖန်ဆင်းတော်မူခြင်း ဂုဏ်တော် သီချင်းတစ်ပုဒ်ကို ခိုင်မာစွာပေးနေ၏။

"ထာဝရဘုရား၏ဂုဏ်တော်ကား၊
လွန်စွာရှင်းလင်း၊ လှပေသား၊
မိုးကောင်းကင်က၊ စန္ဒာအလား၊
ကြည်လင်ပြတ်သား၊ ဖော်ထုတ်ထား၏၊
အဖဘုရား၊ ဖန်ဆင်းထားသည့်၊
ကမ္ဘာလောက၊ လွန်စွာလှပ၊
ပြန့်ပျူးသာယာလှပေစွ။"

××××××××××××××

"မည်သည့်စကား၊ မည်သည့်တရားမျှ
မိန့်တော်မူခြင်း၊ အလျဉ်းမရှိ၊ တည်နေဘိ၏။
သို့သော်ငြားလည်း၊ ကမ္ဘာကြီး၏
ဒေသအသီးသီး၊ မြည်တုန်ဟီးသည့်၊
အသံတော်ကြီး၊ ရိုက်ခတ်တီး၏။"

ဂုရုနာနပ်ခ်က ယခုအချိန်အခါ၌ မသိမလိမ္မာ၍ အကြမ်များစွာမိုက်မဲကြသူများမှာ ဘုရားသခင်၏အမိန့်တော်ကို သွေဖီကာ၊ အလေးမမူ၊ ဂရုပင်မပြုကြတော့ပါ။ ထို့ပြင် ဖန်ဆင်းတော်မူခြင်းကိုလည်း ဖော်ပြခြင်းမရှိတော့ဟူ၍ ရေးသားခဲ့သည်။ သို့သော် ဆတ်ဂုရု (Satt Guru)က ထာဝရဘုရားသခင်သည် နေရာဌာနတိုင်း၌ ပျံ့နှံ့ရောက်ရှိ တည်နေတော်မူပြီး လူတစ်ဦးချင်းစီ ကိုယ်ခန္ဓာအတွင်း၌သော်လည်းကောင်း ကိန်းအောင်းတည်နေတော်မူ၏ဟူ၍ သင်ကြားပြသသည်။ ထာဝရဘုရားအား ဦးတည်ချက်ထားသူများသည် ကမ္ဘာလောကကြီးအား ဘုရားရှင်နှင့် ၎င်း၏ကိုယ်စား Lila(Sports) ခေါ် လီလာဖြစ်ကြောင်းတွေ့ရသည်။ ထာဝရဘုရား ၎င်း၏ကိုယ်စား လီလာတို့၏အပေါ်၌ ကမ္ဘာလောကကြီးက တည်မှီနေသည်ဆိုသည့် အသိဉာဏ်ကို ဝမ်းသာခြင်း၊ အံ့ဩခြင်းနှင့် ဘုရားရှင်အား ချီးကျူးပူဇော်ခြင်းများဖြင့် မိမိ၏ဘဝအား ထာဝရဘုရားသို့ ယုံကြည်အပ်နှံထားသူသို့ ဖြည့်ဆည်းပေးသည့်အပြင် ဝတ်ပြုကိုးကွယ်ခြင်းများကို ကူညီပေးသည်။

မှန်ပါ၏။ ကမ္ဘာလောကကြီးသည် မိမိ၏တရားကိုယ်သဘောအရ ပရမတ္ထသစ္စာ (ဝါ) တကယ်စစ်မှန်သည်ဟူ၍ မရှိပါပေ။ ကမ္ဘာလောကကြီး ဖြစ်ထွန်းပေါ်ပေါက်ခြင်းသည် ဘုရားသခင် အပေါ်၌သာ မှီတည်နေသည်ဆိုခြင်းမှာ မှန်ကန်သော်လည်း ကမ္ဘာလောကကြီးပေါ်၌ အလေး အနက်ထားရပါမည်။ ဆစ်ခ်ဘာသာယုံကြည်ဆည်းကပ်သူတစ်ယောက်အဖို့ အဆုံးမရှိသော တစ်ဘဝမှ နောက်ဘဝသို့ ပြောင်းရွှေ့စုတေ အကြိမ်ကြိမ် မွေးသေနေရခြင်းတည်းဟူသော သံသရာမှ ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ဖြင့် လွတ်မြောက်အောင်မြင်နိုင်ရေးကိစ္စမှာ ယုံကြည် ဆည်းကပ်သူ၏ တာဝန်ဖြစ်၍ ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ထာဝရဘုရားသခင်က ကျေနပ် ဝမ်းမြောက်စေရန် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့သောအကြောင်းကြောင့် ဆစ်ခ်ဘာသာ ဝင်တိုင်းတွင် ၎င်း၏တာဝန်ဖြစ်သည့် အိမ်ထောင်ဦးစီး၏တာဝန်ကို အဓိကထား၍ ဖြည့်ဆည်း ပေးရမည်။ ဂုရုကြီး ၁၀ ပါးအနက်မှ ၉ ပါးသည် အိမ်ထောင်ဦးစီးများ ဖြစ်ဖူးခဲ့ကြသည်။ ဤနည်းအားဖြင့် ကမ္ဘာလောကကြီးသည် တကယ်ရှိသော အမှန်တရားဖြစ်၍ ထာဝရဘုရား သခင်၏ ဖန်ဆင်းမှုဖြစ်သည့်အားလျော်စွာ လူသတ္တဝါသည် သံသရာဝဋ်ကြွေးပေးဆပ်ရေး အတွက် လွတ်ကျွတ်ရေးလွယ်ကူ အောင်လံထူနိုင်မည်ဖြစ်၏။ ဆစ်ခ်ဘာသာ၏ အဆိုအမိန့်အရ လူတစ်ယောက် သတိပြုသင့်သည့်အချက်မှာ ကမ္ဘာမြေပေါ်၌ ဤလက်ရှိလူသားဘဝသို့ ရောက်ရှိနေခြင်းသည် ၎င်းကိုယ်တိုင်သံသရာမှ လွတ်မြောက်မှုအတွက် အောင်မြင်နိုင်ပေလိမ့်မည်။ ထို့ကြောင့် ကမ္ဘာလောကကြီးသည် တကယ့်အရှိတရားဖြစ်၍ လူသားတစ်ယောက်အဖြစ် ရှင်သန်နေရခြင်းသည်လည်း အလွန်အဖိုးတန်လှပေသည်။

ဆစ်ခ်ဘာသာ၏ ဤရှုမြင်မှုသည် အဝိဇ္ဇာဟူသောအယူအဆ(Advaitism)မှ ကူးပြောင်း ရယူထားကြောင်း ပေါ်လွင်ထင်ရှားပြီး ၎င်းအယူအဆမှာ မမှန်ကန်သည့်အချက်ကို လက်ခံယုံကြည် စေခြင်းဖြစ်သည်ဟုဆို၏။ ကမ္ဘာလောကကြီးသည် အမှန်တကယ်ရှိသည့် ပရမတ္ထသစ္စာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထာဝရဘုရားသခင်က ဖန်ဆင်းတော်မူခဲ့ပြီး ၎င်းကိုယ်တိုင်မှာလည်း ယင်းကမ္ဘာလောကအတွင်း စံနေတော်မူခြင်းကြောင့်ဖြစ်၏။ ကမ္ဘာလောကသည် မည်ကဲ့သို့ သမုတိသစ္စာ(ဝါ) အမှန်တကယ်ရှိမှုမဟုတ်သောတရား၊ သို့မဟုတ် တနည်းအားဖြင့် အရေး မကြီးလှသောတရားဟူ၍ ပြောနိုင်ပါမည်နည်း။ အကယ်၍ တစ်ဦးတစ်ယောက်သောသူသည်

ထာဝရဘုရားသခင်အား ဖူးတွေ့လိုလျှင် ကမ္ဘာလောကအားဖူးတွေ့လိုလျှင် ကမ္ဘာလောကအား တကယ့်အရှိအမှန်တရားဟူ၍မှတ်ယူပြီး တကယ့်အမှန်ရှိသော ကမ္ဘာလောကအတွင်း သူ၏ တာဝန်များကို အလေးအနက်သဘောထား၍ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ၎င်း၏လွတ်မြောက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရမည့်အခွင့်အလမ်းကို ရယူသွားရမည်ဖြစ်ပေသည်။

မှန်ပေသည်၊ ထာဝရဘုရားသခင်အား အလုပ်အကျွေးပြုခြင်းနှင့် ၎င်းအပေါ်ယုံကြည်သက်ဝင်ခြင်းသည် လွတ်မြောက်မှု၏ အဓိပ္ပါယ်သက်ရောက်သည်။ သို့သော် လူ့လောကအဖွဲ့အစည်းနှင့် ကမ္ဘာလောကကြီးအား တကယ့်အရှိတရားဟူ၍ သိနားလည်ခြင်းကို ဂုရုဂိုဘင်ဆင်း (Guru Gobind Singh)ကိုယ်တိုင် အားထုတ်မှု(Purusa kara)ဟူ၍လည်းကောင်း၊ လူမှုရေးလုပ်ငန်းကိုဆောင်ရွက်ခြင်း(Muktinama)ဟူ၍လည်းကောင်း၊ ပိုမိုလေးနက်အောင် ထပ်ဆင့်ဖော်ပြခဲ့သည်။

အို– ဆစ်ခ်ဘာသာဝင်အပေါင်းတို့ သင်တို့သည် သင်တို့ပိုင်ဆိုင်သော ပစ္စည်းပစ္စယများကို အခြားတစ်ပါးသောသူတို့အား ခေတ္တခဏငှားရမ်းပေးရန် တောင်းခံလာသူအား ငှားရမ်းပေးခြင်း မပြုကြပါလင့်၊ သို့ရာတွင် အကယ်၍ အတင်းအဓမ္မဖြင့် မငှားရမ်းလျှင်မဖြစ်အောင် အကြပ်ကိုင်ခြင်းမခံရလျှင် မိမိငှားရမ်းပေးလိုက်သောပစ္စည်းကို ငှားရမ်းသွားသူက မိမိအား ကတိရှိစွာဖြင့် ပြန်လည်ပေးအပ်ပြီးဖြစ်သည်ဟူ၍ သဘောထားလိုက်ပါ။ မမှန်ကန်သော စကားကို မဆိုကြကုန်လင့်၊ သစ္စာမရှိ၊ ကတိမတည်သူများအား မပေါင်းသင်းကြကုန်လင့်၊ ပညာရှိသူတော်ကောင်းနှင့်ပေါင်းသင်း၍ အမှန်တရားကိုလေ့ကျင့်ပါ။ အမှန်တရားကို ချစ်မြတ်နိုးပါ။ အသင်၏နှလုံးတွင် သံမှိုဖြင့်နှက်သလို မှတ်သားထားပါ၊ ရိုးရိုးကျင့် မြင့်မြင့်ကြံ၊ မှန်တာလုပ်ပါ၊ မည်သူ့အားမျှ မမှန်ကန်သောအလုပ်ကို အတင်းအဓမ္မ မတိုက်တွန်း၊ မစေခိုင်း ပါနှင့်၊ ....။ ဘာသာရေးကိစ္စများတွင် လှူဒါန်းပေးကမ်းပါ၊ သူတစ်ပါးပိုင်ဆိုင်သည့် ငွေကြေးဥစ္စာဓနကို လောဘကြီးစွာ ရယူလိုချင်စိတ်မထားရှိပါနှင့်။ အယုတ်အလတ်အမြတ် မရွေး၊ ကြီးငယ်မဟူ အလှူခံပုဂ္ဂိုလ်အား စေတနာဖြူစင်စွာဖြင့် ညီတူညီမျှသောအစားအစာကို ပေးကမ်းဝေငှခြင်းပြုလုပ်သင့်ပေသည်။ လိမ်ညာပြောဆို၍ လူများထံမှ ၎င်းတို့၏စည်းစိမ်ဥစ္စာ ဓနပစ္စည်းပစ္စယများအား အလှူခံတောင်းရမ်းသော ဗြဟ္မဏ၊ ပုဏ္ဏားများနှင့် မူလ(စ်)(Brahmans and

Mullas)တို့အား တစ်ကြိမ်တစ်ခါတည်းဖြင့် ထောက်ပံ့ပေးကမ်းခြင်းကို ပြီးဆုံးစေရာ၏။

တစ်ဖန်ထပ်မံ၍ ဖော်ပြရလျှင် "၁၀% မျှသော ရင်းပိုင်ဆိုင်သည့် ငွေကြေးဥစ္စာထဲမှ ဘာသာရေးကိစ္စတွင် လှူဒါန်းပါ"။

## သံသရာဝဋ်ကြွေး ဒုက္ခဖြင့်ပေးဆပ်ရခြင်းကိစ္စ

**The Problem of Suffering**

ကမ္ဘာလောကကြီး၏ ဖန်ဆင်းရှင်သည် ထာဝရဘုရားသခင်ဖြစ်ကြောင်းကို ဆစ်ခ်ဘာသာက လက်ခံသည်။ ထာဝရဘုရားသခင်က ကမ္ဘာလောကအား ဖန်ဆင်းရသည့် အကြောင်းမှာ မာယာ(Maya)၏အစွမ်းသတ္တိကြောင့်ဖြစ်သည်။ မာယာသည် ထာဝရဘုရားသခင်၏ အမှန်သဘောသဘာဝအား ဖုံးကွယ်ထားသည့်အတွက် မသိမှုအဝိဇ္ဇာတရား ဖုံးအုပ်ကွယ်ကာထားခြင်းဖြင့် လူသားတစ်ယောက်အား မနမုခီ(Manamukhi)ဖြစ်စေ၍ ရာဂ၊ ဒေါသ၊ မောဟနှင့် မာန်မာန(Lust, anger, infatuation, greed and egoity)တည်းဟူသော မကောင်းမှု ၅ မျိုး ဒုစရိုက်ဆိုးတရားတို့အား ဝင်တိုးမိလျက်သား ဖြစ်သွားရ၏။ လူသား၏ တွေ့ကြုံခံစားရသည့် ဒုက္ခဝဋ်ကြွေးကို ပေးဆပ်၍မဆုံးနိုင်အောင် အဆုံးအပိုင်းအခြားဟူ၍မရှိသော ဘဝများစွာ ဖြစ်ပေါ်ခံစားရခြင်းသည် ထာဝရဘုရားသခင်၏ တာဝန်သာဖြစ်ပါသလော။ ဖန်ဆင်းရှင်ထာဝရဘုရားသခင်သည် ဤအခက်အခဲများ အန္တရာယ်များစွာကို ရင်ဆိုင်စေခြင်းကြောင့်သာ ဖြစ်ပေါ်ရသည်ဆိုခြင်းမှာ သံသယဖြစ်ဖွယ်ရာမရှိပါ။ ထာဝရဘုရားသခင်က ဤကမ္ဘာလောကကြီးအား ဘာမျှမရှိသောအခြေအနေမှ ဖန်ဆင်းတော်မူသည်ဖြစ်စေ၊ သို့မဟုတ် မာယာ၏လှည့်စားဟန်၊ လီလာ၏ဉာဏ်ဖြင့် ဓါတ်ကြီး ၅ မျိုးတို့အား ဖန်ဆင်းတော်မူသည်ဖြစ်စေ၊ လူသား၏ ဆင်းရဲဒုက္ခအဖုံဖုံ တွေ့ကြုံခံစားရခြင်းမှာ ထာဝရဘုရားသခင်၌ အနည်းငယ်မျှသော အချိုးအစားအားဖြင့် တာဝန်ရှိပေ၏။ ဇိုရိုစထရီးယားဘာသာ(Zoroastrianism)၌ အရာခပ်သိမ်းကို ထာဝရဘုရားသခင် ဖန်ဆင်းတော်မူခဲ့၏ဟုဆိုသော အဓိပ္ပါယ်စကားအရ အစနှင့်အဆုံးရှိသော အရာများကိုသာ ဘုရားသခင်က ဖန်ဆင်းတော်မူနိုင်သည်ဟူ၍ ထောက်ပြရေးသားထား၏။ ထို့ပြင်တာဝ အဆုံးနှင့်အစတရား ဓမ္မဟူသော အယူအဆက မတိကျ၊ မသေချာ၊ မရေရာခြင်းများ

နှင့်အတူ မာယာ၊ မသိမှု၊ အဝိဇ္ဇာ၊ ကန့်သတ်တားဆီးထားသောအရာ(ဂျိန်းဘာသာအဆိုအရ) ဝင်္ဒုက္ခ(စဉ်းစားဆင်ခြင်မှုနှင့် ဒဿနိကသဘောအရ)ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုနိုင်သောခြားနားချက်အား သိမြင်နိုင်မှုစွမ်းအားဖြင့် သတ္တလောက၊ ဘုံဌာနကို လှပခန့်ငြား ထည်ဝါသွားအောင် တန်ဆာဆင်မြန်း မပေးစွမ်းနိုင်ပါပေ။ သို့ရာတွင် လူသားနှင့် ၎င်း၏အဆုံးစွန်ရည်မှန်းချက်၊ သို့မဟုတ် ထာဝရဘုရားနှင့် တွေ့ဆုံနိုင်ရေးဟူသော ရည်မှန်းချက်ကို သိမြင်နားလည်နိုင်မှု အတိုင်းအတာ ပမာဏသည် ထာဝရဘုရားက လူသားသို့ အကြောင်းပြချက် ပေးထားခဲ့ပြီးသားဖြစ်သည်။ ယင်းရည်မျှော်မှန်းဆချက်မှာ လူသားအနေဖြင့် ၎င်း၏စိတ်ဆန္ဒအား ထာဝရဘုရားသခင်၏ စိတ်ဆန္ဒသို့ အပ်နှံခြင်းသာဖြစ်သည်။

"ကျွန်ုပ်တို့၏ စိတ်ဆန္ဒများသည် ကျွန်ုပ်တို့သာဖြစ်၏။
သို့သော် ၎င်းတို့သည် သင်တို့၏သူတို့အား ဆောင်ရွက်ပေးရန်ဖြစ်သည်။"

ထာဝရဘုရားသခင်က လူသားအား အစနှင့်အဆုံး အပိုင်းအခြားအားဖြင့်ဖြစ်စေ၊ သို့မဟုတ် အစနှင့်အဆုံး အပိုင်းအခြားမရှိဘဲဖြစ်စေသတည်းဟူ၍ စကားလုံး အမှတ်သင်္ကေတအားဖြင့် Manamukhi၊ သို့မဟုတ် ထာဝရဘုရားဘက်တော်သား(God ward or Gnumukh)အရ ဖန်ဆင်းတော်မူခဲ့သည်။ ဘုရားသခင်အား ကောင်းစွာသဘောပေါက်နားလည်ခြင်း(God realization) ဟူသော ဦးတည်ချက်သို့ဖြစ်စေ၊ သို့မဟုတ် အဆုံးမရှိသော ဘဝများစွာသံသရာတွင် အဆုံးမရှိသော ဘေးအန္တရာယ်အသွယ်သွယ်တို့ ဝိုင်းရံပိတ်ဆီး သံသရာလမ်းခရီးတွင် ဝဲဇလုတ်အတွင်း နစ်မြုပ်ခြင်းဖြင့်ဖြစ်စေ၊ မိမိကိုယ်တိုင်တွန်းဖယ်နိုင်ရန်၊ ကိုယ်ပိုင်ဉာဏ်အစွမ်းကို လူသားသတ္တဝါအားပေးအပ်ထားပြီး ဖြစ်တော့၏။ ဤနည်းအားဖြင့် လူသားသတ္တဝါ အသင်ကိုယ်တိုင်သာလျှင် မိမိ၏ကံကြမ္မာအတွက် အမှားနှင့်အမှန်ကို ဝေဖန်သုံးသပ်ဆုံးဖြတ်ရန် တာဝန်ရှိပေ၏။ သို့ရာတွင် ဒုက္ခခပ်သိမ်း ချုပ်ပျောက်ငြိမ်းရန် နည်းလမ်းမှန်တစ်ခုကိုတော့ အကြံပြုလိုပါ၏။

ဤသည်ကား အကယ်၍ လူသတ္တဝါတစ်ဦးသည် ကမ္ဘာလောကကြီး၏ ပျော်စရာအစုံ လူ့လောကဇာတ်ခုံတွင် ခုံမင်သာယာ၊ တဏှာ၏နောက်သို့ တကောက်ကောက်လိုက်၍ သာယာမှု ဟူသော ရေလျှင်ကျောမှာ တစ်မျှောတည်း မျှောပါနေခြင်းဖြင့် မသိမှု အဝိဇ္ဇာ၏ အကျိုးရလဒ်က

တော့ ဒုက္ခဝဋ်ကြွေးပေးဆပ်နေရမည့် အရေးပင်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ၊ အကယ်၍သာ လူသားဆိုသောသတ္တဝါသည် ကမ္ဘာလောကကြီး၏အကြောင်း အသိဉာဏ်ကောင်း ရရှိပြီး ဘုရားဘက်သို့ ဦးခိုက်ရိုကျိုး မာန်ညွတ်ကျိုးလျက် ရှိခိုးကန်တော့သည့် ဂါရဝဟူသော ကောင်းမှုကို ပြုလျှင်တော့ဖြင့် လွတ်မြောက်မှုမျှော်လင့်ချက် အချို့အဝက်တော့ရှိနေသေး၏။ ဤကိစ္စအလို့ငှာ ဥပမာပြုရပါမူ အသွင်မတူသည့် ငှက်နှစ်ကောင်ကို နမူနာယူ၊ စကားတစ်လုံး၏ အဓိပ္ပါယ် ပရိယာယ်ဖြင့်သွယ်ဝိုက်ကာ ကိုယ်လိုရာဆွဲသုံးသဖြင့် နဂိုရ်ရှိရင်းစွဲအဓိပ္ပါယ်နှင့် ကွဲလွဲရသကဲ့သို့ ဖြစ်၏။

> "ထိုနှစ်ကောင်သောငှက်တို့တွင် တစ်ကောင်က ချိုသောသစ်သီးကိုသာစားပါ၏။ အခြားငှက်တစ်ကောင်မှာမူ ယင်းချိုမြိန်သော သစ်သီးကို ဆွဲယူကာစားသုံးဖို့အရေး ငေးမောၡသာကြည့်နေသေးသကဲ့သို့"
>
> Mundka 3.1, Svt..4.6

ထို့ကြောင့် လူသားဆိုသော ထိုသတ္တဝါအား ဂျိန်းဘာသာက ရေးသားဖော်ပြထား သကဲ့သို့ ဝိဉာဉ်၏ပြုလုပ်ဖန်တီးမှုမှာ သစ်လွင်သော ၎င်း၏ကိုယ်ပိုင်အမြင် ဖြစ်သင့်ပေသည်။

မှန်ပါသည်၊ ဟောင်မိုင်(Haumai)ဟူသော စကားအဓိပ္ပါယ် ဖွင့်ဆိုထားသည်ကတော့ ကမ္ဘာလောကအတွင်း အသက်ရှင်နေထိုင်ခြင်းနှင့် ပျော်ရွှင်ချမ်းမြေ့ခြင်းတို့မှာ အမြဲတစေ တည်တံ့၍ နေခြင်းမဟုတ်ပေ။ (*ဗုဒ္ဓဟောကြားသည့် ခန္ဓာငါးဝ၊ ရုပ်နာမ်ဓမ္မဟူသော၊ သင်္ခါရလောကသည် ဖြစ်သည်နှင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ ပျက်စီးခြင်းသဘောက ကပ်၍လိုက်ပါမြဲဖြစ်၏။ ပြုပြင်ထိန်းသိမ်းမှုဖြစ်ပြီးတိုင်းလည်း ပျက်မြဲတိုင်းသော ပျက်လျက်သာတည့်"ဟူ၍ ပါရှိ၏။ တစ်နည်းအားဖြင့် birth is followed by death or appearence is followed by disapperance ဟူ၍ဖြစ်သည်။ တစ်နည်းအားဖြင့်လည်း everything is impermanence or mortal - ဘာသာပြန်သူ*)။ ထာဝရဘုရားသခင်က ဆင်းရဲဒုက္ခကို ပို့ဆောင်ပေးခဲ့ခြင်းကြောင့် လူသတ္တဝါသည် ဘုရား သခင်ဘက်သို့ ဦးတည်ရိုကျိုး ရှိခိုးကန်တော့ စိတ်နေသဘောထားသည် ပျော့ပျောင်း၍လာ နိုင်ပေ၏။ ထိုသို့သော အကြောင်းခြင်းရာများကြောင့် ဒုက္ခခံစားရမှုသည် ပုံစံပြောင်းထားသော ကောင်းမြတ်သည့်အချက်ဟူ၍ ဆိုနိုင်သည်။ ဤကဲ့သို့ ကမ္ဘာလောကအတွင်းသို့ လူ့ရယ်လို့ဖြစ်ကာ

မွေးဖွားလာရခြင်းမှာ ၎င်း၏အတိတ်က ပြုလုပ် ခဲ့သောကံ(Past Karmas)များကြောင့်ဖြစ်၍ ထာဝရဘုရားသခင်၌ တာဝန်မရှိပေ။ သို့ရာတွင် ကောင်းသောကံ(Good Karmas) ပိုမို၍ ကောင်းမွန်သင့်မြတ်သော ဘဝအဆင့်အတန်း၊ အခွင့်အလမ်းကောင်းတို့ကို လူဟူ၍ခေါ်သော သတ္တဝါအား ဖြစ်ပေါ်စေသည်။ သို့ရာတွင် ထာဝရဘုရား သခင်အား ကောင်းစွာသိနားလည်ခြင်း အတွက် နည်းလမ်းကောင်းများစွာရှိရာ ၎င်းနည်းလမ်း ကောင်းများဘက်သို့ လှည့်ကြည့်ကြပါဦးစို့။

## ထာဝရဘုရားသခင်အား ကောင်းစွာသိနားလည်ရန်နည်းလမ်းများ

**Pathways to God-Realiaztion**

ထူးခြားသောအသွင်အပြင် လက္ခဏာရသနှင့် မထူးခြားသောအသွင်အပြင် လက္ခဏာရသ ထိုနှစ်ဝဖြင့်ပြည့်စုံသော ထာဝရတည်ရှိနေသည့် ထာဝရဘုရားတစ်ပါးသာရှိ၏။ ထူးခြားမှုမရှိပဲ သာမန်လူပုဂ္ဂိုလ်တစ်ယောက်ကဲ့သို့သာ အသွင်အပြင်လက္ခဏာရှိသော ဘုရားသခင်သည် ဟိန္ဒူဘာသာမှ နိဂုဏာဗြဟ္မာ(Nirguna Brahman)နှင့်အတူတူပင်ဖြစ်၏။ တည်ငြိမ်၍ မပြောင်းမလဲ အမြဲတည်ရှိနေသော စိတ်နှင့်သမာဓိ(Mind and Samadhi)ကို သူ ကောင်းစွာသိမြင်နားလည် နိုင်၏။ ဂုရုနာနပ်ခ်က ဆွန်နီယိုင်(Suniyai) ခေါ် ရှရာဝါန(Shravana) ခေါ် ဂုရုတစ်ပါး ပေးအပ်သော သင်ခန်းစာများအား နာယူကျက်မှတ်ခြင်း၊ မန်နိုင်(Manai) ခေါ် (Manana) ခေါ် ဂုရုတစ်ပါးကပေးအပ်သော မေးခွန်းတစ်ပုဒ်အား သေသေချာချာအချိန်ကြာမြင့်စွာယူ၍ စဉ်းစားတွေးခေါ်ခြင်းနှင့် ဒိုင်ယန(Dhyana)ခေါ် (Nididhysana)ခေါ် လေးနက်သော တရားထိုင် ခြင်းမှရရှိသော အသေအချာနားလည် သဘောပေါက်နားလည်ခြင်းဟူသောစကားကို ထောက်ခံ ထားသည်။ သို့သော် ဤနည်းလမ်းမှာ အန္တရာယ်များသော ခက်ခဲပင်ပန်းသည့်နည်းလမ်း ဖြစ်သည်။ ဂုရုနာနပ်ခ်က ကိုယ်ခန္ဓာအား စည်းကမ်းနည်းလမ်း ကျနစွာဖြင့် အသက်ရှုခြင်းအား ထိန်းချုပ်ထားသည့် နည်းလမ်းဖြင့်လည်း ဟသယောဂ(Hathayoga)ခေါ် ကျင့်စဉ်အား ရည်ညွှန်း၍ သင်ပြပေးသည်။ သို့ရာတွင် ဤနည်းလမ်းသည် ဓွတ်စိုသောမြေပြင်၌လှဲလျောင်း၍ လမ်းမှားသို့ ဦးတည်သွားနေခြင်းနှင့်ဆင်တူသည်။ ဂုရုနာနပ်ခ်သည် ဤနည်းလမ်းအား ဆန့်ကျင်သည့်ဆဟာချ် (Sahaj) ခေါ် လူ့သဘာဝနှင့် လိုက်လျောညီထွေဖြစ်စေမည့်နည်းလမ်းကို ထောက်ခံခဲ့သည်။

ဤနည်းလမ်းမှာ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်အားဦးတည်၍ တရားထိုင်ခြင်း၊ သို့မဟုတ် ဘာခ်တိ(Bhakti)ဖြင့် ဘုရားဝတ်ပြုသည့်နည်းလမ်းဖြစ်သည်။

''ဖားဖိုတစ်ခု၏အလား သင်၏အသက်ရှူသွင်း ရှူထုတ်မှုအား ထိန်းချုပ်ထားပါ။

ပူကျက်နီရဲနေသော သံပူ သံခဲပေါ်မှာ
သတ္တုများစွာရှိနေသည့်အလားပမာ။
ပုံစံသွင်းရန် သင်၏ခန္ဓာကိုယ်နှင့် စိတ်ဓါတ်အား
ဘုရားသခင်၏ ဉာဏ်ပညာကဲ့သို့ ပွင့်လင်းပါစေ'' ။
''အရည်ကျိုထားသည့် ပူလောင်နေသည့် သံရည်ပူနှင့်တူသည့်
သင်၏နှလုံးသားကို ထည့်ထားရန်အိုးမှာ ဘုရားသခင်၏မေတ္တာရေစင်သော ဖြစ်ပါ၏။
ထိုဘုရားသခင်၏ မေတ္တာရေစင်အိုးထဲမှာ
ဘုရားသခင်၏နာမတော်ကိုအရည်ကျို၍ ထည့်ထားပါ။
ချိုမြိန်သောအရသာနှင့်ပြည့်စုံသည့် ဘုရားသခင်၏ စကားသံအား ကြားခွင့်ရပါစေသား။
ဘုရားသခင်၏ လိုလားနှစ်သက်တော်မူသော မျက်လုံးများက
ဘာသာတရားလေ့လာလိုက်စားသူများအား စောင့်ရှောက် မ စပါစေသား။''

ဤသို့သောနည်းလမ်းဖြင့် ဘုရားသခင်အား ကောင်းစွာသိနားလည်ရန် လက်တွေ့ကျသော ဝတ်ပြုကိုးကွယ်ခြင်းဆိုသည်မှာ အစ်ရှဗာရ(Ishvara)၊ သို့မဟုတ် ဗြဟ္မဏာ(Brahman) တို့အား အသွင်သဏ္ဍာန်ရော အနှစ်သာရပါ လေးနက်စွာယုံကြည်သက်ဝင်မှုကို ဆိုလိုပါသည်။ ဆစ်ခ်ဘာသာဝင်တစ်ဦးသည် နိဂုဏာ(Nirguna)၊ သို့မဟုတ် ဆဂုဏာဗြဟ္မဏာ(Saguna Brahman) အကြောင်းအရာကို ကောင်းစွာသိနားလည်လိုလျှင်ဖြစ်စေ၊ ဂုရုကြီးတစ်ပါးပါး၏ ထိန်းကျောင်းမှုနှင့် ညွှန်ပြမှုများကို အမှန်တကယ်လိုအပ်ပါသည်။ ဂုရုကြီးကိုယ်တိုင်ကလည်း ဘုရားသခင်အား ကောင်းစွာသိရှိနားလည်သူ ဆပ်ဂုရု(Sat-Guru)ဟူ၍ခေါ်ဆိုသော

လူသားတစ်ဦးသာဖြစ်ပါ၏။ ဤအကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍လည်း အဝိဋ္ဌာဝါဒ (Avaitism)နှင့် ဆက်စပ်နေပြီး ဤနေရာတွင် ဖြစ်ပေါ်လာမည့်အကျိုးရလာဒ်ကို မစဉ်းစားပဲ ယင်းဂုရုကြီးကိုယ်တိုင်သည်ပင်လျှင် ဂျီဗမှုတ္တ(Jivanmukta)ခေါ် လက်ရှိဘဝ၌ပင်လျှင် အကျွတ်တရားရရှိပြီးသူနှင့် ဗြဟ္မာဉာဏီ (Brahmajnani)ဖြစ်ပြီးသူဟူ၍ ဂုရုကြီးတစ်ပါးအား ပြောဆိုဝေဖန်ခဲ့ကြသည်။ ဂုရုနာနပ်၏ အလိုအားဖြင့် ဘုရားသခင်သည် ၎င်းကိုယ်တော်တိုင်၏ အသက်ဝိဉာဉ်တော်အား တစ်ကယ့်စစ်မှန်သည့် ဂုရုကြီးတစ်ပါး၏ စိတ်ဝိဉာဉ်အတွင်းသို့ ပေးအပ်မှတ်သွင်းလျက် ဘုရားသခင်၏ အမိန့်ညွှန်ကြားချက်များကိုနည်းမှီ၍ ဂုရုကြီး၏ တပည့်သာဝကများသို့ ဖွင့်ထုတ်ပြောကြားခဲ့သည်။ ဂုရုမပါရှိပဲ ဆစ်ခ်ဘာသာဝင်များ၏ ဝတ်ပြုဆည်းကပ်ကိုးကွယ်ခြင်းမှာ စိတ်ပူပန်ဗျာပါဒများအတွင်း၌သာ ကျင်လည်နေမည်ဖြစ်၏။

''ဤကိုယ်ကာယ၊ တစ်လန်မျှ၌ ဥပမာသဘော၊
သစ်တောနှင့် ပုံနှိုင်း၍ ခပ်ရိုင်းရိုင်းပြောရလျှင်
ဆင်ပြောင်ကြီးတစ်ကောင်ဟာ သစ်တောအုပ်အတွင်း၌သာ
ပျော်ရွှင်စွာ ကျက်စားရာ၏။
စစ်မှန်သောကမ္ဘာလောက၊ ဆင်ပြောင်ကြီး၏ သင်္ကေတမှာ
အင်အားကြီးမားသော ရုပ်ဓါတ်ကြီးတစ်ခုဖြစ်ခါ၊
ဂုရုကြီးက ကျွမ်းကျင်လိမ္မာသည့် ဆင်ဦးစီးပမာ၊ အင်အားကြီးမားသူအား
မိမိလိုရာကို ခိုင်းစေလို့ရပေတာ။''

ဂျပ္ပုဂျီ(Japuji)ဟူ၍ အမည်ရသော ဓမ္မဂီတကျမ်းကြီး၌ ဂုရုကြီးက အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့သည်–

''ဂုရုကြီး၏ စကားလက်ာများသည် နှလုံးသားကတေးဂီတဟု ဆိုထိုက်လှ၏။''
''ဂုရုကြီး၏ စကားကဗျာများသည် မြင့်မားစာပေဆိုထိုက်ပေ၏။''
''ဂုရုကြီး၏ ရသများသည် ပန်းရနံ့သို့မသွေ၊ သင်းပျံ့နေ၏။''
''ဂုရုကြီးအား သျှိဝဘုရားခေါ်ဆိုငြား၍ ဗိဿနိုး၊ ဗြဟ္မာဖြစ်သည်သာတည့်။''
''ထိုမှတစ်ဖြာ ဂုရုကြီးဟာ နတ်သမီးတို့မာတာ၊ ပရာဗာတီမိခင် မေတ္တာရှင်သည်။''

ဆစ်ခ်ဘာသာတွင် ဘုရားသခင်ကိုယ်တိုင်သည်ပင်လျှင် ဝါဟီဂုရု(Wahe Guru)*အဖြစ် အမြင့်မြတ်ဆုံးသော ဂုရုဟူသော ရှုမြင်သုံးသပ်ချက်အခန်း၌ ဟောကြားညွှန်ပြထားသည်။ ဖော်ပြရေးသားခဲ့သည့်အတိုင်း ဆစ်ခ်ဘာသာ၌ ဂုရုနာနပ်ခ်မှစတင်၍ ဂုရုဂိုဘင်ဆင်းအထိ၊ ဂုရုကြီး ၁၀ ပါးရှိသည်။ နောက်ဆုံးအနေဖြင့် ဂုရုဂရမ့်ဆာဟစ်(Guru Granth Sahib)မှာ ဆစ်ခ်ဘာသာဝင်များအား အနာဂတ်ဖြစ်လာမည့် ဘာသာရေးလမ်းညွှန်မှုပေးခဲ့သူဖြစ်သည်။ သို့ရာတွင် ထိုသုံးမျိုးသောဂုရုများမှတပါး သိဒ္ဓြားဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဘုရားသခင်အား ကောင်းစွာနားလည်ကြသည့် ဝိညာဉ်များအားလည်း ဂုရုများဟူ၍ သတ်မှတ်ရေတွက်ထား၏။ သို့ရာတွင် ဘုရားသခင်၏ အလိုတော်ကျမဟုတ်ပဲ သံသရာဝဋ်မှလွတ်မြောက်စေရေးအတွက် ရှာကြံအားထုတ်သူတစ်ဦးနှင့် ဆန့်ကျင်သည့်ဂုရုဟူ၍မရှိပါပေ။ ဘုရားသခင်၏ အလိုတော် ပြည့်ရန် မည်ကဲ့သို့ပြုလုပ်ရမည်နည်း။

ပထမအချက်မှာ ဘုရားသခင်၏ အမည်နာမတော်ကို ပြည့်စုံစွာဖြင့် နာမဆူမိရာန (nama sumirana)ဟူ၍ မပြောင်းမလဲ အသံမစဲ အမြဲရွတ်ဆိုပူဇော်ရန်ဖြစ်၏။

ကဘီးရ်(Kabir)ကလည်း ဤသို့ရေးသားထားသည်–

"Guru Grovid tau ek hai, duja yahu akara" (Isakh -1.26).

အဓိပ္ပါယ်မှာ– ဂုရုနှင့် ဂိုဘင်ဒါတို့သည် အသွင်သဏ္ဍာန် ကွဲပြားခြားနားသော်လည်း ထာဝရဘုရားတစ်ပါးတည်းသာဖြစ်ပါ၏။ ရာမခရစ်ရှနား(Ramakrishna)က ထာဝရဘုရားသည် ဂုရုကြီးသာဖြစ်ပါပေ၏ဟူ၍ ထပ်ခါထပ်ခါ ရေးသားဖော်ပြခဲ့သည်။

"အကယ်၍သာ ဘုရားသခင်၏ နာမဆိုခါ၊ အမြဲမပြတ် ထပ်ခါတလဲလဲ ရွတ်ဖတ်ပူဇော်မှု မြဲနေခဲ့သော်၊ ကျွန်ုပ်နေထိုင်ဆဲလောကထဲမှာ အမြဲထာဝရပျော်ရွှင်မှု ရမည်သာတည့်။"

"အကယ်၍သာ မေ့လျော့ကာဖြင့် နာမတော်ကို မခေါ်ဆိုမူ၊ သေသူနှင့်မခြား ငါ၏အမှားတည့်။"

* ဤအရာသည် အိန္ဒိယလူမျိုးတို့ ရှေးရိုးစဉ်လာ အလေ့အထဝါဒသနာဗိဇနှင့် ထပ်တူညီမျှသောဘာသာဝဖြစ်၏။ အဝိဇ္ဇာဝါဒ(Avaitism) မြင့်မြတ်ခြင်းအားနားလည်သူ(Brahmavid or Knower of Brahman)၏အဆိုအရ သူကိုယ်တိုင်ဗြဟ္မာဖြစ်၍လာသည်။

"ဘုရားရှင်၏နာမတော်အမှန်ကို ထပ်ပြန်တလဲလဲခေါ်ဆိုရန်ခက်ခဲ၏။"

"အကယ်၍သာ၊ လူတစ်ဦးမှာ၊ ဘုရားရှင်၏ နာမတော်အမှန်၊ ခေါ်ဆိုရန်အတွက်၊ သဒ္ဓါတရား ထက်မြက်လျှင်၊ သူ့ညခံစား၊ ဝေဒနာများသည်၊ ထင်ရှားမကြာ၊ ပျောက်ကင်း တာကို၊ သူကိုယ်တိုင်သာ၊ ကျေနပ်စွာဖြင့်၊ သိလာရမှာ မလွဲကေန် အမှန်ပဲဖြစ်ပေသည်"

ယုံကြည်သက်ဝင်သူသည် ရုပ်ဝတ္ထုပစ္စည်းမဟုတ်သည့်၊ အမည်နာမအပေါ်၌သာ လမ်းဆုံး၍ ဆိုလိုသည့်အဓိပ္ပါယ်မှာ အနှစ်သာရကို မသိရှာကြပေ။ မှတ်သားထားခြင်းမှာ မဖြစ်နိုင်သည့် ရှေးပဝေသဏီအချိန်ကာလမှစ၍ ပေါ်ထွန်းလာခဲ့သော အိန္ဒိယပြည်၏ ရှေးရိုးစွဲ အယူအဆ၊ ဂါထာမန္တရား(Mantra) ခေါ် စိတ်တန်ခိုးဖြင့် အမျိုးမျိုးဖြစ်လိုရာကို ဖြစ်စေနိုင်သည့် အစဉ်အလာကို ထောက်ခံဖော်ပြထားသည်။ နာမဆူမိရန(Nama-sumirana)ခေါ် အတတ် ပညာသည် ဘုရားသခင်အပေါ် တည်ငြိမ်သည့်စိတ်ကိုထား၍ စိတ်ဓါတ်အင်အားကို ဖြူစင် သန့်ရှင်းစေ၍ ကျင့်ကြံအားထုတ်သူအား(Guru mukh)ခေါ် ဘုရားသခင်ဘက်သို့ ဦးတည်နေ၏။ ဘုရားသခင်၏ နာမတော်တစ်ခုချင်းနှင့် အားလုံးသောနာမတော်များသည် မိမိဖြစ်စေလိုသောဆန္ဒ ကို ပြည့်ဝလာစေလျက် ဘုရားသခင်နှင့် တွေ့ဆုံရသည်ချည်းသာဖြစ်၏။ ထောက်ပြ ရှင်းလင်းပြော ဆိုလိုသည့်အချက်မှာ အမည်နာမတော်သည် ဘုရားသခင်၏ ရွှေနှုတ်တော်မှ မြွက်ဟလှစ်ဖော် သြဝါဒကဲ့သို့သော်လည်းကောင်း၊ အခြေခံမူလဓမ္မပဒဖြစ်၍ ၎င်းသည် ကမ္ဘာလောကကြီး ဖန်ဆင်းဖြစ်ပေါ်စေမှုနှင့် ကမ္ဘာလောကအတွင်း သက်ဆင်းရောက်ရှိစေရန်၊ သတ္တဝါဖြစ်ပေါ်ရေးနှင့် ကယ်တင်နိုင်သည့် ဘုရားသခင်၏စွမ်းရည်သည် ဤနည်းအားဖြင့် မိန့်တော်မူကောင်း မိန့်တော် မူခဲ့မည်ဖြစ်ပေ၏။ သဘာဝနာမဆူမိရန(Nama-sumi rana)သည် ရှဘတ်(Shabad)ခေါ် ကောင်းချီးပေးတော်မူခြင်းနှင့် ဆက်စပ်မှုရှိနေသည်။

ဟိန္ဒူဘာသာ ဝေဒအယူဝါဒ၏ ရှဘတ်ဗြဟ္မာ(Shabad Brahman)ကျမ်းစာအရဆိုလျှင် ကမ္ဘာလောကကြီးတစ်ခုလုံးသည် ရှဘတ်၏ဖန်ဆင်းမှုဖြစ်သည်။ အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာတို့၌လည်း ကမ္ဘာလောကကြီးအား ထာဝရဘုရားသခင်က အမိန့်တော်ဖြင့် ဖန်ဆင်းခဲ့သည်ဟုပါရှိသည်။ ထာဝရဘုရားသခင်က မိန့်တော်မူသည်မှာ "ဤကမ္ဘာလောကကြီး တစ်ခုလုံး၌ အလင်းရောင်ဖြစ်ပေါ်ပါစေသတည်း" ဟူ၍လည်းကောင်း၊ "ဤကမ္ဘာလောကကြီး

တစ်ခုလုံးတွင် အလင်းရောင်ဖြစ်ပေါ်လာသည်”ဟူ၍လည်းကောင်း မိန့်တော်မူသည်။ ဟိန္ဒူ ဘာသာ သျှိဝအယူဝါဒ၌ သျှိဝ–ရှာ့ခ်တီ၏တုန်ခါမှု(Vibration of Shiva-Shakti)ကို ဖြစ်စေခဲ့ပြီး၊ ယင်းတုန်ခါမှုက အသံကိုဖြစ်စေခဲ့ပြီးလျှင် ကမ္ဘာလောကကြီးသည် ကျယ်လောင်သောအသံများ ဖြစ်ပေါ်ခဲ့သည်။ ထိုအချိန်မှစ၍ ဆစ်ခ်ဘာသာ၏ရှာဘတ်(Shabad Sikhism) ဤစကြဝဠာ ကမ္ဘာလောကဓါတ်ကြီး၏ ဖန်ဆင်းမှုဆိုင်ရာနှင့် ကိန်းအောင်းမွေ့လျော်မှုဆိုင်ရာ စွမ်းအင်ဖြစ် ခဲ့သည်။ တဖန်ထပ်ဆင့်၍ ဂုရုကြီးနှင့် ဂုရုဂရမ့်ဆာဟစ်တို့၏ သင်ကြားမှုကြောင့် ယင်းသင်ပြ ဟောကြားချက်များသည် ဘုရားသခင်၏အမိန့်တော်ဖြစ်လာခဲ့သည်။

ယခုအခါ နာမ–ဆုမိရန(Nama-sumirana)ဟူသော ဘုရားရှင်နှင့် နာမတော်အား ကြိမ်ဖန်များစွာ ထပ်ခါထပ်ခါရွတ်ဆိုသောစကားသံကို ရှာဘတ်(Shabad)ဟူသော ဖန်ဆင်းမှု ဆိုင်ရာစကားနှင့်ဆက်နွယ်၍ ယုံကြည်ဆည်းကပ်သူတို့က အကျိုးကျေးဇူးရရှိခဲ့သည်။ တစ်ချိန် တစ်ခါတုန်းက ဤဆက်နွယ်မှုကို စတင်ဖြစ်ပေါ်စေခဲ့လျက် သံသရာမှလွတ်မြောက်မှုရှာဖွေ ကျင့်ကြံသူ၏ မြင့်မြတ်သောအတွင်းအချွတ္တ စိတ်ဓါတ်စွန်အားများ တိုးပွားစေခဲ့၏။ ဤသို့ အားလျော်စွာ ဂုရုနာနပ်(ခ်)က အောက်ပါအတိုင်းရေးဖွဲ့ခဲ့သည်–

“ဘုရားသခင်၏နာမတော်အတွင်း စိတ်ဝိညာဉ်ကိန်းအောင်း မွေ့လျော်ပျော်ခဲ့ပေ၏။”

“ဘုရားသခင်၏နာမတော်သည် ငါ၏ခန္ဓာကိုယ်အတွင်း မွေ့လျော်ကိန်းအောင်း ပါစေသတည်း။”

“ဂုရုကြီးမရှိလျှင် ငါတို့သည် အမှောင်တိုက်အတွင်း လမ်းလျှောက်ခြင်းနှင့်တူပါ၏။”

“ဘုရားသခင်၏ အဆုံးအမကင်းမဲ့လျှင် အသက်ရှင်မှုမရှိဟု၊ ငါတို့သတိပြု။”

“ဂုရုကြီး၏အဆုံးအမ ဆိုစကား အလင်းရောင်အလားသို့ ငါတို့အားကိုးစို့။”

“ဘုရားသခင် ဂုရုအရှင်၏ဩဝါဒစကား အမှန်တရားသို့ ဒို့ရှေးရှုစို့။”

“ဘုရားသခင်၏ အဆုံးအမစကား ဩဝါဒများအတွက် နာမတော်အား အကြောင်း တရား အဖြစ်အရင်းခံ အစစ်ဖြစ်ပါ၏။”

“ဘုရားသခင်၏အဆုံးအမစကား၊ ဩဝါဒတော်များမှာ ငါတို့တစ်တွေ၊ ညီညွတ်မှုကို မလွဲမသွေ၊ ရပါရစေ”

ဤအချက်ကို ကဘီးရ်(Kabir) ကလည်း လမ်းညွှန်ပြခဲ့ဘူးလေပြီ၊

Shabad ju bahya ek,

Lagad hi bhain miligaya, paryakaleje chhed. (1.Sakhi 1.7)

(ဂုရုကြီးညြဝါဒစကားပစ်လိုက်သောမြှားသည်

ငါ၏အသဲကြား၊ လျှင်မြန်စွာထိုးဖောက်၊

အပေါက်ကလေးတစ်ပေါက်၊ အပြီးတိုင်ဝင်ရောက်လျက်ရှိ၏။)

သို့ရာတွင် ဘုရားသခင်အား ကောင်းစွာသဘောပေါက် နားလည်ခြင်းဆိုသည်မှာ ဘုရားသခင်၏ အလိုတော်အတိုင်း လုံးဝမူတည်၏။

ဘုရားသခင်၏ အလိုဆန္ဒတော်ဆိုသည်မှာ ဘုရားသခင်က သူနှစ်သက်သဘောကျသည့် ၎င်းအား ကြည်ညိုလေးစားစွာကိုးကွယ်သူအား အခမဲ့ဖြင့်ပေးအပ်သည့် လက်ဆောင်ဖြစ်သည်။ သို့ရာတွင် ကျင့်ကြံကြိုးကုတ်အားထုတ်သူသည် လျော်ကန်သင့်မြတ်သော လက်ခံရယူထိုက်သူ ဖြစ်ရပါမည်။ လျော်ကန်သင့်မြတ်၍ လက်ခံယူရန်ထိုက်တန်သည့် ပုဂ္ဂိုလ်ဆိုသည်မှာ ဘုရားသခင်အား အလေးအမြတ် ယုံကြည်ဆည်းကပ်သူ ဖြစ်ရမည်ဟူ၍ဆိုလိုသည်။ ဘုရားသခင်အား အလေးအမြတ်ယုံကြည်ဆည်းကပ်ခြင်းသည် ဘုရားသခင်အား ကောင်းစွာနားလည်မှုရှိရန် အရေးကြီးဆုံးသော လိုအပ်ချက်ဖြစ်သည်။ ကျင့်ကြံကြိုးကုတ် အားထုတ်လိုသူနှင့် ၎င်း၏ဂုရုတို့ အတူတကွပေါင်းစည်းမိကြခြင်းမှာ ဘုရားသခင်၏ အလိုတော်ဆန္ဒဖြစ်၏။ ကျင့်ကြံကြိုးကုတ် အားထုတ်လိုသူတစ်ဦးအား အထပ်ထပ်အခါခါ ရွတ်ဆိုပွားများရန် အမည်နာမတော်အမှန်ကို သိရှိရန်လိုအပ်သည်မှာ ကေန်အမှန်ဖြစ်၏။ ဘုရားသခင်အား လုံးဝဥဿုံ၊ ပုဗ္ဗစေတနာ၊ မြတ်သဒ္ဓါဖြင့် အစစ်အမှန်ကြည်ညိုကိုးကွယ်ရန်မှာ ဘုရားသခင်၏ အလိုတော်ဆန္ဒဖြစ်သည်။* ထိုသို့သောအကြောင်းကြောင့် ဂုရုနာနပ်ခ်က ဘုရားသခင်အား မကွေ့မကောက်

* ရှန်ကာရ၏အလိုအားဖြင့် ဘုရားသခင်၏အလိုတော်အရ သံသရာဝဋ်မှကျွတ်လွတ်ရေးအတွက် မရှိမဖြစ်လိုအပ်သော အချက်(၃)ချက်ရှိသည်။ ၎င်းအချက်(၃)ချက်မှာ -

(၁) လူသားဝင်စစ်ကေန်ဖြစ်မှု

(၂) လွတ်မြောက်လိုသည့် ဆန္ဒရှိမှုနှင့်

(၃) Jivanmukta Guru နှင့် ပေါင်းဆုံနိုင်ရန် ကြိုးပမ်းအားထုတ်မှုဖြစ်၏။
(viveka cudamani, verse 3. (Gita Press)

ဖြောင့်ဖြောင့်မတ်မတ် ယုံကြည်ဆည်းကပ်ရန် ထောက်ခံရေးသားခဲ့သည်။

- ''ဆုံးခန်းမတိုင်၊ မခန့်မှန်းနိုင်သော၊ ရေတွက်၍မရ၊ သေမင်း၏လမ်းမသို့၊
- ဘုရားသခင်အား၊ အမှန်တကယ်အားထားမှုက၊ လူသားဘဝစိတ်ချ၍ရအောင်၊ ပွဲမဝင်ခင်၊ ကြိုတင်ကျင်းပ ပြင်ဆင်ရ၏။
- ကြောက်မက်ဖွယ်ရာ၊ ထိတ်လန့်စရာနှင့် ထိုလမ်းပေါ်ရှိ မီးခိုးပုန်မှုန့် မှိုင်းအုံ့ပုံးပိတ်၊ မှောင်ထုထဲမှာ၊ လျှောက်လှမ်းရသည့်၊ ခြေလှမ်းတိုင်း၏တွေ့ကြုံနိုင်သည့် ဆင်းရဲဘဝ်၏။
- ထိုလမ်းခရီး၊ သင်တစ်ဦးတည်း၊ အဖော်နတ္ထိ၊ မိတ်ဆွေမရှိ၊ ထိတ်လန့်ဘွယ်ရာ၊ သင်စဉ်းစားပါလော့၊ အခြားဘယ်အရာ၊ ကိုးကွယ်ရာမရှိ၊ ကူညီသူလည်း၊ အမှန်ဖြစ်၏။
- ထိုလမ်းပေါ်မှာ၊ တုန်လှုပ်ထိန့်လန့်ဖွယ်ရာ၊ အပူရှိန်ကလည်း၊ ပြင်းထန်စွာ၊
- အသင်အား ဝမ်းနည်းပူဆွေးစရာ၊ ဖြစ်ရမှာအမှန်ပါ၊
- ဘုရားသခင်အား ယုံကြည်အားထားမှုသာ၊ အမှန်တကယ်အေးချမ်းမှုနှင့် အရိပ်အာဝါသအား ပေးနိုင်သည်မှာအမှန်ပါ။
- ထိုနေရာမှာ၊ ရေတော်ခြင်းဟာ၊ ပြေလျော့ကာဖြင့်၊ အသက်ရှူစရာ၊ သင်ရလာမှာ၊ အမှန်သာတည်း။
- ဆေယက်နာနပ်(ခ်)(Saith Nanak)က ပြောကြားခဲ့သည်မှာ၊ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကိုသာ၊ အောက်မေ့ကာဖြင့်၊ ပျော်ရွှင်ဘွယ်ရာ၊ မိုးတွေကလည်း ရွာချလာ၊ အဲဒါကြောင့် အသင် မသေနိုင်တော့ပါ။''

(ပါမောက္ခဂုရုချာရန်ဆင်း၏ အိန္ဒိယလူမျိုး၊ ဘာသာတရားများစာအုပ်၊ စာမျက်နှာ–၁၇၅မှ)

နောက်ဆုံးအနေဖြင့် ဆစ်ခ်ဘာသာ၏အလိုအရ မည်သည့်နည်းလမ်းဖြင့်ပင်လျှင် ကျင့်ကြံအားထုတ် သည်ဖြစ်စေ အကြောင်းမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤနေရာတွင် အကြောင်းတစ်ခု အမြဲရှိနေသောကြောင့်ဖြစ်သည်။ ထိုအကြောင်းတရားမပါရှိပဲ မည်သည့်နည်း

လမ်းမျှ ဘုရားသခင်အား ကောင်းစွာနားလည်သဘောပေါက်သည့် အဆင့်သို့မရောက်နိုင်ပေ။ ဤအကြောင်းမှာ တိကျသေချာသည့် အကြောင်းအကျိုးအကောင်းအဆိုးကို စိစစ်ဝေဖန်၍ သိနားလည်မှုနှင့် ဖြူစင်သောနှလုံးသားရှိနေကြခြင်းဖြစ်သည်။ ထိုအကြောင်းကြောင့် ဆစ်ခ်ဘာသာသည် ကောင်းမှုနှင့်မကောင်းမှု(Good and Evil)ထက်ကျော်လွန်၍ ယောကြားသွန်သင်ညွှန်ပြခြင်းမရှိပေ။

## နောက်ဆုံးရည်မှန်းချက်ပန်းတိုင်

**Final Destiny**

ဂုရုဂရန့်ဆာဟစ်(Guru Granth Sahib)၏စာအုပ်တွင် ကဘီးရ်၏ရေးသားဖော်ပြချက်အနည်းငယ်ဖြင့် သံသရာဝဋ်မှကျွတ်လွတ်ပြီးပုဂ္ဂိုလ်(Liberated Soul)* ၏ အဆင့်(၄)ဆင့်ကိုဖော်ပြ၍ အဆိုပါအဆင့် ၄ ဆင့်ဆိုသည်မှာ နတ်ပြည်ရောက်၍ နတ်စည်းစိမ်ခံစားခြင်း၊ ဘုရားသခင်နှင့် နီးကပ်စွာနေထိုင်ရခြင်း၊ ဘုရားသခင်နှင့် အလားတူဖြစ်ခြင်းနှင့် ဘုရားသခင်အဖြစ်သို့ ရောက်ရှိခြင်းဟူ၍ဖြစ်သည်။ ဤလေးမျိုးသော ဆစ်ခ်ဘာသာဝင်တို့အတွက် နောက်ဆုံး ပန်းတိုင်အဖြစ် ရာမနုဂျာ(Ramanuja)က အမှန်စင်စစ် ဖွင့်လှစ်ရေးသားခဲ့ပြီးဖြစ်သည်။ ထို့အပြင် ယင်းရေးသားချက်များတွင် အမှန်တရားတစ်ခု ဆင်တူယိုးမှားများစွာပေါ်ပေါက်လာလျက်၊ နောက်ဆုံးတွင် ထိုသို့များပြားလှစွာသော ဆင်တူယိုးမှားအမှန်တရားဟု အမည်ပေးထားကြသော ယင်းတရားတို့အား တကယ့်အစစ်အမှန်၊ မှန်ကန်သည့် အရှိတရားက စုပ်ယူသွားပြီး တစ်ခုတည်းသော အမှန်တရားဖြစ်သွားသည်။** လေးနက်သည့်အဓိပ္ပါယ်၊ သွယ်ဝိုက်သည့်စကားပရိယာယ်ဖြင့် ရောင်ပြန်ဟပ်တတ်သည့် ဥပမာ–လွတ်မြောက်ပြီးသော ပုဂ္ဂိုလ်သူမြတ်တို့၏ နောက်ဆုံးရည်မှန်းချက်ပန်းတိုင်အဖြစ် နိဂုဏ၊ဗြဟ္မာအဖြစ်သို့ အပြီးတိုင်ပေါင်းစပ် ထပ်တူထပ်မျှဖြစ်ပေါ်သည့်သဘောမှာ အဒွိဋ္ဌာဟူသောသဘောတရား(Avaitic Theory) အမှန်စင်စစ် ကောန်

---

* Liberated Soul ဟူသောအဓိပ္ပါယ်ကို M.A.Macauliffe vol.6. P.250 တွင် ဖော်ပြထားသည်။

** လေးနက်သည့် အဓိပ္ပါယ်သွယ်ဝိုက်သည့် စကားပရိယာယ်ဖြင့် ရောင်ပြန်ဟပ်မှုဆိုသည်မှာ ဝိုင်းဝန်းသော လမင်း အရိပ်သည် ရေပြင်ပေါ်မှ ရေလှိုင်းများ၏ အပေါ်တွင် များစွာသော ဝိုင်းဝန်းလှပဝင်းပသာလမင်း၏ ပုံသဏ္ဍာန်အရိပ်များ ဖြစ်ပေါ်နေ၏။ ထိုနည်းတူစွာ အသက်ဇီဝများစွာသည် တစ်ပါးတည်းသော ဗြဟ္မာကြီး၏ စစ်မှန်သော ဗြဟ္မာများအဖြစ် ရောင်ပြန်ဟပ်နေသည့် အရိပ်များအား တစ်ပါးတည်းသော ဗြဟ္မာကြီးက ဆွဲကိုင်ထားသည်။

ဖြစ်၏။ ထို့သို့သောအကြောင်းကြောင့် ဆစ်ခ်ဘာသာ စာပေရေးသားမှုသည် လူပုဂ္ဂိုလ်တစ်ဦးချင်းအား ပြုပြင်ထိန်းကျောင်းမှုကိုလည်းကောင်း၊ နိဂုဏ၁ဗြဟ္မာအဖြစ် ဆွဲစုပ်ယူဝင်လာသည့် သဘောတရားအဖြစ်သော်လည်းကောင်း အချိန်များစွာကူညီလာခဲ့သည်။

ဗုဒ္ဓဘာသာဝင်များ၏ နိဗ္ဗာန်(Nirvana)ဟူသော သဘောတရားအယူအဆနှင့် အလားတူစွာ သတ္တဝါများစွာတို့၏ ဒုက္ခခပ်သိမ်းချုပ်ပြတ်ငြိမ်းရာ နောက်ဆုံးအဆင့်အနေဖြင့် နိဗ္ဗာန်ကို ဦးတည်ချက်ထားသကဲ့သို့ ထိုနည်းတူစွာ ဆစ်ခ်ဘာသာဝင်တစ်ဦးအဖို့တွင်လည်း ဘုရားရှင်အား ကောင်းစွာနားလည်သဘောပေါက်ခြင်း(God-Realization)ဟူသည့် နောက်ဆုံးရည်မှန်းချက်ပန်းတိုင်မှာ ကမ်းမမြင်လမ်းမမြင် တစ်မျှောတည်းမျှောနေရသည့် ဝိညာဉ်ကောင်လေး၏ တစ်ဘဝမှတစ်ဘဝသို့ ကူးပြောင်းနေရသည့်ဖြစ်စဉ်တွင် ဝဋ်ဒုက္ခမှလွတ်မြောက်မှုကိုသာ ဦးတည်ချက်ထားပါသည်။

''ရေနှင့်ရေသာ ပေါင်းစုလာ၊ မြစ်ချောင်းနှစ်ခုပေါင်းစုသောအခါ၊ ရေလှိုင်းများလည်း ပေါင်းစုကြတာ၊ လူ့ဘဝ၏အလင်းရောင်ဆိုသော အသိဉာဏ်ပညာ၊ ဘုရားသခင်၏ ကောင်းကင်ဘုံနန်းက အလင်းရောင်နှင့်ပေါင်းစပ်ကာ။''

''ဘဝများစွာ ပြောင်းလဲသွားရခြင်း မရှိတော့ပါ၊ မောဟိုက်နွမ်းလျ၊ ပင်ပန်းလှသည့် လူ့ဘဝရဲဝိညာဉ်ဟာ၊ နားခိုရန်နေရာကလေးတစ်ခုရရှိခဲ့ပေတာ၊ ထိုနေရာဟာ၊ ငြိမ်းချမ်းလို့ သာယာ၊ ဆစ်ခ်ဘာသာဝင်များ လိုလားကြတဲ့ ရည်မှန်းချက်ပန်းတိုင် အစစ် ဖြစ်ပေတာ။''

ဆစ်ခ်ဘာသာ၏ယုံကြည်ချက်အရ ဤအဆင့်သို့ တက်လှမ်းရောက်ရှိလာသော ကျင့်ကြံကြိုးစား အားထုတ်သူတစ်ဦးသည် ပူဆွေးသောကဗျာပါဒနှင့် နာနာကျင်ကျင်ပူပန်မှု ဒုက္ခအဝဝတို့ ချုပ်ငြိမ်းကွယ်ပျောက် ချမ်းသာမှုအဆင့်သို့ ရောက်ခဲ့လေပြီ။ အတူတကွ ရောနှောပေါင်းစု အကြောင်းပြု၍ စိတ်၏လျို့ဝှက်ချက်နှင့် ထူးထွေဆန်းပြားအိမ်မက်များ မြင်မက်တတ်သော သဘောသဘာဝရှိသည့်အလျောက် သဘာဝအတိုင်းမဟုတ်သော အိပ်ပျော်ခြင်းတစ်မျိုးအား အမှန်တကယ်ဖြစ်ပေါ်စေ၏။ ဆစ်ခ်ဘာသာဝင်တစ်ဦးအဖို့ရာတွင် အဆုံးစွန်မှန်ကန်ခြင်း(Ultimate Reality)ဆိုသည်မှာ Omkara နှင့် one-omkara၊ သို့မဟုတ် နိဂုဏ၁ဗြဟ္မာ

(nirguna Brahman) နှစ်မျိုးစလုံးကို ဆိုလိုကြောင်း ကျွန်ုပ်တို့တွေ့မြင်ဖတ်ရှုခဲ့ရပြီးဖြစ်သည်။ ထူးခြားပေါ်လွင် အသွင်သဏ္ဍာန်နိမိတ် အရိပ်လက္ခဏာမထင်ဟပ်သည့်ဗြဟ္မာအား ကောင်းစွာ သိနားလည်မှုကို(Samadhi)ခေါ် တရားထိုင်ခြင်းမှသာလျှင် ရရှိနိုင်သည်။ ထို့ကြောင့် အတ္တတကွ ရောနှောစုပေါင်းခြင်း အကြောင်းတရားသည် တကယ့်အစစ်အမှန်ဖြစ်သည့် သမာဓိအားရရှိ စေ၏။ အဘယ်ကြောင့်ဆိုသော် ဤအဆင့်၌ ပြင်ပလောကအား အာရုံခံစားမှု လုံးဝမပြုခြင်းနှင့် ထပ်ဆင့်ရရှိသည့် အကျိုးကျေးဇူးမှာ နောက်ဆုံးအဆင့်၌ မိမိကိုယ်ကိုစွဲလန်းသည့်အတ္တ ဖြစ်ပေါ်စေကာမူ ပေါ်လာပြီးနောက် ချက်ချင်းဖြစ်ပေါ်လာသည့် အသွင်သဏ္ဍာန်အရိပ် ထင်ရှားစွာ ဖြစ်ပေါ်လာသည့် ဗြဟ္မာကြီးသည်ပင်လျှင် အာရုံနိမိတ်၌ ထင်မြင်လာသည်အထိ ဖြစ်စေကာမူ ထိုသို့သောအချိန်၌ တရားထိုင်နေသည့် ဆစ်ခ်ဘာသာဝင်တစ်ဦးသည် မိမိ၏ လက်ရှိတည် နေသောဘဝအပေါ်တွင် ဥပက္ခာပြုလျက် ရှုစားတွေးတောနေသည့် ကမ္ဘဋ္ဌာန်းအာရုံအပေါ်၌သာလျှင် ကိုယ်ရောစိတ်ပါ နှစ်မြှုပ်ကာဖြင့် မလှုပ်မယှက် စူးစူးစိုက်စိုက် ရှုမှတ်လျက်ရှိနေတော့၏။ ထို့ကြောင့် စုပေါင်းညီညာအောင်ကြောင်းဖြာဟူသော သဘောတရားသည် သမာဓိ(ဝါ) အလွန် ခိုင်ခန့်တည်ငြိမ်သော ကမ္ဘဋ္ဌာန်းအာရုံ၏ ရောင်ပြန်ဟပ်နေသည့်အဆင့်သို့ ရောက်ရှိနေကြောင်း တွေ့ရှိရသည်။

*(ထေရဝါဒ ဗုဒ္ဓဘာသာဝိပဿနာရှုမှတ်ပွားများရာ၌ သဒ္ဓါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော အိန္ဒြေ ၅ ချက်၊ ဗိုလ် ၅ ပါး ကိုက်ညီသောအချိန်နှင့် တူလိမ့်မည်ထင်ပါ၏။ သို့ရာတွင် ဝိပဿနာရှုရာ၌ သဒ္ဓါနှင့်ဝိရိယ ကိုက်ညီမှုရှိရန်လိုအပ်သလို၊ သမာဓိနှင့်ပညာကလည်း ကိုက်ညီမှုရှိပြီး၊ သတိကတော့ ဦးစီးနေရပါသည်။ ထို့ပြင် သမာဓိနှင့်သတိတွဲ၍ ရှုမှတ်ခြင်းသည် သမထအာရုံအဆင့်၌သာရှိနေပြီး၊ သတိနှင့်ပညာတွဲမိနေမှသာလျှင် ဝိပဿနာအာရုံအဆင့်သို့ ရောက်ပြီး ဖြစ်ပျက်ကိုမြင်၊ ဖြစ်ပျက်ကို မုန်း၊ ဖြစ်ပျက်၏ အဆုံးသို့ရောက်မှ နိဗ္ဗာန်အာရုံကို ခံစားရရှိနိုင်ကြောင်း၊ ဓမ္မကထိက ဆရာတော်တစ်ပါး(ဘွဲ့အမည်မမှတ်မိ)ဟောကြားထားသည်ကို မှတ်သားမိဖူးပါသည် – ဘာသာပြန်သူ)*

*မှတ်ချက်။ ဆစ်ခ်ဘာသာ၌ "Theory of mergence ခေါ် စုပေါင်းညီညာ အောင်ကြောင်းဖြာ ဝိုင်းဝန်းဆောင်ရွက်ပါ"ဟူ၍ ဖော်ပြပါရှိသလို၊ ဂျိန်းဘာသာတွင်မူ "Theory of Iden-*

*tity-cum-difference ခေါ် ကွဲပြားခြားနားမှုမှ တူညီသည့်အချက်ကို ရှာကြံပါ"ဟူ၍ ဖော်ပြထားသည်။ ထိုနည်းအတူ ဗုဒ္ဓဘာသာတွင်လည်း "Theory of middle path ခေါ် မဇ္ဈိမပဋိပဒါလမ်းကို လျှောက်လှမ်းပါ"ဟူ၍ ယုံကြည် ကိုးကွယ်မှု ဘာသာ အသီးသီး၌ ဖော်ပြချက်များအား မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားချင့်ချိန် တကယ့် အနှစ်သာရရှိသော ဆုံးဖြတ်မှုချမှတ်သင့်ပေသည်။ -ဘာသာပြန်သူ*

နောက်ဆုံးတွင် ဂုရုနာနပ်ခ်သည် ဆစ်ဘာသာဝင်တစ်ဦး၏ အသဲနှလုံးအတွင်း အမှားအမှန် ဝေဖန်ခွဲခြားခံစားသိရှိနိုင်သည့် အာရုံခံစားချက်ဖြင့် ဘုရားသခင်၏ရှေ့တော်မှောက် ရောက်ရှိခြင်းအပေါ် ကြည်နူးဝမ်းသာ ချမ်းသာစွာဖြင့်နေထိုင်သည်။ ဤအကြောင်းအရာအား အတ္တမရာမ(Atmarama)ကို ဟောဖော်ညွှန်ပြသူ ကဘီးရ်က အလေးအနက် ဖြည့်စွက်ရေးသား ခဲ့သည်။ ဂုရုနာနပ်ခ်က အောက်ပါစကားရပ်များကိုလည်း မိန့်ဆိုခဲ့သည်-

"Ap pachane Har mile" (Guru Granth Sahib 1410-11)

အဓိပ္ပါယ်မှာ - "ဘုရားသခင်သည် လူ၏ခန္ဓာကိုယ်အတွင်း ရောက်ရှိစံမြန်း၏" ဟူ၍ဖြစ်သည်။

နောက်တစ်ကြိမ်ထပ်မံ၍-Gurumukh bujhaya ek Livalaya, nijghar basaya sach samaya. (G.G.22)

သို့ရာတွင် ကျင့်ကြံကြိုးကုတ် အားထုတ်သောသူတွင် ကိလေသာအညစ်အကြေး၊ ရှုပ်ထွေးပွေလီ၊ လူ့လောကီ၏ မသတိစရာ ယုတ်မာသောတရားတို့သည် အမှန်တကယ်ပင် ပျောက်ကွယ်သွားပါ၏လော။ ဤသို့ဖြစ်လျှင် ၎င်းသည် ပုဂ္ဂိုလ်တစ်ဦးချင်း ရရှိခံစားရသည့် နောက်ဆုံးအဆင့်သို့ ရောက်ရှိသွားသည်ဟု ဆိုခြင်းထက် ကိလေသာသံယောဇဉ် မရှိသော ခံစားမှုအနေဖြင့် နေထိုင်သည့်ကမ္ဘာ့ဒ်အာရုံခံစားမှုသာပို၍ ဖြစ်နိုင်ပေသည်။

Brahmanjnani soda nirlepa, jaise mohi kamala alepa (G.G.S.272)

ဆစ်ခ်ဘာသာဝင်တစ်ယောက်သည် ပဒုမ္မာကြာပန်းကို ရေပက်ဖျန်းသော်လည်း မစွတ်စိုပဲ လန်းဆန်းနေသကဲ့သို့ ကိလေသာသံယောဇဉ်ကိုခွဲခွာလျက် စိတ်အစဉ်ကို ကြည်လင်လန်းဆန်း နေစေရမည်။ အကယ်၍ လူ့လောက၏အကျိုးစီးပွားအတွက် အထူးသဖြင့်

အလေးအနက်သဘောထား၍ စေတနာ့ဝန်ထမ်းအဖြစ် ဝင်ရောက်၍ ပါဝင်ထမ်းဆောင်ခဲ့မည်ဆိုလျှင် ယုံကြည်ဆည်းကပ်သူ၏ စိတ်ပါဝင်စားမှု အားနည်းမှုကို ဓမ္မဂီတ(၁၁–၄၇)၌ ရေးသားဖော်ပြထားသကဲ့သို့ လေးနက်မှုရှိစေရန် ဖြည့်စွက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရပါမည်။ အတူတကွ ရောနှောပေါင်းစု အကြောင်းပြုခြင်းဟူသော သဘောတရားနှင့် ပြုပြင်ထိန်းကျောင်းသည့် အယူအဆနှစ်မျိုးလုံးဖြင့် ရေးသားဖော်ပြခဲ့သော်လည်း အမှန်စင်စစ်အားဖြင့် Sach khand ခေါ် မြင့်မြတ်သော ဝတ်ကျောင်းတော်၌ ပြုပြင်ထိန်းကျောင်းခြင်းသဘောတရား အယူအဆသည် ဆစ်ခ်လူမျိုးတို့၏ ပို၍အားသွန်ခွန်စိုက် ကြိုးစားလိုသောစိတ် ရှိစေနိုင်သောဘဝ၊ ရိုးသားမှုနှင့် လူမှုရေးကိစ္စ ဆောင်ရွက်ကြသည့် အလုပ်သမားများအား ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ Sach khand ခေါ် ထိုဝတ်ကျောင်းတော်၌ မိတ်ဆွေအပေါင်းအသင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တစ်ဦးနှင့်တစ်ဦးအပြန်အလှန် ဘာသာရေးဆိုင်ရာ မိမိ၏ အတွေ့အကြုံများနှင့် ခံစားရသော ဓမ္မပီတိသုခကိုမျှဝေရာနှင့် ထာဝရပျော်ရွှင်စွာ စုဝေးရာအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ ဆစ်ခ်လူမျိုးတို့၏ ရှေးရိုးစဉ်လာ ယဉ်ကျေးမှုအဖြာဖြာသည် ဆစ်ခ်ဘာသာယုံကြည်ကိုးကွယ်မှုနှင့် မျှော်လင့်ချက်တွင် အမြင့်ဆုံးသောပန်းတိုင်အဖြစ် စုပေါင်းညီညာအောင်ကြောင်းဖြာ ဝိုင်းဝန်းဆောင်ရွက်ပါဟူသော သဘောတရားကို အလေးသာစေရန် အားပေးတိုက်တွန်းလျက်ရှိသည်။

## နောက်ဘဝနှင့်ပတ်သက်၍ ဆစ်ခ်ဘာသာ၏ခံယူချက်

**Life after Death**

ဆစ်ဘာသာသည် ကမ္မ(Karma)နှင့် နောက်ဘဝရှိသည်ဟူသော အယူအဆကို လက်ခံယုံကြည်၏။ လူတစ်ဦးတစ်ယောက်သည် ယခုလက်ရှိဘဝ၌ ဘာသာယုံကြည်ကိုးကွယ်ဆည်းကပ်မှု မရှိစေကာမူ ၎င်းသည် ကောင်းမြတ်သောအလုပ်အကိုင်နှင့် ကောင်းမြတ်သော အသက်မွေးဝမ်းကျောင်းမှုရှိလျှင် နောက်တစ်ဘဝ လူဖြစ်လာရမည်ဖြစ်ပေသည်။ သူသည် Sach Khand ခေါ် မြင့်မြတ်သည့် ဝတ်ကျောင်းတော်ဟုခေါ်ဆိုသော နတ်ပြည်သို့ ရောက်ရှိနိုင်ဦးမည်မဟုတ်သေးဘဲ၊ သေဆုံးပြီးနောက် ဝိဉာဉ်များရပ်နားကွန်းခိုရာ ဘုံဌာနတွင် စောင့်ဆိုင်း

ရပ်နားနေရဦးမည်ဖြစ်သည်။ * *(ဤအယူအဆသည် ခရစ်ယာန်နှင့် မူဆလင်ဘာသာဝင်များ၏ အယူအဆနှင့် ထပ်တူထပ်မျှတူညီမှုရှိနေပြန်သည်- ဘာသာပြန်သူ)* ထိုကဲ့သို့အားဖြင့် လူတစ်ယောက်သည် အများကောင်းကျိုးအတွက် စုပေါင်းညီညာ အောင်ကြောင်းဖြာ၊ ဝိုင်းဝန်း ဆောင်ရွက်ပါဟူသော သဘောတရားအရဖြစ်စေ၊ မြင့်မြတ်သော ဝတ်ကျောင်းတော်၏ ဝေယျာ ဝစ္စကိုဖြစ်စေ၊ ထပ်မံ၍ထမ်းဆောင်ရပါဦးမည်။ သို့ရာတွင် ၎င်းသည် ဘုရားသခင်အား ကောင်းစွာသိနားလည်မှု မရှိသေးသမျှကာလပတ်လုံး မရေမတွက်နိုင်သော ဘဝများစွာ၌ ဖြစ်နေရပေဦးမည်။

အကယ်၍ လူတစ်ယောက်သည် မကောင်းမှုဒုစရိုက်ကျူးလွန်လျှင် ပြစ်ဒါဏ်ခံရမည် ဖြစ်၏။ ယင်းသို့ ထိုက်သင့်သော ပြစ်ဒဏ်ခံရပြီးနောက်တွင် နိမ့်ကျသောတိရစ္ဆာန်ဘဝများ၌ ဖြစ်ရလိမ့်ဦးမည်။ ထို့နောက် ၎င်းသည် လူ့ဘဝများစွာကို ချားရဟတ်ပမာ လှည့်ပတ်ကာနေရဦး မည်ဖြစ်၏။ တန်ဘိုးမရှိသောလူ့ဘဝ၌ လူဖြစ်၍ ၎င်းသည်ဝတ်ပြုကိုးကွယ်မှုများစွာနှင့် တရားအားထုတ်မှုတို့ဖြင့် ဘုရားသခင်အား ၎င်း၏ကိုယ်ကိုအပ်နှံ၍ ဘဝလွတ်မြောက်ရေးအတွက် ကျင့်ကြံကြိုးစား အားထုတ်ရပါမည်။

> ''ဘုရားသခင်၏ခြေတော်ကို ဦးခိုက်လျက်၊ စိတ်ဆန္ဒကို ဘုရားသခင်နှင့် နီးကပ်စွာရှိသူ များ၏ နှလုံးသားသည် သက်သက်သာသာဖြင့် တစ်ကိုယ်လုံးမှာ ပျံ့နှံ့နေ၏။''
>
> ''ဘုရားသခင်အား စိတ်ထဲမှာအမြဲထား၍ နီးကပ်စွာရှိသူများသည် ကယ်တင်ခြင်း ကိုခံရ၏။''
>
> ''အိုဘုရားသခင် အရှင်ဘာဘုရားသခင်၏မေတ္တာတော်ဖြင့် ချမ်းသာပျော်ရွှင်မှုရပါ၏။''

လူသားသည် ၎င်း၏နောက်ဘဝအတွက် မိမိ၌သာတာဝန်ရှိသည်ဆိုသောအချက်မှာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားစွာတွေ့မြင်သိနားလည်နိုင်သည်။

> ''မှတ်တမ်းတင်သူနတ်သမီးများသည် ၎င်းတို့နှင့်အတူ လူသား၏ပြုမူဆောင်ရွက်ချက် မှတ်တမ်းတစ်ခုကို ယူဆောင်သွား၏။''

---

* *ပြထားသည့်အချက်နှင့်ပတ်သက်၍ ဆစ်ခ်ဘာသာဝင်တစ်ဦး၏ရှုဒေါင့်သည် မူဆလင်တစ်ဦး၏ရှုဒေါင့် (သို့မဟုတ်) ဟိန္ဒူဘာသာဝင်တစ်ဦး၏ ရှုဒေါင့်အမြင် မဟုတ်ပါပေ။*

''ထိုသို့ဖြင့် လူသားသည် သူကိုယ်တိုင်ထွန်ယက်စိုက်ပျိုး၍ သူကိုယ်တိုင်ဆွတ်ယူစားသုံး၏။''

ဤကမ္မဝါဒ(Karmavada)အား ဘုရားသခင်က ၎င်း၏ သာသနာတော်အတွင်း သိမ်းသွင်းခဲ့သည်။

''သံသရာဝဋ်ကျော့ကွင်းမှ ကျွတ်လွတ်ရန်အရေးနှင့် လူ့ဘဝ၌ ပြန်လည်မွေးဖွားကျင်လည်လှည့်ပတ်ရသည့်အရေးသည် ဘုရားသခင်၏ဆန္ဒတော်အရာဖြစ်ပေရာ၏။ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်နှောက်ယှက် ဟန့်တားကန့်ကွက်၍ရနိုင်သောအရာ မဟုတ်ပါ။''

## ဆစ်ခ်ဘာသာနှင့် ဟိန္ဒူဘာသာ

**Sikhism and Hinduism**

ယနေ့ခေတ်ကာလ၊ အိန္ဒိယပြည် ဘာသာအယူဝါဒဂိုဏ်းခွဲများအားလုံးကို ၎င်းတို့အသီးသီး ယုံကြည်ကိုးကွယ်သည့် အယူဝါဒအလိုက် သီးခြားခေါ်ဆိုခြင်းမပြုပဲ ဟိန္ဒူဟူ၍ ခေါ်ဆိုကြ၏။ ဟိန္ဒူဘာသာ၏ တိကျသေချာသောအဓိပ္ပါယ်မှာ ခရစ်ယာန်မဟုတ်သူ၊ မူဆလင်မဟုတ်သူနှင့် ပါစီမဟုတ်သူဟုခေါ်၍ ၎င်းတို့ဆည်းကပ်ကိုးကွယ်မှုနှင့် ဝတ်ပြုဆုတောင်းမှုများလည်း လုံးဝမတူကြောင်းကိုဆိုလိုသည်။ ဤကိစ္စသည် မလွဲမသွေ ရှုပ်ထွေးသောအခြေအနေကို ဖြစ်ပေါ်စေလိမ့်မည်ဖြစ်၏။ ကျွန်ုပ်တို့ ဟိန္ဒူဘာသာကို ဝေဒအယူဝါဒဟိန္ဒူနှင့် ဝေဒမဟုတ်သူဟိန္ဒူဟူ၍ ခွဲခြားသိရှိနားလည်ခဲ့ကြပြီးဖြစ်သည်။ အရိယဆမတ်ချ်(Arya Samaj) ဂိုဏ်းမှလွဲ၍ ဟိန္ဒူဘာသာ၏ ရိုးရှင်းသောအဓိပ္ပါယ်မှာ ဝေဒအယူဝါဒကို တစ်ခုတည်းသောဘာသာစာပေအဖြစ်နှင့် ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားမှုစနစ်ကို လက်ခံခြင်းဖြစ်သည်။ နတ်ဘုရား၊ သို့မဟုတ် ထာဝရဘုရားကို ယုံကြည်မှုမရှိခြင်း၊ အဗတာရဝါဒ(Avataravada) ခေါ် လူဝင်စားအယူအဆ၊ ဇာတ်နိမ့်ဇာတ်မြင့် ဇာတ်ခွဲခြားမှုစနစ် အစရှိသောအယူဝါဒများအား ပြင်းပြင်းထန်ထန်ဆန့်ကျင်သည့် ဗုဒ္ဓဘာသာဝင်များနှင့် ဂျိန်းဘာသာဝင်များ ရိုးရာအစဉ်အလာ အလေ့အထများအား ဝေဒမဟုတ်သောဟိန္ဒူဘာသာ(non-Hinduism)က ဆက်လက်ထိန်းသိမ်းထားသည်။

ဆစ်ခ်ဘာသာဝင်များအနက် ကဘီးရ်ပမ်သ်(Kabir panth)၊ ဂိုရပ်ခ်နပ်သ် ပမ်သ်(Goraknath panth)နှင့် ဆစ်ခ်ဘာသာသည် ဝေဒမဟုတ်သည့် ဟိန္ဒူဘာသာဖြစ်ကြောင်း တွေ့ရသည်။ သို့သော် ဆစ်ခ်ဘာသာသည် ဟိန္ဒူဘာသာ၏ အခြားသောဘာသာရေးအစဉ်အလာများကို ဆာနာတန ဟိန္ဒူဓမ္မ(Sanatana Hindu Dharma)အပါအဝင် မိသားစုနေထိုင်ဆက်ဆံမှုပုံစံ၊ အိမ်ထောင်ဦးစီး အကြီးအကဲထားရှိခြင်းစနစ်အထိ လိုက်နာလျက်ရှိသည်။

၁။ ကမ္မ၊ သံသရာ၊ ဉာဏ၊ မုတ္တိ(Karma, Samsara, Jnana, Mukti)တည်းဟူသော မဏ္ဍိုင် ၄ ရပ်အား ယနေ့ကာလတွင် ဟိန္ဒူဘာသာရေးပုံစံအားလုံးတို့၌ လက်ခံကျင့်သုံးလျက်ရှိကြသည်။ ဆစ်ခ်ဘာသာသည် ဟိန္ဒူဘာသာမိသားစု အမည်ခံသည့် အနေအထားဖြစ်လာသည်။

၂။ ထို့ပြင် ဆစ်ခ်ဘာသာထူထောင်ကာစ အချိန်ကာလကတည်းကပင် ဟိန္ဒူဘာသာ၏ ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားမှုစနစ်နှင့် ၎င်း၏လူမှုရေးစနစ်တို့မှာ ကွဲပြားခြားနားခြင်း မရှိပေ။ ဘာသာရေးအခမ်းအနား ကျင်းပပြုလုပ်သည့် အစဉ်အလာ အလေ့အထ ဓလေ့ထုံးစံများ အားလုံးနီးပါး၌လည်း ဗြဟ္မဏ ဘုန်းတော်ကြီးများ(Brahmin Priests)က ကြီးမှူးကျင်းပလေ့ရှိသည်။ (၁၉၀၉-ခုနှစ်၌ M.A Macauliffe ဆိုသူ ရေးသားခဲ့ရာတွင် ဗြဟ္မဏများအပေါ်တွင် ဆစ်ခ်ဘာသာဝင် ဂုရုကြီးများက ပြင်းပြင်းထန်ထန် ပြစ်တင်ရှုံ့ချစေကာမူ ဆစ်ခ်လူမျိုးများသည် လောကီရေးကိစ္စနှင့်စပ်လျဉ်းသော နေ့စဉ်ဘဝ လုပ်ငန်း ဆောင်တာအဝဝတို့၌ ဟိန္ဒူဘာသာ၏အကူအညီမပါဘဲ ပြုလုပ်ဆောင်ရွက်သည့် လုပ်ငန်းမှာ အလွန့်အလွန်နည်းပါးလှပေသည်။ ဗြဟ္မဏများသည် ဆစ်ခ်လူမျိုး တို့၏ အိမ်ထောင်သားမွေးခြင်းကိစ္စ၊ နာရေးကိစ္စများအပြင် သေဆုံးသူတို့၏ ဝိညာဉ်များ ကောင်းရာသုဂတိ ပျော်ရွှင်ချမ်းမြေ့သောဘဝသို့ ရောက်ရှိစေရေးကိစ္စ များတွင်လည်း ဟိန္ဒူဗြဟ္မဏတို့၏ အကူအညီရယူကြရပေသည်။

ထို့နောက်တဖန် ထပ်ဆင့်၍ ရေးသားဖော်ပြရလျှင် ခူးဆွမ်ဆင်း (Khushwant Singh)က ဂုရုကြီးများ၏လမ်းညွှန်ဩဝါဒများအား ဆန့်ကျင်

လျက် ဆစ်ခ်လူမျိုးများသည် ဇာတ်ခွဲခြားမှုစနစ်ကိုကျင့်သုံးကြပြီး ဟိန္ဒူဘာသာနှင့် ဆစ်ခ်ဘာသာတို့၏ဘုရားကျောင်းများသို့ သွားရောက်ဘုရားဖူးကြသည်။

အထက်ပါအကြောင်းအရာအဖြစ်အပျက်များအား ကြည့်ခြင်းအားဖြင့် ဆစ်ခ်ဘာသာသည် ဟိန္ဒူဘာသာမဟုတ်ဟူ၍ မည်ကဲ့သို့ပြောနိုင်ပါမည်နည်း။။

၃။ ကဘီးရ်(Kabir)၊ တူကာရမ်(Tukaram)၊ ရိုင်းဒပ်စ်(Rai Das)၊ ထရီကိုချန် (Trikochan)နှင့် အခြားအခြားသော သူတော်စင်ကြီးများ(other Saints)၏ များစွာသော ဓမ္မဂီတနှင့်ကဗျာလင်္ကာများသည် ဂုရုဂရမ့်ဆာဟစ်(Guru Granth Sahib)၏လက်ရာများ ပါဝင်အဆုံးသတ်ထားသည်။ အားလုံးကို ခြုံ၍ကြည့်ပါက ဤသူတော်စင်ကြီးများသည် ဝေဒမဟုတ်သော ဟိန္ဒူဘာသာဝင်များ ဖြစ်လာကြသည်။ ဥပမာသာဓကထုတ်ပြရလျှင် ဆစ်ခ်ဘာသာသည် ဟိန္ဒူဘာသာ အစဉ်အလာ ဝတ်ပြုကိုးကွယ်မှုပုံစံအား ကဘီးရ်ပမ့်သ်က အခြားသောဝတ်ပြု ကိုးကွယ်မှုထက် ပို၍နီးကပ်သည်ကိုတွေ့ရသည်။

ဆစ်ခ်ဘာသာနှင့်ဟိန္ဒူဘာသာသည် အတူယှဉ်တွဲယက်လုပ်ထားသော အဝတ်အထည်ကဲ့သို့ အလွန်နီးကပ်သော ပေါင်းသင်းဆက်ဆံမှုရှိသည်။ ဆစ်ခ်လူမျိုးများသည် မိမိကိုယ်မိမိ ဆနတနနိဟိန္ဒူအိန္ဒိယလူမျိုးဖြစ်သည်ဟူ၍ ခံယူပြောဆိုလေ့ရှိသည်။ ၎င်းတို့အားလုံးသည် အိန္ဒိယယဉ်ကျေးမှုနှင့် အိန္ဒိယ လူမျိုးတို့၏ နေ့စဉ်လူနေမှုဘဝဖြင့်သာ နေထိုင်ကြသည်။* သို့သော် အိန္ဒိယ နိုင်ငံသားတစ်ယောက်သည် ဟိန္ဒူဆနနတနနိဘာသာနှင့် ဆစ်ခ်ဘာသာတို့၏ အလားတူ ကွဲပြားခြားနားမှုကိုတော့ မျက်ကွယ်ပြုထားရန် မသင့်ပါပေ။

ဆစ်ခ်ဘာသာသည် ရုပ်ထုကိုးကွယ်မှု၊ လူဝင်စားအယူဝါဒနှင့် ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားမှုစနစ်ကိုလက်မခံပေ။ ဂုရုအမ္မာဒပ်(စ်)(Guru Amar Das)က

---

* အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၅.၂.ဘီ၊ ရှင်းလင်းချက် ၁၁ အရ ဆစ်ခ်လူမျိုးများအား ဟိန္ဒူဟူ၍ခေါ်ဆိုသည်။
"မိမိဘဝ ဂုဏ်ပကာသနရဖို့အတွက်၊ ဇာတ်ခွဲခြားမှုစနစ်က၊ သင့်ရဲ့ရူးသွပ်၊ မိုက်မဲမှုသာဖြစ်၊ အဲဒါဟာရှက်စရာဖြစ်။"
"ဘုရားသခင်ဟာ မြတ်ဗြဟ္မာကြီးဖြစ်သည်ကို သင်နားလည်ဖို့အတွက်၊ ဇာတ်ခွဲခြားမှုစနစ်ဖြင့် အသင်မဝါကြွားသင့်"

*******************

ဇာတ်ခွဲခြားမှုစနစ်အား ဆန့်ကျင်သောအမြင်ဖြင့် အောက်ပါကဗျာလင်္ကာကို ရေးသားခဲ့သည်။

"ဇာတ်လေးမျိုးရှိကြောင်းကို လူတိုင်းကပြောဆို သို့သော် သို့သော်၊ အတွေး မချော်နှင့်၊ သူတို့အားလုံး၊ ဘုရားသခင်၏မျိုးစေ့မှ ဆက်လက်၍ဖြစ်လာဦးမည်။"

"ကမ္ဘာလောကသည် ရွှံ့စေးတစ်ခုမှ ပြုလုပ်ထားခြင်းဖြစ်သည်ကို သူတို့မသိရှာကြပေ၊ သို့သော် သို့သော်၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်အောင် သူဖန်ဆင်းခဲ့သည်ဆိုခြင်းကို သင်မမေ့သင့်ပေ။"

၄။ ယုံကြည်ကိုးကွယ်မှု၊ ဘုရားဖူးသွားရောက်မှု၊ ရုပ်တုကိုးကွယ်မှု၊ ဇာတ်နိမ့်ဇာတ်မြင့်မှုများတွင် များစွာသော ပြင်ပပုံစံ အသွင်သဏ္ဌာန်အား ကန့်ကွက်သည့်အနေဖြင့် ဆစ်ခ်လူမျိုးတစ်ဦးဖြစ်သူ Inderjit Singhက ဆစ်ခ်လူမျိုးများ သည် ဟိန္ဒူလူမျိုးများမဟုတ်ကြောင်း သိစေလို၍ ဂုရုဂရမ့်ဆာဟစ်၏ ထုတ်ပြန်ကြေငြာချက်ကို အောက်ပါအတိုင်း ရေးသားခဲ့သည်။

- "ဟိန္ဒူဥပုဒ်ကိုလည်း ငါမထိန်းသိမ်း မစောင့်ရှောက်၊
- မူဆလင်ရာမာဒင်ဥပုသ်ကိုလည်း ငါမထိန်းသိမ်း မစောင့်ရှောက်၊
- ပြောင်းလဲခြင်းဌာ ခက်ခဲလှသော ဟိန္ဒူအယူအစွဲ၊ ငါသည် ထိုအရာကို ချိုးဖျက်ရိုက်ခွဲ၊
- ပြောင်းလဲခြင်းဌာ ခဲယဉ်းလှသော မူဆလင်အယူအစွဲရောဂါမှ လွတ်ကင်းခဲ့၊ မက္ကာသို့ ဘုရားဖူးသွား၍ ငါသည် ဟတ်ချ်မပြုလုပ်ခဲ့၊
- ဟိန္ဒူဘုရားကျောင်းသို့ သွား၍လည်း၊ ငါသည် ဦးညွှတ်၍ အရိုအသေမပြုခဲ့၊
- ငါသည် ရုပ်ထုကိုလည်း မကိုးကွယ်ခဲ့၊ ငါသည် နမတ်ဇ်ကိုလည်း မရွတ်ဆိုခဲ့၊
- ငါတို့ ဆစ်ခ်လူမျိုးသည် ဟိန္ဒူမဟုတ်သလို၊ မူဆလင်လည်း မဟုတ်ခဲ့။"

ဥပမာသာဓကအားဖြင့် ဂုရုနာနပ်ခ်က ၎င်း၏ဆစ်ခ်ဘာသာသည် မူဆလင်ဘာသာ၏ ဂိုဏ်းခွဲမဟုတ်ကြောင်းကြေငြာရန် ဘဂ္ဂဒက်မြို့ မူဆလင်ဘာသာ၏ အဆင့်မြင့်ဘုန်းတော်ကြီးထံ သွားရောက်ခဲ့ကြောင်း အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့သည်–

''ငါ၏သက်တမ်းအတွင်း လူအများအား လမ်းပြရန် ငါပေါ်ပေါက်လာရ၏။''

''ငါ၏ တစ်ခုတည်းသော ယုံကြည်ချက်မှာ တစ်ဆူတည်းသော ဘုရားသခင်ဖြစ်၏၊ မိုးကောင်းကင်ဘုံ၊ နန်းရွှေဘုံဖြစ်၏။ ကျန်သောဘာသာကိုးကွယ်မှုအားလုံးကို ငါမယုံ။''

၅။ သို့ရာတွင် အောက်၌ဖော်ပြသော ဟိန္ဒူဘာသာနှင့် ဆစ်ခ်ဘာသာတို့အကြား ကွဲပြားခြားနားသော အဓိကအရေးပါသည့်အချက်များအပေါ် အနည်းငယ် သုံးသပ်သွားဖွယ်ရာဖြစ်တော့သည်–

(က) အမွေးအမျှင် မရိတ်သိမ်းပဲ သူ့သဘာဝအတိုင်းထားသည့် အလေ့အထ (Long hair)၊ သံလက်ကောက်(Iron bracelet)၊ kach ခေါ် အတွင်းခံဘောင်းဘီရှည်၊ Comb ခေါ် ခေါင်းဘီးနှင့် Kirpan ခေါ် ဓါးရှည်။

(ခ) ဂုရုအား ခိုင်မြဲစွာသစ္စာရှိမှု(sir rakhe, sir jat hai)

(ဂ) ဆစ်ခ်လူမျိုးတို့၏ ရဲစိတ်ရဲမာန်ရှိခြင်း(sikh Militancy)

(ဃ) ဂုရုမုခ်စာပေ(Gurumukhi script)၊ ဒေဝနာဂရီစာပေ (Devanagari Script)နှင့် သိသာထင်ရှားစွာခွဲခြမ်းမှု၊ ဆစ်ခ်ဘာသာသည် ဟိန္ဒူဘာသာက အသိအမှတ်ပြုသော ဒေဝနာဂရီပါဝင်သည့် သက္ကတစာပေ (Sanskrit)သည် ဆစ်ခ်ဘာသာနှင့် ကွဲပြားခြားနားသည်။

၄–၇–၀၆ နေ့တွင် ပြီး၏

●

# အခန်း(၁၀) Chapter X

## ကမ္ဘာ့ဘာသာကြီးများ၏ အဓိကသော့ချက်ကျသော ခံယူချက်များနှင့်စပ်လျဉ်း၍ ဆန်းစစ်လေ့လာသုံးသပ်ချက်

## A Critical and Comparative Study of the Key-Concepts of Religions

တမန်တော်ကိုးကွယ်သည့်ဘာသာများနှင့် အိန္ဒိယလူမျိုးတို့ကိုးကွယ်သည့်ဘာသာကြီးများအကြား အချို့သောအခြေခံကျသည့် ကွဲလွဲချက်များရှိသည်။ တမန်တော်ကိုးကွယ်သည့်ဘာသာများက ဖန်ဆင်းရှင်ဝါဒကို လက်ခံသော်ညီး အိန္ဒိယပြည်ဖွားဘာသာကြီးများကမူ ကမ္ဘာလောကကြီးနှင့် ဇီဝ(jivae) ခေါ် သက်ရှိသတ္တဝါများအား အချိန်ကာလတစ်ခုခု၌ ဖန်ဆင်းခဲ့ပြီး ဘုရားသခင်တရားစီရင်သည့်(The day of judgment)နေ့အထိ အမြင့်ဆုံးနှင့် နောက်ဆုံးအချိန်သို့ရောက်ရှိမည်ဖြစ်သည်ဟု ယုံကြည်သည်

### အိန္ဒိယပြည်ဖွား ဘာသာရေးအမြင်ရှုထောင့်များ

ကမ္ဘာလောကကြီးနှင့်စပ်လျဉ်း၍ အိန္ဒိယရှေးရိုးစဉ်လာများနှင့် ကွဲပြားစွာမြင်သည့် အမြင်များရှိသည်။ ၎င်းတို့မှာ–

၁။ ဂျိန်းဘာသာနှင့်မီမမ်သ(Jainism and Mimamsa)ဘာသာတို့က ကမ္ဘာလောကကြီး ထာဝရတည်တံ့နေသည်ဆိုခြင်းကို လက်မခံကြပါ။

၂။ ညာယ–ဝိတ္တိကကျောင်းများနှင့် ဝေဒအယူဝါဒ(Nyaya-Vaisesika school and Vedanta)တို့က ကမ္ဘာလောကကြီးအား အချိန်ကာလအပိုင်းအခြားအလိုက် ဖန်ဆင်းခဲ့သည်ဆိုခြင်းကို လက်ခံကြပါသည်။

(က) ညာယ–ဝိတ္တိကအလိုအရ ဖန်ဆင်းရှင်ထာဝရဘုရားသခင်သည် ကမ္ဘာလောကကြီး၏ ပြည့်စုံလုံလောက်သောအကြောင်းရှိ၍သာလျှင် အချိန်ကာလအပိုင်းအခြားစေ၍ ပျက်စီးသွားသောကမ္ဘာလောကကြီးကို သတ္တဝါတို့၏ အနုမြူမှုန်များနှင့်ကမ္မ(Karmas)များ၏အကူအညီဖြင့် ဘုရားသခင်က ဖန်ဆင်းတော်မူခဲ့၏။

(ခ) ထာဝရဘုရားသခင်ရှိသည်ဆိုခြင်းအား လက်မခံသည့် သာကိယ (Samkhya)ဘာသာက ကမ္ဘာလောကကြီးအား Sattva, Rajas နှင့် Tanas တို့ပါဝင်သည့် အစမထင် အဆုံးမမြင်နိုင်သော ပြောင်းလဲခြင်းဖြင့် ပြောင်းလဲနေသည်ဟု ယုံကြည်၏။ ထို့ကြောင့် ဤအမြင်ရှုထောင့်များသည် ဂျိန်းဘာသာနှင့် မိမမ်သဘာသာများနှင့် အလားတူစွာပင်ဖြစ်သည်။

(ဂ) ဝေဒအယူဝါဒက အချိန်ကာအပိုင်းအခြားအလျောက် ဖန်တီးဖြစ်ပေါ်ခြင်းနှင့် ပျက်စီးပျောက်ကွယ်ခြင်း သဘောအယူအဆကို လက်ခံသော်လည်း ဣသရေလ(Ishvara)ဝါဒကမူ ကမ္ဘာလောကကြီးဖြစ်ပေါ်မှုအတွက် လုံလောက်သော ရုပ်ဒြပ်ကလပ်စည်းများဖြစ်ပေါ်မှုနှင့် လုံလောက်သော အချိန်ကာလတို့ရှိရန်လိုအပ်သည်ဟူ၍ လက်ခံသည်။

အိန္ဒိယပြည်ဖွားရှေးရိုးအစဉ်အလာ အထွေထွေအပြားပြား အယူအဆများက ကမ္ဘာမြေကြီးသည် မြေ၊ ရေ၊ လေ၊ မီးနှင့် အာကာသ(Akasha) ခေါ် လေဓာတ်ထက်ပို၍နူးညံ့သိမ်မွေ့သော ရုပ်ဓာတ်ငါးခုပေါင်းစုဖြစ်ပေါ်နေမှုဟူ၍ လက်ခံထားသည်။

ရှေးအခါကာလများ၌ ယုံကြည်ကိုးကွယ်သည့်ဘာသာတရားများအတွင်း ကွဲပြားခြားနားသည့် အရေးကြီးသောအချက်၊ သဘောထားတစ်ရပ်ရှိခဲ့သည်။ ဗြဟ္မဏဝါဒ(စည်းကမ်းတင်းကြပ်သော Sanatani Hinduism)က မည်သည့်ဘာသာယုံကြည်မှု၌ဖြစ်စေ အကောင်းဆုံးနှင့် တစ်ခုတည်းသောသစ္စာ(Truth)သည် လွန်လေပြီးသော ရှေးနှစ်ပေါင်းများစွာအချိန်ကာလ၌သာရှိခဲ့ဖူးသည်ဟူ၍ဆိုသည်။ ဟိန္ဒူဘာသာသည် အလွန်ရှေးကျသော သတ္တယယုဂ(Satya Yuga)ခေတ်က စတင်ဖြစ်ပေါ်လာခဲ့သည့်အတွက် တစ်ခုတည်းဖြစ်သော အကောင်းဆုံးဘာသာကိုးကွယ်မှုဖြစ်သည်။ အခြားသော ဘာသာယုံကြည်မှုများမှာ Yugas of Dvapara ခေါ် အမှန်နှင့်အမှား ရောထွေးယှက်တင် ဒွါပရယုဂခေတ်တွင်လည်းကောင်း Kaliyuga အများအားဖြင့် အမှားများရောထွေးနေသည့် ကလိယုဂ်ခေတ်တွင်လည်း ဖြစ်ထွန်းပေါ်ပေါက်လာကြသည်။ ထို့ကြောင့် ထိုဘာသာတရားများအား အပြည့်အဝအားဖြင့် အကောင်းဆုံးသောဘာသာတရားဟူ၍ မသတ်မှတ်နိုင်ပေ။ ထိုအကြောင်းကြောင့် ဟိန္ဒူဘာသာအား ခေတ်နောက်ကျသော

ဘာသာတရားဟူ၍ မဆိုနိုင်သလို ယင်းဘာသာသည် ခေတ်ကိုထိန်းကျောင်းထားရန် ကောင်းခြင်း အင်္ဂါလက္ခဏာနှင့်ပြည့်စုံသော ဝေဒဘာသာဖြစ်သည်။

အစ္စလာမ်ဘာသာ၏အဆိုအရ(ဒေါက်တာS.M Iqbal မှလွဲ၍) တမန်တော်မိုဟာမက်သည် ထာဝရဘုရားသခင်၏လျှို့ဝှက်ချက်ကို သိမြင်နားလည်စေရန် နောက်ဆုံးစေလွှတ်ခဲ့သော တမန်တော်ဖြစ်သည်။ ဤသို့ဆိုသည့်အတွက် ထာဝရဘုရားသခင်က သတ္တဝါများအကျိုးငှာ တမန်တော်များမှတစ်ဆင့်သာ သူကိုယ်တိုင်အား သိရှိမှတ်သားစေရန်ဟူသော ရှုထောင့်အမြင်အရ တမန်တော် မိုဟာမက်၏ နောက်ကာလများအဖို့တွင် ထာဝရဘုရားသခင်၏လျှို့ဝှက်ချက်ကို ထုတ်ဖော် ဟောကြားမည့်သူ မရှိနိုင်တော့ပေ။ ရှီယာမူစလင်များ(The Shais)က ကိုရမ်ကျမ်းနှင့် ဟာဒီသ်ကျမ်းတို့အား မှန်ကန်ပြီးပို၍ကောင်းမွန်သော ဘာသာပြန်ဆိုမှုကို အကောင်းဆုံးသော ကျမ်းစာများအဖြစ် လက်ခံကြသည်။ ရိုးရှင်းသောသဘာဝအားဖြင့် အစ္စလာမ်ဘာသာသည် တမန်တော် မိုဟာမက်၏ နောက်ဆုံးထုတ်ဖော်ဟောကြားချက်အား အခြေခံမူဝါဒအဖြစ် လက်ခံ လိုက်နာကျင့်သုံးသည်။

ခရစ်ယာန်နှင့်ဗုဒ္ဓဘာသာများက တိုးတက်သောထုတ်ဖော်ဟောကြားသည့် သဘောတရားများအား လိုက်နာကျင့်သုံးသည်။ ခရစ်ယာန်ဘာသာက ထာဝရဘုရားသခင်သည် သူကိုယ်တော်တိုင်၏ ဟောကြားသွန်သင်ညွှန်ပြချက်များအား တမန်တော်များမှတစ်ဆင့် ထာဝရ ဘုရားသခင်၏ သဘောသဘာဝအပြည့်အစုံကို ခရစ်တော်မှ အချိန်ပြည့်တိုးတက်အောင် ထုတ်ဖော် ဟောကြားစေသည်။ ဟောပြောပွဲများတွင် ဆိုရမ်ကီရ်ကီဂတ်(Soren Kier-Kegard)က ခရစ်တော်သခင်ယေရှု၏ ဒုတိယမျိုးဆက် တပည့်သာဝကများသည် စောစောပိုင်းတပည့် သာဝကများထက် သာလွန်ထက်မြက်သည်ဟူ၍ ဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှု၏ ခေတ်သစ်တပည့်သာဝကများက စောစောပိုင်းအချိန်ကာလ တပည့်သာဝကများထက် ပိုမိုကောင်းမွန်သော အသိဉာဏ်ကြွယ်ဝမှုနှင့် လိုအပ်သောအထောက်အပံ့များ ရရှိသောကြောင့် ဖြစ်ကြောင်း အဆိုပြု ရေးသားခဲ့သည်။

၂၀ ရာစုနှစ်များအတွင်း သမ္မာကျမ်းစာသစ်(The New Testament)ကို ထာဝရဘုရားသခင်၏အကြောင်းအရာ ရေးသားတင်ပြရာတွင် သိက္ခာထိခိုက်ကျဆင်းမှုအား ယေရှု

ခရစ်တော်၏ ဒုတိယမျိုးဆက်သာဝကများ၏ ဩဇာသက်ရောက်မှု သဘောသဘာဝအရ R.Bultmann က ဆိတ်ဆိတ်ငြိမ်သက်နေခြင်းအားဖြင့် လက်ခံသည်။

ထိုသဘောသဘာဝအတိုင်းပင်လျှင် စောစောပိုင်းကာလ ဗုဒ္ဓသာဝကများသည် အနက်အဓိပ္ပာယ်မြှုပ်ကွယ်ထားသည့် ဗုဒ္ဓ၏ဟောကြားချက်များအား နားလည်သဘောပေါက်ရန် ကြိုးစားလေ့လာမှုမရှိသောကြောင့် နောက်ပိုင်းကာလဗုဒ္ဓသာဝကများ၏ ထုတ်ဖော်ရေးသားချက် ဩဇာသက်ရောက်မှုကို မဟာယနဗုဒ္ဓဘာသာ သင်ကြားရဌာနများက ထပ်ခါတလဲလဲ ကြိမ်ဖန်များစွာပြောဆိုခဲ့ကြသည်။

ဂျိန်းဘာသာက အကောင်းဆုံးသော ဘာသာယုံကြည်ကိုးကွယ်မှုမှန်ကန်ရေးကို အကြောင်းအကျိုးအမှန်ခွဲဝေဖန်၍ နောက်ဆုံးကာလ ဆုံးဖြတ်ချက်ချ၍ လက်ခံကျင့်သုံးသည်။ သို့ရာတွင် စောစောပိုင်းကာလ ဂျိန်းဘာသာ၏ဟောကြားသင်ပြမှုနှင့် ၎င်း၏ရှုထောင့်အမြင်များသည် တိုးတက်မှုထက် ရှေးဟောင်းအယူအဆအား ထိန်းသိမ်းမှုက ပိုများသည်။

## ဘာသာတရားတို့၏လုပ်ငန်းသဘာဝမှာ ဝိဉာဉ်အားသိနားလည်ခြင်းဖြစ်သည်

ဦးနောက်ထဲတွင် စွဲစွဲမြဲမြဲမှတ်သားထားရမည့် အခြားအကြောင်းအရာအချက်တစ်ချက်ရှိသည်။ ခရစ်ယာန်ဘာသာအလိုအားဖြင့် ကျွန်ုပ်တို့ပြောဆိုနိုင်သည့် အရာခပ်သိမ်းတွင် ထာဝရဘုရားသခင်ရှိ၏။ သို့သော် ထိုထာဝရဘုရားသခင်အား ဘာဆိုတာကို ကျွန်ုပ်တို့မပြောနိုင် ကြပေ။ (Exodus-3.14) စိန့်သောမတ်(စ်) အကွိနပ်(စ်)နှင့် ပေါ်တီလိချ်(St. Thomas Aquinas and Paul Tillich)တို့အား ထိုကဲ့သို့သင်ကြားပေးခဲ့၏။* ထို့မှတစ်ဖန် နာမည်ကျော်ကြား လူသိများသော ဝေဒန္တတအယူဝါဒဟောကြားချက်(B.U.2.4.4;3.4.2;3.7.2)တွင် ဗြဟ္မာဟူသော တစ်ကယ့် အစစ်အမှန်အရှိတရားသည် အနှစ်သာရပြည့်စုံ၍ မမြင်နိုင်သောအရာဖြစ်သည်။ ကဘီးရ်နှင့် ဂုရုနာနပ်စ်တို့သည် ဤအယူအဆကိုလက်ခံကြ၏။ ထို့သို့ဖြစ်လျှင် ကျွန်ုပ်တို့ အဘယ်ကြောင့် ထာဝရဘုရားသခင်၊ သို့မဟုတ် ဗြဟ္မာကြီးအကြောင်း ဆွေးနွေးသင့်ပါသနည်း?။

---

* St.Thomas Aquinas ၏ analogiaentis ကျမ်းတအုပ်နှင့် Paul Tillich ၏ Symobolism ဝါဒအဓိပ္ပာယ်ဖွင့်ဆိုချက်ကျမ်း(Exodus 3.14)မှ ခေတ်ပေါ်အမြင်တွင် ထာဝရဘုရားသခင်ရှိ၏၊ သို့သော် ဘုရားသခင်သည် မည်သည့်အရာဖြစ်သည်ကိုတော့ မသိပေဟူသောအမြင်ကို ကျွန်ုပ်တို့နားလည်သည့်အတိုင်း ဖော်ပြခြင်းဖြစ်သည်။

ဘာသာတရားယုံကြည်ကိုးကွယ်ခြင်း၏ ရည်ရွယ်ချက်မှာ ထာဝရဘုရားသခင်၊ သို့မဟုတ် ဗြဟ္မာကြီးတို့၏အကြောင်းကို သိပ်အများကြီးသိနားလည်ရန်မဟုတ်ပါ။ သို့ရာတွင် ပရမတ္ထ သစ္စာ(ဝါ)တစ်ကယ်ရှိသောအမှန်တရားကို သိနားလည်ရန်နှင့် ထိုအမှန်တရားသို့ ရောက်ရှိရန် ဖြစ်သည်။ အရာခပ်သိမ်းတို့၏အဆုံး၌ စံပြထိုက်သူလူပုဂ္ဂိုလ်နှင့်ထာဝရဘုရားသခင် သည် တူညီသောအရာနှင့် တစ်မျိုးတစ်စားတည်းဖြစ်သည်။ ဥပမာအားဖြင့် ရာမသည် ထာဝရ ဘုရားဟူ၍ စဉ်းစားဆုံးဖြတ်သတ်မှတ်သကဲ့သို့ စံပြထိုက်သောလူပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ ထိုသဘာဝ အတိုင်း ယေရှုခရစ်တော်သည် သူတော်စင်ပုဂ္ဂိုလ်လူသားဖြစ်၍ ထာဝရဘုရားသခင်လည်းဟုတ် သည်။ ထို့ကြောင့် ဘာသာရေးဟူသောစကားရပ်၏ အနက်အဓိပ္ပာယ်သည် စံပြထိုက်သော လူပုဂ္ဂိုလ်ကိုယ်တိုင် တွေ့ရှိရသောအမြင်ကို ဝတ်ပြုကိုးကွယ်သူတစ်ဦးအား သူကိုယ်တိုင်စံပြပုဂ္ဂိုလ် အဖြစ် ရောက်ရှိစေရေးအတွက် တိုက်တွန်းအားပေးမှုမျှဝေပေးရန် အဓိပ္ပာယ်ဖြစ်သည်။

အဝိဇ္ဇာဝါဒ(Advanitism)အလိုအရ ဗြဟ္မာကြီးအားသိနားလည်သူတစ်ယောက်အတွက် သူကိုယ်တိုင်ဗြဟ္မာဖြစ်လာသည်(Brahmavid Brahmaiva Bhavati)။ ခရစ်ယာန်ဘာသာဝင် တစ်ယောက်သည် ခရစ်တော်၏ကျင့်စဉ်အတိုင်း ကျင့်ကြံအားထုတ်ခြင်းဖြင့် နောက်ဆုံး၌ သူကိုယ်တိုင်ခရစ်တော်မဖြစ်လာသော်လည်း ခရစ်တော်က သူနှင့်အတူနေထိုင်သကဲ့သို့ဖြစ်သည်။ တမန်တော်မိုဟာမက်နှင့်တူရန် ကျင့်ကြံကြိုးကုတ်ဝတ်ပြုကိုးကွယ်မှုအလုပ်ကို အပြင်းအထန် အားထုတ်သော မူစလင်တစ်ယောက်အဖို့ မိုဟာမက်နှင့်တူသောပုဂ္ဂိုလ်တစ်ယောက်အဖြစ်သို့ ရောက်ရှိလာမည်ဖြစ်သည်။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ နှုတ်တော်မှ နောက်ဆုံးမိန့်မြွက်ဟောကြား ချက်မှာလည်း"appo dipo bhava"ဟူသော အဓိပ္ပာယ်မှာ အလားတူသောအဓိပ္ပာယ်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တိုင်းသည် ၎င်းကိုယ်တိုင် ဗုဒ္ဓ ခေါ် မောဟ အမိုက်မှောင်ကို ဉာဏ်ပညာအလင်းဖြင့် ဖြိုခွင်း၍ ကိလေသာညွတ်ကွင်းက လွတ်ကင်းသူတစ်ယောက်ဖြစ်လာရန် ဝတ်ပြုကိုးကွယ်သော ဗုဒ္ဓဘာသာဝင်မဟုတ်စေကာမူ ၎င်း၏ကိုယ်ပိုင်ဉာဏ်အလင်းရောင်ကို ကိုယ်တိုင်ထွန်းလင်းစေရန် လိုအပ်ပေသည်။

ဆစ်ခ်ဘာသာမှ ကဘီးရ်ဟူသောဂုရုကြီးသည်လည်း ထိုနည်းတူစွာမှန်ကန်ပါ၏။ ၎င်းသည် သူကိုယ်တိုင် ရာမမည်သောဘုရားဖြစ်စေရန် နိဂုဏ်ရာမကိုအာရုံယူ၍ တရားကျင့်ကြံ

အားထုတ်သည်။ ဤကျင့်ကြံအားထုတ်နည်းကို ရာမခရစ်ရှနာ(Ramakrishna)က ကောင်းသာ စကားကိုဆို၍ ဟောကြားတော်မူခဲ့သည်။ ရာမခရစ်ရှနာက ခရစ်ယာန်ဘာသာ၏အဆုံးအမ အတိုင်းလေ့ကျင့်ပြီး ခရစ်တော်ဖြစ်ခဲ့ပြီး အစ္စလာမ်တရားတော်အဆုံးအမကို လိုက်နာကျင့်ကြံ ခြင်းဖြင့်လည်း သူသည် နောက်ဆုံး၌စံပြမူစလင်အဖြစ် ၎င်းနှလုံးသားအတွင်းသို့ အစ္စလာမ် ဘာသာဝင်ရောက်ကိန်းအောင်း၍ မူစလင်တစ်ယောက်ဖြစ်ခဲ့သည်။

Radhakrishan က အစွမ်းထက်စွာသော ၎င်း၏အမြင်ကို အောက်ပါအတိုင်းမိန့်ဆို ခဲ့သည်-

"ဘာသာတရားဆိုသည်မှာ အကြောင်းအရာတစ်ခုအား နားလည်ခြင်းမှသော် လည်းကောင်း၊ ပြင်ပဘာသာတစ်ခု၏ မှန်ကန်သောအချက် ကောင်းမွန်သောအကျင့်နှင့် ၎င်းပြင်ပဖြစ်သောဘာသာတရားကို ဆည်းကပ်ကိုးကွယ်စေရန်အတွက် ဆွဲငင်စည်းရုံး နားလည်သဘောပေါက်ရန် လှုပ်ရှားမှုတစ်ခုမဟုတ်ပေ။ ဉာဏ်ပညာအလင်းရောင်သစ် တစ်ခု ရရှိရေးအတွက်သာဖြစ်သည်"

ထို့နောက်တဖန်-

"ဘာသာတရား၏တားမြစ်ချက်ကို လူသားကလိုက်နာလျက် ၎င်း၏ပင်ကိုယ်သဘာဝ နှင့်အညီ မိမိ၏ ထာဝရဘုရားသခင်အပေါ်ယုံကြည်အားကိုးမှုကို ဖော်ထုတ်ပြသသည့် အနေဖြင့် ပြောင်းလဲမှုတစ်ခုဖြစ်စေရပါမည်။"

နတ်ဘုရားသခင် သို့မဟုတ် ဗြဟ္မာသည် သက်ရှိသတ္တဝါတစ်ဦးမဟုတ်သဖြင့် ဝတ်ပြုသူ အား နတ်ဘုရား(ဝါ)ဗြဟ္မာကဲ့သို့ ဆုတောင်းဝတ်ပြုသူ၏စိတ်ဝိညာဉ်အတွင်း ကိန်းအောင်းလျက် ၎င်းကိုယ်တိုင်က ဆုတောင်းဝတ်ပြုသည်။ ဥပနိရှတ်(ဘရဒရမ်ယာက) ၃.ရ.၁.၂၃-ရာမနူဂျာနှင့် ကဘီးရ်တို့က ရာမ(ကဘီးရ်)၏စိတ်ဝိညာဉ်အတွင်းကိန်းအောင်းခြင်း အရေးကြီးပုံကို အလေး အနက် ထပ်ဆင့်တင်ပြခဲ့သည်။ ထို့ကြောင့် ဘာသာတရားတစ်ခုအတွက် မိမိ၏ခွန်အားနှင့် အချိန် တို့ကို ဘာသာတရားလုပ်ငန်းနှင့်ဝေယျာဝစ္စကိစ္စများအတွက် အပ်နှံထားသူတစ်ဦး၏ဘဝ ဟောကြားပို့ချမှုနှင့်သေခြင်းတရားတို့သည် ဘာသာတရားတစ်ခု၏ အကောင်းဆုံးနှင့် သီးခြား ပိုင်ဆိုင်သူဖြစ်သည်။

ဘာသာရေးဆိုင်ရာ သဘောထားယုံကြည်ချက်အား နှိုင်းယှဉ်ကြည့်ရာ၌ တူညီသော အကြောင်းအရာတစ်ခုကို ၎င်းဘာသာများက အဓိကကျသည့်အဓိပ္ပာယ်ဖော်ပြချက်အပြင် အခြားအဓိပ္ပာယ်တစ်ခုခုကိုဖြစ်စေ၊ သို့မဟုတ် ရည်ညွှန်းချက်တစ်ခုခုကိုဖြစ်စေ ဖော်ပြခြင်းမရှိကြောင်းကို နှိုင်းယှဉ်လေ့လာသူအနေဖြင့် စွဲစွဲမြဲမြဲမှတ်သားထားရန်လိုအပ်သည်။ နတ်ဘုရား(God) ကဲ့သို့သော တူညီသောယုံကြည်ချက်၌ နားလည်သဘောပေါက်ရန်ခက်ခဲသည့် ကွဲလွဲချက်များတွင် ကောင်းသောအချက်ရှိသည်။ ဣသရေလ(Ishvara)နှင့် အလ္လာ(Allah)တို့သည် အဓိပ္ပာယ်တစ်သဘောတည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့က တူညီသောပရမတ္ထသစ္စာကို အမြင့်မြတ်ဆုံးသောအမှန်တရားဟူ၍ ကျွန်ုပ်တို့ပြောနိုင်သလို ဂန္ဒီကြီး(Gandhiji)ကလည်း ထိုသဘောအတိုင်းယူဆသည်။ နတ်ဘုရား(God)နှင့်ပတ်သက်သည့် ယုံကြည်ချက်အကြောင်းရေးသာဖော်ပြချက်အခန်း၌ ပိုမို၍ရှင်းလင်းစွာ နားလည်သဘောပေါက်လိမ့်မည်။

## နတ်ဘုရား(ဝါ)ထာဝရဘုရား(God)

ပထမဦးဆုံးအနေဖြင့် မည်သည့်ဘာသာတရား၌ဖြစ်စေ နတ်ဘုရား(God)ယုံကြည်ချက်မပါဘဲ ဘာသာတရားမဖြစ်နိုင်ဟူ၍ ကျွန်ုပ်တို့မထင်ပါ။ ဂျိန်းဘာသာ၊ ဗုဒ္ဓဘာသာနှင့် စောစောပိုင်းကာလ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော မိမံသအယူဝါဒတို့သည် ထာဝရဘုရားသခင်(ဝါ)နတ်ဘုရားအား ယုံကြည်မှုမရှိသော ဘာသာရေးစနစ်များဖြစ်ကြသည်။ Samkhya ဘာသာအယူဝါဒ၏ မျက်နှာစာ တစ်ခု၌ပင်လျှင် နတ်ဘုရား(ဝါ)ထာဝရဘုရား၏အခန်းကဏ္ဍ မပါရှိပေ။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာလောကကြီးသည် မည်သည့်လုပ်ကိုင်ရွေ့လျားပေးသူမျှမရှိဘဲ ပြောင်းလဲမှုရှိသောကြောင့် ဖြစ်သည်။ လူသတ္တဝါတစ်ဦးခြင်းတို့သည် သံသရာဝဋ်ဒုက္ခဝဲဂယက်၌ လှည့်ပတ်နေကြရခြင်း အတူတူပင်ဖြစ်သော်လည်း အချို့သောလူသတ္တဝါများသည် မည်သည့်နတ်ဘုရား(ဝါ)ထာဝရဘုရားသခင်၏ အကူအညီမျှမပါဘဲ သံသရာမှကျွတ်လွတ်ထွက်မြောက်ခဲ့ကြသည်။ ထိုအကြောင်းများကြောင့် လူသတ္တဝါတစ်ဦးချင်း၏ ဝိညာဉ်လွတ်မြောက်ရေးမှဖြစ်စေ၊ သံသရာဝဋ်ဒုက္ခဝဲဂယက်အတွင်း ကျရောက်ရေးမှာဖြစ်စေ၊ သို့မဟုတ် ကမ္ဘာလောက၏အကြောင်း ရှင်းလင်းတင်ပြရာတွင်ဖြစ်စေ၊ နတ်ဘုရား(ဝါ)ထာဝရဘုရားသခင်အကြောင်း ထည့်သွင်းဖော်ပြရန်မလိုအပ်ပါ။ ယောဂ

ကျင့်စဉ်မှာပင်လျှင် နတ်ဘုရား(ဝါ)ထာဝရဘုရားသခင်သည် ကမ္ဘာလောကအား ဖန်ဆင်းရှင်အဖြစ်သော်လည်းကောင်း ကူညီပေးသူ၊ သို့မဟုတ် နောက်ယှက်သူအဖြစ်သော်လည်းကောင်း မပါဝင်ပါ။ ၎င်းသည် ယောဂအကျင့် ကျင့်ကြံအားထုတ်ရာတွင် အကူအညီအထောက်အပံ့ တစ်ခုသာဖြစ်ပေသည်။ သို့ရာတွင် နတ်ဘုရား(ဝါ)ထာဝရဘုရားအား ယုံကြည်မှုမရှိသော ဘာသာရေးစနစ်အားလုံးတို့၌ သာမန်လူသားတို့၏ အသိဉာဏ်ထက်သာလွန်သော အတွေ့အကြုံနှင့် ကြောင်းကျိုးပြပြောဆိုမှု၌အခြေမခံသော ပညာသိမြင့်သာသိစွမ်းနိုင်သော၊ သို့မဟုတ် သဘာဝလွန် လူသားအဖြစ်မြှင့်တင်ရန် အလွန်ကြီးကျယ်မြင့်မြတ်သောအကြံအစည်ရှိကြသည်။ လူသား၏ အဆုံးစွန်ရည်မှန်းချက်ဖြစ်သည့် အတွေ့အကြုံနှင့်ကြောင်းကျိုးပြချက်၌အခြေမခံဘဲ ပညာသိမြင့်သာ သိမြင်နိုင်စွမ်းသည့် အမှန်တစ်ကယ်တည်ရှိသည့် တရားတော်မြတ်ကြီး ရရှိခံစားနိုင်စေရန် များစွာသော ကြိုတင်ကျင့်ကြံသိရှိမှုများအား ယုံကြည်ကိုးကွယ်သည့်ဘာသာတရားတစ်ခု (Religion)ဟူ၍ မခေါ်ဆိုနိုင်ပေ။ ဤနည်းအားဖြင့် နတ်ဘုရား(ဝါ)ထာဝရဘုရားသခင် မပါဝင်ဘဲ ဘာသာတရားရှိနိုင်ကြောင်း ကျွန်ုပ်တို့ဖော်ပြခဲ့ခြင်းဖြစ်သည်။

## နတ်ဘုရား(ဝါ)ထာဝရဘုရားသခင် ဖြစ်ထွန်းပေါ်ပေါက်တော်မူခြင်း (Personality of God)

ယုံကြည်ကိုးကွယ်ဆည်းကပ်ရာ၌ နတ်ဘုရား(ဝါ)ထာဝရဘုရားသခင်အား ရည်စူးသမှု အာရုံပြုရန်သင်္ကေတတစ်ခုအဖြစ် ကျွန်ုပ်တို့လက်ခံထားသည့်တိုင် ဤသို့ယုံကြည်ယူဆချက်သည် ဘာသာများအတွင်း မတူညီသည့် ကွဲပြားမှုများရှိသည်ဟူ၍ လက်ခံသည်။ (ရှန်ကာရ၊ ရာမနူဂျာ၊ ကဘီးရ်နှင့် ရာမခရစ်ရှနာ)တို့အပါအဝင် ဟိန္ဒူဘာသာ၏ နတ်ဘုရား(ဝါ)ထာဝရဘုရားသခင်သည် လီလာမပါဘဲ ကမ္ဘာလောကကြီးအား ဖန်ဆင်းတော်မူသည့် အနှစ်သာရှိသောဘုရားတစ်ဆူ ဖြစ်တော်မူသည်။ အစ္စလာမ်ဘာသာက တရားမျှတမှုနှင့်စိတ်ထားဖြူစင်မြင့်မြတ်တော်မူ၍ ချစ်ခြင်းမေတ္တာ၊ သနားခြင်းကရုဏာရှိတော်မူသော တစ်ဆူတည်းသောထာဝရဘုရားသခင်သည် ရှိသည်ဟုယုံကြည်လျက် အကြီးဆုံးသောရိုသေကျိုးနွံမှုပြုရန်ဖြစ်သည်။ ခရစ်ယာန်ထာဝရဘုရား သခင်သည် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးဖြစ်သော လူသားအားလုံး၏ မကောင်းမှု

အပြစ်အနာအဆာများ ကင်းစင်ပပျောက်စေခြင်း၊ ဖြေလွှတ်ခြင်းနှင့် ဘုရားသခင်၏အဆုံးအမ ဩဝါဒကို လိုက်နာခြင်းမရှိသည့်အတွက် အပြစ်ရှိသူများအား သနားတော်မူသဖြင့် မိမိထံခိုလှုံခြင်းကို ကြင်နာယုယပိုက်ထွေး၊ မေတ္တာရေအေးကိုတိုက်ကျွေးတော်မူသော ဘုရားသခင်ဖြစ်၏။ ထိုမှ တစ်ပါး နတ်ဘုရား(ဝါ)ထာဝရဘုရား ယုံကြည်အားထားမှု၏ မတူညီသောအချက်၌ သံယောဇဉ် ငြိတွယ် ခင်မင်ဖွယ်ကောင်းသည့် ဖြစ်စဉ်များနှင့်သမိုင်းဖြစ်ရပ်များက ကောင်းမြတ်သောသာဓက များ ဖြစ်ပေါ်စေခဲ့သည်။ ၎င်း၏လီလာ(Lila)မပါလျှင် သူပါဝင်ဆောင်ရွက်ခဲ့သည့် မဟာဘာရတ (Mahabharata)ဇာတ်တော်ကြီးတွင် ရှင်တော်ခရစ်ရှနာ(Lord Krishira)အား နားလည်နိုင်မည် မဟုတ်ပေ။ ယင်းဖြစ်ရပ်နှင့်အလားတူစွာ ဂျူးလူမျိုးအများအပြား အီဂျစ်နိုင်ငံပြင်ပသို့ ထွက်ပြေး ခဲ့ပြီး အေဗရာဟမ်(Abraham) အိုက်ဇက်(Isaac)နှင့် ဂျက်ကော့(Jacob)တို့နှင့် ညှိနှိုင်းရရှိသော သဘောတူညီချက်အရ ဂျူးလူမျိုးတို့ယုံကြည်သည့် ထာဝရဘုရားသခင်(Judaic God)တွင် အဓိပ္ပာယ်ရှိပြီး ထိုမှတစ်ဆင့် ဘေဘီလုံမြို့သို့မောင်းထုတ် ပြည်နှင်ခံကြရပြီးနောက် အီဇရာ (Ezra)လက်ထက်တွင် ဂျူးလူမျိုးများသည် ဘေဘီလုံမြို့မှ မိမိတို့၏မိခင်တိုင်းပြည်သို့ ပြန်လည် ရောက်ရှိခဲ့ကြသည်။

ထိုနည်းတူစွာ သခင်ယေရှု၏ ဘဝဖြစ်စဉ်ဟောကြားသင်ပြချက်များနှင့် လက်ဝါးကပ် တိုင်ပေါ်၌သေဆုံးရခြင်း၊ ဂျူးလူမျိုး၏ ကောက်ရိတ်သိမ်းပွဲတော်များ ကျင်းပခြင်းအပြင် စောစောပိုင်း အချိန်ကာလတွင် ခရစ်ယာန်များ၏ ဘာသာအယူဝါဒပြောင်းလဲမှုကြောင့် ပြစ်မှုကျူးလွန်ကြခြင်းတို့၏ အကြောင်းခြင်းရာများ မပါဝင်ဘဲ ခရစ်ယာန်တို့သည် ထာဝရဘုရားသခင်၏အဓိပ္ပာယ်ကို နားလည်သဘောပေါက်မည်မဟုတ်ပါ။ ထိုအကြောင်းများကြောင့် ထာဝရဘုရားသခင်ဟူသော အယူအဆနှင့်ယုံကြည်မှုသည် တိကျစွာဖော်ပြသည့်ဝေါဟာရကို အသုံးပြုသည့်စကားလုံး ဘုရားသခင်၏နေ့စဉ်ဘဝနှင့် အသုံးပြုသည့် အမျိုးမျိုးသောဆွဲကိုင်ထားသည့် သဘောထား မှတ်ချက် အစားစားတို့၏ ညွှန်းဆိုချက်မပါဘဲ သူ့အလိုအလျောက် သိနားလည်နိုင်စွမ်းမရှိပေ။

ခရစ်ယာန်ဘာသာ၊ ဂျူးဘာသာနှင့် နောက်မှပေါ်ထွန်းလာသည့် ဘာသာတရားများနှင့် အစ္စလာမ်ဘာသာပင်လျှင် ထာဝရဘုရားသခင်အား အပြည့်အဝမြင်နိုင်စွမ်းမရှိသောအရာဟူ၍ စွဲကိုင်ယုံကြည်လိမ့်မည်။ သို့သော် ထာဝရဘုရားသခင်အား အကြီးမြတ်ဆုံးသောဆန္ဒတော်နှင့်

ဉာဏ်အမြော်အမြင်ဟူသော အမြင်ရှုထောင့်မှကြည့်လျှင်ဖြစ်စေ၊ ၎င်းအားဝတ်ပြုသူများသို့ ဖြေကြားနိုင်သူဟူသောအမြင်မှကြည့်လျှင်ဖြစ်စေ ထိုဘာသာတရားများက ထာဝရဘုရားသခင်ဖြစ်ထွန်းပေါ်ပေါက်တော်မူခြင်းကို ယုံကြည်ကြသည်။ ဥပမာအားဖြင့် ဆစ်ခ်ဘာသာက Nirakara ခေါ် ပုံသဏ္ဌာန်နိမိတ် အရိပ်လက္ခဏာဟူ၍ ဘာမှမရှိခြင်းကို ထာဝရဘုရားဟူ၍ ယနေ့တိုင်ယုံကြည်လျက် ထာဝရဘုရားအဖြစ်ကိုးကွယ်ကြသည်။ ထာဝရဘုရားသခင်အား ရည်စူးဦးတည်ချက် မပါသော မည်သည့်ဝတ်ပြုကိုးကွယ်မှုမျိုးမဆို ဘုရားသခင်ပွင့်ထွန်းတော်မူခြင်းဟူ၍ မည်သို့ရှိနိုင် ပါမည်နည်း။ အစ္စလာမ်ဘာသာကလည်း ထာဝရဘုရားသခင်အား လူသားတို့၏ဖန်ဆင်းရှင်အဖြစ်သာမဟုတ်ဘဲ လူတို့၏ကောင်းကျိုးကိုလိုလား၍ မေတ္တာတရားထားရှိနိုင်သော ပုဂ္ဂိုလ်တစ်ပါးအဖြစ် ယုံကြည်ကိုးကွယ်သည်။ ဤသို့အားဖြင့် တစ်ဆူတည်းသောထာဝရဘုရားသခင် ရှိသည်ဟုယုံကြည်သည့် မည်သည့်ဘာသာရေးစနစ်မဆို ထာဝရဘုရားသခင်ရှိသည်ဆိုခြင်းကို လက်ခံကြသည်။

မည်သို့ပင်ဆိုစေကာမူ အချို့သော စဉ်းစားတွေးခေါ်တတ်သူများ အထူးသဖြင့် Advaitic ခေါ် အဝိဇ္ဇာအကြောင်းခံတရားဟူ၍ လက်ခံယုံကြည်ကြသည့်ဝါဒများအနေဖြင့် ကိုယ်စောင့်နတ်ဘုရားကိုဖြစ်စေ၊ ကိုယ်စောင့်နတ်မဟုတ်သောဘုရားကိုဖြစ်စေ လက်ခံလိမ့်မည်မဟုတ်ပါ။ သို့ရာတွင် သဘာဝလွန်တန်ခိုးရှင် ကိုယ်စောင့်နတ်ဘုရားကိုမူ လက်ခံကောင်းလက်ခံလိမ့်မည် ထင်ပါသည်။ ရှမ်ကာရ(ShanKara)သည်ပင်လျှင် ဣသရေလ(Ishvara)ဟုခေါ်သော ကိုယ်စောင့်နတ်တစ်ပါး၏ အမှန်စင်စစ်တည်ရှိမှုအား ၎င်း၏စနစ်တစ်ခုလုံးအနေဖြင့် ငြင်းပယ်ခြင်းမပြုပါ။ သို့ရာတွင် ရှမ်ကာရအနေဖြင့် ကိုယ်စောင့်ဘုရားတစ်ပါးအား ဝတ်ပြုကိုးကွယ်ခြင်းကို Brahna-jnana ခေါ် သံသရာမှထွက်မြောက်ရန် လမ်းစရရှိရေးအတွက်သာ ရည်ရွယ်ပါသည်။ နေရာများစွာတို့တွင် ရှမ်ကာရအနေဖြင့် တစ်ဆူတည်းသောထာဝရဘုရား ဝတ်ပြုကိုးကွယ်မှုသည် Karma-Mukti ခေါ် အောင်မြင်ရေးလမ်းစဉ်အဆင့်ဆင့်ဖြင့် သံသရာမှလွတ်မြောက်ခြင်းသို့ ဦးတည်ရန် မိန့်ကြားခဲ့သည်။ သို့သော် ရှမ်းကာရ၏ယူဆချက်မှာ ဤမာယာသည် ဘုရားသခင်၏ ထိန်းချုပ်မှုအောက်တွင်ရှိသော်လည်း ဣသရေလသည် မာယာနှင့်ပူးပေါင်းကြံစည်မှုရှိသည်ဟူ၍ ဖြစ်၏။ သူ့အတွက်ဆိုလျှင် ဉာဏမှတစ်ဆင့် သူတစ်ဦးသာနားလည်သဘောပေါက်နိုင်သော အမြင့်မြတ်ဆုံး

သောမှန်ကန်ခြင်းက ဣသရေလထက်သာလွန်၏။ ထို့ကြောင့် အမြင့်မြတ်ဆုံးသော မှန်ကန်ခြင်းသည် သဘာဝလွန်တန်ခိုးရှင်ဖြစ်၍ ဣသရေလအမြင်၌ ဗြဟ္မာ၏မှန်ကန်ခြင်းက ဣသရေလအား လွှမ်းမိုးအကျိုးသက်ရောက်စေသည်။ ထာဝရဘုရားသခင် ဖြစ်ထွန်းပေါ်ပေါက်ခြင်းဖြင့် ဩဇာလွှမ်းမိုးအကျိုးသက်ရောက်မှုသည် ထိုအရာ၏ဆုံးရှုံးမှု၊ သို့မဟုတ် ထိုအရာ၏ တိုးတက်ပြည့်စုံမှုပေလော?။ ထာဝရဘုရားသခင်၏ ဥပမိရုပ်ဆင်းအင်္ဂါ လက္ခဏာတော်သည် လူသား၏ရုပ်ဆင်းအင်္ဂါလက္ခဏာထက် မနှိုင်းယှဉ်မတုဖက်နိုင်အောင် ပို၍များစွာလှပတင့်တယ်တော် မူပါပေ၏ဟူ၍ ကဘီးရ်ကဆိုသည်။ ဤအမြင်အားဖြင့်ဆိုသော် သဘာဝလွန်ရုပ်ဆင်းအင်္ဂါ လက္ခဏာဟူသော ရိုးရိုးရှင်းရှင်းအဓိပ္ပာယ်မှာ ထာဝရဘုရားသခင်၏ ရုပ်ဆင်းအင်္ဂါလက္ခဏာတော်သည် မတုဖက်မနှိုင်းယှဉ်နိုင်အောင် ပြည့်စုံကြွယ်ဝသဖြင့် ယုံကြည်သက်ဝင်ကြည်ညို ကြိုကုန်သော လူသားများအား Karma-Mukti ခေါ် သံသရာမှလွတ်မြောက်မှုရရှိရန် ထာဝရ ဘုရားသခင်အား ယုံကြည်ကိုးကွယ်မှုက ပြည့်စုံကြွယ်ဝစေ၏။ ၎င်းက မသန့်ရှင်းသော ရေပုပ်ရေသိုးတို့သည် ဂင်္ဂါမြစ်အတွင်း စီးဆင်းပေါင်းဝင် ရောနှောခြင်းပြုသွားလျှင် မသန့်စင်သော ရေဆိုးတို့သည် ဂင်္ဂါမြစ်ရေ(Ganga Jala)ဖြစ်သွား၏။ ထိုနည်းတူစွာ လူသား၏ရုပ်ဆင်းအင်္ဂါ လက္ခဏာသည် ထာဝရဘုရားသခင်၏ သဘာဝလွန်မနှိုင်းယှဉ်သာသော ရုပ်ဆင်းအင်္ဂါလက္ခဏာတော်အတွင်းသို့ သက်ဆင်းဝင်ရောက်၍ ကောင်းမြတ်သောအကျိုးသက်ရောက်မှုဖြစ်စေ၏။ ဤအကြောင်းကြောင့် လူသား၏ရုပ်ဆင်းအင်္ဂါ လက္ခဏာအား ငြင်းပယ်မှုဆိုသည်မှာ ထာဝရဘုရားသခင်၏ သဘာဝလွန်မြတ်မွန်လှသည့် ပြည့်စုံကြွယ်ဝမှုဖြစ်၏။ ထို့ကြောင့် သဘာဝလွန် ထာဝရဘုရားသခင်၏ သာလွန်မြင့်မြတ်သည့်ရုပ်ဆင်းအင်္ဂါသည် ပြည့်စုံကြွယ်ဝအနန္တလက္ခဏာရှိသဖြင့် ရုပ်ဆင်းအင်္ဂါလက္ခဏာအား ငြင်းပယ်ခြင်းဟု မဆိုနိုင်ပါ။

အချက်တစ်ခုကို ပို၍လေးနက်စွာဖော်ပြရန်လိုသည်။ ကျွန်ုပ်တို့ကလည်း ထာဝရဘုရားသခင်အပေါ် အနန္တမေတ္တာ၊ အနန္တသစ္စာ၊ အနန္တကရုဏာတရားတို့အား ဦးထိပ်ထားလျက် ယုံကြည်လေးစား အမြတ်တနိုးထားပါ၏။ အနန္တဆိုသောစကားသည် မည်သို့အဓိပ္ပာယ်ရှိပါသလည်း?။ Spinoza ဆိုသူ၏အဆိုအရ ထာဝရဘုရားသခင်တွင် မရေမတွက်နိုင်အောင် များပြားလှစွာသော အရာခပ်သိမ်းကို ၎င်းတို့၏မူလသဘောသဘာဝအတိုင်း ရှုမြင်နိုင်သည့် အရည်အချင်းရှိပြီး

ယင်းအရည်အချင်းတစ်ခုစီက ထာဝရဘုရားသခင်၏ သဘောသဘာဝအနန္တကိုဖော်ပြနေသည်။ အကယ်၍ မေတ္တာ၊ ကရုဏာစသောတရားတို့က ထာဝရဘုရားသခင်အား ကန့်သတ်ထားခြင်း မရှိခဲ့လျှင် ယင်းတရားအားလုံးသည် သဘာဝအတိုင်းရှုမြင်သိရှိ နားလည် နိုင်သောတရားမဟုတ်သော တရားများဖြစ်သည်။ ထိုအကြောင်းကြောင့် စိန့်သောမတ်(စ်) အကွိနပ်(စ်)(St.Thomas Aquinas)က လူသားများအတွင်း တွေ့ရှိရသောမေတ္တာကရုဏာနှင့် အခြားသောအမှန်သဘာဝကို အမှန်သဘာဝအတိုင်းရှုမြင်သည့် အရည်အသွေးအဆင့်နှင့်ထိန်းညှိ၍ အနန္တဆိုသောစကား၏ အတိမ်အနက်အဓိပ္ပာယ်ကို ဖော်ပြရေးသားခဲ့သည်။

သူဆိုလိုသည့်အဓိပ္ပာယ်မှာ ထာဝရဘုရားသခင်သည် သူ၏အရှိမှန်သဘာဝကို အရှိမှန်သဘာဝအတိုင်း သိမြင်နိုင်စွမ်းသည့် ဂုဏ်ကျေးဇူးတော်များဖြင့် လူသားအား အလွန်ခက်ခဲစွာနှင့် များပြားစွာသော ထာဝရဘုရား၏ကျေးဇူးတော်များကို ဖော်ပြနိုင်ရန်အတွက် ထာဝရဘုရားသခင်က သဘာဝထက်ကျော်လွန်သော တန်ခိုးတော်ဖြင့် ပြုလုပ်တော်မူခဲ့၏ဟူ၍ ဆိုလိုခြင်းဖြစ်သည်။ ဘုရားသခင်၏မေတ္တာတော်၊ ကရုဏာတော်၊ သနားအကြင်နာတရားတို့သည် ကျွန်ုပ်တို့ အကောင်းဆုံးသော ဥပမာ ဥပမေယျတို့ဖြင့် ဖော်ပြနိုင်စွမ်းသည့် ကျွန်ုပ်တို့၏ အများဆုံးအောက်ခြေသိမ်းယုံကြည်ချက်နှင့် အမြင့်ဆုံးယုံကြည်ချက်များဖြစ်သည်။ ထို့ကြောင့် စကားအရာဖြင့် ထာဝရဘုရားသခင်၏အကြောင်း ပြောဆိုကြခြင်းဖြင့် လူသားတို့၏အသိဉာဏ် ပညာနှင့်ဘာသာစကားတို့တွင် အမြင့်ဆုံးသတ်မှတ်ချက်သို့ရောက်ရှိ၏။ ဥပနိရှတ်ဘာသာစကားတွင် တူရိယာ(turiya)ဟူသော ဘာသာစကားသည် လူသားတစ်ဦး၏အကြံအစည် စိတ်ကူးစိတ်သန်း၊ ထင်မြင်ယူဆချက်၊ ခံစားချက်လိုအင်ဆန္ဒ၊ ရည်ရွယ်ချက်နှင့် ပြန်လည်စဉ်းစားတွေးခေါ်ချက်များအား အမှန်အတိုင်းပါဝင်သည့်အလျောက် ပြောကြားနားဆင်သူ နှစ်ဦးနှစ်ဝ သဘောတူညီမှု ရစေ၏။

''နှစ်ဦးနှစ်ဝရှိသောနေရာဌာန သူနဂိုမူလအတိုင်းထားလိုက်ကြ၊ ထိုနေရာမှတစ်ဦးက အခြားတစ်ဦးအား တွေ့မြင်ရ၊ ထိုနေရာမှ တစ်ဦးက တစ်ဦးအနံ့ကိုနမ်းရှုရ....၊ ထိုနေရာမှ အရာခပ်သိမ်းဟာ တစ်ဦးကိုယ်တိုင်ပိုင်ဆိုင်ခြင်းသို့ အလွန်သေချာစွာ ရောက်ရှိလာ၊ ထို့နောက် ထိုနေရာမှဘယ်သူ့အား တစ်ဦး၏အနံ့ကို နမ်းရှုမိလေပြား၊ ထိုနေရာမှာ

တစ်ဦးကိုတစ်ဦး တွေ့မြင်ရမည်လား"(B.U.2.4.14)

လူတစ်ယောက်သည် ထာဝရဘုရားသခင်၏အကြောင်းအရာကို ပြောကြားသည့်အခါ ပြောကြားသောဘာသာစကား၏ သဘောသဘာဝအလျောက် အကြောင်းနှင့်အကျိုး၊ အကောင်းနှင့် အဆိုး ရင်ဘောင်တန်းဖြစ်ရပ်များအကြား၌လည်းကောင်း၊ သို့မဟုတ် လက္ခဏာ ရသနှင့် ဆိုင်သော စကားရပ်များ၌သော်လည်းကောင်း၊ လျစ်လျူမရှုသင့်ပေ။ ပရိယာယ်ကြွယ်ဝသော စကားပြောကြားခြင်းဆိုင်ရာ နည်းဗျူဟာအရ အကြောင်းအကျိုး အကောင်းအဆိုးနှင့် ရင်ဘောင်တန်းဖြစ်ရပ်များနှင့်ဆိုင်သော၊ သို့မဟုတ် လက္ခဏာရသနှင့်ဆိုင်သောဘာသာစကားကို စည်းစနစ်တကျပြောကြားစဉ် လူတစ်ယောက်သည် တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်သင့်၏။ ဘာသာရေးနှင့်ဆိုင်သောဝေါဟာရ၏ အဓိကအကျဆုံးသောလိုအပ်ချက်မှာ လူသား၏သိရှိနားလည်သဘောပေါက်ခြင်းကို နက်ရှိုင်းစေရန်နှင့် ကျယ်ပြန့်စွာစဉ်းစားတွေးခေါ်နိုင်စေရန် သက်ရှိသတ္တဝါတစ်ဦးအဖို့ ရေသောက်မြစ်ဖြစ်သည်။ နှလုံးသားအတွင်း ဝင်ရောက်ကိန်းအောင်း၍ သက်ရှိသတ္တဝါတစ်ဦးအား ရှေ့သို့တက်လှမ်းရန် လှုပ်ရှားသွားလာစေနိုင်သည့်အမှတ်သင်္ကေတ ဖြစ်သည်။ ရုပ်ပုံကားချက်ဖြင့် အဓိပ္ပာယ်ပေါ်လွင်စေသောနည်းဖြင့်လည်းကောင်း၊ စသည့်စသည့် အခြားခြားသောနည်းလမ်းများဖြင့်သော်လည်းကောင်း၊ ဘာသာရေးနှင့်သက်ဆိုင်သော ဟောကြားမှု၌ပါသည့် ဘုရားသခင်၏မျှော်မှန်းချက်တစ်ခုမှာ ကျွန်ုပ်တို့အား နောက်ဆုံးပန်းတိုင်နှင့် အဆုံးစွန်ရည်မှန်းချက်သို့ရောက်ရှိစေရန်ဖြစ်သည်။ အရှေ့တိုင်းနိုင်ငံများစွာနှင့် အနောက်တိုင်း နိုင်ငံများတို့၌လည်းကောင်း၊ အစ္စလာမ်/ခရစ်ယာန်နှင့်ဟိန္ဒူဘာသာများ၌လည်းကောင်း အသက် အရွယ်ကြီးငယ်မဟူ အားလုံးသောလူအများတို့တွင် လူတိုင်း ပုဂ္ဂိုလ်တိုင်း နားမလည်နိုင်သည့် အချက်ဖြစ်ကြောင်း ဤရေးသားချက်များက ထင်ရှားသိသာစေခဲ့သည်။

## တစ်ဆူတည်းသောထာဝရဘုရား (Oneness of God)

ဂျူးဘာသာနှင့်အစ္စလာမ်ဘာသာတို့၏ တိကျသေချာသောဟောကြားချက်မှာ ၎င်းတို့ ဘာသာနှစ်ခု၌သာလျှင် တစ်ဆူတည်းသောထာဝရဘုရားသခင်ရှိသည်ဟု ယုံကြည်သည့်အယူ ဝါဒရှိကြသည်။ ဂျူးဘာသာ၏ သဘောအဓိပ္ပာယ်တူစကားမှာ–

"ထာဝရဘုရားသခင် တစ်ဆူတည်းဖြစ်၍ အသင်၌ ငါဘုရားသခင်မှလွဲ၍ အခြား ဘုရားသခင်ဟူ၍ မရှိပေ။"

အစ္စလာမ်ဘာသာကလည်း ထိုနည်းတူစွာအဓိပ္ပာယ်ဆောင်သောစကားကို အောက်ပါအတိုင်း ထုတ်ဖော်ပြောကြားသည်-

"ထာဝရဘုရားသခင်သည် ကြီးမြတ်တော်မူ၏။ အလ္လာအရှင်မြတ်မှတစ်ပါး အခြားသော ဘုရားမရှိပေ။"

ခရစ်ယာန်ဘာသာသည် တစ်ဆူတည်းသောဘုရားသခင်သာရှိသည်ဟူသော အယူအဆ ဘက်သို့ တိမ်းညွတ်မှုရှိသော်လည်း(Trinity)ခေါ် ထာဝရဘုရားသခင်သည် ဖခင်ဖြစ်၍ ယေရှု ခရစ်တော်သည် သားဖြစ်ပြီး သန့်ရှင်းသောဝိညာဉ်တော်ဟူ၍ ခေါ်ဆိုပြားသော်လည်း ထာဝရဘုရားသခင် ဘုရားတစ်ပါးတည်းသာဖြစ်သည်ဟူသော ပြောကြားချက်ရှိသည်ဟု ယူဆနိုင်သဖြင့် တစ်ဆူတည်းသောဘုရားသခင်ရှိသည်ဟူသော ယူဆချက်အစား သုံးပါးဘုရားဝါဒကို စွဲကိုင်ထားသည်။ လူသားမျိုးနွယ်စုနှင့်ဘုရားသခင်တို့အကြား ယေရှုခရစ်တော်အား အမှူးထားသည့် ကျေနပ်လောက်သော ပြန်လည်ရင်ကြားစေ့မှုအား ဘယ်သောအခါမှ မရှိခဲ့ပေ။ ဗြဟ္မာ၊ ဗိဿနိုးနှင့် မဟာပိန္နဲ(Brahma, Visnu and Mahesha)ဟူသော အတူတကွ သုံးဦးသား ပေါင်းဖော်ကြသည့် နတ်ဘုရားများအား Trinity ခေါ် သုံးပါးပုံသွင် တစ်ပါးတည်းသော ထာဝရဘုရားသခင်အယူအဆနည်းဖြင့် လျော့ပေါ့မယူဆသင့်ပေ။ အကယ်၍ အဆိုပါ သုံးပါးသော နတ်ဘုရားတို့၏ တိကျသောလုပ်ငန်းနှင့်ပတ်သက်လာလျှင် တစ်ဆူတည်းသော ထာဝရဘုရား၏ အခန်းကဏ္ဍ မရှိတော့ချေ။ သို့သော် အကယ်၍ထာဝရဘုရားသခင်၏ လုပ်ငန်းတာဝန်ကြီးသုံးရပ်ဖြစ်သည့် ဖန်ဆင်းတော်မူခြင်း၊ အစားအစာနှင့်ရိက္ခာပစ္စည်းများ ဖြစ်ပေါ်စေခြင်း၊ ကမ္ဘာလောကကြီးအား ဖျက်ဆီးပစ်ရန်လိုအပ်ခြင်းတို့နှင့်ပတ်သက်လာလျှင် သီးခြားတည်ရှိနေကြသော ဗြဟ္မာ၊ ဗိဿနိုးနှင့်မဟာပိန္နဲတို့၏အခန်းကဏ္ဍ မရှိတော့ချေ။ ဟိန္ဒူဘာသာသည် တစ်ဆူတည်းသော ဘုရားသာရှိသည်ဟူသောအယူအဆထက် မိုနီစင်(Monisim)အား ပို၍အလေးသာကိုင်းညွတ်မှုရှိသည်။ ဟိန္ဒူဘာသာ၏ အောင်မြင်မှုရရှိခြင်းဟူသော အယူအဆဆိုသည်မှာ အကွဲကွဲအပြားပြား အမျိုးအစားများစွာရှိနေသော ဝတ်ပြုကိုးကွယ်ခြင်းများ၏ ဘုံညီတိုင်ဘာသာတစ်ခုဖြစ်သည်။

"ဗိုလ်လုအများ ငါ့အနားသို့ ညွတ်တွားရောက်လာ၊ ၎င်းတို့အား ငါလက်ခံတာ ငါ၏လမ်းအတိုင်း လျှောက်လှမ်းကြကာ ဗိုလ်လုအများ ငါ့အားဝိုင်းလာ။"

(Bh.G.IV.II=ဘဂဝဒ်ဂီတာ-၄-၂)

ရာမခရစ်ရှနားက အောက်ပါအတိုင်း ဝေဖန်သုံးသပ်သည်-

"နာမပညတ်နှင့် သင်္ဂြာနပညတ်၊ ဤနှစ်ရပ်သည် ပရမတ်သို့ရောက်စေဖို့။"

"တရားဘာဝနာပွားများပါ။ နှစ်သက်ရာကိုသာ"

သို့ရာတွင် ဆစ်ခ်ဘာသာကို တစ်ဆူတည်းသောထာဝရဘုရားအား ယုံကြည်သည့် ဘာသာတရားစစ်ဖြစ်သည်ဟူ၍ ပြောနိုင်သည်။ အမှန်စင်စစ်အားဖြင့် ဗိုအာဇရိယားဘာသာ၌ တစ်ဆူတည်းသော ထာဝရဘုရားအား ယုံကြည်ကိုးကွယ်မှုသည် ပထမ၊ ထာဝရဘုရား များစွာအား ကိုးကွယ်မှုမှာ ဒုတိယဖြစ်၍ နောက်ဆုံးအနေဖြင့် ယုံကြည်ကိုးကွယ်သည့် ဘာသာမဟုတ်ပါ။

## ဖန်ဆင်းရှင်ထာဝရဘုရားသခင်(Creator God)

ခရစ်ယာန်ဘာသာဝင်များသည် ကမ္ဘာလောကကြီးအား ဘာမှမရှိသော သုညအနေ အထား(out of nothing or exhilo)မှ ထာဝရဘုရားသခင်က ဖန်ဆင်းခဲ့ခြင်းဖြစ်ကြောင်း ယုံကြည်ကြသည်။ ထာဝရဘုရားသခင်၏ အမိန့်တော်စကားအားဖြင့် အရာဝတ္ထုများသည် အသက်ရှိသတ္တဝါများအဖြစ်သို့ ရောက်ရှိလာသည်ဟူသော အလားတူအချက်ကို ထောက်ပြ ပြောဆိုကြသည်။ ထာဝရဘုရားသခင်က မိန့်ကြားတော်မူသည့် "ဤကမ္ဘာလောကမှာ အလင်းရောင်ဖြစ်ပါစေ၊ ထိုအခါ အလင်းရောင်ဖြစ်ပေါ်ခဲ့သည်" ဤကျွန်ုပ်တို့(စာရေးသူနှင့် စာဖတ်သူ)က ဘာမှမရှိသော သုညအနေအထား(ဝါ)asat ကို အိန္ဒိယလူမျိုးတို့၏ လောကအမြင် (ဝါ)အိန္ဒိယ ဒဿနဟူ၍ အလေးအနက်ပြုမရေးသားလိုပေ။ ထာဝရဘုရားသခင်က ဖန်ဆင်းတော်မူ သည်ဆိုသော ရှင်းလင်းသည့်အဓိပ္ပာယ်မှာ ထာဝရဘုရားသခင်၏ဆန္ဒတော်နှင့် အကြံအစည်များ သည် ဖန်ဆင်းနိုင်သောစွမ်းအား၊ အောင်မြင်စေနိုင်သည့်စွမ်းအားနှင့် ဘေးရန်အန္တရာယ်များအား ဖယ်ရှား သုတ်သင်နိုင်သောစွမ်းအားရှိခြင်းကိုဆိုလိုသည်။ ဘာကယ်လေ(Berkeley)ကတော့

ယင်း အယူအဆကိုဆန့်ကျင်လျက် လူသား၏အတွေးအကြံသည် ပုံဖော်ဖန်ဆင်းနိုင်သည့်စွမ်းအင်နှင့် မျိုးပွားစေနိုင်သည့်စွမ်းအားမျှသာဖြစ်ကြောင်း ထောက်ပြသည်။ ထာဝရဘုရားသခင်သည် ရုပ်ဝတ္ထုပစ္စည်းများနှင့်လိုက်ဖက်မည့် သဘာဝအခြေအနေကို ၎င်း၏စိတ်ဆန္ဒအတိုင်းသာလျှင် ပြုတော်မူ၏။ အိန္ဒိယနိုင်ငံမှ ရှေးခေတ်သူတော်စင်ကြီးများ(Sages)သည် ၎င်းတို့၏စိတ်အလိုဆန္ဒရှိလျှင် ကျိမ်စာ(သစ္စာစကား)တိုက်သကဲ့သို့ ပါးစပ်မှရွတ်ဆိုခြင်းဖြင့်သော်လည်းကောင်း၊ သို့မဟုတ် ဆုတောင်းမေတ္တာပို့သခြင်းဖြင့်သော်လည်းကောင်း သစ်သီးဝလံများ ရှေ့မှောက်သို့ချက်ခြင်းရောက်ရှိလာသည် (rsis-ဟိန္ဒူစကားအရ ရွတ်ဖတ်မှု)။ သို့ရာတွင် ထာဝရဘုရားသခင်သည် လူသားအား အထူးတလည်ရည်ရွယ်ချက်အတွက် အထူးစီမံဖန်တီးသည့်နည်းဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ဂျိန်းဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာများ၏အဆိုအရ ထာဝရဘုရားသခင်ဆိုသည်မှာ ကမ္ဘာလောက၏ရုပ်ဝတ္ထုပစ္စည်းနှင့် လုံလောက်သောအကြောင်းကို ဆိုလိုကြောင်း "အရစ္စတိုတယ်၏ အကြောင်းဟူသောစကားအား ရှုမြင်သုံးသပ်ချက်"(Aristotelian sense of "Cause")ဆိုသည်။

အိန္ဒိယရှေးရိုးအစဉ်အလာ၌ Shankara အယူဝါဒက Ishvara သည် ကမ္ဘာလောက၏ ရုပ်ဒြပ်ပစ္စည်းနှင့် လုံလောက်သောအကြောင်းဖြစ်သည်ဟု လက်ခံယူဆသည်။ Ishvara က ရုပ်ဒြပ်ဝတ္ထုအား ထာဝရဘုရားသခင်၏ စိတ်အလိုဆန္ဒအရ ပေးအပ်သောအမိန့်တော်မျှသာ ဖြစ်သည်ဟု မှတ်ယူပါသလား?။ ဤသည်မှာ အနည်းဆုံးအားဖြင့် ဟိန္ဒူဘာသာ Chandoya Upanishad အယူတွင် ပါဝင်သည်။

ဗြဟ္မာကြီးသည် မိမိကိုယ်တိုင်စဉ်းစားခဲ့သည်မှာ–

"ငါ၏ကိုယ်ပွား အများအပြားရှိလိမ့်၊ ငါ့အား ငါကိုယ်တိုင်ကြိုတင်၍ ဖန်ဆင်းရန် ခွင့်ပေးပါ။"

ဤဗြဟ္မာကြီးက အပူဓာတ်ပေး၏။ မည်ကဲ့သို့ပေးပါသနည်း?။ ကျွန်ုပ်တို့မသိပါ။ သို့သော်(၆–၃–၁)ကပြောသည်မှာ ဤဖန်ဆင်းမှုသည် ဘာမှမရှိသောသုညမှ၊ သို့မဟုတ် ထာဝရဘုရားသခင်မဟုတ်သူမှ ဆက်လက်ဖြစ်ပေါ်၏။ (၆–၃–၂)က ဖန်ဆင်းခြင်းသည် ဘုရားသခင်မှစသည်ဟူ၍ ပြောဆိုခြင်းဖြင့် ဤရေးသားချက်အား (၆–၃–၂)ကပြင်ဆင်ပေးသည်။

ထို့ကြောင့် ခရစ်ယာန်သမ္မာကျမ်းတွင် ဖော်ပြသည့်အကြောင်းအချက်သည် ထာဝရဘုရားသခင် တစ်ပါးတည်းမှ ဖန်ဆင်းမှု၏ရလဒ်ဖြစ်သည်ဟူသော ရေးသားမှုနှင့် အလွန်တူညီသည်။

သို့ရာတွင် ဤဥပနိရှန်၏ ဖော်ပြရေးသားချက်သည် အချိန်ကြာမြင့်စွာ တည်တံ့မှု မရှိပေ။ ပထမဦးဆုံးအနေဖြင့် ရှန်ကာရတို့က ကမ္ဘာလောကသည် ပထမအစဟူ၍မရှိကြောင်း ယုံကြည်လက်ခံသည်။ ဖန်ဆင်းမှုနှင့်ပျက်စီးမှုတို့သည် လှည့်ပတ်နေသော သံသရာစက်ဝိုင်း တစ်ခုဖြစ်သည်။ ဒုတိယအနေအားဖြင့် ရှန်ကာရ၏ ဣသရေလသည် ၎င်းတို့၏ပျက်စီးမှုတစ်ခု ခြင်းစီ၏ အဆုံးသတ်ကာလသည် အရည်အချင်းမရှိသော ဗြဟ္မာကြီးသည် တစ်ပိုင်းတစ်စ ဖြစ်စေ အပြည့်အဝဖြစ်စေ အရည်ဓာတ်အတွင်း စုပ်ဝင်သွားခြင်းခံရသည်။ ရာမနုဂျာ၏အမြင်နှင့် ယူဆချက်များသည် ရှန်ကာရ၏ထင်မြင်ယူဆချက်များနှင့် ခါးခါးသီးသီးကွာခြားနေသည်။

ရာမနုဂျာ၏အလိုအရ ဗြဟ္မဆိုသည်မှာ ပုဂ္ဂိုလ်ရေးနှင့်ဆိုင်၍ ၎င်းဗြဟ္မာကြီးသည် ကမ္ဘာလောက၏ရုပ်ဒြပ်ဝတ္ထုနှင့် ပြည့်စုံလုံလောက်သောအကြောင်းတရားဖြစ်ပြီး ဖန်ဆင်းမှုများ လှည့်ပတ်နေခြင်းဖြစ်၏။ သို့သော် ၎င်းအတွက် ကမ္ဘာလောကနှင့်အသက်ဇီဝပုံစံသည် ဘုရား သခင်၏ကိုယ်ခန္ဓာဖြစ်သည်။ ထို့ကြောင့် ရုပ်ဒြပ်ကမ္ဘာလောက(acit in Hinduism)ဟုဆိုသော ရိုးရိုးရှင်းရှင်းအဓိပ္ပာယ်မှာ နူးညံ့သိမ်မွေ့၍ ထိတွေ့ခံရန်ခက်ခဲသည့် ရုပ်မှုန်ကလေးများမှ ကြီးမားသောရုပ်ဒြပ်ဝတ္ထုအဖြစ်သို့ ပြောင်းလဲမှုကိုဆိုလိုသည်။ ဤနေရာမှာ ဖန်ဆင်းတော်မူခြင်း ဟူသော သဘောတရားအယူအဆသည် ဖြစ်ပေါ်လာခြင်း၊ သို့မဟုတ် စီးဆင်းလာခြင်း၊ သို့မဟုတ် ရှေ့ဆက်သွားနေခြင်း သဘောတရားအယူသို့ ပြောင်းလဲသွားသည်။ ဟိန္ဒူဘာသာ နတ်ဘုရားက လည်း အသက်ဇီဝ ခေါ် သတ္တဝါများသည် ၎င်းတို့၏အတိတ်ဘဝ(ကမ္မ)Karmas များ၏အစွမ်း ကြောင့် နတ်ဘုရားက အသက်ဇီဝ ခေါ် သတ္တဝါများအား ဖန်ဆင်းတော်မူသည် ဟူသော အမြင် ရှုထောင့်မှကြည့်လျှင် ရုပ်ဒြပ်ဝတ္ထုဖြစ်ရခြင်းအကြောင်းထက် တာဝန်ကို ကောင်းစွာ ပြုတော်မူခြင်းဟူသောအမြင်ကို ပို၍အလေးဂရုပြုတော်မူသည်။

ထာဝရဘုရားသခင်အား Nyaya Vaisesika Philosophy ခေါ် ဒဿနအမြင်က ကမ္ဘာလောကကို ဇီဝ ခေါ် သတ္တဝါများ၏ အတိတ်ဘဝကံအဟုန်အစွမ်းဖြင့် အနုမြူမှုန့်များ အတွင်းမှ အစိုင်အခဲရုပ်ဝတ္ထုဒြပ်အစုကြီးဖြစ်ရန် လုံလောက်သည့်အကြောင်းတရားအဖြစ်

ပြုပြင်စီရင်ပေးတော်မူကြောင်း ထင်ထင်ရှားရှား ရွေးချယ်သတ်မှတ်လက်ခံခဲ့သည်။

ဤနည်းအားဖြင့် ဟိန္ဒူဘာသာ ဥပနိရှတ်ကျမ်းမှ နတ်ဘုရားဖန်ဆင်းတော်မူခြင်းဟူသော ရေးသားဖော်ပြချက်နှင့် တမန်တော်ကိုးကွယ်သည့်ဘာသာများတွင် ထာဝရဘုရားသခင် ဖန်ဆင်းတော်မူသည်ဟူသော ယုံကြည်ချက်များသည် အလွန်အမင်းတူညီကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ အခြားနည်းလမ်းတစ်ခုအားဖြင့် ထာဝရဘုရား(ဝါ)နတ်ဘုရားတစ်ပါးတည်းသာရှိသည်ဟူသော အိန္ဒိယလူမျိုးတို့၏ ဘာသာယုံကြည်မှုများ၊ တမန်တော်ကိုးကွယ်သည့်ဘာသာများမှ ထာဝရဘုရားသခင်ဖန်ဆင်းတော်မူသည်ဆိုသော ဟောကြားချက်များနှင့် ကျယ်ပြန့်စွာ ကွဲလွဲချက်ရှိသည်။

## ထာဝရဘုရားသခင်(ဝါ)နတ်ဘုရား၏ ဘုန်းတန်ခိုးအာနုဘော်နှင့်ဂုဏ်ကျေးဇူး

**Transcendence and Immanence of God**

ထာဝရဘုရားသခင်(ဝါ)နတ်ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်များကို သိရန်လိုအပ်သည်။ ပထမဆုံးအနေအားဖြင့် ထာဝရဘုရားသခင်(ဝါ)နတ်ဘုရား၏ ဂုဏ်ကျေးဇူးတော်ဆိုသည်မှာ အရာဝတ္ထုအတွင်း တစ်ကယ်စစ်မှန်သည့်အရှိတရားနှင့် အခြေအနေတစ်ရပ်ကို ကျော်လွန်ပြီးနောက် ခေတ္တရပ်နား၍ အဆင့်တစ်ဆင့်ဖြစ်ပေါ်လျက် ဆက်လက်တည်နေခြင်းကို ဆိုသည်။ ဥပမာအားဖြင့် အလွန်နူးညံ့၍ လေထုအတွင်းပြန့်နှံ့လွယ်သော အနံ့အသက်သည် အခန်းတွင်းမှကျော်လွန်၍ ပြင်ပသို့ရောက်ရှိသွားသကဲ့သို့ဖြစ်သည်။ ဤအဓိပ္ပာယ်သည် ပုရုသသုတ္တံ(Purusa Sukta) ခေါ် ဘုရားသခင်အား ချီးကျူးပူဇော်သည့် လင်္ကာများတွင်တွေ့ရှိ ရသော ဂုဏ်တော်ဖြစ်၏–

''ပုရုသတွင် ဦးခေါင်းတစ်ထောင်ရှိ၏၊
မျက်လုံးပေါင်း တစ်ထောင်လည်းရှိ၏၊
ခြေချောင်း တစ်ထောင်လည်းရှိ၏၊
သူသည် ကမ္ဘာမြေကြီးအပေါ် ခြေချထား၏၊
လက်ချောင်းများဖြင့် ကမ္ဘာမြေကြီးအား

ကောင်းစွာ ဆုပ်ကိုင်ထားပေ၏။"

ဗြဟ္မာကြီးသည် လူသား၏နှလုံးသားအတွင်းကိန်းဝပ်၍ အရာခပ်သိမ်းကို ထိန်းချုပ်ထားသည့် လူသား၏အတွင်းစွမ်းအားဖြစ်သည်။ ထို့ကြောင့် ဗြဟ္မာကြီးသည် အခြားဘာသာတရားနှင့် ဆက်စပ်မှုမရှိဘဲ အာရုံခံစားမှုများဖြင့် သိနားလည်နိုင်သောဖြစ်ပေါ်မှုကို ရှန်ကာရအတွက် ထားရှိသော ဂုဏ်ကျေးဇူးတော်ဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် ဗြဟ္မာကြီးသည် တစ်ကယ့်အစစ်အမှန်မဟုတ်သည့် ပညတ္တိအား သိပ္ပံနည်းကျတွေးခေါ်မှုထက် တစ်ကယ့်လက်တွေ့ဖြစ်ရပ်အား သင်ခန်းစာအဖြစ်အလေးထားသည့် ကမ္ဘာလောကကြီးနှင့် မထိတွေ့ဘဲတည်ရှိနေ၏။ သို့သော် သတ္တဝါတစ်ဦး(ဝါ)ဇီဝတစ်ခု၏ ပင်္ကိသဘွေမျိုးစေ့သည် ဗြဟ္မာကြီး ဖြစ်၏ (Grahmaiva jiva)။ ထို့ကြောင့် ရာမနုဂျာ၏အဆိုအားဖြင့် အသက်ဇီဝတစ်ခု(ဝါ)သတ္တဝါတစ်ယောက်သည် ဗြဟ္မာကြီး၏အတွင်း၌ရှိ၍ ဗြဟ္မာကြီးသည် သူ့ထက်ပို၍ရှေ့သို့ရောက်ရှိ၏။

ဟိန္ဒူကျမ်းစာ ဥပနိရှတ်(စ်)နှင့် ၂၀ ရာစုနှစ်၏ အထင်ရှားဆုံးသော ဒဿနိကပညာရှင်ဟုဆိုသော ကန့်(Kant)၏ရေးသားချက်၌ ထာဝရဘုရား(ဝါ)နတ်ဘုရား၏ တန်ခိုးရှိန်စော်အာနုဘော်နှင့်ပတ်သက်၍ အခြားအမြင်တစ်ခုရှိသေး၏။ ဗြဟ္မာကြီးသည် ကြားသိမှု၊ တွေးကြံမှုနှင့် သိနားလည်မှု၏ အခြေခံအကျဆုံးသောအရာဖြစ်သည်။ သို့ရာတွင် ၎င်းကိုယ်၌ကတော့ သိနားလည်ခြင်းအတွက် အာရုံယူစရာအရာဝတ္ထုမဟုတ်နိုင်ချေ။

"ဗြဟ္မာကြီးအား မတွေ့မြင်နိုင်၊ မကြားသိနိုင်ပေ၊
ကြားသိနိုင်သောသူ၊ မစဉ်းစားဘဲတွေးထင်နိုင်သူ၊
နားမလည်နိုင်သော၊ သိတတ် သဘောပေါက်သူဖြစ်၏။"

(U.B.3.7.23)

နောက်တစ်ဖန်–

"မြင်သောသူ၏မြင်ခြင်းကို အသင်မမြင်နိုင်ပေ၊
ကြားသောသူ၏ ကြားခြင်းကို အသင်မကြားနိုင်ချေ၊
တွေးထင်သောသူ၏ တွေးထင်ခြင်းအား အသင်မတွေးနိုင်ချေ။"

(U.B.III.4.2)

Kant က ဤသဘောတရားအား ကျွန်ုပ်တို့သတိပြုမိလာသော ပြောင်းလဲမှုများ၏ ဖြစ်စဉ်နှင့်ပတ်သက်၍ အတုအရောင်ညီညွတ်မှုဟူ၍ ခေါ်ဆိုသည်။ ၎င်း၏ ရေးသားဖော်ပြချက်မှာ–

"အာရုံခံပစ္စည်းတစ်ခုခုအား(အာရမ္မဏိက) သိရှိနိုင်ရန် ကျွန်ုပ်ကြိုတင်ခန့်မှန်းရမည့် ကျွန်ုပ်မသိနိုင်သော အာရုံခံပစ္စည်း(အာရမ္မဏိက)တစ်ခုအဖြစ် အလွန်ထင်ရှားသော သက်သေအထောက်အထား အမှန်စင်စစ်ဖြစ်ပါပေ၏။"

ထာဝရဘုရားသခင်၏ တန်ခိုးတော်နှင့်စပ်လျဉ်း၍ ထာဝရဘုရားသခင်သည် လုံးဝဥဿုံ "အခြားတစ်ပါးသောပုဂ္ဂိုလ်"ဟူ၍ ခံယူသောသူများ၏အဆိုအရ ဂျူး–အစ္စလာမ် ဘာသာရေး ယုံကြည်ချက်အရ တန်ခိုးတော်၏ တတိယအဓိပ္ပာယ်ဖြစ်သည်။ စိန့်သောမတ်(စ်)နှင့်စိန့်ပေါလ် တီလီချ်တို့ ရေးသားချက်များတွင် စကားလုံးများဖြင့်သော်လည်းကောင်း၊ ပဟေဠိပုံချ ချက်ဖြင့်သော်လည်းကောင်း ဘုရားသခင်၏ရုပ်ပုံလွှာအားဖော်ပြခြင်းငှာမစွမ်းနိုင်အောင် ထာဝရ ဘုရားသခင်သည်"အခြားတစ်ပါးသောပုဂ္ဂိုလ်"များစွာရှိသည်။ ဘုရားသခင်ထံမျှော်သို့ မပြည့် မစုံဖြတ်တောက်ထားသည့် အရာဝတ္ထု၏အစိတ်အပိုင်း တစ်စုံတစ်ရာမရောက်ရှိနိုင်ပေ။ စိန့် သောမတ်(စ်)၏အလိုအားဖြင့် သဘောတူညီခြင်းမရှိဘဲ ဘုရားသခင်ထံချဉ်းကပ်မှုမပြုနိုင်ဟူ၍ လည်းကောင်း၊ ပေါလ်တီလီချ်၏အလိုအားဖြင့် အမှတ်သင်္ကေတမရှိဘဲ ဘုရားသခင်ထံချဉ်းကပ်မှု မပြုနိုင်ဟူ၍လည်းကောင်း ဆိုသည်။ သို့ဖြစ်လျှင် ထာဝရဘုရားသခင်၏အကြောင်းကို အနည်းငယ် အားဖြင့် သဘောထားဖလှယ်သည့် ဆွေးနွေးပြောဆိုမှု၊ ဆက်သွယ်စကားပြောဆိုမှု၊ သင်ကြား ပို့ချမှုတို့ကို မည်ကဲ့သို့ ဘုရားသခင်အားသိနားလည်နိုင်မည်နည်း?။ ထာဝရဘုရားသခင်ထံပါးသို့ ဘုရားသခင်၏လျှို့ဝှက်ချက်ကို နားလည်သဘောပေါက်ခြင်းဖြင့် ချဉ်းကပ်မိနိုင်ပေလိမ့်မည်။ ထာဝရဘုရားသခင်၏အကြောင်း လျှို့ဝှက်ချက်ကိုနားလည်ရန်မှာ အိမ်မက်အရဖြစ်စေ၊ စိတ် စွမ်းအားအရဖြစ်စေ၊ နတ်သမီးများ၏အကူအညီရရှိခြင်းကြောင့်ဖြစ်စေ နားလည်နိုင်သည်။ သို့ရာတွင် ဖော်ပြခဲ့သောအချက်များအားလုံးကို တမန်တော်များမှတစ်ဆင့်သာလျှင် သိရှိ နားလည်နိုင်သည်။ ဤစာပိုဒ်ပါ စကားရပ်များ၏နောက်တွင် ခရစ်ယာန်ဘာသာဝင်များသည်လည်း ထာဝရဘုရားသခင်သည် ကမ္ဘာပျက်မည့်နေ့(The last days)ရက်များတွင် သူ၏သားတော် ယေရှုသို့ဝင်စားသည်ဟု ယုံကြည်ကြသည်။ တီလီချ်၏အဆိုအဓိပ္ပာယ်(Tillichian sense)အရ

အကယ်၍ ဤသုံးပါးပုံသွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်(Trinity)အရ သားတော်ဘဝ အမှတ်သင်္ကေတဟူ၍ ရေးသားလျှင် ဘေးအန္တရာယ်မရှိပေ။ သို့သော် ဤသားတော်ဘဝ အမှတ်သင်္ကေတကို စာပေဝေါဟာရအဓိပ္ပာယ်အားဖြင့်သာ ရေးသားအသုံးပြုလျှင် ထာဝရဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ပျောက်ကွယ်လျက် ထာဝရဘုရားသခင်အား ယုံကြည်သက်ဝင်မှုသည် သန့်စင်ပြီးဖြစ်၍ ပိုမိုမြင့်မြတ်သည့်လိုအင်ဆန္ဒဖြစ်သော်လည်း လူသားအား မူယစ်မိန်းမောစေသော ဝါဒပုံစံကစ်မျိုးဖြစ်လာသည်။ သို့သော် အကယ်၍ ထာဝရဘုရားသခင်၏ ''အပြည့်အဝ တစ်ခြားတစ်ပါး''ဟူ၍ ရိုးရိုးရှင်းရှင်း အဓိပ္ပာယ်ဖြစ်သည်ဆိုလျှင် ခရစ်တော်သည် ထာဝရဘုရားသခင်၏ လျှို့ဝှက်ချက်ကို သိနားလည်ရန်အားထုတ်မှုနှင့်ဆိုင်သည့်ဖြစ်ရပ်၏ နောက်ဆုံးနှင့်တစ်ပါးတည်းသော အမှတ်သင်္ကေတဖြစ်နိုင်သည်။

ယေရှုခရစ်တော်အဖြစ် ထာဝရဘုရားသခင်ဝင်စားခြင်းဟူသော မေးခွန်းထွက်ပေါ်လာခဲ့သည်။ လူဝင်စားခြင်းသဘောတရား အယူအဆအရ ထာဝရဘုရားသခင်သည် လူ့လောကပြုလုပ်ရန် လူသား၏ပုံစံကိုရယူခဲ့သည်။ ဘုရားသခင် ခရစ်ရှနားကိုယ်တော်မြတ်သည် ကောင်းကျိုးချမ်းသာကို ကာကွယ်ရန်အတွက်လည်းကောင်း၊ မကောင်းမှုဒုစရိုက်များကို ကာကွယ်ရန်အတွက်လည်းကောင်း၊ အမှန်တရားကို တည်ဆောက်ရန်အတွက်လည်းကောင်း သူကိုယ်တိုင်လူဝင်စားသည်ဟု(ဘဂဝါ)ဂီတကျမ်းက ဆိုသော်လည်း လူ့လောကတစ်ခုလုံး ပြုလုပ်ဖန်တီးရန် အဓိပ္ပာယ်လည်းဖြစ်သည်(Gita.IV.8)။ ဤသို့အားဖြင့် ထာဝရနတ်ဘုရားသခင် ခရစ်ရှနားသည် လူအဖြစ် ပြန်လည်ရယူရန် လူသားဘဝပြုလုပ်ဖန်တီးသည်။ ထိုကဲ့သို့(ဘဂဝါ)ဂီတကျမ်းတွင်သော်လည်းကောင်း၊ ဟိန္ဒူဘာသာ ပုရမ်ကျမ်း(Pauranic Hinduism)နှင့် ရာမနုဂျာကျမ်းတို့၌လည်းကောင်း ထာဝရဘုရားသခင်၏ အထူးတလည်လျှို့ဝှက်သောအချက်အဖြစ် Avataravada ခေါ် လူဝင်စားခြင်းအယူအဆ သဘောတရားကို ဖတ်ရှုရသည်။ ခရစ်ယာန်၏ ထင်ရှားပေါ်လွင်သည့်ပုံစံကလည်း ဤသဘောတရားကို လက်ခံထားသည်။

မည်သို့ပင်ဆိုစေကာမူ ကဘီးရ်၊ ဂုရုနာနပ်(စ်)နှင့် ဂိုရပ်ခ်နသာပမ်သစ်(စ်)တို့က Avataravada ခေါ် လူဝင်စားခြင်းအယူဝါဒကို လက်မခံကြပေ။ ထိုနည်းလမ်းအတိုင်း အစ္စလာမ်ဘာသာနှင့် ဂျူးဘာသာတို့ကလည်း လူဝင်စားအယူအဆကို လက်မခံကြပေ။ လူဝင်စားခြင်း

ဆိုသည်မှာ လူ့လောကအားဖန်တီးရန်၊ သင်ကြားပေးရန်အတွက် ထာဝရဘုရားကိုယ်တိုင် လူသားပုံစံအတွင်းသို့ ဆင်းသက်လာခြင်းဖြစ်သည်။

ထာဝရဘုရားသခင်၏ ဂုဏ်တော်အားဆန့်ကျင်လျက်–

''စကြဝဠာကမ္ဘာလောကတစ်ခုလုံးသို့ ဂုဏ်သတင်းရနံ့ အမြဲတမ်းပျံ့နှံ့စေခြင်း'' ဟူသည်မှာ ထာဝရဘုရားသခင်၏အကြောင်းအရာများသည် နေရာဒေသအနှံ့အပြားသို့ရောက်ရှိသွားခြင်း၊ သနားကြင်နာချစ်ခင်စွာဖြင့် သတ္တဝါများအားမေတ္တာထားရှိခြင်းနှင့် စကြဝဠာကမ္ဘာလောကအား အပြည့်အဝတည်ရှိနေခြင်းကိုဆိုလိုသည်။ ဥပမာအားဖြင့် ကြက်မကြီး၏စိတ်စေတနာညွတ်ကိုင်းခြင်းဖြင့် ကြက်ဥအတွင်းမှ ကြက်ကလေးတစ်ကောင်အဖြစ် ပေါက်ဖွားလာသကဲ့သို့ဖြစ်၏။ ထိုနည်းအတိုင်း ထာဝရဘုရားသခင်၏မေတ္တာတော်ဓာတ် ဂုဏ်သတင်းရနံ့ ပျံ့နှံ့စေမှုဆိုသည်မှာ ကမ္ဘာလောကအတွင်းထိန်းကွပ်ထားသော စိတ်ဓာတ်နှင့်အကျိုးရလဒ်တစ်ခု ဖြစ်ထွန်းပေါ်ပေါက်စေခြင်းကိုဆိုသည်။* အရစ္စတိုတယ်၏အမြင်အရ ထာဝရဘုရားသခင်သည် ပုံသဏ္ဌာန်များစွာအနက်မှ ပုံစံဖြစ်၍ ၎င်းသည်စကြဝဠာကမ္ဘာလောကကြီးတစ်ခုလုံး သူ့အလိုလိုရှေ့သို့ တသမတ်တည်းဆွဲယူရွေ့လျားစေခြင်း၊ ရှေ့ဆောင်လမ်းပြခြင်းနှင့်ထိန်းချုပ်ခြင်းတို့ကို ပံ့ပိုးပေးသည်။** ပလေတို၏အဆိုအရ အနှစ်သာရမှာ ''ထာဝရဘုရားသခင်၏ ကောင်းချီးပေးခြင်း'' နှင့်မိဟ္မာယ်အတူတူပင်ဖြစ်သည်။*** ဆင့်ပြုရယ်အလက်ဇန္ဒားကဲ့သို့သော တိုးတက်ဖြစ်ထွန်းလာမှုအယူအဆရှိသူတို့သည် အရစ္စတိုတယ်၊ သို့မဟုတ် ပလေတိုတို့၏ ယူဆချက်မှာ ထာဝရဘုရားသခင်အား စကြဝဠာကမ္ဘာလောကဓာတ်တစ်ခုလုံးသည် ၎င်းစိတ်စေတသိတ်၏တွန်းအားပေးမှုနှင့် ဆက်စပ်ပတ်သက်ကောင်း ပတ်သက်နေသည်ဟု အလေးပေးယူဆကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ဥပနိရှတ်စ်နှင့်နောက်ပိုင်းကာလ၌ ကဘီးရ်သည် ထာဝရဘုရားသခင်အပေါ်တွင် လူသားတို့အတွင်း ဂုဏ်ကျေးဇူးတော်ရော ထာဝစဉ်တည်နေမှုပါ နှစ်မျိုးစလုံးရောက်ရှိလာသည် ဟူ၍ရှုမြင်ကြသည်။(RV.X.90-1) ခရစ်ယာန်များကလည်း ထာဝရဘုရားသခင်အား ''လူသားတို့ သိရှိရှိနားလည်မှုထက် ကျော်လွန်သည့် ဂုဏ်ကျေးဇူးတော်နှင့် စကြဝဠာကမ္ဘာလောကဓာတ်

* Aristotle
** Plato
*** Samuel Alexandar

အတွင်း ပျံ့နှံ့တည်ရှိနေမှု”ရှိသည်ဟူ၍ ပြောဆိုနေကြ၏။ ခရစ်ယာန်ဘာသာဝင် သဘောတရားရေး အယူအဆရှိသူများအနေဖြင့်“ပျံ့နှံ့တည်ရှိတော်မူခြင်း”ဟူသောသဘောကို ရှင်းလင်းပြတ်သား သည့် အယူအဆမရှိကြပေ။ သို့ရာတွင် အစ္စလာမ်ဘာသာ၌ ထာဝရဘုရားသခင်၏ ဂုဏ်ကျေးဇူး တော် ပျံ့နှံ့တည်ရှိနေမှု၏ ရိုးရှင်းသောအဓိပ္ပာယ်မှာ Omnipresence ခေါ် ပျံ့နှံ့တည်ရှိခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသည်။ ဂျူးလူမျိုး ခရစ်ယာန်ဘာသာဝင်များ၏ အမြင်တစ်ခုမျှသာဖြစ်၍ အစ္စလာမ် ရှေးရိုးစွဲဝါဒီတို့အထိ ယုံကြည်ချက်အရ ထာဝရဘုရားသခင်သည် ၎င်း၏ပုံစံတူလူသားကို ဖန်ဆင်း တော်မူရာတွင် လူ၏ပုံသဏ္ဍာန်ပြုလုပ်ထားသောရုပ်အား အသက်သွင်းပြီးနောက် နှာခေါင်းထဲသို့ လေမှုတ်သွင်း၍အသက်ရှုရှိုက်စေခဲ့သည်။ လူသား၏ ဤအသက်ရှုရှိုက်ခြင်းသည် ထာဝရဘုရား သခင်၏ရှုရှိုက်ခြင်းဖြစ်၍ ထာဝရဘုရားသခင်၏ ပုံရိပ်လွှာဟူ၍ ပြောဆိုနိုင်ပြီး လူသား၏ကိုယ်ခန္ဓာ အတွင်း ထာဝရဘုရားသခင်၏ ကိန်းဝပ်တော်မူသည့် စိတ်ဓာတ်ခွန်အား ဖြစ်စေသည်ဟု ဆိုနိုင် သည်။ အစ္စလာမ်ဘာသာ၏အဆိုအရ လူသားတစ်ဦးသေဆုံးသည့်အခါ ၎င်း၏ ထိုအသက်ရှုရှိုက်မှု သည် ထာဝရဘုရားသခင်ထံ ပြန်လည်ရောက်ရှိသွားသည်ဟုဆိုသည်။ အကယ်၍ ထာဝရဘုရား သခင်၏ပုံရိပ်လွှာ၊ သို့မဟုတ် ၎င်း၏ထိန်းချုပ်ထားသော အသက်ရှုရှိုက်မှုသည် ထာဝရဘုရား သခင်၏ပြင်ပတွင် တည်ရှိနေမည်ဆိုပါလျှင် ထာဝရဘုရားသခင်အား လူ၏ကိုယ်ခန္ဓာအတွင်း၌ ဖြစ်စေ၊ ကမ္ဘာမြေပေါ်၌ဖြစ်စေ ပျံ့နှံ့တည်ရှိနေသည်ဟူ၍ မပြောနိုင်တော့ချေ။ စိန့်သောမတ်(စ်) အကွိုနပ်(စ်)၊ ကားလ်ဘာသ်နှင့် ပေါ်တီလိချ်တို့ကဲ့သို့သော အရေးပါသည့် ခရစ်ယာန်ဘာသာ၏ သဘောတရားရေးဝါဒီများသည် ထာဝရဘုရားသခင်၏ဂုဏ်ကျေးဇူးတော်များကို အပြည့်အဝ ကိုင်ဆွဲထားကြသည်။

ထာဝရဘုရားသခင်၏ “ဂုဏ်သတင်းရနံ့ သင်းပျံ့ခြင်း”ကို ဆက်လက်စီးဆင်း မျောပါသွားနေခြင်းဟူ၍ ကောင်းစွာနားလည်သင့်ပေ၏။ ဆက်လက်စီးဆင်းမျောပါသွားနေခြင်း သဘောတရား၏အလိုအရ ပရမတ္ထသစ္စာ(Supreme Reality)သည် သူ့အလိုအလျောက် ကွဲပြားခြားနားသောလူ့လောကကို သိသာထင်ရှားစေသည်။ ဤသဘော အနက်အဓိပ္ပာယ်ကို ခေတ်သစ်ပလေတိုဝါဒကဲ့သို့သော အစစအရာရာတို့သည် ထာဝရဘုရားဖြစ်သည်ဟူသော အယူဝါဒတို့၌ များစွာတွေ့ရှိရသည်။ ခြုံငုံသုံးသပ်လျှင် ဆက်လက်စီးဆင်းမျောပါသွားနေခြင်း

သဘောတရားသည် မူလအစပထမမှနေ၍ ဆုံးခန်းတိုင်အောင် အဆင့်ဆင့်သောအခြေအနေများသို့ ဆက်လက်သွားနေသဖြင့် သေချာရောရာမှုလျော့နည်းလာခဲ့သည်။ ဆက်လက်စီးဆင်းပျော်ပါသွားနေခြင်းဟူသော ဤသဘောတရားအယူအဆအား ဗျူဟာစ်(Vyuhas)ဟူ၍ အများသိနားလည်ကြသော ဟိန္ဒူဘာသာ၏ ပဥ္စတရ(Pancaratra)၌လည်းတွေ့ရသည်။

အထက်ဖော်ပြပါ သဘောတရားအယူအဆများအား ချိုင့်အကျဉ်းချုံးတင်ပြရလျှင် တမန်တော်ကိုးကွယ်သည့်ဘာသာများတွင် ထာဝရဘုရားသခင်၏ လူတို့နားလည်သည်ထက်ပို၍ မြင့်မြတ်သောဂုဏ်ကျေးဇူးတော်အား ပိုမိုလေးနက်စေခြင်းနှင့် သူ၏ဂုဏ်သတင်း ပြန့်နှံ့တည်ရှိနေမှု နှစ်မျိုးစလုံးလက်ခံယုံကြည်သော်လည်း ထာဝရနတ်ဘုရား၏ဂုဏ်ကျေးဇူးသည် ၎င်း၏ဂုဏ်သတင်းရနံ့ ပျံ့နှံ့တည်နေခြင်းထက် လျော့နည်းသည်ကို တွေ့ရသည်။ ဘရူနို(Bruno)၊ ဆမ်မြူရယ်အလက်ဇန္ဒား(Sarmuel Alexander)နှင့် အချို့သော ပလေတိုနှင့်အရစ္စတိုတယ်တို့၏ နောင်လာနောက်သားတပည့်များကဲ့သို့သောသူများအနေဖြင့် သဘာဝတရားအရ သက်ရှိသက်မဲ့ ရုပ်လောကတည်ရှိနေမှုကို လေ့လာသည့် ဒဿနိကဗေဒတစ်ခုတည်း၌သာလျှင် စကြဝဠာ ကမ္ဘာလောကဓာတ်တစ်ခုလုံးသည် ရုပ်လောကဖြစ်သည်ဟူ၍ လက်ခံကြပြီး၊ ထာဝရဘုရားသခင်သည် စကြဝဠာကမ္ဘာလောကဓာတ်အတွင်း ပျံ့နှံ့တည်ရှိနေသည့်အပြင် အစအဆုံးမရှိသော အရာဝတ္ထုနှင့် လူသားတစ်ဦးချင်းဆီသို့ ဂုဏ်ကျေးဇူးတော်ရောက်ရှိသည်ဟု ပြောနိုင်ပေသည်။ ဥပမာအားဖြင့် ဆမ်မြူရယ်အလက်ဇန္ဒား၏အဆိုအရ သဘာဝတရားသည် ချည်မျှင်ကိုလွန်းအိမ် (Looms)က ရှေ့မှဆွဲခေါ်ယူဝင်သွားသကဲ့သို့ အမြင့်ဆုံးသောလောကားထစ်ရောက်ရှိကြောင်း သိလာရသည်။ ဤအမြင် ဤရှုထောင့်မှကြည့်လျှင် အနာဂတ်ကာလဖြစ်ပေါ်လာမည့်သဘာဝကို စောင့်မျှော်ခြင်းသည် လူသား၏ ပိုမိုကောင်းမွန်သောဘဝကို လိုလားတောင့်တခြင်းမျှသာဖြစ်၍ ထိုမျှော်လင့်ချက်သည် စကြဝဠာကမ္ဘာလောကဓာတ်ကြီးတစ်ခုလုံး တရွေ့ရွေ့ဖြစ်ပေါ်တိုးတက်မှုကို တွန်းအားပေးခြင်းဖြစ်သည့်အပြင် အမြဲတစေ ပို၍မြင့်မားသောလူသားဘဝရရှိရန် ကြိုးပမ်းအားထုတ်မှုက ထိုမျှော်လင့်တောင့်တချက်ကို ရှေ့သို့လှည့်ပတ်စေသည်။ ပလေတို* နှင့် ဥပနိရှတ်(စ်)**

* ပလေတို(Plato) ရှေးခေတ် အနောက်တိုင်းအတွေးအခေါ်ပညာရှင်
** ဥပနိရှတ်(စ်)(U panishads) အိန္ဒိယနိုင်ငံ ဟိန္ဒူဘာသာမှထင်ရှားသည့်ကျမ်းတစ်စောင်

တို့၏ရှုမြင်ပုံတို့ ဖြစ်ကောင်းဖြစ်နိုင်ရန် အကြောင်းတရားများစွာရှိသည်။ နိရာကာရ (Nirakara) နှင့် သက္ကာရ(Sakara)ဟူသော အိန္ဒိယဒဿနအ၏ အတွေးအခေါ်အယူအဆအရ ထာဝရဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ဟူသော အယူအဆ အတွေးအခေါ်နှင့် ထာဝရဘုရားသခင်၏ ဂုဏ်သတင်းရနံ့ပျံ့နှံ့တည်ရှိခြင်းဟူသော အတွေးအခေါ်အယူအဆနှင့် အတူတူပင်ဖြစ်တော့၏။

## နိကာရ(Nirakara) ခေါ် ဂုဏ်ကျေးဇူးကင်းမဲ့ခြင်းနှင့် သက္ကာရ(Sakara) ခေါ် ဂုဏ်ကျေးဇူးရှိခြင်း

အမြင့်ဆုံးခံစားနားလည်နိုင်သော အရာဝတ္ထုတစ်ခု၏ သဘောသဘာဝမှ အထူးပေါ်လွင်သည့်လက္ခဏာသည် ဂုဏ်ကျေးဇူးကင်းမဲ့ခြင်းဟူ၍ ကျွန်ုပ်တို့ပြောဆိုသည့်အခါ ကျွန်ုပ်တို့ဆိုလိုသည့်သဘောမှာ သက်ရှိသတ္တဝါဖြစ်လာရခြင်း၊ သို့မဟုတ် အသက်ရှင်သန်ဖြစ်ပေါ်မှုတို့မှတစ်ပါး မည်သည့်အရာမှ အမှန်တစ်ကယ်တည်ရှိသောအရာ(ဝါ) စစ်မှန်သောအရာဟူ၍ မရှိကြောင်း ထွက်ဆိုပြောကြားသည်၊ သို့မဟုတ် ထိုကဲ့သို့ပြောကြားသည်ဟူ၍ဖြစ်သည်။ အဝိဇ္ဇာဝါဒအား ဂုဏ်ကျေးဇူးကင်းမဲ့သော ဗြဟ္မဏအဖြစ်ဟောပြောမှုကို အထောက်အကူပြုသည်ဟု ပြောဆိုကြ၏။ သို့ရာတွင် အရှင်မြတ်ရှန်ကာရသည်ပင်လျှင် Brahmajnana ခေါ် အဆုံးစွန်ရည်မှန်းချက်သို့ ရောက်ရှိနိုင်သောဉာဏ်ရရှိရေးအလို့ငှာ စကြဝဠာကမ္ဘာလောကတစ်ကြီးအား စီရင်ဖန်ဆင်းအုပ်စိုးတော်မူသော နတ်ဘုရားတစ်ပါးတည်းရှိသည်ဟူ၍ ကိုးကွယ်ဆည်းကပ်ပူဇော်ခြင်းကို ယုံကြည်လက်ခံသည်။ အနာဂတ်ကာလ၌ အောင်မြင်ရေးအတွက်ဆောင်ရွက်မှုအားလုံးနှင့်တကွ စိတ်ထက်သန်သည့် နိဂုဏဗြဟ္မာ(Nirguna Brahma)သည် သဂုဏ(Saguna)နှင့် မည်သို့မည်ပုံ ဆက်စပ်နေပါသနည်း။ သို့မဟုတ် ဣသရေလ(Ishvara)အား စကြဝဠာကမ္ဘာလောကတစ်ကြီးကို စီရင်ဖန်ဆင်းအုပ်စိုးတော်မူသော နတ်ဘုရားအဖြစ် ကိုးကွယ်ဆည်းကပ်ပူဇော်မှုနှင့် မည်သို့မည်ပုံဆက်စပ်မှုရှိပါသနည်း?။ ရှန်ကာရ(Shankara)က ဣသရေလသည် "မြင့်မြတ်သောပုဂ္ဂိုလ်တစ်ဦးအနီးသို့ အလွန်နီးကပ်စွာချဉ်းကပ်နေထိုင်ခြင်းဖြင့် 'ဗြဟ္မာ'ဟူသော ဝေါဟာရစကားလုံး၏ အဓိပ္ပာယ်သက်ရောက်မှုနှင့်ပတ်သက်၍ အကြောင်းအကျိုး ယုတ္တိမတန်သည့်စကားကို မကြားသိရပေ"ဟူ၍ အကြိမ်များစွာပြောကြားသည်။ ထို့ပြင် နတ်ဘုရားအား

စကြဝဠာကမ္ဘာလောကကြီးကို စီရင်ဖန်ဆင်း၍အုပ်စိုးတော်မူသော နတ်ဘုရားတစ်ပါးဖြစ်သည် ဟူ၍ ယုံကြည်ကိုးကွယ်ဆည်းကပ်ပူဇော်သူသည် ယင်းသို့ဆည်းကပ်ပူဇော်မှုပြုရုံမျှဖြင့် သံသရာမှ လွတ်မြောက်နိုင်သည်ဟူ၍ စာပေကျမ်းဂန် များကရေးသားကြသည်။(Brahma Sutra Bhasya. 4.3.9)။ သို့သော် ရှန်ကာရက သဂုဏနှင့် နိဂုဏဗြဟ္မာတို့အကြား အလွန်နီးကပ်မှုရှိစွာဖြင့် ဤရင်းနှီးသော ပေါင်းသင်းဆက်ဆံမှုမှလွဲ၍ ၎င်းတို့၏အတွင်းသဘောရောနှောမှု အသေးစိတ် အကြောင်းအရာကို ဆက်လက်ရေးသား ခြင်းမပြုပေ။ မည်သို့ပင်ဆိုစေကာမူ နောက်အချိန်ကာလ များစွာ ကြာမြင့်သည့်အခါမှ ရာမခရစ္စ၍နား(Rama Krishna)က သဂုဏနှင့်နိဂုဏဗြဟ္မာတို့သည် တစ်ပါးတည်းနှင့် တူညီသောပုဂ္ဂိုလ်များသာဖြစ်၍ သျှိဝယုံကြည်မှု(Shaivism)တွင် သျှိဝနှင့် သျှတ္တိ(Shiva-Shakti)သည် ခွဲခြား၍မရသော ဆက်စပ်မှုရှိခြင်းနှင့်တူညီမှုရှိသည်။ ရာမခရစ္စ၍နား က ၎င်းတို့သည် ခွဲခြား၍မရကြောင်း အောက်ပါအတိုင်း ရေးသားခဲ့သည်-

> "ငါ၏မွေးမိခင်ကဲ့သို့ ချစ်ခင်ရသောနတ်ဘုရားမ(Godess)သည် အခြားသောပုဂ္ဂိုလ် များနှင့် လုံးဝမတူသော အရှင်သခင်မဖြစ်ပါ၏။"
>
> "သူမသည် တစ်ပါးတည်းသောနတ်ဘုရားမ ဖြစ်၍ တစ်ချိန်တည်း၌ပင် ကိုယ်ပွား များစွာနှင့် ထို့ထက်ပို၍ပင် များပြားလှစွာသော ကိုယ်ပွားတော်များရှိသလို တစ်ပါးတည်းသော နတ်ဘုရားမ ဖြစ်ပါ၏။"

သို့ရာတွင် ဘီဂျတ်ခ်(Bijak)၏ ဝေဖန်ရေးသမားများနှင့် ရာမခရစ္စ၍နားကလည်း သဂုဏသည် နိဂုဏဗြဟ္မာအား သိနားလည်စေရေးအတွက် လိုအပ်သည်ဟူသောအဓိပ္ပာယ် ဖွင့်ဆိုကျင့်သုံးကြသည်။ ဤကိစ္စမှာ ကဘီးရ်-ဂရမ်သဝါလိ(Kabir-Granthavali)၊ ပါဒ- ၁၈၀(Pada-180)နှင့် ဘီဂျတ်ခ်၏ ရာမိုင်နီ-၇၇(Bijak's Ramaini 77)တို့ ထောက်ကူမှုဖြင့်သာ မဟုတ်ဘဲ ကဘီးရ်၏ ပုရနဗြဟ္မာ(Purna Brahma) ခေါ် အရိယာဗြဟ္မာလမ်းကြောင်း အဓိပ္ပာယ် အတွင်း အတိအလင်းသက်ရောက်သည်။ ကဘီးရ်၏အဆိုအရ ဗြဟ္မာ၌ အနန္တဂုဏ်ရည်ရှိပါ ပေ၏။ ထို့ပြင် အဆိုပါဂုဏ်ပုဒ်များထဲမှ ဂုဏ်ပုဒ်တစ်ခုခြင်းမှာလည်း လူဝင်စားပုဂ္ဂိုလ်တစ်ဦး၏ ဂုဏ်ပုဒ်ထက်ပင် သာလွန်ပြည့်စုံ၍ အကန့်အသတ်ရှိသောဂုဏ်ပုဒ်များအသီးသီးရှိသည်။ ယနေ့ ခေတ်သုံးဘာသာစကားဖြင့် 'သဂုဏသည် နိဂုဏ၏အမှတ်သင်္ကေတဖြစ်၍ သဂုဏသည်

နဂုဏာ၏နေရာတွင် ဝင်ရောက်ရယူခြင်းမရှိဘဲ နိဂုဏာ၏ဂုဏ်ပုဒ်ကိုထောက်ပြသည်။

အရေးကြီးသောအချက်မှာ နိဂုဏာဖြဟ္မဏာအား ဒိုင်ယာနပ်စ်(Dhyanas) ခေါ် သမာဓိ (Samadhi) ၊ သို့မဟုတ် တရားထိုင်ခြင်း(mediation)မှတစ်ဆင့်သာလျှင် တိုက်ရိုက်သိရှိနားလည်နိုင်ပြီး ဝတ်ပြုဆုတောင်းခြင်းဖြင့်လည်း သွယ်ဝိုက်၍သိရှိနားလည်နိုင်ပါသည်။ ဂျိန်းဘာသာ၏အဆိုအရ တရားထိုင်ခြင်းတစ်မျိုးတည်းသာလျှင် အပဗာ(Apavarga)ခေါ် သံသရာမှလွတ်မြောက်မှု(Liberation)ရရှိရန် အစွမ်းထက်သောနည်းလမ်းဖြစ်သည်။ သို့ရာတွင် တရားထိုင်ရာ၌ အာရုံတစ်ပါးလွင့်ပါးသွားခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် အနည်းဆုံးအားဖြင့် တရားထိုင်သည့်ပဏာမအဆင့်များ၌ တရားထိုင်သူတစ်ဦး၏ အရှုခံအာရုံကို သတ်မှတ်ထားရန် လိုအပ်ပါသည်။ ဤနေရာတွင် ရှင်တော်မဟာဝီရအား ပြည့်ဝကောင်းမွန်စွာနားလည်ခြင်း အားဖြင့် ၎င်းသည် သူ၏ဝတ်ပြုကိုးကွယ်သူများနှင့် ပူဇော်သက္ကာရပြုသူများအား တုံ့ပြန်မှု မရှိခြင်းကိုဖြစ်စေ၊ ၎င်းသည် ကမ္ဘာလောကကို ဖန်ဆင်းသူမဟုတ်ဟူ၍ဖြစ်စေ၊ ရှင်တော် မဟာဝီရသည် တရားထိုင်သူ၏ အရှုခံအာရုံတစ်ခု ဖြစ်လာနိုင်ပေသည်။ တရားထိုင်ရာ၌ ဉာဏ်အမြော်အမြင်ကြည်လင်သန့်ရှင်းစေရန်နှင့် ဒိုင်ယာနီ(Dhyani)ခေါ် အားထုတ်သူ၏ဝိညာဉ် (Soul of a dhyanai) ကြည်လင်သန့်ရှင်းစေရန် ရှင်တော်မဟာဝီရအား အရှုခံအာရုံအဖြစ် ထားရှိသည်။

ဂျူး-ခရစ်ယာန် ရိုးရာအစဉ်အလာ(Exodus 3.14)တွင် ထာဝရဘုရားသခင်(God) သည် အနှစ်သာရအားဖြင့် နားမလည်နိုင်သည့်အရာဖြစ်သည့်အပြင် ကျွန်ုပ်တို့က ဘုရားသခင်၏ မည်သည့်ဂုဏ်တော်များအား မည်သို့ပင်ရည်စူးသမှု အာရုံပြုသည်ဖြစ်စေ အမှန်စင်စစ်အားဖြင့် စာပေကျမ်းဂန်၌ ဘုရားသခင်၏ဂုဏ်တော်ကို ပေါ်လွင်အောင်မရေးသား မဖော်ပြနိုင်ပေ။ စိန့်သောမတ်(စ်)အကွိနပ်(စ်)၊ ပေါ်တီလီချိနှင့် ဗရမ်နာတို့၏ ထာဝရဘုရားသခင်အပေါ် ရှုမြင်သည့် ဤသုံးသပ်ချက်သည် ဂျူး-ခရစ်ယာန်တို့၏ ထာဝရဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်နှင့် ပတ်သက်၍ သဘောထားခံယူချက်မှာ ဟိန္ဒူဘာသာ၏ နိဂုဏာဖြဟ္မာအပေါ် သဘောထားခံယူချက်နှင့် အလွန်တူညီကြောင်း သာဓကဖြစ်စေခဲ့သည်။

## လူသတ္တဝါနှင့်စပ်လျဉ်းသည့် သဘောထားခံယူချက်

## THE CONCEPT OF MAN

ယနေ့ခေတ်ကာလ အိန္ဒိယလူမျိုးတို့၏ ဘာသာရေးဆိုင်ရာအစဉ်အလာ လုပ်နည်းလုပ်ဟန်အားလုံးတို့၌ ကမ္မ၊ သံသရာ၊ ဉာဏ၊ မုတ္တိ(Karma, Samsara, Jnana, Mukti)ဟူသော မဏ္ဍိုင်ကြီး ၄ ရပ်ကို အခြေခံထား၍ လက်ခံယုံကြည်ကြသည်။ အသက်ဇီဝကိုယ်စီရှိကြသည့် လူသားတစ်ဦးခြင်း(Each individual Jiva)သည် ကမ္ဘာလောကအတွင်းသို့ ဒုက္ခဝဋ်ကြွေးပေးဆပ်ရေးအတွက် ကျေးကျွန်အဖြစ်ရောက်ရှိလာကြသည်။ ဤသို့ ဒုက္ခဝဋ်ကြွေးပေးဆပ်ရေးအတွက် ကျေးကျွန်အဖြစ်ရောက်ရှိနေရခြင်းသည် အဉာဏ(Ajnana)* ခေါ် မသိမှု နားမလည်မှုသည် အခြားသောအကြောင်းခြင်းရာများတွင် ကြောင်းကျိုးဆင်ခြင်၍ မသိနားမလည်မှုဖြစ်၏။ သို့သော် အသက်ဇီဝကိုယ်စီရှိကြသည့် လူသားတစ်ဦးခြင်းတို့သည် ဒုက္ခဝဋ်ကြွေးပေးဆပ်ရေးအတွက် ကျေးကျွန်အဖြစ် ဤကမ္ဘာလောက၏သားကောင်ဘဝရောက်ရှိ၍ ပူဆွေးသောကများပါဒနှင့် ဘာကြောင့်တွေ့ကြုံကြရပါသနည်း?။ သာကိယ(Samkhya)အလိုအရ အသက်ဇီဝခေါ် လူသား၏ဆင်ခြင်ဉာဏ်ကင်းမဲ့စွာဖြင့် အရှုံးအမှုးချစ်ခင်စွဲလန်းမှုကြောင့် နီရဲနေသော သားတစ်ကို စွဲမက်သည့်သိန်းငှက်အား တဝဲလည်လည်ခုံမင်နေစေသကဲ့သို့ သဗ္ဗပရပ်ခ်တိ(Sattve element of Prakrti) ခေါ် အလုံးစုံသောအာရုံအပေါ်၌ ခုံမင်နှစ်သက်မှုဖြစ်သည်ဟုဆိုသည်။ ဤသို့ အရှုံးအနှမ်းချစ်ခင်စွဲလန်းမှုသည် သတ္တဝါအားလုံးတို့အား ဒုက္ခပင်လယ်ဝဲဂယက်မှ လွတ်ထွက်နိုင်ရေးနည်းလမ်းမတွေ့ရလေအောင် မိုးလုံးပြည့်အမိုက်အမှောင်နှင့်တူသည့်အဝိဇ္ဇာ(Universal ignorance) ဖုံးအုပ်ကွယ်ကာမှုကြောင့်ဖြစ်သည်ဟူသော ဟောကြားချက်နှင့်တူလှပေ၏။ ရာမနုဂျာက ဤဒုက္ခဝဋ်ကြွေးပေးဆပ်နေခြင်းသည် မသိနားမလည်မှုနှင့် နှီးနွယ်နေသော ကမ္မ(Karma) ကြောင့်ဖြစ်သည်ဟူ၍ပြောသည်။ သို့သော် ရာမနုဂျာက ကမ္မနှင့်မသိနားမလည်မှုတို့ ဆက်နွယ်ပေါင်းစည်း၍ ဝမ်းနည်းပူဆွေးဖွယ် သောကပရိဒေသအဖြာဖြာနှင့် မည်သို့မည်ပုံ တွေ့ကြုံရပုံကိုတော့ အတိအကျရှင်းရှင်းလင်းလင်း မဖော်ပြခဲ့ပေ။ မည်သို့ပင်ဆိုစေကာမူ ဂျိန်းဘာသာ

---

* ''အဉာဏ''ဟူသော စကားလုံးကို များသောအားဖြင့် မသိမှု(ဝါ)Ignorance ဟူ၍ ဘာသာပြန်ဆိုကြသည်။ ဝိုရ်သင့်လျော်သော စကားလုံးမှာ Niscience ဖြစ်၍ ဤ Niscience သည် စကြဝဠာအတွင်း လူသားလောကတစ်ခုလုံး လွှမ်းခြုံထားသည်။

တစ်ခုတည်းက ကမ္မတစ်မျိုးတည်းသာ ဒုက္ခဝင့်ကြွေးပေးဆပ်ရေးအတွက် ကျေးကျွန်ဘဝ ရောက်နေရခြင်း၏ အကြောင်းအရင်းဖြစ်သည်ဟု ဟောကြားသည့်အပြင် ဤသို့ ကျေးကျွန်ဘဝ ကျရောက်၍ ဒုက္ခဝင့်ကြွေးပေးဆပ်ရခြင်းကြောင့်ပင်လျှင် အသက်ဇီဝတစ်ခု(ဝါ) လူသားတစ်ယောက်၏ အရာခပ်သိမ်းသိနားလည်ခြင်း(Omniscience of Sarvajnata)အား မသိနားမလည်ခြင်းသို့ ပြောင်းလဲပစ်လိုက်ခြင်းဖြစ်သည်ဟုဆိုသည်။ သို့ရာတွင် ဂျိန်းဘာသာ ကလည်း လူသားတစ်ဦးချင်းအတွက် ဒုက္ခဝင့်ကြွေးပေးဆပ်နေရသည့် ကမ္ဘာ့သားကောင်ဘဝ ကျရောက်နေရသည့်အဖြစ်သို့ အစအဆုံးလမ်းခင်းပေးသည့် ပဏာမကမ္မ(Initial Karma)သည် မည်သို့မည်ပုံ သတ္တဝါဖြစ်လာရပုံကိုမူ ရှင်းလင်းဖော်ပြခြင်းမပြုခဲ့ပေ။ ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်ရလျှင် လူသားတစ်ဦးခြင်း၏ ဒုက္ခဝင့်ကြွေးပေးဆပ်ရေးအတွက် ကျေးကျွန်ဘဝရောက်ရှိရခြင်း၏ အကြောင်းအရင်းများ ကွဲပြားခြားနားမှုရှိနေခြင်းမှာ လောကမှထွက်မြောက်မှုလမ်းစ ရှာကြံကြရာ၌ ဘာသာယုံကြည်မှုကွဲပြားခြားနားသည်နှင့်အမျှ လောကမှထွက်မြောက်ကြောင်း နည်းလမ်း ကွဲပြားကြသည်မှာ သဘာဝကျလှပေသည်။

မည်သို့ဆိုစေကာမူ ဒုက္ခဝင့်ကြွေးပေးဆပ်ရေးအတွက် ကျေးကျွန်ဘဝကျရောက်ရခြင်း အကြောင်း ဤသဘောတရားသည် လူသား၏အပြစ်ဖြစ်ရခြင်း၏ မူလအစကို ခရစ်ယာန်ဘာသာက ပြောကြားပြသပေးမှုနှင့် အလွန့်အလွန်တူညီမှုရှိသည်။ အတိတ်ဘဝမှ ကြီးလေးသော အပြစ်အနာအဆာကြောင့် လူသားဘဝရောက်ရှိလာရသည်ဟူသော အယူအဆများသည် အိန္ဒိယရှေးရိုးစဉ်လာ ဘာသာယုံကြည်မှုနှင့် ခရစ်ယာန်ဘာသာနှစ်ခုစလုံးတွင် ပါရှိသည်။ ခရစ်ယာန်ဘာသာ၏ အယူအဆအတွင်း အပြစ်အနာအဆာ၏ မူလအစဆိုသည်မှာ ကမ္ဘာ့သမိုင်း၏ အစောဆုံးသောအချိန်ကာလတွင် လူသားဖခင်၏အပြစ်အနာအဆာသည် အမြဲထာဝရ ၎င်း၏ နောက်ကာလတို့၌ မွေးဖွားလာကြသည့်ဖခင်များအထိ အဆင့်ဆင့်ကူးစက်လာသော အပြစ်အနာအဆာကိုဆိုလိုသည်။ သို့ရာတွင် အိန္ဒိယရှေးရိုးစဉ်လာအယူအဆ၌ လူသားတစ်ဦးခြင်းသည် ၎င်း၏အတိတ်ကံအတွက် ၎င်း၌သာတာဝန်ရှိသည်။ ထို့ပြင်လူသားတစ်ဦးသည် မိမိ၏တာဝန်ကို မိမိကိုယ်တိုင်တာဝန်ခံရသည်။ (*ဘယ်သူမပြု မိမိမှု။–ဘာသာပြန်သူ*) မည်သို့ပင်ဆိုစေကာမူ လူသားတစ်ဦးစီ၏ မွေးဖွားလာသည့်ကမ္ဘာလောကသည် အလားတူ မသိမှုအဝိဇ္ဇာကြောင့်

ဖြစ်ရသော ဒုက္ခဝဋ်အတွင်း မျောပါနစ်မြုပ်ခြင်းမှ ကယ်တင်ပေးသည်။

ဤအမြင်ရှုထောင့်မှကြည့်လျှင် ခရစ်ယာန်ဘာသာဝင်တစ်ဦးနှင့် ဟိန္ဒူဘာသာဝင်တစ်ဦးသည် ကမ္ဘာလောကအတွင်းသို့ သက်ဆင်းရောက်ရှိလာရခြင်းအကြောင်းတရားတို့ မတူကွဲပြားခြားနားစေကာမူ လူသားတစ်ယောက်၏ အပြစ်အနာအဆာမူရင်းနှင့် ပါဝင်ပတ်သက်မှုရှိခြင်းတို့မှာ သိပ်ပြီးမကွာခြားသည့် ၎င်းတို့ဘဝအား အင်အားချိနဲ့မှုများ ဖြစ်သည်။ သို့ရာတွင် အရေးကြီးသည့် မတူညီသောအချက်တစ်ချက်ကို သတိပြုရန်လိုပါသည်။ ခရစ်ယာန်ဘာသာက အပြစ်အနာအဆာ၊ သို့မဟုတ် ကိုယ်ကျင့်တရားပျက်ပြားခြင်းသည် ထာဝရဘုရားသခင်၏ အမိန့်တော်(Comandment of God)အား မလိုက်နာနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် အပြစ်ဖြစ်ရခြင်း၏ အကြောင်းရင်းအမှန်သည် အမှားနှင့်အမှန်ဝေဖန်ပိုင်းခြား၍ မသိမှုနှင့်ဆိုင်သည့် ကိုယ်ကျင့်တရားဖြစ်သည်။ ခရစ်ယာန်ဘာသာ၏ ကယ်တင်ခြင်းဆိုင်ရာ နည်းနာနိသျှများသည် အိန္ဒိယဘာသာရေးထုံးတမ်းစဉ်လာများနှင့်မတူ ကွဲပြားခြားနားခြင်းမှာ သဘာဝကျပါသည်။ တမန်တော်ကိုးကွယ်သည့်ဘာသာများနှင့် အိန္ဒိယဘာသာတရားများအကြား စစ်မှန်သော လူသား၏သဘောသဘာဝနှင့်စပ်လျဉ်း၍ ဆက်စပ်မရနိုင်သည်အထိ ပိုမိုကွဲပြားခြားနားချက်ရှိသည်။ အိန္ဒိယဘာသာတရားများ၏အလိုအရ ဖြူစင်သန့်ရှင်းသည့်အသိစိတ်သည် လူသား၏ အဓိကကျသည့် စိတ်ဝိဉာဉ်ဖြစ်သည်။ အနတ္တဝါဒ(Anattavada)ခေါ် အသက်ဇီဝဟူ၍မရှိသော (no soul)ဟူသော တရားဓမ္မကိုသာဟောကြားသည့် ဗုဒ္ဓဘာသာမှလွဲ၍ ကမ္ဘာ့သားကောင်းဘဝ သက်ဆင်းလာရသည့် အသက်ဇီဝတိုင်း(ဝါ) လူပုဂ္ဂိုလ်တိုင်း မျောပါနစ်မြုပ်ရသည့် ဘာသာရေး အသိ ဉာဏ်အလင်းကင်းမဲ့မှု(Spritual darkness of ignorance or ajnana)ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ အားလုံးကိုခြုံငုံကြည့်လျှင် သာင်္ခယ(Samkhya)၊ အဒွိတဝေဒန္တ(Advaita vedanta)၊ ဉာယ(Nyaya)ဝါဒများသည် ဤသဘောတရားအယူအဆကို စွဲကိုင်ထားပေလိမ့် မည်။ ဝိသေသိကအဘိဓမ္မာ(Vaisesika philosophy)က အသိစိတ်ဓာတ်သည် ဇီဝတစ်ခု(ဝါ) လူတစ်ဦးအတွက် အဓိကကျသည့်သဘောသဘာဝမဟုတ်ဟူ၍ ယုံကြည်သည်။ ၎င်းအယူဝါဒ၏ အလိုအရ အသိစိတ်ဓာတ်သည် အသက်ဇီဝ(ဝါ)လူတစ်ဦးတစ်ယောက်က အကြောင်းခြင်းရာ တစ်ခုအား သဘာဝအတိုင်းရှုမြင်ရာ၌ အရေးပါသည့်အစိတ်အပိုင်းတစ်ခု မဟုတ်ပေ။

အဘာယ်ကြောင့်ဆိုသော် ယင်းအသိစိတ်ဆိုသော နာမ်တရားသည် အာရုံနှင့်ခန္ဓာ(a body with senses)တိုက်ဆိုင်မှသာလျှင် သိမှုဝိညာဉ်(spirit)သည် ၎င်း၏ကိစ္စအထမြောက်နိုင်သောကြောင့်ဖြစ်သည်။ ထို့နောက် တစ်ဖန်ဇီဝတစ်ခု(ဝါ)လူတစ်ဦးတစ်ယောက်၏ အသိစိတ်ဓာတ်မှာ မထကြွမလှုပ်ရှားတော့ပေ။ ရာမနုဂျာ(Ramanuja)က အသက်ဇီဝတစ်ခု(ဝါ)လူပုဂ္ဂိုလ်တစ်ယောက်သည် ၎င်း၏ နဂိုအခြေအနေမှမပြောင်းလဲဘဲ အသိစိတ်နှင့်လှုပ်ရှားမှုအား အထောက်အပံ့ပြုမှုဟူ၍ ယင်းအမြင်နှင့်ဆန့်ကျင်ကန့်ကွက်သည်။ ရှန်ကာရကလည်း N.V.(ဉာယဝေဒန္တ)၏ အသက်ဇီဝများ(ဝါ)လူပုဂ္ဂိုလ်များအား ရုပ်ဝါဒနှင့်တူညီသည်ဟူ၍ ပြောဆိုသည်။

အိန္ဒိယနိုင်ငံ ဘာသာယုံကြည်မှုများနှင့် ဂရိစ်နိုင်ငံ ဘာသာယုံကြည်မှုများတွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အဓိကကျသည့်သဘောသဘာဝ အကြောင်းအရာ၌ ဆန့်ကျင်ဘက်ဖြစ်သကဲ့သို့ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဖြူစင်သန့်ရှင်းသော စိတ်ဝိညာဉ်၏ အကြောင်းအရာတွင်လည်း ဆန့်ကျင်ဘက်များဖြစ်နေသည့်အပြင် ဟီဘရူးဘာသာနှင့် ခရစ်ယာန်ဘာသာတို့၏ ရှုမြင်သုံးသပ်ချက်များက အာရုံနှင့်ခန္ဓာတိုက်ဆိုင်သည့်အခါ ဖြစ်ပေါ်လာသောခံစားချက်(embodiment)သည် စိတ်ဝိညာဉ်ဖြစ်သည်ဟူ၍ ဆိုသည်။ ထို့ကြောင့် အီနော့ချ်(Enoch)၊ အီလီဂျ(Eligah)နှင့် ယေရှုခရစ်တော်(Jesus Christ)တို့သည် ကောင်းကင်ဘုံ(Heaven)သို့ ၎င်းတို့၏ကိုယ်ခန္ဓာများဖြင့် ဝင်ရောက်သွားကြသည်ဟူ၍ အဆိုရှိသည်။ စိန့်ပေါလ်က သေဆုံးသွားပြီးသောသူများသည် ရှင်သန်ထမြောက်သည့်နောက်မှပင်လျှင် ၎င်းတို့ကိုယ်တိုင် တစ်ဦးစီအား မပျက်မစီးနိုင်သောကိုယ်ခန္ဓာတို့ဖြင့် အဆင်သင့်ဖန်ဆင်းတော်မူလိမ့်မည်ဟု ပြောဆိုသည်။(1.cor 15.42-45) အစ္စလာမ်ဘာသာတစ်ခုလုံးအပေါ် ခြုံငုံရှုမြင်သည့်သုံးသပ်ချက်ဆိုသည်မှာ ၎င်းဘာသာဝင်တစ်ဦး သေဆုံးသည့်အခါ ၎င်း၏ဝင်သက်ထွက်သက် ခေါ် ဝိညာဉ်သည် ထာဝရဘုရားသခင်ထံပြန်သွားရခြင်းကို ဆိုလိုသည်။ သို့ရာတွင် ရှင်သန်ထမြောက်သည့်နေ့ရက်တွင် သေဆုံးသွားခဲ့ပြီးသူတစ်ဦးစီတို့၏ ဝိညာဉ်အသီးသီးသည် သင်္ချိုင်းကုန်း၌မြှုပ်နှံထားသည့် အလောင်းကောင်အသီးသီးတို့ဆီ ပြန်ရောက်သွားလိမ့်မည်။ အိန္ဒိယရှေးရိုးအစဉ်အလာ ဘာသာယုံကြည်မှုမှာ လူသတ္တဝါသည် စိတ်ဝိညာဉ်သာအဓိကဖြစ်၍ ၎င်း၏ခန္ဓာကိုယ်မှ သူ၏ကမ္ဘာများ ဖွဲ့စည်းထားသည်။ ထို့ကြောင့် ၎င်း၏ခန္ဓာကိုယ်သည် သူ၏အတ္တမာ(Atman)နှင့် မရောယှက်

ချေ။ လူတို့သည် ၎င်းတို့ဝတ်ဆင်ထားသည့် အဝတ်အစားကိုစွန့်ပစ်၍ အခြားအဝတ်အစား အသစ်ကို ဝတ်ဆင်ဘိသကဲ့သို့ ၎င်းတို့သေဆုံး၍ နောက်ဘဝ၌လူပြန်ဖြစ်ရခြင်းနှင့် အလားတူစွာ ဖြစ်သည်။(Gita 2.22)။ မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့သည် ဘုရားရှင်ကိုယ်တော်မြတ် သည်ပင်လျှင် သူ့အားကြည်ညိုဆည်းကပ်သူများအား အကူအညီပေးရန်အလို့ငှာ တစ်ကယ့်အစစ် အမှန် ကိုယ်တော်မြတ်ကြီး၏ ရုပကာယတော်သဏ္ဌာန်(*ထေရဝါဒဗုဒ္ဓဘာသာကလည်း သာသနာ နှစ် ၅၀၀၀ ပြည့်၍ ဤဂေါတမဗုဒ္ဓသာသနာကုန်ဆုံးချိန် စကြဝဠာကမ္ဘာအရပ်ရပ်တို့တွင် ပြန့်နှံ့တည်နေသည့် ဗုဒ္ဓ၏ဓာတ်တော်များ စုစည်းလာပြီး နိမ္မိတဘုရားအသွင်ဖြင့် သတ္တဝါများစွာအား တရားဟော၍ သတ္တဝါများကျွတ်တန်းဝင်ကြလိမ့်မည်ဟူ၍ အယူအဆရှိသည်။ ဘာသာပြန်သူ အနေဖြင့် ယင်းအယူအဆကို မယုံကြည်ပါ။*) Sattvic ကိုယ်ခန္ဓာဖြစ်လာသည်ဆိုခြင်းကို မမေ့ကြပါစေလင့်။ ထို့ပြင် ရာမနုဂျာ၏အလိုအရ ကယ်တင်ထားသောဝိညာဉ်များအားလည်း အာစရိယ၏အမိန့်တော်အရ Sattvic Body ခေါ် နိမ္မိတနတ်ဘုရားသည် အစစ်အမှန်နတ်ဘုရား ကဲ့သို့ ဖြစ်ပေါ်လာနိုင်သည်။

ဂိရိအာစရိယားဘာသာအပါအဝင် တမန်တော်ကိုးကွယ်သည့်ဘာသာများမှ နောက်တစ်ချက်အနေဖြင့် မှတ်သားရန်လိုအပ်သည့်အချက်မှာ အသက်ဝိညာဉ်၊ သို့မဟုတ် အသက်လိပ်ပြာ(the soul of spirit)သည် ဖန်ဆင်းထားအပ်သော သက်ရှိသတ္တဝါဖြစ်၍ ကောင်းကင်ဘုံ၌ဖြစ်စေ၊ သို့မဟုတ် ငရဲဘုံ၌ဖြစ်စေ* အစအဆုံးဟူ၍မရှိဘဲ အမြဲတည်နေသည်။ သို့သော် အိန္ဒိယနိုင်ငံ၏ဘာသာရေးအစဉ်အလာ၌မူ ဝိညာဉ်သည်ပျက်စီးမှုတစ်စုံတစ်ရာမရှိဘဲ အမြဲထာဝရတည်ရှိသည်။(Gita.2-20)

ဘာသာတရားသည် လူသားအားဗဟိုပြုထားသည်ဆိုခြင်းမှာ မှန်ကန်ပါသည်။ လူသတ္တဝါအား အရာခပ်သိမ်းတို့တွင် အလွန်မြင့်မားသောနေရာတစ်ခု၌ စီစဉ်တကျပေးအပ် ခဲ့ခြင်းမှာ သဘာဝကျလှပေသည်။ ဂျူး–ခရစ်ယာန်ဘာသာတို့၏အဆိုအရ လူသတ္တဝါသည်

* မည်သို့ပင်ဖြစ်စေကာမူ သမ္မာကျမ်းစာက ထိုက်တန်သောပုဂ္ဂိုလ်သာလျှင် နောက်ဆုံးအထိ ထိန်းကျောင်းနိုင်ပြီး ငရဲဘုံမှသိညာဉ်တော်ကို ထာဝရဘုရားသခင်က ဖျက်ဆီးပစ်နိုင်သည်(Matthew 10-28)

ထာဝရဘုရားသခင်၏ ပုံရိပ်လွှာအတိုင်း ဖန်ဆင်းခံရပြီး ကမ္ဘာမြေပေါ်ရှိသတ္တဝါများအားလုံးကို လွှမ်းမိုးအုပ်ချုပ်ရန်ပေးအပ်ခြင်းခံရသည်။(Genesis 1.26-28)။ ခရစ်ယာန်ဘာသာ သဘောတရား ရေးရာဆိုင်ရာ တွေးခေါ်သူများကလည်း လူသားသည် ဖန်ဆင်းခံရသူဖြစ်၍သာ မြင့်မြတ်သော ဝိညာဉ်ကို ရရှိခဲ့ဖွယ်ရာဖြစ်ပြီး ထာဝရဘုရားသခင်၏ နောက်လိုက်နောက်ပါသာဝကအဖြစ် ထိုက်တန်နိုင်မည်ဖြစ်သည်။

အစ္စလာမ်ဘာသာ၏အလိုအရလည်း လူသားသည် စေတမန်နတ်သားများထက် မြင့်မားလာစေရန် ဖန်ဆင်းခြင်းခံရသည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့သည်သာလျှင် စိတ်ဆန္ဒ၏လွတ်လပ်မှုနှင့် အသိဉာဏ်ရှိခြင်းကြောင့်ဖြစ်သည်(Surah-33.72)။ ထို့ပြင် လူသားသည် ထာဝရဘုရားသခင်နှင့် ကမ္ဘာလောကကြီးဆက်သွယ်ရာ၌ ပူးပေါင်းလုပ်ဆောင်နိုင်သည်ဟု ယူဆရသောကြောင့်ဖြစ်သည်။ မကောင်းဆိုးဝါး ဒုစရိုက်တရားကိုဆန့်ကျင်၍ ကောင်းမြတ်သည့် ကြိုးပမ်းအားထုတ်မှုတွင် ထာဝရဘုရားသခင်နှင့်အတူ ကူညီလုပ်ကိုင်ခြင်းဟူသော ဤအမြင်သည် ဇိုရိအာစရိယားဘာသာတွင် များစွာပိုမိုတွေ့မြင်ခဲ့ရသည်။ လူသားအား ဗြဟ္မာဟူ၍ အဓိကအခန်း ကဏ္ဍ၌ သတ်မှတ်ထားရှိသည့်အလျောက်(Jivo Brahmaiva nrpah)ဤရှုမြင်သုံးသပ်ချက်သည် အဒွိဋ္ဌဝါဒ(Advaitism)၌ အလွန်အမင်းမြင့်မားသည့်နေရာသို့ ရောက်ရှိသွားသည်။ ရာမနုဂျာ အယူဝါဒ၌ အသက်ဇီဝ(ဝါ)လူသားသည် ဗြဟ္မာဖြစ်၍ ၎င်း၏ အဓိကအရေးပါသော သဘော သဘာဝသည် နတ်ဘုရားအပေါ်မူတည်သည်။ (*ထေရဝါဒဗုဒ္ဓဘာသာအယူ၌လည်း ဗြဟ္မစို တရား ၄ ပါးဖြစ်သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရား ကျင့်သုံးနိုင်သည့် မိဘ နှစ်ပါးကို ဗြဟ္မာဟူသောသဘောကို မြန်မာမှုပြုထားပေသလောဟု စဉ်းစားဖွယ်ရာဖြစ်သည်။– ဘာသာပြန်သူ*) ဤနေရာ၌ လူသား၏အမြင့်ဆုံးသောပန်းတိုင်မှာ ထာဝရဘုရားထံတော်ပါးသို့ ၎င်း၏စိတ်အလိုဆန္ဒ(His own will to God)အပ်နှံထားရန်ဖြစ်ရာ သို့မှသာလျှင် လူသားသည် ထာဝရဘုရားသခင်နှင့် အနီးကပ်ဆုံးနေရာသို့ရောက်မည်ဖြစ်သည်။ ဆမ်းကျအယူဝါဒ၊ ညာယ အယူဝါဒနှင့် ဂျိန်းဘာသာတို့၌ အသက်ဇီဝတစ်ခုခြင်းတို့သည်(each individual jiva)(ဝါ) လူသား တစ်ဦးချင်းတို့သည် လွတ်မြောက်ပြီးနောက်တွင် ၎င်း၏ကြီးစွာသောလို့လည်းသဘာဝကြောင့် ရရှိခံစားအပ်သော ကြီးမြတ်သည့်ဂုဏ်ကို မည်သည့်အခါမှ မပြောင်းမလဲ အမြဲထာဝရ လက်ဆုပ်

လက်ကိုင် ပိုင်ပိုင်နိုင်နိုင်ပြန်လည်ရရှိလေတော့သည်။*

သဘာဝကျကျသုံးသပ်ရလျှင် တမန်တော်ကိုးကွယ်သည့် ဘာသာရေးအစဉ်အလာတို့၌ဖြစ်စေ၊ အိန္ဒိယနိုင်ငံ ဘာသာရေးအစဉ်အလာများ၌ဖြစ်စေ လူသားသည် စိတ်အလိုဆန္ဒမှ လွတ်မြောက်မှုအတွက် ဘာသာယုံကြည်ကိုးကွယ်မှုပြုကြသည်။ အိန္ဒိယဘာသာယုံကြည်ကိုးကွယ်မှုတွင် လူသားသည် အပူရ်ဝ(apurva)ပုံစံအတွင်း၌ အတိတ်ဘဝက ကမ္မများ၏ ဒဏ်ရာဒဏ်ချက်များနှင့်အတူ မွေးဖွားလာခဲ့ရသည်။ သို့ရာတွင် အတိတ်ဘဝ၏ ကမ္မ-သင်္ခါရများကို ဟိန္ဒူဘာသာ၏ဂိုဏ်းဂဏများစွာ၏ သတ်မှတ်ပြဋ္ဌာန်းချက်များက ဖျက်ဆီး ကျော်လွှားနိုင်ခဲ့ကြသည်။ ယောဂအကျင့်၊ ဉာဏ၊ ဝေဒယစ်ပူဇော်မှုနှင့် Bhakti တို့သည် အတိတ်ဘဝကမ္မများအား ဖျက်ဆီး၍ အသစ်ဖြစ်ပေါ်လာမည့်ကမ္မများကို ပိတ်ပင်တားဆီးနိုင်သော နည်းလမ်းအချို့ဖြစ်ကြသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်ကျင့်ကြံအားထုတ်မှုများ (Purusakara)ခေါ် ပူဇော်သက္ကာရဖြင့် ၎င်း၏လွတ်မြောက်ရေး လုပ်ကိုင်ဆောင်ရွက်ချက်သည် ယင်းပုဂ္ဂိုလ်၏ လွတ်လပ်စွာ လေ့ကျင့်သော စိတ်ဆန္ဒအပေါ်၌ များစွာတည်သည်။ ဘာ့ခ်တီ ခေါ် လေ့ကျင့်အားထုတ်မှု၌ပင်လျှင် ရာမနုဂျာ၏အဆိုအရ ဘုရားသခင်၏ဂုဏ်ကျေးဇူးအား ၎င်း၏ ချီးကျူးထုတ်ဖော် ပြောဆိုမှုပြုသူ၏ ထိုက်တန်သောပူဇော်မှုနှင့် လက်တွေ့သာဓကတို့ဖြင့် သက်သေ ပြသနိုင်ရပါမည်။ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်အားဖြင့် ဆည်းကပ်ကိုးကွယ်သူအား ကယ်တင်လိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မိမိ၏စိတ်ဆန္ဒကို ဘုရားသခင်ထံအပ်နှံရန်ဖြစ်သည်။

သို့ရာတွင် ပုဂ္ဂိုလ်တစ်ယောက်၏ စိတ်အလိုဆန္ဒဖြင့် ဤယုံကြည်အပ်နှံမှုသည် အချုပ်အနှောင်ကင်းသောစိတ် ရှိသည်နှင့်အမျှ အားထုတ်သည့်အချိန်များ၌ ဘုရားသခင်၏ ဂုဏ်ကျေးဇူးက သူ့ကိုပြန်အကျိုးပြုသည်။ (*ထေရဝါဒတွင် "ဓမ္မောဟဝေရက္ခတိ ဓမ္မစာရီ- တရားကိုစောင့်သော သူအား တရားက ပြန်လည်စောင့်ရှောက်သည်"ဆိုသော အဓိပ္ပာယ် ဖြစ်သည်။-ဘာသာပြန်သူ*) ယခုအချိန်အထိ အိန္ဒိယနိုင်ငံ ဘာသာယုံကြည်မှုအစဉ်အလာနှင့် စပ်လျဉ်းသည့် ကမ္မဝါဒအား မှားယွင်းသောအယူဝါဒအဖြစ် သက်သေပြရာတွင် အခက်အခဲ မရှိသေးပေ။ သို့ရာတွင်

* ခရစ်ယာန်ဘာသာ၌ အသက်လိပ်ပြာ၊ အသက်ဝိဉာဉ်နှင့်စန္ဒာကိုယ်သည် ထူးခြားသောဝိသေသလက္ခဏာဖြင့် ရှင်းလင်းပြတ်သားစွာ ပေါ်လာသည်။ အသက်လိပ်ပြာအား ထာဝရဘုရားသခင်ကပိုင်ဆိုင်၍ လူပုဂ္ဂိုလ်သို့ ယင်းအသက်လိပ်ပြာကောင်က ဖြတ်သန်းသွားရာ ၎င်းအား အဓိကကျသော "မြင့်မြတ်ခြင်း" ဟု ခေါ်ဆိုသည်။

ရာမနုဂျာအယူဝါဒအတွင်း လွတ်လပ်သောစိတ်ဆန္ဒ သဘောတရားအား လက်ခံရေးကိစ္စ၌ အထူးတာလည်း အခက်အခဲရှိနေသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် ဤအခက်အခဲအပေါ်၌ ရပ်တန့်မနေလိုပေ။ ထာဝရဘုရားသခင်ရှိသည်ဆိုခြင်းကို လက်မခံသည့် အခြားသောဘာသာ ယုံကြည်မှုစနစ်များဖြစ်သော ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့၌ လူသားသည် ၎င်း၏ဒုက္ခဝဋ်ကြွေး ပေးဆပ်ရေးအတွက် ကျေးကျွန်ဘဝရောက်ရှိနေရသည့်ကိစ္စတွင် ၎င်းကိုယ်တိုင်သည် လွတ်လပ် သော မိမိ၏စိတ်ဆန္ဒကို အလွဲသုံးပြုမှုအတွက် လူသား၌သာ တာဝန်ရှိသည်။ မည်သို့ပင်ဖြစ်စေ လူသားသည် ၎င်းကိုယ်တိုင်ဒုက္ခဝဋ်မှ ကျွတ်လွတ်ရေးအတွက် ၎င်း၏လွတ်လပ်သော စိတ်တန်ခိုး စွမ်းအင်ကို အသုံးပြုနိုင်သည်။ လူသားသည် သံသရာ ရေအလျင်ကျော ဆက်လက်၍အောက်သို့ စုန်မျှောလိုသလား၊ သို့မဟုတ် အထက်သို့ဆန်တက် လွတ်မြောက်လိုသလားဆိုသည်မှာ ၎င်းကိုယ်တိုင်သည်ပင်လျှင် ဗိသုကာဖြစ်၍ တာဝန်အရှိဆုံး ဖြစ်သည်။

တမန်တော်ကိုးကွယ်သည့်ဘာသာများ၌ လူသားအားထာဝရဘုရားသခင်၏ပုံရိပ်လွှာ အတိုင်း ထုလုပ်ပုံသွင်းထားခြင်းဖြစ်၍ ၎င်းသည် လွတ်လပ်စွာဖန်ဆင်းတော်မူခြင်းခံရသည်။ ထာဝရဘုရားသခင်သည် ၎င်း၏ဝင်လေထွက်လေနှင့်စိတ်ဝိညာဉ်ကို လူသား၏နှာခေါင်းအတွင်းသို့ မှုတ်သွင်းတော်မူခဲ့သည်။ လူသားနှင့်စပ်လျဉ်းသည့် ဂျူးခရစ်ယာန်ဘာသာများ၏ သဘောထား ခံယူချက်မှာ လူသားသည် လွတ်လပ်စွာဖန်ဆင်းတော်မူခြင်းခံရသူဖြစ်သည့်အလျောက် ထာဝရ ဘုရားသခင်၏ အမိန့်တော်များကို လိုက်နာခြင်း၊ သို့မဟုတ် မလိုက်နာခြင်းကို မိမိသဘော အတိုင်းဆောင်ရွက်နိုင်သည်။ အာဒမ်(Adam)သည် တားမြစ်ပိတ်ပင်ထားသည် အသိဉာဏ်ပညာ အပင်မှ သစ်သီးကိုစားသုံးခြင်းဖြင့် သူ၏လွတ်လပ်မှုရရှိထားသော စိတ်ဆန္ဒကို အလွဲသုံးစား ပြုမှားမိခဲ့သည့်အတွက် အောက်သို့လိမ့်ကျခဲ့သည်ဟု အဆိုအမိန့်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ ခရစ်ယာန်ဘာသာ၏အဆိုအရ သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်၌ ၎င်း၏အသက် သေဆုံးသည်အထိ ထာဝရဘုရားသခင်၏အမိန့်တော်အား နာခံသွားခဲ့သည်။ အစ္စလာမ်ဘာသာ ၌လည်း လူသားသည် ထာဝရဘုရားသခင်၏အမိန့်တော်များကို လိုက်နာလိုက လိုက်နာနိုင်ပြီး ငြင်းဆန်လိုပါကလည်း ငြင်းဆန်နိုင်သည်အထိ လွတ်လပ်မှုကိုရရှိထားသည်။ သို့ရာတွင် အစ္စလာမ်ဘာသာ၏အကြောင်း အထင်အမြင်လွဲမှားသည့်အချက်တစ်ချက်ရှိသည်။ မူစလင်

တစ်ဦးအဖို့ အလ္လာအရှင်မြတ်၏ကျေးကျွန်ဖြစ်ရခြင်းမှာ ဂုဏ်ယူဝင့်ကြွားစရာအကောင်းဆုံးသော အရာဖြစ်ကြောင်း ရှင်းလင်းထောက်ပြ ပြောကြားခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် အစ္စလာမ်ဘာသာ တရားတော်က လူသားသည် ၎င်း၏လွတ်လပ်သောစိတ်ဆန္ဒအား အမြင့်မြတ်ဆုံးသောကုသိုလ် ဖြစ်ကြောင်း သွန်သင်ညွှန်ပြဆုံးမတော်မူခဲ့သည်။

ဤနေရာတွင်မှတ်သားရန်အချက်တစ်ခုမှာ အလ္လာအရှင်မြတ်၏ကျေးကျွန်ဖြစ်ရခြင်း သည် သေးငယ်သောကြိုးစားအားထုတ်မှုဖြင့် ရရှိသောအောင်မြင်မှုမဟုတ်ဟူသော အချက် ဖြစ်သည်။ မူစလင်တစ်ယောက်သည် အလ္လာအရှင်မြတ်၏ကျေးကျွန် ဖြစ်လာနိုင်ရေးအတွက် ဤကဲ့သို့သော အစမှအဆုံးတိုင် ကြိုးစားကျင့်ကြံအားထုတ်မှုလုပ်ငန်းတွင် ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ တရားထိုင်ခြင်းစသော ဘုရားသခင်အား အချိန်အခါမလပ် အမြဲသတိရနေ စေရမည်။ ဤသို့သော ကာယကံမြောက်ဆောင်ရွက်ချက်များသည် မူစလင်တစ်ဦးအား ဘုရားသခင်နှင့်နီးစပ်မှုရှိအောင် လုပ်ဆောင်ပေးသည်။ လူသည် ထာဝရဘုရားသခင်၏ ဖန်ဆင်းခံရသူဖြစ်၍ မြင့်မြတ်ဖြူစင် သန့်ရှင်းသောစိတ်ဆန္ဒပေါ်လာသည်။ မူစလင်တစ်ဦးအား အလ္လာအရှင်၏ကျေးကျွန်အဖြစ် ခံယူရရှိစေရန် စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေးနှင့် ကိုရမ်ကျမ်းစာ ဖတ်ကြားခြင်းကိုသာ ခွင့်ပြုသည်။ ဤအချက်ကို ရာမနူဂျာ(Ramanuja Hinduism)က ဆက်လက်၍ကျင့်သုံးခဲ့သည်။

ရာမနူဂျာ၏အလိုအားဖြင့် အသက်ဇီဝတစ်ခုသည် ဘာမျှမဟုတ်သော်လည်း ဗြဟ္မ ခန္ဓာကိုယ်၏အစိတ်အပိုင်းဖြစ်သည်။ ထို့အပြင် ခန္ဓာကိုယ်တစ်ခုသည် ဘုရားသခင်၏စိတ်ဝိဉာဉ် အဖြစ် လုံးဝဥဿုံအရှိအသေပြု ပူဇော်သက္ကာရပြုရန်တွက် တည်ရှိသည်။ ဤသို့ ဘုရားသခင်အား မှီခိုအားထားခြင်းသည် စိတ်ပိုင်းဆိုင်ရာ အားနည်းချက် ဟုတ်ပါသလား?။ ရာမနူဂျာ၏ အလိုအားဖြင့် အကြီးအကဲဖြစ်သော ပုဂ္ဂိုလ်မှတစ်ပါး အခြားသောပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အပေါ်၌ဖြစ်စေ၊ တစ်စုံတစ်ခုပစ္စည်းအပေါ်၌ဖြစ်စေ မှီခိုအားထားခြင်းသည် အနာရောဂါဖြစ်၍ ဘာသာရေးဆိုင်ရာ တိုးတက်ရင့်ကျက်မှုကို ထိခိုက်စေသည့်အားနည်းချက်ဖြစ်သည်။ မည်သို့ ဆိုစေကာမူ–

''အခြေခံအကျဆုံးသော သဘာဝတရား၏ အကြောင်းခြင်းရာကို ဉာဏ်အမြင်ရှင်းလင်း

စွာသိသော ပုဂ္ဂိုလ်အားသာလျှင် အားလုံးသောလူများ၏ ကြည်ညိုလေးစားခံထိုက်သောသူ တစ်ဦးသာရှိ၏။ ၎င်းမှာ အမြင့်မားဆုံးသော ပုရိသယောကျ်ား(Purusa) ဖြစ်သည်။ သူတစ်ဦးကိုသာလျှင် အားလုံးသောလူများ ကြည်ညိုလေးစားကြ၏" (ဝေဒသန္တရာဟ–စာပိုဒ်–၂၅၀)

"ဒီမျှသာမဟုတ်ပါ။ ရာမနုဂျာအတွက်ဆိုလျှင် မုတ္တ(Moksa)ခေါ် လွတ်မြောက်မှုသည် ဘာမျှမဟုတ်သော်လည်း ဘုရားသခင်အားအလုပ်အကျွေးပြုမှုသည် အမှန်တရား၊ သို့မဟုတ် အသုံးဝင်မှုကို ပေးစွမ်းနိုင်သည်။"

ဤသို့သောသဘောကြောင့် အလ္လာအရှင်မြတ်၏ကျေးကျွန်အဖြစ် ရှိးမြှင့်ခံရခြင်းသည် မူစလင်တစ်ဦးအတွက် ၎င်း၏အမြင့်ဆုံးသောရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။ ခရစ်ယန်ဓမ္မတေး တစ်ပုဒ်တွင် ဖော်ပြချက်မှာ–

"ကျွန်ုပ်တို့၏စိတ်ဆန္ဒသည် ထာဝရဘုရားသခင်၏ဆန္ဒတော်ဖြစ်၍ သူတို့အား သင်၏ဆန္ဒဖြစ်စေသည်။ ထိုသို့ဖြစ်ရာ သင်၏လိုအင်ဆန္ဒဟာ သမုဒ္ဒရာရေထုပမာသို့ ချမ်းသာကြွယ်ဝ ပြည့်စုံကလည်း မတင်းတိမ်နိုင်ဘဲ စိတ်ဆင်းရဲ၏။"

## ကမ္ဘာလောကနှင့်ပတ်သက်၍ယုံကြည်ချက်

## THE CONCEPT OF THE WORLD

ဗိုရိအာစရိယားဘာသာအပါအဝင် တမန်တော်ကိုးကွယ်သည့်ဘာသာများ၏ အဆိုအရ ကမ္ဘာလောကအား ထာဝရဘုရားသခင် ဖန်ဆင်းခဲ့သည်ဟုဆိုသည်။ ဤအယူအဆကို ဆစ်ခ် ဘာသာကလည်း လက်ခံသည်။ ၎င်းတို့၏အဆိုအရ ကမ္ဘာ၏အစဦး အမှောင်ထုဖုံးအုပ်ထားရာ ထာဝရဘုရားသခင်(ဝါ)နတ်ဘုရားက ၎င်း၏အမိန့်တော်ဖြင့်သာလျှင် ကမ္ဘာလောကကို ဖန်ဆင်း ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ကမ္ဘာလောကသည် ဖန်ဆင်းမှုဖြစ်သည်ဟူသော ဤအယူ အဆနှင့်ပတ်သက်၍ ဆစ်ခ်ဘာသာသည် အစ္စလာမ်ဘာသာ၏ ဩဇာလွှမ်းမိုးခြင်းခံရဘွယ် ရှိသည်။ သို့သော် ဟိန္ဒူဘာသာ ချန်ဒိုယဉပါနိရှတ်အယူဝါဒက ဗြဟ္မာကြီးသည် ၎င်း၏ကိုယ်ပွား များစွာကို အလိုရှိသည်(၆–၃.၃)။ ထို့အပြင် ၎င်းသည် အစီအစဉ်စနစ်ကျနသော အပြုအမူ

ကောင်းစွာဖြစ်လာလိမ့်မည်ဟု အသေအချာယုံကြည်သည်။ မည်သို့ပင်ဖြစ်စေကာမူ အိန္ဒိယနိုင်ငံဖွား ဘာသာယုံကြည်မှုများ၏ တွေးခေါ်ယူဆချက်သည် ပထမဆုံးသော ကမ္ဘာလောက၏အစကို အချိန်မရွေးဖြစ်ပေါ်နိုင်ကြောင်း မယုံကြည်မယူဆဟူ၍ ထင်မြင်ရပေသည်။ သို့မဟုတ် ကမ္ဘာလောကကြီး၏ နောက်ဆုံးအချိန်ကာလဖြစ်မည်ဟု မယုံကြည်မယူဆချေ။ ကမ္ဘာလောကအား အချိန်ကာလအပိုင်းအခြားဖြင့် ဖန်ဆင်းထားခြင်းဖြစ်၍ ဤဖန်ဆင်းဖြစ်ပေါ်မှုသည် အချိန်ကာလ အပိုင်းအခြားအလျောက် ပျက်စီးသွားနိုင်သည်ဟူသော ထင်မြင်ယူဆချက်ကို အထောက်အကူပြုသည်။ သတ္တယ၊ ထရိတ၊ ဒွါပရနှင့် ကလယုဂဟူသောအစီအစဉ်တကျ ဖြစ်သောခေတ်များ (Four orderly stages of satya,Treta, Dvapara and Kaliyuga)အတိုင်း ဖန်ဆင်းဖြစ်ပေါ်ခြင်းနှင့် ဆုတ်ယုတ်ပျက်စီးခြင်းသံသရာဖြင့် ကမ္ဘာလောကကို ခေတ်ကြီးလေးခေတ်အတိုင်း တစ်ခေတ်မှတစ်ခေတ်သို့ လှည့်ပတ်သွားနေစေသည်။ ကလိယုဂခေါ်သော နောက်ဆုံးအဆင့်တွင် ကမ္ဘာလောကအား အသစ်တစ်ဖန်ထပ်မံ၍ ပြန်လည်ဖန်ဆင်းဖြစ်ပေါ်လာနိုင်စေရန်အတွက် ယင်းကမ္ဘာလောကသည် အလွန့်အလွန်ပြင်းထန်သည့် ဖျက်ဆီးခြင်းခံရမည်ဟူ၍ ယုံကြည်သည်။ ဂျိန်းဘာသာနှင့်မိမံသအယူဝါဒတို့က ကမ္ဘာလောကအားအစရှိအဆုံးမရှိဘဲ အမြဲတည်နေသော အရာဟူ၍ ယုံကြည်သည်။ ဗုဒ္ဓဘာသာကမူ ကမ္ဘာလောကအား ခေတ်ကာလအပိုင်းအခြား အားဖြင့် ဖြစ်ပေါ်လာသည်၊ သို့မဟုတ် ဆုတ်ယုတ်ပျက်စီးသွားရသည်ဟူ၍လည်းကောင်း တစ်စုံတစ်ရာ ပြောဆိုခြင်း မရှိခဲ့ချေ။ ဗုဒ္ဓဘာသာအဖို့ရာ၌ ကမ္ဘာလောကသည် စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေသည့် အစဉ်အတန်းတစ်ခုဖြစ်သည်ဟု ယုံကြည်သည်။ ထို့ကြောင့် ဤသို့ဖြစ်ပျက်ပြောင်းလဲနေသည့် အစဉ်အတန်းအတွင်း သက်ဆင်းကျရောက်ခြင်းမှာ ဒုက္ခ ဆင်းရဲဟူ၍ ဝိသေသပြုဖော်ပြသည်။ သို့သော် ဗုဒ္ဓဘာသာသည်ပင်လျှင် နိဗ္ဗာန်ရရှိရန်အတွက် ကမ္ဘာလောက၏အရေးပါပုံကိုတော့ မငြင်းဆိုနိုင်ပေ။

ကမ္ဘာလောကကြီးသည် လူသားများအတွက် အဆုံးအပိုင်းအခြားတစ်ခုနှင့်အဓိပ္ပာယ်တစ်ခုရှိသည်။ ဇိုရိုအာစရိယားဘာသာ၏အဆိုအရ ထာဝရဘုရားသခင်ဖန်ဆင်းခြင်း၏အဓိပ္ပာယ်မှာ အဆုံးအပိုင်းအခြားတစ်ခုသို့ ပို့ဆောင်ပေးရန်ဖြစ်သည်။ ဤသို့ ကာလအပိုင်းအခြားအကန့်အသတ်ပြုရသည့်အကြောင်းမှာ မကောင်းဆိုးဝါးများကြောင့်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာလောကသည်

မကောင်းဆိုးဝါးများအပေါ်၌ ကောင်းမြတ်ခြင်းကအောင်ပွဲခံရန်အတွက် လူသားအား ထာဝရဘုရားဘက်တော်သားအဖြစ် စည်းပိုင်းခြားမှုတစ်ခုရှိသည်။

ဂျူး-ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာတရားတို့၏ ဟောပြောပို့ချချက်အရ ထာဝရဘုရားသခင်သည် ၎င်း၏ဆန္ဒတော်နှင့် အမိန့်အာဏာသက်သက်ဖြင့်သာ ကမ္ဘာလောကကြီးကို လူသားအား အလယ်ဗဟိုပြု၍ ဖန်ဆင်းတော်မူခဲ့ခြင်းဖြစ်သည်။ ဤရှေးရိုးစဉ်လာအယူအဆမှာ ထာဝရဘုရားသခင်သည် ကမ္ဘာလောကကြီးအား ထာဝရဘုရားပြုစုပျိုးထောင်ထားသည့် သဘာဝတရား(Inplantedin Nature by God)အား စည်းကမ်းနည်းလမ်းများကို သိရှိနားလည်ခြင်းဖြင့် ကမ္ဘာလောကကိုအနိုင်ရနိုင်ရေးအတွက် ဖန်ဆင်းတော်မူခဲ့သည်။ ဤဥပဒေသများသည် လူသား၏ကောင်းကျိုးချမ်းသာနှင့် လမ်းညွှန်အဖြစ် အဓိပ္ပာယ်သက်ရောက်ပါသည်။ သို့ဖြစ်၍ လူသားသဘောပေါက်နိုင်သော ထာဝရဘုရားသခင်၏ ဘုန်းတော်အနန္တနှင့် ကံတော်အနန္တ တို့ကို သိရှိနားလည်ခြင်းဖြင့် ကမ္ဘာလောကသည် ထာဝရဘုရားသခင်၏ ကမ္ဘာလောကဖြစ်သည်။

> ‘‘ထာဝရဘုရားသခင်သည် ကမ္ဘာလောကအား စတင်ဖန်ဆင်းသည့်အချိန်မှစ၍ ၎င်း၏ မမြင်တွေ့နိုင်သောအရည်အသွေးများ၊ ၎င်း၏ အစအဆုံးမရှိသော တန်ခိုးတော်နှင့် ၎င်း၏ ထူးခြားသည့်သဘောသဘာဝတို့ကို ထင်ရှားစွာမြင်တွေ့ရသည်။ ထာဝရဘုရားသခင်ပြုလုပ်ခဲ့သော အရာဝတ္ထုများအတွင်း တွေ့မြင်သိရှိသဘောပေါက်ခဲ့သည်’’
> (Romans 1.20)

ထိုသို့သောအကြောင်းကြောင့် ကမ္ဘာလောကကြီးသည် မြင့်မြတ်၍ ထာဝရဘုရားသခင်၏သဘောသဘာဝနှင့် စိတ်ဆန္ဒကို ရှင်းလင်းသိသာစေသည်။ ထို့ကြောင့် လူသားသည် ၎င်းကိုယ်ပိုင်ထိန်းကျောင်းမှုအတွက် လက်ဆုပ်လက်ကိုင်ပိုင်နိုင်စွာ ရရှိလာခဲ့သည်။

ကမ္ဘာလောကကြီးအား ဤသို့ရှုမြင်ခြင်းအား ကိုရမ်ကျမ်းစာ၌ အတိအလင်းရေးသားဖော်ပြထားသည်။ ထာဝရဘုရားသခင်က ကမ္ဘာလောကကြီးအား ၎င်း၏ပျော်ရွှင်မှုအလို့ငှာ ဖန်ဆင်းတော်မူခဲ့ခြင်းမဟုတ်ပေ(Surah 44.38)။ လူသားအတွက် ထိန်းကျောင်းမှုအဖြစ် ကမ္ဘာလောကကြီးအား ၎င်း၏ဥပဒေသများနှင့်အတူ ဖန်ဆင်းခဲ့သည်။(Surah.X.6,7;XIII,2,3; XXX.21.22)။

ဇိုရိုအာစရိယားဘာသာ၌ အာရိမာန်(Ahriman)မှ စတင်ဖြစ်ပေါ်ခဲ့သော မကောင်းဆိုးဝါးအပေါ် အောင်ပွဲခံခြင်းအတွက် လူသားအား ထာဝရဘုရားသခင်၏ ပူးတွဲတိုက်ပွဲဝင်သည့် တပည့်သာဝကဖြစ်သင့်သည်ဟူသော ရည်ရွယ်ချက်ဖြင့်ဖန်ဆင်းပေးခဲ့ခြင်းဖြစ်သည်။ ဤသို့အားဖြင့် တမန်တော်ကိုးကွယ်သည့်ဘာသာများ၌ ဤကမ္ဘာလောကကြီးသည် ဝိဉာဉ်အား မလှုပ်ရှားနိုင်အောင် ၎င်း၏ကိုယ်အင်္ဂါအစိတ်အပိုင်းကို ပျက်စီးချို့ယွင်းစေသော တောင်ကြားဒေသအဖြစ် အထွေထွေအထူးထူးစိတ်ကူးခဲ့သည်။ ဤကမ္ဘာလောကကြီး၌ ထာဝရဘုရားသခင်၏ သဘောသဘာဝနှင့် ဘာသာရေးယုံကြည်မှုအခြေခံများဖြင့် အလုပ်အကျွေးပြုရန် ရည်ရွယ်ချက်တစ်ခုလည်းရှိ၏။ လူသားသည် ကောင်းကင်ဘုံအတွက် နတ်ဒေဝါဖြစ်လာရန်သင့်တော်၏။ တမန်တော်ကိုးကွယ်သည့်ဘာသာများ၌ လူသားသည် ထာဝရဘုရား၏အမိန့်တော်အား ကျိုးနွံစွာလိုက်နာခြင်းနှင့် မိမိ၏စိတ်အလိုဆန္ဒအား ဘုရားသခင်ထံအပ်နှံခြင်းတို့ဖြင့် မြင့်မြတ်သောရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည်။ ထာဝရဘုရားသခင်၏ သဘောသဘာဝအားဘာသာရေးယုံကြည်ချက်အခြေခံဖြင့် အလုပ်အကျွေးပြုရန် ဤရည်ရွယ်ချက်ကို အိန္ဒိယဘာသာရေးအစဉ်အလာ၌လည်း တွေ့ရှိရသည်။

မှန်၏၊ ဗြဟ္မသုတ္တံ(Brahmasutra-II.I.33)၏အဆိုအရ ဤကမ္ဘာလောကသည် ဣသရေလ(Ishvara)၏ ပျော်ရွှင်မှုသက်သက်သာဖြစ်သည်။ ရှန်ကာရနှင့်ရာမနုဂျာတို့၏ အယူဝါဒများက လီလာ(Lila)ဟူသော သဘောတရားအယူအဆကို ယုံကြည်ကြသည်။ မည်သို့ပင်ဆိုစေကာမူ ဤလီလာသည် ဘာခ်တာအတွက် ကစားစရာလှုပ်ရှားမှုမဟုတ်ပါပေ။ ဤရယ်ရွှင်မြူးတူး ပျော်ရွှင်ဖွယ်ရာလုပ်ဆောင်ချက်၌ ဣသရေလသည် လူသား၏အသားစိုင်ထဲသို့ နတ်ဘုရား၏ မိမိကိုယ်ကိုနှိမ့်ချသောအမှုအရာဖြင့် ၎င်းအားကြည့်ရှုသောအမှုအရာဖြင့် ဆင်းသက်ခဲ့သည်။ သာကိယ(Samkhya)သည်လည်း လူသားအား ၎င်း၏လွတ်မြောက်မှုအောင်မြင်ရန်ကူညီပေးသောအမြင်တစ်ခုနှင့်တကွ ပရပ်ခ်တိ(Prakrti)၏ အစိတ်အပိုင်းပေါ်၌ အရာခပ်သိမ်းဘုရားသခင်ဖန်တီးသည်ဟူသော အတွေးအခေါ်၏မသိစိတ်က ရှေ့ဆောင်ခဲ့သည်။ (Samikhya-Karika 17,21,31,56,57,60)။

အများအားဖြင့် အိန္ဒိယနိုင်ငံ၏ ဘာသာရေးစနစ်များအတွင်း လူသားသည် သူ၏အသက်

ဝိညာဉ်အားကယ်တင်ရေး အောင်မြင်စေရန် ၎င်း၏သာသနာပြုမှုလုပ်ငန်းနှင့် ကမ္ဘာလောကအတွင်းသို့ ဝင်ရောက်လာသည်။ လူသားသည် ကမ္ဘာလောကကြီးအား အစစ်အမှန် ဟူ၍ သိရှိနားလည်ရန် ဖြစ်ပါသည်။ ထိုအရာသည် အိမ်မက်တစ်ခုမဟုတ်သကဲ့သို့ မိုးကောင်းကင်တွင်တွေ့မြင်ရသော ပန်းပွင့်လည်းမဟုတ်သည့် တစ်ကယ်အစစ်အမှန်ရှိသော အရာဖြစ်သည်။ ဟိန္ဒူဘာသာ ညာယ ဗိုက်ဆိကအယူဝါဒ(Nyaya-Vaisesika of Hinduism) သင်ကြားရေးဌာနတွင် ကမ္ဘာလောကကြီးသည် နတ်ဘုရား(ဝါ)ထာဝရဘုရားသခင်(God)၏ တန်ခိုးတော် အားဖြင့်သာလျှင် ရောစပ်နိုင်သော အစအဆုံးဟူ၍မရှိသည့် အနုမြူမှုံများပါဝင်သော အရာဖြစ်ကြောင်း သင်ကြားသည်။ ဟိန္ဒူဘာသာ သာကိယအယူဝါဒ(Samkhya of Hinduism)၏အယူအဆမှာ ကမ္ဘာလောကကြီးသည် ပရာခ်တိ(Prakrti)ခေါ် သတ္တဝါ(Sattva)၊ ရာဇ(Rajas)နှင့် တမ့်စ် (Tamas)တို့ဖြင့် ဖွဲ့စည်းထားသည့် အစအဆုံးမရှိသောအရာဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ဗုဒ္ဓဘာသာ၏ ဝိညာဏဝါဒ(Vijnanavada of Buddhism)၏ အထွေထွေအကြုံးဝင်သည့် သုံးသပ်ချက်မှာ ကမ္ဘာလောကကြီးသည် စဉ်ဆက်မပြတ်ဖြစ်ပျက် ပြောင်းလဲနေသော အကြောင်းခြင်းရာသာ ဖြစ်သည်။ ဟိန္ဒူဘာသာ အဝိဇ္ဇာဝါဒ(Avaitism of Hindusm)သည် ကမ္ဘာလောကအား အမှန်တစ်ကယ် မရှိသည်ကို ရှိသယောင်ထင်မှတ်ခြင်း ဖြစ်ပါသလား?။

အဝိဇ္ဇာဝါဒ၏ မိသ်ယာဝ(The Mithyava of Avaitism)က "အမှန်တစ်ကယ်မရှိသည့်အရာကို ရှိသယောင်ထင်မှတ်ခြင်း"ဟူ၍ ဘာသာပြန်ဆိုရေးသားခဲ့သည်။ ထို့ပြင် "အမှန်တစ်ကယ်မရှိသည့်အရာကို ရှိသယောင်ထင်မှတ်ခြင်း"ဟူသော စကားလုံးကို မိသ်ယာဝ(Mithyava)၏ မှန်ကန်သောအဓိပ္ပာယ်ဖော်ဆောင်၍ သိနားလည်အောင်မလုပ်ခဲ့ချေ။ ပထမဦးဆုံးအနေဖြင့် တ္တသရေလသည် ဤကမ္ဘာလောကကြီးအား မာယာ(Maya)မပါဘဲ ဖန်ဆင်းခဲ့သည်။ ထို့ပြင် မာယာသည် ဘုရားသခင်၏ ပြည့်ဝသောအသိဉာဏ်ပညာအတွင်း၌ရှိသည်။ ထို့ကြောင့် မာယာသည် တ္တသရေလအတွက်အမှန်တစ်ကယ်ရှိသော မာယာဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အာရုံသိရှိခံစားနိုင်သည့် သဘာဝတရားရှုထောင့်မှကြည့်လျှင် အမှန်တရားကိုရှာကြံသူအတွက်မှာ ထိုအရာသည် Sat နှင့် Asat(Sadasat)ခေါ်သည်။ လူသားများအားလုံးဘက်မှ ရပ်တည်နေသည့် သိပ္ပံနည်းကျစဉ်းစားတွေးခေါ်မှုထက် ပို၍လက်တွေ့ကျသော အမှန်တရားဝါ အာရုံဖြင့်ထိတွေ့

ခံစားနိုင်ခြင်းသည် Sat ဖြစ်သည်။ ဤသို့အားဖြင့် ကမ္ဘာလောကသည် ဒိဋ္ဌဓမ္မ(လက်တွေ့)နှင့် ဆိုင်သော ရည်ရွယ်ချက်များအတွက် အမှန်တစ်ကယ်တည်ရှိသောအရာဖြစ်သည်။ ထို့အပြင် လူသားအား ၎င်း၏နေ့စဉ်ဘဝ လက်တွေ့ကျသောလူမှုကိစ္စများ၏ စည်းကမ်းဥပဒေများကို သိရှိနားလည်ခြင်းဖြစ်သည်။ သို့သော် ဤကမ္ဘာလောကသည် လုံးဝအစစ်အမှန်တရားမဟုတ် ဟူ၍ ကျေနပ်နှစ်သိမ့်နေခဲ့ကြသည်။ အမှန်တရားရှာကြံသူ၏အပေါ်၌ ဗြဟ္မဉာဏ(Brahmajnana) ခေါ် အသိဉာဏ်ပညာအလင်းရောင် ထွက်ပေါ်စပြုလာသည့်အခါမှ ပယ်ဖျောက်နိုင်ခဲ့သည်(ဝါ) စဉ်းစားဉာဏ်ထဲမှ ကွယ်ပျောက်ချုပ်ငြိမ်းခဲ့ပေသည်။ ဗြဟ္မဉာဏီ(Brahmajnani) တစ်ဦး တစ်ယောက် ဖြစ်ထွန်းပေါ်ပေါက်၍ ဉာဏ်အလင်းသို့ရောက်ရှိခြင်းကို စကားလုံးစာသားများဖြင့် သိကုံး ဖော်ပြရန်မဖြစ်နိုင်ပေ။ မည်သို့ဖြစ်စေ အကယ်၍သာ Sat-asat စရိုက်လက္ခဏာများ၏ အကြောင်း အရာအား ကျွန်ုပ်တို့(စာရေးသူနှင့်စာဖတ်သူ)က ပြောဆိုဆွေးနွေးရန်ရှိခဲ့လျှင် နဃဂျုနာ နှင့် သဗ္ဗတတမ္ဂိနယ၏ စတုသကောတိအလိုအရ(according to catuskoti of Nagarjuna and saptabhanginaya)ကျွန်ုပ်တို့(စာရေးသူနှင့်စာဖတ်သူ)အနေဖြင့် ကမ္ဘာလောကသည် မဖော်ပြ မပြောဆိုနိုင်သောအရာဟူ၍ ဆွေးနွေးကြရန်ရှိပါ၏။ မည်သို့ဖြစ်စေကာမူ ဤသဘောတရားရေး အငြင်းအခုံပွဲ၌ အရေးနိမ့်ခဲ့သည်ဆိုဦးတော့ လူသားသည် ၎င်း၏နေ့စဉ်ဘဝ လက်တွေ့ကျသော အရေးယူဆောင်ရွက်မှုအတွက် ကမ္ဘာလောကသည် စစ်မှန်သောအရာသာဖြစ်သည်။

ဂျိန်းဘာသာအဖို့ရာတွင်လည်း ကမ္ဘာလောကသည် ၎င်း၏ပဒါသာ(စ်)(Padanthas)နှင့် ဂုဏ(စ်)(Gunas)တို့နှင့်တကွ အစစ်အမှန်ဖြစ်သည်။ ထိုနည်းတူစွာ မိမံမသက(စ်)အယူဝါဒ (Mimamasakas)ကလည်း ကမ္ဘာလောကသည် အစအဆုံးဟူ၍မရှိသော စစ်မှန်သည့်အရာ ဟူ၍ ယူဆသည်။ ရာမနူဂျာ(Ramanuja)ဝါဒကလည်း ကမ္ဘာလောကသည် လုံးဝဥဿုံ အစစ်အမှန်ရှိသောအရာဟူ၍ ယုံကြည်သည့်အပြင် ဉာယအယူဝါဒ(Nyaya)နှင့်အတူတကွ အစဉ် တစိုက်အားဖြင့် မြွေအရေခွံ၊ သို့မဟုတ် ခရုကောင်မရှိသော ငွေရောင်အခွံကဲ့သို့ တစ်ကယ်စစ်မှန် သောအရာမဟုတ်ကြောင်း စိတ်နှင့်သက်ဆိုင်သော တစ်ကယ့်အစစ်အမှန်မရှိခြင်းများနှင့် စပ်လျဉ်း၍ တစ်ကယ်စစ်မှန်ခြင်းနှင့်ဆိုင်သော ရှင်းလင်းချက်တစ်ခုကို တင်ပြသည်။ မည်သို့ပင်ဖြစ်စေ ရာမနူဂျာအယူဝါဒအကြောင်း နောက်တစ်ချက်ရှိသေး၏။

ရာမနုဂျာဝါဒက ကမ္ဘာလောကနှင့်အသက်ဇီဝ(ဝါ)လူသတ္တဝါတို့ ပုံစံနှစ်မျိုးလုံး(acit and cit)တို့သည် နတ်ဘုရား၏အသက်ဝိညာဉ် ကိန်းအောင်းတည်ရှိနေသည်ဟု ယုံကြည်သည်။ ကွာသရေလဟူသော နတ်ဘုရား၏ကိုယ်ခန္ဓာသည် အမြဲတမ်းမှန်ကန်တည်ရှိနေသည်။ ပရာလာယ (Pralaya)ခေါ် ကမ္ဘာလောကကြီး ပျက်စီးပျောက်ကွယ်သွားသည့်အချိန်တိုင်အောင် ကမ္ဘာမြေ လောကဓာတ်အပါအဝင် ကွာသရေလ ခေါ် နတ်ဘုရား၏ခန္ဓာကိုယ်သည် Subtle(Suksma) အတွင်း ပုံသဏ္ဌာန်ဖြင့်တည်ရှိသည်။ မည်သို့ပင်ဖြစ်စေကာမူ ရာမနုဂျာဝါဒအဖို့မှာမူ ကွာသရေလ ခေါ် နတ်ဘုရား၏ခန္ဓာကိုယ်နှင့်ဝိညာဉ်တို့မှာ ခွဲခြားမရနိုင်သောအရာဖြစ်၍ ၎င်း၏ခန္ဓာကိုယ် အစိတ်အပိုင်း စုစည်းတည်ရှိမှုစနစ်အတွင်း တည်မြဲနေစေရန် သူ့အနေဖြင့် ကြိုးစားအားထုတ်သည်။

နောက်ဆုံးအနေအားဖြင့် ကသိုပမ်နိရှတ်(Kathopanishad)အယူဝါဒ သံသရာဝဋ် ဒုက္ခမှ လွတ်မြောက်ရန်ရှာဖွေသူအား ၎င်း၏လွတ်မြောက်မှုအောင်မြင်ရေးအတွက် စိတ်အား ထက်သန်စွာဖြင့် အကြံပြုသည်။

"အသင်ထလော့!၊ အသင်နိုးထလော့!၊ အသင်၏ပျော်ရွှင်နေသော အပေါင်းအဖော် တို့အား ပြုစုပျိုးထောင်ပါစေလော့၊ ထို့ပြင် သူတို့အားနားလည်ကြပါစေလော့!" (III;14)

ထို့အပြင် ဆွာမိဗွိဗွိကမ်နန္ဒ(Swamivivi K. Nanda)က ဤသို့သော ကျယ်လောင်သည့် နိုးဆော်ချက်ကို ပုဂ္ဂိုလ်တစ်ယောက်အတွက် သံသရာဝဋ်ဒုက္ခမှလွတ်မြောက်ရေးအတွက် ဤကမ္ဘာလောကအား လုပ်ငန်းခွင်အဖြစ်အသုံးပြုရန်နှင့် စွန့်လွှတ်စွန့်စားရန် ဖိတ်ခေါ်ချက်ဟု ဘာသာပြန်ဆိုရေးသားသည်။ ထို့ကြောင့် ယနေ့အချိန်ကာလ၌ ဟိန္ဒူဘာသာသည် ကမ္ဘာ လောကကြီးအား တစ်ကယ့်အစစ်အမှန်ရှိသောအရာဟူ၍ ခံယူကျင့်သုံးသည်။

နတ်ဘုရား(ဝါ)ထာဝရဘုရားသခင်အပေါ်၌ ကမ္ဘာလောကကြီးတည်မှီနေခြင်းအား အချို့ အချို့သော တမန်တော်ကိုးကွယ်သည့်ဘာသာကြီးများနှင့် အချို့ အချို့သော အိန္ဒိယနိုင်ငံဖွား ဘာသာ များ၏ တွေးခေါ်မှုစနစ်များကပါ လက်ခံခဲ့ကြသည်။ တမန်တော်ကိုးကွယ်သည့်ဘာသာများ၌ ကမ္ဘာလောကကြီးအား ထာဝရဘုရားသခင်က ဖန်ဆင်းခဲ့ပြီးလျှင် ကမ္ဘာလောက၏သက်တမ်း ကုန်ဆုံးသည့်အချိန်၌ ထာဝရဘုရားသခင်စဉ်းစားဆုံးဖြတ်တော်မူသည့်အတိုင်း နိဂုံးကမ္ဘာအဆုံးသတ်

လိမ့်မည်။ ထို့ကြောင့် ကမ္ဘာလောကကြီးသည် ထာဝရဘုရားသခင်အပေါ်၌ မှီတည်နေသည်။

ဂျိန်းဘာသာနှင့် မိမံသအယူဝါဒ(In Jainism and Mimamsa)တို့၌ ကမ္ဘာလောကသည် အစအဆုံးဟူ၍မရှိကြောင်းယူဆသဖြင့် ၎င်း၏တည်မှီနေမှုနှင့်စပ်လျဉ်းသည့်ပြဿနာ လုံးဝ မဖြစ်ပေါ်ခဲ့ပါ။ ထိုနည်းအတူပင်လျှင် ဗုဒ္ဓဘာသာ၌လည်း အခြေခံအားဖြင့်တည်တံ့ခိုင်မြဲသောအရာ ဟူ၍မရှိကြောင်း ၎င်း၏အနိမ့်ဆုံးသောအခြေခံယုံကြည်မှု၌ပင်လျှင် ထာဝရဘုရားသခင်မရှိပေ။ ထို့ကြောင့် ဤဘာသာရေးစနစ်(ဝါ)ဗုဒ္ဓဘာသာအား ထာဝရဘုရားသခင်(ဝါ)နတ်ဘုရားအပေါ် မှီခိုခြင်းဟူသောမေးခွန်းကို မေးမြန်းခြင်းမပြုနိုင်ပေ။ Avaitism ခေါ် အဝိဇ္ဇာဝါဒ၏အဆိုအရ ဣသရေလဘုရားသခင်သည် ကမ္ဘာလောက၏ လုံလောက်သည့်ရုပ်ပိုင်းဆိုင်ရာအကြောင်းတရား ဖြစ်သည်။ ထို့ပြင် ဘုရားသခင်က ၎င်း၏ဆန္ဒအရဖန်ဆင်းသည်။ သဘာဝကျစွာသုံးသပ်ရလျှင် ကမ္ဘာလောကသည် ဣသရေလဘုရားသခင်အား တည်မှီသည်။ သို့သော် အခြားရှုမြင်ချက်အရ ကမ္ဘာလောကသည် နိဂုဏဗြဟ္မ(Nirguna Brahma)အပေါ်တွင်လည်း တည်မှီနေပါသည်။ သို့ဖြစ်သောကြောင့် ကမ္ဘာလောက၏စရိုက်လက္ခဏာတစ်ခုလုံးကို သိနားလည်စေသည့် အပြုရောင်ဝတ်ဆင်မှုကို လိုအပ်ချက်အားဆောင်ရွက်ခြင်းဖြစ်သည်။ ဟိန္ဒူဘာသာ ရာမနူဂျာ အယူဝါဒ၌ ဗြဟ္မာသည် ကမ္ဘာလောကထဲ၌ အကြုံးဝင်သကဲ့သို့(acit) ၎င်း၏ခန္ဓာကိုယ်သည် cit(the jivas)တွင် အကြုံးဝင်သည်။ ထို့ပြင် ကိုယ်ခန္ဓာ၏သဘောသဘာဝမှာ ၎င်းခန္ဓာကိုယ် အတွင်း စိတ်ဝိဉာဉ်ကိန်းအောင်းမှုအပေါ်၌ လုံးဝမှီခိုတည်ရှိသည်။ ယင်းကိစ္စနှင့်ပတ်သက်သော သာဓကမှာ ဗြဟ္မာ(Brahman)ဖြစ်သည်။

ဟိန္ဒူဘာသာ ဆမ်ခယအယူဝါဒ၏ သက်ရှိဗာဒ(In Seshvara Samkhya)တွင် ကမ္ဘာလောကသည် ၎င်းအားဖန်ဆင်းသည့် ဖန်ဆင်းရှင်အပေါ်၌ တည်မှီနေသည့်အပြင် ဤနေရာ၌ ထိုအချိန်အခါတွင် ထာဝရဘုရား(ဝါ)နတ်ဘုရားတစ်ပါးတည်းသာလျှင် ကမ္ဘာလောက၏ ပြည့်စုံ လုံလောက်သော အကြောင်းတရားဖြစ်သည်ဟု ပြောဆိုသည်အထိ ညာယဗိုက်ဆီစိက(in Nyaya-Vaisesik System of thought)တွေးခေါ်ပုံ ယူဆပုံနည်းစနစ်သည်လည်း သာဓကတစ်ခု ဖြစ်သည်။

ဤနည်းအားဖြင့် ထာဝရဘုရားသခင်(ဝါ)နတ်ဘုရားတစ်ပါးသာရှိသည်ဟု

ယုံကြည်သည့် ဘာသာရေးစနစ်၌ လူသား၏လိုအင်ဆန္ဒကိုပြည့်ဆည်းပေးနိုင်ရန် ထာဝရဘုရား သခင်ဟူသော သဘောသဘာဝနှင့် ၎င်းအားလူသား၏ယုံကြည်မှုကို လေ့လာခြင်းနှင့်သက်ဆိုင်၍ ၎င်း၏ကျေးကျွန် အဖြစ် ခံယူလိုသောအယူအဆ ၏ရည်ရွယ်ချက် နှင့်အတူ တစ်ကယ် အစစ်အမှန် ဖန်ဆင်းခံရသည် အထိ ကမ္ဘာလောကသည် ထာဝရဘုရား (ဝါ)နတ်ဘုရား(God)အပေါ်၌ မှီတည်သည်ဟု ယုံကြည်သည်။

## မကောင်းမှုဒုစရိုက်နှင့်ဒုက္ခခံစားရမှုပြဿနာ

**The Evils and Suffering**

ဒုက္ခခံစားရခြင်းကို မကောင်းမှုဒုစရိုက်ဟူ၍ မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဒုက္ခခံစားရခြင်း၌ မမှန်ကန်ခြင်းတစ်ခုရှိသည်။ ကာကွယ်ရန်ရည်ရွယ်ချက်နှင့် နတ်ဘုရား(ဝါ) ထာဝရဘုရားသခင်၏ ဂုဏ်တော်အလင်းရောင်ပေါ်လာသည်အထိ ဖြစ်နိုင်ဖွယ်ရာရှိသောကြောင့် ဖြစ်သည်။ ခရစ်ယာန်ဘာသာ ဒုက္ခခံစားရခြင်းမှာ မိုက်ပြစ်အတွက်ပေးဆပ်ရခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ လူသတ္တဝါများအား ၎င်းတို့၏သဘောသဘာဝကို မြင့်မြင့်မားမား ပြောင်းလဲလာရန်လည်း ဖြစ်နိုင်သည်။ ဥပမာ လက်ဝါးကပ်တိုင်ပေါ်၌ သခင်ယေရှု၏သေဆုံး ခြင်းသည် လူသတ္တဝါအားလုံး၏မိုက်ပြစ်အတွက် အသက်ဖြင့်ပေးဆပ်ခြင်းနှင့် လူသတ္တဝါ အားလုံးအပေါ် အပြစ်လျော့ပေါ့ပေးစေရန် မိမိ၏အသက်ကိုအသေခံခြင်းဖြစ်သည်။ ထို့အပြင် ဒုက္ခခံရခြင်းမှာ ၎င်းအားစိုးရိမ်ထိတ်လန့်ကြောက်ရွံ့ခြင်း၏ ရည်ရွယ်ချက်ကထောက်ကူ၍ ၎င်း၏ မှားယွင်းမှုအပြစ်ခံရပုံသဘာဝကို သိရှိနားလည်စေရန်နှင့် အကောင်းဆုံးသောစိတ်ဝိဉာဉ် ဖြစ်ပေါ်လာ စေရန်အတွက် ၎င်းအားလူသားကကူညီပေးရန်ဖြစ်သည်။ ခရစ်ယာန်ဘာသာ၌ နမြောတသ ဘွယ်ရာ ဆုံးပါးသွားသည့် ထာဝရဘုရားသခင်၏သားတော်(ယေရှုခရစ်တော်)၏ သမိုင်းအား ပုံဖော်ခြင်းသာမကသေးဘဲ ဟိန္ဒူဘာသာ၌လည်း ထိုနည်းလည်းကောင်းဖြစ်သည်။ သို့ဖြစ်လျှင် မကောင်းမှုဒုစရိုက်ဆိုတာ ဘာလဲ?။

မကောင်းမှုဒုစရိုက်သည် လူ၏စိတ်ထဲသို့ နက်ရှိုင်းစွာစူးဝင်နေသောအရာဖြစ်သည်။ ဥပမာအနေဖြင့် ဟိန္ဒူဘာသာရှေးရိုးအစဉ်အလာတွင် တစ်ဘဝမှတစ်ဘဝသို့ ကူးပြောင်းကြောင်း

ဟောကြားထားသည့်အတိုင်း ခြေလေးချောင်းတိရိစ္ဆာန်နှင့် တိရိစ္ဆာန်များ၏သဘာဝအတွင်း သက်ဆင်းကျရောက်ခြင်းဖြစ်သည်။ သို့သော် ပို၍ ဟိန္ဒူဘာသာ ရာမနူဂျာဝါဒ(Ramanuja of Hinduism)က မကောင်းမှုများအတွင်း ဆက်လက်ကျရောက်နေသူများသည် နိမ့်ကျသော ဘဝထဲ၌ပင် ရှိနေသည်။

"အကယ်၍ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဘုရားသခင်၏ဆန္ဒကို အဆိုးဆုံး ဆန့်ကျင်၍ သူတစ်ပါး၏အသက်ကို သတ်ဖြတ်နေလျှင် ဘုရားရှင်က သူ့အား မကောင်းမှုဒုစရိုက်မှုပြုလုပ်ရန် သိဉာဏ်ပေး၍ မကောင်းမှုဒုစရိုက်နယ်ပယ် တစ်လျှောက် ဆက်လက်သွားနေရန် သူ၏စိတ်ဆန္ဒက ၎င်းအား မကောင်းမှုပြုလုပ်ရန် နှိုးဆော် သည်"(Vedarthasamgraha, pada 124)

ခရစ်ယာန်ဘာသာ၏အဆိုအရ ထာဝရဘုရားသခင်၏အမိန့်တော်ကိုချိုးဖောက်ခြင်းသည် မကောင်းသောစိတ်ဓာတ်ဖြစ်၏။ ထို့အပြင် မကောင်းမှုကျူးလွန်သူသည် ငရဲပြည်သို့ကျရောက် ပျက်စီးရန်ဦးတည်နေသော ဤအမြင်သည် ပြစ်မှုကျူးလွန်ခြင်းဖြစ်၍ မကောင်းမှုဒုစရိုက် ဖြစ်သည်။ ထို့အပြင် ငရဲပြည်၌ ဝိဉာဉ်ပျက်စီးခြင်းဟူသော သဘောအဓိပ္ပာယ်ဖြစ်နိုင်သည်။ (Mathew 10.28)

ဤနည်းအားဖြင့် မနောကံ(ဝါ)မကောင်းသောစိတ်သည် ကာယကံထက်ပို၍ စိတ်ဓာတ်ရေးနှင့် ဘာသာရေးနယ်ပယ်တွင်ရှိသည်။ ကာယကံအားဖြင့်ဆိုးသွမ်းခြင်း၊ အထူး သဖြင့် မကောင်းသည့်သဘာဝစရိုက်လက္ခဏာရှိသူအား ပြုပြင်ရေးအတွက် ပညာပေးနိုင်ရန် ရည်ရွယ်ချက်တစ်ခုရှိကြောင်းကို လူတစ်ဦးအနေဖြင့် အလွယ်တကူမြင်နိုင်ပါသည်။ လူသား အတွက်စိန်ခေါ်ချက်ဖြစ်သည့် သဘာဝကပ်ဘေးများဖြစ်သော ရေကြီးခြင်း၊ ငတ်မွတ်ခေါင်းပါး ခြင်း၊ ရောဂါဘယဖြစ်ပွားခြင်းစသည့် သဘာဝတရားဒုက္ခပေး၍ ကံဆိုးမိုးမှောင်ကျရောက်ခြင်း များကို ကျော်လွှားလွတ်မြောက်ရန် လူသားကပင် ပြုလုပ်ဆောင်ရွက်ခဲ့သည်။ အိန္ဒိယနိုင်ငံ ဘာသာရေးအစဉ်အလာ၌ ဒုက္ခ(Dukha) ၃ မျိုး ၃ စားရှိသည်။ ၎င်းတို့မှာ အဓယတ်မိက (adhibhautika)ခေါ် နာမ်ရုပ်ဒုက္ခ(Psycho-physical suffering)၊ အဓိဗောက်တိက(adhibhau-tika)ခေါ် သဘာဝဒုက္ခ(natural)နှင့် အဓိဒိုင်ဝိက(adhidaivika)ခေါ် သာမန်မျက်စိနှင့်မမြင်နိုင်ဘဲ ပညာမျက်စိဖြင့်သာ သိနားလည်နိုင်သောဒုက္ခတို့ဖြစ်သည်။

ဗုဒ္ဓဘာသာ၌ ဒုက္ခဆိုသည့်သဘောမှာ စိတ်ထဲတွင်ဒုက္ခခံစားရသောဝေဒနာ(ဒေါမနဿ၊ ဥပါယာသ)နှင့် အမည်နာမတပ်၍မရသော စိုးရိမ်ကြောင့်ကျပူပန်မှုဒုက္ခတို့မှာ လူ့ဘဝ၌ ပို၍ ခံစားရသောဒုက္ခဖြစ်သည်။ ဒုက္ခဝေဒနာခံစားရခြင်း၏ အဓိကအကြောင်းရင်းမှာ ကမ္ဘာလောက ဟုခေါ်သော စဉ်ဆက်မပြတ်စီးဆင်းနေသော ချောင်းရေလျှဉ်ကဲ့သို့ ပြောင်းလဲနေသောအဖြစ် အပျက်၏နယ်ပယ်အတွင်းပါဝင်သည့် အနိစ္စသဘောလက္ခဏာကြောင့်ဖြစ်သည်။ ထိုဖြစ်ပျက် ပြောင်းလဲမှုကို ဇရာ–မရဏ(jara-marana)ခေါ် အိုခြင်း၊ သေခြင်းဟူ၍ အမည်နာမတပ် ခေါ်ဆိုကြ၏။ အစစ်အမှန်ပါပဲ၊ ဒုက္ခဆိုသောပြဿနာကို စုစည်းပုံဖော်ထားသည့် စိတ်ပိုင်း ဆိုင်ရာ ခံစားရသည့်ဒုက္ခဖြစ်သည်။

တမန်တော်ကိုးကွယ်သည့်ဘာသာများနှင့် အိန္ဒိယဘာသာရေးအစဉ်အလာတို့၌ ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အတွေ့အကြုံဗဟုသုတအရ အမြင့်မားဆုံးသော အာရုံပြုရာ အာရမ္မဏိကအား မည်သည့်မကောင်းသောစိတ်မျှ အနားသို့မသီ မထိနိုင်ချေ။ တမန်တော်ကိုးကွယ် သည့်ဘာသာ၌ ထာဝရဘုရားသခင်၏ အမိန့်တော်များနှင့် တစ်ဆူတည်းသော ဘုရားသခင်ဝါဒကို စည်းကမ်းတင်းကြပ်စွာဖြင့် လိုက်နာစောင့်ထိန်းရန် လူသားအနေဖြင့် အမိန့်တော်ကိုဖီဆန်သည့် အတွက် မကောင်းမှုဒုစရိုက်နှင့်တကွ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ(ကိုယ်စိတ်နှစ်ပါး ဆင်းရဲ ဒုက္ခ)များသည် ကမ္ဘာလောကအတွင်းသို့ ရောက်ရှိလာကြသည်။ သို့သော် ထာဝရဘုရားသခင် ကိုယ်တိုင်၌မူ မြင့်မြတ်ခြင်းရှိတော်မူ၍ မမှန်မကန်သည့်စိတ်နေသဘောထားတို့သည် ကိုယ်တော်မြတ်၏အနားသို့ ရောက်ရှိချဉ်းကပ်ခြင်း မရှိပေ။ ထာဝရဘုရားသခင်သည် လူသား၏ အရေးနိမ့်ကျဆုံးခြင်းများမှလည်း ဖြတ်ကျော်လွန်မြောက်စေခဲ့သည်။ ဥပမာအားဖြင့် ကျမ်းစဉ်စာအုပ်(The book of Job)တွင် ဖော်ပြရေးသားရာ၌ "သေခြင်းတရားသည် လူသားအား ၎င်း၏ဖန်ဆင်းရှင်ထက် ပို၍တိကျမှန်ကန်မှုရှိမည်မဟုတ်ပါလား?။"(Job-4.17)

"ကျွန်ုပ်အား တရားမျှတမှုမရှိဟူ၍ သက်သေပြရန် အသင်ကြိုးစားနေပါသလား? ကျွန်ုပ်အား မှားသည့်ဘက်မှာထား၍ အသင်သည် မှန်ကန်သည့်ဘက်မှ ရှိပါ သလား?"(Job 40.2)

ကျင့်စဉ်စာအုပ်(Job)သည် ထာဝရဘုရားသခင်၏ ဘုန်းတန်ခိုးတော်အား ချေမှုန်း

သုတ်သင်ခံရသဖြင့် တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။ အစ္စလာမ်ဘာသာနှင့် ဂျူးဘာသာတို့တွင် ထာဝရဘုရားသခင်၏ မလွဲမရှောင်သာနိုင်သော အမိန့်ဒိဂရီချမှတ်ထားခြင်းအား ငြင်းဆန်၍ မရကြောင်း ဟောကြားထားပါသည်။ နာကျင်ခံခက်ကြီးစွာသော ဆင်းရဲခြင်း၏နှိပ်စက်မှုဒဏ်ကို မငြီးတွားဘဲ ငွဲသတ္တိဖြင့် မိမိစိတ်ကိုထိန်းချုပ်ခြင်းနှင့်စပ်လျဉ်းသည့် မငြင်းဆန်ဘဲခံယူခြင်း ဟူသော ဤအယူအဆ၏ရောင်ပြန်ဟပ်မှုမှာ–

"နောက်ဆုံးတွင် ဤအယူအဆနှင့်စပ်လျဉ်း၍ ပြောဆိုရန် တစ်ခုတည်းသော အကြောင်းအရာသာရှိပါသည်။ ထာဝရဘုရားသခင်အား ကြောက်ရွံ့လျှင် သူ၏ အမိန့်တော်များအား လိုက်နာပါ။ အဘယ်ကြောင့်ဆိုသော် အားလုံးကိုခြုံကြည့်ပါက လူသားအား ဘုရားသခင်ကဖန်ဆင်းထားခြင်းကြောင့် ဖြစ်ပါသလား?"(Ecclesiastes 12.13)

မည်သို့ပင်ဖြစ်စေ ထာဝရဘုရားသခင်တစ်ဆူတည်းသာရှိသည်ဟူ၍ ယုံကြည်သည့် တမန်တော်ကိုးကွယ်သူများ ခေါင်းခဲရသည့် ဖြေရှင်းရန်အလွန်တရာခက်ခဲသည့် ပြဿနာတစ်ခု ရှိသည်။ အဘယ်ကြောင့် ထာဝရဘုရားသခင်သည် လူသားအား ၎င်း၏လွတ်လပ်သောစိတ်ကို အလွဲသုံးစားလုပ်မည်ကို ဘုရားသခင်ကိုယ်တော်တိုင် လုံးဝသိရှိပါလျက် အဘယ်ကြောင့် လူသားကို ၎င်း၏လွတ်လပ်သောစိတ်နှင့်အတူ ဖန်ဆင်းတော်မူခဲ့ရပါသနည်း?။ ဤမေးခွန်းကို စေတမန်နတ်သားများက ထာဝရဘုရားသခင်သို့မေးခဲ့ပါသည်။

"ထာဝရဘုရားသခင်! အရှင်းဘုရား၏ မြင့်မြတ်ပြူစင်ခြင်းကို ကျွန်ုပ်တို့ချီးကျူးထောပနာ ပြုနေစဉ်၌ အရှင်ဘုရားသည် လူတစ်ဦးတစ်ယောက်အား ရန်အန္တရာယ်ပြုမည်ကို ဖြစ်စေ၊ သွေးထွက်သံယို အနာတရဖြစ်လိမ့်မည်ကိုသိလျက်နှင့်ဖြစ်စေ ၎င်းအား ဒီနေရာသို့ ပို့ဆောင်ထားရှိပါသလား ထာဝရဘုရားသခင်?"(Surah II.30)

ထာဝရဘုရားသခင်၏ ဘုန်းတန်ခိုးအာဏာ၊ အတိုင်းမသိဉာဏ်တော်နှင့်မဆီလျော်မသင့်တော်သည့်မေးခွန်းကို မဖြေကြားဘဲ တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။ သို့သော် မလိုလား အပ်သော အကြောင်းအရာနှစ်ခုအနက် တစ်ခုခုကိုရွေးချယ်ရမည့်အခြေအနေသို့ တွန်းပို့ ပေးခဲ့သည်။

"ဘုရားသခင်သည် မကောင်းမှုဒုစရိုက်ကို ကာကွယ်ရန်ဆန္ဒရှိပါသလား၊ သို့သော် ယင်းမကောင်းမှုဒုစရိုက်အား မတားဆီးနိုင်ရှော့သလား?။"

သို့ဖြစ်လျှင် သူမတတ်နိုင်လို့လား?။ သူတတ်နိုင်သော်လည်း ဆန္ဒမရှိ၍ဘဲလား?။ သို့ဖြစ်လျှင် သခင်က အခြားသောသူများအား ဒုက္ခရောက်စေလိုသလား?။ သခင်သည် တတ်နိုင်စွမ်းလည်းရှိပြီး ဆန္ဒရောရှိပါရဲ့လား?။ သို့ဖြစ်လျှင် မကောင်းသောဒုစရိုက်သည် မည်သည့်နေရာဒေသတွင် မည်သည့်အခန်းကဏ္ဍမှ ပါရှိပါသနည်း?။

ထာဝရဘုရား တစ်ပါးတည်းသာရှိသည်ဟူ၍ ယုံကြည်သူ၏အလိုအရ ထာဝရဘုရား သခင်၏ ဖန်ဆင်းတော်မူသောရည်ရွယ်ချက်မှာ သန့်ရှင်းသောဝိညာဉ်များအား သိရှိနားလည် စေခြင်းအလို့ငှာဖြစ်ပါ၏။ သန့်ရှင်းသော ဝိညာဉ်တော်တစ်ခုသည် အမြဲထာဝစဉ် အမှန်အကန် ပြုလုပ်သည့် ကောင်းကင်ဘုံမှစေတမန်နတ်သားများကဲ့သို့ ပြုမူဆောင်ရွက်ရာ၌ ဖန်တီးမှုမပြုနိုင် ပေ။ ကန့်(Kant)အမည်ရှိသူ ၂၀ ရာစု၏ အထင်ရှားဆုံး ဒဿနိကပညာရှင်က တင်ပြထားသည့် အတိုင်း သန့်ရှင်းသောဝိညာဉ်တစ်ခုသည် ဘဝပေါင်းများစွာတို့၌ မအောင်မြင်ဘဲ ဆုံးရှုံးခြင်း များစွာကိုကျော်လွန်ပြီးမှသာ မိမိကိုယ်တိုင်ဖန်ဆင်းမှုပြုနိုင်ပေလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်သည် ထာဝရဘုရားသခင်၏ ကျေးဇူးတော်မှတစ်ဆင့်သာ နောက်ဆုံး၌ ၎င်း၏ဆိုးသွမ်းသော သဘော သဘာဝ စရိုက်လက္ခဏာကို အောင်မြင်မှုရရှိပေလိမ့်မည်။ ထာဝရဘုရားသခင်ထံ မိမိကိုယ်ကို အပ်နှံခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်ဖြစ်ပေါ်လာရန်အရေးမှာ တစ်ရက်၊ တစ်နံနက် မျှအားဖြင့်သော် လည်းကောင်း၊ သို့မဟုတ် ဘဝတစ်သက်တာလုံးမျှဖြင့် သော်လည်းကောင်း၊ ထုထည်ပမာဏ များပြားလှစွာသော သမုဒ္ဒရာရေကဲ့သို့ ထာဝရဘုရားအား ပါရမီဖြည့်၍ ပြည်စုံလုံလောက်သော အရာမဟုတ်ပေ။ သို့သော် သန့်ရှင်းသောဝိညာဉ်များအား ဤသို့သိရှိ နားလည်ခြင်း၏ နောက်ဆုံး၌ လွတ်လပ်သောစိတ်ကို အလွဲသုံးစားပြုမှုမှာ တိကျစွာရေတွက် သတ်မှတ်ရန် ဝေးကွာနေပေသေး ၏။ ထို့ကြောင့် ထာဝရဘုရားသခင်သည် မကောင်းမှု ဒုစရိုက်ပြုရန် ဆန္ဒမပြုပေ (ဆိုလိုသည်မှာ လွတ်လပ်သောစိတ်အား အလွဲသုံးစား ပြုခြင်း)။ သို့ရာတွင် သန့်ရှင်းသောဝိညာဉ်နှင့်ပတ်သက်သည့် ရည်ရွယ်ချက်အတွက် ခွင့်ပြုတော်မူ သည်။ ထို့ကြောင့် ဘာ့ခ်ဆွန်(Bengson)က ဤစကြဝဠာ ကမ္ဘာလောကဓာတ်သည် နတ်သားများ ပြုလုပ်ပေးရာ စက်ယန္တရားဖြစ်သည်ဟု ဖော်ပြခြင်းဖြစ် သည်မဟုတ်ပါလား?။

ခရစ်ယာန်ဘာသာ၌ ဒုက္ခခံစားရခြင်းအား အရေးကြီးသည့်အခန်းကဏ္ဍ၌ ထည့်သွင်း

ဖော်ပြ၍ အချက်အလက်များကို အောက်ပါအတိုင်းဖော်ပြခဲ့ပေသည်-

(က) ဒုက္ခခံစားရခြင်းသည် လူသားတစ်ဦးအား ၎င်း၏ အဓိကအရေးကြီးသော သဘာဝကို သိနားလည်နိုင်ရန် သတိတရားနိုးကြားလာပြီး ၎င်း၏ကောင်းကျိုးချမ်းသာ ရရှိနိုင်စေရန်ဖြစ်ပါသည်။ ဤသဘောတရားသည် ခရစ်ယာန်ဘာသာမှ သတိကင်းမဲ့၍ အချိန်ကို အချိုးအနှိုးကုန်လွန်စေသောသား(Prodigal son)၏ အကြောင်း သာဓကပြ၍ဟောကြားထားသည့်သုတ္တံဒေသနာရှိပါသည်(Luke-15...11-31) (ဗုဒ္ဓ၏အဆုံးအမဒေသနာတစ်ခု၌''အပ္ပမာဒေ၏ အမတံ၊ ပမာဒေ မစ္စုနောပဒံ-အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေးသုံးတန် အသိမှန်ဖြင့် အရှိမှန်တရား ရုပ်နာမ်နှစ်ပါး၌ မေ့မလျော့စွာဖြင့် နေထိုင်ခြင်းသည် သေသော သူနှင့်တူ၏''ဟု အဆိုအမိန့်ရှိသည်။

(ခ) ဒုက္ခခံစားရခြင်းသည် လမ်းမှန်ကိုပြ၏။ ''ဖခင်က ဂုဏ်ယူဝင့်ကြွား မာန်မာန ထောင်လွှားသော သားတစ်ဦးအား ပြောဆိုဆုံးမ လမ်းမှန်ကိုညွှန်ပြသကဲ့သို့ ဘုရားသခင်ကလည်း သူ၏ ချစ်ခင်သနားသောသူများအား ထိုနည်းတူစွာ ဆုံးမသြဝါဒပြုတော်မူသည်။(Proverb-3-12-Also-Job 5.17,Hebren 12.9)

(ဂ) သူတော်ကောင်းများနှင့် တမန်တော်များ ဒုက္ခခံစားရခြင်းမှာ အပြစ်ရှိသူအား ထာဝရဘုရားသခင်ကပေးမည့်ပြစ်ဒဏ်ကို လျှော့ပေါ့စေရေး အခြားသောပုဂ္ဂိုလ်များအတွက် ကိုယ်စားလုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် မကောင်းမှုဒုစရိုက်အတွက် အပြစ်ဒဏ်မှ ကင်းလွတ်ရေးတို့အတွက်ဖြစ်သည်။(ဥပမာ- မိုးဇက်၊ ဂျိရီမိယတ် နှင့် ယေရှုခရစ်(Moses, Jeremiah and Jesus Christ)တို့၏ သာဓကဖြစ်သည်)

(ဃ) အချိန်ကာလများစွာတို့၌ ထာဝရဘုရားသခင်၏ဂုဏ်တော်ကို ထင်ထင်ရှားရှား ပြသလို၍ ဒုက္ခခံစားရခြင်းဖြစ်သည်(St. John,9.3)။ ဥပမာ- မွေးရာပါမျက်မမြင် လူတစ်ယောက် ပြန်လည်၍ မျက်စိအကြည်ကောင်းမွန်စေခြင်း။

(င) ဒုက္ခခံစားရခြင်းသည် စိတ်ကိုသန့်ရှင်းဖြူစင်စေသည်(Hebrew 5.8)။

ဤအကြောင်း အရာနှင့်ပတ်သက်၍ ဥပမာ၊ ဥပမေယျအဖြစ် အေဗရာဟမ်၊ ဂျိုးဇက်၊ ဂျော့ဘ်နှင့် ယေရှု(A Braham, Joseph, Job and Jesus)တို့ အကြောင်း အရာများကို ဖော်ပြထားသည်။ ဟိန္ဒူဘာသာ၌လည်း ဒုက္ခခံစားရခြင်းများရှိရာ ကာယကံမြောက် ကျူးလွန်သော ပြစ်ဒဏ်ခံယူမှုနှင့် ယင်းသို့ပြစ်မှုကျူးလွန်သူအား စာရိတ္တပြုပြင် ရေးအတွက် မှန်ကန်ပါသည်။

(စ) လက်ဝါးကပ်တိုင်ကို အလေးဂရုပြုသူအနေဖြင့် ခရစ်ယာန်ဘာသာဝင်တစ်ဦး အတွက်သာလျှင် ခံစားသိရှိနားလည်ရန် အသုံးဝင်သည်။(Phillipians 1.29, 1 Peter 4.13.15)

(ဆ) လူသားတို့၏ မှားယွင်းသောလုပ်ဆောင်ချက်အတွက် ပြန်လည်ပေးဆပ်ခြင်းနှင့် သက်ဆိုင်သောဟောကြားချက်တွင် ကမ္ဘာလောကကြီးတစ်ခုလုံး၏ အပြစ် အနာအဆာများအတွက် ယေရှုခရစ်တော် သေဆုံးရခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့ ဘာသာကြီးများအနက် တစ်ခုတည်းသောဟောကြားချက်ဖြစ်သည်။

## ဂျူးဘာသာအရ ဒုက္ခခံစားရခြင်း

### JUDAIC SUFFERING

ဒုက္ခခံစားရခြင်းမှာ လမ်းမှန်ရောက်ရေးအတွက် ပြုပြင်ပေးသည့်အပြင် မှားယွင်းသော ပြုမူပြစ်မှားမိခြင်းအတွက် ကျရောက်လာမည့်ပြစ်ဒဏ်ဖြစ်သည်။ ဂျူးလူမျိုးများသည် အစုလိုက် အပြုံလိုက် သေကြေပျက်စီးဆုံးရှုံးကြရသည်အထိ မကြာခဏ ပြစ်ဒဏ်ပေးခံကြရသည်။ ၎င်းတို့သည် ယခုတိုင် ထာဝရဘုရားနှင့်နီးကပ်စွာရှိသူများဟူ၍ ယုံကြသည်။ ထို့ကြောင့် ၎င်းတို့အဆိုအရ ဂျူးလူမျိုးသာလျှင် ထာဝရဘုရားသခင်၏ စိစစ်ရွေးချယ်ထားသောလူမျိုး ဖြစ်သည်။ ထို့ကြောင့် လူသားတစ်ရပ်လုံးကိုယ်စား လူသား၏မိုက်မှားသော အပြစ်ဒဏ် အတွက် ထာဝရဘုရားသခင်ကပေးသည့်ပြစ်ဒဏ်ကို ခံယူထိုက်သည်ဟုယုံကြည်သည်။ ဤနည်း အားဖြင့် လူ့လောကအား ထာဝရဘုရားသခင်ကပေးသည့်ပြစ်ဒဏ်မှ သက်သာခွင့်ရရှိရေးအလို့ငှာ ထာဝရဘုရားသခင်၏ အစီအစဉ်ထဲ၌ ဂျူးလူမျိုးများ၏ ပြစ်ဒဏ်ခံရမှုနှင့် လူအများသေကြေပျက်စီး

ရမှုတို့ ခံခဲ့ကြရသည်။ ထို့ကြောင့် ဂျူးလူမျိုးတို့သည် ၎င်းတို့ မလွှဲမရှောင်နိုင်သောကံကြမ္မာအား ၎င်းတို့ကိုယ်တိုင် ခေါင်းငုံ့ခံခဲ့ကြသည်။ စပင်နိုဇာ(Spinoza)နှင့် ဖရောက်(Freud)တို့က အထက် ဖော်ပြပါအတိုင်း ရေးသားထားခဲ့ကြသည်။

## အိန္ဒိယနွယ်ဖွား ဘာသာရေးယုံကြည်ချက်များ၏ ဒုက္ခခံစားရခြင်း
## SUFFERING IN INDIAN TRADITION

အိန္ဒိယနိုင်ငံလူမျိုးတို့၏ ဘာသာယုံကြည်မှုအစဉ်အလာ၌ ပထမဦးဆုံးသောဖန်ဆင်းခြင်း ဟူသော ယုံကြည်ချက်မရှိပါ။ ဖန်ဆင်းခြင်းနှင့်ပျက်သုဉ်းခြင်းတို့သည် အဆုံးမရှိဘဲ ဆက်လက် လည်ပတ်နေသည်။ ဤဖန်ဆင်းမှုတွင် ဒုက္ခခံစားခြင်းသည် လူ့ဘဝ၏ခက်ခဲသောအချက်ဖြစ်သည်။ ပြုလုပ်ထားသမျှတိုင်း၌(သင်္ခါရ) လုံးဝဥဿုံပျက်စီးကုန်ဆုံးခြင်းသို့ရောက်ရ၍ (ခယဝယ)သဘော ကေန်ဖြစ်၏။ ထို့ကြောင့် အိန္ဒိယလူမျိုးတို့၏ ဘာသာယုံကြည်မှုသည် လူတစ်ဦးတစ်ယောက်၏ ကိလေသာကို ဖယ်ရှားပစ်ရေးဖြစ်၏။ ဤကိလေသာရောဂါကုထုံးကို ရှာကြံရာ၌ အဓိပ္ပာယ် သက်ရောက်မှုတိကျစေရန် သတ်မှတ်ရာတွင် ဆမ်ခယဝါဒ(Samkhya)၌ ဒုက္ခခံစားရခြင်း သုံးမျိုးကို ဖော်ပြထားသည်။ ၎င်းတို့မှာ နာမ်ရုပ်နှစ်ပါးခံစားရသည့်ဒုက္ခအားခေါ်ဆိုသည့် adhyatmika ၊ သဘာဝဒုက္ခအားခေါ်ဆိုသည့် adhibhautika နှင့် သဘာဝထက်လွန်ကဲသော ဒုက္ခအားခေါ်ဆိုသည့် adhidaivika ဟူ၍ဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသာအယူဝါဒ၌ ဒုက္ခခံစား ရခြင်းအား ခွဲခြမ်းစိတ်ဖြာခြင်းမှာ မှတ်သားဖွယ်ရာကောင်းလှပေ၏။ ၎င်းမှာ တစ်ကယ်အရှိ အမှန်တရားနှင့်ကင်းကွာသော အသိဉာဏ်အပေါ်အခြေခံ၍ သိမြင်မှုကြောင့် ဒုက္ခခံစားရခြင်း၏ အကြောင်းရင်းမူလ(*အဝိဇ္ဇာနှင့်တဏှာကို ဆိုလိုသည်။–ဘာသာပြန်သူ*)သို့ မကျရောက်ကြစေရန် ဗုဒ္ဓဘာသာဝင်များအား အကြံပြုထားသည်။ ထိုသို့အကြံပြုခြင်းမှာ လူအများစုတို့၏ အကြမ်းဖျင်း အားဖြင့် လက်ခံယုံကြည်မှုနှင့်ဆန့်ကျင်သည့် ယုံကြည်ယူဆချက်ဖြစ်သည်။ (*It is a metaphysical heresy ဟူ၍ စာရေးဆရာ၏ရေးသားချက်ကို ဗုဒ္ဓဘာသာဝင်များအနေဖြင့် လက်မခံ သင့်ပေ။ အဘယ်ကြောင့်ဆိုသော် ယင်းဒုက္ခဖြစ်ရခြင်း၏ အကြောင်းရင်းမူလတရားကို တစ်ကယ် အရှိအမှန်တရားနှင့်ကင်းကွာသည့် အသိဉာဏ်ပေါ်၌အခြေခံသော ယုံကြည်ချက်၊ အများစု*

*လက်ခံယုံကြည်သည့် အယူအဆနှင့်ဆန့်ကျင်သော ယုံကြည်ချက်ဖြစ်သည်ဟူ၍ အဓိပ္ပာယ်ရသောကြောင့်ဖြစ်၏။–ဘာသာပြန်သူ)* သို့ရာတွင် ဗုဒ္ဓဘာသာသည် ဒုက္ခခံစားရခြင်းအားလူ့ဘဝ၏ခက်ခဲကြမ်းတမ်းသောအချက်အဖြစ်တော့ လက်ခံယုံကြည်မှုရှိသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာက ဒုက္ခခံစားရခြင်း၏သဘောသဘာဝ၊ ဒုက္ခဖြစ်ရခြင်း၏အကြောင်း၊ ဒုက္ခမှချုပ်ငြိမ်းရပ်သိမ်းနိုင်သောနည်းလမ်းတို့ကို အသေးစိတ်ရှင်းလင်း ဆွေးနွေးထားသည်။ ဗုဒ္ဓဘာသာ၊ ဂျိန်းဘာသာနှင့် မိမံသတို့သည် အနှစ်သာရအားဖြင့် ထာဝရဘုရားသခင်တစ်ဆူတည်းသာရှိသည်ဆိုသောအယူအဆကို လက်မခံ၊ မယုံကြည်သောဘာသာများဖြစ်သည်။ ထို့ကြောင့် ဤသို့သော ဘာသာအယူဝါဒများ၌ လူသား၏ ဝဋ်ဒုက္ခခံစားရခြင်းနှင့်စပ်လျဉ်း၍ ထာဝရဘုရားသခင်၌ တာဝန်ရှိသည်ဟူ၍ မယုံကြည်ကြပေ။ ထို့ကြောင့် ထာဝရဘုရားသခင်ရှိသည်ဆိုသော အယူအဆအား လက်မခံ၊ မယုံကြည်သည့် ဂျိန်းဘာသာ၊ ဗုဒ္ဓဘာသာနှင့် ရှေးကျသောယုံကြည်မှုဘာသာတရားဖြစ်သည့် ဆမ်ခယ(Samikhya)တို့၌ လူသားသည် ၎င်း၏အဋ္ဌိမရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေးအတွက် လူသားကိုယ်တိုင်သာလျှင် ဓိသုကာဖြစ်သည်။ ဂျိန်းဘာသာ၌ လူသားသည် ၎င်း၏ကမ္မ(Karman)ကြောင့်ဖြစ်ပေါ်လာရသော အမျိုးအစားများပြားလှသည့် ကန့်သတ်ချက်နှင့် ဒုက္ခခံစားရချက်တို့အတွက် ၎င်းလူသား၌သာလျှင် တာဝန်ရှိသည်။ ဗုဒ္ဓဘာသာနှင့် ထာဝရဘုရားသခင်မရှိဟူ၍ ယုံကြည်သည့် သာကိယ(Samkhya) ဘာသာတို့၌ လူသားခံစားနေရသည့် ဒုက္ခ၏အကြောင်းတရားသည် အဉာဏ(ajnana)ဖြစ်သည့် နည်းတူ (ဗုဒ္ဓဘာသာတွင် အဝိဇ္ဇာ(avidya)ဟူ၍လည်းကောင်း၊ ဆမ်ခယဘာသာတွင် အရူးအမူးဖြင့် ဆင်ခြင်ဉာဏ်ကင်းမဲ့သော ချစ်ခင်စွဲလန်းမှုဟူ၍လည်းကောင်း)ဆိုကြသည်။ ထို့မှတစ်ပါး ဗုဒ္ဓဘာသာက လူသား၏လိုချင်မှု ရယူလိုမှုကိုလည်း တဏှာ(trsna)ဟူ၍ခေါ်ဆိုပြီး ကမ္ဘာလောကအတွင်း သက်ဆင်းရောက်ရှိခြင်းမှာ အဆုံးအပိုင်းအခြားမရှိသည့် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ဇရာ၊ မရဏ(jara, marana)ဟူသော ဒုက္ခဝဋ်တွင်း ရုံးထွက်ခြင်းမပြုနိုင်သည့် သံသရာလည်ရသည့် စွမ်းအားထက်လှသည့် အကြောင်းတရားဖြစ်သည်။*(ပဋိစ္စသမုပ္ပါဒ် တရားတော်ကိုဆိုလိုသည်။–ဘာသာပြန်သူ)* ဗုဒ္ဓဘာသာ၏ ဒုက္ခသစ္စာတရားတော် ဒေသနာတစ်ရပ်လုံး၏ အခြေခံမှာ လူအများစုတို့ စိတ်ပါဝင်စားမှုမရှိသော(meta physical theory)စုစည်းကောက်နုတ်

ထားသည့် အဆိုပါတရား၌အခြေခံသည့်(Momentariness)ခေါ် ဖြစ်ပေါ်ပြီး ချက်ခြင်းပျောက်သွားသည့်သဘော(အနိစ္စ)ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ အိန္ဒိယပြည်ဖွား ဘုရားသခင်ရှိသည်ဟု မယုံကြည်သော ဘာသာရေးစနစ်များ၌ပင်လျှင် ထာဝရဘုရား(ခေါ်)နတ်ဘုရားအား မကောင်းကျိုးကိုပေးတတ်သော အမှတ်သင်္ကေတအဖြစ် ပြောဆိုကြသည်။ ထာဝရဘုရားသခင်သည် အနှစ်သာရရှိသော ကောင်းခြင်းမင်္ဂလာဖြစ်သည်။ မည်သည့်အရိပ်မှ လွှမ်းမိုးခြင်းမခံရဘဲ သန့်ရှင်းဖြူစင်မှုရှိသည်။ သို့ဖြစ်လျှင် ဒုက္ခခံစားရခြင်းဆိုသည်မှာ အဘယ်အရာဖြစ်ပါသနည်း?။ တစ်ဆူတည်းသော ထာဝရဘုရားသခင်ရှိသည်ဟုယုံကြည်ကြသည့် အိန္ဒိယနိုင်ငံ၏ ဘာသာယုံကြည်မှုစနစ်များ၌ ရှေးဦးစွာ ဒုက္ခခံစားရခြင်း၊ သို့မဟုတ် ပထမဆုံးသော လူအများစုစိတ်မဝင်စားသည့် စုစည်းကောက်နုတ်ထားသော ဒုက္ခခံစားရခြင်း၏အကြောင်းရင်းအမှန်၊ အသိဉာဏ်အား ရှင်းလင်းတင်ပြချက်ကို လက်မခံ၊ သဘောမတူကြပေ။ အများအားဖြင့် အဉာဏ၊ သို့မဟုတ် အဝိဇ္ဇာသည် အဆုံးမရှိသော မွေးမှုသေမှုတို့လည်ပတ်နေသည့် သံသရာကိုဦးတည်နေသော ဒုက္ခခံစားရမှုနှင့် ခံမင်တွယ်တာ သာယာနှစ်သက်စွဲလမ်းခြင်း၏ နီးသောအကြောင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ ဘာသာယုံကြည်မှုစနစ်အတွက်မှာမူကား ကမ္ဘာလောကအတွင်း သက်ဆင်းရောက်ရှိလာရခြင်းသည် ဒုက္ခမျိုးစုံအပုံပုံနှင့် တွေ့ကြုံခံစား ပူပန်သောကများရ၏ဟူ၍ အဓိကအားဖြင့် ယုံကြည်မှုရှိသည်။ အဉာဏသည် အဆုံးအပိုင်းအခြားမရှိသည့် မွေးမှု သေမှုတို့၏ စစ်မှန်သော အကြောင်းရင်းခံတရားဖြစ်သည်နှင့်အညီ အဆိုပါ အဉာဏအား ဉာဏဖြင့်ဖယ်ရှားသုတ်သင်ရှင်းလင်းပစ်ခြင်းမှာ တစ်ခုတည်းသော ရောဂါကင်းပျောက်အောင် အားထားမှီဝဲကြရမည့် ဆေးဖြစ်သည်။

ဂိုန်းဘာသာ ရာမနုဂျာဝါဒ၏ Visistadvaita အယူအဆတွင် အဉာဏတရားဒေသနာ၌ ကမ္မကို အဉာဏနေရာတွင် အစားထိုးအသုံးပြုသည်။ သို့ရာတွင် အဉာဏနှင့်အတူတကွ ဖြစ်သော ကမ္မ(Karma along with ajnana)သည် ဒုက္ခမျိုးစုံအပုံပုံနှင့် တွေ့ကြုံခံစား ပူပင်သောကများပါဒတရားဖြစ်ပွားရသည့် ကမ္ဘာလောကအတွင်း သက်ဆင်းရခြင်း၏အကြောင်းရင်းကောန်အစစ်အမှန်ဟူ၍ ယုံကြည်၏။

ထို့ပြင် ရာမနုဂျာက ဇီဝ ခေါ် အသက်ဇီဝတစ်ခု(ဝါ)လူတစ်ယောက်၏ သဘော သဘာဝသည် နတ်ဘုရား(ဝါ)ထာဝရဘုရားအား ၎င်း၏တိကျသေချာသောရည်ရွယ်ချက်ကို အထောက်အကူပြုခြင်း၌တည်သည်။ ထို့ကြောင့် ဘုရားသခင်အပေါ်၌ ဤမှီခိုအားထားခြင်းအား တွန်းလှန်ပစ်ခြင်းနှင့် စောင့်ထိန်းရမည့်စည်းကမ်းချက်များနှင့် ရှောင်ကြဉ်ရမည့်တားမြစ်ချက် များအား ကျူးလွန်ချိုးဖောက်မှုကို စာပေကျမ်းဂန်၌ ဖော်ပြထားပြီး လူ့ဘောင်လောက လူ့ဘဝ၏ ဒုက္ခဝဋ်ကြွေးပေးဆပ်ရေးအတွက် ကျေးကျွန်အဖြစ် လူဖြစ်ရခြင်းနှင့် ဒုက္ခမျိုးစုံ အဖုံဖုံကို ခံစားရခြင်း၏ သီးခြားဖြစ်သောအကြောင်းရင်းမှာ အညာဏ ခေါ် မသိမှုကြောင့် ဟူ၍ ရေးသားရပေတော့မည်။ ထို့ကြောင့် ဤအယူအဆ သဘောတရားသည် ခရစ်ယာန် ဘာသာ၏ အပြစ်အနာအဆာ(Sin for moral suffering)ဟူသော အယူအဆနှင့် အလွန်အလွန် တူညီမှုရှိ၍ ထာဝရဘုရားသခင်၏အမိန့်တော်အား လိုက်နာခြင်းမပြုသော အာဒမ်(Adam)ကြောင့် အပြစ်အနာအဆာ(Sin)သည် ကမ္ဘာလောကအတွင်းသို့ ရောက်ရှိလာရခြင်းဖြစ်သည်ဟူသော ယူဆချက်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ နှစ်မျိုးနှစ်စား၊ သို့မဟုတ် ထူးခြားစွာဖြစ်ပေါ် တည်ရှိခြင်းအား ငြင်းပယ်ခြင်းဆိုသည့် အဆင့်မှီသော ရာမနုဂျာ၏အဘိဓမ္မာ(Ramanuja's philosophy of qualified monism)၌ အချို့သောအခက်အခဲရှိသည်။

ရာမနုဂျာ၏အဆိုအရ ဤခန္ဓာကိုယ်၏စိတ်ဝိဉာဉ်အတွင်း ကိန်းအောင်းနေသူသည် နတ်ဘုရား(ဝါ)ထာဝရဘုရားသခင်၏ ကိုယ်ခန္ဓာအား ဇီဝနှင့်ပရာခ်တိ(Jiva and prakti) ခေါ် (cit and acit)က ပုံဖော်သည်။ ထိုမှတစ်ပါး ရှရီရာ(Sharira)နှင့် ရှရီရိ(Shariri)တို့၏ အပြန် အလှန် ကူးလူးဆက်ဆံမှုစနစ်၏အလိုအရ ရာမနုဂျာက ခန္ဓာကိုယ်ကို ဘုရားသခင်၏ထိန်းချုပ်မှု အောက်၌ လုံးဝဥဿုံရှိသည်ဟူ၍ ရှင်းလင်းထားသည်။ (Sribhasya-1.2.2;II.39)။ အကယ်၍သာ ဤအချက်မှန်ကန်ပါက လူသားများ(jivas)က ဘုရားရှင်၏ကိုယ်ခန္ဓာအား ပုံဖော်ခြင်းဖြင့် စိတ်ဆန္ဒသည် လွတ်လပ်မှုရှိမည်မဟုတ်ချေ။ ထို့ကြောင့် လူများ၏ ဒုက္ခဝဋ်ဆင်းရဲခံစားရခြင်းနှင့် မကောင်းမှုဒုစရိုက်သည် လူသားများ၌တာဝန်မရှိဘဲ နတ်ဘုရား(ဝါ)ထာဝရဘုရား၌သာလျှင် တာဝန်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ ရာမနုဂျာက လူသားများ၏လွတ်လပ်မှုအား ရှပ်စထရစ် (Shastric)၏ စည်းမျဉ်းစည်းကမ်းချက်များအပေါ် အခြေခံ၍ ရှောင်ကျဉ်ရမည့်အချက်များနှင့်

တားမြစ်ပိတ်ပင်မှုများကို သက်သေထူခဲ့သည်။

ဘာသာဝင်များ၏ စဉ်းစားတွေးခေါ်မှုနှင့် စိတ်ဆန္ဒအရ ဘုရားသခင်၏အမိန့်တော်များအား သက်ဆိုင်သူဘာသာဝင်များအတွက် ဟောကြားမိန့်မြွက်နိုင်ရန် ၎င်းတို့သည် ကာယကံမြောက်ကျူးလွန်သည့်အဆင့် ရောက်ရှိသကဲ့သို့ ကာယကံမြောက်ကျူးလွန်ခြင်းမှ ပြန်လည်ရုပ်သိမ်းနိုင်ပေသည်။

နှစ်ဆယ်ရာစု၏ ထင်ရှားသောဒဿနိကပညာရှင် ကန့်(Kant)နှင့်အလားတူစွာ ရာမနုဂျာက အမိန့်တော်ဆိုသောအဓိပ္ပာယ်မှာ "အသင်ဘယ်တော့မှ မပြုလုပ်သင့်"ဟူ၍ အမြဲတမ်းမှတ်သားရမည့်အချက်ကို ဆိုလိုသည်။ Ought ဟူ၍ အမြဲတစေမှတ်သားသင့်သည်ဆိုသော စကား၏အဓိပ္ပာယ်မှာ လိုက်နာလိုလျှင်လိုက်နာနိုင်၍ မလိုက်နာဘဲ ငြင်းပယ်လိုကလည်း ငြင်းပယ်နိုင်သည့် လွတ်လပ်စွာရွေးယူနိုင်ကြောင်း မိန့်မြွက်ဟောကြားခြင်းမပြုသော်လည်း ဟောကြားမိန့်မြွက်သည့် သဘောအဓိပ္ပာယ်ရသည်။ နောက်တစ်နေရာတွင်လည်း ရာမနုဂျာက လူတစ်ယောက်ချင်းသည်(individual jiva) ကာယကံမြောက်ကျူးလွန်အားထုတ်မှုပြုရန်ဖြစ်စေ၊ ရှောင်ကျဉ်ရန်ဖြစ်စေ ၎င်းတွင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အခွင့်အာဏာအပြည့်ရှိသည်။

သို့ရာတွင် ထာဝရဘုရားသခင်(ဝါ)နတ်ဘုရားသည် ကောင်းသောအမှုပြုရန် ဆန္ဒမရှိတော့ဘူးလား?။ သတ္တဝါများအား သနားကြင်နာမှုမရှိတော့လေရော့သလား?။ သို့မဟုတ် ဘုန်းတန်ခိုးမရှိတော့၍လား?။ ဘုရားသခင်အား ကမ္ဘာ၏အရှင်သခင်ဟူ၍ နားလည်ရသော်လည်း အဘယ့်ကြောင့် ဘုရားသခင်သည် လူသတ္တဝါအား ဆင်းရဲပူဆွေး ငိုကြွေးသောက လူ့ဘဝသို့ ကျရောက်နေသောအနှောင်အဖွဲ့မှ မလွတ်မြောက်စေပါသနည်း?။ ထာဝရဘုရားသခင်သည် ကြင်နာသနားတတ်၍ ၎င်း၏သာဝက ဝေနေယျများအား သူ၏ဂုဏ်ကျေးဇူးတော်ဖြင့် ကယ်တင်ခဲ့သည်ကို သံသယမရှိပါ။ မှန်၏၊ ထာဝရဘုရား(ဝါ)နတ်ဘုရားသည် မိမိအားယုံကြည်ဆည်းကပ်ကိုးကွယ်သူ အားလုံးသောလူသားများအား ကယ်တင်တော်မူခဲ့သည်။

> "သူတို့၏အသည်းနှလုံးအတွင်း၌ ကိန်းအောင်းတည်နေသည့် ငါဘုရားသည် ချစ်ခင်ကြင်နာမှုနှင့် ရွှေ့လျားလှုပ်ရှားခဲ့ပေ၏။ ထို့ကြောင့် သူတို့၏ မွေးရာပါဝိဉာဉ်၏ အမိုက်မှောင်ထု မသိနားမလည်မှုကိုပယ်ဖျောက် အလင်းရောင်ဖြင့် ထွန်းလင်း

တောက်ပစေလျက် ၎င်းတို့၏အသိဉာဏ်မီးအိမ်အား ငါပေးခဲ့၏။"

ဘုရားသခင်သည် အဘယ့်ကြောင့် အမိန့်မနာခံသော ဒုစရိုက်မှုကျူးလွန်သူအား သနားညှာတာမှု မပြသခဲ့ပါသနည်း?။

"အခက်အခဲ၊ အကျပ်အတည်းနှင့် တွေ့ကြုံရင်ဆိုင်၍ ဆင်းရဲဒုက္ခခံစားနေရသူအတွက် စိတ်မကောင်းခြင်းဖြစ်ရသော်လည်း ဘာမျှမတတ်နိုင်သည်ကို ငါတို့နားလည်ပါ၏၊ လူတစ်ဦးတစ်ယောက်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းပေါ်မှ နာကျင်မှုအား အခြားသူတစ်ယောက်သို့ ပြောင်းရွှေ့နာကျင်စေရန်ဖြစ်စေ၊ အနာရောဂါကို မျှဝေခံစားရန် ဖြစ်စေ စိတ်မဝင်စားနိုင်ပေ၊ ကိုယ်ချင်းစာနာ အကြင်နာပွားခြင်းအား ကိုယ်ကျင့်တရားပျက်ပြားသော သနားဖွယ်ရာလူတစ်ယောက်အပေါ် ထားပါသော်လည်း အကျိုး သက်ရောက်မှု မရှိနိုင်ရာ၏၊ သူ့အတွက်မှာလည်း အချိုးအနှိုးသာဖြစ်ပေရာ၏၊ ချို့ယွင်း အားနည်းချက်အား ပြုပြင်ရေးအကြံဉာဏ်ပေးဖို့သာ တတ်နိုင်ရာ၏။"(*ဗုဒ္ဓဘာသာ၏ အဆုံးအမ၌ ဘယ်သူမပြုမိမိမှုကို မိမိသာကြိုက်မိုက်ခံရသည်ဆိုသော အဓိပ္ပာယ်နှင့် တူ၏။- ဘာသာပြန်သူ*)

ဘုရားသခင်သည် မကောင်းမှုပြုသူအား ၎င်း၏ ကျူးလွန်သောမိုက်ပြစ်အတွက် ပြစ်ဒဏ်ကျရောက်လာခြင်းနှင့် ကာကွယ်ပေးမှုအဆုံးတရားဖြင့် ပြစ်ဒဏ်ပေးလိမ့်မည်။

ဤနည်းအားဖြင့် ရာမနုဂျာအဖို့ရာ၌ လူသားသည်လျှင် ၎င်း၏ကမ္မံ(Karman)ဆင်းရဲဒုက္ခခံစားရခြင်းတို့အတွက် တာဝန်ရှိပြီး ထာဝရဘုရားသခင်(ဝါ)နတ်ဘုရားနှင့် မဆိုင်ပေ။ ဘုရားသခင်သည် လူသား၏ ချို့ယွင်းအားနည်းချက်နှင့် ဒုစရိုက်မှုတို့တွင် ဘာမျှမသက်ဆိုင်ပေ။

## လူသား၏ရည်မှန်းချက်ပန်းတိုင်

### HUMAN DESTINY

စောစောပိုင်း၌ ဖော်ပြရေးသားခဲ့သည့်အတိုင်း အိန္ဒိယဘာသာရေးအစဉ်အလာများအရ ဤကမ္ဘာလောကအတွင်း သက်ဆင်းရောက်ရှိလာခြင်းမှာ ဒုက္ခမျိုးစုံ အဖုံဖုံနှင့်တွေ့ကြုံခံစားပူပန်သောကများရ၏။ ဤအချက်သည် သံသရာဝဋ်ကြွေးကို ဒုက္ခခံ၍ပေးဆပ်ရခြင်းမှ

ထွက်မြောက်နိုင်မည့်နည်းလမ်းကို ရှာကြံစဉ် စတင်တွေးခေါ်မြော်မြင်ကြည်ခြင်းဖြစ်၍ ကယ်တင်ခြင်းအတွက် သဘောတရားအမြင်နှင့် ကိလေသာအနာရောဂါ ပျောက်ကင်းရေးအတွက် ကုထုံးဖြစ်ပေသည်။ တစ်ကယ်အစစ်အမှန် အကြောင်းရင်းခံမှာ အဝိဇ္ဇာ၊ သို့မဟုတ် အညာဏဖြစ်သည်။ ဂျိန်းဘာသာက သံသရာဝဋ်ကြွေး ကျေးကျွန်ခံ၍ပေးဆပ်ရခြင်း၏ တစ်ကယ့်အစစ်အမှန် အကြောင်းရင်းခံတရားမှာ ကမ္မဖြစ်သည်ဟူ၍ ခံယူသည်။ ထို့အပြင် ရာမနုဂျာအယူဝါဒကလည်း လူသား၏ သံသရာဝဋ်ကြွေးကို ကျေးကျွန်ခံ၍ပေးဆပ်နေရသည့်အရေးနှင့် ကြီးစွာသောကိုယ်ရောစိတ်ပါ ဆင်းရဲဒုက္ခခံစားရခြင်း၏ အကြောင်းတရားမှာ ကမ္မသည် အဝိဇ္ဇာနှင့်ပူးပေါင်းအားထုတ်မှုကြောင့်ဖြစ်သည်။ သို့သော် အခြားသော လူသားအချို့တို့၏ လူ့ဘဝအဆင့်အတန်းကွာဟမှုကို ရာမနုဂျာအယူဝါဒ Visistadvaita အယူအဆကလည်း ဖော်ပြခဲ့ပြီးဖြစ်သည်။

ဂျိန်းဘာသာအဖို့ရာ၌ သဘာဝကျစွာဖြင့် ကမ္မအားဖျက်ဆီးပစ်ခြင်းအားဖြင့် လူသားတစ်ဦးသည် ၎င်း၏အနန္တတန်ခိုး အသိဉာဏ်ပညာနှင့် သုခချမ်းသာတို့အတွက် နောက်ဆုံးရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိသည်။ ရာမနုဂျာ၏အဆိုအရ အန္တိမရည်မှန်းချက်အား bhakti ဖြင့်သာလျှင် ရရှိအောင်မြင်နိုင်သည်။ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်မှုအဆင့်၌ လူသားသည် ဘုရားသခင်အပေါ် မှိခိုအားထားမှုနှင့် အများကောင်းကျိုးအတွက် မလုပ်မဖြစ် ဘုရားသခင်အား အလုပ်အကျွေးပြုရန်အလို့ငှာ ၎င်း၏အန္တိမရည်မှန်းချက်ပန်းတိုင်သို့ ပြန်လည်တက်လှမ်းနိုင်ခဲ့သည်။ ဘုရားသခင်၏ အမိန့်တော်နှင့်လျော်ညီစွာ လွတ်မြောက်ပြီးသောအသက်ဝိညာဉ်အား ထုတ်ယူသယ်ဆောင်လျက် သူသည် အကျိုးရလဒ်တစ်ခုဖြစ်စေမှုနှင့်တကွ ထိန်းချုပ်ထားနိုင်ခဲ့သည်။

အခြားသော အိန္ဒိယတွေးခေါ်ပုံစနစ်များ၌ အဆုံးစွန်ရည်မှန်းချက်(ဝါ) အန္တိမရည်ရွယ်ချက်မှာ အဆုံးမရှိသော မွေးဖွားခြင်းနှင့်သေဆုံးခြင်းများဖြင့် ဝမ်းနည်းပူဆွေး ငိုကြွေးနေရသည့် သံသရာချားရဟတ်မှ အမှန်တစ်ကယ်လွတ်မြောက်ခြင်းဖြစ်သည်။ ဤလွတ်မြောက်ခြင်းအား ဗုဒ္ဓဘာသာ၌ နိဗ္ဗာန်ဟုခေါ်သည်။ ဤမည်သော နိဗ္ဗာနသည် အမှန်စင်စစ်အားဖြင့် ရေးသား ဖော်ပြခြင်းငှာမစွမ်းနိုင်ဘဲ ပူဆွေးသောကဗျာပါဒတရားတို့မရှိခြင်း၊ ငါ့ကို ငါ့ဟာ ငါ့စွာဟူသော

စွဲလန်းမှုမကင်းသည့် အတ္တမရှိခြင်းနှင့် လိုချင်နှစ်သက် ခုံမင်တပ်မက်မှုကင်းမဲ့ခြင်း၊ ထို့အပြင် မွေးဖွားခြင်းနှင့်သေဆုံးခြင်းတို့ဖြင့် လည်ပတ်နေသည့် သံသရာချားရဟတ်အတွင်း ထပ်မံ၍ မကျရောက်နိုင်သည့် အခြေအနေကိုခေါ်ဆိုသည်။

ဆမ်ခယအယူဝါဒ(Samkhya)၊ ဂျိန်းဘာသာ(Jainism)၊ ညာယဝါဒ(Nyaya)နှင့် အဝိဇ္ဇာဝါဒ(Asvaitism)တို့၏အဆိုအရ လူသားတစ်ဦး၏ ကောင်းမြတ်သောစိတ်ကူးစိတ်သန်း အကြံအစည်များ၊ စဉ်းစားတွေးခေါ်မြော်မြင်မှုများ၊ ခံစားချက်များ၊ လိုအင်ဆန္ဒများနှင့် ပြန်လည်စဉ်းစားနိုင်မှုစသည့် မပြောင်းမလဲတည်ရှိနေသည့် ပဋ္ဌာန်းဆက်သည် ၎င်း၏အန္တိမရည်မှန်းထားသည့် အဆင့်၌ ပြန်လည်၍အောင်မြင်မှုရရှိနိုင်သည်။

ဗိုက်ဆီစိကအယူဝါဒ(Vaisesika system)တစ်ခုတည်းသာလျှင် စိတ်ကူးစိတ်သန်းအကြံအစည်၊ စဉ်းစားတွေးခေါ်မြော်မြင်မှု၊ ခံစားချက်၊ လိုအင်ဆန္ဒ၊ ရည်ရွယ်ချက်နှင့် ပြန်လည်စဉ်းစားနိုင်သည့်သဘောကို သဘာဝတရား၏အန္တိမအဆင့်ဖြစ်ပေါ်မှု(The ultimate natural of consciousness)ဟူ၍ ဝန်မခံချေ။ ယင်းအယူဝါဒ၏အဆိုအရ စိတ်ကူးစိတ်သန်းအကြံအစည်၊ စဉ်းစားမှု၊ ခံစားမှု၊ လိုချင်မှုနှင့် ကြံရွယ်မှုစသည်တို့သည် လူတစ်ဦး(a jaiva)၏ ဣန္ဒြေ ခေါ် Sense organs နှင့် အာရုံ ခေါ် Object တို့ အကြောင်းအားလျော်စွာပေါင်းဆုံမှုဖြစ်လာသည့် အခါ their contact သိမှုဝိညာဉ်(aconsciousness)ဖြစ်ပေါ်၍ ဇီဝ(jiva)တစ်ခုသည် ခန္ဓာတစ်ခု (come to have a body)ဖြစ်လာတော့သည်။ (*မြင်သိမှုတွင် မျက်စိ၊ အဆင်း၊ အလင်း၊ သတိ ပေါင်းဆုံမိက သိမှုဝိညာဉ်ဖြစ်မြဲပင်တည်း၊ ဖြစ်လျှင်ပျက်မြဲ ချုပ်ပျောက်ဆဲကို ဉာဏ်ထဲ သိမှ မဂ္ဂင်လမ်းမ သဘာဝကျ၏။–ဘာသာပြန်သူ*)

ရှမ်ကာရဝါဒ(Shankara)၏အဆိုအရ စိတ်သည် အာရုံတစ်ခုတည်း၌ တည်ငြိမ်နေသည့် အချိန် ကိလေသာအနှောင်အဖွဲ့တို့မှ လွတ်မြောက်သောစိတ်ကို တစ်ကယ့်အစစ်အမှန်အားဖြင့် ရရှိပိုင်ဆိုင်လာပြီး ဘဝနေထိုင်မှုနည်းလမ်းနှင့် အမှန်တစ်ကယ် စိတ်၏ချမ်းသာပျော်ရွှင်မှုကို ရရှိသည်။ မြစ်ချောင်းများသည် နောက်ဆုံး၌ ပင်လယ်ထဲသို့ပေါင်းဆုံစီးဝင်သွားသကဲ့သို့ အသက်ဇီဝ(ဝါ)လူတစ်ယောက်သည် နောက်ဆုံးတွင် ဗြဟ္မာကြီးအဖြစ်သို့ရောက်ရှိသွားကြောင်းကို မကြာခဏဖော်ပြထားသည်။ မည်သို့ပင်ဆိုစေကာမူ နောက်ဆုံး၌ အတ္တတာကွပေါင်းဆုံခြင်း ဆိုသည့်

အစိပ္ပာယ်အစစ်အမှန်မှာ အတ္တဝါဒပါဝင်တည်ရှိနေသည့် ဥပဓိ(Upadhis) ခေါ် ကန့်သတ်ချုပ်ချယ်မှုကြောင့် ဘာမျှလှုပ်ရှားမရသောအခြေအနေမှ လွတ်မြောက်၍ တည်ငြိမ် မှန်ကန်မှုရှိလာခြင်းကို ဆိုလိုသည်။ ကဘီးရ်(Kabir)၏ ပြောစကားအရဆိုလျှင် အမှိုက်သရိုက်ဖြင့် ပြည့်နှက်နေသော ရေပုပ်ရေသိုးသည် ဂင်္ဂါမြစ်ထဲသို့စီးဝင်ပေါင်းစပ်သောအခါ ရေပုပ်ရေသိုးသည် ဂင်္ဂါမြစ်၏ရေထုကြောင့်(Ganga-jala) ညစ်ညမ်းမှုတွေပျောက်ကွယ်၍ သန့်ရှင်းသွားသကဲ့သို့ လည်းကောင်း၊ သံတိုသံစကလေးတစ်ခုသည် ပါရပ်စ်(Paras) ခေါ် Philosophers Stone ခေါ် ဓာတ်လုံးနှင့် ပေါင်းစပ်ပြီး မူလကရှိခဲ့သည့်သဘောသဘာဝကွယ်ပျောက်၍ ရွှေဖြစ်လာသကဲ့ သို့ဖြစ်သည်။ ဤနေရာတွင် သံသတ္တုသဘာဝပျောက်ကွယ်သွားသည့်အပြင် စစ်မှန်သည့်ရွှေသတ္တု ဟူသော သဘာဝသို့ ရောက်ရှိလာသည်။

တမန်တော်ကိုးကွယ်ဆည်းကပ်သည့်ဘာသာများတွင် လူသားများအား ထာဝရဘုရားသခင်ဖန်ဆင်းတော်မူခြင်းမှာ လူသားသည် ထာဝရဘုရားသခင်ကဲ့သို့ မြင့်မြတ်လာစေရန်ဖြစ်သည်။ ခရစ်ယာန်ဘာသာ၌ လူသားအား သူ၏သားတော်တစ်ဦးဖြစ်လာစေရန် ထာဝရဘုရားသခင်က ဖန်ဆင်းတော်မူခဲ့သည်။ လူသားသည် လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှုခရစ်တော်၏ လူသားအားလုံး၏ အပြစ်ဝင့်ကြွေးကို ၎င်း၏အသက်ဖြင့်စတေး၍ ပေးဆပ်ခဲ့သည်ဟူ၍ ယုံကြည်ချက်မှတစ်ဆင့် ထာဝရဘုရားသခင်နှင့်ပေါင်းဆုံနိုင်သည့် ထာဝရဘုရားသခင်၏သားတော် ဖြစ်လာနိုင်သည်။ လူသားသည် ခရစ်တော်မှတစ်ဆင့် ထာဝရဘုရားသခင်နှင့် အတူတကွပေါင်းစည်းမှုရှိခြင်းဖြင့် ၎င်းသည် ဘုရားသခင်နိုင်ငံ၊ သို့မဟုတ် ကောင်းကင်ဘုံသို့ရောက်ရှိခံစားရပေ လိမ့်မည်။ နတ်ပြည်ဟုဆိုနိုင်သော ကောင်းကင်ဘုံ(Heavenly abode)၌ သာယာခံမင် နှစ်သက်စွဲလန်းမှုကင်း၍ အမှန်တရားကြီးစိုးပြီး ချမ်းသာပျော်ရွှင်မှုအပြည့်ရှိသည်ဟု ဆိုသည်။ ၎င်း၏ဘဝသည် စေတမန်နတ်သားကဲ့သို့ မြင့်မြတ်သောဘဝဖြစ်ပြီး အိမ်ယာတည်ထောင်မှုမရှိဘဲ ဗြဟ္မစရိယအကျင့်ဖြင့် နေထိုင်ပေလိမ့်မည်။ သူသည် ကောင်းကင်ဘုံ၏မြင့်မြတ်မှုနှင့် ထာဝရဘုရားသခင်၏ချီးကျူးမှုကို ရရှိနေထိုင်သည်(Luke 20.35)။ ထာဝရဘုရားသခင်က သူ၏ဥပဒေနှင့် အမိန့်တော်များအား တမန်တော်များမှတစ်ဆင့်သော်လည်းကောင်း၊ ရာဇဝင်မှတ်တမ်းမှတစ်ဆင့်သော်လည်းကောင်း ကောင်းမွန်သပ်ရပ်ပီပြင်စွာဖြင့် ဖော်ပြနေသော်လည်း ထာဝရဘုရားသခင်၏

အမိန့်တော်များကို လိုက်နာခြင်းမရှိသူများရှိသေး၏။ ၎င်းတို့အား မကောင်းဆိုးဝါးနတ်၏ ကလေးများဖြစ်သည်ဟူ၍ ဆိုနိုင်၏။ ဘုရားသခင် စီရင်ဆုံးဖြတ်မည့်နေ့တွင် ၎င်းတို့သည် ငရဲသို့ပစ်ချခြင်းခံရပေလိမ့်မည်။ ၎င်းတို့သည် ထိုငရဲဘုံ၌ ငိုကြွေးကြရမည့်အပြင် အံကြိတ်ခံကြရပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ထိုငရဲဘုံ၌ မည်သည့်အချိန်မျှ မငြိမ်းသတ်နိုင်သော မီးတောက်အတွင်း၌ မီးလောင်ခံကြရမည်ဖြစ်သောကြောင့်တည်း။ ထိုနည်းအားဖြင့် ထာဝရဘုရားသခင်၏အမိန့်တော်အားလိုက်နာ၍ ကိုယ်ကျင့်တရားကောင်းသူများသည် ကောင်းကင်ဘုံ၌လည်းကောင်း၊ အပြစ်အနာအဆာရှိသူများသည် ငရဲဘုံသို့လည်းကောင်း၊ သို့မဟုတ် ကိုယ်ကျင့်တရားမကောင်းသူတို့အား ကံကြမ္မာလမ်းနှစ်သွယ်တို့က ၎င်းတို့၏ နောက်ဆုံးပန်းတိုင်အဖြစ် စောင့်ကြိုလျက်ရှိနေသည်။

ဂျူးဘာသာအဖို့ရာ၌ ကောင်းကင်ဘုံနှင့်ငရဲဘုံများသည် သစ္စာရှိသူနှင့်သစ္စာမဲ့သူများအတွက် အသီးသီးနေရာပေးမည့်အရာနှစ်ခုဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ၎င်းတို့သည် ယေရှုခရစ်တော်အား မက်ဆိုယတ်(Messiah)အဖြစ် မယုံကြည်ကြပေ။ ထို့ကြောင့် ၎င်းတို့သည် ယေရှုခရစ်တော်မှတစ်ဆင့် ထာဝရဘုရားသခင်အားပေါင်းဆုံမိရေး ဆွေးနွေးရန်မရှိပေ။

အစ္စလာမ်ဘာသာ၌ သေဆုံးသူ၏ဝိညာဉ်သည် ထာဝရဘုရားသခင်ထံသို့ ပြန်လည်ရောက်ရှိသည်။ ပြန်လည်ရှင်ပြန်ထမြောက်သည့်နေ့တွင် ၎င်းသေဆုံးခဲ့သူ၏ဝိညာဉ်သည် ၎င်းအားမြှုပ်နှံထားသည့်သင်္ချိုင်းမှ ထလာပေလိမ့်မည်။ ထာဝရဘုရားသခင် တရားစီရင်သည့်နေ့တွင် အကယ်၍ ၎င်းသည် ထာဝရဘုရားသခင်နှင့်သူ၏တမန်တော်မိုဟာမက်အား သစ္စာရှိကြောင်း သက်သေခိုင်လုံလျှင် ပရာဒိုက်စ်(Paradise) ခေါ် စစ်မှန်ပျော်ရွှင် ချမ်းမြေ့မှုရှိသည့် ကောင်းကင်ဘုံသို့ရောက်ရှိပြီး မည်သည့်အခါမျှမကုန်ဆုံးသော ချမ်းသာပျော်ရွှင်သည့်ဘဝ ရရှိပေလိမ့်မည်။ အလားတူစွာပင် မကောင်းမှုဒုစရိုက်ကျူးလွန်သူသည် မည်သည့်အချိန်မျှ မငြိမ်းသတ်နိုင်သော ငရဲမီးသို့ပို့ဆောင်ခြင်းကို ခံရပေလိမ့်မည်။ တစ်နည်းအားဖြင့် ထာဝရဘုရားသခင် တရားစီရင်သည့်နေ့တွင် လူသားအားလုံးသည် အယ်လ်ဆီရတ်(Al-Sirat)ခေါ်တံတားပေါ်မှ ဖြတ်သန်းသွားရမည်ဖြစ်၏။ ယင်းတံတားပေါ်မှလိမ့်ကျသူများသည် ငရဲသို့သွားရလိမ့်မည်ဖြစ်၍ တံတားပေါ် ဖြတ်ကျော်သွားနိုင်သူများသည် ကောင်းကင်ဘုံသို့သွားရလိမ့်မည်။ ထို့ကြောင့် အစ္စလာမ်

ဘာသာ၏အဆိုအရ ကောင်းကင်ဘုံနှင့်ငရဲဘုံတို့သည် အစ္စလာမ်ဘာသာဝင်များခံယူရရှိမည့် အန္တိမမျှော်လင့်ချက်(ဝါ) ခရီးလမ်းဆုံးပန်းတိုင်ဖြစ်သည်။

ဇိုရိုအာစရီယား(Zoroastrianixm)လည်း ထိုနည်းအတိုင်းပင် အရည်အချင်းစစ်ဆေးသောနေ့တွင် လူတိုင်းလူတိုင်းသည် ချင်းဗတ်တံတား(The bridge of Chinvat)ကို ဖြတ်သန်းစမ်းသပ်စစ်ဆေးမှုကို ခံယူကြရပေလိမ့်မည်။ ဘာသာတရားရိုသေကိုင်းရှိုင်းသူ၏ဝိညာဉ်သည် တံတားကို လွယ်ကူစွာဖြတ်သန်းနိုင်ပြီး ကောင်းကင်ဘုံသို့သွားရမည်။ မည်သို့ပင်ဖြစ်စေကာမူ ဘာသာတရားရိုသေကိုင်းရှိုင်းမှုမရှိသူနှင့် အာရိမန်(Ahriman)အား ဝတ်ပြုကိုးကွယ်သူသည် တံတားပေါ်မှလိမ့်ကျ၍ ငရဲဘုံသို့သွားရမည်။ မည်သို့ပင်ဖြစ်စေကာမူ ပါစီဘာသာဝင်အနေဖြင့် ငရဲသားဘဝသည် အမြဲထာဝရမဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ငရဲဘုံ၌ ဒုက္ခခံစားရသောလူများသည် နောင်တရ၍ ပြန်လည်ကောင်းမွန်သောနေ့၌ သန့်ရှင်းသောဝိညာဉ်ဖြစ်လာပြီးနောက် ကောင်းကင်ဘုံ၌ လုံးဝတည်တံ့နေကြရလိမ့်မည်။

သို့သော် ဝိညာဉ်များသည် သေဆုံးသည့်အချိန်မှ ပြန်လည်ရှင်သန်ထမြောက်၍ တရားစီရင်ခြင်းခံရသည့်အချိန်တွင် ဘာဖြစ်ပါမည်နည်း?။ ဂျူးလူမျိုးများအဖို့ရာ၌ ဝိညာဉ်များသည် အင်အားမရှိသော ရှီအော(Sheol)ဟူသော အသက်ရှင်သန်ခြင်းဖြင့် နေရလိမ့်မည်။ ခရစ်ယာန်များကလည်း ပျူကာထိုရီနှင့်ပါစီဘာသာတို့၏ အရှိန်သြဇာအောက်၌ Purgatory ဟူသော သေဆုံးသူများ၏ဝိညာဉ်အား ကောင်းကင်ဘုံသို့ဝင်ရောက်ခွင့်ရရှိရေးအတွက် သန့်ရှင်း၍ သင့်တော်သည့်အခြေအနေသို့ရောက်သည့်တိုင် စောင့်ဆိုင်းနေရသည့်ဒေသတစ်ခု၌ ၎င်းတို့၏အပြစ်အနာအဆာများနှင့် မကောင်းမှုဒုစရိုက်များကို အာပါတ်ဖြေသန့်ရှင်းစေ၍ တိုးတက်စေခဲ့သည်။ ဒေါက်တာအစ်ဘာလ်(Dr. Iqbal)ကလည်း ကောင်းကင်ဘုံနှင့်ငရဲတို့သည် အမြဲထာဝရနားနေရန်နေရာများမဟုတ်သော်လည်း စိတ်ဝိညာဉ်အား တိုးတက်စေသည့်ပြုပြင်ရေးဌာနများဖြစ်သည် ဟူ၍ ဆိုထားသည်။

အမှန်မှာ ဟိန္ဒူဘာသာ၏ ဝေဒအာရိယပ်ဝါဒ၌ ကောင်းကင်ဘုံအယူအဆသဘောတရား သေချာတိကျစွာရှိသည်။ ကောင်းကင်ဘုံ(*နတ်ပြည်ကို ဆိုဟန်တူပါ၏။–ဘာသာပြန်သူ*)သည် လိုအင်ဆန္ဒများအားလုံး ပြည့်ဆည်းပေးနိုင်သည့်နေရာဖြစ်သည်(RV. IX-1137.11)။ ဤအကြောင်း

အရာသည် စစ်ပွဲ၌ ၎င်းတို့၏အသက်စွန့်၍ စတေးခံရမှုများနှင့် ဘာသာတရားအား မိမိ၏ အသက်နှင့်ကိုယ်ခန္ဓာအား လှူဒါန်းခြင်းများကိုရည်ညွှန်းသည်(RV.X-14.8)။ ကောင်းကင်ဘုံနန်း၌ ဘာသာတရားလေးစားကြည်ညိုသူများသည် ၎င်းဖခင် ထာဝရဘုရားသခင်၏ နောက်လိုက် သာဝကများအဖြစ် အတူတကွနေထိုင်ခွင့်ရရှိကြပေလိမ့်မည်။ ဗိဿနိုးနတ်ဘုရား၏ဗိမ္မာန် (The heavenly abode of Visnu)အကြောင်းကိုလည်း RV.1.154.5-6 ၌ ဖော်ပြထားသည်ကို တွေ့ရှိ ရပါသည်။ တူညီသောရေးသားဖော်ပြချက်ဖြင့်ပင် မကောင်းသူများအတွက် ငရဲဘုံကို "နက်ရှိုင်း သော နေရာ"(Deep place) (RV.IV.5-5)အဖြစ်ဖြင့်လည်းကောင်း၊ ဂျူးဘာသာ၏ တစ်ခုသော Sheol ၌ မြေအောက်မှ အလွန်တရာနက်ရှိုင်းသောတွင်းကြီး(ARV.VII.104-3)ဟူ၍လည်းကောင်း ဖော်ပြထားသည်။ ကောင်းကင်ဘုံနန်းနှင့်ငရဲဘုံဟူသော ဤအယူအဆအား ရှေးယခင် ဟိန္ဒူ ဘာသာ ပုရပ်ကျမ်း(Pauranic Hinduism)၌ ကြီးစွာသောသတိဝီရိယဖြင့် အသေးစိတ်ရေးသား ဖော်ပြချက်မှာ အစ္စလာမ်ဘာသာ၏ ဩဇာလွှမ်းမိုးမှုအောက်၌ ဖော်ပြရေးသားခဲ့ရခြင်းဖြစ်သည်ကို သံသယမရှိပါ။

## ကယ်တင်ခြင်းနှင့်လွတ်မြောက်ခြင်း

## SALVATION AND LIBERATION

တမန်တော်ကိုးကွယ်သည့် ဘာသာတရားများတွင် ကယ်တင်ခြင်းဟူသော သဘော တရားအယူအဆကိုတွေ့ရပြီး အိန္ဒိယဘာသာရေးအတွေးအခေါ်စနစ်တွင် လွတ်မြောက်ခြင်း ဟူသောစနစ်ကို တွေ့ရှိရသည်။ ကယ်တင်ခြင်း(Salvation)ဟူသော အဓိပ္ပာယ်မှာ အပြစ်ကျူးလွန် သူ၏ဝိဉာဉ်သည် ထာဝရဘုရားသခင်၏အမျက်ဒေါသကြောင့် ငရဲဘုံသို့ကျရောက်၍ ဖျက်ဆီး ခံရခြင်းသို့ရှေးရှုနေမှုမှ လွတ်မြောက်ခြင်းဟူသော အဓိပ္ပာယ်ဖြစ်သည်။ အခြားတစ်ဖက်၌လည်း လွတ်မြောက်ခြင်း(Liberation)ဟူသော အဓိပ္ပာယ်ကို အဆုံးမရှိသော မွေးခြင်းနှင့်သေမှုသံသရာမှ လွတ်မြောက်ခြင်း အဓိပ္ပာယ်ဖြစ်သည်။ *(ဗုဒ္ဓဘာသာ၌မူ ယင်းသို့သောအယူအဆများထက် များစွာသာဘာဝကျ၍ အဓိပ္ပာယ်ရှိသော ၃၁ ဘုံ၌ အဖန်ဖန်အထပ်ထပ် လည်ပတ်နေရခြင်း ဟူ၍ အဓိပ္ပာယ်ရသော သံသရာတွင် ဇာတိ၊ ဇရာ၊ မရဏဒုက္ခမှလွတ်မြောက်ရာ နိဗ္ဗာန်သို့*

*မျက်မှောက်ပြုရန်နည်းလမ်းကို ဗုဒ္ဓကိုယ်တော်တိုင် လမ်းညွှန်ခဲ့၏။–ဘာသာပြန်သူ)* ဗုဒ္ဓဘာသာ အပါအဝင် အိန္ဒိယဘာသာတရားတို့၏ ယုံကြည်မှုအစဉ်အလာမှာ ကမ္ဘာလောကအတွင်း သက်ဆင်းကျရောက်ခြင်းသည် မည်သည့်ဘဝ၌မဆို ဆင်းရဲဒုက္ခသာဖြစ်သည်။ ထို့ကြောင့် ကယ်တင်ခြင်းနှင့်လွတ်မြောက်ခြင်းဟူသော စကားရပ်များ၏အဓိပ္ပာယ်နှစ်ခုအကြား၌ အလွန် လေးနက်သော ကွဲပြားခြားနားမှုရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းယုံကြည်ချက် နှစ်ခုစလုံးတွင် ဒုက္ခတို့မှကျော်လွန်လွတ်မြောက်မှုဟူသည့် အဓိပ္ပာယ်ဆောင်သောကြောင့်ဖြစ်သည်။ တိကျသေချာစွာဆိုရလျှင် ယင်းဘာသာယုံကြည်ချက်နှစ်ခုစလုံးတွင် မည်သည့်အခါမှမကုန်ဆုံး နိုင်သော ဘဝတစ်ခုသို့ရောက်ရှိရန် (တမန်တော်ကိုးကွယ်သည့်ဘာသာ၌ ကောင်းကင်ဘုံ ဖြစ်၍ ရှေးယခင်ဖြစ်ပေါ်ခဲ့ပြီးသော အသက်ဇီဝ(Jivas)၏ မပြောင်းမလဲတည်ရှိမှုသည် ၎င်းတို့ မကွယ်ပျောက်မီ ပြန်လည်ကောင်းမွန် အသုံးဝင်မှု)ဟူ၍ အဓိပ္ပာယ်ပါရှိပါသည်။ ဗုဒ္ဓဘာသာဝင် အတွက်၌လည်း နိဗ္ဗာန(Nirvana)ရှိသည်။ သို့သော် ဘာသာယုံကြည်မှုအသီးသီး၌ ကယ်တင်ခြင်း ခံရမှုနှင့်လွတ်မြောက်မှုတို့သည် ကွဲလွဲချက်ရှိကြောင်း အထောက်အထားဖြစ်သည်။

ဂျူးလူမျိုးများအတွက် ကယ်တင်ခြင်းဆိုသည်မှာ မိုးဆက်(Moses)၏ဥပဒေသကို လိုက်နာဆောင်ရွက်မှုပြဋ္ဌာန်းဖြစ်စေ၊ ဘာသာယဉ်ကျေးမှုနှင့်အညီ ချစ်ခင်ကြင်နာမှုဖြစ်စေ၊ သို့မဟုတ် လိုက်နာဆောင်ရွက်ရမည့်တာဝန် ပျက်ကွက်မှုနှင့် မကောင်းမှုကျူးလွန်ရန် တိုက်တွန်းအားပေးမှု အပါအဝင် များစွာသောအပြစ်အနာအဆာများအတွက် ကြီးစွာသောနောင်တရရှိခြင်းဖြင့် ကယ်တင်မှု ရရှိနိုင်သည်။ လူပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏ယုံကြည်ချက်ကို မစွန့်လွှတ်လျှင် သတ်ဖြတ်ခြင်း ခံရမည်ကိုသိရှိရသည့်တိုင် ဂျူးဘာသာအစဉ်အလာကို သစ္စာရှိရှိဖြင့် ကြံ့ကြံ့ခိုင်နေထိုင်ရမည် ဖြစ်သည်။

ခရစ်ယာန်ဘာသာတစ်ဦးသည် သခင်ယေရှုမှလက်ဝါးကပ်တိုင်ပေါ်တွင် မိမိကိုယ်ကို မိမိ အစတေးခံသေဆုံးခြင်းအား ယုံကြည်ချက်ရှိခြင်းအားဖြင့် ထာဝရဘုရားသခင်နှင့်ပေါင်းစည်း မိရန် အားထုတ်ရသည်။ ခရစ်တော်သည် သတ္တဝါများအတွက် လက်ဝါးကပ်တိုင်ပေါ်၌ အသက်ကိုစတေးခံခြင်းသည် သတ္တဝါများအားကယ်တင်ခြင်းဖြစ်ကြောင်း ယုံကြည်မှုအပြည့် ထားရှိရန်လိုသည်ဟု ပြောကြားသည်။ “ကယ်တင်သော”(redemptive)ဆိုသည့် အဓိပ္ပာယ်မှာ

လူတစ်ယောက်စီတွင် ထာဝရဘုရားသခင်ထံပေးဆပ်ရမည့် များစွာသောအပြစ်အနာအဆာ များအတွက် အကြွေးတင်နေသည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။ ထို့ကြောင့် အကြွေးကို ပေးဆပ်ရမည်။ ယခုအခါ သခင်ယေရှုအပေါ်၌ ယုံကြည်သက်ဝင်မှုသည် ဤအကြွေးအား သခင်ယေရှုက လက်ဝါးကပ်တိုင်ပေါ်၌ကားစင်တင်၍ အသက်စတေးခံခြင်းအားဖြင့် ထာဝရဘုရားသခင်အား ပေးဆပ်ပြီးဖြစ်သည်။ အပြစ်အနာအဆာရှိသူများ၏နေရာတွင် သခင်ယေရှုက ဝင်ရောက်ပြီး ယုံကြည်ကိုးကွယ်သူများအတွက် အသေခံသွားခြင်းဖြစ်သည်ဟူ၍ သိနားလည်ရမည်။ သခင်ယေရှုသည် ဤစတေးခံ၍သေခြင်းအား ထာဝရဘုရားသခင်က အပြစ်အနာအဆာရှိသူများအား အပြစ်မှလွတ်နိုင်ရန် ထာဝရဘုရားသခင်ပြုလုပ်ပေးသော အစီအစဉ်တစ်ခုဖြစ်သည်။ ဤသို့အားဖြင့် သခင်ယေရှုစတေးခံ၍သေဆုံးခြင်းကို ယုံကြည်သူများအားလုံးအတွက် ထာဝရဘုရားသခင်၏ အခမဲ့ပေးသနားတော်မူသည့် လက်ဆောင်ဖြစ်သည်။

> ''ထာဝရဘုရားသခင်သည် ကမ္ဘာလောကအား အလွန်ချစ်ခင်မြတ်နိုးသောကြောင့် သူ၏တစ်ဦးတည်းသောသားတော်အား စွန့်လွှတ်ပေးဆပ်ခဲ့သည်။ ယင်းသို့ သားတော်၏ အသက် စွန့်လွှတ်ခဲ့ခြင်းအားဖြင့် ၎င်းအားယုံကြည်သက်ဝင်သူတိုင်း၏ အသက်ပေါင်း များစွာ မသေရတော့ချေ။ သို့သော် ၎င်းတို့၏အသက်ရှင်မှုသည် အမြဲထာဝရရရှိကြပေလိမ့်မည်။''(St. John 3.16)

အပြစ်အနာအဆာများအား ခွင့်လွှတ်ခြင်းကို စစ်မှန်သောခရစ်ယာန်တစ်ဦး၏ ငြိမ်းချမ်းသောစိတ်၌သာ တွေ့ရှိရသည်မဟုတ်သေးဘဲ ထာဝရဘုရားသခင်၏စိတ်ဓာတ်ခွန်အားသည် ၎င်း၏တိုးတက်ပြောင်းလဲသောဘဝကို ရောင်ပြန်ဟပ်နေခဲ့သည်။ ၎င်းသည် သတ္တဝါအသစ်တစ်ဦး ဖြစ်၏။(Galatians 6.15)

မူစလင်များအဖို့ရာ၌ အလ္လာအရှင်မြတ်၏အမိန့်တော်များအား တိကျစွာလိုက်နာခြင်း အားဖြင့်သော်လည်းကောင်း၊ ဘာသာရေးယုံကြည်မှုမဏ္ဍိုင် ၅ ရပ်အား ကျင့်သုံးခြင်းအားဖြင့် သော်လည်းကောင်း ကယ်တင်မှုကိုအောင်မြင်စွာရရှိနိုင်သည်။ အလ္လာအရှင်အား တစ်ဆူတည်းသော ထာဝရဘုရားသခင်အဖြစ် လက်ခံယုံကြည်ရသည်။ မိုဟာမက်အား အလ္လာအရှင်မြတ်၏ နောက်ဆုံးနှင့်အပြီးသတ်တမန်တော်အဖြစ် ယုံကြည်ရမည်။ အလ္လာအရှင်မြတ်

တရားစီရင်မည့်နေ့တွင် တမန်တော်သည် စစ်မှန်သောဝင်း၏နောက်လိုက်အတွက် ဒုစရိုက်မှုများနှင့် ဒုစရိုက်မှုများကို အားပေးတိုက်တွန်းသူများအား အပြစ်အနာအဆာများမှ ကင်းလွတ်ခွင့်ပြုရန် ထာဝရဘုရားသခင် အလ္လာအရှင်သို့ လျှောက်တင်ပေးလိမ့်မည်ဟု ယုံကြည်ကြသည်။ အလ္လာအရှင်၏ အချုပ်အခြာအာဏာပိုင်စိုးသည့်ဝိဉာဉ်သို့ စစ်မှန်သောယုံကြည်သူ(မူစလင်) တစ်ဦးသည် မိမိကိုယ်မိမိအပ်နှံရမည်။ *(အထက်ဖော်ပြပါ အချက် ၅ ချက်မှာ မူစလင်များ အသက်ထက်ဆုံးတိုင် အလ္လာအရှင်၏အမိန့်ကိုလိုက်နာရမည့် ယုံကြည်မှုမဏ္ဍိုင် ၅ ရပ်ဖြစ်၍ ၎င်းတို့၏ကျင့်စဉ်လည်းဖြစ်သည်။–ဘာသာပြန်သူ)*

ပါစီတစ်ဦးသည် မကောင်းမှုအား ကောင်းမှုဖြင့်အနိုင်ယူရာတွင်(in the struggle of Goodness over evil)ထာဝရဘုရားသခင်အား ကူညီလုပ်ကိုင်သူနှင့် ကူညီမှုပေးသူ ဖြစ်သည်။ သူသည် မကောင်းမှုအပေါ် Humta ခေါ်(good deeds) ကောင်းသောအမှုတို့ဖြင့် အောင်မြင်နိုင်ရမည်။ *(ဗုဒ္ဓဘာသာတွင် ဓမ္မပဒဘုရားဟောပါဠိတော်၌ အက္ကောဓေနကောဓံ အသာဓုံ သာဓုနဇိနေ၊ ဇိနေကဒရိယံဒါနေနသစ္စေ နာလိကဝါဒိနာ ဟူ၍ဟောကြားထားသည်။ မြန်မာအဓိပ္ပာယ်မှာ– အမျက်ဒေါသထွက်သောသူအား မိမိကအမျက်ဒေါသကို ထိန်းချုပ်ခြင်းဖြင့် အောင်စေရာ၏၊ မကောင်းမှုပြုသောသူအား မိမိကကောင်းသောအမှုကို ပြုလုပ်ပြသခြင်းဖြင့် အောင်စေရာ၏၊ နှမြောတွန့်တိုသူအား ပေးကမ်းခြင်းဖြင့် အောင်မြင်စေရာ၏၊ မုသားစကားဖြင့် လိမ်ညာ၍ပြောကြားသူအား မိမိကမှန်ကန်သောသစ္စာစကားကို ပြောဆိုခြင်းဖြင့်အောင်စေရာ၏ ဟူ၍ဖြစ်သည်။–ဘာသာပြန်သူ)*

လွတ်မြောက်ခြင်းဟူသောတရား ဟောကြားမှုအား ဟိန္ဒူဘာသာက ကောင်းမြတ်သော သဘောဖြင့် အလေးစိတ်ရယူခဲ့သည်။ အိန္ဒိယဘာသာရေးယုံကြည်မှုအစဉ်အလာတွင် "လွတ်မြောက်မှု"(Liberation)ဟူသောအဓိပ္ပာယ်ကို "မုက္ခ"(Moksa)၊ "မုတ္တိ"(Mukti)၊ "တဏှာ" (Tsrna)စသည်ဖြင့် (စာပေဝေါဟာရစကား၏အဓိပ္ပာယ်မှာ–"လွတ်မြောက်ခြင်း" (Escape) ဟူ၍ဖြစ်သည်။ ထို့ကြောင့်"လွတ်မြောက်ခြင်း"(Liberation)အဓိပ္ပာယ်မှာ ဒုက္ခဒေါမနဿ၊ သို့မဟုတ် ပူဆွေးမှုပိုကြွေးမှု(Miseries)တို့ဖြင့် ဝိုင်းအုံနေသော မွေးမှုသေမှုများ (ဖြစ်ခြင်း ပျက်ခြင်း) (Circle of endless birth and deaths)ဖြင့် မဆုံးနိုင်သောလှည့်ပတ်နေမှု(သံသရာ)မှ လွတ်မြောက်

မှု(escape from)ကို ဆိုလိုသည်။ အကြမ်းဖျဉ်းအားဖြင့် ပူဆွေးသောကဗျာပါဒ (Miseries)နှင့် မလွတ်ကင်းနိုင်သော ပြန်လည်မွေးဖွားမှု(ဖြစ်မှု၊ ပျက်မှုသံသာရာ ခေါ် Rebirths)သို့မဟုတ် သံသရာဝဋ်ကြွေးကို ဒုက္ခဖြင့်ပေးဆပ်နေရခြင်း(bondage)သည် အဉာဏ (ajnana)ခေါ် မသိမှုအဝိဇ္ဇာကြောင့်ဖြစ်ရပြီး ယင်းဒုက္ခမှလွတ်မြောက်ခြင်းဟူသည်မှာ လူသား (jiva)၏ မပြောင်း မလဲအမြဲတည်ရှိနေသော အရည်အသွေးကို သန့်ရှင်းသောအသိစိတ်အဖြစ် သိရှိနားလည်ခြင်းကို ဆိုလိုသည်။(Samkhya, Nyaya, Jainism)။ မည်သို့ပင်ဖြစ်စေကာမူ ရှန်ကာရ(Shankara)နှင့် ရာမနုဂျာ(Ramanuja)တို့၏ ဤရှုမြင်မှုများသည် အရေးပါလှသည့်အပြင် ဟိန္ဒူဘာသာယုံကြည် ကိုးကွယ်မှုအပိုင်းကို စာစာကပင်ဖော်ပြရေးသားခဲ့ပြီးဖြစ်၍ ဤနေရာတွင် ၎င်းတို့ရှုမြင်သုံးသပ် ချက်အကျဉ်းမျှသာ ဖော်ပြလိုက်ရပေသည်။

**ဝိဒေဟမုတ္တိ(Videhamukti)**

ကရမ္မမုတ္တိ(Krama-mukti)
(Liberation through successive steps)

ဆဒ္ဒယိုမုတ္တိ(Sadyomukti)
(Immediate release after the fall of the body)

## ရှန်ကာရအယူဝါဒ (SHANKARA)

ရှန်ကာရအယူအဆအဖို့ရာ၌ ပူပင်သောကဗျာပါဒ ခေါ် ပူဆွေးငိုကြွေးရခြင်း ဆင်းရဲမှု တို့ဖြင့် အဆုံးအပိုင်းအခြားမရှိသော လူ့ဘဝသို့ပြန်လည်ရောက်ရှိလာလိုက် သေဆုံးလိုက် ဖြစ်ပေါ်ရခြင်းမှ လွတ်မြောက်မှုအား ဗြဟ္မညာဏ(Brahma-jnana)ဖြင့်သာလျှင် ရရှိနိုင်သည်။ ဗြဟ္မ-ပရပ္ပတိ(Brahma-Prapti)၏ တစ်ကယ်စစ်မှန်သောအဓိပ္ပာယ်မှာ ၎င်းကိုယ်တိုင် ဗြဟ္မာ ဖြစ်လာရန်ဖြစ်သည်။ ဤသည်မှာ အပေရယ်, အမေရယ်၊ အနိမ့်ရယ်, အမြင့်ရယ်၊ ဇာတ်နိမ့်, ဇာတ်မြင့်စသည်ဖြင့် ကွဲပြားခြားနားမှုများ လုံးဝပျောက်ကွယ်၍ တပြေးညီဖြစ်သောအဆင့်တစ်ခု သို့ရောက်ရှိခြင်းကိုဆိုသည်။ ဗြဟ္မညာဏသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဇီဝတစ်ခု(jiva) ဆိုသော စစ်မှန်သောသဘောသဘာဝအား ပြန်လည်ရှာဖွေခြင်း(jiva. Brahmaiva nrpah)

ဖြစ်သည်။

လွတ်မြောက်မှု(Mukti) ၂ မျိုးရှိသည်။ ၎င်းတို့မှာ ဇီဝမုတ္တိ(jivanmukti) ခေါ် ယခုလက်ရှိဘဝ၌လွတ်မြောက်ခြင်း(Liberation in this very life) (*ထေရဝါဒဗုဒ္ဓဘာသာ၌ ကိလေသာနိဗ္ဗာန်ဆိုသောဝေါဟာရ၏အဓိပ္ပာယ်နှင့် ဆင်ဆင်တူသည်။–ဘာသာပြန်သူ*)နှင့် ဝိဒေဟ မုတ္တ(Videhamukti) ခေါ် လက်ရှိခန္ဓာကိုယ်သေဆုံးပြီးနောက် လွတ်မြောက်ခြင်း(Liberation after the fall of the body) (*ထေရဝါဒဗုဒ္ဓဘာသာ၌ ခန္ဓပရိနိဗ္ဗာန်ဆိုသောဝေါဟာရနှင့် ဆင်ဆင်တူသည်။–ဘာသာပြန်သူ*)။

ဂျီဗမုတ္တိပြဿနာ(The problem of jivanmukti)သည် ရှန်ကာရအတွက် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ဂျီဗမုတ္တ(Jivan-mukta)တစ်ခုတည်းသာလျှင် ဗြဟ္မဉာဏ (Brahma-jnana)အား အထောက်အကူပြုနိုင်သောကြောင့်ဖြစ်သည့်အပြင် ၎င်း၏ဘဝ၌ စံနမူနာပြဖြစ်၍ ဗြဟ္မဉာဏ၏နောက်ပိုင်းကာလ၌ သံသရာမှလွတ်မြောက်ရေးရှာကြံသူအဖို့ အရည်အချင်းရှိသော လမ်းညွှန်ကောင်းဖြစ်နိုင်သောကြောင့်ဖြစ်သည်။

မန္ဒနမစ်ရှရနှင့် ရာမနုဂျာ(Mandana mishra and Ramanuja)တို့က ဂျီဗမုတ္တိအဆင့် (the state of Jivanmukti)အား စစ်မှန်သောလွတ်မြောက်မှုဟူ၍ သဘောမထားကြပေ။ မန္ဒနနှင့် ရာမနုဂျာတို့၏အလိုအရ လူခန္ဓာကိုယ်ဖြစ်ထွန်းပေါ်ပေါက်လာရခြင်းမှာ အဉာဏ ခေါ် မသိနားမလည်ခြင်းအဆင့်သို့ပြောင်းလဲမှု၏ အမှတ်အသားဖြစ်ကြောင်း မှတ်ယူထားသောကြောင့် ဖြစ်သည်။ ရှန်ကာရက ဤကန့်ကွက်ပြောဆိုရေးသားချက်အား လက်မခံပေ။ အဘယ့်ကြောင့် ဆိုသော် ရှန်ကာရအဖို့ရာ၌ ဗြဟ္မာဉာဏသည် လက်ရှိကမ္မများ တစ်ခုနှင့်တစ်ခုပေါင်းစည်းခြင်းအား ဖျက်ဆီးသောကြောင့်ဖြစ်သည်။ သို့ရာတွင် အထမြောက်သောကံများဟူ၍ဆိုသော(Fructesent Karmas) or (Prarabdha)သည် ကာယကံမြောက်ကျူးလွန်သည့် အကျိုးရလဒ်ခံစားရသည်အထိ (till the fall of the body)ဆက်လက်ရှိနေသည်။ ရှန်ကာရအဖို့ရာ၌ ဗြဟ္မဉာဏ(Brahma-jnana)သည် အဟမ်ကာရ(Ahamkara) ခေါ် အတ္တဒိဋ္ဌိ(Egotism)နှင့် ကမ္ဘာလောကအား အမှန်တကယ်တည်ရှိမှုနှင့် လိုအင်ဆန္ဒအားဖျက်ဆီးသောကြောင့်ဖြစ်သည်။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျာ်း မိန်းမ ရှိသည်ဟူသောခံစားမှုသည် ပျောက်ကွယ်သွား၏။ သို့သော်

ကမ္မ(Karmas)များတွန်းပို့မှုအာနိသင် ပျောက်ကွယ်ကုန်ဆုံးသည့်အချိန်တိုင် မောင်းနှင်အားသဖွယ် ဆက်လက်လှုပ်ရှားနေသည်မှာ ခန္ဓာကိုယ်မဟုတ်ပါပေ။ ဤနေရာတွင် အဆင့်ဆင့်ရှိနေသေးပေ၏။ ၎င်းတို့မှာ–

(၁) ဗြဟ္မဝိဒ္ဒ(Brahmavid)သည် ဗြဟ္မာကိုကောင်းစွာသဘောပေါက်သည့်အပြင် ကမ္ဘာလောက၏ပုံသဏ္ဌာန် သဘောလက္ခဏာများကိုလည်း သိသည်။

(၂) ဗြဟ္မာဝိဒ္ဒဝါရာ(Brahmavidvara)သည် ၎င်း၏ဆန္ဒအလျောက် ၎င်း၏သမ္မာဓိ (Samadhi)ဟုခေါ်ဆိုနိုင်သည့် Trance မှ ထလာသည်။

(၃) ဗြဟ္မာဝိတ်ဝါရိယန(Brahmavidvariyana)သည် ၎င်း၏သမာဓိမှာ ပြင်ပအနှောင့်အယှက်ကြောင့် ရပ်စဲသွားနိုင်၏။

(၄) ဗြဟ္မဝိတ်ဝါရှစ်သာ(Brahmavidvaristha)သည် ၎င်း၏သမာဓိမှာ ပြင်ပအနှောင့်အယှက်ကြောင့် မရပ်စဲနိုင်ပေ။

ဗြဟ္မာဝိတ်ဝါရှစ်သာ၏ ဥပမာသာဓက (ဆိုလိုသည်မှာ ဗြဟ္မာဉာဏ၏ အလွန့်အလွန်ဆုံး သိရှိနားလည်သော ဝိဉာဉ်)ကို ရာမခရစ်ရှနား(Ramakrishna)အယူဝါဒ၌ တွေ့ရှိရသည်။

ကာယကံပြောက်ကျူးလွန်သော မကောင်းမှု၏အကျိုးရလဒ် ရရှိပြီးနောက်(after the fall of the body) အစ်ရှ်ဝါရာ(Ishvara)ခေါ် နတ်ဘုရားအား ဗြဟ္မာဉာဏကို ကောင်းစွာသိနားလည်လိုသူတစ်ဦးသည် နတ်ဘုရား၏ကျေးဇူးဂုဏ်ကြောင့် အောင်မြင်မှုအဆင့်ဆင့်ရောက်ရှိပြီး သံသရာမှလွတ်မြောက်ခြင်းကိုရရှိသည်။ ၎င်း၏နောက်ဆုံးလွတ်မြောက်မှုသည် ကမ္ဘာလောက ပျက်စီးကုန်ဆုံးသည့်နောက်မှသာလျှင် ၎င်းထံရောက်ရှိလာသည်(Brahma sutra. shankarabhasya IV.3.10;IV.4.22)။ Sadyo mukti အား ဉာဏ ယောဂ(jnanayoga) ခေါ် ဉာဏ်အမြင်ရှိသော ကျင့်ကြံအားထုတ်မှုကြောင့် သစ္စဉာဏ် ခေါ် ဗြဟ္မဉာဏ(Brahma jnana) ရရှိသူ၏ သွန်သင်ညွှန်ပြဆုံးမမှုဖြင့်ရရှိသည်။

ဟိန္ဒူဘာသာ၌ ရာမနုဂျာအယူဝါဒ၏ ဗြဟ္မာအယူအဆသည် ပုဂ္ဂလိကနှင့်သက်ဆိုင်ပြီး ၎င်းကို ဘာခ်တိ(bhakti)မှတစ်ဆင့် ရရှိနိုင်သည်။ ဘာခ်တိသည် ဘုရားသခင်အား အချိန်ပြည့်နှင့် မှန်မှန်သတိရအောက်မေ့ခြင်းဖြစ်သည်။ ဘုရားသခင်အားသတိရခြင်းကို လေငြိမ်၍ အနှောက်

အယှက်မရှိသော ဆီမီးခွက်ကဲ့သို့ တည်နေစေရမည်။ ဤဘာဝ်တီသည် သန့်ရှင်းဖြူစင်သော အာရုံမဟုတ်ဘဲ ကမ္မ–ဉာဏ–သမုဒယ(Karma-jnana-samuccaya)ဖြစ်သည်။ (ဆိုလိုသည်မှာ ကမ္မနှင့်ဉာဏ ခေါ် ပြုလုပ်အားထုတ်မှုနှင့်အသိဉာဏ် ရောနှောပေါင်းစုမှုနှင့် ချစ်ခင်ကြည်ညို မှု၏ ကောင်းမှုကုသိုလ်စေတနာကြောင့် ဘုရားသခင်၏ကျေးဇူးတော်မှတစ်ဆင့် ရရှိသည်။ လူသားအား ၎င်း၏ ဘုရားသခင်အပေါ် မှီခိုအားထားမှုဖြစ်ခြင်းအားဖြင့် လွတ်မြောက်ခြင်းကို ပေးသနားတော်မူ၏။

လွတ်မြောက်ခြင်း နှစ်မျိုးနှစ်စားရှိ၏–

(၁) ကိုင်ဝါလယ(Kaivalya)အဆင့်၌ ဇီဝသည် လုံးဝလွတ်လပ်၏၊ ဘုရားသခင် အားလည်း အလွန်ကြည်ညိုလေးစား၏။

(၂) ကိန်ကာယ–ဘာဝ(Kainkarya-bhava)အဆင့်တွင် ဇီဝ(jiva)သည် ဘုရားသခင် အပေါ် အပြည့်အဝယုံကြည်စိတ်ချ လေးစားလာ၏။ ဤနေရာ၌ သိပ်မရှင်းလင်း သည့် တိုးတက်မှုအဆင့်ဆင့်သည် ဆက်လက်ဖြစ်ပေါ်နေ၏–

(က) လွတ်မြောက်ပြီးသူသည် သလိုကျ(Salokya)ရရှိ၏။ ဆိုလိုသည်မှာ ဘုရားသခင်၏ ရပ်ဟန်းဖြစ်သည်။

(ခ) ဆက်လက်၍ ဆန်းနိဒ္ဒသို့ရောက်ရှိလာ၏၊ ဆိုလိုသည်မှာ ဘုရားရှင်၏ ရှေ့တော်မှောက်သို့ ရောက်ရှိ၏။(Sannidhay)

(ဂ) မုတ္တ ခေါ် လွတ်မြောက်ပြီးသူ(Mukta)သည် ဆက်လက်တည်တံ့နေပြီး ဘုရားသခင်ဖြစ်လာ၏(sarupya)။ ဤအဆင့်တွင် ကမ္ဘာလောကဖန်ဆင်း ခြင်းနှင့်ဖျက်ဆီးခြင်း တန်ခိုးအာဏာတို့မှလွဲ၍ ဘုရားသခင်၏တန်ခိုးအာဏာ အားလုံးကိုရရှိသည်။

(ဃ) နောက်ဆုံး၌ လွတ်မြောက်ပြီးသူသည် ဘုရားသခင်၏နောက်လိုက်သာဝက ဖြစ်လာတော့သည်။

ဟိန္ဒူဘာသာ ရာမနုဂျာဝါဒနှင့် ခရစ်ယာန်ဘာသာတို့၌ ဘုရားသခင်၏ လူသားများ အားလုံးတို့အပေါ် ငဲ့ညှာသနားတော်မူခြင်း တရားဒေသနာနှင့် ဘုရားသခင်နှင့်အတူတကွ နေထိုင်ခွင့်ရသူဖြစ်ရခြင်းဟူသော တရားတို့သည် အလွန်တူညီမှုရှိကြသည်ကို မည်သူမဆို

သိရှိနားလည်နိုင်ပါ၏။

## အပြစ်အနာအဆာ(SIN)

အပြစ်အနာအဆာရှိသည်ဟူသော ခံယူချက်မှာ အထက်၌တင်ပြရေးသားခဲ့ပြီးဖြစ်သည့်အတိုင်း ဖန်ဆင်းရှင် ထာဝရဘုရားသခင်ရှိသည်ဟူ၍ ယုံကြည်သောဘာသာများနှင့်သာလျှင်ဆက်စပ်မှုရှိသည့်အပြင် ဘုရားသခင်အား ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဖော်ပြခဲ့သည်။ "အပြစ်အနာအဆာ"(Sin)ဟူသည်မှာ ထာဝရဘုရားသခင်၏ ဥပဒေသနှင့်အမိန့်တော်များအား မလိုက်နာခြင်းဖြစ်သည်။ ဥပမာအားဖြင့် ခိုးမှု၊ လူသတ်မှု၊ လိမ်ညာမှုစသော မှုခင်းဆိုင်ရာအပြစ်သည်တိုင်းပြည်တစ်ပြည်၏ တရားဥပဒေကို ကျူးလွန်ချိုးဖောက်ခြင်းနှင့် ဥပမာပေးလျှင် ထင်ရှားစွာနားလည်နိုင်ပေလိမ့်မည်။ တစ်ဖန် အပြစ်အနာအဆာကို မှောက်မှားသောကိုယ်ကျင့်တရားဟူ၍လည်း ဆိုနိုင်သည်။ ဥပမာအားဖြင့် ရက်စက်ကြမ်းကြုတ်မှု၊ အလိုရမ္မက်ကြီးမှု၊ ကျေးဇူးတရားကိုစော်ကားမှု စသည်တို့ဖြစ်၏။ ရာဇဝတ်ပြစ်မှုသည် တရားဥပဒေနှင့်ဆိုင်သော လူ၏ပြင်ပခန္ဓာကိုယ်နှင့်သက်ဆိုင်၍ ကိုယ်ကျင့်တရားနှင့်ဆိုင်သော မှားယွင်းဖောက်ပြန်မှုများမှာလူတစ်ဦး၏ အတွင်းစိတ်ဓာတ် ပြဋ္ဌာန်းချက်ဥပဒေသ၊ သို့မဟုတ် အမှားနှင့်အမှန် မည်သည်ကိုရွေးချယ်ရမည်ကို စဉ်းစားတွေးခေါ်မှုနှင့်သက်ဆိုင်သည်။ (Crime is related to laws external to man and moral lapses are related to the internal laws written in one's heart or conscince)။ မည်သို့ပင်ဖြစ်စေကာမူ အပြစ်အနာအဆာသည် ထာဝရဘုရားသခင်နှင့်လူပုဂ္ဂိုလ်ကဲ့သို့ ဆက်စပ်မှုရှိ၍ လူသားအား ထာဝရဘုရားသခင်၏အမိန့်တော်များနှင့် ဥပဒေများအားသိရှိနားလည်ရန်နှင့် လိုက်နာဆောင်ရွက်ရန် ဘုရားသခင်က လိုလားတော်မူသည်။ အပြစ်အနာအဆာရှိသည်ဆိုသော သဘောထားခံယူချက်သည် ဇိုရိုအာစရိယားဘာသာ၊ ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာမှ ရာမနုဂျာအယူအဆနှင့် ဝရုဏအယူအဆ၏ ဝေဒဆည်းကပ်ကိုးကွယ်မှုတို့၌ အသံအကျယ်လောင်ဆုံးဖြစ်သည်။ အပြစ်အနာအဆာဆိုသော အဓိပ္ပာယ်သည် အဉာဏ(ajnana) သို့မဟုတ် အဝိဇ္ဇာ(avidya)တို့၏ အယူအဆသဘောတရား နှင့်မတူ ကွဲပြားသည်။ အဉာဏသည် လူသားအား သဘာဝတရား၏

တစ်ကယ်အရှိအမှန်ကို မသိနားမလည်အောင် ပြုလုပ်ပေးရုံမျှမက များစွာသော မမှန်ကန်သည့် (ကာယကံ၊ ဝစီကံ၊ မနောကံ) အပြုအမူများကို ကျူးလွန်ရန် လှုံ့ဆော်သည်။ ထို့ကြောင့် အညာဏသည် ကိုယ်ကျင့် သီလနှင့် လေးနက်စွာဆက်ဆံလျက်ရှိသည်။ အပြစ်အနာအဆာသည် ခွင့်လွှတ်ခြင်းကိုရှေးရှု၍ နောက်ဆုံး၌ ဘုရားသခင်၏အမိန့်တော်များနှင့် ဥပဒေသများအား ဖောက်ဖျက်ကျူးလွန်ခဲ့သည့် အပြစ်ရှိသူအား ဘုရားသခင်နှင့်ပြန်လည် ချစ်ခင်ရင်းနှီးရန်အတွက် သည်းခံရန်လိုအပ်သည်။ မှားယွင်းစွာလုပ်ဆောင်ချက်ကြောင့် ဝမ်းနည်းပူဆွေးမှုကိုဆန့်ကျင်လျက် ခွင့်လွှတ်ခြင်းနှင့် ပြန်လည်ရင်းနှီးချစ်ခင်ခြင်း၊ အညာဏ(ajnana) ခေါ် မသိမှု၏အရှိန်ဩဇာအောက်မှ ကိုယ်ကျင့် တရားနှင့်သက်ဆိုင်သော မှားယွင်းဖောက်ပြန်မှုအား ဘုရားသခင်ထံ ဝန်ခံ၍တောင်းပန်လျှင် အပြစ်အားလုံး ပြေပျောက်သည်ဟူသော ယူဆချက်များနှင့် ကိုယ်ကျင့်တရားတွင် အတွင်းသဘော၌ အထွေထွေရောနှောပေါင်းစပ်မှု လိုအပ်ပေသည်။ ဥပမာအားဖြင့် အိန္ဒိယပြည်၏ ဘာသာယုံကြည်မှု၌ အဆုံးသတ်ခြင်းမရှိသော ပြန်လည်မွေးဖွားမှု သေဆုံးမှုသံသရာမှ ကျော်လွှား လွတ်မြောက်နိုင်ရန် ကျင့်ကြံအားထုတ်သူသည် အမျိုးသမီးနှင့်ပေါင်းဖော်နေထိုင်ရေး၊ စည်းစိမ်ချမ်းသာကြွယ်ဝရေး၊ ထင်ပေါ်ကျော်ကြား လူသိများသူဖြစ်ရေးစသည့် လိုအင်ဆန္ဒ (trsna) ခေါ် တဏှာလောဘ(desires)ကို စွန့်လွှတ်၍ ရသေ့ရဟန်းပြုပြီး လူ့လောကီပတ်ဝန်းကျင်မှ ဖယ်ခွာရန်လိုအပ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် အကယ်၍ လူတစ်ယောက်သည် ဘဝသံသရာမှလွတ်မြောက်မှု(moksa)ကို ရယူလိုပါက ၎င်းကိစ္စမှာ မိမိကိုယ်တိုင် မိမိ၏အရေးမှို့ အဖက်ဖက်မှ တိုးတက်ရန် ပြုစုပျိုးထောင်မှု(Self culture)နှင့် မိမိစိတ်ကို အနိုင်ရယူအောင်မြင်မှု(Self-conquest)ရရှိအောင် ကြိုးစားရပေမည်။

၎င်းပဏာမမိတ်ဆက်မှုနှင့်အတူ ကျွန်ုပ်တို့သည် အမျိုးမျိုးအပြားပြားသော ဘာသာယုံကြည်မှုများ၏ အပြစ်အနာအဆာပြဿနာကို ဆက်လက်တင်ပြသွားပါမည်။

ပါစီဘာသာ(Parsiism)၏ အပြစ်အနာအဆာနှင့်စပ်လျဉ်းသည့် ယုံကြည်ချက်မှာ အဟူရာမာဇဒ်(Ahura Mazda)ဟူသော ထာဝရဘုရားသခင်တစ်ပါးတည်းသာရှိသည်။ ၎င်းသည် လူသားအတွက် ရှေ့ဆောင်လမ်းပြမှုအတွက် စည်းကမ်းဥပဒေသပေးသူဖြစ်သည်။ အဟူရာမာဇဒ်သည် လူသားအား လွတ်လပ်သောစိတ်ဖြင့် ဖန်ဆင်းခဲ့သည့်အားလျော်စွာ လူသားသည်

ထာဝရဘုရားသခင်၏ဥပဒေသကို လိုက်နာလိုက လိုက်နာနိုင်သကဲ့သို့ မလိုက်နာလိုကလည်း မလိုက်နာဘဲနေနိုင်သည်။ အရှာ(asha)ပုံသဏ္ဍာန်ဖြစ်သော ဤဥပဒေသ(ဟိန္ဒူဘာသာ ဝေဒ အယူဝါဒ၏ ဝရုဏမှ ရသနှင့်ပုံသဏ္ဍာန်တူ)သည် ကောင်းမြတ်သောကိုယ်ကျင့်သီလဆိုင်ရာ စည်းကမ်း၊ သဘာဝကျ၍ ဘာသာရေးဆိုင်ရာ လိုက်နာရမည့်အချက်များဖြစ်သည်။ အဟူရာ မာဇဒါက ပြဌာန်းပေးသောဥပဒေကို မလိုက်နာခြင်းသည် အပြစ်အနာအဆာဖြစ်သည်။ လူသား သည် ထာဝရဘုရားသခင်က အထူးအားဖြင့်ဖန်ဆင်းပါလျက် အဘယ်ကြောင့် ဘုရားသခင်၏ အမိန့်နှင့်ဥပဒေသကို မလိုက်နာပါသနည်း?။ အဘယ်ကြောင့်ဆိုသော် အရီမာန်(Ahriman) သည် ကြီးမားဆိုးဝါးသော သဘာဝကပ်ဘေးအန္တရာယ် ဖန်ဆင်းနိုင်ရုံမျှမက လူသား၏ စိတ်ဓာတ်အား ထာဝရဘုရားသခင်၏အမိန့်နှင့် ဥပဒေသကိုနာခံ၍ လိုက်နာဆောင်ရွက်ခြင်း မပြုစေရန်နှင့် မကောင်းမှုကိုပြုလုပ်မိစေရန် လှုံ့ဆော်တိုက်တွန်းသောကြောင့်ဖြစ်သည်။

ဂျူးဘာသာ(Judaism)၏ အပြစ်အနာအဆာနှင့်စပ်လျဉ်းသည့် ယုံကြည်ယူဆချက်မှာ ကမ္ဘာလောကအတွင်းသို့ မကောင်းမှုဝါဒအပြစ်အနာအဆာသည် အာဒမ်(Adham)ကြောင့် စတင်ရောက်ရှိခဲ့သည်ဟူ၍ဖြစ်၏။ ထာဝရဘုရားသခင်က တားမြစ်ပိတ်ပင်ထားသည့် ဉာဏ်ပညာ သစ်သီးအား လူသားက စားသောက်ခြင်းသည် အပြစ်အနာအဆာဂရာနှောပါဝင်နေသည့် အမိန့်တော်ကို မနာခံ ခြင်းပယ်မှုဖြစ်သည်။ ဂျူးဘာသာ၏ ဆက်လက်ယုံကြည်ယူဆချက်များ၌ လူသားအား တရားဥပဒေပုံစံဖြင့် တားမြစ်ချက်များအား သတ်မှတ်ရေးသားသောအမိန့်တော် များကို ထာဝရဘုရားသခင်က ချမှတ်ပေးခဲ့သည်ဟူ၍ဖြစ်သည်။ ထာဝရဘုရားသခင်၏ အမိန့်တော်များကို မလိုက်နာခြင်းအား အပြစ်အနာအဆာဟူ၍ မှတ်ယူခဲ့သည်။ ဂျူးလူမျိုး တို့၏ ကြီးကျယ်သောအပြစ်အနာအဆာနှစ်ခုတို့မှာ ဥပုသ်နေ့(sabbath day)နှင့် ရုပ်ထုကိုးကွယ်မှု (Idol-worship)တို့ကို မသန့်ရှင်းအောင်ပြုလုပ်ခြင်းဖြစ်သည်။ ဂျူးလူမျိုးများအား အခြားသော လူမျိုးများ၏ အုပ်ချုပ်မှုခံရသည့်သမိုင်းကြောင်းအထောက်အထား၌ ၎င်းတို့သည် ပြည်နှင်ခြင်း ခံရသည်အထိ ရှုံးနိမ့်ခဲ့ရခြင်းမှာ ဘားလ်ရုပ်ထုနှင့်အက်ရှာရုပ်ထုအပြင် အခြားသောရုပ်ထုအများ အပြား(idols of baal, Asherah and many other)တို့ကို ကိုးကွယ်မှုသမိုင်းဖြစ်သည်။ ယေရှု ခရစ်တော်သည် များစွာသောသဘာဝတရားနှင့်ဆန့်ကျင်သည့် ထူးခြားဆန်းကြယ်သည့် ပွဲလမ်း

သဘင်များဖြင့် ဥပုသ်နေ့ကို အစားထိုးပြီးပြောက်စေခြင်းကြောင့် စွပ်စွဲမှုခံခဲ့ရသည်။ ထို့နောက် တစ်ဖန် ခရစ်တော်က ၎င်းနှင့်ထာဝရဘုရားသခင်သည် တစ်ဦးတည်းဖြစ်သည်ဟူ၍လည်းကောင်း (St John 10.30) ၊ အေဗြာဟမ်(Abraham)မမွေးဖွားမီရှိခဲ့သည်ဟူ၍လည်းကောင်း(St John8.58)တင်ပြချက်များကြောင့် ထာဝရဘုရားသခင်နှင့်၎င်း၏မြင့်မြတ်မှုများအား သိမ်ဖျင်း အောင်နှိမ့်ချပြောဆိုခဲ့သည်ဟူ၍ စွပ်စွဲခံခဲ့ရသည်။ ထို့ကြောင့် ဂျူးဘာသာ၌ ရုပ်ထုကိုးကွယ် ခြင်း၊ ဥပုသ်နေ့ကိုမသန့်ရှင်းအောင်ပြုလုပ်ခြင်းနှင့် ထာဝရဘုရားသခင်၏ မြင့်မြတ်သောဂုဏ်တော် များအား သေးသိမ်အောင်ပြောဆိုခြင်းတို့သည် ကြီးစွာသောအပြစ်ဖြစ်သည်။

ခရစ်ယာန်ဘာသာ(Christianity)၏ အပြစ်အနာအဆာနှင့်စပ်လျဉ်းသည့် ယုံကြည် ယူဆချက်မှာလည်း အပြစ်ဆိုသည်မှာ ထာဝရဘုရားသခင်အား တော်လှန်ပုံကန်ခြင်းဖြစ်၍ ယင်းသို့ အမိန့်ကို မနာခံမလိုက်နာခြင်းသည် ကျယ်ပြန့်စွာဖြစ်ပေါ်ခဲ့သည်။ အာဒမ်(Adam)သည် ၎င်း၏အမိန့်မနာခံမှုနှင့် ယင်းသို့အမိန့်မနာခံသောစိတ်ဓာတ်က လူသားတစ်ရပ်လုံးအား ကျဉ်းမြောင်း ကြပ်တည်းစေခဲ့သည်။(Romans 5.12) ဤအကြောင်းခြင်းရာကို လူသား၏ မူလအရင်းခံ အပြစ်အနာအဆာဟူ၍ အများကသိရှိထားကြသော တရားဒေသနာဖြစ်သည်။ ဤအဓိပ္ပာယ်သည် လူသား၏စိတ်ဓာတ်သည် သဘာဝတရားအရ မကောင်းမှု၌အမြစ်တွယ်သည် ဟူသောသဘော ဖြစ်သည်။ (*ဗုဒ္ဓဘာသာ၌ ပါပသ္မိံ ရမတိမနော ဟူ၍ဖော်ပြထားပြီး လူ့စိတ်သည် မကောင်းမှု၌သာမွေ့လျော်ပျော်ပိုက်၏ဟူ၍ဖြစ်သည်။–ဘာသာပြန်သူ*) စိန့်ပေါလ်(St Paul)က လူသားသည် ၎င်း၏ရိုင်းပျသော(တိရစ္ဆာန်ကဲ့သို့) သဘောသဘာဝနှင့် ထာဝရဘုရားသခင် ကဲ့သို့မြင့်မြတ်သည့် စိတ်နေသဘောတို့၏အကြား၌ ပဋိပက္ခအတွင်း ဆုတ်ဖြဲခြင်းခံရသည်ဟူ၍ ရေးသားသည်။ ဤလူသား၏ သဘောသဘာဝသည် အလွန့်နိုင်မြပြီး လူသည် ၎င်း၏ချစ်ခြင်း မေတ္တာနှင့်စိတ်ရိုင်း (မယဉ်ကျေးသောစိတ်)၏ လောဘရမ္မက်က နှိပ်စက်သဖြင့် သတ်ဖြတ် စားဝါးခြင်းခံရသောကြောင့် အပြစ်အနာအဆာရှိသောသတ္တဝါတစ်ဦးဖြစ်လာရသည်။ တနည်း အားဖြင့်ဆိုလျှင် ၎င်း၏ တိရစ္ဆာန်ကဲ့သို့ ရိုင်းစိုင်းသော လိုအင်ဆန္ဒနောက်သို့ လိုက်ပါခြင်းအားဖြင့် ဖန်ဆင်းခံရသည့်အချိန်၌ ထာဝရ ဘုရားသခင်၏ ပုံရိပ်လွှာအား လူသား၏ နှလုံးသားအတွင်း ပျိုးထောင်ခဲ့သည့်နေရာ၌ အစားထိုးခဲ့သည်။ မှန်၏၊ ထာဝရဘုရားက ကျွန်ုပ်တို့အား လမ်းညွှန်ရန်

တရားဥပဒေကို ပေးအပ်ခဲ့ပြီး ဖြစ်၏။ သို့ရာတွင် တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်ရန် ကျွန်ုပ်တို့လူ့သဘောသဘာဝက ကျွန်ုပ်တို့အား အတင်းအဓမ္မနာခံစေခဲ့သည်။

''ကျွန်ုပ်သည် အနိစ္စသဘောဖြင့် အမြဲမရှိသောလူသားဖြစ်၍ အပြစ်အနာအဆာသို့ ကျေးကျွန်သဖွယ်ရောင်းစားခံရသည်။ ကျွန်ုပ်ဘာလုပ်သည်ကို ကျွန်ုပ်နားမလည်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်လုပ်ကိုင်လိုသည်ကို ကျွန်ုပ်မလုပ်ဆောင်ခဲ့ပေ ၊ သို့သော် ကျွန်ုပ်မုန်းတည်းသည်ကို ကျွန်ုပ်ပြုလုပ်မိ၏'' (Romans 7.14.15) နောက်ဆုံးနိဂုံးချုပ်ဆိုရလျှင် တရားဥပဒေကို နားလည်ခြင်းမှာ လုံလောက်မှုမရှိပေ ၊ အဘယ်ကြောင့်ဆိုင်သော် တိရစ္ဆာန်ကဲ့သို့ရိုင်းစိုင်းသော ချစ်ခြင်းမေတ္တာသည် လူ့နှလုံးသားအတွင်း အလွန်နိုင်မာ၍ တရားဥပဒေအား နားလည်ပြီးသူသည် အကူအညီမရရှိသော အခြေနေသို့ရောက်လာသည့်ပြင် သူသည် တရားဥပဒေကို ချိုးဖောက်လေသည်။ တရားဥပဒေအကြောင်းကို သူပိုမိုနားလည်သည်နှင့်အမျှ ပို၍ စိတ်ပူးဆွေးသောကဗျာပါဒဖြစ်ရသည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ တရားဥပဒေသအားလိုက်နာခြင်းမရှိသည်ကို သူကိုယ်တိုင်နားလည်လာခြင်းကြောင့်ဖြစ်သည်။ ထာဝရဘုရားသခင်အားဆန့်ကျင်တော်လှန်ပုန်ကန်နေမှုကို သူပို၍နားလည်သဘောပေါက်လာလေလေ ၊ သူ၏ ပြစ်မှုကျူးလွန်သောဖြစ်ရပ်အတွက်သူသည်ပို၍ ဒုက္ခခံစားရလေဖြစ်လာတော့၏။ ထို့ကြောင့် လူသား၏နှလုံးသားအပြစ်အနာအဆာမှ ထွက်မြောက်ရန်နည်းလမ်းလိုအပ်ချက်ဖြစ်လာတော့သည်။ ဤနေရာတွင် ကျွန်ုပ်တို့သည် ယေရှုခရစ်တော်အားလူသားအားလုံး အပြစ်အနာအဆာမှကင်းလွတ်စေရန် လက်ဝါးကပ်တိုင်ပေါ်၌ လူသားအားလုံး၏ကိုယ်စား အသက်သေခံရန် နည်းလမ်းရှာကြံတွေ့ရှိလာသည်။ သို့သော် ဟိန္ဒူဘာသာ၏ အလားတူဖြစ်သောကမ္မ (Karma) ဝန်ထုပ်ဝန်ပိုးနှင့် အပြစ်ကျူးလွန်ခြင်း၏ အရင်းမူလတို့အကြား၌ တူညီ၍ ကောင်းမွန်သောဆောင်ရွက်ချက်တစ်ရပ်ကို ကျွန်ုပ်တို့တွေ့ရှိရသည်။ ဟိန္ဒူတစ်ယောက်သည် ၎င်း၏ကြီးကျယ်သော အတိုင်းအတာပမာဏရှိသည့် ကာယကံမှုအားဆုံးဖြတ်သည့် အတိတ်ကာလ၏ ကမ္မ (Karma)အကျဉ်းသားဘဝအဖြစ်မွေးဖွားလာသည်။ ဟိန္ဒူတစ်ယောက်သည် မည်သည့်နည်းဖြင့် ကမ္မဝန်ထုပ် (the load of Karma)မှ လွတ်မြောက်နိုင်ပါမည်နည်း?။ ထာဝရဘုရားသခင်၏ တော်ဖြင့် လူသားတစ်ဦးအား ၎င်း၏အပြစ်အနာအဆာဝဋ်ကြွေးမှကယ်တင်သည့် ခရစ်ယာန်ဘာသာကဲ့

သို့ပင်၊ ဟိန္ဒူဘာသာ၌လည်း ရာမနုဂျာအယူဝါဒ၊ ဘာခ်တိ (bhakti)ကျောင်းနှင့် အခြားသော အယူဝါဒများ၌ ဘာခ်တာ (bhakta)တစ်ဦးအား ၎င်း၏ကယ်တင်ခြင်းရရှိနိုင်ရန် ဘုရားသခင်၏ မေတ္တာဓါတ်က ကမ္မဝဋ်ကြွေး (burden of karma)ကိုကျော်လွန်စေသည်။

အစ္စလာမ်ဘာသာ (Islam)၏အပြစ်အနာအဆာနှင့်စပ်လျဉ်းသည့် ယုံကြည်ယူဆချက်မှာလည်း အပြစ်သည်ထာဝရဘုရားသခင်အားဆန့်ကျင်သည့်ပုံကန်မှုအဓိပ္ပါယ်ဖြစ်သည်ကို ယုံမှားသံသယရှိရန်မလိုပါ။ အာဒမ် (Adam) မတိုင်မီအချိန်က ထာဝရဘုရားသခင်အား ဦးညွှတ်အရိုအသေမပြုဘဲ အမိန့်တော်အား မလေးစားအလိုက်နာသူ အဗစ်စ် (Ibis)အားပိတ်ဆို့ပိုင်းအုံနေသည့် အပြစ်အနာအဆာများရှိခဲ့ဖူးသည်။ ထိုအချိန်မှစ၍ မကောင်းဆိုးဝါးသည် အမြဲတစေ ဒုက္ခပေးနေပြီး လူသားအားအပြစ်ဖြစ်အောင် လှည့်ဖျားသွေးဆောင်လျက်ရှိသည်။ မူစလင်တစ်ဦးအား ၎င်း၏အပြစ်မှ လွတ်မြောက်စေရေးအတွက် ထာဝရဘုရားသခင် အပေါ်ယုံကြည်မှုနှင့် စပ်လျဉ်း၍ ကြီးကျယ်သောလုပ်ဆောင်ချက်တစ်ခုရှိသင့်ကြောင်း အကြံပြုထားသည်။ ထာဝရဘုရားသခင်၏ ဥပဒေသအား ဖောက်ဖျက်သည့် မည်သည့်အပြုအမူတစ်ခုခုကို ပြုလုပ်သည်ဖြစ်စေ၊ ယင်းသို့ပြုလုပ်သူသည် ကြီးစွာသောဝမ်းနည်း ပူးဆွေးမှု ရရှိမည်ဖြစ်ကြောင်း သံသယရှိရန်မလိုအပ်ပေ။ တစ်နေ့လျှင် ငါးကြိမ်ဝတ်ပြုရမည့် သတ်မှတ်ချက် မဏ္ဍိုင်ငါးရပ် (the five pillllars of five prayers)၊ ဇကတ် (Zakat)ခေါ်ပေးကမ်းဝေငှမှုစသည်တို့ကို အလေးအနက်သတိပြုလိုက်နာရန်လိုသည်၊ ထိုသို့ပြုလုပ်ဆောင်ရွက်ခြင်းသည် မူစလင်တစ်ဦး၏ အပြစ်ကြွေးပြေအေးရန်နှင့်အပြစ်အနာအဆာမှ လွတ်မြောက်ကျော်လွှားရန် ဖြစ်နိုင်ချေရှိပေသည်။ ထာဝရဘုရားသခင်ပေါ်၌ ယုကြည်မှုနှင့်ထာဝရဘုရား၏ သားတော် သခင်ယေရှုက ဘုရားသခင်၏သာသနာပြန့်ပွားရေးအတွက် ရွေးချယ်ထားသော ပုဂ္ဂိုလ်တစ်ဆယ့်နှစ်ဦးအနက်မှ တစ်ဦးပေါ်မပြောင်းမလဲသောရည်ရွယ်ချက်ဖြင့် နေ့စဉ်ဝတ်ပြုဆုတောင်းသည့်ပုံစံများသည် ဘာခ်တိနှင့် တကွပါ (on PAR with BHAKTI )အပေါ်ယုံကြည်ကိုးကွယ်မှုပုံစံနှင့် အသွင်သဏ္ဌာန်တူသည်။ အမှန်စင်စစ်အားဖြင့် ငရဲခန်း၏ အလွန်ထင်ရှားသောရုပ်ပုံသည်လည်း ဘုရားသခင်၏ အမိန့်နှင့် ဥပဒေသကို ဖောက်ဖျက်ကျူးလွန်လျှင် ခံရမည့် အပြစ်သည် ကြောက်စရာကောင်းကြောင်း အသည်းနှလုံးထဲသို့ မှတ်သားမိစေရန် ယုံကြည်စေခဲ့သည်။ မူစလင် တစ်ဦး၏ မိုမိုအားထား

ကြောင်း အသည်းနှလုံးထဲသို့ မှတ်သားမိစေရန် ယုံကြည်စေခဲ့သည်။ မှုစလင်တစ်ဦး၏ မိမိအားထားခြင်းမှာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် သနားခြင်း ဂရုဏာအပေါ်၌ လည်းကောင်း လိုအင်ဆန္ဒများကိုအကောင်းဆုံး ဖြည့်ဆည်းပေးနိုင်သော တမာန်တော်မိုဟာမက်က ထာဝရဘုရားသခင်တရားဆုံးဖြတ်သည့် နေ့တွင်လူတစ်ဦး၏ အပြစ်အနာအဆာများအား ခွင့်ပေးသနားမှုရရှိရန် ရှေ့နေရှေ့ရှက်အဖြစ်ပြုလုပ်ပေးမှုသည် ပြည့်စုံကောင်းမွန်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ချက်ဖြင့် မိမိအားထားခြင်းဖြစ်သည်။

## ဝေဒအယူဝါဒ၏ အပြစ်အနာအဆာနှင့် စပ်လျဉ်းသည့်ယုံကြည်ယူဆချက်
## (Rgvedic conception of sin)

အင်ဒိုအာရိယမ် (Indo-Aryans)နှင့် အီရန်နီယမ် (Iranians)တို့သည် ၎င်းတို့၏ ခွဲခွာသွားရောက်နေထိုင်ခြင်းမပြုမီအချိန်က အတူတကွနေထိုင်ခဲ့ကြကြောင်း ကျွန်ုပ်တို့ (စာရေးသူ) ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ သဘာဝကျကျရေးသားဖော်ပြရလျှင် တစ်ဆူတည်းသော ထာဝရဘုရားဟူသော ယုံကြည်ဆည်းကပ်မှုနှင့်သက်ဆိုင်သည့် ပါဆီဘာသာ (Parsiism)၏အချို့သော အစိတ်အပိုင်းတို့သည် အားလုံးသောအာရိယမ်လူမျိုးတို့၏ တူညီသည့် ယုံကြည်မှုရှိကောင်း ရှိခဲ့ကြမည်ဖြစ်သည်။ တစ်ဆူတည်းသောထာဝရဘုရားသခင်အား ဆည်းကပ်ပူဇော်ကိုးကွယ်မှုသည် တဖြည်းဖြည်းနှင့် ဝေးကွာသည့် အရပ်ဒေသများသို့ပျံ့နှံ့လျက် ဝေဒအယူဝါဒ၏ ဝါရုဏနတ်ဘုရားပူဇော်မှုသို့ ရောက်ရှိလာခဲ့သည်။

ဝေဒအာရိယမ်လူမျိုးများသည် ဝရုဏဘုရားသခင် (Varuna)ပြဋ္ဌာန်းခဲ့သော ရတ (rta)မည်သော ကိုယ်ကျင့်တရားနှင့်ဆိုင်သော ဥပဒေများကို ဝရုဏနတ်ဘုရား (God Varuna) ရှိစဉ်အခါက ကောင်းစွာသိနားလည်ပြီး လိုက်နာခဲ့ကြသည်။ ၎င်းတို့သည် သူတို့၏ ဥပဒေချိုးဖောက်မှုအားလည်း ကောင်းစွာသိရှိကြလျှက် ၎င်း၏အပြစ်အနာအဆာများ၏ အများအကျိုးအတွက် ဆောင်ရွက်ရန် ကိစ္စများနှင့်ဆောင်ရွက်ရန်ပျက်ကွက်မှုများ ခွင့်လွှတ်သနားခြင်းရရှိရန် နည်းလမ်းရှာကြံခဲ့ကြသည်။

၁။ အိုနတ်ဘုရားသခင် ! အရှင်သခင်၏ ဥပဒေသများမည်သို့ပင်ဖြစ်စေကာမူ

အိုဝါရုဏအရှင်သခင်! ကျွန်ုပ်တို့သည် ပုထုဇဉ်လူသားများဖြစ်ကြပါ၍ ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ ဥပဒေကိုချိုးဖောက်နေကြပါ၏။

၂။ ကျွန်ုပ်တို့အား သေမင်းထံသို့ကြီးစွာသောဒုက္ခခံစားရန်မပို့ပါလင့် ! အရှင်သခင်၏ ကြီးမားသောအမျက်ဒေါသကြောင့် ကျွန်ုပ်တို့မသေပါရစေလင့်! အရှင်သခင်၏ ပြင်းထန်သောအမျက်ဒေါသအား ချုပ်တည်းတော်မူပါလော့! (R.V.VII.89)

ထိုနည်းတူစွာယူဆရာတွင် (R.V.VII. 89)ဝေဒအာရိယမ်လူမျိုးတို့လည်း နတ်ဘုရား၏ သနားကြင်နာမှု ပေးသနားတော်မူရန်တောင်းပန်၏။

အိုဝရုဏနတ်ဘုရားသခင်!ကျွန်ုပ်တို့မှာပုထုဇဉ်လူသား ငမိုက်သားဖြစ်ကြပါသဖြင့် အပြစ်အနာအဆာနှင့်များယွင်းစွာပြုမူ ဆောင်ရွက်မှုများသည် အရှင်နှင့်ဆန့်ကျင်သည့် မိုက်မဲသောအပြုအမူဖြစ်လို့ ခွင့်လွှတ်ပေးသနားတော်မူပါ ကောင်းကင်ဘုံနန်းစံမြန်းသည့် ဘဘုရားသခင်!

ကျွန်ုပ်တို့အသိဉာဏ်မှတဆင့်လို ချင်သော စိတ်ဆန္ဒဖြစ်လာသောအခါ ကျွန်ုပ်တို့ အရှင်သခင်၏ ဥပဒေသများအားချိုးဖောက်ခြင်းကို အပြစ်မယူခွင့်ပေးတော်မူပါ!

အိုဘုရားသခင်!ထိုမညီမျှမှုကိုတော့ သိတော်မူစေချင်!(R.V.89.5)

ခရစ်ယာန်ဘာသာ၏ ကျမ်းစာသစ် (Romans. 5-12) (7.24) နှင့်ဟိန္ဒူဘာသာဝေဒ အယူဝါဒ၏ (R.V.1.25-2 နှင့် 1.Cor . 15.56) တို့အရ ယင်းဘာသာယုံကြည်ချက်တို့၌ အပြစ်အနာအဆာအတွက် ဆုလာဒ်မှာ သေဒဏ်ဖြစ်သည်ဟုဆိုသည်။

## ရာမနုဂျာ(Ramanuja)အယူဝါဒ၏အပြစ်အနာအဆာနှင့်စပ်လျဉ်းသည့်ယူဆချက်

ရာမနုဂျာအယူဝါဒအဖို့ရာ၌ အပြစ်အနာအဆာသည် နတ်ဘုရား (God) အားဆန့်ကျင်သည့်တော်လှန်ပုန်ကန်မှုဖြစ်သည်။ နတ်ဘုရားသည် ၎င်း၏စိတ်ဆန္ဒ၏ လွတ်လပ်မှုကို ပေးအပ်ထားပြီးဖြစ်သည့်ပြင် သျှတ္တရကျမ်း (Shastras) တွင်၎င်း၏လမ်းညွှန်အဖြစ် ၎င်းအား ညွှန်ကြားချက်များပေးအပ်ထားခဲ့သည်။ ဤညွှန်ကြားချက်များသည် များစွာသော ဆောင်ရန်ရှောင်ရန်အချက်များ၏ ကျင့်ဝတ်စည်းကမ်းပုံစံမျိုးဖြစ်သည်။ သျှတ္တရကျမ်း (Shastras) တွင်ရေးသား

ဖော်ပြချက်မှာ လူသားသည် နတ်ဘုရား၏ အမိန့်တော်များအား ချိုးဖောက်ခြင်းဖြင့် အဆုံးသားနား မရှိသောသံသရာ၏ ပြန်လည်မွေးဖွားခြင်းများနှင့်သေဆုံးခြင်းများ တွေ့ကြုံရင်ဆိုင်စေရန် အမိန့် ချမှတ်ထားခဲ့ပြီးဖြစ်သည်။ ဆုံးခန်းတိုင်မရှိသော ပြန်လည်မွေးဖွားခြင်းများ (endless rebirths) ဆိုသည့်အဓိပ္ပါယ်မှာ ဆုံးခန်းတိုင်မရှိသော ဒုက္ခခံစားရခြင်းအား တမာန်တော်ကိုးကွယ်သည့် ဘာသာများမှ ငရဲမီးဟူသော အဆုံးအမ ဒေသနာနှင့်ပို၍ တူကြောင်းနှိုင်းယှဉ်ကြည့်နိုင်သည်။ ဤမျှသာမဟုတ်သေးပေ ၊ ထာဝရဘုရားသခင် (ဝါ) နတ်ဘုရားအား ဆန့်ကျင်သည့် ပြစ်မှုကျူးလွန်ခြင်းသည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာလည်းဖြစ်တော့သည်။

"သူသည်မကောင်းဆိုးဝါး၏အသိဉာဏ်ရရှိပြီး မကောင်းမှုဒုစရိုက်များကို အသေအချာ အမြဲမက္ခာရရှိစေမည်သာဖြစ်သည်" (Vedarthasangraha- Padas 124-125)

ဤမကောင်းမှု ဒုစရိုက်လောက၌ ကျရောက်မှုသည် အပြစ်ပေးခံရခြင်း အစစ်အမှန် ဖြစ်သည့်ပြင် မြင့်မြတ်စွာ ဖြစ်ပေါ်လာမည့် သဘာဝတရားသည် မှန်ကန်ခြင်း၏ ဆုလာဒ် တစ်ခု ဖြစ်သည်။ထို့ပြင်တဝ ဤသဘောအဓိပ္ပါယ်မှာ ဘုရားသခင်၏နောက်ပါသာဝကအဖြစ် သင့်တော်သူ ဖြစ်ရန်မှာ မြင့်မြတ်သော နေ့စဉ်ဘဝများသည် အမြင့်ဆုံးသောဖန်ဆင်းမှု၏ တူညီသော အချက် ဖြစ်သည်။ ဤနေရာ၌ ရာမနုဂျာ (Ramanuja) နှင့်ခရစ်ယာန်ဘာသာ (Christianity) တို့သည် အချင်းချင်းလက်တွဲထားကြသည်။ ရာမခရစ်ရှနာ (Ramakrishna)၏ အဆိုအရ အပြစ်အနာ အဆာသည် လွတ်လပ်သောစိတ်ဆန္ဒအားလက်ခံထားခြင်းနှင့်အတူ လိုက်ပါလာသည်။ သို့သော် လူသားသည် လွတ်လပ်ခြင်းမရှိပါပေ။ အရာခပ်သိမ်းတို့သည် ထာဝရဘုရားသခင်၏ စိတ်ဆန္ဒ ပေါ်၌သာ တည်ပေ၏။ ထို့ကြောင့် လူသည် လွတ်လပ်သော စိတ်ဆန္ဒရှိသည်ဖြစ်စေ ၊ အပြစ် အနာအဆာရှိသူဖြစ်စေ ၊ ထာဝရဘုရားသခင်အပေါ် ကောင်းစွာနားလည်း သဘောပေါက်သူ လူတစ်ဦး၏ အမြင်ရှုဒေါင့်မှကြည့်လျှင် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အရာခပ်သိမ်းသည် ဘုရားသခင်၏မာယာကျော့ကွင်း (God's maya) မှ မလွတ်ကင်းနိုင်ကြပေ။(M.274,M.677, M. 820)။လူသည် ဝက်နှင့်တူ၍ ဘုရားသခင်သည် ငင်းဝက်ကို မောင်းနှင်သူနှင့်တူသည်။ (M.21) သို့သော် ရာမခရစ်ရှာနာ (Rama Krishna ) ကလည်း နောက်ကျပြီးမှ ယုံကြည်မှု တစ်ခုမှအခြား ယုံကြည်ချက်သို့ ကူးပြောင်းလာသူသည် (neophyte )အစပိုင်းကာလ၌ အပြစ်

အနာအဆာရှိသည်ဟု ခံစားချက်တစ်ခုရှိကြောင်း ဝန်ခံထားလေသည်။ (M.403)

## မှားယွင်းမှုအတွက်ခံစားရသောအပြစ်ဒဏ်နှင့် ပြန်လည်ပေးဆပ်ရသော ဝင်ကြွေး EXPIATION AND ATONEMENT

မှားယွင်းစွာ ကျူးလွန်မှုအတွက် ခံစားရသော ပြစ်ဒဏ် (Expiation) ဆိုသည်မှာ မှားယွင်းသောလုပ်ဆောင်မှုအတွက် ပျက်စီးမှုအားမှန်ကန်အောင် ပေးဆပ်ခြင်း (reparation) အပြုအမူဖြစ်၍ ပြန်လည်ပေးဆပ်ရသော ဝင်ကြွေး (Atonement) ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ အပြစ်အနာအဆာကို သုတ်သင်ဖယ်ရှားပြစ်ခြင်း ၊သို့မဟုတ်လူတစ်ဦးသည် အပြစ် အနာအဆာမှ အသွေးအရောင် ပြောင်းလဲစေခြင်းအတွက် မိမိ ကိုယ်တိုင် လွှတ်လပ်စေခြင်းဖြစ် သည်။ပါစီဘာသာ(Parsi religion) ကအပြစ်အနာအဆာအတွက် ပြစ်ဒါဏ်ခံစားရခြင်းထက် အပြစ်မကျူးလွန်မိအောင် ရှောင်ကျဉ်ခြင်းကပို၍ကောင်းသည် ဟူ၍ယုံကြည်သည်။အလေ့အထ အားဖြင့် ဝတ်ပြုကိုးကွယ်သူများသည် မိမိတို့ပြစ်မှားသော ပြစ်ဒါဏ်အတွက် ဝင်ကြွေးပြန်လည် ပေးဆပ်ကြရသည် (ဗုဒ္ဓဘာသာ၌ရဟန်းသံဃာများက အပြစ်အသေးအမွှားကို အာပတ်ဖြေ သကဲ့သို့ ဖြစ်နိုင်သည်-ဘာသာပြန်သူ)။ အပြစ်ကျူးလွန်သူတစ်ဦးသည် မိမိကိုယ်တိုင် ရိုးသား ပွင့်လင်းစွာဖြင့် မိမိကျူးလွန်မိသောပြစ်ရပ် အားလုံးအသေးစိတ်ဝန်ခံရန်လိုအပ်ပြီး လူထုပရိတ် သတ်ရှေ့တွင် မြင့်မြတ်သောကဗျာလင်္ကာများ (recital of sacred gatha)ကိုအသေးစိတ် ရွတ်ဆိုပူဇော်ရသည်။ ထိုအကြောင်းကိစ္စနှင့်ပတ်သက်၍ ဆိုကြပါစို့ ကဗျာလင်္ကာဂါထာတစ်ပုဒ် ကို လူထုပရိတ်သတ်ရှေ့တွင်ရွတ်ဆိုပူဇော်ခြင်းဖြင့် ရက်စက်ကြမ်းကြုတ်သည့် မကောင်းဆိုးဝါး တစ်ဦးအား မောင်းထုတ်ပစ်နိုင်သည်။ မှားယွင်းစွာဆောင်ရွက်မှုကြောင့် ခံစားရမည့် အပြစ် ဒဏ်ကို ဤဘာဝ၌သာလျှင်ဝတ်ပြုကိုးကွယ်မှုမှတစ်ဆင့်ကုစားပြုပြင်နိုင်သည်။ မှန်ကန်သော နောင်တ (True repentance)ဆိုသည်မှာ စိတ်အလိုဆန္ဒတစ်ခုကို ပြောင်းလဲပြစ်ခြင်း ဖြစ်သည်။ လူတစ်ယောက်၏ အပြစ်အနာအဆာကို ဒက်စတ (Dastur)ဟုသိကြသောပါစီဘုန်းတော်ကြီး (Parsi priest)တစ်ပါးပါး၏ ရှေ့တွင် ပြုလုပ်ရသည်။ ကျယ်လောင်သောအသံကိုပြု၍ မျက်ရည် စို့ရွဲငိုပွဲဝင်လျှက် ကြီးစွာသောနောင်တရမှုဖြင့် လူတစ်ဦး၏ အပြစ်အနာအဆာအားထိရောက်သော

အကျိုးအာနိသင်ရရှိရန် ဆေးကြောကုစားနိုင်သည်။မည်သို့ပင်ဖြစ်စေကာမူ ဤကဲ့သို့သော တူညီသည့်အပြစ်အနာအဆာအတွက် ဤတစ်ကြိမ်တည်းဖြင့် စိတ်ကိုသန့်ရှင်းအောင် ပြုလုပ်ရမည့်အမှတ်သင်္ကေတဖြစ်ရမည်။

ဂျူးဘာသာ (Judaism)၏ မှားယွင်းမှုအတွက် ခံစားရသောပြစ်ဒဏ်နှင့်ပြန်လည်ပေးဆပ်ရသောဝင်္ကြွေနှင့်စပ်လျဉ်း၍ လူတစ်ဦးတစ်ယောက်၏ အပြစ်အနာအဆာများကိုဆေးကြောသုတ်သင်ကုစားရာတွင် အလွန်များပြားသော ဘာသာရေးဆိုင်ရာ ကျင့်စဉ်များရှိ၏။ လူတစ်ဦးတစ်ယောက်၏ မှားယွင်းစွာဆောင်ရွက်ခဲ့မိခြင်းအတွက် ဝမ်းနည်းစိတ်မကောင်း ဖြစ်နေသည့် နောင်တအား ဖယ်ရှားသုတ်သင်ရန်အတွက် အကောင်းဆုံးအထိရောက်ဆုံးနှင့် မိမိ၏လိုအင်ဆန္ဒပြည့်ဝရန်မှာ တိရစ္ဆာန်၏အသက်ဖြင့် ယစ်ပူဇော်၍ မိမိနှင့်ဘာသာတူလူများသို့ ပေးဝေခြင်းဖြစ်သည် (Larticus 6.24.27) ။နောက်ပိုင်းကာလ၌ တိရစ္ဆာန်ယစ်ပူဇော်သည့်နေရာ၌ ဝမ်းနည်းစိတ်မကောင်းဖြစ်ရသည့် နောင်တရခြင်းကို အလေးအနက်ထား၍ ဖော်ပြခဲ့သည်။ယစ်ပူဇော်ရတွင် အစတေးခံရမည့် တိရစ္ဆာန်သည် လှပချောမောသောတိရစ္ဆာန်တစ်ကောင်ဖြစ်၍ အရုပ်ဆိုးအကျဉ်းတန်သည့် တိရစ္ဆာန်မဖြစ်စေရပါ။ယစ်ပူဇော်ရာတွင် မိမိအိမ်၌ ချစ်ခင်စွာမွေးမြူထားသော တိရစ္ဆာန်တစ်ကောင်အား သတ်ဖြတ်ခြင်းပြုရသည်။ယစ်ပူဇော်သည့်အချိန်၌ မိမိ၏မှားယွင်းမှုအတွက် အပြစ်အနာအဆာအား သန့်ရှင်းဖယ်ရှားလိုသူ လူပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏လက်များကို ယစ်မူဇော်ခြင်းခံရမည့် တိရစ္ဆာန်၏ဦးခေါင်းပေါ်သို့တင်၍ ပူဇော်မှုပြုရန်ဖြစ်သည့်ပြင် သတ်ဖြတ်ခံမည့် တိရစ္ဆာန်သည် မိမိလိုအင်ဆန္ဒပြီးမြောက်မှုအတွက်ဖြစ်သည်ဟု သဘောထားရမည် (Leviticus 1-3.5)။ဒုတိယအဆင့်အနေဖြင့် ယစ်ပူဇော်မှုပြုလုပ်သူကိုတိုင် သတ်ဖြတ်၍ပူဇော်ပသရမည်။ယစ်ပူဇော်မှုအလို့ငှါ သတ်ဖြတ်ခြင်းခံရသဖြင့် သေသွားသည်တိရစ္ဆာန်သည် ယစ်ပူဇော်မှုပြုလုပ်သူ၏ ကိုယ်စားအဖြစ်ခံရသည်။ထို့ကြောင့် ယစ်ပူဇော်မှု ပြုလုပ်သူသည် ၎င်းလိုက်နာ ဆောင်ရွက်ရမည့်ကိစ္စကို ပြစ်မှားကျူးလွန်သော အပြစ်အနာအဆာကိုဝန်ခံလျှက် ထာဝရဘုရားသခင်၏ မေတ္တာဓာတ်အားရှာဖွေခြင်း ၎င်း၏အပြစ်အနာအဆာအား ဆေးကြောသုတ်သင်ရသည်။ ယစ်ပူဇော်ခြင်းခံရသည့် တိရစ္ဆာန်၏အသားအချို့အဝက်ကို ထာဝရဘုရားသခင်အား ထူးခြားချိုမြိန်သောအနံ့အရသာပူဇော်သည့် အနေဖြင့် ယင်းအသားစိမ်းကိုမီးရှို့ရသည်။ဤနေရာ၌

ဟိန္ဒူဘာသာ ဝေဒအယူဝါဒနှင့်ရှေးဦး ဂျူးလူမျိုးတို့၏ တိရစ္ဆာန်နှင့် ၎င်းအားမီးပုံသို့ထည့်၍ ယစ်ပူဇော်သည့် အစဉ်အလာများအကြား တူညီမှုရှိသည်ကို လူတစ်ယောက်အနေဖြင့် အလွယ်တကူတွေ့မြင်နိုင်၏။ ဟိန္ဒူဘာသာဝေဒလူမျိုးတို့၏ အဂ္ဂနိ (Agni) ခေါ် မီးသည် နတ်ဘုရားများ၏ ပါးစပ်ပေါက်ဖြစ်၍ ၎င်းမှတစ်ဆင့်သတ်ဖြတ်ထားသည့် တိရစ္ဆာန်အား စားသုံးသည်။

သို့သော် မှားယွင်းစွာပြုမူ ဆောင်ရွက်ခဲ့ခြင်းအတွက် ပူဆွေးသောကဗျာပါဒဖြစ်ရခြင်းဟူသော နောင်တတရားအသိမပါဘဲ တိရစ္ဆာန်ယစ်ပူဇော်ခြင်းမှာ အကျိုးမရှိပေ။နောက်ပိုင်းကာလများတွင်မှားယွင်းစွာပြုမူဆောင်ရွက်ခြင်းအတွက် နောင်တတရားရရှိခြင်းကို အလေးအနက်ပြုဖော်ပြခဲ့သည့်ပုံစံမှာ အောက်ပါအတိုင်းဖြစ်သည်။

ဘုရားသခင်ကမိန့်ကြားတော်မူသည် " ငါအရှင်ကိုယ်တော်မြတ်သည် အသင်၏သာသာရေးဆိုင်ရာပွဲတော်များကို မုန်းတည်းသည်............ငါ့အရှင်မြတ်ထံသို့ သင်သယ်ယူလာသော မီးသင်းမြိုက်ထားသော လှူဒါန်းဝတ္ထုများနှင့် သီးနှံစားသောက်ဖွယ်ရာများ၊ယင်းတို့အား ငါလက်ခံလိမ့်မည် မဟုတ်ပါ။ထိုသင်တို့ငါ့ထံသယ်ဆောင်လာသော စားသောက်ဖွယ်ရာများအစား တရားမျှတမှန်ကန်မှုကိုသာလျှင် ချောင်းရေစီးဆင်းသည့်ပမာ ငါ့ထံသို့သယ်ယူလာပါ..... (Amos5.21.24)

တဖန် " သင့်၏တုံ့ပြန်သောချစ်ခြင်း မေတ္တာကိုသာ ငါအရှင်လိုလားပါ၏၊ သင်၏တိရစ္ဆာန်အားယစ်ပူဇော်ခြင်းကို ငါအလိုမရှိပါ။" (Hosea 6.6)

ဂျူးလူမျိုးတစ်ယောက်သည် အစားအစာခြိုးခြံစွာကျင့်သုံးခြင်း၊ဆင်းရဲချို့တဲ့သူများအား အဝတ်အစားနှင့် အစားအစာပေးကမ်းဝေငှခြင်း၊တိုရတ် (Torah)ကျမ်းစာအားလေ့လာခြင်းနှင့် မှားယွင်းသောပြစ်မှုအတွက် ဝင်္ကြွေးပြန်လည်ပေးဆပ်သောအားဖြင့် ဘုရားသခင်၏ ခပ်ဆပ်ဆပ်ဟောကြားဆုံးမခြင်းအား လက်ခံသည့်သဘောဖြစ်သည်။သို့သော် ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို သတိရအောက်မေ့နေထိုင်ခြင်းသည် လူတစ်ဦးတစ်ယောက်၏ အပြစ်အနာကိုထုတ်ပယ်ပစ်ရန် နောက်ဆုံးနှင့်တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။လူတစ်ဦးတစ်ယောက်၏ အပြစ်အနာအဆာကို လူအများရှေ့မှောက်၌ ထာဝရဘုရားသခင်ထံ ဝန်ခံပြောဆိုခြင်းသည်လည်း မိမိ၏ မှားယွင်းစွာ ဆောင်ရွက်မိခဲ့ခြင်းအတွက် ပြန်လည်ပေးဆပ်ခြင်းနှင့် စပ်လျဉ်း၍ အထောက်အကူ

ပြုသော လုပ်ရပ်တစ်ခုဖြစ်သည်။မှားယွင်းမှုအတွက်ဝင်္ခကြွေး ပေးဆပ်သည့်နေ့တွင် လူများ၏ အပြစ်အနာအဆာများ အားလုံးအတွက်ပင်လျှင် တိရစ္ဆာန်အားယစ်ပူဇော်ခြင်းနှင့် သက်ဆိုင်သူ လူများအားလုံး၏ တစ်စိတ်တစ်ဒေသအနေဖြင့် အပြစ်ပေးရန်အတွက် တင်ပြရန်လိုအပ်ပေသည်။ (Leviticus, Chapters.16,17)

မှားယွင်းစွာပြုမူဆောင်ရွက်မှုအတွက် ဝင်္ခကြွေးပြန်လည်ပေးဆပ်ရခြင်းနှင့်စပ်လျဉ်း၍ ခရစ်ယာန်ဘာသာ၏ ပောကြားချက် (Christian doctrine of Atonement)အား ဂျူးဘာသာ ၏အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သော မှားယွင်းစွာပြုမူဆောင်ရွက်မှုအတွက် အပြစ်ပေးရန် တောင်းပန်ချက်နှင့် ဝင်္ခကြွေးပြန်ပေးဆပ်ခြင်းဟူသော ပောကြားချက်မပါဝင်လျှင် နားလည်နိုင် မည်မဟုတ်ပေ။ယင်းပောကြားချက်မှာလူ၏စိတ်ဆန္ဒအား လိမ်လည်လှည့်ဖျားသည့် မူလအပြစ် အနာအဆာ (original sin) ဖြစ်သည်။ဤမူလအပြစ်အနာအဆာ၏အဓိပ္ပါယ်ကို ရိုးသားစွာဖော်ပြ ထားသည်မှာ ထိုသို့လူသား၏အသိဉာဏ်အတွင်း နက်ရှိုင်းစွာ စွဲလမ်းယုံကြည်လျက်ရှိသော မိမိလိုရာဆွဲ၍ တွေးခေါ်မှုက ၎င်းအားတိရစ္ဆာန်ထက်ပို၍ ဘာသာရေးဆိုင်ရာယုံကြည်မှုဖြစ်စေ သည်။ လူသားသည် လူအဖြစ် ဖန်ဆင်းခြင်းခံရသောအချိန်၌ ထာဝရဘုရားသခင်က ၎င်းအား ပေးအပ်ထားသည့် ၎င်း၏လူ့သဘောသဘာဝတရားက ၎င်း၏ဘာသာရေးယုံကြည်မှု သဘော သဘာဝတရားအား ဆန့်ကျင်လျက်ရှိသောကြောင်း ပဋိပက္ခအတွင်း အစိပ်စိပ်အမွှာမွှာစုတ်ပြတ် လျက်ရှိနေ၏။လူသားအတွက် လမ်းညွှန်ချက်အဖြစ် ဥပဒေသများ ရှိနေပြီး ဖြစ်သည်ကို သံသယ မရှိပါ။သို့သော်လူသားသည် ထိုဥပဒေများအား သိနားလည်ထားသော်လည်း ၎င်း၏အခွင့်အာဏာ တန်ခိုးပါဝါကင်းမဲ့၍လာသည့်အတွက် ၎င်း၏အသိဉာဏ်တွင် တိရစာန်၏သဘော သဘာဝက အလွန်အားကောင်းနေပေ၏။

" ကောင်းသောအမှု ကျွန်ုပ်ပြုလုပ်လိုသောအခါ ကျွန်ုပ်မပြုလုပ်မိပါ။မှားယွင်းသော အမှုပြုလုပ်ရန် ကျွန်ုပ်အားထုတ်သောအခါ ယင်းမကောင်းမှုအား ကျွန်ုပ်တစ်နည်းနည်းဖြင့် ပြုလုပ် မိသည်သာ။"(Romans 7.12-19)(ဗုဒ္ဓဘာသာတွင် လောကနီတိကျမ်း၌– ပါပသ္မိံရမတေ မနော ဟူသောစိတ်သည် မကောင်းမှု၌သာ မွေ့လျော်၏ဟူသော စကားနှင့်တူသည် – ဘာသာပြန်သူ)

အကျိုးရလဒ် ကဘာဖြစ်သနည်း?။လူသားသည် ၎င်း၏လူ့သဘောသဘာဝနှင့်

မကောင်းမှုမိုက်ပြစ်ကြောင့် အကူအညီတစ်စုံတစ်ရာမရှိသော အခြေအနေ၌သာရှိနေပေသည်။ သို့သော် ထာဝရဘုရားသခင်က လူသားအား သူကိုယ်တော်တိုင်၏ ပုံရိပ်လွှာအတိုင်းဖန်ဆင်းတော်မူခဲ့ပြီး မြင့်မြတ်သောလူသားအဖြစ် တည်ရှိနေစေလို၍ သူဖက်သို့သာ မျက်နှာမူလျှက်သူ၏ အမိန့်တော်အား ရိုသေလေးစားချင်၏။ဤသို့မည်သောနည်းဖြင့် ဖြစ်နိုင်ပါမည်နည်း?။

ခရစ်ယာန်ဘာသာ၌ ထာဝရဘုရားသခင်အယူအဆမှာ တရားသူကြီးနှင့် ဥပဒေပြုလုပ်ပေးသူအဖြစ် ချစ်ခြင်းမေတ္တာ ၊ခွင့်လွှတ်ခြင်း၊ဂရုဏာနှင့် ဘုရားသခင်၏ ခွင့်လွှတ်ပေးသနားခြင်းတို့ဖြစ်သည်။ ထာဝရဘုရားသခင်သည် သခင်ယေရှုအား အရာခပ်သိမ်းတို့၌ သူ၏အမိန့်တော်အား ရိုသေလေးစားလိုက်နာ တည်ရှိနေစေရန်သူ၏ သားတော်အဖြစ် လူ့လောကသို့စေလွှတ်ခြင်း ဖြစ်သည်။ ထို့အပြင် သခင်ယေရှုသည် ၎င်း၏ ဘဝတစ်သက်တာလုံး အပြစ်အနာအဆာမရှိဘဲ နေထိုင်ခဲ့သည်။ထို့ကြောင့် သခင်ယေရှုတစ်ဦးတည်းသာလျှင် ဘုရားသခင်၏တပည့်သာဝက လူများစွာတို့၏ အပြစ်အနာအဆာများ ပြေပျောက်စေရေးဒုက္ခဝင်္ကြေး ပြန်လည်ပေးဆပ်ရေးအတွက် အတိတ်ကာလ၌ ခြောက်ပြစ်ကင်းသဲလဲစင် လှပသန့်ရှင်းသော တိရစ္ဆာန်များနေရာတွင် သခင်ယေရှုအားယစ်ပူဇော်ရန် သင့်တော်လှပေသည်။ထို့ကြောင့် ခရစ်ယာန်ကျမ်းစာသစ်က အောက်ပါအတိုင်းမှတ်တမ်းတင်ခဲ့သည်–

''ကမ္ဘာလောက၏ အပြစ်အနာအဆာများအား ပြေပျောက်ချုပ်ငြိမ်းစေသော ထာဝရဘုရားသခင်၏ သိုးငယ်အား အမှတ်တရရှိကြပါ။''(14)

ယုံကြည်ကိုးကွယ်သူများအဖို့ရာ၌ ၎င်းတို့၏လူ့သဘောသဘာဝနှင့် ဆက်စပ်လျှက်ရှိသော အပြစ်အနာအဆာအား ကျော်လွှားလွှတ်မြောက်ရန် မည်သည့်နည်းဖြင့် ဖြစ်နိုင်ပါမည်နည်း။?

ကောင်းပါပြီ ၊ခရစ်တော်၏ သေဆုံးမှုတွင် အလွန်ထင်းရှားသော အချက်နှစ်ချက်ရှိပါသည်။ပထမအချက်မှာထာဝရ ဘုရားသခင်က လူသားအားချစ်ခင်သနားတော်မူ၍ ၎င်း၏ အပြစ်အနာအဆာကို ခွင့်လွှတ်ရန် အဆင်သင့်ရှိပြီး သူ၏နောက်ပါ သာဝက တပည့်သားအဖြစ် ပြန်လည်လက်တွဲခေါ်ခဲ့သည်။သခင်ယေရှုက လက်ဝါးကပ်တိုင်ပေါ်၌ သူ့အားသတ်ဖြတ်ရန် ကြံစည်အားထုတ်သူများအား ခွင့်လွှတ်တော်မူရန် ဘုရားသခင်ထံပန်ကြား တောင်းပန်မှုကိုပြသနိုင်ခဲ့

သည်။ထို့ကြောင့်ထေရဝါဒဗုဒ္ဓဘာသာ၏ အပြစ်အနာအဆာရှိသူတစ်ဦးအား သူ၏သာသနာတော်တွင်းသားအဖြစ် ပြန်လည်သိမ်းသွင်းလိုသည့် ဆန္ဒရှိတော်မူသည်။ဆက်လက်၍ တပ်ပြရသော် ယခင်ယေရှုမှ တဆင့် ဘုရားသခင်ထံသို့လာခြင်းမရှိလျှင် လူသား သည်မြင့်မြတ်သော လူပုဂ္ဂိုလ်များအား သတ်ဖြတ်ရန် ကြံစည်အားထုတ်မှုနှင့် အပြစ်ရှိနေလိမ့်မည်။ထို့ကြောင့် သခင်ယေရှု၏သေဆုံးမှုက လူသားသည် မကောင်းမှု၏အရှိန်ဩဇာအောက်၌ အချည်းအနှီး အလဟဿ နေထိုင်လျှက်ရှိကြောင်းဖော်ပြချက်၏ အတိမ်အနက်ကိုညွှန်ပြနေပေသည်။လူတစ်ယောက်အနေဖြင့် ၎င်း၏အပြစ်အနာအဆာအား ခွင့်လွှတ်ပေးသနားခြင်းရရှိရန်နှင့် ၎င်း၏အပြစ်အနာအဆာထက်များသော ဘဝတစ်သက်လုံးကောင်းမှု ကုသိုလ်အဖြစ် ဘာကိုလုပ်ကိုင်သင့်ပါသနည်း?။လွန်လေပြီးသော အတိတ်ကာလ အချိန်သမယတို့၌ လူအများတို့သည် ၎င်းတို့၏ စိတ်နှလုံးငြိမ်းချမ်းမှုအတွက် နှစ်စဉ်နှစ်တိုင်း တိရစ္ဆာန်များအား ယစ်ပူဇော်ကြသကဲ့သို့ သခင်ယေရှု၏အသက်ကိုစတေး၍ ယစ်ပူဇော်ခဲ့လေပြီ။ထာဝရဘုရား သခင်သည် သခင်ယေရှု၏ကိုယ်ကျိုးစွန့် စေတနာဝန်ထမ်းအဖြစ် လူသားအားလုံး၏အပြစ်အနာအဆာများအတွက် ဒုက္ခဝင်ကြွေးပေးဆပ်သောအားဖြင့် မိမိသဘောဆန္ဒအလျောက် အသက်ပေး၍ အစတေးခံလျှက် ယစ်ပူဇော်ခြင်းအား လက်ခံတော်မူခဲ့ပြီး သခင်ယေရှုအား လူတိုင်း၏နှလုံးသားတွင် ယုံကြည်သက်ဝင်ခဲ့ကြသည်။ဤသို့သခင်ယေရှုအား ယုံကြည်သက်ဝင်မှုသည် လူသား၏နှလုံးသားအတွင်းဘဝ၏စိတ်ဓာတ်ခွန်အားကိုတိုးပွားစေ၍ ထိုခွန်အားတိုးပွား သောစိတ်နှလုံးဆိုသည်မှာ ထာဝရဘုရားသခင်က လူသားအား ဖန်ဆင်းတော်မူသည့်အချိန်က ၎င်းလူသား၏နှလုံးသား၌ ပြုစုပျိုးထောင်ခဲ့သည့် ထာဝရဘုရားသခင်၏ပုံရိပ်လွှာအားပြန်လည်ရရှိခြင်းကိုဆိုလိုသည်။အိန္ဒိယရှေးရိုးစဉ်က ဘာသာကိုးကွယ်မှု၏အဆိုအရ ၊အညာ (ajnana) ခေါ်မိုက်မဲစွာမသိမှုကြောင့် လူတစ်ယောက်သည် ၎င်း၏လွတ်မြောက်မှု၌ ပျောက်ကွယ်နေသောမပြောင်းမလဲ အမြဲတည်နေသည့် ရှေးယခင်ယုံကြည်ချက်နှင့်ခရစ်ယာန်ဘာသာ၏ယုံကြည်ချက် တူညီနေခြင်းကို လူတစ်ဦးအနေဖြင့် အလွယ်တကူတွေ့မြင်နိုင်ပေသည်။ ခရစ်ယာန်ဘာသာ၏ ဒုက္ခဝင်ကြွေးပြန်လည်ပေးဆပ်ခြင်း အဆုံးအမတရားဒေသနာ(ဆိုလိုသည်မှာ– လူတစ်ဦး၏အပြစ်အနာအဆာအားခွင့်လွှတ်ခြင်း)၌လည်း လူသားသည် ပျောက်ကွယ်နေသော ထာဝရဘုရားသခင်ပုံရိပ်လွှာအားပြန်လည်ရရှိသည်။

တဖန်ထပ်မံ၍ဆိုရပြန်သော် အသက်အသေခံ၍ သခင်ယေရှု၏ယစ်ပူဇော်ခြင်းအား ထာဝရဘုရားသခင်၏မေတ္တာဟူ၍ ဆိုရပြန်သည်။လူသားသည် ၎င်း၏ ကိုယ်တိုင် ပိုင်ဆိုင်သော ကောင်းမြတ်သည့် ကာယကံ၏ကုသိုလ်အရှိန်အဟုန်ကြောင့် အပြစ်အနာအဆာအား ခွင့်လွှတ်မှုနှင့် ထာဝရဘုရားသခင်နှင့် အတူတကွပြန်လည် ပေါင်းစည်းညီညွတ်မှုကို ရရှိနိုင်ပေ၏။ဤအရာမှာ ယုံကြည်သူများအားလုံးအတွက် ထာဝရဘုရားသခင်၏မေတ္တာရှေ့ထား အခမဲ့ပေးသနားတော်မူသော အရာဖြစ်သည်။ဟိန္ဒူဘာသာ ကသိုပနိရှတ် (Kathopanishad)က ကျေးဇူးတော် (Grace or parasada)သည် လူတစ်ဦးအား ဘုရားသခင်၏ကြီးမြတ်မှုကို အားထားမှီခိုရန် ဖန်ဆင်းရှင်ကပြုလုပ်ပေးသည် ဟူ၍ ခံယူထားသည်။(2.20)

ဤဝိညာဉ် (အတ္တမာန် – Atman) သည်ညွှန်ကြားချက်၊သို့မဟုတ် အသိဉာဏ်ပညာသို့မဟုတ် များစွာသော သင်ကြားတက်မြောက်မှုတို့ဖြင့် မရရှိနိုင်ချေ။ဤအရာအား ရွေးချယ်သော တစ်ခုသောအရာဖြင့်သာ ရရှိနိုင်ပေးသည်။(15)

ထို့အပြင် ရာမနုဂျာ (Ramanuja)က ကျေးဇူးတော်ဟူသော သဘောတရားအား ၎င်းမတိုင်မီအချိန်က အယ်ဗာစ် (Alvars)ကျင့်သုံးလိုက်နာသကဲ့သို့ လက်ခံယုံကြည်ခဲ့သည်။ သို့ရာတွင် အထက်တင်ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ဤတရားဒေသနာဘာခတိ(bhakti)နှင့် ဝေးကွာ၍ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်သောမနု အယူဝါဒ၏ဓမ္မကဏ္ဍအကြောင်းကို ယာဇ္ဂျနာဗာတ်ကျ (the dharmakanda of Manu, Yajnaval kya has also mentioned)က prayascita ခေါ် မှားယွင်းသည့် ဆောင်ရွက်မှုအတွက် အပြစ်ပေးရန် တောင်းခံခြင်း(expiation) နှင့်သက်ဆိုင်သည့် အသေးစိတ်ကိုဖော်ပြခဲ့သည်။မှားယွင်းသည့်ကြီးပမ်းအားထုတ်မှုအတွက် အပြစ်ပေးရန်တောင်းခံခြင်း(expiation)၏ အထွေထွေအပြားပြားများစွာသော အဓိပ္ပါယ်ပုံရိပ် နိမိတ်လက္ခဏာကို သိမြင်ရန် ဤနေရာတွင်အလွန်တိုတောင်းသည့် အချက်အလက်များအား ဖော်ပြနိုင်သည်။

မူးယစ်သေစာသောက်စားခြင်းအား တင်းကြပ်စွာတားမြစ်သည်၊ ဤတားမြစ်ချက်အား ဖေါက်ဖျက်ကျူးလွန်ခဲ့သူများသည်၊ ထိုမူးယစ်စေတက်သော သေရည်သေရက်ကို အပူဓါတ်ပေး၍ ဆူပွက်နေသည့်အချိန်၌ ယင်းသေရည်သေရက်အား သောက်စားဖေါက်ဖျက်ကျူးလွန်

နိုင်သည်။ဗြဟ္မာတစ်ဦးကို သတ်ဖြတ်သူအား ဤရည်ရွယ်ချက်အတွက်စနစ်အပ်ထားသော မြား ပစ်သမားကသတ်ဖြတ်လိမ့်မည်။ရွှေရမှသာလျှင် ရွှေဖမ်းသည့်သတ္တုစစ် မစစ်ဆုံးဖြတ်ရာ၏ (A theif of gold was considered pure by being killed)။လယ်ကွင်းမြင်သို့မဟုတ် ရေတွင်း တစ်ခု အစရှိသော အများအသုံးပြုနိုင်သည့်အရာအား မိမိတစ်ဦးတည်းသောအသုံးပြုခြင်းသည် မှားယွင်းစွာ ပိုင်ဆိုင်မှုပြုလုပ်ခြင်းဖြစ်၍ ပဉ္စဂါဝယ (pancagavaya)ခေါ် ငါးမျိုးသောအကျိုး ရယူခြင်းဖြင့် စိတ်ကိုပြုပြင်နိုင်သည်။[ wrongful appropriation of a field a well etc, could be expiated by taking pancagavaya (five things belonging to a cow, namely,milk,ghee, curd,cow dung and urine)]။ဤအကြောင်းအရာကို go - vrata ဟူ၍ ဟိန္ဒူဘာသာအရ သိနားလည်ကြသည်။ဗြဟ္မာကြီးသို့ သဘာဝအလျောက် စွမ်းအင်ကို ပေးအပ်သည့် အချိန်များ၌ မြင့်မြတ်သောနေရာဒေသများသို့ ဘုရားဖူးသွားရောက်ခြင်းသည် အလွန်ကောက်ကျစ်ရက်စက်ယုတ်မာသော ပြစ်မှုများအား ပြုပြင်ဖာထေးသည့် အဓိပ္ပါယ်ဖြစ် သည်။

### ဝတ်ပြုပူဇော်မှုနှင့်ဆုတောင်းခြင်း -WORSHIP AND PRAYER

WORSHIP ခေါ်ဝတ်ပြုပူဇော်မှုနှင့် PRAYER ခေါ်ဆုတောင်းမှု ဝါ အသနားခံတောင်း ပန်မှု နှစ်ခုစလုံးသည် နှစ်မျိုးနှစ်စား အားထားကိုးကွယ်မှုပါတ်သက်နေသည်။အဘယ်ကြောင့် ဆိုသော် ဝတ်ပြုပူဇော်သည် နတ်ဘုရားသို့ (ဝါ)နတ်ဘုရားမအား ကိုးကွယ်ခြင်းဖြစ်သည့်ပြင် ဆုတောင်းမှု (ဝါ) အသနားခံမှုသည်လည်း ကိုယ်စောင့်နတ်တစ်ပါးသည် ၎င်းအားယုံကြည်ကိုးကွယ် သူများသို့ ၎င်းတို့၏စိတ်အားထက်သန်သော တောင်းခံမှုကို တုံ့ပြန်ကူညီနိုင်သူထံ ဆုတောင်း ခံခြင်းဖြစ်သည်။ကျွန်ုပ်တို့ (စာရေးသူ)ကို ဂုဏ်ကျေးဇူးကင်းမဲ့သောဗြဟ္မာအား ဝတ်ပြုပူဇော်ရန် မညွှန်ကြားခဲ့ပါ။သမာဓိစွမ်းအား (Samadhi)ခေါ်အိပ်မပျော် တပျော်အချိန် (trance)သို့မဟုတ် ကျွန်ုပ်တို့ရှန်ကာရအယူဝါဒက ပြောပြသကဲ့သို့ (nudidhyana)အချိန်၌သာလျှင် ဗြဟ္မာကို ကောင်းစွာတွေ့မြင်သိရှိနိုင်သည်။

" ဆုတောင်းခြင်း(ဝါ)အသနားခံခြင်း" အား " ဝတ်ပြုဆုတောင်းခြင်း"ဖြင့်သာ ပြုလုပ်

ရသည်။ဝတ်ပြုကိုးကွက်မှုတွင် ဆုတောင်းခြင်းသာမကပဲ များစွာသောပူဇော်မှုများပါဝင်သည်။ ရုဒေါ့ဖ်အော့တို (Rudolph otto)က ကျွန်ုပ်တို့အားပြောကြားသကဲ့သို့ ဝတ်ပြုပူဇော်မှုပြုရာ အရှုခံ အာရုံခံအာရုံသည် အလွန်ကြီးကျယ်၍ တန်ခိုးအာဏာထက်မြတ်သည်၊ မတွေ့မြင်နိုင်၊မသိနားမလည် နိုင်သောအရာ (Mysterium tremendum et fascinosum)ဖြစ်သည်။ "မတွေ့ မြင်နိုင်ပဲ မသိနားမလည်နိုင်သော" ဟူသည့်အဓိပ္ပါယ်မှာ မဖြေရှင်းနိုင်သောပြဿနာဟူ၍ မဆိုလိုပေ၊အဘယ် ကြောင့်ဆိုသော ပြဿနာတစ်ခုသည် ဖြေရှင်းနိုင်သည့်ဘောင်အတွင်းရှိ ရှိသောကြောင့် ဖြစ်၏။ သို့သော်ထာဝရဘုရားသခင်သည် အနှစ်သာရအားဖြင့်မတွေ့ မြင်နိုင်သော အရာဖြစ်သည်။အဘယ် ကြောင့်ဆိုသော် ဘုရားသခင်အား ရေးသားဖော်ပြခြင်းငှါမစွမ်းနိုင်သည့်အပြင် အမြင်အားဖြင့် နားမလည်နိုင်သော ထာဝရဘုရားသခင်၏အကြောင်းခြင်းရာကို စိတ်လှုပ်ရှားမရှိပဲ ခံစားမှုဖြင့် ရှင်းလင်းစွာနားလည်ရန်ဖြစ်နိုင်သောကိစ္စဖြစ်သည်။ထာဝရဘုရားသခင်သည် ၎င်းအားအလွန် ကြည်ညို၍ ဖူးတွေ့ မြင်လိုသူပုဂ္ဂိုလ်အား ပို၍ မတွေ့ မမြင်နိုင်အောင်ဖုံးကွယ်မှုပြုသည်ဟူ၍ဆိုသည်။ ၎င်းအား " ဤအရာမဟုတ်၊ဤအရာမဟုတ်" "neti,neti" ဟူ၍သာလျှင်ရေးသားဖော်ပြနိုင်ပေ သည်။တမာန်တော်ကိုးကွယ်သည့် ဘာသာယုံကြည်မှု၌ ထာဝရဘုရားသခင်အား လူတစ်ယောက် ၏ဖန်ဆင်းရှင်အဖြစ် အသိအမှတ်ပြုခဲ့သည့်အပြင် ဝတ်ပြုပူဇော်သူသည် ၎င်း၏ဖန်ဆင်းခံလူသား ဘဝအား ရာမနုဂျာသဘောပေါက်သည့်နည်းတူ ၎င်းသည် ဘုရားသခင်အပေါ်၌ လုံးဝမှီတည်နေရ ခြင်းကိုကောင်းစွာသဘောပေါက်နားလည်သည်။ထို့ကြောင့်ဘုရားသခင်က ဝတ်ပြုကိုးကွယ်သူများ အား ၎င်းထံသို့ လုံးဝဥဿုံယုံကြည်အပ်နှံ၍ ၎င်း၏အမိန့်ကိုအကြွင်းမဲ့ နာခံစေလိုသည်။ဘုရားသခင် သည်ဝတ်ပြုကိုးကွယ်သူတစ်ဦးအား ၎င်းအပူဇော်ခံအာရုံအဖြစ် ကန့်သတ်ထားမြစ်နိုင်ပါမည် လော?။

William James နှင့် John Stuart Mill တို့က ထာဝရဘုရားသခင်သည် ကမ္ဘာလောကကြီး၏များပြားလှသော မကောင်းမှုများကို ကောင်းမွန်လာစေရန် အကန့်အသတ် မရှိ တန်ခိုးအာဏာမတည်နိုင်ဟူ၍ စဉ်းစားမိခဲ့ကြောင်း သိရသည်။သို့ရာတွင် တစ်ဆူတည်းသော ထာဝရဘုရားသခင်ရှိသည်ဟူ၍ ယုံကြည်သူများကမူ ထိုသို့မထင်ပေ။ဝတ်ပြုကိုးကွယ်သူတစ်ဦး သည် ထာဝရဘုရားသခင်ထံ မိမိကိုယ်ကို အကြွင်းမဲ့အပ်နှံရပါမည်။အလုံးစုံခြုံငုံ၍ ပြောရလျှင်

J.N .Findlay သုံးသပ်တင်ပြသကဲ့သို့ ဘုရားသခင်ထံအားလုံးအပ်နှံခြင်းမှာ ပူဇော်ဝတ်ပြုစဉ် အချိန် အပူဇော်ခံအာရုံ အကန့်အကတ်မရှိသည့်အခါသာ ဖြစ်နိုင်ပေလိမ့်မည်။အပူဇော်ခံအာရုံသည် ဝတ်ပြုကိုးကွယ်ခြင်းပြုသူ၏ ဘဝတည်ရှိနေမှုအတွက် အကန့်အသတ်မရှိ မှီတည်နေယုံမျှမက ထာဝရဘုရားသခင်သည် မြင့်မြတ်မှု၍ မရိုးသားမသန့်ရှင်းသည့် နတ်ဝဇီနှင့် ကိုယ်ကျင့်သိက္ခာ ကိုယ်အမှုအရာရှိသော လူတစ်ယောက်အား မိမိအနီးအနားသို့ပင် ချဉ်းကပ်ခွင့်မပြုပေ။ ထို့ကြောင့် ဝတ်ပြုကိုးကွယ်သူသည် မြင့်မြတ်တော်မူသည့် ဘုရားသခင်အားကြီးစွာသော ကြောက်ရွံ့ထိတ်လန့်စိုးရိမ်စိတ်နှင့် မိမိကိုယ်တိုင်သည် ထင်းမီးစပြာနှင့်ဖုံမှုန့်မျှသာ ဖြစ်ပါတကားဟူ၍ ဖြစ်နေတော့၏။၎င်းသည်အချိန်တိုင်း၌ ထိတ်လန့်ကြောက်ရွံ့နေလျက် သူသည် အမှန်တကယ် ထာဝရဘုရားသခင်အား အကြွင်းမဲ့ဝတ်ပြုပူဇော်နေခြင်းမဟုတ်ဟူ၍ စွဲလမ်းထင်မှတ်နေလျက် ရှိသည့်ပြင် ဘုရားသခင်အားကန့်သတ်တားမြစ်ထားခြင်းခံရသည့် ရယ်စရာကောင်းသော ရုပ်ပြောင်သဖွယ်ခံစားမိတော့၏။ ဤသည်မှာ အပ္ပယာဒစ်ရှစ် (App aya Dikshit) ခံစားနားလည်သည့် ဘုန်းရှင်ကံရှင်တန်ခိုးတော်အနန္တ အရှင်ဘုရားသခင်အား ဝတ်ပြုကိုးကွယ်သည့် နေရာများကို သတ်မှတ်ထိန်းချုပ်မှုပြုလုပ်သည်ဟူသော အဓိပ္ပါယ်ဖြစ်သည်။

ဘဂဝတာပူရဏ (Bhagavata Purana) ကျမ်း၏အလိုအရ ကိုးကွယ်ဆည်းကပ်ပူဇော်သက္ကာယပြုခြင်းသည် bhakti အတွင်းသို့ ပြည့်ဝစွာရောက်ရှိ တိုးတက်လာခြင်းဖြစ်၍ ဘုရားသခင်ဆောင်ရွက်ချက်များကို နားထောင်ခြင်း ၊ ဘုရားသခင်အားချီးကျူးခြင်း ၊ ဘုရားသခင်အား သတိရအောင်းမေ့ခြင်း ၊ ဘုရားသခင်၏ ခြေတော်အားသန့်စင်ပေးခြင်း ၊ ခြေတော်ကို ဦးခိုက်ပူဇော်ခြင်း ၊ ဘုရားသခင်၏ ရှေ့တော်၌ မျက်နှာကို မြေကြီးပေါ်တွင် ထိစေလျက် ကိုယ်ကို ဝပ်စင်းတံတားခင်းသည့်နှယ် ပူဇော်သမ္မာဂါရဝပြုခြင်း ၊ ဘုရားသခင်အားအလုပ်အကျွေးပြုခြင်း၊ ဘုရားသခင်အား ကာယ,ဝဇီ, မနောချိုလျှက် ကြည်ညိုမြတ်နိုး မာန်ကိုချိုး၍ ရိုကျိုးဂါရဝ ချစ်ခင်ကြောင်းကို ပြသခြင်းတို့ပါဝင်သည်။ အချို့သောစာပိုဒ်များနှင့် စကားလုံးများကို သင့်လျော်သလို ပြုပြင်မွမ်းမံ၍ ဘုရားရှင်အမျိုးမျိုးတို့ဝတ်ပြုကိုးကွယ်ပူဇော်ကြရာတွင် အသုံးပြုနေကြသည်။

Bhakti နည်းနာနိသယအရ ကိုးကွယ်ဆည်းကပ်ရာ၌ ၎င်း၏ဘုရားသခင်အပေါ်၌ ထားရှိသောကြည်ညိုသဒ္ဓါတရားသည် စိုးရွံ့မှုကြောင့် လျော့နည်းပျောက်ကွယ်မသွားစေရန် နေ့စဉ်

မပြတ်မိမိ၏ စိတ်ကို စောင့်ကြည့်ရန်လိုအပ်ပေ၏။ ထိုသဘောတရားမှာ မျောက်ကလေးတစ်ကောင်သည် သူ့အမေမျောက်မကြီးအားဖက်တွယ်ထားရာမှ ပြုတ်မကျစေရန် ကြိုးစားအားထုတ်မှုနှင့်တူလှပေ၏။ ဤအကြောင်းအရာအချက်အလက်ကို markata - kishora- nyaya ဟုသိရှိနားလည်ထားကြ၏။ သို့သော် bhakti နောက်ဆုံးအဆင့်ကို prapatti ဟုခေါ်ပြီး အဆိုပါအဆင့်၌ ဘုရားသခင်ကိုယ်တော်တိုင်သည် ၎င်းကိုယုံကြည်ကိုးကွယ်သူအား ကူညီရန်ကောင်းကင်ဘုံမှ လှုပြည်သို့ ဆင်းသက်လာပြီး ယုံကြည်ကိုးကွယ်သူကလည်း သူကိုယ်တိုင်ဘုရားသခင်သို့ လုံးဝဥဿုံအပ်နှံလျက် ၎င်း၏တစ်ခုတည်းသော ကိုးကွယ်အားထားရာဟူ၍ဆည်းကပ်၏။

Prapatti အဆင့်၌ အောက်ပါထူးခြားချက်များရှိသည်–

(၁) လူသားများအားလုံးနှင့် သတ္တဝါများအပေါ် စိတ်စေတနာကောင်းရှိရေး ဦးစားပေးရန် –

(၂) မည်သည့်သတ္တဝါအပေါ်ကိုမျှ မကောင်းသောစိတ်မထားရှိရေး –

(၃) ထာဝရဘုရား (နတ်ဘုရား) သည် မိမိအားအကွယ်အကွယ်ပြုပေးမည်ဖြစ်ကြောင်းကိုလည်းကောင်း ၊ မိမိ၏နေ့စဉ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးလိမ့်မည်ဟု အပြည့်အဝယုံကြည်မှုရှိရေး–

(၄) ထာဝရဘုရားသခင်အား မိမိ၏ဒုက္ခဝဋ်ကြွေးကို မိမိကိုယ်စား ပြန်လည်ပေးသူအဖြစ်လည်းကောင်း ၊ မိမိအားကယ်တင်ပေးသူအဖြစ်လည်းကောင်း ဆည်းကပ်ကိုးကွယ်ရေး–

(၅) Sharanagati ဟူ၍သိနားလည်ရသော မိမိ၏ တစ်ကိုယ်လုံးကိုဘုရားသခင်ထံအပ်နှံရေး။

ဂီတကျမ်း (Gita)ကျမ်း၏စာပိုဒ် – ၇.၁၆ တွင်ဖော်ပြထားသည့်ယုံကြည်ကိုးကွယ်မှု (၄)မျိုး (၄)စားရှိရာ ၎င်းတို့မှာ –

(၁) မိမိတို့အား ကမ္ဘာမြေ၏ ကောင်းကျိုးပေးသနားတော်မူမည့် ဘုရားသခင်ကိုလိုလားတောင့်တကြသည့် ယုံကြည်ကိုးကွယ်သူများ (artharthi) ၊

(၂) မိမိတို့၏ စိတ်၌ ခံစားနေကြသောပူဆွေးဝမ်းနည်းမှု , စိုးရိမ်ကြောင့်ကြမှုများ ကင်းစင်ပပျောက်စေလို၍ ယုံကြည်ကိုးကွယ်သူများ (artharthi)

(၃) အသိဉာဏ်ပညာထက်မြက် နိုးကြားမှုဖြင့်လည်းကောင်း မိမိတို့၏ စိတ်ဓါတ်ဖြူစင်မြင့်မြတ်မှုဖြင့်လည်းကောင်း၊ ဗြဟ္မာ့ဉာဏရရှိရေးအတွက် ယုံကြည်ကိုးကွယ်သူများ (JiJnasu)

(၄) ဘုရားသခင်နှင့်တွေ့ဆုံ ပေါင်းစည်းလိုသည့် အလိုဆန္ဒဖြင့် ယုံကြည်ကိုးကွယ်သူများ (Sayujyarthi) Sayujyarthi သည်အကောင်းဆုံးအမျိုးအစားဖြစ်၍ Jijnasu သည် ဒုတိယအကောင်းဆုံးအမျိုးအစားဖြစ်သည်။ ဝတ်ပြုပူဇော်ရန်အတွက်အောက်ဖော်ပြအချက်အလက်များလိုအပ်သည် -

(က) ဘုရားသခင်၌ အနန္တော အနန္တဂုဏ်ရည်များရှိ၍ မမြင်တွေ့နိုင်သောသဘောရှိ၏ ဟူ၍ လည်းကောင်း ၊ အနန္တတန်ခိုးအာဏာရှိသည် ဟူ၍လည်းကောင်း ၊ အနန္တရုပကာယရှိသည် ဟူ၍ယုံကြည်ပြီး ဝတ်ပြုရန်

(ခ) ဘုရားသခင်၌ အတုမရှိသည့် အကောင်းဆုံးသော ဂုဏ်တော်ရှိသည်ဟူ၍လည်းကောင်း၊ လူသားတို့၏ ကောင်းစွာပိုင်ပိုင်သိရှိနားလည်နိုင်သည်ထက်ပို၍ သိမြင်နားလည်နိုင်စွမ်းရှိသည်ဟူ၍ ယုံကြည်ဝတ်ပြုရန်

(ဂ) ဘုရားသခင်အား အကြွင်းမဲ့ မှီခိုအားထားမှုပြု၍ ဝတ်ပြုရန်

(ဃ) မိမိ၏တစ်ကိုယ်လုံးကို ဘုရားသခင်ခံအပ်နှံ၍ဝတ်ပြုရန်

(င) မိမိ၏ လုံးဝဥဿုံ ကုန်စင်သောပြုမူဆောင်ရွက်ချက်များနှင့် မိမိကိုယ်တိုင်ပါဝင်ပါတ်သက်မှုများ အားဘုရားသခင်အပေါ် တာဝန်ပုံအပ်၍ဝတ်ပြုရန်

(စ) bhakta တစ်ဦးသည် နောက်ဆုံးကြိုးစားအားထုတ်မှုအပိုင်းတွင် ဘုရားသခင်၏ ကောင်းမြတ်မှုနှင့်လူအများအတွက် ကောင်းကျိုး

ချမ်းသာဖြင့်ချီးကျူးခြင်းနှင့် ရွတ်ဆိုပူဇော်ခြင်းကိုမကျညီနိုင်တော့ပေ။

## ဆုတောင်းခြင်း(ဝါ) အသနားခံတောင်းပန်ခြင်း - PRAYER

ဆုတောင်းခြင်းဆိုသည်မှာ ဝတ်ပြုကိုးကွယ်ခြင်းဖြစ်၍ အသည်းနှလုံးထဲမှ စိမ့်ယိုထွက်လာပြီး နှုတ်ဝစီအားဖြင့် ရှင်းလင်းပိပြင်စွာနှင့် ပြည့်စုံစွာဖော်ပြချက်ဖြစ်စေ ၊ သို့မဟုတ် သိပ်မရှင်းလင်းသည့်ရွတ်ဖတ်ပူဇော်ခြင်းဖြင့်ဖြစ်စေ ကျူးရင့်သီဆိုခြင်းကိုဆိုသည်။ထိုကိစ္စ အကြောင်းခြင်းရာသည် ဝတ်ပြုဆုတောင်းသူ၏ အတွေ့အကြုံအလေ့အကျင့်အရ ဆုတောင်းမှုကို အလွန်တိကျသေခြာစွာပြုလုပ်နိုင်သည်။ ဝတ်ပြုဆုတောင်းသူ အလိုရှိသည့်အတိုင်း ရုတ်တရက် ချက်ခြင်းမပြန့်ကြားသည်ဖြစ်စေကာမူ မလှုပ်မယှက် မရွှေ့မပြောင်းပဲ ငြိမ်သက်နေသောအခါ၌ အလွန်တရာမမျှောလင့်ထားသည့်နည်းဖြင့် ၎င်းအားကူညီစောင့်ရှောက်သည်။ ဂီတကျမ်း (Gita)၏ အဆိုအရ ဝတ်ပြုဆုတောင်းသူသည် ၎င်း၏သင်္ခါရ (Sam Karas)စေတနာအလျောက် ၎င်း၏စိတ်သဘောထားပြောင်းလဲမှု ဖြစ်လာသည်။ ၎င်း၏ ကိုယ်စောင့်နတ်ဖြစ်စေ ၊ (Gita . 17.4) ၎င်း၏ကိုယ်စောင့်နတ်အားယုံကြည်စိတ် ဝင်လာလျှင် ဝင်လာခြင်း ၎င်း၏ဝတ်ပြုကိုးကွယ်ခြင်း ဆုလာဒ်ကိုရရှိလေတော့၏ (Gita 7.21)။ ဘုရားသခင်အား လုံးဝဥဿုံ အပြည့်အစုံ သက်ဝင်ယုံကြည်မှု စိတ်တစ်ခုကို ဝတ်ပြုဆုတောင်းသူထံ ဘုရားသခင်ယူဆောင်ပေးသည်အထိဖြစ်၏။ Rananuja အယူဝါဒက ဘုရားသခင်နှင့် ၎င်းအားဝတ်ပြု ကိုးကွယ်သူများအား အခက်အခဲအတားအဆီးဖြင့်ခွဲခြားထားရှိခြင်းငှာမစွမ်းနိုင်တော့ပဲ ၎င်း၏ အတ္တ (His own atman) သည် မထိန်းသိမ်းနိုင်တော့ဟူ၍ ယုံကြည်လက်ခံထားသည်။ (Ramsnujas comment on Gita VIII 14:IX.2)

တစ်ဆူတည်းသော ထာဝရဘုရားသခင်ရှိသည်ဟု သက်ဝင်ယုံကြည်ဆည်းကပ်ကိုးကွယ်သူများက ၎င်းတို့၏ လိုအင်ဆန္ဒများကို ဘုရားသခင်က ဖြည့်ဆည်းပေးသည်ဟု ယုံကြည်စွဲလမ်းကြ၏။ သခင်ယေရှုက လူအများတို့သည် ပထမဦးစွာထာဝရဘုရားသခင်၏ တိုင်းပြည်ကိုရှာဖွေသင့်ကြပေ၏။ သို့မှသာလျှင် ထာဝရဘုရားသခင်က ၎င်းတို့၏လိုအင်ဆန္ဒအဝဝကိုဖြည့်ဆည်းပေးလိမ့်မည်ဟူ၍ ပြောခဲ့၏။ (Matthew. 6.33)

ခရစ်ယာန်များ၏ ဘုရားသခင်ထံဆုတောင်းပုံနှင့်ဟိန္ဒူတို့၏ ဂါယာထရီ (Gayatri) ခေါ်ဂယာမြစ်အတွင်းအပြစ်များအားဆေးကြောခြင်းကို ကျွန်ုပ်တို့ရေးသားဖော်ပြခဲ့ပြီးဖြစ်၏။ မူစလင်တစ်ဦးသည် နေ့စဉ် ငါးကြိမ်ဝတ်ပြုဆုတောင်းရာတွင် "ကြီးမြတ်တော်မူသော အလ္လာအရှင်" ဟူ၍ စတင်လျက် အကူအညီပေးတော်မူရန် ဘုရားသခင်ထံ တောင်းခံရ၏။ ဝတ်ပြုဆုတောင်းခြင်းများမှာ လိုက်နာရမည့်ကျင့်ဝတ်ဖြစ်၍ ဆုတောင်းလိုက ဆုတောင်းနိုင်၏။ နေ့စဉ်ငါးကြိမ်ဝတ်ပြုဆုတောင်းခြင်းမှာ လိုက်နာရမည့်ကျင့်ဝတ်ဖြစ်သည့်အပြင် သောကြာနေ့တိုင်း ဗလီတစ်ခုအတွင်းသို့သွားရောက်၍ စုပေါင်းဝတ်ပြုရသည်။ အခါအားလျော်စွာပြုလုပ်သည့် ဆုတောင်းဝတ်ပြုမှုများစွာရှိသေး၏။ ဥပမာ- မူစလင်ဘာသာဝင်တစ်ဦး သေဆုံးပြီးနောက်ပြုလုပ်သည့် ဝတ်ပြုဆုတောင်းပွဲများနှင့် မက္ကာသို့ဘုရားဖူးသွားရောက်အောင်မြင်သောအခါ ပြုလုပ်သည့်ဝတ်ပြုဆုတောင်းပွဲ စသည့်တို့ဖြစ်၏။ဝတ်ပြုဆုတောင်းပွဲများ၏ ရည်ရွယ်ချက်မှာ မူစလင်ဘာသာယုံကြည်ကိုးကွယ်သူအား ဘုရားသခင်နှင့် ပေါင်းစည်းမိရန်ဖြစ်သည်။ထို့ပြင် ၎င်းအား မကောင်းသောအတွေးအခေါ်နှင့် အပြုအမူများရှောင်ကျဉ်ရန်ဖြစ်သည်။

ဝတ်ပြုဆုတောင်းခြင်း နှင့်မှော်အတတ်ပညာ -PRAYER AND MAGIC

ဝတ်ပြုဆုတောင်းမှုတွင် ကိစ္စအကြောင်းအရာနှင့် ပြည့်ဝသောယုံကြည်ချက်အား အပြည့်အဝနားလည်သဘောပေါက်သည် ဟုဆိုရပေမည်။ ထာဝရဘုရားသခင်က ဝတ်ပြုဆုတောင်းသူ၏ လိုအင်ဆန္ဒကို ခွင့်ပြုလိုက ခွင့်ပြုမည်ဖြစ်၍ မပြုလိုက မပြုပဲရှိနိုင်သည်။ဝတ်ပြုဆုတောင်းသူအတွက် အကောင်းဆုံးကိုရရှိ၏။သို့ရာတွင် လူတစ်ဦး တစ်ယောက်သည် ဘုရားသခင်အားဝတ်ပြုဆုတောင်းသူ၏ ရချင်လိုချင်သောဆုကို ခွင့်ပြုပေးသနားရန် အတင်းအဓမ္မတောင်းခံ၍ မရပေ ၊ ၎င်း၏ရိုသေကျိုးနွံစွာဖြင့် ဝတ်ပြုဆုတောင်းမှုတွင် အလေးအနက်ရှိမှု မရှိမှုက အရေးမကြီးပေ။မှော်အတတ်ပညာဆိုင်ရာစကားလုံးများ ၊အမိန့်ပေးခိုင်းစေချက်များမှ အလိုရှိသောအကျိုးရလာဒ် ရရှိစေမည်ဖြစ်၍ ဤသည်မှာစုန်းပြုစားသည့် နည်းဖြင့်ရရှိခြင်းကို မလိုလားသောကြောင့်ဖြစ်သည်။ဆိုလိုသည်မှာ မှော်အတတ်ပညာသည် များသောအားဖြင့် သဘာဝနိယာမနှင့် အများအားဖြင့် တူညီလျက် အကယ်၍ နည်းလမ်းမှန်ကန်သော ပုံသေနည်းကို သတ်မှတ်ပြီး

အသုံးလျှင် အကျိုးရလဒ်ကိုရရှိလာမည်ဖြစ်သည်။တစ်ဖန် ဝတ်ပြုဆုတောင်းမှုတစ်ခုပြုလုပ်ရာတွင် စိတ်အားထက်သန်မှုဖြင့် ဝတ်ပြုဆုတောင်းသူအား အမြဲတစေ စိတ်၏နူးညံ့ သိမ်မွေ့မှုဖြစ်စေ၏။ ဆန့်ကျင်ဘက်အားဖြင့် မှော်အတက်ပညာ၌ ယင်းအတက်ပညာကို ကျင့်သုံးသူများ၏ လိုအင်ဆန္ဒအဝဝကို ကူညီညာဝိုင်း၍ မိုင်းမပေးနိုင်သည့် နတ်ဒေဝါတစ်စုံတစ်ရာ ရှိကောင်းရှိနိုင်သလို ရှိချင်မှ ရှိနိုင်ပေမည်။

၁။ မှော်အတက်ပညာ၏ ဂါထာမန္တရားနှင့်ဝတ်ပြု ဆုတောင်းမှုများသည် မမြင်နိုင် မမြင်အပ်သော သဘာဝလွန်တန်ခိုးရှင်များသို့ နှုတ်စကားဖြင့် သိကြားစေအပ်သည့် ကိစ္စများ ဖြစ်ပြီး အထူးတလည် အဓိပ္ပါယ်ဆောင်သည့်ကွဲပြားခြားနားမှုများရှိသည်။

(က) ဝတ်ပြုဆုတောင်းခြင်းကို သတ္တဝါများအားလုံး ကောင်းကျိုးချမ်းသာရရှိခံစားနိုင်ရန် အတွက်ဖြစ်၍ ပူဇော်ပသသူသည် မည်သူတစ်ဦးတစ်ယောက်မျှ မကောင်းမှုမဖြစ်စေလိုပေ။

(ခ) ဝတ်ပြုဆုတောင်းရာ၌ ပူဇော်ပသဆုတောင်းသူ၏ လိုအင်ဆန္ဒသည်ရရှိနိုင်ကောင်းရရှိနိုင်မည် ၊သို့မဟုတ်မရရှိပဲလည်းဖြစ်ကောင်းဖြစ်နိုင်သည်။သို့သော် မှော်အတတ်ပညာကတော့ ဂါထာမန္တာန်တွင်ဖော်ပြထားသည့်အတွက် ယင်းသို့ပြောဆိုထားသည့်အတိုင်း အလိုရှိမျှော်လင့်ထားသည့် အကျိုးရလဒ် ရရှိလာလိမ့်မည်ဟု ယုံကြည်သည်။

(ဂ) ဝတ်ပြုဆုတောင်းခြင်းကို အဓိပ္ပါယ်ရှိ၍ သိနားလည်နိုင်သော အရပ်သုံးဘာသာစကားဖြင့် ပြုလုပ်ကြသည်။ သို့ရာတွင် မှော်အတတ်ပညာ၌မူအဓိပ္ပါယ်ကင်းမဲ့သောစကားလုံးများ ပါဝင်သည့်ဂါထာမန္တာန်များဖြစ်သည်။

(ဃ) ဝတ်ပြုဆုတောင်းခြင်း၌ မန်းမှုတ်အမိန့်ပေးခြင်းသည် စိတ်အလိုဆန္ဒဖြစ်ပေါ်လာသည့်အတိုင်း အခြားလမ်းသို့ပြောင်းလဲသွားနိုင်ပေသည်။ သို့သော် အမိန့်ပေးနေသည့် အဓိပ္ပါယ်ကင်းမဲ့သည့် စကားလုံးများပါသည့် ဂါထာမန္တာန်များမှာ သတ်သတ်မှတ်မှတ်ဖြစ်ပြီး စကားလုံးများကို များသောအားဖြင့်ပီပီပြင်ပြင် ဌာန်ကရိုဏ်းကျကျ မန်းမှုတ်ရွတ်ဆိုရသည်။ မန်းမှုတ်အမိန့်ပေး

နေသည့်စကားလုံးများပြောင်းလွဲမှု ဖြစ်ပေါ်ခြင်း ,သို့မဟုတ် မမှန်ကန် သည့် ဒွာန်ကရိဏ်းမကျ မပီမပြင်အသံထွက်ရွတ်ဆိုမိလျှင် မှော်အတတ်ပညာ အသုံးပြု နေသူသည်ကြီးစွာသောကံဆိုးမိုးမှောင်ကျရောက်ရန်ရှိ၏။

(c) ဝတ်ပြုဆုတောင်းခြင်း၌ ရိုသေကိုးကွယ်စွာဆုတောင်းသူအား ၎င်း၏ ကိုယ်စောင့်နတ်သည် အမြဲတစေ စောင့်ရှောက်နေ၏။ မှော်အတတ်ပညာ၌မူကိုယ်စောင့်နတ်ရှိကောင်းရှိလျှင်လည်း ရှိနိုင်၍ မရှိလျှင်လည်း မရှိပဲဖြစ်လိမ့်မည်။သို့သော် အရေးကြီးသောအချက်မှာ ဂါထာမန္တာန်ကို ပီပီပြင်ပြင် အသံထွက်၍ရွတ်ဆိုရန်နှင့်အမိန့်ပေးသည့် စကားလုံးများအပြည့်အစုံနှင့် ထပ်ခါတလဲလဲ အကြိမ်ပေါင်းများစွာရွတ်ဆိုရန် လိုအပ်သည်။

ဟိန္ဒူဘာသာမိမံဆအယူဝါဒ (Mimamsa in hinduism) စောစောပိုင်းအချိန်၌ နတ်များမရှိဟူ၍ ယုံကြည်ခဲ့သည်။ ဣန္ဒ (Andra) ၊ဝရုဏ (Varuna)၊ မိတ္တ (Mitra) ဟူ၍ အစရှိသည်ဖြင့် မရှိသည်ကို အရှိလုပ်၍ ခေါ်ဝေါ်မှတ်ပြုကြသောနတ်မင်းကြီးများ၏ အမည်နာမများသည်သတ်သတ်မှတ်မှတ်ပြုလုပ်ကျင်းပသော ပွဲလမ်းသဘင်အခမ်းအနားများတွင် အကြိမ်ကြိမ် အထပ်ထပ်ရွတ်ဖတ်ပူဇော်ရန် ဝေဒမန္တာန်များ (Vedic mantras)ဖြစ်သည်။ မန္တာန်ခေါ်မန္တရားများ (mantras) များကို မှန်မှန်ကန်ကန်အသံထွက်၍ သေသေချာချာအမိန့်ပေးစေခိုင်းသည့် စကားလုံးများနှင့်အတူ ရွတ်ဖတ်ပူဇော်ရန်လိုအပ်သည်။ သို့သော် ဤအယူအဆသည် ကြာရှည်စွာ မတည်တံ့ခဲ့ပေ။

## ဝတ်ပြုဆုတောင်းခြင်းနှင့်သမာဓိတည်ခြင်း
## PRARYER AND CONCENTRATION
## (SAMADHI)

အိန္ဒိယနိုင်ငံအတွင်းစတင်မွေးဖွားလာသည့် ဘာသာယုံကြည်မှုများအနက် အထူးသဖြင့် ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့သည် အောက်ထစ်ဆုံးအားဖြင့် အခြေခံစည်းမျဉ်းမှစ၍ ထာဝရဘုရားသခင်ရှိသည် ဟူသောအယူအဆကိုလက်မခံဘဲ ငြင်းပယ်သည်။ ဤသို့ဆိုရာ၌ ဂျိန်းဘာသာ

၏ ဒ်ယာန (dhyana in Jainism) နှင့်ဗုဒ္ဓဘာသာတရားအားထုတ်ခြင်းမှ ရရှိသောသမာဓိ (Samadhi in Buddhism in meditation)တို့သည် ဝတ်ပြုဆုတောင်းခြင်း တစ်မျိုးဖြစ်သည်။

ဟိန္ဒူဘာသာ ၊ရှန်ကာရဝါဒ၏ အဝိဇ္ဇာအယူအဆ (In the Advaitism of Shankara) အချိန်အခါ များစွာတို့၌ ဝတ်ပြုပူဇော်ခြင်းနှင့်ဆုတောင်းခြင်းများသည် ဉာဏ်ရရှိရေး (for obtaining jnana) အတွက်မျှသာ ရည်ရွယ်ခြင်းဖြစ်သည်။ ဤနေရာ၌ ဘုရားသခင်သည် သူ့အား ဝတ်ပြုဆုတောင်းသူများအား သနားကြင်နာမှုပြုရန်ဖြစ်သည်။ ဘုရားသခင်သည် သူ၏ သာဝက များအား ၎င်းတို့၏ အသိဉာဏ်နှင့်နှလုံးသားကိုဖြူစင်သန့်ရှင်းပေးသည်။ ဤသို့သာဝကများအား သန့်ရှင်းဖြူစင်ပြီးနောက်တွင် ဘာဝနာတရားကျင့်ကြံပွားများလိုသူသည် ရှရဗနပါဝင်သည့် ဉာဏမဂ္ဂ (jnana marga consisting of shravana) ၊ မန်နန (manana) နှင့် နိဒိဃဆန (nidi dhyasana) တို့ကို ရရှိငြိမ်းအေးစေနိုင်သည်။

မည်သို့ပင်ဆိုစေကာမူ ရာမနုဂျာအယူဝါဒယုံကြည်မှုစနစ်သည် နတ်ဘုရားတစ်ပါး တည်းသာရှိသည်ဟု အပြည့်အဝယုံကြည်သော ဘာသာရေးခံယူမှုဖြစ်သည့်ပြင် ဆုတောင်းခြင်း နှင့် ဘတ်ခ်တိ (bhakti) ခေါ်သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ရန်ကျင့်ကြံအားထုတ်ခြင်းဟူသော အခန်းကဏ္ဍရှိသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့(စာရေးသူ) တင်ပြဆွေးနွေးခဲ့ပြီးဖြစ်သည်။

## အိန္ဒိယဘာသာရေးယုံကြည်ချက်များနှိုင်းယှဉ်ချက် Comparison

ကမ္မ - သံသရာ - ဉာဏ - မုတ္တိဟူသော အိန္ဒိယဘာသာရေး ယုံကြည်ချက်များ၏ မဏ္ဍိုင်(၄)ချက်သည် အခြားအခြားသောအိန္ဒိယဘာသာယုံကြည်ချက်တစ်ခုစီ၌ ထင်ရှားထူးခြား၍ မတူညီကွဲပြားကြစေကာမူ ယင်းမဏ္ဍိုင် (၄) ရပ်များ အားလုံးတူညီစွာလက်ခံယုံကြည်သည့် အချက်ဖြစ်သည်။ နောက်တစ်ချက်မှာ အဆိုပါဘာသာယုံကြည်မှုများ၌ ၎င်းတို့အသီးသီး၏ မူလ ဘာသာစကားများရှိကြသော်လည်း နောက်ဆုံးတွင် သက္ကတဘာသာစကား (San skrit) ကို ၎င်းတို့အယူအဆအတွေးအခေါ်များ၌ သတ်မှတ်အသုံးပြုခဲ့ကြသည်။ ဥပမာ သာစကေအနေဖြင့် ဗုဒ္ဓဘာသာအနေဖြင့် အစပထမပိုင်းတွင် ပါဠိဘာသာစကား (Pali)ကိုကျယ်ပြန့်စွာသုံးစွဲပြောဆို ခဲ့သည့်နည်းတူ ဂျိန်းဘာသာအနေဖြင့် ပိဋကစာပေ (Prakrta) ကိုရေးသားအသုံးပြုခဲ့သည်။

သို့ရာတွင် ၎င်းတို့၏ နိဂုံးကမ္ပတ်အပြီးသတ်ရေးသားရာတွင် ၎င်းတို့သည် သက္ကတဘာသာ စာပေဖြင့် ဖော်ပြသုံးစွဲခဲ့ကြသည်။ နောက်တဖန် ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့သည် ဟိန္ဒူဘာသာမှမွေးဖွားပေါ်ပေါက်လာသော ဂိုဏ်းခွဲဘာသာယုံကြည်ချက် မဟုတ်ကြပေ။၎င်းတို့သည် သီးခြားလွတ်လပ်စွာ ယှဉ်တွဲပေါ်ပေါက်လာသော ဘာသာရေး လှုပ်ရှားမှုများဖြစ်သည်။ သို့သော်လည်း အားလုံးအပေါ် ခြုံငုံသုံးသပ်ရလျှင် တူညီသော ဂိတ, စာပေ, အက္ခရာအရေး အသားနှင့်သူတော်စင်သူတော်မြတ်များ၏ ရုပ်ပုံကားချပ်ရေးဆွဲပြီး ရှိသေကိုင်းညွှတ်မှုဟူသော ယဉ်ကျေးမှုနယ်ပါယ်တွင် တူညီမှုများရှိသည်။မည်သို့ပင်ဆိုစေကာမူ ဤနေရာတွင်ဖော်ပြထားသော ထိုဘာသာယုံကြည်မှု တစ်ခုခြင်းစီတို့၌ ကွဲပြားခြားနားသောဘာသာရေးဖြစ်စဉ် သမိုင်းကြောင်း ကိုယ်စီရှိကြသည်။ဥပမာသာဓကအားဖြင့် ရှပ်ဆ်ဗာမုနိ (Rsabha Muni)အား ဝေဒမတိုင်မီခေတ်ကာ (Pre- Vedic)အချိန်က ဂျိန်းဘာသာ (Jainism)ကို စတင်ထူထောင်သူ အဖြစ်လည်းကောင်း၊ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓဘာသာကို စတင်ထူတောင်သူအစစ်အမှန် အဖြစ် လည်းကောင်း စိတ်ကူးကြံစည်ခဲ့ကြပြီးလျှင် ဗုဒ္ဓဘာသာတွင် မတူကွဲပြားခြားနားသည့် သင်္ဃာယနာတင် အစည်းအဝေးကြီးများ စာပေသင်ကြားရေးဌာနများနှင့် သာသနာပြုလုပ်ငန်းများ နှင့်စပ်လျဉ်း၍ ၎င်း၏ကိုယ်ပိုင်သီးခြား လွတ်လပ်သည့်ဖြစ်စဉ်သမိုင်းရှိသည်။ထို့နောက်တဖန် ဆစ်ခ်ဘာသာ (Sikhism)သည် ဝေဒမဟုတ်သောအယူ (non, Vedic cults) အစွဲအလမ်းများ နောက်ကြောင်းပြန် လိုက်နာသော်လည်း ၎င်း၏ယုံကြည်မှုအယူအဆအားလုံးကို ဝေဒဝါဒဟူ၍ သတ်မှတ်၍မရပေ။၎င်း၏ဘာသာရေးယုံကြည်ချက်များ ၊ကျင့်ကြံအားထုတ်မှုများနှင့် သံမဏိ စည်းမျဉ်းစည်းကမ်းများကို ၎င်း၏ထူးခြားထင်ရှားသောအချက်များဖြစ်သော်လည်း ကျယ်ပြန့်သောရှုမြင်သုံးသပ်မှုအရ ဆစ်ခ်ဘာသာ(Sikhism)သည် ဟိန္ဒူဘာသာနှင့်နီးစပ်စွာတူညီသည်။ ၎င်းသည် ကာမ,သံသရာ,ဉာဏ, မုတ္တိ (Karma Samsara-jnana- mukti)ဟူသော အိန္ဒိယဘာသာတို့၏ မဏ္ဍိုင်(၄) ရပ်အား ရယူကျင့်သုံးသည်။

အထက်၌ရေးသားဖော်ပြခဲ့သောအချက်အလက်များနှင့်အတူ အလွန်အကျဉ်းချုပ်ထားသော တစ်ဘာသာနှင့် တစ်ဘာသာတို့၏ နိုင်းယှဉ်ချက်များကို ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။

## ဂျိန်းဘာသာနှင့်ဟိန္ဒူဘာသာ –JAINISM AND HINDUISM

၁။ ဂျိန်းဘာသာသည် ဟိန္ဒူဘာသာကို ဗုဒ္ဓဘာသာထက် ပို၍နီးစပ်သည်။ဂျိန်းဘာသာ၏ Ahimsa ခေါ်သူတစ်ပါး၏ အသက်သတ်ဖြတ်မှုအားရှောင်ကျဉ်ရန် သင်ကြားရန်မှာ အိန္ဒိယဘာသာယုံကြည်ချက်အားလုံး၏ အခြေခံအကျဆုံး လိုက်နာရသောစည်းကမ်းဖြစ်သည်။

၂။ ထိုသဘောအတိုင်းပင်လျှင် ဂျိန်းလူမျိုးတို့၏ ပဥ္စမဟာဗရတ (Pancamahavrata)ခေါ် (၅) ပါးသီလမှာလည်း အိန္ဒိယဘာသာယုံကြည်ချက်အားလုံးက ကိုယ်ကျင့်တရားဆိုင်ရာ လိုက်နာကျင့်သုံးသည့် အခြေခံကျသောစည်းမျဉ်းဖြစ်သည်။

၃။ ဂျိန်းဘာသာနှင့်ဟိန္ဒူဘာသာ နှစ်ခုလုံးသည် ဝိဉာဉ်(Soul)ဟူသော အယူအဆကိုလက်ခံသည်။သို့ရာတွင် ဂျိန်းဘာသာ၌ ဟိန္ဒူဘာသာနှင့် ကွဲပြားခြားနားသည့် ၎င်း၏ကိုယ်ပိုင်ထူးခြားထင်ရှားသည့်အချက်များရှိသည်။

(၁) Ahimsa (non - violence)သည် ဂျိန်းဘာသာ၏အထူးခြားဆုံးအချက်ဖြစ်သည်။သို့ဖြစ်စေကာမူ အိန္ဒိယဘာသာယုံကြည်ချက်များ အဆိုပါ Ahimsa ခေါ်သူတစ်ပါး၏ အသက်ကို သတ်ဖြတ်ခြင်းဆဲမှုအား ရှောင်ကျဉ်ကြသော်လည်း ဟိန္ဒူဘာသာကမူ တိရစ္ဆာန်၏ အသက် သတ်ဖြတ်ခြင်းဖြင့် ယစ်ပူဇော်ခြင်းများ ယခုတိုင်ရှိနေသေး၏။ဥပမာ –နီပေါနိုင်ငံနှင့် အနောက်ဘင်္ဂလားပြည်နယ်Kalighat ဒေသများ၌ ကျွဲဖြင့်ယစ်ပူဇော်လျက်ရှိသည်ကို တွေ့နိုင်သည်။

(၂) စောစောပိုင်းက မှတ်သားမိခဲ့ကြပြီးဖြစ်သည့်အတိုင်း ဂျိန်းဘာသာတွင် ကိုယ်ပိုင် အက္ခရာရေးသားမှုရှိပြီးလျှင် ဝေဒစာပေကိုလက်မခံပဲ ၎င်း၏အရိပ်ညြဇာအောက်မှ လွတ်ကင်းသည်။ထိုသို့သော အကြောင်းကြောင့် ဂျိန်းဘာသာသည် nastikaခေါ် ရှေးရိုးစွဲအယူအဆမရှိသော (unorthordox)အတွေးအခေါ်သင်ကြားရာဌာနဖြစ်သည်။

(၃) ဂျိန်းဘာသာသည် အခြေခံအားဖြင့် တစ်ဆူတည်းသော ဘုရားသခင်ရှိသည်ဟူသော အယူအဆကို လက်မခံပေ။အဘယ်ကြောင့်ဆိုသော် လွတ်မြောက်ပြီးသော ဝိဉာဉ်များ သို့မဟုတ် အမြဲတည်ရှိနေသောအသက်လိပ်ပြာ (the liberated souls or eternal spirits) များသည်မည်သည့်ရှိသေစွာဖြင့် ဝတ်ပြုဆုတောင်းမှုနှင့်လောကီရေးရာကိစ္စများတွင်

ပါဝင်ပါတ်သတ်ရန်အကြောင်းမရှိသောကြောင့်ဖြစ်သည်။ သို့သော် ဟိန္ဒူဘာသာမှာ တစ်ဆူတည်း သောဘုရာသခင် (ဝါ) နတ်ဘုရားရှိသည်ဟူ၍ ကျယ်ပြန့်စွာယုံကြည်လက်ခံထားသည်။

(၄) ရှင်တော်မဟာဝရိရ၏ ရုပ်တုအားဂျိန်းဘာသာဝင်များ ထုတ်လုပ်ပူဇော်ခဲ့ သည်ဆိုခြင်းမှာ သံသယရှိရန်မလိုပေ။ သို့သော်ယင်းရုပ်ထုတော်အား ထုလုပ်ပူဇော်ခြင်းမှာ (dhyanas)ဈာန် သမာဓိဖြစ်ရေးအတွက် alambana ဈာန်အထောက်အကူပြုနိုင်ရန်အတွက်သာဖြစ် သည်။ သို့သော်ဟိန္ဒူဘာသာကမူ ရုပ်ထုပြုလုပ် ဝတ်ပြုကိုးကွယ်ခြင်းသည် arca ဈာန်အကာ အကွယ် ရယူခြင်းနှင့် စိတ်ကျေနပ်နှစ်သိမ့်မှုရသည့်ပုံစံဖြင့် ဝတ်ပြုခြင်းဖြစ်၏။

(၅) ဂျိန်းဘာသာသည် နတ်ဘုရား (God) သို့မဟုတ် ရုပ်ထုပြုလုပ် ဝတ်ပြု ကိုးကွယ်ဆည်းကပ်ခြင်းကိုလက်မခံပေ။ အခြားတစ်ဖက်တွင်လည်း အကြောင်းအကျိုးဆက်နွယ် မှုကို ဘာသာယုံကြည်ချက်အတွက် ရွေးချယ်ပိုင်ခွင့်ရှိသည်ဟူ၍ လက်ခံသောကြောင့်ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် ဟိန္ဒူဘာသာကမူ လူသား၏ ဘာသာရေးဆိုင်ရာ ရှေ့ဆောင်လမ်းပြ အလို့ငှါ နတ်ဘုရားရှိသည်ဆိုခြင်းနှင့် ဝေဒစာပေအားဘာသာရေးဆိုင်ရာ အကျွရာစာပေအတွက် ဖော်ဆောင်ပေးနိုင်သည်ဟူ၍ ယုံကြည်လက်ခံသည်။

(၆) ဂျိန်းဘာသာတွင်ဇာတ်ခွဲခြားမှု (Caste)မရှိပေ။ သို့ရာတွင် ဟိန္ဒူဘာသာ ၌ မူ ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားမှုသည် အထူးပေါ်လွင်ထင်ရှားသောအချက်ဖြစ်သည်။

## ဂျိန်းဘာသာနှင့်ဗုဒ္ဓဘာသာ JAINISM AND BUDDHISM

၁။ ဂျိန်းဘာသာနှင့်ဗုဒ္ဓဘာသာနှစ်ခုလုံးသည် ကာမ, သံသရာ ,ဉာဏ , မုတ္တိ (the four- fold pillars of karma - samsara- jnana - mukti)တည်းဟူသော မဏ္ဍိုင် (၄) ရပ်ကိုလက်ခံကြသည်။

၂။ ၎င်းဘာသာနှစ်ခုလုံးတို့သည် အခြေခံမူလအားဖြင့် ထာဝရဘုရားသခင် (ဝါ) နတ်ဘုရား ရှိသည်ဆိုခြင်းကိုငြင်းပါယ်သည်။ ဗုဒ္ဓဂေါတမအားနောက်ဆုံး၌ တြိကာယဗုဒ္ဓ (trikaya Bud- dha) ပုံသဏ္ဍာန်အားဖြင့် ဝတ်ပြုပူဇော်ကြသကဲ့သို့ ရှင်တော်ဟာဝိရအားလည်း dhyana ဈာန် တရားဘာဝနာပွားများရာ၌ အထောက်အကူပြုရာအဖြစ် ဝတ်ပြုပူဇော်ကြသည်။

၃။ ၎င်းဘာသာကြီးနှစ်ခုလုံးတို့သည် ယောဂအကျင့် (Yoga)၊ ဒိုင်ယာန (dhyana) အကျင့်နှင့် သမာဓိ (samadhi) အကျင့်များကို သံသရာမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းအောင်မြင်ရန် နည်းလမ်းကောင်း အနေအားဖြင့်ကျင့်ကြံကြသည်။

၄။ ၎င်းဘာသာကြီးနှစ်ခုလုံးတို့သည် မှန်ကန်သောယုံကြည်မှု ရရှိနိုင်ရေးအလို့ငှါ အကြောင်းအကျိုး ဆင်ခြင်တုံတရားကို လက်ခံသည့်အပြင် စာပေကျမ်းဂန်အား လောကသံသရာမှ လွတ်မြောက်မှုရရှိရန်အတွက် လမ်းညွှန်ကောင်းတစ်ခုအဖြစ် မဖော်ဆောင်သည့်အရာဖြစ်သည် ဟူ၍ လက်ခံရန် အကြံမပြုပါ။

၅။ ၎င်းဘာသာကြီးနှစ်ခုလုံးသည် ဇာတ်ခွဲခြားမှုကို လက်မခံပါ။ ထို့ပြင် ဗုဒ္ဓဘာသာအနေဖြင့် အဆိုပါ ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားမှုအားဆန့်ကျင်သည်။

၆။ ၎င်းဘာသာကြီးနှစ်ခုလုံးသည် ဝေဒအယူဝါဒမဟုတ်ခြင်း၌ တူညီကြသော်လည်း နှိုင်းယှဉ်ကြည့်လျှင် ဂျိန်းဘာသာက ဗုဒ္ဓဘာသာထက်များစွာ စော၍ပေါ်ထွန်းခဲ့သည့်ပြင် ၎င်းတို့သည် လွတ်လပ်စွာနှင့် ရင်ဘောင်တန်း၍ တစ်ချိန်တည်း တိုးတက်လာသောဘာသာများဖြစ်သည်။ ၎င်းတို့ကို ဗြဟ္မဏဝါဒ (Brahminism)မှပေါက်ဖွားလာသော ဘာသာများဟူ၍ တွေးတောကြံဆ၍ မဖြစ်နိုင်ပေ။ ၎င်းဘာသာများသည် ဗြဟ္မဏဝါဒများမှ လွတ်ကင်းစွာဖြင့် ၎င်းတို့၏ ကိုယ်ပိုင် သီးခြားစီဖြစ်စဉ်ဖြစ်ရပ်များရှိကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ဂျိန်းဘာသာသည် ဗုဒ္ဓဘာသာထက်ပို၍ ဟိန္ဒူဘာသာနှင့်နီးစပ်သည်။

၇။ ၎င်းဘာသာကြီးနှစ်ခုလုံးသည် ခတ္တိယ (Kshatriya) အနွယ်ဝင် တိုးတက်လှုပ်ရှားမှုအတွင်း ပါဝင်ခဲ့သည့်အပြင် ၎င်းတို့မှာ မည်သည့်ဗြဟ္မဏ တစ်ဦးတစ်ယောက်၏ ဟောကြားပြသမှုကြောင့်မျှ မဟုတ်ဘဲ ကိုယ်တိုင်ပေါ်ထွန်းခဲ့ကြခြင်းဖြစ်သည်။

၈။ ဂျိန်းဘာသာ၌ မှန်ကန်သော ယုံကြည်သက်ဝင်မှု (right-faith) မှန်ကန်သော အသိဉာဏ်ပညာ (right knowledge) နှင့်ကိုယ်ကျင့်တရား (right conduct) ဟူသော ရတနာသုံးပါး (Tri- ratana)ခေါ် (three jewels) ရှိသကဲ့သို့ ဗုဒ္ဓဘာသာ၌လည်း သီလ, သမာဓိ , ပညာ (Shila, Samadhi , prajna) ခေါ် (wisdom) ဟူ၍ စစ်မှန်သောကျင့်စဉ်များရှိကြသည်။

၉။ နောက်ဆုံးအနေဖြင့် ၎င်းဘာသာကြီးနှစ်ခုလုံးတို့သည် လူသားစင်စစ်က ဘုရားဖြစ်လာကြသူများဖြစ်ကြောင်း သာဓကဖြစ်သည်။ သို့ရာတွင် ၎င်းတို့တွင် မတူကွဲပြားခြားနားသော ထူးခြားချက်များရှိရာ ၎င်းတို့မှာ -

(၁) ဂျိန်းဘာသာ နှင့်ဗုဒ္ဓဘာသာတို့သည် ၎င်းတို့၏ ပြဿနာတစ်ခုအဖြေကို စဉ်းစားတွေးခေါ်ရာ၌ သိပ္ပံနည်းကျစွာ ချဉ်းကပ်အဖြေရှာရာတွင် မတူညီကွဲပြားခြားနားသည်။ ဂျိန်းဘာသာဝင်များသည် ရုပ်ဝတ္ထုများအထူးသဖြင့် လူတစ်ယောက်၏ ရုပ်ပိုင်းဆိုင်ရာမဟုတ်သော အတွင်းစိတ်ဓါတ်ကို ယုံကြည်သည်။ ဗုဒ္ဓဘာသာတွင်မူ အရာခပ်သိမ်းသည် ၎င်းတို့၏ ကိုယ်ပိုင်အနှစ်သာရအားဖြင့် ဘာမျှ ရှာမရသည့်သဘောသဘာဝရှိသည့်အားလျော်စွာ အမြဲမရှိခြင်းသဘော (ဝါ) အနိစ္စခေါ် (nisswabhava)ကိုအခြေခံတရားသဘောအဖြစ်ထားရှိသည်။ ဗုဒ္ဓဘာသာအဖို့ရာ၌ အသက်ဝိဉာဏ်ဟုခေါ်ဆိုသော (so-called soul or spirit) သည် (gestalt)ခေါ် ခန္ဓာတစ်ပါးပါး၏ဖြစ်ပေါ်ပျက်စီးမှုကိုဆိုသည်။

(၂) သဘာဝကျစွာပင်လျှင် အသက်ဝိဉာဉ် (ဝါ) ဇီဝ (jiva) ၏နောက်ဆုံးခရီးပန်းတိုင်နှင့်စပ်လျဉ်း၍ မတူကွဲပြားခြားနားပေသည်။ဂျိန်းဘာသာအဖို့ရာ၌ အသက်ဇီဝ (jiva)၏လွတ်မြောက်မှုနယ်ပါယ်အား အစအဆုံးမရှိသည့် ဘုန်းတန်ခိုး ၊ အရာခပ်သိမ်းကိုသိရှိနားလည်နိုင်သော ထက်မြတ်သည့် ဉာဏ်ပညာနှင့် အရာခပ်သိမ်းကို သိမြင်နိုင်စွမ်းဉာဏ်ပညာအားဖြင့်သာလျှင် ရရှိနိုင်သည်။ (ananti jnana, ananta darshan, ananta caritra, and ananta virya)။ ဗုဒ္ဓဘာသာ အဖို့ရာ၌မူ သံသရာဝဲဩဃမှလွတ်မြောက်ရာနယ်ပါယ်ကို ရေးသားဖော်ပြခြင်းငှာ မဖြစ်နိုင်သည့် နိဗ္ဗာန် (Nirvana)ဖြစ်သည်။

(၃) ယုတ္တိဗေဒအရာတွင် (in logic too) ၎င်းဘာသာကြီး နှစ်ခုတို့မတူညီကြပေ။ ဂျိန်းဘာသာက အရှိအမှန်တရားသည် ရှုဒေါင့်နေရာအသီးသီး၌ရှိသည်ဟု

ယုံကြည်သည်။ ထို့ကြောင့် ၎င်းသည် အနေကန္တဝါဒ (anek anta - vada) နှင့် အပ္ပတဗင်္ဂနယ(Saptabhanginaya)ကိုရှေ့တန်းတင်သည်။ဂျိန်းဘာသာနှင့်ဆန့်ကျင်လျက်ဗုဒ္ဓဘာသာကမူအနတ္တဝါဒ(anattavada)(soul lessness) တရားကိုရှေ့တန်းတင်ခဲ့သည်။

(၄) ဂျိန်းဘာသာအက္ခရာစာပေ၏ မူရင်းဘာသာစကားမှာ ပိဋကတ် (Prakrt) ဖြစ်၍ ဗုဒ္ဓဘာသာ၏ အက္ခရာစာပေနှင့်ဘာသာစကားမှာ ပါဠိ (Pali)ဖြစ်သည်။

(၅) သို့ရာတွင် ဗုဒ္ဓဘာသာမှာယနေ့အချိန်၌ ကမ္ဘာတစ်ဝှမ်းလုံးတွင်တွေ့ရှိနေရသည်အထိ ကြီးမားကျယ်ပြန့်သည့် သာသနာပြုလုပ်ငန်းရှိသည်။ သို့သော် ဂျိန်းဘာသာမှာ ရှေးရိုးစွဲအယူဝါဒအနေဖြင့် အိန္ဒိယနိုင်ငံအတွင်း၌ သာတည်ရှိနေပြီး ကမ္ဘာ့အခြားအရပ်ဒေသများ၌ မတွေ့ရပေ။

(၆) ဟိန္ဒူဘာသာနှင့် ဆက်ဆံရေးတွင် ဂျိန်းဘာသာသည် ဟိန္ဒူ၏ အစိတ်အပိုင်းတစ်ခုသဖွယ် ဖြစ်နေသည်။သို့သော် ဗုဒ္ဓဘာသာကမူ ဟိန္ဒူဘာသာကိုပြိုင်ဆိုင်သည့်သဘော ဆန့်ကျင်ဘက်အနေအထားဖြစ်သည်။

(၇) ဗုဒ္ဓဘာသာသည် ဂျိန်းဘာသာခံယူကျင့်သုံးသည့် အစွန်းရောက်သော တပအကျင့် (tapas) (austerities)နှင့် Ahimsa ခေါ်အသက်သတ်ဖြတ်ခြင်းကိုရှောင်ရှား၍ မိမိ၏ မဇ္ဈိမ မဂ္ဂင် (madhyamargi)ခေါ် အလယ်အလတ်လမ်းစဉ်ကိုလိုက်နာသည်။

## ဟိန္ဒူဘာသာနှင့်ဗုဒ္ဓဘာသာ HINDUISM AND BUDDHISM

ဝေဒအရိယမ်များနှင့် ဗုဒ္ဓဘာသာအကြား၌ မည်သည့်အကြောင်းအရာ ကိစ္စရပ်များပင် မတူကွဲပြားခြားနားမှု ရှိစေကာမူ ကာမ,သံသရာ, ဉာဏ, မုတ္တိ (Karma, Sainsara, jnana, mukti) ဟူသောအိန္ဒိယပြည်ဖွားဘာသာယုံကြည်မှုများ၏ အခြေခံ မဏ္ဍိုင်ကြီး (၄) ရပ်တို့ကို ပုံစံအမျိုးမျိုးဖြင့် ယနေ့ကာလအချိန်သမယထိ လက်ခံယုံကြည်နေဆဲဖြစ်သည်။သို့သော် ဤအခြေ

ခံ တူညီချက်မှတပါး ဗြဟ္မဏဟိန္ဒူဘာသာနှင့်ဗုဒ္ဓဘာသာအကြား၌ နက်ရှိုင်းစွာအမြစ်တွယ်လျက်ရှိသော မတူကွဲပြားခြားနားမှုများရှိသည်။ အဆိုပါကွဲပြားခြားနားချက်များက ရှင်းလင်းစွာဖော်ပြနေသည့်အချက်မှာ ဗုဒ္ဓဘာသာနှင့်ဟိန္ဒူဘာသာတို့သည် လွတ်လပ်စွာနှင့်ရင်ဘောင်တန်းဖြစ်ပေါ်တိုးတက်လာသောဘာသာရေးလှုပ်ရှားမှုတွင် ပါဝင်သည့်အပြင် ဗုဒ္ဓဘာသာတို့သည်လွတ်လပ်စွာနှင့်ရင်ဘောင်တန်းဖြစ်ပေါ်တိုးတက်လာသောဘာသာရေးလှုပ်ရှားမှုတွင် ပါဝင်သည့်အပြင် ဗုဒ္ဓဘာသာသည်ဟိန္ဒူဘာသာမှမျိုးရိုးသန့်စင်ဖွားမြင်မွေးထုတ်ပေးခဲ့သည်ဟူ၍ မဆိုနိုင်ခြင်းဖြစ်သည်။

(၁) ဟိန္ဒူဘာသာ ၊ အထူးသဖြင့် ရှန်ကာရနှင့် ရာမနုဂျာအယူဝါဒ(Shankara and Rama nuja) တို့သည် ဘာသာရေးကိစ္စရပ်များအားလုံးအပြီးသတ် အဆုံးအဖြတ် ခံယူနိုင်သည့် ရုံးတော်အဖြစ် ဝေဒစာပေ ကျမ်းဂန်၏မိန့်မှာချက်များကိုလက်ခံသည်။

(၂) ယခင်စောစီးစွာက ဖော်ပြခဲ့ပြီးဖြစ်သည့်အားလျော်စွာ ဟိန္ဒူဘာသာသည် ယေဘုယျအားဖြင့် နတ်ဘုရား (ဝါ) ထာဝရဘုရားသခင် အမှန်တကယ်ရှိသည်ဟူ၍ လက်ခံသည့်အပြင် ခေတ်မီတိုးတက်နေသည့် ယနေ့ခေတ်ကာလတိုင် ယင်းအယူအဆရှိနေ၏။ သို့ရာတွင် ဗုဒ္ဓဘာသာကမူ အမြဲမရှိခြင်း ၊ အစိုးမရခြင်း ၊ ဖြစ်ပျက်မှု သံသရာတွင်ကျင်လည်နေရခြင်း၏ အကြောင်းရင်းအမှန်ကို အကြောင်းအကျိုးဆီလျော်သည့် ဆက်စပ်တွေးခေါ်၍ သိမြင်လာသည့် အနိစ္စ (momentariness) ကိုလက်ခံယုံကြည်သည်။ ထိုအယူအဆသဘောတရားအရ မည်သည့် အရာမျှ စိတ်ရော၊ရုပ်ပါအနှစ်သာရ ရှာမရပေ။ သဘာဝကျလှပေ၏။ အမြဲတည်တံ့သောအရာနှင့် မသေဆုံးနိုင်သော အသက်ဝိဉာဉ်ဟူ၍မရှိသည့်အပြင် ဖန်ဆင်းရှင်ထာဝရဘုရားသခင် (God)မရှိပေ။ ထို့ကြောင့် ဗုဒ္ဓဘာသာတွင် ၎င်း၏ အခြေခံသဘောတရားသည် ထာဝရဘုရားသခင် (ဝါ) နတ်ဘုရားရှိသည်ဆိုခြင်းကို မယုံကြည်သောဝါဒဖြစ်၍ ဟိန္ဒူဘာသာကမူ ၎င်း၏အယူအဆအားလုံးသည် တစ်ဆူတည်းသော ဘုရားသခင် အမှန်တကယ်ရှိသည်ဟူ၍ ယုံကြည်သည်။

အမှန်စင်စစ်အားဖြင့် ဗုဒ္ဓဘာသာ၏ပြောင်းလဲမှုနောက်ခံသမိုင်း၏ နောက်ပိုင်းကာလအတွင်းရှင်တော်ဂေါတမမြတ်ဗုဒ္ဓ တြိကာယမြတ်ဗုဒ္ဓ (Trikaya Buddha) အသွင်သဏ္ဍာန်အားဖြင့် ဆည်းကပ်ကိုးကွယ်ခဲ့ကြသည်။ ထို့အပြင် အချို့သောဗောဓိသတ္တ (Bodhisattvas) ခေါ် ဗုဒ္ဓ

လောင်းလျာများသည် ဆည်းကပ်ကိုးကွယ်ရာ ဖြစ်လာခဲ့သည်အထိ ပြောင်းလဲခဲ့သည်။ ထို့နောက် တဖန် ရှမ်ကာရ၏ ဘာသာရေးဆိုင်ရာ အဘိဓမ္မာသဘောတရားတွင် ဘုရားသခင် စံမြန်းတည်ရှိရာနေရာသည် ဒုတိယအရေးကြီးကိစ္စ ဖြစ်နိုင်ဖွယ်ရာဖြစ်၍ ဘုရားသခင်ရှိသည်ဆိုခြင်းအား ငြင်းပါယ်ခြင်း မပြုပေ။

(၃) ဗုဒ္ဓဘာသာ၌ ဇာတ်ခွဲခြားသည့် အယူအဆကို နေရာပေးမထားပေ။ ထို့ပြင် ရှင်တော်မြတ်ဗုဒ္ဓက ဇာတ်ခွဲခြားဆက်ဆံမှုအား ဆန့်ကျင်လျက် အပြင်းအထန်ကန့်ကွက်ပြောဆိုခဲ့သည်။ ယင်းပြောဆိုချက်အား ဗိလာဆန့်ကျင်ဘက်ပြုလျက် ဟိန္ဒူဘာသာဗြဟ္မဏတို့၏ မြင့်မြတ်သာလွန်မှုမှာ ယင်းဇာတ်ခွဲခြားမှုစနစ်ကို အခြေခံထားရှိသည်။

(၄) ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် တိရစ္ဆာန်အသက်ဖြင့် ယစ်ပူဇော်ခြင်းကိုလည်း အလွန်ပြင်းထန်စွာဖြင့် ဆန့်ကျင်သည်။ မည်သို့ဖြစ်စေကာမူ ယနေ့အချိန်၌ ဟိန္ဒူဘာသာအတွင်း၌ သိပ်ပြီးခေတ်မစားမထင်မရှားဖြစ်နေသော်လည်း နီပေါနိုင်ငံနှင့် ကလကတ္တားမြို့၊ ကလိဂတ်အရပ်ဒေသတွင် တိရစ္ဆာန်ယစ်ပူဇော်မှုကိုပြုလုပ်နေကြဆဲဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသာသည် အသားငါးကိုအဟာရအဖြစ်စားသုံးမှီဝဲခြင်းကိုမူ ဆန့်ကျင်မှုမပြုပေ။

(၅) ဗုဒ္ဓဘာသာအား ဗြဟ္မဏများက ဖန်တီးခြင်းမဟုတ်မူ၍ ခတ္တိယ(Kshatriya) များကသာ ဖန်တီးထူထောင်ခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် အိန္ဒိယပြည်၌ ဗြဟ္မဏဝါဒကြီးစိုးလွှမ်းမိုးလာခြင်းနှင့်အတူ ဗုဒ္ဓဘာသာသည် အိန္ဒိယတွင်လုံးဝပျောက်ကွယ်လုနီးပါးဖြစ်ခဲ့ရသည်။ ဤအကြောင်းခြင်းရာသည် ဗြဟ္မဏဝါဒနှင့် ဗုဒ္ဓဘာသာတို့၏ ဘာသာရေးသဘောတရားရှုဒေါင့်၊ လူမှုရေးရှုဒေါင့် အစဉ်အလာ၊ သဘာဝတရားအပေါ်ရှုမြင်သုံးသပ်ပုံနှင့် ယုတ္တိဗေဒဆိုင်ရာဒဿနများသည် တစ်ဘာသာနှင့်တစ်ဘာသာဆန့်ကျင်လျက်ရှိသည်။

(၆) ဗုဒ္ဓဘာသာ၏ ဟောကြားသင်ပြသည့် ဘာသာစကားမှာ ပါဠိဘာသာစကားဖြစ်သည်။ သို့သော် ဟိန္ဒူဘာသာကမူ သက္ကတဘာသာစကားကိုအသုံးပြုသည်အထိ ကွဲပြားခြားနားသည်။

(၇) ဗုဒ္ဓဘာသာသည် သာသနာပြုသည့်ဘာသာဖြစ်၍ အာရှတိုက်တစ်ခွင်ပျံ့နှံ့လျက်ရှိသည်။ သို့သော် ဟိန္ဒူဘာသာကမူ သာသနာပြုခြင်းလုပ်ငန်းကို မည်သည့်အခါကမျှ

မယုံကြည်ခဲ့သည့်အပြင် ဂျာရာစုနှစ်များအတွင်း ရာဒါခရစ်ရှ်နန် (Radhakrishnan) သည် သာသနာပြုလုပ်ငန်းကိုဆန့်ကျင်ခဲ့လေသည်။ ယနေ့ခေတ်ကာလ၌ သာလျှင် ဟိန္ဒူဘာသာ အတွက် သာသနာပြုလုပ်ငန်းကို အာရိယဆမတ်ဂျ် (Arya Samaj) ကလုပ်ကိုင်ခဲ့သည်။

(ဂ) ဗုဒ္ဓဘာသာ၌ နိဗ္ဗာန် (Nirvana) ကိုမျက်မှောက်ပြု လုပ်းကိုင်ရရှိနိုင်ရေး အတွက် (Sannyasa) ခေါ်ရဟန်းဘဝကိုရယူသည်။ ဟိန္ဒူဘာသာကမူ ရှေးဦးစွာပြုလုပ်ရမည့် စာသင်သားဘဝ ၊ အိမ်ထောင်ဦးစီးဘဝနှင့် တောထွက်၍ ကျင့်ကြံအားထုတ်မှုဟူသော အဆင့် သုံးဆင့်မပြုလုပ်ပဲ (Sannyasa)ခေါ် ရဟန်းဘောင်သို့ဝင်ရောက်ခြင်းကို ဦးစားမပေးပါ။ မန်ဒန (Mandana) ကလူ့ဘဝ၏ ပထမအဆင့်သုံးဆင့်မပြုကျင့်ပဲ (Sann yasa)ခေါ် ရဟန်းဘဝကို ထူးထူးချွန်ချွန် ရယူလိုက်သောအခါ (Shankara) တို့၏ဆန့်ကျင်ခြင်းခံရသည်။

သို့သော်ဘာသာ ယုံကြည်မှု အားလုံးတို့ (All Religions) သည်သဘောတရား ခံယူမှုကို နှိုင်းယှဉ်ခြင်းမှတစ်ပါး ခြုံငုံသုံးသပ်ရလျှင် အတွင်းသရုပ်သဘော သရုပ်အဟုတ်အမှန် မှာ အချင်းချင်းကူးလူး ဆက်ဆံလျက် ရှိပေသည်။ သို့ဖြစ်ရာ "ဘာသာရေးယုံကြည်မှုများ၏ အမှတ်မထင်ရင်ဆိုင်မှု" ကဏ္ဍ၌ ကျွန်ုပ်တို့လေ့လာကြည့်ကြပါစို့လား။

●

## တရေးသူကိုးကားရေးသားသည့် ကျမ်းညွှန်းများ


၁။ အာမဘာဇွေ့ခြံရှိသာအေးမှုမှုများ – နှာ (၆၉) (Fragments of a Confession, P-69 in " Philosophy of Sarvepalli Radha krishnan" 1952.

၂။ Ibid . P. 80

၃။ မြူစင်သန့်ရှင်းသောကြောင်းကျိုးဆင်လျော်မှုအား ဝေဖန်ရေးစာတမ်း (The Crittique of pure Reason, tr . N. K . Smith, abridged edition,P.201

၄။ (Romain Rolland) ၏ "The Life of Ramakrishna, " 1930,P.76.

၅။ (M.Yamuna Charya) ၏ "Ramanuja's teaching in his own words.

၆။ M.A Macauliffee ၏ " The Sikh Religion, Vol . 1 . PP . 165-166."

၇။ H.Bergson ၏ "The Sources of Morality and Religion, P.275."

၈။ Y.Masih ၏ "The Classical Religious Philosophy of Hindu."

၉။ Shribhasya II. 3.40

၁၀။ Vedarthasamgrah, pada.124

၁၁။ Vedarthasamgrah, pada. 125 , also Shribhasya II. 2.3

၁၂။ Shribhasya . II . 2 . 3

၁၃။ Gitabhasya IV. 14. IX .10.XIV.4.5. Shribhasya II . 23 .34; Vedartha samgrah. pada.209.

၁၄။ St.John ၏ 1.29" This View has been repeated throughout the New Testament, Romans 3.25 , The Hebrews.10.9.; Peter I.19;2.22;2.24; 3.18; I. John. 3.5.

၁၅။ Mundaka III 2.3 ; Katha II . 23 .

၁၆။ Ramanuja's Comment on Gita. VII . 18; VIII . 14 IX .2.

## အခန်း(၁၁) Chapter XI

## ဘာသာယုံကြည်ကိုးကွယ်မှုများ၏ပဋိပက္ခ

## ENCOUNTER OF RELIGIONS

**နိဒါန်း**

အချို့သောဘာသာယုံကြည်ကိုးကွယ်မှုများသည် တစ်ခုနှင့်တစ်ခုမကြာခဏ ပဋိပက္ခ ခိုက်ရန်ဖြစ်ပွားကြပြီး ယင်းပဋိပက္ခများက နိုင်ငံရေးပြဿနာနှင့် လူသားတို့၏ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို ထိခိုက်ကျဆင်းစေသည်။ မတူညီကွဲပြားသည့် ပြဿနာများနှင့် ၎င်းတို့အပေါ် ရှုမြင်သုံးသပ်ချက်များကို ဤအခန်း၌ ဦးစားပေးဖော်ပြထားသည်။

၁။ ပထမဦးစွာ ''အဘယ်ကြောင့် ယုံကြည်ကိုးကွယ်သည့်ဘာသာအချင်းချင်းဆက်ဆံ ရေး၌ပြဿနာများဖြစ်ကြရသနည်း။ သိပ္ပံပညာရပ် ၊ နည်းပညာရပ် ၊စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများက ခေတ်ရှေ့ပြေးနေခြင်းနှင့်အတူ ဘာသာယုံကြည်ကိုးကွယ်မှုများ လျော့နည်းကျဆင်းလာ၍ အနာဂတ်ကာလတွင် ပျောက်ကွယ်လုနီးအချိန်ရောက်နေပြီ'' ဟူသောအချက်ကို ထောက်ပြထားသည်။

၂။ အကယ်၍ထိုအရာများက ဘာသာယုံကြည်ကိုးကွယ်မှုအတွက် လူသား၏အသဲနှလုံး ထဲ၌နက်ရှိုင်းစွာတိမ်းညွတ်နေရာယူမှုပြုထားသည်ဟု ပြောဆိုနေကြ၍ ဘာသာယုံကြည် ကိုးကွယ်မှုမှာငြိမ်းချမ်းစွာညှိနှိုင်း ဆွေးနွေးရမည်ဖြစ်စေကာမူဘာသာယုံကြည်ကိုးကွယ် မှုများ၏ ဆက်စပ်သော အမှုကိစ္စအားလုံး၌ တစ်ခုနှင့်တစ်ခုအပြန်အလှန်ပဋိပက္ခဖြစ် ပွားလာကောင်းဖြစ်ပွားလာနိုင်သည်ဟု အယူရှိနေကြသည်။ အဘယ်ကြောင့်တူညီသော လျှောက်လှမ်းနေမှု တစ်ခုအပေါ်တွင် ဘာသာယုံကြည်ကိုးကွယ်မှုများအား အတူတကွ စုစည်း၍ အဖြေတစ်ခုရရှိရေး ကြိုးစားနေကြပါသနည်း။

၃။ မည်သို့ပင်ဖြစ်စေကာမူ ဘာသာယုံကြည်ကိုးကွယ်မှု တစ်ခုနှင့်တစ်ခု ဆက်ဆံမှုပြုရာ တွင် ဘာသာယုံကြည်ကိုးကွယ်မှုများအားလုံးက ထောက်ပြသကဲ့သို့ ပြည့်စုံမှန်ကန် မှုရှိသော အဆင့်အတန်းရှိကောင်းမှ ရှိနိုင်လိမ့်မည်ဟူ၍ ဖြေဆိုကြပေလိမ့်မည်။ ဤ နေရာ၌ ယင်းအဆင့်အတန်းသတ်မှတ်ချက်အားလုံးကို လက်မခံနိုင်ဟူ၍ ရှေ့ဆက်လက်

ပြီး ကန့်ကွက်မှုရှိကောင်း ရှိနိုင်သေး၏။ သို့ဖြစ်၍ ဆက်လက်ပြီးပြည့်စုံမှန်ကန်သော ဤအဆင့်အတန်းကို သိနားလည်ရန်အခက်အခဲရှိကောင်းရှိခဲ့ကြလိမ့်မည်ဖြစ်သည်။

၄။ အကယ်၍ ဘာသာယုံကြည်ကိုးကွယ်မှုများ၏ ဆက်ဆံရေးနယ်ပယ်၌ ဤအချက်က နှစ်ပေါင်းများစွာအချိန်ကာလကြာအောင်ပြဿနာမရှိပဲ ဆက်လက်တည်ရှိနေစေကာမူ ၎င်းတို့ အတူယှဉ်တွဲနေထိုင်ခြင်း၏ ပြဿနာသည် လူသားမျိုးနွယ်စုအား ဒုက္ခဖြစ်စေရန်အကြောင်းတရားအဖြစ် ဆက်လက်တည်ရှိလိမ့်မည်ဖြစ်သည်။

၅။ ကိုးကွယ်ယုံကြည်မှုပြုသည့် သဘောတရားများသည် နိုင်ငံရေးပါတီတိုင်းသို့စစ်မှန်စွာအကြံဉာဏ်ပြုနိုင်၍ နိုင်ငံရေးသဘောတရား ရေရှည်တည်တံ့ရေးတွင်လည်း ဘာသာရေးသဘောတရားနှင့်ဆိုင်သည့် အကြံဉာဏ်များက ဩဇာလွှမ်းမှုတစ်ခုဖြစ်လာနိုင်၏။ ဥပမာအနေဖြင့် ဟိန္ဒူဘာသာ၊ဆစ်ခ်ဘာသာနှင့် အစ္စလာမ်ဘာသာတို့၌ နိုင်ငံရေးနှင့်ဆိုင်သော ကြံရွယ်ချက်များနှင့် ရည်ရွယ်ချက်များပါရှိကြသည်။တဖန် ကွန်မြူနစ်ဝါဒကဲသို့သော နိုင်ငံရေးပါတီတစ်ရပ်သည် အဖွဲ့ဝင် မဟုတ်သည့် ကူညီအားပေး ထောက်ပံ့မှုပြုသူ အစိတ်အပိုင်း၏ အပေါ်တွင် ဘာသာရေးနှင့်ဆိုင်သည့် ကတိကဝတ်ပြုတစ်ခုအဖြစ် ထင်မြင်ယူဆသည်။ဤနေရာသို့ တင်ပြလာသည့်ပြဿနာရပ်များသည် ၎င်းတို့၏ အဖြေထက်ပို၍ များစွာ အလေးသာသည့် ပြဿနာအများဆုံးဖြစ်နိုင်ဖွယ်ရာရှိသည်။ သို့သော် ကြောင်းကျိုးဆီလျော်သည့်အဖြေမှာ ပြဿနာရပ်များဖြေရှင်းရာ၌ ကျွန်ုပ်တို့ကြိုးစား၍ အသုံးပြုနိုင်သော တစ်ခုတည်းသောလက်နက်ဖြစ်နိုင်ပါ၏။လူ့ယဉ်ကျေးမှုသမိုင်းကြောင်းတွင် ဘာသာယုံကြည်ကိုးကွယ်မှုများသည် စစ်ပွဲများဖြစ်ပေါ်စေခဲ့ပြီး ငြိမ်းချမ်းရေးဖြစ်ပေါ်လာရန် မြှင့်တင်ပေးခဲ့ခြင်းများလည်း ရှိခဲ့ဘူးလေ၏။ ဥပမာအားဖြင့် ဂျူးလူမျိုးနှင့် ခရစ်ယာန်ဘာသာဝင်များနှင့် ပါစီဘာသာဝင်များအတွင်း ပဋိပက္ခများ ပြင်းထန်စွာဖြစ်ပေါ်ခဲ့ပြီး အစ္စလာမ်သာသနာပေါ်ထွန်းလာခြင်းဖြင့် အာရပ်လူမျိုးများနှင့် ပါရှန်လူမျိုးများအကြား အစ္စလာမ်ဘာသာတိုးတက်လာခြင်းကြောင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အခြေအနေကောင်းတစ်ရပ်ရရှိလာခဲ့သည်။ယင်းပေါင်းစည်းညီညွတ်မှုကို အဘယ်ကြောင့်တိုးတက်အောင် မဆောင်ရွက်နိုင်ခဲ့ကြပါသလဲ။ထို့ကြောင့်

ဘာသာယုံကြည်ချက်များစွာတို့၏ မတူညီကွဲပြားခြားနားသော ထောက်ပံ့မှုများတွင် အချင်းချင်း သဘောပေါက်နားလည်မှုအတွက် အသိဉာဏ်ဖြင့် ကြိုးစားအားထုတ်ရန် လိုအပ်ခဲ့ပေသည်။

## ဘာသာယုံကြည်ကိုးကွယ်မှုအလေးထားခြင်းအတွက် အခြေအနေကို အထူးဖော်ပြချက်CASE FOR RELIGION A PRIORI

သိပ္ပံပညာနှင့် နည်းပညာရပ် ၊ဘဏ်လုပ်ငန်း၊စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ကုန်သွယ်ရေးလောက အတွင်းအချင်းချင်းဆက်သွယ်မှု အစရှိသည်များ၏ ခေတ်ရေ့ပြေး တိုးတက်လာမှုနှင့်အတူ ထိုအချက်တစ်ခုသည် အနောက်နိုင်ငံများက ခရစ်ယာန်သာသနာကို ထိန်းချုပ်ထားခြင်းအားကြီးမားစွာ အားနည်းယုတ်လျော့စေခဲ့သည်။ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုများနှင့်အတူ လက်ဦးရယူပိုင်ဆိုင်မှုသည် ဤကမ္ဘာလုံးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှု၏နောက်သို့ အမိလိုက်ပါနိုင်စေရန် ဖြစ်ထွန်းခဲ့သည်။ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှု၌ အခြေခံသင့်ဟူသော အယူအဆနှင့် သဘောထားအမြင်များသည် တစ်နေ့တစ်ခြားကမ္ဘာတစ်လွှားသို့ တိုးပွားလာရန်ရှိနေသည်။ခေတ်သစ် အိန္ဒိယပြည်သည်ပင်လျှင် ဤကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်နှင့်သဘောတရား အယူအဆအား မဆက်မဆံပဲရှောင်လွှဲနေထိုင်၍ မရခဲ့ပေ။ မည်သို့ဖြစ်စေကာမူ သဘာဝကျကျယုံကြည်မှုနှင့် သဘာဝလွန် စွမ်းအားရှင်ကို ယုံကြည်အားထားမှုဟူသော သဘောထားနှစ်ခုသည် အစွန်းနှစ်ဘက်အကြား တိုင်ကပ်နာရီတစ်လုံး၏ ချိန်သီးပမာ ဟိုဖက်သို့ရွေ့လျားသွားလိုက် သည်ဖက်သို့ရွေ့လျားသွားလိုက် (oscillating)ဖြင့် မတည်ငြိမ်သည့်သဘောဖြစ်သည်ကို ကျွန်ုပ်တို့မှတ်သားမိသည်။ရှေးဟောင်းအိန္ဒိယပြည်နှင့် အနောက်တိုင်း၏ခေတ်အလယ်ပိုင်းတွင် သဘာဝလွန်စွမ်းအားရှင်အား ယုံကြည်ကိုးကွယ်မှုသည် ကျယ်ပြန့်စွာဖြင့် မထင်မရှားရှေ့သို့ တိုးသွားနေခဲ့၏။ကျွန်ုပ်တို့ယနေ့ခေတ်တွင် ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုဖြစ်စဉ်၌ အယူအဆပြင်းထန်သည့် အခြားတစ်ဘက်သို့ သွားနေကြသည်။သို့သော် ဟိန္ဒူဘာသာ၏ ဥပနိရှတ်စ်ကျမ်းနှင့် ခရစ်ယာန်ဘာသာ၏ သမ္မာကျမ်းစာတို့၏ ဟောကြားသင်ပြချက်များ (Upanishadic and Biblical teachings)တို့သည် ကမ္ဘာနှင့်သင့်တင့်ညီညွတ်မျှတမှုရှိစွာ

ဆက်ဆံမှုရှိနေသည်။မိုက်ထရီယံ (Maitreyi)က ပြောပြသည့် ယစ်ဂျနာဗာလ်ကျ (Yajnavalkya) က ဤသို့ဆို၏-

"အမြဲထာဝရတည်မြဲအောင် နေလို့မရ ဇိဝ်ဘဝသည် ဘာလုပ်ရမှာလဲအဲဒါဟာ မေးမြန်းရမည့်မေးခွန်းတစ်ခုပဲ" (Brhadaranyaka.2.4.3)

အလားတူစွာ ယေရှုက ဆေတန်သို့ပြန်ပြောသည်မှာ-

"လူသားသည် ပေါင်မုန့်တစ်မျိုးတည်းစား၍ အားရတင်းတိမ်ပြီး မနေနိုင် ၊သို့သော် ထာဝရဘုရားသခင် ဟောကြားသည့် စကားလုံးတိုင်းဟာ မမှားနိုင်ဟု သူထင်" (Matthew.4.4)

လူသားအားလုံးတို့သည် ၎င်းတို့၏ ကာယသုခအလုံးစုံ ပြည့်စုံကျေနပ်မှုရရှိနေကြသည့်တိုင်အောင် သူတို့သည် အမြဲထာဝရတည်ရှိနေနိုင်သော ဘဝနှင့် ဆုံးစမထင်သာဝစဉ်တည်ရှိနေလိုသည့် ဘဝတဏှာကိုလည်းတောင့်တနေကြရာ၏။(ကာမတဏှာ ၊ဘဝတဏှာ၊ဝိဘဝတဏှာဟူ၍ ဗုဒ္ဓက ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားထား၏-ဘာသာပြန်သူ)လူသားတစ်ယောက် ဘာကိုအနိုင်ယူရမှာပါလိမ့် ၊အကယ်၍ တစ်ကမ္ဘာလုံးကို သူအောင်နိုင်စေဦးတော့ ဒါပေမယ့် သူ့ရဲ့အတွင်းစိတ်ကိုတော့ သူအရှုံးပေးရပေလိမ့်"။ဘာသာယုံကြည်ကိုးကွယ်မှုသည် လူသား၏ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုကို မြင့်မားလာစေရန်နှင့် လူတစ်ဦး၏ ဘဝတစ်လျှောက်လုံး အုံ့ဩထိတ်လန့်ခြင်းမှ ပြေပျောက်စေရေးအကူအညီပေးရန် တာဝန်ရှိသည်။လူသား၏စိတ်ပိုင်းဆိုင်ရာဖွဲ့စည်းတည်ဆောက်ပုံတွင် အသည်းနှလုံးအတွင်းအလေးအနက်ခိုင်မြဲစွာ ကိန်းအောင်းနေသည့် အဓိပ္ပါယ်ဆောင်သော စေတနာ သဒ္ဓါတရားသည် လူသားဘဝထဲတွင် ဘက်စုံထောင့်စုံမှတွေ့ကြုံခဲ့ရသောဖြစ်ရပ်အပိုဖို့၌ သူ့အား ငြိမ်းချမ်းမှုနှင့် ငြိမ်သက်မှု (Peace and Pistis)ရစေမည့် ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုကို တွေ့ရှိရသည့်အချိန်ထိ သူရှာဖွေမတွေ့နိုင်သည့် နားခိုမှုဟူသောကောင်းကျိုးချမ်းသာကို ကျွန်ုပ်တို့သိနားလည်ကြသည့် ဘာသာယုံကြည်ကိုးကွယ်မှုအားအလေးထားမှုဖြစ်သည်။ဘာသာယုံကြည်ကိုးကွယ်မှုအား အလေးထားသည့် ဤဟောကြားဆုံးမသည့် တရားအား ယောနိသောမနသိကာယခေါ် မှန်ကန်စွာစဉ်းစားတွေးခေါ်သူများတို့သည်အမျိုးမျိုးအထွေထွေ ရေးသားဖော်ပြခဲ့ဘူးလေပြီ။သမ္မာကျမ်းစာက "ဖခင်၊ကျွန်ုပ်၏ဖခင်" ဟူ၍

ကျွန်ုပ်တို့၏ ဟစ်ကြွေးအော်မြည်သည့် စကားသံသည် ကျွန်ုပ်တို့၏ အသည်းနှလုံး၌ တည်ရှိနေသော ထာဝရဘုရား၏ ဝိညာဉ်ဖြစ်ပါ၏(Galatians.4.6)။ထိုနည်းတူစွာ ညီညာတူမျှ ထက်သန်သည့်သဒ္ဓါ ၊ခရစ်ယာန်သူတော်စင် စိန့်ဩဂတ်စတင်း၏ပြောကြားပုံကတော့-

''အရှင်ကိုယ်တော်မြတ်သည် အရှင်မြတ်အတွက် ကျွန်ုပ်တို့အားဖန်ဆင်းထား၍ ကျွန်ုပ်တို့၏နှလုံးသားသည် အရှင်မြတ်ထံခိုနားခွင့်မရသေးသမျှ ကာလပတ်လုံးနားနေမှုမရှိ ပင်ပန်းလှဘိ၏။''

ကင်တာဘာရီဂိုဏ်းဝင် အင်န်ဆမ်(Anselm of Canterbury) (1033-1109)သည် ဘာသာယုံကြည်ကိုးကွယ် အလေးထားထိုက်ကြောင်း အတိအကျခံယူထားသူဖြစ်၍ ၎င်း၏ခံစားနားလည်ထားသည်မှာ အရူးတစ်ယောက်သည်ပင်လျှင် ထာဝရဘုရားသခင်၏အဓိပ္ပါယ်ကို နားလည်သဘောပေါက်ပါကထာဝရဘုရားသခင်ဆိုတာ မရှိပါဟူ၍ သူပြောမည် မဟုတ်ပေဟူ၍ဆို၏။သို့ရာတွင် တိကျသေချာဆုံးဖြစ်သော ခံစားချက်ဖြစ်သည့် ဘာသာတရားအား အလေးထားမှုသည် လူသား၏ခန္ဓာကိုယ် ဖွဲ့စည်းတည်ရှိမှုနှင့် ၎င်း၏စိတ်ဓါတ်က စတင်ပေါ်ပေါက်လာသည်။

ကျွန်ုပ်တို့၏ ခေတ်ကာလတွင် ပေါလ်တီလိချ် (Paul Tillich - 1886-1966)က ဘာသာ ယုံကြည်ကိုးကွယ်မှုအား အလေးထားမှုနှင့်စပ်လျဉ်း၍ ခေတ်ကာလ၏ရှေ့ဆောင် ၊အလွန်ထွန်းပြောင်သည့်ကျမ်း ''ကိုယ်ကျင့်အဘိဓမ္မာနှင့် ယုံကြည်ကိုးကွယ်မှု''(DYNAMICS OF FAITH)ကို ရေးသားခဲ့သည်။၎င်းက ထိုကျမ်းစာအုပ်၌ရေးသားချက်အချို့မှာ-

—''အခြားခြားသော ဘာသာယုံကြည်ကိုးကွယ်မှုများနှင့် မသက်ဆိုင်ဘဲ မိမိ၏ ယုံကြည်ကိုးကွယ်ခြင်း ဆိုသည်မှာ မိမိသာလျှင် အာရုံခံစားနိုင်သောအရာဖြစ်ပါ၏။ ထို့ပြင် ယုံကြည်ကိုးကွယ်မှုသည် လူသားတစ်ဦး၏ဘဝနှင့်သက်ဆိုင်သော ထိုပုဂ္ဂိုလ်၏ အသည်းနှလုံးကို ဗဟိုပြုလျက်တည်ရှိပြီး အာရုံခံစားမှုပြုနိုင်သောအရာဖြစ်ပါ၏။ ထိုအရာသည်ဘာသာယုံကြည်ကိုးကွယ်မှုနှင့်သက်ဆိုင်ပြီး သာလွန်မြင့်မြတ်၍ အကောင်းဆုံးသော ဘာသာယုံကြည်ကိုးကွယ်မှုဖြစ်သည့်အပြင် လူသားတိုင်းနှင့်သက်ဆိုင်သော အသည်းနှလုံးထဲတွင် မာကျောခိုင်ခံ့စွာတည်ရှိပြီး အစဉ်အမြဲ စွဲလန်းနေသည့် ပြောင်းလဲနိုင်သောအရာ''ဟူ၍လည်းကောင်း၊''အဒါခပ်သိမ်း အထက်၌ဖော်ပြခဲ့သည့်အတိုင်း

ဖြစ်နေပေလိမ့်မည်ဟူ၍လည်းကောင်း'' မီးမောင်းထိုးပြခဲ့သည်။ယုံကြည်ကိုးကွယ်မှုသည် လူသားတစ်ဦး၏ မရှိမဖြစ် အရေးတကြီးလိုအပ်သော ကြောင်းကျိုးဆီလျော်လက်ခံနိုင်သော အရာဖြစ်ခြင်းကြောင့် ၎င်းအရာဖြစ်ထွန်းပေါ်ပေါက်နေခြင်းသည် လူတိုင်းနှင့်သက်ဆိုင်သည့် နှစ်သက်လိုလားအပ်သောအရာဖြစ်ပါ၏။''(သာသနာ ရောင်ဝါထွန်း၊ ခွင့်သာလွန်းသည်ချိန်ခါ၊ ပရိယတ်နှင့် ပဋိပတ် ဤနှစ်ပြာ ခုခါမှသာစွ၊ ခွင့်သာခိုက်မို့ မလိုက်ချင်လျှင် အမိုက်နှင့် ပြင်ရှိသေးရဲ့လား၊ ခွင့်သာစဲမို့ မန္တဲချင်လျှင် အလွဲနှင့်ပြင်ရှိသေးရဲ့လား ၊ ခွင့်သာတုန်းမှ မရုန်းချင်လျှင် အရှုံးနှင့်ပြင်ရှိသေးရဲ့လား'' ဟူသော စကားရပ်များဖြင့် ဗုဒ္ဓဘာသာဝင်များအား ပညာရှင်တစ်ဦးက ဆုံးမစကားရေးသားထားသကဲ့သို့ပင် ဗုဒ္ဓဘာသာဝင်မဟုတ်သူများကလည်း မိမိတို့ယုံကြည်ကိုးကွယ်သည့်ဘာသာအလိုက်အလေးထားထိုက်လှပေ၏။–ဘာသာပြန်သူ)

ယုံကြည်ကိုးကွယ်မှုသည် လူသား၏ဖျက်မှောက်ဘဝ၏ အခြေခံအကျဆုံး ရပိုင်ခွင့်ဖြစ်၍ ၎င်း၏အဓိကလိုအပ်ချက်ဖြစ်၏။

''အခြေခံအကျဆုံး အခွင့်အရေးမှာ အခြေအနေကန့်သတ်ပိုင်းခြားမှုမရှိဘဲ လွတ်လပ်မှုရှိသော လူတစ်ဦးတစ်ယောက် သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ခုခု၏ မည်သည့်အခြေအနေ၊မည်သည့်လိုလားတောင့်တချက် သို့မဟုတ် မည်သည့်အဖြစ်သနစ်တွင်မဆို လိုအပ်သည်။ အခြေအနေကန့်သတ် ပိုင်းခြားခြင်းမရှိသော အခွင့်အရေးမှာ လုံးဝဥဿုံပြည့်စုံ၏။ကျွန်ုပ်တို့ကိုယ်တိုင်ပိုင်ဆိုင်သော အစိတ်အပိုင်းမဟုတ်ပေ သို့မဟုတ် ထိုအရာမှ ကျွန်ုပ်တို့၏ကမ္ဘာလောကသည် ပါဝင်မှုမရှိပေ၊ထိုအရာမှ ကင်းကွာသောနေရာမရှိပါပေ။''

ထို့နောက် ပေါလ်တီလိချ်က တဖန်ဆက်လက်ရေးသားခဲ့သည်မှာ –

''ကျွန်ုပ်တို့၏ ဖွဲ့စည်းမှုသင်္ကေတဖြစ်သော အခြေခံအကျဆုံးရယူပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေးမှာ ထာဝရဘုရားသခင်ဖြစ်၏။ထိုအရာသည် မည်သည့်ယုံကြည်ကိုးကွယ်မှု၌ဖြစ်စေ ၊ထာဝရဘုရားသခင်အား ငြင်းပယ်သော ယုံကြည်သက်ဝင်မှုအပါအဝင် အခြေခံအကျဆုံး အခွင့်အရေးသည် အစဉ်အမြဲ လူသား၏ အသဲနှလုံးထဲ၌ ကိန်းအောင်းတည်ရှိနေ၏။ထာဝရဘုရားသခင်အား ထာဝရဘုရားသခင်၏ အလိုတော်အရသာလျှင် ငြင်း

ပယ်ခွင့်ရှိ၏။ထာဝရဘုရားတစ်ဆူသည် အခြားတစ်ပါးသော ထာဝရဘုရားသခင် အား ငြင်းပယ်ထားနိုင်၏။အခြေခံအကျဆုံးသော ရယူပိုင်ခွင့်သည် ၎င်း၏ ကိုယ်ပိုင်သ ဘောသဘာဝ လက္ခဏာရသကို အခြေခံအကျဆုံးအနေဖြင့် ငြင်းပယ်ခြင်းမပြုနိုင်ပေ။"

အမှန်စင်စစ်အားဖြင့် ထိုအကြောင်းအရာမှာ မေးခွန်းထုတ်စရာဖြစ်သော်လည်း၊ တီလ်လိချ်အဖို့ရာ၌ လူတစ်ဦးတစ်ယောက်အတွက် အခွင့်အရေးကင်းမဲ့သည့်အဖြစ်မျိုးကို လူတစ်ယောက်၏ အခြေခံအကျဆုံး အခွင့်အရေးနှင့်မသက်ဆိုင်သည့် ကျန်သောဖြစ်နိုင်ဘွယ်ရာကိစ္စကိုမူ တီလ်လိချ်က ခွင့်ပြုသည်။ဤကိစ္စအား တင်ပြဆွေးနွေးရခြင်းအကြောင်းမှာ တီလ်လိချ်၏ အယူအဆအတိုင်း ဖော်ပြရလျှင် လူသားသည် အမှန်တရားကို ဆန့်ကျင်လျက် စိုးရိမ်ပူပန်မှုများ ကြောက်ရွံ့ထိတ်လန့်မှုများ၊ရင်တွင်းမျိုသိပ်ခံစားရသည့် စိတ်ဆင်းရဲမှုအား သီးခြားထားရှိမှုနှင့် လူ့ဘဝ၏ထွေပြားများလှစွာသော မဝေခွဲမဆုံးဖြတ်နိုင်သည့် သံသယဝိစိကိစ္စများ ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခြေအနေတွင် အမြဲတမ်းတွေကြုံ ခံစားနေရသည်။အလုံးစုံကို ခြုံငုံသုံးသပ်ရလျှင် "ထာဝရဘုရားသခင်တစ်ဆူ ကွယ်ပျောက်တော်မူ၏။ထာဝရဘုရားသခင်၏ လက်တွေ့ကျသည့် အဆုံးအမများကျန်ရစ်ခဲ့၏။"တစ်ဖန် ထာဝရဘုရားဟူသော အမှတ်သင်္ကေတနှင့် လူမျိုးတစ်စု၏ရှေးဟောင်းစဉ်လာ အယူအဆများမှာ ထုတ်ဖော်ထားသည့် လူတစ်ဦး၏ယုံကြည်မှုဖြစ်လာ၏။

"လူတစ်ဦးတစ်ယောက်သည် အခြားသူတစ်ယောက်မှတဆင့် ရှေးဟောင်းစဉ်လာစွဲလမ်းရာတစ်ခုကို လက်ဆင့်ကမ်းနိုင်ပါ၏။သို့ရာတွင် လူတစ်ဦးဟာ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘဝအတွင်း၌သာ ရှေးဟောင်းယုံကြည်မှု၏အောက်မှာ အစဉ်အလာကိုတော့ မပယ်ရှားနိုင်ပါ။"

လူ့အခွင့်အရေးကို ငြင်းပျသည့် စိတ်ပါဝင်စားမှုသည်ပင်လျှင် စစ်မှန်သောအကြောင်းတရားကို ဖုံးကွယ်ထားရန်အားထုတ်ခြင်းဖြင့် ဘာသာဆည်းကပ်ကိုးကွယ်မှုအား ငြင်းပယ်ခြင်းမှာ ယုံကြည်မှုပုံစံတစ်ခုဖြစ်သည်။

တီလ်လိချ်၏အလိုအရ–

......အကယ်၍ ယုံကြည်မှုကို အခြေခံအကျဆုံး အကြောင်းအရာတွင် နောက်ဆုံးအဆင့်အနေဖြင့် အခွင့်အရေးရရှိခဲ့သည်ဟူ၍ နားလည်သဘောပေါက်ပါက လူ့အခွင့်အရေးကိစ္စ

၌ စိတ်အားထက်သန်ခြင်းသည် ယုံကြည်မှုအား ပေးအပ်ထား၏။လူ့အခွင့်အရေးကို စိတ်အားထက်သန်မှုသည် လူသားအား သူ့ဘဝကိုးကွယ်ဆည်းကပ်မှုအတိုင်းအတာ ပမာဏ တိုးပွားကျယ်ပြန့်အောင် ဆောင်ရွက်ပေးသည့် စိတ်နေသဘောထားဖြစ်သည်။ လူသား၏အခြေခံအကျဆုံး လူ့အခွင့်အရေးရရှိရန် လူသားသည်အဓိကအကျဆုံးဖြစ်သည်။

တီလ်လိချ်အဖို့ရာ၌ လူ့ဘဝရရှိခြင်း၏အကြောင်းရင်းကို လေ့လာမှုပညာရပ်သဘောအရ ၎င်း၏အကြောင်းပြချက်မှာ လူသားသည် သူတွေကြုံဖြတ်သန်းခဲ့ရသော ခံစားချက်နှင့်စိတ်ဆင်းရဲမှုအား သီးခြားစီထားလျက် အစအဆုံးမထင် ကျင်လည်ရသည့် သူပိုင်ဆိုင်သောလူ့ဘဝကို ကိုယ်တိုင်ရရှိနေရခြင်းဖြစ်သည်ဟူ၍ ဖြစ်၏။ဤနေရာ၌ တစ်ဦးတစ်ယောက်သည် ထာဝရဘုရားသခင်ထံ ခိုလှုံခွင့်မရသေးလျှင် ၎င်းသည်ခိုလှုံရပ်နားရမည့်နေရာကို မတွေ့နိုင်သေးဟူ၍ ဩဂတ်စတင်း(Augustine)နှင့် စိန်ပေါလ် (St.Paul)တို့၏သံယောက်ကို ရှာတွေ့သည်ဟူ၍ဆိုသည်။

ဤသို့အားဖြင့် တီလ်လိချ်က အောက်ပါအတိုင်းရေးသားထားသည်–

''လူသားသည် သူ၏စစ်မှန်သော လူ့ဘဝအပြည့်အဝရရှိခြင်း၌ လည်းကောင်း၊အချိန်ကာလနှင့်နေရာဒေသတို့အား အလဟဿ အကျိုးမရှိသောနည်းဖြင့် ချိုးဖဲ့ဖျက်ဆီး အချည်းအနှီး ဖြစ်ရခြင်း၌ လည်းကောင်း လုံးဝတာဝန်ရှိသည်။လူသားသည် တန်ဘိုးရှိသည်။လူသားသည် တန်ဘိုးရှိလှစွာသော အချိန်ကာလနှင့် နေရာဌာနကို ကောင်းစွာအသုံးချတက်ရန် ခြွင်းချက်မရှိ တာဝန်ရှိပေ၏။လူသားသည် ၎င်း၏ ပတ်ဝန်းကျင်နှင့် လက်ဝယ် ဆုပ်ကိုင်ရရှိနေသော ၎င်း၏လက်ရှိအခြေအနေကို တန်ဘိုးရှိရှိ အသုံးပြုပြီး လက်လွတ်ဆုံးရှုံးမှုမရှိစေရန် တာဝန်ရှိပေ၏။

တီလ်လိချ် (Tillich) က ဘာသာယုံကြည်မှုအား အလေးထားသင့်ပုံကို ဤသို့သဘောတရားအရ ပြည့်စုံအောင် ထည့်သွင်းရေးသားခဲ့လေသည်။

## လူသားနှင့်၎င်း၏စိတ်ပိုင်းဆိုင်ရာခန္ဓာဖွဲ့စည်းတည်ဆောက်မှုသဘောတရား
## (ORGANISMIC THEORY OF MAN AND HISPSYCHE

ကုသိုလ်တရားပွားများခြင်းဖြင့် သတ္တဝါတိုင်း မိမိခန္ဓာဝန်ကို ကောင်းမွန်စွာ စောင့်ရှောက်နိုင်ကြပါစေ ဟူသောမေတ္တာဓါတ်တိမ်းညွတ်ခြင်း အယူအဆဝါဒသဘော (Horme Theory)ကို ပထမဦးဆုံး တင်ပြခဲ့သူမှာ အရစ္စတိုတယ်ဖြစ်သည်။အချိန်ကာလရှေ့လျောကြာမြင့်သောအခါ၌ စပင်နိုဇာ (Spinoza)က လူ့ကိုယ်ခန္ဓာအတွင်း ဇဟိုရ်မောင်းနှင်အား ခေါ်(Conatus)သည် လူ့ခန္ဓာကိုယ်တိုင်းတွင် အသက်ရှင်တည်တံ့ရေး ပြုပြင်ပေးလျက်ရှိကြောင်းကြေငြာမောင်းခတ်လိုက်သည်။ဆယ်မြူရယ်အလက်ဇန္ဒား (Samuel Alexander)ဖိုလ်ချုပ်မှူးကြီးဂျေစီဆမွတ် (Field Marshall J.C Samuts)၊ အေအင်ဝိုက်ဟက် (A.N .Whitehead)၊ ပေါလ်တီလ်လိချ် (Paul Tillich)တို့သည် ၎င်းတို့၏ လူ့ခန္ဓာဖွဲ့စည်းမှု သဘောတရားအယူဝါဒကို "မြင့်မြတ်ခြင်း" (Holism)ဟူသောခံယူချက်ကို သတိတရားသေချာကျနစွာ ထားခြင်းမပြုပဲ ပြုပြင်ထိန်းသိမ်းခဲ့ကြသည်ကိုပြောရပါမည်။ယခုအခါ ဟင်းစ်အဒေါ်ဖ် ဦဝပ်ဒ် ဒရိုင်ရှစ်ချ်(Hans Adolf Eduard Driesh,1867-1940)ကသတ္တဝါတိုင်း အတွင်းစိတ်ဓါတ် မြင့်မြတ်ရန် သိပ္ပံပညာနှင့် နှိုင်းယှဉ်ထိန်းညှိပြီး ပြုလုပ်အားထုတ်သည်။သန္ဓေသားတစ်ခု (Embryo)သည် ၎င်း၏ခက်မဇီးဖြာ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ပုံပန်းသဏ္ဍာန်လေးများဖြစ်ပေါ်လာသည်ကို အထူးသဖြင့် သတိပြုနိုင်ပေ၏။ အဘယ်ကြောင့်ဆိုသော် ယင်းမောင်းနှင်အားသည်ပင်္ဂသန္ဓေသားထဲစ်၏ ဖွံ့ဖြိုးတိုးတက်နေသည့်ဖြစ်စဉ်၌ ရရှိလာသော ဒဏ်ရာဒဏ်ချက်ကို ပြုပြင်စောင့်ရှောက်ရန် ကြိုးစားလုပ်ကိုင်ပေးသောကြောင့်ဖြစ်သည်။ကာလရှေ့လျောကြာမြင့်သောအခါ လက်ရှ်လေ (Lashiey)သည် သင်ကြားမှုဆိုင်ရာလေ့လာချက်၌ ဒဏ်ရာရရှိထားသော ဦးနှောက်ပေါ်မှ လုပ်ငန်းဆောင်ရွက်မှုသည် ဦးနှောက်၏သန့်ရှင်းဖြူစင်ရန် ဖြစ်ထွန်းမှုအစဉ်အားလေးနက်စေခဲ့သည်။ဆိုလိုသည်မှာ လူ့ခန္ဓာကိုယ်၏ အစိတ်အပိုင်းအချို့ ဘေးဥပါဒ်ဖြစ်နိုင်သော ပြောင်းလဲမှုဖြစ်စဉ်နောက်ပိုင်း၌ ဦးနှောက်၏ကျန်အစိတ်အပိုင်းသည် ဦးနှောက်မှ ဖယ်ရှားပစ်သော အစိတ်အပိုင်းများ၏ လုပ်ငန်းလည်ပတ်မှုကို ကျော်တက်လုပ်ကိုင်သွားသည်ဟူ၍ ဖြစ်သည်။

သို့သော် ဖြူစင်သန့်ရှင်းခြင်း(Holism)၏သဘောသဘာဝအယူအဆကို လူသား

တစ်ယောက် အပြစ်သို့ အပြည့်အဝရောက်ရှိလာမှု၏ လှေ့လာချက်အား လက်တွေ့နှင့်ပေါင်းစပ်သောအခါ စိတ်ဝင်စားမှုဖြစ်ခဲ့သည်။အက်စ် -ဖရောက် (S.Freud)က ခန္ဓာကိုယ်ဖွဲ့စည်းမှုတစ်ခုစီ၏ ယေဘုယျဦးတည်ချက်များကို တိကျသေချာသော သက်ရှိဘဝဖြစ်ပေါ်လာနိုင်သော ညီမျှရန် ထိန်းချုပ်မှုတစ်ခုဖြစ်စေမည့် ဆက်လက်တိုးတက်မှုကို ရေးသားတင်ပြလိုက်ခြင်းမှာ ၎င်း၏ယူဆချက်အား သွယ်ဝိုက်၍ အရိပ်အမြွက်ပြောဆိုလိုက်ခြင်းဖြစ်သည်။တဖန် အလားတူတင်ပြသူ စီဂျီဂျွန်း (C.G.Jung)ကလည်း လူတစ်ဦးချင်းကိုယ်စီ၌ ၎င်း၏ ဒုတိယသက်တမ်းတစ်ဝက်သို့ ရောက်သောအခါ ပြင်ပလောကအား အောင်မြင်သည့်ကြားခံအဖြစ်ထား၍ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းဖြင့် လူတစ်ဦးချင်းသည် အပြည့်အဝဖြစ်ပေါ်လာနိုင်သည့် အတွင်းစိတ်ကို ကောင်းစွာသိရှိနားလည်ရန် ကြိုးစားသည်ဟူ၍ အစဉ်အမြဲ ထိန်းသိမ်းမှတ်ယူထားခဲ့သည်။၎င်းက လူပုံသဏ္ဌာန်(Shadow) ၊အနီမ – အနီမတ်စ် (anima - animus) လူ့သဘောဝစရိုက်လက္ခဏာဖြစ်ပေါ်လာခြင်း(manapersonality)နှင့် လူသားတစ်ဦး၏ ဦးနှောက်အစိတ်အပိုင်း (mandala experience )ရှိလာခြင်း ဟူသော အဆင့်(၄) ဆင့်ကို ဖော်ပြခဲ့သည်။စီဂျီဂျွန်း(C.G.Jung) ရေးသားသည့် လူသားတစ်ဦးချင်းစီ၏ ဉာဏ်ပါရမီကြီးရင့်လာမှုအစဉ်၌ ယေဘုယျအလေးပေးဖော်ပြချက်တစ်ခုလုံးသည် အဝိဇ္ဇာဝါဒ၏ပြဿနာဖြစ်ရေးဟူသော နောက်ဆုံးရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးသို့မဟုတ် ဗုဒ္ဓဘာသာအနေဖြင့် နိဗ္ဗာန်ရောက်ရေး ဟူသော အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်သို့ ဆိုက်ရောက်ရန်ဖြစ်သည်။

ကတ်ဂိုးလ်စတိန်း (Kurt Goldstein)အင်ဒရပ်စ် အင်ဂ်ယ် (Andras Angyal) အေဗရာဟမ်မတ်စ်လော(Abraham Maslow) ၊ပရက်စကော့လက်တီ (Precott Lecky) ကားလ်ရော်ဂါစ် (Carl Rogers)နှင့် အခြားသောပုဂ္ဂိုလ်များ၏ အဆိုအမိန့်အရ လူသား၏ အကျင့်စရိုက်လက္ခဏာ အရည်အသွေးဖြစ်ပေါ်လာရခြင်းနှင့်စပ်လျဉ်း၍ အလွန်စိတ်ဝင်စားဘွယ်ရာကောင်းသည့် ကိုယ်အင်္ဂါဖွဲ့စည်းတည်ရှိမှုနှင့် ပတ်သက်သည့် သဘောတရားကို မြှင့်တင်ထုတ်ဖော်ရေးသားခဲ့ကြသည်။ စီ.ဂျီ.ဂျွန်း (C.G.Jung)ကဲ့သို့ပင် ဂိုးလ်စတိန်း (K.Goldstein)ကလည်း လူသားကိုယ်ခန္ဓာ ဖွဲ့စည်းဖြစ်ပေါ်မှုအတွင်း သူ့သဘာဝအလျောက်တိကျ မှန်ကန်စေသောလုပ်ငန်းဆောင်ရွက်မှုအတွက် ချိန်ညှိပေးသည့် အစဉ်အတိုင်း ဖြစ်ပေါ်သည်ဟူ၍ထပ်ဆင့်မှတ်ချက်

ပြုသည်။အစဉ်အတိုင်းဆက်လက်ဖြစ်ပေါ်သည့် ဤတိုးတက်မှုကို ''လိုအင်ဆန္ဒ ကာမတဏှာ အပေါ်၌ ကိုယ်ကျင့်တရားကောင်းစွာထား၍ ထိန်းသိမ်းခြင်း ''ခေါ် (Autonomy)ဟူ၍ သိကြသည်။(Autonomy)၏ သဘောသဘာဝနှင့် အတော်အလှမ်းကွာလှသည့် (Homonomy)ခေါ် ပတ်ဝန်းကျင်က တန်ဘိုးထားသည့်ပုံစံအဖြစ်သို့ ရောက်ရှိလာပြီး ၎င်းအရာကို တစ်ဦးတည်းပိုင်ကဲ့သို့ အသုံးချခြင်းအားဖြင့် လူသားတစ်ဦးချင်းစိက သူ၏ကိုယ်ရည်ကိုယ်သွေး ပြည့်စုံရေးအတွက် တိုးချဲ့၍ အသိဉာဏ်ကြွယ်ဝလာစေခြင်း ခေါ်မနုဿဗေဒသည် တိုးတက်ဖြစ်ပေါ်မှုလမ်းကြောင်းပေါ် ရောက်နေသည်။ စိတ်ပိုင်းဆိုင်ရာအဆင့်တွင်ပုဂ္ဂိုလ်သတ္တဝါ အသီးသီးတို့သည် ၎င်း၏ကိုယ်ရည်ကိုယ်သွေးတစ်ခုလုံး ပြည့်စုံလာရန်ပုံဖော်ပြီး အင်ဒရပ်(စ်)အင်ဂ်ယယ်(Andras Angyal)၏အဆိုအရ ၎င်းကို" Symbolic Self"ခေါ် ''ကိုယ်တိုင်ပုံရိပ်နိမိတ်သင်္ကေတ'' ဖြစ်ပေါ်လာသည်ဟုဆို၏။ကိုယ်တိုင်ပုံရိပ်နိမိတ်သင်္ကေတဟူသော ဤအချက်သည် လူတစ်ယောက်၏ ဘာသာယုံကြည်မှုက မိမိအား နိဗ္ဗာန်ဟူသော သဘာဝ၏အမြင့်ဆုံးသော ပြဟ္မာအဖြစ်သို့ တွန်းပို့မြှင့်တင်ပေးခဲ့ခြင်းဖြစ်၏။

လူသတ္တဝါတစ်ဦးချင်းသည် စိတ်ပိုင်းဆိုင်ရာ ဖွဲ့စည်းတည်ရှိမှုအရ ၎င်းပတ်ဝန်းကျင်၏ အပြည့်အဝ စိတ်ပါဝင်စားမှုနှင့် ဆက်စပ်လျက် လူ့ဘဝ၏အဓိပ္ပါယ်တစ်ခုလုံးကို ၎င်း၏ပုံဟန်နိမိတ်အရိပ်သင်္ကေတ (Symbolic self )ဖြင့် သတိစွမ်းအားက တွန်းပို့ပေးလျက်ရှိသည်ဟူ၍ လီဝင်(Lewin)ကဆိုသည်။ဤသို့အားဖြင့် လူသတ္တဝါတစ်ဦးချင်းစီ၏ ကိုယ်တွင်းရှိ ဗဟိုချက်မ၊ သို့မဟုတ် ပင်မစွမ်းအား ထုတ်လုပ်မှုကို ၎င်း၏ကိုယ်ပိုင် ပုံရိပ်နိမိတ်သင်္ကေတက ၎င်း၏ကိုယ်တိုင်အသက်လိပ်ပြာဖြစ်လာစေရန် သာမန်မျက်စိဖြင့် မမြင်နိုင်သည့် အခြားသတ္တဝါတစ်ဦးတစ်ယောက်နှင့် မတူညီသည် ပုဂ္ဂလိကဆိုင်ရာ စရိုက်လက္ခဏာက ပြုလုပ်ပေးသည်။

ဘာသာယုံကြည်ကိုးကွယ်ခြင်းအား အလေးအမြတ်ထားသင့်သည်ဟူသော စိတ်ရင်းစေတနာသည်လူသတ္တဝါတစ်ဦး၏ အတွင်းမောင်းနှင် တွန်းတင်မှုစွမ်းအားသည် အခြားအခြားသော စိတ်ဆန္ဒများသို့ ရောဝင်ပေါင်းစပ်နေသော အရာဖြစ်သည်။စကြဝဠာ ကမ္ဘာလောကဓါတ်နှင့် မိမိကိုယ်တိုင်အား ဖန်ဆင်းတော်မူ၍ ပိုင်ဆိုင်စိုးမိုးအုပ်ချုပ်သော တစ်ဆူတည်းသော ဘုရားသခင်ရှိသည်ဟူ၍ ယုံကြည်သူတစ်ယောက်အနေဖြင့် ထာဝရဘုရားသခင်ကိုယ်တော်တိုင် လူသားတစ်ဦး

စီသည် ထာဝရဘုရားသခင်အား ယုံကြည်သက်ဝင်ပြီး သူ့ထံသို့ ဝင်ရောက်ခိုလှုံနားနေခွင့် ချမှတ်ထားတော်မူခဲ့ပြီး ထိုချမှတ်ထားသည် ခိုနားခွင့်ကို ရရှိခြင်းမှတပါး ကောင်းခြင်းမင်္ဂလာဖြင့် အေးချမ်းတည်ငြိမ်မှုကို မရနိုင်ဟူ၍ ပြောလိမ့်မည်။ယုံကြည်ကိုးကွယ်သူများအနေဖြင့် ၎င်းတို့၏ ဘာသာယုံကြည်ချက် အယူအဆသည် မပျက်မစီးရှိနေခြင်းအား နည်းလည်သဘောပေါက်ရန် သဒ္ဓါတရားမွေးမြူရေးက အခြားယုံကြည်မှုဆိုင်ရာ ကျင့်ဝတ်များထက်ပို၍ အရေးကြီးသည်။ သို့ရာတွင် လူသားဟူသော သတ္တဝါသည် ဘာသာယုံကြည်ကိုးကွယ်မှုအလျဉ်းမရှိပဲ မနေနိုင်ပေ။

I. Autonomy (n) - which means the capcity of an agent to act in accorance with objective morality rather than under the influence of desires.(Kantion moral philosophy)ဟူ၍ဆိုသည်။

II. Homonomy /Homo (n) (Lat)modern man regarded as species ဟူ၍ဆိုသည်။

ဆန့်ကျင်ကန့်ကွက်သူများနှင့် သရော်လှောင်ပြောင်သူများအနေဖြင့် ထိုသို့အမိပ္ပါယ်ကောက်ယူခြင်းသည် ဘာသာယုံကြည်ကိုးကွယ်မှု စိတ်ဓါတ်ရှိသူများအား အကျိုးမဲ့အချည်းနှီးသောလုပ်ဆောင်ချက်ဟူ၍ ပြောဆိုကြပေလိမ့်မည်။သို့ရာတွင် ကျွန်ုပ်တို့၏ကြိုးစားအားထုတ်လုပ်ဆောင်ချက်သည် ရှေးခေတ်ဟောင်းကာလနှင့် ယခုခေတ်သစ်မျက်မှောက်ကာလနှစ်ရပ်အကြားတွင်ဖြစ်စေ၊သိပ္ပံနည်းကျ စနစ်တကျ လေ့လာမှုအယူအဆထက် ခန့်မှန်းတွက်ဆမှုနှင့်အတွေ့အကြုံနှစ်ရပ် အကြားတွင် ဖြစ်စေ ၊နောက်ခံသမိုင်းဆိုင်ရာ အချက်အလက်များအရဖြစ်စေထို့ပြင် စိတ်ပညာသဘောရဖြစ်စေ၊ကျွန်ုပ်တို့ အလေးအနက်တောင်းဆိုသည့် ရှုမြင်သုံးသပ်ဝေဖန်ချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းသည့် ရလာဒ်တစ်ခုကို ထွက်ပေါ်စေခဲ့ပါသည်။

နောက်ဆုံးတွင် ဒဿနပညာရပ်သည် အရိယသစ္စာ(the whole reality) အထူးသဖြင့် လူသား၏ အဆုံးစွန်ရည်မှန်းချက်ပန်းတိုင် (the ultimate human destiny)နှင့် စပ်လျဉ်းသည့်အချက်နှင့် သက်ဆိုင်ပေသည်။မည်သည့်ရှုမြင်သုံးသပ်ယူဆချက်မျှ နောက်ဆုံးရှုမြင်သုံးသပ်ချက်ဟူ၍ မဆိုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ပထမဦးဆုံးအနေဖြင့် ကျွန်ုပ်တို့အားလုံး(လူသားအားလုံး)သည် ကန့်သတ်မှု (ဓါ)တားဆီးချုပ်ခြယ်မှုအတွင်း အသက်ရှင်နေကြရခြင်းကြောင့်ဖြစ်၏။ဒုတိယ

အနေအားဖြင့် ကျွန်ုပ်တို့အားလုံး(လူသားအားလုံး)သည် လူသားဘဝ၏အစသည် မည်သို့စခဲ့၍ အဆုံးသည် မည်သို့မည်ပုံပြီးဆုံးမည်ဆိုသည်ကို မည်သူတစ်ဦးတစ်ယောက်မျှ တိကျစွာမသိမြင်နိုင်အောင် ဖုံးအုပ်ထားသည့် မိုးတိမ်တိုက်အတွင်း ရောက်ရှိ နေသကဲ့သို့ တရွေ့ရွေ့ဖြစ်ပေါ်ပြောင်းလဲနေသည့် အချိန်ကာလ၏ တစ်ဝက်မျှ (ဝါ)လမ်းခုလပ်တွင် ရောက်ရှိနေကြခြင်းကြောင့် ဖြစ်ပေသည်။သို့သော် ကျွန်ုပ်တို့(စာရေးသူနှင့် စာဖတ်သူများကို ဆိုလိုသည် ဘာသာပြန်သူ)အားလုံး၏တင်ပြသည့် အကြောင်းအချက်အလက်များအပေါ် အခြေခံထား၍ စဉ်စားဆုံးဖြတ်ချက်ချမှတ်ပေလိမ့်မည်ဟူ၍ ယုံကြည်ပါသည်။ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ စဉ်းစားတွေးခေါ်ချက်နှင့် အများအပြားသော အကြောင်းတရားနှင့် ဆောင်ရွက်လုပ်ကိုင်မှုများသည်လည်းကောင်း ၊ဒဿနိကပညာရပ်ဆိုင်ရာပညာရှင်တစ်ဦး၏ ကိုယ်ပိုင်ရှာဖွေတွေ့ရှိချက်နှင့် စာဖတ်သူ ကိုယ်တိုင်ဖော်ထုတ်မှုပြုထားသည့် ရှာဖွေတွေ့ရှိချက်အား လူသားတစ်ဦးသည် ၎င်း၏ '' ဟုတ်ပေ၏(ဝါ) မှန်ပေ၏ (ဝါ) ကောင်းပေ၏ (ဝါ) သာဓု ၊သာဓု၊သာဓု ''ထို့ပြင် ''မဟုတ်မမှန်ပါ။(ဝါ) မကောင်းပါ(ဝါ)နသာဓု၊နသာဓု၊နသာဓု'' ဟူ၍လည်းကောင်း၊၎င်း၏ကိုယ်ပိုင်ဆုံးဖြတ်နိုင်သည့်အချက်မှာ လူ့ဘဝရနေခြင်း၏ ဆုလာဘ်ဖြစ်ပေတော့၏။

ဘာသာယုံကြည်ကိုးကွယ်မှုအတွင်း ယုံကြည်သူအချင်းချင်း တစ်ဦးနှင့်တစ်ဦး ဆက်နွယ်မှုရှိခြင်းသည် ထင်သာမြင်သာရှိသော ပီတိသောမနဿစိတ် (psychological account of idealself)က ဖြစ်ပေါ်လာသည်။အမှန်စင်စစ်အားဖြင့် ထာဝရဘုရားသခင်အကြောင်း ပြောဆိုဟောကြားခြင်းသည်တကယ့်စစ်မှန်သော စံနမူနာပြပုဂ္ဂိုလ်အကြောင်း ပြောဆိုဟောကြားချက်တစ်ခုဖြစ်သည်ဟူသော ပညာရှိစကားကို ဖြူးဝါးဘက်ချ် (Feurer bach)က ဆက်၍ ရေးသားထားခြင်းဖြစ်၏။ထို့ကြောင့်ထာဝရဘုရားသခင်၏သဏ္ဌာန်အတွင်း ပုံစံအရိပ်ခပ်နှိပ်ထားသော ပီတိသောမနဿ(Ideal self)သည် လူတစ်ဦးချင်းစီကို ရောက်ရှိလာပေလိမ့်မည်။ဤအကြောင်းအချင်းရာမှာ လူတစ်ဦးတစ်ယောက် ကိုယ်တိုင်ကိုယ်ကျ ခံစားရသည့် မှန်ကန်ပြည့်စုံကောင်းမွန်သော ပီတိသောမနဿ (Ideal self)အား အလုံးစုံသော လူအပေါင်းနှင့်အတူ ၎င်းတို့၏ လိုအပ်ချက်များနှင့် လိုအင်ဆန္ဒအဝဝကို ရရှိခံစားရန် ပြုလုပ်ဆောင်ရွက်မှုမှ နောက်ဆက်တွဲပါလာသည်။နတ်ယုံကြည်ကိုးကွယ်မှုအချင်းချင်း ဆက်သွယ်မှုရှိခြင်းအကြောင်း အလားတူ နိဂုံးချုပ်ရေးသားမှု

မှာ လူတစ်ဦးချင်းစီ၏ အမျိုးအစား ၊လုပ်ကိုင်ဆောင်ရွက်မှုနှင့် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုအရဖြစ်ပေးလာသော ကွဲပြားခြားနားချက်များအကြောင်း ဂျွန်း၏အယူအဆ (Jung's Theory)မှ နောက်ဆက်တွဲပါလာသည်။သို့ရာတွင် နတ်ယုံကြည်ကိုးကွယ်မှု အချင်းချင်း ဆက်သွယ်မှုရှိခြင်းမှာလည်း ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ တည်ရှိခြင်းအကြောင်း ထင်သာမြင်သာသော အခြားအချက်အလက်မှ နောက်ဆက်တွဲပါလာသည်။

ခရစ်ယာန်ဘာသာ ၊အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာ၏အမျိုးမျိုး အစားစားသောအယူဝါဒ ကိုးကွယ်မှုအဝဝတို့သည် အမြင့်ဆုံးသောအရှိတရား၏ အနှစ်သာရကို မသိနားမလည်နိုင်ကြပေ။ခရစ်ယာန်ဘာသာ၏(ဂျူးဘာသာအပါအဝင်)အဆိုအရ ထာဝရဘုရားသခင်ရှိကြောင်း ကျွန်ုပ်တို့သိရှိခဲ့ရပြီ။သို့သော်လည်း ထာဝရဘုရားသခင်သည် ဘယ်လိုပုဂ္ဂိုလ် ဖြစ်သည်ကိုမူ ကျွန်ုပ်တို့မသိနိုင်ပေ။ခါလစ်အဘူဘေကာ (Caliph Abu Baker)က ပြောကြားခဲ့သည့်စကားကို ညွှန်းဆိုရလျှင်-

"ဘုရားသခင် ဖန်ဆင်းထားတော်မူခဲ့သည့်သတ္တဝါတို့မှာ ၎င်းတို့၏ အသိဉာဏ်ပညာ အားနည်းမှု ကြောင့် ဘုရားသခင်အား မသိနိုင်ကြကုန် ဟူသောအသိဉာဏ်မှလွဲ၍အခြားနည်းလမ်းမပေးခဲ့သည့်ထာဝရဘုရားသခင်အား ချီးကျူးပူဇော်ကြကုန်လော့"

အစ္စလာမ်ဘာသာ၏အလိုအရလည်းကောင်း၊ဤသို့သော အကြောင်းကြောင့် ဘုရားသခင်အား သူ၏တမန်တော်မှ တဆင့်သာလျှင် သိနားလည်နိုင်သည်ဟူ၍ လည်းကောင်း ရေးသားချက်အရထာဝရဘုရားသခင်သည် သူ၏ကမ္ဘာလောက၌ သာလွန်မြင့်မြတ်ဆုံးဖြစ်သည်ဟူ၍ သိနားလည်ရသည်။အလားတူစွာပင် ဥပနိရှတ်စ် (in the Upanishads)ဗြဟ္မာအကြောင်းနှင့်ပတ်သက်၍ များပြားလှစွာသော နိတိ၊နိတိသင်ခန်းစာများ (neti,neti texts)ပါရှိသည်။

ထို့နောက်တဖန် အယ်လ်-ဝိတ်ဂင်းစတိန်း (L.Witgenstein)အဖို့ရာ၌ ထာဝရဘုရားသခင်သည် စကြဝဠာကမ္ဘာလောကကြီး၏ အဓိပ္ပါယ်ဖြစ်သည်။ထို့ကြောင့် စကြဝဠာကမ္ဘာလောက၏ အစိတ်အပိုင်းတစ်ခုခုမှ တဆင့် ထိုအကြောင်းခြင်းရာအား မဖော်ပြနိုင်ပေ။

"ကမ္ဘာလောကကိုယ်၌က ကမ္ဘာလောက၏အစိတ်အပိုင်းအဖြစ် ရှုမြင်မှုအတွက် ယုတ္တိဗေဒသဘောအရ မဖြစ်နိုင်။ထို့ကြောင့် အကြောင်းအရာတစ်ခုခုသည် ယင်းအကြောင်းအရာပါ

အဓိပ္ပါယ်၏ အစိတ်အပိုင်းတစ်ခုမဖြစ်နိုင်" (Tractatus Logico-Philosophicous-6.4.41)

ဆက်လက်ရေးသားထားသည်မှာ-

"ဩကာသလောကအတွင်း အချိန်ကာလ၏ ဝါးမျိုခြင်းခံရသော သတ္တလောကတွင် အကျုံးဝင်သော သတ္တဝါအားလုံးတို့၏ အလွန်ခက်ခဲသောပြဿနာ၏အဖြေသည် ဩကာသလောက နှင့် အချိန်ကာလ၏ပြင်ပ၌ ရှိသည်"

(Ibid - 6,4,312)

ထို့ကြောင့် လူသားသည် လွတ်မြောက်ခြင်းဟု စွမ်းဆောင်နိုင်ဘွယ်ရာ မရှိဟုထင်ရသော စိတ်မချမ်းမြေ့ဖွယ်ရာအခြေအနေ၌ တည်ရှိနေသည်။လူသားသည် ထာဝရဘုရားသခင်၏ အကြောင်း ပြောဆိုရေးသားမှုအား တိကျသေချာသော မူလဇာစ်မြစ်ကို ရည်ညွှန်း၍ဖြစ်စေ၊ သို့မဟုတ် အဓိပ္ပါယ်ရှိသော အတွေးအခေါ်ဖြင့်ဖြစ်စေ၊ တင်ပြပြောဆိုခွင့်မရရှာပေ။ထို့အပြင် လူသား သည် ၎င်း၏စိတ်ပိုင်းဆိုင်ရာ ကောင်းမြတ်သော အမှုအရာရှိသော်ငြားလည်း ၎င်းသည် မသိနား မလည်နိုင်သော အရာကို သိနားလည်ရမည်ဟု အမိန့်ချမှတ်ခြင်း ခံရခြင်းအကြောင်းမှာ ဘာသာ ယုံကြည်ကိုးကွယ်မှုအား အလေးအနက်ထားခြင်းကြောင့် ဖြစ်သည်။ဤအကြောင်းအရာမှာ မည်သို့ ဖြစ်နိုင်ပါသလဲ။

## ဘာသာယုံကြည်ကိုးကွယ်မှုများ၏ အချင်းချင်းဆက်စပ်မှု
RELATIVITY OF RELIGIONS

မှန်ပါ၏။ဗြဟ္မာ(Brahman)သည် အရာခပ်သိမ်းသော အကြောင်းခြင်းရာတို့၌ လည်း ကောင်း အထူးအားဖြင့် လူသား၏အတွေ့အကြုံဖြင့် သိနားလည်သည့် အသိဉာဏ်နှင့်စဉ်းစားတွေး ခေါ်နိုင်စွမ်းရှိသည်ထက် ပိုလွန်သောအသိဉာဏ်ပညာရှိသည်။ဤကမ္ဘာလောကနှင့် အရာခပ်သိမ်း ဗြဟ္မာကြီးက ထိန်းချုပ်ထားပြီး လူသား၏အတွင်းထိန်းချုပ်သူဖြစ်သည်၊ "ဗြဟ္မာကြီးသည် အသင်၏ အသက်ဝိဉာဉ်အဖြစ်သော်လည်းကောင်း၊အတွင်းထိန်းချုပ်ထားသူအဖြစ်လည်းကောင်း၊ အမြဲထာသစဉ်ရှိသူအဖြစ် လည်းကောင်းဖြစ်၏။"

ထိုအရာသည် အနူးညံ့ဆုံးသော အနှစ်သာရ၊ထိုအရာသည် အသိမ်မွေ့ဆုံးသော

အနှစ်သာရ၊....

ကမ္ဘာလောကကြီးတစ်ခုလုံးတွင် ဗြဟ္မာကြီးအသက်ဝိဉာဉ်ကဲ့သို့၊

ထိုအရာသည် ပရမတ္ထတရားဖြစ်၏။ထိုအရာသည် အတ္တဖြစ်၏။

ထိုအရာသည် အသင်ဖြစ်၏။(Chhandogya up. 6.9.-16)

ထို့ကြောင့် ဗြဟ္မာသည် နေရာအနှံ့ပျံ့နှံ့နေပြီး စကြဝဠာကမ္ဘာလောကဓါတ်အား ထိန်းချုပ်လျက်ဝေဒကျမ်း အမှတ် ၁၀–၉၀––၁.၃ ၌ ရေးသားဖော်ပြထားသည့် စကားအရ၊လူသားများ၏ အတွေ့အကြုံအားဖြင့် သိနားလည်သည့် အသိဉာဏ်နှင့် စဉ်းစားတွေးခေါ်နိုင်စွမ်းရှိသည်ထက် ပိုလွန်၏။

(ပုရုသ)သူ(ဗြဟ္မာ)သည် မြေကြီးကို ဆယ်ချောင်းလက်ဖြင့် ကောင်းစွာပိုင်နိုင် ဆုပ်ကိုင်ထားပေ၏။

---

လေးပုံတစ်ပုံသော သတ္တဝါများမှာ သူ့ဖန်ဆင်းမှုဖြစ်ပါ၏။

လေးပုံသုံးပုံသော သတ္တဝါများအား ဘယ်တော့မှမသေ

အမြဲထာဝရတည်နေသည့် ကောင်းကင်ဘုံ၌ ရှိနေ၏။

အလွန်တရာမသေချာ မရေရာလှသော ကန့်သတ်မှုရှိသည့် အစိတ်အပိုင်းမျှသာဖြစ်သော လူသားကရေးဆွဲချယ်မှုန်းထားသည့် စိတ်ကူးကြံစည်မှုများမှာ ဗြဟ္မာသည် အရာခပ်သိမ်းတို့၌ ကိန်းဝပ်နေသည့်အလျောက် ပြီးပြည့်စုံစွာ ရေးသားဖော်ပြချက်ပေးထားစေကာမူ အမှန်တရား (Reality)သည် လူသားတို့၏အတွေ့အကြုံအားဖြင့် သိနားလည်သည့် အသိဉာဏ်နှင့် စဉ်းစားတွေးခေါ်နိုင်မှုစွမ်းအားထက် ပိုလွန်နေသောကြောင့် အလွန်မသေချာ၊မရေရာလှပေ။သို့သော် တစ်ချိန်တည်းမှာ လူသားသည် မိမိ၏ အသိဉာဏ်ဖြင့် မသိနားမလည်နိုင်သော မရမတ္ထတရား(Unknownable reality)ကို ယင်းအဓိပ္ပါယ်၏ အဓိကကျသော အချက်ကိုသာ ဆွဲကိုင်မှတ်သားထားသည်။

မည်ကဲ့သို့ လူသားက ဆွဲကိုင်မှတ်ထားထားပါနည်း။

ဆင်မြူရယ်အလက်ဇန္ဒား (Samuel Alexander)၏ သက်ရှိသတ္တဝါတို့၏ အဆင့်ဆင့်

ဖြစ်ပေါ် တိုးတက်လာခြင်းဟူသော အယူအဆသဘောတရားအရ လူသား၌ (Conatus)ခေါ် ရည်ရွယ်ချက်ဖြင့် အားထုတ်ကြိုးပမ်း ရုန်းကန်လှုပ်ရှားလိုသော စွမ်းအားနှင့်(Nisus)ခေါ် ဝိရိယ တရားဟုခေါ်ဆိုနိုင်သည့် ကြိုးပမ်းလိုမှုအားစိုက်လုပ်ကိုင်လိုသော စွမ်းအားမှာ ဥပဒေနစ်ရပ်ဖြစ်သည်။Conatus ခေါ် ရည်ရွယ်ချက်ထားရှိလက် ရုန်းကန်လှုပ်ရှားမှုကြောင့် ၎င်း၏လူသားဘဝကို ဆက်လက်ထိန်းကျောင်းထားနိုင်ပြီး (Nisus)ခေါ် ၎င်းဆန္ဒဝိရိယဖြင့် ကြိုးပမ်းဆောင်ရွက်မှုက ယုံကြည်ကိုးကွယ်မှုကို ရှေးရှုသည့် ကိုယ်တိုင်ကန့်သတ်ထားမှု၏အထက်သို့ မြင့်တင်ရန်ပြုပေးခဲ့သည်။သို့သော် ထာဝရဘုရားသခင်သည် စကြဝဠာ တစ်ခုလုံးကို ယုံကြည်ကိုးကွယ်မှုသို့ တိမ်းညွတ်စေသူဖြစ်သည်။ (Space,Time and Deity ,Vol II.P.365)။ တစ်နည်းအားဖြင့် အဆင့်အမြင့်ဆုံး ပရမတ္ထသစ္စာတရား (Supreme Reality)ခေါ် ထာဝရဘုရားသခင်၌ ယုံကြည်ကိုးကွယ်မှု ဖြစ်နိုင်ဘွယ်ရာရှိသော နတ်ကိုးကွယ်မှုအားလုံးပါဝင်ပြီး ၎င်းတို့အားလုံးထက်လည်း ကျော်လွန်သွားသည်။

ဤသို့အားဖြင့် ရာဒါခရစ်ရှ်နန် (Radha Krishnan)၏ အဝိဇ္ဇာလမ်းစဥ်ဖြစ်သော ဒဿနအမြင်ကို နည်းမှီလျက် ရည်ညွှန်းပြောဆိုနိုင်သော အချက်မှာ အချို့သောအရာများသည် ရည်ရွယ်ချက်ဖြင့် မှည့်ခေါ်သည့် အမည်နာမတစ်ခုရှိပြီး အချို့သာအရာများမှာ အခြားသောအမည်နာမ တစ်ခုရှိသည်။ဤအမည်နာမများသည် ရည်မှန်းချက်ထားရှိပြီး ဂုဏ်ပုဒ်ကို ချီးကျူးပူဇော်ခြင်းဖြစ်၍ နောက်ဆုံးတွင် ၎င်းတို့သည် အရိယာသူတော်စင်ပြဟ္မာ(Absolute Brahman)အဖြစ်သို့ လုံးလုံးလျားလျား ဦးတည်သွားသောအခါ၌ကိုယ်နှင့်မဆိုင် ၊ကိုယ်ပိုင်မဟုတ်တော့ပေ။(The Philosophy of Sarvepalli Radha Krishnan P.78)။ထို့ကြောင့် နာမပညတ်မျှသာဖြစ်သော အမည်နာမများနှင့် သဏ္ဌာနပညတ်မျှသာဖြစ်သော ပုံသဏ္ဌာန်များသည် ဘာသာယုံကြည်ကိုးကွယ်မှုပုံစံအတွင်း ယုံကြည်ကိုးကွယ်ခြင်းများအတွင်း တစ်ခုနှင့်တစ်ခု ယှက်နွယ်ဆက်စပ်လျက်ရှိခြင်းကြောင့် ၎င်းတို့သည် လုံးဝဥဿုံပြီးပြည့်စုံမှုသို့ ညွှန်ပြမှုများနှင့် မှတ်သားဖွယ်ရာသဲလွန်စဖြစ်သော်လည်း လူသား၏အတွေ့အကြုံနှင့် သိနားလည်မှုထက်ပိုလွန်သော အရာတစ်ခုဖြစ်လာသည်။တစ်နည်းအားဖြင့်ဆိုလျှင် ယုံကြည်ကိုးကွယ်ခြင်းဟုခေါ်သော ဆက်စပ်မှုရှိသည့် အမှတ်လက္ခဏာသင်္ကေတ မှတဆင့်သာလျှင် ကျွန်ုပ်တို့ (စာရေးသူနှင့်စာဖတ်သူတို့)အချိန်နှင့်နေရာ

မရွေး အနှောက်အယှက်အတားအဆီးမရှိပဲ လုံးဝပြည့်စုံသောသဘောတရား သိနားလည်နိုင်သည်။ သို့သော်ယုံကြည်ကိုးကွယ်မှုတိုင်းသည် ဆက်စပ်မှုရှိခြင်းမျှသာ ဖြစ်၏။ဤကဲ့သို့တိမ်မြုပ်ပျောက်ကွယ်နေသောသဘာဝတရားတစ်ခုခု၏ အဆုံးစွန်မှန်ကန်မှုအကြောင်းနှင့်စပ်လျဉ်း၍ အငြင်းပွားအချင်းများစရာ မလိုတော့ပေ။မည်သို့ပင်ဖြစ်စေ ၊ဆက်စပ်နေသော အဆုံးစွန်ဖြစ်သည့် အမှန်တရားရှိနေသော်ငြားလည်း ခရစ်ရှ်နား (Krishna)နှင့် ခရစ်တော် (Christ)တို့မှာ အလိုရှိတောင့်တအပ်သော အရှင်သခင်များဖြစ်ကြပါ၏။ပေါလ်တီလ်လိချ် (Paul Tillich)က ခရစ်ယာန်ဘာသာ၏ဆက်စပ်မှုရှိသော သဘောသဘာဝကို ၎င်း၏ Systematic Theology အတွဲ (၂) စာမျက်နှာ ၁၀၀ ၌အောက်ပါအတိုင်း ရှင်းလင်းဖော်ပြရေးသားခဲ့သည်-

''ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ထာဝရဘုရားသခင်ဖြစ်၏။သို့သော် ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့အတွက် သာမဟုတ်သူသည် သတ္တဝါများအားလုံးအတွက်ဖြစ်သည်။''

ဆက်လက်ရေးသားသည်မှာ-

''ခရစ်ယာန်ဘာသာသည် ခရစ်ယာန်ဘာသာဝိသစ္စာဖြင့် နောက်ဆုံးသော ကိုးကွယ်ရာဖြစ်သလို စကြဝဠာတိုက်အလုံး ယုံကြည်ကိုးကွယ်ရာလည်းဖြစ်သည်။ထို့ကြောင့် ခရစ်ယာန်ဘာသာ၏ သက်သေခံမိန့်ဆိုခြင်းသည်လည်း နောက်ဆုံးသောယုံကြည်ရာနှင့် စကြဝဠာဖြစ်သည်သာတည်း။''

(Paul Tillich's S.T.VolI,P.134)

ဤသို့ဖြင့် ဝတ်ပြုကိုးကွယ်မှု၏အာရုံပြုရာ တစ်စုံတစ်ရာ၏ဆက်စပ်ယှက်နွယ်မှုအပေါ်၌မည်သို့သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုးကွယ်မှုပင်ဖြစ်စေ ၊ကန့်ကွက်မှုမရှိပဲ ဝတ်ပြုကိုးကွယ်ခွင့်ရှိသင့်ပါသည်။ထို့ကြောင့် ကျွန်ုပ်တို့(စာရေးသူနှင့်စာဖတ်သူ)၏ ဝတ်ပြုကိုးကွယ်မှုတွင်အာရုံ၏ဆက်စပ်ယှက်နွယ်သည့်သဘောသဘာဝသည် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာသက်ဝင်ယုံကြည်ကိုးကွယ်မှုဆိုင်ရာ သက်ဝင်ယုံကြည်သူများအားလုံးတို့၌ ဆန့်ကျင်ကန့်ကွက်ခြင်းမပြုသည့် ဝတ်ပြုကိုးကွယ်မှုအား လမ်းခင်းပေးသင့်လှပေသည်။မည်သို့ပင် ဖြစ်စေကာမူ ကျွန်ုပ်တို့ (စာရေးသူနှင့်စာဖတ်သူများ)သည် ထာဝရဘုရားသခင်၏ သာလွန်မြင့်မြတ်သောသဘာဝနှင့်

ခက်ခဲသည့်ထာဝရဘုရားအကြောင်း ဟောကြားမှုတို့ကိုလည်း ထိန်းသိမ်းစောင့်ရှောက်သူ ဝိတ်ဂင်းစတိန်း (Wittgenstein)၏ အမြင်ကိုပင် ဖော်ပြရေးသားနိုင်ပါသည်။

## ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ရေးသားဖော်ပြချက်များ၏ ဘာသာစကားနှင့်ဆိုင်သော ခွဲခြမ်းစိတ်ဖြာမှု

## LINGUISTIC ANALYSIS OF RELIGIOUS STATEMENTS

ဝိတ်ဂင်းစတိန်း (Wittgenstein)က နောက်ပိုင်းတွင် ရေးသားဖော်ပြချက်၏အမှန်တရားထက် အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပို၍သတိပြု အာရုံစူးစိုက်ခဲ့သည်။ရေးသားဖော်ပြချက်သုံးမျိုးသုံးစားကို သူတွေ့ရှိခဲ့ရာ ၎င်းတို့မှာ– အချက်အလက်များပါဝင်သော ရေးသားဖော်ပြချက်ဖြစ်၍ ၎င်း၏အဓိပ္ပါယ်ကို သူတို့အသုံးပြုလိုသည့် အကြောင်းအချင်းရာများ၏ တိကျသေချာသောအခြေအနေသို့ ပြောင်းလဲခြင်းအားဖြင့် ဆုံးဖြတ်နိုင်သည်။ပထမဦးစွာတွေ့ကြုံရင်ဆိုင်ရသည့် နာကျင်ခက်ခဲမှုကဲ့သို့သော မျှော်လင့်ချက် ၊အနာဂတ် အလားအလာစသည်ဖြင့် ပုဂ္ဂလိကဆိုင်ရာတွေ့ကြုံခံစားမှုများအား ရေးသားဖော်ပြရာ၌ ထင်ထင်ရှားရှားဖြစ်စေရန်သူသည်လည်း များစွာသက်ဆိုင်သည်။ဤနေရာတွင် ၎င်း၏ပူးပေါင်းပါဝင် အကြံပြုချက်များသည် ထိုအချိန်မှစ၍ ထိခိုက်နာကျင်စေသော ရေးသားဖော်ပြချက်များနှင့်အလားတူစွာ အသုံးပြုကြသော အခြေအနေများကိုသူချမှတ်ပေးသကဲ့သို့ နားလည်သဘောထားလာခဲ့ကြသည်။ဝိတ်ဂင်းစတိန်း (Wittgenstein) သည် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာစကားကို နားလည်လာသည့်အချိန်၌သူသည် ပြင်းထန်သော လုံ့လဝီရိယစိုက်ထုတ်၍ တိကျသော မည်သည့်ပူးပေါင်းဆောင်ရွက်မှု၌ဖြစ်စေ၊ နားလည်မှုရှိရေးအတွက် ရှေးရှု၍ ဆောင်ရွက်သည်။သူပြောဆိုရန်ရှိသော အကြောင်းအရာအားလုံးတို့မှာဘာသာ ယုံကြည်ကိုးကွယ်မှုနှင့် ဘာသာစကားသည် သိပ္ပံပညာရပ်၏အစိတ်အပိုင်း မဖြစ်လာနိုင်ဟူ၍သော်လည်းကောင်း ၊ခံစားချက်တူသော ရေးသားဖော်ပြချက်ပင်မဖြစ်နိုင်ဟူ၍ဖြစ်သည်။ထာဝရဘုရားသခင် အကြောင်းဟောပြော မှုသည် အဓိပ္ပါယ်မရှိသောဟောပြောမှု မဟုတ်ကြောင်း၊(not non -sensical)သူသည် အခြားယုံကြည်သူများနှင့်မခြား၊တူညီသော ယုံကြည်ချက်ရှိသူဖြစ်သည်။(၁၉၇၇ ခုနှစ်၊လန်ဒန်မြို့၌ ထုတ်ဝေသော Patrick Sherry,"Religion, Truth

and Language Games"စာအုပ်မှ)။အများဆုံးဖြစ်နိုင်ဘွယ်ရာရှိသော သူဆိုလိုသည့်အဓိပ္ပါယ်မှာ ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာစကားသည် လူ့ဘဝ၏ပုံစံတစ်ခု(ဝါ)လူ့ဘဝလုပ်ရှား ဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ခုဖြစ်၏။ဘဝ၏ပုံစံ (Form of life)ဟူသော ဝိတ်ဂင်းစတိန်း (Wittgenstein)၏ အဆိုအမိန့်သည် ရှင်းလင်းဖော်ပြရန် အတော်ခက်ခဲသော ခံယူချက်ဖြစ်သည်။ သို့သော် ထိုအကြောင်းအရာကို ဆက်လက်မဖော်ပြသေးမီ ကျွန်ုပ်တို့(စာရေးသူနှင့်စာဖတ်သူ) သည် အဓိပ္ပါယ်တိကျစေရန် အထောက်အကူပြုမည့်အချက်(၂)ချက်ကို ဖော်ပြရမည်ဖြစ်သည်။

ထရက်တာတပ်စ် (Tractatus)ခေါ် ဝိတ်ဂင်းစတိန်း (Wittgenstein) ရေးသားသည့် ဒဿနဆိုင်ရာ စာအုပ်တွင် ၎င်းက ထာဝရဘုရားသခင်သည် ကမ္ဘာလောက၏အဓိပ္ပါယ် ဖြစ်သည်။ ကမ္ဘာလောကအတွင်းက ထာဝရဘုရားရှင်ကိုယ်တိုင် အကြောင်းကို သူရှင်းလင်းစွာ မဖော်ပြပေ။ (Tract. 6.432) ။ ကမ္ဘာလောက၏ အကြောင်းအချက်အလက်များနှင့် ပတ်သက်၍ အခြေခံကျစွာဖြင့် စဉ်းစားဆောင်ရွက်ခဲ့သည်ဟု အဓိပ္ပါယ်သက်ရောက်သည်ဟူ၍ ကျွန်ုပ်တို့ ပြောသည့် ဘာသာစကားထက်ကျော်လွန်သည်ဟု ဆိုခြင်းမှာ သူ့အတွက်သဘာဝ ကျသည်။ ထို့ကြောင့် သူသည် ထာဝရဘုရားသခင်အကြောင်း ဆွေးနွေးမှုအား တိတ်ဆိတ်ငြိမ်သက်စွာဖြင့် လက်ဆင့်ကမ်းပေးခဲ့သည်။

''ကျွန်ုပ်တို့မပြောဆိုနိုင်သည့် အကြောင်းအရာ ၊ တိတ်ဆိတ်ငြိမ်သက်စွာနေထိုင်၍ ကျွန်ုပ်တို့ဖြတ်ကျော်ရမည်'' (Tractus,7)

နောက်တဖန်ထာဝရဘုရားသခင်သည် သာလွန်မြင့်မြတ်ဆုံးဖြစ်၍ ဤကမ္ဘာလောကကြီး၏ကန့်သတ်မှုရှိသောဖြတ်တောက်ပိုင်းခြားထားသည့် အစိတ်အပိုင်းက သူ၏အကြောင်းကို ဖော်ပြနိုင်မည်မဟုတ်ပေ။ ဤသို့ဖြင့် ဝိတ်ဂင်းစတိန်း (Wittgenstein) ၊ နာဂါဂျူနာ (Nargajuna)၊ နဂါဆင်း (Nagasen) တို့ကကျွန်ုပ်တို့၏စဉ်းစားသည့် ကျွန်ုပ်တို့မျှော်မှန်းသည့် အမြင့်ဆုံးသော ဆက်စပ်သောတိတ်ဆိပ်ငြိမ်သက်စွာနေထိုင်မှုကို စွဲကိုင်ထိန်းသိမ်းထားပေလိမ့်မည်။ သို့သော် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မိမိ၏ ဘဝတူအခြားယုံကြည်သူများနှင့်ဆက်သွယ်ပြီး ထာဝရဘုရားသခင်အကြောင်းပြောရမည်ဖြစ်သည်။ တိတ်ဆိတ်ငြိမ်သက်စွာနေထိုင်ခြင်းသည် လူသား၏ ဘာသာစကားကို စကြဝဠာ၏အပြင်ဘက်၌ ပြောဆိုသကဲ့သို့ ထာဝရဘုရားသခင်၏ အကြောင်း

စဉ်းစားခြင်းမှာ ယုတ္တိဗေဒသဘောအရ ထွက်လာမည့် ရလဒ်ဖြစ်သည်။ သို့သော်လူသား၏ ထာဝရဘုရားသခင်အကြောင်း ပြောဆိုခြင်းအား မပြောဆိုသင့်သည့်အရာကိုပြောဆိုသည်ဟူ၍ ပိတ်ပင်တားမြစ်အမိန့်ချမှတ်ခြင်းခံရသည်။ ထာဝရဘုရားသခင်အား လေးစားကြည်ညိုမှု လျော့နည်းစေသည်ကို သူ (ဝိတ်ဂင်းစတိန်းကိုဆိုလိုသည် -ဘာသာပြန်သူ) သိနားလည်သည်။ သို့သော်သူ၏ စိတ္တဗေဒသဘောလေးစား ကိုင်းညွှတ်မှုပြုခြင်းများဖြင့် ထာဝရဘုရားသခင်အားတွေ့ရှိရခြင်းအကြောင်းကို လူသားကပြောဆိုရမည်ဟူ၍ လူသားအား အတင်းအဓမ္မလိုက်နာစေသည်။ ကောင်းပါပြီ ၊ ဒါဖြစ်လျှင် မည်သည့်အကျိုးဆက်ဖြစ်လာပါသနည်း။

အမှန်စင်စစ်အားဖြင့် ထာဝရဘုရားသခင်အကြောင်း ပြောဆိုခြင်း (God-Talk) သည် စကားပရိယာယ်တစ်မျိုး (a kind of language - game)ဖြစ်သည်။ ဘာသာယုံကြည်ကိုးကွယ်မှုနှင့် သက်ဆိုင်သော လူ့အဖွဲ့အစည်းတစ်ခုအတွင်း ထာဝရဘုရားသခင်အကြောင်း ပြောဆိုခြင်း၌ အသိဉာဏ်ပညာ တိုးပွားစေခြင်း (intelligibility) နှင့်မှန်ကန်မျှတမှုဖြစ်စေခြင်း (justifiability) တို့သည် စကားပရိယာယ် (languagegame) အပေါ်မူတည်နေသည်။ ဤစကားပရိယာယ်သည် မည်သည့်အကြောင်းအရာအပေါ်တွင် မူတည်ပါသနည်း။ယုံကြည်မှုရှိသော လူ့အဖွဲ့အစည်းတွင်ရှိသော ထာဝရဘုရားသခင် (ဝါ) နတ်ဘုရား၏ ပုံစံကားချပ်အပေါ်၌ ဤစကားပရိယယ်မူတည်နေသည်။ ဤနေရာ၌ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မည်သည့်အရာ တစ်စုံတစ်ခု ပါဝင်နေသည့်ရုပ်ပုံကားချပ်ဖြစ်သည်ဟူ၍ မစဉ်းစားမတွေးတောသင့်ပါ။ ရုပ်ပုံကားချပ်ကိုးကွယ်ခြင်းအား ရိုးဖြောင့်စွာဖြင့် ၡုန်းဟာတ (Shynyata) ကမည်သည့်အရာဖြစ်သည်ကို ထောက်ပြပေလိမ့်မည်။ ထာဝရဘုရားသခင် (ဝါ) နတ်ဘုရားသည် တကယ်အစစ်အမှန်မရှိသည့် သမုတိပညတ်မျှသာဖြစ်၍ ဖိုးကွယ်ထားသော အဓိပ္ပါယ်(ဝါ) အံ့သြဘွယ် ၊ ကြောက်ရွံ့ဘွယ် နှင့် ကြည်ညိုဘွယ် ရောပြွန်းနေသည့် အရှိအသေပြုရာဖြစ်၍ ကျွန်ုပ်တို့၏ ဘုရားသခင်ပုံတော်သည် အညွှန်းပြုစရာတစ်ခုအဖြစ်မှတစ်ပါး ဘာမျှ မဟုတ်သောအရာဖြစ်သည်။ ကျွန်ုပ်တို့ အလေးအနက်ပြု၍ ဖော်ပြလိုသည်မှာ ကျွန်ုပ်တို့၏ ရုပ်ပုံကားချပ်ကိုးကွယ်ခြင်းသည် ဘာတစ်ခုမျှ မဟုတ်ပါ တကားဟူ၍ ဖြစ်သည်။ ထိုရုပ်ပုံကားချပ်ကိုးကွယ်မှုကို နည်းလမ်းမျိုးစုံဖြင့် အသုံးပြုနေကြ၏။ထိုအရာကို (Kant) နှင့် Braithwaite ပြောသလို စိတ်ဓါတ်မြှင့်တင်ရေးအလို့ငှာ

အသုံးပြုနေကြသည်။ ထိုရုပ်ပုံကားချပ်ကိုးကွယ်ခြင်းကို ဘာသာရေးဆိုင်ရာ ပွဲလမ်းသဘင်များ၌ လူမှုအသိုင်းအဝိုင်းက ကျွန်ုပ်တို့၏လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်မှုတွင် ယုံကြည်လာရေးဆောင်ရွက်ချက်အဖြစ်သော်လည်းကောင်း ၊ ဘာသာရေးဆိုင်ရာ လုပ်ငန်း၌ ပါဝင်ရန် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်ကိုဖော်ဆောင်ရခြင်းဖြစ်ကြောင်းကိုလည်းကောင်း အထောက်အကူပြုရန် အသုံးပြုကောင်းပြုနိုင်ဘွယ်ရာရှိသည်။ သို့ရာတွင် ဘဝ၏ကြီးစွာသော မရှိမဖြစ်လိုအပ်ချက်အဖြစ် ဤရုပ်ပုံကားချပ်အားသန့်ပြန့်စေရန်လည်း ကျွန်ုပ်တို့သဘောထားသည်။ ဥပမာအားဖြင့် ဖန်ဆင်းတော်မူခြင်းဟူသော သဘောတရား (Creation - Theory) သည် သတ္တဝါများအဆင့်ဆင့် ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာသည်ဟူသော သဘောတရား (The Theory of Evolution) ခေတ်ကာလတွင် လိုအပ်သလိုပြုပြင်ပြောင်းလဲခဲ့ရသည်။ ထို့နောက်တဖန် ရုပ်ပုံကားချပ်ကိုးကွယ်ခြင်းသည် အခြားဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ရုပ်ပုံကားချပ် ကိုးကွယ်ခြင်းများနှင့် ပဋိပက္ခဖြစ်ပွားလာသည့် အတွက် ရုပ်ပုံကားချပ်ကို မတူညီစေရန် ပုံစံပြောင်းရခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။ ဥပမာအားဖြင့် ဂျူးလူမျိုးများယုံကြည်ကိုးကွယ်သည့် လူမျိုးနွယ်စုဆိုင်ရာ ထာဝရဘုရားသခင် (tribal God of Jews) သည် ဇိုရိုအာဆရီးယားဘာသာ၏ တစ်ဆူတည်းသော ထာဝရဘုရားယုံကြည်မှု (Zoroastrian Monotheism) နှင့်ပေါင်းစပ်လျက် ကြီးမားစွာပြောင်းလဲ သွားခဲ့ရသည်။ အလားတူစွာ ဗြဟ္မာအကြောင်းပြောဆိုခြင်း (Brhman Talk) အားလည်း ဆူဖီ (Sufis) ၏ တစ်ပါးတည်းနှင့်ကြောက်ရွံ့ရိုသေမှုနှင့်အံ့ဩမှု ရောပြွန်းနေစေသည့် ရုပ်ပုံကားချပ်အဖြစ် ပြောင်းလဲခဲ့သည်။ ထာဝရဘုရားသခင် အကြောင်းဖာဒရာက်၏ သဘောတရား (Freud]s Theory about God)၌ ဆိုထားသကဲ့သို့ လူတစ်ယောက်၏ ကလေးငယ်သည် ဖခင်ဘုရားသခင်ပုံရိပ်ကို မှတ်ထားသည့်ပုံစံဟူ၍ လည်းကောင်း ၊ (ဝါ) (C.G Jung) ဆက်လက်၍ လက်ခံယူဆသကဲ့သို့ လူ့ဘဝ၏ အသိစိတ်ဖြင့် ထိန်းကျောင်းရေးနည်းလမ်းကို မသိစိတ်မှ ဖြစ်လာနိုင်ကောင်း၏ ဟူ၍ လည်းကောင်း ၊ ဘာသာရေးဆိုင်ရာ ရုပ်ပုံကားချပ် ကိုးကွယ်မှုအား ကျွန်ုပ်တို့အသက်နှင့်ခန္ဓာ စတင်ဖြစ်ပေါ်ခဲ့သည်မှစ၍ ကောင်းစွာရှင်သန်တိုးတက်လာခဲ့သည်။ စိတ္တဗေဒဆိုင်ရာ သို့မဟုတ် သတ္တဝါ၏ အစ စူးစမ်းရှာဖွေမှုတွင် သတ္တဝါ၏ သဘောသဘာဝကို လေ့လာခြင်း နှင့်ဆိုင်သည့် ထာဝရဘုရားသခင်ရုပ်ပုံကားချပ်၏

ရှင်းလင်းချက်ရှိသည်ဖြစ်စေ ၊ ရုပ်ပုံကားချပ်သည် ယုံကြည်သူများအား အစွမ်းထက်မြက်စွာ ပြောင်းလဲစေပြီး ၊ ၎င်း၏ပတ်သက်မှုနှင့် ပါဝင်ဆောင်ရွက်မှုကိုရှင်းလင်းထားသည်။ သို့ရာတွင် ဤရုပ်ပုံကားချပ်ကိုးကွယ်မှုသည် တစ်ဦးတစ်ယောက်၏ အဖွဲ့အစည်း သို့မဟုတ် လူတစ်ဦး တစ်ယောက်၏ ကိုယ်ရည်ကိုယ်သွေးပုံစံသည်တို့အား လူတစ်ဦးတစ်ယောက် သွတ်သွင်းလာသည့် ပုံစံကွဲလွဲရမည်ဖြစ်သည်။ ထိုသို့ သွတ်သွင်းလာမှု၏ ရလဒ် မည်သို့ဖြစ်လာနိုင် ပါသနည်း။ မည်သည့်နည်း မည်သည့်ပုံစံဖြင့် ယုံကြည်ကိုးကွယ်သည်ဖြစ်စေ ၊ ဘာသာယုံကြည် ကိုးကွယ်မှုတိုင်းသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိပြီး တစ်နည်း သို့မဟုတ် အခြားနည်းများ ဖြင့် တစစ တဖြည်းဖြည်းပြောင်းလဲလျက် ရှိသည်။ ဤကိစ္စမှာ ကျယ်ပြန့်သော မည်သည့် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အသင်းအဖွဲ့ကြီးငယ်ဖြစ်စေ များစွာသောအဖွဲ့ခွဲများ သို့မဟုတ် ဂိုဏ်းကဏ္ဍများပေါ်ပေါက်လျက်ရှိသည့်အချက်မှာ အလွန်သိသာထင်ရှားစေပါ၏။ ဘာသာယုံကြည် ကိုးကွယ်မှုတစ်ခုခုသည် အမှန်တရား (Truth) နှင့်အဆုံးစွန်သော အကျိုးသက်ရောက်မှု (Finality) ကို မိမိဘာသာတရားတစ်ခုတည်းက လုံးဝတစ်ဦးတည်းပိုင် ဖြစ်သည်ဟူ၍ မည်ကဲ့သို့ ပြောနိုင်ပါမည်နည်း။ ဝမ်းနည်းစရာကောင်းသောအချက်မှာ ဘာသာ ယုံကြည်ကိုးကွယ်မှုဖြင့် အဓိကအသက်မွေးမှုပြုသူများ (The Religionist) က ၎င်းတို့ ယုံကြည်ကိုးကွယ်သည့် ဘာသာ ယုံကြည်မှု အသီးသီးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိ သည်ဆိုခြင်းကို လက်မခံခြင်းဖြစ်သည်။ ဘာသာယုံကြည်ကိုးကွယ်မှုဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုသူများသည် ၎င်းတို့ ယုံကြည်သည့်ဘာသာယုံကြည်ကိုးကွယ်မှု (Religion)* တစ်ခုတည်းသော မှန်ကန်၍ မိမိတို့နှင့် မတူ ကွဲပြားခြားနားသော ဘာသာယုံကြည်ကိုးကွယ် မှု အားလုံးသည် လုံးဝမှားယွင်းသည် (Utterly False) ဟူ၍ မိမိယုံကြည်ကိုးကွယ်သည့် ဘာသာရေး နယ်ပယ်ကို ချဲ့ထွင်ကြသည်။

---

* Religion means belief in the existence of a supernatural ruling power, the creator and controller of the universe, who has given to man a spiritual nature which continues of exist after the death of the body.

(Religion ၏ ဘာသာယုံကြည်ကိုးကွယ်မှုအဓိပ္ပါယ်မှာ သဘာဝတရားကို ကျော်လွန်၍

ဖြစ်သော စိုးမိုးအုပ်ချုပ်နိုင်သည့် တန်ခိုးဖြစ်ပေါ်ခြင်းကို ယုံကြည်မှု ၊ စကြဝဠာကမ္ဘာလောကကြီးအား ဖန်ဆင်းသူနှင့်ထိန်းသိမ်းချုပ်ကိုင်သူ ၊ လူသားအား အသက်ဝိဉာဉ်ပေးအပ်၍ လူသား၏ခန္ဓာကိုယ်သေဆုံးသည့်အခါ နောက်ဆက်လက်၍ အသက်ဝိဉာဉ်ဆက်လက်ဖြစ်ပေါ်စေသူဟူ၍ အင်္ဂလိပ်အဘိဓာန်စာအုပ်ထဲ၌ ဖော်ပြထားပါသည်။ ဗုဒ္ဓဘာသာဟူသော ဝေါဟာရနှင့်မတူ ခြားနားလုံးဝကွဲပြားသည့်သဘောဖြစ်သည်ကို သတိပြုသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဟူသည်မှာ သိသူဖြစ် မည်သည့်အရာကိုသိပါသနည်းဟူမူ သစ္စာလေးပါးကိုသိခြင်းဖြစ်ပြီး ဘာသာဟူသောအဓိပ္ပါယ်မှာ ဗုဒ္ဓ၏စကားကိုလိုက်နာသူဖြစ်ရာ ၊ ဗုဒ္ဓ၏ အဆုံးအမအတိုင်းလိုက်နာကျင့်သုံးနေထိုင်ခြင်းကို ဗုဒ္ဓဘာသာဟူ၍ အဓိပ္ပါယ်ဖြစ်၍ (Religion) ဟူသော အဓိပ္ပါယ်နှင့်လုံးဝခြားနားပါသည်။ ဘာသာပြန်သူ)

---

အလားတူ ထုတ်ဖော်ပြောဆိုချက်များကို ဂျူးဘာသာ (Judism) နှင့်အစ္စလာမ် (Islam) နှင့်အခြားဘာသာယုံကြည်ကိုးကွယ်မှုများက ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့၏ ကျင့်စဉ်များ တစ်ခုနှင့်တစ်ခုထိပ်တိုက်တွေ့ကြသည့် အလျောက် ပဋိပက္ခများနှင့်တင်းမာမှုများဖြစ်စေခဲ့ပြီး ဘာသာရေးစစ်ပွဲများဖန်တီးခဲ့ကြသည်။ ထို့ကြောင့် အရိယာသူတော်စင် (Absolutists) များ၏ အဆိုအမိန့်များကို ရှာဖွေရန်အလို့ငှာ ကျွန်ုပ်တို့ထံတွင် "သိနားလည်ခြင်း"(Knowing) နှင့် အမှန်တရား (Truth)တို့ကိုခွဲခြမ်းစိတ်ဖြာစဉ်းစားကြပါမည်။ "သိနားလည်ခြင်း" (Knowing) ၌အဓိပ္ပါယ်သဘောတရားအများအပြားရှိသည်။ ဥပမာ – အာဒမ် (Adam)သည် သူ၏ဇနီးကိုသိ၍ (Cain) အားဖြစ်ထွန်းပေါ်ပေါက်စေခဲ့သည်။ အလွန်သိသာထင်ရှားစွာဖြင့် "သိနားလည်ခြင်း" ကိုဒီနေရာ၌ လိင်ဆက်ဆံခြင်းကိုသိနားလည်၏ဟူ၍ အဓိပ္ပါယ်သက်ရောက်သည်။ အသိမိတ်ဆွေမဟုတ်သူ လူတစ်ဦးအား အသင်က"မင်းကိုငါ သိနားလည်တယ်" ဟူ၍ ပြောသောအဓိပ္ပါယ်မှာအသင်၏ အကျင့်စာရိတ္တကို ကျွန်ုပ်သိနားလည်သည့်အပြင် အသင်၏ အကြံကိုကျွန်ုပ်ကောင်းစွာ ခန့်မှန်းသိနားလည်ပြီးသင်ဘာလုပ်လိမ့်မည်ကို ကျွန်ုပ်သိနားလည်းသည်ဟူ၍ ဖြစ်သည်။ သို့သော် ဘာသာယုံကြည်ကိုးကွယ်မှု၏ ထာဝရဘုရားသခင်ဟူသော အဓိပ္ပါယ်ကိုသတ်သတ်မှတ်မှတ်ရေးသားချက်သည် ထာဝရအားနည်းလည်ရန်မှာ ခိုင်မာသောဘာသာရေး

ခံယူချက်ဖြင့် ထာဝရဘုရားသခင်အကြောင်းကိုယ်တိုင်အတွေ့အကြုံလိုအပ်သည်။ မည်သို့ပင် ဖြစ်စေ ခိုင်မာသောဘာသာရေးခံယူချက်ဖြင့်ကိုယ်တိုင် အတွေ့အကြုံ (Numinous experience) မှာသိနားလည်ခြင်း ပိုမိုအကျိုးသက်ရောက်သည်။ ဤသဘောတရားမှာ ထိုအချက် (၂) ခုကို ခွဲခြမ်းစိတ်ဖြာရန် ကြိုးစားခဲ့သည့် အော့တို (Otto) အထိပင်ဖြစ်သည်။ ထို့ကြောင့် ထာဝရဘုရားသခင်ကို နားလည်ရန်တည်းဟူသော ရိုးရှင်းသည့်နားလည်မှုဆိုသည်မှာ ထာဝရ ဘုရားသခင်အကြောင်း ဝိဉာဉ်ဆိုင်ရာယုံကြည်မှုဖြင့် နားလည်ခြင်းနှင့်ထာဝရဘုရားသခင်အား ပူဇော်မှုပြုခြင်းဆိုင်ရာ အစဉ်အလာများ၌ ပါဝင်ဆင်နွှဲခြင်းဖြစ်သည်။ အချိန်အတော်ကြာကာလ ကတည်းကပင်လျှင် ဝိဉာဉ်ဆိုင်ရာ ယုံကြည်မှုဖြင့် နားလည်ခြင်းအား ထာဝရဘုရားသခင် မြှုပ် ကွယ်ထားသည့် လျှို့ဝှက်ချက်အား သိနားလည်ခြင်းဟု၍ ဆိုသည်။ စိတ်မကောင်းစွာဖြင့် ယုံကြည်မှုမရှိသူတစ်ယောက်အနေဖြင့် ယုံကြည်လက်ခံနိုင်စွမ်းရှိသော မိမိ၏အသိဉာဏ်ဖြင့် ထာဝရ ဘုရားသခင်၏ မြှုပ်ကွယ်ထားသော လျှို့ဝှက်ချက်ကိုအလွယ်တကူပယ်ချပစ်နိုင်သည်။ ထာဝရ ဘုရားသခင် (ငါ) မြဟ္မာကြီးအား သိနားလည်ခြင်းသည် သဘောတရားအားဖြင့် မဟုတ်မူ၍ လက်တွေ့အားဖြင့်ယုံကြည်စိတ်ချမှုရှိစွာ သိနားလည်မှုရစေသလို နေ့စဉ်လက်တွေ့ဘဝ သို့မဟုတ် အကြောင်းပြအချက်အလက်များအပေါ် အခြေခံ၍ သိရှိနားလည်စေနိုင်သည့်သိပ္ပံပညာကဲ့သို့ လူအဖွဲ့အစည်း၏ အခြားသော အစိတ်အပိုင်းမဖြစ်လာနိုင်သည်မှာ မလွဲမှားနိုင်သောအချက် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘာသာရေးနှင့် ဆိုင်သော နားလည်မှုကို ပြောင်းလဲမှုရှိသောအမြင်၊ ယုံကြည်ကိုးကွယ်သူအားကိုယ်ကျင့်တရားဘက်သို့ ရှေးရှုမှုနှင့် လောကီရေးရာကိစ္စနှင့် မိမိ၏ ဘဝတူအပေါင်း အသင်းမိတ်ဆွေများနှင့်သဟဇာတဖြစ်မှုကို ဖန်တီးသည်ဟူ၍ စွဲကိုင် မှတ်သား ခဲ့ကြဘူး၏။ ဤနေရာ၌ အမည်နာမ ဥပမာဖြင့် ရေးသားဖော်ပြချက်မှာ "Brahmavid Brahmaiva Bravati" * ဖြစ်သည်။ ထို့ကြောင့်ဘာသာယုံကြည်ကိုးကွယ်မှုသည် ကိုယ်ကျင့် တရားဖြစ်ကြောင်း မကြာခဏ ဆက်ခါဆက်ခါ အကြိမ်များစွာ အခြားနေရာများ၌ အသင်းအဖွဲ့၊ အသိုင်းအဝန်း၏ အစိတ်အပိုင်း ဖြစ်လာခဲ့ရသည်။ ဥပမာ ဘာသာယုံကြည်ကိုးကွယ်မှုက "ကိုယ်ကျင့်သီလသည် ခိုင်မြဲသောစိတ်ပေါ်၌ တည်နေ၏။" (Morality touched with emotion) ဟူ၍ ခေါ်ဆိုခဲ့ရသည်။ ကျွန်ုပ်တို့၏ ခေတ်၌ အာရ်ဘီ၊ ဘရိတ်ဝေတီ (R.B

Braithwaite) ကဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ခိုင်မာသောရေးသားဖော်ပြချက်များသည် တိကျသော ဝတ္ထုသက်သေသာဓကကို အခြေခံပြီး ယေဘုယျ ကိုယ်ကျင့်သီလစည်းကမ်းချက် ချမှတ်သော ကိုယ်နှုတ်အမူအရာ စောင့်ထိန်းသည့်ဝါဒဖြစ်သည်ဟူ၍ ရေးသားခဲ့သည်။ ဤသို့သော ကြောင်းကျိုးဆီလျော်သင့်တော်မှုကြောင့် ''ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ခိုင်မာသော ရေးသားတင်ပြချက်များ'' (Religious Assertions) ဖြင့်ဆိုလိုသည့်အဓိပ္ပါယ်မှာ စံနမူနာပြ ဘာသာရေးနှင့်သက်ဆိုင်သည့် ရေးသားဖော်ပြချက်များဖြင့် အမည်နာမညွှန်းဖော်ပြသည့် ဥပမာ သာဓကတို့ ဖြင့်ထာဝရဘုရားသခင်အကြောင်း ရေးသားဖော်ပြချက် (Brahman - Statements) သို့မဟုတ် ဗြဟ္မာအကြောင်း ရေးသားချက် (Brahman - statements) သော်လည်းကောင်း ဖြစ်သင့်ပေသည်။ ထိုမှတပါး ထိုကဲ့သို့သော ရေးသားဖော်ပြချက်များ မည်သည့်ဘာသာယုံကြည်ကိုးကွယ်မှုပင်ဖြစ်စေ ၊ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ၊ သေခြင်း ၊ ထာဝရဘုရားသခင်၏တရားစစ်ဆေးခံခြင်းဆိုင်ရာ အချက်အလက်များ၊ ရှေးခေတ်ဟောင်းက လူမျိုးတစ်မျိုး၏ယုံကြည်ချက်ဆိုင်ရာ လက်ဆင့်ကမ်းသယ်ဆောင်လာသည့် သာဓကဆိုင်ရာအချက်အလက်များ ၊ လူသားနှင့် ၎င်း၏ အသက်ဝိဉာဉ်၏ အဆုံးစွန်ရည်မှန်းချက်ပန်းတိုင်နှင့် ဆိုင်သောအချက်အလက်များ ၊ ထာဝရဘုရားသခင်၏ အမိန့်တော်များ ၊ ကျင့်ဝတ်များ၊ ဆုတောင်းမှုများ ၊ အသနားခံတောင်းပန်မှုများစသည်တို့နှင့်ဆိုင်ရာ အချက်အလက်များပါဝင်သည်။ မည်သည့်ကိစ္စ၌မဆို ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ စံနမူနာပြသိရှိနားလည်ခြင်းသည် တိဟိတ်ပုဂ္ဂိုလ် (Positivists) များလုပ်ကိုင်ဆောင်ရွက်ခဲ့ကြသကဲ့သို့ အချက်အလက်ပြည့်စုံသော ရေးသားတင်ပြချက်များအား ယှဉ်နိုင်သော ရေးသားမှုမဖြစ်နိုင်ပေ။ ဤအချက်သည် ကျွန်ုပ်တို့၏ ဆန်းစစ်ခွဲခြမ်းစိတ်ဖြာခြင်းမှ ''အမှန်တရား'' Truth ၏အဓိပ္ပါယ်ဖြစ်ကြောင်း အလွန်ထင်ရှားပေသည်။

ဒဿနိကဗေဒ ခေတ်သစ်ကာလအများသုံးဝေါဟာရဖြင့် ပြောကြားရသည့် စကားပြောကြားနည်း ပရိယာယ်တွင် အကယ်၍ မှားသည်ဖြစ်စေ ၊ မှန်သည်ဖြစ်စေ ၊ သို့မဟုတ်အခြေခံကပင်မှားယွင်းနေသည်ဖြစ်စေ ၊ စကားပြောကြားရာတွင် တသမတ်တည်း၊ တစ်မျိုးတည်းကိုသာ ကိုယ်တိုင်တွေ့ မြင်သိရှိသကဲ့သို့ ပြောကြားရမည်ဟု ရေးသားချက်တစ်ခုကို ထောက်ပြ

သည်။ ဂျေ . အင်. ဖင်ဒလေ (J.N Findlay) နှင့် အေ.ဂျီ. အင်ဖလူး (A.G .N .Flew) တို့က ''ထာဝရဘုရားသခင်၏ သဘောသဘာဝနှင့် လူသား၏ယုံကြည်ချက်အား ဒဿနိကပညာရှုထောင့်မှ လေ့လာချက်'' (New Essays in Philsophical Theology) စာအုပ်တွင် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အခိုင်အမာရေးသားချက်များသည် အမှားအယွင်းများ ဖြစ်နိုင်သကဲ့သို့ အမှန်အကန်များလည်းဖြစ်နိုင်သည်ဟူ၍ ရေးသားဖော်ပြခဲ့သည်။ သို့ဖြစ်၍ ၎င်းတို့အား အချက်အလက်မရှိပါသော်လည်း အဓိပ္ပါယ်မရှိသည့်ရေးသားချက် မဟုတ်ဟူ၍ အသိဉာဏ်မပါသည့် (ဝါ) အသိဉာဏ်မရှိသည့်ရေးသားချက်ဟူ၍ ယူဆနိုင်သည်။ ကိုယ်တွေ့ ဖြစ်ရပ်များအပေါ် ရေးသားချက်သည် တကယ့်အစစ်အမှန်ဖြစ်မှသာလျှင် အမှန်တရား (ဝါ) သစ္စာဟူ၍ ခေါ်ဆိုနိုင်သည့်အပြင် အကယ်၍ မှားယွင်းမှုရှိလျှင်လည်း အမှားဟူ၍ ပြောနိုင်သည်။ သို့ဖြစ်လျှင် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အခိုင်အမာ ရေးသားချက်များသည် အချက်အလက်မပါရှိသော ရေးသားချက်များကို အမှန်သို့မဟုတ် အမှားဟူ၍ သုံးနှုန်းပြောဆို၍ မရပေ။ ထို့ကြောင့် ဘာသာရေးဆိုင်ရာ ရေးသားချက်များတွင် ဘာသာတရားတစ်ခု၏ ယုံကြည်ချက်သည် မှန်ကန်ပြီး အခြားဘာသာတရားတစ်ခု၏ ယုံကြည်ကိုးကွယ်ခြင်းမှာ မှားယွင်းသည်ဟူ၍ ပြောဆိုရန် ခွင့်မပြုနိုင်သော ရေးသားချက်ဖြစ်သည်။ ပါတစ်ခ်ရှယ်ရီ (Partick Sherry)၏အဆိုအရ ''သစ္စာတရား'' (Truth) ၌ အနှစ်သာရအားဖြင့် အချက် (၂) ချက်ပါရှိသည်။ (P.Sherry) ၏၁၉၇၇ ခုနှစ်ထုတ် ၊ Religion, Truth and Language Games စာအုပ် ၊ စာမျက်နှာ -၁၇၅)

၁။ ရေးသားဖော်ပြထားသည့်အတိုင်းအကြောင်းအချင်းရာအမှန်ဖြစ်ပေါ်မှု၊ အရှိအမှန်။

၂။ သစ္စာထိုက်သောယုံကြည်မှု ၊ တရားစီရင်ဆုံးဖြတ်ချက်များ ၊ ခိုင်မာသောရေးသားချက်များ စသည်ဖြင့်။

ထို့ကြောင့် ''သစ္စာထိုက်သည့် ထိုရှုမြင်မှု'' (၂) ခုတို့ကို ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာအမြင်များဖြင့် အကျဉ်းချုပ်ထုတ်နှုတ်၍ ကျွန်ုပ်တို့သုံးသပ်ကြပါစို့။

မကြာမြင့်မီက ပေါ်ထွက်လာသောဒဿနိကဗေဒပညာ၌ ဘာသာစကားနှင့်ရေးသားသောအချက်အလက်များအပေါ် များစွာသောမယုံကြည်မှုရှိသည်။ ထို့ကြောင့်ရေးသားထားသော အချက်အလက်တစ်မျိုးတည်းကို မှန်သည်သို့မဟုတ်မှားသည်ဟူ၍ ခေါ်သည်။ သို့သော်

ဘာသာယုံကြည်ကိုးကွယ်မှုအား မှန်သည်ဟူ၍လည်းကောင်း ၊ အခြားသောဘာသာယုံကြည်ကိုးကွယ်မှုအား မှန်သည်ဟူ၍လည်းကောင်း ၊ အခြားသောဘာသာယုံကြည်ကိုကွယ်မှုသည် မှားသည်ဟူ၍လည်းကောင်း ပြောဆိုသည့်အခါ အမှန်တကယ်အားဖြင့် ကျွန်ုပ်တို့သည် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဖြစ်ပေါ်လာခြင်းများ၏ မူလဇစ်မြစ်ကိုလေ့လာမှုနှင့် အကြောင်းအရာတစ်ခုကို ပြောဆိုနေခြင်းဖြစ်သည်။ဝေါဟာရတစ်မျိုးစီ ရေးသားဖော်ပြရလျှင် ထာဝရဘုရားသခင်အား သစ္စာခံခြင်း ၊သို့မဟုတ် တမန်တော် နတ်သားများအား ယုံကြည်ခြင်း ၊သို့မဟုတ် ၊အထက်ကောင်းကင် ရွှေဘုံနန်း၊ ငရဲခန်း စသည့်တို့ရှိသည်ဆိုခြင်းကို ယုံကြည်မှုအား ခိုင်မြဲစေခြင်းသည် တကယ့်အရှိအမှန်တရား ဖြစ်သည်။တနည်းအားဖြင့်ဆိုသော် ''သစ္စာထိုက်မှု(Truth)သည် ဘာသာစကားတစ်ရပ်၏ ဝေါဟာရကွဲလွဲသော်လည်း အဓိပ္ပါယ်တူညီသည့် ''အရှိအမှန်ဖြစ်မှု'' (Reality)ဖြစ်သည့် အမြင် အဆိုပါ '' အရှိအမှန် တရား''(Reality)သည် အဓိပ္ပါယ်လေးနက် တန်ဘိုးကြီးမားသည့် စကားလုံး (Value - loaded Term)ဖြစ်သည်။ဘာသာယုံကြည်ကိုးကွယ်မှုနှင့်သက်ဆိုင်သည့် ''သစ္စာထိုက်မှု''(Truth)ဆိုသည့် ဤအဓိပ္ပါယ်နှင့်ဆန့်ကျင် သဘောပြောဆိုသည့် စကားမှာ ကမ္ဘာလောကကြီးနှင့် အရာဝတ္ထုများသည် အစစ်အမှန်မဟုတ်ဘဲ ဖြတ်သန်းစီးဆင်းနေသည့် သဘောတရားမျှသာဖြစ်၏ ဆိုခြင်းဖြစ်သည်။ထို့ကြောင့် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ (Lord Buddha)ကသတ္တဝါတိုင်းသည် အမြဲထာဝရ တည်တံ့နေခြင်းမရှိဟူသော အဓိပ္ပါယ်ရသည့် (Metaphysical theory of momentariness)ကို ထုတ်ဖော်တင်ပြခဲ့သည်။ထပ်ဆင့်၍လည်း မဟတ္တမဂန္ဒီ (Mehatama Gandhi)က ''သစ္စာထိုက်ခြင်း'' ခေါ် (Truth)သည် ထာဝရဘုရား (God)ဖြစ်သည်ဟု ကြေငြာခဲ့ပေသည်။မဟတ္တမဂန္ဒီက ''သစ္စာထိုက်ခြင်း''ဆိုသည့် စကားလုံးကို သံသယကင်းရာအဓိပ္ပါယ်ဖြင့် သုံးနှုန်းပြောဆိုခဲ့သည်။အဘယ့်ကြောင့်ဆိုသော် သူ့အဖို့ရာတွင် ''သစ္စာထိုက်မှု'' (Truth)အား မငြင်းပယ်နိုင်သောကြောင့်ဖြစ်သည်။ဤရှုမြင်သုံးသပ်မှုသည် သစ္စာထိုက်ခြင်းဟူသော စကား၏တန်ဘိုးကို ရေးသားထားခြင်းဖြစ်သည်။သို့ရာတွင် သတ္တဝါစတင်ဖြစ်ပေါ်မှုကို စူးစမ်းလေ့လာခြင်းနှင့် သက်ဆိုင်သည့် အမြင်ကို မဆိုလိုပေ။ဥပမာ–ကာဗကတ်စ် (Carvakas)သည် သဘာဝထက်ကျော်လွန်၍ ဖြစ်ပေါ်လာသည့် ကမ္ဘာလောက(Supranatural World)အကြောင်း မည်သည့်ရေးသားဖော်ပြချက်ဖြစ်စေ ငြင်းပယ်ခဲ့၏။ထို့ပြင် ပညတ္တိဓမ္မနှင့်

ပရမတ္ထတရားနှစ်ခု (Appearance and Reality) အကြား၌ ထူးခြားပေါ်လွင်စွာမဖော်ပြခဲ့ပေ။ ထို့ကြောင့် သတ္တဝါစတင်ဖြစ်ပေါ်မှု၏မူလအစကို စူးစမ်းလေ့လာသည့်အမြင်အား "သစ္စာ ထိုက်ခြင်း" ဟူသည့်ရှုမြင်မှု၌ ငြင်းပယ်နိုင်သည်။ပလေတို၏အဆိုအမိန့် (Platonic)နှင့် ဥပနိရှတ် ကျမ်း၏အဆိုအမိန့် (Upanishadic)မှ သတ္တဝါစတင်ဖြစ်ပေါ်မှုကို စူးစမ်းလေ့လာမှုနှင့်သက်ဆိုင် သည့်ရှုမြင်မှုမှ " သစ္စာထိုက်မှု"(Truth) ၏ (Suprme Reality)ခေါ် အမြင့်ဆုံးမှန်ကန်မှုသည် Timeless ခေါ် အကာလ(ဝါ)အချိန်ကာလဆိုသော သဘောမရှိခြင်းနှင့် မပြောင်းမလဲတည်နေသော (Immutable) ၊မပျက်စီးနိုင်သော (Indestructible)သဘောသဘာဝဖြစ်သည်။ထိုသဘော တရားနှင့် ဆန့်ကျင်လျက် ကမ္ဘာလောက၌မြင်တွေ့နေကြသော အရာခပ်သိမ်းတို့သည် တစ်ခဏ မျှသာ (Momentary)သဘောသဘာဝဖြစ်သည်။ဤခွဲခြမ်းစိတ်ဖြာခြင်း၏ အကျိုးရလဒ်မှာ မည်သည့်အရာဖြစ်နိုင်ပါသနည်း။

(Appearance and Reality)ဟူသော စကားနှစ်လုံးကို ပါဠိစကားလုံးဖြင့် ပညတ္တိဓမ္မ နှင့် ပရမတ္ထဓမ္မဟူ၍ ရေးသားဖော်ပြခြင်းမှာ ပုံသဏ္ဌာန်နှင့် တကယ့်အရှိအမှန်တရား နှစ်ခုလုံး ဆီလျော်အောင်ရေးသားဖြစ်သည်။

ကောင်းပါပြီ ၊ထေရဝါဒဗုဒ္ဓဘာသာ သို့မဟုတ် မည်သည့်ဘွဲ့မည် နာမ ဂုဏ်ထူးဝိသေသ နှင့် ပွင့်တော်မူလာသော ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာဘုရားဟူ၍ ကြည်ညိုမှုကိုခံယူ ကြကုန် သော ပုဂ္ဂိုလ်တို့သည် သူတို့၏အကြောင်း ရေးသားစိကုံးထားသည်ထက်ပို၍ တန်ဘိုးကြီးမား ဘုန်းတန်ခိုးတော်များဖြင့် ပြည့်စုံတော်မူကြသဖြင့် ထိုပုဂ္ဂိုလ်များရေးသားဖော်ပြချက်များမှာ မပြည့်စုံ မနိုင်လုံလှပေ။အဘယ်ကြောင့်ဆိုသော် ခိုင်ခိုင်မာမာရေးသားချက်တစ်ခု (ဝါ) "အမှန် –အမှား" (Truth -False)သည် ထပ်ခါထပ်ခါရေးသား ပြောဆိုနိုင်ခြင်း ၊မျှဝေတူညီခံစားနိုင်ခြင်း၊အများနှင့် သက်ဆိုင်မှုအဖြစ် ခံစားနိုင်ခြင်း စသည့်အချက်အလက်များသာဖြစ်သောကြောင့် လည်းကောင်း ထို့ပြင်ထေရဝါဒဗုဒ္ဓဘာသာသည် အချိန်အခါ အားလျော်စွာ(ဝါ) အချိန်နှင့် တပြေးညီစွာခံစားနိုင်သော အဖြစ်အပျက်တစ်ခုမဟုတ်သောကြောင့်ဖြစ်သည်။ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာ သို့မဟုတ် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အမှန်တကယ်ပွင့်ထွန်း ပေါ်ပေါက်တော်မူခဲ့သော မည်သည့် ပုဂ္ဂိုလ်အားမဆို သတ္တဝါအစကို လေ့လာစူးစမ်းသည့်နည်းပညာရှုထောင့်တစ်ခုတည်း၌သာလျှင်

မှန်ကန်သည်ဟုပြောနိုင်သည်။သို့သော် နောက်ဆုံးခွဲခြမ်းစိတ်ဖြာမှုဖြစ်သည့် ဘာသာယုံကြည်ကိုးကွယ်မှု ဆိုင်ရာဖြစ်ထွန်းပေါ်ပေါက်မှုဖြစ်သည့် ကြောင်းကျိုးဆီလျော်မှုတစ်ခုပေါ်မှ ကောက်ချက်များသည် အစစ်အမှန် သို့မဟုတ် အမှားအယွင်းလည်းဖြစ်နိုင်ပေသည်။ထို့ကြောင့် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာဖြစ်ထွန်းပေါ်ပေါက်မှုတစ်ခုသည် သဘောတရားတစ်ရပ်မဟုတ်သည့် မှန်းဆရေးသားထားသော အချက်အလက်မဟုတ်ပေ။ထိုအရာသည် စမ်းသပ်စစ်ဆေးခြင်းပြုနိုင်သော ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်ခြင်းဟူသော အတွေ့အကြုံ သို့မဟုတ် တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်၏ သိပ္ပံနည်းမကျသော ကမ္ဘာ့အမြင်အပေါ်တည်မှီနေသည့် လက်ဆင့်ကမ်းသည်ဆောင်လာသော ရှေးခေတ်လူမျိုးစုတစ်ခု၏ ယုံကြည်ချက်ပါဝင်သည့် ရှေးဟောင်းပုံဝတ္ထုဟုပြောဆိုနိုင်သည်အထိ ကိုးကွယ်မှုနှင့်စပ်လျဉ်းသည့် အရှိန်သြဇာအောက်မှ စဉ်းစားတွေးခေါ်ချက်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်ဘွယ်ရှိပါသည်။ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုမှ အခြားယုံကြည်ကိုးကွယ်မှုတစ်ခုသို့ လည်းကောင်း၊ထို့အပြင် တူညီသော ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုတည်း၏ ဘောင်အတွင်း၌ ပင်လျှင် ကွဲပြားခြားနားသော ဘာသာရေးဆိုင်ရာ သတင်းအချက်အလက်များ ပါဝင်သည့် အဓိပ္ပါယ်ဖြစ်သည်။မတူညီကွဲပြားသော ဘာသာယုံကြည်ကိုးကွယ်မှုအသီးသီး၌ရင်းတို့၏ကိုယ်ပိုင်စာပေ ယဉ်ကျေးမှုများရှိနေကြသည်ကို လူတိုင်းသိမြင်နားလည်နိုင်ပါ၏။လူသား၏ သိနားလည်ခြင်းထက် ကျော်လွန်သော သစ္စာထိုက်သည့်အမှန်ကို သိရှိသည်အထိ လူတို့၏ယဉ်ရှယ် စဉ်ကလေးဘဝက လေ့ကျင့်သင်ကြားတက်မြောက်ခဲ့သည်။ သူတို့ကို မျှော်လင့်ထားသော စကားဝေါဟာရအား ထပ်မံပြန်ဆိုရန်ဖြစ်သည်။တဖန်ထပ်မံ၍ အတူတကွယုံကြည်ကြသော ဘာသာအတွင်း၌ ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အခြေခံကျင့်စဉ်ကို ယုံကြည်သူများ (Fundamentalist)ပါဝင်သကဲ့သို့ အလယ်အလတ်ကျင့်စဉ်ယုံကြည်သူများ(Liberals)များလည်း ပါဝင်သည်။အဆိုပါကြောင်းကျိုးဆက်စပ်ဖြစ်ရပ်များကို ကြည့်ခြင်းအားဖြင့်လူတစ်ယောက် ကိုယ်တိုင်ယုံကြည်ကိုးကွယ်သော ဘာသာတရားအရေးထားလျက် တစ်ဦးတည်း အပိုင်စီးလက်ဝါးကြီးအုပ်ထားသော " ယုံကြည်ကိုးကွယ်မှုဆိုင်ရာအမှန်တရား"(Spritual Truth)နှင့် အခြားသော ယုံကြည်ကိုးကွယ်သည့် တရားများသည် မှားသည်ဟူ၍လည်းကောင်း၊သို့မဟုတ် တစ်စိတ်တစ်ပိုင်းအားဖြင့်သာ မှန်ကန်သည်ဟူ၍လည်းကောင်း ကြေငြာမောင်းခတ်ခြင်းအား ဆန့်ကျင်မှု

အလွန်အလွန်များပေလိမ့်မည်။သို့ဖြစ်လျှင် ကျွန်ုပ်တို့က ယုံကြည်ကိုးကွယ်မှု ဘာသာတရားအားလုံးသည်လုံးလုံးလျားလျား ဆက်စပ်မှုတွေများရှိနေကြပြီးလား ၊သို့မဟုတ် ဘာသာယုံကြည်မှုတစ်ခုစီတို့ ကိုယ့်ပုံစံနှင့်ကိုယ် သီးခြားရှိနေကြပါပြီလားဟူ၍ သိရန်လိုအပ်သည်မဟုတ်ပါလား။ (According tof Buddhism, Absolute Truth or Noble Truth is the phenomenon of nature which has four numbers namely, cause of suffering, suffering,path to the cessation of suffering and cessation of suffering by which it is conerned with human beings- Translator)

"ဘာသာယုံကြည်ကိုးကွယ်မှုသည် ၎င်း၏ကျင့်စဉ်အတိုင်းလိုက်နာကျင့်သုံးသူများအား သေချာသောခံစားနားလည်မှုကို တိကျစွာဖြင့် ထိုနည်းလမ်းဖြင့် စိတ်အားထက်သန်သောဆန္ဒကိုဖြစ်စေပါသလား။ထိုအရာမှာ ထာဝရဘုရားသခင်နှင့်ထာဝရဘုရားသခင်၏ ဖုံးကွယ်နေသော လျှို့ဝှက်ချက်ကို သိနားလည်ရန် ၎င်းတို့အား အပြည့်အဝနားလည်စေခြင်းဖြစ်သည်။" (S.Radhakrishnan ၏Eastern Religion and Western Thought စာအုပ် စာမျက်နှာ 327- vide P.338)။

ယုံကြည်ကိုးကွယ်မှုဘာသာတရားတစ်ခုစီသည် ယင်းဘာသာအား ယုံကြည်ကိုးကွယ်သူအဖို့ရာ၌ မှန်ကန်သည်ဟူ၍ ဖြစ်လာတော့၏။ထို့ကြောင့် ဘာသာယုံကြည်ကိုးကွယ်မှုများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိရမည့်အစား ဘာသာတရားတစ်ခုချင်းသည် တစ်ဘာသာနှင့် တစ်ဘာသာတို့သည် ဆက်စပ်နေသော အချက်ပေါ်တွင် အတူတကွ ရပ်တည်နိုင်ခြင်းမရှိပဲ မတူညီမှုများကိုသာ စွဲကိုင်ထားနေကြ၏။

ရာဒါခရစ်ရှနန် (Radha Krishnan)သည် ၎င်း၏ ရေးသားတင်ပြချက်များအား ဂီတာကျမ်း (the Gita)ကျမ်းပေါ်၌ အခြေခံစွန့်စားလျက် ရေးသားဖော်ပြခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။

> "မည်သည့်ပုံစံအရ မည်သည့်ဘာသာတရားအပေါ် ယုံကြည်သူပင်ဖြစ်စေ၊ဝတ်ပြုကိုးကွယ်ရန်စေတာဆန္ဒဖြင့် ထိုယုံကြည်ချက်၏ မှန်ကန်မှုကို ငါပြု၏။"(VII.21)
>
> တဖန်–

လူတိုင်း လူတိုင်း၏ယုံကြည်မှုသဒ္ဓါအိုပြဟ္မာ ၊၎င်းသည် သူ့သဘောသဘာဝနှင့်အညီ ဖြစ်၍လာသည်။ (XVII.3)

ယေဘုယျအားဖြင့် လူသားတို့သည် ၎င်းတို့၏ Sattvic ,rajasic,tamasic တို့၏ သဘောသဘာဝအရ မတူကွဲပြားခြားနားကြ၏။ထို့ပြင် ၎င်းတို့စေတနာ သဒ္ဓါတရားအတိုင်း ၎င်းတို့၏နတ်များလည်းဖြစ်လာခဲ့ကြရ၏။Sattvic ယုံကြည်သော လူတို့သည် နတ်များအားကိုးကွယ်ကြ၏။ထို့ပြင် ပျင်းရိငြီးငွေ့ဘွယ်ရာကောင်းသော ဝတ်ပြုပူဇော်မှုလည်း စိတ်ဝိဉာဉ်နှင့် တစ္ဆေသရဲယုံကြည်ကိုးကွယ်မှုဖြစ်၏။ထို့ပြင်၎င်းတို့၏ ယုံကြည်ချက်နှင့်လျော်ညီစွာသူတို့သည် သူ့တို့၏ ဆုလာဘ်များကိုရရှိကြ၏။(VII.22) သို့သော် ယုံကြည်မှုတိုင်း ညီတူညီမျှမှန်ကန်သော ဤအဓိပ္ပါယ် ဆောင်ပါရဲ့လား။မဟုတ်သည်မှာသေချာပါ၏။(Rakshasas)ယုံကြည်ကိုးကွယ်မှု၊ စိတ်ဝိဉာဉ်၊အသက်လိပ်ပြာနှင့် တစ္ဆေ၊သရဲယုံကြည်ကိုးကွယ်မှုသည် နတ်ကိုးကွယ်မှုထက်နိမ့်ကျသည်။ဆက်လက်၍ ရှင်းလင်းစွာပြသမှုသည် မရှင်းလင်းသော ပြသမှုထက် နိမ့်ကျမှုဖြစ်သည်။

''မသိနားမလည်မှုဖြင့် လူများက ငါ့အား၊ရှင်းလင်းစွာပြသူအဖြစ် ထင်မြင်ကြ၏။ငါ၏ မပြောင်းလဲသော ကြီးကျယ်မြင့်မြတ်ဆုံးသော မြင့်မားသော သဘောသဘာဝဖြစ်၏။ (VII.24)

ဤနည်းအားဖြင့် လုံးဝပြီးပြည့်စုံမှုဆိုသည်မှာ မည်သည့်အရာဖြစ်သည်ကို အနိမ့်နှင့် အမြင့်ဟူသော အရာများအဖြစ် ယုံကြည်ချက်၏ဆက်စပ်လျက်ရှိသော အာရုံခံရာအထိဖြစ်သည်။

## ဘာသာယုံကြည်ကိုးကွယ်မှုများညီညွတ်မှုအတွက် လုံးဝပြီးပြည့်စုံသည့်စည်းမျဉ်း

## THE ABSOLUTE PRINCIPLE OF UNITY OF RELIGIONS

ဂေါ်ဒပါဒ (Goudapada) က ဥုံ (OM) or (AUM,amatre)ဟူသော ဝတ်ပြုပူဇော်မှုအား ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ဝေဖန်ရာတွင် ထိုနည်းအတိုင်းသာလျှင် Visva,Taijasa,Prajna (ပညာ)နှင့်Turiya (တူရိယာ)ဟူသော အဆင့် (၄)ဆင့်ဖြင့် ဖော်ပြထားသည်။အဆိုပါ ဆန်းစစ်ဝေ

ဖန်ချက်သည်လည်း ဂီတာကျမ်း (Gita.VIII.II)အပေါ် ဝေဖန်ဆန်းစစ်ချက်တွင် ထည့်သွင်းဖော်ပြထားသကဲ့သို့ ရှန်ကာရ၏အမြင် (the view of Shankara)ဖြစ်သည်။ထို့ကြောင့် အပြည့်အစုံမှန်ကန်မှု (အရိယသစ္စာ) အားအခြေမခံသည့် အဓိပ္ပါယ်မရှိသော ဆက်စပ်မှုဖြစ်သည်။

နတ်များက ထာဝရဘုရားသခင်အား ရည်ညွှန်းသည်။ထို့ပြင် ထာဝရဘုရားသခင်ကလည်း နောက်ဆုံး၌ "ထာဝရဘုရားသခင်ထက်ပိုလွန်သော ထာဝရဘုရားသခင်"ဟူသော အဓိပ္ပါယ်ကို ဦးတည်နေသည် ။ရေးသားဖော်ပြခြင်းနှင့် စကားဖြင့် ဖော်ပြခြင်းထက် ပို၍သာလွန်ကြီးမြတ်သောအရာသည် ထာဝရဘုရားဖြစ်သည်။(Vaco nirvartante apraya manasa saha)

> ထိုအရပ်ဒေသသည် တစ်စုံတစ်ယောက်နေထိုင်ရန် နေရာတစ်ခုမဟုတ်၊ ထိုအရာသည် ယုံကြည်ခံယူချက်များနှင့် စကားလုံးသုံးနှုန်း၍ မလုံလောက်သောအရာအဖြစ်လည်းကောင်း၊အမည်နာမဟူ၍လည်းကောင်း၊အဆောက်အဦဟူ၍ လည်းကောင်း၊ဝတ်ပြုကိုးကွယ်ရမည့် ပုဂ္ဂိုလ်ဟူ၍ လည်းကောင်း၊ထာဝရဘုရား၏သဘောသဘာဝနှင့် ဘာသာကိုးကွယ်မှုဆိုင်ရာယုံကြည်ချက်ကို အုတ်မြစ်ချပေးသူ ဟူ၍ မရှိသောနေရာဖြစ်ပါ၏။သို့သော် ထိုအရာသည် သူတို့အားလုံး၏ အသဲနှလုံးထဲအထိရောက်ရှိနေဘိ၏"

ထိုအရာသည် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်အား မိမိ၏ကိုယ်ပိုင် ဘာသာယုံကြည်ကိုးကွယ်ခြင်း၏ အနှစ်သာရသို့ ကျင့်ကြံအားထုတ်မှုဖြင့် ရောက်ရှိသောအဆင့်တစ်ခုဖြစ်၏။ဤအကြောင်းချင်းအရာ ဓမ္မတာသည် လူတစ်ဦးတစ်ယောက်၏ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အမြင့်ဆုံးစံချိန်အဖြစ် ကြိုးစားအားထုတ်ခြင်း အဆင့်ဖြစ်ပေ၏။ဤအဆင့်အတန်းသို့ ရောက်ရှိသောအခါ၌ အားလုံးသော လိုအင်ဆန္ဒများ ချုပ်ငြိမ်းသွားခဲ့ပြီး အားလုံးသော ဝမ်းနည်းပူဆွေးသောကဗျာပါဒတွေ ကင်းဝေးသွားခဲ့လေပြီ။

> "ဖခင်တစ်ယောက်သည် ဖခင်အနေဖြင့် မရှိတော့ပေ။ မိခင်တစ်ဦးသည်လည်း မိခင်မဟုတ်တော့ပေ၊ကမ္ဘာလောကများသည်လည်း ကမ္ဘာလောကမဟုတ်တော့ပေ။ နတ်များသည်နတ်များမဟုတ်တော့ပေ၊......သူခိုးတစ်ယောက်သည်လည်း သူခိုးမဟုတ်တော့ပေ။" (Brhadaranyaka 4.3.22)

ဤအနေအထားသည် ရေးသားဖော်ပြနိုင်ခြင်းမရှိသောအရာဟု ခေါ်သည့် (Anirvacanniya or indescribable) အရာဖြစ်သည်။ ထိုအကြောင်းကိုစကားဖြင့် ပြောဆိုခြင်းဖြင့် အလေးအနက်ထားရှိရမည့် သဘောကို လျော့နည်းစေသည်။

ကဘီးရ် (Kabir)က စကားပြောကြားခြင်းသည် ကျွန်ုပ်တို့ညွှန်းဆိုလိုသော ဗြဟ္မာ (Brahman)၏အဓိပ္ပါယ်အား မှားယွင်းသွားစေလိမ့်မည်ဟူ၍လည်းကောင်းပြောကြား ခဲ့သည်။

(Bolat bolat tat nasai -kabir)

ဤအဆင့် ဤအနေအထားသို့ ရောက်ရှိသွားလျှင် ဘာသာယုံကြည်ကိုးကွယ်မှုတွင် မတူကွဲပြားခြားနားနေကြသည့် အယူအဆများအားလုံးတို့သည် သေချာမုချ ပျောက်ကွယ်သွားလိမ့်မည်။နောက်ဆုံးအနေဖြင့် ထိုအဆင့်များသို့ ဆိုက်ရောက်မှုသည် အထက်ဖော်ပြခဲ့သည့်အတိုင်း အလွန်သိသာထင်ရှားလှပေသည်။ဝိဉာဉ်နှင့် တစေများအား ဝတ်ပြုကိုးကွယ်မှုမှ ကျွန်ုပ်တို့သည် တစ္ဆေသရဲများပျောက်ကွယ်သွားပြီး နတ်များကိုးကွယ်ဝတ်ပြုမှုသို့ ဆိုက်ရောက်ခဲ့သည်။နတ်များစွာအား ကိုးကွယ်ဝတ်ပြုခြင်းမှ တစ်ဆူတည်းသော နတ်ဘုရား(ဝါ) ထာဝရဘုရားသခင်အား ကိုးကွယ်ဝတ်ပြုမှုသို့ ဦးတည်ခဲ့ကြသည်။ဤအခြေအနေ ဤအဆင့်မှ "နတ်ဘုရားကိုးကွယ်မှုမှ သည် ထိုထက်ကြီးမြတ်သော နတ်ဘုရားကိုးကွယ်မှု" (God above God)သို့လည်းဦးတည် ခဲ့ပြန်၏။ စီ.ဂျီ.ဂျွန်း (C.G.Jung)က "တစ်သီးပုဂ္ဂလဖြစ်စဉ်ဖြစ်ရပ်" (Processes of Individuation )ဟူ၍ ရေးသားဖော်ပြချက်အား ထိုအချက်ကို အလားတူစွာရေးသားခဲ့ခြင်းဖြစ်သည်။ ဤနေရာတွင် သူက အဆင့်လေးဆင့် ဖော်ပြခဲ့ရာ ၎င်းတို့မှာ Shadows ခေါ် ဝိဉာဉ်နှင့်တစ္ဆေ သရဲများ(anima- anumus)ခေါ် နတ်သားနတ်သမီးခွဲခြားကိုးကွယ်မှုများ ၊archetypes ခေါ် နတ်ဘုရားပုံစံ စိတ်ကူးကြံစည်မှုနှင့် Mandala experienceခေါ် မည်သည့်နတ်ကိုးကွယ်မှုမျှ မရှိခြင်း ဟူ၍ ဖော်ပြ၏။

ဤနေရာ၌ လူတစ်ယောက်၏ထာဝရဘုရားသခင်အား ဝတ်ပြုဆုတောင်းခြင်းမှသည် "ထာဝရ ဘုရားသခင်ထက်လွန်ကဲကြီးမြတ်တော်မူသော ထာဝရဘုရားသခင်(God beyond God)အား ကောင်းစွာသိနားလည်မှုရှိခြင်းသို့ ကျော်ဖြတ်နိုင်သည်ဆိုခြင်းကို ပြသခြင်းဖြင့် တစ်သီး

ပုဂ္ဂလိကဖြစ်စဉ်ဖြစ်ရပ်များ (the processes of individuation)အားဖော်ပြခဲ့သည်။ဥပမာအား ဖြင့် မူဆလင်ဘာသာဝင်တစ်ဦး၊ ဂျူးဘာသာဝင်တစ်ဦးနှင့်ခရစ်ယာန်ဘာသာဝင်တစ်ဦးတို့သည် ထာဝရဘုရားသခင်အပေါ်ထားရှိသော ယုံကြည်ချက်မှတပါးအခြားယုံကြည်ကိုးကွယ်ရန် မည်သည့် ထာဝရဘုရားသခင်မျှ မရှိဟူသော ခံယူချက်ဖြင့် ဝတ်ပြုဆုတောင်းနိုင်သည့် အလွန်အဘိုးထိုက် တန်သည့် အခွင့်အရေးကို ရရှိကြသည်။သို့ရာတွင် ဤအဆင့်၌ ''ထာဝရဘုရားသခင်ထက် လွန်ကဲကြီးမြတ်တော်မူသော ထာဝရဘုရားသခင်''အားကောင်းစွာသိရှိ နားလည်ခြင်းမရှိဘဲ ဝတ်ပြုကိုးကွယ်မှုသည် ပဋိပက္ခသို့ဦးတည်ရန် အကြောင်းသာလျှင် ကျန်ရှိနေသည်။ ထို့ပြင် ဤပဋိပက္ခသည် ကောင်းမြတ်သည့် မည်သည့်ယုံကြည်ကိုးကွယ်မှုတစ်ခုခုကို ကြုံတွေ့ရရှိနိုင်သော အခြေအနေအား ငြင်းပယ်သည်။ထို့ကြောင့် တစ်ဆူတည်းသောထာဝရဘုရားသခင် ယုံကြည်ကိုး ကွယ်သူ တစ်ဦးဦးသည် ကွဲပြားခြားနားမှုများ၏ဆွဲဆောင် စည်းရုံးဝါးမြိုခြင်းအဆင့်ကို ကျော်ဖြတ် လွတ်မြောက် နိုင်သည်။ထိုအခါ မူဆလင်တစ်ဦးသည် မူဆလင်မဟုတ်တော့ပေ။ ခရစ်ယာန်တစ် ယောက်သည် ခရစ်ယာန် မဟုတ်တော့ပေ။ ဟိန္ဒူတစ်ယောက်သည် ဟိန္ဒူမဟုတ်ပေ။ ထိုကိစ္စကို မည်သို့တတ်နိုင်မည်နည်း။

ပထမအနေဖြင့် မူဆလင်တစ်ယောက်သည် ချမ်းသာသူနှင့်ဆင်းရဲသူဟု မခွဲတော့သည် အပြင် လူမျိုးတူသောသူနှင့် လူမျိုးမတူသောသူ ဟူ၍လည်း မခွဲတော့ပဲ မူဆလင်ဘာသာဝင် အားလုံးသည် ညီအစ်ကိုရင်းပမာ ကောင်းစွာသဘောထားနိုင်လိမ့်မည်။ဤအဆင့်အနေအထားသို့ ရောက်ရှိပြီးနောက် ဟိန္ဒူတစ်ယောက်၊သို့မဟုတ် ခရစ်ယာန်တစ်ယောက်သို့မဟုတ် ဆစ်ခ်တစ် ယောက်ဟူ၍ လူမျိုးဘာသာကွဲပြား ခြားနားမှုမရှိတော့သည့်အပြင် ပို၍မြင့်သောအဆင့်သို့ သူရောက်သွားရန်ရှိပါသည်။နောက်ဆုံးတွင် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အမည်နာမများ နှင့် အသွင်သဏ္ဌာန်များအား စွန့်ပယ်ထား၍ ထာဝရဘုရားသခင် (ဝါ) နတ်ဘုရား၏ တပည့် သားသမီးများအဖြစ် လူသားချင်းအတူတူသာဖြစ်ကြကြောင်း သိမြင်နားလည် ခံယူကျင့်သုံးမည့် အဆင့်သို့ ရောက်ရှိလာပေလိမ့်မည်။ထိုအခါ ၎င်းတို့၏အားနည်းချက်များနှင့် အပြစ်အနာအဆာများ ကိုယ်ကျင့်တရားချို့ယွင်းမှုများ မရှိကြတော့ပဲ တစ်သားတည်းဖြစ်ပေလိမ့်မည်။နောက်ဆုံး၌ ယုံ ကြည်ကိုးကွယ်မှုဘာသာတရားအားလုံးသည် ထာဝရဘုရားသခင် (ဝါ)နတ်ဘုရားသခင်ဖြစ်၍

ထာဝရဘုရားသခင်(ဝါ)နတ်ဘုရားသည် အားလုံးအတွက်ဖြစ်သည်ဟူသော ခံစားနားလည်မှု ရောင်ခြည်ဦးထွက်ပေါ်လာသည်။ဤအဆင့်အခြေနေသို့ ရောက်ရှိလာပြီးနောက် မူဆလင်တစ်ယောက်သည် ဂျီဟတ် (Jehad)ခေါ်အလ္လာအရှင်မြတ်နှင့် သူ၏အဆုံအမသာသာနာအတွက် လူတစ်ယောက် မိမိ၏အသက်ကို စတေးခံရန် အဆင်သင့်ရှိနေခြင်းဟူသော ကျင့်စဉ်ကို ကျင့်သုံးနိုင်မည်လော။အချို့သော ဆူဖီး (Sufis)များသည် နောက်ဆုံးဖြစ်သော ဤအဆင့်သို့သေချာပေါက်ရှိခဲ့ကြပြီးလေပြီ။

ခရစ်ယာန်တစ်ယောက်သည် သာမန်အားဖြင့် ခရစ်ယာန်ညီအစ်ကို၏အသွေးနှင့် အသား ကိုစားသောက်ခြင်း မပြုပေ။ ကျော်လွှန်သွားရန် သူ့တွင် ကွဲပြားခြားနားချက်များစွာရှိ၏။ ဇာတ်မျိုးနွယ်ချင်းမတူညီမှု (ကေလာရာပြည်နယ်၌ ဖြစ်ပျက်ခဲ့သောကိစ္စရပ်တစ်ခုသည် သာဓကဖြစ်၏။)လူမျိုးရေးမတူညီမှု ၊အသားရောင်ကွဲပြားမှု ၊ဘာသာစကားမတူညီမှုနှင့် ဒေသဆိုင်ရာ အပေါ်၌ သစ္စာစောင့်သိရိုသေမှုချင်း မတူညီမှုများကို သူကျော်လွှန်နိုင်ရမည်။ ခရစ်ယာန်ဘာသာဝင်တစ်ယောက်၏ဘဝသည် အစိတ်စိတ်အမွှာမွှာ ချိုးဖဲ့ဖျက်ဆီးခြင်းခံခဲ့ရပြီး၊ အိန္ဒိယလူမျိုးများကမူ ဗြဟ္မာ- အသိဉာဏ် (Brahma- realization)အဆင့်သို့ ရောက်ရှိလာခဲ့သည်။ယင်းကိစ္စနှင့် စပ်လျဉ်း၍ လူတစ်ယောက်အနေဖြင့် ဆူဖီ (Sufis)အချို့တို့၏ဘဝ သို့မဟုတ် ရာမာခရစ်ရှ်နန်ဒါဒီ (a Ramakrishnite)တစ်ဦးဘဝကို တွေ့မြင်နားလည်နိုင်ပါသည်။ သို့ရာတွင် ခရစ်ယာန်ဘာသာဝင်တစ်ဦးတွင်လည်း ဘာသာယုံကြည်ကြည်ကိုးကွယ်မှုနှင့်စပ်လျဉ်းသည့် ကြိုးပမ်းဆောင်ရွက်မှုများနှင့် အမျိုးသားရေး သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ပေါင်းစပ်ရောနှောပါဝင်မှု ရှုဒေါင့်အမြင်နှစ်ခုလုံး၌ စိတ်ဝင်စားမှုအခြေအနေ တစ်ရပ်တွင်ပါရှိသော မတူညီကွဲပြားမှုများကို ပယ်ဖျောက်ကျော်လွှန်နိုင်ရပါမည်။ ယေရှုခရစ်တော်ဟောကြားခဲ့သည်မှာ –

> အသင်၏အဖ ဘုရားသခင်သည် ထက်ကောင်းကင် ရွှေဘုံနန်း၌ စံမြန်းတော်မူနေသည့်အလားတူကျင့်ကြံကြိုးစားအားထုတ်လော့။
>
> အဘယ်ကြောင့်ဆိုသော် အဖဘုရားသခင်သည် လူကောင်းများအပေါ်ထားရှိသော မေတ္တာ ဓါတ်အလား၊မကောင်းမှုပြုသူများအပေါ်၌လည်း တူညီသောမေတ္တာဓါတ်ထားရှိလျက် နေအပူအရှိန်ကို သူတို့၏ချမ်းအေးသော အိပ်ယာပေါ်သို့ကျရောက်စေသကဲ့သို့

လည်းကောင်း၊လိုအပ်သော အချိန်၌ မိုးရေ၊မိုးပေါက်များ ရွာသွန်းချပေးခဲ့လေပြီ။”
(Mat.5.45)

ခရစ်ယာန်ဘာသာဝင်တစ်ဦးအဖို့ရာ၌ အားလုံးသောလူသားများသည် မတူညီကွဲပြားခြားနားခြင်း မရှိသော အမြင့်ဆုံးအခြေအနေအဆင့်အတန်းသို့ ဆိုက်ရောက်ရေးဖြစ်သည်။ခရစ်ယာန်ဘာသာဝင်၏ချစ်ခြင်းမေတ္တာသည် မကန့်ကွက်မပယ်လှန်နိုင်သော လူတစ်ယောက်၏အသဲနှလုံး၌ ထိခိုက်စေသော(ဝါ) သနားညှာတာမှုကင်းမဲ့ခြင်း မဟုတ်ပေ။ ဥပနိရှတ်ကျမ်းလာ သဘောတရားများအား လက်ခံယုံကြည်သူ ဟိန္ဒူတစ်ယောက်အဖို့ရာတွင်လည်း အလားတူ မတူကွဲပြားခြားမှု မရှိသော ချစ်ခြင်းမေတ္တာအသဲတံခါးကို ဟိန္ဒူတစ်ယောက်ထံသို့ အသေအချာဖွင့်ပေးထားသည့် အခြေခံသတ်မှတ်ချက်ထားရှိပါသည်။ဟိန္ဒူ တစ်ယောက်သည် သူတော်စင်များ၏ ရှန်ကာရ၏ ဉာဏ်လမ်းစဉ် (Jnana -merga of Shankara)ကိုဖြစ်စေ သို့မဟုတ် လွတ်မြောက်မှုလမ်းကြောင်း (bhakti - marga)သို့ လိုက်ပါသည်ဖြစ်စေ၊၎င်းသည် ဇာတ်နိမ့် ဇာတ်မြင့်ခွဲခြားမှု၊ အသားအရောင်ကွဲပြားမှုနှင့် အယူအဆမတူညီမှုတို့အား ပါယ်သတ်ဖယ်ရှားရပါမည်။ဗြဟ္မာအသိဉာဏ် (Brahma- jnana)ရှိသူတစ်ဦးသည် အကယ်၍၎င်းက ဇာတ်မျိုးနွယ်မတူသူတစ်ဦးအား ပေးလှူခဲ့လျှင် သူ၏ပေးကမ်းလှူဒါန်းခြင်းသည် မျိုးရိုးဇာတိမတူသူအား ပေးလှူသည်ဟူ၍ မဆိုနိုင်သို့သော် သူ၏ပေးကမ်းလှူဒါန်းခြင်းသည် စကြဝဠာကမ္ဘာလောကကြီး၏ အတ္တမာန် (Atman) သို့မဟုတ် ဗြဟ္မာကြီး(Brahman)သို့သာလျှင် ပေးလှူရာရောက်၏။(Chh-U.24.4)ထို့ပြင် တဝ သိရှိနားလည်ရမည်မှာ ဗြဟ္မာအသိဉာဏ်ရှိသူ (Brahma - jnani)တစ်ဦးသည် ဗြဟ္မဏနှင့် မျိုးရိုးဇာတိကွဲပြားသူတို့အကြား ခွဲခြားမှု မထားသူဖြစ်၏။(Gita -V.18)။ဗြဟ္မဏ(Brahman) ကိုယ်တိုင်၌ ဇာတ်ဟူသော မျိုးရိုးဇာတိခွဲခြား ဆက်ဆံမှု (Mund - U.I.1.66)မရှိသည့်အပြင် ဗြဟ္မဏ ဟူသောအဓိပ္ပါယ်ကို သိရှိနားလည်လိုသူများအနေဖြင့် ဇာတ်နိမ့် ဇာတ်မြင့်လူများအားလုံးတို့၏အပေါ်၌ လည်းကောင်း၊လုံးဝဥသုံတက်လှမ်းခဲ့လေပြီ။ဗြဟ္မာအသိဉာဏ်ရရှိထားသူတစ်ဦး (Brahma- jnani) အဖို့ရာ၌ မူဆလင်တစ်ဦးသည် မူဆလင်မဟုတ်ပေ၊ ခရစ်ယာန်ဘာသာဝင် တစ်ဦးသည်လည်း ခရစ်ယာန်မဟုတ်တော့သလို ဟိန္ဒူဘာသာဝင်တစ်ဦးသည်လည်း ဟိန္ဒူမဟုတ်ပေ။

သံသရာမှ ထွက်မြောက်ရာထွက်မြောက်ကြောင်း အမြင်ရှုဒေါင့်မှပင်လျှင် (even from the view point of Bhakti)၊အရှင်မြတ်က သုဒ္ဒ (shudras)ခေါ် ဇာတ်နိမ့်သူများနှင့် အပြစ်ရှိစွာဖြင့် မွေးဖွားလာသော အမျိုးသမီးများကိုပင်လျှင် လက်ခံတော်မူသည်။(Gita IX.30-32) ထို့ကြောင့်သံသရာမှ ထွက်မြောက်ရန် ရည်ရွယ်ချက်ဖြင့် ကျင့်ကြံသူ(the bhakti - cult)က "ရာမအား သူကပိုင်ဆိုင်သကဲ့သို့ သူ့အား ဝတ်ပြုကိုးကွယ်သူအား သူပိုင်ဆိုင်သည်" ဟူ၍ လက်ခံကျင့်သုံးသည်။

မည်သည့်ခံစားမှုမျှ လုံးဝမရှိမှု၍ အရာခပ်သိမ်း တပြေးညီစွာရှုမြင်မှုဖြင့်သော ကျင့်ကြံနေထိုင်သူ ဗြဟ္မဏ၏ လုံးဝပြီးပြည့်စုံသော အကြောင်းအကျိုးဖြစ်ပေါ်ခြင်းဟူသော ဥပနိရှတ်သူတော်စင်ကြီးများ (Upanishadic Sages)ချမှတ်ထားသော အသိဉာဏ်ပေါ်၌ အခြေခံခြင်းသာမဟုတ်ဘဲ ဥပနိရှတ် သဘောတရား၊ရှန်ကာရအယူဝါဒ ၊ထို့ပြင် ဖြစ်ပျက်ပြောင်းလဲနေခြင်းကို လူသားသိရှိနားလည်သော အသိဉာဏ်ထက်ပို၍ သိနားလည်နိုင်သည့်အသိများ၏ ညီညွတ်ပေါင်းစည်းမှုဟူသော ကန့် (Kant)၏ ဒဿနိကရှုဒေါင့်မှ ကာကွယ်ရေးသားခဲ့သည်အထိ ဖြစ်သည်။ ဤရေးသားချက်သည် ငြိမ်သက်တိတ်ဆိတ်စွာ နေထိုင်ခြင်းဖြင့် ထာဝရဘုရားသခင်နှင့် ဆက်ဆံပေါင်းဖက်ခြင်းဟူသော သဘောတရားကို လက်ကိုင်ပြုသည့် ဝိတ်ဂင်းစတိန်း(Wittgenstein)၏ အမြင်ကို လိုက်လျောညီထွေပြုခြင်းလည်းဖြစ်၏။အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသခင်၏ အကြောင်း မည်သည့်ပုံဖော်မှုရေးသားချက်မျှ ထာဝရဘုရားသခင်၏လေးနက်မှုကို လျော့နည်းသွားစေလိမ့်မည်ဖြစ်၍ ဟူ၏။ဆက်လက်ပြီး ကဘီးရ် (Kabir)က ဗြဟ္မာ(Brahman) သို့မဟုတ် နိဂုဏရာမ (nirguna Rama)အကြောင်းအရာ မည်သည့်ရေးသားဖော်ပြချက်ဖြစ်စေ၊ထာဝရဘုရား (ဝါ) နတ်ဘုရား၏အကြောင်းအရာကို မှားယွင်းစွာဖော်ပြခြင်းဟူသော အဓိပ္ပါယ်ဖြစ်လိမ့်မည်။ဤနည်းဖြင့် မည်သည့်ခံစားမှုမျှ လုံးဝမရှိပဲ အရာရာတိုင်းညီတူညီမျှ ထားရှိသော သဘောထားရှိသူဗြဟ္မာ (differenceles Brahman)ကသာလျှင် အကြောင်းကြောင့် အကျိုးတရားဖြစ်ပေါ်သည့် ယေဘုယျဥပဒေတစ်မျိုးတည်းဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုများ၏ ညီညွတ်မှုသဘောကိုလုပ်ဆောင်ပေးနိုင်သည်။

နောက်ဆုံးဝေဖန်ဆန်းစစ်ချက်တွင် ဗြဟ္မာအသိဉာဏ်ရရှိခြင်းအဆင့်(Brahma-re-

alization) ဟူသောအဓိပ္ပါယ်မှာ ကျင့်ကြံကျိုးကုတ်အားထုတ်သူသည် ၎င်းလုပ်ကိုင်ဆောင်ရွက်သမျှ ကိစ္စအဝဝတွင် ထင်ပေါ်ကျော်ကြားလိုမှုနှင့် ၎င်း၏မာန်မာနကိုပင် မနှစ်သက်မလိုလားလမ်းခွဲ၍ သွားရမည်။ ဤအချက်မှာ ပေါင်းစုညီညာ ကြီးပွားလာသည့်အရာဟူသည့် အယူအဆသဘောတရား(the doctrine of mergence)အဖြစ် သိရှိရပြီးယင်းစုပေါင်းညီညာအောင်ကြောင်းပြ အယူအဆ (the doctrine of mergence)ကို ရာမနူဂျာ (Ramanuja)ဝါဒကလူတစ်ယောက်၏ ကိုယ်ပိုင်သိနားလည်သော နောက်ထပ်တဖန်ပြန်မွေးဖွားခြင်း မရှိတော့ခြင်း(as the annihilation of one's own self)အဖြစ် ဘာသာပြန်ဆိုရေးသားခဲ့သည်။ရာမနူဂျာ၏အဆိုအရ လူတစ်ယောက်သည် သေဆုံးပြီးနောက်ပြန်လည်မွေးဖွားခြင်းမရှိဘဲ အပြီးတိုင်ပျက်စီးခြင်းသို့ ရောက်သည်ဟူသော အယူအဆ(the idea of one's annihilation)ကို တစ်ဦးတစ်ယောက်မျှ လိုလားကြမည် မဟုတ်ပေ။ထို့ကြောင့် ရာမနူဂျာက ပေါင်းစုညီညာကြီးပွားလာသည့်အရာဟူသော သဘောတရား (the doctrine of mergence)ကို ငြင်းပယ်ထားသည်။ (Sribhasya,I,1.1.PP.58,72, Eng .try.by Thibaut)သို့သော် ကဘီးရ်(Kabir)အဖို့ရာ၌ထိုအနက်အဓိပ္ပါယ်သည် " နိဂုဏရာမဖြစ်လာရေး" (becoming nirguna Rama)ဖြစ်သည်။ ကဘီးဂရန်သဝါဘီ (Kabir Granthavali)စာအုပ် ၊စာပိုဒ် - ၂၇၄ ၌ကဘီးရန်က နိဂုဏရာမသို့မဟုတ် ဖြဟ္မာဖြစ်လာရေးဟူသော သဘောကိုတိကျမှန်ကန်မှု (Perfection)ဟူ၍ ရေးသားထားသည်။

"မှန်ကန်ပါသည်။ခြံနွယ်ပေါက်ပင်၊မြက်ရိုင်းပင်လျှင် ၊နံ့သာပင်နှင့်အနီးအနား၊ကြာရှည်ထားက ၊ကူးစက်ရနံ့ ၊သင်းပျံ့ပျံ့လျှင် အမှန်မလွဲဖြစ်စမြဲတည့်၊(မြက်ရိုင်းပင်၏ ပင်ကိုယ်အရည်အသွေး ကွယ်ပျောက်လျက် အားကြီးသည့် နံ့သာပင်၏ရနံ့ကူးစက်ပြီးမွှေးကြိုင်သကဲ့သို့တည်း)။သံတိုသံစ တစ်ခုသည်ပါရတ်(စ်)(Paras)ခေါ် ဝိဇ္ဇာထိုရ်ဓါတ်လုံး(Philosopher's stone)နှင့် နီးကပ်စွာ အတူထားပါက မူလပင်ကိုယ်သံဆိုသောသတ္တိကွယ်ပျောက်၍ ရွှေအဖြစ်သို့ရောက်ရှိသွားသကဲ့သို့ လည်းကောင်း၊ ညစ်ပေပုတ်သိုး ၊ရနံ့ဆိုးသည့်ရေဆိုးချောင်းငယ် အသွယ်သွယ်သည် ဂင်္ဂါဇလခေါ်ဆိုရသည့်(Ganga-jala)or (holy water of the Ganges)မြစ်ကြီးအတွင်းပေါင်းစုံစီးဆင်းက

ပင်ကိုယ်မူလပုတ်သိုးနေသည့် ချောင်းမြောင်းအတွင်းက ရေဟူသမျှသည် ကြည်လင်သန့်ရှင်း မြင့်မြတ်ခြင်းသို့ဖြစ်သည်မခြား ပမာလားသို့။ထို့နည်းအတူ လူသားဟူသမျှ ရာမဟုခေါ် နတ်ဘုရား၏ ရုပ်ထုတော်ကို ကိုယ်နှင့်အတူနီးကပ်မှုရယူက ရာမ၏ဂုဏ်တော်ရနံ့သင်းပျံ့စေ၏။

ထို့ကြောင့် သတ္တဝါအများကို အဆင့်အတန်းမခွဲခြားပဲ တပြေးညီစွာထားရှိတော်မူသော ဗြဟ္မာကြီး (differenceless Brahman)ဖြစ်လာရေးသည် မကောင်းသောစရိုက်လက္ခဏာကို ပယ်ဖျောက်ပစ်ရေးနှင့်ဗြဟ္မာ၏မှန်ကန်သေချာမှုကို ရယူနိုင်ရန်အရေးမှာ လူတစ်ဦးလုပ်ဆောင်ရမည့် အခြေခံဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်အတွင်း ယုတ်စွအဆုံးစဉ်းစားတွေးခေါ်ကြံစည်သူများက လူပေါင်းများစွာတို့သည် နည်းမျိုးစုံဖြင့် အမြင့်မြတ်ဆုံးသောအမှန်တရား(Supreme reality)တစ်ခုသာရှိကြောင်း စဉ်းစားခဲ့ကြသည်။ဥပမာအားဖြင့် –

"ငှက်သည် တစ်မျိုးတည်းသော ကောင်းကင်ယံတွင် တောင်ပံခတ်၍ ပျံသန်းနိုင်သည့် သတ္တဝါဖြစ်၏။သို့သော် ဘုန်းတော်ကြီးများနှင့်ကဗျာစာဆိုကြီးများက စကားလုံးမြောက်များစွာ အသုံးပြု၍ ငှက်အမျိုးအစားများစွာခွဲခြားရေးသားခဲ့ကြ၏။" (Rgveda X114.5)

တဖန်

တဆူတည်းသော အရှင်ဘုရားသခင်ကိုလည်းပညာရှိသူတော်ကောင်းများက ဘွဲ့မည်နာမအမျိုးစုံဖြင့် ပူဇော်ခဲ့ကြ၏။ ၎င်းတို့က အဂ္ဂိ (Agni)၊ရာမ (Yama) ၊မာတာရိဗမ် (Mataris'Van)ဟူ၍ခေါ်ဝေါ်ခဲ့ကြ၏။ (R.V.i.164,46)

တဖန်ထပ်မံ၍ ရေးသားပြန်သည်မှာ ဘာသာယုံကြည်ကိုးကွယ်မှုများ ညီညွတ်မှုရရှိရေးလိုလားတော်္တတာ မျှော်မှန်းဆသည့်ဝေဒကျမ်း (၁၀)၊ ၁၉၂– ၂၃ဖော်ပြထားသည်မှာ စုရုံးကြပါလော့၊ အတူတကွပြောဆိုရေးဆွေးနွေးကြပါလော့၊ သင်၏စိတ်ဓါတ်များကို တစ်ခုတည်းအဖြစ် ဆန္ဒဖြစ်ပေါ်ကြပါစေတော့။

တစ်ဆက်တည်းဖော်ပြရာ၌ ဆဗိတစ်ဝါထရ ဥပနိရှတ် (the Svetasvataras Upanishad) ကြိုတင်နိမိတ်ထင်ပြသည်မှာ ဤသို့သော ညီညွတ်မှုအလို့ငှာ အဝိဇ္ဇာဝါဒ၏

အကြောင်းနှင့် အကျိုးဆက်စပ်ပုံဖြစ်သည် –

သူ၏တန်ခိုးတေဇော်အာနုဘော်ကို နေရာများစွာ ခွဲဝေကာဖြင့်ကိုယ်တော်တိုင်သာ ခွဲခြားမှုမပါသည့် မေတ္တာပိုင်ရှင်တစ်ဆူတည်းသောဘုရားသခင်၊

သူ၏လျှို့ဝှက်စွာဖုံးကွယ်ထားသည့် ရည်ရွယ်ချက်အတွင်းမှာလျှင်အရောင်များစွာတန်ခိုးတေဇာကို ဖြန့်ဖြူးဝေငှပါ၏။

ထို့ ပြင်တဝ ကမ္ဘာလောက၏ အဆုံးနှင့် အစကို သူလိုအပ်သလို အစိုင်အခဲမှ ရေအဖြစ်ပြောင်းလဲပစ်နိုင်သောဘုရားသခင်သည်သူပင်ဖြစ်၏။

အကျွန်ုပ်တို့အား ကြည်လင်ပြတ်သား ၊ ထင်ရှားသောအသိဉာဏ်ပညာနှင့်တကွ မွေးထုတ်ပေးသနားပါအရှင်ဘုရား။ (IV-1)

သို့သော် တစ်ဆူတည်းသော အမှန်တရားထာဝရဘုရားအား နည်းမျိုးစုံဖြင့် ပူဇော်ပသမှုပြုခြင်းအားဖြင့် လုံလောက်သည်ဟူ၍ မပြောနိုင်သေးပေ။ ဤတစ်ဆူတည်းသောအမှန်တရား၊ ထာဝရဘုရား၏သဘောသဘာဝကို ဖော်ပြရမည်ဖြစ်သည်။ ထိုသို့ ရေးသားဖော်ပြခြင်းသည် ဘာသာယုံကြည်ကိုးကွယ်မှုများ၏ ညီညွတ်မှုကို တည်ဆောက်နိုင်ရန်ဆက်ဆံရေးအတွက် တစ်ချက်ဖြစ်သည်။ ဥပမာအားဖြင့် မဟာနာတက (Mahanataka) ခေါ်ဟာနုမန်တာက– ခန့်မှန်းခြေ အေဒီ ၈၅၀ ခန့် ၊ or (Hanumannataka, about 850 A.D) ဟူ၍ ဆိုသည်မှာ–

''သျှိဗတ်စ်များ၏ သျှိဝဟူ၍ ဆည်းကပ်ကိုးကွယ်ခြင်းခံရသူ ၊ ဝေဒလူမျိုးများ၏ဗြဟ္မာဟူ၍ဆည်းကပ်ကိုးကွယ်ခြင်းခံရသူ ၊ဗုဒ္ဓဘာသာဝင်များ၏ဗုဒ္ဓဟူ၍ ဆည်းကပ်ကိုးကွယ်ခြင်းခံရသူ ၊ လောကသုံးပါး၏ အရှင်သခင် ၊ ဟယ်ရိ (Hari) သည်အကြောင်းနှင့် အကျိုးဆက်စပ်သင့်မြတ်ဆီလျော် ၊ တွေးခေါ်မြင်သိပညာရှိသူ ၊ အသိဉာဏ်အရာကျွမ်းကျင်လိမ္မာသူ ၊ ဖန်ဆင်းသူ ၊ ဂျိန်းဘာသာဝင်တို့၏ အရဟတ်ဟူသော အယူအဆကို ယုံကြည်သူများနှင့် ကမ္မအယူအဆကို ယုံကြည်သူ မိမံဆကဘာသာဝင်များဖြစ်နိုင်ပါစေ'' တဖန်အေဒီ ၉၂၄ ခန့်က ဥဒယနစာယ (Udayanacarya) ကိုညာယကုဆုမန်ဂျလီ (Nyaya Kusumanjali) အခန်း (၁) ၊ ကရိက ၂ တွင် ဖော်ပြထားသည်မှာ–

'' ယခုအခါ လူ့ပြည်ရွာ၌ မည်သည့်အဆုံးနိဂုံးကမွတ် ကျိုးရလာဒ်ဟု ရည်မှတ်ပူဇော်

ထာဝရဘုရားခေါ် သျှိဝနတ်မင်းကို သူတို့မျှော်နေကြ၏။သဘာဝတရား ထာဝရဘုရား ၏ ဖြူစင်သန့်ရှင်းမှုနှင့် အသိဉာဏ်ကြွယ်ဝများပြားလှသသည့် တစ်ဆူတည်းသော ဥပနိရှတ်ကဲ့သို့ ကျမ်းတစ်ဆူကို ယုံကြည်သူနောက်လိုက်များ ၊လူ့လောက၌ ပထမဦးစွာ အမှားအမှန်ခွဲဝေဖန်၍ သစ္စာတရားသိနားလည်သူ၊နောက်လိုက် နောက်ပါ ကပ္ပလိတိုင်းပြည်မှ သာဝက၊ လောကီလူ့ဘုံ၏ဒုက္ခမျိုးစုံအပုံပုံနှင့် တွေကြုံနေရ၊ မူလအစကမ္မနှင့် ကမ္မ၏ပြင်းထန်သည့်အရှိန်အဟုန်မှာ ခံစားရသည့်အကျိုးရလာဒ်၏ ကိုင်စမ်းဖမ်းမရသည့် အကြောင်းတစ်ခုအဖြစ် ကျင့်ကြံအားထုတ်ဆဲ ပတဉ္ဇလိ (patanjali) ကမိန့်ဆိုခဲ့သည်။

မတူညီသော ဘာသာယုံကြည်မှုများ၏ချစ်ခင်လေးစားကြည်ညိုခြင်းခံရသူ တစ်ဆူတည်းသော ဘုရားသခင်သည် တစ်ဆူမဟုတ်ကဲ့သို့ တူညီသောဘုရားသခင်ဖြစ်သည်ဟု သိသာစွာရှင်းလင်းပေးသည်။ဟယ်ရီ (Hari)နှင့်ကမ္မဖလဒတ္တ (Karma- phala -datta)ခေါ် (Udayana) ဥဒါယန၏ပြည့်စုံ လိုလောက်သည့် အကြောင်းတရားတို့သည် တစ်ခုနှင့်အလားတူ မဖြစ်ကြပေ။ခရစ်ယာန်ပညာရှိ သူတော် ကောင်းများကလည်း ထိုနည်းအတိုင်းပင်လျှင် တစ်ဆူတည်းသောထာဝရဘုရားသခင်အကြောင်း ပြောဆိုခဲ့ကြပေသည်။

စိန့်ဂျွန်း (St.John) သည်ပင်လျှင် ၎င်း၏အလကာ်(၉) ပုဒ်၌ ပထမဆုံးအခန်းကဏ္ဍ၌ လူသတ္တဝါအားလုံးထံသို့ အလင်းရောင်တစ်ခုဖြစ်သည်ဟူ၍ ရေးသားခဲ့သည်။

တဖန် ထာဝရဘုရားသခင်သည် သက်သေခံချက်တစ်ခုမျှမရှိဘဲ ကမ္ဘာ့လူသားများ အားလုံးထံသို့ သူကိုယ်တိုင် ဘာမျှချန်လှပ်ထားခဲ့ခြင်းမရှိပါပေ (Act.14.17)။ဆက်လက်၍ ထာဝရဘုရားသခင်သည် သူ၏ကိုယ်ပိုင်ဥပဒေများကို လူသားတို့၏ အသဲနှလုံးအတွင်း ရေးသားခဲ့ပြီးဖြစ်သည်။ နောက်ဆုံး၌

ထာဝရဘုရားသခင်သည် ဂျူးလူမျိုးများ၏ထာဝရဘုရားသခင်အဖြစ်သာ ပွင့်ထွန်းပေါ် ပေါက်တော်မူပါသလား။သူသည် ဂျူးလူမျိုး မဟုတ်သူ အခြားလူမျိုးများ (Gentiles) အတွက် ထာဝရဘုရားသခင်အဖြစ် ပွင့်ထွန်းပေါ်ပေါက်တော်မူခြင်း မဟုတ်လေရော့ သလား။အမှန်မှာတော့ အခြားလူမျိုးများ အတွက် ပွင့်ထွန်းပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါ

၏။(Roman 3.39)

ဘုရားရှိခိုးကျောင်း ဘုန်းတော်ကြီးများသည်ပင်လျှင် အလားတူ အမြင့်မြတ်ဆုံးနှင့် အကြီး မြတ်ဆုံးသော အတွေးအကြံများ ဖော်ပြခဲ့ကြပါသည်။ကျူစ (Cusa)၏နိကိုလပ်စ် (Nocholas) ၏အကြောင်းကို ကိုးကားလျက် ဟိလာ (Heiler)က ရေးသားထားသည်မှာ-

"ထာဝရဘုရားသခင်အား အမျိုးစုံသော ဘာသာယုံကြည်ကိုးကွယ်မှုများ၌ အမျိုးမျိုး သောအမည်နာမများဖြင့် ခေါ်တွင်ကြ၍ နည်းမျိုးစုံဖြင့် ရှာဖွေကြံဆခဲ့ကြပါသည်။ထာဝရ ဘုရားသခင်ပို့ဆောင်စေလွှတ်ခဲ့သော အမျိုးစုံသော တမန်တော်များနှင့်ဆရာတော်များ သည် အသက်အရွယ်အစားစားအား အမျိုးမျိုးသော လူပေါင်းများစွာတို့သို့ ရောက်ရှိစေ ခဲ့သည်။"(Friedich Heiler,How can christian and non -christian reli gious co-operates?Hibbert Jounal,vol -52,1953-54,P.109)

တဖန် ဂျိုးဇက်ဂိုးရက်စ် (Joseph Gorres)ရေးသားသည့် ဖော်ပြနေသော သက်သေခံ ချက်များက ကျွန်ုပ်တို့အား သတိပေးနေသည်မှာ-

"တစ်ဆူသော ထာဝရဘုရားသခင်ဟူသည်သာလျှင် စကြာဝဠာကမ္ဘာလောကဓါတ် အတွက် လုပ်ဆောင်ပေးနေ၏။ဘာသာယုံကြည်မှု အားလုံးတို့တွင် တစ်ခုသော ဘာသာ ယုံကြည် ကိုးကွယ်မှုသာလျှင် အောင်မြင်မှုရရှိသည်ဟူ၍သော်လည်းကောင်း ၊တစ်ခု သော ဥပဒေသနှင့် တစ်ခုသောကျမ်းစာဟူ၍လည်းကောင်းဆိုရမည်။အားလုံးသော တမန်တော်များသည် တစ်ခုသာဖြစ်၏။သူတို့သည် တစ်ခုသော ဘာသာစကားဖြင့် တစ်ခုသောအခြေခံတူညီမှုပေါ်တွင် ကွဲပြားခြားနားသော စကားရပ်များမှ တဆင့် သိ နားလည်၏။"(I bid,P.111)

"တစ်ခုသောကျမ်းစာ"နှင့်"တစ်ခုသောတူညီသည့်အခြေခံ" ၏အဓိပ္ပါယ် တစ်ယောက် သောသူက အဓိပ္ပါယ်ရှင်းလင်းအောင်မဖော်ပြခဲ့လျှင် ဖော်ပြရေးသားချက်သည် ဘာသာယုံကြည် မှုကို အလေးအနက်ပြုသည်ဟူ၍ဆိုရမည်။သို့သော် အရေးအသားအချက်အလက်များမှာလက်ခံ နိုင်ဘွယ်ရာမရှိပေ။"

ကိုရမ်ကျမ်းစာကလည်းထိုနည်းတူစွာပင် ရေးသားဖော်ပြရာ၌-

"လူမျိုးတစ်မျိုးစီတို့ထံ ၎င်းတို့၏လူမျိုးဘာသာစကားဖြင့် သင်ကြားနိုင်စေရန် ဆရာတော်များစွာအား ပို့ပေးထားခဲ့သည်။ထိုသို့ ပေးပို့ခဲ့ခြင်းဖြင့် စိတ်ထဲတွင် သံသယပွားဖွယ်ရာမရှိတော့။"

(Bhagawan Das,The Essentian Unity of All Religions - P.56)

တဖန်

လူမျိုးတိုင်းသို့ ၎င်းတို့ပါဝင် ဝတ်ပြုကိုးကွယ်နိုင်စေရန် မြင့်မြတ်သောဝတ်ပြုဆုတောင်းနည်းကိုကျွန်ုပ်တို့ပေးအပ်ခဲ့ပြီးဖြစ်သည်။ထို့ကြောင့် ၎င်းတို့အား အချင်းချင်းဝတ်ပြုဆုတောင်းမှုနှင့်စပ်လျဉ်း၍ စကားမများကြစေလိုပေ၊သို့သော် အလာအရှင်မြတ်၏နာမတော်အား အသင်ရွတ်ဆိုဆုတောင်းပါလော့"(Surah - 22.67)

## ရာဒါခရစ်ရှနန်၏သုံးသပ်ချက်

## The Views of Radhakrishnan

ရာဒါခရစ်ရှနန်သည် သူကိုယ်တိုင် အောက်တွင် ဖော်ပြပါပြဿနာတို့ကို မေးခွန်းထုတ်လိုက်သည်။ ဟိန္ဒူဘာသာ၌ မည်သည့်အရာများ မှားယွင်းနေသနည်း။ကျွန်ုပ်တို့သည် အသိဉာဏ်ပညာတိုးတက် ပြောင်းလဲလာခြင်းနှင့်လူမှုရေးပတ်ဝန်းကျင် အခြေအနေနှင့် စပ်လျဉ်းသည့် ဆွေးနွေးညှိနှိုင်းချက်များနှင့်စပ်လျဉ်း၍ မည်သို့လုပ်ဆောင်နိုင်ပါမည်နည်း။ အထက်ပါမေးခွန်းများကဲ့သို့သော ပြဿနာသည် ကျွန်ုပ်၏အတွေးဉာဏ်ထဲသို့ တိုးဝင်လာခဲ့၏။(Contemporary Indian Philosophy,P.258- London 1950)

တဖန် ရာဒါခရစ်ရှနန်သည် ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုမှ အခြားဘာသာယုံကြည်ကိုးကွယ်မှု တစ်ခုသို့ ကူးပြောင်းခြင်းကို အသားပေးသည့်သာသနာပြုလုပ်ငန်းအား ဆန့်ကျင်သည်။ဤနည်းအားဖြင့် ဟိန္ဒူဘာသာ၏ ဝန်ခံတောင်းပန်သူတစ်ယောက်အနေဖြင့် တစ်ပိုင်းတစ်စအားဖြင့်သာ မှန်ကန်သည့် အစီရင်ခံစာများစွာကို သူရေးသားခဲ့သည်။

သူ၏ပထမဦးဆုံး တင်ပြချက်မှာ ဘာသာယုံကြည်ကိုးကွယ်မှုအားလုံးတို့သည် အခြေခံအားဖြင့်တူညီသော ယုံကြည်ခံစားချက်ပမာဏကို လေးနက်သောခံစားနားလည်မှုရှိသည့်အ

လျောက် ဘာသာယုံကြည် ကိုးကွယ်မှုအားလုံးတို့သည် ညီတူညီမျှ မှန်ကန်ကြသည်ဟူ၍ ဆို၏။

" ယုံကြည်ချက်ပုံစံတိုင်းတွင် ထိုဘာသာယုံကြည်မှု၏ နောက်လိုက်သာဝကများ၏ အသဲနှလုံးတွင်း၌ ယင်းယုံကြည်ချက်အား တိကျသောခံစားနားလည်မှုတို့ကို အလားတူစွာတွေ့ရှိရသည်ဟူ၍ တင်ပြကြသည်။(Eastern Religion and Western Though စာအုပ်၊စာမျက်နှာ - ၃၂၇)

''တဖန် ရာဒါခရစ်ရှနန်က လူတစ်ဦးတစ်ယောက်သည် အကြောင်းအရာတစ်ခုကို သိမြင်နားလည်သည့်အတိုင်း အမှန်တရားအပေါ်၌ သစ္စာရှိရေးသည် လူ့ဘဝ၌အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည်။"(Ibid P.238)

သို့ဖြစ်လျှင် စိတ်ထဲတွင်ဖြစ်ပေါ်လာသော အကြောင်းချင်းရာတစ်ခုကို ဖြူစင်သန့်ရှင်းစွာ သိမြင်နားလည်ခြင်းကို ဘာသာယုံကြည်ကိုးကွယ်မှုဟူ၍ ဆိုရမည်လား။ဤသဘောတရားအမြင်ကိုရာဒါခရစ်ရှနန်ကိုယ်တိုင် မရေးသား မဖော်ပြခဲ့ပေ။

ထိုအရာ(ဘာသာယုံကြည်ကိုးကွယ်မှု)သည် စိတ်ထဲ၌ဖြစ်ပေါ်လာသည့် သဘာဝမဟုတ်ပေ၊လူသား၏အတွင်းစိတ်ကို ပြုစုပျိုးထောင်မှုသက်သက်မျှသာမဟုတ်သော်လည်း ၊ လူတစ်ဦးစီ အပေါ်၌ ၎င်း၏စိတ်ဆန္ဒနှင့် ဆန့်ကျင်လျက်တည်ရှိနေသောအရာတစ်ခုဖြစ်သည်။(Cotemporay Indian Philosophy P.275 see also P.117)

တဆက်တည်း၌ပင် ရာဒါခရစ်ရှနန်က စစ်မှန်သောအသက်ဝိဉာဉ်ရှိနေသောဘဝတွင် လူမှုရေးလုပ်ငန်းရပ်နှင့် စုပေါင်းဆောင်ရွက်မှုဖြင့် အမြင့်ဆုံးရရှိနိုင်ရန် အလို့ငှာ သီးခြားပါဝင်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများဖြစ်သည်ဟု ဆိုသည်။(Fragments of Confession P .66 , Eastern Religion,P.76)

စိတ်ထဲ၌ဖြစ်ပေါ်လာသော မည်သည့်အကြောင်းချင်းရာတစ်ခု၏အသေးစိတ်ကူးကြံစည်မှုကို အလေးအနက်ပြုဖော်ပြချက်မဆို ဘာသာယုံကြည်ကိုကွယ်မှုများ၏စုစည်းညီညွတ်မှုထက် ပိုမိုသောသဒ္ဓါတရား ဖြစ်ပေါ်ခြင်းနှင့်အခြေခံအဆင့်ယုံကြည်မှုဖြစ်ကြောင်း အတော်ကိုပေါ်လွင်ထင်ရှား ပါသည်။တဖန် မာသာထရီဆာ (Mother Teresa)၏လူမှုရေးလုပ်ငန်းသည် ခရစ်ယာန်သာသနာ၏မှန်ကန်မှုကို သက်သေပြနေပါသလား။သို့မဟုတ် သူမ၏ယုံကြည်ကိုးကွယ်သော

ဘာသာတရားအား စိတ်ထဲတွင် ကောင်းမွန်သောနားလည်ခြင်းဖြစ်ကြောင်း သက်သပြနေခြင်းလား။

ထပ်မံ၍ ရာဒါခရစ်ရှနန်က အကြီးမြတ်ဆုံးသောစိတ်ဝိဉာဉ် (Supreme Spirit)ဖြစ်သည့် ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုရှိ၍ အခြားသောဘာသာယုံကြည်ကိုးကွယ်မှုအားလုံးတို့သည် အဆိုပါအကြီးမြတ်ဆုံးသော ဘာသာယုံကြည်ကိုးကွယ်မှုနှင့် ဆက်စပ်သောအမည်နာမများနှင့် ပုံစံသက်သက်မျှသာ ဖြစ်ကြောင်းရေးသားခဲ့သည်။၎င်းသည် အဝိဇ္ဇာဝါဒီတစ်ဦး (avaiitin) အနေဖြင့် အောက်ပါရှင်းလင်းရေးသားချက်ကို ဖော်ပြသည်။ "အချို့သောသူများက ရည်ရွယ်ချက်တစ်ခုအတွက် သဘောထားအမြင်ဖြင့် အမည်နာမတစ်ခုထားရှိသည်။အချို့သောသူများက ရည်ရွယ်ချက်တစ်ခုအတွက် အခြားသော သဘောထားအမြင်ထားရှိကြသည်။၎င်းတို့အနက် မည်သည့်သဘောထားအမြင်သည် အကောင်းဆုံးဖြစ်ပါသနည်း။ရည်ရွယ်ချက်ရှိသော သဘောထားအမြင်အားလုံးသည် အမြင့်မြတ်ဆုံးသော ဘုန်းတန်ခိုးတော် ၊အမြဲထာဝရတည်ရှိတော်မူသော ဖြစ်ပျက်ဝိဟာရမပါရှိသော အကြောင်းအရာ(unembodied Brahman)သည် မှတ်သားဖွယ်ရာ ပြဿနာ၏ အဖြေရရှိနိုင်သည့် အကြံပြုထားသောအချက်အလက်ဖြစ်သည်။' (Fragment of Confession)

အညီအမျှတူညီကြသည့် မှတ်သားလောက်စရာ ဂုဏ်သတင်းရနံ့ သင်းပျံ့ပါသည့် ပြဿနာ၏ အဖြေကိုအကြံပြုအချက်သည် သာလွန်ထူးမြတ်သည့် ဘုန်းတန်ခိုးတော်ဖြစ်ကြပါသလား။Tamasic ဘာသာယုံကြည်ကိုးကွယ်မှုနှင့် Ragasic ဘာသာယုံကြည်ကိုးကွယ်မှုများသည်Sattvic ဘာသာယုံကြည်ကိုးကွယ်မှုနှင့်အလားတူ ဘာသာယုံကြည်ကိုးကွယ်မှုများ ဖြစ်ကြပါသလား။

ဂီတာကျမ်း(The Gita)က အမှန်တရားကို လှည့်ဖျားလိုသည့်စိတ်သဘောထားရှိသူများက ၎င်းတို့၏ ရည်ရွယ်ချက်အောင်မြင်ရေးအတွက် နတ်များ၏အကူအညီ တောင်းခံကြသည်ဟူ၍ ရေးသားထား၏။(VII.20)ထို့ပြင် ရှင်းလင်းပြတ်သားစွာဖွင့်ဆိုထားသကဲ့သို့ "ငါ၏အရှင်မြတ်အား မသိနားမလည်ကြသူများသည် ငါ့အား စဉ်စားကြံစည်ကြကုန်၏။"(men of no understanding think of Me)ဟူ၍ ဖော်ပြထား၏။(Gita VII-24)

ထို့ကြောင့် ဆက်စပ်လျက်ရှိသော ဘာသာယုံကြည်ကိုးကွယ်မှုအားလုံးတို့အား ထပ်တူညီမျှ လက်ခံနိုင်ဖွယ်ရာမရှိသလို ၎င်းတို့တွင် ဘုန်းတန်ခိုးလွန်ကဲကြီးမြတ်တော်မူသော ဗြဟ္မာ၏ မှတ်သားဖွယ်ရာ ထူးခြားသည့်အချက်အလက်များလည်း ညီမျှမပါရှိကြပါချေ။

ထို့နောက် ရာဒါခရစ်ရှနန်က အစည်းအရုံးပုံစံတစ်ခုဖြစ်လာရန် စုစည်းပေါင်းသင်းသည့် စနစ်ဖြင့် အားထုတ်ခြင်းဖြင့်သာ ဘာသာယုံကြည်ကိုးကွယ်မှုများ၏ စည်းလုံးညီညွတ်မှုကိုဖော်ဆောင်နိုင်မည်ဟူ၍စဉ်းစားမိသည်။

"မတူကွဲပြားခြားနားသည့်ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ရှေးအစဉ်အလာများသည် ဟိန္ဒူဘာသာ၏ စိတ်ဝိဉာဉ်ဆိုင်ရာဝင်းလက်တောက်ပခြင်း ၊ ဂျူးဘာသာ၏သစ္စာရှိစွာ အမိန့်တော်ကိုနာခံမှု၊ လူအများစု ကိုးကွယ်သည့် ကမ္ဘာ့ဘာသာတရားအားအယုံအကြည်မရှိသည့် ဂရိတ်ဘာသာ၏လှပမှု၊ ဗုဒ္ဓဘာသာ၏သတ္တဝါအားလုံးအပေါ်တွင် ရင်ဝယ်သား ကဲ့သို့ထားရှိသော ချစ်ခြင်းမေတ္တာ ၊ခရစ်ယာန်ဘာသာ၏ ထာဝရဘုရားသခင်အပေါ်၌ထားရှိသော ချစ်ခြင်းမေတ္တာ၏အလှ္လာအရှင်မြတ်ထံ မိမိကိုယ်ကို ကျေးကျွန်အဖြစ် အကြွင်းမဲ့အပ်နှံမှုစသည့် ရုပ်ထုမျိုးစုံ ပုံရိပ်အမျိုးမျိုးနှင့် ၎င်းအမြင်များက ဘာသာယုံကြည် ကိုးကွယ်မှု တစ်ခုနှင့်တစ်ခု ကူးလူးဆက်သွယ် ရင်ဝယ်ထွေးပိုက် အပြန်အလှန်ရှင်သန်ဖွံ့ဖြိုးတိုးတက် စေခြင်းဖြင့် တစ်ခုသော အမှန်တရား (one reality)ကို ဝတ်ဆင် မြန်းလျက် လူသားတစ်ရပ်လုံးကို ဘက်ပေါင်းစုံ ပြည့်စုံ မှန်ကန်မှုဖြစ်စေလိမ့်မည်။(Ibid,P.76)

ဂရိခ်၏ ဘုရားတစ်ဆူထက်ပိုသော ယုံကြည်ကိုးကွယ်မှုအား အယုံအကြည်မရှိမှု သည် အစ္စလာမ်ဘာသာနှင့် ဂျူးဘာသာတို့၏စည်းကမ်းတင်းကြပ်သည့် တစ်ဆူတည်းသော ထာဝရဘုရားသခင်အား ယုံကြည်မှုနှင့် ရင်ကြားစေ့၍ ရရှိနိုင်ပါမည်လော။ရာဒါခရစ်ရှနန်တစ်ဦးတည်းသာလျှင် ဘာသာယုံကြည်ကိုးကွယ်မှုတိုင်းသည် ဗြဟ္မာနှင့်အညီအမျှ နီးကပ်မှုရှိသည် သို့မဟုတ် လူမှုရေးလုပ်ငန်းအတွက် အညီအမျှ အကောင်းဆုံးဖြစ်သည်ဟူ၍ အပြစ်ကျူးလွန်သူတစ်ဦးအား သူတော်ကောင်းတစ်ယောက်ဖြစ်ရန် မပြောင်းလဲနိုင်ပေ။သို့သော် ဂျူးဘာသာ၏ မလွှဲမရှောင်သာ ထာဝရဘုရားသခင်၏ သစ္စာစောင့်သိရှိသေမှုသည်လည်း ၊ အကောင်းဘက်သို့ ပြောင်းလဲမှု

တစ်ခုဟူ၍ အဓိပ္ပါယ်မဆောင်ပါ။ဤသို့ထာဝရဘုရားသခင် အားသစ္စာစောင့်သိရိုသေမှုမှာ ကျွန်ုပ်တို့ရှာဖွေသော ဖရောက် (Freud)၏လူ့သားဝါဒ သင်ကြားချက်တွင် ပါရှိသည့် မလွဲမရှောင်သာ လိုက်နာကျင့်သုံးခြင်းမျှသာဖြစ်သည်။ထာဝရဘုရားသခင်(ဝါ) နတ်ဘုရားရှိသည် ဆိုခြင်းအား မယုံကြည်သော ဗုဒ္ဓဘာသာ၊ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုကို လက်မခံသည့်အယူဝါဒ ၊ဂျူးနှင့်အစ္စလာမ်ဘာသာတို့နှင့်တကွ ပေါင်း၍စည်းထားခြင်းမှာ ဘာမျှအသုံးမကျပါ။ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာ၊ ကျား ၊မ၊အယုတ် ၊အလတ် ၊အမြတ်ဟူ၍ ခွဲခြားမှုမရှိသော ဗြဟ္မာ(differenceless Brahman)အား လူတစ်ဦး၏ စိတ်ဝိညာဉ်တိုးတက်မှု၏ လုံးဝဥသုံစံချိန်နှုန်းအဖြစ် အခြေခံ ကျကျ လက်ခံကျင့်သုံးခြင်းသာလျှင် ဘာသာယုံကြည်ကိုးကွယ်မှုများ ပေါင်းစည်းညီညွတ်မှု ဖြစ်ကောင်း ဖြစ်နိုင်ပေလိမ့်မည်။ကွဲပြားခြားနားမှုများအား အခြေခံမှစ၍ တဖြည်းဖြည်းတစစ ကျော်လွှားလွန်မြောက်စေခြင်းသာလျှင် လူတစ်ယောက်အား မြင့်သထက်မြင့်အောင် ဆောင်ကျဉ်းနိုင်မည်ဖြစ်၍ ကွဲပြားခြားနားမှုများအားလုံး အတူတကွပျောက်ကွယ်စေမည့် ဗြဟ္မအသိဉာဏ်ပညာအဆင့် သို့ ရောက်ရှိသည့်အထိ ပို၍ပို၍ မြင့်မြတ်လာမည်ဖြစ်သည်။ဘာသာယုံကြည်ကိုးကွယ်မှုများပေါင်းစည်းညီညွတ်မှု၏အကြောင်းအကျိုး ညီညွတ်မျှတသည့် ဤစည်းမျဉ်းသည် ဘာသာယုံကြည်ကိုးကွယ်မှုများ၏သဘောထားအမြင် ၊ခံစားချက်နှင့် စိတ်ပါဝင်စားမှု အကြောင်းနှင့်စပ်လျဉ်းသည့် ရာမခရစ်ရှနား (Ramakrshna)၏အမြင်ကိုတွေ့ရှိရခြင်းက ပို၍ ကောင်းမွန်မှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်နိုင်ဘွယ်ရာအရှိဆုံးဖြစ်သည်။

## ရာမခရစ်ရှနား၏ဘာသာယုံကြည်မှုများ ပေါင်းစည်းညီညွတ်ခြင်း

Remakrishna's Unity of Religions

အနိစ္စဟူသောတရားကိုလူ့သားများအား နားလည်ခွင့်မပြုသောကိစ္စများကို ရာမခရစ်ရှနား တွေ့မြင်ခဲ့ရသည်။ ထို့ပြင် အစဉ်အမြဲမရှိခြင်းဟူသော အကြောင်းကိစ္စတစ်ခုခုကိုဖွင့်ဟရန်အတွက် တရားမဝင်သည့် အကြောင်းကို ရာမခရစ်ရှနားက ရေးသားဖော်ပြ ပြောကြားခဲ့သည်။၎င်း၏ အဖို့ရာ၌ထာဝရ ဘုရားသခင် (ဝါ)နတ်ဘုရားအားသိနားလည်ရေးမှာ ဘဝ၏ရည်ရွယ်ချက်ဖြစ်သည်။(The Gospel of Sri.Ramakrishna by M. Page, refer-

ence will be described as M.104,273,331)။သို့သော် ဟိန္ဒူဘာသာ၏ အကွဲကွဲအပြားပြား ဂိုဏ်းခွဲများအပြင် အစ္စလာမ် နှင့်ခရစ်ယာန်ကဲ့သို့သော အခြားသောဘာသာယုံကြည်ကိုးကွယ်မှု ရှိနေကြသည်ကိုလည်း သူ ကောင်းကောင်း နားလည်သဘောပေါက်သည်။ထို့ကြောင့် ဘာသာ ယုံကြည်ကိုးကွယ်မှုများ စည်းလုံးညီညွတ်မှုတည်ဆောက်ရန် သူကြိုးစားအားထုတ်ခဲ့ခြင်းဖြစ်သည်။ ရာမခရစ်ရှနားက စစ်ထိုးတိုက်ခိုက်နေကြသော ဘာသာရေးဆိုင်ရာ ယုံကြည်မှုများ၏ ရင်ကြား စေ့မှုထက်ပို၍ ကြီးကျယ်ပြီး အဆုံးမရှိသောစည်းလုံးညီညွတ်မှုတစ်ခုခုကိုအလိုရှိသည်။လူသား အား ပြီးပြည့်စုံသည့်နားလည်မှု မိမိမှတပါး ကျန်ကမ္ဘာလူသားမျိုးနွယ်စုအပေါ် ချစ်ခြင်းမေတ္တာနှင့် တကွသော ကိုယ်ချင်းစာနာစိတ်ထားရှိနိုင်သူအဖြစ်အလိုရှိသည်။ စကားတစ်လုံးဖြင့် ခြုံ၍ပြောရ လျှင် ဘာသာယုံကြည်ကိုးကွယ်မှုရှိသည့် လူတိုင်းတို့သည် လူသားမျိုးနွယ်စု၏ လူသားတစ် ယောက်တွင်ရှိသင့်သော အရည်အသွေးရှိကြစေလိုသည်။(M.39)မဟုတ်သေးပါ။ထို့ထက်ပို၍ ဖြစ်စေချင်ပါသည်။ လေးနက်သော ကိုးကွယ်မှုဆိုင်ရာ အသိဉာဏ်ဆိုင်ရာ အချက်၌ ပို၍ သိနားလည်စေချင်ပေသည်-

''ထာဝရဘုရားသခင်ရှေ့မှောက် သင်ကိုယ်တိုင်ရောက်ရှိသည့်အလား၊အရာခပ်သိမ်း ကိုသင်သိပါသလား။''

''အရာခပ်သိမ်းတွင် အမှားအမှန်ဝေဖန်ခွဲခြား၍ သိနားလည်မှု ရရှိသည့်အပြင် စိတ် တန်ခိုးကိုလည်းအသိရရှိနိုင်ပါစေ။''

''သင်၏စိတ်စေတနာသဒ္ဓါတရားသည် စကြဝဠာကမ္ဘာလောကဓါတ်တစ်ခုလုံးအတွက် ဖြစ်လာပါစေ။''

ရာမခရစ်ရှနားသည် ဘာသာယုံကြည်ကိုးကွယ်မှုကို တွေးခေါ်မျှော်မြင်ဆင်ခြင်တုံ တရား၊ဒဿနအမြင်များထက်ပို၍ အလေးနက်ထားသည့် သာဓကအဖြစ်(Sadhaka)ရှုမြင် နားလည် ခြင်းခံရသူဖြစ်သည်။(M.130) ။ပြင်ဆင်ရေးသားချက်မပါသော အမှားအယွင်းကင်းသည့် ၎င်း၏ထူးခြားချက်များကို ဝေဒစာပေကျမ်းဂန်၏အခြေခံဖြင့် သူ၏အဖြေကို ဖော်ပြရေးမှတ်နိုင် သည်။သိပ်မသေချာလှသော အဖြေတစ်ခုကတော့ သူသည် အဝိဇ္ဇာလမ်းစဉ်နောက်လိုက်ပါသူ (advaitic)သို့မဟုတ် ဝိစစ္စတ အဝိဇ္ဇာလမ်းစဉ် နောက်လိုက်ပါသူ (Visistadvaitic)ဟူ၍

မသိနိုင်ခြင်းဖြစ်သည်။

၁။ ရာမခရစ်ရှနား၏ ပထမဆုံးသောအရေးပါသည့်အချက်မှာ ထာဝရဘုရားသခင် သို့မဟုတ် ဘာသာယုံကြည်မှုဆိုင်ရာ စစ်မှန်ပွင့်ထွန်းဖြစ်ပေါ်မှုဖြစ်၍ပုံသဏ္ဍာန်အရိပ်နိမိတ် လက္ခဏာမရှိဘဲဖြစ်စေ ၊ပုံသဏ္ဍာန်အရိပ်နိမိတ်လက္ခဏာအားဖြင့် ဖြစ်စေ ၊နှစ်မျိုးနှစ်စားလုံး ဖြစ်စေ ၊ပွင့်ထွန်း ပေါ်ပေါက်နိုင်သည်။ M.32,104,128,185,191,217,218စသည်ဖြင့်)

ကမ္ဘာ့သမိုင်း၏ အစောဆုံးအချိန်ပိုင်းမှစ၍ ဖြစ်ပေါ်ခဲ့သော စွမ်းအင်သည် ကမ္ဘာနေရာ တိုင်း၌ ယနေ့တိုင်တည်ရှိနေ၏။သူသည် ဖန်ဆင်းခြင်းစွမ်းအားလည်းဖြစ်သည်။ဘေးဥပါဒ်အန္တရာယ် မှ အကာအကွယ်လည်းဖြစ်သည်။နဂိုမူလအခြေအနေဖြစ်အောင် ဖျက်ဆီးနိုင်သောစွမ်းအင်လည်း ဖြစ်သည်။စွမ်းအင်ကို ကာလီ (Kali)ဟူ၍ခေါ်သည်။ကာလီသည် တကယ့်အစစ်အမှန် ကော်ကေ ဗြဟ္မဏ (Brahman)ဖြစ်၍ ဗြဟ္မဏသည် ကာလီ (Kali)ပင်လျှင် တကယ့်အစစ်အမှန် ကော်ကေ ဖြစ်သည်။ဗြဟ္မာနှင့် ကာလီသည်တစ်ခုတည်းနှင့် တကယ့်အစစ်အမှန်တရားဖြစ်သည်။ကျွန်ုပ်တို့က ထိုအရှိအမှန်တရားကို မလှုပ်ရှားသောအရာဟူ၍ ထင်မြင်သည့်အခါ ဖန်ဆင်းမှုပြုလုပ်ရာတွင် မပါဝင်ချေဟုပြောလျှင် ဘေးဥပါဒ်အန္တရာယ်မှ အကာအကွယ်ပြုခြင်းနှင့် ဖျက်စီးခြင်းတို့၌မပါဝင် ပေ။ထိုအခါ ကျွန်ုပ်တို့က ထိုအရာကို ဗြဟ္မာဟူ၍ ခေါ်သည်။သို့သော် ထိုအရာသည် လှုပ်ရှားမှု များအတွင်း၌ပါဝင်လျှင် ထိုအခါ ကျွန်ုပ်တို့က ထိုအရာကို ကာလီ(ဝါ)ရှက်တီ (Shakti)ဟုခေါ် သည်။တကယ့်အစစ်အမှန် ကော်ကေတရားသည် တစ်ခုတည်းဖြစ်၍ တူညီသောအရာဖြစ်သည်။ ကွဲပြားခြားနားသည်မှာ အမည်နာမနှင့် ပုံသဏ္ဍာန်သာဖြစ်၏။(M.134-135)၊ ဤအချက်မှာ ရာမခရစ်ရှနား၏ဗြဟ္မာနှင့်စပ်လျဉ်း၍ ၎င်း၏အမြင်ကို ပြောဆိုခဲ့သော အအောင်မြင်ဆုံးနှင့် အမြင့် ဆုံးသော အသံသကြီးဖြစ်သည်။ထိုအချက်သည် ကျယ်ပြန့်သော ဝိစစ္စတာအဝိဇ္ဇာ (visista advaita)လမ်းစဉ်ဖြစ်သည်။အဘယ်ကြောင့်ဆိုသော် ရာမနုဂျာဝါဒနှင့်စပ်လျဉ်း၍ ဗြဟ္မာသည် နူးညံ့သိမ့်မွေ့ခက်ခဲ၍ နားလည်ရန် ခက်ခဲသောအရာအဆင့်၌ (Paralya)အဆင့်တွင် (nirguna) အဖြစ် လည်းကောင်း၊ကြည်လင်ပြတ်သားသည့်အမြင်တွင် (saguna)ဟူ၍ဖြစ်သည်။)

တဖန်

''............ အားလုံးသောခေတ်စနစ်များနှင့် အချိန်ကာလများတို့၌ တကယ့်အစစ်အမှန်

ဘာသာရေးတရားဟောဆရာများသည် ယုံကြည်ကိုးကွယ်မှု၏ဘဝသည် အခြေအမြစ်တစ်ခုမှ စဉ်ဆက်မပြတ် အလင်းရောင်းပေးနေသော မီးအိမ်ပေါင်းမြောက်များစွာ၏ အလင်းရောင်မှတဆင့် မှတ်ထုတ်လိုက်သကဲ့သို့ဖြစ်သည်ဟူ၍ ဟောသည်။ဘုန်းတန်ဖိုးအာဏာရှင် ဘုရားသခင်" (Teachings of sri Ramakrishna,calcutta 1985 .Henceforth it is a abbreviated as T.184.)

"အဝတာရနတ်ဘုရားသည် (Avatara)အမြဲတမ်း တစ်ပါးတည်းဖြစ် တူညီသောနတ်ဘုရားဖြစ်သည်။ဘဝပင်လယ်ရေလျှင်ကြောတွင် မြုပ်ချိတစ်ခါ ပေါ်ချိတစ်လှည့် ၊သူ့အား တစ်နေရာ၌ ကရစ်ရှနာအဖြစ် ဖြစ်ပေါ်၍ အများတွေမြင်သိရှိကြပြီးတဖန် ငုတ်လျှိုးပျောက်ကွယ်ခါမည်သည့် နေရာတွင်မျှ မပေါ်လာတော့ ၊သူ့ကိုတော့ ခရစ်တော်ဟူ၍အများက သိရှိကြ၏။"

"Satchidananda ခေါ် သစ်ပင်၏ရာမ (Rama)ခရစ်ရှနာ (Krishna)၊ ခရစ်တော် (Christ)နှင့် အခြားများစွာသော ဘုရားများအဖြစ် အသီးအပွင့်များဖြစ်၏။(T.126-127)

နတ်ဘုရားတစ်ပါးနှင့် အခြားနတ်ဘုရားအကြား ခြားနားချက်မှာ အမည်နာမတစ်ခုနှင့်ပုံစံသာ ဖြစ်၏။ဥပမာ ရွှေသည် သတ္တုတစ်ခုဖြစ်သည်။သို့သော် ထိုအရာကို အမျိုးမျိုးသောပုံစံများဖြင့် အစားအစားသော လက်ဝတ်ရတနာများအဖြစ်လုပ်နိုင်သည်။(T.691)။နေရာဒေသအလျောက် ၎င်း၏အရောင် ဖြစ်ပေါ်ပြောင်းလဲသည့် တိရစ္ဆာန်ကလေးသည်ပင်လျှင် မတူကွဲပြားသောအရောင်အဆင်း ပြောင်းလဲပေးနိုင်သည်။ (T.687)။အဓိပ္ပါယ်တိကျစွာ သတ်မှတ်ရန် ရှိသောအောက်ဖော်ပြပါရေးသားချက်မှာ အထက်၌ ရေးသားဖော်ပြခဲ့သည့် နည်းလမ်းမဟုတ်ခဲ့လျှင် အသုံးဝင်လိမ့်မည်မဟုတ်ပေ။

"မတူညီကွဲပြားသော ဘာသာစကားများဖြင့် ရေနှင့်တူသော အရာကို မတူညီသောအမည်နာမများ။ဥပမာ ၊ ဇလ (jala)၊ ပန်နီ (Pani)နှင့်အခြားသောအရာ ၊....ယင်းစကားလုံးသုံး ခုလုံးသည်တစ်ခုသောအရာဝတ္ထုကိုဖော်ပြသည့် တူညီသောအရာဖြစ်၍ကွဲပြားသည်မှာ နာမည် မျှသာဖြစ်သည်။ထိုနည်းတူစွာ အချို့သောဘာသာစကားက တကယ့်အရှိအမှန်တရား (Reality) ကို၊အလ္လာ (Alla)အဖြစ်လည်းကောင်း၊ အချို့သောဘာသာစကားက ထာဝရဘုရားသခင် (God)အဖြစ်ဟူ၍လည်းကောင်း၊

အချို့သော ဘာသာစကားက ဗြဟ္မာ (Brahman)၊အချို့က ကာလီ(Kali)အဖြစ်ဟူ၍ လည်းကောင်း၊အခြားအမည်နာမများဖြစ်သည့် ရာမ (Rama)၊ခရစ် တော် (Christ)၊ ဒူရ်ဂါး (Durga) ၊ဟယ်ရီ (Hari)ဟူသော အမည်နာမသည် တူညီသော တကယ့် အရှိအမှန်တရားဖြစ်သည်။(M.135)

ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာတို့မှာ အယူဝါဒချင်း ပြဒါးတစ်လမ်းသံတစ်လမ်းဖြစ်စေကာမူ ကျင့်ကြံအားထုတ်မှု ကြောင့် လူသားစင်စစ်ကဖြစ်လာသည့် ဘုရားဟူသောဘွဲ့ထူးဂုဏ်ထူးရှိသူများကို ဆည်းကပ်ကိုးကွယ်ကြခြင်းဖြစ်သည်။ဘာသာပြန်သူ)

တဖန်ထပ်မံ၍ ရာမခရစ်ရှနာက ထာဝရဘုရားသခင်(ဝါ) နတ်ဘုရားသည် အားလုံးသောသတ္တဝါများတွင် ပျံ့နှံ့တည်နေသော ဝိဉာဉ်ဖြစ်သည်။သူသည် ပုရွတ်ဆိတ်တစ်ကောင်အထိ သက်ရှိအားလုံး၌တည်ရှိသည်။(M.104)

အိုမိခင်အရှင်မြတ် အရှင်မြတ်သည် ဗြဟ္မာအစစ်အမှန် ကေန်ဖြစ်သည်။အရှင်မြတ်သည် ရှတ်ခ်တိ (Shakti)အစစ်အမှန် ကေန်ဖြစ်၏။အရှင်မြတ်သည် ပူရုသ (Purusha)ဖြစ်၍ အရှင်မြတ်သည် ပရပ်ခ်ရိတိ (Praktriti)ဖြစ်သည်။အရှင်မြတ်သည် ဝိရတ်(Virat)ဖြစ်၏။အရှင်မြတ်သည် လုံးဝ ဉသုံပြီးပြည့်စုံ၏။ထို့ပြင် အရှင်မြတ်သည် ထင်ရှားစွာပြသ၏။ အရှင် မြတ်ကိုယ်တိုင်သည် ယုံကြည်ကိုးကွယ်မှုအားလုံးနှင့် ဆက်စပ်လျက်ရှိ သော ဘုရားဖြစ်၏။အရှင်မြတ်သည် နှစ်ဆယ့်လေးခုသော စကြဝဠာတိုက်၏ အခြေခံမှန်ကန်မှုသဘောတရားများ ဖြစ်သည်။

အထက်တွင်ရေးသားဖော်ပြထားသော ရှင်းလင်းတင်ပြချက်၏ မီးမောင်းထိုးပြချက်အရ ရာမခရစ်ရှ်နာက ထာဝရဘုရားသခင်သဘောသဘာဝအား စနစ်တကျ လေ့လာမှုဆိုင်ရာပညာသည်တစ်ပါးတည်းသော ဘုရားသာရှိ၏ဟူ၍ ယုံကြည်သူအားလုံးနှင့်ဆိုင်ကြောင်း ရိန်းကုတ် (Riecourt)ကယူဆသည်။ (Romain Rolland, Ibid,P.229)။ရိုလင် (Rolland)က ရာမခရစ်ရှ်နာ၏ အဆိုအတိုင်း ရေးသားရာ၌ ဘုရားသခင် (Lord)သည် ဘာသာယုံကြည်မှုပုံစံများကို အမျိုးမျိုးအစားစား အကွဲကွဲအပြားပြား ဖြစ်ရန်တွန်းပို့ပေးခဲ့သည်။....ရှိသေကိုင်းရှိုင်းသော၊အပြစ်ရှိသော ၊ ရာဇဝတ်မှုပြုသောသူများအားဖြစ်အောင် ဖန်တီးခဲ့သည်။

နာရာယာနသည် (Narayana)ရှိသေကိုင်းရှိုင်းသူအဖြစ် နာရာယာနအားအပြစ်ရှိသူအဖြစ်၊နာရာယာနအား ရာဇဝတ်ကျူးလွန်သူနှင့် အမျိုးသမီးအား စာနာမှုမရှိ အပျော်မယားများ စွာထားသူအဖြစ် ငါပြောသည်။(Roman Rolland, Ibid ,P.229)

တဖန် ငါ၏စိတ်မှာ ကောက်ကျစ်ယုတ်မာဖြစ်သောခါလည်း နတ်ဘုရား(God) ကိုသာငါယုံပါ၏။ ငါ၏စိတ်မှာပူဆွေးစရာကြုံသောခါလည်း နတ်ဘုရား (God)ကိုသာငါယုံပါ၏။ လူသားအားလုံးယူကြုံးမရဆင်းရဲကြလည်း နတ်ဘုရား (God) ကိုသာငါယုံပါ၏။ (ရိုမိန်းရိုလင်၏ Ibid နှာ ၂၇၉)

သူ့ကိုယ်သူ ထာဝရဘုရားသခင်ဆိုတာ မရှိဟူ၍လည်းကောင်း၊ ယုံကြည်သူအဖြစ် လည်းကောင်း၊ ကောင်းသူဟူ၍ လည်းကောင်း၊ မကောင်းသူဟူ၍လည်းကောင်း၊ အစစ်အမှန်ဟူ၍ လည်းကောင်း၊ အစစ်အမှန်မဟုတ်ဟူ၍လည်းကောင်း ရှင်းလင်းပြောပြသူသည် နတ်ဘုရား၏ (God)ဖြစ်၏။ မအိပ်စက်ပဲ အိပ်ယာထဲ၌လည်းကောင်း အိပ်ပျော်နေစဲ အိပ်ယာထဲ၌သော်လည်း ကောင်း၊ သူ(နတ်ဘုရား) ရှိနေသည်ဟူ၍သော်လည်း ကောင်း၊ ထို့ပြင် ထိုအရာများအားလုံးထက် ကျော်လွန်သူဟူ၍သော်လည်းကောင်း၊ ပြောသူသည် နတ်ဘုရား (God)ဖြစ်၏။

နတ်ဘုရား (God)သည် အားလုံးကို သိမြင်နားလည်စေသော်လည်း၊အဆင့်အနိမ့် အမြင့်သိမှု တရားကွာခြား၏။စပင်နိုဇာ (Spinoza)ကလည်း ထာဝရဘုရားသခင် (God)သည် အရာခပ်သိမ်း၌ တည်ရှိနေ၏။သို့သော် အဆင့်အနိမ့်အမြင့် သိမှုတရားကွာခြား၏ဟူ၍ ရေးသား ထား၏။ကြောက်ရွံ့ ထိတ်လန့်တက်သော လူထက်ပို၍ အပြစ်ကင်းစင်သူထံ၌ ထာဝရဘုရားသခင် ပိုတည်နေ၏။ရာမခရစ်ရှနားကလည်း နတ်ဘုရား(ဝါ) ထာဝရဘုရားသခင်အား ထင်ရှားစွာသိမြင် နားလည်မှုသည် ကွဲပြားခြားနားချက်ခြင်း မတူညီသည့်အပေါ်၌ တည်သည်ဟူ၍ ရေးသားခဲ့သည်။

ထာဝရဘုရားသခင် (God)သည် အချို့သောလူများနှင့် အချို့သောနေရာများမှာထက် အခြားသောနေရာများနှင့် အခြားသောလူများတို့၌လည်းကောင်း (M.319,320,342)၊ ကျောက် တုံး ကျောက်ခဲထက်လူတွင် ပို၍လည်းကောင်း (M.312)၊အခြားတစ်ပါးသောသူများမှာထက် သူ၏(ထာဝရဘုရား)၏အလေးအနက်ယုံကြည်သူများ၏ အသဲနှလုံးအတွင်းတွင် တိကျသေချာ စွာ ပို၍လည်းကောင်း (M.320)၊စိတ်ရင်း စိတ်ဓါတ်မကောင်းသူများမှာထက် မြင့်မြတ်ဖြူစင်

သူများထံ၌ ပို၍ထင်ရှားစွာတွေ့မြင်ရသည်။(M.181)

ထာဝရဘုရားသခင်သည် အရာခပ်သိမ်းတို့၌ တည်တံ့တော်မူသည့်အလျောက် သူ (ထာဝရဘုရားသခင်)သည် ရုပ်ထု ၊ဆင်းတုတော်များ၌ ပို၍သူ၏အာရာမနိကကို တွေ့မြင်နိုင်သည်။ထို့ကြောင့်ရုပ်ထုကိုးကွယ်ခြင်းသည်လည်း၊ ဘာသာယုံကြည်ကိုးကွယ်မှုကို စတင်လိုက်စားသူများအတွက်အထောက်အကူပြုရာရောက်သည်။(Romain Rolland , Ibid P.198)

ထာဝရဘုရားသခင်သည် ပုံသဏ္ဍာန်အရိပ်နိမိတ် လက္ခဏာအားဖြင့် ရှိ၍ ပုံသဏ္ဍာန်အရိပ်နိမိတ် လက္ခဏာမရှိပါ။ရုပ်ပွားဆင်းတုများနှင့် အခြားအမှတ်သင်္ကေတများသည် သင်၏အာရာမနိကအဖြစ် သက်သက်သာဖြစ်၏။ထို့ပြင် အဆိုပါ အာရာမနိကများသည် ရုပ်ထုကိုးကွယ်မှုနှင့် ဘာမျှ မခြားနားပါပေ။သို့သော် ၎င်းတို့မှာ ထိုပုံသဏ္ဍာန်များ၏ မာကျောသောအရာနှင့် ကျောက်တုံးအဖြစ် ပြောင်းလဲသောအရာဖြစ်၏။
(Romain Rolland,Ibid.P.182)

ယုံကြည်ကိုးကွယ်ရာ ရုပ်ပွားဆင်းတုအားလုံးသည် မှန်ကန်သောပုံသဏ္ဍာန်ဖြင့် ထုလုပ်ထားခြင်းဖြစ်၍ အကျိုးသက်ရောက်မှုရှိသည်။ထို့ကြောင့် ယုံကြည်မှု၏ရိုးသားခြင်းနှင့် စိတ်အားထက်သန်မှုတို့မှာ ထာဝရဘုရားသခင်ထံ စိတ်ရောက်ရှိရန်လိုအပ်သည်။

‘‘ထာဝရဘုရားသခင်သည် သက်ရှိသတ္တဝါအားလုံးတွင် ကိန်းအောင်းသည်ဆိုခြင်းကို သေချာစွာသိမြင်ပါ။ထာဝရဘုရားသခင်အား လမ်းကြောင်းများအားလုံး မှတဆင့် သိနားလည်နိုင်ပါ၏။ဘာသာယုံကြည် ကိုးကွယ်မှုအားလုံးမှန်ကန်ပါ၏။ အရေးကြီးသောအချက်မှာ ယင်းဘာသာယုံကြည်ကိုးကွယ်ခြင်း၏ အမြင့်ဆုံးအထိ သိနားလည်ရန်ဖြစ်ပါ၏။ယင်းအမြင့်ဆုံးနေရာသို့ ကျောက်တုံးလှေကား၊သို့မဟုတ် ကြိုးတစ်ချောင်းဖြင့် တက်ခြင်းအားဖြင့် ရောက်ရှိနိုင်ပါ၏။ဝါးလုံး တစ်လုံးထောက်၍လည်း အထက်သို့တက်ရောက်နိုင်၏။(M.111)ခရစ်ယာန်ဘာသာဝင်များ၊ဗြဟ္မဏဘာသာ အယူဝါဒီများ၊ဟိန္ဒူများ ၊မူဆလင်များ၊အားလုံးတို့က ပြောကြသည်မှာ‘‘ငါယုံကြည်သည့် ကိုးကွယ်ရာဘာသာတရားတစ်ခုတည်းသာလျှင် အမှန်ဖြစ်၏။’’သို့သော် မိခင် ၊အမှန်မှာတော့ ဘယ်သူ တစ်ဦးတစ်ယောက်ရဲ့နာရီ မှန်ကန်တာ မဟုတ်ပါ။မည်သူများက မှန်ကန်စွာ အ

သင် (ထာဝရဘုရား သခင်)ကို နားလည်နိုင်ပါမည်နည်း။သို့သော် အကယ်၍လူတစ်ယောက်က အသင်(ထာဝရဘုရားသခင်) အားကြာရှည်စွာ ချစ်မြတ်နိုးမှုဖြင့် မည်သည့်နည်းလမ်းဖြင့် သင်၏(ထာဝရဘုရားသခင်)၏ မေတ္တာဓါတ်မှ တဆင့် သူရောက်ရှိနိုင်၏။ (M.93)

ဤနည်းဖြင့် ရာမခရစ်ရှနားက ထာဝရဘုရားသခင်အား စိတ်အားထက်သန်မှုနှင့် ကြာရှည်သော ချစ်မြတ်နိုးမှုကြောင့် ချစ်ခင်လေးစားသူများအားလုံးတို့သည် တစ်ဦးတည်းပိုင်လုပ်လိုသည့် အပိုင်စီးသူများနှင့်သဒ္ဓါတရားလွန်ကဲသူများ၏ အမြင်ကျဉ်းမြောင်းသည့်လမ်းစဉ်ကို စွန့်လွှတ်မှသာလျှင် တူညီသော ပန်းတိုင်သို့ ရောက်ရှိနိုင်ကြလိမ့်မည်ဟူ၍ ရေးသားခဲ့သည်။ (M.304.305)အကယ်၍ လူတစ်ယောက်တွင် ယုံကြည်မှုရှိလျှင် ၎င်းသည် မည်သည့်နတ်ဘုရားသို့ပင် ဝတ်ပြုသည်ဖြစ်စေ ၊အကြောင်းမဟုတ် ဟူ၍ ရာမခရစ်ရှနားက ရေးသားထားသည်။ M.289)။ထို့ကြောင့် ရာမခရစ်ရှနားက နိဂုံးချုပ်ရေးသားထားခဲ့သည်မှာ–

''ဘာသာယုံကြည်ကိုးကွယ်မှုများအားလုံးနှင့် ကျင့်စဉ်အားလုံးသည် ၎င်းတို့၏နောက်လိုက်နောက်ပါ သာဝကများစွာတို့အားတစ်ဆူတည်းနှင့်တူညီသော ထာဝရဘုရားသခင်(ဝါ) နတ်ဘုရား (God)ကိုသာ ဆည်းကပ်ကိုးကွယ်ဝတ်ပြုဆုတောင်းကြရန် ပန်ကြား မေတ္တာ ရပ်ခံ ခဲ့ကြပါသည်။ထို့ကြောင့် လူတစ်ဦး တစ်ယောက်သည် မည်သည့်ဘာသာတရားသို့မဟုတ် ဘာသာရေးအယူအဆ သဘောတရားကိုမျှ မရှိမသေ မလေးမစားသည့် အမူအရာမပြသင့်ပေ။ဝေဒစာပေကျမ်းဂန်၌ ဆချိဒါနန္ဒဗြဟ္မာ (Satchi danada Brahma)ဟူ၍ ခေါ်ခြင်းသည် လည်းကောင်း ၊ပူရမ်ကျမ်း (Puranas)တွင် ဆချိဒါနန္ဒာခရစ်ရှနား(Satchidananda Krishna)ဟူ၍ ဖော်ပြခြင်းသည်လည်းကောင်း တန္တရကျမ်းတွင် ဆချိဒါနန္ဒာသျှိဝ(Satchidananda Shiva)ဟူ၍ရေးသားခြင်းသည်လည်းကောင်း၊ထိုအရာသည်ထာဝရဘုရားသခင်(ဝါ) နတ်ဘုရားတစ်ပါးတည်းကိုသာလျှင် ခေါ်ဆိုခြင်းဖြစ်သည်။ထိုအရာသည် ဆချိဒါနန္ဒ(Satchidananda)ဟုခေါ်သည့် တစ်ပါးတည်းနှင့်တူညီသောထာဝရဘုရား(ဝါ)နတ်ဘုရားပင်ဖြစ်တော့၏။အမျိုးမျိုးကွဲပြား ခြားနားသော ယုံကြည်မှုများဖြစ်ကြသော်လည်း မတူညီသောလမ်းခရီးများဖြင့် တန်ခိုးတော်

အနန္တနှင့် ပြည့်စုံသည့်ထာဝရဘုရားသခင်ထံရောက်ရှိရန် ဖြစ်သည်။မတူညီခြင်းသည် ကာလီဘုရားကျောင်း (Kali Temple)သို့ ရောက်ရှိခြင်း အဓိပ္ပါယ်ဖြစ်သည်......အချို့သော ပုဂ္ဂိုလ်များက ဤနေရာသို့ လှေဖြင့်သွားကြ၏။အချို့က ရထားဖြင့်သွားကြ၏။ အချို့က ခြေလျင်သွားကြ၏။ထိုနည်းတူစွာပင်လျှင် မတူကွဲပြားခြားနားကြသည့် ယုံကြည်မှုရှိကြကုန်သော လူမျိုးအသီးသီးတို့သည် ထာဝရဘုရားသခင်(ဝါ) နတ်ဘုရား(God) ၏သဘောသဘာဝကို ရရှိကြလေသည်။ (Teaching T.696)။အကယ်၍ နတ်ဘုရားများအားလုံး (all gods)နှင့် ၎င်းတို့၏ လမ်းစဉ်များအားလုံးတို့သည် မှန်ကန်မှုရှိကြပါလျှင် လူတစ်ဦးတစ်ယောက်သည် မည်သည့်ယုံကြည်ကိုးကွယ်မှုကိုပြုသင့်ပါသနည်း။ လူတစ်ဦးတစ်ယောက်သည် မတူကွဲပြားခြားနားကြသည့် လူတို့၏ရသအာရုံ ကာမဂုဏ်ခံစားမှုနှင့် လူ့စိတ်၏သဘာဝအရည်အသွေးကိုလည်း ကောင်းစွာသိနားလည်သင့်သည် (M.188-189) ထို့ပြင် ပန်းခြံအတွင်းရှိသော သစ်ပင်ပန်းမာလာများသည် တစ်မျိုးတည်းမဟုတ်သည်ကိုလည်း ကောင်းစွာသိရှိနားလည်ထားသင့်သည်။(M.211)။ရာမခရစ်ရှနားက ကျွန်ုပ်တို့အား အောက်တွင် ဖော်ပြချက်ပါ သတ်မှတ်ချက်များကို အကြံပြုခဲ့သည်-

''ငါပြောကြားသင့်သည်မှာသင်၏ အာရုံစိုက်မှုကို အသင့်အကြိုက်နှစ်သက်မှုအရှိဆုံး ပုံသဏ္ဍာန်အပေါ်၌ တည်ရှိနေပါစေ၊သို့သော် ပုံသဏ္ဍာန်အားလုံးတို့သည် တစ်ပါးသော နတ်ဘုရားတစ်ပါးတည်း (ဝါ)ထာဝရဘုရားတစ်ပါးတည်း၏ ပုံသဏ္ဍာန်များသာဖြစ်သည်။'' (M.184)

ယုံကြည်မှုလမ်းစဉ်များအားလုံးသည် တူညီသောတစ်ခုတည်းဖြစ်သည့် အမှန်တရားသို့ ဦးတည်နေသည်ကိုသိလျက် ကျွန်ုပ်တို့သည် အခြားသောယုံကြည်ကိုးကွယ်မှုဆိုင်ရာ နတ်ဘုရားများ (other Deities)တို့ တန်ဘိုးမရှိသောအရာများဟူ၍ မမှတ်ယူသင့်ပေ။သို့သော် အခြားသော ဘာသာယုံကြည် ကိုးကွယ်မှုများအားဦးတည်၍ ရိုသေမှုအာရုံပြုသည့် စိတ်ထားတစ်ခုထားရှိပါ။(F.Max Muller,Ramakrishna,all references to this will be called "sayings" Here refer to sayings 250.251)။ဘုရားသခင်က မတူညီကွဲပြားသော လူသားများနှင့်သင့်

လျော်မှန်ကန်သင့်မြတ်သည့် ဝတ်ပြုကိုးကွယ်မှု ပုံစံများကို မတူကွဲပြားခြားနားသော ပုံစံများဖြင့် မတူညီသည့်အရွယ်အစားများကိုလည်းကောင်း၊ယုံကြည်မှု ဖွံ့ဖြိုးတိုးတက်မှု၏ မတူညီသောအဆင့် ဆင့်တို့ကိုလည်းကောင်း ၊သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။(Teachings T. 697)

ထာဝရဘုရားသခင်(ဝါ) နတ်ဘုရားဌ်များစွာသော ရည်စူးဦးတည်ချက်များထားရှိရာ တွင် တိကျသောဝတ်ပြုကိုးကွယ်သူများအား တိကျသော ရည်စူးဦးတည်ချက်နှင့်လျော်ညီစွာ ထာဝရဘုရားအား ဖော်ပြခဲ့ရပေသည်။(Teachings T .17)

> စကြဝဠာ၏အရှင်သခင် ၊ သူ့အား (ဘုရားသခင်) ဝတ်ပြုဆုတောင်းကြသူများ၏ မတူညီသောကြိုက်ချစ်နှစ်သက်မှုများနှင့်အညီ ထိုပြင် သူတို့အား တန်ဘိုးအထားဆုံး ထာဝရဘုရားသခင်အပေါ် ၎င်းတို့အားလုံး၏ တစ်ဦးချစ်းစိဉ် ရှိသော ကိုယ်ပိုင်အမြင်ကို ထာဝရဘုရားရှင်ကိုယ်တော်တိုင် သိမြင်တော်မူ၏။ အချို့သော သူများအား သူ(ဘုရားသခင်) သည် သနားကြင်နာသောဆရာတစ်ဆူ သို့မဟုတ် ချစ်ခင်ရသော သူငယ်ချင်း တစ်ယောက်ကဲ့သို့ ဆက်ဆံ၏။ (Teachings T.13)

ထို့ကြောင့်'' မသိတတ်သူတစ်စုသည် မတူညီသော အယူအဆနှင့် ခိုက်ရန်ဖြစ်ပွားမှုများဆိုက်ရောက်လာစေ၏'' ဟူ၍ ဆိုခြင်းကို လူတစ်ယောက်သည် တစ်ဆင့်စကားအားဖြင့် သာလျှင် သိမြင်နားလည်သင့်၏။ (Teachings T. 698 )။ စရိုက်လက္ခဏာမတူညီသောလူများ သည် စိတ်နှင့်အကျင့်စာရိတ္တ၏ အရည်အသွေးနှင့် ယုံကြည်မှုဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှု မတူညီ မှုကြောင့် ဝတ်ပြုဆုတောင်းကြရာ၌ ၎င်းတို့၏ အာရုံခံလည်းကွဲလွဲရန်ရှိ၏။ ထိုပြင် ထာဝရဘုရား သခင်က မတူညီကွဲပြားသောလူများအား ၎င်းတို့၏လိုလားတောင့်တချက်များ မတူညီစေရန် ဘုရားသခင်ကိုယ်တိုင် ဖော်ပြသည်ဟူ၍ လူတစ်ယောက်အနေဖြင့် နားလည်သင့်ပေ၏။ ရာမခရစ်ရှနားက အချက်နှစ်ခုကို အလေးအနက်ဖော်ပြခဲ့သည်။ ပထမဦးစွာ ရိုးသားမှု ၊ စိတ်အား ထက်သန်မှုနှင့် မည်သည့်နတ်တစ်ပါးပါးကိုမဆို ဝတ်ပြုကိုးကွယ်ရန်ဖြစ်၍ ဒုတိယအချက်မှာ ထာဝရဘုရားသခင်အပေါ် ယုံကြည်မှုရှိရမည်။

> ''ယုံကြည်ကိုးကွယ်ခြင်းဆိုင်ရာဝတ်ပြုသူမည်သူမဆို ထာဝရဘုရားသခင်အားမည် သည့်အမည်နာမ ၊ သို့မဟုတ် မည်သည့်အမူအရာဖြင့် ဝတ်ပြုသည်ဆိုခြင်းမှာ အရေး

မကြိုးပါ။အရေးကြီးသည်မှာ ထာဝရဘုရားသခင်တစ်ဆူတည်းသာရှိသည်ဟူသော ယုံကြည်ချက်ကို ဘုရားသခင်ထံ ပို့ဆောင်ပေးပါရန်သာဖြစ်၏။(Teachings T.695)

စိတ်ဝင်တစားထားရှိမှု (သဒ္ဓါတရား)နှင့်အလေးအနက်ရှိမှု (ဝိရိယတရား) တို့သည် လူတစ်ယောက်၏ ကိုယ်ပိုင်ဘာသာယုံကြည်ကိုးကွယ်မှုအား နဂိုမူလရှိရင်းစွဲပုံမှန်ရှိသောကိုင်းရှိုင်းမှုထက်ပိုသော သဒ္ဓါလွန်ကဲမှု အဆင့်သို့မရောက်သင့် ၊ ဘာသာရေးဆိုင်ရာယုံကြည်ချက်များအားလုံးကို အလေးအနက်ပြုသောအားဖြင့် သဒ္ဓါကြည်လင် ဘာသာရေးအမြင်ရှိသူသည် တစ်ဆူတည်းသောထာဝရဘုရားသခင်သာရှိသည်ဟူသော ယုံကြည်ချက်ထားရန် ရာမခရစ်ရှနားက လိုလားသည်။ သူကအောက်ပါအတိုင်းရေးသားခဲ့သည်-

သင်၏ မိရိုးဖလာယုံကြည်ကိုးကွယ်မှု၌ အမြဲတမ်းမပြောင်းလဲသောခိုင်မာသည့်ကိုးကွယ်မှုရှိရမည်။ သို့သော်အခြားယုံကြည်မှုတွင် မျက်နှာပြောင်တိုက်၍ တမင်သက်သက်လေးစားလိုက်နာမှုမရှိသည့် သဘောကို ရှောင်ကျဉ်သင့်သည်။ (sayings 247, Vide saying 250,251,272)

ထို့ပြင်

... လူတစ်ယောက်တွင် တစ်စိတ်တည်းကို တသမတ်တည်းထား၍ မိမိ၏ မိရိုးဖလာယုံကြည်မှုထားရှိသင့်သည်။ သို့သော်အခြားသောယုံကြည်ကိုးကွယ်မှုများကို အမုန်းမပွားသင့်ပေ။ ယင်းစကားနှင့်ဆန့်ကျင်လျက် တစ်ဦးတစ်ယောက်သည် အခြားသောဘာသာယုံကြည်မှုများအပေါ်တွင် မိတ်ဆွေလိုစိတ်ထားရမည်။ (M.P.223, Teachings T.683 where respect towards other religions, has been recommended)

ရာမခရစ်ရှနာသည် ထိုနေရာ၌ ရပ်တံ့မနေသေးပေ။ လူတစ်ဦးတစ်ယောက်သည် အခြားဘာသာယုံကြည်ချက်များ၌လည်း အချိန်တစ်ချိန်၌ ကျင့်ကြံသင့်သည်။

ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုချင်း၌ အချိန်တစ်ချိန်စီပေး၍ ကျွန်ုပ်ကျင့်ကြံကြည့်၏။ ... ဟိန္ဒူဘာသာ ၊ အစ္စလာမ်ဘာသာ ၊ ခရစ်ယာန်ဘာသာ တို့ဖြစ်၏။ ဆက်လက်၍လည်း အခြားသောယုံကြည်ကိုးကွယ်မှုများ၏ လမ်းစဉ်အတိုင်း ကျွန်ုပ်လိုက်ပါသွား၏... သက္ကတ (Shakta)၊ ဝိုက်စ်နာဗါစ် (Vaisnavas)၊ ဝေဒန္တစ် (Vendantists)။

တစ်ဆူတည်းသောထာဝရဘုရားသခင်သို့ ဦးတည်လျက် မတူညီသော လမ်းကြောင်းအမျိုးမျိုးမှ ခရီးလမ်းအတိုင်း လျှောက်လှမ်းလာကြခြင်းဖြစ်ကြောင်း ၊ကျွန်ုပ်ကောင်းကောင်းနားလည်သဘောပေါက်ပါ၏။(M.P. 129)

ဤရည်ရွယ်ချက်ဖြင့် ရာမခရစ်ရှနာသည် အစ္စလာမ်ဘာသာကို ရယူခဲ့ပြီး ၁၈၈၆ ခုနှစ်တွင် အလာရှင်မြတ်ထံ ဖွင့်ဆိုအပ်နှံခဲ့သည်။အလားတူစွာပင်လျှင် ၁၈၇၄ ခုနှစ် နိုဝင်ဘာလ၌ ရာမခရစ်ရှနာသည် ခရစ်ယာန်သာသနာတော်သို့ ဝင်ရောက်၏။ခရစ်တော်သည် ရာမခရစ်ရှနာအား ထင်ရှားစွာ ကိုယ်ရောင်ပြ၍ တီးတိုးစကားဖြင့် မိန့်ကြားခဲ့သည်။

သူ၏နှလုံးသားမှ သွေးကို ကမ္ဘာလူသားများအား ကယ်တင်ခြင်းအလို့ငှာ စိမ့်ယိုထွက်စေခဲ့သည့် ခရစ်တော်ကိုချစ်ခင်ပါ၊ သူသည် လူအများချစ်ခင်ကြင်နာမှုအတွက် အမုန်းတရားများစွာ ကို ခံစားခဲ့ရ၏။ထိုပုဂ္ဂိုလ်မှာ ထာဝရဘုရားသခင်နှင့် မခွဲမခွာအမြဲ ထာဝရပူးပေါင်း နေထိုင်ခဲ့သူမှာ ဆရာသခင်ယောဂင် (Yogin)ခေါ် ယေရှုခရစ်တော်ပင်ဖြစ်သည်။ထိုအရှင်သခင်ယေရှုသည် ချစ်ခင်မြတ်နိုး အပ်သောဘုရားသခင် ထာဝရဘုရားဝင်စားသည်။(Ramain Rolland ,Ibid, P.87: also M.P.34)

သာသာယုံကြည်ကိုးကွယ်မှုတန်ဘိုးတစ်ခု - AN APPAISAL

ထာဝရဘုရားသခင်ကြောင့် ဤကမ္ဘာမြေကြီးပေါ်၌ အမြဲတစေလမ်းလျှောက်ခဲ့သည်ဟုဆိုသော လူသားတစ်ဦး၏မိုက်မဲမှုသည် အံ့ဩဘွယ်ရာကောင်းသော ကိစ္စတစ်ရပ်ဖြစ်သည်။ထို့ကြောင့် သူ(ယေရှုခရစ်တော်)၏ နောက်လိုက်သာဝများက သူ့အား(ယေရှုခရစ်တော်)ထာဝရဘုရားသခင်ဝင်စားသူ ဟူ၍မှတ်ယူကြသည်။သူ(ယေရှုခရစ်တော်)ဟောကြားတော်မူခဲ့သည့်အချက်မှာ သူ(ယေရှုခရစ်တော်)အား အတွေ့အကြုံဖြစ်စေခဲ့သော အဆင့်အတန်းဖြစ်သည်။သူ၏(ယေရှု) ''ဘာသာယုံကြည်ကိုးကွယ်မှုများ၏ စည်းလုံးညီညွတ်မှု'' (Unity of Religions)ဟူသောဟောကြားချက်အား ဝေဖန်ထောက်ပြစရာမလိုပေ။သို့သော် ရိုသေကျိုးနွံစွာလိုက်ပါရန်နှင့် တိကျစွာအသိအမှတ်ပြုရမည်ဖြစ်သည်။သို့သော် သူသည်မိမိ၏ ရှုးမိုက်သောပြုမူချက်အား မည်သည့်အခါမျှ မေ့ပျောက်မထားခဲ့ပဲ လူသားတို့ နားလည်နိုင်ခြင်းမရှိသော သစ္စာတရားကို သိနားလည်ပြီး (realization of truth)နှင့် ထာဝရဘုရားသခင်နှင့်ပေါင်းဆုံနိုင်ရန်ရှာကြံရန်အားထုတ်လျက်

(mystic)ကိုယ်တိုင်၏အတွေ့အကြုံပေါ်အခြေခံ၍ ချမှတ်ခဲ့သောဆုံးဖြတ်ချက်ဖြစ်သည်။သိမ့်မွေ့နူးညံ့ပျော့ပျောင်းသော ကျွန်ုပ်တို့သည် သူ(ယေရှု)၏ ကိုယ်တိုင်ခံစားခဲ့ရသောအဖြစ်အပျက်အတွေ့အကြုံအရ ဆုံးဖြတ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏အခက်အခဲများပြသနိုင်ယုံမျှသာရှိပေ၏။

၁။ ရာမခရစ်ရှနားသည် ဟိန္ဒူအများစုထဲမှ ဟိန္ဒူတစ်ဦးဖြစ်ခဲ့သည်ဆိုခြင်းကို အနည်းငယ်သံသယဖြစ်ဘွယ်ရှိသည်။ (M.P.45)သို့သော် သဘောထားအမြင် ကျဉ်းမြောင်းခြင်း မဟုတ်သည့်ပြင် ဒေသစွဲထားခြင်းမဟုတ်ပါ။ဟိန္ဒူဘာသာသည် အနည်းဆုံးနှစ်ပေါင်းသုံးထောင်၊တစ်လျှောက်လုံး အိန္ဒိယလူမျိုးများ တွေ့မြင်ခဲ့ရသည့် အနောက်အယှက်ကင်းပြီး ကောင်းမွန်နိုင်မာစွာဖြင့် ယုံကြည်ကိုးကွယ်ခဲ့သော ရှေးရိုးစဉ်လာ ဘာသာတစ်ရပ်၏အမြင့်ဆုံးအမှတ်အထိရောက်ရှိခဲ့သည့် အဓိပ္ပါယ်ဆောင်သော အကောင်းဆုံးယုံကြည် ကိုးကွယ်မှုဖြစ်သည်။သူ(ရာမခရစ်ရှနား) သည် သျှိဝ (Shiva)၊ကာလီ (Kali) ၊ရာမ (Rama)နှင့် ခရစ်ရှနာ (Krishna)တို့ကိုဝတ်ပြုကိုးကွယ်ခဲ့သော်လည်း ပုံသဏ္ဍာန်အရိပ်မရှိသော ဗြဟ္မာ (formless Brahman)အပေါ်အာရုံထား၍ တရားကျင့်ကြံပွားများခဲ့သည်။ရုပ်ထုကိုးကွယ်ခြင်း (idol-worship)နှင့် တစ်ဆူသောနတ်ဘုရားကိုးကွယ်ခြင်း (Worship of one God)၏ ရည်ရွယ်မျှော်လင့် အားထားချက်မှာအများစု၏တူညီသောအမြင် သို့မဟုတ်အမှန်တရားကိုဆန့်ကျင်သည်ဟူ၍ ထင်ရသောဖော်ပြချက်၌ အမှန်တရား ပါရှိကောင်းပါရှိနိုင်ပြီး အကျဉ်းချုပ်ထားသည်ဟု သူ(ရာမခရစ်ရှနာ)ထင်မြင်ခဲ့သည်။သူ(ရာမခရစ်ရှနာ)သည် ဗြဟ္မာအား ကောင်းစွာသိမြင်နားလည်ခြင်း (Brahman- realization )ကိုမေ့ပျောက်ဘေးချိတ်ထားခြင်း မရှိဘဲ ရာမ (Ràma)၊ခရစ်ရှနား (Krishna) ချိုင်တန်ယား (Chaitanya)နှင့် ကာလီ (Kali)တို့၏ ဆွဲငင်မှု၌ လုံးဝအပြည့်အစုံ အကုန်အစင်နစ်ဝင်သွားခဲ့သည်။သူ(ရာမခရစ်ရှနာ)သည် အမည်နာမ ပညတ်ချက်နှင့် ဂိုဏ်းဂဏအစွဲ တစ်စုံတစ်ရာမရှိသူ ဟိန္ဒူတစ်ယောက်ဖြစ်၏။သူ၏အသက်ဝိညာဉ်သည် အိန္ဒိယအနံ့ ပျံ့သန်းခဲ့ပြီး ကမ္ဘာကြီး၏ဝိညာဉ်နှင့်ရောစပ်သွားသည်။

၂။ အိန္ဒိယလူမျိုးတို့၏ အတွေးအခေါ်အတွင်း၌ မတူညီသော ဘာသာယုံကြည်ကိုးကွယ်မှုများသည် တောင်ထိပ်သို့တက်ရန် များစွာသောလမ်းသွယ်များမှ လိုက်ပါသွားခြင်းအားဖြင့်

တောင်ထိပ်သို့ ရောက်ရှိသကဲ့သို့လည်းကောင်း၊များစွာသောမြစ်ချောင်းများသည် ပင်လယ်ထဲသို့ ပေါင်းဆုံပျောက်ကွယ်သွားသကဲ့သို့လည်းကောင်း၊အလားတူယူဆကြသည်။ သို့သော် နတ်ဘုရား အားကောင်းစွာသိရှိနားလည်ခြင်း (God realization )မှာ နေရာဒေသတစ်ခု ဥပမာနိုင်း၍မရပေ၊ သို့ရာတွင် ဖြစ်လာရမည့် ကိစ္စတစ်ခုတော့ဖြစ်သည်။ဆရာကြီးကိုယ်တိုင် (ရာမခရစ်ရှနားကိုယ်တိုင်) ဘာခ်တိ(Bhakti)ခေါ် ကျင့်ဝတ် ပဋိပတ်သည် ဘုရားရှင်(Lord)ထံ ဝတ်ပြုခြင်းသို့ ဦးတည်နေ သည်။ထို့ပြင် ဉာဏမဂ္ဂ (Jnana - marga)သည် ဗြဟ္မာဖြစ်ရေး (to the mergence of Brahman )သို့ ဦးတည်သည်။ထိုသို့ ဗြဟ္မာဖြစ်ရေးဆိုသည်မှာ လှုပ်ရှားမှုမရှိတော့သည့် သေဆုံး ခြင်းသို့ အဓိပ္ပါယ်မဟုတ်သော်လည်း ရောက်ရှိခံစားနိုင်သော အမြင့်ဆုံးအဆင့်ဖြစ်သည်။ထို့ကြောင့် လမ်းစဉ်များအားလုံးသည် နတ်ဘုရားအား ကောင်းစွာသိနားလည်ခြင်း (God -realization)သို့ ဦးတည်နေခြင်း မရှိပါ။အတိအကျအားဖြင့် မကာရကျင့်စဉ်ငါးရပ် (Five fold Makara - Principle)မဟုတ်ပေ။သူ(ရာမခရစ်ရှနာ) ကိုယ်တိုင်က အချို့သောလမ်းစဉ်များသည် ဖြောင့်ဖြောင့် တန်းတန်း ရည်မှန်းချက်သို့ မရောက်နိုင်ဟူ၍ မှတ်ချက်ချခဲ့သည်။(M.P.98)

ကျွန်ုပ်တို့သည် သရဲတစ္ဆေများ ၊မကောင်းဆိုးဝါးများနှင့် ဆေတန် (Satan)ကဲ့သို့သော (Gita - 17.4-6)နတ်များအား ကိုးကွယ်ဝတ်ပြုပူဇော်ပသရန် မဟုတ်ကြောင်းကိုလည်း သိနား လည် ပါ၏။နတ်ဘုရားဓါတ်စီးပြီး (God - intoxicated)လူများ၏ သိနားလည်မှုကို ကျော်လွန် ၍ အမှန်တရားကိုသိရှိရန် နတ်ဘုရားနှင့်ပေါင်းဆုံရန် ရှာကြံအားထုတ်သူသည် ယင်းအခက်အခဲ များကို ဂရုမပြုမိရန် ကြိုးစားသည့် အလွန်မြင့်မြတ်သူ တစ်ဦးဖြစ်သည်။

၃။ မှန်ပါ၏။ဆရာကြီး(ရာမခရစ်ရှနာ)က မည်သည့်ယုံကြည်မှုကိုဖြစ်စေ ၊နတ်ဘုရား အား ကောင်းစွာသိနားလည်မှု (God-realization)သို့ ဈေးရှုမည့်ထင်ရှားပြတ်သားသည့်အမြင် နှင့် ဝတ်ပြုပူဇော်ခြင်းကို ထောက်ခံချက်ပေးခဲ့သည်။သို့ရာတွင် ဂီတကျမ်း (the Gita)က ဝတ်ပြု ကိုးကွယ်သူများသည် ဤကိစ္စနှင့်စပ်လျဉ်း၍ မှားယွင်းဘွယ်ရာရှိသည်ဟူ၍ ခန့်မှန်းသည်။(1.24)။ သံသယမရှိပါ။ဆရာကြီး(ရှာမခရစ်ရှနာ)သည် မကောင်းမှုပြုလုပ်ခြင်းနှင့်ရာဇဝတ်မှု မကင်းခြင်းကို ပင်လျှင် ၎င်းတို့အတွက် ရပ်တည်လျက် အားလုံးသော ကိုးကွယ်မှုများ အကျုံးဝင်စေရန် ထာဝရ ဘုရားသခင်သည် တစ်ဆူတည်းသာရှိသည်ဟု ယုံကြည်သူများဟု မကြာခဏ သုံးနှုန်းပြောဆို

ခဲ့သည်။သို့သော် သူသည် ထာဝရဘုရားသခင်(ဝါ)နတ်ဘုရား၏မြင့်မားခြင်းနှင့် နိမ့်ကျခြင်းတို့ နှစ်မျိုးလုံးထင်ရှားမှုဖြစ်စေခြင်းကိုလည်း အလေးအနက်ပြု ဟောကြားခဲ့သည်။နိမ့်ကျသော(ဝါ) အောက်တန်းကျသော ကိုးကွယ်ခြင်းများသည် ဝတ်ပြုကိုးကွယ်သူများအား အောက်သို့ဆွဲချ လိမ့်မည်။ဆိုလိုသည်မှာ လူ့လောကဖြစ်သည်။လောဘသားတို့၏ သခင် နတ်ဘုရားရှင်(God of Greed)အဖြစ် ယုံကြည်ကိုးကွယ်သောအရာသည် မှားယွင်းသောယုံကြည်စွဲလမ်းရာဖြစ် သည်ဟူ၍ လည်းကောင်း၊မကောင်းဆိုးဝါး သရဲသဘက်၏ အရှိန်သြဇာကြောင့် ဥစ္စာစီးပွားတိုး တက် သည်ဟု ယုံကြည်မှု(Mammon)နှင့် လိင် (Sex)အား ကိုးကွယ်ခြင်းများသည်လည်း ပါဝင်သည်။ဝိဉာဉ်ဆိုင်ရာအယူအဆအား မတရား ပိုင်ဆိုင်ခြင်းကိစ္စမှာလည်း အယူသီးပြီး အပြင်းအထန် ယုံကြည်စွဲလန်းခြင်း၏ အာရုံပြုရာတစ်ခုဖြစ်သည်။ ဘာသာယုံကြည်ကိုးကွယ်မှုများ ၏သဘောတူညီချက် တည်ဆောက်ခြင်းအတွက် လူတစ်ဦးတစ်ယောက်၏ ဥပဒ်နှ(ဝါ)အပြင်းအထန် ယုံကြည်စွဲလန်းမှု၌ အောက်တန်းစားပုံစံများဖြင့် ဝတ်ပြုကိုးကွယ်ခြင်း၏ အပြစ်များကို စိတ်ဝင်စား မှုမရှိအောင် လူတစ်ဦးအနေဖြင့် မပြုလုပ်သင့်ပေ။

၄။ အရေးအကြီးဆုံးထားရှိရမည့်ခံယူချက်မှာ ပုံသဏ္ဌာန်နိမိတ် အရိပ်လက္ခဏာရှိခြင်း နှင့်ပုံသဏ္ဌာန် အရိပ်နိမိတ်လက္ခဏာမရှိခြင်းဟူသော နှစ်မျိုးလုံးဖြစ်သည့် တကယ့်အရှိအမှန်တရား ဖြစ်သည်။

ရှင်းလင်းကြည်လင်ပြတ်သားစွာ နားလည်ထားရမည့်အချက်မှာ ဤအရာသည် မိမိ ကိုယ်တိုင်၏ဝိရောဓိလက္ခဏာ (Self - contradictory)ဖြစ်သည်။ဆရာကြီး(ရာမခရစ်ရှနာ) ကိုယ်တိုင် အောက်တွင် ဖော်ပြပါအတိုင်းယင်းကောက်နှုတ်ချက်အား ရေးသားဖော်ပြခဲ့ခြင်းဖြစ် သည်။

သူ့တွင် သဘာဝကျစွာရှုမြင်နိုင်သော အရည်အချင်းမရှိသော်လည်း သူ့တွင်သဘာဝကျ သော အရည်အသွေးရှိသည်။သူသည် ဗြဟ္မာ (Brahman)ဖြစ်သလို ရှ်တိ(Shakti) လည်းဖြစ်သည်။သူ(ရာမခရစ်ရှနား)သည် သူ၏စဉ်းစားမှုမှာ လှုပ်ရှားမှုမရှိသည့်ပမာ ရပ်ဆိုင်းသောအခါ၌ သူ့အားဗြဟ္မာဟုခေါ်၍ သူ့အား ဖန်ဆင်းရှင်ပမာ ၊ဘေးအန္တရာယ် မှ ကာကွယ်ပေးသူပမာ ၊ထို့ပြင် ဖျက်ဆီးသူပမာ ၊စဉ်းစားကြံစည်သောအခါ ကလီ

(Kali)ခေါ်ဦးစွာ အစဖြစ်ပေါ်ရသည့် စွမ်းအားဟုသာခေါ်ရပါ၏။ဗြဟ္မာနှင့်ရှုံ့ခ်တိတို့သည် မီးနှင့် ၎င်း၏လောင်ကျွမ်းနိုင်သော စွမ်းအင်ကဲ့သို့ အလားတူစွာခွဲခြားမရသောအရာဖြစ်၏။(M.PP.107-108)

တဖန်

ဗြဟ္မာနှင့် ရှုံ့ခ်တိတို့မှာ ခွဲခြားမရသောအရာဖြစ်သည်။.... သင်သည် အဖြူရောင်မဟုတ်သော နွားနို့ဟူ၍ မစဉ်းစားမတွေးယူနိုင်သလို ၊တဖန်သင်သည် အဖြူရောင်မပါသော နွားနို့ကို စဉ်းစားကြံစည်မှုမပြုနိုင်ပေ။(M.P.134)

ယုံကြည်ခံယူချက်ဆိုင်ရာ သတ်မှတ်ချက်ကို ကာလီ(ကိုယ်စားပြုသော ပုံသဏ္ဌာန်များ) ပါဝင်စေရန် ချဲ့ကားရေးသား၍ မရပေ။ထို့ပြင် ဗြဟ္မာ(ပုံသဏ္ဌာန်မရှိပဲ)အားလည်း မည်သည့်ပုံမှန်ပုံစံအမူအရာကိုမျှ ချဲ့ကားရေးသား၍မရပေ။ရုပ်ပုံကားချပ် (ဝါ) ပုံတော်က ရုပ်ဝတ္ထု၏သဘာဝအတိုင်း ရှုမြင်မှု အရည်အသွေးဆက်စပ်ယှက်နွယ်ခြင်းကို ရည်ညွှန်းသည်။သို့သော် ကာလီနှင့် ဗြဟ္မာနှစ်ခုလုံးတို့သည် အရာများဖြစ်၍ အရာနှစ်ခုတို့အား ခွဲခြားမရနိုင်ပေ။

ထို့ပြင် ရာမခရစ်ရှနာက ကာလီနှင့် ဗြဟ္မာတို့သည် စဉ်းစားတွေးခေါ်ခြင်းအတွက် တစ်ခုခုဖြစ်နိုင်သော နည်းလမ်းသို့မဟုတ် မျှော်လင့်တောင်းတချက်ဖြစ်သည်။သို့သော် ၎င်းတို့သည်လည်း ကျွန်ုပ်တို့၏ (လူသားတို့၏ ) စဉ်းစားတွေးခေါ်ခြင်းနှင့်မတူလေရော့သလား။ အမြင့်မြတ်ဆုံးသော အရှိအမှန်တရား (Supreme Reality) ၏အသွင်းအပြင် လက္ခဏာနှစ်ရပ်တို့သည် တူညီသောစဉ်းစားမှု၌ ဆုံးဖြတ်ချက်ချရန် အသင့်အနေအထားသို့ မရောက်ရှိနိုင်ပေ။ သို့သော် သီးခြားစဉ်းစားတွေးခေါ်ချက်များကို အောင်မြင်စွာဖြင့်ယူဆောင်ခဲ့သည်။

တဖန် ရာမနုဂျာက ၎င်း၏ ကိုယ်ပိုင်လမ်းစဉ်၌ စည်းလုံးညီညွတ်မှုနှင့်အတူ ထုထည်ကြီးများသော ရင်ကြားစေ့မှုဖြစ်ပေါ်လာရန် ကြိုးစားခဲ့သည်။ သူ့အဖို့ရာ၌ဗြဟ္မာသည် cit နှင့် acit နှင့်အတူ ၎င်း၏ ခန္ဓာကိုယ်ပမာ အရည်အသွေးတိုးတက်ခဲ့သည်။ သို့ရာတွင် ဗြဟ္မာသည် ခန္ဓာကိုယ်နှင့်စိတ်ဝိဉာဉ်တစ်ခုတွင် ပေါင်းစပ်နေသည်။ Pralaya အဆင့်၌ cit နှင့် acit ၏ ကိုယ်ခန္ဓာပုံသဏ္ဌာန်သည် အလွန်နူးညံ့သိမ်မွေ့သည့် အတွက် အာရုံခံစားရန် အလွန်ခက်ခဲသည့် ပုံစံဖြစ်၍ ၎င်းတို့၏ခြားနားမှုသည် လုံးဝမရှိသလောက် အနေအထားဖြစ်သည်။ ထို့ကြောင့်

အလွန်သိမ်မွေ့နူးညံ့သည့်အတွက် အာရုံခံစားရန် ခဲယင်းလှသည့် အဆင့်၌ ရှိသော ဗြဟ္မာအား nirguna ဟူ၍ ခေါ်ဆိုနိုင်ပြီးကြည်လင်ပြတ်သားသည့် အချောမကိုင်ရသေးမီး ပုံစံ၌ သူ(ဗြဟ္မာ) သည် Saguna ဖြစ်သည်။သို့သော် pralaya အဆင့်သို့တိုင်အောင်ပင် ဗြဟ္မာသည် မသိမှု ဖုံးကွယ်သော အရည်အချင်းရှိသူအဆင့် (nescintly qualified )၌ရှိသည်။

ဆရာကြီး (ရာမခရစ်ရှနား) ကများစွာသော ရုပ်ပုံကားချပ် (ဝါ) ပုံတော်များကို ကြည့်ညှိခဲ့ဖူးသည်။ သို့သော်လက်ခံသဘောတူခြင်းမရှိသော အစိတ်အပိုင်းအားယင်းရုပ်ပုံကား ချပ်များက မဖယ်ရှားနိုင်ခဲ့ပေ။ ရာမခရစ်ရှနားအဖို့ရာ၌ ထင်ရှားကျော်ကြားသည့်အချက်မှာ မတူညီသောသမာဓိအမျိုးအစားနှစ်ခုဖြစ်သည်။ သဝိကာပကသမ္မာဓိ (Savikalpaka Samadhi) နှင့် ပရိမဘာခ်တိ (Prema-bhakti) ခေါ်တကယ်အရှိအမှန်တရား (Reality) အကြောင်းချင်း အရာပေါ် သဘာဝကျစွာရှုမြင်နိုင်သည့် အရည်အချင်းတကွ ပုဂ္ဂိုလ်ဆိုင်ရာအဖြစ် ပုံသဏ္ဍာန် ဆောင်လာခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ nivirkalpaka samadhi (သမထအာရုံသမာဓိ တစ်မျိုး – ဘာသာပြန်သူ) အတွင်းမှ ချစ်ခြင်းမေတ္တာတရားတည်းဟူသော အလားတူအာရုံသည် ထင်ရှားကျော်ကြားသည့် ရေးသားဖော်ပြရန်စကားလုံးသိပ်ကြီးမားလွန်းသည့် စကားပင်လယ်ထဲ ၌ နှစ်မြှုပ်ပျောက်ကွက်သွားတော့သည်။ ဤရှုဒေါင့်အမြင်၌ ဆရာကြီး ရာမခရစ်ရှနားက မှန်ကန် စွာဖြင့် ဘာသာယုံကြည်ကိုးကွယ်မှု မိခင်ကြီး (Divine Mother) သည်လုံးဝဥဿုံပြီးပြည့်စုံ သော အမှန်တရား (Absolute) မှတပါး အခြားအရာမဟုတ်ပေဟူ၍ ပြောကြားခဲ့သည်။ ရာမခရစ်ရှနာဗြဟ္မအဖို့ရာ၌ အမှန်တကယ်ပင်ပို၍ အရေးကြီးလှပေ၏။ အဘယ်ကြောင့်ဆိုသော် ဤအခြေခံတစ်ခုတည်းအပေါ်မူတည်၍ ဘာသာယုံကြည်ကိုးကွယ်မှု အားလုံး၏ သဘောတူညီ မှုကို တည်ဆောက်နိုင်မည်ဖြစ်သောကြောင့်ပေတည်း။ အလုံးစုံကို ခြုံကြည့်လျှင် Saguna Brahma အားဝတ်ပြုကိုးကွယ်ခြင်းမှာ မူလတန်းအဆင့် ဝတ်ပြုကိုးကွယ်မှုဖြစ်၍ (M.P.127) Nirguna Brahman အဖြစ်သို့ အပြည့်အဝရောက်ရှိလာသည်။ သို့မဟုတ် ရိုလင် (Rolland) ရေးသားဖော်ပြသကဲ့သို့–

ဒွိစုံယုံကြည်ကိုးကွယ်မှု ''အရည်အချင်းပြည့်မီသော ဘုရားသခင်တစ်ပါး ယုံကြည်ချက်'' နှင့် ''လုံးဝဥဿုံပြည့်စုံမှန်ကန်သည့် ဘုရားသခင်တစ်ပါး'' ဟူသောယုံကြည်ချက်

တို့သည် အမြင့်မြတ်ဆုံးသော မှန်ကန်မှုသို့ သွားရာလမ်းတွင်ရှိသော အဆင့်များ ဖြစ်သည်။ ၎င်းတို့သည် တစ်ခုနှင့်တစ်ခုဆန့်ကျင်ဘက်မပြုကြပါ။ သို့သော် တစ်ခုနှင့် တစ်ခုအပြန်အလှန်ချိုးကျူးဂုဏ်ယူကြသည်။ (Romain Rolland. I bid P.198))

၅။ အစ္စလာမ်ဘာသာ သို့မဟုတ် ခရစ်ယာန်ဘာသာအားယုံကြည်သူတစ်ဦး အနေဖြင့် ၎င်းသည် အပြင်းအထန် အယူမစွဲသင့်ပေ။ ထိုသို့ မူဆလင်နှင့် ခရစ်ယာန်ဘာသာဝင် တို့၏ တစ်ဘာသာမှ တစ်ဘာသာသို့ ပြောင်းခြင်းများသည် မှန်ကန်သော ပြောင်းလဲခြင်းများမဟုတ်ပေ။ မူဆလင်တစ်ယောက်သည် မူဆလင်ဟုတ်သည်ကိုလည်းကောင်း၊ ခရစ်ယာန်ဟုတ်သည်ကို လည်းကောင်း ၊ ခရစ်ယာန်မဟုတ်သည်ကိုလည်းကောင်း ၊ အသက်ရှင်နေစဉ်ကာလအတွင်း သာလျှင် သိနိုင်၍ ၎င်းသေဆုံးခြင်း၌လည်း သိနိုင်ပါသည်။ သူ(ရာမခရစ်ရှနာ) သည်ယုံကြည် ကိုးကွယ်သူတိုင်း သေချာတိကျပြည့်ဝစွာဖြင့် အပြီးအပိုင် ဖြဟ္မာသို့ ပေါင်းစည်းဝင်ရောက်သည်။ ယုံကြည်ဝတ်ပြုကိုးကွယ်သူတိုင်း အစပထမ၌ သူယုံကြည်ရာဆည်းကပ်ကိုးကွယ်၍ နောက်ဆုံး တွင်မှ ဖြဟ္မအတွင်းသို့ ပေါင်းစည်းဝင်ရောက်သည်။ ထို့ကြောင့် အစ္စလာမ်ဘာသာ ဝတ်ပြု ကိုးကွယ်ခြင်းဖြင့် သူကိုယ်တိုင်သည် မူဆလင်သူတော်စင်တစ်ဦးဖြစ်လာခဲ့သည်။ ထို့ ပြင် ခရစ်ယာန်ဘာသာဖြင့် ဝတ်ပြုဆုတောင်းခြင်းဖြင့်လည်း သူ(ရာမခရစ်ရှနား) သည် ကိုယ်တိုင် ခရစ်တော်ဖြစ်လာခဲ့သည်။ သို့သော် သူကိုယ်တိုင် ဖြဟ္မဖြစ်လာရန် ထိုကဲ့သို့သောအခွင့်အရေး ဆုံးရှုံးခဲ့ရလေသည်။

၆။ ရာမခရစ်ရှနာက ကျယ်ပြန့်စွာ လက်ခံကျင့်သုံးလျက်ရှိသော ကိုယ်ကျင့် တရားဆိုင်ရာ ဥပဒေသကို ချမှတ်ပေးခဲ့သည်။ ဇီဝ (Jiva) သည် သျှိဝ (Shiva) ဖြစ်၍ (M.P 315) လူကို ကူညီအားပေးခြင်းဖြင့် ထာဝရဘုရား သခင် (ဝါ)နတ်ဘုရား (God) သို့ဝတ်ပြု ဆုတောင်းသည့်အဓိပ္ပါယ်ဖြစ်စေခဲ့သည်။ (M.P.36) သို့သော်သူ(ရာမခရစ်ရှနား) သည်လူမှုရေး ဘဝတိုးတက်စေမှုကို စိတ်ဝင်စားမှုမရှိခဲ့ပေ။ သို့သော်လည်းဇာတ်ခွဲခြားမှု ကိုဆန့်ကျင် ပြောဆိုသည် အထိကြိုးစားခဲ့သည်။ (M.P.P 243-244 , 309,336)။ တစ်ချိန်တစ်ခါက၍သို့ ပြောကြားခဲ့ဘူး၏–

''ထာဝရဘုရားသခင် (ဝါ) နတ်ဘုရာသည် သင်၏ရှေ့မှောက်သို့ ရောက်ရှိလာသည်

ဆိုကြပါစို့ ၊ သို့ ဖြစ်လျှင်သင်သည် ထာဝရဘုရားသခင် (ဝါ) နတ်ဘုရားရှင်ထံသင့်အတွက် ဆေးရုံများနှင့် ဆေးပေးခန်းများတည်ဆောက်ပေးရန် တောင်းခံပါမည်လား။ ... ထာဝရဘုရားသခင်အား ချစ်ခင်လေးစား တန်ဘိုးထားသူတစ်ယောက် မည်သည့်အခါမျှ မပြောပေ။ ထာဝရဘုရားသခင် (ဝါ) နတ်ဘုရား၏ ခြေဖဝါးတင်ထားသည့် ကြာပွင့်ပေါ်တွင် နေရာကလေးတစ်နေရာရရှိဖို့အရေးသာ သူတောင်းခံလိမ့်မည်သာ။ (M.P.143)

သူ (ရာမခရစ်ရှနား) သည် လူအများက ထာဝရဘုရား (ဝါ) နတ်ဘုရားအား ချစ်ခင်လေးစား ကြည်ညိုသဒ္ဓါပွားကြရန်သာအလိုရှိပါ၏။ ထို့အပြင် လူတစ်ယောက်သည် ဘုရားသခင်အား ပို၍ ချစ်ခင်လေးစားလျှင် မကောင်းသောကာယကံမှုနည်းပါးလာ၏။ (M.P.P 108,114,138,151, 152, 308, 314,315, 335) ။ ထို့ကြောင့် လူမှုလုပ်ငန်းနှင့် တိုးတက်မှုတွင် ဆုံးရှုံးခဲ့ရသော ဗိဗေကနန္ဒ (Vivekananda) နှင့်အတူ သူ၏ဟောကြားပို့ချချက်များတန်ခိုး ထွားလာခဲ့သည်။

နောက်ဆုံးတွင် ရာမခရစ်ရှနား၏ ''ဘာသာယုံကြည်ကိုးကွယ်မှုများ စည်းလုံးညီညွတ်မှု'' (The Unity of Religion) တရားဒေသနာအား ရှားပါးသောဘာသာယုံကြည်မှုကို ရရှိထားသော ဆရာတစ်ပါး၏ ကျောထောက်နောက်ခံပြုမှု ရရှိခဲ့လေသည်။ သို့ဖြင့် နောင်လာနောက်သား အိန္ဒိယလူမျိုးများအား (Indians) မြင့်မြတ်သောယုံကြည်မှုကို လက်ဆင့်ကမ်း ချမှတ်ထားခဲ့လေသည်။

## ဘာသာယုံကြည်ကိုးကွယ်မှုကူးပြောင်းခြင်း
## CONVERSION OR PROSELYTIZATION

ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုသည် အခြားဘာသာယုံကြည်ကိုးကွယ်မှုတစ်ခု နှင့် ထိတွေ့ပေါင်းဆုံသောအခါ များစွာသောအကျိုးရလဒ်ကိုရရှိသည်။ အချိန်ကာလများစွာတို၌ ခရစ်ယာန်ဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များတို့အကြား၌ လည်းကောင်း၊ ပါစီဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များအကြား၌လည်းကောင်း ၊ အခြားဘာသာ တစ်ခုနှင့်တစ်ခုအကြားတို၌လည်းကောင်း ပဋိပက္ခများဖြစ်ခဲ့ကြသည်။ အခြားဘာသာယုံကြည်

ကိုးကွယ်မှုတစ်ခုနှင့် တွေ့ဆုံဆက်စပ်မှုရှိလာခြင်းဖြင့် ဘာသာယုံကြည်ကိုးကွယ်မှု တစ်ခုသည် လေးနက်စေခြင်းနှင့်ရင့်ကျက်စေခြင်းတို့ကို ရရှိစေနိုင်သည့်အပြင် ဘာသာယုံကြည်ကိုးကွယ်မှုများ၏ ပေါင်းစပ်မျိုးပွားကြီးထွားစေသော အကျိုးရလဒ် (cross- fertilization of religious) ဖြစ်စေသည်။ ခရစ်ယာန်ဘာသာသည် ဟိန္ဒူဘာသာသို့ထိစပ်ပေါင်းဆုံလာသောအခါ အကျိုးရလဒ်တစ်ခုအနေဖြင့် ဘရာမိုဆမတ်ချ် (Brahmo-Samaj)နှင့် စနစ်သစ် ဝေဒန္တဘာသာ (Neo-Vedantism)၊ အရိယဆမတ်ချ် (Arya-Samaj)နှင့် ပရာသာနဆဘား (Prathana Sabha) တို့၏ ကောင်းသောလုပ်ငန်းပုံစံအသစ်များသည် ဟိန္ဒူဘာသာအတွင်း၌ တိုးပွားအသက်ဝင်လှုပ်ရှားဖြစ်ပေါ်လာကြသည်။ တစ်ချိန်တည်း၌ ထာဝရဘုရားသခင်၏ သဘောသဘာဝနှင့် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အခြေခံ ယုံကြည်ချက်များကို စနစ်တကျလေ့လာသူများအနက် အစောဆုံးပုဂ္ဂိုလ်ဖြစ်သူ ပေါ်တီလိချ် (Paul Tillich) နှင့်ဟိန္ဒူဘာသာ၏ အရှိန်ဩဇာမလွှတ်ကင်းသည့် ပုဂ္ဂိုလ်များ၏ သဘောတရားလက်ကိုင်ပြုသူ အာရ်- အော့တု (R.Otto)တို့သည် ၎င်းတို့၏အယူအဆများကို ထည့်သွင်းခဲ့သည်။ မည်သို့ပင်ဖြစ်စေ ၊ ပထမဦးဆုံးအပိုင်းကဏ္ဍ၌ ခရစ်ယာန်ဘာသာယုံကြည်ကိုးကွယ်မှု၏ သာသနာပြုလုပ်ငန်းများသည် ရှန်ကာရနှင့် ရာမနူဂျာ (Shankara and Ramunuja) တို့၏ သဘောတရား၏ လေးနက်မှုကို အပြည့်အဝနားမလည်နိုင်ကြပေ။ ခရစ်ယာန်သာသနာပြုပုဂ္ဂိုလ်များက သူတို့၏ ဘာသာရေးဆိုင်ရာလုပ်ငန်းတာဝန်မှာ ဟိန္ဒူများကို ခရစ်ယာန်ဘာသာအတွင်း သွတ်သွင်း၍ယုံကြည်ချက်ပြောင်းလဲရန်ဖြစ်သည်ဟူ၍ ယူဆခဲ့ကြသည်။ အမှန်အကန်အားဖြင့်လည်း အိန္ဒိယလူမျိုးအများအပြားသည် ခရစ်ယာန်ဘာသာအတွင်းသို့ ကူးပြောင်းခဲ့ကြသည်။ ဤနေရာ၌ အချင်းချင်းအပြန်အလှန်အဓိပ္ပါယ် ဆက်သွယ်ပြောင်းလဲနိုင်သော စကားနှစ်လုံးကိုသုံးစွဲ၏။ ၎င်းတို့မှာ ပြောင်းလဲခြင်း အပြန်အလှန် အဓိပ္ပါယ်ဆက်သွယ်ပြောင်းလဲနိုင်သော စကားနှစ်လုံးကိုသုံးစွဲ၏။ ၎င်းတို့မှာ ပြောင်းလဲခြင်း (Conversion) နှင့်ကူးပြောင်းခြင်း (Proselytization) တို့ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ၎င်းစကားရပ်နှစ်ခုအကြား၌ နှုိင်းယှဉ်သိမ်မွေ့၍ အဓိပ္ပါယ်ကိုသိနားလည်ရန်ခက်ခဲသည့် ထင်ရှားသော အချက်တစ်ချက်ရှိသည်။

ပြောင်းလဲခြင်း (Conversion) ဆိုသည်မှာ မြင့်မြတ်သောဘာဝဆိုခြင်းကို မယုံကြည်၊

စိတ်ဝင်စားမှု မရှိသူတစ်ဦးအားယုံကြည်မှုဆိုင်ရာ အတွေ့အကြုံပေါ်အခြေခံ၍ ပြောင်းလဲမှုကို သော်လည်းကောင်း ၊ ယုံကြည်မှုရှိသော အသက်ရှင်နေထိုင်သည့် ဘာသာတစ်ခုမှ အခြားယုံကြည်မှုရှိသော ဘာသာတစ်ခုသို့ပြောင်းလဲခြင်းကို ဆိုလိုသည်။ သို့သော် ကူးပြောင်းလာသူ (Proselyte) သည် လူတစ်ယောက်၏ယုံကြည်ကိုးကွယ်နေသော ဘာသာကိုးကွယ်မှုတစ်ခုမှ အခြားဘာသာ ကိုးကွယ်မှုတစ်ခုသို့ ဝင်ရောက်ကူးပြောင်းခြင်းဖြစ်သည်။၎င်း ပြောင်းလဲခြင်း အမျိုးအစားသည် ဖျားယောင်းသွေးဆောင်ခံရခြင်း ၊ အကြမ်းဖက်၍ အတင်းအဓမ္မပြောင်းလဲခြင်းနှင့် အခြားသော အကြောင်းများကြောင့် ဖြစ်နိုင်သည်။ ၎င်းသို့ပြောင်းလဲစေခြင်းသည် အသဲနှလုံးနှင့် သုဒ္ဒ (Shudras) တို့သည် အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသွားခြင်းမှာ လူမှုရေးတရားမျှတမှုမရှိပဲ ရက်စက်ကြမ်းကြုတ်ခြင်းတို့ကြောင့် လူ့အခွင့်အရေးမရှိခြင်းတို့မှ လွတ်မြောက်ရန်ဖြစ်သည်။ ဒေါက်တာဂျေအင်ဆာကာ (Dr.J.N.Sarcar) က သုဒ္ဒရ (Shudras) လူအမြောက်အများတို့အား စစ်ပွဲများ၌ စစ်အောင်နိုင်သူ မူဆလင်ဘုရင်များ (Conquerors) ကို ၎င်းတို့အားလွတ်လပ်မှု ဆောင်ကျဉ်းပေးသူများအဖြစ် မူဆလင်လူထုက ကြိုဆိုကြသကဲ့သို့ အစ္စလာမ်ဘာသာက ကြိုဆိုလျက်ယုယ ပိုက်ထွေးခဲ့ကြသည်ဟူ၍ ရေးသားခဲ့သည်။ (J.N Scar, Islam in Bengal, calcutta 1972.P.23)။ ဂန္ဒီကြီး (Gandhiji) ကမူ အဆိုပါ ခရစ်ယာန်ဘာသာသို့ပြောင်းသွားသူများအား "ထမင်းခရစ်ယာန်"များ (Rice Christian) ဟူ၍ခေါ်ခဲ့သည်။ ဂျူးဘာသာ ၊ အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာများက ဘာသာပြောင်းလဲခြင်း (Coversion)ကို ဦးစားပေးခဲ့ကြရာ ယင်းတို့အနက် တကယ့်စစ်မှန်သော ဘာသာကူးပြောင်းခြင်း အဖြစ်သနစ် (Proselyizaton Cases) များဖြစ်ကြပါသည်။ ထို ဆီမိုက်တစ် (Semitic) ဘာသာယုံကြည်ကိုးကွယ်မှုများအားဆန့်ကျင်လျက် ဟိန္ဒူဘာသာ (Hinduism) ဘာသာအယူဝါဒပြောင်းလဲခြင်းကို ဦးစားမပေးပါ။ ဟိန္ဒူဘာသာက ဘာသာယုံကြည်ချက်ပြောင်းခြင်းကို ဦးစားမပေးရသည့် အကြောင်းပြချက်များရှိရာ ၎င်းတို့မှာ -

၁။ ပထမဆုံးအကြောင်းပြချက်မှာ ဟိန္ဒူဘာသာအတွက် (ဗြဟ္မဏဘာသာဝင်များမှသာ) ၊ ဝေဒစာပေကျမ်းဂန်များသည် ထာဝစဉ်တည်မြဲနေပြီး ၎င်းတို့၌ စစ်မှန်သော

ဘာသာယုံကြည်ကိုးကွယ်မှုကို ထိန်းသိမ်းထားသည်။ ဝေဒအယူဝါဒအားစွန့်ခွာသည့်မည်သည့် အယူဝါဒမဆို တကယ်စစ်မှန်သည့် ဘာသာယုံကြည်ကိုးကွယ်မှု မဟုတ်သော ပုံစံအဖြစ် လက်ခံရန်ဖြစ်ပါသည်။

ဤအယူအဆနှင့် ဆန့်ကျင်လျက်၊ Semitic* မျိုးနွယ်စုတို့၏ ဘာသာယုံကြည်ကိုး ကွယ်မှုများက တိုးပွားများပြားခြင်းကို ယုံကြည်လက်ခံ၍ ထာဝရဘုရားသခင်နှင့်သက်ဆိုင်သည့်၊ မသိရှိသေး သောလျှို့ဝှက်ချက်များတဖြည်းဖြည်းသိနားလည်ပြီး ပို၍ မြင့်မားသော ဘာသာ ယုံကြည်ကိုးကွယ် မှုဖြစ်လာလိမ့်မည်ဟူ၍ မျှော်လင့်သည်။ (even Mahayana form of Buddhism favours this processive form of revelation from the Buddha translater)ကီရာကီဂတ် (Kierkegaard) က ဒုတိယမျိုးဆက် နောက်ပါသာဝကသည်ပို၍ ရှေးကျသော နောက်ပါသာဝက များနှင့်အသက်အရွယ်အားဖြင့် ရှေးကျသောနောက်လိုက် နောက်ပါသာဝကများ ထက်ပို၍ သာလွန်သည်။ အဘယ်ကြောင့်ဆိုသော်သမိုင်းကြောင်းဆိုင်ရာတိုးတက်မှု ဘာသာကွယ်မှုဆိုင်ရာ လိုအပ်ချက်များနှင့်ခေတ်အသီးသီးတို့တွင်

ဉာဏ်ပညာပို၍ ပွင့်လင်းလာခြင်းကို သူကပို၍ သာလွန်သည်။ အဘယ်ကြောင့်ဆိုသော် သမိုင်းကြောင်းဆိုင်ရာတိုးတက်မှု၊ဘာသာ ကိုးကွယ်မှုဆိုင်ရာ လိုအပ်ချက်များနှင့် ခေတ်အသီးသီးတို့တွင် ဉာဏ်ပညာပို၍ ပွင့်လင်းလာခြင်း ကိုသူကပို၍ သိနားလည် သောကြောင့်ဖြစ်၏။ ထို့ကြောင့် ဆီမိုက်တစ် (Semitic) ဘာသာယုံကြည် ကိုးကွယ်မှုများက ဗြဟ္မဏဘာသာယုံကြည်ကိုးကွယ်မှုအား ပို၍ စောစီးစွာဖြစ်ထွန်းလာသော ဘာသာတရား တစ်ခုအနေဖြင့်လည်းကောင်း၊ ထာဝရဘုရားသခင် (ဝါ) နတ်ဘုရား၏ လျှို့ဝှက် ဆန်းကျယ်မှုကို သိနားလည်အောင်ပြုရာတွင် သဘာဝကျသောမပြည့်မစုံမှုရှိသော ဘာသာ ကိုးကွယ်မှုတစ်ခု ဖြစ်သည်ဟူ၍ လည်းကောင်း ယူဆခဲ့သည်။

ခရစ်ယာန်ဘာသာယုံကြည်ကိုးကွယ်မှုက အခြားသော ဘာသာယုံကြည်ကိုးကွယ်မှု များမတွေ့ကြုံသေးသည့် ခေတ်နှင့်အညီ ပြောင်းလဲလာမှု၏ စမ်းသပ်ခြင်းကို ၎င်းကကျော်လွန်

---

* Semite (n) Semitic (adj) which means the group of races that includes th Hebrew, Arabs, Phoenicians and Assyrians.

ခဲ့ပြီဟု ထင်မြင်ယူဆထားသည်။ ထို့ကြောင့် ခရစ်ယာန်ဘာသာက ဟိန္ဒူလူမျိုးများ၏ ရှေးဟောင်း အစဉ်အလာယုံကြည်ရာကို စောင့်ထိန်းသည့်လမ်းစဉ် (Hindu conservatism) ထက်သော် လည်းကောင်း ၊ သို့မဟုတ် မူဆလင်အခြေခံကျသော ယုံကြည်မှုကို ထိန်းသိမ်းသည့်လမ်းစဉ် (Muslim Fundamentalism) ထက်သော်လည်းကောင်း၊ အတွင်းသဘော စိတ်မနောကိုပြု ပြင်သည့် ဘာသာယုံကြည်ကိုးကွယ်မှုထက်ပို၍ ကောင်းမွန်သင့်မြတ်ကြောင်း သတင်းကောင်း ပေးရန် အခြေအနေတွင်ရှိနေသည်။ ထို့ကြောင့် ခရစ်ယာန်ဘာသာသို့ ယုံကြည်မှုသို့ ပြောင်းဝင် လာရန် အများဆုံးအခြေအနေဖြစ်စေခဲ့သည်။

၂။ ဗြဟ္မဏဝါဒယုံကြည်မှု (Brahminsim) သည် ဟိန္ဒူဘာသာဝင်တစ်ယောက်၏ ယခုမျက်မှောက်ဘဝသို့ရောက်ရှိနေရခြင်းမှာ ၎င်း၏ရှေးယခင်ဘဝကမ္မများ (Karmas) ၏ အထူးသဖြင့် ဇာတ်နိမ့်ဇာတ်မြင့် မတူညီသောဘဝတွင် မွေးဖွားလာရခြင်းအပေါ်တွင် မူတည် သည်ဟူသော ကမ္မဝါဒ (Karmavada)ကိုယုံကြည်သည်။ ဂီတကျမ်း (the Gita) ကဇာတ်နိမ့် ဇာတ်မြင့်ဖြစ်ရခြင်းအကြောင်းကို ဦးစားပေးရေးသားပုံကတော့–

''မှတ်သားအပ်သည့် ၊ လေးရပ်အင်္ဂါ၊ ဇာတ်ခွဲခြားမှု ၊ ထုံးစဉ်လာကိုငါပြုသည်မှာ ၊ ဂုဏ်နှင့်ကမ္မနှစ်ဖြာ(gunas and karmas)ထိုအပေါ်မှာအခြေခံပါ၏။ (Gita-IV-13)

တဖန်

လူတစ်ယောက်၏ကိုယ်ပိုင်ဓမ္မ (Dharma) မတိမကျ ၊ အခြားသူ၏ ကောင်းစွာဆောင် ကျဉ်း ၊ တရားဓမ္မဖြစ်လာရအောင် သင်ဦးဆောင်ပါလော့ ၊ သေခြင်းသည်လည်း လူတစ်ဦး၏ ပိုကောင်းသော ၊ ကိုယ်ပိုင် ဓမ္မ (one's own Dharma) အခြားသူ၏ ဓမ္မတရား၏ ကြောက်လန့်စရာ ၊ နည်းလမ်းသာတည့်။

(Gita- III.55)

ဆက်လက်၍လည်း–

''မပြည့်စုံငြား ၊ လူတစ်ဦး၏ ဓမ္မတရားအား ၊ ပို၍ကောင်းအောင် ၊ သင်ဦးဆောင်လော့ အခြားသူ၏ကောင်းစွာဆောင်ကျဉ်း ၊ တရားဓမ္မဖြစ်လာရအောင်၊သင်ဦးဆောင်လော့၊ သဘာဝဓမ္မ ၊ သူကပြောသမျှ ငါတို့လိုက်နာကြ ၊ မကောင်းသောအမှု ၊ တစ်ခုခုကို

မစဉ်းစားဖို့ ၊ မင်းတို့ငါတို့။

(Gita. 17-47)

ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြား၍ ဆက်ဆံသည့် စနစ်တခုလုံးသည် သုဒ္ဒရ (Shudras)တို့၏ လူ့အဖွဲ့အစည်းအတွင်း၌ လူမှုစီးပွားရေးနှင့် လူသားအချင်းချင်း ဇာတ်ခွဲခြားမှုကြောင့် အရှက်ရစေခြင်းတို့ကြောင့် အုံကြွပေါက်ကွဲမှုဖြစ်ပြီးနောက် ပြီးဆုံးခဲ့ရလေသည်။ သဘာဝကျစွာဖြင့် ခရစ်ယာန်ဘာသာသည် အဒီဗာဆိ လူမျိုးများ (Adivasis) နှင့် ဇာတ်စနစ်ခွဲခြားမှု ဖျက်သိမ်းရေးအဆိုတစ်ရပ်ကို ဘာသာယုံကြည်ပြောင်းလဲရေး အတွက် တင်သွင်းခဲ့သည်။

၃။ ဗုဒ္ဓဘာသာကဲ့သို့သော ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားရေးစနစ်ကို ဆန့်ကျင်ရှုံ့ချသည့် မည်သည့်ဘာသာယုံကြည်ကိုးကွယ်မှုဖြစ်စေ ပြဟ္မဏများ (Brahmins) ကဒေါသပုန်ထခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် နိုင်ငံရေးဖြစ်ပေါ်မှုနှင့် လူမှုရေးဘာဝဖြစ်ပေါ်မှု အနေအထားအတွက် အကျိုးအမြတ်ရရှိရန် အလွန်အခွင့်အရေးသာခြင်းကို နှစ်သက်သဘောကျနေသောကြောင့်ဖြစ်သည်။ အိန္ဒိယ လူမျိုးတို့၏နိုင်ငံရေးဖြစ်ပေါ်မှု၌ ချန်နကျ (Channakya) နှင့် ပက်ရှိဝ (Peshvas) အချိန်အခါမှစ၍ ယနေ့ခေတ်တိုင် ဤအဖြစ်သနစ်များအမြစ်တွယ် တည်ရှိနေခဲ့သည်။ ထို့ကြောင့် ဘာသာယုံကြည်မှုပြောင်းလဲခြင်းနှင့် အရှုံးဖြင့် အဆုံးသတ် အကျိုးရလဒ်အဖြစ် ပြဟ္မဏများ၏ ကြီးမားသော အရန်မဲဆန္ဒများသည် ပျောက်ပျက်ဆုံးရှုံးခဲ့ကြသည်။ ဘာသာယုံကြည်ကိုးကွယ်မှုကို နိုင်ငံရေးနယ်ပယ်နှင့် ပေါင်းသင်းဆက်ဆံမှုပြုလုပ်ရန် လိုအပ်လာလျှင် ကျွန်ုပ်တို့က ဤအချက်ကို ပြန်လည်တင်ပြနိုင်လိမ့်မည်ဖြစ်သည်။

သို့သော် ယခုအချိန်တွင် ဘာသာယုံကြည်ချက်ပြောင်းလဲခြင်းကို ဆန့်ကျင်လျက် စိတ်အားထက်သန်ဆုံးဖြင့် ဟောကြားခဲ့သူ ရာမခရစ်ရှနန်၏အမြင်ကို ကျွန်ုပ်တို့ ရှေ့တန်းတင်ရပေမည်။

## ဘာသာယုံကြည်ချက်ပြောင်းလဲခြင်းအား ရာမခရစ်ရှနန်၏ ရှုမြင်မှု
## RADHAKRISHANA OF CONVERSION

၁။ ပထမအချက်အားဖြင့် ရာဒါခရစ်ရှနန်အဖို့ရာတွင် ဘာသာယုံကြည်ကိုးကွယ်မှုတိုင်းသည် ယင်းဘာသာကို ယုံကြည်သူအတွက် မှန်ကန်သည်ဟုဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ဘာသာယုံကြည်ကိုးကွယ်မှုတိုင်း၏ ပုံစံမှာ ၎င်းအားလေးနက်သောချစ်ခင်မြတ်နိုးမှုနှင့် အတူ တိကျသေချာသော ခံစားချက်နှင့်လေးနက်သောယုံကြည်ခြင်းကြောင့်ဖြစ်သည်။ (Eastern Religion, P.327; vide 328, 329 , 345)။ ဘာသာယုံကြည်ကိုးကွယ်ခြင်း၏ အနှစ်သာရမဟုတ်သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ခံစားချက်နှင့်စပ်လျဉ်း၍ ရာမခရစ်ရှနန်ကိုယ်တိုင်သဘောတူညီလိမ့်မည်မဟုတ်သည့်အပြင် ကျွန်ုပ်တို့လည်းယင်းကိစ္စကို ဝေဖန်ဆွေးနွေးပြီးဖြစ်သည်။ထို့ပြင် ဂီတကျမ်း၏အဆိုအရ (XVII-3.6)။ဗြဟ္မာ၏လုံးဝပြီးပြည့်စုံသော ပုံသဏ္ဍာန်ကို မသိနားမလည်သောလူများအတွက် သော်လည်းကောင်း ၊ ထင်ရှားသိနိုင်သောပုံစံဖြင့် ဝတ်ပြုပူဇော်ခြင်းကို မသိနားမလည်သူများအတွက်သော်လည်းကောင်း ၊ ဘာသာယုံကြည်ကိုးကွယ်မှု၏ ပုံသဏ္ဍာန်များသည် တစ်ပြေးညီတူညီသော မှန်ကန်သောအဖြေရရှိမည် မဟုတ်ပေ။ (Gita-7.24)

၂။ လူတိုင်းသည် ၎င်း၏ပုဂ္ဂိုလ်ရေးဆိုင်ရာ မှတ်သားထားသောအသိဉာဏ်နှင့် ရိုးရာအစဉ်အလာမရှိပဲ ရပ်တည်နေနိုင်မည်မဟုတ်ပါ။ အကယ်၍ ကျွန်ုပ်တို့က သူ၏ရိုးရာအစဉ်အလာယုံကြည်ကိုးကွယ်မှုကို စွန့်လွှတ်စေလျက် သူ၏ အယူအစွဲအား စက္ကူတစ်ခုကို ဆုတ်ဖြဲလွှင့်ပစ်လိုက်သလိုပြုလုပ်ပါက သူသည် လွတ်ကင်းသော သူ့စိတ်၏ ဆွဲခေါ်ရာလိုက်ပါလျက် လမ်းကြောင်း အမှန်ပေါ်မှ လွဲချော်သွားလိမ့်မည်။

> ''လူ၏ နောက်ခံသမိုင်း ၊ မြစ်ဖျားခံသည့်အပိုင်းသည်တစ်စုံတစ်ရာအရေးပါ၏။ ပုဂ္ဂိုလ်ရေးရာသိမှတ်ဖွယ်ရာသည် သူ့အတွက်မှာ အရေးပါသည့် အပိုင်းကဏ္ဍပါ...
> အတိတ်ကာလ ငါတို့ရဲ့နောက်ခံသမိုင်းကို မေ့ပစ်ခြင်းဟာ ဘိုးဘွားဘီဘင် ငါတို့ရဲ့သမိုင်းစဉ်နှင့်မျိုးရိုးစဉ်ဆက် ဆင်းသက်လာသည့် အဖြစ်အပျက်ကိုမေ့ပျောက်ထားခြင်းပင်။ (Ibid,P.328)

အတိတ်ကာလ၏ ဖြစ်ရပ်သမိုင်းကြောင်းသည် ငါတို့၏လမ်းပြကြယ်ပမာ သူတို့၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးဖြစ်ရာ သင်ခန်းစာနှင့် စာပေယဉ်ကျေးမှုအရှိန်အဟုန်ကို စတင်တိုးတက်ခါစအချိန်အခါတို့တွင် ညွှန်ပြခဲ့၏။ သို့သော် အတိတ်ကာလကိုစွဲလန်းစွာဖက်တွယ်ထားပြန်ပါကလည်း တိုးတက်မှုမရှိသည့် အခြေအနေ ၊ သေသေချာချာဖြစ်လာမည့် သင်္ကေတပေတည်း။ အတိတ်ကာလ၏ ဖြစ်ပျက်မှုအလုံးစုံကို ပုံတူကူးချ ရုပ်ထုကို ငါတို့ပြုလုပ်၍ မရပေ။ ဘုန်းတန်ခိုးအာဏာ ဂုဏ်ပါဝါတို့ဖြင့် အတိတ်ကာလ ကြီးပွားချမ်းသာမှုကို တမ်းတလျက် ယနေ့ခေတ်ကာလ ကျွန်ုပ်တို့တွေကြုံခံစားနေရသော စိတ်ဆင်းရဲမှုများ ခံစားနေရခြင်းမှ လွတ်မြောက်၍ တိုးတက်ရန် ကြိုးစားအားထုတ်မှုမရှိဘဲ ၊ နှစ်သိမ့်အားပေးသည့် ကိုယ်ချင်းစာတရားကို ကျွန်ုပ်တို့အား အရှည်သဖြင့် ပေးနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ရာဇါခရစ်ရှနန်ကဲ့သို့ပင် လွန်ကဲမိုက်မဲစွာ အရိုအသေပြုခြင်းခံရသော အတိတ်ကာလက ပူဇော်ဦးခိုက်ခြင်းမျိုးကို ကျွန်ုပ်တို့မပြုလုပ်ရ။ အတိတ်ကာလ၌ ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုသည် တစ်ဘာသာတည်း ထီးထီးရပ်တည်မှုမရှိပါ။ ပစ္စုပ္ပန်ကာလ၏ဘာသာယုံကြည်ကိုးကွယ်မှုများသည်လည်း ၊ ၎င်းတို့၏ပြောင်းလဲမှုများနှင့် လိုအပ်ချက်များနှင့်အတူ အနာဂတ်ကာလအတွင်း ကိုက်ဖောက် ဝင်ရောက်နေပြီဖြစ်သည်။ ထို့ပြင် အတိတ်ကာလနှင့် ယနေ့ပစ္စုပ္ပန်ကာလ၏နေထိုင်သွားလာမှုတွင် သွေးကြောများအတွင်း၌ အာရုံခံစားမှုလှိုင်းတစ်ခုပမာလှုပ်ရှားသွားသည်။ ထို့ကြောင့် အတိတ်ကာလကိုလည်း ပြန်လည်သုံးသပ်ရမည်ဖြစ်ပြီး ယနေ့ပစ္စုပ္ပန်နှင့် အနာဂတ်ကာလများ၏ အလင်းရောင်ဖြင့် ပြန်လည်သစ်လွင်လာစေရမည်။

ထို့ပြင် ရာဇါခရစ်ရှနန်သည် အတိတ်ကာလက ဗြဟ္မဏများအတွက်သာရရှိသော အခွင့်အရေးများကို စဉ်းစားနေသည်။ ထို့ပြင် သန်းပေါင်းများစွာသော သုဒ္ဒရ (Shudras) များသည် အများဆုံးပါဝင်သည်မှာ အလွန်သိသာထင်ရှားသည်။ သုဒ္ဒရများ (Shudras) သည် အတိတ်ကာလ၌ ဒုက္ခများစွာခံစားခဲ့ကြရပြီး ၎င်းတို့အတိတ်ဖြစ်စဉ်သမိုင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကို မေ့ပျောက်သည့်အဖြစ်သို့ လက်ဆင့်ကမ်းရန်လိုလားချက်အား ထိန်းသိမ်းထားရမည့်အစား သုဒ္ဒရ (Shudras) အဖြစ်မှ ဗုဒ္ဓဘာသာဝင် (Buddhists) အဖြစ်သို့ပြောင်းလဲသည်အထိ ဒုက္ခခံစားခဲ့ရသည်။

တဖန် ကမ္ဘာ့ဖြစ်စဉ်သမိုင်းသည် အတိတ်ကာလတွင် ပြောင်းလဲခဲ့သော ကမ္ဘာ့ပုံစံကားချပ်အား ရှုမြင်ချက်နှင့်အတူ တစ်ခုတည်းသော ကမ္ဘာ့အဖြစ် ပြောင်းလဲပစ်ရေးကို ရှေးရှုလျက် လူမျိုးတစ်မျိုး အစိုးရတစ်ဖွဲ့နှင့်ပါလီမန်လွှတ်တော်တစ်ခုအဖြစ်သို့ ရွေ့လျားပြောင်းလဲနေသည်။ ဒေသဆိုင်ရာဖြစ်စဉ် သမိုင်းများက ဤကမ္ဘာလောက၏ လှုပ်ရှားမှုအတွင်း ၎င်းတို့၏ နေရာယူရန် ရှိပေသည်။

ဆက်လက်၍ တစ်ဦးတစ်ယောက်သည် အိန္ဒိယပြည်၏ အတိတ်ကာလဖြစ်စဉ်သမိုင်းကို ပြောသောအခါ၎င်းသည် အင်ဒို-အာရိယမ်လူမျိုးတို့၏ ဖြစ်စဉ်သမိုင်းအကြောင်းကို ပြောဆိုနေသည်။ သို့မဟုတ် တမီးလ်လူမျိုးများ (Tamilians) တို့၏ အကြောင်းကိုလည်းကောင်း သို့မဟုတ် များစွာသော အိန္ဒိယနိုင်ငံ၏ အစောဆုံးအချိန်ကာလကတည်းက တည်ရှိနေထိုင်ခဲ့ကြသော လူမျိုးများ ၊ သို့မဟုတ် မူဆလင်များတို့ ပါဝင်ပါသလား။ အခြားသော လူမျိုးအားလုံးကို မသိကျိုးကျွံပြု၍ စာရင်းမသွင်းခြင်းသည်လည်းကောင်း ၊ ထို့ပြင် အာရိယမ်လူမျိုးတစ်မျိုးတည်း၏ ဖြစ်စဉ်သမိုင်းကိုသာ အလေးပေးခြင်းသည်လည်းကောင်း ၊ တစ်စည်းတစ်လုံးတည်းသော အမျိုးသားတစ်ရပ်ထူထောင်ရေး သို့မဟုတ် အိန္ဒိယနိုင်ငံအား ၎င်း၏ အမျိုးမျိုးအစားစားကွဲပြားနေသောလူများ အားလုံးပါဝင်သည့် ချမ်းသာကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်လာရေးလမ်းစတစ်ခု မဟုတ်ပေ။

ဘင်္ဂလားဒေသ၏ သုဒ္ဒရလူမျိုးသည် အစ္စလာမ်ဘာသာသို့ပြောင်းလဲဝင်ရောက်ကြစဉ် သူတို့သည် ၎င်းတို့၏ လူပုဂ္ဂိုလ်ဆိုင်ရာနှင့် မိရိုးဖလာရှေးဟောင်းစဉ်သမိုင်းကြောင်းဖြစ်စဉ်များ မရှိပဲနေထိုင်ခဲ့ကြပါသလား။ ထိုအရာသည် အကြီးမြတ်ဆုံးသော အရှင်မြတ်၏ မေတ္တာတော် အရိပ် (Under the umbrella of one overarching Allah)၌ အစ္စလာမ်များအားလုံးပါဝင်သည့် ညီအစ်ကိုပမာ စည်းလုံးညီညွတ်မှုထူထောင်ခြင်းသည် ၎င်းတို့၏ လွတ်မြောက်မှု သမိုင်း မဟုတ်ပါလား။ သုဒ္ဒရများ (Shudras)များ၏ အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာများ အဖြစ် ပြောင်းလဲကိုးကွယ်ခြင်းအား ၎င်းတို့သည် သတိလွတ်ကင်းသည့် စိတ်၏ ဆွဲခေါ်ရာပါသွားပြီး လွဲချော်သောလမ်းပေါ်သို့ ရောက်ရှိသွားသည်ဟူ၍ ပြောဆိုခြင်းမှာ အလွန်အကျူးတရားသေဝါဒစွဲကိုင်မှု ဖြစ်ပေလိမ့်မည်။ တောလိုက်မုဆိုးခေါင်းဆောင် ခါဆီ (Khasi) နှင့်

အခြားသော အိန္ဒိယနိုင်ငံ၏ ရှေးဦးလူမျိုးစုများသို့ ခရစ်ယာန်ဘာသနာရောက်ရှိလာခြင်းမှာ ကြီးစွာသော မင်္ဂလာတရားဖြစ်သည်ကို မည်သူက ငြင်းနိုင်ပါမည်နည်း။ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းလာသည့် သုဒ္ဒရများ (Shudras) များ၏ကိုယ်ကျင့်တရားနှင့် စိတ်ဓါတ်ရေးရာ မြင့်မားလာခြင်းကို မည်သူကငြင်းဆိုနိုင်ပါမည်နည်း။ ဤအချက်သည် ရာဒါခရစ်ရှနန်၏ နောက်တဆင့် အနေအထားနှင့်စပ်လျဉ်း၍ သိမြင်ထားရမည့်အချက်ဖြစ်သည်။

၃။ ဆန်းသစ်တီထွင်မည့် ဘာသာယုံကြည်ကိုးကွယ်မှု၏ နည်းလမ်းတစ်ခုအနေဖြင့် သဘာဝတရားကသင်ပေးသည့် ဘာသာရေးဆိုင်ရာယုံကြည်ချက်၌ မည်သည့်ပေးအပ်သော ယုံကြည်ကိုးကွယ်မှုမဆို ကျော်လွန်သော ပြည့်စုံသည့် အကျိုးကျေးဇူးရရှိနိုင်သည်။

> " ဘာသာယုံကြည်ကိုးကွယ်မှုအသစ်တစ်ခုကို ကူးပြောင်းဝင်ရောက်လာသူတစ်ဦး အဖို့ရာ၌ သူကိုယ်တိုင် သို့တစ်ကြိမ်တစ်ခါမျှ မကြားဘူးသည့် ထူးဆန်းသော စကား ပြောကြားလာသည်ဟုထင်ရ၏။ သူသည်အမွေအနှစ်ခံစားခွင့်မရှိသော တရားမဝင်သည့် ကလေးတစ်ယောက်ကဲ့သို့ စိတ်တွင်ခံစားရသည်။ သူသည်ဘာသာကိုးကွယ်မှု အသစ် ကိုစိတ်အားထက်သန်မှု သို့မဟုတ် သဘာဝအလျောက် တိုးတက်မှု မရှိပေ။"
>
> (Ibid,P.328)

မှန်ပါ၏။အနောက်တိုင်းခရစ်ယာန်ဘာသာယုံကြည်မှုပုံစံကို ပုံတူကူးချယုံမှုဖြင့် အိန္ဒိယ လူမျိုး ခရစ်ယာန်ဘာသာဝင်များ၌ ဘာသာကိုးကွယ်မှုအသစ်၏ကျေးဇူးကြောင့် ကြီးကျယ်သော ရတ်တရက် ပြောင်းလဲမှု တစ်စုံတစ်ရာမရှိသေးပါ။များစွာသော အနောက်တိုင်းအယူအစွဲများ ဖြစ်သည့် သခင်ယေရှုအား အပျိုစင်စစ်က ဖွားမြင်တော်မူသည်ဟူသော အယူအဆ (Virgin birth of Jesus )၊သခင်ယေရှု ပြန်လည်ထမြောက်ခြင်း(Rsurrection of Jesus)။သူ၏ ဒုတိယ အကြိမ်လာရောက်ခြင်း အစရှိသောယုံကြည်ချက်များအား အိန္ဒိယဘာသာကိုးကွယ်မှု ဆိုင်ရာ တွေးခေါ်မှုအား မှန်မှန်ညက်ညက်ဖြစ်အောင် ကျိတ်ချေ၍မရခဲ့ပေ။အကြောင်းတရားတစ်ရပ်အနေ ဖြင့် ဘက်တီဝတ်ပြုပူဇော်မှု (Bhakti)နှင့် အဝိဇ္ဇာအယူအဆဖြစ်သော ထာဝရဘုရားသခင်(ဝါ) နတ်ဘုရားသခင်အားသိရှိနားလည်မှုနှင့် တကယ့်အစစ်အမှန်ရှိသော အရာကို တရားအားထုတ် ခြင်းမှ ရရှိနိုင်သည်ဟုဆိုခြင်းကို လျစ်လျူရှုထားခြင်းက အိန္ဒိယလူမျိုးခရစ်ယာန်ဘာသာဝင်များ၏

ထာဝရဘုရားသခင် (ဝါ)နတ်ဘုရား၏သဘောသဘာဝနှင့် ဘာသာကိုးကွယ်ကိုးကွယ်မှုဆိုင်ရာ အခြေခံယုံကြည်ချက်ကို သိပ္ပံနည်းကျလေ့လာမှု အားနည်းချက်ဖြစ်စေခဲ့သည်။သို့သော် အိန္ဒိယ လူမျိုးခရစ်ယာန်ဘာသာဝင်များအနေဖြင့် အဘယ်ကြောင်းကြောင့် အိန္ဒိယလူမျိုးခရစ်ယာန်ဘာသာ ဝင်များအတွက် ထာဝရဘုရားသခင်၏ သဘောသဘာဝနှင့် ဘာသာယုံကြည်ကိုးကွယ်မှု အခြေခံ သဘောတရားကို သိပ္ပံနည်းကျလေ့လာမှု မပြုနိုင်ခဲ့ခြင်း နှင့်စပ်လျဉ်း၍ ရှင်းလင်းချက်မပေးပါ။ ယခုအခါ အစ္စလာမ်ဘာသာအပေါ် ဤဆန်းစစ်ဝေဖန်မှုများသည် မှန်ကန်မှုရှိခဲ့ပေ။

၄။ ရှာဒါခရစ်ရှနန်က ဘာသာယုံကြည်ကိုးကွယ်မှုများ အားလုံးပါဝင်သည့် ရောနှော ပေါင်းစုခြင်းဖြင့် (cross - fertilization of ideas)ပိုမိုထက်မြက်ရင့်သန်သော အတွေးအခေါ် အယူအဆများဖြစ်ပေးလာရေးအတွက် အရေးပါသော အဆိုလွှာတစ်ခု တင်ပြခဲ့သည်။ (Ibid,P.320)။ ထို့ပြင်ဘာသာယုံကြည်ကိုးကွယ်မှု ပြောင်းလဲရေးအတွက် အခြားဘာသာယုံကြည် ချက်များ၏စံတန်ဘိုးလျော့နည်းလာခြင်းနှင့် အထင်အမြင်သေးခြင်းအပေါ် အခြေခံထားသည့် အများ ဆုံးဖြစ်သည့်ဖြစ်ရပ်များတွင် သာသနာပြုလုပ်ငန်း၏ဂွဲသတ္တိကို အသိအမှတ်ပြုရပါမည်။(Fragments of a Confession, P.74)

ရာမခရစ်ရှနန်က သာသနာပြုလုပ်ငန်းဆိုင်ရာဂွဲသတ္တိသည် အခြားဘာသာယုံကြည် ကိုးကွယ်မှုများ၏ စံတန်ဘိုးလျော့နည်းလာခြင်းနှင့် အထင်အမြင်သေးခံရခြင်းအပေါ် အခြေခံသည် ဟု ထင်မြင်သည်။အဲဒီအတိုင်းရောမှန်ပါရဲ့လား ။မမှန်ပါ။မဟုတ်ပါ ။အချိန်ကာလနှင့် အတွေ့အကြုံ အရ အရ မိမိကိုယ်ကိုမိမိ စွန့်လွှတ် အနစ်နာခံခြင်းသည် အခြားသူများနှင့်အတူ မြင့်မြတ်စွာဖြင့် တန်ဘိုးရှိသော ဘာသာရေးအတွက် အလုပ်အကျွေးပြုသည့်ဘဝနှင့်အတွေ့အကြုံကို မျှဝေခံစား မှုသည် သာသနာပြုလုပ်ငန်းဆိုင်ရာ ဂွဲသတ္တိဖြစ်နိုင်ပါလိမ့်မည်။ဤနေရာတွင် ရာမခရစ်ရှနား (Rama Krishna)အား ကျွန်ုပ်တို့ သတိပြုမိကြပါ၏။တန်ဘိုးကြီးမားသော ပုလဲရတနာကို ရှာဖွေခြင်းမှာ ''၎င်း၏တန်ဘိုးအလွန်ကြီးမှုကို သိနားလည်သော်လည်း၎င်းတစ်မျိုးတည်းဖြင့် ဝတ်ဆင်၍မရ''သကဲ့သို့ သာသနာပြုလုပ်ငန်းများက လူအားလုံးသို့ ကောင်းမြတ်သောတွေ့ရှိ ချက်များကို ကြေငြာရသည်။(Teaching of Sri Ramakrishna ,Verse 149)။ဘာသာ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အတွေ့အကြုံရရှိပြီးနောက် သာသနာပြုပုဂ္ဂိုလ်တစ်ယောက်သည်

ကမ္ဘာတစ်ဝှမ်းလုံးရှိ ငှင်းသာဝကအား တရားဟောကြားရန် သူသည် ထာဝရဘုရားသခင်၏ ခန့်အပ်တာဝန်ပေးခြင်းခံရပြီဟူ၍မှတ်စုမှာ -

"အချို့သော ပုဂ္ဂိုလ်များသည် ငှင်းသရက်သီးတစ်လုံးစားသုံးသည်ကို အခြားသူများ မသိစေချင်သဖြင့် သူ၏နှုတ်ခမ်းကို သန့်ရှင်းစွာသုတ်၏။သို့သော် အချို့သောပုဂ္ဂိုလ်များကမူ ငှင်းရရှိသည့် သရက်သီး တစ်လုံးကို မျှဝေသုံးဆောင်နိုင်ရန် အခြားသူများအား ဖိတ်ခေါ်၏။ထို့ကြောင့် ဘုရားသခင်ဝမ်းသာ ပျော်ရွှင်သည်ကို သိနားလည်သူများသည် အခြားသူများလည်း သိမြင်နားလည်နိုင်ကြပါစေဟူသော စေတနာဖြင့် ငှင်းတို့ရှိရာသို့ မသွားရမနေနိုင်ပဲ ရပ်နားနေခြင်းလည်း မပြုနိုင်။(T.714)

ထို့ကြောင့် အချိန်ကာလများစွာတို့၌ များစွာသော ကိုယ်ကျိုးစွန့်လွှတ်အနစ်နာခံမှု အပေါ်၌သာ အခြေပြုခြင်း မဟုတ်ပဲ အခြားသူများအပေါ် ချစ်ခင်ကြင်နာသနားညှာတာသော စိတ်နှင့် ကြီးမားသောစွန့်စားလိုစိတ်ဖြင့် လုပ်ကိုင်လိုသည့်အပေါ်၌လည်း အခြေခံသည်။ထို့အပြင် ထာဝရဘုရားသခင်နည်းတူ နေထိုင်လျက် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ အတွေ့အကြုံကို မျှဝေခံစားရန် အတွက်သော်လည်းကောင်း၊သာသနာပြုလုပ်ငန်းကို မဆိုင်းမတွချက်ခြင်းလက်ငင်း လုပ်ကိုင်ပြကြသည်မှာ အမှန်ပင်ဖြစ်၏။

သူသည် ပုခုံးနှစ်ဖက်အကြား ခေါင်းပေါက်ပုံခြင်းတူညီသော်လည်း အယူအဆစိတ်သဘောထားချင်း မတူညီကြပဲ ၊အမျိုးမျိုးကွဲပြားသည့် သဘောသဘာဝကြောင့် ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုသည် လူအားလုံးအတွက် ကိုက်ညီမှုမရှိဟု ဆိုခြင်းကို လက်ခံရပေမည်။ ရှန်ကာရ (Shankara)သည် ပင်လျှင် ခတ္တိယဝါဒီများအတွက် (for the Kshatriyas)၊ ကမ္မယောဂကျင့်စဉ် (Karma Yoga)ကိုလည်းကောင်း ၊ဗြဟ္မဏဝါဒီများ (Brahman)အတွက် သို့မဟုတ် men with sattvic cast of mind ခေါ် ဇာတ်ခွဲခြားသည့် စိတ်ထားရှိသူများအတွက် ဉာဏယောဂကျင့်စဉ် (Jnana Yoga)ကိုလည်းကောင်း ထောက်ခံထားသည်။ထို့ကြောင့် မတူညီကွဲပြားစေကာမူ ဘာသာယုံကြည်ကိုးကွယ်မှုများသည် ယင်းတို့၏ ကွဲပြားခြားနားမှုအတိုင်း ရှင်သန်ပွင့်လန်းစေရမည်။၎င်းအကြောင်းကို ဂီတာကျမ်းက သင်ကြားပေးခဲ့ပြီး ခေတ်သစ်ကာလတွင် စီဂျီဂျွန်း (C.G.Jung )က သင်ပြခဲ့သည်။ အဘယ်ကြောင့် သာသာနာပြုအဖွဲ့တစ်ခုသည်

အချို့သောလူများနှင့် သင့်တော်၍ သူတို့လက်ခံနိုင်ပြီး ဘာသာရေးအကျိုးကျေးဇူးရရှိနိုင်မည့် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဟောပြောမှုနှင့် ဝတ်ပြုဆုတောင်းမှုကို မပြုလုပ်သင့်ရပါ သနည်း။ဤကိစ္စနှင့် ဆက်စပ်ပတ်သက်၍ ရာဒါခရစ်ရှနန်က ကမ္ဘာလုံးဆိုင်ရာ ဘာသာယုံကြည် ကိုးကွယ်မှု၏ အကြီးဆုံးသော ဝိဉာဉ် (Supreme Spirit )အား ဝတ်ပြုဆုတောင်းခြင်းကို ထောက် ခံသည်။

(မှတ်ချက်။ Spirit ဆိုသောစကားလုံးနှင့်ပတ်သက်၍ Idiomatic and Syntatic English Dictionary ၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

Spirit ('spirit)n- 1. Soul,intelligent or immaterial part of man.

2. that part of a human being thought of as separate from the body,supernatural being.

3. sprite,elf .goblin.

4. life and conciousness not associated with a body; desembodied soul

5. (c) (always with an adj)person considered from the intel lectual,moral,or emotional point of view.

6. quality of courage, vigour,liveliness.

7. (sing.only )mental or moral attitude

8. (u)real meaning or purpose underlying a law, etc.

9. (pl)state of mind (as being happy , hopeful ,etc,or oppsite)

10. (sing.only)influence or tendency that rouses or causes of development.

11. industrial alcohol.

12. (pl) solution (of sth) in alcohol.

13. (usu .pl) strong alcholic drinks (eg. whisky,brandy,gin,rum)

spirit['spirit]vt. (VP.10 with away,off)take( sb or sth)rapidly,secretly,or mysteriously

spiritual['sprinJual,tsual]adj. 1. of the spirit of soul of religion ,not of materisl things: of,from,God
2. of spirit:supernatural
3. caring much for thing of the spirit
4. of the church.

အထက်ပါအတိုင်း spirit နှင့်စပ်လျဉ်း၍အဓိပ္ပါယ်များစွာ ထုတ်ယူနိုင်သည်ဖြစ်ရာ စာဖတ်သူအနေဖြင့် ဤ''ဘာသာပေါင်းစုံ နိုင်းယှဉ်လေ့လာချက် '' ဟူ၍ရေးသားထားသည့် စာအုပ်မှ spirit ဟူသော စကားလုံးနှင့် ၎င်းနှင့်ဆက်စပ်သည့် နာမ်ပုဒ် ၊ကြိယာပုဒ် ၊ကြိယာဝိသေသနပုဒ် စသည့်တို့ကို သင့်လျော်သလိုအဓိပ္ပါယ်ကောက်ယူနိုင်ရန်ဖော်ပြအပ်ပါသည်။-ဘာသာပြန်သူ)

ဟုတ်ကဲ့ခင်ဗျာ တစ်ခုသောအမြင် ရှုဒေါင့်တွင် ဤအမြင့်ဆုံးသော အသိဉာဏ်(Supreme Spirit)သည် ဘာသာယုံကြည်ကိုးကွယ်မှုအားလုံးက ရည်ညွှန်းပြောဆိုခြင်းခံရသည့် ဗြဟ္မာကြီး (Brahman)ဖြစ်သည်။သို့သော် ဤအမြင့်ဆုံးသော အသိဉာဏ်အား အချို့သော တစ်ဆူတည်းသော ထာဝရဘုရားသခင် (ဝါ)နတ်ဘုရားသာရှိသည်ဟူ၍ ယုံကြည်ချက်ထားသည့်ဘာသာမှ တဆင့် ချဉ်းကပ်နိုင်ပါသည်။သို့သော် ထာဝရဘုရားသခင်သည် တစ်ဆူတည်းသာဖြစ်ဟူ၍ ယူဆသောဘာသာယုံကြည်ကိုးကွယ်မှု၏ အမြင့်ဆုံးသော အသိဉာဏ် (Supreme Spinit)မှာ တူညီစွာ ယုံကြည်ကြစေလိုသည့် ၎င်းတို့၏ဆန္ဒဖြစ်သည်။ထို့ကြောင့် လူတိုင်းလူတိုင်းက ဤအမြင့်ဆုံးသော အသိဉာဏ် (Supreme Spirit)အား ဝတ်ပြုကိုးကွယ်သည်ဟူ၍ မပြောနိုင်ချေ။ဗြဟ္မာကြီးအားသာလျှင် (Only of Brahman)၎င်း၏အရည်အသွေးကို သဘာဝအတိုင်း ကြည့်မြင်ခြင်းနှင့်အတူ ဝတ်ပြုကိုးကွယ်မှုဖြစ်နိုင်သည်။အဆင့်မြင့်သည့် အကြီးဆုံးသော အသိဉာဏ် (Supreme Spirit) ပုံစံသို့ ဦးတည်ချက်ထားခြင်းဖြင့်သာလျှင် လူတစ်ဦးတစ်ယောက်သည် ဆုံးခန်းတိုင် ရည်မှန်းချက်သို့ရောက်ရှိသည်။သို့သော် လူတစ်ဦးတစ်ယောက်သည် အဆိုပါသတ္တဝါများအပေါ် ရင်ဝယ်သားကဲ့သို့ မေတ္တာဓါတ်မခွဲခြားသော အကြီးဆုံးစိတ်ဝိဉာဉ် (differenceless Supreme Spirit)ခေါ်

ဗြဟ္မာ့ဘုံသို့ သင်္ခါရတရား အမိုးလွှားကို တဖြည်းဖြည်းပါးလွှာအောင် ခွာချမှသာရောက်ရှိနိုင်ပေ လိမ့်မည်။မခွဲမခြား တစ်သားတည်းထားသည့် မေတ္တာ ၊ဂရုဏာ ၊မုဒိတာ ၊ဥပက္ခာ တည်းဟူသော ဗြဟ္မာ့ဝိဟာရတရားကဲ့သို့ အမြင့်ဆုံးသော အသိဉာဏ် (Supreme Spitit as differenceless Brahman)အား ယုံကြည်ကိုးကွယ်မှုဖြစ်သော ဤဘာသာရေးအစဉ်အလာ၌ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက် သည် ၎င်းဝတ်ပြုကိုးကွယ်လျက်ရှိသော တစ်ဆူတည်းသော ဘုရားသခင်(ဝါ) နတ်ဘုရားရှိသည်ဟူသော ယုံကြည်ချက်ကို စွန့်လွှတ်ရန်မလိုပါ။သို့သော် လူတစ်ဦးတစ်ယောက် သည် ထာဝရဘုရားသခင်တစ်ပါးတည်းသာရှိသည် ဟူသော ၎င်းဝတ်ပြုကိုးကွယ်မှုကိုမူ သန့်စင် ရွေးထုတ်ယူရန်နှင့် ဖြူစင်မြင့်မြတ်မှုကို လက်ကိုင်ပြုရန်တော့လိုအပ်သည်။တစ်နည်းအားဖြင့် အမြင့် ဆုံးသောအသိဉာဏ် (Supreme Spirit)ကို ဝတ်ပြုကိုးကွယ်ကြကုန်သောသူများသည် အသိဉာဏ် ပညာမပါသော ဝတ်ပြုကိုးကွယ်မှုဖြစ်စေ ၊ထို့အပြင် ထာဝရဘုရားသခင် တစ်ပါး တည်းသာရှိသည်ဟူသော ယုံကြည်ချက်ဖြင့် ဝတ်ပြုကိုးကွယ်သော အစဉ်အလာအတိုင်း လုံးဝ ဥဿုံပြီးပြည့်စုံသော အဆင့်အတန်းအဖြစ် အပြည့်အဝအသိအမှတ်ပြုခြင်းအားဖြင့် ဝတ်ပြုကိုးကွယ် နိုင်ပါသည်။ဤအချက်သည် ဗြဟ္မာကြီးအား ရှင်းလင်းပြတ်သားစွာတွေ့မြင်နိုင်သော ပုံစံများနှင့် ရှင်းလင်းပြတ်သားစွာ တွေ့မြင်နိုင်သော ပုံစံများနှင့် ရှင်းလင်းပြတ်သားစွာ မတွေ့မြင်နိုင်သောပုံစံ တို့ဖြင့် ဝတ်ပြုကိုးကွယ်ခြင်း၌ မှန်ကန်မှုရှိသည်ဟူ၍ ဂီတကျမ်း (the Gita)တွင် တွေ့ရသည်။ (VII.24)။ထို့ကြောင့် ဤစာအုပ်တွင် ဘာသာယုံကြည်ကိုးကွယ်မှုများ စည်းလုံးညီညွတ်ရေး ကို အကြောင်းအကျိုး ဖြစ်ရိုးစဉ်လာဓမ္မတာနှင့်အညီဖြစ်ပေါ်ခဲ့သည့်အတိုင်း အကြီးဆုံးသော စိတ် ဝိဉာဉ် (Supreme Spirit)ကို ဝတ်ပြုကိုးကွယ်မှုဟူ ဆိုခြင်းမှာ မှားယွင်းစွာအဓိပ္ပါယ်ဖွင့်ဆိုချက် သို့မဟုတ် မှန်ကန်စွာ အဓိပ္ပါယ်ဖွင့်ဆိုချက် ဖြစ်နိုင်ဘွယ်ရာရှိသည်။အတိအကျသတ်မှတ်ထား သော ဤဖော်ပြချက်၌ ရာဒါခရစ်ရှနန်က အရေးကြီးသောအခြားအချက်တစ်ခုကို ရေးသားခဲ့သည်

> ''ကျွန်ုပ်တို့ရည်မှန်းချက်ကို ခရစ်ယာန်ဘာသာဝင်များအား ဗုဒ္ဓဘာသာဝင်အဖြစ်သို့ လည်းကောင်း၊သို့မဟုတ် ဗုဒ္ဓဘာသာဝင်များအား ခရစ်ယာန်ဘာသာဝင်အဖြစ်သို့ လည်း ကောင်း၊ပြောင်းလဲသွားအောင် လုပ်ရန်မသင့်ပါ။သို့သော် ဗုဒ္ဓဘာသာဝင်များနှင့် ခရစ် ယာန် ဘာသာဝင်များအား မိမိတို့၏ မိရိုးဖလာ ကိုယ်ပိုင်ယုံကြည်ကိုးကွယ်မှုများနှင့်

ငင်းတို့၏ လူမှုရေးဘဝ မြင့်တင်ရေးအတွက် အခြေခံအားဖြင့် အမှန်တရားကို ပြန်လည်ရှာဖွေဖော်ထုတ်နိုင်စေရန် ဖြစ်ပါပေ၏"

(Fragments of a Confession.P.74)။

ဥပမာ ဥပမေယျ အချက်အလက်တစ်ခုကို ထုတ်ပြသည့် အနေဖြင့်ဗြဟ္မာဉာဏ၏အမြင့်ဆုံးသော အဆုံးသတ်သိနားလည်မှု (the end of Brahman - realization)အား သာမန်အားဖြင့် ရပ်တည်လှုပ်ရှားနေသောဘဝနှင့် ဘာသာရေးပတ်ဝန်းကျင်မှ စွန့်ခွာသွားသည့် အချက်အဖြစ် သိနားလည်ရသည်။ဤအချက်သည် လူသားအသစ်မွေးဖွားသန့်စင်ခြင်း(a birth into a new being)ဖြစ်သည်။တကယ့်စစ်မှန်သည့် အမြင်ရှုဒေါင့်မှကြည့်လျှင် ဘာသာယုံကြည်ကိုးကွယ်မှုထားရှိသည့် လူတစ်ယောက်သည် မြင့်မြတ်သောလူတစ်ယောက်အဖြစ်သို့ ပြောင်းလဲသွားခြင်းဟူသော စစ်မှန်သည့် အဓိပ္ပါယ်ဖြစ်သည်။ဤအချက်သည် ဘာလ်မီကီ (Balmiki)၊တူလ်ဆီဒတ်စ် (Tulsidas )နှင့် အချို့သော အယ်လ်ဗား (စ်) (Alvas)များ၏ ဘဝ၌ ကောင်းစွာထင်ဟပ်မြင်တွေ့နိုင်သော သာဓကမြင်ကွင်းများဖြစ်သည်။ခရစ်ယာန် သာသနာတွင် ဆိုးလ် (Soul)သည် စိန့်ပေါလ် (St.Paul)အဖြစ်သို့လည်းကောင်း ၊တံငါပီတာ(Peter the fisherman)သည် လူအများကိုခရစ်ယာန်သာသနာသို့ ဝင်ရောက်စေသူတစ်ဦးဖြစ်လာသည်။

ဘာသာယုံကြည်ကိုးကွယ်မှုပြောင်းလဲခြင်းကိစ္စတွင် ရင်ထဲရှိနှလုံးအတွင်းမှ ပြောင်းလဲသွားခြင်းမျှသာ မဟုတ်သေးဘဲ လူသားအသစ်ဖြစ်ပေါ်ခြင်း သို့မဟုတ်ထာဝရဘုရားသခင်အား မဏ္ဍိုင်အဖြစ်ထားသည့် အသဲနှလုံးမှ ပြောင်းလဲခြင်း (Conversion)ဖြစ်သည်ဟူသော အချက်ကို ဆန့်ကျင်၍ မည်သူတစ်ဦးတစ်ယောက်မျှ မပြောဆိုနိုင်ပေ။သို့ရာတွင် အဆိုပါအချက်ကို ဆန့်ကျင်လျက် ရာဒါခရစ်ရှနန်က ဘာသာယုံကြည်ကိုးကွယ်မှု ကူးပြောင်းဝင်ရောက်ခြင်း (Proselytization) ဟူ၍ အကြိမ်ပေါင်းများစွာ ပြောခဲ့သည်။သို့သော် ဘာသာယုံကြည်ကိုးကွယ်မှုကူးပြောင်းသူတစ်ဦး (a proselyte)သည် အသဲနှလုံးထဲမှ ပြောင်းလဲလိုသည့် စိတ်ဆန္ဒမပါပဲ ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုကို စွန့်လွှတ်၍ အခြားဘာသာယုံကြည်ကိုးကွယ်မှုဖြင့်အစားထိုးခြင်းဖြစ်သည်။သို့သော် ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုမှ အခြားဘာသာ ယုံကြည်ကိုးကွယ်မှုတစ်ခုသို့ ကူးပြောင်းဝင်ရောက်ခြင်းမှာ အချိန်ကာလအားဖြင့် မှတ်သားမိခြင်းမရှိတော့သည့်

အချိန်မှစ၍ အိန္ဒိယပြည်နှင့်ကမ္ဘာတစ်ဝှမ်းလုံး၌ရှိခဲ့သော သမိုင်းအစဉ်အဆက် ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့်ဖြစ်စဉ် တစ်ရပ်ဖြစ်၏။

လူမျိုးနွယ်စုများစွာတို့သည် အိန္ဒိယပြည်တွင်းသို့ ဝင်ရောက်လာကြပြီး အခြေစိုက်၍ အစဉ်တစိုက် နေထိုင်လာခဲ့ကြသည်။ယာဗမ်နာ့စ်လူမျိုးများ (the Yayanas)၊ဆချိသီယမ်လူမျိုးများ (the Schythians) ၊ပါသီယမ်လူမျိုးများ (the Parthians) ၊ဆကာစ့်လူများများ (the Sakas)နှင့် ဟူနာ့စ်လူမျိုးများ (the Hunas)တို့သည် အိန္ဒိယနိုင်ငံအတွင်း ဝင်ရောက်လာခဲ့ပြီးနောက် ဟိန္ဒူဘာသာယုံကြည်ကိုးကွယ်မှုသို့ အသွင်သဏ္ဍာန်ရော အနှစ်သာရပါ ဝင်ရောက်ကူးပြောင်းခဲ့ကြသည်။အလားတူစွာပင် ဗုဒ္ဓဘာသာဝင်များလည်း စစ်မက်ရေးရာဖြစ်ပွားသည့် အချိန်အခါများ၌ အိန္ဒိယပြည်အတွင်း ဝင်ရောက်လာခဲ့ပြီး အများအားဖြင့် သုဒ္ဓရလူမျိုးများ (Sudaras) သည် ဟိန္ဒူဘာသာဝင်များဖြစ်လာခဲ့ကြသည်။ထိုနည်းတူစွာ မူဆလင်များသည် အိန္ဒိယပြည်အတွင်းဝင်ရောက်ခဲ့ပြီး သုဒ္ဓရလူမျိုးများနှင့် ဇာတ်မြင့်အနွယ်ဝင်များကိုပင်လျှင် အစ္စလာမ်ဘာသာသို့ ကူးပြောင်းဝင်ရောက်စေခြင်းကို အောင်မြင်စွာလုပ်ကိုင်ခဲ့ကြသည်။ခရစ်ယာန်ဘာသာသည်လည်း ဘာသာယုံကြည်ကိုးကွယ်မှုကူးပြောင်းလာစေခြင်းကို ၎င်း၏သာသနာပြုပုဂ္ဂိုလ်များ အိန္ဒိယပြည်အတွင်းသို့ ခရီးသွားလာကြစဉ် ဘာသာရေးဆိုင်ရာ ဟောပြောမှုများကြောင့် အလားတူဖြစ်ရပ်များရှိခဲ့သည်။ဘီဟာပြည်နယ် (Bihar)နှင့် ဥတ္တာပရာဒေးရှ်ပြည်နယ် (Uttar Pradesh) တို့မှ ဗုဒ္ဓဘာသာဝင်များထဲမှ ဟိန္ဒူဘာသာသို့ ကူးပြောင်းဝင်ရောက်သူများစွာ မရှိခဲ့ဘူးလား။ သို့ဖြစ်ပါလျက် ယခုအချိန်မှအုတ်ငြော် သောင်းနင်း အတင်းအဖျင်းပြောဆိုနေကြပါသနည်း။ အကြောင်းအကျိုးဖော်ပြချက်ကတော့ရှင်းနေပါသည်။ဗြဟ္မဏ (Brahmins)တို့ဦးဆောင်သည့် နိုင်ငံရေးစင်မြင့်ပေါ်၌ဟစ်အော်နေကြခြင်းကြောင့်ဖြစ်၏။ဟိန္ဒူဘာသာ၏ အနက်အဓိပ္ပါယ်မှာ ဇာတ်ခွဲခြားမှုစနစ်နှင့် ဗြဟ္မဏလူမျိုးများအား ရဟန်းပုဏ္ဏား ပညာရှိအဖြစ် အမြင့်ဆုံးသောလူတန်းစား၌ ယုံကြည်လက်ခံခြင်းဖြစ်သည်။ဤသို့သော ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ အရှိန်ဩဇာလွှမ်းမိုးမှုဟူသော လှုပယောဂကြောင့် ဗြဟ္မဏလူမျိုးများသည် အိန္ဒိယနိုင်ငံ၏ အုပ်စိုးသူများဖြစ်လာကြသည်။ သို့သော် အိန္ဒိယနိုင်ငံသည် ဘာသာယုံကြည်ကိုးကွယ်မှုကို ရှေ့တန်းမတင်သော ပြည်ထောင်စု သမ္မတနိုင်ငံ (Secular Republic)ဖြစ်ပါသလား။Secularism ခေါ် ကိုယ်ကျင့်

သီလနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှု၌ အခြေမခံဟူ၍ ယုံကြည်ချက်ယူဆချက်မှာ အားလုံးသောဘာသာယုံကြည်ကိုးကွယ်မှုများအား အညီအမျှရိုသေလေးစားမှု အဓိပ္ပါယ်မဟုတ်ပါလား။

Secularism ခေါ် ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှုအပေါ်၌ အခြေမခံဟူသော အယူအဆသည် ဘာသာရေးကျင့်စဉ်များအား လွတ်လပ်စွာကျင့်သုံးခွင့်ပြုခြင်းလား။ထို့ကြောင့် ကျွန်ုပ်တို့သည် Secualarism နှင့် Toalaration ကို စဉ်းစားဝေဖန်ကြပါစို့။

## ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှုအပေါ် အခြေမခံဟူသော အယူအဆ– SECULARISM

တစ်ခုနှင့်တစ်ခုဆန့်ကျင့်သော ဘာသာယုံကြည်ကိုးကွယ်မှု အများအပြားရှိသော နိုင်ငံတစ်နိုင်ငံ၌ ဒီမိုကရေစီစနစ်ကို ခိုင်မြဲစွာတည်ဆောင်လိုသောအခါ ဘာသာယုံကြည်ကိုးကွယ်မှုနှင့် ဆက်စပ်နေမှုကို အဓိပ္ပါယ်ရှင်းလင်းထားရန် လိုအပ်ပါသည်။ပုံမှန်အားဖြင့် ဒီမိုကရေစီနိုင်ငံတစ်ခု၌ ဘာသာယုံကြည်ကိုးကွယ်မှု၏ရပ်တည်ချက်နှင့် ဆက်စပ်မှုသုံးမျိုးသုံးစားရှိပါသည်။

၁။ ဘာသာယုံကြည်ကိုးကွယ်မှုများအားလုံး ယှဉ်တွဲနေထိုင်ရေး ၊သို့မဟုတ် ဘာသာယုံကြည်ကိုးကွယ်မှုများအားလုံးကို အညီအမျှအလေးဂရုပြုရေး။

၂။ ဘာသာယုံကြည်ကိုးကွယ်မှုအား အပြန်အလှန်အလေးထားခြင်း။

၃။ နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရား ပြုပြင်ထိန်းသိမ်းမှုတိုးတက်ရေးနှင့် အနာဂတ်မျှော်လင့်တောင့်တချက်များ၌ ဘာသာယုံကြည်ကိုးကွယ်မှုများ၏ပါဝင်ဆောင်ရွက်မှုကို ငြင်းပယ်ခြင်း။

အမှန်စင်စစ်အားဖြင့် ဒီမိုကရေစီစနစ်တစ်ခုသည် ယုံကြည်ကိုးကွယ်မှုဘာသာတစ်ခုကို ဗဟိုပြုခြင်းဖြင့် ကျင့်သုံးနိုင်ပါသည်။ဥပမာ ပါကစ္စတန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ (Pakistan and Bangalardesh)တို့အား အစ္စလာမ်နိုင်ငံ (Islamic State )များဟု ခေါ်ဆိုသုံးနှုန်းကြခြင်းဖြစ်သည်။ထာဝရဘုရားသခင်၏ဥပဒေသအတိုင်း နိုင်ငံတော်၏တရားဥပဒေသများအဖြစ်ကျင့်သုံးသည့် ဒီမိုကရေစီဖြင့် ချီတက်နေသည့် အစိုးရအဖွဲ့အားအနောက်နိုင်ငံများ၌ အသိအမှတ်မပြု

ပေ။ဤသို့ဖြစ်လင့်ကစား များသောဖြင့် အနောက်တိုင်းနိုင်ငံများသည် ခရစ်ယာန်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကျင့်သုံးလျက်ရှိကြသည်။ အဘယ်ကြောင့်နည်း။

ဆီလျော်မှန်ကန်သည့် အကြောင်းမှာ နိုင်ငံတော်တစ်ရပ်ကို ဘာသာယုံကြည်ကိုးကွယ်မှု နယ်ပယ်ကပုဂ္ဂိုလ်များ (ဝါ) ဘုန်းတော်ကြီးလူတန်းစားများပါဝင်အုပ်ချုပ်သော အစိုးရအဖွဲ့ အုပ်စိုးသည့် နိုင်ငံတော်အဖြစ် တည်ထောင်ခြင်းဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘုန်းတော်ကြီးများ သို့မဟုတ် ဂိုဏ်းတော်ဆိုင်ရာ အာဏာပိုင်များက အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်များနှင့် ဥပဒေပြုမှုများတွင် ဝင်ရောက်နှောက်ယှက်မှု စတင်တော့မည်ဟူ၍ ဖြစ်၏။ထိုကိစ္စနှင့်စပ်လျဉ်း၍ ဘာဖြစ်သွားပါသနည်း။ကောင်းပါ၏များသောအားဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုများသည် သိပ္ပံပညာ မပေါ်ပေါက်သေးမီ ခေတ်အခါက ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့ကြသည်။ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည် သိပ္ပံနှင့်နည်းပညာ အပြည်ပြည်ဆိုင်ရာဆက်ဆံမှုပညာရပ်ကို လမ်းဖွင့်ပေးခဲ့သည်။ကြောင်းကျိုးဆီလျော်မှုများနှင့် ပဋိပက္ခဖြစ်လာခဲ့ရသည်။ဥပမာ သာဓကအားဖြင့် အစိုးရအဖွဲ့သည် အစားအစာရိက္ခာ၊အလုပ်အကိုင်များနှင့် လူ့ဘဝ၏အခြားလိုအပ်ချက်များကို မပြည့်ဆည်းမထောက်ပံ့နိုင်သောအခါ ပဋိပန္နေ့တားခြင်းနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းသည်။ပဋိသန္ဓေတားဆီးမှုနှင့်ပတ်သက်သည့် ပြဋ္ဌာန်းချက်ကို ရိုမန်ကတ်သိုလစ်ခရစ်ယာန်များ (Roaman Catholic Christians)က မကြိုက်မနှစ်သက်ခဲ့ကြပေ။ထို့ကြောင့် ဤကိစ္စသည် နိုင်ငံတော်အစိုးရနှင့်ဘာသာယုံကြည်ကိုးကွယ်မှုများအကြား ခိုက်ရန်ဒေါသ တိုက်ပွဲခေါ်သံဖြစ်စေခဲ့သည်။ထို့ကြောင့် သမိုင်းကြောင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုရလဒ်ကို ရှိုးသားစွာဖော်ပြရလျှင် အနောက်တိုင်းနိုင်ငံများ၌ ဘာသာယုံကြည်ကိုးကွယ်မှုအား ဒီမိုကရေစီဘက်တော်တစ်ဦးအဖြစ်မမြင် ၊အသိအမှတ်မပြုကြတော့ပေ။ဤအချက်က ဘာသာယုံကြည်ကိုးကွယ်မှုအား ရွေးကောက်ပွဲ၌ အနိုင်ရရှိရေးအတွက် လက်နက်သဖွယ်အသုံးမပြုဟူ၍ အဓိပ္ပါယ် ဖော်ဆောင်ခြင်းမပြုပါ။ဂျွန်ကနေဒီ (John Kennedy)မတိုင်မီအထိ အမေရိကန်နိုင်ငံသမ္မတအဖြစ် ရိုမန်ကတ်သိုလစ်ဘာသာဝင်တစ်ဦးအား တစ်ကြိမ်မျှ ရွေးချယ်တင်မြှောက်ခြင်း မခံခဲ့ရပေ။ ဂျာမနီနိုင်ငံ၌ ယခုအချိန်အထိပင် ခရစ်ယာန်ဒီမိုကရက်များ (Christian Democrats)က အရေးပါသော နိုင်ငံရေးပါတီထူထောင်ခဲ့သည်။ သို့သော် ယေဘုယျအားဖြင့် အနောက်နိုင်ငံအစိုးရတစ်ဖွဲ့သည် လောကီရေးကိစ္စ ဖြစ်သည်ဟု

ဆိုခဲ့သည်။အနောက်တိုင်းနိုင်ငံများ၌ Secularism ခေါ် ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှုအပေါ်၌ အခြေမခံသင့်ဟူသော ယုံကြည်ယူဆချက်၏အဓိပ္ပါယ်က ဘယ်လိုလဲ။

အနောက်တိုင်း၏အတွေးအခေါ်တစ်ခုဖြစ်သော ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခု (ဝါ)ဘာသာတရားတစ်ခုအပေါ်၌ အခြေခံမပြုဟူသော သဘောတရား၏ အဓိပ္ပါယ်မှာ သိပ္ပံနည်းကျ စနစ်တကျလေ့လာပြီးမှ နေ့စဉ်ဘဝကို ဖျိုးထောင်သည့် စိတ်ထားကို မွေးမြူရန်နှင့် အထူးသဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာကိစ္စများ၌ သိပ္ပံနည်းကျစဉ်းစားတွေးခေါ်သည့် ကျယ်ပြန့်သောအမြင်ဖြင့် ရှုမြင်ရန်ဖြစ်သည်။ထို့ကြောင့် ဤအဓိပ္ပါယ်မှာသိပ္ပံနှင့် နည်းပညာအကူအညီဖြင့် လူတစ်ယောက်သည် ၎င်း၏နိုင်ငံ၌ သဘာဝအရင်းအမြစ်ကို အပြည့်အဝထုတ်ယူအသုံးပြုနိုင်ခြင်းသည် သဘာဝတရားကိုသာမန်ထက်ပို၍ ရှုမြင်မှု (super - naturalism)နှင့်လုံးလုံးလျားလျား မသက်ဆိုင်ဟူသော အဓိပ္ပါယ်ဖြစ်ပါ၏။ထို့ကြောင့် ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှုတွင် အခြေမခံသင့်ဟူသောယူဆချက်သည် လက်ရှိလူ့ဘဝလောက၏အမြင့်ဖြစ်၍ ဘာသာယုံကြည်ကိုးကွယ်မှုမှာ တမလွန်ဘဝအခြားလောက၏အမြင်ဖြစ်သည်။ဤအမြင်ရှုဒေါင့်တွင် ကိုယ်ကျင့်တရားနှင့် ဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှုအပေါ်တွင် အခြေမခံသင့်ဟူသောယူဆချက်သည် ဘာသာယုံကြည်ကိုးကွယ်မှုအား မဆန့်ကျင်ပါ။သို့သော် ဘာသာယုံကြည်ကိုးကွယ်မှုနှင့်များစွာကွာခြားပါသည်။ဘာသာယုံကြည်ကိုးကွယ်မှုအားလူထုလှုပ်ရှားမှုနှင့် တခြားစိတ်ထားရှိရပါသည်.....လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတို့၌ မပါဝင်မပတ်သက်ရပေ။ဥပမာ ပူပြင်းခြောက်သွေ့မိုးခေါင်ရေရှားဖြစ်ခြင်းကို တွေကြုံနေရမှုအတွက် သိပ္ပံပညာရှင်နှင့် အတက်ပညာရှင်များအား အသုံးပြုရမည်ဖြစ်သော်လည်း အများစုပေါင်းဝတ်ပြုဆုတောင်းမှုနှင့်မသက်ဆိုင်ပေ။ဘာသာယုံကြည်ကိုးကွယ်မှုကို လူတို့၏ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုးကွယ်မှုအတွက်သာ လက်ဆင့်ကမ်းခဲ့ပါသည်။ဤအချက်မှာဂျွန်ဒါဝေ၏သဘာဝအတိုင်း ရှုမြင်ခြင်းအယူအဆ (John Dewey's Naturalism)တွင် အကောင်းဆုံးဖြစ်သည်။ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာကို ဘာသာယုံကြည်ကိုးကွယ်မှု၌ အခြေမခံသင့်ဟူသော အယူအဆအား အိန္ဒိယနိုင်ငံ၌သတ်မှတ်ပြဋ္ဌာန်းနိုင်ပါသလား။

မဟုတ်ပါ ။ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာကို ဘာသာယုံကြည်ကိုးကွယ်မှုအပေါ်၌ အခြေမခံသင့်ဟူသော အယူအဆကို အိန္ဒိယ၌ သတ်မှတ်ပြဋ္ဌာန်းရန်မသင့်ဟူသော အမြင်နှင့် ပတ်သက်၍ အကြောင်းပြစရာများစွာရှိပါ၏။ပထမဆုံးအနေဖြင့် အိန္ဒိယလူမျိုးအများစုတို့သည် ဖွံ့ဖြိုးတိုးတက်မှုမရှိသကဲ့သို့ သိပ္ပံနည်းကျ စဉ်စားတွေးခေါ်မှုလည်းမရှိကြပေ။နေကြတ်ခြင်းကို လေ့လာရန် တာဝန်ပေးအပ်ခြင်းခံရသူ သိပ္ပံပညာရှင်တစ်ဦးသည် မြင့်မြတ်သောမြစ်အတွင်း ရေချိုးရန်စဉ်းစားနေသည်အထိဖြစ်ခဲ့၏။ဆရာဝန်များအဖွဲ့၏ ၁၉၈၈ ခုနှစ် နိုဝင်ဘာလ (၂၅) ရက်နေ့တွင်ခွဲစိတ်ခန်းဝင်ပြီး ခွဲစိတ်ကုသပေးရန် ရက်ရွှေ့ဆိုင်းခဲ့ရသည့် အကြောင်းမှာ ထိုနေ့ရက်၌ ရုပ်မြင်သံကြားမှပြသမည့် မဟာဘာရတ ( Mahabharat)ဇာတ်တော်ကို ကြည့်ရှုရန်ဖြစ်သည်။ ဟိန္ဒူဘာသာဝင်အစိုးရအဖွဲ့ဝင် ဝန်ကြီးအများစုသည်နံနက်ပိုင်းအချိန်၌ တွေ့ဆုံလိုသည့် ဧည့်သည်များ လက်မခံကြသည့် အကြောင်းမှာ ၎င်းတို့ဘုရားရှိခိုးချိန် (their hour of Puja)မထိခိုက်စေရန်ဖြစ်၏။ထို့ပြင် ကွမ်ဘ (Kumbha)အခြားမီလပ်စ် (other melas)ပွဲတော်အခမ်းအနားများ၌ များစွာသော ဘုရားပွဲလာ လူထုပရိသတ်ကို လူတစ်ဦးတစ်ယောက်မြင်တွေ့နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် အိန္ဒိယပြည်၌ ကိုယ်ကျင့်တရားနှင့်အသိဉာဏ်ပညာကို ဘာသာယုံကြည်ကိုးကွယ်မှု၌ အခြေမခံသင့်ဟူသော သဘောထားတရား၏ အဓိပ္ပါယ်မှာ ယေဘုယျအားဖြင့် တွေ့မြင်နိုင်သော အားလုံးသော ဘာသာယုံကြည်ကိုးကွယ်မှုအမျိုးအစားများအား လေးစားရန်ဟူ၍ဖြစ်သည်။အိန္ဒိယနိုင်ငံတော် ဝန်ကြီးချုပ်သည် ဘုရားရှိခိုးကျောင်းများ၊ ဘုရားဝတ်ကျောင်းတော်များ၊ဂုရုဝါရပ်စ် (Gurdwaras )များ ၊ဗလီဝတ်ကျောင်းတော်များသို့ ဖြစ်နိုင်သမျှ သွားရောက်ရမည်ဟူသော မူဝါဒသည် ဤအချက်ကိုထောက်ပြနေခြင်းဖြစ်သည်။ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ရှေးရိုးစွဲဝါဒီများသည် ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် ရုပ်မြင်သံကြားမှတဆင့်တောက်ပသောရောင်စုံများဖြင့် ဟောပြောခဲ့ကြသည်။ဘာသာယုံကြည်ကိုးကွယ်မှုနှင့်စပ်လျဉ်းသည့် ရိုးအားလပ်ရက်များကို အများသူငှာဆိုင်ရာ အားလပ်ရက်များအဖြစ် သတ်မှတ်ကြေငြာခဲ့ကြသည်။ထို့ကြောင့်အိန္ဒိယပြည်ဖွဲ့စည်းပုံ အခြေခံဥပဒေ၏နိဒါန်း၌ နိုင်ငံသားတို့၏ ကိုယ်ကျင့်တရားကောင်းမွန်ရေးနှင့် အသိဉာဏ်ပညာတိုးပွားရေးသည် မည်သည့်ဘာသာယုံကြည်မှုတွင်မျှ အခြေမခံထိုက်ပေဟူသော ယုံကြည်ချက်ကို ''ဘာသာယုံကြည် ကိုးကွယ်သူများအားလုံး ယှဉ်တွဲနေ

ထိုင်ရေး" (Co existence of all religions )သို့မဟုတ် "ဘာသာယုံကြည်ကိုးကွယ်မှု အားလုံးသို့ ညီတူညီမျှအလေးဂရုပြုရေး" (Equal respect for all religions)ဟူ၍ ဖော်ပြထားသည်။ ဤအချက်သည် ဂန္ဒီကြီး (Gandhiji)က ကျင့်သုံးခဲ့သောအချက်ဖြစ်သည်။

"ငါသည် ဂီတ (Gita)ကျမ်းကို ယုံကြည်သလို ၊သမ္မာကျမ်းစာကိုလည်းယုံကြည်ပါ၏။ ငါသည်ကမ္ဘာ၏အကြီးဆုံးသော ယုံကြည်ချက်များအား ငါ၏ကိုယ်ပိုင်ယုံကြည်ချက်လိုပ် အညီအမျှမှန်ကန်သည်ဟု သဘောထားပါ၏။ထိုဘာသာယုံကြည်ချက်များအနက်မှ ယုံကြည်ကိုးကွယ်မှုတစ်ခုခု ၎င်းတို့၏ နောက်လိုက်သာဝကများကိုယ်တိုင်က ရယ်ရှင် စရာရုပ်ပြောင်လိုသဘောထားကြသည်ကိုတော့ငါမလိုလားပေ။"

ဤသို့အားဖြင့် အိန္ဒိယနိုင်ငံ၌ ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှုများ၏ အပေါ်တွင်အခြေမံသင့်ဟူသောအယူအဆသည် နိုင်ငံရေးခံယူချက်တစ်ခု မဟုတ်ပဲ ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ လှုပ်ရှားမှုတစ်ရပ်အသွင်တွေ့မြင်နေရ၏။ ကံမကောင်း အကြောင်းမလှစွာဖြင့်သာလျှင် ပြည်သူလူထုသည် မဟတ္တမ (Mahatama)တွင် ၎င်း၏ ရင်ထဲ၌ ဘာသာယုံကြည်ကိုးကွယ်မှု အမျိုးအစားရှိသည်။၎င်း၏ အမြင်အား ပြည်သူအများက မှတ်သားမှုမရှိကြပါတကား။

"ဘာသာယုံကြည်ကိုးကွယ်မှုသည် ဟိန္ဒူဘာသာ ၊အစ္စလာမ်ဘာသာ၊ခရစ်ယာန် ဘာသာ အစရှိသည် တို့ထက်ကျော်လွန်သော အနှစ်သာရရှိပါ၏။ထိုအရာသည် အဆိုပါဘာသာ ယုံကြည်ကိုးကွယ်မှုများအား လွှမ်းမိုးခြင်းမပြုနိုင်ပါ။ထိုအရာသည် အဆိုပါဘာသာယုံကြည်ကိုး ကွယ်မှုများအား လိုက်လျောညီထွေဖြစ်စေ၍ ၎င်းတို့အား တကယ့်အစစ်အမှန်အရှိတရားကို ပေး၏။"(Harijan,P.10.2..1940)သို့သော် အိန္ဒိယ လူမျိုး၏အမြင်၌ ဤခံယူချက်အမျိုးအစားက အသက်ဝင်လှုပ်ရှားမှုရှိနိုင်ပါရဲ့လား။နေရူး (Neru)သည် အနောက်နိုင်ငံက လူတစ်ယောက်ဖြစ် သည်။"လူ့ကိုယ်ကျင့်သီလနှင့် အသိဉာဏ်သည် ဘာသာယုံကြည်ကိုးကွယ်မှုအပေါ်၌ အခြေမခံသင့်"(Secularism)ဟူသော စကားသည် ဤလောကီလုပ်ငန်းတိုင်းပြည်တိုးတက်မှုအခန်းကဏ္ဍတွင် အိန္ဒိယနိုင်ငံ၏ခေတ်နောက်ကျန်နေမှုကို သိပ္ပံနှင့်နည်းပညာရပ်အကူအညီဖြင့် ရှေ့သို့တက်လှမ်းရန်လုပ်ကိုင်သွားရန် သူ့

တွင်ဆန္ဒရှိခဲ့သည်ဆိုခြင်းမှာ သံသယဖြစ်ဘွယ်ရာမရှိ။အဘယ်ကြောင့် သူ(နေရူး)က လူ့ကိုယ်ကျင့်တရားနှင့်အသိဉာဏ်ပညာသည်ဘာသာယုံကြည်ကိုးကွယ်မှုအပေါ် အခြေမခံသင့်ဟူသော ရှုတ်ထွေးသည့်အမြင်ကို ဘာသာယုံကြည်ကိုးကွယ်မှုများ၏ညီတူညီမျှ အလေးအမြတ်ထားမှုဟူ၍ လွှင့်တင်ခဲ့ရပါသနည်း။နေရူးက ပြည်သူလူထုအား ဘာသာယုံကြည်ကိုးကွယ်မှု (Religion)နှင့် နိုင်ငံရေး (Politics)ကို နိုင်ငံတော်အစိုးရအဖွဲ့အတွင်း မရောထွေးပစ်ရန် အကြံပေးခဲ့သည်။ သို့သော် ယုံကြည်ကိုးကွယ်မှုဘာသာများအားလုံးကို လေးစားရန်တိုက်တွန်းခဲ့သည်။ဤသို့အားဖြင့် လူ့ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှုများအပေါ်၌ အခြေမခံသင့်ဟူ၍ယူဆသူ အိန္ဒိယလူမျိုးများ (Indian Secularist)သည်မဟတ္တမထံမှ နိုင်ငံရေး ၌မည်သို့ပါဝင်ဆင်နွှဲသင့်သည် ဟူသော ကိုယ်ပိုင်အတွေးအခေါ်၏ ဘာသာယုံကြည်ကိုးကွယ်မှု ဆိုင်ရာ လှုပ်ရှားသည့် ပုံစံတစ်ခုကို ရယူခဲ့ပြီး မဟတ္တ၏ ဘာသာယုံကြည်ကိုးကွယ်မှုများအားလုံး ကိုအညီအမျှလေးစားမှုဟူသည့်အမြင်ကို နေရူးက ထောက်ခံခဲ့သည်။အိန္ဒိယနိုင်ငံရေးသမားများက မဟတ္တမ၏စိတ်ထဲ၌ ထားရှိသောဘာသာယုံကြည်ကိုးကွယ်မှု၏ ထူးခြားသည့် အဓိပ္ပါယ်ဖော်ပြချက်နှင့် နေရူး၏ နိုင်ငံတော်တစ်ခုလုံးနှင့် ဆိုင်သည့်ကိစ္စများ၌ နိုင်ငံရေးနှင့် ဘာသာရေးမရောထွေးရန် အကြံပြုချက်ကိုလက်မခံကြပါ။ဤသို့အားဖြင့် မဟတ္တမဂန္ဒီကြီး (Mahatama Gandiji)နှင့် နေရူး (Neru)တို့၏ ကိုယ်ကျင့်သီလနှင့်အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှု အပေါ်၌ အခြေမခံသင့်ဟူသော အယူအဆကိုလက်ခံကြသည့်အလျောက် အဓိပ္ပါယ်ရှုပ်ထွေးသည့် ယင်းအယူအဆမှာအိန္ဒိယနိုင်ငံမြင်ကွင်း၌ဖြစ်ပေါ်ခဲ့ဘူး၏။သို့သော် နေရူးက ဟိန္ဒူနှင့် မူဆလင်များ သည်ဘာသာယုံကြည်ကိုးကွယ်မှုကို အလေးထားသူပြည်သူများဖြစ်ကြပြီး ၎င်းတို့၏ ပိုမိုလိုလား သည့်အချက်မှာ ဘာသာယုံကြည်ကိုးကွယ်မှုကို အလေးထားစေလိုသည့်အချက်ဖြစ်ကြောင်း ကောင်းစွာသိရှိနားလည်သည်။ဒုတိယအချက်မှာ အိန္ဒိယနိုင်ငံကို ပိုင်းခြားထားခြင်းသည် ကြီးမား သောဟိန္ဒူ–မူဆလင်အဓိကရုဏ်းများဖြစ်ပေါ်စေခြင်းဖြစ်သည်။မူဆလင်များနှင့် ဟိန္ဒူများပါ ၎င်းတို့ အားအတူတကွ ငြိမ်းချမ်းစွာဖြင့် နေထိုင်နိုင်ရန် ၎င်းတို့အား အတူယှဉ်တွဲလျက် ဘာသာယုံကြည် ကိုးကွယ်မှုအတွက် အားမခံခြင်းဖြင့် စည်းရုံးသိမ်းသွင်းရန်ဖြစ်သည်။နေရူးက ညှိနှိုင်းဆုံးဖြတ်ပြီး သဘောတူညီထားသည့်အချက်ကို အိန္ဒိယဒီမိုကရေစီဘောင်အတွင်း ဟိန္ဒူ – မူဆလင် ငြိမ်းချမ်း

စွာ ယှဉ်တွဲနေထိုင်ရေးအတွက် ပြန်လည်ကောင်းမွန်လာရေးဆောင်ရွက်ချက်များကို ခွင့်ပြုခဲ့သည်။ သူ(နေရူး)ကအိန္ဒိယလူမျိုးနိုင်ငံရေးသမားများအား နောင်လမည့် ရေရှည်ကာလတွင် ၎င်းတို့၏ ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ချစ်ခင်စွဲလမ်းစိတ်နှင့်အတူ စက်မှုလက်မှု တိုးတက်လာခြင်းနှင့် သိပ္ပံပညာရပ်များပျံ့ပွား တိုးတက်လာခြင်းအကျိုးရလဒ်များကို ရရှိကြစေချင်သည်။နေရူးသည် သိပ္ပံနည်းကျစတင်၍ လုပ်ကိုင်ဆောင်ရွက်မှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်မြစ်ချပေးခဲ့ခြင်းရှိမရှိကို မသိရပါ။ထို့ကြောင့်နေရူးက ဘာသာယုံကြည်မှုများအားလုံး (all religions) တို့ကို အညီအမျှ ရှိသေလေးစားသည့် ဘာသာရေးခေါင်းဆောင်မဟုတ်သူများ အုပ်ချုပ်သောနိုင်ငံ (Secular state)ကိုခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။အိန္ဒိယလူမျိုးတို့၏အမြင်၌ ယင်းဘာသာရေးခေါင်းဆောင်မဟုတ်သူများ အုပ်ချုပ်သောနိုင်ငံသည်ဖွံ့ဖြိုးတိုးက်နေပါပြီလား။

၁။ ဘာသာယုံကြည်ကိုးကွယ်မှုများအားလုံးတို့ကို အညီအမျှရှိသေလေးစားရမည်ဖြစ်သည့်ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှုတွင် အခြေမခံသင့်ဟူသော အယူအဆ (Secularism)သည် မူဆလင်များအား ပို၍ရှေးရိုးစွဲအယူအဆ ယုံကြည်ကျင့်သုံးသူများ (Fundamentalists) အဖြစ်တွန်းပို့၍ ဟိန္ဒူများအား မိမိယုံကြည်ကိုးကွယ်မှုအား လုံးဝဝေဖန်မခံလိုသည့် ဘာသာရေးအမြင်ကျဉ်းမြောင်းသူများ (Intolerant)များအဖြစ်တွန်းပို့ခဲ့သည်။ကက်ရှ်မီးလ်မူဆလင်များ (Kashmiri Muslims)က ပါကစ္စတန်ပြည်အားကစားအသင်းနှင့် အိန္ဒိယပြည်အားကစားအသင်း နှစ်ခုတို့၏အားကစားပွဲတစ်ပွဲ၌ အိန္ဒိယပြည်အသင်းက အနိုင်ရသောအခါ အနိုင်ရရှိသည့်အိန္ဒိယအသင်းအား ကျောက်ခဲ ၊အုတ်ခဲစသည့်တို့ဖြင့် ပစ်ပေါက်ခဲ့ကြသည်။ဟိန္ဒူတစ်ယောက်သည် မူဆလင်တစ်ယောက်အား ရန်ပွဲတစ်ခုအတွင်း အားကောင်းသောရန်ဘက်အဖြစ် သဘောထားသည်။အိန္ဒိယနိုင်ငံ၏အများအပြားသော ပြည်နယ်များ၌ ဟိန္ဒူများက မူဆလင်များ၏နွားသတ်မှုကို အောင်မြင်စွာတားမြစ်နိုင်ခဲ့သည်။ယင်းဖြစ်ရပ်၏ အနည်းဆုံးသောအကျိုးရလဒ်မှာ ဟိန္ဒူ- မူဆလင်ရန်ပွဲများဖြစ်ပေါ်ခဲ့၏။ဘာသာယုံကြည်ကိုးကွယ်မှုများကသာလွန်ကောင်းမြတ်ဆုံးသော ဘာသာယုံကြည်မှုဖြစ်လာရေးအတွက် လူမှုရေးအခြေအနေနိမ့်ကျနေသည်ဟူ၍ ယူဆနေကြသေးသမျှကာလပတ်လုံး ငြိမ်းချမ်းမှုရရှိနိုင်မည်မဟုတ်ပေ။ ဘာသာယုံကြည်ကိုးကွယ်မှုများသည် တစ်ခုနှင့်တစ်ခုဆန့်ကျင်သောဝါဒကို စွဲကိုင်ထားကြ၏။

ဥပမာ ခရစ်ယာန်များက ယေရှုခရစ်တော်သည် ထာဝရဘုရားသခင်ဖြစ်သည်ဟူ၍ ပြောဆိုကြသော်လည်း မူဆလင်အဖို့ရာတွင်မူယင်းသို့ ပြောဆိုခြင်းသည် ထာဝရဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကို ထိခိုက်အောင် အမဏာပ(သိမ်ဖျင်းသောစကား)ဟူ၍ ယူဆသည်။ဟိန္ဒူတစ်ယောက်သည် နေ့စဉ်နံနက် ထွက်ပြူလာသည့်နေဘက်သို့ မျက်နှာမူ၏။သို့သော် ဟိန္ဒူမဟုတ်သော ဘာသာရေးခေါင်းဆောင်များက ဤအချက်ကို ရုပ်ထုကိုးကွယ်မှုတစ်ခုဟူ၍ သဘောထားကြ၏။ဂျိန်းဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များက အခြေခံသဘောတရားအားဖြင့် ထာဝရဘုရားသခင်ရှိသည်ဟူသော အယူအဆကို မယုံကြည်သူများဖြစ်ကြပြီး ဆန့်ကျင်ဘက်အားဖြင့် တမန်တော်ကိုးကွယ်သည့် ဘာသာယုံကြည်မှုများမှာ ထာဝရဘုရားသခင်တစ်ပါးတည်းသာ ရှိသည်ဟူ၍ ယုံကြည်ကြသည်။လူသားများသည် မည်ကဲ့သို့ ငြိမ်းချမ်းမှုရရှိပါမည်နည်း။ထို့ပြင် မည်သည့်အချိန်ကျမှသာ ဆန့်ကျင်ဘက်ဖြစ်သော ဘာသာရေးဆိုင်ရာ အတွေးအခေါ်အယူအဆများနှင့်မဟာမိတ်ဖြစ်ကြပါသနည်း။

မှန်ကန်သောအချက်အလက်တစ်ခုအနေဖြင့် အိန္ဒိယလူမျိုးများအနက်အများစုသည် ဟိန္ဒူဘာသာဝင်များဖြစ်၍ အချိုးအစားအားဖြင့် များစွာကွာခြားသည်။ရုပ်ရှင်ဇာတ်ကားများ ရုံတင်ရာတွင်သော်လည်းကောင်း၊အခြားသောဘာသာယုံကြည်ကိုးကွယ်မှုများအတွက် ထုတ်လွှင့်ချက်ထက် ဟိန္ဒူဘာသာဝင်များအတွက် ထုတ်လွှင့်ချက်ကို ပို၍အလေးပေးလွန်းသည်။သို့ဖြစ်လျှင် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာနားလည်မှုကို မည်သို့ထိန်းသိမ်းထားနိုင်ပါမည်နည်း။ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာကို ဘာသာယုံကြည်ကိုးကွယ်မှုတွင် အခြေမခံသင့်ဟူသော အိန္ဒိယလူမျိုး၏အတွေးအခေါ် (Indian Secularism)၏အခြေခံသဘောတရား၌ အိန္ဒိယနိုင်ငံအစိုးရကို အသေအချာခေါင်းကိုက်စေသည့် ပြဿနာများ ဖန်တီးပေးခဲ့သည်။ဘဗ္ဗမတ်စ်ဂျစ် (Babri Masjid)၏ အမှုကိစ္စသည် ဤကဲ့သို့သော ပြဿနာဖြစ်ခြင်း၏အကြောင်းရင်းဖြစ်သည်။

ဟိန္ဒူများထဲ၌ ဘာသာယုံကြည်ကိုးကွယ်မှုတွင် အမြင်ကျယ်သည့် သဘောထားရှိသူ (tolerant or broad - minded)များစွာရှိသည်ဟူ၍ ပြောဆိုခြင်းမှာ အလားတူအခြားစွပ်စွဲပြောဆိုချက်များကဲ့သို့ မှားယွင်းမှုဖြစ်သည်။သျှိဝကိုးကွယ်မှုများ (Shivites)က ဂျိန်းဘာသာဝင်များစွာတို့အား သတ်ဖြတ်ခဲ့ကြပြီး ဗိုက်ရှနာဗားစ် (Vaisnavas)အား အမြဲတစေ ဆန့်ကျင်တိုက်

ခိုက်ခဲ့ကြသည်။မူဆလင်များအချင်းချင်း စည်းလုံးညီညွတ်မှုဖြင့် အတူတကွနေထိုင်ခြင်းမျိုးဟိန္ဒူများ၌ မည်သည့်အချိန်အခါကမှ မရှိခဲ့ကြပေ။ဇာတ်ခွဲခြားမှုစနစ်သည် စည်းလုံးညီညွတ်မှုမရှိခြင်း၏အကြောင်းအချက်တစ်ခုဖြစ်သည်။ဤအကြောင်းတရားကြောင့် ဟိန္ဒူများသည် ပြည်ပ၏ကျူးကျော်မှုအန္တရာယ်ကို မည်သည့်အချိန်ကမှ တွန်းလှန်အောင်မြင်ခဲ့သည်ဟူ၍မရှိခဲ့ဘူးချေ။သံသယမရှိပါ။မာရသာ့စ် (Marathas)နှင့် ရပ်ချ်ပွတ်စ် (Rajputs)ဒေသများ၌ ဒေသခံဟိန္ဒူစွမ်းအားရှင်များသည် မူဆလင်များအား ဆန့်ကျင်ခဲ့ကြ၏။

သို့သော် ဘင်္ဂလားဒေသ (Bengal)မြောက်များစွာ သုဒ္ဒရများ (Shudras)တို့သည် မူဆလင်များဖြစ်လာကြပြီး မူဆလင်ဘုရင်များအာ ၎င်းတို့၏ကြီးကျယ်မြင့်မြတ်သော လွတ်မြောက်စေသူများအဖြစ်ကြိုဆိုခဲ့ကြသည်။ (J.C Scarar,Islam in Bengal ,Culcutta 1972,P.23)။ ယခုအချိန်ထိ ဟိန္ဒူလူမျိုးများသည် လူမျိုးတူအချင်းချင်း ၊လူတန်းစားတစ်ရပ်နှင့်တစ်ရပ် ထိတွေ့မှုရှိစေရန်နှင့် ဇာတ်ခွဲခြားမှုစနစ်ကြောင့် ခေတ်နောက်ပြန်ဆွဲသည့်ဟိန္ဒူများနှင့် အထက်တန်းလွှာဟိန္ဒူများအဖြစ် ခွဲခြားသတ်မှတ်ခံနေရသည်။အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအမျိုးသားလှုပ်ရှားအဖွဲ့က ဒေါသမီးတောက်လောင်နေမှုကို မငြိမ်းသတ်နိုင်ပါ။တစ်ချိန်တုန်းက ဟိန္ဒူအဖွဲ့အစည်းများအားလုံးသည် တစ်ဖွဲ့တည်းဖြစ်လာပြီး အမြင်ကျဉ်းမြောင်းမှုများနှင့် အဓိကရုဏ်းများ ပို၍များလာခဲ့ရသည်။ဤနည်းအားဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုများ အားလုံးတို့၏ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေး သဘောတရားအတွက် မှန်ကန်မှုမရှိတော့သလို မှန်ကန်ရန်လည်းမလိုအပ်တော့ပေ။

၂။ ဘာသာယုံကြည်ကိုးကွယ်မှုအားလုံးတို့အား အညီအမျှရှိသေလေးစားရမည်ဟူသော ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှုအပေါ်၌အခြေမခံသင့်ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ကွန်ဂရက်နိုင်ငံရေးပါတီ (Congress political Party)အတွက်သာ မှန်ကန်မှုရှိသည်။ဟိန္ဒူဘာသာယုံကြည်ကိုးကွယ်မှုသာ လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားပြီး မူဆလင်များ၏ ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ လွတ်လပ်မှုကိုမူ ဖြစ်နိုင်သမျှတားမြစ်ပိတ်ပင်ထားသည်။ မူဆလင်ဘာသာဝင်များ၏ မဲဆန္ဒထိန်းချုပ်ထားမှုက ကွန်ဂရက်ပါတီကို အခွင့်အရေးပေးခဲ့သည်။တဖန် ဗြဟ္မဏဝါဒီခေါင်းဆောင်မှု (Brahmin Leadership)က

ပါတီအတွင်း အနိုင်ရရှိခြင်းဖြင့် ဟိန္ဒူဘာသာဝင်များ၏မဲလည်းပါတီကရရှိသည်။ထို့အပြင် ဟာရီဂျမ်းပါတီ (the Harijans)သည် ၎င်းတို့၏ အရန်မဲဆန္ဒများက သူတို့အားနေ့စဉ်ဘဝရပ်တည်မှုမှာ ကျဉ်းကြပ်သောလူ့အခွင့်အရေးနှင့်ရက်စက်ယုတ်မာသော ဆက်ဆံရေးအောက်သို့ပို့ပေးခဲ့သည်။သို့သော် ဤအချက်သည် နိုင်ငံတော်ကကျင့်သုံးနေသည့် အမျိုးသားရေးလမ်းစဉ် (nationalism)အတွက်မှန်ကန်ပါသလား။

အချို့သော အိန္ဒိယခေါင်းဆောင်များက ၁၈၅၇ ခုနှစ် ဗြိတိသျှများအား ဆန့်ကျင်ပုန်ကန်မှုသည် အိန္ဒိယအမျိုးသားရေးဝါဒ (Indian nationalism)၏ ပထမဆုံးသော စတင်ဆောင်ရွက်မှုဖြစ်သည်ဟူ၍ထင်မြင်ယူဆကြသည်။လွတ်လပ်ရေးသက်တမ်းလေးဆယ့်သုံးနှစ် ကျော်လွန် ကြာမြင့်လာသည့်တိုင် အိန္ဒိယလူမျိုးများသည် မျိုးချစ်စိတ်ဓါတ်ရှိသူများ (Indian nationalist)မဖြစ်လာသေးပါ။သို့ဖြစ်လျှင် ၁၈၅၈ ခုနှစ်က အိန္ဒိယလူမျိုးများသည် မည်ကဲ့သို့ မျိုးချစ်စိတ်ဓါတ်ရှိသူများဖြစ်ခဲ့ကြပါသနည်း။အဘယ်ကြောင့်ဆိုသော် တိုင်းပြည်ခေါင်းဆောင်များ မဲအနိုင်ရရှိအတွက်ဖြစ်ပါ၏။ထို့ကြောင့်များသောအားဖြင့် ဟိန္ဒူနိုင်ငံရေးခေါင်းဆောင်များသည် ဇာတ်ခွဲခြားမှုစနစ်ကို လက်ကိုင်ပြုနေကြသည့် ဟိန္ဒူခေါင်းဆောင်များသာဖြစ်သည်။ဟိန္ဒူများသည် တကယ့်အစစ်အမှန် ဟိန္ဒူများ မဟုတ်ကြပါ။၎င်းတို့သည် ဗြဟ္မဏများ (Brahmins)၊ ရပ်ချ်ပွတ်စ် (Rajputs)များ ဘူမိဟာရပ်စ် (Bhumiharas)၊ကာယပ်သာ့စ်များ (Kayathas)စသည်ဖြင့် ဖြစ်ကြပါသည်။အဘယ်ကြောင့်ဆိုသော် ဟိန္ဒူဘာသာဆိုသည့်အဓိပ္ပါယ်မှာ ဇာတ်ခွဲခြင်းမှုစနစ်တွင် ဗြဟ္မဏများကို ဇာတ်အမြင့်ဆုံးအဖြစ် ယုံကြည်လက်ခံသောကြောင့်ဖြစ်သည်။ထို့ကြောင့် ဟိန္ဒူဘာသာယုံကြည်ကိုးကွယ်မှုဆိုသည်မှာ နိုင်ငံရေးလောကရွေးချယ်တင်မြောက်မှု၏ ဟိန္ဒူဘာသာအား အခြေခံသဘောတရားအဖြစ်လက်ခံခြင်းမျှသာဖြစ်သည်။

မူဆလင်ဘာသာဝင်နိုင်ငံရေးခေါင်းဆောင်များသည် အလားတူပင် ထိုလမ်းစဉ်အတိုင်း လိုက်ပါသွားနေကြသည်မှာ အမှန်ဖြစ်၏။နိုင်ငံရေးပါတီတွင် ဟိန္ဒူတို့အား ဟိန္ဒူဘာသာ၏ဇာတ်ခွဲခြားမှုစနစ်အား အခြေခံ၍ ဟောကြားမဲဆွယ်ခဲ့ကြသလို မူဆလင်ဘာသာဝင်မဲဆန္ဒရှင်များအားလည်း မူဆလင်ဘာသာ၏ရှေးရိုးစွဲ အယူအဆများကို ဟောကြားမဲဆွယ်ကြသည်။မူဆလင်အများစု၏မဲဆန္ဒကို အပြည့်အဝရနိုင်မည့် မဲဆန္ဒနယ် အနည်းငယ်မျှသာရှိရာ၊မူဆလင်ဘာသာဝင်နိုင်

ငံရေး ခေါင်းဆောင်များသည် ဟိန္ဒူဘာသာဝင်နိုင်ငံရေးခေါင်းဆောင်များနှင့် မဟာမိတ်ပြု၍ ရွေးချယ်တင်မြှောက်ခံရရေး ဟိန္ဒူများက အကူအညီပေးမည့် မူဆလင်မဲဆန္ဒနယ်များကို ရွေးချယ်ရသည်။ဤအကြောင်းအရာနှင့် အချက်အလက်များသည် များသောအားဖြင့် ကွန်ဂရက်ပါတီ မူဆလင်ခေါင်းဆောင်များ၏ မှန်ကန်သောပါဝင်ပတ်သက်မှုဖြစ်သည်။သို့သော် အဆိုပါ ကွန်ဂရက်ပါတီနိုင်ငံရေးခေါင်းဆောင်များသည် အစွန်းလာမ်ရှေးရိုးစွဲအယူအဆရှိသူများကိုမဟာမိတ်ပြုသူများအတွက် သာမူဆလင်မဲဆန္ဒများရရှိသည်။

ထို့ကြောင့် အိန္ဒိယအတွေးအခေါ်ဖြစ်သည့် ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှု၌ အခြေမခံသင့်ဟူသော အချက်သည် ဟိန္ဒူတစ်ဦးအား ပို၍ဇာတ်ခွဲခြားမှုစနစ်ကို လက်ခံသည့် ဟိန္ဒူအဖြစ် တွန်းပို့ခဲ့သည့်နည်းတူ မူဆလင်တစ်ယောက်ကိုလည်း ရှေးရိုးစွဲအယူအဆရှိသူ မူဆလင်အဖြစ် ပို့ဆောင်ခဲ့သည်။ရလဒ်ဘာဖြစ်မည်နည်း။အကြောင်းတရားရှိလျှင် အကျိုးတရားရှိစမြဲဖြစ်သော မည်သည့်ယေဘုယျသဘောတရားအပေါ်တွင်မျှ နိုင်ငံရေးဆိုင်ရာဆွေးနွေးငြင်းခုံခြင်း မရှိတော့ပေ။ ဘီဟာပြည်နယ် (Bihar)က ကွန်မြူနစ် များ *(Communists)** သည်ပင်လျှင် အခွင့်အရေးပေးထားခြင်း ခံရသော ဇာတ်ခွဲခြားမှုစနစ်ကျင့်သုံးသူ ဟိန္ဒူများ၏မဲဖြင့် အစိုးရအာဏာရရှိခဲ့ကြသည်။အကြောင်းနှင့် အကျိုးဆင်ခြင်တုံတရား အသိဉာဏ်ပညာနည်းပါးမှုကြောင့် ဦးနှောက်ယိုစီးမှု ၊အလုပ်လက်မဲ့ဖြစ်မှု ၊လူဦးရေအလွန်တိုးပွားလာမှု၊ ဇာတ်မြင့်သူမဟုတ်လျှင်ဖြစ်စေ ၊သို့မဟုတ် ကွန်မြူနစ်ပါတီ၏ထောက်ခံမှုမပါလျှင်ဖြစ်စေ ရာထူးနေရာမရှိနိုင်သလို ၊ဂုဏ်ထူးဘွဲ့ထူးလည်းမရှိနိုင်ပေ။အဂတိလိုက်စားမှုတိုင်းအား ဇာတ်မြင့်သူ ဟိန္ဒူ ဦးဆောင်သည့် နိုင်ငံရေးပါတီက ကာကွယ်ပေးထားသည်။နိုင်ငံရေးသမားတိုင်း ကသားသမီးမွေးဖွားရေး သို့မဟုတ် လူဦးရေထိန်းချုပ်သည့် စီမံကိန်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းရမည်ဟု နားလည်ကြသည်။သို့သော် မူဆလင်မဲဆန္ဒမရရှိသဖြင့် ယင်းသားသမီးမွေးဖွားမှုထိန်းချုပ်ရေး ဥပဒေကို မပြဋ္ဌာန်းနိုင်ခဲ့ပေ။ ''ယုံကြည်ကိုးကွယ်မှုဘာသာများအားလုံးကို လေးစားရမည်'' (respect for religions)ဟူသော ကိုယ်ကျင့်သီလနှင့် အသိဉာဏ်ပညာကို ဘာသာယုံကြည်ကိုးကွယ်မှုအပေါ်တွင် အခြေမခံသင့် (Secularism)အား အဓိပ္ပါယ်ရှင်းခြင်းအားဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုသည် ကင်ဆာရောဂါဖြစ်ပွားလာသည့်ပမာ (cancerous growth within it)တိုင်း

ပြည်၏နိုင်ငံရေးဘဝအတွင်းသို့ ဝင်ရောက်အမြစ်တွယ်ခဲ့သည်။ချက်ခြင်းလက်ငင်းဖြစ်ပေါ်လာသော အကျိုးရလဒ်မှာ ကိုယ်ကျင့်သီလနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှု၌ အခြေမခံသင့် (Secularism)ဟူသော အယူအဆ၏အဓိပ္ပါယ်ဖွင့်ဆိုချက်ကို စွန့်လွှတ်ပြောင်းလဲပစ်ခြင်းသည် ပို၍ကောင်းသည်ဟူ၍ ဖြစ်၏။ရုရှနိုင်ငံ (Russia)၏ကွန်မြူနစ်တော်လှန်ရေး စတင်ဖြစ်ပေါ်ခါစအချိန်က ကိုယ်ကျင့်တရားနှင့် အသိဉာဏ်သည် ဘာသာယုံကြည်ကိုးကွယ်မှုတွင် အခြေမခံသင့်ဟူသော အယူအဆ (Secularism)သည် ဘာသာယုံကြည်ကိုးကွယ်မှုအား ဆန့်ကျင်မှု (anti - religion)ပြုလုပ်ရန် မလိုခဲ့ပေ။အဘယ်ကြောင့်ဆိုသော ဘာသာယုံကြည်ကိုးကွယ်မှုသည်လည်း အင်အားစု(ဝါ) စွမ်းအားရှင်အဖွဲ့အစည်းတစ်ခုဖြစ်၍ များစွာသော အိန္ဒိယလူမျိုးများသည် ထာဝရဘုရားသခင်(ဝါ)နတ်ဘုရား (God)၏အမိန့်အတိုင်း သူ၏နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတာဝန်ကို ထမ်းဆောင်ကြမည် ဖြစ်သောကြောင့်တည်း။သို့သော် နိုင်ငံတော်အစိုးရသည် ဘာသာယုံကြည်ကိုးကွယ်မှု ကြားနေဝါဒကို ကျင့်သုံးသင့်သည်။Secularism ၏ ''ကိုယ်ကျင့်သီလနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှုအပေါ်၌ အခြေမခံသင့်'' ဟူသော သဘောတရား၏အဓိပ္ပါယ်မှာ တိုင်းပြည်တစ်ပြည်၏ သဘာဝအရင်းအမြစ်များကို သိပ္ပံပညာရပ်နှင့် နည်းပညာရပ်များ၏အကူအညီဖြင့် ထုတ်ယူသုံးစွဲနိုင်ပြီး နိုင်ငံသားအားလုံးအတွက် အလုပ်အကိုင်များ နှင့် အရင်းအမြစ်များကို ဖြန့်ဝေအသုံးပြုနိုင်သည်အထိ ဆောင်ရွက်ပေးရန်ဟူသောအမြင်ဖြစ်ပါသည်။ဘာသာယုံကြည်ကိုးကွယ်မှုသည် အနာဂတ်နိုင်ငံတော်ကို အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာရေးအတွက် တာဝန်ထမ်းဆောင်ခြင်း ၊ကာကွယ်ရေး တာဝန်နှင့် ရှေ့သို့တက်လှမ်းနိုင်ရေး ဆောင်ရွက်မှု (Service,defense and furtherance) ထက်ပို၍ မြင့်မြတ်သောလုပ်ငန်းမရှိပါ။လူသားသည် ဘာသာယုံကြည်ကိုးကွယ်မှုအတွက် မွေးဖွားလာခြင်းမဟုတ်ပါ။သို့သော် ဘာသာယုံကြည်ကိုးကွယ်မှုအား လူသားအတွက် ဖန်တီးထားခြင်းဖြစ်၏။စံပြလူသားနှင့်ထာဝရဘုရားသခင် (ဝါ)နတ်ဘုရား(ဝါ) Godတို့မှာ တစ်ဦးတည်းနှင့်ထပ်တူထပ်မျှတူညီလှ၏။လူသားတစ်ဦးတစ်ယောက်၏အရည်အချင်းနှင့် စွမ်းဆောင် နိုင်မှုကိုအခြားလူများနှင့်(ဝါ) ၎င်း၏ပတ်ဝန်းကျင်ရှိ လူများနှင့် ပူးပေါင်း၍ အပြည့်အဝပါဝင်ဆောင်ရွက်မှုနှင့်နိုင်ငံတော်အား ဖွံ့ဖြိုးစေခြင်းအားဖြင့် စံပြနိုင်ငံသားတစ်ဦးဖြစ်လာရေး (to be an ideal

citizen) အတွက်တွန်းတင်ပေးခြင်းသည် လူသား၏စိတ်တွင်ရှိသော (Evolutionary nisus)ခေါ် ရုပ်တရားတို့အဆင့်ဆင့်ဖြစ်ပေါ် တိုးတက်ပြောင်းလဲလာခြင်းကို လမ်းလွှဲမသွားရန် စိတ်၏တိမ်း ညွတ်မှုနှင့်တကွ အမြင့်မြတ်ဆုံးနှင့် သဘောထားကိုက်ညီမှု အရှိဆုံးဖြစ်သည်။ အတိတ်ကာလက လူသား၏ကြိုးပမ်းဆောင်ရွက်အောင်မြင်မှုများသည် နောင်လာမည့် အနာဂတ်ကာလတွင် တိုးတက် ဖြစ်ပေါ်လာမည့် လူသားများ၏ တီထွင်ကြံဆသုတေသနပြုချက်များ ရလဒ်အဖြစ် ထွက်ပေါ်လာမည့် သိပ္ပံပညာရပ် ၊နည်းပညာရပ်နှင့် အခြားခေတ်မိုကိရိယာပစ္စများ၏ အကူအညီ ဖြင့်ရရှိလာမည့် တိုးတက်အောင်မြင့်မှုများကို နှိုင်းယှဉ်မည်ဆိုလျှင် အတိတ်ကာလ၏ အောင်မြင် ဖြစ်ထွန်းမှုသည် ဘာမျှမကြီးကျယ်တော့ပေ။ဘာသာယုံကြည်ကိုးကွယ်မှုတွင် လူသားအချင်းချင်း အခြားသူများ၏ ပျော်ရွှင်ချမ်းမြေ့မှုလျော့နည်းသွားစေရန် ဆောင်ရွက်ပေးနိုင်သည့်မစွင့်မရှိပေ။

ထို့ကြောင့် Secularism ကိုယ်ကျင့်အဘိဓမ္မာနှင့် အသိဉာဏ်ပညာသည် ဘာသာ ယုံကြည်ကိုးကွယ်မှုအပေါ်၌ အခြေမခံသင့်ဟူသော သဘောတရား၏ အဓိပ္ပါယ်ကို နိုင်ငံတော်သည် ဘာသာယုံကြည်ကိုးကွယ်မှုမခွဲခြားပဲ ဆက်ဆံလျက် ၎င်း၏ဖန်တီးသည့်စွမ်းအားဖြင့် နိုင်ငံတော် အား စက်မှုလက်မှု တိုးတက်စေရန် ဟူသောအဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်ဟူ၍ ကျွန်ုပ်တို့နိဂုံးချုပ် ရေးသားလိုက်ရပေသည်။နိုင်ငံတော်အတွင်း၌ ဘာသာယုံကြည်ကိုးကွယ်မှုအား တစ်ဦးချင်းစိ နှင့် ပုဂ္ဂလိက ဆိုင်ရာကိစ္စအဖြစ်ခွင့်ပြုနိုင်သည်။အနောက်တိုင်းနိုင်ငံများသည် အလွန်ကောင်းမွန် သောအတွေ့အကြုံများရရှိပြီးနောက် ဤသဘောတရားအယူအဆကို အဆုံးသတ်ခဲ့သည်။

လက်မခံလိုသည့်အယူအဆကို အတင်းအဓမ္မလက်ခံစေခြင်း(Toleration)

လူသားအားလုံးနှင့်သက်ဆိုင်သော ဘာသာယုံကြည်ကိုးကွယ်မှု၏ အမြင့်ဆုံးယုံကြည် မှုတစ်ခု (one universal religion of the supreme spirit)ရှိသည်ဆိုခြင်းမှာ သံသယဖြစ် ဘွယ်ကိစ္စဖြစ်၏။မည်သို့ပင်ဖြစ်စေကာမူ ဘာသာယုံကြည်ကိုးကွယ်မှုတိုင်း၌ တူညီသောညွှန်းဆို ချက်ပါဝင်နေပြီး ချုပ်ငြိမ်းမှု သဘောတစ်ခု (a state of differenceless)သို့ ရောက်ရှိရေး အတွက် လုံးဝဥဿုံပြည့်စုံမှန်ကန်သည့် အဆင့်တစ်ခုသို့ရောက်ရှိနိုင်မည့် ကျင့်ကြံပုံနည်းလမ်း သည် ဘာသာယုံကြည်ကိုးကွယ်မှုတိုင်း၌ ရှိနေကြ၏။သို့သော် မတူကွဲပြားခြားနားချက်များဖြစ် ည့် အမဲစက်ကြီးပျောက်ကွက်လျက် လုံးဝဥဿုံပြီးပြည့်စုံသည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်

ရှိရေးတွင် ဘာသာယုံကြည်ကိုးကွယ်မှုပုံစံအားလုံးမှာ အတိမ်အနက်၊ အနိမ့်အမြင့် အဆင့်အတန်း ကွာခြားနေသော်လည်း ဆက်စပ်ယှက်နွယ်မှုနှင့်တကွ မှားယွင်းသော အယူအဆများပြည့်နှက် လျက်ရှိသည်။ယုံကြည်ချက်အရာအဆင့်မြင့်စွာဖြင့် ဆက်စပ်နေသော ဘာသာယုံကြည်ကိုးကွယ် မှုများ၏ပုံစံသည် အဆိုပါ (standard of differencelessness)ချုပ်ငြိမ်းမှုသဘောကို သိ နည်းလည်စွာဖြင့် ဖြစ်စေ၊အသေအချာစဉ်းစားပြီးမှုဖြစ်စေ၊ ရယူသုံးစွဲကြလေ၏။ယုံကြည်မှုအရာ၌ အဆင့်နိမ့်စွာဖြင့် ယုံကြည်ကိုးကွယ်မှုပြုသည့်ပုံစံဖြင့် ကိုးကွယ်သည့်ဘာသာများမှာမူ (standard of reaching the state of differencelessness)ချုပ်ငြိမ်းမှုကို လုံးဝဥဿုံပြီးပြည့်စုံ သည့်အဆင့်အတန်းသို့ ရောက်ရှိရေး ကြည်လင်ပြတ်သားသည့် အသိအမြင် မရှိကြသေးပေ။ ထို့အပြင်အကြမ်းစားအာရုံပေါ်တွင် လူသားတို့ ငြိတွယ်စွဲလမ်းတတ်သည့် စရိုက်သဘာဝ၏ထင်ရှား သည့် လက္ခဏာအဖြစ် သတ်မှတ်ခံရခြင်း (gross anthropomorphism)မှ ကျော်လွှန်လွတ် မြောက်ရေးအတွက် ၎င်းတို့၏ ဘာသာယုံကြည်ကိုးကွယ်မှုကို သန့်စင်ခြင်းနှင့် ဖြူစင်မှုအတွက် အားထုတ်ဆောင်ရွက်နေကြသည့် အထက်တန်းစားပုံစံဖြင့် ယုံကြည်ကိုးကွယ်သူများထက် အနိမ့် စားပုံစံဖြင့် ယုံကြည်ကိုးကွယ်သူများကပို၍ လူသားတို့ငြိတွယ်စွဲလမ်းတတ်သည့် စရိုက်သဘာဝ အာရုံပေါ်တွင် ငြိတွယ်စွဲလမ်းခြင်းကို အတင်းအကြပ်လက်ခံကြရသည်။သို့သော် လူတစ်ဦးတစ် ယောက်သည် ဘာသာယုံကြည်ကိုးကွယ်မှုတိုင်းကို တစ်ခုနှင့် တစ်ခုဆက်စပ်ယှက်နွယ်လျက် ယုံကြည်ကိုးကွယ်ခြင်းမှ ရရှိသည့်စိတ်စွမ်းအင် (religious insight)အား တစ်ဦးတည်းပိုင်အဖြစ် အုပ်စီးထားရန်မဖြစ်နိုင်ကြောင်း ယင်းဆက်စပ်ယှက်နွယ်နေကြသည့် ဘာသာယုံကြည်ကိုးကွယ် မှုများ၏ ခံစားချက်ကို ကောင်းစွာနားလည်ရန် လိုအပ်သည်။ဤကဲ့သို့သော ဘာသာယုံကြည်ကိုး ကွယ်မှုတစ်ခုစီတို့သည်Toleration ခေါ် လက်မခံလိုသည့် အယူအဆကို အတင်းအဓမ္မလက်ခံ စေခြင်းအကြောင်းကို နားလည်သိထားသင့်ပေသည်။လက်မခံလိုသည့်အယူအဆကို အတင်းအ ဓမ္မလက်ခံစေခြင်း (Toleration)ဟူသော အဓိပ္ပါယ်မှာ မည်သည့်ဘာသာတရားကိုဖြစ်စေ၊ ယုံ ကြည်ကိုးကွယ်မှုများအား ရက်စက်ကြမ်းကြုတ်စွာ ဆက်ဆံ၍ လူတစ်ယောက်၏မူလယုံကြည် ချက် ကို ကိုးကွယ်ဆည်းကပ်ခြင်း မပြုလုပ်နိုင်အောင် ပိတ်ပင်တားဆီးခြင်းဖြစ်သည်။(လွတ်လပ် စွာယုံကြည်ကိုးကွယ်မှုမရှိခြင်းနှင့် အဓိပ္ပါယ်တူသည်- ဘာသာပြန်သူ)။ဆိုလိုသည့်အဓိပ္ပါယ်မှာ

အသိဉာဏ်ပညာနက်ရှိုင်းကျယ်ဝန်းမှု နှင့်နိမ့်ကျသူများအပေါ် ကြင်နာသနားသည့်စိတ်သည် လူသား အားလုံးအပေါ် ဆင်းရဲခြင်းမှ လွတ်ကင်းစေလိုသည့်စေတနာ ထားရှိခြင်းမျှသာ မဟုတ်သေးပဲ၊ဘာသာယုံကြည်ကိုးကွယ်မှုတိုင်း ဆက်စက်ယှက်နွယ်လျက်ရှိသည့်ပုံစံကိုလည်း ကောင်းစွာသိနားလည်ခြင်းကို ဆိုလိုသည်-ဘာသာပြန်သူ)။အခြားသော ဘာသာယုံကြည်ကိုး ကွယ်မှုများအား နားလည်နိုင်ရန်ကြိုးစားသင့်ပြီ ၊အခြားသော ဘာသာယုံကြည်ကိုးကွယ်မှုများ ၏အချို့သောကောင်းသည့်အချက် ၊တန်ဘိုးရှိသည်စိတ်စွမ်းအင်ကို ကျွန်ုပ်တို့၏ကိုယ်ပိုင်ယုံကြည် မှုနှင့် ပေါင်းစပ်အသုံးခြင်းအားဖြင့် ကျွန်ုပ်တို့၏ကိုယ်ပိုင်ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ နူးညံ့ သိမ်မွေ့စွာ စိတ်၌ခံစားရသည့်အရာကို ပိုမိုလေးနက်စေသင့်ပေသည်။ထို့ကြောင့် အရေးအကြီး ဆုံးအချက်မှာ အခြားသောဘာသာယုံကြည်ကိုးကွယ်မှုတိုင်း၏ကျင့်စဉ်များသည် လူတစ်ဦး၏ ကိုယ်ပိုင်ဘာသာယုံကြည်ကိုးကွယ်မှု၏ ကျင့်စဉ်နှင့် ဆက်စပ်ယှက်နွယ်လျက်ရှိကြောင်း ကောင်း စွာနားလည်သဘောပေါက်ရန်ဖြစ်သည်။ဤသိမြင်နားလည်မှုသည် toleration ခေါ်လက်မခံလို သည့်အယူအဆကို အတင်းအဓမ္မ လက်ခံယုံကြည်စေခြင်းအား သိပ္ပံနည်းကျ ယုတ္တိဗေဒနည်း အားဖြင့် မှန်ကန်စွာဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။ဘာသာယုံကြည်ကိုးကွယ်မှုများ တစ်ခုနှင့်တစ် ခု ဆက်စပ်ယှက်နွယ်လျက်ရှိပုံကို ကြောင်းကျိုးဆီလျော်သည့် ပြဆိုချက်များဖြင့် ကျွန်ုပ်တို့အ ကျဉ်းချုံး၍ ဖော်ပြလိုက်ပါသည်။-

၁။ ပထမဦးဆုံးအနေဖြင့် အမြင့်မြတ်ဆုံးသော မှန်ကန်မှု (Supreme Realitily)အား ကျွန်ုပ်တို့နားမလည်နိုင်သကဲ့သို့ လူသားတို့နားမလည်နိုင်သော အရာဟူ၍လည်း ကျွန်ုပ်တို့ရေး သားဖော်ပြခဲ့ပြီးဖြစ်ပါသည်။(Brharanyaka Up.II.4.14;Mautri.VI.7;Kant's Theory of synthetic unity of apperception;Wittgenstein's theory of keeping silence about God)

သို့သော် ကျွန်ုပ်တို့က ဘာသာယုံကြည်ကိုးကွယ်မှုသည် စိတ္တဗေဒဆိုင်ရာရှုဒေါင့်အားဖြင့် ကျွန်ုပ်တို့၏ စိတ်ပိုင်းဆိုင်ရာ ဖွဲ့စည်းပုံတွင်မြဲမြံစွာတည်ရှိနေသည်ဟူ၍လည်း ရေးသားဖော်ပြ ခဲ့ပါသည်။ထို့ကြောင့် ဗြဟ္မဉာဏ (Brhma realization)ခေါ်ဗြဟ္မာဟူသော အဓိပ္ပါယ်ကို အမြင့် ဆုံးအနေအထားဖြင့် ကောင်းစွာနားလည်သဘောပေါက်ပြီးနောက် ကျွန်ုပ်တို့ရှာဖွေရပါမည်၊ ဤသို့

အားဖြင့် လူသားအား ၎င်းမသိနားမလည်သောအရာကို သိနားလည်ရမည်ဟု အပြစ်ဖို့ အကြပ်ကိုင်ခံရသည်။လူသားသည် ဘာများလုပ်နိုင်မှာလဲ။

၂။ လူတစ်ဦးတစ်ယောက်သည် သူ၏အသိဉာဏ်ပညာနက်ရှိုင်းကျယ်ဝန်းမှုရှိခြင်းနှင့် ကမ္ဘာလောကအမြင်အရ သူသည် မသိနားမလည်နိုင်သောဖြဟ္မာ၏ ရုပ်ပုံကားချပ်ကိုရေးဆွဲသည်။ ရေးလွန်လေပြီးသော အချိန်ကာလ၌ ဖြဟ္မာ၏ပုံရိပ်သည် လူသား၏အာရုံခံစားမှုအပေါ်တွင် အလွန့်အလွန်ငြိတွယ်စွဲလန်းသည့် စရိုက်သဘာဝအတိုင်းဖြစ်ခဲ့ပြီးနောက် အသိပညာတိုးတက်ပြန့်ပွားလာခြင်းနှင့် ကမ္ဘာလောကအားရှုမြင်မှုနှင့် ကျင့်စဉ်မြင့်မားလာပြီးလျှင် ဖြဟ္မာပုံရိပ်လွှာသည် ပို၍သန့်စင်လာခဲ့သည်။သာဓကအနေဖြင့် ဂျူးလူမျိုးတို့၏ ထာဝရဘုရားသခင်က ပထမပိုင်းတွင် တိရစ္ဆာန်ယစ်ပူဇော်ကို လိုလိုလားလား လက်သင့်ခံပြီးနောက် ကာလကြာမြင့်လာသောအခါ၌ ဘာသာယုံကြည်မှု၏ နူးညံ့သည့်စိတ်တန်ခိုးတိုးပွားများပြားလာသည်နှင့်အမျှ အဆိုပါထာဝရဘုရားသခင်ကပင်လျှင် ဘုရားရှင်၏ အမိန့်တော်ကိုရိုသေကျိုးနွံစွာနာခံမှုနှင့် ကျူးလွန်မိခဲ့သော မှားယွင်းမှုကို ဝန်ခံမှုပြုရန်လိုလားခဲ့သည်။ဤသို့အားဖြင့် မည်သည့်ဘာသာယုံကြည်ကိုးကွယ်မှု၏ပုံရိပ်လွှာပင်ဖြစ်စေ ၊ရှောင်လွှဲမရနိုင်သော ဆက်စပ်ယှက်နွယ်မှုဖြစ်၍ အသိအလိမ္မာဉာဏ်ပညာ တိုးပွားလာခြင်း၊ကမ္ဘာလောကကို ရှုမြင်သုံးသပ်ပုံနှင့် မသိမမြင်နိုင်သော တကယ်အစစ်အမှန်အရှိတရားအား ရေးရှုလျက် ယုံကြည်မှုနူးညံ့သိမ်မွေ့နက်နဲလာသည်နှင့်အမျှ ပြောင်းလဲလာရမည်ဖြစ်သည်။

၃။ တတိယအချက်အားဖြင့် ကိုယ်ကျင့်တရား တိုးတက်ကောင်းမွန်လာခြင်း၏ အကြောင်း တရား အခြေအနေအမှန်ကို သတိပြုမိခြင်းအပေါ် ကျွန်ုပ်တို့မှတ်သားထားခဲ့ပြီးဖြစ်သည်။လူတိုင်းတွင်လည်းသူချစ်မြတ်နိုးသည့်ယုံကြည်မှုကို ကျယ်ဝန်းသော ဆန်ခါ (Wider Screen)ပေါ်တွင် တင်လျက်ရွေးချယ်စိစစ်ပြီး ကိုယ်တိုင်ဝမ်းသာကြည်နူးမှု (Ideal-self)ခံစားလိုသည့်စိတ်အကြံ ရှိနေကြသည်။လူချင်းတူသော်လည်း အသက်ရှုခြင်းကွာသည့်အားလျော်စွာ စိတ်နေသဘောထားနှင့် ကိုယ်နှုတ်အမူအရာတို့သည်လည်း မတူညီကြသည့်အပြင် ၎င်းတို့၏ပတ်ဝန်းကျင်အခြေအနေနှင့်လျော်ညီစွာ ယဉ်ကျေးမှုနှင့်ထိတွေ့ဆက်ဆံရသည့်အပေါ်မူတည်လျက် ၎င်းတို့၏ယုံကြည်ကိုးကွယ်မှုနှင့် ကိုယ်တိုင်ခံစားရသည့်ဝမ်းသာ ကျေနပ်မှု (Ideal-self)သည် လူပုဂ္ဂိုလ်အပေါ်လိုက်၍ ကွဲပြားခြားနားကြလေ၏။

၄။ အလားတူ တူညီသောအချက်ကို အိန္ဒိယလူမျိုးယဉ်ကျေးမှုစနစ်အတွင်း မြှင့်တင်ခဲ့ပြီးဖြစ်သည်။လူအများသည် sattva,rajas and tamas နှင့်အတိတ်ကပြုခဲ့သော ကံကြွင်းကံစများ (Past,Karmas)၏ပမာဏအပေါ်မူတည်၍ ၎င်းတို့အလွယ်တကူ ကြောက်ရွံ့ထိတ်လန့်တက်သော ကိုယ်ခန္ဓာဖွဲ့စည်းမှု ကွဲပြားကြသည်။ထို့ကြောင့် လူများသည် တစ်ဦးနှင့်တစ်ဦး မတူကွဲပြားသည့်အားလျော်စွာ ၎င်းတို့၏ယုံကြည်ကိုးကွယ်မှုများသည်လည်းခြားနားကြ၏။(Gita 17.4.6)ထို့ကြောင့် ဘာသာယုံကြည်ကိုးကွယ်မှုများသည် တစ်ခုနှင့်တစ်ခုမတူကြသည့်အပြင် တစ်ခုနှင့်တစ်ခု ဆက်စပ်ယှက်နွယ်နေကြသည်။

ထို့ကြောင့် ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာဒဿန ပညာရှုဒေါင့်မှ ကြည့်လျှင် ဘာသာယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်၍ မိမိနှစ်သက်လိုလားတောင်းတသည့် ယုံကြည်ကိုးကွယ်မှုကို ယုံကြည်ကိုးကွယ်ခွင့်မရနိုင်ခဲ့ကြချေ။တစ်ဆက်တည်းဖော်ပြရလျှင် အိန္ဒိယနိုင်ငံ၏ နောက်ခံသမိုင်းဖြစ်ရပ်များတွင် ဘာသာယုံကြည်ကိုးကွယ်မှုနှင့်စပ်လျဉ်း၍ မိမိလိုလားနှစ်သက်မှုမရှိသော ဘာသာတရားကို အတင်းအဓမ္မယုံကြည်ကိုးကွယ်စေမှုသာဓကများစွာရှိခဲ့ဘူး၏။

သီရိဓမ္မာသောကမင်းကြီး (ခေါ်)အသောကမင်းကြီး (Asoka)ဘုရင်၏အမိန့်ဖြင့် ကျောက်ဆောင်များပေါ်၌ ဖောက်ထွင်းရေးသားထားချက်များက ဘာသာကိုးကွယ်မှုဆိုင်ရာယုံကြည်ချက်ပုံစံအတိုင်းမိမိကိုယ် မိမိလေးစားကြည်ညိုရန် အကြံပေးထားသည်။မိမိနှစ်သက်လိုလားမှုမရှိသော အလုပ်တစ်ခုကို အတင်းအကြပ်လုပ်ကိုင်စေခြင်း(ဝါ) မကြိုက်မနှစ်သက်သော အယူဝါဒတစ်ခုကို အတင်းအဓမ္မ လက်ခံယုံကြည်စေမှု၏ မူလအစသည် မိမိ၏ကိုယ်ပိုင်ယုံကြည်မှုကို ကြည်ညိုလေးစားရန်နှင့် သူတစ်ပါး၏ယုံကြည်ချက် နာမည်ပျက်စေရန် မတော်မလျော်အလွဲသုံးပြု၍ မည်သည့်အခါမျှ မပြောဆိုရန်ဖြစ်သည်။အတိုင်းထက်လွန်ဉာဏ်ပညာအရာထင်ရှားခဲ့သော အက္ကဘာဘုရင်လက်ထက်သို့ ပြန်လည်လှမ်းမျှော်ကြည့်ပါက အိန္ဒိယနိုင်ငံ၏ ဂုဏ်ရောင်ထွန်းပြောင်စေသည့် ဘာသာယုံကြည်ကိုးကွယ်မှုများအား အတူတကွ အပြန်အလှန်ညှိနှိုင်း ဆွေးနွေးမှုပြုနိုင်သည့် ညီလာခံတစ်ရပ်ရှိခဲ့ဘူး၏။အက္ကဘာဘုရင် (Akbar)ကအိန္ဒိယနိုင်ငံတစ်ဝှမ်းလုံး၌ရှိနေခဲ့သော ယုံကြည်ကိုးကွယ်မှုများကို လွတ်လပ်စွာညှိနှိုင်းတိုင်ပင်စေပြီးနောက် ဒင်အီလာဟီ (Din - Ilahi)မည်သော ယုံကြည်ကိုးကွယ်မှုမျိုးစုံ၏ အယူအဆများမှ သင့်တော်ရာကို ကောက်

နတ်ပေါင်းစပ်၍ ဘာသာယုံကြည်ကိုးကွယ်မှုတစ်ခုကို တည်ထောင်ခဲ့သည်။ကျွန်ုပ်တို့၏ခေတ်ကာလ၌ မဟတ္တမဂန္ဓီ (Mahatama Gandi)ရှင်းလင်းစွာရေးသားခဲ့ရာ၌–

''ဂီတကျမ်းကို ကျွန်ုပ်ယုံကြည်သည် ၊ထိုနည်းတူ သမ္မာကျမ်းစာကိုလည်း ယုံကြည်ပါ၏။ကမ္ဘာ့ယုံကြည်ကိုးကွယ်မှု ဘာသာကြီးများအားလုံးကို ကျွန်ုပ်၏ယုံကြည်ရာဘာသာနှင့်မခြား အညီအမျှထား၍ လေးစားပါ၏။ယနေ့ခေတ် ၊ယနေ့အချိန်အချိန်အခါ၌ မိမိတို့၏ ကိုယ်ပိုင်ဘာသာတရားအား ယုံကြည်ကိုးကွယ်သူဘာသာဝင်များအနက်မှ မည်သူမဆို တစ်စုံတစ်ဦးက သူကိုးကွယ်သည့် ယုံကြည်ရာကို ရယ်စရာရုပ်သွင်ဖန်တီးလျှင်တော့ ကျွန်ုပ်အသည်းနှလုံးတွင် နာကျင်သည့်ဝေဒနာခံစားရပါ၏။''

(S.Radakrishnan ,Eastern Religions ,P.313)

မှတ်ချက်။ ။ ဤဘာသာပြန်ဆိုရေးသားနေစဉ် (၃၀.၆.၂၀၀၇) နေ့ ၊နံနက် ၆ း၃၀ မှ ၇း၀၀ ထိထုတ်လွှင့်သည့် ဘီဘီစီမြန်မာပိုင်းအစီအစဉ်၌ ကြားသိရသည့်သတင်းအရ ၊အိန္ဒိယပြည်နယ်၏အမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဓီ၏လုပ်ကြံသတ်ဖြတ်ခြင်းမခံရမီ (၁၉)ရက်ခန့်အလိုတွင် ရေးသားခဲ့သည့် ''မွတ်ဆလင်များအား သည်းခံခွင့်လွှတ်၍ ချစ်ခင်လေးစားကြရန် ရေးသားထားသောလက်ရေးမူကို လေလံတင် ရောင်းချပွဲတွင် ဒေါ်လာ ၂၄၀၀၀ကျော်ဖြင့် အိန္ဒိယအစိုးရက ပြန်ဝယ်ယူသွားကြောင်းသိရသည်။လေလံတင် ရောင်းချပွဲမှာ အင်္ဂလန်နိုင်ငံ၌ ကျင်းပခြင်းဖြစ်သည်။သို့သော် (၃.၇.၂၀၀၇) နေ့ VOA ထုတ်လွှင့်ချက်အရ အိန္ဒိယနိုင်ငံယဉ်ကျေးမှုဦးစီးဌာနက လေလံတင်ရောင်းချခြင်းမပြုရန် တားမြစ်ကြောင်း သက်ဆိုင်ရာသို့အကြောင်းကြားခဲ့သည်။(ဘာသာပြန်သူ)

ဂရိခ် (Greeks)လူမျိုးများသည် ၎င်းတို့၏ အသိဉာဏ်ပညာကျယ်ဝန်းနက်ရှိုင်းမှုနှင့် ဘာသာယုံကြည်ကိုးကွယ်မှုများ ပေါင်းစည်းညီညွတ်မှုရရှိရန် ကျယ်ပြန့်သည့်လုပ်ဆောင်ချက်များဖြင့် လူတစ်ဦးတစ်ယောက်က မယုံကြည်မလိုလားသည့် ဘာသာကိုးကွယ်မှုများကို အတင်းအကြပ်ယုံကြည်ကိုးကွယ်စေသည့် အမှုများ ဖြစ်ပွားခဲ့သည်။

''လူမျိုးတစ်မျိုးစီသို့ မြင့်မြတ်သောကျင့်စဉ်များ သူတို့ကျင့်သုံးနိုင်ရန် ကျွန်ုပ်တို့ ပေးထားခဲ့ပြီးဖြစ်၏။ထို့ကြောင့် သင်၏ကိစ္စအတွက် သူတို့အား စကားမများကြပါစေလင့်၊သို့

သော် ဘုရားရှင်က သင့်အားပေးသည့် အမိန့်နာခံပါလော့ ။(Surath .XXII.67)
အထင်လွဲမှားမည့် ကုန်းတိုက်စကားသင်ပြောကြားက
အလ္လာအရှင်က သင်၏ဝိဉာဉ် ရှင်သန်ထမြောက်နေ့သို့ရောက်က၊
ယင်းကိစ္စအား တရားစစ်မေး ပြစ်ဒဏ်မေးမှာ ၊သင်သာငရဲမီးသို့ ဆင်းရမည်မှာ အသေ
အချာတည်း၊
(Surah.XXII.69)

တဖန်–

ဘာသာယုံကြည်ကိုးကွယ်မှုတွင် အတင်းအဓမ္မအနိုင်အထက်ပြု၍ မတိုက်တွန်းပါနှင့်။

ထို့ကြောင့် အင်အားသုံး၍ ဘာသာယုံကြည်မှုပြောင်းလဲခြင်းကို အစ္စလာမ်ဘာသာက ပြစ်တင်ရှုံ့ချထားခြင်းဖြစ်သည်။

ခေတ်သစ်အိန္ဒိယနိုင်ငံတော်တွင် ယုံကြည်ကိုးကွယ်မှုတိုင်းအား ရှင်သန်ရပ်တည်ခွင့်နှင့် ကျင့်သုံးဝတ်ပြုကိုးကွယ်ခွင့်၊ ထို့ပြင် မိမိ၏ယုံကြည်ကိုးကွယ်မှုကို ထုတ်ဖော်ဟောကြားနိုင်သည့်အခွင့်အရေးအထိ ခွင့်ပြုထားပြီးဖြစ်၏။ သို့သော် အဘယ်ကြောင့် ဇာတ်ခွဲခြားသည့်စနစ် သည်လည်းကောင်း ၊ ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာကိစ္စများတွင်လည်းကောင်း ဘာသာယုံကြည်ကိုးကွယ်မှုများအချင်းချင်း တင်းမာနေကြရပါသနည်း။ အကြောင်းတရားကတော့ ဘာသာယုံကြည်ကိုးကွယ်မှုသည် နိုင်ငံရေးလက်နက်သဖွယ် အသုံးချခံနေကြရသောကြောင့် ဖြစ်သည်။

## ဘာသာယုံကြည်ကိုးကွယ်မှုနှင့်နိုင်ငံရေး
## RELIGION AND POLITICS

Secularism ခေါ်ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှုတွင် အခြေမခံသင့်ဟူသော အယူအဆကို သဘောတရားတစ်ရပ် (a form of philosophy) အနေဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးယန္တယား၏ အခြေခံဖွဲ့စည်းပုံကို ထာဝရဘုရားသခင်ပေးအပ်သည့် ဥပဒေစည်းမျဉ်းအတိုင်း အုပ်ချုပ်သည့်စနစ် (theo- centric or theoc-

racy) ဖြင့်တည်ဆောက်သည့်နိုင်ငံတော်ကို ဆန့်ကျင်သည် ၊ ထို့ပြင် ဘာသာယုံကြည်ကိုးကွယ်မှုကို နိုင်ငံရေးနယ်ပယ်နှင့် သီးခြားစီထားရှိရမည်။ အိန္ဒိယဝန်ကြီးချုပ် မစ္စတာနေရူးက နိုင်ငံရေးနှင့် ဘာသာရေးကို နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား၌ ရောနှောထည့်သွင်းမှုမပြုရန် အကြံပြုခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ သူက ကွဲပြားခြားနားသော ဘာသာယုံကြည်ကိုးကွယ်မှုမျိုးစုံတို့၌ ယုံကြည်သက်ဝင် ကိုးကွယ်ဆည်းကပ်သူများအားလုံးသည် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းညှိနှိုင်း၍နိုင်ငံသားတို့ ငြိမ်းချမ်းစွာနေထိုင်ရေးကို အနှောက်အယှက်ပြုကြလိမ့်မည်မဟုတ်ဟူ၍ မျှော်လင့်ထားခဲ့သည်။ ထို့ကြောင့် ဘာသာယုံကြည်ကိုးကွယ်မှုအားလုံးတို့ကို ရိုသေလေးစားကြရန် ပြည်သူများသို့ အကြံပြုခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်များသည် ဘာသာရေးပွဲလမ်းသဘင်မျိုးစုံတို့ကို ဘုရားကျောင်းများ ၊ ဗလီများ ၊ ဂုရုဒါရာစ် (gurudwaras) များသို့သွားရောက်၍ ဘာသာယုံကြည်ကိုးကွယ်မှုများကို အားပေးခဲ့သည်။ ဘာသာရေးဆိုင်ရာပွဲတော်များကျင်းပသည့်နေ့ရက်များကို အစိုးရရုံးပိတ်ရက်များအဖြစ် ပြောင်းလဲသတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့် နိုင်ငံရေးနယ်၏ လေ့ကျင့်ပျိုးထောင်မှုသည် ဘာသာယုံကြည်ကိုးကွယ်မှုများအား စိတ်ဓါတ်မြှင့်တင်အားပေးကြရန် လိုအပ်သည်။ ထိုသို့ဆောင်ရွက်ရမည့်တာဝန်မှာ အိန္ဒိယပြည်ကို ကိုယ်ကျင့်တရားနှင့်အသိဉာဏ်ပညာသည် ဘာသာရေးအပေါ် အခြေမခံဟူသော သဘောတရားဖြင့် ချိတက်နေသည့်နိုင်ငံ (Secular State) ၏ အလုပ်ဖြစ်ပင်ဖြစ်ငြားသော်လည်း၊ အိန္ဒိယအစိုးရ၏ ဘာသာယုံကြည်ကိုးကွယ်မှုများအား ကိုင်တွယ်သည့်မှုကို ထိခိုက်အားလျော့စေသည်။ လူအများစု၏ မဲဆန္ဒများရရှိရေးအတွက် ဘာသာယုံကြည်မှုများကို စိတ်ဓါတ်မြှင့်တင်ပေးရမည့် (Secular State) ခေါ် အိန္ဒိယနိုင်ငံတော်သည် ဘာတွေမှားယွင်းနေပါသလဲ။

အကြောင်းတရားကတော့ နိုင်ငံတော်နှင့် ဘာသာယုံကြည်ကိုးကွယ်မှုများသည် ၎င်းတို့၏ သဘာဝရည်ရွယ်ချက်နှင့်လေ့လာဆည်းပူးလျက် ရှေ့သို့သွားရမည့် နည်းဆိုင်ရာ အတတ်ပညာတို့၌ ဆန့်ကျင်လျက် ရှိနေကြသောကြောင့်ဖြစ်သည်။ ဘာသာယုံကြည်ကိုးကွယ်မှုသည် တမလွန်လောက ကောင်းကျိုးအတွက်ဖြစ်၍ နိုင်ငံတော်သည် ဤလူ့ဘောင်လောကဖြစ်သည်။ ဘာသာယုံကြည်ကိုးကွယ်မှုသည် (revelation) ခေါ် လျှို့ဝှက်မှု သို့မဟုတ် ဖုံးကွယ်နေသောအရာကို သိမြင်နားလည်အောင် အားထုတ်မှုအပေါ်၌ ယုံကြည်ချက်ထားရှိလျက် ကူညီ

ပေးရမည့်တာဝန်ရှိသည်။စာပေကျမ်းဂန် အများဆုံးလေ့လာဆည်းပူးသိမ်းဆည်းပြီး ဘာသာဝင်များအား လိမ္မာယဉ်ကျေးစေမည့် ကျင့်စဉ်များသင်ကြားပေးရန် တာဝန်လည်းရှိပါ၏။သို့သော် ဤသို့သော သဘာဝနှင့်ဆန့်ကျင်လျက် နိုင်ငံတော်သည် သဘာဝအရင်းအမြစ်များထုတ်ယူ၍ နိုင်ငံသားများသို့လူသုံးကုန်ပစ္စည်းများအဖြစ် ဖြန့်ဝေပေးနိုင်သည်အထိ ဝန်ဆောင်မှုပေးရန်၊ သိပ္ပံနှင့်နည်းပညာရပ်များအပေါ်၌ အခြေခံသည်။သိပ္ပံနှင့် နည်းပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကန့်အသတ်မရှိ လုပ်ဆောင်လျက်ရှိသည်။ထို့ကြောင့် နိုင်ငံတော်သည် နိုင်ငံသားများ၏ အသက်ရှည်စွာ နေထိုင်နိုင်ရေး ၊ကျန်းမာရေးကောင်းမွန်ရန်နှင့် မျှော်လင့်ချက်များထားရှိနိုင်ရေး တို့၌ တိုးတက်မှုရရှိနိုင်ရန် သဘာဝတရားအပေါ်ထိန်းချုပ်ရေးနည်းလမ်းများကို ရှာကြံအားထုတ်သည်။နိုင်ငံတော်သည် သိပ္ပံပညာရှင်များ (Scientists)၊အတက်ပညာရှင်များ (technocraft) နှင့် ဤလူ့ဘောင်လောကအား အတက်နိုင်ဆုံးပျော်ရွှင်ချမ်းမြေ့မှုနှင့် ကောင်းကျိုးချမ်းသာမှု ပြည့်စုံသည့်ဘဝ ဖြစ်လာအောင် စွမ်းဆောင်နိုင်မည့် နိုင်ငံသားများကိုသာ ဂုဏ်ပြုသည်။

မှတ်ချက်။          ။ယနေ့ကမ္ဘာ၏သဘာဝပတ်ဝန်းကျင်တစ်ခုလုံးသည် ကြောင်းကျိုးဆက်စပ်လျက်ဖောက်ပြန်ပျက်စီးစပြုနေသည်ကို သတိပြုမိလာကြသည့် သိပ္ပံပညာရှင်များသည် ဝိဇ္ဇာပညာရပ်ကို ဘေးချိတ်ထားပြီး ကာဘွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့လျှော့ချခြင်းဖြင့် ဖန်လုံအိမ်ဓါတ်ငွေ့လျော့နည်းအောင် ကြိုးစားနေကြရပြီဖြစ်၏။ဝိဇ္ဇာပညာရပ်တွင် အကျုံးဝင်သည့် ဘာသာရေးအသိမပါဘဲ ကမ္ဘာ၏သဘာဝပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်လာအောင် ဖန်တီးနိုင်မည်မဟုတ်ပေ။(ဘာသာပြန်သူ)

ဤမျှော်မှန်းချက်ကို ဆန့်ကျင်လျက် တိုင်းပြည်၏တိုးတက်မှုကို တောင်းဆိုရာ၌ ဘာသာယုံကြည်ကိုးကွယ်မှုက ရုတ်တရက်ချက်ခြင်း လက်ငင်းပြောင်းလဲခြင်းကို ဆန့်ကျင်သည်။ ဘာသာယုံကြည်ကိုးကွယ်မှုများသည် သိပ္ပံပညာရပ်များထက်အရင် စောစီးစွာကပင် ပေါ်ထွန်းခဲ့ကြ၏။သဘာဝကျစွာဖြင့် ၎င်းတို့သည် အတိတ်ကာလဆီသို့ နားစွင့်ခဲ့ကြသည်။လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်က ရေးသားထားခဲ့သည့်ဝေဒကျမ်းများ (the Vedas)အားအမြဲတစေ မပြုမပြင် (ထေရဝါဒဝေဒ)ကျမ်းများအား ဟိန္ဒူဘာသာက ယုံကြည်သလို ခရစ်ယာန်များကလည်း သမ္မာကျမ်းစာကို ယုံကြည်ကြ၏။ဤနည်းအားဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုကို အတိတ်ကာလ

၌ လူသားများအားလုံး ယုံကြည်ကိုးကွယ်ရန်အတွက် သိရှိနားလည်ရန်လိုအပ်သည်ဟူ၍ ဘာသာတရားက လက်ခံထားသည်။ဘာသာယုံကြည်ကိုးကွယ်မှုအများစုတို့က ဤလူ့ဘောင်လောကသည်လူသားများ၏ ယာယီနေရာဌာနဖြစ်၍ ၎င်းတို့၏ထာဝရတည်နေနိုင်သောဘဝသည် အထက်ကောင်းကင်ဘုံဗွေနန်းဖြစ်သည်ဟု ယုံကြည်ကြသည်။ထို့ကြောင့် ဘာသာယုံကြည်ကိုးကွယ်မှုများသည် ရုတ်တရက် အကြီးအကျယ်ပြောင်းလဲမှုကို ဆန့်ကျင်သည့် အခြားသော တမလွန်လောကဖြစ်သည်။

အကယ်၍သာ ဘာသာယုံကြည်ကိုးကွယ်မှုနှင့် နိုင်ငံတော်သည် တစ်ခုနှင့်တစ်ခုဆန့်ကျင်မှု အလွန်များပြားလာလျှင် ၎င်းတို့မည်ကဲ့သို့ပူးပေါင်းဆောင်ရွက်နိုင်ပါမည်နည်း။ကောင်းပါပြီ တစ်ခုနှင့်တစ်ခု အပြန်အလှန်လေးစားကြခြင်းဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုသည် နိုင်ငံသားတစ်ဦးချင်းတို့၏ ပုဂ္ဂလိကဘဝ တောင်းဆိုမှုတွေကို လစ်လျူရှုရမည်ဖြစ်၍ နိုင်ငံတော်သည် ပြည်သူတို့၏ ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ယုံကြည်ချက်တွေကို ဝင်ရောက်တားဆီးနှောက်ယှက်ပိုင်ခွင့်မရှိတော့ပေ။ဤသဘောတရားအတိုင်းပင် နိုင်ငံတော်သည် ဘာသာယုံကြည်ကိုးကွယ်မှုက ၎င်း၏လုပ်ငန်းများအတွင်း နိုင်ငံတော်နှင့်ဆိုင်သောကိစ္စရပ်များ ပါဝင်ဆောင်ရွက်နိုင်ခွင့် တောင်းခံခြင်းကို စဉ်းစားရန်မလိုအပ်ပေ။သမ္မာကျမ်းစာ၌ ရေးသားထားသည့် ပညတ်တော် ဆယ်ပါး (the ten commandments)နှင့် အိန္ဒိယနိုင်ငံဘာသာယုံကြည်ကိုးကွယ်မှုတွင် ဖော်ပြထားသည့် ပဥ္စမဟာဘာရတ (the panca-Mahavrata )တို့သည် နိုင်ငံတော်၏သက်တမ်း အကြာမြင့်ဆုံးသော ဥပဒေသများဖြစ်ကြ၏။ဘာသာယုံကြည်ကိုးကွယ်မှုကို နိုင်ငံသားများ၏ပုဂ္ဂိုလ်ရေးဆိုင်ရာ ယုံကြည်ချက်အနေဖြင့် လက်ခံခြင်းအားဖြင့် ၎င်းတို့အား မိမိတို့၏ တာဝန်ဝတ္တရားများပယ်ရှားပေါ့ပါးသွားစေရန် ကူညီပေးလိမ့်မည်။ဤသို့ဖြစ်လာပါက နိုင်ငံတော်သည် နိုင်ငံသားများအား ၎င်းတို့၏ဘာသာယုံကြည်မှု၏ ဝတ်ပြုကိုးကွယ်ခြင်းအတွက် လွတ်လပ်စွာဆောင်ရွက်နိုင်ရန် လုံခြုံမှုပြုလုပ်ပေးလိမ့်မည်။မည်သို့ပင်ဖြစ်စေကာမူ ဘာသာယုံကြည်ကိုးကွယ်ခြင်း၏ ပျော့ပြောင်းချမ်းမြေ့သောအဆင့်နှင့် နိုင်ငံတော်သည် အနှောက်အယှက် တွေ့နိုင်သည်။

ဘာသာယုံကြည်ကိုးကွယ်မှုသည် ၎င်း၏ပိုမိုထိရောက်မှုရှိမည့် လုပ်ကိုင်ခွင့်ကို လောကကီ ရေးကိစ္စ အခွင့်အာဏာရရှိရေးအတွက် မကြာခဏတောင်းနေကြ၏။ဂျူးဘာသာ

၊အစ္စလာမ်ဘာသာနှင့် ဆိခ်ဘာသာ (Sakhism)တို့က ၎င်းတို့၏ဘာသာယုံကြည်ကိုးကွယ်မှုများ၏ အကျိုးကိုရှေးရှုလျက် နိုင်ငံတော်၏ အရေးကိစ္စများအား တောင်းခံကြသည်။ဂျူးဘာသာနှင့်အစ္စလာမ်ဘာသာနှစ်ခု၏ အဆိုအရ ဘာသာယုံကြည်ကိုးကွယ်မှုက နိုင်ငံတော်ကိုတည်ဆောက်သည်ဟူ၍ ဖြစ်သည်။ဤအချက်သည် အိန္ဒိယနိုင်ငံကို အပြင်းအထန် ထိပ်တိုက်ရင်ဆိုင်ထိခိုက်စေသည်။အိန္ဒိယနိုင်ငံ၌ အဓိကဘာသာယုံကြည်ကိုးကွယ်မှုကြီး (၂) ခုရှိသည်။၎င်းတို့မှာ ဟိန္ဒူဘာသာနှင့် အစ္စလာမ်ဘာသာတို့ဖြစ်သည်။ထို့ကြောင့် အစ္စလာမ်ဘာသာ၏လိုလားတောင်းဆိုချက်အရ အိန္ဒိယနိုင်ငံသည် ဟိန္ဒူလူမျိုးနှင့် မွတ်ဆလင်လူမျိုးနှစ်မျိုးစလုံး၏ပိုင်ဆိုင်သော နေအိမ်သဖွယ် တူညီသော ပိုင်ဆိုင်မှုရှိရမည်။သို့သော် ထိုသို့တောင်းဆိုမှုပြုသည့် နေရာတွင် ဦးတည်ချက်မရှိသော တောင်းဆိုမှုသည် နောက်ခံသမိုင်းကြောင်းအပေါ်၌ လေးနက်မှုမလိုအပ် ပေ။အိန္ဒိယနိုင်ငံ၏ မြောက်များစွာသော မွဆလင်ဘာသာဝင်များသည် တစ်ချိန်က ဟိန္ဒူဘာသာ ဝင်များဖြစ်ခဲ့ကြသည်။ ထို့ကြောင့် အဆိုပါ ဟိန္ဒူဘာသာဝင်နှင့် အစ္စလာမ်ဘာသာဝင်နှစ်မျိုးတို့သည် ခွဲခြား၍ မရသောလူမျိုးနှင့် အိန္ဒိယနိုင်ငံ၏ ပြည်သူများဖြစ်ကြသည်။ထို့ပြင် အစ္စလာမ်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ပြီး အစ္စလာမ်နိုင်ငံဟူ၍ ခေါ်ဆိုနေကြသည့်နိုင်ငံများ၌ပင်လျှင် အာရပ်လူမျိုး၊ တူရကီလူမျိုး ၊အီရန်လူမျိုးနှင့် အခြားသောလူမျိုးများစွာ ပါဝင်ကြသည်မှာ မှန်ကန်သောအချက်ဖြစ်၏။ဤသဘောတရားအတိုင်းပင်လျှင် ဂျူးလူမျိုးတို့သည် ဂျူးဘာသာယုံ ကြည်ကိုးကွယ်မှုရှိသောလူဦးရေအနည်းစု ဖြစ်သော်လည်း ၎င်းတို့သည် အိန္ဒိယနိုင်ငံကို ၎င်းတို့ ၏ မိခင်တိုင်းပြည်အဖြစ် အမြဲတမ်းနေထိုင်သွားနိုင်သည့် နိုင်ငံတော်အခွင့်အရေးကို ပိုင်ဆိုင်သူများဖြစ်ကြသည်။ထို့ကြောင့် ဘာသာယုံကြည်ကိုးကွယ်မှုသည် နိုင်ငံတော်တစ်ရပ်ကိုတည်ဆောက် ထူထောင်နိုင်စွမ်းမရှိပေ။ ဘာသာယုံကြည်ကိုးကွယ်မှုအပေါ် အခြေခံသည့်တိုင်အောင် အိန္ဒိယတိုက်ငယ်အား ဟိန္ဒူစတန် (Hindustan)နှင့်ပါကစ္စတန် (Parkistan)ဟူ၍ အပိုင်းခွဲခြားထားခဲ့ပေသည်။ သို့သော် ဆိခ်ဘာသာ၏ အကြောင်းအရာကတော့ ဘာလဲ။

ဆိခ်ဘာသာ (Sikhism)သည် အိန္ဒိယနိုင်ငံဘာသာယုံကြည်ကိုးကွယ်မှု စစ်စစ်ဖြစ်၍ ကာဘီးရ်ပန့်(Kabir panth)၊ဂိုရာနတ်ပန့် (Goranath panth)ထို့ကဲ့သို့ ယခင်အစဦးကာလ၌ ဟိန္ဒူဘာသာဂိုဏ်းခွဲများ (just a sect of Hinduism )များ ဖြစ်ခဲ့ကြသည်။

အဘယ်ကြောင့် ဆိုသော် ဆိခ်တစ်ဦးအတွက် သစ္စာအဓိဋ္ဌာန်သုံးချက် (three vows)လို အပ်ကြောင်း ဂုရုနာနတ် (Guru Nanak )ကပြောခဲ့သည်။၎င်းသစ္စာအဓိဋ္ဌာနသုံးချက်မှာ –

" လူတစ်ဦးတစ်ယောက်၏ အသက်မွေးဝမ်းကြောင်းမှုကို ပြင်းထန်စွာလုပ်ရှားပြီး စီးပွားဥစ္စာရှာကြံမှု မည်ဟူသော Kart Karna ၊အခြားသူများနှင့် မျှဝေအကျိုးခံစားမှု ပြုလုပ်ရာ၌ ရိုးသားသည့်အားထုတ် ကြိုးပမ်းမှုရှိရမည်ဟူသော Wand chhakanaနှင့် ဂုရုကြီး၏ကျေးဇူးဂုဏ်ကို အောက်မေ့သောအားဖြင့် ဂုရုဟူ၍ နှုတ်မှရွတ်ဆိုရမည်ဟူသော nam Japna တို့ဖြစ်သည်။

မည်သို့ဖြစ်စေ ၊ဂုရုဟာရိုဘင် (Guruj Harobind )က ဓားနှစ်လက်ဟုခေါ်သည့် ပီရီ (Piri ) နှင့် မီရီ (Miri)တို့ကို ဖြည့်စွက်ပြဋ္ဌာန်း သတ်မှတ်ခဲ့သည်။ Miri မှာ မိမိလူမျိုးကို ကာကွယ်ရန်နှင့် နိုင်ငံရေးကိုပြီးဆုံးသည်အထိပါဝင်လှုပ်ရှားရန် သင်္ကေတဖြစ်၍ Piri မှာ ဘာသာယုံကြည်ကိုးကွယ်မှုကို အကာအကွယ် ပြုရန် (ဝါ) သာသနာအတွက် အသက်ပေး၍ ကာကွယ်ရန် သင်္ကေတဖြစ်သည်။သို့သော် ဆိခ်ဘာသာ အရောင်အဆင်းတစ်ခုလုံးကို ပြောင်းလဲပစ်သူမှာ ဂုရုဂိုဘင်ဆင်း (Guru Gobin Singh 1675-1708)ဖြစ်သည်။သူက ငြိမ်းချမ်းမှုကို ချစ်ခင်မြတ်နိုးသော ဆိခ်များကို စစ်သားများအဖြစ် ပြောင်းလဲလိုက်သည်။Brakhti နှင့် Shaktiတို့အား ရောနှောပေါင်းစပ်ပြီးနောက် ယခုအခါ ဆိခ်တစ်ဦးသည် သာသနာတော်အတွက် အသက်စတေးခံမည့် စစ်သား (saint - soldier )တစ်ယောက်ဖြစ်လာပြီး ဆိခ်နှင့်စစ်သားခွဲခြားမရသည့် တစ်ယောက်တည်း လူမျိုးဖြစ်လာခဲ့သည်။ဂုရုဂိုဘင်းဆင်းက သစ္စာတရားကို ရင်ဝယ်ပိုက်ထားခြင်းသည် အကောင်းဆုံး မိတ်ဆွေဖြစ်မှု (Primarcy of allegiance to the truth)အဖြစ်ဖြင့်သော်လည်းကောင်း၊ကိုယ်ကျင့်သီလအတွက် ကုသိုလ်ပြုလုပ်ခြင်း (Moral Virtue)ဟူ၍လည်းကောင်း ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာသည် ယုံကြည်ကိုးကွယ်မှုအပေါ်၌ အခြေမခံသင့်ဟူသော နိုင်ငံတော် (Secular State)၏ ပြင်ပရောက်သွားခြင်းမရှိရန် (ဝါ) တစ်သွေးတစ်သံတစ်မိန့် တွင်း၌ရှိကြရန် အလေးအနက်ထပ်ဆင့်မှာကြားခဲ့သည်။ဂုရုဂိုဘင်ဆင်းက ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အစွမ်းထက်မှု (Spiritual power)အကြောင်းကို ဂုရုဂရမ့်ဆာဟစ် (Guru Granth Saheb)သို့ပြောကြားခဲ့ရာ အဆိုပါမိန့်မှာချက် ဩဝါဒများကို ရွှေကျောင်းတော်ကြီး (Golden

Temple)၌ ထားရှိသည်။ ဘာသာရေးနှင့်မဆိုင်သော အချုပ်အခြာအာဏာသည် အကာလ်တပ်ခ်တ် (Akal Takht )၌တည်သည်။ ထို့အပြင် ဤလုပ်ပိုင်ခွင့် အာဏာနှစ်ရပ်သည် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။ဤသို့အားဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုနှင့် နိုင်ငံရေးသည် ဆိခ်ဘာသာ၌ခွဲခြားမရသည့် ခေါင်းနှင့် ပန်းကဲ့သို့ အရာဖြစ်လာခဲ့သည်။ ဗြိတိသျှတို့အုပ်စိုးစဉ် ကာလတုန်းက ဤကဲ့သို့သော ဘာသာယုံကြည်ကိုးကွယ်မှုသည် မည်ကဲ့သို့သောအခန်းက ပါဝင်ဆင်နွှဲခဲ့ပါသနည်း။

မှန်ပါ၏။ဂုရုဂိုဘင်ဆင်းက ဆိခ်လူမျိုးတို့၏အမှတ်အသားလက္ခဏာသင်္ကေတာကို ငါး "က " ခေါ်ကာကာစ် (၅) ခုကို ထုတ်နှုတ် အဓိပ္ပါယ်ဆောင်၍ တည်ထောင်ပေးခဲ့သည်။(ငါး "က" ခေါ်ကာကာစ် (၅) ခုမှာ Kanggha,Keshk,Kara, Kirpan နှင့် Kacha တို့ဖြစ်ကြပြီး ၎င်းကာကာစ် (၅) ခု၏အဓိပ္ပါယ်ကို ဆိခ်ဘာသာ အခန်း၌ ရေးသားခဲ့ပြီးဖြစ်သည်-ဘာသာပြန်သူ) သို့သော် အဆိုပါကာကာစ် (၅) ခုတို့မှာခေါင်းနှင့်ပန်းပမာ ခွဲခြား၍မရသော ဆိခ်လူမျိုးတို့ ကာလ်ဆာ (Khalas)ဟူ၍ သိကြသော နိုင်ငံရေးနှင့်ဘာသာရေးတို့၏ အသန့်ရှင်းဆုံးသော ပါဝင်မှုဖြစ်သည်။ ဗြိတိသျှအစိုးရ က ဆိခ်လူမျိုးတိုအား အိန္ဒိယတပ်မတော်ထဲသို့ ပါဝင်ထမ်းဆောင်စေခြင်းဖြင့် ကာလ်ဆာ (Khalsa)ကို အပြည့်အဝအသုံးချခဲ့သည်။ကာလ်ဆာဆိခ် (Khalsa Sikhs)များသည် ဟိန္ဒူများနှင့် သိသိသာသာကွဲပြားယုံမှုသာမကသေးဆာဟာချ်ဒါရိ (Sahajdhari) လူမျိုး၊ နာန္ဒာရိဆိခ်လူမျိုး (Namdari Sikhs)နှင့် ဥဒါဆစ် (Udasis)များနှင့်မတူ ကွဲပြားသည်။အိန္ဒိယပြည်၏ သံခမောက်ဆောင်း လူဝွမ်းကောင်းစစ်သူကြီးလူတန်းစားထဲသို့ ထည့်ထားခြင်းခံရသဖြင့် ကာလ်ဆာဆိခ် (Khalsa Sikhs)လူမျိုးက ဗြိတိသျှအစိုးရထံမှ အိန္ဒိယ၏လွတ်လပ်ရေးရယူပြီး နိုင်ငံတော်အာဏာ လွှဲပြောင်းရယူသည့် အချိန်တွင် ခါလီစတန်နိုင်ငံ (Khalistan) အဖြစ် လွတ်လပ်ရေးတောင်းဆိုခဲ့သည်။သို့သော် ကာလ်ဆာဆိခ် (Khalsa Sikhs)တော်တော်များများက ခါလီစတန် (Khalistan)ဟူသော လွတ်လပ်သည့် နိုင်ငံထူထောင်မှုကို သဘောမတူခဲ့ကြပေ။ သို့ဖြစ်လျှင် ဘာဖြစ်ခဲ့ကြပါသနည်း။

အိန္ဒိယအစိုးရက ဆိခ်လူမျိုးအား အိန္ဒိယတပ်မတော်အတွင်းအချိုးအစားများ စွာထားသည့်တပ်မတော်၏ဖွဲ့စည်းမှုအရ ဆိခ်များအား အိန္ဒိယပြည်၏ဓါးရှည်များအဖြစ် ခံယူခဲ့ကြသည်။

တကယ့်အစစ်အမှန်အားဖြင့် ၁၉၆၇ မှ ၁၉၇၁ ထိဖြစ်ပွားခဲ့သော ပါကစ္စတန်နှင့် တိုက်ခိုက်ရသည့် စစ်ပွဲ၌ ဆိခ်လူမျိုးစစ်သားများက နာမည်ကောင်းရရှိခဲ့သည်။အဘယ်အကြောင်းကြောင့် ဆိခ်များ ခါလစ်စတန် (Khalistan)ဒေသကိုလွတ်လပ်ရေးတောင်းဆိုနေကြခြင်းမှာ အလွန်မရှင်းမလင်းသည့်ကိစ္စဖြစ်၍ ပန်ဂျပ်ပြည်နယ် (Punjub)အား အိန္ဒိယနိုင်ငံ၏သိုးနှံများ သိုလှောင်ထိန်းသိမ်းရာဒေသအဖြစ် ပြောင်းလဲပစ်ခြင်းနှင့်အိန္ဒိယပြည်၏စက်မှုဇုံအတွင်း ထည့်သွင်းခဲ့ပါသလဲ။ ဆိခ် လူမျိုးတစ်ယောက်၏တစ်နှစ်တာပျမ်းမျှဝင်ငွေသည် အခြားသော အိန္ဒိယပြည်နယ်များမှ အိန္ဒိယလူမျိုးတစ်ဦးထက် ပိုမိုသည်။ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ ဆက်စပ်နေသော အချက်သုံးချက်ရှိသည်။

၁။ ဘာသာယုံကြည်ကိုးကွယ်မှုနှင့်နိုင်ငံရေးဦးဆောင်မှုသည် ကာလ်ဆာဘာသာတရား (Religion of Khalsa)သို့ ရောနှောပေါင်းစပ်ခဲ့ခြင်း။

၂။ ဒုတိယအချက်အနေဖြင့် ၎င်းတို့၏ကြီးမားသော ပြည်ပရှိအကျိုးအမြတ်များက သူတို့အား အထက်တန်းစားလူမျိုးဖြစ်လာစေနိုင်သည့် အခြေအနေကို ဖန်တီးပေးနေသည့်အပြင် သူတို့သည် အိန္ဒိယအစိုးရအား ၎င်းအုပ်ချုပ်ရေးယန္တယားကိုခက်ခဲစွာကိုင်တွယ်စေခဲ့သည်။

၃။ တတိယအချက်အနေဖြင့် အစိုးရအားဆန့်ကျင်အန္တရာယ်ပြုနိုင်ရန် အိန္ဒိယလူမျိုးဆန်များအားလှုပ်ရှားရန်တောင်းခံနိုင်ခြင်းဖြစ်သည်။တိကျသေချာစွာဖော်ပြရလျှင် ပါကစ္စတန်နိုင်ငံသည်ဆိခ်များအား သင်တန်းပေးပြီး လက်နက်တပ်ဆင်ပေးခဲ့သည်။ထို့ပြင် တိုက်ရိုက်ဖြစ်စေသို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ၊အိန္ဒိယအစိုးရအား မုန်းတီးလာစေရန် ရန်တိုက်ပေး သည့်သဘောဖြင့် လက်နက်တပ်ဆင်ပေးခဲ့သည်။

အိန္ဒိယနိုင်ငံသည် ဘာလုပ်နိုင်ဦးမှာလဲ၊အိန္ဒိယနိုင်ငံအပေါ်သစ္စာရှိသည့် အခြားသော ဆစ်ခ်လူမျိုးများအား ကူညီခြင်းအားဖြင့် ခါလစ်စတန်နီ (Khalistanis)လူမျိုးများအပေါ် အနိုင်ရရန်အင်အားကြီးမားသောစစ်အင်အားကို သုံးသင့်ပါသလား။သို့သော် ပြည်သူလူထုအပေါ် ဘာသာယုံကြည်က ကိုးကွယ်မှုအရချုပ်ကိုင်ခြင်းမှာ နေ့စဉ်ဘဝလူ့ဘောင်လောကနှင့်သာ သက်ဆိုင်မှုဖြစ်ပေါ်လာခြင်းကို အမှန်တကယ်အားလျော့စေမည့် ကြီးမားသော သင်ခန်းစာကို နားလည်သဘော

ပေါက်လာပါလိမ့်မည်။ ဒုတိယအချက်မှာ အိန္ဒိယနိုင်ငံ၏ဒီမိုကရက်တစ်အစိုးရအဖြစ် ပြောင်းလဲတည်ဆောက်ရေးတွင် နိုင်ငံရေးရည်ရွယ်ချက်အတွက် အာကာတပ် (Akal Takht)အား အသုံးပြုရမည်ဖြစ်သည်။ဆစ်ခ်လူမျိုးသည် အမှန်တကယ်ဟိန္ဒူဆန့်ကျင်သူဖြစ် ပါသလား။

ပုဂ္ဂိုလ်ရေးအနေဖြင့် ကျွန်ုပ်တို့သည် ဆစ်ခ်လူမျိုးများအား ဟိန္ဒူဆန့်ကျင်သူများအဖြစ် မမြင်ပါ။ဂုရုဂရမ့်ဆာဟစ် (Guru Granth Saheb)သည် ဇာတ်ခွဲခြားမှုစနစ်နှင့် ရုပ်တုကိုးကွယ်မှုနှင့်တကွ ဗြဟ္မဏဝါဒအား ဦးစားမပေးသော်လည်း ''ဟိန္ဒူ''ဟူသော စကား၏ပို၍ ကျယ်ပြန့်သောအမြင်၌ဆစ်ခ်လူမျိုးသည် ဟိန္ဒူလူမျိုးဖြစ်သည်ဟူ၍ ကျွန်ုပ်တို့ရေးသားဖော်ပြခဲ့ပြီးဖြစ် သည်။ ဆစ်ခ်လူမျိုးသည် ဟိန္ဒူလူမျိုးထက်ပို၍ ဆစ်ခ်လူမျိုးများအား သတ်ဖြတ်နေသည်။ဤအချက်က ခါလစ်စတန် (Khalistan)ပြည်နယ် လွတ်လပ်ရေးအတွက် အကူအညီမပေးသူ မည်သူမဆို ဆန့်ကျင်သည့် နိုင်ငံရေးခံယူချက်ထားရှိကြောင်း ပြသနေသည်။မည်သည့်ကိစ္စမဆို လောကီလူ့ဘောင်၏ နေ့စဉ်စားဝတ်နေရေးကိစ္စကို ဦးစားပေးသည့် အိန္ဒိယနိုင်ငံတော်အစိုးရသည် ''ဘာသာယုံကြည်ကိုးကွယ်မှုတိုင်းကို အညီအမျှ ရိုသေလေးစားရန်''ဟူသော ကြွေးကြော်သံကို စွန့်လွှတ်ရပေလိမ့်မည်။အကယ်၍ ထိုအချက်ကို လုံးဝလက်ခံလိုက်ပါက နိုင်ငံရေးမပါသော ၎င်းတို့၏ ဘာသာယုံကြည်ကိုးကွယ်မှုစနစ်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။မူဆလင်လူမျိုးများ၏ ပြဿနာရပ်ကို စဉ်းစားကြည့်ပါစို့-

မူဆလင်လူမျိုးများသည် လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင်ခန့်က အိန္ဒိယပြည်သို့လာခဲ့ကြပြီး အိန္ဒိယပြည်၏ကျယ်ပြန့်သော အစိတ်အပိုင်းကို နှစ်ပေါင်း၇၀၀ဆယ်ခန့် အုပ်စိုးခဲ့ကြသည်။မူဆလင် လူမျိုးများသည် တစ်လုံးတစ်စည်းတည်းပေါင်းစည်း၍ ဟိန္ဒူများအား မည်သည့်အခါမျှ မဆန့်ကျင်ခဲ့ကြပေ။ထိုနည်းတူ ဟိန္ဒူများကလည်း တစ်လုံးတစ်စည်းတည်းပေါင်းစည်း၍ မူဆလင်များအား မဆန့်ကျင်ခဲ့ကြပေ။မာရသာစ့် (Marathas)၊ ရပ်ချ်ပွတ်စ် (Sikhs)လူမျိုးအနည်းငယ်စီပါဝင်သည့် အဖွဲ့သည် မိမိတို့ကိုယ်မိမိ မူဆလင်အုပ်ချုပ်မှု ဆန့်ကျင်ရေးအဖွဲ့ဟူ၍ ခေါ်ဆိုပြီး အဖွဲ့တစ်ခုတည်ထောင်ခဲ့ကြသည်။ သို့သော်အိန္ဒိယပြည်ကို ဗြိတိသျှတို့အုပ်စိုးစဉ်ကာလ၌ ဟိန္ဒူများသည် ၎င်းတို့ အချင်းချင်းပေါင်းစည်း၍ မူဆလင်များအား ဆန့်ကျင်မှု မည်သည့်အချိန်မှ မပြုလုပ်ခဲ့ကြပေ။မည်သို့ပင်ဆိုစေကာမူ ဗြိတိသျှအစိုးရ၏ တစ်ခုတည်းသော အုပ်စိုးမှုအောက်

၌ အိန္ဒိယအစိုးရလက်အောက်တွင် ဟိန္ဒူများသည် တစ်ခုတည်းသော စည်းရုံးမှုအောက်မှာ ၎င်းတို့အချင်းချင်း သွေးစည်းညီညွတ်မှု ရရှိနိုင်မည့် အဖြစ်နိုင်ဆုံးသောအခြေအနေ ပေးသည့်နည်းတူမူဆလင်များသည်လည်း ပေါင်းစုနိုင်ကြလိမ့်မည်။သို့သော် အိန္ဒိယပြည်ကို အုပ်စိုးသူ ဗြိတိသျှများသည် အလွန်စိတ်ထားယုတ်ညံ့ခဲ့သည်။၎င်းတို့က "သွေးခွဲပြီး အုပ်ချုပ်မှု" (divide and rule)စည်းမျဉ်းကို စတင်အသုံးပြုကြသည့်အပြင် အဆိုပါ "သွေးခွဲပြီး အုပ်ချုပ်သည့်စနစ်" ကို သတိကြီးစွာထား၍ အသုံးပြုသည်။ဆစ်ခ်လူမျိုးနှင့် ဟိန္ဒူများအား သီးခြားစီခွဲခြား၍လည်းကောင်း၊ဟိန္ဒူနှင့် ရပ်ချုပ်ပွတ်လူမျိုးများအား ခွဲခြား၍လည်းကောင်း၊မာရသာစ့်များအားလည်း အခြားသောလူမျိုးများနှင့် လည်းကောင်း၊လူမျိုးများ အားလုံးကို လူမျိုးတစ်မျိုးသီးခြားပုံစံနှင့် စီတစ်မျိုးစီထား၍ အုပ်ချုပ်သည်။အမှန်တကယ်အားဖြင့်လည်း ဟိန္ဒူလူမျိုးကို မူဆလင်လူမျိုးအပေါ်ဆန့်ကျင်စေခြင်းဖြင့်လည်းကောင်း ၊မူဆလင်များကိုလည်းဟိန္ဒူအပေါ် ဆန့်ကျင်စေခြင်းဖြင့် ၎င်းတို့လိုသလို အသုံးချနိုင်ခဲ့သည်။

မဟတ္တမဂန္ဒီ၏ခေါင်းဆောင်မှုအောက်တွင် ဟိန္ဒူနှင့်မူဆလင်တို့သည် ဗြိတိသျှတို့အားတိုက်ထုတ်ရန်လက်တွဲလျက် ကြီးမားသောအင်အားကို ဖြစ်စေခဲ့သည်။သို့သော် လူမျိုးတစ်မျိုးနှင့်တစ်မျိုး အပြန်အလှန်သံသယဖြစ်ပွားနေစဉ် ပါကစ္စတန်သည် အိန္ဒိယမှ ခွဲထွက်ခဲ့သည့်အတွက် ဟိန္ဒူနှင့်မူဆလင်တို့ကွဲကွာခဲ့ကြလေသည်။၁၉၄၆ ခုနှစ် ၁၉၄၇ ခုနှစ်သည် ဟိန္ဒူက မူဆလင်ကိုလည်းကောင်း၊မူဆလင်က ဟိန္ဒူကိုလည်းကောင်း၊အကြီးအကျယ် လူသတ်ပွဲများဆင်နွှဲခဲ့ကြသည်။ ယနေ့တိုင်အောင် ဟိန္ဒူများနှင့်မူဆလင်များသည် လူမျိုးတစ်မျိုးနှင့် တစ်မျိုးယှဉ်တွဲနေထိုင်၍ မရသေးပါ။လူမျိုးတစ်မျိုးနှင့် တစ်မျိုးစိတ်မချမ်းမြေ့ဘွယ်ရာကိစ္စများကို စွပ်စွဲပြောဆိုနေကြသည်။ နှစ်ဦးနှစ်ဘက်လက်မခံနိုင်သည့် သဘောထားကွဲလွဲချက်များသည် အနည်းဆုံး လူမျိုးစုနှစ်ခုအကြား၊အုပ်စုအချင်းချင်းရန်ပွဲများအဖြစ်သို့ ဦးတည်နေသည်။လူမျိုးစုနှစ်ခုအတွင်း တင်းမာမှုဖြစ်သည်မှာ ဘာသာယုံကြည်ကိုးကွယ်မှုကြောင့်မဟုတ်ပဲ နိုင်ငံရေးသွေးထိုးမှုကြောင့်ဖြစ်သည်။ ဘာ့ဗရီမာတ်စ်ဂျစ် (Babri Masjid)၏ ကိစ္စသည် သာဓကဖြစ်၏။ မူဆလင်မဲဆန္ဒများ ရရှိရေးအတွက် မူဆလင်နိုင်ငံရေးခေါင်းဆောင်များက ဟိန္ဒူဆန့်ကျင်ရေးကြွေးကြော်သံများဖြင့် အုတ်အော်သောင်းနင်း ဟောပြောခဲ့ကြသကဲ့သို့ ၊ဟိန္ဒူများကလည်း ဟိန္ဒူမဲများအပိုင်ရရှိရန် ထိုနည်း

လည်းကောင်း ဟောပြောခဲ့ကြသည်။အိန္ဒိယအစိုးရသည် ယင်းသို့သောပြဿနာရပ်များကို မဖြေရှင်းနိုင်ဘူးလား။

အုံ့ဩဘွယ်ကောင်းလောက်အောင် မူဆလင်အမျိုးသားဝါဒများသည် အိန္ဒိယလွှတ်တော်ထဲ၌ သော်လည်းကောင်း၊မူဆလင်အမျိုးသားတစ်ဦး၌သော်လည်းကောင်း နေရာမရဖြစ်ခဲ့ကြရသည်။သင်ပါဝင်သော လူ့အဖွဲ့အစည်းအတွင်း၌ သင်သည် ပို၍ဘုံဝါဒကိုကျင့်သုံးနေထိုင်ခြင်းဖြင့် ပိုမို၍ လူသိများပြီးထင်ရှား ကျော်ကြားလာမည်ဖြစ်သည်။ဘုံဝါဒကျင့်သုံးနေထိုင်သည့် လူနေမှုစနစ်သို့ ညွတ်ကိုင်းသော စိတ်ဓါတ်အား ဘုံဝါဒအတွင်း ရှန်းရင်းဆန်ခတ် မပြေလည်သောပြဿနာအရပ်ရပ်မှ ကျွန်ုပ်တို့ အဘယ်နည်းဖြင့် ရုန်းထွက်နိုင်ကြပါမည်နည်း။အိန္ဒိယပြည်ကွန်ဂရက် ပါတီအာဏာရရှိထားသည့် အစိုးရသည် ဤကိစ္စနှင့်စပ်လျဉ်း၍ အကျိုးအမြတ်များစွာရရှိခဲ့သည်။

ပထမဦးဆုံးအနေဖြင့် မဟတ္တမဂန္ဒီ၏နိုင်ငံရေးဦးဆောင်မှုအောက်တွင် အချို့သောထင်ရှားသည့် မူဆလင်ခေါင်းဆောင်များသည် ကွန်ဂရက်ပါတီနိုင်ငံရေးစင်မြင့်ကို အသုံးချခဲ့ကြသည်။ ဒုတိယအချက်မှာမဟတ္တမဂန္ဒီသည် မူဆလင်များ၏အသက်ပေါင်းများစွာကို အကာကွယ်ပေးနေစဉ် သူကိုယ်တိုင်အသက်ကို စတေးခဲ့ရသည်။သဘာဝကျပြီး အကြောင်းအကျိုးဆီလျော်စွာဖြင့် ကွန်ဂရက်ပါတီည် မူဆလင်ဘက်မှ ရပ်တည်လျက် ၎င်းတို့၏လုံခြုံရေး လိုအပ်ချက်အရသော်လည်းကောင်း ၊ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဝတ်ပြုခြင်းနှင့် အူရဒူ(Urdu)ဘာသာစကားပြောသူများနှင့် အချို့သောအလုပ်အကိုင်ရရှိရေး အထိအကာအကွယ်ပေးခဲ့ရသည်။ဘီဟာပြည်နယ်အတွင်းရှိ အချို့အရပ်ဒေသများ၌ အူရဒူဘာသာစကားသည် ဒုတိယဘာသာစကားဖြစ်သည်။ ကွန်ဂရက်ပါတီအစိုးရသည် တကယ့်အစစ်အမှန်အားဖြင့် "မူဆလင်ကလပ်စည်း" (Muslim Cell)အား ၊၎င်းတို့၏အချို့သော ထင်ရှားသည့်စွပ်စွဲချက် ၊ဒါဏ်ချက်များပျောက်ကင်းရေး ဆေးကုပေးနိုင်ရန်အတွက် ၊"လူမျိုးစုငယ်ကလပ်စည်း " (Minority Cell)ကို ထူထောင်ပေးခဲ့ရသည်။ဟုတ်ပေးသည်။ထိုအချိန်အထိ ကွန်ဂရက်ပါတီအစိုးရသည် မူဆလင်မဲဆန္ဒများရရှိရန်အတွက် အောက်မြင်စွာဆောင်ရွက်နိုင်သည်။သို့ရာတွင် ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာသည် ဘာသာယုံကြည်ကိုးကွယ်မှု၌ အခြေမခံသင့်ဟူသောသဘောတရားအား ရှေ့သို့သယ်ဆောင်ရာတွင် ဘာသာယုံကြည်ကိုးကွယ်မှုများအား အင်အားယုတ်လျော့ ချိနဲ့စေခဲ့သည်မဟုတ်

ပါလား။

အိန္ဒိယပြည်၏မူဆလင်လူမျိုးများသည် ပါကစ္စတန် ၊အီဂျစ် ၊အီရန်နှင့် တူရကီနိုင်ငံများ၏ မူဆလင်များထက် လင်မယားကွာရှင်းမှုကိစ္စ သို့မဟုတ် လူပုဂ္ဂိုလ်ရေးဆိုင်ရာ မူဆလင်ဥပဒေ စည်းမျဉ်းများနှင့်ပတ်သက်၍ပိုပြီး အယူသီးမှုရှိသည်။ကွန်ဂရက်ပါတီ၏ ၁၉၇၇ ခုနှစ်၊ လွှတ်တော်အတွက် ရွေးကောက်ပွဲတွင် မူဆလင်များ မဲဆန္ဒမပေးခဲ့ကြသဖြင့် ကွန်ဂရက်ပါတီ ရှုံးနိမ့်ခဲ့ရသည်ကို လူတစ်ယောက်အဖို့ရာတွင် မသိကျိုးကျွံပြု၍မရသောအချက်ဖြစ်သည်။ဤပြဿနာ၏ အကြောင်းအရင်းတစ်ရပ်မှာ ပဋိသန္ဓေတားဆီးရေးကိစ္စကြောင့်ဖြစ်သည်။သို့ရာတွင် အိန္ဒိယနိုင်ငံသည် အစားအစာရိက္ခာ၊အလုပ်လက်မဲ့ပြဿနာ ၊ကျန်းမာရေးစောင့်ရှောက်မှု စသည်ဖြင့် ကျွန်ုပ်တို့၏ ယနေ့ကာလ လူဦးရေတိုးပွားမှုအခြေအနေများကို ကူညီဖြေရှင်းပေးနိုင်သည့် နိုင်ငံတစ်ခုဖြစ်လာမည်လား။သို့ရာတွင် အိန္ဒိယနိုင်ငံအတွင်း အသက်ရှင်ရပ်တည် နေထိုင်လျက်ရှိကြသောမည်သည့် အဖွဲ့အစည်းကမှ ပဋိသန္ဓေတားဆီးရေးကိစ္စခေါ် (Family Planning)ကို ကြိုတင်ပြင်ဆင်မှု မရှိကြပေ။ဤနေရာ၌ ကျွန်ုပ်တို့သည် ဘာသာယုံကြည်ကိုးကွယ်မှု အရေးမြို့ထားသည့်အောက်မှ နိုင်ငံရေးကို ပြုလုပ်နေသည်။ဒီမိုကရေစီစနစ်တစ်ခု၌ ဆန္ဒမဲဖြင့် အနိုင်အရှုံးဆုံးဖြတ်ရပြီး ရာခိုင်နှုန်းနည်းသည့်မဲဆန္ဒအရေအတွက်၏ အနည်းငယ်မျှသာ လူ့အဖွဲ့အစည်းသည် အများစု၏လက်ထဲမှ အခွင့်အရေးကို ရရှိခဲ့ကြသည်။

ဤနေရာတွင် ဘာသာယုံကြည်ကိုးကွယ်မှုကို နိုင်ငံရေးအတွက် အသုံးပြုခြင်းအားဖြင့် တိုင်းပြည်သည် ဆင်းရဲပြီး နောက်သို့ဆုတ်ခဲ့ရသည်။ထို့ပြင် ဘာသာယုံကြည်မှုသည်လည်းနာမည်ပျက်ခဲ့ရသည်။ဘာသာရေးလွတ်လပ်မှုကို ပြန်လည်ခွင့်ပြုခြင်းအားဖြင့် အူရဒူဘာသာစကားနှင့် စာပေယဉ်ကျေးမှုကို ပြန်လည် ဆောင်ရွက်ခွင့်ပြုခြင်း၊မူဆလင်များအားလင်မယားကွာရှင်းမှုနှင့်စပ်လျဉ်းသည် ၎င်းတို့ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေစည်းမျဉ်းကို မြှင့်တင်ပေးခြင်းနှင့် ပဋိသန္ဓေတားဆီးရေးစီမံကိန်းတွင် မစဉ်းစားရန် အပြည့်အဝလွတ်ငြိမ်းခွင့်ပြုခဲ့သည်။မူဆလင်လူမျိုးများသည် ကျန်အိန္ဒိယနိုင်ငံသားများနှင့် သီးခြားထား၍ ဆက်ဆံခြင်းခံခဲ့ရသည်။ခွဲခြားဆက်ဆံခြင်း (Segregation)ကအသက်ရှင်ရှိနေကြသည့် ဟိန္ဒူများနှင့် မူဆလင်များအကြား ရှိရှင်းစွဲတင်းမာမှုကို လူမျိုးအချင်းချင်း အဓိကရုဏ်းများ ဖြစ်ပွားစေခဲ့သည်။သို့သော် အဆိုပါအဓိကရုဏ်းများက

ကွန်ဂရက်ပါတီအား မူဆလင်လူမျိုးများအတွက် လုံခြုံမှုရရှိရေးအတွက် လိုအပ်ချက်များအားလုံး တိုးချဲ့လုပ်ပေးသွားမည်ဟူသော ကတိစကားများဖြင့် အခြားသော အိန္ဒိယနိုင်ငံသားများနှင့် ခွဲခြား ဆက်ဆံရန် အခြေအနေပေးခဲ့သည့်အတွက် ကွန်ဂရက်ပါတီသည် မူဆလင်လူထု၏အထောက် အကူကို ရရှိခဲ့သည်။ဟိန္ဒူဘာသာကို နိုင်ငံရေးလက်နက်သဖွယ် အသုံးပြုခြင်းသည်တိုင်းပြည်အား တဖန်ပြန်လည်၍ စည်းရုံးမှုပြိုကွဲစေပြီး အင်အားယုတ်လျော့စေ၍ ခေတ်နောက်ပြန်ဆွဲရန် အများ ဆုံးဖြစ်ပေါ်ခဲ့သည်။

ဟိန္ဒူများအား ဇာတ်ခွဲခြားသည့်စနစ်ဖြင့် ခွဲခြမ်းပစ်ခဲ့သည်။နိုင်ငံရေးခေါင်းဆောင်များ သည် အမှန်တကယ် အစစ်အမှန်ဇာတ်ခွဲခြားမှုစနစ်၏ ခေါင်းဆောင်များဖြစ်သည်။ဤအချက်သည် အခြားနိုင်ငံရေးပါတီများအားလုံးထက် ကွန်ဂရက်ပါတီသည် ဇာတ်ခွဲခြားမှုကို ပို၍ကျင့်သုံးခဲ့ခြင်း ကို ဖော်ညွှန်းနေသည်။ရွေးချယ်တင်မြှောက်ပွဲ အကြိုကာလ မဲဆွယ်တရားဟောပြောသည့်အချိန် ၌ ကိုယ်စားလှယ်လောင်းတိုင်းသည် ၎င်းအားရွေးချယ်တင်မြှောက်ရေးအလို့ငှာ ၎င်းတို့၏ဇာတ် တူမဲဆန္ဒရှင်များကို အခြားဇာတ်ကွဲပြားသူများနှင့် ကျစ်လစ်သိပ်သည်းစွာပေါင်းစည်းကြရန် ဟော ပြောကြသည်။ထို့ကြောင့် ဟိန္ဒူအမျိုးသားရေးဝါဒသည် ယနေ့တိုင်အောင်ပင် ကြီးထွားလာခြင်း မရှိသေးပေ။ဤသို့အားဖြင့် ဇာတ်ခွဲခြားသည့်စနစ် အစည်းအရုံးသည် ဥပဒေပြုလွှတ်တော်၌ အမှန် တကယ်တည်ရှိနေခြင်းဖြစ်သည်။ရလာဒ်က ဘာဖြစ်မည်နည်း။

ယခင်က ရွေးကောက်ပွဲအတွက်ကြွေးကြော်သံများမှာ ဆိုရှယ်လစ်စနစ်ဖြင့် နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ရေးနှင့် ကိုယ်ကျင့်တရားနှင့်အသိဉာဏ်ပညာသည် ဘာသာယုံ ကြည်ကိုးကွယ်မှုတွင် အခြေမခံသင့်ဟူသော အယူအဆကိုရှေ့တန်းတွင် ဟောပြောကြသည်။ ယခုအခါ (၁၉၈၈) တွင်မူ ''ဆိုရှယ်ဝါဒ'' (Socialism)သည် ဖွဲ့စည်းပုံအခြေခံ၌ စာရွက်ပေါ်တွင် ရှိနေတော့သည့် တစ်ခုတည်းသော အကြောင်းအရာဖြစ်သည်။ထိုအချက်ကို နိုင်ငံရေးခေါင်းဆောင် များ မိန့်ခွန်းများ၌ ဖော်ပြဟောဆိုခြင်း မပြုကြတော့ပေ။ဤနည်းအားဖြင့် ပိုမို၍ ဆင်းရဲတွင်းနက် နေကြသော ဇာတ်နိမ့်သူများ၏ စီးပွားရေးမူဝါဒအား ဆန့်ကျင့်ကန့်ကွက်ပေါက်ကွဲမှုကို အရေး မစိုက်ကြတော့ပေ။တိကျသေချာသည့် ယုံကြည်စိတ်ချက်ရမည့်အာမခံချက်ပေးရမည့် အစား ဆင်းရဲသူများအား ''သွေးခွဲပြီး အုပ်ချုပ်မှုစနစ်'' 'အစိတ်အပိုင်းများထဲမှ အစိတ်အပိုင်းတစ်

ခု ဖြစ်ဘွယ်မရာရှိသည်။၎င်းတို့၏ စီးပွားရေးအဆင့်အတန်းကို တိုးမြှင့်ရေးအစီအစဉ်မှာ အကောင်အထည်မဖော်နိုင်သည့် အခြေအနေတွင်ရှိနေသည်။ငွေဖောင်းပွမှုမြင့်မားခြင်း၊လူဦးရေတိုးပွားမှုမြင့်မားခြင်းနှင့် အဂတိလိုက်စားမှုများက ဆင်းရဲနွမ်းပါးသည့်ဇာတ်နိမ့်လူမျိုးများ၏စိတ်ဆင်းရဲခြင်းသို့ ထပ်လောင်းညိုးနွမ်းမှုဖြစ်စေသည်။ဤနည်းအားဖြင့် တိုင်းပြည်သည် ဟိန္ဒူများအတွက် ဇာတ်ခွဲခြားသည့် ဘာသာယုံကြည်ကိုးကွယ်မှု ကျင့်သုံးခြင်းဖြင့် တိုင်းပြည်အားဆင်းရဲမွဲတေမှု ဆက်လက်ဖြစ်ပေါ်စေ၏။

ဒုတိယအချက်မှာကိုလိုနီဘဝ ဗြိတိသျှအစိုးရလက်အောက်၌ ရှိစဉ်က ဇာတ်ခွဲခြားမှုစနစ် အဓိကရုဏ်း အချို့သာအနည်းငယ်မျှဖြစ်ပွားခဲ့သည်။သို့သော် ဇာတ်ခွဲခြားမှုစနစ်ကိုရွေးကောက်ပွဲအခြေခံကိစ္စအဖြစ် ဆောင်ရွက်ခြင်းဖြင့် ဇာတ်မတူသော လူမျိုးများအကြား ဆက်ဆံရေးသည် တင်းမာမှုရှိနေသည်။သာဓကအားဖြင့် ဘီဟာပြည်နယ် (State of Bihar )၌ ယနေ့အချိန်ကာလတိုင်အောင် အဓိကရုဏ်းများဖြစ်ပွားခဲ့သည်။ဤသို့ အဓိကရုဏ်းများဖြစ်ပွားခဲ့ရသည့်အကြောင်းမှာ စီးပွားရေးချို့တဲ့မှုနှင့် နိုင်ငံရေးသွေးထိုးလှုံ့ဆော်မှုတို့ကြောင့် ဖြစ်သည်။ဇာတ်မြင့်အမျိုးတွင် ပါဝင်သည့် ဇမင်ဒါလူမျိုးများ (Zamindars)တို့၏ ဇာတ်ခွဲခြားဖိနှိပ်မှုအတွင်း၌ စီးပွားရေးဆိုင်ရာမူဝါဒနှင့် ဆွေးနွေးဆုံးဖြတ်သည်။နိုင်ငံရေးဇာတ်ခုံပေါ်တွင် ဇာတ်လမ်းဇာတ်ကွက်အဖြစ် အသုံးပြုခံနေရသည်။ဤနည်းအားဖြင့် ဇာတ်ခွဲခြားမှုစနစ်ကို နိုင်ငံရေးလောကသို့ ဆွဲသွင်းမှုသည် ဇာတ်မျိုးနွယ်မတူသူများအကြား ဖြစ်ပွားခဲ့သော အဓိကရုဏ်းများအဖြစ် အကျိုးရလဒ်ဖြစ်ပေါ်ခဲ့သည်။

တတိယအချက်အနေဖြင့် ပြည်နယ်အတွင်း အဂတိလိုက်စားမှုများကို လစ်လျူရှုထားသည်။အဂတိလိုက်စားမှုဖြစ်ပွားရခြင်း၏အကြောင်းတရားများစွာရှိသည်။သို့သော် သေချာသောအကြောင်းတစ်ရပ်မှာ ဇာတ်ခွဲခြားမှုစနစ် ဦးဆောင်မှုအောက်တွင် ရှိနေခြင်းဖြစ်သည်။ဇာတ်မြင့်လူမျိုးအနွယ်ဝင် မည်သူမဆို အဂတိလိုက်စားမှု၌ မွေ့လျော်ပျော်ပိုက်၏။စီးပွားရေးကိစ္စပြစ်မှုကျူးလွန်သဖြင့် အခက်အခဲရှိနေခြင်း သို့မဟုတ် ရာဇဝတ်မှုခင်းတစ်ခုခုနှင့် ရင်ဆိုင်နေရလျှင်နိုင်ငံရေးနယ်ပယ်မှ ဇာတ်ခွဲခြားမှုစနစ်ခေါင်းဆောင် တစ်ဦးဦး အချိန်မရွေး အကူအညီတောင်းခံနိုင်သည်။

နိုင်ငံရေးပါတီများသည် ဇာတ်နိမ့်မျိုးနွယ်ဝင်ဟိန္ဒူများနှင့် တိုင်းရင်းသားမျိုးနွယ်စုဝင် အိန္ဒိယနိုင်ငံသားများ အခြေအနေကောင်းမွန်လာရေးအတွက် ပြန်လည်သိမ်းသွင်းဆောင်ရွက်ရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် ကြိုးစားကြသည်။တကယ့်အစစ်အမှန်မှာ ဌာနဆိုင်ရာ များအတွင်း သို့ထည့်သွင်းခန့်ထားရေး ဥပဒေပြုလွှတ်တော် အစည်းအဝေးများတွင်သော်လည်းကောင်း ၊ကောင် စီများ၌သော်လည်းကောင်း ၊ပညာရေးနှင့်စပ်လျဉ်း၍ တက္ကသိုလ် ၊ကောလိပ်များသို့ ဝင်ရောက် ပညာသင်ကြားခွင့်ရရှိရေးကိစ္စများတွင် လက်တစ်ဆုပ်စာမျှသော လူနည်းစုသာအကျိုးအမြတ် ရရှိခဲ့သည်။သို့ရာတွင် အနာဂါတ်ကာလအတွက် မျှော်မှန်းလျက် ပြန်လည်ပြုစုပျိုးထောင်မှုက ဇာတ်နိမ့်ဟိန္ဒူများအား လူမှုဆိုင်ရာ သို့မဟုတ် စီးပွားရေးဆိုင်ရာ သို့မဟုတ် နိုင်ငံရေးဆိုင်ရာ အခြေအနေတစ်ရပ်လုံးကို မြှင့်တင်ပေးခြင်းမရှိပါ။လွတ်လပ်ရေးသက်တမ်း (၄၃)နှစ် ရှိလာပြီ ဖြစ်သည့် ယနေ့ကာလအထိ ၎င်းဇာတ်နိမ့်မျိုးနွယ်ဟိန္ဒူများသည် လူသားအချင်းချင်း ကိုယ်ချင်း စာနာမှုကင်းမဲ့သည့် အခြေအနေတွင်ရှိနေခြင်း ၊အုံကြွပေါက်ကွဲမှုနှင့် လူထုမကျေနပ်မှု၏ပြယုဂ် အဖြစ် တည်ရှိနေဆဲဖြစ်သည်။

ဤနည်းအားဖြင့် ဘာသာယုံကြည်ကိုးကွယ်မှုအား နိုင်ငံရေးလက်နက်ကိရိယာအဖြစ် အသုံးပြုခြင်းသည် နိုင်ငံတော်အားလည်းကောင်း၊သို့မဟုတ် ဘာသာယုံကြည်ကိုးကွယ်မှုအား လည်းကောင်း၊ ကောင်းကျိုးမပြုပေ ။နိုင်ငံတော်သည် စီးပွားရေးဘက်တွင်လည်းကောင်း၊ လူမှု ရေးအားဖြင့်လည်းကောင်း၊ဆင်းရဲမွဲတေမှုနှင့်အတူ ခေတ်ကို နောက်ပြန်ဆွဲနေခဲ့သည်။ဘာသာယုံ ကြည်ကိုးကွယ်မှုသည် ၎င်း၏ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေသည့် မကြာသေးမီကာလ ဖြစ်ရပ် များကြောင့် အထင်အမြင်လွဲမှားမှုကိုခံနေရသည်။ဘာသာယုံကြည်ကိုးကွယ်မှုကို အခြေခံ၍ ခွဲ ထွက်ရေးသမားများ၏ ပြင်းပြသောသဘောထား ခံယူချက်ကြောင့် နိုင်ငံသည် မတည်မငြိမ် ဖြစ်လာခဲ့ရသည်။အထက်တန်းလွှာ လူ့အဖွဲ့အစည်းမှ ရေပေါ်ဆီလူတန်းစားနှင့် ဇာတ်ခွဲခြားမှု စနစ်ခေါင်းဆောင်များ၏ ဘာသာယုံကြည် ကိုးကွယ်မှုနှင့် နိုင်ငံရေးခေါင်းဆောင်များ၏ ဘာသာ ယုံကြည်ကိုးကွယ်မှုကို နိုင်ငံရေးလက်နက်ကိရိယာ အဖြစ် အသုံးပြုခြင်းအားဖြင့် ဖြောင့်မတ်ရိုးသား မှုမရှိခြင်းအတွက် နိုင်ငံတော်၏ဂုဏ်သိက္ခာကို များစွာထိခိုက်စေခြင်း၊လူသားမျိုးနွယ်စုတို့၏ နိုင်ငံ ရေးလုပ်ဆောင်ချက်ကိုများစွာထိခိုက်စေခြင်းအပြင် မျိုးချစ်စိတ်ဓါတ်ကင်းမဲ့မှုဖြစ်စေ၏။ဝမ်းနည်း

စရာကောင်းသည်မှာ ဇာတ်ခွဲခြားမှုစနစ် သို့မဟုတ် ဟိန္ဒူလူ့အထက်တန်းလွှာတို့၏ အရှိန်ဩဇာလွှမ်းမိုးမှုကို မဝေးတော့သည့်အနာဂတ်ကာလ၌ ပျောက်ကွယ်သွားနိုင်မည့် မျှော်လင့်ချက်မရှိသည့် အချက်ဖြစ်သည်။ဘာသာယုံကြည်ကိုးကွယ်မှုသည် တစ်ဦးတစ်ယောက်၏နောက်ပါသာဝကများကို မှန်းတီးရန် သင်ပြပြောဆိုနိုင်ခွင့်မရှိပေ။သို့သော် နိုင်ငံရေးကတော့ လူတစ်ဦး၏နောက်လိုက်နောက်ပါများအား အမုန်းပွားစေရန် လမ်းညွှန်သည်။ဘာသာယုံကြည်ကိုးကွယ်မှုအား နိုင်ငံရေးလက်နက်ကိရိယာအဖြစ် ဒီမိုကရေစီစနစ်တွင်အသုံးမပြုပေ။သို့သော် ဤသင်ခန်းစာကို နိုင်ငံရေးခေါင်းဆောင်များ သိနားလည်နိုင်ကြပါရဲ့လားဟူသော မေးခွန်းဖြင့် ဤအခန်းကိုအဆုံးသတ်လိုက်ပါသည်။

●

## ဘာသာယုံကြည်ကိုးကွယ်မှုများအားနှိုင်းယှဉ်လေ့လာချက် အကျဉ်းချုပ်ဖော်ပြချက်နှင့်နိဂုံးချုပ်

## SUMMARY AND CONCLUSION OF A COMPARATIVE STUDY OF RELIGIONS BY Dr.Y.MASIH Ph.D (Edinburgh), D.Litt (Patna)

ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများအား ကျွန်ုပ်တို့၏ လေ့လာရာ၌ သတ္တဝါတို့၏ မူလဘူတအား စူးစမ်းလေ့လာမှုနှင့် စပ်လျဉ်း၍ အနာဂတ်ကာလအတွက်စဉ်းစားဘွယ်ရာတစ်ခုကို တွေ့ရှိလာရသည်။သတ္တဝါတို့၏ မူလအစကို စူးစမ်းလေ့လာသည့်ပညာရပ်သည် သိပ္ပံနည်းကျစနစ်တကျအလေးအနက် သဘောထား၍ စဉ်းစားတွေးခေါ်ပြီး ကြံဆရေးသားချက်ဖြစ်စေကာမူ ၎င်း၏လုပ်ရပ်မှာ သိပ္ပံပညာဆိုင်ရာ ရှာဖွေဖော်ထုတ်ခြင်းမဟုတ်ပါ။ ဥပမာအားဖြင့် အေ–အင်–ဝိုက်ဟက် (A.N.Whitehead) နှင့် ဆင်မြူရယ်အလက်စန္ဒား (Samuel Alexander) တို့၏ သတ္တဝါစတင်ဖြစ်ပေါ်လာခြင်းနှင့်စပ်လျဉ်းသည့်လေ့လာမှု၌ ရူပဗေဒနှင့်သင်္ချာပညာရပ်များအပေါ် အခြေခံ၍ ၎င်းတို့၏ ခေတ်ကာလအချိန်တွင် ပြုလုပ်အားထုတ်ခဲ့ကြသည်။ သို့သော် ၎င်းတို့၏ လေ့လာစူးစမ်းမှုများမှာလည်း သိပ္ပံပညာဆိုင်ရာ လုပ်ငန်းတစ်ခုမဟုတ်ပါပေ။ သတ္တဝါဖြစ်လာခြင်း၏ မူလအစကိုလေ့လာစူးစမ်းခြင်းမှာ အသိဉာဏ်ပညာကြွယ်ဝကျယ်ပြန့်လာစေရန် နှင့် ပရမတ္ထတရားပေါ်၌ မြင့်မားသောတွေးခေါ်မြော်မြင်မှုစက်ဝန်းပေါ်ထွန်း၍ အာရုံခံစားမှု တိုးတက်လာစေရန်ဖြစ်သည်။ ဤသည်မှာ သတ္တဝါတို့၏ မူလအစကို စူးစမ်းလေ့လာမှုနှင့် စပ်လျဉ်း၍ ကန့် (Kant) ဆိုသူ ပညာရှင်၏ ခိုင်မာသောတင်ပြချက်ကို ကျွန်ုပ်တို့နားလည်သဘောပေါက်သည့် အတိုင်း ပြန်လည်ရေးသားတင်ပြခြင်းဖြစ်သည်။

သတ္တဝါတို့၏ မူလဘူတကို လေ့လာခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ ရပ်တည်ချက် ရှင်းလင်းသည်အထိ တင်ပြရန် လိုအပ်မည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘာသာအယူဝါဒအလျောက် ထာဝရဘုရားသခင်ခေါ် နတ်ဘုရားခေါ် (God) ၏သဘောသဘာဝကို လေ့လာခြင်းနှင့်လူတို့က ၎င်းနတ်ဘုရား (ဝါ) ထာဝရဘုရားသခင် (ဝါ) (God)အပေါ်ယုံကြည်မှုအား လေ့လာသည့်သာဓကများစွာရှိပါသည်။ ဘာသာယုံကြည်ကိုးကွယ်မှုရှုဒေါင့်မှ သတ္တဝါတို့၏

မူလအစကို လေ့လာမှုနှင့် နတ်ဘုရား (ဝါ) ထာဝရဘုရား (ဝါ) (God) ၏သဘောသဘာဝနှင့် ၎င်းအပေါ်တွင် လူတို့၏သက်ဝင်ယုံကြည်မှုကို လေ့လာခြင်းဟူသော လုပ်ငန်းသဘာဝ(၂)ခုလုံးသည် ကျွန်ုပ်တို့အားကြိုတင်ခန့်မှန်းရန် သိပ္ပံနည်းပညာနှင့် လူများ၏ ကိုယ် ၊ နှုတ် အမူအရာကို မိမိတို့၏ ပတ်ဝန်းကျင်နှင့်အံဝင်ဂွင်ကျဖြစ်နိုင်ရန် နည်းလမ်းညွှန်ပြမှုများ မျှဝေခြင်းမပြုနိုင်ခဲ့ပါချေ။ ဉာဏ်ပညာဖြင့် မိမိရုပ်နာမ်နှစ်ပါး ၊ ခန္ဓာငါးပါးကို ရှုမှတ်မှု (ဝါ) ဗောဓိဉာဏ်ရရှိအောင်ကြိုးစားအားထုတ်မှုဖြင့် သူတော်စင် ၊ သူတော်မြတ်ဖြစ်လာရေးဘက်သို့ တွန်းပို့နိုင်ရန် ဆုတောင်းမှုများဖြစ်ပါသည်။ သတ္တဝါတို့၏ မူလဘူတကို စူးစမ်းလေ့လာခြင်းသည် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေနိုင်၍ ဘာသာအယူဝါဒအလျောက် နတ်ဘုရား (ဝါ) ထာဝရဘုရား (ဝါ) (God) ၏ သဘောသဘာဝနှင့် ၎င်းအပေါ် လူသား၏ယုံကြည်ကိုးကွယ်မှုသည် လက်တွေ့အားဖြင့် လူသားများအားထက်ကောင်းကင်ဘုံရွှေပြည်နန်း (Heaven) သို့ရောက်ရှိနိုင်ရေးအတွက် လမ်းညွှန်ပြပေးသည်။ ဉာဏ်ပညာသည် ပြီးစီးအောင်မြင်ရေး သို့မဟုတ် အဆုံးစွန်သို့ရောက်ရှိရေးအတွက် အထောက်အကူပြုသည်။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ဗောဓိဉာဏ်ရရှိတော်မူပြီး နိဗ္ဗာန်သို့ စံဝင်တော်မူနိုင်ခဲ့သည်မှာ ကောင်းစွာတွေ့ရှိနိုင်သော သိသာထင်ရှားသည့် သက်သေသာဓကဖြစ်သည်။ အထက်ပါ နိဒါန်းမိတ်ဆက်စကားရပ်ဖြင့် ကမ္ဘာ့ဘာသာကိုးကွယ်မှုများကို နှိုင်းယှဉ်လေ့လာခြင်းမှ ကျွန်ုပ်တို့၏ တွေ့ရှိချက်များကို အောက်ပါအတိုင်းအကျဉ်းချုပ်အားဖြင့် နိဂုံးကမ္ပတ်အပြီးသတ်လိုက်ပါသည်။

၁။ ဘာသာယုံကြည်ကိုးကွယ်ခြင်း၏ အရေးကြီးသည့် ပထမဆုံးထုတ်ယူတင်ပြရမည့်သဘာဝကျသော အကြောင်းမှာ ဘာသာတရားအပေါ်၌ လွန်ကဲစွာယုံကြည်မြတ်နိုး လက်ဆယ်ဖြား ဦးထိပ်မိုးလျက်ရှိခိုးခြင်း ဟူသောသဒ္ဓါတရားအား မတွေ့မြင်ရခြင်းနှင့် မတွေ့မြင်နိုင်ခြင်းဖြစ်သည်။ ဘာကြောင့်ပါလဲ။

(က) ပညာရှင် ကန့် (Kant)၏ အလိုအားဖြင့် တွေ့မြင် ၊ ထိ ၊ သိ ၊ ခံစားနိုင်သည့်သဘာဝ (Phenomena)*[(1)]နောက်ကွယ်၌ အခြေခံအားဖြင့် သိတတ်မှု ၊ မှတ်သားမှုနှင့် အာရုံများအပေါ်တွင် ခံစားတတ်မှုရှိနေသည့် သူ့ပင်ကိုယ်အရှိအတိုင်း ခံစားနိုင်သည့် သဘာဝ (Noumenon)*[(2)]ကြောင့်ဖြစ်သည်။ ထို့ကြောင့် ဤအာရုံများကို တညီတညွတ်တည်း တွေ့ထိ

ခံစားမှုခေါ် (Synthetic Unity of Apperception) ဖြစ်ရာ ထိုခံစားခြင်းသည် သူ့အလို အလျောက်ဖြစ်ပေါ်လာသည့် စိတ်ကူးစိတ်သန်းအာရုံ (Object) တစ်ခုမဖြစ်နိုင်ပေ။

(ဝိညာဏ်တစ်ခုဖြစ်ပေါ်မှုနှင့် ပတ်သက်၍ ဗုဒ္ဓရှင်တော်မြတ်က – စက္ခုံစ ၊ ပဋိစ္စ ၊ ရူပေစ၊ စက္ခုဝိညာဏံ ၊ တိန္နံ ၊ သင်္ဂတိ ဖဿော ၊ ဖဿပစ္စယာ ၊ ဝေဒနာ ၊ ဝေဒနာ ပစ္စယာ ၊ တဏှာ ၊ တဏှာပစ္စယာ ဥပဒါန် ၊ ဥပဒါန္န ပစ္စယာဘဝေါ ၊ ဘဝ ပစ္စယာ ဇာတိ ၊ ဇာတိ ပစ္စယာ ဇရာ ၊ မရဏ ၊ သောက ၊ ပဋိဒေဝ ၊ ဒုက္ခ ၊ ဒေါမနဿ ၊ ဥပယာသ ၊ သမ္ဘဝန္တိ ဝေမေတဿ၊ ကေဝလဿ ၊ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ – ဟူ၍-

မျက်စိ + အဆင်း + အလင်း + အာရုံ ပေါင်းစုံမှုကြောင့် → ခံစားမှု → နှစ်သက်မှု (လိုချင်မှု/မနှစ်သက်မလိုလားမှု → အပြင်းအထန်စွဲလန်းမှု → ပြုလုပ်အားထုတ်မှု → ဘဝဖြစ်မှု အိုမှု ၊ နာမှု ဟူ၍မြင်သိမှု ကြားသိမှု ၊ နံသိမှု ၊ စားသိမှု ၊ ထိသိမှု ၊ ကြံတွေးသိမှု ဟူသည့် ဒွါရ (၆) ပါး (ဝါ) အတွင်း အာယတန (၆) ပါး (Six Organs of sense) နှင့်အာရုံ (၆) ပါး (ဝါ) အပြင် ဘာယတန (၆) ပါး (Six Objects)တို့ပေါင်းဆုံသည့်အခါ ဝိညာဏ် (၆) ပါး (Six perception) ဖြစ်ပြီး ၊ အနိစ္စ (momentariness) ဒုက္ခ (universal suffering) နှင့် အနတ္တ (Soullessness or impermanence) သဘောအရ ၊ ပျက်စီးပျောက်ကွက်သွားခြင်းအား ၊ မိုးကုတ် ဆရာတော် ဘဒ္ဒန္တဝိမလက အလုံးစုံခြုံငုံမိသောစကားလုံးဖြင့် (ဖြစ်–ပျက်) သို့မဟုတ် (Flux and Fleet or arising and disapperaring) ဟူ၍ ရှုပွားအားထုတ်လျှင် မဂ်ညာဏ် ၊ ဖိုလ်ညာဏ်၊ နိဗ္ဗာန်ချမ်းသာအထိ မျက်မှောက်ပြုနိုင်ကြောင်း ဟောကြားခဲ့သည်။ ဘာသာပြန်သူ)

> "မှန်ကန်မှုရှိမည်ဟု ကျွန်ုပ်ကြိုတင်၍ တွေးထင်ထားသည့် ၊ သိနားလည်နိုင်လောက်သော မည်သည့် စိတ်ကူးညာဏ်မျှ ယခုအချိန်၌ အမှန်တကယ် စိတ်ကူးကြံရွယ်ထားသည့်အတိုင်း မဖြစ်နိုင်ကြောင်း အလွန်ထင်ရှားသည်။"

(ခ) ဟိန္ဒူဘာသာ ၊ ဥပနိရှတ်စ်ကျမ်း၌ လာသော အလွန်လေးနက်၍ ကြည်ညို လေးစားဖွယ်ရာကောင်းသည့် ဘာသာရေးဆိုင်ရာ ရေးသားချက်များသည် အနည်းငယ်ယုံမှားသံသယဖြစ်ဖွယ်ရာရှိ၏။ရှန်ကာရ(Shankara) နှင့် ရာမနုဂျာ (Ramanuja) တို့သည် ဥပနိရှတ်စ်ကျမ်း (Upanishads) အပေါ်အလေးအနက်ထားခြင်းမဟုတ်ပဲ

ယခုခေတ်သစ်တွင် ထင်ရှားလာခဲ့ကြသည့် ရမ်မိုဟမ်ရွိုင်း (Rammohun Roy)၊ ရာဘင်ဒရာ နတ်တဂိုးရ် (Rabindranath Tagore) နှင့်အော်ရိုဘင်ဒို (Aurobindo) တို့သည်လည်း ဥပနိရှတ်စ်ကျမ်းမပါလျှင် နားလည်သဘောပေါက်ခြင်းမရှိကြပေ။

ဥပနိရှတ်စ်ကျမ်း (Upanishads) အဖို့ရာ၌ "အဝိဇ္ဇာအယူအဆ" (Advaitism)၏ အလိုအရ ဗြဟ္မာ (Brahman) သည်တစ်ခုတည်းသောပရမတ္ထသစ္စာဖြစ်၍ ၎င်းပရမတ္ထသစ္စာကို သိမြင်သဘောပေါက်မှသာလျှင် တရားကျင့်ကြံအားထုတ်ရန်ဖြစ်သည်။ သို့ရာတွင် ဗြဟ္မဏဝါဒအရ ဗြဟ္မာဆိုသည်မှာ လိုချင်မှုတဏှာမပါသော သန့်ရှင်းသည့် သိမှုသဘောကိုဆိုလိုသည်။ တဏှာ လောဘမပါသော ဖြူစင်သန့်ရှင်းသည့်သိမှု ဝိဉာဏ်သည် ဉာဏ်ပညာ အလင်းရောင်ဖြစ်ပေါ်ခြင်း၏ အခြေခံကျသောစိတ်ကူးဉာဏ်ဖြစ်သည်။ သို့ရာတွင် အောက်ပါတို့သည် လိုချင်မှု တဏှာ အတွက် အာရုံမပြုသော စိတ်ကူးကြံစည်မှုများဖြစ်သည်။

မြင်သောသူ၏ မြင်ခြင်းသဘောကို အသင်မမြင်နိုင်ပေ။
ကြားသောသူ၏ ကြားခြင်းသဘောကို အသင်မကြားနိုင်ပေ။
တွေးတောကြံစည်သူ၏ တွေးကြံခြင်းသဘောကို အသင်မတွေးကြံနိုင်ပေ။
နားလည်သဘောပေါက်သူ၏ နားလည်သဘောပေါက်ခြင်းသဘောကို အသင်နားလည် သဘောမပေါက်နိုင်ပေ။

(ဂ) နှစ်ဆယ်ရာစု၏ ဒဿနဗေဒပညာရှင်ဟူ၍ ခေါ်ဆိုခြင်းခံရသူ "လူးဝစ်-ဝိတ်ဂင်းစတိန်း" (Luwig Wittgenstein) ကလည်းဘာသာရေးဆိုင်ရာ ဆုတောင်းဝတ်ပြုခြင်း၏ အမြင့်မြတ်ဆုံးသောပရမတ္ထသစ္စာသည် မမြင်မသိနိုင်သောအရာဖြစ်သည်ဟူ၍ ထောက်ခံရေးသားခဲ့သည်။ အဆိုပါနားလည်ရန်ခက်ခဲသော ဒဿနပညာရှင် "လူးဝ်-ဝိတ်ဂင်စတိန်း၏ အလိုအရ ထာဝရဘုရားသခင် (God) သည်စကြဝဠာကမ္ဘာလောကဓာတ်၏ အဓိပ္ပါယ်ဖြစ်သည်။ ဝိတ်ဂင်စတိန်းက ထာဝရဘုရားသခင်အား စကြဝဠာကမ္ဘာလောကဓာတ်ကြီးနှင့် ၎င်း၏ အဆုံးတရား (some end of the universe) ကိုဖန်ဆင်းသူဟူ၍ လည်းကောင်း၊ ယင်းအဆုံးတရားသည် ကမ္ဘာလောကဖြစ်သည် (this end is meaning of the world) ဟူ၍ လည်းကောင်း၊ ထင်မြင်နိုင်ဖွယ်ရာဖြစ်သည်။ ထာဝရဘုရားသခင်ဟူသောစကား၏ အဓိပ္ပါယ်

သက်ရောက်မှုနှင့် ဖန်ဆင်းရှင်ဘုရားသခင်တို့သည် ကမ္ဘာလောကကြီး၏ အပြင်ဘက်နှင့် သာ သက်ဆိုင်ပါသည်။သို့ရာတွင် ဝိတ်ဂင်းစတိန်း၏ အလိုအရ ကျွန်ုပ်တို့သည် ကမ္ဘာလောက အကြောင်းကို နားလည်နိုင်ပြီး အားလုံးသောအရာများကြောင့် ယင်းကမ္ဘာလောကအတွင်း၌ သာ ရှိနေကြ၏။ ဂျူးဘာသာ (ခေါ်) ရဟူဒီဘာသာ (Judaism) ၏အဆိုအရ ထာဝရဘုရားသခင် သည် ကမ္ဘာလောကအတွင်း၌ တည်နေတော်ခြင်းမရှိပေ။ သို့သော် တန်ခိုးတော်အားဖြင့် စကြဝဠာ လောကဓါတ်တိုက်လုံး၌ပျံ့နှံ့တည်ရှိတော်မူသည် ဟူသောအချက်ကို ထောက်ခံသည်။ ထို့ကြောင့် ဂျူးလူမျိုး ဝိတ်ဂင်းစတိန်း၏ ရေးသားဖော်ပြချက်သည် မသိမြင်နိုင်သော ထာဝရဘုရားသခင်နှင့် ဆက်သွယ်မှုရှိသည်ဟုဆိုသည် –

"အရာဝတ္ထုတစ်ခု၏ အနက်အဓိပ္ပါယ်သည် ထိုသို့ အဓိပ္ပါယ်ရှိသောအရာ၏ အစိတ် အပိုင်းတစ်ခုမဖြစ်နိုင် သောကြောင့် ကမ္ဘာလောကအားရှုမြင်ရာ၌ ထိုအကြောင်း အချင်း ရာသည် ကမ္ဘာလောက၏အစိတ်အပိုင်းမဖြစ်နိုင်ဟူ၍ ယုတ္တိဗေဒနည်းအရ သုံးသပ်သည်။"

၎င်းကဆက်လက်၍

"ဩကာသလောကနှင့်အချိန်ကာလအတွင်းအကြုံးဝင်သည့် ဘဝ၏ခက်ခဲသောမေး ခွန်း၏အဖြေမှာ ဩကာသလောကနှင့်အချိန်ကာ၏အပြင်ဘက်သာရှိသည်။"

(ဃ) ဒဿနိကပညာရှင် အေ–အင်–ဝိုက်ဟက် (A.N.Whitehead) နှင့် ဆင်မြူရယ်အလက်စန္ဒား (Samuel Alexander) တို့တင်ပြထားသော စကြာဝဠာ ကမ္ဘာလောကဓါတ်၏ တရွေ့ရွေ့ပြောင်းလဲတိုးတက်ဖြစ်ပေါ်မှု (Evolutionary scheme) ၏အနာဂတ်အလားအလာသည် သိပ္ပံပညာရပ်၏ လုပ်ဆောင်မှုမဟုတ် ၊ သို့ရာတွင် လောကကို ရှုမြင်သုံးသပ်ချက်တစ်ခုအဖြစ် စိတ်ကူးယဉ်တွေးတောကြံစည်မှုဖြစ်သည်။

ရုပ်လောက၏ တရွေ့ရွေ့ ဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှုသဘောအရ ၊ ရုပ်(Matter)၊ နာမ်ရုပ် (Life) ၊ စိတ် (Mind) နှင့်ကိုယ်တိုင်ခံစားသိနားလည်မှု (Self-consciousness) တို့အား Creative Current ခေါ်ဓါတ်လေးပါးတို့၏ သဘောသတ္တိက ကျေးဇူးပြုထောက်ပံ့သည်။ (ဤဒဿနိကပညာရှင်တို့၏ လေ့လာတွေ့ရှိချက်သည် ဗုဒ္ဓမြတ်ဘုရားက လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ခန့်ကစူးစမ်းရှာဖွေတွေ့ရှိဟောကြားတော်မူခဲ့သည်။ ဓါတ်ကြီးလေးပါး (Four elements)

နှင့် နှိုင်းယှဉ်ကြည့်လျှင် ဗုဒ္ဓ၏ခွဲခြမ်းစိတ်ဖြာ၍ သိမြင်တွေ့ရှိချက်က ပို၍ပြည့်စုံလေးနက်မှုရှိသည်။ ဥပမာ– ဗုဒ္ဓရှင်တော်မြတ်က ပုဂ္ဂိုလ် ၊ သတ္တဝါ ၊ ငါ ၊ သူတစ်ပါး ၊ ယောက်ျား ၊ မိန်းမ စသည်ဖြင့် ခေါ်ဆိုသည့် ပညတ္တိဓမ္မခေါ် လှုပ်ရှားသွားလာနေထိုင် စားသောက် ၊ မြင် ၊ ကြား ၊ နံ ၊ ထိ ၊ သိမှု များ အားလုံးသည် ရုပ်နာမ်နှစ်ပါး၏အဖြစ်နှင့်အပျက်မျှသာဖြစ်၍ ရုပ်နာမ် နှစ်ပါးမှာလည်း ဓါတ်ကြီးလေးပါးဟုခေါ်ဆိုရသည့် တကယ့်အဟုတ်အမှန်ရှိသည့် ရုပ်တရားဖြစ်ကြပြီး ယင်းရုပ်တရားကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ခက်ထန်ကြမ်းတမ်းမာကျောမှုနှင့် နူးညံ့ပျော့ပြောင်းမှု သဘာဝနှစ်ခုအကြား အမြဲတစေ ပြောင်းလဲနေတတ်သော သဘောသာရှိသည့် ရုပ်တရားဖြစ်၍ (ပထဝီ) ဟုခေါ်သော ဓါတ်ကြီးတစ်ပါး (Earth)ပူမှုနှင့် အေးမှုသဘာဝနှစ်ခုအကြားအမြဲတစေ ပြောင်းလဲနေတတ်သော သဘောရှိသည့် ရုပ်တရားဖြစ်၍ (Fire) တေဇော ၊ ဟုခေါ်သော ဓါတ်ကြီးတစ်ပါး ၊ ယိုစီးမှုနှင့် ဖွဲ့စည်းမှု သဘောဝနှစ်ခုအကြားအမြဲတစေ ပြောင်းလဲနေတတ်သော သဘောရှိသည့် ရုပ်တရားဖြစ်၍ (အာပေါ) ဟုခေါ်သော ဓါတ်ကြီးတစ်ပါး (Water) နှင့် တွန်းကန်ပြီးလှုပ်ရှားခြင်း ထောက်ခံပြီးလှုပ်ရှားခြင်းဟူသော သဘာဝနှစ်ခုအကြား အမြဲတစေ ပြောင်းလဲနေတတ်သော သဘောရှိသည့် ရုပ်တရားဖြစ်၍ (ဝါယော) ဟုခေါ်သောဓါတ်ကြီးတစ်ပါး (Air) ဟူ၍ပရမတ္ထ (တကယ့်) အမှန် (ဝါ) (Reality) ဤသည်ကို သိပ္ပံပညာရှင်နှင့် ဒဿနိကပညာရှင်းတို့က (Matter) ဟူ၍ ခေါ်ဆိုသည်။ တဖန် ဗုဒ္ဓရှင်တော်မြတ်က သဗ္ဗညုတဉာဏ်တော်ဖြင့် လောကသုံးပါး (သင်္ခါရလောက ၊ သတ္တလောက၊ ဩကာသလောက) ၌ (တကယ့်အစစ်အမှန်ရှိသည့် တရား (၄) ပါးမှာစိတ် ၊ စေတသိတ် ၊ ရုပ်၊ နိဗ္ဗာန်) ဟူ၍ဖြစ်ရာ ဒဿနိကဗေဒ Matter, Life, Mind and Self Consciousness တို့ကို Supreme Reality ဟူ၍ တွေ့ရှိတင်ပြထားသကဲ့သို့ပင် သိပ္ပံပညာကလည်း ၊ Time-space- mind and matter ဟူ၍ဖော်ထုတ်တွေ့ရှိမှတ်တမ်းပြုခဲ့ကြသည်။

အမှန်မှာ စကြာဝဠာကမ္ဘာလောကကြီး၏ တကယ့်အရှိအမှန်တရားတွင် ဗုဒ္ဓဟောကြားထားသကဲ့သို့–

(၁) စိတ် (Mind) (၂) စေတသိတ် (Inclination) (၃)ရုပ် (Matter) နှင့်

(၄) နိဗ္ဗာန် (Nirvana) မှတစ်ပါးကျန်အရာအားလုံးမှာ ပညတ်တရားများသာဖြစ်ကြ

သည်။ (nomencalature only, not reality)

ဗုဒ္ဓ ပညတ်တရားကိုလည်း (၁) နာမပညတ် (အမည်နာမမှည့်ခေါ်မှု) (၂) သန္တတိပညတ် (အစဉ်အတန်) (၃) သမူဟပညတ် (အသေးစိတ်ခေါ်ဆိုခြင်း) )၄) သဏ္ဌာနပညတ် (ပုံစံ ၊ ပုံသဏ္ဌာန် ၊ အနေအထား) (၅) ပုဂ္ဂလပညတ် (တစ်ဦးချင်းဆိုင်ရာမှည့်ခေါ်မှု) (၆) သတ္တပညတ် (ကျွဲ ၊ နွား ၊ ခွေး ၊ လူ ၊ နတ်) (၇) အတ္တပညတ် (ပုဂ္ဂိုလ် /သတ္တဝါ /ငါသူတစ်ပါး) (၈) ဃာနပညတ် (လုံးရပ်သဏ္ဌာန်ပုံဟန်နိမိတ်) ဟူ၍ခွဲခြမ်းစိတ်ဖြာအမျိုးအစားခွဲခြား ထားသေးသည်။ ယင်းကဲ့သို့ အများကပြောဆိုနေခြင်းမှာ လောကအနေဖြင့် မငြင်းပယ်နိုင်သည့် မှန်ကန်မှုဖြစ်ရာ ယင်းမှန်ကန်မှုကို သမုတိသစ္စာ (So called Truth)ဟူ၍လည်းကောင်း ၊သဘာဝ တရား၏ အရှိကို အရှိအတိုင်း မှန်ကန်မှုကို ပရမတ္ထသစ္စာ (Ultimate Truth) ဟူ၍ လည်းကောင်းသတ်မှတ်ထားသည်။ ထို့ပြင် လောကကိုလွန်မြောက်သည့် လောကုတ္တရာ သစ္စာကိုလည်း ဗုဒ္ဓသည် ဘုရားအဖြစ် ဒိဗ္ဗစက္ခုဉာဏ် ၊ သဗ္ဗညုတဉာဏ်နှင့် အသာဝက္ခယ ဉာဏ်တို့ကိုရရှိ၍ ဗုဒ္ဓ (Enlightened One) ဖြစ်ပြီးနောက် မဟာသက္ကရာဇ် ၁၀၃ခုနှစ် ၊ ဝါဆိုလပြည့်နေ့တွင် (အိန္ဒိယပြည် ၊ ဥတ္တာပရာဒေးရှ်ပြည်နယ်၊ ဗာရာဏသီမြို့ (Varanas) အနီး (Sanath) မြို့ ၊ ယခုအခေတ်အခေါ်) ၊ ဗာရာဏသီမြို့ ပြည့်ရှင်ဘုရင်မင်းကြီး၏သားသမင်တို့ အား ဘေးမဲ့ပေးရာ ဥယျာဉ် ၊ မိဂဒါဝုန် အရပ်တွင် ပဥ္စဝဂ္ဂီငါးဦးတို့အားဟောကြားတော်မူခဲ့သည်။ ပထမဆုံးတရားတော် ဓမ္မစက္ကပဝတ္တန သုတ်တွင် ဒုက္ခသစ္စာ ၊ သမုဒယသစ္စာ ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟူသော သစ္စာလေးပါး (The Four Noble Truth) ဟူ၍ ၎င်းသစ္စာတရားကို (၃) မျိုးခွဲခြားသတ်မှတ်ဟောကြားတော်မူခဲ့သည်။ လောကမှ ထွက်မြောက်ရာထွက်မြောက်ကြောင်း အတွက် အဓိကသိရှိရမည့်တရားမှာ သစ္စာ (၄) ပါး တရားဖြစ်သည်။ (စတုသစ္စ ၊ ဝိနိမုတ္တော၊ ဓမ္မော နာမနတ္ထိ) ဟူ၍ဖြစ်ပြီး အဆိုပါသစ္စာလေးပါးမှာ အကြောင်းသစ္စာ (၂) မျိုးနှင့် အကျိုးသစ္စာ (၂) မျိုးဖြစ်၍ သမုဒယအကြောင်းခံလျှင် ဒုက္ခအကျိုး မလွဲမသွေတွေ့ကြုံမှာဖြစ်သလို ၊ မဂ္ဂ အကြောင်းခံလျှင် နိရောဓအကျိုးကို မလွဲမသွေ ရောက်ရှိမည်ဟူသော ဟောကြားချက်မှာ မှန်မြတ်သော တရားဖြစ်သည်။ သို့ရာတွင် သိပ္ပံပညာရှင်တို့တွေ့ရှိသော No effect can take place without a cause ဟူ၍ ရေးသားချက်မှာ လောကီအတွက် သက်သက်သာလျှင် ဖြစ်သည် - ဘာသာပြန်သူ)

အနာဂတ်အလားအလာကို စဉ်းစားသုံးသပ်ခြင်းဖြင့် ကျွန်ုပ်တို့သည် အဓိကကျသော ရှေ့သို့ တက်လှမ်းမှုဖြစ်ပေါ်စေနိုင်သည့် စွမ်းအား (၂) ရပ်ကိုတွေ့ရသည်။ ၎င်းတို့မှာ Conatus ခေါ်ရည်ရွယ်ချက်ဖြင့် အားထုတ်ကြိုးပမ်းရုန်းကန်လှုပ်ရှားလိုသည့် စွမ်းအားနှင့် Nisus ခေါ် ဝီရိယ တရားဟူ၍ ခေါ်ဆိုနိုင်သည့် ကြိုးပမ်းလိုမှု ၊ အားစိုက်လုပ်ကိုင်လိုမှုစွမ်းအားနှစ်ရပ်တို့ဖြစ်သည်။ Conatus ၏ သဘာဝသတ္တိကြောင့် သက်ရှိသတ္တဝါတို့သည် ၎င်း၏ ရှိရင်းစွဲသဘောသဘာဝမှ မပြောင်းမလဲပဲသတ္တဝါတစ်ဦးချင်း၌ တည်ရှိနေသည်၊ နှစ်ပေါင်းသန်းပေါင်းများစွာအထိ သက်ရှိသတ္တဝါများအားလုံး မျိုးရိုးဗီဇမပြောင်းမလဲပဲတည်ရှိသည်ကို တွေ့ရသည်။ လူသတ္တဝါသည်လည်း ရုပ်ပိုင်းဆိုင်ရာ ကိုယ်လက်အင်္ဂါ ပုံသဏ္ဌာန်မပြောင်းမလဲပဲ ၎င်း၏ သဘာဝ အတိုင်းတည်နေသည်။ သို့သော် Conatus ဟူသော သဘာဝသတ္တိအပြင် Nisus ၏ သဘောသတ္တိကြောင့် လူသတ္တဝါသည် ၎င်း၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတိုးတက်လာသည်ကို တွေ့ရ၏။ (Nisus)၏ သဘောသတ္တိက ၎င်း၏ဘဝတိုးတက်ရေးအတွက် စိတ်ကူးစိတ်သန်းဖြင့် တည်ထွင်ကြံဆမှုများ ဖြစ်လာခဲ့၏။ လူသတ္တဝါသည် မိမိ၏ အမြင့်မားဆုံးသော ရည်မှန်းချက်အတွက် ဖန်ဆင်းရှင်နှင့် ဦးဆောင်လမ်းညွှန်ပေးနိုင်သူကို ကျယ်ပြန့်သော စဉ်းရုံးလှုံ့ဆော်ချက်ဖြင့် ယင်းစိတ်ကူးစိတ်သန်း ပုံဖော်စီမံဆောင်ရွက်ခဲ့သည်။ယင်းသို့ မိမိပုံဖော်ဖန်တီးယူသည့် အတိုင်းကိုးကွယ်ဆည်းကပ်ခြင်းဖြင့် ဖန်ဆင်းရှင်တစ်ဦး၏ပုံရိပ်ကို တီထွင်ဖန်ဆင်းယူခဲ့ပြီး လုံးဝပြည့်စုံသော လူသားအဖြစ်ရရှိနေပြီဟူ၍ ထင်မြင်ယူဆခံစားကြည့်မိပါသည်။

လူသတ္တဝါတစ်ဦးချင်းစီ၏ကိုယ်ခန္ဓာအတွင်း၌ ခိုအောင်းနေသည့် ဤNisus ခေါ် ကြိုးပမ်း အားစိုက် လုပ်ကိုင်လိုမှုကို ဖန်တီးနိုင်မှုအမှန်တရား (ဝါ)လူသားတို့၏ ဘဝတိုးတက်ရေးကို တားဆီးနေသည့် သဘာဝတရားအားထိုးနှက်ချက် တစ်ရပ်ဖြစ်လာပေသည်။အမှန်တရား၏ပိုမို ကောင်းမွန်သည့် ပျံ့နှံ့တည်ရှိမှု သဘောတရားကို ဟိန္ဒူဘာသာနတ်ဘုရားကိုးကွယ်မှုအား လေ့လာမှုသည် ၎င်းဟိန္ဒူဘာသာယုံကြည်မှု ကာလအတွင်း ဦးဆောင်မှုအခန်းကဏ္ဍကိုသိမ်း ပိုက်ရယူဦးဆောင်ခဲ့သည်။ဟိန္ဒူဘာသာ ဥပနိရှတ်စ်ကျမ်းက ကျွန်ုပ်တို့အား အမြင့်မြတ်ဆုံးဗြဟ္မာ ကြီးသည် နေ ၊ကောင်းကင် နှင့်အရာခပ်သိမ်းနှင့် လူသား၏ စဉ်းစားကြံစည်တွေးတောမှုနှင့် အလွန်အမင်းဆက်သွယ်မှုရှိသည်ကို တွေ့ရသည်။အကြီးမြတ်ဆုံးသော ဗြဟ္မာကြီးသည် ဝိဉာဉ်

ဖြစ်ပြီး လူ့ခန္ဓာကိုယ်အတွင်းမှ ထိန်းချုပ်ပေးသူနှင့် လူတိုင်း၏မည်သည့်အခါမျှမသေပဲ အမြဲရှိနေ အတ္တဖြစ်ကြောင်း "ဘရဒ္ဒါရဏ္ယကမ ဉပါနိရှတ်စ်ကျမ်း (Brhadaranyaks Upanishads)က ကျွန်ုပ်တို့အား (၂၂) ကြိမ်ပြောပြထားသည်။

"ဗြဟ္မာသည် ဤနေရာ၌ လူတစ်ယောက်အဖြစ်ရှိနေခြင်း တစ်ချိန်တည်း၌ သူရိယ(နေ) အတွင်းရောက်ရှိခြင်း ၊သူသည် တစ်ဦးတည်းသော ဗြဟ္မာမင်းတည်း" (Taittiriya Upanishads.3.7.2-23)

သာလွန်ကြီးမြတ်ခြင်းဖြင့် နေရာအနှံ့ ဖြန့်ကျက်တည်နေတော်မူခြင်းမှာ "ဖြူစင်မြင့်မြတ်ခြင်း"ဟူသော သဘောသဘာဝ၏ ထောက်ပံ့မှုကူညီမှုကြောင့်ဖြစ်သည်။

(c) "ဖြူစင်မြင့်မြတ်ခြင်း (Holism)ဟူသော စကား၏အဓိပ္ပါယ်ကို ရောမပညာရှိကြီး အရစ္စတိုတယ်(Arstotle)က ပထမဦးဆုံးတင်ပြခဲ့ပြီး ဟင်းန်ဒရိက်စ်ချ် (Han Driesch)က တစ်ပိုင်းတစ သိပ္ပံနည်းကျသော တရားဝင်အဆင့်သို့ မြှင့်တင်ပေးခဲ့သည်။ဖြူစင်မြင့်မြတ်ခြင်းဟူသော အယူအဆကို ဂျေ-စီ-စမွတ် (J.C .Smuts)၊အေ-အင်-ဝိုက်ဟက် A.N.Whitehead နှင့် ဆင်မြူရယ်အလက်စန္ဒား (Samuel Alexander)တို့၏ သတ္တဝါစတင်ဖြစ်ပေါ်ခြင်းနှင့်စပ်လျဉ်း၍ ရုပ်ဝတ္ထုများနှင့်အတူ ဖြစ်တည်မှုအယူအဆ (Ontology)အတွင်းသို့ဆွဲယူခဲ့သည်။ သို့သော်လည်း အဆိုပါ (Ontology)ပညာရပ်အား ဂေါ်စ်တာထစ် (Gastaltiosts)များက စိတ္တဗေဒပညာရပ်၌ အထူးအလေးထားဖော်ပြခဲ့ကြသည်။

စိတ္တဗေဒပညာရပ်အလိုအားဖြင့် (Personality)ခေါ် လူတစ်ဦး၏ အရည်အသွေးကိုမြှင့်တင်ပေးသည့် စရိုက်လက္ခဏာနှင့် (Autonomy)ခေါ် "မိမိကိုယ်မိမိထိန်းချုပ်နိုင်သည့် စိတ်ဓါတ်အင်အား "နှင့် (Homonomy)ခေါ် "လူ့စွမ်းလူစ (ဝါ)လူ့စွမ်းရည်သတ္တိ"ဟူ၍ နှစ်မျိုးသောဦးဆောင်မှုပေးသည့်အရာရှိသည်။မိမိကိုယ်ကိုမိမိ ထိန်းချုပ်နိုင်သော စိတ်စွမ်းအားကြောင့် လူတစ်ယောက်ချင်း၏ အသီးသီးသောဖြစ်နိုင်ဘွယ်ရာများသည် ၎င်းတို့၏ ကိုယ်ခန္ဓာအတွင်းမှန်ကန်တိကျစွာဖြစ်ပေါ်နိုင်၏။သို့သော် လူတစ်ဦးတစ်ယောက်အား ၎င်း၏လူ့ စွမ်းရည်သတ္တိ(ဝါ) လူ့စွမ်းလူစကြောင့် ၎င်း၏စရိုက်လက္ခဏာသည် လူ့လောက ၊လူ့အသိုင်းအဝိုင်း၏ မှန်ကန်သောအကြောင်းအရာနှင့် မှန်ကန်သောလူ့တန်ဘိုးသည် ကျယ်ပြန့်ကြွယ်ဝလာ၏။ထို့အပြင် ဤအချက်သည်စံပြ

လူတစ်ယောက်ဖြစ်နိုင်ခြင်း ၊ပေါ်လွင်ထင်ရှားသော ၊အမှတ်သင်္ကေတပြုနိုင်လောက်သော ၊စွမ်းဆောင်မှုသို့ ဦးတည်စေ၏။ထိုအချက်သည် လူတစ်ယောက်အား ဘုရားသခင်အပေါ် ပိုမိုယုံကြည်ကိုးစားလာရန်ပံ့ပိုးသွင်းပေးသည်။ဘုရားသခင်သည် ကိုးကွယ်ဆည်းကပ်ခြင်းဖြင့် လူတစ်ယောက်သည် ၎င်းရရှိထားသော လူ့ဘဝ၏ပြီးပြည့်စုံသော အဆင့်သို့ရောက်ရှိပြီး မိမိ၏ စိတ်ကြည်လင်အေးမြခြင်းကို ရစေ၏။ဥပမာအားဖြင့် "Advaitin"ခေါ် "အဝိဇ္ဇာဝါဒရှိသူ" သည်မိမိကိုယ်တိုင်ဖြဟ္မာဖြစ်လာစေရန် ဖြဟ္မာအကြောင်းကို သိနားလည်သူ ဖြစ်အောင် လေ့လာဆည်းပူး ကျင့်ကြံရသည်။သျှရီရာမခရစ်ရှ်နားက (Sri Ramakrishna)ပြောထားသည်မှာ–

"အကယ်၍ အသင်သည် စံပြတရားအားထုတ်သူအဖြစ် အကောင်းဆုံးဖြစ်အောင်ကြိုးစားလျှင် သဘာဝတရားကို သိမြင်နိုင်ပေလိမ့်မည်။အကယ်၍ အသင်သည် နေ့ရောညဥ့် ပါ ဘုရားသခင်အားမမေ့မလျော့ နှလုံးသွင်းနေလျှင် ဘုရားသခင်၏ သဘောသဘာဝ ရရှိလာပါလိမ့် မည်။"

(M.657,The Gospel of Rama Krishna 1986)

အလားတူ သမ္မာကျမ်းစာ၌လည်း–

"ကောင်းကင်ဘုံနန်းစံမြန်းနေသည့် ပြီပြည့်စုံသောအဖဘုရားသခင်ကဲ့သို့ အသင်သည်လည်းပြီးပြည့်စုံသူဖြစ်ပါစေ"(Mt.548)

မြင့်မြတ်သောပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ရုပ်ပုံကားချပ်ကို ယုံကြည်ဆည်းကပ်မှုပြုခြင်းသည် စိတ်ကူးခြင်းသာဖြစ်သည်ဟု ဆိုနိုင်ပါသလား။

၂။ ရုပ်ပုံကားချပ် သို့မဟုတ် အမှတ်သင်္ကေတတစ်ခုသည် စိတ်ကူးယဉ်သက်သက်ထားရှိခြင်းမဟုတ်ပေ အဘယ်ကြောင့် ဆိုသော်(Nisus)ခေါ် ကြိုးပမ်းလိုမှု ၊အားစိုက်ထုတ်လုပ်ကိုင်လိုမှုဟူသော စိတ်ဆန္ဒကြောင့် လူတစ်ယောက်၏လေးနက်စွာခံယူထားရှိသော ယုံကြည်မှုသည် ၎င်း၏ အတွင်းစိတ်ဓါတ်ခွန်အား၌ ဖြဟ္မာကိန်းအောင်းလာပြီး တပြည်းပြည်းနှင့် ၎င်း၏ဘဝကို အထက်သို့ ကောင်းစွာမြှင့်တင်ပေးနိုင်သောကြောင့် ဖြစ်သည်။ထို့ကြောင့် ဘာသာယုံကြည်ကိုးကွယ်မှုတွင် သူတော်စင်မြတ်တို့၏ ရုပ်ပုံကားချပ်ထားရှိ ပူဇော်ခြင်းသည် လူတစ်ဦးတစ်ယောက်တည်းကိုသာ ကြည်ညိုသဒ္ဓါပွားစေရုံမကပဲ ဘာသာဝင်များ အသိုင်းအဝန်းအတွင်း တူညီသောလောက

အမြင်ကို ဖြည့်စွမ်းပေးနိုင်ခဲ့သည်။ဤသို့ဖြစ်မြင့်မြတ်၍ အမြင်ကျယ်သောစိတ်ဓါတ်ခွန်အား ကြီးမားစွာဖြင့် ကြိုးစားအားထုတ်လိုသည့် ခံယူချက်ကို အခြေပြုတည်၍ လူသားတစ်ဦးသည် ဘာသာယုံကြည်ချက်မရှိပဲ လူ့လောက၌ နေထိုင်၍ မရပေ။ဤသည်မှာ ဘာသာတရားအတွက် ရှေးဦးစွာနားလည်ရသည့်အချက်တစ်ချက်ဖြစ်သည်။ဆိုလိုသည်မှာလူသတ္တဝါသည် ယုံကြည်ကိုးကွယ်သည့်ဘာသာတစ်ခုခုမရှိပဲ ရေရှည်တည်နေနိုင်စွမ်းမရှိဟူ၍ အဓိပ္ပါယ်ရသည်။ထို့ကြောင့်ပင်လျှင် စိန့်ဩဂတ်စတိန်း၏ မကြာခဏ ဖော်ပြသည့် ကဗျာစာကြောင်းများ (the offquoted !ines of St Augustine)မှ -

''ထာဝရဘုရားသခင်အရှင်မြတ်ကိုယ်တော်တိုင် တပည့်တော်တို့အား ဖန်ဆင်းတော်မူခဲ့ပါ၏။ထို့ကြောင့် တပည့်တော်တို့သည် အရှင်သခင်ထံသို့ မှီခိုအားထားခိုလှုံခွင့်မရသမျှ ကာလပတ်လုံး တပည့်တော်များ ရပ်နားရမည့်နေရာမရှိပါဘုရားဟူ၍ တပည့်တော်များ၏အသည်းနှလုံးက သိနားလည်ကြပါ၏ဘုရား''

လူတစ်ဦးတစ်ယောက်၏ ဘာသာယုံကြည်ဆည်းကပ်ကိုးကွယ်မှုအပေါ် သက်ဝင်ယုံကြည်မှုနှင့် သူတော်ကောင်းဖြစ်မှု သဘောတရားဆိုသည်မှာ အဘယ်နည်း။

၃။ ကျယ်ဝန်းများပြား ကြီးမားသည့် လူ့ဘောင်အသိုင်းအဝန်း၌ လူနည်းစုသို့မဟုတ် လူနည်းစုတို့၏ တူညီသော လောကအမြင်ကြောင့် ထာဝရဘုရားသခင်သည် အပြင်လောကနှင့်သက်ဝင်ယုံကြည်မှုရှိသူ အားလုံးတို့အတွက် အမှန်တကယ်တည်ရှိနေပေ၏။အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဘာသာတရားယုံကြည် ကိုးကွယ်ခြင်း၏ အချို့သော အမြင်ရှုဒေါင့်က ဟိန္ဒူဘာသာဥပနိရှတ်စ်ကျမ်းမှ ဗြဟ္မာဟုခေါ်သည့် အရာများ၏ တရွေ့ရွေ့ဖြစ်ပေါ်ပြောင်းလဲမှု သဘောမှ Creative current ခေါ်ဓါတ်ကြိုးလေးပါး၏ သဘာဝဓမ္မကို ညွှန်းဆိုပြနေပေသည်။

ဒုတိယအနေဖြင့် သူတော်စင်သူတော်မြတ်ဖြစ်ရေးအတွက် ဘာသာယုံကြည်ကိုးကွယ်မှုအမျိုးအစားကွဲပြားမှုများစွာရှိ၏။တစ်ဦးနှင့်တစ်ဦး မတူကွဲပြားခြားနားကြခြင်းမှာ ၎င်းတို့၏သင်္ခါရ (samskara)မတူညီ ကွဲပြားသည်နှင့်အမျှ ၎င်းတို့ဘာသာယုံကြည်ဆည်းကပ်မှုများသည်လည်း မတူညီကြသည့်အလျောက် တူညီသူများအချင်းချင်းသာ ဆက်ဆံပေါင်းသင်းကြပေ၏။(Gita XVII-3.6)

အလားတူစွာပင် ဒဿနိကပညာရှင် စီ.ဂျီ.ဂျွန်း (C.G.Jung)ကလည်း လူတစ်ဦးချင်းစီတို့၏ လှုပ်ရှားဆောင်ရွက်မှု ၊စိတ်ပိုင်းဆိုင်ရာကြံခိုင်မှုနှင့် အဆင့်အတန်းအမျိုးအနွယ်အလျောက် စွမ်းဆောင်မှုအရ တစ်ယောက်နှင့်တစ်ယောက်မတူ ကွဲပြားခြားနားသည်ဟူ၍ သုံးသပ်ထားပါသည်။ ဤသို့လူတစ်ဦးချင်းစီကွဲပြား ခြားနားရသည့်သဘောတရားတွင် ဘာသာယုံကြည်ကိုးကွယ်မှု (၄) မျိုး (၄)စားတို့ကြောင့် ဖြစ်ကြောင်း အကျဉ်းချုပ်အားဖြင့် မှတ်တမ်းပြုထားသည်။ လူတစ်ယောက်စီ၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု (၄) မျိုးမှာ–

(က) အရိပ်ထိုးခြင်း (Shadow)(ခ) ပုဂ္ဂလိကအမုန်းပွားမှု (anima- animus) (ဂ)ငါနှင့်ငါသာ နိုင်းစရာဟူ၍ မာန်မာနထားခြင်း (mana - personality)နှင့် (ဃ) ဟစ်ဘက်သားအပေါ်၌ မိမိအမိန့်အာဏာ သက်ရောက်လိုမှု (mandala -expirience)တို့ဖြစ်သည်။ဤနည်းအားဖြင့် ဘာသာယုံကြည်ဆည်းကပ် ကိုးကွယ်မှုကွဲပြားခြားနားမှုကြောင့် လူမှုရေးအသိုင်းအဝန်းအတွင်း အမျိုးမျိုးသောယူဆမှုများက လောကီအမြင်တွေ ကွဲပြားခြားနားစေတော့သည်။

ဥပမာတစ်ခု ထုတ်ပြရလျှင် ဘာသာယုံကြည်ချက်တစ်ခုချင်းစီ၌ အချို့သောဘာသာဝင်များသည် ၎င်းတို့၏ အသိဉာဏ်ရင့်ကျက်မှုဖြင့် တိုင်းတာ၍ ဘာသာကိုးကွယ်မှုအား တစ်မျိုးတစ်ဖုံပြောင်းလဲလက်ခံသော ဓလေ့ထုံးစံဖြစ်လာစေရန် လုပ်ဆောင်ချက်ကိုသာ ဘာသာဝင်အချို့၏ဆန့်ကျင်ကန့်ကွက်နေသည့် ကြားကပင်၎င်းတို့ထင်မြင်သည့် လောကီရေးယူဆချက်များကို မြှင့်တင်ခဲ့သည်။

တစ်စုံတစ်ယောက်သောသူသည် ၎င်းလက်ခံယုံကြည်ကိုးကွယ်သည့် ဘာသာအယူဝါဒသည် အခြား အခြားသောဘာသာ အယူဝါဒများထက် ပိုမိုကောင်းသည်ဟု ပြောဆိုနိုင်ပါ၏လော။

မည်သည့်ပုံစံဖြင့် ကိုးကွယ်ယုံကြည်မှုရှိသည်ဖြစ်စေ ၊အရိပ်အရောင်နှင့် ပုံပန်းသဏ္ဌာန်ဟူ၍ မရှိသော အမှန်တရား (ပရမတ္ထသစ္စာ)ကို ကျွန်ုပ်တို့လက်ခံရရှိထားကြပေသည်။၎င်းကို အမြတ်ဆုံးသော စိတ်ဓါတ်ဟူ၍ပြောဆိုရသည်။အမြတ်ဆုံးသောစိတ်ဓါတ် (Supreme spirit)ကို မည်သူတစ်ဦးတစ်ယောက်က ၎င်း၏မူပိုင်အဖြစ် လက်ဝါးကြီးအုပ်ထားနိုင်ပါမည်နည်း။သို့သော် ဤနိဂုံးပိုင်း၏ အကျဉ်းချုပ်ရေးသားတင်ပြချက် တွင်အနည်းငယ်ဖြည့်စွက်ရေးသားချက်ဖြင့် အပြီးသတ်လိုက်ပါသည်။

၄။ မည်သူတစ်ဦးတစ်ယောက်၏ပြုပြင်စီရင်မှုမျှမရှိဘဲ ၊သူ့သဘောနှင့်သူအမြဲတည်ရှိနေသည့် အမြတ်ဆုံးအမှန်တရား (Supreme Reality) သည် မမြင်အပ်သောအရာဖြစ်သလို မမြင်နိုင်သော အရာလည်းဖြစ်သည်။(ဗုဒ္ဓဘာသာက အဆိုပါ–မည်သူတစ်ဦးတစ်ယောက်၏ ပြုပြင်စီရင်ဖန်တီးမှုမျှမပါပဲ သူ့သဘောနှင့်သူ သဘာဝအလျောက် အမြဲတည်ရှိနေသောတရား (ဝါ)ငြိမ်းအေးမှု (ဝါ)ချုပ်ငြိမ်းနေမှုကို နိဗ္ဗာန်(ဝါ)အသခ်ံတဓါတ် ဟူသော တကယ့်အရှိတရား ဟူ၍ဆိုသည်–ဘာသာပြန်သူ)။ထို့နောက်တဖန် (Nisus)ခေါ် ကြိုးပမ်းအားထုတ်လိုသည့် စိတ်ဓါတ်၏အစွမ်းကြောင့် ဖြူစင်မြင့်မြတ်ခြင်းသို့ ဦးတည်ရည်မှန်းသူသည် မသိနိုင်သောအရာကို သိအောင် ၊မြင်အောင် ၎င်း၏အတွင်းစိတ်က တွန်းပို့ပေးကြောင်း ကျွန်ုပ်တို့ လေ့လာတွေ့ရှိရပေသည်။ဤကိစ္စသည် လူသားအတွက် ကြီးကျယ်သော အခက်အခဲပြဿနာဖြစ်သည်။လူသားက နှုတ်ဆိတ်ငြိမ်သက်နေသင့်သူနှင့်စပ်လျဉ်း၍ ထာဝရဘုရားသခင်အကြောင်းပြောဆိုရန်ရှိပေ၏။ဥပနိရှတ်စ်ကျမ်းက ဗြဟ္မာကြီး၏အကြောင်းအရာအား ရေးသားဖော်ပြ၍ မရနိုင်ဟူ၍ ခံယူသည်။''

''မရရှိသေးသည့် သိမှုဝိညာဏ် ၊စိတ်နှင့် အတူတကွ ပေါင်းဆုံကြစဉ် ၊ပြောကြားသည့်စကားကြောင့် မည်သည့်နေရာက ပြန်ဖြစ်ပေါ်လာပါသနည်းဟူ၍ ဆင်ခြင်''

(Taitt.up.2.4)

ထိုနည်းအတူ ဟိန္ဒူဘာသာရေးခေါင်းဆောင်ကဘီးရ် (Kabir) က နတ်ဘုရားအကြောင်း ပြောဆိုခြင်းဖြင့် နတ်ဘုရား၏ အနှစ်သာရအား အဓိပ္ပါယ်လွဲချော်စေ၏။နတ်ဘုရား၏အကြောင်းများများပြောဆိုလျှင် ပို၍ အဓိပ္ပါယ်အယူအဆလွဲချော်သွားစေနိုင်၏။မည်သို့ပင်ဖြစ်စေထာဝရဘုရားသခင်ထံယုံကြည် ကိုးကွယ်သူများအတွင်း ပြောဆိုရန်လိုအပ်ပေသည်။ဒိနေရာ၌ နတ်ဘုရားသခင် (ဝါ) ထာဝရဘုရားခင် အကြောင်း ပြောဆိုဆွေးနွေးမှုသည် စာပေကျမ်းဂန်နှင့် မကိုက်ညီမမှန်ကန်ချေ။သို့သော် စကားဝိုင်းဆွေးနွေးမှု တစ်ခုက ကျွန်ုပ်တို့အား နတ်ဘုရားသခင် (ဝါ) ထာဝရဘုရားသခင်အကြောင်းနှင့်စပ်လျဉ်း၍ တိကျခိုင်လုံစွာဖြင့် ကျွန်ုပ်တို့အား ငြိမ်းချမ်းမှုကို ဖြစ်စေလျှင်တိကျမှန်ကန်သော ဘာသာစကားဖြင့် ကျွန်ုပ်တို့ပြောဆိုသင့်၏ဟူ၍ ဟိန္ဒူဘာသာရေးခေါင်းဆောင် ကဘီးရ် (Kabir)က ကျွန်ုပ်တို့အားပြောပြသည်။မည်သို့ပင်ဖြစ်စေကာမူ (၂၀) ရာစုနှစ်အတွင်းသို့ရောက်လာသည့်အခါ အနောက်တိုင်းနိုင်ငံများနှင့် အိန္ဒိယပြည်၏ဘာသာ ယုံ

ကြည်ဆည်းကပ်ကိုးကွယ်မှုသည် လျော့နည်းယိုယွင်းလာခဲ့သည်။အဘယ်ကြောင့်နည်း။

၅။ အနောက်တိုင်းနိုင်ငံများတွင် မိရိုးဖလာခရစ်ယာန်ဘာသာယုံကြည်ကိုးကွယ်မှုမှာ ဘာသာဝင်များအတွင်းများစွာလျော့နည်းသွားခဲ့ရသည့်အကြောင်းမှာ အဆိုပါအနောက်တိုင်းနိုင်ငံများအတွင်း တစ်နိုင်ငံနှင့် တစ်နိုင်ငံစစ်မက်ကြီးများဖြစ်ပွား၍ ကြီးကျယ် များပြားလှစွာသော ပျက်စီးဆုံးရှုံးမှုများနှင့် မဖြေရှင်းနိုင်သော ပြဿနာများရင်ဆိုင်ကြရပြီး ဒုက္ခမျိုးစုံကြုံတွေ့လာခဲ့ရသည်။ထိုသို့ စစ်ပွဲကြီးများဖြစ်ပွားပြီး တစ်ဖက်နှင့်တစ်ဖက်ရင်ဆိုင်တိုက် ခိုက်ကြသူများအားလုံးသည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ထိုအချိန်မှစ၍ အနောက် တိုင်း နိုင်ငံများတွင် ထာဝရဘုရားသခင်(ဝါ)God ၏အခန်းကဏ္ဍနိဂုံးချုပ်စေ၍ ထာဝရဘုရားသခင် ဆိုသောအရာသည် လူသားများနှင့်မသက်ဆိုင်ကြောင်း နားလည်သဘောပေါက်ခဲ့ကြသည်။ဒုတိယ အချက်မှာ သိပ္ပံနည်းပညာရပ်များ တိုးတက်ပြန့်ပွားလာသဖြင့် များစွာသော လူမှုဒုက္ခပြဿနာများ ၌ ထာဝရဘုရားသခင်တည်ရှိမှုနှင့် မပတ်သက်တော့ချေ။မိုးခေါင်ရေရှားသဖြင့် ခြောက်သွေ့သော အခြေအနေ ကို ကျော်လွှန်အောင် နည်းလမ်းရှာဖွေလုပ်ကိုင်ဆောင်ရွက်ခြင်း၊ ဒုဗ္ဗိက္ခန္တရကပ် (ငတ်မွတ်ခေါင်းပါးခြင်း) နှင့်သဘာဝကပ်ဘေးဒုက္ခများတွေ့ကြုံခံစားရခြင်းကို ထာဝရဘုရားသခင် (ဝါ) နတ်ဘုရားက မကယ်တင်နိုင်ပဲ သိပ္ပံနှင့် နည်းပညာရပ်များကသာလျှင် အဖြေရှာကူညီပေးနိုင်ခဲ့သည်။ထိုအချိန်မှစ၍ ထာဝရဘုရားသခင် (ဝါ) (God)အား လူ့ဘဝ၏လမ်းခရီးတလျှောက်လုံးတွင် ဘေးချိတ်ထားခဲ့ကြသည်။ထို့ကြောင့် ဒိုင်းတရစ်ချ်ဘွန်ဟိုဖာ (Dietrich Bonhoffer)ဆိုသူ ဘာသာရေးခေါင်းဆောင်က လူအများကြိုက်နှစ်သက်မည့် လူတို့၏နေ့စဉ်ဘဝ (ယခုမျက်မှောက်ဘဝအကျိုးပြုမည့်) အသုံးဝင် ခရစ်ယာန်ဘာသာ (Secular Christianity)ကို တင်ပြခဲ့သည်။၎င်းသည်မှာ ထာဝရဘုရားသခင်အား အထက်မိုးကောင်ကင်၌တည်နေတော်မူသည်ဟူသော အယူအဆမဟုတ်တော့ပဲ လူ့ဘဝ၏နေ့စဉ်လုပ်ငန်းဆောင်တာများကို အထောက်အကူပြုရေး ဦးတည်ချက်ဖြင့် (Secular Christianity)ကို ဖော်ထုတ်ခဲ့သည်။၎င်းသို့အားဖြင့် နေ့စဉ်ဘဝလှုပ်ရှားမှုများတွင် ထာဝရဘုရားသခင်၏အခန်းကဏ္ဍသည်မြင့်မြတ်သောဌာနဖြစ်လာသည်။အချို့သော အတော်ဆုံး၊အကောင်းဆုံးသော မူဆလင်ဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များတို့သည် ထာဝရဘုရားသခင်အား ၎င်းတို့၏ နေ့စဉ်ဘဝလုပ်ငန်းဆောင်တာများ စတင်

ဆောင်ရွက်ခြင်း မပြုမီ ဝတ်ပြုဦးညွှတ်ကြသည်။သို့ရာတွင် ဤမျှခမ်းနားကြီးကျယ်သော ပြကွက် မြင်ကွင်းကျယ် ဘာသာယုံကြည်ကိုးကွယ်မှုကို အနည်းငယ်မျှသော တော်တည့်မှန်ကန်၍ ကောင်းမွန်သော တပည့်သာဝကများသာလျှင် ဆည်းကပ်ကိုးကွယ်ကြတော့သည်။မည်သို့ပင် ဖြစ်စေကာမူ ခရစ်ယာန်ဘုရားဝတ်ပြုကျောင်းများသည် ယေဘုယျအားဖြင့် ဝတ်ပြုဆုတောင်းသူ မရှိ ခြောက်သွေ့ခဲ့လေပြီ။

အိန္ဒိယပြည်၏ယနေ့ကာလမြင်ကွင်း၌ တမူထူးခြားသော ဘာသာရေးဆိုင်ရာပုံစံများကို တွေ့ရသည်။နိုင်ငံတော်၏လူဦးရေ အလွန်ထူထပ်များပြားခြင်း၊အလုပ်လက်မဲ့လူဦးရေများပြားခြင်း နှင့် ငွေကြေးတန်ဘိုးကျဆင်းမှုများကြောင့် အိန္ဒိယလူမျိုးတို့၏ဘာသာယုံကြည်မှုသည် ရှေးယခင် မည်သည့်အချိန်နှင့်မျှမတူပဲ ပို၍လျော့နည်းခဲ့လေပြီ။ဟိန္ဒူဘာသာရေးရှုည်တည့်တံ့ရေးမှာ ဇာတ်မြင့် ဇာတ်နိမ့်ခွဲခြားသည့် လူနေမှုစနစ်ပုံစံမှာ တစ်ခုတည်းသော ဘာသာယုံကြည်မှုစနစ်ပုံစံမှာ တစ်ခု တည်းသော ဘာသာယုံကြည်ဆည်းကပ်မှု လုပ်ဆောင်ချက်ဖြစ်သည်။တနည်းအားဖြင့် ပြောရ လျှင် ဇာတ်ခွဲခြားမှုစနစ်နှင့် ဟိန္ဒူဘာသာရေးရှုည်တည်တံ့အား ကောင်းစေရေးကို အထောက်အကူ အပြစ် ထိုအချိန်အခါမှစ၍ နိုင်ငံရေးသမားသည် ပြည်သူလူထု၏ ဘာသာရေးတွင် ချစ်ခင်မြတ်နိုး လေးစားကြည်ညိုမှုကို နိုင်ငံရေးတွင် အသုံးပြုခဲ့သည်။ပြည်သူပြည်သားအများအပြားတက်ရောက် သော ဘာသာရေးဆိုင်ရာပွဲလမ်းသဘင်များကို ကျင်းပြခဲ့ခြင်းမှာ ကြီးမားသော လူထုအင်အားပြ သည့်အခမ်းအနားများဖြစ်သည်ဟူ၍ လူအများက ယူဆကြသည်မှာ ယုံမှားစရာ မရှိပါပေ။ ဟိန္ဒူဘာသာဝင်များ၏ ဆိုနီပူရ်မြို့ (Sonepur)ဂင်္ဂါရေချိုးဆင်းပွဲကဲ့သို့သော ဟတ်ဝါ (Hardwar) ကွမ်ဘ်မီလာတ်စ် (Kumbh melas)ပွဲများသည် ပွဲလာပရိသတ်အလွန်များပြားသော ပွဲကြီး များဖြစ်ကြသည်။ဤအလေ့အထအစဉ်အလာများသည် ဘာသာယုံကြည်ကိုးကွယ်မှုအပေါ်အလေး အနက်ယုံကြည်သက်ဝင်မှုဖြစ်ပါ၏လော။၁၉၈၉ ခုနှစ် ၊ဖေဖော်ဝါရီလ (၁၉)ရက်နေ့ထုတ် အိန္ဒိယနေ့ စဉ်သတင်းစာတွင်(Kumbh Kaleidoscope)ခေါင်းစဉ်ဖြင့် Ashiwini Bhatanagar ဆိုသူ ဆောင်းပါးရှင်၏အာဘော်ကို ကျွန်ုပ်တို့လေ့လာကြည့်ကြပါစို့-

၎င်းက “ အသက် ၂၂ နှစ်အရွယ် ရုပ်ရည်သန့်ပြန့်ချောမွေ့သူရှာမီလာ (Sharmila)ဆို သူ မုဆိုးမလေးက အော်ဟစ်ငိုယိုတောင်းပန်နေသည့်ကြားက သူမ၏ဆံပင်တွေကို အတင်းအဓမ္မ

ရိုက်ပြတ်ပြီး ကတုံးတုံးခံခဲ့ရသည်။ဆက်လက်၍ တင်ပြလိုသည်မှာ Kumb ပွဲသည် လူထုပရိသတ် အများဆုံး လာရောက်ဆင်နွဲသော ဘာသာရေးဆိုင်ရာထိပ်တန်းပွဲဖြစ်သည်။ (Shankarakayas) ခေါ် (၄) ဦးသော ဟိန္ဒူဘာသာရေးခေါင်းဆောင်များအနက် Deoraha ဆိုသူအပါအဝင် ပုဂ္ဂိုလ်ကြီး (၃) ဦးတက်ရောက်နေကြသည်။ သူတို့ဘာလုပ်နေကြပါသလဲ၊Ashrams ခေါ်ပွဲတော်သို့ လာရောက်နေကြသည့် အရေးကြီးပုဂ္ဂိုလ်များ (VIPS)အား ကူညီစောင့်ကြပ်ပေးသူများအတွက် ဆုတောင်းမေတ္တာပို့သမှုကို ပြသလိုသ၍ ဖြစ်သည်။အမျိုးသားတပ်ဦးဟုခေါ်သော နိုင်ငံရေးပါတီအား ပြစ်တင်ရှုံ့ချခြင်းနှင့် ဝန်ကြီးချုပ်ရာဂျစ်ဂန္ဒီ(Rajiv Gandhi)အား ဆုတောင်းမေတ္တာပို့သခြင်း အလို့ငှာ ထိုသို့ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်သည်။

ဆောင်းပါးရှင်က ''၎င်းတို့သည် နိုင်ငံရေးကိစ္စနှင့် Ram Janmabhoomi အကြောင်းများကိုသာ ပြောဆိုဆွေးနွေးကြပြီး ၊(Sati)ခေါ် မင်္ဂလာဆောင်သော သတို့သမီးဘက်မှ ပါလာသော ခန်းဝင်ပစ္စည်းများနှင့် ငွေများအကြောင်းမပါဝင်ခဲ့ပေ။ဤပြဿနာရပ်သည် နာကျင်ခံစားရသော လူ့အဖွဲ့အစည်းအတွင်း ကျန်ရစ်ခဲ့ပေသည်'' ဟူ၍ ရေးသားခဲ့သည်။

ဟိန္ဒူဘာသာဝင် အိန္ဒိယပြည်သူလူထုသည် ယေဘုယျအားဖြင့် ရှေးပညာစာဆိုတော်ကြီးများရေးသားခဲ့ကြသည့် ဘာသာရေးပွဲလမ်းသဘင်အခမ်းအနားများက ဘာသာဝင်များ၏ ကိုယ်ကျင့်တရားပျက်ပြားစေခြင်း ၊စိတ်ပိုင်းဆိုင်ရာအယူအဆကိုထိခိုက် ဆုတ်ယုတ်စေခြင်းတို့အား ဆန့်ကျင်သည့်ရည်လျား၍ စေတနာဒေါသောဖြင့် ပြောဟောခြင်း၏ အဓိပ္ပါယ်အတိမ်အနက် ကို အပြည့်အဝနားလည်သဘောပေါက်ခြင်း မရှိပေ။ဤသည်မှာ ဘာသာရေးပွဲလမ်းသဘင်အခမ်းအနားအား ပညာရှိသူတော်ကောင်းများ၏ဝေဖန် ထောက်ပြခြင်း၏ စစ်မှန်သောအဓိပ္ပါယ်ဖြစ်သည်။ ဘာသာရေးဆိုင်ရာ အယူအဆစံနှုန်းယုတ်လျော့ ပျက်ပြားမှုများ ၊အဂတိလိုက်စားမှုများသည် ဘာသာဝင်များ၏ ဘဝတက်လမ်းများအားလုံး ဆုတ်ယုတ် လျော့နည်းစေခဲ့သည်။အဂတိလိုက်စားမှု အစီရင်ခံစားထွက်ပေါ်လာသောအခါ တစ်နေ့တစ်ရက်တည်းသာမဟုတ် နေ့စဉ် ထုတ်အိန္ဒိယ သတင်းစာများတွင် ဖော်ပြခြင်းမပြုခဲ့ပေ။မည်သို့ပင်ဖြစ်စေကာမူ ဟိန္ဒူဘာသာ၏ စိတ်ဝိဉာဉ်အယူဝါဒအား အထောက်အကူပြုသော အမြင်ရှုဒေါင့်မှကြည့်လျှင် အကယ်၍သာလူ့ဘောင် အသိုင်းအဝိုင်း၏တိုးတက်မှုရှိစေကာမူ ဘာသာရေးစံနှုန်းများ လုံးဝယိုင်လဲပျက်စီးသွားပေလိမ့်မည်။ဘာသာ

ရေးပွဲတော်အတွင်း ပွဲတော်သို့လာရောက်ကြသော (Sufism)ဝါဒီများ ၊ရာမခရစ်ရှ်နား (Rama Krishna)အယူဝါဒီများ ၊ဗိုက်ကနန္ဒ (Vive Kananda)အယူဝါဒကို ယုံကြည်သက်ဝင်သူများနှင့်အော်ရိုဘင်ဒို (Aurobindo)ဝါဒီများ၊ပညာရှိသူတော်စင်ကြီးများ ၊ရွှေပွဲလာပရိသတ်များက ဘာရည်ရွယ်ချက်နှင့် ပေးလှူခဲ့ကြပါသနည်း။ယင်းသို့လူများက စေတနာကောင်းဖြင့် ပေးလှူခဲ့သည့် အလှူငွေများကို မည်သို့မည်ပုံ အသုံးပြု၍ မည်သည့်အရာများကျန်ရစ်ခဲ့ကြပါသနည်း။

၆။ မှန်ပါ၏။ယနေ့ထက်တိုင်အောင်ပင် ကြီးကျယ်မြင့်မြတ်သည့်အခါ ဘာသာယုံကြည်မှုနှင့်ဆိုင်သည့် အလေးအနက်သိရှိသူများသာလျှင် အောင်မြင်ခဲ့ကြပေသည်။ဥပမာ– သာဓကပြရလျှင် ပညာရှိသူတော်ကောင်းများသည် လူသူမနီးသည့် တောတောင်အရပ်ဒေသ၌ နေထိုင်၍ တရားရှာတရားအားထုတ်သည်။ဂေါတမဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဗုဒ္ဓဂယာတွင် ဗောဓိပင်အောက်၌လည်းကောင်း၊တမန်တော်မိုဟာမက်သည် ဟီရာတောင်ထိပ်ဂူအတွင်း၌လည်းကောင်း၊ယေရှုခရစ်တော်သည် သဲကန္တာရအတွင်း တစ်နေရာ၌လည်းကောင်း၊များစွာသောဘာသာရေးဆိုင်ရာမှန်ကန်သောအသိဉာဏ်ပညာ၏ ဥပမာသာဓကများအဖြစ်(Stalwarts)ခေါ် ကျဉ်းမြောင်းသောနေရာတစ်ခု၌ ကြွက်နို့ပေါက်သကဲ့သို့ မရွေ့မပြောင်းစွဲမြဲစွာနေထိုင်ကျင့်ကြံအားထုတ်သူများစွာ ရှိပေသည်။သို့ရာတွင် လူ့အဖွဲ့အစည်း၌ တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်၏အမြင့်မြတ်ဆုံး စဉ်းစားကြံစည်မှုကြောင့်ဖြစ်စေ ၊သစ္စာထိုက်သော ကျင့်ကြံအားထုတ်မှုကြောင့်ဖြစ်စေ ၊လူသတ္တဝါများ၏ကောင်းကျိုးချမ်းသာအတွက် စိတ်တန်ခိုးရရှိခဲ့ကြသည်။အိန္ဒိယပြည်သို့ အလက်ဇန္ဒား (Alexander) ရောက်ရှိလာချိန်၌ အောက်တန်းစားကိုလေသာတဏှာသံယောဇဉ်များကို စွန့်လွှတ်၍လူ့ဘောင်မှ ခွာရှောင်ကာ ရဟန်းဘောင်သို့တက်ရောက်ပြီး မိမိတို့ဘဝအပေါ်အနိုင်ရသူများအား အံ့ဩဘွယ်ရာ တွေ့မြင်ရသည်။သို့သော်လူ့ဘောင်အဖွဲ့အစည်းက အဆိုပါပုဂ္ဂိုလ်များနှင့် ၎င်းတို့၏စိန့်မူနာယူဖွယ်ရာလုပ်ဆောင်ချက်များကို အလွန်ကြည်ညိုမြတ်နိုးတန်ဖိုးထားကြသည်။ဤနည်းအားဖြင့် လူ့ဘောင်အဖွဲ့အစည်းသည် စိတ်တန်ခိုးကြီးသူ ပုဂ္ဂိုလ်များအပေါ် ဆည်းကပ်မှုများစွာ ပြောင်းလဲလာတော့သည်။

ဝန်ကြီးချုပ် ပဏ္ဍိတ်နေရူးသည် အိန္ဒိယပြည်ကို တိုးတက်သောလူ့ဘောင်အဖွဲ့အစည်းအဖြစ် ပြောင်းလဲအောင် ကြိုးစားဆောင်ရွက်ရာ၌ စည်းရုံးသိမ်းသွင်းတင်ပြသည့် ဟိန္ဒူဘာသာ၊

(Taittriya Upanishads - 2.2.4)ကောက်နုတ်တင်ပြထားသည့် ငါးပါးပဥ္စသိ (Five Sheaths) ကို ကျွန်ုပ်တို့စဉ်းစား ကြည့်နိုင်ပါသည်။အဆိုပါ (Five Sheaths)ခေါ် လိုချုပ်ဖြစ်စေသည့် အင်္ဂါ (၅) ပါး (ငါးပါးသီလ) ကို လူတစ်ယောက်ချင်းနှင့်သက်ဆိုင်သည့် ကိုယ်တော့်တရားဖြစ်ကြောင်း ဖော်ပြပြီးဖြစ်သည်။သို့သော်အဆိုပါ လူ့ကျင့်ဝတ်သီလသည် အိန္ဒိယပြည်လူနေမှုစနစ်အတွင်းမှ အထူးလိုက်နာကျင့်သုံးသူအသိုင်းအဝိုင်းအတွက် အကြိမ်များစွာ ထိရောက်မှုရှိအောင် လိုက်နာကျင့်သုံးခဲ့ကြသည်။

ပထမဆုံး ထက်သောဓားကို ဓါးအိမ်အတွင်း၌ သိမ်းဆည်းထားရသည်။ဥပမာ (the first sheath) မှာ (amamaya)ဖြစ်သည်။လူ့ဘောင်အဖွဲ့အစည်းဝင်များအားလုံး (ကမ္ဘာ့လူသားများအားလုံး)တို့သည် အစားအစာရိက္ခာနှင့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ရရှိစေရေးဟူသော လူမှုရေးဆိုင်ရာ လိုအပ်ချက်သည် တစ်မျိုးတစ်စားတည်းဖြစ်သည်။ဒုတိယပြည့်စုံရမည့် အင်္ဂါရပ် (second sheath)မှာ (Pranamaya) ဖြစ်သည်။အဓိပ္ပါယ်သဘောမှာ လူ့ဘောင်လူ့အဖွဲ့အစည်းဝင်များအားလုံး (ကမ္ဘာ့လူသားများအားလုံး)သည် ကျန်းမာရေးအတွက် ကိုယ်ရောစိတ်ပါခွန်အားအပြည့်အဝရရှိခြင်းဖြင့် သန်မာထွားကျိုင်းသူများ ဖြစ်လာရန် အခွင့်အလမ်းများကို ဖော်ဆောင်ပေးရန်ဖြစ်သည်။တတိယအင်္ဂါရပ် (the third sheath)မှာmanomaya ဖြစ်သည်။ ၎င်းတတိယအင်္ဂါရပ်၏အဓိပ္ပါယ်မှာ လူ့ဘောင်လူ့အဖွဲ့အစည်းဝင်များအားလုံး (ကမ္ဘာ့လူသားများအားလုံး)သည်သိပ္ပံနှင့်နည်းပညာရပ်များ၊အခြားသော ပညာရပ်များကို သင်ယူပျိုးထောင်ခွင့်ရှိ၍ ယဉ်ကျေးသောနိုင်ငံတော်သို့ရောက်ရှိစေရန်။နောက်တစ်ခုမှာ လူသားတိုင်းသည် မိမိ၏ကိုယ်စွမ်းဉာဏ်စွမ်းရှိသလို အလုပ်လုပ်ကိုင်နိုင်ခွင့်ရရှိပြီး မိမိ၏စားဝတ်နေရေးလိုအပ်ချက်ကို ခံစားရရှိစေရေးဟူသော စတုတ္ထအင်္ဂါရပ် (the fourth seath) မှာ (vijnana maya)ဖြစ်သည်။ဤအင်္ဂါရပ်အတွက် နိုင်ငံတော်က နိုင်ငံသားများ၏ စိတ်ဝိဉာဉ်ကျန်းမာရေးရှင်လန်းမှုအတွက် လျော်ကန်သင့်မြတ်သော အားပေးမြှင့်တင်မှုကိုပေးရမည်။နောက်ဆုံးအင်္ဂါရပ်မှာ လူ့အဆင့်အတန်းခွဲခြားမှု မပြုသော တရားမျှတ၍ လူတန်းစားခွဲခြားမှုကို မလိုလားသူ (differenceless Brahman) ဖြစ်သည်။၎င်းအင်္ဂါရပ်၏အဓိပ္ပါယ်အနက်သဘောမှ လူ့ဘောင်အဖွဲ့အစည်းသည် ၎င်း၏အဖွဲ့ဝင်များ (ဟိန္ဒူဘာသာဝင်များ)အားကြီးမြတ်သော စိတ်ပျော်ရွှင်ချမ်းမြေ့မှုနှင့် အစွမ်းကုန်ကျေနပ်နှစ်သိမ့်

မှုဖြင့် ပြည့်စုံစေရန် ကြိုးစားဆောင်ရွက်ခြင်းဖြစ်သည်။

၇။ (က) အတိတ်ကာလ၌ တစ်ယောက်ကအစ လူသတ္တဝါအားလုံးတို့သည် ဖွဲ့စည်းမှုအခြေခံ အယူအဆ သဘောတရားကိုလည်းကောင်း ၊ယခင်အတိုင်းမပြောင်းမလဲတည်မြဲနေစေလိုသော ရှေးရိုးစွဲအယူအဆအရ လည်းကောင်း၊သတိထား၍ သေချာကျနစွာလေ့လာစဉ်းစားတွေးခေါ်မှုကို အခြေခံ၍ ရရှိလာသောဘာသာရေးအသိဉာဏ်ကို ရရှိခဲ့ဖူးကြလေပြီ။ယနေ့ခေတ်နှင့်အနာဂတ်ကာလတွင် ၎င်းဘာသာရေးအသိကိုလွဲမှားစွာ အဓိပ္ပါယ်ကောက်ယူခြင်းဖြင့်သာ အချိန်ကုန်လွန်စေ၍ ၎င်းအသိဉာဏ်ကို တိုးတက်အောင် စွမ်းဆောင်နိုင်ကြလိမ့်မည် မဟုတ်ပေ။ဤအယူအဆနှင့်ဆန့်ကျင်၍ ပြုပြင်ရေးလိုလားသူများနှင့် တိုးတက်ရေး မျှော်မှန်းသူများကမူ သိပ္ပံပညာရပ်အပေါ် ယုံကြည်အားထားသော အယူအဆ အပေါ်ရပ်တည်ခဲ့ကြသည်။၎င်းတို့၏အယူအဆအရ ၊သိပ္ပံပညာသည် လောကလူ့ဘောင်၏တိုးတက်မှုကို ဖြစ်ပေါ်စေနိုင်သလို ကမ္ဘာကြီးအကြောင်းစစ်မှန်သော အသိဉာဏ်ကိုလည်းပေါင်းစပ်ပေးသည်။ကမ္ဘာလောကကြီးနှင့် လူသား၏အကြောင်းအရာနှင့်စပ်လျဉ်း၍ ယုံကြည်ကိုးကွယ်သည့်ဘာသာတရားများက သိပ္ပံပညာ မထွန်းကားမီအချိန်ကာလက  ပြောဟောရေးသားခဲ့သောအချက်များသည် သိပ္ပံပညာနှင့်ရင်ဆိုင် ထိခိုက်မှုကိုတော့  လက်ခံနိုင်မည်မဟုတ်ပါ။

တစ်ဦးတစ်ယောက်သောသူသည် သိပ္ပံပညာနှင့် ဘာသာယုံကြည်ကိုးကွယ်မှုကို စနစ်ကျနစွာ ကျင့်သုံးနေထိုင်တက်ရေးတင်ပြချက်များအား ဘေးဖယ်မထားနိုင်သည့်တိုင်အောင် လူတစ်ယောက်သည် သိပ္ပံပညာရပ်မထွန်းကားမီအချိန်ကာလက ပြောဟောရေးသားခဲ့သောအချက်များသည် သိပ္ပံပညာနှင့်ရင်ဆိုင်ထိခိုက်မှုကိုတော့  လက်ခံနိုင်မည်မဟုတ်ပါ။

တစ်ဦးတစ်ယောက်သောသူသည် သိပ္ပံပညာနှင့် ဘာသာယုံကြည်ကိုးကွယ်မှုကို စနစ်ကျနစွာကျင့်သုံး နေထိုင်တက်ရေးတပ်ပြချက်များအား ဘေးဖယ်မထားနိုင်သည့်တိုင်အောင် လူတစ်ယောက်သည် သိပ္ပံပညာရပ်တစ်မျိုးတည်းဖြင့် ဘဝလမ်းခရီးဆုံးအထိသွားနိုင်မည်မဟုတ်ပေ။ သို့ပါသော်လည်း ဘာသာရေးဆိုင်ရာ အပြန်အလှန် ညှိနှိုင်းဆွေးနွေးမှုများနှင့် သိပ္ပံပညာဖြင့် ရှာဖွေ ဖော်ထုတ်ခြင်းများဖြင့်လည်း ဘာသာယုံကြည်ကိုးကွယ်မှု၏ကြီးမားသည့်တန်ဘိုးရှိမှုကို လေးနက်စေခဲ့သည်။

(ခ) အမြင့်မြတ်ဆုံးနှင့် အမှန်ကန်ဆုံးတရားသည် မသိမမြင်နိုင်သော အရာဖြစ်သလို သိလည်းမသိနိုင်ပေ။

(ဂ) လူတစ်ဦးချင်းစီ၏ မြင့်မြတ်သောကိုင်းညွှတ်မှုသည် သူတော်ကောင်းအဖြစ်သို့ လုံးဝရောက်ရှိစေသည့် အပြင်ရုပ်တရား၏ တရွေ့ရွေ့တိုးတက်ပြောင်းလဲမှုဖြစ်စဉ်အရ လူတစ်ယောက်ချင်းစီ၏ Nisus ခေါ် ကြိုးပမ်းအားထုတ်ဆောင်ရွက်လိုသော စိတ်ဓါတ်(ဆန္ဒ)သည် လူသားအား ၎င်း၏ပုံရိပ်လွှာကို မဖြစ်မနေပေါ်လာစေခဲ့သည်။

(ကက) ဟိန္ဒူဘာသာ၏နတ်ဘုရားတစ်ပါးစီ (each deity)အား ယုံကြည်ကိုးကွယ်မှုသည် မိဘဘိုးဘွားအစဉ်အဆက်တို့ထံမှ သားသမီးကအမွေဆက်ခံ၍ ယုံကြည်ကိုးကွယ်မှုနှင့် ပတ်ဝန်းကျင်၏သိမ်းသွင်းခြင်းနှင့် လူသားတစ်ဦး၏ အသက်အရွယ်အပိုင်းအခြားအလျောက်လောကီအမြင် ရှုဒေါင့်အပေါ်မူတည်၍ ဆည်းကပ်ကိုးကွယ်ခြင်းဖြစ်သည်။အားလုံးသော၌အခြေခံယုံကြည်ချက်ကို အတူတကွဆင်နွှဲခြင်းအား လူတစ်ဦးစီ၏ "samskara "ဟူ၍ သိနားလည်ကြသည်။

(ခခ) ဖြစ်ရိုးဖြစ်စဉ် သဘာဝအတိုင်း "samkara"ကွဲပြားခြားနားသကဲ့သို့ ၎င်းတို့၏ နတ်ဘုရားကိုးကွယ်မှုမှာလည်း ကွဲပြားခြားနားသည်။

(ဂဂ) မည်သည့်နတ်ဘုရားအပေါ်ယုံကြည်ကိုးကွယ်မှုမျှ ပိုမိုအခွင့်အရေးယူ၍ မူပိုင်သတ်မှတ် ကိုးကွယ်ခွင့်မရှိပေ။

(ဃဃ) မည်သူတစ်ဦးတစ်ယောက်မျှ ဘာသာရေးနှင့်ဆိုင်သော ပဋိပက္ခတစ်ခုခုတွင် ပါဝင်ခွင့်မပြုခြင်း မှာသဘာဝကျပေသည်။အဘယ်ကြောင့်ဆိုသော် ပဋိပက္ခဖြစ်လျှင် ၎င်း၏သဒ္ဓါတရားက နတ်ဘုရားယုံကြည်မှုအား ဖျက်ဆီးပစ်နိုင်သောကြောင့်ဖြစ်သည်။

(ငင) မည်သူတစ်ဦးတစ်ယောက်မျှ မိမိယုံကြည်ကိုးကွယ်သည့် ဘာသာတရားကိုဖြစ်စေ၊အခြားတစ်ပါးသော ဘာသာယုံကြည်ကိုးကွယ်မှုကိုဖြစ်စေ ၊ဝေဖန်ရှုံ့ချပြောဆိုရန်အခွင့်အရေးမရှိပါပေ။

(စစ) နတ်ဘုရားတစ်ပါးချင်းအား ဖြဟ္မာဏဝါဒ၏ပူဇော်သက္ကာရပြုရန် သတ်မှတ်ချက်အတိုင်း လုံး၀ အဆင့်အတန်းမခွဲခြားပဲ ယုံကြည်ကိုးကွယ်ပါ။တနည်းအားဖြင့် နတ်ဘုရားများစွာတို့အား တစ်ပါးစီသို့ ပူဇော်၀တ်ပြုကိုးကွယ်မှုများသည် ဇာတ်နိမ့် ၊ဇာတ်မြင့် ခွဲခြားခြင်း၊ယုံကြည်မှု မတူညီခြင်း၊အသားအရောင်ကွဲပြားခြားနားခြင်း စသည်များပပျောက်သွားစေပြီး တူညီသော စိတ်နေသဘောထား ရရှိစေသည်။

(ဆဆ) တစ်ဆက်တည်းတင်ပြရလျှင် ဘာသာယုံကြည်ကိုးကွယ်မှု အသီးသီး၏ဆည်းကပ်၀တ်ပြုဆုတောင်းမှုများသည် စိတ်ထားဖြူစင်မြင့်မြတ်သည့် လောကီလူ့ဘောင်၏ကောင်းကျိုးကိုကြိုးပမ်းတည်ထောင်ရာ၌ ပိုမိုကြွယ်ဝကြီးမြတ်ချမ်းသာသည့် ဝိဉာဉ် တန်ခိုးဖြင့် နောက်ဆုံး၌ လူသားတစ်ရပ်လုံး အမြင့်မြတ်ဆုံးဘ၀သို့ရောက်ရှိရန် ဖြစ်ပေသတည်း။ ။

ဦးမှုံ (လ/ထညွှန်မှူး-ငြိမ်း)
အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး

## ဘာသာပြန်ဆိုသူ၏နှုတ်ခွန်းဆက်

စာဖတ်သူတွေမြင်သိရှိခဲ့ပြီးဖြစ်သည့်အတိုင်း ဤစာအုပ်တွင် လေးနက်နိုင်မာသော သဘောတရားများပါရှိနေသည်ဖြစ်ရာ အဆိုပါသဘောတရားများ၏အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည် -

၁။ ကျွန်ုပ်တို့သည် မည်သည့်နေရာ၊ မည်သည့်အချိန်မှစတင်၍ ခရီးနှင်နေခဲ့ကြပါသနည်း?။

၂။ ကျွန်ုပ်တို့သည် အဘယ်ကြောင့် လူ့ဘဝခရီးရှည်ကြီးကို သွားနေကြပါသနည်း?။

၃။ ကျွန်ုပ်တို့သည် မည်သည့်နေရာသို့ ဦးတည်သွားနေကြပါသနည်း?။

ဤမေးခွန်း(၃)ခုအား ကမ္ဘာ့ဗုဒ္ဓဘာသာ သာသနာပြုဆရာတော် မြန်မာဘုန်းတော်ကြီး ဦးသေဋ္ဌိလက ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် စာအုပ်တစ်အုပ်တွင် အမှာစကားရေးသားရာ၌ ထည့်သွင်းဖြေဆိုထားသည်။

၁။ ကျွန်ုပ်တို့သည် ဘယ်သူတွေဖြစ်ကြပါသနည်း?။

၂။ ကျွန်ုပ်တို့သည် ဘယ်က ရောက်ရှိလာကြပါသနည်း?။

၃။ ကျွန်ုပ်တို့သည် ဘယ်ကို သွားနေကြပါသနည်း?။

ဤမေးခွန်း(၃)ခုကိုမူ အမေရိကန်နိုင်ငံမှ မနုဿပညာရှင် Arthur S.Gregor က ၎င်းရေးသားသည့် Adventure of Man, His Evolution from Prehistory to Civilization ဟူသော စာအုပ်တွင် ဖြေဆိုထားသည်။ လူသားနှင့်တိရစ္ဆာန်တို့ ဖြတ်သန်းလာခဲ့သော ခရီးလမ်းနှင့်ပတ်သက်၍ လက်တွေ့အားဖြင့် ကျောက်ဖြစ် ရုပ်ကြွင်းများ(Chromosome)များ၊ အနုမြူဇါတ်သဘာဝများ၊ DNA များကို ခေတ်မီသိပ္ပံနည်းပညာနှင့်ပေါင်းစပ်၍ လေ့လာသုတေသနပြုပြီး–

"ကျွန်ုပ်တို့ ဘာလဲ"ဟူသောမေးခွန်း၏အဖြေကို Near East ဒေသ ခေါ် အာရှမိုင်းနားကျွန်းဆွယ်အတွင်း လွန်ခဲ့သောနှစ်ပေါင်းတစ်သောင်းခန့်က ဖြစ်ပေါ်တိုးတက်မှုအများအား လေ့လာမှုဆိုင်ရာပါမောက္ခ Michael Cook က ၎င်း၏ A Brief History of Human Race စာအုပ်တွင် ရေးသားထားသည်။

''မည်သည့်ရှုမြင်သုံးသပ်ချက်မျှ နောက်ဆုံးရှုမြင်သုံးသပ်ချက်ဖြစ်သည်ဟူ၍ မဆိုနိုင်ပေ။ ကျွန်ုပ်တို့အားလုံးသည် ကန့်သတ်ချက်ဘောင်အတွင်း၌သာလျှင် အသက်ရှင်ရပ်တည်နေကြရသည်။ လူသားသည် မည်သို့စခဲ့၍ မည်သို့ဆုံးခန်းတိုင်မည်ကို မည်သူတစ်ဦးတစ်ယောက်မျှ တိတိကျကျ မသိနိုင်ပေ။ အမှောင်ထုဖုံးအုပ်နေသော တိမ်တိုက်အတွင်းရောက်ရှိနေသကဲ့သို့ တရွေ့ရွေ့ ဆင့်ကဲဆင့်ကဲဖြစ်နေ ပြောင်းလဲနေသော အချိန်ကာလ၏ တစ်ဝက်မျှသာရှိနေသေးသည့် ဖြတ်သန်းနေရသောလမ်းခရီး၏ လမ်းခုလတ်တွင် ရောက်ရှိနေဆဲဖြစ်သည်။'' ဟူ၍ အိန္ဒိယပြည် မဓဂတက္ကသိုလ်၊ အငြိမ်းစားပါမောက္ခ ဒေါက်တာဝိုင်မဆစ်(Dr.Y.Mashih)က ၎င်း၏ A Comparative Study of Religions စာအုပ်တွင် ဝေဖန်ဆန်းစစ်ရေးသားထားခဲ့သည်။

၎င်းစာအုပ်ကို မြန်မာဘာသာပြန်ဆိုသူ ကျွန်ုပ်အနေဖြင့်မူ–

''လူသားစတင်ဖြစ်သည့် အချိန်ကာလနှင့်နေရာဒေသ၊ မည်ကဲ့သို့ စတင်လာခဲ့သည်ဟူသော အကြောင်းခြင်းရာ အတိအကျမသိရပဲ လူသား၏နောက်ဆုံးရည်မှန်းချက်ပန်းတိုင် အတိအကျ သတ်မှတ်နိုင်ပါမည်လား?ဟူသော မေးခွန်းနှင့်အတူ အောက်ပါကဗျာတစ်ပုဒ်ဖြင့် နှုတ်ခွန်းဆက်လိုက်ပါသည်–

၁။ အနာတစ်ခြား ဆေးတစ်ခြားမို့
မယောင်ရာဆီလူး မျက်ကလူးဆံပျာ မဖြစ်ရာဘူး
ရင်ဝလုံ့ရူး ထိပ်ဦးမိးလောင်
သဏ္ဍာယစွဲကို အလျှင်ရှောင်လော့။
၂။ သူများပါးစပ်ဖျား ပြောစကားကို ယုံကြည်ပိုမြီး
ကိုယ်ခန္ဓာ၌ ဉာဏ်မစိုက်ဘဲ
သဘာဝတာ ဓမ္မတာကို
စဉ်းစဉ်းစားစား ပိုင်းခြားဝေဖန်
အသိဉာဏ်ဖြင့် ဆင်ခြင်သင့်၏။
၃။ အလျားတစ်လံ အနံတစ်ထွာ ဤရုပ်လွှာကို

ကလလရေကြည် သန္ဓေတည်စ ချိန်မှစလျက်
စဉ်ဆက်မသွေ ပြောင်းလဲနေသည့်
သဘာဝတရား ဓာတ်လေးပါးကြောင့်
မွေးဖွားလာကာ ကမ္ဘသကာတည်း။

၄။ လူပြည်ဌာန လူ့ဘဝသို့ ရောက်လာခဲ့ရ
နာမရူပ ဤကာယသည်
ချောင်းရေအလျင် တသွင်သွင်သို့
မရပ်မနား စီးဆင်းသွားသည့်
ဖြစ်ပျက်အစဉ် အမျှင်မပြတ် တရစပ်ဖြင့်
ငြင်းဆန်မရ မျောပါ၏။

၅။ စဉ်ဆက်မသွေ ပြောင်းလဲနေသည့်
သဘာဝတရား ဓာတ်လေးပါးသည်
သက်ရှိအရာ အပြာပြာနှင့်
သက်မဲ့ပစ္စည်း အသီးသီးကို
ဖန်တီးသူမှာ ထိုအရာတည့်။

၆။ တမန်တော်များ ဟောကြားဆုံးမ သွန်သင်ပြသည့်
ထာဝရဘုရားဖန်ဆင်းထား၏ ဆိုသည့်စကား စွဲမှတ်သား၍
လူသားအစ အာဒမ် ဧဝ ဖြစ်လာရဟု ယုံကြည်မှုနှင့်
လေးဦးဖြဟ္မာ ဆင်းသက်လာပြီး
လူသားအစ ဖန်ဆင်းကြဟု
ထိုဘာသာများ ဟောကြားထား၏။

၇။ သဘာဝနည်းကျ သုံးသပ်ရလျှင်
ဓာတ်ကြီးလေးပါး ခြေခံထား၍
မတူသဘော တူယှဉ်နှောလျက်

စွမ်းအားလေးခု အားပြိုင်မှုကြောင့်
ဇါတ်ို့ဤကမ္ဘာ ဖြစ်၍လာ၏
မွေးမှု သေမှု ဤနှစ်ခုလည်း
ကံ စိတ် ဥတု အကြောင်းပြု၍
ဖြစ်ပျက်မှုဟာ ဓမ္မတာဟု ဉာဏ်ဖြင့်ရှုပါ
စိတ်သက်သာရာ ရမည်သာတည်း။

လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းခန့်အတွင်း(Near East)၌ ဖြစ်ပေါ်တိုးတက်ခဲ့သော လူ့သမိုင်းအား လေ့လာမှုဆိုင်ရာ ဘာသာရပ်ပါမောက္ခ(Dodge Professor of Near Eastern Studies Princeton University)မိုက်ကယ်ကွတ်ခ် ရေးသားသည့် လူသားမျိုးနွယ်စု ဖြစ်စဉ်သမိုင်းအကျဉ်း(A Brief History of the Human Race)စာအုပ် အခန်း(၁)၊ ကျောက်ခေတ်ဟောင်းနောက်ခံသမိုင်း(The Plaeolithic Background) အပိုင်း(၂)၊ လူသားမျိုးနွယ်စု၏ မျိုးရိုးဗီဇနှင့် လူသား၏မူလဘူတများ(The Genetics and the origin of the Human Race)မှ ကောက်နုတ်ဖော်ပြလျက် ဘာသာပြန်ဆိုသူ၏ နှုတ်ခွန်းဆက်စကားကို နိဂုံးကမ္ဗတ် အသုံးသတ်လိုက်ရပါသည်။

မူဆလင်ဘာသာဝင် ဒဿနပညာရှင်တက်ဗရီ(Tabari, A.D.923)က သူသိရှိနားလည်သဘောပေါက်သည့်အတိုင်း ၎င်း၏စိတ်ခံစားချက်နှင့်စပ်လျဉ်းသည့် ကမ္ဘာ့သမိုင်းတစ်ခုကို နောင်လာနောက်သား မျိုးဆက်သစ်များအတွက် ချန်ထားရစ်ခဲ့သည်။ သူက သဘာဝအားဖြင့် စရိုက်လက္ခဏာတူညီကြသော ခေတ်ဟောင်းကာလများအတွင်း ဖြစ်ပေါ်တည်ရှိနေခဲ့ကြသော ဇီဝနှင့်သတ္တဝါတို့၏ မူလအခြေအမြစ်ကို သုတေသနပြုခဲ့ရာ ၎င်း၏သုတေသနပြုမှုလုပ်ငန်းအစကတည်းကပင်လျှင် သူ၏ကိုယ်ပိုင်အယူအဆဖြစ်သော သတ္တဝါတို့၏ စတင်ဖြစ်ပေါ်လာမှုကို အထူးပြု၍ စနစ်တကျလေ့လာခဲ့သည့်အပြင် ၎င်းက "သတင်းအချက်ဖြန့်ချိသူများနှင့် သတင်းအချက်အလက် ထုတ်လွှင့်သူများ၏ စိစဉ်ဆောင်ရွက်ပေးသောအချက်အလက်နှင့် ထုတ်လွှင့်မှုမှ လက်ခံရရှိသော အကြောင်းအရာများမှတပါး အတိတ်ကာလ လူ့သမိုင်းကြောင်း၊ သိပ်မကြာမြင့်မီအချိန် လူ့သမိုင်းအပြင်၊ အဖြစ်အပျက်များအား သေချာစွာ သတိပြုစောင့်ကြည့်ရန် မတတ်စွမ်း

သူများဖြစ်၍ ၎င်းတို့အသက်ရှင်နေထိုင်ခဲ့ခြင်းမရှိသူသည် အတွေ့အကြုံ အသိဉာဏ်မရှိခဲ့ကြပေ” ဟူ၍ အဆိုပြုရေးသားခဲ့သည်။ မည်သူတစ်ဦးတစ်ယောက်မဆို ထိုအကြောင်းအရာကို မသိသူ အတွက် သူက ထည့်သွင်းရေးသားသည်မှာ ‘‘အတွင်းစိတ်စွမ်းအင်၏ တွေးခေါ်မှုအစဉ်ဖြင့် အကြောင်းအကျိုးဆီလျော်အောင် တွေးကြံခြင်းဖြင့် ဤအသိပညာကို ပုံဖော်သိနားလည်နိုင်ခြင်း မရှိပေဟူ၍ဖြစ်သည်။ မှုဆလင်ဒဿနပညာရှင် တက်ဗရိ(Tabri)သည် များသောအားဖြင့် လူ့သမိုင်းကြောင်း၏အပေါ်၌လည်းကောင်း၊ အချိန်ကာလအပေါ်၌လည်းကောင်း သူ၏ သုံးသပ်ချက်မှာ မှန်ကန်ပေသည်။ သို့သော် ယနေ့ခေတ်သစ်အချိန်ကာလ၌ အမျိုးအစား များပြားစွာသော အဓိကမကျသည့် အထောက်အထားများကိုလည်းကောင်း၊ အဓိကကျသည့် အပိုင်းကဏ္ဍများအား အခါအားလျော်စွာ ဖြည့်စွက်ထည့်သွင်းမှုပြုရန်လည်းကောင်း၊ အချိန်အခါနှင့် တပြေးညီ၎င်းတို့ မပါဝင်ခြင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့စတင်၍ အလေးအနက်ထား၍ လေ့လာခဲ့ကြသည်။ တက်ဗရိ(Tabri) အနေဖြင့် မသိနားမလည်၍ဖြစ်စေ၊ လျစ်လျူရှုထားခဲ့ခြင်း ကြောင့်ဖြစ်စေ၊ ကျွန်ုပ်တို့တွင် အဒီကကျသော ခိုင်မာသည့်အချက်အလက် မရရှိခဲ့သည့်အတွက် ရှေ့ဆက်လေ့လာမှုပြုရာတွင် ခိုင်မာသည့်အထောက်အထားဖြစ်သော မြေအောက်မှတူးဖော် ရရှိသည့် သမိုင်းမတင်မီခေတ်က ဖြစ်ထွန်းတည်ရှိခဲ့သော သက်ရှိ၊ သက်မဲ့ရုပ်ကြွင်းများ (Fossils)နှင့် လူသားတို့ ဖန်တီးပြုလုပ်ခဲ့သောအရာဝတ္ထုများ(Artifacts)ဖြစ်သည့် အဓိက အချက်(၂)ခုပေါ် အခြေခံလျက် လေ့လာမှုပြုလုပ်ခဲ့ရပါကြောင်း ဆွေးနွေးသွားရမည်ဖြစ်ပါသည်။ မကြာသေးမီဖြစ်ခဲ့သောနှစ်များအတွင်း တတိယအချက်နေဖြင့် တက်ဗရိ(Tabri)၏ ရှားရှားပါးပါး ဖြစ်တောင့်ဖြစ်ခဲ မက်ခဲ့သောအိမ်မက်ကောင်းတစ်ခုကဲ့သို့(Genetics)နှင့်စပ်လျဉ်း၍ ဆက်စပ် လေ့လာမှုပြုလုပ်ခဲ့သည်။ သို့သော် မျိုးရိုးဗီဇအား လေ့လာမှုပြုလုပ်ခြင်းဖြင့် ရရှိလာသော အကျိုးရလဒ်များကိုမဖော်ပြမီ ကျွန်ုပ်တို့သည် ဤလေ့လာမှုနှင့်စပ်လျဉ်းသည့် အခြေခံ သဘောထားကို ဖော်ပြရဦးမည်ဖြစ်သည်။

လူသား၏ကိုယ်ခန္ဓာအား ကြီးထွားသန်မာအောင် တည်ဆောက်ခြင်းနှင့် ပြေးလွှား သွားလာ လှုပ်ရှားခြင်းအတွက် ညွှန်ကြားချက်များထုတ်လုပ်ပေးမှုသည် အလွန်သေးငယ်စွာ ဖွဲ့စည်းထားသည့် ကလပ်စည်းများအတွင်း အလွန့်အလွန် သေးမွှားသော ဓာတ်ပစ္စည်းမျိုးစုံ

ပါဝင်သည့် ကလပ်စည်းတစ်ခုချင်းစီ၏ပါဝင်မှုသည် အဓိကသော့ချက်ဖြစ်သော အခြေခံဓာတ်ကြီး ဖြစ်သည်။ အဆိုပါလမ်းညွှန်မှုအား ထောင်ပေါင်းများစွာသော(Gene) ခေါ် လူ့သဘာဝစရိုက် လက္ခဏာ ဗီဇမျိုးစေ့များအား စာလုံးဖြင့်ရေးသားဖော်ပြရာ၌ အက္ခရာလေးလုံးပေါင်းစုပါဝင်သော စကားရပ်အနက် အက္ခရာအား ထင်ရှားသည့် ဇီဝဓာတုပစ္စည်း(Biochemical Substance)- DNA ဖြစ်သည်။ ဤရုပ်ဝတ္ထုသည် လူ့ခန္ဓာ၏ကလပ်စည်းအတွင်း စနစ်တကျစွာ စုစည်းဖြစ် ပေါ်နေသည့် ၂၃ ခုအရေအတွက်ရှိသော ခရိုမိုဇုန်း(Chromosomes)*များအတွင်း အလွန် သေးငယ်သော ဓာတ်မျိုးစုံပါဝင်ဖွဲ့စည်းဖြစ်ပေါ်နေသော ခန္ဓာ(ခန္ဓာမဟုတ် – Gestalt ခေါ် သိခြင်းတရားဖြစ်ပေါ်မှု)ပြည့်စုံသော စာအုပ်စာပေများ ရေးသားသိမ်းဆည်းမည်ဆိုပါက ၊ စာကြည့်တိုက်အငယ်တစ်ခုကို ပြည့်သွားစေလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ယင်းအဓိကအပိုင်း ကဏ္ဍ၏ ၉၉ ရာခိုင်နှုန်းကို ထူးထူးခြားခြား အလုပ်တာဝန်ဟူ၍မရှိသော မျိုးရိုးဗီဇများဟူ၍ စဉ်းစားဖွယ်ရာဖြစ်ခဲ့သည်။ ဤသို့သော လုပ်ငန်းတာဝန်ဟူ၍မရှိသော ရုပ်ကလပ်စည်းကို တန်ဘိုးမရှိသော DNA(Junk DNA)ဟူ၍ သိရှိရသည်။ ကျန်နေသည့် အဓိကကျသောအပိုင်းတွင် ပါဝင်သောအကြောင်းအရာများ ရေးသားထားရှိလျှင် စွယ်စုံကျမ်းတစ်ခုအား ပြည့်အောင် ဖြည့်ပေးကောင်းဖြည့်ပေးလိမ့်မည်။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ မိဘထံမှ သားသမီးထံသို့ ရောက်ရှိလာသော ဗီဇသတ္တိမျိုးစေ့ကို လေ့လာခြင်းဖြစ်၍ ယခုရေးသားနေသည့်အခန်း၌ဖြစ်စေ၊ သို့မဟုတ် နောက်ရေးသားဖော်ပြမည့်အခန်း၌ဖြစ်စေ ကျွန်ုပ်တို့ဆိုလိုသည့်အဓိပ္ပါယ် ပေါ်လွင်လာ ပေလိမ့်မည်။ တစ်ခုသောအချက်မှာ Y ခရိုမိုဇုန်း (Y Chromosome)ဖြစ်သည်။ ယောကျ်ားအဖြစ် ပြုလုပ်ပေး၍ ယောကျ်ားလေးတစ်ဦးသည် Y ခရိုမိုဇုန်း တစ်ခုသာလျှင် ရရှိနိုင်သည့်အပြင် ၎င်း၏ဖခင်ထံမှ လိုအပ်ချက်အဖြစ် အမွေခံရရှိသည်။ ထိုအချက်မှာ ကမ္ဘာဦးအစက ယောကျ်ား လူသားဖြစ်သူ အာဒမ်အထိ စဉ်းစားယူရန်ဖြစ်သည်။ အခြားသောအချက်တစ်ခုမှ Mitochon- drial DNA ဟုသိရှိနားလည်ထားကြသော အချက်ဖြစ်သည်။ Mitochondria များကို

---

* F.N Chromosome (n) **Biology a threadlike structure of DNA or RNA and protein found in the nucleus of most living cells, carrying genetie information in the form of genes.**

ကလပ်စည်း၏ အနုမြူတစ်ခုပြင်ပ၌ အရေအတွက်အများအပြားတွေ့ရှိရသော Organella ခေါ် ဇီဝဗေဒပညာရပ်အခေါ်အားဖြင့် လူ့ခန္ဓာကိုယ်တွင်းရှိ ကလပ်စည်းတစ်ခုအတွင်း အထူးသဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသည့် အနုမြူဓာတ်တစ်ခု၌ ပါဝင်သည့် DNA တစ်ခုဖြစ်သည်။ ၎င်းတို့က ထူးခြားပေါ်လွင်သော ကိုယ်ခန္ဓာဖွဲ့စည်းမှုများအဖြစ် မူလအစဖြစ်သည်ဟူ၍ တွေ့မြင်သိနိုင်မည်ဖြစ်သည်။ သို့သော် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်၊ သို့မဟုတ် ထိုအချိန်ကာလထက်စော၍ ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များ၏ အတွင်းကလပ်များအတွင်း Symbiotically ခေါ် ဇီဝဗေဒပညာရပ်ဆိုင်ရာ ဝေါဟာရအရ ကွဲပြားခြားနားသော ကိုယ်ခန္ဓာဖွဲ့စည်းမှုနှစ်ခုအကြား ရုပ်ဆိုင်ရာအတွင်းသဘောအား နီးကပ်သည့်ရောနှောဆက်ဆံမှုရှိစွာဖြင့် ဖြစ်ပေါ်နေခဲ့ကြသည်။ ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင် အစဉ်အဆက်တို့၏ကိုယ်ပိုင် DNA သည် လွတ်လပ်စွာဖြင့် အခြားသောသတ္တဝါများနှင့် မရောမယှက် နဂိုမူလအတိုင်း ၎င်းတို့က ဆက်လက်ထိန်းသိမ်းလာခဲ့သည့် ပျောက်ကွယ်သွားသော သဲလွန်စတစ်ခုဖြစ်သည်။ ဒီနေရာမှာ သင်၏မိခင်ထံမှ သင်၏ Mitochondrial* DNA အား အသင်အမွေဆက်ခံရယူခဲ့ခြင်းဖြစ်၍ မိခင်တိုင်းသည် အဆင့်ဆင့် နောက်ကြောင်းပြန်ကောက်လျှင် ကမ္ဘာဦးအစ လူသားမိခင်ဝေထံမှရရှိခဲ့သော Mitochondrial DNA ဖြစ်သည်။

အဆင့်ဆင့်အားဖြင့် ယင်း DNA အား အမွေဆက်ခံရရှိသောအခါ စဉ်းစားစရာ အကြောင်းတစ်ရပ်ဖြစ်လာသည်။ အဆိုပါ DNA သည် မှုရင်းမဟုတ်ပဲ မိတ္တူဖြစ်သည်ဆိုသော အချက်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံး တွေ့မြင်သိရှိနားလည်ကြသည်မှာ မိတ္တူပြုလုပ်ခြင်းသည် အရေးကြီးပြီး အဓိကကျသည့် အချို့သောအချက်များတွင် အမှားအယွင်းများရှိနိုင်သည်။ ထို့ပြင် မြောက်မြားစွာသော မိတ္တူများဖြစ်ပေါ်လာပြီး ပို၍မှားယွင်းသောအချက်များ တိုးပွားလာသည် ဆိုခြင်းဖြစ်သည်။ အချို့အချို့သော အဆိုပါမှားယွင်းမှုများသည် ကြီးစွာသော ဘေးဒုက္ခကျရောက်

---

*mitochondrial - ဆိုသည့် စကားလုံးသည် ကျွန်ုပ်လက်လှမ်းမီသော အင်္ဂလိပ်အဘိဓာန်စာအုပ်များ၌ မတွေ့ရနိုင်သော စကားလုံးဖြစ်သည်။ ၎င်းစကားလုံးနှင့် အနီးစပ်ဆုံး အဓိပ္ပါယ်တူမည်ဟု ထင်ရသည့်စကားလုံးမှာ mitosis (n) (pl~mitoses)- a type of cells each having the results in two daughter cells each having the same number and kind of chromosomes as the parent nucleus, typical of ordinary tissue growth. Cf- MEOSIS

ကြုံတွေ့နိုင်သကဲ့သို့ အချို့အချို့သော မှားယွင်းမှုများမှာ မည်သည့်ပြဿနာမှ လုံးဝမရှိပေ။ DNA အား မိတ္တူပြုလုပ်ခြင်း၌ မှားယွင်းမှုကို Mutation ခေါ် ဖြစ်စဉ်ဖြစ်ရပ်များ ပြောင်းလဲနေခြင်းဟူ၍ ဆိုသည်။ ဖြစ်စဉ်ဖြစ်ရပ်များ ပြောင်းလဲနေခြင်း၏အများစုအပိုင်း၌ ပျက်စီးဆုံးရှုံးသွားခြင်းမှာ ပြဿနာမဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့မှာ Junk DNA ခေါ် အဖိုးမတန် အသုံးဝင်သော DNA အတွင်း ကျရောက်သွားခြင်းကြောင့်ဖြစ်သည်။ (ဖြစ်စဉ်ပြောင်းလဲနေသော မျိုးရိုးဗီဇများ၏ အခြေအနေအတွင်း ပါဝင်နေခြင်းသည် Cysticbibrosis ကဲ့သို့သော စိတ်ပျော်ရွှင်မှုမရှိသည့် စိတ်ရောဂါများဖြစ်ရန် အလားအလာရှိသည်။) သို့သော် ပြဿနာမဟုတ်သော ဖြစ်စဉ်ပြောင်းလဲနေသည့် မျိုးရိုးဗီဇများသည် ကျွန်ုပ်ဆောင်ရွက်နေသည့် သမိုင်းကြောင်းဆိုင်ရာ အထောက်အထားရှာဖွေလေ့လာသည့် ရည်ရွယ်ချက်အတွက် သိပ်ကောင်းပါသည်။ ထို့ပြင် သဘာဝအလျောက် စိစစ်ရွေးချယ်မှုအတွက် လုပ်ဆောင်ရန်မရှိပေ၊ သို့မဟုတ် ၎င်းတို့အား ဆန့်ကျင်သောဗီဇများ မဟုတ်ကြပေ။

ထိုအချိန်ကာလအတွင်း ကြီးထွားသော DNA သည် လျင်မြန်စွာ တစ်ခါတည်းဖြင့် အဆိုးဆုံးအခြေအနေဖြစ်လာပြီး ထို DNA သည် သက်ရှိကလပ်စည်း၏ အစိတ်အပိုင်း မဟုတ်တော့ပေ။ ဤအချက်သည် ယေဘုယျအားဖြင့် သက်ရှိ DNA ကိုသာလျှင် ကျွန်ုပ်တို့ လေ့လာနိုင်သည်ဟူ၍ ဆိုလိုသည်၊ သို့မဟုတ် မကြာမြင့်မီအချိန်အတွင်း သေဆုံးသောအခါ၌ ၎င်းတို့၏ DNA ကို သင့်လျော်သည့်အခြေအနေဖြစ်ရန် ထိန်းသိမ်းပေးထားသည်ဟု ဆိုလိုသည်။ ယနေ့အသက်ရှင်နေကြသော လူသားများ၏ DNA ကို ကျွန်ုပ်တို့အား အခြားသောသတ္တဝါများနှင့် အနည်းငယ်၊ သို့မဟုတ် အများအားဖြင့် နီးကပ်စွာတော်စပ်ခဲ့သည့်သဘောဖြင့် သပ်ရပ်စွာနှင့် အဆင်သင့်အနေအထားဖြင့် ရယူနိုင်သည်။ သို့သော် နှစ်ထောင်ချီ၍ သက်တမ်းကြာမြင့်နေပြီဖြစ်သော အသုံးဝင်သည့် DNA သည် အလွန်ရှားပါးသည့်အရာဖြစ်သည်။ အံ့ဩဖွယ်ရာပင်လျှင် ယခု လောလောဆယ်တွင် Neanderthal ခေါ် ဥရောပတိုက်ဒေသများအတွင်း လွန်ခဲ့သောနှစ်ပေါင်း တစ်သိန်းသုံးသောင်းခန့်မှ သုံးသောင်းခန့်အတွင်း အသက်ရှင်နေထိုင်ခဲ့သည်ဟုယူဆရသော နဖူးမောက် နှာယောင်ကောက်သည့်ဦးခေါင်းရှိပြီး အသိဉာဏ်မရှိသေးသော ယဉ်ကျေးမှု မရှိသေးသော ရေခဲခေတ်လူသားဟူ၍ သတ်မှတ်ခြင်းခံရသူများ၏ နမူနာသုံးခုထက်မပိုသော

mitochondrial DNA ကို ကျွန်ုပ်တို့ လက်ဝယ်ပိုင်ဆိုင်ရရှိထားပြီးဖြစ်သည်။ ၎င်းတို့သည် ယဉ်ကျေးမှု မထွန်းကားမီအချိန်က လူသားဖြစ်သည်။ သို့သော် ခေတ်သစ်လူသားများ(Modern human)* အတွက် ယုံကြည်စိတ်ချနိုင်သော အလားတူနမူနာဗီဇမျိုးစေ့များအား စုဆောင်းမှုပြုလုပ်ခြင်း မရှိခဲ့သည့်နည်းတူ၊ ထိုအချိန်ထက်ပို၍စောသော အချိန်ကာလအတွင်း လူသားမျိုးနွယ်စု၌ အပါအဝင်ဖြစ်သော နို့တိုက်သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများ (Hominid)** လည်း ဘာမျှမရရှိနိုင်ပေ။

သို့ဖြစ်လျှင် အဆိုပါ မရပ်မစဲ ဖြစ်စဉ်ပြောင်းလဲနေသော မျိုးရိုးဗီဇများသည် အတိတ်ကာလကို သိရှိနားလည်နိုင်ရန် ကျွန်ုပ်တို့အား မည်ကဲ့သို့ပြုလုပ်ပေးနိုင်ပါမည်နည်း။ အတိုချုပ်မျှသာဖော်ပြနိုင်သည့် ကောက်နုတ်ချက်အတွင်း ဤလူသားမျိုးနွယ်စု၌ အပါအဝင်ဖြစ်သည့် နို့တိုက်သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို မိမိရရစွဲမြဲစွာဆုပ်ကိုင်ပြီး လေ့လာမှုပြုရန် ကြိုးစားယုံမျှသာရှိသည့်အလျောက် ၎င်းတို့က အရိပ်ထိုးထားသည့်အချက်များ အကြောင်းခြင်းရာ အောက်၌ လူသားမျိုးနွယ်စု၏ မူလဘူတအခြေအမြစ်များကို ကျွန်ုပ်အသေအချာ စူးစမ်းလေ့လာကြည့်ကြပါစို့။ လွန်ခဲ့သော နှစ်ပါင်း တစ်သောင်းနှစ်ထောင်၏ သည်ဘက်အပိုင်းလူသားများသည် နေရာဒေသအနှံ့ နေထိုင်လျက်ရှိကြသည်။ ဆိုလိုသည့်အဓိပ္ပါယ်မှာ ကျွန်ုပ်တွေ့ရှိလာရသော ကမ္ဘာ့နေရာဒေသအနှံ့အပြားမှ တွေ့ရှိရသော လွန်ခဲ့သည့်နှစ်ပေါင်းတစ်သိန်းသုံးသောင်းမှ သုံးသောင်းငါးထောင်ကျော်ကာလ ကမ္ဘာမြေပေါ်တွင် နေထိုင်ကျက်စားခဲ့ကြသည့် Neanderthals များ အပါအဝင် သတ္တဝါအမျိုးအစား အပြားပြားတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းအနက် အကျုံးဝင်သည့် သတ္တဝါတစ်မျိုး၏ဖြစ်စဉ်ကို တူညီသောဦးတည်ချက်ဖြင့် လေ့လာရန်ဖြစ်သည်။ လေ့လာစူးစမ်းမှုပြုကြသူ နောက်လူတစ်စု၏ အဆိုအရ modern humans ခေါ် ခေတ်သစ်လူသား များသည် အာဖရိကတိုက်နေရာဒေသအချို့၏ တစ်နေရာတည်း၌ နေထိုင်ကျက်စားခဲ့ကြပြီး ထိုနေရာမှတဆင့် ကျန်ကမ္ဘာနေရာများသို့ ပျံ့နှံ့သွားခဲ့သည်။ ထို့နောက် ခေတ်သစ်လူသားသည်

* Modern human လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းနှစ်ထောင်၏ သည်ဘက်ပိုင်းမှစ၍ ယနေ့ကမ္ဘာ့လူသားများကို ခေါ်ဆိုသည့် ဝေါဟာရဖြစ်သည်။

** Homind a primate of a family (Hominidae) that includes humans and their fossil ancestors.

Neanderthals* ကဲ့သို့သော စောစောပိုင်းကရှိခဲ့သော သတ္တဝါများ၏ဖြစ်စဉ်အတွင်း အစားထိုး ဝင်ရောက်ခဲ့သည်။ အရေးပါအရာရောက်သည့် မျိုးရိုးဗီဇအကြောင်း လေ့လာစူးစမ်းမှုတစ်ရပ်ကို ၁၉၈၀ ခုနှစ်များအတွင်းက စတင်ဆောင်ရွက်ခဲ့ပြီး ယခုအချိန်၌ ၎င်းတို့၏လေ့လာချက်သည် ''အာဖရိကတိုက်ပြင်ပ လေ့လာချက်''ဖြစ်သည်မှာ အမှန်အကန်ဖြစ်ကြောင်း ရှင်းလင်းစွာပြသခဲ့သည်။ ကျွန်ုပ်တို့သည် အဆိုပါလေ့လာစူးစမ်းမှုများ၏ အဓိကအချက်(၃)ချက်၏အကျိုးရလဒ်များ အကျဉ်းချုပ်ဖော်ပြနိုင်ပေမည်။

ပထမအချက်အားဖြင့် မျိုးရိုးဗီဇရှုဒေါင့်အမြင်မှကြည့်လျှင် ထိုအချက်အလက်များက လူသားမျိုးနွယ်စုသည် အားလုံးတစ်မျိုးတစ်နွယ် တစ်တန်းတစ်စားသော သတ္တဝါဖြစ်သည်ကို မှတ်သားဖွယ်ရာဖော်ပြလျက်ရှိသည်။ ဆိုလိုသည့်သဘောမှာ ကျွန်ုပ်တို့နှင့် အနီးဆုံးတော်စပ်မှုရှိသည့် အမျိုးအစားများပြားစွာသော အမြီးမပေါက်သည့် မျောက်မျိုးအနွယ်၌ပါဝင်သည့် လူဝံ၊ မျောက်ဝံ၊ လက်မောင်းရှည်သည့် မျောက်အမျိုးအစား(gibbon) ၊ ဘိုရှိုင်ိုကျွန်း မျောက်ဝံ (Orangoutan)စသည့် မျိုးရိုးဗီဇဆင်တူသည့် သတ္တဝါများအား ပို၍အာရုံပြုလေ့လာရန် လိုအပ်သည်။ ဤအကြောင်းအချက်အလက်များသည် ယနေ့ကမ္ဘာပေါ်တွင် အကန့်အသတ်ထား၍ ဆက်သွယ်ရန် ကြိုဆိုအဆုံးသတ်မှုဖြစ်သည်ဟူ၍ ဆိုလိုသည်။ ထိုအချက်၏ ဆိုလိုသည့်အဓိပ္ပါယ်မှာ အကယ်၍ အသင်သည် မျိုးနွယ်စုဝင်တစ်ဦးဖြစ်ခဲ့လျှင် အသင်၏ ကိုယ်ပိုင်ဗီဇများအတွင်း၌ အလားတူသီးခြားဖြစ်ပေါ်နေသည့် သက်ရှိကလပ်စည်း ဖွဲ့စည်းမှုစနစ်ဖြင့် ဗီဇများအချင်းချင်း အပြန်အလှန်ကူးပြောင်းမှုဖြစ်စေနိုင်သည့် ရှုဒေါင့်အားဖြင့် အသင်သည် အသင်၏ဘိုးဘွားစဉ်ဆက် အထက်ဖျားမှ အောက်သို့စုံဆင်းလာသည့် ရှည်လျားသော ခရီးလမ်းတစ်လျှောက် အသင်ကိုယ်ပိုင် ဗီဇသတ္တိ၏ ဖြစ်စဉ်ကို သိနားလည်မည်ဖြစ်သည့်အပြင် အသင်သည် Chimpazee** ကဲ့သို့

* Neanderthal (Neanderthal man) (n) an extinct species of human(Homo Neanderthalensis) that was widely distributed in ice-age Europe between c120000-35000years ago, with a receding forehead and prominent brow ridges. Neanderthal are now usually regarded as a separate species from H-sapiens and probably at the end of a different evolutionary line. Neanderthal is premoderm human who lived in Europe from about 130000 to about 30000years ago.

**Chimpanzee (n) African ape, smaller than a gorilla.

သော မျိုးရိုးဗီဇမှဆင်းသက်လာသည်ကို အသင်အမှန်တစ်ကယ် ပို၍ကောင်းစွာ နားလည်သွားလိမ့်မည် Chimpazee သည် သတ္တဗေဒပညာရှင်များအနေဖြင့် အခက်အခဲမရှိဘဲနှင့် စရိုက်သဘာဝတူသော ထူးခြားသည့် ၎င်း၏မျိုးကွဲသတ္တဝါ(၃)မျိုးကို ဆက်လက်လေ့လာနိုင်သည်။ သို့သော် ဤစူးစမ်းရှာဖွေ တွေ့ရှိချက်၏နူးညံ့သိမ်မွေ့သည့် စရိုက်လက္ခဏာက ကျွန်ုပ်တို့အား ၎င်းအပေါ် အာရုံစူးစိုက်မှု မလွဲချော်သင့်ပေ။ အကြောင်းအချက်အလက်များက ဤပုံစံအတိုင်း ဖြစ်မလာကြပေ။ ထို့ပြင် ဤနည်းလမ်းအတိုင်း ဖြစ်နေခြင်းက ကျွန်ုပ်တို့၏ အတိတ်အကြောင်းခြင်းရာ တစ်စိတ်တစ်ဒေသကို ညွှန်ပြရမည်ဖြစ်သည်။ အရှင်းလင်းဆုံး သိသာထင်ရှားစွာ တွေ့ရှိရသည်မှာ chimpazee ၏ အာဖရိကမျောက်ဝံအမျိုးအစားကွဲပြားစေသကဲ့သို့ မူလအစက လူသားမျိုးနွယ်စုဘဝသို့ ရောက်ရှိလာသည့်အချိန်ကာလသည် ကျွန်ုပ်တို့အား အရှိန်နှုန်းလျင်မြန်စေရန် လုံလောက်သော မျိုးရိုးဗီဇဖြစ်စဉ်ပြောင်းလဲမှုရှိသည်။

ဒုတိယအချက်မှာ – မျိုးရိုးဗီဇအကြောင်းလေ့လာစူးစမ်းမှုများက ''မကြာသေးမီက'' (recent)ဆိုသော စကားလုံးအရေအတွက် အများအပြားဖြစ်စေခဲ့သည်။ အခြေခံကျသည့် စိတ်ကူးကြံစည်ချက်မှာ ဤနေရာ၌(recent)ဆိုသော စကားလုံးအရေအတွက် အများအပြား ဖြစ်စေခဲ့သည်။ အခြေခံကျသည့် စိတ်ကူးကြံစည်ချက်မှာ ဤနေရာ၌ mutations ၏ ဗီဇ သတ္တိများ၏ ဖြစ်စဉ်ပြောင်းလဲမှုများ၏အရေအတွက် ပမာဏကြီးမားလာခြင်း၏ ကြိုတင်ခန့်မှန်းချက်ကို အချိန်ကာလမည်မျှကြာမြင့်သည့်အထိ ယူရမည်ကိုတွက်ချက်ရသည်။ ဤအချက်မှာ အမှန်စင်စစ်အားဖြင့် ထိုအကြောင်းအရာသည် မည်ရွေ့မည်မျှ မှန်ကန်မှုရှိနိုင်သည်ဟူသော အချက်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ စာရင်းကောက်ပြုစုမှု နည်းလမ်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း မေးခွန်းများပေါ်ပေါက်လာသည်ကို ကျွန်ုပ်တို့က ဖယ်ရှားဘေးချိတ်ထားရမည် ဖြစ်သည်။ အဖြေများကို သတ်မှတ်နိုင်သည့်ကာလမှာ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀၀ မှ ၂၀၀၀၀၀ အတွင်းဖြစ်သည်။ ဤအချက်မှာ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် လူတို့ဖန်တီးခဲ့သည့် အသုံးအဆောင်ပစ္စည်းများအပေါ် အခြေခံလျက် ကျွန်ုပ်တို့ ဆွေးနွေးခဲ့ကြသောစာရင်းဇယားများကညွှန်ပြနေသည့် နေရာဒေသ အကျယ်အဝန်းကို လက်ခံနိုင်ဖွယ်ရာ အခြေအနေဖြစ်သည်။

သို့သော်လည်း လူသားမျိုးနွယ်စုသည် ယနေ့တိုင် ဆက်လက်တည်ရှိခြင်းမှာ မျိုးရိုး

ဗီဇအားဖြင့် အမှတ်အသားတစ်ခုမှ အလွန်ဝေးကွာကြာမြင့်စွာသော အချိန်ကာလအား အများဆုံး လွန်ခဲ့သောနှစ်ပေါင်း ၁၃၀၀၀၀ သို့မဟုတ် ထိုအချိန်ထက်လျော့နည်းသည့် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀၀ ခန့် (လွန်ခဲ့သောနှစ်ပေါင်း ၁၃၀၀၀၀ ခန့်မှစ၍ လူသားများသည် အကာယ်၍ ကိုယ်ခန္ဓာရော အသိဉာဏ်ပါ အပြည့်အစုံဖွံ့ဖြိုးမှုရှိသည်ဆိုခြင်းမှာ သံသယကင်းစွာ လေ့လာတွေ့ရှိချက်ဖြစ်ပါသည်။ သို့သော် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀၀ ခန့်အချိန်နောက်ပိုင်းမှသာလျှင် ကိုယ်ခန္ဓာဖွဲ့စည်းမှုနှင့် အသိဉာဏ်ပေါင်းစပ်ဖြစ်ပေါ်မှုသည် အပြည့်အစုံဖွံ့ဖြိုးသည့်လူသား(fully modern humans)ဖြစ်သည်ဆိုလျှင် ဤအဆိုသည်သည် သေချာတိကျမှုရှိလိမ့်မည်။) ဆိုလိုသည့် အချက်မှာ ကျွန်ုပ်တို့အား အထောက်အကူမပြုသကဲ့သို့ ရှေ့ဆက်လက်ဆောင်ရွက်ရန် တားဆီးပိတ်ပင်ထားခဲ့သည်။

တတိယအချက်မှာ – အာဖရိကတိုက်သည် လူသားမျိုးနွယ်စု၏ စတင်ပေါက်ဖွားရာဒေသအဖြစ် မျိုးရိုးဗီဇ သက်သေအထောက်အထားများက ပို၍ပို၍ယုံကြည်စိတ်ချရန် ထောက်ပြလျက်ရှိသည်။ အကြောင်းအရာတစ်ခုခု (မျိုးရိုးဗီဇတစ်ခုမှ ဖြာထွက်လာခြင်း၊ ဘာသာစကားတစ်မျိုး၊ ယဉ်ကျေးမှု အလေ့အထတစ်ခုစသည်ဖြင့်) စသည်ကို လက်တွေ့အားဖြင့် အကောင်အထည်ဖော်ရန် အလွန်ယေဘုယျကျသော အခြေခံအကြောင်းသည် ဤနေရာ၌ပါဝင်လျက်ရှိပြီး ဤဒေသတစ်ခု အတွင်း၌ မူလဇစ်မြစ်ဖြစ်ခဲ့သည့်အပြင် အချိန်ကာလအတိုင်းအတာအရ မျိုးရိုးဗီဇဖြစ်ဉ်ပြောင်းလဲမှု များဖြစ်ပေါ်ရန်နှင့် အခြားဒေသများစွာသို့ ပျံ့နှံ့သွားနိုင်သည့် အကြောင်းတရားများရှိခဲ့သည်။ အခြားသောသတ္တဝါများသည် တစ်မျိုးနှင့်တစ်မျိုး သဘာဝခြင်းတူညီလျက်ရှိသည့်အားလျော်စွာ သဘာဝအလျောက်ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော အဖြစ်အပျက်တစ်ခုသည် ၎င်းတို့ ရှေးခေတ်ဟောင်း ကာလ နေထိုင်ကျက်စားရာ အရပ်ဒေသအတွင်း၌ပင် မျိုးစိတ်ကွဲပြားမှု အများအပြားဖြစ်ပေါ် ပွားများလာခြင်းရှိမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သတ္တဝါမျိုးစိတ်အများအပြားသည် ထိုဒေသအတွင်း အချိန်အကြာမြင့်ဆုံး နေထိုင်ကျက်စားနေခဲ့ကြခြင်းကြောင့် ဖြစ်သည်ဆိုခြင်းမှာ ရိုးရှင်းသောအချက်ဖြစ်သည်။ ဆန့်ကျင်သောအားဖြင့် ထိုအကြောင်းအရာအချက်အလက်များသည် အလွန်တိုတောင်းလှသည့် အချိန်အတွင်း အနည်းဆုံးအားဖြင့် မတူကွဲပြားခြားနားမှု ဖြစ်နိုင်ပေလိမ့်မည်။ အဘယ်ကြောင့်

ဆိုသော် ထိုမျိုးစိတ်ကွဲပြားသည့် သတ္တဝါများတို့သည် ထူးထွေ ဆန်းပြားသည့်မျိုးကွဲများအဖြစ် အစိတ်စိတ်အမြွှာမြွှာ ကွဲပြားသွားစေရန် အချိန်များစွာ မရရှိခြင်းကြောင့် ဖြစ်နိုင်ပေလိမ့်မည်။ အာဖရိကတိုက်အတွင်း မွေးဖွားကြသူလူအများသည် တစ်ယောက်နှင့် တစ်ယောက်သော်လည်းကောင်း၊ လူသားများအားလုံးတို့၏ ယေဘုယျဆန်သော အခြေအနေသည်လည်းကောင်း၊ အာဖရိကတိုက်သားမဟုတ်သော လူအများတို့နှင့် အမှန်တကယ်ပင်လျှင် အလွန့်အလွန်လေးနက်စွာဖြင့် ကွဲပြားခြားနားလျက်ရှိသည်။ အာဖရိကတိုက်အတွင်း ပေါက်ဖွားသူမဟုတ်သည့် လူအများတို့အား အာဖရိကတိုက်သားများဟူ၍ အစုအဖွဲ့တစ်ခုတည်း၏ အတွင်း၌ အတူတကွတူညီသော သတ္တဝါများအဖြစ် သဘာဝတရားက ပေါင်းစည်းထားသည်။ လူသားမျိုးနွယ်စုသည် အာဖရိကတိုက်အတွင်း မူလဇစ်မြစ်စတင်ဖြစ်ခဲ့ပြီးနောက် နောက်ပိုင်းကာလ အခြေအနေတစ်ရပ်သို့ ပျံ့နှံ့သွားခဲ့ခြင်းဖြစ်သည်ဟူသော လေ့လာစူးစမ်းမှု၏ အကျိုးရလဒ်သည် အရိုးရှင်းဆုံးနှင့် အထင်ရှားဆုံးသော အဓိပ္ပါယ်ဖြစ်သည်။

ဤအချက်က သတ္တဝါတို့၏ အသက်ဇီဝစတင်ဖြစ်ထွန်းရာ အရပ်ဒေသမှ ဝေးကွာသော နေရာဒေသများသို့ ကျွန်ုပ်တို့၏မျိုးရိုးဗီဇအား သယ်ဆောင်ယူလာသလားဟူသော ပြဿနာ၏ ရှင်းလင်းသောမေးခွန်းတစ်ခုကို ချန်ထားခဲ့သည်။ ဘာကြောင့် အသက်ဇီဝမျိုးရိုးဗီဇကို အာဖရိတိုက်၌ စတင်ဖြစ်ထွန်းရပါသနည်း။ မေးခွန်းမှာ ထင်မြင်ယူဆထားသည်ထက်ပို၍ ကြီးကျယ်ပေသည်။ အာဖရိကတိုက်ကို ခေတ်သစ်လူသားများ(modern humans)အစဖြစ်ပေါ်ရာ ဒေသအဖြစ် မဟုတ်သေးပဲ လုံးဝဉဿုံ လူသားဘဝရောက်ရှိလာမည့် homonid ခေါ် သမိုင်းမတင်မီခေတ်က လူသားများအပါအဝင် ၎င်းတို့၏ဘိုးဘွားများ၏ကျောက်ဖြစ်ရုပ်ကြွင်းများ တူးဖော်တွေ့ရှိရာ ဒေအဖြစ်ဖြင့်သော်လည်းကောင်း၊ အစစ်အမှန်အားဖြင့်လည်း အာဖရိယတိုက်၏ အပြင်ဘက် ဩစတေးလျတိုက်တို့အား စာရင်းမှထုတ်ပယ်ရန် လွယ်ကူသောကိစ္စဖြစ်သည်။ အဆိုပါအရပ်ဒေသများသည် မျောက်ဝံအရေအတွက် နည်းပါး၍ဖြစ်သည်။ ထို့ပြင် ထိုဒေသများသို့ ရောက်ရှိလာမည့် သမိုင်းမတင်မီခေတ်က ဘိုးဘွားများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများသည် ခေတ်သစ်လူသားများဖြစ်ခဲ့ကြသည်။ သို့သော် အာဖရိကတိုက်သည် အဘယ်ကြောင့် ဥရောပတိုက်နှင့် အာရှတိုက်တို့၌ အသက်ရှင်ရပ်တည်နေခဲ့သည်ထက်ပို၍ အာဖရိကတိုက်တွင်

သုံးမျိုးသုံးစားသောသတ္တဝါများ ဆက်လက်ရှင်သန် ရပ်တည်နေနိုင်ကြပါသနည်း?။

ဤမေးခွန်းအတွက် ပြည့်စုံသောအဖြေတစ်ခုကို ဤစာအုပ်၏ သတ်မှတ်ချက်ထက် ကျော်လွန်၍ ကျွန်ုပ်တို့ ကောင်းစွာရေးသားရမည်ဖြစ်သည်။ ထို့ကြောင့် ယေဘုယျဆန်သော အချက်တစ်ခုမှာ လေ့လာစူးစမ်းမှုပြုလုပ်သင့်သည်ဟူ၍ဖြစ်၏။ အာဖရိကတိုက်သည် အီကွေတာ၏ မြောက်ဘက် ၂၃-၂၇ ဒီဂရီအတွင်းနှင့် အီကွေတာ၏တောင်ဘက်သို့ ၂၃-၂၇ ဒီဂရီအတွင်း တည်ရှိရာ ကမ္ဘာ၏အပူဆုံးအပိုင်းတွင် ကျရောက်နေသည်။ ဤအချက်မှာ နေမှရရှိသော အပူဓာတ်စွမ်းအင်ကို အများဆုံးရရှိခြင်း၏ အကြောင်းတရားဖြစ်သည်။ ကမ္ဘာပေါ်တွင် မည်သည့် အရပ်ဒေသ၌ဖြစ်စေ၊ သက်ရှိသက်မဲ့ ဇီဝအနွယ်ဝင်သတ္တဝါနှင့် သစ်ပင်အပေါင်းတို့သည် အီကွေတာ အနီးတဝိုက် ပတ်ဝန်းကျင်၌သာ သိပ်သည်းထူထပ်မှုအရှိဆုံးဖြစ်သည်ကို တွေ့ရသည်။ ကျွန်ုပ်တို့သည် အီကွေတာမှ မြောက်ဘက်သို့ဖြစ်စေ၊ တောင်ဘက်သို့ဖြစ်စေ၊ သွားသည့် အခါ ဇီဝမျိုးနွယ် သတ္တဝါ၊ သစ်ပင်ပေါင်းပင်များ တဖြည်းဖြည်းသိပ်သည်းမှု ပါးလွှာသွားသည်။ ဤသို့ဖြစ်ရသည့် အကြောင်းခံအချက်မှာ သတ္တဝါအားလုံး တပြေးညီတူညီကြသည့်အားလျော်စွာ အသစ်ဖြစ်သော ဇီဝမျိုးနွယ်ဝင်သတ္တဝါနှင့် သစ်ပင်တို့သည် အီကွေတာအနီးတဝိုက်ပတ်ဝန်းကျင် အရပ်ဒေသသည် ကျန်ရှိသော ကမ္ဘာ့အရပ်ဒေသများထက် ပို၍အသွင်သဏ္ဌာန် တူညီသည်။ ဤအချက်သည် ကျွန်ုပ်တို့ နောက်မှဖြေကြားရမည့် မေးခွန်းတစ်ခုအတွက် အလှည့်ပေးရမည့် အချက်ဖြစ်ပါသည်။ အဘယ်ကြောင့် အီကွေတာအနီးအနားတဝိုက် အရပ်ဒေသများသည် လူသားမျိုးနွယ်စုဖြစ်ပေါ်ရေး၌ ကမ္ဘာ့သမိုင်း၏ မြင့်မားသောမျက်နှာစာဖြစ်ရန် ဆောင်ရွက်မှုတွင် မအောင်မြင်ခဲ့ရပါသနည်း?။ ထိုအတောအတွင်း အနည်းဆုံးအားဖြင့် DNA နှင့်မတူသည့် သာမန်မျက်စိဖြင့်တွေမြင်နိုင်သော လူသား၏ အတိတ်ကာလကပြုလုပ်ထားခဲ့သည့် အထောက်အထားများဆီသို့ လှည့်ကြည့်ကြပါစို့။

●

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်စွာနေထိုင်
သွားလာယုံကြည်ကိုးကွယ်ရာသို့-

For the cross- fertilization of thinking

Power or Indea on one's own faith

ယခုခေတ်ကာလတွင် ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုများ အကြား၌ မကြာခဏ ထိတ်တိုက်ရင်ဆိုင်မှုနှင့် ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိရာ ယင်းသို့ လူသားအချင်းချင်း ယုံကြည်ကိုးကွယ်မှု မတူညီ၍ ပဋိပက္ခများ ဖြစ်ပွားလျက်ရှိခြင်းသည် လှေတစ်စီးတည်းဖြင့် တစ်ခရီးတည်းအတူ သွားနေရသူခြင်း လှေပေါ်တွင် ဒုတ်၊ ဓါး ဆွဲ၍ခုတ်ကြ၊ ထစ်ကြ၊ ရန်ဖြစ်ကြသည်နှင့် တူပြီး လှေနစ်မြုပ်၍ အကုန်လုံး သေကျေ ပျက်စီးမည့် သဘောကို နားမလည်သူ ခရီးသည်နှင့် တူနေပေသည်။

အမှန်စင်စစ်အားဖြင့် လူသားများသည် စကြာဝဠာ ခရီးရှည်ကြီးကို ခုတ်မောင်းသွားနေသည့် ကမ္ဘာ့ရထားကြီးပေါ်တွင် အတူစီးနင်း လိုက်ပါ ခရီးသွားသူ ခရီးသည်များသာ ဖြစ်ကြသည်ကို နားလည်သင့်ပေသည်။

အငြိမ်းစားပါမောက္ခ ဒေါက်တာဝိုင်မဆစ်ခ်သည် ဘာသာတရားကို အလေးအနက် ရှိသေ ကိုင်းညွှတ်သူ ဖြစ်ပြီး ကမ္ဘာ့ဘာသာ ယုံကြည်ကိုးကွယ်မှုများအား နှစ်ပေါင်းငါးဆယ်ခန့် စိတ်ပါဝင်စားစွာဖြင့် လေ့လာခဲ့ပြီးနောက် ရေးသားထားခြင်းဖြစ်ပါသည်။

ဒေါက်တာဝိုင်မဆစ်ခ်သည် ဤစာအုပ်ကို အိန္ဒိယနိုင်ငံအတွင်း ယုံကြည်ကိုးကွယ်မှုပြုနေကြသည့် ဘာသာကြီးများအကြား၌မကြာခဏ ထိပ်တိုက်ရင်ဆိုင်ရသည့် ပဋိပက္ခများ ချုပ်ငြိမ်းပပျောက်သွားစေလိုသည့် ဆန္ဒဖြင့် ဘာသာယုံကြည်ကိုးကွယ်မှု တစ်ခုချင်း၏ စတင်ဖြစ်ထွန်း ပေါ်ပေါက်လာပုံနှင့် အနှစ်သာရများအား စနစ်တကျလေ့လာရေးသား ထားခြင်းဖြစ်၍ ဘာသာရေးဗဟုသုတ ရှာမှီးသူများအတွက် ကျမ်းကိုး အထောက်အထားနှင့်တကွ အသေးစိတ်ရေးသားထားခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

taya0010
9000.00 Ks